
www.burmeseclassic.com

အတွဲ (၁၄) အမှတ် (၄)
၂၀၁၄ခုနှစ် ဧပြီလ

# သရဖူ

မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ



(၁) ဒီပါ တပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗ မဟော ရတ္တိံ
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရာ နဘာဝေန၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပာ။ ။

1 - MAR 2014

BURMESE CLASSIC

# ရှုမဝ

မဂ္ဂဇင်း

အတွဲ (၁၄) အမှတ် (၄)
၂၀၁၄ ခုနှစ် ဧပြီလ

www.burmeseclassic.com

www.burmeseclassic.com




## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### ဘာသာရေးဆောင်းပါးများ


၅ ကာမဝိတက် (ကဗျာ)
**မဟာဗောဓိမြိုင်ဆရာတော်**
**(ဝနဝါသီဒေဿနာရဟသာမိထေရ်)**

၆ လူတစ်ထမ်းရဟန်းတစ်ရွက်
မာနဘိက္ခုနုပဿနာကထာ(၄)
**မဟာဗောဓိမြိုင်ဆရာတော်**
**(ဝနဝါသီဒေဿနာရဟသာမိထေရ်)**

၁၄ နိဗ္ဗာန္တတောင်တောရဆရာတော်ဘုရားကြီး၏ "ဆင်ရုပ်ကြီး"၊ "ခြင်ရုပ်ကြီး" နှင့် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး၏ "ဆင်ခြင်" ဟူသောဝေါဟာရဖွင့်ဆိုချက်
**မြဝင်း(ဓဿန)**

၁၆ လယ်တီဆရာတော်ဘုရားကြီး၏ ဝိဇ္ဇာမဂ္ဂဒီပနီကျမ်း
**လှမြင့်(ရန်ကုန်တက္ကသိုလ်)**

၂၂ အုံချီးမကုန် မြတ်ရွှေတိဂုံရင်ပြင်တော်မှ ထင်ရှားကျော်ကြားစေတီဘုရားများ အမှတ်(၂)
**ကံဝင်း**

၂၇ သုဝဏ္ဏဘူမိ ကာရစ်ချက် ဣရစ်ချက် ဂါထာလက်ဆောင်
**ကိုရွှေမြသန်း(သမိုင်း)**

၂၈ ညီတော်အာနန္ဒာ၏ပါရမီဇာတ်လမ်းများ
**ဝဏ္ဏသီရိ**

၃၃ ပေလီကမ်းခြေ ဂိုတွေ့ာရွာမှ ခန္ဓာတော်မပုပ်မပွဘဲ ဓာတ်တော်များကျသည့် ဆရာတော်ဦးကေတု
**ရွှေချိုအောင်(ပေလီ)**

၃၉ အဘိဓမ္မာနှင့်မြန်မာပြည်
**မင်းဘူး-ဗိုလ်ဉတ္တမ**

၄၃ ပွဲတော်သုံးရပ် မပြတ်စည်ကား သမိုင်းထင်ပေါ် ဘုရင်ညီနောင်လိုဏ်ဂူတော်ဘုရား
**ရွှေယဉ်လှိုင်း(စီးပွားရေးတက္ကသိုလ်)**

၄၈ မမျှော်လင့်တာတွေဖြစ်လာရင် ဘယ်လိုလုပ်မလဲ
**ဦးကောဝိဒ(မြိတ်)**

၅၀ စေတီတော်များ တည်ထားကိုးကွယ်ခြင်းနှင့် အကျိုးတရား
**ဖျာပုံတင်နိုင်ဝင်း**

၅၃ ရွှေကံ့ကူဂါထာတော်နှင့် စမွှယ်ရုံဆရာတော်
**ဘိုဘို(ရွှေကံ့ကူ)**

၅၈ မြတ်နိုးပူဇော် သဗ္ဗညုတရွှေဉာဏ်တော်
**ကြိုရတနမေ့ပါလ**

၆၂ ငွေးချိုရွာက သမိုင်းဝင် သက်န်းနက်ရုပ်ပွားတော်
**ကိုတင်လှိုင်(မိတ္ထီလာ)**

၆၃ တစ်ပြည်သူ ယွန်းမင်းသမီးကောင်းမှုကုသိုလ် သမိုင်းဝင် အထင်ကရ ရွှေဂူတောင်ရေးဟောင်းဘုရား
**မောင်စိမ်းတွေး(ထားဝယ်)**

၆၈ သရဏဂုံတန်ခိုးနှင့် ငါးပါးသီလအကျိုး
**ချောင်းဆုံအုန်းသွင်**

၇၄ အမြင့်မြတ်ဆုံးနှင့်အယုတ်ညံ့ဆုံး
**မေတ္တာရှင်(ရွှေပြည်သာ)**

၈၆ တရားအားထုတ်သူ တစ်ယောက်အကြောင်း(၇)
**ထုံးတောင်-အရှင်မေ့ဝီယ(မြောင်)**

၁၀၆ ပထမံဝိဇ္ဇာရေ ထွက်ရပ်ပေါက်လောကီပညာနှင့် ကျေးဇူးရှင် စစ်ကွင်းဆရာတော်ကြီး (၁၆)
**ပထမံဆရာဦးအေးရွှေ**

၁၁၀ နိဗ္ဗာန်လိုချင်လျှင် (ဆရာတော်ကြီးများ၏ လမ်းညွှန်တရားများ)
**မုဒိတာ(ကျိုက်ထက်)**


### သုတရသဆောင်းပါး


၈၃ ဓာတ်မီးဩဇာပညာ အပိုင်း(၂)
**ဦးမင်းဖေ(ရွှေနဝင်း)**

၉၀ သုံးလောကဦးသျှောင် ရွှေဘုန်းခေါင်ကိုယ်တော်မြတ်ကြီး၏ အာဝေဏိကဂုဏ်တော်ကိုပူဇော်ပြီး ပလ္လင်များကိုလေ့လာကြည့်လျှင်
**ဘုန်းခေါင်**

၉၃ ပျူသရေခေတ္တရာမြို့ဟောင်းအနီးမှ ဖိုးခေါင်ကန်ကုန်း
**ပန်းချီထူးလှ**
**(ရှေးဟောင်းသုတေသန)**

၁၀၂ ဘုရားဒါယကာကြီးဦးမောင်မောင်နိုင် အဘအောင်မင်းခေါင်နှင့်တွေ့ဆုံခြင်း
**အဗ္ဗဝါလှိုင်း**

၁၁၈ မြန်မာ့ရိုးရာနတ်ယုံကြည်မှုလေ့(၆၀)
**မောင်သန်းဆွေ(ထားဝယ်)**

၁၂၄ ပုပ္ပားနတ်တောင်အနီးမှ သာသနာပြုပုဂ္ဂိုလ်
**ရတနာဒေဝီ**

၁၂၈ ကျွန်တော်၏အဖေနှင့် ထူးခြားသောအတိတ်နိမိတ်
**နေဝင်းဝင်း(လွန်ဆေး)**

၁၄၂ မြန်မာနိုင်ငံရောက် မလေးကျားကြီး
**လှမိုး(ပညာရေး)**

၁၆၂ မင်းတုန်းမင်းနှင့်ငွေတိုက်ဥပဒေ
**ကျော်ဝင်း(ရန်ကုန်တက္ကသိုလ်)**

၁၉၀ ဆင်ခြေမပေးနဲ့
**မောင်ပွင့်ဉာဏ်(မောရ)**

၁၉၃ ပေတလူ
**တင်နိုင်တိုး**

၂၀၆ သူငယ်ချင်းများကြားမှ ဂီတာကျူလာ(၁၅)
**အနောက်တံခါးမှူးမောင်မှူး**

၂၃၀ အဖေဦးရန်အောင်နှင့် ဆရာကြီးမောင်ကျော်တိုင်
**တင်အောင်(စက်မှုတက္ကသိုလ်)**

၂၃၇ တစ်ကွေ့တော့တွေ့ကြဦးမည်
**လှမ်းထက်**

၂၆၅ ပိုးတို့၏သဘာဝသတ္တိ(၂)
**ချောင်းဆုံအုန်းသွင်**

၂၇၅ လုပ်သားများနှင့် ဆီလီကော့ဆစ်ရောဂ်
**စွမ်းထက်နောင်**

၂၉၃ ကျွန်းမင်းဇမ္ဗူ
**ကျော်ဇင်(ကသာ)**

၃၁၃ မှတ္တမပြည့်ရှင် ဓါရီရှ(၂)
**နိုင်ခင်မောင်လေး**

၃၄၃ ရခိုင်ရာဇဝင်နှင့်ဗမာရာဇဝင်တို့ထဲက ညှိနှိုင်းပြင်ဆင်စရာလေးများ
**မင်းရှိန်အောင်**

၃၄၈ ပြိဿရာသီခွင်
**သက်ထုံ**

၃၅၄ အမျိုးသမီးများနှင့် သွေးဆုံးရောဂါကာကွယ်ရေး
**ရီရီမြေး**

၃၅၇ သံသရာရှည်သရွေ့
**ညွန့်ဝေယျာ**

၃၆၇ ရာဟုပြိုဟ်မင်းနှင့်မိတ်ဖွဲ့ခြင်း
**ရွှေစိုး**

၃၈၆ မံဘုရားများအကြောင်း ဆရာကြီးဒေါက်တာ သန်းထွန်း၏ ဟောပြောချက်မှ
**ချစ်ဆန်းသော်**


www.burmeseclassic.com

www.burmeseclassic.com





## သုရဋ္ဌတိုင်းရင်းဆေး


ချောင်းဆိုးပျောက်တဲ့ဟင်း(၃)
နေပြည်တော်ကျော်ကျော်စိုး
အထက်လှန်အောက်လျှော
စတီသဘော
နေပြည်တော်ကျော်ကျော်စိုး
ကိုယ်တွေ့ငှက်ဖျားပြတ်ဆေး
ချစ်မှန်းခင်(ကြို့ပင်ကောက်-လယ်တီ)
ခင်ပုပ်မြစ်ဆေးအစွမ်း(၂)
နေဝင်းဝင်း(လွန်ဆေး)
ကလေးများစားပိုးနင့်ခဲ့သော်
နေပြည်တော်ကျော်ကျော်စိုး
ဆီးကျောက်တည်လျှင်
ညွန့်ဝင်း(နတ်တလင်း)
ဆေးဘာယနသက်ရှည်ဆေး
နတ်မောက်မင်းသန့်နိုင်
ဆေးဂါကင်းဝေးကျန်းမာရေး
ဆရာဦးစိန်လှိုင်(ကျိုက်လတ်)
အသည်းရောင်အသားဝါသူများအတွက်
မောင်သောင်း(သုံးဆယ်)




## သုရဋ္ဌဝတ္ထုတို


၁၁၁ ဘယ်လိုသေမှာလဲ ကိုစော
ရန်နိုင်
၁၁၄ တန်ခူးလေနှင့်မေသကြိန်
တက္ကသိုလ်ဝင်းမြင့်
၁၃၂ အရှင်လတ်လတ် မီးရှို့သတ်လည်း
ရှစ်ခွင်ကျော်-မောင်တော်သီ
၁၃၈ ပါးနပ်လို့လေလား နတ်မလို့လေလား
ဝေစည်(ရွှေဘို)
၁၅၈ ကောင်းသတင်းဂုဏ်ရှိန် ဦးဖိုးချိန်
ဝင်းထွန်းအောင်(မြင်းခြံ)
၁၆၄ ချစ်ဂမုန်းနိဂုံးလှပါစေ
သပိတ်ကျင်း-ကျော်ကျော်ထွန်း
၁၇၀ ပြေးလမ်း
သန့်ဇင်
၁၈၆ ရိုးကိုရိုးတဲ့ ကိုဖိုးရွှေရိုး
ပန်းမြိုင်လယ်-စိန်ဝင်း
၁၉၄ ဘဝနယ်စပ်မှလှည့်အပြန်
တင်တင်ဦး(ပေါင်းတည်)
၂၀၃ ဆည်းဆာရိပ်မှကာလေးငိုသံ
စိမ့်စိမ့်အေး
၂၁၀ နဂါးရုံဘုရားပျက်မှ သိုက်စောင့်မြွေများ
တင်အေးကျော်(အောင်လံ)
၂၁၈ ဂျာနယ်စောင့်ဖတ်သူ
တိုးထက်
၂၂၂ သူတော်စင်ပေးသောအသက်
နေပြည်တော်ကျော်ကျော်စိုး
၂၃၄ သားစားကြူးသည့်လူ့ဘီလူး
မြန်နန်းရှင်
၂၄၀ ဂုတ်တွင်းကွေ့မှတစ္ဆေကားကြီး
ဓာတ်ပုံ-မောင်မောင်အေး
၂၆၈ ဘိုးညြဘာနှင့်ငွေတစ်ကျပ်
မင်းဟိန်းထိုက်







၂၉၆ ဝိပါက်ကြမ္မာမလွတ်သာ
မောင်စိန်ဝင်း(ရွှေမိုးညို)
၃၀၆ ရသေ့ကြီးနာရဒနှင့်
မိုးပျံမြေလျှိုး ပြဒါးရှင်လုံး
ရိရိငွေ
၃၁၆ ကံကောင်းသော်လည်း ကံမကောင်းသူ
ဆရာဦးစိန်လှိုင်(ကျိုက်လတ်)
၃၁၈ တောနှင့်မာယာ
မောင်မြင့်မား(ဘိုကလေး)
၃၂၂ ဇော်မူး ဒွေးချာ၊ တြိန်းမှာတာ
ဉာဏ်နု
၃၃၈ မှဆိုးတစ်ဦး၏ဒိုင်ယာရီ(၄)
ခင်မောင်အေး(မန္တလေး)
၃၅၀ လွမ်းစာလေးရေးခဲ့သည်
ကောင်းသော်
၃၇၈ မုဆိုးမှသားကောင်၊
သားကောင်မှမုဆိုး
ကိုသဲယု(ပုဂံမြေ)
၃၈၂ သေသူ၏လက်ဝါး ထင်ရှားကျောပြင်မှာ
မြေဦး


## သုရဋ္ဌအခန်းဆက်ဝတ္ထုရှည်


၂၇၈ ဋ္ဌတ္တိယသိုက်နှင့်
ထိုက်သုထံသွားသောပတ္တမြား
ရွှေပြည်စိုး(မိုးကုတ်)


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## သုရဋ္ဌ ပညာရပ်


၁၄၆ ချက္ကရစွမ်းအင်နှင့်ရောဂါကုထုံး
**မောင်ကျောက်တိုင်**
၁၅၀ မျက်မမြင်ပုဏ္ဏား(၆)ယောက်နှင့်
ကျွန်တော် သို့မဟုတ်
တားရော့ပုံပြင်(၁)
**ဆရာစိုး-ရွှေအာရုဏ်ဦး**
**(တားရော့-သုတေသီ)**
**မိုးကောင်း**
၁၆၈ နေလကိုခြေထောက်
ငါးချောင်းဘုံအလယ်
ဦးမဆွယ်သိဒ္ဓိ
**သုရိန်ထွန်း(ဗိဇ္ဇာစရဏ၊ ပြည်)**
၁၉၈ တိုင်ထိပ်
**မင်းပြည့်**
၂၄၅ သင့်စွမ်းအင်၊ သင့်ကိုယ်ခံအားကောင်း
စေမည့် ဖုန်းရွှေဖျူဟာ(၁၆၈)
**ဦးအောင်ထိုက်(သုဝဏ္ဏ)**
၂၅၀ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလတွင်
မေးမြန်းခဲ့သော
အတွေးအမြင်အလင်းအဖွင့်
အင်္ဂဝိဇ္ဇာပညာဉာဏ်ရည်သုံးသပ်ပွဲ
အဖြေများ
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**
၂၆၃ စိတ်စွမ်းအင်စုံထောက်ကြီးကာရာဇက် ၏
မနောပဒေင်မျက်စိလည်ပုံ
**မနောသုတေသီ**
၂၈၉ လက်တွေ့အသုံးဝင်
နည်းသစ်ဂဏန်းဗေဒင်
**ဆရာစလေမင်းခေါင်**
၃၀၃ (၇)ရက်သားသမီးတို့၏
ဘာသာရေးနှင့်ကိုးကွယ်ယုံကြည်မှု
**သုခရစ်**
၃၁၁ ပြည်မြန်မာ၏
၂၀၁၄ ခုနှစ် မိသ္ဓာရာသီပြောင်း
မန်ဒိန်းဇာတာဟောကိန်း
**မင်းရှိန်အောင်**
၃၂၇ ရိုစီကရုစီယန်အင်္ဂရတ်ပညာ(၄၂)
**ဆရာဦးဆက်ထွန်းလင်း**
**(အာယုဗ္ဗေဒ)**
၃၃၄ ငရဲတို့၏ထူးခြားချက်၊
ငရဲတို့၏လျှို့ဝှက်ချက်
**ဖုန်းရှိအောင်**
၃၆၃ မဟာဘုတ်ဒသာအဟောပညာ(၁)
**ဦးကြည်ဝင်း(ရွှေစင်)ချောက်**
၃၇၃ အလွယ်လေ့လာ လက္ခဏာပညာ
**ဆရာမော်**


## သုရဋ္ဌလက်တွေ့အသုံးချ


၁၈ အောင်ကြောင်းဝေဖြာ
နှစ်ဦးမင်္ဂလာယတြာ
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**
၇၂ ၁၃၇၆ ခု ပက္ခအဟောနှင့်ယတြာ
**သုခရစ်**
၁၂၂ အလုပ်လျှောက်သူ ယတြာကူ
**မုနိတာ(ကျိုက်လတ်)**
၂၀၁ ထီ
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**
၂၀၇ ၂၀၁၄ ခုနှစ်၊ ဧပြီလ
အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယား
**ဦးအောင်စောလှိုင်(ပုသိမ်)**
၂၇၃ သားသမီးရတနာရစိမ့်သောငှာ
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**
၃၀၅ ၂၀၁၄ ခုနှစ်၊ ဧပြီလ
ဓနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
**ရှိန်းအောင်(ဂန္ဓီရ)**
၃၇၉ ၂၀၁၄ ခုနှစ်၊ ဧပြီလ
ကောင်းကျိုးဝေဖြာ
တစ်နေ့တာလမ်းညွှန်
**ဒေါ်ခင်စံသူ(B.Sc)**
၃၉၁ ၂၀၁၄ ခုနှစ်၊ ဧပြီလ
ကံမြင့်ကံပွင့်အစီအရင်
**ပြည်သိန်းကျော်**
၃၉၄ ၂၀၁၄ ခုနှစ်၊ ဧပြီလ
ခုနစ်ရက်သားသမီးဟောစာတမ်း
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**
၃၉၈ နှစ်ဦးလက်ဆောင်
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**



**နာယက**
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
**စာတည်းချုပ်**
ဦးအောင်မြတ်
**အုပ်ချုပ်မှုစာတည်း**
ဒေါ်သန်းသန်း(ခ)
ဒေါ်ချောသီရိနိုင်
**စာတည်းအဖွဲ့**
ကျော်မင်းထွဋ်
ဝေလှဲ့လှဲ့ထွဋ်

**ဥပဒေအကြံပေး**
ဦးထွန်းရွှေ
B.A (Law);L.L.B
လွှတ်တော်ချုပ်ရှေ့နေ

ထုတ်ဝေသူ
ဦးအောင်မြတ်
(မြ-၀၄၃၂၉)
မျက်နှာဖုံးနှင့်
အတွင်းပန်းချီ
စိုးအောင်
သုရဋ္ဌစာလုံးဒီဇိုင်း
ကိုကျော်မင်းမောင်
အတွင်းဖလင်
color king
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးဝင်းအောင် (မြ-၀၅၁၃၁)
သန်းထိုက်ရတနာအော့ဖ်ဆက်

ဖြန့်ချိရေးမှူး
အောင်မြင့်သန်း
ကွန်ပြူတာစာစီ
စုစုလှိုင်၊ ချမ်းမြေ့ကျော်၊
အိမွန်ထွန်း၊ ဝင်းမြ
ရုံးအဖွဲ့
အေးအေးစန်း၊ စုမွန်၊ စုစုစံ၊
ကြူကြူ၊ တင်မိုးနိုင်

စာတည်းအဖွဲ့ရုံးခန်းနှင့်ဖြန့်ချိရေး
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၉၂) ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ရန်ကုန်။
ဖြန့်ချိရေး- ၀၁-၃၈၈၇၁၈
စာမူနှင့်ကြော်ငြာ -၀၁-၂၄၀၆၉၀

**မှူလေး**
**တစ်ဦးတည်း ကိုယ်စားလှယ်**
ထွန်းဦးစာပေ
**နေပြည်တော်မျှင်မနား**-
သော်တာစန်း၊ သရက်၊ ရွှေရည်ဝင်း၊
**မော်လမြိုင်**-ကျော်ကျော်စာပေ
**ရှမ်းတောင်ကသော**-ဂါဒ်နီး၊ မီလဲ့မှာ
**ပဲခူး**- သဝင်စာပေ
**ဟသ်ာတ**-တာလေးမောင်၊ ရွှေမောင်း
**မကွေး**-ရွှေပြည်မိုး
**တောင်ငူ**-ဦးထွန်း၊ ဦးလှမောင်
**မြန်အောင်**-လှထုမေတ္တာ
**အုပ်ရေ** ၁၀၀၀

လက်ကားဖြန့်ဈေး ( ၂၇၀[illegible] ) ကျပ်


www.burmeseclassic.com

www.burmeseclassic.com

# ကာမဝိတက်

- စိတ်ဝိတက်
နှိပ်စက်ခဲ့ ရှာတကား။
- ကာမဂုဏ် အလှေ့ကျ
တွေ့ကရ ပူဆာ။
- စိတ်သွားတိုင်း ကိုယ်ပါ
- အမှုမှာ အပြီး
- အာရုံချင်း ခတ်ကွင်းပြင်ဆင်လို့
သူတော် ကိုယ်တိုင် ယှဉ်ပြိုင်ခိုင်းတယ်
ပိုင်းဖြတ်ရ နဂိုအရှိ။

(၁၃၆၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်၊
ပဉ္စမ်ဘက်တောခန်း)





www.burmeseclassic.com

www.burmeseclassic.com

**၈။ ကဲ - ရှစ်ခုမြောက် မင်္ဂလာအသုတ်ပွဲ ထုတ်ကြဦးစို့**

သည်မင်္ဂလာအတွဲက -

(၁) အကောင်းခံ၊ အဆိုးလှန် ဘာမဆို သည်းခံပြီးကျင့်သုံးပါ။

(၂) နည်းပေးသူ ဆရာ့စကား မြေမကျ ဆီးခံထားလိုက်ပါ။

(၃) ကိလေသာအငြိမ်းရ ရဟန်း သမကာများ ဖူးတွေ့ပေးစမ်းပါ။

(၄) အချိန်မှန်၊ နေရာမှန်ထား တရားဆွေးနွေးပါ။ (လေးပါး)

သည်မင်္ဂလာများက စိတ်ရိုင်း၊ စိတ်နုများနှင့် စိတ်ယဉ်၊ စိတ်ရင့်တို့အကြားက တည်စိတ်သွင်း မင်္ဂလာအမျိုးအစားများပါ။ စဉ်းစားကြည့်ပါ။

(၁) လောကဓံများရဲ့ကောင်း၊ ဆိုးထား ကစားနေရာထဲ၌ မိမိလည်း ပါမသွားမိစေရန် အကောင်းလာလည်း သတိခံ ဉာဏ်သွင်းစိတ်နှင့်ကင်းနေစေရမှာပါ။ အဆိုးလာလည်း မြေးကလေးသေးပါနေသည်ကို ကြည့်နေပုံမျိုးထားရမှာပါ။ သည်မှာ အကောင်းခံသာမှ အဆိုးကျ လှန်ချပစ်ခဲ့နိုင်မည်ကို သတိရှိပါ။ အကောင်းပျိုး၊ အဆိုးကစိုက်ပြီးသားမျိုးဖြစ်နေလို့ပါ။

သည်မှာ ကောင်းသတိ၊ ဆိုးသတိ အမြဲရှုကြည့်နေလို့ အကောင်းအကောင်းမျှသိ၊ အဆိုးအဆိုးမျှသိ အသိရှိလာနေလျှင် မိမိစိတ် ပညတ်အရိပ်ကွာ ကာမတဏှာကလွတ်သော လေဟာပြင်ထဲ ဝဲနေတော့မှာပါ။

ယင်းကိုလျှင် သတိနှင့်ယှဉ် အသိဝင်ကပ်လိုက်မိလျှင် သီလနှင့် ပညာအကြား၊ သမာဓိကြား တံတားထိုးပေးပြီးသားဖြစ်နေတော့မှာပါ။ ရိုင်းနုနှင့် ယဉ်ရင့်တို့အကြားလည်း ဓမ္မက ခြားနားပေးပြီးသာ နေမှာပါ။

သီလကသတိဆင့်၍ကျင့်နေသော သိက္ခာတင်သီလမျိုးပါ။ပညာက အတွင်းရှိအတွင်းသိဖြင့် သိသိပေးနေသော ထိုးထွင်းသိမျိုးပါ။ သည်မှာ ကျင့်ဆဲအကျင့်သီလကို ကိလေသာပွဲလှန့်မှာက မခံသာမှုဝေဒနာကြမ်းများပါ။ အရှိတည့် အသိမလှည့်သာရန် နှောင့်ယှက်နေမှာကလည်း သူမှသူပါ။

သည်သို့သောအချိန် သမာဓိအိမ်ဖွဲ့ရန် အထူးလိုအပ်နေမှာပါ။ သမာဓိအိမ်ခိုင်ခံ့ စိတ်ကြည်သန့်ဖို့အတွက်ကျတော့ ပေါ်လာသမျှ မခံသာစရာ ဒုက္ခကို သည်းခံနေလိုက်ခြင်းဖြင့် စိတ်ဝပ်ကျင်း တည်ပေးနေရမှာပါ။

အားမထုတ်မီ ရှေ့နောက်ပြင်ပအာရုံတို့ အတို့အစခံနေရသောအခါ စွဲစိတ်က ရှေ့ပြေးကြို လိုနေကျအလိုကို ခံစားပေးရန် အရေးဆိုနေသောအခါ သည်အခါမျိုးများမှာလည်း တွေ့ဖူးပြီး ကောင်း,ဆိုးတို့သည် ကောင်းပြ၊ ဆိုးပြရင်းကပင် တစ်စတစ်စကျိုးကျ၊ ညှိုးကျသွားကြလေပြီဟု နှလုံးသွင်းသူတို့နှင့် ကင်းကင်းရှင်းရှင်းနေပြရမှာပါ။ စွဲကျန်ရစ်ခဲ့သော အကောင်းကလည်း ပေါင်းရင်းပျက်၊ ဆက်ရင်းပျောက်ဖြင့်ပင် ကောက်ယူသိမ်းထားမရသည်ကို ဆင်ခြင်၊ အင်တင်တင်လုပ်ပြနေရမှာပါ။

သည်သို့သာ အစွဲဆွတိုင်း စိတ်မထ၊ အစွဲကြိုက်တိုင်း စိတ်မလိုက်၊ အစွဲဖြားယောင်းတိုင်း စိတ်မကစားဘဲ အစွဲအစွဲအတိုင်း သင်ထားပေးနိုင်ပါမှ သည်းခံလိုက်ခြင်းဖြင့် မင်္ဂလာယူပြီးသားဖြစ်လာတော့မှာပါ။ သည်းခံလိုက်ခြင်းဖြင့် စိတ်ကမြင်း ဝပ်ကျင်းခိုနေတော့မှာပါ။ သည်းခံလိုက်ခြင်းဖြင့် ကောင်း,ဆိုးကြားစိတ်ထားပြီးသားပါ။ သည်းခံလိုက်ခြင်းဖြင့် ကောင်း,ဆိုးဝဋ်စိတ်မှ အကျွတ်အလွတ်ဖြစ်ပြီးသားနေမှာပါ။ 'သည်းခံနိဗ္ဗာန်ရောက်' စကားက သက်သေခံပါ။ သင့်ရှေ့က မင်္ဂလာရှင်အားလုံး ခန္တီသုံးပြီး ပန်းကုံးအစွပ်ခံသွားကြသူချည်းပါ။

# လူတစ်ထမ်း၊ ရဟန်းတစ်ရှက်
## (မာနဘိက္ခုနုပသံသနာကထာ)

၄

## မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး





www.burmeseclassic.com

www.burmeseclassic.com

**(၂) နောက်မင်္ဂလာပွဲ သင် ဆက်လက်နွဲ့ကြည့်ပါ**

သည်မှာ နည်းပေးသူ ဆိုတာ ဓမ္မထမ်း သင်တန်းပေးဆရာကို ပြောတာပါ။ သည်ဆရာက ဟောပြောပို့ချခြင်းဖြင့် သင့်ဗိုလ်များ ဖွံ့အားမြှင့်ပေးနေမှာပါ။ ထိုစဉ် သဒ္ဓါဗိုလ် ညှိုးဖျင်းနေပါက သဒ္ဓါအားကောင်းစေမည့်တရား ဟောပေးနေမှာပါ။ ဝီရိယဗိုလ် ရှုံ့တွန့်နေပါက ဝီရိယဆွဲရဲတင်းစေမည့်တရားမျိုးကိုပါ။ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်များမှာလည်း နည်းတူမှတ်ခဲ့ပါ။

သင့်ရောဂါကြည့်၍ သင့်ရောဂါနှင့်အတည့် ဆေးချက်ထည့်ပေးနေခြင်းပါ။ သို့ကြောင့် ဆရာဝန်သည် သူ့ကုထုံးလက်တွေ့ ဆေးစွမ်းကောင်းများဖြင့် ရောဂါရှင်၌ စွဲကပ်နေသော ဝေဒနာ၏ အပြင်း, အပျော့ကို စမ်းသပ် စစ်ဆေးပြီးကာ ဆေးချက်ကိုလည်း ဆေးသက်၏ စွမ်းပကား အားကိုးကြည့်၍ ရောဂါရှိရာ ပတ်လည်ဝိုင်း ဆေးပတ်ဖြင့်တိုင်းပေးထားရာ ထိုရောဂါရှင် ဆေးပေးအတုန် တစ်မှုန်မကျန်သောက်မှ ရောဂါပျောက်ကင်းခွင့်ရသည်ပမာ။ ထိုရောဂါရှင်ဆေး ကျွေးထုံး တစ်လုံးမကျန်သွင်းမှ ရောဂါကင်းရှင်းသွားသည်ပမာ။

သည်မှာလည်း အပိုမရှိ အလိုမရှိ ကွက်တိဟောပြောပေးထားသည့်ဆရာ့တရားစကားသားများကို နားမှာလည်း အားလုံးစွဲ၊ အသည်းမှာလည်း အားလုံးထင်၊ တစ်လုံးမကျန်ဝင်မှ ဆက်စပ်တွေးဆင်ခြင်ပေး၍ရမှာပါ။ ဘာ၊ ဘယ်ကို၊ ဘယ်လိုဆိုသည်များ အထင်းသားပေါ်လွင်လာမှာပါ။

အကယ်တိတိ လုံးကျ၊ကွက်ကျော်နားလေ‌ဖော့အပြီး ချော်ကျသွားပါက တစ်လုံးကျ တစ်ခုလွဲ ဟောပေးသမျှ သဲထဲရေသွန်ဖြစ်သွားတော့မှာပါ။ တစ်ကွက်ကျော် ခေါ်ရာလွဲ ဆရာဆွဲရာနောက် တောက်လျှောက်မပါတော့ပါ။

နောက်တစ်ခု ဆရာ့ထံ မိမိအားထုတ်ရာမှ တွေ့ရှိချက်များ တင်ပြလေသောအခါမှာလည်း ဟုတ်သေးဘူး၊ ဒါကို ဒီလိုဒီလိုမှတ် ဟူ၍ ပြသပေးလိုက်ပါသည်ကို ဟုတ်တော့ဟုတ်နေပြီ၊ သတိတင်းတင်းနဲ့ အသိသွင်းပေး ဟူ၍ ပြသပေးလိုက်ပါသည်ကို ဟုတ်နေပြီ၊ ဝီရိယလိုက် ကြောင့်ကြအထူးစိုက် ဟူ၍ ပြသပေးလိုက်ပါသည်ကို ယင်းတို့ကိုလည်း အထက်ကနည်းတူ ဆေးပတ်ပြည့်အစေ့ယူထားရမှာပါ။

ဆရာပြောသမျှ သူတခင်းသတင်း အလုံးစုံအကုန်နားသွင်းယူထားရခြင်းပါ။ ဆရာနားသွင်းပြီး သတင်းတစ်ခုချင်း သင်ကိုယ်တိုင် စိန္တာဉာဏ်သွင်းပြီးရှင်းယူထားရမှာပါ။ သင့်စိန္တာဉာဏ် (အတွေးဉာဏ်) က ရှင်းပြီးအကြောင်းများ သင်ထိုင်သောအခါ သင့်ကိုယ်တွေ့ဖြင့် ကောင်းကောင်း ကွဲကွဲပြားပြား ပိုင်းခြားသိဖို့ပါ။

တရားသည် ဉာဏ်အလုပ်၊ ဉာဏ်မပါ ငုတ်တုတ်သေ သေရမှာမို့ပါ။တရားသည် စိတ်အလုပ်၊ စိတ်မပါ လှုပ်ရင်းမြုပ်မြုပ်ရမှာပါ။ ဤ၌ အကင်းအညာအထာပေါက်ခြင်းသည် ဓမ္မကုန်ကူးရာ၌ အရင်းအနှီးဆိုသည်ကို သင်မမေ့သင့်ကြပါ။ ဤအရင်းအနှီးအတွက်ကား ဆရာ့တရား



www.burmeseclassic.com

www.burmeseclassic.com

စကားဆို လုံးစေ့ထပ် ပါဌ်စေ့သွင်း နား နှင့် ရင်းနှီးနေဖို့ပါ။

**(၃) နောက်မဂ်လာပွဲဆက်နွှဲကြည့်ပါဦး**

ကိလေသာ ငြိမ်းအေးပြီးသော ရဟန်း၏ အသွင်ကို မိမိစိတ်အစဉ်သို့ အမြင်မှနေ တင်သွင်းပြပါ။ သည်မှာ သိက္ခာက သီလ၊ သမာဓိ၊ ပညာ။ ထို သိက္ခာရှင်တို့အသွင်က ဘိုးသူတော်၊ ရသေ့၊ ရဟန်း။

သို့ဖြစ်ရာ ဘိုးသူတော်တွေ့ စေ့စေ့ ကြည့်က သီလအလေ့လောက် လေ့ ကျက်မိမှာပါ။ ပိတ်ဖြူသည် သီလဖြူစင် နေခြင်း၏ အမှတ်အသားပါ။ ပိတ်ဖြူ သည် မိမိသီလကို အားပေးနေခြင်း၏ လက္ခဏာပါ။ထိုပိတ်ဖြူတင်သီလအသွင် သည် မိမိ၏ပြင်ပနေ မျက်စိလောက်ကို သာ ဗန်းပြတင်ပေးထားခြင်းပါ။

ရသေ့တွေ့ စေ့စေ့ကြည့်မိပါက လည်း သီလ၊ သမာဓိ အလေ့လောက် လေ့ကျက်မိမှာပါ။ ပိတ်ညိုဆင်သည် သီလ၊ သမာဓိ ဝင်ထားပြီး၏ သင်္ကေတ မို့ပါ။ ပိတ်ညိုဆင်သည် မိမိရှိ သီလ၊ သမာဓိမျှကိုသာ အားပေးနေမှာပါ။ သည်ပိတ်ညိုတင်အသွင်ပြက မိမိ၏ ပြင်ပနေမျက်စိမှတစ်ဆင့် အတွင်းနေ မနောခင်းအထိ ထိုးဆင်းသွားလို့ပါ။

ရဟန်းတွေ့ စေ့စေ့ကြည့်မိပါက ပညာအထိ အလေ့ကျက်မိနေမှာပါ။ ပိတ်ဝါလွှင်သည် သိက္ခာစုံ အကုန်တင် ကိလေသာငြိမ်းအေးသူ၏အသွင်မို့ပါ။ ပိတ်ဝါလွှင်အသွင်ကမှ မိမိရှိ သိက္ခာစုံ အကုန်အားပေးနေမှာပါ။ အဝါရောင် သည် မျက်စိ၊ မနောမျှမက သည်းခြေ နှင့် နှလုံးသည်းပွတ်များအထိ ဆွဲဆောင် နိုင်စွမ်းရှိနေလို့ပါ။ အလောင်းတော် ဥယျာဉ်လမ်းအသွား ရဟန်းအသွင်က ဖမ်းစားထားလိုက်သည်က သက်သေပါ။

စဉ်းစားကြည့်ပါ။ နေကြည့် နေ အောက်တည့်တည့်နေ ထိုနေက ဖမ်း စားမည်မှာ အမှန်ပါ။ လကြည့် လ အောက်တည့်တည့်နေ ထိုလကလည်း ဖမ်းစားနေမည်မှာ အမှန်ပါ။

သည့်ပမာ ကိလေသာဝန်ထမ်း ဘဝမှ အငြိမ်းစားရပြီးသူ သည်ရဟန်း အသွင်ကလည်း အေးငြိမ်းခြင်း၊ ကြည် လင်တောက်ပခြင်း၊ ကျက်သရေရှိခြင်း တို့ဖြင့် သူ့ဝန်သူထမ်းလျက် သူ့လမ်းသူ အထက်မှနေ သွားလာနေပါသည်ကို မိမိက ကံမျက်စိအစုံဖွင့် ဉာဏ်သတိဖြင့် အောက်တည့်တည့်မှနေဝင်ကြည့်လိုက်









ပါမူ လွှင့်အားကောင်းအသံလွှင့်စက်နှင့် ဖမ်းအားကောင်း ရေဒီယိုလိုင်းချင်းဆုံ ခုန်ဝင်လာစေသည်ပမာ။ သူ့ထံရှိ သိက္ခာ တင် ဓမ္မဓာတ်အားများကလည်း မိမိထံ နေ သိက္ခာဝင်သဒ္ဓါဓာတ်အားများဆီသို့။

ဓမ္မအကျင့်၊ လိုင်းချင်းမိ တည့်ရာ မှနေ ပထမမျက်စိ၊ သည့်နောက် ဆင ခြင်စိတ် မနော၊ သည့်နောက် စောင့်ကြို ခြင်း ဖြတ်ကူး ကူးယူခြင်း၊ အထမြောက် ခြင်း ပီတိ၊ သောမနဿကံဇောများ ကျရောက်လာခြင်းအထိ ဖမ်းမိပြီးသား ဖြစ်နေတော့မှာပါ။ တစ်ခါ ဆုံကြုံတိုင်း မိ၊ တွေးကြည့်တိုင်းလည်း ဓာတ်ငြိနေဦး မှာပါ။ မဋ္ဌကုဏ္ဍလီသူဌေးသားလေး ဘုရား ပုံမြင်မိရုံလေးနှင့် ဘုရားအာရုံမိ နတ် ပြည်အထိ ငြိပါသွားခြင်းက ဤ၌ သက် သေပါ။

သည့်အတူ ရဟန်းမြင် မိမိမှာ လည်း ကိလေသာ နာဖျင်း အကင်းသေ သေးခြင်းမရှိသေးချိန် ကိလေသာငြိမ်း အေးပြီး ရဟန်းအသွင် ဖမ်းပူးမြင်ခြင်း ဖြင့် ကြီးသောအနာဆိုက မန်းကုန်၊ ကျက်နေသော အနာဆိုက အဖေးကပ်၊ သေတော့မည့်အနာဆိုပါက အမာရွတ် မျှ ခြောက်ကပ်သွားတော့မှာပါ။

သင်၏ ဤရဟန်းဖူးမြင်ခွင့်ရခြင်း သည် မိမိရှိသဒ္ဓါဓာတ်ကိုလည်း ဓာတ်နှိုး ပြီးသားမှတ်ခဲ့ပါ။ မိမိရှိ ကိလေသာ အပတ်ကိုလည်း ညှိုးစေပြီးသားမှတ်ခဲ့ ပါ။ မိမိမနိုင်သေးသောစစ်၊ အကူပစ်ဖြင့် ဆစ်ပိုင်းဖြတ်တောက်ထားလိုက်သည်သို့ သင်သဘောပေါက်ခဲ့ရမှာပါ။

**(၄) နောက်တစ်ပွဲနွှဲကြည့်ရအောင်ပါ**

သည်မင်္ဂလာက အချိန်မှန်၊နေရာ မှန်ရွေး တရားဆွေးနွေးဖြစ်ကြခြင်းပါ။

သည်မှာ အချိန်မှန်ဆိုတာ နှစ်ဦး နှစ်ဖက် သောကကင်းဝေးနေချိန်၊ အာရုံ တိတ်ဆိတ် ကိလေသာများအိပ်နေချိန် သည်အချိန်မျိုးမှာပါ။ နေရာမှန်ဆိုတာ တရားသဘင်ဆင်ယင်ကျင်းပနေသော နေရာမျိုးပါ။ တရားစခန်း ကမ္မဋ္ဌာန်းဝင် နေရာမျိုးပါ။ အပြစ်ကင်းစင် သန့်ပြန့် သော နေရာခွင်မျိုးပါ။

သည်နေရာမျိုး တရားဆွေးနွေး ဖြစ်ကြပါက မှိုတော့ရနေသည်၊ သို့သော် မှိုအမျိုးအစား မခွဲတတ်သူ၊ ကျောက် တော့ကောက်ရနေပြီ သို့သော် ကျောက် အကြောင်း နားမလည်သူ၊ ထိုနှစ်သူ အချင်းချင်း ဝေဖန်ချက်ပေး အဖြေရှာ ပြီးပမာ။ သူ့အရှိလည်း ကိုယ့်အရှိနှင့်



www.burmeseclassic.com

www.burmeseclassic.com

ညှိပေးနိုင်မှာပါ။ ကိုယ့်အရှိလည်း သူ့အသိနှင့်ဖြည့်ပေးနိုင်မှာပါ။

ဆွေးနွေးခြင်းသည် ငြင်းခုံခြင်းနှင့် ဆန့်ကျင်ဘက်ပါ။ ဆွေးနွေးခြင်းသည် တိုင်ပင်ခြင်းနှင့်သဘောတူပါ။ ဆွေးနွေးခြင်းသည် ဝေဖန်၍ အဖြေမှန်ထုတ်ပေးခြင်းနှင့် အတူတူပါ။

သို့ဖြစ်ရာ စိတ်အေး၊ ကိုယ်အေး၊ ခေါင်းအေးနေချိန်များနှင့် အာရုံကင်းဆိတ်၊ ကိလေသာများအိပ်နေသောနေရာမျိုးများတွင် တရားဆွေးနွေးဖို့ ရွေးချယ်ကြရမှာပါ။ တရားက ကျင့်လက်စ၏မြင်ကွင်းကို ဆိုတာပါ။

သည်အချိန်ခါ သည်နေရာမျိုးသင်ဆွေးနွေးဖြစ်ကြပါက သူ့အသံကိုယ့်ဉာဏ်အထိ ချင်းနင်း သူ့ဆိုလိုရင်း သင်နှလုံးသွင်းနိုင်ခွင့်ရတော့တာပါ။ ဒါဆိုဒီလိုမှတ်သင့်တယ် စသည်မျိုးပါ။ ကိုယ့်အသံလည်း သူ့ဉာဏ်ထဲရောက်၊ ကိုယ့်ဆိုလိုချက် သူ့သဘောပေါက်မှာပါ။ ဒီမှာကျ ဒီလိုမှတ်ထားလိုက်တယ် စသည်မျိုးများပါ။

အကယ်တိတိ နေရာက တရားဘက် မရိုင်းပင်း၊ တခြားဘက် ရိုင်းပင်းနေရာမျိုးဖြစ်နေပါက အာရုံဆန့်ကျင်၊ လူဆန့်ကျင်များကြောင့် မိမိမှာ ကိုယ်မငြိမ်၊ စိတ်အထိုင်မကျ ဆွေးနွေးတိုင်ပင်ခြင်းဓမ္မ အထမမြောက်စေတော့ပါ။ ထိုနေရာမျိုးများက ဒုစရိုက်များ ထွန်းကား ကျက်စားသောနေရာ၊ အရက်ဝိုင်း၊ ခိုင်းကျင်းပနေသောနေရာ၊ တခြားအလုပ်ရှုပ်ထွေးစွာအလုပ်လုပ်နေသောနေရာ၊ ဟေးလေးဝါးလား စကားဝိုင်းဖွဲ့ပြောနေကြသောနေရာ စသည်များပါ။ ဓမ္မသတင်း အတွင်းခင်း ထုတ်လွှင့်ဖမ်းယူချိန်မှာ သည်နေရာမျိုးများကို ရှောင်ရမှာပါ။

ဆိုခဲ့ပြီးသည် မင်္ဂလာအုပ်စုက လူမိုက် သတိထားရှောင် မင်္ဂလာမှနေ တရားမမေ့ မင်္ဂလာအထိ ဆိုခဲ့ပြီးသော အောက်ပိုင်းများနှင့် လာမည့် တပေါ်မှ ဆူးသတိုင်အောင် အပိုင်းများသို့ ကူးဆက်ပေးရာ ကြားခံတံတားလေးစင်းပါ။

စရဏာသီလအကျင့်နှင့်ဝိဇ္ဇာပညာ တို့၏ ဆုံရပ်ဒေသများပါ။ သည်မင်္ဂလာများထိ သတိမှ ဥပေက္ခာတိုင်အောင်ရာ ခုနစ်မျိုး ပြုစုပျိုးထောင်ပေးခြင်းများပါ။

အစွန်းမှာ လူမိုက်ကို သတိထားရှောင်ခြင်းမှ ဒါနပြုလည်း သတိပါ။ ဝါသထိန်းလည်း သတိမကွာဖြင့် သတိပျိုးထောင်ပေးနေခြင်းက အဓိကပါ။ သတိအားဖြည့် သမာဓိဖြစ်ဖို့ပါ။ သတိအားဖြည့် ပညာလည်း ဖြစ်လာလို့ပါ။ သတိသာ အားဝင်း၊ ကျန်ဗောဇ္ဈင်များလည်း အစဉ်လိုက်ပါလာတော့လို့ပါ။

သည်မှနေ သတိ ပျိုးသားတက်၍ အသိပါ ရင့်ကျက်လာသောအခါ ဒိဋ္ဌိကိုသတ်၍ မင်္ဂလာအောင်ပွဲခံရာ ဗောဓိပေါက်သို့ လည်းကောင်း၊ တဏှာကိုသတ်၍ မင်္ဂလာယူရာ ဗောဓိပေါက်သို့လည်းကောင်း၊ မာနနှင့် အပေါင်းအပါကိုသတ်၍ ဘိသိက်မင်္ဂလာခံရာ ဗောဓိပေါက်သို့လည်းကောင်း၊ အစိတ်အစိတ်ချင်းပွား ခန်းတက် မခြားစေသော ပွားတက်တက်နည်းမျိုးတို့ဖြင့် ထိုးတက် ထိုးဝင် ဘာဝနာသမ္ဗောဇ္ဈင်များ ပွားစေ များစေရတော့မှာပါ။ ရှေ့အစိတ်အခြေခံ၊ နောက်အစိတ် ထပ်မံတက်ခြင်းဖြင့် ပွားတက်တက်ရတော့မှာပါ။

ဤ၌ ဗောဇ္ဈင် ဆိုတာ ဗောဓိ၏ အခြေခံအစိတ်အပိုင်းများကို ဆိုတာပါ။ ထိုဗောဇ္ဈင်ကို ခုနစ်ဆင့်ဆင့် စခန်းဖွင့်၍ ဗောဓိရင်ပြင် သင်ဝင်ရမှာပါ။ သို့ကြောင့် သည်မှနေ အထက်ဗောဇ္ဈင်ခုနစ်ချက် အကွက်ချပြရတော့မှာပါ။မင်္ဂလာဆောင်ပွဲအပြီး ဗောဇ္ဈင်ခရီးလည်း ပြီးဆုံးဖို့ပါ။ ဗောဇ္ဈင်ပွားကိစ္စအပြီး မင်္ဂလာလည်း ဆောင်ပြီးမို့လို့ပါ။

## ၉။ ကဲ - ကိုးခုမြောက်မင်္ဂလာအသုတ်ပွဲထုတ်ကြရအောင်

သည်မင်္ဂလာအတွဲက -

(၁) ကာမအာရုံခံ မှန်သမျှ ခြိုးခြံကျင့်ဖြင့်သာကျင့်သုံးခြင်း။

(၂) ဓမ္မအာရုံခံ မှန်သမျှကိုကား မြတ်သောအကျင့်ဖြင့် လမ်းဖွင့်ခြင်း။

(၃) ဖြူစင်စေသောသစ္စာရှိကို ထိုးထွင်းသိဖြင့် သိစေခြင်း။

(၄) နိဗ္ဗာန် ဆိုသည်ကို မျက်မြင်တွေ့တွေ့ခွင့်ရခြင်း။ (လေးပါး)

### (၁) တစ်ချက်ခြိုးခြံကျင့်မိ နှစ်ဖက်အကျိုးရှိ

သည်မှာ ခြိုးခြံသည်ဆိုတာ ကာမပွားတိုးစာရိုလျက်နှင့် မသုံးမစားသည်ကို ဆိုတာပါ။ အဝေးပြထက် အနီးရက ပို၍ အစီးသန်နေတတ်လို့ပါ။ သူ့သဘောတူမှုရသော ကာမထက် ကိုယ်သဘောကျရနေသည်က ပို၍ သွေးလွှန်တတ်လို့ပါ။ သွေးတည်မှငြိမ်သောစိတ်၊ သွေးကစားနေလျှင် မတိတ်ဆိတ်လို့ပါ။

စဉ်းစားကြည့်ပါ။ သတို့သား၊သတို့သမီးငယ်တို့ဘဝ ကာမသွေး မပက်သက်ခင်က ကျက်သရေရှိသောမျက်နှာလေးများနှင့် အချိုးအဆစ်ပြေသော ကိုယ်ကာယလေးတွေချည်းပါ။ သည်ကနေ အာရုံချင်းလဲ၊ သွေးချင်းတွဲကာ အထဲဝင်မိရာကစပြီး ကိုယ်ထားပက်စက်၊ စိတ်များကပါ ကလက်လာကြတော့ရာ သွေးကစားသလောက် စိတ်မငြိမ်၊ ကိုယ်ပါ ဣန္ဒြေမရဖြစ်လာကြတော့တာပါ။

သွေးသည် အသာက်၊ သွေးသွက်သလောက် ခြေလက်ကစား၊ ဆီးမရထိန်းမနိုင် လိုက်စားပေးနေကြရတော့တာပါ။ သွေးသည်အသက်၊ သွေးအားကောင်းမှုလည်း သတိအားကောင်းစေမှာ အမှန်ပါ။

ယနေ့သင်ရောက်ရှိနေသောခေတ်နှင့် သင့်အရွယ်သည် သွေးကျချိန်၏ (၆၀) အရွယ်ထဲဝင်နေပြီပါ။ သည်အချိန်၊ သည်အရွယ်မှာ ကာမသွေး နှိုးဆွပေးမည့် အာရုံခံမှန်သမျှ ခြိုးခြံကြရမှာပါ။

နောက်တစ်ချက်က သည်အချိန်၊ သည်အရွယ်ရောက်လာသည်နှင့် ငွေဝင်ငွေရှင်စေမည့် ရှိသမျှအလုပ် သားသမီးတို့လက်ထဲ လွှဲပေးထားလိုက်ရပါပြီ။ မိမိတို့မှာက လုပ်နိုင်ကိုင်နိုင်တုန်းက စုဆောင်းထားသော အတွင်းပစ္စည်းလေးများနှင့်သာ အသက်ကုန်သည်အထိ မျှတစွာနေရမည့်အချိန်အရွယ်မျိုးများပါ။ ရုံးဝန်ထမ်းဆိုပါက ပင်စင်လစာလေးများဖြင့် မျှတစွာနေရမည့်အရွယ်မျိုးပါ။ သို့ဖြစ်ရာ တွင်းပြင်အသက်သွေးနှင့်အာရုံခံစားကျက်များ ခြိုးခြံနိုင်လွန်းမှ ဣန္ဒြေရရ လက်ကျန်ဘဝကို သင်အသုံးချနိုင်မှာပါ။

သည်မှာ ခြိုးခြံပုံလေးပြောကြည့်မယ်။ သည်ခေတ်က တီလိုထွင်ပြီး ဆွဲဆောင်နေသော ထွင်လုံးတီးပြခေတ်ဖြစ်နေချေရာ သင်သည်လည်း အများကိုတုခေတ်မျက်နှာစာဘက် သင်မျက်နှာမူမိပါသော် သည်အခါ အများသုံး ခေတ်ပေါ် တ[illegible] ထောင်တန်ပစ္စည်းတစ်မျိုးဝယ်ရန် စွဲစိ[illegible]က သင့်ကို နှိုးဆော်လာချိန်မှာ ဧကန်ပါ။

သည်အချိန် ဒါမရှိလည်းဖြစ်တာပဲ။ ဒါမသုံးရလို့ ငါ့ဘဝမပျက်။ သည်လိုဆင်ခြင်စိတ် နောက်သတိက မှတ်ချက်ဝင်ချပေးလိုက်သဖြင့် မဝယ်ချင်ပါက လက်ထဲရှိ ငွေတစ်ထောင်လည်း သင့်၌ လက်ကြားရေယိုမဖြစ်စေတော့ပါ။ တစ်ထောင်တန်ကိလေသာများလည်း သင့်



www.burmeseclassic.com

www.burmeseclassic.com

တားပြီးဆီးပြီးသားချည်းပါ။ သို့ကြောင့် သွေးမဖိတ်၊ စိတ်မကလက်၊ သင်၏ဘဝ ထားလည်း အခြေမပျက်တော့ပါ။

သည့်အတူ သောင်းသိန်းဂဏန်း ပြ ငွေတုန်ကြေးကျမည့် အာရုံနှိုး အပို ပစ္စည်းမျိုးဝယ်သုံးဖို့ စွဲစိတ်တို့က သင့်ကို နှိုးဆွလေတိုင်းလည်း စွဲစိတ်ကို ဆင်ခြင် စိတ်ဖြင့်ဖိ၊ သတိဖြင့်ဖယ်၊ မဝယ်မသုံး ငြိုးခြုံနှုန်း ထုံးထားမိပါလျှင်လည်း သင့် လက်ထဲနေ ငွေသိန်းသောင်းများလည်း အဖတ်တင်မြဲတင်နေတော့မှာပါ။ စိတ် ကိန်းကိလေသာများလည်း နေရာစား မရ ပြန်သွားကြရမှာပါ။

သင်ဆိုသောကိုယ်လည်း ထားမြဲ တရားမပျက် အရင့်ကျက်ဘက်သို့သာ တက်လာနေမှာပါ။ သည်မှာ ငြိုးခြုံခြင်း ကျင့်ဝတ်က ဆွတ်ခူးပေးလိုက်သောသင့် အတွက် ကောင်းဆုများပါ။

သင်၏ သည်အချိန်၊သည်အရွယ် မျိုးသည် ယခင် ယောကျ်ား၊ မိန်းမ နှစ် ဖက်သဘောတူမင်္ဂလာဆောင်ပြီး ကိုယ် ပိုင်ဘဝပျိုးထောင်၊ သားတွဲလောင်းသမီး တွဲလောင်းရသည်အထိ ရေအောင် မိုး အောင်မှနေ သင့်၌ ဘဝအမျိုးမျိုး အချိုး အဆစ်အလိုက် မင်္ဂလာသိမ်းပိုက်ပြီးချိန် ဖြစ်နေခဲ့ရာ ယခု အနုစားမင်္ဂလာများမှ အရင့်စားမင်္ဂလာအကြား တွားဝင်ရမည့် အခါမျိုးပါ။

ယခု အထမ်းမင်္ဂလာများမှ ခေါင်း ရွက်မင်္ဂလာဘက်လက်ဆက်ရတော့မည့် အခါမျိုးပါ။ တစ်ဘဝဝမ်းစာလုပ်ပြီးခဲ့ရာ မှ ယခု သံသရာဝမ်းစာလုပ်ဖို့ဘက် မျက် နှာမူရမည့်အခါမျိုးပါ။ သည်မင်္ဂလာမျိုး ကို ဟိုးသာသနာတည်ဦးစ သာဝတ္ထိခေတ် ကာလတုန်းကတော့ အိမ်မှုပင် အမြင့် မင်္ဂလာသဘင် ဆင်ယင်လာခဲ့ကြတာ ပါ။

သည်ခေတ်၊ သည်အခါ၊ သည် အချိန်များမှာတော့ ထိုသို့မရနိုင်တော့ ပါ။ မိမိတို့နှင့် သင့်တော်ရာ ဓမ္မစခန်း သင်တန်းဝင်ကာလမျိုးပါ။ သည်မှာ လူ ကြီးပိုင်းတ မင်္ဂလာအဆုံးသတ်ကပ်ဖြတ် ဖြတ်ကြရမှာပါ။ လူငယ်ပိုင်းက မင်္ဂလာ ပတ်တန်း ဖြတ်လမ်းက လိုက်ကြဖို့ပါ။

**ငြိမ်ခြုံသမား ကစားကြည့်ရှောင်**

ကာမမင်္ဂလာဆောင်ခဲ့ရာမှ ဓမ္မ မင်္ဂလာဆောင်လိုသောသင် -

(၁) မျက်စိလှုပ်ရှား ကြည့်ကစား တား ဆီးထားလိုက်ပါ။

(၂) ထွေလီစကား ပြောလိုငြား တား ဆီးထားလိုက်ပါ။

(၃) ကြံစည်စဉ်းစား စိတ်ကစား တား ဆီးထားလိုက်ပါ။

သည်စကားသုံးမျိုး ရှောင်နိုင်မှ ငြိုးခြုံမင်္ဂလာလည်းအောင်၊ အထက် အထက်ဓမ္မမင်္ဂလာများကိုလည်း ဆောင် ခွင့်၊ အောင်ခွင့်ရမှာပါ။

စဉ်းစားကြည့်ပါ။

**(၁) မျက်စိသည် အဆင်းကာမ၊ ရသာ ကာမ၊ အတွေ့ကာမသုံးခုတို့ရဲ့ တံခါးဝပါ**

အာရုံခံစားရာ၌ ဖမ်းအား အကောင်းဆုံး၊ လက်ခံဦးရေ အများဆုံး လည်း သည်မျက်စိပါ။ အဆင်းအာရုံမြင် ပြီးမှ လိုချင်တာပါ။ အရသာအာရုံမြင် ပြီးမှ စားချင်လာတာပါ။ အတွေ့အားလုံး မြင်ပြီးမှ တွေ့ချင်၊ ထိချင်လာတာပါ။

သို့ကြောင့် မျက်စိသည် တံခါး အားလုံးတို့ရဲ့ဂိတ်တံခါးမှူးကြီးပါ။ သင့် မျက်စိသာလုံခြုံ၊ ကာမအာရုံသုံးမျိုးထား သင်ငြိုးခြုံပြီးသားဖြစ်နေမှာပါ။ အောင့် ငြိုးခြုံ၊ တောင့်ငြိုးခြုံ၊ ရောင့်ငြိုးခြုံမျိုးပင် မဟုတ်တော့ပါ။ မွေးကတည်းက ကန်း လာသူ၏အမူအရာမျိုးထက် မပိုနိုင်ပါ။ မျက်စိနှင့်တရားသည် တီနှင့်ဆားပမာပါ။ မျက်စိမလုံခြုံပါက ခြင်းကျားကြီးနှင့် ရေ သယ်နေသလိုလည်း ဖြစ်သွားမှာပါ။

**(၂) နောက်တစ်ခု သည်အချိန် စကား လက်ဆုံ ပြောမကုန် မဖြစ်စေရပါ**

စကားစကား ပြောပါများ စကား ထဲက ဇာတိပြ ဖြစ်နေတတ်လို့ပါ။ ဒါ လောက်နဲ့လည်း စကားပြစ်က မပြီးသေး ပါ။

တရားက ဘဝင်လေငြိမ်၊ နှလုံး အိမ်သည် နှလုံးသွေးကြည်နေဖို့ ကြိုးစား နေရတာပါ။စကားက ဘဝင်လေဖွလျက် ကြောင့် နှလုံးအိမ်ပူကျက် နှလုံးသွေး ပွက်နေတော့မှာပါ။ တရားက သဘာဝ ပရမတ် ပစ္စုပ္ပန်တည့်တည့် စုရပ်ထား ကြည့်ရတာပါ။ စကားက သညာသိ ပညတ်၊ ရှေ့နောက်ဝေ့ပတ်ပြီး ပါးစပ် လှုပ်ပြောရတာပါ။ တရားက ကိုယ့်ခန္ဓာ ကိုယ်ကြည့် သတိ၊ အသိမပြတ် ထပ်ပိုး ရှုနေရတာပါ။ စကားက တစ်ဖက်ကို လှည့် ပေါ်ရာဖမ်း မှန်းပြောနေရတာပါ။ စကားနှင့် တရားသည် တောက်တဲ့နှင့် ဆေးခါးပါ။ သင့်ပါးစပ်မလုံလျှင် ဘူးပေါက် နဲ့ ရေသယ်နေရသလိုမျိုး ဖြစ်နေတော့ မှာပါ။

**(၃) နောက်တစ်ခု စိတ်လေဝှေ့ကူး**

**မြူးမနေဖို့ပါ**

အတွေးသည် အဟောင်းဖော်ပေး ပြီး အသစ်အရေးဆိုခိုင်းနေတတ်လို့ပါ။ သည်လောက်နဲ့လည်း အတွေးပြစ်က မပြီးသေးပါ။

တရားက အခုပေါ်အခုမှတ် ဖြတ် ချပစ်နေတာပါ။အတွေးက ရှေ့ကြိုတွေး၊ နောက်ပြန်ငေး တေးထားပေးနေတာပါ။ တရားက ကိုယ့်အကြောင်းကိုယ်ကြည့်၊ ကိုယ့်အကြောင်းကိုယ်သိနေဖို့ပါ။ အတွေး က သူ့အကြောင်းလှမ်းကြည့်၊ သူ့ အကြောင်းကိုယ်ခန့်မှန်းသိ သိပေးနေမှာ ပါ။ တရားက မနောပြင် အကြည်တက် ဖြစ်ပျက်မြင်နေဖို့ပါ။ အတွေးက မနော သွေး လှုပ်သုံးသုံး ဖြစ်ပျက်ဖုံးပစ်နေလို့ ပါ။

သင်အတွေးအကြား စိတ်ကစား နေပါက အိတ်ပေါက်နှင့် ဖားကောက် သလိုမျိုးဖြစ်နေမှာပါ။ အတွေးနှင့်တရား ကလည်း မျောက်နဲ့ ငါးပိလို ပုံစံမျိုးမို့ပါ။ ဓမ္မလက်သင်သမား သင်သည် သည် ကစားသုံးမျိုး လက်ခံမထားဖြစ်ပါသော် မနောလည်းလုံခြုံ၊ အာရုံပိုလည်း လက်ခံ မထား၊ လိုကာမ ငြိုးခြုံပြီးသားဖြစ်နေ မှာပါ။ မနောရည် အကြည်တက် ဓမ္မ ဖြစ်ပျက်လည်း သင်မြင်ပြီးသားပါ။

သို့နှင့်ပင် ထိုသည့်သင် အမှတ် ချင်းဆက် မှတ်ရည်တက် သတိသဗ္ဗော ဖွင့်ပွဲဆက်ရမှာပါ။သည်မှာ အမှတ်တက် သည် ဆိုတာ လေ့ကျင့်ဖန်များသော လက်ဝှေ့သမား လက်ရည်တက်လာနေပုံ မျိုးပါ။ မှတ်ရည်တက်၍ ပွားအားထက် လာက မှတ်ဉာဏ်လည်းတက်လာတော့ တာပါ။ မှတ်၍သိသော ခန္ဓာဖြစ်ပျက် မြင် အသိဉာဏ်ကို မှတ်ဉာဏ်ဆိုတာပါ။ အတွေးမခြယ်လှယ် စိတ်စင်ကြယ်ရာမှ အမြင်မျိုးမို့ သမာဓိဉာဏ် ခေါ် ဆိုရမှာ ပါ။

သည်မှနေ ရှုကွက်တွင်းရှိ မြင်သိ နေမြဲသောဖြစ်ပျက်ပုံစံကို သူ့ဟာန်မပျက် ရင့်ကျက်သထက်ရင့်ကျက်အောင် မွေး ပြီး သင်တည်ကိန်းပေးနေရဦးမှာပါ။

ထိုစဉ် -

(က) စထိုင် ဓမ္မအာရုံကိုင်လိုက်မိသည် နှင့် ဖြစ်ပျက်က လိုက်လာနေပြီ။

(ခ) သတိအားကျ၍ ပျောက်ရှသွား မည် သို့မဟုတ် အတွေးတစ်ချက် ဟန့်လို့လန့်ပျောက် ပျောက်သွား မည်။ ယင်းကို ချက်ချင်း သတိ ကပ်၊ ချက်ချင်းပင် ဖြစ်ပျက်ရပ်



www.burmeseclassic.com

www.burmeseclassic.com

တို့ ပြန်ကပ်လာကြပြီ။

(၈) ထိုင်ချိန်၏ အချိန်မိနစ်အားလုံး လိုလိုပင် ဖြစ်ပျက်မြင်ချည်း လွှမ်းဖုံးနေပြီဆိုပါက သင်၏ သမာဓိဉာဏ် (မှတ်ဉာဏ်) ရင့်ကျက်လာပြီဆိုရမှာပါ။

သည်အခါ သမာဓိနှင့်ဝီရိယထမ်းပိုးထမ်း ညီမျှနေစေရန် သတိစိုက်အားသုံးပေးရတော့မှာပါ။ စိုက်အားပို၍ နဂိုရည်ပျက် မှတ်မြဲတိုင်း စပ်အားသုံးဖြင့်သာ ဆက်မှတ်နေပါ။ အမှတ်မြဲ၍ ပေါ်ထင်နိမိတ် ပြန်လည် ထူးကဲလာပါက စိုက်အားပြန်သုံးပေးပါ။

သည်လို သမာဓိဉာဏ်ကြောင့် ဖြစ်ပေါ်လာသော ပေါ်ထင်နိမိတ်နှင့် သတိ၏ မှတ်ရည်မှတ်အားများ အပြန်အလှန် ကစားနေရင်းကြားကပင် မှတ်ဉာဏ်အကြားမှ ရုပ်၊ နာမ်မြင်၊ အသိဉာဏ်များ ဘွားခနဲ ပေါ်လာရတာပါ။ မှတ်ဉာဏ်က သမာဓိဉာဏ်ပါ။ ရုပ်နာမ်မြင်က ပညာဉာဏ်ပါ။ ရုပ်တခြား၊ နာမ်တခြားထား သွားလာနေပုံကို ဖြစ်ပျက်ထဲမှ ကွဲ၍ မြင်လာခြင်းပါ။

သည့်နောက်လည်း မှတ်မြဲ ဖြစ်ပျက်မြင်ကို စပ်အား စိုက်အားသုံး၍ မှတ်နေရင်းကပင် မမှတ်ခင်က မှတ်လိုစိတ်ကလေးများ ပြေးဝင်လာသည်ကို မြင်သိရမှာပါ။ မှတ်ပြီးနောက် ရုပ်၊ နာမ် ဖြစ်ပျက်ပုံ ပြန်လည်သိနေခြင်းကလည်း ထင်းထင်းပါ။

သည်မှာ စိတ်ကြောင့် ရုပ်(နာမ်) များ ဖောက်ပြန်လှုပ်ရှားလာကြသည်။ ရုပ်(နာမ်)များ လှုပ်ရှားပြနေခြင်းကြောင့် စိတ်က သိနေပြန်သည်ဆိုသော ရုပ်၊ နာမ်တို့၏ကြောင်းကျိုးဆက်ပညာဉာဏ်က ဆက်မြင်နေခြင်းပါ။

ခြိုးခြံခြင်း တပေါ်စမင်္ဂလာဆောင်မိရာမှ သတိသမ္ဗောဇ္ဈင်အား ပွားများ၊ ရုပ်နာမ်ကွဲ ကြောင်းကျိုးသိ အထိ၊သတိအသိများလည်း အားပြည့်အင်ပြည့် ဖြစ်ပွားလာခြင်း၏သရုပ်ပါ။

သည်မဓမ္မစခန်း ကိုယ်တွေ့သင်တန်းဝင်ရင်းကပင် အနေခြိုးခြံ၊ အစားခြိုးခြံ၊ အာရုံခြိုးခြံခြင်းများ မင်္ဂလာအဖြစ် သင်ဆောင်ထားရမှာပါ။

သင်တန်းကာလသည် အိမ်နေကာလကဲ့သို့မဟုတ်သည်ကို သင်သတိပြုခဲ့ပါ။ သည်မှာက စိတ်အလို ကိုယ်မလိုက် ထိုက်ရာနှင့်ပင် ရောင့်ရဲသည်းခံရမှာပါ။ သို့နှင့်ပင် အစွဲနှင့် အာရုံဆွဲများ တစ်စတစ်စမြုပ်၊ သတိနှင့် ဓမ္မအာရုံများက တစ်စတစ်စပေါ်ထင်၊ အမြင့်မင်္ဂလာပွဲဝင်ရမှာပါ။

သည်မှာ သမာဓိဉာဏ်ရင့်သန်စေပြီး ပညာဉာဏ်တို့၏ မူလအခြေခံလမ်းစဖြစ်သော ရုပ်နာမ်ကွဲ၊ ကြောင်းကျိုးသိအထိ သင့်အသိဝင်လာစေခြင်းများသည် သတိအား ပွားရာမှများ၊ များရာမှ ထွန်းကားလာခြင်း သတိသမ္ဗောဇ္ဈင်၏စားကျက်လို့ မှတ်ခဲ့ပါ။

## (၂) ရှေ့မင်္ဂလာပွဲ နွဲ့ကြည့်ရအောင်ပါ

သည်မင်္ဂလာက ဓမ္မအာရုံခင်းထဲ မြတ်ကျင့်ဖြင့်'လွှဲဝင်လိုက်ခြင်းပါ။ သည်မှာ မြတ်ကျင့်၏ ဆန့်ကျင်ဘက်က အပြဟ္မစရိယယုတ်ကျင့်ပါ။ အပြဟ္မစရိယ ဆိုတာက လူမည်းတို့အသည်းစွဲ မေထုန်အကျင့်ပါ။ မေထုန်ဆိုတာ အချင်းချင်းသဘောတူမှ ပြုကျင့်ခွင့်ရ အလုပ်မျိုးကို ဆိုတာပါ။

သည်မှာတွင် လူ၌ လမ်းနှစ်လမ်း ကွဲနေတာကို သတိမူခဲ့ပါဦး။ ယုတ်လမ်းနှင့် မြတ်လမ်း သို့မဟုတ် အောက်ပြန်၊ အထက်တက်။ သည်လို လမ်းကွဲနှစ်မျိုး လူ၌ ကြီးစိုးနေရာ ငမည်းတူတို့ရဲ့ လူ့ဘဝနောက်ဆုံးပန်းတိုင်က မေထုန်ကျင့်ပါ။ ဖြူသဲတို့ရဲ့ လူ့ဘဝနောက်ဆုံးပန်းတိုင်က နိဗ္ဗာန်ခန်းဖွင့် မြတ်အကျင့်ပါ။ မေထုန်အကျင့်က တဏှာပွားဖြင့် လက်စားချန်ထားခဲ့သောအကျင့်ပါ။ နိဗ္ဗာန်အကျင့်က တဏှာကင်းစင် အဖြူဆင်သက်သက်ပါ။

သို့ကွဲနေချေရာ တဏှာ၏ နယ်ပယ်ဖြစ်သော -

(၁) ကိုယ့်ကိုယ်ကိုယ် ခင်မင်မှု သင်အားကြီးနေက မြတ်ကျင့်မျိုး ပွဲမတိုးနိုင်ပါ။

(၂) သူ့ကို ကိုယ်ခင်မင်မှု အားကြီးနေကလည်း မြတ်ကျင့်မျိုး သင် ပွဲမတိုးသာပါ။

(၃) သူ့ကိုယ်ကြားက အာရုံထားများ အပေါ် အမင်တွေ အမက်ဆက်နေကလည်း နည်းတူပါ။

(၄) အိပ်စက်ခြင်း၏ အမတ်ကြော အမောဖက်နေကလည်း နည်းတူပါ။

(၅) နတ်ဘဝမျှော် သီလတစ်ခုတည်းဖြင့် ပုံဖော်နေကလည်း နည်းတူပါ။

သည်မှာ အထက်သုံးမျိုးက ဆန္ဒရာဂ၊ ပေမများ ကြီးစိုးနေလို့ပါ။ ရယူလိုခြင်းဆန္ဒ၊ တပ်မက်ခြင်းရာဂ၊ ချစ်ခြင်းပေမတဏှာများပါ။ အောက်နှစ်မျိုးက မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ထိနမိဒ္ဓများဝင်နေလို့ပါ။ တွေဝေခြင်း၊ အရှက်ကြောက်မဲ့ခြင်း၊ ထိုင်းမှိုင်းပျင်းရိနေခြင်းကြောင့်ပါ။

နိဗ္ဗာန် ဆိုတာက သူ့တို့ကိုပြောင်းပြန်လှန်ကျင့်မှုရနိုင်တာမျိုးပါ။ သည်မှာ 'နိ' က မရှိတာပါ။ 'ဝါန' က တဏှာပါ။ နိဝါန (နိဗ္ဗာန) ဆိုတာက တဏှာမရှိတော့ခြင်းပါ။

စဉ်းစားကြည့်ပါ။ အထက်သုံးမျိုးတို့ ကြီးစိုးရာအတွင်း သင်သည် စိတ်နှင့်ကိုယ် လမ်းခင်းပေးထားက တစ်ဖက်နှင့်တစ်ဖက် သင်နှင့်သူ သို့မဟုတ် သင်နှင့် သက်မဲ့အာရုံများ အာရုံချင်း အပေးအယူထား ကာလကျိုစယ် မြူဆွယ်ကစားနေပါက သင့်အပေါ် တဏှာပွားစီးအလိုရမ္မက်ကြီးကပါ ဖိစီးလာတော့ရာ သင့်၌ ဘဝင်လေ အပူထိုး သွေးများလည်း ပြောင်းဆန်စွာတိုးနေတော့မှာပါ။ ရမ္မက်မီးထိုးအဆွ သင့်ကိုယ်များလည်း နတ်ဝင်သည်မလို အပူလောင်နာကျနေတော့မှာပါ။ နှလုံးသွေးအနေအထားပျက် သည်းခြေလည်း ပူကျက်နေတော့မှာပါ။

ထိုသည့်သင် ဘာဖြစ်ဖြစ် စိတ်မည်းကြီး ကဲဝင်လာတော့ရာ အစွဲကြီးမီးတောက် နှစ်ကိုယ်စလုံး ထင်းအဖြစ်ရောက်တော့တာပါ။ သူ့ရှို့မီးက ကိုယ့်မှာတောက်၊ ကိုယ့်မှာလည်း တဖြောက်ဖြောက်ပါ။ ကိုယ့်ရှို့မီးက သူ့ဆီတောက်၊ သူ့မှာလည်း တဖြောက်ဖြောက်ပါ။ နောက်ဆုံးတစ်ယောက်နှင့်တစ်ယောက် ဖောက်ပြန်စစ်ခင်းခြင်းဖြင့် ငမည်းတူဘဝရောက်ကြရမှာပါ။

ဆန့်ကျင်ဘက် နိဗ္ဗာန်၏ မြတ်အကျင့်က သူ့အာရုံဝင်ရာတံခါး သတိအစောင့်ချပေးထားက ငါမသိသူမမြင် ခန္ဓာရှိ အထိနှင့် အသိကိုချည်း မြင်စေရမှာပါ။ အထိပေါ် အသိချည်း သူ့တို့၏ ဖြစ်ပျက်နှစ်ခင်းကိုချည်း မြင်စေရမှာပါ။ အဖြစ်ပေါ် အပျက်ကျ သူ့တို့ကြားက ရုပ်နာမ်တို့၏သဘာဝကိုချည်း မြင်စေရမှာပါ။

ထိုသို့ မြင်စေရာမှာ ပြင်ပအာရုံ စိတ်လာမထိခတ်၊ ဘဝင်လေ ဝပ်ကျင်းဝပ်နေမှုဖြစ်တာပါ။ ဘဝင်လေ ငြိမ်သက် နှလုံးအိမ် အေးစက်နေမှု ဖြစ်တာပါ။ နှလုံးသွေးငြိမ်သက် နှလုံးသွေး ကြည်ဖြူရောင်လက်မှုဖြစ်တာပါ။ နှလုံးသွေးငြိမ်သက် စိတ်မကလက်မှုဖြစ်တာပါ။ သည့်



www.burmeseclassic.com

www.burmeseclassic.com

အကျင့်နှစ်မျိုးတို့ရဲ့ သဘောရိုး သတိ၊ အသိတို့ဖြင့် ချိန်ထိုးကြည့် အတပ်သိကြရမှာပါ။

သို့ကြောင့် ယခုလို နိဗ္ဗာန်လမ်း လှမ်းဝင်ဆဲသော သင် ယခင် မေထုန်အကျင့်များနှင့် လမ်းခွဲထားခဲ့ရတာပါ။ သင် ဗြဟ္မစရိယမြတ်ကျင့်ခန်း စခန်းဝင်တော့မည်ဆိုလျှင် အနည်းဆုံး ရှစ်ပါးသီလလောက်တော့ ခံယူကျင့်သုံးကြရမြဲပါ။

ထိုရှစ်ပါးသော ကိုယ်ကျင့်သိက္ခာသည် အယုတ်ကို ပလပ်၍ အမြတ်သို့ ထပ်ပိုး ပိုးပေးထားသော သီလသိက္ခာများပါ။ အယုတ်သွေးက အငွေ့ပြနေလည်း သတိနာနာပွား ဖြတ်ခြားခြားထားခဲ့ရမှာပါ။ အယုတ်သွေးက စကားစ,နေလည်း သတိနာနာပွား ဖြတ်ခြားခြားထားခဲ့ရမှာပါ။ အယုတ်သွေးက မျက်စိလာစလည်း သတိနာနာပွား ဖြတ်ခြားခြားထားခဲ့ရမှာပါ။

မေထုန်က အကျင့်ရိုးကို ညှိုးခြင်း၊ မှိန်ခြင်း၊ ပျောက်ခြင်းအထိ နှောင့်ယှက်တတ်လွန်းလို့ပါ။ ထိုသို့ သင့်၌ သတိနာနာပွား ဖြစ်ပျက်မြင် ဓမ္မပွားထုံခွင့် ပြန်ရလာသောအခါ ပွားပို့သတိက အပြင်ကနေ ပညတ်မြှုပ်သတ်ပေး၊ အောက်မေ့သကိက အတွင်းမှနေ ပရမတ်ဖော်ထုတ်ပြ။ သည်လိုသည်လို သတိနှစ်ဆူ အပေးအယူလုပ် သင်အမြတ်ထုတ်တတ်လာပါသော် ရုပ်၊ နာမ်တို့၏ သဘာဝလက္ခဏာ သူ့သဘာဝအတိုင်း ဧကန်ပေါ်လွင်လာရမှာပါ။

သည်မှာ သင့်ရှုကွက်အတွင်းရှိ ရုပ်နှင့် နာမ်များက -

(က) ပေါ်လာလိုက် ရွေ့ပျောက်ချည်း၊ ပျောက်သွားလိုက်ဆိုက အနိစ္စ၏ လက္ခဏာပါ။

(ခ) ပေါ်လာလိုက် ရွေ့ခနဲ ပျက်ကျသွားလိုက် တွေ့သိရက ဒုက္ခ၏ လက္ခဏာပါ။

(ဂ) ပေါ်လာလိုက် ဘာမှလက်ရမမိလိုက် တွေ့နေရပါက အနတ္တ၏ လက္ခဏာပါ။

ယင်းသည် သတိထား အားများလာရာမှ ဖြစ်ပွင့်လာသော ဓမ္မဝိဇယ သမ္ဗောဇ္ဈင်အပိုအပွားပါ။ ဓမ္မဝိဇယ ဆိုတာ ရုပ်နာမ်တို့ရဲ့ သဘာဝဂုဏ် ပွားထုံခွင့်ရနေခြင်းပါ။ ယင်းဓမ္မဝိဇယသည် ဤမှနေ ရုပ်၊ နာမ်တို့ မချုပ်ဆုံးမချင်းအထိပါ။

သည်မှနောက် ယင်းအမြင်ကိုပင် အခေါက်ခေါက် သတိဖြင့်ပွားထုံပေးနေပါလျှင် အမှတ်သွက်လက် သိသွက်လက်တို့၏ ထက်သော အစွမ်းကြောင့် မြင်နေကျ ရုပ်နာမ်များလည်း ငုတ်တုတ်ပေါ် ငုတ်တုတ်ပျောက် ဖြောခေါက်ခွင့် ပင် မရလိုက်တော့ပါ။ ရုတ်တရက်ပေါ်၊ ရုတ်တရက်ပျောက် စာရင်းလည်း ကောက်ခွင့်မရတော့ပါ။

သည်နှင့်အတူ အတွေးမဝင်သော စိတ်၏ ဖြူစင်တောက်ပမှုကြောင့် စိတ်တွင်းဝမ်းတွင်းများ၌ အလင်းရောင်များကပါ ပေါ် ထွန်းလာဦးမှာပါ။ စိတ်တွင်းမဆံ့၊ အားအလွန်ခံ့က ထိုအလင်းများပြင်ပအထိလည်းထိုးကျလာဦးတော့မှာပါ။ ညစ်ကြေးကင်းစင် စိတ်ဖြူလွင်ရာမှ ထဖြစ်လာသောအရောင်များပါ။

သည်မှာတွင် တကယ်လုပ်၊ အဟုတ်ဖြစ်သည်ဆိုသော စိတ်ဆုံးဖြတ်ချက်နှင့်အတူ ကိုယ်ပိုင်သဒ္ဓါများပါ ဝင်ရောက်လာပြီး အလုပ်ကြိုးစားလိုခြင်း၊ ဝီရိယသမ္ဗောဇ္ဈင်အားလည်း သတိ၊ ဓမ္မဝိဇယတို့ များလာရာမှ ထပ်ပိုးပွားလာဦးတော့မှာပါ။

သည့်နောက် သတိ ဓမ္မ ဝီရိယတို့ များပြားပြည့်နှက်လာသောအခါ ပီတိ၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်အားများလည်း ရွေ့ပြေးလမ်းဖောက် တောက်လျှောက်ပင် ပွားလာကြဦးမှာပါ။ သည်မှာ ပီတိက မိမိ(ကမ္မဋ္ဌာန်း)အလုပ်၌ နှစ်သက်အားရသဘောကျလာခြင်းပါ။ ပဿဒ္ဓိက ကိလေသာဘေး ကင်းဝေးလာသဖြင့် စိတ်အေး၊ ကိုယ်အေးနေနိုင်လာခြင်းပါ။

သတိ၊ ဓမ္မဝိဇယ၊ ဝီရိယ ကိုယ်ပွားသည် ပီတိ၊ ပဿဒ္ဓိအား အကြိုအဆိုလေးများနှင့်အတူ စိတ်အစိုးတရဖြစ်လာခြင်း၊ ဓမ္မကို ချိုးပင့်မြှောက်စားလာခြင်း၊ စိတ်ချမ်းသာလာခြင်း၊ အသိသွက်လာခြင်း၊ အရှိအရှိအတိုင်း မြင်ခွင့်ရလာခြင်း၊ ဝီရိယခိုင်ခံ့လာခြင်း၊ အရာရာခွင့်လွှတ်တတ်ခြင်းများကပါ အပိုဆုအထူးအဖြစ် ရလာကြဦးမှာပါ။

သည်မှတစ်ဆင့် သတိပွားအားများက တိုးမြင့်လာသောအခါ ခန္ဓာဖြစ်ပျက်များ အပြင်မှနေ အတွင်းပိုင်းအထိ ထိုးဖောက်ကြည့်၊ ကြည့်ခွင့်ရလာသောကြောင့် ဖြစ်စဉ်များလည်း ပို၍လျင်မြန်လာတော့ရာ ဘယ်လိုပင် သတိစိုက်စိုက်၊ ဘယ်လိုပင် အသိလိုက်လိုက် အဖြစ်ကိုကား မမိလိုက်၊ အပျက်မျှသာ သိခွင့်ရလာတော့မှာပါ။ဘယ်အချိန်၊ ဘယ်အခါ၊ ဘယ်နေရာကြည့်ကြည့် အပျက်နောက်အပျက်ဆင့်၊ ပျက်ပွင့်ချည်းတွေ့ရမှာပါ။

အချို့မှာ ချောက်နှုတ်ခမ်းဘေး ကြိုးတန်းလျှောက်နေရသည့်ပမာ။ ရုပ်အားကိုးမည့်ကြံမိပြန်တော့လည်း စိတ်ခြေချရပ်နားစရာမရှိ ပျက်၏ပျက်၏ပါ။ နာမ်အားကိုးမည့်ကြံလည်း တိုင်ပင်ချိန်မပေး ပျက်ပြေးပျက်ပြေးချည်းပါ။

သို့ဖြစ်ရာ သတိအားကိုးဖြင့် ခန္ဓာလမ်းရိုးလျှောက်လာသောသင် ခန္ဓာပျက်ပုံကြီးကိုကြည့် ဘေးဆိုးကြီးကျရောက်နေသည်အဖြစ် သင်တွေ့ရတော့မှာပါ။ သို့ကြောင့် သင်လိုချင်၍ လက်ခံ ရယူထားသော သင့်ခန္ဓာ၏သနစ် သင်အပြစ်ချည်း မြင်တွေ့နေတော့တာပါ။ အပျက်နောက်အပျက်ဝေ အချိန်တိုင်းပင် တွေ့ဖြစ်နေပြန်တော့သဖြင့် သင် ခန္ဓာ၌ငြီးငွေ့နေတော့မှာပါ။

သည်နေရာ ဆင်ခြင်ဉာဏ်အတွေးသင့်၌ ထိုးဇာတ်ကလေးအတွေးဖြင့် ဝင်လာတော့ရာ ငါသည် ယခင့်ယခင်ဘဝများစွာတုန်းကလည်း သည်အပျက်အပျက်သည်အတိုင်းချည်း ဆက်ခဲ့တာပါ။ ယခုအခါ အချိန်များစွာမှာလည်း သည်အပျက်အပျက် သည်လိုပဲဆက်နေတော့တာပါ။ နောက်နောင်ဘဝများ ရလာလည်းပဲ ငါအဖို့ သည်အပျက်အပျက် သည်လိုပင် ဆက်နေဦးတော့မှာပါ။ သည်အတွေး၊ သည်အရေးကြောင့် သင်စိတ်မအေးဖြစ်လာရတော့မှာ ဧကန်ပါ။

သို့ကြောင့် စွဲစိတ်က ပေါင်းလက်စဘဝ ကြည့်လိုစိတ်ပင် အလျှင်းမရှိ၊ မကြည့်ဘဲနေဖို့သာ ကြိုးစားနေ။ တည်စိတ်ကလည်း မကြည့်ဘဲ နေခွင့်မရ။ အတည့်ချည်းချပြနေဆိုတော့ မကြည့်လို မြင်လိုလျက်သား စကား ဘဂ်စု၏ သည် နေရာလေးများမှာပါ။

ယင်းမှာ သတိကစ ပဿဒ္ဓိကျအောင်သော ဗောဇ္ဈင်ပွား များပြားလာရာမှ သမာဓိသမ္ဗောဇ္ဈင်အပွား နေရာစားရလိုက်ခြင်းပါ။ ဓမ္မ၊ ဝီရိယ၊ ပီတိ၊ ပဿဒ္ဓိ၊ သမာဓိ။ ထိုအားလုံး သတိ၏ ကိုယ်ပွား လက်ကိုင်သုံးချည်းမှတ်ခဲ့ပါ။

သည်မှာ သင်၏ ဆင်ခြင်ဉာဏ်အတွေးများကြောင့် ရလာမည့်ဘဝဘေး စိတ်မအေးဖြစ်နေရပါသော ထိုသည့် သင် ဘဝမှ လွတ်မြောက်လိုရေးအထိ ဉာဏ်ပင်း၊ သံဝေဂအတွေးသိက လှည့်ဝင်လာတော့ရာ အပျက်ပုံ အားကုန်ဖိ၊ သတိဖြင့် အရဲစွန့်ကြည့်လာတော့မှာပါ။

သည်အခါ အပျက်များ တစ်ခု တစ်စမှိန်၊ ယခင်ပေါ်နေကျ ဖြစ်ပျက်များ



www.burmeseclassic.com

www.burmeseclassic.com

လည်း ကုန္တြေရစွာ ထပ်မံပေါ်ပြလာမှာပါ။ ယင်းကိုလည်း သတိက လက္ခဏာ အမြင် ထင်သထက်ထင်အောင်ရှု အသိကိုလက်ကိုင် လက္ခဏာတစ်ခုရရန် သတိ ကြိုးစားပေးလာတော့မှာပါ။

သည်အခါ ရုပ်နာမ်တို့၏သဘာဝ လက္ခဏာများက အောက်အောက်ဉာဏ်များကထက် အဆလွန်ဖြင့် အထူးပေါ် လွင်စွာပြသလာကြတော့ရာ မိမိ၊ မိမိတို့ ဉာဏ်များ၏ အနု၊ အလတ်၊ အထက်တို့ အလိုက် အချို့ အနိစ္စအချက်လက်တွင်း ကျစ်ကျစ်ဆုပ်၍ ရှေ့တက်ရန်လုပ်တော့မှာပါ။ အချို့ ဒုက္ခအချက်လက်တွဲလျက်က အထက်တက်ရန် တာစူတော့မှာပါ။ အချို့ အနတ္တအချက် လည်ပင်းဖက်လျက်က အလွတ်ထွက်ရန် ကြိုးစားတော့တာပါ။

သို့နှင့်ပင် သင်္ခါရုပေက္ခာအဆင့် တံခါးပွင့်စေတော့တာပါ။ သင်္ခါရုပေက္ခာဆိုတာ ပြုပြင်ပေးရမှုသင်္ခါရကို ဥပေက္ခာပြုလိုက်ခြင်းပါ။ သတိပွားအားများ ဓမ္မဝိစယ၊ ဝီရိယ၊ ပီတိ၊ ပဿဒ္ဓိ၊ သမာဓိတို့ပါ တိုးတက်များပြားလာရာမှ ဥပေက္ခာသမ္ဗောဇ္ဈင်တရား အပွားဝင်လာခြင်းပါ။

ဗောဇ္ဈင် ဆိုတာ တက်ခုထားမှ အများအပြား ပွားလာခြင်းလို့ မှတ်ပါ။ ဗောဇ္ဈင်ဆိုတာ မလိုတရား (အလောဘတရား) ပွားလာရာမှ ဗောဓိဖြစ်ပွားလာခြင်းလို့ မှတ်ပါ။ သည်ဥပေက္ခာဉာဏ်ရောက်သည်နှင့် စိတ်မလှုပ်ယှက်၊ သမာဓိရင့်ကျက်နေပြီကြောင့် ဝင်ထွက်လေများကြောင့်ကြစိုက်ကာ ရှုသွင်း၊ ရှိုက်ထုတ်သင်လုပ်ဖို့မလိုတော့ပါ။

သဘာဝအရှိ ဘာနှင့်ထိထိ လက်မီလက်ရမရှိ၊ အရိပ်ပြအယောင်ဝင်သဘောမျှအသွင်ကို အတိအလင်း သင်မြင်တွေ့ခွင့်ရနေခြင်းကြောင့်ပါ။ သုခဆိုသည်း မတုန်။ သူ့ဟာသူနေ၊ ကိုယ့်ဟာကိုယ်နေဖြင့် ကုန်ဆုံးသွားမှာပါ။ ဒုက္ခဆိုလည်း မဖြုံ။ သူ့ဟာသူနေ၊ ကိုယ့်ဟာကိုယ်နေဖြင့် ကုန်ဆုံးသွားမှာပါ။

သည်ဉာဏ်ဝင်စဉ်ကတည်းကပင် တွေ့အာရုံမှန်သမျှ အတ္တကိုယ်ထည်မရှိ သဘာဝသတ္တိများ သတ္တိရှိန်ချင်း ရှေ့နောက်ဆက် နင်ထွက်၊ ငါဝင်တို့ဖြင့်ရွှေ့ပြောက်၊ ရိပ်ပျောက်၊ အငွေ့ကျခံပျောက်သင်ခုခုကို လက်ရမိဆုပ်ကြည့်ကိုင်ကြည့်ဘာမှမတွေ့မိခြင်းကြောင့် နင့်ဟာနင်နေ၊ ငါ့ဟာငါနေသို့ သင်ဝင်ရောက်လာခဲ့တာပါ။

သို့ကြောင့် ကောင်းမတိုး၊ ဆိုးမဖြုံ၊ ချစ်မုန်းများခေါင်းငုံ့သွားရတော့တာပါ။ သည်မှနေ ဥပေက္ခာကိုပင် ဥပေက္ခာသင်ထပ်ပြုနိုင်ရန်အတွက် သတိကို ဗိုလ်ချုပ်အရာတင် ဗောဓိပက္ခိယအစဉ်တို့ဖြင့်ပင် ပွဲကျင်းရဦးမှာပါ။ တွဲဖက်ဗိုလ်ချင်း မတွက်ကတ်၊ ကုန္တြေချင်း ထိစပ်နေရန်ပါ။ သို့ကြောင့် ဤနေရာဖြစ်စဉ်များ၏ လှိုင်းပြင်ကျယ်ဝယ် အသိလှေငယ်စီး၍ လှော်ကျင့်နေရဦးမှာပါ။

သည်ကနေ ကုန္တြေအစဉ်ဆက် ဥပေက္ခာပြု ရင့်ကျက်လာသောအခါ သည်ဘက်က သတိအစထား၊ ဗောဓိပက္ခိယတရားများနှင့် ဟိုဘက်နေ သစ္စာအစထား ဗောဓိနှင့် မဂ်ဖိုလ်ဉာဏ်များ ကူးလူးဆက်ဆံ အပြန်အလှန် ကျေးဇူးပြုနေကြတော့မှာပါ။

သည်မှာ သည်ဘက်က မှတ်အား၊ တည်အား၊ သိအားများကလည်း ရုပ်၊ နာမ် ချုပ်သုဉ်း အတ္တမဲ့ အငြိမ်းဆုံး၊ အငြိမ်ဆုံး၊ အအေးဆုံးတို့ကို လှမ်းအားပေးနေမှာပါ။ ဟိုဘက်က နိရောဓ၊ မဂ္ဂ၊ ဖလများကလည်း သည်ဘက်နေ ဗောဓိပက္ခိယများ အစွဲကြား ခါးဝင်ပြီးဖြတ်ခြားတတ်ရန် လှမ်းကူညီနေမှာပါ။ ဥပေက္ခာမှလူးလဲထ ဖြစ်ပျက်အစဉ်ကို ဖြတ်ချဝံ့ဖို့ပါ။ သို့ကြောင့် ယင်းကို သစ္စာနုလောမသစ္စာနှင့် ဂဟေဆက်ဉာဏ်ဆိုရတာပါ။

သည်မှနေ ကုန္တြေရင့်ကျက်၊ ဗောဓိပက္ခိယအသင်းဝင်များ အသီးအသီး အလုပ်သွက်လက် ပီပြင်လာကြသောအခါ မြန်မြန်ထ၊ သွက်သွက်လှမ်း၊ တန်း၍ခုန်၊ ရုပ်နာမ်တို့ကို အပြတ်ဖြတ်တော့တာပါ။ သည်အထိ သင်ကျင့်ဆဲ ပြဟ္မစရိယမဂ်လာ၏မြတ်ကျင့်များချည်း မှတ်ခဲ့ပါ။

သည်မှဆက် ရှေ့တက်လျှင် အမြတ်ထွက်ဖို့ သေချာနေလို့ပါ။ သည်ဉာဏ်ရောက် ယုတ်ကျင့်နှင့် အယုတ်ခန်းပြတ် လူနှင့်နတ် အမြတ်ရမှာမို့ပါ။

သည်နေရာသည် သင်၏ လူဖြစ်မင်္ဂလာ ဟူ၍ အသေအချာမှတ်ခဲ့ပါ။ သင့်ဉာဏ်မဂ်မဝင်ဖြစ်သော်မှ ကလျာဏအရာဝင်၊ မင်္ဂလာဆင်ယင်တော့မှာမို့ပါ။ ပုထုဇဉ်ဖြစ်သော်မှ အရူးမဟုတ်တော့သော ပုထုဇဉ်သန့်ဖြစ်လာတော့လို့ပါ။

**မင်္ဂလာလမ်းအဆုံး ပန်းကုံးစွပ်ခံရပြီ**

(၃၊ ၄) ရှေ့မင်္ဂလာအတွဲ အကဲဝင်ကြည့်ပါဦး။

သစ္စာမြင်လျှင် နိဗ္ဗာန်မြင်သော မျက်မြင်ကိုယ်တွေ့ မင်္ဂလာနှစ်ပါးပါ။

သည်မှာ သစ္စာ၏ နိရောဓနှင့် နိဗ္ဗာန်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့မှာ စဉ်ဆက်မပြတ် မရပ်မနား အလျဉ်ဖြင့်သွားသောအရာများပါ။ နိရောဓနှင့် နိဗ္ဗာန်သည် အစဉ်မခြားနားကြပါ။ တစ်ဖန် နိရောဓဆိုက်၍ နိဗ္ဗာန်ဝင်လျှင် ချုပ်မှန်းသိ သိခြင်း မဂ်နှင့် အချုပ်ကြောင့် ငြိမ်းအေးသော ဖိုလ်များလည်း မခြားမနား တစ်သားတည်း လိုက်လာတော့မှာပါ။

နိဗ္ဗာန်၏ အအေးဓာတ်၊ အငြိမ်းဓာတ်အကျိုးမျက်မြင်ကိုယ်တွေ့၊ ကိုယ့်ဉာဏ်ရှေ့မှာပင် ခံစားခွင့်ပိုးဝင်လာလို့ပါ။ ယင်းကိုပင် နိဗ္ဗာန်မျက်မှောက်ပြုသည်ဆိုတာပါ။ ချုပ်ပြတ်မှုနှင့် မျက်မြင်တွေ့ တစ်ထပ်တည်းဆိုရမှာပါ။ သည်မှာတွင် အရိယလောကသား ဖြူစင်သူတစ်ပါးအဖြစ် သင်ပန်းကုံးအစွပ်ခံရခြင်းပါ။

သည်မှာ သစ္စာတရားကို သင်သိခွင့်ရပုံများမှာ -

(က) ဆရာတို့ပြောသဖြင့် သိခွင့်ရခဲ့သော အနုဗောဓမှန်းဆသိ။
(ခ) မိမိကိုယ်တိုင် ဒါငါလုပ်ရမည့်ကိစ္စအဖြစ် ဆုံးဖြတ်သော အနုဗောဓသိ။
(ဂ) မိမိကိုယ်တိုင်ကျင့်သဖြင့် ထိုးပွင့်လာသော ပဋိဝေဓသိ သုံးမျိုးပါ။

သစ္စာဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ် ဆိုလည်း မမှားပါ။ သည်အထဲယခု သင်တွေ့ထိခံစားခွင့်ရလာတာက ကတဉာဏ်၏ပဋိဝေဓသိပါ။ သည်အသိမှာ နိဗ္ဗာန်လည်း ပါသည်။ မဂ်ဉာဏ်လည်း ပါသည်။ ဖိုလ်ဉာဏ်လည်း ပါသည် ဆိုရမှာပါ။

နိရောဓဆိုလျှင် နိဗ္ဗာန်ပါ။ တဏှာချုပ်ဆုံးသွားခြင်းကြောင့်ပါ။ တဏှာချုပ်ဆုံးပုံ အသိဝင်လျှင် မဂ်ဉာဏ်ပါ အပြီးဖြတ်ချလိုက်ခြင်းပါ။ မဂ်ဝင်လျှင် ဖိုလ်ပါမှာပါ။ ကိလေသာပြေးသဖြင့် စိုပြည်အေးအေးသွားခြင်းပါ။

သို့ကြောင့် သင် ဤဉာဏ်များ ပြဟ္မစရိယမြတ်ကျင့်၏ ခန်းဖွင့်မင်္ဂလာချည်း မှတ်ခဲ့ပါ။ အရိယသစ္စဒဿနမင်္ဂလာ၊ နိဗ္ဗာနသစ္ဆိကိရိယမင်္ဂလာ သည်နှစ်ပါးက ပြဟ္မစရိယရဲ့ မင်္ဂလာပွဲသိမ်းများလို့ မှတ်ခဲ့ပါ။

*(ဆက်လက်ဖော်ပြပါမည်)*

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး



www.burmeseclassic.com

www.burmeseclassic.com

၁။

ပြည်မြို့ နိဗ္ဗိန္ဒတောင်တောရ ဆရာတော်ဘုရားကြီးသည် မြန်မာနှစ် ၁၂၇၅ ခုနှစ်တွင် နိဗ္ဗိန္ဒတောင် တောရ ကျောင်းတိုက်ကြီးကို စတင်တည်ထောင်ခဲ့ပါသည်။ မြန်မာနှစ် ၁၃၇၅ ခုနှစ်တွင် နိဗ္ဗိန္ဒတောင်တောရကျောင်းတိုက်ကြီးသည် နှစ် (၁၀၀) ပြည့်ခဲ့ပြီဖြစ်ရာ ဆရာတော်ဘုရားကြီး၏တပည့်ဒကာ၊ ဒကာမများက နိဗ္ဗိန္ဒတောင်တောရကျောင်းတိုက် ရာပြည့်မဂ္ဂဇင်းကို အမှတ်တရ ထုတ်ဝေခဲ့ကြပါသည်။

ထိုမဂ္ဂဇင်း၌ ဆရာပါရဂူ၏ 'နိဗ္ဗိန္ဒနှင့် ဆင်ခြင်' ဟူသော ဆောင်းပါးကို ပြန်လည် ဖော်ပြထားပါသည်။ ဆရာပါရဂူသည် စာပေဟောပြောပွဲခရီးစဉ်တစ်ခု၌ နိဗ္ဗိန္ဒတောင်တောရသို့ ရောက်ခဲ့ရာ ထိုတောရကျောင်းတိုက်၌ စီမံပြုလုပ်ထားသော ဆင်ရုပ်ကြီးနှင့် ခြင်ရုပ်ကြီးကို တွေ့ရပြီး ထိုဆင်ရုပ်ကြီး၊ ခြင်ရုပ်ကြီးတို့ကိုအကြောင်းပြု၍ ထိုဆောင်းပါးကိုရေးခဲ့ခြင်း ဖြစ်ပါသည်။

နိဗ္ဗိန္ဒတောင်တောရ ဆရာတော်ဘုရားကြီးသည် တပည့်ဒကာ၊ ဒကာမများ အမြဲဆင်ခြင်ပြီးနေကြပါဦးဟု ဆုံးမလိုသဖြင့် သွယ်ဝိုက်သောနည်းအားဖြင့် ဆင်ရုပ်ကြီးနှင့် ခြင်ရုပ်ကြီးကို ထုလုပ်ခဲ့ခြင်း ဖြစ်သည်ဟု ဆိုပါသည်။

ဆရာပါရဂူက ဆင်ရုပ်ကြီး၊ ခြင်ရုပ်ကြီးတို့နှင့် စပ်လျဉ်း၍ ဤသို့ရေးခဲ့ပါသည်။

◆ *ဆရာတော်ကြီး ကွယ်ဝှက်တဲ့ အနက်အဓိပ္ပာယ်နဲ့ မိန့်မှာထားခဲ့တဲ့ ဆင်ခြင်ဆိုတဲ့အဆုံးအမဟာ အင်မတန် အဓိပ္ပာယ်ရှိတယ်။ မဆင်မခြင် မစူးမစမ်းဘဲနဲ့ လုပ်နေကြတဲ့အတွက်ကြောင့်သာ ကမ္ဘာကြီးတစ်ခုလုံး ကမောက်ကမဖြစ်နေကြတယ်။ လူတွေဟာ ကိုယ်ပိုင်ဉာဏ်ကို အသုံးမပြုကြဘူး။ အပြင်အပက အရာဝတ္ထုရဲ့ ကျေးကျွန်အဖြစ်ခံနေကြရတယ်။ ကိုယ်ပိုင်ဉာဏ်နဲ့ ဆင်ခြင်စဉ်းစားပါက ဘာမှအများတွေ့စရာမရှိနိုင်ဘူး။ ကေသမုတ္တိရွာသား ဖြဟ္မဏတွေကို ဗုဒ္ဓ ညွှန်ကြားဆုံးမတာဟာလည်း ဒီတရားပဲ။*

ဤသည်မှာ နိဗ္ဗိန္ဒတောင်တောရကျောင်းတိုက်၌ တွေ့ရသော ဆင်ရုပ်ကြီး၊ ခြင်ရုပ်ကြီးတို့နှင့် စပ်လျဉ်းသော ဆရာပါရဂူ၏ ဖွင့်ဆိုချက် ဖြစ်ပါသည်။

၂

ကျွန်တော်သည် ဆရာပါရဂူ၏ ဆောင်းပါးကို ဖတ်ရသောအခါ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး စီရင်သော **ဝေါဟာရနှင့် ဓမ္မအမြင် (လေခရာသီကာထာ)** စာအုပ်ပါ 'ဆင်ခြင်' ဟူသောစကား၏ဖွင့်ဆိုချက်ကို သတိရမိပါသည်။မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးသည် ထိုစာအုပ်၌ လူတို့နေ့စဉ်အသုံးပြုနေကြသော စကားလုံးဝေါဟာရများ၏ ထိုဓမ္မအမြင်ဖြင့် ဖွင့်ဆိုထားပါသည်။

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး၏ အလုံးအရ စကားတစ်ခွန်းသည် တရားတစ်ပုဒ်ဖြစ်သည်။ စကားတစ်ခွန်းသည် ဝတ္ထုတစ်ပုဒ်ဖြစ်သည်။ ဤအချက်ကို သဘောပေါက်စေရန် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးသည် စွန်းလွန်းဆရာတော်ဘုရားကြီး၏ အဆုံးအမကို ထုတ်ဆောင်ပြထားပါသည်။

ဤသို့ဖြစ်ပါသည်။

တစ်ခါသော် စွန်းလွန်းဆရာတော်ဘုရားကြီးသည် ကိစ္စတော်တစ်ခုပြီး၍ ရွာထဲသို့ဖြတ်ဝင်လာရာ အမျိုးသမီးနှစ်ဦးသည် တစ်ဦးကိုတစ်ဦး မကြားကောင်းမနာသာဆဲဆိုလျက် ရန်မက်ဖြစ်ပွားနေကြသည်ကို တွေ့ရသည်။ ထိုအမျိုးသမီးနှစ်ဦး ထိုသို့မကြားကောင်းမနာသာဆဲဆိုနေကြသည်ကို စွန်းလွန်းဆရာတော်ဘုရားကြီး ကြားတော်မူသောအခါ -

"ဟဲ့ ဟဲ့ - ဟိုမှာတရားဟောနေလိုက်ကြတာ မောနေကြပြီကွယ့်။ သွားသွား - ငှက်ပျောသီးများအမောပြေပေးလိုက်ကြစမ်း"

ဟု နောက်ပါဒကာများအား တိုက်တွန်းတော်မူသည်။

ဤသည်ကိုထောက်၍ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက စကား

# မြဝင်း(ဒဿန)

## နိဗ္ဗိန္ဒတောင်တောရဆရာတော်ဘုရားကြီး၏ 'ဆင်ရုပ်ကြီး'၊ 'ခြင်ရုပ်ကြီး' နှင့် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး၏ 'ဆင်ခြင်' ဟူသော ဝေါဟာရဖွင့်ဆိုချက်





www.burmeseclassic.com

www.burmeseclassic.com

မှာ တရားပါနေသည်။ စကားတွင်းမှာ တရားရင်းပါနေသည်ဟု ကောက်ချက်ဆွဲပါသည်။

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးသည် ထိုဓမ္မအမြင်ဖြင့် စကားလုံးများ၌ ခိုအောင်းနေသောတရားဓမ္မများကို ဖော်ထုတ်၍ ရှင်းပြပါသည်။ ထို **ဝေါဟာရနှင့်ဓမ္မအမြင်(လေခရာသိကထာ)**၌ နေ့စဉ်သုံးစကားလုံး (၄၉) လုံးတို့၌ ခိုအောင်းနေသောဓမ္မများကို ဖော်ထုတ်၍ ရှင်းပြပါသည်။ ထိုနေ့စဉ်သုံးစကားလုံး (၄၉) လုံးတို့တွင် 'ဆင်ခြင်' ဟူသော စကားလုံးလည်း ပါဝင်ပါသည်။

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးသည် ဆင်ခြင် ဟူသော စကားလုံး၌ ခိုအောင်းနေသောဓမ္မကို ဖော်ထုတ်ရာတွင် ဆင်နှင့် ခြင်တို့၏ သဘာဝကို ရှေးဦးစွာ ရှင်းပြပါသည်။ ဆရာတော်ဘုရားကြီးက ဆင်သည် အကြံကြီးသော်လည်း ခြင်ကဲ့သို့ ရုတ်ခြည်းထိုးမဖြစ်။ ခြင်သည် ရုတ်ခြည်းထိုးတတ်သော်မှလည်း ဆင်ကဲ့သို့ အကြံမရှိချေ ဟူ၍ ဆင်နှင့် ခြင်တို့၏ သဘာဝကို ဦးစွာရှင်းပြပါသည်။ ထိုသို့ ဆင်နှင့် ခြင်တို့၏ သဘာဝကို ရှင်းပြပြီးမှ ထိုစကားလုံးတို့၏နောက်၌ ခိုအောင်းနေသောဓမ္မကို ဖော်ထုတ်ပါမည်။ ထိုသို့ ဓမ္မကိုဖော်ထုတ်ပြီးမှ လူတို့ကျင့်ဆောင်စရာတို့ကို ညွှန်ပြပါသည်။

ယခု စာဖတ်သူတို့ ဆင်ခြင်နိုင်ကြစေရန် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး၏ ဆင်ခြင် ဟူသော စကားလုံးနှင့် စပ်လျဉ်းသော ရှင်းလင်းဖွင့်ဆိုချက်ကို **ဝေါဟာရနှင့် ဓမ္မအမြင် (လေခရာသိကထာ)** စာအုပ်၌လာသည့်အတိုင်း ဖော်ပြအပ်ပါသည်။

## ဆင်ခြင်

◆ ဆင်သည် အကြံကြီးသော်လည်း ခြင်ကဲ့သို့ ရုတ်ခြည်းထိုးမဖြစ်။ ခြင်သည် ရုတ်ခြည်းထိုးတတ်သော်မှလည်း ဆင်ကဲ့သို့ အကြံမရှိချေ။

အကယ်တိတိ ဆင်နှင့် ခြင် အထာပေါင်းလျက်က ကြံလည်းကြံ၊ ထိုးလည်းထိုး၊ တိုးလည်းတိုး၊ တိုက်လည်းတိုက် အလိုက်ညီနေကြသော် ခံရသူ မည်သို့ရှိချိမ့်မည်နည်း။

ဆင်ခြင်ခြင်းသည် တစ်ဖက်သားတို့ အကျိုးများမများ အသားပေး၏။

ဆင်ခြင်ခြင်းသည် မိမိကိုလည်း အကျိုးများမများစည်းသားပေး၏။

သင်သည် ဆင်ကဲ့သို့ကား ကြံ၏။ သို့သော် ခြင်ကဲ့သို့ကား သွားရောက်မနှံမိပေ။

သည်သို့သော သူတစ်ပါးကြားထိုး ဆင်ကြံကြံနည်းမျိုးနှင့်မှုဆို တစ်ဖက်လူ မျက်လုံးလှပ်ရုံမှတစ်ပါး အခြားဘာမှထိခိုက်စရာမရှိ။

သင့်မှာလည်း နံ့ကြေးမှ ဒဏ်ကြေး တပ် ကံကြွေးဆပ်စရာလည်းမလို။

အကယ်တိတိ ဆင်ကြီးက အထန်တိုး၊ အနစ်အထိုးများထိ လှည့်မိသော် တစ်ဖက်လူလည်း ဘဝပျက်၊ အသက်သေ၊ မသေသော် မလှတပ အကျိုးနည်းရပြီ။ သင့်မှာလည်း ပျက်ဖို့ပေါ် အသက်ဖိုလောင်းအကြောင်း မလှဖြစ်ရမည်။

ဆင်သည် ခြင်ကဲ့သို့ မပျံသာ ခံစရာရှိ ခံဖို့ရာသာပင်။ ခြင်သည် ဆင်ကဲ့သို့မဟုတ် ရုတ်ခြည်းပျံနိုင်သွားနိုင်၏။ အစွယ်ကောင်းသော်မှလည်း ဆင်နှာမောင်းပမာတစ်ချောင်းထီးတည်းသာ။ ဆင်ကြံ၊ ဆင်ကန်နည်းဖြင့်လည်း သူတကာရန်မလုပ်၊ သွေးစုပ်ရုံမျှသာ သွေးစုပ်မည်ကြံအသံပေး၊ မဟန်သေး ပျံပြေးပြေးသည်သာ။

သို့ကြောင့် -

ယနေ့ ခြင်ထိုး၍သေသော မသာ တစ်နေရာမှ ရှာမတွေ့သေး။ ခြင်စုပ်ကုတ်ရုံသာ။ ခြင်စားယားရုံသာ။ ခြင်လိုသလိုခွင့်ပြု အဖုပင်ပေါ်မလာ။

ခြင်သည် ဆင်ကဲ့သို့ မထန်ရှာ။ ခံစရာရှိခံသာသည်သာပင်။

ယနေ့ လူလောကကြီး သူ့အသည်း ကိုယ်ထိုး၊ ကိုယ့်အသည်းသူထိုး။ ဆင့်အကြံမျိုး ခြင့်အနံ့မျိုးတို့ဖြင့် ထိုးတစ်ပြန်နံ့တစ်လှည့် အချင်းချင်း ရှိနေရှိစေကြလေရာ. . .

ကိုယ်ထန်သဖြင့် သူ့ကိုထိုး၊ သူ့အကျိုးနည်း၍ ကိုယ်အကျိုးလည်း မပြီးစေပြီ။

သူနံ့သဖြင့် ကိုယ်ကခံ၊ ကိုယ်လည်းဒဏ်မိ သူလည်းပဲ တန်ပြန်ထိတော့သည်။

အကယ်၍များ လူသားအချင်းချင်း ခရီးသွားဖော်စိတ်ရင်းသွင်း၍ ဆင်ဖိုနှင့် ဆင်မ၊ ခြင်ဖိုနှင့် ခြင်မ အလား ရန်စွယ်မာန်စွယ်ဖယ်ထား ကရုဏာနှာမောင်းလေးများလောက်ဖြင့်သာ ထုတ်ကစားကြလေသော် သားမယွင်း သွေးမယို စိုရုံလေးမျှဖြင့် ပြီးနိုင်သည်။ ကိုယ်မကြေ စိတ်မညှိုး နီးရုံလေးမျှဖြင့် ပြီးနိုင်သည်။

ကာမဘုံဖွား အို - လူသားများတို့ . . .

သင်တို့သည် အစွယ်မာန်အားကိုး လှန်ထိုးထိုးရန်လည်း မကြံစည်ကြပါကုန်လင့်။

အပျံမာန်အားကိုး နံ့ထိုးထိုးရန်လည်း မကြိုးစားချင်ကြပါကုန်လင့်။

သက်တမ်းတို လူ့ဘဝတစ်ခဏမျှ တွေ့ရဆုံရဆဲ။

ကိုယ့်အစွယ်ကိုယ်ချုပ်၊ ကိုယ့်နှာမောင်းကို ကုပ်လျက်က မဟုတ်လည်း မတုံ့ပြန်၊ ဟုတ်လည်း ငုံ့ခံ၊ အပါယ်ဆန် အပြန်လှ ရန်သာ ဟန်မြင်ကြစို့။

၁၃၆၀ ပြည့်၊
ဝါခေါင်လဆန်း ၉၊ ဝေဠုလ္လ။
(၂-၇-၂၀၀၂ ထုတ်
ပေါ်ပြူလာဂျာနယ်)

၃။

အထက်၌ ကျွန်တော်သည် ပြည်မြို့ နိဗ္ဗိန္ဒတောင်တောရ ဆရာတော်ဘုရားကြီး စီမံပြုလုပ်ထားသော ဆင်ရုပ်ကြီးနှင့်ခြင်ရုပ်ကြီးများအကြောင်းကိုလည်း တင်ပြခဲ့ပါသည်။ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး ဖွင့်ဆိုသော 'ဆင်ခြင်' ဟူသော ဝေါဟာရစကားလုံး၏ နောက်ကွယ်ရှိအနက်အဓိပ္ပာယ်ကိုလည်း တင်ပြခဲ့ပါသည်။

ကျွန်တော်တို့သည် နိဗ္ဗိန္ဒတောင်တောရဆရာတော်ဘုရားကြီး၏ ဆင်ရုပ်ကြီးနှင့် ခြင်ရုပ်ကြီးများကို သတိရလျက် အရာရာကို စူးစမ်းဆင်ခြင်ပြီးမှ လက်ခံရမည် ဖြစ်ပါသည်။ စဉ်းစားဆင်ခြင်ရာတွင်လည်း မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး၏ -

◆ သက်တမ်းတို လူ့ဘဝတစ်ခဏမျှ တွေ့ဆုံရဆဲ အစွယ်မာန်အားကိုး လှန်ထိုးထိုးရန်လည်း မကြံစည်ကြပါကုန်လင့်။ အပျံအားကိုး နံ့ထိုးထိုးရန်လည်း မကြိုးစားချင်ကြပါကုန်လင့် -

ဟူသော အဆုံးအမကို နှလုံးသွင်းကြရမည်သာ ဖြစ်ပေတော့သည်။

မြဝင်း (ဒသသန)



www.burmeseclassic.com

www.burmeseclassic.com

လယ်တီဆရာတော်ဘုရားကြီး၏

# ဝိဇ္ဇာမဂ္ဂဒီပနီကျမ်း

လှမြင့်(ရန်ကုန်တက္ကသိုလ်)



လယ်တီဆရာတော်ဘုရားကြီး ဦးဉာဏ (ခရစ်နှစ် ၁၈၄၆-၁၉၂၃) ပြုစုရေးသားခဲ့သော ကျမ်းပေါင်း (၁၀၀) ကျော်တွင် ဝိဇ္ဇာမဂ္ဂဒီပနီကျမ်းသည် ထင်ရှားကျော်ကြားသော ဒီပနီကျမ်း တစ်စောင် ဖြစ်သည်။ လယ်တီဆရာတော်ဘုရားကြီးသည် ဝိဇ္ဇာမဂ္ဂဒီပနီကျမ်းကြီးကို ခရစ်နှစ် ၁၈၉၈ ခုနှစ် (မြန်မာနှစ် ၁၂၆၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၂ ရက်နေ့) သက်တော် (၅၂) နှစ်တွင် ရေးသားပြုစုခဲ့သည်။

ဝိဇ္ဇမဂ္ဂဒီပနီကျမ်းရေးသားပြုစုခဲ့ရခြင်း၏ အကြောင်းအရင်းကို ဝိဇ္ဇာမဂ္ဂဒီပနီကျမ်း၏နိဂုံးတွင် -

*'၁၂၆၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၄ ရက်၊ ၅ ရက်တွင် ဘီးလင်းမြို့ ကုသိနာရုံဘုရားကို အဖူးအမြော်ရောက်သောအခါ ယင်းတောင်ပေါ်တွင်နေသော ရဲသေ့ဆရာနှင့်တွေ့ကြရာ သက္ကာယဒိဋ္ဌိ ဟု ဆိုအပ်သော အတ္တဝါဒပါဒါန် ဖြိုဖျက်ရာသော နည်းလမ်းကို ရသေ့ဆရာ လျှောက်ထားချက်နှင့် မုံရွာမြို့ ဝိဇ္ဇာပေါက်လမ်းကို ပြဆိုရေးသားလိုက်သော 'ဝိဇ္ဇာမဂ္ဂဒီပနီ' ဤကျမ်းစာသစ်သည် ၁၂၆၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၂ ရက်နေ့တွင် အပြီးသို့ရောက်သတည်း'*

ဟူ၍ ဖော်ပြမှတ်တမ်းတင်ခဲ့သည်။

လယ်တီဆရာတော်ဘုရားကြီး၏ ဝိဇ္ဇာမဂ္ဂဒီပနီကျမ်းကြီးတွင် ဝိဇ္ဇာငါးမျိုးနှင့် ပဓာနိယင်္ဂအင်္ဂါငါးပါးအကြောင်းကို ပဓာနပြု၍ ဒီပနီကျမ်း ဟူသော အင်္ဂါရပ်နှင့်အညီ ပါဠိဂါထာတော်များကို အကိုးအကားပြု၍ ရှင်းလင်းလွယ်ကူနားလည်စေနိုင်သော မြန်မာစကားပြေအရေးအသားဖြင့် အကျယ်ဖွင့်ဆို ရှင်းပြရေးသားခဲ့သည်။

ဝိဇ္ဇာငါးမျိုး၏ အကြောင်းအရာကို -

ဝိဇ္ဇာသည် ဝေဒဝိဇ္ဇာ၊ မန္တဝိဇ္ဇာ၊ ဂန္ဓာရီဝိဇ္ဇာ၊ လောကီယဝိဇ္ဇာ၊ အရိယဝိဇ္ဇာဟူ၍ ငါးပါးရှိ၏။

ဝေဒဝိဇ္ဇာ ဟူသည် သာမဗေဒင်၊ ယဇုဗေဒင်၊ ဣရုဗေဒင်၊ အာထဗ္ဗန ဗေဒင် ဟူသော ဗေဒင်လေးမျိုးသည် ဝေဒဝိဇ္ဇာမည်၏။

မန္တဝိဇ္ဇာ ဟူသည် အမျိုးမျိုးသော လက္ခဏာကျမ်း၊ အမျိုးမျိုးသော နိမိတ်ကျမ်း၊ အမျိုးမျိုးသော နက္ခတ်ကျမ်း၊ အမျိုးမျိုးသောမန္တရားကျမ်း၊ ဆေးကျမ်း၊ ဓာတ်ကျမ်း အစရှိသော လောကီပညာဟူ၍ ယခုလောက၌ ခေါ်ဝေါ်ကြသောအတတ်မျိုး၊ ပညာမျိုး ဟူသမျှသည် မန္တဝိဇ္ဇာမည်၏။

ဂန္ဓာရီဝိဇ္ဇာ ဟူသည် ဆေးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာဟူ၍



www.burmeseclassic.com

www.burmeseclassic.com

ဝိဇ္ဇာ ဓရကျမ်းများ၌လာသော မနသိဒ္ဓိ၊ ပထဝီ သိဒ္ဓိ၊ ဥဒကာသိဒ္ဓိ၊ အာကာသသိဒ္ဓိ၊ အာယုသိဒ္ဓိ၊ စိန္တာမယသိဒ္ဓိမျိုးသို့ ပေါက်ရောက်သဖြင့် နတ်၊ သိကြားတို့၏ တန်ခိုး အဘိညာဏ်တန်ခိုးတို့နှင့် အလားတူ တတ်စွမ်းနိုင်သော ဝိဇ္ဇာမျိုးဟူသမျှ သည် ဂန္ဓာရီ ဝိဇ္ဇာမည်၏။

ဂန္ဓာရီဝိဇ္ဇာ ဟူသည် -

*'ကတမာဝိဇ္ဇာမယာကုဒ္ဓိ၊ ဝိဇ္ဇဓရာ ဝိဇ္ဇံပရိဇပ္ပေတွာ ဝေဟာသံဂစ္ဆန္တိ၊ အာကာသေ အန္တလိက္ခေ ဟတ္ထိမ္ပိ ဒဿေန္တိ၊ အဿမ္ပိ ဒဿေန္တိ၊ ရထမ္ပိ ဒဿေန္တိ၊ ပတ္တိမ္ပိ ဒဿေန္တိ၊ ဝိဝိဓမ္ပိ သေနာဗျူဟံ ဒဿေန္တိ၊ အယံ ဝိဇ္ဇာမယာ ကုဒ္ဓိ'*

ဟူ၍ ပဋိသမ္ဘိဒါမဂ် ပါဠိတော် တွင်လာသည်။

အဓိပ္ပာယ်မှာ **ကတမာ** - အဘယ် မည်သော တန်ခိုးသည်၊ **ဝိဇ္ဇာမယာကုဒ္ဓိ**- အတတ်ဖြင့်ပြီးသောတန်ခိုးမည်သနည်း။ **ဝိဇ္ဇာဓရာ** - ဝိဇ္ဇာဓိုရ်တို့သည်၊ **ဝိဇ္ဇံ** - အတတ် ပညာကို၊ **ပရိဇပ္ပေတွာ** - စိပ်၍ (ဝါ) နှုတ်၍၊ **ဝေဟာသံ** - ကောင်းကင်သို့၊ **ဂစ္ဆန္တိ** - ပျံသွားကြကုန်၏။ **အန္တလိက္ခေ** - ရေးခြစ် မထင်သော၊ **အာကာသေ** - မိုးကောင်း ကင်၌၊ **ဟတ္ထိမ္ပိ** - ဆင်တပ်ကိုလည်း၊ **ဒဿေန္တိ** - ဖန်ဆင်း၍ ပြနိုင်ကုန်၏။ **အဿမ္ပိ** - မြင်းတပ်ကိုလည်း၊ **ဒဿေန္တိ** - ဖန်ဆင်း၍ပြကုန်၏။ **ရထမ္ပိ** - ရထား တပ်ကိုလည်း၊ **ဒဿေန္တိ** - ဖန်ဆင်း၍ပြနိုင် ကုန်၏။ **ပတ္တိမ္ပိ** - လက်နက်ကိုင် ခြေသည် သူရဲတပ်ကိုလည်း၊ **ဒဿေန္တိ** - ဖန်ဆင်း၍ ပြနိုင်ကုန်၏။ **ဝိဝိဓံ** - အထူးထူးအပြား ပြားသော၊ **သေနာဗျူဟမ္ပိ** - စစ်သည် ဗိုလ်ထု အစုအရုံးအလုံးအရင်းကိုလည်း၊ **ဒဿေန္တိ**-ဖန်ဆင်း၍ပြနိုင်ကုန်၏။ **အယံ**- ဤသည်လျှင်၊ **ဝိဇ္ဇာမယာကုဒ္ဓိ** - အတတ် ဖြင့်ပြီးစေနိုင်သော ဝိဇ္ဇာမယတန်ခိုးမည် ၏၊

ယခုအခါတွင် ဂန္ဓာရီဝိဇ္ဇာလမ်းကို လုပ်၊ ကြံလိုသူသည် ရတနာသုံးပါးဂုဏ်တို့ မိမိကိုယ်၌ အမြဲထုံစေ၍ တန်ခိုးကြီး သော တောစောင့်နတ်၊ တောင်စောင့် နတ်၊ ရုက္ခ၊ ဘုမ္မ၊ ပဗ္ဗတ႑နတ်တို့ကို လည်းကောင်း, မန္တရား၊ အင်းအိုင်မျိုးကို အုပ်စိုးသောဝိဇ္ဇာ၊ ဝေဒနတ်တို့ကိုလည်း ကောင်း, သိုက်သမိုင်းဝင် ဆေးပင်မျိုး၊ ဓာတ်မာတ်မျိုးတို့ကို အုပ်စိုးသော ဂုဏ်သမိဒ္ဓေဝနတ်တို့ကို လည်းကောင်း၊ ဤအလုံးစုံသောနတ်တို့ကို ရင်ဝယ်သား ကဲ့သို့ သနားချစ်ခင် ကျွမ်းကျင်လေးမြတ် အောင် မိတ်သဟာယပြုလုပ်၍ ကြံမှ ထမြောက်နိုင်ရာသည်။

ဤဂန္ဓာရီဝိဇ္ဇာသည် နတ်တို့၏ ကမ္မဝိပါကဇိဒ္ဓိတန်ခိုးကိုပင် လွှမ်းမိုးနိုင် သော ဝိဇ္ဇာမယိဒ္ဓိတန်ခိုးမျိုးဖြစ်ခဲ့၍ နတ် တို့ မနာလိုရှိတတ်သည်။ မနာလိုရှိသည့် အတွက် အသက်၏အန္တရာယ်၊ ဆေးဝါး ၏အန္တရာယ်ဖြစ်တတ်သည်။

လောကီယဝိဇ္ဇာ ဟူသည် သာသ နာပအခါ၌ သရဘင်္ဂ၊ သုနေတ္တ၊ အရက အစရှိသောရသေ့ကြီးတို့သည် ကသိုဏ်း စျာန်တို့ကိုရပြီး နိုင်နင်းပြီးနောက် အား ထုတ်၍ရအပ်သော ကုဒ္ဓိဝိဒအဘိညာ၊ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ၊ စေတောပရိယ၊ ပုဗ္ဗေနိဝါယ၊ ယထာကမ္မုပဂ၊ အနာဂတံသ အဘိညာ ဟူသော အဘိညာဝိဇ္ဇာတို့ကို ဆိုလိုသည်။

ဤလောကီအဘိညာဝိဇ္ဇာတို့သည် ကား ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အရိယာ၊ သာဝကတို့နှင့်လည်း ဆက်ဆံကုန် ၏။ ဘုရား၊ ပစ္စေကဗုဒ္ဓါ အရိယာသာဝကတို့ ရအပ်၊ ရောက်အပ်သော ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါးတို့၌အတွင်းဝင်ကုန်၏။

အရိယာဝိဇ္ဇာဟူသည် အနိစ္စဝိဇ္ဇာ၊ ဒုက္ခဝိဇ္ဇာ၊ အနတ္တဝိဇ္ဇာ၊ မဂ္ဂဝိဇ္ဇာ၊ ဖလ ဝိဇ္ဇာတို့ကို ဆိုသည်။ စတုသစ္စာဉာဏ် လေးပါးကို ဆိုသည်ဟူ၍လည်း ဆိုရပါ ၏။ အရိယာဝိဇ္ဇာသည် သာသနာတော် အတွင်း၌သာ ထမြောက်ပေါက်ရောက် အောင်ကြံဆောင်နိုင်သည်။ သာသနာပ အခါ၌ကား ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ကို ချန်ထား၍ တစ်ပါးသော လူ၊ နတ်၊ ဗြဟ္မာတို့ ထမြောက် ပေါက်ရောက် အောင် အားထုတ်နိုင်သောခွင့်မရှိဟူ၍ ရှင်းလင်း ဖော်ပြခဲ့သည်။

ထို့ကြောင့် သာသနာငါးထောင် ခေတ်သမယသည် အရိယာဝိဇ္ဇာ၏ ခေတ်သမယ ဖြစ်သည်။ အရိယာဝိဇ္ဇာ လမ်းကို ပေါက်ရောက်ထမြောက်အောင် ကြံဆောင် အားထုတ်နိုင်သောသူမှသာ လျှင် ဘုရားကို တွေ့မြင်ဖူးမြော်ရသော သူ၊ ဘုရားသာသနာကို တွေ့ကြုံရသော သူ ဟူ၍ ဆိုထိုက်ပေသည်။

အရိယာဝိဇ္ဇာဖြစ်နိုင်သော ပဓာနိ ယင်္ဂအင်္ဂါငါးပါးကိုလည်း လယ်တီဆရာ တော်ဘုရားကြီးသည် ဝိဇ္ဇာမဂ္ဂဒီပနီကျမ်း ကြီးတွင် (၁) ဘုရား၌ ယုံကြည်ခြင်း သည် အင်္ဂါတစ်ပါး၊ (၂) ကိုယ်လက်အင်္ဂါ ကျန်းမာခိုင်ခံ့ခြင်းသည် အင်္ဂါတစ်ပါး၊ (၃) ဝမ်းတွင်းနှလုံးဖြောင့်စင်းခြင်းသည် အင်္ဂါတစ်ပါး၊ (၄) ဝီရိယထက်သန်ခြင်း သည် အင်္ဂါတစ်ပါး၊ (၅) ရုပ်နာမ်ခန္ဓာတို့ ၏ဖြစ်ပွားမှု၊ ချုပ်ကွယ်မှုတို့၌ ဉာဏ်၏ စူးရှခြင်းသည် အင်္ဂါတစ်ပါး ဟူ၍ ဖော်ထုတ်တင်ပြပြီး ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသောသူသည် အရိယာဝိဇ္ဇာလမ်း ကို ယခုမျက်မှောက် ပေါက်ရောက် ထမြောက်အောင် လုပ်၊ ကြံနိုင်၏ ဟူ၍ ပဋ္ဌာန်ကိုတ္တရပါဠိတော်တွင် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည်ဟု ရေးသား ဖော်ပြခဲ့၏။

လယ်တီဆရာတော်ဘုရားကြီး သည် ဝိဇ္ဇာမဂ္ဂဒီပနီကျမ်းတွင် အရိယ ဝိဇ္ဇာဖြစ်နိုင်သော ပဓာနိယင်္ဂအင်္ဂါငါးပါး ၏ အနှစ်သာရနှင့် ပေါက်ရောက် ထမြောက်အောင် ကျင့်ကြံနည်းများကို အသေးစိတ် ဖွင့်ဆို ရှင်းပြ ရေးသား လမ်းညွှန်ခဲ့၏။

ဝိဇ္ဇာမဂ္ဂဒီပနီကျမ်း၏ အနှစ်သာရ အဖြစ် လယ်တီဆရာတော်ဘုရားကြီး သည် -

ဓမ္မံဟိ သော ဘိက္ခဝေ ဘိက္ခု
နပဿတိ၊
ဓမ္မံ အပဿန္တော မံ နပဿတိ၊
ဓမ္မံဟိ သော ဘိက္ခဝေ ဘိက္ခု
ပဿတိ၊
ဓမ္မံ ပဿန္တော မံ ပဿတိ -

ဟူသော ဣတိဝုတ်ပါဠိတော်လာ ဂါထာတော်ဖြင့် -

**ဟိ** - ထိုငါဘုရား၏ သင်္ကန်းစွန်း ကိုဆွဲကိုင်၍ ဖဝါးခြေထပ်လိုက်ပါလျက် ငါဘုရားနှင့် ဝေးကွာလျက်ဟုဆိုသော စကားသည် မှန်၏။ **ဘိက္ခဝေ** - ရဟန်း တို့၊ **သော ဘိက္ခု** - ငါဘုရား၏ သင်္ကန်း စွန်းကို ဆွဲကိုင်လျက် ဖဝါးခြေထပ်လိုက် သောရဟန်းသည်၊ **ဓမ္မံ** - သစ္စာလေးပါး တရားကို၊ **နပဿတိ** - မသိမြင်၊ **ဓမ္မံ** - သစ္စာလေးပါးတရားကို၊ **အပဿန္တော** - မသိမြင်ရသောရဟန်းသည်၊ **မံ**-ငါဘုရား ကို၊ **နပဿတိ** - မဖူးမမြင်ရ။

**ဟိ** - ထိုငါဘုရားနှင့် ယူဇနာ တစ်ရာ ကွာခြား၍နေငြားသော်လည်း ငါဘုရားနှင့်နီးလှ၏ ဟူသော စကား သည် မှန်၏။ **ဘိက္ခဝေ** - ရဟန်းတို့ **သော ဘိက္ခု** - ထိုငါဘုရားနှင့် ယူဇနာတစ်ရာ ကွာခြားသော အရပ်ဌာန၌နေသော ရဟန်းသည်၊ **ဓမ္မံ** - သစ္စာလေးပါးတရား ကို၊ **ပဿတိ** - မြင်၏။ **ဓမ္မံ** - သစ္စာလေးပါး တရားကို၊ **ပဿန္တော** - သိမြင်ရသော ရဟန်းသည်၊ **မံ** - ငါဘုရားကို၊ **နပဿတိ**- ဖူးမြင်ရ၏ ဟူ၍ ဖွင့်ဆိုရှင်းလင်း ရေး သား လမ်းညွှန်ခဲ့သည်။

လှမြင့် (ရန်ကုန်တက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com



ဤလသည်

မင်္ဂလာအပေါင်းနှင့် ပြည့်စုံလှသော နှစ်ဦးအခါသမယဖြစ်၏။

ပိတောက်ရနံ့လေးများ ... အနှံ့ ပျံ့လွင့်သင်းထုံနေသော ... ဖြစ်၏။

နှစ်ဟောင်းမှ အညစ်အကြေး ... ကင်းစင်ကုန်ပျောက်၍ မင်္ဂလာ ... သောနှစ်သစ်သို့ စတင်ကူးပြောင်းလာခဲ့ပြီ ဖြစ်၏။

မသိခဲ့၍ အကုသိုလ် ... ပြုခြင်းဖြစ်စေ၊ သိလျက်နှင့် အကုသိုလ်ကုသိုလ်ပြုခြင်းဖြစ်စေ၊ မသိခြင်းနှင့် သိခြင်း၏ကြားတွင် အကြောင်းမညီညွတ်မှုများ ဖန်တီးခဲ့မိသည်ဖြစ်စေ အားလုံးတို့သည် နှစ်ဟောင်းအတာရေ ... နှင့်အတူ လွင့်မျောကျန်ရစ်ခဲ့တော့မည်ဖြစ်၏။

နှစ်သစ်အတွက် ဆောင်သင့်တာကိုဆောင်ရင်း ရှောင်သင့်တာကို ရှောင်ကြရပေတော့မည်။

မင်္ဂလာရှိရှိ ကြုံတွေ့ရတော့မည့် အနာဂတ်ဘဝခရီးအတွက် ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ ဒေသနာတော်နှင့်အညီ ကာယကံမကောင်းမှု၊ ဝစီကံမကောင်းမှု၊ မနောကံမကောင်းမှုမှန်သမျှတို့ကို သီလလက်နက်၊ သမာဓိလက်နက်၊ ပညာလက်နက်တို့ဖြင့် ပယ်ရှားရှင်းလင်းရပေတော့မည်။

မေတ္တာ၊ ကရုဏာ၊ ... ဥပေက္ခာတရားတို့ကို ပွားထုံကြရပေတော့မည်။

မင်္ဂလာ ဟူသည် မကောင်းမှုတို့ကို ပယ်ဖျက်၍ ကောင်းမှုကို တည်ဆောက်ခြင်းပင်ဖြစ်ရာ မကောင်းမှုတို့ကို ပယ်ဖျက်တတ်သော သဘောသည် မင်္ဂလာမည်သကဲ့သို့ ကြီးပွားချမ်းသာခြင်း၏အကြောင်းကို ဖြစ်စေသော သဘောတရားသည်လည်း မင်္ဂလာမည်၏။

လောကီကောင်းကျိုး၊ လောကုတ္တရာကောင်းကျိုး ပေါ်ပေါက်စေမည့် ပြောဆိုပြုမူဆောင်ရွက်ခြင်းတို့ဖြင့် ကိုယ့်ကိုယ်ကိုယ်အားလည်းကောင်း၊ ကိုယ့်မိသားစု ကိုယ့်ပတ်ဝန်းကျင်အား လည်း



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကောင်း၊ ကိုယ့်ရပ်ကိုယ့်ရွာ ကိုယ့်မြို့ ကိုယ့်ဒေသ ကိုယ့်လူမျိုး ကိုယ့်တိုင်းပြည်အား လည်းကောင်း အလှူဆင်ကြဖို့ မင်္ဂလာနှစ်ဦးသို့ရောက်ရှိလာခဲ့ပြန်ပါပြီ။

လောကီအလို နှစ်ဦးမင်္ဂလာယတြာတို့ မြောက်မြားစွာရှိကြပါသည်။

သို့သော် မည်သည့်ပညာရှင်ကြီးများကိုမဆို ဆန့်ကျင်မှုကင်းစွာ ဂါရဝပြုလျက် -

ကျွန်ုပ်တို့စွမ်းနိုင်သည့်ဘက်မှ -

တစ်နှစ်တွင်တစ်လ၊ တစ်လတွင် တစ်ရက်၊ တစ်ရက်တွင် တစ်နာရီခွဲသာ စီရင်ခွင့်ရှိသော ကောင်းခြင်းဝေဖြာ နှစ်ဦးမင်္ဂလာယတြာကြီးများဖြင့် သူရဿပရိသတ်ကြီးအတွက် ကံဆိုး၊ ကြမ္မာဆိုး၊ ဂြိုဟ်စီးဂြိုဟ်နင်းဆိုးတို့ ဝေးသထက်ဝေး၊ လွင့်သထက်လွင့်၍ ကောင်းကျိုးချမ်းသာမင်္ဂလာများ ပွားများစေတော့အံ့။

မြန်မာနှစ် ၁၃၇၅ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၂ ရက်၊ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁၆ ရက်၊ ဗုဒ္ဓဟူးနေ့ မြန်မာစံတော်ချိန် မွန်းလွဲ နေ့ စက် (၂) နာရီ၊ (၂၃) မိနစ်၊ (၂၀) စက္ကန့်အချိန်တွင် မဟာသင်္ကြန်တက်၍ ၁၃၇၆ သို့ ကူးပြောင်း၏။

၂၀၁၄ ခုနှစ်၊ ဧပြီလ ၁၇ ရက်၊ ကြာသပတေးနေ့ နံနက် (၆) နာရီမှ (၇) နာရီခွဲအတွင်း -

**တနင်္လာသားသမီး (တနင်္လာအမည်ရှင်)** တို့သည် -

မြောက်အရပ်ဘက်သို့ မျက်နှာမူ၍ -

ခြေထောက်နှစ်ဖက်အောက်တွင် ပျဉ်းမ (၅) ရွက်၊ အုန်းတစ်ထွာခန့် (၁) ရွက်၊ ရွက်လှ (၄) ရွက်ကို အဖျားပိုင်းများ မျက်နှာမူရာဘက်သို့လှည့်၍ ခင်းပြီးနင်းထားပါ။ (သစ်ရွက်မှောက်မှောက်၊ လှန်လှန်ရပါသည်။)

လက်တစ်ကမ်းအနားတွင် ရေစည်အဖုံးပေါ် (သို့) ခုံတစ်လုံးပေါ်တွင် ပန်းကန်ပြားတစ်ချပ်ထားပြီး ပန်းကန်ပြားထဲမှာ သပြေ (၆)ညွန့်၊ ဆီး (၃)ညွန့်၊ ဒန်း (၇) ညွန့် ထည့်ထားပါ။ တရော်ကင်ပွန်းခေါင်းလျှော်ရည်ကိုလည်း အသင့်ထားပါ။

ပြီးရင် သမ္ဗုဒ္ဓေ(၁၀)ခေါက်ရွတ်ပြီး ခေါင်းလျှော်ပါ။ တရော်ကင်ပွန်းဖတ်များ ကုန်အောင်ခေါင်းဆေးပါ။ နောက်ဆုံး ကျန်သောရေသန့်ကို ဆောင်ပန်းများ ထည့်ထားသောပန်းကန်ပြားယူ၍ ပန်းကန်ပြားထဲသို့ လက်နှင့်သပ်ချပါ။ ၎င်းခေါင်းဆေးရေနှင့် ဆောင်ပန်းများကို မျက်နှာမူရာရှေ့ခပ်လှမ်းလှမ်းတွင် သွားစွန့်သွန်လိုက်ပါ။

ဆောင်ပန်းများ သွားစွန့်နေစဉ် နင်း၍ကျန်ရစ်ခဲ့သော နင်းကြမ်းအရွက်များကို စနေနာမည်ရှင်တစ်ဦးဦးကယူပြီး အရှေ့မြောက်အရပ်ဘက်သို့သွားစွန့်ရပါမည်။ (မိဘများပြုလုပ်ပေး၍မရပါ။)

ပြီးရင် မူလနေရာပြန်လာ၊ ရေချိုး (ခေါင်းထပ်ဆေးစရာမလိုတော့ပါ)။

အားလုံးပြီးပြီဆိုလျှင် -

သန့်ရှင်းစွာ လျှော်ဖွပ်ထားသည့် အဝတ်များဝတ်ဆင်ပြီး ဘုရားဝတ်ပြုရပါတော့မည်။

ဘုရားရှင်ကို ပန်းပေါင်းစုံ၊ အမွှေးနံ့သာ၊ သစ်သီးဆွမ်းတို့ဖြင့် ပူဇော်ပါ။

ပြီးရင် 'မဟာဝေဒဗ္ဗမန္တန်တော်ကြီး' ကို (၂၇) ကြိမ်ရအောင် ရွတ်ဆိုပါ။

ပြီးပြီဆိုသည်နှင့် -

သက်ရှိထင်ရှား မိဘနှစ်ပါးကို တစ်နှစ်လုံးပြောမှားဆိုမှားပြုခဲ့မိသည်များ ဝန်ချတောင်းပန်၍ ရိုသေစွာ ကန်တော့ပါ။

ဆရာတော်ဘုရားကြီးများ ဟောကြားတော်မူကြသည့်အတိုင်း မိဘနှစ်ပါးသည် ကိုယ့်အတွက် နေ့စဉ် ကုသိုလ်ပွားများစေနိုင်သည့်ကုသိုလ်ထုပ်ကြီးများဖြစ်၏။ မိဘနှစ်ပါးကို ပြုစုလုပ်ကျွေးနေရသည့်အတွက် နေ့စဉ် ပြောမပြနိုင်လောက်သည့် ကုသိုလ်ထုးကြီးများရနေရ၏။

သို့သော် တစ်ခါတစ်ရံ ပြောမှားဆိုမှားရှိတတ်သည့်သဘောကို မေ့ထား၍မရ၊ ထို့ကြောင့် မိဘနှစ်ပါးကို ရိုသေစွာ ကန်တော့ပါ။

သက်ရှိထင်ရှား မိဘနှစ်ပါး မရှိတော့လျှင် ရည်မှန်း၍ ကန်တော့ပါ။

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ အာစရိယဆရာသခင် ကျေးဇူးရှင်အပေါင်းတို့ကို ရည်မှန်း၍ ကန်တော့ပါ။

ပြီးရင် မပြစ်မှားအပ်သော ခင်ပွန်းကြီး (၁၀) ပါးကို ရိုသေစွာ ရည်မှန်း၍ ကန်တော့ပါ။

အားလုံးပြီးပြီဆိုသည်နှင့် ကုသိုလ်ကောင်းမှုပြုရန် အဆင်သင့်သူများတို့သည် ဘုရားစေတီပုထိုးများသို့သွား၍ ရေချိုးတော်ဖွင့်ခြင်း၊ အမှိုက်ရှင်းခြင်း၊ ရင်ပြင်တော် တံမြက်စည်းလှည်းခြင်း၊ အလင်းဖွင့်ပူဇော်ခြင်း၊ ပန်း၊ ဆီမီးများနှင့်ပူဇော်ခြင်း။

ငါး၊ ငှက် စသည့် သတ္တဝါလေးများကို ဘေးမဲ့လွှတ်ပေးခြင်း တစ်နိုင်ပြုပါ။

အလှူဒါနတစ်ခုခုပြုပေးပါ။

နှစ်ဦးမင်္ဂလာယတြာကြီး အောင်မြင်သွားပါပြီ။

ခေါင်းဆေးမင်္ဂလာပြုပြီးသည်နှင့်၊ ရွတ်ဖတ်သရဇ္ဈာယ်ပြီးသည်နှင့် နှစ်ဦးမင်္ဂလာယတြာကြီး အောင်မြင်နေပါပြီ။ တစ်နေကုန် သရဏဂုံပွားများနေခြင်း၊ ဂုဏ်တော်များပွားများနေခြင်း၊ ဗုဒ္ဓါနုဿတိဘာဝနာများပွားများနေခြင်း၊ အာနာပါနရှုမှတ်နေခြင်းများသာပြုပါ။ နိုင်သရွေ့ ကျင့်ကြံအားထုတ်နေလိုက်ပါ။

အကြောင်းမညီညွတ်၍ အိမ်မှာသာ ခေါင်းဆေးမင်္ဂလာ ပြုလုပ်ပြီး ကုသိုလ်ပွားများနေလျှင်လည်း နှစ်ဦးမင်္ဂလာယတြာကြီး ထမြောက်အောင်မြင်ပြီးသား ဖြစ်ပါသည်။

အကြောင်းညီညွတ်၍ အပြင်သို့သွားလာ ကုသိုလ်ပြုနိုင်သည်ဆိုလျှင် ကုသိုလ်ပြုရမည့် ဝေယျာဝစ္စကုသိုလ်များ၊ ဇီဝိတဒါနကုသိုလ်များကို ပြုဆိုလိုက်ခြင်းသာ ဖြစ်ပါသည်။

အိမ်အပြင်သို့ မထွက်အားလျှင်လည်း ခေါင်းလျှော်၊ခေါင်းဆေးမင်္ဂလာနှင့် ရွတ်ဖတ်သရဇ္ဈာယ်မှုများပြီးလျှင် အောင်မြင်သွားပါပြီ။

**နံနက် (၇) နာရီခွဲမှ (၉) နာရီအတွင်း**

**စနေသားသမီး (စနေနာမည်ရှင်)** တို့သည် -

**မျက်နှာမူရာ/ဆောင်ပန်းစွန့်ရာ** - တောင်အရပ်။

**ဆောင်ပန်း** - ရွက်လှ (သို့) ဝါး ၄ ညွန့်၊ အုန်း ၁ ညွန့်၊ ပျဉ်းမ ၅ ညွန့် (သို့) ပန်းဖြူ ၅ ပွင့်။

**နင်းကြမ်း** - ဆီး ၃ ခက် (ဆူးများဖဲ့ထားပါ)၊ သီဟိုဠ် ၆ ရွက်၊ ကြံရွက်တစ်ထွာခန့် ၂ ရွက်။

**နင်းကြမ်းစွန့်ရန်** - မြောက်အရပ်။

**စွန့်ပေးရန်နေ့သား** - ကြာသပတေး။

**နံနက် (၉) နာရီမှ (၁၀) နာရီခွဲအတွင်း**

**ကြာသပတေးသားသမီး (ကြာသပတေးနာမည်ရှင်)** တို့သည် -

**မျက်နှာမူရာ** - အရှေ့အရပ်။



www.burmeseclassic.com

www.burmeseclassic.com

**ဆောင်ပန်း** - ကံ့ကော် ၂ ညွန့်၊ သပြေ ၆ ညွန့်၊ ဆီး ၃ ညွန့် (သို့) စံပယ်ပန်း ၃ ပွင့်။

**နင်းကြမ်း** - အုန်း ၁ ရွက်၊ ရွက်လှ ၄ ရွက်၊ ဒန်း ၇ ခက်။

**နင်းကြမ်းစွန့်ရန်** - တောင်အရပ်။

**စွန့်ပေးရန်နေ့သား** - အင်္ဂါ။

**နံနက် (၁၀) နာရီခွဲမှ (၁၂) နာရီအတွင်း**

**အင်္ဂါသားသမီး (အင်္ဂါနာမည်ရှင်)** တို့သည် -

**မျက်နှာမူရာ** - အနောက်တောင်အရပ်။

**ဆောင်ပန်း** - ဒန်း ၇ ညွန့်၊ ရွက်လှ (သို့) ဝါး ၄ ညွန့်၊ အုန်း ၁ ညွန့်။

**နင်းကြမ်း** - သီဟိုဠ် ၆ ရွက်၊ ကြံရွက်တစ်ထွာခန့် ၂ ရွက်၊ ပျဉ်းမ ၅ ရွက်။

**နင်းကြမ်းစွန့်ရန်** - အရှေ့အရပ်။

**စွန့်ပေးရန်နေ့သား** - တနင်္ဂနွေ။

**မွန်းတည့်(၁၂)နာရီ မှ (၁)နာရီခွဲအတွင်း**

**တနင်္ဂနွေသားသမီး (တနင်္ဂနွေနာမည်ရှင်)** တို့သည် -

**မျက်နှာမူရာ** - အနောက်အရပ်။

**ဆောင်ပန်း** - ပျဉ်းမ ၅ ညွန့် (သို့) ပန်းဖြူ ၅ ပွင့်၊ ကံ့ကော် ၂ ညွန့်၊ သပြေ ၆ ညွန့်။

**နင်းကြမ်း** - ရွက်လှ ၄ ရွက်၊ ဒန်း ၇ ခက်၊ ဆီး ၃ ခက်။

**နင်းကြမ်းစွန့်ရန်** - အနောက်တောင်အရပ်။

**စွန့်ပေးရန်နေ့သား** - သောကြာ။

**(၁)နာရီခွဲမှ (၃)နာရီအတွင်း**

**သောကြာသားသမီး (သောကြာနာမည်ရှင်)** တို့သည် -

**မျက်နှာမူရာ** - အရှေ့တောင်အရပ်။

**ဆောင်ပန်း** - ဆီး ၃ ညွန့် (သို့) စံပယ် ၃ ပွင့်၊ ဒန်း ၇ ညွန့်၊ ရွက်လှ ၄ ညွန့်။

**နင်းကြမ်း** - ကြံတစ်ထွာခန့် ၂ ရွက်၊ ပျဉ်းမ ၅ ရွက်၊ အုန်း ၁ ရွက်။

**နင်းကြမ်းစွန့်ရန်** - အနောက်အရပ်။

**စွန့်ပေးရန်နေ့သား** - ဗုဒ္ဓဟူး။

**(၃) နာရီမှ (၄) နာရီခွဲအတွင်း**

**ဗုဒ္ဓဟူးသားသမီး (ဗုဒ္ဓဟူးနာမည်ရှင်)** တို့သည် -

**မျက်နှာမူရာ** - အရှေ့အရပ်။

**ဆောင်ပန်း** - [illegible] ၁ ညွန့်၊ ပျဉ်းမ ၅ ညွန့်၊ ကံ့ကော် ၂ ညွန့်။

**နင်းကြမ်း** - ဒန်း ၇ ခက်၊ ဆီး ၃ ခက်၊ သီဟိုဠ် ၆ ရွက်။

**နင်းကြမ်းစွန့်ရာ** - အရှေ့တောင်အရပ်။

**စွန့်ပေးရန်နေ့သား** - တနင်္လာ။

ဆောင်ပန်းသည် အညွန့်များသာဖြစ်ရမည်ဖြစ်ပြီး နင်းကြမ်းသည် အရွက်အခက်များဖြစ်ရပါမည်။

ဆောင်ပန်းတွင် ပျဉ်းမ (၅) ညွန့်မရက ပန်းဖြူ (၅) ပွင့် ရပါသည်။ ဆီး (၃) ညွန့်မရက စံပယ် (၃) ပွင့်ရပါသည်။ ဒန်း၊ ကံ့ကော်အညွန့်များဆိုလျှင် တစ်မိုက်ခန့်သာသာ၊ လက်သုံးလုံးခန့်သာသာ အညွန့်အဖျားပိုင်းလေးများဆိုရပါသည်။

နင်းကြမ်းတွင် သပြေ၊ ကံ့ကော်၊ အင်ကြင်းနှင့်ပန်းများ မသုံးရပါ။

(နှစ်ဦးမင်္ဂလာယတြာသည် လုံးဝအတိမ်းအစောင်းမခံသည်ကို သတိပြုပါ။ မှား၍မရပါ။)

အရေးကြီးသည်မှာ -

နင်းကြမ်းပြုရမည့် အရွက်အခက်တို့သည် မိဘများနှင့် နံတူနေပါက ဤခေါင်းလျှော်ခေါင်းဆေးကို လုံးဝမပြုပါနှင့်။ မိဘနံတူကို နင်းကြမ်းလုပ်၍မရပါ။ ခိုက်သွားတတ်ပါသည်။

ရိုးရိုးသာ တရော်ကင်ပွန်းနှင့် ခေါင်းလျှော်ပြီး ကျန်သောပူဇော်ခြင်းများနှင့် ရွတ်ဖတ်ပူဇော်ပါ။

အရက်သေစာသောက်စားလေ့ရှိသူများ ဤနှစ်ဦးမင်္ဂလာယတြာကိုပြုလုပ်၍ စွမ်းမည်မဟုတ်ပါ။

မိဘနှစ်ပါးကို အပြစ်မြင်လေ့ရှိသူများ၊ ပြန်လှန်ပြောဆိုတတ်သူများ ဤနှစ်ဦးမင်္ဂလာယတြာကို ပြုလုပ်၍မစွမ်းနိုင်ပါ။

နှစ်ဦးမင်္ဂလာယတြာခန်းတို့သည် များသောအားဖြင့် ခေါင်းဆေးမင်္ဂလာများသာ ဖြစ်ကြပါသည်။

'ဦးခေါင်းဆေးခြင်းဖြင့် လိုရာဆန္ဒပြီးစေ' ဟူသော ရှေးဆရာတော်ကြီးများ၊ ပညာရှိကြီးများ၏ ဆိုဆုံးမသြဝါဒများကို မကြာခဏ ဖတ်ခဲ့၊ မှတ်ခဲ့၊ လေ့လာသင်ကြားခဲ့ရဖူးပါသည်။

ဤခေါင်းလျှော်ခေါင်းဆေးနှစ်ဦးမင်္ဂလာယတြာကြီးများသည် -

ဘုန်းကံ အလွန်တက်သွားတတ်[illegible]

ကျန်းမာရေးဖြစ်စေ၊ စီးပွားရေးဖြစ်စေ၊ လူမှုရေးဖြစ်စေ၊ ပညာရေးဖြစ်စေ ထူးထူးခြားခြား အောင်မြင်သွားကြသည်သာ များ၏။

ယုံကြည်စွာဖြင့် ပြုလုပ်ပါလေ။

လောကီ အစီအရင်များစွာထဲမှ အောင်မြင်မှုများစွာကို ပေးစွမ်းနိုင်လှသော အစီအရင်ကြီးတစ်ခု ဖြစ်ပါသည်။

အကြံပြုချင်သည်မှာ -

နှစ်ဦးမင်္ဂလာယတြာကြီး စတင်သည့်နေ့မှစ၍ နေ့စဉ်မပျက် ၂၄-ပစ္စည်းကို သက်စေ့ရွတ်ဆိုကြရန် အကြံပြုပါသည်။ တစ်နှစ်လုံးရွတ်ပါ။ အချိန်ကိုရအောင်ယူပြီးရွတ်ပါ။ ဖြစ်နိုင်လျှင် ဘုရားရှင်အား နေ့စဉ် သောက်တော်ရေ၊ ဆွမ်း၊ ပန်း၊ နံ့သာတို့နှင့် ပူဇော်ပြီး ဘုရားရှင်ရုပ်ပွားတော်ရှေ့တွင် ရှိသေစွာထိုင်ရွတ်ပါ။

'ဘယ်လိုမှအချိန်မရလို့ပါ'ဟူသော ပုဂ္ဂိုလ်များအနေနှင့် သွားရင်းလာရင်း ရွတ်ပါ။ ရွတ်ဖြစ်ဖို့သာ လိုပါသည်။

'တို့က စိတ်ပါရင် ရှိခိုးတယ်၊ စိတ်မပါရင် နေလိုက်တယ်' ဟု ဆိုသူများကို မဆိုလိုပါ။

လိုအပ်သည်ဟုထင်သူများကိုသာ ဆိုလိုပါသည်။

အချိန်မရလို့ မရွတ်ဖြစ်ပါဆိုသည်ထက် သွားရင်းလာရင်းရွတ်နေခြင်းသည် ဝစီကံကုသိုလ်ဖြစ်နေပါပြီ။ ရန့်ရင်းကြမ်းတမ်းစွာ ဆဲဆိုနေခြင်း၊ လိမ်ညာနေခြင်း၊ အတင်းအဖျင်းပြောနေခြင်း၊ ကုန်းချောနေခြင်းမဟုတ်၍ အကုသိုလ်မဖြစ်တော့ပါ။ ကိုယ့်နှုတ်သည် အလွန်တန်ဖိုးရှိနေပါပြီ။ ရွတ်ပါများလာလျှင် ဝစီဒုစရိုက်ဟူသည် ဘာမှန်းပင်မသိတော့အောင် ဝေးဝေးသွားပါပြီ။

နောက်မှ စိတ်ပါမှရွတ်မယ်ဆိုလျှင် ဘာမှရမည်မဟုတ်သေးပါ။

ထို့ကြောင့် -

သွားရင်းလာရင်းစားရင်း ရွတ်နေပါ။

ကိုယ်ရွတ်နေသော အချိန်များသည် အလွန်မှတန်ဖိုးရှိသောအချိန်များသာ ဖြစ်နေပါလိမ့်မည်ဟု -

နှစ်ဦးမင်္ဂလာစကားဖြင့် ဂါရဝပြုရင်း. . . ။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)



www.burmeseclassic.com

4C+1C 1A.pdf; Plate 1

www.burmeseclassic.com

ဓမ္မမိတ်ဆွေများသို့ တင်ပြလိုသည်ကတော့ ရွှေတိဂုံစေတီရင်ပြင်တော်မှာ ထင်ရှားကျော်ကြားတော်မူ၍ အဓိဋ္ဌာန်ဝင် ဘာဝနာပွားများ ဘုရားဖူးများဖြင့် လွန်စွာစည်ကားနေသည့် ဆုတောင်းပြည့်ဘုရားဖူးအတွေ့အကြုံများ ဖြစ်ပါသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးကို ကြည်ညိုလွန်းလှ၍ မိမိကိုယ်အလေးချိန်နှင့်အညီ ရွှေစင်ရွှေသား (၂၅) ပိဿာကို မျက်ပါးခတ်ပြီး ရွှေသင်္ကန်းလုံးတော်ပြည့်ကပ်ခဲ့သူဟု တစ်ခေတ်တစ်ခါက [illegible] ရှင်စောပုဘုရားရုပ်ပွားတော်ရှေ့တည့်တည့်မှာရှိ သံစကာဝိုင်းပတ်ထားသော စံကားဝါပင်ခြေရင်းမှာ နေရာလွတ်တွေ့လေ၏။ ထိုနေရာတွင် ဝင်ရောက်နေရာယူကာ ဦးစွာပထမ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးကို ရှင်စောပုဘုရားသို့ လှူတော်မူပါသည်။ ပြီးနောက် ဘုရားရှိခိုးပါတော့၏။ သီလယူ၊ ပထမံဂါထာတော် (၄၅) ခေါက် ရွတ်ဖတ်ပူဇော် ပုတီးစိပ်၊ မေတ္တာပို့ ပြုသမျှကုသိုလ် အမျှဝေလိုက်၏။



ကံဝင်း

အံ့ချီးမကုန် မြတ်ရွှေတိဂုံရင်ပြင်တော်မှ ထင်ရှားကျော်ကြား စေတီဘုရားများ

# ထူးထူးခြားခြား ဆုတောင်းပြည့် ရှင်စောပုဘုရား

နာမည်ဂုဏ်သတင်း ကျော်စောခြင်းနှင့်ပြည့်စုံခဲ့သော သာသနာပြု အာဇာနည် ဘုရင်မကြီး ရှင်စောပုကိုယ်တိုင် တည်တော်မူထားသော ဆုတောင်းပြည့်ဘုရားသည် ရွှေတိဂုံစေတီတော်ရင်ပြင်ရာဟုထောင့်မှာ တည်တော်မူပါသည်။

၂၀၁၄ ဇန်နဝါရီလ၊ ၂၅ ရက်နေ့ နံနက်ခင်းနေခြည်အလင်း ကနဦးအစ နေခြည်နုနုများ ရွှေတိဂုံဘုရားသို့ ဦးတိုက်ဦးခိုက်ပူဇော်စမှာ ရွှေတိဂုံရင်ပြင်တော်သို့ စာရေးသူ ရောက်လာခဲ့၏။ ရွှေတိဂုံရင်ပြင်တော်မှ ထင်ရှားကျော်ကြား စေတီဘုရားများ၏ထူးခြားမှုများကို စာရေးသားဖို့ လက်ယာရစ်လှည့်လည်လာခဲ့ရာ ဘုရားဖူးများနှင့် လွန်စွာစည်ကားလျက်ရှိသော ရာဟုထောင့်မှာတည်ရှိ ဆုတောင်းပြည့်ရှင် စောပုဘုရားရှေ့မှောက်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ခဲ့ပါတော့၏။ ဆွမ်း၊ ပန်း၊ ရေချမ်း ဆီမီးနှံ့သာစုံလင်စွာဖြင့် ကြိုင်လှိုင်စွာ ပူဇော်၊ တရားထိုင်၊ ပုတီးစိပ်သူ ဘာဝနာပွားများဖြင့် စည်ကားနေသည်ကို ကြည်နူးဖွယ်တွေ့ခဲ့ရပါသည်။



ရှင်စောပုဘုရားရှေ့မှ သံစကာကာရံထားသော စံကားဝါပင်

တချို့သောပုဂ္ဂိုလ်များသည် (၁၀၈) လုံး ပုတီးကုံးကို ဂျောက်ဂျောက်မြည်အောင်စိပ်လျက် တချို့သောသူများက ဂါထာတစ်ပုဒ်ရွတ်လိုက်၊ ပုတီးတစ်လုံးချလိုက်လုပ်နေ၏။ တချို့သောသူများက တရားထိုင်၊ အာနာပါနမှတ်နေသည်ကို တွေ့ရ၏။ စာရေးသူလည်း ဘုရားရှိခိုး၊



စံကားဝါပင်မှာ ထုအနက်ထွင်းပေါ် 'ဝ' အက္ခရာ



www.burmeseclassic.com

2:41 pm 02/19/1

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

၏။ ထိုသူက မိမိရှိရာ စံ... ရင်းသို့ ဦးတည်လျှောက်လှမ်းလာ၏။ စာရေးသူမှ ဦးစွာပထမ ပီယဝါစာ ချစ်ဖွယ်သောစကားဖြင့် မင်္ဂလာနှုတ်ခွန်း ဆက်လိုက်သောအခါ တစ်ခဏအတွင်း မှာပင် ခင်မင်ဖွယ်ကောင်းသော မိတ်ဆွေများဖြစ်သွားကြတော့၏။

**ရာထူးလုပ်ငန်းအခွင့်အလမ်း ပန်းလိုလန်းပါသည်ဆိုသော တပ်ကြပ်ကြီး ငွေသောင်းနှင့် တွေ့ဆုံခန်း**

သူ့အမည်က ကိုငွေသောင်း။ တစ်နည်းအားဖြင့် တပ်ကြပ်ကြီး ငွေသောင်း။ တပ်မတော် (ရေ) ထိုစဉ်က (လွန်ခဲ့သော ဆယ်နှစ်) တပ်မတော်ရေတပ်အကြီးအကဲ၏အိမ်မှာ တာဝန်ထမ်းဆောင်ရ၏။ ရန်ကင်း ရွှေဟင်္သာဆရာတော်ကျောင်းသို့ ဆွမ်းပို့ဆွမ်းကပ်ရောက်ရ၏။ တပ်ကြပ်ကြီး ငွေသောင်းလည်း ရွှေဟင်္သာဆရာတော်၏တပည့် ဖြစ်လာ၏။

တစ်နေ့သ၌ အိမ်ရှင်မဖြစ်သူ အမျိုးသမီးသည် ဆွမ်းခံကြွတော်မူလာ ရဟန်းတော်အား ဆွမ်းလောင်းစဉ် ရဟန်းတော်က ဂုဏ်တော် (၉) ပါးကို (၉) ရက်ပုတီးစိပ်၊ သက်သတ်လွတ်စား အဓိဋ္ဌာဝင်ဝင်ဖို့ မှာကြား၏။ တစ်ဖန် လင်သားဖြစ်သူကိုလည်း တနင်္လာသားဖြစ်သည့်မို့ သည်နှစ် တနင်္လာတာစားသောနှစ်မှာ ပိုမိုပြီးဘာသာရေးလုပ်ပါဟု မိန့်ကြားခဲ့လေ၏။

တပ်ကြပ်ကြီး ငွေသောင်းမှ မိန်းမဖြစ်သူကို တာစားသည် ဆိုသည်မှာ ဘာကို ဆိုလိုသနည်းမေးသောအခါ မိန်းမဖြစ်သူက မဖြေနိုင်။ ဤသို့ဖြင့် တပ်ကြပ်ကြီး ငွေသောင်းက သူ၏ဆရာတော် ရွှေဟင်္သာဆရာတော်ထံသွား၍ မေးမှ ရှင်းလင်းစွာ သိရပါတော့၏။

"တာစားတယ်ဆိုတာ နေ့နံ အထွတ်အထိပ်ရောက်တာ။ နေ့နံ အထွတ်အထိပ်ရောက်စဉ် ကောင်းမှုကုသိုလ်များများလုပ်ပေးပါ။ ထူးခြားစွာ အကျိုးပေးပါလိမ့်မယ်"

ဟု မိန့်တော်မူပါသည်။

သို့ဖြင့် တပ်ကြပ်ကြီး ငွေသောင်းတို့ဇနီးမောင်နှံနှစ်ဦး သက်သတ်လွတ်စား၊ ဂုဏ်တော် (၉) ပါး ပုတီးစိပ်ဖြင့် အဓိဋ္ဌာန် (၉) ရက်ဝင်ခဲ့၏။ အဓိဋ္ဌာန်ပြီးမြောက်သောအခါ မိမိတို့အနီးအပါးမှ ကပ်ပြောသကဲ့သို့ မိန့်ကြားသံကြားရ၏။

'ရွှေတိဂုံဘုရား ရှင်စောပုဘုရား ...'

ဟု မိန့်တော်မူပြန်သဖြင့် အလုပ်အားသည်နှင့် ရှင်စောပုဘုရားထံ ဇနီးမောင်နှံ ရောက်ကြပြီး ဂုဏ်တော်ပုတီးစိပ်ကြပြန်၏။ရှင်စောပုဘုရားရှေ့မှောက် ပုတီးစိပ်ရောက်ရင်း အဖေကြီး ဘဘိုးမင်းခေါင်မှ ဓာတ်စီး၍ မိန့်ကြားတော်မူပြန်၏။

သာသနာ့ရှေ့ဆောင်ဘမင်းခေါင်မှ -

"သောဘဂဝါ ဣတိပိ အရဟံ စသဖြင့် ဂုဏ်တော်ကိုးပါးစိပ်ပါ"

ဟု ညွှန်ကြားတော်မူပါသဖြင့် ယနေ့ယခုတိုင် ထိုဂုဏ်တော်ကို စွဲမြဲ ပုတီးစိပ်ခဲ့ပါကြောင်း တပ်ကြပ်ကြီး ငွေသောင်းမှ စာရေးသူအား စိတ်ရှည်လက်ရှည် ရှင်းပြပေးပါသည်။ စာရေးသူမှ ရှင်စောပုဘုရားသို့ လာရောက်၍ သက်သတ်လွတ်စား ဂုဏ်တော်ပုတီးပွားများမှုများပြုလုပ်ခြင်းကြောင့် ထူးခြားမှုများကို မေးကြည့်သောအခါ တပ်ကြပ်ကြီးငွေသောင်းက မကြာခဏ လာဘ်ရွှင် ငွေဝင်ပါကြောင်း၊ ထိဆုများ (ဆုကြီးမပါသေး) မကြာခဏပေါက်ပါကြောင်း၊ မိမိသွားလိုရာခရီး၊ ဖူးလိုသောဘုရားများ အလုပ်ကိစ္စဖြင့် လည်းကောင်း၊ အကြီးအကဲမှခိုင်း၍လည်းကောင်း သွားရောက်ဖူးမြော်ရသည့်အပြင် ရာထူးလုပ်ငန်းအခွင့်အလမ်းတို့သည် အမြဲပွင့်လန်းနေတတ်ကြောင်း၊ အထူးသဖြင့် ရှင်စောပုဘုရားတွင် စိတ်ကြံသမျှအဓိဋ္ဌာန်ပြုပါက ဆုတောင်း အလွန်ပြည့်ပါကြောင်းပြောပါသည်။

ထို့နောက် စာရေးသူမှ တပ်ကြပ်ငွေသောင်းတို့ ဇနီးမောင်နှံအား ရှင်စောပုဘုရားတန်ဆောင်း နောက်ခံထား၍ မှတ်တမ်းဓာတ်ပုံများ ရိုက်ယူပါသည်။ ဓာတ်ပုံမှတ်တမ်း ရိုက်ယူပြီးသောအခါ တပ်ကြပ်ကြီးငွေသောင်းက မထင်မှတ်စွာ ရှင်စောပုဘုရားတန်ဆောင်းမှာ ခမ္မမိတ်ဆွေအဖြစ် ခင်မင်ခဲ့ကြသည်မို့ လွန်စွာဝမ်းသာပါကြောင်း၊ ဗိုလ်တထောင် သန်လျက်စွန်းသို့ရောက်သည့်အခါ ဝင်လည်ပါရန် မေတ္တာအနန္တ ဖိတ်မန္တကပြုပါသည်။ လိပ်စာကတော့ တပ်ကြပ်ကြီး ငွေသောင်း (ကပ-၂၂၁၁၇)၊ ရေတပ်လိုင်းသစ်၊ သစ္စာ(၁)လိုင်း၊ အခန်း (၃၀)။

**ရှင်စောပုဘုရားဖူး၍ဂျပန်သို့ရောက်ခဲ့သူ**

ရှင်စောပုဘုရားတန်ဆောင်းဆီမီးထွန်းခုံရှေ့မှာ ပရိတ်ကြီး (၁၁) သုတ်စာအုပ်ကိုကြည့်၍ ရွတ်ဖတ်ပူဇော်ကန်တော့နေသော ဂျပန်မလေးနှင့်တူသောမိန်းကလေးတစ်ဦးကို သတိထားမိလိုက်၏။ အတန်ကြာတော့ သူ၏ ရွတ်ဖတ်ပူဇော်မှုတွေ ပြီးမြောက်ပြီးနောက် လက်အုပ်ချီမိုး၍ နှုတ်မှတဖွဖွ ဆုတောင်းနေပုံရ၏။ ဝတ်ပြုဖွယ်ကိစ္စအဝဝ ပြီးမြောက်သွား၍ ထိုင်ရာမှထခါနီးမှာ စာရေးသူက မိန်းကလေးနားသွား၍ မြန်မာနိုင်ငံစာရေးဆရာအသင်းဝင်ကတ်ကို ထိုးပြရင်း မိတ်ဆက်ရ၏။ ဖြူန်းခနဲဆိုတော့ ထိုမိန်းကလေးက ကြောင်အမ်းအမ်းဖြစ်သွား၏။ MRTV-4 တို့၊ မြဝတီတို့မှ အင်တာဗျူးသူတို့၏ အင်တာဗျူးရန် မိတ်ဆက်ခွင့်တောင်းသည်လောက် စာရေးသူတို့မှာ မလွယ်လှပါ။ ဘုရားဖူးလာသူတို့၏ရင်တွင်းဖြစ်ခံစားချက်များ မေးမြန်းဖော်ထုတ်ချင်၍သာ ကြိုးစားရသည်။ အမှန်တကယ်တော့ လွယ်ကူလှသည်မဟုတ်။ အကျိုးသင့်အကြောင်းသင့် ရှင်းလင်းပြမှသဘောပေါက်ကြ၏။မဂ္ဂဇင်းမှာ အမှတ်တရဓာတ်ပုံနှင့် ဖော်ပြခွင့်တောင်းသောအခါမှာလည်း တချို့က သူတို့၏ဘာသာရေးအတွေ့အကြုံများ စိတ်ရှည်စွာ ရှင်းလင်းပြောပြကြသော်လည်း ဓာတ်ပုံရိုက်ခွင့်မပြုကြ။

မည်သို့ဆိုစေ သဒ္ဓါတရားတိုးပွားစေဖို့ မြန်မာပြည်အနှံ့အပြားဒေသများမှ ကျေးဇူးရှင် စာဖတ်ပရိသတ်များ ကမ္ဘာ့အံ့ချီးဖွယ် ရွှေတိဂုံဘုရားသို့ရောက်သောအခါ အင်္ဂါထောင့်မှာ 'ဆယ်တော်မူဘုရား'၊ စနေထောင့်မှာ 'နေလဘုရား'၊ ရာဟုထောင့်မှာ 'ရှင်စောပုဘုရား' စသည်ဖြင့် ထင်ရှားကျော်ကြား စေတီဘုရားများ သွားရောက်ဖူးမြော် ကုသိုလ်တော်ထူးတွေနှင့် ဘဝခရီးလမ်းမှာ အောင်ပန်းတွေပွင့်ကြစေလိုသော ဆန္ဒအာသီသပြင်းပြစွာဖြင့် သူရဋ္ဌမဂ္ဂဇင်းစာတည်းချုပ်၏ လမ်းညွှန်မှုကို ခံယူပြီး ရေးသားတင်ပြခြင်း ဖြစ်ပါကြောင်း၊ နယ်စွန်နယ်ဖျား ရွှေတိဂုံဘုရားမရောက်ဘူးသူများလည်း မဂ္ဂဇင်းပါ ဓာတ်ပုံများဖြင့် မှန်းဆရည်မျှော် ကုသိုလ်ယူဖူးနိုင်ကြပါလိမ့်မည်ဟု ထင်မြင်ယူဆချက်ဖြင့် ဓာတ်ပုံများ ဝေဝေဆာဆာနှင့် ရေးသား တင်ပြအပ်ပါသည် ခင်ဗျား။

သူ့အမည်က မမေကိုလို့ ခေါ်ပါသည်။ ကမာရွတ် လှည်းတန်းမှာ နေပါသည်။ သူ၏ မူလအလုပ်က (၁၀)တန်းကျောင်းသား/ကျောင်းသူများကို Guide



www.burmeseclassic.com

www.burmeseclassic.com

လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းနေသူလေးပါ။ ရှင်စောပုဘုရင်မကြီးနှင့် ဘဝပဋ္ဌာန်းဆက်ဖြစ်ခဲ့သည် မသိ။ ရွှေတိဂုံဘုရားကြီးဖူးရင်း ရှင်စောပုရုပ်ပွား ဆုတောင်းပြည့်ဘုရားရှေ့သို့ရောက်ရောက်လာတတ်၏။ ရွှေတိဂုံဘုရားပေါ်ရောက်လျှင် ရှင်စောပုဆုတောင်းပြည့်ဘုရားရှေ့မှတစ်ပါး တခြားဘယ်ကိုမှ မသွားတော့။ ဘုရားရှေ့မှာ အဓိဋ္ဌာန်ဝင်တာမျိုး၊ ပုတီးစိပ်တာမျိုးလည်း သူမ မလုပ်ပါ။ သို့သော် ပရိတ်ကြီးကိုတော့ စာအုပ်ဖတ်၍ ရွတ်မိနေလေရဲ့။

ထိုသို့ ရွှေတိဂုံဘုရား မကြာခဏ တက်၊ ရှင်စောပုဘုရားရှေ့ကိုသွား ပရိတ်ရွတ်ဖတ်ပွားများလာသောအခါ မမျှော်လင့်စွာ ဂျပန်သွားရန်အကြောင်း ပေါ်လာလေ၏။ ဂျပန်ဖောင်ဒေးရှင်းတစ်ခု၏အစီစဉ်ဖြင့် ဂျပန်တွင် စရိတ်ငြိမ်း (၃) လတာမျှ နေထိုင်လေ့လာခွင့်ရခဲ့၏။ လုပ်ငန်းခွင်မှာ ဆက်လက်၍ တာဝန်ထမ်းဆောင်လိုပါက လစာပေး၍ အလုပ်ခန့်မည်ဖြစ်သော်လည်း ဂျပန်မှာ မမေကို မပျော်ပါ။ မြန်မာပြည်ပြန်လာ၏။ ရောက်ရောက်ချင်း ရွှေတိဂုံဘုရားကြီးသို့တက်၊ ရှင်စောပုဘုရားရှေ့မှောက်သွားရောက်၍ ဆုတောင်းလိုက်၏။ သူလုပ်ချင်သောအရာ၊ လုပ်ငန်းတစ်ခုမကြာမီမှာ 'ဝန်ဆောင်မှုလုပ်ငန်း' တစ်ခု မြန်မာပြည်မှာ တည်ထောင်နိုင်ခဲ့၏။

ကုမ္ပဏီပစ္စည်းကြော်ငြာနှင့် ပြပွဲများ ခင်းကျင်းဆောင်ရွက်ပေးရသောလုပ်ငန်းများလက်ခံဆောင်ရွက်နိုင်ခဲ့၏။ မြန်မာပြည်မှာ သူဖြစ်ချင်သောဆန္ဒ၊ သူလုပ်ချင်သောအလုပ်၊ အမိမြန်မာပြည်နှင့် အိုးမကွာအိမ်မကွာ စီစဉ်ဆောင်ရွက်နေရ၍ ဝမ်းသာပီတိဖြစ်နေ၏။ အလုပ်အားသည်နှင့် ရွှေတိဂုံဘုရား ရှင်စောပုဘုရားသို့ ရောက်လာ၏။ စာရေးသူမှ မမေကိုသည် ရှင်စောပု ဘုရင်မကြီးနှင့် ဘဝပဋ္ဌာန်းဆက်ရှိသူဟု ပြောသောအခါ မမေကို ပြုံးလျက်နှုတ်ဆိတ်နေပါသည်။ ဆုတောင်းပြည့် ရှင်စောပုဘုရားဖူး၍ ထူးခဲ့သူ မမေကိုအား မဂ္ဂဇင်း၌ မှတ်တမ်းဓာတ်ပုံ ဖော်ပြချင်၍ ခွင့်တောင်းရာ သူမ၏ ဆုတောင်းပြည့် ရှင်စောပုဘုရားဖူး ထူးခြားမှုများကို မဂ္ဂဇင်း၌ စာရေးသား တင်ပြခွင့်ပြုသော်လည်း ဓာတ်ပုံအသုံးပြုခွင့်မရ၍ ဓာတ်ပုံမဖော်ပြနိုင်ပါ။ စာရှုသူ ဓမ္မမိတ်ဆွေများအနေဖြင့် မိမိတို့၏ ကုန်ပစ္စည်းကြော်ငြာရှိုးပွဲခင်းကျင်း၍ အရောင်းမြှင့်တင်လိုပါက အင်တာနက်တွင် သူမ၏ ကုမ္ပဏီသို့ အောက်ပါအတိုင်း ရှာဖွေဆက်သွယ်နိုင်ပါသည်။

EVENT ORGANIZER
Amaranth Events Company

**ဆုတောင်းပြည့် ရှင်စောပုဘုရားရှေ့မှ အခိုင်အမာ သံစကာနှင့် ကာရံထား ထူးခြားသောသစ်ပင်**

ဆုတောင်းပြည့် ရှင်စောပုဘုရား၏ ထူးခြားမှုများ ရေးသားမည်ဆိုပါလျှင် ရှင်စောပုဘုရားရှေ့တည့်တည့်မှ သံစကာ အခိုင်အမာကာရံထား စံကားဝါပင်ကို ချန်ထား၍ရမည်မဟုတ်ပါ။ ထိုစံကားဝါပင်အကြောင်း ထည့်သွင်းရေးမှ ပြီးပြည့်စုံပါလိမ့်မည်။

ဆုတောင်းပြည့်သည်ဟု ထင်ရှားကျော်ကြားတော်မူနေသည့် ယခုစာရေးသူ ရေးသား တင်ပြနေသည့် ရွှေတိဂုံစေတီတော် ရာဟုထောင့်မှ ရှင်စောပုဘုရား စတင်တည်တော်မူစဉ်က ထိုစေတီတော် အနီးတဝိုက်တွင် စံကားဝါပင်၊ စံကားစိမ်းပင် စသည်ဖြင့် စံကားပင် (၄)ပင် တစ်ပြိုင်တည်း စိုက်ပျိုးခဲ့ကြောင်း ရှေးမီနောက်မီလူကြီးများပြောစကားအရ သိရပါသည်။ ယခုအခါ ထိုစံကားပင် (၄) ပင်အနက် တစ်ပင်သာ ရှင်သန်ကျန်ရှိပါသည်။ ထိုစံကားဝါပင်သည် ထူးထူးဆန်းဆန်း ဆုတောင်းပြည့် ရှင်စောပုဘုရားရှေ့တည့်တည့်မှာတည်ရှိပါသည်။ ထိုအပင်အား ဘုရင်မကြီး ရှင်စောပုကိုယ်တော်တိုင် သာသနာတော်တည်သရွေ့ ရှင်သန်ပါစေ၊ သူတည်သောဘုရား လာရောက်ဖူးမြော် သူတော်စင်တွေ နေပူမတိုးအရိပ်မထိုးပါဘဲ အေးချမ်းစွာ ကုသိုလ်ကောင်းမှု စိတ်ချမ်းသာစွာ ပြုနိုင်ပါစေ၊ ဆုတောင်းပြည့်ကြပါစေဟု ဆုမွန်ကောင်းတောင်းပြီး ရေလောင်း စိုက်ပျိုးတော်မူခဲ့ကြောင်း သိရှိရပါသည်။

သည်ဘက်ခေတ် နှောင်းလူတို့က နှစ်ပေါင်းရာချီ သက်တမ်းရှည်စွာ ရှင်သန်နေသော ဘုရင်မကြီးရှင်စောပု စိုက်ပျိုးထား စံကားဝါပင်သည် ဘုရင်မကြီး သစ္စာစကားကြောင့် ဆုတောင်းအလွန်ပြည့်ကြောင်း ယုံကြည်နေကြလေ၏။ ယုံကြည်မှုနှင့်အတူ ထိုစံကားဝါပင်ပင်စည်လုံးပတ်နှင့် ကိုင်းလက်ကိုင်းတက် ကိုင်းခက်ပင်မကျန် ဘုရားလာဖူးသူများသည် ဆော့ပင်၊ ကွန်နရှင်နယ်မင်၊ ဘောလ်ပင်တို့ဖြင့် 'စာမေးပွဲအောင်ပါစေ၊ ရာထူးတိုးပါစေ၊ စီးပွားတိုးပါစေ၊ ချစ်သူချင်းပေါင်းရပါစေ စသည်ဖြင့် မိမိလိုရာဆုတောင်းကို ပင်စည်များ၊ သစ်


ရှင်စောပုဘုရားတန်ဆောင်းအနီး အပ်ကြစ်ကြီး ငွေသောင်းတို့ ဇနီးမောင်နှံ


ရှင်စောပုဘုရားရှေ့မှ ဆုတောင်းနေသူများ


တပ်ကြပ်ကြီးငွေသောင်းနှင့် တွေ့ဆုံမေးမြန်း မှတ်တမ်းယူနေစဉ်



www.burmeseclassic.com

www.burmeseclassic.com

ခေါက်များတွင် ရေးထိုးထားကြလေ၏။ ကြာသော် ဘုရားလူကြီးများက စိုးရိမ်ပူပန်လာကြ၏။ ဝင်စည်ကို ခွာခြင်း၊ အခေါက်အပွေးတို့အား ခွာချခြင်း၊ ဓားများဖြင့် မွှန်းခြစ်ခြင်း စသည်တို့ကို ဘုရားဖူးတချို့က ပြုလုပ်လာကြသော အခါ အပင်ရေရှည်ရှင်သန်ရေး သံစကာကို အခိုင်အမာ ကာရံ၍ ကာကွယ်လိုက်ကြရလေ၏။

**ထူးခြားစွာပေါ်ထွန်းလာ "ဝ" အက္ခရာ**

စ-ခ-ဗ-ဝ စမ (၄) လုံးအနက် အထူးအခြားဆုံးမှာ 'ဝ'အက္ခရာ ဖြစ်သည်။ 'ဝ' စာလုံးသည် ထွက်ရပ်ပေါက် ဘိုးဘိုးကြီးများနှင့် ဝိဇ္ဇာလမ်းလျှောက် လှမ်းနေကြသော သူတော်စင်များ၏ အောင်မြင်မှုအထိမ်းအမှတ်လက္ခဏာဖြစ်ပါသည်။ ထိုထူးခြားအောင်မြင်ခြင်း 'ဝ' အက္ခရာတစ်လုံးသည် ဆုတောင်းပြည့် ရှင်စောပုဘုရားရှေ့တည့်တည့်မှ ရှင်စောပုဘုရင်မကြီး အဓိဋ္ဌာန်ပြုတည် စံကားဝါပင်၏ အနောက်ဘက်အရပ်ဒေသသို့ မျက်နှာမူပြီးသကာလ ထူးခြားထင်ရှားစွာ ၂၀၁၄ ခုနှစ် နှစ်ဆန်းမှာ ပေါ်ထွန်းနေကြောင်းသတင်းရ၍ စာရေးသူကိုယ်တိုင် သွားရောက်ပြီး မှတ်တမ်းဓာတ်ပုံ ရိုက်ယူနိုင်ခဲ့ပါသည်။ ထိုစံကားဝါပင်မှ ထွန်းပေါ်လာ 'ဝ' အက္ခရာကို မှတ်တမ်းဓာတ်ပုံပူးတွဲတင်ပြအပ်ပါသည်။ ရှင်စောပုဘုရင်မကြီးတည် ဆုတောင်းပြည့်ဘုရားသို့ ဝိဇ္ဇာဓိုရ်၊ ထွက်ရပ်ပေါက် ဘိုးတော်ကြီးများ မကြာခဏ ကြွရောက် တရားအားထုတ်ကြောင်း ကြားသိရပါသည်။ ဝိဇ္ဇာလမ်းလိုက်စားသူ သူတော်စင်ယောဂီတစ်ဦးက ရှင်စောပု ဆုတောင်းပြည့်ဘုရားသို့ ဗားမဲ့ဆရာတော်၊ ဗားတမော့ဆရာတော် စသည်ဖြင့် ဝိဇ္ဇာဓိုရ်ကြီးများ လာရောက် အဓိဋ္ဌာန်ပြုကြသည်ဖြစ်၍ ဘားလေးဘားဆုတောင်းပြည့်ဘုရားဟုလည်းခေါ်တော်မူကြောင်း ပြောပြ၍သိရပါသည်။ ကျမ်းစာအုပ်များ၌ ဘားလေးဘားဘုရားဟုလည်း ခေါ်ကြကြောင်း ရှာဖွေဖတ်မိသော်လည်း မည်သို့ကြောင့် ဘားလေးဘားခေါ်ရသည်ကို အတိအကျ ရှာဖွေမတွေ့ရပါ။

**ရှင်စောပုဘုရင်မကြီး၏ထူးလှတဲ့ကုသိုလ်**

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ယနေ့ယခုဉာဏ်တော်အမြင့်မှာ (၃၂၆) ပေ ဖြစ်ပါသည်။ ယခုဉာဏ်တော်အမြင့်အထိကို ခရစ်နှစ် ၁၇၆၈ ခုနှစ်တွင် အင်းဝဘုရင် ဆင်ဖြူရှင်မှ တိုးချဲ့တည်ထားတော်မူပါသည်။ ဘုရင်မကြီးရှင်စောပုသည် မောင်တော် ဗညားကျန်းနှင့်အတူ ဉာဏ်တော်(၃၀၂) ပေအမြင့်တော်အထိကို ခရစ်နှစ် ၁၄၃၆ ခုနှစ်တွင် လှူဒါန်းတော်မူခဲ့ကြောင်း သိရပါသည်။

ရာဇာဓိရာဇ်မင်းဆက်မှ အဓိကဆက်ခံနိုင်သူ သမီးတော်ရှင်စောပုသည် သာသနာရေးကို အလေးထားသူအဖြစ် ထင်ရှားခဲ့လေသည်။ ဘုရင်မကြီး ရှင်စောပု (ခရစ်နှစ် ၁၄၅၃ - ၁၄၆၀) သည် ဟံသာဝတီထီးနန်းကို (၇) နှစ်ခန့်သာ စိုးစံတော်မူပြီးနောက် သမက်တော် အိမ်ရှေ့မင်း ဓမ္မစေတီကို ထီးနန်းလွှဲအပ်ကာ နောက်လိုက်နောက်ပါများဖြင့် ရွှေတိဂုံဆံတော်ရှင်တည်ရှိရာ ဒဂုံသို့ ပြောင်းရွှေ့လေသည်။ ဘုရင်မကြီး ရှင်စောပုသည် ရွှေတိဂုံစေတီတော်မြတ်၏ အနောက်ဘက်နှင့် မနီးမဝေး (ယခုကန်တော်မင်္ဂလာပန်းခြံဝန်းကျင်)၌ သစ်မြို့ နန်းတည်လျက် စေတီတော်ကြီး၏ ဝေယျာဝစ္စကုသိုလ်တော်အတွက် စနစ်တကျ စီမံတော်မူသည်။ ဦးစွာ စေတီတော်ပတ်လည်မြေကို ဝတ္တကံ ပရိက္ခေဒပြု လှူဒါန်းလေသည်။ ရွှေတိဂုံကုန်းတော်နှင့် ပစ္စယာများကိုလည်း ပြုပြင်မွမ်းမံသည်။ အုတ်တံတိုင်းနှစ်ထပ်ကာရံသည်။တချို့ကျမ်းစာအုပ်၌ အုတ်တံတိုင်း (၇) ထပ်ဟု ပါရှိပါသည်။ စောင်းတန်းလေးဖက်၌ အုန်းပင်၊ ထန်းပင်၊ ကုံ့ကော်ပင်၊ သရက်ပင်၊ ပိန္နဲပင် စသည့် စားသုံးသီးပင်များကို ဥယျာဉ်ကြီးအဖြစ် စိုက်ပျိုးစေခဲ့ပါသည်။ ရင်ပြင်တော်တစ်ပြင်လုံးကို ကျောက်ပြားအပြည့်ခင်းသည်။ စေတီတော်ကြီးပတ်လည်၌ မီးထွန်းကျောက်တိုင်နှင့် ကျောက်ထီးတို့ကို တစ်တိုင်ခြားစီ စိုက်ထူစေသည်။ စေတီပန်းတင်ကုလပ်ခြေကို မြေအုတ်၊ ကျောက်အုတ်တို့ဖြင့် မွမ်းမံသည်။ ထီးဖြူ၊ ရွှေသပိတ်၊ ရွှေပန်းကန်၊ ကြေးပန်းကန်၊ ငွေပန်းကန်၊ ရွှေဇွန်း၊ ငွေဇွန်း စသည့် အသုံးအဆောင်ပစ္စည်းများကို လှူဒါန်းမှုနှင့်အတူ အကြီးအမှူးနှင့် အလုပ်အကျွေးများ ခန့်အပ်တာဝန်ပေးထားသည်။ ကုသိုလ်တော်အရပ်ရပ်၊ ကောင်းမှုတော်အရပ်ရပ်တို့ကို နေ့စဉ်နှင့်အမျှ စောင့်ရှောက်တာဝန်ယူရန်အတွက် စစ်ကဲ (၁)ဦး၊ စာရေး(၂)ဦး၊ သွေးသောက်(၃)ဦး၊ ရွှေစာရေး(၁)ဦး၊ မြေတိုင်း(၁)ဦး အပါအဝင် လုပ်ငန်းတာဝန်အလိုက် လူပေါင်း (၁၀၀၆) ဦးအထိ ခန့်အပ်တာဝန်ပေး ဆောင်ရွက်စေလေသည်။ ဘုရင်မကြီး၏ ကိုယ်အလေးချိန်ပြည့် ရွှေ (၂၅) ပိဿာကို ရွှေမျက်ပါးခတ်ပြီး ရွှေသင်္ကန်းတော်လုံးတော်ပြည့်ကပ်လှူပူဇော်သည်။ ဘုရင်မကြီးသည် နတ်ရွာစံအံ့ဆဲဆဲ အချိန်၌ပင် လျောင်းစက်ရာသလွန်ကို လေသာပြတင်းအနီးသို့ရွှေ့စေပြီး ဘုရားကို ကြည်ညိုမှုအာရုံဖြင့် ကံတော်ကုန်တော်ခဲ့လေသည်။ ဘာသာတရားသဒ္ဓါအားကြီးမား အံ့ဖွယ်ထူးခြား မင်းတစ်ပါးပါတကား။

ဤတွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်မှ အံ့ဖွယ်ထူးခြား စေတီဘုရားများ လှည့်လည်ဖူးမြော် ကုသိုလ်တော်ခရီး အတွေ့အကြုံများ တင်ပြမှုတွင် ရာဟုထောင့်မှာတည်ရှိ ဆုတောင်းပြည့် ရှင်စောပုဘုရားနှင့် ဆက်နွယ်နေသော အကြောင်းအရာများ စာရေးသူ ရှာဖွေတွေ့ရှိမှုများကို တင်ပြနိုင်ခဲ့ပြီး ဖြစ်ပါသည်။ စာရှုသူ ဓမ္မမိတ်ဆွေများအနေဖြင့် မိမိတို့၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည်ဖြင့် လူမှုဆောင်ရာကိစ္စအဖြာဖြာ၌ အခြေအနေအရပ်ရပ် အခက်ခဲတစ်ရပ်နှင့်ကြုံနေရစဉ်၌လည်းကောင်း၊ ဘဝသံသရာမှာ ကောင်းကျိုးအဖြာဖြာဖြင့် ဘဝခရီးလမ်း ဖြောင့်တန်းစွာ အောင်မြင်လျှောက်လှမ်းချင်လှပါသည်ဟုဆိုလာခဲ့သော် ဘုန်းတော်ကြီးမား လေးဆူဓာတ်ပုံ ရွှေတိဂုံသို့ အရောက် သွားကြည်ညိုဖူးမြော်တော်မူပြီးသကာလ ဆုတောင်းပြည့်သည်ဟု လွန်စွာ ကျော်ကြား အဓိဋ္ဌာန်ဝင်သူများနှင့် စည်ကားလျက်ရှိသော ဘုရင်မကြီး ရှင်စောပု တည်တော်မူရာ ရာဟုထောင့်မှ ဆုတောင်းပြည့်ဘုရားရှေ့တော်သို့သွား၍ စိတ်ကြိုက်သမျှ အဓိဋ္ဌာန်ပြုလိုက်ကြပါ။ လိုရာပြီးမြောက် ခရီးရောက်ပါလိမ့်မည်ဟု နိဗ္ဗာန်အကျိုးမျှော် သူရဋ္ဌမဂ္ဂဇင်းမှ နှိုးဆော်အပ်ပါသည်။ ကောင်းကျိုးလိုရာပြည့်ဝကြပါစေ။

*မေတ္တာများစွာဖြင့်*

ကံဝင်း

**ကျမ်းကိုး -**

- အံ့ချီးမကုန်မြတ်ရွှေတိဂုံကျမ်း
- ရွှေတိဂုံအောင်မြေမှ အံ့ဖွယ်ကိုးပါး
- မြတ်ရွှေတိဂုံ နှစ် ၂၆၀၀ ပြည့်
- ရွှေတိဂုံစေတီတော်မဟာပဋ္ဌာန်း
- ပထမံစမပိဋ္ဌာ



www.burmeseclassic.com

www.burmeseclassic.com

(သမိုင်း)
# ကိုရွှေမြသန်း

## သုဝဏ္ဏဘူမိ ကာရှစ်ချက် ဣရှစ်ချက် ဂါထာလက်ဆောင်

ဒီနှစ် သင်္ကြန်ရက်အတွင်း စာဆိုရဟန်းမိတ်ဆွေ သီတင်းသုံးရာ တောရကျောင်းသို့ စာရေးဆရာ ကြည်တင့်နိုင်၊ ဆရာကိုကိုလှ(ကမမြေ)၊ ဇာတ်ညွှန်းရေးဆရာ ခရမ်းသစ်လူတို့နှင့်အတူ သွားရောက်၍ ဒုလ္လဘရဟန်းဝတ်ဖြစ်ကြ၏။ (၇) ရက်ဝတ်ကြမည်ဟု အချင်းချင်းဆိုထားပြီးကာမှ နောက်ကြောင်းရှိ စားဝတ်နေရေးအလုပ်တွေက တန်းစီပြီးစောင့်နေသည်ကို ပူပန်ကြပြီး (၅) ရက်ဖြင့်သာ လူဝတ်လဲခဲ့ကြလေ၏။ မျက်မှောက်ခေတ်၏ စားဝတ်နေရေးရေစီးကြောင်းထဲမှာ ကုသိုလ်ကောင်းမှုအရေးကိုတောင် ဖြောင့်ဖြောင့်တန်းတန်းလုပ်ခွင့်မရှိကြပါတကား။

ဤသို့ဖြင့် မိမိတို့၏ အိမ်အပြန်လက်ဆောင်အဖြစ် စာဆိုရဟန်းမိတ်ဆွေမှ သူ့စွမ်းသာသည့် လက်ဆောင်ကိုပေးလာချေသည်။ မိမိတို့က နှစ်သက်ဝမ်းမြောက်ပီတိဖြစ်စွာ ခံယူနေစဉ်မှာပင် ပေးဝေသူ စာဆိုအရှင်၏ ရင်တွင်း၌လည်း မျှဝေခြင်းပီတိကို ခံစားနေမည်မှာ အမှန်ပင်။

ထိုစဉ် ညီငယ် ဇာတ်ညွှန်းရေးဆရာ ခရမ်းသစ်လူမှ -

"အရှင်ဘုရား၊ တပည့်တော်တို့အတွက်ပဲမလုပ်ဘူးဘုရား။ တပည့်တော်တို့က စာသမားတွေဆိုတော့ စာဖတ်ပရိသတ်အတွက်ပါ မျှဝေလိုက်မယ်ဘုရား"

ဟု ဆို၍ စာဆိုအရှင်မှ မိမိအား တာဝန်ပေးလိုက်ပါသဖြင့် စာဆိုအရှင် လက်ဆောင်ပေးလိုက်သည့် 'ကြာပန်းအိုင်ဆရာတော် ဘဒ္ဒန္တဉာဏဗလ၏ 'ပဋ္ဌာနနိယကမ္မဝါစာ' ပါ ဂါထာအချို့အား ပြန်လည် ရေးသား ဖော်ပြလိုက်ပါသည်။

◆

သုဝဏ္ဏဘူမိ ကာရှစ်ချက် ဣရှစ်ချက်ဂါထာလက်ဆောင်မှာ တစ်ပုဒ်တည်း မဟုတ်ပါ။ ခေါင်းစဉ်ရှည်မှာစိုး၍ ဂါထာ(၃)ဂါထာ၏အမည်ကို တစ်ဆက်တည် ပေါင်းရေးထားခြင်း ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဂါထာ (၁) ပုဒ်ချင်းသည်ကား -

**သုဝဏ္ဏဘူမိဂါထာ**

*သုဝဏ္ဏဘူမိ ဂန္တာန၊*
*သောဏုတ္တရာ မဟိဒ္ဓိကာ။*
*ပိသာစေ နိဒ္ဓမိတွာန၊*
*ဗြဟ္မဇာလ မဒေသယုံ။ ။*

ဤဂါထာဖြင့် ရေ၊ သဲ၊ စသည်တို့ကို ရွတ်၍ အိမ်၊ ခြံ၊ လယ်မြေတို့၌ ကြဲပက်ထားလျှင် အစိမ်းသရဲတို့ မလာနိုင်။ မကောင်းမှုမပြုနိုင်။ အတိုက်အခိုက်မပြုနိုင်။ ယုံကြည်စွာဖြင့် လိုသလို အသုံးပြုနိုင်ပါသည်။

**ကာရှစ်ချက်ဂါထာ**

*ဒေဝကာနိ နိကာဝဒေ၊*
*ဝါဟိကာသု သုကာဟိဝါ။*
*ကာကာယေဘ ဘယေကာကာ၊*
*နိသုဘယံ ယံဘသုနိ။ ။*

မပြတ်ရွတ်ဖတ် သရဇ္ဈာယ်သော်သူတစ်ထူး မကောင်းမကြံနိုင်။ ရှာသူ၊ သားရဲပြိတ္တာပူးကပ်သည်ထင်လျှင် ရေကိုရွတ်၍ မျက်စဉ်းခတ် ပျောက်၏။ ဆား၊ ကွမ်း၊ စားကောင်းသောအရာဝတ္ထုတစ်ခုခုကို ရွတ်၍စား။ သူတစ်ထူးကိုလည်းပေး။ ပျောက်၏။ ယုံကြည်စွာဖြင့် လိုသလို အသုံးပြုကြပါကုန်။

**ဣရှစ်ချက်ဂါထာ**

*ဣတိပိသော ဝိသေသေဣ၊*
*ဣသေသေ ဗုဒ္ဓနာမိဣ။*
*ဣမိနာ ဗုဒ္ဓတံသောဣ၊*
*ဣသောတံ ဗုဒ္ဓ နာမိဣ။ ။*

ခရီးသွားလျှင် ဤဂါထာဖြင့် ပန်းပွင့်ပန်းခက်တစ်ခုခုကို ရွတ်၍ ပန်ဆင်(ဆောင်) သွားလျှင် ဘေးရန်ခပ်သိမ်းကင်းငြိမ်း၏။ ခရီးသွားရာတွင် အလွန်အစွမ်းထက်သောဂါထာ ဖြစ်ပါသည်။

*ကျန်းမာချမ်းသာကြပါစေ*
ကိုရွှေမြသန်း(သမိုင်း)





www.burmeseclassic.com

www.burmeseclassic.com

ညီတော်အာနန္ဒာအရှင်မြတ်ကြီးသည် ငါးရာ့ငါးဆယ်၊ ကေကနိပါတ်၊ ကုလာဝတာဝဂ်၊ ကုလာဝကဇာတ်တော်၌ မာတလိနတ်သားအဖြစ်ဖြင့် ဘုရားအလောင်းတော် သိကြားမင်းအား အထောက်အကူပေးခဲ့ရပေသည်။

ထိုဇာတ်တော်၌ ဘုရားအလောင်းတော်သည် မဂဓတိုင်းအတွင်းက မစလမည်သောရွာ၌ ဖွားမြင်လာ၍ မာဃလုလင်ဟု အမည်တွင်ခဲ့၏။ ထိုရွာမှာပင် မာဃလုလင်နှင့် သက်တူရွယ်တူလုလင် (၃၃) ယောက်တို့လည်း ရှိကြ၏။ မာဃလုလင်နှင့်တကွ (၃၃) ယောက်သောရွာသားတို့သည် တစ်ရွာလုံးနှင့်ဆိုင်သောအမှုကိစ္စတို့ကိုပြုလုပ်ရန် အကြောင်းကိစ္စရှိလာသောအခါ ရွာအလယ်မှကွက်လပ်ကြီးထဲတွင် စည်းဝေးကြရ၏။

တစ်နေ့သ၌ မာဃလုလင်သည် မိမိအတွက် ထိုင်စရာတစ်နေရာကို အမှိုက်များ ရှင်းလင်း၍ မြေကို ညီညာအောင် ပြုပြင်၏။ ညီညာသောမြေပြင်ပေါ်သို့ သဲဖြူဖြူကလေးများခင်း၏။ သဲဖြူဖြူလေးများသယ်ဆောင်ရန် နောက်ဆုံးအခေါက်သွားနေဆဲတွင် အခြားသူတစ်ယောက်က နေချင့်စဖွယ်ပြုပြင်ထားသော ထိုနေရာတွင် ထိုင်နေသည်ကို တွေ့ရလေသည်။

အလောင်းတော် မာဃလုလင်သည် ထိုသူကို မည်သို့မျှ မပြောဆိုဘဲ နောက်တစ်နေရာကို ထပ်၍ပြုပြင်ပြန်၏။ ထိုနေရာမှာလည်း အခြားသူတစ်ယောက်ဝင်၍ ထိုင်လိုက်ပြန်၏။ ဤတွင် မာဃလုလင်သည် အခြားနေရာတို့ကို ဆက်၍ ပြုပြင်လာခဲ့ရာ ပြုပြင်ထားလေသမျှနေရာတို့ကို အခြားသူများက ဝင်၍ ထိုင်ကြပြန်လေသည်။

ဤတွင် မာဃလုလင်သည် မွေ့လျော်ဖွယ်ဖြစ်အောင် ပြုပြင်ထားသောနေရာတို့ လူအများလိုလိုလားလားရှိကြပုံကို သဘောပေါက်လာ၏။ ထို့ကြောင့် ထိုကွင်းပြင်တစ်ခုလုံးကို ရှင်းလင်းသုတ်သင်ပြီးလျှင် ထိုနေရာမှာ မဏ္ဍပ်ထိုးပေး၏။ မဏ္ဍပ် ဟူသည်မှာ မိုးလုံအောင် မကာကွယ်နိုင်သဖြင့် ခဏအကြာတွင် ပျက်စီး၏။ ပျက်စီးသွားသော အစအနများကို သယ်ပြီးလျှင် ထိုနေရာမှာ ဇရပ်တစ်ဆောင်ဆောက်၏။ အခန်းပြည့်ကြမ်းပျဉ်များခင်းပေး၏၊ ဇရပ်၏အစွန်းတစ်နေရာတွင် သောက်ရေအိုးများကိုလည်း တည်ပေးလေသည်။

ဤသို့ အလောင်းတော် မာဃ





www.burmeseclassic.com

www.burmeseclassic.com

လုလင်၏ ရွာသူရွာသားအများတကာတို့အတွက် ကောင်းကျိုးဆောင်လုပ်ငန်းများကိုရှုမြင်ကာ ရွာသား (၃၃) ယောက်တို့က စိတ်ပါဝင်စားလာကြ၏။ မာဃလုလင်နှင့်တကွ ရပ်ရွာအကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ရန် ပြောဆိုလာကြ၏။ ဤတွင် မာဃလုလင်နှင့်တကွသော အဖွဲ့သားများသည် လက်နက်ကြီးများ အပြည့်အစုံဖြင့် စောစောစီးစီး ရွာထဲက ထွက်လာခဲ့ကြ၏။ လမ်းပေါ်မှ လှည်းများ အသွားရခက်အောင် ထိုးထိုးထောင်ထောင်နှင့် တည်ရှိနေကြသော ကျောက်တုံးကြီးများကို ကပ်နှင့်ကော်၍ လွတ်ရာကျွတ်ရာပို့ပေးကြ၏။ မြေကြီးထဲ၌ တစ်ဝက်လောက်နစ်မြုပ်နေသော ကျောက်တုံးကြီးများကိုလည်း လူအားနှင့် တူးဖော်၍ ဖယ်ရှားကြ၏။ လမ်းတစ်လျှောက်၌ လှည်းဝင်ရိုးနှင့် မလွတ်တလွတ်ဖြစ်နေသောသစ်ပင်တို့ကို အမြစ်ပါမကျန်ရအောင်ခုတ်၍ ဖယ်ရှားကြ၏။ ချောင်းကူး၊ မြောင်းကူးနေရာများ၌ တံတားခင်းပေးကြ၏။ ခရီးတစ်ထောက်နားခိုနေကျနေရာများ၌ လေးထောင့်ကန် တူးဖော်ပေးကြ၏။ ခရီးသွားတို့ နားခိုစရာဇရပ်များ ဆောက်ပေးကြ၏။

ဤသို့ မာဃလုလင်၏ ဦးဆောင်မှုဖြင့် (၃၃) ယောက်သောအဖွဲ့သားတို့က ကျေးရွာအကျိုးပြုလုပ်ငန်းများကို လုပ်ကိုင်နေကြသဖြင့် ရွာသားများမှာ ယခင်ကကဲ့သို့ အသောက်အစား၊ အပျော်အပါးများကို မလိုက်စားဖြစ်ကြတော့ပေ။ ထို့အပြင် အခါအခွင့်သင့်တိုင်း မာဃလုလင်၏ ဆုံးမစကားတို့ကို ကြားနာကြရသဖြင့် ငါးပါးသီလဆောက်တည်ခြင်း၊ အလှူပေးခြင်းစသော ကုသိုလ်ကောင်းမှုတို့ကိုလည်း တပျော်တပါး ပြုလုပ်၍နေကြလေသည်။

မာဃလုလင်နှင့် အဖွဲ့သားတို့၏ ဤသို့သော ကြိုးစားမှုကို မစလရွာတစ်ရွာလုံးနီးပါးက သာဓုခေါ်ကြ၏။ အများနည်းတူ သာဓုမခေါ်နိုင်သောသူဟူ၍ မစလရွာစားနှင့် သူ၏မိသားစုသာ ရှိ၏။ မစလရွာစားမှာ မဂဓနိုင်ငံ၏ မြို့တော်ဖြစ်သော ရာဇဂြိုဟ်သို့ အရောက်အပေါက်ရှိသူ ဖြစ်၏။ သူ၏အမှုထမ်းပုံကို သဘောကျသဖြင့် ပြည့်ရှင်မင်းကိုယ်တိုင်က သူ့အား မစလရွာကို ဆုတော်လာဘ်တော်အဖြစ် အပိုင်စားပေးထားခဲ့၏။ ထို့ကြောင့် မစလရွာတစ်ရွာလုံးအပေါ်မှာ ဩဇာအရှိန်အဝါကြီးလှ၏။ အမှုအခင်းများပေါ်လာလေတိုင်း နှစ်ဖက်လုံးမှ လာဘ်ငွေများရသဖြင့် ဝင်ငွေကောင်းခဲ့၏။

ယခုတော့ မာဃလုလင်၏ ဦးဆောင်မှုဖြင့် ရွာကလူတွေ ရပ်ရွာအကျိုးဆောင်အလုပ်နှင့်သာ အချိန်ကုန်နေတော့သဖြင့် အမှုအခင်းများ မဖြစ်ကြတော့ချေ။ အမှုအခင်းမဖြစ်သဖြင့် ရွာ

ချက်ကို ချက်ချင်း လက်ခံပြီးလျှင် -

"ထကြွသောင်းကျန်းသူများကို လက်ရဖမ်းဆီး၍ ရွှေတော်မှောက် အရောက်ခေါ်ခဲ့စေ"

ဟု အမိန့်ချလိုက်ပါတော့သည်။

ထိုအမိန့်တော်အရ မစလရွာစားသည် မာဃလုလင်နှင့်တကွ အဖွဲ့သားအားလုံးကို လက်ပြန်ကြိုးတုပ်ခေါ်ဆောင်၍ နန်းရင်ပြင်သို့ ပို့ဆောင်၏။

ပြည့်ရှင်မင်းသည် ရွာစားလျှောက်လာစဉ်တုန်းကပင် မဆင်မခြင် လက်ခံလာခဲ့သည့်အတိုင်း ရွာသားများရောက်လာကြတော့လည်း ရွာစားလျှောက်တင်သည့်အတိုင်း ထကြွသောင်းကျန်းသူများသာဖြစ်မည်ဟု တထစ်ချ ယုံကြည်၏။ ထို့ကြောင့် နန်းရင်ပြင်မှာ လက်ပြန်ကြိုးကိုယ်စီဖြင့် ငုတ်တုတ်ထိုင်နေကြရသော ရွာသားများကို တစ်ယောက်မကျန် ဆင်နှင့်နင်းသတ်စေဟု အမိန့်ပေးလိုက်ပါတော့သည်။

မင်းချင်းတို့သည် ရွာသားများကို နင်းသတ်ရန် ဆင်ကြီးတစ်ကောင်ကို ယူလာခဲ့ကြ၏။ မာဃလုလင်နှင့် အဖွဲ့သားများမှာ နန်းရင်ပြင်၌ တုံးလုံးလှဲ၍ အသင့်ပြင်ထားကြရ၏။ ထိုအခိုက်မှာပင် အလောင်းတော် မာဃလုလင်က မိမိအဖွဲ့သားများအား ဆုံးမစကားပြောကြားပေသည်။

"မိတ်ဆွေတို့၊ ငါတို့အတွက် သေ

ဉာဏ်တော်အာနုဘော်ပါရမီဇာတ်လမ်းများ

# ဝတ္ထုသိရ

## မစလရွာမှ တာဝတိံသာသို့



စားအတွက် ငွေဝင်လမ်းမဖြောင့်တော့ပေ။

ဤတွင် ရွာစားသည် ရာဇဂြိုဟ်နန်းတော်သို့ ဝင်ရောက်ကာ ပြည့်ရှင်မင်းထံမှောက်၌ ရွာမှ ထကြွသောင်းကျန်းသူတွေ ပေါ်နေပါပြီဟု တင်လျှောက်၏။ ပြည့်ရှင်မင်းကလည်း သူလျှောက်တင်

မင်းရောက်လာပြီ။ ဒီအချိန်မှာ မိတ်ဆွေတို့စိတ်ကို ဘယ်မှမရောက်စေနဲ့။ မိမိတို့ပြုလာခဲ့ကြတဲ့ ကုသိုလ်ကောင်းမှုတွေကို ဆင်ခြင်ပြီးနေကြပါ။ အားလုံးအပေါ်မှာ မေတ္တာပွားကြပါ။ ငါတို့ကို သေဒဏ်အောင်ကုန်းတိုက်တဲ့ ရွာစားကို မကျေမချမ်းမဖြစ်ကြနဲ့။ ရွာစားကုန်းတိုက်တာကို ယုံစားတဲ့ ပြည့်ရှင်မင်းကိုလည်း မဖြစ်မှားကြနဲ့။ နောက်ပြီးတော့ ငါတို့ကို နင်းသတ်ဖို့လာနေတဲ့ ဆင်ကြီးကိုလည်း မမုန်းကြနဲ့။ သူတို့သုံးဦးလုံးကို မိမိကိုယ်နဲ့ထပ်တူထားပြီး မေတ္တာပွားနေကြပါ"

ဆုံးမသွန်သင်သည့်အတိုင်း အဖွဲ့



www.burmeseclassic.com

www.burmeseclassic.com

သားများကလည်း တစ်သဝေမတိမ်း လိုက်နာကြလေသည်။

ဤသို့ဖြင့် သူတို့ကို နင်းသတ်ရန် ခေါ်လာခဲ့သော ဆင်ကြီးသည် သူတို့အနားသို့ရောက်လာသည်နှင့် ထိတ်လန့်တကြားအော်၍ထွက်ပြေးပါတော့သည်။

ပထမဆင်တစ်ကောင်ထွက်ပြေးသည်တွင် နောက်ထပ်ဆင်တစ်ကောင် ရောက်လာပြန်၏။ နောက်ထပ်၊ နောက်ထပ်ခေါ်လာသမျှ ဆင်ကြီးများလည်း ရှေ့ဆင်များနည်းတူသာ ထွက်ပြေးကြရပါပေသည်။

ဤတွင် ပြည့်ရှင်မင်းက -

"မင်းချင်းတို့၊ ဒီလိုဖြစ်ရတာ တစ်ခုခုတော့ ထူးခြားနေပြီ။ သူတို့ကိုယ်ပေါ်မှာ အဆောင်ဆေးတစ်ခုခုများရှိနေလို့လား။ ရှာကြည့်ကြစမ်း"

မင်းချင်းများကလည်း တစ်ယောက်မကျန် စေ့စေ့စပ်စပ် ရှာဖွေကြပါ၏။ သို့ရာတွင် ဘယ်သူ့မှာမှ မတွေ့ရသဖြင့်-

"မင်းချင်းတို့၊ ဒီလိုဆိုရင် သူတို့ကို မေးကြည့်ကြစမ်း။ သူတို့မှာအစွမ်းထက်တဲ့ မန္တန်တစ်ခုခုရှိနေမလား"

ဟု အမိန့်ပေးပြန်၏။

အမိန့်အရ မင်းချင်းများက ခေါင်းဆောင်ဖြစ်သူ မာဃလုလင်အား မေးမြန်းကြလေရာ မာဃလုလင်က -

"ရှိပါတယ်"

ဟု အဖြေပေးလိုက်လေသည်။

လူ့အသက်ကို အသက်မမှတ် ရက်ရက်စက်စက် တက်နင်းသတ်ဖြတ်ခဲ့ဖူးသော ဆင်ကြီးများကိုယ်တိုင်က ကြောက်လန့်တကြား ထွက်ပြေးသွားခဲ့ကြရသဖြင့် ပြည့်ရှင်မင်းသည် ထိုမန္တန်ကို အလွန်တရာ စိတ်ဝင်စားလာ၏။ ထို့ကြောင့် မာဃလုလင်နှင့်အဖွဲ့သားများကို လက်ပြန်ကြိုးများဖြေစေ၍ ရှေ့တော်သို့ ခေါ်ယူ၍ ကိုယ်တိုင်မေးမြန်း၏။

ဤတွင် မာဃလုလင်က-

"အရှင်မင်းမြတ်၊ ကျွန်တော်မျိုးဆီမှာရှိတဲ့မန္တန်က အခြားမဟုတ်ပါဘူး။ ကျွန်တော်မျိုးတို့ရဲ့ ကုသိုလ်ကောင်းမှုများသာ ဖြစ်ပါတယ်။ ရပ်ရွာကောင်းကျိုးသယ်ပိုးခဲ့ကြတာသာ ဖြစ်ပါတယ်"

ဤသို့ အစချီပြီးလျှင် မိမိတို့နှင့် ရွာစားတို့ကြား ဖြစ်ပွားသည့်အကြောင်းစုံကို လျှောက်တင်လိုက်လေသည်။

ဤတွင်မှ ပြည့်ရှင်မင်းသည် အဖြစ်မှန်ကို သိမြင်လာ၍ မာဃလုလင်နှင့် အဖွဲ့သားများကို အပြစ်ဒဏ်မပေးတော့ဘဲ ကုန်းတိုက်သူ ရွာစားနှင့်တကွ သူပိုင်ဆိုင်သည့် စည်းစိမ်ဥစ္စာများကို မာဃလုလင်တို့အဖွဲ့၏ ကျေးကျွန်အဖြစ် ပေးအပ်လိုက်၏။ နင်းသတ်ရန် ပထမဆုံးခေါ်လာခဲ့သည့်ဆင်ကြီးကိုပါ ပေးအပ်လိုက်၏။

ထို့နောက်တွင်ကား မာဃလုလင်နှင့်အဖွဲ့သားများသည် ရပ်ရွာအကျိုးပြုလုပ်ငန်းများကို အနှောင့်အယှက်မရှိတော့ဘဲ ဆတက်ထမ်းပိုးတိုး၍ လုပ်နိုင်လာကြ၏။ သူတို့သည် လမ်းလေးခွအဆုံမြေနေရာ၌ ဇရပ်ကြီးတစ်ဆောင်ဆောက်ရန် လက်သမားများကို ငှားကြ၏။ လိုအပ်သမျှ ဆောက်လုပ်ရေးပစ္စည်းများကို စုဆောင်းကြ၏။

ထိုစဉ်တုန်းက အနောက်မဇ္ဈိမဒေသ၏ အစဉ်အလာအရိုးစွဲလာခဲ့သော အယူအဆများအရ ယောက်ျားများသည် မိန်းမများကို မိမိတို့နှင့်တန်းတူ သဘောမထားကြပေ။ သို့ဖြစ်၍ အမိကရ ဇရပ်ကြီးတစ်ဆောင်ဆောက်လုပ်ရန် ကုသိုလ်ကောင်းမှုပြုကြရာတွင် မိန်းမများကို ကုသိုလ်ပါဝင်ခွင့်မပြုခဲ့ကြပေ။

ထိုအချိန်၌ မာဃလုလင်၏အိမ်၌ မယားလေးယောက်ရှိကြရာ သူတို့အမည်မှာ သုဓမ္မာ၊ သုစိတ္တာ၊ သုနန္ဒာနှင့် သုဇာတာတို့ ဖြစ်ကြ၏။ သုဓမ္မာသည် ထိုကုသိုလ်ကောင်းမှု၌ မိမိတို့မိန်းမသားများ ပါဝင်ခွင့်ရနိုင်ရေးကို တွေးတောကြံစည်ပြီးလျှင် လက်သမားခေါင်းဆောင်ကြီးထံ ချဉ်းကပ်၍ မိမိ၏အကြံအစည်ကို ပြောပြ၏။ လက်သမားဆရာကြီးကလည်း လက်ခံလိုက်၏။

သို့ဖြင့် ဇရပ်ကြီးအတွက် တိုင်များထူ၍ ပတ်ပတ်လည် ထုပ်တန်း၊ လျှောက်များတင်ပြီးသောအခါ ထုပိကာတင်ရတော့မည် ဖြစ်၏။ လူအများနှင့်ပတ်သက်သော အဆောက်အအုံများ၌ နံဘေးပတ်လည်မှာသာ တိုင်ထူထားကြ၍ အလယ်၌ ကွက်လပ်ထားကြရ၏။ ထုပ်၊ လျှောက်တို့ဖြင့် ငြိမ်နေအောင် ထိန်းချုပ်ထားပြီးသော ပတ်ပတ်လည်တိုင်များထိပ်တွင် ရနယ်ချောင်းများတင်ကြရ၏။ တိုင်တစ်ခုချင်းဆီက ရနယ်ချောင်းများသည် အလယ်ဗဟိုသို့ စု၍မော်၍ ထုပိကာက ထိန်းပေးထားသကဲ့သို့ပင် ရနယ်ချောင်းတို့ကလည်း ထုပိကာကို အမြင့်ဟင်းလင်းပြင်မှာ သည်အတိုင်း တည်နေရန် ထောက်ကန်ပေးထားကြရပေသည်။

ယခုအခါ ဆောက်လုပ်ရေးအစီအစဉ်အရ ထုပိကာတင်ကြရပေတော့မည်။ ထုပိကာတင်ရတော့မည်ဆိုပါမှ ထုပိကာက မရှိသေးချေ။ မာဃလုလင်တို့တတော့ သည်အတွက် စိတ်ပျက်မသွားကြပါ။

"ထုပိကာမရှိသေးလျှင် ယခုချက်ချင်းရှိအောင်လုပ်ကြတာပေါ့"

ဟု ပြောကြ၏။

ဤတွင် လက်သမားဆရာကြီးက-

"အဆွေတို့၊ ထုပိကာဆိုတာမျိုးက အသားစိမ်းကို အခုချက်ချင်းလုပ်ပြီးတပ်ရတာမဟုတ်ဘူး။ စောစောကလုပ်ထားပြီး အသားခြောက်အောင်ထားပြီးတော့မှ သုံးရတာပါ"

ဟု ဆိုသဖြင့် -

"ဒါဖြင့် တို့ရွာထဲမှာအိမ်ပေါက်စေ့ ရှာကြည့်ကြတာပေါ့"

ဟု ဆိုကြ၏။

ဤသို့ဖြင့် မစလရွာတစ်ရွာလုံး အိမ်ပေါက်စေ့ရှာဖွေလာကြရာ သုဓမ္မာ၏အိပ်ခန်းထဲမှာ တွေ့ကြရ၏။

တကယ်တော့ဖြင့် ဤထုပိကာမှာ လက်သမားဆရာကြီးက သုဓမ္မာအတွက် လျှို့ဝှက်စွာလုပ်ပေးထားခဲ့သော ပစ္စည်းဖြစ်၏။ ဇရပ်ကြီးအတွက် မရှိမဖြစ်လိုအပ်နေသော ထုပိကာကို တွေ့ရပြီဖြစ်၍ ရွာသားများက ထိုထုပိကာကိုကြိုက်ဈေးနှင့် ရောင်းပါဟု ဆိုကြ၏။

သုဓမ္မာက သူတို့စကားကို လက်မခံဘဲ -

"မောင်ကြီးတို့၊ ဒီထုပိကာကိုဘယ်လောက်ပေးပေးမရောင်းနိုင်ပါ။ မောင်ကြီးတို့ပြုလုပ်နေကြတဲ့အထဲမှာ ကုသိုလ်ပါဝင်ခွင့်ရမှ ပေးနိုင်ပါမယ်"

ဟု ဆိုသဖြင့် -

"ခက်တာပါပဲကွာ။ ငါတို့က ငါတို့အလုပ်ထဲမှာ မိန်းမတွေ ပါလာတာကို လုံးဝမကြိုက်ဘူး။ ငါတို့ဘာသာလုပ်ချင်တာ။ အခုတော့ သူကပါပါချင်နေတော့ ခက်တာပေါ့ကွာ"

ဟု ရွာသားများ ညည်းညူကြရ၏။

ဤတွင် လက်သမားကြီးက ဝင်ရောက်လာ၍ -

"ကိုယ့်လူတို့၊ ကိုယ်လူတို့က မိန်းမများနဲ့ ကင်းပြီး ကုသိုလ်လုပ်ချင်နေကြတယ်။ ဒီကမ္ဘာကြီးပေါ်မှာ မိန်းမနဲ့ကင်းတဲ့နေရာလို့များရှိသေးလို့လား။ ဟိုးဟိုအထက်ဗြဟ္မာ့ဘုံကလွဲပြီးတော့ ဘယ်မှာမှ မရှိနိုင်ဘူး။ ဒီတော့ ဒီအဆောက်အအုံကို အချိန်မီပြီးနိုင်ဖို့ကတော့ ဒီထုပိကာကို ရမှဖြစ်မယ်"

ဤသို့ ရှင်းပြလိုက်သဖြင့် ဇရပ်ကြီးတစ်ဆောင် အောင်မြင်စွာ ပေါ်



www.burmeseclassic.com

www.burmeseclassic.com

ပေါက်လာ၏။ ဇရပ်ကြီးပြီးစီးသွားသောအခါ မာဃလုလင်နှင့် အဖွဲ့သားတို့က ထိုဝင်းမြေတစ်ခုလုံးကို အုတ်တံတိုင်းခတ်ကြ၏။ တံတိုင်းအပြင်ဘက် ပတ်ပတ်လည်တွင် ထန်းပင်များစိုက်ကြ၏။ ဇရပ်ကြီးပေါ် သို့ အရပ်လေးမျက်နှာမှ ရောက်လာကြသော ခရီးသွားများဖို့ သောက်ရေ သုံးရေများနှင့်တကွ အစားအစာများပါ ပြည့်စုံအောင် ထားပေးကြလေသည်။

ဤတွင် မာဃလုလင်၏ မယားတစ်ယောက်ဖြစ်သော သုစိတ္တာသည် ဇရပ်ဝင်းကြီးထဲတွင် ဥယျာဉ်တစ်ခုစိုက်ပျိုးလေ၏။ ထိုဥယျာဉ်၌ သီးပင်စားပင် ပန်းမန်မှုစ၍ မျိုးမည်စုံအောင် စိုက်ပျိုးထား၏။ မယားတစ်ယောက်ဖြစ်သော သုနန္ဒာကလည်း ထိုမြေထဲတွင် လေးထောင့်ကန်ကြီးတူးဖော်စေ၏။ ကန်ရေထဲတွင် ကြာမျိုးငါးပါးတို့ကို ထာဝစဉ်ဖူးပွင့်ဝေဆာနေစေရန် စိုက်ပျိုးထား၏။ လေးယောက်မြောက်မယား ဖြစ်သော သုဇာတာကမူကား မည်သည့်ကုသိုလ်ကောင်းမှုကိုမျှ မပြုခဲ့ပါချေ။ မိမိ၏ အိမ်ထောင်ဦးစီးက ကုသိုလ်ကောင်းမှုပြုထိုက်လျှင် မိမိအတွက်လည်း ပါသွားပြီဟု ယူဆထား၍ ဖြစ်ပေသည်။

ဤသို့ မာဃလုလင်သည် ရပ်ရွာအကျိုးပြုလုပ်ငန်းများ၌ နှစ်ပေါင်းများစွာ ဦးဆောင်ဦးရွက်ပြုလာခဲ့ရာ ဦးစီးဦးဆောင်တို့၏ ဂုဏ်အင်္ဂါခုနစ်ပါးတို့နှင့် ပြည့်စုံလာ၏။

ထိုဂုဏ်အင်္ဂါခုနစ်ပါးတို့မှာ -

၁။ မိခင်အား ပြုစုလုပ်ကျွေးခြင်း၊
၂။ ဖခင်အား ပြုစုလုပ်ကျွေးခြင်း၊
၃။ ဆွေကြီးမျိုးကြီးများကို အရိုအသေပေးခြင်း၊
၄။ မှန်သောစကားကို ပြောကြားခြင်း၊
၅။ ကြမ်းတမ်းသောစကားကို မပြောခြင်း၊
၆။ ကုန်းတိုက်စကားမပြောခြင်း၊
၇။ မနာလိုဝန်တိုစိတ်မရှိခြင်းတို့ ဖြစ်ကြသည်။

ထိုကဲ့သို့သော ဂုဏ်အင်္ဂါခုနစ်ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ မာဃလုလင်သည် ထိုဘဝမှ ကွယ်လွန်သောအခါ တာဝတိံသာနတ်ပြည်သို့ ရောက်၏။ အဖွဲ့သားများအားလုံးလည်း အတူပါလာကြ၏။ ဦးစီးခေါင်းဆောင်ဦးမာဃနှင့်အတူ (၃၃)ယောက်သော အဖွဲ့သားများနေရာဖြစ်၍ ထိုနတ်ပြည်ကို တေတ္တိံသဟု ခေါ်ကြရာမှ တာဝတိံသာဟု ရွေ့လျောလာပေသည်။

တာဝတိံသာနတ်ပြည်သို့ ရောက်လာသောအခါ ဦးမာဃသည် သိကြားမင်းဟု အမည်တွင်လာ၏။ သို့ရာတွင် သိကြားမင်းမှာ တာဝတိံသာနတ်ပြည်တစ်ခုလုံးကို မပိုင်စိုးပါ။ သူတို့အလျင်ရောက်နေခဲ့ကြသော အသူရာများက ကြီးစိုးနေကြ၏။

ဤတွင် သိကြားမင်းက နတ်ပြည်တစ်ခုထဲမှာ နတ်နှစ်မျိုးမနေချင်၊ သင်းတို့ကို အပြတ်ရှင်းပစ်မှဖြစ်မည်ဟု သဘောပေါက်လာ၏။ ထို့ကြောင့် တာဝတိံသာနတ်ပြည်မှာ ရနိုင်သော အရက်သေစာတို့ကို အသူရာတို့အား တိုက်ကျွေးကြရ၏။ အသူရာများအရက်သေစာမူးယစ်၍ တုံးလုံးပက်လက်ဖြစ်ကုန်ကြသောအခါ တာဝတိံသာနတ်များက သူတို့ခြေနှစ်ချောင်းကိုဆွဲ၍ မြင်းမိုရ်တောင်ပေါ်မှ ပစ်ချလိုက်ကြလေသည်။

မြင်းမိုရ်တောင်ထိပ်မှ ဇောက်ထိုးမိုးမျှော်ကျခဲ့ကြသော အသူရာတို့သည် မြင်းမိုရ်တောင်ခြေသို့ ရောက်လာကြ၏။ မြင်းမိုရ်တောင်ကြီး၏ အောက်ခြေက လိုဏ်ခေါင်းကြီးသည် တောင်ထိပ်မှာရှိနေသောတာဝတိံသာနတ်ပြည်လောက်ပင် ကျယ်ဝန်း၏။ ပတ်ဝန်းကျင်မြင်ကွင်းများမှာ တာဝတိံသာနတ်ပြည်နှင့်အလားတူနေ၏။

ထို့ကြောင့် အသူရာတို့သည် မိမိတို့၏ အရပ်မှာသာရှိနေသည်ဟု ယူဆ၍ နေမြဲတိုင်းနေဂဟခဲ့ကြရာ တစ်လသောအခါတွင် အသူရာဘုံ၏ အချက်အချာမှာရှိသော သခွတ်ပင်မှ အပွင့်များပွင့်လာကြ၏။ ဤတွင်မှ အသူရာတို့သည် မိမိတို့၏အဖြစ်မှန်ကို သဘောပေါက်လာကြ၍ -

"အချင်းတို့၊ ငါတို့နတ်ဘုံမှာအရင်တုန်းက ပင်လယ်ကသစ်ပင်သာပွင့်နေကျပါ။ အခုတော့ ငါတို့ဆီမှာသခွတ်ပန်းတွေပွင့်နေပါပေါ့လား။ ဧကန္တ - သိကြားမင်းတို့အဖွဲ့က ငါတို့ကိုတွန်းချလိုက်တာဖြစ်တယ်။ ဒီတော့ ငါတို့က ငြိမ်ခံမနေနိုင်ဘူး။ လာကြ၊ အားလုံးကုန်စစ်ချီကြ၊ ငါတို့ မြင်းမိုရ်တောင်ထိပ်က ငါတို့နတ်ဘုံကို ပြန်ပြီးတိုက်ယူကြမယ်"

ဤသို့ စစ်ကြေညာပြီးလျှင် အသူရာတွေအားလုံးက မြင်းမိုရ်တောင်ကြီးကို တွယ်၍တက်လာကြ၏။ အဝေးကကြည့်နိုင်စွမ်းမည်ဆိုပါက တိုင်ကြီးတစ်လုံးမှာ ခြကောင်တွေ တွယ်တက်နေကြသကဲ့သို့ မြင်ရမည် ဖြစ်၏။

ဤတွင် သိကြားမင်းသည် အသူရာတွေ ရောက်မလာခင်က ကြိုတင်ပြီးတိုက်မှဖြစ်မည်ဟုဆို၍ ဝေဇယန္တာရထားစီး၍ စစ်ထွက်လာခဲ့၏။ ညီတော်အာနန္ဒာအလောင်းလျာသည် မာတလိနတ်သားအဖြစ်ဖြင့် ထိုရထားကို မောင်းနှင်ရ၏။ မြင်းမိုရ်တောင်၏ တောင်ဘက်မျက်နှာဝက သမုဒ္ဒရာရေပြင်ထက်တွင် စစ်တပ်ကြီးနှစ်တပ် ထိပ်တိုက်တိုးမိကြ၏။ သိကြားမင်းနှင့် အသူရာတို့သည် အကြိတ်အနယ် ယှဉ်ပြိုင်တိုက်ခိုက်ကြရာ သိကြားမင်းသည် စစ်ရှုံး၍ အလွတ်ထွက်ပြေးလာခဲ့ရ၏။

တောင်သမုဒ္ဒရာ ရေပြင်ပေါ်၌ သက်စွန့်ဆံဖျား ထွက်ပြေးလာခဲ့ရစဉ် ဝေဇယန္တာရထားသည် သမုဒ္ဒရာ၏ အလယ်ရှိ ကျွန်းပေါ်က လက်ပံပင်များကိုတိုက်မိ၏။ ဂဠုန်ငှက်တို့သည် အလွန်တရာမြင့်မားသော လက်ပံပင်ဖျား၌ နေထိုင်ကျက်စားကြလေရာ စစ်ရထားအလာကို မရှောင်နိုင်မတိမ်းနိုင်သော ဂဠုန်ငှက်ငယ်ကလေးများမှာ အသိုက်မှ လွင့်စဉ်၍ ရေထဲသို့ကျကာ ထိတ်လန့်တကြားအော်ကြရ၏။

ဤတွင် သိကြားမင်းက -

"အချင်း မာတလိ၊ ရထားကို နောက်ပြန်လှည့်ပါတော့။ ငါတို့ကို အသူရာတွေဖမ်းမိပြီး သတ်ချင်သတ်ကြပါစေ။ ငါတို့ရဲ့အသက်ကို အကြောင်းပြုပြီးတော့ လက်ပံပင်အသိုက်ထဲက ဂဠုန်ငှက်ကလေးတွေ အသိုက်ပျက်ပြီး မသေရှာကြပါစေနဲ့"

ဤသို့ အမိန့်ပေးသဖြင့် မာတလိနတ်သားကလည်း ဝေဇယန္တာရထားကြီးကို နောက်ပြန်လှည့်ပေးလိုက်၏။ ဤတွင် နောက်က တစ်ခဲနက်ကြော်သံပေး၍ တရကြမ်းလိုက်လာခဲ့ကြသော အသူရာတပ်ကြီး တွဲ့ခနဲရပ်တန့်သွား၏။

'ဧကန္တ - သူတို့ဘက်က နတ်စစ်ကူတွေရောက်လာကြလို့ဖြစ်မယ်'

ဤသို့ တွေးတောကာ ထိုနေရာမှ ပြန်ဆုတ်သွားကြလေသည်။

ဤသို့အားဖြင့် သိကြားမင်းသည် မိမိအသက်ကို အကြောင်းပြု၍ သူတစ်ပါးအသက်သေအောင်မပြုပြီ ဟူသော စွန့်လွှတ်စွန့်စားသော စိတ်ဓာတ်ဖြင့် အသူရာတို့၏ရန်မှ လွတ်မြောက်ကာ တာဝတိံသာနတ်ပြည်သို့ ပြန်လာခဲ့၏။

နတ်ပြည်သို့ စစ်ရထားကြီးဆိုက်လာသည်နှင့်တစ်ပြိုင်နက် ယူဇနာတစ်ထောင်မြင့်သော ရွှေနန်းပြာသာဒ်ဆောင်ကြီး မြေပြင်မှထွင်းဖောက်၍ပေါ်ထွက်လာ၏။ အသူရာတို့၏ ရန်ကို



www.burmeseclassic.com

www.burmeseclassic.com

အောင်မြင်သည့်အဆုံး၌ ပေါ်ထွက်လာသဖြင့် ထိုရွှေနန်းပြာသာဒ်ဆောင်ကြီးကို ဝေဇယန္တာဗိမာန်ဟု ခေါ်ဝေါ်ကြရလေသည်။

ထို့နောက် မကြာမီမှာပင် လူ့ဘဝတုန်းက မယားဖြစ်ခဲ့သော သုဓမ္မာသည် ကွယ်လွန်ခဲ့၍ သိကြားမင်း၏ မိဖုရားတစ်ပါးဖြစ်လာ၏။ လူ့ဘဝတုန်းက ဇရပ်ကြီးအတွက် ထုပိကာလှူခဲ့ဖူးသော ကုသိုလ်ကံကြောင့် ယူဇနာငါးရာမြင့်၍ သုဓမ္မာမည်သော ဗိမာန်ပေါ်ပေါက်လာရ၏။ သိကြားမင်းသည် ထိုဗိမာန်ထဲက ရွှေပလ္လင်မှာထိုင်လျက် ထီးဖြူအုပ်မိုးလျက် နတ်သမီး၊ နတ်သားအပေါင်းအတွက် ပြုဖွယ်ကိစ္စအဝဝတို့ကို စီမံခန့်ခွဲရပေသည်။

မကြာမီမှာပင် လူ့ဘဝတုန်းက မယားတစ်ယောက်ဖြစ်ခဲ့သော သုစိတ္တာသည်လည်း ဘဝကူးပြောင်း၍ သိကြားမင်းထံ ရောက်လာပြန်၏။ လူ့ဘဝမှာတုန်းက သုစိတ္တာပြုလုပ်ခဲ့သော ကုသိုလ်ကံအားလျော်စွာ စိတ္တလတာမည်သော ဥယျာဉ်တော်ကြီး ပေါ်ပေါက်လာခဲ့ပေသည်။

ထို့အတူပင် လူ့ဘဝတုန်းက မယားတစ်ယောက်ဖြစ်ခဲ့သော သုနန္ဒာသည်လည်း ယခုဘဝတွင် သိကြားမင်း၏ နတ်မိဖုရားတစ်ပါး ဖြစ်လာ၏။ လူ့ဘဝတုန်းက ပြုလုပ်ခဲ့သော ကုသိုလ်ကံအစွမ်းအားဖြင့် နန္ဒာမည်သော လေးထောင့်ကန်ကြီး ပေါ်ပေါက်လာပေသည်။

ယခင်ဘဝက ရေစက်ဟောင်းရှိခဲ့သော အမျိုးသမီးသုံးယောက်တို့ တာဝတိံသာနတ်ပြည်သို့ ရောက်လာခဲ့ကြပြီဖြစ်သော်ငြားလည်း သုဇာတာကတော့ မပါလာသေးချေ။ ဤတွင် သိကြားမင်းသည် လူတို့၏အမြင်စွမ်းအား အဆပေါင်းတစ်ထောင်ရှိသော နတ်မျက်စိဖြင့် လူ့ပြည်သို့လှမ်း၍ကြည့်လိုက်ရာ ချောင်းကမ်းပါးတစ်နေရာ၌ ဗျိုင်းမတစ်ကောင်ဖြစ်နေသည်ကို တွေ့လိုက်ရ၏။ ဤတွင် သိကြားမင်းသည် ထိုဗျိုင်းမရှိရာသွားရောက်၍ တာဝတိံသာနတ်ပြည်သို့ ခေါ်လာခဲ့၏။ နတ်ဗိမာန်များနှင့်တကွ မိမိနှင့်တစ်အိမ်တည်း အတူနေခဲ့ဖူးသော နတ်မိဖုရားတို့၏ စည်းစိမ်ချမ်းသာတို့ကိုပြပြီးမှ -

"သုဇာတာ၊ သူတို့သုံးယောက်ကတော့ ငါတို့ပြုလုပ်တဲ့ ကုသိုလ်ကောင်းမှုထဲမှာ ပါဝင်ခဲ့ကြတယ်။ ဒါကြောင့်လည်း နတ်တို့ရဲ့စည်းစိမ်ချမ်းသာကို ငါနဲ့အတူ နတ်စည်းစိမ်ကို ခံစားကြရတယ်။ သင်ကတော့ လင်ကပြုရင် မယားရတယ်ဆိုပြီး ဘာကုသိုလ်ကောင်းမှုမှ မပြုခဲ့ဘူး။ ဒါကြောင့် ငါး၊ ဖားရှာစားတဲ့ ဗျိုင်းမဖြစ်နေရတယ်။ ဒါကြောင့် သူတို့နည်းတူ ငါတို့ဆီ မြန်မြန်ရောက်လာနိုင်အောင် ငါးပါးသီလကို စောင့်ထိန်းပါတော့"

ဤသို့ပြောပြီးလျှင် သုဇာတာဗျိုင်းမကို သူနေရာသို့ ပြန်ပို့ပေးလိုက်လေသည်။

နှစ်ရက်လောက်ကြာသောအခါ သိကြားမင်းသည် သုဇာတာ၏ သီလဆောက်တည်မှုကို စမ်းသပ်လိုသဖြင့် လူ့ပြည်သို့ ဆင်းလာရပြန်၏။ မိမိကိုယ်ကို ငါးကလေးတစ်ကောင်အသွင် ဖန်ဆင်းပြီးလျှင် စီးဆင်းနေသော ချောင်းရေနှင့်အတူ သုဇာတာဗျိုင်းမရှေ့သို့ အရောက်လာခဲ့၏။ ရေစီးကြောင်းမှာ မျောပါလာသော ငါးလေးမှာ ပက်လက်ဖြစ်နေ၍ သုဇာတာဗျိုင်းမက ငါးအသေကလေးဟု နှုတ်သီးနှင့် ကောက်ယူလိုက်၏။ နှုတ်သီးထဲရောက်လာကာမှ ငါးကလေးက အမြီးလှုပ်ပြလိုက်သဖြင့် သုဇာတာဗျိုင်းမက အသာအယာပြန်ချပေးလိုက်ရလေသည်။

ဤတွင် သိကြားမင်းသည် ကိုယ်ထင်ပြကာ သုဇာတာဗျိုင်းမ၏ သီလလုံခြုံမှုကို အားပေးချီးမြှောက်စကားပြောကြား၍ ပြန်လာခဲ့၏။

သုဇာတာဗျိုင်းမသည် ငါးအသေကောင်ရှာဖွေစားရသည်က ခက်ခဲလှသဖြင့် မကြာမီမှာပင် သေဆုံးပြီးလျှင် ကာသိတိုင်း ဗာရာဏသီမြို့တော်၌ အိုးထိန်းသည်တစ်ယောက်၏သမီး ဖြစ်လာ၏။ ထိုသမီးကလေး အရွယ်ရောက်လာသောအခါ ဗာရာဏသီမြို့တွင်းသို့ မျက်နှာစိမ်းအဘိုးအိုတစ်ယောက် လှည်းတစ်စီးကိုမောင်း၍ ဝင်ရောက်လာ၏။ လှည်းပေါ်၌ သခွားသီးသဏ္ဍာန်ရွှေတုံးကြီး များပါလာ၏။

မြို့သူမြို့သားတို့က -

"ဘိုးဘိုး၊ ရွှေသခွားသီးကြီးတွေက ရောင်းဖို့လား"

ဟု မေးကြရာ အဘိုးအိုက -

"အေး - ဟုတ်တယ်ကွယ့်"

"ဒါဖြင့် တစ်လုံးကို ငွေဘယ်လောက်ပေးရမှာလဲ ဘိုးဘိုး"

"ငါ့မြေးတို့ရဲ့၊ အဘိုးက ဒါတွေကို ငွေနဲ့မရောင်းဘူးကွယ့်။ ငါးပါးသီလနဲ့မှ ရောင်းနိုင်မယ်။ ငါ့မြေးတို့ ငါးပါးသီလ ဆောက်တည်ကြရဲ့လား"

"ငါးပါးသီလဆိုတာ ကြားတောင်မကြားဖူးပါဘူး ဘိုးဘိုးရယ်"

ဤသို့ လမ်းတစ်လျှောက်လုံးက မေးမြန်းကြသဖြင့် အဘိုးအိုသည် လှည်းကို ဆက်၍ မောင်းလာခဲ့ရာ အိုးထိန်းသည်အိမ်ရှေ့သို့ ရောက်လာ၏။ ထိုအိမ်ရောက်ကာမှ ငါးပါးသီလစောင့်ထိန်းသူကို တွေ့ရသဖြင့် လှည်းနှင့်တကွသော ရွှေသခွားသီးတို့ကို ထားပစ်ခဲ့လေသည်။

သုဇာတာဖြစ်လေရာသို့ လိုက်ပါစောင့်ရှောက်လာခဲ့သော သိကြားမင်းသည် အချိန်တော်တော်ကြာပြီးမှ သုဇာတာ၏ လားရာဂတိကို ကြည့်ရှုလေရာ ဝေပစိတ္တိအမည်ရှိသော အသူရာမင်း၏ သမီးပျိုဖြစ်နေသည်ကို တွေ့လာရလေသည်။

သုဇာတာနတ်သမီးကလေးသည် ငါးပါးသီလ ဆောက်တည်လာခဲ့သော ကုသိုလ်စွမ်းအားကြောင့် အသူရာပြည်တစ်ပြည်လုံးတွင် အချောဆုံးသမီးပျိုကလေးဖြစ်လာ၏။

တစ်နေ့သောအခါ ခမည်းတော် ဝေပစိတ္တိအသူရာမင်းက -

"သမီးတော် ကြိုက်နှစ်သက်ရာ ဖူးစာရှင်ကို ရွေးကောက်ယူစေ"

ဟု အမိန့်ချပေးလိုက်၏။

ထို့ကြောင့် အသူရာနတ်ပြည်၌ ဖူးစာရှင်ရွေးပွဲကြီးကို ခြိမ့်ခြိမ့်သဲမျှ ကျင်းပကြလေရာ သက်တူရွယ်တူ အသူရာလုလင်ပျိုမြောက်မြားစွာတို့ ပန်းကုံးစွပ်ခံရန် ရောက်လာကြ၏။ အသူရာမင်း၏ သမီးတော်လေး နှစ်သက်အောင် မျက်စိကျအောင် အမျိုးမျိုးအဖုံဖုံ အလှပြပြင်တန်ဆာဆင်၍လာကြလေသည်။

ပန်းကုံးစွပ်ပွဲကြီးကျင်းပချိန်ရောက်လာသောအခါ သုဇာတာနတ်သမီးလေးသည် စင်မြင့်ပေါ်သို့တက်၍ ပန်းကုံးစွပ်ခံယူနိုင်ရန် သူ့ထက်ငါဟန်ရေးပြနေကြသော အသူရာလုလင်ပျိုတို့ကို လှည့်လည်ကြည့်ရှုလေရာ အစွန်အဖျားတစ်နေရာမှ အဘိုးအိုတစ်ယောက်ကို တွေ့လိုက်ရ၏။

ဤတွင် သုဇာတာနတ်သမီးလေးသည် ထိုအဘိုးအိုထံသို့ တန်းတန်းမတ်မတ်သွား၍ ပြုံးပြုံးရွှင်ရွှင်ကြီး ပန်းကုံးစွပ်လိုက်လေရာ ကဲ့ရဲ့ရှုတ်ချသည့်အသံတွေသောသောညံသွားလေတော့သည်။

ထိုအသံများ မစဲသေးမီမှာပင် အဘိုးအိုအယောင်ဆောင်ထားခဲ့သော သိကြားမင်းသည် သုဇာတာနတ်သမီးလေးကို နတ်ရထားပေါ်သို့ တင်ကာ တာဝတိံသာနတ်ပြည်သို့ ပျော်ပျော်ကြီး ခေါ်လာခဲ့လေသည်။

ဝဏ္ဏသိဒ္ဓိ



www.burmeseclassic.com

www.burmeseclassic.com




ဆရာတော်တည်ထားခဲ့သည့်
[illegible]

ပယ်တီကျောင်းရှိ ဂိုဏ္ဍာရုံမှ

# ခန္ဓာတော်မပုပ်မပွခဲ့ ဓာတ်တော်များကျသည့်
# ဆရာတော်ဦးကေတု

ရွှေချိုးအောင်(ပယ်လိ)

စာရေးသူသည် ရဟန္တာပုဂ္ဂိုလ်များနှင့်ပတ်သက်၍ မြတ်ဗုဒ္ဓသာသနာတော်တွင် ခေတ်အဆက်ဆက် နှစ်အဆက်ဆက် သာသနာတွင် ဗုဒ္ဓစာပေကျမ်းဂန်များကို လေ့လာဖတ်ရှုရသဖြင့် သိမြင်ကြည်ညိုခဲ့ရပါသည်။ ထို့ပြင် ဆရာကြီး ဓမ္မာစရိယဦးဌေးလှိုင် ရေးသားပြုစုသည့် 'ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ' စာအုပ်ကို ကြည်ညိုလေ့လာဖတ်ရှုခဲ့ရပါသည်။ ထို့ကြောင့် ရဟန္တာ ဟူသည် တဏှာကို အကြွင်းမဲ့ ပယ်ဖြတ်ပြီးသူ ဖြစ်ပါသည်။ ရဟန္တာ၏ခန္ဓာသည် သေလွန်ပရိနိဗ္ဗာန်ပြုလျှင် အပုပ်နံ့မထွက်ပါ။ သာမန်ပုထုဇဉ်ပုဂ္ဂိုလ်တို့မှာ ကိလေသာထူပြော၍ သေလျှင် အပုပ်နံ့ထွက်ကြပါသည်။ ရဟန္တာတို့မည်သည် တဏှာကို အပြီးသတ် အငုတ်ပင်မကျန် ပယ်သတ်နိုင်၍ ပယ်သတ်ပြီးကြောင်းကိုလည်း မည်သည့် ရဟန္တာပုဂ္ဂိုလ်ကမျှ ထုတ်ဖော်ပြောကြားခြင်းလည်းမပြုကြပါ။ ရဟန္တာတို့မည်သည် လူတို့အထင်ကြီးစေရန် မိမိအကျင့်ကို ထုတ်ဖော်ပြောဆိုခြင်းမရှိသလို လူများ အထင်ကြီးခံရန်လည်း မကြိုးစားကြ




ဆရာတော်ကြီး၏ရုပ်ကလာပ်တော်




www.burmeseclassic.com

www.burmeseclassic.com



ကျောင်းအနီးရှိ ရောင်စုံကျောက်ပြားစေတီ



ဆရာတော်ကြီး၏ပုံတူပန်းချီကား

ပါ။ ဤသို့ တရားထူးတရားမြတ်ရရှိခြင်းကိုလည်း ရဟန္တာအချင်းချင်းသာ သိနိုင်၍ သာမန်လူပုဂ္ဂိုလ်တို့ သိရှိနိုင်စွမ်းမရှိပါ။ ရဟန္တာကိစ္စက ဤသို့ လေးနက်ထူးမြတ်လှပါပေသည်။

စာရေးသူသည် မိုးကုတ်ဆရာတော်ဘုရားကြီး ဦးဝိမလ၏ 'တစ်ဘဝသာသနာ' စာအုပ်နှင့် ဗွီစီဒီအခွေများကို လေ့လာဖတ်ရှု ကြည့်ညိုခွင့်ရခဲ့သဖြင့် ရဟန္တာပုဂ္ဂိုလ်မြတ်များကို အလွန်ပင်ဦးထိပ်ပန်ဆင်ကြည်ညိုမိပါသည်။ ထို့ပြင် မုံရွာမြို့ ရွာမွန်ဆရာတော်ဘုရားကြီး အကြောင်းနှင့် ဝိပဿနာတရားအား ထုတ်သူများ သေလွန်သော်လည်း ပျော့ပျောင်းသည့်ခန္ဓာတည်ရှိနေပုံ၊ အပုပ်နံ့မထွက်ပုံ၊ ခန္ဓာကိုယ်မပျက်မယွင်းဘဲ တည်ရှိနေပုံတို့ကို ကြည့်ရှုခွင့်ရသဖြင့် များစွာကြည်ညိုဝမ်းမြောက်မိပါသည်။ ထို့ပြင် မိုးကုတ်ဆရာတော်ဘုရားကြီး ဦးယောသိတအရှင်သူမြတ်၏ ဈာပနအခမ်းအနားကို လွန်ခဲ့သည့်နှစ်များက ကြည့်ရှုခွင့်ရရှိခဲ့သဖြင့် မြန်မာပြည်၏ ဗုဒ္ဓသာသနာတော်တွင် စာရေးသူတို့အသက်(၅၀)ကျော်အရွယ်တွင် ကိုယ်တိုင်ကိုယ်ကျ တွေ့ကြုံသိမြင်သိရှိရသည့် ရဟန္တာအရှင်သူမြတ် ဖြစ်ကြောင်းကို ဝမ်းမြောက်ဂုဏ်ယူလျက် သာသနာပီတိဖြစ်မိပါသည်။

စာရေးသူတို့၏ ရခိုင်ပြည်နယ် သံတွဲမြို့တွင်လည်း ဇလွန်ရွာမှ ဆရာတော်ကြီး ဦးသုဇာတ အရှင်သူမြတ်၏ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ခန္ဓာတော်မပျက်မယွင်းသည့် အကြောင်းကို သူရဋ္ဌမဂ္ဂဇင်း၌ ၂၀၁၁ ခု၊ ဇန်နဝါရီလက ရေးသားဖော်ပြပြီး ဖြစ်ပါသည်။ ယခုအခါ စာရေးသူ တာဝန်ထမ်းဆောင်ရာ ငပလီကမ်းခြေ ဂျိတ္တော ကျေးရွာလမ်းဆုံအနီးရှိ ညောင်ဝိုင်းကျောင်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တဦးကေတု၏ ပျံလွန်တော်မူစဉ် ခန္ဓာတော်မပျက်မယွင်းဘဲ ဈာပနပွဲပြုလုပ်သည့်အခါတွင် ဓာတ်တော်များကျခဲ့ကြောင်း စာရေးသူ၏ ကိုယ်တွေ့ရဟန္တာအဖြစ် ရေးသား တင်ပြမည် ဖြစ်ပါသည်။

### ဇာတိချက်ကြွေ မွေးရပ်မြေ

ရခိုင်ပြည်နယ် သံတွဲမြို့နယ် မြပြင်ကျေးရွာအုပ်စု ဂျိတ္တောကျေးရွာရှိ ညောင်ဝိုင်းကျောင်းဆရာတော်ဘုရားကြီး ဦးကေတုမှာ ဂျိတ္တောရွာသားစစ်စစ်ဖြစ်လေသည်။ ဆရာတော်လောင်းလျာကို



www.burmeseclassic.com

www.burmeseclassic.com

ဂျိတ္တောကျေးရွာတွင် ဖခမည်းတော် ဦးညိုကျော့နှင့် မယ်တော်ကြီး ဒေါ်ရွှေမှုံတို့မှ ၁၂၇၈ ခု၊ ဝါခေါင်လဆန်း ၂ ရက်၊ တနင်္လာနေ့တွင် မွေးဖွားသန့်စင်ခဲ့ပါသည်။ မွေးချင်း (၆) ဦးအနက် ဒုတိယမြောက် သားကြီးရတနာပင် ဖြစ်လေသည်။ ငယ်နာမည်မှာ မောင်ပုတ်ကယ် ဖြစ်လေသည်။ ပုထုဇဉ်လူ့ဘဝအဖြစ် (၂၂) နှစ်အရွယ်တွင် ဒေါ်မသန်းနှင့် အိမ်ထောင်ကျ၍ သားသမီး (၂) ဦး ထွန်းကားခဲ့ပါသည်။ မောင်ပုတ်ကယ်သည် အိမ်ထောင်ဂရာဝါသ လူ့လောကကို သတိသံဝေဂရခဲ့သဖြင့် ကိုရင်ကြီးဝတ်ကာ သာသနာ့ဘောင်သို့ဝင်ရောက်ခဲ့သည်။ အသက် (၂၇) နှစ်အရွယ်တွင် သံတွဲမြို့ သိမ်ကုန်းကျောင်းတိုက် ဆရာတော်ဘုရားကြီး ဦးပညိန္ဒြယအား ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ခံယူခဲ့ခြင်း ဖြစ်၏။ ဘွဲ့အမည်မှာ ရှင်ကေတု ဖြစ်လေသည်။ ရှင်ကေတုသည် အသက်(၃၁)နှစ်အရွယ်သို့ရောက်သော် ၁၃၁၀ ပြည့်နှစ်၊ ကဆုန်လဆန်း (၈) ရက်နေ့ နံနက် (၈) နာရီအချိန်တွင် ဆရာတော် ဦးဥတ္တမအား ဥပဇ္ဈာယ်ပြု၍ ဂျိတ္တောကျေးရွာ ဒါယကာ၊ ဒါယိကာမများ၏သာသနာ့နုဂ္ဂဟဖြင့် မြင့်မြတ်သည့် ရဟန်းတော်အဖြစ်သို့ ရောက်ရှိခဲ့လေသည်။

**ကမ္မဋ္ဌာန်းတရားရှုမှတ်ပွား**

ဆရာတော် ဦးကေတု ရဟန်းခံပြီးနောက် သိမ်ကုန်းကျောင်းတိုက် ဆရာတော်ဘုရားကြီး၏ ဖခမည်းတော်ထံတွင် ပရိယတ္တိစာပေများကို (၆) ဝါတိုင်တိုင် လေ့လာဆည်းပူးခဲ့လေသည်။ ဆရာတော် ဦးကေတုသည် သက်တော် (၃၈) နှစ်၊ သိက္ခာတော် (၇) ဝါအရတွင် ဂျိတ္တောကျေးရွာရှိ ညောင်ဝိုင်းသာသနာတော်ရှိ သာသနာ့ဒါယကာ၊ ဒါယိကာမတို့၏ တောင်းပန်လျှောက်ထားချက်အရ ၁၃၂၅ ခုနှစ်မှ စတင်၍ ပျံလွန်တော်မူသည်အထိ ညောင်ဝိုင်းကျောင်းတော်ကြီးတွင် အမြဲသီတင်းသုံးတော်မူ၍ ဆပည့်ဒါယကာ၊ ဒါယိကာမတို့အား တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေး ဆုံးမတော်မူခဲ့လေသည်။

ဆရာတော်ကြီးသည် သက်တော် (၅၆) နှစ်၊ သိက္ခာတော် (၃၃) နှစ်တွင် ကမ္မဋ္ဌာန်းတရားကို ပိုမို၍ ကြိုးစားအားထုတ်တော်မူခဲ့လေသည်။ ညောင်ဝိုင်းကျောင်းတိုက်အတွင်း ဧည့်သည်များမပြတ်လပ်သဖြင့် ညောင်ဝိုင်းတောင်တော်ရှိ အရှေ့ဘက်ခြမ်းတောင်စောင်းတွင် ကမ္မဋ္ဌာန်းတရားရိပ်သာကို ဆောက်လုပ်စေခဲ့ကာ ကမ္မဋ္ဌာန်းတရားကို ပိုမိုကြိုးစားအားထုတ်တော်မူခဲ့လေသည်။ ဝိပဿနာကမ္မဋ္ဌာန်းတရားကို နေ့၊ ညမပြတ်စေဘဲ တရားထိုင်ခြင်း၊ ပုတီးစိပ်ခြင်း စသည့်အမှုများကို ပြုလုပ်တော်မူခဲ့လေသည်။ ဆွမ်းဘုဉ်းပေးချိန်နှင့် အိပ်စက်ချိန်အနည်းငယ်မှလွဲ၍ ကျန်အချိန်များတွင် အာနာပါနကမ္မဋ္ဌာန်းတရားကို စဉ်ဆက်မပြတ် အားထုတ်တော်မူခဲ့လေသည်။

**ကြည်ညိုဖွယ်ရာဝိသေသများ**

စာရေးသူသည် ငယ်စဉ်အချိန်မှ စတင်၍ ဆရာတော်ကြီး၏စရဏတရားနှင့် ကြည်ညိုဖွယ်ရာ ဝိသေသများကို အထူးသိရှိခွင့်ရခဲ့ပါသည်။ ဂျိတ္တောနှင့် မြပြင်ရွာမှာ ရေးအခါက နှစ်ရွာတစ်ရွာအဖြစ် နီးကပ်စွာတည်ရှိနေသဖြင့်လည်း ပိုမိုသိရှိခွင့်ရရှိခဲ့ခြင်း ဖြစ်ပါသည်။ အထူးသဖြင့် ၁၉၈၅ ခုနှစ်မှစတင်၍ ဂျိတ္တောလမ်းဆုံရှိ အ-မ-က ကျွဲသောက်ကုန်းကျောင်းတွင် အလယ်တန်းပြဆရာအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ဂျိတ္တောကျေးရွာတွင် မူလကမြောက်ဘက်ရှိရွာအစွန်၌ ဂျိတ္တောမူလတန်းကျောင်းရှိခဲ့ပါသည်။ ယခုအခါ အထက်တန်းကျောင်းခွဲရရှိနေပြီ ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးလာသည်နှင့်အမျှ ကျွဲသောက်ကုန်းရပ်ကွက်ကို အမှီပြု၍ ဂျိတ္တောရွာတောင်ပိုင်း ဂျိတ္တောလမ်းဆုံအနီးတွင် ရပ်ကွက်ကျောင်းအနေဖြင့် အ-မ-ကကျွဲသောက်ကုန်းကျောင်းကိုရရှိခဲ့ပါသည်။ စာရေးသူ အလယ်တန်းပြ (P.J) အဖြစ် စတင်တာဝန်ထမ်းဆောင်စဉ်က မူလတန်းကျောင်းဆောင်ပင် မဆောက်လုပ်ရသေးပါ။ မူလတန်းကျောင်းသစ်ဆောက်လုပ်နေစဉ် ညောင်ဝိုင်းကျောင်းတောင်ပေါ်ရှိ ကျောင်းဇရပ်တွင် ကျောင်းသားများကို စာသင်ကြားခဲ့ရပါသည်။ ထိုအခါ ဆရာတော်ကြီးနှင့် စာရေးသူမှာ ဆရာရင်း၊ ဒကာရင်းပမာ ရင်းနှီးခဲ့ပါသည်။

အ-မ-ကကျွဲသောက်ကုန်းကျောင်းတွင် ဆရာကြီးအဆက်ဆက်၌ ဝါဆိုလပြည့်တွင် ဝါဆိုသင်္ကန်းနှင့် ဝါဆိုပန်းနှစ်စဉ် ကပ်လှူခြင်း၊ အလျဉ်းသင့်ပါက ကျောင်းကထိန်လှူဒါန်းကျင်းပခြင်းများ ပြုလုပ်ခဲ့ပါသည်။ ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသူကျောင်းသားများစုပေါင်း၍ ဝတ္ထုငွေလှူဒါန်းရာတွင် ဆရာတော်ကြီးက လုံးဝထိတွေ့ကိုင်တွယ်ခြင်းမရှိဘဲ သူ၏ ကာရကတ်ဖြစ်သူ ဦးမောင်မောင်ခင်အား လက်ခံစေလေ့ရှိပါသည်။ ထိုဝတ္ထုငွေများကို ဦးမောင်မောင်ခင်က လက်ခံသိမ်းဆည်းရလေ့ရှိပါသည်။ ကျောင်းတိုက်ပေါ်တွင် နေထိုင်သီတင်းသုံးစဉ်ကလည်း ကျောင်းတိုက်ခန်းအတွင်း အမြဲတံခါးပိတ်ကာ တရားထိုင်ခြင်း၊ ပုတီးစိပ်ခြင်း စသည့် လုပ်ငန်းများကို အမြဲတစေ လုပ်ဆောင်နေလေ့ရှိပါသည်။

ဆရာတော်ကြီးသည် ခေတ်မီပစ္စည်းအသုံးအဆောင်များကို လိုလားတော်မမူဘဲ ခြိုးခြံချွေတာစွာ ကျင့်ကြံနေထိုင်လေ့ရှိပါသည်။ ဆွမ်းကွမ်းဝေယျာဝစ္စများတွင်လည်း အသားငါးများထက် ဒေသထွက် အသီးအနှံများတို့ကိုသာ နှစ်ခြိုက်စွာ ဘုဉ်းပေးတော်မူလေ့ရှိပါသည်။ ဆရာတော်သည် တရားကို အမြဲနှလုံးသွင်း၍ အလိုဆန္ဒနည်းပါးစွာဖြင့် ရှိသမျှဖြင့်ပင် တင်းတိမ်ရောင့်ရဲတော်မူကာ အနေအထိုင်အသွားအလာ ရဟန်းကျင့်ဝတ်သိက္ခာတော်နှင့်အညီ နေထိုင်တော်မူလေ့ရှိပါသည်။

ဆရာတော်မှာ မျက်စိဝေဒနာခံစားလာရသဖြင့် ဒကာ၊ ဒကာမများက အတင်းပင့်ဆောင်၍ မငြင်းမပယ်နိုင်ဘဲ ရန်ကုန်မြို့သို့ လိုက်ပါဆေးကုသခံခဲ့ရရှာလေသည်။ ရုပ်ခန္ဓာသဘာဝဆုတ်ယုတ်ချိန်တန် ဆုတ်ယုတ်၍ ပျက်ချိန်တန်က ပျက်စီးပေလိမ့်မည်။ မမြဲသောရုပ်ခန္ဓာတရားတော်တို့ကို လွန်ဆန်၍မရနိုင်ကောင်းဟု မိန့်မှာကာ တရားနှလုံးသွင်းဟောကြားလေ့ရှိပါသည်။

နောင်သောအခါ ဆရာတော်တွင် လည်ချောင်းကင်ဆာရောဂါ ရရှိခံစားလာရသည့်အခါ တပည့်ဒကာ၊ ဒကာမများက ဆေးကုသရန် တိုက်တွန်းသော်လည်း တရားကို အမြဲမပြတ်နှလုံးသွင်း၍ ခန္ဓာရှိလျှင် ရောဂါရတာမဆန်းဘူးဟု မိန့်ကာ ဆေးကုသရန် အကြိမ်ကြိမ်ငြင်းဆန်ခဲ့လေသည်။ နောင်သောအခါ ဆရာတော်၏ လည်ချောင်းကင်ဆာရောဂါမှာ လွန်စွာဆိုးဝါးနှိပ်စက်လာခဲ့ရာ ဆရာတော်၏ ဝေဒနာနှိပ်စက်မှုဒဏ်ကို မရှုဆိတ်မနေသာသည့် တပည့်ဒကာများက အတင်းပင့်ဆောင်၍ ရန်ကုန်မြို့ ကင်ဆာအထူးကုဆေးရုံကြီးသို့ ပင့်



www.burmeseclassic.com

www.burmeseclassic.com

ဆောင် ကုသပေးခဲ့ကြလေသည်။

တတိယအကြိမ်မြောက် ထပ်မံသွားရောက် ကုသခဲ့ကြပါသော်လည်း ဆရာတော်၏ရောဂါဝေဒနာမှာ တစ်နေ့တခြား ပိုမိုဆိုးဝါးလာခဲ့လေသည်။ ဆရာတော်မှုကား ရောဂါဝေဒနာနှိပ်စက်မှုဒဏ်ကို သည်းခံ၍ မလျှော့သောဇွဲလုံ့လဖြင့် ကမ္မဋ္ဌာန်းတရားကို ဆက်လက်ဆပွား ကြိုးစားအားထုတ်တော်မူခဲ့၏။ ဆရာတော်မှာ တစ်လထက်တစ်လ တစ်နေ့ထက်တစ်နေ့ အားအင်ဆုတ်ယုတ်နွမ်းရိတော်မူသော်လည်း ဝိပဿနာကမ္မဋ္ဌာန်းကို လျှောင်းလျက် ကြိုးစားအားထုတ်တော်မူခဲ့၏။

**ဆရာတော်နှင့်သူခိုး**

ဆရာတော်ကြီးသည် ညောင်ဝိုင်းသာသနာတော်တွင် နှစ်ပေါင်းများစွာ ကာလကြာမြင့်စွာ သီတင်းသုံးနေထိုင်ခဲ့ပါသည်။ ထိုကာလများအတွင်း ကျောင်းပစ္စည်းပရိဘောဂများကို လာရောက်ခိုးယူသူများနှင့် အကြိမ်ကြိမ်ဆုံတွေ့ခဲ့ပါသည်။ တစ်ခါက ဘိန်းစားတစ်ယောက်သည် ဘိန်းရှူရန် ငွေမရှိသဖြင့် ဆရာတော့်ကျောင်းအောက်ဘက်ရှိ ရေထည့်စဥ့်အိုးကြီးကို ခိုးယူရန် ကြံစည်လေ၏။ ထိုအခါ ကျောင်းပြတင်းပေါက်အနီးတွင် တရားထိုင်ပုတီးစိပ်နေသည့်ဆရာတော်ကြီးက လသာသာတွင် မြင်တွေ့သွားခဲ့လေသည်။ သူခိုးသည် စဥ့်အိုးကြီးကို ရေသွန်၍ ကောက်ထမ်းရန် ဟန်ပြင်နေစဉ် ဆရာတော်က ချောင်းဟန့်သတိပေး၍ ခိုးသူအား သံသရာအပြစ်ကြီးလေးမည့်ဘေးမှ လွတ်မြောက်စေရန် တားမြစ်သည့်အနေဖြင့် -

"ဒကာကြီး၊ စဥ့်အိုးကို ပါနိုင်ပါရဲ့လား"

ဟု မေးမြန်းလိုက်သည်။

သူခိုးကလည်း -

"ပါနိုင်ပါတယ်ဘုရား"

ဟု ဆိုကာ စဥ့်အိုးကို ကောက်ထမ်းသွားလေသည်။

ဆရာတော်ကလည်း -

"အေး- ကောင်းပေစွ၊ ကောင်းပေစွ"


ဟု ဆိုကာ တိုက်ခန်းတွင်းသို့ဝင်သွားတော်မူလေသည်။

နောက်နေ့တွင် စဥ့်အိုးမတွေ့၍ ဒါယကာများက မေးမြန်းသော်လည်း မည်သို့မျှဖြေကြားခြင်းမပြုဘဲ ဆိတ်ဆိတ်နေတော်မူလေသည်။ ဆရာတော်၏



ဆရာတော် သီတင်းသုံးခဲ့သည့်ကျောင်းကြီး


တရားရှုမှတ်ရာရိပ်သာ


ကျောင်းအတွင်းရှိ မဟာဗောဓိပင်ကြီး



www.burmeseclassic.com

www.burmeseclassic.com

သဘောထားကို သိနှင့်ကြသည့် တပည့်ဒကာများကလည်း ဆက်လက် မေးမြန်းခြင်းမပြုကြတော့ပေ။

တစ်ခါကလည်း ကျောင်းပိုင်ပန်းကန်ခွက်ယောက်အသုံးအဆောင်ပစ္စည်းများကို ကျောင်းလှေကားတက်လမ်းအပေါ်ရှိ ထပ်ခိုးတွင်ထားလေ့ရှိသည်။ တစ်ညတွင် ပန်းကန်များရှိရာ ထပ်ခိုးမှ ပန်းကန်များ လွတ်ကျသံကြားသဖြင့် သူခိုးခိုးနေမှန်းသိကာ 'အဟမ်း၊ အဟမ်း' ဟု ချောင်းဟန့်ကာ သတိပေးလိုက်လေသည်။ သူခိုးမှာ ဆရာတော်၏သဘောထားကို သိနှင့်ကာ တစ်ပါခိုးယူသွားလေသည်။

ပန်းကန်များပျောက်၍ ဆရာတော်ကို မေးမြန်းလျှောက်ထားရာ မည်သို့မျှ မိန့်ကြားခြင်းမပြုဘဲ ဥပေက္ခာပြုနေတော်မူလေသည်။

**ဆရာတော်ဂုဏ်သတင်း**

ရခိုင်ပြည်နယ် ဝွမြို့နယ် ကမ်းနားမြင်ကျေးရွာ (ယခု ရတနာမြိုင်) ရှိ ဆရာတော်ကြီး ဦးတေဇိန္ဒမှာ နိုင်ငံတော်မှ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် ချီးမြှင့်ခြင်းခံရသည်။ ဆရာတော်ကြီး၏ဝိပဿနာဓူရဂုဏ်တော်များကြောင့် ဒေသပတ်ဝန်းကျင်မြို့ရွာအသီးသီးက လာရောက်ဖူးမြော်ကြသည်။ ညောင်ဝိုင်းဆရာတော်ဘုရားကြီး၏တပည့်ဒကာရင်းဖြစ်သူ ကာလသားအဖွဲ့ခေါင်းဆောင် ကိုသန်းနိုင် (ကိုလူလေး - ယခု ကျေးရွာအုပ်ချုပ်ရေးမှူး) နှင့် ပိုက်အဖွဲ့သားများသည် ကန္နားပြင်ဆရာတော်ဘုရားကြီး ဦးတေဇိန္ဒအား ဖူးမြော်ရန် သွားရောက်ခဲ့ကြသည်။ ဆရာတော်ကြီး ဦးတေဇိန္ဒက ကိုလူလေးတို့အဖွဲ့အား ဆရာတော် ဦးကေတု ကျန်းမာပါရဲ့လားဟု အမေးရှိလေသည်။ ကိုတွေ့ရာရွာသူရွာသားအပေါင်းကို -

"ဘုန်းကြီးကို အဝေးကနေလာပြီး ဖူးရတာပင်ပန်းကြမှာပဲ။ ဒကာတို့ဆီမှာ ဘုန်းကြီးလိုပဲ ဝိပဿနာဓူရဆရာတော် တစ်ပါးအနီးကပ်ရှိနေတာပဲ"

ဟု အရိပ်အမြွက်မိန့်မှာကြားလေသည်။

ကိုလူလေးမှာ ဇလွန်ဆရာတော်နှင့် ကန္နားပြင်ဆရာတော်တို့အား ဖူးမြော်ခဲ့ဖူးသည်ဖြစ်ရာ ဇလွန်ဆရာတော်ကြီး ဦးသုဇာတမှာ ခန္ဓာမပျက်မယွင်းဘဲ ထနေတိုင်ရှိနေသဖြင့် ဆရာတော်ကြီး ဦးကေတုအား -

"ဆရာတော်ဘုရားဟာ ဇလွန်ဆရာတော်လို ပျံလွန်တော်မူခဲ့ရင် မပုပ်မသိုးဘဲရှိနေခဲ့ရင်ကောင်းမှာပဲ"

လျှောက်ထားမိရာ ဆရာတော် ဦးကေတုက -

"ငါလည်းပဲ ပျံလွန်ခဲ့ရင် ကာလအတန်ကြာအောင် ပုပ်မယ်မထင်ပါဘူး"

ဟူ၍ မိန့်ဆိုမှာကြားခဲ့သည်ဟု ကိုလူလေးက စာရေးသူအား ပြောပြဖူးပါသည်။

စာရေးသူသည် ကျွဲသောက်ကုန်းစာသင်ကျောင်းအနီးရှိ ကိုတင်ထွန်း (တရုတ်) ၏ မိခင်ဖြစ်သူ ဒေါ်အေးတင်နှင့် အလွန်ပင်ခင်မင်ရင်းနှီးပါသည်။ ကိုတင်ထွန်း၊ မတင်နုတို့၏သမီးများမှာ ကျွန်တော့်တပည့်များဖြစ်သဖြင့် ဆရာအနေဖြင့် အလွန်လေးစားပါသည်။ ကြီးတော် ဒေါ်အေးတင်မှာ ဆရာတော်ကြီး ဦးကေတုအား အလွန်ကြည်ညိုသူဖြစ်သည်။ ဒေါ်အေးတင်က စာရေးသူအား ပြောပြရာတွင် ဆရာတော်ကြီး ဦးကေတုသည် ရပ်ဝေး၊ ရပ်နီးကြွလေ့ရှိပါက ယာဉ်ကားစီးလေ့မရှိဘဲ ခြေကျင်ကြွတော်မူလေ့သာရှိကြောင်း ပြောပြပါသည်။ တစ်ခါက သံတွဲမြို့ရှိ သိမ်ကုန်းကျောင်းတိုက်သို့ အလှူပွဲကိစ္စနှင့်သွားရောက်ကြရာ တပည့်ဒကာများက ကားငှား၍သွားကြသည်။ အပြန်တွင် ဆရာတော်အား ကားနှင့်လိုက်ပါရန် လျှောက်ထားကြရာ ဆရာတော်က ငြင်းပယ်၍ ခြေကျင်သာ ကြွချီတော်မူနှင့်လေသည်။ သို့ရာတွင် အလှူပွဲမှ ကားနှင့်ပြန်လာသူများ ရွာသို့ပြန်ရောက်ရှိခဲ့ကြရာ ဆရာတော်မှာ တပည့်ဒကာများထက်ပင် စော၍ရောက်ရှိနေကြောင်းကို တအံ့တသြတွေ့ရှိရလေသည်။

ဆရာတော်ကြီးမှာ လည်ချောင်းကင်ဆာရောဂါကို ပြင်းထန်စွာ ခံစားနေရသော်လည်း မျက်နှာတော် ညှိုးငယ်ရှုံ့မှဲ့ခြင်းအလျှင်းမရှိဘဲ ပကတိမျက်နှာတော်အနေအထားဖြင့် လှဲလျောင်းကာ သည်းခံနိုင်စွမ်းရှိသည်ကို စာရေးသူကိုယ်တွေ့ဖြစ်ပါသည်။ ထို့နောက် ဆရာတော်ကြီးသည် မိမိခန္ဓာဝန်တစ်ဇာတ်သိမ်းမည်ကို ကြိုတင်သိရှိကာ မွေးနေ့အလှူပွဲကို ပြုလုပ်ခိုင်းကာ ကုသိုလ်ပြုခဲ့လေသည်။ ဆရာတော်ကြီးမှာ မွေးနေ့အလှူပွဲကျင်းပပြီးနောက် သုံးလအကြာတွင် ခန္ဓာဝန်ကိုချတော်မူကာ ဘဝဇာတ်သိမ်းငြိမ်းတော်မူခဲ့သည်။

**ခန္ဓာဝန်ချ မပုပ်ပွ**

ညောင်ဝိုင်းဆရာတော်ဘုရားကြီး ဦးကေတုသည် သက်တော် (၈၅) နှစ်၊ သိက္ခာဝါတော် (၅၃) ဝါအရ ၁၃၆၃ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက်၊ ကြာသပတေးနေ့ မွန်းတည့် (၁၂) နာရီ (၄၅) မိနစ်အချိန်တွင် ခန္ဓာဝန်ချ၍ ဘဝချုပ်ငြိမ်းကာ ပျံလွန်တော်မူခဲ့ပါသည်။ ပျံလွန်တော်မူပြီးနောက် အဂ္ဂိစျာပနပြုလုပ်ကျင်းပနိုင်ရန် မှန်ခေါင်းတော်အတွင်းဝယ် ထည့်သွင်း၍ စံကျောင်းတော်ချခြင်း၊ ကြာကလပ်တင်ခြင်း စသည်တို့ဖြင့် ပူဇော်ထားရှိခဲ့ပါသည်။ ဆရာတော်ဘုရားကြီးသည် ဝိပဿနာဓုတင်ဆောင်ပုဂ္ဂိုလ် ဖြစ်ခြင်းကြောင့် စာရေးသူမှာ အမြဲသတိထားကာ အကဲခတ်နေခဲ့ပါသည်။ ဆရာတော်ကြီး၏ရုပ်ကလာပ်တော်မှာ အသားအရေညှိုးမှိန်ခြင်းမရှိသည့်အပြင် ကိုယ်ခန္ဓာပျက်ယွင်းချို့တဲ့မှုမရှိကြောင်း ရိပ်စားမိခဲ့ပါသည်။

သို့ဖြင့် ပျံလွန်တော်မူပြီး (၃) လကျော်အကြာတွင် အဂ္ဂိစျာပနပွဲကျင်းပရန်အချိန်သို့ ရောက်ရှိလာခဲ့ပါသည်။ ဆရာတော်ကြီးမှာ အလုံပိတ်မှန်ခေါင်းထဲတွင် ငြိမ်သက်စွာ လဲလျောင်းနေဘိသကဲ့သို့ ခန္ဓာတော်မပျက်မယွင်းရှိနေဆဲဖြစ်ပါသည်။ သို့သော် မှန်ခေါင်းထဲမှအစိုဓာတ်ကြောင့် မှိုလေးများ ဖွေးဖွေးဆွတ်ဆွတ်နှင့် မှန်ခေါင်းအနှံ့ စွဲကပ်နေရာ ဂေါပကအဖွဲ့ဝင် ဦးကျော်ဖေက အမှတ်မဲ့ ပိုးလောက်ကောင်များတက်နေသည်ဟု ပြောဆိုခဲ့ပါသည်။ စာရေးသူက ဆရာတော်၏ မှန်ခေါင်းအနီးသို့ စေ့စပ်သေချာကြည့်ရှုသည့်အခါ ကိုကျော်ဖေ ပြောသလို ပိုးလောက်ကောင်များမဟုတ်ဘဲ ရုပ်ကလာပ်တော်၏ အစိုဓာတ်ကြောင့် မှိုပွင့်လေးများ ဆန်စေ့အရွယ် မှန်ပြင်အနှံ့ပေါက်နေကြောင်း သေချာစွာ ရှင်းပြပါသည်။ သို့သော် အများစုကမူ ကိုကျော်ဖေစကားကို မယုံတစ်ဝက် ယုံတစ်ဝက်နှင့် သံသယဖြစ်နေကြပါသည်။

၁၃၆၃ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်နေ့မှလပြည့်နေ့အထိ ညောင်ဝိုင်းကျောင်းတိုက်တွင် ဆရာတော်၏စျာပနကို စည်ကားသိုက်မြိုက်စွာ ကျင်းပဖြစ်ပါသည်။

**ကိုယ်တွေ့ဖူးမြော်ရုပ်ကလာပ်တော်**

ဆရာတော်၏ ရုပ်ကလာပ်တော်



www.burmeseclassic.com

www.burmeseclassic.com

ကို နောက်ဆုံးအန္တိမစျာပနအခမ်းအနားအဖြစ် လောင်တိုက်တော်သို့ မှန်ခေါင်းတော်နှင့်တကွ ရွှေ့ပြောင်းသယ်ယူကြပါသည်။ ထို့နောက် လောင်တိုက်ပြာသာဒ်ဆီသို့ ဒုံးတိုက်ပစ်လွှတ်ကာ ပူဇော်ကြပါသည်။ ဆရာတော်၏ရုပ်ကလာပ်တော်အား ဒုံးပစ်လွှတ်၍ ပူဇော်နေစဉ် တစ်ခုသောဒုံးတစ်လုံးသည် လောင်တိုက်အတွင်းတိုင်ကို ထိမှန်၍ ဒုံးအကွဲမှာ ဆရာတော်ကြီး၏ မှန်ခေါင်းအပေါ်သို့ တိုက်ရိုက်ပြုတ်ကျခဲ့ရာ မှန်ခေါင်းတော်မှာ ကွဲကြေသွားပါသည်။ ဆရာတော်၏ ရုပ်ကလာပ်ပေါ်တွင်လည်း ယမ်းမှုန့်များဖြင့် ပေကျံကုန်ပါသည်။ ဒုံးတိုက်ပြီးနောက် ရုပ်ကလာပ်တော်ကို အဂ္ဂိစျာပနအဖြစ် မီးသဂြိုဟ်ရန် ရုပ်ကလာပ်ခေါင်းတော်ကို ထုတ်ယူကြပါသည်။ ထိုအခါ မှန်ခေါင်းမှာ ကြေကွဲနေသည်ကို တွေ့ရသဖြင့် မှန်ခေါင်းထဲမှ ဆရာတော်ရုပ်ကလာပ်ကို ထုတ်ယူရွှေ့ပြောင်းကြပါသည်။ ထိုအခါမှ ဂေါပကအဖွဲ့ဝင်များမှာ မပျက်စီးမယိုယွင်းသည့် ဆရာတော်ခန္ဓာကိုယ်ကို အံ့ဘနန်းတမျှ ထူးခြားစွာ ဖူးတွေ့ကြရလေတော့သည်။ ထိုအခါ တစ်ဆင့်စကား တစ်ဆင့်နားအနေဖြင့် လူအများက လာရောက်ကြကာ ဆရာတော်၏ရုပ်ကလာပ်တော်အား ဖူးမြော်ကြပါသည်။ ဤသို့ဖြင့် မီးသဂြိုဟ်ရေးကိစ္စကို ဂေါပကအဖွဲ့က ဆိုင်းငံ့ထားလိုက်ကြပါသည်။

စာရေးသူမှာ နောက်နေ့နံနက်တွင်မှ ကြားသိခဲ့ပါသည်။ ထိုနေ့နံနက်က ဂျီတွေ့ရွာရှိ အမှတ် (၁၃) ရုပ်ကွက် အောင်ရတနာသိဒ္ဓိကျောင်းသိမ်သစ်သမုတ်ပွဲသို့ သွားရောက်ခဲ့ရာ အဆိုပါသတင်းကို ကြားသိရသဖြင့် ညောင်ဝိုင်းကျောင်းတော်ခြေရင်းရှိ ဆရာတော်ကြီးရုပ်ကလာပ်တော်ရှိရာကွင်းပြင်ရှိ လောင်တိုက်ပြာသာဒ်ဆီသို့ အပြေးအလွှားရောက်ရှိသွားခဲ့ပါသည်။ စာရေးသူမှာ လောင်တိုက်ကို ကာရံထားသည့် ရာဇမတ်ကွက်အတားအဆီးအပြင်မှ ဖူးမြော်ခဲ့ပါသည်။ ဆရာတော့်ရုပ်ကလာပ်တော်ကို နောင်တွင် စာရေးသား တင်ပြနိုင်ရန် အကြံဖြင့် ကာရံထားသည့် ရာဇမတ်ကွက်ကိုကျော်တက်၍ ဆရာတော့်ရုပ်ကလာပ်တော်ကို အနီးကပ် ဖူးမြော်လေ့လာ ကြည့်ရှုခဲ့ပါသည်။ ဆရာတော်၏ခြေလက်များမှာ နူးညံ့ပျော့ပျောင်းနေဆဲဖြစ်ပါသည်။ ခြေဖဝါးတော်၊ လက်ဖဝါးတော်များမှာ အဆီများဖြင့် စွတ်စိုကာ ပန်းဆီရောင်ပြေးနေပါသည်။ မျက်နှာနှင့် လက်တို့တွင် ယမ်းမှုန့်များ စွန်းထင်းမှုကြောင့် ညိုမည်းနေပါသည်။ အထူးခြားဆုံးမှာ လည်ချောင်းကင်ဆာခံစားရသည့် ညာဘက်လည်ပင်းတွင် ကွမ်းရိုးတံတစ်ဝင်စာခန့်အပေါက်ကလေး တွေ့ရှိရခြင်းပင် ဖြစ်သည်။ အခြား သာမန်လူပုဂ္ဂိုလ်များတွင် လည်ချောင်းကင်ဆာဖြစ်ပွားပါက ပုပ်ပျော်ရိကျကာ ကြည့်မကောင်းမြင်မကောင်းဖြစ်လေ့ရှိသည်ကများပါသည်။ ဆရာတော်၏ကင်ဆာဖြစ်ပွားရာနေရာမှာ ဒဏ်ရာဒဏ်ချက်လုံးဝကင်းရှင်းပြီး ပကတိအသားအရေဖြင့် ဝင်းဝါနေပါသည်။

## အန္တိမစျာပန ဓာတ်တော်ကျသည်

ဆရာတော်၏ ရုပ်ကလာပ်တော်အားမီးသဂြိုဟ်ရန် နောက်နေ့ညနေတွင် ဂေါပကအဖွဲ့က ပြင်ဆင်ကြပါသည်။ နေ့လယ်ဘက်က ရာသီဥတုမှာ အလွန်ကြည်လင်နေခဲ့ပါသည်။ လေမှာလည်း ငြိမ်နေခဲ့ပါသည်။ ထို့ကြောင့် ညနေပိုင်းတွင် မီးသဂြိုဟ်ရန် ပြင်ဆင်ကြပါသည်။ တစ်ခဏချင်းဆိုသလိုပင် မိုးသားတိမ်လိပ်များ ပြေးတက်လာကာ လေပြင်းလည်း တိုက်ခတ်လာသည်။ ထို့ကြောင့် ဂေါပကအဖွဲ့ဝင်များမှာ မီးသဂြိုဟ်မဖြစ်ဘဲ ရပ်တန့်ရွှေ့ဆိုင်းလိုက်ကြရပါသည်။ လေပြင်းတိုက်ချိန် မီးသဂြိုဟ်ပါက လမ်းတစ်ဖက်တွင် ရပ်ကွက်ရှိနေရာ မီးပွားလွင့်စဉ်ကျရောက်ကာ မီးကူးမည်စိုး၍ ဖြစ်ပါသည်။ မီးသဂြိုဟ်မည်ပြုလုပ်တိုင်း ယခင်ကကဲ့သို့ မိုးသားတိမ်လိပ်များပြေးတက်ကာ လေပြင်းများ တိုက်ခတ်လာမှုကြောင့် နှစ်ကြိမ်တိုင်တိုင် ရပ်နားရွှေ့ဆိုင်းလိုက်ကြရပါသည်။ ထိုစဉ်အတွင်း ဆရာတော်၏ မယွင်းမပျက်သည့် ရုပ်ကလာပ်တော်ကို ထားရှိရေး၊ မထားရှိရေးကိစ္စ၊ တောင်ပေါ်မှ တောင်အောက်သို့ ချထားသည့် ရုပ်ကလာပ်တော်ကို တောင်ပေါ်သို့ ပြန်တင်ရေး၊ မတင်ရေးကိစ္စ စသည်တို့ဖြင့် ဂေါပကအဖွဲ့ဝင်များ သဘောထားကွဲလွဲကြသည်။ တစ်ဖက်နှင့်တစ်ဖက် တင်းမာမှုများရှိလာရာ ဂိုဏ်းဂဏဆရာတော်ကြီးများက ဝင်ရောက်ဖျန်ဖြေ၍ အများဆန္ဒသဘောထားဆုံးဖြတ်ချက်ဖြင့် မီးသဂြိုဟ်ရန် ဆုံးဖြတ်၍ အန္တိမစျာပနကို မီးပူဇော်ပြာချကြလေသည်။

နောက်နေ့နံနက်မီးငြိမ်းသွားသည့်အခါ ဂေါပကအဖွဲ့ဝင်အချို့က အရိုးပြာများကို လာရောက်၍ ငွေဖလားဖြင့် ထည့်ယူကြပါသည်။ ထိုအခါတွင် အရွယ်အစားအမျိုးမျိုးရှိသည့် ပန်းရောင်၊ အနီရင့်ရောင်၊ ရွှေညိုရောင်၊ အဖြူရောင်ရှိသည့် ဓာတ်တော်ခဲများကို တွေ့ရှိကြရပါသည်။ ဓာတ်တော်နှင့်ပတ်သက်၍ မြင်တွေ့သိရှိသူမရှိသဖြင့် နောက်တစ်နေ့တွင် ဓာတ်တော်များ အပါအဝင် အရိုးပြာများကို အင်ဒရူးပင်လယ်အော်အတွင်း ကြဲချလွှင့်မျောလိုက်ကြလေသည်။

ထိုအခါတွင် ဓာတ်တော်များကို ငွေဖလားဖြင့် ကိုင်ဆောင်ကာ ကိုယ်တိုင်ကြဲချခဲ့သော ကိုသိန်းလွင် (ကိုလူလေး၏ယောက်ဖဖြစ်သူ) အား စာရေးသူက တွေ့ဆုံမေးမြန်းခဲ့သည့်အခါ ၎င်းကိုယ်တိုင်ကိုင်တွယ်ကြဲချခဲ့သည့်အရောင်အမျိုးမျိုးရှိသည့် အသားတော်၊ အသွေးတော်၊ အရိုးတော်မှ ဖြစ်ထွန်းလာသည့် ဓာတ်တော်များဖြစ်ကြောင်း သိရှိသွားကာ များစွာစိတ်နှလုံးမသာမယာဖြစ်သွားခဲ့လေသည်။

စာရေးသူမှာ ဘာသာရေးဆောင်းပါးများရေးသားနေသဖြင့် မိုးကုတ်ဆရာတော်ဘုရားကြီး ဦးဝိမလ၏ တစ်ဘဝသာသနာမှတ်တမ်းစာအုပ်၊ ဗီဒီယိုမှတ်တမ်းခွေ၊ သဲအင်းဂူဆရာတော်ဘုရားကြီး၏ မျက်လုံးတော်ဓာတ်တော်များအကြောင်း၊ ဗီဒီယိုမှတ်တမ်းခွေများ အထောက်အထားဖြင့် အရိုးချိတ်ဆက်များ၊ အမိုးကွင်းဆက်များ၊ အသွေးတော်၊ အသားတော်၊ အရိုးတော်များမှဖြစ်ထွန်းလာသည့် ဓာတ်တော်များ အမျိုးမျိုးကို မြင်တွေ့သိရှိခွင့်ရရှိထားပါသည် ။ ထို့ကြောင့် ဘာသာရေးအတွေ့အကြုံနည်းပါးသူ၊ ယုံကြည်လေးမြတ်မှု အားနည်းသူတို့ကြောင့် ဝိပဿနာဓုတင်ဆောင်ပုဂ္ဂိုလ်တစ်ပါး၏ မပုပ်မသိုး မပျက်မယွင်းသည့် ရုပ်ကလာပ်တော်နှင့် ဓာတ်တော်များကို ကိုးကွယ်ခွင့်မရရှိလိုက်ခဲ့သည်ကို များစွာ နှမြောတသ ယူကြုံးမရဖြစ်မိပေတော့သည်။ ဆရာတော်ဦးကေတုသည် စာရေးသူ အသက် (၄၄) နှစ်အရွယ်တွင် ကိုယ်တွေ့ဖူးမြော်ခွင့်ရရှိခဲ့သည့် ရဟန္တာတစ်ပါးဟု ကြည်ညိုစိတ်သဒ္ဓါတရားဖြင့် စာရှုသူများအား ဖတ်ရှုစေနိုင်ရန် ရေးသား ပူဇော်လိုက်ရပါတော့သည်။

ရွှေချိုအောင်(ငပလီ)



www.burmeseclassic.com

www.burmeseclassic.com

# မင်းဘူး-ဗိုလ်ညွှတ်မှ

## အဘိဓမ္မာနှင့်မြန်မာပြည်



မြတ်ဗုဒ္ဓ၏ ပိဋကတ်သုံးပုံတွင် အဘိဓမ္မာတရားတော်သည် တစ်ပုံအဖြစ် ပါဝင်သည်။ ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀) ကို အကျဉ်းချုပ်သော် ပိဋကတ်သုံးပုံ နိကာယ်ငါးရပ်၊ ယင်းကို အကျဉ်းချုပ်သော် ဗောဓိပက္ခိယတရား (၃၇) ပါး၊ ယင်းကို အကျဉ်းချုပ်သော် မဂ္ဂင်ရှစ်ပါးနှင့် ယင်းကို အကျဉ်းချုပ်သော် သီလ(မကောင်းမှုရှောင်)၊ သမာဓိ (ကောင်းမှုဆောင်)၊ ပညာ (ဖြူအောင်စိတ်ကိုထား) ဟူ၍ ရရှိကြောင်းဖြင့် တရားဟောဓမ္မကထိကဆရာတော်များက မြွက်ကြားတော်မူပါသည်။

ပိဋကတ်သုံးပုံမှာ ဝိနည်းပိဋကတ်၊ သုတ္တန်ပိဋကတ်နှင့် အဘိဓမ္မာပိဋကတ်ဟူ၍ ဖြစ်ပါသည်။ နိကာယ်ငါးရပ်မှာ ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်နှင့် ခုဒ္ဒကနိကာယ်တို့ ဖြစ်သည်။ ဒီဃ (ရှည်သော) နိကာယ်တွင် ရှည်သောသုတ်တွေ စုပေါင်းထားသည်။ မဇ္ဈိမနိကာယ်က တိုမရှည်သုတ်များ စုပေါင်းထားသည်။ သံယုတ္တနိကာယ်က သုတ်တိုတိုလေးများ စုပေါင်းထားသည်။ အဆင့်ဆင့်ရှည်သည်လည်း ရှိသော်လည်း အများစုက သုတ်တိုတိုလေးများ ဖြစ်သည်။ အင်္ဂုတ္တရနိကာယ် - အင်္ဂါအစိတ်အပိုင်း၊ ဥတ္တရ- များသွားခြင်း၊ အထက်ကိုတက်သွားခြင်း၊ တရားများကို တစ်ခု၊ နှစ်ခု၊ သုံးခု၊ လေးခုစသည် စုပေါင်းဟောခြင်း။ ယင်းကဲ့သို့ တစ်ခုအစုတရား၊ နှစ်ခုအစုတရား၊ သုံးခုအစုတရားစသည်ဖြင့် တိုးသွားရာ (၁၁) ထိအောင်ရှိသည်။ နောက်တစ်ခုမှာ ခုဒ္ဒကနိကာယ်၊ ခုဒ္ဒကက ငယ်သည်ဟုဆိုသည်။ ငယ်သည်ဆိုရာ၌ စောစောကနိကာယ်လေးရပ်တွင် မပါသည်များကို ခုဒ္ဒကထဲပါသွားသည်။ကျန်သောသုတ္တန်များလည်း ခုဒ္ဒကထဲ ပါသွားသည်။ ခုဒ္ဒကဟုသာ အမည်ပေးသည်။ အမှန်တွင် ခုဒ္ဒကနိကာယ်က အများဆုံးဖြစ်သည်။

ဆဋ္ဌသင်္ဂါယနာတွင်ရိုက်ခဲ့သော စာအုပ်ပေါင်း (၄၀) ရှိသည်။ ပိဋကတ်သုံးပုံတွင် ဝိနည်းပိဋကတ်သည် ရဟန်း၊ သာမဏေ၊ ဘိက္ခုနီများကျင့်သုံးရန် သိက္ခာပုဒ်များ၊ သိက္ခာပုဒ်ကို မည်ကဲ့သို့ အဓိပ္ပာယ်ဖွင့်ရမည် စသည်တို့အားလုံး ပါဝင်သည်။ သုတ္တန်ပိဋကတ်မှာ အများနားလည်အောင်ဟောသောတရားများ ဖြစ်သည်။ ရဟန်း၊ လူနှင့် နတ်ကို ဟောသည်။

အဘိဓမ္မာ၏အဓိပ္ပာယ်မှာ ထူးကဲသောတရားဟုအဓိပ္ပာယ်ရသည်။ အဘိနှင့်ဓမ္မာနှစ်ပုဒ်ကိုတွဲထားသည်။ အဘိ- လွန်ကဲသည်၊ ထူးမြတ်သည်ဟုအဓိပ္ပာယ်ရသည်။ ဟောပုံလွန်ကဲထူးခြားတာ ဖြစ်သည်။ သုတ္တန်တွင် ခန္ဓာငါးပါးကို အကျဉ်းပဲဟောသည်။ အဘိဓမ္မာတွင် ခန္ဓာငါးပါးကို အကျယ်ခဲ့၍ဟောသည်။ ခန္ဓာငါးပါးနှင့်စပ်လျဉ်း၍ အကုန်ဟောထားသည်။ ဝိဘင်းပါဠိတော်တွင် ခန္ဓာငါးပါးနှင့်စပ်လျဉ်း၍ စာမျက်နှာ (၈၀) ခန့်ရှိသည်။ သုတ္တန္တဘာဇနီယနည်း၊ အဘိဓမ္မာဘာဇနီယနည်း၊ **အမေးအဖြေနည်း** စသည့် **နည်းအမျိုးမျိုး ခွဲထွင်ပြီး ခန္ဓာ**ငါးပါးနှင့် စပ်လျဉ်း၍ **သိစရာမှန်သမျှ** အကုန်သိအောင်ဟောသည်။

သုတ္တန်တွင် မြတ်စွာဘုရားက သမုတိပညတ်ခေါ်သော လူအားလုံးနေ့စဉ်သုံးနေကျစကားလုံးများနှင့်ဟောသည်။ အဘိဓမ္မာပိဋကတ်တွင် ပရမတ္ထသစ္စာဟု ခေါ်သော ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ စိတ်၊ စေတသိက် စသည်များဖြင့်ဟောသည်။ တကယ်အစစ်အမှန်ရှိသော စကားလုံးများနှင့် အဘိဓမ္မာကိုဟောသည်။ လောကတွင် လူ၊ ပုဂ္ဂိုလ်၊ သတ္တဝါဟူ၍ ရှိသည်မဟုတ်။ စိတ်-စေတသိက်-ရုပ်-နိဗ္ဗာန်သာရှိသည်။ ထို့ကြောင့် အဘိဓမ္မာတွင် တကယ်ရှိသော ရုပ်၊ နာမ်ကိုသာဟောသည်။ ခန္ဓာ (၅) ပါး၊ အာယတန (၁၂) ပါး၊ ဓာတ် (၁၈) ပါး စသည်များကို အကျယ်ဟောသည်။ စိတ်အကျဉ်း (၈၉) ပါး၊ အကျယ်



www.burmeseclassic.com

www.burmeseclassic.com

(၁၂၁) ပါးကို အသေးစိတ်ဟောတော်မူခဲ့သည်။ နာမ်ပိုင်းဆိုင်ရာတွင် ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် စသည် စိတ်၊ စေတသိက်၊ ဖဿ၊ ဝေဒနာ စသည် ခွဲခြားပြောခဲ့သည်။ စိတ်ကို လေ့လာရာတွင် အဘိဓမ္မာသည် အလွန်အသေးစိတ်သည်။ စေတသိက်ပိုင်းတွင် လက္ခဏာ၊ ရသ၊ ပစ္စုပ္ပဋ္ဌာန်၊ ပဒဋ္ဌာန် စသည်ဖြင့် ခွဲခြားဟောသည်။

အဘိဓမ္မာနှင့် စပ်လျဉ်း၍ ဒေါက်တာ သီလနန္ဒာဘိဝံသက 'အဘိဓမ္မာသင်တန်းပို့ချချက်များ' တွင်-

အဘိဓမ္မာနဲ့ ပတ်သက်ပြီးတော့ ဦးပဥ္စင်းတို့ မြန်မာပြည်က နံပါတ်တစ်ပဲ။ ဒါတော့ ငြင်းစရာမရှိဘူး။ သီဟိုဠ် (သီရိလင်္ကာ)မှာလည်း အခုလောလောဆယ်မှာ မထွန်းကားဘူး။ ယိုးဒယားမှာလည်း မြန်မာပြည်မှာလောက် မထွန်းကားဘူး။ မြန်မာပြည်မှာတော့ အဘိဓမ္မာအထွန်းကားဆုံးပဲ။ ဒါကြောင့် မြန်မာပြည်မှာ ဘုန်းကြီးတိုင်းပဲဆိုပါတော့ အဘိဓမ္မာ နားလည်တာ။ သီဟိုဠ်ဘုန်းကြီးဆို ဘုန်းကြီးတိုင်း နားမလည်ဘူး။ ယိုးဒယား ဘုန်းကြီးဆို ဘုန်းကြီးတိုင်း နားမလည်ဘူး။ မြန်မာပြည်မှာ ဘာကြောင့် အဘိဓမ္မာနားလည်တာလဲ။ အဘိဓမ္မာက Compulsory Subject ဖြစ်နေတယ်။ ကိုရင်ဖြစ်တယ်ဆို အဘိဓမ္မာက သင်ရတော့တာ။

ပြီးတော့ ညဝါ ဆိုတာ ရှိသေးတယ်။ နေ့မှာ ကျက်ပြီးတော့ ညကျမှ ဆရာဆီမှာသွားပြီးတော့ တက်ရတာ။ အဲဒီညဝါတွေကလည်း သိပ်ကျေးဇူးများတာ။ နေ့မှာကျက်၊ ညကျတော့ မီးမထွန်းဘူး။- အမှောင်ထဲပြန်ရတာ၊ အလွတ်ပြန်ရတာ။ မှားရင် ဆရာကပြင်ပေးပေါ့လေ။ အဓိပ္ပာယ်ပြောပြ၊ အဲဒီလိုလုပ်ရတာ။ အဲဒီလိုလုပ်တော့ ညဝါလုပ်လာတဲ့အခါ အဘိဓမ္မာပိုကျေတာပေါ့။ ဒါကြောင့် ညဝါဟာ ဦးပဥ္စင်းတို့ မြန်မာပြည်မှာ သိပ်ကျေးဇူးများတယ်။ မြန်မာပရိယတ္တိနယ်ပယ်တွင် 'ညဝါပိုင်လျှင် သင်္ဂြိုဟ်မကိုင်တော့၊ သင်္ဂြိုဟ်ပိုင်လျှင် ညဝါမကိုင်တော့' ဟူ၍ ရှိကြောင်းဖြင့် အဘိဓမ္မာပညာ မြန်မာပြည်၌ အရေးပါပုံ၊ ညဝါ၏ တန်ဖိုးများကို ဆရာတော်ဘုရားက မြွက်ကြားတော်မူခဲ့သည်။

ထို့ပြင် 'အဘိဓမ္မာတတ်မှ တရားအားထုတ်၍ရမည်ဟု မဆိုလိုကြောင်း၊ အဘိဓမ္မာတတ်ထားခဲ့သော် တရားအားထုတ်ရာတွင် ပို၍လွယ်ကူသည်ဟူ၍သာ ဆိုလိုကြောင်း၊ အဘိဓမ္မာမတတ်သော်လည်း ဆရာကောင်းထံတွင် နည်းခံ၍ တရားအားထုတ်နိုင်ပါကြောင်း၊ သို့သော် အဘိဓမ္မာတတ်ထားပါမှ ကုသိုလ်၊ အကုသိုလ်ကို ရေရေလည်လည် ခွဲခြားသိနိုင်ကြောင်း၊ အဘိဓမ္မာတတ်ထားမှ သုတ္တန်ကို အားလုံးနားလည်နိုင်ကြောင်း၊ အဘိဓမ္မာတတ်ထားမှ ဝိသုဒ္ဓိမဂ်ကို နားလည်မည်ဖြစ်ကြောင်း၊ အဘိဓမ္မာမတတ်သော် ကောင်းစွာ နားမလည်နိုင်ကြောင်း စသည်ဖြင့်လည်း ရှင်းလင်းတော်မူခဲ့သည်။

မြတ်ဗုဒ္ဓ ဟောကြားတော်မူသော အဘိဓမ္မာခုနစ်ကျမ်းကို မည်သို့ဖတ်နိုင်မည်လဲ။ ဖော်ပြပါ ဆဋ္ဌသင်္ဂါယနာတင် ပိဋကတ်သုံးပုံတွင် အဘိဓမ္မာက (၁၂) အုပ် ရှိသည်။ (ယင်း (၁၂) အုပ်တွင် ပဋ္ဌာန်းကျမ်းက (၅) အုပ်ဖြစ်၏) အရှင်အနုရုဒ္ဓါက အဘိဓမ္မာကို အနှစ်ချုပ်၍ 'အဘိဓမ္မာသင်္ဂဟကျမ်း' ကို ရေးသားပြုစုခဲ့သည်။ မြန်မာပြည်တွင် 'သင်္ဂြိုဟ်' ဟူ၍ အသိများသည်။ အဘိဓမ္မာသင်တန်းဟူသည် ယင်းသင်္ဂြိုဟ်သင်တန်းဖြစ်သည်။ အရှင်အနုရုဒ္ဓါက အဘိဓမ္မာသင်္ဂဟကျမ်းတွင် အပိုင်း (၉) ပိုင်းခွဲ၍ ရေးသားခဲ့သည်။ ယင်းကို 'သင်္ဂြိုဟ် (၉) ပိုင်း' ဟု ခေါ်သည်။ ယင်းသင်္ဂြိုဟ် (၉) ပိုင်းမှာ စိတ်ပိုင်း၊ စေတသိက်ပိုင်း၊ ပကိဏ်းပိုင်း၊ ဝီထိပိုင်း၊ ဝီထိမုတ်ပိုင်း၊ ရုပ်ပိုင်း၊ သမုစ္စည်းပိုင်း၊ ပစ္စည်းပိုင်း၊ ကမ္မဋ္ဌာန်းပိုင်း ဟူ၍ ဖြစ်သည်။

စိတ်ပိုင်းတွင် လောကီစိတ်(၈၁)ပါး၊ လောကုတ္တရာစိတ် (၈) ပါး၊ စုစုပေါင်း စိတ်အကျဉ်း (၈၉) ပါး (တစ်ခုယုတ်ကိုးဆယ်ဟုခေါ်၏။ ပါဠိတွင် (၂၉)၊ (၃၉)၊ (၄၉) ဟူ၍ မရှိ။ ယင်းကို တစ်ခုယုတ်သုံးဆယ်၊ တစ်ခုယုတ်လေးဆယ်၊ တစ်ခုယုတ်ငါးဆယ်ဟူ၍သာသုံးသည်။) လောကုတ္တရာစိတ် (၈) ပါးကို ဈာန်စိတ်အဖြစ်ချဲ့သော် လောကုတ္တရာစိတ်အပါး (၄၀) ရသည်။ (၈× ဈာန်စိတ် ၅= ၄၀) ထို့ကြောင့် မူလလောကစိတ် (၈၁) + လောကုတ္တရာစိတ်အကျယ် (၄၀) = စိတ်အကျယ် (၁၂၁) ပါးရပုံကို ဖော်ပြသည်။ မြန်မာပရိယတ္တိနယ်ပယ်တွင် စိတ်တစ်ခုယုတ်ကိုးဆယ်၊ အကျယ်တစ်ရာ့နှစ်ဆယ် ဆိုသည်မှာ ယင်းစိတ်အကျဉ်းအကျယ်ကို ပြဆိုသည်။

လောကီစိတ်တွင် အကုသိုလ်စိတ် (၁၂) ပါး၊ အဟိတ်စိတ်(၁၈)ပါး (မိတ်မပါသောစိတ်)၊ ကာမဝစရသောဘနစိတ် (၂၄) ပါး၊ ရူပဝစရစိတ် (၁၅) ပါး၊ အရူပဝစရစိတ် (၁၂) ပါး စုစုပေါင်း(၈၁) ပါးရှိသည်။ အကုသိုလ်စိတ်နှင့် အဟိတ်စိတ်ကို 'အသောဘနစိတ်' (မတင့်တယ်သောစိတ်) ဟု ခေါ်သည်။ အကုသိုလ်စိတ်၊ အဟိတ်စိတ်၊ ကာမဝစရသောဘနစိတ် (၃) မျိုးကို ကာမဝစရစိတ် (အလွယ်ကာမစိတ်) - (၅၄) ပါးဟု ခေါ်သည်။ ရူပဝစရစိတ်နှင့် အရူပဝစရစိတ်များကို 'မဟဂ္ဂုတ်စိတ်' ဟု ခေါ်သည်။ မြင့်မြတ်သောစိတ်ဟုအဓိပ္ပာယ်ရသည်။ (အကျယ်ကို သင်္ဂြိုဟ်စာအုပ်များတွင် လေ့လာနိုင်ပါသည်။)

စေတသိက်ပိုင်းတွင် စေတသိက် (၅၂) ပါးရှိသည်။ စေတသိက် (၅၂) ပါးဟူသည် သင်္ခါရအပါး (၅၀) ကို ဝေဒနာ သညာ (၂) ပါးနှင့် ပေါင်းထားခြင်း ဖြစ်သည်။ စေတသိက်= သင်္ခါရ+ ဝေဒနာ+ သညာဖြစ်သည်။ ယင်းစေတသိက် (၅၂) ပါးနှင့် ဝိညာဏ် ဟူသောစိတ်တို့ပေါင်းသော် သသင်္ခါရိကနာမ်ဓာတ် (၅၃) ပါးကိုရသည်။ အသင်္ခါရိကနာမ်ဓာတ်နိဗ္ဗာန် (၁) ပါးနှင့်ပေါင်းက နာမ်ဓာတ် စုစုပေါင်း (၅၄) ပါးကို ရသည်။

စေတသိက် (၅၂) ပါးတွင် အညသမန်းစေတသိက် (၁၃) ပါး၊ အကုသိုလ်စေတသိက် (၁၄) ပါး၊ သောဘန (တင့်တယ်သော) စေတသိက် (၂၅) ပါးတို့ ဖြစ်သည်။ အညသမန်းဆိုသည်က အခြားတစ်ပါးနှင့် ဆက်ဆံသောဟု အဓိပ္ပာယ်ရသည်။ ကောင်းတာနှင့်ရော မကောင်းတာနှင့်ပါ ဆက်ဆံသော စေတသိက်များ ဖြစ်သည်။

လယ်တီဆရာတော်ဘုရားကြီးက-

◆ စိတ်ကိုမှီတွယ်၊ စိတ်ကိုခြယ်၊ ငါးဆယ်နှင့် ဒွိကာစေတသိက်ဟု လင်္ကာရေးခဲ့သည်။ စေတသိက်ဆိုတာဘာလဲ။ စေတသိက်လက္ခဏာ (၄) ပါးရှိသည်။ စိတ်နှင့်အတူဖြစ်၊ စိတ်နှင့်အတူချုပ်၊ စိတ်နှင့်တူသော အာရုံရှိခြင်း၊ စိတ်နှင့်တူသောမှီရာရှိခြင်း' တို့ ဖြစ်သည်။

အကုသိုလ်စေတသိက်အချို့ကို ဥပမာပေးရသော် လောဘ၊ ဒေါသ၊ မောဟ၊ ဒိဋ္ဌိ၊ မာန စသည်တို့ ဖြစ်သည်။ သောဘနစေတသိက်အချို့ကို ဥပမာပြုရသော် သဒ္ဓါ (ဘုရား စသောအာရုံ၌ ယုံကြည်ခြင်း)၊ ဟိရီ (အကုသိုလ်ဒုစရိုက် ပြုရန်ရှက်ခြင်း)၊ ဩတ္တပ္ပ (အကုသိုလ် ဒုစရိုက်ပြုရန်ကြောက်ခြင်း)တို့ဖြစ်သည်။ တရားဗဟုသုတဖြစ်စေရန်အတွက် တင်ပြခြင်း ဖြစ်ပါသည်။ စေတသိက်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com

တွင် စေတသိက်ကိုကိုင်ပြီး စိတ်မည်မျှနှင့် ယှဉ်သည်ကိုရှာသော သမ္ပယောဂနည်းဟူ၍လည်းကောင်း၊ စိတ်တစ်ခုတွင် စေတသိက်မည်မျှနှင့်ယှဉ်သလဲ။ စိတ်တစ်ခုနှင့် စေတသိက်မည်မျှတို့အတူဖြစ်သလဲကိုရှာသော သင်္ဂဟနည်း ဟူ၍လည်းကောင်း ရှိပါသေးသည်။ ယင်းတို့ကိုမူ အဘိဓမ္မာသင်တန်းတက်မှသာ သိနိုင်ပါလိမ့်မည်။ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးက ဖြည့်စွက်တီထွင်ထားသည့် စေတသိက်ချင်း မည်မျှယှဉ်သည်ကို တွက်သော 'မိဿကနည်း' ဟူ၍လည်း ရှိပါသေးသည်။ နာမည်အပြည့်အစုံအမှန်မှာ 'ဒုဗ္ဘယမိဿကနည်း' ဟူ၍ဖြစ်သည်။ယင်းနည်းမှာ သမ္ပယောဂနည်းနှင့် သင်္ဂဟနည်းကို ရောထားသောနည်း ဖြစ်သည်။

ပကိဏ်းပိုင်းသည် သဂြိုဟ်ကိုးပိုင်းတွင် တတိယပိုင်းဖြစ်ပါသည်။ ပကိဏ်းပိုင်းတွင် -

ဝေဒနာသင်္ဂဟ၊ ဟေတုသင်္ဂဟ၊ ကိစ္စသင်္ဂဟ၊ဒွါရသင်္ဂဟ၊အရမ္မဏသင်္ဂဟ၊ ဝတ္ထုသင်္ဂဟ ဟူ၍ အပိုင်း (၆) ပိုင်း ရှိသည်။ ဤအပိုင်းတွင် စိတ်များကို သူ့အစုနှင့်သူ ခွဲခြားပြသသောအပိုင်းဖြစ်သည်။ သင်္ဂဟ ဟူသည် သိမ်းယူခြင်း၊ ပေါင်းယူခြင်းကို ပြောသည်။ ထို့ကြောင့် ဝေဒနာသင်္ဂဟအပိုင်းတွင် စိတ် (၈၉) ပါ အကျယ် (၁၂၁) ပါးကို ဝေဒနာနှင့် ခွဲခြမ်းစိတ်ဖြာပြသသည်။ ဟေတုသင်္ဂဟတွင် ဟိတ် (၆) ပါးနှင့် ခွဲခြမ်းပြသည်။ ကိစ္စသင်္ဂဟတွင် ကိစ္စနှင့်ခွဲခြမ်းပြသည်။ ဒွါရသင်္ဂဟတွင် ဒွါရ (၆) ပါးနှင့် ခွဲခြမ်းပြသည်။ အရမ္မဏသင်္ဂဟတွင် အာရုံများနှင့် ခွဲခြမ်းပြသည်။ ဝတ္ထုသင်္ဂဟတွင် စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ ဟဒယ စသော ဝတ္ထု (၆) ပါးနှင့် ခွဲခြမ်းစိတ်ဖြာပြသည်။

ဝေဒနာသင်္ဂဟတွင် သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ သောမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာ၊ ဒေါမနဿဝေဒနာစသော ဝေဒနာ (၅) မျိုး၊ သုခ၊ ဒုက္ခ၊ ဥပေက္ခာ ဟူသော ဝေဒနာ (၃) မျိုးကို စိတ် (၁၂၁) နှင့် ယှဉ်ကာ ဖော်ပြသည်။ စိတ် (၁၂၁) ပါးတွင် သုခဝေဒနာနှင့် ယှဉ်သောစိတ်က (၆၃) ပါး၊ ဒုက္ခဝေဒနာနှင့် ယှဉ်သောစိတ်က (၃) ပါးနှင့် ဥပေက္ခာဝေဒနာနှင့်ယှဉ်သောစိတ်က (၅၅) ပါး ဟူ၍ ယေဘုယျတင်ပြသော ဆောင်းပါးမှ ဤမျှသာ တင်ပြနိုင်ပါသည်။ သဂြိုဟ်ကျမ်းတွင် အင်မတန်မှ အသေးစိတ်ပါသည်။

ဟေတုသင်္ဂဟတွင် လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟ ဟူသော ဟိတ် (၆) ပါးတို့ စိတ် (၁၂၁) ပါးတွင် မည်သို့ယှဉ်ပုံကို ဖော်ပြသည်။ လယ်တီဆရာတော်ဘုရားကြီးက 'လော၊ ဒေါ၊ မောသုံး အနှင့်သုံး ခေါ်သုံး မိတ်ခြောက်ပါး' ဟူ၍ စာစပ်ခဲ့သည်။ တစ်ဖန် 'စိတ်နှင့်စေယှဉ် ကျေလည်လျှင် ဟိတ်တွင်မခက်ဆေး' ဟူ၍လည်း စာစပ်ခဲ့သည်။ စိတ်ပိုင်းစေတသိက်ပိုင်း ယှဉ်သည်ကို နားလည်ပါက ဟေတုသင်္ဂဟကို နားလည်သည်ဟု ဆိုလိုသည်။

ကိစ္စသင်္ဂဟတွင် ကိစ္စ (၁၄) မျိုး ရှိသည်။ ယင်းတို့မှာ ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ အာဝဇ္ဇနကိစ္စ၊ ဒဿနကိစ္စ၊ သဝနကိစ္စ၊ ဃာယနကိစ္စ၊ သာယနကိစ္စ၊ ဖုသနကိစ္စ၊ သမ္ပဋိစ္ဆနကိစ္စ၊ သန္တီရဏကိစ္စ၊ ဝေါဋ္ဌပ္ပနကိစ္စ၊ ဇဝနကိစ္စ၊ တဒါရမ္မဏကိစ္စ၊ စုတိကိစ္စဟူ၍ဖြစ်သည်။ ယင်းတို့ကို မြန်မာလိုတင်ပြပါမည်။ ဒဿန- မြင်ခြင်း၊ သဝန - ကြားခြင်း၊ ဃာယန- နမ်းရှူခြင်း၊ ဖုသန - တွေ့ထိခြင်း၊ သမ္ပဋိစ္ဆန - လက်ခံခြင်း၊ သန္တီရဏ - စုံစမ်းခြင်း၊ ဝေါဋ္ဌပ္ပန- ဆုံးဖြတ်ခြင်း၊ ဇဝန- အရှိန်အဟုန်ဖြစ်ခြင်း၊ တဒါရမ္မဏ- ဇောနောက်လိုက်ခြင်း၊ စုတိ - ချုပ်ခြင်း။

အရမ္မဏသင်္ဂဟကိစ္စ (၆) မျိုး ရှိသည်။ စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်နှင့် မနောဓာတ်တို့ ဖြစ်သည်။

ဝတ္ထုသင်္ဂဟတွင်လည်း (၆) မျိုး ဖြစ်သည်။ စက္ခုဝတ္ထု (မျက်စိအကြည်)၊ သောတဝတ္ထု (နားအကြည်)၊ ဃာနဝတ္ထု (နှာခေါင်းအကြည်)၊ ဇိဝှါဝတ္ထု (လျှာအကြည်)၊ ကာယဝတ္ထု (ကိုယ်အကြည်) နှင့် ဟဒယဝတ္ထုတို့ဖြစ်သည်။

အဘိဓမ္မာသင်္ဂဟခေါ် သဂြိုဟ်ကိုးပိုင်း၏ စတုတ္ထပိုင်းသည် ဝီထိပိုင်းဖြစ်သည်။ ဝီထိ ဆိုသည်မှာ စိတ်အစဉ်တန်းဖြစ်သည်။ လူသားမွေးဖွားလာသည်နှင့် ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်နှင့် စုတိစိတ်တို့သည် တစ်မျိုးတစ်စားတည်းအဖြစ် ပါလာခဲ့သည်။လူ၏နေ့စဉ်ဘဝတွင် ဘဝင်စိတ်တစ်လှည့်၊ ဝီထိခေါ် အာရုံသိစိတ်များ တစ်လှည့်စီ ဖြစ်ပေါ် ချုပ်ကျရှိသည်။ ဝီထိစိတ်ဖြစ်လျှင် ဘဝင်ပြတ်သွားသည်။ ဝီထိချုပ်သော် ဘဝင်ပြန်ပေါ်သည်။ ဝီထိစိတ်ဖြစ်ပေါ်မှု (၁၇) ချက်ရှိကာ စိတ္တက္ခဏ (၁၇) ချက်ဟု ခေါ်သည်။

'နောင်' ဟူသော ကြေးစည်သံသည် မူလဘဝင်စိတ် 'အတီတဘဝင်' ကိုလာ၍ ရိုက်ခတ်ပြီး ကျော်လွန်သွားသည်။ ယင်းကျော်လွန်ခြင်းကို 'ဘဝင်စလန' ဟုခေါ်သည်။ နောက်ဘဝင်ပြတ်သွားသည့် 'ဘဝင်ဂုပစ္ဆေဒ' ဖြစ်သည်။ ယင်းနောက် 'ပဉ္စဒွါရာဝဇ္ဇန်း' ခေါ် အာရုံငါးပါးဘက် လှည့်သည်။ ထို့နောက် ကြားလျှင် ကြားသိစိတ်၊ မြင်လျှင် မြင်သိစိတ် (စက္ခုဝိညာဏ်စိတ်)၊ ထို့နောက် လက်ခံစိတ် 'သမ္ပဋိစ္ဆိုင်း' ဖြစ်သည်။ 'သန္တီရဏ' က စူးစမ်းသည်။ 'ဝုဋ္ဌော' က အကောင်း၊ အဆိုး ဆုံးဖြတ်သည်။ ယင်းနောက် ဇော (၇) ကြိမ် ဖြစ်သည်။ (ကုသိုလ်ဇော၊ အကုသိုလ်ဇော၊ အဗျာကတဇော)။ ထို့နောက် 'တဒါရုံ' နှစ်ကြိမ်ဖြစ်သည်။ ဇောနောက်လိုက်သောစိတ်များ ဖြစ်သည်။ ပြီးလျှင် ဝီထိစိတ်ချုပ်၊ ဘဝင်စိတ်ပေါ်သည်။ စိတ္တက္ခဏတစ်ချက်တိုင်းတွင် ဥပါဒ်-ဌီ-ဘင် (ဖြစ်တည်ပျက်) ဟူသော ခဏငယ် (၃) ချက်ရှိသည်။ ထို့ကြောင့် ဝီထိစိတ်တစ်ခုတွင် (၁၇×၃=၅၁) ခဏငယ် (၅၁) ချက်ရှိသည်။ စိတ်(၁၇)ချက် ပျက်ပြီးသောအခါမှ ရုပ်က တစ်ချက် ပျက်သည်။ ရုပ်၏ ပျက်သည့်နှုန်းက စိတ်ထက် နှေးတွေး၏။

ဝီထိမုတ်ပိုင်းသည် သဂြိုဟ်ကိုးပိုင်းတွင် ပဉ္စမမြောက်အပိုင်း ဖြစ်သည်။ ဘုံပိုင်းဟုလည်း ခေါ်သည်။ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်များသည် တစ်မျိုးတည်းဖြစ်သည်ဟု ဖော်ပြခဲ့သည်။ ယခု ဤပိုင်းတွင် ဘဝင်စိတ်ကို 'ဝီထိမုတ်စိတ်' (ဝီထိမှလွတ်စိတ်) ဟု သုံးစွဲသည့် အပါယ်လေးဘုံ၊ လူ့ဘုံ၊ နတ်ဘုံ (၆) ခု၊ ဗြဟ္မာ့ဘုံ (၂၀) စသည့် (၃၁) ဘုံအကြောင်းကို ဤအခန်းက ပြောသည်။ ကမ္ဘာတည်ပုံ၊ ပျက်ပုံကို ပြောသည်။ အထူးမှတ်ရန်မှာ အနာဂါမ်ဗြဟ္မာသည် သုဒ္ဓါဝါသဗြဟ္မာ့ဘုံ၌ တည်ရှိပြီးသကာလ အရဟတ္တမဂ်ဉာဏ်ရသည့်အခါ နိဗ္ဗာန်ဓာတ်သို့ဝင်သွားသည်။ အမြင့်ဆုံးဗြဟ္မာ့ဘုံမှာ 'နေဝသညာ၊ နာသညာ' ဖြစ်သည်။ 'သညာ' မရှိဟု မဆိုနိုင်သောဟု အဓိပ္ပာယ်ရသည်။ ပဋိသန္ဓေ ဟူသော အဓိပ္ပာယ်က တစ်ဆက်တစ်စပ်တည်းဟူ၍ဖြစ်သည်။ ခန္ဓာဟောင်းက စုတေသည်နှင့် ပဋ္ဌာန်းပါဠိတော်လာ 'အနန္တရပစ္စယော' တစ်ဆက်တစ်စပ်တည်း ကျေးဇူးပြုကာ ဘဝသစ် ခန္ဓာသစ်ကိုရသည်။ ခန္ဓာပြောင်းပုံမှာ နစသောနစအညော - သူလည်း



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်၊ အခြားသူလည်းမဟုတ်ဟူသော သဘောဖြစ်သည်။ အဓိပ္ပာယ်မှာ ခန္ဓာသစ်သည် ခန္ဓာဟောင်းမဟုတ်။ သို့သော် ခန္ဓာဟောင်း၏ အကြောင်းကင်းခြင်းလည်းမဟုတ်ဟု ဆိုလိုသည်။ ခန္ဓာဟောင်း၏အကြောင်း ဟူသည် ပြုလုပ်ခဲ့သော ကံတရားများ (စေတနာများ) ပင် ဖြစ်သည်။ ကာမ (၁၁) ဘုံဟူသည် အပါယ်လေးဘုံ၊ လူ့ဘုံ၊ နတ်ပြည် ခြောက်ထပ်တို့ကို ခေါ်သည်။ ထို့ပြင် မဟာကပ်ကြီးအခန်း သံဝဋ္ဋကပ်၊ သံဝဋ္ဋဋ္ဌာယီကပ်၊ ဝိဝဋ္ဋကပ်၊ ဝိဝဋ္ဋဋ္ဌာယီကပ်ဟူသော ကပ်ကြီးလေးပါးအကြောင်းပါရှိသည်။ ယခုတည်ရှိသောကာလသည် ဝိဝဋ္ဋဋ္ဌာယီကပ်ဖြစ်ကာ အန္တရကပ်ပေါင်း (၆၄) ကပ်ရှိသည်။ ပထမအန္တရကပ်၌ ကကုသန်ဘုရား၊ ဒုတိယအန္တရကပ်၌ ကောဏာဂုံဘုရား၊ တတိယအန္တရကပ်၌ ကဿပဘုရားပွင့်ကာ စတုတ္ထအန္တရကပ်၌ ဂေါတမမြတ်စွာဘုရားပွင့်ခဲ့သည်။ ပဉ္စမအန္တရကပ်ဝယ်-မေတ္တေယျဘုရားပွင့်မည်။ နောက်ထက် အန္တရကပ် (၅၉) ကပ်ကျန်သည်။ ဘုရားပွင့်မှုမရှိတော့ပါ။

ရုပ်ပိုင်းသည် သင်္ဂြိုဟ်ကိုးပိုင်းတွင် ဆဋ္ဌမမြောက်အခန်း ဖြစ်သည်။ ရုပ်ဓာတ် (၂၈) ပါးရှိသည်။ သို့သော် နိပ္ဖန္နရုပ်ခေါ် သဘာဝရုပ် (၁၈) ပါးကိုသာ ဝိပဿနာရှု၍ရသည်။ ကျန် (၁၀) ပါးသည် ယင်းသဘာဝရုပ် (၁၈) ပါးကိုမှီ၍ အာ[illegible]ရှိခြင်းသည်။ အခြေခံရုပ် [illegible]လေးပါးမှာ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဓာတ်ကြီးလေးပါးသာဖြစ်သည်။ ရုပ်ကလာပ်စည်းတစ်ခုတွင် 'ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ အဆင်း၊ အနံ့၊ အရသာ၊ ဩဇာ' ဟူ၍ ရုပ်မျိုးပါဝင်ပြီး ယင်းကိုခွဲခြား၍မရနိုင်ပါ။ ရုပ်ဖြစ်ရသည်မှာ 'ကံ၊ စိတ်၊ ဥတု၊ အာဟာရ' ဟူသော အကြောင်းလေးမျိုးကြောင်းသာ ဖြစ်သည်။ အဘိဓမ္မာ၌ရုပ်ဟူသည် သမုဒယတဏှာကြောင့် ဖြစ်သော ရုပ်ကိုသာ ဆိုလိုသည်။ ရုပ်သည် သဘောတရားမျှသာ ဖြစ်သည်။ ရုပ်၏လက္ခဏာမှာ ဖောက်ပြန်ပြောင်းလဲတတ်သောသဘောကြောင့် ရုပ်ဟုခေါ်ဆိုသည်။ ရုပ်ပိုင်းတွင် နိဗ္ဗာန်အပိုင်းကို ထည့်သွင်းထားသည်။ နိဗ္ဗာန် ဟူသော စကားသည် 'နိဝါန' ဟူသော စကားမှ ဆင်းသက်သည်။ 'နိ - မ,မရှိ၊ ဝါန - တဏှာ တဏှာကုန်ဆုံးရာ၊ တဏှာချုပ်ငြိမ်းရာဟု အဓိပ္ပာယ်ရသည်။

သင်္ဂြိုဟ်ကိုးပိုင်း၏ သတ္တမပိုင်းသည် သမုစ္စည်းပိုင်း ဖြစ်သည်။ ယှဉ်တိုက်သော သဘောတူရာတရားတို့ကို ပေါင်း၍ဖော်ပြသောအခန်း ဖြစ်သည်။ သမုစ္စယသင်္ဂဟ (၄) မျိုးရှိသည်။ အကုသလသင်္ဂဟ၊ မိဿကသင်္ဂဟ၊ ဗောဓိပက္ခိယသင်္ဂဟ၊ သဗ္ဗသင်္ဂဟ ဟူ၍ ဖြစ်သည်။ အကုသလသင်္ဂဟအပိုင်းတွင် အကုသိုလ်တရားတို့ကို ပေါင်းစု၍ပြသည်။ အာသဝေါတရား၊ ဩဃတရား၊ ယောဂတရား၊ ဂန္ထတရား၊ ဥပါဒါန်တရား၊ နီဝရဏတရား၊ အနုသယတရား၊ သံယောဇဉ်တရား၊ ကိလေသာ (၁၀)ပါး စသည်တို့ပါဝင်သည်။ မိဿကသင်္ဂဟတွင် ကုသိုလ်၊အကုသိုလ်ရောစု၍ တင်ပြသည်။ ဟိတ်၊ ဈာနင်၊ မဂ္ဂင်၊ ဣန္ဒြေ၊ ဗိုလ်၊ အာဟာရအပိုင်းများ ပါဝင်သည်။ ဗောဓိပက္ခိယ (ဗောဓိဉာဏ်ဖြစ်ကြောင်းတရား) တရားအပိုင်းတွင် သတိပဋ္ဌာန်၊ သမ္မပ္ပဓာန်၊ ဣဒ္ဓိ၊ ဣန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်တရားများ ပါဝင်သည်။ ထို့ပြင် စိတ်စေတသိက်ရုပ်နိဗ္ဗာန်ကို သိမ်းကျုံး ရေတွက်သော သဗ္ဗသင်္ဂဟအပိုင်းတွင် ခန္ဓာ (၅) ပါး၊ ဥပါဒါနက္ခန္ဓာ (၅)ပါး၊ အာယတန (၁၂) ပါး၊ ဓာတ် (၁၈) ပါး၊ သစ္စာ (၄) ပါး အခန်းများ ပါဝင်သည်။

သင်္ဂြိုဟ်ကိုးပိုင်း၏ အဋ္ဌမပိုင်းမှာ ပစ္စည်းပိုင်း ဖြစ်သည်။ ပစ္စည်းဟူသည် အကြောင်းတရား ဖြစ်သည်။ ကြောင်းကျိုးဆက်နွှယ်ပုံ (၂) မျိုး ရှိသည်။ (၁) ပဋိစ္စသမုပ္ပါဒ်နည်း - ကြောင်းကျိုးဆက်နွှယ်ပုံသက်သက်သာမညနည်းဖြစ်သည်။ (၂) ပဋ္ဌာန်းနည်း - ကြောင်းကျိုးဆက်သွယ်ပုံအသေးစိတ် အကြွင်းမရှိ ဝိသေသအားဖြင့် အထူးပြဆိုသောနည်းဖြစ်သည်။ ပဋိစ္စသမုပ္ပါဒ်နည်းက ပစ္စည်းပစ္စယုပ္ပန် (၂) မျိုး ဆက်သွယ်ကျေးဇူးပြုပုံ သာမညကိုပြ၍ ပဋ္ဌာန်းနည်းက ပစ္စည်း-ပစ္စယုပ္ပန် (၂) မျိုး ဆက်သွယ်ကျေးဇူးပြုရာတွင် မည်သို့မည်ပုံ ကျေးဇူးပြုသည်ဆိုသောပစ္စယသတ္တိကိုပါ အထူးဝိသေသပြဆိုသည်။ ပဋိစ္စသမုပ္ပါဒ်တွင် သာမညနည်း ဆို၍ လွယ်ကူသည်ဟု မထင်မှတ်စေလိုပါ။

အရှင်အာနန္ဒာက -

"ပဋိစ္စသမုပ္ပါဒ်ကလွယ်ပါတယ်"

ဟု မိန့်ရာ -

မြတ်စွာဘုရားက -

"ဒီလိုမပြောနဲ့ အာနန္ဒာ၊ ပဋိစ္စသမုပ္ပါဒ်ဟာ နက်နဲတယ်။ နက်နဲသယောင်လည်း ထင်ရတယ်"

ဟု မြွက်ကြားခဲ့သည်။

ပဋိစ္စသမုပ္ပါဒ်ကို အနုလုံ၊ ပဋိလုံ အပြန်ပြန်အလှန်လှန်ဆင်ခြင်ရင်း ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သည်။

သင်္ဂြိုဟ်ကိုးပိုင်း၏ နောက်ဆုံးအပိုင်းမှာ ကမ္မဋ္ဌာန်းပိုင်း ဖြစ်သည်။ သမထကမ္မဋ္ဌာန်းနှင့် ဘာဝနာကမ္မဋ္ဌာန်း ဟူ၍ (၂) ပိုင်းရှိသည်။ သမထပိုင်းတွင် ကမ္မဋ္ဌာန် (၄၀)၊ ကသိုဏ်း (၁၀) ပါး၊ အသုဘ (၁၀) ပါး၊ အနုဿတိ (၁၀)ပါး၊ အပ္ပမညာ (၄) ပါး (ဗြဟ္မဝိဟာရတရား (၄) ပါး)၊ အမာရကို ရွံဖွယ်ဟုရှုခြင်း၊ ဓာတ်ကြီး (၄) ပါးကိုရှုခြင်း၊ အရူပကမ္မဋ္ဌာန်း (၄) ပါး စသည်တို့ ပါဝင်သည်။ ဝိပဿနာကမ္မဋ္ဌာန်း (အနိစ္စ၊ဒုက္ခ၊အနတ္တရှုပွားကာ မဂ်ဖိုလ်ရအောင် ပြုလုပ်သော ကမ္မဋ္ဌာန်း) တွင် ဝိသုဒ္ဓိ (၇) ပါး၊ ဝိပဿနာဉာဏ်စဉ် (၁၀) ပါး၊ သောတာပန်ပုဂ္ဂိုလ်အမျိုးမည်မျှ၊ သကဒါဂါမ်အမျိုးမည်မျှ၊ အနာဂါမ်အမျိုးမည်မျှ၊ အရဟတ္တမဂ်ဖိုလ်ရပုဂ္ဂိုလ်အမျိုးမည်မျှ စသော အပိုင်းများ ပါဝင်သည်။

အထူး အစီရင်ခံလိုသည်မှာ ဤအဘိဓမ္မာနှင့် မြန်မာပြည် ဆောင်းပါးတွင်ပါသောအချက်များသည် အဘိဓမ္မာ (၇) ကျမ်းကို လည်းကောင်း၊ အဘိဓမ္မာသင်္ဂဟ (သင်္ဂြိုဟ်ကိုးပိုင်း) ကို လည်းကောင်း ရှင်းလင်းခြင်း မဟုတ်ပါ။ တရားဗဟုသုတရစေရန်အတွက် ယေဘုယျအားဖြင့် တင်ပြခဲ့ခြင်းသာ ဖြစ်ပါသည်။ မြန်မာပြည်တွင် ယနေ့အခါ အဘိဓမ္မာတရားသည် အလွန်ထွန်းကားလျက်ရှိပါသည်။ တရားဟောမဟာထိကဆရာတော်များကလည်း သုတ္တန်ကိုသာမက အဘိဓမ္မာကိုပါ အလျဉ်းသင့်သလိုဟောပြောလျက်ရှိကြပါသည်။ စာဖတ်သူတို့ အနေဖြင့် အဘိဓမ္မာသင်္ဂဟကို စိတ်ဝင်စားမှုရှိပြီး ဆက်လက် လေ့လာစေလိုသော စေတနာဖြင့်သာ ဤဆောင်းပါးကို ရေးသား တင်ပြခြင်း ဖြစ်ပါသည်။

မင်းဘူး-ဗိုလ်ဉတ္တမ

ကျမ်းကိုး -

၁။ အဘိဓမ္မာသင်တန်းပို့ချချက်များ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)
ဒေါက်တာသီလနန္ဒာဘိဝံသ

၂။ အဘိဓမ္မာပို့ချစဉ်
ဘဒ္ဒန္တဝါယမသာရ
(သင်တန်းမှူးဆရာတော်)

၃။ တက္ကသိုလ်အဘိဓမ္မာ
ဒေါက်တာမင်းတင်မွန်



www.burmeseclassic.com

www.burmeseclassic.com



# ဘုရင်ညီနောင်လိုဏ်ဂူတော်ဘုရား

ရွှေယဉ်လှိုင်



ခရီးထွက်ခြင်းဖြင့် လူတို့၏ နွမ်းကျပ်ပိတ်လှောင်နေသောစိတ်များ၊ အချိန်များ ဖြေလျှော့ပေးနိုင်ပါမည်။ တစ်နှစ်တာပတ်လုံး ပင်ပန်းကြသော ဘဝဇာတ်ခုံအစုံစုံကို ခဏတာမေ့ကာ လွတ်လပ်ပေါ့ပါးသော ခရီးစဉ်လေး တစ်ခုက စိတ်ခွန်အားကို ပြန်လည် ဖြည့်ဆည်း လန်းဆန်းစေပါမည်။ စာရေးသူကတော့ ကြည်နူးချမ်းမြေ့စွာသွားနိုင်သည့်ခရီးစဉ်လေးတစ်ခုကို စာဖတ်သူများအား တင်ပြပေးပါမည်။ သာမန်ခရီးနှင့်မတူဘဲ ကုသိုလ်လည်းရ၊ ကြည်နူးချမ်းမြေ့မှု အပြည့်အဝခံစားရမည့် နေရာလေးတစ်ခုကို ညွှန်ပြခြင်း ဖြစ်သည်။

ရန်ကုန်မှ မော်လမြိုင်သို့ ခရီးထွက်မည်ဆိုပါက ရန်ကုန်-မော်လမြိုင် လမ်းမကြီးအတိုင်းလာပါက ဗုဒ္ဓသာသနာ စတင်ထွန်းကားရာ သထုံမြို့မှ ရွှေစာရံစေတီကို ဖူးမြော်ပြီး ဘားအံလမ်းခွဲမှ ခရီးဆက်လာနိုင်ပါသည်။ တောတောင်စိမ့်စမ်းရှုခင်းအဆန်းများနှင့် ပန်းချီကားချပ်ပေါင်းများစွာကို ကြည့်ရသလို ငေးမောရင်း (၁၁) မိုင်၊ (၇) ဖာလုံခရီးရောက်လာသော် ဘုရင်ညီနောင်ဂူတော်သို့ ရောက်ရှိပါပြီ။ ဘုရင်ညီနောင်ဂူသည် ကရင်ပြည်နယ် ဘားအံမြို့နှင့် မွန်ပြည်နယ် မော်လမြိုင်မြို့အကြားတွင် တည်ရှိသည်။ စာရေးသူတို့ မကြာခဏရောက်ဖြစ်ပါသည်။ ဘုရင်ညီနောင်ဂူတော် အဝင်လမ်းမမှ (၄) ဖာလုံခန့်ဝင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ပြည့်မွေးနေ့ဖြစ်ကြောင်း ဆရာတော် ဘဒ္ဒန္တပညာဝံသ၏ထေရုပ္ပတ္တိအကျဉ်းကို ကောက်နှုတ်သိရှိသဖြင့် တင်ပြအပ်ပါသည်။

လိုဏ်ဂူတော်သို့ဝင်ရာလမ်းလေးမှာ လူငယ်လျှောက်လမ်းကလေးဖြစ်ပြီး သစ်ပင်သစ်ရွက်သစ်ခက်လေးများက လှည်းပေါင်းမိုးလေးသဖွယ် အုပ်ဆိုင်းနေခြင်းသည်ကပင် ကြည်နူးမှုကို စတင်ခံစားရစေပါသည်။ လူသွားလမ်းလေးအဆုံးတွင် သာယာလှသော တောင်တော်နောက်ခံနှင့် ဘုရင့်ညီနောင်ဂူဝကျောင်းတော်ကြီးကို ဖူးတွေ့ရပါသည်။ ဂူဝကျောင်းကြီးအရှေ့တွင် ရေပူကန်ကြီးကိုလည်း သာယာလှပစွာ တွေ့ရပါသည်။ မြန်မာ့ရှုခင်းများတွင်ရှိသော လှပသည့်ပန်းချီကားကြီးတစ်ချပ် ဘွားခနဲ တွေ့လိုက်ရသလို ခံစားရပါသည်။ ရေပူကန်ကြီးထိပ်မှ လိုဏ်ဂူဝကျောင်းနှင့် နောက်ခံတောင်တော်မှာ ရှားပါးသော အလှတစ်ပါးကို ပုံဖော်နေသလိုပင်။

ဘုရင့်ညီနောင်လိုဏ်ဂူတော်တည်ရှိရာ တောင်တော်၏ ထူးခြားချက်မှာ တောင်ခြေတွင် နွေ၊ မိုး၊ ဆောင်း အဆက်မပြတ် စီးဆင်းထွက်ရှိနေသော ရေပူစမ်းကြီးတစ်ခုနှင့် ရေအေးစမ်းကြီးတစ်ခုလည်း ရှိပါသည်။ ရေပူစမ်းနှင့် ရေအေးစမ်းတို့ ထွက်ရှိသောရေများမှာ ရောနှောခြင်းမရှိဘဲ ထစ်ခြမ်းစီ စီးဆင်းနေကြောင်း အံ့ဩစွာတွေ့ရသည်။ ရေပူစမ်းတွင် ငါးများပျော်ပါးကူးခပ်နေကြသလို ရေအေးစမ်းဘက်တွင်လည်း ငါးများစွာရှိပါသည်။ သို့ရာတွင် ရေပူဘက်ငါးများမှာ ရေအေးဘက်သို့မကူးဘဲ ရေအေးဘက်မှငါးများမှာလည်း ရေပူဘက်သို့ မကူးကြပါ။ တိရစ္ဆာန်လေးများပင် ခံစားမှုအသိရှိကြပေသည်။

ရေပူစမ်းမှထွက်သောရေတွင် ရေချိုးပါက ကိုယ်အရေပြားတွင်ဖြစ်တတ်သော ယားယံခြင်းရောဂါများနှင့် လေဖြတ်သူများကိုပင် ကိုယ်ခန္ဓာပြန်လည်သန်စွမ်းစေကြောင်း စာရေးသူကိုယ်တိုင် ကိုယ်တွေ့ပင် ဖြစ်သည်။ စာရေးသူသည် ဆင်ယဉ်တဲ့သို့ မကြာခဏယားယံတတ်သည်။ အစားအစာ၊ အဝတ်အထည်က အသုံးအဆောင်တစ်ခုခုကြောင့် မတည့်သောအခါ ယားယံခြင်းဖြစ်ပါသည်။ ဘုရင့်ညီနောင်ဂူတော်တောင်ခြေမှထွက်သော ရေပူစမ်းရေကို ပထမအကြိမ် စတင်ရေချိုးမိစဉ်ကပင် ခံစားမှုများစွာ ပျောက်ကင်းခဲ့သည်။ ခရီးသင့်တိုင်း ဘုရင့်ညီနောင်ဂူကို ဝင်ကာ ရေပူစမ်းမှရေကိုချိုးပါသည်။ အမျိုးသမီးများချိုးရန် ရေပူကန်ကိုလည်း သီးသန့်ပြုလုပ်ထားပါသည်။ အိမ်သို့ ရေဘူးကြီးများဖြင့် သယ်ယူ၍လည်း ရေချိုး ပါသည်။ ယခုအခါတွင် ထိုကဲ့သို့ မတတ်မတည့်မှုများ လုံးဝမရှိတော့ဘဲ အရေပြားယားယံခြင်းလုံးဝပျောက်ကင်းနေသည်မှာ လက်တွေ့ပင် ဖြစ်သည်။ သိသူဖော်စားဟူသောစကားကဲ့သို့ သိသူများ အကျိုးကျေးဇူးခံစားရမည့် နတ်ရေကန်ပင် ဖြစ်သည်။

ဘုရင့်ညီနောင်လိုဏ်ဂူတော်သမိုင်းကိုလည်း စာဖတ်မိတ်ဆွေများကို လေ့လာ ဖတ်ရှုတင်ပြပါသည်။ စာရေးသူတို့ငယ်စဉ်က ထိုဂူကို ဘုရင်ဂျီဂူဟုခေါ်ကြသည်ကို ကြားသိရသည်။ စာပေလေ့လာစဉ်အရွယ်တွင် ဘုရင်ကြီးကို အလွယ်အမြန်ခေါ်ရာမှ ဘုရင်ဂျီ ဟူ၍


ကျေးဇူးတော်ရှင် ဘုရင့်ညီနောင်ဂူ ဦးစီးပဓါန နာယကဆရာတော်ဘဒ္ဒန္တပညာဝံသ

ခေါ်ဝေါ်လာကြသည်ဟု မှတ်သားခဲ့ရသည်။ သို့ရာတွင် ရှေးဦးပထမအမည်မှာ မဟာပါသာဏရတနာကျောက်ဂူဟုခေါ်ပြီး ဒုတိယ ဘုရင်ကြီးဂူ ဖြစ်လာသည်။ တတိယ(ယခုလက်ရှိ)တွင် ဘုရင့်ညီနောင်ဂူဟူ၍ အဆင့်ဆင့်ပြောင်းလဲခေါ်ဆိုလာကြသည်။

ပျံလွန်တော်မူပြီးသော (သင်္ဂြိုဟ်မှုမပြုရသေး) သက်တော် (၉၀) ပြည့် ဆရာတော် ဦးပညာဝံသ၏ ဘုရင့်ညီနောင်ရတနာလိုဏ်ဂူသမိုင်းစာအုပ်တွင် ရေးလွန်လေပြီးသော နှစ်ပေါင်း (၉၀၀) ကျော်ခန့်က လိုဏ်ဂူတော်ကြီး၏မြောက်ဘက် (၂) မိုင်ခရီးလောက်၌ ယခုအခါ ထန်းတောကုန်းဟုခေါ်သောနေရာတွင် မြို့ကြီးတစ်မြို့ ရှိလေသည်။ ထိုမြို့၌ မဟိသရာဇာအမည်တွင်သော မွန်ဘုရင်ကြီးတစ်ပါး ရှိလေသည်။ ထိုဒေသကား အလွန်စည်ပင်၍ စိုက်ပျိုးရေးများအလွန်အောင်မြင်ကာ သီးနှံများအလွန်ကြီးထွားကြောင်း ရေးသားထားသည်ကို ဖတ်ရှုလေ့လာရပါသည်။ ဘုရင်ကြီးမှာ ကျွဲမွေးမြူခြင်းဝါသနာပါ၍ မြင်းပြိုင်ပွဲများကျင်းပလေ့ရှိသည်။ မြင်းပြိုင်ပွဲသဘင်ဆင်ယင်ကျင်းပရာ၌ ပြဒါးမျက်ရှင် ရရှိထားသော သိန္ဓောမြင်းပိုင်ရှင် ကျွဲကျောင်းသားလေး အနိုင်ရသွားရာမှ ထိုကျွဲကျောင်းသားလေးကို သမီးတော်နှင့် လက်ထပ်ပြီး အိမ်ရှေ့အရာ အပ်နှင်းတော်မူခဲ့သည်။ ကျွဲကျောင်းသားလည်း ပြဒါးမျက်ရှင်ကို ဘုရင်ကြီးအား ဆက်သခဲ့သည်။ ဘုရင်ကြီး သက်တော်ကြီးလာသောအခါ ဂမုန်း၊ ခတ္တာ၊ စံကားဝါ၊ သဇင်ပန်းမျိုးစုံ မွှေးထုံပြီး ပဒုမ္မာကြာအစဖြာ၍ ကြာမျိုးပေါင်းများစွာတို့ လှိုင်လှိုင်ပွင့်သော အိုင်ကြီး၊ အိုင်ငယ်ကန်အသွယ်ရှိပြီး အသီးအနှံများ ပေါများသော ရတနာကျောက်ဂူကြီးတွင် ပျော်ရွှင်မွေ့လျော် နေ့ရက်ရှည် တရားမမှ ကျင့်ကြံအားထုတ်နေတော့သည်။ မိမိလက်ဝယ်ရှိသောပြဒါးမျက်ရှင်တော်ကြီးကို ရတနာလိုဏ်ဂူကြီးတစ်နေရာတွင် ဌာပနာသွင်း မြှုပ်နှံခဲ့ကြောင်းနှင့် 'နောင်လာနောက်သား မျိုးလေးပါးတို့ ကံအား၊ ဉာဏ်အား၊ ပါရမီအားအလျောက် ထွန်းဖောက်နိုင်ကြပါမူကား တောင်စောင့်နတ်မင်းကြီးက အပြီးအပိုင် ထုတ်ပေးစေသတည်း'ဟု သစ္စာပြုခဲ့ကြောင်း သိရှိလေ့လာရပါသည်။ ထိုဘုရင်ကြီး အသက်ထက်ဆုံး တရားအားထုတ်ရာဂူကြီးဖြစ်၍ ဘုရင်ကြီးဂူဟုခေါ်ခဲ့ကြောင်း သမိုင်းကြောင်း လေ့လာတင်ပြပါသည်။ ထိုစဉ်ကတည်းက ဆင်းတုတော်များ၊ စေတီများ တည်ထားကိုးကွယ်ထားရှိပါသည်။

ဘုရင့်ညီနောင်လိုဏ်ဂူဟုခေါ်တွင်ရခြင်းမှာမူကား ပိဋကတ်သုံးပုံရယူရန် ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးသည် သထုံပြည့်ရှင် မနူဟာမင်းကြီးကို စစ်ခင်းရာတွင် မနူဟာမင်းကြီး စစ်ရှုံး၍ ပိဋကတ်သုံးပုံနှင့်အတူ အနော်ရထာမင်းကြီး ခေါ်ဆောင်ရာ ပုဂံသို့လိုက်ပါသွားရစဉ်က သားတော် သီဟကုမ္မာရနှင့် စိတ္တကုမ္မာရ ညီနောင်နှစ်ပါးမှာ တိမ်းရှောင်လွတ်မြောက်၍ သထုံမှ (၁၂) မိုင်အကွာ တောင်ကုန်းတွင် ခေတ္တနားခိုကြသည်။ (ယခုထက်တိုင် သီဟရာဇာကုန်းဟုခေါ်တွင်) ပိုမိုလုံခြုံစေရန် ဆက်လက်ရှာဖွေလာရာ သာယာလှပလုံခြုံ၍ မြေပြင်မှ



www.burmeseclassic.com

www.burmeseclassic.com



ပေ (၁၅၀) ခန့်တွင် ဂူဝရှိသော ဘုရင်ကြီးဂူသို့ရောက်ရှိကြလေသည်။ လိုဏ်ဂူတော်တွင် ရုပ်ပွားဆင်းတုတော်များကို ဖူးတွေ့ရသောအခါ သူတော်စင်များနေထိုင်ရာ အေးချမ်းသောဌာနဖြစ်သည်ဟု မှတ်ယူစခန်းချကြလေသည်။ ညီနောင်နှစ်ပါးတို့လည်း ထိုဂူတော်ကြီး၌ တရားအားထုတ်နေထိုင်ကြလေသည်။

ထို့နောက် သထုံမြို့ကိုဆက်လက်စိုးစံသောမင်းများ၏ ရဲမက်များက မနူဟာမင်းဆက် သားတော်တို့ကို ရှာဖွေဖမ်းဆီးရန် ရောက်လာကြသည်ကို ဂူဝမှ တွေ့တော်မူကြသည်။ နောင်တော်မင်းသားက ထီးနန်းစည်းစိမ်ကို မယူလိုကြောင်း၊ အေးချမ်းရာဒေသတွင် တရားအားထုတ်တော့မည်ဖြစ်ကြောင်းတောင်းပန်ပြောကြားရန်အသွား၌ပင် ရဲမက်များက သပြေခါးပင်ကြီး၏ မြောက်ဘက်ကျောက်တောင်တစ်ခုပေါ် ဆွဲတင်၍ သတ်မည်ဆဲဆဲတွင် သီဟကုမ္မာရမင်းသားက -

"ငါသည် အေးမြချမ်းသာမှုကို အလိုရှိ၏။ အပူဆင်းရဲကိုအလိုမရှိ။ ဤစကားသည် မချွတ်ဧကန် အမြဲမှန်၏။ ဤလူအုပ်ကြီးသည် အပူဆင်းရဲအလိုရှိကြ၏။ ငါ့ကို သတ်ဖြတ်၍ သေလျှင် အေးမြချမ်းသာသောအရပ်သို့ရောက်၍ ဤလူအုပ်ကြီးသည် ဒိဋ္ဌမေ့ အပူနှင့်တွေ့ပါစေသား"

ဟု သစ္စာမိဋ္ဌာန်ပြုလေသည်။

ရဲမက်တို့သည် သီဟကုမ္မာရမင်းသားအား သတ်ဖြတ်လိုက်သည်နှင့်တစ်ပြိုင်နက် ကျောက်ဆောင်ကြားမှ ရေပူရေတံခွန်လုံးကြီး ရုတ်တရက် ဟုန်းခနဲထွက်ပေါ်လာရာ ရဲမက်လူအုပ်ကြီးမှာ ကြောက်မက်ဖွယ် မျော့ပါ၍ ထွက်ပြေးကြလေသည်။



ထိုသို့ ပြေးလွှားရာမှ ရဲမက်ဗိုလ်မှူးကြီးက -

"ငါတို့မပြစ်မှားသင့်သူကို ပြစ်မှားမိလေပြီ"

ဟု အကြံရရာအရပ်ကို နောင်မှ အကြံရသဖြင့် နောင်ကြန်ရွာဟု ခေါ်သည်ဟုလည်း အမည်သညာရှိပါသည်။

ထိုအချိန်မှစ၍ ရေပူစမ်းကြီးမှာ နွေ၊ မိုး၊ ဆောင်း ရာသီမရွေး ရေပူများထွက်ရှိနေသော်လည်း သီဟကုမ္မာရ၏ မေတ္တာစိတ်သဘောအေးမြခြင်းကြောင့် ရှင်၊လူအများအား အနာရောဂါများသန့်ရှင်းစင်ကြယ်ရန် ချိုးရေအဖြစ် အသုံးပြုလျက်ရှိပါသည်။ မကောင်းသောစိတ်များလည်းပျောက်ကာ စိတ်ကိုအေးချမ်းစေသည်။ ရေအေးစမ်းနှင့် ရေပူစမ်းသည်ပင်လျှင် ရေချင်းတူသော်လည်း ပေါင်းစပ်မှုမရှိပေ။ ညီတော် စိတ္တကုမာရမင်းသားမှာ နောင်တော်ကို မီးသဂြိုဟ်ပြီး ဤလိုဏ်ဂူ၌ပင် အသက်ထက်ဆုံးတရားမြတ်ကျင့်ကြံနေထိုင်သွားသဖြင့် ယနေ့ထက်တိုင် ဘုရင်ညီနောင်ဂူ၊ ဘုရင်ညီဂူဟု ခေါ်နေကြခြင်း ဖြစ်သည်။

ဘုရင်ညီနောင်ဂူတော်ကြီးတောင်ဘက်မှာ မိုးအခါ၌ ရေပတ်လည်ဝိုင်းနေပြီး တောင်ခြေသို့ လှေဖြင့်သွားကြရကြောင်းကို ကြားသိရသော်လည်း စာရေးသူတို့မှာ ပွင့်လင်းရာသီများတွင် ခရီးထွက်လေ့ရှိသဖြင့် တောင်ခြေအဝင်လှ လျှောက်လမ်းအထိ ကားဖြင့် ဝင်ရောက်ခဲ့ကြပါသည်။ တောင်ခြေမှ ဂူဝအထိ အုတ်လှေကားများဖြင့် နားနားနေနေ တက်နိုင်ရန် တောင်တက်လှေကားတွင် ထိုင်ခုံလေးများ ပြုလုပ်ထားပါသည်။ ပေ (၁၅၀) ခန့်တက်ပါက ဘုရင်ညီနောင် ရတနာဂူဝသို့ ရောက်ရှိပါသည်။ လှေကားထိပ်ဘက်သို့ မျက်နှာမူ၍ ဆီးကြို နေဟန်ဖြင့် သီဟကုမ္မာရနှင့်စိတ္တကုမာရ ညီနောင်နှစ်ဦး၏ရုပ်တုကြီးကို တွေ့ရ သည်။

လိုဏ်ဂူတော်အတွင်းတွင် တစ စက်ကျနေသော ကျောက်စက်ရေမျ ကြောင့် အလွန်အေးမြနေပါသည်။ ဂူ မှလှမ်းကြည့်လျှင် အဝေးတွင် နဂါး တောင်နှင့် ဂဠုန်တောင်တို့က အထ အရှား ဝင့်ကြွားလျက်ရှိပါသည်။ စာ သူတို့ ကြိုတင်စီမံယူဆောင်သွားသေ ငှက်ပျောသီးများကြောင့် အစာတော ရန်လာကြသော ကြီးငယ်အသွယ်သ သောမျောက်များကို အစာကျွေး



www.burmeseclassic.com

www.burmeseclassic.com







ယူခဲ့ကြသည်။ မျောက်များမှာလည်း လိမ္မာယဉ်ပါးကြပါသည်။ ငှက်ပျောသီးများရ၍ စားနေကြသည်ကို ကြည့်ကာ ပျော်ရွှင်ပီတိဖြစ်ရပါသည်။ စာဖတ်သူများလည်း မျောက်များအတွက် ကြိုတင်ဖန်တီး၍ အသီးအနှံများယူဆောင်သွားနိုင်ရန်လည်း ရေးသားပါသည်။

လိုဏ်ဂူအတွင်း၌ မဟီသရာဇာဘုရင်ကြီးစေတီတော်ကိုလည်း ဖူးကြရမည်။ ထိုစေတီကို ဖူးခွင့်ရကြပါက စိတ်တွင်း၌ ရှင်းလင်းအေးမြမှုကို ခံစားဖြစ်ပေါ်စေပါသည်။ လိုဏ်ဂူတော်အဝင်ဝတောင်ဘက်နံရံရှိ သီဟကုမ္မာရစေတီတော်နှင့်စိတ္တကုမ္မာရစေတီတော်ကိုလည်း ဖူးတွေ့နိုင်ပါသေးသည်။ လိုဏ်ဂူတော်အဆုံးတွင်ရှိသော ဆုတောင်းပြည့်စေတီတော်တွင် လိုရာဆုတောင်းပါက ဆုတောင်းပြည့်ကြပါသည်။ ထို့ပြင် ရှေးလက်ရာ ပကတိကျန်ခဲ့သော မုနိထိပ်ချွန်တင်ပျဉ်ခွေရုပ်ပွားတော်(၂)ဆူသည် ညောင်ရွက်ပုံတံကဲတော်နှင့် ဖူးတွေ့ရပါမည်။ ဤကဲ့သို့သော ဆင်းတုတော်ပုံစံမျိုးမှာ ကော့ဂွန်းဂူနှင့် ရသေ့ပျံဂူများ၌တွေ့ရသဖြင့် ဤဆင်းတုတော်များကို ကောင်းမှုရှင်တစ်ဦးတည်းက ခေတ်ကာလတစ်ချိန်တည်း ပူဇော်ခဲ့ဟန်တူသည်။ မဟာပါသာဏရတနာလိုဏ်ဂူတော်ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ရာ၌ ပထမ မဟီသရာဇာမင်းကြီး၊ ဒုတိယ သီဟကုမ္မာရညီနောင်မင်းသားနှစ်ပါး၊ တတိယ ရွှေပေါ်ကုန်းဆရာတော်ကြီးဖြစ်သည်။ မြန်မာနှစ် ၁၂၉၀ ပြည့်နှစ်မှ ၁၃၀၃ ခုနှစ်ထိတိုင် သာသနာပြုခဲ့သည်။ ထိုစဉ် မြန်မာနိုင်ငံသို့ ဂျပန်များ ဝင်ရောက်ခဲ့ပါသည်။ ၁၃၀၃ ခုနှစ်တွင် ရွှေပေါ်ကုန်းဆရာတော် ပျံလွန်တော်မူသည်။ ထိုအချိန်မှစ၍ နှစ်ပေါင်း (၂၃) နှစ်ကြာသည်အထိ စောင့်ရှောက်မည့် သာသနာပြုမရှိခဲ့ပေ။ ဂူတော်ကြီးမှာလည်း မသမာသူများဖျက်ဆီးခြင်း၊ ခိုးယူခံရခြင်းကြောင့် ပျက်စီးခဲ့ရတော့သည်။ စေတီပျက်များ၏ အောက်ခြေတွင် ဂဝံကျောက်များနှင့်တည်ခဲ့ကြောင်းကို စေတီပျက်များ ပြုပြင်စဉ်က တွေ့ရှိရသည်ဟု လေ့လာရသည်။

မြန်မာနှစ် ၁၃၂၅ ခုနှစ်တွင် ဘုရင်ညီနောင်ရွာသား ကျောင်းဒကာကြီး ဦးညားခွီး၏ ပင့်လျှောက်ချက်အရ တရားဟော ဓမ္မကထိက ဆရာတော် ဦးပညာဝံသသည် ၁၃၂၆ ခု တန်ဆောင်မုန်းလ ၂ ရက်နေ့တွင် လိုဏ်ဂူတော်ဝကျောင်းသို့ ကြွရောက် သီတင်းသုံးတော်မူသည်။ ထိုစဉ်က ဘုရင်ညီနောင်ရွာမှာ အိမ်ခြေ (၆၀) ခန့်သာရှိသည်ဟု ဖတ်ရှုရေးသားရပါသည်။ ယခု ဆရာတော် ပျံလွန်တော်မူသည့်အချိန်ထိ နှစ်ပေါင်း (၅၀) တိတိ သာသနာပြုခဲ့ကြောင်း ပူဇော်ခွင့်ရခဲ့ပါသည်။ စာဖတ်သူများလည်း ဘုရင်ညီနောင်ရတနာလိုဏ်ဂူတော်နှင့် လိုဏ်ဂူဝကျောင်းကို နှစ်ပေါင်း (၅၀) တိုင် ထိန်းသိမ်းစောင့်ရှောက်သာသနာပြုခဲ့သော ဆရာတော်ကြီးအား ဖူးမြော်ရင်း နတ်ဘုံနတ်နန်းတမျှ သာယာစည်ပင်နေသော ဘုရင်ညီနောင်ဂူနှင့် ဘုရားစေတီများကို လေ့လာကာ ရေပူစမ်းတွင် အပန်းဖြေ ရေချိုးရင်း ဘဝအမောများ ပြေကြစေရန် မေတ္တာရည်၍ ရေးသားရပါသည်။

ဘုရင်ညီနောင်လိုဏ်ဂူတော်ဘုရားပွဲတော်ကို နှစ်စဉ်တပို့တွဲလပြည့်နေ့တွင် ကျင်းပပါသည်။ တပေါင်းလဆန်း ၉ရက်နေ့မှာ ဘုရင်ညီဂူကျောင်းဝဆရာတော် ဦးပညာဝံသ၏ မွေးနေ့မင်္ဂလာပွဲ ကျင်းပပါသည်။ ယခုနှစ် ၁၃၇၅ ခု၊ တပေါင်း လဆန်း ၉ ရက်နေ့၊ ည (၉) နာရီတွင်မူကား ဆရာတော်ဘုရားကြီး၏ ဈာပန မီးသဂြိုဟ်ပါမည်။ တန်ခူးလ ခါသကြန်ရက်များတွင် ပရိသတ်အထူးစည်ကားကာ ရေပူစမ်းနှင့်ကန်တွင် ရေချိုး၊ ရေကစားသူများ အထူးပင်စည်ကားကြောင်း စာဖတ်သူများအား သိစေလို၍ ပွဲတော်သုံးရပ် မပြတ်စည်ကား ဘုရင်ညီနောင်လိုဏ်ဂူဘုရားဆောင်းပါးကို ရေးသားလိုက်ရပါသည်။

ရွှေယဉ်လှိုင်း
(စီးပွားရေးတက္ကသိုလ်)

**မှီငြမ်း -**

၁။ ဘုရင်ညီနောင်လိုဏ်ဂူတော်သမိုင်း
   ပြုစုသူ- ဆရာတော်ဦးပညာဝံသ
၂။ ကရင်ပြည်နယ်သမိုင်းဝင် ဘုရင်ညီနောင်လိုဏ်ဂူတော်နှင့် ဆရာတော်ဘဒ္ဒန္တပညာဝံသထေရုပ္ပတ္တိ
   ပြုစုသူ - မန်းသင့်နောင် (ကော့ကရိတ်)
၃။ ကိုယ်တိုင်သွားရောက်လေ့လာခြင်း



www.burmeseclassic.com

www.burmeseclassic.com

# ဦးကောဝိဒ (မြိတ်)

## မမျှော်လင့်တာတွေဖြစ်လာရင် ဘယ်လိုလုပ်မလဲ



အတာလညအချိန်ဟာ အိပ်ပျော်နေသူအဖို့ ခဏလေးထင်ရပေမယ့် အိပ်မပျော်သူအဖို့တော့ ရှည်လွန်းတဲ့ကာလတစ်ခုကို ဖြတ်သန်းနေရသလိုပါပဲ။ မိုးလင်းနိုင်ပါဦးတော့မလားလို့တောင် ထင်မှတ်မိပါတော့တယ်။ မမျှော်လင့်တဲ့ အဖြစ်အပျက်တစ်ခုကြောင့် အတွေးများဟာ တားထားလို့တောင်မရအောင် ထပ်ကာထပ်ကာ ဝင်လာနေပါတော့တယ်။

တစ်နေ့ ကျန်းမာရေးဆေးစစ်ဖို့အတွက် ရန်ကုန်ရောက်လာပါတယ်။ အရင်ကတော့ တစ်နှစ်တစ်ကြိမ်ဆိုသလို ဆေးစစ်ဖြစ်ပါတယ်။ အခုတော့ ခြောက်လတစ်ကြိမ် ဆေးစစ်ဖြစ်လာပါတယ်။

ညဉ့်ဦးယံအချိန် စာရေးသူနဲ့ အလွန် ခင်မင်ရင်းနှီးတဲ့သူတစ်ယောက်ကို အမှတ်ရလို့ ဖုန်းဆက်ဖြစ်ပါတယ်။

"ဟဲလို - ဆုမြတ်နဲ့ တွေ့ချင်လို့ပါ"

လို့ ပြောတော့ တစ်ဖက်က -

"ကျွန်တော် ဆုမြတ် မဟုတ်ပါဘူး။ အခုပြောနေတာ ဘယ်သူပါလဲ"

"ဪ - အခုပြောတာ ဘုန်းကြီးပါ။ ဆုမြတ်နဲ့ တွေ့ချင်လို့။ သူ့ကိုခေါ်ပေးလို့ရမလား"

လို့ မေးတော့ -

"တပည့်တော်က မဆုမြတ်ရဲ့ မောင်လေးပါ ဘုရား။ မဆုမြတ် မရှိတော့ပါဘုရား။ ပြီးခဲ့တဲ့ ၆-၆-၂၀၁၃ က အူမကြီးကင်ဆာနဲ့ ကွယ်လွန်ခဲ့ပါပြီ ဘုရား"

ကြားလိုက်ရတဲ့ စကားကြောင့် ကိုယ့်နားကိုကိုယ်မယုံသလိုဖြစ်ခဲ့ရသလို လက်လည်းလက်မခံနိုင်ဖြစ်ခဲ့ရပါတယ်။ ပြီးခဲ့တဲ့ ခြောက်လပိုင်းတုန်းက ရန်ကုန်ရောက်တုန်း ဆွမ်းလာကပ်လို့ တွေ့ရပါသေးတယ်။ ရောဂါဖြစ်တဲ့သတင်းလည်း မကြားမိတော့ အံ့ဩပြီးမှင်တက်မိနေပါတော့တယ်။

သူမဟာ ရန်ကုန်တက္ကသိုလ်မှာ မြန်မာစာဌာနမှဆရာမတစ်ဦးပါ။ မကြာသေးခင်က လက်ထောက်ကထိကရာထူး တိုးမြှင့်ခံရတယ်လို့ သိရပါတယ်။ မဂ္ဂဇင်းအချို့မှာလည်း ဆောင်းပါးလေးတွေ ရေးပါတယ်။ မှတ်မိပါသေးတယ်။ စာရေးသူတို့ကျောင်းမှာ (၂၅) နှစ်မြောက် ငွေရတုအထိမ်းအမှတ်စာအုပ်ထုတ်ဖြစ်ပါတယ်။ထိုစာအုပ်ဖြစ်မြောက်ရေးအတွက် သူမဟာ အများကြီး အကူအညီပေးခဲ့သလို ဆောင်းပါးလေးတစ်ပုဒ်ပါ ရေးပေးခဲ့ပါသေးတယ်။ အခုတော့ အသက် (၃၇) နှစ်သာရှိသေးတဲ့ သူမဟာ သူချစ်တဲ့မိသားစုနဲ့ တက္ကသိုလ်အသိုင်းအဝန်းကို ဘယ်တော့မှမပြန်လာနိုင်တဲ့စွန့်ခွာမှုမျိုးနဲ့ စွန့်ခွာသွားခဲ့ပြီ။

ဪ - မြန်လိုက်တာ ဆုမြတ်ရယ်။

နောက်တော့ သူမနဲ့ ညီအစ်မလိုရင်းနှီးချစ်ခင်ကြတဲ့တက္ကသိုလ်ကဆရာမများ ရောက်လာခိုက် သူမ ဘာရောဂါနဲ့ ကွယ်လွန်သွားတာလဲလို့မေးကြည့်တော့ အူမကြီးကင်ဆာရောဂါလို့ သိခဲ့ရတယ်။ ဒီရောဂါမျိုးဖြစ်လာပြီဆိုရင် အနေးနဲ့ အမြန် လောကကနေ ထွက်ခွာရတော့မှာ ဖြစ်တယ်လို့လည်း သိရပါတယ်။ အမှတ်ရပါသေးတယ်။ ပြီးခဲ့တဲ့နှစ်က စာရေးသူဟာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ကို ကျန်းမာရေးဆေးစစ်ဖို့ သွားရောက်ခဲ့ပါတယ်။ ဆေးစစ်ချက်အဖြေရတဲ့အခါ ဆရာဝန်တစ်ဦးနဲ့ ဆွေးနွေးတိုင်ပင်မှုကို ပြုရပါတယ်။ ဆရာဝန်ကတော့ ဘယ်ဓာတ်က ဘယ်လောက်များနေတယ်၊ နည်းနေတယ် စတဲ့ ထွက်လာတဲ့အဖြေအတိုင်း ပြောပြနေပါတယ်။ ဘယ်ဓာတ်က နည်းတဲ့အတွက် ဘယ်လိုနေထိုင်စားသောက်ရမယ် စတာတွေ အသေးစိတ်ညွှန်ကြားနေပါတယ်။ အဲဒီမှာ မမျှော်လင့်တဲ့ အဖြေတစ်ခု သိလိုက်ရတယ်။ အဲဒါက အူမကြီးကင်ဆာဖြစ်နိုင်တဲ့ဓာတ်တွေက လိုတာထက် အလွန်များနေတယ်။ သာမန်လူတစ်ယောက်မှာ ထိုဓာတ်မျိုး (၃) ရာ ခိုင်နှုန်းပဲ ရှိရပါမယ်။ အခုက (၁၃) ရာခိုင် နှုန်းရှိနေတယ်။ ဒါကြောင့် အစာအိမ်နဲ့ အူလမ်းကြောင်း



www.burmeseclassic.com

www.burmeseclassic.com

ဆရာဝန်ကြီးထံ ချက်ချင်းပြရမယ်ဆိုတာပါပဲ။

ဆရာဝန်ကြီးထံကိုရောက်တော့ သေသေချာချာ စမ်းသပ်ပြီးတဲ့နောက် အူမကြီးကို မှန်ပြောင်းသွင်းပြီး စမ်းသပ်ရမယ်၊ အူမကြီးထဲမှာ ကင်ဆာဖြစ်နိုင်တဲ့ အဖုအထစ်လေးတွေကိုယူပြီး ဓာတ်ခွဲရမယ်ဆိုတဲ့အကြောင်း ပြောလာကာ အော်ပရေးရှင်းလုပ်ရမယ့် ရက်ချိန်းကိုလည်း ပေးလိုက်ပါတယ်။ တည်းခိုရာပြန်ရောက်တဲ့အခါ ခါတိုင်းလို စိတ်က မရွှင်ပျတော့။ ဖြစ်နေပြီလား၊ မဖြစ်သေးဘူးလားဆိုတာ မသေချာတဲ့ အူမကြီးကင်ဆာအတွက် စိုးရိမ်မှုတွေများနေလို့ပဲဆိုတာ အမှန်အတိုင်း ဝန်ခံပါတယ်။ မှန်ပြောင်းကြည့်မယ့်ရက်က သိပ်မလိုတော့၊ ဒါပေမယ့် သိချင်တဲ့စိတ်ဆန္ဒက အလွန်များနေတဲ့အတွက် အကြာကြီးလို့ ထင်နေပါတော့တယ်။ အော်ပရေးရှင်းလုပ်ရမယ့်ရက်က နီးကပ်လာပြန်တော့လည်း 'တကယ်လို့များ ကင်ဆာရောဂါဖြစ်နေရင်တော့' ဆိုတဲ့ စိုးရိမ်ပူပန်မှုကြောင့် အော်ပရေးရှင်းလုပ်မှာကို မရင်ဆိုင်ချင်ဖြစ်နေပါတော့တယ်။ အဲဒီတုန်းက စိတ်ဒုက္ခအတော်ရောက်ခဲ့ရတယ်။ နောက်ပိုင်း ဘာမှမရှိဘူးဆိုလို့ သိလိုက်တဲ့အခါကျမှ အလုံးကြီးကျသွားသလို ခံစားရပါတယ်။

လွန်ခဲ့တဲ့ (၄) နှစ်လောက်တုန်းက ရန်ကုန်မှာ ကျန်းမာရေးဆေးစစ်တော့ အဆုတ်မှာ ဗိုင်းရပ်(စ်)ပိုး သို့မဟုတ် ကင်ဆာတစ်ခုခုဖြစ်နိုင်ခြေရှိတယ်ဆိုပြီး မသေချာတဲ့အဖြေတစ်ခု ထွက်လာပါတယ်၊ အဲဒီတုန်းကလည်း ဖြစ်နိုင်တာ၊ မဖြစ်နိုင်တာထားလိုက်။ ကင်ဆာဆိုတဲ့ အသံကို ကြားရကတည်းက စိတ်မချမ်းသာခဲ့ပါ။ နေမြင့်လေ အရှုရင့်လေ ဆိုသလိုပဲ၊ စိတ်ဖိစီးမှုတွေများလာပါတော့တယ်၊ သိတင်းသုံးဖော်များက ဒီအတိုင်းနေပြီး တွေးတောစိတ်ညစ်နေမယ့်အစား ခရီးထွက်ဖို့ တိုက်တွန်းခဲ့ကြတယ်။ ဒီလိုနဲ့ နေပြည်တော်ဘက် ခရီးထွက်ခဲ့ပါတယ်။ ဒီအချိန်မှာ အညာက ဖုန်းဝင်လာတယ်၊ ရာသီဥတုအလွန်ပူပြင်းတဲ့အတွက် သူတို့အညာရွာကို ဒီနှစ်မကြွဘဲ နောင်နှစ်မှ ကြွခဲ့ဖို့ ပြောလာပါတယ်။

'ဪ - သူတို့ပြောတဲ့အတိုင်း နောင်နှစ်မှကြွဖို့ ဆိုတာ မသေချာ။ တကယ်လို့ ကင်ဆာဖြစ်နေတယ်ဆိုရင် ငါနေရလှ အလွန်ဆုံး (၆) လလောက်ပဲ နေရမှာ'

လို့တွေးပြီး စိတ်ဖိစီးမှုတွေဖြစ်ခဲ့ရပါသေးတယ်။ အသက်မသေသေးခင်တော့ ဒီလိုပဲ အနာရောဂါနဲ့အတူ သေခြင်းတရားကြီးက မကြာခဏဆိုသလို လာရောက် ခြိမ်းခြောက်ခံနေကြရတာ၊ နောက်ဆုံး အသက်ထွက်မှပဲ အေးတော့မယ်ထင်ပါရဲ့။

စာဖတ်သူများလည်း ဒီလိုအဖြစ်မျိုးနဲ့ကြုံလာရင် ဒီလိုစိတ်ခံစားမှုမျိုးဖြစ်လာကြမှာသေချာပါတယ်။ ဘာကြောင့်ဆိုရင် ဒီလမ်းကိုသွားကြမယ်ဆိုတာ လူတိုင်းသိနေပေမယ့် တကယ်တမ်း ရင်ဆိုင်လာရတဲ့အခါမှာ စာရေးသူ အပါအဝင် ဘယ်သူမှမရင်ဆိုင်ချင်တာ အမှန်ပါ။

တကယ်တော့ သူမဟာ လူတိုင်းရဲ့ချစ်ခင်မှုကို ရရှိသူ ဖြစ်ပါတယ်။ ဘာကြောင့်ဆိုရင် စိတ်သဘောထားဖြူစင်သူလေးဖြစ်ပြီး စကားပြောတဲ့အခါ အမြဲတမ်း နှစ်လိုဖွယ်အပြုံးကို ပိုင်ဆိုင်ထားသူတစ်ယောက် ဖြစ်နေလို့ပါပဲ။ အခုတော့ လောကကြီးထဲ သူမ မရှိတော့၊ ဘာမှမတော်စပ်တဲ့ စာရေးသူတောင် ခံစားခဲ့ရသေးရင် သူမမိသားစုဆိုရင် ဆိုဖွယ်ရာမရှိတော့။ သူမ လောကကြီးထဲက အပြီးအပိုင်ထွက်သွားတဲ့အကြောင်းကိုတွေးရင်း ကိုယ်လည်း ဘယ်အချိန်မှာ သူ့လိုထွက်သွားရမယ်ဆိုတာ မသိ။ သေချာတာကတော့ အရင်ကနဲ့စာရင် လောကကြီးကနေ ထွက်ခွာဖို့ အချိန်တဖြည်းဖြည်းနီးကပ်လို့လာနေပြီပေါ့။

ဘယ်လိုမှမထင်မှတ်ထားတဲ့အနာရောဂါနဲ့ သေခြင်းတရားတို့ကို ကြားရလို့ပဲ ဖြစ်စေ၊ မြင်ရလို့ပဲ ဖြစ်စေ၊ ကိုယ်တိုင်ခံစားရလို့ပဲ ဖြစ်စေ ကြောက်ရွံ့တုန်လှုပ်မှု၊ စိတ်ချောက်ချားမှုများ ဖြစ်တတ်ကြပါတယ်။ ဒီလိုဖြစ်ရတဲ့အကြောင်း(၄) မျိုးရှိတယ်လို့ ဘုရားရှင်က အင်္ဂုတ္တရနိကာယ်မှာ ဟောတော်မူထားပါတယ်။

ပထမ သေမှာကြောက်ရွံ့တဲ့သူက ကာမဂုဏ်အာရုံတွေမှာ တမ်းတမ်းစွဲဖြစ်ပြီး မရှိရင် မနေတတ်ဘဲ ရှိမှသာနေတတ်တဲ့သူများ ဖြစ်ပါတယ်။ မနက်လင်းလာတာနဲ့ ငါ့သမီး၊ ငါ့သား၊ ငါ့လင်ယောကျ်ား၊ ငါ့မယားနဲ့ သိုက်သိုက်ဝန်းဝန်းနေချင်ကြတယ်။ မရှိရင် မနေတတ်ဘဲ တစ်ခုခုလိုနေသလို ခံစားရတယ်။ အချိန်တန်လို့ ကိုယ့်သားသမီး၊ မြေးကလေး အိမ်မပြန်မရောက်လို့ အပြန်နောက်ကျပြီဆိုရင်ပဲ စိုးရိမ်တကြီးနဲ့ မျှော်လိုက်ရတာ အမောပါပဲ။ မိသားစုအသိုက်အဝန်းနဲ့ ပျော်ပျော်နေချင်တယ်။ ထိုအသိုက်အဝန်းလေး ပျောက်ထွက်သွားမှာကို အရမ်းစိုးရိမ်တယ်။ သက်ရှိသာမက ကိုယ်ပိုင်ဆိုင်တယ်ဆိုတဲ့ သက်မဲ့ပစ္စည်းတွေအပေါ်လည်း စွဲလမ်းလွန်းတဲ့အတွက် ဆုပ်ကိုင်ထားကြတယ်။ သက်မဲ့ပစ္စည်းတွေ ပျောက်သွားမှာကို အရမ်းစိုးရိမ်နေကြတယ်။ပြောချင်တာက ကာမဂုဏ်နဲ့ကင်းပြီးမနေနိုင်လို့ဘဲ ဖြစ်တယ်။

တစ်ခါတုန်းက လူတစ်ယောက်ဟာ သူပျင်းလာတဲ့အခါ နှစ်သက်တဲ့ သီချင်းလေး နားထောင်လိုက်ရမှ စိုပြည်သွားတယ်လို့ ပြောဖူးပါတယ်။ အခုလို အင်တာနက်ခေတ်ရောက်လာပြန်တော့လည်း ဝက်(ဘ်)ဆိုက်ပေါ်မှာ ဘာများသတင်းထူးမလဲ ဆိုတဲ့အသိနဲ့ နောက်ဆုံးရသတင်းတွေကိုပဲ ဖတ်ချင်နေတော့တယ်။ ဒါဟာ ကာမဘုံမှာနေတဲ့ ကာမဘုံသားများအဖို့ ကာမဂုဏ်နဲ့ ကင်းပြီးမနေတတ်ဘူးဆိုတာပါပဲ၊ ကာမဂုဏ်နဲ့ကင်းပြီးမနေတတ်သူများဟာ တစ်နေ့အိပ်ရာထဲလဲပြီး သေတော့မယ်ဆိုတာကို သိလိုက်တဲ့အချိန်မှာ ထိုကာမဂုဏ်များနဲ့ မခွဲခွာချင်ဘဲ ခွဲခွာရတော့မယ်ဆိုပြီး ကြောက်ရွံ့လာတယ်။သေခြင်းတရားနဲ့ ရင်ဆိုင်ရမှာကို ကြောက်ရွံ့ထိတ်လန့်လာတယ်။

ဒုတိယ သေမှာ ကြောက်ရွံ့နေတဲ့သူဟာ ကိုယ့်ခန္ဓာကိုယ်ကို အရမ်းစွဲလမ်းနေတဲ့သူ ဖြစ်ပါတယ်။ ဘဝကြောင့်ရလာတဲ့ခန္ဓာကိုယ်ကြီး တစ်ခုခုဖြစ်သွားမှာလည်း စိုးရိမ်တယ်။ အိုခြင်းတရားကြီးကို မလွန်ဆန်နိုင်မှန်းသိလျက်နဲ့ အရေမတွန့်အောင် ခွဲစိတ်ပြီး အလှပြင်ကြတယ်။ အချို့က ခန္ဓာကိုယ်အချိုးအစားအဆင်မပြေလို့ မျက်နှာကနေ ခြေဖျားအထိ ငွေကြေးမြောက်မြားစွာ အကုန်ခံပြီး ခွဲစိတ်ပြုပြင်ခဲ့တယ်လို့ အင်တာနက်စာမျက်နှာမှာ ဖတ်လိုက်ရတယ်။ အချို့ကလည်း ပြောသေးတယ်။ ငါ့ခန္ဓာကိုလာမထိနဲ့၊ တုသလားတန်သလားဆိုပြီး မရှိသင့်တဲ့မာနတွေရှိနေကြတယ်။ ဒါဟာ ကိုယ့်ခန္ဓာကိုယ်ကို အစွဲပြုပြီး စွဲလမ်းမှု၊ လိုချင်မှု၊ ဒေါသ၊ မာန်မာနတွေဖြစ်ကြတာပါပဲ။ အဲဒီအချိန်မှာ မမျှော်လင့်ဘဲ သေခြင်းတရားနဲ့ တကယ်တမ်းရင်ဆိုင်ရတော့မယ်ဆိုတဲ့အခါကျတော့ ကိုယ်ချစ်တဲ့ ဒီခန္ဓာကြီးကိုစွန့်ခွာရတော့မယ်ဆိုပြီး သေသွားမှာကို အလွန်ထိတ်လန့်ကြောက်ရွံ့တတ်ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

# ဖျာပုံတင်နိုင်ဝင်း

## စေတီတော်များတည်ထားကိုးကွယ်ခြင်းနှင့် အကျိုးတရား




အမိမြန်မာနိုင်ငံသည် 'စေတီ၊ ပုထိုးများ ပေါများသည့်အားလျော်စွာ အနောက်တိုင်းမှ ရောက်ရှိလာကြသော ကုန်သည်ပွဲစား ခရီးသွားများက (The Land of Pagoda) စေတီနိုင်ငံအဖြစ် အသိအမှတ်ပြုခဲ့ကြသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ချေပြီ။ ၎င်းတို့၏ မြေပုံစာရွက်ပေါ်တွင်လည်း မြန်မာနိုင်ငံအား စေတီပုံအမှတ်အသားဖြင့် ရေးမှတ်လေ့ရှိပါသည်။ ၎င်းတို့၏မှတ်တမ်းများတွင်လည်း မြန်မာနိုင်ငံအကြောင်း ရေးသားကြမည်ဆိုလျှင် စေတီ၊ ပုထိုးများအကြောင်းပင် ဖြစ်သည်။ ယနေ့ခေတ်

တတိယ သေမှာကြောက်ရွံ့တဲ့သူကတော့ ရလာတဲ့လူ့ဘဝမှာ တန်ဖိုးရှိအောင် မနေတတ်ကြဘဲ မကောင်းမှုဒုစရိုက်တွေနဲ့ အချိန်ကုန်လွန်နေခဲ့ကြတယ်။စားဝတ်နေရေးအတွက် ဒီအလုပ်ကလွဲလို့ အခြားအလုပ်မလုပ်တတ်ဘူးလို့ အကြောင်းပြုပြီး မကောင်းမှုဒုစရိုက်အလုပ်တွေနဲ့ အသက်မွေးနေကြတယ်။ ဘဝတစ်သက်တာလုံး မကောင်းမှုနဲ့တင် အချိန်ကုန်လာခဲ့ကြတယ်။ တစ်နေ့ မမျှော်လင့်ထားတဲ့ အနာရောဂါများနဲ့အတူ အိပ်ရာထဲလဲပြီဆိုတဲ့အခါ မကောင်းမှုတွေကိုပဲ ပြန်သတိရလာတယ်။ ကောင်းမှုတွေကျတော့ ဖော်ပြစရာမရှိ ဖြစ်လာတယ်။ ဒီမကောင်းမှုတွေနဲ့ ငါသေသွားရင် မကောင်းတဲ့နေရာပဲရောက်တော့မယ်ဆိုပြီး သေရမှာကို အလွန်ပဲ ကြောက်ရွံ့ထိတ်လန့်နေပါတော့တယ်။

စတုတ္ထပုဂ္ဂိုလ်ကတော့ သူတော်ကောင်းတရားမှာ ယုံမှားသံသယဖြစ်ပြီး သူတော်ကောင်းတရားကို လက်မခံနိုင်တဲ့သူပါပဲ။ ထိုသူများဟာ ယုံမှားမှုလွန်ကဲနေတဲ့အတွက် သူတော်ကောင်းတရားကို မကျင့်သုံးနိုင်တော့တာပါ။ တစ်နေ့ မမျှော်လင့်ဘဲ သေခြင်းတရားနဲ့ ရင်ဆိုင်ရတော့မယ်ဆိုတဲ့အခါ သူတော်ကောင်းတရားတွေအပေါ်မှာ ဖြစ်မှားမိပြီလို့ ဆိုကာ နောက်တစ်ဖန်ပူပန်မှုတွေဖြစ်ပြီး သေဘေးကိုရင်ဆိုင်ဖို့ရာ အရမ်းကြောက်ရွံ့ထိတ်လန့်နေပါတော့တယ်။

ဒါဟာ သေဖို့ရာကြောက်ရွံ့ထိတ်လန့်နေသူများရဲ့ အကြောင်းတရား (၄) မျိုးပဲ ဖြစ်ပါတယ်။ ပြောချင်တာက သေဘေးကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်နိုင်ချင်တယ်ဆိုရင်-

(၁) ကာမဂုဏ်နဲ့စပ်လို့ အရမ်းကြီးမစွဲလမ်းမိပါစေနဲ့။

(၂) မိမိခန္ဓာကိုယ်ပေါ်မှာလည်း အရမ်းမစွဲလမ်းမိပါစေနဲ့။

(၃) မကောင်းမှုဒုစရိုက်များကို ရှောင်ရှားပြီး ကောင်းမှုသုစရိုက်များကို စွမ်းနိုင်သလောက် ပြုလုပ်ကြပါ။

(၄) သူတော်ကောင်းတရားကို သူတော်ကောင်းတရားလို့ ရှင်းရှင်းလင်းလင်းသိနိုင်အောင်၊ အမှားအမှန် ဝေဖန်ခွဲခြားတတ်တဲ့အသိဉာဏ်ရှိအောင် ဘာသာရေးစာပေကို ဖတ်ရှုခြင်း၊ တရားနာခြင်း စတာတွေကို ပြုလုပ် အားထုတ်ကြဖို့ လိုပါတယ်။

အချုပ်ပြောရရင်တော့ သေခြင်းတရား စတဲ့ မမျှော်လင့်တာတွေ ဖြစ်လာတဲ့အခါ ဘယ်လိုရင်ဆိုင်မလဲ။ သေဘေးကို ရင်ဆိုင်နိုင်ဖို့အတွက် အသေရဲတဲ့တရားကို ကျင့်သုံးရမှာ ဖြစ်တယ်။ 'အသေရဲရန် သတိပဋ္ဌာန်' ဆိုတဲ့အတိုင်း အသေရဲဖို့အတွက် သတိပဋ္ဌာန်တရားကို လက်တွေ့ ကျင့်သုံးဖို့ လိုအပ်လှပါတယ်။ ထိုတရားကို နည်းစနစ်ကျနစွာ လက်တွေ့ကျင့်သုံးနိုင်သူများဟာ ကာမဂုဏ်တရားတွေအပေါ်မှာ စွဲလမ်းမှုတွေ နည်းပါးလာမယ်။ မိမိခန္ဓာကိုယ်ကို စွဲလမ်းနေတာတွေလည်း နည်းသည်ထက်နည်းလာပါလိမ့်မယ်။ မကောင်းမှုတွေကိုလည်း ရှောင်ရှားလာကာ ကောင်းမှုတွေနဲ့ နေတတ်လာမယ်။ သူတော်ကောင်းတရားကို တရားမှန်း သိလာမယ်။ လိုရင်းကတော့ မမျှော်လင့်တာတွေဖြစ်လာတဲ့အခါ ရင်ဆိုင်နိုင်ဖို့အတွက် ကျင့်သုံးရမယ့်တရားက သတိပဋ္ဌာန်တရားပါပဲဆိုတာ ပြောရင်း. . . . နားပါဦးမည်။

ရွှင်လန်းချမ်းမြေ့ကြပါစေ
ဦးကောင်း(မြိတ်)



www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံအတွင်းသို့ဝင်ရောက်လာကြသော ကမ္ဘာလှည့်ခရီးသည်များအနက် စေတီ၊ ပုထိုးများဖူးမြင်လို၍ ဝင်ရောက်သည်က ပိုများပါသည်။

စေတီ၊ ပုထိုးများ၏ သမိုင်းအစကို ပြန်ကြည့်မည်ဆိုလျှင် ရေးရေးမျှသာ မြင်ရပါလိမ့်မည် ဖြစ်သည်။ ၎င်းစေတီများသည် ဗုဒ္ဓဘုရားရှင်ပွင့်တော်မမူခင်ကပင် ပေါ်ပေါက်နေပြီ ဖြစ်ကြောင်း ကျမ်းများတွင် ဖတ်ဖူးသည်။ ပညာရှင်တို့အဆိုအရ ရှေးလူတို့ ဘေးအန္တရာယ်ကြောက်ရွံ့၍ ကိုးကွယ်ရာရှာကြရာမှ စေတီများပေါ်ပေါက်လာရသည်ဟုသိရပါသည်။ ရှေးခေတ်လူတို့သည် မိုးကြိုးပစ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ မြေငလျင်လှုပ်ခြင်း၊ ရေကြီးခြင်း၊ သားရဲတိရစ္ဆာန်များနှင့်တွေ့ခြင်း စသည့် အန္တရာယ်များနှင့် ကြုံဖန်များလာသောအခါ ၎င်းအန္တရာယ်တို့သည် တန်ခိုးရှင်များက ဖန်တီးသည်ဟု ယူဆကာ ရှေးဦးစွာ တော၊ တောင်၊ ရေ၊ မြေ၊ ကောင်းကင် စသည်တို့ကို ပူဇော်ပ,သခဲ့ကြသည်။ ထို့နောက် ၎င်းတော၊ တောင်၊ ရေ၊ မြေ ပင်မကတော့ဘဲ ကျောက်တုံး၊ သစ်ပင်၊ တိရစ္ဆာန်၊ ထို့မှတစ်ဆင့် နတ်၊ နဂါး၊ ဂဠုန် စသည်တို့ကိုပါ ဘေးအန္တရာယ်အမျိုးမျိုးမှ လွတ်မြောက်ရေးအတွက် ရည်ကိုး၍ ပူဇော်ပ,သ ရှိခိုးတောင်းပန်ကြလေသည်။ နောင်ကာလ ပန်းပုရုပ်တုများ ပြုလုပ်တတ်လာကြသောအခါ ၎င်းရုပ်တုများ၊ အခြားသော အမှတ်အသားတံဆိပ်များကိုပါ ပူဇော်ရာအဖြစ် စီမံခဲ့ကြပြန်သည်။ နှောင်းပိုင်းကာလသို့ ရောက်သော် အင်္ဂတေဖြင့် ခိုင်ခံ့သော အဆောက်အအုံများကို ဆောက်လုပ်တတ်နိုင်သောအခါ ပူဇော်ပသရာဌာနအဖြစ် စေတီများကိုစတင်တည်ဆောက်ခဲ့ကြပါသည်။ စေတီများသည် ဗုဒ္ဓဘုရားရှင် ပွင့်တော်မမူမီကပင် ရှိနှင့်နေပြီးဖြစ်ရာ ၎င်းစေတီများသည် ဗုဒ္ဓဘုရားရှင်အား ရည်မှန်း၍ တည်ထားသည့် စေတီများမဟုတ်မူဘဲ သက်ဆိုင်ရာနတ်များကို ပူဇော်ပသရန် တည်ထားခဲ့သော စေတီများသာ ဖြစ်ပါသည်။

ဗုဒ္ဓခေတ်မတိုင်မီက တည်ထားခဲ့သည့် ထင်ရှားသော စေတီများအနက် ဝဇ္ဇီပြည် ဝေသာလီမြို့တစ်ဝိုက်ရှိ စေတီများမှာ အလွန်ထင်ရှားလှ၏။ ၎င်းစေတီများကား သာရန္ဒဒစေတီ၊ ဂေါတမကစေတီ၊ ဗဟုပုတ္တစေတီ၊ စာပါလစေတီ၊ ဥဒေနစေတီ၊ သတ္တမ္ဗစေတီတို့ဖြစ်သည်။



၎င်းစေတီများအားလုံးသည် နတ်ပူဇော်ရန် တည်ထားကြသည့် နတ်ကွန်းစေတီများချည်း ဖြစ်သည်။

ရှေးကျမ်းတို့၌ (၁) သာရန္ဒဒစေတီသည် သာရန္ဒဒနတ်ဘီလူးကြီး၏ နတ်ကွန်းဖြစ်ပြီး ၎င်းနတ်ဘီလူးကြီးကို ပူဇော်ပ,သရန် တည်ထားခဲ့ကြခြင်း ဖြစ်သည်။ (၂) ဂေါတမကစေတီမှာလည်း ဂေါတမကနတ်ဘီလူးကြီးကို ပူဇော်ရန်ဌာနအဖြစ် တည်ထားကြခြင်း ဖြစ်သည်။ (၃) ဗဟုပုတ္တစေတီမှာ သားတွေအလွန်ပေါများသော နတ်သား၊နတ်သမီးဇနီးမောင်နှံ၏ နတ်ကွန်းဖြစ်သည်။ ယခင်က ညောင်ပင်ကြီးအဖြစ် တည်ရှိရာမှ နောင်အခါ၌ စေတီတည်ထားခဲ့ခြင်း ဖြစ်သည်။ အိမ်ထောင်သည် လူပုဂ္ဂိုလ်တို့ သားဆုပန်ရာ နေရာဌာနကြီးပင် ဖြစ်သည်။ (၄) စာပါလစေတီမှာ စာပါလနတ်ဘီလူးကြီး၏ နတ်ကွန်းအဖြစ် တည်ထားခြင်းပင် ဖြစ်သည်။ (၅)ဥဒေနစေတီမှာလည်း ဥဒေနနတ်ဘီလူးကြီးကို ပူဇော်ရန် တည်ထားသောစေတီ ဖြစ်သည်။ (၆) သတ္တမ္ဗစေတီမှာ တစ်မူထူးခြားလှ၏။ ၎င်းစေတီမတည်မီက ထိုနေရာတွင် သရက်ပင်ခုနစ်ပင် တန်းစီ၍ပေါက်ရောက်နေရာ ၎င်းသရက်ပင်များကို နတ်များစောင့်ရှောက်ကြကြောင်း၊ ၎င်းသရက်ပင်များကို ကိုင်းချိုးခြင်း၊ ဖျက်ဆီးခြင်းပြုလုပ်လျှင် ၎င်းနတ်များ ဖမ်းစားတတ်ကြောင်း ယုံကြည်ခဲ့ကြသည်။ နောင်အခါ ၎င်းသရက်ပင်စောင့်နတ်များကို ပူဇော်ပ,သရန်အတွက် သရက်ခုနစ်ပင်ဟုအဓိပ္ပာယ်ရသော သတ္တမ္ဗစေတီကို တည်ထားခဲ့ကြခြင်း ဖြစ်သည်။

ထိုသို့ နတ်များကို ပူဇော်ပ,သရန်နေရာ သတ်မှတ်နိုင်ရေးအတွက် အဆောက်အအုံများ အခိုင်အခံ့ တည်ဆောက်ခြင်းအားဖြင့် စေတီများပေါ်ပေါက်လာရခြင်း ဖြစ်သည်။ ပထမဦးဆုံး ပေါ်ပေါက်လာသော စေတီများသည် နတ်ရုပ်တုများကို ထည့်သွင်းပူဇော်ရာ နတ်ကွန်းစေတီများသာ ဖြစ်သည်။ ဗြဟ္မဏဝါဒ ထွန်းကားလာသောအခါ ဗြဟ္မာကြီးအား ပူဇော်ရန် စေတီများ တည်ထားကြပြန်သည်။ ထို့ပြင် ဗိဿနိုးနတ်မင်းကြီး၊ သျှိဝနတ်မင်းကြီးတို့ကို ပူဇော်ရန် စေတီများလည်း တည်ဆောက်သမှုပြုကြပြန်သည်။ အချို့ကလည်း ၎င်းစေတီများကို ရှေးဟောင်းဘုရားကျောင်းများဟု မှတ်ထင်ခေါ်ဝေါ်ကြပါသည်။ ဂျိန (ခေါ်) ဂျိန်းဘာသာပေါ်ပေါက်လာသောအခါ ဂျိန်းဘုရားတို့ကို ပူဇော်ရန် ကျောင်းတော်အဖြစ် စေတီများကို အိန္ဒိယပြည်တွင် တည်ထားကြပြန်သည်။

ဗုဒ္ဓဘုရားရှင်လက်ထက်တော်သို့ ရောက်သောအခါ၌လည်း စေတီတော်များကို ဆက်လတ် တည်ထားကိုးကွယ်ခဲ့ကြပါသည်။ ဗုဒ္ဓမြတ်စွာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဝေနေယျတို့အား ချေချွတ်ရန် ဒေသစာရီကြွတော်မူသောအခါ လှူဖွယ်ပစ္စည်းများဖြင့် ဇေတဝန်ကျောင်းတော်သို့ ရောက်ရှိလာကြသော သာဝတ္ထိပြည်သူပြည်သားများမှာ ဘုရားရှင်ကို မဖူးမြင်ကြရသောအခါ ပါလာသော လှူဖွယ်ပစ္စည်းများကို ဂန္ဓကုဋိတိုက် တံခါးဝတွင် စွန့်ပစ်ခဲ့၍ ပြန်ကြရလေသည်။

ဤအကြောင်းကို အနာထပိဏ်သူဌေးကြီး သိသောအခါ အရှင်အာနန္ဒာအား -

'အရှင်ဘုရား၊ မြတ်စွာဘုရားမရှိသော်လည်း ရှိသကဲ့သို့ ပူဇော်နိုင်သောအရာကို မြတ်စွာဘုရားထံ လျှောက်ထားတောင်းခံပါ'

ဟု တိုက်တွန်းလေသည်။

အရှင်အာနန္ဒာသည် လျှောက်ထားတောင်းခံသောအခါ မြတ်စွာဘုရားက စေတီသုံးပါးကို ပြဆို၍ ခွင့်ပြုတော်မူခဲ့ပါသည်။

ဘုရားရှင်ခွင့်ပြုခဲ့သော စေတီ (၃) ပါးမှာ (၁) သာရီရိကစေတီ၊ (၂) ပရိဘောဂစေတီ၊ (၃) ဥဒ္ဒိဿကစေတီတို့ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

(၁) သာရီရိကစေတီဆိုသည်မှာ ဘုရားရှင်၏ ကိုယ်ခန္ဓာတော်၊ အင်္ဂါ အစိတ်အပိုင်းများ ဖြစ်သည့် ဆံပင်၊ မွေးညင်း၊ သွား စသည်တို့မှ ဖြစ်ပေါ်လာသော သာရီရဓာတ်တော်မွေတော်များဖြင့် ဌာပနာပြု၍ တည်ထားအပ်သော စေတီကို ဆိုလိုသည်။ ၎င်းစေတီအမျိုးအစားကို ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်၌ တည်ထားနိုင်ခြင်း မရှိသေးချေ။ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်၍ ဓာတ်တော်များကျလာမှသာ ဌာပနာပြု၍ တည်ထားနိုင်သောစေတီမျိုး ဖြစ်သည်။

(၂) ပရိဘောဂစေတီ ဆိုသည်မှာ ဘုရားရှင်၏ အသုံးအဆောင်များ ဖြစ်သော သပိတ်၊ သင်္ကန်း စသည်တို့ကို စေတီအဖြစ် တည်းထားခြင်း ဖြစ်သည်။ ဗောဓိပင်သည်လည်း ဘုရားရှင် အမှီသဟဲအဖြစ် အသုံးပြုခဲ့သောကြောင့် ပူဇော်ရာ စေတီထိုက်၏။ ထိုစေတီမျိုးကိုကာ ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်၌ပင် တည်ထားခွင့်ရှိကြောင်း ဘုရားရှင် ဟောညွှန်ခဲ့၏။

(၃) ဥဒ္ဒိဿကစေတီ ဆိုသည်မှာ ဘုရားရှင်အား ရည်မှန်း၍ တည်ထားပြုလုပ်အပ်သော အဆောက်အအုံ၊ ရုပ်တု၊ ရုပ်ပွားတော်များကို ဆိုလိုသည်။ အုတ်၊ အင်္ဂတေတို့ဖြင့် တည်ထားသော စေတီ၊ ပုထိုးများသည်လည်းကောင်း၊ ဗုဒ္ဓဆင်းတုရုပ်ပွားတော်တို့သည် လည်းကောင်း ဥဒ္ဒိဿကစေတီ မည်၏။

ထိုသို့ ဘုရားရှင် ခွင့်ပြုသောအခါ အရှင်အာနန္ဒာသည် ဇေတဝန်ကျောင်းတော်တံခါးဝ၌ ဗောဓိပင်စိုက်ပျိုး၍ ဘုရားရှင်ကိုယ်စား ပူဇော်ရန် တောင်းပန်ပြန်၏။ ဘုရားရှင်က ခွင့်ပြုသောအခါ အရှင်အာနန္ဒာသည် ကောသလမင်း၊ အနာထပိဏ်သူဌေး စသည်တို့ကို ဒါယကာပြု၍ ဇေတဝန်ကျောင်းတံခါးဝ အနီး၌ ဗောဓိပင်စေတီ (ဝါ) ပရိဘောဂစေတီကို စိုက်ပျိုးတည်ထားတော်မူခဲ့ပါသည်။ ဤစေတီကား ဗုဒ္ဓဘုရားရှင် ခွင့်ပြုချက်အရ ပထမဦးဆုံး တည်ထားသော စေတီ ဖြစ်သည်။ သို့သော် ဘုရားလောင်း သိဒ္ဓတ္ထမင်းသား တောထွက်၍ ဆံတော်ပယ်စဉ်ကလည်း ၎င်းဆံတော်များကို သိကြားမင်း ခံယူ၍ တာဝတိံသာ နတ်ပြည်၌ စူဠာမဏိစေတီတော်ကို တည်ဖူးသကဲ့သို့ ဘုရားလောင်း၏ ဝတ်လဲတော် (မင်းသားအဝတ်အစား) တို့ကိုလည်း ဗြဟ္မာမင်းက ဗြဟ္မာ့ပြည်၌ ဖုဿစေတီကို တည်ထားတော်မူခဲ့ပါ



သည်။ ထိုစေတီများတည်စဉ်က ဘုရားလောင်းသည် ဗုဒ္ဓအဖြစ် ပွင့်တော်မမူသေးသဖြင့် ဘုရားရှင်၏ ခွင့်ပြုချက်ရရှိခဲ့သောစေတီများ မဟုတ်ကြောင်း ထင်ရှားပါသည်။ ထို့အပြင် ၎င်းစေတီများသည် ဘုရားရှင်၏ အသုံးအဆောင်များ မဟုတ်ဘဲ ဘုရားလောင်း၏ အသုံးအဆောင်များသာ ဖြစ်သောကြောင့် ပရိဘောဂစေတီထိုက်၊ မထိုက် စဉ်းစားစရာ ဖြစ်နေပါသည်။

ထို့ပြင်တစ်ဝ သာရတ္ထဒီပနီဋီကာ၌လည်း စေတီသုံးပါးကို ဋီကာဆရာက တစ်မျိုးတစ်မည် ပြဆို၏။ ၎င်းဋီကာလာ စေတီသုံးမျိုးမှာ ပရိဘောဂစေတီ၊ ဓာတုစေတီ၊ ဓမ္မစေတီတို့ဖြစ်သည်။ ပရိဘောဂစေတီမှာ ရှေ့တွင်ဆိုခဲ့သည့်အတိုင်းဖြစ်၍ ဓာတုစေတီဆိုသည်မှာ အထက်တွင် ဖော်ပြခဲ့သော သာရီရိကစေတီပင် ဖြစ်သည်။ ဓမ္မစေတီသာ ကွဲပြားစွာ ထပ်တိုးလာကာ ဥဒ္ဒိဿစေတီကိုမူ ၎င်းဋီကာ၌ ထည့်သွင်းရေတွက်ခြင်းမရှိချေ။ ၎င်းဋီကာအရ ဓမ္မစေတီဆိုသည်မှာ ဘုရားရှင်ဟောကြားခဲ့သော တရားဓမ္မများကို ဌာပနာအဖြစ် ထည့်သွင်းပူဇော်၍ တည်ထားအပ်သောစေတီ ဖြစ်သည်။ ဘုရားဟောတရားဓမ္မများဖြစ်သည့် သစ္စာလေးပါး၊ ပဋိစ္စသမုပ္ပါဒ်၊ မဟာပဋ္ဌာန်းစသည်တို့ကို ရွှေပြား၊ ငွေပြား၊ ကြေးပြား စသည်တို့၌ ရေးသား၍ ဌာပနာထည့်သွင်းတည်ထားသောစေတီ ဖြစ်သည်။

ထို့ကြောင့် ဘုရားရှင်ခွင့်ပြုသော စေတီသုံးမျိုးနှင့် သာရတ္ထဒီပနီကျမ်းလာ စေတီသုံးမျိုးတို့ကို တူရာချေ၍ ရေတွက်သော် (၁) သာရီရိကစေတီ (ဝါ) ဓာတုစေတီ၊ (၂) ပရိဘောဂစေတီ၊ (၃)ဥဒ္ဒိဿစေတီ၊ (၄) ဓမ္မစေတီဟူ၍ စေတီလေးမျိုး ဖြစ်လာပါသည်။

စေတီဘုရားတည်ထားကိုးကွယ်ခြင်းသည် အလွန်အကျိုးများလှကြောင်း ဘုရားရှင် ဟောကြားတော်မူခဲ့ပါသည်။ ဝိမာနပါဠိတော် (မြန်မာပြန်) ၌ သက်တော်ထင်ရှားရှိသောဘုရားရှင်၌ လည်းကောင်း၊ ပရိနိဗ္ဗာန်စံလွန်တော်မူပြီးသော မြတ်စွာဘုရား၏ ရုပ်ပွားဆင်းတု၊ စေတီတော်၌လည်းကောင်း ဂုဏ်ကို သိ တတ် လေးမြတ်သဒ္ဓါ ကြည်ဖြူစွာသော စိတ်သည် တူမျှသည်ရှိသော် ၎င်းတူမျှသော ကောင်းကျိုးတရားအတိုင်း ဖြစ်၏။ သက်တော်ထင်ရှား ဘုရားရှင်နှင့် စေတီတော်တို့ကို ပူဇော်သောအားဖြင့် စိတ်စေတနာကို ကောင်းစွာထားခြင်း တည်းဟူသော အကြောင်းတို့ကြောင့် သတ္တဝါတို့သည် သုဂတိသို့သာသွားရ ကုန်၏ဟု ဘုရားရှင် ဟောညွှန်ပြဆိုတော်မူခဲ့၏။

ထို့ကြောင့် စေတီတော်ကို ပူဇော်ခြင်းသည် သက်တော်ထင်ရှားရှိသော ဘုရားရှင်အား ပူဇော်ခြင်းနှင့်တူညီ၍ ကောင်းသော အကျိုးတရားများကိုသာ ရရှိခံစားရမည် ဖြစ်ပါသည်။ စေတီတော်၊ ဆင်းတုရုပ်ပွားတော်တို့အား ပန်း၊ ရေချမ်း၊ ဆွမ်း၊ ဆီမီးစသည်ဖြင့် ယုံကြည်လေးမြတ်စွာ ပူဇော်သောအားဖြင့် သက်တော်ထင်ရှား မြတ်ဘုရားအား ကပ်လှူပူဇော်ခြင်းနှင့် အကျိုးတူညီမျှပါသည်။ သတ္တဝါတို့အား ဤသို့သော အကျိုးတရားများရရှိမည်ကို သိမြင်တော်မူသော ဘုရားရှင်သည် ပရိနိဗ္ဗာန်စံသော အခါတွင် ဓာတ်တော်မွေတော်များကို အစိတ်စိတ်အမြွှာမြွှာဖြစ်အောင် မိဋ္ဌာန်ပြု၍ ချထားအပ်တော်မူခဲ့ပါသည်။ ထို့အပြင် သာရီရိကစေတီ၊ ပရိဘောဂစေတီနှင့် ဥဒ္ဒိဿကစေတီတို့ကိုပါ ခွင့်ပြုပေးတော်မူသဖြင့် ယခုအခါ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်သွားသော်လည်း မြတ်စွာဘုရားရှင်သည် မိမိတို့၏ နှလုံးသား၌ သက်တော်ထင်ရှားရှိနေသည်ကို မမေ့သင့်ပေ။ နေ့၊ ညမပြတ်ပူဇော်ခြင်းအားဖြင့် ယခု ပစ္စုပ္ပန်နှင့် နောင်သံသရာ အတွက် ကောင်းကျိုးတိုးပွားစေရန် စေတီတော်များကို တည်ထားကိုးကွယ် ပူဇော်ကြပါကုန်။

ဖျာပုံတင့်ဝင်း



www.burmeseclassic.com

www.burmeseclassic.com

ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်၏ ဂုဏ်သတင်းတို့သည် ၂၀၀၆ ခုနှစ် နောက်ပိုင်းတွင် ပိုမိုကျယ်ပြန့်၍လာပါသည်။ ထိုအခါ ဘုရားဖူးများသည်တို့သည် စာရေးသူ၊ အန်တီအေးနှင့် မယ်တော်ကြီးတို့အား 'အခြားသော တန်ခိုးကြီးဘုရားများတွင် သီးခြားဘုရားရှိခိုးဂါထာတော်များ ရှိကြသည်။ ရွှေကံကူဘုရားမှာကော ထိုသို့ သီးခြားဘုရားရှိခိုးဂါထာရှိပါသလား' ဟု မေးမြန်းကြလေသည်။

တော်၏ လေးနက်သော အဓိပ္ပာယ်နှင့် တန်ဖိုးကြီးမားလှသော ဂါထာတော်အဖြစ် သိရှိကြမည်မဟုတ်ပါ။ စာရေးသူ၏ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်၏ ဖြစ်တော်စဉ်သမိုင်းမှတ်တမ်းစာအုပ်ကြီးတွင်လည်း ဤဂါထာတော်နှင့်ပတ်သက်၍ အနည်းငယ် အရိပ်အမြွက်မျှပင် ရှင်းပြဖွင့်ဆိုချက်မပါရှိဘဲ မေ့ကျန်သကဲ့သို့ဖြစ်ခဲ့ရပါသည်။ စာရေးသူကိုယ်တိုင်သည်ပင် ဤဂါထာတော်ကို ပေါ့ပေါ့တန်တန်သဘောထားမိသလိုဖြစ်ခဲ့ရပါသည်။

သို့သော်လည်း စာအုပ်၏ အဖွင့်စာမျက်နှာတွင် ဤဂါထာတော်ကို သီးသန့် အထူးပြု ဖော်ပြခြင်းတော့ရှိခဲ့ပါ၏။ ဤသို့ဖြင့် ရွှေကံကူဖြစ်တော်စဉ်စာအုပ်သည် ၂၀၁၃ ခု၊ ၅ လပိုင်းတွင် ထွက်ပေါ်၍လာခဲ့ပါသည်။ ၇လပိုင်းတွင် ရိုက်နှိပ်ခဲ့ပြီးသော အုပ်ရေ (၁၀၀၀) ကုန်သွားပါတော့သည်။ စာအုပ်တစ်အုပ်လျှင် ပျမ်းမျှ လူ (၃) ဦးနှုန်း ဖတ်ရှုသည်ဟု တွက်လျှင် ထိုစာအုပ်ကို လူ (၃၀၀၀)

တိုတို(ရွှေကံကူ)

# ရွှေကံကူဂါထာတော်နှင့် စမ္ပယ်ရုံဆရာတော်

ထိုအခါမှ စာရေးသူတို့လည်း ဤအချက်ကို အလေးထားကာ သတိပြုမိပါတော့သည်။ ထို့ကြောင့် စာရေးသူတို့သည်း ရွှေကံကူဘုရားရှိခိုးဂါထာတော်ကို တောင့်တမိပါတော့သည်။ ရွှေကံကူဂါထာတော် ပေါ်ပေါက် ရောက်ရှိရေးအတွက် လေးလေးနက်နက် အဓိဋ္ဌာန်ပြုဆုတောင်းခဲ့ကြပါသည်။ သို့ဖြင့် ၂၀၀၇ ခုနှစ် ၉ လ၊ ၉ ရက်နေ့ညတွင် အိပ်မက်ထဲ၌ မယ်တော်ကြီးအား ပုဂ္ဂိုလ်တစ်ဦးက ရွှေကံကူဂါထာတော်ကို သင်ကြားပေးခဲ့ပါသည်။ ဤသို့ဖြင့် ရွှေကံကူဂါထာတော် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပါသည်။

သို့သော် စာရေးသူတို့သည် ထိုဂါထာတော်ကို အများမှ ဂဃနဏသိရှိစေရန် အကျယ်တဝင့် ရှင်းလင်းတင်ပြခြင်းတို့ မပြုလုပ်ခဲ့ပါ။ နီးစပ်သူ လူနည်းစုသိသာ ပေါ်ပေါက်တော်မူစက ပြောကြားခဲ့ပြီး နောက်ပိုင်း မည်သူ့ကိုမျှ မပြောခဲ့တော့ဘဲ အမှတ်တမဲ့ထားရှိလိုက်ကြပါသည်။

၂၀၁၀ ပြည့်နှစ် ရောက်သောအခါမှ ရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော်နောက်ကျောတွင် ထည့်သွင်းနေကျဖြစ်သော ရုပ်ရှင်တော်မြတ်၏ ပုံတော်၊ သီတင်းသုံးတော်မူရာလိပ်စာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖော်ပြသောနေရာတွင် ဂါထာတော်ကို ထည့်သွင်းရိုက်နှိပ်စေခဲ့ပါသည်။ ထိုဂါထာတော်နှင့်ပတ်သက်၍ မည်သည့်အထူးပြုဖော်ပြချက်မှ မပါရှိသောကြောင့် ထိုဂါထာတော်ကို တွေ့ရှိသူများသည်လည်း ဂါထာ



(၃၀-၆-၂၀၁၃)ရက်နေ့မှ (၂-၇-၂၀၁၃)ရက်နေ့တွင် ပြည်တော်သာအိမ်ယာတိုက် (၁၈)၊ အခန်း (၂) နန်းရှေ့နေ ဗိုလ်ကြီးနိုင်ထွန်းအေး+ဒေါ်စိုးသီတာလင်း မိသားစု နေအိမ်မင်္ဂလာသို့ ကြွရောက်စဉ် ရောင်ခြည်တော်ကွန့်မြူးနေပုံ



www.burmeseclassic.com

www.burmeseclassic.com

ကျော် ဖတ်ရှုခဲ့ပြီဟု ဆိုနိုင်ပါသည်။ စာရေးသူထံ အကြောင်းပြန်ကြားသူမှန် သမျှ အထူးပင်ကောင်းမွန်သောစာအုပ် ဖြစ်ပါသည်။ ဖတ်၍မဝပါ။ နောက်ထပ် ရေးသား ထုတ်ဝေပါဦးဟု ပြောကြားကြ ပါသည်။ ထိုအခါ စာရေးသူလည်း ဝမ်းသာမိပါသည်။

ဤစာအုပ်သည် ရန်ကုန်ခရီးစဉ် ပြီးဆုံးခါနီးမှပေါ် ထွက်ခြင်းဖြစ်၍ ရန်ကုန် မြို့တွင် ပညာရွှေတောင်စာအုပ်တိုက်မှ အပ အခြားနေရာများတွင် မရရှိနိုင်၍ ကျယ်ပြန့်မှုမရှိခဲ့ပါ။ မန္တလေးဒေသတစ် ဝိုက်ကြွမြန်းတော်မူသောခရီးစဉ်များတွင် သာ စာအုပ်များတောက်လျှောက်ပါရှိခဲ့ ၍ ကျယ်ပြန့်ခဲ့ရခြင်း ဖြစ်ပါသည်။ သို့ဖြင့် ၆-၆-၂၀၁၃ နေ့တွင် ရုပ်ရှင်တော်မြတ် သည် မန္တလေးမြို့ မဟာမြိုင် အပိုင်း (၁) (၆၄) × (၆၃) လမ်းကြား၊ လမ်း (၄၀)၊ စူးထက်ဆောက်လုပ်ရေး၊ နိုဘယ်(လ်) စားသောက်ဆိုင်၊ တက်မနေဖြိုး ပွဲထိုင်ဇာ နှင့် ချိပ်မိသားစု ဦးဝင်းသန်း၊ ဒေါ်သီဂီ ကျော်တို့နေအိမ်သို့ ကြွမြန်းရောက်ရှိ တော်မူပါသည်။ ဤမိသားစုသည် ရုပ်ရှင်တော်မြတ်အား ကိုးကွယ်ခဲ့ကြ သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်၍ ရွှေကံကူ မိသားစုနှင့် ခင်မင်ရင်းနှီးလျက်ရှိကြသူ များ ဖြစ်ပါသည်။ ဒေါ်သီဂီကျော်၏မိဘ နှစ်ပါးသည်လည်းအတူနေကြ၍ အသက် အရွယ်ရလာပြီဖြစ်သည့်အပြင် ပြည့်စုံ သော မိသားစုများဖြစ်၍ အဘိုးနှင့် အဘွားတို့သည် တရားစခန်းများနှင့် ရိပ်သာများတွင် လှူဒါန်းခြင်း၊ ရိပ်သာ ဝင်ခြင်းတို့နှင့် တန်ဖိုးရှိသောအချိန်တို့ကို အကျိုးရှိစွာအသုံးချလျက်ရှိကြပါသည်။

ရုပ်ရှင်တော်မြတ်ကြွရောက်တော် မူလာသောအခါ ယခုနှစ်တွင် ဖြစ်တော် စဉ်သမိုင်းစာအုပ်များ ပါရှိလာ၍ အဘိုး တို့၊ အဘွားတို့သည် စာအုပ်များကို ထပ်ဆင့်ဒါနပြုလှူဒါန်းနိုင်ရန် ဝယ်ယူ လိုက်ကြပြီး မိမိတို့ တရားစခန်းဝင်ရာ ကျောင်းတိုက်များမှ ဆရာတော်များ၊ ရင်းနှီးသော ဓမ္မမိတ်ဆွေများကို လက် ဆောင်အဖြစ် လှူဒါန်းကြပါသည်။ ထိုသို့ ဖြင့် ဖြစ်တော်စဉ်သမိုင်းစာအုပ်တစ်အုပ် သည် ဒေါက်တာဒ္ဒန္တကောဏ္ဍည(Ph.D) I.I.O.H (col), NDA, (M.A Buddh - ism), (B.A Buddhism) လှိုင်းတက် ကျောင်းဆရာတော် စမွယ်ရုံမိုးကုတ် ဝိပဿနာရိပ်သာ မာရ်အောင်ပရိယတ္တိ ကျောင်းတိုက် ပြည်ကြီးမျက်မှန်ရပ်ကွက် ချမ်းအေးသာစံမြို့နယ် မန္တလေးတိုင်း ဒေသကြီးထံသို့ လှူဒါန်းရောက်ရှိခဲ့ပါ



(Ph.D)ဒေါက်တာဘွဲ့ရ
ဘဒ္ဒန္တ ကောဏ္ဍညမထေရ်

သည်။ ဆရာတော်သည် မန္တလေးမြို့ အရှေ့ပြင် ပရိယတ္တိသဒ္ဓမ္မာနုဂ္ဂဟစာမေး ပွဲ၌ ပုစ္ဆာထုတ်ခြင်း၊ စစ်ဆေးခြင်း၊ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အရှေ့ပိုင်းဓမ္မာနုဂ္ဂဟစာမေးပွဲ၌ ပုစ္ဆာ ထုတ်ခြင်း၊ စစ်ဆေးခြင်းများနှင့် အစိုးရ ပထမပြန်စာမေးပွဲများတွင် ကြီးကြပ်ရေး တာဝန်တို့ကို ထမ်းဆောင်လျက်ရှိနေပြီး 'သီလအကြောင်းသိကောင်းစရာစာတမ်း နှင့် ထွက်ရပ်ပေါက်ဝိဇ္ဇာမိုရ်ဆရာတော် တို့၏ ဘဝဖြစ်စဉ်ဖြစ်ရပ်ဆန်းများနှင့် သာသနာပြုပုံကျမ်းစာ' တို့ဖြင့် အိန္ဒိယ နိုင်ငံမှ ဆက်ကပ်သော (Ph.D) ဘွဲ့ ရရှိ တော်မူခဲ့သောဆရာတော် ဖြစ်ပါသည်။

ဆရာတော်သည် ဖြစ်တော်စဉ် သမိုင်းစာအုပ်ကို စေ့စေ့စပ်စပ် သေသေ ချာချာ ဖတ်ရှုတော်မူပြီး ရုပ်ရှင်တော် မြတ်၏တန်ခိုးတော်တို့ကို ကြည်ညိုမဆုံး နိုင်အောင်ဖြစ်ရပြီး စာအုပ်အဖွင့်တွင်ပါရှိ သော ရွှေကံကူဂါထာတော်ကြီးကိုလည်း နှစ်သက်တော်မူလှသဖြင့် ဤဂါထာ တော်ကြီးမှာ လေးနက်၍ အဓိပ္ပာယ် ပြည့်ဝကာ ကောင်းမွန် ပြည့်စုံသော ဂါထာတော်ကြီး ဖြစ်ပေသည်။ သာမန် ပုဂ္ဂိုလ်တို့ စီရင်ထားရှိခြင်း မဖြစ်နိုင်။ အဓိပတိဆရာတော်ကြီးများနှင့်အဓိပတိ ပုဂ္ဂိုလ်ကြီးများ သီကုံးစီရင်ထားရှိခြင်း ဖြစ်ပေမည်ဟု မှတ်ယူတော်မူခဲ့ပါသည်။ ထို့ကြောင့် ဆရာတော်သည် ဤရွှေကံ ကူဂါထာတော်ကို တစ်ရက်တိတိ အကြိမ် ရေသတ်မှတ်ချက်မထားဘဲ အကြိမ်ရေ ရသလောက် အဓိဋ္ဌာန်ပြု၍ ပူဇော်ပါ သည်။ ဆရာတော်သည် ဂါထာတော်ကို ပါဠိအနက်တွဲဖက် ရွတ်ဖတ်ပူဇော်၍ လွယ်ကူချောမွေ့စေရန် ပြင်ဆင်ပြီး တပည့်များကို ဝေငှစေပါသည်။

စာရေးသူသည် ထိုအကြောင်း အရာတို့ကို ဆောင်းပါးရေးနေပြီဟု မယ် တော်ကြီးကို ပြောသောအခါ စာရေးသူ အား ဆရာတော်နှင့် သွားရောက်တွေ့ ဆုံ၍ ဆရာတော်၏ခွင့်ပြုချက်နှင့် နှုတ် ထွက်မိန့်ကြားချက်တို့ကို ကိုယ်တိုင်ကိုယ် ကျ ရယူသင့်ကြောင်းပြောကြား၍ စမွယ် ရုံ မိုးကုတ်ဝိပဿနာရိပ်သာ ဥပဋ္ဌာကမှ အဖွဲ့ဥက္ကဋ္ဌ ဆရာကြီးဦးကျော်ဝင်းထံ ဖုန်းဆက်ပေးပါသည်။ ထိုနေ့ညနေမှာ ပင် ဆရာဦးကျော်ဝင်း (၀၉၆၈၁၂၇၇၂) ထံမှ စာရေးသူသို့ ဖုန်းဆက်ပေးပါသည်။ စာရေးသူအား ဆရာတော်နှင့်တွေ့စေလို ကြောင်း၊ မနက်ဖြန်တွင် မန္တလေး အရှေ့ ပြင် စာအောင်သံဃာများ ဆုနှင်းသဘင် ပြုလုပ်မည်ဖြစ်၍ ဆရာတော်သည် (၁၁) နာရီနောက်ပိုင်း အားလပ်မည် မဟုတ်။ ထို့ကြောင့် (၁၀) နာရီတွင် လာရောက်စေလိုကြောင်း ဆရာတော် အား လျှောက်ထားပေးနှင့်မည်ဖြစ် ကြောင်းတို့ကို ပြောကြားပါသည်။

နောက်တစ်နေ့တွင် ၅-၇-၂၀၁၃ ရက်နေ့တွင် စာရေးသူ မန္တလေးသို့သွား ရောက်ပြီး ရုပ်ရှင်တော်မြတ်အား ပင့် ဆောင် ပူဇော်ထားရှိရာ မန္တလေးတိုင်း ဒေသကြီး ရဲတပ်ဖွဲ့မှူး (G.I) ဒုတိယရဲမှူး ကြီး ရဲညွန့်၊ ဇနီး သင်းသီဂီတို့၏နေအိမ် ရှိရာ မန္တလေးမြို့ (၆၆) လမ်းနှင့် (၂၈) × (၂၉) လမ်းကြားသို့ ဝင်ရောက်လိုက်ပါ သည်။ ထိုအချိန်တွင် ရုပ်ရှင်တော်မြတ် အား ဆွမ်းဆက်ကပ်ချိန် နီးကပ်နေပြီ ဖြစ်၍ ရဲမှူးကြီး၏တပည့်များ ဆွမ်းများ ပြင်ဆင်နေပြီဖြစ်ရာ စာရေးသူလည်း ဆွမ်းကပ်ပြီးသည်အထိ နေလိုက်ရပါ သည်။ ဆရာတော်၏ ကျောင်းသို့ ရောက်သောအခါ (၁၂) နာရီထိုးနေပေ ပြီ။ ဆရာတော်၏ ကျောင်းတိုက်မှာ (၂၆)လမ်းနှင့် (၆၂)လမ်းထောင့် တကယ့် နေရာကောင်းတွင် တည်ရှိပြီး ကျောင်း ဝင်းကြီးမှာလည်း ကျယ်ဝန်းလှပါသည်။

ဥက္ကဋ္ဌကြီး ဦးကျော်ဝင်းသည် စာရေးသူအား ကြိုဆိုလျက်ရှိသည်ကို တွေ့ရ၍ အားနာမိပါသည်။ ဤယနေ့ သာ စာရေးသူမသွားရောက်ဖြစ်လျှင် ပို၍အားနာဖွယ်ဖြစ်ပါလိမ့်မည်။ ဥက္ကဋ္ဌ ကြီးကို တစ်ခါမှမတွေ့ဆုံဘူးသေးသော် လည်း စာရေးသူအား စာအုပ်များနှင့် ဘုရားသမိုင်းခွေတွင် တွေ့မြင်ထား၍ မှတ်မိလျက်ရှိရာ စာရေးသူအား ရင်း နှီးနှီးပင် လာရောက် နှုတ်ဆက်ပါသည်။ ဆရာတော်နှင့် တပည့်များပါ စာရေးသူ



www.burmeseclassic.com

www.burmeseclassic.com

အား စောင့်ကြိုလျက်ရှိပါသည်။ ဥက္ကဋ္ဌကြီးမှ ဆရာတော်နှင့်တကွ သာဝကများအား -

"ဒါ ဆရာ ဘိုဘို (ရွှေကံကူ)ပါပဲ" ဟု မိတ်ဆက်ပေးပါသည်။

ထို့နောက် စာရေးသူလည်း ဆရာတော်အား ဝတ်ဖြည့်၍ နှုတ်ခွန်းဆက်စကားတို့ လျှောက်ထားလိုက်ပါသည်။

ဆရာတော်သည် ရွှေကံကူဂါထာတော်ပါရှိသော ဖြစ်တော်စဉ်သမိုင်းစာအုပ်ရရှိပြီး ဂါထာတော်၏ ထူးခြားမှုတိုလက်တွေ့သိရှိရပြီးသောအခါ ရုပ်ရှင်တော်မြတ်အား ဖူးတွေ့လိုသော ဆန္ဒတော်၊ ဂါထာတော်နှင့် ပတ်သက်၍ မေးမြန်းလိုသော ဆန္ဒတော်တို့ ဖြစ်ပေါ်လာ၍ စာအုပ်လှူဒါန်းသူ စူးထက်အမှုကိုမှ အဘိုးနှင့် အဘွားတို့ကို မေးမြန်းတော်မူရာ အဘိုးနှင့် အဘွားတို့သည် ရုပ်ရှင်တော်မြတ် ထိုနေ့ကကြွမြန်းတော်မူလျက်ရှိရာ အောင်ပင်လယ်ဒွာလယ်လမ်း (၅၁) × (၅၂) လမ်းကြား၊ ကျောင်းကုင်နှင့် မိုးတိမ်ယံ အလှုမီနီဆမ်လုပ်ငန်းမိသားစုအိမ်သို့ ပင့်ဆောင်ပေးပို့တော်မူခဲ့ပါသေးသည်။ ထိုစဉ်ကလည်း ဆရာတော်သည် ရုပ်ရှင်တော်မြတ်အား ရွှင်လန်းအားရစွာ ဖူးမြော်ဖူးတော့ပြီး ဂါထာတော်၏ ထူးခြားမှုအကြောင်းတို့ကို မယ်တော်ကြီးအား မေးမြန်းတော်မူပြီး ဤဂါထာတော်ကို ဆရာတော်ကြီးတစ်ပါးပါးက သီကုံးခဲ့ခြင်းဖြစ်လျှင် မပြင်ဆင်ခဲ့ပါ။ သို့မဟုတ်ပါက အနည်းငယ်ပြင်ဆင်လိုပါကြောင်း မိန့်ကြားသောအခါ မယ်တော်ကြီးမှ ဆရာတော်ဘုရား ဆန္ဒတော်ရှိသလို ပြင်ဆင်နိုင်ကြောင်း ပြောကြားလျှောက်ထားလိုက်ပါသည်။ ထိုအကြောင်းအရာများအတွက်ပင် စာရေးသူ ရောက်ရှိလာခြင်းဖြစ်ပြီး ဤဂါထာတော်နှင့် ပတ်သက်၍ ဆရာတော်၏ကိုယ်တွေ့ဖြစ်ရပ်များကို ဆရာတော်ကိုယ်တိုင် မိန့်ကြားမှုကို ကြားနာလိုပါကြောင်း၊ ဆရာတော်နှင့်ပတ်သက်၍ မဂ္ဂဇင်းတွင် ဖော်ပြခွင့်ရမှုကိုလည်း သိရှိလိုပါကြောင်း စာရေးသူမှ ရိုသေစွာ လျှောက်ထားခဲ့ပါသည်။

ထိုအခါ ဆရာတော်မှ ဤကဲ့သို့ မိန့်ကြားတော်မူခဲ့ပါသည်။ ဆရာတော်သည် ဤဂါထာတော်ကို တွေ့ရှိရသော အခါ စိတ်ဝင်စားတော်မူသဖြင့် ဂါထာတော်ကို တစ်ခေါက်ဆုံးလျှင် ပုတီးတစ်လုံးချနှုန်းနှင့် ပုတီး (၃) ပတ် (၁၀၈ လုံး ပုတီးဖြင့်) စိပ်လိုက်ပါသည်။ ပုတီးစိပ်ပြီးသောအခါတွင်လည်း အချိန်ရသရွေ့ တစ်နေကုန် ရွတ်ပွားပူဇော်၍နေခဲ့ပါသည်။ ညအိပ်ရာဝင်ချိန်တွင်လည်း ကျိန်းစက်တော်မမူသေးသရွေ့ ထိုဂါထာတော်ကိုပင် ရွတ်ပွားပူဇော်၍နေခဲ့ပါသည်။ ထိုညတွင် ဆရာတော်၌ ထူးခြားသောအိပ်မက် မြင်မက်ပါသည်။ လက်ရှိအခြေအနေမှာ ဆရာတော် သီတင်းသုံးတော်မူလျက်ရှိသော ကျောင်း၏ခြေရင်းတွင် ဆောက်လုပ်စ ကျောင်းတစ်ဆောင်ရှိ၍ ခေါင်းရင်းဘက်တွင် (၂) ထပ် သို့မဟုတ် (၃) ထပ်ကျောင်းဆောင် ဆောက်လုပ်ရန် ရည်ရွယ်လျက်ရှိပါသည်။ အိပ်မက်ထဲတွင် ဆောက်လုပ်ရန် ရည်ရွယ်ထားသောနေရာ၌ ကျောင်းဆောင်တော်ကြီး ဆောက်လုပ်ပြီးစီးကာ ကျောင်းတက်ပွဲကျင်းပလျက်ရှိပါသည်။ အပြင်တွင်မမြင်ဘူးသော ဆရာတော်ကြီးတစ်ပါးမှ ကျောင်းပေါ် တက်၍ ပိုက်ဆံများကြဲချလျက်ရှိပါသည်။ ပိုက်ဆံများမှာ ပါကင်ထုပ်ပင် ပါဝင်၍ ငါးထောင်တန်၊ တစ်သောင်းတန်ကျပ်တန်များပင် ပါဝင်ပါသည်။ ဆရာတော်သည် ပိုက်ဆံကြဲနေသည်ကို ရပ်၍ကြည့်နေစဉ် ဆရာတော်ရှေ့သို့ ပါကင်ထုပ်များ ကျရောက်၍လာပါသည်။ အိပ်မက်မှနိုးထသောအခါ ဆရာတော်သည် ထူးခြားလှသော အိပ်မက်ဖြစ်နေ၍ ဝမ်းသာလျက်ရှိပါသည်။

နံနက်လင်းသောအခါ ဆရာတော်၏ ဒါယကာကြီးတစ်ဦး လက်ဖက်ရည်ထုပ်များ မနိုင့်တနိုင်ဆွဲ၍ ရောက်ရှိလာပါသည်။ ဤဒကာကြီးသည် ကျန်းမာရေး ချို့တဲ့သွားသောကြောင့် ကျောင်းသို့ ကိုယ်တိုင်မလာရောက်နိုင်သည်မှာ (၄)၊ (၅) နှစ်ပင်ရှိပြီဖြစ်ပြီး ယခုလည်း ကျန်းမာရေးမကောင်းသေးပါ။ ဆရာတော့်ထံ လာရောက်လိုသော ဆန္ဒများပြင်းပြန်စွာ ဖြစ်ပေါ်လာ၍ လာရောက်ခြင်းဖြစ်ကြောင်း လျှောက်ထားပါသည်။ ထို့နောက် အလားတူ ဒါယကာကြီးတစ်ဦးသည်လည်း အကြော်ထုပ်များ လာရောက် ပို့ဆောင်ပြန်ပါသည်။ ဆရာတော်၏စိတ်တွင် ထူးပြီ၊ ထူးပြီဟု တွေးနေမိစဉ် ဆောက်လက်စကျောင်းဆောင်တော်ကြီးအတွက်ဟုဆိုကာ သိန်းဂဏန်းလှူဒါန်းသူများ ဆက်တိုက်ရောက်ရှိ၍ လာပါသည်။ ထိုအခါ ဆရာတော်တွေးထင်ခဲ့သည့်အတိုင်း ဂါထာတော်၏ အကျိုးသွားမှာ ကြီးမားလှကြောင်း လက်တွေ့သိရှိခံစားရ၍ ဝမ်းသာပီတိဖြစ်၍နေမိပါသည်။

ထိုရက်အတွင်း၌ ကျောင်းတွင် ရန်ကုန်မြို့မှ ဆန်ပွဲရုံပိုင်ရှင်ဒါယကာမကြီးတစ်ဦး သမီးနှစ်ယောက်နှင့်အတူ ရောက်ရှိ၍နေပါသည်။ ထိုဒါယကာမကြီးသည် ၎င်း၏ခင်ပွန်း ဆန်ပွဲရုံဖွင့်လှစ်ရောင်းချ၍ စီးပွားရေးကောင်းကာ အောင်မြင်နေသော်လည်း ထိုလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်ခြင်းမရှိသောကြောင့် လုပ်ငန်းခွင်နှင့်ပတ်သက်၍ ရောင်းရေးဝယ်တာကိစ္စများကို နားမလည်ပါ။ ကုန်ဝင်၊ ကုန်ထွက်တို့ကိုလည်း မသိရှိပါ။ ထိုအချိန် ခင်ပွန်းသည် ရုတ်တရက်ကွယ်လွန်သွားသည်။ ထိုအခါ လက်ငုတ်ဆန်ပွဲရုံလုပ်ငန်းကြီးကို မည်သို့ဆက်လက်လုပ်ကိုင်ရမည်မသိပါ။ မည်သို့ဝယ်၍မည်သို့ရောင်းရပါမည်နည်း။ မည်သူ့ထံမှ မည်မျှရစရာရှိ၍ မည်သူ့ကို မည်မျှပေးစရာရှိသည်မသိဖြစ်ရပါသည်။ ထိုသို့ ကြုံရသူတိုင်း ပေးစရာရှိသော အကြွေးတို့ကိုသာ ကျန်ရစ်သူကို လာရောက် တောင်းခံလေ့ရှိပြီး ရရန်ရှိသော အကြွေးများကိုတော့ အလိုက်တသိ လာရောက်ပေးဆပ်သူဟူ၍ မရှိသလောက်နည်းပါးလှပါသည်။ သိရှိ၍တောင်းလျှင်သော်မှ ပေးပြီးသားဟု ငြင်းဆိုခြင်း၊ မပေးဘဲနေလေ့ရှိကြခြင်းမှာ အစဉ်အလာတစ်ခုလိုပင် ဖြစ်နေပါသည်။ ယခုဒါယကာမကြီးတွင်လည်း ထိုအဖြစ်မျိုးနှင့်ကြုံကြိုက်နေ၍ စိတ်ပြေလက်ပျောက်သဘောမျိုးဖြင့် ဆရာတော့်ထံ ရောက်ရှိနေခြင်း ဖြစ်ပါသည်။

ထိုအခါ ဆရာတော်သည် ထိုဒါယကာမကြီး သားအမိသုံးယောက်အား -

"ဘာမှအားမငယ်ကြပါနဲ့။ ဒီဂါထာကိုသာ အလွတ်ကျက်မှတ်ပြီး ပွားများပူဇော်ကြပါ"

ဟု ဆိုကာ ဂါထာတော်ကို ပေးလိုက်ပါသည်။ သားအမိသုံးဦးသည် မှတ်ဉာဏ်ကောင်းကြပါသည်။ ဂါထာတော်ကို ကျက်မှတ်ကြသည်မှာ တစ်ခဏအတွင်း အလွတ်အာဂုံဆောင်နိုင်သွားကြပြီ တစ်နေ့ကုန် တစ်ညလုံး ရွတ်ဖတ်ပူဇော်၍နေကြပါသည်။

နောက်တစ်နေ့နံနက်တွင် ဆရာတော်နှင့် တွေ့ဆုံစဉ် ဆရာတော်မှ -

"ဂါထာတော်အကျိုးထူးရဲ့လား"

ဟု မေးမြန်းချိန်မှာပင် ဒါယကာမကြီး၏ ဖုန်းမြည်လာ၍ ဆရာတော်၏

www.burmeseclassic.com

www.burmeseclassic.com

အမေးကို မဖြေကြားနိုင်သေးဘဲ ဖုန်းကိုင်လိုက်ရပါသည်။ ဖုန်းသံမှာ ကျယ်သဖြင့် တစ်ဖက်မှ ပြောဆိုသော စကားတို့ကို အတိုင်းသား ကြားနေရပါသည်။ ပေးရန်ရှိသူတစ်ဦးမှ ငွေ (၁၈) သိန်း မည်သို့ ပေးပို့ရမည်နည်းဟု မေးမြန်းခြင်း ဖြစ်ပါသည်။ ထိုသူကို ဖြေကြားပြီးသောအခါတွင်မှ ဆရာတော်အား ဤဂါထာတော်တကယ်ပင် အကျိုးထူးလှပါ၍ ဆရာတော်အား ကျေးဇူးတင်ကြောင်းလျှောက်ထားပါသည်။ ဆရာတော်နှင့် စကားပြောနေစဉ် တစ်ထိုင်အတွင်းမှာပင် ငွေပေးပို့မည့်သူ (၃)၊ (၄) ဦးခန့်ထံမှ ဖုန်းများဝင်လာပါသည်။ ထိုနေ့တစ်နေ့လုံး ဖုန်းများဆက်လက်ဝင်နေသည်မှာ နောက်ရက်များသို့တိုင်ဖြစ်ပါသည်။ ဤပွဲရုံသို့ ဆန်ပို့လိုသူများ၊ ဤပွဲရုံမှ ဆန်မှာယူလိုသူများ စသောဖုန်းများ ဝင်ရောက်လာသည်ဟု သိရ၍ ဤမိသားစုအတွက် ဆရာတော်လည်း ဝမ်းသာ၍နေမိပါသည်။ ထိုသို့ဖြင့် ရွှေကံကူဂါထာတော်အားရွတ်ဖတ်ပူဇော်ရသော အကျိုးအားကြောင့် ဤမိသားစုသည် အဆင်ပြေ၍ သွားခဲ့ပါသည်ဟု ဆရာတော်မှ မိန့်ကြားပါသည်။

နောက်တစ်ဦး ထူးခြားမှုမှာ ဆရာတော်၏ ကျောင်းတွင် စခန်းဝင်လေ့ရှိသူ ယောဂီအမေကြီးတစ်ဦး ဖြစ်ပါသည်။ ထိုအမေကြီးသည် ရွှေကံကူဖြစ်တော်စဉ် စာအုပ်ကို ဝယ်ယူလိုကြောင်း ပြောကြားပါသည်။ ဥက္ကဋ္ဌကြီးသည် ယောဂီအမေကြီး၏ နွမ်းပါးသော ဘဝအခြေအနေတွင် စာအုပ်၏ တန်ဖိုး (၃၅၀၀) ကျပ်မှာ များပြားသောပမာဏဖြစ်နေ၍ -

"အမေကြီး၊ ဒီဂါထာတော်က ရုပ်ရှင်တော်မြတ်ရဲ့ ဓာတ်ပုံတော်တွေ နောက်ကျောမှာလည်း ပါရှိတယ်။ ဒါကြောင့် ပုံတော်ပဲပူဇော်ပါလား"

ဟု အကြံပြုသော်လည်း ယောဂီအမေကြီးသည် စာအုပ်တန်ဖိုးမည်မျှပင်ဖြစ်ပါစေပူဇော်ပေးပါဟုဆိုသဖြင့် ဥက္ကဋ္ဌကြီးသည် စာအုပ်တစ်အုပ်နှင့် (၁၀၀) ကျပ်တန် ပုံတော် (၂) ပုံ၊ (၃၀၀) ကျပ်တန်ပုံတော် (၁) ပုံ စုစုပေါင်း (၄၀၀၀) ကျပ်ဖိုးပူဇော်ပေးလိုက်ပါသည်။ ယောဂီအမေကြီးသည် ပုံတော်များနှင့် စာအုပ်များ ရရှိသွားသောအခါ ဝမ်းသာပီတိဖြစ်လျက် ဦးထိပ်တင်ကာ ကန်တော့လိုက်ပါသည်။ ထို့နောက် ဥက္ကဋ္ဌကြီးကို ကျေးဇူးတင်ရှိကြောင်း ပြောကြားပြီး ကျောင်းမှထွက်ခွာသွားပါသည်။

ယောဂီအမေကြီးသည် ပုသိမ်ကြီး ရန်ကင်းတောင်ဘက်တွင် နေထိုင်သည်ဖြစ်၍ ကားမှတ်တိုင်တွင် ကားစောင့်၍နေပါသည်။ ကားစောင့်ရင်း ဖြစ်တော်စဉ်စာအုပ်ဖွင့်၍ ဂါထာတော်ကို ရွတ်ဖတ်နေပါသည်။ ထိုစဉ် ဆလွန်းကားလေးတစ်စီး အမေကြီး၏ရှေ့တွင် ထိုးဆိုက်လာပြီး ကားပေါ်မှလူငယ်လေးတစ်ဦးဆင်းလာပါသည်။ တစ်ဦးတည်း ကားမောင်းလာခြင်း ဖြစ်ပါသည်။ လက်ထဲတွင် မုန့်ပုံးတစ်ပုံးယူဆောင်လာပြီး မုန့်ပုံးပေါ်တွင် စက္ကူတစ်ရွက်ကို ခေါက်၍ တိပ်ဖြင့်ကပ်ထားပါသည်။

"အမေကြီးကို ကန်တော့ချင်လို့ပါ"

ဟုဆိုကာ ထိုင်ကန်တော့၍ မုန့်ပုံးကို ပေးအပ်ကာ ပြန်လည် ထွက်ခွာသွားပါသည်။ ထိုသူငယ်ကို အမေကြီးမသိပါ။ ထိုသူငယ်သည်လည်း အမေကြီးကို သိဟန်မတူပါ။ မည်သည့်စကားမျှ ထပ်မံမဆိုတော့ဘဲ ကားမောင်းသွားပါတော့သည်။ အမေကြီးလည်း ကြောင်အမ်းအမ်းဖြစ်နေပြီး သတိရ၍ သာဓုသုံးကြိမ်ခေါ်ဆိုလိုက်ပါသည်။

ယောဂီအမေကြီးသည် အိမ်သို့ပြန်ရောက်သောအခါ ထိုမုန့်ပုံးကို ဘုရားတွင်ကပ်လှူထားရှိလိုက်ပါသည်။ နောက်တစ်နေ့နေ့ခင်းတွင် အမေကြီး၏ မြေးများမှ မုန့်စားချင်သည်ဟုဆိုကြ၍ ဘုရားတင်ထားသောမုန့်ပုံးကိုချ၍ ဖွင့်စေကာ စားခိုင်းလိုက်ပါသည်။ ထိုအခါ မုန့်ပုံးပေါ်ရှိ စက္ကူခေါက်မှာ ထူအမ်းအမ်းဖြစ်နေ၍ ဖြေကြည့်လိုက်ရာ ငွေတစ်သောင်းထည့်ထားကြောင်း တွေ့ရှိရပါသည်။ ယောဂီအမေကြီးသည် ရွှေကံကူဂါထာတော်၏ အကျိုးကတော့ ဆရာတော်မိန့်ကြားသလို တကယ်ကို ထူးတာပဲဟု တွေးမိကာ နောက်တစ်နေ့တွင် ထိုအကြောင်းအရာများကို ဆရာတော်ထံ လာရောက် လျှောက်ထားခဲ့သည်ဟု ဆရာတော်မှ စာရေးသူအား မိန့်ကြားတော်မူပါသည်။

ထို့နောက် ဆရာတော်မှ ဆက်လက် မိန့်ကြားတော်မူသည်မှာ ရုပ်ပွားတော်တွေ မျက်လုံးတော်ပွင့်တယ်ဆိုတာ တကယ်ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးမှ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းတွင် ကြေးသွန်းရုပ်ပွားတော်တစ်ဆူ မျက်လုံးတော်ပွင့်တော်မူနေသည်ကို လက်တွေ့ဖူးမြော်ခဲ့ရ၍ ယခု ရွှေကံကူ လေပျံသစ်တော်ရုပ်ရှင်တော်မြတ်၏မျက်လုံးတော် ပွင့်တော်မူသော ပုံတော်များကို အကြွင်းမဲ့ ယုံကြည်ပါကြောင်း မိန့်ဆိုပါသည်။ ဆရာတော်သည် စာရေးသူအား နောင်လည်း ဤကျောင်းသို့ လာနိုင်ပါစေကြောင်း မိန့်ကြားတော်မူပါသေးသည်။

စာရေးသူရောက်ရှိသောအချိန်၌ စာအောင်သံဃာများ ဆုနှင်းပွဲအခမ်းအနား စတင်နေပေပြီ။ ဆရာတော်သည် ဤကျောင်းတိုက်၏ ဒုတိယဝဓာနနာယကဆရာတော် ဖြစ်သောကြောင့် ထိုအခမ်းအနားတွင် တာဝန်ရှိသူ ဖြစ်ပါသည်။ ထို့ကြောင့် စာရေးသူလည်း အလိုက်တသိပင် ဆရာတော်အား နှုတ်ဆက် ကန်တော့ကာ ပြန်ခဲ့ပါသည်။ ဥက္ကဋ္ဌကြီးက စာရေးသူအား ကားနားအထိ လိုက်ပို့ပါသည်။ စာရေးသူအား ယုအော့(ဖ်)ဆက်မှ မောင်ဇော်ကြီးကရင်း၏ ကားဖြင့် လိုက်လံပို့ဆောင်ပေးခြင်း ဖြစ်ပါသည်။ စာရေးသူလည်း ကားထွက်ခါနီးတွင် ဆရာတော်အား ၉ ရက်၊ ၉ လ ဗုဒ္ဓပူဇနိယပွဲတော်သို့ ကြွရောက်တော်မူပါရန် ပင့်လျှောက်ပါကြောင်းနှင့် ထိုပွဲတော်ရက် စာရေးသူတို့မိသားစုမှာ ပြုဖွယ်ဗာဟိရတို့ များပြားလှ၍ ဆရာတော် သံဃာတော်ကြီးများအား လာရောက်ခြင်းမပြုနိုင်ပါသဖြင့် ဆရာတော်ကြီး ဦးတိက္ခ (သက်တော်ကြီး၊ ဝါတော်ကြီးဖြစ်ရုံမျှမက နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် တောင်တန်းသာသနာပြု နိုင်ငံကျော် မဟာဓမ္မကထိကဖြစ်ပါ၍ ဘုန်းတန်ခိုးကြီးမားတော်မူလှပါသည်။) သော်မှ ပင့်ဆောင်နိုင်ခြင်းမရှိ၍ ဆရာတော်ကြီး၏အစီအစဉ်ဖြင့်သာ ကြွရောက်တော်မူလာရခြင်းဖြစ်ပါ၍ ယခု ဆရာတော်ကိုလည်း ဦးကျော်ဝင်းတို့မှ ပါရမီဖြည့်ဆည်း၍ ပင့်ဆောင်ပေးပါရန် မေတ္တာရပ်ခံပါလိုကြောင်း ပြောကြားရာ ဦးကျော်ဝင်းမှ ဝမ်းမြောက်ဝမ်းသာစွာဖြင့်ပင် ဆရာတော်အား ပို့ဆောင်ပေးမည်ဟု ပြောပါသည်။

စာရေးသူသည် ထိုကျောင်းမှ အပြန်တွင် မောင်ဇော်ကြီးနှင့် တစ်နေကုန် ယုအော့(ဖ်)ဆက်တွင် စာမူများစာစီခြင်း၊ ဓာတ်ပုံများရွေးချယ်ခြင်းတို့ ပြုလုပ်ပါသည်။ ညပိုင်းတွင် မောင်ဇော်ကြီးနှင့်အတူ ရဲမှူးကြီးအိမ်သို့ ရောက်ရှိ၍ ရွှေကံကူဂါထာတော်နှင့်ပတ်သက်ပြီး ဆရာတော်နှင့်တပည့်များတွင် ကြုံတွေ့ရသော ထူးခြားမှုများကို မယ်တော်ကြီးအား ပြောပြသောအခါ -

"ဒီမှာလည်း ထူးခြားတာပဲ[illegible] သဇင်ဦး (ရွှေကံကူ ရုပ်ရှင်တော်မြတ် အား နှစ်ပေါင်းများစွာ ကိုး[illegible]ခဲ့သူ)



www.burmeseclassic.com

www.burmeseclassic.com

က သူကားအဟောင်းကြီးကို ရောင်းချင်လို့တဲ့။ ဘာယတြာလုပ်ရမလဲလို့လာမေးတယ်။ ဒါနဲ့ မယ်တော်ကြီးက ပြောလိုက်တယ်။ ဘာယတြာမှမလိုဘူး။ ရွှေကံကူဂါထာကိုသာ တစ်နေကုန် အချိန်ရတိုင်း ရွတ်နေဖို့ ပြောလိုက်တယ်။ အဲဒါ နှစ်ရက်တည်းရွတ်ရသေးတယ်။ အဲဒီကားက ဝယ်ချင်တဲ့သူရှိလို့ ဝယ်ချင်တဲ့လူက ဒီကားမှ ဒီကားကိုပဲ လိုချင်တယ်ဆိုပြီး ဝယ်ရှော့မှာတင်တည့်သွားတာတဲ့။ နောက်တစ်ခုက နောက် (၂) လနေမှ ထုတ်ပေးမယ့်ကုမ္ပဏီက ဆုကြေးငွေတွေလည်း ချက်ချင်းထုတ်ပေးသတဲ့"

ဟု ပြောလိုက်ပါသည်။

ထိုအခါ ရဲမှူးကြီးက -

"ကျွန်တော့်ဇနီးက ရန်ကုန်ဇာတိ။ ရန်ကုန်မှာ ဇနီးရဲ့မိဘတွေရှိတယ်။ တပ်မတော်က ဗိုလ်မှူးကြီးအငြိမ်းစားပါ။ အသက်(၉၀)ကျော်ပြီ။ ဒါကြောင့် ကျွန်တော်တို့ ကလေးတွေကို ရန်ကုန်မှာပဲ ထားတယ်။ အဲဒါ ဟိုတစ်လောက ယောက္ခမကြီး ကျန်းမာရေးမကောင်းလို့ အမေရိကားမှာရှိတဲ့ သားသမီးတွေဆီ ဆေးကုသွားလိုက်တော့ ကလေးတွေအတွက် လူမရှိဘဲဖြစ်ရလို့ ကျွန်တော်တို့မှာ အခက်တွေ့နေတယ်။ အဲဒီအချိန်မှာ ဓာတုဗေဒစစ်ဆေးရေးဌာနဒုတိယရဲမှူး (Ph.D) အောင်ဖြိုးသိန်းအိမ်မှာ ရှပ်ရှင်တော်မြတ် ကြွရောက်တော်မူနေတာနဲ့ ကျွန်တော်တို့ ဇနီးမောင်နှံ သွားရောက်ဖူးမြော်ပြီး ကျွန်တော့်ဇနီးရောကျွန်တော်ပါ ဆုတောင်းလိုက်တယ်။ တပည့်တော်ဇနီး ရန်ကုန်အမြန်ဆုံးပြောင်းရွှေ့ရပါစေသို့။ မြန်လိုက်တာ ဆုတောင်းပြီး (၂) ရက်အကြာမှာပဲ ဇနီးသည် ရန်ကုန်ပြောင်းမိန့်ထွက်လာတယ်။ အဲဒီတုန်းက ဘုရားဖူးရင်း ကျွန်တော်တို့အိမ် ပင့်ဆောင်ဖို့ ရက်ချိန်းတောင်းခဲ့တာ။ အဲဒါကြောင့် အခု ဘုရားပင့်တော့ ကျွန်တော် တစ်ယောက်တည်းဖြစ်နေတာ"

ဟူ၍ ဝင်ပြောပါသေးသည်။

ယနေ့အချိန်တွင် ရွှေကံကူလေပုံသစ်တော်ရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော်တို့သည် အနယ်နယ်အရပ်ရပ်တွင် ပျံ့နှံ့လျက်ရှိပေပြီ။ ထိုပုံတော်များကို သာမန်ရှိခိုးပူဇော်မှုပြုရုံဖြင့်ပင် ကောင်းကျိုးချမ်းသာတို့ များစွာရရှိကြကြောင်း ရှေ့ပိုင်းဆောင်းပါးများတွင် ရေးသားဖော်ပြခဲ့ပေပြီ။ ထိုပုံတော်များကို ရွှေကံကူဂါထာတော်ဖြင့် ပူဇော်ကန်တော့ကြည်ဆိုလျှင် ပို၍အကျိုးများမည်မှာ သေချာလှပါသည်။ နံနက်အိပ်ရာထ၊ ညအိပ်ရာဝင်နှင့် ယာဉ်ရထားတစ်မျိုးမျိုးဖြင့် စီးနင်းထွက်ခွာသောအချိန်တို့တွင် ဤဂါထာတော်ကို (၉) ခေါက် ရွတ်ဆိုပါသည်။ ထိုအခါ ဘေးရန်အန္တရာယ်ကင်း၍ အစစအရာရာ အဆင်ပြေ အောင်မြင်မှုများ ရရှိခဲ့သည်မှာ စာရေးသူ၏ကိုယ်တွေ့ဖြစ်သည်။ ထို့ကြောင့် စာရေးသူသည် ထိုသို့ ရွတ်ပွားခဲ့သည်မှာ (၅) နှစ်ခန့်ပင်ရှိပေပြီ။ ယခုနောက်ပိုင်းတွင် အစားအသောက်များ စားသောက်ရာတွင်လည်း ဘေးရန်ကင်းရှင်းစေရန် ထိုဂါထာတော်ကို ရွတ်ပွားပါလျှင် သွေးတက်စေသော၊ လူနှင့်မသင့်သောအစားအစာများသည်ပင် မည်သို့မျှမဖြစ်တော့ကြောင်း အံ့သြဖွယ် တွေ့ရှိရပါသည်။

ထို့ကြောင့် ဤဂါထာတော်မှာ ကျင့်စဉ်ကဲ့သို့ စည်းမျဉ်းကန့်သတ်ချက်များမရှိပါ။ မိမိတို့ဆန္ဒရှိသလို ပူဇော်နိုင်သော ဂါထာတော်ဖြစ်ပါသည်။ ဤဂါထာတော်ကို အလိုရှိသူများ သိရှိနိုင်စေရန် ဖြစ်တော်စဉ်သမိုင်းစာအုပ်တွင် ဖော်ပြလိုက်ပါသည်။

**ရွှေကံကူဖြစ်တော်စဉ်သမိုင်း**
**စာအုပ်တွင်ပါရှိသော**
**မူလဂါထာတော်**

*ရွှေကံကူ ဗုဒ္ဓဂုဏံ အပဟံဝန္ဒာမိ၊*
*ဇေယျံ ပီယံ ခန္တံ လာဘံ၊*
*သုခံ န ဘယံ အကာလိကော*
*ဝိဘဝ္ဝတု သိဒ္ဓိ။ ။*

**ရွှေကံကူဗုဒ္ဓ** - ရွှေကံကူမြတ်စွာဘုရား၏၊ **ဂုဏံ** - ဂုဏ်တော်များကို၊ **အပဟံ** - တပည့်တော်သည်၊ **ဝန္ဒာမိ** - ရှိခိုးကန်တော့ပါ၏။ **ဇေယျံ** - အလုံးစုံသော အောင်မြင်မှု၊ **ပီယံ** - လုံးစုံများစွာသတ္တဝါတို့၏ ချစ်ခင်သနား ကြည်ညိုလေးစားခြင်းကို ခံယူရခြင်း၊ **ခန္တံ** - စီးပွားဥစ္စာပြည့်စုံခြင်း၊ **လာဘံ** - သန့်ရှင်းကောင်းမြတ်သော လာဘ်လာဘ၊ **သုခံ** - စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ချမ်းသာခြင်း၊ **နဘယံ** - ဘေးမရှိရန်မရှိခြင်း၊ **အကာလိကော** - အခါမလင့် ချက်ချင်းလက်ငင်း၊ **ဝိဘဝ္ဝတု** - ချက်ချင်းလက်ငင်း၊ **သိဒ္ဓိ** - တောင်းသောဆုများ ပြီးပြည့်စုံ၏။

**ဆရာတော်ဖြန့်ဝေလျက်ရှိသော**
**ရွှေကံကူဘုရားရှိခိုးဂါထာတော်**
**အနက်၊ ပါဠိယှဉ်တွဲဖော်ပြချက်**
**'စမွယ်ရုံဆရာတော်မှ**
**ပြင်ဆင်ထားရှိသောဂါထာတော်'**

*ရွှေကံကူ ဗုဒ္ဓဂုဏံ အပဟံဝန္ဒာမိ၊*
*ဇေယျံ ပီယံ ခန္တံ လာဘံ၊*
*သုခံ အဘယံ အကာလိကော*
*ဝိဘဝ္ဝတု သိဒ္ဓိ။ ။*

**ရွှေကံကူ ဗုဒ္ဓဂုဏံ** - ရွှေကံကူမြတ်စွာဘုရားရှင်၏ဂုဏ်တော်များကို၊ **အပဟံ** - တပည့်တော်/ တပည့်တော်မသည်၊ **ဝန္ဒာမိ** - ရှိခိုးကန်တော့ပါ၏။ **ဇေယျံ** - အလုံးစုံသော အောင်မြင်ခြင်းသည် လည်းကောင်း၊ **ပီယံ** - လုံစုံများစွာ သတ္တဝါတို့၏ ချစ်ခင်သနား လေးစားကြည်ညိုခြင်းသည် လည်းကောင်း၊ **ခန္တံ** - စီးပွားဥစ္စာ၏ ပြည့်စုံခြင်းသည် လည်းကောင်း၊ **လာဘံ** - သန့်ရှင်းကောင်းမြတ်သော လာဘ်လာဘသည် လည်းကောင်း၊ **သုခံ** - စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ချမ်းသာခြင်းသည်လည်းကောင်း၊ **အဘယံ** - ဘေးမရှိ ရန်မရှိခြင်းသည် လည်းကောင်း၊ **အကာလိကော** - အခါမလင့် အကျိုးပေးခြင်းသည်လည်းကောင်း၊ **သိဒ္ဓိ** - အလိုရှိတောင့်တအပ်သောအရာတို့၏ ပြည့်စုံခြင်းတို့သည်၊ **ဝိဘဝ္ဝတု** - ချက်ချင်းလက်ငင်းဖြစ်ပါစေသတည်း။

ထိုဂါထာတော်မှာ ပုံစံနှစ်မျိုးဖြစ်သွားသော်လည်း အဓိပ္ပာယ်နှင့် အကျိုးသွားမှာ တူညီပါသည်ဟု ဆရာတော်မှ မိန့်ကြားပါသည်။ ပါဠိ၊ သဒ္ဒါစည်းကမ်းအရ **နဘယံ** အစား **အဘယံ** ဟု ထည့်သွင်းလိုက်ခြင်း ဖြစ်ကြောင်းနှင့် ပါဠိ၊ အနက် ယှဉ်တွဲပူဇော်လိုသူများ ရွတ်ဆို၍လွယ်ကူချောမွေ့စေရန် ပြင်ဆင်ထားခြင်း ဖြစ်ကြောင်း မိန့်ကြားတော်မူပါသည်။

ဆရာတော်သည် ဆရာတော်ထံ ရောက်ရှိလာသူများကို အထက်ပါဂါထာတော်စာရွက်များ ဖြန့်ဝေလျက်ရှိပြီး တတ်နိုင်သူများ ဖြစ်ပါကလည်း ဤစာရွက်များကို ရိုက်နှိပ် ဖြန့်ဝေ၍ ကုသိုလ်ယူဒါနပြုကြရန် တိုက်တွန်းလျက်ရှိပါသည်။ ထို့ကြောင့် စာရှုသူ ခုနစ်ရက်သားသမီးအပေါင်းတို့သည်လည်း ဤဂါထာတော်ကို ပွားများပူဇော်၍ ကောင်းကျိုးချမ်းသာများရရှိကြစေရန် ဆရာတော်၏ မေတ္တာကို ခံယူ၍ စာရေးသူမှ တင်ဆက်ရခြင်း ဖြစ်ပါသတည်း။

*(လောကီ၊လောကုတ္တရာချမ်းသာခြင်းကို ဆောင်ကြဉ်းသော ဗုဒ္ဓအား ရှိခိုးပူဇော်၍ ဗုဒ္ဓ၏ဂုဏ်တော်များကို ပွားများကြကာ ယခုဘဝဆင်းရဲခြင်းနှင့် သံသရာဆင်းရဲခြင်းအပေါင်းတို့မှ လွတ်မြောက်နိုင်ကြပါစေဟု ဆန္ဒပြုလျက်)*

ဘိုဘို (ရွှေကံကူ)



www.burmeseclassic.com

www.burmeseclassic.com



# တြိုရတနစမ္ပူပါလ

## မြတ်နိုးပူဇော် သဗ္ဗညုတရွှေဉာဏ်တော်

ကျွန်ုပ်တို့ လောကလူသားများသည် မိမိတို့၏ မှီခိုအားထားရာအဖြစ် ဘုရားများကို ယုံကြည်ကိုးကွယ် ဆည်းကပ်ကြသည်။ ထိုသို့ ယုံကြည်ကိုးကွယ် ဆည်းကပ်ကြရာတွင် ကမ္ဘာဦးလူသားတို့မှစ၍ ယနေ့ခေတ် လူသားများအထိ အချို့က နေ, လ, မီး တို့အား လည်းကောင်း၊ အချို့က နတ် ဗြဟ္မာ, နတ်မိစ္ဆာများ, ဘီလူးများကို လည်းကောင်း၊ အချို့က နဂါး, မြွေ, ကျား, နွား စသော တိရစ္ဆာန်များကိုလည်းကောင်း စသည်ဖြင့် အမျိုးမျိုး ကိုးကွယ်ကြရာမှ ဖန်ဆင်းရှင် ထာဝရ ဘုရားများကို ကြံစည်ဖော်ထုတ် ကိုးကွယ်လာခဲ့ကြ၏။

ဤတွင် ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်များကမူ ဤဘဒ္ဒကမ္ဘာတွင် လေးဆူမြောက်ပွင့်တော်မူခဲ့သော ဂေါတမ ဗုဒ္ဓဘုရားသခင်ကို ဘုရားအဖြစ် ယုံကြည်ကိုးကွယ်ဆည်းကပ်ကြပါသည်။

ဤနေရာ၌ အခြားတစ်ပါးသော ဘုရားများကို အသာထား၍ မိမိတို့ ကိုးကွယ်ဆည်းကပ်နေကြသော ဂေါတမဗုဒ္ဓဘုရားရှင်ကို အဘယ်ကြောင့် 'ဘုရား' ဟု ကျွန်ုပ်တို့ ကိုးကွယ်နေကြပါသနည်း။ အဘယ်ကြောင့် ကိုးကွယ် ဆည်းကပ်သင့်ကြပါသနည်း ဟူသည်ကို ပိုင်းခြားဝေဖန် ဆန်းစစ်ကြည့်သင့်ကြပါသည်။ ကျွန်ုပ်တို့သည် ဂေါတမဗုဒ္ဓဘုရားရှင်ကို ဘိုးစဉ်ဘောင်ဆက်ဘေးလက်ထက်ကတည်းက ကိုးကွယ်လာသဖြင့် မိရိုးဖလာ ဓလေ့ထုံးစံအရ ကိုးကွယ်နေကြပါသည်လား။ သို့မဟုတ်လျှင် မိမိကိုယ်တိုင် ဂေါတမဗုဒ္ဓ ဘုရားရှင်သည် အဘယ်ကြောင့် ဘုရားအဖြစ် ကိုးကွယ် ဆည်းကပ်ထိုက်သည်ကို ကောင်းစွာ သိမြင်နားလည်သောကြောင့် ကိုးကွယ် ဆည်းကပ်နေခြင်းပါလား။

ဤအကြောင်းခြင်းရာအချက်များနှင့်ပတ်သက်၍ ကျွန်ုပ် လူ့အဲတော်များများနှင့် ဆွေးနွေးကြည့်ဖူးရာ ယုံကြည်ချက်၊ ယူဆချက်၊ အမြင်အမျိုးမျိုးဖြင့် အဖြေအတော်များများထွက်လာပါသည်။ ရှိစေတော့။ ဤနေရာတွင် ကျွန်ုပ်၏ အမြင်၊ ကျွန်ုပ်၏ တွေးခေါ်ချဉ်းကပ်နည်းဖြင့် ဂေါတမဘုရားရှင်ကို အဘယ်ကြောင့် ဘုရားအဖြစ် ယုံကြည်ကိုးကွယ်နေကြောင်းကို တင်ပြလိုပါသည်။ ဂေါတမဗုဒ္ဓဘုရားရှင်ကို အဘယ်ကြောင့် ဘုရားအဖြစ် ကိုးကွယ် ဆည်းကပ်ထိုက်သည်ဟူသော အကြောင်းရင်းကို စဉ်းစားရာ၌ ဤလောကတွင် အဘယ်ကြောင့် ဂေါတမဗုဒ္ဓဘုရား ရှင်ပွင့်တော်မူလာသည်မှစ၍ ဆင်ခြင်စဉ်းစားသုံးသပ်သင့်သည်ဟု ကျွန်ုပ်ယူဆ ပါ သည်။

ဤလောကတွင် ဂေါတမဘုရားရှင် ပွင့်ထွန်းတော်မူလာရခြင်း အကြောင်းရင်းကို လေ့လာကြည့်ရာတွင် ဘုရားမဖြစ်မီ ဘုရားအလောင်းတော်၏ အတိတ်ဘဝ သံသရာ အဆက်ဆက်မှအကြောင်းများကို ပြန်ပြောင်း ရှုမြင် ကြည့်ညိုကြရန် လိုပေသည်။ ဗုဒ္ဓဘာသာဝင်များအားလုံး သိရှိကြသည့်အတိုင်း ဂေါတမဗုဒ္ဓအလောင်းတော် သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာဘုရားရှင်မြတ်ထံ၌ ဘုရားဆုပန် နိယတဗျာဒိတ်တော် ခံယူရရှိခဲ့သည် ဆိုသော်လည်း ထိုသို့ သုမေဓာရှင်ရသေ့ဘဝ မရောက်မီ မဟာကပ်ပေါင်း အသင်္ချေတို့ကတည်းကပင် ဂေါတမဗုဒ္ဓအလောင်းတော်သည် စိတ္တိတံသတ္တ သင်္ချေယံ၊ နဝ သင်္ချေယံဝါစကံ ဆိုသော ကျမ်းဂန်ဆိုစကားတို့နှင့်အညီ မရေမတွက်နိုင်အောင် ပွင့်တော်မူခဲ့လေပြီးဖြစ်သော ဘုရားရှင်တို့နှင့် တွေ့ကြုံခဲ့ရသော အသင်္ချေယ မဟာကပ်ပေါင်းတို့၌ ဘုရားဖြစ်ရန် စိတ်ကကြံစည်ခဲ့သည်မှာ (၇) စိတ်ဖြင့် ဘုရားဖြစ်ရန် ရည်သန်ခဲ့သည်မှာ ခုနစ်သင်္ချေ၊ ဝါစကံဟုခေါ်သော နှုတ်ဖြင့် ကိုးသင်္ချေဆုပန်ခဲ့ပြီးမှ ဒီပင်္ကရာဘုရားရှင်လက်ထက် သုမေဓာ ရှင်ရသေ့ဘဝဖြင့် ဘုရားဆုပန်ဗျာဒိတ်ခံယူရ



www.burmeseclassic.com

www.burmeseclassic.com

ရှိခဲ့ခြင်း ဖြစ်ပေသည်။

ဤနေရာတွင် သုမေဓာရှင်ရသေ့ဘဝဖြင့် နိယတဗျာဒိတ် ခံယူရရှိရန် အတွက်ကိုပင် အလောင်းတော်မြတ်မည်မျှ ကြိုးပမ်းခဲ့ရသည်ကို တွေ့မြင်သိရှိရပေလိမ့်မည်။ အကယ်စင်စစ် ထိုကဲ့သို့ ဘုရားရှင်အဆူဆူကို ဖူးတွေ့ခဲ့ရသဖြင့် ဘုရားဖြစ်ရန် အတန်တန်စိတ်ဖြင့်ကြံ၊ နှုတ်ဖြင့် ဆုတောင်းခဲ့ဖူးသော ပါရမီထူးရှိခဲ့သည့်အပြင် သုမေဓာရှင်ရသေ့ဘဝ၌လည်း ဈာန်အဘိညာဉ်တန်ခိုးတို့ဖြင့်လည်း ပြည့်စုံနေသည်ဖြစ်ရာ သီလ၊ သမာဓိအား အလွန်ကောင်းနေသူတစ်ဦးအနေဖြင့် ထိုသုမေဓာရှင်ရသေ့ဘဝ၌ပင် ကိုယ်တော်မြတ် အလိုရှိခဲ့ပါက အရဟတ္တမဂ်ဖိုလ်သို့ အလွယ်တကူဆိုက်၍ သံသရာဝဋ်ဒုက္ခဆင်းရဲအပေါင်းတို့မှ တစ်ခါတည်းလွတ်မြောက်လျက် နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်သော ပါရမီအရည်အချင်းတို့နှင့်ပြည့်စုံနေသည့် သူတော်စင်ယောကျ်ားကောင်းယောကျ်ားမြတ်တစ်ဦးဖြစ်ပါလေသည်။ သို့သော် အလောင်းတော် သုမေဓာရှင်ရသေ့စိတ်၌ -

'ငါသည်ကား ယောကျ်ားကောင်းဖြစ်ပါလျက် သံသရာဝဋ်ဆင်းရဲအပေါင်းမှ တစ်ကိုယ်ကောင်းကြံပြီး တစ်ယောက်တည်း အလွတ်ရုန်း၍ လွတ်မြောက်အောင် အားမထုတ်သင့်။ လောကသေနေယျ သတ္တဝါအပေါင်းတို့အတွက် သဗ္ဗညုတဉာဏ်ကိုရ၍ ဘုရားအဖြစ်သို့ရောက်အောင် အားထုတ်ပြီး နတ်နှင့်တကွသော လောကကို သံသရာဒုက္ခဆင်းရဲအပေါင်းတို့မှလွတ်မြောက်အောင် ကယ်တင်နိုင်ရန် အားထုတ်အံ့'

ဟူသော သန္နိဋ္ဌာန်ဖြင့် ဒီပင်္ကရာမြတ်စွာဘုရားထံ ဘုရားဆုကိုပန်ခဲ့လေသည်မှာ တကယ့်ယောကျ်ားကောင်းယောကျ်ားမြတ်အာဇာနည်တို့၏ မြတ်သော စွန့်စားမှုမျိုးသာဖြစ်ပြီး ကျွန်ုပ်တို့သာမန်လူသားတို့အဖို့ မတွေးဝံ့မစွန့်ဝံ့ရာပါပေ။ ဤသည်ကား လောကသတ္တဝါတို့အကျိုးကိုငဲ့ကွက်လျက် ကိုယ်လွတ်ရုန်းမထွက်ရက်ဘဲ လောကအကျိုးသတ္တဝါတို့အကျိုးအလို့ငှာ -

'ငါသည် ရှည်ကြာသောသံသရာ၌ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီတော်များကို အနစ်နာခံ ဒုက္ခခံလျက် ဖြည့်ကျင့်တော့အံ့'

ဟု မဟာပုရိသယောကျ်ားမြတ်တို့၏ မြင့်မြတ်သော အာဇာနည်စိတ်ဓာတ်ဖြင့် ခက်ခဲလှစွာသောဆုံးဖြတ်ချက်မျိုးကို ချမှတ်လုပ်ဆောင်ခဲ့ခြင်း ဖြစ်ပေရာ ကျွန်ုပ်တို့၏ ဂေါတမဗုဒ္ဓဘုရားရှင်သည် ဘုရားမဖြစ်မီအခါ ထိုသုမေဓာရှင်ရသေ့ဘဝ၌ပင် ကြည်ညိုလေးမြတ်ပူဇော်အပ်လှပေသည် မဟုတ်ပါလား။

ထိုသို့ သုမေဓာရှင်ရသေ့ဘဝဖြင့် ဒီပင်္ကရာမြတ်စွာဘုရားထံ ဘုရားဆုပန်ဗျာဒိတ်တော်ခံယူတော်မူပြီးသည့်နောက်၌ကား. . .

◆

တေရသကနိပါတ်၊ အကိတ္တိဇာတ်တွင် အကိတ္တိရသေ့သည် မိမိကိုယ်တိုင်ပင် ခြိုးခြံစွာစားနေရသော ကံပြင်းရွက်ပြုတ်ကို သုံးရက်တိုင်တိုင် မစားဘဲအစာတော်ခံကာ ပုဏ္ဏားအသွင်ဆောင်သိကြားမင်းကို ပေးလှူခဲ့ရာ သိကြားမင်းက မေးသည်တွင် -

"ဝေနေယျ သတ္တဝါအပေါင်းတို့အား ကယ်တင်ရန် သဗ္ဗညုဘုရားအဖြစ်ကို ရလိုသောကြောင့် လှူသည်"

ဟု ဖြေကြားခဲ့လေသည်။

ဝီသတိနိပါတ်၊ သိဝိဇာတ်၌လည်း သိဝိမင်းကြီးအဖြစ် အလောင်းတော်မြတ်သည် အလှူဒါန၌ အားရတင်းတိမ်နိုင်ခြင်းမရှိဘဲ နောက်ဆုံး မိမိမျက်စိအစုံတို့ကို သိကြားမင်းက မျက်မမြင်ပုဏ္ဏားအသွင်ဆောင်၍ အလှူခံသောအခါ ပေးလှူခဲ့၏။ တစ်ဖန် ဝေဿန္တရာဇာတ်တော်၌လည်း စည်းစိမ်ချမ်းသာသာမက ဇနီးမယား၊ သမီး၊သားတို့ကိုပင် သဗ္ဗညုဘုရားအဖြစ်ကို ရည်မှန်း၍ လှူဒါန်းခဲ့ပေသည်။

ဤသည်တို့ကား သာမန် နတ်၊ လူတို့ လှူနိုင်ရန်ခဲယဉ်းလှသော ဘုရားအလောင်းတော်မြတ်၏ ဒါနပါရမီဖြည့်ဆည်းခဲ့ပုံ ဥဒါဟရဏ်သာဓကဖြစ်ရပ်အချို့မျှသာ ဖြစ်ပေသည်။

ဇာတ်တော်ကြီးဆယ်ဘွဲ့ဝင် ဘူရိဒတ်ဇာတ်တော်၌ သီလပျက်မည်စိုးသောကြောင့် ညှဉ်းပန်းနှိပ်စက်ခြင်းဒဏ်အမျိုးမျိုး သည်းခံကာ သီလပါရမီကို ဖြည့်ဆည်းပြခဲ့သော သာဓကတစ်ရပ်လည်း ရှိခဲ့သေး၏။ အလောင်းတော်မြတ်သည် ဘဝပေါင်းများစွာ၌ ရာထူးဥစ္စာ၊ စည်းစိမ်ချမ်းသာ၊ ဇနီးမယား၊ သမီး၊ သားတို့ကို စွန့်ခွာ၍ နေက္ခမပါရမီတော်ကို ဖြည့်ဆည်းခဲ့ရာ ဝီသတိနိပါတ်၊ သောမနဿဇာတ်လာ သောမနဿမင်းသားဘဝ၊ ဟတ္ထိပါလဇာတ်လာ ဟတ္ထိပါလပြောဟ္မဏဘဝ၊ အယောဃရဇာတ်၌ အယောဃရမင်းသားဘဝ စသည်တို့သည် ထင်ရှားသော ဥပမာသာဓကများဖြစ်ခဲ့ကြပေသည်။ တစ်ဖန် မဟောသဓာမင်းသားဘဝ၊ ဝိဓုရအမတ်ကြီးဘဝတို့၌ ဘုရားအလောင်းတော်၏ ပညာပါရမီတော်များ ဖြည့်ဆည်းခဲ့ပုံ ပြယုဂ်နမူနာများအဖြစ် တွေ့မြင်ကြည်ညိုရပေသည်။ ဝဏ္ဏုပထဇာတ်တော်တွင် ဘုရားအလောင်းလှည်းမှူးကြီး၏ လုံ့လဝီရိယကောင်းမှုကြောင့် မြေအောက်ကျောက်ဖျာကွဲ၍ ရေထွက်လာသဖြင့် လှည်းသားငါးရာတို့ ချမ်းသာရာရခဲ့၏။ မဟာဇနကဇာတ်တော်၌ အလောင်းတော် မဟာဇနကမင်းသားသည် မဟာသမုဒ္ဒရာအတွင်း မလျှော့သော လုံ့လဝီရိယကို ပြသခဲ့၏။ ဤသည်တို့ကား အလောင်းတော်မြတ်၏ ဝီရိယပါရမီတော် ဖြည့်ကျင့်ပုံတို့နှင့် ပတ်သက်၍ နမူနာသာဓကအချို့။ ဘုရားအလောင်းတော် ကုဏ္ဍလရသေ့ဘဝ၌ ကလာဗုမင်းက ခြေ၊ လက်၊ နား၊ နှာခေါင်းတို့ကိုဖြတ်လျက် ညှဉ်းပန်းနှိပ်စက်ခဲ့သည်ကိုပင် အမျက်မထွက်ဘဲ သည်းခံခြင်းဖြင့် ခန္တီပါရမီဖြည့်ကျင့်ပုံပြယုဂ်တစ်ခုအဖြစ် အလောင်းတော်မြတ်ကို ကြည်ညိုဖွယ်တွေ့ခဲ့ရ၏။

အလောင်းတော်၏ တစ်ခုသောဘဝ မဟာကပိဇာတ်၌ မိမိကျောပိုးလျက် နက်လှစွာသော ချောက်ထဲမှ ကယ်တင်လာခဲ့ရသော လယ်သမားက မိမိဦးခေါင်းကို ကျောက်ခဲဖြင့်ထု၍သတ်ရန် ကြံစည်ခဲ့သည်ကိုပင် သည်းခံလျက် သစ်ပင်တစ်ပင်မှတစ်ပင် ခုန်ကူးကာ ဦးခေါင်းမှကျသောသွေးစက်ဖြင့် ထိုလယ်သမား သူယုတ်ကို ဘေးကင်းရာလမ်းပြခဲ့သော ဘုရားအလောင်းတော် မျောက်မင်း၏ မေတ္တာတော်ဓာတ်ကားကြီးမားလွန်းလှစွာသောကြောင့် ထိုအလောင်းတော်မြတ်၏ ခန္တီနှင့် မေတ္တာပါရမီဖြည့်ဆည်းပုံသာဓကသည် ရင်နင့်အောင် ကြည်ညိုလေးမြတ် ပူဇော်အပ်သော ဖြစ်ရပ်ဇာတ်လမ်းတစ်ခုပါပေ။

မဟာသုတသောမဇာတ်တော်၌ အလောင်းတော်မြတ် သုတသောမမင်းသည် မိမိအသက်သေမည်ကိုသိလျက်နှင့် သေဘေးကိုမမှုဘဲ လူသားစားပေါရိသာဒထံသို့ ထားရှိခဲ့သော ကတိသစ္စာကိုစောင့်ထိန်းသောအားဖြင့် သစ္စာပါရမီကို ဖြည့်ဆည်းပြခဲ့၏။ တေမိယဇာတ်တော်ကြီး၌ စကားမပြောရန် အဓိဋ္ဌာန်ပြုထားသော အလောင်းတော် တေမိယမင်းသားသည် မိမိအသက်ဘေးနှင့် ရင်ဆိုင်ရသည့်တိုင် နှစ်ပေါင်း (၁၇) နှစ်တိုင်အောင် စောင့်ထိန်းလာခဲ့သော အဓိဋ္ဌာန်ကို မချိုးမဖောက် စောင့်ထိန်း



www.burmeseclassic.com

www.burmeseclassic.com

လျက် မြတ်သော အဓိဋ္ဌာန်ပါရမီဖြည့်ဆည်းပုံ သာဓကအဖြစ်ပြခဲ့၏။ စတုတ္ထ နိပါတ်၊ ဧကရာဏဇာတ်တွင် အလောင်းတော် ဗာရာဏသီမင်း၏ မေတ္တာတော်အဟုန်ကြောင့် ရန်သူ ဒုမ္မိသေနမင်း ပြင်းထန်စွာ ပူလောင်သောဝေဒနာကို ခံစားရ၍ အလောင်းတော် ဗာရာဏသီမင်းကို ဝန်ချတောင်းပန်လျက် တိုင်းပြည်ကို ပြန်လည်အပ်နှင်းခဲ့ရသော ဖြစ်ရပ်သာဓကမှာလည်း ဘုရားအလောင်းတော်၏ မေတ္တာပါရမီကို ဖြည့်ဆည်းခဲ့သည်များမှ ပြယုဂ်နမူနာတစ်ခုအဖြစ် ကြည်ညိုဖွယ်ရာပါပေ။ မဟာလောမဟံသဇာတ်တော်တွင် ဘုရားအလောင်းတော်မြတ်၏ ဥပေက္ခာပါရမီဖြည့်ဆည်းပုံမှာ ထင်ရှားလွန်းလှစွာသော ဖြစ်ရပ်ဇာတ်လမ်းတစ်ခု ဖြစ်ပေသည်။

အထက်ဖော်ပြမါ နိပါတ်တော်၊ ဇာတကဇာတ်တော် သာဓကများပါအတိုင်း ဘုရားအလောင်းတော်သည် နိယတဗျာဒိတ်တော်ခံယူရရှိခဲ့ပြီး သုမေဓာရှင်ရသေ့ဘဝနောက်မှစ၍ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းအထိ ပါရမီတော်ဆယ်ပါးအပြားသုံးဆယ်တို့အား ဘဝပေါင်းများစွာ အနစ်နာတော်ခံ ဒုက္ခခံ၍ ပါရမီတော်များ ဖြည့်ဆည်းကျင့်ကြံအားထုတ်ခဲ့လေရာ တစ်ဘဝတစ်ခဏမျှပင် အလောင်းတော်မြတ်၏ပါရမီအကျင့်စရဏအနီးအနား ကပ်ရန်ဝေးစွ၊ ခြေဖျားပင်မီအောင် ပါရမီအကျင့်များကို ကျင့်နိုင်စွမ်းမရှိသော ကျွန်ုပ်တို့ သာမန်လူသားများအဖို့ ဘုရားမဖြစ်မီ ထိုဘုရားအလောင်းတော်မြတ်၏ ဘဝများစွာကပင် ဘုရားရှင်ကို ကြည်ရှုင်သဒ္ဓါ မြတ်နိုးစွာဖြင့် ကြည်ညိုပူဇော်သင့်ကြောင်း ကောင်းစွာ သိအပ်လှပေသည်။

ထိုသို့ ဘုရားအလောင်းတော်မြတ်သည် ပါရမီတော်များကို မည်သည့်နတ်လူတို့မျှ မတုယှဉ်နိုင်လောက်အောင် ဘဝပေါင်းများစွာ အမျိုးမျိုး အနစ်နာခံ ဒုက္ခခံ၍ ဖြည့်ဆည်းအားထုတ်ခဲ့ရခြင်း၏ တစ်ခုတည်းသော အန္တိမရည်ရွယ်ချက်ကား သဗ္ဗညုတရွှေဉာဏ်တော်သခင် ဗုဒ္ဓဘုရားရှင်ဖြစ်ရန်သာတည်း။ ထိုသို့ သဗ္ဗညုတဉာဏ်တော်သခင် ဘုရားရှင်ဖြစ်မှသာ သံသရာဝဲဩဃထဲ အဖန်ဖန်တဝဲဝဲတလည်လည်နှင့် ရုန်းမထွက်နိုင်ဘဲ နစ်မွန်းနေကြရှာသော သတ္တဝါအပေါင်းတို့အား ကယ်တင်နိုင်မည် မဟုတ်ပါလား။

သို့ဖြင့် နောက်ဆုံးကာလ သိဒ္ဓတ္ထမင်းသားဘဝတွင် တောထွက်တော်မူပြီးလျှင် ဥရုဝေလတောအုပ်၌ (၆) နှစ်တာကာလပတ်လုံး ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူပြီး မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ နေမဝင်မီအချိန်လေးတွင် မာရ်နတ်ကို အောင်မြင်တော်မူပြီးနောက် အလောင်းတော်အရှင်မြတ်သည် ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသာနုဿတိအဘိဉာဏ်ကို လည်းကောင်း၊ မဇ္ဈိမယံ (သန်းခေါင်ယံ) ၌ ဒိဗ္ဗစက္ခုအဘိညာဉ်ကို လည်းကောင်း၊ ပစ္ဆိမယံ (မိုးသောက်ယံ) သို့ရောက်သည်နှင့် ပဋိစ္စသမုပ္ပါဒ်တရားတို့ကို ဉာဏ်ဖြင့်ဆင်ခြင်တော်မူပြီးနောက် ဝိပဿနာပွားများရာ အရဟတ္တမဂ်ဖြင့် သစ္စာလေးပါးကို ပြက်ပြက်ထင်ထင် သိမြင်တော်မူပြီး အာသဝက္ခယဉာဏ်ကို ရတော်မူသည်။ ထိုနှင့်တစ်ပြိုင်နက် မဂ္ဂါနန္တရဖိုလ်၏ နောက်ကျမြောက်သော ပစ္စဝေက္ခဏာ ဖလသမာပတ္တိဝီထိ၊ ဥဇု ယျမမ္မလျှင် အာရုံရှိသော မနောဒွါရဝီထိတို့ဖြင့် အပရိမာဏ ဆုံးဆထုတ်ဖွေ မရေမတွက်နိုင်သော ဆအသာဓာရဏဉာဏ်တော် ခြောက်ပါး၊ ဒသဗလဉာဏ်တော်ဆယ်ပါး၊ အဘိညာဉ်ခြောက်ပါး၊ စတုဝေသာရဇ္ဇ ဝိဇ္ဇာရှစ်ပါး၊ စရဏတစ်ဆယ့်ငါးပါး တရားအပေါင်းတို့ဖြင့် တန်ဆာဆင်အပ်သော သဗ္ဗညုတရွှေဉာဏ်တော်ဖြင့် နိဗ္ဗာန်သင်းကျစ် မွေရာဇ်ထွတ်ဖျား သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားအဖြစ်သို့ ရောက်တော်မူလေသည်။

ထိုအခါ မြတ်စွာဘုရားရှင်သည် ကိလေသာဟူသမျှကို ဝါသနာနှင့်တကွ ပယ်သတ်တော်မူနိုင်သောကြောင့် မြတ်စွာဘုရား၏အသိသည် အခြားသူများ၏ အသိနှင့်မတူဘဲ သဗ္ဗညုအသိ ဖြစ်၏။ အမှန်အားဖြင့် ဤသို့ သဗ္ဗညုတအသိမျိုးဖြင့် အလုံးစုံသောတရားတို့နှင့်သိရန်မှန်သမျှတို့ကို မဖောက်မပြန် မကြွင်းမကျန် အကန့်အသတ် အပိတ်အဆို့ အတားအဆီးမရှိ လုံးဝဥဿုံအပြည့်အစုံ အကုန်အစင်သိသောကြောင့်သာလျှင် သဗ္ဗညုတရွှေဉာဏ်တော်ရှင် ဗုဒ္ဓဘုရားရှင်အဖြစ်သို့ရောက်ရှိခြင်း ဖြစ်ပေသည်။

အမှန်ဆိုရသော် သစ္စာလေးပါး တရားတို့ကိုသိမြင်၍ အာသဝေါတရားတို့ ကုန်ခန်းပြီးကြသော အရှင်ပစ္စေကဗုဒ္ဓါများ၊ အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝကရဟန္တာအရှင်မြတ်တို့၏ သစ္စာလေးပါးတရားတို့ကို သိမြင်ကြသောဉာဏ်တို့သည် သဗ္ဗညုတဉာဏ်မျိုး မဟုတ်။ ထိုအရှင်မြတ်တို့ သိမြင်နိုင်စွမ်းသောဉာဏ်သည် အတိုင်းအတာ အကန့်အသတ်ရှိကြကုန်၏။ သို့သော် ဗုဒ္ဓဘုရားရှင်၏ သဗ္ဗညုတရွှေဉာဏ်တော်မှာကား သိစရာဟူသမျှတို့ကို မဖောက်မပြန် မကြွင်းမကျန် အကန့်အသတ် အပိတ်အဆို့ အတားအဆီးမရှိ အားလုံးကို လုံးဝဥဿုံ အပြည့်အစုံ အကုန်အစင်သိခြင်း ဖြစ်ပေသည်။ ထို့ကြောင့် သဗ္ဗညုတ - သိစရာမှန်သမျှ အားလုံးကိုလည်း သိတော်မူ၏။ ထိုသို့ သိရာ၌လည်း အားလုံးထဲမှ တစ်ခုတစ်ခုစီကို သိရာ၌လည်း မဖောက်မပြန် အကြွင်းအကျန် အကန့်အသတ် အပိတ်အဆို့ အတားအဆီးမရှိ အစမှအဆုံးတိုင်အောင် လုံဝဥဿုံ အပြည့်အစုံ အကုန်အစင်သိခြင်း ဖြစ်သည်။

တစ်နည်းအားဖြင့်ကား မြတ်စွာဘုရားသည် အရဟတ္တမဂ်ဉာဏ်တော်ဖြင့် သစ္စာလေးပါးကို သိတော်မူရာ၌ အတားအဆီး အပိုင်းအခြား အကန့်အသတ်မရှိသော 'အပ္ပဋိဟတ'အနေဖြင့်သိခြင်း ဖြစ်သည်။ အခြား အရိယာပုဂ္ဂိုလ်တို့၏ အရဟတ္တမဂ်ဉာဏ်ဖြင့် သစ္စာလေးပါးကိုသိကြခြင်းကား အပိုင်းအခြား အကန့်အသတ်ရှိသည့် 'ပဋိဟတ' အနေဖြင့် သိခြင်းဖြစ်သည်။ ထို့ကြောင့်လည်း မြတ်စွာဘုရားရှင်၏ အရဟတ္တမဂ်ဉာဏ်တော်သည် သဗ္ဗညုတရွှေဉာဏ်တော်ရခြင်းကိစ္စကို ပြီးမြောက်ပြည့်စုံစေပြီး အခြား အရိယာ ရဟန္တာပုဂ္ဂိုလ်တို့၏ အရဟတ္တမဂ်ဉာဏ်တို့သည် သဗ္ဗညုတဉာဏ်တော်ရခြင်းကိစ္စကို မပြီးမြောက်စေနိုင်ခြင်း ဖြစ်ပေသည်။ သို့ဖြစ်သောကြောင့် မြတ်စွာဘုရားသည် အရဟတ္တမဂ်ဉာဏ်တော်ကိုရသည်နှင့်တစ်ပြိုင်နက် သဗ္ဗညုတရွှေဉာဏ်တော်ရခြင်းကိစ္စပြီးလေတော့၏။

ဤနေရာတွင် သဒ္ဒါနည်းအရပြောရပါလျှင် သဗ္ဗညုတ၏ 'သဗ္ဗ' ဟူ သည် 'သဗ္ဗဥ္စ သဗ္ဗဥ္စ သဗ္ဗံ' ဟူ၍ ဧကသေသ်သဗ္ဗအဖြစ် ပြောရပေမည်။ ရိုးရိုး သဗ္ဗအဖြစ်ပြောခြင်းမျိုး ပြောရသည် မဟုတ်။ ဧကသေသ်သဗ္ဗ ဟူသည်မှာ သဗ္ဗ + သဗ္ဗ = သဗ္ဗ ဟူ၍ သဗ္ဗနှစ်ပုဒ်ကို သဗ္ဗတစ်ပုဒ်တည်းပြုထားခြင်း ဖြစ်သည်။ သို့ဖြစ်၍ သဗ္ဗညုတ၌ သဗ္ဗတစ်ပုဒ်က သိစရာအားလုံးကို ဟော၏။ အခြား သဗ္ဗတစ်ပုဒ်က သိစရာအားလုံးထဲက တစ်ခုစီတစ်ခုစီကို သိရာ၌လည်း အကြွင်းအကျန် အပြတ်အလပ်မရှိ အစမှအဆုံး အားလုံးကိုဟော၏။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com

သဗ္ဗညုတဉာဏ်တော်ဖြင့် သိရာတွင် သိစရာဟူသမျှ မကြွင်းကျန်ရအောင် အားလုံးကို သိတော်မူ၏။ ထိုသို့ သိရာတွင် တစ်ခုစီတစ်ခုစီကို သိရာ၌လည်း အစမှအဆုံးတိုင် အကြွင်းမရှိ သိတော်မူပါ၏။ သို့ဖြစ်သောကြောင့် သဗ္ဗညုတရွှေဉာဏ်တော်ဖြင့် ဘုရားရှင်၏သိခြင်းသည် အထက်တွင်ဆိုခဲ့သည့်အတိုင်း သိစရာမှန်သမျှအားလုံးကို မဖောက်မပြန် အကြွင်းအကျန် အကန့်အသတ် အပိုင်းအဆို့ အတားအဆီးမရှိ အစမှ အဆုံးတိုင်အောင် လုံးဝဥဿုံ အပြည့်အစုံ အကုန်အစင်သိခြင်းဖြစ်သည်ဟု ဖွင့်ဟပြ၍ဆိုခဲ့ရခြင်း ဖြစ်ပါလေသည်။

လောကသုံးပါးတို့၌ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာအရှင်မြတ်တို့သည် ကိလေသာကုန်ခန်း၍ ရဟန္တာများဖြစ်ကြစေကာမူ နဂိုကပါလာသော ကိလေသာများ၏ အထုံဝါသနာသတ္တိလေးများကား ကျန်ရစ်နေသေး၏။ ဘုရားရှင်၌မူကား ထိုကိလေသာအထုံဝါသနာသတ္တိကလေးများသည် မြူတစ်မှုန်မျှမကျန် အံလုံးစုံကင်းစင်သွားပါသည်။ ထိုမျှလောက်ကိလေသာအညစ်အကြေးတို့မှ ကင်းစင်ခြင်းကို အကြောင်းပြု၍ အရဟံ ဟူသောဂုဏ်တော်မြတ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားဟု ထင်ရှားတော်မူရခြင်း ဖြစ်ပါသည်။ ဘုရားရှင်၏ ထိုသဗ္ဗညုတရွှေဉာဏ်တော်ဖြင့် သိစရာအားလုံးကို အစမှအဆုံး အကန့်အသတ် အပိုင်းအခြားမရှိ လုံးဝဥဿုံ ပြည့်စုံစွာ သိမ်းကျုံးကုန်စင် ကိုယ်တော်တိုင်သိမြင်တော်မူနိုင်ခြင်းကိုအကြောင်းပြု၍ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်အားဖြင့် ထင်ရှားပြည့်စုံတော်မူရခြင်း ဖြစ်ပါသည်။ ထိုသဗ္ဗညုတရွှေဉာဏ်တော်ကြောင့်ပင် ပု-ဒိ-အာဟုခေါ်သော ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး စရဏတစ်ဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူခြင်းကြောင့် ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်အားဖြင့် ထင်ရှားတော်မူရခြင်းဖြစ်ပါသည်။ ဤသို့အားဖြင့် အရဟံအစ ဘဂဝါအဆုံး ကိုးပါးသောဂုဏ်တော်မြတ်တို့သည် လည်းကောင်း၊ ဣဿရိယ, ဓမ္မ, ယသ, သိရီ, ကာမ, ယတ္တ အစရှိသောဘုန်းတော်ခြောက်ပါး၊ ဌာနာဌာနဉာဏ်, ကမ္မဝိပါကဉာဏ်, သဗ္ဗတ္ထဂါမိနီပဋိပဒါဉာဏ်, အနေကဓာတု, နာနာဓာတုဉာဏ်, သတ္တာနံနာနာအဓိမုတ္တိကတာဉာဏ်, ဣန္ဒြိယပရောပရိယတ္တိဉာဏ်, ဈာနာဒိသံကိလေသာဝေါဒါနဉာဏ်, ပုဗ္ဗေနိဝါသာနုဿတိဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အာသဝက္ခယဉာဏ် စသော ဒသဗလဉာဏ်တော်ဆယ်ပါး၊ ဣဒ္ဓိဝိဓ, ဒိဗ္ဗသောတ, ပရစိတ္တ ဝိဇာနန, ပုဗ္ဗေနိဝါသ, ဒိဗ္ဗစက္ခု စသောအဘိညာဉ်ငါးပါး စသော ဂုဏ်တော် ဉာဏ်တော်များ အားလုံးသည် လည်းကောင်း သဗ္ဗညုတရွှေဉာဏ်တော်၏အရာများ (ဝါ) သဗ္ဗညုတရွှေဉာဏ်တော်မှပေါ်ထွက်လာသောဂုဏ်တော်ဉာဏ်တော်များပါတည်း။

သို့ဖြစ်ရာ ဂေါတမဗုဒ္ဓဘုရားရှင်သည် ဗောဓိပင်နှင့်ရွှေပလ္လင်၌နေတော်မူပြီးနောက် သဗ္ဗညုတရွှေဉာဏ်တော်ကို မရရှိသေးသည့်အချိန်အထိ ဘုရားအလောင်းတော်ဘဝ၌သာရှိနေပေသေးသည်။ အထက်တွင် တင်ပြခဲ့ပြီးသည့်အတိုင်း သဗ္ဗညုတရွှေဉာဏ်တော်ကိုရရှိပြီးမှသာ သုံးလောကထွတ်ထား ဘုရားရှင် စင်စစ်ဧကန်ဖြစ်တော်မူပါလေတော့သည်။

သို့ဖြစ်ရာ သဗ္ဗညုတရွှေဉာဏ်တော်သည် ဘုရားရှင်တို့သာ ရရှိပိုင်ဆိုင်နိုင်သော ဉာဏ်တော်မြတ်ဖြစ်ပြီး ထိုဉာဏ်တော်မြတ်ကြောင့်သာလျှင် သုံးလောကထွတ်ထား အနှိုင်းမဲ့ ဂေါတမဗုဒ္ဓဘုရားရှင်အဖြစ်သို့ ရောက်တော်မူလေသည်။

ထိုသဗ္ဗညုတရွှေဉာဏ်တော်ရှင် ဂေါတမဗုဒ္ဓဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ဝါဆိုလပြည့် စနေနေ့ ညနေချမ်းအချိန်တွင် ဣသိပတန မိဂဒါဝုန်တောသို့ ကြွမြန်းတော်မူကာ ပဉ္စဝဂ္ဂီငါးဦးနှင့် စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းတို့အား သဗ္ဗညုတရွှေဉာဏ်တော်မှ ပေါ်ထွန်းလာသော ပထမဆုံး တရားဦး ဓမ္မစကြာတရားတော်မြတ်ကို ဟောကြားတော်မူလေသည်။ ထိုမှစ၍ ဂေါတမဗုဒ္ဓဘုရားရှင်ကိုယ်တော်မြတ်သည် ဒီပင်္ကရာဘုရားရှင်လက်ထက် သုမေဓာရှင်ရသေ့ဘဝကတည်းကစ၍ သန္နိဋ္ဌာန်ချ ကြံရွယ်ထားသည့်အတိုင်း သတ္တဝါအပေါင်းတို့အား သံသရာဝဋ်ဆင်းရဲအပေါင်းတို့မှ လွတ်မြောက်အောင် ကယ်တင်ခြင်းအလို့ငှာ (၄၅) ဝါကာလပတ်လုံး မနေမနား ကြီးမားသော မဟာကရုဏာတော်၊ မဟာမေတ္တာတော်တို့ဖြင့် သဗ္ဗညုတရွှေဉာဏ်တော်မှ ပေါ်ထွက်လာသော ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးဖြာ၊ အင်္ဂါကိုးတန်၊ ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင် စသည့် တရားဒေသနာတော်များအား နောက်ဆုံး မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ ကဆုန်လပြည့် အင်္ဂါနေ့၌ မလ္လာတိုင်း ကုသိနာရုံ အင်ကြင်းဥယျာဉ်အတွင်း ပရိနိဗ္ဗာန်စံဝင်တော်မူခါနီးကာလထိတိုင် ဟောဖော်ညွှန်ပြ ဆိုဆုံးမတော်မူခဲ့ရှာလေသည်။

သို့ဖြစ်ပေရာ ဒီပင်္ကရာဘုရားရှင်ထံ သုမေဓာဘဝဖြင့် နိယတဗျာဒိတ်ခံယူရရှိရေးအတွက် သဗ္ဗညုတဉာဏ်တော်ရရှိရေး (ဝါ) သဗ္ဗညုဘုရားဖြစ်ရေးအတွက် စိတ်ဖြင့် ခုနစ်သင်္ချေရည်သန်၊ နှုတ်ဖြင့် ကိုးသင်္ချေဆုပန်၍ လည်းကောင်း၊ သုမေဓာရှင်ရသေ့ဘဝဖြင့် နိယတဗျာဒိတ်တော်ခံယူရရှိပြီးနောက် သတ္တဝါအပေါင်းတို့အား ကယ်တင်နိုင်မည့် သဗ္ဗညုတရွှေဉာဏ်တော်ကို ရရှိရေးအတွက် အထက်တွင် တင်ပြခဲ့ပြီးသည့်အတိုင်း မည်သည့်နတ်၊ လူတို့မျှ တုပယှဉ်ပြိုင်မဖြည့်ဆည်းနိုင်သော ပါရမီတော်ဆယ်ပါး အပြားသုံးဆယ်တို့ကို လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ဘဝပေါင်းများစွာ အနစ်နာတော်ခံ ဒုက္ခဆင်းရဲခံလျက် ဖြည့်ဆည်းအားထုတ်တော်မူပြီးမှ သဗ္ဗညုတရွှေဉာဏ်တော်ကိုရ၍ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့အား တရားရေအေးအမြိုက်ဆေးများ တိုက်ကျွေးလျက် ကယ်တင်တော်မူခဲ့သော ဗုဒ္ဓဘုရားရှင်ကိုမှ ယုံကြည်အားထားကိုးကွယ် ဆည်းကပ်ခြင်းမပြုလျှင် ကျွန်ုပ်တို့သည် မည်သို့သော ပုဂ္ဂိုလ်မျိုးကို ကိုးကွယ် ဆည်းကပ်ကြပါမည်နည်း။

သို့ပါသောကြောင့် သာမန်နတ်၊ လူအပေါင်းတို့ အစိန္တေယျ ကြံစည်၍ ဉာဏ်မမီလောက်အောင် အံ့ချီးဖွယ်သဗ္ဗညုတရွှေဉာဏ်တော်သခင် သုံးလောကထွတ်ထား အနှိုင်းမဲ့ကျေးဇူးတော်ကြီးမားလှသည့် ဗုဒ္ဓဘုရားရှင်ကို ယုံကြည်ကိုးကွယ်ဆည်းကပ် လေးမြတ်ပူဇော်ဖူးမြော်မာန်လျှော့ကန်တော့ကြပါကုန်စို့ သူတော်ကောင်းအပေါင်းတို့။

*ဓမ္မောဟဝေရက္ခတိဓမ္မစာရီ*

တိဗိုရောနမ္မပါလ

**စာညွှန်း -**

ဝိနတ္ထပကာသနီကျမ်း
ဦးရွှေမောင်၏
ဗုဒ္ဓ, လောကသားတို့၏
အနှိုင်းမဲ့ကျေးဇူးရှင်
(ကိုယ်ကျင့်ဗုဒ္ဓဝင်)
ငါးရာ့ငါးဆယ်နိပါတ်တော်များ
အခြားဘာသာရေးဆောင်းပါးများ



www.burmeseclassic.com


www.burmeseclassic.com

ငွေးချိုရှာက သမိုင်းဝင်

# သက်န်းနက်ရုပ်ပွားတော်

ကိုတင်လှိုင်(မိတ္ထီလာ)

မြန်မာနှစ် ၁၂၀၅ ခုနှစ်က ကုန်းဘောင်မင်း၏ နောင်တော် သတိုးမင်းရဲကျော်ထင်မင်းသားကြီးက တောင်တွင်းကြီး၊ မြို့လုလင်၊ နတ်မောက်နှင့် ပင်းမြို့ (၄) မြို့ကို အုပ်ချုပ်ရသော လေးမြို့ဝန် ဖြစ်သည်။



သတိုးမင်းရဲကျော်ထင် မင်းသားကြီးသည် နန်းဦးမှပင့်ဆောင်လာခဲ့သည့် သက်န်းနက်ရုပ်ပွားတော်မြတ်ကို အိမ်တော်ဦးမှာ သပ္ပာယ်စွာ ကိုးကွယ်ထားသည်။ သက်န်းနက်ရုပ်ပွားတော်မှာ အလောင်းစည်သူမင်း၏ ဖောင်စကြာ သက်န်းနက်သား စကားရွက်အား ရုပ်ပွားတော် ထုလုပ်ကိုးကွယ်ထားခြင်းဖြစ်သည်။ သက်န်းနက်သား စကားရွက်အား ရုပ်ပွားတော်ကိုးဆူထုလုပ်၍ မြို့ကိုးမြို့တွင် စေတီတည်ထားကိုးကွယ်တော်မူသည်။ ယင်းသက်န်းနက်သား ရုပ်ပွားတော်ကိုးဆူမှာ ပုဂံပြည်တွင် လိုဏ်နှစ်ဆင့်ရှိသော’ စူဠာမဏိစေတီတစ်ဆူတော်တွင် တစ်ဆူ၊ ငါးမျက်နှာရှိသော ဓမ္မရာဇကစေတီတွင် တစ်ဆူ၊ နန်းဦးစွယ်တော်တွင်တစ်ဆူ၊ ညောင်ရွှေမြို့တွင်တစ်ဆူ၊ မုံရွာမြို့နယ် စေတီလှဘုရားတွင် တစ်ဆူ၊ ရွှေဘိုမြို့နယ် ရွှေတန်ဆာဘုရားတွင် တစ်ဆူ၊ ကျောက်ဆည်မြို့နယ် ဖောင်တော်ဦးဘုရားတွင် တစ်ဆူ၊ သရက်မြို့နယ် မြသန်းတန်ဘုရားတွင် တစ်ဆူနှင့် မြိတ်မြို့နယ် ဇေတဝန်ဘုရားတွင် တစ်ဆူ စုစုပေါင်း ရုပ်ပွားတော်ကိုးဆူ ထုလုပ်ကိုးကွယ်ခဲ့သည်။

နန်းဦးစွယ်တော်တွင် တည်ထားကိုးကွယ်ခဲ့သော သက်န်းနက်ရုပ်ပွားတော်ကို သတိုးမင်းရဲကျော်ထင်မင်းသားကြီးက ၎င်း၏နေအိမ်တွင် ပင့်ဆောင်ကိုးကွယ်ထားခြင်း ဖြစ်သည်။ မင်းသားကြီး နတ်ရွာစံသောအခါ လူဆိုးလူမိုက်တို့သည် သက်န်းနက်ရုပ်ပွားတော်တွင် ပြဒါးရှင် ရွှေတင်ကြက်ဥရှိသည်ဟု ထင်မှတ်၍ ညတွင် ရုပ်ပွားတော်အား ခိုးယူကာ ရုပ်ပွားတော်အားမှောက်ပြီး မား၊ လှံ၊ ရဲတင်း၊ ပုဆိန်တို့ဖြင့် ထုခွဲဖောက်ဖျက်ရာ မပေါက်ကွဲဘဲ သမ္မာဒေဝသာသနာစောင့်နတ်များ၏ ကြွေးကြော်သံကြောင့် ရှင်ရဟန်းတို့သိကြပြီး အသက်ဆုံးရှုံးသွားခဲ့ကြရသည်။ သက်န်းနက်ရုပ်ပွားတော်၏ နောက်ကျောတွင် သွေးကဲ့သို့ အနီစင်းကြောင်းကြီး အမြဲထင်ရှားလျက် ရှိသည်။

သတိုးမင်းရဲကျော်ထင် မင်းသားကြီး၏ အိမ်တော်ပါသားတော် ဦးကျော်ဟိုးက ဆက်လက် ကိုးကွယ်ပြီး သိမ်တော်ကျောင်းတိုက်တွင် ထားရှိကိုးကွယ်ခဲ့သည်။ မြန်မာနှစ် ၁၂၇၅ ခုနှစ်တွင် ငွေးချိုကျောင်းတိုက်သို့ ရွှေ့ပြောင်း၍ တံကဲတော်နှင့် ဂန္ဓကုဋိတိုက်မှာတွင် ထားရှိကာ ရွှေအုပ်ကြီး၊ ရွှေအုပ်ငယ်များဖြင့် ကိုးကွယ်ပူဇော်ထားသည်။ မန္တလေးရွှေမြို့တော် နန်းဦးစွယ်တော်တွင် ကိုးကွယ်ထားသည့် သမိုင်းဝင် သက်န်းနက်သား ရုပ်ပွားတော်မှာ ယခုအခါ နတ်မောက်မြို့နယ် ပင်းမြို့ဟောင်းအနောက်မြောက်ဘက် (၄) မိုင်ကွာ ငွေးချိုရွာဦးဘုန်းတော်ကြီးကျောင်းတိုက်တွင် ကိန်းဝပ်စံပယ်နေကြောင်း ရေးသား တင်ပြလိုက်ပါသည်။

ကိုတင်လှိုင်(မိတ္ထီလာ)



www.burmeseclassic.com

www.burmeseclassic.com

### တစ်ပြည်လုံးလှူဒါန်းမင်းသမီးကောင်းမှုကုသိုလ်

### သမိုင်းဝင် အထင်ကရ

# ရွှေဂူတောင်ရှေးဟောင်းဘုရား

ယောင်မိုးဇော်(ထားဝယ်)


ထားဝယ်မှ (၆)မိုင်ခရီး၊ ထားဝယ်-မြိတ်ကားလမ်းဘေးတွင် ရွှေဂူတောင်ရှေးဟောင်းဘုရားကြီး စံပယ်လျက်ရှိသည်။ ကျွန်တော်ငယ်စဉ် ပညာသင်ကြားခဲ့သော ညောင်ဇင် အ-လ-က (ယခုအ-ထ-က)နှင့် တစ်မိုင်သာဝေး၏။ ညောင်ဇင် အ-လ-ကသို့ ရွာနီးချုပ်စပ်မှ ကျောင်းသားများ လာရောက် ကျောင်းတက်ကြရာတွင် ရွှေဂူတောင်ရွာမှ ကျောင်းနေဖက်တို့နှင့် တွေ့ဆုံရသည်။ ကျောင်းပိတ်/ပြေးရက်များ၌ သူ့အိမ်ငါ့အိမ်၊ သူ့ရွာကိုယ့်ရွာ လည်ပတ်ကြပြီး ရင်းနှီးချစ်ခင်ကျွမ်းကျွမ်းဝင်ဝင်ရှိသည်။ ရွှေဂူတောင်ဘုရား၊ ရွှေဂူတောင်ရွာ၊ ရွှေဂူတံတား၊ ရွှေဂူချောင်း ဟူသည် ကျွန်တော်ကျောင်းသားဘဝက ခြေရာချင်းထပ်မျှ သွားလာခဲ့ပါသော်လည်း ရွှေဂူတောင်ဘုရားသည် အထင်ကရသမိုင်းဝင်ဘုရားတစ်ဆူအဖြစ် လေးလေးနက်နက် မသိခဲ့ရိုးအမှန်ဖြစ်သည်။ ဝန်ခံရပါလျှင် ရွှေဂူတောင်ဘုရားပုရိဝုဏ်ကား ကျွန်တော်တို့ ကျောင်းပြေးဖော်တစ်စုထမင်းထုတ်ဖြေစား စခန်းချနားနေရာဖြစ်သည်။

ယခင်က ဘုရားပေါ်သို့ ကုန်းတော်တောင်ဘက် ရှေ့မျက်နှာစာမတ်မတ် တက်လမ်းတစ်ခုသာ ရှိ၏။ ကုန်းတော်အနေအထားအရဆိုသော် တောင်ဘက်ရွှေဂူတံတားနှင့် ချောင်းသို့ဦးလှည့်ရာ တောင်စောင်းက မတ်စောက်ပြီး မြောက်ဘက်တောင်ခြေသို့ တဖြည်းဖြည်းဆင်ခြေလျှော နိမ့်ဆင်းသွားသည်။ ထိုအနိမ့်ပိုင်းတွင် ရော်ဘာခြံများနှင့် ဥယျာဉ်ခြံတို့ရှိသည်။ ရွာရှိသည်။ ခနော်ခနဲ့ ကျိုးကျိုးပဲ့ပဲ့ အုတ်စီလှေကားထစ်အတိုင်း ဘုရားပေါ် အမောတစ်ဆို့တက်ရ၏။ စောင်းတန်းမရှိ။ တောင်ခြေတွင် ဘောင်းနွမ်းရင့်ရော်မှုသင်္ကေတအမှတ်အသားပြုမုခ်ဝက ခြောက်သွေ့အထီးကျန်ဆန်စွာ အရိုးစုသဖွယ်တရားပြနေသယောင် အောက်မေ့ထင်မှတ်ရသည်။

တောင်ခြေတောင်စောင်း တောင်ခါးပန်းတစ်လျှောက် မာလကာချဉ်၊ သောသဖန်း၊ မရန်း၊ သီဟိုဠ်သရက်၊ ဆီး၊ ကင်ပလင်း၊ တောင်သလဲ၊ သပြေ၊ မြရာ စသော အပင်များ၊ ဝါးရုံတောများ ထူထပ်စွာ အုပ်ဆိုင်းလျက်ရှိ၏။ ဤတောရိုင်းပင်တို့နှင့်ချုံနွယ်ပိတ်ပေါင်းတို့ အကြား ကျွန်တော်တို့က ဝါးသေနတ် (ထားဝယ်အခေါ် ဖောင်ဖန်) နှင့် မြရာသီး (ထားဝယ်အခေါ် ဖြင်းဖတ်သီး)နှင့် စစ်တိုက်တမ်းကစားခဲ့ကြသည်။ ရွှေဂူတောင်၌ ရွှေထွက်/မြှုပ်ရာဂူကြီး ရှိကောင်းရှိလိမ့်မည်လားဟု ငယ်အတွေးနှင့် ထိုစဉ်က ရေးတေးတေး စဉ်းစားမိခဲ့ပါသေးသည်။

◆

လက်ရှိ ထားဝယ်မြို့အရှေ့ဘက် (၁၀) မိုင်အကွာ ရှေးက မှိုင်းကာရီမြို့ဟောင်း (ယခု ပကာရီ) ဘူမိဒေဝ နာဂရမြို့ကို အုပ်ချုပ်စိုးစံသော ဆင်ဖြူရှင်မဟာနရိန္ဒမင်းလက်ထက် ညဉ့်အခါကောင်းကင်ယံ၌ ကြာသပတေး ကြယ်တံခွန်ကြီး ထူးခြားလင်းလက် ပေါ်ထွက်သဖြင့် လူအများ အုတ်အုတ်ကျက်ကျက် အံ့ဩဖြစ်ကြရသည်။ ယင်းကြယ်တံခွန်ကြီးသည် တစ်လခွဲလောက် ကြာရှည်စွာ



ရွှေဂူတောင်စေတီတော်ကြီးအား ဤသို့ သပ္ပာယ်တင့်တယ်စွာ အနီးကပ် ဖူးမြော်ကြည်ညိုရသည်



www.burmeseclassic.com

www.burmeseclassic.com

ကောင်းကင်နိမိတ်ပြပြီး ပျောက်ကွယ်သွားလေရာ မြို့ရွာအတွင်း လူခပင်းတို့ ကြက်သီးမွေးညင်းထ ချောက်ချားပြီး အမျိုးမျိုးအဖုံဖုံ ပြောဆိုကြလေသည်။ ကလေးများကလည်း တဘောင်တေးသီချင်းများ အော်ဟစ်သီဆိုကြသည်။

ထိုသို့ ကြယ်တံခွန်ထွက်ပေါ်ခြင်း အကြောင်းကို စိုးရိမ်မကင်း၍ ဘုရင်မင်းမြတ်က ပညာရှိအမတ်ကြီးတို့အား မေးတော်မူရာ မင်းတရားကြီး၏ ဘေးအန္တရာယ်ရောက်ဖို့ရာ ကြုံကြိုက်သည့်ကိန်းဖြစ်ကြောင်း၊ ကုသိုလ်ဒါနလှူဒါန်းကျွေးမွေးတော်မူပါက နိဗ္ဗာန်ဘုံသို့ ပါနိုင်မည်ဖြစ်ကြောင်း အမတ်တစ်ဦးက ရဲဝံ့စွာနှင့် သံတော်ဦးတင်လျှောက်လေလျှင် ကျောင်းဆောက်လုပ်၍ လှူဖွယ်ဝတ္ထုအစုစုနှင့်တကွ ရဟန်းသံဃာတို့အား ပင့်ဖိတ်လှူဒါန်းပြီး သားတော်သမန္တမင်းသားအား ထီးနန်းလွှဲအပ်ကာ ဥပုသ်ဆောင်ဝင်တော်မူလေသည်။ မဟာနရိန္ဒမင်းစည်းစိမ် (၂၃) နှစ်၊ သက်တော်(၇၀) နှစ်တွင် ကံကုန်သဖြင့် သမန္တမင်းသား ထီးနန်းဆက်ခံသည်။

ဘူမိဒေဝနာဂရမြို့သည် ဘူမိနက်သန် မြေခံမညီညွတ်ဟု သမန္တမင်းနှင့် ပညာရှိအမတ်တို့ ညှိနှိုင်းတိုင်ပင်၍ ကောဇာနှစ် ၁၅၀ တွင် ထားဝယ်မြစ်အနောက်ဘက်ကမ်းအနီး သာဂရမြို့ (ယခု မြို့ဟောင်းရွာ) အမည်ဖြင့် မြို့သစ်တည်ထောင်သည်။

သမန္တမင်း ပြောင်းရွှေ့၍ မင်းမဲ့ဘူမိဒေဝနာဂရ မှိုင်းကာရီမြို့ကို ယွန်းမင်းကြီး စောလွန်းရွှေက အသစ်တစ်ဖန်တည်ထောင်အုပ်စိုးလေသည်။ စောလွန်းရွှေလွန်သော် သားတော် စောထွတ်မင်းသားနှင့် သမီးတော် စောမြဒေဝီတို့သည် ခမည်းတော်၏ အရိုက်အရာကို ငြင်းခုံလုယက်ကြသဖြင့် တကူမင်းကြီး၏ အဆုံးအဖြတ်အတိုင်း ဘုရားအပြိုင်တည်ကြရာ စောမြဒေဝီက အနိုင်ရလိုက်သည်။ (၂၀၁၄၊ ဖေဖော်ဝါရီ၊ သူရဇ္ဇမဂ္ဂဇင်းကြီးတွင် 'ထားဝယ်သမိုင်းဝင်ဂျောဘုရားစေတီတော်မြတ်ကြီး' ဖော်ပြပြီး - စာရေးသူ)

ယွန်းမင်းသမီးစောမြဒေဝီ ဘုရားတည်သည့် ရှေးအခေါ် သုဝဏ္ဏသေလာပဗ္ဗတတောင်ခြေ၌ ကောဏ္ဍသန်မင်းနှင့် ချစ်ခင်စုံမက်၍ သီဟိုဠ်ကျွန်း (သီရိလင်္ကာ) သို့ လိုက်ပါမည့် သာဂရပြည်သူရှင်ဇော ယခင်ကပင် အကျွမ်းဝင်ဖူးသူ စောမြဒေဝီနှင့် တွေ့ဆုံပြီး ဘုရားအတွက် ကုသိုလ်တော်အဖြစ် ရွှေ



စံကျောင်းဆောင်ရာဇဝတီသေကာမုနိရုပ်ပွားတော်




ရှေးသိမ်အတွင်း အလယ်တိုင်တော်မှ ဇမ္ဗူပတီဆင်းတုတော် အနီးကပ် ဖူးတွေ့ရပုံ



www.burmeseclassic.com

www.burmeseclassic.com



စေတီတော်ထီးရိုးအောက်ဝယ် အေးချမ်းတိတ်ဆိတ်ရှာ

...သိသာ အလှူပါဝင်ကူညီခဲ့သည်။ ...ဖြစ်၍ စေတီကို ရွှေကူစေတီ ဟူ၍ ...သည်းကောင်း၊ တောင်ကို ရွှေကူတောင် ...၍လည်းကောင်းတွင်ရာမှ ယခုအခါ ...စေတီ၊ ရွှေဂူတောင် ဟု ခေါ်ကြ ...သည်။

◆

ရွှေဂူတောင်နေရာသည် အင်းဝ ...ရှင်မင်းခေါင်ကြီးသား 'မင်းတရား' ...သက္ကရာဇ်နှစ် ၇၉၉ တွင် မုတ်ထီးမြို့ခေါ် ...သုခနာဂရမြို့ (ယခု ရှင်မုတ္တီး) တည် ...ခဲ့က ယာယီနန်းစိုက်ခဲ့ဖူးသည်။ တာရိုး ...တန်းလေးမျက်နှာကို ကျွန်တော်တို့ ...ခဲ့က အမှတ်ထင်ထင် တွေ့မြင်ခဲ့ ...သည်။ အထူးသဖြင့် ရွှေဂူတောင်ရှာ ...ဘက်ကွင်းစပ် ခင်တန်းတစ် ...ဘက် မို့မောက်မြင့်တက်နေသည့် မြေ ...ယိုင်းတန်းကြီးကို ထင်ထင်ရှားရှား ...ရသည်။ ရှာတောင်ဘက်၊ မြောက် ...လည်း တွေ့ရ၏။ လူကြီးသူမတို့ ...တာရိုးဟုပြောပြသည်ကို မှတ်သား ...သည်မှလွဲ၍ ထွေထွေထူးထူး ...သညာမရှိခဲ့ပါ။

...င်းတာရိုးတန်းများအပေါ် ရည် ...ချက်မဲ့ လမ်းသလားလျှောက်ဖြစ်ခဲ့ ...ကို အမှတ်ရမိသည်။ ထို့ပြင် တာရိုး ...မှရရှိသော လက်တစ်ဆုပ်သာ ...သော ဟသ်ာရုပ်တုလေးများကို ...င်တိုယ်ကျ မြင်တွေ့ရသော်ငြား ...သိုစဉ်ကာသမိုင်းတန်ဖိုးနားမလည်



အရံစေတီ၊ အာရုံခံ၊ သိမ်၊ မနုသီဟ၊ သာသနိကအဆောက်အဦများနှင့်အတူ



ရိုးရှင်းသော ရွှေဂူတောင်ဘုရားမုခ်ဦး



www.burmeseclassic.com

www.burmeseclassic.com

ခဲ့၍ ယခု အစအနရှာမရတော့ပြီ။ ယာယီနန်းဖြစ်သော်လည်း ဘုရင်မင်းမြတ်ထွက်တော်မူရာ မင်းလမ်း ဆိုသည်ကိုမူ တိကျသေချာ ညွှန်ပြစရာအဖြစ် ယနေ့ထိ ခေါ်ဝေါ်သုံးစွဲနေဆဲ၊ ထင်ရှားနေဆဲ ဖြစ်သည်။

မင်းတရားကြီး၏ဆင်မြင်းများအတွက် ဆင်ကန်၊ မြင်းကန် စသည့် ရေကန်များ တူးဖော်ထားရှိသောနေရာ ရွှေဂူတောင်အနောက်ဘက်တွင် ယခုအထိ ရှိသေးသည်။ ဆင်ကန်ထဲမှ ရွှေခဲဒင်္ဂါး၊ အဝိုင်းပုံသဏ္ဌာန်ငွေပုရပိုက်၊ ဆင်လည်ဆွဲတန်ဆာများရရှိကြောင်း၊ ရေစစ်သောက်ရေအိုးကြီး၊ ရာဝင်စဉ့်အိုးကြီးကိုယ်ထည်ကွဲများလည်း တွေ့ရှိရကြောင်း တစ်ဆင့်စကား ကြားဖူးပါသည်။ မကြာသေးခင်က တောင်အနီးရှိ စော်ဝရွာတွင် နေအိမ်မြေဝိုင်းမြေညှိရာမှ အုတ်ခွက်ဘုရားများ မြေအောက်မှ ထွက်ပေါ်လာသည်။ အခြားတစ်နေရာတွင်လည်း အုတ်ချပ်ကြီးများကို နေအိမ်တိုင်တွင်းတူးစဉ် အထပ်လိုက်ဖော်တွေ့သည်။

ဗြိတိသျှအစိုးရလက်ထက် ထားဝယ်ခရိုင်အရေးပိုင် ကာနယ်ဂရိမ်းနှင့် ဇနီး ဒေါ်အုံးပွင့်တို့က ဦးဆောင်ဦးရွက်ပြုလျက် နယ်သူနယ်သားများ စုပေါင်းအလှူပါဝင်ကြပြီးလျှင် ပျက်စီးယိုယွင်းနေသည့် ရွှေဂူတောင်စေတီကို အသစ်ထပ်မံပြုပြင်သည်။ ကောဇာနှစ် ၁၂၇၁ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်၊ အင်္ဂါနေ့တွင် အုတ်မြစ်ချသည်။ တပေါင်းလပြည့်ကျော် ၁ ရက်၊ တနင်္ဂနွေနေ့တွင် ဌာပနာသွင်းနှံသည်။ တန်ခူးလပြည့်ကျော် ၁၀ ရက်၊ သောကြာနေ့တွင် ဘုရားမဏ္ဍိုင်စိုက်ထူသည်။ ထို့နောက် ကောဇာနှစ် ၁၂၇၂ ခု၊ တန်ခူးလဆန်း ၁၁ ရက်၊ တနင်္ဂနွေနေ့နံနက် နေဝန်းပေါ်ချိန်တွင် ရွှေထီးတော် တင်လှူတော်မူသည်ဟု မှတ်တမ်းရှိသည်။

ထိုမှ နှစ် (၈၀) ခန့် ရွှေဂူတောင်စေတီတော်ကြီးအား ပြုပြင်မှုကင်းမဲ့နေပြန်သည်။ ထုံးသင်္ကန်းကပ်လှူ၍ ဘုရားပွဲကျင်းပနိုင်ခဲ့သော်လည်း ဘုရားပွဲပြီးဆုံးပါက ဒုံရင်းအတိုင်းပင် ကျန်ရစ်သည်။ ထိုသို့ စေတီတော်ကြီးမှာ နှစ်ပေါင်းများစွာ ရာသီဥတုဒဏ်ဆိုးရွားစွာခံရသည့်အပြင် လူသူသွားလာမှုနည်းပါးခြင်းကြောင့် ကုန်းတော်တစ်ခုလုံး ချုံနွယ်ပိတ်ပေါင်းအတိလွှမ်းကာ မထင်မရှားညှိုးရော်နေခဲ့ရသည်။


◆

ကုန်းအတက်မော့မော့ကို အရှိန်ယူမောင်းနှင်လာသော ဆိုင်ကယ်အား တောင်ပတ်ကားလမ်းအတွေ့ တံတောင်ဆစ်ချိုးကျော်လိုက်သည်နှင့် သစ်ရိပ်ဝါးရိပ်အုပ်မိုးလျက်ရှိသော တတ္တရာလမ်းဖြူဖြူလေးအဆုံးတွင် ရွှေဂူတောင်မှခ်ဦး။ တည်ငြိမ်ရိုးရှင်းဟန်အပြည့်ဖော်ဆောင်ပြနေသည်။ တံတိုင်းအတွင်း ဘုရားပုရိဝုဏ်သည်လည်းရိုးရှင်းပါ၏။ သူတော်စင်တို့ တရားအားထုတ်ရှုမှတ်သည့် ဇရပ်ကလေးများ အစီအရီ၊ တချို့ သွပ်မိုးပျဉ်ကာ၊ တချို့ ဓနိမိုးဝါးထရံကာ အားလုံးပင် တိတ်ဆိတ်နေသည်။

ကျွန်တော်သည် ရွှေဂူတောင်စေတီတော်ထံပါး ညွတ်နူးစွာ ဦးခိုက်ကြည်ညို ဖူးမြော်မိပါသည်။ ခေတ်အဆက်ဆက် ထုံးကိန်းဖြင့်သာ စံပယ်တော်မူလာသော စေတီတော်ကြီးမှာ ကောဇာနှစ် ၁၃၅၀ ပြည့်နှစ်နောက်ပိုင်းတွင် အများပြည်သူကောင်းမှုဖြင့် ယနေ့ဖူးမြင်တွေ့ရသည့်အတိုင်း ပြုပြင်ရွှေချခဲ့သောကြောင့် အလွန်သပ္ပာယ်တင့်တယ်လျက်ရှိသည်။ စေတီရင်ပြင်ခင်းခြင်း၊ လေးဖက်လေးတန် အာရုံခံများတည်ဆောက်ခြင်းတို့နှင့်အတူ ဗုဒ္ဓဝင် အောင်ခြင်း (၈) ပါး ရုပ်လုံးရုပ်တုပုံဖော်ထားသည်။ စေတီတော်ထောင့်လေးထောင့်၌ အရံစေတီလေးဆူနှင့် တစ်ထောင့်စီတွင် လူဦးခေါင်း မနုသီဟ ဖင်နှစ်ခွလေးကောင် စောင့်ရှောက်ထားရှိသည်။



စေတီအရှေ့ဘက် ဓမ္မသိမ်အတွင်းမှ ရှေးဟောင်းရုပ်ပွားတော်များ ထူးထူးခြားခြား



ဓမ္မသိမ်အတွင်းရှိ ကျောက်စာတိုင်
(ကျောက်စာကို
ဤအတိုင်း ဖတ်၍ ကူး၍မရပါ)



သိမ်အသစ်
ခြသေ့ဗိတ်ပိုက်ရုပ်တော်မှ ဘုရားဖူး
ကြည်ညိုဖူးမြင်ရစဉ်



www.burmeseclassic.com

www.burmeseclassic.com



ဆင်ကန်မှ ရှုမြင်ရသော ရွှေဂူတောင်ဘုရား



ဘုရားပေါ်တက်သောထပ်ပေါက်၊ အပေါ်မှတွေ့မြင်ရပုံ



မင်းတရားဆင်များအတွက် ရေကန် (ဆင်ကန်) အား
ရွှေဂူတောင်အနောက်ဘက်တွင် ယနေ့ထိ တွေ့ရသည်

စေတီအရှေ့ဘက် ယခင်တက် ...ဟောင်းတည့်တည့်ရှိ သိမ်တော်မှာ ...သိမ်တော် ဖြစ်သည်။ သိမ်အတွင်း ...ထိုင်တော်မူ ရုပ်ပွားတစ်ဆူနှင့် ...တစ်ဖက်တစ်ချက်ရှိ သလင်း ...ရုပ်တော်မူ ရုပ်ပွားနှစ်ဆူတို့ ...ရှိသည်။ ထိုင်တော်မူမှာ မင်း ...ဆာဆင်ယင်လျက် ပုဂံခေတ် ...ဓမ္မပတီဆင်းတုတော် ဖြစ် ... လက်ယာဘက် ရုပ်တော်မူ၏ ...တော်က လက်ဝါးအတွင်းလှည့် ...တော် ဖိကပ်ထားသည့် မဟာကရုဏာမုဒြာဖြစ်ပြီး လက်ဝဲဘက်ရုပ်တော်မူ၏ ယာလက်တော်က လက်ဝါးအပြင်လှည့်ဖြန့်ထားသည့် အဘယမုဒြာဖြစ်သည်။ ရုပ်ပွားတော်မြတ်တို့မှာ ရှေးလက်ရာ ယိုးဒယားဟန် ဖြစ်၏။

တစ်ခါက လူတေလူဆိုးဘုရားခိုးတို့ ဤရှေးဟောင်းဘုရားများကို ပြည်ပသို့ ခိုးထုတ်ရန် ကြံစည်ခဲ့ဖူးရာ အထမမြောက်ဘဲသေလုမျောပါးပြေးရကြောင်း၊ ဘုရားသိုက်စောင့်များရှိကြောင်း၊ ဆံပင်ဖားလျားနှင့် မိန်းမပျိုတစ်ဦးကို ကျောဘက်မှ ဥပုသ်သည်အချို့ မြင်ရကြောင်း၊ ရံဖန်ရံခါ အရိပ်လိုလိုနှင့် ဖျတ်ခနဲ တွေ့လိုက်ရကြောင်း ရွှေဂူတောင်ရွာသားတို့က ပြောပြပါသည်။

လက်ဝဲဘက် ရုပ်တော်မူရှေ့မှ ကျောက်စာကို ဤအတိုင်း ဖတ်၍မရပါ။ ရုတ်တရက်ဆိုပါက ဖတ်၍ရမလိုလိုထင်ရသော်လည်း တကယ်တမ်းဖတ်မရပါ။ ကျောက်စာကူး၍လည်း မရပါ။ တစ်ခါတစ်ရံ ထင်ထင်ရှားရှား ဖတ်၍ရသော်လည်း စာကူးရန်လုပ်သောအခါ တစ်ဖန်ပျောက်ကွယ်သွားပြန်သည်။ ကျောက်စာတွင် စေတီတော်အတွင်း ဌာပနာထားသောပစ္စည်းများစာရင်းပါသည်ဟု ဆရာတော် ဦးသုမနက မိန့်ကြားခဲ့ပြီး ကျောက်စာပါ အကြောင်းအရာကို ဘုရားစောင့်က ဖုံးကွယ်ထားသည်ဟု သက်ကြီးတို့ကဆိုပါသည်။

လွန်ခဲ့သော အနှစ် (၂၀) ခန့်က ရွှေဂူတောင်ဘုရားပေါ် အင်္ဂတေပန်းပု နဂါးကြီးနှစ်ကောင်ထုလုပ်ထားရှိရာတွင် နဂါးတို့၏ မျက်လုံးမီးဝင်းဝင်းတောက်မျှ ထူးကဲစွာ ဖြစ်ပေါ်လာသည် ဆိုသော ကြောင့် အပိုင်းပိုင်းခုတ်ထစ်စွန့်ပစ်ခဲ့သော သာဓကရှိခဲ့ဖူး၏။

သာသနိကအဆောက်အအုံသိမ်အသစ်တွင် မြသပိတ်ပိုက် ရုပ်တော်မူဘုရားတစ်ဆူကို ဖူးမြင်ခဲ့ပါသည်။ ရွှေဂူတောင် သာသနာပြုဆရာတော် ဦးသုမန သီတင်းသုံးရာ ကျောင်းဆောင်တွင် ညှိသည်ရောက်နှင့်နေသဖြင့် ဆရာတော်အား ဦးချကန်တော့မှုသာပြုနိုင်ခဲ့၏။ စံကျောင်းဆောင်ရှိ မင်ဝတ်ဘုရား ရာဇာဘိသေကမုဒ္ဒိ ရုပ်ပွားတော်အား ကြည်ညိုရသည်။

နေညိုပေပြီ။ နေညိုညိုအရောင်ဟပ်သဖြင့် စေတီတော်ကြီးမှာ ရွှေတောင်ကြီးပမာ ဝင်းထိန်တောက်ပနေ၏။ စေတီတော်ရင်းတွင် ကျွန်တော်ရပ်နေသည်။ ကျွန်တော်ရပ်နေသည်မှာ နှစ်ပရိစ္ဆေဒအလွန့်အလွန်ရှေးကျသော အတိတေကာလမှ တစ်ပြည်သူ ယွန်းမင်းသမီး စောမြဒေဝီ၏ ကောင်းမှုကုသိုလ်တော် သမိုင်းဝင် အထင်ကရ ရှေးဟောင်းဘုရားတစ်ဆူ ဖြစ်သော ရွှေဂူတောင်စေတီမြတ်ခြေတော်ရင်း၌ ဖြစ်သည်။ စေတီတော်ထီးရိပ်သည် အေးချမ်းလှ၏။ လေပြည်တစ်ချက် ဝှေ့ယမ်းသွားသည်။ ထီးတော်ဆည်းလည်းသံတို့ သာလွန်းစွပါတကား။

မောင်စိမ်းဝေ (ထားဝယ်)



www.burmeseclassic.com

www.burmeseclassic.com



# ချောင်းဆုံအုန်းသွင်

## သရဏဂုံတန်ခိုးနှင့်ငါးပါးသီလအကျိုး

"သရဏဂုံတန်ခိုးနဲ့ ငါးပါးသီလ အကျိုးကို ဗုဒ္ဓဘာသာဝင်တို့ အခြေခံ သိသင့်သလောက် ရေးပေးပါ"

ခရစ်နှစ်ကုန်ခါနီး ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်၊ တနင်္ဂနွေနေ့ နံနက် ခြောက်ထပ်ကြီးဘုရားသို့ရောက်စဉ် ခြောက်ထပ်ကြီးဘုရားဂေါပကအဖွဲ့ဝင် ဓမ္မမိတ်ဆွေ ဒေါက်တာမြတ်ထွဋ်က အထက်ပါအတိုင်း မေတ္တာရပ်ခံလာပါသည်။

ခရစ်နှစ် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့သည် ကျွန်တော့်အသက် (၈၂) နှစ်ပြည့် မွေးနေ့ဖြစ်သဖြင့် အမှတ်တရ ကုသိုလ်ကောင်းမှု တစ်ခုခုပြုရန်စဉ်းစားနေခိုက် ဒေါက်တာမြတ်ထွဋ်က ဤသို့ မေတ္တာရပ်ခံလာသဖြင့် ဤသည်ကိုပင် ဓမ္မဒါနအဖြစ် ကောင်းမှုပြုရန် ဆုံးဖြတ်လိုက်ပါသည်။

မသိသေးသော ကျေးဇူးရှင်စာရှုသူများ သိရှိကြရန်နှင့် သိပြီးသူများ နာဖူးထပ်မံအဖြစ် ကုသိုလ်ပွားများရန် ကျေးဇူးဆပ် ဓမ္မလက်ဆောင်အနေဖြင့် တစ်ဆက်တည်း တင်ပြအပ်ပါသည်။

**ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ** - မြတ်စွာဘုရားအား ကိုးကွယ်ဆည်းကပ်ပါ၏။

**ဓမ္မံ သရဏံ ဂစ္ဆာမိ** - တရားတော်မြတ်အား ကိုးကွယ်ဆည်းကပ်ပါ၏။

**သံဃံ သရဏံ ဂစ္ဆာမိ** - သံဃာတော်မြတ်အား ကိုးကွယ်ဆည်းကပ်ပါ၏။

ဟူသော သရဏဂုံဆောက်တည်ခြင်းကိုလည်း ဗုဒ္ဓဘာသာဝင်တိုင်း အမြဲဆောက်တည်နေကြပါသည်။ သို့သော် ကိုးကွယ်ခြင်း အဓိပ္ပာယ်ကိုမူ သိသူရှိသလို မသိသူလည်းရှိနိုင်ပါသည်။

အသိဉာဏ်ရှိသူ လူသားတို့သည် မိမိတို့၏ အတွေ့အကြုံအရ ဆင်းရဲခြင်းကို သိရှိကြောက်လန့်ပြီး ထိုဆင်းရဲခြင်းကို ကာကွယ်ပေးနိုင်မည့် အားကိုးရာကို ရှာကြပါသည်။ ထိုအခါ ထိုသို့ အကာအကွယ်ပေးနိုင်သည်ဟု ယူဆကြသော လမ်းညွှန်သူနှင့် လမ်းညွှန်ချက်အမျိုးမျိုးကိုတွေ့ရှိပြီး သင့်ရာသန့်ရာကိုးကွယ်ခဲ့ကြပါသည်။ ဤလမ်းညွှန်ချက်အဆုံးအမတို့ကို ဘာသာတရားဟု ခေါ်ကြပါသည်။

ယနေ့ ကမ္ဘာပေါ်တွင် ဘာသာအမျိုးမျိုးရှိသည်ကို အများသိပါသည်။ အထူးဖော်ပြရန် မလိုပါ။ ထိုအထဲတွင် ဗုဒ္ဓဘာသာလည်း အပါအဝင် ဖြစ်ပါသည်။ ဤတွင် ဗုဒ္ဓဘာသာနှင့် အခြားဘာသာများ စ-လယ်-ဆုံး မတူညီကြသည်ကို အကျဉ်းမျှ ဖော်ပြလိုပါသည်။

အခြားဘာသာအားလုံးလိုလိုတွင် သတ္တဝါ၏အစသည် ဖန်ဆင်းရှင်ကဖြစ်ပြီး သတ္တဝါတို့၏အဆုံး (ပန်းတိုင်) သည် ဖန်ဆင်းရှင်၊ တန်ခိုးရှင်၊ ထာဝရဘုရားရှင်၏ ဝိညာဉ်တော်နှင့် ပေါင်းစည်းပြီး ထာဝရငြိမ်းချမ်းသွားခြင်း ဖြစ်သည်။ ထိုအဆုံးပန်းတိုင်အတွက် သက်ဆိုင်ရာခေါင်းဆောင်များ၏ ညွှန်ကြားချက်အတိုင်း လိုက်နာ ကျင့်ကြံ အားထုတ်ရသည်။

ဗုဒ္ဓဘာသာ၏ သတ္တဝါအစသည် အဝိဇ္ဇာနှင့်တဏှာကဖြစ်ပြီး သတ္တဝါတို့၏ (ဗုဒ္ဓဘာသာဝင်တို့၏) အဆုံးပန်းတိုင်သည် အဝိဇ္ဇာနှင့် တဏှာတို့ လုံးဝချုပ်ငြိမ်းခြင်းဖြင့် ဘဝအသစ်တစ်ဖန် လုံးဝပြန်မဖြစ်တော့ခြင်း ဖြစ်လေသည်။ ထိုပန်းတိုင်သို့ရောက်ရန် အလယ်တွင် သီလ၊ သမာဓိ၊ ပညာ ဟူသော သိက္ခာသုံးရပ် တစ်နည်း ဒါန၊ သီလ၊ ဘာဝနာ (သမထဘာဝနာ၊ ဝိပဿနာဘာဝနာ) ကုသိုလ်များဖြင့် ကြိုးပမ်းအားထုတ်ရန် ဖြစ်သည်။

သရဏဂုံ ဆောက်တည်ခြင်း၊ ငါးပါးသီလဆောက်တည်ခြင်းဖြင့် ယခုဘဝမှ သေသော် လုံးဝအပါယ်မကျစေရ။ ယခုဘဝမှာရော နောက်ဘဝမှာပါ လုံးဝမဆင်းရဲစေရဟု အာမခံပါသည်။

ဤကား ဤဆောင်းပါး၏ ခေါင်းစဉ်ဖြ[...] သော သရဏဂုံအကျိုး၊ သီလအကျိုး[...] ပေတည်း။

လွယ်လှချေလား။ ဤမျှလွယ်[...] လျှင် ဗုဒ္ဓဘာသာဝင်တိုင်းလိုလို အစ[...] အမြဲဆိုသလို သရဏဂုံဆောက်တည်[...] ကြ၊ ငါးပါးသီလဆောက်တည်နေ[...] သဖြင့် ထိုသူအားလုံးသေသော် အပါ[...] မကျ။ ယခုဘဝ၊ နောက်ဘဝ မဆင်း[...] ချမ်းသာသုခနှင့် ပြည့်စုံကြရပေတော့[...] မည်။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ပါဏာ[...] ပါတာဝေရမဏီသိက္ခာပဒံသမာဒိယာ[...] ဆိုပြီး သရဏဂုံသီလရွတ်ဆိုဆော[...] တည်လိုက်သည်နှင့် ဆောက်တ[...] မမည်သေးပါ။



www.burmeseclassic.com

www.burmeseclassic.com

ဆောက်တည်သည်ကို တစ်နည်းအားဖြင့် တည်ဆောက်သည်ဟု အဓိပ္ပာယ်ရပါသည်။ ထို့ထက် သရဏဂုံသုံးပါးနှင့် ငါးပါးသီလကို မိမိ၏သန္တာန်မှာ အမြဲတည်နေအောင် အခိုင်အမာ ဆောက်ထားသည်ဟု အဓိပ္ပာယ်ရပါသည်။

ဤတွင် သရဏဂုံကို စပြောပါမည်။ သရဏဂုံသုံးပါး ဆိုသည်မှာ ဘုရား၊ တရား၊ သံဃာ ဖြစ်ကြောင်း အားလုံးသိပြီး ဖြစ်ပါသည်။

လူတို့တွင် အသိနှင့် အလုပ် ဟူ၍ အဓိကအချက်နှစ်ချက်ရှိပါသည်။ အသိဟူသည် ဉာဏ်ပညာကိုခေါ်ခြင်း ဖြစ်ပါသည်။ အလုပ် ဟူသည်မှာ ကာယကံ၊ ဝစီကံ၊ မနောကံ (ကိုယ်၊ နှုတ်၊ နှလုံး) ဟူ၍ သုံးမျိုးရှိပါသည်။ အသိကရှေ့၊ အလုပ်ကနောက်ဖြစ်ရပါမည်။ အသိရှေ့မဆောင်သောအလုပ်သည် အောင်မြင်မှုမရှိနိုင်သည့်အပြင် မှားယွင်းမှု၊ ဆုံးရှုံးမှုလည်းဖြစ်နိုင်ပါသည်။ မည်သည့်အလုပ်တွင်မဆို ယုံကြည်မှုရှိရပါမည်။ ယုံကြည်မှုရှိရန်အတွက် သိဖို့လိုပါသည်။

ဥပမာ လူတစ်ဦးထံ အကူအညီတစ်ရပ်သွားတောင်းမည်ဆိုပါက အကူအညီရမည် ဟူသော ယုံကြည်မှုရှိရပါမည်။ ထိုသို့ ယုံကြည်ဖို့အတွက် အချက်နှစ်ချက်သိဖို့ လိုပါသည်။

၎င်းတို့မှာ -

၁။ ပေးနိုင်သူ (အရည်အချင်း)၊
၂။ ပေးချင်သူ (မေတ္တာစေတနာ)

ဟုတ်၊ မဟုတ် သိရပါမည်။ ပေးနိုင်သော်လည်း မပေးချင်လျှင်၊ ပေးချင်သော်လည်း မပေးနိုင်လျှင် ရမည်မဟုတ်ပါ။ ထို့ကြောင့် အသိ (ပညာ) သည် ချမ်းသာရေးအတွက် အရေးအကြီးဆုံး ဖြစ်ပါသည်။

ဤသို့ မသိခြင်းကြောင့် ဗုဒ္ဓဘာသာဝင်ဖြစ်လျက် ရတနာသုံးပါးမှ အခြားတစ်ပါးဖြစ်သော ပုဂ္ဂိုလ်များကို ကိုးကွယ်နေကြခြင်းဖြစ်သည်။ သရဏဂုံ၏အနှစ်သာရ၊ သရဏဂုံတည်ကြောင်း၊ ပျက်ကြောင်းများကို မသိသဖြင့် ဗုဒ္ဓဘာသာဝင်ဖြစ်လျက်၊ နေ့တိုင်း သရဏဂုံဆောက်တည်(ရွတ်ဆို)နေလျက် သရဏဂုံပျက်မှန်းမသိပျက်နေကြခြင်း ဖြစ်သည်။

ဤတွင် သရဏဂုံသုံးပါးအနက် မြတ်စွာဘုရားမှ စတင် ဖော်ပြလိုပါသည်။ စာစောစက ဖော်ပြခဲ့သည့်အတိုင်း -

**ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ** - မြတ်စွာဘုရားအား ကိုးကွယ်ပါ၏ဟုဆိုလျှင် နောက်ဘဝ လုံးဝအပါယ်မကျ၊ ခုဘဝ၊ နောက်ဘဝ လုံးဝမဆင်းရဲစေရဟု ဆိုသဖြင့် ဘာမှန်းမသိညာမှန်းမသိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိဟု ရွတ်ဆိုလိုက်ရုံဖြင့် အထက်ဖော်ပြပါ ကောင်းကျိုးရလဒ်ကို ရရှိမည် မဟုတ်ပါ။ မြတ်စွာဘုရားရှင်၏ ဂုဏ် (အရည်အချင်း) ကိုသိပြီး အားကိုးရမည်ဟူသော တကယ့်ယုံကြည်ချက်ဖြင့် ရင်ထဲ လှိုက်လှိုက်လှဲလှဲ စွဲစွဲမြဲမြဲ ဆောက်တည်ပါမှ ကောင်းကျိုးရလဒ်ကို ရရှိပါမည်။ ဤတွင် မြတ်စွာဘုရား၏ အရည်အချင်း (ဂုဏ်တော်) ကို သိဖို့လိုပါမည်။ မြတ်စွာဘုရားရှင်၏ဂုဏ်တော်မှာ အနန္တဖြစ်သောကြောင့် ဤရွေ့ဤမျှဟု မဖော်ပြနိုင်ပါ။ သို့သော် ယုံကြည်အားထားကြည်ညိုသဒ္ဓါ (သဒ္ဓါ - ယုံကြည်ခြင်း) ပွားများဖို့အတွက် မြတ်စွာဘုရားကိုယ်တော်တိုင် (ဓဇဂ္ဂသုတ်လာ) ဖော်ပြထားသည်မှာ (၁၀) ပါး (သံဃာ့မဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်၏ဟောကြားချက်အရ) ဖြစ်ပါသည်။

၎င်းတို့မှာ -

၁။ အရဟံ၊
၂။ သမ္မာသမ္ဗုဒ္ဓေါ၊
၃။ ဝိဇ္ဇာစရဏသမ္ပန္နော၊
၄။ သုဂတော၊
၅။ လောကဝိဒူ၊
၆။ အနုတ္တရော၊
၇။ ပုရိသဒမ္မသာရထိ၊
၈။ သတ္ထာဒေဝမနုဿာနံ၊
၉။ ဗုဒ္ဓေါ၊
၁၀။ ဘဂဝါတို့ ဖြစ်ပါသည်။

၎င်းတို့အနက် အရဟံဂုဏ်တော် တစ်ပါးတည်း၊ ထိုအရဟံဂုဏ်တော်တွင် -

၁။ ကိလေသာဆယ်ပါးကို ဝါသနာစရိုက်နှင့်တကွ ပယ်ရှားပြီးတော်မူခြင်း၊
၂။ ကိလေသာအညစ်အကြေးကင်းစင်တော်မူခြင်း၊
၃။ သံသရာစက်ကို အပြီးတိုင်ဖျက်ဆီးပြီးတော်မူခြင်း၊
၄။ မကောင်းမှုပြုရန် ဆိတ်ကွယ်ရာရှိတော်မမူခြင်း၊
၅။ နတ်၊ လူတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော -

ဂုဏ်တော် တစ်ပါးတည်းကို သဒ္ဓါပွားလျှင်ပင် လုံလောက်နေပါပြီ။

(အမှန်အားဖြင့် မြတ်စွာဘုရား၏ အနန္တဂုဏ်တော်အားလုံးသည် နတ်၊ လူတို့၏ ပူဇော်အထူးကိုခံတော်မူထိုက်သော ဂုဏ်တော်ချည်းသာတည်း။)

ထိုဂုဏ်တော်တွင် သီလ၊ သမာဓိ၊ ပညာအရာတို့နှင့် တူသူမရှိ အဓိပတိမြတ်တော်မူသည်၊ အမြတ်ဆုံးဖြစ်တော်မူသည်ဟူသော အရည်အချင်း (ဂုဏ်တော်) ပါရှိပါသည်။ သီလဆိုရာတွင် သံဝရသီလငါးပါးနှင့် ပြည့်စုံတော်မူခြင်းကို ဆိုပါသည်။

ထိုငါးပါးမှာ -

၁။ ပါတိမောက္ခသံဝရ - ဆိုသော (၂၂၇) သွယ်သောသိက္ခာပုဒ်။
၂။ သတိသံဝရ - ဆိုသော မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်(၆)ပါးတို့သို့ အကုသိုလ်မဝင်ရန် သတိဖြင့်စောင့်ကြပ်ခြင်း။
၃။ ဉာဏသံဝရ - ဆိုသော ကိလေသာတရား မဖြစ်ပွားအောင် ဉာဏ်ပညာဖြင့် စောင့်ထိန်းခြင်း။
၄။ ခန္တီသံဝရ - ဆိုသော အကုသိုလ်တရားများကို သည်းခံခြင်းဖြင့် မဝင်အောင်စောင့်ထိန်းခြင်း။
၅။ ဝီရိယသံဝရ - ဆိုသော လောဘ၊ ဒေါသကင်းစင်အောင်နှင့်အသက်မွေးမှုစင်ကြယ်အောင်စောင့်ထိန်းခြင်းတို့ ဖြစ်သည်။

ထိုသံဝရသီလကို ဆံတစ်ခြည်၊ မြူတစ်မှုန်မျှ မကျိုးမပေါက် မပျောက်မကျားအောင် စောင့်ထိန်းတော်မူခြင်းဖြစ်သည်။

သမာဓိ ဟူသည်မှာ စင်ကြယ်စွာတည်ကြည်ခြင်းဟု အဓိပ္ပာယ်ရပါသည်။ သမာဓိနှင့်တူသောစင်ကြယ်သောတရားသည်မရှိဟူ၍ ရတနသုတ်တွင် ရှင်တော်မြတ်ဘုရား ကိုယ်တော်တိုင် ပြောကြားတော်မူခဲ့ပါသည်။ စင်ကြယ်ခြင်းဟူသည် စိတ်၏စင်ကြယ်ခြင်းကို ဆိုပါသည်။ စိတ်သည် စင်ကြယ်စွာဖြင့် ငြိမ်သက်တည်ကြည်နေခြင်း ဖြစ်ပါသည်။

ကိလေသာတရားကြောင့် စိတ်သည် နောက်ကျိခြင်း ဖြစ်ရပါသည်။ ကိလေသာ (၁၀) ပါးကို ဝါသနာစရိုက်နှင့်တကွ ဖယ်ရှားပြီးဖြစ်၍ ကိလေသာအနောက်အကျိ အညစ်အကြေးတို့မှ အကြွင်းမဲ့ကင်းစင်တော်မူသော မြတ်စွာဘုရား၏ စိတ်တော်သည် အတုမရှိစင်ကြယ်လှပါသည်။ ထိုစင်ကြယ်သောစိတ်ကို အလိုရှိအပ်သောအာရုံနှင့်တည်ကြည်စွာထားပြီး အမြင့်ဆုံးသော ဈာန်အဘိညာဉ်များကိုဖြစ်စေခဲ့ပါသည်။ ထိုဈာန်အဘိညာဉ်ဖြင့် -

မိမိ၏ လည်းကောင်း၊ သူတစ်ပါး



www.burmeseclassic.com

www.burmeseclassic.com

၏ လည်းကောင်း အတိတ်ကာလဘဝ ဖြစ်စဉ်များကို အဆုံးအပိုင်းအခြားမရှိ ကြည်လင်သောကြေးမုံ(မှန်)တွင် မြင်ရသကဲ့သို့ ထင်ရှားပီပြင်တော်မူနိုင်သည်။ အလုံးစုံသိတော်မူနိုင်သည်။

သိပ္ပံဆရာတို့ အဆပေါင်းထောင်သောင်းမက ချဲ့ထွင်နိုင်သော မှန်ဘီလူး၊ မှန်ပြောင်းကြီးများ ကြည့်၍မမြင်နိုင်သော ရုပ်မှုန်အဖြစ်ရှိနေကြောင်းလည်း သိရသဖြင့် အင်အား (energy) မျှသာဟုဆိုရသလို ပရမာဏုမြူကိုပင် မြင်နိုင်သည်။ မည်မျှသေးပြီး၊ မည်မျှဝေးသော အရပ်တွင်နေပါစေ မြင်နိုင်သည်။ မည်သည့်နေရာတွင်မည်သို့ဖုံးကွယ်ပုန်းကွယ်နေပါစေ မြင်တော်မူနိုင်သည်။

ဤကား မြတ်စွာဘုရားတွင်သာ ရှိသည့် အတုမရှိသော သမာဓိတော်၏ တန်ခိုးတည်း။

ဉာဏ်ပညာအရာတွင် နိဗ္ဗာန်မြင်သော (မျက်မှောက်ပြုသော) အရဟတ္တမဂ်ဉာဏ်၊ အရဟတ္တဖိုလ်ဉာဏ် (ရဟန္တာတို့ရရှိအပ်သောဉာဏ်) သည် အမြင့်ဆုံးဖြစ်သည်။ မြတ်စွာဘုရားသည် ထိုအရဟတ္တမဂ်ဉာဏ်၊ အရဟတ္တဖိုလ်ဉာဏ်ကိုရပြီးသည်သာမက ခပ်သိမ်းကုန်သော သဘာဝတရားများ မဖောက်မပြန် အမှန်အတိုင်း သိတော်မူသည့် မြတ်စွာဘုရားမှတစ်ပါး အခြားသူများတွင်မရှိသောသဗ္ဗညုတဉ္ဉာဏ်တော်ကိုလည်း ရတော်မူထားသဖြင့် -

မြတ်စွာဘုရားတွင် အတုမရှိသော ဉာဏ်တော်ရှိတော်မူသည်။ ဤသည်တို့ကား နတ်၊ လူတို့၏ ပူဇော်အထူးကို ခံထိုက်သော မြတ်စွာဘုရား၏ အတုမရှိသော သီလ၊သမာဓိ၊ပညာတို့တည်း။

မေတ္တာစေတနာအရာတွင် မိမိအားသတ်ရန်အတန်တန်ကြိုးပမ်းခဲ့သည့် ရှင်ဒေဝဒတ်နှင့် ရင်နှစ်သည်းချာ သားတော် ရာဟုလာတို့ကို တန်းတူထားပြီး ကြီးမား မေတ္တာ၊ ကရုဏာ၊ စေတနာထားတော်မူသည်။ ထို့ကြောင့် မြတ်စွာဘုရားရှင်အားကိုးလောက်သော အရည်အချင်းနှင့်လည်း ပြည့်စုံသည်။ အားကိုးသူအား ဖြည့်ဆည်းပေးရန် စေတနာလည်း အတုမဲ့ရှိတော်မူသည်။

ဤသည်ကို သိရှိနားလည်ပြီး မျက်မှောက်၊ သံသရာဘဝများတွင် ဆင်းရဲကင်းပြီး ချမ်းသာခြင်းပြည့်စေရန်၊ ဆင်းရဲခပ်သိမ်းကို ကင်းငြိမ်းအောင် ကာကွယ်ပေးရန် မြတ်စွာဘုရားအား အကြွင်းမဲ့အားကိုးသော စေတနာဖြင့် မြတ်စွာဘုရားအား ကိုးကွယ်ဆည်းကပ်ပါ၏။

**ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။**

ပထမသရဏဂုံကို ရွတ်ဆိုပူဇော်ရာ၏။ ဤတွင် ဖော်ပြပါအချက်အားလုံးကို စိတ်ဖြင့်ရွတ်ဆိုပြီး ပူဇော်မဆိုလိုပါ။ သိထားရန်သာ ဖြစ်ပါသည်။ ဤအသိဖြင့် သေသေချာချာ နားလည်သဘောပေါက်ပြီး နှလုံးသွင်းထားလျှင် စက္ကန့်ပိုင်းအတွင်း အာရုံပြုပြီးဖြစ်ပါသည်။ မည်သို့မျှ ဘာမှမသိဘဲ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ဆိုလျှင် လူများပြောသံကြားသည့်စကားများကို ကြားရဖန်များသဖြင့် ဘာမှန်းမသိဘဲ လိုက်ပြောတတ်သည့် ကြက်တူရွေး၊ သာလိကာတို့ စကားပြောခြင်းပမာ ဖြစ်နေပေမည်။

ဒုတိယသရဏဂုံမှာ -

**ဓမ္မံ သရဏံ ဂစ္ဆာမိ** ဖြစ်ပါသည်။

တရားတော်အား ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏ဟု အဓိပ္ပာယ်ရပါသည်။ ဤတွင် တရားတော်၏ အနှစ်သာရအရည်အချင်းအကျဉ်းကိုမဖော်မီ ရှေးဦးစွာ ဖော်ပြလိုသည့်အချက်မှာ -

ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်ရန် အစနှင့် အဓိကအကျဆုံး လိုအပ်ချက်မှာ -

ကံ၊ကံ၏အကျိုးကို လက်ခံယုံကြည်ခြင်းပင် ဖြစ်ပါသည်။ မိမိပြုသောအမှု မိမိနှင့်သာဆိုင်သည်။ အခြားသူနှင့် မဆိုင်။ ကောင်းမှု၊ မကောင်းမှုအတွက် ဖြစ်ပေါ်လာသော ကောင်းကျိုး၊ ဆိုးကျိုး ရလဒ်များကို မိမိသာ ခံရ၊ စံရမည် ဖြစ်သည်။ မည်သူမျှ ကိုယ်စားခံ၍မရ။ ပမာအားဖြင့် လူသတ်သားအတွက် တရားရုံးကချမှတ်သောသေဒဏ်ကို သားကိုယ်စား အဖေက တောင်းယူ လွှဲပြောင်းခံယူ၍ မရသကဲ့သို့တည်း။ ဤအချက်ကို သေသေချာချာ သဘောပေါက် လက်ခံပြီးမှ ဗုဒ္ဓဘာသာအဖြစ်ခံယူခြင်းဆိုသည့် သရဏဂုံသုံးပါး ဆောက်တည်ခြင်းကို ပြုရာ၏။ တရားဂုဏ်တော်သည်လည်း အနန္တပင် ဖြစ်သည်။ ဘုရားဂုဏ်တော်ကဲ့သို့ပင် ဓဇဂ္ဂသုတ်တော်လာ တရားဂုဏ်တော်ခြောက်ပါးကို အကျဉ်းမျှ ဖော်ပြပါမည်။ တရားဂုဏ်တော်ခြောက်ပါးမှာ -

**၁။ သွာက္ခာတဂုဏ်တော်**

အစစ်အမှန်တရားဖြစ်ခြင်း၊ လေးသချေ်္ခနှင့်ကမ္ဘာတစ်သိန်း (စိတ်ဖြင့်၊ နှုတ်ဖြင့်တို့ပါပေါင်းသော် အသချေ်္ခနှစ်ဆယ်နှင့် ကမ္ဘာတစ်သိန်း) ပါရမီဖြည့် ကျင့်ကြံအားထုတ်ပြီးမှ ကိုယ်တိုင် လက်တွေ့ရရှိခဲ့သည့် တရားစစ်တရားမှန် ဖြစ်သည်။ တစ်ဆင့်ကြားတရားမဟုတ်။

**၂။ သန္ဒိဋ္ဌိကဂုဏ်တော်**

မည်သူမဆို ကိုယ်တိုင်ကျင့်လျှင် ကိုယ်တိုင်သိ၊ ကိုယ်တိုင်မြင်နိုင်သော တရားတော်။

**၃။ အကာလိကဂုဏ်တော်**

အကောင်းဆုံးအကျိုးကို အမြန်ဆုံးပေးသော နေ့မဆိုင်း၊ ညမဆိုင်း၊ လမဆိုင်း လက်ငင်း ကောင်းကျိုးခံစားရသော တရားတော်။

**၄။ ဧဟိပဿိကဂုဏ်တော်**

အဟုတ်အမှန် တကယ်ရှိပြီး တကယ့် ကောင်းကျိုးချမ်းသာကို ပေးကြောင်း အာမခံသည်။ လာလှည့်၊ ရှုလှည့်၊ လက်တွေ့ ကျင့်ကြံ အားထုတ်လှည့်။ လက်တွေ့အကျိုးထူးခံစားရမည်ဟု ဖိတ်ခေါ်ပြသနိုင်သောတရားတော်။

**၅။ ဩပနေယျိကဂုဏ်တော်**

အချိန်မရွေး၊ အခါမလင့်၊ နေ့မဆိုင်း၊ ညမဆိုင်း ကျင့်ကြံအားထုတ်တိုင်း မဆိုင်းမတွ ကောင်းကျိုးရသဖြင့် ရင်ထဲ၊ နှလုံးထဲ၌ အမြဲသိမ်းထား၊ ဆောင်ထားအပ်သည့် တရားတော်။

**၆။ ပစ္စတ္တံဝေဒိတဗ္ဗဂုဏ်တော်**

ပညာရှိပုဂ္ဂိုလ်အသီးသီးတို့ ကိုယ်စီကိုယ်ငှ ဆောင်ထားအပ်သော တရားတော် အရိယာပုဂ္ဂိုလ်တို့မိမိစိတ်သန္တာန်နှင့် ပွားများရရှိခဲ့သော မဂ်၊ ဖိုလ်တရားတို့ကို ကိုယ်တိုင်ဆိုက်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုခဲ့သောတရားတော်၊ ကိုယ်နှင့် အမြဲရှိအပ်သော၊ ဆောင်ထားအပ်သော တရားတော်တို့ ဖြစ်ပါသည်။

ဗုဒ္ဓ၏ တရားတော်များသည် သံသရာမှ လွတ်မြောက်ရေးအတွက် အဓိကဖြစ်သော်လည်း သံသရာမှာ ကျင်လည်နေရသေးသမျှ မဆင်းရဲရဘဲ ချမ်းသာသုခကို ရရှိစေပါသည်။ ဗုဒ္ဓ၏ တရားတော်သည် လာလှည့်၊ ရှုလှည့် မဆိုင်းမတွ ခံစားရကြောင်း၊ စသည့် အရည်အချင်းများနှင့် ပြည့်စုံကြောင်း ဖော်ပြခဲ့ပါသည်။ သာဓကအနည်းငယ် တင်ပြလိုပါသည်။

ကျွန်တော် ဝန်ထမ်းဘဝက လုပ်ဖော်ကိုင်ဖက်အရာရှိတစ်ဦးနှင့် ရင်းနှီးရပြီး သူ့ကိုယ်တွေ့တစ်ရပ်ကို ပြောပြပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။ သူလူလားမြောက်ချိန်တွင် ရုပ်ဝါဒီတွေကို ဆရာတင်မိပြီး ဘာသာမဲ့ဖြစ်ခဲ့ပါသည်။ ဘာသာမဲ့ရုပ်ဝါဒီများ ကြီးစိုးရာနိုင်ငံကြီးတစ်နိုင်ငံတွင် အတန်ကြာ ပညာသင်ကြားခဲ့ရသည်။ အိမ်ထောင်ကျတော့ ဘုရား၊ တရားအလွန်ကြည်ညိုသည့်မိသားစုတွင် အိမ်ထောင်ကျလေသည်။ ဇနီးက ချစ်၍ မပြော၊ ယောက္ခမများက သမီးမျက်နှာကြောင့် မပြော၊ သူ့အမူအရာများမှာ တစ်ခါတစ်ခါ စော်ကားသလို၊ ရိုင်းသလိုဖြစ်တတ်ပါသည်။ သူ့အမည်မှာ ဦးစံသိန်း ဖြစ်ပါသည်။

သို့ဖြင့် အတန်သောအခါ သူ့တွင် အိပ်မပျော်သောရောဂါ စွဲကပ်လာပါသည်။ ဆရာဝန်များနှင့်ကု၊ အိပ်ဆေးသောက်မရပါ။ ရင်းနှီးသူတစ်ယောက်က အာနာပါနလုပ်ကြည့်ဖို့ပြောတော့ သူက -

"ဘာသာရေးလား၊ ကျုပ်အသက်အသေခံသွားမယ် မလုပ်ဘူး"

ဟု ပြန်ပြောသည်။

ထိုသူက -

"အသက်ရှူလေ့ကျင့်ခန်းလေဗျာ။ ဘယ်သူမဆိုလုပ်နိုင်၊လုပ်နေကြတာပဲ"

ဟု ပြောတော့ သူက နည်းကိုမေးသည်။ ထိုသူက နည်းကို ပြောပြပြီး ညအိပ်ခါနီးမှ အသက်ရှူဖို့ကောင်းတဲ့နေရာမှ အနည်းဆုံး နာရီဝက်လေးလောက်လုပ်ပြီး အိပ်လိုက်ပါဟု ပြောသည်။ သူ့အိမ်မှာ ဘုရားခန်းမှလွဲပြီး အခြားနေရာကောင်းမရှိ။

ထို့ကြောင့်-

ဘုရားခန်းတွင် ဘုရားဘက်ကျောပေးပြီးလုပ်သည်။ (၃)၊ (၄) ရက်ဖြင့် အိပ်ပျော်လာသည်။ တစ်နေ့တွင် သူ ဘုရားကို ကျောပေးလေ့ကျင့်ရင်း သတိလစ်သလိုဖြစ်သွားသည်။ သတိပြန်ရသောအခါ ဘုရားကိုဦးတိုက်ပြီး ရှိုက်ကြီးတငင်ငိုနေသည်ကို သူသိရသည်။ သူက နောက်မှသိသည်။ အိမ်သားများက သူ့ငိုသံတည်းကသိပြီး ဝိုင်းကြည့်နေကြသည်။ သူအကြီးအကျယ်နောင်တရသွားသည်။ ဘုရားကို အလေးအနက်ရှိခိုးပြီး-

"တပည့်တော် မှားမှန်းသိပါပြီ ဘုရား။ ယနေ့မှစ၍ ဘုရားတပည့်တော်သည် ဗုဒ္ဓဘာသာဝင်စစ်စစ်စာစ်ဖြစ်ပါပြီဘုရား"

ဟု လျှောက်ထားလိုက်ပါသည်။

အိမ်သားများက ဝမ်းသာမဆုံးဖြစ်ကြသည်။

နောက်တစ်ဦးကတော့ ဘာသာမဲ့ဟု ကြွေးကြော်ထားသူ နိုင်ငံကျော်စာရေးဆရာကြီးတစ်ဦးပါ။ သူကတော့ အိပ်မပျော်လျှင် ဗုဒ္ဓ၏ အာနာပါနကျင့်စဉ်ဖြင့်ကုစားပါ။ မုချပျောက်တာကိုယ်တွေ့ပါ။ 'ဗုဒ္ဓဘာသာဝင်ဖြစ်ဖို့ တိုက်တွန်းခြင်းမဟုတ်ပါ' ဟု ဆိုသည်။ သူလည်း ဗုဒ္ဓဘာသာဝင်ဖြစ်မသွားပါ။

မည်သို့ဆိုစေ ကိုယ်တိုင်ကျင့်ကြံအားထုတ်သူအဖို့ လက်တွေ့ 'ကောင်းကျိုးခံစားရသည်ဆိုသော သာဓကပင်ဖြစ်ပါသည်။ မြတ်စွာဘုရား၏ တရားတော်သည် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ရှိပါသည်။ အနှစ်ချုပ်အားဖြင့် မဂ္ဂင်ရှစ်ပါးသာ ဖြစ်ပါသည်။ သံသရာဝဋ်ဆင်းရဲကိုခံနေရသူများသည် ရောဂါသည်များ ဖြစ်ကြပါသည်။ မြတ်စွာဘုရားသည် ဆေးကုခြင်းအတတ်၌ အတုမရှိ ထူးချွန်သော ဆေးဆရာသမားတော်ကြီး ဖြစ်ပါသည်။

လောက၌ ရောဂါဝေဒနာဖြစ်လျှင် သမားတော်ဆီ သွားရပါသည်။ ကျွမ်းကျင်သော သမားတော်သည် ရောဂါကို သိအောင် စုံစမ်းပြီးနောက် 'ဤဖွ' ဆိုပြီး ကျောသပ်မပေးပါ။ သင့်တော်သည့်ဆေးကို ညွှန်ပေးလိုက်ပါသည်။ ထိုဆေးသောက်မှ ရောဂါပျောက်ပါသည်။ ထို့ကြောင့် ရောဂါကို ပျောက်စေသည်မှာ ဆရာမဟုတ်၊ ဆေးသာဖြစ်ပါသည်။ လူမမာက ဆေးမသောက်လျှင် ဆရာနှင့် ဆေး မည်မျှတော်နေ၊ စွမ်းနေစေကာမူ ရောဂါပျောက်မည်မဟုတ်ပါ။

ဤသို့ တရားတော်၏ ဂုဏ်ကျေးဇူးအကျဉ်းကို သိရှိဆင်ခြင်အောက်မေ့သတိရလျက် -

**ဓမ္မံ သရဏံ ဂစ္ဆာမိ။**

တူ၍ တရားတော်မြတ်အား ကိုးကွယ်ဆည်းကပ်ရာ၏။

အလားတူ သံဃာတော် အရှင်မြတ်တို့၏ ဂုဏ်ကျေးဇူးသည်လည်း အနန္တပင် ဖြစ်သည်။

ဇေဂ္ဂသုတ်တော်လာဖြင့် အကျဉ်းဖော်ပြရသော် -

၁။ မြတ်စွာဘုရား ဆိုဆုံးမသည့်အတိုင်း တစ်သွေမတိမ်း လိုက်နာတော်မူကြသော သုပ္ပဋိပန္နဂုဏ်တော်၊

၂။ လမ်းဖြောင့်လမ်းမှန်အတိုင်း ဖြောင့်မတ်စွာ ကျင့်ကြံအားထုတ်တော်မူကြသော ဥဇုပ္ပဋိပန္နဂုဏ်တော်၊

၃။ နိဗ္ဗာန်အလို့ငှာ ကျင့်ကြံအားထုတ်တော်မူခြင်းနှင့် ပြည့်စုံတော်မူသော ဉာယပ္ပဋိပန္နဂုဏ်တော်၊

၄။ ရိုသေစွာ ကျင့်ကြံအားထုတ်တော်မူသော သာမိစိပ္ပဋိပန္နဂုဏ်တော်၊

၅။ အဝေးကယူဆောင်လာသော လှူဖွယ်ပစ္စည်းကို အလှူခံထိုက်တော်မူသော အာဟုနေယျဂုဏ်တော်၊

၆။ ဧည့်သည်အလို့ငှာထားသော ပစ္စည်းကိုအလှူခံခြင်းငှာထိုက်သော ပါဟုနေယျဂုဏ်တော်၊

၇။ မြတ်သောအလှူကို ခံတော်မူထိုက်သော ဒက္ခိနေယျဂုဏ်တော်၊

၈။ လက်အုပ်ချီမိုးရှိခိုးခြင်းကို ခံတော်မူထိုက်သော အဉ္ဇလိကရဏီယဂုဏ်တော်၊

၉။ ကောင်းမှု တည်းဟူသော မျိုးစေ့အပေါင်းကို စိုက်ပျိုးရာ လယ်မြေကောင်းသဖွယ် ဖြစ်တော်မူခြင်းတည်းဟူသော အနုတ္တရပုညက္ခေတ္တဂုဏ်တော်ဟူ၍ ကိုးပါး ဖြစ်ပါသည်။ ထိုဂုဏ်တော်များကို အာရုံပြုလျက် -

**သံဃံ သရဏံ ဂစ္ဆာမိ။**

သံဃာတော်မြတ်အား ကိုးကွယ်ရာဟူ၍ ဆည်းကပ်ရာ၏။

ဤသို့သောအသိ၊ ဤသို့သောသတိဖြင့် သရဏဂုံကို မပြတ်ဆောက်တည်သောသူသည် -

သေသော် အပါယ်မလားဘဲ သုဂတိဘုံများ၌သာဖြစ်လျက် မျက်မှောက်ဘဝမှစပြီး ဘဝတိုင်း၌ အများ၏ ပူဇော်မှုကိုခံရခြင်း၊ ထူးခြားသောစည်းစိမ်ချမ်းသာကို စံစားရခြင်း၊ အများတကာ၏ကြည်ညိုလေးစားမှုကိုခံရခြင်း၊ ထက်သောဉာဏ်ပညာရှိခြင်း၊ မိမိအလိုသို့လိုက်ပါခြင်း၊ မိတ်ကောင်းဆွေကောင်းများခြင်း၊ ကောင်းသတင်းဖြင့် ထင်ရှားကျော်စောခြင်း စသည့် အကျိုးထူးတရားများကို ရရှိခံစားရပေသည်။

အချုပ်ဆိုသော် -

သရဏဂုံတန်ခိုးဖြင့် -

မျက်မှောက်ဘဝတွင်ရော သေပြီး ရောက်ရာဘဝများတွင်ပါ အလိုမရှိအပ်သော ဆင်းရဲအပေါင်းမှကင်းဝေးပြီး အလိုရှိအပ်သောချမ်းသာမှုအပေါင်းနှင့် ပြည့်စုံမည်မှာ မလွဲဧကန်ဖြစ်သတည်း။

ငါးပါးသီလအကျိုးကို ဆက်လက်ရေးပါဦးမည်။

ချောင်းဆုံအုန်းသည်

www.burmeseclassic.com

www.burmeseclassic.com


# ၁၃၇၆ ခု ပက္ခအဟောနှင့်ယတြာ

သုခရုစ်




မဟာဘုတ်ဗေဒင်ပညာတွင် ပက္ခအယှူအဆာရှိပါသည်။ အထွန်းနှင့်ပုတိ၊ သိုက်နှင့်ရာဇ၊ အဓိပတိနှင့်မရဏ၊ ဘင်္ဂနှင့်ဘင်္ဂဟူ၍ ပက္ခအတွဲ(၄)တွဲရှိပါသည်။ ထပ်မံ၍ခွဲခြားသိရန်မှာ ပုတိမှအထွန်းသို့တက်သောအတွဲသည် အကောင်းပက္ခဖြစ်ပြီး အထွန်းမှ ပုတိသို့ဆင်းသောအတွဲသည် အဆိုးပက္ခ ဖြစ်ပါသည်။ မရဏမှ အဓိပတိသို့တက်သောအတွဲသည် အကောင်းပက္ခဖြစ်ပြီး အဓိပတိမှ မရဏသို့ဆင်းသောအတွဲသည် အဆိုးပက္ခဖြစ်ပါသည်။ သိုက်မှရာဇသို့သွားသောအတွဲသည် အကောင်းပက္ခဖြစ်ပြီး ရာဇမှ သိုက်သို့သွားသောအတွဲသည် အဆိုးပက္ခ ဖြစ်သည်။ ဘင်္ဂနှင့်ဘင်္ဂအတွဲသည် ဆိုးပက္ခဖြစ်ပါသည်။ ထို့ကြောင့် အကောင်းပက္ခ (၃)တွဲနှင့် အဆိုးပက္ခ (၄) တွဲ ဟူ၍ အတွဲ(၇)တွဲဖြစ်သွားပါသည်။

**အကောင်းပက္ခ**






**အဆိုးပက္ခ**





(၇) ရက်သားသမီးများအားလုံးတို့သည် မြန်မာနှစ်တစ်နှစ်တွင် ပက္ခတစ်လုံးလုံးနှင့် မိမိနေတတ်ပါသည်။ အကောင်းပက္ခမိခြင်းနှင့် အဆိုးပက္ခမိခြင်း ဟူ၍သာ ကွာခြားကြမည် ဖြစ်ပါသည်။ ယခုလာမည့် ၁၃၇၆ ခုနှစ်သည် (၄) ကြွင်းသော မဟာဘုတ်နှစ် ဖြစ်ပါသည်။

**(၄) ကြွင်း မဟာဘုတ်**




(၄)ကြွင်းမဟာဘုတ်နှစ်တွင် အင်္ဂါသားသမီးများသည် ပုတိဌာနရှိ ကြာသပတေးဂြိုဟ်နှင့် အဆိုးပက္ခမိနေမည်ဖြစ်ပါသည်။ ထို့ကြောင့် မိတ်ပျက်ခြင်း၊ မိတ်ဆွေမကောင်းကြုံရခြင်း၊ မိန်းမကိစ္စ မျက်နှာပျက်၊ အရှက်ရစရာ၊ သိက္ခာကျစရာကြုံရခြင်း၊ ပညာရေးညံ့ခြင်း၊ မြေ၊ အမွေကိစ္စပြဿနာပေါ်ခြင်း၊ ဆရာသမားတို့၏ငြိုငြင်ခံရခြင်း၊ ဘာသာရေးလုပ်ငန်းများပျက်ကွက်ခြင်း အစရှိသော ကြာသပတေးပရိယာယ်အဆိုးအညံ့များကို ကြုံတွေ့ကြရမည်ဖြစ်သည်။ ကြာသပတေးသားသမီးများသည် အထွန်းဌာနရှိ အင်္ဂါဂြိုဟ်နှင့် အကောင်းပက္ခမိပါသည်။ ထို့ကြောင့် အောက်လက်ငယ်သားအကျိုးပေးခြင်း၊ စစ်ဘက်နှင့်အကျိုးပေးခြင်း၊ ဆန်၊ ဆီ၊ စက်၊ စိန်ဝင်ခြင်းအကျိုးပေးခြင်း၊ စက်မှုလုပ်ငန်းများအောင်မြင်ခြင်း၊ မုဆိုးဖို၊ မုဆိုးမတို့၏အကူအညီ အကျိုးပြုခံရခြင်း၊ ခင်ပွန်းသည် အဆင်ပြေခြင်း၊ စာကောင်းပေကောင်းမှ အကြံကောင်းဉာဏ်ကောင်းရခြင်း၊ ပတ်ဝန်းကျင်နှင့် အဆင်ပြေခြင်း၊ ချီးကျူးခံရခြင်း အစရှိသော အင်္ဂါပရိယာယ်အကောင်းများကို အနှောင့်အယှက်မကင်း၊ အတိုက်အခံမကင်းဘဲ ကြုံတွေ့ကြရမည် ဖြစ်ပါသည်။




တနင်္ဂနွေသားသမီးများ မရဏဌာနရှိ စနေဂြိုဟ်နှင့် အဆိုးပက္ခမိ




www.burmeseclassic.com

www.burmeseclassic.com


သည်။ ထို့ကြောင့် သူတစ်ပါးအတွက် သက်သေလိုက်ရခြင်း၊ နုတ်ဖမ်းစားခံရခြင်း၊ အပူလောင်မာတတ်လိုက်တတ်ခြင်း၊ အနှောင့်အယှက်၊ ရန်ပေါ်ခြင်း၊ လူမျိုးကွဲနှင့်ပြဿနာပေါ်ခြင်း၊ အမှုအခင်းဖြစ်ပွားခြင်း၊ သူခိုး၊ အဆိပ်ရှိသတ္တဝါရန်ကြုံခြင်း၊ အလုပ်သမားတော်လှန်ခြင်း၊ ကိုယ်ဝန်ပျက်ကျတတ်ခြင်း၊ သူတစ်ပါးအကောက်ကြံခံရခြင်း၊ လောဘကြီးလျှင် မှားတတ်ခြင်း အစရှိသော စနေပရိယာယ်အဆိုးအညံ့များကို ကြုံတွေ့ကြရမည် ဖြစ်ပါသည်။

စနေသားသမီးများသည် အဓိပတိဌာနရှိ တနင်္ဂနွေဂြိုဟ်နှင့် အကောင်းပက္ခမိပါသည်။ ထို့ကြောင့် အလုပ်အကိုင်များအဆင်ပြေခြင်း၊ တိုးတက်ခြင်း၊ ဖခင်၊ ကြီးကဲသူတို့၏ အကူအညီအကျိုးပြုခံရခြင်း၊ အိမ်ပြင်၊ အိမ်ဆောက်ရခြင်း၊ အင်း၊ အဆောင်ဝင်ခြင်း၊ အိမ်ထောင်ဦးစီးအဆင်ပြေခြင်းအစရှိသော တနင်္ဂနွေပရိယာယ်အကောင်းများကိုအနှောင့်အယှက်မကင်း၊ အတိုက်အခံမကင်းဘဲ ပူပူဆူဆူဖြင့်ကြုံတွေ့ကြရမည် ဖြစ်ပါသည်။




တနင်္လာသားသမီးများသည် သိုက်ဌာနရှိ သောကြာဂြိုဟ်နှင့် အဆိုးပက္ခမိပါသည်။ ထို့ကြောင့် ဇနီးနှင့် အဆင်ပြေနေရာမှ ပြဿနာထပေါ်ခြင်း၊ ဇနီးသည်ကျန်းမာရေးထည့်ခြင်း၊ ဆွေမျိုးများနှင့်အတည့်နေရာမှ ရန်ပေါ်ခြင်း၊ ခရီးသွားဖြစ်သော်လည်း အဆင်မပြေသောခရီးဖြစ်နေခြင်း၊ အစားအသောက်ကြောင့် ကျန်းမာရေးညံ့ခြင်း၊ သူတော်ကောင်းယောင်ဆောင်ထားသူများနှင့်တွေ့ရခြင်း၊ သီလပျက်သူများနှင့် ကြုံတွေ့ရခြင်း၊ သာရေးခရီးသွားပြီး နာရေးခရီးများသွားရခြင်း အစရှိသော သောကြာပရိယာယ် အဆိုးအညံ့များကို ကြုံတွေ့ကြရမည် ဖြစ်ပါသည်။

သောကြာသားသမီးများတို့သည် ရာဇဌာနရှိ တနင်္လာဂြိုဟ်နှင့် အကောင်းပက္ခမိပါသည်။ ထို့ကြောင့် ငွေရှာဖွေသလောက်ရရှိခြင်း၊ ကြိုးစားသလောက်အမြတ်အစွန်းရခြင်း၊ ငွေကြေးလာဘ်ရွှင်ခြင်း၊ စန်းပွင့်ခြင်း၊ ချစ်သူရခြင်း၊ မိခင်၊ အစ်မတို့ထံမှလက်ဆောင်ရခြင်း၊ အလှူမင်္ဂလာကိစ္စဆောင်ရွက်ရခြင်း၊ ကျောက်၊ ကားလုပ်ငန်းများအဆင်ပြေခြင်း အစရှိသော တနင်္လာပရိယာယ်အကောင်းများကို အနှောင့်အယှက် အတိုက်အခံမကင်းဘဲ ကြုံတွေ့ကြရမည် ဖြစ်ပါသည်။




ဗုဒ္ဓဟူးသားသမီးများသည် ဘင်္ဂဌာနရှိ ဗုဒ္ဓဟူးဂြိုဟ်နှင့် အဆိုးပက္ခမိပါသည်။ ထို့ကြောင့် သားသမီးများကျန်းမာရေးညံ့ခြင်း၊ ညီအစ်ကိုမောင်နှမများနှင့်စိတ်ဝမ်းကွဲခြင်း၊ ရွှေထွက်ခြင်း၊ အလိမ်ခံရခြင်း၊ လူယုံသတ်ခြင်း၊ ရေလမ်းခရီးအန္တရာယ်ရှိခြင်း၊ မကောင်းသတင်းကြားရခြင်း၊ လေဖြတ်ခြင်း၊ သားသမီးထွက်ခြင်း၊ ၎င်းတို့၏တော်လှန်ခံရခြင်း၊ လူထွက်ခြင်း၊ ရှမ်း၊ တရုတ်လူမျိုးတို့နှင့်ပြဿနာပေါ်ခြင်း အစရှိသော ဗုဒ္ဓဟူးပရိယာယ် အဆိုးအညံ့များကို ကြုံတွေ့ကြရမည် ဖြစ်ပါသည်။

(၇) ရက်သားသမီးများအတွက် ပက္ခဟောချက်များကို ဖော်ပြခဲ့ပြီး ဖြစ်သဖြင့် ပက္ခပညာရပ်အရ ယတြာခန်းများကို ဆက်လက် ရေးသား ဖော်ပြပါမည်။

**တနင်္ဂနွေသားသမီးများ**

စနေနေ့ညနေ (၄) နာရီမှ (၆) နာရီ အတွင်းတွင် နွား (သို့) ဒရယ် (သို့) ဒုက္ခိတ အဆင်ပြေရာကို အစားအစာ သွားကျွေးပါ။ ဘုန်းကြီးကျောင်းသို့ ထင်း (သို့) မီးသွေး မကြာခဏ သွားလှူပေးပါ။

**တနင်္လာသားသမီးများ**

သောကြာနေ့ နံနက် (၈) နာရီမှ (၁၀) နာရီအတွင်းတွင် ဘုန်းကြီးတစ်ပါးကို သင်္ကြား (သို့) သစ်သီး (၆) မျိုး (သို့) သင်္ကန်းကပ်လှူပါ။ သမ္ဗုဒ္ဓေဂါထာကို နေ့စဉ် သက်စေ့ ရွတ်ဖတ်ပူဇော်ပါ။

**အင်္ဂါသားသမီးများ**

ကြာသပတေးနေ့ မွန်းတည့် (၁၂) နာရီမှ (၂) နာရီအတွင်းတွင် ဘဲ (သို့) ပူး (သို့) မျောက် အဆင်ပြေရာကို အစားအစာသွားကျွေးပါ။ ဘုန်းကြီးကျောင်းတွင် မြက်နုတ်ခြင်း၊ မြေဖို့ခြင်း ကုသိုလ်ကို မကြာခဏ လုပ်အားဒါနယူပါ။

**ဗုဒ္ဓဟူးသားသမီးများ**

ဗုဒ္ဓဟူးနေ့ မွန်းလွဲ (၂) နာရီမှ (၄) နာရီအတွင်းတွင် ဝက် (သို့) ဝက်ဝံ (သို့) လိပ် အဆင်ပြေရာကို အစာသွားကျွေးပါ။ ဘုန်းကြီးကျောင်းတွင် ရေသွင်းခြင်း၊ ရေမြောင်းဖော်ခြင်း၊ ဘုရားရင်ပြင်သန့်ရှင်းရေးလုပ်ခြင်းတို့ကို မကြာခဏ ဆောင်ရွက်ပါ။

**ကြာသပတေးသားသမီးများ**

အင်္ဂါနံနက် (၆) နာရီမှ (၈) နာရီအတွင်းတွင် ဘုရားရှင်ကို ဆန်၊ ဆီ၊ ဆား (၃) မျိုး ကပ်လှူပါ။ ဗိန္ဓာမဏိမန္တန်ကို နေ့စဉ်သက်စေ့ရွတ်ဖတ်ပူဇော်ပါ။

**သောကြာသားသမီးများ**

တနင်္လာနေ့နံနက် (၁၀) နာရီမှ (၁၂) နာရီအတွင်းတွင် ကိုရင်ကို ကြာဆံကြော် (၂) ပွဲ ကပ်လှူပါ။ ဘုရားဂုဏ်တော် (၉) ပါးကို နေ့စဉ် သက်စေ့ရွတ်ဖတ်ပူဇော်ပါ။

**စနေသားသမီးများ**

တနင်္ဂနွေနေ့နံနက် (၁၁) နာရီမှ (၁) နာရီအတွင်းတွင် ဆရာကြီး၊ ဆရာလေးများကို အာလူးကြော် (သို့) အုန်းယိုကပ်လှူပါ။ အောင်စကြာ မန္တန်ကို နေ့စဉ်သက်စေ့ ရွတ်ဖတ်ပူဇော်ပါ။

ယတြာများကို တစ်လလျှင် (၁) ကြိမ်ခန့် လစဉ်ဆောင်ရွက်သွားရပါမည်။ ပက္ခယတြာများကို ဆောင်ရွက်ခြင်းဖြင့် အဆိုးပက္ခသမားများအနေဖြင့် ကောင်းကျိုးများကို အတိုက်အခံ အနှောင့်အယှက်ရန်ကင်းရှင်းစွာဖြင့် ရရှိခံစားကြရမည် ဖြစ်ပါသည်။

(စကားချပ် - အကောင်းပက္ခသမားများသည် ကောင်းကျိုးများကို ရရှိမည်ဖြစ်သော်လည်း ပက္ခ၏ သဘောသဘာဝအရ အတိုက်အခံ အနှောင့်အယှက်ရန်များနှင့်မကင်းတတ်ကြပါ။)


*ကောင်းမှုအကြောင်းပြု*
*တောင်းဆုပြည့်ပါစေ*

သုခစုံ



www.burmeseclassic.com

www.burmeseclassic.com



*ဗေဒ္ဒာရှင်(ရွှေပြည်သာ)*

*အမြင့်မြတ်ဆုံးနှင့်အယုတ်ညံ့ဆုံး*

*(ယခင်လမှအဆက်)*

**မဖြစ်လိုသောအရာ**

*ကျွန်တော် အသက်(၈၅)နှစ်တိုင် ဒီရောဂါကြောင့် လူတောမတိုး လူရာမဝင် လူစလူညွန့်တုံး လူဝင်မဆံ့တော့ဘဲ မည်ကာမတ္တ လူသားဘဝကိုရောက်သွားပြီး လူဖြစ်ကျိုးလုံးလုံးရှုံးခဲ့ရတဲ့သူပါ။ ဒီဝေဒနာခံစားရတဲ့သူတွေဟာ ကိုယ်စိတ်နှလုံးသုံးပါးစလုံး ထာဝစဉ်နိမ့်ကျခံစားနေရပါတယ်။ ကျွန်တော်တို့ဘုရားရှိခိုးတဲ့အခါ တစ်ဆုတည်းကိုသာ ဆုတောင်းလေ့ရှိပါတယ်။ အဲဒါကတော့ နောင်ဘဝဆက်ဆက်လူ့ရယ်လို့ဖြစ်လာရင် နူသောလူမဖြစ်ရပါလို၏ဘုရား ဆိုတဲ့ ဆုပါပဲ။*

*ဘကြီးမြိုင်*
*နံ့သာမြိုင်၊*
*အနာကြီးရောဂါသည်စခန်း*
*မတ္တရာမြို့နယ်*
*မန္တလေးတိုင်းဒေသကြီး*

**အနာကြီးရောဂါကင်းစင်သောနေရာ**

မြန်မာနိုင်ငံမှာ အနာကြီးရောဂါ မိုးလုံးဝကင်းစင်သည့်နေရာအဖြစ် ကြေညာမယ်ဆိုရင် နံ့သာမြိုင်စခန်းကို စိတ်ချလက်ချ ယုံကြည်စွာ ကြေညာလို့ရပါတယ်။ ဘာပြုလို့လဲဆိုတော့ ကျွန်တော်တို့က MDT ဆေးပေါင်းစားပြီးထားတဲ့ လူတွေလေ။ ကျွန်တော်တို့က ကမ္ဘာပေါ်မှာ အနာကြီးရောဂါကင်းစင်တဲ့ဒေသအဖြစ် နံ့သာမြိုင်ကို ကြေညာဝံ့တဲ့ အချိန်မှာ ဘယ်နေရာ၊ ဘယ်မြို့၊ ဘယ်ရွာက ကျွန်တော်တို့လို ရဲရဲဝံ့ဝံ့ ကြေညာလို့ရသလဲ။ မကြေညာနိုင်ပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ တခြားလူစုတွေလူဝေးနဲ့ နေကြတဲ့နေရာမှာ အနာကြီးရောဂါသည်တွေဆိုတာရှိနိုင်သေးတယ်။ အဲဒီရှိတဲ့လူနာတွေဟာ ဆေးပေါင်းမစားရသေးဘူး။ နံ့သာမြိုင်မရမ်းချောင်းတောင်ပိုင်း အနာကြီးရောဂါစခန်းလိုနေရာမျိုးမှကလွဲရင် အခြားဘယ်နေရာမဆို အနာကြီးရောဂါကူးစက်မှုဆိုတာ နံ့သာမြိုင် မရမ်းချောင်းမှာ မရှိတော့ပါဘူး။ နံ့သာမြိုင်မှာရှိတဲ့ လူ(၆၁၃) ဦးဟာ ရောဂါ ပျောက်ကင်းနေကြပြီ။ ပိုးမရှိတော့ပါဘူး။

ဒါပေမယ့် ကျွန်တော်တို့မှာ အနာကြီးရောဂါပိုးမရှိတော့ပေမယ့် ရောဂါရှိစဉ်က ကျွန်တော်တို့ကို နှိပ်စက်ထားတဲ့ ဒဏ်ရာဒဏ်ချက်တွေ ကျန်ရှိနေတော့ ကျွန်တော်တို့ကို အများက ရောဂါသည်လို့ပဲ သတ်မှတ်ထားဆဲ ဖြစ်ပါတယ်။ ဒီတော့ (၆၁၃) ဦးဟာလည်း ရောဂါမရှိပေမယ့် ရောဂါသည်ဘဝနဲ့ပဲ ဆက်နေကြရပါတယ်။ လူတွေက ကျွန်တော်တို့ကို ရောဂါသည်အဖြစ်နဲ့ပဲ ဆက်မြင်နေကြသေးတယ်။ ရောဂါသည်အဖြစ်နဲ့ပဲ ဆက်ဆံနေကြသေးတယ်။ အနူလို့ပဲ ဆက်ခေါ်နေကြသေးတယ်။ သတ်မှတ်ထားကြသေးတယ်။

တက္ကသိုလ်မှာ စာတမ်းပြုစုနေတဲ့ တက္ကသိုလ်ကျောင်းသူလေးတစ်ဦး ရှိတယ်ဆိုပါစို့။ အဲဒီတက္ကသိုလ်ကျောင်းသူမှာ အနာကြီးရောဂါပိုးရှိနေတယ်။ အကွက်ကလေးပဲ ပေါ်သေးတယ်။ အကွက်ပေါ်နေတာကိုလည်း ကာယကံရှင်ကိုယ်တိုင်က မသိသေးဘူး။ ဘယ်သူမှမသိသေးဘူး။ ဒီလိုဆိုရင် ရောဂါပျောက်ပြီး ကိုယ်အင်္ဂါချို့တဲ့နေတဲ့(၆၁၃) ဦးက အနူလား၊ အဲဒီတက္ကသိုလ်ကျောင်းသူက အနူလား၊ ဘယ်သူ့ကိုအနူလို့ပြောမလဲ၊ ဆေးပညာအတွေးအခေါ်အရတော့ အဲဒီတက္ကသိုလ်ကျောင်းသူက အနူပဲ။ ကျွန်တော်တို့ (၆၁၃) သုံးဦးက ရောဂါပျောက်ကင်းပြီးတဲ့သူတွေလေ အနူမဟုတ်တော့ဘူး။

(၆၁၃) ဦးနဲ့အတူအိပ်အိပ်၊ အတူစားစား အတူပဲနေနေ အနာကြီးရောဂါ မကူးနိုင်တော့ဘူး။ ဒါပေမယ့် ခုနက တက္ကသိုလ်ကျောင်းသူလေးနဲ့အတူ စားကြည့်ပါလား၊ ရောဂါကူးနိုင်တယ်။ သူနဲ့တွေ့ထိဆက်ဆံသူတွေဟာ အဆင်မသင့်ရင် ရောဂါကူးခံရမယ်။ ဒါက လက်တွေ့ဖြစ်ရပ်။ ဒါပေမယ့် ဘဝမှာက အလှမယ်ဘွဲ့ရသူတွေနဲ့ တက္ကသိုလ်ကျောင်းသူက လူကောင်းဖြစ်ပြီး ကျွန်တော်တို့ (၆၁၃) သုံးဦးက အနူဆက်ဖြစ်နေတယ် ဆရာ။ ဒါက တရားသလား၊ လောကနိယာမတရားကို ကျွန်တော် တင်ပြပါ့မယ်။ ကျောက်ပေါက်မာနဲ့လူကို ကျောက်ရောဂါသည်လို့ ခေါ်လား။ သူ့မျက်နှာမှာ ကျောက်ပေါက်မာတွေနဲ့ ရောဂါဒဏ်ရာဒဏ်ချက်ပဲရှိနေတယ်။ ဒါပေမယ့် ကျောက်ပေါက်မာနဲ့လူကို ကျောက်ရောဂါရှိတယ်လို့ မခေါ်တော့ဘဲ ကျွန်တော်တို့က သူတို့လို ရောဂါမရှိပေမယ့် အနူလို့အခေါ်ခံနေရပါတယ်။

ဦးမောင်မောင် (နံ့သာမြိုင်)

■

ဦးဘထွား၏စိတ်၌ ဖြစ်ပေါ်နေသော ရာဂအားသည် ပကတိမီးကဲ့သို့ ပူလောင်မည်ဆိုလျှင် စိုက်ကြည့်ခံရသော မယားပါသမီးဖြူဖြူဝင်းတစ်ကိုယ်လုံး အရည်ပျော်ကျလောက်မည်ထင်သည်။ အချိန်ကလည်း မှောင်စပြုချိန်။ ခမောက်သွားရောင်းသော မိန်းမဖြစ်သူကလည်း ရောက်မလာသေး။ အိမ်ထဲတွင် သူနဲ့ ဖြူဖြူဝင်း နှစ်ယောက်တည်းသာရှိသည်။ သည်လိုအခွင့်အရေးမျိုး



www.burmeseclassic.com

www.burmeseclassic.com



သ[illegible]၊ လေးနှစ်ကြာအောင် စောင့်ခဲ့ရ [illegible] မကျတော့ပါလေသော [illegible]တက်အမေ မုဆိုးမ [illegible]ကို သူလက်ထပ်ခဲ့သည့် ရှုပ်ရှယ်ချက်ကိုက သမီးအကြီးဆုံး [illegible] မရအရ သိမ်းပိုက် [illegible]ရှုယ်ချက်လည်း ပါလေသည်။ [illegible]သည် မိန်းမမာယာ [illegible]သည်ကို တိုင်း [illegible]ပေါ် [illegible] မသိရှာ။ [illegible]အပေါ် [illegible]မြှုပ် [illegible]သာ မေတ္တာ၊ မေတ္တာ[illegible]သော [illegible]ကောင်းသည့်ထင်၍သော [illegible] ပါးမြိုင်း[illegible] ဦးဘထွားကို [illegible] [illegible]သည်။

ဦးဘထွား အိမ်အပြင်ဘက်ကို တစ်ချက်လှမ်းကြည့်အကဲခတ်လိုက်သေးသည်။ မည်သူမျှမရှိ။ တံခါးမကြီးကိုလည်း ပိတ်ထားပြီးပြီ။ အကယ်၍ သူ့လက်ကလွတ်ပြီးထွက်ပြေးလျှင် ပြေးပေါက်ပိတ်နေအောင် ကြိုတင်စီမံထား

www.burmeseclassic.com

www.burmeseclassic.com

ခြင်း ဖြစ်သည်။ ဖြူဖြူဝင်းအခန်းတံခါးကို အသံမမြည်အောင် ဖြည်းဖြည်းချင်း ဆွဲဖွင့်ပြီး ခေါင်းဝင်ကာ သေချာစိုက်ကြည့်လိုက်သည်။

ဖြူဖြူဝင်းကတော့ မသိရှာ။ ရေချိုးပြီးစ ထဘီရင်ဘတ်ရှားပြီး မိန်းမထိုင်ထိုင်ပြီး သနပ်ခါးသွေးနေသည်။ ရေချိုးပြီးစဖြစ်သော ခန္ဓာကိုယ်မှရေစများစိုနေသောကြောင့် ခေတ္တလဲထားသော ထဘီမှာ ဖြူဖြူဝင်းကိုယ်တွင် ကပ်လျက်ရှိရာ မျက်နှာသာမက ကိုယ်လုံးကိုယ်ပေါက်ပါလှသော ဖြူဖြူဝင်းနောက်ပိုင်းအလှက ဦးဘထွား၏ ရမ္မက်မီးပုံထဲသို့ ဓာတ်ဆီပုံးလောင်းချလိုက်သကဲ့သို့ဖြစ်သွားတော့သည်။

ဦးဘထွားတစ်ကိုယ်လုံးရှိအကြောများက ဖျိုးဖျိုးဖျဉ်းဖျဉ်းလှုပ်ရှားထကြွလာကာ အာခေါင်များခြောက်သလိုဖြစ်သဖြင့် တံတွေးမျိုချလိုက်ရာ ဂလု ဟူသောအသံသည် ဖြူဖြူဝင်းအခန်းထဲတွင် အကျယ်ကြီးထွက်သွားသည်။ ဖြူဖြူဝင်းက ဦးဘထွားနောက်မှဝင်လာသည်ကိုမသိသေးဘဲ သနပ်ခါးများကို ခြေဆုံးခေါင်းဆုံးလိမ်းနေသည်။

ဦးဘထွားတစ်ယောက် ဖြူဖြူဝင်းသနပ်ခါးလိမ်းပြီးအောင် မစောင့်နိုင်တော့။ နောက်ပြန်လှည့်ပြီး တံခါးကိုချက်ထိုးကာ ခြေလှမ်းကျဲကျဲကြီးများဖြင့် ဖြူဖြူဝင်းရှိရာသို့ ခဏချင်းရောက်သွားကာ နောက်မှသိမ်းဖက်လိုက်တော့၏။

"လူယုတ်မာကြီး လွှတ်လွှတ်"

ဖြူဖြူဝင်းသည် ထွားကျိုင်းသော ကြောင်ကြီးတစ်ကောင်၏လက်ထဲတွင် ကစားခံနေရသော ကြွက်ကလေးပမာသာ ဖြစ်နေသည်။ ဖြူဖြူဝင်းမှာ ရက်လွန်းအားကြီးသဖြင့် မျက်နှာတွေ နီမြန်း၊ မျက်လုံးတွေပြာသွားကာ ကိုယ့်ကိုယ်ကိုယ် မည်သို့ကာကွယ်ရမည်ဆိုသည်ကိုပင် မသိတတ်နိုင်အောင်ဖြစ်နေရှာသည်။ ထိုအချိန်မှာပင် ဖြူဖြူဝင်းရင်ဘတ်တွင်ပေါ်နေသော အဖြူကွက်များကို မြင်သွားလေသည်။ ထိုအကွက်များကို တွေ့လိုက်ရသည်နှင့် ဦးဘထွားတစ်ယောက် တွန့်ခနဲဖြစ်သွားသည်။

"ဟင်-အနူမ"

ဟူသော စကားတစ်ခွန်းထွက်လာပြီး သူ့မျက်နှာတွင် ရာဂမီးမရှိတော့။ ရွံ့ရှာစက်ဆုပ်နေသောမျက်နှာပေါ်တွင် ဒေါသမီးများ တောက်လောင်လာပြန်သည်။

"အလကား အနူမ၊ နင်ဒီအကွက်တွေ ဘယ်အချိန်ကတည်းကဖြစ်နေတာလဲ"

"တစ်နှစ်ကြာသွားပြီ"

"ကြည့်စမ်း၊ နူနေတာကို အသိမပေးဘဲ ငါ့အိမ်မှာခိုးပြီးတော့နေတယ်။ သွား၊ အခုအိမ်ပေါ်ကဆင်း။ ငါ့အိမ်ပေါ်မတက်နဲ့၊ ဆင်းဆိုခုဆင်း။ နင့်အဝတ်အစား၊ ပစ္စည်းတွေ အကုန်ယူသွား"

ဖြူဖြူဝင်းမှာ ဘဝပျက်ရပေတော့မည်။ ပထွေးဖြစ်သူက အိမ်ပေါ်မှ နှင်ချနေပြီ။ သူမည်ကဲ့သို့လုပ်ရမည်နည်း။ အရင်ကတည်းက ကြောက်တတ်သူဖြစ်သောကြောင့် လူလှသလောက် ကံမလှသော မိန်းကလေးမှာ အဝတ်အစားဝတ်ပြီးသည်နှင့် အတ်ကလေးတစ်လုံးကိုဆွဲပြီး အိမ်ပေါ်မှ ဆင်းခဲ့ရသည်။

"အမေရယ်၊ သမီးဘဝကို ကယ်ပါဦး"

နှုတ်မှတိုးတိုးလေးအော်ညည်းကာ ဖြူဖြူဝင်းတစ်ယောက် အိမ်ပေါ်မှဆင်းလာစဉ် အမေဖြစ်သူ ပြန်လာသည်ကို အိမ်ပေါက်ဝတွင် တွေ့လိုက်ရသည်။

"အမေ၊ အမေရေ"

ဟု အော်ဟစ်ကာ ဖြူဖြူဝင်း မိခင်၏ရင်ခွင်ထဲသို့တိုးဝင်ကာ ရှိုက်ကြီးတငင်ငိုကြွေးတော့သည်။ ဒေါ်နန်းခမ်းထွေးမှာ သမီးကိုဖက်ထားကာ နှစ်သိမ့်နေရသည်။ ဘာဖြစ်သည်ကို သေချာမသိရသေးပေ။ အိမ်ပေါ်သို့ တက်ခါနီးတွင် ဦးဘထွား တံခါးမကြီးရှေ့တွင် ရုတ်တရက် ပေါ်လာကာ -

"ဟေ့ - နန်းခမ်းထွေး၊ နင့်သမီးကို ငါ့အိမ်မှာ လက်မခံနိုင်ဘူး။ နင့်သမီး နူနေတာသိရက်နဲ့ နင်ကလည်း ငါ့ကို ဝိုင်း လိမ်ထားတယ်။ သူ့ကို မနက်ဖြန်မတ္တရာက အနူဆေးရုံကို လိုက်ပို့လိုက်။ နင့်သမီးပြန်ပါလာရင် နင်ပါမလာခဲ့နဲ့။ ဒီညလည်း အိမ်ပေါ်မှာ အအိပ်မခံနိုင်ဘူး။ အိမ်နောက်ဖေးကွပ်ပျစ်မှာ သွားအိပ်ပစေ"

"ဟုတ်. . . ဟုတ်ကဲ့"

နဂိုကတည်းက လင်ကို ကြောက်ရသော ဒေါ်နန်းခမ်းထွေးမှာ ဘာမှအတွန့်မတက်ရဲဘဲ အိမ်နောက်ဖေး ကွပ်ပျစ်ရှိရာသို့ သမီးကို ခေါ်သွားရတော့သည်သည်။ ဖြူဖြူဝင်းက သူ့ရင်ခွင်ထဲတွင် တသိမ့်သိမ့်ငိုရှိုက်ရင်း ဖြစ်ကြောင်းကုန်စင်အောင် ပြောပြသည်။ ဆေးပညာဗဟုသုတမရှိခြင်း၊ စာမဖတ်ခြင်း၊ သဘောထားသေးခြင်းတို့ကြောင့် အပျိုလေးတစ်ယောက်အား မတရားကျင့်ဖို့ အားထုတ်နေသောအဖြစ်သည် နူနာရောဂါရှိခြင်း ဟူသောအပြစ်နှင့် ယှဉ်လိုက်သောအခါ နေထိသော နှင်းပေါက်ကဲ့သို့ အစအနရှာမရအောင် ပျောက်ကွယ်သွားတော့သည်။

အပြင်တွင် ကစားရာမှ ပြန်လာကြသော မောင်နှစ်ယောက် အိမ်ပေါ်တက်လာသည်နှင့် ဦးဘထွား ဆီး၍ သတင်းပေးလိုက်သည်။

"ဟေ့ကောင်တွေ၊ မင်းတို့ အစ်မနားကို သွားမကပ်ကြနဲ့။ မင်းတို့အစ်မ နူနေပြီ။ မင်းတို့ပါ ရောဂါတွေကူးကုန်ရင် ဒီအိမ်မှာမနေရဘူး။ ရောဂါကူးမှာကြောက်ရင် ကိုယ့်အခန်းထဲကိုယ်နေကြ"

လဲနေသူကို ဖိထောင်းလိုက်သော စကားသည် အလွန်ထိရောက်သွား၏။ မည်သည့်ဗဟုသုတမျှမရှိသော ကလေးနှစ်ယောက်သည် အခန်းထဲသို့ ချက်ချင်းဝင်ပြေးကြသည်။ ဖြူဖြူဝင်းတို့မိသားစုသည် နမ့်ခမ်းနယ်တွင် နေထိုင်ပြီး ဝါးဖက်များဖြင့် ပြုလုပ်သော ဝါးခမောက်လုပ်ငန်းဖြင့် အသက်မွေးကြသည်။ ရှမ်းဗမာအနွယ်များ ဖြစ်သည်။ ကုန်ကြမ်းဖြစ်သော ဝါးဖက်များကို ဈေးနေ့တိုင်း ထွက်ဝယ်ကြသည်။

ဝါးခမောက်လုပ်ငန်းသည် လုပ်ငန်းသုံးခမောက်နှင့် လက်ဆောင်ပေး အလှဆောင်းခမောက် ဟူ၍ နှစ်မျိုးရှိသည်။ သူတို့မိသားစု ဝိုင်းရက်ပြီးစီးသော ဝါးခမောက်များကို ဈေးနေ့များမှာပင် ထွက်ရောင်းကြသည်။ အိမ်တွင်းမှာလည်း ခမောက်ဆိုင်လေးဖွင့်ထားသည်။ အချို့ကို တရုတ်ပြည်ဘက်မှလည်း ကြိုက်၍ လာဝယ်ကြသည်။ မိစုံဖစုံ ဘဝပျော်ပါးရသည်မှာ (၁၅) နှစ်သမီးအရွယ်အထိသာဖြစ်သည်။

ဖြူဖြူဝင်း (၁၅) နှစ်သမီးအရွယ်တွင် ဖခင် ဆုံးပါးသွား၍ ရွှေတောင်ကြီးလဲပြိုသွားသလို ကျန်ရစ်သူအားလုံး အားငယ်ရသည်။ ထို့ကြောင့် ဖြူဖြူဝင်းသည် ခုနစ်တန်းနှင့် ကျောင်းထွက်ကာ ဝါးခမောက်လုပ်ငန်းကိုဝင်လုပ်ရတော့သည်။ မောင်လေးနှစ်ယောက်ကိုတော့ ဘွဲ့ရပညာတတ်လေးများ ဖြစ်အောင်ထားမည်ဟု ဖြူဖြူဝင်းအားခဲထားသည်။ သူမ (၁၈) နှစ်သမီးအရွယ်မှာပင် လက်ဖျံတွင် အကွက်ကလေးတစ်ကွက်ပေါ်လာသည်။

မည်သူ့မျှမပြောဘဲ ဟိုဆေးလိမ်းသည်ဆေးလိမ်းနှင့် ဆေးမြီးတိုနှင့် ကုသသော်လည်း မပျောက်သည့်အပြင် ရင်ဘတ်နှင့် ခြေသလုံးများတွင်ပါ ထပ်ပေါ်လာသည်။ ဝါးဖက်များကို ရေစိမ်ရာမှ ထိုစိမ်ရည်နှင့်မတည့်သဖြင့် [illegible] ပေါ်လာသည်ဟု ထင်ရှိနေသည် [illegible]



www.burmeseclassic.com

www.burmeseclassic.com

အကွက်များကိုကုတ်ဖွဲ့သော်လည်း မနာခြင်းပင် ဖြစ်၏။ ထိုအချိန်မှာပင် အားတီးရသည့်အနေဖြင့် အမေက နောက်အိမ်ထောင်ပြုသည်။ အမေ့ကို ပြောပြသောအခါ အမေကလည်း မြန်မာဆရာတွေဆီက ဆေးတောင်းပြီး တိတ်တိတ်ကျိတ်ကုပေးသည်။ သို့သော် မသက်သာ။ ပို၍သာဆိုးလာသည်။

မှတ်ချက်။ ။ ခန္ဓာကိုယ်ထဲတွင် မသက်ာဖွယ်ရာ အကွက်ကိုတွေ့လျှင် လက်သည်းဖြင့် နည်းနည်းကုတ်ကြည့်ပါ။ နာကျင်လျှင် ရိုးရိုးအပေါ်ယံ ယားနာ ဝဲ၊ ပွေး၊ နှင်းခူတစ်ခုခုသာ ဖြစ်သည်။ ဒိုးရိမ်စရာမရှိ။ မနာကျင်ဘူးဆိုလျှင် ဆရာဝန်နှင့်ပြပြီး သေချာစစ်ဆေးသင့်သည်။ အနာကြီးရောဂါဖြစ်ဖို့များသည်။ ဖြစ်သည်ကိုသိလျှင် အနာကြီးရောဂါ ဆေးရုံတက်စရာမလိုပါ။ နီးစပ်ရာ သားဖွားဆရာမလေးများထံတွင် MDT ခေါ် ဆေးပေါင်းအသင့်ရှိသည်။ ဆရာမလေးများက ဘေးလူများမသိအောင် ဆေးမြောက်လစာတိုက်ပါလိမ့်မည်။ မြောက်လပြည့်သည်နှင့် မည်သည့်ဒဏ်ရာမျှမရှိဘဲ ပျောက်ကင်းခွင့်ရပါပြီ။ စာမဖတ်သည့်အတွက် ဖြူဖြူဝင်းတို့မှာ ထိုဗဟုသုတမရှိရှာပါ။ အချိန်အလွန်နောက်ကျပြီးမှ ဆေးသောက်ကြသောကြောင့် ရောဂါပျောက်သော်လည်း မျက်နှာများ၊ ခြေ လက်များ မပျက်စီးသင့်ဘဲ ပျက်စီးမှုများကြုံရခြင်း ဖြစ်သည်။

အကွက်များက လူကွယ်ရာတွင် ပေါ်ခြင်းဖြစ်၍ တော်သေးသည်။ သို့သော် အကွက်တွေ တင်းကျမ်းဖြစ်လာသောအခါ ရောဂါပွထလာသည်။ အကွက်များကို သနပ်ခါးထူထူဖုံး၍ ဖုံးအောင်းနေစဉ် ပထွေး၏အတင်းဖြည့်မှုကိုခံရခြင်း ဖြစ်သည်။ နောက်ဆုံးမှာပင် ဖြူဖြူဝင်းသည် မိခင်နှင့်အတူ (၃၁) ဘုံအပြင်ဘက်နေရာဆီသို့ ရောက်ခဲ့ရသည်။ (၃၁) ဘုံအပြင်ဘက်ဆိုသည်မှာ အနာကြီးရောဂါသည်များ နေထိုင်ထားသောရွာနှင့် ဆေးရုံကို ဆိုလိုခြင်း ဖြစ်သည်။

မှန်ပေသည်။ အနာကြီးရောဂါ ဖြစ်ပြီဆိုသည်နှင့် ဘဝသို့ရောက်သွားသည်နှင့် မသေမီ လူသားများနှင့် ဘဝခြားသွားကြရသည်။ သူတို့ကို လူစာရင်းထဲမသွင်းကြ။ ရောဂါပျောက်မှ အပယ်ခံရသော်လည်း သူတို့သည် ဘုံပြင်ပဖြစ်သွားကြသည်လည်း မှန်၏။ အပါယ်ဘုံသားထဲလည်းမဝင်။ ထို့ကြောင့်ကို (၃၁) ဘုံအပြင်ဘက်သို့ ရောက်ကြရသည်။ ရောဂါကပေးသော ဒုက္ခထက် လူအပစ်ခံရသော ဝေဒ

နာက အဆပေါင်းများစွာ ပို၍နာကျင်ကြသည်။

ထို့ကြောင့်လည်း သူတို့ကို ပစ္စည်းဥစ္စာများပေးကမ်းထောက်ပံ့သည်ထက် သူတို့နှင့် မိတ်ဆွေများလို ပေါင်းသင်းပြီး သူတို့ကျွေးတာများကို စားပြလျှင် သေမလောက်အောင် ဝမ်းသာမျက်ရည်များ တွေတွေကျလျက် ဆွမ်းဝိုင်းဘေးမှနေ၍ လက်တိုလေးများကို ပူးလျက် ဆွမ်းစားပြီးသည်အထိ ကြည်ညိုနေကြလေ့ရှိသည်။

ရောဂါကင်းသော ရဟန်းတော်များက သူတို့လှူသောဆွမ်းကို မသုံးဆောင်သောအခါ သူတို့ကဲ့သို့ ရောဂါရှိခဲ့ဖူးသော ဆရာတော်များကိုသာ ရှာပြီး ကိုးကွယ်ကြရရှာသည်။ ကျွန်ုပ်ရောက်ခဲ့သော မရမ်းချောင်း နံ့သာမြိုင်တောင်ပိုင်း မော်လမြိုင်တို့တွင် ရောဂါဖြစ်ခဲ့ဖူးသောဆရာတော်များသာ ကျောင်းထိုင်သာသနာပြုနေကြသည်ကိုတွေ့ရသည်။ ၂၀၁၀ ပြည့်နှစ်က ကျွန်ုပ်သည် ပခုက္ကူမြို့တွင် တရားစခန်းသွားဖွင့်ရသည်။ ပရိယတ္တိ၊ ပဋိပတ္တိနှစ်မျိုးလုံး သာသနာပြုနေတော်မူသော ဗောဓိမဏ္ဍိုင်စာသင်တိုက်ဆရာတော်ကြီးက တာဝန်ပေးသောကြောင့် ဖြစ်သည်။

စာသင်တိုက်ဆရာတော်ကြီးများထဲတွင် သဘောထားအပြည့်အဝဆုံး ဆရာတော်ကြီးဟု ဆိုသင့်သည်။ လွန်ခဲ့သော နှစ်အတန်ကြာလောက်က ဖုံလယ်တောရ ဆရာတော်ဘုရားကြီး တရားစခန်းပွဲဖွင့်ရအောင် ဒကာတစ်ယောက်က ပင့်လာသည်။ ပခုက္ကူရောက်သောအခါ စခန်းပွဲဖွင့်ဖို့ နေရာမရဖြစ်နေသည်။ ဆရာတော်ကြီးမှာ တစ်ခါကြွလာဖို့လည်း မလွယ်ပေ။ ရှိပြီးရိပ်သာများကလည်း မည်သို့သော အကြောင်းကြောင့်မသိ၊ ခွင့်မပြုနိုင်ဖြစ်နေရာ ဗောဓိမဏ္ဍိုင်ဆရာတော်ကြီးကပင် စာသင်တိုက်မှာ လက်ခံ၍ တရားစခန်းပွဲဖွင့်ပေးလိုက်သည်။

လွယ်လွယ်ကူကူမဟုတ်။ ကျောင်းအားလုံးမှာ အပြည့်ရှိနေသော စာသင်သား နှစ်ရာကျော်ကို အရပ်သို့ ခေတ္တပြန်လွတ်ပြီးမှ တရားစခန်းပွဲဖွင့်ရခြင်းဖြစ်သည်။ ထိုအတွေ့အကြုံကြောင့် ထင်ရှားသော ဆရာတော်များကြွလာ၍ တရားစခန်းပွဲဖွင့်ဖို့ အခက်အခဲရှိလျှင် အဆင်ပြေစေရန် မြို့နှင့်ခပ်လှမ်းလှမ်း တစ်နေရာတွင် ရိပ်သာကြီးတစ်ခုတည် ထောင်ပေးထားလိုက်သည်။ အဘယ်မျှကြည်ညိုစရာကောင်းလိုက်ပါသနည်း။ ပဋိပတ်သမားဆိုလျှင် ဘာမှသုံးမရ

အောင်ပြောတတ်သော စာတတ်ဆရာတော်အချို့အတွက် သတိပြုစရာပင်။

ကျွန်ုပ်သည် စာချဘုန်းကြီးဘဝနှင့် သုံးနှစ်၊ ကျောင်းတိုက်စာသင်တိုက် ဆရာတော်အဖြစ်ဖြင့် သုံးနှစ် စုစုပေါင်း (၆) နှစ်စာချပေးခဲ့ဖူးသည်။ အုပ်ချုပ်ရေးပညာမကျွမ်းကျင်မှု၊ ညတရားပွဲများလှည့်လည် ဟောပြောရမှုတို့ကြောင့် စာသင်တိုက်အလုပ်ကို ရပ်နားလိုက်ရတော့သည်။ စာချဘုန်းကြီးဘဝမှလာခဲ့ရသောကြောင့် စာသင်သားနှင့် စာချဆရာတော်များ၏ဘဝကို နားလည်သည်။ ထို့ကြောင့် ရလာသော လာဘ်လာဘများကို စာသင်တိုက်များသို့သာ ဦးစားပေး လှူဒါန်းသည်။

ရွှေပြည်သာမြို့မှ ငယ်-လတ်-ကြီး ဓမ္မာစရိယနှင့် တိပိဋကအောင်ဆရာတော်များကို နှစ်စဉ် စာအောင်ဆုလှူဒါန်းနေသည်မှာ လေးကြိမ်ရှိခဲ့ပေပြီ။ နောက်ဆုံးအကြိမ်တွင်ကား မှော်ဘီမြို့နယ်နှင့် ရွှေပြည်သာမြို့နယ် နှစ်မြို့နယ်ပေါင်းပြီး စာအောင်သံဃာပူဇော်ပွဲလုပ်ပေးခဲ့သည်။ စာချဆရာတော်များ၊ သီလရှင်များပါ မကျန်စေရပေ။ ပဉ္စမအကြိမ်ပူဇော်ပွဲတွင် ကျပ်သိန်းပေါင်း (၂၅၀) ကျပ် ပူဇော်လှူဒါန်းနိုင်ခဲ့သည်။ စာအုပ်အမြတ်ငွေများမှ စုပြီးလှူဒါန်းနိုင်ခြင်းဖြစ်သည်။

၂၀၀၉ ခုနှစ်က မြိတ်မြို့ပေါ်မှ စာသင်တိုက်များသို့ သင်္ကန်းအစုံခုနစ်ရာကျော် သွားရောက် လှူဒါန်းခဲ့သည်။ စာချဆရာတော်များဆိုလျှင် ငွေတစ်သောင်းစီပါ ဆက်ကပ် လှူဒါန်းခဲ့သည်။ ကျွန်ုပ်ကိုလာဖူးသော သံဃာတော်များဆိုလျှင် စာသင်သားဖြစ်ပါက သင်္ကန်းတစ်စုံနှင့် ငွေငါးထောင်၊ စာချဆရာတော်ဖြစ်လျှင် သင်္ကန်းတစ်စုံနှင့် ငွေတစ်သောင်း အမြဲတမ်း လှူသည်။

မြိတ်မြို့မှနိဂြောဓာရုံစာသင်တိုက်သည် အချို့ငဲ့ဆုံးဖြစ်သည်။ ကျောင်းတိုက်တည်သော ရပ်ကွက်သည်ကား အလွန်ဆင်းရဲသောရပ်ကွက်ဖြစ်လေရာ ဒကာ၊ ဒကာမကို မှီခိုသာသနာပြုရသော သံဃာတော်များလည်း နွမ်းပါးရသည်မှာ သဘာဝပေ။ ကျွန်ုပ် မြိတ်မှာ ဝါဆိုသောနှစ်ဆိုလျှင် ထိုစာသင်တိုက်သို့ ဝါဆိုသင်္ကန်းချိန်၊ ကထိန်သင်္ကန်းချိန် နှစ်ချိန်စလုံးရောက်အောင်သွားပြီး အပါးစေ့ သင်္ကန်းနှင့်ဝတ္ထုငွေများကို လှူလေ့ရှိသည်။ နိဂြောဓာရုံဆရာတော်၏ နှလုံးသားမှ ပြောလိုက်သော စကားသံက ကျွန်ုပ်ရင်ထဲမှမထွက်။

"အခုလို စာသင်တိုက်တွေမှာ

www.burmeseclassic.com

လိုအပ်တာတွေ လှူနေတာဆိုတော့ ဦးဇဝနကိုယ်တိုင် စာသင်တိုက်ထောင်တဲ့ ကုသိုလ်မျိုးရနေတာပေါ့"

ပဋိပတ္တိဆရာတော်များကလည်း ပရိယတ္တိသံဃာတော်များကို အားပေး၊ ပရိယတ္တိဆရာတော်များကလည်း ပဋိပတ္တိတရားဟော၊ တရားပြဆရာတော်များကို ဖေးကူညီကြမည်ဆိုလျှင် ဗုဒ္ဓသာသနာတော်အတွက် အားတက်ဖွယ်ပင် ဖြစ်ပါ၏။ အနာကြီးရောဂါသည်များထံသို့ ထင်ရှားသော ဆရာတော်များ ကြွရောက် ချီးမြှောက်သည့် အထောက်အထားသုံးခုကို ကျွန်ုပ်တွေ့ရှိထားသည်။ အသစ်တွေ့ရှိချက်များရှိခဲ့လျှင်လည်း နောက်စာအုပ်များတွင် ထည့်နိုင်အောင် စာဖတ်သူများက သတိပေး ကူညီလိုပါသည်။

ရောဂါသည်များကို ထောက်ကြန့်တောတန်းကြီးမှနေ၍ လှည်းကူးမြို့နှင့် (၂၂) မိုင်ဝေးသော မရမ်းချောင်း ငှက်ဖျားတောထဲသို့ပို့ခဲ့သည်။ ထိုနေရာသို့ ရောက်စက ငှက်ဖျားကြောင့် သေရသောရောဂါသည်များမှာ အယောက်လေးရာကျော်ရှိသည်။ ထိုနံ့သာမြိုင်သို့ သာသနာပြု မြိုင်ကြီးငူဆရာတော် ကြွရောက် ချီးမြှင့်ကြောင်း အထောက်အထားတွေ့ရသည်။ ကျွန်ုပ်ကြွရောက်ပြီးသည့်နောက်တွင် ဆရာတော် အတော်များများ ကြွရောက် အားပေးလာကြသည်။

ဆရာတော် အရှင်ဆေကိန္ဒသည် နံ့သာမြိုင်သို့ ညတရားပွဲတစ်ပွဲဟောပေးတော်မူခဲ့သည်။ ဆရာတော် အရှင်ဆန္ဒာဓိက ဦးဆောင် ဖွဲ့စည်းပေးခဲ့သော ရုပ်ရှင်သရုပ်ဆောင်များ ပါဝင်သည့် မေတ္တာသင်္ဂဟအဖွဲ့သည်လည်း မရမ်းချောင်းသို့ အရောက်လာပြီး ကျပ်သိန်း (၆၀)လှူဒါန်းသွားသည်ကို တွေ့ရသည်။ ခန့်စည်သူနှင့် ပြေတီဦးတို့ကဲ့သို့ ပြည်သူ့အချစ်တော်များကိုယ်တိုင် ပရဟိတအလုပ်များကို ဦးဆောင်လုပ်ကြခြင်းသည် ကျွန်ုပ်တို့လုပ်သည်ထက် လူငယ်များကို ဆယ်ဆမက ဆွဲဆောင်နိုင်လေသည်။

နိုင်ငံကျော် အဆိုတော် ဖြူဖြူကျော်သိန်း၏ ပရဟိတအလှူပွဲများကိုလည်း မှုကြာခဏ ဂျာနယ်တွင်ဖတ်ရရာ ဝမ်းသာကြည်နူး၍မဆုံးနိုင်ပေ။ မေတ္တာသင်္ဂဟအသင်း လာရောက်လှူဒါန်းစဉ်က အရှင်ဆန္ဒာဓိကကို မတွေ့ရပေ။ ပါများလာခဲ့လျှင် ရောဂါသည်များမည်မျှဝမ်းသာလိုက်မည် မသိ။ သို့သော် ထိုအချိန်တွင် ဆရာတော်လေး မြန်မာပြည်တွင် မရှိသောကြောင့် ဖြစ်ဟန်တူသည်။

ဆရာတော်လေးသည် တိတ်ဆိတ်ငြိမ်းချမ်းသာအမေရိကန်တောရကျောင်းတစ်ကျောင်းတွင် စာသွားရေးလေ့ရှိကြောင်း သိရသည်။ နာရေးကူညီမှုအသင်းကြီးကို စတင်မွေးဖွားပေးခဲ့သော တောင်စလင်းတိုက်သစ် ဆရာတော် ဝါခင်းကုန်းဦးတိက္ခ၏တပည့်အရင်းဖြစ်သည့် ဓမ္မကထိက အရှင်စန္ဒောဘာသ (ဖိုးလမင်း တောင်စလင်းဆရာတော်လေးသည်လည်း သူ၏မွေးနေ့ တစ်နှစ်လျှင်တစ်ကြိမ် နံ့သာမြိုင်သို့ အရောက်လာပြီး အစာကျွေး၊ တရားပေးလေ့ရှိကြောင်း ဝမ်းသာစရာ ကြားသိရသည်။

နောက်ဆုံး ရှာဖွေတွေ့ရှိခဲ့သော အနာကြီးရောဂါသည်ရွာလေးမှာ ပခုက္ကူမြို့မှ ခုနစ်အိမ်တန်းရွာလေးဖြစ်သည်။ အိမ်ခြေ (၂၉) အိမ်ခန့်သာ ရှိသည်။ ထိုရွာသို့လည်း ကျွန်ုပ် လမ်းကြုံတိုင်းကြွရောက်၍ ထောက်ပံ့လေ့ရှိသည်။ ပခုက္ကူမြို့မှ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဆရာတော်တစ်ပါးသည်လည်း ထိုရွာလေးသို့ ဥပုသ်နေ့တိုင်း ကြွရောက်၍ တရားဟောပေးနေကြောင်း ကြားရသောအခါ ကျွန်ုပ်လောက် ဝမ်းသာသူလောကမှာ ရှိတော့မည်မထင်။

ထိုရွာတွင် ဘုန်းကြီးကျောင်းမရှိသဖြင့် ထို (၂၉) အိမ်မှာ ဗုဒ္ဓဘာသာဝင်များဖြစ်လျက် ကိုးကွယ် ဆည်းကပ်စရာ ဘုန်းကြီးမရှိဖြစ်နေသည်။ ထိုအချိန်မှာပင် ကျွန်ုပ်က ထိုရွာသို့ကြွပြီး တရားဟောပေးလိုက်ရာ တစ်မြို့လုံး ကျော်ကြားသွားသည်။ ထိုရွာလေးလည်း ဂုဏ်တက်သွားသည်။ အချို့ မြို့ပေါ်မှ ရပ်ကွက်များသည် ကျွန်ုပ်၏တရားပွဲတစ်ပွဲရရှိရန် တစ်နှစ်ကျော်စောင့်ရသည်။ ခုနစ်အိမ်တန်းလို ရောဂါသည်ရွာက လေးသည် ဆရာတော်ကို မည်သို့များရအောင်ပင့်ကြသနည်းဟု အထင်ကြီးသွားကြသည်။ အမှန်က သူတို့ပင့်သည် မဟုတ်။ ကျွန်ုပ်က စုံစမ်းပြီးရှာလာကာ တရားဟောပေးခြင်းသာ ဖြစ်သည်။

ပခုက္ကူတရားစခန်းပွဲအတွင်းမှာပင် ဝမ်းသာစရာသတင်းနှင့်အတူ ဝမ်းနည်းစရာသတင်းကိုပါ တစ်ခါတည်း ရောက်လာသည်။ ဥပုသ်နေ့တိုင်း တရားဟောကြွပေးသော ဆရာတော်ကို ရွာသားများက သူတို့ရွာတွင် ဆွမ်းတစ်နပ်လောက် ကပ်ချင်ကြောင်းလျှောက်ရာ ထိုဆရာတော်လေးက လက်မခံသဖြင့် ဝမ်းနည်း ကြေကွဲနေကြသည်ဟူသော သတင်းပင် ဖြစ်သည်။ ကျွန်ုပ် အတော်စိတ်မကောင်းဖြစ်နေမိသည်။ သူတို့ကျွေးသောဆွမ်းကို စားရဲဖို့ဆိုသည်မှာ တော်တော်တန်တန်မေတ္တာကရုဏာနှင့်ဖြစ်နိုင်သော ကိစ္စမဟုတ်ပေ။

မြန်မာပြည်တွင် သံဃာတော်ပေါင်း (၆) သိန်းကျော်ရှိသော်လည်း အနာကြီးရောဂါသည်ရွာသို့ ကြွရောက်ချီးမြှောက်သော သံဃာတော်မှာ လက်ဆယ်ချောင်းခန့်ရှိမည်မထင်ပါ။ ထိုကြွရောက်သော ဆယ်ပါးသော သံဃာများတွင်လည်း သူတို့ကျွေးသော ဆွမ်းဘောဇဉ်ကို စားရဲသော သံဃာမှာ လက်ငါးချောင်းခန့်သာရှိပါမည်။ တရားစခန်း နောက်ဆုံးနေ့ အရုဏ်ဆွမ်းကို ရိပ်သာတွင် မစားဘဲ ခုနစ်အိမ်တန်းရွာတွင် စားမည်ဖြစ်ကြောင်း အကြောင်းကြားခိုင်းလိုက်ရာ တစ်ရွာလုံး ဝမ်းသာအားရ ငိုကြွေးကြသည်ဟု သိရသည်။

သူတို့မြို့ထဲမှ မထင်မရှား ဆရာတော်ကပင် မဘုဉ်းပေးသောသူတို့ဆွမ်းကို ကျွန်ုပ်ကဲ့သို့ ထင်ရှားသော ဆရာတော်တစ်ပါးက ဘုဉ်းပေးမည်ဆိုသည်ကို တခြားမြို့သူမြို့သားများ မဆိုထားနှင့်၊ ကာယကံရှင်ရွာသားများပင် ကျွန်ုပ် မလာမချင်း မယုံကြ။ ကျွန်ုပ် ရောက်လာသောအခါတွင် မြို့ထဲမှပရိသတ်အတော်များများရောက်နေသည်ကိုတွေ့ကြရသည်။ ထူးခြားသည်မှာ ခြောက်ဝါခန့်သာရှိဦးမည် ရဟန်းတော်တစ်ပါးကိုလည်း တွေ့ရ၍ ကျွန်ုပ်မှာ အလွန်အံ့ဩသွားသည်။

ကျွန်ုပ်ကဲ့သို့ပင် ရောဂါသည်များ ကပ်သောဆွမ်းကို အတူစားဖို့ စောင့်နေသည်ထင်၍ ကျွန်ုပ်က ဝမ်းသာအား နှုတ်ဆက်လိုက်ပါသည်။ တစ်ရွာလုံးပျော် စေရန်၊ စိတ်ချမ်းသာစေရန်အတွက် ဆယ်ယောက်စာစစ်ဖွဲ့နှုန်းဖြင့် ရွာရှိလူ တစ်လှည့်စီ ဆွမ်းကပ်သည်။ ဆွမ်း ချိန်သို့ရောက်သောအခါ ထိုကိုယ်တော် လေးသည် ဆွမ်းမစားဘဲ ကျွန်ုပ်စားသည် ကို ဘေးမှ တအံ့တဩ စိုက်ကြည့် သည်ကို တွေ့ရသည်။

ဆွမ်းများ၊ အချိုပွဲများ သုံးဆော ပြီးသောအခါ ထိုကိုယ်တော်လေးသည် ကျွန်ုပ်၏ရှေ့တွင် ဆောင့်ကြောင့် ကန်တော့ တောင်းပန်လေတော့သည်

"တပည့်တော် ပြစ်မှားမိ ကန်တော့တောင်းပန်ပါသည်ဘုရား လွှတ်သည်းခံတော်မူပါ"

ဟု နှုတ်မှလည်း လျှောက် သေးသည်။ တရားနာပြီးမှ ပြန် သည်။ နောက်မှ ကျွန်ုပ် စဉ်းစ မိသည်မှာ ထိုကိုယ်တော်က



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ် ရေးသော 'ဗုဒ္ဓဘာသာခေါင်းဆောင်းထားသော ရှင်ဒေဝဒတ်၏တပည့်များ' ဟူသော စာအုပ်လေးထဲမှ ရေးသားချက်အချို့ကို သူစိတ်နှင့်နှိုင်းကြည့်ပြီး မဟုတ်နိုင်ပါဟု ယူဆနေဟန်တူသည်။

ထိုစာအုပ်ထဲတွင် နံ့သာမြိုင်ရောဂါသည်စခန်းသို့ ကျွန်ုပ် ဆွမ်းစားအမီရှိမည်ဟု ဖုန်းဆက်သောအခါ ဒေါက်တာမြတ်သီတာက ဆွမ်းကို သူတို့ဆေးရုံဝန်ထမ်းများက ကပ်မည်ဖြစ်ကြောင်းပြန်လျှောက်သည်။ ကျွန်ုပ်က ရောဂါသည်များကပ်သောဆွမ်းကို စားချင်သည်။ ဆရာတော်သည် သူတို့ကို ရုပ်အာဟာရ ထောက်ပံ့ချင်သည် မဟုတ်။ နာမ်အာဟာရ ထောက်ပံ့ချင်သည်။ သူတို့ကို လူစာရင်းသွင်းသော ဆရာတော်လည်း လောကမှာရှိသေးသည်ဟု သိပြီး ဝမ်းသာစေချင်သည်ဟုပြောပြီး ရောဂါသည်များကပ်သောဆွမ်းကို စားခဲ့ကြောင်း ရေးသားထားသည်။

သူလိုမထင်ရှားသော ကိုယ်တော်တစ်ပါးသော်မှ ရောဂါသည်များကပ်သော ဆွမ်းကိုမစားနိုင်လျှင် သူထက်ထင်ရှားသော သည်ဆရာတော်မျိုးက စားနိုင်သည်ဆိုခြင်းမှာ မဖြစ်နိုင်။ လူအထင်ကြီးအောင်ရေးခြင်းသာဟု ခံယူထားဟန်တူသည်။ ထိုခံယူချက်အတိုင်း သေးက လူများကိုလည်း ပြောဆိုဝေဖန်ပါလိမ့်မည်။ သူတို့မြို့ရှိ ရောဂါသည်ရွာတွင် ကျွန်ုပ်က ယခုလို ကြွရောက် ဆွမ်းဘုဉ်းပေးမည်ဆိုသောအခါ သူယူဆချက်မှန်၊ မမှန်လက်တွေ့လာကြည့်ခြင်းဖြစ်ဟန်တူသည်။ တကယ်စားသည်ကို မြင်သွားမှ သူအမှားကို တောင်းပန်ကန်တော့ခြင်း ဖြစ်ပေလိမ့်မည်။

ဖြူဖြူဝင်းတို့အကြောင်းကို ပြန်ဆက်ပါမည်။ နံ့သာမြိုင်သို့ရောက်ပြီး ဆေးတစ်နှစ်မှန်မှန်စားလိုက်သောအခါ ဖြူဖြူဝင်းရောဂါများ ပျောက်ကင်းသွားသည်။ လက်ချောင်းလေးတွေ အနည်းငယ် ထုံတာသာ ကျန်တော့သည်။ ထို့ကြောင့် နမ့်ခမ်းရှိ သူ့အိမ်သို့ ဝမ်းသာအားရပြန်တော့သည်။ လမ်းစရိတ်မရှိသဖြင့် ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများက စုပေးလိုက်သည်။

သူရပ်သူ့ရွာသို့ပြန်လာရသည်မှာ သေရွာက ပြန်လာရသည့်ထက် ပို၍ဝမ်းသာသည်။ နမ့်ခမ်းသို့ ကားဆိုက်သည်နှင့် မပြေးရုံတစ်မည် သူ့အိမ်ဘက်သို့လျှောက်ခဲ့သည်။ အမေနှင့် မောင်လေးများကို တွေ့လျှင် သူ့ရောဂါတွေ ပျောက်သွားပုံအကြောင်းများကို အားပါးတရပြောရန် အားခဲထား၏။ ဟော- သူ့တို့ခြံကို လှမ်းမြင်နေရပြီ။ ဂွကြွေ သီကွာတွေတောင် မဆောင်နိုင်တော့ အားကုန်ထုတ်ပြီး ပြေးသွားမိသည်။

ကံကောင်းလိုက်တာ။ ထိုအချိန်မှာပင် ဒေါ်နန်းခမ်းထွေးအပြင်ထွက်လာသည်ကို ဖြူဖြူဝင်း လှမ်းမြင်လိုက်သည်။

"အမေရေ"

ဟု လှမ်းအော်ခေါ်လိုက်သော ဖြူဖြူဝင်း၏အသံသည် တစ်ရပ်ကွက်လုံးကြားလောက်သည်။ အမေကလည်း သူ့ကို မြင်သည်နှင့် ဈေးသွားရန် ဆွဲလာသော ခြင်းတောင်းကို လွှတ်ချမိကာ သမီးထံ ပြေးမိပြန်သည်။ အိမ်ခြံအဝမှာပင် သားအမိနှစ်ယောက် ဆုံမိကြပြီး လွှတ်ထွက်သွားမတတ် ဖက်ထားကြသည်။

"သမီးရယ်၊ အမေ တစ်နေ့မှမမေ့ပါဘူးကွယ်"

"သမီးလည်း အမေ့ကို သိပ်သတိရတာပဲ"

"သမီးလေးရောဂါတွေ ပျောက်သွားပြီပေါ့"

"ပျောက်သွားပြီ အမေ၊ ဘာမှမရှိတော့ဘူး"

"ဝမ်းသာလိုက်တာ သမီးရယ်။ အမေလေသမီးနဲ့ဘယ်တော့မှပြန်မတွေ့ဘူးလို့ အောက်မေ့နေတာ သမီးရဲ့။ ဒီရောဂါတွေက ကုလို့မရတဲ့ရောဂါလို့ပဲ အမေတို့က ထင်နေကြတာ။ ကိုဘထွားက ပိုဆိုးတာပေါ့"

"သမီးကို ဦးလေးက ပြန်လက်ခံပါ့မလား အမေရယ်"

"ဘာဖြစ်လို့ လက်မခံရမှာလဲ၊ သမီးက အမေ့သမီးဟာကို"

သားအမိနှစ်ယောက် စကားတပြောပြောနှင့် လျှောက်လာကြရင်း အိမ်ဝိုင်းထဲဝင်လာကြသည်။ အိမ်ထဲသို့ဝင်ခါနီးအချိန်မှာပင် ကိုဘထွားက အိမ်ပေါက်ဝမှ ခါးထောက်လျက်လှမ်းကြည့်နေသည်ကို တွေ့လိုက်ရသည်။

နန်းခမ်းထွေး၊ နင်ဟာ အနူမကို ဘာလို့ခေါ်လာတာလဲ။ ငါ့အိမ်မှာ အနူနေဖို့မပြောနဲ့၊ ခဏတည်းဖို့တောင် လက်မခံနိုင်ဘူး"

"ဒီမှာ ကိုဘထွား၊ ဒါ ကျုပ်သမီးအရင်း၊ တစ်စိမ်းမဟုတ်ဘူး။ ရောဂါတွေပျောက်လို့ ဆေးရုံက ဆင်းခွင့်ပြုလိုက်တာ။ ဒီမှာမနေလို့ဘယ်မှာသွားနေရမှာလဲ"

"မလိုချင်ဘူး၊ အနူဆေးရုံက လက်ခံကုပေးတယ် [illegible] ကတည်းက အနူပိုးရှိတာ သေချာသွားပြီ။ ငါတို့မိသားစုကို အကူးစက်မခံနိုင်ဘူး။ ဒါကြောင့် အခုချက်ချင်း ပြန်လွှတ်လိုက်။ ညအိပ်ပဲတောင် အနေမခံနိုင်ဘူး"

"ရှင်ကိုယ့်သားသမီးမဟုတ်တိုင်း ကိုယ်ချင်းမစာမပြောနဲ့"

"အောင်မာ - ငါ့ကို ဘယ်တုံးကမှ ပြန်မပြောရဲတဲ့သူက ခွေးသားအုပ်မလို သမီးအရှိန်နဲ့ ပြန်ဟောင်နေတာပေါ့ ဟုတ်လား"

ပြောပြောဆိုဆိုနှင့် ဦးဘထွားကြီးသည် ရှေ့သို့ထွက်လာပြီး နန်းခမ်းထွေး၏ နားအုံကို လက်ဝါးဖြင့် အားကုန်ရိုက်လိုက်ရာ နန်းခမ်းထွေးမှာ ဖြောင်း ဟူသော အသံနှင့်အတူ လွင့်စဉ်လဲကျသွားတော့သည်။ ကျန်းမာရေးကောင်းဟန်မတူသော ဒေါ်နန်းခမ်းထွေးမှာ တစ်ချက်ရိုက်လိုက်သည်နှင့် လဲအကျမှာပင် သတိလစ်သွားရာ မလှုပ်တော့ပေ။

အမေ့အတွက် စိုးရိမ်သွားသော ဖြူဖြူဝင်းသည် ဒေါ်နန်းခမ်းထွေးကို ပြေးအပွေ့တွင် -

"ဟေ့အနူမ၊ ငါ့မိန်းမကို မထိနဲ့။ နင့်ရောဂါတွေကူးကုန်လိမ့်မယ်"

"ကျွန်မအမေ ကျွန်မထိတာ ရှင်နဲ့မဆိုင်ဘူး"

"အနူမက လူပါးဝလို့ ကဲကွာ"

"ဖြောင်း"

ပါးကို အရိုက်ခံလိုက်သဖြင့် ဖြူဖြူဝင်းမှာ တစ်ပတ်လည်ပြီး မြေပြင်ပေါ်သို့ ဘေးစောင်းလဲကျသွားသည်။

"နင် အခုချက်ချင်း ငါ့အိမ်ဝိုင်းထဲက ထွက်သွား။ ဒီအတိုင်းထွက်သွားရင် နင်နူတာကို တခြားသူတွေသိမှာမဟုတ်ဘူး။ ထွက်မသွားရင် ရပ်ကွက်လူကြီးတွေကို ငါကိုယ်တိုင်သွားတိုင်ပြီး လူအင်အားနဲ့ သံပုံးတီးပြီး နှင်ထုတ်ပစ်မယ်"

ဖြူဖြူဝင်း ဘာမှမပြောရဲတော့။ အနာကြီးရောဂါရလိုက်သည်နှင့် လူစာရင်းထဲတွင် မိမိနာမည်မပါတော့သည်ကို လက်တွေ့သိလိုက်ရပေပြီ။ အိတ်ကလေးကိုဆွဲကာ မျက်ရည်စက်လက်ဖြင့် ထွက်ခဲ့ရလေတော့သည်။ အဆင်မပြေချင်တော့ ခရီးသည်တင်ကားက လမ်းတွင် တစ်ညအိပ်ဖို့ အကြောင်းပေါ်လာသည်။

တခြားခရီးသည်များက ကြိုတင်စီစဉ်ပြီးလာကြခြင်း ဖြစ်သောကြောင့် အိပ်စရာ အသိအိမ်များကို ဆက်သွယ်ပြီးသားမို့ အဆင်ပြေကြသည်။ ပထွေး၏ နှိပ်စက်မှုကြောင့် ထွက်ပြေးလာရသော ဖြူဖြူဝင်းမှာ မည်သည့်နေရာ



www.burmeseclassic.com

www.burmeseclassic.com

တစ်ညအိပ်ရမည်မသိ ဖြစ်နေသည်။ ခရီးသည်များကား ပတ်သက်ရာအိမ်များသို့ အသီးသီးပါသွားရာ ကားပေါ်တွင် ဖြူဖြူဝင်းတစ်ယောက်သာ ကျန်တော့သည်။

တစ်ယောက်တည်း ကားပေါ်တွင် အိပ်ဖို့ကလည်း မည်သို့မျှ မသင့်တော်သဖြင့် ဖြူဖြူဝင်းတစ်ယောက် ကားပေါ်မှဆင်းကာ ယာယီတားဂိတ်တွင် မုန့်ပဲသရေစာများ ရောင်းနေသော အသက် ငါးဆယ်ခန့်ရှိမည့် အဒေါ်ကြီး တစ်ယောက်ကို သွားမိတ်ဖွဲ့ရသည်။

"ကြီးတော်က ဒီနားကပဲလား"

"ဟုတ်တယ်ကွယ့်။ ဟိုလှမ်းမြင်ရတဲ့ ရွာလေးကပေါ့"

"ကြီးတော်၊ ဒီကားက ဒီနေရာမှာ အမြဲညအိပ်တာပဲလား"

"ဒီကားကတော့ ဒီနေရာမှာ အမြဲညအိပ်တယ်ကွယ့်။ ဒါပေမယ့် တခြားကားတွေကတော့ သူတို့အဆင်ပြေမယ့် နေရာသွားအိပ်ကြတာပဲ"

"ကျွန်မက ဒီလမ်းကို ဒါနဲ့မှ နှစ်ခေါက်ပဲ လာဖူးတာ။ ပထမတစ်ခေါက်တုန်းကလည်း အမေနဲ့လာတာဆိုတော့ ဒီလိုအိပ်ရတယ်ဆိုတာ သတိမထားမိဘူး။ အခုတော့ ကျွန်မတစ်ယောက်တည်း ဘယ်နေရာအိပ်ရမယ်ဆို မသိဘူး ဖြစ်နေတယ်။ ကြီးတော်ရယ်၊ ကျွန်မကို ကူညီပါဦး"

ဈေးသည်ကြီးသည် ဖြူဖြူဝင်းကို တစ်ချက်လှမ်းကြည့်လိုက်ပြီး သမီးအရွယ်ချောချောလှလှမိန်းကလေးတစ်ယောက်ကို သနားသွားဟန်တူသည်။

"အဲဒါဆိုရင် အရဒေါ်တို့အိမ်မှာ လိုက်အိပ်ပေါ့။ ဒီကားက မနက် (၆) နာရီလောက်ဆို ထွက်တာပဲ"

"ကျေးဇူးတင်လိုက်တာ အဒေါ်ရယ်"

ဖြူဖြူဝင်းတစ်ယောက် ဈေးသည်အမျိုးသမီးကြီးကို အဖော်ပြု၍ လိုက်သွားသည်။

"အဒေါ်တို့လင်မယားက နှစ်ယောက်တည်းနေကြတာ။ သားသမီးမရှိဘူးကွယ့်"

အိမ်ထဲရောက်သောအခါ ဗိုက်ပူပူနှင့် မျက်လုံးပြူးပြူး၊ နှာခေါင်းပွပွ ယောကျ်ားကြီးတစ်ယောက်ကို တွေ့ရသည်။

"ကိုသာဒင်၊ ခရီးသည်မိန်းကလေး တစ်ယောက် ဒီမှာတစ်ညလောက်တည်း ရအောင် ခေါ်လာတယ်။ သူမှာ အသိအိမ်မရှိဘူးဖြစ်နေလို့"

"အေးပေါ့ကွာ၊ ဒုက္ခရောက်နေတာပဲ ကူညီရမှာပေါ့"

အမျိုးသားကြီးသည် သူ့ကိုစိုက်ကြည့်လိုက်သောမျက်လုံးများကို ဖြူဖြူဝင်းတစ်ယောက် ရင်ဖိုသွားသည်။ သူ့ပထွေး၏ မျက်လုံးများကို သွားသတိရလိုက်သောကြောင့်ဖြစ်သည်။ယောကျ်ားတိုင်း မယုတ်မာနိုင်ပါဘူးဟု ဖွတ်တွေးပြီး ဖျောက်ပစ်နေရသည်။ အမျိုးသမီးကြီးက သူ့ကို အိပ်ခန်းထဲခေါ်သွားကာ ခြင်ထောင်ထောင်ပေးသည်။ ခေါင်းအုံးနှစ်လုံးမြင်လိုက်သောကြောင့် အဒေါ်ကြီးပါ သူနှင့်အတူအိပ်တော့မည်ဆိုတာ သိသွားကြောင့် အားတက်သွားသည်။

, အဒေါ်ကြီးက ဘုရားခန်းရှေ့တွင် ခြင်ထောင်တစ်လုံးထောင်နေတာ တွေ့ရသောကြောင့် အမျိုးသားကြီးကို ဘုရားခန်းရှေ့တွင် သိပ်မည်ဖြစ်ကြောင်း မှန်း သိလိုက်ရသည်။ ညခုနစ်နာရီခန့် အချိန်မှာပင် အဒေါ်ကြီး၏နွမ်းပါးသော အမျိုးအချို့အား ငွေကြေးထောက်ပံ့မှုကို အကြောင်းပြု၍ အမျိုးသားကြီးက ပြဿနာစရှာသည်။ နောက်ဆုံးတွင် တစ်ယောက်တစ်ခွန်း စကားများရင်း လက်ပါလာကြသည်။

အမျိုးသားကြီးက တော်တော် ဒေါသကြီးဟန်ရှိသည်။ ရေနွေးအိုးများ၊ သောက်ရေအိုးများကို ရိုက်ခွဲပစ်သည် အထိ အခြေအနေက ဆိုးလာသည်။ နောက်ဆုံးတွင် ဧည့်ခန်းမှ ကက်ဆက်ကြီးကိုပင် ရိုက်ခွဲလိုက်သံကို ကြားလိုက်ရသည်။ ဖြူဖြူဝင်းတစ်ယောက် မျက်နှာငယ်လေးဖြင့် အိပ်ခန်းအဝင်တံခါးမှ ခေါင်းပြူပြီး လှမ်းကြည့်လိုက်ချိန်တွင် အဒေါ်ကြီးသည် အော်ဟစ်ပြောဆိုကာ အိမ်ပေါ်မှဆင်းသွားသည်ကို တွေ့လိုက်ရသည်။

ဖြူဖြူဝင်းဘာတတ်နိုင်မည်နည်း။ ခေါင်းအုံးပေါ် လဲချလိုက်ရင်း မျက်စိမှိတ်ပြီး မှိန်းနေလိုက်သည်။ အိပ်ခန်းတံခါးဝကိုလည်း မပိတ်ရသေး။ ခြင်ထောင်လည်း မချရသေး။ မောကလည်းမော၊ ခရီးကလည်းပန်းလာသဖြင့် ဖြူဖြူဝင်းတစ်ယောက် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားတော့သည်။

ဦးသာဒင် အေးအေးဆေးဆေးပင် လက်ဖက်ရည်ဆိုင်သို့ ထွက်လာသည်။ ယနေ့ညတော့ စားရက်ကြုံလို့ မုတ်ဆိတ်ပျားစွဲခြင်း မဟုတ်ပါလော။

သည်လောက် မျက်နှာရောကိုယ်လုံးကိုယ်ပေါက်ပါလှပသော မိန်းကလေးတစ်ယောက် အိမ်ပေါ်ရောက်လာကာမှ သည်အတိုင်း လက်လွှတ်လိုက်လျှင် ငါးကြော်မကြိုက်သော ကြောင်မိုက်သာ ဖြစ်ပေတော့မည်။ ထို့ကြောင့် အဘွားကြီးကိုပြဿနာရှာလိုက်ရာ အိမ်ပေါ်ကဆင်းသွားလေပြီ။ သုံးရက်လောက်ရှိမှ လိုက်ခေါ်လိုက်လျှင် သည်ကိစ္စလွယ်လွယ်ကလေးပြီးသည်။

ဆိုင်မှ နွားနို့နှစ်ခွက်၊ ကြက်ဥနှစ်လုံးမှာပြီး အဝသောက်ပစ်လိုက်သည်။ စားပွဲထိုးများနှင့် ဆိုင်ရှင်များက ဦးသာဒင်ကို စပ်ဖြီးဖြီးမျက်နှာများဖြင့် လှမ်းကြည့်နေကြသည်။ ည (၁၁) နာရီကျော်ကျော်လောက်မှ အိမ်ပြန်ရောက်လာသည်။ တစ်ကိုယ်လုံး သွေးများဆူပွက်သလို ဖြစ်နေသဖြင့် ဦးသာဒင်တစ်ယောက် အိမ်ထဲတွင် ဟိုလျှောက်ဒီလျှောက်လျှောက်နေမိသည်။ (၁၂)နာရီသံချောင်းခေါက်သောအခါတွင် သူအိပ်ခန်းဆီသို့ တစ်လှမ်းချင်းကပ်သွားသည်။

အိပ်ခန်းတံခါးပွင့်လျက် ခန်းဆီးစလေးက ငြိမ်နေသည်။ ဦးသာဒင်ခန်းဆီးကလေးကို မကြည့်လိုက်ရာ နှစ်ခြိုက်စွာ အိပ်နေသော မိန်းကလေးကို တစ်ဖက်သို့လှည့်လျက် ခပ်စောင်းစောင်းလေး အိပ်ပျော်နေသည်ကို တွေ့လိုက်ရသည်။ သူ ကြောင်တစ်ကောင်၏ခြေသံမျိုးဖြင့် တဖြည်းဖြည်းလှမ်းဝင်သွားသည်။သူ့စိတ်က မင်္ဂလာဦးညကို အမှတ်ရနေသည်။

သူ့ဝတ္ထေးသည် အခန်းထဲဝင်လာပြီး သူ့ပါးစပ်ကိုအုပ်လျက် မတရားကျင့်သည်မှာ မလူးသာမလွန့်သာခံနေရသည်။ ဖြူဖြူဝင်း လန့်နိုးလာသောအခါတွင်ကား သူ့ပထွေးမဟုတ်ဘဲ အိမ်ရှင်ယောကျ်ားကြီးက သူ့ပါးစပ်ကို ပိတ်ကာ မတရားကျင့်နေသည်ကို တွေ့ရစ်တော့သည်။ ယောကျ်ားကြီးတစ်ယောက်အားကို သူလိုမိန်းမငယ်တစ်ယောက်က အဘယ်ကဲ့သို့ တွန်းလှန်နိုင်ပါမည်နည်း။

အိမ်ရှင် ယောကျ်ားကြီးသည် ဘယ်သူ့မှ မပြောနှင့်ဟု တစ်ခွန်းပြောပြီး ထွက်သွားတော့သည်။ ဖြူဖြူဝင်းတစ်ယောက်ကြောက်လွန်းအားကြီးပြီး ဆက်အိပ်၍မရတော့။ မနက်ငါးနာရီခန့် မိုးလင်းခါနီးအချိန်မှာပင် သူ့အိတ်ကလေးကိုဆွဲယူပြီး ကားဂိတ်သို့ အပြေးထွက်လာခဲ့တော့သည်။ နောက်တစ်ကြိမ်လာ၍ စော်ကားလျှင်ခက်တော့မည်မဟုတ်ပါလား။

ရန်ကုန်သာဆေးရုံသို့ ရောက်သောအခါ ဆေးရုံအုပ်ကြီးအား စော်ကားခံ သည်မှအစ ဖြစ်ကြောင်းကုန်စင်ပြော ကာ ဆေးရုံ၌ဆက်နေခွင့်တောင်းသ ရောဂါပျောက်နေသဖြင့် လူနာအ ဖြင့် ဆက်နေခွင့်မရပေ။ သို့သော် ဏာရှိသော ဆေးရုံအုပ်ကြီးက



www.burmeseclassic.com

www.burmeseclassic.com

စုသူအဖြစ်ဖြင့်ဆက်နေခွင့်ပြုလိုက်သည်။ မသူတော်ယောကျ်ား၏ ရင်သွေးကိုလည်း ထပ်အသိပေးပြီး ထိုဆေးရုံမှာပင် မွေးလိုက်သည်။ သားယောကျ်ားလေး ဖြစ်သည်။

ဤဇာတ်လမ်းမှာ ဆရာကြီး ဦးစံဝင်း ရေးသော 'ပိုးကိုက်သည့် ပန်းတွေ' စာအုပ်မှ 'ငွေခြည်ရောင်အနားသတ်ထားသော တံမည်းညို' ဆောင်းပါးကို ခံစားရေးဖွဲ့ခြင်း ဖြစ်သည်။ ယခု နိဂုံးချုပ်တွင် ဆရာကြီး ဦးစံဝင်းနှင့် မဖြူဖြူဝင်းတို့၏အမေး အဖြေကို ဖော်ပြလိုက်ပေသည်။

ကျွန်တော်က ရှမ်း-ဗမာမလေး မဖြူဖြူဝင်း၏ အဖြစ်အပျက်ကို နားထောင်ကာ စိတ်ထဲတွင်မကောင်းရုံသာမက မခံမရပ်နိုင်လည်းဖြစ်လာ၏။

"ဒီအဖြစ်အပျက်ကို မဖြူဖြူဝင်းက ရဲကိုမတိုင်ဘူးလား"

"ကျွန်မ ဘယ်လိုလုပ်တိုင်မှာလဲ၊ ကိုယ်ဝန်ရှိတာတောင် သုံးလကြာပြီးမှ သိတာပဲ။ အဲသလိုဖြစ်ပြီး ကျွန်မကိုယ်ဝန်ရှိလာလိမ့်မယ်ဆိုတာ မသိပါဘူး။ အဲဒီတုန်းက ဆေးရုံမှာနေရဖို့ အရေးကြီးဆုံး။ အမွေပြုခံရတာက အရေးမကြီးဘူး၊ နေစရာတစ်ခုခုရဖို့က အရေးကြီးနေတော့ တိုင်ရမယ်ဆိုတာ မသိပါဘူးဆရာ"

ဟု ဆိုကာ -

"ဆရာရေ ရောဂါသည်တွေ အစော်ကားခံရတာရှိနေပါပြီ။ ဖြူဖြူဝင်းလို အမွေအစော်ကားမခံရလည်း အနာကြီးရောဂါသည်ဆိုတာနဲ့ အနည်းနဲ့အများအမြဲစော်ကားနေကြတာပါပဲဆရာ"

ဟု တစ်ယောက်က ဝင်ပြောသည်။

"စော်ကားခံရတဲ့ညက အဲဒီကရပ်ကွက်လူကြီးတို့ သူကြီးတို့ ဆယ်အိမ်ခေါင်းတို့ကို တိုင်ရမှာပေါ့။ အခု ကိုယ်ဝန်ရှိပြီးကလေးတောင်မွေးပြီ။ ဒီတော့ ဒီကလေးကိုလည်း အဲဒီလူက တာဝန်ယူရမှာပေါ့"

ဟု ကျွန်တော်က ဆို၏။

"ခုသွားပြောတော့ကော ဘယ်သူက လက်ခံမှာလဲဆရာရယ်။ ကျွန်မကလည်း လမ်းပေါ်က ရွာတစ်ရွာပဲ သိတာ ဘယ်ရွာမှန်းတောင်မသိတော့ဘူး"

ဟု ဆို၏။

ကျွန်တော်သည် မဖြူဖြူဝင်းကို ငေးကြည့်လိုက်သည်။ သူသည် အစော်ကားခံရသည်ကို နာကြည်းရကောင်းမှန်းမသိဘဲ သူ့ရင်ခွင်တွင်းမှ ကလေးငယ်ကို သူ့အတွက် ဘဝအဖော်အဖြစ် သိကြားမင်းပေးသည့်ကလေးအလား ထင်မှတ်နေဟန်ရှိ၏။ ကလေးကို မွေးစားမည့်သူရှိသော်လည်း မဖြူဖြူဝင်းက မပေးနိုင်ဟု ဆို၏။ မဖြူဖြူဝင်းက ရေနံ့သာတွင် ဆေးရုံအလုပ်တစ်ခုကို မျှော်ကိုးရင်း ဘဝတူရောဂါသည်များကိုပြုစုကာ သားငယ်ကို လူတစ်လုံးသူတစ်လုံးဖြစ်အောင် ကြိုးစားမည်ဟူသော အတွေးစိတ်ကူးများက မည်းမှောင်နေသော သူ့ဘဝမိုးတိမ်လိပ်များကို ငွေခြည်ရောင်အနားကွပ်ထားသလို ရှိနေ၏။

■

*ဓမ္မတို့သည် စိတ်သာလျှင် ရှေ့သွားရှိကုန်၏။*
*စိတ်လျှင် အကြီးအမှူးရှိကုန်၏။*
*စိတ်လျှင် အထည်ကိုယ်ရှိကုန်၏။*
*မကောင်းသောစိတ်ဖြင့် ပြောဆိုပြုလုပ်ပါက ထိုသို့ပြောဆိုပြုလုပ်မိခြင်းကြောင့် လှည်းဘီးသည် နွား၏ခြေရာသို့ အစဉ်တစိုက်လိုက်နေသကဲ့သို့ အစဉ်တစိုက်လိုက်နေလေ၏။*

(ဓမ္မပဒ စက္ခုပါလ မထေရ်ဝတ္ထု)

ယနေ့ ကျွန်ုပ်တို့ဖြစ်ဖြစ်သမျှသည် မနေ့က ကျွန်ုပ်၏အတွေးအမြင်များမှ ဆင်းသက်သည်။ ယနေ့ ကျွန်ုပ်တို့၏ အတွေးအမြင်များသည် မနက်ဖြန် ကျွန်ုပ်တို့၏ဘဝကို တည်ဆောက်ပေးလိမ့်မည်။ အတွေးသင်္ကပ္ပနှင့် အမြင်(ဒိဋ္ဌိ)တို့သည် မှန်ကန်သော အတွေးအမြင်ဖြစ်ပါက မဂ္ဂင်ရှစ်ပါးတွင် သမ္မာသင်္ကပ္ပနှင့် သမ္မာဒိဋ္ဌိအမည်ကိုရ၏။ မှားယွင်းသော အတွေး အမြင်ဖြစ်ပါက မိစ္ဆာသင်္ကပ္ပနှင့် မိစ္ဆာဒိဋ္ဌိအမည်ကိုရ၏။ ထို့ကြောင့် အတွေးအမြင်သည် ဘဝအတွက် အစနှင့် အဆုံးလမ်းနှစ်သွယ်စလုံးကို ခင်းပေးလေ၏။ သို့ရာတွင် အတွေးအမြင်သည် စေတသိက်များဖြစ်၍ သူချည်းမရပ်တည်နိုင်ဘဲ စိတ်ကိုရှေ့သွားပြု၏။ စိတ်ကို အကြီးအမှူးပြု၏။ စိတ်ဖြင့် တည်ဆောက်ရ၏။

ကမ္မ ဟူသည် နာနာက္ခဏိက အဆင့်ကုသိုလ်ကံနှင့် အကုသိုလ်ကံဖြစ်၏။ ယင်းကို ကမ္မဝဋ်ဟူ၍လည်းခေါ်၏။ ဝိပါက ဟူသည် ကုသိုလ်ကံနှင့် အကုသိုလ်ကံကြောင့် ဖြစ်ပေါ်လာရသော အကျိုးတရား ဖြစ်၏။ ယင်းကို ဝိပါကဝဋ် ဟူ၍လည်း ခေါ်၏။

ရွှေလက်ကောက်တွင် လက်ကောက်ပုံသဏ္ဌာန်သည် ဝိပါကဝဋ်အပိုင်း ဖြစ်၏။ ရွှေသားသည် ကမ္မအပိုင်း ဖြစ်၏။ ရွှေသားတွင် ပါဝင်သော မဟာဘုတ်ခေါ် ဓာတ်ကြီးလေးပါးသည် ကိလေသာပိုင်း ဖြစ်၏။ ရွှေလက်ကောက်တွင် ဤသို့အပိုင်းသုံးပိုင်းပါဝင်သော်လည်း ယင်းအပိုင်းသုံးပိုင်းကို သီးခြားခွဲထုတ်၍မရ။ ဤသို့ ခွဲ၍မရခြင်းကိုပင် နွား၏ခြေရာနောက်သို့လိုက်သော လှည်းဘီးဖြင့် ဥပမာပြုခြင်း ဖြစ်၏။

စက္ခုပါလမထေရ်သည် တစ်ခုသော မျက်စိကုဆရာဘဝက မျက်စိရောဂါရှင်တစ်ဦးက မှားသော အတွေးနှင့် မှားသောအမြင်တို့က ခင်းပေးသောလမ်းပေါ်၌ လျှောက်၍ မျက်စိကန်းအောင် ပြုလုပ်ခဲ့ဖူး၏။ ထိုအကုသိုလ်ကံကြောင့် ယခု နောက်ဆုံးဘဝ၌ သူမျက်စိကန်းရခြင်း ဖြစ်၏။ ရဟန္တာဖြစ်သွား၍ အနုသယအဆင့် ကိလေသာအပိုင်းကို ပယ်၍ တစ်ဖန်ပဋိသန္ဓေနေရခြင်း ဇာတိကုန်အောင်လုပ်နိုင်ခဲ့သော်လည်း နာနာက္ခဏိကအဆင့်အကုသိုလ်ကံကိုကား ကုန်အောင်မလုပ်နိုင်ပါချေ။

ဘဝခရီးကိုလျှောက်ရာ၌ ကျွန်ုပ်တို့၏ စိတ်နှင့်ယှဉ်သော အတွေးနှင့် အမြင်တို့က ခင်းပေးသောလမ်းအတိုင်း လျှောက်ရ၏။ လမ်းမှားနှင့် လမ်းမှန်ကို မည်သူကမျှ ခင်းပေးသည် မဟုတ်။ ကျွန်ုပ်တို့၏ အတွေးနှင့် အမြင်ကသာ ခင်းပေးခြင်း ဖြစ်၏။ အမှန်အားဖြင့် လူ့သမိုင်းဟူသည် ကျွန်ုပ်တို့၏ အတွေးနှင့် အမြင်တို့ကသာ ခင်းပေးသော လမ်းအတိုင်း လျှောက်နေရသော ဘဝခရီးတို့၏ ခရီးသွားမှတ်တမ်းသာ ဖြစ်၏။

ထို့ကြောင့် အစနှင့်အဆုံးလမ်း သို့မဟုတ် လမ်းမှားနှင့် လမ်းမှန်ကို ရွေးရာတွင် လောက၌ ဓမ္မထွန်းကားရေးအတွက် ကျရောက်သမျှသော လောကဓံတရားများကို ကြံ့ကြံ့ခံကာ ပြက်ပြက်ထင်သော ရည်မှန်းချက်၊ မဆုတ်နစ်သောကြိုးပမ်းမှု၊ ခိုင်မာသော စိတ်ဓာတ်၊ လုံလောက်သောဉာဏ်ပညာတို့ဖြင့် အသက်ကိုပင် မငဲ့ကွက်ဘဲ လမ်းမှန်ကို ရွေးချယ်၍ ဘဝခရီးလျှောက်ခဲ့သော စက္ခုပါလမထေရ်၏ အတွေးမှန် (သမ္မာသင်္ကပ္ပ)နှင့် အမြင်မှန် (သမ္မာဒိဋ္ဌိ) ကို အစဉ်တစိုက် နှလုံးသွင်းရန် ဤဂါထာကို မြတ်စွာဘုရား ဟောကြားတော်မူခြင်း ဖြစ်သည်။

(ဦးရွှေအောင်၏ စက္ခုပါလမထေရ်ဆောင်းပါးမှ)

ကလေးဘဝက စိန်လှမြိုင်ဇာတ်မှ အော်ပရာဇာတ်ထုပ်တစ်ထုပ်ကိုကြည့်ဖူးသည်။ နှစ်ပေါင်း (၃၈) နှစ်ကြာပြီဖြစ်သော်လည်း ယခုအထိမမေ့။ အတွေ

www.burmeseclassic.com

www.burmeseclassic.com

ဆုံး ပန်းချီပညာရှင်ကြီးတစ်ယောက်သည် အမြင့်မြတ်ဆုံးနှင့် အယုတ်ညံ့ဆုံးပုံ ပန်းချီကားနှစ်ကားကို နှောင်းလူငယ်များအတွက် ရေးပေးခဲ့ချင်သည်။ ပထမဆုံး အမြတ်ဆုံးပန်းချီကားကိုရှာဖွေရာနှစ်အတော်ကြာမှ တောကြီးထဲတွင် ဆယ်နှစ်ကျော် ဓူတင်ဆောက်တည်ပြီး တရားအားထုတ်နေသော သက်တော် (၁၅) နှစ်ခန့်ရှိသော ရဟန်းတော်တစ်ပါးကို တွေ့သွားသည်။

သူသည် မထေရ်ကို မသိအောင် တစ်နှစ်ကျော် စောင့်ကြည့်ပြီးမှ မြင့်မြတ်ဆုံးလူသားအဖြစ် သတ်မှတ်ခြင်း ဖြစ်သည်။ ထိုမထေရ်သည် သပိတ်နှင့် ဆွမ်းခံရသမျှကို ဘုရားရှင်အား ကပ်လှူပြီးမှ တစ်နေ့လုံးတစ်ထပ်သာဘုဉ်းပေးသည်။ ဆွမ်းတော်တင်ထားသောဆွမ်းကို ပုရွက်ဆိတ်တက်လာလျှင် စိတ်မဆိုးသည့်အပြင် တစ်ဝက်ပင် ခွဲကျွေးလိုက်သေးသည်ကို ပန်းချီဆရာကြီးက တွေ့ထားသည်။ ထိုမေတ္တာစာတ်ကိုကြည့်ပြီး အမြင့်မြတ်ဆုံးလူသားအဖြစ် သတ်မှတ်ခြင်း ဖြစ်သည်။

ခွင့်တောင်းပြီး ထိုရဟန်း၏ ပုံကို ရေးဆွဲခဲ့သည်။ ပုံတော်၏ အောက်ခြေတွင် အမြင့်မြတ်ဆုံး ဟူသော စာတန်းထိုးထားသည်။ အယုတ်ညံ့ဆုံး လူသားကို သူသည် နောက်ထပ် (၁၅) နှစ်ကျော်ကြာမှ တွေ့ရသည်။ ထိုရာဇဝတ်သားသည် ငါးပါးသီလကို အကုန်ကျူးလွန်သည်။ နောက်ဆုံးအဆင့် အရွယ်မရောက်သေးသောသမီးကို စော်ကားမိသည့်အပြင် တားဆီးသော မိဘနှစ်ပါးကိုပါ သတ်မိသွားသည်။

ထိုသတင်းကို ကြားသောအခါ ပန်းချီဆရာကြီးသည် ထိုရာဇဝတ်သားထံသို့ အပြေးသွားတော့သည်။ ညနေတောင်ဆွယ်နေကွယ်လျှင် ခေါင်းဖြတ်သတ်တော့မည် မဟုတ်ပါလား။ တွေ့သောအခါ ပန်းချီဆွဲခွင့်တောင်းသည်။ ရာဇဝတ်သားက သူ့လို လူယုတ်တစ်ယောက်ကို အဘယ်ကြောင့် ပန်းချီဆွဲချင်ရတာလဲဟု မေးသည်။ ပန်းချီဆရာက ပြန်ဖြေသည်။ ထိုအခါ ရာဇဝတ်သားက သူ့ပုံကိုမဆွဲခင် ပန်းချီဆရာကြီးလွန်ခဲ့သည့်(၁၅)နှစ်ကျော်ကဆွဲခဲ့သော အမြင့်မြတ်ဆုံးပန်းချီကားကို ကြည့်ခွင့်တောင်းသည်။

ပန်းချီဆရာကြီးက ယူပြလိုက်သော အခါ ရာဇဝတ်သားက ဤပုံသည် သူ့ရဟန်းဘဝကပုံပင် ဖြစ်သည်။ အမြင့်မြတ်ဆုံးလူနှင့် အယုတ်ညံ့ဆုံးလူတစ်ယောက်တည်းသာဖြစ်နေသည်ဟုပြောလိုက်သောအခါ ပန်းချီဆရာကြီး စုပ်တံလွတ်ကျသွားသည်တွင် ကားလိပ်ချပြီး အော်ပရာပြီးသွားသည်။

ထိုကိုယ်တော်လေးသည် ပန်းချီဆွဲခံပြီး မကြာမီမှာပင် မိန်းကလေးတစ်ယောက်ကြောင့် သီလပျက်ပြီး လူထွက်ခဲ့ရာမှ ယခုကဲ့သို့ အယုတ်ညံ့ဆုံးဘဝသို့ ရောက်ခဲ့ရခြင်း ဖြစ်သည်။

'သညာသိနှင့် ပညာသိ' စာအုပ်တွင်လည်း ဖော်ပြပြီးဖြစ်၍ ဤတွင် အကျဉ်းသာပြသည်။ ဤဇာတ်လမ်း၌ လူတစ်ယောက်တည်းက ဘဝ၏ ပထမပိုင်းတွင် သူတော်ကောင်း ဖြစ်ရပြီး ဒုတိယပိုင်းတွင် သူယုတ်မာဖြစ်ရခြင်း၏ အဓိကတရားခံမှာ မည်သူနည်း။ နှုတ်ဖြင့်ပြောဆိုခြင်း ကိုယ်ဖြင့်ပြုလုပ်ခြင်းတို့သည် စိတ်ဖြင့် ကြံစည်ခြင်းမှ အစပြုရခြင်း ဖြစ်သည်။ ထိုစိတ်တွင် ပြင်းထန်စွာ လိုချင်သောလောဘ၊ ဖျက်ဆီးတတ်သောဒေါသ၊ တွေဝေမိုက်မှားသော မောဟတို့ ကိန်းအောင်းလျှင် မကောင်းတာလုပ်၊ မကောင်းတာပြောမိပြီး အယုတ်ညံ့ဆုံးဘဝသို့ ရောက်ရတော့သည်။

မလိုချင်သော၊ ပေးကမ်းချင်သေ အလောဘ၊ သူတစ်ပါးကို ချမ်းသာစေလိုသော အဒေါသ(မေတ္တာ)၊ မှန်ကန်စွာ ဝေဖန်ပိုင်းခြားနိုင်သောအမောဟပညာတို့ စိတ်၌ ကိန်းအောင်းသောအခါ အမြင့်မြတ်ဆုံးဘဝသို့ ရောက်ရပြန်သည်။

ရှေ့ပိုင်း၌ပြခဲ့သော ကိုလှမိုးသည် မိန်းမငယ်လေးကို လူယုတ်မာများလက်မှကယ်တင်ခြင်း၊ သူတစ်ပါးကို ချမ်းသာစေချင်သောအဒေါသစိတ်ခေါ် (မေတ္တာ) ကြောင့်ပင် ဖြစ်သည်။ မီးသတ်သမားလေး ကိုကိုနိုင်က ကလေးငယ်ကလေးကို မီးဘေးမှ ကယ်တင်ခြင်းသည်လည်း အဒေါသစာတ်ကြောင့်ဖြစ်သည်။ အဒေါသစာတ်ကြောင့် အမြင့်မြတ်ဆုံးဘဝသို့ ရောက်ခဲ့ရခြင်း ဖြစ်သည်။

ဖြူဖြူဝင်းကို ဖျက်ဆီးဖို့ကြံစည်ခဲ့သောပထွေးနှင့် ဖျက်ဆီးခဲ့သော အိမ်ရှင်ယောက်ျားတို့သည် ဝိသမလောဘခေါ် ရာဂစာတ်ကြောင့် အယုတ်ညံ့ဆုံးဘဝသို့ ရောက်ခဲ့ရခြင်း ဖြစ်သည်။ လိုရင်းချုပ်ရလျှင် အလောဘ၊ အဒေါသ၊ အမောဟကို လက်ခံလျှင် အမြင့်မြတ်ဆုံးဘဝသို့ရောက်မည်။ လောဘ၊ ဒေါသ၊ မောဟကိုလက်ခံလျှင် အယုတ်ညံ့ဆုံးဘဝသို့ ရောက်ရှိမည်ဟူ၍ ဖြစ်ပေသည်။

ပါပသ္မိံ ရမတိ မနော- စိတ်သည် မကောင်းမှု၌ မွေ့လျော်ပျော်ပိုက်သည် ဟူသော ဓမ္မပဒဒေသနာတော်အရ စိတ်သွားတိုင်းကိုယ်ပါပါစေဟူသော ဆုပေးသည်။ သတိပြုစရာပင် ဖြစ်သည်။ စိတ်၏မူလသဘောကိုက မကောင်းမှု၌ပျော်နေရာ ထိုမကောင်းသော စိတ်သွားတိုင်းကိုယ်ပါရလျှင် ထောင်ထဲကထွက်ရလိမ့်မည် မဟုတ်ပေ။ ကောင်းသောစိတ်သွားတိုင်းကိုယ်ပါပါစေဟု ဆုပေးမှ သင့်တော်မည်ဟု ထင်သည်။

ထိုင်းနိုင်ငံမှ မှုခင်းတစ်ခုကို ဖတ်ရသည်။

ကားမှောက်ပြီး သူဌေးတစ်ယောက်သည် ဒဏ်ရာအကြီးအကျယ်ရ၍ ချုံပုတ်ထဲမေ့နေသည်။ လူသံတစ်သံကြားသောကြောင့် ချုံပုတ်ထဲမှ ဒရွတ်တိုက်ပြီးထွက်လာကာကြည့်လိုက်သည်။ ထိုင်းနိုင်ငံ အမျိုးသားတစ်ယောက် ချုံပုတ်ဘေးမှ ထွက်လာသည်ကို တွေ့ရသည်။

"ကျွန်တော့်ကို ကယ်ပါ"

ဟု အသံကုန်အော်ပြီး ချုံပြင်သို့ တိုးထွက်လိုက်သည်။မြင်မြင်ချင်း သနားစိတ်လေးပေါ်လာသောကြောင့် ကယ်မည်ဟုဆုံးဖြတ်ပြီး အနားသို့သွားသည်။ သို့သော် ဒဏ်ရာရသူအနားသို့ ရောက်သည်နှင့် သနားစိတ်ပျောက်ကာ သတ်ပစ်ချင်စိတ်များပေါ်လာသည်။ အဘယ်ကြောင့်နည်း။ ဒဏ်ရာရသူတွင် ဝတ်ဆင်ထားသော တုတ်ခိုင်သည့် ဆွဲကြိုးကြီး၊ ကြီးမားသော ဟန်းချိန်း၊ ပတ္တမြားကျောက်ပြူးထွက်နေသော လက်စွပ်တို့ကို မြင်လိုက်ရလေသောကြောင့်ပင်တည်း။


မတရားသဖြင့်လိုချင်သော ဝိသမလောဘစာတ်ဝင်လိုက်သည်နှင့် သူတော်ကောင်းဘဝမှ သူယုတ်မာဘဝသို့ ချက်ချင်းရောက်သွားသည်။ အနားတွင် တွေ့ရသော အုတ်ခဲကျိုးဖြင့် ထုသတ်ကာ ပစ္စည်းများကို ယူသွားလေတော့သည်။ လိုချင်သော လောဘစာတ်ကို ပေးချင်သော အလောဘစာတ်ဖြင့် သတ်ရမည်။ သူတစ်ပါးအကျိုးကို ဖျက်ဆီးချင်သော ဒေါသစာတ်ကို သူတစ်ပါးအကျိုး ဆောင်ရွက်ချင်သော အဒေါသစာတ်ဖြင့်သတ်ရသည်။ တွေဝေသော မောဟစာတ်ကို စာဖတ်ခြင်း၊ တရားနာခြင်း၊ ဘာဝနာပွားခြင်းတို့ဖြင့် ထိုးထွင်းသော အမောဟစာတ်ဖြင့် ပယ်သတ်ရပါသည်။

မေတ္တာရှင် (ရွှေပြည်သာ)



www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းဖေ(ရွှေနဝင်း)

# ဓာတ်မီးဩဇာပညာ

အပိုင်း(၂)

ယခင်လမှအဆက်

**၂။ အလယ်အလတ်အစွမ်းသတ္တိနှင့်ပြည့်စုံစေသည့်ဓာတ်မီးဩဇာဓာတ်ဆိုသည်မှာ**

အထက်ပါ စကားစုတွင် 'အစွမ်းသတ္တိ' ဟု ဖော်ပြထားသည်ကို စာဖတ်သူများ သတိပြုစေချင်ပါသည်။ 'အစွမ်းသတ္တိ' ဟူသည်မှာ အစွမ်းသိဒ္ဓိဓာတ်ထက် အဆင့်နိမ့်ပါသည်ဟု ဆိုလိုချင်ပါသည်။

အစွမ်းသိဒ္ဓိနှင့် ပြည့်စုံစေသည့် အမတေ ဓာတ်မီးဩဇာဓာတ်သည် တစ်ကြိမ်တစ်ခါတည်းသာ အသုံးပြုထားခဲ့သော်လည်း စဉ်ဆက်မပြတ် စွမ်းအင်များကို ထုတ်လွှတ်ပေးစေနိုင်သည့် ထူးခြားစွမ်းအင်ရှိပါသော်လည်း အစွမ်းသတ္တိဓာတ်သည် အမြဲဖြည့်ဆည်းအသုံးပြုနေမှသာ စွမ်းအင်များကို ထုတ်လုပ်ပေးနိုင်သည့်သဘောမျိုး ဖြစ်ပါသည်။

စာဖတ်သူများ သိသာစေရန် သာဓကပြရလျှင် -

ယနေ့ခေတ်တွင် သုံးစွဲနေသည့် ရေနံစွမ်းအင်လောင်စာနှင့် အလားတူပေသည်။ ရေနံစွမ်းအင်လောင်စာသည် လိုအပ်သောစွမ်းအင်ကို ပေးစွမ်း၍ အကျိုးကျေးဇူးပြုပါသော်လည်း ၎င်းစွမ်းအင်လောင်စာကို အစဉ်အမြဲထပ်မံဖြည့်ဆည်းပေးမှသာ စွမ်းအင်ကို ထုတ်လုပ်ပေးနိုင်ပါသည်။ လောင်စာပြတ်သွားလျှင် စွမ်းအင်လည်း ရပ်သွားပေမည်။ လေယာဉ်ဆီပြတ်သွားလျှင် ပျံသန်းနေရင်း အရှိန်ကြီးပြတ်ပြုတ်ကျသွားပေမည်။

ထို့ကြောင့် စွမ်းအင်သတ္တိကို ရရှိအောင် ပုံမှန်လောင်စာဆီကို ဖြည့်ပေးနေရသည့်သဘောပင် ဖြစ်ပါသည်။

ဥပမာ အပင်ထွက်တွင်းထွက် ပစ္စည်းများဖြင့် ဖော်စပ်ဖန်တီးထားသည့် 'ရသာယန' တန်းဝင်ဆေးများ၊ ဓာတ်စာများပင် ဖြစ်ပါသည်။ ၎င်းတို့ကို စာဖတ်သူများ သိသာမြင်သာစေရန် ဖော်ပြပေးရလျှင် -

၁။ ချင်းတောင်တန်းတွင်ထွက်ရှိသော နတ်ဆေးဂမုန်းကို ပျားရည်နှင့်တေ၍ အစဉ်အမြဲ စားသုံးခြင်း။

၂။ မအို၊ မနာ၊ မသေ၊ မပုပ်ဟု ဆိုသော ဥနှဲမြစ်၊ ဆင်တုံးမနွယ်၊ ၎ခေါက်တို့ကို ပျားရည်နှင့်တေ၍ အစဉ်စားသုံးပေးခြင်း။

၃။ တွင်းထွက်ကျောက်ဆေးဒန်းရင့်ရင့်ကောင်းကောင်းရလျှင် ဆေးဒါန်း (၁၀) ကျပ်သား၊ နနွင်း (၃၀) ကျပ်သား၊ နနွင်းခါး (၂၀) ကျပ်သားကို အမှုန့်ပြု၍ နွားနို့ (၁) ပိဿာနှင့် ရောမွှေပြီး နေသွေ့အောင်လှန်း။ နေသွေ့သွားလျှင် ဒုတိယ နွားနို့ (၅၀) သားထည့်၍ နေပြန်လှန်း၊ တစ်ဖန် တတိယအကြိမ် နွားနို့ (၅၀)သားထည့်၍နေခြောက်သွေ့အောင် လှန်း၍ ၎င်းကို လက်ဖက်ရည်ဇွန်းတစ်ဇွန်းစာခန့် ဆေးလုံးလေးများလုံးထားပါ။ လေလုံစွာ သိမ်းပါ။ ၎င်းဆေးကို ညစဉ် ဆေး (၃) လုံး ရေအေးနှင့် ပုံမှန်သောက်ပေးပါ။

မှတ်ချက် - ၎င်းဆေးလှန်းလျှင် ဆေးထည့်လှန်းသည့်ဇလုံသည် ဒန်ဇလုံ၊ စတီးဇလုံကို မသုံးရပါ။ ကြွေရည်သုတ်ဇလုံကိုသာ သုံးရမည်။

၄။ ဆင်တုံးမနွယ် (၅၀)ကျပ်သား၊ ရှောက်သီး (၅) လုံး၊ ထန်းလျက် (၂) ပိဿာကို ရေ (၁) ဂါလန်နှင့်စိမ်၍ နေလှန်းထားသည့် စိမ်ဆေးရည်ကို နေ့စဉ်နံနက်၊ ည အကြမ်းပန်းကန် (၁) လုံး သောက်ပေးခြင်းဖြင့် ဆီး၊ ဝမ်း၊ လေမှန်စေသည်။

၅။ ဆေးမြင်းခွာအနီ၊ အနက်တို့ကို အမှုန့်ပြု၍ ပျားရည်နှင့်တေပြီး နေ့စဉ်မှီဝဲပေးခြင်း။

၆။ ပေါက်နွယ်ဥကို ပါးပါးလှီးကာ နေလှန်း၊ အမှုန့်ပြု၍ ပျားရည်နှင့်တေပြီး နေ့စဉ် (၃) လုံးခန့်စားပေးခြင်း။

၇။ မြင်းခွာရွက်မှုန့် (၁၀) ကျပ်သား၊ ငရုတ်ကောင်း (၂) ကျပ်သား၊ ပျားရည် (၁၀)ကျပ်သားနှင့်တေ၍နေ့စဉ်မှီဝဲပေးခြင်း။

၈။ သက်ရင်းကြီးပဥ္စငါးပါးကို ပြာချ၊ ဆားချက်၍ရလာသော သက်ရင်းကြီးရုက္ခမူဆား (၈) ပဲသားကို ပျားရည် (၁) ပိဿာနှင့် ရောမွှေ၍ နေ့စဉ်လက်ဖက်ရည်ဇွန်း (၂) ဇွန်းခန့် ပုံမှန်စားသုံးပေးခြင်း။

၉။ သဘော်ဖိုပင်ကိုလည်း ရုက္ခမူဆားချက်၍ ဆား (၈) ပဲသား၊ ပျားရည် (၁) ပိဿာစပ်၍ နေ့စဉ် လက်ဖက်ရည်ဇွန်း (၂) ဇွန်းခန့်စားပေးခြင်း။

၁၀။ ရှောက်သီး (၃) လုံးကို နူးအိအောင်ပေါင်း၍ အနှစ်တိုက်ယူပြီး ရှားစောင်းလက်ပပ်(၁)ပိဿာ၊ မန်ကျည်းနှစ်(၂၅)ကျပ်သား၊ ထန်းလျက်(၁)ပိဿာ



www.burmeseclassic.com

www.burmeseclassic.com

(၅၀) ကျပ်သား၊ နှမ်းဆီ (၂၀) သား၊ စမုန်မျိုးငါးပါးအမှုန့် (၃) ကျပ်သား ထည့်၍ချက်ထားသည့်ဆေးကို နံနက်၊ ည ဟင်းစားဇွန်း (၁) ဇွန်း ပုံမှန်စားပေးခြင်း။

၁၁။ သဘာဝ ကျောက်တောင်၊ ကျောက်ဂူများအတွင်းမှရသောသဘာဝ ကျောက်သွေးအဆီစစ်စစ်ကို ပျားရည်နှင့် ဆတူရောစပ်၍ နံနက်၊ ည လက်ဖက်ရည်ဇွန်း (၁) ဇွန်းခန့် ပုံမှန်မှီဝဲပေးခြင်း။

၁၂။ သူငယ်စာငှက်ပျောသီးရင့်ရင့်ပျော့ပျော့ကို သစ်ခေါင်းပျားရည်စစ်စစ်ဖြင့် စဉ့်အိုးတွင်စိမ်၍ လေလုံစွာပိတ်ပြီး မိုးရေလွတ်ကင်းသည့်မြေကြီးထဲတွင် တွင်းတူး၍ နှစ်ပေါက်အောင်မြှုပ်ထားပြီးမှ ၎င်းပျားရည်စိမ် ငှက်ပျောသူငယ်စာဆေးကို မှီဝဲပေးခြင်း စသည်တို့ ဖြစ်ပါသည်။

အထက်ဖော်ပြပါ ရသာယနတန်းဝင်ဆေးဝါး၊ ဓာတ်စာများကို စနစ်တကျဖော်စပ်၍ ပုံမှန်မှီဝဲစားသုံးပေးကြသောပုဂ္ဂိုလ်များတွင် ၎င်းတို့၏ ခန္ဓာကိုယ်ရုပ်ဓာတ်ကို ဆေးဝါးများတွင် ပါဝင်သော 'ဓာတ်မီးဩဇာဓာတ်၏ အစွမ်းသတ္တိ' များကြောင့် ဓာတ်ကြီး (၄) ပါးကို ညီညွတ်မျှတစေပြီး ခန္ဓာကိုယ်ရုပ်ဓာတ်ကို အထိုက်အလျောက် အကျိုးကျေးဇူးပြုစေ၍ ရုပ်ပျိုကိုယ်နုကျန်းမာခြင်းဟူသော အကျိုးထူးကို ခံစားရပါသည်။

ဤနေရာတွင် ဓာတ်မီးဩဇာအမတေဓာတ်တွင် ဓာတ်ကြီး (၅) ပါးစလုံးပါဝင်၍ စုစည်းပေါင်းစပ်ဖွဲ့စည်းပြီးဖြစ်ပေါ်လာသည့် အနှစ်အမတေသိဒ္ဓိဓာတ်၏ စွမ်းအင်ထုတ်လွှတ်ပေးခြင်းကြောင့် အကျိုးတရားသည်လည်း ထိပ်တန်းအကျိုးကျေးဇူးကို သုံးစွဲသူသည် ခံစားရရှိနိုင်ပေသည်။

ယခု အလယ်အလတ် ဓာတ်မီးဩဇာ၏အစွမ်းသတ္တိဓာတ်သည် ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော တည်းဟူသော ဓာတ်ကြီး (၄) ပါးကိုသာ ပါဝင်ဖွဲ့စည်းညီညွတ်မျှတစေခြင်းကြောင့် သုံးစွဲသူသည် အစဉ့်ဝီရိယထားပြီး နေ့စဉ့်ပုံမှန်သုံးဆောင်မှီဝဲသွားပါမှသာ ထိုက်သင့်သည့် အကျိုးကျေးဇူးကို ခံစားရမည်ဖြစ်ပါသည်။

ထို့ကြောင့် ၎င်းတို့ကို -

'အလယ်အလတ်အစွမ်းသတ္တိနှင့်ပြည့်စုံစေသည့် ဓာတ်မီးဩဇာဓာတ်' များဟု ခေါ်ဆိုနိုင်ပါသည်။

**၃။ သာမန်အခြေအနေတွင်ရှိသော ဓာတ်မီးဩဇာဓာတ်**

ပကတိသဘာဝအခြေအနေတွင်ဖြစ်တည်နေသော သစ်သီး၊ သစ်ဥ၊ ဆေးပင်၊ ဆေးမြစ်တို့တွင် တည်ရှိနေသော စွမ်းအင်ကို အားအပြည့်အဝနှင့် စွမ်းအားအများဆုံးရရှိနိုင်သည့်အခြေအနေနှင့် အချိန်အခါကို အကဲဖြတ်၍ အသုံးချပြီး သဘာဝဓာတ်သဘောတရားများကို သိမြင်၍ အသုံးဝင်အကျိုးရှိအောင် ဖော်စပ် ကျွေးမွေးစီမံနိုင်မှုကို ဆိုလိုပါသည်။

ဥပမာအားဖြင့် -

ကျန်းမာရေး ချို့ယွင်းနေသော လူနာကို သို့မဟုတ် နာတာရှည်ရောဂါစွဲကပ်၍ လွန်စွာအခြေအနေဆိုးဝါးနေသော အခြေအနေမျိုးတို့တွင် လူနာကို ရောဂါနှင့် သင့်တော်ပြီး ရောဂါအမြန်ပျောက်စေရန် အထောက်အကူပြုဓာတ်စာပေးကျွေးခြင်း၊ အခန်းကဏ္ဍတွင် ထိုဓာတ်မီးဩဇာဓာတ်အပြည့်အဝရရှိစေဖို့ရန် လွန်စွာပဲ အရေးကြီးလှပါသည်။

သို့မှသာ မိမိပေးကျွေးလိုက်သော ဓာတ်စာဆေးဝါးတို့သည် လူနာအတွက် လိုအပ်သော 'ဓာတ်မီးဩဇာဓာတ်' များ၏ စွမ်းအင်ကို အပြည့်အဝ အချိန်ကိုက်ရရှိပြီး လူနာ၏ ရောဂါဝေဒနာတို့သည် လျင်မြန်စွာပျောက်ကင်းသက်သာသွားနိုင်မည် ဖြစ်သည်။

စာဖတ်သူများ သိသာထင်ရှားစေရန် သာဓကဖော်ပြရလျှင် -

ဥပမာ -

၁။ နာတာရှည်ရောဂါစွဲကပ်၍ အစားအစာမဝင်သော လူနာသည် တစ်ချိန်ချိန်တွင် ၎င်းအာသီသချင်ခြင်းတပ်သော သစ်သီး၊ သစ်ဥ၊ အစားအစာ၊ မုန့်ပဲသရေစာ စသည်တို့ကို တောင်းဆိုလာတတ်ကြပါသည်။

ထိုအခါ လူနာ၏ တောင်းဆိုချက်ကို မလွဲမသွေဖြည့်ဆည်းပေးရပေတော့မည်။

ဤသည်ကို ရှေးဆရာကြီးများက 'သွေးတောင်း နတ်ပေး ဓာတ်စာ' ဟု ခေါ်ဆိုသမုတ်ကြပါသည်။

အဘယ်ကြောင့်ဆိုသော် လူနာ၏ ခန္ဓာကိုယ်တွင် ရောဂါဝေဒနာ၏ ဖိစီးနှိပ်စက်မှုကြောင့် ဓာတ်တရားများ ကပြောင်းကပြန် ဖြစ်ပေါ်နေရာမှ ကံတရား၏ နှိုးဆော်မှုကြောင့် လူနာအတွက် အလွန်လိုအပ်နေသော ဓာတ်တရား၊ အသက်ကိုဆက်ပေးစေမည့် ဓာတ်ကို လူနာ၏ အသွေးအသားထဲမှပင် တောင်းဆိုလာသောကြောင့် 'သွေးတောင်း နတ်ပေး ဓာတ်စာ' ဟု ခေါ်ဆိုသမုတ်ရခြင်း ဖြစ်ပါသည်။

ထိုဓာတ်စာသည် နာတာရှည်ရောဂါဝေဒနာကို တာရှည်ခံစားနေရသော လူနာအတွက် သေရေးရှင်ရေးအဆုံးအဖြတ်ပေးသည့်ဓာတ်စာ ဖြစ်ပါ၍ လွန်စွာအရေးပါလှပေသည်။

ထိုကဲ့သို့သောအခြေအနေမျိုးတွင် လူနာတောင်းဆိုသည့်ဓာတ်စာကို ပေးကျွေးတော့မည်ဆိုလျှင် ဓာတ်မီးဩဇာဓာတ်စွမ်းအင်များ အပြည့်အဝပါဝင်နေသော သစ်သီး၊ သစ်ဥ၊ ဓာတ်စာတို့ကို ပေးကျွေးနိုင်ဖို့ရာ လွန်စွာအရေးကြီးလှပါသည်။

ဆိုကြပါစို့။ လူနာက သူ၏စိတ်ထဲတွင် အလွန်စားချင်နေသော ဓာတ်စာမှာ -

ဥပမာ နာနတ်သီး၊ ဒူးရင်းသီး၊ မင်းဂွတ်သီး၊ သရက်သီး၊ ပိန္နဲသီး၊ ငှက်ပျောသီး၊ သံပရာသီး၊ ရှောက်သီး၊ ဖွဲချိုသီး စသည်အားဖြင့် သူ့အာရုံကျရာအသီးအနှံတစ်ခုခုကို တောင်းဆိုလာခဲ့သော် ကုသပေးနေသော ဆရာလုပ်သူက ထိုသစ်သီး၊ သစ်ဥ၊ သီးနှံများသည် မည်သို့သော အဆင်းသဏ္ဌာန်၊ လက္ခဏာနှင့် ပြည့်စုံသော အသီးအနှံသည် ဓာတ်မီး၊ ဩဇာဓာတ်၊ စွမ်းအင်ပြည့်ဝစွာကိန်းဝပ်နေသည်ကို သိထားဖို့ရန် ဆုံးဖြတ် သုံးသပ်ပေးနိုင်သည့် ဉာဏ်ပညာ၊ ဓာတ်သိမှုပညာရှိရန် လွန်စွာလိုအပ်လှပါသည်။

ဤကဲ့သို့ ဆုံးဖြတ် သုံးသပ်နိုင်အောင် စာဖတ်သူ သုတေသီပညာသင်များ အကျိုးရှိစေရန် ဓာတ်သိမှုပညာကို ဖော်ပြပေးပါမည်။

**ဓာတ်မီးဩဇာဓာတ် စွမ်းအင်အပြည့်အဝရရှိရန် ဓာတ်စာရွေးချယ်နည်း**

၁။ ထိုကဲ့သို့သော ဓာတ်စာအသီးအနှံများကို ပေးကျွေးရတော့မည်ဆိုလျှင် ရှေးဦးစွာ လူနာ၏ ဝမ်းမီးအနေအထားကိုကြည့်၍ စားသောက်လိုက်သော ဓာတ်စာသီးနှံကို ခြေချက်ပေးနိုင်ရန် ဆရာက ဦးစွာ ဝမ်းမီးကို ချက်လုပ်စေသည့် ဆေးကိုပေးပြီး ပြုပြင်ပေးထားရမည်။



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းမှာ နတ်သုဒ္ဓါ နတ်ဩဇာပင်ဖြစ်လင့်ကစား ၎င်းကိုခြေချက်နိုင်သော ဝမ်းမီးမျိုးမဟုတ်ခဲ့လျှင် အဆိပ်တုံးအဆိပ်ခဲပင် ဖြစ်ပေတော့မည်။

၂။ ထိုသို့ ပေးကျွေးရမည့် အသီးအနှံသည် သက်တမ်းပြည့်မီ၍ အချိန်အခါရောက်သဘာဝအတိုင်း ရင့်မှည့်နေသည့် အသီးအနှံမျိုး ဖြစ်ရမည်။

(ဤအချက်သည် အထူးအရေးကြီးပါသည်။)

ဥပမာ သက်တမ်းနု၊ ဆေးတို့၍ အမှည့်ခံထားသော ယခုခေတ် အသီးအနှံများကို သတိပြုဆင်ခြင်၍ ကျွေးပါ။ ငှက်ပျောသီးဆိုလျှင်လည်း (၄)၊ (၅) လမှ ရင့်မှည့်ရမည်ကို မြွေရိုးပင်မပျောက်သေးဘဲ (၂)၊ (၃) လအနေမှာ ခုတ်ယူပြီး ဆေးတို့အမှည့်ခံပြီး ရောင်းချနေသည်များ။

အထက်ပါ ငှက်ပျောသီးကဲ့သို့ပင် သီးနှံစုံကို ရာသီချိန်ခါ သက်တမ်းမပြည့်ခင်မှာ ခူးဆွတ်၍ ဓာတုဗေဒဆေးဖြင့် အမှည့်ခံထားသည့် အသီးအနှံများကို နာတာရှည် ရောဂါသည်များအတွက် ဓာတ်စာအနေဖြင့် ပေးကျွေးခဲ့လျှင် 'ရှင်စာမဖြစ်ဘဲ' 'သေစာအဆိပ်ဓာတ်' ပင် ဖြစ်နိုင်ပါသည်။ (အထူးသတိပြုကြပါ။)

ပမာဆိုရလျှင် အထက်ပါသဘာဝကို လွန်ဆန်၍လုပ်ယူထားသော အသီးမှည့်များသည် ယခုခေတ် ဓာတ်ဆီလောင်စာရည်များကဲ့သို့ပင် သန့်ရှင်း၍ အရည်အသွေးပြည့်မီခြင်း၊ အားနည်း၍ အရောအနှောများ ပေါင်းစပ်ထားသဖြင့် စက်ပိုင်း၊ အင်ဂျင်ပိုင်းနှင့် အသုံးပြုအလုပ်လုပ်သော ပုဂ္ဂိုလ်များဆိုလျှင် အထူးပြောစရာပင် မလိုလောက်အောင် သဘောပေါက်နားလည်ကြပါလိမ့်မည်။

လောင်စာဆီပင်ဖြစ်သော်လည်း သန့်ရှင်းစင်ကြယ်၍ အရည်အသွေးပြည့်မီသောဆီမျိုးမဟုတ်သဖြင့် အင်ဂျင်အတွက် လိုအပ်သော မီးပေါက်ကွဲအားမပြည့်ဘဲ လိုအပ်သော စွမ်းအင်ကိုထုတ်၍မရခြင်း၊ အင်ဂျင်သက်တမ်းကို ထိခိုက်စေခြင်း စသည်တို့ကို လက်တွေ့ကြုံနေရပေသည်။

ထို့အတူ ရင့်မှည့်မှုသက်တမ်းမပြည့်ခင် ဓာတုဗေဒဆေးအကူအညီဖြင့် အမှည့်ခံထားသော သစ်သီးဝလံများသည်လည်း ၎င်းအစာအာဟာရတို့ကို စားသုံးလိုက်သောသူ၏ ဝမ်းမီးကို ထိခိုက်ပျက်စီးစေ၍ ထွက်ရှိလာသော 'ရသာရည်'အင်အားဓာတ်တို့သည်လည်း အရည်အသွေးချို့ယွင်းသဖြင့် လူနာအတွက် လိုအပ်သော ခန္ဓာကိုယ်ကျန်းမာရေးအတွက် အထောက်အကူအကျိုးကျေးဇူးကိုလည်းမပြုနိုင်သည်မှာ သိသာလှပါသည်။

၃။ အထက်ဖော်ပြပါ စံနှုန်းနှင့်ကိုက်ညီသော သဘာဝအတိုင်း ရင့်မှည့်သည့် သစ်သီးဝလံတို့သည် ပင်ကိုအရောင်အဆင်းလည်း လှပတင့်တယ်ပါသည်။ အဝါရောင်ရှိရမည့် အသီးသည် အဝါရောင်ဓာတ်အပြည့်အဝနှင့် လှပနေစေပါမည်။ အနီရောင်ရှိရမည့် အသီးဆိုလျှင် အနီရောင်အပြည့်အဝရှိ၍ လှပသောသစ်သီး ဖြစ်နေရမည်။

၄။ အနံ့၊ အရသာလည်း စံကိုက်ပြည့်မီနေသည့်သစ်သီး ဖြစ်နေစေရပါမည်။

ချိုသည့်အသီးဆိုလျှင် ချိုကိုချိုနေရမည်။

ချဉ်ရမည့်အသီးဆိုလျှင် အချဉ်ဓာတ်ပြည့်နေရမည်။

မွှေးပျံ့သည့် ရနံ့နှင့်လည်း ပြည့်စုံနေရပေမည်။

၅။ ဓာတ်စာပေးကျွေးမည့် အသီးအနှံတို့သည် သီးပိန်၊ သီးညှပ်၊ တစ်ခြမ်းပိန်၊ တစ်ခြမ်းပွဲ့ မဖြစ်စေရပါ။

သီးနှံသည် လုံးဝန်းပြည့်ဖြိုး၍ အနှစ်ဩဇာနှင့် ပြည့်ဝ၍နေသည့် အသီးအနှံမျိုးကို ရွေးချယ်၍ ပေးကျွေးရပါမည်။

၆။ ဓာတ်စာပေးကျွေးရမည့် သစ်သီးများသည် အမှည့်လွန်၍ ဓာတ်မီးဩဇာဓာတ်ပျက်နေသော အသီးအနှံမဖြစ်စေရပါ။ (ကောင်းမွန်စွာရင့်မှည့်နေသည့်အသီးဖြစ်ရမည်)

၇။ အထက်ဖော်ပြပါ အင်္ဂါရပ်များနှင့်ပြည့်စုံနေသော သစ်သီးများကို ဓာတ်စာအနေဖြင့်ကျွေးပြီဆိုလျှင်လည်း လူနာ၏ဝမ်းမီးနှင့် ချင့်ချိန်တွက်ဆ၍သင့်တော်သည့် ပမာဏအတိုင်းအတာနှင့်သာ ပေးကျွေးပါ။ လူနာ၏ ဝမ်းမီးချက်နိုင်ရုံအနေသာ ဓာတ်စာကိုကျွေးပါ။ တအားတဝတပြမကျွေးရပါ။

၈။ လူနာကို ဓာတ်စာအသီးအနှံပေးကျွေးပြီးသည်နှင့် ဝမ်းမီးကို အထောက်အကူပေးစေသည့် ဆေးဝါးကို အချိန်နှင့်တစ်ပြေးညီ ဆရာကတိုက်ပေးရပါမည်။

သို့မှသာ စားသောက်လိုက်သော ဓာတ်စာသီးနှံများကို ဝမ်းမီးက ခြေချက်ပြီး ဓာတ်မီးဩဇာဓာတ်စွမ်းအင်များကို ထုတ်လုပ်ပေးပြီး လူနာ၏ရောဂါဝေဒနာကို အမြန်ပျောက်ကင်းစေရန် အကျိုးပြုမည် ဖြစ်ပါသည်။ အထက်ဖော်ပြပါ အကြောင်းအရာ ပညာရပ်များသည် မြန်မာ့ရိုးရာတိုင်းရင်းဆေးပညာရပ်နယ်ပယ်တွင် အလွန်ကျယ်ဝန်းနက်နဲပြီး အဖိုးတန်ပညာရပ်တစ်ခုအဖြစ် ဆရာစဉ်ဆက်အတွင်းနေတပည့်များကိုသာ လက်ဆင့်ကမ်း ပညာအမွေပေးခဲ့သော ပညာတစ်ရပ် ဖြစ်ပါသည်။

ယခုအချိန်အခါတွင် ထိုပညာရပ်များကို သိမ်းဆက်ခံရသူများ အလွန်နည်းပါးလာပြီး ရိုးရာပညာရပ်အမွေများ ပျောက်ကွယ်သလောက်ပင် နည်းပါးစွာ တွေ့မြင်နေကြရပါသည်။

ထို့ကြောင့် 'ဓာတ်မီးဩဇာပညာ' ဓာတ်သိမှု ပညာရပ်အကြောင်းကို ဝါသနာနှင့် သုတေသီပညာသင်များအတွက် ပညာပွားများ၍အကျိုးကျေးဇူးများစေရန် ထက်သန်သည့်စိတ်စေတနာဖြင့် ဖော်ထုတ် ရေးသား တင်ပြလိုက်ရပါသည်။

သို့သော် ယခုတင်ပြခဲ့သော အကြောင်းအရာများသည် စာဖတ်သူဝါသနာရှင် သုတေသီများ ပညာရပ်၏သဘောသဘာဝကို သိမြင်နိုင်စေရန် တင်ပြထားသော 'ဓာတ်မီးဩဇာပညာရပ်၏နိဒါန်း' အစမျှသာရှိပါသေးသည်။

ထိုပညာရပ်သည် လွန်စွာခက်ခဲနက်နဲ၍ ဓာတ်တရားတို့၏အပေါ်မှာ တွေးခေါ်သိမြင်နိုင်မှု အင်အားပေါ်တွင် အခြေခံမှုတည်နေပါသည်။ ဓာတ်လက္ခဏာသဘာဝတို့ကို ကျွမ်းကျင်လိမ္မာပြီး ဓာတ်သိမှုပညာ အဆင့်အတန်းမြင့်မားလျှင် မြင့်မားသလို ထိုပုဂ္ဂိုလ်သည် ဓာတ်မီးဩဇာပညာရပ်၏ ထိပ်တန်းအကျိုးကျေးဇူးကို ခံစားရရှိပြီး 'လောကီဝိဇ္ဇာရေသိဒ္ဓိ' အကျိုးထူးများကိုပင် ခံစားရရှိနိုင်သည့် ပညာရပ်ကြီးတစ်ခု ဖြစ်ပါသည်။

သို့ပါ၍ ဝါသနာရှင် သုတေသီပညာသင်များ ရှေ့ဆက်လက်၍ ပညာပွားများ ဉာဏ်ကစား၍ လိုရာပညာရပ်များကို တိုးပွားဆက်ခံနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

*အားလုံးပညာပြည့်ဝနှလုံးလှ၍*
*လောကအကျိုးသယ်ပိုးနိုင်ကြပါစေ*

ဦးမင်းဇင် (ရွှေနဝင်း)



www.burmeseclassic.com

www.burmeseclassic.com



(မြောင်) ၇

# ထုံးတောင်-အရှင်ဓမ္မပီယ

## တရားအားထုတ်သူတစ်ယောက်အကြောင်း

**အညတရသာသနာ့အာဇာနည်**

သုဘရာဇာကြီးဦးမြသိး၏ အပြောအရ တစ်ချိန်က သည်နေရာမှာ သုသာန်ကျောင်းငယ်လေးတစ်ကျောင်းရှိ၏။ ထိုကျောင်းငယ်မှာ ဘုန်းတော်ကြီးတစ်ပါး သီတင်းသုံးခဲ့ဖူးသည်။ ဦးမြသိး အသက်ခပ်ငယ်ငယ် သုဘရာဇာဖြစ်ခါစက ဤသုသာန်မှာ ဘုန်းတော်ကြီးတစ်ပါး သုသာန်ဓူတင် ဆောက်တည်ရန် ကြွရောက်လာခဲ့၏။ ထိုစဉ်က ဘုန်းတော်ကြီးမှာ သုသာန်နှင့်အနီးငယ်ဝေးသော ညောင်ပင်ကြီးတစ်ပင်အောက်မှာ နေ့အချိန်တွင် သီတင်းသုံးပြီး ညအချိန်ကျမှ သုသာန်အတွင်းသို့ ကြွရောက် ဓူတင်ဆောင် တရားအားထုတ်ခြင်း ဖြစ်သည်။ မြို့ထဲကိုတော့ နေ့စဉ်ပုံမှန် နံနက်စောစောဆွမ်းခံကြွလေ့ရှိသည်။

ဘုန်းတော်ကြီး ထိုသို့ သီတင်းသုံးသည်ကို အိမ်ထောင်ကျစ ဦးမြသိးတို့ဇနီးမောင်နှံက အလွန်ကြည်ညို၏။ နောက်တော့ ဦးမြသိး စိတ်ကူးတစ်ခုရသည်။ သုသာန်မှာက စွန့်ပစ်ထားသော ခေါင်းပျဉ်တလား၊ ခုတင်ပျက်သစ်သားအတိုအစတွေများစွာရှိ၏။ ထိုပစ္စည်းများကိုအသုံးပြု၍ သုသာန်၏အနောက်မြောက်ထောင့်လယ်ကွင်းစပ်မှာ ကျောင်းလေးတစ်ဆောင် သူ့စိတ်ကူးနှင့်သူ ဆောက်သည်။ နောက်တော့ သူ့စိတ်ကူးကို သိသွားကြပြီး သုသာန်မှာ အုတ်ဂူများလာလုပ်ပေးလေ့ရှိသည့် ပန်းရန်ဆရာတွေကပါ ဝိုင်းဝန်းကူညီဆောက်လုပ်ပေးကြသည်။ ဦးမြသိး၏ ဇနီးကလည်း မြို့ဈေးကိုသွားပြီး လိုအပ်ရာရာတို့ကို ဝယ်ပေးတတ်၏။

သို့ဖြင့် သုံးပင်ပတ်လည် တစ်ထပ်ကျောင်းငယ်လေးတစ်ဆောင် သပ်သပ်ရပ်ရပ်ပေါ် ထွက်လာသည်။ ဦးမြသိးကမူ သူ့စိတ်ကူးရှိရာကိုသာ လုပ်ဆောင်နေခြင်းဖြစ်သော်လည်း ဘုန်းတော်ကြီးကိုတော့ အကျိုးအကြောင်းမလျှောက်ရဲ့သေးပါချေ။ ဒီလိုကျောင်းမျိုးကိုလည်း ဘုန်းတော်ကြီးက နေထိုင်သီတင်းသုံးလိမ့်မည်ဟု မမျှော်မှန်းရဲရှာပေ။ ကျောင်း၏ အခင်း၊အကာအရံဟူသမျှ သုသာန်ကရသည့် သစ်သားများသာ ဖြစ်၏။ ယုတ်စွအဆုံး သူ့ကျောင်းလေးအတွင်းမှာလုပ်ထားသည့် ခုတင်ညောင်စောင်း၊ ဆွမ်းစားစားပွဲ၊ သပိတ်စင်ကစပြီး ခေါင်းတလားကရသည့် ပျဉ်ချပ်များ ဖြစ်၏။ ကျောင်းအောက်ထပ် မြေပြင်ပေါ်မှာလည်း အုတ်ဂူအဟောင်းအပျက်များကရသည့် အုတ်ခဲကျိုး၊ အင်္ဂတေကျိုးများကို လုထောင်းပြီး ညီညီညာညာခင်းထား၏။ ကျောင်းတွင်းသို့ဝင်ရာ အပေါက်ဝမှာမူ အုတ်ဂူလုပ်ရာမှပိုသည့် ဘိလပ်မြေ၊ ထုံး၊ သဲတို့နှင့် မဆလာစပ်၍ သပ်သပ်ရပ်ရပ် အချောကိုင်ခင်းပေးထားလေသည်။

ထိုသို့ ကျောင်းငယ်လေးကို သူတို့စိတ်ကူးရှိသရွေ့ ဆောက်လုပ်ပြီးကြတော့မှ ဘုန်းတော်ကြီး သီတင်းသုံးရာ ညောင်ပင်အောက်ကို မဝံ့မရဲနှင့် လင်မယားနှစ်ယောက် သွားရောက် လျှောက်ကြခြင်းဖြစ်သည်။ ဘုန်းတော်ကြီးကမူ သူတို့ဇနီးမောင်နှံကို ကရုဏာသက်စွာ တစ်ချက်မျှကြည့်လိုက်ပြီး ဘေးနားမှာချထားသော သပိတ်အိတ်ကို လွယ်ကာ သူတို့ကျောင်းလေးရှိရာကိုကြွသွားပြီး ကျောင်းအပ်ပွဲကို တိတ်တိတ်ဆိတ်ဆိတ် လက်ခံလိုက်လေသည်။

ဦးမြသိးတို့ဇနီးမောင်နှံ၏ ဝမ်းမြောက်ပျော်ရွှင်မှုမှာ ပြောမပြနိုင်တော့ပေ။ ဘုန်းတော်ကြီး သီတင်းသုံးသော သုသာန်ကျောင်းသည် ဦးမြသိး၏လက်ရာ၊ သူတို့ဇနီးမောင်နှံ၏ကောင်းမှုချည်းဖြစ်၏။ အကျင့်သီလနှင့် ပြည့်စုံသော ရောင့်ရဲလွယ်သော၊ အလိုနည်းသော ကိလေသာခေါင်းပါးစေသည့် ဓူတင် အကျင့်တွေနှင့် ပြည့်စုံတော်မူ

www.burmeseclassic.com

www.burmeseclassic.com

အရေးကိုအချိန်ပြည့်အားထုတ်နေသော၊ စကားနည်းသော စသည့် ကိုယ်ကျင့်သီလတွေနှင့် ပြည့်စုံရှာသော ရဟန်းတော်ကို ကိုယ်တိုင်ကျောင်းဆောက်လုပ်လှူဒါန်းခွင့်ရကြသည့် ဦးမြသီးတို့ ဇနီးမောင်နှံနှစ်ယောက်၏ သဒ္ဓါတိုမှာ မြတ်စွာဘုရားရှင်ကို ပုဗ္ဗာရုံကျောင်းတော်ကြီးဆောက်လှူခွင့်ရသည့် ဝိသာခါကျောင်းအမကြီး၏ဝမ်းမြောက်မှုနှင့်ပင် နှိုင်းယှဉ်လောက်ပါပေရဲ့ဟု ရဟန်းတော် အရှင်[illegible]က မုဒိတာပွားလိုက်မိပေသည်။

ဘုန်းတော်ကြီးကလည်း အခါအခွင့်သင့်တိုင်း ဦးမြသီးတို့မောင်နှံကို တရားစကား၊ ဆုံးမစကားများ မိန့်ကြားသတ်၏။ ဘုရားမှန်မှန်ရှိခိုးဖို့၊ သီလစောင့်ဖို့၊ သူတစ်ပါးကို ကူညီရိုင်းပင်းတတ်ဖို့ စသဖြင့် အလျဉ်းသင့်တိုင်း မိန့်မြွက်၏။ ထိုသို့ ဘုန်းတော်ကြီးကို ကျောင်းလှူ၍ သြဝါဒတရားတော်များကို နာခံရသည်မှစပြီး ဦးမြသီးတို့ ဇနီးမောင်နှံမှာ မိုးဦးကျ ဖားရှာ၊ ငါးရှာတတ်သော ဒုစရိုက်မှုများကို ရာသက်ပန် စွန့်လွှတ်လိုက်တော့၏။

စောစောပိုင်းကတော့ ဘုန်းတော်ကြီးသည် မြို့ထဲသို့ ပတ္တပိုက်ဆွမ်းခံကြွရောက်ပြီး ဆွမ်းဘုဉ်းပေးရာမှာကားသား၊ ငါးဟင်းလျာများကို ဘေးဖယ်ထုတ်၍ ဘုဉ်းပေးလေ့ရှိ၏။ နောက်ပိုင်းတွင်မူ ဘုန်းတော်ကြီးကို သက်သတ်လွတ်သုံးဆောင်မှန်းသိရှိကြပြီး မြို့လူထုကလည်း သား ငါးဟင်းလျာများကို မလောင်းလှူကြတော့ပေ။ ဟင်းသီးဟင်းရွက်၊ ပဲဟင်း စသော သက်သတ်လွတ်ဆွမ်းဟင်းများနှင့် သစ်သီးသစ်နှံများကိုသာ အလှူပယ်လောင်းလှူကြတော့၏။ ဦးမြသီးတို့ဇနီးမောင်နှံလည်း ဘုန်းတော်ကြီး၏ အဆုံးအမကိုယူ၍ ထိုအချိန်မှစပြီး သက်သတ်လွတ်စားသောက်ကြလေသည်။

ဘုန်းတော်ကြီးသည် နေ့စဉ် ပတ္တပိုက်ဆွမ်းခံ၍ တစ်နေ့မှာ တစ်ထပ်တည်းသောဆွမ်းကိုသာ ဘုဉ်းပေးလေ့ရှိ၏။ ဘုန်းတော်ကြီး၏ အကျင့်သီလကို သိလာကြသော မြို့နေလူထုက ကြည်ညိုလေးမြတ်လာကြရာ ဦးမြသီးတို့၏ သုသာန်ကျောင်းလေးကိုဖျက်၍ ပိုမိုခမ်းနားသောကျောင်းကို ဆောက်လုပ်လှူဒါန်းလိုကြ၏။ ဘုန်းတော်ကြီးကို



www.burmeseclassic.com

www.burmeseclassic.com

လျှောက်ထားသော်လည်း ဘုန်းတော်ကြီးက လက်မခံတော့ပေ။ ထိုအချိန်ကမူ ဦးမြသီးတို့ရှိရာ သုသာန်တစ်ဝိုက်မှာ ဦးမြသီးတို့ဇနီးမောင်နှံ၏ ဘုရားရှိခိုး၊ တရားမှတ်သံတို့ဖြင့် အမြဲဝေစည်နေလေ့ရှိသည်။

ဦးမြသီးတို့ဇနီးမောင်နှံမှာ ဘဝဝင်နွံကြွေးကြောင့် သချိုင်းစောင့်သုဘရာဇာကြီးများဖြစ်လာရသော်လည်း ဘုန်းတော်ကြီးကို အကြောင်းပြု၍ ရွှေငွေရတနာ၊ စည်းစိမ်အဖြာဖြာတို့ထက်သာလွန်သည့် သဒ္ဓါတရား တည်းဟူသော ဓမ္မရတနာကို ကောင်းစွာ သိမ်းထုတ်စုဆောင်းခွင့်ရနေတော့သည်။ ယခုအချိန်မှာ သူတို့လင်မယားကို သုသာန်မှထွက်၍ မြို့ထဲမှာ ခမ်းခမ်းနားနားထားမည်ဆိုဦးတော့ ခေါင်းခါလွှတ်တော့မည်။ နေ့စဉ် ဘုန်းတော်ကြီး မြို့ထဲကို ဆွမ်းခံကြွရာမှာ သူတို့တဲလေးရှေ့မှ ဖူးမြော်ကန်တော့ကြပြီး ကောင်းနိုးရာရာ ဆွမ်း၊ သစ်သီးများကို ဦးဦးဖျားဖျား လောင်းလှူခွင့်ရနေသည့် ပီတိအဟုန်ကို မည်သည့်စည်းစိမ်တို့နှင့်မျှ မလဲလှယ်နိုင်တော့ပေ။

သို့သော် ထိုအခွင့်အရေးနှင့် ထိုကုသိုလ်တို့ကို ဦးမြသီးတို့ဇနီးမောင်နှံ အပါအဝင် မြို့နေလူထုတို့ တာရှည်မရလိုက်ကြပါ။ ဘုန်းတော်ကြီးမှာ ဝမ်းကိုက်ဝေဒနာ၊ လေရောဂါ စွဲကပ်လာသည်။ အနှစ်နှစ်အလလက ခြိုးခြံစွာ ကျင့်သုံးခဲ့သည့်ဒဏ်က ဘုန်းတော်ကြီးအတွက် စိုးရိမ်ဖွယ်အခြေအနေပင်။ ဘုန်းတော်ကြီးကိုယ်တိုင်က ဖွင့်ဟမမြွက်ကြားသော်လည်း ရိပ်မိသော ဦးမြသီးတို့ဇနီးမောင်နှံက တတ်နိုင်သမျှ ဆေးဝါးပစ္စည်းများ လှူဒါန်းကြသည်။ ဘုန်းတော်ကြီးကို အတန်တန်လျှောက်ထားတောင်းပန်၍ ယာဂုဆွမ်း (ဆန်ပြုတ်) ကို နံနက်တိုင်း ဘုဉ်းပေးဖို့ ဆက်ကပ်၏။ သို့သော် ဘုန်းတော်ကြီး၏ဝေဒနာက သက်သာခွင့်ရသည်မထင်ရပေ။ ဝေဒနာကို သည်းခံ၍ မိမိလျှောက်နေသည့် ဓမ္မလမ်းကြောင်း အတိုင်း မတိမ်းမစောင်းရအောင် ဆက်လက်လျှောက်လှမ်းနေသော ဘုန်းတော်ကြီးကို ဦးမြသီးတို့ စိုးရိမ်စွာ စောင့်ကြည့်နေရတော့သည်။

ထိုနေ့က ဦးမြသီးတို့လင်မယား နံနက်စောစောယာဂုဆွမ်းသွားကပ်တော့ သုံး၊ လေးဇွန်းမျှသာ ဘုဉ်းပေး၏။ သူတို့ဇနီးမောင်နှံကို နေ့စဉ်တရားမှန်မှန်အားထုတ်ဖို့အမိန့်ရှိ၏။ ယနေ့ ဆွမ်းခံမကြွတော့ကြောင်းလည်း မိန့်မြွက်၏။ ထို့နောက် ဦးမြသီးတို့လင်မယားကို -

"ဘုန်းကြီးတရားအားထုတ်မည်ဖြစ်၍ ကျောင်းတံခါးကို အတွင်းမှပိတ်ထားမည်။ နောက်သုံးရက်ကြာမှ တံခါးကို ဖွင့်ပါ"

ဟုမှာကြားပြီး ကျောင်းတံခါးကို အထဲမှ မင်းတုပ်ထိုး၍ပိတ်ထားလိုက်တော့သည်။ ဦးမြသီးတို့မောင်နှံလည်း စိုးတရွံ့ရွံ့နှင့် ကျောင်းပတ်ဝန်းကျင်မှ အချိန်ပြည့် စောင့်ကြည့်အကဲခတ်နေရ၏။ တံခါးကြားမှ ချောင်းမြောင်းကြည့်သော်လည်း ဘုန်းတော်ကြီးကို တရားထိုင်လျက်သာတွေ့နေရသည်။

သုံးရက်ပြည့်မြောက်သောနေ့မှာ သူတို့ဇနီးမောင်နှံနှင့်တကွ မြို့သူမြို့သားအချို့ပါ ပိတ်ထားသောတံခါးကို ဖွင့်ကြည့်ကြသောအခါ တံခါးက အလိုက်သင့်ပွင့်လာ၏။ အထဲမှ မင်းတုပ်ထိုးမထားတော့ပေ။ ဘုန်းတော်ကြီးကိုလည်း တရားထိုင်လျက် အနေအထားမှာပင် တွေ့ရ၏။ ဦးမြသီးက ရှိခိုးဦးချ၍ ဘုန်းတော်ကြီးကို ခပ်တိုးတိုးလျှောက်ထားသည်၊ စကားပြန်မရပေ။ ဦးမြသီး ဘုန်းတော်ကြီးအနားသို့ကပ်၍ သေချာစမ်းသပ်ကြည့်ကာမှ ထိုင်လျက်ပျံလွန်တော်မူနေမှန်း သိရတော့၏။ လူသေကောင်များစွာကို လက်ပွန်းတတီး ကိုင်တွယ်သဂြိုဟ်ခဲ့ဖူးသော သုဘရာဇာကြီး ဦးမြသီးတစ်ယောက် ဘုန်းတော်ကြီး ပျံလွန်တော်မူသည်ကို ထူးဆန်းအံ့ဖွယ်ကြုံတွေ့ရသည်။ ဘုန်းတော်ကြီး၏ လက်တွေ၊ ခြေတွေ ကွေးလို့ဆန့်လို့ အလွယ်တကူရ၏။လူသေကောင်တွေလို အသားအရေက အေးစက်၍မနေ၊ နွေးနွေးထွေးထွေးပင်ရှိ၏။ ပက်လက်လှန်ချ၍ရ၏။ တင်ပျဉ်ခွေထိုင်ပေးလို့ရသည်။ ပျံလွန်တော်မမူသေးဘူးထင်ပြီး ဆရာဝန်ကြီးကိုယ်တိုင် လာရောက် စမ်းသပ်ကြည့်သေးသည်။

ထိုသို့ ပျံလွန်တော်မူခဲ့ပုံမျိုးရှိခဲ့ဖူးပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့ ဇာတိသား လူအမည် ဦးခင်မောင်ကျော်၊ ရဟန်းဘွဲ့ ဦးခေမာစာရ၊ ပညာအရည်အချင်း ရှေး (၁၀) တန်း၊ ရန်ကုန်မြို့ ဆိပ်ကမ်းငါးလုပ်ငန်းမှ စာရေးကြီး။

၁၉၆၄ ခုနှစ်မှာ အမရပူရ မဟာဂန္ဓာရုံမှာ ရဟန်းဘောင်တက်။ ၁၉၈၈ ခုနှစ်မှာ ရန်ကုန်မြို့ မဟာစည်ရိပ်သာကြီးမှာ တရားအားထုတ်၊ ၁၉၉၁ ခုနှစ်မှာ ရွှေတောင်ကုန်း မဟာစည်ရိပ်သာသို့ ပြောင်းရွှေ့ သီတင်းသုံး။ ရိပ်သာများမှာ နေစဉ်ကပင် သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်နှင့် နိသဇ္ဇမှုတင်များ ဆောက်တည်ခဲ့။

၁၉၉၁ ခုနှစ်ကုန်မှာ တောရဆောက်တည်ရန် ထွက်ခွာ၊

မည်သည့်အရပ်သို့ တောထွက်တော်မူမှန်း မသိကြ။

၁၉၉၂ ခုနှစ် သီတင်းကျွတ်မှာ မြစ်ကြီးနားမြို့အထက်ပိုင်း တောင်ပေါ်ရွာတစ်ရွာ၏ မနီးမဝေး တောအုပ်ထဲက ကျောင်းကလေးမှာ ကျောင်းတံခါးပိတ်ပြီး (၇) ရက် တရားအားထုတ်ရာ (၇) ရက်ပြည့်၍ တံခါးဖွင့်ကြည့်သောအခါ၌ တရားထိုင်လျက် ပျံလွန်တော်မူမှန်းသိကြရသည်။

သို့ဖြစ်ရာ ဘုန်းတော်ကြီး၏ ဈာပနာကိစ္စအဝဝကို ဦးမြသီးတို့ဇနီးမောင်နှံကပင် ကျောင်းဒါယကာ၊ ဒါယိကာမများအဖြစ် သဂြိုဟ်ပူဇော်ခွင့် ရကြသည်။ မြို့နေလူထုနှင့် ပန်းရန်ဆရာတွေက ဝိုင်းဝန်းကူညီကြ၏။ ဘုန်းတော်ကြီး၏အရိုးတော်များကို သုသာန်အတွင်းမှာပင် အုတ်ဂူပြာသာဒ်ဆောက်လုပ်၍ စည်ကားခမ်းနားစွာ ပူဇော်ခဲ့ကြသည်။ မြို့ခံဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်၍ အသုဘရှုပွားကြသည်။ ဘယ်အရပ်ဘယ်ဒေသက ကြွမြန်းလာမှန်း မသိ၊ ဘွဲ့အမည်တော်ကိုမျှ ကောင်းစွာမသိရှိလိုက်ကြရသော မထင်မရှားရဟန်းမြတ်တစ်ပါးသည် မြတ်ဗုဒ္ဓအလိုကျ တရားဓမ္မကို စွန့်စွန့်စားစားအားထုတ်တော်မူပြီး ဦးမြသီးတို့လင်မယားနှင့်တကွ နီးစပ်ရာ သတ္တဝါအပေါင်းကို သာသနာ့အမွေများကောင်းစွာချန်ထားရစ်ခဲ့ပေသည်။

ထိုအဖြစ်အပျက်အားလုံးကို ဦးမြသီးတို့လင်မယားက တစ်ယောက်တစ်လဲ မမောမပန်းပြောပြ၍ အရှင်ဝိဝေက ကြားသိခဲ့ပြီး ဖြစ်၏။ သူတို့အပြောနှင့်ပင် ထိုဘုန်းတော်ကြီးကို အရှင်ဝိဝေက အလွန်ကြည်ညိုလှသည်။ ယခုအခါ အဘိုးကြီး၊ အဘွားကြီးများဖြစ်ကုန်ကြသော ဦးမြသီးတို့လင်မယား၏ စရဏအင်အားနှင့် ပါရမီဓာတ်ခံတို့ကိုလည်း အရှင်ဝိဝေကအဖို့ ကောင်းစွာရိပ်စားမိပါသည်။ လူတို့၏ ထူးဆန်းလှစွာသော ကံပါရမီကိုလည်း အရှင်ဝိဝေက အံ့ဩမိပေသည်။ အထူးသဖြင့် သူအနေမှာ မြတ်စွာဘုရားသာရှိနိုင်ပါလ



www.burmeseclassic.com

www.burmeseclassic.com

ဇရပ်ပေါ်မှာ ကွယ်လွန်နေရှာသော သူဌေးကြီးနှင့် သုဘရာဇာလင်မယား တို့၏လားရာဂတိကို မေးလျှောက်ကြည့် လိုက်ချင်ပါသည်။

စည်းစိမ်ဥစ္စာ အဖြာဖြာတို့နှင့် လောကအလယ်မှာ မာန်ဝင့်ထည်ခဲ့သောသူဌေးကြီးမှာ ဒါနကုသိုလ်လည်း အယောင်ဆောင်၊ သီလကလည်း မပြောင်ရောင်၊ ဘာဝနာသီခေါင်လှတဲ့ အဖြစ်နှင့် ဘဝတစ်သက်တာ အစုန် သမီးလျှောက်ရင်း သံသရာကြောမှာ မျောတော့မည်။ သုသာန်စောင့်သုဘရာ ဇာလနီးမောင်နှံကတော့ ဘုတ်တော်ကောင်း ဒွိုလ်ကို ချဉ်းကပ်မိ၍ ဘဝသံသရာ အဆက်ဆက် မြင့်သထက်မြင့်တက် လေတော့မည်။

## ကြောက်စိတ်ကိုချဉ်းကပ်ရှင်းလင်းခြင်း

အရှင်ဝိဝေကမှာ အုတ်ဂူတွေ၊ မြေပုံတွေ၊ ရေအိုင်၊ ရေဗွက်တွေကို ဓာတ်မီးထိုးပြီး ရှောင်တွင်းရင်း သတိနှင့် လျှောက်လာရသည်။ သုသာန်၏အကာ သည့်အခါမှာ တစ်ပါးတည်း သာမန် သတိ၊ သာမန်သမာဓိနှင့်တော့ စိတ်တွေ ချောက်ချားရှူးသွပ်ဖွယ်ရာပဲရှိ၏။ အသိ တရားမှာ အကြောက်တရားမကပ်လာ စေဖို့ စိတ်မှာအကြောက်မဝင်လာစေဖို့ ကာယဂတာသတိကို အထူးစူးစိုက်ပြီး လျှောက်သွားနေစဉ်မှာ နောက်ကနေ တစ်စုံတစ်ယောက်ကပ်လိုက်လာသလို ခံစားရ၏။ နောက်ကျောမလုံသဖြင့် နောက်ကို မကြာခဏပြန်လှည့်ကြည့်နေ မိသည်။ တဖြည်းဖြည်း သတိထား လျှောက်လာရင်း ဘုန်းတော်ကြီး၏ အုတ်ဂူပြာသာဒ်ရောက်ခါနီးမှာ မြေပုံ တစ်ခု၏မြေမို့မို့အပေါ်က ဝါးထရံအကျိုး အပဲ့တွေကြားမှ ရှောခနဲထိုးထွက်လာ သော မြွေတစ်ကောင်ကို တွေ့လိုက်ရ သည်။ ဓာတ်မီးနှင့်သေချာထိုး၍ကြည့် လိုက်မှ လက်ကောက်ဝတ်ခန့်ရှိမည်ဖြစ် သော အဝါနှင့် အနက်ကျား ငန်းတော် ကျားမြွေကြီးဖြစ်နေသည်။ ဒီကောင်ကြီး တွေက မြွေလောကမှာ မြွေဘုရင်လို့ သတ်မှတ်ထားကြ၏။ အဆိပ်အင်မတန် ပြင်းသော်လည်း လူကိုတော့ ဒုက္ခမပေး ဟု သိထား၍ အရှင်ဝိဝေက သက်ပြင်း တစ်ချက်ချပြီး ရှေ့ဆက်လျှောက်သွား သည်။

ဘုန်းတော်ကြီး၏ ဂူပြာသာဒ်ကို ရောက်ခင်က ဘေးပတ်လည်မှာ ချုံနွယ် ပိတ်ပေါင်းတွေ ရှုပ်ထွေးနေသော်လည်း ဂူနားဝန်းကျင်မှာတော့ သန့်ရှင်း၍နေ၏။ ဦးမြသီး၏ဇနီး အဘွားကြီးက ဘုရား တစ်ဆူလို သဘောထားပြီး နေ့စဉ်လိုလို လာရောက်ရှင်းလင်းလေ့ရှိသည်။ ဆီမီး၊ ပန်း၊ ရေချမ်းများလည်း ဆက်ကပ်လေ့ ရှိ၏။

အရှင်ဝိဝေကရောက်ရှိသွားတော့ တောပန်းလေးများကို ညောင်ရေအိုး နှင့်ကပ်လှူထားတာတွေ့ရပြီး စိတ်ထဲမှာ ဘုရားတစ်ဆူကို ဖူးမြော်လိုက်ရသလို အေးချမ်းသွား၏။ အားရှိသွား၏။ ဘုန်း တော်ကြီး၏သံ့ယာဉ့်ဂုဏ်ရည်တို့ကို မှန်း ဆပြီး အရှင်ဝိဝေက အုတ်ဂူပြာသာဒ်ကို ရိုသေစွာ ရှိခိုးဦးချလိုက်သည်။ ထိုအခါ တွင်မှ သတိနှင့်တင်းထားသောစိတ်တို့ ပြေလျော့သွားပြီး လွတ်လပ်မှုကို ခံစားရ သလိုဖြစ်သွား၏။ အရှင်ဝိဝေက ဝါး တောင်ဝှေးကို အုတ်ဂူနံရံမှာထောင်ထား လိုက်သည်။ သပိတ်လွယ်ကို ချွတ်ပြီး အနားမှာ အသာချလိုက်၏။ သပိတ်ထဲ က နေရာထိုင်သားရေနွယ်ခင်းကို ထုတ် ယူပြီး အုတ်ဂူ၏လေကွယ်၊မိုးကွယ်အရပ် ကို မှန်းပြီး ဖြန့်ခင်းလိုက်သည်။ သပိတ် ထဲက ရေဘူးကိုထုတ်ပြီး တစ်ငုံလောက် မော့သောက်လိုက်သည်။ ရင်ထဲမှာအေး သွား၏။

ထို့နောက် ဘုန်းတော်ကြီး၏ အုတ်ဂူပြာသာဒ်ကြီးကို နောက်ကျော ပေးပြီး တင်ပျဉ်ဖွဲ့ခွေထိုင်လိုက်သည်။ ပခုံးပေါ်မှာခေါက်တင်ထားသော နှစ် ထပ်ဒုကုဋ်သင်္ကန်းကြီးကိုလည်း ဖြန့်ယူပြီး ဦးခေါင်းကစ ခန္ဓာတစ်ခုလုံး ခြုံလိုက် သည်။ စိတ်ထဲမှာ လုံခြုံသွားသလို ခံစား လိုက်ရသည်။ နံဘေးမှာ သွားလေရာ ယူ ဆောင်လေ့ရှိသော သပိတ်နှင့် တောင် ဝှေးကလည်း မိတ်ဆွေသူငယ်ချင်းတစ် ယောက်အနားမှာရှိသလို စိတ်ထဲမှာ အားတက်၏။

အရှင်ဝိဝေကအဖို့ သည်လိုနေရာ မျိုးမှာ သည်လိုပုံစံဖြင့် ကမ္မဋ္ဌာန်းတရား များ ပွားများအားထုတ်ဖို့ နှစ်အတော် ကြာအောင် ကြိုးစားခဲ့ရခြင်း ဖြစ်သည်။

ကိုယ့်ကိုယ်ကိုယ်မှလွဲ၍ အားကိုး စရာမရှိသောအခြေအနေကို ကိုယ်တွေ့ ကြုံရခြင်း ဖြစ်၏။ သာမန်အသိ၊ သာမန် စိတ်မျိုးနှင့် မည်သို့မျှ လက်မခံနိုင်သော အခြေအနေဖြစ်၏။

နောက်ကျောဘက်မှာ ကပ်နေ သော ဘုန်းတော်ကြီး၏ အုတ်ဂူ၊ ပြာသာဒ်၊ ရှေ့မှာက ချုံနွယ်ပိတ်ပေါင်း တွေ၊ မြေပုံအုတ်ဂူတွေနှင့် ရေအိုင်၊ ရွှံ့ ဗွက်တွေ မှောင်နှင့်မည်းမည်းမှာ ဓာတ် မီးမပါလျှင် ပြေးစရာမြေမရှိတော့။ စိမ်း ရွှေရွှေအနံ့အသက်တွေနှင့် အလောင်း ကောင် မီးလောင်သောညှော်နံ့တွေက ယခုတိုင်ရနေဆဲ။ သူဌေးကြီး၏ ရုပ် အလောင်းကောင်ရှိနေသော ဇရပ်ကြီး ကလည်း ယိမ်းထိုးပြီး ကိုယ့်ဆီကိုရွှေ့ လာနေသလိုလို၊ ညည်းညူသံလိုလို၊ လေ တိုးသံလိုလိုကြီးကလည်း အဆက်မပြတ် ကြားနေရသည့် သုသာန်ညအမှောင်။

အရှင်ဝိဝေကသည် အလုပ်ကို ဘာကြောင့်လုပ်ဖြစ်သလဲ၊ ကြောင်းကျိုး ဆင်ခြင်သုံးသပ်ကြည့်မိသည်။ ဘုရားရှင် ဟောကြားသော တရားတော်တွေကို ယုံကြည်လို့ သည်လိုမျိုးကမ္မဋ္ဌာန်းတွေကို လုပ်ဖြစ်သည်ဟု အဖြေထွက်၏။

ယခုအချိန်မှာဆိုလျှင် ရန်ကုန် မြို့လယ်ကောင်က စာသင်တိုက်မှာ မိမိ ၏သီတင်းသုံးဖော်တွေ၊ မိမိ၏မိဘဆွေ မျိုး၊ ညီအစ်ကို၊ မောင်နှမတွေ ဇိမ်ကျကျ နှင့် တီဗွီ၊ ဗွီဒီယိုကြည့်နေကြချိန်မှာ ငါ ကတော့ သုသာန်သချိုင်းမှာ ညဥ့်လုံး ပေါက်တရားထိုင်နေ၏။ သူတို့ကတော့ ငါ့အဖြစ်ကို သိကြမှာမဟုတ်၊ ဘာ အဓိပ္ပာယ်ရှိသလဲဟု ကိုယ့်ကိုယ်ကိုယ် ဝေဖန်ပြီး ဝမ်းနည်းနေမိပြန်သည်။

သို့သော် ဒီလိုအခြေအနေမျိုးမှာ ဒီလိုပုံစံနဲ့တရားထိုင်ဖူးတဲ့အတွေ့အကြုံ ကို ဘယ်သူခံစားဘူးသလဲ၊ ဘုရားရှင် ဟောတော်မူထားတဲ့ဒီလိုအကျင့်မျိုးတွေ ကို ကျင့်ဖူးတဲ့သူ ယခုခေတ်မှာ ဘယ် လောက်ရှိမှာလဲ၊ ဒီအတွေ့အကြုံတွေကို ကျောင်းထဲမှာ၊ အိမ်ထဲမှာ ဘယ်သူမှ မရနိုင်ဘူး။ ခြေထောက်တွေဆတ်ဆတ် တုန်ပြီး ယိုင်လဲမတတ်ကြောက်စိတ်တွေ၊ ခန္ဓာကြီးတစ်ခုလုံးဖောင်းပွပြီး ဆံပင်တွေ ကျွတ်ထွက်ကုန်ပြီလို့ထင်ရတဲ့ ကြောက် စိတ်တွေ၊ ကိုယ့်သန္တာန်မှာ သေမလောက် ကြောက်တဲ့စိတ်တွေရှိနေပါလားလို့ သိ လိုက်တာမျိုး။

ဒီကြောက်စိတ်တွေ ဘာကြောင့် ဖြစ်လာရသလဲလို့ ကိုယ့်ကိုယ်ကိုယ်ပြန် မေးကြည့်တော့ 'သေမှာကိုကြောက်တာ' ဟု စိတ်ကဖြေ၏။

ဒါဖြင့် ဇရပ်ပေါ်က သူဌေးကြီး ကကောမကြောက်တော့ပါလား။

သူဌေးကြီးကဘယ်ကြောက်တော့ မလဲ၊ သေပြီပဲ။ သေပြီး စိတ်မရှိတော့ မကြောက်တော့ဘူးပေါ့။

ဒါဖြင့် စိတ်မရှိရင်မကြောက်ဘူး ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

ငါကတော့ မသေသေးတော့ စိတ်ရှိနေမှာပဲ။ စိတ်ရှိနေရဲ့နဲ့ မကြောက်အောင် ဘာလုပ်ရမှာလဲဟု ကိုယ့်ကိုယ်ကိုယ် မေးကြည့်၏။

ကြောက်စိတ်ကို ရှုမှတ်မှုနဲ့ပယ်လို့ အနာဂါမ်ပုဂ္ဂိုလ်ဖြစ်ပြီဆိုရင်တော့ ဒေါသကိုပယ်ပြီးလို့ မကြောက်တော့ဘူးပေါ့။

ဒါဖြင့် ဒီသချိုင်းက သုဘရာဇာတွေ၊ ယောက်ျားအာဇာနည်တွေလည်း မကြောက်ကြဘူး။

ငါကတော့ သုဘရာဇာလည်း မဟုတ်၊ အာဇာနည်လည်းမဟုတ်၊ သေရမလောက်ကြောက်ရအောင် သုသာန်မှာ ဘာတွေရှိလို့လဲ။

သုသာန်မှာ တစ္ဆေသရဲ၊ ပြိတ္တာတွေပဲရှိမှာပေါ့၊ ငါကသူတို့နေရာကိုလာတော့ ခြောက်ချင်လည်းခြောက်မှာပဲ။ သူတို့ခြောက်ပြီး သေမှာကို ကြောက်တာလား။

သေရမှာကို ကြောက်တယ်ဆိုရင် သေခြင်းက ဘယ်မှာလဲ၊ သေခြင်းက အပြင်မှာမရှိဘူး၊ ငါ့ကိုယ်တွင်းမှာပဲရှိတာ၊ ငါဘယ်မှာနေနေ၊ သုသာန်မှာပဲနေနေ၊ ကျောင်းမှာပဲနေနေရှိနေမှာပဲ။ ဘာကို ကြောက်နေရမှာလဲ။

သေလောက်အောင် ကြောက်ရအောင်လည်း ငါ့မှာ ဘယ်သူ့ကိုမှ ဒုက္ခအကြီးအကျယ်ပေးခဲ့တာမရှိဘူး။ ရဟန်းဖြစ်သည်ကစလို့ ကိုယ်ကျင့်ဝိနည်းကို လုံခြုံအောင် ထိန်းသိမ်းပြီး ဘုရားဟောဒေသနာတွေကို ယုံယုံကြည်ကြည်နဲ့ကျင့်ခဲ့တာပဲ။ ဘုရားက သီလဖြူစင်တဲ့ သူမှာ အားငယ်စရာ၊ ကြောက်စရာမလို ဘူး။ ရဲရင့်တယ်လို့ဟောထားတာပဲ စသဖြင့် ဆင်ခြင်သုံးသပ်၏။ လက်တွေ့နယ်မှာ အသုံးချနိုင်အောင် ဆည်းပူးခဲ့သော ဓမ္မဒေသနာများကို ကိုယ်တွေ့၊ စာတွေ့ ပေါင်းစပ်အသုံးချဖြစ်ခဲ့သည်။ ဒါသည် ပင် ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်၏။ ပညာဖြစ်၏။ ဉာဏ်ဖြစ်၏။ ဗိုလ်ဖြစ်၏။ ဒီလို ဆင်ခြင်ပွားများ သုံးသပ်မှုတွေ အားကောင်းပြီး ပါရမီတွေ ရင့်ကျက်စေဖို့ မရဏာနုဿတိဘာဝနာကို အားထုတ်ဖို့ လိုအပ်ပေသည်။

(ဆက်ရန်)

ထုံးတောင်-အရှင်ဓမ္မပီယ(မြောင်)

ကျမ်းကိုး -

ဓမ္မပီယဆရာတော်၏ 'မားတစ်ချောင်းရာဇဝင်အတွေးသစ်'ဆောင်းပါးမှ -

# ဘုန်းခေါင်

သုံးလောကတဦးခေါင်
ရွှေဘုန်းခေါင်ကိုယ်တော်မြတ်ကြီး၏
အာဝေဏိကဂုဏ်တော်ကိုပူဇော်ပြီး
ပလ္လင်များကိုလေ့လာကြည့်လျှင်



သီတင်းကျွတ်လဆန်းထဲရောက်လာခဲ့ပြီ ဖြစ်သည်။ ဤနေရာတွင် ကျွန်ုပ်၏ ခန္ဓာဖြစ်စဉ်တစ်ခုကို တင်ပြလိုပါသည်။ ဇာတိပဋိသန္ဓေကာလမှ ယနေ့ လောကဝေါဟာရသက်တမ်း (၇၀) မှ အစွန်းနှစ်များ တိုးတိုးလာခဲ့ပြီ ဖြစ်သည်။ ဝေါဟာရအသက် တစ်နှစ်ပြီး တစ်နှစ်တိုးလာနေသည်ကို ကျွန်ုပ်၏ ငယ်ဆရာဖြစ်တော်မူသော သက်တော်ရှည် ဆရာတော် ဦးဂန္ဓမာ၏ ဩဝါဒစကားတစ်ခုကို နှစ်ပေါင်း (၆၀) ကျော်လွန်လာခဲ့သည့်တိုင် ယခုပင်ဆုံးမစကား မိန့်ဟသွားသလို နားတွင် စွဲထင်နေပါသေးသည်။

ဆရာတော်မိန့်ဆိုခဲ့သည့် စကား
မှာ -

"လိုချင်တာက စာကွ (ပညာ
မလိုချင်တာ ရနေတာက ဝါ (အသ
ကွ"

ဟု မိန့်ဆိုခဲ့ဖူးပါသည်။

အဦးအစ စကားကို ပြန်စရလ
သီတင်းကျွတ်လဆန်း ရောက်ပြီဖြ
လည်း ကျွန်ုပ်တို့ကိုယ်တိုင်ကလ
ပူဇော်ထိုက်သူများကို ပူဇော်ရန် မ
ရှေးဦးကပင် သဒ္ဓါအာရုံထားနေပြီဖြ
သည်။

ထို့အတူပင် ကျွန်ုပ်၏ တပည့်
ကလည်း ကျွန်ုပ်အား သီတင်



www.burmeseclassic.com

www.burmeseclassic.com

ကျွတ်ပြီမို့ တတ်စွမ်းသမျှအစုစုဖြင့် အခါ မလင့် ရောက်ရှိလာနေကြပြီ ဖြစ်ပါသည်။

သီတင်းကျွတ်လဆန်း ၁၁ ရက်၊ အင်္ဂါနေ့ ဖြစ်သည်။ တပည့်များဖြစ်သော မောင်စောလှမြင့်၊ မောင်သိန်းမြင့်နှင့် မောင်ခင်မောင်ဝင်းတို့လည်း ဆုံနေကြပြီ ဖြစ်သည်။ သူတို့ဝါသနာအတိုင်း တစ်ယောက်တစ်မျိုးကျစီဖြင့် အမေးသုံးခုတို့ဖြင့် ကျွန်ုပ်ကို တောင်းဆိုနေကြပါတော့သည်။

◆ ပထမအမေးက မြတ်စွာဘုရားရှင်အား ပူဇော်ကန်တော့သည့် ဗုဒ္ဓဂုဏတော်မနာဂါထာနှင့်တကွ အာဝေဏိကဂုဏ်တော်များကို ပြောပြရန်။

◆ဒုတိယအမေးက မြတ်စွာဘုရားရှင် အလောင်းတော်ဘဝများစွာ မိမိ၏ခန္ဓာကို လှူခဲ့ခြင်းရှိ မရှိ။ လှူခဲ့လျှင်လှူခဲ့ပုံ။ နောက် အဓိဋ္ဌာန်ဆိုသည့် အဓိပ္ပာယ်ကို ဖြေရန်။

◆ တတိယအမေးမှာမူ ပလ္လင်များအကြောင်း ပြောပြရန် တောင်းဆိုခဲ့ကြပါတော့သည်။

(မေတ္တာရပ်ခံပါသည်။ ယခုကျွန်ုပ်ရေးသားသောစာစုများမှာ ကျွန်ုပ်၏တပည့်များအား ပြောပြခဲ့သော စကားများ ဖြစ်ပါသည်။ သုရဿမဂ္ဂဇင်းကြီးတွင် ထည့်သွင်း ရေးသားရခြင်းမှာလည်း ယခု လူငယ်လူရွယ်၊ ညီငယ်၊ ညီမငယ်များနှင့် စာပေလေ့လာရန် အချိန်မပေးနိုင်ကြသော စာချစ်သူမိတ်ဆွေများအတွက်သာ ရည်ရွယ်ခြင်း ဖြစ်ပါသည်။ ပညာရှင်များနှင့် ဆရာကြီးများအတွက် ဘုတ်ကြောင်း ရိုးသားစွာတင်ပြလိုက်ပါသည် - စာရေးသူ)

ကျွန်ုပ်သည် တပည့်များ၏ မေးခွန်းများကို အစဉ်အတိုင်း ဖြေဆိုခဲ့ပါသည်။

ပထမမေးခွန်း၏အဖြေမှာ -

◆ **ဗုဒ္ဓဂုဏမနာဂါထာ** -

*ဗုဒ္ဓမွှသာ ဗုဒ္ဓမွှေ၌ ဓမ္မသဒ္ဒါဂုဏ်တော်ဖြစ်၍ မြတ်စွာဘုရား၏ဂုဏ်တော်များတည်း။ ထိုဂုဏ်တော်များကား တခြားပုဂ္ဂိုလ်များနှင့်မဆိုင်၊ မရနိုင်သောဂုဏ်တော်များဖြစ်၍ ဗုဒ္ဓနံယေဝဓမ္မဂုဏာ၊ နအညေသန္တိ ဗုဒ္ဓမွှာဟု ပါတိကသုတ်၊ သဂီတိဋီကာ၌ ဖွင့်ပြသည်။ ထိုသို့ တခြားသူများနှင့် သေက်ဆိုင်၊ ဘုရားရှင်တို့သာရ*



*နိုင်သော တသီးတခြားဂုဏ်တော်များဖြစ်၍ပင် ထိုဂုဏ်တော်များကို အာဝေဏိကဓမ္မ (အာဝေဏိကဂုဏ်တော်) ဟု ဆိုရသည်။*
(ဒီ-ဋ္ဌ ၃၊ ၁၉၇)

ထိုဗုဒ္ဓဓမ္မများကား -

၁။ အတိတ်အဖို့၌ ဘုရားရှင်၏အပိတ်အပင်အဆီးအတားမရှိသောဉာဏ်တော်။

၂။ အနာဂတ်အဖို့၌ အပိတ်အပင်ဆီးအတားမရှိသောဂုဏ်တော်။

၃။ ပစ္စုပ္ပန်အဖို့၌ အပိတ်အပင်အဆီးအတားမရှိသောဂုဏ်တော်။

၄။ ဤဂုဏ်တော်သုံးမျိုးနှင့် ပြည့်စုံတော်မူသော ဘုရားရှင်၏ကာယကံမှန်သမျှ ဉာဏ်ပါလျက်ရှိ၏။

၅။ ဤဂုဏ်တော်သုံးပါးနှင့် ပြည့်စုံတော်မူသော ဘုရားရှင်၏ ဝစီကံမှန်သမျှ ဉာဏ်ပါလျက်ရှိ၏။

၆။ ဤဂုဏ်တော်သုံးပါးနှင့် ပြည့်စုံတော်မူသော ဘုရားရှင်၏ မနောကံမှန်သမျှ ဉာဏ်ပါလျက်ရှိ၏။

၇။ ဤဂုဏ်တော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ဘုရားရှင်၏ ဆန္ဒအားဆုတ်ယုတ်မှုမရှိ။

၈။ ဤဂုဏ်တော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ဘုရားရှင်သည် တရားဒေသနာ၏ ဆုတ်ယုတ်မှုမရှိ။

၉။ ဤဂုဏ်တော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ဘုရားရှင်သည် ဝီရိယ၏ ဆုတ်ယုတ်မှုမရှိ။

၁၀။ သမာဓိ၏ဆုတ်ယုတ်မှုမရှိ။

၁၁။ ဉာဏ်တော်၏ ဆုတ်ယုတ်မှုမရှိ။ (ဝါ) ပညာ၏ဆုတ်ယုတ်မှုမရှိ။

၁၂။ ဝိမုတ္တိ (အရဟတ္တဖိုလ်)၏ ဆုတ်ယုတ်မှုမရှိ။

၁၃။ ဤဂုဏ်တော် (၁၂) ပါးနှင့် ပြည့်စုံတော်မူသော ဘုရားရှင်အား အပြက်အချော် ပျော်လို၍ပြုမူခြင်းမျိုးမရှိ။

၁၄။ ရုတ်တရက် ကတိုက်ကရိုက် ပြုမူခြင်းမျိုး မရှိ။ (ချွတ်ချော်တိမ်းပါး အမှားမှားအယွင်းယွင်းပြုခြင်းဟုလည်းဆိုသေးသည် မရှိ။)

၁၅။ ဉာဏ်တော်ဖြင့် မထိရောက်သော အရာဟူ၍ မရှိ။

၁၆။ ရေးကြီးသုတ်ပျာ လျင်မြန်စွာ ပြုမူခြင်းမျိုး မရှိ။

၁၇။ အမှတ်တမဲ့ဖြစ်သောစိတ်၊ အကျိုးမရှိသောစိတ်ဖြစ်မှုမျိုးလည်းမရှိ။

၁၈။ အထင်အမြင်မဲ့မှု၊ အသိဉာဏ်ကင်းမှုမျိုး မရှိ။

ထိုအာဝေနိက ဂုဏ်တော်ကိုပင် ဝိဘင်္ဂမူလဋီကာတွင် မူခွဲတစ်မျိုးရှိသည်။ ဆိုခဲ့ပြီးသော ဗုဒ္ဓဓမ္မတစ်ဆယ့်ရှစ်ပါးကား ဝိဘင်္ဂမူလဋီကာမှ ထုတ်နုတ်၏။ ထိုမူလဋီကာ၌ပင် -

တရားဒေသနာ၏ ဆုတ်ယုတ်မှုမရှိ ဟူသောစကားအစား သတ္တိ၏ဆုတ်ယုတ်မှုမရှိဟုအရေးအသားမျိုးရှိကြောင်းဆို၏။ (ဒီ-ဋ္ဌ-၃)။ သဂီတိသုတ် (၁၇၆)၌ ဗုဒ္ဓဓမ္မတစ်ဆယ့်ရှစ်ပါးတစ်မျိုးလာသေး၏။

သို့သော် ဒီဃဘာဏကတို့ အဆိုဖြစ်သော ထိုဗုဒ္ဓဓမ္မမှာ ရှုပ်ထွေးသလိုရှိနေ၏။ မရှုတ်ထွေးသောအဆိုကို ဤသို့မှတ်ဟု ဆိုခဲ့ပြီးသော မူလဋီကာအဆိုအတိုင်း သဂီတိသုတ်ဋီကာဆရာ မိန့်ကြားတော်မူခဲ့သည်။ (အသျှင်ဉာဏိန္ဒ ရေးသားသော လက်ရေးမူမှ ကူးယူပါသည်။ စာရေးသူ)

ဒုတိယအမေးကို ဖြေဆိုပါသည်။

◆ အလောင်းတော်ဘဝများက မိမိတို့ခန္ဓာကိုယ်ကို အောက်ပါအတိုင်း ပေးလှူခဲ့ကြပါသည်။ နှုတ်တက်ရွရွ ရွတ်ဆိုပြီး လှူခဲ့သည်မှာ -

*ဣမာဟံ အတ္တဘာဝံ ဗုဒ္ဓါနံ နိယျာဒေမိ။*

*(ငါသည် ဤခန္ဓာကိုယ်အတ္တဘောကို ဘုရားရှင်တို့အား အပ်နှင်းကြည်ဖြူ ပေးလှူပါ၏။)*

ဒုတိယမေးခွန်း၏ ပထမပိုင်း အဖြေ ဖြစ်ပါသည်။ ဒုတိယပိုင်းအဖြေကို ဆက်ပြီး ဖြေဆိုပါမည်။ ဒုတိယပိုင်း အဖြေမှာ အဓိဋ္ဌာန်အကြောင်း ဖြစ်ပါသည်။

◆ အဓိဋ္ဌာန်ဟု ခေါ်ဆိုခြင်းသည် ဆောက်တည်ခြင်း (စိတ်၌စွဲမြဲစွာထားရှိ



www.burmeseclassic.com

www.burmeseclassic.com

ခြင်း) ဖြစ်သည်။ ထိုသို့ စိတ်၌စွဲမြဲစွာထားရှိခြင်းသည် သဘောတည်ရာအရာသို့လိုက်၍ အောက်ပါအတိုင်း ခွဲထားပါသည်။

ကျ။ ပုဗ္ဗနိမိတ္တအဓိဋ္ဌာန် - ရှေးအဖို့က နိမိတ်ပြ၍ စိတ်ဆောက်တည်ခြင်း စိတ်၌စွဲမြဲစွာထားရှိခြင်း။

ခ။ အာသီသအဓိဋ္ဌာန် - မိမိလိုလားတောင့်အပ်သောအကြောင်းအရာအတွက် စိတ်ဆောက်တည်ခြင်း၊ စိတ်၌စွဲမြဲစွာထားရှိခြင်း။

ဂ။ ဝတအဓိဋ္ဌာန် - ကျင့်ဝတ်တရားတို့ကို ကျင့်ကြံရန် စိတ်ဆောက်တည်ခြင်း၊ စိတ်၌စွဲမြဲစွာထားရှိခြင်း။

စသည်ဖြင့် ဝေဖန်ပိုင်းခြား၍ အသေးစိတ် ရှင်းပြဖြေကြားပေးလိုက်ပါသည်။

တတိယအမေးကို ဆက်ဖြေရပါသည်။

◆ တတိယအမေးမှာ ပလ္လင်များအကြောင်း ဖြစ်ပါသည်။ ပလ္လင်များကို အောက်တွင် ရှင်းလင်းဖြေပြလိုက်ပါသည်။

ပလ္လင်ကို ဖြေဆိုရာတွင် 'ပလ္လင်နှစ်မျိုး' က စတင်ရပါမည်။

ပလ္လင်နှစ်မျိုးမှာ -

(က) အာဘုဇနပလ္လင် - 'နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ - တင်ပျဉ်ခွေထိုင်နေခြင်းမျိုး ဖြစ်သည်။

(ခ) အာသနပလ္လင်- နေထိုင်ဖွယ်ရာ အခင်းအထူကို ခေါ်သည်။


ထိုအာသနပလ္လင်ကို (၆) မျိုးအပြား ခွဲထားပါသေးသည်။ ထိုပလ္လင်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ သေဋ္ဌိပလ္လင်
၂။ ရာဇပလ္လင်
၃။ နာဂပလ္လင်
၄။ ဒေဝပလ္လင်
၅။ ဓမ္မပလ္လင်
၆။ ဗောဓိပလ္လင်တို့ ဖြစ်ကြပါသည်။

၁။ သေဋ္ဌိပလ္လင်သည် သူဌေးများသုံးသည့် နေထိုင်ဖွယ်ရာ အခင်းအထူပြုလုပ်သည့်နေရာ။

၂။ ရာဇပလ္လင်သည် အလောင်းတော် မဟာသုဒဿန စကြာမင်းကြီး၏ အသုံးအဆောင်ဖြစ်သော ရှစ်သောင်းလေးထောင်သောပလ္လင်များနှင့် ဘုရင်မင်းမြတ်တို့ အသုံးပြုတော်မူသော ပလ္လင်ရှစ်ခန်းသည်လည်း မင်းတို့ အသုံးအဆောင် ဖြစ်သည်။

ပလ္လင်ရှစ်ခန်းတို့မှာ -



◆ နန်းဦးပြဿဒ်တော်တွင်ထား၍ မင်းတို့အပူဇော်ခံရာ 'ခြင်္သေ့ခံသော ယမနေသားဖြင့် ထုလုပ်အပ်သည့် သီဟာသနပလ္လင်'။

◆ ဇေတဝန်ဆောင်တွင်ထား၍ မင်းတို့ ရတနာသုံးပါးကို ပူဇော်ရာ 'ဟင်္သာရုပ်ခံသော သက်န်းသားဖြင့် ထုလုပ်အပ်သည့် ဟံသာသနပလ္လင်'။

◆ ဗောင်းတော်ဆောင်တွင်ထား၍ မင်းတို့တရားစကားနာခံရာ 'ခရုသင်းရုပ်ခံသော သရက်သားဖြင့် ထုလုပ်အပ်သည့် သင်္ခါသနပလ္လင်'၊

◆ မှန်နန်းဆောင်တွင်ထား၍ မင်းတို့ စက်တော်ခေါ် (အိပ်စက်ရာ) ရာ 'ပိတုန်းရုပ်ခံသော ကရဝေးသားဖြင့် ထုလုပ်အပ်သည့် ဘမရာသနပလ္လင်'၊

◆ ဗြဲတိုက်ဆောင်တွင် ထား၍ မင်းတို့မှ ချီးမြှင့်ရာ၊ နှိမ့်ချရာ 'ဆင်ရုပ်ခံသော စံကားသားဖြင့် ထုလုပ်အပ်သည့် ဂဇာသနပလ္လင်'၊

◆ မြောက်စမုတ်ဆောင်တွင် ထား၍ မင်းတို့ ဆင်၊ မြင်း သိမ်းမြန်းလက်ခံရာ 'ဥဒေါင်းရုပ်ခံသော ပေါက်သားဖြင့် ထုလုပ်အပ်သည့် မယူရာသနပလ္လင်'၊

◆ တောင်စမုတ်ဆောင်တွင်ထား၍ မင်းတို့တိုင်ပင်ဆွေးနွေးရာ 'သားရဲရုပ်ခံသော နေ့သဖန်းသားဖြင့် ထုလုပ်အပ်သည့် မိဂါသနပလ္လင်'၊

◆ အနောက်ပွဲတက်ဆောင်တွင်ထား၍ မင်းတို့ပူဇော်ခံရာ 'ပဒုမ္မာကြာရုပ်ခံသော ပိန္နဲသားဖြင့် ထုလုပ်အပ်သည့် ပဒုမာသနပလ္လင်' တို့ ဖြစ်ကြပါသည်။

၃။ နာဂပလ္လင် - နဂါးမင်းတို့ ထိုင်ရာ အထူးအခင်း ဖြစ်သည်။

၄။ ဒေဝပလ္လင်သည် နတ်တို့ စီမံ၍ထိုင်သောပလ္လင်။

၅။ ဓမ္မပလ္လင် - ဘုရား၊ ဓမ္မဝိသဇ္ဇနာအရှင်များနှင့် ဓမ္မကထိက ပုဂ္ဂိုလ်မြတ်တို့ နေထိုင်သီတင်းသုံးကာ တရားဟောသောပလ္လင်။

၆။ ဗောဓိပလ္လင် - 'အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်ကို မရသမျှ ဤနေရာမှ ငါမထတော့ပြီဟု လှုလှုခိုင်မြဲ အဓိဋ္ဌာန်စွဲကာ တင်ပျဉ်ခွေထိုင်နေရာဌာနအထူး' ကို ခေါ်သည်။

(ထိုဗောဓိပလ္လင်ကိုပင် မာန်ငါးပါးကိုအောင်ပွဲခံရာဖြစ်၍ အပရာဇိတပလ္လင် ဟုလည်း ခေါ်သည်။)

မှတ်ချက် - ဘုရားဖြစ်ရာပလ္လင်ဖြစ်သောကြောင့် ပါဠိလို ဗောဓိပလ္လင်္က၊ မြန်မာလို ဗောဓိပလ္လင် ဟု ခေါ်ပါသည်။

◆

ကျွန်ုပ်သည် တပည့်များဆန္ဒကို တတ်စွမ်းသမျှ ပညာဒါနဖြည့်ဆည်းပေးခဲ့ပြီ ဖြစ်ပါသည်။ ကျွန်ုပ်၏ တပည့်များသည် ကျွန်ုပ်မှ ညွှဝတ်ပြု၍ ကျွေးမွေးပေးခဲ့သော အစာအာဟာရများထက် သူတို့စားသောက်လိုသော ဓမ္မအာဟာရ ပညာဒါနကို နှစ်သက်ရွှင်လန်း ဝမ်းပန်းတသာစားသုံးကြရ၍ ထိခြင်းငါးပါးဖြင့် ရှိသေစွာရှိခိုးသွားခဲ့ကြပါတော့သည်။

ကျွန်ုပ်မှာလည်း ခန္ဓာဒုက္ခ၊ ရောဂါဝေဒနာများမှ လွတ်မြောက်ပြီးစ နာလန်ထတွင် အမြတ်ဆုံးဒါနဖြင့် တပည့်များကို ချီးမြှင့်ပေးလိုက်ရသည့်အတွက် လောကီဆေးပညာနယ်မှ မိုဒီရာမင်းအက်သွင်းလိုက်ခြင်းကို ခံရသည့်ထက် အဆများစွာ ခွန်အားသစ်များ တိုးပွားလာခဲ့ပါတော့သည်။

စိတ်အာရုံတွင်လည်း -

ဗုဒ္ဓဂုဏ် သတ္တစွံ အဟံဝန္ဒာမိ။
ဓမ္မဂုဏ် သတ္တစွံ အဟံဝန္ဒာမိ။
သံဃဂုဏ် သတ္တစွံ အဟံဝန္ဒာမိ
မာတာပိတုဂုဏ် သတ္တစွံ အဟံ ဝန္ဒာမိ။
အာစရိယဂုဏ် သတ္တစွံ အဟံ ဝန္ဒာမိ ပါဘုရား -

ဟု နှလုံးသွင်း၍ ပူဇော်လိုက်မိပါတော့သည်။

*ပညာတိုးပွား၍ အကျိုးများကြပါစေ*

ဘုန်းခေါင်

ကိုးကား-

အသျှင်ဉာဏိန္ဒ၏
လက်ရေးမူကျမ်း
မဟာဗုဒ္ဓဝင်သစ်ပထမတွဲပထမ
ပိုင်း အနုဒီပနီ



www.burmeseclassic.com

www.burmeseclassic.com

ပန်းချီထူးလှ

# ပျူသရေခေတ္တရာမြို့ဟောင်းအနီးမှ ဖိုးခေါင်ကန်ကုန်း

သရေခေတ္တရာပျူမြို့ဟောင်းအနီး မှ ဖိုးခေါင်ကန်တူးဖော်မှုကုန်း(HMA.54) ကို ၂၀၁၃ နောက်ဆုံးလများတွင် နှစ်လနီးပါးခန့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တူးဖော်သုတေသနပြုလုပ်ခဲ့ပါသည်။ ဖိုးခေါင်ကန်တူးဖော်မှုကုန်း (HMA.54) သည် သရေခေတ္တရာပျူမြို့ဟောင်းမြို့ရိုးအရှေ့တောင်ဘက်အနီး၊ ဆွေတော်မျိုးတော်သင်္ချိုင်းတောင်ဘက်၊ ဗိဿနိုးမြို့လေးတာအရှေ့ဘက်၊ ဖိုးခေါင်ကန်နှင့် ဖိုးခေါင်ကန်ကျောက်ချပ်ရုံအကြားတွင် ကျရောက်ပါသည်။ N ၁၈ ဒီဂရီ ၄၅ မိနစ်၊ ၀၅. ၀၅ စက္ကန့်၊ E ၉၅ ဒီဂရီ ၁၇ မိနစ်၊ ၅၀. ၆ စက္ကန့်၊ ပင်လယ်ရေမျက်နှာပြင်အမြင့် (၃၂၄) ပေ ရှိပါသည်။

ခေါင်ကန်တူးဖော်မှုကုန်း (HMA. 54) ကို တူးဖော်သုတေသနပြု လေ့လာလိုက်သည့်အခါ အဆောက်အအုံပျက်ဟောင်း အုတ်ရိုးတန်းအုတ်စီများ၊ ကျောက်ချပ်ရုပ်ကြွအပိုင်းအစများ၊ အုတ်ကြွပ်ခေါင်မိုးပြားများ၊ အုတ်ခွက်ဘုရားအကျိုးအပဲ့များ၊ သံမယ်နချောင်းများ၊ ဂဝံကျောက်တုံးကျောက်စီနှင့် အိုးခြမ်းကွဲအပိုင်းအစများကို တွေ့ရှိရပါသည်။ တူးဖော်တွေ့ရှိရသည့်နေရာအချို့ကို တူးဖော်မှုဆိုဒ်ပန္နက်ပုံတွင် ဖော်ပြရေးဆွဲထားပါသည်။

ပုံ(၁)ဒီဇိုင်းပုံဆွဲလက်ရာမှာ ဖိုးခေါင်ကန်တူးဖော်မှုကုန်း (HMA.54) F6ကျင်းမှတူးဖော်တွေ့ရှိရသော ကျောက်ချပ်ရုပ်ကြွအပိုင်းအစနှင့် ဖိုးခေါင်ကန်ကျောက်ချပ်ရုံထဲ အရှေ့ဘက်မှ ကျောက်ချပ်တို့ကို ဆက်စပ် ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းကျောက်ချပ်ရုပ်ကြွအမြင့် (၂၁၃) စင်တီမီတာခန့်၊ အကျယ် (၁၈၃) စင်တီမီတာခန့်နှင့် ကျောက်ချပ်အထူ (၃၀) စင်တီမီတာခန့်ရှိသည်ကို တွေ့ရှိရပါသည်။ မူရင်းကျောက်ချပ်အပေါ်ပိုင်းမှာ (HMA.54) မှ ယခုတူးဖော်တွေ့ရှိရသည့် အပိုင်းအစဖြစ်ပြီး အောက်ပိုင်းမှာ အရင့်အရင်က ရှေးဟောင်းသုတေသနပညာရှင်ကြီးများ တူးဖော်သိမ်းဆည်းထားခဲ့သော ကျောက်ချပ်ရုပ်ကြွလက်ရာပင် ဖြစ်ပါသည်။



ဖိုးခေါင်ကန်ကျောက်ချပ်



ပုံ(၁)

ပုံ (၁) ကျောက်ချပ်ဒီဇိုင်းလက်ရာတွင် အလယ်ဗဟို၌ ဆင်းတုတော်ဗုဒ္ဓရုပ်ကြွတစ်ဆူ ဖူးတွေ့ရပါသည်။ ဗုဒ္ဓရုပ်ကြွမျက်နှာတော်ကျိုးပဲ့နေသည်ကို တွေ့ရှိရပါသည်။ ဆင်းတုတော်၏ ဦးခေါင်းတော်ပတ်လည်တွင် ရောင်ခြည်တော်ဝန်းကိုလည်း တွေ့ရှိရပါသည်။ ရောင်ခြည်တော်အပေါ်ပိုင်းထိပ်တွင် မဟာဗောဓိညောင်ပင်သဏ္ဍာန်ကို အထုပ်လိုက်အအုံလိုက် ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ ညောင်ပင်အုပ်လက်ဝဲ၊ လက်ယာတွင်လည်း တိမ်ပျံစီးနတ်ရုပ် တစ်ဖက်တစ်ရုပ်ကိုလည်း လေ့လာတွေ့ရှိနိုင်ပါသည်။ ဆင်းတုတော်ပခုံးလက်ဝဲ၊ လက်ယာတွင်လည်း နှာမောင်းထောင်ထားသော တံကဲသဏ္ဍာန် မကန်းခေါင်းတစ်




www.burmeseclassic.com

www.burmeseclassic.com

ဖက်တစ်ခေါင်းကိုလည်း တွေ့ရှိနိုင်ပါသည်။ မှန်တံကဲတိုင်အပြင်ဘက်နှင့် မကန်းခေါင်းအောက်တွင် ဗျာလတစ်ဖက်တစ်ကောင်ကိုလည်း တွေ့ရှိရပါသည်။ ဗျာလရုပ်မှာ မြင်းတစ်ဖက်တစ်ကောင် ကျောခိုင်းရပ်နေသည့်ဟန်တွေ့ရှိရပါသည်။ မကန်းနှာမောင်းထိပ်တွင်လည်း မြွေခေါင်းခွေထားသည့်သဏ္ဌာန်တွေ့ရှိရပါသည်။ ရောင်ခြည်တော်ဝန်းလက်ဝဲ၊ လက်ယာအပေါ်ပိုင်းတွင်လည်း ဦးခေါင်းသဏ္ဌာန် ခပ်ဟောင်းဟောင်းတစ်ဖက်တစ်လုံးပါရှိသည်ကို တွေ့ရှိရပါသည်။

ဆင်းတုတော် လက်ဝဲ၊ လက်ယာ မကန်းခေါင်းနှင့် ဗျာလရုပ်များအပြင်ဘက်တွင် နတ်ဖြဗ္ဗာရုပ်များဟု ခန့်မှန်းယူဆရသောအရုပ်များကို တွေ့ရှိရပါသည်။ ဆင်းတုတော်ညာဘက်အရုပ်နှစ်ရုပ်မှာ နတ်ရုပ်များဟု ခန့်မှန်းရပါ၏။ နှစ်ရုပ်စလုံးမှာ ဘုရားဆင်းတုတော်ကို ပူဇော်နေဟန်အနေအထားမျိုး တွေ့ရှိရပါသည်။ ဆင်းတုတော်ညာဘက် မကန်းခေါင်းနှင့် ဗျာလရုပ်အနားမှ နတ်ရုပ်မှာ မျက်နှာတော်ချောနေပြီး ဗောင်းတော် (မကိုဋ်သဏ္ဌာန်) ဆောင်းထားသည်ကို တွေ့ရှိရပါသည်။ မျက်နှာသွယ်ပြီး နားနှစ်ဖက်ကားနေပါသည်။ ခန္ဓာကိုယ်အပေါ်ပိုင်းတွင် အချောသာကျန်ရှိနေပြီး အောက်ပိုင်းတွင် ခါးပတ်ခါးကြိုးသဏ္ဌာန်၊ ကိုယ်ရုံသဏ္ဌာန်၊ ခါးပုံစ

**ဗိုးခေါင်ကန်တူးဖော်မှုကွင်း HMA.54 ပုံ**






www.burmeseclassic.com

www.burmeseclassic.com



HMA.54 တူးဖော်မှုကုန်း၊ တူးဖော်နေဆဲ မြင်ကွင်းတစ်စိတ်တစ်ဒေသ

(ကွန်ခြေကာ) ပုဆိုးသင်္ကန်းများကိုလည်း တွေ့ရှိရပါသည်။ ပီပီပြင်ပြင်တော့မတွေ့ရှိရတော့ပေ။ ထိုအရုပ်၏ ညာဘက်နောက်တစ်ရုပ်တွင်လည်း ဖောင်းတော် (မတိုင်) ပါရှိသည်ကို တွေ့ရှိရပါသည်။ (ခါးကြိုး)ခါးပတ်၊ ပုဆိုး၊ ခါးပုံစ(ကွန်ခြေကာ) များကို ရေးရေးလေး တွေ့ရှိရပါသည်။

ဆင်းတုတော်ဘယ်ဘက် မကန်းခေါင်းနှင့် ဗျာလရုပ်အပြင်ဘက်တွင်လည်း ဗြဟ္မာရုပ်သင်္ကန်းနှစ်ရမ်ကို တွေ့ရှိရပါသည်။ မကန်းခေါင်းနှင့် ဗျာလရုပ်အနီးမှ ပထမအရုပ်မှာ ဖောင်းတော် (မတိုင်) တော်သင်္ကန်း၊ နားတောင်းတော်သင်္ကန်းများကို တွေ့ရှိရပါသေးသည်။ ရင်ဘတ်တွင်လည်း ဘယက်နှင့် ညာဘက်လက်တွင် ပန်းဖူးလိုလိုတစ်ခုခုကိုင်ထားသည့်ဟန် တွေ့ရှိရပါသည်။ ဘယ်ဘက်ပခုံးမှ ခါးကြိုးဒူးခေါင်းအထိကြိုးတစ်ခုသိုင်းထားပြီး ခါးကြိုး(ခါးပတ်)ဆင့်ခံကာ ဘယ်ဘက်ဖြင့် ခါးကြိုးကိုကိုင်ထားသည့်ဟန် တွေ့ရှိရပါသည်။ ထိုအရုပ်ဘယ်ဘက် ဒုတိယအရုပ်တွင် ဘယက်နှင့် မကိုဋ်လုံးချောသာ တွေ့ရှိရပါသည်။ ရင်ဘတ်တွင် ဘယက်တော်ဆင့် တွေ့ရှိရပါ၏။ ဘယ်ဘက်လက်တွင် တစ်ခုခုကိုင်ထားသည့်ဟန် တွေ့ရှိရပါသည်။ ခါးတွင် ခါးပတ် (ခါးကြိုး) နှစ်ဆင့်ပါရှိပြီး ပုဆိုးဝတ်ထားသည့်ဟန်လည်း တွေ့ရှိရပါသည်။ ခါးပုံစ (ကွန်ခြေကာ) ကို နှစ်ထပ်ပွင့်ဖတ်သင်္ကန်းချထားသည်ကို တွေ့ရှိရပါသည်။ ဤအရုပ်အောက်ပိုင်း၌ ကိုယ်ရုံသင်္ကန်းအစများ အဆင့်ဆင့် တွေ့ရှိရပါသည်။

ဆင်းတုတော်ပလ္လင်မှာ အဝန်းကလေးအဆင့်တစ်ဆင့်သာ တွေ့ရှိရပါသည်။ ဆင်းတုတော်ညာဘက်ဒူးခေါင်းနှင့် ပလ္လင်တော်ဘေးတွင်လည်း လေးကိုင်ထားသည့်ဟန် အရုပ်တစ်ရုပ်ကို တွေ့ရှိရပါသည်။ ဆင်းတုတော်အောက်ပိုင်းမှအရုပ်များကို ပီပီပြင်ပြင်သင်္ကန်းအနေဖြင့် မတွေ့ရှိရတော့ပေ။ အဖုံအထစ်အနေဖြင့်သာ တွေ့ရှိရပါသည်။ ပုံ (၁) မူရင်းကျောက်ဆစ်လက်ရာမှာ လက်ရာကောင်းသလောက် အပျက်အစီးများနေသော ပျူခေတ်ကျောက်ချပ်ရုပ်ကြွလက်ရာတစ်ခုပင်ဖြစ်သည်ဟု သိရှိရပါသည်။

ပုံ (၂) လက်ရာပုံဆွဲမှာ ဖိုးခေါင်ကန်တူးဖော်မှုကုန်း(HMA.54) D6 ကျင်းမှတူးဖော်တွေ့ရှိရသော အုတ်ခွက်ဆင်းတုကျိုးကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းအုတ်ခွက်မှာ အမြင့် (၇½) စင်တီမီတာ

ပုံ(၂)






www.burmeseclassic.com


www.burmeseclassic.com

ခန့်၊ အကျယ် (၇½) စင်တီမီတာခန့်နှင့် အထူ (၂½) စင်တီမီတာခန့် ရှိပါသည်။ ဆင်းတုတော်အုတ်ခွက်ရုပ်ကြွကျိုးအမြင့် (၆) စင်တီမီတာခန့်၊ အကျယ် (၅) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၁½) စင်တီမီတာခန့်ရှိပါသည်။


မူရင်းအုတ်ခွက်ကျိုးမှာ ဦးတော် မပါရှိတော့ပေ။ အုတ်ခွက်ဆင်းတုတော် ရုပ်ကြွမှာ ခန္ဓာကိုယ်ခပ်သွယ်သွယ်တွေ့ ရှိရပြီး လက်နှစ်ဖက်မှာ တရားဟောနေ ဟန် တွေ့ရှိရပါသည်။ ထိုင်နေသည့်ဟန် မှာ ခြေချိတ်နေသည့်ဟန်တွေ့ရှိရသည်။ ပလ္လင်မှာ အဆင့်လေးတစ်ဆင့်သာ တွေ့ ရှိရပါသည်။ ဆင်းတုတော်ညာဘက် လက်တော်အပြင်ဘက်တွင် တံကဲတိုင် နှင့် ရပ်နေသော ဗျာလရုပ်တစ်ရုပ်ကို တွေ့ရှိရပါသည်။ အုတ်ခွက်ပုံဆွဲလက် ယာဘက်တွင် အနက်ဖြင့် ရေးဆွဲထား သောလက်ရာမှာ အုတ်ခွက်ပုံဆွဲလက် ရာအထူကိုရေးဆွဲထားသော လက်ရာ တစ်ခုပင် ဖြစ်ပါသည်။ ပုံ (၂) အုတ်ခွက် လက်ရာမှာ သူ့ခေတ်နှင့်သူ လက်ရာ ကောင်းတစ်ခုပင် ဖြစ်ပါသည်။


ပုံ (၃) ဒီဇိုင်းပုံဆွဲလက်ရာသည် လည်း ဖိုးခေါင်ကန်တူးဖော်မှုကုန်း (HMA.54) E.6 ကျင်းမှ တူးဖော်တွေ့ရှိ ရသော အုတ်ခွက်လက်ရာအကျိုးအပဲ့ ကို ကူးယူရေးဆွဲထားသော ဒီဇိုင်းပုံဆွဲ

ပုံ (၃)




ပုံ (၄)




HMA.54 တူးဖော်မှုကုန်းကို ပုံဆွဲနေစဉ်




www.burmeseclassic.com

www.burmeseclassic.com


ပုံ(၅)




ပုံ(၆)




ပုံ(၇)




လက်ရာတစ်ခုပင် ဖြစ်ပါသည်။ အနက်ဖြင့် ရေးဆွဲပြထားသော လက်ရာမှာ အုတ်ခွက်အထူကို ပြသထားသောလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းအုတ်ခွက်အမြင့် (၈) စင်တီမီတာခန့်၊ အကျယ် (၇) စင်တီမီတာခန့်နှင့် အုတ်ခွက်အထူ (၁ ၁/၂) စင်တီမီတာခန့်ရှိပါသည်။ အုတ်ခွက်ဆင်းတုတော်ရုပ်ကြွအမြင့်(၆)စင်တီမီတာခန့်၊ အကျယ် (၅) စင်တီမီတာခန့်နှင့် အထူ(၁ ၁/၂)စင်တီမီတာခန့်ရှိပါသည်။ အုတ်ခွက်ဆင်းတုတော်မှာ ဦးတော်မပါရှိတော့ပေ။ ခန္ဓာကိုယ်မှာ ခပ်သွယ်သွယ်ကလေး တွေ့ရှိရပါသည်။ လက်နှစ်ဖက်မှာ တရားပေါ့ဟန်တွေ့ရှိရပြီး လက်ဖျားများ မပါရှိတော့ပါ။ ခါးတွင် သင်းပိုင်ရစ် ဖော်ပြထားသည်ကိုလည်း တွေ့ရှိရပါသည်။ ထိုင်နေသည့် ခြေတော်နှစ်ဖက်မှာလည်း ခြေချိတ်ထိုင်နေဟန်တွေ့ရှိရပါသည်။ ပလ္လင်တော်ကို ရိုးရိုးအဆင့်လေးတစ်ခုသာတွေ့ရှိရသည်။ အုတ်ခွက်ရုပ်ကြွဆင်းတုတော် လက်ဝဲ၊ လက်ယာတွင် မဖွင့်ဘဲထောင်ထားသောထီးတစ်ဖက်တစ်ချောင်းသဏ္ဌာန် တွေ့ရှိရပါသည်။ တချို့ပညာရှင်များက ဤထီးပုံသဏ္ဌာန်ကို စေတီပုံစံဟု ယူဆကြပါသည်။ ဤ ပုံ (၃) အုတ်ခွက်ပုံဆွဲဗိဗိုင်းလက်ရာမှာ ရှားပါးသည့် လက်ရာကောင်းတစ်ခုပင် ဖြစ်ပါသည်။

ပုံ(၄)ပုံဆွဲလက်ရာမှာ (HMA.54) ကုန်း E6 ကျင်းမှ တူးဖော်တွေ့ရှိရသော အုတ်ခွက်ကျိုးလက်ရာကို ကူးယူရေးဆွဲထားသော ဗိဗိုင်းလက်ရာပင် ဖြစ်သည်။ မူရင်းအုတ်ခွက်အမြင့် (၇) စင်တီမီတာခန့်၊ အကျယ် (၉) စင်တီမီတာခန့်နှင့် အုတ်ခွက်အထူ (၂) စင်တီမီတာခန့်ရှိပါသည်။ အုတ်ခွက်ထဲမှ ဆင်းတုတော်ရုပ်ကြွအထူ (၁) စင်တီမီတာခန့်၊ ရုပ်ကြွအမြင့် (၅) စင်တီမီတာခန့်နှင့် အကျယ် (၅) စင်တီမီတာခန့်ရှိပါသည်။ ပုံဆွဲ (၄) လက်ဝဲဘက်မှ အနက်ဖြင့် ရေးဆွဲထားသောလက်ရာမှာ အုတ်ခွက်အထူကိုရေးဆွဲထားသောလက်ရာပင် ဖြစ်ပါသည်။ ပုံ (၄) အုတ်ခွက်ပုံဆွဲလက်ရာမှာလည်း ဦးတော်ပါရှိခြင်းမရှိဘဲ တွေ့ရှိရပါသည်။ အုတ်ခွက်ရုပ်ကြွခန္ဓာကိုယ်မှာ ခပ်သွယ်သွယ်အနေအထား တွေ့ရှိရပြီ။ လက်တော်နှစ်ဖက်မှာ တရားဟောနေဟန်တွေ့ရှိရပါသည်။ ထိုင်နေသည့် ခြေတော်နှစ်ဖက်ဟန်မှာ ခြေချိတ်မှန်း၊ ခြေထပ်မှန်း သဲကွဲစွာမတွေ့ရှိရတော့ပေ။ ပလ္လင်မှာ ကြာပွင့်ဖတ်များပါရှိသည့်ဟန်တွေ့



www.burmeseclassic.com

www.burmeseclassic.com

ရှိပါသည်။ သူ့ခေတ်နှင့်သူ လက်ရာကောင်းအုတ်ခွက်တစ်ခု ဖြစ်သည်ဟု ပြောရမည် ဖြစ်ပါသည်။

ပုံ(၅)ပုံဆွဲလက်ရာမှာ (HMA.54) တူးဖော်မှုကုန်းကျင်းအမှတ် F6 မှ တူးဖော်တွေ့ရှိရသော ကျောက်ဆစ်လက်ရာအပိုင်းအစတစ်ခုကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းကျောက်ဆစ်လက်ရာအမြင့်မှာ (၁၆)လက်မ၊ အကျယ်(၁၄)လက်မခန့်နှင့် အထု (၄) လက်မခန့် ရှိပါသည်။ ကျောက်ဆစ်လက်ရာအပဲ့အစမှာ သဲကျောက်လက်ရာအမျိုးအစားအဖြစ်တွေ့ရှိရပါ၏။ ကျောက်ချပ်ထဲမှ ပဲ့ကျလာသော ဆင်းတုတော်ရင်အုံကျိုးအနေအထားမျိုး တွေ့ရှိရသည်။ နောက်ခံကျောက်ပြားမှ ဖွဲ့ထုတ်ဖျက်ဆီးခံထားရဟန်တွေ့ရှိရပါသည်။ ပုံ (၅) ဘယ်ဘက်တွင် အနက်ဖြင့်ပြထားသောလက်ရာမှာ ဆင်းတုတော်ရင်အုံကျိုးအထုကို ဖော်ပြထားသောလက်ရာတစ်ခုပင်ဖြစ်ပါသည်။


ပုံ (၆) ပုံဆွဲလက်ရာသည်လည်း (HMA.54) D6 ကျင်းမှ တူးဖော်တွေ့ရှိရသော ကျောက်ဆစ်လက်ရာကို ကူးယူရေးဆွဲထားသော ဒီဇိုင်းပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့် (၂၈) လက်မခန့်၊ အကျယ်(၂၃½)လက်မခန့်နှင့် ကျောက်ဆစ်လက်ရာအထု (၄½) လက်မကျော်ကျော်ခန့်ရှိပါသည်။ ပုံ (၆) ပုံဆွဲလက်ရာညာဘက်တွင် အနက်ဖြင့်ဖော်ပြထားသောလက်ရာမှာ ကျောက်ဆစ်လက်ရာအထုကို ရေးဆွဲဖော်ပြထားသော လက်ရာပင် ဖြစ်ပါသည်။ မူရင်းကျောက်ဆစ်လက်ရာမှာ ကျောက်ချပ်ရုပ်ကြွလက်ရာကြီးတစ်ခုတည်းမှ ပဲ့ထွက်လာသော လက်ရာအပိုင်းအစတစ်ခုပင် ဖြစ်ပါသည်။ ကျောက်ဆစ်လက်ရာအပိုင်းအစမှာ သဲကျောက်မာအမျိုးအစား အနေအထားမျိုး တွေ့ရှိရပါသည်။ ကျောက်ဆစ်လက်ရာအပဲ့အစလက်ဝဲဘက်တွင် အနားသတ်ပေါင်ဖောင်းနှစ်ဆင့်အနေအထားမျိုးတွေ့ရှိပြီး ကျောက်ဆစ်လက်ရာအောက်ပိုင်းတွင် လူရုပ်သဏ္ဍာန်ဦးခေါင်းနှင့် ညာဘက်လက်တစ်ချောင်းကို ပီပြင်စွာတွေ့ရှိရသည်။ ကျန်အစိတ်အပိုင်းများကို ပီပီပြင်ပြင် မတွေ့ရှိရတော့ပေ။

ပုံ(၇)ပုံဆွဲလက်ရာမှာ (HMA.54) တူးဖော်မှုကုန်းကျင်းအမှတ် E4 ကျင်းမှ တူးဖော်တွေ့ရှိရသော အုတ်ကြွပ်မိုးပြားအပိုင်းအစတစ်ခုကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခု ဖြစ်ပါသည်။ မူရင်းအုတ်ကြွပ်ပြားအမြင့် (၁၁) စင်တီမီတာခန့်၊ အရှည် (၁၄) စင်တီမီတာခန့်နှင့် အထု (၂½) စင်တီမီတာခန့်ရှိပါ[သည်။] ပုံဆွဲ(၇)လက်ဝဲဘက်တွင် အနက်[ဖြင့်]ဖော်ပြထားသောလက်ရာမှာ အုတ်[ကြွပ်]ပြားအထုအနေအထားကို ရေးဆွဲ[ဖော်]ပြထားသော လက်ရာတစ်ခုပင်ဖြ[စ်]ပါသည်။ ပုံ (၇) အုတ်ကြွပ်ပြားလက်ရာမှာ ခေါင်ချုပ်အုတ်ကြွပ်ပြားအပိုင်းအ[စ] အနေအထားမျိုးတွေ့ရှိရပြီး အလယ်[...] မှ လက်ဝဲ၊ လက်ယာမြောင်း တစ်ဖ[က်စ]ီ ငါးမြောင်းစီ ပါရှိသည်ကို တွေ့ရှိရ[ပါ]သည်။ အုတ်ကြွပ်ပြားအရောင်မှာ အု[...] ရောင်ဖျော့အနေအထားမျိုး တွေ့ရှိရ[ပါ]သည်။

(ပုံ) ၈ လက်ရာသည်လည်း တူ[း]ဖော်မှုကုန်းအမှတ် (HMA.54) ကျ[င်း] နံပါတ် E3 မှ တူးဖော်တွေ့ရှိရသော အုတ်ကြွပ်ပြားအပိုင်းအစကို ကူးယူ[ရေး]ဆွဲထားသော အုတ်ကြွပ်ပြားပုံဆွဲလ[က်]ရာပင် ဖြစ်ပါသည်။ မူရင်းအုတ်ကြွပ်[ပြား] အပိုင်းအစမှာ အမြင့် (၁၆)စင်တီမီ[တာ]ခန့်၊ အကျယ် (၁၁) စင်တီမီတာခန့်[နှင့်] အုတ်ကြွပ်အထု (၂) စင်တီမီတာခန့်[ရှိပါ]သည်။ အုတ်ကြွပ်အပိုင်းအစမှာ မျက်[...] တစ်ဖက်၌ မြောင်း(၅)မြောင်းနှင့် [...] ခုံးပါရှိသည်ကိုတွေ့ရှိရပါသည်။ နော[က်...] တစ်မျက်နှာ၌ အချောတွေ့ရှိရပြီး [...] တစ်ကြောင်းပါရှိသည်ကို တွေ့ရှိ[ရ...]သည်။ အုတ်ကြွပ်ပြားအရောင်မှာ [...] ရောင်ခပ်ပြင်းပြင်းတွေ့ရှိရပါသ[ည်]




ပုံ (၉)



ပုံ (၁၀)



ပုံ (၁၁)



ပုံ (၈)



www.burmeseclassic.com


www.burmeseclassic.com

ဆက်ယာဘက် အနက်ရောင်ဖြင့် ဆွဲထားသောလက်ရာမှာ အုတ်ကြွပ်ပြားအထူကို ရေးဆွဲပြသထားသော လက်ရာခင် ဖြစ်ပါသည်။ တူးဖော်မှုကုန်းကျင်းတွက်အတော်များများတွင် ခေါင်မိုးအုတ်ကြွပ်အပိုင်းအစ တော်တော်များများကို တွေ့ရှိရပါသည်။

ပုံ (၉) ပုံဆွဲလက်ရာမှာ တူးဖော်မှုကုန်း (HMA.54) E6 ကျင်းကွက်မှ တူးဖော်တွေ့ရှိသော သံမယ်နချောင်းကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းသံမယ်နချောင်းမှာ သံချေးများအထပ်ထပ်တက်ပြီး သံချေးများရွှံ့နှင့်ရောနေသည်ကိုတွေ့ရှိရပါသည်။ မူရင်းသံချောင်းအရှည် (၁၂½) စင်တီမီတာခန့်၊ သံမယ်နချောင်းသံခေါင်းအထူ (၁½) စင်တီမီတာခန့်၊ သံမယ်နချောင်းအလယ်အထူ(¾)စင်တီမီတာခန့်နှင့် သံမယ်နအဖျားအထူ (¼) စင်တီမီတာခန့် ရှိပါသည်။ သံမယ်နအချောင်းမှာ လေးပြားကျအနေအထား ထောင့်လေးထောင့်ပေါ်နေသည်ကို တွေ့ရှိရပါသည်။ သံမယ်နခေါင်းမှာ ခေါက်နေသည်ကို တွေ့ရှိရပါသည်။

ပုံ (၁၀) ပုံဆွဲလက်ရာသည်လည်း (HMA.54) D6 ကျင်းမှ တူးဖော်တွေ့ရှိရသော သံမယ်နချောင်းလက်ရာတစ်ခုကို ကူးယူရေးဆွဲထားသော သံမယ်နပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းသံမယ်နချောင်းအရှည် (၁၀) စင်တီမီတာခန့်၊ သံမယ်နချောင်းခေါင်းအထူ (၂) စင်တီမီတာခန့်နှင့် အဖျားအထူ (½) စင်တီမီတာခန့်ရှိသည်ကို တွေ့ရှိရပါသည်။ သံမယ်နချောင်းမှာ လေးပြားကျတွေ့ရှိရပြီး ထောင့်လေးထောင့်ပေါ်နေသည်ကို တွေ့ရှိရပါသည်။ သံမယ်နချောင်းမှာ ခေါင်းလည်းခေါက်နေသည်ကို တွေ့ရှိရပါသည်။ သံမယ်နချောင်းခါးအလယ်မှလည်း ကွေးနေသည်ကို တွေ့ရှိရပါသည်။

ပုံ (၁၁) သည်လည်း တူးဖော်မှုကုန်း (HMA.54) E6 ကျင်းမှ တူးဖော်တွေ့ရှိရသောသံမယ်နချောင်းလက်ရာကို ကူးယူရေးဆွဲထားသော ပုံဆွဲသံမယ်နချောင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်း သံမယ်နချောင်းအရှည် (၇½) စင်တီမီတာခန့်၊ သံမယ်နချောင်းခေါင်းပိုင်းအချင်း(၁¼)စင်တီမီတာခန့်၊ အဖျားပိုင်းအချင်း (¼) စင်တီမီတာခန့်နှင့် အလယ်ပိုင်း (၁½) စင်တီမီတာခန့်ရှိသည်ကို တွေ့ရှိရပါသည်။ သံမယ်နချောင်း




တူးဖော်မှုကုန်းပန္နက်ပုံတစ်ပိုင်းတစ်စ

စကေး 1 cm = 1 m


ညွှန်း


အုတ်စီတန်းများ | ဂဝံကျောက်စီတန်း | အုတ်ကြွပ်ခေါင်မိုးပြားများ | ကျောက်ချပ်၊ ကျောက်ဆစ်လက်ရာများ




www.burmeseclassic.com

ပုံ (၁၂)





ပုံ (၁၃)



ပုံ (၁၄)

မှာ ခေါင်းပိုင်းကျိုးသွားပြီး မပါရှိတော့ပေ။ ဤသံမယ်နချောင်းမှာလည်း လေးပြားကျဖြစ်ပြီး ထောင့်များပေါ်နေသည်ကို တွေ့ရှိရပါသည်။

ပုံ (၁၂) ပုံဆွဲလက်ရာမှာ တူးဖော်မှုကုန်းအမှတ် (HMA.54) C2 ကျင်းမှ တူးဖော်တွေ့ရှိရသော အိုးခြမ်းကွဲအပိုင်းအစကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းအိုးခြမ်းကွဲအမြင့် (၈½) စင်တီမီတာခန့်၊ အကျယ်(၇)စင်တီမီတာခန့်နှင့် အိုးခြမ်းကွဲအထူ (၁) စင်တီမီတာခန့်ရှိပါသည်။ အိုးခြမ်းကွဲပုံဆွဲလက်ယာဘက်၌ အနက်ရောင်ဖြင့် အိုးခြမ်းကွဲအထူကို ရေးဆွဲဖော်ပြထားပါသည်။ အိုးခြမ်းကွဲအတွင်းမျက်နှာပြင်ကို အချောတွေ့ရှိရပြီး အပြင်မျက်နှာပြင်မှာ အိုးခြမ်းကွဲလိုင်းဆက်အောက်ပိုင်း၌ ဒီဇိုင်းလက်ရာများ၊ ဖောင်းရစ်များ တွေ့ရှိရပါသည်။ ဒီဇိုင်းလက်ရာများမှာ ပီပြင်မှုအနေအထားမျိုး မတွေ့ရှိရပေ။ အိုးခြမ်းကွဲအပိုင်းအစမှာ ရေအိုးခြမ်းကွဲအပိုင်းအစ၊ ရေအိုးဝအပိုင်းအစဟုယူဆရသောလက်ရာတစ်ခုပင် ဖြစ်ပါသည်။

ပုံ (၁၃) ပုံဆွဲလက်ရာကိုလည်း တူးဖော်မှုကုန်းအမှတ် (HMA.54) E6 ကျင်းမှ တူးဖော်တွေ့ရှိရသော မြေမီးဖုတ်အုတ်ပြားလက်ရာကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းမြေမီးဖုတ်အုတ်ပြားအမြင့် (၁၄) စင်တီမီတာခန့်၊ အကျယ် (၁၁) စင်တီမီတာခန့်၊ အထူ (၂½) စင်တီမီတာခန့်ရှိပါသည်။ မြေမီးဖုတ်အုတ်ပြားမှာ အုတ်ရောင်တောက်ပနေပါသည်။ မျက်နှာပြင်နှစ်ဖက်မှာ တစ်ဖက်ချောနေပြီး ကျန်တစ်ဖက်မှာ လေးထောင့်ကွက်လေးများဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ အုတ်ပြားညာဘက်တစ်နေရာ၌ ထုတ်ချင်းပေါက်အပေါက်ကလေးတစ်ပေါက် ပါရှိသည်ကိုလည်း တွေ့ရှိရပါသည်။ မြေမီးဖုတ်အုတ်ပြားဘယ်ဘက်တွင် မြေမီးဖုတ်အုတ်ပြားအထူကို အနက်ဖြင့် ရေးဆွဲဖော်ပြထားပါသည်။ ဤမြေမီးဖုတ်အုတ်ကြွပ်ပြားမှာ နံရံများတွင်ကပ်၍ အလှဆင်သည့်အုတ်ကြွပ်ပြားများဖြစ်လိမ့်မည်ဟု ယူဆရပါသည်။

ပုံ(၁၄)ပုံဆွဲလက်ရာသည် (HMA. 54) D5 ကျင်းမှ တူးဖော်တွေ့ရှိရသော မြေမီးဖုတ်ခေါင်မိုးအုတ်ကြွပ်ပြားအပိုင်းအစကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။

မူရင်း မြေမီးဖုတ်အုတ်ကြွပ်ပြားအပိုင်းအစအမြင့် (၁၆) စင်တီမီတာခန့်၊ အကျယ် (၁၆) စင်တီမီတာခန့်နှင့် အထူ (၁½) စင်တီမီတာခန့်ရှိပါသည်။ မြောင်းအထူလည်း (၁) စင်တီမီတာခန့်ရှိပါသည်။ ပုံ (၁၄) ခေါင်မိုးအုတ်ကြွပ်ပြားဘယ်ဘက်တွင် အနက်လိုင်းဖြင့် အုတ်ကြွပ်ခေါင်မိုးပြားအထူကို ရေးဆွဲဖော်ပြထားပါသည်။ အုတ်ကြွပ်ခေါင်မိုးပြားမှာ အတွင်းမျက်နှာပြင်အချောဖြစ်ပြီး အပြင်မျက်နှာပြင်တွင် ခုံးခြောက်ခုံးနှင့် မြောင်းငါးမြောင်းပါရှိသည်ကို တွေ့ရှိရပါသည်။ အုတ်ကြွပ်ပြားအရောင်မှာ အုတ်ရောင်တောက်ပစွာတွေ့ရှိရပါသည်။ ဖော်ပြ[ပါ] ပုံဆွဲလက်ရာများမှာ သရေခေတ္တရာ ပျူခေတ်ရှေးဟောင်းလက်ရာအပိုင်းအစ[များ] များကို ကူးယူရေးဆွဲ ဖော်ပြထားသော ပုံဆွဲလက်ရာများပင် ဖြစ်ပါသည်။ [သ]ူ ခေတ်နှင့်သူကောင်းသော ရှားပါးရှေး ဟောင်းလက်ရာများပင် ဖြစ်ပါသည်။

အနဿောအနဿငါးပါး[...]
ထာဝရဦးထိပ်ပန်ဆင်ကန်တော့လျှ[...]

ပန်းချီထူ[...]
(ရှေးဟောင်းသုတေသန[...])

ကိုးကားချက် -
- ကိုယ်ပိုင်တူးဖော်မှုမှတ်စု
- တူးဖော်မှုအစီရင်ခံစာ
- သီရိပုံချိုဦးမြ (အငြိမ်းစားကျော[...] စာဝန်) ၏ ရှေးဟောင်းအ[...] ဆင်းတုတော်များ (ဒုတိ[ယ]တွဲ)



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

နေပြည်တော်ကျော်ကျော်စိုး (၃)

# ချောင်းဆိုးပျောက်တဲ့ဟင်း

အသက်အရွယ်ကြီးလာတဲ့အခါ စိတ်သွားတိုင်း ကိုယ်မပါနိုင်ကြတာ ထုံးစံပါ။ လူငယ်လိုနေချင်စိတ်ရှိပေမယ့် အဲဒီစိတ်နောက်ကို ခန္ဓာကိုယ်က မလိုက်နိုင်ပါဘူး။ အသက်ကြီးလာရင် စိတ်ပဲရှိတာပါ။ ခန္ဓာကိုယ်ဇရာကြောင့် စိတ်သွားရာနောက် ကောက်ကောက်မပါနိုင်တော့ပါဘူး။

ကျွန်တော်ဆိုရင် အချိန်တိုင်းနီးပါး ဘယ်မှာမဆို ဦးထုပ်ဆောင်းထားပြီး ဦးခေါင်းအအေးမပတ်အောင် ကာကွယ်ရပါတယ်။ အိပ်ရင်လည်း အနွေးဦးထုပ်အမြဲဆောင်းအိပ်ရပါတယ်။ ဦးထုပ်ဆောင်းမအိပ်ရင် ဦးခေါင်းအေးလာပြီး နှာခေါင်းတွေပိတ်ကုန်ပါတယ်။ ဒါဆိုရင် အိပ်မက်ထဲမှာ ရေမွန်းလို့ အသက်ရှူမဝတာမျိုး အိပ်မက်မက်တတ်ပါတယ်။ အဲဒီအခါ လန့်နိုးပြီး ဦးထုပ်ကောက်ဆောင်းရလေ့ရှိတယ်။ ဒါဆို ခေါင်းနွေးသွားပြီး နှာခေါင်းပြန်ပွင့်လာပါတယ်။ မွေးလေးဒီလောက်ပူတာတောင် ဦးခေါင်းမှာရုံနဲ့ စောင်ပါးပါးခြုံပြီး အိပ်ရတာပါ။ အအေးဒဏ်ကို ဇရာရဲ့ရိုက်ပုတ်ချက်ကြောင့် ခန္ဓာကမခံနိုင်တော့တာပါဘဲ။ ငယ်တုန်းကနဲ့တော့ ကွာပါ့ဗျာ။

၆ - ၁၁ - ၂၀၁၃ နေ့မှာ နေပြည်တော် လယ်ဝေးမြို့နယ် ဂုံမင်းအိုင်ရွာ ကတ်အဆွေစာကြည့်တိုက်ကို ညီဖြစ်သူ မောင်မြင့် အဖော်ခေါ်ပြီး စာအုပ်စာပေ သွား ကျွန်တော်သွားလှူပါတယ်။ အဲဒီမှာ မြန်/ဆက်က တာဝန်ရှိသူတွေ ရောက်လာမှာမို့ ဆုံတွေ့ရအောင် ရွာက တာဝန်ရှိသူတွေက စီစဉ်ပေးခြင်းပါ။

ဒီလိုနဲ့ ကျွန်တော်တို့နှစ်ယောက် အချိန်အတော်နှောင်းသွားပြီး နေပြည်တော် ပျဉ်းမနားကိုသွားတဲ့ကား မရှိတော့တာကြောင့် ဂုံမင်းအိုင်ရွာလေးမှာ ညအိပ်ဖြစ်ပါတယ်။ ညမှာ ဂုံမင်းအိုင်ရွာ ရှိထားတဲ့ မျိုးမြင့်က သူ့ရွာလိုဖြစ်နေ တဲ့ ကျွန်တော့်ကိုခေါ်ပြီး ဟိုအိမ်တက် ဒီအိမ်တက်လည်လုပ်ပါတယ်။

အဲဒီမှာ ကျွန်တော်မေ့ခဲ့တာက ကျွန်တော်ဆောင်းနေကျ လျှာထိုးဦးထုပ် ဦးထုပ်မပါတော့တာ ညရဲ့အအေး ဒဏ်က ကျွန်တော့်ဦးခေါင်းကို နှိပ်စက်တော့တာပါပဲ။ အဲဒီမှာ နှာရည်တွေစပြီး ယိုဆင်းလာပါတယ်။ ဂျာကင်အိတ်ထဲက လက်ကိုင်ပဝါနဲ့ နှာရည်ကိုစွဖြေရှင်းနေရတာပေါ့လေ။

ပြန်နိုးပြန်နိုးနဲ့ ည(၁၂)နာရီကျော်တာတောင် မပြန်သေးတာကြောင့် အိပ်ချင်ပြီဆိုပြီး အတင်းပူဆာမှ မျိုးမြင့်က ထပြန်ပါတယ်။ ညဆောင်းဦးထုပ်မပါတာကြောင့် လျှာထိုးဦးထုပ်ဆောင်းပြီး အိပ်ရတယ်။ မနက်ကျတော့ နှာစေးနေပါပြီ။ ရွာရောက်တာနဲ့ဆေးဝယ်သောက်ရပါတယ်။

နှာစေးတာတော့ ပျောက်သွားပါရဲ့ ချောင်းက ထပ်ဆိုးလာပြန်ပါတယ်။ ချောင်းဆိုးပျောက်ဆေးတွေ ထပ်ဝယ်သောက်ရပြန်ရော။ ချောင်းဆိုးကျတော့ ဘာဆေးသောက်သောက် မပျောက်နိုင်ဘဲ ဝေဒနာက တင်းခံနေပါတယ်။

ပဋိဇီဝဆေး၊ မြန်မာဆေးအတော်စုံပါတယ် မပျောက်ပါဘူး။ ဒီလိုနဲ့ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်က မုံတောကြီးရွာကို မင်္ဂလာကိစ္စသွားရပြန်ပါတယ်။ ဆေးတွေပါလာပါပေမယ့် မထူးခြားပါဘူး။ မင်္ဂလာကိစ္စပြီးတော့ ကျွန်တော်တို့တွေ မန္တလေးက သမီးတို့ဆီ ကူးကြပြန်ပါတယ်။ မန္တလေးမှာလည်း ဆေးဆိုင်က ဆေးတွေ ဝယ်သောက်ပြန်တာပါပဲ။ ချောင်းက အာဂချောင်းဖြစ်နေပါတယ်။ ခရီး (၇) ရက်ကြာပြီး နေပြည်တော်ပြန်ရောက်တော့လည်း ဆေးတွေသောက်နေလိုက်ကာ ရက်ပေါင်း (၂၀) အထိ ကြာလာခဲ့ပါပြီ။ ချောင်းက မာရသွန်ချောင်းဆိုပါတော့။

အင်း- ဒီချောင်းဟာ ကြာလာရင် မကောင်းဘူး။ ချောင်းဆိုးပျောက်တဲ့ဆေးတွေ့မှဖြစ်မယ်ဆိုပြီး အိမ်ရှေ့မှာ ထိုင်စဉ်းစားနေမိပါတယ်။ ငါဆေးဆောင်းပါးတွေရေးနေတာမှာ ချောင်းဆိုးပျောက်တဲ့ဆေးနည်း ပါ,ပါတယ်ဆိုပြီး တွေးမိတော့မှ ချောင်းဆိုးပျောက်တဲ့ဟင်းကို ငါပြည်သူတွေကိုတင်ပြခဲ့ဖူးတာပဲ။ ဒါပေမယ့် ကိုယ်တွေ့တော့မဟုတ်ဘူးပေါ့လေဆိုပြီး မျက်စိက ကစော့ခါးပင်ဆီကို တန်းခနဲရောက်သွားတယ်။

ဟုတ်သားပဲ၊ ပညာရှိသတိဖြစ်ခဲ့ဆိုတဲ့စကားပုံလို ကိုယ်ရေးတဲ့ဆောင်းပါးကို မေ့နေလိုက်တာဗျာ။ ရက်ပေါင်း (၂၀) တောင် ခံစားနေရတာပါလား။ ဒါနဲ့ ကျွန်တော် အိမ်ရဲ့မျက်နှာစာမျက်စောင်းထိုး ရေတွင်းအရှေ့မှာရှိနေတဲ့ ကစော့ခါးပင်က ကစော့ခါးသီးတွေခူးပါတယ်။ ဆူးတော့အတော်စူးတယ်ဗျ။ လက်တစ်ဆုပ်လောက် ရအောင်ခူးပြီး ဟင်းရည်ချက်သောက်တော့တာပါပဲ။ နေ့တစ်နပ်၊ ညတစ်နပ်က ကစော့ခါးသီးဟင်းရည်အဝသောက်ပြီး ထမင်းစားလိုက်တာပါ။

ချောင်းဆိုးတဲ့အခါ လည်ချောင်းယားပြီး တဟွတ်ဟွတ်ဆိုးနေပေမယ့် သလိပ်မရတဲ့အတွက် မသက်သာပါဘူး။ ကစော့ခါးသီးဟင်းရည် သောက်ပြီးကတည်းက ချောင်းဆိုးကြသွားပြီး ချောင်းတစ်ချက်ဟန့်လိုက်တာနဲ့ သလိပ်ရပါတယ်။ ဒီတော့ အတော်ကြီးသက်သာသွားပါတယ်။ ညတစ်ရေးနိုးလည်း ချောင်းသိပ်မဆိုးတော့ပါဘူး။ ဝေဒနာရှင်းအောင်ဆိုပြီး (၃) ရက်တိတိ ကစော့ခါးသီးဟင်းရည်သောက်လိုက်တာ ရက်ပေါင်း (၂၀) တိုင်တိုင် ခေါင်းမာနေတဲ့ ချောင်းဆိုးဝေဒနာဟာ အပြီးတိုင် ထွက်ပြေးပျောက်ကွယ်သွားပါတော့တယ်။

ဒီအခါကျမှ ကျွန်တော့်ညီမကြီး ပြောပြတဲ့ ချောင်းဆိုးပျောက်တဲ့ဟင်းဆိုတာ တကယ်ကြီးပါလားလို့ တအံ့တသြ ချီးကျူးမိပါတယ်။ မေ့တတ်ပုံပြောပါတယ်။ ဒီနည်းကို သိနေလျက်နဲ့ မေ့နေတဲ့အတွက် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မဆုံးဘူးဗျ။ အချိန်ကုန်၊ ငွေကုန်၊ လူပန်းပါပဲဗျာ။

ကိုယ်တွေ့ပျောက်တာ ဝမ်းသာလွန်းလို့ ချောင်းဆိုးပျောက်တဲ့ဟင်းကို တတိယအကြိမ်တင်ပြရင်း ချောင်းဆိုးသူများ ကစော့ခါးသီးဟင်းရည်ကို သောက်ကြပါလို့ ထပ်မံတိုက်တွန်းလိုက်ပါတယ်။

ချမ်းမြေ့ကြပါစေ

နေပြည်တော်ကျော်ကျော်စိုး



www.burmeseclassic.com

www.burmeseclassic.com

# အလှူ့ဝါလှိုင်း

## ဘုရားဒါယကာကြီး ဦးမောင်မောင်နိုင် အဘအောင်မင်းခေါင်နှင့်တွေ့ဆုံခြင်း



ဦးမောင်မောင်နိုင်သည် စွမ်းအင်ဝန်ကြီးဌာနတွင် အရာရှိကြီးတစ်ဦး ဖြစ်သည်။ ရန်ကုန်မြို့တွင်နေထိုင်ပြီး ရုံးချုပ်တွင် တာဝန်ထမ်းဆောင်သည်။ အဖေက ဗုဒ္ဓဘာသာဖြစ်ပြီး အမေက ခရစ်ယာန်ဘာသာဝင် ဖြစ်သည်။ အဖေထံမှ ဗုဒ္ဓဘာသာအယူအဆများကို ခြုံမိငုံမိ သိလေသည်။ ဘုန်းကြီးကျောင်းသို့ ရောက်လျှင် ဘုန်းကြီးနှင့် စကားပြောတတ်ဆိုတတ်လေသည်။ သို့သော် အမေက ခရစ်ယာန်ဖြစ်သဖြင့် အမေ့ဘာသာဝင်ဖြစ်လေတော့သည်။

ခေတ်ပညာတတ်ပြီး ရာထူးကြီးကြီးတာဝန်ထမ်းနေသော ဦးမောင်မောင်နိုင်၏ ဘဝတစ်ဆစ်ချိုးဖြစ်ပေါ်လာပုံကို တင်ပြပါရစေ။

စွမ်းအင်ဝန်ကြီးဌာနတွင် ညွှန်မှူးနှင့်အတူ မြန်မာပြည်အထက်-အောက် မြန်မာပြည်အနှံ့ လိုက်ပါသွားလာရ၏။ ညွှန်မှူး၏ ချစ်ခင်လေးစားသော တပည့်ရင်း ဖြစ်လေသည်။ အရေးကြီးသော ဆုံးဖြတ်ချက်များ၊ အတွင်းရေးကိစ္စများကို ဦးမောင်မောင်နိုင်အား ဖွင့်ဟတိုင်ပင်သည်။ ဦးမောင်မောင်နိုင်ကလည်း ညွှန်မှူးကို ချစ်ကြောက်ရိုသေသည်။ ညွှန်မှူးလိုအပ်ချက်များရှိပါက သေသေချာချာ ဂရုတစိုက် လုပ်ကိုင်ပေးလေသည်။ 'တပည့်ရေ ငါးခြောက်' ဟု ဆိုလိုက်လျှင် 'ဆရာ၊ ဖုတ်ပြီးပြီ။ ဆီဆမ်းပြီးပြီ' ဟူသော အလိုက်သိတတ်သော တပည့် ဖြစ်လေသည်။

ညွှန်မှူးသည် ဗုဒ္ဓဘာသာဝင် ဖြစ်သည်။ အဘအောင်မင်းခေါင်ကို ယုံကြည်ကိုးကွယ်သူ ဖြစ်သည်။ ပြည်မြို့တွင် သာသနာပြုနေသောအဘနှင့်တွေ့သည်။ အဘ၏ သာသနာပြုလုပ်ငန်းများကို ပါရမီဖြည့်ပေးလေသည်။ ဘုရားကိစ္စများဆောင်ရွက်ရန် ထော်လာဂျီတစ်စီးကိုလည်း အဘအားလှူထားလေသည်။ လူကြီးဆိုတော့ အဘထံ အမြဲမလာပါ။ ဖုန်းဖြင့်ဆက်သည်။ အခက်အခဲများ၊ ပြဿနာများ၊ ဒုက္ခနှင့် ကြုံရသောအခါ အဘကို တ,၏။ အဘထံ ရောက်လာ၏။ အဘ၏ မေတ္တာရိပ်ကို ခိုလှုံလေသည်။ ဝိဇ္ဇာသည် ရှေ့အနာဂတ်ကို ကြိုသိနေသောကြောင့် အားကိုးခြင်း ဖြစ်သည်။

ညွှန်မှူးက အဘကို ယုံကြည်သောအခါ သူ့တပည့်တော်တော်များများလည်း အဘကို ကိုးကွယ်ကြလေသည်။ သို့သော် ညွှန်မှူး၏ တပည့်အရင်း ဦးမောင်မောင်နိုင်ကတော့ အဘကိုမယုံကြည်ပါ။ ဗုဒ္ဓဘာသာကိုလည်း မကိုးကွယ်ပါ။

ထိုကဲ့သို့ အစွဲသန်နေသော ခရစ်ယာန်ဘာသာဝင်ကြီးကို ဗုဒ္ဓဘာသာဝင်သို့ ပြောင်းလဲသွားအောင် အဘက ဆောင်ရွက်ပေးခြင်း ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်သာမက (၂၇) တောင် ဘုရားဒကာအဖြစ် ခံယူကာ အဘနှင့် ထီးအတူတင်ခွင့်ရသော ပါရမီရှင် ဖြစ်ပါသည်။

တစ်နေ့ ညွှန်မှူးနှင့်အတူ အဘရှိသော ပြည်မြို့သို့ ရောက်လာသည်။ အဘနေထိုင်ရာ ဘုန်းကြီးကျောင်းသို့ ဝင်လာသောအခါ ကျန်တပည့် (၂၀) ယောက်က ဗုဒ္ဓဘာသာဝင် ဆိုတော့ ပြဿနာမရှိ။ ခရစ်ယာန်ဘာသာဝင် ဦးမောင်မောင်နိုင်ကတော့ ပြဿနာပါပဲ။ ဘုန်းကြီးကို ဝတ်မချချင်။ ပိုဆိုးတာက ဘုန်းကြီးမဟုတ်၊ လူဝတ်ကြောင်နှင့် 'အဘ' ဆိုသောသူကို ပို၍ ဝတ်မချချင်ပါ။ ညွှန်မှူးကို ချစ်ကြောက်ရိုသေလို့ သာလိုက်လာရတာ။ ဘာလို့ ဝိဇ္ဇာကို ယုံတာလဲ။ များသောအားဖြင့် ဝိဇ္ဇာ အမည်တပ်ပြီး လိမ်ညာတွေကလည်း ဒုနှင့်ဒေးမဟုတ်လား။ ငါတို့ ညွှန်မှူးကလည်း လူကြီးတစ်ယောက်ဖြစ်ပြီး ဘာလို့ ဒီလိုပုဂ္ဂိုလ်မျိုးကို ယုံကြည်ရတာလဲဟု စိတ်ထဲတွင် အထင်သေးမှုများ ပေါ်ပေါက်လာသည်။

အဘသည် ဦးမောင်မောင်နိုင်၏ စိတ်တွင် ဖြစ်ပေါ်နေသော အခြေအနေ အရပ်ရပ်ကို သိသည်။ မိမိကိုလည်း အထင်သေးသည်၊ ညွှန်မှူးကိုလည်း အထင်သေးသည်။ ဒီနေ့ ဦးမောင်မောင်

www.burmeseclassic.com

www.burmeseclassic.com



နိုင်၏ အယူလွဲအစွဲသန်မှုကို ဖျောက်ပစ်ရမည်။ လမ်းမှန်သို့ပို့ပေးရမည်။

ညွန့်မှူးနှင့်အဖွဲ့သည် ကျောင်းဝိုင်းထဲသို့ ရောက်လာသည်။ အားလုံးဖိနပ်ချွတ်ကြသည်။ ဦးမောင်မောင်နိုင်ပြဿနာမရှိသေးပါ။ သူများချွတ်လို့လိုက်ချွတ်လိုက်သည်။ ကျောင်းပေါ်ရောက်တော့ ဘုရားကျောင်းဆောင်ရှေ့တွင် အဘထိုင်နေလေသည်။ ဒီကျောင်းတစ်ခုလုံးကို အဘအား နေထိုင်ခွင့်ပြုထားလေသည်။ ညွန့်မှူးနှင့် အဖွဲ့သည် ဘုရားကျောင်းဆောင်ရှေ့မှာထိုင်နေသောအဘကို နှုတ်ဆက်ပြီး ကန်တော့ကြလေသည်။ အားလုံး တညီတညွတ်တည်း ကန်တော့ကြသော်လည်း ဦးမောင်မောင်နိုင် ငုတ်တုတ်ကြီးကျန်နေလေသည်။

အဘသည် လူအုပ်ကြားထဲမှ ငူငူကြီးထိုင်နေသော ဦးမောင်မောင်နိုင်ကို-

"ဘယ်သူလဲကွ၊ မကန်တော့ဘဲထိုင်နေတာ။ ပန်းကန်နဲ့ပစ်လိုက်ရ"

ဟု ဟန်ကိုယ့်ဖို့ မှာန်သူ့ဖို့ စကားအရ ငေါက်လိုက်ရလေသည်။

အဘငေါက်သံကြောင့် ညွန့်မှူးက နောက်ပြန်လှည့်ကြည့်လိုက်သောအခါ ဦးမောင်မောင်နိုင် မနေနိုင်တော့။ သူများတွေလို ဦးချလိုက်ပါတော့သည်။ အဘငေါက်သံကို သူမကြောက်ပါ။ ညွန့်မှူး၏ နောက်ပြန်လှည့်ကြည့်လိုက်သော မျက်စောင်းကို သူကြောက်လေသည်။ ဘာပဲပြောပြော၊ ဘယ်လိုနည်းနဲ့ပဲ ဦးချချ ဦးမောင်မောင်နိုင်တစ်ယောက် ဗုဒ္ဓဘာသာဖြစ်တော့မည်ကို အဘကြိုသိနေတော့သည်။

ညွန့်မှူးနှင့် အဘ စကားပြောဆိုကြပြီး ပြန်လာကြသည်။ ညွန့်မှူးမှ ဦးမောင်မောင်နိုင်ကို မေတ္တာရပ်ခံစကားပြောပါသည်။

"ကိုမောင်နိုင်၊ တစ်ခုလောက်လုပ်ပေးနိုင်မလား"

"ဟုတ်ကဲ့၊ ပြောပါ ခင်ဗျာ"

"အဘက နယ်လှည့်သာသနာပြုနေတာ။ ခင်ဗျားအနေနဲ့ ယုံတာ၊ မယုံတာ ကျွန်တော် မပြောလိုပါဘူး"

"ဟုတ်ကဲ့ခင်ဗျာ၊ ပြောပါခင်ဗျာ"

"အဘစီးဖို့ မြန်မာပြည်ထုတ် MASTER JEEP ကား လှူချင်တယ်။ အဲဒါ ရုံးကိစ္စအဝဝ ဆောင်ရွက်ပေးပါ။ အဘကျောင်းအရောက် ကားမောင်းမယ့်သူလည်း စီစဉ်ပေးလိုက်ပါ။ လိုတဲ့ငွေ ကျွန်တော်လှူမှာပါ"

"ဟုတ်ကဲ့၊ စိတ်ချပါ။ ကျွန်တော် စီစဉ်ပေးလိုက်ပါမယ် ခင်ဗျာ"

"ကောင်းပြီ။ ဒီကိစ္စကို ကျွန်တော် ထပ်မပြောတော့ဘူး။ အလုပ်များတော့ မေ့နေမှာလည်းစိုးတယ်။ ဒီတာဝန်ကို အစအဆုံးဆောင်ရွက်ပေးစေချင်တယ်"

"ဟုတ်ကဲ့ ခင်ဗျာ"

"ကျွန်တော့် Personal ကိစ္စမို့ ခင်ဗျားကို အကူအညီတောင်းခံတာပါ။



www.burmeseclassic.com

www.burmeseclassic.com

လုပ်နိုင်မယ် မဟုတ်လား"

"ဟုတ်ကဲ့၊ လုပ်နိုင်ပါတယ် စိတ်ချပါ"

ဦးမောင်မောင်နိုင်သည် ညွှန်မှူးအား ရိုရိုသေသေ တာဝန်ခံ ပြောကြားခဲ့သည်။ ဒီတာဝန်တစ်ရပ်လုံးသည် မိမိပေါ်သို့ အကုန်ကျရောက်လာတော့၏။ တာဝန်က အကြောင်းမဟုတ်ပါ။ အခက်အခဲမရှိပါ။ အဘက အကြောင်း။ အဘနှင့် ခဏလေးတွေ့လိုက်ပါသည်၊ လူရှေ့သူရှေ့ အငေါက်ခံရသည်။ လူကြီး၏ ငြိုငြင်မှုကိုမခံရအောင် ရောယောင်၍ ဦးချလိုက်ရသော်လည်း စိတ်ထဲက လုံးဝမကျေနပ်။ ဒီကိစ္စ ဒီမှာပဲ ရပ်သွားလျှင် အကောင်းသား။ မေ့မေ့ပျောက်ပျောက်ဆိုရင် ကြာတော့လည်း ဒီကိစ္စလေးကို မှတ်မိမှာ မဟုတ်တော့ပါဘူး။ အဘနှင့်လည်း ဝေးသွားပြီ၊ ကင်းသွားပြီပေါ့။

ခုတော့ ဒီလိုမဟုတ်၊ မဝေးနိုင်သေး။ မကင်းနိုင်သေးသောအကြောင်းက ရှိနေပြီလေ။ MASTER JEEP အား စက်မှု (၁) ကို လျှောက်ရမည်။ အဘအတွက်ဆိုတော့ လျှောက်လွှာတွင် အမည်ခံလိုသည်။ ဘယ်သူ့နာမည်ဖောက်ပေးရမလဲ၊ ကားမောင်းမယ့်သူကောရှိသလား၊ ကားအကြောင်း နားလည်တဲ့သူကောရှိသလား စသည့်ဆက်နွှယ်မှုတွေကြောင့် အဘကျောင်းသို့နောက်တစ်ခေါက်ရောက်ခဲ့ရပါသည်။ ဒီတစ်ခါတော့ မိမိတစ်ယောက်တည်းပါ။ အဘကျောင်းသို့ သွားသောအခါ အဘကလည်း တစ်ယောက်တည်း ရှိနှင့်လေသည်။

အဘအား နှုတ်ဆက်၍ ဘေးဘယ်ညာလှည့်ကြည့်လိုက်သည်။ တိတ်ဆိတ်၍ လူသူလေးပါးမရှိသဖြင့် အဘအား ဦးချလိုက်သည်။ အဘအား ရိုသေလို့တော့ မဟုတ်။ ပြဿနာကင်းအောင်တော့ ကြိုကာထားမှ။

"အဘ၊ သား မောင်မောင်နိုင်ပါ"

"အေးအေး- ထိုင်ကွာ"

"ညွှန်မှူးက ကားလှူဖို့ တာဝန်ပေးထားတာ။ လိုအပ်တဲ့ အချက်အလက်လေးတွေသိချင်လို့ပါ ခင်ဗျ"

"အေးအေး - မေးလေ"

"လျှောက်လွှာတင်ရမယ် အဘ။ လျှောက်ထားတဲ့သူရဲ့အမည်တို့၊ မှတ်ပုံတင်အမှတ်တို့၊ နေရပ်လိပ်စာတို့ လိုတယ်။ အမည်ပေါက်သွားမှာ"

"ညွှန်မှူးကလှူတာဆိုတော့ သူ့အမည်မဖောက်ဘူးလား"

"သူက ကားရအောင် ထောက်ခံပေးမှာ။ ကားဖိုးပေးချေမှာပါ ခင်ဗျ။ လူကြီးအမည်ကိုတော့ ကားမှာမဖောက်ပေးဘူး အဘ"

"အေးအေး - ခဏစောင့်"

"မှန်ပါဘုရား"

"မင်းက ဗုဒ္ဓဘာသာလား၊ ခရစ်ယာန်လား"

"တပည့်တော်အဖေက ဗုဒ္ဓဘာသာပါ ခင်ဗျာ။ အမေက ခရစ်ယာန်ဆိုတော့ အမေ့ဘာသာကို ယူလိုက်တာပါ"

"မင်းက ဗုဒ္ဓဘာသာဖြစ်ရမှာ၊ ဘုရားဒကာလည်းဖြစ်ရမှာ"

"တပည့်တော် ဗုဒ္ဓဘာသာနဲ့ သိပ်မဝေးပါဘူး ခင်ဗျ"

"မင်းကို ငါစောင့်နေတာကြာပြီ။ ဒီလိုတွေ့ဖို့၊ ဒီလိုစကားပြောဖို့ စောင့်နေရတာ"

"ခင်ဗျာ၊ အဘပြောတာ သားမရှင်းဘူး"

"မင်းနဲ့ငါကပဋ္ဌာန်းဆက်ရှိတယ်။ မင်းငယ်ငယ်ကတည်း ခုဒီဘဝရောက်လာအောင် ငါစောင့်ရှောက်လာတာ"

"သားတော့ မသိဘူး အဘ"

"မင်းငယ်ငယ်က ရေနစ်ဖူးတယ် မဟုတ်လား"

ဦးမောင်မောင်နိုင် ဘာစကားမှ မပြောနိုင်ပါ။ ပါးစပ်ဟ၍ ကြောင်နေလေတော့သည်။ မိမိဘဝ မိမိသာ အသိဆုံး။ ခုတော့ ကိုယ့်ထက်သိသူ တွေ့ရပေသည်။ အသက်ကိုကယ်တယ်ဆိုတာလည်း မိမိသာ အသိဆုံးပါပဲ။ အဘကို တော်တော် လေးစားသွား၏။ အဘအပေါ်တင်နေသော သံသယစိတ်တို့ ပယ်ပျောက်စပြုလေသည်။ အတိတ်ကို ဖောက်ထွင်းမြင်နိုင်သော ဝိဇ္ဇာအသိများ၊ အနာဂါတ်ကို ဖောက်ထွင်းမြင်နိုင်သော ဝိဇ္ဇာအသိများကို လေးစားလာလေသည်။ မိမိကို စောင့်ရှောက်တာဟုတ်မှာပဲ။ အသက်သခင် ကျေးဇူးရှင်ကို ဒုတိယအကြိမ် ကန်တော့မိပြန်သည်။

"မောင်မောင်နိုင်၊ မင်းက ငါ့ကို မယုံတဲ့မျက်လုံးတွေနဲ့ ကြည့်နေတယ်။ မင်းက လက်တွေ့မှ ယုံမယ့်ကောင်ပဲ"

"မဟုတ်ပါဘူး အဘ။ သား အံ့ဩနေလို့ပါ"

"အခုအချိန်ကစပြီး မင်းနားမှာ ငါအမြဲတမ်း အနီးကပ်ရှိတယ်။ မင်းပြောသမျှ ငါသိတယ်၊ မင်းလုပ်သမျှ ငါမြင်တယ်။ ဒါယုံသလား"

"လက်တွေ့မဟုတ်တော့ ပြောရခက်တာပေါ့"

"အေး- မင်းယုံကြည်ရင်၊ လက်တွေ့ဖြစ်ရင် ငါခိုင်းတာလုပ်ရမယ်"

"သား လက်တွေ့ဆိုရင် ယုံမယ်ခင်ဗျ"

"ဒါဆိုလည်း မင်းကတိတည်ရမယ်"

"ဟုတ်ကဲ့"

ဦးမောင်မောင်နိုင်တစ်ယောက် အဘထံမှ ပြန်လာသည်။ အိမ်တွင် တစ်ယောက်တည်း စဉ်းစားနေသည်။

'အဘဆိုသောပုဂ္ဂိုလ်သည် ဘယ်လိုလူမျိုးလဲ။ သူကွယ်ရာမှာ ငါလုပ်သမျှသိတယ်၊ မြင်တယ်ဆိုရင် ငါ့အနားမှာ အမြဲရှိမှာပေါ့။ ဒါဆိုရင် ဒီပုဂ္ဂိုလ်ဟာ ပုဂ္ဂိုလ်ထူးပဲ။ ပုဂ္ဂိုလ်ထူးမို့ ညွှန်မှူးက ကိုးကွယ်တာပေါ့။ ပုဂ္ဂိုလ်ထူး ဟုတ်၊ မဟုတ် ငါစမ်းသပ်မယ်။ ငါစမ်းသပ်တာအောင်မြင်ရင် ငါယုံမယ်'

ဟု ဆုံးဖြတ်လေသည်။

ဦးမောင်မောင်နိုင်တစ်ယောက် အိမ်ကို အပေါက်လုံခြုံစွာ ပိတ်သည်။ အိမ်ရှေ့ခန်းတွင် ဖယောင်းတိုင်တစ်တိုင် ထွန်းလိုက်သည်။ အဘသည် ငါ့အနီးတွင် ရှိသည်ဟု ပြောသည်။ ငါလုပ်တာအကုန်မြင်တယ်၊ သိတယ်ဟု ဆို၏။ အဘ၏သိဒ္ဓိတန်ခိုးကို ဒီဖယောင်းတိုင်ဖြင့် စမ်းမည်ဟု ဆုံးဖြတ်လိုက်သည်။

"အဘခင်ဗျား၊ ကျွန်တော်ပြောတာ ကြားပါစေ။ ကျွန်တော့်နားတွင် အဘရှိလျှင် ဒီဖယောင်းမီးတောက်လေး ဘယ်ဘက်ယိမ်းပါစေ"

မယုံနိုင်စရာပါ။ အပေါက်အလုံပိတ်ထားသော အခန်းထဲက ဖယောင်းတိုင်မီးညွှန့်လေးသည် ဦးမောင်မောင်နိုင်ပြောသလို ယိမ်းနွဲ့နေပါသည်။ အတော်အံ့ဩသွားလေသည်။ ဟုတ်တယ်၊ ဟုတ်တယ်။ ဒီအဘိုးကြီး တော်တော်တန်ခိုးရှိတာပဲ။ ဒီလောက်နဲ့တော့ မယုံသေးဘူး။ 'ညာဘက်ယိမ်းပါဦး'၊ 'ရှေ့ဘက်ယိမ်းပါဦး'၊ 'နောက်ဘက်ယိမ်းပါဦး' ဟု ကြိမ်ဖန်များစွာ ပြောလေသည်။ ပြောသမျှ ယိမ်းနွဲ့ပေးနေသော မီးတောက်လေးက 'အဘ မင်းနားမှာရှိတယ်' လို့ ပြောနေသသလိုပါပဲ။

တစ်ကြိမ်၊ နှစ်ကြိမ်ပြောတာ အကြောင်းမဟုတ်။ သုံးကြိမ်၊ လေးကြိမ် အထိ လက်ခံသေးတယ်။ ဒီထက်များ



www.burmeseclassic.com

www.burmeseclassic.com

…တော့ မီးတောက်လေးက စိတ်မရှည် …တော့ပါ။ ဝုန်းဆို ဦးမောင်မောင်နိုင် …နာကို ထိမှန် ပေါက်ကွဲသွားလေ …သည်။ မျက်ခုံးမွေးများ၊ မျက်တောင်မွေး …နှင့် ရှေ့ဆံပင်တို့မှာ မီးလောင်သွားလေ …သည်။ အထူးသဖြင့် နဖူးမှာ မီးလောင် …ကြီးသွားလေတော့သည်။

ဦးမောင်မောင်နိုင် ကြောက်သွား …သည်။ နောင်တလည်းရသွားသည်။ အဘကို စမ်းသပ်တာ လက်ခံပေမယ့် …ကားသလို အကြိမ်ကြိမ်ခိုင်းတော့ မီးတောက်နဲ့မြှိုက်တော့တာပေါ့။ တော် …တော်စိတ်မြန်တဲ့အဘိုးကြီးပဲ။ ပထမဆုံး …တွေ့တုန်းက ပန်းကန်နဲ့ပစ်ပေါက်ဖို့ရွယ် …သေးသည်။ ခုတစ်ခါ မျက်နှာ မီးနှင့်ရှို့ …သည်။

"သားမှားပါတယ် အဘ။ သား …နောင်တရပါပြီ အဘ။ သား အဘကို …ကားတာ မဟုတ်ပါဘူး။ ခုတော့ အဘကို ယုံပါပြီ။ အဘခိုင်းတာ လုပ် …မယ်"

ဟု ကတိပေးပြီး အဘကို ရည် …၍ ဦးချလေတော့သည်။

မျက်နှာဒဏ်ရာပျောက်မှ အဘ …ကျောင်းသို့သွားသည်။ ဒီတစ်ခါ အဘ …သွားတာက ယုံကြည်မှုအပြည့်နှင့် …ခြင်း ဖြစ်သည်။ အဘကို တောင်း …မည်၊ အဘခိုင်းတာလုပ်မည်။ အဘ …တွေ့သည်။ ဦးချကန်တော့ပြီး-

"အဘနေကောင်းရဲ့လား"

"အေး - ကောင်းပါတယ်"

"သားတောင်းပန်စရာရှိလို့"

"မင်းငါ့ကိုတောင်းပန်ပြီးပြီပဲ။ ငါ …လွှတ်ပါတယ်"

"သားကိုယ်တိုင် တောင်းပန်ချင် …။ အဘကို မယုံလို့ စမ်းသလိုဖြစ်နေ …။ သားတောင်းပန်ပါတယ်"

"ငါလည်း ခွင့်လွှတ်ပါတယ်။ …မောင်မောင်၊ မင်း ငါ့ကို ယုံပြီလား"

"သားယုံပါပြီ။ အဘခိုင်းချင်တာ …သားလုပ်ပေးပါ့မယ်"

"မှော်ဘီနားမှာ ဘုရား(၁)ဆူ ပြန် …တယ်။ မင့်တာဝန်ပေးချင်တယ်။ … ဘုရားဒကာလုပ်ရမှာ"

"သားတာဝန်ယူပါတယ်။ ဘုရား … ဆိုတာတော့ နားမလည်ဘူး"

"အေး - ဒီဘုရားကို အစအဆုံး …ယူ ဆောင်ရွက်ပေးတဲ့ အလှူရှင် … လုပ်နိုင်မလား"

"သားလုပ်နိုင်ပါတယ်"

"ဒါဆိုရင် ဗုဒ္ဓဘာသာဝင်ရမှာ"

"သားဆုံးဖြတ်ပြီးပါပြီ။ ဗုဒ္ဓဘာသာဝင်မှာပါ"

ဤသို့ဖြင့် အဘ၏ သာသနာပြုလုပ်ငန်းတစ်ခုသည် အပြီးတိုင်သို့ရောက်သွားလေတော့သည်။ ဦးမောင်မောင်နိုင်သည် အဘကို ယုံကြည်ကိုးကွယ်ပြီး သရဏဂုံဆောက်တည်ပြီး ဗုဒ္ဓဘာသာဝင် ဖြစ်သွားလေသည်။ မှော်ဘီနားကရွာတစ်ရွာတွင် ဘုရား(၁)ဆူပြုပြင်ပေးသော အလှူဒကာဖြစ်သွားလေသည်။ ဘုရားထီးတင်ပွဲတွင် အဘနှင့်အတူတကွ ထီးတော်တင်လှူခွင့်ကြုံရသော တပည့်တစ်ယောက် ဖြစ်သွားလေသည်။

အဘကို အိမ်ပင့်သည်။ အိမ်တွင် ဗုဒ္ဓဘာသာဘုရားဆောင်ကို အဘစီစဉ်ညွှန်ကြားသည့်နေရာ၌ တည်ဆောက်သည်။ သူ့နေ့နှင့်ကိုက်ညီသော ဘုရားတစ်ဆူကိုလည်း အဘ စီစဉ်ပေးသလို ပူဇော်လေသည်။ အဘ ဦးမောင်မောင်နိုင်အိမ်သို့ကြွပြီး စကားပြောကြရာမှ 'ချဲထိ'နှင့်ပတ်သက်သော မှတ်သားစရာအဖြစ်အပျက်တစ်ခု ကျန်ခဲ့ပါသည်။

"အဘ၊ လူတွေ တော်တော်များများ ချဲထီထိုးကြတယ်။ ဒိဂဏန်း (၃) လုံးကို တွက်တဲ့သူကလည်း တွက်တယ်၊ ဇယားချပြီး နှစ်အလိုက် စုစည်းထားပြီး Calendar အကျ ဘာထွက်မှာလဲဆိုပြီး မှန်းတဲ့သူကလည်း မှန်းတယ်"

"အေး- ပြောပါဦး"

"တချို့ကျတော့လည်း ချိုင်းဆိုပြီး ဂဏန်းတွေနဲ့၊ အရုပ်တွေနဲ့ ရောင်းစားကြ၊ ဒီထဲက ပေါက်ဂဏန်းရှာကြနဲ့"

"အေး - ဆက်ပြေပါဦး"

"တချို့ကျတော့ ဘိုးတော်တွေ၊ မယ်တော်တွေဆိုပြီး အာရုံဂဏန်းတောင်းကြ၊ ထိုးကြနဲ့။ အဘကော ဒီဂဏန်းတွေကို တိတိကျကျ ပြောနိုင်ပါ့မလား"

"မင်းက ငါ့ကို ပညာစမ်းပြန်ပြီနဲ့တူတယ်။ ဒီတစ်ခါ မီးလောင်ရင်တော့ ဆံပင်မွေးတစ်ချောင်းမှကျန်မှာမဟုတ်ဘူး"

"ပညာစမ်းတာ မဟုတ်ပါဘူး အဘရယ်၊ သားကို အထင်မလွဲပါနဲ့။ ယိုးဒယားထီဟာ စလောင်းကလာတာကို ကြည့်ရတာ တော်တော်စနစ်ကျတယ်။ ဂေါ်လီလုံးလေးတွေ နှိုက်ရတာ၊ သူကျချင်တာကျတာ။ မြန်မာပြည်ကလူတွေက ရမ်းထိုးနေကြတာ။ သားက တော့ ဘယ်သူပြောတာမှ မယုံဘူး"

"မောင်မောင်၊ မင်းကို ငါတစ်ခုပြောမယ်။ ချဲပေါက်လို့ ယိုးဒယားငွေ အလျော်ရတာမဟုတ်ဘူး။ ဒိုင်ကသာရင် ထိုးသားနာမယ်၊ ထိုးသားသာရင် ဒိုင်နာမယ်။ ဘယ်သူကမှ နိုင်တာ၊ ရှုံးတာ မဖြစ်စေချင်ဘူး။ အချင်းချင်းတွေပဲ"

"အဘတို့က သူတော်ကောင်းဆိုတော့ သူတော်ကောင်းစကားပြောတာပေါ့"

"ငါ့ဆီကို ချဲနံပါတ်တောင်းတဲ့သူဆိုရင် ငါက ငေါက်လွှတ်တာ။ ရှိတာကုန်ချင်ရင် ငါပြောတဲ့နံပါတ်ထိုးလို့ ပြောလိုက်တာ။ နောက်မတောင်းရဲတော့ဘူး"

"အဘက နံပါတ်တော့ သိတယ်။ ဘယ်ဘက်မှမလိုက်ချင်လို့ပေါ့"

"မင်းပြောတာ ငါသဘောပေါက်တယ်။ ငါ့ကို မြေဖြူပေးစမ်း"

အဘသည် မြေဖြူတစ်ချောင်းဖြင့် ဦးမောင်မောင်နိုင်အိမ်၏ နံရံတွင် (၄၉၀) ဟု ဂဏန်း(၃)လုံးကို ရေးခဲ့လေသည်။

"ကဲ- ဒါ ချဲနံပါတ်ပဲ၊ ဒဲ့ပေးတာ။ မင်းတော့မထိုးရဘူး"

အဘသည် ချဲနံပါတ် (၃) လုံးကို နံရံတွင် မှတ်မှတ်သားသားရေးပြီး ကြွသွားလေတော့သည်။ ဒီတစ်ခါတော့ ဦးမောင်မောင်နိုင်ပါးသွားပြီ။ အဘပြောတာ ယုံသည်။ အဘပေးသောဂဏန်းသည် သေချာပေါက် ပေါက်မှာပဲဆိုပြီး အဘမသိအောင် ရပ်ကွက်ထဲတွင် ချဲထိုးလေတော့သည်။ စီးပွားဖြစ် မဟုတ်ပါ။ အဘ၏ပညာကို စမ်းသပ်သည့်အနေဖြင့် ထိုးခြင်းဖြစ်ပါသည်။

တစ်လ၊ နှစ်လ၊ သုံးလသာ ကုန်သွားတယ်။ အဘပေးသော နံပါတ်က မပါလာ။ ကြာတော့ ချဲထိုးရတာ မေ့မေ့ပျောက်ပျောက် ဖြစ်သွားသည်။ တပည့်က ချဲထိုးပေးတာ၊ သူလည်း သတိမရတော့။ (၅) လကြာမှ ချဲမထိုးဖြစ်သော အချိန်တွင် အဘပေးသော (၄၉၀)သည် ဒဲ့ထွက်သွားလေတော့သည်။

ဝိဇ္ဇာမ,သည်။ လူတို့ လိုက်မမီသောပညာများစွာရှိလေသည်။ ဦးမောင်မောင်နိုင်တစ်ယောက် အဘ၏ သိဒ္ဓိမဟိဒ္ဓိပညာများကို အံ့ဩရင်း အဘကိုတိုး၍ ယုံကြည်ပါတော့သည်။

အညာငါးခိုင်း



www.burmeseclassic.com

www.burmeseclassic.com



ပထမဗမာ့ရေကွက်ရုပ်ပေါက်လောကီပညာရှင်

(၁၉)

# ကျေးဖူးရှင် စစ်ကွင်းဆရာတော်ကြီး

ပထမံဆရာဦးအေးရွှေ

**ထိပ်အုပ်အင်း၏အစွမ်းသတ္တိ**

ထိပ်အုပ်အင်းနှင့်ပတ်သက်သော စိတ်ရောဂါကုဆရာဝန်ကြီး၏ အတွေ့အကြုံတစ်ရပ်ကို ဖော်ပြလိုပါသည်။ မင်းကင်းတွင် တာဝန်ကျနေသော ဆရာဝန်ကြီးသည် ဒုတိယကမ္ဘာစစ်အစပိုင်း ဂျပန်စစ်တပ်များဝင်လာချိန် အင်္ဂလိပ်တပ်များ အိန္ဒိယသို့အဆုတ်တွင် အိန္ဒိယသို့လိုက်ပါမသွားခဲ့ဘဲ မြန်မာပြည်၌သာနေခဲ့၏။

ဂျပန်တပ်များ မြို့ကိုသိမ်းပြီးသောအခါ ဂျပန်တို့သည် အင်္ဂလိပ်လက်အောက်တွင် အမှုထမ်းခဲ့ဖူးသူများကို မယုံသင်္ကာရှိပြီး အင်္ဂလိပ်သူလျှိုများဟု ယူဆသဖြင့် လိုက်လံဖမ်းဆီးလေတော့၏။ စိတ်မထင်လျှင်မထင်သလို သတ်ဖြတ်လေ့လည်းရှိ၏။

ဤသို့ဖြင့် မြို့တွင်ကြိုတင်သတင်းရယူထားသောအိမ်များသို့ တက်ရောက်ရှာဖွေဖမ်းဆီးကြသည်။ အထူးသဖြင့် အရာရှိလုပ်ခဲ့သူများကို ပို၍ဦးစားပေးရှာဖွေကြ၏။

ထို့ကြောင့် ဆရာဝန်ကြီးသည် ဂျပန်တို့၏ အဓိကပစ်မှတ်ဖြစ်လာ၏။ ထိုသို့ တက်ရောက်ရှာဖွေဖမ်းဆီးသည့် သတင်းကို ဆရာဝန်ကြီးလည်း ကြိုတင်ရရှိပြီးဖြစ်၏။ ထိုအခါ ဆရာဝန်ကြီးလည်း ရှောင်တိမ်းပုန်းအောင်းရန်နေရာကို စဉ်းစားရာ အဆင်ပြေနိုင်မည့်နေရာကို မမြင်သဖြင့် သူ့အိမ်တွင်ပင် နေထိုင်ပြီး ရင်ဆိုင်ရန်သာ ဆုံးဖြတ်လိုက်တော့၏။

ဤတွင် ဆရာဝန်ကြီးက စိတ်ကူးပေါ်သည်မှာ ဂျပန်တို့ဖမ်းမိသွားလျှင် သေချင်သေနိုင်၏။ ထို့ကြောင့် မသေမီ အချိန်ရတုန်း ပုတီးစိပ်မည်ဟု ဆုံးဖြတ်လိုက်၏။ ထိုအခိုက် စစ်ကွင်းဆရာတော်ကြီး စီရင်ပေးထားသော ထိပ်အုပ်အင်းကို သတိရသဖြင့် အတော်ပင် စိတ်သက်သာရသွားခဲ့၏။ ထို့နောက် အဆိုပါအင်းကို ခေါင်းပေါ်တွင်တင်ပြီး အဝတ်တစ်ထည်ကိုယူကာ ခေါင်းပေါင်းပေါင်းလိုက်၏။ ပြီးလျှင် စိပ်နေကျပုတီးကိုယူကာ အိမ်အနောက်ဘက်ခြံထဲရှိ ငှက်ပျောပင်အုပ်များအောက်သို့ သွားရောက်ကာ စိတ်ငြိမ်ငြိမ်ထားပြီးပုတီးစိပ်နေလိုက်၏။

များမကြာမီတွင်ပင် ဆရာဝန်ကြီးအိမ်သို့ ဂျပန်များရောက်ရှိလာတော့၏။ တစ်အိမ်လုံး အတွင်းအပြင် ခြံထဲပါ မကျန် မွှေနှောက်ရှာဖွေကြ၏။ လုံးဝရှာမတွေ့ပေ။ ထို့ကြောင့် သူတို့သည် ပိုပြီးဒေါသထွက်လာကာ ကျန်သောအိမ်သားများကိုပါ ရန်ရှာတော့၏။ နောက်ဆုံး သူတို့သည် ဆရာဝန်ကြီး၏လူမမည်သမီးလေးတစ်ယောက်ကို သေနတ်ဖြင့်ချိန်ကာ သူ့ဖခင်ရှိရာသို့လိုက်ပြခိုင်းတော့၏။ သမီးလေးလည်း သူ့အဖေ ပထမထိုင်နေသည်ကို တွေ့ခဲ့သော ငှက်ပျောပင်အုပ်အနားသို့ သွားကြည့်၏။ လုံးဝမတွေ့ပေ။ ဂျပန်တို့သည် မကျေနပ်သေးဘဲ နောက်တစ်ကြိမ်ရှာကြပြန်၏။ မတွေ့ပေ။ ဂျပန်တို့သည် နောက်ဆုံးတွင် ဆရာဝန်ကြီး၏ အိမ်အနီးဝန်းကျင်ကို စုံစမ်းကြ၏။

ထိုအခါ အိမ်အနီးဝန်းကျင်ရှိ လူအချို့က ဆရာဝန်ကြီးကို ခြံထဲခုတ် မောင်းသွားသော မော်တော်တစ်စီး၏



www.burmeseclassic.com

www.burmeseclassic.com



...း‌တွင် နောက်ကျောပေး၍ထိုင် ...ကဲ့သွားသည်ကို တွေ့ခဲ့ရကြောင်း ဆို ...၏၊ ထိုအဖြေမျိုးကို အခြားသော နှစ် ...သုံးနေရာမှလည်း ပြောကြသဖြင့် ...ကဲဆုံးတွင် ဂျပန်တို့သည် ဆရာဝန် ... ဖမ်းဆီးမည့် အစီအစဉ်အား ...လျှော့ကာ ပြန်လည် ထွက်ခွာသွား ...တော့၏။

ထိုနေ့ည မှောင်ရီပျိုးသောအချိန် ... ဆရာဝန်ကြီးသည် အိမ်နောက် ...ငှက်ပျောပင်အုပ်များထဲမှ အိမ် ...သို့ တက်လာရာ အိမ်သားများ ...အံ့တသြဖြစ်သွားကြ၏။

ထိုအခါ သမီးဖြစ်သူက -

"အဖေဘယ်သွားနေတာလဲဟင်"

ဟု မေးလိုက်၏။

ထိုအခါ ဆရာဝန်ကြီးက -

"ဘယ်မှမသွားပါဘူး။ ခြံထဲငှက် ...ပင်အုပ်အောက်မှာပဲ ပုတီးထိုင်စိပ် ...လေ၊ ဘာဖြစ်လို့လဲ"

"ဟင် - ဒါဆို စောစောပိုင်းက ...တွေအဖေ့ကိုလာရှာကြတယ်။ အဖေ ...ကို မတွေ့ဘူးလား"

"ဟင့်အင်း - သူတို့ကို အဖေ ...ဘူး"

"သူတို့တွေ အဖေထိုင်နေတယ် ...ငှက်ပျောပင်အုပ်ဆီကိုတောင် ...ကြတယ်။ သမီးကိုတောင် ...နဲ့ချိန်၊ လှံစွပ်ကြီးနဲ့ချိန်ပြီး ...ခေါ် လာလို့ပါလာသေးတယ်"

"ဟုတ်လား သမီး၊ အဖေ လုံးဝ ...ဘူး။ ပုတီးထဲအာရုံကျနေလို့လား ...၊ ထူးထူးခြားခြား ဒီနေ့မှ ပုတီး ...ကောင်းလိုက်တာကွယ်၊ မပြောပါ ...

"သူတို့ကလည်း အထပ်ထပ်ရှာ တာ အဖေ့ကိုမတွေ့ဘူး။ အရမ်းကိုအံ့သြစရာကောင်းတယ်နော်"

"ဟုတ်တယ် သမီး၊ ဒီအဖြစ်အပျက်က အတော့်ကိုအံ့သြဖို့ကောင်းတယ်။ အဖေကလည်း ဒီငှက်ပျောပင်အုပ်တွေအောက်မှာပဲထိုင်ပြီး ပုတီးစိပ်နေတယ်။ သူတို့ကလည်း တကယ်ကို လာရှာတယ်။ ဒီနားမှာကိုလာရှာတယ်။ အဖေကလည်း သူတို့ကို မတွေ့ဘူး။ သူတို့ကလည်း အဖေ့ကို မတွေ့ကြဘူး၊ တစ်ဖက်နဲ့ တစ်ဖက်ဟာ နီးနီးလေးနဲ့ ကမ္ဘာခြားသလိုဖြစ်နေတယ်။ တကယ့်ကို အံ့သြဖို့ကောင်းတဲ့ တန်ခိုးအစွမ်းသတ္တိကြောင့်ဖြစ်ရမယ် သမီး"

"ဘယ်လိုအံ့သြဖို့ကောင်းတဲ့တန်ခိုးအစွမ်းသတ္တိလဲ အဖေ"

"စစ်ကွင်းဆရာတော်ဘုရားကြီး ဦးစန္ဒောဘာသရဲ့ အစွမ်းသတ္တိပဲပေါ့"

"အဖေပြောတာ သမီးနားမလည်တော့ဘူး"

"ဪ-အေး ဟုတ်သားပဲ၊ အဖေရှင်းပြမယ်"

ဟု ဆရာဝန်ကြီးက ပြောပြီးနောက် သူ့ခေါင်းတွင်ပေါင်းထားသော ခေါင်းပေါင်းအဝတ်ကို ဖယ်ရှားလိုက်သောအခါ လက်မအရွယ်ခန့်ရှိသည့် ကြေးအင်းပြားတစ်ချပ် ထွက်လာသောအခါတွင်မှ မိသားစုအားလုံး သဘောပေါက်သွားကြတော့၏။ ထိုအခါတွင် ဆရာဝန်ကြီးက -

"သမီးတို့ တစ်သက်လုံးမှတ်ထားကြ။ ဟောဒီလို စစ်ကွင်းဆရာတော် စီရင်ပေးထားတဲ့ အင်းအစီအရင်တွေ၊ အင်းဘုရားတွေကို ယုံယုံကြည်ကြည် လေးလေးစားစားနဲ့ ကိုးကွယ်ကြ၊ ပူဇော်ကြပါ။ တကယ့်နဖူးတွေ့ဒူးတွေ့ဘေး အန္တရာယ်မျိုး၊ အသက်အန္တရာယ်မျိုးကြုံတွေ့ရတဲ့အခါမျိုးမှာ ကျိန်းသေပေါက် အကာအကွယ်ပေးတယ်၊ ကယ်တင်ပေးတယ်။ အခု ဖေဖေ့ကိစ္စမှာ လက်တွေ့ပဲလေ။ ဖေဖေတော့ စစ်ကွင်းဆရာတော်ကို ယုံကြည် လက်ခံသွားပါပြီ"

ဟု မှာကြားနေလေတော့၏။

**အောင်းပေါက်ဆရာတော် ဦးသာမှူးနှင့် စစ်ကွင်းဆရာတော် ဦးစန္ဒောဘာသ**

စစ်ကွင်းဆရာတော် ဦးစန္ဒောဘာသသည် မိမိကိုယ်တိုင်လည်း မဖြစ်မနေ ကြိုးပမ်းအားထုတ်သဖြင့် သိဒ္ဓိရှင် မဟိဒ္ဓိရှင်တစ်ဦးဖြစ်သကဲ့သို့ အဆိုပါ ဝိဇ္ဇာပညာရပ်များနှင့် ပတ်သက်၍လည်း အမြဲ မျက်စိဖွင့် နားစွင့်ထားသူ ဖြစ်၏။ အဘယ်မည်သော ပညာရပ်သည် အဘယ်မည်သောဒေသ၊ အဘယ်မည်သောပုဂ္ဂိုလ်ထံတွင်ရှိသည်ဟု သတင်းကြားသည်နှင့်တစ်ပြိုင်နက် စစ်ကွင်းဆရာတော်သည် သွားရမည့်ခရီးတာကား မည်မျှပင်ဝေးပါစေ၊ မည်မျှပင် ခက်ခက်ခဲခဲသွားလာရပါစေ မရောက်ရောက်အောင်သွားတတ်၏။ ပညာကို ယူတတ်သည့်ပုဂ္ဂိုလ်၊ ပညာရပ်နှင့် ပညာရှင်တို့ကိုလည်း အထူးလေးစားတန်ဖိုးထားတတ်သည့်ပုဂ္ဂိုလ် ဖြစ်၏။

ယခုအဖြစ်အပျက်တွင် တွေ့ဆုံခဲ့သည့်ပုဂ္ဂိုလ်မှာ အောင်းပေါက်ဆရာတော် ဦးသာမှူး ဖြစ်၏။ သူ၏ ဝိဇ္ဇာမရေပညာ တစ်စွန်းတစ်စကို ကြားသိရမိသလောက်နှင့် စစ်ကွင်းဆရာတော်သည် ပညာယူလို၏။ တွေ့လို၊ မြင်လို၊ ဖူးလို၏။ ထို့ကြောင့် အောင်းပေါက်ဆရာတော်ကြီး သီတင်းသုံးသည်ဟု စုံစမ်းသိရှိရသော တောင်တွင်းကြီးမြို့ ရွှေစောင်းတော်ဘုရားအနီးနေရာသို့ ကြွ...



www.burmeseclassic.com

www.burmeseclassic.com

သွားခဲ့၏။ အောင်းပေါက်ဆရာတော်ထံ ရောက်လျှင် ဆရာတော်အား လှူဒါန်းရန် တိစီဝရိတ်သင်္ကန်း (ဒုကုဋ္ဋ ဧကသီ သင်းပိုင်) တစ်စုံလည်း ယူသွားခဲ့၏။

စစ်ကွင်းဆရာတော် တောင်တွင်းကြီးမြို့သို့ ဆိုက်ရောက်သောအခါ မည်ကဲ့သို့ သွားရမည်ကို သိလိုသဖြင့် အနီးအနားတွင် တွေ့ရှိသူတို့အား မေးမြန်းစုံစမ်းရလေ၏။ မေးမြန်းပြီး သူတို့လမ်းညွှန်သည့်အတိုင်း သွားခဲ့၏။ တစ်နေရာတွင် လယ်ကွက်၊ ကန်သင်းများပေါ်မှ ဖြတ်သွားခဲ့ရ၏။ ထိုနေရာတွင် နွားကျောင်းသားတစ်စုကို တွေ့သဖြင့် အောင်းပေါက်ဆရာတော် သီတင်းသုံးသည့်ကျောင်းကို မေးလိုက်၏။ ထိုအခါ နွားကျောင်းသားများလည်း စစ်ကွင်းဆရာတော်ကို အထူးအဆန်းသဖွယ် ကြည့်လိုက်ပြီး အံ့သြသည့်အမူအရာမျိုးဖြင့် -

"အောင်းပေါက်ဆရာတော် ဦးသာမှုး ဆိုတာကို ဘာလို့တွေ့မှာလဲ ကိုယ်တော်ရဲ့။ သူကစိတ်ရောဂါသည်ကြီးပဲ။ သူ့မျက်စိထဲမြင်သမျှ၊ တွေ့တဲ့လူတွေကို ဆဲဆိုကြိမ်းမောင်းနေတာ ဘာလုပ်မို့ သွားမှာလဲ။ မသွားပါနဲ့ ကိုယ်တော်"

လို့ ပြောဆိုတားမြစ်ကြလေ၏။

ထိုအခါ စစ်ကွင်းဆရာတော်လည်း နွားကျောင်းသားတို့၏စကားကို ကြားလိုက်ရသောအခါ မထင်မှတ်သည့်စကားတို့ကြောင့် တွေဝေသွားတော့၏။

ထို့ကြောင့် အောင်းပေါက်ဦးသာမှုးအတွက် လှူဒါန်းရန်ရည်ရွယ်ထားသော တိစီဝရိတ်သင်္ကန်းသုံးထည်မှ ဒုကုဋ္ဋသင်္ကန်းကြီးကို မလှူတော့လျှင် ကောင်းမည်ဟု စိတ်ထဲ၌ ဆုံးဖြတ်လိုက်၏။

ထို့နောက် ဆက်လက်လျှောက်လာစဉ် အမျိုးသားတစ်ဦးနှင့် ထပ်တွေ့သဖြင့် ပိုမိုကျိန်းသေစေရန် အောင်းပေါက်ကျောင်းကို မေးလိုက်၏။ ထိုအခါ ထိုသူက -

"အောင်းပေါက် ဆရာတော်ကျောင်းက ဟိုမှာလေ။ နီးနီးလေးပဲလိုတော့တယ်။ ဒါပေမယ့် ကိုယ်တော်နဲ့ ဦးသာမှုးက ဘာကိစ္စရှိလို့လဲ။ သူက စိတ်မနှံ့တဲ့သူနော်။ တွေ့တဲ့လူတိုင်းကို ဆဲဆိုကြိမ်းမောင်းနေတာ။ ကိစ္စမရှိရင် မသွားပါနဲ့"

ဟု စစ်ကွင်းဆရာတော်ကို ထပ်တားပြန်လေ၏။

ထိုစကား ထပ်ကြားရပြန်သောအခါ စစ်ကွင်းဆရာတော်သည် ထပ်ပြီး စိတ်ခတ်ကျသွားတော့၏။ ထို့ကြောင့် အောင်းပေါက်ဆရာတော်အား လှူဒါန်းရန် ယူလာသော တိစီဝရိတ်သင်္ကန်းသုံးထည်ထဲမှ ဧကသီ (ကိုယ်ရုံ) အား မလှူတော့ပါဘူးဟူသည့်စိတ်မျိုးဖြစ်ပေါ်လာခဲ့ပြန်၏။

ဤသို့ဖြင့် စစ်ကွင်းဆရာတော်သည် အောင်းပေါက်ဆရာတော်၏ အကြောင်းစဉ်းစားပြီး ရှေ့ဆက်လျှောက်လာရာ မကြာမီပင် ကျောင်းအဝရှိသို့ ရောက်ရှိလာ၏။ စစ်ကွင်းဆရာတော်သည် သူ၏ခြေလှမ်းများကို မနည်းအားတင်းပြီး လျှောက်လာရ၏။ သူ၏ ခြေလှမ်းများသည် ပို၍လေးလံလာသည်ဟု ထင်မိ၏။ တဖြည်းဖြည်းနှင့် ကျောင်း၏ လှေကားရင်းအနီးသို့ ရောက်ရှိလာခဲ့၏။

ထိုအချိန်တွင် စစ်ကွင်းဆရာတော်သည် မမျှော်လင့်ဘဲ ထူးခြားသော အခြင်းအရာတစ်ရပ်နှင့် ကြုံတွေ့ရတော့၏။

ထိုအချိန် ကျောင်း၏အပေါ်ထပ်မှ ကသောကမြောထပြီးပြေးသွားသည့် ခြေသံကို ကြားလိုက်ရ၏။ ထို့နောက် ကျောင်းအပေါ်ထပ်တက်သည့်လှေကားထိပ်တွင် ဘုန်းကြီးတစ်ပါးကို တွေ့လိုက်ရ၏။ ထိုဘုန်းကြီးသည် လှေကားပေါ်မှ အပြေးအလွှားဆင်းချလာသည်ကို တွေ့လိုက်ရ၏။

ထိုအခြင်းအရာကြောင့် ဦးစန္ဒောဘာသသည် မှင်တက်မိနေစဉ် ထိုဘုန်းကြီး၏နှုတ်မှ -

"ဟေ့ - မောင်စန္ဒောဘာသ၊ ဒီလောက်နေပူကျဲကျဲကြီးထဲမှာ မမောနိုင် မပန်းနိုင်ဘဲ ဒုက္ခခံပြီးတော့ ငါ့ဆီကို ဘာလာလုပ်တာလဲကွယ်"

ဟု မေးရင်း ဦးစန္ဒောဘာသအနီးသို့ ရောက်ရှိလာတော့၏။ ဦးစန္ဒောဘာသသည် ထိုဆင်းလာသောဘုန်းကြီးကိုအသေချာကြည့်လိုက်သောအခါတွင် မျက်စိနှစ်ဖက်စလုံးကွယ်နေသည်ကိုတွေ့လိုက်ရသဖြင့် ပို၍အံ့သြသွား၏။

ထိုအခါ ဦးစန္ဒောဘာသ၏ ခေါင်းထဲတွင် -

'မျက်စိနှစ်ဖက်စလုံး မမြင်ဘဲနဲ့ ငါ့ဆီကို တန်းတန်းမတ်မတ်ရောက်အောင်လာ နိုင်တယ်။ နောက်ပြီး ပိုအံ့သြဖို့ကောင်းတာက သူ ငါ့နာမည်ကို အတိအကျသိနေတယ်။ ဘယ်လိုလုပ်သိတာလဲ၊ ငါလာမယ်ဆိုတာလည်း သူ့ကိုကြိုပြီး ပြောမထားဘူး။ ငါ့နာမည်လည်း ပြောမထားဖူးပါဘူး။ ဘယ်လိုဖြစ်တာပါလိမ့်၊ သေချာတာကတော့ ဒီပုဂ္ဂိုလ်ပါပဲ'

ဟု ဆုံးဖြတ်ချက်ချမိတော့၏။

တစ်ဆက်တည်းပင် သူ၏စိတ်ထဲ၌ လမ်းတွင်တွေ့ခဲ့သော မဆီမဆိုင် သူများ၏အပြောကြောင့် သူ့စိတ်ထဲတွင် ဆရာတော်ကြီးအပေါ်၌ သဒ္ဒါကွက်ခဲ့သည်ကိုလည်း စိတ်မကောင်းခြင်းကြီး ဖြစ်ရပါတော့၏။

ထို့နောက် စစ်ကွင်းဆရာတော်က အောင်းပေါက်ဆရာတော်ကြီးအား မိမိသည် အောင်းပေါက်ဆရာတော်ကြီး ထံမှ ပညာရင်နို့သောက်စို့လို၍ လာရောက်ခြင်းဖြစ်ပါကြောင်းလျှောက်ထား လိုက်၏။

ထိုအခါ အောင်းပေါက်ဆရာ တော်ကြီးက -

"ကဲ - ဒါဆိုလာ မောင်စန္ဒော အပေါ်သွားမယ်"

ဟု ဆိုကာ ဦးစန္ဒောဘာသ၏ လက်ကိုဆွဲကာ ကျောင်းအပေါ်ထပ်သို့ ခေါ်သွားတော့၏။ ကျောင်းအပေါ်ထပ်သို့ ရောက်သောအခါ ဆရာတော် ဦးသာမှုးက -

"ကဲ - မောင်စန္ဒော၊ မင်းလည်း ခရီးအဝေးကြီးကလာရတော့ ပင်ပန်းရှာ ပေမယ့် ခဏနားလိုက်ဦး"

ဟု ပြောလိုက်၏။

ထိုအခါ စစ်ကွင်းဆရာတော် လည်း သူ၌ပါလာသော တိစီဝရိတ် သင်္ကန်း(၃)ထည်ကို ကပ္ပာကယာထုတ် ပြီး အောင်းပေါက်ဆရာတော်ကြီးအား လှူဒါန်းလိုက်တော့၏။

ထိုအခါ အောင်းပေါက်ဆရာ တော် ဦးသာမှုးက -

"မောင်စန္ဒော၊ မင်းအခုလှူ သင်္ကန်း (၃) ထည်မှာ မင်းသဒ္ဒါပေါက်တဲ့ သင်းပိုင်ကိုပဲ ငါအလှူခံမယ်"

ဟု မိန့်ကြားလေ၏။

ထိုအခါ ဦးစန္ဒောဘာသလည်း သူ့စိတ်ထဲ၌ -

'အင်း - ဘာမဟုတ်တဲ့လူတွေ ပြောစကားကို နားယောင်မိလို့ တကယ့် ပုဂ္ဂိုလ်အပေါ် ငါပြစ်မှားမိပြီ' တွေး မဖြစ်ချေပါဘူး စိတ်ကိုပိုင်းဖြတ်ပြီး ဆရာ တော် ဦးသာမှုးအား သူ၏ သင်္ကန်း ထည်ကို အလှူခံတော်မူပါရန် ထ လျှောက်ထားလိုက်သောအခါ ဦးသာ က -

"ဒီမယ်-မောင်စန္ဒော၊ မင်း ဦးဆုံး နွားကျောင်းသားတွေနဲ့တွေ့ သူတို့က ငါ့ကို စိတ်မနှံ့တဲ့ လို့



www.burmeseclassic.com

www.burmeseclassic.com

လိုက်တော့ မင်းစိတ်ထဲမှာ ငါ့ကိုလှူမယ့် အထဲက ဒုကုဋ္ဌသက်န်းကြီးကို မလှူတော့ဘူးလို့ သဒ္ဒါပျက်ခဲ့တယ် မဟုတ်လား။

နောက်ပြီးတော့ ဒီကျောင်းနားမှာ မောင်×××နဲ့ တွေ့တော့လည်း သူက ငါ့ကို စိတ်မနှံ့တဲ့လူလို့ ထပ်ပြောလာပြန်တော့ မင်းစိတ်ထဲမယ် ငါ့ကို လှူမယ့် သင်္ကန်းထဲက ကိုယ်ရုံသင်္ကန်းကိုပါ မလှူတော့ဘူးလို့ စိတ်ထဲမှာ သဒ္ဒါပျက်ခဲ့တယ်နော်။

ဒါကြောင့် မင်းစိတ်ထဲမှာ သဒ္ဒါစစ်စစ်နဲ့ လှူဖို့ကျန်နေတဲ့ သင်းပိုင်ကိုပဲ ငါအလှူခံမယ်"

ဟု မိန့်တော်မူ၏။

ထိုအခါ စစ်ကွင်းဆရာတော်လည်း ပျာပျာသလဲပင် သင်္ကန်း(၃)ထည်လုံးကို အလှူခံဖို့ ထပ်လျှောက်တော့ အောင်းပေါက်ဆရာတော်လည်း စစ်ကွင်းဆရာတော်ကို သနားပြီး -

"ကဲ - ဒီလိုလုပ်ပါ။ မင်းလှူတဲ့ သင်္ကန်းတွေကိုတော့ ငါအလှူခံမယ်။ ဒါပေမယ့် ဒီသင်္ကန်းတွေတော့ ပြည်ရွှေဆံတော်ဘုရားဆီသွားပြီး ပြန်လှူလိုက်မယ်။ မင်းဒီကပြန်ရင် အခု မင်းလှူခဲ့တဲ့သင်္ကန်းတွေကို ပြည်ရွှေဆံတော်ဘုရားမှာ ဝင်ဖူးလိုက်ပါကွယ်"

ဟု ပြောဆိုပြီးသည်နှင့် အောင်းပေါက်ဦးသာမှူးလည်း သင်္ကန်းတွေကို ယူကာ စစ်ကွင်းဆရာတော်ဘက်လှည့်၍ -

"မောင်စန္ဒော၊ မင်းဒီမှာခဏစောင့်၊ ငါခုချက်ချင်းပြန်လာခဲ့မယ်"

ဟု ပြောပြီးသည်နှင့် ဦးစန္ဒောအာသရှေ့တွင်ပင် ပျောက်သွားတော့၏။

အောင်းပေါက်ဆရာတော် ဦးသာမှူး ထွက်ခွာပျောက်ကွယ်သွားပြီးနောက် စစ်ကွင်းဆရာတော်လည်း -

'ဪ - ငါနှယ် အဖြစ်ကသူပြောတဲ့ စကားနဲ့တင် အောင်းပေါက်ဆရာတော်ကို စိတ်ထဲကပြစ်မှားမိပြီ'

ဟု တွေးတောရင်း စိတ်မကောင်းဖြစ်နေချိန်မှာဘဲ အောင်းပေါက်ဆရာတော်ကြီး ပြန်ကြွလာတော့၏။

ရွှေဆံတော်ဘုရားမှာ သင်္ကန်းလှူခဲ့ကြောင်း မိန့်ဆိုခဲ့၏။ ထိုအခါတွင်မှ စစ်ကွင်းဆရာတော်နှင့် အောင်းပေါက်ဆရာတော်တို့လည်း အေးအေးဆေး ဆေး စကားစမြည်ပြောကြလေ၏။

ထိုအခါ အောင်းပေါက်ဆရာတော် ဦးသာမှူးက သူ့ဘာဝဖြစ်စဉ်အား စစ်ကွင်းဆရာတော်ကို ပြောပြလေ၏။ ဆရာတော်ကြီးဘဝကား ထူးထွေဆန်းပြားမှုရော စိတ်မကောင်းဖွယ်ရာများပါ ရောပြွမ်းနေလေ၏။

တောင်တွင်းကြီးမြို့သမိုင်းသည် ပျူခေတ်နှင့် ဆက်စပ်သဖြင့် အလွန်ပင်ရှေးကျ၏။ ထို့အတူ တောင်တွင်းကြီးမြို့၏ ရွှေရောင်တော်ဘုရားသည်လည်း သမိုင်းအစဉ်အလာကြီးသော ဘုရားသမိုင်းရှိသည့် အထိကရဘုရား ဖြစ်၏။ ထို့အပြင် ဘုရားကြီး၏ ထူးခြားသော နောက်တစ်ချက်မှာ ကြီးကျယ်သော ဘုရားသိုက်ကြီးရှိသောအချက်ပင် ဖြစ်၏။

အောင်းပေါက်ဆရာတော်ကြီး၏ ကျောင်းတွင် ဆရာတော်ကြီး တစ်ချိန်က မွေးစားထားသော သားတစ်ယောက်ရှိခဲ့၏။ ထိုမွေးစားသားလေးသည် တဖြည်းဖြည်း လူလားမြောက်ကာ အရွယ်ရောက်လာခဲ့၏။ ထိုသူငယ်လေးသည် ရုပ်ရည်ရူပကာသင့်တင့်ခံ့ညားမှုလည်းရှိပြန်သဖြင့် ထိုရွာမှ ရွာသူကြီးသမီးဖြစ်သူနှင့် ရည်ငံမေတ္တာမျှခဲ့ကြ၏။ တဖြည်းဖြည်းနှင့် ချစ်သူသမီးရည်းစားသက်တမ်းလည်း ကြာရှည်လာသဖြင့် ဦးသာမှူးလည်း ကြိုတင်စဉ်းစားလာရတော့၏။

'အင်း - ငါ့သားလေးတော့ ဒီပုံအတိုင်းသာဆိုရင် များမကြာမီသော ကာလမှာ အိမ်ထောင်ပြုရတော့မယ်။ အဲဒီအခါမှာ သူနဲ့ယူရမယ့်သူကလည်း သူကြီးသမီးဆိုတော့ ဘာပဲဖြစ်ဖြစ် ကိုယ့်ဘက်က တင့်တောင့်ကင့်တယ်ဖြစ်မှ့လို တယ်။ ခုတော့ ငါ့သားလေးမှာ ပစ္စည်းဥစ္စာဆိုလို့ ဘာမှမရှိတော့ မျက်နှာငယ်ရတော့မယ်။ လူ့အောက်သူ့အောက်ကျရတော့မယ်။ အဲဒီလိုတော့ အဖြစ်မခံနိုင်ဘူး။ မင်္ဂလာဆောင်အတွက်ငွေလိုတယ်'

ဟု စဉ်းစားပြီး ငွေရနိုင်မည့်နည်းလမ်းများကို ကြံစည်လေတော့၏။

ထို့နောက် ငွေရနိုင်မည့်နည်းလမ်းတစ်ရပ်ကို စဉ်းစားမိ၏။ ထိုနည်းလမ်းကား သူ့အနေဖြင့် မသုံးချင်သောနည်းလမ်း ဖြစ်၏။ သို့သော် အခြားနည်းလည်း မမြင်သဖြင့် ဤနည်းမှတစ်ပါး အခြားရွေးချယ်ရန် လမ်းလည်းမရှိပေ။ နောက်ဆုံး ထိုနည်းကိုပင် အသုံးပြုရန်ဆုံးဖြတ်လိုက်၏။

ထိုအခါ အောင်းပေါက်ဆရာတော် ဦးသာမှူးသည် ရွှေရောင်တောင်ဘုရားဘက်သို့ ထွက်လာခဲ့၏။ ဘုရားသို့ရောက်လျှင် နေရာထိုင်ခင်းတစ်ခုကို စီစဉ်ပြီး အစီအရင်တစ်ခုကို ပြုလိုက်၏။

ထိုအစီအရင်မှာ ဦးသာမှူးသည် သူယူလာသောသပိတ်ကို အဖုံးဖွင့်ပြီး ခင်းကျင်းထားသည့်အပေါ်၌ ချထားလိုက်၏။ ပြီးလျှင် ငွေကိုရစေသည့်အင်းတစ်ချပ်ကိုလည်း ထုတ်လိုက်၏။ ပြီးလျှင် သူ၏စိတ်ထဲမှနေပြီး အောက်ပါအတိုင်း အဓိဋ္ဌာန်လိုက်တော့၏။

"ဤအင်းအစီအရင်ကြောင့် ကျရောက်လာမည့် ရွှေ ငွေတို့တွင် သပိတ်ထဲကျလာသည့် ရွှေ ငွေတို့ကိုသာ ငါယူပါမည်။ သပိတ်အပြင်၌ကျသည့် ရွှေ ငွေတို့ကို ငါမယူပါ။ သပိတ်ထဲကျလာသည့် ရွှေ ငွေတို့ကိုယူပြီး ငါ့သားလေးရဲ့ မင်္ဂလာဆောင်မှာ အသုံးပြုမယ်၊ လက်ဖွဲ့မယ်"

ဟု အဓိဋ္ဌာန်ပြီးနောက် အင်းကို မီးထွန်းလိုက်တော့၏။ အင်းမီးထွန်းပြီး ခေတ္တခဏမျှအကြာတွင် အပေါ်မှ ရွှေ ငွေတို့သည် ကျလာတော့၏။ ထိုကျလာသော ရွှေ ငွေများသည် သပိတ်အတွင်းသို့ တစ်ခုမှမကျဘဲ သပိတ်အပြင်သို့သာကျကုန်ကြ၏။

ထိုအခါ အောင်းပေါက်ဆရာတော်ကြီးလည်း အထူးပင်စိတ်မကောင်းဖြစ်သွားပြီး -

'အင်း - ငါ့သားလေးရဲ့ကံကြမ္မာကလည်း အတော့်ကိုနည်းရှာတာပဲ'

ဟု တွေးရင်း သူ့သပိတ်ကိုယူကာ စိတ်ပျက်လက်ပျက်ဖြင့် ကျောင်းသို့ပြန်ခဲ့တော့၏။

သူ့ကျောင်းနားရောက်ခါနီးတွင် ထူးခြားသော အတိတ်တဘောင်ဆိုင်ရာ အကြောင်းခြင်းရာတစ်ရပ်ကို ကြုံတွေ့ရတော့၏။

ထိုနိမိတ်မှာ -

ကိုရင်လေးနှစ်ပါးသည် စကောတစ်ချပ်ကို ကြိုးချည်ပြီး ဝါးလုံးတစ်လုံးတွင် ချိတ်ဆွဲကာ မောင်းသဖွယ်ပြုပြီး ရှေ့တစ်ပါး၊ နောက်တစ်ပါး ထမ်းလာကြ၏။ ရှေ့မှထမ်းလာသော ကိုရင်၏ ပါးစပ်မှလည်း -

'အောင်းပေါက်သော် လည်းကောင်း၊ ငါသော် လည်းကောင်း'

ဟု အော်ပြီး စကောကို လက်ဖြင့်ထုကာ နှုတ်မှလည်း-

"ဒူ. . ဟူ. . ဟူ. . ဟူ"

ဟူ၍ မောင်းထုသည့်အခါ ထွက်သည့်အသံမျိုး ပြုလိုက်၏။ ပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com

နောက်မှထမ်းလာသောကိုရင်ကလည်း နှုတ်မှ -

"အောင်းပေါက်သော် လည်းကောင်း၊ ငါသော် လည်းကောင်း"

ဟု အော်ပြီး တစ်ပြိုင်နက်ပင် စကောကို လက်ဖြင့် ထိုးဖောက်လိုက်တော့၏။

ထိုအခြင်းအရာအတိတ်နိမိတ်ကို တွေ့မြင်လိုက်ရသော ဦးသာမှုးလည်း ထူးဆန်းလှချေလားဟု တွေးပြီး ဆက်လျှောက်လာခဲ့၏။

ဤသို့လာရင်း သူ၏ ကျောင်းအဝင်ဝနားအရောက်တွင် ကိုရင်တစ်ပါးသည် ရေအိုးထဲတွင်ရေအပြည့်ထည့်ပြီး ထမ်းလာသည်ကို တွေ့ရ၏။ ထိုကိုရင်လေးသည် ဦးသာမှုးအနား မလှမ်းမကမ်းသို့ ရောက်ရှိသောအခါ နှုတ်မှ -

"အောင်းပေါက်သော် လည်းကောင်း၊ ငါသော် လည်းကောင်း"

ဟု အော်ပြီး သူထမ်းလာသည့် ရေအိုးကို မြေပြင်သို့ ခွမ်းခနဲနေအောင် ပစ်ပေါက်ခွဲလိုက်တော့၏။

ဤကဲ့သို့ ထူးဆန်းသော အတိတ်နိမိတ်များကို ဆက်တိုက်တွေ့လာရသောအခါ တစ်မျိုးတစ်မည်ဖြစ်သွားတော့၏။ ထို့နောက် တောင်တွေးမြောက်တွေးဖြင့် ဆက်လက်လျှောက်လာခဲ့၏။

ဆရာတော်ကြီးသည် ကျောင်း၏ခြံဝင်းထဲသို့ရောက်သောအခါတွင် သူ၏ညာဘက်မျက်လုံးမှာ သူ့အလိုလျောက် ဖောင်းခနဲမြည်သံဖြင့်ပေါက်ပြီး အပြင်သို့ လွင့်စဉ်ထွက်သွားလေတော့၏။ ထိုအခါ ဦးသာမှုးသည် သူ၏ညာဘက်မျက်လုံးကို လက်ဖြင့်အုပ်ပြီး ဆက်လျှောက်လာခဲ့၏။ ကျောင်းအပေါ်သို့တက်သည့် လှေကားရင်းသို့ ရောက်ရှိသောအခါ ကျန်ရှိနေသော ဘယ်ဘက်မျက်လုံးတစ်ဖက်သည်လည်း ဖောင်းဟူသောအသံဖြင့် ပေါက်ကွဲလွင့်စဉ်ထွက်သွားပြန်တော့၏။ သို့ဖြင့် သူ၏ မျက်စိနှစ်ဖက်စလုံးကွယ်ရသည့်အဖြစ်သို့ ရောက်ရှိခဲ့ရကြောင်းကို စစ်ကွင်းဆရာတော်အား ပြန်ပြောင်းပြောခဲ့သဖြင့် စိတ်မကောင်းဖြစ်ခဲ့ရ၏။

အောင်းပေါက်ဆရာတော်လည်း ရွှေ ငွေတို့ကိုရစေပြီး မနသိဒ္ဓိကိုဖြစ်စေသည့် 'သွ. စ. ကေသရာ. . .' အစရှိသော အင်းပညာခန်းကို စစ်ကွင်းဆရာတော်အား သင်ကြားပေးလိုက်ပါသည်။

ပထမံဆရာဦးအေးရွှေ

# နိဗ္ဗာန်လိုချင်လျှင်

## (ဆရာတော်ကြီးများ၏လမ်းညွှန်တရားများ)

### မမေ့မလျော့ပွားများကြ

◆ နိဗ္ဗာန်ကိုလိုချင်လျှင် ထက်မြက်သော သဒ္ဓါတရားစိတ်ကို နေ့၊ ညဉ့် မပြတ် မမေ့မလျော့ဘဲ ပွားများ၍နေရစ်ကြပါ။

(အရှင်သာရိပုတ္တရာ)

### လူတွေ၊ နတ်တွေကဲ့ရဲ့တာ မကြောက်နှင့်

◆ နိဗ္ဗာန်ကိုလိုချင်လျှင် လူ၊ နတ်၊ ဗြဟ္မာ မည်သူတစ်စုံတစ်ယောက်က ချီးမွမ်းပါလျှင် မမြှောက်နှင့်။ ကဲ့ရဲ့ပြစ်တင်သော်လည်း မကြောက်နှင့်။ ဘုရားရှင် ကဲ့ရဲ့ပြစ်တင်သည်ကိုသာကြောက်။

(ဆရာတော် ညောင်ကန်ဦးဗုဓ်)

### စိတ်ဆိုး၊ စိတ်ညစ်မဖြစ်စေနှင့်

◆ နိဗ္ဗာန်ကို လိုချင်လျှင် မိမိကိုယ်ကြောင့် စိတ်ဆိုးခြင်း၊ စိတ်ညစ်ခြင်းမဖြစ်အောင်နေကြပါ။

(ငါးခုန်ဆရာတော် ကုန်းဘောင်ခေတ်)

### သူများအလိုမရှိရာကိုမပြုပါနှင့်

◆ နိဗ္ဗာန်ကို လိုချင်လျှင် ကောင်းသောဆန္ဒဖြင့် အလိုရှိရာကိုသာပြုပါ။

ကာယကံနှင့် ဝစီကံကိုပြောခြင်းဖြစ်သည်။ အလိုမရှိရာကို မပြုကြလေနှင့်။

(ရေငုံဆရာတော် - စစ်ကိုင်းတောင်ရိုး)

### တစ်ယောက်တည်းသင့်အောင်နေ

◆ နိဗ္ဗာန်ကို လိုချင်လျှင် ကိုယ်တစ်ယောက်တည်း တည့်အောင်ပေါင်းသင်း၍နေကြ။

(စစ်ကိုင်းအရိယာဝံချောင်)

### မျက်မှောက်၊ တမလွန်မကြောက်နှင့်

◆ နိဗ္ဗာန်ကို လိုချင်လျှင် တမလွန်၊ မျက်မှောက် မကြောက်ရအောင်နေကြ။

(မန်ကျည်းတောဆရာတော်)

### သူတစ်ပါးအတင်းအဖျင်းမပြောနှင့်

◆ နိဗ္ဗာန်ကိုလိုချင်လျှင် သူတစ်ပါးတို့၏အတင်းအဖျင်းစကားကို မပြောဆိုကြလေနှင့်။

(ထွန့်ခေါင်ဆရာတော်)

### ဟောတိုင်းပြောတိုင်းမယုံနှင့်

◆ နိဗ္ဗာန်ကိုလိုချင်လျှင် သူတစ်ပါးဟောတိုင်း၊ ပြောတိုင်း မယုံလွယ်ကြလေနှင့်။ ဘုရားရှင်နှင့်ရဟန္တာအရှင်မြတ်တို့က ဟောကြားမှသာ ယုံကြည်ကြ။

(ရွှေရင့်မာဆရာတော်)

### အရာရာသည်းခံကြ

◆ နိဗ္ဗာန်ကိုလိုချင်လျှင် ကိုယ်တွင်းကိုယ်ပ အရာရာမှာ သည်းခံ၍နေကြလေ။

(စစ်ကိုင်းတောင်ရိုး ဝါးချက်မင်းကျောင်းဆရာတော်)

### ကိုယ့်အသက်မငဲ့ကွက်ကြနှင့်

◆ နိဗ္ဗာန်ကို လိုချင်လျှင် ကိုယ်နှင့်အသက်ကို မငဲ့ကွက်ကြလေနှင့်။

(မန္တလေး-ဗန်းမော်ဆရာတော်)

### မုန်းခြင်း၊ ချစ်ခြင်းမရှိကြနှင့်

◆ နိဗ္ဗာန်ကို လိုချင်လျှင် မုန်းခြင်း ချစ်ခြင်းမရှိကြလေနှင့်။

(မန္တလေးမြင်းဝန်တိုက်ဆရာတော်)

### ကာမဂုဏ်တွေဖုံးနေလို့ပါ

◆ နိဗ္ဗာန်ဟူသည် အခြားနေရာမှာ ရှိသည်မဟုတ်။ ကာမဂုဏ်တို့၏အကြား၊ ကာမဂုဏ်တို့၏အလယ် ကိုယ်အနားတွင်ရှိသော်လည်း ကာမဂုဏ်များဖုံးနေသောကြောင့်မမြင်နိုင်ကြပေ။

(ဒီပဲယင်းဆရာတော်)

◆ ပခုက္ကူအရှင်ကေသရ၏ မှတ်သားဖွယ်ရာများ

မုဒိတာ (ကျိုက်လတ်)

www.burmeseclassic.com

www.burmeseclassic.com

# ရန်နိုင်

## တယ်လိုသေမှာလဲ ကိုစော



အဖေက ကုလားလူမျိုး။ အမေ ... ကရင်အမျိုးသမီး။ အမေသည် အဖေ ... တော့တွေမြောက်မယား။ ထို့ကြောင့် ... လူမျိုးမူလအစက ကုလားကရင်။

အဖေက ထောင်ထဲတွင် သေ ...။ ထိုစဉ်က သူ့အသက် (၇) နှစ် ... အရွယ်။ အမေကပြောဖူးသည်။

"နင့်ပါပါးက ဆိုးတယ်၊ မလိမ္မာ ... ဒါကြောင့် အစိုးရက ပြုပြင်ထိန်း ... ပေးဖို့ခေါ်သွားတာ။ လိမ္မာအောင် ... ပေးပြီးရင် ငါတို့ဆီပြန်ပို့ပေးမှာ"

အမေ့စကားကို မှတ်ထားသည်။ ... အဖေ့ကိုခေါ်သွားစဉ်က လူက ... မလိမ္မာသည်၊ ကျန်းမာရေးက ... ကောင်းကြီး။ ထောင်ထဲတွင် သေဆုံး ... အဖေ့ကိုလာခေါ်သူ ဖမ်းဆီး ... တာဝန်မရှိဘူးလား။ ကလေး ... လေးလိုတွေးမိသည့်အချက်။ လိမ္မာ ... သွန်သင်ပြီး ပြန်ပို့ပေးမည်ဆို ... မဟုတ်မမှန်စကား။

◆

အဖေ့ကို ဖမ်းဆီးခေါ်ဆောင်သွားသူ ရဲကြီး။ လူကိုကောင်းကောင်းမှတ်မိသည်။ သူနေထိုင်ရာအိမ်ကိုလည်း သိသည်။ သူ့ထံရောက်လာခဲ့သူ (၇) နှစ်သားအရွယ်ကလေးတစ်ယောက်။ ဒေါ်သပေါက်ကွဲနေပုံကလေးက သနားစရာ။ ငိုငိုယိုယိုဖြင့် မိမိအား အပြစ်တင်စကားဆိုလာသည်။ ကလေး၏စကားကို စိတ်ရှည်လက်ရှည် အလေးထား နားထောင်ပေးနေသည့် လူကြီးတစ်ယောက်။

"အေးပါ၊ ကလေးရဲ့ခံစားချက်ကို ဘဘ နားလည်ပါတယ်။ သားစိတ်ကို လျှော့ချလိုက်ပါ။ လူဆိုတာ သေမျိုးတွေချည်းပဲ။ တစ်နေ့နေ့မှာ ဘဘလည်းသေရမယ်၊ သားလည်း သေရမယ်။ အခုတော့ သားရဲ့အဖေက အရင်သေသွားတယ်လို့ သဘောထားလိုက်"

ဖျောင်းဖျောင်းဖျဖျ ဖေးဖေးမမ ယုယုယယ ထွေးပွေ့လိုက်သည့်အခါ ကလေးစိတ်ပြေသည်။ ထိုရဲလူထွက်ကြီးက အိမ်သို့လိုက်လာသည်။ အမေ့ကိုတွေ့သည်။ အားပေးသည်။

"အေး - ငါကတော့ ပင်စင်ယူလိုက်ပြီ။ အခုတော့ ဘုရားသခင်အလိုတော်ကျ ဘာသာသာသနာကိစ္စတွေပဲ လုပ်နေတယ်"

ထိုလူကြီးကို သူစိတ်ဝင်စားသည်။ ယခင်က ယူနီဖောင်းကြီးဖြင့် အလွန်



www.burmeseclassic.com

www.burmeseclassic.com

ကောင်းသည့်ရဲကြီး။ ယခုမူ အရပ်ဝတ်ဖြင့် တစ်မျိုးကြည့်ကောင်းနေသလို။

◆

မကြာခင် သူတို့သားအမိနှစ်ဦးကို ထိုရဲလူထွက်ကြီးက လာခေါ်သည်။ အမေ့အား အိမ်ဖော်အလုပ်ပေးသည်။ သူ့အား ကျောင်းဆက်ထားပေးသည်။ တစ်ခုထူးခြားသည်က သူက အိမ်ကြီးပေါ်တွင်နေရ၍ အမေက တန်းလျားတွင်နေရသည်။ တစ်အိမ်တည်းနေသော်လည်း အမေနှင့် တွေ့ခွင့်မရ။

အမေက သက်ဆိုးမရှည်။ သူ အလယ်တန်းရောက်စဉ် အမေ ကွယ်လွန်သည်။

အမေက အဖေနှင့်ယူပြီးကတည်းက သူတို့ဘာသာသို့ဝင်ခဲ့ရသည်။ နက်နက်နဲနဲနားမလည်။ သို့သော် ခေါင်းပေါ် တဘက်ပဝါကလေးတင်လျက် သာရေးနာရေးလုပ်ရှားခဲ့သည်။ သို့သော် အမေ သေသည့်အခါ ခရစ်ယာန်ဘာသာဝင်တို့၏ထုံးတမ်းဓလေ့နှင့်အညီ။

မကြာခင် သူလည်း ခရစ်ယာန်ဘာသာသို့ဝင်ရသည်။ တနင်္ဂနွေနေ့တိုင်း ဘုရားရှိခိုးကျောင်းသို့လိုက်ရသည်။ ဝတ်ပြုရသည်။ ဓမ္မတေးများ သီဆိုရသည်ကို သူစိတ်အဝင်စားဆုံး။

◆

သူ့အား အိမ်တွင် 'ဖရက်ဒီ' ဟု ခေါ်ကြသည်။ ကျောင်းတွင် မြန်မာလို 'စောနိုင်' ဟု အမည်တွင်သည်။ (၁၀) တန်းအောင်သည့်အခါ အမှတ်ကောင်းသည်။ ဆရာဝန်ဖြစ်လိုဖြစ်ငြား ကြိုးစားသည်။ သို့သော် မအောင်မြင်။ ကံကြမ္မာက မျက်နှာသာမပေး။ အဖေကြီးက ဖျောင်းဖျသည်။

အဖေကြီးဆိုသည်မှာ အခြားသူမဟုတ်။ အဖေ့အား ဖမ်းဆီးထောင်ချခဲ့သူ။ နောင်တွင် အမေ့အား အလုပ်ပေးသူ။ မိမိအား မွေးစားလျက် ကျောင်းဆက်ထားပေးသူ။ သူ ဘီအီးဒီ ဆက်တက်သည်။ ဆေးကုသသည့် ဆရာဝန်မဖြစ်သော်လည်း စာသင်သည့်ကျောင်းဆရာတော့ဖြစ်လာသည်။

မြစ်ဝကျွန်းပေါ်မြို့ကလေးတစ်မြို့တွင် တာဝန်ကျသည်။ အထက်တန်းပြဆရာ။ ပုံပန်းသဏ္ဌာန်က ကုလားဆရာကလေးဟု လူသိများသည်။ ဖရက်ဒီခေါ် စောနိုင်ခေါ် ဆရာအသားမည်းလေး။

◆

ကိုစောနိုင်တစ်ယောက် ချစ်ရမည့်သူ တွေ့သည်။ အမည်က အေးမူ။ (၉) တန်းကျောင်းသူ တပည့်မကလေး။ သွက်သွက်လက်လက် ချက်ချက်ချာချာ ချစ်စရာလေး။ မိဘက ချမ်းသာသည်။ သားငါးလုပ်ငန်းအသက်မွေးဝမ်းကျောင်း။ အင်းချောင်းများ လေလံဆွဲသည့် အင်းသူကြီး။ မြို့၏မျက်နှာဖုံး။ မြို့မိမြို့ဖ။

အေးမူ၏ဖခင်ကြီးက မိရိုးဖလာ ဗုဒ္ဓဘာသာ။ ဘာသာအယူအဆ ပြင်းထန်သည်။ အခြားဘာသာဝင်များကို အလေးမထား၊ အရောမဝင်၊ အပေါင်းအသင်းမပြု၊ အိမ်သို့အဝင်အထွက်ခွင့်မပြု။

ရပ်ရေးရွာရေးအလှူအတန်းရက်ရောသည်။ အလှူကြီးများ မကြာခဏလုပ်သည်။ လအလိုက်၊ ရာသီအလိုက် အလှူဒါနပြတ်သည်မရှိ။ ဝါဆိုသင်္ကန်းကပ်သည်၊ ကထိန်ခင်းသည်၊ နှစ်စဉ် ရှင်ပြုပွဲကြီး ခြိမ့်ခြိမ့်သဲသဲ ကျင်းပသည်။

ကိုစောနိုင်က အေးမူကို စိတ်ဝင်စားသည်။ ကောင်မလေးကလည်း အခြေအနေအခွင့်အရေးပေးသည်။ အေးမူကိုပိုင်လျှင် ကိုစောနိုင် သူဌေးဖြစ်ပြီ။ အေးမူတို့အသိုင်းအဝိုင်းက ငွေကြေးချမ်းသာသည်၊ ဂုဏ်ရှိသည်။ သို့သော် ပညာအခြေခံအားနည်းသည်။ ထို့ကြောင့် ပညာတတ်ကျောင်းဆရာ ကိုစောနိုင်ကို သဘောမတူစရာမရှိ။

ခက်သည်က လူမျိုးရေး။ ကိုစောနိုင်တွေးသည်။ ယောက္ခမ သဘောတူမှ အေးမူကို သူရမည်။ ယောက္ခမကို ချဉ်းကပ်ရန် နည်းလမ်းတွင် ဘာသာရေးက အရေးအပါဆုံး။ အမှတ်ပြည့်ရလိုလျှင် ကိုစောနိုင် ဗုဒ္ဓဘာသာသို့ ဝင်ရမည်။ ကျောင်းဆရာက စီးပွားရေးဈေးတွက်တွက်သည်။

ကြိုတင်တွက်ဆသည့်အတိုင်း -

ကိုစောနိုင်နှင့် အေးမူ မင်္ဂလာဆောင်ရသည်။

"ဟိန္ဒူကုလားလေးပါ။ သူလည်း ဗုဒ္ဓဘာသာပဲ မဟုတ်လား"

သည်စကားလေးက အကွယ်အကာ။ သူ့အဆိုအရ ဟိန္ဒူအယူဝါဒနှင့် ဗုဒ္ဓဘာသာ တူနေသလိုလို။ မည်သို့ပင်ဖြစ်စေ ကိုစောနိုင် မိန်းမရလိုက်သည်က အမြတ်။ ဗုဒ္ဓဘာသာသို့ပြောင်းသည်မှာ အထင်အရှား။ ယောက္ခမကြီး၏အလှူအတန်း ပွဲလမ်းသဘင်များတွင် ကိုစောနိုင် ပါဝင်လှုပ်ရှားသည်။ ရေစက်ခွက်ကို ခပ်တည်တည်ကိုင်ခွင့်ရသည်။ မျက်စိကို စုံမှိတ်လျက် အာရုံဝင်စား ဘုရားရှိခိုးနေသည်များ မြင်ရသူတိုင်း အံ့သြကြရသည်။

◆

သားတစ်ယောက်၊ သမီးတစ်ယောက်ထွန်းကားသည်။ သားက ဉာဏ်ကောင်းသည်၊ စာတော်သည်။ ကိုစောနိုင်ဘက်သို့နွယ်သည်။ သမီးက ခပ်ညံ့ညံ့။ ပညာရေးအားနည်းသည်။ အေးမူဘက်နွယ်သည်။ သားနှင့်သမီး နှစ်ဦးစလုံး၏အသားအရောင်နှင့် မျက်နှာကျများက ကုလားဆင်။ သည်နေရာတွင် ကိုစောနိုင်ဘက်သို့ အပြည့်အဝ တိမ်းစောင်းသည်။

ကိုစောနိုင်၏အဖေက ကုလား၊ အမေက ကရင်။ အမေ၏ အသားအရောင်က ဖြူဖြူဖွေးဖွေး၊ လှလှပပ။ သို့သော် ကိုစောနိုင်သည်ပင်လျှင် အမေ့ထံမှ ရုပ်ရည်၊ အသားအရောင် အနည်းအကျဉ်းမျှပင် အမွေမရ။

ယခု အေးမူကလည်း ဖြူဖြူချောချော ကွမ်းတောင်ကိုင်အလှအပ။ သားသမီးများက အမေ့ထံမှအလှ တစ်ခုတလေမျှ မပါလာ။ ကိုစောနိုင်၏ရုပ်၊ ကိုစောနိုင်၏ အသားအရောင်။ သည်ပြဿနာနှင့် ပတ်သက်၍ အေးမူ၏ အဖေသည် သေသည်အထိ မကျေနပ်၊ တဖျစ်တောက်တောက်။

◆

လွန်ခဲ့သော နှစ်ပေါင်း (၄၀) က ကိုစောနိုင်နှင့် ခင်မင်သိကျွမ်းခဲ့ဖူးသည်။ သူ နေထိုင်ရာမြို့ကလေးတွင် တာဝန်ကျစဉ်က ဖြစ်သည်။

ထိုမြို့ကလေးတွင် တစ်ဆူတည်းသောဘုရား၏ ဂေါပကအစည်းအဝေး၌ စတင်တွေ့ဆုံသည်။ ဘုန်းတော်ကြီးကျောင်းမုခ်ဦး အုတ်မြစ်ချပွဲတွင် တစ်ကြိမ် တွေ့ဆုံပြန်သည်။ တရားသဘင်တစ်ခုတွင် တရားထောက်နေသော ကိုစောနိုင်ကို သတိထားမိပြန်သည်။ သာသနာရေးဆိုင်ရာပွဲများတွင် ကုလားလူမျိုးတစ်ယောက် ပါဝင်လှုပ်ရှားနေမှုက ထူးထူးခြားခြား။

ထို့နောက် ကျွန်တော် အခြား ဒေသများသို့ ဆက်လက် ပြောင်းရွှေ့လာသည်။ယခုအခါ ကျွန်တော် အသ



www.burmeseclassic.com

www.burmeseclassic.com

အနားယူသည်။ ရေကြည်ရာမြက်နု ... အခြေချဒေသက အလုံမြို့နယ် ဆင်ခင်းရပ်ကွက်။ မွတ်စလင်ဗလီတည်ရှိသော အနီးပတ်ဝန်းကျင်တွင် သူတို့ဘာသာဝင်အများစု နေထိုင်ကြသည်။

သူတို့ ဥပုသ်စောင့်သောကာလတွင် ဗလီရှေ့၌ ဈေးဆိုင်ကလေးများ ရှိ၏။ ညနေပိုင်း သူတို့ဥပုသ်ထွက် အစားအစာများ ရောင်းသည်။ ထိုအချိန်တွင် အလွန်စည်ကားသည်။ သူတို့ရောင်းချသော အစားအစာများအနက် ...သုပ်ကို ကျွန်တော်လည်း ကြိုက်သည်။ ထို့ကြောင့် ပဲသုပ်ဝယ်ရင်း ထိုနေရာသို့ ...ခဏရောက်သည်။

တစ်ရက် ကိုစောနိုင်ကို တွေ့မိ...သလိုလို။ လူချင်းတူသည်ထင်၍ ...တရက် လှမ်းမခေါ်ရဲသေး။ သူနှင့် ...ပေါင်းပါအဖွဲ့က ဗလီထဲမှအထွက်။ ...နှင့်အတူပါသူများက သူနှင့်မျက်နှာ...ချင်း ခပ်ဆင်ဆင်။ အဖေတူအမေကွဲညီအစ်ကိုများ ဖြစ်နိုင်သည်။ ...တွင် အောင့်အည်းထိန်းသိမ်းခြင်း ... မစွမ်းသာ။ မဆင်မခြင် လှတ်ခန်...ခေါ် လိုက်မိသည်။

“ကိုစောနိုင်၊ ကိုစောနိုင်”

ဖျတ်ခနဲ လှည့်အကြည့်။ ထိုစဉ် ...အံ့သြသောမျက်နှာထား။မထင်မှတ်...သော ဆုံစည်းမှု။ ချက်ချင်း မျက်...ပြောင်းသည်။ မသိသလို၊ မကြား... တစ်ဖက်သို့လှည့်သွားသည်။ သူ...ငါးပေါ်မှ ဦးထုပ်ကလေးကို သတိ...လိုက်သည်။ ထို့ကြောင့် အလိုက်...ာ ပြန်လှည့်လာသည်။

◆

သည်ပွဲတွင် သူရှောင်လွှဲ၍မရ။ ...င်း မျက်နှာချင်းဆိုင် တည့်တည့်...သည်၊ ထိုအခါ သူက ဦးစွာ ပြုံးပြ...ဆက်သည်။

“ဆရာ့မိသားစုနေကောင်းကြရဲ့ ... ကလေးတွေဘာတွေဖြစ်နေကြ... ဆရာကတော်ကော ပင်စင်ယူပြီ... ကျွန်တော်တို့မြို့ကိုကော ရောက်...လား”

သူကချည်း မေးခွန်းများဖြင့် တရ...ခတ်သည်။ ကျွန်တော်ကအလိုက်...လျားသင့်ဖြေရင်း ဗလီရှေ့တွင် ...ဆုံမိကြသည့်အကြောင်းကို မမေး...င် သတိထားဆင်ခြင်နေသည်။ ...စင်မြင့်ဆီက သူ့အား အမည်ဖြင့် လှမ်းခေါ် သဖြင့် ခွင့်တောင်းလျက် ထွက်သွားသည်။

“ခွင့်ပြုပါဦးနော် ဆရာ”

သူထွက်သွားမှ အနီးရှိ လူငယ်တစ်ယောက်ထံ စူးစမ်းရသည်။ သည်ပွဲက ခရစ်ယာန်ဘာသာရေးပွဲတော်။

“ကိုစောနိုင်က ဒီမှာဘာတာဝန်လဲ”

“ကျွန်တော်တို့ချပ်(ချ်)ရဲ့ ဘဏ္ဍာရေးမှူးလေ အန်ကယ်”

“ဪ - သူက မင်းတို့နဲ့ဘာသာချင်းတူတာကိုး”

“ဟုတ်ပါတယ်”

ထို့နောက် စကားဆက်ပြတ်သွားသည်။

◆

“ကျွန်တော့်နာမည် စောနိုင် ဆိုတာမှာ ‘စော’ ဆိုတာက ကရင်တိုင်းရင်းသားအမည်ကို ကိုယ်စားပြုပါတယ်”

ထိုသို့ စကားစပ်မိစဉ်က အလွယ်တကူ လက်ခံခဲ့သည်။ သူ၏မိခင်ကလည်း တိုင်းရင်းသူမို့ အငြင်းပွားဖွယ်မရှိ။ သို့သော် သူ့အသားအရောင်က ကရင်အသိုင်းအဝိုင်းတွင် ရှားရှားပါးပါး။

ထိုဒေသရှိ ကရင်ရွာကလေးများ၏ ဖွံ့ဖြိုးရေးအတွက် နိုင်ငံရပ်ခြားအထောက်အပံ့ စီမံချက်လုပ်ရှားမှုတစ်ခုတွင် ကိုစောနိုင် ပါဝင်ခဲ့ပြန်သည်။ ထိုအဖွဲ့တွင် သူ့လက်သူ့ခြေ။ အင်္ဂလိပ်စကားပြောကောင်းသဖြင့် နေရာတကာတွင် သူမပါလျှင်မပြီး။ ထိုစီမံချက်အတွက် ဘဏ်မှ ငွေထုတ်ရာတွင်ပင် ကိုစောနိုင် ပါဝင်လက်မှတ်ထိုးမှ ပြီးမြောက်သည်။ ထိုမျှအရေးပါသည်။

ကိုစောနိုင်၏ဘဝကစုံသည်။

(၇) နှစ်သားအထိ ဗလီနားတွင် နေထိုင်သည်။ ဗလီထဲတွင် ကျင်လည်သည်။ ကုလားစကားကောင်းကောင်း ပြောနိုင်သည်။ သူတို့ဘာသာကိုလည်း တီးမိခေါက်မိသည်။ ယနေ့ထက်တိုင်လည်း သောကြာနေ့တိုင်း ဗလီတက်နေဆဲ။

တနင်္ဂနွေနေ့ အချိန်ဇယားအရ ခရစ်ယာန်ဘုရားကျောင်းတက်ရပြန်သည်။ သူနေထိုင်သည်က ကြည့်မြင်တိုင် ကရင်အမျိုးသားရပ်ကွက်။ ခရစ်ယာန်ဓမ္မတေးများနှင့် ပျော်မွေ့ပြန်သည်။ ဒီအသိုင်းအဝိုင်းနှင့် ကရင်တိုင်းရင်းသားအများစုက အင်္ဂလိပ်စကားကျွမ်းကျင်သည်။ ကိုစောနိုင်သည်လည်း အပါအဝင်။

သူ့ဇနီးသည်၏ ဇာတိရပ်ရွာတွင်လည်း ယနေ့ထက်တိုင် ဘုရားကြီးဂေါပကအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ။ ဗုဒ္ဓဘာသာတရားစခန်းများကိုလည်း ကိုစောနိုင်က ဦးဆောင်ဖွင့်လှစ်ပေးနေဆဲ။ ဗုဒ္ဓဘာသာတရားသင်တန်းများသို့လည်း သူကိုယ်တိုင်တက်ရောက်ဖူးသည်။အဘိဓမ္မာနှင့်ပတ်သက်လျှင် မြန်မာဘာသာဖြင့်သာမက အင်္ဂလိပ်ဘာသာဖြင့်ပင် သူရှင်းပြနိုင်သည်။

တစ်လောက အာဆီယံနိုင်ငံများသို့ နိုင်ငံရပ်ခြားခရီးထွက်ရသည်ဟုကြားမိသည်။ ဘာသာရေးဆိုင်ရာဆွေးနွေးပွဲများ တက်ရောက်သည် သိရသည်။ ဆရာတော်များနှင့်အတူ အခြားဘာသာဖာသာနှင့် ဆရာများလည်း ပါဝင်သည်။ သည်အဖွဲ့တွင် သူကနေရာရမည်ဟု ယုံကြည်သည်။ အဘယ်ကြောင့်ဆိုသော် သူကဘာသာရေးဗဟုသုတပြည့်စုံသောကြောင့် ဖြစ်သည်။

◆

သည်စာစုတွင် ကိုစောနိုင်အား ပြစ်တင်ဝေဖန်မကောင်းစကားပြောလိုစိတ် အလျှင်းမရှိ။ သူ၏ ကျွမ်းကျင်မှု၊ လေ့လာမှု၊ ရပ်တည်မှုများနှင့်ပတ်သက်၍ ရှုတ်ချဖွယ်မရှိ။ လေးစားစရာပင်ကောင်းလှသေးသည် မဟုတ်ပါလား။

ကရင်စကားလည်း ပြောတတ်သည်။ ကုလားစကားလည်း နံ့နံ့စပ်စပ်။ အင်္ဂလိပ်ဘာသာလည်း ကျွမ်းကျွမ်းကျင်ကျင်။ တရားစကားအရာလည်း အဆင့်မြင့်မြင့်။

သူ့အတွက် တစ်ချက်ပဲ စဉ်းစားရင်း စိတ်ရှုပ်ထွေးသည်။ အခြားမဟုတ်။ သူသေလျှင် အသုဘအခမ်းအနားကို မည်သည့်နည်းလမ်းဖြင့်ကျင်းပမည်နည်း ဟူသောအတွေး။

ရဟန်းသိမ်ကျောင်းဒါယကာကြီး အဖြစ် ခံယူမည်လား။

အလ္လာအရှင်မြတ်၏အမိန့်တော်ကိုပဲ ခံယူမည်လား။

ခရစ်တော်၌ အိပ်ပျော်မည်လား။

ယုံကြည်ကိုးကွယ်မှုအရ မည်သည့်ဘာသာအယူဝါဒက မည်သည့်ဘုံဘဝ၌ စံစားရမည်ကို သိလိုစိတ်က ပြင်းပြင်းပြပြ။

ခင်နိုင်



www.burmeseclassic.com

www.burmeseclassic.com

တန်ခူးမည်မှတ် ဖက်ဆွတ်ရေတိုး သင်္ကြန်မိုးတို့ ဖြိုးဖြိုးဖြောက်ဖြောက် ကျဲတောက်တောက်ရွာလေသောအခါ မြေသင်းရနံ့တို့က ထွက်ပေါ်လာစမြဲဖြစ်သည်။ ရွက်ဟောင်းတွေကြွေပြီး ရွက်သစ်များကလည်းဝေစအချိန် ဖြစ်ပါသည်။ ပူအိုက်စွတ်စိုသည့်ရာသီတွင် လေပြည်လေညင်း တိုက်ခတ်လိုက်တိုင်း ကံ့ကော်၊ သရဖီ၊ ပိတောက်ပန်းရနံ့များက ပါလာမြဲဖြစ်ပါသည်။ သည်လိုအခါ



# တက္ကသိုလ်ဝင်းမြင့်

တန့်ဆုံ(ဗလ)နှင့်မေသကြိန်

မျိုးမှာ ကျွန်တော့်သူငယ်ချင်း မေသကြိန် (မေသဂျန်ဟု အသံထွက်ပါသည်) ကို သံယောဇဉ်စိတ်နှင့် သတိရမိပါသည်။

မေသကြိန်ကို သူ့မိဘအသိုင်း အဝိုင်းကရော သူငယ်ချင်းများကပါ ချစ်စနိုးနှင့် အတာဟုလည်း ခေါ်ကြပါသည်။ သင်္ကြန်ရက်အတွင်းမွေးသော ကြောင့် မေသကြိန် သို့မဟုတ် အတာ ဟု ခေါ်ကြခြင်း ဖြစ်ပါသည်။

ကျွန်တော်နှင့် မေသကြိန်တို့မှာ အလယ်တန်း၊ အထက်တန်းကျောင်း သားဘဝများမှစ၍ ခင်မင်ရင်းနှီးသည့် သူငယ်ချင်းများ ဖြစ်ခဲ့ကြပါသည်။ တက္ကသိုလ်တက်သောအခါ မေသကြိန် က အင်္ဂလိပ်စာအဓိက၊ ကျွန်တော်က ရူပဗေဒဘာသာအဓိကဖြင့် ရန်ကုန်ဝိဇ္ဇာ နှင့် သိပ္ပံတက္ကသိုလ် (ယခု ရန်ကုန် တက္ကသိုလ်)တွင် တက်ရောက်ကြသည်။

ရူပဗေဒအဓိက ဆိုသော်လည်း ကျွန်တော့်ဝါသနာကစုံလှသည်။ ဘယ် ပညာမဆို စိတ်ဝင်စားသည်။ သို့ဖြစ်၍ တက္ကသိုလ်များစာကြည့်တိုက်မှာ ကျွန် တော့်အတွက် ပျော်မွေ့ဖွယ်ရာ ဗိမာန် ကြီးတစ်ခု ဖြစ်လာပါသည်။ ကျွန်တော် စိတ်ဝင်စားသည့်စာအုပ်စာတမ်းများကို စာကြည့်တိုက်မှငှားရမ်းကာ သစ်ပင်ကြီး များအောက်က ခုံတန်းပြာလေးများတွင် ဖတ်ရှုရင်း၊ မှတ်စုထုတ်ရင်းဖြင့် ကိုယ်ပိုင် အချိန်များကို ကုန်လွန်စေခဲ့ပါသည်။

တစ်ခါတစ်ရံတော့လည်း အင်း ယားကန်ရေစပ်မှ အကြော်ဆိုင်လေး များတွင် မေသကြိန်နှင့် ကျွန်တော်တို့ အကြော်စားကြရင်း ပျော်ရွှင်ရယ်မော စရာလေးများကို ပြောဆိုမိကြပါသည်။

တက္ကသိုလ်ပြီးသွားသောအခါတွင် မေသကြိန်က နိုင်ငံခြားသံရုံးတစ်ခု၌ အလုပ်ရသွားပါသည်။ ကျွန်တော်က မိတ်ဆွေ ပန်းချီ၊ ပန်းပုဆရာတစ်ဦး၏ ရိုးရာယဉ်ကျေးမှုပစ္စည်းထုတ်လုပ်ရေး လုပ်ငန်းတွင်ဝင်ရောက်လုပ်ကိုင်ပါသည်။

"ဟော-အတာပါလား။ ဘယ်က ဘယ်လိုရောက်လာတာလဲ"

မေသကြိန်ကို ကျွန်တော်က အတာဟု ခေါ်ပါသည်။ မမျှော်လင့်ဘဲ ရောက်လာသဖြင့် ဝမ်းသာအားရ နှုတ်ဆက်လိုက်ပါသည်။

"ကိုဝင်းမြင့်ကိုမတွေ့တာကြာလို့ နှုတ်ဆက်ချင်တာလည်း တစ်ကြောင်း၊ ပညာလည်းလိုချင်တာကြောင့်ပါ"

"ဟောဗျာ - ကျွန်တော်လည်း ဘာပညာမှဒီလောက်ကြီး သိလှ၊ ရှိလှ တာမဟုတ်ပါဘူး။ ဘာပညာလိုချင်လို့ လဲဗျာ"

"ဒီလို ကိုဝင်းမြင့်၊ အတာက သင်္ကြန်ရက်မှာမွေးလာသူမို့ မိဘတွေက မေသကြိန်လို့၊ အတာတို့ဆိုပြီး မှည့်ထား ကြပေမယ့် သင်္ကြန်နဲ့ပတ်သက်ပြီး ဗဟု သုတက သိပ်မရှိလှဘူးလေ။ ကိုယ်မွေး တဲ့ရက်၊ ကိုယ့်နာမည်နဲ့ ပတ်သက်တဲ့ ဗဟုသုတကိုတော့ သိထားသင့်တာပေါ့ နော်။ ပြီးတော့"

"ပြီးတော့ကောပြောပါဦး"

"နိုင်ငံခြားသားတွေက ဗဟုသု တွေ သိပ်သိချင်နေကြတာ။ သူတို့ သိချင်တဲ့ အချက်အလက်တွေ အသေ စိတ်မေးတော့ အတာက မဖြေနိုင်ဘူး လေ။ ဒါကြောင့် ကိုဝင်းမြင့် ကူညီပါဦး"

"ဘယ်လိုကူညီရမလဲ"

"မြန်မာ့ရိုးရာ သင်္ကြန် ဆိုတာ ပတ်သက်လို့ ကိုဝင်းမြင့် လေ့လာထား မိသရွေ့ပေါ့လေ အတာ့ကိုပြောပြပါဦး"

"ဟာ - အဲဒါမှခက်တော့တာ မြန်မာ့ရိုးရာ သင်္ကြန်အကြောင်းသာ ပြောရမယ်ဆိုရင် အရှည်ကြီးပါ ပြီးတော့ နက်ရှိုင်းကျယ်ဝန်းလွန်း ကျွန်တော်လည်း အဲဒီလောက်တော့ မရှင်းပြတတ်ဘူး အတာရဲ့"

"ပညာရှင်ကြီးတွေလို ပြောပြ မဟုတ်ပါဘူး ကိုဝင်းမြင့်ရဲ့။ မြန် လူမျိုးတစ်ယောက်အနေနဲ့ သိထားသ တဲ့အချက်လောက်ပဲပြောရင်ရပါပြီ"

"ဟုတ်ပါပြီ၊ ကျွန်တော် သလောက်ပြောပြပါ့မယ်။ ဒါပေမယ့် သင်္ကြန်ဖြစ်ပေါ်လာတဲ့သမိုင်းကြောင်း တော့ မူကွဲတွေအမျိုးမျိုးရှိကြ အတာရဲ့"

"ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com

"မှုကွဲတွေထဲက တူတာလောက်ပဲ အကြမ်းအားဖြင့် ပြောရရင် ကမ္ဘာဦးအခါက ဖြဟ္မာမင်းနဲ့ သိကြားမင်းတို့ဟာ အယူအဆတစ်ခုနဲ့ပတ်သက်ပြီး ငြင်းခုံကြတယ်တဲ့။ ဒါနဲ့ လူပြည်မှာရှိတဲ့ ပညာရှိရသေ့ကြီးထံမှာ အဆုံးအဖြတ်ယူကြမယ်၊ မှန်တဲ့သူက မှားတဲ့သူရဲ့ဦးခေါင်းကို ဖြတ်စတမ်းဆိုပြီး ရသေ့ကြီးထံလာခဲ့ကြတယ်တဲ့။ ဒါနဲ့ အတိုချုံးရရင် ဗြဟ္မာမင်းက ရှုံးသွားတယ်ဆိုပဲ။ သို့သော်လည်းပဲ သိကြားမင်းက ဗြဟ္မာမင်းရဲ့ ဦးခေါင်းကိုမဖြတ်ပါဘူး။ ခွင့်လွှတ်လိုက်ပါတယ်။ ဒါပေမယ့် ဗြဟ္မာမင်းက ကတိကိုတည်ချင်သူဖြစ်လို့ သူ့ဦးခေါင်းကိုသူ ကိုယ်တိုင်ဖြတ်လိုက်တယ်တဲ့"

"ကတိတည်တာတော့ လေးစားစရာပဲနော် ကိုဝင်းမြင့်"

"ဟုတ်တာပေါ့၊ ဒါနဲ့ ဗြဟ္မာမင်းပြောကြားခဲ့တဲ့အတိုင်း သိကြားမင်းက ဆောင်ရွက်ပေးခဲ့ရတာပေါ့။ နတ်သမီး (၇) ဖော်တို့ကို ဗြဟ္မာမင်းရဲ့ဦးခေါင်းကို တစ်လှည့်စီပြောင်းပြီး ကိုင်ထားစေခဲ့တယ်ပေါ့။ မဟာပိန္နဲနတ်ကြီးဆိုတာကလည်း အဲဒီဗြဟ္မာကြီးရဲ့ကိုယ်ခန္ဓာနဲ့ ဆင်ဦးခေါင်းနဲ့ ဆက်စပ်ပြီး ပေါ်ပေါက်လာရတယ်လို့ ဆိုတာပေါ့လေ"

"ဩော် - ဒီလိုလား"

"ဟုတ်တယ်၊ ဗြဟ္မာဦးခေါင်းကို နတ်သမီးတစ်ပါးက နောက်တစ်ပါးထံ ပြောင်းပေးလိုက်တာကိုပဲ သင်္ကြန်ကျတယ်၊ သင်္ကြန်ချိန်ကျရောက်တယ်၊ နှစ်သစ်ကူးတယ်လို့ ဆိုခဲ့ကြတယ်ပေါ့။ အဲ - ဦးခေါင်းကကျလာတဲ့သွေးဟာ သမာဓိရှိတဲ့ ဗြဟ္မာရဲ့သွေးမို့ မြဲခြာတတ်ပါသောသွေး၊ အန္တရာယ်ကင်းစေသောသွေးဆိုပြီး လူတို့တစ်ဦးကိုတစ်ဦးပက်ဖျန်းကြရာက ရေပက်ခြင်းအလေ့အထလည်း ပေါ်ပေါက်လာတယ်လို့ ဆိုကြတယ်လေ"

"သင်္ကြန်ကျတယ်။ တက်တယ်ဆိုတာကိုလည်း ရှင်းပြပါဦး"

"အဲဒါ မေးထိုက်တဲ့မေးခွန်းပါပဲ။ ဒါကတော့ နည်းနည်းလည်း ကျယ်ဝန်းလှတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ လူမျိုးတိုင်းမှာ ပက္ခဒိန် (ပက္ခဒိန်) ဆိုတာရှိကြတယ်။ နှစ်တစ်ခါကို တစ်နှစ်တိုးတိုးပြီး မှတ်ကြတာပေါ့။ ကမ္ဘာကြီးဟာ နေကို လှည့်ပတ်ရင်း တစ်ပတ်ပတ်မိလို့ မူလနေရာကို ပြန်ရောက်ရင် တစ်နှစ်ပေါ့။ သို့သော်လည်း အပြောကျယ်လှတဲ့ စကြဝဠာကြီးထဲမှာ အမှတ်အသားမိုင်တိုင်တွေဘာတွေစိုက်ထူတိုင်းတာနိုင်တာလည်းမဟုတ်တော့ ပညာနဲ့ မှတ်သားပြီး တွက်ချက်တိုင်းတာရတာပေါ့လေ။ အခုခေတ်တော့ အားကောင်းလှတဲ့ စကြဝဠာကြည့်မှန်ပြောင်းတွေနဲ့ နေ၊ လ၊ နက္ခတ်တာရာတွေရဲ့ အကွာအဝေးတွေကိုတိုင်းတာပြီး တစ်နှစ်၊ တစ်လ၊ တစ်ရက် စသည်ဖြင့် အချိန်ကာလကို အတိအကျ တွက်ယူနိုင်တာပေါ့လေ။ ဒါပေမယ့် သိပ္ပံပညာမပေါ်ထွန်းသေးတဲ့ ရှေးပဝေသဏီက ရသေ့ဆရာပညာရှိတွေရဲ့ သမာဓိ၊ ဈာန်၊ ကသိုဏ်းတို့နဲ့ တွက်ချက်မှုတွေကလည်း တစ်ဆံခြည်၊ တစ်နှမ်းစေ့လောက်မှ မလွဲရအောင် တိကျတာပါပဲ"

"စိတ်ဝင်စားစရာပါပဲလား"

"ဟုတ်တာပေါ့၊ အမှန်တရားဆိုတာနှစ်မျိုးမရှိဘူး။ တစ်မျိုးတည်းပဲလေ။ အဖြေထွက်တာအတူတူပဲပေါ့။ မိုးကုပ်စက်ဝန်းကြီးကို အနောက်တိုင်းသိပ္ပံပညာရှင်တို့က (၃၆၀) ဒီဂရီနဲ့ ခွဲခြမ်းစိတ်ဖြာတယ်။ အရှေ့တိုင်းဗြဟ္မဏလူမျိုးနက္ခတ်ပညာရှင်များက (၃၆၀) အံသာနဲ့ ခွဲခြမ်းစိတ်ဖြာတယ်။ ဒီဂရီနဲ့ အံသာ အခေါ်အဝေါ်မတူပေမယ့် (၃၆၀)ဆိုတဲ့ ကိန်းဂဏန်းက အတူတူပဲ။ တစ်ခါ (၁) ဒီဂရီကို မိနစ် (၆၀)၊ (၁) မိနစ်ကို စက္ကန့် (၆၀) နဲ့ ထပ်မံစိတ်ဖြာခွဲခြမ်းသလို (၁)အံသာကို လိတ္တာ (၆၀) ဆိုပြီး ခွဲခြမ်း စိတ်ဖြာတာလည်း ကိန်းဂဏန်းချင်း အတူတူပဲလေ"

"မှတ်သားစရာပါပဲ"

"အဲဒီတော့ စာစကားပေစကားတွေနဲ့ မပြောဘဲ လိုရင်းပြောရရင် နေကိုပတ်နေတဲ့ ကမ္ဘာကြီးရဲ့ စကြဝဠာထဲမှာ ဝိုင်းပတ်ပြီး လှည့်လည်သွားလာနေတဲ့ လမ်းကြောင်းကို (၁၂) ရာသီထားတယ်။ ဒီတော့ (၁) ရာသီကို ဒီဂရီ (၃၀) ဒါမှမဟုတ် အံသာ (၃၀) ရှိတာပေါ့လေ။ မိဿ၊ ပြိဿ၊ မေထုန်၊ ကရကဋ်၊ သိဟ်၊ ကန်၊ တူ၊ ဗြိစ္ဆာ၊ ဓနု၊ မကာရ၊ ကုံ၊ မိန် ဆိုတဲ့ ရာသီ (၁၂) ခွင်ပေါ့။ ဒီတော့ နောက်ဆုံးမိန်ရာသီခွင်နဲ့ မိဿရာသီခွင်တို့ကြားမှာ စိတ်နဲ့ မှန်းဆရေးဆွဲသတ်မှတ်ထားတဲ့ စိတ်မှန်းမျဉ်းတစ်ခုရှိတယ်ဆိုကြပါစို့။ ဆိုလိုတာက ဒီစိတ်မှန်းမျဉ်းရဲ့ လက်ဝဲဘက်က ပထမတစ်နှစ်ရဲ့ နောက်ဆုံးပိတ် မိန်ရာသီ၊ လက်ယာဘက်က ဒုတိယလာမယ့်နှစ်ရဲ့ ပထမဆုံး မိဿရာသီပေါ့လေ"

"ဟုတ်ပါပြီ"

"အဲဒီစိတ်မှန်းမျဉ်းကို ကမ္ဘာကြီးက လာထိလိုက်တဲ့အချိန်ဟာ သင်္ကြန်ကျချိန်ပဲပေါ့။ ကမ္ဘာကြီးဟာ ထုထည်ပမာဏအထိုက်အလျောက်ရှိတဲ့အတွက် ကမ္ဘာကြီးတစ်ခုလုံး မျဉ်းရဲ့တစ်ဖက်ကို လွတ်လွတ်ကျွတ်ကျွတ်ရောက်သွားဖို့ဆိုတာ နှစ်ရက် (၄၈) နာရီကျော်ကျော်ကြာမြင့်တာပေါ့။ အတိအကျပြောရရင် နှစ်ရက် (၄) နာရီ၊ (၄) မိနစ်နဲ့ (၄၀) စက္ကန့်ခန့်ပေါ့လေ။ အဲ - ကမ္ဘာကြီးက နှစ်သစ်ကူးစိတ်မှန်းမျဉ်းကို စထိတဲ့အချိန်က သင်္ကြန်ကျချိန်၊ လုံးဝလွတ်သွားတဲ့အချိန်ဟာ သင်္ကြန်တက်ချိန်ပေါ့။ သင်္ကြန်တက်ပြီဆိုတော့ နှစ်သစ်ရောက်ပြီပေါ့။ ဒါပေမယ့် ပြက္ခဒိန်ထဲမှာတော့ နေ့ရက်ကိုသာ ဖော်ပြနိုင်ပြီး အချိန်ကိုဖော်ပြလို့မရတော့ အဲဒီနေ့ဟာ သင်္ကြန်အတက်နေ့၊ နောက်တစ်နေ့ဟာ နှစ်ဆန်းတစ်ရက်နေ့လို့ ဆိုရတာပေါ့လေ။ တကယ်တော့ သင်္ကြန်အတက်နေ့မှာပဲ သင်္ကြန်တက်ချိန်ကျော်ရင် နှစ်သစ်ကို ရောက်ပြီလို့ မှတ်ရမှာပေါ့"

"ဩော်၊ ဩော်"

"ရှင်းသွားပြီလား"

"ဒါတော့ ရှင်းသွားပြီ။ ဒါပေမယ့် တချို့နှစ်တွေရောက်တော့ အကြတ်နှစ်ရက်ဖြစ်တာ ဘာကြောင့်လဲ"

"ဒါလည်း ဒီလိုပါ။ သင်္ကြန်ကျတဲ့အချိန်နဲ့ တက်တဲ့အချိန်ဟာ နှစ်ရက်နဲ့ (၄)နာရီကျော်ကြာမြင့်တော့ သင်္ကြန်ကျတဲ့ အချိန်ဟာ ည (၈) နာရီကျော်မှ သင်္ကြန်ကျတယ်ဆိုရင် နှစ်ရက်နဲ့ (၄) နာရီကျော်ကြာမှ တက်တဲ့အချိန်ဟာ သန်းခေါင်ကျော်သွားပြန်တော့ ကြားက နှစ်ရက်လုံးလုံး အကြတ်ရက် (၂) ရက်ဖြစ်သွားပြန်တာပေါ့။ ဥပမာ တနင်္ဂနွေနေ့ ည (၈) နာရီကျော်မှ သင်္ကြန်ကျရင် ဗုဒ္ဓဟူးနေ့နံနက်သန်းခေါင်ကျော်မှ သင်္ကြန်တက်တာမို့ကြားက တနင်္လာနဲ့ အင်္ဂါတို့ဟာ အကြတ်ရက်နှစ်ရက်ဖြစ်သွားတော့တာပေါ့။ ရှင်းပြီလား"

"ဩော် - ဒါဆိုထပ်မေးစရာပေါ်လာပြန်ပြီ။ ဝါထပ်တယ်ဆိုတာလည်း နည်းနည်းရှင်းပြပါဦး"

မေသင်္ကြန်ကမေးလိုက်ပြန်သည်။

"မြန်မာလူမျိုးတွေမှာ နေနဲ့မှတ်သားတဲ့ သုဒ္ဓဒိန်ဆိုတာရယ်၊ လနဲ့မှတ်တဲ့ ပက္ခဒိန်ဆိုတာရယ် နှစ်မျိုးရှိတယ်။ ဒီနှစ်မျိုးစလုံးဟာ မြန်မာတို့အတွက် အလွန်အသုံးဝင်အလုပ်ဖြစ်စေတဲ့ အမှတ်အသားတွေပါပဲ။ သင်္ကြန်ကျပြီး နှစ်ဆန်း

www.burmeseclassic.com

တစ်ရက်နေ့ကို (၁) ရက်လို့ စတင်မှတ်ပြီး နောက်ရက်တွေကို (၂) ရက်၊(၃)ရက် ဆိုပြီး မှတ်သွားလို့ (၃၆၃) ရက်မြောက်ဟာ နောက်တစ်ကြိမ် သင်္ကြန်ကျရက်၊ (၃၆၅) ရက်မြောက် ဒါမှမဟုတ် တစ်ခါတစ်ရံ (၃၆၆)ရက်မြောက်သည် သင်္ကြန်တက်ရက်လို့ တွက်ယူတာ သုဒ္ဓဒိန်လို့ ခေါ်တယ်လေ

အဲ - လကလည်း ကမ္ဘာကို လှည့်ပတ်သွားနေတော့ လဆန်းခြင်း၊ လဆုတ်ခြင်း၊ လပြည့်ခြင်း၊ လကွယ်ခြင်းဆိုတာတွေဟာ ကမ္ဘာအတွက် အကျိုးသက်ရောက်မှုရှိနိုင်တာမို့ လဆန်း (၁) ရက်၊ လဆုတ် (၁) ရက် စသည်ဖြင့် ရေးမှတ်တာကို ပက္ခဒိန်လို့ ခေါ်တယ်။ လဆန်းပက္ခ၊ လဆုတ်ပက္ခလိုဆိုတာပေါ့။ အခုခေတ် သုံးနေတဲ့ပြက္ခဒိန်ဆိုတာပဲပေါ့"

"ဪ - ဟုတ်ပြီ၊ ပင်လယ်ဒီရေတက်ချိန်၊ ကျချိန်ကို လဆန်းရက်တွေ၊ လဆုတ်ရက်တွေနဲ့ တွက်ချက်ခန့်မှန်းကြတာ မဟုတ်လား"

မေသင်္ကြန်က ဝင်ထောက်လိုက်ပါသည်။

"ဒါပေါ့၊ အဲဒါတင်ဘယ်ကမလဲ။ တခြားနေရာတွေမှာလည်း လဆန်းရက်၊ လဆုတ်ရက်တွေကို တွက်ချက်အသုံးပြုတဲ့ ပညာတွေအများကြီးရှိတာပေါ့။ အဲဒီတော့ လက ကမ္ဘာကို တစ်ပတ်ပတ်မိဖို့ ကြာမြင့်တဲ့အချိန်က ပျမ်းမျှ (၂၉) ရက်၊ (၁၆) နာရီလောက်ရှိတယ်။ ပြက္ခဒိန်စာမျက်နှာမှာက ရက်နဲ့ လကိုသာ ပြထားနိုင်ပြီး နာရီမိနစ်တွေကို ပြလို့မဖြစ်နိုင်တဲ့အတွက် ပထမလကို (၂၉) ရက်ထားရင် ဒုတိယလကို (၃၀) ရက်ဆိုပြီး ပြရတာပေါ့။ နှစ်လပေါင်းရင်း (၅၉) ရက်ပေါ့လေ။ ဒါကြောင့် တန်ခူးလမှာ ရက်မစုံ (၂၉)၊ ကဆုန်လမှာ ရက်စုံ (၃၀) နယုန်ရက်မစုံ (၂၉)၊ ဝါဆိုရက်စုံ (၃၀) ပေါ့။ ဒါလည်း အကြမ်းအားဖြင့်ပေါ့။ တစ်နှစ်အတွက်ဆိုရင် (၃၅၄)ရက်အပြင် နာရီ၊ မိနစ်တွေ ထပ်စွန်းသွားပြန်တယ်။ ဒါကို စန္ဒရနက္ခတ်နှစ်တစ်နှစ်လို့ ခေါ်တယ်။ လကိုအခြေပြုပြီး တွက်လို့ရတဲ့ တစ်နှစ်ဆိုတာပေါ့လေ"

"နည်းနည်းတော့ ခက်ခက်လာသလိုပါလား"

"ဟုတ်ပါတယ်၊ ဒါကြောင့် ကျွန်တော်နဲ့ အတာတို့ဟာ နက္ခတ်ပညာရှင်များလည်းမဟုတ်ကြတော့ ကိန်းဂဏန်းတွေကို အတိအကျမပြောတော့ဘဲ ပြက္ခဒိန်ကို သဘောပေါက်လောက်ရုံမျှသာ နားလည်အောင် လေ့လာရမှာပေါ့လေ"

"ဟုတ်တာပေါ့"

"အတိုချုံးပြောရရင်တော့ သူရိယသံဝစ္ဆရနှစ်အရ တစ်နှစ်မှာ (၃၆၅) ရက်၊ (၆) နာရီကျော်ရှိတဲ့အတွက် ကမ္ဘာသုံးပြက္ခဒိန်တွေမှာ ပထမနှစ်ကို (၃၆၅) ရက်၊ ဒုတိယနှစ်ကို (၃၆၅) ရက်၊ တတိယနှစ်ကို (၃၆၅) ရက်ပြတယ်။ အဲ-စွန်းနေတဲ့ နာရီမိနစ်တွေအတွက် သဘာဝကြီးနဲ့ပြန်ကိုက်အောင် စတုတ္ထနှစ်ကျတော့ (၃၆၆) ရက်ပြရတယ်။ အဲဒါကို ရက် ထပ်နှစ်လို့ဆိုပြီး ဖေဖော်ဝါရီလကို တစ်ရက်တိုးပြရတယ်။ ဒါတောင် နှစ်ပေါင်း (၄၀၀) လောက်နေရင် တစ်ရက်ပြန်လျှော့ရတဲ့တွက်ချက်မှုလည်းရှိသေးတယ်။ ဆိုလိုတာကတော့ အမှန်တကယ်တည်ရှိတဲ့ သဘာဝတရားကြီးနဲ့ ကိုက်ညီအောင် ပြက္ခဒိန်ကို ရေးဆွဲနေရခြင်းပဲ ဖြစ်ပါတယ်။ မြန်မာပြက္ခဒိန်မှာ လကိုအခြေပြုရေးဆွဲထားတဲ့အတွက် မြန်မာနှစ်တစ်နှစ်မှာ (၃၅၄) ရက်ပဲ ရှိတော့ သဘာဝတရားကြီးနဲ့ ကိုက်ညီအောင် (၃) နှစ်တစ်ကြိမ်၊ အကြမ်းအားဖြင့်ပေါ့ ဝါထပ်လိုက်ရတာ ရှိပါတယ်။ (၃) နှစ်နေရင် လရဲ့လပြည့်ခြင်းတွေဟာ (၃၇) လဖြစ်နေလို့ ဝါဆိုကို နှစ်ခါထပ်လိုက်ရခြင်း ဖြစ်ပါတယ်။ ပထမဝါဆို၊ ဒုတိယဝါဆိုလုပ်ရတာပါပဲ။ ပိုပြီး တိတိကျကျကိုက်ညီသွားအောင် ဝါကြီးထပ်၊ ဝါငယ်ထပ်ဆိုပြီးလည်း လုပ်ရပါသေးတယ်။ ဝါကြီးထပ်တယ်ဆိုတာက နယုန်ရက်မစုံ (၂၉)_ ကို နယုန်ရက်စုံလုပ်ပြီး နယုန်လဆုတ် (၁၅) ရက် လကွယ်နေ့ဆိုပြီး ပြရတာပါပဲ။ ပြက္ခဒိန်တွေကို ပြန်ကြည့်ရင် သိပါလိမ့်မယ်"

မေသင်္ကြန်က ကျွန်တော်ပြောပြသမျှကို မျက်တောင်မှန်မှန်ခတ်ရင်း စိတ်ဝင်စားစွာ နားထောင်နေပါသည်။

"ပြက္ခဒိန်တွေမှာ ဦးတန်ခူး၊ နှောင်းတန်ခူးဆိုတာတွေပါသေးတယ်။ အဲဒါကကော"

"ပြောပြပါ့မယ်။ လဆန်းပက္ခ၊ လဆုတ်ပက္ခဆိုပြီး လကို အခြေပြုပြီး ရေးဆွဲလိုက်တဲ့ ပြက္ခဒိန်အရ နေကို အခြေပြုပြီး တစ်နှစ်ပြည့်မြောက်လို့ နောက်တစ်နှစ်ကိုစတင်တဲ့ နှစ်ဆန်းတစ်ရက်နေ့ဟာ တန်ခူးလရဲ့ နေ့ရက်တစ်ခုဖြစ်နေရင် နှစ်ဆန်းတစ်ရက်မရောက်ခင်မှာရှိတဲ့ တန်ခူးလရဲ့ရက်တွေကို နှစ်ဟောင်းက ရက်တွေဖြစ်လို့ နှောင်းတန်ခူးလဆန်း၊ လဆုတ် ဘယ်နှရက်ဆိုပြီး ပြပါတယ်။ နှစ်တစ်နှစ်ကုန်ဆုံးခါနီး နှောင်းသောအခါမှ တွေ့ရတဲ့ တန်ခူးလရဲ့ရက်တွေကို ဆိုလိုတာဖြစ်ပါတယ်။ နှစ်ဆန်းတစ်ရက်နေ့ရောက်ပြီးမှတွေ့ရတဲ့ တန်ခူးရက်တွေကိုတော့ နှစ်သစ်မှာ ဦးဦးဖျားဖျားတွေ့ရတဲ့ရက်တွေမို့ ဦးတန်ခူးလဆန်း၊ လဆုတ်ဘယ်နှရက်ဆိုပြီး ပြတာဖြစ်ပါတယ်။ ဒီလိုခွဲခြားရေးမထား ရင် တန်ခူး လဆန်း၊ လဆုတ်ဘယ်ရက်လို့ဆိုလိုက်တဲ့အခါ အဲဒီရက်ဟာ အဲဒီခုနှစ်သက္ကရာဇ်ရဲ့အစမှာရှိတဲ့ရက်လား၊ အဆုံးမှာရှိတဲ့ရက်လား၊ ဟိုဘက် က ခုနှစ်ကိုယူရမှာလား၊ ဒီဘက်ကခုနှ ကိုယူရမှာလား စသည်ဖြင့် ဝေခွဲမရ သွားနိုင်လို့ အခုလို ဦးတန်ခူး၊ နှောင်း တန်ခူးဆိုပြီး ခွဲခြားဖော်ပြရတာ ဖြစ် တယ်"

"အတော်တိကျတာပဲနော် ကိုဝင်းမြင့်"

"အဲ - မှတ်သားစရာတစ်ခုရှိသေး တယ် အတာရေ။ မဟာသင်္ကြန်လို့ပြော တော့ စူဠသင်္ကြန်ဆိုတာလည်း ရှိသေး တယ်။ သင်္ကြန်ရဲ့အဓိပ္ပာယ်တ ကူး ပြောင်းခြင်းတဲ့။ မဟာသင်္ကြန်ဆိုတာ တစ်နှစ်မှတစ်နှစ်သို့ ကူးပြောင်းတာပေ့ စူဠသင်္ကြန်ကတော့ (၁၂) လရာသီတို့ ရဲ့ကူးပြောင်းခြင်းပါပဲ။ မိဿရာသီကို ကူး ပြောင်းခြင်းဆိုတာတွေပဲပေါ့"

"ဒါဆို တန်ခူးလက ကဆုန်လကို ပြောင်းတာတို့၊ ကဆုန်က နယုန်ကို ပြောင်းတာတို့ကိုကော စူဠသင်္ကြန်ခေ ပေါ့နော်"

"မဟုတ်ဘူး၊ အဲဒီလိုမဟုတ်ဘူး တန်ခူးတို့၊ ကဆုန်တို့ဆိုတာက လဝ လထွက်တွေကြောင့် ဖြစ်ပေါ်ရ လနာမည်တွေပေါ့။ လကူးပြောင်းတိုင်း ရာသီမပြောင်းဘူး။ တန်ခူးလမှာ မိဿ ကဆုန်လမှာ ပြိဿ ဆိုပေမယ့် အဲဒါ ယေဘုယျမှတ်သားခြင်းပါ။ တကယ် တော့ တန်ခူးလထဲမှာ မိန်ရာသီနဲ့ မိဿ ရာသီတွေ တစ်ပိုင်းတစ်စပါဝင်နေတာ တယ်။ အပြန်အလှန်ပြောရရင် မိဿ ရာသီမှာ တန်ခူးလနဲ့ ကဆုန်လတွေပ ဝင်နေလေ့ရှိတယ်။ မိဿ၊ ပြိဿဆို ရာသီတွေကို နက္ခတ်တွေ၊ နေသွားတွေ နဲ့ တိုင်းတာတွက်ချက်ပြီး သတ်မှတ်ထား လို့ လဝင်၊ လထွက်နဲ့ သတ်မှတ်ရ တန်ခူးလ၊ ကဆုန်လဆိုတာတွေ မကိုက်ညီဘူး။ မှတ်သားစရာ တာတစ်ခုကတော့ မိဿ၊ ပြိဿ စ



www.burmeseclassic.com

www.burmeseclassic.com

အစပြုတဲ့ရက်တွေဟာ ဒိန်က ရက်စွဲနဲ့တော့ နှစ်စဉ် လေ့ရှိတယ်။ တစ်ခါတလေ လောက်ပဲလွဲတယ်။ဘာ့ကြောင့် သလဲဆိုတော့ ခရစ်ပြက္ခဒိန်က အခြေခံပြီး ရေးဆွဲထားလို့ပါပဲ။ နှစ်ဆန်းတစ်ရက်နေ့ကိုပဲကြည့် ါပေမယ့် တစ်ခါတလေတော့ ဧပြီ (၁၆) ရက်မှာ နှစ်ဆန်းတစ် ဖြစ်သွားတာတို့တော့ ရှိတာပေါ့"

"သြော်၊ သြော်"

"နှစ်တစ်ရာပြက္ခဒိန်စာအုပ်ကိုပြန် ရင် ဟိုးအရင် ခရစ်နှစ် ၁၉၀၀ က ဧပြီ (၁၆) ရက်နေ့တိုင်းဟာ ဆန်းတစ်ရက်ဖြစ်ခဲ့တယ်။ နောက် ခုနှစ်၊ ဧပြီလ (၁၇) ရက်မှာ ဆန်းတစ်ရက်ဖြစ်ပေါ်ခဲ့ပြီး ၁၉၂၀ မှ အထိ ဧပြီ (၁၆) ရက်၊ တစ်ခါ မှာ ဧပြီ (၁၇) ရက် စသည်ဖြင့် နှစ်တစ်ကြိမ်လောက် ဧပြီ (၁၇) နှစ်ဆန်းတစ်ရက်ဖြစ်၊ နောက် ၁၉၅၀ ပြည့်နှစ်မှာ ဧပြီ (၁၇) ဆန်းတစ်ရက်ဖြစ်၊ ၁၉၅၁ ခုနှစ်မှာ (၁၇) နှစ်ဆန်းတစ်ရက်ဖြစ်၊ နောက် (၂) နှစ်ဆက်တိုက်။ဧပြီ (၁၆) မှာ (၂) နှစ်ဆက်တိုက် ဧပြီ (၁၇) လိုက်နဲ့ ၁၉၇၇ ခုနှစ်လောက်က ဧပြီ (၁၇) မှာ နှစ်ဆန်းတစ်ရက် လာတယ်။ အဲ (၄)နှစ်တစ်ကြိမ် ဧပြီလ (၁၆) နှစ်ဆန်းတစ်ရက်၊ (၄) နှစ်တစ်ကြိမ် ဧပြီ (၁၆) မှာ ဆန်းတစ်ရက်ဖြစ်ပြီးတော့ ၂၀၀၈ လောက်ကစပြီး ယခုတိုင် ဧပြီ (၁၇) ဆန်းတစ်ရက် ဖြစ်နေတော့တယ်။ ဘာဆိုရင် နောက်လာမယ့် နှစ်တစ် နှစ်ရာအတွင်းမှာ ဧပြီ (၁၈) တွေ ဆန်းတစ်ရက်ဖြစ်လာတာတို့ ဧပြီ (၂၀) တွေမှာ ဖြစ်လာတာတို့ နိုင်တာပေါ့။ တစ်ခါ အတိတ်ကို လိုက်ရင်လည်း ဧပြီ (၁၅) ရက် (၁၄) ရက်တို့ဟာ ဟိုဘက်က နှစ် အပိုင်းအခြားတွေမှာ နှစ်ဆန်း ဖြစ်ခဲ့နိုင်တာပေါ့လေ။ မှတ်တမ်း လက်လှမ်းမီရင် အတိအကျသိ ပေါ့"

"စိတ်ဝင်စားလာပြီ"

"ဟုတ်တယ်၊ ဒါကြောင့် တစ်ခါ တွေးမိတာက အခုခေတ်မှာ ခေါင် ပူပူအိုက်အိုက်ကြီးမှာ ကျလို့ ရေပက်ကြတော့ အပူရှပ် နားမှာရေးရှုထောင့်က ကြည့်ရင် မသင့်တော်ဘူး။ အရင်နှစ်ပေါင်းများစွာ တုန်းက သင်္ကြန်ရေပက်တယ်ဆိုတာ ဖေဖော်ဝါရီလလောက် တပို့တွဲတပေါင်းလို ဆောင်းအကုန် နွေအကူးလောက် သိပ်လည်းမပူသေး။ ရေပက်ရင်လည်း အပူမရှပ်နိုင်လောက်တဲ့ ရာသီမျိုးမှာ ရေကစားခဲ့ကြတာလားလို့ တွေးမိတယ်လေ"

"ကိုဝင်းမြင့်ကြီး သိပ်မတွေးနဲ့ဦး၊ စိတ္တဇဖြစ်နေဦးမယ်"

"တွေးရမှာပေါ့၊ ကျွန်တော်က သင်္ကြန်ကို စိတ်ဝင်စားတာကိုး"

မေသင်္ကြန် ဘာကိုတွေးမိသည် မသိ ရက်သွေးဖျန်းသော မျက်နှာပြုံးစေ့စေ့ နှုတ်ခမ်းလွှာနှင့် ခေါင်းကိုငုံ့လိုက်ပါသည်။ အတန်ကြာမှာ -

"အင်း - ကိုဝင်းမြင့်ပြောပြတော့လည်း စိတ်ဝင်စားစရာတွေပါပဲ။ ဦးနှောက်လည်း တော်တော်ပူသွားပြီ။ တစ်ခုပဲ မေးချင်တာကျန်တော့တယ်"

"မေးပါဗျာ မေးပါ။ ပြီးရင်တော့ ဦးနှောက်အေးသွားအောင် အတာ့ကို ရေခဲမုန့်ကျွေးပါ့မယ်"

"ဟုတ်ပါဘူးလေ၊ ဘာဏ်ပူဇော်ခ အနေနဲ့ အတာက ကိုဝင်းမြင့်ကို ချင်းသုပ်ကျွေးမှာပေါ့"

"ဟာ - မလုပ်နဲ့လေ။ ချင်းသုပ်နဲ့ ရေခဲမုန့်က မတည့်ဘူးလေ"

နှစ်ယောက်သား ပြိုင်တူရယ်လိုက်ကြပါသည်။ပြီးမှ မေသင်္ကြန်က -

"အတာသိချင်တာက သင်္ကြန်စာတွေမှာပါတဲ့ ဘာဏုရာဇာမည်သော တနင်္ဂနွေဂြိုဟ်မင်းသည် မည်သည့်အရောင်ရှိသော အဝတ်တန်ဆာကို ဝတ်ဆင်လျက် မည်သည့်သတ္တဝါကို စီး၍ လက်တစ်ဖက်က ဘာကိုကိုင်လျက် ဆိုတာဟာ တစ်နှစ်နဲ့တစ်နှစ် မတူဘဲ ပြောင်းပြောင်းသွားတယ်။ အဲဒီ တွက်နည်းသိရင် ပြောပြစမ်းပါ"

"သြော် - အင်း၊ ဒါကတော့လွယ်ပါတယ်"

"မှတ်မယ်"

"သင်္ကြန်ကျတဲ့နေ့ ဘယ်နေ့လဲကြည့်လိုက်။ တနင်္ဂနွေနေ့မှာ သင်္ကြန်ကျရင် ကြာဝတ်ဆံအဆင်းရှိသော အဝတ်တန်ဆာကိုဝတ်ပြီး နဂါးကို စီးတယ်။ လက်တစ်ဖက်က လေးနဲ့ မြား၊ လက်တစ်ဖက်က လှံကိုကိုင်ပြီး ဆင်းမယ်။ တနင်္လာနေ့ သင်္ကြန်ကျရင် နွားနို့ရောင်အဆင်းရှိသော အဝတ်တန်ဆာကိုဝတ်ပြီး မြွေကိုစီးတယ်။ လက်တစ်ဖက်က အဲမောင်း၊ လက်တစ်ဖက်က ချွန်းတောင်းကိုင်ဆင်းမယ်။ အင်္ဂါနေ့ဆိုရင် နီသောအဝတ်ကိုဝတ်မယ်။ ဂဠုန်မင်း စီးမယ်။ သန်လျက်နဲ့ တံစဉ်ကိုင်မယ်။ ဗုဒ္ဓဟူးနေ့ဆိုရင် ပြည်ပန်းညိုအဆင်းရှိ အဝတ်ကိုဝတ်မယ်။ ကျွဲကိုစီးမယ်။ ပန်းခက်နဲ့ ရေချမ်းအိုးကို ကိုင်မယ်။ ကြာသပတေးနေ့ဆိုရင် ရွှေအဆင်းနဲ့တူတဲ့ အဝတ်ကိုဝတ်မယ်။ သိန္ဓောမြင်းကိုစီးမယ်။ ရေချမ်းအိုးပိုက်ပြီး ဆင်းမယ်။ သောကြာနေ့ဆိုရင် ခရသင်းအဆင်းရှိ အဝတ်ကိုဝတ်မယ်။ ဘီလူးကိုစီးမယ်။ ထင်းစမီးတုတ်ကိုင်ဆင်းမယ်။ ဒါပါပဲလေ"

"ကျေးဇူးတင်လိုက်တာ ကိုဝင်းမြင့်ရယ်။ အတာက သင်္ကြန်တွင်းမှာ မွေးတဲ့သူဆိုပေမယ့် သင်္ကြန်အကြောင်းကို ခြေခြေမြစ်မြစ်မသိခဲ့ဘူးလေ။ ခုတော့ သင်္ကြန်နဲ့ပတ်သက်ပြီး သိသင့်တာတွေလည်း သိရပြီ။ ဒါတင်မက ဝါထပ်ရက်ငင်ကိုပါသိရပြီမို့ ဘယ်သူမေးမေးဖြေနိုင်သွားပြီပေါ့"

မေသင်္ကြန်က ကျွန်တော် ရှင်းပြသော အချက်အလက်များကို လိုက်၍ ရေးမှတ်နေသည့် သူ့မှတ်စုစာအုပ်လေးကို လက်ကိုင်အိတ်ထဲသို့ထည့်ရင်း ပြောလိုက်ပါသည်။

"ဒါဆို ချင်းသုပ်နဲ့ ရေခဲမုန့်စားလို့ ရပြီပေါ့ အတာရေ"

နှစ်ယောက်သား အားပါးတရ ရယ်မောလိုက်ကြပါသည်။

"လာ-ဘူးသီးကြော်စားပြီး ကော်ဖီ သောက်ကြတာပေါ့"

"အဲဒါပဲကောင်းတယ်"

မေသင်္ကြန်သည် နိုင်ငံရပ်ခြားတွင် တာဝန်ထမ်းဆောင်နေရင်း သင်္ကြန်ချိန်ခါကိုရောက်တိုင်း မြန်မာပြည်သို့အလည်အပတ်ပြန်လာလေ့ရှိသည်။ မြန်မာတို့၏ ရိုးရာပွဲတော်ကို နွဲပျော်လေ့ရှိပါသည်။ သူရောက်လာလျှင် ကျွန်တော့်ထံသို့ အရင်ဦးဆုံး လာတွေ့လေ့ရှိပါသည်။

ပိတောက်ပွင့်လေးတွေ ဝေနေအောင် ပန်ဆင်ထားသော မေသင်္ကြန်ခေါ် အတာကို မြေသင်းရနံ့များပါသော သင်္ကြန်မိုးရေ တန်ခူးလေနှင့်အတူ တွေ့ရသည်ကပင် ကျွန်တော် အနှစ်သက်ဆုံး ဖြစ်ပါသည်။

ရှင်လန်းချမ်းမြေ့ကြပါစေ

တက္ကသိုလ်ဝင်းမြင့်



www.burmeseclassic.com

www.burmeseclassic.com



## မြန်မာ့ရိုးရာနတ်ယုံကြည်မှုဓလေ့(၆)

မောင်သန်းဆွေ(ထားဝယ်)

# နံကရိုင်းမယ်တော်နှင့်အောင်နိုင်နတ်

**နံကရိုင်းမယ်တော်နှင့်အောင်နိုင်နတ်**

ဝန်း (၃၇) မင်း နတ်စာရင်းတွင် ပါဝင်သော နတ်နှစ်ပါးမှာ မြန်မာပြည် အောက်ပိုင်း၌ ထင်ရှားသော ပဲခူးမယ်တော်ခေါ် အမေနံကရိုင်းနတ်နှင့် အောင်နိုင်နတ်တို့ ဖြစ်သည်။ မွန်တိုင်းရင်းသားများ၏ ရိုးရာနတ် ဖြစ်၏။

**နံကရိုင်းမယ်တော်နတ်**

နံကရိုင်းမယ်တော်နတ်သမိုင်းမှာ နှစ်မျိုးနှစ်စားကွဲပြားနေသည်။ ပထမနတ်သမိုင်းမှာ မွန်ဇာတ်သဘင်များကပြသောသမိုင်း ဖြစ်၏။ ဒုတိယနတ်သမိုင်းမှာ မွန်ရာဇဝင်နှင့်စေတီပေါင်းချုပ်သမိုင်းမှ ဖြစ်သည်။ သို့သော် သမိုင်းတစ်ခုနှင့်တစ်ခု အနည်းငယ်မျှသာ ကွဲပြားပါသည်။ သို့ဖြစ်၍ သမိုင်းနှစ်ခုလုံးကို ပေါင်းစပ်၍ရေးလိုက်သည်။

**နတ်သမိုင်း**

ပထမနတ်သမိုင်းသည် မွန်တိုင်းရင်းသားတို့ဇာတ်သဘင်တွင် ကပြသောသမိုင်း ဖြစ်၏။ ဟံသာဝတီထီးနန်း၌ သမလမင်းကြီး စံမြန်းနေချိန် ညီတော်ဝိမလမင်းသားကို အိမ်ရှေ့အရာထား၍ တက္ကသိုလ်သို့ ပညာသွားရောက်သင်ကြားစေသည်။ ပညာသင်ရာမှ ပြန်လာလျှင် အိမ်ရှေ့မင်းမြှောက်မည်ဟု ကတိထားသည်။ ထိုအချိန်တွင် ယာစိုက်ပျိုးသူ မဲအိုလောင်း ဆိုသည့် မွန်အမျိုးသမီးကြီး၏ယာထဲ ရွှေဖရုံပွင့်မှသန္ဓေတည်၍ လာသူ ရွှေဖရုံမယ်ကို သမလမင်းကြီး နှစ်သက်၍ သိမ်းပိုက်တော်မူပြီး မိဖုရားမြှောက်၏။

ရွှေဖရုံမယ်၌ သားတော်တစ်ပါး ဖွားမြင်သည်။ ပညာသင်ရာမှ ပြန်လာသော ဝိမလမင်းသားသည် သမလမင်းကြီးအားလုပ်ကြံ၍ ထီးနန်းကို သိမ်းပိုက်သည်။ မရီးတော် ရွှေဖရုံမယ်၏ သားတော်လေးမှာ နန်းညွန့်နန်းလျာဖြစ်နေ၍ သတ်စေရန် အမိန့်ပေးသည်။ ရွှေဖရုံမယ်မိဖုရားသည် သားတော်ကလေးကို ဟံသာဝတီနှင့် သထုံနယ်ကြား ကွမ်အပ်သာတောစပ်တွင် သွား၍ စွန့်ပစ်ထားလိုက်သည်။ ထိုတောစပ်အနီးရှိ ရွာတစ်ရွာမှ ကျွဲမွေးမြူသူ မုဆိုးမ မိနံကရိုင်းဆိုသူက သားတော်ကလေးကိုတွေ့ရှိ၍ ကောက်ယူမွေးစားပြီး ကွမ်အပ်သာတောစပ်မှရသဖြင့် 'အပ်သာ' ဟု အမည်ပေးခဲ့သည်။ မိနံကရိုင်းက ကျွဲမကြီးနို့ကို ညှစ်ယူပြီး သားတော်ကလေးကို တိုက်ကျွေးမွေးမြူခဲ့သဖြင့် သူ၏နို့ရှင်ကျွဲမကြီးကို မိခင်သဖွယ်တွယ်တာနေလေသည်။ မိနံကရိုင်း၏ဖခင်ကလည်း အပ်သာမင်းသားကလေးကို လက်ဝှေ့ပညာသင်ပေးသည်။ အပ်သာ ဆိုသည့် အမည်ကို နောက်ပိုင်းတွင် 'အသား' ဟု ခေါ်လာကြသည်။

တစ်နေ့တွင် ဟံသာဝတီမှ လာသော မုဆိုးတစ်ယောက်နှင့် အသားမင်းသားတို့ တွေ့ဆုံပြီး မိတ်ဆွေဖြစ်သွားကြသည်။ ထိုအချိန်တွင် ဝိမလမင်းကြီးအား အိန္ဒိယပြည်မှ သင်္ဘော (၇) စင်းနှင့် တိုက်ရန်လာကြသည်။ အရပ်(၇)တောင်ရှိသော ကုလားလန်ဘားဆိုသူနှင့် နှစ်ဦးချင်း တိုက်ခိုက်နိုင်ရန် စိန်ခေါ်သဖြင့် တိုက်ခိုက်နိုင်သူ လူစွမ်းကောင်းရှာဖွေနေသည်ဟု မုဆိုးက အသားမင်းသားကို ပြောပြသည်။ အသားမင်းသား တိုက်ခိုက်ရန် သဘောတူလိုက်ပြီး မုဆိုး



www.burmeseclassic.com

www.burmeseclassic.com

နှင့်အတူ နန်းတွင်းသို့ သွားရောက်သည်။ အသားမင်းသားသည် သူမွေးစားမိခင် မိန်ကရိုင်းထံ ပြန်လာ၍ ခွင့်ပန်ခဲ့၏။ မိန်ကရိုင်း၏ ဖခင်ကလည်း ရန်သူအား မည်သို့လှည့်စားပြီး တိုက်ခိုက်ရမည်ကို သင်ကြားပေးလိုက်သည်။

အသားမင်းသားသည် ဟံသာဝတီသို့ ပြန်လာရာတွင် ဒီရေစောင့်နတ်သမီးနှင့်တွေ့ပြီး တန်ခိုးပြိုင်ကြသည်။ ကန့်သတ်ချိန် တစ်မောင်းအတွင်း ဒရယ်ကျောပြောင် အကောင်တစ်ထောင်မှ အမြီးတစ်ထောင်ပြည့်အောင် ရှာပေးရမည်ဟု သဘောတူ၍ ရှာပေးနိုင်ခဲ့သော်လည်း နတ်သမီးက အမြီးတစ်ချောင်း ဖွက်ထားလိုက်သဖြင့် အသားမင်းသား ရှုံးနိမ့်သွားရ၏။ ရှုံးနိမ့်သူက အနိုင်ရသူ၏ ခိုင်းစေမှုကို ပြုလုပ်ပါမည်ဟု ကတိထားသည့်အတိုင်း သူ၏ မင်္ဂလာဆောင်တွင် ချိုင့်ဖမ္ဗူရစ်ရွှေအောင်းသော ကျွဲခေါင်းကိုဖြတ်၍ နတ်သမီးအား ပသရမည်ဟု တောင်းဆိုသဖြင့် ကတိပေးခဲ့ရသည်။

ဟံသာဝတီရောက်၍ အသားမင်းသားသည် ကုလားလန်ဘားနှင့် ယှဉ်ပြိုင်တိုက်ခိုက်ရာ အနိုင်ရရှိလေသည်။ ဝိမလမင်းကြီးသည် အသားမင်းသားမှာ မိမိ၏ တူတော်ဖြစ်နေသဖြင့် ဝမ်းသာလှပြီး သမီးတော်နှင့် လက်ဆက်ပေးကာ အိမ်ရှေ့အရာ အပ်နှင်းလေသည်။ အသုကမ္မာ ဟူသောဘွဲ့ကိုလည်း ပေး၏။ အသားမင်းသားသည် မွေးစားမိခင် မိန်ကရိုင်းထံပြန်၍ သူကတိထားသည့်အတိုင်း ဒီရေစောင့်နတ်သမီးအား ကျွဲခေါင်းဖြတ်၍ ပသရမည်ဟု ပြောသည်။ ကျွဲချိုင့် ဇမ္ဗူရစ်ရွှေစင် ကိန်းအောင်းသောကျွဲကိုရှာရာ သူ၏နို့ရှင်ကျွဲမကြီး၏ ချိုင့် ဇမ္ဗူရာဇ်ရွှေကိန်းအောင်းကြောင်း





www.burmeseclassic.com

www.burmeseclassic.com

သိရသည်။ အသဃကုမ္မာမင်းသားက နို့ရှင်ကျွဲမကြီးခေါင်းကို မဖြတ်ရက်ပေ။ ကျွဲမကြီးက -

"သားက မဖြတ်ရက်လျှင် ငါ့လည်ပင်းပေါ် ဓားတင်လိုက်"

ဟု ပြောသဖြင့် လည်ပင်းပေါ် ဓားတင်လိုက်သည်နှင့် ကျွဲမကြီးကသစ္စာပြု၍ ခေါင်းပြုတ်ကျသွားသည်။

အသဃကုမ္မာမင်းသားသည် ဘုရင့်သမီးတော်နှင့် လက်ဆက်တော်မူပွဲတွင် ကတိအတိုင်း နို့ရှင်ကျွဲခေါင်းနှင့် ဒီရေစောင့်နတ်သမီးအား တင်ဆက်သည်မှ အစပြုကာ မွန်တိုင်းရင်းသားတို့မင်္ဂလာဆောင်တွင် ကျွဲခေါင်းဖြတ်၍ ပ,သရသည့် အစဉ်အလာဖြစ်လာသည်။ နို့ရှင်ကျွဲမကြီးကို မိမိ၏ ပယောဂကြောင့် သတ်သလိုဖြစ်သွား၍ ကံကြီးထိုက်သောကြောင့် ထိုအပြစ်မှပျောက်စေရန် နတ်ဖြစ်သွားသော အမိနံ့ကရိုင်း၏ ကျွဲမကြီးကို တင်မြှောက် ပသရသည်မှာလည်း မွန်တိုင်းရင်းသားတို့၏ ရိုးရာအစဉ်အလာဖြစ်လာသည်။

ကျွဲခေါင်းဖြတ်၍ တင်ဆက်ရသည်မှာ တာဝန်ကြီးလှသဖြင့် ကာလကြာလာသောအခါ ကျွဲအစား ငါးရံ့ခေါင်းဖြတ်၍ တင်လာကြသည်။ ထိုမှတစ်ဖန် ငါးရံ့ကို ကျွဲသင်္ကေတန် နဖားထိုး၍ တင်မြှောက်လာကြ၏။

အသဃကုမ္မာမင်းသားသည် ထီးနန်းစံရသောအခါ သူ့ကိုစွန့်ပစ်ခဲ့သည့် ကွမ်အပ်သာတောစပ်တွင် 'ကျိုက်အပ်သာ'ဘွဲ့နှင့် ဘုရားတစ်ဆူတည်သည်။ ကျိုက် ဆိုသည်မှာ မွန်တို့အလိုအရ ဘုရားဟု အဓိပ္ပာယ်ရ၍ ကျိုက်အပ်သာဆိုသည်မှာ အပ်သာဘုရားဟု အဓိပ္ပာယ်ရသည်။ ကာလကြာသောအခါ ကျိုက်အပ်သာမှ ကျိုက်ကသာဟုခေါ်တွင်လာကြသည်။ ကျိုက်ကသာဘုရားမှာ သထုံနယ်တွင်ရှိပါသည်။

**ကိုးကွယ်မှုအစဉ်အလာ**

နံ့ကရိုင်းနတ်သည် မွန်တို့၏ရိုးရာနတ်ဖြစ်သော်လည်း အောက်ပြည်အောက်ရွာမှ မြန်မာလူမျိုးအချို့တို့ကပါ ကိုးကွယ်လာကြသည်။ ပဲခူးမယ်တော်ဟုခေါ်ပြီး ပဲခူးနယ်တစ်လွှား ကိုးကွယ်ကြသည်။ ကျွဲခေါင်းဆောင်းထားသောနတ်ဖြစ်၍ အိမ်ပေါ်တွင် မကိုးကွယ်ဘဲ ခြံထောင့်တွင် နတ်စင်များထိုး၍ ကိုးကွယ်လာကြသည်။ မြန်မာပြည်အောက်ပိုင်း၌ မွန်တိုင်းရင်းသားတို့သာမက ရိုးရာရှိသော မြန်မာတို့၏အိမ်ခြံဝင်းထောင့်များတွင် နံ့ကရိုင်းနတ်စင်လေးများရှိသည်ကို တွေ့မြင်နိုင်ပါသည်။ ယခုအခါ နံ့ကရိုင်းစင်ကလေးများကို အဆင်သင့် ပြုလုပ်၍ ပင် ရောင်းချလာကြသည်။

ပဲခူးမြို့ ဟသ်ာကုန်းဘုရား၌ နတ်ကွန်းရှိသည်။ နန်းရင်းမဟုတ်ပါ။ မူလကတည်းက နန်းရင်း ဟူ၍ မရှိပါ။ ဟသ်ာကုန်းဘုရား၌မူ နှစ်စဉ်ကျင်းပသော နံ့ကရိုင်းနတ်ပွဲရှိသည်။ ဟသ်ာကုန်းဘုရားပွဲနှင့်တွဲ၍ကျင်းပ၏။ ဘုရားပွဲသည် တပေါင်းလဆန်း ၁၀ ရက်နေ့မှစတင် ကျင်းပသည်ဟု သိရှိရသည်။ တပေါင်းလပြည့်ကျော် ၁ ရက်နေ့မှ ၅ ရက်နေ့အထိ နံ့ကရိုင်းမယ်တော်နတ်ပွဲကျင်းပသည်။ ဘုရားဂေါပကအဖွဲ့မှ တာဝန်ယူသည်။

အိမ်နတ်ကနားများတွင် 'နံ့ကရိုင်းဆင်းသည်'ဟုဆိုကာ နံ့ကရိုင်းမယ်တော်ကို ချော့ကြသည်။ အိမ်အောက်တွင်ရှိသည့် မူလနတ်စင် သို့မဟုတ် နတ်ကနားတွင် သီးခြားပြုလုပ်ထားသည့် နတ်စင်ရှေ့တွင်ချော့ခြင်း ဖြစ်၏။

အင်တုံ (သို့) ဇလုံထဲတွင် ငါးရံ့အရှင်လွှတ်ထားသည်။ လယ်ကညွတ်များလည်းပါသည်။ ထိုရှေ့တွင် နတ်ချော့သူအတွက် ဆိုင်းမှနတ်ပင့်ပေးသည်။

*'လေးမွန်တိမ္ဂနိစ၊ ရာမညတိုင်း*
*တလိုင်းသုံးရပ်၊ သုံးထပ်ကယ်*
*လယ်ပေါ်၊ ပြည်ကျော်တဲ့နံ့ကရိုင်း*
*မယ်တော် ကြွလှမ်း၍ပျော်တော်*
*မူပါဘုရား'*



နံ့ကရိုင်းမယ်တော်



www.burmeseclassic.com

www.burmeseclassic.com

ဘု နံကရိုင်းနတ်ပင့်ကို သီဆို၍ မွှန်သံတီးလိုက်သောအခါ ကရိုင်းမယ်တော်အဖြစ် ချော့မည့်သူ ပြန့်ထဘီအနက်ပေါ်တွင် ထမိန်သိမ်း နက်ဝတ်ဆင်၍ ပဝါနက်စုံချကာ ဘတ်တွင် ပဝါအနီစည်းထားသည်။ ခေါင်း၌ ဆံပင်ဖြန့်ချပြီး ပဝါအနက် ဆောင်ဖြင့် နတ်ပေါင်းပေါင်းထားသည်။ ခေါင်းဆောင်း၍ ချော့သည်လည်းရှိ ကျွဲခေါင်းမဆောင်းပါက သပြေခက် ခက်ကို ခေါင်းတစ်ဖက်တစ်ချက်တွင် ထောင်၍စိုက်သည်။ အောက်ကိုချ၍ လည်း စိုက်သည်။ ကျွဲချိုသဖွယ်ဖြစ်၏။ စည်း၌လည်း သပြေခက်ထောင်၍ ထားရသည်။ ရင်စည်း၏ နောက် တွင် သပြေခက်ကို အောက်စိုက်၍ ထားသည်။ အမြီးသဖွယ်ဖြစ်၏။ နှစ်ဖက်၌ သပြေစည်းကိုကိုင်၍ မွှန် မွှန်က က၍ချော့သည်။

ထို့နောက် နံကရိုင်းမယ်တော် သီခြားပ,သထားသော အုန်း ပွဲမှ အုန်းသီးကို အဝလုပ်၍ သူအား တိုက်သည်လည်း ရှိ၏။ သသူများအား အန္တရာယ်ကင်း သည်လည်းရှိပါသည်။ နတ်ကနား ယာယီပြုလုပ်ထားသော နတ် နတ်ကနားအပြီးတွင် ရေ၌မျှော ။ အချို့ပွဲများ၌ နံကရိုင်းမယ် ချော့သူ၏ ကျွဲခေါင်းကိုဖြတ်သည့် ထည့်၍ သဏ္ဍာန်လုပ်ပြီး ကကြ ဖြတ်မည့် အသကုမ္မာမင်းသား မဖြတ်ရက်၊ မယ်တော်လုပ်သူ အတင်းဖြတ်ခိုင်းနှင့် အချီအချငိုနေ နောက်ဆုံး ခေါင်းပေါ် ဓားတင် ဌာန်ဖြင့် ကျွဲခေါင်းကျသွားဟန် ကြသည်။

စာရေးသူတို့ ငယ်စဉ်က တောင် နန်းမှ မြောက်လက်မိဖုရားကြီး ခွေးမကာ နံကရိုင်းမယ်တော် ချော့ကာ အထက်ဖော်ပြသည့် ခေါင်းဖြတ်ဟန် အချီအချပြု ကြည့်ခဲ့ဖူးပါသည်။

**ချော့သီချင်း**

*ဒလ၊ မုတ္တမရယ်နဲ့၊ နာမငယ်*
*အမည်သညာ၊ အို-အောက်ပြည်*
*တိုင်းမှာလ၊ တို့တလိုင်းရွာ။*
*(နံကရိုင်းမယ်တော် ရှင်ပျော်ပျော်*
*ကြွခဲ့ပါနော်)၂ (အို-ငါးရံ့ငါးကို*
*လှ)၂ (လက်မှာကိုင်လို့ကိုင်လို့၊*
*တင်ဆက်မယ်လေး)၂ (နံကရိုင်း*
*မယ်တော်မယ်တော်ကျေးဇူးတော်*
*ကြီးလှပေသနော်)၂ နို့ချိုငယ်ကျွေး*
*ပါလို့၊ အို- အသကုမ္မာလို့ ခေါ်*
*တော်မူပါဘုရား။ အို-ငါးရံ့ငါးကို*
*လှ၊ လက်မှာကိုင်လို့ တင်ဆက်*
*တယ်လေး။*

**အောင်နိုင်နတ်**

အောင်နိုင်နတ်သည် နွားကျောင်းသား၊ ကျွဲကျောင်းသားသေ၍ နတ်ဖြစ်သောသူဟု ယုံကြည်ကြသည်။ ရပ်ရွာထဲ၌ နွားနာကျသောအခါတွင် အောင်နိုင်နတ်ပသရသည်။ (နွားနာကျသည်ကို မြန်မာနည်းနှင့်ဖြစ်စေ၊ အင်္ဂလိပ်နည်းနှင့်ဖြစ်စေ ဆေးကုသရာမှာ အဓိကဖြစ်သည်။ နတ်ပသခြင်းဖြင့် နွားနာကျကောင်းလာမည်မဟုတ်)

အောင်နိုင်နတ်ကခြင်းဖြင့် နွားနာကျသောကပ်ရောဂါမှ ကင်းဝေးမည်ဟု ရှေးကအယူအဆ ဖြစ်ဟန်တူသည်။ အသောက်အစားကင်းသူတစ်ယောက်ကို မဲပုဆိုးတောင်ရှည်ဝတ်၍ ရင်စေ့အကျီ (သို့) လယ်တောဝတ်အကျီကို ဝတ်စေပြီး ခမောက်၊ လွယ်အိတ်၊ ရေဘူး၊ နွားနဖားကြိုး၊ နွားရိုက်ကြိမ်၊ ဝါးလောက်လေး၊ လောက်စာလုံး၊ ကြံဖက်၊ စလူဖက်၊ မနေဖက်နှင့်ထုပ်သော ကောက်ညှင်းထုပ် (၇) ထုပ်၊ ဆေးပေါ့လိပ် (၇) လိပ်၊ ပလွေ အစရှိသည်တို့ကို လွယ်ချိတ်ကိုင်ကာ ပျောက်သောနွားရှင်၏ နွားတင်းကုပ် ဥရုတိုင်ကို ဘယ်ခြေထောက်နိမ့်၍ကျိုးဟန်ဖြင့် သီချင်းဆိုရင်း (၇) ပတ်လှည့်ချော့ရသည်။ (ကရ သည်)

*'ပုဆိုးရယ် စွန်တောင်စွန်တောင်၊*
*ဘယ်ပေါင်က နိမ့်နင်းနိမ့်နင်း။*
*မောင်အောင်နိုင် ဘယ်အခင်း*
*ကြောင့်လာရတယ်မင်း'*

ဟူသည့် သီချင်းကို ဆိုရ၏။ သီချင်းတစ်ပုဒ်ဆုံးတိုင်း ပလွေမှုတ်ရသည်။ ပလွေကို သီချင်းသွားအတိုင်း မမှုတ်တတ်လျှင် ပလွေသံမြည်ရုံမှုတ်ပြီးလျှင် ဥရုတိုင်ကို ခုနစ်ပတ်လှည့်က၍ပြည့်လျှင် နွားရှင်က အောင်နိုင်နတ်လုပ်သူထံမှရရှိသောပစ္စည်းများကိုယူ၍ နွားတင်းကုပ် ဥရုတိုင်၌ ချိတ်ဆွဲထားပြီး



အောင်နိုင်နတ်



www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံသည် အင်္ဂလိပ်ကိုလိုနီ၏ လက်အောက်တွင် နှစ်ပေါင်းတစ်ရာကျော် အုပ်ချုပ်ခံဘဝနှင့် နေခဲ့ရ၏။ နှစ်ပေါင်းတစ်ရာကျော်လောက်အတွင်းမှာ စားစရာလည်း အလွန်ပေါသည်။ ရာသီဥတုကလည်း မျှတ၏။ လူမျိုးရေးစိတ်ဓာတ်မှာလည်း Povertyမဖြစ်သော ညေ့်ဝတ်အလွန်ကျေပွန်သည့် မြန်မာနိုင်ငံထဲကို အနောက်ဘက်က ဘင်္ဂါလီလူမျိုးတွေ၊ အနောက်မြောက်ဘက်ဆီက အိန္ဒိယလူမျိုးတွေနှင့် မြောက်ဘက်က တရုတ်လူမျိုးတွေက အများအပြား ဝင်ရောက် နေထိုင်ခဲ့ကြသည်။ လူဦးရေ ဆယ်သန်းလောက်သာရှိနေသေးသော မြန်မာနိုင်ငံသူနိုင်ငံသားများသည် မြန်မာနိုင်ငံအတွင်းသို့ အဘက်ဘက်မှ စိမ့်ဝင်လာကြသော အခြားညေ့်သည်နိုင်ငံသား

မုဒိတာ(ကျိုက်လတ်)

# အလုပ်လျှောက်သူ ယတြာကု



နွားပျောက်လိုက်ရှာလျှင် တွေ့သည်ဆိုသည်။ နွားနာကျသောအခါ၌လည်း ထိုနည်းနှင်နှင်ပင်လုပ်ရသည် ဟူ၏။

နတ်ကနားပွဲများတွင်မူ နံကရိုင်းမယ်တော်ချော့ပြီးက အောင်နိုင်နတ်ကို ဆက်ချော့ရသည်ဟူ၏။ အချို့ကလည်း ကိုအောင်နိုင်သည် တောကျွဲရိုင်းများ လယ်ယာကို ဖျက်ဆီး၍ နှိမ်နင်းရာမှ ကျွဲခတ်၍သေဆုံးသွားပြီး နတ်ဖြစ်သောသူဟု ဆိုကြသည်။

ကိုအောင်နိုင်နတ်ပသရန်အတွက် နားပန်းမတပ်ရသေးသော ခြင်းကြားငယ်နှစ်လုံးရက်ရသည်။ ခြင်းထဲတွင် ထမင်းကျန်ဟင်းကျန်နှင့် ငါးပိဖုတ်ထည့်ရ၏။ ပလွေတစ်ချောင်း၊ ရေပါသော ဝါးကျည်တောက်နှင့် ဆေးရွက်ကြီးတို့ကို ထည့်ပြီး တစ်ဖက်တစ်လုံး ထမ်းပိုးနှင့် လျှိုကာ ကိုအောင်နိုင်နတ်ကို ပသရန် တောစပ်သို့ ယူသွားရသည်။ တောစပ်သို့ရောက်လျှင် -

'သူများစားရင်းငှားကျွန် (ငအောင်နိုင်) စားလာသောက်လာ။ သူများကို ဗိုက်နာအောင်မလုပ်နဲ့။ ဒုက္ခဖြစ်အောင် မလုပ်နဲ့'

ဟု ပြောပြီး ဆဲဆိုအော်ဟစ်ရသည်။ တောထဲတွင် စားသောက်ဖွယ်ရာများကိုထားခဲ့ရ၏။ ဤသို့ဖြစ်လုပ်သည်မှာ အစားအစာခိုးစားမိ၍ ဗိုက်နာခြင်းအတွက် ဆေးဆရာပင့်၍ ကုသမရလျှင် အောင်နိုင်က ဖမ်းစားသည်ဆိုပြီး နတ်ပသခြင်း ဖြစ်သည်။ ဤဓလေ့ကို မြန်မာပြည်အထက်ပိုင်း အင်းတော်မြို့နယ်တွင် ယခုတိုင်လုပ်ကြသေးသည်။ ထိုနယ်တစ်ဝိုက်က အောင်နိုင်နတ်ကို ပုလမောင်နတ်ဟု ခေါ်သည်။ ထို့ကြောင့် မူလက အောင်နိုင်နတ်ကို မွန်နတ်ဟု ဆိုကြသည်မှာ စဉ်းစားစရာဖြစ်၏။

**ကိုအောင်နိုင်နတ်ချင်း**

*(ဝါးပလွေကြိမ်လုံးနဲ့၊ လက်သုံးတဲ့ ကိုကြီးအောင်နိုင်ရေ)၊ (ကျွဲနွားနဲ့ လယ်ယာပိုင်တယ်၊ ကိုကြီးနိုင်ကျော်ကြား)၊ (အားထားပါလို့ မှီခိုလာလျှင်)၊ ကြည်သာစွာ မ, လိမ့်မယ်ပေါ့အများ။*
*(ကျွဲပျောက်ရင်လည်း မေးကြပါ။ နွားပျောက်ရင်လည်း မေးကြပါ)၊ (ကိုအောင်နိုင် ဘယ်မှာရှိတယ်၊ နတ်ကလေး အောင်နိုင် ဘယ်မှာရှိတယ်)၊ ကိုအောင်နိုင်ဘယ်မှာရှိတယ် အလိုဗျာ ညွှန်းလိုက်ပါအများ။*
*(ကိုအောင်နိုင် ရောက်ရာအရပ်၊ သောက်ရာမှ အေးမယ်ဗျို့၊ နောက်ထပ်လို့ ဘေးမဆွယ်တယ်၊ ဆေးသဖွယ် မှတ်သုံးလို့ဗျာ)၊ (ကိုအောင်နိုင်က ပွဲတိုင်းအောင်တယ်၊ ကိုကြီးအောင်နိုင်ကပွဲတိုင်းဆောင်တယ်)၊ (နေပြည်ဘောင် ထွန်းလိုက်တဲ့ နတ်သား)၊ နေညိုညိုတုတ်တစ်ချောင်းနဲ့ စောင်းရင် ယောင်ချာချာ၊ ပ... က မည်းပြာပြာရယ်၊ ပဝါနဲ့... ချော၊ ကျွဲပျောက်ကို ရှာသလိုလို ကိုအောင်နိုင် လူပျိုချောရယ် အလို . . . မောင်းမတွေပိုး။*

မောင်သန်းဆွေ (ထားဝယ်)

**ကိုးကားချက် -**

၁။ ဘာသာပြန်ဦးထွေးဟန်နှင့် သု... သီဦဘညွန့်။ မြန်မာ့မိရိုးဖလာဓလေ့နတ်သမိုင်း...
၂။ ခင်မောင်သိန်း(စိတ်ပညာ)၏ မိုး... နတ်ယုံကြည်မှုနှင့်ဓလေ့ထုံးစံများ...
၃။ ဂေါပကအဖွဲ့ဝင်တစ်ဦး၊ ဟ... ကုန်းဘုရား၊ ပဲခူးမြို့။
၄။ မေမြို့ဦးတင်မောင်၊ 'နတ်နှင့်... နတ်ဝါကြီး'


www.burmeseclassic.com

www.burmeseclassic.com

များကို ဖော်ဖော်ရွေရွေ ရင်းရင်းနှီးနှီး ဆက်ခံပြီး နေထိုင်လာခဲ့ကြပါသည်။

ယနေ့ခေတ်မှာတော့ မြန်မာနိုင်ငံမှာ လူဦးရေကလည်း သန်း (၆၀) ကျော်ရှိလာပြီး မြန်မာနိုင်ငံမှာ ယနေ့ နိုင်ငံရေးလောက၊ စီးပွားရေးလောက၊ လူမှုရေးတွေပါ ကြည့်ရှုလိုက်လျှင် မည်သည့်အရာမျှ တည်ငြိမ်မှုမရှိ။ အားလုံးသည် မည်သည့်အရာမျှ အေးချမ်းမှုမရ တုန်လှုပ်နေကြသည်။ ဆူပူသောင်းကျန်းမှုများ ဖြစ်နေသည်။ အကြောင်းရင်းရှာကြည့်လျှင် ဆင်းရဲမွဲတေမှု ဖြစ်သည်။ အဓိကစီးပွားရေးမွဲတေမှုကြောင့် အလုပ်အကိုင်မရှိခြင်းတို့ကြောင့် ပညာရေးမွဲတေမှု ဖြစ်၏။ စီးပွားရေးမွဲတေခြင်း၊ အလုပ်အကိုင်မရှိခြင်းကြောင့် ကျောင်းဆက်နိုင်။ ကျောင်းတက်ကြသော်လည်း မူလတန်းပညာ၊ အလယ်တန်းပညာလောက်နှင့် တစ်ဝက်တစ်ပျက်မှာ ကျောင်းထွက်၍ စားစရာထွက်ရှာနေကြသော လူငယ်လေးများမှာ တစ်တိုင်းပြည်လုံးမှာရှိသော မြို့နယ်ဒေသတိုင်း၊ ရပ်ကွက်ဆိုင်များတွင် ပညာမသင်နိုင်ဘဲ စားပွဲထိုးအလုပ်များကို တစ်နေ့လုပ်ကိုင်နေကြရသည်။

အချို့လူငယ်လူရွယ်တွေမှာတော့ ကျောင်းထွက်ပြီး စီးပွားထွက်ရှာကြရသူများအဖြစ် နိုင်ငံတိုင်းမှာရှိနေ၏။ စီးပွားရေးမွဲတေမှုကြောင့် ပညာရေးမှာ မွဲတေလာကြရသော လူငယ်များအဖို့ စိတ်ဓာတ်မွဲတေမှု (Mental Poverty) အထိ ရောက်ကြရ၏။

တိုင်းပြည်တွင် စီးပွားရေးမွဲတေမှုကြောင့် စားဝတ်နေထိုင်ရေးဒုက္ခကို တိုင်းပြည်သားတိုင်း ခါးစည်းခံနေကြရ၏။ စီးပွားရေးမပြေလည်ခြင်းကြောင့် (Economic Poverty) စီးပွားရေးမွဲပြာ ဖြစ်လာသည်။ စီးပွားရေးမွဲတေမှုကြောင့် (Education Poverty) ပညာရေးမွဲတေမှုဖြစ်လာတော့၏။ ပညာမသင်ရတော့ဘဲ မူလတန်း၊ အလယ်တန်းများနှင့် စီးပွား... ရှာကြရသော ...င်းနိုင်ငံတွင် ...ငမှာ နှစ်သိန်း ...ရှားယားနိုင်ငံ၌ တစ်သိန်း ...တ်ရှိနေကြသည်။ သည်လူငယ် ... စီးပွားရေးနှင့် ပညာရေးများ ...ကြောင့် ရောက်သွားကြခြင်း ...နိုင်ငံတစ်ခု၏ ဆင်းရဲမွဲတေမှုများ

တိုးပွားလာသည်နှင့်အမျှ အလုပ်အကိုင်နှင့် စီးပွားရှာရလွယ်သော အခြားနိုင်ငံများသို့ မလွဲမသွေ စိမ့်ဝင်ရောက်ရှိမည်မှာ ဓမ္မတာဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံသားများသည် ဆင်းရဲမွဲတေသောနိုင်ငံထဲကို ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းမရှိပါ။

အလုပ်ရရှိရန်အတွက် မည်သူမဆို အလုပ်အကိုင်နှင့် ပတ်သက်၍ မိမိလျှောက်ထားသောအလုပ်ဌာနများ၊ ကုမ္ပဏီများ၊ အလုပ်ရုံ၊ စက်ရုံများမှ (အင်တာဗျူး)လူတွေ့ရန်ခေါ်သောအခါလည်းကောင်း၊ အလုပ်နှင့်ပတ်သက်ပြီး လာဘ်သပ္ပကာရရန်ဖြစ်စေ၊ မိမိအား မေတ္တာရှိစေရန်အတွက် အောက်တွင် ဖော်ပြထားသော ယတြာအတိုင်း မိမိတို့ နေ့အလိုက် သေချာစွာ ပြုလုပ်ပါ။

◆ ဘုရားရှိခိုးပြီး နံနက်တိုင်း (၉) ရက်ဆက်ပြုလုပ်ပါ။

◆ အမြန်ဆုံး (၉) ရက် အကြာဆုံး (၂၁)ရက်အတွင်း သိသာပါလိမ့်မည်။

◆ အလုပ်အတွက် လျှောက်ထားသူသည် လျှောက်လွှာလျှောက်ထားပြီး (၁၄) ရက်လွန်မှ ၎င်းယတြာကို ပြုလုပ်ပါ။

### (၁) တနင်္ဂနွေသား/သမီးများအတွက်

သီဟိုဠ်သရက်ရွက် (၁) ရွက်ပေါ်တွင်ထိုင်၍ ထမင်းစားပါ။ ထမင်းစားပြီးလျှင် ၎င်းသီဟိုဠ်သရက်ရွက်ကို တောင်အရပ်သို့ မိမိအလိုရှိရာ အကြံအစည်ကို ရည်စူး၍ ဆုတောင်းပြီးပစ်ပါ။ နံနက်တိုင်း (၉) ရက်တိတိ ပြုလုပ်ပါ။

### (၂) တနင်္လာသား/သမီးအတွက်

တမာရွက်(၃)ရွက်အပေါ်၌ထိုင်ပြီး ထမင်းစားပါ။ ထမင်းစားပြီးလျှင် ၎င်းတမာရွက်များကို အနောက်တောင် (စနေထောင့်)အရပ်သို့ မိမိလိုရာပြောဆို ရည်စူးဆုတောင်းပြီးပစ်ပါ။ နံနက်တိုင်း (၉) ရက်တိတိ ပြုလုပ်ပေးပါ။

### (၃) အင်္ဂါသား/သမီးအတွက်

အုန်းရွက်လက်သုံးသစ်အပေါ်မှာ ထိုင်၍ ထမင်းစားပါ။ ထမင်းစားပြီးလျှင် ၎င်းအုန်းရွက်များကို အနောက်အရပ်သို့ မိမိအလိုဆန္ဒရှိရာကို ရည်စူးပြောဆို၍ ပစ်ပါ။ နံနက်တိုင်း (၉) ရက်တိတိပြုလုပ်ပါ။ လိုရာအောင်မြင်ပါလိမ့်မည်။

### (၄) ဗုဒ္ဓဟူးသား/သမီးအတွက်

ကံကော်ရွက်ပေါ်ထိုင်၍ ထမင်းစားပါ။ ထမင်းစားပြီး ၎င်းအရွက်များကို အနောက်မြောက်ထောင့် (ရာဟုအရပ်) သို့ မိမိအလိုရှိရာရည်စူး၍ ပြောဆိုဆုတောင်းပြီးစွန့်ပစ်ပါ။ နံနက်တိုင်း (၉) ရက်တိတိလုပ်ပါ။ အောင်မြင်ပါမည်။

### (၅) ကြာသပတေးသား/သမီးအတွက်

ဆီးရွက်များပေါ်၌ထိုင်၍ ထမင်းစားပါ။ ထမင်းစားပြီး ၎င်းအရွက်များကို အရှေ့မြောက်အရပ် (တနင်္ဂနွေထောင့်) သို့ မိမိအလိုရှိရာများကို ရည်စူးပြောဆိုပြီး စွန့်ပစ်ပါ။ နံနက်တိုင်း (၉) ရက်တိတိလုပ်ပါ။

### (၆) သောကြာသား/သမီးများ

ရွက်လှ သို့မဟုတ် ဝါးရွက်ပေါ်၌ ထိုင်ပြီး ထမင်းစားပါ။ ထမင်းစားပြီး ၎င်းအရွက်များကို အရှေ့တောင်အရပ် (အင်္ဂါထောင့်) သို့ မိမိလိုပြောဆိုပြီး စွန့်ပစ်ပါ။ နံနက်တိုင်း (၉) ရက်တိတိလုပ်ပါ။

### (၇) စနေသား/သမီးအတွက်

ငှက်ပျောရွက်လက်သုံးသစ်အပေါ်မှာထိုင်ပြီးလျှင် ထမင်းစားပါ။ ထမင်းစားပြီး ၎င်းငှက်ပျောရွက်ကို မြောက်အရပ် (သောကြာထောင့်) သို့ မိမိလိုရာဆန္ဒများကိုပြောဆို၍ စွန့်ပစ်ပါ။ နံနက်တိုင်း (၉) ရက်တိတိ ပြုလုပ်ပါ။

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ လူငယ်လူရွယ် ကျား/မများအားလုံး အလုပ်အကိုင် ကိုယ်စီကိုယ်ငရရှိကြ၍ စိတ်အေးချမ်းသာရှိကြပါစေ။

စီးပွားရေးမွဲတေမှု (ECONOMIC POVERTY)၊ ပညာရေးမွဲတေမှု (EDUCATION POVERTY)၊ စိတ်ဓာတ်မွဲတေမှု (MENTAL POVERTY)၊ အသိဉာဏ်ခေါင်းပါးမှု (INTELLECTUAL POVERTY) များမှ ကင်းဝေးလွတ်မြောက်ကြပါစေ။

မုဒိတာ (ကျိုက်သဘ်)



www.burmeseclassic.com

www.burmeseclassic.com

# ရတနာဒေဝီ

## ပုပ္ပားနတ်တောင်အနီးမှ သာသနာပြုပုဂ္ဂိုလ်




ပုပ္ပားတောင်ဟု ဆိုလိုက်သည်နှင့် ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီများဆေးစုရာ နတ်တောင်၊ ဆေးကြိတ်သည့်တောင်ဟု သိကြသလို မြန်မာတို့ ယုံကြည်လေးစား ကိုးကွယ်သမှုခံရသည့် အဘအောင်မင်းခေါင် ထွက်ရပ်လမ်းမြန်းရာနေရာဟု မှတ်မိနေကြမှာပါ။ ဇော်ဂျီများ ဆေးကြိတ်သည့် ကျောက်ပျဉ်ချပ်ကြီးသည် ကျောက်တောင့်ကြားမှာ သီးသန့်တည်ရှိနေပြီး တစ်ထောင်ခန့်အမြင့်ရှိကာ လူလက်တစ်ဖက်စာခန့် ကျယ်ပါမည်။ ပါရမီဆက်ရှိနေသူတို့ ဆေးကြိတ်နေသည့် ဝိဇ္ဇာများနှင့် တွေ့ကြုံလျှင် ဆေးအနည်းငယ်ခွဲ့ကျွေးခဲ့ခြင်းဖြင့် ရောဂါဘယကင်းစင်ပြီး ထမင်းမဆာတော့ဘဲ အာဟာရသိဒ္ဓိပြီးမြောက်သည်ဟု ကြား



www.burmeseclassic.com

www.burmeseclassic.com



[illegible]ပါ၏၊ ရောက်လာကြသူများ ယုံကြည်[illegible]ဖြင့် ကျောက်ပျဉ်ချပ်ကြီးကို လက်[illegible]ဖြင့်ပွတ်၍ ဦးခေါင်း၊ မျက်နှာများကို သုတ်ကြပါသည်။ ဆေးကြိတ်ထား၍ မျက်နှာပြင်သည် ဆေးအာနိသင်များ ကျန်ရှိနေဦးမည်ဟု မျှော်လင့်ကြခြင်းပါ။

မိတ္ထီလာမြို့ နေပြည်တော်[illegible]တန်းနှင့် ချောက်မြို့များတွင် ခင်ပွန်း[illegible]ဝန်ကျေခဲ့၍ ပုဂံ၊ ပုပ္ပားတစ်ဝိုက်[illegible]သည်လိုက်ပို့ရင်း မကြာမကြာ [illegible]ခဲ့ပါသည်။

ချောက်မြို့၌နေစဉ် အစာမစား[illegible]အောင် ဖျားနာ၍ အကြောဆေးသွင်း[illegible]ပါ၏။ တပ်စာရင်းကိုင်ကြီးက သူကြား[illegible]မှ စီကာပတ်ကုံးပြောပြရာ ဖြစ်စဉ်[illegible]ထူးဆန်းလွန်း၍ စာဖတ်ပရိသတ်[illegible] မျှဝေပေးလိုသည့်ဆန္ဒ ဖြစ်လာပါသည်။

ရပ်ဝေးမှ နာမကျန်းဖြစ်၍ ဆေး[illegible]သူ၊ သတင်းကြားဖြင့် လာရောက်[illegible]သူများရှိခဲ့ရာ ဆရာက ပါးစပ်မှ တစ်[illegible]ခန့်မတ်စေ့အလေးစေ့ကလေးများ [illegible]ချကာ ပရိသတ်အားလုံးကို မတ်စေ့[illegible]စေ့စီပေးကာ ဆောင်ထားကြရန် [illegible]ကြားပါ၏။ ကျန်နေသည့် အကြွေစေ့[illegible]ကိုကောက်ယူမျိုချရင်း ရေနွေးကြမ်း[illegible]တ်သည်ဟု ဆိုပါသည်။ ထူးဆန်းမှု[illegible]မိခင်ကြီးသည် မုဆိုးမဖြစ်ပြီး ဆင်းရဲနွမ်းပါးရှာပါသည်။ မိခင်ကို ဘာမှမပေးခြင်းပါ။ ပြောင်း၊ လူး၊ ဆတ်များ စိုက်၍ စားကြရပြီး ထမင်းပင် မစားနိုင်ကြပါ။ သမဝါယမအသင်း အဖွဲ့အစည်းများမှ ဆန်ဆိုင်ရောက်လာ၍ ထမင်းစားဖူးသည်ဟု ဆိုပါ၏။ ထမင်းကို 'အမင်း' ဟုသာ ခေါ်ပါသည်။ ကိုယ်တိုင်ရက်သည့် ချည်ကြမ်းအင်္ကျီ၊ နှစ်နံ့စပ်ချည်ကြမ်းလုံချည်ကိုသာ ဝတ်ဆင်ထားပါ၏။

ဆရာ၏ အစ်ကိုမှာ ဦးကျော်ဆွေဟု ခေါ်ပြီး မြေလတ်သားပီသစွာ အသားညိုညိုနှင့်တုတ်ခိုင်ပါသည်။ မိခင်ကြီးကလည်း အသားညိုလှပါသည်။ ဆရာဦးကျော်ငွေကသာ ဖြူဝင်းနေသည့် အသားအရေရှိပြီး မင်းသားလိုနုနယ်နေပါ၏။ စကားလုံးဝမပြောတတ်ပါ။ ဆရာပြောလိုရာကို ဦးကျော်ဆွေက ဟန်ပန်အမူအရာ မျက်နှာရိပ်ကြည့်၍ မမှားယွင်းအောင်ပြောနိုင်စွမ်းရှိပါသည်။ လူတစ်ယောက်ထံမှ ငါးမူးသားရွှေလက်စွပ်ကိုတောင်းကာ လေးခွတွင် လောက်စာလုံးကိုထည့်၍ အိမ်ပြတင်းပေါက်မှ ပစ်လိုက်ခြင်းပါ။ အိမ်ပတ်လည်သည် ကျောက်ဆောင်များ၊ ချုံများရှိပါသည်။ ပိုင်ရှင်ကို 'နှမြောသလား' ဟု မေးပြီး ဘုရားကန်တော့ပွဲကို လက်ညှန်ကာ တစ်စုံတစ်ရာရွတ်ဖတ်နေပြီး (၁၀) မိနစ်ခန့်အကြာတွင် လက်တစ်ဖက်ဖြန့်ယမ်းလိုက်ပါသည်။ လက်ဝါးဖြန့်ပြလိုက်တော့ ပစ်လိုက်သည့်ရွှေလက်စွပ်ရောက်နေပါ၏။ ထိုလက်စွပ်သည် သိဒ္ဓိတင်ပြီး ဖြစ်နေပါသည်။

လူတစ်ယောက်၏နာရီကိုတောင်းကာ သံဆုံတွင်ထည့်၍ သံကျည်ပွေ့ဖြင့် တဒေါင်းဒေါင်းထောင်းပါတော့သည်။ ထောင်းထားသည့်နာရီကို စက္ကူတစ်ရွက်ပေါ် သွန်ချပြီး ရေစိုခံရော်ဘာကွင်းလေးကို ကတ်ကြေးဖြင့် ညှပ်ပါတော့သည်။ ပိုင်ရှင်ကတော့ မျက်နှာပျက်လျက်ပါ။ ဆရာက ဘာမှစကားမဆိုဘဲ အစအနများကို စက္ကူနှင့်ထုတ်လိုက်ပါ၏။ ပိုင်ရှင်လက်အတွင်းထည့်ပြီး ဘုရားကျောင်းဆောင်ဘက်လှည့်ကာ ရွတ်ဆိုနေပါသည်။ (၁၅) မိနစ် ကြာလောက်မှ စက္ကူထုတ်ကို ဖြေခိုင်းပါသည်။ စက္ကူထဲ၌ မူလအတိုင်း နာရီသည် စက်သံတချက်ချက်ဖြင့် တွေ့ရပါ၏။ နာရီတောင်းယူစဉ်က အချိန်မှတ်သားခိုင်းခဲ့၍ ဆရာထောင်းထုချိန်၊ စက္ကူနှင့်ထုတ်ပြီး ပြန်တွေ့ရချိန်ကိုကြည့်လိုက်ရာ လုပ်ဆောင်ချိန်ပေါင်းလိုက်လျှင် ရောက်ရှိနေချိန်သည် ကြာမြင့်ချိန်နှင့်ပေါင်း၍ ရောက်လာသည့်အချိန်အတိုင်းပါပဲ။ ထိုသူကလည်း ဆရာတစ်စုံတစ်ရာရွတ်ဖတ်နေစဉ် စက္ကူအတွင်းမှ အစအနလေးများ ရွေ့လျားနေသည်ကို ခံစားရပြီး ဆ[illegible]



www.burmeseclassic.com

www.burmeseclassic.com





စက္ကူ မဖြေခိုင်းခင်မှာပင် နာရီစက်သံကို ကြားရသည်ဟု ဆိုပါ၏။ ထူးဆန်းစွာပင် နာရီကို သိဒ္ဓိတင်ပေးလိုက်ခြင်းပါ။

လာရောက်ကြသူများသည် ထိုက်တန်ရာ ဘုရားဆင်းတုတော်၊ လက်ဖွဲ့၊ လက်စွပ် (ခါတ်လုံးပါ)၊ ပိုက်ဆံစသဖြင့် ဆောင်ထားရန် ရရှိကြပါ၏။ စာရေးသူ မကျန်းမာ၍ လူတွဲကာ ဆရာ့အိမ်ပေါ် ရောက်ခဲ့ပါသည်။ ခြေတံရှည်အိမ်ပေါ် ရောက်တော့ ဆရာက တောထဲဘုရားတည်သည့်နေရာသွားပါပြီတဲ့။ အစ်ကိုက ဆင်းသွားပြီး ခေါ်ပါသည်။

မကြာ၊ ဦးကျော်ဆွေတစ်ယောက်တည်း ရောက်ပါပြီ။ အားတုံ့အားနာစွာ ဆရာမလိုက်လာနိုင်ကြောင်း ပြောပါတော့သည်။ ပြန်ကြရန် လူများထိုင်ရာမှ ထကြပါပြီ။ စာရေးသူ ဘုရားကျောင်းဆောင်ဘက် ရှိသေစွာဦးချပြီး ပဋ္ဌာန်းဆက်ရှိနေပါလျှင် ဆရာကြွရောက်လာပြီး ဆေးကုသခွင့်ရပါရစေဟု ဆုတောင်းလိုက်ပါသည်။ လှေကားမှ ခြေသံတဒုန်းဒုန်းနှင့် လူတစ်ယောက် အိမ်ပေါ်တက်လာခဲ့ပါပြီ။

"ငါလာခေါ်တော့ လုံးဝမလာဘူးဆို"

စကားမဆိုပါဘဲ သောက်ရေအိုးမှ ရေနှစ်ခွက်ခပ်၍သောက်ချလိုက်ပါသည်။ နောက်မှ စာရေးသူကို လက်ညွှန်ကာ ခေါင်းတခါခါဖြင့် ဝူးဝါးဝူးဝါးပြောပါတော့၏။

"အေး - နေလို့မရတာ သိရက်နဲ့ အစောကတည်းက လာခဲ့ပါတော့လား။ လူကိုစိတ်ကသိကအောက်လုပ်တယ်"

ဟု ဦးကျော်ဆွေက ဆူပါတော့သည်။

ဘာမှပြန်မပြောဘဲ ဘုရားကျောင်းဆောင်ကို ဦးတိုက်ပါ၏။ နေမကောင်း၍ လာခဲ့ကြောင်းပြောတော့မှ ညာဘက်လက်ကို လေထဲဝှေ့ယမ်းလိုက်ပါသည်။ ကျောက်ပျဉ်နှင့် ရေတစ်ခွက်ယူကာ လက်ထဲကပစ္စည်းကို သွေးနေပါ၏။ သောက်ရန်ပြော၍ ဆေးကို လက်ဖြင့်ဆွဲစု၍သောက်ချလိုက်ရာ ပန်းပေါင်းစုံရနံ့ မွှေးပျံ့ပြီး ချိုမြမြဆေးအရသာကို ခံစားမိပါသည်။ ကြီးတော်ငယ်ကိုလည်း ဆေးတိုက်ပါသည်။ မည်သူ့ကိုမျှမတိုက်ပါ။ ဒေါ်ကြီးသည် အသည်းရောင်ရောဂါဖြင့်ကွယ်လွန်ခဲ့ပါပြီ။ ခင်ပွန်းထံမှ ပိုက်ဆံငါးကျပ်တောင်းပြီး ကားသမား ရဲဘော်လေးကို လက်မှတ်ရေးခိုင်းပါသည်။ ပြီးမှ ပိုက်ဆံကို တစ်စစီဆုတ်ဖြဲပြီး ပါးစပ်ထဲထည့်၍ဝါးကာ ရေနွေးကြမ်းသောက်၍ မျိုချလိုက်ပါသည်။ (၁၀) မိနစ်ခန့်ကြာတော့ ပါးစပ်ထဲမှ ထွေးထုတ်ရာ ငွေငါးကျပ်တန်ဖြစ်နေပြီး စစ်ဆေးရန် ပေးပါသည်။ ရဲဘော်လေး၏ လက်မှတ်အပြင် ဖောင်တိန်မင်အနီရောင်ဖြင့် အင်းရေးဆွဲထားသည်ကို တွေ့ရပြီး အင်းကလည်း ပီပြင်လှပါသည်။

ကျွန်မကို ပိုက်ဆံတောင်းကာ မီးရှို့လိုက်ပြီး ပြာကိုရေနွေးကြမ်းဖြင့် မျိုချပြန်ပါ၏။ မကြာခင်မှာ အင်းတစ်မျိုးချထားသောပိုက်ဆံကို မြင်ရပါတော့သ ပိုက်ဆံသည် စိုစွတ်နေသော်လည် ဆွဲထားသည့်အင်းသည် မင်ပျံ ပါ။ ဆောင်ထားရန် ခိုင်းပါသ

ကားသမားရဲဘော်က်





www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်ခင်ပေးပြီး ကတ်ကြေးနှင့် မွစာကျဲအောင် ညှပ်စေပါသည်။ ညှပ်စများကို ပလတ်စတစ်အိတ်တွင်းထည့်၍ မီးဖြင့် ပိတ်လိုက်ပြီး ခင်ပွန်းလက်ဖဝါးနှစ်ဖက်တွင်းထည့်၍ ကိုင်စေပါသည်။ ပြီးမှ ဆရာ၏ပုတီးကို ရစ်ပတ်ပေး၍ ပါးစပ်မှ ရွတ်ဆိုနေပါသည်။ ဂရုတစိုက်ကြည့်နေ၍ ရွတ်ဆိုသည်မှာ (၇) ခေါက်မှန်းသိရပါသည်။ လက်ဖြန့်ရန်ပြောပြီး ပလတ်စတစ်အိတ်ကို ဖွင့်ပါသည်။ အိတ်ထဲမှ ဆွဲထုတ်လိုက်သည့်အရာသည် စလွယ်သိုင်း၍ရလောက်အောင် ရှည်လျားပြီး လက်ဖွဲ့ထုံးကလေးများ ထူးဆန်းစွာရှိနေခဲ့ပါသည်။ လက်ဖွဲ့ကို ခင်ပွန်းရှေ့ပစ်ချပေးပြီး နှုတ်မှထွက်လာသည့်အသံသည် သသလောက် ကျယ်နေပါသည်။

"ရော့၊ သေနတ်ပြီးတယ်"

ဟုပါသတည်း။

ကျန်ခေါင်းမှာဆွဲ၍ရသည့်အရွယ်အား လက်ဖွဲ့ကြိုးလေးများကို လူစေ့ဝေငှပေးပါသည်။ ကျွန်မက ကိုယ်ဝန်ဆောင်ထားသည့် ကလေးအတွက် ပြောမိရ၍ စိတ်မကောင်းပါ။ ရယ်ပြုံးပြီး ဗိုက်ထဲမှကလေးအတွက်ဟု ကျွန်မကို ပေးခဲ့ပါ၏။ ဆရာသည် ကျွန်မစိတ်ကို ပါတ်နိုင်စွမ်းရှိနေတာကိုး။ ကျွန်မက သေစွာဦးချ၍မေတ္တာပို့ပေးပါဟု ပြောလိုက်ပါ၏။ တရားအားထုတ်သည့် သဏ္ဍာန်ပုတီးစိပ်သည့် ပုံသဏ္ဍာန်လုပ်ကာ -

"ဒါတွေလုပ်နေတဲ့သူမဟုတ်လား။ သေစေရပါဘူး။ ပုဂ္ဂိုလ်ထူးများပါစောင့်ရှောက်နေပါသည်။ ဆရာလည်း ပို့ပါမည်"

ဟု ပြုံးရွှင်စွာ ကတိပေးခဲ့ပါ၏။

ယခု စာရေးသူ အသက် (၆၀) ကျော် သွေးတိုး၊ နှလုံးသွေးကြောကျဉ်း၊ ကင်ဆာဖြစ်ကာ လက်ရှိသွေးချို (၅၀၀) ကျော်ဖြစ်နေခဲ့ပါသည်။ ရောဂါများ နှိပ်စက်သော်လည်း အိပ်ရာထဲလဲကျခြင်း မရှိသေးပါ။ ကင်ဆာဖြစ်၍ ၍သာ ဆေးရုံမှာ တစ်လနီးပါး ခဲ့ပါသည်။ ရောဂါပေါင်းစုံ ခံစားရသော်လည်း မသေသေးပါ။ လွန်ခဲ့သည့် နှစ်ကျော်ကမကြာခဏနေမကောင်းသည်။ ဈေးသွားရင်း ယောဂီဝတ်စုံ ချုပ်ကာ အဓိဋ္ဌာန်ဝင်ခဲ့ပါသည်။ ၍ မှတ်သားထားသောစာအုပ်ကို ရာ စာရေးသူရောက်ရှိနေသည့် ရာဟုသံဒေါင်းကျကာ မရဏ စီးနေ၍ သေဘေးရောက်နိုင်သည်ကို သတိပြုမိလိုက်ပါသည်။ နတ်ကောင်းနတ်မြတ်တို့က လမ်းညွှန်ပေး၍ ဝတ်စုံလဲလိုက်မိပြီး အသက်မသေကျန်ခဲ့ခြင်းကို နားလည်ရပါတော့၏။

တစ်ကြိမ်က လူလေးဦး ဆရာ့ထံရောက်ခဲ့ပါသည်။ ဆရာက ပိုက်ဆံတောင်း၍ ကျပ်တန်တစ်ရွက်ထုတ်ပေးပါသည်။ ကျပ်တန်ကိုစားပြီး ထွေးထုတ်တော့ ဆယ်တန်ဖြစ်နေရုံသာမက ထိုသူတို့၏ လက်မှတ်များလည်း ပါရှိနေပါသည်။ လေးခြမ်းစိတ်၍ လေးဦးခွဲပေးရာ အရွက်ကြီး ရချင်သည်ဟု ဆိုကြပါသည်တဲ့။ ဆယ်တန်အပိုင်းလေးများကို မီးရှို့၍ ရေနွေးကြမ်းနှင့် သောက်ချပြန်ပါသည်။ ခဏအကြာတွင်မူ ထွေးထုတ်လိုက်ရာ ရာတန်ဖြစ်၍ လေးခြမ်းစိတ်ပေးရာ တစ်ယောက်တစ်ရွက်ရချင်သည်ဆို၍ မျိုချပြီးထွေးထုတ်ပြန်ရာ မူလပေးလိုက်သည့် ကျပ်တန်သာဖြစ်နေသည်ကို အံ့ဩစွာ တွေ့ရပါသည်။

နှုတ်မှလည်း-

"လောဘကြီးတယ်၊ ပြန်ကြတော့"

ဟု ဆိုသည်ဟု သိရပါသည်။

လူမျိုးစုံ၊ ပြဿနာပေါင်းစုံဖြစ်ပြီး ထိုလူများ၏ စရဏအလိုက် အဆောင်များပေးခြင်းကို သိရပါသည်။ အရာရှိတစ်ဦးဆိုလျှင် ဘုရားတစ်ဆူရရှိခဲ့ပြီး မမျှော်လင့်ပါဘဲ ဝန်ကြီးအဆင့်အထိ ရာထူးရရှိနေသည်ကို ကြားသိရပါ၏။

ပုပ္ပားတောင်မကြီး၏ တောင်ရွာ၊ မြောက်ရွာဟု ရွာနှစ်ရွာရှိရာ ဆရာနေသည့်ရွာသည် မြင်းခြံသွားကားလမ်းဘေးမှ ဝင်သွားရပါသည်။ တွေ့သည့် ရွာသားများကို မေးပါကလည်း လမ်းညွှန်ပေးကြပါမည်။ ဆရာငယ်စဉ်က မိခင်က မုဆိုးမဖြစ်၍ ဆင်းရဲပြီး ဘုန်းတော်ကြီးကျောင်းမှာအပ်နှံထားပါသည်။ ငှက်ပျောသီးသာစားရ၍ သူကြီးမြေးများလို မုန့်ပဲသရေစာစားချင်ရှာပါသည်။ ကျောင်းဝိုင်းအပြင်သစ်ပင်ကြီးအောက် ဝမ်းနည်းစွာငိုကြွေးမိရာ ဝတ်ဖြူစင်ကြယ်ဝတ်ထားသူတစ်ဦး ရောက်လာပြီး စိပ်ပုတီးတစ်ကုံးချီးမြှင့်ကာ ပုတီးအဓိဋ္ဌာန်ဝင်ခိုင်းခဲ့ပါသည်။

မကြာပါ။ သစ်ပင်ကိုခြေထောက်ဖြင့် ဇောက်ထိုးတက်နိုင်၊ ဆင်းနိုင်ပြီး မုန့်ထည့်ထားသည့် ဗီရိုကြီးကို လက်နှင့်ခေါက်လျှင် ခတ်ထားသည့်သော့ အလိုလို ပွင့်သည်ဟု ဆိုပါ၏။ စားချင်သည့် မုန့်ယူပြီးစားနေစဉ် ဗီရိုက သော့ပိတ်ပြီးသားမို့ ဆရာတော်က လက်သည်ရှာရာ ဆရာဖြစ်မည့် ကျောင်းသားကို တွေ့ပါတော့သည်။ ကလေးပြောစကားနှင့် ပုတီးကုံးကိုပါမြင်ရ၍ ပုဂ္ဂိုလ်ထူးများ စောင့်ရှောက်ခြင်းခံရသည်ကို သိရှိပြီး ရိုက်နှက်ဆူပူခြင်းမပြုတော့ပါ။

ထိုအချိန်မှစ၍ အရွယ်ရောက်သည့်အခါ စရဏတန်ခိုးဖြင့် ဒုက္ခရောက်သူတို့ကို ကယ်မနိုင်ခဲ့ပါသည်။ ရောဂါများ ပျောက်ကင်းကြခြင်း၊ စီးပွားတိုးတက်ကာ ရာထူးရခြင်း အကျိုးများရရှိ၍ လူအများအားကိုးစွာရောက်ရှိနေပါသည်။ ပုပ္ပားတောင်မကြီးအနီးကရွာမှ ဆရာဦးကျော်ငွေဆိုလျှင် မသိသူမရှိပါ။ သိလည်းသိကြသူ၊ ရှိလည်းရှိနေသူ ဆရာဦးကျော်ငွေထံ အရောက်သွား၍ မိမိတို့၏ လူမှုရေးအကျပ်အတည်းမှ လွတ်ကင်းနိုင်ကြပါစေရန် တစ်ကြိမ်လောက် အကူအညီယူကြပါဟု တိုက်တွန်းလိုက်ပါသည်။ စာဖတ်သူတို့အတွက် လက်ဖွဲ့စလွယ်နှင့် လည်မှာဆွဲရန် အင်းချပြီး ငွေစက္ကူနှစ်ရွက်၏ဓာတ်ပုံကို ဖော်ပြပေးလိုက်ပါသည်။

*ဆရာဦးကျော်ငွေအား*
*ဤစာစုဖြင့် ဦးခိုက်အပ်ပါ၏*

ရောနှောအေး



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်အဖေ ဦးဘထွေးသည် အသက် (၆၅) နှစ်ကျော်နေသည့်တိုင် အရက်ကို စွဲမြဲစွာသောက်နေဆဲ။ ဘယ်အချိန်ကာလက စတင်အရက်သောက်ခဲ့သည်ကို ကျွန်တော်မသိတတ်နိုင်သော်လည်း ကျွန်တော် လူမှန်းသိတတ်စကတည်းက အဖေအရက်သောက်နေသည်ကိုဖြင့် မှတ်မိသည်။ အရက်သောက်မှုကြောင့် အမေနှင့်လည်း မကြာခဏ စကားများရန်ဖြစ်ကြသည်။ အမေ့မှာ မိသားစုအတွက် ရှန်းကန်ရှာဖွေရသည်နှင့် နားရသည် မရှိခဲ့။


အရက်ကိုစွဲမြဲစွာသောက်နေသော်လည်း ကျန်းမာရေးကောင်းမွန်သည်။ ကျန်းကျန်းမာမာ သွက်သွက်လက်လက်။ သို့သော်လည်း အဖေ၏ ဟာကွက်ကို အလစ်ချောင်းနေသော သွေးတိုးရောဂါ ရှိနေသည်ကို အဖေက မသိ။ မိသားစုဝင်များလည်း မသိခဲ့ကြ။ တစ်ရက်မှာဖြင့် အလစ်အငိုက်ချောင်းနေသော သွေးတိုးရောဂါက အဖေ့ကို အလဲထိုး အနိုင်ယူခဲ့ချေသည်။ ညဦးပိုင်း အဖေ အရက်မူးလာသဖြင့် ထုံးစံအတိုင်း အဖေနှင့် အမေ စကားများကြပြန်သည်။ စကားများပြီးနောက် မူးမူးနှင့် အိမ်ရှေ့ကွပ်ပျစ်တွင် အင်္ကျီဗလာနှင့် အဖေအိပ်ပျော်သွားခဲ့သည်။ နံနက် ငါးနာရီခန့်တွင် ဝူးဝူးဝါးဝါးဗလုံးဗထွေးနှင့်အော်နေသော အဖေ့အသံကြောင့် အိမ်သားအားလုံး လန့်နိုးကြကာ အဖေ့ကို အပြေးအလွှား သွားကြည့်ကြသည်။ ညပိုင်း အင်္ကျီဗလာနှင့် အိပ်စက်ခဲ့၍ အအေးပတ်ကာ လေငန်းဖြစ်ပြီး ကိုယ်တစ်ခြမ်းသေသွားခဲ့ပါသည်။

အဖေ လေငန်းဖြစ်သည်ကို ကျွန်တော့်ယောက်ဖ ကိုထွန်းတင်က နှိပ်နယ်ကုသပေးသည်။ ဆေးရွက်၊ ဆေးမြစ်၊ ဆေးဥများ ရှာဖွေစုဆောင်းကာ အိုးတစ်လုံးနှင့်ကျို၍ ချွေးပေါင်းခံပေးသည်။ ပါးစပ်ရွဲ့၊ လျှာလိပ်နေသည်ကို ဆေးလိမ်း။ အတွင်းတိုဝင်နေသောလျှာကို လက်ကိုင်ပဝါအသေးနှင့်ပတ်၍ အသာအယာဆွဲဆန့်ထုတ်သည်။ တစ်ဖက်ကလည်း ဆရာဝန်နှင့် ကုသသည်။ အဘက်ဘက်မှ နည်းမျိုးစုံနှင့် ကုသမှုကြောင့် အဖေသည် မိမွေးတိုင်းဖမွေးတိုင်းအထိ မကောင်းလှသော်လည်း ညာဘက်ခြေတစ်ဖက်ဆာဆာနှင့် တုတ်ကောက်တစ်ချောင်းထောက်ကာ လမ်းလျှောက်လာနိုင်သည်။ ဘယ်ဘက်လက်

(လွမ်းမောဖွယ်)

# နေဝင်းဝင်း

## ကျွန်တော်၏အဖေနှင့် ထူးခြားသောအတိတ်နိမိတ်





www.burmeseclassic.com

www.burmeseclassic.com

ကောင်းမွန်သော်လည်း ညာဘက်လက်က အနည်းငယ်မျှသာ မြှောက်နိုင်၊ ကွေးနိုင်၊ ဆန့်လုပ်နိုင်သည်။ လက်ချောင်းလေးများက ကိုင်တွယ်၍မရတော့။

လေငန်းကြောင့် ထမသွားနိုင်ခင်အထိတော့ အဖေနှင့် အရက်အဆက်ပြတ်ဝေးနေခဲ့သည်။ သွားနိုင်လာနိုင်ပြီဆိုသည့်အခါ အဖေအရက်ပြန်သောက်တော့သည်။ အခါတိုင်းလို တစစ်စပ်မဟုတ်သော်လည်း မနက်၊ ညနေ နှစ်ကြိမ်ကဖြင့် တုတ်ကောက်ထောက်ကာ အရက်ဆိုင်သို့ သွားမြဲ သောက်မြဲ။

အရက်သောက်သော်လည်း အဖေက သူ၏ငယ်ကျင့်အတိုင်း နံနက်ငါးနာရီ





www.burmeseclassic.com

www.burmeseclassic.com

တွင် ပုံမှန်ဘုရားဝတ်ပြုမြဲ ဖြစ်သည်။ လေငန်းဖြစ်ကိုယ်တစ်ခြမ်းသေပြီးနောက်ပိုင်း အဖေ ဘုရားဝတ်တက်သည်ကို ယနေ့တိုင် မမေ့နိုင်သေးပါ။ ညာဘက်လက်မမြောက်နိုင်သည်မို့ ဘယ်ဘက်လက်တစ်ဖက်တည်း ထောင်လျက်က အဖေဘုရားဝတ်ပြုပါသည်။ အဖေ လေငန်းဖြစ်ပြီး (၅) နှစ်ခန့်အကြာတွင် အမေဆုံးသည်။ အမေဆုံးပြီး (၂) နှစ်ခန့်အကြာတွင် ညီလေး မောင်ကြည်မင်း ဆုံးပါးပြန်သည်။ ညီလေး မောင်ကြည်မင်းဆုံးပါးပြီးနောက် အဖေတစ်ယောက်တည်းထားရန် မဖြစ်သည်မို့ ညီမလေး မမြဝင်းနေအိမ်တွင် အဖေ့ကိုနေစေခဲ့ပါသည်။ ရန်ကုန်မှာနေသည့် အစ်ကိုကြီးနှင့် ကျွန်တော်က အဖေ့စားရေးဝတ်ရေး၊ ဆေးဝါးကုသရေးတာဝန်ကိုယူ၍ ညီမလေးက အနီးကပ်ပြုစုသည်။ ကျန်ရှိ ညီငယ်၊ ညီမငယ်များက အဆင်ပြေသလို အဖေ့ကို ပြုစုစောင့်ရှောက်ကြသည်။

အမေ ဆုံးပါးပြီးနောက်ပိုင်း အဖေသည် အရက်ကို လုံးဝမသောက်တော့။ နံနက်ကို တစ်ကြိမ်၊ ညတစ်ကြိမ် ပုံမှန်ဘုရားဝတ်ပြုသည်။ ပုတီးစိပ်သည်။ တရားစာအုပ်တွေဖတ်သည်။ အဖေ၏ ထူးခြားချက်မှာ အသက် (၈၁) နှစ် ကွယ်လွန်သည်အထိ မျက်မှန်တပ်ရသည် မရှိခဲ့ခြင်းပင်။

◆

တစ်ခါက ကျွန်တော် ခရီးရက်ရှည်မှအပြန် အဖေနေမကောင်းကြောင်း သိရ၍ အပြေးအလွှားသွားရောက်ခဲ့ရသည်။ အဖေက သတိလစ်နေသည်။ အဖေ့ပေါင်နှစ်ဖက်မှာ သစ်ချောင်းများကဲ့သို့ မာတောင့်နေသည်။ မျက်စိမပွင့်၊ အစာမစားနိုင်နှင့် အိပ်ရာထဲလဲနေသည်။ ဆရာဝန်ကို အိမ်သို့ အားချင်းပင့်၍ ကုသရသည်။ အဖေ့တွင် သွေးပေါင် အပေါ်သွေး(၂၆၀)၊ အောက်သွေး(၁၃၀) အထိရှိနေပြီ။ ဆရာဝန်က တစ်နေ့ နှစ်ကြိမ် လာရောက်၍ ဆေးထိုးဆေးသွင်း (၅) ရက်ခန့် ကုသပေးသည်မှ အဖေ သတိပြန်ရ ကျန်းမာလာခဲ့သည်။

အဖေ့ကို စိုးရိမ်သောကများဖြင့် ဝိုင်းဝန်းပြုစုစောင့်ရှောက်နေကြသော ညီအစ်ကိုမောင်နှမများ ယခုမှပင် သက်ပြင်းချနိုင်ကြတော့သည်။ သားသမီးမြေးတွေနှင့် စုစုရုံးရုံးမြင်ရတွေ့ရပြန်တော့ အဖေ့မျက်နှာပြုံးရွှင်စွာဖြင့် စကားဖောင်ဖွဲ့တော့သည်။

"ငါကွာ ခရီးသည်အပြည့်တင်ထားတဲ့ကားတစ်စီးပေါ် တက်လိုက်သွားတာ ကားပေါ် ရောက်တော့ အနားထိုင်နေတဲ့ကလေးတစ်ယောက်ကို ဘယ်နှနှစ်ရှိပြီလဲလို့မေးတာ ပြန်မပြောဘူး။ လှည့်တောင်မကြည့်ဘူးကွ။ ဒါနဲ့ ငါလည်း ကြာနီကန်လမ်းဆုံလည်းရောက်ရော ခုန်ဆင်းလိုက်တာ နေထိုင်သွားလာရတာများ ပေါ့ပေါ့ပါးပါးကွ။ ဒီလက်တွေ၊ ခြေထောက်တွေများ အကောင်းကွ။ အဲဒီ လမ်းဆုံကနေ သရက်တစ်ပင်သင်္ချိုင်းကို လမ်းလျှောက်သွားတာ"

"အဖေကလည်းသွားစရာရှားလို့"

"အလိုလိုသွားနေတာကွ။ စိတ်နဲ့ ကိုယ်နဲ့ကပ်တယ်လို့ကို မထင်တာ"

"ဟုတ်ကဲ့ပါ အဖေရယ်၊ နောက် ဘာတွေဆက်ဖြစ်သေးလဲ"

"သင်္ချိုင်းသွားတဲ့လမ်း ဘေးတစ်ဖက်တစ်ချက်မှာ စောင်တွေ၊ ကန့်လန့်ကာတွေကာပြီး အိမ်လိုနေကြတာ အများကြီးပဲကွ။ မင်းအမေတောင် တွေ့ခဲ့သေးတယ်။ မင်းအမေက ဗန်းတစ်ချပ်ကိုင်ပြီး အခန်းထဲဝင်မယ့်ဆဲဆဲကနေ ငါ့ကို လှမ်းကြည့်နေတာ။ ငါလည်း ဝမ်းသာအားရနဲ့ လှမ်းခေါ်တာ။ သူက ငါခေါ်တာကို မထူးဘဲ အခန်းထဲဝင်သွားတော့တာ"

အဖေက နားလိုက် ပြောလိုက်နှင့် ပြော်မဆုံးနိုင်သေး။ ကျွန်တော်နှင့် ညီ၊ ညီမများက စိတ်ဝင်စားစွာ နားထောင်နေကြဆဲ။

"အဲဒါခဏပဲကွ၊ ဆက်လျှောက်သွားတော့ မကြာဘူး၊ သင်္ချိုင်းကုန်းကို ရောက်သွားရော၊ သင်္ချိုင်းကုန်းထဲရောက်တော့တွေ့ရ မြင်ရတာတွေက မသတီစရာတွေကွာ။ ဟိုတုန်းက ငါနဲ့ သောက်ဖော်စားဖက် ဈေးနားက လှမောင်ကြီးရယ်၊ ဘောလုံးကွင်းနားက အေးမောင်ရယ်၊ ထမင်းကြော်ရောင်းတဲ့ ငပြူးနဲ့ ကျန်တဲ့သူတွေတော့မသိဘူးကွ။ ခေါက်ဆွဲလုပ်တဲ့စက်ကြီးလိုမျိုး တစ်ယောက်က လှည့်ပေးတယ်။ စက်ထဲကနေ ခေါက်ဆွဲလိုမျိုး အမျှင်ရှည်ရှည်အဖက်တွေက မစင်တွေနဲ့ ဒလိမ်းထိုးပြီး ကျလာတာ။ အဲဒါကို သူတို့က အလုအယက် အားရပါးရ လုစားနေကြတာ။ သူတို့ကြည့်တော့လည်း ကိုယ်လုံးတီး၊ ကိုယ်မှာလည်း အမွေးအမှင်ရှည်ရှည်ကြီးတွေနဲ့။ သူတို့ကြည့်ပြီး အော့ချင်အန်ချင်လာတာနဲ့ ငါလည်း ထွက်ပြေးလာခဲ့တာ"

ကျွန်တော်က အလိုက်သိစွာ အအေးခံထားသော ခပ်နွေးနွေး ရေနွေး ကြမ်းခွက်ကို အဖေ့ပါးစပ်နား ကပ် တိုက်ပေးသည်ကို သောက်ပြီး အဖေက စကားဆက်သည်။

"ဒီဘက်ရောက်ပြန်တော့ တို့ရပ် ကွက်ထဲက မညိုရယ်၊ မတင်သောင်း ရယ်၊ စိန်မေနဲ့ ဟိုမိန်းမတစ်ယောက်ကွာ မကုလားမတို့တစ်သိုက်က မြေကျင်းကြီး ထဲ လက်နဲ့ယက် ထွက်သမျှ အရိုးအ တွေ၊ တီကောင်တွေကို လုစားနေကြပါ ဝရောကွ။ ဆံပင်တွေက ဖားလျားကျ မျက်လုံးကပြူးပြူး၊ နဖူးပြောင်ပြောင် အဝတ်အစားမရှိ။ ငါလည်း ဒီကောင်မ တွေ အရှက်ကိုမရှိဘူးဆိုပြီး ခဲနဲ့ကောက် ထုပြီး ထွက်ပြေးလာခဲ့တာ"

"အဖေ သတိလစ်မေ့မြောသွား တုန်း သေသွားတဲ့သူတွေကို တွေ့ရတာ ဆိုတော့ သူတို့တွေက မကျွတ်မလွတ်ကြ သေးတာများလား အဖေရယ်"

"မြင်ရတွေ့ရတုန်းကတော့ တကယ် ကိုတွေ့ရတာ သားရဲ့။ ခုပြန်စဉ်းစား ကြည့်လိုက်တော့ သားပြောသလို မကျွတ်မလွတ်ကြသေးတာ ဖြစ်မယ် ဒါန၊ သီလ၊ ဘာဝနာမရှိ၊ ဘာကုသိုလ် ကောင်းမှုမှမရှိဘဲသေခဲ့ကြရတာမို့ လွတ် လမ်းက ခက်လှချေပေါ့ကွာ"

သည်သို့ပြောပြီး အဖေ ငေးငိုင် နေသည်။ နောက်မှ အဖေ စကားဆက် ပြောသည်။

"အဖေလည်း ကုသိုလ်ကောင်း တွေ ကြိုးစားပြီးလုပ်တော့မယ်သား။ ရှေ့ ဆက်နေရသမျှအချိန်တွေကို ကုသိုလ် ကောင်းမှု စွမ်းနိုင်သမျှပြုတော့မယ်။ ဒါ ကိုယ့်နောက်ပါမှာ။ သေသွားခဲ့ပြီးဖြစ်တဲ့ မင်းအမေနဲ့ ညီလေးတို့အတွက် ရည်စူး ပြီး ကုသိုလ်ပြုဖို့ စီစဉ်ကြပါကွယ်"

"ဟုတ်ကဲ့ပါ အဖေ၊ သားစီစဉ် လိုက်ပါ့မယ်"

အဖေ့ကို ကတိပေးပြီး နောက် အပတ်အကြာတွင် အမေနှင့် ညီမောင် ကြည်မင်းတို့အတွက် ရည်စူးပြီး အဖေ ရှေ့မှောက်တွင်ပင် သံဃာငါးပါးပင့် လှူ ဖွယ်ဝတ္ထုများ ဆက်ကပ် လှူဒါန်းပေး ပါသည်။

◆

ကျွန်တော့်အဖေသည် လေငန်း ရောဂါနှင့် (၅) နှစ်ခန့်နေခဲ့ရပြီး အသ (၈၁) နှစ်အရွယ်တွင် ကွယ်လွန်ခဲ့သ မကွယ်လွန်မီ နှစ်လခန့်ကပင် လမ်း မလျှောက်နိုင်။ အိပ်ရာထက်မှာပင်



www.burmeseclassic.com

www.burmeseclassic.com

ထဲသျှောင်းနေရသည်။ အိပ်ရာထဲမှာပင် ဝမ်းသွားရသည်။ အဖေ၏တစ်ကိုယ်ရည်သန့်ရှင်းရေး၊ အဝတ်အစား၊ အိပ်ရာခင်း စောင်ကအစ နေ့စဉ်သန့်ရှင်းရေး လုပ်ရသည်။ အဖေ့ဘယ်ဘက်ပေါင်မှာ အိပ်ရာပူနာက ပြည်တစိုစိုနှင့်ရှိသည်။ ဆေးထိုး၊ ဆေးသောက်၊ ဆေးလိမ်းလုပ်သော်လည်း မပျောက်နိုင်ခဲ့။

အဖေမမာတော့သည့်ကာလတစ်လျှောက် အဖေနှင့်အနီးကပ်နေ၍ ပြုစုသည်၊ သောကြာလိုနေ့မျိုးတွင် အဖေနှင့်အတူ ညအိပ်သည်။ မနက်စောစော အဖေ့ကို ကျွေးမွေးပြုစုပြီးမှ အိမ်သို့ပြန်လာခဲ့ရသည်။ ထိုသို့ သောကြာနေ့ အဖေနှင့်အတူအိပ်၍ စနေနေ့မနက်ပိုင်း အိမ်သို့ပြန်သည့်တစ်ရက်။ တိတိကျကျပြောရလျှင် အဖေ မကွယ်လွန်မီ (၈) ရက်အလိုမှာ ဖြစ်သည်။ အဖေ့ထံမှ ပြန်လာပြီး ကျွန်တော်၏ နေအိမ်ရောက်တော့ မနက် (၉) နာရီထိုးလုလု။ ကျွန်တော်အိမ်ထဲအဝင် တံခါးဝတွင်ပင် အိမ်တွင်းမှ ထွက်လာသည်နှင့် သမီးကြီးတို့ကြည့်နေသော ရုပ်မြင်သံကြားစက်ထဲမှ စကားတစ်ခွန်း ကြားလိုက်ရသည်။

"အဖေသေပြီ"

ကျွန်တော့်စိတ်ထဲ ထင့်ခနဲဖြစ်သွားမိသည်။ ထိုစဉ်က မြန်မာ့ရုပ်မြင်သံကြားမှ ပြသနေသော ရုပ်ရှင်ဇာတ်ကားမှာ မိလာရှီကာစိုင်းဗေဒါ ဖြစ်သည်။ မင်းသား ကျော်ဟိန်းနှင့် နေအောင်တို့ နှစ်ဦးက မည်သူပြောသည် ဟု မမှတ်မိပါ။ ဇာတ်လမ်းအရ သူတို့အဖေ နာမည်က 'ဦးအောင်ဒင်'။ အဖေသေပြီ ဟူသော စကားသံကြောင့် ကျွန်တော် ထိုင်ပြီး ဇာတ်လမ်းပြီးဆုံးသည့် အထိကြည့်နေမိသည်။ ကြည့်နေရင်းက တွေးစားနေမိသည်။ ငါဝင်လာကာ 'အဖေသေပြီ' လို့ ပြောသည်နှင့် တိုက်ဆိုင်နေပါလား။ အတိတ်နိမိတ်စနည်း ဗေဒင်ပညာအရ ဘာကိုကောက်ရမည်နည်း။ ကျော်ဟိန်းနှင့် နေအောင်တို့ ၏ အဖေဖြစ်သူအမည် အောင်ဒင်ကိုပင် ကောက်ယူရပေမည်။ သေသူက သူတို့ အဖေဖြစ်နေသည်။ သူတို့အဖေနာမည် အောင်ဒင်မှာ အောင်က တနင်္ဂနွေ ဆိုတော့ (၁)၊ ဒင်က စနေဆိုတော့ (၇)။ (၁) နှင့် (၇) ပေါင်းလျှင် (၈) ဖြစ်သည်။ ဤသည်မှာပြောသည်နှင့်တိုက်ဆိုင်နေသည့် ငါ့ကို ညွှန်းဆိုခြင်းပင်။ သူတို့အဖေရှိသလို ငါ့မှာလည်း အဖေရှိသည်။ သည်သို့ဆိုလျှင် အဖေ ဆိုသည် ငါ့အဖေကို ဆိုလိုသည်။ အဖေ့အတွက် နိမိတ်မကောင်း။ အောင်ဒင်ကို ပေါင်းသော် (၈)ဖြစ်သည်မို့ အဖေသည် ယနေ့မှစ နောက်(၈)ရက်မြောက်တွင် ဆုံးပါးချေတော့မည်လော။

ထိုသို့ပင် အတိတ်ကောက်၍ ကျွန်တော်စိတ်မကောင်းလှ။ မွေးသဖခင် ကျေးဇူးရှင် အဖေ့အတွက် ဘာလုပ်ပေးလျှင်ကောင်းမည်နည်း။ အတွေးများ ချာချာလည်ရသည်။ နောက်တော့ အဖေ့ကို မကြာခဏ ကြွရောက် တရားချီးမြှင့်သည့် ဆရာတော်ကြီးကို သတိရမိပါတော့သည်။ သတိရသည်နှင့် အဝတ်အစားများလဲကာ ဆရာတော်ကြီးထံ သွားရောက် အကျိုးအကြောင်း လျှောက်ထားသည်။ ဆရာတော်ကြီး မိန့်ကြားသည့်အတိုင်း အဖေ့အတွက် စီစဉ်ရတော့သည်။

နောက်တစ်ရက်တွင် ဆရာတော်ကြီး အပါအဝင် သံဃာတော်ငါးပါးကို ပင့်ဖိတ်၍ အဖေကိုယ်တိုင် ဆွမ်းကပ်လှူသည်။ သင်္ကန်း၊ ထီး၊ ဖိနပ်နှင့် ဝတ္ထုငွေများ လှူဒါန်းသည်။ အဖေ့ကို ဖေးမပေး၍ အဖေကိုယ်တိုင် ရေစက်သွန်းချ အမျှပေးဝေသည်။ နေ့စဉ် သံဃာတော်သုံးပါး အဖေ့ထံ ဆွမ်းခံကြွရောက်ရန် ဆရာတော်ကြီး စီစဉ်ပေးသည့်အတွက် အဖေကိုယ်တိုင် နေ့စဉ်ဆွမ်းလောင်းလှူသည်။

အဝေးရောက် အစ်ကို၊ ညီ၊ ညီမများကို ယခုရက်ပိုင်းအတွင်း အရောက်လာကြဖို့ ဆက်သွယ်ခေါ်ယူရသည်။ လေး၊ ငါးရက်အတွင်း ညီအစ်ကိုမောင်နှမများ ရောက်နေကြပြီဖြစ်သော်လည်း ရန်ကုန်က အစ်ကိုကြီးက ရောက်မလာနိုင်သေး။ သည်ရက်ပိုင်းအတွင်း အဖေ့အခြေအနေက တစ်နေ့တခြား ဆိုးဝါး၍လာနေသည်။ ဝေဒနာတစ်ရပ်စွဲကပ်၍ ပြင်းပြင်းထန်ထန် ခံစားရသည်မျိုးတော့ မဟုတ်။ သတိမရတစ်ချက်ရတစ်ချက်။ အဖေ့မျက်လုံးများက သီဝေလို့နေသည်။ အဖေနှလုံးသွင်းကောင်းစေဖို့ အဖေပြုခဲ့သော ကုသိုလ်ကောင်းမှုများ ပြောပြသည်။ ဆရာတော်ကြီး ဟောကြားသည့် တရားတော်များကို အနှစ်ချုပ်ပြန်ပြောပြသည့်အခါ အဖေငြိမ်၍ နားထောင်နေရှာသည်။

သည်လိုနှင့်ပင် တနင်္ဂနွေနေ့သို့ ရောက်လေပြီ။

"မင်းအစ်ကိုကြီး မလာသေးဘူးလား သား"

"မနက်ကထွက်လာပြီလို့ ဖုန်းဆက်တယ်အဖေ။ ခုညနေတော့ ရောက်မှာပါ"

"ဪ - အေး၊ အေး"

မွန်းလွဲ (၂) နာရီရှိလေပြီ။ အဖေ မျက်လုံးမဖွင့်တော့။ သတိကမလွတ်။ မျက်လုံးမှိတ်၍ မှိန်းနေပါသည်။ အဖေ့ကို ပွေ့ထားရင်းက ဓမ္မစကြာသုတ်၊ အနတ္တလက္ခဏသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ မေတ္တသုတ်တို့ ရွတ်ဆိုပေးသည်ကို အဖေက လက်အုပ်ချီထားလိုက်၊ ပြန်ချထားလိုက်နှင့် နာယူနေသည်။ ညနေလေးနာရီခွဲတွင် အစ်ကိုကြီးရောက်လာသည်။

"အဖေ၊ အစ်ကိုကြီး ရောက်လာပြီ"

ကျွန်တော်က ဝမ်းသာအားရ အဖေ့ကို ပြောလိုက်သလို အဖေကလည်း မျက်လုံးပွင့်လာကာ အစ်ကိုကြီးကိုလှမ်းကြည့်ရင်း ပြုံးနေပါသည်။

"သားရောက်ပြီ အဖေ"

အစ်ကိုကြီးက အဖေ့လက်ကို ခပ်ဖွဖွကိုင်ရင်း ကျွန်တော့်လက်မှ အဖေ့ကိုလွှဲယူ၍ ပွေ့ထားပါသည်။ အဖေ့အနီးမှာ ဝိုင်းထိုင်နေကြသော သားသမီး၊ မြေးများကိုကြည့်၍ အဖေပြုံးနေပါသည်။ သားသမီးမြေးအားလုံးကို တစ်ဦးစီနမ်းနေပြီး နောက်ဆုံး ကျွန်တော့်ကို နမ်းပါသည်။ ကျွန်တော့်ကိုနမ်းနေရင်း မသိမသာလေး လက်တို့ပါသည်။ ကျွန်တော် မော့ကြည့်တော့ အဖေက ခေါင်းညိတ်ပြပါသည်။ ကျွန်တော် ရိပ်မိပါသည်။ အဖေသည် သူ၏ နောက်ဆုံးအချိန်ကို သိနေပါချေပြီ။

"ဟုတ်ကဲ့ပါ အဖေ"

ထိုသို့ပင်ပြော၍ အဖေ့ပါးပြင်ကို တစ်ချက်အားရပါးရနမ်းလိုက်ပြီးနောက် ဂုဏ်တော်ကိုးပါး၊ မေတ္တသုတ်၊ အနတ္တလက္ခဏသုတ်၊ ဓမ္မစကြာသုတ်တို့ကို ရွတ်ဆိုပူဇော်ပါသည်။ အစ်ကိုကြီးက လက်အုပ်ချီထားသော အဖေ့လက်ကို ဖေးမကိုင်ထားပေးသည်။ အဖေက မျက်လုံးမှိတ် နှလုံးသွင်းလျက် နာယူနေပါသည်။

ဤသို့ နာယူနေရင်းကပင် ညနေ (၆) နာရီထိုးလုလုတွင် အဖေတစ်ဘဝ ဇာတ်သိမ်းပါချေသည်။

နေဝင်းဝင်း (လှိုင်ဘွဲ့)

www.burmeseclassic.com

www.burmeseclassic.com



# ရှစ်ခွင်ကျော်-ဖောင်တော်သီ

## အရှင်လတ်လတ် မီးရှို့သတ်လည်း----

ဒီနေ့ညမှာ နာမည်ကြီး ဓားပြကြီးတစ်ယောက်ကို အရှင်လတ်လတ် မီးရှို့သတ်မယ်ဆိုတဲ့ တိုးတိုးတိတ်တိတ်နဲ့ ထွက်ပေါ်လာတဲ့သတင်းဟာ တစ်ဆင့်ပြီးတစ်ဆင့်လက်တို့ပြောရာက ဘုန်းကြီးပျံပွဲတော်တစ်ကွင်းလုံးအပြင် အနီးဝန်းကျင်ရွာတွေကိုပါ တောမီးလို ပျံ့နှံ့သွားပါတယ်။

သတင်းစကားစပြီးကြားရပြီဆိုကတည်းက ကျွန်တော် မောင်ဘိုကြီး စိတ်အစဉ်ဟာ မမြင်မတွေ့မကြုံဘူးတဲ့ ဘုန်းကြီးပျံပွဲအခင်းအကျင်း အဆန်းတကြယ်မြင်ကွင်းတွေကို တအံ့တသြနဲ့ ငေးမောကြည့်နေရာက ဓားပြကြီးတစ်ယောက်ဆိုတာ ဘယ်လိုပုံစံလဲ၊ ဘယ်သူတွေက ဘာကြောင့် မီးရှို့သတ်ရတာလဲ၊ ဘယ်အချိန်လဲ၊ ဘယ်နေရာလဲ မေးခွန်းတွေနဲ့အတူ ကိုယ်တိုင်မြင်တွေ့လိုစိတ်တွေ ခေါင်းထဲစွဲနေပါတယ်။

ပွဲခင်းတွေ၊ မဏ္ဍပ်တွေ လျှောက်ကြည့်ရင်း နေရာတိုင်းလိုလိုမှာ ဒီသတင်းတွေချည်းပဲ ကြားနေရလို့ အကြောင်းစုံကို သိခွင့်ရလိုက်ပါတယ်။

ဇာတ်စင်နောက်ကျော ည(၉)နာရီ သိခွင့်ရပေမယ့် တုတ်၊ ဓား၊ သေနတ်နဲ့ ဆိတ်ကွယ်ရာမှာမသတ်ဘဲ ဘာကြောင့် လူသူပရိသတ်အထိတ်တလန့်ဖြစ်အောင် သတ်ချင်ကြတာလဲ၊ ဘယ်သူတွေက သတ်မှာလဲ၊ စစ်တပ်ကလား၊ စစ်ရဲက



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

လား၊ ပုလိပ်အဖွဲ့အစည်းကလား မေးခွန်းတွေက မောင်ဘိုကြီးခေါင်းထဲမှာ တန်းစီနေပါတယ်။

ည (၉) နာရီကျော်ရင်တော့ အကြောင်းစုံ သိခွင့်ရမှာပါ။

◆

မောင်ဘိုကြီး သိတတ်စအရွယ်ကတည်းက 'ဘုန်းကြီးသေတော့ ရွာကြေ' ဆိုတဲ့စကား ကြားဖူးပါတယ်။ ဘာကြောင့်ကြေရတာလဲဆိုတဲ့ သိလိုစိတ်ကတော့ ခေါင်းထဲကကို ဖျောက်လို့မရတာပါ။

၁၉၆၀ ပြည့်နှစ်မတိုင်ခင် မောင်ဘိုကြီး အသက် (၁၄)၊ (၁၅) နှစ်သားအရွယ်ရောက်တဲ့အခါ သိလိုတဲ့ဆန္ဒဟာ ကိုယ်တွေ့ကြုံလို့ ယုံလိုက်ရပါပြီ။

ပဲခူးခရိုင် ဒိုက်ဦးမြို့နယ် ကတုတ်ရွာ ကန်ညီနောင်ရပ်ကွက် ကျောင်းထိုင်ဆရာတော် ပျံလွန်တော်မူပါတယ်။ ကြက်ပျံမကျ စည်ကား သိုက်မြိုက်စွာ ခြိမ့်ခြိမ့်သဲ ကျင်းပပါတယ်။

ကြားဖူးနားဝရှိတဲ့အတိုင်း ရွာကြေတယ်ဆိုတာ ကန်ညီနောင်ရွာတင်ကြေတာမဟုတ်ဘဲ အနီးဝန်းကျင်ကျိုက်ဝတော၊ လက်ခုတ်ကွင်း၊ ကတုတ်ရွာမ၊ ဦးဒေါင်းစု၊ ဖျဉ်းမလွင်၊ ပန်းကိုင်ရွာတွေအပြင် မောင်ဘိုကြီးတို့ ဖောင်တော်သီရွာပါကြေကုန်တာပါ။

ကတုတ်ဘူတာရဲ့ အရှေ့ဘက်နဲ့ ပျံတော်မူတဲ့ ဆရာတော်ကျောင်းအနောက်ဘက် ကွင်းကျယ်ကြီးဟာ လယ် ဧကတစ်ရာကျော်လောက် ရှိပါတယ်။ ရွာတစ်ရွာကို မဏ္ဍပ်တစ်လုံးထိုး၊ အလှဆင်၊ ဆိုင်းဝိုင်းထည့်၊ ဘုန်းကြီးပျံပွဲလာ အယုတ်၊အလတ်၊အမြတ်မရွေး လူထု ပရိသတ်ကို မဏ္ဍပ်ချင်း တစ်ရွာချင်း အပြိုင်အဆိုင် အသားဟင်းလျာနဲ့ မိုးလင်းကနေ မိုးစုံးစုံးချုပ်တဲ့အထိ ဧည့်ခံကျွေးမွေး၊ အသံချဲ့စက် အသားကုန်ဖွင့်မှတော့ ကုန်ကျစရိတ်တွေမများဘဲနေပါတော့မလား။ ဒါကိုရည်ညွှန်းပြီးပြောဆိုတာဖြစ်ကြောင်း သိခွင့်ရပါတယ်။

အသက်ကြီးလာမှ ဒီလိုမြင်ကွင်းမျိုး ကျိုက္ကဆံကွင်း ပြည်ထောင်စုပွဲ ပြည်နယ်တိုင်းပြခန်းတွေ၊ ဝန်ကြီးဌာနပေါင်းစုံပြခန်းတွေပဲ ရှိပါတယ်။

ရွာစဉ်တိုင်း ဒီလိုအခင်းအကျင်းတွေ အကုန်အကျခံပြီး အားတက်သရောလုပ်ကိုင်ကြတာကတော့ ပျံတော်မူတဲ့ ဆရာတော်ဟာ သီလ၊ သမာဓိ၊ ပညာနဲ့ ပြည့်စုံလို့၊ ရပ်ရွာအပေါ် မေတ္တာကရုဏာစေတနာထားလို့၊ ဘုန်းတန်ခိုးအရှိန်အဝါရှိလို့ရယ်ဆိုတာ သိခွင့်ရပါတယ်။

မဏ္ဍပ်တွေရဲ့အလယ်ဗဟိုကွင်းထဲမှာ လောင်တိုက်၊ ပြာသာဒ်၊ ဘုံမြင့်၊ နတ်လမ်း၊ စကြီးတွေ ဆောက်လုပ်ထားတာဟာ တကယ့်နတ်ဘုံနတ်နန်းတမျှပါ။

ဒီလိုမြင်ကွင်းမျိုး ဒုတိယအကြိမ်မြင်ဖူးတာကတော့ နိုင်ငံတော်ဂိုဏ်းပေါင်းစုံ သံဃာ့နာယကဥက္ကဋ္ဌ ပဲခူးမြို့မဆရာတော်ကြီး ပျံလွန်တော်မူစဉ်က ကမ္ဘာအေးကုန်းမြေမှာမြင်ရတဲ့အခင်းအကျင်းပါပဲ။

ဘေးမဏ္ဍပ်တွေမပါ၊ဇာတ်သဘင်ပွဲမရှိလို့ ကန်ညီနောင်ဆရာတော်ပျံလွန်တော်မူစဉ်ကမြင်ကွင်းနဲ့ယှဉ်ပြီး ရင်ထဲဟာတာတာကြီးဖြစ်မိပါတယ်။

ကန်ညီနောင်ရွာဘုန်းကြီးပျံပွဲမှာ သူ့ခေတ်နဲ့သူ နာမည်အကြီးဆုံး၊ ဈေးအမြင့်ဆုံးဖြစ်တဲ့ 'ရတနာပုံအေးမောင်ဇာတ်သဘင်' ကို ရအောင် ငှားရမ်းပြီး အသုံးတော်ခံစေပါတယ်။

ရွာစဉ် ကုန်ကျစရိတ်များစွာနဲ့ မဏ္ဍပ်တွေဆောက်လုပ်ရခြင်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ အလှည့်ကျမပေါက်တဲ့နေ့မှာ နာရီပိုင်းနဲ့ ခွင့်ပြုတဲ့ ဆရာတော်ရဲ့ရုပ်ကလာပ်ကို ပင့်ဆောင်ပူဇော်ကာ ဆိုင်းဝိုင်းကြီးနဲ့ ဧယင်ကျူးတာပဲ ဖြစ်ပါတယ်။

◆

"နှမြောလိုက်တာဟယ်"

"မရှိဆင်းရဲသား တို့တစ်တွေရဲ့ အားကိုးရာ ရွှေတောင်ကြီး ပြိုသွားသလို



ခံစားရပါတယ်"

"ဖောင်တော်သီဂါတ်ကို ပို့ပြီး တရားဥပဒေအတိုင်းပဲ ဖြစ်စေချင်တယ်"

"သတ်ချင်လည်း မမြင်ကွယ်ရာ သေနတ်နဲ့ ပစ်သတ်လိုက်ပြီးရော"

"တုတ်၊ ဓား၊ လှံနဲ့ ထိုးခုတ်ရိုက်လို့ မရ၊ သေနတ်နဲ့ပစ်တော့လည်း ကျည်မထွက်လို့ဆိုဘဲ"

"သေနတ်ပြောင်းဖျားမှာ မီးနေ သည်ထဘီစကိုချည်၊ မုဆိုးဒူးထောက်ပြီး ပစ်တာတောင် ကျည်မထွက်ဘူးတဲ့ဟ"

ည (၉) နာရီကျော်မှာ ရတနာပုံ အေးမောင်ဇာတ်ခုံနောက်ကျောလူသတ် ကွင်းကိုအသွား မောင်ဘိုကြီးကြားရတဲ့ စကားသံတွေပါ။

ဧဝဂ်လောက်ကျယ်ဝန်းတဲ့လူ သတ်ကွင်းမှာတော့ အနိဋ္ဌာရုံမြင်ကွင်း ကို မျက်ဝါးထင်ထင်ရှုမြင်လိုတဲ့ပရိသတ် တွေ အုံ့ခဲလို့နေတာကြောင့် မောင်ဘို ကြီးဟာ ကလေးပီပီ အတင်းတိုးပြီး အတွင်းပိုင်းအရောက်ဝင်လိုက်ပေမယ့် လုံလောက်တဲ့ လအလင်းရောင် မရတာ ကြောင့် အသတ်ခံရမယ့် ဓားပြကြီးကို သဲကွဲစွာ မမြင်ရပါဘူး။

ပရိသတ်တွေရဲ့လက်နှိပ်ဓာတ်မီး အလင်းရောင်ကြောင့် (၆) ပေကျော်အ မြင့်ရှိတဲ့ တိုင်ငုတ်မှာ ဓားပြကြီးကို ကြိုး တုပ်ချည်နှောင်ထားတာ၊ မလှမ်းမကမ်း ခုံတစ်လုံးပေါ်မှာ ဓာတ်ဆီလို့ ယူဆရတဲ့ ပုလင်းတွေ တင်ထားတာကိုတော့ ဝိုး တဝါး မြင်တွေ့ရပါတယ်။

အသတ်ခံရမယ့် ဓားပြကြီးရဲ့ နောက်ကြောင်းသတင်းစုံကို တစ်ယောက် တစ်မျိုး ပြောဆိုနေကြတဲ့ ပရိသတ်ဆီ က ကြားသိရပါတယ်။ လူတိုင်းလိုလို နှမြောတသစွာစုတ်သပ်နေကြပါတယ်။

"ပဲခူးမြို့ပေါ်က သစ်စက်သူဌေး ချစ်တီးကုလားကိုသတ်လို့"

ဆိုတဲ့စကားသံကြားရာမှာ့ကြည့် လိုက်တော့ အသက်(၆၀)ကျော် အဘိုး ကြီးနှစ်ယောက် အချင်းချင်း ပြောဆိုနေ တာ မြင်တွေ့ရပါတယ်။ ရှေးမီနောက်မီ အဘိုးကြီးတွေပါ။သက်ကြီးစကား သက် ငယ်ကြားထုံးကို နှလုံးမူပြီး နားစွင့်ထား ပါတယ်။

"တုတ်ပြီး၊ ဓားပြီး ချစ်ငွေကြီးတဲ့"

မောင်ဘိုကြီးနဲ့မစိမ်းတဲ့နာမည်ဖြစ် နေလို့ ထိတ်လန့်တုန်လှုပ်မိပါတယ်။

"ဓားပြကြီး ဆိုပေမယ့် လူမိုက် လူယုတ်မာကြီးလို့တော့ မစွပ်စွဲ

www.burmeseclassic.com

www.burmeseclassic.com

သင့်ပါဘူးဗျာ။ ကျုပ်တို့ဗမာတွေကို မောက်ဘဲ ချစ်တီးကုလားတွေ၊ ကုပ်သွေးစုတ် အင်္ဂလိပ်အလိုတော်ရိ လူမျိုးခြားတွေကိုပဲတိုက်၊ တိုက်လို့ရတဲ့ငွေ့၊ တိုက်လို့ရတဲ့ လက်ဝတ်ရတနာတွေကို ထုခွဲပြီး ဆင်းရဲသားတွေကို တိတ်တဆိတ် ထောက်ပံ့ ဝေငှနေတဲ့ ဓားပြလူကောင်းကြီးပါ"

"ကျုပ်ကြားဖူးတာတော့ ဓားပြတိုက်တာပဲကြားဖူးတယ်။ လူသတ်တယ်လို့ မကြားဖူးဘူး"

"ချစ်တီးကုလားက သေနတ်နဲ့ခုခံလို့ဆိုပဲ"

"ကျုပ်ကြားရတဲ့သတင်းအရ ဆိုရင် အဲဒီ အသတ်ခံရတဲ့ ချစ်တီးကုလားသားစုက ကျုပ်တို့ရွာ လက်နက်ကိုင်အဖွဲ့အစည်းနဲ့ သစ်ကိစ္စတွေနဲ့ မကောင်းရာကောင်းကြောင်း အပေးအယူရှိလို့ ဓားပြကြီးချစ်ငွေကိုမိရင်၊ ပြီးတော့ သတ်ပေးရင် ဆုငွေတစ်သိန်းပေးမယ်လို့ သိရတယ်"

"နိုင်ငံတော်ကလည်း ဆုငွေထုတ်ထားတယ်၊ ဟုတ်လား"

"နိုင်ငံတော်ကပေးတာ တစ်သောင်းလေ။ ချစ်တီးကုလားမိသားစုပေးတာက တစ်သိန်း။ ဒါကြောင့် ဖောင်တောင်သီဂါတ်ကို မအပ်တာပေါ့"

အဘိုးကြီးနှစ်ယောက် အပြန်အလှန် ပြောဆိုနေဆဲမှာပဲ ပရိသတ်တွေ လှုပ်ရှားရှားဖြစ်သွားလို့ သတိထားကြည့်လိုက်တော့ ပျူစောထီးအမည်ခံထားတဲ့ လက်နက်ကိုင်အဖွဲ့အစည်းက ခေါင်းဆောင်နဲ့ နောက်လိုက်သုံးယောက် အကြွင်းပိုင်းကိုဝင်လာတာ တွေ့ရပါတယ်။

"မမြင်ဘူးတဲ့လူတွေ ကြည့်ထားကြ"

ခေါင်းဆောင်ဖြစ်သူက လင်းအားကောင်းတဲ့လက်နှိပ်ဓာတ်မီးနဲ့ ဓားပြကြီးမျက်နှာကို ထိုးပြတယ်ဆိုရင်ပဲ မောင်ဘိုကြီးဟာ ကြောက်ရွံ့ခြင်း၊ ထိတ်လန့်ခြင်းတွေ ကွယ်ပျောက်ပြီး စိုးရိမ်စိတ်နဲ့ မျက်လုံးပြူးဝင်ပြီး-

"လေးလေး"

"ဘိုဘို၊ မင်းဘာလို့လိုက်လာတာလဲ"

အမေ့ရဲ့အချစ်ဆုံးမောင်၊ မောင်ဘိုကြီးရဲ့အချစ်ရဆုံးသော ဦးလေးပါ။

မောင်ဘိုကြီးဟာ လေးလေးရဲ့ ပေါ်မှာ ကြီးပြင်းခဲ့တာပါ။ ဒါကြောင့် လေးလေးကို တင်းတင်းကျပ်ကျပ်ပွေ့ဖက်ပြီး လူသတ်သမားတွေကို-

"မသတ်ကြပါနဲ့ဗျာ၊ လေးလေးကို မသတ်ကြပါနဲ့"

"ဘိုဘို၊ ဖယ် ဖယ်- တခြားနေရာကိုသွား"

"ကယ်ကြပါဦးဗျာ"

လူသတ်သမားတွေရော ပရိသတ်ကိုပါ မောင်ဘိုကြီး အော်ဟစ်တောင်းပန်ပါတယ်။

"ဟဲ့- ကောင်လေး၊ ဖယ်စမ်း။ နင်ပါ သေချင်လို့လား"

လို့ ဟိန်းဟောက် ပြောဆိုပြီး မောင်ဘိုကြီးကို ဆွဲဖယ်ကြပါတယ်။ မောင်ဘိုကြီး ဖြေလျှော့မပေးဘဲ တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားပါတယ်။

"ဖယ်လို့ပြောနေတယ်"

"ဘိုဘို၊ ဖယ်ပေးလိုက်စမ်း"

"မဖယ်ဘူး၊ မလွှတ်ဘူး။ လေးလေး၊ သားပါအသေခံမယ်"

"လေးလေးကိုချစ်ရင် လေးလေးစကားနားထောင်"

တစ်သက်လုံး လေးလေးစကားကို မြေဝယ်မကျ နားထောင်ခဲ့ပေမယ့် အသက်အန္တရာယ်နဲ့ ကြုံတွေ့နေရပြီဖြစ်လို့ နားမထောင်နိုင်တော့ပါ။

"ကဲဟာ- ဗုန်း. . . ဗုန်း. . . "

"ဟေ့ကောင်တွေ၊ ငါ့တူကိုမထိနဲ့နော်"

"ဗုန်း"

လေးလေး အော်ဟစ်တားမြစ်နေတဲ့ကြားကပဲ ပျူစောထီးတစ်ယောက်ရဲ့ လက်ပြန်ရိုက်ချက်ကြောင့် အသိစိတ်တွေ ပျောက်ကွယ်သွားပါတယ်။

◆

ဖောင်တော်သီရွာပြင် အဖေ့ရဲ့ လယ်စောင့်တဲရှေ့ မြေကွက်လပ်တလင်းပြင်ဟာ အဘိုးနဲ့ လေးလေးတို့ရဲ့ ဗန်တို၊ ဗန်ရှည် မြန်မာ့သိုင်းသင်တန်းကွင်း လေ့ကျင့်ရေးကွင်းကြီးပါ။

အသက်(၆၈)အရွယ် ဂျပန်တော်လှန်ရေး ရဲဘော်ဟောင်းအဘိုးရဲ့ သွက်လက်ဖျတ်လတ်တဲ့ပြကွက်တွေ၊ လှုပ်ရှားမှုတွေကို အံ့ဩချီးမွမ်းရသလောက် အချိန်တိုတိုနဲ့ ကျင့်သားရပြီး ရှေ့ကွမ်းနောက်ကွမ်းပစ်ပြီး လေ့ကျင့်သင်ယူနေတဲ့ လေးလေးရဲ့ လှုပ်ရှားမှုကိုကြည့်ပြီး အားပါးတရဖြစ်ရလွန်းလို့ လက်ခုပ်လက်ဝါးတီးပြီး အော်ဟစ်အားပေးတဲ့ပရိသတ်ကတော့ မောင်ဘိုကြီးတစ်ယောက်တည်းပါ။

လေးလေး ဒီလို ကြမ်းကြမ်းတမ်းတမ်း လှုပ်ရှားတာများ အဘွားမြင်ရတွေ့ရရင် ရင်ကျိုးမှာပါ။ ဘာကြောင့်ဆို လေးလေးရဲ့ ညာဘက်ခြေသလုံးနဲ့ကျောပြင်မှာ အမာရွတ်ကြီးတွေ ရှိပါတယ်။ အဲဒီ အမာရွတ်ကြီးတွေကြောင့် လေးလေးညာခြေထောက်ဟာ လမ်းလျှောက်ရင် ဆတ်တောက်ဆတ်တောက်ဖြစ်နေတတ်သလို ကျောပြင်က အမာရွတ်ကြီးကြောင့် လေးလေးရဲ့ လှုပ်ရှားမှုဟာ လေးလံနှေးကွေးနေပါတယ်။ ဒါကြောင့် အဘွားက လေးလေးကို ထင်းခွဲ၊ ရေခပ်၊ အိမ်အလုပ်တောင် မခိုင်းပါဘူး။

အဘိုးကတော့ မင်းသား ဘာမှ လှုပ်ရှားမှုမရှိရင် အောက်ပိုင်းချည့်၊ ကိုယ်တစ်ပိုင်းသေပြီး လူညွှန့်တုံးသွားလိမ့်မယ်လို့ ပြောဆိုပြီး သူ့ရဲ့ဖွတ်လုပ်တတ်တဲ့အကျင့်အတိုင်း သင်ပေးလို့ ခုဆို ကြမ်းကြမ်းတမ်းတမ်း လှုပ်ရှားနိုင်ပါပြီ။

"မင်းသား အ ရင်ပုံစံနဲ့ အခုပုံစံ တူသေးလား"

"မတူတာမှန်ပေမယ့် အမာရွတ်ကြီးတွေက ပျောက်သွားတာမှ မဟုတ်ဘဲတော်၊ မအေတစ်ယောက်အနေနဲ့ စိတ်ချမ်းသာနိုင်ပါ့မလား"

"အေး - ငါပြောချင်နေတာကြာပြီ။ မင်းသားရဲ့အမာရွတ်ကြီးတွေဟာ ယောက်ျားပီသတဲ့အမှတ်တံဆိပ်ကွ။ လူသားဆန်တဲ့ဆုလာဘ်တွေကွ။ ဝမ်းနည်းစရာမဟုတ်ဘူး။ ဝမ်းသာဂုဏ်ယူစရာ၊ ချီးမွမ်းစရာ ဆုတံဆိပ်တွေအဖြစ် မှတ်ယူရမယ်ကွ"

အဘိုးပြောတာ မှန်ပါတယ်။

အဘိုးခိုင်းလို့ လေးလေးဟာ မောင်ဘိုကြီးကို အဖော်ပြုပြီး ဦးဒေါင်းစုရွာက ကြွေးတောင်းပြီးအပြန် လမ်းခုလတ်တစ်နေရာမှာ လယ်စောင့်တဲတစ်လုံး မီးဟုန်းဟုန်းတောက်လောင်နေပါတယ်။ မီးရှိန်ကပြင်း၊ လေကကြမ်း၊ အနီးအနား ရေမရှိတာကြောင့် တဲပိုင်ရှင်တွေတောင် ကိုယ်လွတ်ရုန်းပြေးရပါတယ်။

မျက်စိအောက်မှာတင် လေတစ်ချက်ဝေ့လိုက်ချိန်မှာတော့ နွားတင်းကုပ်ကို ကူးစက်လောင်ကျွမ်းတဲ့အခါ 'ဘော ဘဲ' ဆိုတဲ့ မချိမဆံ့ ခံစားနေရတဲ့ နွားအော်သံတွေကြားလို့ လေးလေးဟာ နွားတင်းကုပ်ထဲ ပြေးဝင်၊ ဆောင်ဓားနဲ့ နွားချည်ကြိုးတွေ ခုတ်ဖြတ်ပေးနိုင်လို့ နွားကြီး (၄) ကောင်နဲ့ နွားမသား...



www.burmeseclassic.com

www.burmeseclassic.com

အသက်ဇီဝိန် ကယ်တင်နိုင်ခဲ့ပါတယ်။

တဲရှင်တွေတောင် မစွမ်းဆောင်နိုင်တဲ့ စွန့်စားမှုမျိုးနဲ့ ကယ်တင်ပေးတဲ့ လေးလေးကိုယ်တိုင်ကတော့ နွားတင်းကုပ်အမိုးပေါ်က မီးလောင်ပြုတ်ကျတဲ့ သစ်တိုသစ်စတွေကြောင့် ညာခြေသလုံးနဲ့ ကျောပြင်မှာ မီးလောင်ဒဏ်ရာရခဲ့ခြင်းပဲ ဖြစ်ပါတယ်။

အဘိုးရဲ့ မိဘမေတ္တာ စေတနာကြောင့် လေးလေးဟာ လူစဉ်မီယောက်ျားပီသတဲ့ လူတစ်ယောက်ဖြစ်နေပါပြီ။ မြန်မာ့သိုင်းပညာမှာလည်း ဆရာတစ်ဆူလို တတ်ကျွမ်းနေပါပြီ။

လေးလေးရဲ့လှုပ်ရှားမှု၊ လေးလေးရဲ့ စိတ်ဓာတ်ကို အားကျလွန်းလို့ လေးလေးလိုပဲ သင်ပေးပါလို့ အဘိုးကို အကြိမ်ကြိမ်တောင်းဆိုပေမယ့် အဘိုးရဲ့ မရိုးနိုင်တဲ့အဖြေကတော့ -

"ငါ့မြေး ငယ်ပါသေးတယ်ကွာ၊ အရွယ်ရောက်တော့သင်ပေးမှာပေါ့"

လို့ပဲ ဖြေတတ်လွန်းလို့ တစ်ရက်မှာတော့ စိတ်ပေါက်ပေါက်နဲ့ -

"သားအရွယ်ရောက်တဲ့ထိ အဘိုးမသေဘဲ စောင့်ပေးမှာလား"

လို့ ပြောမိပါတယ်။

အဘိုးဟာ ပြုံးပြုံးကြီးနဲ့ မောင်ဘိုကြီးကို ပွေ့ဖက်ပြီး နှစ်သိမ့်စကားဆိုပါတယ်။

"လူဆိုတာ သေမျိုးတွေပဲကွာ။ အဘိုးသေတော့လည်း သားရဲ့လေးလေးက ဆက်သင်ပေးမှာပေါ့"

လေးလေးကလည်း အာမခံလို့ မောင်ဘိုကြီးဟာ သန္နိဋ္ဌာန်ခိုင်ခိုင်မာမာနဲ့ ရည်ရွယ်ချက်ထားခဲ့ပါတယ်။ အချိန်ရှိသရွေ့ဟာ အဘိုးကိုယ်တိုင် စီမံပေးတဲ့ လက်ဖွဲ့၊ အဘိုးကိုယ်တိုင် ဂါထာမန္တရားအင်းကွက်တွေနဲ့ စီရင်ထားတဲ့အဆောင်၊ အဘိုးကိုယ်တိုင် အုန်း၊ ငှက်ပျောပွဲနဲ့ နက္ခတ်ဖမ်းပြီး ဆေးမင်ထိုးပေးလို့ တုတ်နဲ့ရိုက်၊ ဓားနဲ့ခုတ်၊ လှံနဲ့ထိုးလို့ မနာမကျင် ဒဏ်ရာမရ သွေးမထွက်တဲ့ မြင်ကွင်းတွေ စွဲလမ်းပြီး အိပ်မက်သံသရာ ရှည်ခဲ့ပါတယ်။

မောင်ဘိုကြီးရဲ့ အိပ်မက်တွေဟာ လက်တွေ့ဖြစ်မလာပါဘူး။

အဘိုး ခရီးထွက်ရင်း သေဆုံး၊ လေးလေးကလည်း ကျိုက်စကောသူနဲ့ အိမ်ထောင်ကျသွားလို့ ဆံထုံးနောက် သျှောင်ပါရင်း အဆက်အသွယ်ပြတ်တော့တာပါပဲ။

တွေ့မယ့်တွေ့တော့ ဘယ်လိုမှ စဉ်းစားလို့မရတဲ့အခြေအနေနဲ့ တွေ့ဆုံခြင်းပါ။

"ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့လူမျိုးနဲ့ အသက်အိုးအိမ်စည်းစိမ်ကို တိုင်းတစ်ပါးသားက ကျူးကျော် စော်ကားခံရခြင်းမှတစ်ပါး ငါ့ရဲ့သိုင်းပညာရပ်ကို အသုံးမပြုပါ"

လေးလေးကိုယ်တိုင် နှုတ်ထွက်ကတိပြုသစ္စာဆိုခဲ့တာတွေကို ဖောက်ဖျက် ကျူးလွန်လိုက်လို့များလား လေးလေးရယ်။

◆

"ကလေးကို မထိခိုက်ပါစေနဲ့"

"ခင်ဗျားတို့ မတရားမလုပ်ပါနဲ့"

"မတရားတာ ကျုပ်တို့ လက်ပိုက်ကြည့်နေမှာမဟုတ်ဘူးနော်"

အသံတွေ ကြားနေရပါတယ်။ မောင်ဘိုကြီး အသိကို စုစည်းလိုက်ပါတယ်။

"ဟေ့ - ဘာဝင်လုပ်တာလဲ"

ပရိသတ်တွေ ရုတ်ရုတ်သဲသဲနဲ့ ဝင်းထဲဝင်လာပါတယ်။ မောင်ဘိုကြီးကို ဝင်လုကြတာပါ။

"ဒိုင်း. . ."

"မဆိုင်သူ မကပ်နဲ့။ အလောင်းချင်းထပ်သွားမယ်နော်"

ခေါင်းဆောင်ဖြစ်သူဟာ ခြောက်လုံးပြူးနဲ့ ပစ်ဖောက်တားမြစ်လို့ ပရိသတ်တွေ ပြန်ထွက်သွားပါတယ်။

"တုတ်ပြီး၊ ဓားပြီး၊ သေနတ်ပြီးတယ်ဆိုတာ မင်းတို့ကို လက်တွေ့ပြချင်လို့ကွ။ အေးအေးဆေးဆေးကြည့်ကြ။ ဘာနဲ့ပြီးပြီး မီးရှို့သတ်လို့မသေတဲ့မသာရယ်လို့တော့ မရှိပါဘူးကွာ။ ဟားဟားဟား"

"ဟားဟားဟား. . ."

ပျူစောထီးတွေရဲ့ အပြုအမူ အပြောအဆိုတွေဟာ ပရိသတ်ကို စော်ကားသလိုပါပဲ။ မထီမဲ့မြင်ပြုရာလည်းကျပါတယ်။

"ကြည့်ရဲအောင် ကြည့်ထားကြ။ နောက်ထပ် မင်းတို့တွေ တစ်သက်လုံး မြင်ရမှာ မဟုတ်ဘူး"

လို့ ပြောဆိုပြီး အဆစ်ပိတ်ဝါးရင်းတုတ်နဲ့ လေးလေးခေါင်းကို ဖြောင်းခနဲ ရိုက်ချလိုက်ပါတယ်။ မောင်ဘိုကြီး လန့်ပြီး တုန်ခါသွားပေမယ့် လေးလေးကတော့ အသံတစ်ချက်ထွက်မလာပါဘူး။

"မင်းတို့ မြင်ပြီနော်"

လို့ ပြောဆိုပြီး ဓားကိုင်ထားတဲ့ အဖွဲ့ဝင်တစ်ယောက်ကို မေးငေါ့အချက်ပြလိုက်လို့ ဓားကိုင်လူသတ်သမားဟာ သူ့ရဲ့ငှက်ကြီးတောင်ဓားကို ဓားအိမ်က ဆွဲချွတ်ပြီး-

"ယား. . ."

"ထောက်. . . ဒုတ်"

လို့ အော်ဟစ်ပြီး လေးလေးခေါင်းကို တစ်ချက်ခုတ်၊ ရင်ဘတ်ကို တစ်ချက် ထိုးလိုက်ချိန်မှာတော့ မောင်ဘိုကြီး 'အမယ်လေးဗျ' လို့ ထိတ်လန့်ပြီး အော်မိလိုက်သလို ပရိသတ်ဆီက 'ဟင်-ဟာ' လို့ အော်သံတွေလည်း ကြားရပါတယ်။

"ဒီမှာမြင်လား။ ဒါ ဘာလဲ"

". . . . . . . . . . . ."

ပရိသတ်ကိုမေးပေမယ့် ဖြေကြားသူ မရှိပါဘူး။

"ဒါဘာလဲလို့ မေးနေတယ်လေ"

"လှံ"

တစ်ဦးတည်းက ကြောက်လန့်ပြီး ဖြေလိုက်တဲ့အသံပါ။

"ဟုတ်တယ်၊ လှံ။ ပေါ့သေးသေး လှံတော့ မဟုတ်ဘူး။ ဂျပန်တော်လှန်ရေးတုန်းက ဖက်ဆစ်ဂျပန်တွေကို အလောင်းချင်းထပ်သွားအောင် ထိုးသတ်ခဲ့တဲ့လှံ"

လို့ ပြောဆိုပြီး အဖွဲ့ဝင်တစ်ဦးကို ပေးလိုက်ပါတယ်။

လှံသမား ခြေလှမ်းတွေ နောက်ဆုတ်နေချိန်မှာ လေးလေးရဲ့ခြေထောက်တွေ ခါယမ်းနေပါတယ်။ ကြောက်လို့ တုန်လှုပ်လို့မဟုတ်ဘဲ တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားတဲ့ မောင်ဘိုကြီးက ထိခိုက်မှာစိုးရိမ်ပြီး ခါထုတ်နေတာပါ။ မရတဲ့အဆုံးမှာတော့ မောင်ဘိုကြီးကို ကန်ထုတ်လိုက်ပါတယ်။

လွင့်စဉ်သွားတဲ့ မောင်ဘိုကြီးကတော့ ပျူစောထီးအဖွဲ့ဝင်နှစ်ယောက်ဟာ ဘယ်၊ညာနှစ်ဖက်ညှပ်ပြီး ပရိသတ်ထဲကို ဆွဲခေါ်သွားပါတယ်။ မောင်ဘိုကြီး ရုန်းပါတယ်။ လူကြီးနှစ်ယောက်အားကိုတော့ ယှဉ်လို့မရပါဘူး။

"ထိုး"

ခေါင်းဆောင်အမိန့်အရ လေး လေးဗိုက်ကို ချိန်ရွယ်ပြေးထိုးလိုက်ပါတယ်။ အင့်ခနဲ တစ်ချက်ကြားရလို့ မှိတ်ထားတဲ့မျက်လုံးကို မဝံ့မရဲနဲ့ ဖွင့်ကြည့်လိုက်တဲ့အခါမှာတော့ လေးလေးဟာ ပရိသတ်ကြီးမြင်သာအောင် ခေါင်းယမ်းပြတာ လက်နှိပ်ဓာတ်မီးတွေဝိုင်းထိုးထားတဲ့အလင်းရောင်နဲ့ မြင်ရပါတယ်။

"တုတ်၊ ဓား၊ လှံလက်နက်နဲ့မရ



www.burmeseclassic.com

www.burmeseclassic.com

...ကာ မြင်ပြီနော်"

အဖွဲ့ခေါင်းဆောင်ဟာ ပြောပြော ...နဲ့ သူ့ခါးမှာထိုးထားတဲ့ ခြောက်လုံး ...ဆွဲထုတ်၊ ဆုံလည်ကို ကစားပြီး ...ဆန်တွေထည့်ပါတယ်။ အသား ... မိုးပေါ် ထိုးထောင်ပြီး တဒိုင်းဒိုင်း ...သုံးချက်ဆင့်ပစ်ပါတယ်။ သူ့ရဲ့ကျည် ...ကျည်မှန်နဲ့ တကယ်ပစ်တော့မယ်ဆို ...သဘောပါ။

ခေါင်းဆောင်ရဲ့ ခြောက်လုံးပြူး ...ပြောင်း၀ လေးလေးရဲ့နဖူးကို ချိန်ရွယ် ... မောင်းခလုတ်ကို ဖြုတ်ချလိုက်တဲ့ ...ခါ-

"ချောက်"

"ချောက်"

"ချောက်"

သုံးချက်လုံး တစ်ချက်မှမထွက်ပါ ...။

ပရိသတ်ရဲ့ မလိုမုန်းပွားတဲ့ မျက် ...တွေ မြင်တွေ့ရသလို ခံပြင်းဒေါသသံ ...လည်း ကြားရပါတယ်။ ဘယ်သူမှ ...ရဲသူ ထွက်မလာပါဘူး။ ပျူစော ...တွေရဲ့သေနတ်ပြောင်းဝကို ကြောက် ...ကြလို့ပါ။

"တစ်နယ်လုံးဆိုးသွမ်းတိုက်ခိုက် ... လူဆိုးလူမိုက်ဓားပြကြီးကို မသေ ...တဲ့နည်းနဲ့သတ်ရတော့မှာပေါ့။ အဲဒီ ... နောက်ဆုံးနည်းဖြစ်တဲ့ အရှင် ...လတ် မီးရှို့သတ်တာလေးကိုတော့ ...တော့မှာပေါ့"

လို့ စကားဆိုပြီး အဖွဲ့ခေါင်း ...ကိုယ်တိုင် သူ့တပည့်တစ်ယောက် ...ပေါ်က ဓာတ်ဆီပုလင်း (၃) လုံးကို ... လေးလေးရဲ့ ခေါင်းပေါ်ကနေ ...င်းချလိုက်ပါတယ်။

မောင်ဘိုကြီးဟာ ပျူစောထီးနှစ် ...တ် ဆုပ်ကိုင်ထိန်းချုပ်ထားတဲ့လက် ... ရှုန်းကြည့်ပါတယ်။ ကြိုးစားရုန်း ...ဟာ အရာမရောက်ပါဘူး။

ခေါင်းဆောင်လုပ်သူဟာ သစ် ...ခြစ်ထဲက မီးခြစ်ဆံချောင်းလေး ... တစ်ချောင်းဆွဲထုတ်လိုက်ပြီး မီးခြစ် ...ယမ်းပြားကို ပွတ်တိုက်ပြီး ခြစ် ... လင်းခနဲ တောက်သွားတဲ့ မီးခြစ် ...ချောင်းကို ပစ်ထုတ်လိုက်၊ နောက် ...ချောင်း. . . နောက်တစ်ချောင်း ...ပြီး ခြစ်ပြလိုက်၊ ပစ်ထုတ်လိုက် ...နေပါတယ်။

...ခြစ်ဆံတစ်ချောင်းလောက်များ ...နားကျသွားရင် ဝုန်းခနဲတောက် လောင်သွားမှာဖြစ်လို့ မောင်ဘိုကြီးရဲ့ ရင်ခုန်သံတွေဟာ တဒိန်းဒိန်းမြည်နေ ပါတယ်။

"ချစ်ငွေ"

"ဘာလဲကွ"

"မင်းဘာပြောစရာရှိလဲ။ ဘာမှာ စရာရှိလဲ"

"ဘာမှမရှိဘူး"

"မင်းက ငါးစင်ရိုင်းမျိုးပဲကွ။ သေ တာတောင် ဆူးတောင်ကားပြီးသေမယ့် ကောင်။ အသံကတော့ မာမာပဲ"

"ကဲ- ဘုရားအာရုံပြု"

အဖွဲ့ခေါင်းဆောင်ရဲ့အသံ၊ အပြု အမူ၊ အသုံးအနှုန်းတွေဟာ ရက်စက် ယုတ်မာလွန်းပါတယ်။ သွေးအေးလွန်း တဲ့လုပ်ဆောင်ချက်တွေက အပြစ်မဲ့ပြည် သူတွေ ဘယ်နှယောက်များ သတ်ပြီးပြီ လဲ မပြောတတ်တော့ပါ။

"ဂျစ်"

"ဂျစ်"

စောစောက လင်းခနဲ လက်ခနဲ တောက်လောင်တဲ့ မီးခြစ်ဆံချောင်းတွေ ဟာ သုံး,လေးချောင်း ဆက်ခြစ်လို့လည်း မီးမတောက်တော့ပါ။ အကယ်၍များ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း လင်းခနဲ လက်ခနဲ မီးပွင့်သွားမယ့်အချိန် ဟာ လေးလေးရဲ့နောက်ဆုံးနှလုံးခုန်ခြင်း ပါပဲ။

"ဟိတ်- ရပ်လိုက်စမ်း"

ပရိသတ်ကြီးကို တွန်းထိုး တိုက် ခိုက်ပြီး လူသတ်ကွင်းထဲဝင်လာတာက တော့ ဘုန်းကြီးပျံပွဲတစ်ကွင်းလုံးကို ထိန်းချုပ်ကွပ်ကဲထားတဲ့ သာသနာပိုင် ဆရာတော်နဲ့ တပည့်သံဃာ (၁၀) ပါး လောက်ပါ။

"ဗိုလ်စိုးစိုး"

"ဘုရား"

ဆရာတော်ရဲ့ခက်ထန်မှုမရှိသော် လည်း မာကျောတဲ့လေသံကြောင့် ပျူ စောထီးခေါင်းဆောင် ဗိုလ်စိုးစိုး ဆိုသူ ဟာ ရိုကျိုးစွာနဲ့ လက်အုပ်ချီပြီး ပြန်ထူး လိုက်ပါတယ်။

"ချစ်ငွေကြီးအသက်ကို ဘုန်းကြီး အလှူခံတယ်"

"တင်ပါ့ဘုရား၊ လှူပါတယ်။ ဒါ ပေမယ့် အရှင်ဘုရားသဘောနဲ့ လွှတ် ပေးလို့တော့ မရပါဘူး"

"ဘုန်းကြီးသိတယ်။ မင်းက သခင် အားရကျွန်ပါး၀တဲ့ကောင်ပဲ။ ချစ်တီး ကုလားတွေရဲ့လာဘ်လာဘတစ်ခုတည်း နဲ့ တရားဥပဒေအတိုင်း ရဲလက်ကိုမအပ် ဘဲ မင်းသဘောနဲ့မင်းလုပ်နေတာ မင်း ကိုယ်တိုင်က နိုင်ငံတော်ကို ကာကွယ် စောင့်ရှောက်ပါ့မယ်လို့ ကတိခံပြီး လက် နက်ကိုင်ထားပေမယ့် မင်းဟာ သစ္စာ ဖောက်ပဲ"

ခေါင်းဆောင်ဖြစ်သူ တုန်လှုပ် ချောက်ချားစွာနဲ့ ဆရာတော်ကို လက် အုပ်ချီထားပါတယ်။

"မင်းဟာ ဂျပန်တော်လှန်ရေးမှာ သတ္တိရှိရှိနဲ့ တိုက်ပွဲတွေတိုက်ခဲ့တဲ့ ကိုယ့် သမိုင်းကိုမှကိုယ်မထောက် ငွေမက်၊ အာဏာမက်လုပ်ရပ်တွေတွေဟာ ရွံ့ရှာ စက်ဆုပ်စရာတွေပဲ။

ချစ်ငွေဟာ မင်းတို့အင်္ဂလိပ်အလို တော်ရိနဲ့ အပေါင်းပါ တပည့်လက်သား တွေရဲ့အကျိုးကိုဆောင်တာလား၊ တို့ တိုင်းရင်းသား မရှိဆင်းရဲသားတွေရဲ့အ ကျိုးကိုဆောင်တာလား၊ မင်းဖြေစမ်း"

"ဖြေလေကွာ"

ဗိုလ်စိုးစိုး ရေငုံနှုတ်ပိတ်နေပါ တယ်။

မောင်ဘိုကြီးအပါအဝင် ပရိသတ် တွေရဲ့ စိုးရိမ်ခြင်း၊ ထိတ်လန့်ခြင်း၊ တုန် လှုပ်ချောက်ချားခြင်းတွေဟာ ဆောင်း လေနဲ့အတူ လွင့်မျောသွားပါပြီ။

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ ချစ်ငွေမှာ အပြစ်ရှိတာ မှန်တယ်။ သူ့အပြစ်ကို တရားဥပဒေနဲ့ ဆုံးဖြတ်မယ်"

လို့ မိန့်ကြားပြီး တပည့်သံဃာ တွေက လေးလေးကို တုပ်နှောင်ထားတဲ့ ကြိုးတွေကိုဖြေပြီး ဆွဲခေါ်သွားပေမယ့် တရားဥပဒေအရ အရေးယူခံရဦးမှာဖြစ် လို့ ညတွင်းချင်းပဲ လိုက်လာတဲ့သံဃာ အစောင့်အရှောက်နဲ့ ဖောင်တော်သီ ဂါတ်တဲ (ရဲစခန်း) ကို ပို့လိုက်ပါတယ်။

လွတ်လပ်ရေးရခါစ ပါလီမန်ခေတ် လက်နက်ကိုင် ပျူစောထီးတွေ အာဏာ ရှိသလို ရဟန်းသံဃာတွေလည်း တန်ခိုး အရှိန်အဝါ ဩဇာရှိကြပါတယ်။

ရဟန်းသံဃာအခြံအရံတွေနဲ့လိုက် ပါသွားတဲ့မြင်ကွင်းကို ငေးမောရင်း မောင်ဘိုကြီးရဲ့ မျက်စိထဲမှာတော့ မီး ဟုန်းဟုန်းတောက်လောင်နေတဲ့ နွား တင်းကုပ်ထဲက ခိုင်းနွားကြီး (၄) ကောင် နဲ့ နွားသားအမိ မီးလွတ်ရာပြေးထွက် လာတဲ့ပုံရိပ် ထင်ဟပ်နေပါတော့တယ်။

ရှစ်ခွင်ကျော်-ဖောင်တော်သီ

www.burmeseclassic.com

www.burmeseclassic.com

ကိုပေါမောင်ဆိုလျှင် မူးကမ်း၊ ဆူးတပ် နှစ်ရွာစလုံး မသိသူမရှိကြ။ ကိုပေါမောင်က မျက်စိနှစ်ကွင်း အလင်း မရရှာလေသူ။ မွေးရာပါကန်းခြင်းတော့ မဟုတ်။ အိမ်ထောင်ကျပြီးမှ ကျောက်ကြီးပေါက်ကာ ထိုကျောက်များက မျက်စိထဲတွင်ပါပေါက်ပြီး ကွယ်သွားရှာခြင်း ဖြစ်၏။ ထိုခေတ်က ကျောက်ဆေး ဆိုတာမရှိ။ အမေတို့စကားနှင့်ပြောရလျှင် ကာလပျက်ကြီးဆိုလား။

စာရေးသူတို့သိတတ်သည့်အရွယ်တွင် ကိုပေါမောင်ကို ကောင်းစွာ သိပါပြီ။ ဝါးသားမာကျစ်ကျစ်လေးကို တောင်ဝှေး (ထောက်ရန်မဟုတ်ဘဲ) ရှေ့ကိုခလုတ်တံသင်း၊ လူ စသည် ရှိ၊ မရှိသိရန်ကို ယမ်းကာယမ်းကာဖြင့် ရွာရိုးကိုးပေါက်သွားနေသော ကိုပေါမောင်ကို မကြာခဏ တွေ့နေရပါသည်။ ထိုခေတ်က မည်သည့်ကလေးကမျှ ကိုပေါမောင်ကို မစ,ကြ၊ မနောက်ပြောင်ကြပါ။

"ကိုပေါမောင် ဘယ်သွားမလို့တုံးဗျ"

ဟု မေးလိုက်လျှင် တောင်ဝှေးလေးထောက်ပြီး -

"ငါရေငင်သွားမလို့ကွ။ မင်းက မိစူးသားလေး မဟုတ်လား"

ဟုပါ ပြန်ပြီးမေးလေ့ရှိပါသည်။ ကလေးတော်တော်များများ၏အသံကိုလည်း မှတ်မိပါသည်။

ကိုပေါမောင်၏ မိန်းမမှာ အလွန်ပျင်းသူဖြစ်ပြီး ကလေး (၅) ယောက်ကိုလည်း ဤမျက်မမြင် ကိုပေါမောင်ကသာ လုပ်ကျွေးရပါသည်။ ကိုပေါမောင်က စပါးခင်းထဲတွင် ဝက်မြေစာပင်များ အခစားနုတ်ပါသည်။

စာရေးသူ၏အစ်မက -

"စပါးပင်နဲ့ဝက်မြေစာပင် ဘယ်လိုခွဲသလဲ"

ဟု မေးလျှင်-

"လွယ်လွယ်လေးပါဟာ။ အရွက်ချင်းမှ မတူတာ။ ဝက်မြေစာက ရှတတနဲ့ဟ"

ဟု ဖြေပါသည်။

မျက်စိမမြင်သော်လည်း နွားစာအငှားစဉ်းပါသည်။ မြေကြီးတွင် စိုက်ထားသော တိုင်ငုတ် (တစ်ပေခန့်) အတိုလေးနှစ်ခုကြား ကောက်ရိုးမြက်ကိုသွင်းပြီး နွားစာစဉ်းဓားဖြင့် ချိန်ဆပြီး ခုတ်ရခြင်း ဖြစ်ပါသည်။ နွားစာစဉ်းရင်း ကိုပေါမောင်လက် ဓားခိုက်မိသည်ဟု တစ်ကြိမ်တစ်ခါမှမကြားရဘူးပါ။

ပုတတ်ပင်တတ်သော စာရေးသူ၏ မိခင်က -

"ပေါမောင်ရယ်၊ နွားစာစဉ်းရင်း






www.burmeseclassic.com

www.burmeseclassic.com

ဆော့်ချက်ခုတ်မိမှဖြင့် ဒုက္ခများရချေရဲ့။ ငါက နင့်ကိုစိတ်မချလို့ မငှားတာပါ”


ဟုပြောလေသော်မှ ကိုပေါမောင်က -

“ဒေါ်လေး၊ ကျုပ်သာနားရင် ကျုပ်ဆိုပဲ နွားစာစဉ်းငှားပါဗျာ”

ဟု ပြန်ပြီး မေတ္တာရပ်ခံပါသည်။

ဤသို့ဖြင့် စာရေးသူတို့အိမ်တွင် ကိုပေါမောင်သည် နွားစာစဉ်းပေးပါသည်။ မြေပဲခင်းတွင် မြေပဲနုတ်ပေးပါသည်။ မြေပဲပင်မှ မြေပဲသီးကို ဆွတ်ခြွေပေးပါသည်။ မျက်စိမမြင်သော်လည်း မြေပဲအတောင့်ထဲတွင် အရွက်မပါစေပါ။ တကျီးနီးယားဆေးစိုက်ခင်းတွင် ဆေးရွက်ကြီးများအသားတက်စေရန်အတွက် ဆေးအတက်လေးများဖွဲ့ပေးရပါသည်။ ထိုအလုပ်ကိုလည်း ကိုပေါမောင်က ဆေးပင်တစ်ပင်ချင်းကို စိတ်ရှည်လက်ရှည် လက်ဖြင့်စမ်း၍စမ်း၍ကိုင်ပြီး ဆေးတက်လေးများဖွဲ့ပေးပါသည်။

နောက်အလုပ်တစ်ခုကတော့ ရေငင်ခြင်း ဖြစ်ပါသည်။ ထိုစဉ်က ကျေးလက်တောများတွင် ပိုက်ရေတွင်းများမရှိ





www.burmeseclassic.com

www.burmeseclassic.com

ကြသေးပါ။ အုတ်စီသောရေတွင်းနှင့် ဝါးဝိုင်းခွေရေတွင်း ဟူ၍သာရှိပါသည်။ ရွာထဲတွင်မူ သောက်ရေ၊ ချက်ပြုတ်ရေ၊ ချိုးရေ၊ သစ်ပင်လောင်းရေ၊ ကျွဲနွားရေအဖြစ် အုတ်ဂီရေတွင်းများ တူးကြပြီး လယ်ထဲယာထဲ၌ ကြက်သွန်ခင်း၊ ခရမ်းခင်း၊ ဘူးခင်းများ ရေလောင်းရန်အတွက် ဝါးဝိုင်းခွေရေတွင်း တူးကြပါသည်။ မူးကမ်းကြီးရွာနှင့် မူးမြစ်မှာ (၂) ဖာလုံခန့်သာဝေးရကာ အချို့သော ကြက်သွန်ခင်းသမားများက ရေတွင်းမတူးတော့ဘဲ မူးကမ်းဘေးမှာ စင်ကလေးလုပ်ပြီး မောင်းလက်ဝါးဆင်ကာ ထိုမူးမြစ်ထဲမှ ရေကိုငင်ပြီး ကြက်သွန်ခင်းလောင်းကြပါသည်။ ထိုရေတွင်းကို စာရေးသူက ကြောက်သဖြင့် တွင်းပေါ် မတက်ရဲပါ။ သို့သော် မျက်စိမမြင်ရှာသူ ကိုပေါ်မောင်ကတော့ ထိုမူးမြစ်ထဲမှရေကို နင်းကြမ်း (ထန်းသားခြမ်း) ပေါ် ခြေထောက်ကားရပ်ပြီး မဖိတ်မစဉ်စေဘဲ ကြက်သွန်တစ်ဧက၊ နှစ်ဧကကို ရေလောင်းပေးနိုင်ပါပေ၏။

အုတ်စီတွင်းသည် (၁၂) တောင်ခန့်နက်သည်။ ထိုအုတ်စီတွင်းကိုလည်း နင်းကြမ်းပေါ်၌ ကားရားရပ်ပြီး မောင်းလက်ဝါးကိုကိုင်ကာ ရေတစ်ပုံးပြီးတစ်ပုံး ငင်လိုက်၊ ချလိုက်သည်မှာ မြန်လှပါပေ၏။ မည်သူ့ငှက်ပျောခြံကို ရေပုံးရေ (၇၀၀) လောင်းရ၏၊ မည်သူ့ခရမ်းခင်းကို ရေပုံးရေ (၈၀၀) လောင်းရ၏ဟု သူမှတ်မိပါသည်။ တစ်ခါက စာရေးသူနှင့် တူလေးတို့အား ငှက်ပျောခြံရေဖောက်ခိုင်းရာ ငေးမောဆော့နေကြပါသည်။ရေများက ငှက်ပျောတန်းကိုလျှံပြီး အပြင်ရောက်ကုန်တာကို အကြာကြီးနေမှသိကြ၏။ထိုနေ့က ကိုပေါ်မောင်က စာရေးသူ၏ အမေအား -

"ဒွေးလေးရေ၊ ကလေးတွေကို ရေဖောက်ခိုင်းရင် တစ်ယောက်ပဲခိုင်းပါဗျာ။ နှစ်ယောက်ဆိုတော့ သူတို့ကဆော့နေကြတာ။ ကျုပ် ဒီနေ့ ရေပုံး (၁၄၀) ပိုငင်ရတယ်ဗျ"

ဟု တိုင်သဖြင့် စာရေးသူတို့ တူဝရီးနှစ်ယောက်ကို အမေက ဝါးခြမ်းပြားနှင့်နှံလိုက်ပါ၏။

ကိုပေါ်မောင်ကို စာရေးသူတို့အိမ်မှ ထမင်းပါ ကျွေးပါ၏။ (အချို့အိမ်များက မကျွေးကြပါ။) ထမင်းကို ဇလုံခပ်ကြီးကြီးတွင်ထည့်ပြီး ဘေးနားတွင် အပိုတစ်ဇလုံထည့်ပေးရပါသည်။

အမေက -

"ကဲ - မောင်ပေါ်မောင်ရေ ချဉ်ရည်ဟင်း၊ အမဲခြောက်နဲ့ ခရမ်းသီးနှပ်ချက်၊ ပဲပြုတ် ၊ ငရုတ်သီးထောင်းပေါ့နော်"

ဟု ပြောလိုက်တာနှင့် ကိုပေါ်မောင်က ဟင်းပန်းကန်များကို လက်ဖြင့်အသာအယာစမ်းပါသည်။ ပန်းကန်ကြီးလျှင် ချဉ်ရည်ဟင်း သို့မဟုတ် ဟင်းချိုဟင်း ဆိုတာ သိပါပြီ။ မသေချာသေးလျှင် ဇွန်းပြားလေးနှင့်ခပ်ပြီး ထမင်းထဲဆမ်းကြည့်ပြီး စမ်းပါသည်။ စာရေးသူတို့အမေက သဒ္ဓါတရားကောင်းပါသည်။ ဟင်းများဖောဖောသီသီထည့်ပေးလျှင်

ကိုပေါ်မောင်က -

"ဒွေးလေး၊ အတော်ဆိုရပါရဲ့ဗျာ။ ကျုပ်က ချန်ထားရင်လည်း စားချင်ကြမှာ မဟုတ်ဘူး။ ဒါကြောင့် အကုန်စားရင်လည်း ကျုပ်က အစားကြီးရာရောက်ပြန်ရောဗျ"

ဟု ပြောပါသည်။

ကိုပေါ်မောင်သည် သျှောင်ထုံးလေးကို သပ်သပ်ရပ်ရပ်ထုံးပြီး ဝါချည်ဖျင်တဘက်ကလေးပေါင်းထားပါသည်။ ဖျင်အင်္ကျီလက်တိုနှင့် ဖျင်ပုဆိုးတို့ကို ဖြူစင်အောင် လျှော်ဖွပ်ပြီး ဝတ်လေ့ရှိသဖြင့် သူ့မိန်းမက သူ့ယောကျ်ားကို တော်တော်လေး လုပ်ကိုင်ပေးရှာသားပဲဟု အောက်မေ့မိရာ မဟုတ်ပါချေ။ ကိုပေါ်မောင်က သူ့အင်္ကျီ၊ သူ့ပုဆိုးကို သူ့ဘာသာလျှော်ပြီး သူ့ဘာသာလှန်း၊ သူ့ဘာသာရုပ်ပါသတဲ့။ ခေါင်းကိုလည်း သူ့ဝါးဘီးလေးနှင့် သူကိုယ်တိုင် အုန်းဆီလေးလိမ်းပြီး ဖြီးတာထုံးတာဖြစ်ပါသတဲ့။

တစ်နေ့ စာရေးသူအား အမေက ရိုက်တော့မည့်ဘေးမှ သီသီလေးလိုပါတော့သည်။ စာရေးသူတို့အညာကျေးလက်တွင် ငွေကြေးတတ်နိုင်သူများက တစ်နှစ်စာ ဆန်၊ ဆီ၊ ဆေး၊ ဆားကို သိုလှောင်ထားကြပါသည်။ ဆန်ကိုမူ စပါးအတိုင်းထားပြီးမှ တစ်စီးချင်း (၂၅ တင်းချင်း) ကြိတ်ခွဲပါသည်။ ဆေးလိပ်လိပ်သောက်ရန် ဆေးရွက်ကြီးနှင့်ပြောင်းဖူးဖက်ကို တစ်နှစ်စာ သိုလှောင်ထားပါသည်။

တစ်နှစ်တွင် စာရေးသူတို့အိမ်မှ ဇာဂျီးနီးယားဆေးများအားလုံး ရောင်းလိုက်ပါသည်။ ရွှေဘိုမြို့ထောင့်စေတီပွဲတော်မှ ငမြာက ဆေးရွက်ကြီးများကို တစ်နှစ်စာဝယ်ပါသည်။ ဝါးဆေးဆိုပြီး အမေက (၅) ပိဿာခေါက်ပုတ်ကလေးနှင့် ဝယ်ပါသည်။

*(ဝါးဆေး ဆိုသည်မှာ ဆေးရွက်ကြီးကို ဖုန်၊ သဲ၊ ခဲစင်အောင် သေသေချာချာသုတ်ပြီးမှ ဆေးရွက်ကို ဖွဲ့ကာ ကာဝါးကြသည့်ဆေး ဖြစ်ပါသည်။ ဆေးရွက်လေးကို လေး၊ ငါးခေါက်ခေါက်ပြီး ထိုခေတ်က ပိုလိုဆေးလိပ်ဘူးခွံထဲတွင် တရိုတသေထည့်ထားပြီးမှဝါးကြသည် ဤကား စကားချပ်)*

သာမန်ဆေးထက်ပိုပြီးဈေးကြီး သည်။

စာရေးသူ၏အမေက -

"ဒီဆေးက ဝါးဆေးဟဲ့နော်။ ဆေး ခြေကြရင် ဒါကိုမလုပ်ကြနဲ့။ ဒီဝါးဆေး က ပေါ်မောင်ဖို့သတ်သတ်ဝယ်လာတာ

ဟု ပြောဆို သတိပေးထား သည်။

နံနက် (၆) နာရီဆိုလျှင် ကိုပေါ် မောင်က တုတ်လေးတတောက်တော ခေါက်ပြီး ဝင်လာပါသည်။ ရွာတွင်းလ များမှာ ဆူးများဖြင့် ကာရံထားသော် လည်း သူ့မှာ ဆူးမငြိပါ။ အိမ်ရော လျှင် ခုံရှည်တွင်ဝင်ထိုင်ပြီး အဘိုးငဲ့ သော ရေနွေးကြမ်းကို တဖူးဖူးမှုတ် သောက်ပါသည်။ ကောက်ညှင်းပေါ စသည့် သရေစာကျွေးလျှင်တော့ မ ပါ။

"တော်ပြီဗျ၊ တော်ပြီဗျ။ ထမ စားပျက်မစိုးလို့ဗျ"

ဟု အမြဲငြင်းပါသည်။

သို့သော် -

"ဒွေးလေး၊ ဆေးတစ်ဝါးလော ဗျာ"

ဟုတော့ အမြဲတောင်းလေ့ရှိ သည်။ ထိုဆေးကိုထားသည့်နေရာ သော စာရေးသူက အမြဲယူပေး သည်။

တစ်ခါသော် ကိုပေါ်မောင်က -

"ငါ့ဝါးဆေးက ကောင်းလိုက် ဟာ"

ဟု ဆိုသဖြင့် စာရေးသူက ဘယ်ရွှေ့ဘယ်မျှပေးရကြောင်း၊ ခင် ဖို့ဆိုပြီး (၅) ပိဿာဝယ်ထားပြီး ခေါ ပုတ် (ရေဆွတ်ပြီး ဖျာလေးလိုခေါ ရသောပုတ်ကလေး) ကလေးထဲ သိမ်းထားပါကြောင်း အမှတ်တမဲ့ ပြလိုက်မိပါသည်။ ထိုနေ့မှစပြီး နော ရက်များတွင် ကိုပေါ်မောင်က ဆေး တစ်ဝါးလောက်ဟု မတောင်းတော့ စာရေးသူကလည်း ဆေးယူမပေး ဟန်ကျသလိုဖြစ်နေပါ၏။ သို့သော် ရက်တွင်မတော့ နေရာတင ဈေး



www.burmeseclassic.com

www.burmeseclassic.com

အမေက -

"ဟဲ့ - ပေါ်မောင်၊ နင်ဆေးမဝါး ...ုံးလား။ ဆေးဖြတ်လိုက်တာလား"

ဟု မေးလေမှ-

"အဲဗျာ၊ ဖြတ်တော့မဖြတ်ပါဘူး။ ...ို့ချည်း တစ်နှစ် (၅) ပိဿာကုန် ...ဆိုတော့ အားနာလို့ပါ" တဲ့။

အဲဒီမှာပဲ ဒီစကား ဒီကောင်မ ...သွားပြောတာဆိုပြီး စာရေးသူကို ...မြန်တဲ့အမေက ရိုက်တော့ခေါက် ...မလို့ပါဘဲ။ အမေ့လက်ထက်မြန်တဲ့ ...သူက အမြန်လေးပုန်းလိုက်လို့ လွတ်သွားပါတော့သည်။

ရွာထဲတွင် အလှူမင်္ဂလာရှိတိုင်း ...ပေါ်မောင်ပါ ပါသည်။ အခြားနေရာ ...ပါနိုးလား။ ဝက်သားပေါ် သည့်နေ ...တွင် သူက ဆရာကြီးပါ။ ဝက်လိုက် ...ပေးသည်။ ဝက်၏ကျောကို သပ် ...ဗိုက်ကိုသပ်ကြည့်ပြီး အသား ...ပိဿာထွက် မှန်းတတ်သည်။ ...တီပါပဲ။ သူကိုယ်တိုင်တော့ မသတ် ...

ကိုပေါ်မောင်အိမ်နှင့် နောက်ဖေး ...ကပ်နေသောအိမ်တစ်လုံးရှိသည်။ ...ရှင် ကျော်တင်က နွားသိုးပေါက် ...တစ်ကောင် မွေးထားပါသည်။ ည ...ရောက်လျှင် ကိုပေါ်မောင်အိမ်နှင့်သူ့ ...ကြား လာချည်ထားလေ့ရှိသည်။ ... ချေးပါလိုက်၊ သေးပေါက်လိုက် ...နေတော့သည်။ နွားခွာက ကိုပေါ် ...အိမ်ကပ်ထရံကို တဘုတ်ဘုတ် ...နေလေ့ရှိ၏။ သူ့နွားကပါသော ...ချေး (နွားချေး) ကိုလည်း ဘယ် ...မသိမ်းချေ။ ကြာတော့ ကိုပေါ် ...ဒေါသဖြစ်လာ၏။ စိတ်ကိုထိန်း ... -

"ဒီနွားသိုးကို အခြားနေရာပြောင်း ...ည်ပါ"

ဟု ဆိုသော်လည်း လုံးဝမရချေ။

ကိုပေါ်မောင်က လူမစွမ်းပေမယ့် ...သည်။ ညလူခြေတိတ်လျှင် စောင် ...ကြီးကို ခေါင်းမြီးခြုံပြီး ထိုနွားကို ...နှိုလိုက်၏။ တစ်ညလျှင် နှစ်ကြိမ်၊ ...မ် ဤနှယ်လုပ်ပေး၏။ ထို့ကြောင့် ...မှာ ဂနာမငြိမ်တော့ဘဲ ပျာယီး ...ခတ်နေ၏။ ညအချိန် လူမြင်တာ ...ရှူးရှဲရှဲခုန်လိုက်ပေါက်လိုက်ဖြစ် ... ထမ်းပိုးထမ်းကျင့်သော်လည်း ...သည့်သူကမျှ ထမ်းပိုးထမ်းကျင့်သင် ...ကြ။ ယုတ်စွဆိုသော် ထိုနွားကို မည်သူမျှ ဖြောင့်ဖြောင့်တန်းတန်းသွား အောင် မမောင်းဝံ့ကြသဖြင့် ဟင်းအိုးထဲ ရောက်ရှာလေ၏။

*(ထိုအကြောင်းကို ၄က်ပျော့ခြံရေ ၀င်ပေးရင်း ခဏနားရာမှ ကိုပေါ်မောင် က စာရေးသူတို့မောင်နှမအား ပြောပြ ခြင်း ဖြစ်ပါသည်။)*

၁၉၆၂ ခုနှစ်တွင် စာရေးသူ၏ အဖေက ကူဘိုတာရေစုပ်စက်တစ်လုံး ဝယ်လိုက်ပါသည်။ ကူဘိုတာ ၅-၆ ဖြစ် ပါသည်။ ထိုစက်ကို မှန်မှန်မောင်းပြီး ခြံ တွင်းရှိ သစ်ပင်များကို ရေလောင်းပေး ပါသည်။ ကိုပေါ်မောင် အလုပ်လက်မဲ့ ဖြစ်သွားပြီဟု ထင်ပါသလား။ အလုပ် လက်မဲ့မဖြစ်ပါ။ စာရေးသူတို့ခြံဘေးမှ ဥနှဲသားကိုင်းများကို ခုတ်ယူပြီး (ဆေး လိပ်ရာတွင်သုံးသောဆေးရိုးလုပ်ရန်) ဆေးရိုးစဉ်းရပါသည်။ ဆေးရိုးစဉ်းရာ တွင် ဥနှဲသားကို အပေါ်ယံအခေါက်ခွာ ပြီး ပါးပါးလေးတွေဖြစ်အောင် ခုတ်ရပါ သည်။ ကိုပေါ်မောင်၏ ဆေးရိုးများမှာ ပါးပါးလေးဖြစ်သဖြင့် မောင်းဆုံနှင့် ထောင်းရာတွင် လွယ်ကူပြီး မြန်ဆန်လှ ပါသည်။

အလုပ်အစုံလုပ်သော ကိုပေါ် မောင်က မျက်စိမမြင်ပါဘဲနှင့် နွားကို အလဲအလှယ်၊ အရောင်းအဝယ်လုပ်ပါ သည်။ တစ်နေ့တွင် စာရေးသူတို့ဦးရီး သူကြီးအိမ်တွင် ကိုပေါ်မောင်အား နွား ကိုလိမ်လည်ပြီး လဲပါသည်ဟု အတိုင်ခံ ရပါသည်။

စာရေးသူ၏ဖခင်က-

"ဩော် - မျက်စိမမြင်တဲ့သူနဲ့ နွား အလဲအလှယ်လုပ်တာတောင် သူက ရှုံး သေးသတဲ့လားကွယ်"

ဟု အံ့သြနေသဖြင့် စာရေးသူ၏ အမေက -

"ကိုလှဘာရှည်၊ ကိုယ်ဘာမှမသိဘဲ နဲ့။ အခု တိုင်တဲ့သူက ပေါ်မောင်ရဲ့ ယောက္ခမ ကိုစံဗျတ်တော့်၊ ဘယ်သူများ မှတ်လို့တုံး။ ယောက္ခမက သမက်ကို တိုင်တာတဲ့နော်"

ဟု ပြောသဖြင့် အကြောင်းခြင်း ရာကို စာရေးသူတို့ အလွန်သိချင်နေကြ ပါသည်။

ထိုနေ့ည (၉) နာရီခန့်တွင် ကိုပေါ် မောင် စာရေးသူတို့အိမ် ရောက်လာပါ သည်။

အစ်မက -

"ညကြီးမင်းကြီး လာလည်ရ သလား။ လကမရှိ (လမိုက်ည) နဲ့တော်"

ဟု ပြောလေရာ -

"ဟ- ငါ့မှာ ဘယ်တုံးက လရှိလို့ လဲ"

ဟု ပြန်ပြောသဖြင့် စိတ်မကောင်း ဖြစ်မိသော်လည်း နွားလဲပုံကို အလွန်သိ လိုသဖြင့် မေးမြန်းကြရာ -

"သူ့နွားနဲ့ ငါ့နွား တည့်ချင်းလဲတာ ပါကွာ။ သူ့နွားလည်း ထမ်းပိုးကျင့်လို့ရ ပြီ၊ ငါ့နွားလည်း ထမ်းပိုးကျင့်လို့ရပြီဟ။ အဲဒါ သူက သဘောကျလို့လဲတာကို သူ့ လက်ထဲရောက်မှ ငါ့နွားက ညရောက် ရင် ကွိုကွိုနဲ့မြည်လို့တဲ့။ နွားယုတ်မမွေး ကောင်းဘူး။ ငါ့ကို ညစ်လဲတယ်ဆိုပြီး တရားစွဲတာကွ။ ဒါပဲ"

ဟု ဆိုသဖြင့် အဖေက -

"ဟ- ပေါ်မောင်ရေ မင်းအိမ်နဲ့သူ့ အိမ် ဒီလောက်ကပ်နေတာ မင်းလက် ထဲတုန်းက ဒီနွား ညတိုင်း ကွိုကွိုနဲ့မြည် နေရင် သူကြားရမှာပေါ့။ သူက မကြား ဘူးတဲ့လားဟ။ မင်းကော မကြားဘူး လားဟ"

ကိုပေါ်မောင်က ခပ်ပြုံးပြုံးလေး နှင့်-

"ဦးလေးရာ သူက မကြားလို့ မသိ လို့လဲတာနေမှာပါ။ ကျုပ်ကတော့ ကျုပ် နွားပဲ သိတာပေါ့ဗျာ။ သိလို့မို့ အဲဒီနွား ကွိုကွိုနဲ့မြည်တဲ့အချိန်မှတ်ပြီး တောင်ဝှေး နဲ့ရိုက်ရိုက်ပေးရတာ။ တစ်ည သုံးကြိမ် မြည်တာဗျ။ ညဦးသန်းခေါင်၊ နံနက် (၂) နာရီနဲ့ ညောင်ပင်ကျောင်းက ခေါင်း လောင်းထိုးတဲ့အချိန် (၄) နာရီဆို မြည် တာပဲဗျို့။ အိပ်ရင် မြည်တာမို့ ကျုပ်က စောင့်စောင့်ပြီး ရိုက်ပေးရသဗျို့။ အဲဒါ ကြောင့် ကျုပ်ယောက္ခမကြီး မသိတာ ပေါ့ဗျ"

သူကြီးအိမ်မှာတော့ ကိုပေါ်မောင် က သူ့အိမ်နဲ့ ယောက္ခမအိမ်က အနီး လေးပါ။ သူ့အိမ်မှာကတည်းက နွားက မြည်ရင် ယောက္ခမကြီးတို့လည်း ကြား ရမှာပါဘာညာနဲ့ လျှောက်လဲလို့ သူကြီး ကလည်း -

"ဦးစံဗျတ်ရာ၊ ဟိုခမျာ မျက်စိ လည်းမကောင်း၊ ခင်ဗျားရဲ့သမက်လည်း ဖြစ်နေပြန်၊ လိမ်တာလည်း မဟုတ်တော့ ကျေအေးပါဗျာ"

လို့ ပြောတာနှင့် ပြီးရောဆိုပါစို့။

အလုပ်မျိုးစုံလုပ်တဲ့ ကိုပေါ်မောင် က သူ့အိမ်နဲ့ကပ်နေတဲ့ ရွာတံခါးက ကင်းတဲကိုလည်း ကင်းစောင့်ပါသေး သည်။ သူ့သားဖိုးမောင်ကလည်း ပြော မကောင်းတော့ သူ့အိမ်အတွက်လည်း



www.burmeseclassic.com

www.burmeseclassic.com

လှမျိုး(ပညာရေး)

# မြန်မာနိုင်ငံရောက် မလေးကျားကြီး

အညာဆောင်းရာသီက သတ္တိပြလျက်ရှိသည်။ အေးချမ်းသည့်ရာသီကို ပိုအေးစေလိုသည့်အလား ရေခဲတမျှ အေးစိမ့်သော မြောက်ပြန်လေသည် တသုန်သုန်တိုက်ခတ်လျက်ရှိနေသဖြင့် ကျွန်တော်သည် စောင်အထပ်ထပ်ခြုံကာ အိပ်စက်နေရာမှ လန့်နိုးလာသည်။ ပထမ စိတ်ထဲတွင် ဇဝေဇဝါဖြစ်နေမိသည်။ အိပ်မက်မက်နေခြင်းလော ဝေခွဲ၍မရ။ သို့သော် ကျွန်တော်တို့အိမ်ရှေ့ရှိ ကွပ်ပျစ်ကြီးဘက်မှ ဆူညံနေသော အသံတွေကို မသဲမကွဲကြားနေရသည်။ ထိုစဉ်ကာလ (ဒုတိယကမ္ဘာစစ်ကြီး ကျွန်တော်တို့မြန်မာနိုင်ငံသို့ ကူးစက်မလာမီ) က ကျွန်တော့် ဖခင်ဖြစ်သူမှာ ကျွန်တော့်ဇာတိ စကုမြို့အထက်တန်းကျောင်းတွင် ကျောင်းအုပ်ဆရာကြီးအဖြစ် ဆောင်ရွက်နေရာ နံနက်လင်းသည်နှင့် သူတပည့်ကျောင်းသားကြီးများ၊ တို့ဗမာအစည်းအရုံးမှ သခင်များ၊ မြို့ပေါ်မှလူကြီးများ ရောက်လာလေ့ရှိသည်။ ပထမတွင် မြို့ပေါ်၌ ဖြစ်ပျက်နေသည့် လူမှုရေးသတင်းများ ပြောကြဆိုကြပြီးသည်နှင့် အရှေ့တောင်အာရှသို့ ကူးစက်လာပြီဖြစ်သော ဒုတိယကမ္ဘာစစ်ကြီး၏ သတင်းများကို ပြောလေ့ရှိကြသည်။ ထို့ကြောင့် သူတို့အဖွဲ့အား မြို့သူမြို့သားများက 'လေပါတီ' ဟု ကင်ပွန်းတပ်ခဲ့ကြသည်။

ထိုနေ့နံနက်ကမူ စင်ကာ[...] မလေးရှား ဘိုင်စကယ်စစ်ဆင်ရေး၊ ဂျ[...] ဘုရင့်လေတပ်မတော်မှ အသေခံပုံး[...] လေယာဉ်ပျံများ၊ ဗြိတိသျှတို့၏ အင်္ဂ[...] ခံတပ်ကြီးဟု သတင်းစာများက တင်[...] ခေါ်ဝေါ်သော ဝေလမင်းသားသင်္ဘော[...] ကြီး စသော မသဲမကွဲအသံများကို ကြား[...] နေရသဖြင့် ကျွန်တော်လည်း အလ[...] အမြန် ကိုယ်လက်သန့်စင်ကာ အိမ်ရှေ့[...] သို့ထွက်ခဲ့မိသည်။

မြင်ရသည့်မြင်ကွင်းမှာ အံ့သြဖွ[...] ရာ။ ထိုမြင်ကွင်းကို နှစ်ပေါင်း (၇[...] ကျော်ခဲ့သော်လည်း မမေ့နိုင်။ အဘ[...] ကြောင့်ဆိုသော် မြို့ပေါ်မှ ဗြိတိ[...] အစိုးရ၏ နေမဝင်အင်ပါယာကြီး[...] စစ်အင်အားကိုအထင်ကြီးကြသည့် ကျွ[...] တော့်ဖခင်၏ မိတ်ဆွေ လူကြီးများ[...] စိတ်မချမ်းမြေ့ဖွယ်ရာအမူအရာဖြင့် စ[...] မပြောနိုင်ဖြစ်နေကြလေသည်။ သို့သော်[...] အထက်တန်းကျောင်းသားကြီး ကိုထွ[...] ကြွယ် (နောင်အခါ တောတွင်ကျ[...] ကပင် အသံကိုမြှင့်၍ ဗြိတိသျှနယ်[...]

---

သူပဲ ကင်းစောင့်ပါသည်။ အခြားအိမ်များအတွက်ပါ ကင်းစောင့်အငှားစောင့်ပါသေးသည်။ကင်းတဲက သူ့အိမ်ဝင်းနှင့် တစ်ဆက်တည်းဖြစ်ပါသည်။ သူ့အတွက် လက်နှိပ်မီးမလိုပါ။ တစ်ညသော် ကိုပေါမောင်၏ အငယ်ဆုံးသမီးလေးက ဖျားသဖြင့် ကိုပေါမောင်က ပခုံးပေါ်ထမ်းပြီး ချော့သိပ်နေရရှာပါသည်။ ထိုအချိန်တွင် ကင်းလှည့်လာသော စခန်းမှူးနှင့် အဖွဲ့က -

"ကင်းသမား ဘယ်မှာတုံးကွ"

ဟု မေးလိုက်သံကို ကြားလိုက်သဖြင့် ကလေးကို ပခုံးပေါ်ထမ်းလျက် တောင်ဝှေးယမ်းကာယမ်းကာ ကင်းတဲဆီသို့ အပြေးလေးသွားရှာပါသည်။

အကြောင်းစုံသိရလေသော် ဤမျက်မမြင်ကိုပေါမောင်အား ကင်းစောင့်တာဝန်မှကင်းလွတ်ခွင့်ပေးလိုက်ပါသည်။ စာနာစိတ်ရှိသော ထိုစခန်းမှူးကြီးမှာ မုံရွာမြို့ အောင်ချမ်းသာရပ်မှ ဦးမောင်မောင်ဝင်း ဖြစ်ပါသည်။

တစ်ခါကလည်း ဘုရားပွဲတွင် ဟင်းလုပ်ကြမည့် နွားမတမ်းလေးကို ကိုပေါမောင်၏ အိမ်အနီးတွင် ခေတ္တချည်ထားကြပါသည်။ နွားအနံ့ရသော ကိုပေါမောင်က တုတ်ကလေးယမ်းကာယမ်းကာသွားပြီး နွားမလေးကို ခေါင်းမှ အမြီးတိုင် ပွတ်သပ်ကြည့်ပါသည်။ ဟင်းလုပ်ကြမည့်သူများ ရောက်လာသော အခါ -

"မင်းတို့နွားမတမ်းလေးထက် ငါ့နွားမလေးက အဝသာပါတယ်။ အဲဒါ ငါ့ကို ငွေ (၄၀၀) လောက်အလိုက်ပေးပြီး လဲချင်လဲကြကွာ"

ဟု ပြောသဖြင့် နွားမများကို လဲကြပါသည်။

ကိုပေါမောင်က (၄၀၀) အလိုက်ရလိုက်သည်ဟု ထင်ကြပါလိမ့်မည်။ ထိုမျှမကပါ။ နွားမလေးတွင် ဗီကပ်နေကြောင်း နွားကျမ်းကျေသူ ကိုပေါမောင်က သိသဖြင့် သားတင်၍မရသော သူ့နွားမနှင့် လဲလိုက်ခြင်း ဖြစ်ပါသည်။ ထိုနွားမလေးမှ နွားထီးချောချောလေးမွေးလာရာ -

"ပေါမောင်တို့ကတော့ မျက်စိမမြင်လို့သာပေါ့ကွာ။ မျက်စိသာ မြင်လိုက်ရင် ရွာပါ ရောင်းစားမှာကွ"

ဟု ပြောကြပါသည်။

စာရေးသူ၏ မိခင်ဆုံးသောအခါ ကိုပေါမောင်က သားအရင်းပမာ ဖွဲ့ဖွဲ့နွဲ့နွဲ့ ငိုရှာပါသည်။

"ကျုပ်ရဲ့ ကျေးအမေပါဗျ။ ဒွေး[...]လေးထမင်းနဲ့ လူဖြစ်ရတာပါဗျ။ ကျု[...] ဘယ်သူ့အားကိုးရမှာတုံးဗျ"

ဟု ဖွဲ့ဖွဲ့နွဲ့နွဲ့ငိုလေရာ လူတို[...] မျက်ရည်ဝဲကြရပါသည်။

ကိုပေါမောင် ကွယ်လွန်ခဲ့[...] (၁၀) နှစ်ခန့်ရှိပါပြီ။ သူ့အကြောင်းပြေ[...] ကြရင်း -

"အဲဒီခေတ်တုန်းက စက်ဘီး[...] လည်း တစ်ရွာလုံးမှ (၃) စီးလော[...] တာကွ။ အခုခေတ်လိုများ တရုတ်[...] ကယ်တွေပေါ်နေရင် ကိုပေါမော[...] မလွယ်ဘူးပေါ့။ တော်သေးတာ[...] အသေစောသွားလို့"

ဟု တစ်ယောက်က ပြောလေ[...] စာရေးသူ၏ အစ်ကိုက -

"မင်းတို့က ကိုပေါမောင်နဲ့ မ[...] ဘူးသေးလို့ ပြောနေတာပါကွာ။ ဒီ[...] ခေတ်အထိ ကိုပေါမောင်ရှိနေရင် [...] တုတ်ကလေးထောက်ထောက်ပြီး [...] ကာယမ်းကာနဲ့သွားမနေဘဲ ဆိုင်က[...] ကယ်ရီလိုက်ချင်တောင်လိုက်နေမှာ[...]"

ဟု ပြောလိုက်ပါသည်။

လူမစွမ်းသော်လည်း ပါးနပ်[...] လေလား၊ နတ်မ,လို့လေား။

ဝေစည်(ရွှေ[...]



www.burmeseclassic.com

www.burmeseclassic.com

...တို့ အားအကိုးရဆုံး မဟာတိုက် ...ကြီးနှစ်စင်းဖြစ်သော ဝေလမင်း ...နှင့် ရီပါ(လ်)(စ်)တို့အား မလေးရှား ...ဆွယ် ကမ်းလွန်ပင်လယ်ပြင်တွင် ...ဘုရင့်လေတပ်မတော်မှ အသေခံ ...ယာဉ်ပျံက ပစ်ခတ်နှစ်မြှုပ်လိုက် ...သတင်းပြောနေသည်ကိုတွေ့ရ၏။

ကျွန်တော့်မှာ မိမိနားကိုပင်မယုံ ... ဟုတ်မှဟုတ်ပါမလား။ ယုံတမ်း ...ပ်ဂေဇက်လား။ သံမဏိကျောင်း ...တပ်ဖွဲ့ခေါင်းဆောင် ကိုထွန်းကြွယ် ... ဗြိတိသျှနယ်ချဲ့သမားအား ခါးခါး ... မုန်းတီးသူဖြစ်၍ ကောလာဟလ ...င်းကို ဇာတ်လမ်းဆင်၍ ပြောဆို ...လော။

မှန်ပါသည်။ ထိုစဉ်ကာလက ...တော်တို့ မြန်မာနိုင်ငံ ဗြိတိသျှဝါဒ ...ရေးဌာန (သတင်းနှင့် ပြန်ကြား ...ဌာန) မှ ထုတ်ဝေသော ကမ္ဘာ့ရုပ်စုံ ... ရွှေပြည်တော်သစ်သတင်းစာ ...ပြန့်ဝေသည်) နှင့် ကျွန်တော်တို့ ...နိုင်ငံမှ ထုတ်ဝေသော သတင်းစာ ...တွင် ဤဗြိတိသျှဘုရင့်ရေတပ် ...မှ တိုက်သင်္ဘောကြီးနှစ်စင်းမှာ ...အမိဆုံး မဟာတိုက်သင်္ဘောကြီး ...သည်။ တစ်ဆယ့်ခြောက်လက်မ ...ကြီးများ တပ်ဆင်ထားပြီး ...သည့်အခါမျှ မနစ်မြှုပ်နိုင်ဟု ကြွေးကြော်ထားပြီး အရှေ့တောင်အာရှရှိ ဗြိတိသျှနှင့် မဟာမိတ်တို့၏ ကိုလိုနီနိုင်ငံများကို ကာကွယ်ရန်စေလွှတ်ထားသော မဟာတိုက်သင်္ဘောများ ဖြစ်သည်ဟု ဟိတ်ကြီးနေ၏။ ထိုစဉ်ကာလက ကျွန်တော်သည် အလယ်တန်းကျောင်းသား တစ်ဦးသာ ဖြစ်ပါသည်။ ပြောင်းလဲနေသော ကမ္ဘာ့နိုင်ငံရေးအခြေအနေ၊ စစ်ရေးအခြေအနေကို သေသေချာချာမသိနားမလည်။ ခွေလှိမ့်ကစားနေသည့် အချိန်သာ ဖြစ်သည်။

ကျွန်တော်တို့လမ်းထိပ်သို့ ရောက်သည်နှင့် ကျွန်တော်ဖခင်၏ တပည့် ပထမကမ္ဘာစစ်ပြန် ယစ်မျိုးရာဇဝတ်အုပ် (ဒုလုံခြုံရေးမှူး) ဦးဘမြိုင်ကို တွေ့ရသည်။ ဦးဘမြိုင်မှာ အင်္ဂလိပ်-မြန်မာ သတ္တမတန်းအောင်မြင်ပြီး ပထမကမ္ဘာစစ်ပြန်တစ်ဦးဖြစ်သဖြင့် ကျွန်တော်တို့မြို့ကလေး၏ မျက်စိနားကြီးသူ၊ ယုံကြည်စိတ်ချရသူဟု ယူဆထားသည်။ ကမ္ဘာ့ဗဟုသုတအတော်အသင့်ကြွယ်ဝသူဟု ကျွန်တော်တို့ကျောင်းသားလူငယ်များက ယူဆထားသည်။ ဗြိတိသျှအစိုးရကို အထင်ကြီးသူဖြစ်ရကား ကျောင်းသားကြီးများကမူ ဦးဘမြိုင်ကို အင်္ဂလိပ်အလိုတော်ရိဟု ဆိုကြ၏။

သူ့မျက်နှာမှာ အိုကျ၍ ညှိုးငယ်နေသဖြင့် ကျွန်တော်က -


"ဦးလေး ကိုဘမြိုင်၊ ဘာတွေဖြစ်နေတာလဲဗျ"

ဟု ရုတ်တရက် မေးလိုက်မိသည်နှင့် -

"ဟေ-မင်းမသိဘူးလား။ ဗြိတိသျှဘုရင်ရဲ့ အရှေ့အာရှရေတပ်မတော်က ဝေလမင်းသား တိုက်သင်္ဘောကြီးနဲ့ ရီပါ(လ်)(စ်)တိုက်သင်္ဘောကြီးနှစ်စင်းကို ဂျပန်လေတပ်က လေယာဉ်ပျံတွေက နှစ်မြှုပ်လိုက်ပြီတဲ့ကွာ"

ဟု ပြောပြောဆိုဆို ထွက်သွားတော့သည်။

မှန်ပါသည်။ ထိုစဉ်ကာလက နိုင်ငံရေး၊ စစ်ရေးအခြေအနေအရပ်ရပ်မှာ အလျင်အမြန်ပြောင်းလဲနေသည်ဟု ဆိုရပေတော့မည်။ ၁၉၄၁ ခု၊ ဒီဇင်ဘာ ၇ ရက်တွင် အမေရိကန်ပြည်ထောင်စု ပုလဲဆိပ်ကမ်းအား ဂျပန်ဘုရင်လေတပ်မတော်မှ လေယာဉ်များသည် စစ်ကြေညာခြင်းမရှိဘဲ အလစ်ဝင်ရောက်ဗုံးကြဲတိုက်ခိုက်ခြင်းဖြင့် အမေရိကန်ပြည်ထောင်စု၏ ပစိဖိတ်ရေတပ်ကြီးမှာ အကြီးအကျယ်ပျက်စီးခဲ့ရပြီး ထိုနေ့သန်းခေါင်ကျော်တွင် ဗြိတိသျှပိုင် မလေးရှားပြည်နယ်နှင့်ယိုးဒယား(ထိုင်း)နယ်စပ် စင်ကာပူခံတပ်ကြီးမှ မိုင် (၄၀၀) ကွာဝေးသော ဆင်ဂိုရာကမ်းဆွယ်ကို ဂျပန်ဘုရင့်တပ်မတော်မှ ဗိုလ်ချုပ်ကြီး ရာမရှိတာ ခေါင်း



www.burmeseclassic.com

www.burmeseclassic.com

ဆောင်သော ဂျပန်တပ်များက ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး ဒီဇင်ဘာလ ၁၀ ရက်နေ့တွင်မူ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဗြိတိသျှရေတပ်မတော်မှ တိုက်သင်္ဘောကြီးနှစ်စင်း နှစ်မြုပ်ပစ်ခြင်းခံရတော့၏။


ဗိုလ်ချုပ်ကြီးရာမာရှိတာအကြောင်းကို ယိုးဒယား(ထိုင်း)နိုင်ငံမှ ထုတ်လွှင့်နေသော ဂျပန်ဘုရင်အသံလွှင့်ဌာနမှ ဒေါ်သီ၏အသံလွှင့်ချက်များတွင် နေ့စဉ်ပါဝင်လျက်ရှိရကား ကျွန်တော်တို့သည် နားမဆံ့အောင်ကြားခဲ့ရပြီဖြစ်၍ သူ့အားသိနေကြပြီး ဗိုလ်ချုပ်ကြီး ရာမာရှိတာမှာ နှယ်နှယ်ရရပုဂ္ဂိုလ် မဟုတ်ပါ။ ဂျပန်ဘုရင်တပ်မတော်တွင် 'မလေးရှားကျားကြီး' ဟု ဟိုးဟိုးကျော်ခဲ့ရသူ ဖြစ်သည်။

ဂျပန်ဘုရင့်တပ်မတော်မှာ ဒုတိယကမ္ဘာစစ်ကြီး အရှေ့တောင်အာရှသို့ကူးစက်မလာခင် တစ်နှစ်ခန့်ကပင် စင်ကာပူရှိ ဗြိတိသျှတို့၏ မည်သည့်ရန်သူမျှ မထိုးဖောက်နိုင်သော ခံတပ်ကြီးဟု ကြွေးကြော်ထားသည့် ရေတပ်ခံတပ်စခန်းကို သိမ်းပိုက်နိုင်ပါက ဟောင်ကောင်၊ ဖိလိပိုင်နှင့် ဒပ်(ချ်)အမျိုးသားပိုင်အရှေ့အိန္ဒိယကျွန်းစု (ယခု အင်ဒိုနီးရှား) တို့မှာ သိမ်းပိုက်ပြီးသားဖြစ်သွားမည်သာမက ဗြိတိသျှတို့၏ နေမဝင်အင်ပါယာကြီးတွင် အဖိုးတန်ဆုံးရတနာကိုလိုနီများဟု သမိုင်းဆရာများက ကင်ပွန်းတပ်ထားသော အိန္ဒိယတိုက်ငယ်နှင့်မြန်မာနိုင်ငံတို့အားသိမ်းပိုက်ရန်လမ်းပွင့်သွားမည်ဟုယုံကြည်ထားသည်။ သို့ဖြစ်၍ စင်ကာပူခံတပ်ကို အလစ်ရုတ်တရက်သိမ်းပိုက်နိုင်ရေးတာဝန်ကို ပေးအပ်ရမည့်ပုဂ္ဂိုလ်အား ဂျပန်ဘုရင့်တပ်မတော်မှ ထိပ်သီးခေါင်းဆောင်များက စနစ်တကျ စူးစမ်းရှာဖွေခဲ့ကြရာ မန်ချူးရီးယားစစ်မျက်နှာတွင် ဟိုးဟိုးကျော်နေသော ဗိုလ်ချုပ်ကြီးရာမာရှိတာကို တွေ့ကြသည်။

စင်ကာပူခံတပ်ကြီးကို လျှပ်တစ်ပြက်သိမ်းပိုက်နိုင်ရေးအတွက် ဗိုလ်ချုပ်ကြီး ရာမာရှိတာ ခေါင်းဆောင်သော ဂျပန်ဘုရင့်တပ်သားများသည် ဟိုင်နန်ကျွန်းတွင် လပေါင်းများစွာ စနစ်တကျ လေ့ကျင့်ခဲ့ကြသည်။ ဗြိတိသျှစစ်အာဏာပိုင်များကမူ မည်းမှောင်နေသော သစ်တောအုပ်များ၊ သွားလာရန် ခက်ခဲသော ဝါးတောများ၊ လျှိုမြောင်များ၊ ရွှံ့နွံဖုံးလွှမ်းနေသောစိမ့်မြေနှင့် ဒိုက်တောများကို ဂျပန်တို့ မည်သည့်နည်းဖြင့်မျှ ထိုးဖောက်ဝင်ရောက်တိုက်ခိုက်နိုင်လိမ့်မည်မဟုတ်ဟုယူဆထားသည်။ သို့သော် ဤဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ဗိုလ်ချုပ်ကြီး ရာမရှိတာ သို့မဟုတ် မလေးကျားကြီး ခေါင်းဆောင်သော ဂျပန်ဘုရင့်တပ်မတော်သည် မလေးရှားကမ်းခြေတက်စစ်ဆင်ရေးကြီးကို ဆင်နွှဲခဲ့ကြသည်။

အမှန်အားဖြင့် ထိုစဉ်ကာလက ဗြိတိသျှတပ်မတော်သည် ပြိုင်ဘက်ဖြစ်သော ဗိုလ်ချုပ်ကြီး ရာမာရှိတာ ခေါင်းဆောင်သော ဂျပန်တပ်မတော်ထက် အင်အားကြီးမား၍ အစစအရာရာ ပြည့်စုံသော တပ်မတော်ကြီး ဖြစ်သည်။ သို့သော် တောတွင်းတိုက်ပွဲတွင် စနစ်တကျ လေ့ကျင့်ထားပြီး သတ္တိပြောင်မြောက်သော ဂျပန်ဘုရင့်တပ်မတော်[…] သားများကို ခုခံကာကွယ်နိုင်ခြင်း[…] တော့။ အစိတ်စိတ်အမြွှာမြွှာဖြစ်ခဲ့[…] တော့၏။ ဤတွင် ဗိုလ်ချုပ်ကြီး ရာမာ[…] တာမှာ မလေးရှားကျားကြီးဟု လူ[…] များခဲ့သည်။ ရက်သတ္တပတ်အနည်း[…] အတွင်း စင်ကာပူခံတပ်ကြီးအား တာ[…] ယူထားရသော ဗြိတိသျှဗိုလ်ချုပ်[…] ပါစီဗဲ(လ်) နှင့် ဗြိတိသျှဘုရင့်တ[…] တော်မှ တပ်သားပေါင်းတစ်သိန်းနီး[…] တို့မှ မလေးရှားကျားကြီးထံ လက်န[…] ခဲ့ကြရတော့၏။

ဂျပန်ဘုရင့်တပ်မတော်နှင့် မြ[…] မျိုးချစ်တပ်မတော်များ မြန်မာနိုင်[…] နယ်စပ်သို့ ဖြတ်ကျော်ဝင်ရောက်[…] သောအခါ မြန်မာနိုင်ငံကို ကာကွယ်[…]






www.burmeseclassic.com

www.burmeseclassic.com






ဗြိတိသျှနယ်ချဲ့သမားအဖွဲ့ ပထမဗမာ ဒီဗီဇံတပ်ဟု ကင်ပွန်းတပ်ထားသော တပ်တစ်တပ်နှင့် အမှတ် (၁၇) အိန္ဒိယ ဒီဗီဇံတပ်တစ်တပ်သာရှိပြီး အရာရှိ အရာခံ၊ အကြပ်တပ်သား (၁၂၀၀၀) ခန့် သာရှိသည်ဟု မှတ်တမ်းများအရ သိရသည်။ ထိုတပ်များသည် စစ်လက်နက်ပစ္စည်းတောင့်တောင့်တင်းတင်းမရှိသည်သာမက မြန်မာနိုင်ငံ တောတောင်ထူထပ်သောဒေသတွင် တိုက်ခိုက်နိုင်ရန် စနစ်တကျ လေ့ကျင့်ထားခြင်း မရှိ။ လေယာဉ်ပျံများနှင့်လေကြောင်းရန်ကာကွယ်ရေး အမြောက်တပ်နှင့် သံချပ်ကာကား နည်းပါး၏။ဘရင်းကယ်ရီယာအဟောင်း အချို့သာရှိသည်ဟု သိရ၏။

သို့သော် ထိုစဉ်က မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ တရုတ်-မြန်မာလမ်းမကြီး အတိုင်းပို့ဆောင်ပေးနေသော စစ်အသုံးအဆောင်ပစ္စည်းများ၊ ရိက္ခာနှင့်လောင်စာဆီများ၊ လက်နက်ခဲယမ်းမီးကျောက် အကူအညီပေးနေမှုကို ကာကွယ်ရန် အမေရိကန်အပျော်တမ်းလေတပ်တပ်ဖွဲ့နှင့် တရုတ်တပ်မကြီးအမှတ်(၅)၊ အမှတ် (၆) တို့အား တရုတ်အမျိုးသားခေါင်းဆောင် ချန်ကေရှိတ်က မြန်မာနိုင်ငံသို့ပို့ပေးခဲ့၏။ဤသို့ပေးပို့ခြင်းကိုလည်း ထိုစဉ်က ဗြိတိသျှစစ်သေနာပတိ ဝေဗယ်(လ်) က သဘောတူခဲ့သည်။ သို့သော် တရုတ်တပ်မတော်ကြီးများတွင် လက်နက်ပစ္စည်း ပြည့်ပြည့်စုံစုံမရှိခဲ့။ စနစ်တကျ ဖွဲ့စည်း လေ့ကျင့်ထားခြင်းလည်း မရှိခဲ့။

အခြေအနေအရပ်ရပ်တို့ကလည်း ဂျပန်မြန်လွန်းသည်ဟုဆိုရပေတော့မည်။ ဂျပန်ဘုရင့်တပ်မတော်သည် မြန်မာမျိုးချစ်တပ်မတော်၏အကူအညီနှင့် မြန်မာနိုင်ငံနယ်နိမိတ်အစွန်းဖြစ်သော ဝိတိုရိယအငူအား ဝင်ရောက်တိုက်ခိုက်ခဲ့ကြသည်သာမက အလုံးအရင်းနှင့် ထိုးစစ်ဆင်နိုင်ရန် စစ်ကူများ ဆက်လက် ပေးပို့ခဲ့ကြသည်။ ဂျပန်တို့သည် ရန်ကုန်မြို့တော်အား သိမ်းယူနိုင်ရန် အားထုတ်လုံးပမ်းခဲ့ကြသည်။ ဂျပန်ဘုရင့်လေတပ်မတော်ကလည်း ရန်ကုန်၊ မော်လမြိုင် စသောမြို့ကြီးများကို ပြင်းပြင်းထန်ထန် ဗုံးကြဲတိုက်ခိုက်၍ ခြေလျင်တပ်များကလည်း ဥရောပတိုက်တွင်း နာဇီဂျပန်များ ကျင့်သုံးနေသည့် လျှပ်တစ်ပြက်စစ်ဆင်ရေးနည်းဖြင့် အလုံးအရင်းနှင့် ထိုးဖောက်တိုက်ခိုက်ကြတော့၏။

ဂျပန်တို့၏ စစ်ဆင်နည်းမှာ စစ်ဦးကို အရှိန်ပြင်းပြင်းနှင့် ဇွတ်အတင်းအားကုန်သွန်းပြီး တွေ့မရှောင်အကုန်လှဲ၍ ဝင်တိုက်သောနည်း ဖြစ်၏။ ဤနည်းဖြင့်ပင် ဗိုလ်ချုပ်ကြီး ရာမရှိတာသည် ဗြိတိသျှတို့၏စင်ကာပူခံတပ်ကို သိမ်းယူနိုင်ခဲ့ပြီး ဤစစ်ဆင်နည်းကို ဗြိတိသျှတို့၏ အမှတ်(၁၇)တပ်မသည် မော်လမြိုင်ခွင်တွင်လှလှကြီးခံရပြီး စစ်တောင်းတံတားအား ဂျပန်တပ်များ မသိမ်းပိုက်နိုင်မီ ဗြိတိသျှတို့က ဖောက်ခွဲခဲ့ကြရာ စစ်တောင်းမြစ်အရှေ့ဘက်ကမ်းတွင် ကျန်ရစ်သော ဗြိတိသျှတပ်များနှင့် အိန္ဒိယတပ်သားများမှာ မိမိတို့ကြမ္မာကို မိမိတို့ဖန်တီးခဲ့ရတော့၏။ ထိုစစ်တောင်းတိုက်ပွဲ ပြီးဆုံးသောအခါ ဗြိတိသျှတို့၏ အမှတ် (၁၇) တပ်မမှာ အရာရှိအရာခံ၊ အကြပ်တပ်သား (၃၅၀၀) ခန့်သာ ကျန်ရစ်၍ အမြောက်ကြီးများ၊ လက်နက်ခဲယမ်းမီးကျောက်များ၊ စစ်ရိက္ခာများ၊ စစ်သုံးမော်တော်ယာဉ်များလည်း ဆုံးရှုံးခဲ့ရသည်။

ဗြိတိသျှတို့သည် ကစဉ့်ကလျားဖြစ်နေသော တပ်သားများကို ပြန်လည်စုရုံး၍ ရန်ကုန်မြို့မှ (၅၄) မိုင်ကွာဝေးသော ပဲခူးမြို့မှနေ၍ ခုခံကာကွယ်ရန် ပြင်ဆင်ခဲ့လေသည်။ ပဲခူးမြို့သည် မီးရထားလမ်းနှင့် မော်တော်ကားလမ်းပေါ်တွင်ရှိနေပြီး ခံစစ်ပြုရန်အခြေအနေပေးခဲ့သည်။ ဗြိတိသျှတို့သည် အမြောက်တပ်များ၊ တပ်ကူရောက်လာသည့်သံချပ်ကာတပ်များနှင့် ပဲခူးခွင်မှ ပြင်းပြင်းထန်ထန် ခုခံကာကွယ်ခဲ့ရာ ဂျပန်တပ်များ အကျအဆုံးများခဲ့သည်။ ဂျပန်တို့သည် ပဲခူးမြို့မြောက်ဘက် ဘုရားကြီးရွာနှင့် ပျဉ်ပုံကြီးရွာကို သိမ်းပိုက်နိုင်ခဲ့ရာ ရန်ကုန်-မန္တလေးလမ်းကိုသာမက ရန်ကုန်-ပြည်လမ်းကိုပါ ဖြတ်တောက်ရန် ဇွတ်တိုက်ခဲ့ကြ၏။

၁၉၄၂ ခု၊ မတ်လ ၇ ရက်နေ့တွင်မှ ဂျပန်တပ်များသည် ပဲခူးမြို့ကို သိမ်းပိုက်နိုင်ခဲ့သည်။ ပဲခူးတိုက်ပွဲသည် ဂျပန်ဘုရင့်တပ်မတော်၏ မြန်မာပြည်သိမ်းတိုက်ပွဲတွင် အထူးအရေးပါအရာရောက်သောတိုက်ပွဲကြီးဖြစ်လေရာ ထိုစဉ်က မလေးရှားတိုက်ပွဲ၊ စင်ကာပူတိုက်ပွဲများတွင် လည်းကောင်း၊ မြန်မာနိုင်ငံတိုက်ပွဲများတွင် လည်းကောင်း ကွပ်ကဲရသော မလေးကျားကြီးဟု သတင်းကြီးနေသည့် ဗိုလ်ချုပ်ကြီးရာမာရှိတာသည် သူ့စစ်ဦးစီးအဖွဲ့ဝင်များနှင့်အတူ ပဲခူးမြို့သို့ ရုတ်တရက် လာရောက် စစ်ဆေးကြည့်ရှုခဲ့သည်။

ဗိုလ်ချုပ်ကြီး ရာမာရှိတာ ပဲခူးသို့ လာရောက် စစ်ဆေးကြည့်ရှုခဲ့သည့် သတင်းကို ဂျပန်ဘုရင့်တပ်မတော်အသံလွှင့်ဌာနမှ ထုတ်လွှင့်ပေးခဲ့သည်သာမက ဂျပန်နိုင်ငံမှ ထုတ်ဝေသော သတင်းစာများတွင် ဓာတ်ပုံနှင့်ဖော်ပြခဲ့သော်လည်း စစ်ပြီးခေတ် ထုတ်ဝေသော ဗြိတိသျှဗိုလ်ချုပ်ကြီးများ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိများတွင်မူ ဖော်ပြခြင်းမပြုခဲ့။ သို့သော် ကျွန်တော်တို့မြန်မာနိုင်ငံမှ စာရေးဆရာကြီး လူထုဦးလှ ရေးသားပြုစုသော 'သတင်းစာများက ပြောပြတဲ့ စစ်တွင်းဗမာပြည်' ပထမတွဲတွင်မူ ယင်းသတင်းကို ဓာတ်ပုံသာမကအထောက်အထားများဖြင့် ဖော်ပြခဲ့ပါကြောင်း။

လှမိုး(ပညာရေး)

ကျမ်းကိုး -

၁။ Yamashita

၂။ သတင်းစာများက ပြောပြတဲ့ စစ်တွင်းဗမာပြည် (ပထမတွဲ)



www.burmeseclassic.com

www.burmeseclassic.com

'ချက္ကရစွမ်းအင်နှင့်ရောဂါကုထုံး' ဆိုတာ လေးနက်နားစိမ်းတဲ့ ပညာရပ်ဖြစ်လို့ အခြေခံကစပြီး ရေးရမှာဖြစ်တယ်။ ပြီးမှ လက်တွေ့ကုသပုံကို ရေးမှ ပြည့်စုံမှာဖြစ်တယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်း (၅၀၀၀) ကျော်ကို နက္ခတ်ပညာအရ ကလိယုဂ် သို့မဟုတ် အမှောင်ခေတ်လို့ ခေါ်ပါတယ်။ ဉာဏ်အမှောင်ကျနေတဲ့အချိန် သမယကြီးလို့ ဆိုလိုပါတယ်။ ဒီနှစ်ပေါင်း (၅၀၀၀) အတွင်းမှာ စိတ်ကျင့်စဉ်ရဲ့ အထွတ်အထိပ်ဟာ ချက္ကရနှိုးတာ ဖြစ်ပါတယ်။

ချက္ကရနှိုးရတဲ့နောက်ဆုံးရည်ရွယ်ချက်က ချက္ကရအတွင်းမှာ ကိန်းအောင်းနေတဲ့ ကုဏ္ဍလိနီ နိုးကြားထွက်ပေါ်လာစေဖို့ ဖြစ်ပါတယ်။ ကုဏ္ဍလိနီမနိုးခင် ချက္ကရတွေကို ကြိုတင်နှိုးရတာဟာ ကုဏ္ဍလိနီ ထွက်ပေါ်လာရင် လမ်းကြောင်း ဖြောင့်ဖြူးသွားဖို့အတွက် ဖြစ်ပါတယ်။ ကုဏ္ဍလိနီ လုံးဝမထွက်သေးသည့်တိုင်အောင် ချက္ကရတွေ နိုးကြားလာရင် ချက္ကရတွေရဲ့စွမ်းအင်တန်ခိုးကို ရရှိနိုင်ပါတယ်။ ကုဏ္ဍလိနီဟာ ချက္ကရတွေဆီဝင်ရောက်လာမှ ချက္ကရတွေရဲ့ စွမ်းအင်တန်ခိုးတွေကို အပြည့်အဝရရှိမှာ ဖြစ်တယ်။

ကုဏ္ဍလိနီမနိုးခင် ချက္ကရတွေကို စတင်နှိုးတဲ့ ကျင့်စဉ်ကို ရှေးခေတ်ကတည်းက ကျင့်ကြံခဲ့တာ ဖြစ်တယ်။ ဒီလို ချက္ကရတွေကိုနှိုးတဲ့အခါ နည်း (၂) မျိုးရှိတယ်။ ဇောတိမယီဆိုတဲ့အဗ္ဗုတ္တအလင်းနဲ့နှိုးတဲ့နည်းနဲ့ မန္တရမယီဆိုတဲ့ မန္တန်ရွတ်ပြီးနှိုးတဲ့နည်းဖြစ်ပါတယ်။ ဒီလိုနှိုးတဲ့နည်း (၂) မျိုးဟာ ရှေးခေတ်က ကျင့်သုံးခဲ့တဲ့ သမားရိုးကျနည်းပါပဲ။ နှောင်းခေတ်မှာလည်း ဒီနှိုးနည်း (၂) မျိုးကိုပဲ တန်ဆာဆင်ပြီး ရေးသားခဲ့ကြတာ ဖြစ်တယ်။

တကယ်တမ်းကျင့်တဲ့အခါမှာ ဒီနှိုးနည်းတွေဟာ မအောင်မြင်ပါဘူး။ ဒါကြောင့် လွန်ခဲ့တဲ့နှစ်(၁၀၀)အတွင်းမှာ ကုဏ္ဍလိနီ နိုးကြားသူ အလွန်ရှားပါးသွားတယ်။ မရှိသလောက်ပါဘဲ။ ကုဏ္ဍလိနီတန်ခိုး သိဒ္ဓိတွေရတယ်ဆိုတာ ဒဏ္ဍာရီလိုဖြစ်သွားတယ်။

ခေတ်ပြောင်းသွားတယ်။ ကလိယုဂ်ဆိုတဲ့ အမှောင်ခေတ်ကြီး ကုန်ဆုံးပြီး ရွှေခေတ်လို့ခေါ်တဲ့ သစ္စာယုဂ္ဂခေတ်ရောက်လာတယ်။ ဒီခေတ်မှာ နှစ်တွေ သိန်းချီကြာမှာပါ။ ကမ္ဘာအပါအဝင် နေစကြဝဠာဟာလည်း မိန်ရာသီမှာ နှစ်ပေါင်း (၂၅၀၀) ကျော် နေလာရာက ကုမ်ရာသီထဲကို ကူးပြောင်းလာတယ်။ ဒါကြောင့် မဟာသမယဆိုတဲ့ခေတ်ကြီး ပြောင်းလဲသွားတာပါ တွေ့နေရတာ ဖြစ်တယ်။

ဒါကြောင့် ကမ္ဘာကြီးတစ်ခုလုံး မကြုံဘူးတဲ့ ပြောင်းလဲမှုတွေ တွေ့ကြုံရတယ်။ ကမ္ဘာမြေပေါ်မှာ တစ်ခါမှ

# မောင်ကျောက်တိုင်

## ချက္ကရစွမ်းအင်နှင့်ရောဂါကုထုံး



www.burmeseclassic.com

www.burmeseclassic.com

ပျောက်ဘူးတဲ့ အာကာသရောင်ခြည်တွေ နက္ခတ်ရောင်ခြည်တွေ ကမ္ဘာပေါ် ကျရောက်လာတယ်။ ကမ္ဘာမြေကြီးရဲ့ ပတ်ဝန်းကျင်မှာ ဒီလိုထူးခြားတဲ့ရောင်ခြည်ဓာတ်တွေ ဝန်းရံနေလို့ ကမ္ဘာမြေရဲ့ သဘာဝကြီးတစ်ခုလုံး အပြောင်းအလဲကြီး တွေ့နေရတာ ဖြစ်တယ်။ ကမ္ဘာပေါ်မှာရှိတဲ့ လူသားတွေရဲ့ ရုပ်နာမ်သဘာဝတွေဟာလည်း မကြုံဘူးအောင် ပြောင်းလဲသွားတယ်။

ဒါကြောင့် ကုဏ္ဍလိနီနဲ့ ချက္ကရနှိုးတဲ့ ကျင့်စဉ်တွေလည်း ပြောင်းလဲသွားတယ်။ သမားရိုးကျကျင့်စဉ်တွေဟာ တဖြည်းဖြည်း ခေတ်တိမ်သွားပြီး ကုမ်ရာသီနဲ့ လိုက်လျောတဲ့ ကျင့်စဉ်တွေဟာ တစ်စတစ်စပေါ် ထွက်လာတယ်။ ဒီလို ကျင့်စဉ်သစ်တွေနဲ့ အောင်မြင်သွားတဲ့သူတွေဖြစ်တဲ့ ခေတ်သစ်ဝါဒီတွေရဲ့ ချက္ကရနည်းကို ဖော်ပြမှာ ဖြစ်ပါတယ်။

ခေတ်သစ်ဝါဒီတွေရဲ့ ချက္ကရနှိုးနည်းဟာ လွယ်လှချေကလားဆိုပြီး အံ့သြဖြစ်ကောင်းဖြစ်မယ်။ ဒီတော့ တကယ်တွေ့စမ်းသပ်ကြည့်ရင် အကောင်းဆုံးပါပဲ။ ခေတ်သစ်ဝါဒီတွေက ကုမ်ရာသီရဲ့ စွမ်းအင်ကြောင့် ကုဏ္ဍလိနီနဲ့ ချက္ကရတွေ ကြွလာနေတယ်။ အရင်ဘဝက ပါရမီအရ အချို့လူတွေမှာ ချက္ကရတွေ စတင်နိုးကြားလာတယ်။ ပါရမီအတော်အသင့်ကောင်းသူတွေကတော့ ချက္ကရတွေ အလွန်နိုးကြားလာတယ်။ အချို့ဆိုရင် ချက္ကရတွေသာမက ကုဏ္ဍလိနီပါ နိုးကြားလာတယ်။

ဒါကြောင့် ရှေးခေတ်ကလို ချက္ကရနဲ့ ကုဏ္ဍလိနီကို နှိုးစရာမလိုတော့ဘူး။ ချက္ကရနှိုးတဲ့ကျင့်စဉ်တွေအစား ချက္ကရတွေ အားကောင်းအောင် ပြုပြင်ထိန်းသိမ်းပေးဖို့ပဲလိုတယ်။ ဒါကြောင့် ချက္ကရတွေကို အားကောင်းလာအောင်၊ ချက္ကရတွေချင်းဆက်သွယ်တဲ့ နဒီစီးကြောင်းတွေကို သွက်လက် ဖြောင့်ဖြူးအောင် လုပ်တဲ့ကျင့်စဉ်တွေကိုသာ ကျင့်ကြံကြတယ်။

ဒီလို ဘဝဟောင်းက ပါလာတဲ့ ပါရမီရှင်အချို့ဟာ ကုဏ္ဍလိနီတွေအလိုလို နိုးကြားလာပြီး ကုဏ္ဍလိနီစွမ်းအင်တွေ လျှံထွက်လာတယ်လို့ ဆိုပါတယ်။ ကုဏ္ဍလိနီတွေ အလိုလိုနိုးကြားထွက်လာတယ် ဆိုတာဟာ ကုဏ္ဍလိနီစီးကြောင်းမှာရှိတဲ့ ချက္ကရတွေနိုးကြားလို့သာ ဖြစ်နိုင်တာ ဖြစ်ပါတယ်။ ဒါကြောင့် ချက္ကရတွေလည်း ကုမ်ရာသီစွမ်းအင်ကြောင့် အလိုလိုနိုးကြားနေပါတယ်လို့ ဆိုပါတယ်။ ပဓာနချက္ကရကြီး (၇) ခုနဲ့ အခြားအရံချက္ကရစုစုပေါင်း (၄၉) ခု တစ်ပြိုင်နက် နိုးကြားမှသာ ချက္ကရနိုးကြားတာ ဖြစ်တယ်။

ချက္ကရ (၄၉) ခုဟာ အားလုံး အညီအညွတ်နိုးကြားဖို့ဆိုတာ မလွယ်ဘူး။ တချို့ချက္ကရတွေက နှေးနေတယ်။ တချို့ချက္ကရတွေက ပိတ်ဆို့နေတယ်။ တချို့ချက္ကရတွေအားလုံး တညီတညွတ်တည်းနိုးကြားလည်ပတ်အောင်နဲ့ ချက္ကရတစ်ခုနဲ့တစ်ခု ချိတ်ဆက်မိပြီး ချက္ကရစနစ်ကြီးတစ်ခုလုံး သဟဇာတညီညွတ်အောင်သာ ကျင့်ဖို့လိုတယ်လို့ ဆိုပါတယ်။

ပဓာနချက္ကရကြီး(၇)ခုဟာ ကျောမြောင်းရိုးတစ်လျှောက်မှာတည်ရှိပါတယ်။ အောက်ခြေချက္ကရခေါ် မူလဒြချက္ကရဟာ မြီးညောင်းရိုးစွန်း စအို့ဝအနီးမှာ ရှိတယ်။ ဒီချက္ကရမှာ ကုဏ္ဍလိနီကိန်းဝပ်နေလို့ ကုဏ္ဍလိနီနိုးကြားလာရင် ဒီနေရာကနေပြီး အထက်ကျောမြောင်းရိုးတစ်လျှောက်ရှိ ချက္ကရတွေဆီကို နဒီစီးကြောင်းအလိုက်တက်သွားမှာဖြစ်တယ်။ ဒီချက္ကရဟာ ကုဏ္ဍလိနီရှိနေလို့ ဒီချက္ကရကို တိုက်ရိုက်မနှိုးရပါဘူး။ ရှေးခေတ်ကတည်းက ဒီချက္ကရကို တိုက်ရိုက်နှိုးတာမဟုတ်ဘဲ အခြားချက္ကရတွေကိုသာ နှိုးတာဖြစ်တယ်။

ခုခေတ်မှာ ဒီချက္ကရနိုးကြားနေလို့ ကုဏ္ဍလိနီ အလိုလိုလျှံထွက်နေသူတွေ ပေါ်ပေါက်နေပါပြီ။ ကျန်သူများမှာလည်း အနည်းနဲ့အများ ဒီ ချက္ကရနိုးကြားနေလို့ နှိုးစရာမလိုတော့ပါ။ ဒါပေမယ့် ဒီချက္ကရကို ပိတ်ဆို့အားနည်းစေတဲ့အချက်တွေ အချက်တွေကိုတော့ ရှောင်ကြဉ်ရမှာဖြစ်ပါတယ်။ ဒီမူလဒြအောက်ခြေချက္ကရကို ပိတ်ဆို့စေတာကတော့ ကြောက်ရွံ့စိတ်ပဲ ဖြစ်တယ်။ သာမန်စိုးရိမ်စိတ်ထက်ပိုတဲ့ အကြောက်လွန်မှုဟာ ဒီချက္ကရကို ပိတ်ဆို့စေလို့ ကြောက်ရွံ့စိတ်မဝင်အောင်၊ ကြောက်စိတ်မဖြစ်အောင်ထိန်းရမှာဖြစ်တယ်။ စားဝတ်နေရေး အရေးကြီး(၃)ပါး ဆိုတဲ့ ပရိယေသနရှာဖွေရေးမှာ အခက်အခဲတွေ၊ အတိုက်အခံတွေ၊ ပြဿနာတွေကို တစ်ခုပြီးတစ်ခု နေ့စဉ်တွေ့နေရတယ်။ ဆင်းရဲမှာကြောက်တယ်။ အခက်အခဲတွေ့မှာ ကြောက်တယ်။ မအောင်မြင်မှာ၊ ကျရှုံးမှာ ကြောက်တယ်။ ရောဂါဝေဒနာတွေ ခံစားရမှာ ကြောက်တယ်စတဲ့ အကြောက်မျိုးစုံပါပဲ။ အဲဒီလို အကြောက်မျိုးစုံတွေဟာ အစိုင်အခဲဖြစ်လာရင် ချက္ကရကို ပိတ်ဆို့စေပါတယ်။

အကြောက်တရားကို ပယ်လှန်ဖို့ ကျင့်စဉ်ကတော့ တရားနဲ့အညီသဘောထားတတ်ဖို့ ဖြစ်တယ်။ မည်သူမပြု မိမိမှုဆိုတဲ့ကံတရားကို နှလုံးသားက ယုံကြည်နေဖို့ ကျင့်ရမှာဖြစ်တယ်။ ကံကိုယုံပါတယ်လို့ ပါးစပ်ကပြောပေမယ့် တကယ်တမ်း မယုံကြည်ကြဘူး။ ကံကို ယုံကြည်လိုက်ရင် မိမိက မကောင်းခဲ့လို့ အတိုက်အခံတွေအဖျက်အဆီးတွေတွေ့ရတာကို တကယ် ယုံကြည်လာရင် အကြောက်တရားတဖြည်းဖြည်းပျောက်သွားမှာဖြစ်ပါတယ်။ ဒီကျင့်စဉ်ဟာ လွယ်မလိုလိုနဲ့ ခက်တာတွေ့ရတယ်။ ပုတီးဘယ်နှပတ်စိပ်၊ မန္တန်ဘယ်နှခေါက်ရွတ်ဆိုတာကို လုပ်နိုင်ကြပေမယ့် ကံကိုတကယ်ယုံကြည်ဖို့ ခက်တာတွေ့ရတယ်။ ဘ ဖြစ်ဖြစ် စိတ်ပိုင်းဖြတ်ပြီးကျင့်ရင်တော့ အောင်မြင်မှာမလွဲပါဘူးဆိုတာ လက်တွေ့မြင်ရပါတယ်။

နောက်ချက္ကရတစ်ခုကတော့ ဆီးခုံရှိ လိင်ချက္ကရပဲ ဖြစ်တယ်။ ရှေးအခေါ် ဆွာဒိသနဖြစ်တယ်။ ဒီချက္ကရဟာ လူသားတွေ စတင်ဖြစ်ပေါ်စေတဲ့ ချက္ကရဖြစ်လို့ သဘာဝအားဖြင့် နိုးကြားပြီး ဖြစ်တယ်။ ဒီထက်နိုးကြားရင် အန္တရာယ်ဖြစ်နိုင်တယ်။ ဒီချက္ကရက အပိတ်အဆို့လည်း ဖြစ်နိုင်တယ်။ ဒီလိုအပိတ်အဆို့မဖြစ်အောင် တစ်ကိုယ်လုံးဆန့်ထုတ်တဲ့ လှုပ်ရှားမှုကိုကျင့်ရမှာ ဖြစ်တယ်။ အပျင်းဆန့်သလို ခြေ လက်တွေပါ ဆန့်ထုတ်တဲ့ကျင့်စဉ်ဖြစ်တယ်။ ထိုက်ချီသိုင်းကွက်လို လှုပ်ရှားမှုတွေဟာ အပိတ်အဆို့တွေကို ပွင့်စေတယ်။ သမထသိုင်းသမားတွေ ထိုက်ချီကျင့်တာဟာ ဒီချက္ကရအားကောင်းဖို့အတွက်လည်း ပါဝင်တယ်။ လိင်ချက္ကရဟာ အထက်ရှိ လည်မျိုချက္ကနဲ့ဆက်နေတယ်။ ဒီချက္ကရဲ့စွမ်းအင်တွေကို လည်မျိုချက္ကရဆီကို အားကူးအားပြောင်းနည်းနဲ့ ပို့ပေးရမှာဖြစ်တယ်။ ဒီချက္ကရအထက်ရှိ ချက်တိုင်ချက္ကရဆီကိုလည်း ပို့ပေးရမှာ ဖြစ်တယ်။ ဒီလိုနည်းလမ်းအတိုင်းကျင့်ရင် လိင်စိတ်တွေလွန်ကဲမှုကိုလည်း ထိန်းသိမ်းပေးရာကျတယ်။ လိုအပ်နေတဲ့ အခြားချက္ကရတွေလည်း ဒီချက္ကရရဲ့ စွမ်းအင်သတ္တိရရှိသွားမှာဖြစ်တယ်။

လိင်ချက္ကရရဲ့ အထက်မှာရှိတဲ့ ချက်တိုင်ချက္ကရဟာ လူတိုင်းမှာ အတော်နိုးကြားနေပါတယ်။ ဒါပေမယ့် မနိုင်

www.burmeseclassic.com

www.burmeseclassic.com

# အထက်လှန်အောက်လျှော ခေတ်သဘော

**နေပြည်တော်ကျော်ကျော်စိုး**

မိုးကုတ်မှာ ကျွန်တော့်ခယ်မ မဂျမ်းဘုံဆိုတာရှိတယ်။ သူက နှုတ်အာကြမ်းပေမယ့် စိတ်ရင်းစိတ်ဓာတ်ဖြူစင်ဖြောင့်မတ်တယ်။ သူ့ယောကျ်ား စိုင်းခမ်းယုံကျတော့ ပြုံးပြုံးပြုံးပြုံးနဲ့ သဘောကောင်းသလားမမေးနဲ့။ အလွန်သိမ်မွေ့တဲ့ကောင်ပါ။ သူတို့နှစ်ဦးက တကယ့်ဆန့်ကျင်ဘက်ပါ။ တစ်ဦးက ကြမ်းကြမ်း၊ တစ်ဦးက နူးနူးပါ။ သူတို့မှာ သားလေးနှစ်ယောက်ရှိပြီး ကျွန်တော်တို့အိမ်အောက်ထပ်မှာနေကြပါတယ်။

တစ်နေ့မှာ ကျွန်တော် ကျောက်မျက်တူးဖော်ရာ ကျောက်ဖျာရွာက ပြန်ရောက်နေခိုက်ဖြစ်ပါတယ်။ အဲဒီမှာ အိမ်အောက်က မဂျမ်းဘုံရဲ့အသံကို ဆူဆူညံညံကြားနေရပါတယ်။ ဘာပါလိမ့်ဆိုပြီး နားစွင့်နေတော့ မဂျမ်းဘုံ အထက်လှန် အောက်လျှောခေါ် အော့အန်ဝမ်းကျဖြစ်နေတာကို သိရပါတယ်။

"စိုင်းခမ်းယုံ ငါမခံနိုင်တော့ဘူး။ ဝမ်းလျှောလည်းမရပ်ဘူး၊အန်တာလည်းမရပ်သေးဘူး။ ငါ့ကိုဆေးရုံပို့ပါတော့၊ ကြာရင် ငါသေလိမ့်မယ်"

လို့ နွမ်းလျသံ၊ ဒေါသသံနဲ့ ပြောနေပြန်ပါတယ်။ ဒါနဲ့ ကျွန်တော်လည်း အိမ်ပေါ်ကဆင်းလာပြီး အခြေအနေကိုကြည့်တော့ မဂျမ်းဘုံဟာ မြောက်ဘက်ပြတင်းပေါက်ကနေ အန်နေပါတယ်။ အဲဒီအဖြစ်ကို သားလေးတွေဖြစ်တဲ့ တွတ်တီးနဲ့ တွတ်တာတို့ကလည်း မျက်နှာငယ်လေးတွေနဲ့ ကြည့်နေကြပါတယ်။ စိုင်းခမ်းယုံကတော့ ထုံးစံအတိုင်း ပြုံးပြုံးကြီးပါ။

"ဟော့-စိုင်းခမ်းယုံ၊ ဒါမျိုး ငါလည်းဖြစ်ဖူးတယ်ကွာ။ ဆေးရုံအမြန်ပို့မှ တော်ရုံကျတာ"

"ရပါတယ် ကိုကျော်စိုး။ ဒါမျိုးက အလွယ်လေးပါ။ သူဘယ်လောက်အော်နိုင်မလဲဆိုတာ ကြည့်နေတာပါ"

"စိုင်းခမ်းယုံရာ၊ မင်းကတော့ တကယ်ပါပဲ။ မင်းဒီလိုနေလေအော်လေနေမှာပေါ့ကွ"

လို့ တိုးတိုးပြောရပါတယ်။

မဂျမ်းဘုံ အအန်ရပ်ပြီး အိမ်သာဆီပြေးပြန်ပါတယ်။ ပါးစပ်ကလည်း မကြားဝံ့မနာသာတဖျစ်တောက်တောက်နဲ့ပါ။ မဂျမ်းဘုံဟာ အကောင်တောင့်ပြီး အလုံးအထည်ကြီးလို့သာ ဒီမျှတောင့်ခံနိုင်တာပါ။ အိမ်သာက ပြန်ထွက်လာတော့ -

"စိုးခမ်းယုံ၊ နင်က နောက်မိန်းမ မြင်ထားလို့ ငါ့ကိုသေစေချင်တာမဟုတ်လား။ ငါ့ကို ဆေးရုံပို့ပေးပါဆို"

လို့ နွမ်းလျစွာ မြည်တွန်တောက်တီး ပြန်ပါတယ်။ ဒီအခါမှာ စိုင်းခမ်းယုံက တဟဲဟဲရယ်နေပြီး -

"နင်ဘယ်လောက်အော်နိုင်မလဲ

---

စိတ်တွေကြောင့် ချက်တိုင်ချက္ကရဟာ ပိတ်ဆို့နေတတ်တယ်။ ဒါကြောင့် မခံချင်စိတ်တွေကို ထိန်းချုပ်တဲ့အကျင့်ကို မွေးရမယ်။ စိတ်အားသိမ်ငယ်သူတွေနဲ့ဘဝင်မြင့်သူတွေဟာ ထစ်ခနဲဆိုရင် မခံချင်စိတ်တွေ ဖြစ်ပေါ်တတ်တယ်။ မခံချင်စိတ်တွေဟာ ကြာလာရင် အာရုံကြောထဲမှာ အနည်ဖြစ်လာပြီး မုန့်ချိုအိတ်ဂလင်းကို ထိခိုက်စေတယ်။ ချက်တိုင်ချက္ကရဟာ မုန့်ချိုအိတ်ဂလင်းနဲ့ ဆက်စပ်နေလို့ ဂလင်းကို ထိခိုက်ရင် ချက္ကရပိတ်ဆို့သွားတတ်တယ်။ စိတ်ရှည်ခြင်း၊ ကျေးဇူးသိတတ်ခြင်းဟာ ဖြေဆေးပါပဲ။

အနာဟာတချက္ကရခေါ် နှလုံးချက္ကရကတော့ အရေးအပါဆုံး ချက္ကရဖြစ်တယ်။ ဒီချက္ကရဟာ အခြားချက္ကရတွေအပေါ်မှာ လွှမ်းမိုးနေလို့ ဒီချက္ကရပိတ်ဆို့သွားရင် အခြားချက္ကရတွေအားလုံး ထိခိုက်သွားတယ်။ နှလုံးချက္ကရကို မန္တန်တွေ၊ သမထစိတ်တန်ခိုးတွေနဲ့ နိုးလို့မရဘူး။ ဒီချက္ကရကို မေတ္တာနဲ့သာ နိုးနိုင်တယ်။ ဒါကြောင့် မေတ္တာစိတ်များများမွေးပါ။ မေတ္တာကျင့်စဉ်ကို ကျင့်ရမယ်။ စိတ်ကောင်းနှလုံးကောင်းဖြစ်အောင် မွေးမြူရမယ်။ မိမိစိတ်ကို သန့်ရှင်းဖြူစင်အောင်ထားတာဟာ တစ်ခုတည်းသော နှလုံးချက္ကရနိုးတဲ့ ကျင့်စဉ်ဖြစ်တယ်။

လည်မျိုမှာရှိတဲ့ ဝိသုဒ္ဓချက္ကရဟာလည်း အချက်အချာချက္ကရဖြစ်တယ်။ ဖန်တီးစွမ်းအင်တွေပွင့်ဖို့ ဉာဏ်ရည်တွေတိုးတက်ဖို့အတွက် အရေးပါတဲ့ချက္ကရဖြစ်တယ်။ ဒီချက္ကရအားကောင်းဖို့အတွက် ရယ်မောရမယ်။ များများရယ်မောလေကောင်းလေပဲ။ ရယ်သောသူ အသက်ရှည်တယ်ဆိုတဲ့ စကားဟာ အလွန်မှန်တယ်။ ဂီတသီချင်းတွေနားထောင်ရမယ်။ ကိုယ်တိုင်လည်းဆိုရမယ်။ ပါးစပ်ပိတ်ပြီး ညည်းဆိုတာမျိုးလည်းလုပ်နိုင်တယ်။ ဒီချက္ကရဲ့ အသံကို နားမှာရှိတဲ့အသံတွေကို အသုံးချပြီး အားကောင်းအောင်၊ နိုးကြားအောင် ကျင့်ရမှာ ဖြစ်တယ်။

နှာရောင်မှာရှိတဲ့ အာဂျနချက္ကရဟာ စိတ်နဲ့ပုံဖော်ကြည့်တဲ့ စိတ်ကူးမျိုးကို ကျင့်ပေးရင် ဒီချက္ကရအားကောင်းလာတယ်။ ဒီချက္ကရအားကောင်းလာဖို့ အိပ်မက်တွေမက်လာရင်လည်း အိပ်မက်တွေကို စိတ်ဝင်စားပြီး တောင့်တသင့်တယ်။ တောင့်တရင် ထင်ရှားတဲ့ အိပ်မက်ထူးတွေ ထပ်မက်လာမှာ ဖြစ်တယ်။ အိပ်မက် ဆိုတာ အိပ်နေ[...] လိပ်ပြာလွင့်တာဖြစ်လို့ လိပ်ပြာလွင့်[...] ကျင့်ရင်လည်း ဒီချက္ကရအားကောင်းလာနိုင်ပါတယ်။

ငယ်ထိပ်ရှိ ဗြဟ္မရန္ဒရချက္ကရဟာ ဒြပ်မဲ့တွေးစိတ်တွေနဲ့ အလင်းဓာတ်တွေနဲ့ ဆိုင်တယ်။ ဒဿနဖြစ်စေ၊ အနုပညာဖြစ်စေ၊ ဒြပ်မဲ့အတွေးတွေ များများတွေးပေးပါ။ ဘုရားရှိခိုးစဉ်၊ ပုတီးစိပ်နေ[...]မှာ အလင်းရောင်မြင်ရအောင်ကျင့်[...] ဒီချက္ကရနဲ့ဆိုင်တဲ့ ပင်နီယယ်ဂလင်းဟာ အလင်းဓာတ်တွေကိုထွက်ပေါ်စေတယ်။

ချက္ကရတစ်ခုချင်းကိုကွက်ပြီး [...]တာကို ဆရာဂုရုတို့က တားမြစ်ထား[...]တယ်။ ခုခေတ်မှာ ချက္ကရတွေဟာ [...]ကြားဖို့အသင့်ဖြစ်နေလို့ အခုဖော်[...]ထားတဲ့ ကျင့်စဉ်တွေဟာ မုချကောင်းကျိုးပေးမှာ ဖြစ်တယ်။ ရောဂါဝေဒနာတွေကို ကုသပေးနိုင်မှာ ဖြစ်တယ်။ နောက်လမှာ ချက္ကရစွမ်းအင်နဲ့ ရောဂါတွေကို ဘယ်လိုကုသနိုင်တယ်ဆိုတာ ဆက်ရေးပါမယ်။

မောင်ကျော[...]



www.burmeseclassic.com

www.burmeseclassic.com

ပြီး ငါကြည့်နေတာ။ နင့်ရောဂါက ...ငယ်လေးနဲ့ ကုလို့ရတယ်"

"ဒါဆို ကုလေ။ နင်ဘာလုပ်နေ ...တုံး"

"ဟဲဟဲဟဲ - ကုမှာပါ။ ကဲကဲ - ...လေးတွတ်တာ အဖေ့နားခဏလေး ..."

လို့ခေါ်ပြီး ကိုင်းခွက်နဲ့ ရေအိုးထဲ ... ခရတစ်ခွက်ခပ်ကာ တွတ်တာရဲ့ ...င်းဘီကို အောက်နည်းနည်းလျှော ...ငယ်ပါနဲ့ ရေကိုစတိသဘောတို့ ...ပါတယ်။

"ကဲ - ရော့သောက်လိုက်။ မင်းရဲ့ ...က်လှန်အောက်လျှောပျောက်ပြီ"

ဆိုပြီး မဂျမ်းဘုံကို ပေးပါတယ်။ ...အကြီးအကျယ် ခံစားနေရတဲ့ ...ဘုံဟာ ရေကိုယူပြီး တဂွတ်ဂွတ်နဲ့ ...အောင် သောက်ချလိုက်ပါတယ်။

သောက်ပြီးတာနဲ့ စိုင်းခမ်းယုံက -

"နင်ပြန်ဖြစ်ချင်လို့တောင် မဖြစ် ...ဘူး စိတ်ချ"

...လို့ ပြောပြီး ရယ်နေတာပါ။

ကျွန်တော်ကတော့ ပွဲကြည့်ပရိ ...အဖြစ် ထိုင်ခုံမှာထိုင်ပြီးကြည့်နေ ...ယ်၊

"နင်လုပ်တတ်ရဲ့သားနဲ့ ငါ့ကို ...သက်နှိပ်စက်တာ၊ အမျိုးကိုက ...တာ"

"အေး - နင်အဲဒီလိုပြောတတ် ...လို့ကိုပစ်ထားတာ။ ကြည့်ကောင်း ...းမမေးနဲ့ ဟား ဟား ဟား ဟား"

ဆိုပြီး ရယ်မောနေပြန်တာပါပဲ။ ...သက်ကို ချစ်လို့ကျီစယ်တဲ့သဘော ...တော့။ အဲဒီမှာ အချီအချပြော၍ ...ပြီး မဂျမ်းဘုံလည်း အန်ဖို့၊ ဝမ်း ...မေ့သွားလို့လားတော့မသိဘူးပေါ့ ...ဝေဒနာအရှင်းပျောက်သွားတာက ...ကျွန်တော့် မျက်စိရှေ့မှာပါပဲ။ ...ဘုံရဲ့မျက်နှာပြန်လည်ကြည်လင် ... အကောင်းပကတိဖြစ်သွားခဲ့ပါ ...ရယ်နိုင်ပြုံးနိုင်ဖြစ်လာခဲ့ပါတယ်။

အဲဒီကျတော့ -

"ငါသာသေလို့ကတော့ နင် ...နှစ်ကောင်နဲ့ ဒုက္ခရောက်မှာ မြင် ...င်သေးတယ်"

လို့ ပြောပြီး သူလုပ်စရာရှိတာကို ...နေပါတော့တယ်။

...သာရှာနေတဲ့ ကျွန်တော်က ...ဒီဖြစ်အင်ကြောင့် စတိသဘော ...တစ်ခုကို ပိုင်ပိုင်ရလိုက်တာပါပဲ။ ...တော့ပါဘူး။

အထက်လှန်အောက်လျှောလို့ ခေါ်တဲ့ အော့အန်ဝမ်းကျဝေဒနာဟာ အစာအဆိပ်ဖြစ်လို့ ဖြစ်ပေါ်ရခြင်းပါ။ ဒီဝေဒနာဖြစ်ရင် ခန္ဓာကိုယ်ထဲက အရည်တွေ စအိုနဲ့ ပါးစပ်ကထွက်ကာ ခန္ဓာကိုယ်အရည်ခန်းတော့တာပါပဲ။ အရည်ခန်းရင် ဓာတ်ဆားခန်းတဲ့အတွက် အားအင်ချိနဲ့ကာ တစ်ကိုယ်လုံး ကြွက်တွေတက်ပြီး ကြွက်တက်ဝေဒနာကြောင့် မေ့မြောကာ အသက်ပါဆုံးရှုံးနိုင်တဲ့ဝေဒနာပါ၊ ကျွန်တော် မိုးကုတ်ရောက်စကဖြစ်ဖူးပါတယ်။ နောက်ဆုံးကြွက်တွေတက်ကာ မေ့မြောသွားပါတယ်၊ နာရီပေါင်းအတော်ကြာမှ သတိရတဲ့အခါ မိုးကုတ်ပြည်သူ့ဆေးရုံကြီးမှာ လက်မှာဆေးသွင်းပိုက်တန်းလန်းနဲ့ဖြစ်နေတာပါပဲ။ ဆေးရုံအရောက်ဦးလို့သာ မသေခဲ့တာပါ။ ဆေးရုံပို့ပေးပြီး အသက်ကယ်ပေးခဲ့တဲ့လူတွေကို ခုထိကျေးဇူးတင်နေဆဲပါ။ သူတို့ရဲ့ကျေးဇူးကြောင့်သာ ကျွန်တော်ပြည်သူတွေအတွက် စာတွေရေးနိုင်ခြင်းပါ။

ဒါနဲ့ ကျွန်တော် သူ့ရဲ့ကုနည်းကို စိတ်ဝင်စားသွားပြီး မေးကြည့်ကြည့်ပါတယ်။

"စိုင်းခမ်းယုံ၊ ဒီကုနည်းက မင်း ဘယ်ကရတာလဲကွ"

"ကျွန်တော့်အဘိုးက နာမည်ကြီးရှမ်းဆေးဆရာကြီးပါ။ သူ့ဆီကနေ တချို့တလေ သင်ယူထားရတာပေါ့။ လက်တွေ့မှာ အတော်အသုံးဝင်တာ ကိုကျော်စိုးအမြင်ပဲလေ"

"အေးကွာ၊ မင်းကုလိုက်ပုံကတော့ အတော့်ကို အံ့သြဖို့ကောင်းလောက်အောင်မြန်တာပဲ။ တကယ်လို့ မိန်းကလေးမဟုတ်ဘဲ ယောကျ်ားလေးဖြစ်တယ်ဆိုရင်ကောကွာ"

"ယောကျ်ားလည်း ဒီနည်းအတိုင်းပဲကုရပါတယ် ကိုကျော်စိုး။ ကလေးငယ်လေဆေးစွမ်းလေပဲဗျ။ အသင့်တော်ဆုံးကတော့ ပြေးတတ်လွှားတတ်တဲ့ ကျွန်တော့်သား တွတ်တာအရွယ်ဟာ အသင့်တော်ဆုံးပါပဲ။ အမြင်မှာယုတ်နိမ့်တယ်လို့ ထင်ရပေမယ့် ဒါက ဂမ္ဘီရသဘောဆန်တယ် ကိုကျော်စိုးရဲ့။ စတိသဘောဆိုတော့ ဘာကဘယ်လိုစွမ်းအင်ရှိတယ်ဆိုတာ ရှင်းပြဖို့ ခက်တယ်။ ကျွန်တော့်အဘိုးကုတာမြင်လို့သာ မေးမြန်းပြီး မှတ်ထားရတာဗျ"

"အေးကွာ၊ ကျေးဇူးတင်လိုက်တာ။ စတိကုနည်းတွေမှန်သမျှ ဂမ္ဘီရဆန်ကြပါတယ်ကွာ။ အမြင်စုတ်ပေမယ့် ရွှေထုပ်တဲ့ မြပဝါ ဆိုတာလိုပေါ့။ တန်ဖိုးကြီးကြပါတယ်။ ဆေးလည်းမခက်၊ ပိုက်ဆံလည်းမကုန်၊ အချိန်လည်းမကုန်၊ ဝေဒနာလည်းပျောက်တော့ကာ မင်းရဲ့နည်း ငါအရမ်းသဘောကျသွားပြီ စိုင်းခမ်းယုံ"

လို့ ပြောတော့ သူ့ဉာဉ်အတိုင်း တဟဲဟဲရယ်နေတော့တာပါပဲ။ ရုပ်ရှင်မင်းသား ပျဉ်းမနားစိန်မြင့်ဆိုရင် ရုပ်ရှင်ရိုက်ရာကအပြန် ညစာစားရာမှာ အစာအဆိပ်ဖြစ်ပြီး အော့အန်ဝမ်းကျဖြစ်ပါတယ် အရည်ခန်းသွားတာကြောင့် ဆေးရုံရောက်တော့ ညတွင်းချင်းပဲ ဆုံးပါးသွားခဲ့ရတာပါ။

အဲဒီသတင်းကို ရုပ်ရှင်အဖွဲ့သားတွေ မယုံကြပါဘူး။ ညကတောင် ညခန်းရိုက်ပြီးမှပြန်သွားတာ အကောင်းပါ။ ညတွင်းချင်းဆုံးတယ်ဆိုတော့ ဟာသမင်းသားက စတန့်ထွင်ပြီး ဟာသလုပ်တယ်တောင် ထင်ကြတာပါ။ ဒါပေမယ့် မယုံချင်ပေမယ့်လည်း ယုံလိုက်ကြရပါတော့တယ်။ ဟာသမင်းသား စိန်မြင့်ပုံးရည်ကြီးသုပ်နဲ့ ကြောင်လျှာသီးဟင်းစားပြီး အစာအဆိပ်ဖြစ်ကာ အမှန်တကယ် သေဆုံးသွားခဲ့ရခြင်းပါ။ သမီးလေး နွေးနွေးစိန်မြင့်ကို သူ့မိခင် မဂရေးက လာရောက်ခေါ်ယူသွားခဲ့ပါတယ်။ အလွန်သနားစရာကောင်းတဲ့အဖြစ်ပါ။

အော့အန်ဝမ်းကျဖြစ်ခဲ့ရင် ဖြစ်ဖြစ်ချင်း ဓာတ်ဆားမဆုံးရှုံးစေရန် ဓာတ်ဆားရည်ကို မနားတမ်းသောက်ပေးနေဖို့ လိုအပ်ပါတယ်။ ပြီးရင် အဆင်သင့်အရွယ်တော် ယောကျ်ားလေးရှိပါက အထက်ပါနည်းအတိုင်း စတိသဘောကို ကြည့်စေလိုပါတယ်။

ရှုံတယ်တယ်၊ အောက်တန်းကျတယ်၊ ယုတ်နိမ့်တယ်လို့ထင်ရင်တော့ ဆေးရုံ၊ ဆေးခန်းကို အမြန်ဆုံးပြေးကြစေချင်ပါတယ်။ ဒါမျိုးဆိုတာ ကုသချိန်အကြာကြီးမရတတ်ပါ။ အချိန်တိုအတွင်းမှာ ဆုံးပါးသွားနိုင်တဲ့ဝေဒနာပါ။ အသိဗဟုသုတများစွာရှိဖို့ လိုအပ်လှပါတယ်။

အဲဒါကြောင့် ဂမ္ဘီရဆန်တဲ့ စတိသဘောနဲ့ အထက်လှန်အောက်လျှော ရှမ်းတိုင်းရင်းဆေးကုနည်းလေးကို တင်ပြလိုက်ရခြင်းပါပဲ။

ချမ်းမြေ့ကြပါစေ

နေပြည်တော်ကျော်ကျော်



www.burmeseclassic.com

www.burmeseclassic.com

ငယ်ငယ်တုန်းက မျက်မမြင်ပုဏ္ဏား (၆) ယောက် ဆင်စမ်းတဲ့ပုံပြင်ကိုဖတ်ခဲ့ရဖူးတယ်။

- ◆ နှာမောင်းကိုကိုင်မိသူက ဆင်ဆိုတာ မြွေနဲ့တူသတဲ့။
- ◆ အစွယ်ကိုကိုင်မိသူက ဆင်ဆိုတာ ပွတ်လုံးနဲ့တူသတဲ့။
- ◆ နားရွက်ကိုစမ်းမိသူက ဆင်ဆိုတာ ယပ်တောင်လိုပဲတဲ့။
- ◆ ခြေထောက်ကိုစမ်းမိသူက ဆင်ဆိုတာ သစ်ပင်ကြီးနဲ့တူသတဲ့။
- ◆ နံဘေးကိုကိုင်မိသူက ဆင်ဆိုတာ ကျောက်နံရံကြီးလိုပဲတဲ့။
- ◆ အမြီးကိုဆွဲမိသူက ဆင်ဆိုတာ နွယ်တစ်ပင်လိုပဲတဲ့။

အခုလည်း နိုင်ငံတကာက တားရော့ (TAROT) စာအုပ်တွေ ဖတ်ရှုလေ့လာရင်းက အထက်ပါပုံပြင်လေးကို သတိရမိတယ်။

အချို့စာအုပ်တွေကလည်း သူတို့ဆီက နတ်ဘုရားတွေရဲ့ ဒဏ္ဍာရီပုံပြင်တွေဖြစ်ပါသတဲ့။ အချို့စာအုပ်တွေကျပြန်တော့လည်း ရှေးဟောင်းဘာသာရေးကျမ်းစာတွေဖြစ်ပါသတဲ့။ အချို့ကတော့လည်း ဟီဗရူးလူမျိုးတွေရဲ့ ရှေးဟောင်းအက္ခရာ (၂၂) လုံးက ဆင်းသက်လာတာဖြစ်ပါသတဲ့။ အချို့ကျတော့လည်း ဆယ့်နှစ်ရာသီ၊ နက္ခတ်၊ ဂြိုဟ်တွေရဲ့ လျှို့ဝှက်သင်္ကေတတွေဖြစ်သတဲ့။ အချို့ဆိုပြန်တယ်။ ဂဏန်းတွေ၊ ဂြိုဟ်သင်္ကေတတွေကို ရောင်စုံရုပ်ပုံတွေနဲ့ ဖုံးလွှမ်းပြီး အရောင်အဓိပ္ပာယ်တွေနဲ့ ခြယ်မှုန်းထားတာပါတဲ့။

သူတို့စာတွေဖတ်ပြီး တားရော့ကို စိတ်ဝင်စားတာနဲ့ လေ့လာပုံဖော်နေမိတယ်ဆိုတော့ ကျွန်တော်လည်း မျက်မမြင်ပုဏ္ဏားတစ်ယောက် ဖြစ်ခဲ့ပြီပေါ့။ ဒီတော့ ကျွန်တော် ထိတွေ့မိတာလေးတွေကို ကျွန်တော်သိသလို ပြောပြချင်လာတယ်။ ဆင်ကိုလက်နဲ့စမ်းချင်နေတဲ့သူတွေအတွက် အရိပ်အမြွက် (Hints) အနေနဲ့ပေါ့။

**ဂျိမ်းစဘွန်းရဲ့တားရော့လက်ဆောင်**

တားရော့ကားချပ်တွေကို စတင်မြင်ဖူးခဲ့တာက ငယ်ငယ်တုန်းကကြည့်ဖူးခဲ့တဲ့ ဂျိမ်း(စ်)ဘွန်းရုပ်ရှင်တစ်ခုထဲမှာပါ။ လူဆိုးခေါင်းဆောင်မင်းသမီးရဲ့ အိမ်ထဲကို ဂျိမ်း(စ်)ဘွန်းက တိတ်တဆိတ်ဝင်သွားတယ်။ အဲဒီအချိန်မှာ မင်းသမီးက စားပွဲမှာထိုင်ပြီး ရုပ်ပုံလေးတွေပေါင်းပါတဲ့ ဖဲထုပ်ကို ကုလားဖန်ထိုးနေခဲ့ပေါ့။ မင်းသမီးက ဂျိမ်း(စ်)ဘွန်းကို တစ်ချပ်ရွေးခိုင်းတယ်။ ဂျိမ်း(စ်)ဘွန်းရွေးလိုက်တဲ့ကတ်က အရိုးစုတွေနဲ့ ကြောက်စရာပုံဖြစ်နေတယ်။ ဂျိမ်း(စ်)ဘွန်းလို ညို့အားကောင်းသူဆိုတော့ မကြာမီမှာပဲ မင်းသမီးနဲ့ ချစ်သွားရောဆိုပါတော့

(တားရော့-သုတေသီ)
မိုးခေါင်း

# ဆရာစိုး-ရွှေအာရုဏ်ဦး

မျက်မမြင်ပုဏ္ဏား(၆)ယောက်နှင့်ကျွန်တော်
သို့မဟုတ် တားရော့ပုံပြင်(၁)



www.burmeseclassic.com

www.burmeseclassic.com

ဒီအချိန်မှာ ဂျိမ်း(စ်)ဘွန်းက အထက်ပါ ထုပ်မျိုးတစ်ထုပ်ကို ကုလားဖန်ထိုးပြီး မင်းသမီးကို ရွေးခိုင်းတယ်။ မင်းသမီး ရွေးလိုက်တဲ့ ကားချပ်က အမျိုးသမီးနဲ့ အမျိုးသား လက်တွဲထားတဲ့ပုံ ဖြစ်နေ တယ်။

အဲဒီကတည်းက အဲဒီကားချပ်လေး တွေဟာ ဘာလဲဆိုတာ သိချင်နေတာ။ ဘာကြောင့်လဲဆိုတော့ ဂျိမ်း(စ်)ဘွန်း တ်ကားတွေမှာ နောက်ဆုံးပေါ် နည်း သာနဲ့ တီထွင်ဖန်တီးထားတဲ့ လက်နက် ယာစက်ပစ္စည်းတွေကို အံ့ဘနန်းမြင် တွေ့ရပြီး ကမ္ဘာပေါ်မှာ အတော်ဆုံး စုံထောက်တစ်ယောက်ရဲ့ သည်းထိတ် ရင်ဖိုဖွယ်ရာစွန့်စားမှုတွေကိုသာ ဖော်ပြ လေ့ရှိတယ်။ ဒီလိုအတော်ဆုံး၊အကောင်း ဆုံးတွေကိုသာ ရွေးချယ်ဖော်ပြလေ့ရှိတဲ့ ဂျိမ်း(စ်)ဘွန်းရဲ့ကားထဲမှာ ဒီဖဲထုပ်ကို ဘာကြောင့် တကူးတကထည့်သွင်းထား သလဲ။ သာမန်တော့ မဟုတ်ဘူးဆိုပြီး စိတ်ဝင်စားခဲ့တာပါ။

နောက်ပိုင်း စာတွေဖတ်လာရင်းမှ ဒီကားချပ်တွေဟာ နိုင်ငံတကာမှာ လက်ခံ ယုံကြည်ပြီး တလေးတစား အသုံးပြုနေ တဲ့ ဂမ္ဘီရတားရော့ကားချပ်ထုပ်ဖြစ်တယ်။ ဂျိမ်း(စ်)ဘွန်းကားထဲမှ ကားချပ်တွေဟာ Dealth ကားချပ်နဲ့ Lovers ကားချပ်တွေ ဖြစ်ကြောင်း ခုမှသိရပါတယ်။ အဲဒီတော့ ကျွန်တော့်ဘဝမှာ ဂျိမ်း(စ်)ဘွန်းက Tarot ကို စတင်မိတ်ဆက်ပေးခဲ့တယ်ဆိုရမှာ ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

## တစ်ဖက်သတ်ချစ်သူ

နှစ်တွေအတော်ကြာပြီးတဲ့နောက် တားရော့ကားချပ်ကလေးတွေနဲ့စမ်းသပ် ဟောပြောနေတဲ့ဝါသနာရှင်တစ်ယောက်နဲ့ မိတ်ဆွေဖြစ်ကြရော။ ကားချပ်ဆိုပေမယ့် မူရင်း (Original) ကားချပ်တွေ မဟုတ်ပါဘူး။ စာအုပ်ထဲမှာပါတဲ့ပုံတွေကို Copy ကူးပြီး ပလပ်စတစ်ဖုံးထားတဲ့ (၁"× ၁½") အရွယ် ရုပ်ပုံကားချပ်လေးတွေပါ။ သူက ဗေဒင်ဝါသနာပါတယ်။ နိုင်ငံခြားသွားတုန်းက ပါလာခဲ့တဲ့စာအုပ်တွေကိုဖတ်ပြီး လေ့လာနေသူပေါ့။

အဲဒီအချိန်မှာ ကျွန်တော်က ဆရာကြီးဦးကြာမြင့်ထံမှာ အင်္ဂဝိဇ္ဇာ၊ ဗေဒင်အချုပ် မဟာဘုတ်နဲ့ လောကမဲ ရှစ်ပါး သင်္ချတ်ပညာ၊ နဝင်းစီးပွဲယတြာတွေကိုသင်ယူပြီးချိန်ဆိုတော့ ကျွန်တော်တို့နှစ်ယောက် ဗေဒင်ကို အကြောင်းပြုပြီး ပေါင်းစုသွားမိတယ်။ (မှတ်ချက် - သူကတော့ တခြားသူမဟုတ်ပါ။ ယနေ့ မဂ္ဂဇင်းတွေထဲမှာ အထူးသဖြင့် သူရဋ္ဌမှာ ပင်တိုင်ဆောင်းပါးရှင်လို့တောင်ပြောလို့ရအောင် မြန်မာ့ပညာစစ်စစ် မဟာဘုတ်ပညာမျိုးစုံကို လစဉ်ရေးသားနေတဲ့၊ Internet ထဲကတစ်ဆင့် ဩစတြေးလျနိုင်ငံကပို့ချတဲ့ မဟာဘုတ်ပညာဒီပလိုမာဘွဲ့ရထားခဲ့တဲ့ ကျွန်တော့်ရဲ့ ပထမဦးဆုံး တာရော့ဆရာဖြစ်ခဲ့တဲ့ 'မဟာဘုတ်-ဥက္ကာအောင်' ဖြစ်ကြောင်းပါ။)


ကျွန်တော် တားရော့ဝါသနာပါမှန်းသိတော့ အပေါင်းအသင်းတွေက တစ်ဆင့် နိုင်ငံခြားက တားရော့ထုပ်မှာပေးပါတယ်။ A.E. Waite ရဲ့ Rider ကားချပ်တစ်ထုပ်နှင့် Eden Gray ရဲ့ The Tarot Revealed စာအုပ် ကျွန်တော့်လက်ထဲရောက်လာပါတယ်။ ကျွန်တော် အရမ်းပျော်သွားတယ်။ ကတ်ဘူးထဲက ထုတ်လိုက်၊ ကြည့်လိုက်၊ နမ်းလိုက်နဲ့ ကြည့်လို့မဝဘူး။ ဒီအခါမှာ တစ်ဖက်သတ် တိတ်တခိုးချစ်ရတဲ့သူရဲ့ ဓာတ်ပုံလေးကို လူမမြင်ကွယ်ရာမှာ ခိုးနမ်းရသလို ဘာအဓိပ္ပာယ်မှန်းမသိတဲ့ ရောင်စုံတားရော့ကားချပ်လေးတွေကို နေ့စဉ်ကိုင်တွယ်ပွတ်သပ်ရင်းနဲ့ စိတ်တွေမရိုးမရွရှိနေခဲ့ရပါတယ်။

အဲဒီအချိန်တုန်းက ရုံးက နေ့စဉ် ည (၇) နာရီ (၈) နာရီမှ ပြန်။ စနေ၊ တနင်္ဂနွေကျတော့ အချိန်ပိုး၊ အဲဒီလို အလုပ်များတာကတစ်ပိုင်း၊ ဘာသာပြန်ရမှာ ကြောက်တာ/ ပျင်းတာကတစ်ကြောင်းနဲ့ မည်မည်ရရမဖတ်ဖြစ်ခဲ့ဘူး။ အထက်ကပြောခဲ့တဲ့ မိတ်ဆွေကို သင်ပေးခိုင်းတော့လည်း 'ကျွန်တော်လည်း လေ့လာတုန်းပဲ၊ မသင်တတ်ဘူး။ ကိုယ့်ဘာသာလေ့လာပါ' တဲ့။ အားရှိစရာ အားပေးပါတယ်။ ဒါပေမယ့် သူကပဲ သတင်းတစ်ခုပေးတယ်။ တားရော့နဲ့ ဟောနေတဲ့ ဗေဒင်ဆရာတစ်ယောက်နဲ့ ခင်မင်ကြောင်း၊ သူ့ဆီမှာ တပည့်ခံသင်ယူဖို့ တိုက်တွန်းပါတယ်။

ဒါနဲ့ ကျွန်တော်တို့နှစ်ယောက် သူညွှန်းတဲ့ ဗေဒင်ဆရာဆီရောက်သွားပါတယ်။ (အဲဒီဆရာနဲ့တွေ့ဆုံခဲ့ရပုံလေးတွေကို နောင်အလျဉ်းသင့်တဲ့အခါ တင်ပြပါမယ်။) အခုတော့ လိုရင်းပြောရရင် မသင်ဖြစ်ဘူး။ အဲဒီဆရာက သူ့တို့ဂိုဏ်းထဲဝင်ရမယ်။ သစ္စာဆိုရမယ်။ ခွင့်ပြုချက်မရဘဲ ဒီပညာတွေကို ဆင့်ပွားသင်မပေးရဘူးဆိုတဲ့ အဓိကအချက်တွေကို လက်မခံနိုင်လို့ မဝင်ဖြစ်၊ မသင်ဖြစ်ခဲ့ဘူး။

ဒီလိုနဲ့ တားရော့ကားချပ်တွေ၊ တားရော့စာအုပ်တွေကို လက်ထဲကိုင်ပြီး တားရော့ပညာနဲ့ဝေးခဲ့ရတယ်။ နောက်ပြီး ပိုဝေးခဲ့ရတဲ့ အကြောင်းတစ်ခု ရှိသေးတယ်။ တားရော့စာအုပ်တွေကို လုံးစေ့ပတ်စေ့ဘာသာမပြန်ဖြစ်ခဲ့ပေမယ့် ကိုယ်စိတ်ဝင်စားတဲ့ ပုံတွေကိုတော့ ရွေးပြီးဖတ်ထားတာတွေရှိတယ်။ အဲဒီလိုလုပ်မိတာဟာ ကောင်းသလား၊ ဆိုးသလား မဝေခွဲနိုင်တဲ့ အကျိုး (၂) ခုရခဲ့တယ်။

ပထမအချက်က ကျွန်တော်ဖတ်မိတဲ့ စာမျက်နှာတွေထဲမှာ သူတို့ဆီမှာ ကိုးကွယ်နေတဲ့ဘုရားသခင်နဲ့ ဆက်စပ်နေတာတွေ သွားတွေ့တယ်။ ဒီတော့ တားရော့ဟာ တခြားဘာသာတစ်ခုရဲ့ လောင်းရိပ်အောက်မှာရှိနေတဲ့ အစွယ်အပွားတွေလို့ထင်ပြီး စိတ်ဝင်စားမှု



လျော့သွားတယ်။ နောက်တစ်ချက်က အဲဒီအချိန်ကာလတုန်းက မြန်မာလို ဟောချက်တွေနဲ့ ရုပ်ပုံတွေတွဲပြီး ပုံနှိပ်ထားတဲ့ စာအုပ်ကလေးတစ်အုပ်ရလာတယ်။ ကျွန်တော်စိတ်ဝင်စားလို့ ဘာသာပြန်ဖတ်ထားတဲ့ ကားချပ်တွေရဲ့ ဟောချက်တွေနဲ့ ယှဉ်ဖတ်ကြည့်တဲ့အခါ ဘာမှ မဆိုင်အောင် ကွဲပြားခြားနားနေတာတွေ့ရတယ်။ ဒီတော့ ဆုံးဖြတ်လိုက်တယ်။ တစ်နေ့နေ့မှာ လက်ထဲမှာရှိတဲ့ တားရော့စာအုပ်တွေကို ဘာသာပြန်နိုင်အောင် ကြိုးစားမယ်။ အဲဒီအချိန်ကျ တော့မှပဲ တားရော့ကိုဖောက်ချလေ့လာတော့မယ်ဆိုတာဖြစ်သွားရော။ ဒါပေ မယ့် ရနိုင်သမျှ တားရော့စာအုပ်တွေ ကတ်ထုပ်တွေကို နိုင်ငံခြားမှာရှိတဲ့ စစ်သံရုံးများမှမိတ်ဆွေများထံမှတစ်ဆင့် မှာယူစုဆောင်းဖြစ်ခဲ့ပါတယ်။ အဲဒီလိုနဲ့ တားရော့ကားချပ်တွေနဲ့ စာအုပ်တွေ ရင်မှာပိုက်ပြီး ငမိုက်သား ကျွန်တော် Tarot ရဲ့ အနှစ်သာရတွေနဲ့ ဝေးနေလိုက်တာ နှစ်ပေါင်း (၂၀) နီးပါးရှိနေပါပြီ

## ယယ်ချစ်ဦးနှင့်တွေ့ဆုံခြင်း

စာအုပ်သေတ္တာကိုထမ်းလို့ ရွာ အဝင်လမ်းကို ရောက်ခဲ့ပါပြီ။ အမေ့ ရွာကိုလွမ်းလို့မဟုတ်ပါ။ လွမ်းစရာအ လည်းမရှိတော့ပြီ။ အလုပ်က အငြိမ်း စားယူလိုက်လို့ ဖြစ်ပါတယ်။

စိတ်ရောကိုယ်ပါ လွတ်လပ်ခွင့် အတိုးချပြီးပျော်နေခဲ့တယ်။ ပျော်လို့ တော့မှ စာအုပ်သေတ္တာဖွင့်၊ ဖုန် နေလှန်း။ တွေ့ရပါပြီ၊ အရင်အနှစ် (၂၀) လောက်တုန်းက တစ်ဖက်သတ်တိတ်တ ခိုးချစ်ခဲ့ရတဲ့ တားရော့ရဲ့ ရုပ်ပုံလွှာလေး တွေ။ အိမ်ဝင်းအပြင်မထွက်ဘဲ တားရော့ စာအုပ်တွေကို ဘာသာပြန်လိုက်တာ (၃) အုပ်ဘာသာပြန်ပြီးတော့မှပဲ တေးတေးနားလည်လာတယ်။

ရှိသမျှ အင်္ဂလိပ်-အင်္ဂလိပ်၊ အ လိပ်-မြန်မာ ခေတ်ဟောင်း၊ ခေတ်သ အဘိဓာန်စာအုပ်တွေ ပတ်လည်မှာ သလိုပါပဲ။ ဘာသာရေးဆိုင်ရာ၊ စိတ် ဆိုင်ရာ၊ ဝိညာဉ်ပိုင်းဆိုင်ရာ၊ ခံစားမှု ဆိုင်ရာဝေါဟာရတွေဟာ လုံးဝအ သက်သက်တွေချည်းပဲ။ ပထမစာအ မှာ မျက်မှန်ဒီဂရီထပ်တိုးရတယ်။ စိ ဓာတ်ကျသလိုတောင် ဖြစ်သွားတ အချို့ဝေါဟာရတွေရဲ့ အဘိဓာန်က တဲ့ အဓိပ္ပာယ်တွေက စာကြောင်း အကြောင်းအရာနဲ့ လုံးဝကိုက်



www.burmeseclassic.com

www.burmeseclassic.com

ရေဘူး။ နောက်အဘိဓာတ်တစ်အုပ်လှန် ...ာ စာကြောင်းကို အခေါက်ခေါက်အခါ ...ပြန်ဖတ်၊ ကားချပ်ထဲကပုံကို ကြည့်စဉ်း ...။ လမ်းလျှောက်စဉ်းစား၊ တချို့စာ ကြောင်းဆိုရင် (၂) ရက်၊ (၃) ရက်လောက် ...ဉ်းစားတာတောင် လိုချင်တဲ့ ချောတဲ့ အဓိပ္ပာယ်ထွက်မလာဘူး။ မေးမြန်းဆွေး နွေးစရာလည်းလူမရှိ၊ စားလည်းမဖြောင့်၊ အိပ်လည်းမဖြောင့် အိပ်မက်ထဲအထိ အောင် တားရော့ကားချပ်ပုံတွေကလိုက် ...။ နှစ်ပေါင်းများစွာပစ်ပယ်ထားတဲ့ ကျွန်တော့်ကို အတိုးချနှိပ်စက်နေတယ် ...င်ပဲ့ တားရော့ရယ်။

ဒီလိုနဲ့ တားရော့ဟာ အရှိန်အဟုန် မြင်းပြင်းနဲ့ ကျွန်တော့်ရဲ့ရင်တွင်းကို ဝင် ရောက်စိုးမိုးခဲ့ပါတယ်။ ကျွန်တော့်အကျင့် ... တားရော့ကားချပ်တစ်ခုကို ဘာသာ ပြန်တော့မယ်ဆိုရင် ဒီကားချပ်ကို စာ ...ပေါ်မှာချထားပြီး ဘာသာပြန်လိုက်၊ ...ပုံကြည့်လိုက်၊ အဓိပ္ပာယ်စဉ်းစားလိုက် ...လုပ်နေတော့ စာအုပ် (၃) အုပ်လည်း ဘာသာပြန်ပြီးရော တားရော့ကားချပ် ...ကရုပ်ပုံတွေဟာ မျက်စိမှိတ်ပြီး အာရုံ ပြုစရာမလိုဘဲ မျက်စိဖွင့်ထားရက်နဲ့ကိုပဲ မျက်စိထဲမှာ ရုပ်ပုံတွေက တရစ်ဝဲဝဲ ...ဖျတ်ဖျတ်နဲ့ ပေါ်လာအောင် အာရုံမှာ ...ငြင်နေပါတော့တယ်။

အထက်ကပြောခဲ့တဲ့ တတိယစာ အုပ်ဘာသာပြန်အပြီးမှာ ရေးတေးတေး ...သာပြီလို့ ပြောခဲ့ရတာက ဒီလိုပါ။ ... တတိယမြောက်စာအုပ်က အီဂျစ် ...ဘုရားမ Isis နဲ့ သူ့ကြင်ရာတော် ...ဘုရား Osiris တို့ရဲ့ ဒဏ္ဍာရီဇာတ် ...နောက်ခံသမိုင်းကြောင်းနဲ့ တား ရော့တစ်ကတ်ချင်းစီရဲ့ အဓိပ္ပာယ်ကိုဖွင့် ...ထားပါတယ်။ ကျွန်တော် အင်္ဂလိပ် ...တန်းက 'မ-သိ-ကြ-လျှင်-တွေး- ...' ဆိုတဲ့ လင်္ကာအရ ဗုဒ္ဓရဲ့ဖြစ်တော် ...ကို အခြေခံပြီးသင်ခဲ့၊ မှတ်ခဲ့ရတာကို ... အခု အီဂျစ်နတ်ဘုရားရဲ့ ဒဏ္ဍာရီ ...လေးနဲ့တွဲလာတော့ မှတ်ရတာလွယ် ...တယ်။ ဘာပြောချင်သလဲဆိုတာ ...သဘောပေါက်သွားတယ်။ Key သိပြီ ...တော့။

အဲဒီ အီဂျစ်လက်ရာ တားရော့ ...ပြီးတွေနဲ့ အီဂျစ်နတ်ဘုရားဒဏ္ဍာ ... ရယ်တဲ့ Key နဲ့ ဘာသာပြန်ထား ...တွေကိုပြန်ဖတ်ကြည့်တော့ အား ... ယေဘုယျသဘောကို သဘော ...သွားပါပြီ။ တချို့အသေးအမွှား ...လေးတွေကလွဲလို့ မူရင်းကျောရိုး ဆိုလိုရင်းတွေက အားလုံးအတူတူလို ချည်းဖြစ်နေတာ တွေ့ရပါတယ်။

ဒီတော့ လက်တွေ့စမ်းသပ်ဟော ပြောဖို့ ပြင်ဆင်ရပါတယ်။ အရင်ဆုံး Major အဓိကကားချပ် (၂၂) ကတ်နဲ့ ဟောတာပေါ့။ တောမြို့ကလေးဆိုတော့ Tarot အကြောင်း မသိသူများတယ်။ ဒီ တော့ တားရော့အကြောင်းကို ကိုယ့် ဘာသာညွှန်းပြီးမှ အလကားဟော၊ ကွယ်ရာကအတင်းပြောခံရ၊ဗေဒင်ဟော တယ်ဆိုပြီး ဘာမှတွက်ချက်တာလည်း မပါဘူးတဲ့။ ဖဲချပ်တွေလှန်ပြီး ဟောတာ ပါတဲ့။

**အနိစ္စရယ်၊ ဒုက္ခရယ်၊ အနတ္တရယ်**

ကျွန်တော် ဘာသာပြန်ဖြစ်တဲ့ စာအုပ်တွေထဲမှာက ဗေဒင်ဟောချက် ကနည်းနည်းရယ်။ဘဝအကြောင်းဖွင့်ဆို ပြတဲ့ဒဿနတွေ၊ စိတ်ပိုင်းဆိုင်ရာပြဆို ချက်တွေ၊ မိမိကိုယ်ကိုဆင်ခြင်၊ ပြင်ဆင် ရမယ့် အတွေးအခေါ် အကျင့်စရိုက် တွေကို ဖော်ပြထားတာ များတယ်။ ဗေဒင်စာအုပ်နဲ့ လောကနီတိစာအုပ်များ ပြီး ဘာသာပြန်နေမိသလားလို့တောင် ထင်မိတယ်။ 'သားမှားပြီအမေရဲ့' လို့ အော်လိုက်ချင်တော့တယ်။ ကျွန်တော် လိုချင်တာက 'ဒီကားချပ်တွေ့ရင် ကောင်း တာတွေကို ဒီလိုဟော၊ မကောင်းတာ တွေကို ဒီလိုဟော' အဲဒီလို တည့်လိုချင် တာ။ ဒါပေမယ့် အဲဒီလိုလေးနက်တဲ့ အတွေးအခေါ်တွေ၊ သဘောတရားတွေ၊ လမ်းညွှန်ချက်တွေကို ဖတ်မိပြန်တော့ လေးစားစိတ်ဝင်စားမိပြန်ရော။ ဥပမာ အနည်းငယ်ပြောရရင် -

အမှန်တကယ်တော့ ကျွန်ုပ်တို့ ဘဝမှာ အရာရာကို ဟန်ချက်ညီစေဖို့၊ မျှတဖို့၊ သမာသမတ်ကျဖို့၊ တစ်ဖက်စွန်း မှကင်းလွတ်ဖို့တွေ လိုအပ်နေတယ်ဆို တာကို တားရော့ကားချပ်အားလုံးက ညွှန်ပြထားတယ်။

ဒါ့အပြင် ဘဝခရီးကို ဖြတ်သန်း ကြတဲ့အခါ ရုပ်ဝတ္ထုပစ္စည်းတွေကို ပိုင် ဆိုင်ဖို့၊ ကြီးပွားဖို့၊ သာယာဖို့ အစရှိတဲ့ ရုပ်ပိုင်းဆိုင်ရာ စွဲလမ်းမှုတွေချည်းကိုပဲ ပဓာနမထားဘဲ အကျင့်ဖြူစင်မှု၊ သည်းခံ ခွင့်လွှတ်မှု၊ ကိုယ်ချင်းစာမှု၊ စွန့်လွှတ် အနစ်နာခံမှုအစရှိတဲ့ စိတ်ပိုင်းဆိုင်ရာ မြင့်မြတ်ရေးကိစ္စတွေကို အလေးထားပြီး ရုပ်နဲ့ စိတ် မျှတစွာ ပေါင်းစပ်ထားတဲ့ အလယ်အလတ်လမ်းကိုသာ ရွေးချယ် တတ်ဖို့လည်း လိုတယ်လို့ လမ်းညွှန်ထား ပါတယ်။ (Eden Gray)

နောက် (Heart) ဟတ်ထိတဲ့ စကားစုတစ်ခုရှိသေးတယ်။ Eden Gray ရဲ့ စာအုပ်ထဲမှာပဲ တားရော့ကားချပ် တစ်ခုချင်းစီ အတွဲလိုက် အသုံးပြုပြီး (Meditation) သမာဓိထူထောင်ရတဲ့ ကျင့်စဉ်တစ်ခုပါရှိတယ်။ အဲဒီအခန်းမှာ ဘာရေးသလဲဆိုတော့-

တရားထိုင်ပြီးနောက် ရရှိလာတဲ့ အံ့ဩဖွယ်ရာ အတွေးအမြင်စွမ်းရည် တွေကို ကိုယ်တိုင်သဘောပေါက်သိမြင် လာပြီးတဲ့နောက် 'လူဆိုတာ တခြားသတ္တ ဝါတွေလိုပဲ သွေးသားနဲ့ တည်ဆောက် ထားတဲ့ ရုပ်အဖွဲ့အစည်းတစ်ခုမျှသာ ဖြစ် တယ်။ ဒီထက် ဘာမှမပိုပါဘူး' လို့ ယုံ ကြည်နေကြတဲ့သူတွေရဲ့ မှားယွင်းတဲ့ ထင်မြင်ယူဆချက်တွေကို ရင်ဆိုင်ဖြေ ရှင်းဖို့နဲ့ သူတို့ကို အဲဒီအတွေးအခေါ် လောင်းရိပ်အောက်က လွတ်မြောက် အောင် ဆောင်ရွက်ပေးဖို့ရာ ဆန္ဒတွေ ပေါ်ပေါက်လာပါတယ်။

လူတွေဟာ နေရာမရွေး၊ အချိန် မရွေး၊ အခုလုပ်ရင် အခုသိမြင်နိုင်တဲ့ လူ့ဘဝရဲ့ အနှစ်သာရတွေကို မစမ်းသပ် မရှုမြင်ဘဲ ယခုအချိန်တိုင်အောင် မသိ ကျိုးကျွန်ပြုနေဦးမယ်ဆိုရင် သူတို့ကို ဖုံး လွှမ်းနေတဲ့ မသိမှု (အဝိဇ္ဇာ) တည်းဟူ သော အမှောင်ထုကြီးအောက်က ဘယ် တော့မှ လွတ်မြောက်သွားမှာ မဟုတ် ဘူးတဲ့။

ကဲ - ဘယ်လောက် ဟတ်ထိစရာ ကောင်းလိုက်ပါသလဲ။ အဝိဇ္ဇာအမှောင် ကိုခွင်းပြီး အလင်းထဲရောက်အောင် ကြိုးစားနေကြတဲ့ ကျွန်တော်တို့တစ်တွေ အတွက် ကိုယ်လုပ်မှကိုယ်ရမယ်။ အခု လုပ်ရင်အခုရမယ်။ လမ်းမှန်ရမယ်ဆိုတဲ့ ဗုဒ္ဓရဲ့လမ်းညွှန်ချက်နဲ့ ဘယ်လောက်နီး စပ်လိုက်ပါသလဲ။

အဲဒီသဘောတရားတွေကို ဖတ်ရှု သိမြင်လာတဲ့အခါ တားရော့ကို ဗေဒင် ဟောဖို့ရာသက်သက်ပဲလို့ သဘော မထားရဲတော့ပါဘူး။ တားရော့ ဆိုတာ ဘာလဲလို့ ကြည်ကြည်လင်လင်မြင်သွား ပါပြီ။

တားရော့ကားချပ်ကလေးတွေက ပြောပြတဲ့ အတွေးအခေါ်တွေ၊လမ်းညွှန် ချက်တွေထဲမှာ 'သံသရာပြတ်ကြောင်း ဖြစ်တဲ့ သစ္စာလေးပါးနဲ့ မဂ္ဂင်ရှစ်ပါး ဝိပဿနာတရားတော်' မပါတာကလွဲရင် ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တွေရဲ့ ယုံကြည်မှု အတွေးအခေါ်လေးတွေရဲ့

www.burmeseclassic.com

www.burmeseclassic.com

အတော်လေး ကိုက်ညီပြီး သဘာဝကျ တာတွေ တွေ့မြင်ရပါတယ်။ လောက-မွေလို့ ပြောလို့ရပါတယ်။

နောက်စာပုဒ်တစ်ပုဒ်က-

လောကကြီးဟာ အကြောင်းတရားနဲ့ အကျိုးတရား ဆက်စပ်ပြီး စဉ်ဆက်မပြတ် လည်ပတ်နေကြခြင်း ဖြစ်တယ်။ မည်သူမျှ တစ်နေရာတည်းမှာ စွဲမြဲစွာရပ်တည်နေချင်လို့ မဖြစ်နိုင်ဘူး။ ထို့အတူ မည်သည့်အရာကိုမျှလည်း ထာဝစဉ်ဆုပ်ကိုင်ထားလို့ မရနိုင်ပါဘူး" တဲ့။ လောကဓံတရားရဲ့သဘော၊ ကိုယ့်ကိုယ်ကိုယ်မပိုင်တဲ့(အနတ္တ)သဘော၊ ဘယ်အရာမှမမြဲဘူးဆိုတဲ့ အနိစ္စရဲ့ သဘောတရားတွေမဟုတ်ပါလား။

**လက်တွေ့ထိတွေ့ချက်များ**

လက်တွေ့အဟောလေ့ကျင့်ခန်း စပါပြီ။

တစ်နေ့ ညီဝမ်းကွဲတစ်ယောက် ရောက်လာတယ်။ မတွေ့တာကြာလို့ လာလည်တာ။ သာကြောင်းမာကြောင်း ပေါ့။ တားရော့ကားချပ်တွေကို မြင်တော့ ဘာတွေလဲလို့ မေးတယ်။ ဗေဒင်ဟောတဲ့ ကားချပ်တွေဖြစ်ကြောင်း သိတော့ သူ့ကိုဟောခိုင်းတယ်။ ကျွန်တော်ကလည်း မေးတဲ့သူကို မျှော်နေတာနဲ့ အတော်ပဲပေါ့။ သူ့ကို လက်ဆေးခိုင်း၊ လက်ကို ရေမွှေးဆွတ်၊ တားရော့ အစောင့်အရှောက်တွေကို မေတ္တာပို့ခိုင်း၊ တားရော့ကားချပ်တွေကို သူ့စိတ်တိုင်းကျမွှေခိုင်း၊ ရောမွှေနေရင် သူမေးချင်တဲ့ မေးခွန်းကို ကားချပ်တွေထဲ စိမ့်ဝင်သွားအောင်အာရုံပြုပြီးမေးခိုင်းတယ်။

သူ့မေးခွန်းကရှင်းတယ်။

"ကျွန်တော် အခုဘာဖြစ်နေတာလဲ။ ကျွန်တော့်ရဲ့ လက်ရှိအခြေအနေကို သိချင်ပါတယ်" တဲ့။

ဒီတော့ ကားချပ်တစ်ချပ်နဲ့ပဲဖြေဖို့ ဆုံးဖြတ်လိုက်တယ်။ကားချပ်တွေအများကြီးနဲ့ပေါင်းစပ်ပြီး Conbination လည်း မလုပ်တတ်သေးဘူးဆိုတော့ အတော်ပဲပေါ့။

သူချိုးထားတဲ့အပုံထဲက အပေါ်ဆုံးတစ်ချပ်ကိုယူပြီး လှန်လိုက်တယ်။ Hanged Man ဇောက်ထိုးဆွဲခံထားရသူ ကားချပ်။ ခြေထောက်ကို ကြိုးနဲ့ချည်ပြီး ဇော်ထိုးဆွဲခံရပေမယ့် မျက်နှာကတော့ ကြည်ကြည်လင်လင်နဲ့ ပြုံးသယောင်၊ မထီမဲ့မြင်ယောင်ယောင်။

ကျွန်တော်က ပြောလိုက်တယ်။

"မင်းဟိုယောင်ယောင်ဒီယောင်ယောင်နဲ့ ဘာလုပ်မယ်ဆိုတာ မပြတ်သားဘူး။ ဘာသာရေးလိုလို၊ လောကီကြီးပွားရေးလိုလိုနဲ့ ဘာကိစ္စမှလဲ ပြတ်ပြတ်သားသား လွတ်လွတ်ကျွတ်ကျွတ် မလုပ်ဘူး။ တစ်ချိန်တုန်းကတော့ ကိုယ့်သဘောနဲ့ကိုယ် ကိုယ့်အကျိုးကို အနစ်နာခံမယ်၊ စွန့်လွှတ်မယ်ဆိုပြီးလုပ်ခဲ့ပြီးမှ ကိုယ့်အနစ်နာခံမှုကို ပတ်ဝန်းကျင်က အသိအမှတ်မပြု၊ ကျေးဇူးတုံ့ပြန်မှုတွေလည်းမပြုရော လူတွေကိုအပြစ်မြင်ရော၊ ကိုယ့်ကိုယ်ကိုယ်လည်း ဒေါသဖြစ်ပြန်ရော။ မင်းရဲ့ပတ်ဝန်းကျင်ကိုစိတ်နဲ့မတွေ့။ သလို ပတ်ဝန်းကျင်ကလည်း မင်းကို လူ့ခွစာ လူ့ကန့်လန့်လို့မြင်ပြီး သဟဇာတ မဖြစ်ကြဘူး။

ပြီးတော့ ငါဘယ်သူ့အကူအညီမှ မလိုဘူး။ ငါ့ဘဝကိုငါရပ်တည်နိုင်တယ်၊ ငါ့ဖြေရှင်းနိုင်တယ်လို့ ကြွေးကြော်နေပေမယ့် မင်းရင်ထဲမှာတော့ ဘယ်သူ့ကများ ငါ့ကိုလာကူညီပါ့မလဲလို့ တိတ်တခိုး မျှော်လင့်နေတယ်။ ဒါကြောင့် ခြံစည်းရိုးအပေါ် ခွမထိုင်နေနဲ့။ တစ်ဖက်ဖက်ကို ရဲရဲတင်းတင်းခုန်ချလိုက်တော့"

လို့ ရင်ထဲက နားလည်ထားတာတွေရော မှတ်မိသမျှ စာအုပ်ထဲက စာသားတွေကိုပါ သိသမျှအကုန်ပြောလိုက်တယ်။ မှန်မှမှန်ပါမလားလို့ မတွေးမိဘူး။ လူရင်းတွေကိုး။

"ရပါပြီ - တော်ပါတော့၊ ဆက်မဟောပါနဲ့တော့။ ဒီလောက်ဆို လုံလောက်ပါပြီ"

တဲ့ ပြီးတော့မှ သူ့ဘဝခံစားချက်တွေကို ရင်ဖွင့်တယ်။ သူ့ညီ၊ ညီမတွေကို ငဲ့ပြီး သူ့ပညာရေးကိုစွန့်လွှတ်ကာ လယ်ယာထဲမှာ သူ့ဘဝမြှုပ်နှံခဲ့ရကြောင်း၊ အခု



တော့ အတောင်အလက်စုံ၊ ပညာ ကြင်ရာစုံ၊ ပစ္စည်းဥစ္စာပါစုံနေကြပြီဖြစ် သူ့ညီ၊ ညီမတွေနဲ့ မိဘတွေကပါ သူ့ ပစ်ပယ်ထားကြောင်း၊ တရားဓမ္မ လိုက်စား ကျင့်ကြံလိုပေမယ့် အရွယ် မရောက်သေးတဲ့သားသမီးတွေနဲ့ ဇနီး ငဲ့ပြီး ဘာသာရေးကို ခြေစုံပစ်မလုပ်နိုင် သေးကြောင်း၊ သူ့လက်မှုပညာလုပ်ငန်း မှာ လူကြိုက်များသော်လည်း သူ့စိတ် မှထလုပ်သဖြင့် စီးပွားရေးမဖြစ်ကြောင်း စသည် စသည်ဖြင့်။

နောက်တစ်ယောက်ကတော့ အိမ် နီးချင်းမိတ်ဆွေတစ်ဦး၊ ညီအရွယ် စီးပွားရေးသမား။ ငွေကစားတတ် အပေါင်းအသင်းများသူ၊ သူတို့လင် မယားနှစ်ယောက်က အိမ်တွင်းရေး လာပြီးတိုင်ပင်နေကျ။ တိုင်ပင်တယ် တာ လူကြားကောင်းအောင် ပြော ပါ။ သူတို့ရင်ဖွင့်တာကို နားထောင် ရုံသက်သက်ပါ။ ဆရာကြီး ဦးကြာမြင့် မဟာဘုတ်အကြွင်းစရိုက်နဲ့ပြောရ ယောကျ်ားက (၄) ကြွင်း တနင်္လာ၊ က (၂) ကြွင်း တနင်္ဂနွေ။ နှစ်ယော စလုံးက ဆရာကြီးတွေ။ ဘယ်သူ့အ ပေးတာကိုမှ ကျိုးနွံနာယူမယ့်သူ မဟုတ်ဘူး၊ ထားပါတော့။

တစ်ညမှာ အဲဒီမိတ်ဆွေညီ က တားရော့နဲ့ ဗေဒင်ကြည့်ချင်တယ် ဆိုလာတယ်။ ထုံးစံအတိုင်း ပြင်ဆင် တားရော့ကတ်ရွေးပြီး လှန်လိုက်တ Strength အမျိုးသမီးတစ်ဦးက ခြ ကြီးရဲ့ပါးစပ်ကို လက်နှစ်ဖက်နဲ့ ဆွဲဖြ တဲ့ပုံ။

"ညီလေး အခုအမျိုးသမီးတစ်ဦး ဆွဲဆောင်မှုအောက်မှာရောက်နေတ ဒီအမျိုးသမီးက တစ်နည်းနည်းနဲ့ သူ နဲ့မတူတဲ့ညှို့အားကောင်းသူ၊ ယောကျ် တစ်ယောက်ကို ကျွမ်းကျင်စွာ ထိန်း ကိုင်တွယ်နိုင်စွမ်းရှိသူ ဖြစ်မယ်။ ဒီ တွေဟာ ငယ်စဉ်ဘဝကပဲလုပ်သင့် ကိစ္စတွေ ဖြစ်တယ်။ ဒီအသက်အရွယ် မသင့်တော်တော့ပါဘူး။ ဒီအကျင့် ကို စွန့်လွှတ်လိုက်ပါတော့"

လို့ ပြောလိုက်တယ်။

သူက ပြုံးစစနဲ့ ခေါင်းမညိတ် မခါ။ မှားများမှားသွားသလားပေါ့။

နောက်တစ်နေ့မနက်မှာ ကျွန် တော်နဲ့ (၂) ယောက်တည်းတွေ့တော ပြောပြပါတယ်။ စားသောက်ဆိုင် ကလေးမတစ်ဦးနဲ့ငြိနေတဲ့အကြော ငြိနေတယ်ဆိုပေမယ့် ရိုးသားမှု

www.burmeseclassic.com

www.burmeseclassic.com

ပေါ်ကြောင်း၊ ဒီမိန်းကလေးကရှိသားပြီး နားစရာကောင်းလို့ ခင်မင်ပြီး ကူညီ ဆောက်ပံ့နေကြောင်း၊ မိဘရပ်ထံပြန်ပြီး ကောင်းရောင်းကောင်းဝယ်လုပ်ကိုင်ဖို့ တ တိုက်တွန်း ဆုံးမနေကြောင်း သည် စသည်ဖြင့်။

နောက်တစ်ယောက်က ညီမဝမ်း ။ သူ့ကိုတော့ အတိတ်၊ ပစ္စုပ္ပန်၊ အနာ တ် ကားချပ် (၃) ချပ်နဲ့ ပြောဖို့ ဆုံးဖြတ် ိုက်တယ်။ ရွေးချယ်လို့ ထွက်ပေါ်လာ ကားချပ်တွေကတော့ အတိတ် ွက် The Moon၊ ပစ္စုပ္ပန်အတွက် The Fool၊ အနာဂတ်အတွက် The Tower။

"အတူနေသူတွေနဲ့ အဆင်မပြေ၊ ကောက်ကြုံ၊ ချောက်တွန်း၊ ဝိုင်းနှိမ်ခံ ရတဲ့ဘဝမျိုးကြောင့် နင်အခုစိတ် စ်နေပြီး ခြေဦးတည့်ရာထွက်သွားဖို့ စားနေတယ်။ မလုပ်လိုက်နဲ့။ လက်ရှိ ခြေအနေတွေတစ်စစီပြိုကွဲသွားမယ်။ ပျက်သွားမယ်"လို့။

ဒီတော့မှ ညီမက ဝင်ငွေမရှိတဲ့ ကျ်ားရဲ့အိမ်မှာလိုက်နေပြီး ကလေး တွေကို ယောက်မအပျိုကြီးတွေက အစစ ရာတာဝန်ယူပြုစုကျောင်းထားပေး။ တော့ အိမ်ဖော်တစ်ယောက်လို ခံလုပ်ပေးနေတဲ့ကြားက ဝိုင်းပြီးနှိမ် င်း၊ သည်းမခံနိုင်တော့တဲ့အတွက် ပေါ် ကဆင်းသွားဖို့စဉ်းစားမိကြောင်း ပါတယ်။

အဲဒီလိုနဲ့ တားရော့ကားချပ်လေး ရဲ့ မှန်ကန်ပြတ်သားတဲ့ ဟောကွက် ကို လက်တွေ့နယ်ပယ်မှာ ရင်တထိတ် နဲ့ လေ့လာမှတ်သားခဲ့ရပါတယ်။

**သိုလ်ဆရာကြီးထံတပည့်ခံခြင်း**

တားရော့ Major အဓိကကားချပ် ရဲ့ အနှစ်သာရတွေကို သိမြင်ခံစား တော့ Minor သာမန်ကားချပ် ရဲ့အဓိပ္ပာယ်ကိုသိချင်လာပြန်တယ်။ အားကြိုးမာန်တက် ဘာသာပြန် င်စားမိပြန်ရော။ Major ကားချပ် နှန်းက ပထမသကြိန်ကာလတိုင် လုပ်ခဲ့ရတာ၊ ပင်ပန်းခဲ့ရတာတွေ မှတ်မရတော့ဘူး၊ တောင်တက် လို့ တက်နေတုန်းကတော့ တာပေါ့၊ စိတ်ဓာတ်ကျတာပေါ့။ ပြန်ဆင်းချင်စိတ်တွေပေါ်တာ အားတင်းရင်း ရှေ့ဆက်တက် ထိပ်ပေါ်ရောက်တော့ လတ် လေ၊ သာယာတဲ့ရှုခင်း၊ ကိုယ့် အောင်မြင်မှုတွေကို ခံစားရင်း ပင်ပန်းခဲ့သမျှ အကုန်ပြေပျောက်ပြီး ပီတိဖြစ်ရသလို နောက်တစ်ဆင့်မြင့်တဲ့တောင်ကို ထပ်တက်ချင်တဲ့စိတ်ပေါ်လာသလိုပါပဲ။

အဲဒီစိတ်နဲ့ Minor ကတ်တွေထဲမှာ နောက်ထပ်သကြိန်ကာလတစ်ခုအထိ မြုပ်နှံလိုက်ပြန်တယ်။ Major ကတ်တွေတုန်းက အတွေ့အကြုံအရ ကတ်တွေရဲ့အနှစ်သာရကို ဘယ်လိုဖမ်းယူရမယ်ဆိုတာ သဘောပေါက်ခဲ့တော့ Minor ကတ်တွေကျတော့ အရေအတွက်များတာကလွဲလို့ ဘာသာပြန်ပြီးတာနဲ့ တစ်ပြိုင်နက် တစ်ကတ်ချင်းစီရဲ့သဘောတရားကို နားလည်ခဲ့ရပါတယ်။

တုတ်၊ ဓား၊ ခွက်၊ ကြယ်ဆိုတဲ့ အုပ်စု (၄) ခု၊ စုစုပေါင်း (၅၆) ကတ်လုံးလည်း ဘာသာပြန်ပြီးရော ကျွန်တော့်အတွက် ပြဿနာ (၂) ခု ပေါ်လာပါတယ်။ အဲဒါတွေကတော့ (၁) တုတ်နဲ့ ဓားအုပ်စု (၂) စုရဲ့ အနှစ်သာရပိုင်းမှာ အဓိပ္ပာယ်ရောယှက်နေခြင်းနဲ့ (၂) Cour ကတ်၊ (မင်းလုလင်၊ မြင်းစီးရဲမက်၊ မိဖုရား၊ ဘုရင်) တွေကို အဓိပ္ပာယ်ကို ယူရမှာလား (သို့) လူပုဂ္ဂိုလ်အနေနဲ့ ယူရမှာလားဆိုတဲ့ (၂) ချက်ပဲ ဖြစ်ပါတယ်။

Minor ကတ်တွေကတော့ ပိုမိုအသေးစိတ်လာတယ်။ ပိုတိကျလာတယ်။ စာအုပ်တွေမှာ တစ်အုပ်နဲ့ တစ်အုပ် အယူအဆကွဲပြားတာ ကြုံရတယ်။ သဘောတရားအမှားမခံဘူး။ ဒီတော့ ဆရာရှာမှာဖြစ်တော့မယ်ဆိုပြီး ရန်ကုန်ကို ဆင်းလာခဲ့ပါတယ်။ ဆရာကြီး ဟိန်းလတ်နဲ့ ဆရာကြီး ဦးငြိမ်းအောင်တို့ထံသွားဖို့ ရည်ရွယ်ပါတယ်။ ဆရာဟိန်းလတ်ရဲ့ လိပ်စာမသိလို့ မသွားဖြစ်ခဲ့ဘူး။ လိပ်စာသိတဲ့ ဆရာကြီး ဦးငြိမ်းအောင်ထံပဲ ရောက်ခဲ့ပါတယ်။

ဆရာကြီးဦးငြိမ်းအောင်ထံရောက်တဲ့အခါ -

"ဆရာကြီး၊ ကျွန်တော်တားရော့နဲ့ ဗေဒင်ကြည့်ချင်ပါတယ်။ ပြီးတော့ တားရော့ဗေဒင်ပညာကိုလည်း ကျွန်တော် ဝါသနာပါပါတယ်။ အခုလည်း လေ့လာနေပါတယ်။ ဆရာကြီး ကျွန်တော့်ကို လမ်းညွှန်ပေးပါ"

လို့ တောင်းပန်ပါတယ်။

ဒီတော့ ဆရာကြီးက တားရော့ (၄) ကတ် ခင်းကျင်းတဲ့ပုံနဲ့ ကျွန်တော့်မေးခွန်းတွေကို ဖြေပါတယ်။ ကားချပ်တစ်ချပ်ကို (၁၀၀၀) ကျပ်နှုန်း ဖြစ်ကြောင်း ပြောပါတယ်။ ဆရာကြီးဟောခဲ့တာတွေ အားလုံးမှန်ပါတယ်။ (ဒီနေရာမှာ မှားသလား၊ မှန်သလား မပြောနိုင်တဲ့တစ်ချက်တော့ ရှိပါတယ်။ စီးပွားရေးကိစ္စမှာ ဆရာကြီးက 'ခင်ဗျားအားမနာနဲ့။ ကိုယ့်ပညာ၊ ကိုယ့်ဉာဏစွမ်းအားနဲ့ထိုက်တဲ့ငွေကိုယူပါ။ ပိုလည်းမတောင်းနဲ့။ လျှော့ပြီးလည်း မယူနဲ့' လို့ ဟောခဲ့တယ်။ အခုအချိန်အထိ ဗေဒင်ဟောခနှုန်းသတ်မှတ်ပြီးတောင်းဖို့ ကျွန်တော် မတောင်းရဲ၊ မတောင်းရက်သေးပါ။)

ဟောတဲ့အပိုင်း ပြီးသွားတဲ့အခါ ဗေဒင်ဟောခန်းထဲကထွက်၊ အိမ်ရှေ့ဧည့်ခန်းမှာထိုင်ပြီး ကျွန်တော့်ကို စစ်မေးတော့တာပါပဲ။ တားရော့ကို ဘယ်လိုလေ့လာသလဲ။ ဘယ်ဆရာဆီမှာ သင်သလဲ။ ဘာစာအုပ်ဖတ်သလဲ။ တားရော့ကတ်ထုပ် (မူရင်း) ရှိသလား။ ရှိရင်ပြပါ စသဖြင့် မေးခွန်းတွေ အများကြီး မေးပါတယ်။ ကျွန်တော်ကလည်း ကတ်ထုပ်တွေ၊ စာအုပ်တွေ၊ အသင့်ဆောင်သွားတော့အတော်ဖြစ်သွားပါတယ်။ ပဏာမစစ်ဆေးခန်းပြီးသွားတော့မှ တားရော့ရဲ့ သမိုင်းကြောင်း၊ အယူအဆကွဲပြားမှု၊ အမှားအမှန်၊ ဆရာကြီးကိုင်ရိုနဲ့ တားရော့အပေါ် အမြင်၊ ထူးခြားထင်ရှားတဲ့ ဥပမာ၊ သူ့ကိုယ်တွေ့တွေကို စာအုပ်စာတမ်း၊ အထောက်အထားတွေနဲ့တကွ ပြောဆိုရှင်းပြပါတယ်။

ဆရာကြီးကိုင်ရိုကိုလည်း အထွတ်အမြတ်ထားပြီး လေးစားတယ်။ ပြန်ခါနီး ကန်တော့တဲ့အခါ ဆက်တီမှာ ထိုင်နေရာကထပြီး ဆရာကြီးကိုင်ရိုရဲ့ ဓာတ်ပုံတင်ထားတဲ့ သံဗီရိုဘေးမှာ သွားမတ်တတ်ရပ်ပြီးကန်တော့ခံတယ်။ ဆရာကြီးကိုင်ရိုကိုပါ တစ်ပါတည်း ကန်တော့ပြီးဖြစ်စေခဲ့ပါတယ်။

အသက်ကလည်း (၇၀) ကျော်၊ ဘဝအတွေ့အကြုံကလည်း တက္ကသိုလ်မှာ ဆရာလုပ်ခဲ့တာဆိုတော့ လေသံကမာသလို စကားပြောတာကလည်း ပြတ်တယ်။ တားရော့ပေါ်မှာ အပြည့်အဝယုံကြည်မှုရှိတယ်။ သူ့ကိုယ်ရေးကိုယ်တာကိစ္စ၊ သူ့မိသားစုဝင်များရဲ့ ကိုယ်ရေးကိုယ်တာကိစ္စတွေမှာ တားရော့ရဲ့ ဆုံးဖြတ်ချက်ကို တိကျယုံကြည်စွာလိုက်နာတယ်။

ဆရာကြီးရဲ့ လမ်းကြောင်းပေးမှု သူတွေခေါ်ပုံအယူအဆတွေနဲ့ အားဖြည့်ပြီး Minor ကတ်တွေနဲ့ ရင်းနှီးခဲ့ပါတယ်။ နောက် (၆) လလောက် ကြာတဲ့အခါ ဆရာကြီးထံ တစ်ခေါက်ရောက်

www.burmeseclassic.com

www.burmeseclassic.com

ပါတယ်။ ဒီတစ်ခါမှာတော့ တော်တော်လေး ရင်းရင်းနှီးနှီးရှိသွားပါပြီ။ ပါလာတဲ့ ဒေသထွက်သီးနှံကလေးတွေ ကန်တော့ပြီး သိချင်တာလေးတွေ မေးရပါတယ်။ တစ်ခေါက်ရောက်မှ မေးခွန်းတစ်ခွန်းလောက်မေးဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဆရာကြီးကို ကြောက်ရွံ့လေးစားတာကတစ်ကြောင်း၊ ကိုယ်က တစ်ခွန်းမေးလိုက်တာနဲ့ ဆရာကြီးက သဘောတရား၊ အထောက်အထား၊ အကိုးအကား၊ စာအုပ်တွေတစ်အုပ်ပြီး တစ်အုပ် လှန်လှန်ပြီးရှင်းပြနေတာ မဆုံးတော့ဘူး။ တစ်ခါပြောရင် (၂) နာရီ၊ (၃) နာရီလောက် ကြာတယ်။ သူပြောတာနေတာတွေက အဆက်အစပ်ကလည်းရှိနေပြန်၊ ကြားသမျှလည်း ကိုယ့်အတွက် ပညာဗဟုသုတတွေ (အဆီအနှစ်တွေ) ရနေပြန်တာက တစ်ကြောင်းကြောင့်၊ စကားဖြတ်မမေးရဲတာနဲ့ တစ်ခါရောက်မှ တစ်ချက်လောက်ပဲမေးဖြစ်ခဲ့ပါတယ်။ ပြီးတော့ ဆရာကြီးက အားရပါးရ ပြည့်ပြည့်စုံစုံ ပြောတာဆိုတော့ တစ်ခါတည်း (၂) နာရီ၊ (၃) နာရီကြာအောင်ပြောနေတဲ့ ဆရာကြီးကို မောမှာစိုးလို့၊ ပင်ပန်းမှာစိုးလို့ ဆက်မမေးဖြစ်တော့တာလည်း ပါပါတယ်။

ရောက်ရောက်ချင်း ဦးချကန်တော့မာကြောင်းသာကြောင်း နှုတ်ဆက်၊ ပြန်ခါနီး တစ်ခါထိုင်ကန်တော့တဲ့အခါ ဆရာကြီးက မိဘတစ်ဦးကဲ့သို့ လှိုက်လှိုက်လှဲလှဲ ဆုတောင်းမေတ္တာပေးပါတယ်။

နောက်ဆုံးရောက်ခဲ့တဲ့ အခေါက်က ဆရာကြီးက -

"ကျွန်တော်လည်း Eden Gray ရဲ့ စာအုပ်ကိုပဲ အဓိကထားတယ်။ ဒီစာအုပ်လည်း ခင်ဗျားမှာရှိနေတာပဲ။ အခုသိထားတွေလည်း အတော်ပြည့်စုံနေပြီ။ လက်တွေ့လေ့လာရင်းနဲ့ ရဲရဲသာဆက်လုပ်။ ရသမျှ တားရော့စာအုပ်တွေဖတ်၊ စာအုပ်ထဲက ရေးထားတာကို ပုံသေမမှတ်နဲ့။ လက်တွေ့လေ့ကျင့်လေ့လာပါ။ မရှင်းတာ၊သိချင်တာရှိရင် ဖုန်းဆက်ပြီးမေး"

လို့ ပြောပါတယ်။

(အခုချိန်မှာတော့ ဆရာကြီးကွယ်လွန်ခဲ့ပါပြီ။ တားရော့ကို မြန်မာပြည်သူတွေနဲ့ မိတ်ဆက်ပေးခဲ့သူ၊ မူရင်းတားရော့ရဲ့ သဘောတရားတွေ၊ ဘာသာပြန်ဆိုချက်တွေ၊ ကိုယ်တွေ့သဘောတရားတွေကို မခြွင်းမချန် ဖြန့်ဝေပေးခဲ့သူ၊ ကျွန်တော့်ကိုလည်း သူ့တစ်သက်တာလေ့လာတွေ့ရှိခဲ့သမျှ ဗဟုသုတ တားရော့ရဲ့ အနှစ်သာရတွေကို အားပါးတရ လက်ဆင့်ကမ်းခဲ့သူ၊ အားပေးခဲ့သူ ဆရာကြီး ဦးငြိမ်းအောင်အား ရိုသေစွာ ဦးညွှတ်ဂါရဝပြုလိုက်ပါတယ်။)

**အံ့ဩကုန်နိုင်ဖွယ်**

Minor ကတ်တွေကို စာတွေ့လေ့လာပြီးတဲ့အခါ သဘောတရားတွေကို သိမြင်နားလည်လာတဲ့အခါ ဗေဒင်မေးမယ့်သူကို မျှော်ရတာအမော၊ ဟောချင်တာ ပါးစပ်ကိုယားနေတာပဲလို့ပြောရင် ပိုတယ်မထင်နဲ့၊ တကယ်ပါ။ ရေမွှေးဖျန်း၊ တားရော့အစောင့်အရှောက်ပုဂ္ဂိုလ်တွေကို နံ့သာတိုင်လှူ၊ မေတ္တာပို့ စသဖြင့် စိတ်ပါလက်ပါလုပ်ပြီးမှ ဟောတာပေါ့။ ပထမတော့သိပ်မရဲဘူး။ Major နဲ့ Minor ကတ်တွေ ပေါင်းစပ်ပြီး စ,ဟောတာကိုး။ အထူးသဖြင့် Minor ကတ်တွေပေါ်လာရင် ရင်တထိတ်ထိတ်နဲ့ မှားများမှာသွားမလားလို့။ သူက တိကျတာကိုး။ မှားသွားရင် ခက်လှချည့်၊ ရှက်လှချည့်ရဲ့ပေါ့။

Major ကတ်တွေက မဟာဗျူဟာဆန်တယ်။ သဘောတရားပိုင်း၊ လမ်းညွှန်မှုပိုင်း အားကြီးတယ်။ Minor ကတ်တွေကျတော့ နည်းဗျူဟာဆန်တယ်။ လက်တွေ့ကျတယ်။ ခင်မင်မှု သံယောဇဉ်ကိစ္စလား။ အလုပ်ကိစ္စလား။ ငွေကြေးစီးပွားကိစ္စလား။ အမှုပြဿနာကိစ္စလားဆိုတာကို အတိအကျပြောတယ်။ ဒီတော့ပိုမှားနိုင်တယ်။ အတွေ့အကြုံမရှိသေးတော့ ကိုယ့်ကိုယ်ကိုယ်မယုံဘူး။ ဒါပေမယ့် Major ကတ်တွေတုန်းက တောင် ဒီလောက်မှန်ခဲ့တာ၊ Minor ကတ်တွေမှာလည်း မှန်ကိုမှန်ရမယ်လို့



ဖွတ်အားမွေးပြီး ကတ်ကပြောတဲ့အတိုင်း ပြန်ပြောတာပေါ့။ ကိုယ့်ထင်မြင်ယူဆ ချက် အပိုစကားတွေ ထည့်မပြောရဲဘူး

ဒီနေရာမှာ ဖြတ်ပြီးပြောချင်တာ က တားရော့ကားချပ်တွေကို လေ့လာရင်းက 'ငါဟာ ဗေဒင်ဟောတဲ့ ဆရာ မဟုတ်ပါလား။ စကားပြန်တားရော့ကားချပ်တွေကပြောနေတဲ့ Voiceless Language (Silence Language) အသံမဲ့ ဘာသာစကားကို ငါက ဘာသာပြန်ပြီး ပြောပေးရုံပါလားဆိုတာ သဘောပေါက် လာတယ်။

ကဲ- ဈေးဦးပေါက် Minor ကတ် တွေသုံးပါပြီ။ ထုံးစံအတိုင်း ကျွန်တော့်ရဲ့ ဖောက်သည် (တစ်နည်း) ကျေးဇူးရှင် ကြီးပေါ့။

"အစ်ကိုကြီး၊ ရန်ကုန်က အစ်မ မနက်ဖြန် ရန်ကုန်ကိုလာဖို့ ကျွန်တော့်ကို ခေါ်နေတယ်။ ဘာကိစ္စဖြစ်မလဲ။ တား ရော့နဲ့ ဟောပေးပါ" တဲ့။

သိနေတယ်။ အဆုံးခံရမယ့်ကိစ္စ ရင် သူ့မိန်းမကို လွှတ်မယ်။ ရပေါက် လမ်းဆိုရင် သူသွားမယ်ပေါ့။ ပေါ်ထွက် လာတဲ့ ကတ်က ဒင်္ဂါး (၃) ချပ်။

"ညီလေးကို ပိုက်ဆံပေးမ အလုပ်အပ်မလို့။ ဒါမှမဟုတ် အလုပ် ခိုင်းမလို့ ငွေပေးဖို့ခေါ်တာ။ စိတ်တိုင်း ကျ ငွေပမာဏဖြစ်ချင်မှ ဖြစ်လိမ့်မယ် ကောင်းသောခေါ်ခြင်းပါ။ ညီလေးသွား လိုက်ပါ"

လို့ ဖြေလိုက်တယ်။ ရင်ထဲ တော့ ဘုရား,တနေမိတယ်။

နောက် (၂) ရက်ညနေကျတော့

"အစ်ကိုကြီးအတွက် ရန်ကု လက်ဆောင်"

ဆိုပြီး Ready Made Forei Shirt တစ်ထည် Packing လေးနဲ့။

"အစ်ကိုကြီးပြောတာ မှန်တယ် ယောက်ဖလုပ်သူက မင်းအဆင်ပြေမ စီးပွားရေးတစ်ခုစမ်းလုပ်ကြည့်ဆိုပြီး ငွေ ပေးလိုက်တယ်။ နောက်အဆင်ပြေ ထပ်ထုတ်ပေးမယ်လို့ ပြောတာ"

ရင်ထဲက အလုံးကြီး ခုမှကျသွား တယ်။

နောက်တစ်ခါခေါ်ပြန်ပြီ။

"အစ်ကိုကြီး လုပ်ပါဦး၊ ခေါ် မလိုလားမသိဘူး။ တားရော့ကြည့်ပေး ဦး"

Fool ကတ်။

"ဘာမှပူမနေနဲ့ စိတ်အေးအေး သာထားသွား။ ဘာကိစ္စများဖြစ်မ

www.burmeseclassic.com

www.burmeseclassic.com

…မေးရင်ဘယ်လိုဖြေရမလဲဆိုတာတွေ …ပြီး ကြိုစဉ်းစားမနေနဲ့။ ပေါ့ပေါ့ပါး …သွား။ တွေ့ကြုံတဲ့အခါ စိတ်လွတ် …လပ်လပ်ထားပြီး ပြောချင်ရာပြော၊ …ချင်ရာပြော အားလုံးအဆင်ပြေစေ …မယ်"

"ဟုတ်ပါ့မလား အစ်ကိုကြီးရယ်။ …လည်းလုပ်ပါဦး၊ အရင်ပေးထားတဲ့ …တွေကို ကျွန်တော်ဘာမှအကောင် …ထည်မဖော်ရသေးဘူး။ ကျွန်တော် …တော့ နားရင်းအုပ်ခံရတော့မယ်ထင် …ယ်"

"ဘာမှမဖြစ်ဘူး။ ပျော်ပျော်သာ …။ ကိုယ့်အစ်မအရင်းပဲ သူပြော …ည်းမနာနဲ့။ ကိုယ်ကလည်း လုပ်ချင် …ဖြစ်ချင်တာကိုသာ ပွင့်ပွင့်လင်းလင်း …။ တာဝန်ယူတယ်"

Major ကတ်အားကိုးနဲ့ ရဲရဲကြီး …ခံလိုက်တယ်။ အရှုံနဲ့ကလေးအတူ …ပဲ မဟုတ်လား။ သူတို့ကို ဘယ်သူက …အပြစ်မယူဘူး။ နည်းနည်းပါးပါးပြော …ဆိုးမတတ်ကလွဲလို့ အားလုံးက ခွင့် …တ်ပေးကြတယ် မဟုတ်လား။

နောက် (၂) ရက်လောက်ကြာ …တော့ မုန့်ပဲသရေစာတွေ တပွေ့တပိုက် …

"အစ်ကိုကြီးရေ တားရော့က မှန် …အံ့ရော။ အစ်မက ကျွန်တော့်ကို …ခံမှ ဒီလိုဖက်လှဲတကင်းမဆက်ဆံ …။ တွေ့ရင်ဆူဖို့ဆုံးမဖို့ပဲစဉ်းစား …။ ဒီတစ်ခေါက်တော့ အရမ်းကို …သွားတာပဲ၊ မောင်လေး မောင်လေး …ကျွန်တော် တော်တော်လေးအံ့သြမိ …"

မုန့်ဖိုးဘယ်လောက်ရသလဲဆိုတာ …တော့ ထည့်ပြောမသွားပါဘူး။

နောက်တစ်ခါက ဆရာမ (၂) …တ်၊ စနေနေ့၊ သူရဇ္ဇအခါ။

"အစ်ကိုကြီး အရမ်းကို အရေးကြီး …ယ်၊ သေရေးရှင်ရေးကို အရေးကြီး …။ တားရော့နဲ့ မေးပေးပါဦး"

ဒီတော့ တားရော့ကတ်တွေကို …(၂) စုခွဲ။ Minor ကားချပ်တွေကို …Celtic Cross Melthod နဲ့ ဖြန့်ခင်း၊ Major ကတ်တွေကို Star Spread နဲ့ ဖြန့် …ပုံစံ (၂) မျိုးနဲ့ သေသေချာချာ …တယ်။ သူတို့ ဘယ်သူ့ရဲ့ဘာကိစ္စ …သိချင်တာလို့ မပြောဘူး။ ဆရာမ …ဆိုတော့ Unseen Question မေး …အကျင့်ပါနေတယ်ထင့်ပါ့။

Minor အုပ်စုနဲ့ကြည့်တဲ့ Celtic Cross Method မှာ လက်ရှိအခြေအနေက Ten of Swords ဓား (၁၀) လက်ကတ်။ လွှမ်းမိုးနေတဲ့ ကိစ္စက Eight of Wands တုတ် (၈) ချောင်းကတ်။ အနာဂတ်အနီးစပ်ဆုံး အနေအထားက Five of Wands တုတ် (၅) ချောင်းကတ်။

ဒီမှာတင် ဇာတ်လမ်းက ပြတ်နေပြီ။ Ten of Swords ကံဆိုးသော ဇာတ်သိမ်းခန်း၊ Eight of Wands က ရုပ်ဝေးမှ အရေးကြီးသော သတင်းတစ်ခုကို မျှော်လင့်တကြီးစောင့်နေတယ်။ Five of Wands က အားပြိုင်မှု၊ ရုန်းကန်ရမှု၊ ဘဝတိုက်ပွဲ။

ဖြစ်ရပ်မှန်က ဦးနှောက်အကြိတ်ဖြစ်နေတဲ့ လူနာ။ အိပ်ရာထဲမှာပဲ ထမင်းခွံ့ကျွေးနေရတယ်။ စင်ကာပူကိုသွားခွဲရင် ကောင်းသွားမှာလား၊ မကောင်းဘူးလား။ လက်ရှိဓာတ်မှန်တွေကို စင်ကာပူကိုပို့ပြီး စစ်ဆေးထားတယ်။ အဲဒီက အဖြေကို စောင့်နေတယ်။ အဖြေပြန်လာမှ ခွဲစိတ်ရင် ပျောက်နိုင်၊ မပျောက်နိုင်သိရမယ်။

"Tarot က ပြောပါတယ်။ အခြေအနေမပေးတော့ပါဘူး။ မသွားပါနဲ့တော့။ မခွဲပါနဲ့တော့။ ဘာသာရေးကိုပဲ အာရုံပြုစေပြီ အလှူဒါနနဲ့ တရားတော်များ နာကြားနေစေတာပဲ။ အကောင်းဆုံး ဖြစ်ပါတယ်။ ဆရာမတို့က လူနာရှင်မဟုတ်တဲ့အတွက် ကျွန်တော့်အာရုံမှာ ပေါ်လာတာကို အမှန်အတိုင်းပြောလိုက်မယ်။ လူတွေတန်းစီပြီး အခေါင်းထမ်းလို့ အသုဘပို့တဲ့နိမိတ်မြင်ရတယ်။ အဖြေကတော့ ဒါပါပဲ"

ဆရာမ (၂) ဦး မျက်နှာမကောင်းစွာ ပြန်သွားကြတယ်။

နောက် (၄) ရက်လောက်အကြာမှာ သတင်းကြားရတယ်။ လူနာဆုံးသွားပြီ။ ကားငှားပြီး ရန်ကုန်ကိုခေါ်အသွားလမ်းမှာပဲဆုံးပါးသွားလို့ အလောင်းကို ပြန်သယ်ခဲ့ရကြောင်း။

ဒီနေရာမှာ Star Spread လို့ ခေါ်တဲ့ ကြယ်ပုံစံ ဖြန့်ကြက်ထားတဲ့ Major ကတ်တွေရဲ့ အထောက်အပံ့လည်း ပါပါတယ်။ အဓိကဖြေရှင်းရမယ့် နေရာမှာ ကျရောက်နေတဲ့ Death ကတ်နဲ့ နောက်ဆုံးအဖြေရလဒ်မှာ ရောက်ရှိနေတဲ့ Tower ကားချပ်တွေက အခြေအနေမှန်ကို ပြောပါတယ်။

နောက်ဇာတ်လမ်းလေးတစ်ခုကတော့ အသက် (၂၅) နှစ်အရွယ် လူငယ်တစ်ယောက်။ သူ့လက်ရှိလုပ်နေတဲ့ လုပ်ငန်းမှာ တိုးတက်မှု ရှိ/မရှိမေးတယ်။ လက်ရှိအလုပ်ကို လေးလေးနက်နက် အာရုံပြုစေပြီး ကားချပ်တွေကို မှောက်ချိုးခိုင်းလိုက်တယ်။ ကားချပ် (၃) ချပ်နဲ့ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ကို ပြောမယ်လို့ ဆုံးဖြတ်လိုက်တယ်။

ပေါ်ထွက်လာတဲ့ ကားချပ်တွေက (၁) High Priestess၊ (၂) Nine of Swords၊ (၃) Seven of Swords ကားချပ်တွေပဲ ဖြစ်တယ်။ (၁) High Priestess ကားချပ်က အတိတ်တုန်းက စေတနာဖြူစင် စိတ်ထားမွန်မြတ်တဲ့ အမျိုးသမီးကြီးတစ်ဦးရဲ့ ကူညီမှုကြောင့် လုပ်ငန်းများအဆင်ပြေစိတ်ချမ်းသာခဲ့ရတယ်။ နံပါတ် (၂) နဲ့ (၃) က အဓိပ္ပာယ်ဆက်စပ်လို့ မရဘူး။ ဘက်ပေါင်းစုံက လှည့်ပတ်စဉ်းစားတယ်။ အဖြေထွက်မလာဘူး။ လုပ်ငန်းနဲ့ မပတ်သက်ဘူး ဖြစ်နေတယ်။ ဒီတော့ ကာယကံရှင်ကို ပြန်မေးရတယ်။

"ညီလေး၊ မင်း စောစောက ကားချပ်တွေကို ကုလားဖန်ထိုးနေစဉ်မှာ မင်းစိတ်အာရုံက ဘယ်ကိုရောက်သွားသေးသလဲ။ အလုပ်နဲ့ မပတ်သက်တဲ့ အကြောင်းအရာတစ်ခုခုကို စဉ်းစားမိသေးလား။ ကားချပ်တွေထဲမှာ ပထမကားချပ်တစ်ခုပဲ အလုပ်နဲ့ပတ်သက်ပြီး နောက်ကားချပ်တွေက ခံစားမှု၊ စိတ်ဆင်းရဲမှုတွေကိုပြောတယ်။ တိတ်တဆိတ် ဖြေရှင်းရမယ့်မိသားစုပြဿနာတွေကိုလည်း ဖော်ပြနေတယ်"

လို့ ပြောတော့မှ သူက ပြန်ဖြေလာတယ်။

"ဟုတ်တယ်ဆရာ။ ကျွန်တော် အဖေအကြောင်း ခေါင်းထဲဖျတ်ခနဲဝင်လာတယ်။ အဖေက အညာမှာ နောက်မိန်းမယူထားတယ်။ အဆင်မပြေဘူး။ ကျွန်တော်က ဒီကိစ္စကို လုံးဝသဘောမတူဘူး"

နှုတ်ဖျားက မေးလာတဲ့ မေးခွန်းထက် ရင်ထဲက ခံစားချက်အမှန်၊ ခေါင်းထဲက အတွေးအမှန်တွေကိုသာ တားရော့က ဖော်ထုတ်ဖြေကြားပေးပါတယ်။ လိမ်လို့၊ ဖုံးကွယ်လို့မရတဲ့ တားရော့ကို ကျွန်တော် ကြောက်လာမိပါတယ်။

(ဆက်ရန်)

ဆရာစိုးရွှေအောင်…ဦး
(တားရော့-သုတေသီ…
…ဒေါင်း)



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် အကြိမ်ကြိမ်ရေးရန် ကြိုးစားခဲ့သော စာမူများထဲမှာ ဤစာမူလည်း ပါဝင်ပါသည်။ ရေးလိုက်၊ မကြိုက်၍ဖျက်လိုက်၊ စိတ်တိုင်းမကျ၍ပြင်လိုက်နှင့် ပျက်ခဲ့ရသည့် အကြိမ်အရေအတွက်များလှပါပြီ။

ကျွန်တော်၏ မိဘသဖွယ် ချစ်ခင်မှုပေးသော၊ သွေးသားရင်းချာသဖွယ် စောင့်ရှောက်သော၊ ကျွန်တော်၏ ဆရာအရင်းသဖွယ်လည်း ဗဟုသုတများပေးခဲ့သော၊ ကြည်ညိုလေးစားအားထားရသည့် ပုဂ္ဂိုလ်တစ်ဦး၏ အကြောင်းအားရေးသားရာတွင် အားရကျေနပ်မှုမရှိခဲ့သည်မှာ အမှန်ပင် ဖြစ်ပါသည်။

အတတ်ပညာ၊ လေးစားဂုဏ်ယူဖွယ်ရာအတွေးအခေါ်၊ ကြည်ညိုအတုယူဖွယ်ရာအကျင့်စရိုက်တို့အား စာဖတ်ပရိသတ်အားလုံးမျှဝေခံစားစေချင်သည်။

ထို့ကြောင့် -

အကြိမ်ကြိမ်ကြိုးစားခဲ့ပါ၏။ စိတ်တိုင်းမကျ မအောင်မြင်။ အခန်းဆက်ဝတ္ထုရှည်ကြီးသဖွယ်ဖြစ်နေသည်။ သို့အတွက် အချိန်လေးရသမျှ ဆရာ့ဆရာကြီးများ၏ ရေးသား ဖော်ပြမှုများအားအတုယူ၍ ရေးသားလိုက်ပါသည်။

'စာဖတ်သူများကျေနပ်မှုမရှိခဲ့လျှင် ကျွန်တော် စာရေးသူ၏ညံ့ဖျင်းမှုသာဖြစ်ပါသည်။ ကျွန်တော့်ဆရာ၊ ကျွန်တော့်တော် မူလတန်းကျောင်းသားကတည်းက ကံချောရွာသို့ ကျောင်းတက်ရင်းမြင်တွေ့သိရှိခဲ့ရသည်။

ဘိုးချိန်က အသားညိုသည်။ အရပ်ရှည်သည်။ ခန္ဓာကိုယ်ကပိန်သွယ်သည်။ ခေါင်းတုံးတုံးထားသော်လည်း ဘော်ငွေရောင်ဆံပင်ငုတ်တိုလေးများကဖွေးဖွေးဖြူနေသည်။ပါဝါရွှေကိုင်းမျက်မှန်အဝိုင်းသေးသေးလေး အမြဲတပ်ထားလေ့ရှိသည်။ မျက်ခုံးမွေး၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးဖြူတို့နှင့် ရွှေရောင်မျက်မှန်လေးမှာ ပနံရလှသည်။

ဘိုးချိန်က ပြောင်းဖူးဖက်ဆေးလိပ်အမြဲသောက်သည်။ ခုံဖိနပ်အမြဲတမ်းစီး

ဝတ္ထု

# ဝင်းထွန်းအောင်

## ကောင်းသတင်းဂုဏ်ရှိန် ဦးဖိုးချိန်



သို့သော် -

စက္ကန့်၊ မိနစ်၊ နာရီ၊ နေ့ရက်၊ လ၊ နှစ်ဟူသောအချိန်များက ရွေ့လျားမှုမြန်လွန်းလှသည်။ ကျွန်တော်ပင်လျှင် ဆံဖြူ သွားကျိုး၊ အဘိုးအိုကလေးဖြစ်နေပေပြီ။ ကျွန်တော်၏မြေးများပင်လျှင် ရှင်ပြုနားသအရွယ်ရောက်နေကြပြီ။

ကျွန်တော့်ဆန္ဒအား အကောင်အထည်မဖော်နိုင်ခဲ့လျှင် ကျွန်တော်စိတ်မကောင်းဖြစ်ရချိမ့်မည်။ အသေဖြောင့်လိမ့်မည်မဟုတ်။ ကျွန်တော့်အဖေ၊ ကျွန်တော့်ဦးလေး၊ ကျွန်တော့်ဆရာ၏ အဘိုး၊ အဖေ၏အကြောင်းအရာများမှာ စိတ်ဝင်စားဖွယ်ရာများ အများအပြားပါရှိပါသည်။

သူနာမည်အရင်းမှာ ဦးချိန် ဖြစ်သည်။ မြင်းခြံမြို့နယ်က ကံချောအုပ်စု ကံချောရွာသားဖြစ်သည်။ ကျွန်တော်တို့အများစုက ဘိုးချိန်ဟု ခေါ်သည်။ ကျွန်



www.burmeseclassic.com

www.burmeseclassic.com

သည်၊ ဖျင်ကြမ်းအဖြူ (သို့) ပိတ်ဖြူ သည်ကတုံးအကျီအမြဲဝတ်သည်။ ခရီး သွားလာလျှင် တဘက်တစ်ထည်ခေါင်း ပေါင်းပေါင်းထားတတ်သည်။

ဘိုးချိန် အစဉ်အမြဲ ပြုလုပ်သည့် အလုပ်မှာ အဂ္ဂိရတ်ဖိုထိုးခြင်းနှင့် ပုတီး စိပ်ခြင်း ဖြစ်သည်။ ငါးပါးသီလအား ခံယူတတ်ပုဆိုးထက်ပင် မြဲအောင်နေပြီး ထိန်းခြုံအောင် စောင့်ထိန်းသည်။

စောင့်ထိန်းရန် ခက်ခဲလှသည့် မုသာဝါဒ လိမ်လည်ပြောဆိုခြင်းပင်လျှင် အပီအပြင် စောင့်ထိန်းသည်။ မည်သူ့ကို မျှ လိမ်ညာ၍မပြော။ အသေးအမွှား လေးကိုပင် မလိမ်မညာအမှန်ပြောလေ့ ရှိသည်။ ငါးပါးသီလအား အသက်ထက် ပင် တန်ဖိုးထားသည်။

ဘိုးချိန်က ဗေဒင်ပညာလည်းတတ် သည်။ ဓာတ်ရိုက်ဓာတ်ဆင်လည်း ကျွမ်း ကျင်သည်။ ဗိန္ဓောဆေးဝါးလည်း နှံ့စပ် သည်။ ရွာဓလေ့ နွားပျောက်၊ ဆိတ် ပျောက်၍မေးလျှင် အင်္ဂဝိဇ္ဇာအချိန်ပိုင်း ဖြင့် ကွက်တိပြောဆိုနိုင်သည်။

ဓာတ်ရိုက်၊ ဓာတ်ဆင်အလုပ်အား ခိုင်းတိုင်းလုပ်မပေး။ တစ်ဖက်လူအား ထိခိုက်စေမည့်အလုပ်ဆိုလျှင် ငြင်းဆန် သည်။ လင်ကွဲ၊ မယားကွဲ၊ အကြွေး တောင်း၊ လာ,မလာ၊ ရ,မရသာ ပြော သည်။ပြန်လာအောင်၊ အကြွေးရအောင် လုပ်ပေးပါဆိုလျှင် လုပ်မပေး။

ကျန်းမာရေးဆိုးဝါးနေလျှင် စိတ် လိုလက်ရ ယတြာချေ၊ ဓာတ်ရိုက်ဓာတ် ဆင်လုပ်ပေးသည်။ အဂ္ဂိရတ်ဖိုထိုးခြင်း အားလည်း ရွှေဖြစ်လမ်းမလိုက်ဟု ဆို သည်။ အာယုအတွက်သာ အလုပ်လုပ် သည်။ ငွေကြေးချမ်းသာခြင်းထက် အသကရှည်၍အနာကင်းခြင်းက နိဗ္ဗာန် ရောက်ကြောင်း တရားထူးတရားမြတ် အား ကာလကြာရှည် ကျင့်ကြံလုပ် ဆောင်နိုင်သည်ဟု ပြောလေ့ရှိသည်။

ကျွန်တော်မူလတန်းကျောင်းသား



ဘဝမှ အလယ်တန်းကျောင်းသားဖြစ် သည့်အချိန်အထိ ဘိုးချိန်၏အကြောင်း အား စိတ်မဝင်စားခဲ့။ ဘာမှလည်း တိတိ ပပမည်မည်ရရမသိရှိ။ အကြောင်းအရာ တိုက်ဆိုင်ခဲ့ရသည်က ကျွန်တော် အဋ္ဌမ တန်းကျောင်းသားဘဝတွင် ဖြစ်သည်။

ရွှေပေါ်ကျွန်း စေတော်ဝင် ကျောင်းတွင် ဖြစ်လေသည်။ နှစ်စဉ် တန်ဆောင်မုန်းလတွင် ဖေဖေနှင့် မေမေက ရွှေပေါ်ကျွန်းကျောင်းတွင် ကထိန်ခင်းသည်။ တန်ဆောင်မုန်း



www.burmeseclassic.com

www.burmeseclassic.com

ပြည့်ညတွင်ပွဲသကူပစ်သည်။ ကျွန်တော်တို့ လူငယ်၊ လူရွယ်၊ လူလတ်အားလုံး တပျော်တပါး ပွဲသကူရှာကြသည်။

ထိုနှစ်ကတော့ ကျွန်တော်တို့ ပွဲသကူမရှာကြ။ ကျွန်တော်၏အစ်ကိုများနှင့် အစ်ကိုတို့၏ သူငယ်ချင်းများ ဦးပဥ္စင်း (ဘွဲ့မမှတ်မိ) ဦးပဥ္စင်းကြွက်ထံ ဆေးထိုးရန်စောင့်နေကြသည်။

ဦးပဥ္စင်းကြွက်က နက္ခတ်စုံမှထိုးရမည်ဟုပြောသဖြင့် စောင့်နေကြသည်။ ကျွန်တော်က အမှန်တော့ ဘာမှ နားမလည်၊ စပ်စုလို၍သာ စောင့်ကြည့်နေခြင်း ဖြစ်သည်။ ဆေးထိုးတာနှင့် နက္ခတ်စုံတာ ဘယ်လိုဆိုင်သနည်းဟု စဉ်းစားသော်လည်း အဖြေကမပေါ်။ အစ်ကိုတွေကိုလည်း မမေးရဲ။ မယောင်မလည်နှင့်သာ စောင့်ကြည့်နေသည်။

ထိုအချိန်က ဘိုးချိန်မှာ (မြင်းခြံဆောင်) ခေါင်းရင်းမှာ ဖိုထိုးနေသည်။ ကျွန်တော်က ဘိုးချိန်အနားကပ်သွားပြီး အစ်ကိုတွေကို မျက်ခြည်မပြတ်ကြည့်နေသည်။

"မောင်ကျော်၊ ချမ်းနေပြီလား။ ရေနွေးသောက်လေ"

"ဟုတ်ကဲ့ - နည်းနည်းတော့ချမ်းတယ်ဗျ"

"ပွဲသကူမရှာဘူးလား"

"မရှာပါဘူး။ အစ်ကိုကြီးတို့၊ အစ်ကိုလတ်တို့တစ်တွေ ဆေးထိုးမယ်ဆိုလား။ ဘာလဲတော့မသိပါဘူး။ အဲဒါကြည့်ချင်လို့စောင့်နေတာ"

"ဘာဆေးထိုးမှာတဲ့လဲ"

"မသိပါဘူးဗျာ။ ဦးပဥ္စင်းကြွက်က နက္ခတ်မတည့်သေးလို့ ထိုးမရသေးဘူး ပြောတာနဲ့ စောင့်နေကြတာပါ"

"ဟာ-မဟုတ်မဟတ်တွေလျှောက်ပြီးလုပ်ကြမယ်နဲ့တူတယ်။ ဟေ့ခင်မောင်"

"ဗျာ - ဘိုးချိန်ဘာလဲ"

"အိပ်နေပြီလား၊ ထစမ်းပါဦးကွာ။ ဆရာသားတွေသွားခေါ်စမ်းပါဦး။ ဆရာတို့က မြတဘက်ဘုရားသွားကြတယ်။ ကလေးတွေက ဆေးထိုးဖို့လုပ်နေကြသတဲ့။ သွား သွား၊ ဒီနားခေါ်ခဲ့"

"ဟုတ်ကဲ့၊ ဘိုးချိန်"

အဆောင်ထဲမှာ အိပ်နေသည့် မြင်းလှည်းဆရာ ဦးခင်မောင်အား နိုး၍ အစ်ကိုကြီးတို့အဖွဲ့အား အခေါ်ခိုင်းလိုက်သည်။

"ဟာ - ဘိုးချိန် ကျွန်တော်က ပြောတယ်လို့တော့သွားပြီးမပြောနဲ့နော်။ ကျွန်တော်ကိုငေါက်နေလိမ့်မယ်။ သူတို့က ဘာဆေးထိုးကြမှာလဲ"

"အို - အလကားပါကွာ။ မင်းတို့ကလေးတွေလုပ်ရမယ့်အလုပ် မဟုတ်ပါဘူး"

အစ်ကိုကြီးတို့အဖွဲ့နှင့်အတူ ဦးပဥ္စင်းကြွက်ပါ လိုက်လာသည်။

"ဦးပဥ္စင်း၊ ကလေးတွေကို မဟုတ်ကဟုတ်ကဆေးတွေ လျှောက်ပြီးထိုးမပေးနဲ့နော်။ ဒုက္ခရောက်ကုန်လိမ့်မယ်"

"ဟာ - ဒကာကြီးကလည်း၊ ဘယ်ကလာ မဟုတ်ကဟုတ်ကဆေးရမှာလဲ။ ကျုပ်ဆေးတွေကအထက်ဆေးပါဗျ"

"တပည့်တော်က အထက်တွေ၊ အောက်တွေပြောတာ မဟုတ်ပါဘူး။ လူငယ်တွေဆိုတာ ကိုယ့်စိတ်ကိုနိုင်ကြတာ မဟုတ်ဘူး။ ဓားပြီးတယ်၊ တုတ်ပြီးတယ်ဆိုပြီး ကြွားဝါရင်လည်း အန္တရာယ်များတယ်။ ဆေးအားကိုးနဲ့လည်း မိုက်တတ်တယ်။ သူတို့အရွယ်လေးတွေ ဒီဆေးထိုးရအောင်ကလည်း ဘာအသက်အန္တရာယ်မှရှိကြသေးတာမဟုတ်ဘူး။ အသက်အန္တရာယ်ရှိတဲ့အလုပ်လုပ်ကြသေးတာမှမဟုတ်ဘဲ၊ ဒါကြောင့်ပြောတာပါ"

"ကျုပ်ကထိုးပေးမယ်လို့ပြောတာမဟုတ်ပါဘူး။ နေ့ခင်းက ဆေးအကြောင်းစကားစပ်မိလို့ ပြောရာကနေ ကလေးတွေကထိုးချင်တယ်ဆိုလို့ ဆရာ့သားတွေဖြစ်နေတော့ ငြင်းမကောင်းလို့ထိုးပေးမယ်ပြောလိုက်တာပါ။ ကျုပ်ဆေးက အစွမ်းထက်သလို ကျုပ်ကုန်ကျထားတဲ့ စရိတ်ကလည်းမနည်းပါဘူးဗျ"

"ဒီဦးပဥ္စင်းနဲ့တော့ ခက်နေပါပြီ။ ကဲ - ဒီလောက်တောင် ဆေးစွမ်းရင် ရော့ - ဓား၊ ဦးပဥ္စင်းခုတ်ပြ"

"ဟာ - ဒါကတော့ ကျုပ်စမ်းမပြနိုင်ဘူး။ ဒါပေမယ့် ကျုပ်ဆေးကိုတော့ ကျုပ်ယုံတယ်"

"အဲဒါကြောင့် ပြောတာပေါ့။ ဆေးစွမ်းတယ်၊ ယုံကြည်တယ်ဆိုရင် စမ်းပြရဲရတယ်"

ဘိုးချိန်က နှီးဖျာသည့် ဓားအား ပေး၍ဓားစမ်းခိုင်းသည်။ ဦးပဥ္စင်းကြွက်က ငြင်းဆိုသည်။ ဘိုးချိန်က ဓားအား ပြန်ယူစဉ် ဦးခင်မောင်က ဝင်၍ပြောသည်။

"ကဲ - ဘိုးချိန်၊ အကြောင်းတိုက်ဆိုင်တုန်း ဘိုးချိန်အစွမ်းပြဦးလေဗျာ။ ဦးပဥ္စင်းကြွက်က အစမ်းမခံရဲရင် ဘိုးချိန်က စမ်းပြလေ။ ကလေးတွေတွေ့ဖူးမြင်ဖူးတာပေါ့"

"အသာနေစမ်းကွာ ခင်မောင်၊ ကလေးတွေမသိတာ အစဖော်မပေးစ
နဲ့"

"ဟင်- ဘိုးချိန်က သူများဆေးကျ
တော့ စမ်းခိုင်းတယ်၊ ဘိုးချိန်ကျတော့
စမ်းမပြရဲဘူးလား"

"ဟာ - ဦးခင်မောင်ကလည်း
ဘိုးချိန်မှာ ကာယသိဒ္ဓိနဲ့ ပတ်သက်တဲ့
အစွမ်းကောင်းတွေရှိတယ်လို့ ကျွန်တော်
တော့ မကြားဘူးပါဘူးဗျာ"

ဦးခင်မောင်၏စကားအား အစ်ကို
ကြီးက မျက်စိမှိတ်ပြပြီးကလိလိုက်သည်။
ဘိုးချိန်က ရွှေရောင်ကိုင်းမျက်မှန်ဝိုင်း
သေးသေးလေးပေါ်မှ မျက်လုံးပြူး၍
အစ်ကိုကြီးအား ကြည့်လိုက်သည်။
ဝါးစလေးတစ်စအား ပါးစပ်အနီးကပ်၍
တတွတ်တွတ်နှင့်ရွတ်ဖတ်နေသည်။

"လာစမ်းခင်မောင်၊ ရော့ - ဟော
ဒီနှီးစလေးကို အံကြိတ်ပြီးကိုက်ထား
အေး - ဟုတ်ပြီ၊ ဟောဒီလိုခုတ်ရတယ်
ကွာ"

ဘိုးချိန်က နှီးဖျာသည့် ဓားမော
နှင့် ဦးခင်မောင်၏လက်ဖျံအား (၃)ချက်
ဆက်တိုက်ခုတ်ချလိုက်သည်။ ပြီးမှ သူ
ညာဘက်လက်ဝါးအား တံတွေးဆွတ်၍
ပွတ်ပေးလိုက်သည်။

"အဲဒါမှတ်ထား၊ တစ်ပွဲတိုးမန်း
ခေါ်တယ်ကွ၊ နောက်ထပ်တော့ မခု
နဲ့တော့၊ ဒါက နှီးစကိုမန်းတာ၊ ထုံး
တို့၊ ဆီမန်းတို့ရှိသေးတယ်"

"ဗဟုသုတဖြစ်ပေါ့ ဘိုးချိန်
ထုံးမန်းကိုပြပါဦး။ ဘိုးချိန်မှာ ဒီလိုပ
တွေရှိမှန်း ကျွန်တော် လုံးဝမသိဘူး

"အဟင်းဟင်း၊ မောင်ပါကတော့
လုပ်ပြီ။ အင်း - မင်းတို့ကတွေက
ကျေးလိမ့်မှာတဲ့ကလေးတွေဆိုတော့
မှာပေါ့ကွာ။ ဒါပေမယ့် ဒီပညာကို
မတောင်းနဲ့ မပေးဘူးနော်။ မင်းတို့
ထိုးမယ့်အကြောင်း မောင်ကျော်ပြော
သိတာနဲ့ အခေါ်ခိုင်းလိုက်တာ"

"ဟင် - ဝင်းကျော်ပြောတာ

"ဟာ - ဘိုးချိန်ကတော့လု
မပြောပါနဲ့လို့ ကြိုပြီးပြောထားတဲ့ဟာ

"ရပါတယ် ငါ့ညီရ၊ ကိစ္စမရှိ
ဘိုးချိန်က ဘယ်တော့မှလိမ်မပြော
ကွ။ ငါတို့က မေးရင်လည်း အမှန်
ပြောမှာပဲ"

အစ်ကိုကြီးက ရယ်ရယ်မော
နှင့် ပြောသဖြင့် ကျွန်တော် စိတ်
သာသွားရသည်။ ဘိုးချိန်က ထုံးဘူး
ထုံးယူ၍ အလုံးလေး(၂)လုံးလုံးနေ
ပါးစပ်မှ တတွတ်တွတ်ရွတ်ဖတ်ရင်း



www.burmeseclassic.com

www.burmeseclassic.com

...ကျင့်အတိုင်း မျက်မှန်ပေါ်မှကျော် ...နှ်တော်တို့တစ်တွေကို ကြည့်လိုက် ... ပြီးမှ ရွှေပေါ်ကွန်းရွာသား ...နှင့် ဆင်ပေါက်အားခေါ်၍ ...လေးများငုံခိုင်းလိုက်သည်။

"ကဲ - ယောက်ျားချင်းပဲကွာ။ ...ခံနဲ့၊ ခေါင်းချင်းဆိုင်ခွေ့ကြစမ်း"

ဟု ပြော၍ နောက်ကျောများပုတ် ... အမိန့်ပေးလိုက်သည်။ မောင်နီနှင့် ...ပေါက် ခေါင်းချင်းပြေး၍ဆောင့်ကြ ...။

"ခွမ်း. . . ခွမ်း. . . ခွမ်း. . ."

ရေအိုးများရိုက်ခွဲသည့်အသံကဲ့သို့ ...ခွမ်းမြည်သွားသည်။ ထပ်မံ၍ ...ရန် အားယူနေပြန်သည်။

"တော်ပြီ၊ တော်ပြီ - တော်ရော ... ကဲ - အဲဒါထုံးမန်းကွ။ တုတ်နဲ့ရိုက် ...ဓားနဲ့ခုတ်ခုတ်၊ ထုံးငုံထားပြီး ကျင် ...ကျင်ငယ်မစွန့်သေးသရွေ့ အစွမ်း ...တယ်။ ကဲကဲ - ထွေးထုတ်လိုက် ...တော့၊ မင်းတို့သိချင်လို့သာပြတာကွ။ ...တွေကိုစိတ်မဝင်စားကြနဲ့။ မင်းတို့ ...မှာယဉ်ကျေးတဲ့သူတွေပါ။ ဒါတွေ ...ဘူး။ ကဲ၊ ကဲ - သွားကြ၊ သွားကြ ...ကြပေတော့"

ကျွန်တော်တို့မှာ အားမလိုအား ... ဘိုးချိန်အနားမှ ခွာခဲ့ကြရတော့ ...

◆

ထိုနေ့ထိုရက်မှစ၍ ဘိုးချိန်၏ ...ကြောင်းအရာများအား မေးမြန်းစုံစမ်း ...။ ဗိန္ဓော၊ ဗေဒင်၊ အင်္ဂဝိဇ္ဇာပညာ၊ ...၊ ဓာတ်ဆင်အစရှိသည့် ပညာ ...အပြင် ဂါထာ၊ မန္တန်များတတ် ...ကြောင်း သိရှိခဲ့ရသည်။

...ငါးပါးသီလအား သစ္စာပြု၍ ...ထိန်းကြောင်းပါ သိရှိရသည်။ ...ဖက်ဆေးလိပ်မှအပ မည်သည့် ...မှုမသောက်ခြင်းနှင့် ခုံဖိနပ် ...သည်း အမြဲစီးခြင်းအကြောင်း ... ဘိုးချိန်၏မိသားစုအား မည်သည့် ...အလုပ်မျှ လုပ်မကျွေးရခြင်း ...ကိုပါ ပြောပြသည်။

"ဒုတိယကမ္ဘာစစ်ပြီးတဲ့နောက် ...နေရတော့ ငါ့ဇနီးကို မန္တလေး ...ခေါ် သွားတယ်။ အဲဒီတုန်းက ... ကားမောင်းတယ်ကွ။ မန္တလေး ... အခြေချနေထိုင်ဖို့ အမျိုးမျိုးပြော ... တောမှာပဲနေမယ်၊ တောမှာ ...မယ်လို့ အပြတ်ငြင်းတယ်။ ဒါနဲ့ ... - ဒါဆိုရင်ကောင်းပြီ။ ကားလည်း မမောင်းဘူး။ တောင်သူလည်း မလုပ်ဘူး။ ဘာစီးပွားရေးမှရှာမကျွေးဘူးလို့ အပြတ်ပြောတယ်။ အဲဒီမှာတင် သူက ကျုပ်တို့က တစ်သက်လုံး နွားနဲ့ရှာစားလာတာ၊ နွားကိုတော့ကျေးဇူးမကမ်းနိုင်ဘူးလို့ ပြောတယ်။ ဒါနဲ့ ဘိုးချိန်ကလည်း မဟာမြတ်မုနိဘုရားမှာ စောစောက အချက်တွေအပြင် အမဲသားလည်း ရာသက်ပန်မစားဘူး။ သားရေဖိနပ်လည်း တစ်သက်တာလုံးမစီးပါ။ မိန်းမ ဝယ်ပေးတဲ့ သနပ်ဖက်ဆေးလိပ်လည်း မသောက်ပါ။ ပြောင်းဖူးဖက်လိပ်သာ သောက်ပါ့မယ်လို့ သစ္စာဆိုခဲ့တယ်။ ဒါကြောင့် ဘာစီးပွားမှုလဲမလုပ်ဘူး။ ရှိတဲ့မြေတွေ၊ ထန်းတွေ ပေါင်နှံရောင်းချစားတယ်။ အင်္ဂရိတ်ပဲထိုးနေခဲ့တာ နှစ်ပေါင်း (၄၀) ကျော်ပြီကွ"

ဘိုးချိန်၏ ဘိုးဘွားမိဘများမှာ ဥစ္စာပစ္စည်းပြည့်စုံကြသည်။ မြေယာနှင့် ထန်းတောများ လက်ညှိုးထိုး၍ မလွဲအောင် ပေါများသည်။ သတ္တိအရာတွင်လည်း ပြောင်မြောက်ကြသည်။ ရပ်ရွာကာကွယ်ရေးဆု၊ ငွေဓား၊ ငွေခါးပတ်၊ ငွေကွမ်းအစ်နှစ်လုံးပြူးဆုများရရှိထားကြသည်။ သူကြီးမျိုးဆက်များဖြစ်သည်။ ဘိုးချိန်ကိုယ်တိုင် မော်ကွန်းဝင် (တတိယဆင့်) ရရှိထားသူ ဖြစ်သည်။

ဘိုးချိန်၏အကြောင်း စေ့စေ့ငငသိရှိရပြီးနောက် ဘိုးချိန်အား ပို၍ကြည်ညိုလေးစားခဲ့ရသည်။ ဘိုးချိန်၏ ပညာအချို့အား လေ့လာ ဆည်းပူးခွင့်ရခဲ့သည်။

ကျွန်တော် (၁၀) တန်းနှစ်တွင် အိပ်မက်မကောင်း၍ ဘိုးချိန်အား ပြောပြခဲ့သည်။

ဘိုးချိန်က အမေသအချာ နားထောင်သည်။

"အင်း - ခြေထောက်ကြိုးတုပ်ခံရတယ် ဆိုတာ အဖမ်းအဆီးအချုပ်အနှောင်ခံရမှာ မဟုတ်ပါဘူးကွ။ မင်းမှာ ရည်းစားရှိတယ်မဟုတ်လား"

"ဟုတ်ကဲ့၊ ရှိပါတယ်"

"အေး - ငယ်ငယ်ရွယ်ရွယ်နဲ့ကွာ၊ အသက်က (၁၇) နှစ် ရှိသေးတယ်။ မိန်းမရတော့မယ်"

"ဟာ - အဲဒါဘယ်လိုလုပ်ရမလဲ၊ မိန်းမမရအောင်"

"မင်းမလိုချင်ရင်တော့ ဟုတ်တာပေါ့ကွ။ မင်းကစထားပြီးမှ မရအောင် လုပ်လို့ဘယ်ဖြစ်မလဲ။ လုပ်ပေးတဲ့သူ ငရဲကြီးမှာပေါ့။ အဲဒါမျိုးတော့ ငါက လုပ်မပေးဘူးကွ"

ဘိုးချိန်ပြောတာ မှန်ပါသည်။ ကျွန်တော် (၁၀) တန်းနှင့် အိမ်ထောင်ကျခဲ့သည်။ အိမ်ထောင်ကျမှ ဘိုးချိန်၏ ဗေဒင်ပညာနှင့် ဗိန္ဓောပညာအား ကျွန်တော် သင်ယူခွင့်ရသည်။

တစ်ရက်တွင် ကျွန်တော်က -

"ဘိုးချိန်ရေ၊ ဒီတစ်ခါမက်တဲ့အိပ်မက်ကတစ်မျိုးဗျ။ လက်ထိတ်အခတ်ခံရတယ်လို့မက်တယ်။ ဘာပြဿနာများဖြစ်မလဲမသိဘူး"

"ဒီကနေ့မက်တာလား"

"ဟုတ်ကဲ့"

"ဗုဒ္ဓဟူးနေ့၊ အင်း - အခု(၈)နာရီဆိုတော့ ဘာမှမဖြစ်ပါဘူးကွာ။ မင်းသားသမီးရတော့မယ်"

ဘိုးချိန်စကားကြားရသည့်အချိန် ဝမ်းသာသလိုလိုတော့ခံစားရသည်။ ဘာကို ဝမ်းသာမှန်းတော့မသိခဲ့။ ဘိုးချိန်ပြောတာ မှန်ပါသည်။ ကျွန်တော့်ဇနီးမှာ ကိုယ်ဝန်ရှိကြောင်း ရက်မကြာမီ သိရှိလိုက်ရသည်။

"ဟုတ်တယ်ဗျ ဘိုးချိန်။ ကျွန်တော် ကလေးရတော့မှာ။ ဒါနဲ့ အဲဒါ ဘယ်လိုတွက်တာလဲ လုပ်ပါဦး"

"ဩော် - ဒါကမင်းအိပ်မက်မက်တဲ့အနေနဲ့ မင်းမေးတဲ့အချိန်ကို အင်္ဂဝိဇ္ဇာအချိန်ပိုင်းနဲ့ကြည့်တော့ ဘာအန္တရာယ်မှမရှိဘူးလေ။ အဲဒီတော့ ခြေထောက်ကြိုးတုပ်ခံရတယ်ဆိုတာ ခြေငြိမ်ခိုင်းတာပဲ။ ဒါကြောင့် မိန်းမရမှာလို့ပြောတာ လက်ထိတ်ခတ်ခံရတယ်ဆိုတော့ အသုံးမကြမ်းနဲ့တော့၊ လက်ငြိမ်ခိုင်းတာလေ။ ဒါကြောင့် ကလေးရတော့မယ်လို့ ပြောတာပေါ့ကွ"

ဘိုးချိန်ပြောပြတော့လည်း ရှင်းသည်။ ကျွန်တော်၏အတွေးမှာ ဤကဲ့သို့မပေါ်။ အဖမ်းအဆီးခံရလိမ့်မည်။ ပြဿနာတစ်ခုဖြစ်မည်ဟုထင်ခဲ့သည်။ ဩော်- ပညာဆိုတာ အတွေးအခေါ် အယူအဆများစွာလိုပါသလားဟု ကျွန်တော် သဘောပေါက်ရတော့သည်။

ဘိုးချိန်၏ အတွေးအခေါ် အယူအဆများအားလိုက်မီရန် အချိန်များစွာလိုအပ်နေပါသေးသလားဟု စဉ်းစားမိပါတော့သည်။

*က်ချောရွာမှ ဦးချိန် ခေါ် ဘိုးချိန်အား ကြည်ညိုလေးစားစွာဖြင့် -*

ဝင်းထွန်းအောင် (မြင်းခြံ)



www.burmeseclassic.com

www.burmeseclassic.com




မင်းတုန်းမင်း နန်းတက်သည့်အချိန်တွင် အောက်မြန်မာနိုင်ငံသည် ဗြိတိသျှတို့လက်အောက်သို့ ကျရောက်ပြီး ဖြစ်သည်။ သို့ဖြစ်၍ မင်းတုန်းမင်း အနေဖြင့် လွတ်လပ်လျက်ကျန်ရှိနေသေးသော အထက်မြန်မာနိုင်ငံ၏လွတ်လပ်ရေးကို ထိန်းသိမ်းရန်အတွက် ဗြိတိသျှနှင့် ဆက်ဆံရေးကောင်းမွန်အောင် ကြိုးပမ်းခဲ့သည်။ တစ်ဆက်တည်းမှာပင် အထက်မြန်မာနိုင်ငံတွင် ခေတ်မီပြုပြင်ရေးများကိုလည်း လုပ်ဆောင်ခဲ့သည်။ မင်းတုန်းမင်း၏ ခေတ်မီပြုပြင်ရေးကြိုးပမ်းချက်များတွင် ရတနာပုံနေပြည်တော်၌ ငွေတိုက်တော် ထားရှိရေးအစီအစဉ်လည်း အပါအဝင်ဖြစ်သည်။

ငွေတိုက်တော် လုပ်ဆောင်ရန် ပထမဥပဒေတွင် ငွေတိုက်ထားရှိမည့်နေရာနှင့်စပ်လျဉ်း၍ ရတနာနဒီဈေးအနီး သင့်ရာအရပ်တွင်ထားရှိရန် စီစဉ်သည်။ ငွေတိုက်တော်ကို မြင်းကြမ်းကမွတ်သပ်ဝင်းအကာရံနှင့်လုံခြုံအောင် ထားရှိရန် စီစဉ်သည်ဟု သိရှိရသည်။

**ငွေတိုက်လုံခြုံရေး**

ငွေတိုက်တော် လုပ်ဆောင်ရန် ဒုတိယဥပဒေတွင် ငွေတိုက်တော်လုံခြုံရေးအစီအစဉ်များပါရှိသည်။ ရွှေမြို့တော်ကြီးအတွင်းငွေတိုက်၊ ရတနာနဒီဈေးငွေတိုက်များကို လုပ်ဆောင်ပြီးစီး၍ ငွေသွင်းထားသည့်ကာလအတွင်း လုံခြုံရေးကို တာဝန်ယူရန် ရှေ့တံခါးစောင့်အမှုထမ်းသေနတ်(၁၀)၊ နောက်တံခါးစောင့်အမှုထမ်းသေနတ် (၁၀)၊ အတွင်းတိုက်စောင့်အမှုထမ်းသေနတ်(၂၀)၊ တစ်တိုက်လျှင် အမှုထမ်းသေနတ် (၄၀) အစောင့်ထားရှိရန် စီစဉ်ထားကြောင်း သိရှိရသည်။

**ငွေတိုက်တော်ထိန်းသိမ်းရေး မင်းမှုထမ်းများ**

ငွေတိုက်လုပ်ငန်းများလုပ်ကိုင်ရန်အတွက် အထူးသဖြင့် ငွေများကို ထိန်းသိမ်းရေးအမှုထမ်းကြီး (၁)၊ လူလတ် (၄)၊ ရေးမှတ်စေရန် စာရေးတော် (၆) ထားရှိရန် စီစဉ်ထားသည်ဟု သိရှိရသည်။ ငွေတိုက်တော်ဆိုင်ရာ အမှုထမ်းများ၏ လစာတော်ငွေနှင့် စပ်လျဉ်း၍ အစောင့်အရှောက်လူကြီးမှာ တစ်လလျှင် ငွေတော် (၁၀၀)၊ လူလတ်လေးဦးမှာ (၅၀) ကျပ်စီ၊ စာရေး (၆) ဦးမှာ (၃၀) ကျပ်ရှိရရှိမည်ဖြစ်သည်။ လစာတော်များကို ငွေတိုက်ရှိငွေဖြင့် ပေးဆောင်စေမည်ဟု စီစဉ်ထားသည်။

**ငွေတိုက်တော်တွင် ငွေအပ်နှံသည့် အစီအစဉ်**

ငွေတိုက်တော် လုပ်ဆောင်ရန် ဥပဒေတွင် ငွေအပ်နှံသည့် အစီအစဉ်များလည်း ပါဝင်သည်ကို တွေ့ရှိရသည်။ ငွေတိုက်တော်တွင် ငွေသွင်းထားလိုသည့် မင်းမိဖုရား၊ မင်းညီမင်းသား၊ မှူးတော်မတ်တော်၊ သူဌေးသူကြွယ်၊ ကုန်သည်၊ ဆင်းရဲသား မည်သူမဆိုသည် မိမိအပ်နှံလိုသည့်ငွေကို ငွေတိုက်စောင့်လူကြီး၊ လူလတ်တို့အနက် သုံးယောက်စုံညီမှ ရေတွက်စေသည်။ ပြီးလျှင် အပ်နှံသည့်နေရာ၊ ငွေအပ်နှံသူအမည်၊ နေရပ်များကို မှတ်သားထားစေမည်ဟု သိရှိရသည်။

**ငွေတိုက်တော်မှငွေချေးသည့်အစီအစဉ်**

ငွေတိုက်တော်သည် ငွေအပ်နှံခြင်းကို လက်ခံသကဲ့သို့ ငွေတိုက်တော်မှ ငွေချေးယူခြင်းကိုလည်း ပြုလုပ်ပေးသည်။ မည်သူမဆို ငွေတိုက်တော်မှ ငွေချေးယူလိုလျှင် တစ်ဦးတစ်ယောက် သိရုံမျှနှင့် ချေးငှား၍မရပေ။ တိုက်စောင့်လူကြီး၊ လူလတ်တို့အနက် သုံးယောက်[…]
မှ ချေး၍ရသည်။ ငွေချေးသည့်အခါ[…]
လည်း ချေးယူသည့် ငွေအင်အား[…]
ဏာကိုလိုက်၍ အပေါင်ဖြစ်စေ တာ[…]
သူရှိမှ ချေးငှားခွင့်ရှိသည်ဟု သိ[…]
သည်။

ငွေသွင်း၊ ငွေချေးသက္ကရာဇ်[…]
စက္ကူတွင် အကျအပေါက် အပျက်[…]
မရှိစေရပေ။ မင်နှင့် စာကြောင်းအ[…]
အက္ခရာအစအဆုံးကူးရေးရသည်။ […]
ကြောင်းအဆုံးတွင် ငွေသွင်းသူ၊ ငွေ[…]
သူတို့ကိုယ်တိုင် လက်မှတ်ရေးထိုး[…]
လျက် ခေါင်းတံဆိပ်ကပ်ရသည်။

ငွေသွင်းသက္ကရာဇ်မှာ ငွေ[…]
တွင်ထားရန်တစ်စောင်၊ ငွေသွင်း[…]
ပေးရန်တစ်စောင် ရေးသားပေး၏။ […]
သိမ်းထားစေသည်။ ငွေချေးသက္က[…]
မှာ တစ်စောင်တည်းရေးသားရပြီး […]
တိုက်တော်တွင်ထားရှိစေသည်။

ငွေချေးသူတို့က ချေးငွေ[…]
ဆပ်လာလျှင် ပြေစာလက်မှတ်ပေး[…]



www.burmeseclassic.com

www.burmeseclassic.com

ပြီး ငွေချေးသက္ကရာဇ်ကို စုံညီဖျက်သိမ်းစေသည်ဟု သိရှိရသည်။

**ငွေသွင်း၊ ငွေချေးသူတို့ လိုက်နာရန် စည်းမျဉ်းများ**

ငွေတိုက်တော် လုပ်ဆောင်ရန် ဥပဒေတွင် အတိုးနှုန်းများ သတ်မှတ်ထားပုံလည်း ပါရှိသည်။ ငွေတိုက်တော်သို့ ငွေသွင်းလိုလျှင် တစ်ကျပ်သုံးဒင်္ဂါးများရေ (၁၀၀) အထက်ကိုသာ အရာရှိအစုံအညီ လက်ခံထိန်းထားသည်။ မိမိအပ်နှံထားသောငွေကို တစ်လအတွင်း အတိုးမပေးရပေ။ တစ်လလွန်လျှင် လွန်သမျှငွေ (၁၀) လျှင် တစ်လလျှင် တစ်မူးကျပေးရသည်။ လစဉ်ဖြစ်စေ၊ အပ်ငွေပြန်ယူမှဖြစ်စေ အပ်နှံသူအလိုရှိရာ အတိုးပေး၍ အလိုရှိသည့်ကာလ ငွေရှင်သို့ အပ်နှံထားရင်း ငွေကိုပြန်ပေးစေသည်ဟု သိရှိရသည်။

ငွေတိုက်သို့ အခြားသူများသွင်းထားသည့်ငွေမှာ ငွေရှင်တို့ပေးသင့်သော အတိုးငွေမှ ဆယ်ခိုင်တစ်ခိုင်ကျငွေကို တိုက်စောင့်အရာရှိတို့က နုတ်ယူသည်။

ငွေချေးသူလိုက်နာရန် စည်းမျဉ်းများကိုလည်း သတ်မှတ်ထားသည်။ ငွေတိုက်မှ ငွေချေးယူလိုပါက တစ်ဦးတစ်ယောက်သိရုံမျှဖြင့် ချေးငှားခွင့်မရှိပေ။ တိုက်စောင့်လူကြီး၊ လူလတ်တို့အနက် နှစ်ယောက်စုံမှ ချေးငွေအင်အားကို စုံခြေခံ၍ အပေါင်ဖြစ်စေ၊ ခံဝန်သူဖြစ်စေရှိမှသာလျှင် ချေးခွင့်ရှိသည်။ အတိုးနှုန်းနှင့်စပ်လျဉ်း၍ ငွေ (၁၀) ကျပ်လျှင် တစ်လကို တစ်မူးတစ်ပဲကျပေးရသည်။ ယင်းအတိုးငွေကို လစဉ်ဖြစ်စေ၊ ငွေရင်းပေးဆပ်မှဖြစ်စေ ငွေချေးသူတို့ အလျောက် အတိုးပေးနိုင်သည်။ ငွေရင်း ပြန်လည်ပေးဆပ်ရသည့်ကာလ (၁၂) လထက် မလွန်စေရပေ။ (၁၀) လအတွင်း ချေးယူသူတို့ အလိုရှိရာ အတိုးပေးနိုင်သည်။

ငွေတိုက်မှငွေကို အခြားသူတို့က ချေးငှားလာလျှင် ကုန်သည်၊ ဆင်းရဲသားကြေးငွေချေးယူသကဲ့သို့ ပွဲခယူ၍ ငွေ (၁၀၀) လျှင် တစ်ကျပ်တန်သည်၊ တစ်ကျပ်တန်သည် တောင်းယူခွင့်မရှိပေ။ ငွေ (၁၀၀) လျှင် ငါးမူးကျကိုသာ တိုက်အရာရှိတို့က နုတ်ယူစေမည်။

ငွေချေးယူသူတို့သည် စာချုပ်ရက်ရောက်ပါက ချေးငွေကို ပေးဆပ်ရသည်။ ပေးဆပ်ရန် ပျက်ကွက်လျှင် ရှေ့နေအပ်၍ ရအောင် တောင်းယူစေသည်။ ရှေ့ရုံးကတောင်းခံရာတွင် မပေးအပ်ဘဲ နေ့ရက်ရှည်ကြာလာပါက ပေါင်ရင်းအထည်ပစ္စည်းများကို သိမ်းဆည်းခံရသည်။ အပေါင်မရှိပါက မြီစားခံဝန်သူတို့ ပိုင်ဆိုင်သည့်ပစ္စည်းကို သိမ်းယူရောင်းချ၍ ချေးငွေအတိုးရင်းပွားကိုယူ၍ ပိုငွေကို ပြန်ပေးစေသည်။

ငွေတိုက်တော် လုပ်ဆောင်ရန်ဥပဒေတွင် ငွေတိုက်တော်အမှုထမ်းများ မရိုးမဖြောင့်လုပ်ပါက အရေးယူမည့် အစီအစဉ်များလည်း ပါဝင်သည်ကို တွေ့ရှိရသည်။ ငွေတိုက်တော်မှ ချေးငွေ၊ သွင်းငွေများကို ငွေတိုက်အမှုထမ်းများက မမှန်မကန်ပြုလုပ်ခဲ့သော် ကျူးလွန်သူထံမှ ချေးငွေ၊ သွင်းငွေများကို ပြန်လည်တောင်းယူ၍ ငွေရင်းမပြည့်သမျှကို ပေးလျော်စေသည်။ ထိုမျှမက တရားခံအား ထောင်မှာ တစ်လထားသည်။ ငွေတိုက်အမှုထမ်းဘဝမှလည်း ထုတ်ပယ်ခြင်းခံရသည်ဟု သိရှိရသည်။

ငွေတိုက်တော်တွင် ထားရှိသည့် ငွေတော်များကို ထိမ်ချန်ကဲ့ဝှက်ခိုးယူသည်ကိုတွေ့ရှိပါက ခိုးယူထားသည့် ငွေကို ပြန်လည်တောင်းယူပြီး ရာဇဝတ်ဥပဒေအတိုင်း စီရင်စေသည်ဟု သိရှိရသည်။

မင်းတုန်းမင်းတရားလက်ထက်တွင် အင်္ဂလိပ်ကုန်သည် ကလေမ်ဝီလျံ ဆိုသူသည် ငွေတိုက်တည်ပုံအကြောင်းအရာကို ရေးသားဆက်သွင်းခဲ့သည်။ ထိုစဉ်က မြန်မာမင်းပိုင် အထက်မြန်မာနိုင်ငံတွင် ငွေတိုက်နှင့်စပ်လျဉ်း၍ အကျွမ်းဝင်ခြင်းမရှိသေးသဖြင့် ယင်းကဲ့သို့ ငွေတိုက်တော်အကြောင်းကို မင်းတုန်းမင်းထံ ဆက်သွင်းခြင်းဖြစ်ဟန်တူသည်။ အင်္ဂလိပ်လူမျိုး ကလေမ်ဝီလျံသည် ငွေတိုက်တည်လုပ်နည်းကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့ခြင်း ဖြစ်သည်။ ယင်းစာတမ်းကို မြန်မာနှစ် ၁၂၂၈ ခု (၁၈၆၆) ခုနှစ်တွင် သံတော်ဆင့်ပန်းပဲဝန်၊ ပန်းတဉ်းဝန်ထောက် ဆောရှာစား မင်းလှရာဇကျော်ထင်က မြန်မာဘာသာပြန်ဆိုခဲ့သည်။

ကလေမ်ဝီလျံ၏ ငွေတိုက်တော်တည်လုပ်နည်းစာတမ်းတွင် ငွေတိုက်တည်လုပ်ကုသန်ခြင်းဆိုသည်မှာ ပြည်သူတို့ကြေးငွေကို အတိုးနှင့်လက်ခံထိန်းထားခြင်းဖြစ်ကြောင်း၊ ငွေရှင်အသုံးလိုသည့်အချိန်တွင် ကိုယ်စားလှယ်ကဲ့သို့ ငွေရှင်ညွှန်ကြားသည့်အတိုင်း နာခံပြီး စာရင်းနှင့်အညီ သုံးစွဲရကြောင်း၊ ငွေတိုက်ရှိသဖြင့် တစ်ရပ်တစ်ကျေးသို့ပေးရန်ရှိသည်တို့ကို ပေးနိုင်ကြောင်း ဖော်ပြထားသည်။

ကလေမ်ဝီလျံကပင် မထင်မရှားသည့် ငွေတိုက်အကြောင်းကို ရှင်းပြထားသည်။ ကလေမ်ဝီလျံ၏အလိုအရ မထင်မရှားသည့်ငွေတိုက်ဆိုသည်မှာ ငွေကြေးအင်အားရှိပြီး ဂုဏ်သမာဓိရှိသူ၊ တည်ကြည်ဖြောင့်မတ်သူ ပုဂ္ဂိုလ်နှစ်ယောက်သို့တည်းမဟုတ် သုံးယောက်တို့က ငွေကြေးစိုက်၍တည်လုပ်ကုသန်းသည့် ငွေတိုက်မျိုးဖြစ်ကြောင်း သိရှိရသည်။

ကလေမ်ဝီလျံ၏ ငွေတိုက်တော်စာတမ်းတွင် ငွေတိုက်လုပ်ဆောင်ခြင်းဖြင့်ငွေချေးငှားနိုင်ခြင်း၊ နှစ်အပိုင်းအခြားနှင့် ပြည်သူတို့ကြေးငွေကို အတိုးယူပြီးလျှင် လက်ခံထိန်းထားနိုင်ခြင်း၊ ကုသန်းသည့်ငွေကြေးကို အဆုံးအရှုံးမရှိစေရအောင်ခံဝန်ခြင်း၊ ငွေအပ်သူတို့အတွက် ခိုင်ခံ့လုံခြုံစိတ်ချရသည့်နေရာကို ထားရှိနိုင်ခြင်း၊ ငွေလွှဲခြင်းကို အလွယ်တကူလုပ်နိုင်ခြင်း စသည့်အကျိုးတရားများရှိပုံကိုလည်း ဖော်ပြထားသည်။ ငွေတိုက်တော်တည်လုပ်ခြင်းအတွက် အသိပညာပေးလိုသည့် ရည်ရွယ်ချက်ဖြင့် ဘုရင့်ထံစာတမ်းတင်ခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။

အချုပ်ဆိုရသော် မင်းတုန်းမင်းလက်ထက်တွင် နိုင်ငံခြားနှင့်အဆက်အဆံများလှသောကြောင့် ခေတ်မီပြုပြင်ရေးများ လုပ်ဆောင်ရန် ကြိုးပမ်းလာကြောင်း၊ အင်္ဂလိပ်ကုန်သည် ကလေမ်ဝီလျံက မင်းတုန်းမင်းထံ ငွေတိုက်တည်လုပ်ရန် စာတမ်းတင်သွင်းသဖြင့် ရတနာပုံရွှေမြို့တော်တွင် ငွေတိုက်တည်လုပ်ရန် အကြံအစည် ဖြစ်ပေါ်လာကြောင်း၊ ငွေတိုက်တည်လုပ်ရန်ဥပဒေကို ပြုလုပ်ခဲ့ကြောင်း၊ ဥပဒေတွင် ငွေတိုက်တည်လုပ်ရန် နေရာရွေးချယ်ပုံ၊ ငွေတိုက်အမှုထမ်းခန့်ထားမည့် အစီအစဉ်၊ ငွေတိုက်လုံခြုံရေးအစီအစဉ်၊ ငွေအပ်နှံခြင်း၊ ငွေချေးခြင်း အစီအစဉ်များ ဖော်ပြပါရှိကြောင်း တင်ပြလိုက်ရပါသည်။

ကျော်ဝင်း (ရန်ကုန်တက္ကသိုလ်)

**ကျမ်းကိုး -**

၁။ ငွေတိုက်တော် လုပ်ဆောင်ရန် ဥပဒေပုရပိုက်မူ

၂။ ဟံသာဝတီသတင်းစာအချုပ်ပို (၇-၅-၁၉၇၁)



www.burmeseclassic.com

www.burmeseclassic.com



ဂမုန်း ဟူသည် ဥပါသောအပင်ငယ်များကိုခြုံ၍ခေါ်သောအမည် ဖြစ်သလို ကင်းဖီးရီးယားမျိုးစု (Kaempheria) တွင် ပါဝင်သောအပင်များ ဖြစ်သည်။ မြန်မာအခေါ် ဂမုန်းတို့သည် အလွန်များပြားလှသောကြောင့် ရုက္ခဗေဒအမည်တစ်ခုတည်းကို အတည်ပြုယူ၍ မရနိုင်ပေ။ ဂမုန်းပင်တို့ကို ပြဆိုထားသော ဂမုန်းကျမ်းတို့တွင် ဂမုန်းအမျိုးပေါင်းတစ်ရာကျော်အထိရှိသည်ကို တွေ့ရပါသည်။ ဂမုန်းတို့သည် အပင်ငယ်မျိုးတွင် ပါဝင်သော်လည်း ထူး… ဆန်းကြယ်သော ဂမ္ဘီရစွမ်းအား… အချို့အပင်တို့၌ တွေ့ရသည်။

ပမာအားဖြင့် ဂမုန်းဘီလူး… အသားကျွေး၍ စိုက်ပျိုး…



www.burmeseclassic.com

www.burmeseclassic.com

လပိတ်ကျင်း

# ကျော်ကျော်ထွန်း

## ချစ်ဂမုန်း နှိုင်းလှုပ်ခေ

အတွင်းသို့ လူဆိုးသူခိုးတို့မဝင်ရောက်နိုင်ရန် စောင့်ရှောက်သည်ဟု ဆိုသည်။ ဂမုန်းဧည့်လာကိုစိုက်ပျိုးထားလျှင် ဧည့်သည်အလာများသည်။ ဂမုန်းခွေးလာကိုစိုက်ပျိုးလျှင် ခွေးများကချစ်တတ်သည်။ ဂမုန်းကိန္နရာပင်သည် ညအခါတွင် လေမလာဘဲ အရွက်များကနေသလို အလိုအလျောက် ယိမ်းယိုင်နေတတ်သည်။ ထိုဂမုန်းပင်ကို မိန်းကလေးရှိသောအိမ်တွင်စိုက်ပါက မိန်းကလေးများ ပျက်စီးတတ်သည်ဟု အဆိုရှိသည်။ အချစ်ရေးအချစ်ရာနှင့်ပတ်သက်သောဂမုန်းလည်း ရှိသေးသည်။ ဤသည်တို့မှာ အချို့သော ဂမုန်းပင်တို့၌ ဆန်းကြယ်သော ဂမ္ဘီရစွမ်းအားများ သက်ရောက်နေမှုပြယုဂ်များဖြစ်၏။

ကျွန်တော်ငယ်စဉ်က ရွာဦးဆရာတော်ကျောင်း၌ ဂမုန်းဘီလူးပင်အား အမဲသားကျွေး၍စိုက်ထားသော ကပ္ပိယကြီး ဦးချစ်လှသည် မူးတယ်၊ မူးတယ်ဆိုကာ ရုတ်တရက်လဲကျပြီး သတိမေ့သွား၏။ နီးစပ်ရာလူများက ဆေးရုံပို့ရန်စီစဉ်ဆဲ သတိပြန်ရလာကာ -

"မပို့ကြနဲ့၊ မရတော့ဘူး။ ငါကတိပျက်လို့ ဘီလူးစားသွားပြီ"

ဆိုကာ အသက်ထွက်သွား၏။

ကပ္ပိယကြီး ဦးချစ်လှ၏ဖြစ်ရပ်ကို နားလည်သောလူကြီးသူမများက ဂမုန်းဘီလူးပင်အား အသားကျွေးရန် ကတိပေးထားသောရက်တွင် မကျွေးသောကြောင့် ဘီလူးက ကပ္ပိယကြီး ဦးချစ်လှကို စားလိုက်သည်ဟု ဆိုပါသည်။ ကျွန်တော့်ကိုယ်တွေ့ဖြစ်ရပ်ပါ။ ဂမုန်းဘီလူးပင်သည် ဟင်းခတ်အမွှေးအကြိုင်အဖြစ်သုံးသော စပါးလင်ပင် ဖြစ်သည်ဟု လူတိုင်းယုံကြည်ကြသည်။ အခြားသော ဂမုန်းဘီလူးပင်ရှိနိုင်သော်လည်း စပါးလင်ပင်ကိုမူ လူတိုင်းလိုပင် အပြောများ၏။

ကျွန်တော်သည် (---) ခုနှစ်က ပတ္တမြားကျောက်မျက်ရတနာထွက်သော ကချင်ပြည်နယ်အတွင်းမှ ခပ္ပရာဒေသတွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က ဂမုန်းနှင့် ပတ်သက်သည်ဟု ယူဆရသော ထူးခြားဆန်းကြယ်ဖြစ်ရပ်တစ်ခုကို ကြုံခဲ့၏။ တာဝန်ထမ်းဆောင်သည် ဆိုသော်လည်း အစိုးရအလုပ်တော့ မဟုတ်ပါ။ ပုဂ္ဂလိကလုပ်ငန်းတစ်ခုတွင် တာဝန်ထမ်းဆောင်ခြင်း ဖြစ်ပါသည်။

ခပ္ပရာနှင့် အိုလံပါဒေသရှိ တောင်တန်းများသည် ပင်လယ်ပြင်အထက် အမြင့်ပေ (၄၅၀၀) မှ (၆၀၀၀) ကျော်တွင်ရှိသလို ထူးခြားလှပသည့် သစ်ခွပန်း၊ ဆေးဖက်ဝင်အပင်များ၊ ထူးဆန်း

www.burmeseclassic.com

www.burmeseclassic.com

သောသစ်ခွဂမုန်းနှင့် မြေပြင်တွင်ပေါက်သောဂမုန်းများ၊ သစ်မင်းပင်များပေါက်သည့်ဒေသဖြစ်သည်။ ရေခဲရေတမျှအေးသော စမ်းချောင်းအတွင်း၌လည်း ရှားပါးသော ရေပုတ်သင်(Newt)များကို တွေ့မြင်ရသလို အချို့နေရာတို့၌ အားဆေးလုပ်ရသော ဂျင်ဆင်းပင်များကိုပင် တွေ့ရပါသည်။

ခပွရာလုပ်ကွက်နှင့် အိုလံပါလုပ်ကွက်နှစ်ခုသည် (၆) မိုင်ခန့်ကွာဝေးပြီး အလယ်တွင် ပေ (၅၀၀၀) ကျော် မြင့်သည့်တောင်တန်းကြီးလည်းရှိ၏။ ခပွရာမှ အိုလံပါလုပ်ကွက်သို့သွားလျှင် ခပွရာနှင့် တစ်မိုင်ခန့်အကွာတွင် မိုးမခချောင်းရိုးလေးကို ဖြတ်ကျော်ရ၏။ မိုးမခချောင်းရိုးလေးကို ဖြတ်ကျော်ပြီးမှ ပေ (၅၀၀၀) ကျော်မြင့်သည့် တောင်ကျောပေါ်သို့ တဖြည်းဖြည်းတက်ရပါသည်။ တောင်ကျောလမ်းဘေးတစ်နေရာတွင် ချောက်ကမ်းပါးထိပ်နားကပ်၍သွားရ၏။ ထိုသို့ကမ်းပါးထိပ်နားမှ မလွတ်မလပ်သွားရသည့်နေရာတွင် သုံးတန်ကားတစ်စီးစာမျှ ကြီးမားသော ကျောက်တုံးကြီးကရှိနေပြန်ရာ ထိုကျောက်တုံးကြီးကို ကွေ့ပတ်ရှောင်ရသဖြင့် ချောက်ကမ်းပါးနှင့်နီးသောကြောင့် ကျောချမ်းဖွယ်ဖြစ်၏။ ချောက်ကြီးသည် ပေ(၈၀၀)မျှနက်မည်ဟု ခန့်မှန်းရ၏။

ကျွန်တော်သည် ထိုလမ်းကိုသွားရသည့်အခါတိုင်း ၎င်းကျောက်တုံးကြီးအား မကျေမချမ်းဖြင့် မျက်စောင်းထိုးလေ့ရှိ၏။ တစ်နေ့တွင် ကျောက်တွင်းမန်နေဂျာကြီး ဂျော့အောင်ဝင်းထွန်းနှင့်အတူ အိုလံပါလုပ်ကွက်သို့ထွက်ခဲ့ကြရာ မိုးမခချောင်းရိုးလေးမှ ထူးဆန်းသော ဝါးတံတားလေးအား ဖြတ်ကျော်ပြီး ခေတ္တနားကြ၏။ ထူးဆန်းသော တံတားလေးဟု ဆိုရခြင်းမှာ လူဖြတ်ကူးရသော ချောင်းရိုးလေး၏အလယ်လောက်တွင် လူတစ်ဖက်စာခန့်ကြီးသောအရွက်များ ဝေဝေဆာဆာဖြင့် မိုးမခပင်တစ်ပင်ရှိ၏။ ချောင်းကမ်းနှစ်ဖက်ကလည်း မတ်စောက်သောကြောင့် ထိုမိုးမခပင်အား တံတားအလယ်တိုင်သဖွယ် အသုံးပြုကာ အကိုင်းခွဆုံ၌ တံတားရက်မတင်ကာ ကမ်းတစ်ဖက်တစ်ချက်သို့ဆက်သွယ်၍ တံတားပြုလုပ်ထားခြင်း ဖြစ်သည်။ တံတားရက်မကို ဝါးပိုးဝါးများ အသုံးပြုထား ၏။ မြင်သူတိုင်းက ထူးဆန်းသော မိုးမခတံတားလေးဟု အသိအမှတ်ပြုကြ၏။

မိုးမခတံတား၏တစ်ဖက်ရောက်သော် တောင်တက်ရတော့မည်ဖြစ်၍ ခဏနားကြပါသည်။ မန်နေဂျာကြီးဂျော့အောင်ဝင်းထွန်းသည် ဘူမိဗေဒအမိကဖြင့်ဘွဲ့ရခဲ့သူပီပီ အေးဆေးစွာမနားဘဲ သူ့အနားတွင်ရှိသောကျောက်တို့ကို ဘူမိဗေဒတူတစ်လက်ဖြင့် ထုခွဲလေ့လာနေ၏။ ကျွန်တော်ကလည်း ဂမုန်းသစ်ခွခရေဇီဖြစ်သောကြောင့် သစ်ပင်ကြီးများပေါ်သို့ လှည့်ပတ်ကြည့်ရှုနေရာမှ သဇင်ပန်းရနံ့ကဲ့သို့သော အမွှေးနံ့ကို ရှူရှိုက်မိသဖြင့် နီးစပ်ရာအပင်ကြီးများပေါ်သို့ ပိုက်စိပ်တိုက်ရှာဖွေကြည့်ပါသည်။ သစ်ခွဂမုန်းမဆိုထားနှင့် ပေါပေါများများ တွေ့ရတတ်သော မောက်ခမ်းဥတစ်လုံးပင်သော်မှ မတွေ့ရချေ။

မောက်ခမ်းဥတစ်လုံးသစ်ခွကို ဤကချင်ပြည်နယ်ရှိ တောင်တန်းကြီးများပေါ်၌သာတွေ့ဖူးပါသည်။ အောက်ပြည်အောက်ရွာတွင် တွေ့ရတတ်သော ဖယောင်းရွှေဝါပင်နှင့် ဆင်ဆင်တူ၍ လက်သန်းဖျားခန့် ဥလေးတစ်လုံးပေါ်တွင် အရွက်ကလည်း တစ်ရွက်တည်းပါသောအပင်မျိုး ဖြစ်၏။ အပွင့်ပွင့်သောအခါလည်း တစ်လက်မခန့်ဖူးတံထွက်၍ ရွှေဝါရောင်တစ်ပွင့်သာပွင့်လေသည်။ သို့သော် သစ်ကိုင်းပေါ်တွင် ဥပေါင်းများစွာ အစီအရီပေါက်နေသောကြောင့် ရွှေဝါရောင်အပွင့်တို့လည်း သစ်ကိုင်းတစ်ခုလုံး လှပစွာ ရွှေရောင်ဖုံးလွှမ်းလျက်ရှိသည်။ သို့သော် သစ်ခွအများစု၏နိယာမအတိုင်း ရနံ့မရှိပေ။

သစ်ပင်ကြီးများပေါ်၌ ဂမုန်းသစ်ခွနှင့်တူသောအပင်ဟူ၍ တစ်ပင်တလေမျှ မတွေ့ရသောကြောင့် နီးရာကျောက်တုံးတစ်ခုပေါ်တွင် ထိုင်ချလိုက်ပါသည်။ ထိုင်လိုက်လေမှ သင်းပျံ့သော ပန်းရနံ့ကို သိသိသာသာရှူရှိုက်လိုက်မိသောကြောင့် ကျောက်တုံးကြီးဝန်းကျင်သို့ ကြည့်မိပြန်ပါသည်။ ကျောက်တုံးကြီးနှင့် လက်တစ်ကမ်းအကွာတွင် ဖြူဆွတ်နေသည့် ပန်းလေးသုံးပွင့်။ အိမ်တွင် အလှစိုက်လေ့ရှိသော တစ်ပွင့်ချင်းပွင့်သည့် တရုတ်နှင်းပန်းခေါ်သည့် အပွင့်လေးနှင့်တူသော ပန်းလေးသုံးပွင့် ဖြစ်၏။ အလှစိုက် တရုတ်နှင်းပန်းငယ်လေးများသည် ရနံ့မရှိကြ။ ထို့ကြောင့် ဤပန်းလေးများတွင်လည်း ရနံ့မရှိဟုတွေးရင်း တစ်ပွင့်ကို ဆွဲနုတ်၍ နမ်းလိုက်ရာ -

"အလို - ဒီအပွင့်လေးကပါလား"

ဟုပင် ရေရွတ်မိသည်အထိဖြစ်သွားပါသည်။

အရောင်အသွေးက ငွေပန်းကဲ့သို့ ဆွတ်ဆွတ်ဖြူ၍ ရနံ့က သဇင်ပန်းအတိုင်း သင်းပျံ့လှသဖြင့် အကြိမ်ကြိမ်နမ်းလိုက်မိပါသည်။ ထိုသည်ခဏ၌ပင် စိတ်ကြည်လင်လန်းဆန်းတက်ကြွခြင်းများခံစားလာရသည်ဟု သတိပြုမိပါသည်။ သို့ဖြင့် ပန်းဖြူလေးကို တစ်ကြိမ်ထပ်နမ်းကာ ဆောင်းထားသည့် အန္တရာယ်ကာဖိုက်ဘာ ဟဲလမတ်(Helmet)ဦးထုပ်မေးသိုင်းကြိုးနှင့် နားရွက်အကြားတွင် ညှပ်ထားလိုက်ပါသည်။

စိတ်ဓာတ်တက်ကြွ ပေါ့ပါးလန်းဆန်းလာသလို ခံစားရရုံမျှမက ကျွန်တော်ကပင် ဦးဆောင်၍ -

"ဗျို့ - မန်နေဂျာကြီး ဂျော့ရေ တက်ကြစို့"

ဟု ဆိုကာ တောင်တက်လမ်းကို အပြေးကလေးပင်တက်လိုက်မိပါသည်။ မန်နေဂျာကြီး ဂျော့အောင်ဝင်းထွန်းက ကျွန်တော်အား ထူးဆန်းသလိုကြည့်ရင်း နောက်မှလိုက်လာပါသည်။ ယခင်က ဆိုလျှင် သူ့နောက်က ကျွန်တော်လိုက်နေကျဖြစ်၍ အံ့ဩဟန်တူပါသည်။ သို့ဖြင့် ချောက်ကမ်းပါးထိပ်မှ ကျောက်တုံးကြီးနားရောက်ခဲ့ကြပါသည်။

"ဂျော့ရေ၊ ကျွန်တော် ဒီကျောက်တုံးကြီးကို ကြည့်မရတာကြာပြီ။ ချောက်ထဲတွန်းချလိုက်တော့မယ်"

ဆိုသော ကျွန်တော့်စကားသံကြောင့် ဂျော့သည် မျက်လုံးပြူးကြည့်ရင်း -

"ဟော့ဖိုးကျော်၊ ဒီအပတ် မောင်ရင် ကလိုရီကွင်းမသောက်ရသေးဘူးထင်တယ်"

ဟု ဆိုပါသည်။

ကလိုရီကွင်းဆိုသည်မှာ ငှက်ဖျားပျောက်ဆေးပြား ဖြစ်ပါသည်။ ကျွန်တော်တို့လို တောတောင်ထဲ အလုပ်လုပ်ကြရသူများ လက်စွဲထားရသောဆေး ဖြစ်ပါသည်။ ငှက်ဖျားပြန်ထချင်လာသောအခါ ဦးနှောက်တွင် ခပ်ကြောင်ကြောင်ဖြစ်လာတတ်ပါသည်။ ထိုအခါ ကလိုရီကွင်း ဆေးပြား တစ်နေ့ (၂) ပြားဖြင့် သုံးကြိမ်ခန့်လောက်လျှင် ပုံမှန်ဖြစ်သွားပါသည်။ ယခုလည်း မန်နေဂျာကြီးက ကျွန်တော် ငှက်ဖျားထချင်၍ ခေါ်ကြောင်ကြောင်ဖြစ်သွားပြီထင်ကာပြောခြင်း ဖြစ်၏။

မန်နေဂျာကြီး ထင်မည်ဆိုလည်း ထင်နိုင်ပါသည်။ ဤကျောက်တုံးကြီး



www.burmeseclassic.com

www.burmeseclassic.com

သည် သုံးတန်ကားတစ်စီးမျှ ကြီးမားသော ကျောက်တုံးကြီးဖြစ်လေရာ ကျွန်တော်တစ်ယောက် မဆိုထားနှင့် ကျွန်တော်လိုလူနှစ်ဆယ် ဝိုင်းတွန်းလျှင်သော်မှ ကျသွားနိုင်စရာမရှိပေ။

သို့သော် ကျွန်တော့်စိတ်ထဲတွင် တွန်းချချင်သည့်စိတ်က တားမရဆီးမရ ဖြစ်လာပါသည်။ သို့ကြောင့်ပင် လက်ရုံးနှစ်ဖက်ကို ဆန့်တန်းရင်း -

"ဟော့ - ကျားဘသားကွ"

ဟု ကြွေးကြော်ကာ အပြေးသွား၍ ကျောက်တုံးကြီး၏ အထက်ဘက်မှ အားသွင်းကာ တွန်းချလိုက်ရာ -

"ဖြော ဝရော ဝရော ဖြောင်းဖြောင်း ဝုန်း"

ဟူသောအသံများ ပဲ့တင်ထပ်ကာ ပေရှစ်ရာခန့်အနက် ချောက်ထဲသို့ ကျောက်တုံးကြီး ကျသွားပါတော့သည်။

"ဟိုက် - ဗုဒ္ဓေါ၊ တကယ်ကျသွားသတဲ့"

ဟူသော ဂျော့၏အာမေဋိတ်အသံနှင့်အတူ အံ့ဩခြင်းများဖြင့် အထူးအဆန်းသဖွယ်ကြည့်ခြင်းခံလိုက်ရပါသည်။ သုံးတန်ကားတစ်စီးစာမျှ ကြီးမားသော ကျောက်တုံးကြီးကား တကယ်ပင်ကျသွားခဲ့ပြီတည်း။

မန်နေဂျာကြီးဂျော့ အံ့ဩသလို ကျွန်တော်ကိုယ်တိုင်လည်း အထူးပင် အံ့ဩမပြတတ်အောင်ဖြစ်ရပါသည်။ ဤကြီးမားသော ကျောက်တုံးကြီးအား ရွှေ့လျားစေနိုင်သောစွမ်းအား ကျွန်တော့်တွင် မည်သို့ရရှိလာသနည်း။ သာမန်အနေဖြင့် နှစ်တင်းဝင်ဆန်အိတ် တစ်အိတ်ကိုပင် အလွယ်တကူ ရွှေ့အောင် မတွန်းနိုင်သူပါ။

စဉ်းစား တွေးခေါ်ရသမျှ ဆိုရသော် မိုးမခတံတားအနီးမှာ အဖြူရောင်အပွင့်နှင့် သဇင်ပန်းရနံ့ သင်းပျံ့သော ပန်းနှင့်တူသည့် ဂမုန်းပန်းပွင့်လေးအား အခါခါနမ်းမိသည်မှစကာ ထူးခြားသော လန်းဆန်းတက်ကြွမှုများ ဖြစ်လာသည်ကိုတွေ့ရှိရပါသည်။ ထိုအဖြူရောင် ပန်းပွင့်လေး၏ ထူးခြားသော ဂမ္ဘီရစွမ်းအားကြောင့်သာ ဤကျောက်တုံးကြီးကို တွန်းချနိုင်ခြင်း ဖြစ်ပေမည်ဟု သတိဝင်လာကာ ဟဲလမက်မေးသိုင်းကြိုးနှင့် နားရွက်ကြားညှပ်ထားသော ပန်းပွင့်လေးကို စမ်းကြည့်ရာ အစအနပင် မတွေ့ရတော့ချေ။

လုပ်ငန်းများပြီးစီး၍ အိုလံပါလုပ်ကွက်မှအပြန်တွင် မိုးမခတံတားအနီးမှ မဆူးဘဲထားခဲ့သော ဂမုန်းပန်းအဖြူရောင်လေး နှစ်ပွင့်အားကြည့်ကြရာ အပွင့်မဆိုထားနှင့် အပင်နေရာကိုပင် မတွေ့ရဘဲ ကျောက်တုံးကျောက်ခဲများသာရှိနေပါသတည်း။

## ချစ်ဂမုန်းအနီလေး

ကျွန်တော်သည် နှလုံးသားရေးရာ မပြေလည်သောကြောင့် တစ်နယ်တစ်ကျေးကို ပြေးခွာရှောင်ပုန်းရင်း အိုလံပါ ပတ္တမြားမြေတွင်ခိုလှုံစဉ်အခိုက် ထူးဆန်းသော ကြက်တူရွေးဂမုန်း၏ဂမ္ဘီရစွမ်းအားများကြောင့် ယုနွယ်ဆိုသော မိန်းမချောလေးနှင့် ဖူးစာဆုံခဲ့ဖူးပါသည်။ ထူးဆန်းသော ကြက်တူရွေးဂမုန်း၏ ဂမ္ဘီရစွမ်းအားကြောင့်ဟုဆိုရခြင်းမှာ ထိုဂမုန်းပန်းအကြောင်း သိနေ၍မဟုတ်ဘဲ ကျွန်တော် နှလုံးသားတွင် ခံစားနေရသည့် ချစ်ဝေဒနာများမှ ရုတ်တရက်ပေါ်ထွက်လာသော တစ်နည်းအားဖြင့် ချစ်ခရေဇီ ဖြစ်သွားသည့်အတွက် ကျွန်တော်နှင့် တစ်ကြိမ်တစ်ခါမျှ မတွေ့ဘူး၊ မသိဘူးသူ မိန်းမချောလေးက အိုလံပါမုနိဆုတောင်းပြည့်စေတီတော်ထံပါးတွင်ကပ်လှူပူဇော်သွားသော ကြက်တူရွေးဂမုန်းအနီလေး နှစ်ခိုင်ကို ဘုရားပန်းအိုးမှ စွန့်ယူပြီး ထပ်မံကပ်လှူကာ -

'ဤကြက်တူရွေးဂမုန်းနှစ်ခိုင်ကို လှူဒါန်းကပ်လှူရသောကုသိုလ်ကြောင့် စောစောကတွေ့မြင်လိုက်ရသော မိန်းမချောလေးနှင့် နှစ်ကိုယ်တူမျှချစ်သူအဖြစ် ရပါလို၏ အရှင်ဘုရား'

ဟု ရှူးသွပ်စွာ ဆုတောင်းလိုက်မိပါသည်။

(၂၀၁၃ ခု၊ မတ်လထုတ် သူရဿ မဂ္ဂဇင်းတွင် ဖော်ပြခဲ့ပါသည်။)

ထိုသို့ ရှူးသွပ်သော အတွေးများဖြင့် သူများလှူခဲ့သော ကြက်တူရွေး ဂမုန်းပင် ပြန်လှူကာ ဆုတောင်းခဲ့သည်မှ တစ်လတိတိအကြာ၌ တကယ်ပင် ထိုမိန်းကလေးနှင့် ချစ်သူဘဝရောက်ခဲ့ကြပါသည်။ ချစ်သူများဖြစ်သွားသော ကာလတွင် ရှေးဖြစ်နောက်ကြောင်းများ ပြောမိကြရာမှ ယုနွယ်က ကြက်တူရွေး ဂမုန်းအနီရောင်နှစ်ခိုင်အပြိုင်ပွင့်သည်ကို တွေ့ရလျှင် ထိုဂမုန်းနှစ်ခိုင်အား ဘုရားတွင်ကပ်လှူကာ လိုရာချစ်ဆုကိုတောင်းလျှင်ပြည့်ကြောင်း အဘွားဖြစ်သူပြောပြဖူးသည်ဟု။

ယုနွယ်နှင့် ကျွန်တော် ချစ်လိုက်ကြသည်မှာ ကြားလေသွေးရင် ဝေးမှာစိုးတယ်ဆိုသောရှေးဟောင်းစကားအတိုင်း ချစ်နေကြဆဲ ဘဝမုန်တိုင်း ငှက်ဖျားရိုင်းကြောင့် ချစ်ရသူ ယုနွယ်တစ်ယောက် လူ့လောကကြီးမှ မမျှော်လင့်ဘဲ ထွက်ခွာသွားခဲ့ပါလေသည်။

ဤတွင် သူငယ်ချင်းစာရေးဆရာ မိုးကုတ်ကျော်ကျော်စိုးက -

"ဖိုးကျော်၊ မင်းချစ်ဂမုန်းကြက်တူရွေးက ချစ်ရေးမှာအောင်မြင်တဲ့ ဂမ္ဘီရစွမ်းအားပေးနိုင်ပေမယ့်လည်း အနီရောင်ဟာ ချစ်ရေးချစ်ရာမှာ ကြမ္မာဆိုးကို ယူဆောင်လာတတ်တယ်ဆိုတဲ့ စကားကို မင်းတို့က မသိဘဲကိုး"

ဟု ဆိုပေရာ ဟုတ်များဟုတ်လေသလားဟုသာ။

ယုနွယ်နှင့် မပေါင်းလိုက်ရသော်လည်း ခပ္ပရာတောင်တန်းများမှ ထိုချစ်ဂမုန်းကြက်တူရွေးတစ်ပင်ကို ရအောင်ရှာယူခဲ့ပြီး ယုနွယ်အလွမ်းပြေအဖြစ် အိမ်တွင် စိုက်ပျိုးထားခဲ့ပါသည်။

၂၀၁၃ ခု၊ မတ်လထုတ် သူရဿ မဂ္ဂဇင်းကြီး၊ အတွဲ (၁၃)၊ အမှတ် (၃) တွင် ထိုဇာတ်လမ်း 'ထူးဆန်းသော ကြက်တူရွေးဂမုန်း' ပါလာခဲ့ပါသည်။ သို့သော် ထိုကြက်တူရွေးဂမုန်းအား မျိုးယူခဲ့၍ အိမ်တွင်စိုက်ထားကြောင်း မပါရှိပါ။ သူရဿမဂ္ဂဇင်းကြီးတွင် ၎င်းဇာတ်လမ်းလေးပါလာသောအချိန်နှင့် မရှေးမနှောင်းမှာပင် ချစ်ဂမုန်းကြက်တူရွေးပင်လေးမှ အဖူးများထွက်လာပြီး အနီတောက်အရောင်ပန်းခိုင်များ (၅) ခိုင်ပွင့်ပါသည်။ ကျွန်တော်လည်း ယုနွယ်လေးအား လွမ်းဆွတ်သတိရစိတ်ဖြင့် ချစ်ဂမုန်းနီနီလေးငါးခိုင်အား မှတ်တမ်းတင်ဓာတ်ပုံရိုက်ထားပြီး ချစ်ဂမုန်းခိုင်လေးများအား အရိပ်တကြည့်ကြည့်နှင့် ယုနွယ်လေးအား လွမ်းဆွတ်နေဆဲ။

ဧပြီလ (၄) ရက်နေ့ မနက်တွင် အိမ်တံခါးဖွင့်၍ အမှတ်တရပင် ချစ်ဂမုန်းခိုင်လေးများဆီသို့ အကြည့်ရောက်သွားခိုက် -

"အလို ဘုရားရေ၊ ချစ်ဂမုန်းလေးတွေ မရှိတော့ပါလား"

ဟုသာ ရေရွတ်နိုင်ရင်း စိတ်မချမ်းမြေ့ခြင်း၊ ဝမ်းနည်းခြင်းများနှင့်အတူ 'ဤချစ်ဂမုန်း ခိုးယူသွားသူသည် ချစ်ရေးချစ်ရာကိစ္စများတွင် အသုံးပြုမိပါက နိဂုံးလှပါစေ' ဟူ၍ ဆုတောင်းပေးလိုက်ရပါသတည်း။

သပိတ်ကျင်း-ကျော်ကျော်ထွန်း



www.burmeseclassic.com

www.burmeseclassic.com

# နေလကိုခြေထောက် ငါးခုမြောက်တုံအလယ် ဥုံမွှေ့ယ်လိဒ္ဓိ

လူထိန်ထွန်း(ပိဋကစာရေးဆရာ၊ ပြည်)



◆ စွဲယူအမှတ် စန်းနက္ခတ်သည် လှည့်ပတ်မွန်းလွဲ သန်းခေါင်လွဲသော် မည်ကွဲထပ်ဆို ကိတ်မင်းဂြိုဟ်တည့် နဂိုကိုးခု နဝင်းလုက ခေါ်မှုကောလီ ပထဝီသေလာ ကျားရာဇာကို တည်ပါအမြဲ ခါတ်မလွဲနှင့် ယှဉ်တွဲကပ်ဆို ဗုဒ္ဓဟူးဂြိုဟ်သည် နဂိုသွားမြဲ မွန်းလျှင်လွဲက မည်ကွဲရာဟု သန်းခေါင်လုသော် ရှစ်ခုအရ ဟိုင်းကိုပြ၏။ ပါပလေခါတ် မုန်တိုင်းခတ်၍ ဤခါတ်နှစ်ဆူ ရုပ်ကိုယူသော် ကျားမူခြသေ့် နှစ်ပါးတွေ့လိမ်ပေါင်း၍သတ်ဆေး ကြာသပတေးကား တစ်ရေးမှဘိ သန်းခေါင်ရှိသော် ပြောင်း၏ဘွဲ့ဆို မိတ္တုဂြိုဟ်သို့ နဂိုဒဿ သူရဋ္ဌဟု ခါတ်ရအန္တော နှစ်ပါးဟော၏။ သဘောအလာ ပေါင်းသောခါတွင် အာကာသခါတ် နာမ်ဟုမှတ်၍ စပ်ယှက်ပြီးခါ စီရင်ရှာသည် နည်းနာကျကျ သတ်ပုံပြအံ့။ အဋ္ဌဟိုင်းကြီး ကျားတစ်စီးကိုပေါင်းပြီးယှက်ထွေး တေဇောဆေးနှင့်အားပေးပိတ်ခြုံ နာနာလှုံက တစ်ပုံဟိုင်းပျောက် ကျားမင်းနှောင့်၍ စားသောက်အဆီ မောက်နီနီနှင့် အညီဟိုင်းမင်း ရှေ့သို့သွင်းတြင်း အရသုံးကြိမ်ကျသော် မူလကျားလွတ် ဖြူဆွတ်ဆွတ်နှင့် အထွတ်ဂဠုန်ဖြစ်လေတုံ၏။

နယပေဒဏီကျမ်းမှအဆို ဖြစ်ပါသည်။

စာရေးသူ အဂ္ဂိရတ်လောကသို့ ဝင်ရောက်ခဲ့သည်မှာ (၃၇) နှစ်ရှိခဲ့ပါပြီ။ ရှင်မထီး၊ ကုန္တာစရိယ၊ ဒိဗ္ဗစက္ခု၊ ဘားမဲ့ဆရာတော်၊ ရသေ့ဆရာအောင် စသော အမှန်တကယ် ထွက်ရပ်အောင်မြင်၍ နောင်လာနောက်သားများကို သနားသဖြင့် ညွှန်ကြား ပြသ ရေးသားခဲ့သော မူလကျမ်းရိုးများကို (၁၂) ကျမ်းအာဂုံဆောင်နိုင်ခဲ့ပါသည်။ သို့ပါသော်လည်း ခါတ်လေးပါးမကွဲခဲ့ပါ။ မည်သည့်ကျမ်းမှ ခါတ်လေးပါးကို တိတိကျကျ ခွဲပြရေးခဲ့ခြင်းမရှိပါ။ မိမိတို့တတ်ကျွမ်းသော ပညတ်များဖြင့် ရေးသားခဲ့သည့်အတွက် တစ်ကျောင်းတစ်ဂါထာတစ်ရွာတစ်ပုဒ်ဆန်း ဆိုသလို ကောက်ယူလုပ်ဆောင်နေကြပါသည်။ ခါတ်လေးပါးမကွဲသည့်အတွက် နာမ်ရုပ်လည်းမဖြစ်နိုင်ပါ။ ပါပနဝင်း သောမနဝင်း ပညတ်သော နေခါတ်၊ လခါတ်ဖြစ်ရန်လည်း မည်မျှပင် ဝီရိယစိုက်ထုတ် နှစ်ရှည်လများ ပြုလုပ်ပါသော်လည်း မရောက်ရှိနိုင်ပါ။ မူလဘူတခါတ်ဖြစ်သော ရုပ်နှင့်နာမ်ကို 'မီးသည် လေနှင့်မြောက်ကုန်သင့်၍ နိုင်းချင့်အဟုတ် နာမ်သမုတ်၏။ ပထဝီ အာပေါ ရုပ်ဟုဟောသည် ရှိသောထုံးစံ မှီကာကြံလော့' ဟူ၍ ကဏ္ဍရီသီခါတ်ကျမ်းမှဆိုပါသည်။ 'မီးကိုလေဖုံး ဝါယောခြုံးနာမ်လုံးဂန္ဓေစွဲဝင်စေခါတ်မှာစရေ' ဟူ၍ လည်းကောင်း၊ 'ရေမှာမြေထဲ ပထဝီကဲခေါ် မြသတ္တာစွဲမှတ်ကြ ခါတ်ရဂဗ္ဘေ နှစ်လုံးနေ၏' ဟု နာမ်နှင့်ရုပ်ဖြစ်ကြောင်းကို ညောင်ရိပ်သာ ဦးဝိသုဒ္ဓခါတ်ကျမ်းတွင် ဂဃနဏ ညွှန်ပြပါသည်။ ထို့ပြင် ဂဗ္ဘေ၊ စရေ နှစ်လုံးခြေခေါ်ထွေအန္တော ခါတ်ကျမ်းဟောဟု နာမ်နှင့် ရုပ်ပေါင်းစပ်ပြုပြင်မှသာလျှင် အန္တောဟူသော ဂဠုန်ဆေးဖြစ်ကြောင်း။ ရှင်မထီးကျမ်းတွင်လည်း 'သမင်မှာ ရောဟဏီ၊ အရှင်မှာ ဂေါတမ၊ ခြသေ့တဲ့ပီပီ၊ ရေဝတီဆိုသည့် ကျားနှင့်ညားခဲ့ပြန်ပြီ၊ ပဥ္စပီငါးလီအတွေ့ အဋ္ဌမဂ္ဂင်နှင့် ရွှေဘဏ်

ရှင်ဖောင်တော်ဦး ကူးမည်ယနေ့' ရုပ် နာမ်တရားတို့သည် ခန္ဓာငါးပါးဖြစ်၍ အဋ္ဌကလပ် ရှစ်ပါးပြည့်စုံသည့်နေ့တွင် ထွက်ရပ်သွားနိုင်ပါကြောင်း၊ ပိဋကတ် မှာနှောက်၍ရှာ ဗေဒင်ကြောင်းနှင့်ပေါင်း လိုက်ပါဆိုသဖြင့် အင်္ဂါဂြိုဟ်တွင် ပညတ် အားဖြင့်နေသော သံနုသံကောင်းကို ခြသေ့်ကောက်သည့်ဆရာများ ဆင်ခြင် ဖွယ်ဖြစ်ပါသည်။ ပညတ်အနေဖြင့် တွဲ စပ်နေသော အန္တောဆိုသည့် ကြေးနှင့် ခဲသည်လည်း သတိပြုဖွယ်ရာ ဖြစ်ပါ သည်။

စရေခါတ်ဆိုသောအင်္ဂါနှင့်ရာဟု တွင်ရှိသောခါတ်တို့မှာ သံနှင့်ဘော်ဖြစ် ပါသည်။ ပညတ်စရေဖြစ်သော်လည်း ခါဟ်သဘောစရေ မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ပါ။ ဂဗ္ဘေခါတ်ဟု ကောက်ယူ ရာတွင်လည်း တနင်္လာဂြိုဟ်ခွင်နေသော ကြွပ်နှင့် ကြာသပတေးနေ ပြဒါးတို့ ပေါင်းစပ်၍ ခါတ်ဂဗ္ဘေမဖြစ်ပါ။ ပညတ် အရသာ ကောက်ယူနိုင်ပါသည်။'ပညတ် သွားရာ ခါတ်သက်ပါကြောင်း ဉာဏ် ဆင့်လောင်း၍ ကုကောင်းလှစွာ ထွေရာ ဝိုးဝါး ယူမမှားနှင့် ပြဒါးသတ်သူ မှတ်ဖေ ဟူ၍' ဆိုသည်မှာ ဆေးကျမ်းမှပြသော ပညတ်ချက် ဖြစ်ပါသည်။ ပညတ်ဖြင့် ခါတ်သက်၍ မရနိုင်ပါ။ ထို့ကြောင့် အချင်းချင်းကို နဝင်းဖြင့်သတ်၊ လေးပါး ခါတ်ကို နက္ခတ်တွင်ယူ ပြဒါးမူကား ဖြူ စင်မုက္ခ တေဇောရလိမ့် စိမ်းမြဝင်းဝါ အခိုးအခိုးဖြာသည့် ဝိသာခါနက္ခတ် ရာဟုခါတ်ကို ရစ်ပတ်လုံတွင်း တေဇော သွင်းက တင်းတင်းသံကျောက် အဓော ရောက်လိမ့် ထိုနောက်ဇေဠ အသလီသ ခေါ်ကြတွင်ညီ ရေဝတီကိတ်ခါတ် မီး မှာနှုပ်က ဆတ်ဆတ်မှုန့်ကြေ ပြာဖြစ် လေ၏။ ဘော်ငွေဘရဏီ ပြာနှင့်မှီသော် နှစ်လီထုံးကြ သဘာဝမို့ မူလဒန်စင် သေလေချင်၏။ ဒန်စင်အသေ ရုပ်ကာ ရေကို ဆယ့်နှစ်ထွေပြန် ခါတ်သွားမှ က ရွှေသံပြာရောက် အာယုပေါက်လိမ့် ရွှေငွေဖြစ်စေသောအကြောင်းကို အထေ လုပ်၍မဆို၊ ထွက်ရပ်ကိုသာ အဓိကထား ၍ဆိုထားပါသည်။ အချင်းချင်းခွဲ...



www.burmeseclassic.com

www.burmeseclassic.com

…ည်း 'ပယ်သည့်လေးလုံး သုဉ်းသည့် …း စက္ကသွားသို့ တွေ့ငြားအကျွရာ …းသာတည့်' ဟု သရဘာရှုရှင်ရသေ့ …ပြုပါသည်။ ဆိုလိုသည်မှာ ပြဒါး …၍ ကျန်သည့်ဓာတ်ကြီးရှစ်ပါးကို …လေးပါး ညီညွတ်မျှတအောင်တွဲ … လေးပါးစုံသုဉ်းသည့် ပြဒါးသတ် … ဂဠုန်ဆေးဖြစ်ကြောင်း ရှင်ကဿပ …ကျမ်းမှလည်း 'ဗဟန်းဝါ ဗဟန်း … ငံပျက်ပျက်ရှိသမျှ ရဇတရူပေ ရွှေ …ခြေတတ်သည့် ဆေးလေဆေး … ဆေးမဟုတ်တာတွေနှင့် မဖုတ် …လေနှင့် ရွှေငွေကောင်းအောင် …ကြောင်းသင့်စွာ ပြုတတ်ရာသည့် ဒန် …တရဇတ လေးဝသောဓာတ်ကို …သိအောင်ကြဲ နကြီးသတ်ဉာဏ်ဖြင့် …လိမ္မာ မရှာဆေးဝါး ဓာတ်လေး … ဟု ဆိုသည်ကိုလည်း သတိပြုကြ … ဒန်နာသုတရဇတ လေးဝသော …ကို တတ်သိအောင်ကြဲဟုဆိုခြင်း … ဒန်သည် ကြေးနီ မဟုတ်၊ နာသည် … ခဲမဟုတ်၊ သုတဆိုသည်မှာလည်း …ကိုမဆို၊ ရဇတ ဆိုသည်မှာလည်း …ဟုတ်သောကြောင့် လေးဝသော …ကို တတ်သိအောင်ကြဲဟု ဆိုထား … ဖြစ်ပါသည်။ ပညတ်နှင့်ဓာတ် တစ် …တည်းဖြစ်လျှင် နကြီးသတ်ဉာဏ် …ပါ။ ဓာတ်အနှစ်ဖြစ်သည့်အတွက် …တ်အသစ်ဖြင့် ညွှန်းဆိုခြင်း ဖြစ်ပါ …ည်။

မြတ်ဗုဒ္ဓ၏ အဘိဓမ္မာတွင် အနမ …သံသရာမှစတင်ခဲ့သော နာမ်တရား … တဏှာကိလေသာအစွဲတို့ကြောင့် …သစ်အဖန်ဖန်ဖြစ်ရခြင်းကို ကိလေ …တို့ ကုန်ခန်းအောင် ကျင့်ဆောင်ခြင်း … ရုပ်နာမ်တို့ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ …တ်ကြောင်း ဖြစ်ပါသည်။ ထို့အတူ … ဗုဒ္ဓ၏တရားကို ပဋိလောမအားဖြင့် …သစ် ရုပ်သစ် ဖြစ်စေ၊ တည်စေခြင်း …ည် ဂန္ဓာရီဝိဇ္ဇာ ဖြစ်ပါသည်။ ဥတုအာ …မှလွတ်၍လည်းဖြစ်သောကြောင့် …င်း၊ နာခြင်းကို ကာလရှည်ကြာတား …နိုင်ပါသည်။ ယောဗ္ဗနံသိဒ္ဓိ ဆိုသော …ရော်အိုမင်းခြင်းမှ နုပျိုခြင်းသို့ ပြန် … ပို့ဆောင်နိုင်သောဓာတ် ဖြစ်၍ …န်းရှင်လူ တိဟိတ်ပုဂ္ဂိုလ်များ နှစ် …င်းရှည်ကြာကြိုးစားကြပါသော်လည်း …တ်နှင့်ဓာတ်မကွဲသဖြင့် အကျိုးတရား … မခံစားရပါ။ ဓာတ်တစ်ပါးဖြင့်သတ် … ပြဒါးသေခြင်း၊ ဓာတ်နှစ်ပါးဖြင့်သတ် … ပြဒါးသေခြင်း၊ မည်ကဲ့သို့သောသိုက်

ဝင်ပစ္စည်းဖြင့် ကြိုးစားကြံစည်၍ပေါက် မြောက်အောင်မြင်ခြင်းဆိုသည့် ဒဏ္ဍာရီ စကားများကို ပရမတ္ထသစ္စာ လောက နိယာမ၊ ဗုဒ္ဓဟောကြားခဲ့သော အဘိ ဓမ္မာတို့ကို ထောက်ဆဝေဖန်၍ အမှား အမှန်ကို နကြီးသတ်ဉာဏ် ဆင်ခြင် တော်မူပါရန် အထူးလိုပါသည်။

စာရေးသူ အင်္ဂရတ်ကျမ်းများကို အာဂုံဆောင်နိုင်ခဲ့ပါသော်လည်း ဓာတ် လေးပါးဆိုသည်ကို နယဗေဒဏီ ဆို သော လက်ရေးမူဓာတ်ကျမ်းကို တွေ့ရှိ မှသာ အသိမှန် အမြင်မှန်သို့ ရောက်ရှိ ခဲ့ပါသည်။ နောက်တစ်ဖန် ရေနံချောင်း မြို့ စပါယ်ရုံကျောင်းဆရာတော် ရေး သား ပြုစုခဲ့သော ကဝိသာရကျမ်းတွင် ပြည့်စုံအောင်ပါရှိကြောင်း တွေ့ရှိရပါ သည်။ နယဗေဒဏီကျမ်းနှင့် ကဝိသာရ ကျမ်းတို့မှာ ပုံနှိပ်ကျမ်းအဖြစ် မတွေ့ရှိ ပါ။ လက်ရေးမူကျမ်းများ ဖြစ်ပါသည်။ အခြားသောကျမ်းများမှာ ရှင်ကဿပ စရိယ ရေးသားခဲ့သည်နှင့်အညီ လူရှင် အနန္တပါဒအသီးသီး နည်းမှီစရာ အ ကြောင်းအရာများသာ ဖြစ်ပါသည်။ နာမ်ဓာတ်ဆိုလျှင် ဝိဇ္ဇာဓရကျမ်းမှပြဆို သော နာမ်ဓာတ် (၁၂) ပါးကိုသာ ကောက်ယူ လုပ်ဆောင်နေကြပါသည်။ ရုပ်ဓာတ်မှာလည်း ကျမ်းမှညွှန်းဆိုသော ရုပ်ဓာတ်ကိုးပါးကိုပင် မှတ်ယူထားပါ သည်။ ရုပ်ဓာတ်ကိုးပါးတွင် ပါဝင်သော ပြဒါးဓာတ်သည် ရုပ်ဓာတ် မဟုတ်ပါ။ နာမ်သဘောဖြစ်သည့်အတွက် အလုံး အခဲဖြစ်ရန် ကြံစည်လုပ်ဆောင်နေကြ ရပါသည်။ ပြဒါးမီးတွင် နေကာမျှဖြင့် (၉၆) ပါးသော အနာရောဂါတို့ကို ပယ် နိုင်ကြောင်း ဆေးကျမ်းဓာတ်ကျမ်းများ တွင် ပြဆိုပါသည်။ နာမ်ဓာတ်အာကာ သဖြစ်သည့်အတွက် ပါပ၊ သူရဋ္ဌ၊ အမြိ တ္တ၊ ကောလီ မညီသောအခါ မအောင် ရာဟု ကျမ်းပေါင်းများစွာတွင် သဘော မခြား တစ်သားတည်း ဆိုကြပါသည်။ ဓာတ်လေးပါးတွင် ဆောင်ရွက်မှုနှစ်မျိုး စီ ရှိကြပါသည်။ သို့ပါ၍ ဓာတ်လေးပါး တွင် ရှစ်ပါးသော ဆောင်ရွက်မှု အဌ ကလာပ်ရှစ်ပါး ဖြစ်တည်ရပါသည်။ ပထဝီဓာတ်တွင် ခက်မာခြင်းနှင့် နူးညံ့ ခြင်း၊ အာပေါဓာတ်တွင် ယိုစီးခြင်းနှင့် ဖွဲ့စည်းခြင်း၊ ဝါယောဓာတ်တွင် လှုပ်ရှား ခြင်းနှင့် ထောက်ကန်ခြင်း၊ တေဇော ဓာတ်တွင် ပူခြင်း၊ အေးခြင်းဆိုသည့် လက္ခဏာရှစ်မျိုးတွင် ခက်မာသောပထဝီ ကို၊ နူးညံ့အောင် ယိုစီးသော အာပေါကို

ဖွဲ့စည်းဖြစ်စေရန်နှင့် လှုပ်ရှားဝါယော အား ထောက်ကန်သဘော၊ လောင် ကျွမ်းသော ဒဟတေဇောအား သီတ၊ တေဇောသဘောသို့ရောက်ရှိအောင် ကြံ ဆောင်ခဲ့ပါလျှင် ထိုက်သင့်သောအကျိုး တရားများကို ရရှိခံစားနိုင်ပါသည်။ ထွက်ရပ်စခန်းသို့ ကြံစည်လျှင် သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ ဟူသော ပရမတ္ထသစ္စာအားဖြင့် ပြဒါးတည်ရန် အာဟာရရှိရပါမည်။ ထိုအာဟာရ ကြောင့် ပြဒါးသည် ရုပ်အဖြစ်တည်ပါ သည်။ ထိုအာဟာရကြောင့်ပင် မမြင် အပ်သောစွမ်းအားများဖြင့် ရင့်ကျက်ခိုင် မာခြင်းသို့ ရောက်ရှိပါမည်။ ချုပ်ဆေး တစ်မျိုး၊ သတ်ဆေးတစ်ဖုံ မရှိပါ။ မြန်မာ လူမျိုးများ အစဉ်အဆက် စားသုံးရှင်သန် လာသော ထမင်းအာဟာရကဲ့သို့ပင် လူ ဖြစ်စ စားသောက်နိုင်သည့်အရွယ်မှစ၍ စားသုံးလာခဲ့သည်မှာ သေသည့်တိုင်ပင် ဖြစ်ပါသည်။ အသက်မည်မျှရှိလျှင် မည် သည့်အာဟာရ ပြောင်း၍စားရမည်ဟု မရှိသကဲ့သို့ပင် သတ်ဆေးတခြားမရှိပါ။ ပြဒါး အခိုင်အမာတည်ရန်အတွက်မှု လောကသစ္စာနိယာမနှင့်အညီ ဖြစ်ပါ သည်။ သေပြီးသောပြဒါး၏ ရှင်သန်မှု တွင်မူ လောကနိယာမနှင့် ဆန့်ကျင်၍ သွားပါသည်။ 'တစ်ဆင့်၊ နှစ်ဆင့်၊ သုံး ဆင့်မြောက်ထား၊ လေးဆင့်မှာကား အမှန်စား ငါးဆင့်၊ ခြောက်ဆင့်၊ တစ် ဆယ့်နှစ်တွင် စင်စစ်အမှန်ဧကန်ဟု လူထံမပျော်' ဟူ၍ (၁၂) ဆင့်တွင် သိဒ္ဓိဆယ်ပါးနှင့်တကွ ဝိဇ္ဇာဖြစ်ကြောင်း ဓာတ်ကျမ်းတွင် အတိအလင်း ဖွင့်ဆို ထားပါသည်။ သိပ္ပံပညာများ အံ့မခန်း တိုးတက်နေချိန်တွင် အမျိုးဘာသာ သာသနာအတွက် အဏုမြူလက်နက် ကိုပယ်ဖျက်နိုင်သော အကြောင်းတရား တို့ ပြဒါးဓာတ်တွင် အပြည့်အဝရှိပါ ကြောင်း ထွက်ရပ်အတွက် လုံ့လဝီရိယ ဖြင့် ကြိုးပမ်းနေကြသော မြန်မာပြည် တစ်ဝန်းရှိ ရဟန်းရှင်လူမြန်မာမှန်လျှင် စာရေးသူကို ဆက်သွယ် ဆွေးနွေးနိုင် ပါသည်။

**ဦးထွန်းဝင်း**
**အမှတ် (၄၄၇)၊ စံနန်းဦးဘုရားလမ်း၊**
**ရွာဘဲရပ်၊ ပြည်မြို့။**

*ဝိဇ္ဇာပညာများထွန်းကားပါစေ*
သုရိန်ထွန်း (ဝိဇ္ဇာစကား ပြည်)



www.burmeseclassic.com

www.burmeseclassic.com



ညသည် မှောင်ခြင်းမက မိုက်၍ ပင်နေပါချေပြီ။ ထက်ကောင်းကင်ဝယ် တိမ်မည်းတချို့ကြောင့် ကြယ်တို့သည် အလင်းရောင်ပျပျသာလင်းနိုင်ရှာလေ သည်။ လကွယ်ညဖြစ်၍ လသည် ကမ္ဘာ တစ်ခြမ်း၌ အလင်းဖြာ၍ပျော်မြူးနေရှာ ရော့ထင်။ ခပ်ဝေးဝေးမှ အုတ်ဖိုတော ကြီးသည် မှောင်ရိပ်ခို၍ မည်းမည်းထီး ထီးကြီး ရပ်တည်နေပါသည်။ ညဥ့်ငှက် တို့က ဘာသာဘာဝ တဂစ်ဂစ်အသံပေး လျက် ကွင်းတစ်လျှောက်မှ ညဘက် ထွက်သောသတ္တဝါလေးများအား ချောင်း



www.burmeseclassic.com

www.burmeseclassic.com



# သန့်ဇင်

## ပြေးလမ်း

...င်းနေကြသည်။ ကုန်းကျောက်စရစ်
...လျှိုထဲ ဒဟတ်ပင်တောချုံထဲမှ
...တောခွေးတို့ အစ...ထွက်လာကြ
သည်။

"ဝူး . . . ဝူး . . . အူး . . ."

လမိုက်ည တောခွေးတို့အူသံများ
...အိပ်မပျော်သူများအဖို့ သွေးပျက်
...ကောင်းလှသည်။ ဘာပဲဖြစ်ဖြစ်
...ပြာကျင်းရွာလေးကာ အမှောင်ထု
...ကျ၌အိပ်ပျော်လျက်။

"အား . . . အား . . . အီး . . ဟား
. . ဟား . . . ဟား . . ."

အသံနက်ကြီးဖြင့် နာကျင်ဖွယ်
...ဟစ်သံ၊ ဟားတိုက်ရယ်သံကြီး
...ဆပ်ပြာကျင်းရွာအနောက်ဘက်
...ပြာချောင်းအနီး တောစပ်သဲပြင်
...မှ ပေါ်ထွက်လာပါတော့သည်။
...မပျော်သေးသော၊ တချို့တစ်ရေးနိုး
...ကြသောရွာသူရွာသားအချို့ ထိုအသံ
...အား ကြားလိုက်ရသည်။ အိပ်မပျော်
...ကြ ထိုအသံကြီးကြောင့် စောင်
...ခြုံ၍ အိပ်ပျော်အောင်
...ကြိုးစားသည်။ တစ်ရေးနိုးလာ
...လည်း ဆီးထသွားမည်ဟန်ပြင်ပြီးမှ
...သာသို့မသွားတော့ဘဲ အိပ်ရာထဲ
...တွေးပါတော့သည်။

လကွယ်ညတိုင်းလိုလို ထိုအသံ
ကြီးအား ကြားလာရသည်မှာ နှစ်ပေါင်း
နှစ်ဆယ်ပင်ရှိတော့မည်။ သို့သော် ရွာသူ
ရွာသားများသည် ထိုအမင်္ဂလာအသံ
ကြီးအား ရိုးမသွားကြသလို အဆန်း
တကြယ်လည်း မဟုတ်ကြတော့ပါ။
ပုံပြင်ဒဏ္ဍာရီမဟုတ်သော ထိုအဖြစ်
အပျက်အကြောင်းသည် ပြောမရသော
ကလေးများအတွက် ညအိပ်ရာဝင်ပုံပြင်
သဖွယ်ဖြစ်လာခဲ့သည်မှာ ကြာခဲ့ပြီ။ သူ
တို့သည် ထိုအကြောင်းအား နှစ်ပေါင်း
နှစ်ဆယ်ခန့် ကြာမြင့်ခဲ့သော်လည်း မမေ့
ကြသေးပါ။

သို့သော်လည်း အချိန်တွေကြာခဲ့
ရင်ဖြင့် မေ့လျော့သွားမည့် ထင်ပါသည်။
အနီးဝန်းကျင်ရွာတွေမှာ အသက်ကြီး
ပိုင်းများကတော့ စကားစပ်မိတိုင်း ပြော
ကြတုန်းပင်။

အဖြစ်အပျက်က ဤသို့ဖြစ်ပါ
သည်။

◆

၁၉၈၈ ခုနှစ် အရေးအခင်းကြီး
မဖြစ်မီ တစ်နှစ်ခန့်အလို -

စရစ်ကုန်းရွာလေးသည် ဒီပဲယင်း
မြို့နယ်နှင့် ဘုတလင်မြို့နယ်အကြား
နယ်စပ်ရွာလေး ဖြစ်သည်။ အရှေ့ဘက်
သို့ ဆိုင်ကယ်ဖြင့် နှစ်နာရီခန့် ခရီးပြင်း
နှင်သော် ရွှေဘို ဆိတ်ခွန်ရွာဘက်သို့
ရောက်သည်။ ရွာနီးချင်းများက ကျော်မ
တော၊ သက်ကယ်ခြံ၊ ညောင်ဖာပင်၊
ဆပ်ပြာရိုးရွာတွေ တည်ရှိ၏။ မူးရိုး
တောင်ဘက်ရွာများဟု ခေါ်ကြသည်။
မူးမြောက်ဘက်သည် ဒီပဲရင်းနယ်ထဲရှိ
ရွာများ ဖြစ်သည်။ အိမ်ခြေ (၆၀) ခန့်ရှိ
သော ထိုရွာကလေးသည် တောင်သူ
အများစု အခြေတည်ကြသည်။ ထန်း
သမားအနည်းငယ်ရှိသည်။ ယာမရှိ၍
ကျိုးရာအလုပ်လုပ်ရသော လက်လုပ်
လက်စားအနည်းငယ်ရှိ၏။

ဦးဖိုးသာသည် ယာ (၁၀) ကေနှင့်
ထန်းပင် (၂၀) ခန့်ပိုင်သော တောင်သူ
ကြီးတစ်ယောက် ဖြစ်သည်။ သူသည်
မြေပဲခင်းအားကြည့်လိုက်၊ တောင်အရပ်
မိုးကောင်းကင်အားကြည့်လိုက်ဖြင့် စိတ်
အိုက်နေရှာသည်။ ဇွန်လလယ်ရောက်
ပြီ။ မိုးဦးကား တစ်ပြိုက်နှစ်ပြိုက်သာရွာ



www.burmeseclassic.com

www.burmeseclassic.com

သေးသည်။ ဒါတောင် ကောင်းကောင်း ရွာသည်မဟုတ်ပါ။ အပြေးအလွှားရွာသောမိုးကြောင့် မြေအစိုဓာတ်သည် ကောင်းကောင်းမရချင်သေး။ မိုးတောင်ဆီမှ အလိပ်လိပ်တက်လာလျှင် ထယ်ပြင်၍ ပေါက်တူးတကိုင်ကိုင်ဖြင့် လံထားသောနွားတို့ကိုသိမ်း၍ ယာသို့သွားဖို့ပြင်သည်။

သို့သော် မိုးသည် မျက်နှာလိုက်လွန်းလချေ၏။ ခြိမ်းသံပင်မပေးဘဲ စစ်ကိုင်းတိုင်းမြောက်ပိုင်း ကချင်ပြည်နယ်ဘက်သို့သုတ်ချေတင်ပြေးပါတော့သည်။ ဦးဖိုးသာ စိတ်ပျက်လက်ပျက်ဖြင့် ဓားမသေးချ၍ မန်ကျည်းပင်အောက် ခြေပစ်လက်ပစ်ထိုင်ချမိတော့သည်။ စိုက်ထားသော မိုးမြေပဲပင်ပေါက်တို့က သည်ပုံအတိုင်း နောက်နှစ်ပတ်ခန့် မိုးပြတ်နေလျှင် သေတော့မည်။ သူဘာတတ်နိုင်ပါမည်နည်း။ သဘာဝတရားက ကံဆိုးမသွားရာ မိုးလိုက်လို့မရွာဘဲ မိုးခေါင်၍နေချေပြီ။

ခြံဝမှ ဒယိမ်းဒယိုင်ဖြင့် ဝင်လာသော သားဖြစ်သူ အောင်သန်းအား စိတ်ပျက်စွာကြည့်မိသည်။ သားတစ်ယောက်တည်း အစ်မ၊ ညီမတွေကြားမှာ လူပျိုကြီးဖြစ်လို့နေ၏။ ဒါပေမယ့် ဘာမှ အားမကိုးရ။ ယခုလည်း ဘယ်ထန်းတောမှ ထန်းရည်သောက်ပြီး မူးလာသည်မသိပါ။ အိမ်ရှေ့ထောင့်နားမှ မီးဖိုချောင်ထဲသို့ဝင်သွားပြီး အိုးခွက်များကို လှန်လှောနေသည်။

"ဂလုံ. . . ဂလွမ်. . ."

"ဟဲ့ - အောင်သန်း၊ ဖြည်းဖြည်းသက်သာလုပ်ပါရဲ့။ အိုးတွေအယ်တွေ ကွဲကုန်ပါ့ရော့မယ်။ နင့်မလည်း တကတဲ သောက်စားပြီးပြန်လာ မွှေနှောက်စားဖို့ပဲ။ သားတစ်ယောက်ဖြစ်နေပြီး ဘာမှလဲ အားကိုးလို့မရဘူး"

အစ်မအကြီးဆုံး မဒေါင်းက အောင်သန်းတစ်ယောက် မီးဖိုတဲထဲမှာ မွှေနှောက်နေသည်ကို အမြင်ကတ်၍ လှမ်းအော်သည်။

အောင်သန်းကား အစ်မပြောတာ လောက်တော့ ဂရုပင်မစိုက်။ ဇလုံထဲ ထမင်းဟင်းစုပုံထည့်ပြီး မန်ကျည်းပင်အောက်လာ၍ ထင်းတုံးခုထိုင်ပြီးစားနေသည်။ ငနီနှင့် ငနက်ခွေးနှစ်ကောင်ကား သခင်းကျွေးမည့်ထမင်းလုတ်အား မျှော်ရင်း အမြီးတနှန့်နှန့်ဖြင့်ရှိနေ၏။

ဦးဖိုးသာသည် အနီးမှာထိုင်၍ ထမင်းစားနေသော သားဖြစ်သူအား လေပြေသွေး၍ချော့ပြောလိုက်သည်။

"ငါ့သား၊ ထမင်းစားပြီးရင် ကျောက်မဲတောက ကိုဘရီတဲမှာ ရေစုပ်စက်သွားငှားကွာ။ အဘတို့ရိုးထဲက ရေကို မြေပဲခင်းထဲတင်ရအောင်။ မြေပဲပင်တွေက ဒီတစ်ပတ်၊ နှစ်ပတ် မိုးမရရင် သေကုန်လိမ့်မယ်"

"အဖေရာ၊ သေကုန်လည်းအသစ်ပြန်စိုက်လိုက်ပေါ့၊ ပစ္စည်းသခါရ၊ လူသခါရပဲဟာ။ ကျွန်တော်မအားဘူး၊ ကောင်အေးတို့နဲ့ ချိန်းထားတယ်။ ရွာမြောက်ဘက် ထန်းတောမှာ ကြက်ဝိုင်းကောင်းတယ်။ ဒါနဲ့ အဖေ့မှာ ပိုက်ဆံရှိရင် နှစ်ရာလောက်ပေးစမ်းပါ။ ကြက်ပွဲနိုင်ရင် ပြန်ပေးပါ့မယ်"

"မင်းကွာ၊ ဖအေခိုင်းတာတော့ မလုပ်ဘူး။ ကြက်တိုက်ဖို့ ပိုက်ဆံလာတောင်းရတယ်လို့"

အိမ်ထဲမှာ အင်္ကျီစုတ်ချုပ်နေသော မိခင်ဖြစ်သူ ဒေါ်စောသည် သားအဖနှစ်ယောက်စကားသံကြောင့် အိမ်ထဲမှထွက်လာသည်။

"အောင်သန်း၊ နင့်အဖေခိုင်းတာ မလုပ်ချင်နေ၊ ပိုက်ဆံတော့မပေးဘူး။ ငါ့နှယ်တော် ဘယ်လိုသားမျိုးမွေးထားမိမှန်းကိုမသိဘူး။ အလေဏတော ပေါ်ကြော့ဖြစ်နေတာပဲ တကတဲမှပဲ။ ကိုဖိုးသာ၊ ရှင့်သားကို ပိုက်ဆံမပေးလိုက်နဲ့နော်"

မိခင်ဖြစ်သူ၏စကားသည် နောက်ကျ၍သွားချေပါပြီ။ လက်မြန်သော အောင်သန်းက ဦးဖိုးသာ၏ ချည်အင်္ကျီအိတ်ကပ်ထဲ ဆတ်ခနဲနှိုက်လိုက်သည်။ ဆယ်တန်ပိုက်ဆံတစ်ထပ်သည် လစ်ခနဲပါသွားတော့သည်။ ရွာနောက် ကောင်အေးတို့အိမ်ဘက်သို့ သူပြေးချေပြီ။ ခွေးနှစ်ကောင်က အယောင်ယောင်အမှားမှား လှမ်းဟောင်ကြသည်။

ဦးဖိုးသာမှာကား ခေါင်းတယမ်းယမ်းဖြင့် သားဖြစ်သူအား ငေးကြည့်လျက်။

မိခင်ဖြစ်သူကတော့ -

"တော်အလိုလိုက်လို့ ဒီကောင်လေးပျက်စီးနေတာ"

ဟု မြည်တွန်တောက်တီးရင်း ပြောဆိုနေပါတော့သည်။

◆

"ကောင်အေး မင်းကြက်က သေချာပါတယ်နော်"

"စိတ်ချစမ်းပါ ကိုကြီးအောင်သန်းရာ။ ဒီကြက်က နှောဘက်မှာ ငါးပွဲ

လောက်နိုင်လာတာ။ ကျွန်တော်ကြိုက်လွန်းလို့ အတင်းလုပြီးဝယ်လာတာ။ သေချာလို့ မိန်းမမသိအောင် ဆိတ်နှစ်ကောင်ခိုးရောင်းပြီးလောင်းမှာ"

"ရှုံးလို့ကတော့ကွာ၊ မင်းကြက်ကိုဒန်အိုးနဲ့ကိုတိုက်ပစ်လိုက်မှာ။ ဒါနဲ့ ဟိုဘက်ကကြက်က ဘယ်ရွာကလဲ"

"ညောင်တစ်ပင်က မြဝင်းကြက်လေ။ သူ့ကြက်ဖောင်းလေးကို သိတယ်မဟုတ်လား"

"အေးကွ၊ သူ့ကြက်က ခွပ်လက်ကလွတ်တာမကြာသေးဘူး။ တစ်ပွဲတော့ နိုင်ထားတယ်ကြားတယ်။ ဒီကြက်ကခြေရှူးပါကွာ"

သူတို့နှစ်ယောက် ကြက်ပိုက်ပြီး ရွာမြောက်ဘက်သို့ လှည်းလမ်းအတိုင်းထွက်လာခဲ့ကြသည်။ ကျောက်မဲတော ရွာမှ မူးရိုးဘက်သွားသော လှည်းလမ်းဆုံရောက်တော့ တင်ထွန်းနှင့် ကိုကြီးအေး အား ယိုင်တိယိုင်တိုင်နှင့် တွေ့သည်။ ထိုနှစ်ယောက်ကား ထန်းရည်အိုး ဆက်ရက်နှစ်သကဲ့သို့ ဒေါင်ချာဆိုင်း ကြလေပြီတည်း။

"ဟိုနှစ်ယောက် ကြက်ပိုက်ပြီး ဘယ်ကိုချီတက်နေကြတာလဲ"

"ငမဲတို့ ထန်းတောကိုပေါ့ဗျာ၊ ခင်ဗျားတို့တစ်တွေကလည်း နေမစောင်းသေးဘူး မူးနေကြပြီ။ ကျုပ်သောက်ကျန်ပါဦးမလားမသိဘူး"

"ကျန်ပါ့ဗျား၊ ငမဲထန်းတော ကိုလေးကုလား ထန်းရည်အိုးနဲ့ မင်း စောင့်နေလေရဲ့။ ဒါနဲ့ ဒီကြက်က ဘာ လုပ်မလို့လဲ"

"ကြက်ပဲဗျာ၊ တိုက်မလို့ပေါ့ဗျ"

ကောင်အေးက ဂုဏ်ဏွစ်တင် ဝင်ပြောသည်။

"သိပါဘူးကွာ၊ ငါတို့က ထန်း နဲ့ကြက်ကြော်ဆိုရင် တယ်ကြိုက်သ

"ခင်ဗျား ဂွတတစကားမပြော နော်။ ကျုပ်ကြက်ကတိုက်ကြက်ဗျ"

"တိုက်ကြက်ဆိုတော့ ပိုပြီးမြ လို့ကောင်းတာပေါ့ကွာ"

"တောက် - ဒီလူတွေတော့ကွာ"

"နေစမ်းပါဦး၊ ကောင်အေးရာ"

အောင်သန်းက ကောင်အေးအား ဝင်၍ဟန့်လိုက်သည်။

"ခင်ဗျားတို့ကျုပ်နဲ့လိုက်ခဲ့ပါလား ကြက်ပွဲလူစည်သွားတာပေါ့"

"မင်းထန်းရည်တိုက်မှာလား၊ တို့က မင်းကြက်ဘက်ကနေ အားပေး မှာမောင်"



www.burmeseclassic.com

www.burmeseclassic.com

ထန်းရည်တိုက်မည်ဟုပြောသဖြင့် ...စုံစုံ ယောက် ယိုင်တိယိုင်တိုင်ဖြင့် ...ကလာကြသည်။

လှည်းလမ်းဘေး ဒဟတ်ချုံထဲမှ ...မင်သားအမိနှစ်ကောင်ထွက်လာပြီး ...နီးရှိ ပဲစဉ်းငုံခင်းထဲသို့ ဝင်ပြေးလေ ...သည်၊ တင်ထွန်းမြင်သွား၍ အနီးရှိ မြေ ...ခဲနှင့် လိုက်ပေါက်သည်။ သမင်နှစ် ...ကောင်ကား ပဲစဉ်းငုံခင်းထဲမှာ ပျောက် ...သွား၏။ ကိုကြီးဌေးက ဦးဘရီဆီက ...နတ်သွားယူပြီး သမင်နောက်လိုက် ...ကြသည်။

အောင်သန်းက -

"ထားလိုက်စမ်းပါဗျာ၊ သမင်တွေ ...ဒီတောမှာ ပေါမှပေါပဲ။ နောက်ကျမှ ...လိုက်"

ဆိုသဖြင့် သူတို့လက်လျှော့သွား ...ကြသည်။ လှည်းလမ်းဘေး သန်းပင်၊ ...တ်ချုံများမှ ဒဟတ်ပန်းဖြူလွှလွှလေး ...ကား လေအသွေးမှာ သင်းပျံ့ပျံ့ဖြင့် ...လီလှုပ်လှဲကနေကြသည်။ မန်ကျည်း ...ကြီးထက်မှ ချိုလင်းပြာ ဖို၊ မ တစ်စုံ ...တကျူးကျူးမြည်သံပေး၍ ကြည်နူး ...ကြ၏။ ငမဲ၏ထန်းတောနှင့် နီး၍လာ ...ပြီ၊ ထန်းရည်သမားတို့၏ ဆူညံသံ ...အားကြားရသည်။

နေသည် အနောက်သို့တိမ်း၍လာ ...ပြီ၊ ကိုကြီးကျော်အမွှေကို ဆက်ခံ ...သူတစ်စုကား ထန်းရည်နှင့် ကြက်ပွဲ ...ပျော်ကြဦးတော့မည်။

◆

"ဖြောင်း ဖြောင်း ဖလပ် ဖလပ်"

ကြက်နှစ်ကောင်သည် လေပေါ် ...တက်၍ တောင်ပံချင်းရိုက်၊ ခြေအစုံ ...ချင်းအုံသို့ခတ်ရိုက်ကြ၊ နှုတ်သီးဖြင့် ...ဆိတ်ပြီး မြေပေါ်သို့ပြန်ကျလိုက် ... သဲကြီးမဲကြီးခွပ်နေသည်။

မြဝင်း၏ဖောင်းလေးကား ကောင် ...၏ ကြက်ပြာထက် အလုံးအထည် ...ငယ်သေးသော်လည်း ခြေ ...တ်မှ ပြောင်းဖူးစေ့အတက်ချွန် ... တစ်ချက်ချက်၌ ကောင်အေး၏ ...ဦးခေါင်းသို့ဝဲလျက်။ ကောင်အေး ...ကြက်ပြာသည် တစ်ဖက်ကြက်အား ...ကို ခွပ်ထားသဖြင့် ကြက်ဖောင်း ...မှာ ရင်နှစ်ခြမ်းရဲ၍ အမောက်မှာ ...သီးဖြင့်ဆိတ်ခြင်းကိုခံရသဖြင့် သွေး ...ချင်းနီနေသည်။ ကြက်နှစ်ကောင်က ...လာလျှင် တစ်ဖက်ကြက်တောင်ပံ ...အောက်သို့ ခေါင်းဝင်တိုး၍ အနားယူ ... ကောင်အေးက သူ့ကြက်ဖင်အား



လေဖြင့်မှုတ်လိုက်၊ ရေကိုငုံ၍ ကြက်ခေါင်းအားမှုတ်လိုက်ဖြင့် အလုပ်ရှုပ်နေသည်။ တကယ်တော့ ကြက်နှစ်ကောင်သည် တစ်ဖက်နှင့်တစ်ဖက် လက်ရည်မညှိကြပါ။ ထန်းတဲမှ ထန်းရည်သောက်သူတွေပင် စိတ်ဝင်စားလာကြသဖြင့် ရေအိုးနှင့် ဝါးခြမ်းများယူလာပြီး ကြက်ဝိုင်းအနီး မြေပြန့်မှာ ဝိုင်းထိုင်အားပေးလာကြသည်။ ကြက်ပွဲကြည့်သူတွေက သူတို့ကြိုက်သည့်ဘက်က လောင်းကြေးဝင်ထပ်ကြသည်။

ထန်းတောပိုင်ရှင် ငမဲက စာရွက်တစ်ရွက်၊ ခဲတံတစ်ချောင်းဖြင့် လောင်းကြေးအားလိုက်စုနေသည်။ ပွဲပြီးသွား၍ အလျော်အစား အရှုပ်အရှင်းဖြစ်သော် သူ့ထန်းတောအပိတ်ခံရမည် ဖြစ်သည်။ ပိုက်ဆံထပ်မထားလျှင် ရှုံးသူတွေက ပိုက်ဆံမပေးချင်တော့။ သတ္တိရှိရင် အသားလှီးယူလေ ဆိုကြလေသဖြင့် အသားမလှီးဘဲ ဗိုက်ကိုဓားနှင့်ထိုးသဖြင့် ကြက်ဝိုင်း၊ ဖဲဝိုင်း၌ မကြာခဏ လူသတ်မှုဖြစ်ကြရသည်။

မြဝင်း၏ကြက်ကား ကောင်အေးကြက်ပြာကြီးခွပ်ထားသဖြင့် ဦးခေါင်းတစ်ခုလုံးနီရဲဖူးထ၍နေ၏။ ရင်အုံတစ်ခုလုံးလည်း အမွေးတစ်မျှင်မှ မရှိတော့ဘဲ ရဲပတောင်းခတ်နေသည်။

အောင်သန်းတစ်ယောက် ကြက်နှစ်ကောင်၏ ခွပ်လက်ကိုကြည့်ပြီး သဘောအကျကြီးကျနေသည်။

ဘေးလောင်းကြေးတွေက သူ့ကြက်ဘက်မှ နှစ်လေးတစ်လေးဖြစ်လာ၏။ မြဝင်း၏ ကြက်ဖောင်းလေးမှာ ဖွဲ

တော့ အလွန်ကောင်းသည်။ စည်းဝိုင်းအပြင်သို့ ထွက်မပြေးပါ။ ပေ၍ခံနေသည်။ အတောင်နှစ်ဖက်မှာလည်း အံ့သေနေသဖြင့် ကောင်းကောင်းမဖြန့်နိုင်ရှာတော့။ ကြက်ပြာကြီးမှာ တစ်ချက်ခုန်၍ ခြေနှစ်ဖက်ဖြင့် တစ်ဖက်ကြက်၏ခေါင်းအား တဖြောင်းဖြောင်းရိုက်လိုက်၊ ပြန်ကျပြီး ခဏနားလိုက်ဖြင့်ရှိနေသည်။ ကောင်အေးက သူ့ကြက်ဖကြီးကို ရေငုံ၍ မှုတ်ပေးလိုက်သဖြင့် အားပေးနေရှာသည်။

"ဖေ့သားကြီး၊ တစ်ချီတည်းနဲ့ အပြတ်လဲသွားအောင် ခွပ်လိုက်တော့လေ။ ချ၊ ချ မြန်မြန်လေး။

ညောင်တစ်ပင်သားတွေ၊ မင်းတို့ကြက်ကို မသိမ်းသေးဘူးလား။ ဒီအတိုင်း ငုတ်တုတ်အသေခံမလား။ ကြက်ကလေးက ခြေကောင်းလေးပါကွာ၊ နှမြောစရာကြီး"

အောင်သန်းက မြဝင်းတို့ဘက်ကို ရိုပြီးပြောသည်။

"အောင်သန်းရာ၊ ကြွေတစ်လက်ကြက်တစ်ခုန်ပါကွာ၊ စည်းအပြင်မထွက်သေးပါဘူး။ စည်းထဲမှာ ငါ့ကြက်လဲသွားရင် မင်းနိုင်ပြီပေါ့။ ငါ့ကြက်ဒီလောက်သွေးမနည်းပါဘူး။ လောမနေစမ်းပါနဲ့"

မခံချင်၍ ပြောသာပြောရသည်။ မြဝင်းမျက်နှာကမကောင်း။ သူ့ကြက်ရှုံးရင်တောင် အတော်ကုယူရမည် ဖြစ်သည်။

"ဖလပ် ဖလပ် ဖြောင်း ဖြောင်း"

ဒီတစ်ချီမှာ ကြက်နှစ်ကောင်စလုံးလေထဲမှာ အတောင်ပံချင်း၊ ခြေချင်းဆိုင်မိကြသည်။ ကောင်အေးကြက်ပြာကြီးက ထုံးစံအတိုင်း မြေပေါ်ပြန်အကျခဏနားလိုက်၏။

ရုတ်တရက် ကြက်ဖောင်းလေးက ခုန်ပြီး ကောင်အေးကြက်ပြာကြီး၏ ဦးခေါင်းအား ခြေဖြင့်ခတ်သည်။

"ဖြောင်း ဖြောင်း ကွတ် ကွတ်"

ကြက်ပြာကြီးဦးခေါင်းမှာ သွေးချင်းချင်းနီသွားသည်။ တကွတ်ကွတ်နှင့် အသံပင်ထွက်သွား၏။ မြေပြင်တလင်းမှာ ကြက်ပြာကြီး၏ မျက်လုံးတစ်လုံးက သွေးသံတရဲရဲဖြင့် အထင်းသားတွေ့ရသည်။ ကြက်ပြာကြီး မမြင်မကန်းဖြင့် နောက်ဆုတ်လှည့်ထွက်ရင်း စည်းဝိုင်းအပြင်ဘက်ရောက်သွားသည်။

"ကောင်အေး၊ မင်းကြက်ရှုံးပြီ ကောက်လိုက်တော့"

မြဝင်း ပြောပြောဆိုဆိုဖြင့် သူ



www.burmeseclassic.com

www.burmeseclassic.com

ကြက်ဖောင်းလေးအား ပွေ့ချီလိုက်သည်။

ကြက်ဝိုင်းမှလူများ ဟာခနဲဖြစ်သွားကြသည်။ နိုင်နေသည့်ကြက်က ရုတ်တရက် အရှုံးဖြစ်သွားသည်ကိုး။

"တောက်"

ကောင်အေး မကျေမချမ်းဖြင့် သူ့ကြက်ပြာကြီးအား ပြေးကောက်သည်။ ကြက်ကြီးမှာ မမြင်မစမ်းဖြင့် ချာလည်လည်ဖြစ်နေသည်။

"ပေးစမ်း ကောင်အေး"

အောင်သန်းက ပြောပြောဆိုဆိုဖြင့် ကြက်ကြီးကို လုယူ၍ လည်ပင်းကို လိမ်ချိုးလိုက်သည်။

"ဟာဗျာ၊ ကိုအောင်သန်းကလည်း မလုပ်ပါနဲ့ဗျာ"

"ဘာမလုပ်ရမလဲ။ မင်းကြက်ရေမန်ကန်းက ဘယ်မှာသွားသုံးလို့ရတော့မှာလဲ"

"ကိုမဲ၊ ကာလသားချက်မဆလာနိုင်နိုင်လေးလုပ်လိုက်"

သွားပြီ။ အဖေ့ဆီက မ,လာသောငွေနှစ်ရာပါသွားပြီ။ ပေါင်းလိုက်တော့ အောင်သန်းဘက်မှ လောင်းထားသူတွေ ငွေတစ်ထောင်လောက်ရှုံးသွားကြသည်။

ထိုညနေက အောင်သန်းတို့လူသိုက် ထန်းတောမှာ ညစ်ရှုံးရှုံးဖြင့် ထန်းရည်နှင့် ကြက်သားဟင်းကို အမူးအရူး သောက်ကြသည်။ ကိုလေးကုလားနှင့် ကိုတင်ထွန်းမှာ အိမ်မပြန်နိုင်၍ ယာခင်းစပ် ကျွန်းပင်ကြီးအောက်၌ ခွေခွေလေး အိပ်ပျော်နေကြသည်။

လင်ကောင်ပိုးငှက်တို့ ညဘက်မှ တဂစ်ဂစ်အသံပေး၍ အစာရှာထွက်လာကြပြီကော။ ဇီးကွက်သံတွေက မန်ကျည်းတောထဲမှ ကွက်ကွက်မြည်အောင်ဆူညံ၍ ထွက်ပေါ်လာပါသည်။ တညင်းညင်းတိုက်ခတ်နေသော လေပြည်လေအေးနှင့်အတူ လျှိုချောက်များဆီမှ တောခွေးတို့၏အူသံက လွင့်၍ပါလာသည်။ ရွာကလေးမှာတော့ မီးမှောင်ချလျက် အိပ်ပျော်နေကြရှာပြီ ဖြစ်ပါသည်။

◆

ဖခင်နားပူအောင်ခိုင်းလွန်းသောကြောင့် မဖြစ်မနေ စိုင်ပြင်ကြီးသို့ ထွက်လာရသည်။ တကယ်တော့ အောင်သန်းသည် မိုးကာလအား အလွန်မုန်း၏။ တောင်သူတွေ မိုးရွာလို့ ပျော်နေကြချိန်မှာ သူအလွန်စိတ်ညစ်နေ၏။ မိုးရွာပြီးနောက်တွင် ရွာချင်းကူးသည့် လှည်းလမ်းတွေက တော်ရုံနှင့် မခြောက်တော့ပါ။ ဗွက်ထူလွန်းသဖြင့် ဖိနပ်ခါကြားထိုးပြီး မနည်းလျှောက်ယူရသည်။ ဒီလမ်းဗွက်ထူလို့ တခြားလမ်းက ရှောင်သွားရအောင်ကလည်း ယာခင်း၊ ကမူကုန်း၊ ရှားတော၊ ဒဟတ်ချုံများနှင့် ပေါကထနေတော့ အစဉ်အဆက် ဖောက်လုပ်ထားသော လှည်းလမ်းတွေကိုသာ အားကိုးရသည်။

သူတို့ဒေသက တောထူထပ်သည်လို့ပြောလို့မရသော်လည်း မဟာမြိုင်တောကြီးတောင်ဘက်ဆုံး ဝက်ရဲတော၊ နွားနယ်နှင့် မုံရွာ၊ ရေဦးကားလမ်းသာခြားသည့်မို့ ကားလမ်းအရှေ့ဘက်အုတ်ဖိုတောင်ကြီး၏ ပတ်လည်မှာ ထနောင်း၊ ရှား၊ တောသရက်၊ တည်ပင်၊ ထန်းပင်၊ ဆူး၊ ချုံပုတ်များနှင့် ကုန်းမြေက မညီညာလှ၍ မြောင်ပေါပါသည်။ သမင်၊ ဒရယ်၊ ချေယုန်၊ တောခွေး စသည့် အကောင်ငယ်တချို့ခိုအောင်းနေကြသည်။ သားကောင်တွေသည် မဟာမြိုင်တောတောင်ဘက်ဆုံး တောကြိုတောင်ကြားမှ ပဲပြစ်တောချောင်းရိုးအတိုင်း သည်ဘက်တောကူးလိုက်ဟိုဘက်တောကူးလိုက်ဖြင့် စားကျက်ကျနေကြသည်။ ပဲ၊ နှမ်းပေါ်ခါနီးဆိုလျှင် တချို့သားကောင်ငယ်လေးတွေက ပဲစင်းငုံခင်း၊ မြေပဲခင်းထဲ ဝင်ခွေနေကြပြီး စားသောက်ပစ်ကြသည်။ တောရိပ်တောင်ရိပ်ကြောင့် အညာဒေသဆိုပေမယ့် သိပ်မပူပါ။

အိမ်က နံနက်စောစောထွက်လာသဖြင့် စိုင်ပြင်ကြီးသို့ မနက် (၈) နာရီလောက်ရောက်သည်။ အဖော်ခေါ်လာသော ကောင်အေးကား တစ်လမ်းလုံး လှည်းပေါ်တွင်အိပ်ပြီးလိုက်ပါလာသည်။

"ဟေ့ကောင် ထတော့၊ စိုင်ပြင်ဈေးရှေ့ရောက်နေပြီ"

အောင်သန်း နှိုးလိုက်မှ ကောင်အေး ပြူးတူးပြတဲထ၍ တဝါးဝါးသမ်းနေသေးသည်။

"ဗိုက်ဆာလိုက်တာဗျာ၊ မုန့်တီလေးဘာလေးကြိတ်စမ်းပါဦး"

"မင်းကတော့ နိုးလာရင်အစားပဲ။ လှည်းကို ဒွေးလေးတို့အိမ်ရှေ့တမာပင်အောက်မှာ ချည်ရဦးမှာ"

"ကိုအောင်သန်း ကျွန်တော်တို့လည်း ရွာမှာချက်ကြီးနဲ့ပဲညားနေရတာ၊ စိုင်ပြင်ရောက်တုန်း အဖြူလေးဘာလေးကိုင်ရအောင်ဗျာ"

"မင်းပိုက်ဆံဘယ်နှပြားပါတုံး"

"ကိုအောင်သန်း ခေါ်လာတာပဲ ခင်ဗျားတာဝန်ပေါ့"

လှည်းမှ နွားများဖြုတ်၍ တမာ… ပင်ရိပ်မှာချည်လိုက်ပြီး ကောင်အေး… ပြောစကားကြောင့် သဘောကျသွား… သည်။

ကွမ်းဝါးနေရာမှ အမှတ်တမဲ့… ဘေးသို့ ကွမ်းတံတွေးထွေးလိုက်သည်။

"ထွီ"

"အမေ့ ဟင်-မိုက်ရိုင်းလိုက်တာ… လူတစ်ယောက်လုံးလာနေတာကို မမြင်… ဘူးလား၊ မျက်လုံးကန်းနေတာကျ… တာပဲ"

"ဟာဗျာ - မတော်လို့ပါ၊ မမြင်လို့… ထွေးမိတာပါ တောင်းပန်ပါတယ်"

အောင်သန်းပျာပျာသလဲတောင်း… ပန်ရင်း မိန်းကလေးကို ကြည့်မိသည်… အတော်လေးလှသော မိန်းကလေး ဖြစ်… သည်။ အသက်(၂၀)ဝန်းကျင်ခန့်ရှိမည်… ထင်၏။ တောသူဖြစ်သော်ငြား အသား… အရေက အဖြူဘက်နှယ်နေသည်… မျက်ခုံးကောင်းကောင်း၊ နှာတံပေါ်ပေါ်… လေးမို့ အောင်သန်းငေးပြီးကြည့်နေမိ… သည်။ မိန်းကလေးက ကွမ်းတံတွေး… သွားသော ခြေဖမိုးအား စက်ဆုပ်… သုတ်ရင်း အောင်သန်းအား မျက်စော… ထိုး၍ကြည့်သည်။ သူမဒေါသထွက်နေ… ပေမယ့် အောင်သန်းက ဒါတွေမမြင်… သူ့မျက်စိထဲမှာ အလှတရားတွေသာ… ဖုံးလွှမ်းနေသည်။ မိန်းကလေးက … ဆောင့်၍ ထွက်သွားသဖြင့် ဖုန်မှုန့်တချို့… လွင့်ပျံ့လာသည်။

"တောက် - လှလိုက်တာကွာ… တောသူသာဆိုတယ် မသိရင် မုံရွာ… လိုလို၊ မန္တလေးကလိုလိုပဲ"

"ဟဲ ဟဲ - အဲဒါ ယင်းရဲက ကွမ်း… တောင်ကိုင်ပဲ ဆရာရေ"

"ဘာ၊ ယင်းရဲရွာဘက်မှာဒီလော… ချောတာ ငါမတွေ့ဖူးပါဘူးကွာ"

"သိချင်ရင်တော့ အဖြူတစ်… အမဲခြောက်ဖုတ်တစ်ပန်းကန်နဲ့ လာ… ထိုးရင်ပြောပြပါမယ်မောင်"

"ဟေ့ကောင် မင်းပြောချင်ပြော… မပြောချင်နေ၊ ငါဟာငါစုံစမ်းမယ်။ ယင်း… ရဲကို တစ်ပတ်လောက်ပတ်လိုက်ရင်… လာမှာပဲ"

"ယင်းရဲကကောင်တွေက လ… သံပြောင်တယ် ကိုယ့်ဆရာရေ"

"ငါလည်း စရစ်ကုန်းကျေးရွာသား… ပါကွာ ခွေးမနည်းပါဘူး။ မဟာဗန္ဓု… စစ်ထွက်တော့ ငါတို့ရွာသားတွေအ… ကြီးစစ်ထဲလိုက်သွားကြတာပဲ"

"အင်္ဂလိပ်အမြောက်လှည်းချ…



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်မှ ပြန်ပေါ်မလာကြတော့ဘူးမလား"

"ဟေ့ကောင် မင်းပါးစပ်ပိတ်ထား။ သောက်မယ်ဆို ငါလိုက်ပြီးတိုက်မယ်။ ငါ့အဘိုးအဘေးတွေကို စော်ကားလာနဲ့"

နှစ်ယောက်သား စိုင်ပြင်ကြီးဈေးတန်း အစိုးရဘုံဆိုင်သို့ထွက်ခဲ့ကြသည်။ အမြဲဆိုင်ကား နံနက်ပိုင်းဖြစ်သော်လည်း သောက်သမားများရောက်ရှိနေကြပြီး စည်ကားနေပါသည်။

◆

နေကား စူးစူးရဲရဲပြင်းလွန်းလှသည်၊ သူတို့နှစ်ယောက်မှာ အတော်လေးမူးနေကြပြီ ဖြစ်၏။ မူးရိုးလမ်းလေးအတိုင်း ရွာသို့ပြန်လာကြသည်။ မူးရိုးသည်ပေါင်ပေါ်၌ လှည်းမောင်း၍မရပါ။ သည်ပေါင်အောက် လှည်းလမ်းအတိုင်း နွားတွေကို အသော့နှင်လာသည်။ ဗွက်ထူလွန်းသော လှည်းလမ်းကျဉ်းလေးမှာ နွားများ အတော်ပင် ရုန်းရရှာသည်။ ရွာဘယ်ဘက်တွင် ယင်းရဲသို့ချိုးသည့် လှည်းလမ်းရှိသည်။ ယင်းရဲဘက်မှလှည်းတစ်စီးဖြတ်ထွက်လာသည်ကို အောင်သန်း မမြင်မိပါ။

"ဟေ့ကောင်တွေ၊ လှည်းကိုဘေးနားလေ။ ဒီမှာ လှည်းလာနေတာ မမြင်ဘူးလား"

"မမြင်လို့ပေါ့ဗျ၊ ခင်ဗျားတို့အရင်မြင်ရင် လှည်းကိုအဘေးချထားပါလား"

"ဒီကောင်စကားပြောတာရင့်လှချည်လား။ မင်းတို့ဘယ်ရွာကလဲ"

တစ်ဖက်လှည်းပေါ်မှ ပါလာသူအဖော်တစ်ယောက်က လှမ်းမေးသည်။

"ကျောက်စရစ်ကုန်းရွာက အောင်သန်း"

"အောင်မယ်-နာမည်ကြီးနဲ့မှလာတွေ့နေတယ်။ ငါလည်း ယင်းရဲရွာက မြဝင်းဆိုတာပဲ။ မင်းမကြားဖူးဘူးလား"

"ကြားဖူးသားပဲ၊ ကြက်သမား မြဝင်း ဆိုတာ"

"ဟေ့ကောင်၊ မင်းလှည်းဘေးချလိုက်"

"မချဘူးဆိုရင်ဘာလုပ်မှာလဲ"

"စကားရှည်တယ်ကွာ၊ ကျောက်စရစ်ကုန်းသားတွေကိုရိုက်ကွာ"

လှည်းမောင်းသမား၏ စကားဆုံးသည်နှင့် ယင်းရဲသား မြဝင်းသည် ထင်းချောင်းကိုကိုင်၍ လှည်းပေါ်မှ ခုန်ဆင်းလာပါသည်။ ကောင်အေးက လှည်းရှေ့ဒိုင်မှာထိုးထားသော ကိုင်းခုတ်ဓားအား ဆွဲထုတ်လိုက်သည်။ သူသည် နွားသတ်၊ ဝက်သတ်လုပ်နေကျမို့ ထစ်ခနဲဆိုလျှင် ခုတ်ချင်ထစ်ချင်၏။

"ကောင်အေး - အသာနေ၊ ဓားမလိုဘူး မျက်စိရှင်ရှင်ထား။ မြဝင်းလဲသွားရင် ကျန်တဲ့ကောင်တွေ လှုပ်ရဲမှာမဟုတ်ဘူး။ လှည်းနားကပ်လာမှ ငါဆီးပြီးရိုက်မယ်"

ကောင်အေးသည် လက်မှ ကိုင်းခုတ်ဓားကို ဆ၍ဆ၍ အသာကြည့်နေသည်။ ယင်းရဲရွာမှ လှည်းပေါ်တွင် လူသုံးယောက်ပါလာသည်။ သူတို့ကလည်း မူးနေကြဟန်တူ၏။ အောင်သန်းလည်း နင်းကြမ်းပေါ်မှ ထမ်းပိုးချောင်းကိုအသာစမ်း၍လှည်းနားသို့ကပ်လာသော မြဝင်းအား မျက်တောင်မခတ်ကြည့်နေသည်။ လှည်းနားရောက်လာသော မြဝင်းက လှည်းပေါ်မှ အောင်သန်းအား ထင်းချောင်းနှင့်ရိုက်ရန် လက်အမြှောက် အောင်သန်း၏လက်မှ ထမ်းပိုးက မြဝင်း၏ နားထင်ဆီသို့ ဝှီးခနဲဝင်သွားပါတော့သည်။

"ဝှီး၊ ဖြောင်း၊ အား"

မြဝင်းသည် သွေးအရဲသားဖြင့် လှည်းလမ်းဘေး၌ ပုံလျက်လဲကျသွားသည်။

"ဟာ - ဆရာမြဝင်းထိသွားပြီ။ ဟေ့ကောင်တွေ၊ မင်းတို့ဘယ်လိုလုပ်လိုက်တာလဲ။ သေသွားရင် ရဲကင်းကိုတိုင်မယ်"

"မသေဘူး၊ ငါ့လက်ဆကို ငါသိတယ်။ ဆရာဝန်ဆီသွား (၆) ချက်၊ (၇) ချက်လောက်ချုပ်လိုက်။ မှတ်ထား၊ မူးတောင်ဘက်ရွာသားတွေက ဆည်ရေမသောက်ပေမယ့် သွေးကတော့ နီတယ်ဆိုတာ မင်းတို့သိအောင်ပြလိုက်တာပဲ။ မင်းတို့လှည်းကိုဘေးချလိုက် မချလို့ကတော့ ဒီမှာတွေ့လား"

အောင်သန်းက ကောင်အေး လက်မှာ ကိုင်းခုတ်ဓားကို ထောင်ပြလိုက်သည်။ ဓားသွားက နေရောင်မှာ တလက်လက်နှင့်။

ခေါင်းဆောင် လဲသွားပြီဖြစ်၍ တစ်ဖက်ရွာသားများလန့်သွားကြပြီဖြစ်ပြီး လှည်းကို ဘေးသို့ကမန်းကတန်းချပေးလိုက်သည်။ မြဝင်းကား လှည်းလမ်းဘေးမှ သွေးချင်းချင်းနီ၍ မလှုပ်မယှက်။

အောင်သန်း ခပ်တည်တည်နှင့် လှည်းကို ဆက်မောင်းလာခဲ့သည်။

◆

သက်ကယ်ခြုံရွာစွန်တောင်ဘက်ဒေါ်အေး၏ ချက်အရက်တဲ၌ လူစုံတက်စုံရှိနေကြသည်။ ကျောက်မဲတောရွာမှ မုဆိုးကြီးဦးဘရိုး၏သား ကိုလေးကုလားက အောင်သန်းတိုက်သည့် ချက်အရက်ကို နင်းကန်ခွသောက်ရင်း အောင်သန်း၏လက်သံပြောင်မှုကို ချီးကျူးသည်။ ငတ်ငတ်နှင့် တစ်ခွက်ပြီးတစ်ခွက် ဆင့်ချထားသောကြောင့် ကိုလေးကုလားသည် အတော်မူးနေချေပြီ။ ပါးစပ်မှ တံတွေးများစီးကျနေပြီး စကားပင်မပီတော့။ နွားကျောင်းရင်း လှည့်ဝင်လာသော ကျောက်မဲတောရွာသား ကိုကြီးဌေးမှ ဝိုင်းကောင်းလှသဖြင့် ဝင်ကူသောက်ပေးရင်း မူးနေတော့သည်။ သူမူးလာလျှင် ဆိုနေကျ တွံ့တေးသိန်းတန်၏ သီချင်းလေးကို ညည်းတော့သည်။

"တောရွာ××× တောလေ့ ပျော်မွေ့ဖွယ်××× တကယ်ပါ×××မြို့မှာနေတဲ့ မြို့ကြီးသူမမတွေရယ့်×××တို့တောရွာ အလှကို ခံစားကြည့်စေချင်တယ်×××"

"ကိုကြီးဌေး၊ ခင်ဗျားခါးပုံစထဲက ဘာလဲ။ ထုတ်စမ်းပါဗျာ"

"ချိုးလေးတွေပါကွာ။ ငါနွားကျောင်းရင်းပစ်လာတာပါ"

"ဒီမှာ အမြည်းကုန်နေပြီ။ ထုတ်ဗျာ၊ အမွေးနုတ်ပြီးကင်ရအောင်"

"မလုပ်ပါနဲ့ကွာ၊ ငါ့သားလေးတွေကို ချိုးကင်နဲ့ ထမင်းကျွေးရအောင်လို့ပါ။ အိမ်မှာမိန်းမကမရှိဘူး၊ ဈေးရောင်းထွက်တယ်။ ဒီမနက် ထမင်းတစ်အိုးပဲ ချက်ထားလို့ပါ"

"လုပ်မနေပါနဲ့ဗျာ၊ ခင်ဗျားအရက်ကျတော့သောက်ပြီး အမြည်းကျတော့ မထုတ်ချင်ဘူး"

ကောင်အေး မူးမူးနှင့်ရစ်လေပြီ။

"ထားလိုက်ပါကွာ ကောင်အေးကလည်း၊ သူ့မိသားစုဟင်းစားလေးကို မင်းကသွားပြီးမြည်းချင်နေတယ်"

အောင်သန်းဟန့်လိုက်မှ ကောင်အေး ငြိမ်သွားသည်။ ယင်းရဲမှ လူမိုက်မြဝင်းကို ရိုက်လိုက်သည့် သတင်းက မူးတောင်ဘက်ရွာတွေမှာပြန့်သွားသည်။ အောင်သန်းတစ်ယောက် လူမိုက်ကြီးစာရင်းဝင်သွားတော့သည်။ သူ၏လက်သံပြောင်မှုက တော်ရုံလူ အောင်သန်းကို ခံမပြောရဲတော့။ လူမိုက်များပေါ်သော သူတို့ဒေသသည် သူထက်သူ လူမိုက်များပေါ်လာသောအခါ နေရာယူ၍ ကြောက်ရွံ့ကြသည်မှာ သူတို့အရပ်ဓလေ့သဖွယ်ဖြစ်နေပါတော့သည်။

သို့သော် ရွာတော်တော်များများ



www.burmeseclassic.com

www.burmeseclassic.com

က မုဆိုးကြီးဦးဘရီ၏အိမ်ကိုတော့ ရှိန်ကြသည်။ အမဲပစ်သေနတ်ရှိသည်။ အိမ်ကို မုံရွာစစ်တပ်၊ မြို့ကြီးမှနယ်ပိုင်၊ ပါတီယူနစ်မှလူကြီးများ၊ ခရိုင်ရဲအုပ်ကြီးတို့ ဝင်ထွက်နေကြသဖြင့် မင်းပေါက်စိုးပေါက်ဖြစ်သောကြောင့် မည်သူမျှ မစော်ကားရဲကြ။ ကျောက်မဲတော၊ သက်ကယ်ခြံ၊ ညောင်တစ်ပင်၊ ဆပ်ပြာရိုး၊ စရစ်ကုန်းရွာများသည် အုတ်ဖိုတောင်ခြေတောအုပ်ကြီး၏ ဝန်းကျင်ရွာများ ဖြစ်သည်။ တောင်ပတ်လည်၌ တောထူသော်လည်း ကျန်သည့်နေရာများသည် ယာခင်းများ၊ တောအုပ်များဖြင့် ဟိုသည်တစ်ကွက်စီရှိ၏။ မဟာမြိုင်တောကြီး တောင်ဘက်ဝက်ရဲတော၊ နွှာနယ်နှင့် မုံရွာ၊ ရေဦးကားလမ်းသာခြား၍ တောကောင်ကြီးများက မဟာမြိုင်ရဲ့တောကြီးဘက်မှာရှိသော်လည်း သမင်း၊ ဒရယ်၊ ချေ၊ ယုန်၊ ကြောင်၊ တောခွေး စသည့် အကောင်ငယ်များက ရွာပြင်တောစပ်အနှံ့ ခိုအောင်းကြသည်။ မုံရွာ ခလရတပ်မှ လက်နက်ပြင်သည့်စစ်သားများ သေနတ်စမ်းသည်ဟု အကြောင်းပြု၍ ကျောက်မဲတောရွာရှိ မုဆိုးကြီး ဦးဘရီအိမ်သို့ ခဏခဏလာကြသည်။ ပါတီယူနစ်ဥက္ကဋ္ဌ၊ ခရိုင်ဝန်နယ်ပိုင်၊ ဌာနာအုပ်ကြီးမှာကလည်း နယ်လှည့်ကွင်းဆင်းရင်း တောပစ်လာတတ်ကြသည်။ လူကြီးများကား ပိဋ္ဋိယက္ခမင်းကြီးကဲ့သို့ သမင်သားအားလွန်စွာကြိုက်ကြသည်တဲ့။ ရွာပြင်တောအုပ်၌လည်း သမင်တို့ အလွန်ပေါ၏။

မိုးအကုန် ဆောင်းအကူး ပဲ၊ နှမ်းတို့သီးစပြုပြီဆိုလျှင် တောကောင်ငယ်လေးတွေ ယာခင်းသို့ထွက်လာကြတော့သည်။ လူလစ်သည်နှင့် ယာခင်းထဲဝင်ပြီး စားကြသည်။ ရွာသားများကလည်း သုတ်ကိုင်းများထောင်၍ဖမ်းကြသည်။ မိသည်လည်း ရှိသည်။ ကြောင်၊ ယုန်လောက်အငယ်များမိတတ်သော်လည်း သမင်၊ ဒရယ်၊ ချေ၊ ဆတ်လောက် အကောင်ကြီးများကျတော့ လုပ်သေနတ်ရှိသည့်သူတို့သာရသည်။ တစ်ခါတစ်ရံ ဦးဘရီ တောင်ပေါ်တက်လျှင် အဖော်လိုက်ပေးပြီး ဟင်းစားတောင်းရ၏။ သို့အတွက်ကြောင့် ကျောက်မဲတောရွာမှ မုဆိုးကြီး ဦးဘရီတို့မိသားစုအား ရွာနီးချုပ်စပ်က လေးစားကြသလို ရှိန်လည်း ရှိန်ကြသည်။ ငွေကြေးပြည့်စုံသော ယာပိုင်ရှင်တောင်သူကြီးများဖြစ်သောကြောင့်လည်း လူသူလေးစားသည်။ တော်ရုံပြဿနာဆိုလျှင် ဦးဘရီရှေ့ထွက်၍ မတ်တတ်ရပ်ပြလျှင် ပြေငြိမ်းသွားတတ်သည်။ တောင်သူတောင်သားတွေကလည်း မင်းပိုင်စိုးပိုင်ကို အလွန်ကြောက်သည်။ ရိုးသားကြသလို ဗဟုသုတလည်း နည်းပါးသဖြင့် ပြဿနာဖြစ်လျှင် သိပ်ပြီး ရှည်ရှည်ဝေးဝေး တွေးမနေကြသဖြင့် လက်ရောက်မှု အလွန်ပေါသည်။ မကြာခဏ လူသတ်မှုဖြစ်ပွားသည်။ နယ်မြေအနေအထားကလည်း ရာဇဝင်နှင့်ချီ၍ ရှိလာခဲ့သဖြင့် မိုက်သွေးတွေပါလာကြသည်လား မပြောတတ်ပါ။ မည်သို့ပင်ဆိုစေကာမူ ရွာလေးများကား အေးချမ်းလှပါဘိ။

ကျွန်းပင်ကြီး၏ အရွက်ဖားဖားများပေါ်မှ နှင်းစက်နှင်းပေါက်တို့က ယာကန်သင်ရိုးပေါ်သို့ တပေါက်ပေါက်ကျလျက်။ ထန်းပင်ညို့ညို့တို့သည် မြူနှင်းတို့ဖြင့် အုံ့မှိုင်းလျက် ထန်းရွက်များကြားမှ နံနက်ခင်း၏နေခြည်သည် မဝံ့မရဲထိုးထွက်လာသည်။ နေထန်းတစ်ဖျားရောက်နေသော်လည်း နှင်းမကွဲသေးပါ။ ပြာသို၏ ဆောင်းနံနက်သည် အေးစိမ့်လွန်းလှလေသည်။ မြောက်လေသည် မန်ကျည်းပင်ကြီးများအား တိုးဝှေ့လျက် တသုန်သုန်တိုက်ခိုက်နေသည်။ တမာပင်ပေါ်မှ ချိုးငှက်တစ်ကောင်က ပျင်းရိပျင်းတွဲဖြင့် တကူကူးနေသည်။

ဦးဖိုးသာသည် ခြံဝိုင်းထဲမှ တဲအိမ်ရှေ့မန်ကျည်းပင်ရိပ်အောက် မီးဖိုဘေးမှာ ရေနွေးကြမ်းအိုးချ၍ မီးလှုံနေသည်။ အညာဆောင်းကား နံနက်၊ညမီးအဆက်မပြတ်ဖိုထားရသည်။ ရှားသားထင်းတုံးကြီးကား တငွေ့ငွေ့လောင်ကျွမ်းလျက်။ ထန်းပလပ်ခြောက်များကို မီးတောက်ရရန် မီးဖိုထဲသို့ ထိုးထည့်လိုက်သည်။ မီးတောက်တက်လာသဖြင့် ခွေးနှစ်ကောင်က မီးဖိုနားသို့တိုးကပ်ရင်း တအီအီအသံပေး၏။ အောင်သန်း အိပ်ရာမှထ၍ မျက်နှာသစ်ပြီး ထမင်းကြော်ပန်းကန်ဆွဲ၍ မီးဖိုနားလာထိုင်သည်။

"သားရယ်၊ မြေပဲခင်းကဥနေပြီ။ ညနေယာထဲမှာသွားစောင့်ပါလား။ လူမသမာနဲ့ တောကောင်တွေဝင်စားကုန်ရင် ဘယ်လိုလုပ်မလဲ"

"အဖေကလည်းဗျာ၊ ဘယ်သူမှ ကျုပ်တို့ယာထဲကိုဝင်မခိုးရဲပါဘူး။ တောကောင်လေးတွေဝင်စားလည်း ဝင်စားပါစေပေါ့။ အဖေတို့လည်း သူတို့ကိုပစ်ခတ်လို့ရရင် ချက်စားနေကျတာပဲဟာ"

ဦးဖိုးသာ ဘာမှဆက်မပြောတော့ပါ။ သားဖြစ်သူအား စိတ်ပျက်လက်ပျက်ကြည့်ပြီး မီးဖိုအနားမှထသွားပါတော့သည်။ အစ်မဖြစ်သူ မဒေါင်းက မီးဖိုထဲမှာ ချက်ပြုတ်နေရင်း တဖျစ်တောက်တောက်နှင့် ပြောဆိုနေသည်။ အငယ်ဖြစ်သူသည် ယာခင်းထဲမှ နွားစာမြက်ရိတ်ရင်း ပြန်ရောက်လာသည်။ ရောက်ရောက်ချင်းပင် နွားစာခွက်ထဲသို့ ဖြည့်၊ ပဲရိုးစဉ်းများနှင့် မြက်တို့အား နွားစာခွက်ထဲမှာရေမွှေထည့်ပြီး နွားစာကျွေးသည်။ အောင်သန်းကား ညီမလုပ်သူ နွားစာကျွေးနေသည်ကို ကြည့်ကောင်းကောင်းနှင့် ကြည့်နေပါသည်။ သူသည် အလုပ်ကို လက်ကြောတင်းအောင်လုပ်ချင်သူတစ်ယောက်မဟုတ်ပါ။

လက်ထဲမှာ ပိုက်ဆံပြတ်နေ စိတ်ညစ်နေသည်။ တစ်ခုခုလုပ် ကောင်အေးနှင့် တိုင်ပင်ရဦးမည်။ ထမင်းစားသောက်ပြီး ဆေးပေါ့လိပ်တစ်လိပ်မီး၍ ကောင်အေးတို့အိမ်ဘက် ထွက်လာခဲ့သည်။

◆

ရွာအပြင်ဘက် တမာပင်ကြီးအောက်မှာ နှစ်ယောက်သား ငုတ်တုတ်ထိုင်ပြီး အကြံထုတ်နေကြသည်။

"ပိုက်ဆံမရှိဘူး ကောင်အေး ဘာလုပ်ရင်ကောင်းမလဲ"

"ကျွန်တော်လည်း အိမ်ကမိန်း ဆီကတောင်းလို့မရဘူးဗျ"

"ငါ့အိမ်ကလည်း အမေက ပိုက် ဆံထုတ်မပေးဘူး။ ငွေနှစ်ဆယ်၊အစိတ် ဖို့ အတော်လေးအာပေါက်အောင်ပြော နေရတယ်"

"ကျွန်တော်တော့ ဓားပြသာထွက် တိုက်ချင်ပြီ"

"မင်းကတကယ်တိုက်ရဲလို့လား"

"ဘာလို့မတိုက်ရဲရမှာလဲ"

"နေပါဦး-ဓားပြတိုက်မယ်သာ တယ်၊ ငါတို့နှစ်ယောက်တည်းနဲ့ ဘယ် လုပ်တိုက်မှာလဲ။ ဘယ်မှာလဲ သေနတ်

"အင်း - ဟုတ်တော့ဟုတ်သာ ဒါဆိုရင်လည်းဗျာ၊ လူရိုက်ပြီး ပိုက် လုရအောင်"

သူတို့နှစ်ယောက်သည် အလုပ် လက်ကြောမတင်းသူများပီပီ ငွေရလွယ် သည့်ဒုစရိုက်မှုအား ကျူးလွန်ဖို့စိတ် နေကြပြီ ဖြစ်ပါတော့သည်။

"လောလောဆယ် အရက် အောင် အိမ်က နှမ်းပုတ်ထဲက နှမ်း အောင်ကွာ။ ဒီနည်းက ပိုက်ဆံ အသေအချာဆုံးပဲ"



www.burmeseclassic.com

www.burmeseclassic.com

အောင်သန်း သူ့အိမ်က နှမ်းခိုးဖို့ ကြံနေလေပြီ။

"ဖြစ်ပါ့မလား ကိုအောင်သန်း၊ ခင်ဗျားအစ်မကြီးက နားကပါးပါပေ့နဲ့"

"ဖြစ်ပါတယ်ကွာ၊ အဖေတို့တွေ ယာခင်းထဲသွားနေကြတာပဲ။ အစ်မ တစ်ယောက်တည်း မီးဖိုချောင်ထဲမှာ ချက်ပြုတ်နေတာ အိမ်အောက်ပုတ်တွေ ဘက် အာရုံမရောက်နိုင်ပါဘူး။ လာပါ ကွာ ကြာပါတယ် မြန်မြန်သွားရအောင်"

သူတို့နှစ်ယောက် အိမ်ဝိုင်းခြံစည်း နောက်ဘက်မှ အသာဝင်ခဲ့ကြပြီး တွေ့ သည့်မြေဆီအိတ်အလွတ်နှင့် နှမ်းပုတ် တောင်းကြီးအားဖွင့်၍ ကျုံးထည့်နေကြ သည်။

ထိုစဉ် အစ်မကြီးဖြစ်သူက ဟင်း ချက်ဖို့ ခရမ်းချဉ်သီးယူရန် အိမ်ဘက်သို့ လာနေသည်။ အညာဓလေ့က ခရမ်း ချဉ်သီးများအား အိမ်အောက်တွင် သဲ ခင်းပြီး ဖြန့်ထားလေ့ရှိသည်။

"ကိုအောင်သန်း မြန်မြန်လုပ်။ ဟိုမှာ မဒေါင်းလာနေတယ်"

"ဟာ - ဒုက္ခပါပဲ။ တော်ပြီ သလောက်နဲ့ပဲလစ်တော့မယ်"

သူတို့နှစ်ယောက်မှာ မြေဆီအိတ် အပြည့် နှမ်းများခိုးရန်ဖြစ်သော်လည်း ဒေါင်းမိသွားလျှင် ပြဿနာတက်မှာမို့ သလောက်နှင့် ခြံစည်းရိုးဖြုပြီး အမြန် လစ်ထွက်ခဲ့ကြသည်။ စိုင်ပြင်ဈေးမှာ နှမ်းရောင်းရငွေ (၅၀၀) နှင့် အရက်ဆိုင် မှာ တဝတပြဲသောက်ကြသည်။ အရက် နှင့် ကြွက်ကင်ကား လိုက်ဖက်ပါပေ စွ။ သူတို့အရက်သောက်နေစဉ် ဘေး အရက်ဝိုင်းမှ စကားသံတချို့ကြောင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိ ကြသည်။

"ကိုလူလှ၊ ခင်ဗျားမြေနီရိုးကို ဘယ်တော့သွားမှာလဲ"

"ငါ ဒီတစ်ပိုင်းကုန်ရင်သွားမှာပါ။ ဘာဖြစ်လို့လဲ"

"ဦးကြီးကမှာလိုက်လို့ပါ။ ပဲဖိုးလာ ရှင်းနဲ့ ဒီဇယ်တစ်ဂါလန်လောက်ဆွဲ ခဲ့ပါတဲ့။ သူ့အိမ်မှာမီးထွန်းဖို့ဆီပြတ် နေလို့တဲ့"

"အေးပါ၊ ငါဝယ်သွားမှာပါ"

ကိုလူလှသည် စိုင်ပြင်ပွဲရုံမှ ပွဲစားတစ်ယောက်ဖြစ်သည်။ မူးရိုးတစ် လျှောက်ရွာများဆီသို့ ကိုယ်တိုင်ဆင်းပြီး နှမ်းများအား ကြိုဝယ်လို့ရလျှင် ကြို သည်။ တချို့တောင်သူတွေက ပေါ် ပဲ၊ နှမ်းများအား မရောင်းသေးဘဲ အရင်ပို့ထားတတ်ကြသည်။ တက် ဈေးရတော့မှ ပေါက်ဈေးနှင့်ဖြတ်ယူကြ ၏။ ထိုကုန်များကိုလည်း ကိုလူလှက လှည်းဖြင့် လိုက်သိမ်းရသည်။ ပွဲရုံ၏ လူယုံပွဲစားတစ်ယောက် ဖြစ်သည်။

အောင်သန်းတစ်ယောက် ကိုလူလှအား မသိမသာ အကဲခတ်လိုက်၏။ လွယ်အိတ်ထဲမှာပိုက်ဆံတွေပါပုံရသည်။ ထိုစဉ်က ငါးရာတန်၊ တစ်ထောင်တန် မထွက်သေး။ ငွေစက္ကူများကိုလည်း တရားမဝင်ကြေညာထားသဖြင့် အရွက် သေးများသာသုံးနေကြရသောကြောင့် ကိုလူလှ၏လွယ်အိတ်သည် ဖောင်းကား နေပါသည်။ ကောင်အေးက ဘယ်လိုလဲ ဟူသောအကြည့်ဖြင့် အောင်သန်းအား ကြည့်သည်။ အောင်သန်း ခေါင်းညိတ်ပြ လိုက်၏။ နှစ်ယောက်သား သောက် လက်စအရက်အား ဆက်မသောက် တော့ဘဲ ပုလင်းခါးကြားထိုး၍မူးရိုးဘက် အမြန်လစ်ထွက်ခဲ့ကြသည်။

ကိုလူလှက စက်ဘီးပါသဖြင့် သူတို့ဆည်မြောင်းတဲကျော်အောင် အမြန် လျှောက်ကြရသည်။ မူးရိုးဘေး ဆည် မြောင်းတဲမှာ ဆည်မြောင်းဝန်ထမ်းရှိ သည်။ မတော်တွေ့သွားလျှင် ပြဿနာ တက်သွားနိုင်သည်။ ဆည်မြောင်းတဲ လွန်လာပြီး ယင်းရဲလမ်းခွဲလွန်တော့ လမ်းဘေးတမာပင်အောက် ဒဟတ်ချုံ ဘေးမှာအသာကွယ်ပြီးထိုင်နေကြသည်။ ကောင်အေးက လက်ကျန်ပုလင်းအား ရဲဆေးတင်သည့်အနေဖြင့် မော့နေလေ ၏။ အောင်သန်း ရိုက်စရာလက်နက် ရှာတော့ အလွယ်တကူပင် ရှားသားတုတ် တစ်ချောင်းအား တွေ့ရသည်။ တုတ်ကို မြေကြီးပေါ် ချ၍ မူးရိုးကို လှမ်းကြည့် သည်။ စက်ဘီးတစ်စီးလာနေသည်ကို တွေ့ရသည်။

"ကိုအောင်သန်း၊ ဟိုမှာလာနေပြီ။ အဲဒါလူလှစက်ဘီးပဲ"

သူတို့နှစ်ယောက် ပုဆိုးစလွယ်သိုင်း လိုက်ကြပြီး ခေါင်းမှာပတ်လိုက်သည်။ ဘောင်းဘီတိုများဖြင့် မူးရိုးဘေးစက်ဘီး လမ်းမှာကပ်ထိုင်နေကြသည်။

"စက်ဘီးကျော်သွားတာနဲ့ ငါ နောက်ကနေရိုက်မယ်။ လဲတာနဲ့ လွယ် အိတ်ကိုရအောင်ယူနော်"

ကောင်အေးကို သတိပေးသည်။

ကောင်အေးက-

"ကိုအောင်သန်း၊ ခြေလွန်လက် လွန်မဖြစ်စေနဲ့နော်။ မေ့လောက်ရုံပဲ ရိုက်"

"အေးပါ၊ ငါ့လက်ငါသိပါတယ်။ ကွဲသွားရုံလောက်ပါ"

လူမေ့လဲကျသွားရုံလောက်သာ သူတို့လိုချင်ကြသည်။ မတော်လို့ လက် လွန်ပြီးသေသွားလျှင် အမှုပါကြီးသွားမှာ ကို မလိုလား။

ကိုလူလှသည် လေလေးတချွန်ချွန် ဖြင့် စက်ဘီးစီးလာနေ၏။ မြေနီရိုးရွာ ရောက်ဖို့ နောက်ထပ်တစ်နာရီလောက် စက်ဘီးနင်းရဦးမည် ဖြစ်သည်။ နေ့လယ် (၁၁) နာရီဆိုသောအချိန်သည် မူးရိုးတစ် လျှောက် လူပြတ်သောအချိန်ကာလ ဖြစ် သည်။ နံနက်စောစောနှင့် ညနေစောင်း ဆိုလျှင် အသွားအလာသိပ်ပြတ်သည် မရှိ။ တာရိုးဘေးမှာ လူနှစ်ယောက်ထိုင် နေသည်ကို မြင်ရသည်။ ဇကန္တ လယ် ထဲ ကြွက်ထိုးသည့်ကောင်တွေပဲဖြစ်မည် ထင်သည်။ စပါးတွေသီးကုန်ပြီဆိုတော့ ကြွက်တွေလည်း ပေါလာသည်။ လယ် ကြွက်ကလည်းဈေးမသေးပါ။ အကောင် ကြီးလျှင် (၁၀)၊ ငယ်လျှင် (၇) ကျပ်ဆို တော့ ကြွက်ထိုးသည့်လူတွေ တွက်ခြေ ကိုက်ကြသည်။ အပင်ပန်းခံပြီး ခွေးနှင့် သေသေချာချာလိုက်လျှင် တစ်နေ့ အကောင်(၂၀)၊ (၂၅) ပြေးမလွတ်။ မူးရိုး ဘေးထိုင်နေသော လူနှစ်ယောက်ကို စက်ဘီးဖြတ်အကျော် -

"ဖြောင်း. . . အား. . . ဗုန်း"

တုတ်နှင့်ရိုက်သံ၊ကိုလူလှ၏အော် သံ၊ စက်ဘီးလဲကျသွားသဖြင့် တော လမ်းပေါ်မှဖုန်များ ထောင်းထောင်းထ သွားသည်။ ကိုလူလှတစ်ယောက် ခေါင်း မှာ သွေးအရဲသားဖြင့်လဲကျသွားသည်။ ကောင်အေးက လွယ်အိတ်ကို အမြန်ယူ ပြီး ဖွင့်ကြည့်သည်။ (၁၀) တန်အုပ်လိုက် တွေ့ရသည်။ (၅) ကျပ်တန်အစည်းများ ကလည်း မနည်းလှ။

"ကိုအောင်သန်း၊ မူးရိုးကိုဖြတ်ပြီး တောဘက်ကိုဆင်းရအောင်။ တော်ကြာ လူလာနေရင် သိကုန်မယ်"

နှစ်ယောက်သား ရေစပ်စပ်ရှိ သော ဆည်မြောင်းရိုးအားဖြတ်ပြီး တစ် ဖက်ချုံတောထဲမှဖြတ်ထွက်၍ ယာခင်း များဘက်သုတ်ချလာသည်။ ကိုလူလှမှာ မူ ခေါင်းမှာသွေးသံတရဲရဲဖြင့်လဲလျက် ကျန်ရစ်ခဲ့ရှာသည်။

သူတို့နှစ်ယောက် သုတ်ခြေတင် လာကြပြီး ပဆိုးကိုဖြန့်ခင်း၍ လွယ်အိတ် ကို သွန်ချလိုက်၏။ (၁၀) တန် (၁၀၀၀) အုပ် (၂) အုပ်၊ (၅) ကျပ်တန် (၅၀၀) အုပ် (၂) အုပ်နှင့် ကျပ်တန်များထွက် ကျလာသည်။ပြီးတော့ ခဲတံတစ်ချောင်း မှတ်စုစာအုပ်တစ်အုပ်။ လွယ်အိတ်ကို ချုံထဲထိုးထည့်လိုက်၏။ အောင်သန်း



www.burmeseclassic.com

www.burmeseclassic.com

ပိုက်ဆံတွေကို အိတ်ကပ်ထဲထည့်၍ (၁၀) တန်ငွေ (၂၀၀) အား ကောင်အေးအားပေးပြီး ကျန်ငွေများကို ခါးပိုက်ထဲ လုံးထည့်လိုက်သည်။

"ကိုအောင်သန်းကလည်း၊ ကျွန်တော့်ကို တစ်ဝက်ပေးလေဗျာ"

"ဟေ့ကောင်၊ လူရိုက်တာငါရိုက်တာ။ မိသွားရင် ငါထောင်ကျမှာ"

"ကျွန်တော်လည်း အတူတူပါတာပဲ လွတ်ပါ့မလား၊ စဉ်းစားကြည့်ပါဗျာ"

"ကောင်အေး မင်းက ဆရာလား၊ ငါက ဆရာလား"

"ဟုတ်ပါတယ်ဗျာ၊ ကိုအောင်သန်းက ဆရာပါ။ ဒီတော့ ကျွန်တော့်ကို (၅၀၀) လောက်ထပ်ပေးပါဗျာ"

အောင်သန်း ထပ်မပြောဘဲ ငါးကျပ်တန်တစ်အုပ်ကိုပစ်ပေးလိုက်သည်။ ဒီကောင်နှင့် ဆိုးဖော်ဆိုးဖက်မို့ ဘာပဲပြောပြောအားကိုးရသည်။ ကောင်အေး ကျေနပ်သွားသည်။ မိန်းမဖြစ်သူအား ဈေးဖိုးငွေ (၂၀၀) ပေး၍ ဝက်လက်လေးတစ်ကောင် (၂၀၀) နဲ့ ဝယ်၊ ကျန်ငွေ (၁၀၀) ကို သုံးပါလေ့။ နေ့စဉ်အရက်ဖိုးကတော့ ကိုအောင်သန်း ရှင်းလိမ့်မည်။

◆

သက်ကယ်ခြံအရက်ဖိုထဲရောက်တော့ ကိုကြီးငွေး၊ တင်ထွန်းနှင့် ကိုလေးကုလားပါ ရောက်နေကြသည်။ သူတို့သုံးယောက်က ကျောက်မီးတောယစ်ထုပ်ကြီးများ ဖြစ်သည်။ နေမမြင့်ခင် အရက်ဖိုကို ရောက်နေကျ။ ပုလင်းနှစ်လုံးလဲနေသည်ကိုတွေ့ရသည်။ သူတို့လည်း မူးနေကြပြီ။

"ဟာ - အောင်သန်းတို့ပါလား။ လာကွာ ထိုင်၊ ငါတို့တော့ အရက်နှစ်လုံးနဲ့ အာမဆွတ်ဘူးဖြစ်နေတယ်"

"ကိုလေးကုလားတို့ မှန်နေကြတယ်ပေါ့၊ မွန်းမတည့်ခင်မှန်နေကြပြီ"

"ဘယ်ကလာကွာ၊ သောက်စရာ ပိုက်ဆံမရှိလို့ စဉ့်အိုးထဲက သမင်သားခြောက်တွေ မ,လာပြီး အရက်နဲ့လဲ သောက်နေကြတာ"

"ဒေါ်အေး သူတို့အရက်ဖိုး (၁၀) ကို ကျွန်တော်ပေးမယ်။ သမင်သားခြောက်တွေကို မီးဖုတ်ဗျာ၊ အရက်နဲ့ မြည်းရအောင်"

သမင်သားခြောက်တွေက လေး၊ ငါးဆယ်မကတန်သည်။ အရက်နှစ်လုံးပေးပြီးမတန်မဆလဲထားပေမယ့် အောင်သန်းကို လန့်သဖြင့် ဒေါ်အေးသိမ်းထားရာက ပြန်ထုတ်ပေးပြီး မီးဖိုမှာဖုတ်ပေးလိုက်ရသည်။

"အောင်သန်းရယ်၊ ငါစားဖို့ တစ်မြှောင်းလောက်တော့ ချန်ထားပေးပါဟယ်"

"ရပါတယ်ဗျာ၊ ကျွန်တော်တို့ဝိုင်းကို အရက်နှစ်လုံးချပေးဦး။ အရက်ဦးရည်ကိုပဲချနော်"

"ငါ့ဖိုကအရက်ကကောင်းပါတယ်၊ ထန်းလျက်စစ်စစ်ပါ။ ဘာမှမရောပါဘူး"

အောင်သန်း ငွေအစိတ်ထုတ်ပေးလိုက်သည်။ ကိုလေးကုလားတို့သောက်သည့်အရက်နှစ်လုံးဖိုးအပြင် နောက်ထပ်သုံးလုံးဖိုးပါထပ်ပေါင်းပေးသဖြင့် ကိုလေးကုလားကချွင်လျက်။ တင်ထွန်းကတော့ ပြုံးစိစိလုပ်ရင်း အရက်ခွက်ကို လှမ်းဆွဲသည်။ သူက ခွက်လှည့်ထည့်ပေးရသူ တည်း။ ကိုကြီးငွေးကတော့ နောက်ထပ်အရပ်တစ်ခွက် ထပ်ဝင်သွားသဖြင့် ထုံးစံအတိုင်း တွဲတေးသိန်းတန် သီချင်းလေးကို ငြိမ့်တော့၏။

"လယ်ယာ×××တောခလေး×××ပျော်မွေ့ဖွယ်×××တကယ်×××တကယ်*မြို့ကြီး*သူမမနဲ့နေမယ်×××နေတယ်"

အရက်ဖိုဘေး ကျွန်းပင်ကြီးပေါ်မှ ငှက်ခါးနှစ်ကောင်သည် တကစ်ကစ်အသံပေးရင်း ပျံထွက်သွားကြသည်။ ခပ်ဝေးဝေး ဆူးချုံထဲမှ ဘုတ်ငှက်တစ်ကောင်က တပူပူနှင့်အသံပေးလျက်။ အရက်ဝိုင်းအသောက်သမားများမှာတော့ အရက်ခွက်မော့လိုက်၊ သမင်သားခြောက်ဖုတ်အား ဖဲ့ပြီးမြည်းလိုက်နှင့် အောင်ပွဲခံနေကြပါတော့သတည်း။

◆

ဦးဖိုးသာ ခတ်ခဲရေဒီယိုလေးကို ရှေ့ချပြီးငိုင်နေသည်။ မီးဖိုမှီးခိုးငွေ့တို့ကအူ၍ ဝေ့ဝိုက်နေသည်။ မီးတောက်ဖြစ်မလာသောကြောင့် အူနေသောမီးခိုးငွေ့တို့၏အရှိန်ဖြင့် သူ့မျက်ဝန်းမှာ မျက်ရည်များစိုနေသလား။

မဟုတ်ပါ။ ရေဒီယိုမှ သတင်းကြေညာချက်ထွက်လာ၍ဖြစ်ပါသည်။ ထိုသတင်းကြောင့် သူ့ကိုယ်ခန္ဓာရှိ လှည့်ပတ်စီးဆင်းနေသောသွေးများ ရပ်တန့်သွားမည်ထင်ရသည်။ ဘာကိုမှလုပ်ကိုင်ချင်စိတ်မရှိတော့ဘဲ မီးဖိုဘေးမှာ ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။ ရေဒီယိုလေးက မြန်မာ့အသံမှ သီချင်းများနှင့်အတူ တရှီရှီတဂျီဂျီမြည်နေပါသည်။ ရွာထဲမှလူတချို့ ကိုဖိုးသာခြံဝိုင်းသို့ ပြေးလာကြသည်။ သူတို့ကျောက်စရစ်ကုန်းရွာလေး၌ ရေဒီယိုနှစ်လုံးရှိသည်။ တစ်လုံးက ဈေးဆိုင်ပိုင်ရှင် ကိုစိန်လှတို့အိမ်မှာ ရှိသည်။ ကိုစိန်လှမိန်းမ အပေါက်ဆိုးလွန်းသဖြင့် ရွာသူရွာသားတွေ အလုပ်အားသည့်ညနေခင်းဆိုလျှင် ကိုဖိုးသာခြံဝိုင်း အတွင်းသို့ စုလာကြပြီး ရေနွေးကြမ်းသောက်ရင်း သတင်း၊ သီချင်း၊ ဇာတ်လမ်းပမာနားဆင်စရာများကိုနားထောင် လေ့ရှိကြသည်။ လျှပ်စစ်မီးမရှိ၍ တီ ဆိုတာ ဘာမှန်းမသိကြ။

"ဦးဖိုးသာ ဦးဖိုးသာ၊ စိန်လှမိန်း 'အောက်ကြီးဟစ်ကျယ်နဲ့ ငိုပြီးပြောနေလို့ ကျွန်တော်တို့ပြေးလာကြတာ။ ငွေစက္ကူ သတင်းကတကယ်လားဟင်"

ရွာသူရွာသားများ၏မျက်နှာသွင်ပြင်များ၌ အားငယ်ခြင်း၊ ကြောက်ရွံ့ခြင်း၊ ဒေါသထွက်ခြင်း၊ နာကြည်းမုန်းတီးခြင်းတို့ဖြင့် ရောပြွမ်းနေပါသည်။

"ဟုတ်တယ်ကွ၊ ငါလည်း အဲ သတင်းနားထောင်ပြီးတဲ့နောက် ဘာ မှလုပ်ကိုင်ချင်စိတ်ကိုမရှိလို့ မီးဖိုဘေး ငုတ်တုတ်ထိုင်နေတာ"

(၂၅) ကျပ်တန်၊ (၃၅) ကျပ်တန် (၇၅) ကျပ်တန် ငွေစက္ကူများ တရားမဝင် ငွေဖြစ်ကြောင်း အစိုးရမှ ကြေညာလိုက် ၍ တောရွာလေးမှာ ကမ္ဘာပျက်နေခြင်း ဖြစ်ပါသည်။ အစိုးရသည် မှောင်ခိုကုန် သည်အကြီးစားများ၊ ဝိသမလောဘ သားများနှင့် မှောင်ခိုလမ်းကြောင်း သောင်းကျန်းသူများ၏အရှိန်ကို အ ထိုးသော်လည်း တကယ်ထိ၍လဲကျ သူတွေက အောက်ခြေပြည်သူတွေ သည်ကို မသိရှာထင့်။ ပဲရောင်း၊ နှမ်း ရောင်း၍ ကျစ်ကျစ်ပါအောင် စု သောငွေလေးများ၊ ငါးသားလေးကြီး ရင် ရှင်ပြုမယ်ဟု ရည်စူးပြီး စုထား သော ငွေစငွေနလေးများ ယခု သဲထဲရေသွန်တာကမှ အရာထင်ဦးမည် စုဆောင်းထားတဲ့ငွေကြေးလေးတွေ မည်သူ့ဆီကမှ လုယက်ညှစ်၍ ယူထားသည်မဟုတ်။ အဂတိလိုက် ၍ လက်ဖက်ရည်ဖိုး၊ ဝမ်းတွေဘယ် ဖိုးများမှ ရထားသည်လည်း မဟုတ် အာဏာကိုအလွဲသုံးစားလုပ်ပြီး ကဲ့ သည့်ငွေတွေလည်း မဟုတ်ပါ။ နေ ချွေး ခြေမကျအောင် ကျောပြောင် နေပူခံပြီး မြေကြီးနှင့်ဖက်၍ ကုန်း လုပ်ပြီးမှရရှိထားသော ငွေစငွေန များသာ ဖြစ်ပါသည်။

သို့သော် သူတို့ရက်စက်ကြပါ သည်။ စီးပွားရေးစီမံကိန်းများ မ မြင်၍ မျက်နှာလွှဲခဲပစ်ထိချင်



www.burmeseclassic.com

www.burmeseclassic.com

ည်သူ့မျက်နှာမငဲ့လုပ်ချလိုက်တာလား။ ခင်တစ်ခေါက် တရားမဝင်ကြေညာ န်းက ငွေပြန်လဲပေးသေးသည်။ ယခု တစ်ခေါက်မှာတော့ ဘာမျှော်လင့်ချက်မှ ရှိတော့ပါပေတည်း။

ဦးဖိုးသာ တဲအိမ်အတွင်းဝင်သွား း စုထားသောငွေများကို ယူလာသည်။ စ်ရွက်ချင်း မီးပုံထဲသို့ထည့်၍ တောက် ောင်လာသော မီးတောက်များကို ငေး ကြည့်နေသည်။

သူ့ရင်ထဲက အပူမီးတောက်က တော့ သည်ထက်ပိုမည်ထင်ပါသည်။ သွားကြီးနှင့် သမီးအကြီးမသည် မျက် ည်အရွဲသားနှင့် .လူကြီးမင်းတို့အား မျှော်ပို့နေပါတော့သည်တကား။

◆

"ကိုအောင်သန်းရာ စိတ်မာတ ာစမ်းပါနဲ့။ ကောင်းတာလုပ်စားလို့ ရင် မကောင်းတာလုပ်စားမယ်ဗျာ။ ာတကြီးမှာ ရိုးသားလို့ ငတ်နေရင်၊ ရိုးသားရာစားမယ်ဗျာ။ အရေးကြီး တာ ထမင်းမငတ်ဖို့ဘဲ"

"အေး - မင်းအယူအဆတော့ ပါဘူး။ အခြေအနေတွေကလည်း မကောင်းဘူး။ ရန်ကုန်မှာလည်း ယ်လုပ်ရှုပ်နဲ့ ဆူကြမယ်လို့ ဘီဘီစီက ောင်းလာသွားတယ်။ ဟော့ကောင် ကြောင်ဆိုတာဘာလဲ"

"ကိုအောင်သန်းကလည်းဗျာ၊ တော ကြောင်ဆိုတာ မဆလာနိုင်နိုင်နဲ့ချက်စား အရမ်းကောင်းတာပေါ့။ ကြောင်ဖား သေးတယ်။ ကြောင်သားမစားရ ကြာပြီ။ ကြောင်လေးဘာလေး ောင်ဦးမှပဲ"

"အရေးထဲ အငတ်ကတစ်မျိုး။ ကိုပြောနေတာ ဒီအဓိပ္ပာယ်မဟုတ် ။ ငါပြောချင်တာက တောကြောင် ာ တောမီးလောင်ရင်လက်ခမောင်း တယ်မဟုတ်လား"

ကောင်အေးသည် အောင်သန်း ား ခပ်တွေတွေကြည့်၏။ အောင်သန်း အဓိပ္ပာယ်နှင့်ပြောနေသည်ကို သူ ပြီးနားမလည်ပါ။

"ရှင်းရှင်းပြောပါ ဆရာအောင် ယ်။ တောကြောင်တွေ၊ တောခွေး ာလုပ်မနေပါနဲ့။ ကျုပ်ဒီလောက်ဉာဏ် ူး"

"ငါပြောမယ်၊ တိုင်းပြည်မငြိမ် တ်ဖြစ်နေတုန်းမှာ ငါတို့ဓားပြတိုက် ောင်းမလားလို့စဉ်းစားနေတာ"

"ဘယ်အိမ်ကိုသွားပြီးတိုက်မှာလဲ။ ဘယ်မှာလဲသေနတ်။ကျုပ်တို့နှစ်ယောက် တည်းတိုက်ရမှာလား"

"မင်းကလည်း၊ လုပ်မယ်ဆိုမှ တော့ စုရမှာပေါ့"

"ကျုပ်ကတော့ မထူးဇာတ်ခင်းမှာ ဘဲ။ ကိုအောင်သန်းလုပ်ရဲရင် ကျုပ်ကပါ ပြီးသား"

နဂိုကမှ ဆိုးပေတေနေသောသူ တို့သည် တိုင်းပြည်မငြိမ်မသက်ဖြစ်လာ သောအခါ ငွေလွယ်လွယ်ရမည့်အလုပ် ကို စဉ်းစားလာကြခြင်း ဖြစ်သည်။ ပြီး တော့ ဖခင်ကြီးနေပူမရှောင်မိုးရွာမရှောင် ရှာဖွေထားတာလေးတွေ အဟောသိကံ ဖြစ်သွားရ၍ လောကကြီးအား အရွဲ့ တိုက်ချင်စိတ်မှာ အောင်သန်းရင်ထဲတွင် ပြင်းပြနေပါသည်။

"နှောနယ်အလွန် မဟာမြိုင်တော တောင်ဘက်ရွာတွေမှာ ငါ့မိတ်ဆွေတွေ ရှိတယ်။ လက်ကဘာရဲသလဲမမေးနဲ့။ လက်လည်းယဉ်တယ်။ လုပ်မယ်ဆိုရင် သူတို့ကို ငါလူကြုံနဲ့ခေါ်လိုက်မယ်။ သေနတ်ကတော့ လုပ်သေနတ်ပေါ့ကွာ။ တို့ရွာတွေမှာ တောပစ်တဲ့သေနတ်တွေ ရှိနေတာပဲ။ ရှာရမှာပေါ့"

"သိပ်လူများလို့ မကောင်းဘူး။ လက်ရဲဇက်ရဲရှိတဲ့ငါးယောက်လောက် ဆို လုံလောက်ပြီ။ ဒါနဲ့ ဘယ်ရွာဘက် သွားတိုက်မှာလဲ။ ကျုပ်တို့ရွာတွေဘက် က ကျောက်ခဲရေညှစ်တာကမှထွက်ဦး မယ်"

"မင်းကလည်း၊ မူးရိုးအရှေ့ဘက် ကရွာတွေကဆည်ရေနဲ့စပါးတွေကောင်း ကြတာ၊ ပိုက်ဆံအထိုက်အလျောက် ချမ်းသာကြတာပဲ မင်းမတွေ့ဘူးလား။ အလှူဆိုရင် ဝတ်စားလာလိုက်ကြတာ။ တို့ဘက်ရွာတွေမှာသာ မိုးခေါင်ရင် ကုန်းခေါင်ခေါင်ဖြစ်ပြီး ဆန်နီကြမ်းထဲ ပဲရောစားနေရတာ"

တိုင်ပင်ပြီးသွား၍ သူတို့နှစ် ယောက် စိုင်ပြင်ကြီးဘက်ထွက်လာခဲ့ ကြသည်။ ရေဦး၊ တန့်ဆည်ဘက်သို့ သွားမည့်လူကြုံရှိလျှင် အောင်သန်းမိတ် ဆွေတွေကို အကြောင်းကြားရဦးမည် မဟုတ်လား။

◆

အိမ်ဝိုင်းခြံစည်းရိုးပေါက်နေသော ကျွန်းပင်ကြီး၏အရွက်အခက်များပေါ်မှ နှင်းစက်တို့သည် အပင်အောက်ခြေရှိ ချုံ များပေါ်သို့ တပေါက်ပေါက်ကျလျက်ရှိ သည်။ ရွာဦးကျောင်းမှ .ကလတက် ခေါက်သံကို ကြားရသည်။ အရုဏ်တက် လာပေပြီ။ နီပြေပြေအလင်းနုသည် အရှေ့အရပ်မှလွင့်၍လာ၏။ သောကြာ ကြယ်ကြီးကား ဝင်းထိန်လျက်။ လသည် စောစီးစွာကပင် အနောက်သို့ ခရီးဆက် ရန် ဝင်ရောက်သွားလေပြီ။ မီးဖိုတဲခေါင် မိုးအား အပိုင်စားရထားသော ကြက်ဖ ကြီးရွှေနီမှာ အတောင်တဖြန်းဖြန်းခတ် လျက် အရုဏ်တေးကို သီဆို၍နေပေပြီ။

အညာဆောင်းကား စောင်ခြုံ၍ မလုံနိုင်အောင်ရှိလှသည်။ အရုဏ်တက် ပြီး အလင်းရောက်မည်မို့ ဦးဖိုးသာ ဆက် မအိပ်လိုတော့။ မီးဖိုအနီး တမာပင်ကြီး အောက် မြေတလင်း၌ ညကတည်းက ဖိုထားခဲ့သောမီးဖိုမှ ပြာများဖယ်ထုတ် သည်။ မီးကားမသေသေး။ ရှားသားပင် စည်တုံးကြီးမို့ မီးခဲကရဲနေသည်။ ခွေး နှစ်ကောင်မှာ မီးဖိုဘေးမှာ နားရွက် ကုပ်၊ အမြီးဖျောက်၍ ကွေးနေကြသည်။ လူတွေက စောင်ခြုံ၍ အအေးဒဏ်ကို အန်တုနေချိန်မှာ ခွေးများကား မီးလင်း ဖိုနှင့် ဟန်ကျနေကြ၏။ ထန်းပလပ် ခြောက်လေး၊ ငါးချောင်းယူလာပြီး မီးဖို ပေါ်မှာအုံကာ ယပ်ခတ်ပေးလိုက်တော့ မီးတောက်တက်လာသည်။ ရောင်နီပျိုးစ လင်းလုလုကာလ၌ ဟိုတဲသည်တဲများ ကလည်း မီးဖိုသည်။ မီးရောင်လေးများ ကို တွေ့လာရသည်။ အညာဒေသတွင် ဆောင်းကာလ၌ အိမ်တိုင်း မီးဖိုကြလေ သည်။ ပူလျှင် ကျောကော့အောင်ခံရ ခက်သလောက် အေးလျှင်လည်း အရိုး ကွဲမတတ်အေးသော သူတို့ဒေသများ တွင် ဆောင်းကာလအတွက် ထင်းကို ကြိုတင်၍ ရှာဖွေခုတ်ယူထားကြရသည်။ အညာဒေသမို့ ထန်း၊ ဒဟတ်၊ ရှားပင်များ ကတော့ သိပ်မရှားလှပါ။ ယာတောမှ အပြန် ထန်းပင်အောက်များမှ ထန်းပလပ် ခြောက်များ စုကောက်လာလျှင် နံနက် ညခင်းအတွက် မီးလှုံဖို့ရာ လောင်စာရ တော့သည်။

ဖခင်ဖြစ်သူ ရေနွေးအိုးတည်နေ ရာသို့ အောင်သန်း ထလာသည်။ သူ လည်း ဆက်အိပ်၍မရတော့ပါ။ မီးဖိုခန်း ဆေးလိပ်ခွက်ထဲမှ ဆေးပေါ့လိပ်အတို အား မီးဖိုမှမီးစဖြင့်ယူညှိသည်။ ဦးဖိုးသာ က ရေနွေးဆူလာသဖြင့် လက်ဖက် ခြောက်ခတ်ပြီး ရေနွေးကြမ်းပန်ကန်ထဲ ငှဲ့ထည့်ကာ တဖူးဖူးဖြင့် မှုတ်သောက် နေသည်။

"အဖေ"

"ဟေ - ဘာပြောမလို့တုံး ငါ့သား"

"တခြားတော့မဟုတ်ဘူး၊ ဆပ်ပြာ



www.burmeseclassic.com

www.burmeseclassic.com

ကျင်းရွာပြင် ကိုခင့်ယာခင်းနွားကညောင်ပင်ကြီးအကြောင်းမေးမလို့ပါ"

"မင်းကဘာသိချင်လို့လဲ"

"ဒီညောင်ပင်ကြီးက နှစ်ပေါင်းဘယ်လောက်တောင်ရှိပြီလဲ အဖေ။ တော်တော်ကြီးလှပြီနော်"

"မင်းတို့အဘိုးတွေ မမွေးခင်ကတည်းကရှိခဲ့တာတဲ့။ နှစ်ပေါင်းရာချီရောပေါ့ကွာ"

"ဒီလောက်အိုနေပြီပဲ။ ခုတ်ပြီး ထင်းဆိုက်ပစ်လိုက်ကြပေါ့"

"ဟ-ညောင်ပင်ကွ၊ ခုတ်ဖို့နေနေ သာသာ တော်ရုံအလုပ်မရှိဘဲ ဒီညောင်ပင်အနားတောင်သွားရဲကြတာမဟုတ်ဘူး။ မင်းဘာသိလို့လဲ၊ ဒီညောင်ပင်က ရာဇဝင်နဲ့ကွ"

"အဲဒီညောင်ပင်ရာဇဝင် အဖေ သိရင် ပြောစမ်းပါဦး"

အောင်သန်း ဆေးပေါ့လိပ်တိုအား နှစ်ဖွာ၊ သုံးဖွာရှိုက်လိုက်ရင်း ဖခင်၏ စကားအားဆက်ပေး၏။

"မင်းရဲ့အဘိုး ငါ့အဖေပြောခဲ့တဲ့ အကြောင်းပဲ။ တို့ရွာမှာ ဒီညောင်ပင်က ရာဇဝင်နဲ့ကွ။ သက်ကြီးရွယ်အိုတွေက ဒီအကြောင်းကို နောင်လာနောင်သားတွေကိုပြောပြလို့ ငါတို့လည်းသိရတာ"

အဖေသည် ရေနွေးပူပူတစ်ခွက်အား မှုတ်သောက်လိုက်ပြီး စကားဆက်၏။

"အင်း-အဘိုးရဲ့အဘိုးတို့ငယ်ငယ်ကဆိုတော့ နှစ်ပေါင်း(၁၅၀)ကျော်ရောမယ်။ ဘုရင်တွေလက်ထက်ကလို့ပြောတာပဲ။ အင်္ဂလိပ်တွေဝင်မလာခင်ခေတ်ကတဲ့။ တို့နယ်တစ်ကြောမှာ ဓားပြကြီးငပြူးဆိုတာရှိခဲ့တယ်။ အရမ်းဆိုးတာပေါ့။ ဒီပဲရင်း၊ ရွှေဘို၊ ရေဦး၊ ကန့်ဘလူတစ်ကြောမှာ အင်အားကြီးတဲ့ ဓားပြဂိုဏ်းကြီးပေါ့။ လူလေး၊ ငါးယောက်နဲ့တိုက်တာ မဟုတ်ဘူး။ ဓားပြအုပ်က လူတစ်ရာလောက်ရှိတယ်။ ဓားပြအတိုက်ခံရတာ သူ့အဆက်တွေလို့တောင်ပြောကြသေးတယ်။ အရမ်းဆိုးတယ်မောင်။ နောက်ဆုံး သည်နယ်မှာ အရမ်းသောင်းကျန်းလွန်းတာနဲ့ မင်းကြီးမဟာဗန္ဓုလ သူ့ဇာတိ ငပရင်းရွာမှာ ဘုရားလာတည်တုန်း ဒီပဲရင်းမြို့ဝန်က မင်းကြီးကိုလျှောက်တယ်။ ဓားပြငပြူးအရမ်းဆိုးလွန်းနေလို့ နယ်သူနယ်သားတွေ လုပ်စားကိုင်စား မဝံ့ဖြစ်နေကြပါတယ်။ နယ်မြေမအေးချမ်းလို့ နှိမ်နင်းပေးပါမည့်အကြောင်း လျှောက်တော့ မဟာဗန္ဓုလနဲ့ သူ့တပ်သားတွေ တောနင်းပြီး လိုက်ရှာတော့ ဆပ်ပြာကျင်းရွာက သူ့ရဲ့ဘယ်နှယောက်မြောက်မယားလည်း မသိပါဘူးကွာ။ အဲဒီအိမ်မှာ မိရောဆိုပါတော့။ ငပြူးက မင်းကြီးမဟာဗန္ဓုလတော့ ကြောက်သားကွ။ သူကလည်း တော်ရုံဓားပြကြီးလောက်ကို သိပ်ဂရုစိုက်တာမဟုတ်ဘူး။ ငပြူးကိုမိတဲ့အချိန်မှာ ဒီညောင်ပင်ကြီးက ညောင်ပင်ပျိုပဲရှိသေးတယ်တဲ့။ အဲဒီညောင်ပင်အောက်မှာပဲ ငပြူးကိုကားစင်တင်ပြီးသတ်တာ။ မင်းကြီးကိုယ်တိုင်လှံနဲ့ထိုးတာလို့ အဘိုးတို့ ပြောတာပဲ။ မင်းကြီးလက်အောက်က သွေးသောက်ကြီးတွေ ဓားနဲ့ဝိုင်းခုတ်တာ ဓားသွားတွေလိပ်ကုန်လို့ မင်းကြီးကို သွားလျှောက်တော့ မင်းကြီးက 'မင်းကပဲ စွမ်းသလား၊ ငါကပဲ ဘုန်းကြီးသလား' ဆိုပြီး သူကိုင်နေကျလှံနဲ့ထိုးတာ ဒါတောင်မသေချင်သေးဘူး။ လှံထုတ်ချင်းပေါက်တာတောင် မင်းကြီးကို ပြုံးပြီးကြည့်နေသေးသတဲ့။ သုံး၊ လေးချက်ဆင့်ထိုးမှသေတယ်။ မင်းကြီးက 'ဒီကောင်ဓားပြဆိုပေမယ့် လူစွမ်းကောင်းကွ၊ အလောင်းကို အောက်မချနဲ့ဦး' လို့ ပြောပြီး ငပြူးရဲ့သျှောင်ကို ဓားနဲ့ဖြတ်တယ်။ ပြီးတော့ ညောင်ပင်မှာချည်ပြီး 'ဒီအပင်မှာနေ၊ ဒီနယ်ကိုစောင့်ရှောက်။ ဒါငါ့အမိန့်' ဆိုပြီး မင်းမိန့်ပြန်သွားတယ်။ အဲဒီအချိန်ကစပြီး အဲဒီညောင်ပင်မှာ ဓားပြငပြူးသရဲကြီးနေတယ်ဆိုပြီး ပြောကြတာပဲ။ ဓားပြဆိုတော့ လူမုန်းများပြီး ဘယ်သူမှ အမွှေးတိုင်၊ ဖယောင်းတိုင် သွားမထွန်းကြပါဘူးကွာ။ တစ်ခါတလေ ရွာတွေမှာ ကျွဲ၊ နွားပျောက်လို့ အဲဒီညောင်ပင်နားကို အကြောင်းမရှိဘဲဘယ်ရွာသားမှမသွားတာ။ ဓားပြတိုက်မယ့်ကောင်တွေ တစ်ခါတလေလာကြတယ်လို့ ပြောကြတယ်။ အရက်ပို့၊ ကြက်ပို့နဲ့ မြှောက်ပြီး ဓားထောင်လို့ သူတို့အကြံအစည်အောင်ပါစေကြောင်းပေါ့ကွာ။ ဟိုတုန်းကတော့ တော်တော်ဆိုးတယ်ပြောတယ်။တော်လှန်ရေးကောင်စီတက်လာပြီး မုံရွာဘက်ကဗိုလ်မှူးတစ်ယောက် တို့နယ်ဘက်ကို ကွင်းဆင်းလာတုန်း ရွာသားတွေက ညောင်ပင်ဆိုးတဲ့အကြောင်း ပြောတော့ ဂျီသရီးသေနတ်နဲ့ လေး၊ ငါးချက်ပစ်ပြီး နွားရိုက်ကြိမ်နဲ့ ရိုက်သွားတယ်။ နောင်ဆိုးတဲ့အသံကြားရင် ညောင်ပင်ကို မီးတိုက်ပစ်မယ်လို့လည်း ကြိမ်းသွားတယ်။ ဒီနောက်ပိုင်းအခြောက်အလှန့်အသံသိပ်မထွက်တော့ဘူးကွ"

ဦးဖိုးသာသည် စကားကို ရှည်လျားစွာပြောလိုက်ရ၍ထင်သည်၊ မော သွားသည့်အလား ရေနွေးငှဲ့၍သောက် နေသည်။ မီးဖိုထဲမှ ထန်းပလပ်ခြောက် များလည်း ပြာကျနေလေပြီ။ မီးခိုးငွေ့ များသည် အူ၍ အနီးရှိတမာပင်အရွက် များကြားမှ လေနှင့်အတူ တောင်ဘက် သို့လွင့်လျက် လင်းလင်းရှင်းရှင်းလည်း လာပြီ ဖြစ်သည်။ မိခင်ဖြစ်သူက ထမင်း ကြော်ပန်းကန်နှင့် မြေပဲကြော်တစ်ခွ လာချပေးသွားသည်။ သားအဖနှစ် ယောက် တစ်ယောက်တစ်ဇွန်းစီ ခပ်စား နေကြ၏။ ကြက်မသားအမိတွေ ခြံဝင်းတလင်းထဲမှာ ဖြန့်ခင်းထားသော နှမ်းရိုးများအကြား ယက်၍ယက်၍အစာ ရှာနေကြလေသည်။

◆

မဟာမြိုင်တောကြီးတောင်ဘက် အစပ် ဝက်ပုတ်၊ ညောင်ရေရွာများ အောင်သန်း၏ မိတ်ဆွေသုံးဦးလည် ရောက်လာကြ၏။သူတို့က အောင်သ တို့ရွာမှာမတည်း။ စိုင်ပြင်ရွာပြင်ဘ ပန်းပဲဖိုမှာ တည်းကြသည်။ လူကြုံ သူတို့ရောက်နေကြောင်း ပြောဆိုသော အောင်သန်းနှင့် ကောင်အေး စိုင်ပြင် လိုက်သွားကြသည်။ လူရှင်းသည့်အရ ဆိုင်မှာသူတို့ဆုံကြသည်။ ထိုသုံးယော သည်လည်း ခေတ်ပျက်တုန်း သူ့ငွေ ကြံမည့်သူများသာ ဖြစ်သည်။ အလ ကို လက်ကြောမတင်းသူ၊ လက်နက် သူတစ်ပါးအား အနိုင်ကျင့်ချင်သူမျာ သည် ခေတ်ကောင်းအခါကောင်း စောင့်၍ အမိအရကြံကြသည်မှာ လောကဥ္စဖြစ်နေကျ ဓမ္မတာအလား တည်း။

သူတို့၏ ပစ်မှတ်က မူးရိုးအ စူးစူးမှ မြေနီရိုးရွာ။ ထိုရွာသည် အိမ် (၆၀) ခန့်ရှိပြီး လယ်သမားများသ တောင်သာကြ၏။ စပါးပေါ်ချိန် မ ခဏ အလှူပေး၍ အောင်သန်းတို့သ စားဖူးသည်။ ရွှေတွဲလဲ၊ ငွေတွဲလဲလူ မရှားလှပါ။ ဓားပြတိုက်မည်ကြံလျှင် ခံပါမှဖြစ်မည်ဖြစ်သောကြောင့် လူခံ တော့ ဘိန်းစားငပိန်ကိုသွားတွေ့သ ငပိန်သည် ဘောက်အလုပ်သမား၊ လ မရှိယာမရှိ၊ ကလေးတစ်ယောက်အ နှင့် အိမ်ထောင်ကျနေပြီး သောက်စ လျှင် တစ်နေကုန်အရက်မူးနေပြီ သော စရာမရှိမှ တောထဲထွက်၍ အလုပ် သည်။ ဖျားဖွပ်ကောင်းသော်လ ဖျားရည်အား ရေရော၍ လက်ပံ ရွာသို့သွားသွားပို့သဖြင့် လ တော

www.burmeseclassic.com

းရည်ပင် နာမည်ပျက်လှပြီ ဖြစ်သည်။ ကုန်းက ဘိန်းစား၍ ဘိန်းစားငပိန်ဟု မည်တွင်ခဲ့ပြီး ခေတ်ကာလမကောင်း ၍ ဘိန်းမရတော့ ချက်အရက်၊ ထန်းရည် ကတ်လှည့်သွားသည်။ အရက်သမားဖြစ် သွားသော်လည်း ဘိန်းစားရာထူးက ပျောက် တွင်မြဲတွင်နေလေတော့သည်။ နှင့် မုဆိုးကြီး ဦးဘရီသား ကိုလေး လားနှင့်က ရန်ဘက်တွေဖြစ်သည်။ ယောက်လုံးက အရက်မူးလျှင် နားပူ နံရစ်လွန်းသဖြင့် အပူအပူချင်းမတည့် သည်လားမသိ။

ဘိန်းစားငပိန်၏အားသာချက်က ယ်နဲ့သည်။ ရွာစုံသည်။ ဘယ်ရွာက ယ်သူ၊ ဘယ်အိမ်မှာဘာရှိသည်၊ ဘာ နေသည်ဟု အကုန်ပြောနိုင်သည်။ အကျင့်က အရက်ဖိုးမရှိလျှင် လစ် ခိုးတတ်သည်။ လက်ရာခြေရာပိရိ းသဖြင့် ဘယ်တော့မှ လက်ပူးလက် မိမိ။ ရွာသူကြီးတွေက ငပိန်ရွာထဲ လာလျှင် ရွာထဲမှာ ခွေးတပ်အား နှိုး ၍ သတိနှင့်စောင့်ကြည့်ရသည်။ ခွေးများ ဆူလွန်းမက ဆူကြပောင် လွန်းတော့မှ ငပိန် ရွာပြင်သို့ထွက် ည်၊ ထိုအခါမှ ရွာသားတို့စိတ်အေး ည်။ ဒီပြင်ဆို တစ်ဖက်၌ တစ်ခုခု က်ဖို့သာမှတ်။ သို့သော် ငပိန်မှာ ကျင့်တစ်ခုရှိသည်။ သူများအခင်းထဲ ယ်တော့မှ ပိုင်ရှင်မသိဘဲ ဝင်မခူး၊ တ် စားချင်လျှင် တောင်းစားသည်။ ကောင်းကွက်လေးကြောင့် ရွာသား က မချစ်သော်လည်း ခွင့်လွှတ်နေရ ည်။

အောင်သန်းကိုတော့ ငပိန်က ကြောက်သည်။ ခင်လည်းခင်သည်။ အောင်သန်းနှင့်တွေ့လျှင် ထိုနေ့အဖို့ နိန်သည် အရက်ကို နွားငတ်ရေကျ ာက်ရတော့သည်။ ထို့ကြောင့်လည်း အောင်သန်းသည် ငပိန်အတွက် အရစ် ခင်ကျေးဇူးရှင်သာတည်း။

◆

သူတို့အဖွဲ့ အမိဋ္ဌာန်တစ်ခုလုပ် လေသည်။ အဖွဲ့ခေါင်းဆောင်က အောင်သန်း ဖြစ်သည်။ သေနတ်ကို မဟာမြိုင်တောက ကိုတင် နှော ထဲမှာရသည်ဟု ပြောသည်။ ထို့ ကြောင့် နွားတဲပြင်ရန် အကြောင်းပြ၍ ယ်ထဲသို့ သစ်ခုတ်ထွက်သည်။ င်မရိုးအပင်ဖြောင့်ဖြောင့်ခပ်လတ် များအား တိုင်လုပ်ရန်ခုတ်ကြပြီး ားများအား ထင်းလုပ်ရန် လှည်း ပေါ်တင်ကာ တိုင်လုံးများအောက် လှည်းကြမ်းခင်းမှာ လုပ်သေနတ်နှစ် လက်ကို ဝှက်ယူလာကြသည်။ အောင် သန်းက သူ့သန္နိဋ္ဌာန်ကိုပြောသည်။ အား လုံးသဘောတူကြသည်။ သန္နိဋ္ဌာန်က ဆပ်ပြာရိုးရွာပြင် ညောင်ပင်ကြီးမှာ ခား ထောင်ရန်ဖြစ်သည်။ ထိုအစဉ်အလာ သည် အဘယ်ခားပြကစခဲ့သည်မသိပါ။ ခားပြတွေရွာဝင်စီးတော့မည်ဆိုလျှင် ရွာ ထိပ်ရှိ နတ်ကြီးသောအပင်ကြီးတွေမှာ ခားထောင်ကြတော့သည်။ သူတို့အဓိဋ္ဌာန် သည့်အတိုင်း နိမိတ်မြင်ရလျှင် ခားပြ တိုက်ကြတော့သည်။ ထိုနတ်ရှိသော အပင်စောင့်ကလည်း ခားပြတိုက်ဖို့ ကောင်းရာကောင်းကြောင်းသာပေးနိုင် ရှာသည်။ ရဲအဖမ်းမခံရဖို့တော့ သူလည်း မတတ်နိုင်သည်ထင့်။ ပြီးတော့လည်း အဖမ်းခံကြရသည်ပဲဖြစ်သည်။ ဒီပြင်ဆို တရား ရုံး၊ ရဲစခန်းတို့၌ ခားပြမှုသည် တရားခံဖမ်းမမိဘဲရှိတော့မည်။

နေဝင်ရီတရောအချိန်၌ သူတို့ တစ်စု ညောင်ပင်ကြီးအောက်မှာအလုပ် ရှုပ်နေကြသည်။အောင်သန်းက ငှက်ကြီး တောင်ခားအား ညောင်ပင်ကြီးခြေရင်း မှာ ထောင်လိုက်သည်။ ဘိန်းစားငပိန် က ချက်အရက်ပုလင်းအဖုံးဖွင့်ပြီး ခွက် ထဲသို့ အပြည့်ထည့်သည်။ ပုလင်းနှင့် ဖန်ခွက်အား ညောင်ပင်ခြေရင်းမှာချ၍ ကြက်ကောင်လုံးကြော်ပန်းကန်နှင့်အတူ ထားသည်။ ဖယောင်းတိုင်၊ အမွှေးတိုင် အား အောင်သန်းကိုယ်တိုင်ထွန်းသည်။

"ခားပြကြီး ဦးပြုံးခင်ဗျား။ကျွန် တော်တို့ငမိုက်သားတွေ မူးအရှေ့ဘက် မြေနီရိုးရွာမှာ ခားပြတိုက်ဖို့ စီစဉ် နေပါ တယ်။ အကြံအစည်အောင်ရန် ဦးပြုံး အား အရက်နဲ့ကြက်ဆက်ပါတယ်။ အဆင် ပြေမယ်ဆိုရင် ခားထောင်ပါစေ၊ အဆင်မပြေပါက ခားလဲပါစေ"

အောင်သန်းကရွတ်ဖတ်ပြီးနောက် သူတို့အုပ်စု ညောင်ပင်အောက်မှာ ဝိုင်း ထိုင်လိုက်ကြသည်။ မြောက်လေသည် တဖြူးဖြူးနှင့် သဲ့သဲ့လေးတိုက်နေ၏။ ညောင်ပင်ကြီးဘေး ဒဟတ်ချုံ၊ နဘူးချုံ များမှာ သစ်ခက်သစ်ညွန့်များက လေနှင့် အတူ ယိမ်းလျက်။

ဆပ်ပြာရိုးရွာဘက်မှ ခွေးအူသံ သဲ့သဲ့ကြားရသည်။ ကုန်ချောက်တော စပ်ထဲမှ တောခွေးတို့၏ တဝူးဝူးအူသံကို လည်း ကြားနေရ၏။ ညောင်ပင်ကြီးပေါ် မှ လင်းဝက်တစ်ကောင်သည် တဂစ်ဂစ် အသံပေးလျက် ထပျံသွားသည်။

"ဖုတ်"

"ဟာ"

မြင်ကွင်းကြောင့် သူတို့တစ်သိုက် အံ့သြသွားကြသည်။ ငှက်ကြီးတောင် ခားသည် မြေပြင်ပေါ်၌ လဲကျနေ၏။ အောင်သန်း မျက်နှာပျက်သွားသည်။ ကိုတင်က ထပ်လုပ်ရန် အကြံပေးသည်။ တစ်ခုခုမှားနေ၍ဖြစ်မည်ဟု ဆိုသည်။ အောင်သန်း ခားကိုထပ်ပြီးထောင်လိုက် သည်။ အရက်ခွက်ထဲမှ အရက်ကိုလည်း ညောင်ပင်ခြေရင်းသို့ လောင်းချလိုက် သည်။ စိတ်ထဲမှာလည်း ဒီတစ်ခါထပ် ပြောလျှင် သာသာထိုးထိုးလေးပြောမှဟု စဉ်းစားလိုက်၏။

"ခားပြကြီး ဦးပြုံးခင်ဗျား။ ကျွန် တော်တို့ ငမိုက်သားတစ်စု မြေနီရိုးမှာ ခားပြတိုက်ဖို့ ကြံစည်နေကြပါတယ်။ ဦးပြုံးအားလည်း အရက်၊ ကြက်များနဲ့ တင်မြှောက်ပါတယ်။ ခားပြတိုက်ရင် လည်း အိမ်ရှင်ထံက တစ်ဝက်သာယူပါ့ မယ်။ သူများသားမယား၊ သားပျိုသမီးပျို ကိုလည်း မစော်ကားပါဘူး။ ကတိပေး ပါတယ်။ အောင်မြင်မည်ဆိုလျှင် ခား ထောင်ပါစေ၊ မအောင်မြင်ဘူးဆိုလျှင် စောစောကလိုပဲ ခားလဲပါစေ။ ကျွန် တော်တို့ကို ကူညီစောင့်ရှောက်ပါ"

ပြောဆိုပြီး အောင်သန်းတို့လူစု ဝိုင်းထိုင်လိုက်ကြပြန်၏။ နေဝင်ဖျိုးဖျမှ အလင်းပျောက်၍ ညချမ်းသို့ရောက်လာ သည်။ ဆန်းစလကွေးကွေးသည် အနောက်အရပ်မှ မေးတင်လျက်ရှိ သည်။ ဇီးကွက်တို့က ညောင်ပင်ပေါ်မှ တကွစ်ကွစ်အသံပေးနေကြသည်။

ခားပြကြီးဦးပြုံး အောင်သန်း ခားပြ၏စကားမှာ ဟတ်ထိသွားပြီထင် သည်။

ငှက်ကြီးတောင်ခားသည် ညောင် ပင်ခြေရင်းမှာ တုတ်တုတ်မျှမလှုပ်။

"ကိုအောင်သန်း၊ အဆင်ပြေပြီဗျ"

"ဟုတ်တယ်ဆရာ၊ အခြေအနေ ကောင်းတယ်"

"ကဲ - ဒါဆို ငါတို့သွားကြမယ်။ အခြေအနေကို စုံစမ်းပြီး တစ်ရက်၊ နှစ် ရက်ဆို စကြမယ်။ လသိပ်ပြီးဆန်းလာ ရင် မကောင်းဘူး"

ငပိန်က အလျှင်အမြန်ထ၍ အရက်ပုလင်းနှင့် ကြက်ကြော်ပန်းကန် ကို ယူသည်။ ခွက်ထဲမှ အရက်အား ညောင်ပင်ခြေရင်းမှာသွန်၍ ကြက်ပေါင် တစ်ဖဲ့အား ညောင်မြစ်ပေါ်တွင် တင် သည်။ သူတို့အုပ်စု ညောင်ပင်ရိပ်မှလွှတ်



www.burmeseclassic.com

www.burmeseclassic.com

သည်နှင့် ငပိန်က ပုလင်းအား မော့ပါတော့သည်။ ကြက်ကြော်တစ်ဖဲ့ကိုက်လိုက်ပြီး နှုတ်ခမ်းအား တပျပ်ပျပ်သပ်သည်။ ကောင်အေးက အမြင်ကတ်စွာဖြင့် 'ငတ်ကြီးကျတာလွန်ရော'ဟု ပြောသည်။ 'အချိန်ကျနေတာလွန်တောင်လွန်နေပြီကွာ။ ငါ အောင်သန်းတို့ ယာတဲအရောက်မစောင့်နိုင်တော့လို့ပါ' ဟု ပြောပြီး ထပ်မော့သည်။ အောင်သန်းတို့ယာတဲရောက်တော့ ထောင်ထားသည့်သုတ်ကိုင်း၌ ကြောင်ဖားကြီးတစ်ကောင်မိနေသည်မို့ သတ်၍ တောကြောင်သားဟင်းနှင့် ချက်အရက်ကို သောက်ကြတော့သည်။

◆

အောင်သန်းတို့ ယာခင်းတဲငယ်အတွင်းမှာဖြစ်သည်။ တဲကြမ်းပြင်ပေါ်ဝယ် မျက်နှာသုတ်ပဝါတစ်ထည် ဖြန့်ခင်းထားသည်။ လက်ကောက် (၅) ကွင်း၊ လက်စွပ် (၂) ကွင်း၊ ဆွဲကြိုး (၂) ကုံး၊ နားကပ် (၃) ရန်နှင့် ငွေစက္ကူတွေက (၃၀၀၀၀) လောက်ရှိသည်။ ဘိန်းစားငပိန်အား ရွှေကိုခွဲမပေး၊ ပိုက်ဆံကိုသာ ခွဲပေးသည်။ ရွှေပေးလိုက်လျှင် သူ့မိန်းမနှုတ်မလုံမှုကြောင့် အားလုံးပြဿနာတက်သွားနိုင်သည်။ အားလုံးက တညီတညွတ်တည်းဖြင့် ဆရာကြီးအောင်သန်းအား ရွှေဆွဲကြိုးတစ်ကုံးပိုယူပါဟု ပြောကြသည်။ အောင်သန်းအား ဓားပြဂိုဏ်းခေါင်းဆောင် ဖြစ်လေပြီတည်း။ ခွဲဝေယူကြပြီးနောက် မဟာမြိုင်အုပ်စု ပြန်သွားကြသည်။ (၁၅) ရက်ခန့်ကြာလျှင် ပြန်လာကြမည်ဟု ပြောသွား၏။

ရန်ကုန်မှာလည်း အခြေအနေမကောင်းပါ။ တက္ကသိုလ်ကျောင်းသားတွေနှင့် အရပ်သားများ စကားများကြရာမှ ရဲတွေက ပစ်ကြခတ်ကြဖြင့် ဆူပူကြသည်ဟု သိရသည်။ ပုဒ်မ (၁၄၄) ထုတ်ပြန်ထားသည်ဟုလည်း ကြားရ၏။ တော်သူတောင်သားတို့မှာ လယ်ယာကိုင်းကျွန်းအလုပ်ကိုသာ အာရုံစိုက်၍ လုပ်နေကြသော်လည်း မြို့တော်ကြီးဖြစ်သော ရန်ကုန်မှသတင်းများကို နားစွင့်ကြသည်။ ရေဒီယိုရှိသောအိမ်တွေက မိုးလင်းမိုးချုပ် တဂွိဂွိတဂွက်ဂွက်ဖွင့်၍ ဘီဘီစီ၊ ဗွီအိုအေတို့အား နားထောင်ပြီး မီးဖိုဘေး ရေနွေးကြမ်းဝိုင်း၌ တံတွေးစင်အောင်ပြောကြလေ၏။ မြေနီရိုးဓားပြတိုက်မှုကိုလည်း ပြောကြသည်။ ရဲတွေလာပြီးစုံစမ်းကြသည်တဲ့။ သို့သော် သဲလွန်စပျောက်နေ၍ လည်းကောင်း၊ နယ်မြေခံ ရာဇဝင်လူဆိုးကြီးတွေကလည်း မသင်္ကာစရာ ဘာမှမတွေ့၍ တိုက်ပိုင်ကြီး ဦးနှောက်စားနေသည်တဲ့။ အောင်သန်းက မီးဖိုဘေးမှ ဆေးပေါ့လိပ်ဖွာရင်း မသိချင်ယောင်ဆောင်နေသည်။ကောင်အေးကို ဖဲဝိုင်းမသွားဖို့ အတန်တန်သတိပေးရ၏။ ဒီကောင်က လက်ထဲငွေယားလေးရှိလာလျှင် ချိန်းဝိုင်းသို့ပြေးချင်သည်။ ဖဲဝိုင်းမှတစ်ဆင့် ရွာလူကြီးကို သတင်းပေးလိုက်လျှင် မခက်ပြီလား။ ဒီကောင်ကလည်း လူပါး။ နွားကြီးနှစ်ကောင့်ဆွဲလာပြီးပေါ်၍ မိန်းမက ရွာစဉ်လိုက်ရောင်းသည်။ နွားပေါ်၊ ဝက်ပေါ်လျှင် ကောင်အေးလက်ထဲ ပိုက်ဆံရှင်သည်ဟု သိထားကြ၍ မသင်္ကာမဖြစ်ကြ။

ဤသို့ဖြင့် ပိတ်ထားသော တက္ကသိုလ်တွေ ပြန်ဖွင့်တော့ ကျောင်းသားများဆူကြပြန်သည်။ ပါတီဥက္ကဋ္ဌကြီးဆိုလား ခေါင်းဆောင်ကြီးက တီဗွီမှာ ကြိမ်းဝါးသွားသည်။ လူထုက မကျေနပ်ကြ။ ဟိုမြို့သည်မြို့ ဆူမလိုဖြစ်လာသည်။ အောင်သန်းမိတ်ဆွေ မဟာမြိုင်လူစု ပြန်ရောက်လာကြသည်။ ခိုင်းနွားဝယ်ရန် အကြောင်းပြကြသည်။ ဦးဖိုးသာက အောင်သန်းမိတ်ဆွေတွေကို အကြောင်းမသိ၍ ကောင်းကောင်းမွန်မွန် ဧည့်ခံသည်။ သည်တစ်ခါ သူတို့ပစ်မှတ်က ကြောင်ရေရွာဖြစ်သည်။ ရွှေဘိုဆိတ်ခွန်ရွာတောင်ဘက်တွင်ရှိသည်။ သူတို့ရွာမှ နေ့ဝက်ခရီးပြင်းနှင်လျှင်ရောက်သည်။ ထိုရွာလေးက အေးအေးချမ်းချမ်းလုပ်ကိုင်စားသောက်သူများ၏။ လူရှုပ်လူပွေသိပ်မရှိလှပါ။ ဒါကြောင့်လည်း ထိုရွာအား ပစ်မှတ်ထားခြင်း ဖြစ်သည်။ ထုံးစံအတိုင်း အရက်နှင့်ကြက်အား ညောင်ပင်ကြီးမှာ တင်မြှောက်ကျွေးသည်။ ဓားပြကြီးငပြူးအား သူ့ဘက်တော်သား ငမိုက်သားများအား ကောင်းကောင်းစောင်မကြည့်ရှုနေပြီလား မသိ။

နေ့လယ်ခင်းကတည်းက မှုးရိုးအတိုင်း အရှေ့စူးစူးသို့ လှည်းဖြင့်သွားကြသည်။ ကောက်ရိုးပြတ်များ ရိတ်တင်လာကြသဖြင့် မသိလျှင် နွားစာအတွက်ရိုးပြတ်ရိတ်လာကြသူများဟု ထင်စရာဖြစ်နေသည်။ မိုးချုပ်ခါနီး၌ ထိုရွာအနီးလယ်ထဲပျက်သို့ရောက်သည်။ လူရိပ်လူခြည်ကြည့်ရကြပြီး ကိုယ်ယောင်ဖျောက်နေကြသည်။ သူငယ်အိပ်ဆိတ် ကြက်တွန်သောအခါ ငပိန်အား မှုးရိုးလှည်းတံတားနားက ဖျောက်ဆိတ်ပင်နားမှာ စောင့်နေရန်ပြောပြီး ရွာနားသို့ကပ်လာသည်။ ကောင်အေး၏ လက်ထဲမှာက အမဲခြောက်အစည်းလိုက်ပါလာသည်။ ခပ်စွာစွာခွေးနှင့်တွေ့လျှင် ထိုအမဲခြောက်များက ခွေးနှုတ်ပိတ်ခအဖြစ် အသုံးကျသည်။ ပုဆိုးများကို ခေါင်းအထိခြုံလိုက်ကြပြီး မျက်စိပေါက်သာဖော်ထားကြသည်။ အောင်သန်း ငှက်ကြီးတောင်ကို ဓားအိမ်မှ မချွတ်ဘဲ ကျောမှာ သိုင်းလွယ်ထားသည်။ လက်မှာ သေနတ်ပြောင်းရှည်ကို ကိုင်ထား... ကာ ကိုတင်လည်း သေနတ်တစ်လက် ကိုင်ထားသည်။ ကျန်လူများက ဓားရှည် အသီးသီးဖြင့် ဓားလွတ်ကိုင်လာကြသည်။

လမိုက်ညဖြစ်သောကြောင့် ကြယ်... ရောင်သည် ခပ်မှေးမှေးသာဖြစ်နေ... သော်လည်း တောကြောင်အုပ်စုကား... ကျင့်သားရနေလေပြီ ဖြစ်သည်။ ကောင်... အေး၏လွယ်အိတ်ထဲမှ အမဲခြောက်များ... သည်လည်း ကုန်လုလုဖြစ်လာသည်... ရွာခွေးများသည် သခင်ထက် အမဲ... ခြောက်ကို ပို၍တပ်မက်သည်လားမသိ... ဝခနဲအသံတစ်ချက်ပေး၍ ငြိမ်သက်သွား... ကြသည်။ တစ်ခါတစ်ရံ ခွေးချင်းအော... လုသံထွက်လာလိုက်သေးသည်။ သူ... ဦးတည်နေသည်က ကုန်စုံဆိုင်ပိုင်ရှ... တရုတ်ဟုတ်စွမ်အိမ်သို့ ဖြစ်သည်... ဟုတ်စွမ်၏ ကုန်စုံဆိုင်သည် ထိုရွာ... တစ်ဆိုင်တည်းဖြစ်သော်လည်း အတော်... စုံစုံလင်လင်ရ၏။ နှစ်ပေါင်းများစွာ... အခြေချနေလာခဲ့သဖြင့် ပိုက်ဆံအတော်... ရှိသည်ဟု သတင်းကြားရသည်။ အိမ်... ဝင်ပေါက်၊ ထွက်ပေါက်များအား ဘိန်း... စားငပိန်က ပလတ်စတစ်နှင့် ကလော... ကစားစရာအရုပ်လဲသော အထမ်းသည်... ပုံစံဖြင့် လွန်ခဲ့သော (၁၀) ရက်ခန့်က... တည်းက လေ့လာပြီးသား။ ဟုတ်စွမ်... တရုတ်လူလည်ဖြစ်သည်။ သူတို့ဒေသ... အကြောင်း ကောင်းကောင်းသိပြီးသား... အုပ်စုလိုက်ဖွဲ့ပြီး ဓားပြတိုက်တတ်သည်... ကို သိသောကြောင့် ညနေမိုးချုပ်သည်... နှင့် အိမ်တံခါးများအား မင်းတုပ်ကြီး... အလုံပိတ်ထားတတ်သည်။ သို့သော် ... အိမ်မှာ အားနည်းချက်ရှိ၏။ ကလေး... တွေများသဖြင့် ညရေးညတာ အလေး... အပေါ့စွန့်လိုသော် အိမ်နောက်ဖေးဘ... ၌ ကြမ်းပေါက်ကြီးတစ်ပေါက်ဖော... ထားသည်။ ကလေးတွေက ထိုအပေါက်... မှ ကျင်ကြီးကျင်ငယ်စွန့်ကြသည်။ နံ... လင်းသော် ဟုတ်စွမ်မွေးထားသည့် ... မကြီးက မိလ္လာမြုန်စပယ်တော်နိုက်... စွာဖြင့် လာရောက်ရှင်းသွားသည်...



www.burmeseclassic.com

www.burmeseclassic.com

ထိုအပေါက်ကြောင့် ညဘက်ဆိုလျှင် အိမ်နောက်ဖေးတံခါးဖွင့်ပြီး အိမ်သာသို့ သွားရတော့ပါ။ ထိုအပေါက်က လူ တစ်ယောက် ခေါင်းဝင်ကိုယ်ဆံ့ဖြစ် သည်။

ကောင်အေးက ခြံပေါက်ဝနား၌ မောင်ရိပ်ခိုပြီးစောင့်နေသည်။ ဒီကောင့် ကို အိမ်ပေါ် သို့ခေါ် ၍မဖြစ်။ စိတ်မရှည် လျှင် ဒီကောင်က လက်ပါချင်သည်။ စားပြဆိုပေမယ့် လိုချင်သည့်ပစ္စည်းရဖို့ အတွက် ဟန်လုပ်ရသော်လည်း အောင် သန်းတို့က မရက်စက်ချင်ပါ။ ဒီကောင် က လက်ဖြတ်၊ နားရွက်ဖြတ်လုပ်ချင် သည်။ သူတို့ထိုအပေါက်မှတစ်ဆင့် အိမ်ပေါ် သို့ ရောက်နေကြပြီး ဖြစ်သည်။ ဟုတ်စွမ်၏ ကလေး (၄) ယောက်မှာ အိမ်ရှေ့၌ အတုံးအရုန်းအိပ်ပျော်နေကြ သည်။ မှန်အိမ်ပျပျထွန်းထား၍ ဟုတ် စွမ်တို့လင်မယားအိမ်ခန်းကို မြင်နေရ သည်။ အခန်းဝမှကြည့်လိုက်တော့ ဟုတ်စွမ်မိန်းမသည် ဝက်တစ်ကောင် လား တခွီးခွီးဖြင့် အိပ်မောကြနေ သည်။ ဟုတ်စွမ်ကို မတွေ့ရပါ။ ဒီကောင် ဘယ်ရောက်နေပြီလဲဟု ကိုတင်က တိုး တိုးမေးသည်။ ဟုတ်စွမ်ပျောက်နေသည်။ အောင်သန်းအသာရပ်၍ စဉ်းစားခန်း ထုတ်လိုက်၏။ ဟုတ်စွမ် ကုန်စုံဆိုင်မှာ ကောင်မလေးချောချောတစ်ယောက်ခေါ် ထားသည်။ ဈေးကူရောင်းရင်း တာဟီရ ကိစ္စများကူလုပ်ရန် ခေါ်ထားခြင်း ဖြစ် သည်။ နောက်ဖေးခြေရင်းမှာ မှန်အိမ် အလင်းရောင်ပျပျလေးကိုမြင်ရသည်။ သူတို့နှစ်ယောက် ထိုအခန်းဘက်သို့ ခြေဖော့ပြီးလျှောက်လာကြ၏။ ကျန်နှစ် ယောက်က ဟုတ်စွမ်မိန်းမကြီးနှင့် ကလေးတွေကိုစောင့်ကြည့်နေကြသည်။

အခန်းတံခါးဟနေ၍ အသာဖွင့် ကြည့်တော့ လား၊လား - ဟုတ်စွမ်သည် ကောင်မလေးနှင့် ဖက်အိပ်နေပါလား။ တော်တော်ဟုတ်သည့် ဟုတ်စွမ် ဖြစ် သည်။ မယားကြီးအိမ်ပေါ်မှာထားပြီး မယားငယ်နှင့် စက်တော်ခေါ်နေသည့် ကောင်။ တွေ့ကြသေးတာပေါ့ဟု ခါးထဲမှ ကြိမ်းထားပြီး ရင်ဘတ်ပေါ် ခြေထောက်၍ ခြေဖြင့် ကန်နှိုးလိုက် သည်။

"ဟေ့ကောင်ထစမ်း၊ ထစမ်း မြန် မြန်"

ဟုတ်စွမ်မှာ သူခိုးလူမိသွားသကဲ့ သို့ အိပ်ချင်မူးတူးဖြင့် ကမန်းကတမ်း ထသည်။ သို့သော် သေနတ်ဖြင့် ချိန် ထားသည့်သူ၊ ဓားဖြင့် ထောက်ထား၍ ခပ်တိုးတိုးကြိမ်းဝါးလာသူကြောင့် အံ့ အားသင့်သွားသည်။

"အော်မယ်မကြံနဲ့၊ ဒီမှာတွေ့လား သေသွားမယ်"

အောင်သန်းအသံခပ်အုပ်အုပ်ဖြင့် ကြိမ်းလိုက်သည်။ ကလေးမလေးလည်း နိုးလာသည်။ သေနတ်တွေ၊ ဓားရှည်တွေ မြင်လိုက်ရ၍ အသံမထွက်ရဲ။ လျှော့တိ လျှော့ရဲဖြစ်နေသော ထဘီ၊ အင်္ကျီတို့ အား ကမန်းကတမ်းတွယ်နှောင်နေသည်။ တွေ့သည့် အဝတ်စုတ်ဖြင့် သူတို့နှစ် ယောက် ပါးစပ်ထဲထိုးထည့်ပြီး နွား နဖားကြိုးဖြင့် လက်ပြန်တုပ်လိုက်၏။ ဟုတ်စွမ်က အသက်ရန်မရှာဖို့ ခေါင်း တယမ်းယမ်းဖြင့် တောင်းပန်ရှာသည်။ ကလေးတွေက အိပ်မောကျကောင်း တုန်း။ အောင်သန်းတို့နှစ်ယောက် မိန်းမ ကြီး အိပ်ခန်းထဲဝင်သွားပြီး နှိုးကာခေါ် ထုတ်လာကြသည်။ အလွန်ဝနေသော ဟုတ်စွမ်မိန်းမမှာ ကြောက်လွန်းအား ကြီး၍ အသံတိတ်ငိုနေသည်။ ဟိုမိန်းမ ကြီးအား လက်ပြန်ကြိုးတုပ်လိုက်ပြီး -

"ခင်ဗျားတို့ ရွှေ၊ ငွေလက်ဝတ် လက်စားတွေထားတဲ့ ဗီရိုသော့ပေးပါ။ ဟိုမိန်းမကြီး လိုက်ဖွင့်ပေး။ ဒီမှာကျုပ် ပြောမယ်။ အကုန်မယူဘူး၊ တစ်ဝက်ပဲ ယူမယ်။ ကျုပ်တို့ကို လိမ်မယ်မကြံနဲ့။ ဟို မှာအိပ်နေတဲ့ကလေးတွေ တွေ့တယ် မဟုတ်လား။ ဒုက္ခိတဖြစ်သွားအောင် ခြေ၊ လက်တွေကို ခုတ်ဖြတ်လိုက်မယ် နော်၊ မြန်မြန်ထုတ်ပေး"

ကိုတင်က မိန်းကလေးနားကပ်ကို ချွတ်ခိုင်းသည်။ လက်ပြန်တစ်ချက်တွယ် လိုက်သည်နှင့် ဟုတ်စွမ်က အမြန်ချွတ် ပေးဖို့ အချက်ပြသည်။ မိန်းမကြီးအား လည်း အိပ်ခန်းအတွင်းခေါ်ခိုင်းပြသည်။ မိန်းမကြီး ဗီရိုဖွင့်တော့ သေတ္တာလေး တစ်လုံးနှင့် ငွေထုပ်ကြီးကို တွေ့ရသည်။

မှန်အိမ်၏ မီးရောင်အောက်မှာ ဟုတ်စွမ်စုထားသည့်ရွှေတွေက မနည်း လှပါလား။ ငွေတွေက အထုပ်လိုက် အထုပ်လိုက်ဖြင့် နှစ်သိန်း၊ သုံးသိန်းခန့် ရှိမည်။ ဆွဲကြိုးတွေ၊ လက်ကောက်တွေ လက်စွပ်တွေလည်း မနည်းလှ။ အပေါင် ဆုံးတွေဖြစ်ပုံရသည်။

ကိုတင် လောဘတက်လာပုံရ သည်။ အောင်သန်းကို အကုန်ယူဖို့ အကြံပေးသည်။

"မလုပ်နဲ့၊ တစ်ဝက်ကို သူတို့မိသား စုအတွက်ချန်ထားခဲ့ရမယ်"

ပုဆိုးစလွယ်သိုင်းလိုက်ပြီး ငွေတွေ ကို ထုတ်ရန်လွယ်လိုက်သည်။ ရွှေများ အား နှစ်ပုံခွဲပြီး တစ်ပုံကို လွယ်အိတ်ထဲ ထည့်၍ -

"ကျန်တာ ခင်ဗျားတို့မိသားစု အတွက် ပြန်ပေးခဲ့တယ်။ ဟုတ်ပွမ်၊ ဒါတွေကခင်ဗျားမိသားစုအတွက်နော်။ ကျုပ်တို့မတရားမလုပ်ဘူး။ ဒါပေမယ့် ခင်ဗျား မယားငယ်လေးအတွက်မပါဘူး နားလည်လား"

ကောင်မလေးကို ခြေနှင့်ထိုးပြပြီး ဟုတ်စွမ်တို့နှစ်ယောက်ကို တိုင်တစ်တိုင် မှာ ကြိုးနှင့် အသေချည်၊ မိန်းမကြီးကို လည်း ပါးစပ်ထဲအဝတ်ဆို့၍ လက်ပြန် ကြိုးကိုတိုင်မှာချည်ပြီး အိမ်တံခါးမင်းတုပ် အား အသာ,မပြီး ထွက်လာခဲ့ကြသည်။ အချိန်မှာ ဘာမှမကြာလိုက်ပါ။ မိန်းမ ကြီးကတော့ ပါသွားသည့်ရွှေ၊ ငွေတွေ ထက် ဟုတ်စွမ်နှင့်ကောင်မလေးတို့အား စားမတတ်ဝါးမတတ် မျက်စောင်းတခဲခဲ ဖြင့် ကျန်ရစ်ခဲ့ပါတော့သည်။

◆

သက်ကယ်ခြံရွာ အရက်ချက်ဖိုမှာ ဖြစ်ပါသည်။ သူတို့(၅)ယောက် အရက် နှစ်ပုလင်းထောင်၍ ဝိုင်းကောင်းနေကြ သည်။ အနီးအနားကျွန်းပင်အောက်မှာ နွားနှစ်ကောင် ချည်ထားသည်။ သက် ကယ်ခြံမှ ခိုင်းနွားနှစ်ကောင်အား ဈေး သိပ်မဆစ်ဘဲ ကိုတင်တို့လူစုဝယ်လာကြ သည်။ ဒီတော့ နွားဝယ်သည့်ယာသမား တွေဆိုပြီး ဘယ်သူကမသင်္ကာဖြစ်မှာ တုံး။

အရက်ဆိုင်မှာလည်း တိုးတိုးပြော လိုက်ရယ်လိုက်ကြဖြင့် မြူးနေကြသည်။

"ဟီးဟီး - ဟုတ်စွမ်တို့လင်မယား ခါးပြလို့အော်ဖို့နေနေသာသာ မယား ငယ်နဲ့မိသွားလို့ နှောင်ချိန်ပလေးနေမှာ မြင်ယောင်မိသေး"

"ဟုတ်တယ်ကွ၊ ဟုတ်စွမ်က မိန်းမကို အသေကြောက်ရတယ်။ ဒီကောင်က ကောင်မလေးကိုလည်းကြံ နေတာ။ ကောင်မလေးကလည်း ရွှေ လေး၊ ငွေလေးကျိတ်ဆင်တော့ ပါသွား တာပေါ့ကွ။ ဒါပေမယ့် တစ်အိမ် တည်းဆိုတော့ မိန်းမကြီးနဲ့ မလွတ်လပ် ဘူးလေ။ ဒါပေမယ့် ဟုတ်စွမ်က လူပါး ကွ။ ငါထင်တယ်၊ ညဘက်ဆို သူ့မိန်းမ ကြီးကို အိပ်ဆေးတွေဘာတွေခပ်တိုက် ထားပုံရတယ်။ ဟိုနေ့ညကဆိုကြည့်ပါ လား။ တော်တော်နှိုးယူရတယ်။ နိုးလာ တော့လည်း အိပ်ချင်မူးတူးနဲ့ လုလုံးမကွဲ ဘူးဖြစ်နေတယ်"

သူတို့အရက်ဝိုင်းကောင်းနေကြင်



www.burmeseclassic.com

www.burmeseclassic.com

ကိုလေးကုလားနှင့် ကိုကြီးဌေး၊ ဖိုးတင်ထွန်းတို့ အရက်ဖိုထဲဝင်လာကြသည်။ ကိုလေးကုလား ခါးပုံစထဲမှ နှမ်းများကို ပြည်ထောင်းထဲသို့ သွန်ထည့်ရသည်။

"မအေး၊ ဒီမှာ နှမ်းတစ်ပြည်နော်။ အရက်သုံးလုံးတော့ရပါတယ်ဗျာ"

"သုံးလုံးမဟုတ်ဘူး ကုလားရေ၊ ငါးလုံးယူသွား။ နင်သုံးလုံးကုန်ရင် ထပ်ပြီးဂိုကျဦးမှာပါသိတယ်"

နှမ်းတစ်ပြည် သွားရောင်းလျှင် အနည်းဆုံး ငွေတစ်ရာလောက်ရသည်ကို သိသဖြင့် ဒေါ်အေး ပိုပိုသာသာပေးလိုက်ခြင်း ဖြစ်သည်။ ချက်အရက်တစ်လုံးမှ ငွေတစ်ဆယ်ပဲကျသည်မဟုတ်လား။

"ဒေါ်အေး၊ ကိုလေးကုလားကို နှမ်းတွေပြန်ပေးလိုက်ပါ။ ကိုလေးကုလားတို့ ဒီဝိုင်းကိုလာကြလေ။ ကျုပ်တို့နဲ့အတူ သောက်တာပေါ့"

"ဟာ - အောင်သန်းတို့ပါလား။ ဘာလဲ၊ သက်ကယ်ခြံမှာ နွားလာဝယ်တာလား။ မင်းကနွားပွဲစားလည်းလုပ်နေပါလား။ လှည့်လာပုံထောက်တော့ အဆင်ပြေလာပြီထင်တယ်"

"လာပြီ ကိုယ့်လူရေ မအေး ကျုပ်နှမ်းတွေပြန်ယူမယ်။ ဒကာပေါ်ပြီလေ"

"မယူပါနဲ့ ကုလားရယ်၊ နင်နောက်နေ့တွေ သောက်ဦးမှာပဲဟာ"

ဒေါ်အေးက သူ့တွက်ခြေကိုက်သော နှမ်းများပြန်ယူသွားမည်ကို စိုးရိမ်နေရှာသည်။

"ဟုတ်သားပဲ ကိုလေးကုလားကလည်း ထားခဲ့ပါ။ နောက်နေ့အတွက် ရှိသေးတာပဲဟာ"

"မင်းတို့နှစ်ယောက်ကတော့ ကပ်ပါးတွေပဲကွာ၊ နောက်နေ့အတွက်ပါ ငါ့ဆီက ညှဉ်းချင်နေသေးတယ်"

သူတို့အရက်ဝိုင်းကား ကွန်းပင်ကြီးအရိပ်မှာ တဟားဟားနှင့် ပွဲကျနေပါတော့သည်။

ဒေါ်အေးကလည်း ထမင်းစားပွဲ အဟောင်းအားလှန်ပြီး မြေဖြူခဲဖြင့် အရက်ကုန်ပြီဟု ရေးကာ တဲထိပ်မှာ သွားထောင်လေ၏။ မြို့က ဘုံဆိုင်ကဲ့သို့ ဒေါ်အေးတို့ ချက်အရက်ဖိုသည်လည်း တစ်ခါတစ်ရံ အချိန်အခါမဟုတ် အရက်ကုန်တတ်ပါလား။

(ဆက်ရန်)

သန့်ဇင်

ချစ်မှန်းခင် ([illegible])

# ကိုယ်တွေ့ရှက်ဖျားပြတ်စေး

စာရေးသူသည် တပေါင်းလ ဇာတိရပ်မြေဖြစ်သော ဗလကျွန်းကျေးရွာသို့ အစ်ကိုဖြစ်သူ ကိုလှိုင်ဝင်း၏ သားများ ရှင်ပြုအလှူတော်မင်္ဂလာပွဲသို့ သွားရောက်ရာ မောင်နှမတစ်သိုက်ဖြစ်သော မောင်ဖြစ်သူ ဖိုးပေါက်၊ အဒေါ်ဖြစ်သူ ဒေါ်တင်ရီ၊ ဒေါ်ကြင်မေ၊ အစ်မ မခင်သန်းဌေး၊ ကျောင်းဆရာမလေး လေးလေးနွယ်နှင့် ညီမဖြစ်သူ မြန်အောင်မြို့နေ ဒေါ်ခင်သန်းဆွေ၊ ဒေါ်ခင်မိုး ဆွေမျိုးတစ်စုတို့သည် မတွေ့ရတာကြာပြီဖြစ်သဖြင့် ယခုလို ဆွေမျိုးထဲမှ အလှူအတန်းလုပ်မှ ဆွေမျိုးတစ်စုစုံလင်လင် ပြန်လည် ဆုံစည်းခွင့်ရကြလေသည်။

ဗလကျွန်း ကျေးရွာကြီးသည် မိုးညိုမြို့နယ်အတွင်း တည်ရှိပြီး ဧရာဝတီမြစ်ကမ်းဘေးတွင် တည်ရှိသောကြောင့် မြေနုကျွန်းများဖြစ်သဖြင့် ငရုတ်၊ ဆေး၊ ပဲမျိုးစုံနှင့် ဖရဲ၊ ပြောင်း၊ ကန်စွန်းဥစသည့် ယာထွက်သီးနှံများ အောင်မြင်ဖြစ်ထွန်းသောကြောင့် ကျေးရွာသူကျေးရွာသားများတို့သည် စီးပွားရေးအခြေအနေ တောင့်တင်းခိုင်မာ၍ သာယာဖွံ့ဖြိုးသောကျေးရွာကြီးတစ်ရွာ ဖြစ်သည်။

အစ်ကိုဖြစ်သူ ကိုလှိုင်ဝင်း၏သား ရှင်ပြုအလှူတော်မင်္ဂလာပွဲသည် စည်ကားလှပေသည်။ နံနက် ရှင်လောင်းလှည့်သောအခါ အိုးစည်ဝိုင်း၊ ဒိုးပတ်ဝိုင်းများတို့ဖြင့် စီတန်းလှည့်လည်ရာ ရွာနီးချုပ်စပ်မှရွာများနှင့် ရွာခံကွမ်းတောင်ကိုင် လုံမပျိုလေးများတို့သည် ဝတ်စားဆင်ယင် ထုံးဖွဲ့ထားကြသည်မှာ မြန်မာဆန်၍ တောစံပယ်ပန်းလေးများ အလှချင်းပြိုင်၍ ရှင်လောင်းလှည့် တန်းစီလာကြသည်။

အစ်ကိုကာလသားများကလည်း အိုးစည်၊ ဒိုးပတ်များတီး၍ စောင်း၍ချိတ်၍ သီချင်းဆိုပိုးပန်းနေကြသည်မှာ တောသဘာဝတောအလှ မြန်မာ့ရိုးရာ ရှင်ပြုပွဲကား စည်ကားလှပေသည်။ မိဘတို့၏ သာသနာ့အမွေခံရာ ပဗ္ဗဇ္ဇအလှူမင်္ဂလာပွဲတည်း။

ဒိုးပတ်ဝိုင်း၏ရှေ့တွင် ပုသိမ်ထီး ကိုဆောင်းပြီး ပုဆိုးကွက်ထောက်ကြီး ကိုဝတ်လျက် နှုတ်ခမ်းမွေးကြီးလှုပ်တာ လှုပ်ကာဖြင့် ဦးရွှေရိုးအကက,နေသော ခင်မောင်ဌေးသည် ကွမ်းတောင်ကိုင် လှပျိုဖြူလေးများဘက်သို့လှည့်၍ မျက် ပစ်လိုက်၊ နှုတ်ခမ်းမွေးလှုပ်ပြလိုက်၊ ရှေ့ က ကိုးရိုးကားရား ကပြလိုက်ဖြင့် တော ရွာခလေ့ ပျော်မွေ့ဖွယ်ရာ ရှင်ပြုအလှူ တော်မင်္ဂလာပွဲတစ်ရပ်ပါပေ။

စာရေးသူမှ တူဖြစ်သူ ခင်မောင် ဌေးသည် ကချင်ပြည်နယ် ဖားကန့်ဘက် ကျောက်စိမ်းတူးသည့်ဒေသသို့ သွား ရောက် လုပ်ကိုင်နေသည်ဟု ကြားသိ ပြီး ဘယ်အချိန်က ပြန်ရောက်လာသည် မသိသဖြင့် အဒေါ်ဖြစ်သူ ဒေါ်တင် အား -

"ဒေါ်လေး၊ ခင်မောင်ဌေး ဖား ကန့်ဘက်ကို ကျောက်တူးတဲ့အလုပ်သွား လုပ်နေတယ်ဆို။ ဘယ်တုံးက ပြန် ရောက်တာလဲ"

ဟု မေးသောအခါ အဒေါ်ဖြစ်သူ ဒေါ်တင်ရမှ -

"တူမရယ်၊ ခင်မောင်ဌေးကို ... လို့ တွေ့ရတာ။ ဖားကန့်ဘက်က ... ဖျားပါလာတာ အခုမှပျောက်ပြီး လူ ... ဝပြီးစိုပြည်လာတာ"

စာရေးသူလည်း ရှင်လောင်းအ... များ မဏ္ဍပ်အတွင်းသို့ ဝင်ရောက်... ပြီဖြစ်သဖြင့် အသီးသီး ဧည့်ခံရေး... မွေးရေးတို့ဖြင့် အလုပ်ရှုပ်လျက် စ... ပြတ်သွားလေသည်။ မဏ္ဍပ်အတွင်း ရှင် လောင်းများထမ်းလျက်ကပြနေကြသည်...

◆

ရှင်ပြုအလှူတော်မင်္ဂလာပွဲကြီး... သွား၍ နောက်တစ်နေ့ ရွာထဲမှ လူ... အမျိုးသား၊ အမျိုးသမီးလေးများတို့... ဝေယျာဝစ္စများ သိမ်းဆည်းနေကြ... ရှိသည်။ ခင်မောင်ဌေးမှလည်း ဦး... ကိုလှိုင်ဝင်း၏အလှူတော်မင်္ဂလာ... အားကြိုးမာန်တက်ဆောင်ရွက်လုပ်...



www.burmeseclassic.com

www.burmeseclassic.com

ပေးနေသည်ကို တွေ့ရှိရသည်။

ဤသို့ဖြင့် နေ့လယ်အက် လူငယ်လေးများတို့သည် ထမင်းစားသောက်ကြပြီး ရေနွေးဝိုင်းတွင် ဝိုင်းဖွဲ့၍ ရေနွေးသောက်နေကြစဉ် စာရေးသူမှ -

"မောင်ခင်မောင်ဌေး၊ အန်တီ့ဆီကို ခဏလာပါဦးကွယ်"

ဟု ခေါ်လိုက်ရာ ခင်မောင်ဌေးသည် စာရေးသူ၏အနားသို့ ရောက်ရှိလာပြီး ပဋိသန္ဓာရစကားများဖြင့် နှုတ်ဆက်ပြောဆိုပြီး စာရေးသူမှ -

"မောင်ခင်မောင်ဌေး၊ မင်းဖားကန့်ကို ကျောက်သွားတူးတဲ့အလုပ်လုပ်တာ အဆင်ပြေရဲ့လား"

ဟု စာရေးသူမှ မေးသောအခါ ခင်မောင်ဌေးမှ -

"အန်တီရယ်၊ အဆင်ပြေတယ်တော့ မဟုတ်ပါဘူး။ ငှက်ဖျားဖြစ်လို့ ပြန်လာရတာ။ ရွာထဲကလူတွေက သေချာပဲလို့ ယူဆထားကြတာ။ ငိုသံကိုပဲ ကြားစွင့်နေကြတယ်။ ကျွန်တော့်လက်မောင်းကလေးတွေ သေးသေးလေးနဲ့ ဗိုက်ပူနံကားငှက်ဖျားဖြစ်နေတာ။ အင်္ဂလိပ်ဆေး၊ မြန်မာဆေးစုံနေပြီ မပျောက်ဘူး၊ မော်ထဲမှာ ဆေးထိုး၊ ဆေးကုနဲ့ မပျောက်လို့ သေရင် ရွာပြန်သေမယ်ဆိုပြီး ပြန်လာတာ"

ဟု ပြောသောအခါ စာရေးသူမှ အံ့ချင်ဇောဖြင့် -

"ဒါဖြင့် မင်းဘယ်ဆေးနဲ့ပျောက်တာလဲ"

ဟု မေးသောအခါ ခင်မောင်ဌေး ပြောပြသည်မှာ -

◆

ခင်မောင်ဌေးသည် သူငယ်ချင်းအပေါင်းအဖော်များ၏ မဲဆွယ်အပြောကောင်းမှုကြောင့် သူဌေးဖြစ်ကိန်းရှေ့ရှုတွေးလျက် ဖားကန့်နယ်မြေ ကျောက်စိမ်းတူးရာ တောင်ဒေသအရပ်သို့ကျောက်တူးသမားအဖြစ် သူငယ်ချင်းတစ်သိုက်နှင့် လိုက်ပါသွားလေသည်။

ဖားကန့်ဒေသ တောထဲတွင် တဲထိုးစခန်းနေပြီး ကျောက်တူးလုပ်သားအဖြစ် နေထိုင်လုပ်ကိုင်လျက်ရှိရာ သူဌေးတော့မဖြစ်သေးဘဲ ငှက်ဖျားရောဂါ ရလာပြန်လေပြီ။ ပထမတော့ ငှက်ဖျားဖျားတဲ့အခါ တဲပေါ်တက်လှဲနေပြီး ငှက်ဖျားကျသွားသောအခါ တစ်ဖန်ဆင်း၍ အလုပ်လုပ်ပြန်လေသည်။ ကြာသောအခါ ငှက်ဖျားဝေဒနာမှာ တစ်စတစ်စ ဖိစီးလာသဖြင့် အလုပ်မလုပ်နိုင်တော့ဘဲ မွေးရပ်မြေသို့ ငွေထုပ်ပိုက်မပြန်နိုင်ဘဲ ငှက်ဖျားရောဂါဝေဒနာပိုက်၍ပြန်ခဲ့ရာ ဖားကန့်မြို့ကားဂိတ်၌ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် ကားစောင့်ရင်း လက်ဖက်ရည်တစ်ခွက် မှာသောက်ပြီးနေစဉ် ငှက်ဖျားတက်လာပါတော့သည်။

ခင်မောင်ဌေးနှင့် ဘေးချင်းယှဉ်စားပွဲတွင် ကချင်တိုင်းရင်းသားကြီးတစ်ယောက်သည် ကချင်လွယ်အိတ်ကြီးကို စလွယ်သိုင်းလွယ်လျက် လက်ဖက်ရည်သောက်နေရာမှ -

"လူလေး၊ မင်းဖျားနေတာလား"

မေးသောအခါ ခင်မောင်ဌေးမှ-

"ဟုတ်တယ် အဘရယ်၊ ကျွန်တော် ဖျားနေတာ ကြာပါပြီ။ အင်္ဂလိပ်ဆေး၊ မြန်မာဆေးတွေလည်းစုံပြီ။ မပျောက်ဘူး။ အဲဒါ အခု ကျွန်တော် ရွာကိုပြန်မလို့ပါ"

ဟု ပြန်လည် ပြောသောအခါ ကချင်အဘိုးကြီးမှ -

"လူလေးကဘယ်မှာနေတာလဲ"

ဟု မေးသောအခါ ခင်မောင်ဌေးမှ-

"ကျွန်တော်က ဧရာဝတီတိုင်းဒေသကြီးထဲက မိုးညိုမြို့နယ်ရဲ့ တောရွာတစ်ရွာကပါ"

ဟု ပြောသောအခါ ကချင်အဘိုးကြီးမှ ဆေးနည်းတစ်နည်းအား စာရွက်တစ်ရွက်တွင် ရေးပေးလိုက်ပြီး ကချင်အဘိုးကြီးမှပြောသည်မှာ -

"အဘိုးငှက်ဖျားရောဂါဝေဒနာရှင်များကို ဒီဆေးနဲ့ပဲ အသက်ကယ်ခဲ့တာကြာပြီ။ လူလေး ရွာရောက်ရင် ဒီဆေးဖော်သောက်လိုက်။ ပျောက်ကင်းသွားမှာပါ"

ခင်မောင်ဌေး၏ လက်ဖက်ရည်ဖိုးကိုလည်း ကချင်အဘိုးကြီးမှ ရှင်းပေးလိုက်လေသည်။ ခင်မောင်ဌေးသည် ကချင်အဘိုးကြီးအား ဦးချကန်တော့ပြီး ရွာသို့ပြန်ခဲ့လေသည်။

ရွာသို့ရောက်သောအခါ ကချင်အဘိုးဆေးဆရာကြီး ပေးလိုက်သည့်ဆေးအား ဖော်၍စားရာ ငှက်ဖျားရောဂါဝေဒနာမှာ လုံးဝပျောက်ကင်းသွားပြီး ယခုကဲ့သို့ ကျန်းမာစိုပြည်ဝဖြိုးလာပြီး ကိုယ်တွေ့သောက်သုံး၍ ပျောက်ကင်းသွားသောငှက်ဖျားရောဂါဝေဒနာပျောက်ဆေးအား ပြောပြပါသည်။

**ကိုယ်တွေ့ငှက်ဖျားပျောက်ဆေး ဆေးနည်းလက်ာ**

◆*ရှိန်း-ဇာ-လေးညင်း ငှက်ဖျားကွင်း*

၁။ ရှိန်းခိ

၂။ ဇာတိပ္ဖိုလ်

၃။ လေးညှင်းပွင့်

ဤသုံးမျိုးအား ဆတူ အမှုန့်ပြုထောင်းပါ။ထမင်းရည်အနည်းငယ်ထည့်၍ ရွေးငယ်သာသာအလုံးကလေးများလုံးထားပါ။ အစိုဓာတ်ထပ်ရှုံလှန်း၍ သန့်ပြန့်သည့်ဖန်ဘူးတွင် ထည့်ထားပါ။

**ဆေးစားရန်ဆေးညွှန်း**

ရွေးလေးငယ်သာသာ လုံးထားသော ဆေးလုံးတစ်လုံးအား ရေနွေးဖြူဖြင့် နံနက်တစ်လုံး၊ ညတစ်လုံးသောက်ပါ။

ငှက်ဖျားကြမ်းလွန်းပါက နေ့လယ် (၂) နာရီတွင် ထပ်မံသောက်ပါ။

စောင်ကို နေလှန်း၍ တစ်နာရီခွဲခန့် (၁း၃၀) ချွေးအောင်းချွေးထုတ်ပေးပါ။

အဖျားမကြမ်းပါက မှန်မှန်ရက်ဆက် နံနက်တစ်လုံး၊ညတစ်လုံးသောက်ပါ။ ဤနည်းဖြင့် ငှက်ဖျားရောဂါ အမြစ်ပြတ်ခဲ့ကြောင်း ခင်မောင်ဌေးမှ ပြန်လည်ပြောပြပါသည်။

မှတ်ချက်-ဆေးသောက်ပြီး ခေတ္တခဏလေလုံခြုံစွာနေပါ။

*(ဤဆေးနည်းသည် ကချင်ပြည်နယ် ကချင်ဆေးဆရာကြီးတစ်ဦးထံမှ မေတ္တာစေတနာဖြင့် ကူညီဆေးနည်းပေး၍ ဆေးဖော်စပ်ပြီးစားရာမှ ငှက်ဖျားရောဂါဝေဒနာမှာ လုံးဝမဖျားတော့ဘဲ ပျောက်ကင်းချမ်းသာသွားကြောင်း ပြောပြပါသည်။)*

သို့ပါသောကြောင့် ငှက်ဖျားရောဂါဝေဒနာ ခံစားနေကြရသော ဝေဒနာရှင်များအား ငှက်ဖျားရောဂါဝေဒနာမှ သက်သာပျောက်ကင်းစေရန် သုရဇ္ဇမဂ္ဂဇင်းမှ ရေးသား တင်ပြလိုက်ရပါသည်။

ချစ်မှန်းခင်

(ကြို့ပင်ကောက်-သယ်တီ)



www.burmeseclassic.com

www.burmeseclassic.com

အင်း - ပြောမယ်ဆိုရင်လည်း ပြောချင်စရာပါပဲလေ။ ဒီရွာထဲမှာ အ သားဆုံး၊ အအေးဆုံး၊ စိတ်ကောင် စေတနာအရှိဆုံး၊ သနားကြင်နာ အပေးတတ်ဆုံးသူကို ပြောကြကြေး ရင် ဖိုးရွှေရိုးကို လက်ညှိုးထိုးပြရမှာ အသေအချာပါပဲ။

ရွှေရိုးရဲ့ ရိုးတာချက် အ,ချက်၊ ချက်တွေကို ပြောရရင်တော့ဆုံးမှာ မဟုတ်တော့ပါဘူး။ ပြောမဆုံးပေ တောသုံးထောင် မဟုတ်ပေမယ့် ပြေ တော့ပြောလိုက်ပါဦးမယ်။





www.burmeseclassic.com

www.burmeseclassic.com

ဒီရွာမှာ ရွှေရိုးရဲ့အလုပ်က နွားအငှားကျောင်းတဲ့အလုပ်ပါ။ နွားကျောင်းတယ်ဆိုပေမယ့် သူ့မှာတော့ ကိုယ်ပိုင်နွားဆိုလို့ တစ်ကောင်တစ်မြီးမှကိုမရှိပါဘူး။ နွားပိုင်ရှင်ငါးဦးရဲ့ နွားတွေကိုကျောင်းရတာဆိုတော့ကာ နွားကောင်ရေ နှစ်ဆယ်ကျော် အစိတ်လောက်ကိုတော့ တာဝန်ယူထားရပေတာပေါ့။ သူများတကာရဲ့ စပါးခင်း၊ မြေပဲခင်း၊ နှမ်းခင်း စိုက်ခင်းတွေကို ဝင်မစားအောင်တော့ ဂရုစိုက်ရပါတယ်။

ရွှေရိုးကျောင်းရတဲ့ နွားကတော့အစုံပါပဲ။ ခိုင်းနွားကြီးတွေ၊ နွားသိုးတွေ၊ သားပေါက်နွားမတွေနဲ့ ဖီးနွားမတွေအစုံပါပါတယ်။ အဲဒီအထဲမှာ ကိုသာဗျောရဲ့ နွားဝါကျားမကြီးဟာ ဖီးကြီးနဲ့ပေါက်ဖို့ရက်တောင် နီးနေလောက်ပြီ။ တိုက်ဆိုင်ချင်တော့ ကိုသာဗျောရဲ့ဇနီးလေးခုနစ်ယောက်နဲ့ တစ်ဗိုက်ဖြစ်နေတဲ့ ဒေါ်သေးမျှင်ကလည်း နေ့စေ့လစေ့ကြီး။

သူတို့ရွာမှာ နွားသားမွေးလို့အချင်းကျရင် အဲဒီအချင်းကို ရအောင်[illegible]တ်ပြီး ဟင်းတစ်မည် စားကောင်းသောက်ဖွယ်အဖြစ် ချက်စားကြတဲ့ဓလေ့တစ်ခုလိုဖြစ်နေပါတယ်။

ဒါကို ရွှေရိုးကလည်း မစားခင်ကသွားရည်ယိုနေတယ်။ သူနေ့တိုင်း ထိန်းကျောင်းလာခဲ့တဲ့ ကိုသာဗျောရဲ့နွားမကြီးက ပေါက်တော့မှာ။ သူနွားကျောင်းရင်း စားကျက်ကွင်းထဲမှာ ပေါက်လို့ကတော့ကွာ၊ ကျလာမယ့် နွားအချင်းကိုတော့ သူနဲ့ဆိုင်သလို သူ့အပိုင်ပဲပေါ့။ ဒါပေမယ့် ကွင်းထဲမှာမပေါက်ဘဲ ကိုသာဗျောရဲ့ နွားတင်းကုပ်ထဲမှာပေါက်ခဲ့ရင်တော့ သူနဲ့မဆိုင်တော့ဘူး။ နွားပိုင်ရှင်ကိုသာဗျောပိုင်တာပေါ့။

နွားအချင်းဟာ အမဲမိုးခိုသားထက်တောင် နူးညံ့တယ်ဆိုပဲ။ ပြောရရင်အမဲဝမ်းတွင်းသားအမဲအူထက်ကို စားလို့ကောင်းပြီး ပိုလို့နူးညံ့တာဆိုတော့ ရွှေရိုးတို့ အလွန်ကြိုက်ပေါ့။ ဒါကြောင့် နွားမကြီး သားကျရင် ကွင်းထဲမှာဖြစ်ပါစေဆိုပြီး ဆုတွေတောင်တောင်းတဲ့အထိပါပဲ။

ကိုသာဗျောကလည်း လူညံ့မဟုတ်သလို ခေသူမဟုတ်လို့ ဆိုရမယ့်သူပါပဲ။ သူ့နွားမကြီးရဲ့ အခြေအနေကိုအသေအချာ အကဲခတ်ကြည့်ပြီး လွှတ်ကျောင်းတဲ့အထဲကို မထည့်လိုက်တော့ဘူး။ အိမ်က နွားတင်းကုပ်ထဲမှာပဲ ကြိုးချည်ထားပြီး အစာကျွေးထားလိုက်တော့တယ်။

"ဗျို့- ကိုသာဗျော၊ ခင်ဗျား နွားဝါကျားမကြီးကို ဒီနေ့မလွှတ်တော့ဘူးလားဗျ"

"အေးကွ - ရွှေရိုးရ၊ နွားမကြီးကဒီနေ့နဲ့ နက်ဖြန် တစ်နေ့နေ့ပေါက်တော့မယ်နဲ့ တူတယ်ကွ။ ဒါကြောင့် ငါပေးမလွှတ်တော့ဘူးကွာ"

"ဟာ - သွားရောကွာ"

ရွှေရိုးက အသံတိတ်စကားကိုစိတ်ထဲက ရေရွတ်လိုက်ခြင်းရယ်သာ။

"ခင်ဗျားနွားမကြီးပေါက်လို့ အချင်းကျရင် ကျုပ်ကိုလည်း ပေးကျွေးဦးနော်။ ကျုပ်က တစ်နေ့လုံး ထိန်းကျောင်းလာရတာဗျ"

"အေးပါကွာ ရွှေရိုးရာ၊ ကျွေးမှာပေါ့ကွာ"

ဘာပဲဖြစ်ဖြစ် ရွှေရိုးကတော့ ပါးစပ်စရန်ရိုက်ထားတာ ဆိုတော့ကာ တစ်ဝက်တော့ သေချာသလို ကိုသာဗျောကလည်း ကျွေးမှာပေါ့ဆိုတဲ့ ကတိစကားတစ်လုံးကို သုံးထားခဲ့ပြီပဲ။

◆


"ဗျို့- ကိုသာဗျော၊ နွားတွေလွှတ်ပေးတော့လေဗျာ။သူများနွားတွေတောင် ကွင်းထဲရောက်ကုန်ပြီဗျ"

"အေးပါကွာ ရွှေရိုးရာ၊ အခုလွှတ်လိုက်ပါ့မယ်"

"ဩော် - ဒါထက် ခင်ဗျားနွားမကြီးမပေါက်သေးဘူးလား"

"မပေါက်သေးဘူးကွ၊ ဗိုက်နာနေတုန်း"

"သားကျရင် ကျွန်တော့်ကို အချင်းပေးကျွေးဖို့ မေ့မနေနဲ့ဦးနော်"



ပန်းမြိုင်လယ်-စိန်ဝင်း

ရိုးကိုရိုးတဲ့ ကိုဖိုးရွှေရိုး



www.burmeseclassic.com

www.burmeseclassic.com

ဟဲဟဲ"

"စိတ်ချ၊ စိတ်ချ - စားရစေမယ်ကွာ"

အမှန်စင်စစ် ဗိုက်နာနေသူမှာ ကိုသာဗျော၏ နွားဝါကျားမကြီး မဟုတ်။ သူ့ဇနီးမယား ရှင်မွေးလွန်း မသေးမျှင် ဗိုက်နာနေခြင်းသာ။ ရွာလက်သည် ဒေါ်အေးကြွယ်ခိုင်းသမျှ တောက်တိုမည်ရလုပ်နေရခြင်းကြောင့်သာ နွားတွေလွှတ်ဖို့မလုပ်နိုင်သေးခြင်းပင်။

ရွှေရိုးကျောင်းရသည့် နွားတွေက အခြားကို ဝေးဝေးလံလံတော့ သွားလေ့မရှိ။ သူကျောင်းနေကျ စားကျက်ကွင်းထဲမှာပဲ အစာစားနေလေ့ ရှိပါတယ်။ နေ့လယ်နေ့ခင်းဘက်ဆိုလျှင်တော့ သူကျောင်းရတဲ့နွားတွေကို အကောင်းဆုံးအဝေးကြည့်စနစ်အဖြစ် မန်ကျည်းပင်ထိပ်ဖျားရောက်အောင် တက်ကြည့်ပြီး မန်ကျည်းပင်ရိပ်မှာ မှေးမှိတ်တတ်တဲ့ အကျင့်ရှိပါတယ်။

တစ်ခါတလေမှာတော့ မိုးနေလုံခြုံတဲ့ စားကျက်ကွင်းအလွန်က သုသာန်ဇရပ်ကြီးပေါ်မှာ စိတ်ချလက်ချ တစ်ရေးတစ်မောအိပ်တတ်ပြန်ပါတယ်။ သူကျောင်းရတဲ့ နွားအားလုံးဟာ ဥဉ်ကောင်းတာကြောင့် စိတ်ချတာမျိုးလည်း ဖြစ်မှာပါ။ အခုလည်း ရွှေရိုးတစ်ယောက် ဇရပ်ပေါ်မှာ အေးအေးလူလူနဲ့ နှစ်ခြိုက်စွာ အိပ်ပျော်သွားလိုက်တာနေတောင်အတော်စောင်းသွားပါပြီ။

သူ့နားထဲမှာ တဒေါက်ဒေါက်နဲ့ အတူ ခြေသံရှပ်ရှပ်ကိုပါ ကြားလိုက်ရတော့မှ လန့်နိုးသွားပါတယ်။ ဖြုန်းခနဲ မျက်စိဖွင့်ကြည့်လိုက်တော့ သူ့ရဲ့တစ်လံကွာလောက်မှာ တောင်ဝှေးကြီးတစ်ချောင်းနဲ့ မားမားကြီးရပ်နေပြီး သူ့ကိုစိုက်ကြည့်နေတယ်။ ပါးမြိုင်းမွေး၊ မုတ်ဆိတ်မွေးတွေက မျက်နှာမှာထူလပျစ်နဲ့ ဆိုတော့ တုန်လောက်အောင် ကြောက်မယ်ဆိုလည်း ကြောက်ချင်စရာပါပဲ။

"ဟာ - ဘုရား၊ ဘုရား။ ဘယ့်နှာကြီးပါလိမ့်"

ဒါကြောင့် လွယ်အိတ်ထဲက လောက်လေးခွနဲ့ လောက်စာလုံးထုတ်ပြီး ပစ်တော့မယ်အလုပ်မှာ ဒယီးဒယိုင်ဖြစ်နေတဲ့ အဘိုးအိုဟာ တုန်ချည့်ချည့်လက်ကလေးနဲ့ ကာတားလိုက်ပြီး -

"လူ. . . လူလေး မပစ်လိုက်ပါနဲ့ကွယ်။ အဘက ဂိလာနပါ။ ခရီးသွားရင်း ငှက်ဖျားရောဂါပြန်ထလာလို့ ဒီဇရပ်ပေါ်မှာ ခေတ္တနားခိုဖို့ တက်လာတာပါကွယ်။ အဘက လူကလေးရဲ့ရန်သူ မဟုတ်ပါဘူးကွယ်"

အဘိုးအိုက ပြောပြောဆိုဆိုနဲ့ပဲ ထိုင်ချလိုက်ပါတယ်။ သူလွယ်ထားတဲ့ လွယ်အိတ်ဖောင်းဖောင်းကားကားကြီးကလည်း သူထိုင်နေတဲ့ဘေးမှာ နေရာယူထားလို့။

ရွှေရိုးက အဘိုးအိုကို အကဲခတ်တဲ့မျက်လုံးအစုံနဲ့ သေချာကြည့်ပြီးတော့မှ သူချိန်ရွယ်ထားတဲ့ လောက်လေးခွကို ပြန်ရုပ်သိမ်းလိုက်ပါပြီ။ တကယ်တော့ ခရီးသွားဂိလာနအဘိုးအိုဟာ ငှက်ဖျားရောဂါအချိန်ကျလို့ ငှက်ဖျားတက်နေတာပါ။

ရွှေရိုးက အဘိုးအိုကိုကြည့်နေရင်း သနားမိသလို ကိုယ်ချင်းစာစိတ်တွေလည်းဝင်လာခဲ့တော့သည်။ အဘိုးအနားကို မဝံ့မရဲသွားပြီး သူ့ရဲ့သောက်ရေလက်ကျန်ရေဘူးလေးကို ကမ်းပေးလိုက်ပါတယ်။

"အဘိုးအဖျားတွေတက်ပြီး မောနေတာကိုး။ အမောပြေသွားအောင် ဒီသောက်ရေလေးသောက်လိုက်နော်"

အဘိုးအိုက တုန်တုန်ခိုက်ခိုက်နှင့် လှမ်းယူပြီး အငမ်းမရ သောက်ချလိုက်၏။ ရေသောက်လိုက်တော့ အမောပြေသလိုလိုဖြစ်သွား၏။

"ကျေးဇူးပဲ မြေးရယ်၊ အဘိုးအတန်အသင့်သက်သာသွားပါပြီ။ ငှက်ဖျားဆိုတာ ကောင်းချင်ချက်ချင်း၊ တက်ချင်ရင် ချက်ချင်းပေါ့ကွယ်။ ဒါကလည်း အာဂန္တုတွေပါ။ ကဲ-လူလေး၊ မိုးချုပ်သွားမယ်။ မင်းနွားတွေသိမ်းပြီးပြန်ပေတော့။ ကျန်းမာချမ်းသာပါစေကွယ်"

ရွှေရိုးလည်း အဘိုးကို နှုတ်ဆက်ပြီး နွားတွေသိမ်းလို့ ပြန်မောင်းသွားတော့တယ်။ လမ်းမှာတစ်ချက်စဉ်းစားမိတာက။ 'ငါ့နွားကျောင်းမှန်း အဘိုးကြီးဘယ်လိုလုပ်သိတာပါလိမ့်' ဟူသော ပဟေဠိက ရင်မှာ ငြိတွယ်လို့ပါလာခဲ့ပါတယ်။

◆

ဒေါ်သေးမျှင်တစ်ယောက် ရှစ်ယောက်မြောက် ရင်သွေးလေးတစ်ဦးကို အောင်မြင်စွာ မွေးထုတ်ပေးနိုင်ခဲ့ပြီ။ ကျနေဖွား စနေသားလေး ဖွားသန့်စင်ခြင်းကိစ္စအားလုံးပြီးပြီမို့ အချင်းမြှုပ်ဖို့လုပ်ရပေဦးမည်။

ရွာလက်သည်က -

"ဟဲ့-သာဗျော၊ ကလေးအချင်းကို နင့်အိမ်အနောက်ဘက်ခြံစပ်မှာ သွားမြှုပ်ဖို့လုပ်ဦးလေ၊ ငါ ဒီမှာ အဝတ်နဲ့ထုပ်ထားတယ်"

"ဟုတ်ကဲ့ - အရီးလေး၊ ပေး. . . ပေး"

အချင်းထုပ်ကိုကိုင်ပြီး မြေမြှုပ်[...] ပေါက်ပြားက အထားမှားတာလားတော့ မသိ ဝဗြုန်းဖြင်းနောင်ဖြင်းရှာလို့မတွေ့[...]

နွားရိုင်းသွင်းချိန် နေရီဖျိုးဖျမှော[...] စပင်ပြုနေပြီ။ တာရိုးဆီမှ ရွှေရိုး၏ နွား[...] ငေါက်သံကို ကြားလိုက်ရတော့ အ[...] အနောက်သန်တဲ့ သာဗျောဟာ ရွှေ[...] ကို နောက်ချင်ပြောင်ချင်တဲ့စိတ်က လ[...] လက်လို့လာခဲ့တယ်။ ဒီတော့ မနက်[...] တင် နွားတွေလွှတ်တုန်း ရွှေရိုးပြော[...] တဲ့စကား သူပြန်ကြားယောင်မိတယ်[...]

"ကိုသာဗျော၊ ခင်ဗျားနွားမကြီး[...] မပေါက်သေးဘူးလားဗျ။ သားကျ[...] ကျွန်တော့်ကို အချင်းပေးကျွေးဖို့ [...] မနေနဲ့ဦးနော်"

ဆိုတဲ့စကားပါ။

'ဟီးဟီး - မင်းအချင်းစား[...] ပေါ့ကွာ ရွှေရိုးရာ။ စိတ်သာချနေ [...] စေ့မယ်ကွ'

ဆိုတဲ့ အသံတိတ်စကား[...] တစ်ယောက်တည်းပြောရင်း အဝတ်[...] ထုပ်ထားတဲ့ လူ့အချင်းကို ဖက်ထဲပြော[...] ထည့်ထုပ်လိုက်ပြီး အသေအချာ [...] ချည်နှောင်ထုပ်ပေးထားလိုက်တယ်[...]

"ကိုသာဗျောရေ၊ ဒီမှာ ခင်[...] နွားလေးကောင်ခြံထဲဝင်လာပြီဗျို့"

ရွှေရိုးက တာလမ်းမကနေ [...] အော်ရင်း ကိုသာဗျောကို အသံ[...] လိုက်၏။ ကျန်နွားတွေကိုလည်း ပိုင်[...] တွေရဲ့အိမ်ခြံအရောက် မောင်းပို့[...] ပေဦးမည်။ ရွှေရိုးရဲ့အသံကိုကြား[...] တဲ့ ကိုသာဗျောက အထုပ်ကလေး[...] ပြီး တာလမ်းပေါ်ကို အပြေးလိုက်[...] တယ်။

"ရွှေရိုးရေ၊ မင်းအချင်းစား[...] တယ်ဆိုလို့ ဟောဒီမှာ မင်းအ[...] တကူးတကခွဲပြီးထုပ်ထားတယ်။ [...] သူ့မှလဲမပြောနဲ့ဦးနော်။ တော်ကြာ [...] ထဲကလူတွေအကြောင်း မင်းလည်[...] သားနဲ့။ မင်းကျတော့ မျက်နှာလို[...] ကျွေးတယ်၊ သူတို့ကျတော့ မကျွေး[...] လို့ဖြစ်နေဦးမယ်။ တိတ်တိတ်က[...] ဖွက်ယူသွားကွာ"

ဆိုပြီး အသံခပ်အုပ်အုပ်နဲ့ [...] လိုက်တော့ -

"ကျေးဇူးပါပဲ ကိုသာ[...] စားရကံကြုံတော့ မျောက်ပိုင်း [...]



www.burmeseclassic.com

www.burmeseclassic.com

ရှာယ်ဆိုလားဘာလားဗျာ"

"ဟား-မင်းကလည်း၊ တောက်တီးတောက်တဲ့။ စားရကံကြုံလို့ မုတ်ဆိတ်များခွဲပါကွ"

"သိပါဘူးဗျာ၊ ဘာပဲဖြစ်ဖြစ်စားရပြီတာပဲဗျာ။ ဟဲ. . . ဟဲ. . ဟဲ သွားပြီနော် ကိုသာဗျော"

"အေး- စား၊ စား။ ဝအောင်သာစား ရွှေရိုးရေ ဝအောင်သာစားပေတော့ပေါ့ ဟား ဟား ဟား"

ကိုသာဗျောက ပြောရင်းတွေး၊ တွေးရင်း သဘောတွေအလွန်ကျနေတော့သည်။ ရွှေရိုးတစ်ယောက်တည်းကတော့ မှိုရလာတဲ့မျက်နှာမျိုးနဲ့ ပြုံးလို့ ရွှင်လို့ပျော်လို့မော်လို့။ အိမ်အပြန်လမ်းမှာတော့ တံတွေးတွေတောင်သီးလို့။

◆

အချင်းဟင်းကို ရွှေရိုးကိုယ်တိုင်စိတ်တိုင်းကျချက်တယ်။ နာတာရှည်ရောဂါဖြစ်နေတဲ့ဖခင်ကြီးကိုလည်း ကျွေးတယ်၊ မိခင်ကြီးက သက်သတ်လွတ်အဓိဋ္ဌာန်ဝင်နေတာဆိုတော့ အသက်အသားဟင်းမစား။ သူ့ဖခင်ကြီးကလည်း ဟင်းကမွှေးလို့ကြိုင်လို့ဆိုတော့ ခံတွင်းတွေ့နေပုံရသည်။ သူ့နာတာရှည်ရောဂါက တောထဲတောင်ထဲမှာ တစ်ခါတလေ ကျော်ရှည်လများ သစ်ဝါးခုတ်ခဲ့ရတဲ့အလုပ်ဆိုတော့ ငှက်ဖျားရောဂါကစပြီး အသက်ကြီးလာတော့ အားနည်းလာရာက နာတာရှည်ရောဂါစွဲကပ်ခဲ့ရတာပါပဲ။

ဒီကနေ့တော့ နွားကျောင်းထွက်ရင် ထမင်းထုပ်ကြီးကြီးထုပ်သွားမည်လေ။ အချင်းဟင်းကောင်းနဲ့မို့ ဇရပ်ပေါ်က ဂိလာနအဘိုးအိုကိုလည်း ဒါနမြောက်အောင် အဝကျွေးလိုက်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ နှစ်ယောက်စားလောက်အောင် ထမင်းထုပ်ကြီးကိုထုပ်လို့။

နွားတွေကိုတော့ စားကျက်ကွင်းထဲအရောက် မောင်းပို့လိုက်ပြီ။ သူ့စိတ်ကတော့ ဇရပ်ပေါ်က အဘိုးအိုဆီကို ရောက်လို့ပေါ့။ ဒီအချိန်ဆို အဘိုးဆာလောင်လို့နေလောက်ပြီထင်ရဲ့။ ဒီလိုအတွေးဝင်လာတော့ သုသာန်ထိပ်ကဇရပ်ဆီကို အပြေးအလွှားသွားလိုက်မိတော့တယ်။ ဇရပ်ပေါ်ရောက်တော့ ဂိလာနအဘိုးအိုဟာ ငှက်ဖျားရောဂါအခံကြောင့် အားနည်းပြီး မှိန်းနေပါတယ်၊ ဒါပေမယ့် ပါးစပ်ကတော့ ဘုရားဂုဏ်တော်တွေရွတ်ဆိုနေတာလို့ထင်ရဲ့။ အရယ်လို့တော့ အသေအချာမကြားရပါဘူး၊

ရွှေရိုးလည်း အဘိုးအနား ဖြည်းဖြည်းစွာသွားလို့ အနားထိုင်လိုက်ပြီး -

"အဘိုး၊ အဘိုး - နေကောင်းရဲ့လား၊ အဘိုးဘယ်လိုနေသေးလဲ။ သက်သာရဲ့လား"

တုံးလုံးလှဲပြီးမှိန်းနေတဲ့ အဘိုးကို မနားတမ်းမေးလိုက်၊ နဖူးလေးစမ်းလိုက်လုပ်နေတာမို့ အဘိုးအိုက မျက်လုံးဖွင့်ကြည့်လိုက်ပြီး -

"ဩော် - လူလေးတောင်ရောက်လာပြီကိုး။ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတာ ဒီလိုပဲပေါ့ကွယ်။ ခန္ဓာကရလာခဲ့ပြီကိုး။ ဒီတော့ အို၊ နာ၊ သေရေး ဒုက္ခဘေးက ပြေးလို့မလွတ်ပေဘူးကွယ်"

"အဘိုးစားဖို့ ကျွန်တော် ထမင်းတွေရော ဟင်းတွေပါ အများကြီးထုပ်ယူလာခဲ့တယ်။ ဟောဒီမှာ အဘိုးဝအောင်စားနော်။ အဘိုးမနက်စာမကုန်ရင် ညစာအတွက်တစ်ဝက်ထား။ ဟောဒါက ရေဘူး၊ အဘိုးအားရှိသွားအောင် စားလိုက်နော်။ ထပါ အဘိုးရာ"

ရွှေရိုးရဲ့ သဒ္ဓါတရားပါတဲ့စကားကြောင့် အဘိုးအိုမှာ အားအင်တွေပင် ပြည့်လာသလိုခံစားလိုက်ရတယ်။ အိပ်ရာမှထပြီး ရွှေရိုးပေးတဲ့ရေနဲ့ မျက်နှာသစ်၊ ပလုတ်ကျင်းပြီး သဒ္ဓါထမင်းကိုသုံးဆောင်လိုက်တယ်။ ကန့်သတ်ချက်မထားသော်ငြားလည်း ထမင်းထုပ်ရဲ့ တစ်ဝက်တိတိမှာ ရပ်တန့်လိုက်တယ်။

"လူလေး၊ ဟောဒီကျန်တဲ့တစ်ဝက်ကို လူလေးစားပါ"

"ဟာ-မဟုတ်တာအဘိုးကလည်း၊ ကျွန်တော်က မနက်စောစောစာ အိမ်ကနေ အဝစားလာခဲ့တာပါ။ အဘိုးဝရင် ညနေစာအတွက် ချန်ထားလိုက်ပေါ့"

"အဘိုးက ဥပုသ်ဝင်ထားလို့ နေ့လွဲညစာမစားဘူးကွယ့်။ ဒီကနေ့အဖို့တော့ ပြည့်စုံသွားပါပြီကွယ်။ ငါ့မြေးပေးလှူတဲ့ အာဟာရဒါနကြောင့် သက်ရှည်ဆင်းလှ၊ ချမ်းသာရ၊ ဗလ၊ ဉာဏ်ပညာဆိုတဲ့ အကျိုးတရားတွေနဲ့ ပြည့်စုံပါစေကွယ်"

အဘိုးက ဆွမ်းအကျိုးငါးပါးရဲ့ ဆုတွေကိုပေးလို့ ရွှေရိုးကလည်း နှုတ်က လှုပ်ရုံလေး -

"ပေးတဲ့ဆုနဲ့ပြည့်ပါစေ" တဲ့။

အဘိုးက သူ့ခေါင်းကို တဆက်ဆက်ညိတ်ပြီး ရွှေရိုးကိုစူးစူးနစ်နစ်ကြည့်လိုက်တယ်။

"အင်း. . . ပဋ္ဌာန်းဆက်၊ ပဋ္ဌာန်းဆက်၊ ပဋ္ဌာန်းဆက်တွေပါပဲကွယ်"

◆

ခုနစ်ရက်မြောက်တဲ့နေ့ ဂိလာနအဘိုးအိုပင် ပကတိကျန်းမာ၍လာခဲ့ပြီ။ အိုးအိုရဲ့ ငှက်ဖျားရောဂါ ပျောက်ကင်းသွားသလို ထူးထူးခြားခြား နာတာရှည်ငှက်ဖျားဖြစ်နေသည့် ရွှေရိုးရဲ့ဖခင်ကြီးမှာလည်း တိုက်တိုက်ဆိုင်ဆိုင် ငှက်ဖျားလုံးဝမထတော့။

ခရီးတစ်ထောက်နား ဂန္ဓာရီအဘိုးကား ရွှေရိုး၏ တွန့်ဆုတ်ခြင်းမရှိသည့် သဒ္ဓါတရားဖြင့် ကျွေးလှူခဲ့သော ထမင်းအာဟာရကို ခုနစ်ရက်တိုင်တိုင် စားသုံးခဲ့ပြီးပြီ။

'အင်း - တစ်လုတ်စားဖူး သူ့ကျေးဇူးတဲ့။ ဒီကလေးကို ငါပြန်ပြီးကျေးဇူးပြုရပေမယ်။ ဒီနေ့ဟာ နက္ခတ်ကောင်းနဲ့လည်း ကြုံနေတယ်။ သူ့ကိုကျေးဇူးပြုပြီးရင်တော့ ငါလည်း ငါ့ဂန္ဓာရီခရီး ငါဆက်ရပေဦးတော့မယ်'

အဘိုးရဲ့ရင်ထဲက အသံတိတ်စကားကို ရွှေရိုးတော့ မကြားနိုင်ပါ။

"လူလေးကျွေးတဲ့ထမင်း အဘိုးစားလာတာတစ်ပတ်ပြည့်ပြီ။ အခုအဘိုးခရီးဆက်ရတော့မယ်ကွယ်။ အဘိုးကိုဘယ်ကလာလို့ ဘယ်ကိုသွားမှာလဲဆိုတဲ့ အမေးကို လူကလေးစိတ်ထဲက သိချင်နေတာမဟုတ်လား။ အေး - အစမရှိတဲ့နေရာကလာပြီး အဆုံးမရှိတဲ့နေရာကို သွားရပေဦးမယ်။ သံသရာခရီးသွား တစ်ဦးလို့သာ လူလေးမှတ်ထားလိုက်ပေါ့ကွယ်"

ရွှေရိုး တကယ့်ကို အံ့အံ့သြသြဖြစ်မိသည်။ သူမေးချင်တာကို အဘိုးက ဖြေပြသွားခြင်းကြောင့်ပင်။ ရွှေရိုးရင်ထဲဝမ်းနည်းသလို သံယောဇဉ်ဖြစ်နေတဲ့ အဘိုးကို ရီရီဝေဝေကြည့်နေမိတယ်။

အဘိုးကတော့ သူ့လွယ်အိတ်ကြီးထဲနှိုက်ပြီး ပုလင်းငယ်လေးတစ်လုံးကို ထုတ်ယူကာ ရွှေရိုးကို ပေးလိုက်တယ်။ ရွှေရိုးကတော့ ဘာမှန်းမသိ လက်နှစ်ဖက်နဲ့ ရိုရိုသေသေယူလို့ သေသေချာချာကြည့်သည်။ ကြေးနီခဲလိုလို၊ ဓာတ်လုံးလိုအခဲလေးတစ်ခဲမျှသာ။

"ရော့ - လူလေး၊ ဒီဟာလေးကို လူလေးဉာဏ်ရှိသလို အသုံးချပေရော့။ ကဲကဲ - အဘိုးလည်း ခရီးဆက်မယ်ကွယ့်။ ကျန်းမာချမ်းသာကြပါစေကွယ်"

ရှိခိုးနှုတ်ဆက်လိုက်သည့် ရွှေရိုးရဲ့ဦးခေါင်းကို သုံးကြိမ်ပုတ်ကာ ဆုပေးပြီး ခရီးဆက်ထွက်ခွာသွားပါပြီ၊ အဘိုးရဲ့ နောက်ကျောပြင်ကိုငေးကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



(မောရ)

# မောင်ပွင့်ဉာဏ်

## ဆင်ခြေမပေးနဲ့

ကြာတော့လည်း ကြာပါပြီ။ လွန်ခဲ့တဲ့ (၃၅) နှစ်လောက်က အဖြစ်အပျက်ပါ။ ကျွန်တော်တို့မြို့မှာ ကျွန်တော်က ပထမဆုံး မိတ္တူကူးဆိုင်ကို စဖွင့်တော့ ပလတ်စတစ်လောင်းတဲ့ လုပ်ငန်းကိုပါ တွဲလုပ်ခဲ့ပါတယ်။ ပလတ်စတစ်လောင်းတယ်လို့သာ ပြောတာပါ။ အမှန်က ကတ်ပြားကို ပလတ်စတစ်နှစ်ချပ်ကြားထဲထည့်ပြီး အပူပေးကပ်လိုက်တာပါ။ ဒါကြောင့် တရုတ်တစ်ယောက် ပလတ်စတစ်လာလောင်းတာ တဖြည်းဖြည်းနဲ့ ဝေးရာဆီရောက်ပြီး မြင်ကွင်းမှကွယ်ပျောက်သွားပါပြီ။

သူ့ရင်ထဲမှာတော့ အနီ ပုလင်းကလေးဟာ အဘိုးရဲ့ကိုယ်ပွား၊ အဘိုးရဲ့ကိုယ်စားထားခဲ့လေသလားလို့တောင် အထင်ရှိနေမိတယ်။ ဘယ်နေရာမှာ ဉာဏ်ရှိသလို သုံးရမယ်ဆိုသည်ကို သူ မသိ။ တိတိပပသိရအောင် မမေးဖြစ်လိုက်တဲ့ သူ့ကိုယ်သူ အပြစ်တင်မိသလို နောင်တတွေအလီလီရနေမိပါလေတော့တယ်။

◆

သဒ္ဒိသံပါကံဇနေတိ - စေတနာသည် တူသောအကျိုးကို ပေးပါ၏။ နာမည်နှင့်လိုက်အောင်ပင်ရိုးလွန်းသည့် ဖိုးရွှေရိုးသည် အဘိုးပေးခဲ့သော ပုလင်းငယ်ထဲက ဘာမှန်းမသိသော ဓာတ်သတ္တုခဲလေးအား ရွာထဲရှိ နားလည်တတ်ကျွမ်းမည်ထင်သောသူတွေကို ပြကြည့်ပါ၏။ သို့သော်လည်း ဘာစွမ်းမှန်းမသိသလို တိတိပပရေရေရာရာ ပြောဆိုနိုင်သူမရှိတော့ ပုလင်းကို ဘုရားကျောင်းဆောင်ပေါ်သို့သာ တင်ထားလိုက်တော့သည်။

အချိန်တန်တော့လည်း စေတနာမှန်၏။ အကျိုးပေးချိန်သည် ရောက်ရှိလာခဲ့ရသည်ဟု ဆိုရပါမည်။

ရွှေရိုး၏ ဘထွေးတော်စပ်သူ (ဖခင်ကြီး၏ ညီအငယ်ဆုံး) သည် မြို့မှ ရောက်လာခဲ့၏။ ကျန်းမာရေးမကောင်းသော အစ်ကိုကြီးကို လာရောက်ကန်တော့ခြင်း ဖြစ်ပါ၏။ ထူးထူးခြားခြား ရွှေရိုး၏ဖခင်ကြီးမှာလည်း ကျန်းမာရေးကောင်းနေပြီမို့ ဝမ်းသာစရာ။

သည်တစ်ခါတော့ ဝမ်းသာစရာများသည် အဖော်အပေါင်းနှင့် ရောက်လာခဲ့သည်ဟုပင်ဆိုရပါချေမည်။ ရွှေရိုး၏ ဘထွေးက ပန်းထိမ်ဆရာကြီးတစ်ဦးဖြစ်သည်မို့ စိန်၊ ရွှေ၊ ငွေ၊ ရတနာတွေအကြောင်း နားလည် တတ်ကျွမ်းသည်။

သို့ကြောင့် အဘိုးပေးခဲ့သည့် ပုလင်းလေးထဲကအရာကို ပြကြည့်လိုက်တော့ ဘထွေးပင် အံ့အံ့သြသြ။ သေချာအောင် စစ်ဆေးကြည့်ပြီးမှ -

"ဟ-ရွှေရိုးရ မင်းဟာရွှေအစစ်ဖြစ်နေပါလားကွ။ ရွှေမှ အခေါက်ရွှေစစ်စစ် မောင်ရေ။ ဒါ အနည်းဆုံး သုံးကျပ်သားပဲကွ။ ငါ့တူကြီးတော့ ပွပြီပေါ့ကွာ"

ဘထွေးစကားကြားရတော့ ရွှေရိုး ရင်ထဲမှာ ကုလားဆိုင်းဝင်တီးနေသလို ဒိန်းတပ်တပ်မြည်လို့ ရင်တွေခုန်နေပြီ။

အရင်းအနှီးလည်းရပြီ။ သာတော့ နှမ ထွေးခင်ကိုလည်း သည်ရွှေပြပြီး တင်တောင်းလိုက်ဦးမည်။ ရွာဦးကျောင်းကို လည်းသွားပြီး အနည်းဆုံး အလှူပိန် ကလေးဖြစ်ဖြစ် လှူလိုက်ပါဦးမည်။

ဖြစ်ချင်တာတွေ များလွန်းတော့ ဘာကစပြီးအကောင်အထည်ဖော်ရမည် တော့မသိသေး။ ဘထွေးမြို့ပြန်ရင်တော့ ရွှေရောင်းဖို့ရာ သူနဲ့ ထွေးခင်ပါ လိုက် သွားဖို့က အသေအချာဆုံး ဦးစားပေး အဆင့်မှာ ထိပ်ဆုံးကပါပဲဗျာ။

ပန်းမြိုင်သယ်-စိန်ဝင်း

**စာကြွင်း -**

*လူ၏အချင်းသည် နာတာရှည် ငှက်ဖျားရောဂါကို အကြွင်းမဲ့ပျောက် သည်ဟု ဆရာမကြီးမဝင်းမြင့်၏ လူဝတ္ထုတွင် ဆိုထားပါသည်။*



www.burmeseclassic.com

www.burmeseclassic.com

ကို ရှိုးရှိုးမပြောဘဲ ပလတ်စတစ်ဆင်း ခွဲချုံလုပ်ပေးပါလို့ ပြောပါတယ်။

တစ်နေ့မှာ စစ်ဗိုလ်တစ်ယောက် ခတ်ပုံတစ်ပုံ ပလတ်စတစ်လာလောင်း ပါတယ်။ ခတ်ပုံက ကျောင်းဝတ်စုံနဲ့ ဆရာမတစ်ယောက်ပုံပါ။ အတော်ချော ပါတယ်။ စစ်ဗိုလ်က ခပ်ငယ်ငယ်ဆို တော့ ကြည့်ရတာ ဇနီးတော့ မဟုတ် လောက်ဘူး။ ရည်းစားလား၊ တစ်ဖက် သတ်ကြိုက်နေတာလားဆိုပြီး တွေး လိုက်မိပါတယ်။ ဆိုင်အသစ်၊ စက် အသစ်၊ လူအသစ်ဆိုတော့ ခါတိုင်း ကျွန်ုပ်တော်ပြားတွေကို လောင်းနေကျ အတိုင်း ပလပ်စတစ်လောင်းစက်ကိုဖွင့်၊ သတ်မှတ်ထားတဲ့ အပူချိန်ရောက်လို့ မီးစိမ်းလေးလင်းတာနဲ့ ပလပ်စတစ်နှစ် ချပ်ကြားထဲ ဓာတ်ပုံညှပ်ပြီး စက်ထဲထည့် လိုက်ပါတယ်။ ဓာတ်ပုံလည်း စက်ထဲက ထွက်လာရော -

ဓာတ်ပုံမျက်နှာပြင်က ပလတ်စ တစ်ဟာ အကွက်အကွက်တွေထပြီး အင်မတန်ချောတဲ့ ဆရာမပုံဟာ ဘီလူးမ ပုံလိုဖြစ်သွားပါတော့တယ်။ ကျွန်တော် လည်း တစ်ခေါင်းလုံး ထူပူပြီး မျက်စိပါ ပြာသွားတဲ့အချိန်မှာ သူကလည်းဓာတ်ပုံ ကိုကြည့်ပြီး -

"ဟာ - ဒုက္ခပါပဲ"

"ခါတိုင်းလောင်းနေတာ ဘာမှ မဖြစ်ပါဘူး ဗိုလ်ကြီးရာ၊ အခုမှ"

သူ့ပခုံးထောင့်ကိုကြည့်ရင်း ဒုဗိုလ် အဆင့်သာရှိမှန်းသိပေမယ့် ကျွန်တော် က ပရိုမိုးရှင်းပစ်ပေးပြီး 'ဗိုလ်ကြီး' လို့ ခေါ် လိုက်ပါတယ်။

"ဒီပုံကတစ်ပုံတည်းရှိတာ၊ ဘယ် လိုလုပ်မလဲ"

ငါထင်တာတော့မှန်ပြီ။ ဒီဓာတ်ပုံ ကို အကြံအဖန်လုပ်ပြီးယူထားတာဖြစ် မယ်လို့ တွေးမိရင်းက မျက်နှာငယ်လေး နဲ့ ပြောရပါတယ်။

"တောင်းပန်ပါတယ် ဗိုလ်ကြီး။ ကျွန်တော်လည်း တစ်ခါမှ ဒီလိုမဖြစ်ဖူး ဘူး"

"ဘယ်လိုမှ လုပ်လို့မရတော့ဘူး လား"

"မရတော့ဘူး ဗိုလ်ကြီး။ ပလတ စတစ်က ပျော်ပြီးကပ်သွားတာ"

သူလည်း ကုလားထိုင်တစ်လုံးပေါ် မှာပစ်လက်ပစ်ထိုင်ချပြီး ပါးစပ်က 'သွား သွားပြီ' လို့ တတွတ်တွတ်ရွတ်နေပါ တော့တယ်။

"ခွင့်လွှတ်ပါ ဗိုလ်ကြီးရာ။ နောက် ထပ် ဗိုလ်ကြီး ကြိုက်သလောက် လာ လောင်းပါ။ ပိုက်ဆံမယူဘဲလောင်းပေး ပါ့မယ်။ ဒီလိုလည်း မဖြစ်စေရပါဘူး"

နောက်ထပ် လာလောင်းမှာ မဟုတ်မှန်းသိပေမယ့် လေသံပျော့ပျော့နဲ့ ပဲ ထပ်တလဲလဲ တောင်းပန်ရပါတယ်။ ကြာတော့ သူလည်း အားနာသွားဟန် တူပါရဲ့။

"အေးဗျာ၊ တမင်လုပ်တာမှ မဟုတ်ဘဲ။ ဖြစ်ပြီးမှတော့လည်း ဘယ် တတ်နိုင်တော့မှာလဲ"

လို့ ပြောရှာပါတယ်။

သူဆိုင်ထဲကထွက်သွားတော့မှပဲ စောစောက ဆီးရွက်လောက်ပဲရှိတဲ့ ကျွန်တော့်မျက်နှာလည်း နဂိုအတိုင်းပြန် ဖြစ်လာတယ်လို့ ခံစားရပါတယ်။ မိန်းမ ကလည်း အိပ်ခန်းထဲကနေ ပြေးထွက် လာပါတယ်။

"တော်ပါသေးရဲ့၊ ရှင့်ကို ရိုက် မသွားတာဘဲ ကံကောင်း"

"မင်းက အထဲမှာဘာလုပ်နေ သလဲ"

"ဘုရားစာထိုင်ရွတ်နေတယ်"

"ကောင်းကွာ၊ နည်းနည်းပါးပါး များ လာဝိုင်းကူပြောပေးပါဦးတော့လား"

"ဒါနဲ့ ဘာဖြစ်လို့ အဲဒီလိုဖြစ်သွား ရတာလဲ"

"ကိုယ်လည်း အဲဒါပဲ စဉ်းစားနေ တာ။ သိပြီ၊ သိပြီ - ဓာတ်ပုံလောင်းရင် အပူချိန်ကိုလျှော့ပြီးလောင်းရမယ်ထင် တယ်။ ကိုယ်က ကတ်ပြားလောင်းတဲ့ အပူချိန်အတိုင်း ဓာတ်ပုံကိုသွားလောင်း မိတာကိုး"

ဒါကြောင့်လည်း -

*Experience is the best teacher.*

❐ *အတွေ့အကြုံဟာ အကောင်း ဆုံးဆရာ* လို့ ဆိုကြပါတယ်။ အဲဒီစကား ရဲ့ နောက်ဆက်တွဲစကားလေးလည်းရှိ ပါသေး။

Only the school fee is hig.

❐ *အဲဒီဆရာက ကျောင်းလခ ဈေးကြီးတယ်* - တဲ့။

လူဆိုတာ မှားတတ်ပါတယ်။ 'မမှားသောဝတ်လုံ၊ မကုန်သော ကစား သမား' ဆိုစကားလည်း ရှိတာပါပဲ။ အခု တောင် စာရေးဆရာက သူ့စိတ်ထဲရှိ အတိုင်း ရေးလိုက်လို့ ဆိုရိုးစကားကမှား သွားပြန်ပါတယ်။ မှားတာကို မှားမှန်းသိ ပြီး အမှားကို ဝန်ခံလိုက်ရင် အများက ကျေနပ်ကြပါတယ်။ ဒီလိုမှမဟုတ်ဘဲ အမှားကိုဆုပ်ကိုင်ပြီး ငြင်းနေမယ် ဆိုရင် ဒါမှမဟုတ် ကိုယ်မှားတာကို ဘာကြောင့်၊ ဘယ်လိုကြောင့်၊ ဘယ်သူ့ ကြောင့်ဆိုပြီး ဆင်ခြေဆင်လက်တွေ တက်နေမယ်ဆိုရင် တစ်ဖက်သား ကျေနပ်မှာ မဟုတ်ပါ။

တစ်ခါတုန်းက တွေ့ဖူးပါတယ်။ လုပ်ငန်းရှင်တစ်ယောက်ဆီမှာ ဖောက် သည်တစ်ယောက်က အလုပ်အပ်ထား တာ လာရွေးတော့ အလုပ်ကမပြီးသေး ပါ။ လုပ်ငန်းရှင်က မျက်နှာထားတင်း တင်းနဲ့ အခုလိုစကားပြန်ပါတယ်။

"ကျုပ်လည်းလုပ်နေတာပဲ။ မပြီး တာတော့ မတတ်နိုင်ဘူး"

"ဒီနေ့ ရမယ်ချိန်းထားလို့ ကျွန် တော်လာတာ။ ပြီးအောင်တော့ လုပ် ထားရမှာပေါ့"

"ခင်ဗျားတစ်ယောက်တည်းရဲ့ အလုပ်ကိုလုပ်နေတာမဟုတ်ဘူး။တခြား လူအလုပ်တွေရှိသေးတယ်"

"အလုပ်များတယ်ဆိုရင်လည်း ပြီး နိုင်လောက်တဲ့အချိန်ကို ချိန်းပေါ့ဗျာ။ အခုတော့ ကျွန်တော့်မှာ အချိန်လည်း ကုန်၊ လာရတဲ့ လမ်းစရိတ်လည်း ကုန် တယ်"

"မကျေနပ်ရင်လည်း ခင်ဗျားအပ် ထားတာ ပြန်ယူသွားဗျာ"

ဟာ - ကြားရကြားရ နား၀ မသက်သာ ဆိုတာလိုပါပဲလား။ ကိုယ့် ဘက်ကလည်း မှားသေးတယ်။ လေက လည်း နည်းနည်းမှမလျှော့။ ဒီလူ စီးပွား ရေးလုပ်နေတာမှ ဟုတ်ရဲ့လားလို့ တွေး မိပါတယ်။ ကိုယ့်မှားတာကို ဝန်ခံပြီး ပြေပြေပြစ်ပြစ်နဲ့ အခုလိုသာ တောင်းပန် ပြောဆိုမယ်ဆိုရင် ဘယ်သူမှမကျေနပ် ဘဲနေမယ် မဟုတ်ပါ။

"တောင်းပန်ပါတယ် အစ်ကိုကြီး ရာ၊ ကျွန်တော့်အမှားပါ။ ကျွန်တော် အလုပ်နည်းနည်းများသွားလို့ အစ်ကို ကြီးအပ်ထားတာလေး နောက်ကျသွား ပါတယ်။ စိတ်မရှိပါနဲ့၊ နောက်နေ့ပြီး အောင် လုပ်ထားလိုက်ပါ့မယ်။ အစ်ကို ကြီး ထပ်မလာပါနဲ့တော့၊ လိပ်စာလေး သာ ပေးသွားပါ။ ပြီးတာနဲ့ ကျွန်တော် ဆက်ဆက်လာပို့ပေးပါ့မယ်။ နောက်ကို ဒီလိုမဖြစ်စေရပါဘူးလို့ အာမခံပါတယ်"

အခုခေတ်မှာ သွားသုတ်သုတ် စားသုတ်သုတ်ဆိုတာလို လူတိုင်းကိုယ့် အလုပ်နဲ့ကိုယ် တက်သုတ်နှင်နေကြ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ အလုပ်ရှုပ်တယ်ပြောပြော၊ အရှုပ်တွေလုပ်နေကြတယ်ပြောပြော မအားကြတာတော့ အမှန်ပါဘဲ။ လုပ်ငန်းကြီးကြီး၊ ငယ်ငယ် ကတိတည်ဖို့ အင်မတန်အရေးကြီးပါတယ်။ ရက်ချိန်းဆိုတာ အလုပ်ပြီးမယ့်အချိန်ကို ကတိပေးလိုက်တာပါ။ ကတိတည်တာဟာ လူ့ရဲ့တန်ဖိုး၊ လုပ်ငန်းရဲ့တန်ဖိုးလို့တောင် ပြောလို့ရပါတယ်။

ခက်တာက လူဆိုတာ သူများအပြစ်ကို သာသာထိုးထိုး မြင်လွယ်သလောက် ကိုယ့်အပြစ်ကျတော့ လျှော့လျှော့ပေါ့ပေါ့ တွေးတတ်ကြပါတယ်။ ကိုယ့်ကိုယ်ကိုယ် ကိုယ်ထင်ထားတာထက် တစ်ဝက်လောက်လျှော့ပြီးမြင်မှ သူများက ကိုယ့်ကိုမြင်တဲ့အမြင်နဲ့ နီးစပ်နိုင်တယ်လို့ ဆိုပါတယ်။

ကိုယ့်ကျတော့ မတော်တဆဖြစ်တာ၊ သူများကျတော့ နမော်နမဲ့နိုင်တာတဲ့။

ကိုယ့်ကျတော့ ကံကိုကမကောင်းတာပါ။ သူများကျတော့ လူကိုက အသုံးမကျတာပါတဲ့။

ကိုယ့်ကျတော့ တစ်ရွာမပြောင်းသူကောင်းမဖြစ်၊ သူများကျတော့ သေချင်တဲ့ကျား တောပြောင်းတဲ့။

ကိုယ့်ကျတော့. . .၊ သူများကျတော့. . .။

ပြောရရင်တော့ အများကြီးပေါ့ဗျာ။ ကျွန်တော်လည်း ထိုနည်းလည်းကောင်းပါ။ အပြစ်ပြောလာရင် မခံချင်တတ်တဲ့အတိုင်း ကိုယ့်ကိုယ်ကိုယ် ဆင်ခြေပေးပြီး ကာကွယ်ပြောတတ်တဲ့အကျင့်က ဖျောက်ရတာ အတော်ခက်ပါတယ်။

ဒီနေရာမှာ ကွယ်လွန်သွားတဲ့ ကျွန်ကော့်အိမ်သူက ကျွန်တော့်ထက်သာပါတယ်။ 'သာတယ်' ဆိုတာ အကောင်းပြောတာပါ။ တော်ကြာ သေသွားတဲ့သူကိုတောင် မကောင်းပြောနေသေးတယ်ဆိုပြီး သူ့ဉာတကာတွေပြောလာမှာ ကြောက်ပါ၏။

ကျွန်တော် သူ့ကို အပြစ်ပြောလိုက်တိုင်း သူပြန်ပြောတတ်ပုံများသူ့အပြစ်ဟာ ကျွန်တော့်ကြောင့်ဆိုပြီး ကျွန်တော့်အပြစ်ပြန်ဖြစ်သွားရပါတယ်။ စာတစ်ပုဒ်မှာ 'ကျွမ်းကျင်တဲ့ ဂိုးသမားဆိုတာ ကိုယ့်ဂိုးကို မဝင်အောင် ကာကွယ်တတ်ရုံမက သူ့ဂိုးထဲကို ပြန်ဝင်သွားအောင် ပစ်သွင်းတဘ်တဲ့ ဂိုးသမား



ကို ခေါ်တာ' လို့ ဖတ်ဖူးထားတော့ အလျဉ်းသင့်တဲ့အခါ ကျွန်တော်က သူ့ကို 'ကျွမ်းကျင်တဲ့ဂိုးသမား' လို့ ခေါ်တဲ့အခါတိုင်းလည်း ကျွန်တော်ပဲအထိုးခံရပါတယ် (မျက်စောင်းနဲ့)။

လူဆိုတာ သူ့သူ့ကိုယ်ကိုယ် မှားတတ်ကြပါတယ်။ မှားတာကို ဝန်ခံပြီး တောင်းပန်ပြောဆိုရင်လည်း ကျေနပ်တတ်ကြပါတယ်။ ဒီလိုမှမဟုတ်ဘဲ ဆင်ခြေဆင်လက်တွေပေးပြီး မှားတာကို မမှားဘူးလို့ အကျောက်အကန်ငြင်းလာရင်တော့ စိတ်ထဲမှာ အတော်မသက်မသာခံစားကြရပါတယ်။ ကိုယ့်အမှားကို သူများက ထောက်ပြတာတောင် ဝန်မခံဘဲ အတင်းဆုပ်ကိုင်ထားသူတွေကြောင့် 'ကျားကျားမီးယပ်ပဲ' ဆိုတဲ့ စကားဖြစ်လာရပါတယ်။

တောရွာတစ်ရွာက ဆေးဆရာတစ်ယောက်ဟာ စောင်ခေါင်းမြီးခြုံထားတဲ့ လူမမာရဲ့လက်ကိုစမ်းပြီး ဒါ မီးယပ်ရောဂါလို့ ပြောပါတယ်။ လူနာရှင်တွေက လူမမာဟာ မိန်းမ မဟုတ်ဘူး၊ ယောကျ်ားပါလို့ ပြောတာတောင် ဆေးဆရာက သူ့စကားကိုမပြင်ဘဲ 'ကျားကျားမီးယပ်ပဲ' လို့ ပြောပါသတဲ့။

အမှားကို ဝန်ခံရဲတဲ့ သတ္တိဟာ အင်မတန်မြင့်မားတဲ့ လူ့အရည်အသွေးတစ်ရပ်ပါ။ အထူးသဖြင့် ခေါင်းဆောင်ကောင်းတွေမှာ တွေ့ရတတ်ပါတယ်။ လုပ်ရဲကိုင်ရဲတာမှ သတ္တိမဟုတ်ပါ။ ဆင်ခြေပေးတယ်၊ ဆင်ခြေတက်တယ်ဆိုတာ အမှားကို ဝန်မခံချင်လို့ အကျောတ်အကန် ငြင်းတာပါ။ အကျိုးသင့်အကြောင်းသင့် ရှင်းပြတယ်ဆိုတာက

အမှားကို အရင်ဝန်ခံပြီးမှ ဘာကြောင့်မှားရတယ်ဆိုတာကို ဖြေရှင်းချက်ပေးတာပါ။ ဒီလို ဖြေရှင်းရာမှာ ဒေါသမပါပါ။

အထူးသဖြင့် လူငယ်တွေဟာ တက်ကြွတဲ့အရွယ်မို့ ကိုယ်လုပ်တာ မှန်တယ်ဆိုတဲ့ အစွဲအလမ်းရှိတတ်ကြပါတယ်။ သွားတာလာတာ၊ နေတာထိုင်တာ၊ ဝတ်စားတာကအစ အချိုးမကျတာကို လူကြီးတွေက ထောက်ပြတဲ့အခါ 'သူများတွေလည်း ဒီလိုပဲနေနေကြတာပဲ။ ဒါ အဖေတို့၊ အမေတို့ခေတ်မဟုတ်တော့ဘူး' ဆိုပြီး ပြန်ပြောတတ်ကြပါတယ်။ အဲဒီလူငယ်တွေထဲမှာလည်း ပြန်ခံပြော၊ နားမထောင်အုပ်စုနဲ့စာရင် ပြန်မပြော၊ နားမထောင်အုပ်စုက နည်းနည်းပိုလိမ္မာတယ်လို့ ဆိုရလေမလားဘဲ

ကြုံတုန်း မြန်မာစာမြန်မာစကားမှာ အများမှားတတ်တဲ့ အမှားလေးတစ်ခုကို စေတနာကောင်းနဲ့ ထောက်ပြချင်ပါတယ်။

ခန္ဓာကိုယ်မှာ ရင်ဘတ်က အခေါင်းထက်မြင့်တာကို စိတ်ထဲစွဲပြီး 'ရင်လောက်တင်မှ ဒူးလောက်ကျ' လို့ ပြောနေကြတာ မှားပါတယ်။ အမှန်က 'ဒူးလောက်တင်မှ ရင်လောက်ကျ' ဖြစ်ပါတယ်။

မြန်မာစာအဖွဲ့ဦးစီးဌာနကထုတ်တဲ့ 'မြန်မာစကားပုံ' စာအုပ်မှာ ဒီအသုံးအနှုန်းကို 'သားကောင်ကို လက်နက်ဖြင့်ချိန်ရွယ်၍ ပစ်ခတ်ရာတွင် ရင်ဒူးနေရာသို့ မှန်း၍ပစ်မှ ရင်ဘတ်ကို မှန်နိုင်သကဲ့သို့ အလုပ်လုပ်ရာတွင် ပို၍ရည်မှန်းထားမှ သင့်ရုံကျသည်'

လို့ ဖွင့်ဆိုပြထားပါတယ်။

ကိုယ်က မှားရင် ကိုယ့်အမှားကို ဝန်ခံရဲတဲ့သတ္တိမွေးရမှာဖြစ်သလို သူများက ရိုးရိုးသားသားမှားလို့ တောင်းပန်လာရင်လည်း နားလည်မှုပေးပြီး ခွင့်လွှတ်နိုင်အောင် ကြိုးစားရမှာ ဖြစ်ပါတယ်။ ငါနိုင်တဲ့အလှည့်ပဲဆိုပြီး သူများကို အပေါ်စီးကနေ ဖိထောင်းတာမျိုး မလုပ်သင့်ပါ။

◆ *To err is human, to forgive divine.*

◆ မှားတတ်တာဟာ လူ့သဘာဝ ခွင့်လွှတ်ခြင်းသည် မြင့်မြတ်လှပေ၏ ဆိုစကားရှိကြောင်းပါ။

မောင်ပွင့်ဘုန်း (ဓမ္မ)



www.burmeseclassic.com

www.burmeseclassic.com

# တင်နိုင်တိုး

## ပေတလူ



ဤစာရေးသူတို့ငယ်ငယ်တုန်းက ပေတေတေနေတတ်သော ရုပ်ထဲရှာ က ကလေးသူငယ်များကို ပေတလူ လူကြီးများ ခေါ်ဆိုတတ်ကြသည်။ ပေတလူကလေးများသည် ညစ်ထပ် တေနေတတ်ပြီး ကြည့်ရသည်မှာ ဆိုးလှပေသည်။ ယင်းသို့ ပေတေစွာ တတ်သောကြောင့်ပင် 'ပေတလူ' ဟု သည်ထင်ခဲ့သည်။သို့သော် ပေတလူ သော ဝေါဟာရ၏နောက်ကွယ်တွင် ဝင်စားဖွယ်အကြောင်းအရာများရှိ ပါသည်။

ပေတလူသည် စင်စစ်အားဖြင့် ကျ်ဘာသာဟု ဆိုနိုင်ပါသည်။ နှင့် လူကို ပေါင်းစပ်ထားခြင်း ဖြစ် ။ ပေတက ပါဠိစကား၊ လူက စကားဖြစ်သည်။ ပေတကို ပြိတ္တာ ပြန်ဆိုကြသည်။ သို့ဖြစ်၍ ပြိတ္တာ သောလူဟု ဆိုနိုင်ပါသည်။ ပြိတ္တာ သရဲတစ္ဆေတို့ကဲ့သို့ ကလေးသူငယ် အတွက် ကြောက်စရာသတ္တဝါ ဖြစ် မည်သို့မည်ပုံကြောက်စရာကောင်း တို့တော့မသိ။

ပေတကို ပြိတ္တာဟု ခေါ်ကြသကဲ့ သရဲတစ္ဆေများထဲတွင် ပေတိုး သောအမည်ကိုလည်း သုံးစွဲကြ ငယ်စဉ်က မျက်လှည့်ပွဲတွင် ပေတိုးအား မျက်လှည့်ဆရာက မျက်လှည့်စင်ထက်ရှိသရဲအိမ်လေး ခေါ်ပြခဲ့ဖူးသည်။ ပေတိုးသည် တစ်ရံ ခေါင်းချည်းထွက်လာပြီး တလေတော့ လက်ချည်းထွက် သည်။ ထိုစဉ်ကပင် ပေတိုးသည် မည်ဟု မှတ်သားထားခဲ့မိ၏။

ပေတကို လူနှင့် ပေါင်းစပ်ပြီး လူဟု ခေါ်ကြခြင်းမှာ ရှေးမြန်မာ များလက်ထက်ကပင် ဖြစ်ပါသည်။ လူဟုဆိုလျှင် အလွန်ရုပ်ဆိုးသော၊ ရဆိုးသောသူကို ခေါ်ဆိုမှန်း လှသည်။ ဤတွင် ကုန်းဘောင် ကာလက ပြင်သစ်လူမျိုး မြန်မာ အမှုတော်ထမ်း ပေတလူကို ရှုဖွယ် ဖြစ်ပါသည်။

ပြင်သစ်အမှုတော်ထမ်း၏အမည် ပေထရု(စ်)မီလတ် (Petruse Mil- ဖြစ်သည်။ သူ့ကို ပေထရု(စ်) ဟု ကောင်း၊ မီလတ်ဟုလည်းကောင်း မခေါ်ဘဲ မြန်မာဆန်ဆန် ပေတလူဟု ခေါ်ဆိုကြသည်။ ပြင်သစ်အမှုထမ်း ပေထရု(စ်) သည် မြန်မာများ၏ အမြင် တွင် အရုပ်ထောင်ထောင်မောင်းမောင်း၊ မျက်လုံးပြာပြာ၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ် မွေးထူလပျစ်နှင့်မို့ ယင်းသို့ခေါ်ဆို သောအမည်နှင့် လိုက်ဖက်ဟန်ရှိပါ သည်။

မြန်မာနန်းတွင်းအဲသိုင်းအဝိုင်းက ဤသို့ပင် မြန်မာမှုပြုလေ့ရှိပါသည်။ ဘိုးတော်ဘုရားလက်ထက် အမရပူရသို့ ရောက်ရှိခဲ့သူ ဗြိတိသျှကိုယ်စားလှယ် မိုက်ကယ်ဆိုင်း (Michael Symes) ကို မိကသိန် ဟူ၍ ခေါ်ဆိုကြပုံ၊ ဂျွန်ကရော ဖိုဒ် (John Crawfurd) ကို ကြော့ပွတ်ဟု ခေါ်ကြပုံ၊ ရော်ဂျာကို ဦးရာဇာဟု ခေါ်ကြပုံမျိုး ဖြစ်ပါသည်။

ပေတလူသည် ပေတမှဆင်းသက် လာပြီး ပြိတ္တာကို ဆိုလိုကြောင်း သိရှိရ တော့ ပြိတ္တာနှင့် ပတ်သက်သော အကြောင်းအရာများကို ရှာဖွေလေ့လာ ကြည့်မိပါသည်။ သာသနာတော်ဝင် အဋ္ဌကထာ ဋီကာတို့အလိုအရ ပြိတ္တာ (၄) မျိုးရှိသည်။ သူတစ်ပါးတို့ပေးမှ စား သောက်ရသောပြိတ္တာ၊ မစားမသောက် ရဘဲ ငတ်ပြတ်နှိပ်စက်ခြင်းခံရသော ပြိတ္တာ၊ တစ်ကိုယ်လုံးပူလောင်ခြင်းကို အမြဲမပြတ်ခံထားနေရသော ပြိတ္တာ၊ အသူရကာယ်ဟူ၍ သီးခြားခေါ်ဝေါ် အပ်သောပြိတ္တာ ဟူ၍ ဖြစ်သည်။

ဆဂတိဒီပနီကျမ်း၊ လောကပညတ္တိ ကျမ်းတို့အလိုအရဆိုလျှင် ပြိတ္တာ (၁၂) မျိုးပင်ရှိပါသည်။ ပြိတ္တာတစ်မျိုးချင်း ကိုလည်း သရုပ်ခွဲဖော်ပြလေ့ရှိကြသည်။ ယင်းပြိတ္တာများအကြောင်း ဖတ်ရှုရ တော့ ပြိတ္တာ ဟူသည် စက်ဆုပ်ရွံရှာ ဖွယ်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ သို့ဆို လျှင် ပြိတ္တာအား အခြေခံလျက် ပေါ် ပေါက်လာသည့် ပေတလူသည်လည်း အကျည်းတန် အရုပ်ဆိုးကာ စက်ဆုပ် ရွံရှာဖွယ်ဖြစ်ပေလိမ့်မည်။ သို့မဟုတ် ကျီစယ်သည့်သဘောဖြင့် အမြောင်အ ပြက်ခေါ်ဆိုကြခြင်းလည်း ဖြစ်ပေလိမ့် မည်။

မျက်မှောက်ခေတ်၌ပင် ဦးပဂျိုင် ဟူသော ကလောင်အမည်ဖြင့် စာရေး ဆရာတစ်ဦး ပေါ်ပေါက်ခဲ့ဖူးပါသည်။ ပန်းချီဆရာကပင် ငိုရလောက်သည့် ရုပ်ဆိုးသူဟူ၍ ဆိုလိုဟန်ရှိပါသည်။ သို့သော် စာရေးဆရာကြီး ဦးပဂျိုင်သည် အများထင်သကဲ့သို့ ရုပ်ဆိုးသူတစ်ဦး မဟုတ်ပါပေ။

ပေတလူနှင့် စပ်လျဉ်း၍ ပေတ ဝတ္ထုဟူ၍လည်းပေါ်ပေါက်ခဲ့ဖူးပါသည်။ ယင်းပေတဝတ္ထုတွင် ပြိတ္တာတို့ ရရှိခံစား ရသော ကုသိုလ်အင်္ဂါ (၃) ပါးကိုလည်း တွေ့ရှိရသည်။ ၎င်းတို့မှာ (၁) ကောင်းမှု ရှင်တို့က သေသူတို့အား ရည်ညွှန်း၍ အမည်ခေါ်ကာ အမျှပေးဝေမှုပြုရခြင်း၊ (၂) အလှူခံပုဂ္ဂိုလ်၏ သီလဂုဏ်အကျင့် သိက္ခာပြည့်စုံရခြင်း၊ (၃) ပြိတ္တာတို့၏ ဝမ်းမြောက်စွာ သာဓုခေါ်နိုင်ခြင်းတို့ဖြစ် ကြောင်း ရေးသား ဖော်ပြထားပါသည်။

ဤသည်တို့ကား ပေတလူဟူသော ဝေါဟာရနှင့် ဆက်စပ်လျက် ကမ်းလှမ်း မိသမျှ ရှာဖွေတွေ့ရှိရသရွေ့ အကြောင်း အရာများ ဖြစ်ပါသည်။

တင်နိုင်တိုး

**ကျမ်းကိုး -**


၁။ အစဉ်အလာနှင့် အတွေးသစ် (တက္ကသိုလ်မောင်မောင်ကြီး) ရှုမဝမဂ္ဂဇင်း၊ ၁၉၅၃၊ ဖေဖော်ဝါရီ။
၂။ သုတေသနသရုပ်ပြအဘိဓာန် (အရှင်ဩဘာသဘိဝံသ)




www.burmeseclassic.com

www.burmeseclassic.com

ခရီးသွားလာရာတွင် တစ်ရွာပြီး တစ်ရွာ ဖြတ်ကျော်ပြီးမှသာလျှင် လိုရာ ခရီးရောက်ရှိမှာဖြစ်ပါသည်။ မြို့တွင်းသို့ ဖြတ်သန်းသွားရာတွင် နယ်စပ်ခရီးမှတ်တိုင်လေးများကို လှပစွာ တွေ့ရတတ်ပါသည်။ ထိုခရီးမှတ်တိုင်လေးများ၏ မျက်နှာစာတစ်ဖက်တွင်မူ 'ကြိုဆိုပါသည်' ဟု ရေးထားပြီး ကျန်မျက်နှာစာတစ်ဖက်တွင် 'နှုတ်ခွန်းဆက်သပါသည်' ဟု ဆိုင်းဘုတ်များတွင် အမှတ်တရ ဖော်ပြထားတတ်ပါသည်။ 'ကြိုဆိုပါသည်' ဟူသော စာတန်းများကို ဖတ်မိသောအခါ ခရီးသည်တို့၏စိတ်ဘဝင်တွင် နွေးထွေးမှုခံစားဘိသကဲ့သို့ သက်ဆိုင်ရာမြို့၊ ရွာ၊ နယ်နိမိတ်မှ ထွက်ခွာမိသောအခါတွင် 'နှုတ်ခွန်းဆက်သပါသည်' ဟု စာတန်းကို မြင်ရသောအခါ ဝမ်းနည်းသလို ခံစားမိပါသည်။

ဤသည်မှာ တစ်မြို့နှင့်တစ်မြို့၊ တစ်ရွာနှင့်တစ်ရွာ နယ်စပ်နေရာကလေးများ၏ အနေအထား ဖြစ်ပါသည်။ လောကကြီးတွင် မွေးဖွားခြင်းနှင့်သေဆုံးခြင်းတို့မှာ ကြိုဆိုခြင်းနှင့် နှုတ်ခွန်းဆက်သခြင်းတစ်မျိုးဟု ထင်မြင်မိပါသည်။

ကံအလှည့်မပေးသဖြင့် လူလောကမှ တမလွန်ဘဝတို့ကူးပြောင်းကြရာတွင် 'ကွယ်လွန်သည်' ဟု သတ်မှတ်ကြပြန်ပါသည်။ အချိန်အတန်ကြာမေ့မြောပြီးမှ တစ်ဖန်ပြန်လည်သတိရလာသူအချို့ကို 'သေရွာပြန်သူ' ဟူ၍ သတ်မှတ်ကြပါသည်။ ထိုသူအချို့သည် မေ့မြောနေစဉ်ကာလအတွင်း ကြုံတွေ့ခဲ့ရသည့်ဖြစ်ရပ်များကို မှတ်မိ၍ ပြောကြရာတွင် သက်ဆိုင်ရာဆွေမျိုး၊ မိတ်ဆွေများက တအံ့တသြ နားထောင်ဖြစ်ပြီး သံဝေဂတရားရကြပြန်ပါသည်။

ညီအစ်မသဖွယ် ခင်မင်နေသည့် ကျောင်းဆရာမတစ်ဦး၏ မိခင်ဖြစ်သူကိုယ်တိုင် တွေ့ကြုံခဲ့ရသည့် ဖြစ်ရပ်မှန်ကို တင်ပြလိုပါသည်။

◆

လှမ်းမျှော်ကြည့်လေရာနေရာတိုင်းမှာ ရွှံ့နွံများသာဖြစ်နေသည်။ ကျယ်ပြန့်လှသည့် ရွှံ့နွံကြီးမှာ မျက်စိတစ်ဆုံးမျှော်ကြည့်သော်လည်း အဆုံးကိုမမြင်ရချေ။

သူ့ကို တစ်ယောက်ယောက်က နောက်ကျောမှ တွန်းလိုက်သည့်နှယ် အရှေ့သို့ဟပ်ထိုးလဲကျသွားခဲ့ပါသည်။

"အောင်မလေး၊ ပူလိုက်တာ"

ဟု လန့်ဖျပ်ကာ အသံကုန်အော်လိုက်ပါသည်။ လဲကျသည့်အရှိန်ကြော... ရွှံ့ပြင်ကို လက်ဝါးဖြင့်ဆောင့်တွန်းမိ... သဖြင့် အလွန်ပူပြင်းသည့် ရွှံ့နွံပြ... ကြောင်း သိသွားရပါတော့သည်။

သူအလွန်ကြောက်သွားမိ... ထဲကျသွားလျှင် သက်သာမည်မထ... အခုမှကြည့်မိပါသည်။ ရွှံ့ပြင်ကြီးပေါ်... လူတွေများပြားလှပါလား။ ဟိုမှသ... ကူးခပ်နေကြပြီး ကယ်ပါယူပါတ... အော်ဟစ်ငိုကြွေးနေကြပါသည်။

"ဘယ်နေရာကို ငါရောက်... လိမ့်။ ကြောက်လိုက်တာနော် ပြန်... ပဲ"

ဟု စိတ်ကူးရုံရှိသေးသည့်အ... တွင် တစ်စုံတစ်ယောက်က သူ့လ... ဆွဲချလိုက်ပါသည်။

"အောင်မယ်လေး၊ ကျွန်မကို... ခေါ်သွားကြမလို့လဲ"

သန်မာလှသည့် လူထွားကြီး... ယောက်က သူ့လက်ကိုဆွဲပြီးတစ်... ခေါ်နေကြပါသည်။

"မလိုက်ပါရစေနဲ့ ပြန်လွှတ်...





www.burmeseclassic.com

www.burmeseclassic.com

ရှင်

အားချင်းမမျှသဖြင့် ခေါ်ရာ နောက်သို့လိုက်နေရသည်။ ဘေးပတ် ဝန်းကျင်သို့ ကြည့်လိုက်ပြန်ရာ ဘေးနံရံ များတွင် လူအများစုသည် နံရံပေါ်သို့ ကုတ်ခြစ်တွယ်တက်နေသည်ကို တွေ့ရ ပါသည်။

'သွေးတွေထွက်နေပါလား ဒီလူ တွေကဘာလို့ နံရံပေါ်ကုတ်ခြစ်တက်နေ ကြတာလဲ'

တွေးနေစဉ်မှာပင် သန်မာလှသည့် လူထွားကြီးများပေါ်လာပြီး ထိုသူများကို ကြောင်စက်ကဲ့သို့ ကိရိယာနှင့်လိုက်တို့နေပါ သည်၊ ခံရသူတို့မှာ ထွန့်ထွန့်လူးအော် ဟစ်လျက် နံရံပေါ်သို့ ထပ်မံတက်နေကြ ပါသည်။ ယခုမှ သတိထားမိသည်မှာ ရိုးရိုးနံရံမဟုတ်ဘဲ သံချိတ်ချွန်ကြီးများ စိုက်ထားသည့်နံရံဖြစ်နေပြီး လှုပ်ရှား လိုက်တိုင်း သံချိတ်များက နေရာအနှံ့ ထပ်မံ ပေါ်ပေါက်လျက် ထိုသူများကို ထိုးချိတ်နေကြပါတော့သည်။

"အောင်မယ်လေး ကြောက်လှပါ ပြီ။ ကျွန်မကို ပြန်လွှတ်ပေးပါရှင့်"

မျက်စိစုံမှိတ်ပြီး အော်နေစဉ်မှာ အသံတစ်ခုကို ကြားလိုက်ရ၍ ကြည့် လိုက်မိပါသည်။ ခံ့ညားသည့် လူထွား ကြီးတစ်ဦးကို တွေ့လိုက်ရပြီး ထိုလူကြီး သည် အရာတစ်ခုပေါ်မှာထိုင်နေသည် ကို တွေ့ရပါသည်။ ခေါ်လာသူများကို လှည့်မေးလိုက်ခြင်း ဖြစ်ပါသည်။

"သူအချိန်စေ့ပြီလား"

"အချိန်စေ့ပါပြီး ယမမင်းကြီး"

သူအတော်လန့်သွား၏။

ယမမင်းကြီးဆိုပါလား။

"သူရဲ့လိပ်စာကောမှန်ရဲ့လား"

"မှန်ပါတယ် မင်းကြီး"

"အိမ်နံပါတ်ကော"

အိမ်နံပါတ်ကိုပြောလိုက်သောအခါ ယမမင်းကြီးဆိုသူက လက်ကို ဖေ့ယမ်း လိုက်သည်။ စာအုပ်သဖွယ်အရာဝတ္ထု တစ်ခု လေထဲမှာလွင့်ပျံလာပြီး ယမမင်း ကြီးရှေ့ ရပ်တန့်နေပါသည်။ လေထဲမှာ ဝဲပျံပြီး လေထဲမှာပင် ရပ်နေသည်ကို အံဩလှစွာမြင်လိုက်ရပါသည်။

ယမမင်းကြီးက စာအုပ်ကိုလှမ်းယူ ပြီး စာရွက်ကိုလှန်ကာ စစ်ဆေးနေပါ သည်။

"သူ့အိမ်နံပါတ်က မှားနေတယ်။ အဲဒီတော့ ပြန်ပို့လိုက်။ တကယ်ခေါ် ရမယ့်သူကိုသာ သွားပြန်ခေါ်ကြ၊ သွား ကြ"

စကားဆုံးသည်နှင့် တစ်ပြိုင်နက် သူ့ကို လေဆင်နှာမောင်းကဲ့သို့ အားပြင်း



# (ပေါင်းတည်) တင်တင်ဦး

## ဘဝနယ်စပ်မှ လှည့်အပြန် ၂

လှသည့် လေဝဲတစ်ခုက လုံးထွေးလှည့် ပတ်ယူသွားသလိုခံစားရပြီး လောကကြီး ကို တဒင်္ဂမေ့သွားပါသည်။

"အောင်မယ်လေး ကယ်ကြပါဦး ရှင်၊ ကယ်ကြပါ"

ညဘက်အိပ်ချိန်ဖြစ်၍ အိမ်သား အသီးသီး အိပ်ရာဝင်သွားကြပြီ ဖြစ်ပါ သည်။ အော်သံကြားလိုက်ရသဖြင့် အသံကြားရာဆီသို့ ပြေးထွက်လာကြပါ သည်။

"သမီးလေး၊ သမီးလေး"



www.burmeseclassic.com

www.burmeseclassic.com

"အစ်မရေ၊ အစ်မဘာဖြစ်တာလဲ"

ဆွေမျိုးညီအစ်ကို၊ မောင်နှမများ၊ သားသမီးများက ခုတင်ဘေးတွင် စုဝေးရောက်ရှိလာကြပါသည်။

"ဘာဖြစ်တာလဲဟင်ပြောပါဦး"

မေးသူကမေး၊ ရေတိုက်သူကရေတိုက်နှင့် အလုပ်ရှုပ်နေကြပါသည်။ သည်တော့မှ သူ့အနေအထားကို သတိပြုလိုက်မိပါ၏။ ညပိုင်းကောင်းကောင်းနေမကောင်း၍ အိပ်ရာပေါ် လှဲအိပ်လိုက်သည်ကို သတိရမိလိုက်ပါသည်။ ယခုလည်း ခန္ဓာကိုယ်တစ်ပိုင်းက ခုတင်ပေါ်မှာ၊ ခြေထောက်တွေက ခုတင်ဘေးမှာရှိပြီး ခွေခွေလေးအနေအထားမျိုး ဖြစ်နေပါသည်။

စိတ်သက်သာသွားသဖြင့် သူဖြစ်ပျက်ပုံကို အိမ်သားများအား ရှင်းပြလိုက်ပါသည်။ သူ့နေသည့်အိမ်မှာ အပေါ်ထပ်၊ အောက်ထပ်နှစ်ထပ်ရှိပြီး သပ်ရပ်လှပသည့်အိမ်ဖြစ်ပါသည်။ ထိုနည်းတူစွာ ပုံစံတူအိမ်လေးအချို့ကိုလည်း လှပစွာဆောက်လုပ်ထားသောနေရာ ဖြစ်ပါသည်။

ဖြစ်ချင်တော့ ယမမင်းကြီးထံအစီရင်ခံသည့်သူများမှာ လမ်းအမည်တူသော်လည်း အိမ်နံပါတ်မတူသည့်အတွက် လာချိန်တန်၍ရောက်ရသည့်သူမဟုတ်ကြောင်းသိရ၍ လူ့လောကကိုပြန်လည်စေလွှတ်ခြင်းဖြစ်ကြောင်းသိရပါတော့သည်။

တစ်နည်းအားဖြင့် တမလွန်ဘဝသို့ကူးရမည့် နယ်စပ်တစ်နေရာတွင် အချိန်မကျသေးသူမို့ လှည့်ပြန်ရသည့်သဘော ဖြစ်ပါသည်။

"ကျွန်မတို့အိမ်နဲ့ တစ်အိမ်ခြားမှ ကျွန်မနဲ့နာမည်တူ၊ အသက်လည်းမတိမ်းမယိမ်းလောက်ရှိတဲ့ မထွေးရီ ရှိတယ်မဟုတ်လား။ သူ့အတွက်စိတ်ပူလိုက်တာမေမေရယ်။ ယမမင်းကြီးက သမီးရဲ့နာမည်၊ အသက်၊ လမ်းနာမည်ကိုမေးပြီးအိမ်နံပါတ်မတူလို့ ပြန်လွှတ်လိုက်တာထင်တယ်။

ထိုသို့ပြောဆိုနေစဉ်မှာပင် တစ်အိမ်ကျော်မှ ငိုကြွေးသံများကို ကြားလိုက်ရပါတော့သည်။ ထိုသူတစ်ယောက်ကတော့ဖြင့် နယ်စပ်ကို ဖြတ်ကျော်ပြီး တမလွန်ကိုရောက်သွားသည်မှာ သေချာပါသည်။

ဒီခန္ဓာတွေဟာ ဖြစ်လိုက်၊ ပျက်လိုက်၊ ပြန်ဖြစ်လိုက်နဲ့ ရောဂါတစ်ခုပျောက်လျှင် နောက်ရောဂါဝင်လာတော့ပဲ။ သတ္တဝါတိုင်းဟာ အိုရ၊ နာရ၊ သေရမှာချည်းပဲ။ ဒီဒုက္ခတွေကလွတ်အောင် ဝိပဿနာတရားနဲ့ ရုန်းထွက်မှရမှာပဲဟု သက်တော် (၁၁၀) ကျော် ပြည်ဆရာတော်ကြီး (ဆေးဝိဇ္ဇာကြီး)·က မိန့်တော်မူဖူးပါသည်။ ဆရာတော်ကြီး၏ မမြဲခြင်းတရားတော်များကို ·ကြားလိုက်ရသည့် ကျွန်မသည် လွန်ခဲ့သည့်အနှစ် (၂၀) ခန့်က ကိုယ်တိုင်တွေ့ကြုံခဲ့ရသည့် ထူးဆန်းသည့် ကိုယ်တိုင်အတွေ့အကြုံဖြစ်ရပ်မှန်တစ်ခုကို သတိရ၍ ပြန်လည်တင်ပြပါသည်။

◆

"ဝိုး. . . ဝိုး. . . ဝိုး. . . ဝိုး. . . ဝေါ. . . ဝေါ"

သေနတ်ပြောင်းဝမှ ပစ်လွှတ်လိုက်သော ကျည်ဆန်ကဲ့သို့ လည်းကောင်း၊ အားကုန်ပစ်လွှတ်လိုက်သည့် မြှားတစ်စင်းထိပ်မှာလိုက်ပါရသကဲ့သို့လည်းကောင်း အရှိန်ပြင်းစွာဖြင့် ကျွန်မခန္ဓာကိုယ်သည် လွင့်စဉ်ထွက်သွားပါသည်။ ဘာဆိုဘာမှမရှိသည့် လေဟာနယ်ထဲတွင် ဦးတည်ရာမဲ့ လွင့်ပျံ့ခုန်ပေါက်နေသည့် အဖြစ်အပျက်မှာ ထိန်းချုပ်မရအောင်ဖြစ်နေရပါသည်။

"ဘယ်လိုဖြစ်တာလဲ၊ ဘာကြောင့်လဲ"

အတွေးစိတ်ကလေးက သူ့အလိုအလျောက်ပေါ်လာသည်။ အခြေအနေကို အကဲခတ်ကြည့်လိုက်ရာတွင် အလွန်ပါးလွှာသော ပလတ်စတစ်အပိုင်း၊ အစလိုလိုအရာတစ်ခုကိုတွေ့လိုက်ပါသည်။

"ဘာကြီးပါလိမ့်"

ထိုအရာက လွင့်ပျံ့နေဆဲ။

"အံ့ဩလိုက်တာနော်၊ ဘယ်လိုပါလဲ"

စိတ်ထဲမှ တစ်ခုချင်းပေါ်လာသောအတွေးများ ဖြစ်ပါသည်။

အခြေအနေတစ်ခုကို သဘောမပေါက်နိုင်ဘဲ ပါးလွှာသော ပြားချပ်ချပ်အပိုင်းက လွင့်မျောနေဆဲမှာပင် ဂရုတစိုက်ကြည့်မိသည်။

'ဘုရား ဘုရား၊ အဲဒါက ငါပါလား'

'ငါဘာဖြစ်သွားတာလဲ'

အဖြေမပေါ်သေးပါ။

'ငါဘယ်ကလာတာလဲ'

အဖြေမရှိ။

'ငါဘယ်ကိုသွားနေတာလဲ'

ဖြေစရာနတ္ထိ။ လွင့်မျောပျံ့ဝဲနေ
သည့်သဏ္ဌာန်ကြီးသည် ဟိုမှသည်သို့
လူးလာလှုပ်ရှားပျံ့ဝဲနေဆဲ ဖြစ်ပါသည်။

တစ်ခါတစ်ရံ တောအုပ်ကြီးကို
အပေါ်မှစီးပြီး မြင်ရပြန်ပါသည်။
အလွန်မြင့်သည့်နေရာမှ ကြည့်နေရ၍
လား မသိပါ။ သစ်ပင်ကြီးများကို အရွယ်
အစားသေးသေးကလေးမျှသာ တွေ့နေ
ရပါသည်။

အရှိန်မထိန်းနိုင်သော၊ ပဲ့ကိုင်မှုမ
သောသဏ္ဌာန်သည် တစ်ခါတစ်ရံ ရေ
ပေါ် ရုပ်၍ဖြတ်သွားပြန်ပါသည်။ တစ်
သတိထားမိသည်မှာ ရေပေါ်တွင် လက်
ယာဘက် တစောင်းအနေအထားဖြ
မျောပါနေပါသည်။ ရေ၏ရနံ့၊ ရေထဲ
သံအနံ့များကို သေချာစွာရှူရှိုက်မိ
သည်။ သို့သော် ရေမစိုပေ။ ထို့နောက်
မိုးပေါ်သို့လွင့်ပျံ့သွားပြန်ပါသည်။ တာ
မရဆီးမနိုင်သည့်ပုံစံမျိုးဖြင့် လွင့်ချ
သလိုလွင့်နေတော့ ငါဘာမှမတတ်နိုင်
ဘူးဟု တွေးမိပါသည်။

ထိုအခိုက်မှာပင် လက်ယာဘက်
ခပ်ဝေးဝေးတွင် တောင်တန်းတစ်ခု
မြင်တွေ့နေရပါသည်။ တစ်ခုခုက တွ
ပို့သကဲ့သို့ ထိုတောင်ကုန်းဆီသို့ လွ
တက်သွားပါသည်။ အနီးသို့ရောက်လှ
သစ်ပင်များခပ်ကျဲကျဲပေါက်သည့်နေ
ဖြစ်နေပါသည်။ ဆက်လက်လွင့်သွား
တွင် အရှေ့ဘက်၍ ကျောက်တံခါး
တစ်ခု၊ ပိတ်နေသည်ကို တွေ့ပါသည်

"ဘယ်လိုလုပ်ဝင်ရမလဲ"

စဉ်းစားနေစဉ်မှာပင် လွယ်ကူ
ကျောက်တံခါးထဲကို ထိုးဖောက်
ရောက်သွားပါသည်။

"အားပါးပါး လွယ်ကူလှချေလား
ဘယ်လိုများဖြစ်သွားပါလိမ့်"

ပါးလွှာသည့် ခန္ဓာကိုယ်ပြားချ
ချပ်သည် ကျောက်တံခါးကို ဖောက်
လိုက်သည်နှင့် တစ်ပြိုင်နက် ထူးဆ
သည့်မြင်ကွင်းတစ်ခုကို တွေ့လိုက်ရ
သည်။

အတန်အသင့်ကြီးမားသည့် မြ
စွာဘုရားကျောက်ဆင်းတုတစ်ဆူ၊ မ
များ၊ စလွယ်များပါရှိသည့် ဘုရား
ရုပ်ပွားတော်မြတ်ကြီးတစ်ဆူ ဖြစ်
တော့သည်။ ကြည်ညိုစရာကောင်း
စွ။ အံ့ဩလှစွာဖြင့် ပုဆစ်တုပ်ထိုင်
မိပါသည်။ ပြားချပ်ချပ်သဏ္ဌာန်
ဘုရားဆင်းတုတော်ကြီးရှေ့ရောက်



www.burmeseclassic.com

www.burmeseclassic.com

...သဏ္ဍာန်ပြန်ဖြစ်နေပါသည်။ ပုဆစ်...ထိုင်လိုက်ရာတွင် ပေါင်အောက်ရှိ အောက်ခံသမံတလင်းအခင်းကို ဖောက်...မြင်နေရပါသည်။ ဘုရားရှင်ကိုယ်...မြတ်အရှေ့တွင်-

"ဘုရား ဘုရား၊ ကယ်တော်မူပါ ဘုရား"

ဟု ဦးချရှိခိုးလိုက်ဆုတောင်းမိပါ သည်။

◆

"ဟော - သတိရလာပြီ၊ သတိရ ...ပြီ"

မျက်လုံးကိုဖွင့်ကြည့်လိုက်မိသည်။ ...တွင် အနီးကပ်စောင့်ရှောက်နေ...သည့်သူငယ်ချင်းများ၊ တာမွေအမျိုး...ကျောင်းမှ တပည့်ကျောင်းသူလေး...များ လုပ်ဖော်ကိုင်ဖက်ဆရာမများကို ...ပါသည်။

"သူငယ်ချင်း၊ သတိရလာပြီလား"

လက်ယာဘက်ကို လှည့်ကြည့် ...လိုက်သည်။ ဒေါ်ခင်လေးမွန်၊ ဒေါ်သန်း ...သန်းမြင့်၊ ဒေါ်မြင့်မြင့်ကြည်တို့ကိုလည်း ...တွေ့လိုက်ရပါသည်။

"မမဦး၊ သက်သာရဲ့လား"

လက်ဝဲဘက်ကို လှည့်ကြည့်လိုက် ...သည်။ ဒေါ်အေးအေးမူ၊ ညီအစ်မကဲ့ ...သို့ ခင်မင်ရသော ဆရာမများအားလုံး ...နားမှာရှိနေကြပါသည်။ သူတို့၏ ...တနာနှင့် မေတ္တာတရားများကို ဘယ် ...သောအခါမှ မမေ့နိုင်တော့ပါ။

ကျွန်မသည် ၁၉၈၉ ခုနှစ် ဆောင်း ...သို့၌ ကျန်းမာရေးချို့တဲ့မှုကြောင့် ဂန္ဓီ ဆေးရုံခွဲစိတ်ဆောင်မှာ တက်ရောက်ခဲ့ ...သည်။ သွေးသွင်းရန် လိုအပ်သဖြင့် ...သွင်းမည့်ဆဲဆဲ ဤကဲ့သို့ မေ့မြော ...ခြင်း ဖြစ်ပါသည်။ ဂရုတစိုက်ကုသ ...ကြောင့် ရောဂါသက်သာလာသည့် ...တွင် ကျွန်မခုတင်၏ လက်ဝဲဘက် ...တွင် လူနာအမျိုးသမီးတစ်ဦး ထပ် ...ရောက်လာပါသည်။ မေးဖျားတွင် ဝက် ...ပေါက်နေစဉ် အညှော်မိ၍ အဖျားကြီး ...ဆေးရုံရောက်လာသည်ဟု သိရပါ သည်။

သူဆေးရုံတက်သည့် ညသန်း ...ခေါင်ယံတွင် ကြောက်လန့်တကြား ...အော်ဟစ်သံ ကြားလိုက်ရပါသည်။

"အမလေး ကယ်တော်မူပါ။ ခွေး ...ကြီးတွေလိုက်နေပါပြီ။ ကယ်ကြပါ ဆေးရုံတစ်ခန်းလုံးလန့်နိုးကုန်ကြ ပါသည်။ ဝက်ခြံပေါက်သောအမျိုးသမီး ပါလား။

ခုတင်ပေါ်မှထပြေးမည်တကဲကဲ လုပ်လိုက်၊ ခုန်ဆင်းမည်လုပ်လိုက်နှင့် အငြိမ်မနေတော့ပါ။ သူ့မိခင်အဘွားကြီး၊ တာဝန်ကျဆရာဝန်၊ ဆရာမများက သူမ ကိုဝိုင်းဝန်းထိန်းသိမ်း၍ ခုတင်ပေါ်သို့ လှဲချကြပါသည်။ ဆေးထိုးပေးလိုက်၍ ငြိမ်သွားပါသည်။ သူအော်ဟစ်နေသည့် အချိန်တွင် ဆေးရုံအပြင်ဘက်၌ ခွေး များအူနေကြသည်။ ကျွန်မက သူ့ဆီကို စိတ်မှန်းဖြင့် သမ္ဗုဒ္ဓေဂါထာတော်ရွတ်ပြီး စည်းသားပေးမိပါသည်။ လူနာသည် ငြိမ်သက်သွားပါသည်။ ခွေးအူသံများ လည်း ရပ်သွားပါသည်။

သည်လိုနှင့် ကျန်းမာရေးကောင်း မွန်လာ၍ ဆေးရုံမှဆင်းခွင့်ရပါသည်။ ဝိညာဉ်လွင့်မျောသည့်ဖြစ်ရပ်ကို သူငယ် ချင်းများကို ပြောပြလိုက်ရာ သူတို့က-

"စိတ်မစွဲပါနဲ့ကွာ။ နေမကောင်းလို့ အိပ်မက်မက်သလို ခံစားရတာပါ။ ဘုရား ကို ဖူးမြော်ရတာကတော့ ကောင်းပါ တယ်"

ဟု အားပေးနှစ်သိမ့်ကြပါသည်။

ထို့နောက် သူငယ်ချင်းဖြစ်သူ ဒေါ်သန်းသန်းမြင့်၏ခင်ပွန်း လက်မှတ် စစ် ဦးစိုးမြင့် (မြန်မာ့မီးရထား) ရန်ကုန်မှ စစ်ကိုင်း ရွာထောင်ဘူတာသို့ အလုပ် တာဝန်နှင့် ပြောင်း၍ရသောအခါ သူ ငယ်ချင်းနှင့် ကလေး (၄) ယောက်တို့ သည် စစ်ကိုင်းမြို့သို့ ပြောင်းရွှေ့သွားကြ ပါသည်။

တစ်နှစ်သော နွေရာသီကျောင်း ပိတ်ရက် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အဖြေလွှာများ စစ်ဆေးပြီး အားလပ် သည့်အချိန်တွင် စစ်ကိုင်းမြို့ရွာထောင် ရပ်သို့ သူငယ်ချင်း ဆရာမ ဒေါ်မြင့်မြင့် ကြည်နှင့် သွားရောက် လည်ပတ်ခဲ့ပါ သည်။ ထုံးစံအတိုင်း စစ်ကိုင်းဘုရားများ ကို စုံလင်အောင် ပို့ဆောင်ပေးကြပါ သည်။ သူတို့အိမ်မှ လှမ်းမျှော်ကြည့် လိုက်လျှင် စစ်ကိုင်းတောင်ကြီးကို မြင် တွေ့ရပ်ပါသည်။ ဆွမ်းဦးပုညရှင်ဘုရား နှင့် အခြားစေတီအချို့ကိုလည်း ကြည် ညိုဖွယ် ဖူးမြင်ရပါသည်။ မိုးချုပ်သွား လျှင် မီးရောင်စုံများနှင့် အလွန်ကြည်ညို ဖွယ်ကောင်းလှပါသည်။

တစ်နေ့သောနံနက်ခင်းတွင် ဥမင် သုံးဆယ်ဘုရား၊ ဥမင်ခြောက်ဆယ် ဘုရားနှင့် ဥမင်ကိုးဆယ်ဘုရားများသို့ သီးသန့်လိုက်ပို့ပေးကြပါသည်။ အခြား စေတီးပုထိုးများကို ဖူးမြော်စဉ် မထူးခြား လှသော်လည်း 'ဥမင်ကိုးဆယ်ဘုရား' သို့ ရောက်ရှိရာတွင် အံ့ဩစရာဖြစ်ရပ်နှင့် ကြုံတွေ့လိုက်ရပါသည်။ အောက်ထပ်ရှိ ရုပ်ပွားတော်များကို ဖူးမြော်ပြီး အထက် ပစ္စယံသို့ ကျောက်လိုဏ်ဂူလှေကားမှ တစ်ဆင့်တက်သွားရာ ဗုဒ္ဓကျောက်ဆင်း တုတော်မြတ်တစ်ဆူကို ဖူးတွေ့လိုက်ရ ပါသည်။

တွေ့လိုက်ရစဉ်ခဏမှာပင် ကျွန်မ အနေဖြင့် ယခင်တွေ့ဖူးသည့် ဘုရား။ ရောက်ခဲ့ဖူးသကဲ့သို့ ခံစားမိပါသည်။ သေသေချာချာ ဖူးမြော်ကြည့်ရှုရာတွင် ကျွန်မ၏ခံစားချက်မှာ မှန်ကန်ကြောင်း သိရပါတော့သည်။

"သူငယ်ချင်းတို့၊ ကိုယ်ဝိညာဉ်လွင့် သွားတုန်းက ဖူးမြင်လိုက်ရတဲ့ ရုပ်ပွား တော်မြတ်ကြီးပါပဲ။ ကိုယ်ဝင်ခဲ့တဲ့နေရာ က ရုပ်ပွားတော်မြတ်ကြီး မျက်နှာမူရာ အရပ်မှာရှိတဲ့ အရှေ့ဘက်အပေါက်ဝ ပါပဲ"

**ကျောက်တံခါးချပ်ကြီးမှာ အရှေ့ ဘက်တွင်တစ်ချပ်တည်းရှိပြီး ဖောက် ဝင်ခဲ့ခြင်း ဖြစ်ပါသည်။ သူတို့အားလုံး အံ့ဩသွားကြပါသည်။ ကျွန်မသည် ဘေးပတ်ဝန်းကျင်ကိုလိုက်ကြည့်ရာတွင် ဧရာဝတီမြစ်ကြီးကို တွေ့ရပါသည်။**

"ကိုယ်ဖြတ်လာခဲ့တဲ့မြစ်ပါပဲ။ ဒီ နေရာမှာ ကျုံ့ကျုံ့ထိုင်ပြီး ဘုရားရှင်ကို ဖူးမြော်ဆုတောင်းခဲ့တာလေ"

အလွန်ထူးခြားလှသည့် ဖြစ်ရပ် တစ်ခုဟုဆိုလျှင် မှားမည်မထင်ပါ။ လွန် ခဲ့သောနှစ် (၂၀) ခန့်က ဝိညာဉ်အဖြစ် လွင့်သွားခဲ့သည့် ကျွန်မမှာ ဘုရားရှင်၏ တန်ခိုးတော်၊ မေတ္တာတော်နှင့် ကုသိုလ် ကံမကုန်၍ တမလွန်ဘဝသို့ ကူးရမည့် ဆဲဆဲအချိန်တွင် နယ်စပ်တစ်နေရာမှ လူ့ ဘဝကို ယခုချိန်အထိလှည့်ပြန်လာနိုင် သည်ဟု ယုံကြည်မိပါသည်။ မည်သို့ပင် ဆိုစေကာမူ လူ့ဘဝသို့ ရောက်ရှိလာ ခိုက် အချိန်တိုင်းတွင် ကုသိုလ်ကောင်း မှုများ၏ပိုင်ရှင်အဖြစ်ရပ်တည်ရန် အစဉ် ကြိုးစားပြီး ဝိပဿနာတရားကို အား ထုတ်လျက် စာဖတ်ပရိသတ်များလည်း တရားအားထုတ်နိုင်ပါစေကြောင်း မျှဝေ အပ်ပါသည်။

တင်တင်ဦး (ပေါင်းတည်)



www.burmeseclassic.com

www.burmeseclassic.com

# တိုင်ထိပ်

မင်းပြည့်

အတွေ့အကြုံတွေထဲက ခုတစ်လော တော်တော်လေးသတိထားမိနေတဲ့ 'ဗုဒ္ဓဟူးသားသမီးတွေ ရာဟုသက်ရောက်' ရောက်ရင် သတိထားသင့်တဲ့ ကိစ္စကလေးတွေကို ဆွေးနွေးလိုပါတယ်။

၄ ၆
၃ ၅
၂ ၄
---
၁ ၃
၀ ၂
၆ ၁
၅ ၀

ဒီလူဟာ ရေနား၊ ချောင်းနား၊ မြောင်းနားကိုသွားရင် သတိထားသွားဖို့ ပြောခဲ့ရတဲ့လူတစ်ယောက်ပါပဲ။

သူက ဗုဒ္ဓဟူးသားဖြစ်ပြီး ရာဟုမှာ သက်ခတ်တဲ့နှစ်ပါ။ သူ့အသက်က (၄၄) နှစ်ထဲမှာပါ။ ဘာလို့ သူ့ကိုပြောရလဲဆိုတော့ တိက္ခနိစ်ထဲမှာရှိနေတဲ့ သောကြာ ရေနေ့ာက်ဂြိုဟ်က သူ့မွေးနံကို ကပ်ထားလို့ပါ။ ကပ်တဲ့နေရာက တိုင်ထိပ်ကြီးမှာပါ။ ဒါဟာ ဝင်ထွက် ဝင်ထွက်နဲ့ကြည့်ရင် ဝင် ဆိုတဲ့နေရာဖြစ်နေလို့ ဝင်ကိုဝင်မယ့်ပြဿနာလို့ဆုံးဖြတ်ပြီး ပြောခဲ့ပါတယ်။

ပိုဆိုးတာက သူကဗုဒ္ဓဟူး၊ နာမည်က ကိုလတ်။ ဗုဒ္ဓဟူးက ရေကြည်ဖြစ်ပြီး တိုင်ထိပ်မှာရှိနေပေမယ့် တိက္ခနိစ်က ရေနောက်ကတက်ကပ်တာမို့ ရေနောက်ရဲ့ဒဏ်တော့ ထိမှာပါ။ သောကြာက ရေနောက်။

ပြီးတော့ (၄) နဲ့ (၆)နဲ့က ဝံ-သေ ဆိုတော့ ဓာတ်။

ဓာတ်ဆိုရင် ကျန်းမာရေးကိုပြောလိုက်တာနဲ့ မလွဲဘူးလေ။ ဒါကြောင့် သူ့ကို ရေနောက်တွေများတဲ့ ရေနား၊ ချောင်းနား၊ မြောင်းနားကိုသွားရင် သတိထားသွား၊ ရေမကူးနဲ့ပြောခဲ့ပါတယ်။

သူဟာ သူတို့အိမ်နားမှာရှိတဲ့ အိမ်ရှေ့တစ်ခုက ရေမြောင်းထဲကို ခြေချော်ကျပြီး ခြေဆစ်လွဲသွားခဲ့ပါတယ်။ ရောင်ကိုင်းနေလိုက်တာမှ အကြီးကြီး။ ဆေးက စည်းထားရ၊ လမ်းမလျှောက်နိုင်။

ဖြစ်မှာပေါ့။ မိုးတွင်းဆိုတော့ ရေကလည်းဖွက်အိုင်ဖြစ်နေတော့ ခြေချော်မှာစိုးလို့ မြောင်းနှုတ်ခမ်းပေါ် လွှားခနဲ ခုန်တက်လိုက်ရာကနေ ခြေကချော်ပြီး မြောင်းထဲကျသွားတာ ကလန့်ချိုးလိုက်သလိုပဲ။ တော်သေးတယ်၊ မကျိုးတာ။

သူ ဆေးစည်းဖို့သွားတော့ အိမ်ရှေ့ကနေ ဆိုက်ကားနဲ့ဖြတ်သွားရင်း-

"မင်းပြည့်ရေ၊ မင်းစကားကို နားမထောင်လို့မဟုတ်ဘူး။ သတိထားနေတဲ့ကြားကဖြစ်သွားတာဟ"

ဆိုပြီး ရောင်ကိုင်းနေတဲ့ ခြေထောက်ကြီးကိုပြပါတယ်။စိတ်မကောင်းလို့ ဘာမှတောင်ဆက်မပြောနိုင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com

သူဆေးစည်းပြီးပြန်လာမှ သတင်း ...းမေးရတယ်။ သူကတော့ သူ့မိန်းမ ...င်းပြည့်သေချာမှာထားတဲ့ကြားက' ...း တဖျစ်တောက်တောက်နဲ့။

နောက်တစ်ယောက်က အသက် ...) ပုဒ္ဓဟူးပဲ။ ဒီလိုပဲ. . .

၄ ၆
၃ ၅
၂ ၄
၁ ၃
၀ ၂
၆ ၁
၅ ၀

သူက ဘယ်မှမထွက်ဘူး။ ကျန်းမာရေးတော့ကောင်းတယ်။ တစ်နေကုန်ပက်လက်ကုလားထိုင်တစ်လုံးနဲ့ထိုင်ပြီး စာအုပ်တစ်အုပ်နဲ့ မျက်နှာမခွာဘူး။

သူက ကိုလတ်လိုပဲ ကိန်းတွေတူနေပေမယ့် အိမ်ထဲကနေ ဟိုသွားဒီသွားသွားတဲ့သူ မဟုတ်ဘူး၊ ငြိမ်နေတဲ့လူ။ လှုပ်ရှားမှုနည်းတဲ့လူ။ ဒီလိုလူမျိုးလည်းဖြစ်၊ သူ့အသက်အရွယ်အရ လမ်းသွားရင်လည်း တည်တည်ငြိမ်ငြိမ်နဲ့ သွားတတ်တဲ့အရွယ်မို့ သူ့ခြေထောက်ဖြစ်တဲ့ ခန္ဓာကိုယ်အောက်ပိုင်းဟာ ကိုလတ်လိုဖြစ်ချင်မှဖြစ်နိုင်မယ်။

ဒီလိုတွေးပြီး သောကြာဂြိုဟ်ရဲ့ ပရိယာယ်အတိုင်း အစာအာဟာရနဲ့ပတ်သက်တဲ့ပြဿနာမျိုးကို သတိထားနိုင်အောင် -

'ဦးလေး၊ ဒီနှစ်ထဲမှာ ခဏခဏ အစာမကြေဖြစ်တတ်တယ်။ အစာစား





www.burmeseclassic.com

www.burmeseclassic.com

ရင် ညက်အောင်ဝါးစား' ဆိုပြီး သတိပေးထားခဲ့တယ်။

'ဖြစ်တာပဲ။ သတိပေးထားလို့ မတော်သေးတယ်' ဆိုပြီး ဦးလေးကတော့ ပြောရှာတယ်။

ခဏခဏအစာမကြေဘူး။ ခဏခဏရင်ပြည့်တယ်။ ဖြစ်ပြန်ရင်သူမှာချွေးတွေပြန်လို့။ ကတုန်ကယင်နဲ့ ကြည့်ရတာ ဖြူရော်ရော်ဖြစ်သွားပြီး ဂနာမငြိမ်သလိုကြီးပဲ၊ အန်ချင်တယ်၊ ခေါင်းမူးတယ်လို့ပဲ ပြောပြောနေတယ်တဲ့။ အဲဒါ ဆရာဝန်ဆီသွားလိုက်တာနဲ့ ကောင်းသွားပြန်တာပဲ။ လေတွေ၊ ဝမ်းတွေ မှန်သွားပြန်တာပဲ။

ကိုလတ်က သူ့ရဲ့ မွေးနံဂြိုဟ်ကို သောကြာလာကပ်တော့ သောကြာဆိုတဲ့ ရေနောက်ဂြိုဟ်ပရိယာယ်ရယ်၊ ခရီးပရိယာယ်ရယ်၊ လှုပ်ရှား. . . ခန္ဓာကိုယ်ရဲ့အောက်ပိုင်းဆိုတဲ့ ပရိယာယ်တွေရယ် ပေါင်းဆုံပြီး ရေမြောင်းထဲ ခြေချော်ကျခဲ့ရတယ်။

ဦးလေးကျပြန်တော့ မွေးနံဂြိုဟ်ကို သောကြာဂြိုဟ်လာကပ်ပြီး အစာအာဟာရရဲ့ပရိယာယ်အတိုင်း ရင်တွေပြည့်၊ အစာတွေမကြေဖြစ်ရပြန်ပါတယ်။

ကိန်းများ၊ ဂြိုဟ်များဟာ သူ့နေရာနဲ့သူ အလုပ်လုပ်လိုက်တာတန်းနေတာပဲ။

ကြိုတင်ပြီး သတိထားနိုင်အောင် ပြထားတဲ့ကိန်းတွေဖြစ်လို့ ဒီဂဏန်းလေးတွေကို ကျေးဇူးတောင်တင်ရဦးမှာပါ။

နောက်တစ်ယောက် တွေ့ရပြန်ပါတယ်။

သူကတော့ အသက် (၂၀) ထဲကို မကြာခင်ကမှဝင်လာတဲ့ ဗုဒ္ဓဟူးသားလေး ဝေယံလှ တဲ့။

၄ ၆<br>
၃ ၅<br>
၂ ၄<br>
၁ ၃<br>
၀ ၂<br>
၆ ၁<br>
၅ ၀

သူကျတော့ ကိုလတ်ကြီးလို ခြေတွေဘာတွေမဖြစ်ပြန်ဘူး။ အားကစားမလုပ်တတ်တဲ့ကလေးမို့ ခြေထောက်တွေဘာတွေနာမှာ မကြောက်ရပြန်ဘူး။ ဒါကြောင့်မို့ ခြေထောက်နဲ့ပတ်သက်ပြီး သတိမပေးခဲ့ပါဘူး။ ဦးလေးလိုပဲ ရင်ပြည့်တဲ့အရွယ်မဟုတ်သေးဘူး။ လူငယ်ဆိုတော့ ရင်ပြည့်မှာကိုလည်း တွေးပူပြီး မပြောခဲ့ပါဘူး။

သူ့ကိုဘယ်လိုပြောခဲ့လဲဆိုတော့-

"ညီလေး၊ မင်းဟိုသွားဒီသွားသွားရင် အပေါင်းအသင်းမမှားအောင်နေ။ ဆင်ဆင်ခြင်ခြင်နဲ့သွား။ အစားအသောက်ကအစ ဆင်ဆင်ခြင်ခြင်နဲ့စား"

ဆိုပြီး သတိပေးခဲ့ပါတယ်။

ဘာလို့လဲဆိုတော့ တိုင်ထိပ်မှာရှိနေတဲ့ သူ့ရဲ့မွေးနံ ဗုဒ္ဓဟူးကို ကပ်နေတဲ့ သောကြာက 'ခရီး လှုပ်ရှား' လို့ အဓိပ္ပာယ်ဖွင့်သလို လှုပ်လှုပ်ရှားရှားကိုရော အစားအသောက် အာဟာရကိုပါ ဖွင့်ဆိုထားတဲ့ဂြိုဟ်မို့ပါပဲ။ တိုင်ထိပ်မှာတော့ တိုင်ထိပ်မှာပါ။

ဒါပေမယ့် မွေးနံကိုကပ်တဲ့ သောကြာဂြိုဟ်က တိကွန်စိစ်ကလာတဲ့ဂြိုဟ်မို့ သောကြာကို ကောင်းတယ်ချည်းပြောလို့ မရပြန်ပါဘူး။

ဒါကြောင့် သောကြာပရိယာယ်တွေနဲ့ ဆက်နွှယ်တဲ့ အသွားအလာတို့၊ အစားအသောက်တို့၊ သွားသွားလာလာတို့ကို သတိပေးခဲ့တာပါ။

အစားအသောက်ဆိုတာကိုပြောချင်တာက သွားသွားလာလာရှိမယ်။ ဒါ ခရီးတို့၊ လှုပ်ရှားတို့နဲ့ အကျုံးဝင်တယ်။ သွားရင် အပေါင်းအသင်းတွေ့တတ်တယ်။ တွေ့ရင် စားတာသောက်တာပါလာမယ်။ အပျော်အပါးကြိုက်တဲ့ အပေါင်းအသင်းမျိုးနဲ့တွေ့ရင် စားတာသောက်တာက ရိုးရိုးလက်ဖက်ရည်ဆိုင်မှာ မဖြစ်နိုင်တော့ဘူး။ အရက်တွေဘာတွေ ပါလာနိုင်တယ်။

ဆိုတော့. . .

အဲဒီလိုပဲတွေးပြီး သတိပေးခဲ့တာပါ။

ဖြစ်သွားတာက သူတို့သူငယ်ချင်းတွေ လက်ဖက်ရည်ဆိုင်မှာစုထိုင်ပြီး လူငယ်သဘာဝ ပျော်ပျော်ပါးပါး စားကြသောက်ကြပေါ့။ စားသောက်တာကလည်း အရက်သေစာမပါပါဘူး။ ရိုးရိုးပါ။

ဒါပေမယ့် အဲဒီမှာ ရန်စရှိထားတဲ့ လူငယ်လေးတစ်ယောက် ပါလာတယ်။ သူက 'ဟင်နရီ'။ နာမည်ကိုကြည့်ရတော့ သောကြာပေါ့။ အဲဒီဟင်နရီလေးကို တစ်ဖက်က ရန်စရှိတဲ့သူတွေကလည်း မြင်ရော ဝင်လာပြီး ရန်စကြ၊ ထိုးကြကြိတ်ကြပေါ့။ စောစောက ဝေယံလှတို့က ရန်မဖြစ်ပါဘူး။ ရှောင်ကြတယ်။ မဖြစ်အောင်ရှောင်ကြတယ်။

ဒါပေမယ့် မရဘူး။ ဟိုက အတင်းဝင်ရိုက် ထိုးကြိတ်လုပ်တော့ အနည်း... အများ ထိကုန်တယ်။ ဝေယံလှလည်း... ခေါင်းထိသွားတယ်။ မများပေမယ့် ... ရောင်သွားပြီး မူးဝေသွားတာပေါ့။ ဆေး... ခန်းတွေဘာတွေရောက်လို့။ အန်တာ... ဘာတို့မရှိတော့ တော်သေးတာပေါ့။

ဝေယံလှက ဦးလေးတို့၊ ကိုလတ်... တို့လို မဟုတ်ပြန်ဘူး။ သောကြာ... ယာယ်တော့ ပရိယာယ်ပဲ။ သွားရင်းလာ... ရင်း၊ စားတဲ့သောက်တဲ့နေရာမှာ စကား... ပြောကြရင်း သောကြာနံ သူငယ်ချင်း... ကြောင့် ဖြစ်ရတာ။ ဒါဟာ ဟင်နရီ... စပြီး ဖြစ်ခဲ့တာ။

ပြောမယ်ဆို သောကြာနာမည်... ကြောင့် ရန်းရင်းဆန်ခတ်ဖြစ်ပြီး ထိခို... ခဲ့ရတာ။ သွားရင်းလာရင်း၊ စားရင်း... သောက်ရင်းဖြစ်ရတာ။ အပေါင်းအသင်း... တွေနဲ့ဆိုတော့ ရောပါသွားရော။

ဖြစ်တာကတော့ ဖြစ်သွားပြန်... ပါပဲ။

သတိပေးတဲ့ကြားက ဖြစ်ပေမယ့်... တော်သေးတယ်။ အဲ့ဒီညီလေးရဲ့အ... ကလည်း ပြောတယ်။

"သားရယ်၊ သားပြောထား... တော်သေးတယ်။ ပြောမထားရင် ဒီထ... အများကြီး ဆိုးဆိုးရွားရွားဖြစ်လာနို... ငါ့မျက်လုံးထဲမှာ မြင်ယောင်နေတ... တဲ့။

ဂြိုဟ်တွေဆိုတာ အရမ်းထူးဆ... တယ်လို့ ပြောရမလား။

လူတစ်ယောက်ရဲ့မွေးနံ တိုင်... မှာရှိနေတဲ့နှစ်တွေကိုပဲရွေးပြီး မျ... မပြတ် လေ့လာရင်း၊ သတိပေးရ... ဒီလို လက်တွေ့တွေ တွေ့လာနေရ... ပါ။

ဒါမျိုးတွေပဲ တွေ့တွေ့နေ... ကလေးဆိုရင်တော့ ဘာမှမဖြစ်လော... ပါဘူးဆိုပြီး ကလေးတွေနဲ့ပတ်သက်... တွေးကိုမတွေးမိခဲ့ပါဘူး။ ဒါပေမယ့်... ခဲ့ရပြန်ပါတယ်။

ဒီကလေးလေးကလည်း ဗုဒ္ဓ... ပါပဲ။ သူက သုံးနှစ်ကျော်ပြီး လေး... ထဲမှာပါ။

၄ ၆<br>
၃ ၅<br>
၂ ၄<br>
၁ ၃<br>
၀ ၂<br>
၆ ၁<br>
၅ ၀



www.burmeseclassic.com

www.burmeseclassic.com

သူ့ကိုတော့ ကြုံပြီးတော့လည်း ပြောခဲ့မိသလို သတိလည်းမပေးမိခဲ့ပါဘူး။ အဲဒီကလေးကျတော့ ဆော့ရင်းနဲ့ သုပ်ပြားရှသွားတာတော်တော်များတယ်။ ဖြစ်တာက သူ့အဒေါ် အိမ်သွားလည်ကြခြင်းဖြစ်တာ။ သူ့အဒေါ် နာမည်က သောကြာ။

သောကြာပရိယာယ်က ဖြစ်ကိုဖြစ်တာပါပဲ မလွဲဘူး။ ဒီလို မွေးနံတိုင်အိမ်မှာရှိရင် တိက္ခနိစ်က ဂြိုဟ်က လာကပ်မယ်။ ကပ်ရင် အဲဒီဂြိုဟ်ရဲ့ပရိယာယ်တွေအတိုင်း ဖြစ်မယ်။ ဒီဂြိုဟ်ရဲ့နံနဲ့ဆိုင်တာတွေ တစ်ခုမဟုတ်တစ်ခုဖြစ်မယ်ဆိုတဲ့အတိုင်း ဘယ်လိုမှမလွဲပါဘူး။

ဘယ်လိုမှမလွဲနိုင်တဲ့ ဟောကိန်းတွေနဲ့ပြည့်နေတဲ့ကိန်းတွေမို့ ကြိုတင်ပြီး သတိထားချင်ရင်လည်းထားလို့ရအောင်၊ တွက်တတ်ချက်တတ်လို့ တွက်ချက်ပြီးမှ ကိုယ်နဲ့ နီးစပ်ရာနီးစပ်ရာကိုလည်း သတိပေးချင်ပေးလို့ရအောင် တင်ပြလိုက်တာ ဖြစ်ပါတယ်။

တစ်ဆက်တည်းမှာ လွယ်လွယ်ကူကူ သတိထားလို့ရနိုင်အောင်လည်း ဗုဒ္ဓဟူးသားသမီးတွေရဲ့ အသက်အပိုင်းအခြားနဲ့ ပြလိုက်ပါ့မယ်။

ဗုဒ္ဓဟူးသားသမီးတိုင်းဟာ-

အသက် (၄) နှစ်၊
အသက် (၁၂) နှစ်၊
အသက် (၂၀) နှစ်၊
အသက် (၂၈) နှစ်၊
အသက် (၃၆) နှစ်၊
အသက် (၄၄) နှစ်၊
အသက် (၅၂) နှစ်၊
အသက် (၆၀) နှစ်၊
အသက် (၆၈) နှစ်၊
အသက် (၇၆) နှစ်၊
အသက် (၈၄) နှစ်

တွေကိုရောက်ရင် အဲဒီ အခုလိုမျိုး သောကြာဆိုတဲ့ ဂြိုဟ်ပရိယာယ်နဲ့ ဆိုင်တဲ့အဖြစ်လေးတွေကို သတိထားပါ။ တစ်မျိုးမျိုးနဲ့ ကြုံရတတ်ပါတယ်။ သတိထားရင် နည်းနည်းမပြောပလောက်တာလေးနဲ့တင် ပြီးသွားတတ်ပေမယ့် သတိမထားရင် သောကြာပရိယာယ်က ပိုပြီးဆိုးတတ်ပါတယ်ဆိုတဲ့အကြောင်း တင်ပြလိုက်ရပါတယ်။

မင်းပြည့်

# ဆရာဦးမောင်မောင်သန်း
## (ရင်ကိုအေးမြစေသား)

(၃၀၃) ကြိမ်မြောက်-
ထီဖွင့်ပွဲကြီးနီးလာပြန်ပါပြီ။

ချမ်းသာခြင်းများစွာ သယ်ဆောင်လာတော့မည့် ကိန်းဂဏန်းလေးများကို ရှာဖွေ၍ ပါရမီဖြည့်လိုက်ပါသည်။

**တနင်္ဂနွေသားသမီးများ**

မတ်လ ၈၊ ၁၂၊ ၂၂၊ ၂၅ ရက်များမှာ ထီထိုးပါ။

သရဏဂုံ-၃၀ ကို နေ့စဉ် ပုတီး (၅) ပတ် (သို့) (၁၀) ပတ်စိပ်ပါ။ ထိထိရောက်ရောက် ပြုလုပ်ပါ။ (၃) ရက်ပြည့်အောင်စိပ်ပြီးရင် ထီထိုးပါ။

ဧပြီလမှာ ၄၊ ၈၊ ၆၊ ၂၊ ၉ ဂဏန်းများနှင့် ကံစပ်ပါသည်။

**တနင်္လာသားသမီးများ**

မတ်လ ၅၊ ၁၃၊ ၂၂၊ ၂၆ ရက်များမှာထီထိုးပါ။

ဘုရားရှင်ရှေ့တော်တွင် ရှိသေစွာထိုင်၍ ဘုရားဝတ်ပြုပြီး မေတ္တာသုတ်ကို နေ့စဉ် (၁၅)ခေါက် ရွတ်ပါ။ ပြီးရင် (၁၀) မိနစ်ခန့် မေတ္တာပို့ပါ။ မေတ္တာသုတ်မရသူများ (၁၅)မိနစ်၊ မိနစ်(၂၀)ခန့် ငြိမ်သက်စွာထိုင်ပြီး မေတ္တာအထူးပို့ပါ။ (၅) ရက်ပြုလုပ်ပြီးရင် ထီထိုးပါ။

ဧပြီလတွင် ၄၊ ၈၊ ၇၊ ၁ ဂဏန်းများ ကံစပ်ပါသည်။

**အင်္ဂါသားသမီးများ**

မတ်လ ၆၊ ၁၀၊ ၁၄၊ ၂၀၊ ၂၄ ရက်များမှာ ထီထိုးပါ။

ဈေးထဲသို့သွားပါ။ သက်အုံ့ဆဲဆဲငါးအရှင်နှစ်ကောင်ကို ဈေးမဆစ်ဘဲဝယ်ပြီး ရေအရှင် (သို့) ရေကန်မှာလွှတ်ပေးပါ။ ထိုနေ့တွင်ထီထိုးပါ။

ဧပြီလမှာ ၆၊ ၂၊ ၉၊ ၅ ဂဏန်းများနှင့်ကံစပ်ပါသည်။

**ဗုဒ္ဓဟူးသားသမီးများ**

မတ်လ ၇၊ ၁၅၊ ၂၁၊ ၂၅ ရက်များမှာ ထီထိုးပါ။

ခြေထောက်မကောင်းသောဒုက္ခိတဖြစ်နေရှာသူတစ်ဦးကို ငွေပေးလှူလိုက်ပါ။ နောက်တစ်ပတ်ကြာလျှင် နောက်တစ်ယောက်ကိုရှာပြီးထပ်လှူပါ။ ထိုနေ့တွင် ထီထိုးပါ။

ဧပြီလတွင် ၄၊ ၈၊ ၆၊ ၇ ဂဏန်းများနှင့် ကံစပ်ပါသည်။

**ကြာသပတေးသားသမီးများ**

မတ်လ ၈၊ ၁၆၊ ၁၉၊ ၂၂၊ ၂၆ ရက်များမှာ ထီထိုးပါ။

ဘုရားတစ်ဆူဆူသို့သွား၍ ပန်းပေါင်းစုံ (၆) မျိုး၊ ဖယောင်းတိုင် (၆) တိုင်ထွန်းပြီး ဘုရားရှင်ကို ပူဇော်ပါ။ ပြီးမှ ထီထိုးပါ။

ဧပြီလတွင် ၅၊ ၄၊ ၈၊ ၂၊ ၉ ဂဏန်းများ ကံစပ်ပါသည်။

**သောကြာသားသမီးများ**

မတ်လ ၉၊ ၁၀၊ ၂၀၊ ၂၃ ရက်များမှာ ထီထိုးပါ။

ဘုရားရှင်အား ပန်းအဖြူများနှင့် ပူဇော်ပြီး ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ကို တစ်ခေါက်ရွတ်ပူဇော်ပါ။ (၅) ရက်ပြည့်ပြီးရင် ထီထိုးပါ။

ဧပြီလတွင် ၆၊ ၂၊ ၉၊ ၇ ဂဏန်းများနှင့် ကံစပ်နေပါသည်။

**စနေသားသမီးများ**

မတ်လ ၁၁၊ ၁၈၊ ၂၁၊ ၂၄ ရက်များမှာ ထီထိုးပါ။

ဘုရားရှင်အား ပန်းပေါင်းစုံ (၃) မျိုးနှင့် ပူဇော်ပါ။ သရဏဂုံ-၃၀ ကို မိနစ် (၃၀) ခန့်ရွတ်ပါ။ (၅) ရက် ပူဇော်ပြီးရင် ထီထိုးပါ။

ဧပြီလတွင် ၄၊ ၈၊ ၅၊ ၇ ဂဏန်းများနှင့် ကံစပ်ပါသည်။

၂၃-၄-၂၀၁၄ တနင်္ဂနွေနေ့တွင် ခုနစ်ရက်သားသမီးများ မည်သူမဆို ထီထိုးဖြစ်အောင်ထိုးပါလေ။

မွေးနေ့ဂဏန်းထည့်ထိုးပါ။ ဥပမာ တနင်္ဂနွေသားဖြစ်လျှင် (၁) ထည့်ထိုးပါ။ ဗုဒ္ဓဟူးသားဖြစ်လျှင် (၄) ထည့်ထိုးပါ။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ စာရင်းစစ်အဖွဲ့ (၃) ဦးသည် အညာဒေသရှိ စက်ရုံ၏စာရင်းများစစ်ဆေးရန် လွှန်ခဲ့သော တစ်လခန့်က ရောက်ရှိနေကြပါသည်။ ကျွန်မတို့အဖွဲ့အား အရာရှိလုံးချင်းတစ်ထပ်တိုက်လေးတွင် နေရာချထားပေးပြီး အစားအသောက်ကို စက်ရုံ၏သက်သာဆိုင်မှ တာဝန်ယူပါသည်။အလုပ်လုပ်ရက် ရက်ပေါင်း (၆၀) ဖြစ်၍ စက်ရုံရှိ ဝန်ထမ်းများ၊ မိသားစုများနှင့် ရင်းနှီးခင်မင်နေကြပါသည်။ ကျွန်မတို့အဖွဲ့တွင် ကျွန်မက အဖွဲ့ခေါင်းဆောင်ဖြစ်ပြီး အဖွဲ့ဝင်ညီမလေး (၂) ယောက် ပါဝင်ပါသည်။ စက်ရုံဝင်းကြီးမှာ ကေဂေါင်းများစွာကျယ်ဝန်းပြီး ဝန်ထမ်းများနေထိုင်သောဝန်ထမ်းအိမ်ရာနှင့် စက်ရုံမှာ အလှမ်းကွာ၍ ရုံးကက်၊ ရုံးဆင်းကို ဖယ်ရီကားဖြင့် ကြို/ပို့လေ့ရှိပါသည်။

ညစာအတွက် ထမင်းဟင်းများကို ချိုင့်ဖြင့်ယူသွားပြီး တည်းခိုအိမ်ရောက်မှ အေးအေးဆေးဆေးစားလေ့ရှိသည်။ ယနေ့ ညနေ ရုံးဆင်းချိန်တွင် ကျွန်မတို့အဖွဲ့ ဖယ်ရီကားဖြင့်မလိုက်ဘဲ လမ်းလျှောက်ပြန်ရန် ဆုံးဖြတ်ကြပါသည်။

"တစ်နေ့လုံး ညောင်းချည့်…
တာပဲ။ လမ်းလျှောက်ပြန်ကြရအော…
သဘောတူကြသလား"

ဟု ကျွန်မမေးလိုက်ရာ ညီမလေ…
(၂) ယောက်က ဝမ်းသာအားရဖြင့် …

"တူတယ်၊ တူတယ်။ လ…
လျှောက်မယ်"

ဟု အော်ကြပါသည်။

ငွေစာရင်းဌာနမှ အပျိုကြီး…



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

လည်း-

"တို့လည်းလိုက်မယ်"

ဖယ်ရီကားများ ထွက်သွားပြီးမှ ကျွန်မတို့(၄)ဦး ညနေစာအတွက် စတီးချိုင့် (၂) ချိုင့်ဆွဲ၍ အေးအေးဆေးဆေး လမ်းလျှောက်ခဲ့ကြပါသည်။ ကျွန်မတို့ ရှေ့တွင် ဝန်ထမ်းတစ်စု လမ်းလျှောက်ပြန်သွားတာလည်း တွေ့ကြရပါသည်။ နေဝင်ဆည်းဆာ၏ အလှအပကို ငေးမောရင်း လမ်းဘေးမှ တောပန်းလေးများကိုကြည့်ပြီး စကားတပြောပြောဖြင့် လျှောက်နေချိန်တွင် နောက်ဘက်မှခြေသံကြား၍ အားလုံးလှည့်ကြည့်လိုက်ကြပါသည်။

ကျွန်မက -

"ဩော် - ဆိတ်ကလေးပါလား။ အပျိုကြီးတို့စက်ရုံမှာ ဆိတ်မွေးထားသလား"

ဟု မေးလိုက်ရာ -

"မမရယ် သေချာလည်းကြည့်ပါဦး၊ ခွေးကလေးဥစ္စာ။ စက်ရုံမှာလည်း ဆိတ်မမွေးပါဘူး"

အပျိုကြီးစကားကြောင့် ကျွန်မ အံ့ဩစွာဖြင့် သေသေချာချာကြည့်လိုက်ရာ ဆိတ်အမည်းလေးနေရာ၌ ဆောင့်ကြောင့်ထိုင်နေသော ကြောင်မည်းကြီးတစ်ကောင်ကိုတွေ့လိုက်ရပါတော့သည်။

"ကဲ- အပျိုကြီးလည်း မှားတယ်။ ခွေးလည်းမဟုတ်ဘူး၊ ဆိတ်လည်းမဟုတ်ဘူး။ ကြောင်ကြီး တွေ့လား"

ဟု ညီမလေးကပြောရာ ကျန်ညီမလေးက -

"ဟုတ်ပါရဲ့ - ကြောင်နက်ကြီးပါလား၊ ကြီးလိုက်တာ။ အိမ်ကြောင်မှ ဟုတ်ရဲ့လား။ တောကြောင်နဲ့တူတယ်"

ကျွန်မတို့လည်း ကြောင်ကြီးကို ကျော်ခိုင်းပြီး ရှေ့ဆက်လျှောက်လာကြပါသည်။

ကျွန်မစိတ်ထဲတွင် -

'ငါသေသေချာချာမြင်တာ ဆိတ်ကလေးပါ။ ဘယ်လိုဖြစ်တာပါလိမ့်'

ဟု တွေးနေစဉ် လမ်းဘေးချုံထဲမှ ကြောင်နက်ကြီးသည် ဖျတ်ခနဲထွက်လာပြီး ကျွန်မတို့ရှေ့တည့်တည့် လမ်းပေါ်တွင် ငုတ်တုတ်ကြီးထိုင်လိုက်ပါသည်။ ဝင်းဝင်းတောက်နေသော မျက်လုံးအစုံဖြင့် သွားဖြဲပြီး -

"ဂဲ. . . ဂဲ. . . ဂီး. . . ဂီး. . . "

ဖြင့် အော်ပါတော့သည်။

ကျွန်မတို့လည်း ရုတ်တရက်ရပ်လိုက်ကြပြီး အပျိုကြီးက လမ်းဘေးမှ သစ်ကိုင်းခြောက်တစ်ချောင်းကိုကောက်ယူပြီး-

"ဟဲ့ကြောင်၊ သွားစမ်း သွားသွား"

ဟု အော်ပြီး တုတ်ဖြင့် ခြောက်လိုက်ပါသည်။

ကျွန်မက လက်ဆွဲအိတ်ကိုကိုင်ထားပြီး ညီမလေး (၂) ယောက်က စတီးချိုင့်ကြီးတစ်လုံးစီကိုင်ထားကြရာ အပျိုကြီးလုပ်ပုံကို ရပ်ကြည့်နေကြပါသည်။ အပျိုကြီးသည် တုတ်ဖြင့် ကြောင်ကြီးကို လှမ်းပစ်လိုက်ရာ ကြောင်ကြီးမှာ ဖျတ်ခနဲ လမ်းဘေးသို့ပြေးဆင်းသွားပါသည်။ ကျွန်မတို့ ဆက်လျှောက်လာခဲ့ကြရာ တဖြည်းဖြည်း နေဝင်သွားပြီး မှောင်ရီပျိုးလာပါသည်။ ထိုစဉ် လမ်းဘေး၌ ကြောင်ကြီးကို ရိပ်ခနဲတွေ့လိုက်ရပြီး ကြောင်ကြီးထံမှ အော်သံကြားလိုက်ရပါသည်။

"အုဝဲ. . . အုဝဲ. . . အုဝဲ. . . ဝါး. . . ဝါး. . . အု. . . ဝါး. . . "

နှင့် ကလေးတစ်ယောက်ငိုသံအတိုင်း ကြောင်ကြီးအော်သံကြောင့် ကျွန်မလည်း ကြက်သီးမွေးညင်းထပြီး ထိတ်ခနဲဖြစ်သွားမိပါသည်။

"ဘုရား၊ ဘုရား ဘာလဲဟ"

ညီမလေးတစ်ယောက်က -

"ကြောင်အော်သံမှ ဟုတ်ရဲ့လား။ ကလေးလေးတစ်ယောက်ငိုနေတာများလား"

ဟု ဟိုကြည့်ဒီကြည့်ဖြင့် ပြောလိုက်ပါသည်။

"ကဲ - မြန်မြန်လျှောက်ကြ။ ဒီကြောင်ကိုထားခဲ့ကြ။ လာ၊ လာ"

ဟု ကျွန်မ ပြောပြောဆိုဆိုဖြင့် ခပ်သုတ်သုတ်လျှောက်လာကြရာ လမ်းဘေးမှ ကလေးငိုသံကလည်း ဆူညံစွာလိုက်ပါလာပါသည်။

"ဟိုမှာ မီးရောင်တွေမြင်ရပြီ။ အိမ်ရောက်တော့မယ်"

ဆိုပြီး မပြေးရုံတစ်မည်လျှောက်လာကြရာ အပျိုကြီးအိမ်သို့ရောက်ပြီး အပျိုကြီးကျန်ရစ်ခဲ့ပါသည်။ ကျွန်မတို့ တည်းခိုအိမ်သို့ရောက်ပြီး အပြင်သို့လှမ်းကြည့်လိုက်ရာ ခြံဝတွင် ကြောင်ကြီးကို ဝင်းဝင်းတောက်သော မျက်လုံးအစုံဖြင့် ငုတ်တုတ်ကြီးတွေ့လိုက်ရသည်။ တံခါးကို ကန့်လန့်ထိုးပိတ်လိုက်ပြီး -

"ကဲ - ရေမိုးချိုးကြ။ ထမင်းစားကြရအောင်"

ဟု ပြောပြီး ကျွန်မအိပ်ခန်းထဲဝင်ခဲ့ပါသည်။ အိပ်ခန်းပြတင်းပေါက်ကိုဖွင့်လိုက်ရာ ပြတင်းပေါက်တည့်တည့်တွင် ငုတ်တုတ်ထိုင်နေသော ကြောင်ကြီးက ကျွန်မကို ဂီးခနဲသွားဖြဲပြလိုက်ပါသည်။ ကျွန်မလည်း ရင်တုန်ပန်းတုန်ဖြင့် ပြတင်းပေါက်တံခါးကို ဖျတ်ခနဲ ပိတ်လိုက်ပြီး 'ဒီကြောင်ကတော့မရိုးဘူး' ဟု တွေးလိုက်မိပါသည်။ ကျွန်မ ဘုရားကျောင်းဆောင်သို့သွားပြီး မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးအား ဆီမီး၊ ရေချမ်းများ ကပ်လှူပြီး မေတ္တာပို့ အမျှဝေပါသည်။

ထိုအချိန်တွင် အိမ်ပတ်လည်မှ ကလေးငိုသံများ အဆက်မပြတ်ကြားလာပါတော့သည်။ ကြောင်နက်ကြီးသည် အိမ်ကိုပတ်ပြီး အော်နေပုံရပါသည်။ညီမလေးနှစ်ယောက်လည်း သူတို့အိပ်ခန်းထဲမှ ထွက်လာပြီး မျက်စိပျက်မျက်နှာပျက်ဖြင့် ကုပ်ကုပ်ကလေးထိုင်နေကြပါသည်။ ဘုရားရှိခိုးပြီး၍ ကျွန်မကိုယ်ကျွန်မ ယုံကြည်စိတ်ချစွာဖြင့် ချိုင့်ထဲမှ ထမင်းအနည်းငယ်နှင့် အမဲသားဟင်းကို ပန်းကန်ပြားတစ်ချပ်ထဲတွင် နယ်ဖတ်ပြီး ပန်းကန်ပြားလိုက် အိမ်ရှေ့တံခါးကိုဖွင့်ပြီး ဖိနပ်ချွတ်တွင်ထားလိုက်ပါသည်။

"စားပြီးပြန်ပါ။ မနှောင့်ယှက်ပါနဲ့"

ဟုလည်း အော်ပြောလိုက်ပါသည်။

တံခါးပြန်ပိတ်ပြီး တစ်အိမ်လုံးကို အရပ်ရှစ်မျက်နှာ စည်းချပါသည်။ မေတ္တာပို့ပါသည်။တဖြည်းဖြည်း ကလေးငိုသံပျောက်သွားပြီး တိတ်ဆိတ်သွားပါသည်။ ထိုညက ကျွန်မတို့ (၃) ဦး တစ်ခန်းတည်းတွင် စုပေါင်းအိပ်လိုက်ကြပါသည်။

နံနက်မိုးလင်း၍ အိမ်ရှေ့အဝင်တံခါးကိုဖွင့်လိုက်သော ညီမလေးက -

"ဟောတော့် မမရေ၊ လာကြည့်ပါဦး"

ဟု ကျူးအော်ပါတော့သည်။

ကျွန်မ ထွက်လာပြီး ကြည့်လိုက်သောအခါ ညက ထမင်းနှင့် အမဲသားထည့်ထားသော ပန်းကန်ပြားထဲတွင် ဝက်မွေးကဲ့သို့ အမွေးကြမ်းမည်းမည်းကြီးများ အထွေးလိုက်အပြည့်အမောက် တွေ့လိုက်ရပါတော့သည်။

စိုးမြင့်အေး

www.burmeseclassic.com

www.burmeseclassic.com

## နေဝင်းဝင်း(လွန်ဆေး)

# ခင်ပုပ်မြစ်ဆေးအစွမ်း ၂



၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာထုတ် သူရဋ္ဌမဂ္ဂဇင်းတွင် **ခင်ပုပ်မြစ်ဆေးအစွမ်း** ရေးသား တင်ပြခဲ့ပါသည်။ မဂ္ဂဇင်း စာအုပ်ထွက်ပြီး မကြာမီပင် ရန်ကုန်၊ တောင်ငူ၊ မအူပင်၊ နေပြည်တော်၊ ပန်းတောင်းနှင့် ကြံခင်းမြို့များမှ ဆေးမြစ်ရှာရန် ရောက်ရှိလာကြပါသည်။ ကိုယ်တိုင်လာရောက်ရန် အခက်အခဲရှိကြသူများကလည်း လူကြုံနှင့်တစ်မျိုး၊ တယ်လီဖုန်းဖြင့် ဆက်သွယ်၍တစ်နည်း မှာယူကြပါသည်။ ယနေ့တိုင်လည်း လာရောက်ယူနေကြဆဲ၊ ဆက်သွယ်မှာယူနေကြဆဲ ဖြစ်ပါသည်။

ခင်ပုပ်ဆေးပင်များကို မြန်အောင်မြို့နယ်အတွင်း စိုက်ပျိုးထားသူ နှစ်ဦးလည်းရှိပါသည်။ ညောင်မြစ်ဆွဲကျေးရွာ အုပ်ချုပ်ရေးမှူးရုံးမှ ငွေစာရင်းကိုင် ကြီးအေးနှင့် စာရေးဝန်ထမ်း ဦးမြင့်သိန်း ခြံများတွင် စိုက်ပျိုးထားရှိပါသည်။ မည်သည့်နေရာဒေသတွင် စိုက်ထားကြသည်ကို သတင်းမရသေးပါ။ ခင်ပုပ်ဆေးမြစ် လာရောက်တောင်းယူသူများများပြားနေ၍ ထပ်မံတိုးချဲ့စိုက်ရန် ပလတ်စတစ်အိတ်ငယ်လေးများ မျိုးအိတ်များ ပြုလုပ်ထားရှိပေးရန် အကြံပြု တိုက်တွန်းထားရှိပါသည်။

ခင်ပုပ်ဆေးမြစ်ကို ရေဖြင့် စင်ကြယ်အောင် ဆေးကြော၍ ကျောက်ပြင်တွင်သွေးပြီး ရလာသော ဆေးရည် အဖုအကျိတ်အနာတစ်ဝိုက် လိမ်းကျံရန် ဖြစ်ပါသည်။ သောက်သုံးရန် မဟုတ်ပါ။ အဆုတ်၊ အသည်း၊ အူမကြီးစသည့် ခန္ဓာကိုယ်အတွင်း မမြင်နိုင်သော နေရာများ၌ ဖြစ်ပွားသော အဖုအကျိတ်များဆိုပါက ဆေးရည်လိမ်းကျံဖို့ မဖြစ်နိုင်ပါ။ လိမ်းကျံရန်မဖြစ်နိုင်၍ သောက်သုံးမည်ဆိုပါက မည်သို့သော အကျိုးသက်ရောက်မှုဖြစ်ပေါ်လာမည်ကို မသိပါ။ စာရေးသူ သိထားသမျှ လက်တွေ့ကြုံထားရသည်မှာလည်း လိမ်းကျံခြင်းသာ ဖြစ်ပါသည်။ အဆုတ်ကင်ဆာ ဖြစ်နေသည်အဖို့ ခန္ဓာကိုယ်၏ ကျောဘက် ရင်ဘတ်ဘက်မှ အဆုတ်ရှိမည့် နေရာကို တွက်ဆ၍ ဆေးရည်ကို လိမ်းကျံပေးပါဟု အကြံပြုလိုပါသည်။

စာရေးသူ၏ ရပ်ကွက်အတွင်းမှ လူရွယ်တစ်ဦးမှာ အဆုတ်ကင်ဆာရောဂါ ရှိသူ ဖြစ်ပါသည်။ မကြာခဏသွေးအန်၍ ရန်ကုန်ဆေးရုံကြီးသို့ သွားရောက်ပြသပါသည်။ ဓာတ်မှန်ရိုက်ကြည့်သည့်အခါ အဆုတ်တွင် ဆန်ခါပေါက်များဖြစ်လျက် ပျက်စီးနေပါသည်။ သုံးလစာဆေးပေး၍ ပြန်လွှတ်လိုက်ပါသည်။ အဆိုပါ လူငယ်ကို ခင်ပုပ်ဆေးမြစ်ယူ



ပေးပြီး ကျောဘက်တစ်ဝိုက် ဆေးလိမ်းပေးပါသည်။ ယခုအခါ ခင်ပုပ်ဆေးမြစ်လိမ်းနေသည်မှာ တစ်လကျော်နေပြီး သွေးအန်ခြင်း မဖြစ်တော့။ ဝေဒနာရှင်မှာ အသားအရေစိုပြည်ပြီး လန်းဆန်းပေါ့ပါးလာသည်ကို တွေ့မြင်နေရပါသည်။ အစားအသောက်များပုံမှန်စားသောက်နိုင်ပြီး အသားအရေပြည့်လာနေပါသည်။ ခင်ပုပ်ဆေးမြစ်၏ အစွမ်းထက် ထိရောက်မှုကို ယုံကြည်လျက် နေ့စဉ်လိမ်းကျံလျက်ရှိပါသည်။

◆

ဒီဇင်ဘာလထုတ် သူရဋ္ဌမဂ္ဂဇင်းကို ဖတ်ရှုလိုက်ရသော မြန်အောင်မြို့ ပရိက္ခရာလမ်းနေ 'ကိုမြင့်စိုးနှင့်သားများ' ရွှေဆိုင်ပိုင်ရှင် ဦးမြင့်စိုးက အင်ပင်ကျေးရွာတွင် နေထိုင်သော သူငယ်ချင်းဖြစ်သူ၏လည်ပင်းတွင်ပေါက်နေသော ကင်ဆာကျိတ်အတွက် ခင်ပုပ်ဆေးမြစ်ကို တောင်းယူပို့ပေးခဲ့ပါသည်။ ကင်ဆာအကျိတ် ကျောက်ဒိုးလုံးအရွယ်ခန့်က ပေးလိုက်သောဆေးမြစ်ကို သူငယ်ချင်းဖြစ်သူက ကင်ဆာကျိတ်ပန်းသီးလုံးခန့် ကြီးမားလာချိန်၊ ဝေဒနာပြင်းထန်လာချိန်ကျမှ လိမ်းကျံအသုံးပြုဖြစ်သည်။ ကြီးမားပြောင်တင်းနေသောအကျိတ်မှာ နှစ်ရက်ခန့် ဆေးလိမ်းပြီးသည့်အခါ ညှိုးရော်သွားတော့သည်။ ဝေဒနာရှင်မှာ ရောဂါသက်သာလာ၍ အားတက်ဝမ်းမြောက်လျက် ဆက်လိမ်းခဲ့ပါသည်။ နောက်နှစ်ရက်ခန့်အကြာတွင် အကျိတ်ဖုပေါက်ပြီး သွေးပုပ်ပြည်ပုပ်များထွက်ကျလာခဲ့သည်။ သွေးပုပ်ပြည်ပုပ်များ ဖယ်ရှားသန့်စင်ပြီးနောက်ပိုင်း နေထိုင်မှုမှာ ပေါ့ပါးလန်းဆန်း သက်သာလာသည်ဟု ဝမ်းသာအားရ ပြောပြကြောင်း သတင်းစကားကြားသိရပါသည်။

ခင်ပုပ်ဆေးမြစ်အပင်ကို စာဖတ်သူများ လေ့လာသိရှိနိုင်ပါရန် ဓာတ်ပုံမှတ်တမ်းဖြင့် ဖော်ပြအပ်ပါသည်။

နေဝင်းဝင်း(လွန်ဆေး)



www.burmeseclassic.com

www.burmeseclassic.com

ဂျီဆာကျူလာ (၁၅) ဆိုလျှင် ဝန်ထမ်းတိုင်း သိကြပါသည်။ ယခင်ကိုလိုနီခေတ်က ဝန်ထမ်းစည်းမျဉ်းဥပဒေတွင်ပါရှိသော လုပ်ထုံးလုပ်နည်းဖြစ်ပါသည်။ ဝန်ထမ်းများ အပြစ်ရှိသည်ဟု စွဲချက်တင်လျှင် ဌာနဆိုင်ရာအကြီးအကဲက ဌာနဆိုင်ရာ စစ်ဆေးမှုကို ဂျီဆာကျူလာ(၁၅)နှင့်အညီ ဆောင်ရွက်ရပါသည်။ ဝန်ထမ်းတစ်ဦးကို အတိုင်ခံရသော ပဏာမစုံစမ်းစစ်ဆေးမှု ပြုလုပ်ရပါသည်။ ပဏာမစုံစမ်းစစ်ဆေးရေးလုပ်ရသည်။ ပဏာမစုံစမ်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာပေါ်တွင် မူတည်၍ ဌာနဆိုင်ရာစစ်ဆေးမှုပြုသင့်သည်၊ မပြုသင့်သည်ကို ဆုံးဖြတ်ရပါသည်။ ဌာနဆိုင်ရာစစ်ဆေးမှုတွင် အစစ်ဆေးခံရမည့်ဝန်ထမ်းကို ဌာနဆိုင်ရာစစ်ဆေးမှုကိုမည်သူမည်ဝါဦးစီးသောအဖွဲ့မှ စစ်ဆေး

# အနောက်တံခါးမှူးဟောင်းမှူး

## လူ့ဝယ်ချင်းများကြားမှ ဂျီဆာကျူလာ(၁၅)



www.burmeseclassic.com

www.burmeseclassic.com

မည်ဖြစ်၍ စစ်ဆေးမည့်အဖွဲ့အား မကြိုက်လျှင် ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားရသည်။ သဘောတူ အတည်ပြုမှ စစ်ဆေးရသည်။ စစ်ဆေးရာတွင် တိုင်ကြားခြင်းခံရသော ဝန်ထမ်းရှေ့တွင် စစ်ဆေးရပါသည်။ တိုင်ကြားခြင်းခံရသူဝန်ထမ်းက ထွက်ဆိုသူအား ပြန်လှန်မေးခွန်းထုတ်ပိုင်ခွင့်ရှိပါသည်။ တိုင်ကြားခြင်းခံရသူကလည်း သူ့တွင် အပြစ်မရှိကြောင်း ထုချေခွင့်၊ သက်သေပြခွင့်ပြုပါသည်။ စစ်ဆေးမှုအစီရင်ခံစာပေါ် မူတည်၍ ဌာနဆိုင်ရာအကြီးအကဲက သင့်လျော်သော အပြစ်ဒဏ်ကို ပေးရပါသည်။

၁၉၈၀ ပြည့်နှစ်လောက်က ဖြစ်ပါသည်။

တစ်ချိန်က ဝန်ကြီး၊ ညွှန်ချုပ်၊ တိုင်းဦးစီး၊ ဝန်ထမ်းတို့သည် တစ်နယ်တည်းနေ၊ တစ်ရေတည်းသောက် ကျောင်းနေဖက်များ ဖြစ်နေသည်။ ဝန်ကြီးလည်း 'ဝန်ကြီးပြောမယ်' ဟု ဝန်ထမ်းဖြစ်သူ သူငယ်ချင်းများကိုပြောပြီး ညွှန်ကြားရသည်။ ညွှန်ချုပ်ကြီးကလည်း 'ညွှန်ချုပ်ပြောတာနော်' ဟု အမိန့်ပေးသည်။ တိုင်းဦးစီးသည် ကျောင်းနေစဉ်က လက်ဝှေ့ကျော် ဖြစ်သည်။ သူငယ်ချင်းများ၏ ဟီးရိုးဖြစ်ခဲ့သည်။ လဝကသို့ လူဝင်မှုကြီးကြပ်ရေးအင်စပိတ်တော်ရာထူးဖြင့် ဝင်ရောက် အမှုထမ်းသည်။ လူဝင်မှုကြီးကြပ်ရေးအင်စပိတ်တော်ဆိုသည်မှာ လူဝင်မှုကြီးကြပ်ရေးဌာနမချဲ့မီ မြန်မာနိုင်ငံတစ်ဝန်းလုံး လဝကဝန်ထမ်းပေါင်း (၇၀) ကျော်မျှနှင့် တာဝန်ထမ်းဆောင်သည့်ကာလ၊ ရှေးဟောင်းသုတေသနပညာအရ ခေတ်ခွဲရာတွင် 'ကျောက်ခေတ်ကာလ' ဟု ခေါ်သည်ကို သံယောင်လိုက်၍ခေါ်ရသော် လဝကကျောက်ခေတ်တွင် လဝကမှူးကို လဝကအင်စပိတ်တော်ဟု ခေါ်၏။ ထိုခေတ်က လဝကအင်စပိတ်တော်သည် မင်္ဂလာဒုံလေဆိပ်၌ ည (၁၀) နာရီကျော်သော် လေကြောင်းလိုင်းတစ်ခုခုမှ ခရီးသည်တစ်ဦးကို ဖြတ်သန်းခွင့်ဗီဇာပေးနိုင်၏။ အထက်သို့ နံနက် (၈) နာရီတွင် အထူးအစီရင်ခံစာ တင်သွင်းလျှင် ကိစ္စပြီးပြီ။ အခြားဗီဇာ၊ နေထိုင်ခွင့်လက်မှတ်နေခွင့်တို့လည်း လေဆိပ်မှ ထုတ်ပေးရ၏။ ယခု လဝကမှူး တစ်ဦး သက်တမ်းချိန်ရပါလျှင် လဝကအင်စပိတ်တော်သည် လဝကမှူးများ၏ ဆရာအဖြစ်သတည်း။ တိုင်းဦးစီးမဖြစ်မီက သူ့လက်အောက်ငယ်သားများကို ကာကွယ်ရာ၌ အထက်လူကြီးများကိုပင် ပြန်လည်ချေပပြောဆိုသည်ဟုသိရသည်။ တိုင်းဦးစီးဖြစ်သောအခါ သူ့သတင်းကို ကြား၏။ ညနေပိုင်းတွင် စကားပြော၍ မကောင်းဟု ဆို၏။ အရက်အသောက်များသည်ဆိုကြ၏။ သူ့မွေးရပ်၌ သူငယ်ချင်းဝန်ထမ်းများက ထိန်းထားမှာဟု အများက ယုံကြည်၏။ တိုင်းဦးစီးသည် အထက်အောက်လက်ခံသော လူတော်တစ်ဦး ဖြစ်ပါသည်။

'ကျွန်ုပ်၏ ညွှန်မှူးက ကျွန်ုပ်လဝကမှူး ဦးဝင်းသိန်း (ယခု ဟာဂျီဦးဝင်းသိန်း) တို့အား ဌာနဆိုင်ရာအမှုတစ်ခုစစ်ဆေးရန် လဝကဦးစီးဦးဘလွင်နှင့်အတူ ခရီးထွက်ရန်ရှိကြောင်း ပြောဆိုလျက် ဂျီဆာကျူလာ(၁၅)အရ ဆောင်ရွက်ရန် ညွှန်ကြားလေသည်။ ကျွန်ုပ်တို့သည် လုပ်ထုံးလုပ်နည်းအတိုင်း အစစ်အဆေးခံရမည့်ဝန်ထမ်းထံ မိမိတို့အားရုံးတွင်းအမိန့်စာအမှတ်၊ နေ့စွဲအရ ဌာနဆိုင်ရာစစ်ဆေးမှုကို ပြုလုပ်ရန် တာဝန်ပေးထားသဖြင့် မိမိတို့ကို မကြိုက်မနှစ်သက်လျှင် ကန့်ကွက်နိုင်ကြောင်း၊ သဘောတူလျှင် သဘောတူကြောင်း စာအားဖြင့်အကြောင်းပြန်ရန်၊ မိမိ၌ အပြစ်မရှိကြောင်းကို ချေပရန် အကြောင်းကြားရသည်။

အမှန်အားဖြင့် အစစ်ဆေးခံရမည့်သူမှာ ကျွန်ုပ် အမှတ် (၁၇) မကဖနယမြေ (မောင်တော) တွင် နယ်မြေမှူးအဖြစ် တာဝန်ထမ်းဆောင်စဉ် သူကငါးခူရစခန်းမှူး၊ လဝကမှူးဦးဝင်းသိန်းက ဒုတိယလဝကမှူး မောင်တောအဖြစ် အတူတာဝန်ထမ်းဆောင်ခဲ့ကြသူများဖြစ်ပါသည်။ နောက်တစ်ချက်က ဝန်ကြီး၊ ညွှန်ချုပ်၊ သူ၏ တိုင်းဦးစီးတို့သည် တစ်နယ်တည်းသား၊ တစ်ရေတည်းသောက်ကျောင်းနေဖက်ငယ်သူငယ်ချင်းများ ဖြစ်ကြသည်။ လွန်ခဲ့သော(၂)နှစ်ခန့်က ရှမ်းပြည်နယ်ရှိ တောမြို့ကလေးမှာ သူ့တွင် နှလုံးရောဂါရသဖြင့် သူ့သူငယ်ချင်း တိုင်းဦးစီးမှူးရှိရာ တိုင်းမြို့တော်သို့ ကရုဏာကြီးစွာဖြင့် ပြောင်းရွှေ့တာဝန်ထမ်းစေခြင်း ဖြစ်သည်။ အရက်သေစာသောက်စားခြင်းမရှိ။ လောင်းကစားခြင်းလည်းမရှိ၊ ဆရာတော်ကြီးတို့၏တရားပွဲများတွင် သူ့ကိုတွေ့နိုင်သည်။ တရား၌ ပျော်မွေ့နေပြီဟုလည်း သိရသည်။ ယခုသော် သူတို့သူငယ်ချင်းများအကြားမှာ နယ်မြေမှူးဟောင်းကျွန်ုပ်က ဌာနဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်အဖြစ်ပါနေပြီး သူညီငယ်လို ဖကမစခန်းတွင် အတူတာဝန်ထမ်းဆောင်ခဲ့သည့် ဝင်းသိန်းလည်း အဖွဲ့ဝင်အဖြစ်ပါလေသည်။

အမှုဖြစ်ရခြင်းမှာ တိုင်းဦးစီးသည် တစ်နေ့တွင် ညနေ (၃) နာရီကျော်၌ ဂေါက်ရိုက်ရန် ဂေါက်ကွင်းသွားသည်။ သို့သော် ဂေါက်ကွင်းတွင် ဂေါက်မရိုက်ဖြစ်သောအခါ ရုံးပြန်လာသည်။ သူရုံးပြန်လာသောအခါ ရုံးသူရုံးသားများသည် အချို့မရှိပြီ။ အခြားသူများကို မရှာနိုင်သော်လည်း သူ့ကိုမူ သီတဂူဆရာတော်တရားပွဲတွင် အလွယ်တကူခေါ်ခဲ့နိုင်သည်။ ရုံးရောက်သော် ဂေါက်ကွင်းမှ အနည်းသောက်ခဲ့သည့်အရှိန်နှင့် သူငယ်ချင်းဖြစ်သူအား ကြိမ်းမောင်းတော့သည်။ သူငယ်ချင်းဖြစ်သူကလည်း ပြန်လှန်ပြောဆိုလေသည်။ ထိုသို့အချင်းများပြီးနောက်တစ်နေ့တွင် တိုင်းရုံးမှနေ၍ ဝေးလံခေါင်းပါးသော ဆပ်မောင်းတိန်းမြို့နယ်တစ်ခုသို့ တိုင်းဦးစီးလုပ်ပိုင်ခွင့်အရ မြို့နယ်မှူးအဖြစ် တွဲဖက်တာဝန်ယူရန် အမိန့်ထုတ်သည်။ မြို့နယ်မှူးအဖြစ် တွဲဖက်တာဝန်ပေးထားသော ဝေးလံခေါင်းပါးသောမြို့နယ်တွင် မြို့နယ်မှူးအဖြစ် ပြောင်းရွှေ့အမိန့်ထုတ်ပေးပါရန် ရုံးချုပ်သို့ အစီရင်ခံသည်။ အမိန့်မှာ မတရားဟုဆိုကာ စေရာသို့ မသွားပါ။

သို့ဖြစ်၍ သူ့ကို ပဏာမစုံစမ်းစစ်ဆေးမှုပြုလုပ်သည်။ ပြုလုပ်ရာ၌ လိုအပ်သော သက်သေများကို သူ့မျက်တွယ်၌ စစ်ဆေးသည်။ စွဲချက်တင်သည်။

၁။ ရုံးချိန်မတိုင်မီ ရုံးသို့လာ၍ ခွင့်ပြုချက်မရှိဘဲ စာရွက်စာတမ်းများကို ကြည့်သည်။

၂။ ရုံးဆင်းချိန်မတိုင်မီ ရုံးဆင်းသည်။

၃။ ရုံးအတွင်းရှိ မိန်းကလေးများနှင့် ထွေးရောယှက်တင်နေထိုင်သည်။

၄။ တိုင်းဦးစီးထုတ်ပြန်သောအမိန့်ကို ဖီဆန်သည် ဟူ၏။

ထိုအချက်တို့ဖြင့် စစ်ဆေးရန် ဂျီဆာကျူလာ (၁၅) အရ ထုံးစံနှင့်အညီ အထက်ကရေးခဲ့သည့်အတိုင်း စာအားဖြင့် အကြောင်းကြားစာပို့ရ၏။

သို့သော် သူ့ထံမှ မည်သည့်စာမျှ သတ်မှတ်ရက်အတွင်းမလာပါ။ နောက်ထပ် နိုးဆော်စာရေးပို့ရပါသည်။ လုံလောက်သောအချိန်ပေး၍ စာပြန်စေရသော ထုံးတမ်းစဉ်လာအရ ရက် (...)



www.burmeseclassic.com

www.burmeseclassic.com

(၃) ပတ်ပေးရပါသည်။ သို့နှင့် တတိယအကြိမ် နှိုးဆော်ပါသော်လည်း သူ့ထံမှ ပြန်လည်ဆက်သွယ်မှုမရှိပါ။

ညွန်မှူးက ကျွန်ုပ်ကိုခေါ်၍ တယ်လီဖုန်းဖြင့် စကားပြောစေသည်။ တယ်လီဖုန်းအခြားတစ်ဖက်၌ သူရောက်သောအခါ ကျွန်ုပ်ပြောသမျှ နားထောင်၏။ သူပြန်ပြောသောစကားမှာ -

သူ့တွင် အပြစ်လုံးဝမရှိသဖြင့် ဌာနဆိုင်ရာစုံစမ်းစစ်ဆေးမှုတွင် လာရောက် အစစ်မခံပါ။ ဤကိစ္စနှင့်ပတ်သက်၍ စာပြန်ကြားရန် အကြောင်းမရှိ' ဟု ပြန်ပြောပြီးသကာလ တယ်လီဖုန်းနှင့် ဆက်သွယ်မှုမှာ ရပ်ဆိုင်းသွားလေသည်။

ကျွန်ုပ်တို့ဆက်သွယ်မှုကို အစအဆုံး အခြားဖုန်းတစ်ခုမှ နားထောင်နေသော ညွှန်မှူးသည် အလုံးစုံသိပြီး ဖြစ်လေသည်။

ကျွန်ုပ် သူ့အခန်းမှထွက်သောအခါ သူလည်း ညွှန်ချုပ်ကြီးအခန်းသို့ ဝင်လေပြီ။ ညနေပိုင်းတွင် အမှုစစ်ဆေးရန်အတွက် ခရီးထွက်ရန် အမိန့်ပေးပါသည်။ ကျွန်ုပ်တို့ နောက်တစ်နေ့တွင် ခရီးထွက်ပါသည်။ အထက်မြန်မာပြည်ရှိ တိုင်းမြို့တော်သို့ ကားဖြင့် ရောက်ပါသည်။ တည်းခိုရန်မှာ တိုင်းကောင်စီ၏ ဧည့်ဂေဟာတွင် တည်းခိုပါသည်။ စားသောက်မှုမှာ မိမိအစီအစဉ်ဖြင့် စားရန် ဖြစ်ပါသည်။ စစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌလုပ်သူကို တိုင်းရုံးမှ ခေါ်သဖြင့် သွားနှင့်ပါသည်။ မိမိတို့နှစ်ဦးမှာ နံနက်စာစားပြီးမှ တိုင်းရုံးသို့ လိုက်ပါသည်။ တိုင်းရုံးတွင် ကျွန်ုပ်တို့အဖွဲ့ အမှုစစ်ရန် အခန်းမှာ တိုင်းဦးစီး၏ အစည်းအဝေးခန်းထဲတွင် ပြင်ဆင်ထားပါသည်။ စက်ရှင်တိုင်းတရားသူကြီး တရားစီရင်သော တရားခွင်ပမာ စီစဉ်ထားပါသည်။ တိုင်းဦးစီး၏ဝလေ့မှာ အစစသေသပ်စွာ ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ သို့နှင့် စစ်ဆေးရေးစလုပ်ရန် ကျွန်ုပ်တို့ ပြင်ဆင်ပါတော့သည်။



တိုင်းကြားခြင်းခံရသူရှေ့မှောက်၌ စစ်ဆေးမှုပြုလုပ်ရမည်မှာ ကျီဆာကျူလာ (၁၅) ၏ အဓိကအချက် ဖြစ်သည်။

တိုင်ကြားခြင်းခံရသူအား စစ်ဆေးရေးအဖွဲ့ရှေ့တွင် လာရောက်အစစ်ခံရန် ရုံးစေအား စေလွှတ်၏။ စေလွှတ်သော ရုံးစေသည် ပြန်လာ၍ မလာပါဟု စစ်ဆေးရေးအဖွဲ့၏ဆင့်ခေါ်မှုကို ငြင်းဆိုပါကြောင်း အစီရင်ခံပါသည်။

ဥက္ကဋ္ဌမှ ရန်ကုန်ရှိ ညွှန်မှူးအား အစီရင်ခံ၏။ ရအောင်ခေါ်ပါဟု ဆို၏။ သို့နှင့် ကျွန်ုပ်သည် သူ့ထံသွားရသည်။ အရင် ဖကဖ (၁၇) မောင်တောမှာတုန်းကတော့ တာဝန်ပေးသမျှ လုပ်သည်။ တစ်ခါတစ်ရံ ခြေလွန်လက်လွန်ဖြစ်ခဲ့လျှင်လည်း ကျွန်ုပ်က ထိုးကွဲသို့ကျင့်၍ သူ့အပေါ် ကျရောက်မည့်ကိစ္စကို ကာကွယ်ပေးရသည်။

ကျွန်ုပ်ရောက်သောအခါ သူ့တွင် အပြစ်မရှိ၍ အစစ်ခံရန်မလိုဟု ဆိုလေသည်။ နောက် ခင်ဗျားဥက္ကဋ္ဌက တိုင်းဦးစီးထံဝင်တွေ့ပြီး ညွှန်ကြားချက်ယူသည်။ သူကျွေးသော ဒံပေါက်ထမင်းလည်းစားထားသည်ဟု ဆိုလေသည်။

"မင်းငါ့တောင်မယုံဘူးလား"

ဟု ကျွန်ုပ်က မေး၏။

"မှုအရပြောတာပါ၊ ခင်ဗျားနဲ့ကျွန်တော့်အကြားမှာ ဘယ်လိုနေခဲ့တယ်ဆိုတာ ခင်ဗျားသိသားပဲ"

ဟု ဖြေလေသည်။

သို့နှင့် ကျွန်ုပ်သည် အောင်မြင်စွာ ဆုတ်ခွာလာရသည်။

စစ်ဆေးမှုပြုရန် အခန်းသို့ပြန်ရောက်သော် အကြောင်းစုံကို ဥက္ကဋ္ဌအား တင်ပြရသည်။ ဥက္ကဋ္ဌကို တိုင်းဦး စီး၏ ဒံပေါက်ထမင်းစားသည်ကိုပြောရာ ဥက္ကဋ္ဌမှာ 'ဟာတည်လို့စားမိတာပါ' ဟု ဆို၏။

အကြောင်းစုံကို ညွှန်မှူးထံအစီရင်ခံရ၏။ ညွှန်မှူးက သူ့မျက်ကွယ်မှာ စစ်ပါဟု ညွှန်လေသည်

ရှေးဦးစွာ တိုင်းဦးစီး၏လူယုံတော် ရုံးအုပ်စာရေးကြီးအစစ်ခံ၏။ တိုင်ကြားစွပ်စွဲခံရသူအကြောင်းမေးရာ ကောင်းပါသည်ဟု ထွက်ဆို၏။ ရုံးတက်၊ ရုံးဆင်းနှင့်ပတ်သက်၍ ရုံးစောတက်သည်တို့ မသိ၊ ရုံးဘယ်အချိန်ဆင်းသည်ကိုမသိပါ။ ရုံးမှန်မှန်တက်ပါသည်ဟု ဆိုသည်။ ရုံးတက်၊ ရုံးဆင်းမှတ်တမ်းပြရန်ဆိုသောအခါ ဒုတိယတိုင်းဦးစီးထံတွင်ရှိပါသည်ဟု ဆိုသည်။

ဒုတိယတိုင်းဦးစီးထံရှိ ရုံးတက်ရုံးဆင်းမှတ်တမ်းတောင်းကြည့်သည်။ မှတ်တမ်းတွင် လက်မှတ်များ ပြည့်စုံစွာ စနစ်တကျထိုးထားခြင်းမရှိသည်ကို တွေ့ရသည်။ မှတ်ချက်ပြုရသော ဒုတိယတိုင်းဦးစီးပင် တစ်ခါတစ်ရံ လက်မှတ်ရေးထိုးခြင်းမတွေ့ရ။

မိန်းကလေးများနှင့် ရောထွေးယှက်တင်နေသည်ဆိုရာ အများကမ[illegible]ပါဟု ထွက်ဆိုသည်။ စာပေးစာယူကို[illegible] သောစာရေးမကလေးကမူ -

"ဘဘက မနက်စောစောရုံးလာပါတယ်။ ရုံးဝင်စာတွေထဲမှာ သူနဲ့ဆိုင်တဲ့စာပါလာရင်ဖတ်ပြီး အမှုအကြောင်းအရာတွေ့တိုင်း ဦးစီးထံတင်ပြနိုင်ဖို့ စီစဉ်ပါတယ်။ ညနေ (၃) နာရီမှာ အပြီးလုပ်တာပါ။ တရားပွဲကောင်းကောင်းရှိရင် (၃) နာရီမှာပြန်ပြီ"

ဟု ထွက်ဆိုသည်။

ထို့ကြောင့် မည်သည့်အတွက် ရုံးစောတက်သည်၊ ဆင်းသည်ကို သိ[illegible]သည်။

တိုင်းဦးစီးလက်စွဲစာရေးကလည်း ဌာနဆိုင်ရာ စစ်ဆေးမှုဖွင့် စစ်ဆေးခံ[illegible] သူကို အပြစ်မပြော။ သူ့ဆရာ တိုင်းဦးစီး စရိုက်ကို အဲဒီနေ့က တိုင်းဦးစီး[illegible] အပြောလွန်သွားလို့ တစ်ယောက်တစ် ခွန်းပြန်ပြောကြပြီး ဒီလိုဖြစ်ရတာပါ[illegible] ပြောရင်း တိုင်းဦးစီးက အရက်မသောက် လျှင် လူကောင်းပါဟု သူ့ဆရာ အရက် မူးကြောင်းကို ဖော်ပြ၏။ ကျွန်ုပ်က[illegible] တရားတွေနာပါလျက်နှင့် အမူးနှင့်ပြု[illegible] ရန်ဖြစ်သည်ကို စိတ်မကောင်း။ ရှ[illegible] စိတ်နှင့်ယှဉ်၍ ဒေါသနောက်ပါလေပြီ[illegible]

သို့နှင့် ဌာနဆိုင်ရာစုံစမ်းစစ်ဆေးမှုသည် ပြီးဆုံးသွားသည်။ ပဏာမစစ်ဆေးမှုအရ စွပ်စွဲချက်များအနက် တိုင်းဦးစီးကပြောင်းရန်အမိန့်ကို ဖီဆန်သည့်မှအပ အခြားအပြစ်မရှိ။ ထိုအမိန့်သည်လည်း မတရားပြုသည်ဟု ထင်သည်။ သူရောဂါနှင့် ပြောင်းရန် မသင့်ဟု ယူဆ၏။

ရန်ကုန်ရုံးချုပ်ရောက်သောအခါ အစီရင်ခံရသည်။ အစီရင်ခံစာကို[illegible] မှူးကယူသည်။ နောက်တစ်[illegible]



www.burmeseclassic.com

www.burmeseclassic.com

သောအခါ ညွှန်မှူးက ခေါ်လေသည်။ ယ်လီဖုန်းဖြင့် သူ့ကိုခေါ်ခိုင်းပြီး အမိန့် အပြောင်းရန်ရှိသော ဝေးလံခေါင်းပါး မြို့သို့ပြောင်းရန်၊ တိုင်းရုံးမှ တာဝန် တွာရားများ စွန့်လွှတ်ကြောင်း အစီရင် ခံပါ။ အစီရင်ခံပြီးလျှင် ပြန်လည်ဆက် သွယ်ပြီး အစီအရင်ခံပြီး အကြောင်း ကြားပါ။ ယခင်အမိန့်ကိုဖျက်၍ ၎င်း ကြိုက်သောမြို့ကို ပြောင်းပေးမည်ဟု ပြောစေသည်။

သို့သော် သူ့ထံမှ မမျှော်လင့် သော စကားကြားရသည်။ သူ့ကို ပင်စင် ပေးပါ။ အလုပ်ဆက်မလုပ်လိုဟု ဖြေဆို ပါသည်။

လူကြီးများကလည်း သူသဘော ဆန္ဒအတိုင်း ပင်စင်အငြိမ်းစားယူခွင့်ပေး ပါသည်။ ကျွန်ုပ်သည်လည်း သူငယ်ချင်း များစကားများက ထိန်းတဲ့သူကလည်း ထိန်းပေးသကိုးဟု မှတ်ယူရပါသည်။ သူ ငယ်ချင်းများအကြား စကားများရာ အထက်လူကြီးနှင့်လက်အောက်ဝန်ထမ်း ဖြစ်၍ အထက်ကပြောသည်ကို မနာခံ ဟု ဆိုသော် အထက်လူကြီးကလည်း လူကြီးစကားပြောမှပေါ့ဟု ပြန်ဖြေမည်။ အထက်နှင့်အောက် ဆင်ခြင်ကြရမည့် သေးရှိသည်။ အချိန်သည်စိတ်ကိုပြေစေ သည်။

ယခုသော် ဝန်ကြီးသည် လည်း ကောင်း၊ ညွှန်ကြားရေးမှူးသည် လည်း ကောင်း၊ ညွှန်မှူး (နောင်ဒုတိယဝန်ကြီး) သည် လည်းကောင်း၊ တိုင်းဦးစီးသည် လည်းကောင်း၊ ဌာနဆိုင်ရာစစ်ဆေးခံ ရသူသည် လည်းကောင်း ကွယ်လွန်ကြ ပြီ။ သူတို့သူငယ်ချင်းတစ်စု ကောင်း ရာသုဂတိရောက်ပါစေ။

ဤဆောင်းပါးတွင် အမိကဇာတ် ကောင်များအမည်ကို မထည့်ပါ။ သို့ သော် သူတို့ကို လူတိုင်းသိကြပါသည်။ ခင်မင်စရာလည်းကောင်းပါသည်။ တိုင်း ဦးစီးလုပ်သူ အစည်းအဝေးလာလျှင် သူငယ်ချင်းများကို လက်ဆောင်ပေးရန် ပည့်တစ်ယောက်က ကတ်ထုပ်ပုံးကြီး ကိုင်လာပါသည်။ သူငယ်ချင်းများက လည်း သူ့ဆီက သမစျေးနှင့်ဆီထုတ်ရန် လက်မှတ်ကလေးရလျှင် ပျော်ကြသည်။ လဝကမှူးသူငယ်ချင်းလာလျှင် သူငယ် ချင်းများကို နှုတ်ဆက်သည်။ လက်ဖက် ရည်တိုက်သည်။ အလွန်ချစ်ဖွယ်သော စကားကိုဆိုသည်။ သူတို့အမှုကို လူတိုင်း သိသည်။ စကားများမိ၍စိတ်မကောင်း၊ အမှုလုပ်တော့မာန်မချချင်၊ တစ်ဖက်မှ အဆင်ပြေအောင် ဆောင်ရွက်မည်ဟု တာဝန်ယူသော်လည်း ဆက်၍ဌာနတွင် အမှုထမ်းရန် မသင့်ပြီဟု သူဆုံးဖြတ်၍ မုန်းစကိုတိုစေပါသည်။ နမူနာယူစရာ ချစ်စရာကောင်းသော သူငယ်ချင်းများ ဟု ဆိုရပါမည်။

ဥက္ကဋ္ဌ ဦးဘလွင်မှာ လူဝင်မှုကြီး ကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မှထွက်၍ ပဲခူးတိုင်းဒေသကြီးအတွင်း၌ အေးချမ်းသာယာစွာ ရောင်းဝယ်ဖောက် ကားကြီးပွားနေသည်။ ဦးဝင်းသိန်းမှာ ဟာဂျီအဖြစ် ရန်ကုန်၌ နေထိုင်လျက်ရှိပါ သည်။

ပထမအကြိမ် ဟသ်ာစီမံချက် တွင် ကျွန်ုပ်၏ညွှန်ချုပ်မှာ တစ်နယ်တည်း သားဖြစ်ပါသည်။ ကျောင်းမှာလည်းခင် ပါသည်။ မောင်မှူး ကွပ်ကဲသော နယ် မြေတွင် ဝေလာစခန်းသည် အတော် ကွာလွန်းလှပါသည်။ ဝေလာစခန်းက ဆက်သွယ်ရေးစက်တွင် အသုံးပြုသော ဘက်ထရီအားသွင်းစက်မှာ ပျက်ပါ သည်။ သို့ဖြစ်၍ အားသွင်းရန် စက်ကို ဝေလာသို့ ပို့ရန်အတွက် ဝေလာမှအဖွဲ့မှ ပျက်နေသောစက်အား သူတို့နှင့် (၁၄) မိုင်ခန့်ဝေးသော တမန်သားရွာသို့ ယူ လာစေပြီး မိမိအခြေချစခန်းဖြစ်သည့် ငါးခူရမှ စက်အသစ်ကို စက်ပြင်ဆရာနှင့် တမန်သားသို့တက်လာပြီး တမန်သား တွင် စက်ချင်းလဲလှယ်ရန်စီစဉ်ပြီး ငါးခူရ မှ တမန်သားသို့ ခရီးထွက်လာပါသည်။ ငါးခူရနှင့် တမန်သား (၁၈) မိုင်ခန့်ရှိပါ မည်။

ကြိန်ချောင်းရွာရောက်သောအခါ ပြန်ကြားရေးဌာနဒုတိယဝန်ကြီးနှင့်အတူ ညွှန်ချုပ်ကြီးကို တွေ့ရပါသည်။ သူတို့က ရဟတ်ယာဉ်စီးလာသည်။ မောင်းသူ လေသူရဲဒုတိယဗိုလ်မှူးကြီးမှာ မောင်မှူး နှင့်သူငယ်ချင်း၊ ပြန်ကြားရေးဒုတိယဝန် ကြီးမှာလည်း မောင်မှူးတို့ တီတီစီ ကျောင်းသားဟောင်း ဖြစ်ပါသည်။

မောင်မှူးက သူတို့ကိုအလေးပြုရ သည်။ သူတို့ကလည်း တောထဲတောင် ထဲ ခြေကျင်လျှောက်လာသော ကျွန်ုပ် အား ပြန်နှုတ်ဆက်ကြသည်။ သူတို့နှင့် တွေ့တော့ အချိန်က နံနက် (၆) နာရီရှိ ပြီ။ သူတို့က တောင်ပြိုသို့အသွားတွင် ဝင်ခြင်းဖြစ်ပါသည်။ အချိန်သိပ်မရ၍ ကျွန်ုပ်၏ ညွှန်ချုပ်က စကားစသည်။

"ဒါ ညွှန်ချုပ်ပြောတာ ဦးမှူး။ ခင်ဗျားဝေလာစခန်းအထိသွား စက်ချင်း လဲပြီးမှပြန်"

ဟု ပြောပါသည်။

ကျွန်ုပ်က -

"ခဝေလာစခန်းကအဖွဲ့ တမန်သား ကို ထွက်လာပါပြီ။ နေ့လယ် (၁) နာရီ မှာ တမန်သားကို သူတို့ရောက်ပါမယ်။ ကျွန်တော်တို့အဖွဲ့က နေ့လယ် (၂) နာရီ ခန့်မှာ တမန်သားရောက်မှာပါ။ အဲဒီမှာ စက်သစ်ကိုပေး၊ စက်ပျက်ကိုလက်ခံပြီး ပြန်ဆင်းပါ့မယ်။ ည (၁၀) နာရီဆိုရင် ငါးခူရရောက်ပါပြီ။ ဝေလာကိုလည်း သူတို့ ည (၈) နာရီဆို ရောက်ပါပြီ။ ဒီ အစီအစဉ်အရ ဆက်သွယ်ရေးစက်များ နောက်တစ်နေ့ (၆) နာရီမှာ သုံးရပါပြီ။ (၂) ရက်စာမြန်ပါတယ်။ ငါးခူရမှာ အချိန်ပြည့်ရှိနေပါမယ်"

ဟု အစီရင်ခံပါသည်။

သူက -

"ဒီမှာ ညွှန်ချုပ်ပြောတာ၊ ခင်ဗျား ဝေလာအထိ သွားပါ"

ဟု ဆို၏။

ကျွန်ုပ်ကလည်း ကျွန်ုပ် စီမံပြီး အစီအစဉ်အတိုင်းလုပ်ရန် ပြော၏။ သူ က ညွှန်ချုပ်ပြောတာဟု ထပ်ပြော၏။ ရဟတ်ယာဉ်မောင်းရန်အသင့်ဖြစ်နေ သော လေသူရဲ ဒုဗိုလ်မှူးကြီးက မျက် စောင်းထိုးသည်။ ပြန်ကြားရေးဒုဝန်ကြီး က မျက်စောင်းထိုးသည်။ ပြန်ကြားရေး ဒုဝန်ကြီးက -

"ဒီမယ်၊ ခင်ဗျားက လဝကမှူး နယ်မြေတာဝန်ခံ၊ သူကခင်ဗျားညွှန်ချုပ်။ သူပြောနေတာက ညွှန်ချုပ်ပြော၊ ခင်ဗျား က ဟုတ်ကဲ့လို့ဆိုမှ ကျုပ်တို့ခရီးဆက် လို့ရမှာ"

ဟု ကြားဝင်၏။

လေသူရဲဒုဗိုလ်မှူးကလည်း -

"ဟကောင်ရ၊ ဒါကျောင်းက (S&R)အခန်းမှာပြောတာမဟုတ်ဘူးကွ။ တို့သွားတော့မှာ မင်းကသင့်သလိုလုပ်"

ဟု ဆို၏။

ထို့ကြောင့် -

"ညွှန်ချုပ်ကြီးအမိန့် နားလည် မှတ်သားပြီး ဆက်လုပ်ရန်အသင့်"

ဟု အလေးပြုပြောရပါသည်။

(ကျွန်ုပ်၏ ညွှန်ချုပ်ကြီးနှင့် ပြန်ကြားရေးဒုဝန်ကြီးလည်း ကွယ်လွန် ပါပြီ။ လေသူရဲ ဒုဗိုလ်မှူးကြီး ၀ွန်တစ် ယောက်တော့ရှိသေးသည်။)

အထက်လူကြီး ဆိုသည်မှာ ပြန် ပြောသည်ကို မကြိုက်ပါတကား။

အနောက်တံခါးမှူးမောင်



www.burmeseclassic.com

www.burmeseclassic.com

ဆောင်းအကုန် နွေအကူးကာလ ဖြစ်သဖြင့် တစ်နေကုန် ပူပြင်းခဲ့သော နေမင်းကြီးသည် တစ်ညတာ အနားယူ အိပ်စက်ရန်အတွက် ရိုးမတောင်တန်းကြီးပေါ်တွင် မေးတင်လျက်ရှိနေပြီဖြစ်ပြီး ပတ်ဝန်းကျင်လောကတစ်ခုလုံးလည်း အအေးဓာတ်က သိသိသာသာကြီးပင်ဝင်လာနေပြီ ဖြစ်သည်။

'နေ့ပူညချမ်း တပေါင်းလဆန်း' ဟု ဆိုစမှတ်ပြုထားသည်နှင့်အညီ တစ်နေ့ခင်းလုံးတွင် အပူရှိန်မြင့်မားခဲ့သလောက် ညရောက်ပြန်လျှင် မြူနှင်းများက ပတ်ဝန်းကျင်တစ်ခုလုံး ပိန်းပိတ်နေအောင် ကျဆင်းကာ ခိုက်ခိုက်တုန်အောင် အေးခဲနေတတ်ပြန်သည်။

လက်ရှိကွင်းဆင်းရန်ရောက်ရှိနေသည့် နေရာက ရိုးမတောင်တန်းကြီး၏ အစပ်နားဖြစ်နေသည့်အပြင် သစ်ပင်ဝါးပင်ကြီးများ အုပ်ဆိုင်းနေသော ချောင်းရိုးကြီးအတွင်းပိုင်းလည်း ဖြစ်နေသောကြောင့် တစ်နေကုန်နေရောင်ခြည်ကိုပင် ကောင်းစွာမမြင်ရဘဲ တစ်ခါတစ်ရံမှသာ သစ်ပင်ထိပ်များများကြားမှ အလင်းရောင်ကွက်တိကွက်ကျားကို မြင်ရတတ်သည်။

တစ်နေကုန် ချောင်းရိုးကြီးအတွင်း စိုတစ်လှည့်ခြောက်တစ်လှည့်ဖြင့် သွား လာနေရပြီး ကျောတွင်လည်း မြေသား နမူနာများ ထည့်ထားသော ကျောပိုး အိတ်ကြီးကို လွယ်ထားရသဖြင့် စိုးလွင် တစ်ယောက် ခြေကုန်လက်ပန်းကျနေပြ ဖြစ်သည်။ လက်မှ နာရီကိုကြည့်လိုက် သောအခါ ညနေလေးနာရီရှိနေပြီ ဖြစ် ကြောင်းတွေ့လိုက်ရပြီး မရှေးမနှောင်း မှာပင် နောက်ဘက်ဆီမှ အဖွဲ့ခေါင်း ဆောင်ဖြစ်သူ၏ လှမ်းအော်ပြောလိုက် သံကို ကြားလိုက်ရသည်။

'သန်းအောင်ရေ အဝေးကြီး မသွားနဲ့တော့ဟေ့။ မှတ်စရာသစ်ပင် ကြီးတစ်ပင်တွေ့ရင် ရပ်မယ်။ ည စောင်းဆိုရင် မြူတွေကျတတ်တယ် တော်ကြာ မြူတွေဆိုင်းနေလို့ ပြန်လ



www.burmeseclassic.com

www.burmeseclassic.com



ပျောက်နေရင် ဒုက္ခရောက်မယ်"

ရှေ့ဘက်သို့ရောက်နေသော ပေကြီးဆွဲနေသည့်အဖွဲ့အားလှမ်းပြောလိုက်သံကြောင့် တစ်ဖွဲ့လုံးဝမ်းသာသွားမိကြသည်။ တစ်နေကုန် ပင်ပန်းခဲ့သမျှ အတိုးချ၍ နားကြရတော့မည်မဟုတ်ပါလား။ သို့ရာတွင် လက်ရှိကွင်းဆင်းနေသည့်နေရာမှ ယာယီစခန်းချထားသောနေရာသို့ အနည်းဆုံး တစ်နာရီခွဲခန့် ခပ်သွက်သွက်လျှောက်ပါမှ ရောက်နိုင်မည်ဖြစ်ကြောင်း စဉ်းစားမိလိုက်သဖြင့် အပြည့်အဝတော့ မပျော်ဖြစ်ပါ။

(အောင်လံ)

# တင်အေးကျော်

## နဂါးရုံတုရားပျက်မှ ထိုက်စောင့်မြွေများ

လက်ရှိ စိုးလွင်တို့ ဘူမိဗေဒလေ့လာရေးအဖွဲ့ယာယီစခန်းချနေထိုင်သည့် ရွာကြီးက မှိုင်းညို့နေသည့် ရိုးမတောင်တန်းကြီး၏အစပ်တွင်တည်ရှိပြီး ရွာ၏ဘေးတွင် ကြီးမားကျယ်ပြန့်လှသော ချောင်းကြီးတစ်ချောင်းက ဖြတ်သန်းစီးဆင်းနေသည်။

ယခုလို မိုးရာသီကုန်ဆုံးသည့်အချိန်တွင် ချောင်းကြီး ဝဲ၊ ယာတစ်လျှောက်ရှိ ပေါ်ထွန်းလာသည့် သဲသောင်ပြင်ကြီးများပေါ်၌ ကြက်သွန်နီနှင့် ဧရာတ်စိုက်ခင်းများ တစ်မျှော်တစ်ခေါ်ပင် စိမ်းလန်းစိုပြည်စွာ စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းလျက်ရှိသည်။

တစ်ရာသီလုံး ရေကခန်းခြောက်သွားသည်မရှိဘဲ နွေရာသီ၌ပင် ကြည်လင်နေသောချောင်းရေက တသွင်သွင်စီးဆင်းလျက်ရှိနေသောကြောင့် သောက်သုံးရန် ရေအတွက်လည်း ပူပင်စရာမလိုဘဲ ဖူလုံပြည့်စုံကြသည်။ တစ်ရွာလုံးလိုလိုပင် စိုက်ပျိုးရေးကိုအဓိကထားလုပ်ကိုင်ကြပြီး စီးပွားရေးလည်း အဆင်ပြေကြသည်။

စက်တင်ဘာလမှစ၍ စိုးလွင်တို့အဖွဲ့ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်မှာ ယခုရွာကြီးနှင့်ပါဆိုလျှင် (၄)ကြိမ်မြောက်



www.burmeseclassic.com

www.burmeseclassic.com

ပြောင်းရွှေ့ခဲ့ကြပြီး ဖြစ်သည်။ ယခု စခန်း၌ပင် တစ်လနီးပါးကြာမြင့်နေပြီ ဖြစ်သောကြောင့် ကွင်းဆင်းရသည့်နေရာများနှင့် တဖြည်းဖြည်းဝေးလာပြီဖြစ်ပြီး တစ်ခါတစ်ရံ နှစ်နာရီခန့် ကြာမြင့်အောင် သွားရတတ်သည်။

ထို့ကြောင့် မကြာလှသောအချိန်တွင် နောက်ထပ်ကွင်းဆင်းရမည့်နေရာကိုကြည့်၍ စခန်းသစ်တစ်ခုသို့ ပြောင်းရွှေ့ကြရတော့မည် ဖြစ်သည်။

နောက်တစ်နေ့တွင် လုပ်ငန်းပြန်စနိုင်ရန်အတွက် မှတ်မိလွယ်သောသစ်ပင်ကြီးတစ်ပင်တွင် အမှတ်အသားပြုလုပ်ခဲ့ပြီး စခန်းသို့ပြန်လာခဲ့ကြရာ ညနေ (၆) နာရီခန့်တွင် ပြန်ရောက်ခဲ့ကြသည်။

ညနေစောင်း (၆) နာရီခန့်ဆိုသော်လည်း ဆောင်း၏ အကြွင်းအကျန်နှင်းမြူများက ခပ်ဖွဲဖွဲကျဆင်းနေသောကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး အဝေးကိုမမြင်ရဘဲ အနီးဝန်းကျင်ကိုသာ ဝိုးတဝါးမြင်ရသည်။

"ဟော - ဆရာတို့ပြန်လာကြပြီလား။ ဒီနေ့နည်းနည်းစောသလားလို့"

ရွာဦးရှိ ဘုန်းကြီးကျောင်းဝင်းထဲတွင် ယာယီရွက်ထည်တဲများထိုးကာ စခန်းချထားသော စခန်းအတွင်းသို့ဝင်လိုက်သည်နှင့် စားဖိုမှူးတာဝန်ယူထားသော လှကြည်က ဆီးကြိုကာနှုတ်ဆက်လိုက်သည်။

"မစောပါဘူးကွာ။ ပုံမှန်အချိန်ပါပဲ။ အခုရက်ပိုင်းဆင်းရတဲ့နေရာတွေက တဖြည်းဖြည်းနဲ့ ဝေးလာတော့ ခပ်စောစောပြန်မှ တော်ကာကျတယ် လှကြည်ရေ။ တော်ကြာ မှောင်သွားလို့ မြူတွေဆိုင်းလာရင် လမ်းပျောက်တတ်တယ်ကွ။ ဒါထက် ဒီနေ့စခန်းမှာ ဘာတွေထူးသလဲ။ မင်းဆရာ ကိုသန်းထွန်းကော မမြင်ပါလားကွ။ ဘယ်ကိုသွားနေလဲ"

"တခြားထူးထူးထွေထွေကိစ္စတော့ မရှိပါဘူး ဆရာ။ ဒါပေမယ့် ရုံးချုပ်က ကိုခင်မောင်စိုးတော့ နေ့ခင်းက လှည်းကြုံနဲ့ရောက်လာတယ်"

"ဟေ-ဟုတ်လား၊ ကိုခင်မောင်စိုး အခုဘယ်မှာလဲ။ ခေါ်လိုက်စမ်းကွာ"

"ဆရာဦးသန်းထွန်းနဲ့ ချောင်းဘက်ထွက်သွားတယ် ဆရာ။ အခုပဲ ရောက်လာတော့မှာပါ"

ပြောဆိုနေဆဲမှာပင် ကိုခင်မောင်စိုးနှင့် ဦးသန်းထွန်းတို့ စခန်းထဲသို့ဝင်လာကြသည်ကို တွေ့လိုက်ရသည်။

"ဆရာတို့ပြန်ရောက်ကြပြီလား။ ကျွန်တော်လည်း တစ်နေကုန် လှည်းစီးလာရလို့ ငြီးစီစီကြီးဖြစ်နေတာနဲ့ ချောင်းထဲ ရေသွားချိုးလိုက်တာ ဆရာ"

"ကဲ - လာကြဗျာ။ ကျွန်တော့်တဲကိုသွားရအောင်။ ဘာတွေများအရေးကြီးကိစ္စတွေပေါ်လာလို့ ခင်ဗျားကိုလွှတ်လိုက်တာလဲ"

အဖွဲ့ခေါင်းဆောင် ဦးမြင့်သူနှင့် လက်ထောက်ခေါင်းဆောင်တို့က တဲကြီးတစ်လုံးတွင် အတူနေကြပြီး တဲထဲတွင် ခေါက်စားပွဲ၊ ခေါက်ကုလားထိုင်များဖြင့် ရုံးလုပ်ငန်းများလုပ်ကြသဖြင့် စားပွဲပေါ်၌ စာရွက်စာတမ်းများ၊ နယ်မြေကောင်းကင်ဓာတ်ပုံများဖြင့် ရှုပ်ပွလျက်ရှိသည်။

"ဒီလိုပါ ဆရာ၊ အခုလထဲမှာဖွင့်မယ့် သင်တန်းတစ်ခုကိုတက်ဖို့ ကိုသန်းထွန်းကို ရုံးချုပ်ကရွေးထားပါတယ်။ အဲဒါကြောင့် စခန်းသိမ်းတဲ့အထိ ဒီမှာတာဝန်ယူဖို့ ကျွန်တော့်ကို ကိုသန်းထွန်းအစား လွှတ်လိုက်တာပါ"

"ဒီလိုဆိုရင်လည်း ပြီးတာပါပဲဗျာ။ ကျွန်တော်ကတော့ ဘာတွေများအရေးပေါ်ကိစ္စတွေ ဖြစ်လာသလဲလို့ စိတ်ပူသွားတာပါ။ စခန်းသိမ်းဖို့လည်း သိပ်မလိုတော့ပါဘူး။ နောက်ထပ် နှစ်နေရာလောက်ပြောင်းပြီး မေလဆန်းလောက်ဆိုရင် ပြီးတော့မှာပါ။ အဲဒီတော့ မနက်ဖြန် ကိုသန်းထွန်းဆီက စာရင်းဇယားတွေနဲ့ ငွေရေးကြေးရေးတွေ အကုန်လုံးလွှဲယူထားလိုက်ပါ။ သန်ဘက်ခါမနက်စောစော လှည်းကြုံနဲ့ ကိုသန်းထွန်း မြို့ကို ပြန်လိုက်သွားပေါ့"

"ဟုတ်ကဲ့၊ ဆရာမနက်ဖြန်လွှဲပေးလိုက်ပါ့မယ်"

စိုးလွင်တို့ ဘူမိဗေဒလေ့လာရေးအဖွဲ့လေးကို လူများက ရေနံရှာဖွေရေးအဖွဲ့ဟုသာ ခေါ်ဝေါ်လေ့ရှိပြီး ခေါင်းဆောင်အရာရှိနှစ်ဦး စခန်းတာဝန်ခံဟုခေါ်သော ရုံးအုပ်ကြီးအဆင့်ရှိ ဝန်ထမ်းတစ်ဦးနှင့်အခြားအဆင့်ဝန်ထမ်းပါ စုစုပေါင်း ဆယ်ဦးခန့်သာရှိသော်လည်း လုပ်ငန်းလိုအပ်ချက်အပေါ်မူတည်ပြီး နယ်ခံနေ့စားဝန်ထမ်းများ ခန့်ထား သုံးစွဲခွင့်ပြုထားသဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲမရှိလှပေ။

ထို့အပြင် ကွင်းဆင်းဆောင်ရွက်နေစဉ် အဖွဲ့လုံခြုံရေးအတွက် သက်ဆိုင်ရာ နယ်မြေရဲစခန်းများမှ ဝန်ထမ်းလေးဦးပုံမှန် တာဝန်ယူလိုက်ပါသောကြောင့် အစစအရာရာအဆင်ပြေသည်။

ကွင်းဆင်းအဖွဲ့လုပ်ငန်းဆောင်ရွက်နေစဉ် စခန်း၏ ချက်ရေးပြုတ်ရေးနှ သန့်ရှင်းရေး အထွေထွေတာဝန်ကို ဝ ထမ်းတစ်ဦးက တာဝန်ယူပြီး အဖွဲ့၏ဝ ထမ်းရေးရာကိစ္စ၊ရိက္ခာဝယ်ယူဖြည့်တင် ရေးကိစ္စနှင့် အခြားရုံးလုပ်ငန်းမျာ စခန်းတာဝန်ခံက တာဝန်ယူဆောင်ရွ ရသည်။ အဖွဲ့တွင် အရာရှိနှစ်ယော ပြီးလျှင် တတိယရာထူးအကြီးဆုံး ဖြ သည်။

ထို့ကြောင့် လက်ရှိစိုးလွင်တို့အဖွဲ့ လေး၏ စခန်းတာဝန်ခံဖြစ်သော ဦးသ ထွန်း သင်တန်းတက်ရန် ရုံးချုပ်သို့ပြ မည်ဖြစ်၍ ကိုခင်မောင်စိုးက တာ လွှဲပြောင်းလက်ခံယူရန် ရောက်ရှိလာ ခြင်း ဖြစ်သည်။

"ကဲ ခင်ဗျားတို့ ဘာပြော ဘာအခက်အခဲရှိလဲပြောကြပါဦး၊ အ တစ်ခါတည်းရှင်းလို့ရရင် ရှင်းလိုက်ကြ အောင်။ နောက်ပိုင်းလွှဲပြောင်းလက်ခံ မှ ပြဿနာပေါ်လာရင် မကောင်း ဗျ"

"မရှိပါဘူးဆရာ။ မနက်ဖြန်အ လွှဲပေးလိုက်ပါ့မယ်"

◆

နောက်တစ်နေ့တွင် အဖွဲ့၏အ စရိတ်စာရင်းဇယားများ၊ ငွေလက် များနှင့် ရုံးလုပ်ငန်းနှင့် ပတ်သက် စာရွက်စာတမ်းများကို ကိုခင်မောင် လွှဲပြောင်းပေးအပ်ရာ မနက်ပိုင်းတွ ပြီးစီးသွားခဲ့သည်။

"ကိုခင်မောင်စိုးရေ၊ ဒီအလုပ် ကတော့ ခင်ဗျားလည်း လုပ်နေကျ သိပ်အခက်အခဲမရှိပါဘူး။ နယ်မြေ လည်း အေးချမ်းပါတယ်။ ကျွန်တော် အရင်တုန်းကနေခဲ့တဲ့ ရွာတွေလိုပဲ လူတွေကလည်း သဘောကော တော့ ဘာပြဿနာမှမရှိပါဘူး။ ဒါ ခင်ဗျားကို သတိပေးစရာလေး ရှိတယ်။ ဘာဖြစ်လို့လဲဆိုတော့ အ ကတည်းက အလုပ်အားရင် လေ နတ်တစ်လက်နဲ့ ငှက်ကလေးဘာ ထွက်ပစ်တတ်တာ ကျွန်တော်သိ အခုကော သေနတ်ပါလာသေးလာ

"လေသေနတ်တော့ အခု ခေါက်ပါမလာဘူးဗျ။ အခုတစ် ကျွန်တော် သေသေချာချာလုပ် ဒူးလေးတစ်လက်တော့ ပါလာတ မှ ခင်ဗျားကို စမ်းပစ်ပြရဦးမယ် နေပါဦး၊ ခင်ဗျားစောစောက ပါတယ်။ ကျွန်တော်ဘာကိုသတိ မလဲ ပြောပါဦး"

www.burmeseclassic.com

www.burmeseclassic.com

"ကဲပါဗျာ၊ အခုလောလောဆယ် တော့ အလုပ်ပြီးသွားရင် မနက်စာစား ကြရအောင်။ နေ့ခင်းဘက်ကျတော့ ကျွန်တော့် သေသေချာချာ ပြောပြပါ့မယ်"

လုပ်ငန်းများ လွှဲပြောင်းပေးပြီး သွားပြီဖြစ်၍ နှစ်ယောက်သားစိတ်လက် ချမ်းသာစွာ မနက်စာစားလိုက်ကြသည်။ မနက်စာစားပြီး ဦးသန်းထွန်းက ပန်းကန် များဆေးနေသော စာဖိုမှူးလှကြည်အား ပြောလိုက်သည်။

"လှကြည်ရေ၊ ငါတို့ချောင်းဘက် ခဏလမ်းလျှောက်လိုက်ဦးမယ်။ စကား စည်းပြောရင်း ကိုခင်မောင်စိုးကိုလည်း မှာစရာရှိလို့ သိပ်မကြာပါဘူးကွာ"

"ဟုတ်ကဲ့ ဆရာ။ စိတ်ချလက်ချ သာသွားပါ။ ကျွန်တော်ရှိနေမှာပါ"

"ကဲ - ဒါဆိုရင် ကိုခင်မောင်စိုးနဲ့ ကျွန်တော်ချောင်းဘက်ခဏလမ်းလျှောက် ကြရအောင်။ ခင်ဗျားရဲ့ ဒူးလေးကြီးကို လည်း စမ်းကြည့်ရအောင် ယူခဲ့လေဗျာ"

နှစ်ယောက်သား စကားတစ်ပြော ပြောနှင့် ချောင်းဘက်သို့ ထွက်ခဲ့ကြ သည်။ ချောင်းမကြီးဖြစ်သောကြောင့် ကျယ်ဝန်းသော ချောင်းရေပြင်ကြီးရှိပြီး အနောက်ဘက်သို့ ရာသီဥတုခြောက်သွေ့သွား ချိန်တွင် သဲသောင်ပြင်ကြီးများ ထွန်း လာတတ်ပြီး ကမ်းပါးနှင့်ကပ်လျက်နေ ရာတွင် ရေစီးဆင်းနေတတ်သည်။

ကြည်လင်စိမ်းလဲ့နေပြီး တသွင် သွင်သွင် စီးဆင်းနေသောရေက ဒူးခေါင်း မြုပ်ရုံသာရှိသဖြင့် သဲသောင်ပြင်များ ပေါ်တွင် စိုက်ပျိုးထားသော ငရုတ်၊ ကြက်သွန်ခင်းများကလည်း ရေနိုင် သဖြင့် အောင်မြင်ဖြစ်ထွန်းသည်။

ချောင်းကမ်းပါးဘေးရှိ ကြီးမားလှ သော ကုက္ကိုပင်ကြီးအောက်တွင် နှစ် ယောက်သားထိုင်လိုက်ရင်း ဦးသန်းထွန်း က စကားစလိုက်သည်။

"ဒီချောင်းကြီးက အခုလိုအချိန် တွေမှာသာ ရေနည်းသွားတတ်ပြီး ပတ် ဝန်းကျင်ကို အကျိုးပြုတာဗျ။ မိုးတွင်းဆို ရင်တော့ တောင်ပေါ်ဘက်မှာမိုးတွေရွာ နေရင် ဘယ်သူမှ ချောင်းထဲကို မဆင်းရဲ ကြဘူးလို့ ရွာကလူတွေကပြောပြကြ တယ်၊ တစ်ခါတလေ အရဲစွန့်ပြီးဆင်းမိ တဲ့သူတွေဖြတ်မိတဲ့ လှည်းတွေဆိုရင် တောင်ပေါ်ကနေ တဝေါဝေါအသံကြီး နဲ့ပြီး ဝါလုံးထိုဆင်းလာတတ်တဲ့ရေလုံး ကြီးကြောင့် ရေထဲမျောပါကုန်ကြပြီး အသက်ဆုံးရှုံးကြရတဲ့သူတွေ မနည်းဘူး ဆိုပဲဗျ"

"ဟုတ်လားဗျ။ အခုတော့လည်း ရေက တသွင်သွင်လေးစီးနေလိုက်တာ ပတ်ဝန်းကျင်ကလည်း အေးချမ်းတိတ် ဆိတ်ပြီး သာယာလိုက်တာဗျာ။ ဒါထက် ချောင်းဟိုဘက်ကမ်း တောင်ကုန်းထိပ် တောအုပ်မှိုင်းညို့ညို့ကြီးက ဘာလဲဗျ။ အဲဒီတစ်နေရာတည်းပဲ မှိုင်းညို့နေတာ"

"ဒီအကြောင်းပြောချင်လို့ ခင်ဗျား ကို ဒီခေါ်လာတာ။ အဲဒီ မှိုင်းညို့နေတဲ့ တောအုပ်ကြီးက ဟိုးအရင်တုန်းက ပျက် သွားတဲ့ ရွာပျက်ကြီးလို့ ပြောကြတာပဲ။ ရွာဟောင်းကြီးပေါ့ဗျာ။ အခု ဒီဘက်က တည်ထားတာက ရွာသစ်တဲ့။ ရွာထဲက ရှေးမီနောက်မီလူကြီးတွေပြောသံကြား တာကတော့ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်း များစွာ အချိန်လောက်က စစ်ရှုံးလာတဲ့ ဘုရင်တစ်ပါးနဲ့ ဆွေတော်မျိုးတော်တွေ သူ့အပေါ် သစ္စာရှိတဲ့နောက်လိုက်နောက် ပါ အခြွေအရံတွေ ထွက်ပြေးတိမ်းရှောင် လာရင်း အဲဒီရွာကြီးမှာ ကိုယ်ယောင် ဖျောက်ပြီး စခန်းချနေခဲ့ကြတယ်။ သူတို့ နဲ့အတူတူ တန်ဖိုးမဖြတ်နိုင်တဲ့ နန်းစဉ် ရတနာတွေလည်း ပါလာကြတယ်။ နဂါး ရုံဘုရားကြီးတစ်ဆူကိုလည်း ရွာဦးထိပ် မှာ ကိုးကွယ်ဖို့တည်ထားခဲ့ကြတယ်တဲ့။ အဲဒီလိုနဲ့နေကြတုန်း တစ်နေ့မှာတော့ လက်ရှိဘုရင်က သူတို့ပုန်းအောင်းပြီးနေ ကြတဲ့နေရာကို သိသွားလို့ တပ်တွေနဲ့ ဝိုင်းပြီး တိုက်ကြတယ်။ ရုတ်တရက်ဝိုင်း အတိုက်ခံရတာဆိုတော့ တစ်ယောက်မှ ထွက်ပြေးဖို့အချိန်မရကြဘဲ ပြန်ပြီးခုခံ တိုက်ခိုက်ကြရင်း အင်အားမမျှလို့ အားလုံးနီးပါး အသတ်ခံလိုက်ကြရ တယ်။ ဒါပေမယ့် ပါသွားတဲ့ နန်းစဉ် ရတနာတွေကတော့ ဘယ်လိုပဲရှာရှာ မတွေ့ကြရတော့ဘူး။ နောက်ပိုင်းကျ တော့ရွာလည်း ပျက်သွားပြီး ဘယ်သူမှ လည်း မသွားရဲကြတော့ဘူးတဲ့။ အဲဒီရွာ ပျက်ကြီးနားသွားမိခဲ့ရင်လည်း မြွေတွေ က အုပ်လိုက်ထွက်လာတတ်လို့ မြွေ သိုက်ကြီးရှိတယ်လို့ဆိုပြီး လူတွေက ရှောင်ကြတယ်။ ရွာသားတချို့ပြော စကားအရတော့ တစ်ခါတလေမှာ ငန်း ပုပ်မြွေကြီးနှစ်ကောင် ချောင်းထဲကိုဆင်း ဆော့တတ်တာ တွေ့ရတတ်တယ်လို့ ဆိုကြတယ်ဗျ။ သိုက်စောင့်မြွေတွေလို့ ပြောကြတာပဲဗျာ"

"အဲဒီလောက်တောင်ပဲလားဗျာ။ ကျွန်တော်ကတော့ သိပ်မကြောက် တတ်ဘူး။ ဒီလက်စွဲတော် ဒူးလေးရှိနေ ရင် ဘယ်နေရာမဆိုသွားရဲတယ်"

"ဒါတင်မကသေးဘူး ကိုခင် မောင်စိုးရေ။ ရွာသားတချို့ဆိုရင် လပြည့်၊လကွယ်ညဘက်တွေ ချောင်းမှာ ရေသွားချိုးရင်း၊ ရေသွားခပ်ကြရင်း ရွာ ပျက်ကြီးရှိတဲ့ တောင်ကုန်းထိပ်မှာ မီး ရောင်တွေနဲ့ စကားပြောသံတွေ၊ ကလေး ငိုသံတွေတောင် ကြားရတယ်လို့ ပြော ကြတယ်။ တစ်ခါတလေကျရင်လည်း သီချင်းဆိုနေတဲ့အသံနဲ့စောင်းသံသဲ့သဲ့ ကို ကြားရတတ်တယ်လို့ ဆိုကြတယ်ဗျ။ မှတ်တမ်းမှတ်ရာ တိတိကျကျမရှိဘဲ ဒဏ္ဍာရီဆန်တဲ့ အဖြစ်အပျက်တစ်ခုလို့ ဆိုနိုင်ပေမယ့် လူကြီးတွေအထင်က တော့ ပျောက်ဆုံးနေတယ်ဆိုတဲ့ နန်းစဉ် ရတနာတွေဟာ ပျက်စီးနေတဲ့ နဂါးရုံ ဘုရားပျက်ကြီးထဲမှာ ဌာပနာထားခဲ့တာ ဖြစ်နိုင်ပြီး သေဆုံးသွားခဲ့ကြတဲ့လူတွေ ကလည်း မကျွတ်မလွတ်သေးတဲ့ ပရ လောကသားတွေအဖြစ် ရတနာတွေကို စောင့်ကြပ်နေကြရတဲ့ မြွေတွေဖြစ်ကုန် ကြတယ်လို့ ပြောကြတာပဲ။ မြွေတွေ စောင့်နေတဲ့ဘုရားဖြစ်လို့ ရွာသားတွေက တော့ မြွေဘုရားပျက်ကြီးလို့လည်း ခေါ် ကြတယ်။ ဟုတ်မဟုတ်ကအဓိကမဟုတ် ဘူး။ ဘာပဲဖြစ်ဖြစ် ဒီမှာနေသခိုက်မှာ အဲဒီဘက်ကို မသွားတာအကောင်းဆုံး ဘဲ ကိုခင်မောင်စိုးရေ။ ဒီကိုစပြီးပြောင်း လာတဲ့နေ့ကလည်း ဆရာတော်ကြီးကို သွား ကန်တော့ကြတော့ အဲဒီဘက်ကို မသွားကြဖို့ သေသေချာချာမှာလိုက် တယ်ဗျ။ ခုချိန်ထိလည်း ကျွန်တော်တို့ ဘယ်သူမှမသွားကြဘူး။ ဒီရွာမှာနေကြ တဲ့ အသက် (၇၀)၊ (၈၀) လူကြီးတွေ တောင် မရောက်ဖူးကြဘူး။ တောလည် ကြတဲ့ မုဆိုးတွေတောင် ဒီရွာပျက်ကြီး ကို ကွင်းသွားကြတယ်တဲ့"

"ဟုတ်ပါပြီဗျာ၊ အခုလို သေသေ ချာချာရှင်းပြပေးပြီး အသိပေးတာ ကျေး ဇူးတင်ပါတယ်။ စကားကောင်းနေလိုက် တာ ခင်ဗျားကို ဒူးလေးတောင် စမ်းမပြ ရသေးဘူး"

ကိုခင်မောင်စိုး ယူလာသည့် ဒူး လေးက ကာဘိုင်သေနတ်ပုံစံပြုလုပ် ထားပြီး မောင်းအားကလည်း အလွန် သန်လှသည်။ ဦးသန်းထွန်းအားနှင့်ပင် မောင်းတင်၍မရ။ မြားတံများကလည်း ထိပ်ဘက်ချွန်မြနေသော စတီးခေါင်းစွပ် များဖြစ်သောကြောင့် ထိမိလိုက်လျှင် မလွယ်လှပေ။

မောင်းတင်ပြီး ခပ်လှမ်းလှမ်းတွင်



www.burmeseclassic.com

www.burmeseclassic.com

ရှိသော သစ်ပင်တစ်ပင်၏ ပင်စည်အား ပစ်လိုက်ရာ စိုက်ဝင်သွားသော မြားတံမှာ ပြန်နုတ်၍မရတော့ပေ။

"ခင်ဗျားဒူးလေးကလည်း လူတွေ့တိရစ္ဆာန်တွေမှန်လိုက်လို့ကတော့မသက်သာလောက်ဘူး။ ထုတ်ချင်းများပေါက်သွားမလားဘဲ။ ကြည့်လည်းပစ်ပါဗျာ။ အန္တရာယ်များပါတယ်"

နှစ်ယောက်သား ရေမိုးချိုးကာ ညနေစောင်းမှ ပြန်ခဲ့ကြသည်။ နောက်တစ်နေ့ မနက်စောစောတွင် လှည်းကြုံဖြင့် ဦးသန်းထွန်း မြို့သို့ပြန်သွားခဲ့သည်။

◆

စခန်းပြောင်းရွှေ့ရန် (၂)ရက်သာ လိုတော့သည်။ ယနေ့တစ်ရက်ကွင်းဆင်းပြီးပါက လုပ်ငန်းများ ထိုနေရာတစ်ဝိုက်တွင် ပြီးစီးသွားပြီဖြစ်သဖြင့် နောက်တစ်နေ့တွင် စခန်းသိမ်းကာ သန်ဘက်ခါ နံနက်စောစောတွင် စခန်းရွှေ့ရတော့မည် ဖြစ်သည်။

မနက်လင်းကတည်းက ကောင်းကင်တစ်ခွင်လုံး မိုးသားတိမ်တိုက်များဖြင့် အုံ့မှိုင်းနေပြီး တစ်ချက်တစ်ချက်တွင် လေကလည်း ခပ်ပြင်းပြင်းတိုက်ခတ်နေသည်။

ကွင်းဆင်းရန်အဖွဲ့ထွက်သွားတော့မှ လှကြည်တစ်ယောက်လုပ်စရာရှိသည်များကို ဇယ်ဆက်သလိုလုပ်လိုက်သည်။ နံနက်စာအတွက်ကတော့ ပူစရာမလိုတော့ပေ။ လေးနာရီကတည်းကထပြီး ချက်ပြုတ်ကြော်လှော်ကာ ကွင်းဆင်းမည့်အဖွဲ့အတွက် ထမင်းဘူးများဖြင့် ထည့်ပေးလိုက်ပြီး ဖြစ်သည်။

စခန်းတွင်ကျန်ခဲ့သည့်နှစ်ယောက်အတွက်ကလည်း စားပွဲပေါ်တွင် အဆင်သင့်ပြင်ထားပြီးဖြစ်သဖြင့် လောလောဆယ်သိမ်း၍ရနိုင်သည့် ပစ္စည်းများကို အာရုံစိုက်၍သိမ်းနေမိသည်။

ကိုခင်မောင်စိုးတစ်ယောက်ကတော့ ခါတိုင်းနေ့များလိုပင် မနက်ထမင်းကြော်စားပြီး ဒူးလေးကိုကိုင်ကာ အပြင်သို့ ထွက်သွားပြီ ဖြစ်သည်။ တစ်နေကုန် ခပ်ဖွဲဖွဲလေးရွာနေသော မိုးသည် နေ့ခင်းဘက်တွင် သဲသဲမဲမဲရွာချလိုက်သည်။ သဲသဲမဲမဲရွာနေသော မိုးရေကို ဖြတ်ကာ ကိုခင်မောင်စိုးတစ်ယောက် စခန်းထဲသို့ ခပ်သွက်သွက်ပြေးဝင်လာသည်ကို တွေ့လိုက်ရသော်လည်း ခါတိုင်းနေ့များလိုပင် ပြန်လာနေကျဖြစ်၍ လှကြည် အမှုမဲ့အမှတ်မဲ့ပင် နေလိုက်မိသည်။

ညနေစောင်းကွင်းဆင်းသွားသည့်အဖွဲ့ပြန်လာချိန်တွင် မိုးကတိတ်သွားပြီဖြစ်ပြီး စခန်းပြောင်းရန် ပစ္စည်းများ သိမ်းဆည်းကြနှင့် မှောင်လာသည်ကို သတိမထားလိုက်မိကြတော့ပေ။

မိုးမရွာတော့သော်လည်း နေ့ခင်းက ရွာထားသောမိုးကြောင့် ညနေစောင်းမှောင်ရီပျိုးစပြုလာသည်နှင့် မြူများက စခန်းတစ်ခုလုံး ထူထပ်စွာကျလာသည်။ ထို့ကြောင့်ပင် အဖွဲ့သားများအားလုံး ညစာစားလိုက်ကြကာ ခါတိုင်းနေ့များလို ရွာထဲသို့မထွက်ကြတော့ဘဲ မိမိတို့တဲထဲတွင်သာ နားနေလိုက်ကြသည်။

ရာသီဥတုက အေးစက်နေသည့်အပြင် ပတ်ဝန်းကျင်တစ်ခုလုံးတွင်လည်း မြူနှင်းများက ထူထပ်စွာကျနေသဖြင့် တစ်ဖွဲ့သားလုံး ခပ်စောစောပင်အိပ်ပျော်သွားခဲ့ကြသည်။

"ရှီ . . ရှီ . . ရှီ"

တိတ်ဆိတ်ငြိမ်သက်နေသော ညအချိန်ဖြစ်သည့်အတွက် လေချွန်သံလိုအသံများက တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလျက် စခန်းပတ်ဝန်းကျင်တွင်ပေါ် ထွက်လာခဲ့သည်။ အိပ်ပျော်နေရာမှ ရုတ်တရက်လန့်နိုးလာသောစိုးလွင်တစ်ယောက် ကြားလိုက်ရသော အသံများကြောင့် အိပ်ရာပေါ် ထထိုင်လိုက်ပြီး စားပွဲပေါ်တွင်တင်ထားသော နာရီကို လှမ်းကြည့်လိုက်ရာ ညကြည့်မီးစုန်းလက်တံလေးများက ည (၁၀) နာရီကျော် ရှိနေမှန်း သိလိုက်ရသည်။

တရှီရှီအော်မြည်နေသော အသံများက ရပ်နားသွားသည်မရှိဘဲ ဆက်တိုက်ဆိုသလို ကြားနေရသောကြောင့် တဲထဲတွင် မိမိခုတင်နှင့်ဘေးချက်ကပ်လျက် အိပ်နေသော ကိုသန်းအောင်ကို ခပ်တိုးတိုး လှမ်းနှိုးလိုက်မိသည်။

"ကိုသန်းအောင်ကိုသန်းအောင်"

"စိုးလွင်လား၊ မင်းလည်းနိုးနေပြီလား။ ငါလည်း နိုးနေပြီကွ"

"ဟုတ်တယ်ဗျ။ တရှီရှီနဲ့ဘာအသံတွေမှန်းလဲ မသိဘူး။ စခန်းပတ်ပတ်လည်က ကြားနေရသလိုပဲ"

"ငါအတွေ့အကြုံအရပြောရရင် အဲဒီအသံတွေက မြွေတွန်သံတွေလို့ထင်တယ်။ နေဦး၊ မင်းခုတင်အောက်ကို ရမ်းပြီးမဆင်းလိုက်နဲ့ဦး။ ဓာတ်မီးကောအဆင်သင့်ရှိလား"

"တွေ့ပြီဗျ။ အရင်ဆုံး ခုတင်အောက်ဘက်နဲ့ တဲထဲအရင်ထိုးကြည့်ရအောင်"

ရုတ်တရက် လင်းထိန်သွားသော ဓာတ်မီးနှစ်လက်၏အလင်းရောင်အောက်တွင် တဲတစ်ခုလုံးဘာမှမရှိဘဲပြောင်ရှင်းနေသဖြင့် နှစ်ယောက်သား ခုတင်အောက်သို့ ဆင်းလိုက်ကြသည်။

"စိုးလွင်၊ ခဏနေဦးကွ။ ရိုက်စရာပုတ်စရာတစ်ခုခုရှာလိုက်ဦး။ ပြီးမှ တဲအပြင်ကိုထွက်ရအောင်။ တောစီးဖိနပ်လည်း စီးခဲ့"

နှစ်ယောက်သား မြေပုံများခဲလိပ်သည့် သစ်သားတုတ်နှစ်ချောင်းကို ကိုင်ကာ ဓာတ်မီးအဆက်မပြတ်ထိုးပြီး တဲအပြင်ဘက်ထွက်ခဲ့သည်။ အရင်ဦးဆုံး အဖွဲ့ခေါင်းဆောင်နှစ်ဦးနေသည့် တဲကြီးနားကပ်သွားပြီး နှိုးလိုက်သည်။

"ဆရာ ဆရာဦးမြင့်သူ၊ ဆရာဦးမြတ်ကျော်"

"ဟေ့ - သန်းအောင်လား။ ငါတို့လည်းနိုးနေပြီကွ။ တရှီရှီနဲ့ ဒီလောက်ဆူနေတာ။ မင်းတို့အဲဒီမှာပဲနေကြဦး။ ငါတို့တောစီးဖိနပ်စီးလိုက်ဦးမယ်"

ဓာတ်မီးတဝင်းဝင်းနှင့် အဖွဲ့ခေါင်းဆောင်အရာရှိနှစ်ဦးထွက်လာပြီး မနေ့မနှောင်းမှာပင် စခန်းတစ်ခုလုံး နိုးသွားကြတော့သည်။ လုံခြုံရေးတာဝန်ယူထားသော ရဲတပ်ဖွဲ့ဝင်လေးဦးလည်း လက်နက်ကိုင်ကာ အသင့်အနေအထားနှင့် ရောက်လာကြသည်။

"သန်းအောင်ရေ၊ အရင်ဆုံး အောက်လင်းဓာတ်မီးနှစ်လုံးထွန်းလိုက်ကွာ။ မြန်မြန်လုပ်"

ထွန်းလိုက်သော အောက်လင်း ဓာတ်မီးနှစ်လုံး၏ အလင်းရောင်ကြောင့် စခန်းတစ်ခုလုံး လင်းထိန်သွားသည်။ တရှီရှီနှင့်မြည်နေသော အသံများက လည်း ရပ်နားသွားသည်မရှိဘဲ စခန်း ပတ်ပတ်လည်မှ ကြားနေရသည်။

"မြွေတွန်သံတွေပဲ ဆရာ။ အသံ တွေနားထောင်ကြည့်ရတာတော့ အရေ အတွက်က မနည်းလောက်ဘူး။ ကျွန် တော်လည်း ဒီအသက်အရွယ်အထိ ဒီ လောက်အသံများများကို အခုမှ ကြားဖူးတော့တယ်"

လုံခြုံရေးတာဝန်ခံ တပ်ကြပ် ဦးဟန်စိန်က ဦးမြင့်သူအား လှမ်းပြော လိုက်သည်။

"အေးဗျ၊ ကျွန်တော်လည်း မြန်မာ ပြည်အနှံ့အပြားရောက်ဖူးခဲ့တာပဲ။ ဒီ လောက် အသံများများကို အခုမှပဲ ကြား ဖူးတော့တယ်။ အန္တရာယ်တော့ တော် တော်များတယ်။ လောလောဆယ် သန်း



www.burmeseclassic.com

www.burmeseclassic.com

အောင်၊ ကောင်လေးတွေကို ခေါ်သွား။ ခန်းထဲမှာရှိသမျှ ထင်းတွေကို ဒီနေရာကို ယူလာခဲ့"

ခဏအကြာတွင် စခန်းအလယ်ခေါင်၌ မီးဖိုကြီးနှစ်ဖိုက အရှိန်ပြင်းပြင်းတောက်လောင်နေသောကြောင့် မီးဖိုအလင်းရောင်နှင့် အောက်လင်းဓာတ်မီးနှစ်လုံး၏ အလင်းရောင်က စခန်းတစ်ခုလုံး နေ့လယ်ခင်းအလား လင်းထိန်နေတော့သည်။

"ကဲ - စခန်းတစ်ခုလုံး ဒီမီးဖိုဘေးမှာ လာစုနေကြကွာ။ မြွေတွေဝင်လာခဲ့ရင် ကာကွယ်ရအောင်လို့ ရရာလက်နက်တွေလည်း အသင့်ယူထားကြ။ လူပြန်စစ်ပြီး တဲထဲမှာအိပ်ပျော်နေတဲ့လူတွေရှိရင်လည်း နှိုးပြီးခေါ်လာခဲ့ကြ"

လူစစ်ကြည့်လိုက်သောအခါတွင် ဦးခင်မောင်စိုးတစ်ယောက် လျော့နေကြောင်းတွေ့လိုက်ရသဖြင့် သန်းအောင်က ဦးမြင့်သူအား လှမ်းပြောလိုက်သည်။

"ဆရာဦးခင်မောင်စိုးတစ်ယောက်တလွဲလို့ အားလုံးလူစုံနေပြီ"

"ဒါဆို သန်းအောင်နဲ့ ဟန်စိန်တို့ ကိုခင်မောင်စိုးကို သွားကြည့်လိုက်ပါဦးဗျာ။ အိပ်ပျော်နေရင်လည်း နှိုးပြီးသာခေါ်လာခဲ့။ ဒီလောက်တောင် စခန်းတစ်ခုလုံး ရုတ်ရုတ်သဲသဲနဲ့ဖြစ်နေတာ ဒီလူအိပ်ရာကမနိုးဘူးဆိုတော့ ဘာများဖြစ်နေလို့လဲမသိဘူး"

"အား- လုပ်ကြပါဦး။ မြွေတွေဗျို့၊ မြွေတွေ"

ပြောဆိုနေဆဲမှာပင် ရုတ်တရက်ဆူဆူဝါးဝါးထအော်လိုက်သော အသံကြီးကြောင့် စခန်းတစ်ခုလုံး လန့်သွားခဲ့ကြသည်။

"ဟော၊ ဒါ ကိုခင်မောင်စိုးရဲ့အသံပဲကွ။ တစ်ခုခုဖြစ်နေပြီထင်တယ်။ လာလာ မြန်မြန်သွားကြည့်ရအောင်"

တစ်ဖွဲ့လုံး ရရာလက်နက်များကိုင်ကာ ကိုခင်မောင်စိုးတဲဆီသို့ ပြေးသွားကြသည်။

"ကိုခင်မောင်စိုး၊ ကိုခင်မောင်စိုး"

"ဆရာ၊ ဆရာ"

"ဘယ်လိုခေါ်ခေါ် ပြန်ထူးသံမကြားရသည့်အတွက် တဲတံခါးကိုအမြန်ဖွင့်ပြီး ဓာတ်မီးများထိုးကာ ဝင်လိုက်ကြသည်။ ဓာတ်မီးအလင်းရောင်အောက်တွင် ကိုခင်မောင်စိုးကို အိပ်ရာပေါ်တွင် အိပ်လျက်သား တွေ့လိုက်ကြရသည်။

တဲပတ်ပတ်လည်ကို ဓာတ်မီးများထိုးကာ ရှာကြည့်ကြသော်လည်း သက်ရှိဆို၍ ဘာတစ်ခုမှမတွေ့ရ။

"သန်းအောင်၊ မင်းဆရာကို နှိုးကြည့်စမ်းကွာ။ ဘာများဖြစ်နေသလဲလို့"

သန်းအောင်က ခုတင်ကပ်သွားပြီး နှိုးကြည့်လိုက်သည်။

"ဆရာကိုယ်တွေချစ်ချစ်တောက်ပူနေတယ်။ ဘာမှတော့ မဖြစ်ပါဘူး။ အိပ်ပျော်နေတာပါ။ အသက်ရှူသံလည်းကြားနေရတယ်"

"ဒါဆိုရင်လည်း နှိုးမနေပါနဲ့တော့ကွာ။ ဒီတဲဘေးမှာ မီးဖိုတစ်ဖိုလုပ်ပေးလိုက်ပြီး တချို့က ဒီမှာလာစောင့်ပေးလိုက်ကြ"

ထိုညက တစ်ညလုံးနီးပါးမြွေတွန်သံများ အဆက်မပြတ်ကြားနေရသော်လည်း အရှိန်ပြင်းပြင်းတောက်လောင်နေသော မီးပုံကြီးများကြောင့် ဘာမှတော့မဖြစ်ကြ။ နှင်းမြူများကလည်း မိုးလင်းခါနီးလေ အဆက်မပြတ်ကျလာသောကြောင့် တစ်ဖွဲ့လုံး ဘယ်သူမှမအိပ်ကြရဘဲ မီးပုံဘေးတွင်သာ ငုတ်တုတ်ထိုင်ကာ မိုးလင်းသွားတော့သည်။

◆

မနက်မိုးလင်းသည်နှင့် အဖွဲ့သားအားလုံးလက်နက်ကိုယ်စီကိုင်ကာ စခန်းပတ်ပတ်လည်ကို ရှာဖွေကြည့်ကြရာ တစ်ညလုံးတွန်နေသော မြွေများမည်သည့်နေရာသို့ ရောက်သွားသည်မသိဘဲ ရှင်းလင်းနေသည်။ (၇) နာရီခန့်တွင် ဆရာတော်ကြီးခေါ်ခိုင်းလိုက်၍ ကပ္ပိယကြီးခေါ်ရာနောက်သို့ အရာရှိ (၂) ဦး လိုက်သွားခဲ့သည်။

"လာကြ လာကြ ဒကာကြီးတို့၊ ညက တစ်ညလုံးလိုလို ကျောင်းပတ်ပတ်လည်မှာ မြွေတွန်သံတွေကို ကြားနေရတယ်။ ကျုပ်လည်း ဒီကျောင်းမှာ ကျောင်းထိုင်လာတာ အခုဆို နှစ်ပေါင်း (၄၀) ကျော်နေပါပြီ။ တစ်ခါမှ ညတုန်းကလို မကြားဖူးပါဘူး။ ကြည့်ရတာတော့ ဒကာကြီးတို့ရဲ့အဖွဲ့ထဲက တစ်ယောက်ယောက်များ အမှားအယွင်းတစ်ခုခုလုပ်ခဲ့မိသလားလို့ စိုးရိမ်ပြီး ခေါ်ခိုင်းလိုက်တာပါ။ ဒကာကြီးတို့ နည်းနည်းပါးပါး စုံစမ်းမေးမြန်းကြည့်ပါဦး"

"တင့်ပ့ါဘုရား။တပည့်တော်လည်း အခု အရှင်ဘုရားမိန့်ကြားမှပဲ သတိထားလိုက်မိပါတယ်ဘုရား။ ခုချက်ချင်းမေးမြန်းကြည့်လိုက်ပါ့မယ်"

အရာရှိနှစ်ဦး ကျောင်းပေါ်မှဆင်းလာခဲ့ပြီး အဖွဲ့သားအားလုံးကို စုဝေးစေလိုက်သည်။

"ကဲ - အခုရက်ပိုင်းတွေမှာ ကွင်းဆင်းတဲ့အဖွဲ့သားတွေထဲကတစ်ယောက်ယောက်များ ဘာအမှားအယွင်းတွေလုပ်ခဲ့မိသလဲ ပြန်စဉ်းစားကြည့်ကြပါဦး။ လုပ်ခဲ့မိရင်လည်း အခုပွင့်ပွင့်လင်းလင်းဖွင့်ပြောစေချင်ပါတယ်။ နို့မို့ဆိုရင် တစ်ယောက်အတွက်နဲ့ တစ်ဖွဲ့လုံးဒုက္ခရောက်သွားနိုင်ပါတယ်။ အမြဲတမ်း တောထဲတောင်ထဲမှာ အလုပ်လုပ်နေရတဲ့သူတွေဆိုတော့ တစ်ခါတလေ သတိမထားလိုက်မိဘဲ မှားနိုင်ပါတယ်။ စောစောသိတော့ စောစောပြုပြင်နိုင်တာပေါ့ဗျာ"

ပြောလို့သာပြောရသည်။ ကွင်းဆင်းဆောင်ရွက်ရသည့် အဖွဲ့တွေက အမြဲတမ်း အရာရှိနှစ်ဦးနှင့်အတူတူ လုပ်ငန်းလုပ်နေရသည်ဖြစ်၍ တစ်စုံတစ်ခုဖြစ်သည်နှင့် ချက်ချင်းသိနိုင်သည်။ ထို့ကြောင့် ယခုရက်ပိုင်းတွင် မည်သည့်ကိစ္စမှမရှိပါဟု အားလုံးကပြောလာခဲ့ကြသည်။

"ဒါဆိုရင် စခန်းမှာကျန်ခဲ့တဲ့ လှကြည်နဲ့ ကိုခင်မောင်စိုးပဲ ရှိတော့တယ်။ ညတုန်းကလည်း တစ်ချိန်လုံး အဖျားတက်ပြီး မြွေတွေလာပြီ၊ မြွေတွေလာနေပြီနဲ့ ယောင်အော်နေတယ်။ ဟော့ကောင် လှကြည်၊ မင်းဆရာကိုခင်မောင်စိုး ငါတို့အဖွဲ့ မနေ့ကအလုပ်သွားနေတုန်း ဘယ်ကိုသွားသေးလဲ"

"မနက်ပိုင်း ထမင်းကြော်စားပြီးကတည်းက ဆရာဦးခင်မောင်စိုး ဒူးလေးကိုကိုင်ပြီး အပြင်ကိုထွက်သွားတာပဲဆရာ။ နေ့တိုင်းလည်း သွားနေကျဆိုတော့ ခါတိုင်းလိုပဲထင်ပြီး သတိမထားမိလိုက်တော့ဘူး။ အဲဒါ နေ့ခင်းဘက်မိုးသဲသဲမဲမဲရွာတော့မှ ပြန်လာတာ မြင်လိုက်တယ်"

"ဒါဆို ကိုခင်မောင်စိုးကို သွားမေးကြည့်ရအောင်ဗျာ။ နေမကောင်းတာလည်းကြည့်ရင်းပေါ့"

တဲထဲသို့ ဝင်လိုက်သည်နှင့် ကိုခင်မောင်စိုးက အိပ်ရာပေါ်ထထိုင်လိုက်သည်။

"ကိုခင်မောင်စိုး၊ သက်သာရဲ့လား။ ဖျားကောဖျားသေးလား။ သန်းအောင် စမ်းကြည့်စမ်းကွာ။ အဖျားမကျသေးရင် ဆေးတိုက်ရအောင်"

"နည်းနည်းတော့ သက်သာပါတယ်ဆရာ။ မနေ့ကမိုးမိသွားလို့ အခုင်ကတည်းကအခံရှိတဲ့ငှက်ဖျားပြန်ထတာပါ"



www.burmeseclassic.com

www.burmeseclassic.com

"လကြည်က ပြောတယ်။ အခုရက်ပိုင်းတွေမှာ နေ့တိုင်း ဒူးလေးတစ်လက်နဲ့ အပြင်ကို ထွက်တယ်လို့။ ဘယ်တွေသွားပြီး ဘာတွေလုပ်ခဲ့သလဲပြောစမ်းပါဦး။ ခင်ဗျားက ညတစ်ညလုံး အဖျားတက်နေလို့ ဘာမှမသိလိုက်တာ။ ဒီစခန်းပတ်ပတ်လည်မှာ ညတုန်းက တစ်ညလုံး မိုးလင်းတဲ့အထိ မြွေတွေလာတွန်နေလို့ တစ်ဖွဲ့လုံး အခုအချိန်အထိ တစ်ယောက်မှ မအိပ်လိုက်ကြရဘူး။ ခုလေးတင် ဆရာတော်ကြီးကလည်း ကျွန်တော်တို့ကိုခေါ်ပြီး ပြောလိုက်တယ်။ သူ့တစ်သက် တစ်ခါမှမကြုံသေးဘူးလို့"

စကားဆုံးသွားတော့မှ ကိုခင်မောင်စိုးတစ်ယောက် ခေါင်းငိုက်စိုက်ကျသွားပြီး အတန်ကြာငြိမ်သက်နေသည်။ ခဏကြာတော့မှ ခေါင်းပြန်မော့လာပြီး ဖြည်းဖြည်းချင်း ပြောပြခဲ့သည်။

"ဟုတ်ပါတယ် ဆရာ။ လကြည်ပြောခဲ့သလို ခုရက်ပိုင်းတွေမှာ ကျွန်တော် နေ့တိုင်းအပြင်ကိုထွက်ပါတယ်။ သိပ်အဝေးကြီးကိုမသွားပါဘူး။ ချောင်းဘေးတစ်လျှောက်မှာ ငှက်ကလေးဘာလေးပစ်ရအောင်လို့ပါ။ ဒါပေမယ့် မနေ့ကတော့ ချောင်းဘက်ကိုလည်း ရောက်ရော ရွာဟောင်းကြီးဘက်ဆီကို သွားကြည့်ချင်စိတ်တွေ ပေါ်လာတယ်။ နောက်ရက်ပိုင်းမှာ စခန်းကလည်း ပြောင်းရတော့မှာဆိုတော့ နောက်ကို သွားကြည့်ဖို့ကလည်း မလွယ်တော့ဘူး။ အဲဒါကြောင့် ဘာအထူးအဆန်းတွေများ တွေ့မလဲဆိုပြီး သွားလိုက်တာပါ"

"ခင်ဗျားကလည်းဗျာ အဲဒီရွာဟောင်းနဲ့ ဘုရားပျက်ကြီးအကြောင်းကို ကိုသန်းထွန်းက သေသေချာချာပြောပြမသွားဘူးလား"

"ပြောပြသွားပါတယ် ဆရာ။ ဒါပေမယ့် မနေ့ကတော့ သွားကြည့်ချင်တဲ့စိတ်က ဘယ်လိုမှထိန်းမရတော့တာနဲ့ ရောက်ဖူး၊ မြင်ဖူးအောင် သွားလိုက်မိတာပါ"

"ကဲ - သွားလဲသွားပြီးနေမှပဲဗျာ။ ဘာတွေမြင်ခဲ့တယ်၊ ဘာတွေဖြစ်ခဲ့တယ်ဆိုတာပဲ ပြောပြပါတော့"

"ကျွန်တော်လည်းသွားသာသွားရတယ် ခပ်ကြောက်ကြောက်နဲ့ပါ။ ဒါကြောင့်လည်း အန္တရာယ်ရုတ်တရက်ကြုံလာခဲ့ရင် ကာကွယ်ရအောင် ဒူးလေးကို မောင်းအဆင်သင့်တင်ပြီး ကိုင်ထားပါတယ်။ တောအုပ်ထဲရောက်တဲ့အထိ ဘာအန္တရာယ်မှ မတွေ့ပါဘူး။ တောအုပ်ထဲ တော်တော်လေးသွားမိတော့မှ သစ်ပင်တွေ ကျိုးတို့ကျဲတဲပေါက်နေတဲ့ တောင်ကုန်းလိုလို ကုန်းမို့မို့တစ်ခုကို သွားတွေ့ပါတယ်။ ဦးသန်းထွန်းပြောပြသွားတဲ့ နဂါးရုံဘုရားပျက်ကြီးများ ဖြစ်နေမလားဆိုပြီး ကျွန်တော်ရပ်ကြည့်မိနေတုန်း မိုးရေစီးကြောင်းကြောင့် ပဲ့ကျနေတဲ့ တောင်ကမူလေးရဲ့ အောက်ခြေဘက်မှာ ပြောင်ပြောင်လက်လက်နဲ့ ပစ္စည်းလေးတစ်ခုကို သွားတွေ့ပါတယ်။ ကောက်ပြီးကြည့်လိုက်တော့ ရွှေတွေဝင်းအိနေတဲ့ နဂါးရုံဘုရားလေးတစ်ဆူ ဖြစ်နေတယ်။ ထုထားတဲ့ လက်ရာက ရှေးဆန်ပြီး အနုစိတ်လွန်းလို့ သေချာကြည့်ရင် နဂါးရုပ်က အသက်ဝင်နေတယ်လို့တောင် ထင်မိပါတယ်။ ကြည့်နေတုန်းမှာပဲ နောက်နားဆီက ရှူးခနဲ နှာမှုတ်သံတစ်ခုကို ကြားလိုက်ရတာကြောင့် လှည့်ကြည့်လိုက်တော့ နည်းတဲ့မြွေကြီးမဟုတ်ဘူးဆရာ။ ပါးပျဉ်းကြီးထောင်ထားတာကလည်း ကျွန်တော့်တစ်ရပ်ကျော်ကျော်လောက်ကိုရှိတယ်။ ရုတ်တရက် အန္တရာယ်နဲ့တွေ့လိုက်ရတာဆိုတော့ စဉ်းစားချိန်မရတော့ဘဲ လက်ထဲကိုင်ထားတဲ့ ဒူးလေးနဲ့ ပါးပျဉ်းခွက်ကြီးကို ပစ်လိုက်မိတယ်။ အဲဒီအချိန်မှာပဲ တရှဲရှဲမြွေတွန်သံတွေကို ပတ်ဝန်းကျင်တစ်ခုလုံး ဆူညံနေအောင်ကြားလိုက်ရတော့ ကျွန်တော် နောက်ကြောင်းပြန်လှည့် ပြေးခဲ့ပါတယ်။ ပစ်ခဲ့တဲ့မြွေကြီးလည်း သေသလား၊ ရှင်သလား ကျွန်တော်မသိခဲ့ပါဘူး။ ချောင်းစပ်ကို ရောက်လို့ နောက်ကိုပြန်လှည့်ကြည့်လိုက်တော့ ဘာကောင်မှ လိုက်လာတာ မတွေ့ရတော့ပါဘူး"

"ခင်ဗျားကတော့ သေသေချာချာပြောပြထားတာတောင်သွားဖြစ်အောင် သွားလိုက်ရသေးတယ်။ ဒါဆို ခင်ဗျားယူလာတဲ့ နဂါးရုံဘုရားလေးကို ပြပါဦး။ မူလယူလာတဲ့နေရာကို ပြန်ထားရအောင်"

"ကျွန်တော်ဆီ ပါမလာတော့ဘူး ဆရာ။ ပြေးရင်းလွှားရင်း ဘယ်နေရာမှ ကျကျန်ခဲ့မှန်း မသိတော့ဘူး"

"ဟာ- ခင်ဗျားကလည်း ပြဿနာပါပဲဗျာ။ အဲဒါကြောင့် ညက ဘုရားစောင့်မြွေတွေလိုက်လာလို့ တစ်ညလုံး မြွေတွန်သံတွေ ကြားနေရတာ ဖြစ်မယ်။ မီးဖိုတွေဖိုထားပြီး လူတွေကလည်း အများကြီး ဆူညံနေတာကြောင့် စခန်းထဲ မဝင်ရဲတာလား ဒါမှမဟုတ် တကယ်တိရစ္ဆာန်မြွေတွေမဟုတ်ဘဲ မြွေယောင်ဆောင်ထားကြတဲ့ သိုက်စောင့်ပရလောကသားတွေဖြစ်လို့ သာသနာ့နယ်မြေထဲ ဝင်မရကြတာလား။ အားလုံးကံကောင်းသွားတာတော့ အမှန်ပဲ။ ဖြစ်ပြီးမှတော့ မတတ်နိုင်တော့ဘူး။ အဲဒါကြောင့် အခုမနက်ပိုင်းပဲ ခင်ဗျားမြို့ကို သွားတော့။ လှည်းတစ်စီးစီစဉ်ပေးလိုက်မယ်။ လုံခြုံရေးနှစ်ယောက်လည်း ထည့်ပေးလိုက်မယ်။ ငှက်ဖျားဆိုတော့ ဒီမှာက ဆေးဝါးမပြည့်စုံဘူး။ ရောဂါပျောက်တဲ့အထိ ဆေးရုံတက်လိုက်။ သက်သာရင်လည်း မြို့ကစခန်းမှာပဲနေလိုက်တော့။ စခန်းလည်း သိမ်းတော့မှာပဲ ဟုတ်ပြီလား"

မနက်ပိုင်း နေအနည်းငယ်မြင့်သည်နှင့် လှည်းတစ်စီး စီစဉ်ပေး၍ ကိုခင်မောင်စိုးကို မြို့သို့ ပြန်ပို့ပေးလိုက်သည်။

ထူးခြားချက်ကတော့ ထိုနေ့ကညမှောင်လာသည်နှင့် မီးဖိုကြီးများဖိုကာ မြွေများလာဦးမည်အထင်နှင့် သတိထားကာ စောင့်ကြည့်ကြသော်လည်း ထိုညမှစ၍ စခန်းသိမ်းခဲ့သည်အထိ မြွေများတက်မလာတော့ပေ။ ရွာပျက်ကြီးတွင် အပြစ်ပြုလုပ်ခဲ့မိသည့် ကိုခင်မောင်စိုး မရှိတော့၍လား။ ဒါမှမဟုတ် ထိုတစ်ညတည်းပင် မြွေများတိုက်တိုက်ဆိုင်ဆိုင် ရောက်လာခဲ့သည်လား။ မည်သူမျှ အတိအကျ မသိနိုင်ခဲ့ကြပါ။

နောက်ပိုင်းတွင် ကိုခင်မောင်စိုးတစ်ယောက် မြို့က ဆေးရုံတွင်လည်း ငှက်ဖျားရောဂါက မသက်သာသဖြင့် ရန်ကုန်ဆေးရုံကြီးသို့ ဆက်လက်ပို့ဆောင်ကုသစေခဲ့သည်။ ယောနယ် ပုံတောင်ပုံညာဘက်မှ စတင်အမြစ်တွယ်ခဲ့သော ငှက်ဖျားပိုးက ပြင်းထန်လှသောကြောင့် ဆေးကုသနေရင်း ငှက်ဖျားပိုး ဦးနှောက်ထဲ ဝင်ကာ သွက်သွက်ခါအောင် ရူးသွားခဲ့သည်။

တစ်ချိန်လုံးလည်း 'မြွေတွေလာနေပြီ၊ မြွေတွေလာနေပြီ' ဟု တတွတ်တွတ်ပြောဆိုရေရွတ်လျက်ရှိနေကြောင်း စိတ်မကောင်းဖွယ်ရာသတင်းကို ကြားသိခဲ့ရပါတော့သည်။

တင်အေးကျော် (အေး[illegible])



www.burmeseclassic.com

www.burmeseclassic.com



# အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယား

အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဆေးဝါး၊ မန္တန်၊ မန္တရားပညာရပ်များကိုသုံးလျက် အစွမ်းထက်အစီအရင်များနှင့် သိဒ္ဓိပေါက်ဘင့်စဉ်များအား စီရင်ဆောင်ရွက်ကြရာ၌ ထွက်၊ ဝင်၊ ခပါဒ်နက္ခတ်များရွေးချယ်ခြင်းသည် အရေးကြီးသော အခန်းကဏ္ဍတစ်ခုဖြစ်ပါသည်။ မိမိတို့ ဆောင်ရွက်ရမည့် အကြောင်းအရာအလိုက် လိုအပ်သောနက္ခတ်များအား အစင်အကြယ် ရွေးချယ်ဆောင်ရွက်ကြခြင်းဖြင့် မိမိတို့၏ လိုရာပန်းတိုင်သို့ အရောက်လှမ်းနိုင်ကြစေရန် ရည်ရွယ်၍ ဤထွက်၊ ဝင်၊ ခပါဒ်နက္ခတ်ဇယားကို မြူစုဖော်ပြပေးလိုက်ပါသည်။

| ခရစ်ရက် | မြန်မာရက် | နေ့ | နက္ခတ် | နက္ခတ်ပြောင်းချိန် | နက္ခတ်အမျိုးအစား |
|---|---|---|---|---|---|
| ၁ | နှောင်းတန်ခူးလဆန်း ၂ | ၃ဂါ | ၀<br>၁ | ၀၂း၄၈း၀၀ | * လာဘ<br>* သိဒ္ဓိ |
| ၂ | ၃ | ၄ဟူး | ၁<br>၂ | ၀၂း၅၀း၅၁ | △ မိတ္တ<br>△ ကာဏ |
| ၃ | ၄ | ၅တေး | ၂<br>၃ | ၀၃း၁၈း၃၇ | * သိဒ္ဓိ<br>□ ဝရ |
| ၄ | ၅ | ၆ကြာ | ၃<br>၄ | ၀၄း၁၂း၃၈ | △ ကာဏ<br>* အမြိတ္တ |
| ၅ | ၆ | ၀နေ | ၄<br>၅ | ၀၅း၃၄း၁၇ | □ ဝရ<br>△ ဥပါဒ် |
| ၆ | ၇ | ၁နွေ | ၅<br>၆ | ၀၇း၂၅း၀၅ | * အမြိတ္တ<br>* လာဘ |
| ၇ | ၈ | ၂လာ | ၆<br>၇ | ၀၉း၄၆း၄၀ | △ ဥပါဒ်<br>△ မိတ္တ |
| ၈ | ၉ | ၃ဂါ | ၇<br>၈ | ၁၂း၂၆း၄၀ | * လာဘ<br>* သိဒ္ဓိ |
| ၉ | ၁၀ | ၄ဟူး | ၈<br>၉ | ၁၅း၀၆း၄၀ | △ မိတ္တ<br>△ ကာဏ |
| ၁၀ | ၁၁ | ၅တေး | ၉<br>၁၀ | ၁၇း၂၇း၁၆ | * သိဒ္ဓိ<br>□ ဝရ |
| ၁၁ | ၁၂ | ၆ကြာ | ၁၀<br>၁၁ | ၁၉း၃၈း၁၁ | △ ကာဏ<br>* အမြိတ္တ |
| ၁၂ | ၁၃ | ၀နေ | ၁၁<br>၁၂ | ၂၁း၄၉း၁၅ | □ ဝရ<br>△ ဥပါဒ် |
| ၁၃ | ၁၄ | ၁နွေ | ၁၂<br>၁၃ | ၂၃း၀၉း၂၈ | * အမြိတ္တ<br>* လာဘ |
| ၁၄ | ○ ၁၅ | ၂လာ | ၁၃ | မပြောင်း | △ ဥပါဒ် |
| ၁၅ | လဆုတ် ၁ | ၃ဂါ | ၁၃<br>၁၄ | ၀၀း၂၄း၂၄ | * အမြိတ္တ<br>* လာဘ |
| ၁၆ | ၂ | ၄ဟူး | ၁၄<br>၁၅ | ၀၀း၄၈း၀၀ | △ ဥပါဒ်<br>△ မိတ္တ |
| ၁၇ | ၃ | ၅တေး | ၁၅<br>၁၆ | ၀၀း၄၇း၁၃ | * လာဘ<br>* သိဒ္ဓိ |
| ၁၈ | ၄ | ၆ကြာ | ၁၆<br>၁၇<br>၁၈ | ၀၀း၂၃း၁၄<br>၂၃း၃၆း၄၅ | △ မိတ္တ<br>△ ကာဏ<br>* အမြိတ္တ |
| ၁၉ | ၅ | ၀နေ | ၁၈<br>၁၉ | ၂၂း၅၀း၁၉ | □ ဝရ<br>△ ဥပါဒ် |
| ၂၀ | ၆ | ၁နွေ | ၁၉<br>၂၀ | ၂၁း၂၈း၃၃ | * အမြိတ္တ<br>* လာဘ |
| ၂၁ | ၇ | ၂လာ | ၂၀<br>× | ၁၄း၁၅း၀၀ | △ ဥပါဒ်<br>△ မိတ္တ |
| ၂၂ | ၈ | ၃ဂါ | ×<br>၂၁<br>၂၂ | ၀၁း၂၈း၃၇<br>၁၈း၀၅း၃၂ | * လာဘ<br>* သိဒ္ဓိ<br>□ ဝရ |
| ၂၃ | ၉ | ၄ဟူး | ၂၂<br>၂၃ | ၁၆း၃၀း၀၀ | △ ကာဏ<br>* အမြိတ္တ |
| ၂၄ | ၁၀ | ၅တေး | ၂၃<br>၂၄ | ၁၅း၀၀း၀၀ | □ ဝရ<br>△ ဥပါဒ် |
| ၂၅ | ၁၁ | ၆ကြာ | ၂၄<br>၂၅ | ၁၃း၃၀း၀၀ | * အမြိတ္တ<br>* လာဘ |
| ၂၆ | ၁၂ | ၀နေ | ၂၅<br>၂၆ | ၁၂း၁၁း၂၆ | △ ဥပါဒ်<br>△ မိတ္တ |
| ၂၇ | ၁၃ | ၁နွေ | ၂၆<br>၀ | ၁၁း၁၃း၃၃ | * လာဘ<br>* သိဒ္ဓိ |
| ၂၈ | ● ၁၄ | ၂လာ | ၀<br>၁ | ၁၀း၃၇း၂၃ | △ မိတ္တ<br>△ ကာဏ |
| ၂၉ | ကဆုန်လဆန်း ၁ | ၃ဂါ | ၁<br>၂ | ၁၀း၃၄း၃၅ | * သိဒ္ဓိ<br>□ ဝရ |
| ၃၀ | ၂ | ၄ဟူး | ၂<br>၃ | ၁၁း၁၀း၂၁ | △ ကာဏ<br>* အမြိတ္တ |

၂၀ နက္ခတ် = ၄၅ ယဋ္ဌိ
× နက္ခတ် = ၃၀ ယဋ္ဌိ
၂၁ နက္ခတ် = ၄၅ ယဋ္ဌိ
ဖြင့် တွက်သည်

* = အဝင်နက္ခတ်
□ = ခပါဒ်နက္ခတ်
△ = အထွက်နက္ခတ်
○ = လပြည့်နေ့
● = လကွယ်နေ့


၁၄-၄-၂၀၁၄ နံနက် ၁၀း၁၈း၃၉ နာရီ၌ သင်္ကြန်ကျ၏။
၁၅-၄-၂၀၁၄ မွန်းလွဲ ၁၄း၄၈း၀၀ နာရီ၌ လပြည့်၏။
၁၆-၄-၂၀၁၄ မွန်းလွဲ ၁၄း၂၃း၂၀ နာရီ၌ သင်္ကြန်တက်၏။

အသုံးတည့်နိုင်ကြပါစေ
ဦးအောင်စောလှိုင် (ဗုဒ္ဓ)



www.burmeseclassic.com

www.burmeseclassic.com



# တိုးထက်

ဂျာနယ်စောင့်ဖတ်သူ

"ဆရာ"

တံခါးဝမှ မဝံ့မရဲခေါ်လိုက်သော အသံကြောင့် ကျွန်တော်သည် စာရေးနေရာမှ အသာမော့ကြည့်လိုက်သည်။

"ဟေး - ဖိုးတာ"

ကျွန်တော်က ပဋိသန္ထာရလေသံဖြင့် လှမ်းနှုတ်ဆက်ရင်း ခေါင်းတစ်ချက်ညိတ်လိုက်သည်။ သူ့ကိုအိမ်ထဲဝင်လာခဲ့ဟု ဖိတ်မန္တကပြုခြင်းဖြစ်ကြောင်း သဘောပေါက်လျက် အိမ်ထဲသို့ သူအသာလှမ်းဝင်လာသည်။

"ဆိုစမ်းပါဦး၊ ဘာတွေဘဝင်မကျတာရှိပြန်ပြီလဲ ဖိုးတာ"

ကျွန်တော်သည် ဘောလ်ပင်ကို စားပွဲပေါ် ချလိုက်ပြီး ကုလားထိုင်ကို နောက်မှီထိုင်လိုက်ရင်း မေးလိုက်သည်။ ဖိုးတာသည် ကျွန်တော့်အိမ်နှင့်မလှမ်းမကမ်းလမ်းထောင့်တွင် လမ်းဘေးဂျာနယ်ဆိုင်လေး ခင်းရောင်းနေသူ ဖြစ်သည်။ ကျွန်တော်တို့ရပ်ကွက်က မဟုတ်သော်လည်း ဤလမ်းထောင့်တွင် စီးပွားဖြစ်နေ၍ ဤသို့ တကူးတကလာဖွင့်ထားခြင်းဖြစ်ပြီး ကျွန်တော့်ကိုလည်း စာရေးဆရာမှန်း တရင်းတနှီးသိသောကြောင့် တစ်ခါတစ်ရံ စာစောင်များတွင် သူဘဝင်မကျသည့် ဆောင်းပါးများ၊ သတင်းများတွေ့ပါက လာမေးမြန်းတတ်သည်။ ဆွေးနွေးတတ်သည်။ ယခုလည်း သူ့လက်ထဲတွင် ဂျာနယ်တစ်စောင်ကို လိပ်ကိုင်ထားခဲ့သည်။

"ဒီတစ်ခါတော့ ဘဝင်မကျတာတွေ့လို့ မဟုတ်ဘူး ဆရာ။ ဘဝင်မကျတာ လက်တွေ့ကြုံလို့ လာပြောတာပါ ဆရာ"

သူက ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်ရင်း လက်ကိုင်ပဝါတစ်ထည်ဖြင့် ချွေးများကိုသုတ်လိုက်သည်။

ကျွန်တော်က သောက်ရေသန့်ဘူးထဲမှ ရေတစ်ခွက်ငှဲ့ထည့်ရင်း ပြောလိုက်သည်။

"နေ့ခင်းနေ့လယ်ပူရပူနဲ့ကွာ၊ နေပူထဲ လျှောက်လာရတယ်လို့။ ရေသောက်ရေခဲရေထည့်ထားတာ"

"ဒီအချိန်လေးပဲ လူကပါးတာ ဆရာရဲ့။ ဆိုင်ကို ကောင်လေးနဲ့ထားခဲ့တာ"

"ဆိုစမ်းပါဦး၊ ဘာတွေများအရေးကြီးလို့လဲ"

ကျွန်တော်ကိုယ်တိုင် ရေခွက်တစ်ခွက်ကောက်၍ ရေတစ်ငုံသောက်ရင်း ပြောလိုက်သည်။

"ဒီလိုပါ ဆရာ"

ဖိုးတာက အစချီလိုက်သည်။

"ဆရာသိတဲ့အတိုင်းပဲ ကျွန်တော်က ဒီမှာ မိုးလင်းကမိုးချုပ်ဂျာနယ်တွေရောင်းနဲ့ ကျွန်တော့်ရပ်ကွက်ကို ပြန်ရောက်ချိန်ဆို ညဆယ်နာရီလောက်ရှိပြီ အိပ်ဖို့ပဲ အိမ်ပြန်ရသလိုဖြစ်နေတယ်"

"ဝမ်းတစ်ထွာပြဿနာပေါ့ကွာ"

ကျွန်တော်က ခေါင်းတညိတ်ညိတ်နှင့်ဆိုလိုက်သည်။

"အဲဒါ ကားမှတ်တိုင်ကနေ အိမ်တော်တော်ဝင်ရတယ်။ လွန်ခဲ့တဲ့ တစ်ကျော်ကျော်လောက်ကပေါ့။ ညဆယ်နာရီကျော်ကျော်လေး ကားဂိတ်ကဆင်းပြီး အိမ်ကိုအပြန်မှာ လမ်းအဝင်က ဆယ့်နှစ်အိမ်မြောက်အိမ်ရှေ့အရောက်ပေါ့၊ အဲဒီအိမ်မှာ မှောင်ရိပ်ထဲကနေ တစ်ယောက်လှမ်းခေါ်တယ်"

"အင်း - ဆိုပါဦး"

ကျွန်တော် နားထောင်၊ မထောကို စူးစမ်းဟန်ဖြင့် ကျွန်တော့်ကို စူးစိုက်ကြည့်လိုက်သော ဖိုးတာကို ကျွန်တော်စကားထောက်လိုက်သည်။

"ကျွန်တော်တို့လမ်းကကောင်းတယ်။ မီးတိုင်တွေလည်းရှိတယ်။ အဲအိမ်ကလည်း နှစ်ထပ်အိမ်လေး။ ဝသေးသေးနဲ့ ရှေ့မှာပန်းရုံတွေနဲ့။ ဒါမယ့် အဲဒီညက ကျွန်တော်တို့ရပ်ကွမီးမလာတဲ့ရက် (မီးဖြတ်တဲ့ည) ဖြစ်တမှောင်နေခဲ့တယ်။ လှမ်းခေါ်တဲ့သလည်း ဝါးတားတားပဲမြင်ခဲ့ရတယ်"

"သူကဘယ်လိုခေါ်တယ်"

"ဟော့ - ချာတိတ်၊ မင်းဂျာန

www.burmeseclassic.com

www.burmeseclassic.com



ရောင်းတာ မဟုတ်လားတဲ့။ အဲဒီတော့ ကျွန်တော်က ဟုတ်ပါတယ်လို့ ပြောလိုက်တယ်"

"အင်း"

ကျွန်တော်က ရေခွက်ကိုပင်ကောက်၍ ရေတစ်ငုံ ဖိမ်ခံသောက်ရင်း အင်းလိုက်မိလိုက်သည်။

"အဲဒီတော့ သူက မှုခင်းသတင်းတွေအပါဆုံးဂျာနယ်ကဘယ်ဂျာနယ်လဲလို့မေးတယ်။ ကျွန်တော်ကပြောပြလိုက်တော့ သူက ကောင်းပြီ၊ အဲဒီဂျာနယ်ဘယ်တော့ထွက်မလဲလို့ မေးလာတော့ တိုက်တိုက်ဆိုင်ဆိုင် နောက်တစ်နေ့ဖြစ်နေတော့ ကျွန်တော်က သူ့ကိုမနက်ဖြန်ထွက်မယ်လို့ပြောလိုက်တယ်။ ဒါနဲ့ သူက မနက်ကျရင် ငါ့ဒီခြံဝကတန်းလေးပေါ်မှာ ဂျာနယ်ခထားခဲ့မယ်။ မင်းပြန်လာတဲ့အခါ ငါ့အတွက် တစ်စောင်ယူခဲ့။ အဲ-ငါမရှိရင် ခြံထဲဝင်ပြီး တရုတ်ကတ်မှန်ကြားကနေ အိမ်ထဲပစ်ထည့်လိုက်"



www.burmeseclassic.com

www.burmeseclassic.com

ဖိုးတာက သူ့စကားလစ်ဟာမှုမရှိအောင် စဉ်းစားပြောဆိုနေဟန်ဖြင့် ခပ်ဆိုင်းဆိုင်းပြောနေခဲ့သည်။

"မင်းတို့ရပ်ကွက်မှာ ဂျာနယ်ဝယ်ရခက်လို့လား"

ကျွန်တော်က မေးလိုက်မိသည်။

"မခက်ပါဘူးဆရာ။ ကျွန်တော့်မှာမယ့်အစား သူ့ဘာသာသူ ဈေးဘက်ထွက်ဝယ်လည်း ရတာပဲ။ ကျွန်တော်လည်း အဲဒါကိုပြောလိုက်တော့ သူတစ်အောင့်ငြိမ်သွားတယ်။ ခဏကြာမှ မင်းဆီကပဲ ငါစောင့်ဖတ်မယ်ကွာလို့ ပြောတယ်။ ဒါနဲ့ ကျွန်တော်ကလည်း ဘာမှမပြောတော့ဘဲ ယူလာပေးပါ့မယ်လို့ ပြောပြီး အိမ်ကိုဆက်ပြန်ခဲ့တယ်"

"အေးလေ၊ ကြံဖန်ပြီး ကိုယ့်ကိုအားပေးနေတော့လည်း မင်းအတွက် အိုကေတာပေါ့"

ကျွန်တော်က ဆိုလိုက်မိသည်။

"ဟုတ်ပါတယ်။ အိုကေပါတယ်ဆရာ။ နောက်တစ်နေ့မနက် ကျွန်တော်ဆိုင်ကိုလာတော့ သူပြောခဲ့သလိုပဲ ခြံတံခါးဝမှာ ငွေငါးရာတန်တစ်ရွက်ကို ကျောက်ခဲလေးနဲ့ ဖိတင်ထားတာတွေ့ရတယ်"

"ဟေ-တခြားသူကောက်မသွားလို့ တော်သေးတာပေါ့"

"ကောက်ဖို့က သိပ်မလွယ်ဘူးဆရာရဲ့။ ဘာလို့ဆို ကျွန်တော်ကသာ ရှိနေမယ်မှန်းသိလို့ ရှာကြည့်လို့တွေ့တာ။ အချိန်ကလည်း လူသွားလူလာ သိပ်မရှိသေးတဲ့အချိန် အလင်းရောင်ရှိခါစ မနက်ငါးနာရီကျော်ကျော်ရယ်"

ဖိုးတာကဆိုလိုက်သည်။

"မင်းတို့အလုပ်ကပန်းပါ့ကွာ"

"သတင်းစာတွေ၊ ဂျာနယ်တွေက စောစောသွားယူရတာလေ ဆရာရဲ့"

"အေးပါ၊ ငါသိပါတယ်။ ပြောပါဦး မင်းဇာတ်လမ်းကို"

ကျွန်တော်က စိတ်ဝင်စားစွာ တိုက်တွန်းလိုက်သည်။

"ကျွန်တော် သူ့အတွက် မှုခင်းဂျာနယ်တစ်စောင်ဖယ်ထားပြီး ညပြန်တော့ ယူသွားတယ်။ သူ့အိမ်ရှေ့ရောက်တော့ လှမ်းခေါ်သေးတယ်။ ဦးလေး ဦးလေးလို့။ ဦးလေးအရွယ်လို့ထင်လို့လေ။ ဒါပေမယ့် အရိပ်အယောင်မတွေ့ရတာနဲ့ သူပြောခဲ့သလိုပဲ ခြံထဲကိုဝင် တရုတ်ကတ်မှန်ကြားကနေ အိမ်ထဲကို ဂျာနယ်ထိုးထည့်လိုက်တယ်။ အဲဒီညက မီးလာရက်ပေမယ့် အိမ်တစ်အိမ်လုံး မီးမှိတ်မှောင်မည်းနေခဲ့တယ်"

ကျွန်တော်သည် သူ့ဇာတ်လမ်းကို ထက်သန်စွာ နားထောင်နေရာမှ အဖျားရှူးသည်ကဲ့သို့ နိဂုံးချုပ်သွားသည့်အတွက် ဘဝင်မကျစွာ မျက်မှောင်ကုတ်လိုက်သည်။

"မင်းဟာက ဘာမှလဲမဟုတ်ပါလား"

"ဒါက အစပဲရှိသေးတယ်လေ ဆရာရဲ့"

"ဟုတ်လား"

"ဟုတ်ပါတယ် ဆရာ။ ကျွန်တော်လည်း ဒီကိစ္စဒီမှာတင်ပြီးပြီလို့ ထင်မှတ်နေခဲ့တာ။ အဲ- နောက်တစ်ပတ် မီးပျက်တဲ့ညမှာပါပဲ အဲဒီလူက မှောင်ရိပ်ထဲက လှမ်းခေါ်ပြန်ရော"

"မီးလာတဲ့တခြားရက်တွေ အိမ်ပြန်တော့ မင်းသူ့ကိုမတွေ့ဘူးလား"

"ပြန်တိုင်း ကျွန်တော်သူ့အိမ်ဘက် လှမ်းကြည့်ဖြစ်ပါတယ်။ အမြဲမှောင်နေတာပဲ။ အဲဒီတော့ သူမရှိဘူး ဒါမှမဟုတ် စောစောအိပ်တာများလားပဲမှတ်ခဲ့တယ်။ အဲ - အဲဒီနေ့မှာတော့ အဲ - ညမှာပေါ့ သူကလှမ်းခေါ်ပြီးမှာပြန်တယ်။ ငါမျှော်နေတဲ့ သတင်းမပါသေးဘူးလို့ သူကဆိုလိုက်သေးတယ်"

ဖိုးတာ၏ စကားကြောင့် ကျွန်တော်သူ့ကို မျက်မှောင်ကုတ်ကြည့်လိုက်သည်။

"သူမျှော်နေတဲ့သတင်းဟုတ်လား။ မှုခင်းဂျာနယ်မှာမျှော်နေတဲ့သတင်းဆိုတော့ ဘာသတင်းလဲ။ လူသတ်မှုလား၊ ဓားပြတိုက်မှုသတင်းလား၊ လိမ်လည်မှုလား"

ကျွန်တော်ကဆိုလိုက်သည်။

"ကျွန်တော်လည်း သူ့ကိုမေးလိုက်မိပါတယ်။ ဘာသတင်းများမျှော်နေလဲလို့ပေါ့။ အဲဒါ သူက ရေတာရှည်မှာဖြစ်ခဲ့တဲ့ လူသတ်မှုကွာ။ အတွင်းလူက လက်ထောက်ချလို့ ဆိုင်ကယ်ကို လမ်းကဖြတ်လုပြီး လူသတ်တဲ့အမှုတရားခံမိပြီလားလို့တဲ့"

ဖိုးတာ၏စကားကြောင့် ကျွန်တော်ပို၍မျက်မှောင်ကုတ်မိသွားသည်။

"အတိအကျကြီးပဲ။ ဒီအမှုနဲ့သူ ဘယ်လိုပတ်သတ်နေလို့လဲ"

"ကျွန်တော်လည်း အဲဒီအတိုင်း မေးမိပါတယ်။ ဘယ်လိုပတ်သတ်နေလဲလို့ပေါ့"

"အဲဒီတော့သူကဘာပြောလဲ"

"နောက်တော့ မင်းသိလာမှာပေါ့တဲ့"

"အင်း"

ကျွန်တော် ထိုမျှသာ အသံပြုမိလိုက်သည်။

"ကျွန်တော် အိမ်ပြန်ရောက်တော့ အဲဒီအိမ်ကလူအကြောင်း အဖေ၊ အမေတို့ကိုမေးမယ်လို့ စိတ်ကူးထားခဲ့ပေမယ့် မေ့သွားတယ်။ ဒီလိုနဲ့ နောက်တစ်နေ့ည သူမှာထားတဲ့ဂျာနယ်ဝယ်ပေးလိုက်တယ်။ ထုံးစံအတိုင်းပဲ ဂျာနယ်သွားပေးတော့ တရုတ်ကတ်မှန်ထဲကပဲ ထိုးထည့်ပေးခဲ့တယ် လူမတွေ့ဘူး"

"သူပြောတဲ့သတင်းကောပါလား"

ကျွန်တော်က စကားထောက်လိုက်သည်။

"ကျွန်တော် နှံ့နှံ့စပ်စပ်ကြည့်ပါတယ်၊ မပါဘူး။ နောက်တစ်ပတ်မှာလည်း သူမှောင်ရိပ်ထဲကနေ ဂျာနယ်မှာပြန်တယ်။ အဲဒါဟိုတစ်ပတ်ကျော်ကပေါ့။ အဲဒီအပတ်ဂျာနယ်မှာ သူပြောတဲ့ ရေတာရှည်လူသတ်မှု ပါလာတယ်။ တရားခံမိတဲ့အကြောင်းပေါ့၊ ဒီဂျာနယ်"

ဖိုးတာက တစ်ချိန်လုံး သူ့လက်ထဲ ကိုင်ထားခဲ့သော ဂျာနယ်ကို တစ်ချက် ထောင်ပြရင်း ပြောလိုက်သည်။

"ဟုတ်လား"

ကျွန်တော်က ဆိုလိုက်မိသည်။

သူက ဂျာနယ်ကိုဖြန့်၍ စာမျက်နှာလှန် လိုက်သည်။ ထို့နောက် သတင်းကို ထောက်ပြသည်။

"သူပြောသလိုပဲ ငွေသိန်း (၃၀၀) ကျော်ကို ပွဲရုံကိုသွားအပ်ဖို့မှာ လမ်းကနေ ဖြတ်ပြီးလု၊ လူသတ်သွားတာ တရားခံ နှစ်ယောက်။ နှစ်ပတ်အတွင်းမိသွားတယ်။ အသတ်ခံရတဲ့သူက ကိုမျိုးသန်း အောင်တဲ့၊ အသက် (၃၅) နှစ်"

"ဂျာနယ်ဝယ်ခိုင်းတဲ့သူက ဘယ် သူနဲ့ပတ်သက်နေတာလဲ။ တရားခံနဲ့ လား၊ အသတ်ခံရတဲ့သူနဲ့လား"

ကျွန်တော်က ဖြတ်မေးလိုက်မိ သည်။

"ဘယ်သူနဲ့ပတ်သက်တယ်၊ ဘယ် လိုပတ်သက်တယ်ဆိုတာတော့"

ဖိုးတာက တွေးတွေးဆဆဟန်ပြ ပြီးနောက် ကျွန်တော် သူ့အဖြေကိုစောင့် ဆိုင်းနေခဲ့သည်ကို လျစ်လျူရှု၍ သူ့ စဉ်ကို ဆက်ပြောသည်။

"အဲဒီနေ့ညပေါ့။ ထုံးစံအတိုင်း ဂျာနယ်ကို တရုတ်ကတ်မှန်ကြားကနေ ထိုးထည့်ခဲ့ရတယ်။ ဒါပေမယ့် စောစော က ဆရာမေးသလိုပဲ ဂျာနယ်မှာတဲ့သူ



www.burmeseclassic.com

www.burmeseclassic.com

ယ်သူနဲ့ပတ်သက်နေလဲဆိုတဲ့ကိစ္စက ထဲတနှံ့နှံ့ဖြစ်နေတာနဲ့ အိမ်ရောက်တော့ အဖေနဲ့ အမေကို မေးမိတယ်။ အဲဒီအိမ်မှာဘယ်သူနေသလဲပေါ့"

"အဲဒီတော့. . ."

"ဘယ်သူမှမနေဘူး။ တံခါးပိတ်ထားတာကြာပြီ။ ရောင်းမလို့လို့ ကြားတယ်လို့ ပြောတယ်။ အဲဒီမှာ ကျွန်တော် ...မရှုဖြစ်လာတယ်။ ဒါဆို လူသတ်မှုတရားခံဖမ်းမိသလား၊ သတင်းစောင့်နေတဲ့သူဟာ လူသတ်မှုမှာ ကြုံရာပါဖြစ်မယ်။ ငွေတွေသူ့ဆီမှာလား ဒါမှမဟုတ်ဘယ်လိုပတ်သက်နေသလဲ။ ကျွန်တော်တွေးစားမိပြီး ကျွန်တော့်ကိုယ်တွေ့ဖြစ်ရပ်တစ်ခုလုံး အဲဒီအိမ်နဲ့ လတ်တလော ကျွန်တော့်ဖြစ်စဉ်တွေကို ပြောပြလိုက်တယ်"

"အင်း"

ကျွန်တော် ဘာပြောရမှန်းမသိတော့၍ ရေယောင်အင်းလိုက်မိလိုက်သည်။

"သူတို့စိတ်ပူသွားကြတယ်။ လူမနေတဲ့အိမ်မှာ လူဆိုးမှုးဝင်ခိုအောင်းနေသလားလို့စိုးရိမ်မိပြီး ရပ်ကွက်လူကြီးကိုသွားပြောတယ်၊ ရပ်ကွက်လူကြီးတွေက အိမ်ရောင်းအိမ်ဝယ်အိမ်ငှားကိစ္စတွေမှာ အသိသက်သေတွေအနေနဲ့ပါလေ့ရှိတော့ အဲဒီအိမ်ကို မူလပိုင်ရှင်က ရောင်းထားပြီးကြောင်း၊ နယ်ကလူတစ်ယောက်ဝယ်ထားကြောင်း၊ လကုန်မှပြောင်းလာမည့်အကြောင်းပြောတယ်"

"ဒီအတွင်းရပ်ကွက်လူကြီးတွေကိုအပ်ထားတယ်ပေါ့။ ဒါဆို အိမ်မှာ လူဝင်ရင် သူတို့စောင့်ရှောက်ကြည့်ရှုဖို့တာဝန်ရှိတာပေါ့"

ကျွန်တော်က ဆိုလိုက်သည်။

"ဟုတ်တယ်၊ အဲဒါကြောင့် သူတို့က ကျွန်တော်ပြောတဲ့အတိုင်းလိုက်ကြည့်မယ်အလုပ်မှာပဲ ရပ်ကွက်လူကြီးက သတိရပြီး ကျွန်တော့်ကိုမေးလိုက်တယ်။ နေပါဦး၊ သူစောင့်ဖတ်တဲ့သတင်းက ကြာကာရှည်ကလူသတ်မှုသတင်း၊ အသတ်ခံရတဲ့သူက ဘယ်သူလဲ"

လို့ မေးတယ်။

ကျွန်တော်ကလည်း စိတ်ထဲသေသေချာချာမှတ်ထားခဲ့တော့ ပြောလိုက်တယ်။

"ကိုမျိုးသန်းအောင်" လို့။

အဲဒီမှာရပ်ကွက်လူကြီးကထအော်လိုက်တယ်။

"ဟာ - အဲဒါ အိမ်ဝယ်တဲ့သူရဲ့နာမည်ပဲတဲ့"

ကျွန်တော်သည် ဘာပြောရမှန်းမသိ၍ ဖိုးတာ၏ စကားကိုသာ မျက်တောင်တခတ်ခတ်ဖြင့် ဆက်လက် နားထောင်နေမိခဲ့သည်။

"ကျွန်တော်တို့အားလုံး ညတွင်းချင်းပဲ အဲဒီအိမ်ကိုပြေးကြည့်ခဲ့ကြတယ်။ ရပ်ကွက်လူကြီးတွေလက်ထဲမှာ သော့တစ်ချောင်းအပ်ထားတာဆိုတော့ အဲဒီသော့နဲ့ အိမ်ထဲဖွင့်ဝင်ကြတော့ ကျွန်တော်ထိုးထည့်ခဲ့တဲ့ ဂျာနယ်သုံးစောင်စလုံး တရုတ်ကတ်မှန်ပြတင်းပေါက်အောက် ကြမ်းပြင်ပေါ်မှာ ခေါက်လျက်သားပဲ။ အိမ်ထဲကို ဘယ်သူမှဖောက်ထွင်းဝင်ရောက်ထားတဲ့ လက္ခဏာလည်း မတွေ့ဘူး"

ဖိုးတာသည် စကားပြောစရာကုန်သွားသည့်ဟန်ဖြင့် နှုတ်ပိတ်သွားသည်။ ကျွန်တော်ကမူ သူ့ထံမှ စကားထပ်မျှော်လင့်ဟန်ဖြင့် နှုတ်ပိတ်စောင့်ဆိုင်းနေခဲ့၍ အတန်အကြာပင် အခန်းထဲတွင် တိတ်ဆိတ်နေခဲ့သည်။ နောက်ကျွန်တော် ဘဝင်မကျစွာဆိုလိုက်သည်။

"မင်းဟာကဘာလဲကွ"

"အဲဒါပဲ ဆရာ၊ ကျွန်တော်ကလည်း ဘာလဲသိချင်တာပါ။ ကျွန်တော့်စကားကို ကျွန်တော့်မိဘရော ရပ်ကွက်လူကြီးတွေပါ မယုံမကြည်ဖြစ်သွားကြတယ်။ ကျွန်တော်အရက်ကြောင်ကြောင်တာလားလို့ ယုံမှားသံသယဖြစ်သွားကြပုံရတယ်"

ကျွန်တော် ဖိုးတာကို စူးစူးစိုက်စိုက်ကြည့်၍မေးလိုက်သည်။

"မင်းပြောတာအားလုံး အမှန်ပဲပေါ့"

"အမှန်ပဲဆရာ။ အဲဒါဟိုတစ်ပတ်ကဖြစ်တာ။ ကျွန်တော်ဒီအပတ်ဂျာနယ်ထွက်ရက်အထိစောင့်ခဲ့တယ်။ မနေ့ည မီးပျက်ရက်မှာ သူမှောင်ရိပ်ထဲကနေ ဂျာနယ်မှာဦးမလားလို့ မမှာတော့ဘူးလေ"

"မင်းယူဆတာက"

ကျွန်တော် ဖိုးတာကို စေ့စေ့ကြည့်၍မေးလိုက်သည်။

"အဲဒီမျိုးသန်းအောင်ဆိုတဲ့လူက အဲဒီအိမ်ကို သိပ်သဘောကျတာလို့ ရပ်ကွက်လူကြီးတွေကပြောတယ်။ ဒါကြောင့် သူဟာ အသတ်ခံရတော့ သူ့ဝိညာဉ်က အဲဒီနေရာကို စွဲလမ်းပြီးရောက်နေခဲ့တာ။ သူ့ကိုသတ်တဲ့လူကိုဖမ်းမိစေချင်တဲ့ဇောကလည်းရှိပြီး ဂျာနယ်ကိုစောင့်ဖတ်နေခဲ့တာ။ မိသွားပြီဆိုတာသိတော့ အဲဒီနေရာကကျွတ်သွားတာပေါ့"

"အင်း"

ကျွန်တော်ကခေါင်းတညိတ်ညိတ်လုပ်လိုက်မိသည်။

"ရပ်ကွက်လူကြီးတွေကကော"

"ရပ်ကွက်လူကြီးတွေက ကျွန်တော်ဆေးကြောင်တာ၊ အရက်ကြောင်တာလို့မှတ်ချင်ပေမယ့် ကျွန်တော် အဲဒီလိုမလုပ်မှန်းသိတော့ ကိုမျိုးသန်းအောင် အဲဒီအိမ်ကို ဝယ်ထားကြောင်းသိပြီး ကိုမျိုးအောင်သတ်ခံရမှုနဲ့ တရားခံဘက်ကဖြစ်စေ၊ ကိုမျိုးသန်းအောင်ဘက်ကဖြစ်စေ ပတ်သက်တဲ့သူတစ်ယောက် အဲဒီအိမ်မှာဇောင်ခိုအောင်းသွားတယ်လို့ ယူဆချင်ကြတယ်"

ဖိုးတာကဆိုလိုက်သည်။

"ယူဆချင်ကြတယ်ဆိုတော့ မယူဆဘူးလား"

ကျွန်တော်ကမေးလိုက်သည်။

"ကျွန်တော်ပြောခဲ့သလိုပေါ့ဆရာ။ အိမ်ထဲကိုတစ်စုံတစ်ယောက်ဝင်ရောက်နေထိုင်တဲ့ လက္ခဏာလည်း မတွေ့ဘူး။ အဲဒီ ကျွန်တော်ပြောတဲ့ ရက်သတ္တပတ်သုံးပတ် (၂၀) ရက်ကာလအတွင်းမှာ အဲဒီနားမှာ ဘယ်သူ့ကိုမှ ဘယ်သူကမှ အရိပ်အယောင်တောင်မမြင်ခဲ့ရပါဘူးဆိုတော့"

"အင်း - စဉ်းစားစရာပဲ"

ကျွန်တော်က မှတ်ချက်ချလိုက်မိသည်။

"ဆရာကော ဘယ်လိုသဘောရလဲ"

ဖိုးတာက မေးလိုက်သည်။

"အင်း. . ."

ကျွန်တော်သည် နံရံတွင်ချိတ်ဆွဲထားသည့် စိတ္တဇပန်းချီကားတစ်ချပ်ကို အဓိပ္ပာယ်မဲ့ ငေးကြည့်ရင်း ဖြေလိုက်မိသည်။

"စဉ်းစားရဦးမယ်"

ဘိုးဆောင်

ဝန်ခံချက် -

*The Mysterious Lodger* by *Harold Shcende* ကို မြန်မာပြုပါသည်။



www.burmeseclassic.com

www.burmeseclassic.com

**ဝါသနာ**

ဤအကြောင်းကို ပြောပြရသော် ကျွန်ုပ်၏ ကိုယ်ရေးကိုယ်တာများအား ဦးစွာပြောပြမှ ပြည့်စုံပေမည်။ ပတ္တမြား မြေခေါ် မိုးကုတ်မြို့တွင် ရှေးအစဉ်အလာအားဖြင့် နေထိုင်ခဲ့ကြသူများမှာ ရှမ်းနှင့် ပလောင်များသာ အများအားဖြင့် နေထိုင်ခဲ့ကြသဖြင့် ဒေသခံများဟု ဆိုရပေမည်။

နောင်သော် ဗမာများ၊ လီဆူးများ (ဂေါ်ရခါး(နီပေါ)လူမျိုးများ) စသည်ဖြင့် ကိုင်းရင်းသားအတော်များများအခြေချ နေထိုင်ခဲ့ကြလေ၏။

ကျွန်ုပ်တို့ကိုမူ ပြောင်ခေါင်းဒေသ၌ အခြေချနေထိုင်သဖြင့် ပြောင်ခေါင်း လီဆူးဟု ခေါ်တွင်ကြလေ၏။ လီဆူးတွင်လည်း ခရစ်ယာန်လီဆူး၊ နတ်စားလီဆူး ဟူ၍ မိမိတို့မိရိုးဖလာအရ ကိုးကွယ်မှုဘာသာ ကွဲပြားကြလေ၏။

ပြောင်ခေါင်းဒေသသည် လျှိုလွင်ပြင်ကိုင်းတောကြီးရှိခဲ့ဖူးရာ ထိုကိုင်းတောကြီးတွင် တောကျွဲဖြစ်သော ပြောင်များ နေထိုင်ကျက်စားခဲ့သဖြင့် ပြောင်သေတို့၏ရုပ်ကြွင်းဖြစ်သော ပြောင်ခေါင်းရိုးများ ထိုလွင်ပြင်တွင် လယ်များဖော်ထုတ်စဉ် ကတွေ့ရှိခဲ့သဖြင့် ပြောင်ခေါင်းဒေသဟု ခေါ်တွင်ခဲ့ကြခြင်း ဖြစ်သည်။ ထိုဒေသမှ ထွက်သော အညှံ့အုပ်စုဝင် ဖက်ဖူးစိမ်းရောင်အညှံ့နွယ်ဝင်ကျောက်များကိုလည်း ပြောင်ခေါင်းစိမ်း ဟူ၍ ဒေသကိုစွဲလျက် မည်တွင်ခဲ့လေ၏။ ထို့ပြောင်ခေါင်းစိမ်းကျောက်သည်လည်း အစစ်ဆိုပါက တန်းဝင်ရတနာဖြစ်ပါသည်။

ကျွန်ုပ်တို့မောင်နှမများကိုမူ နတ်စားမိဘများမှ မွေးဖွားခဲ့သဖြင့် နတ်စားလီဆူးများဟု အများကခေါ်တွင်ကြပါသည်။ နတ်ကိုကိုးကွယ်သူများအား နတ်စားများဟုခေါ်ခြင်း ဖြစ်သည်။ နတ်စားဟူသည်မှာလည်း မြန်မာနိုင်ငံတွင် ကိုးကွယ်သော အတွင်း(၃၇)မင်း၊ အပြင်(၃၇) မင်း ဟူသောနတ်များ မဟုတ်ပါ။ ကျွန်ုပ်တို့ ထိုနတ်တို့ကိုသိလည်း မသိကြပါ။ ကျွန်ုပ်တို့လူမျိုးများသည် တရုတ်မျိုးနွယ်စုများဖြစ်ခဲ့ကြသည့်အားလျော်စွာ တရုတ်ထုံးစံအတိုင်း ကိုးကွယ်ခြင်း၊ နှစ်သစ်ကူးခြင်းပြုကြပါသည်။

ကျွန်ုပ်တို့၏ နှစ်သစ်ကူးကာလသည် တရုတ်နှစ်သစ်ကူးကာလဖြစ်ပြီး ခရစ်ယာန်လီဆူးတို့၏ နှစ်သစ်ကူးမှာ ခရစ္စမတ်အချိန်အခါ ဖြစ်ပါသည်။

ကျွန်ုပ်တို့ အဓိကအလေးထားရသူမှာ နတ်ဆရာ ဖြစ်ပါသည်။ သာရေးနာရေး၊ လူ့ရေးတန်းရေးကိစ္စအဝဝအ

## နေပြည်တော်ကျော်ကျော်စိုး

### သူတော်စင်ပေးသောအသက်





www.burmeseclassic.com

www.burmeseclassic.com

ာက် နတ်ဆရာမှာ မပါမပြီးဖြစ်သည်။ တ်ဆရာကို အရာရာတိုင်ပင်ရ၏။ နတ်ဆရာ၏ဩဝါဒကိုခံယူကြရပါသည်။ဆိုရသော် ဘုန်းကြီးသဖွယ်ဖြစ်၏။

ထိုစဉ်ထိုကာလသည် ကျွန်ုပ်တို့ လီဆူးလောကတွင် ခရစ်ယာန်နှင့် နတ်ကိုးနှစ်မျိုးသာရှိနေသေးသောအချိန် ဖြစ်ပြီး နတ်စားများ ဗုဒ္ဓဘာသာသို့မပြောင်းသေးသောအချိန် ဖြစ်သည်။

ကျွန်ုပ်တို့ လီဆူးအများစုသည် တောင်ပေါ်မှ မြို့ပြတွင်နေကြပါစေ၊ မျိုးရိုးဗီဇဖြစ်သော တောလိုက်ခြင်းအလုပ်ကိုမှ





www.burmeseclassic.com

www.burmeseclassic.com

လွန်စွာဝါသနာပါကြလေ၏။ ထို့ကြောင့် တစ်ကိုယ်တော်တောလိုက်ခြင်း၊ အုပ်စုလိုက်တောလိုက်ခြင်း၊ လုံ့ချက်ထောင်ခြင်း၊ သုတ်ကိုင်းထောင်ခြင်း၊ ကျင်းထောင်ခြင်း၊ ကျော့ကွင်းထောင်ခြင်း စသည်ဖြင့် အလျဉ်းသင့်သလို မုဆိုးအလုပ်ကိုလုပ်တတ်ကြပါသည်။

ကျွန်ုပ်တို့၏ မိဘဘိုးဘွားအစဉ်အဆက်မှ စီးဆင်းခဲ့သော မုဆိုးသွေးသည် ကျွန်ုပ်ထံသို့ပါ စီးဆင်းဝင်ရောက်ခဲ့သဖြင့် ငယ်စဉ်မှသည် တောလိုက်ခြင်းအလုပ်ကို ဝါသနာထုံခဲ့ပါသည်။

ပြောင်ကဲ့သို့သော ဂုဏ်ယူဖွယ်သားကောင်ကြီးများရရှိခဲ့ပါက ပြောင်ဦးခေါင်းခွံနှင့် ဦးချိုကိုတွဲလျက် ဧည့်ခန်းတွင် ချိတ်ဆွဲဂုဏ်ယူတတ်ကြပါသည်။ ထိုပြောင်ကြီးအား မည်သို့မည်ပုံပစ်ခတ်ခဲ့သည်ကိုလည်း ပြော၍မဝနိုင်အောင်ရှိရသည်။ ဤသည်ပင် မုဆိုး၏ အလွန်လျှာတွေ့သောစကားစုတို့ ဖြစ်ပါသည်။

ကျွန်ုပ်တစ်ကိုယ်တော်တောလိုက်ရာမှ ပြောင်ထီးကြီးနှစ်ကောင်ရခဲ့ဖူးရာ ထိုအောင်မြင်ခြင်း၏ အရသာသည် မုဆိုးအလုပ်ကို ပိုမိုစွဲမြဲစေရန် တွန်းအားဖြစ်စေခဲ့၏။

ကျွန်ုပ် အသက် (၂၀) တွင် အိမ်ထောင်ကျပါသည်။ ကျွန်ုပ်အိမ်ထောင်ဖြူသူ အမျိုးသမီးကား လူမျိုးသာတူသော်လည်း ဘာသာအားဖြင့် မတူကြပါ။ ကျွန်ုပ်တို့နှစ်ဦး၏ ချစ်ခြင်းမေတ္တာတွင် ဘာသာရေး ဟူသော စည်းမထားကြပါ။ အငြင်းအခုံလည်းမရှိကြပါ။

နတ်စားဖြစ်သော ကျွန်ုပ်၏မိဘများမှာမူ ကျွန်ုပ်အပေါ် ဆတ်ဆတ်ခါနာကြပါသည်။ ဘာသာတူမိန်းကလေးများ များစွာရှိပါလျက် ဘာသာမတူသူမိန်းကလေးကိုယူရပါ့မလား ဟူ၍ အပြစ်တင်မဆုံးရှိကြပါသည်။

သို့နှင့် ကျွန်ုပ်တို့သည် ပြောင်ခေါင်းဒေသကို စွန့်ခွာလျက် မိုးကုတ်မြို့ကြီးသို့ ပြောင်းရွှေ့ခဲ့ကြပြီး ဇနီးမောင်နှံနှစ်ဦးစလုံး ကျောက်ရောင်းဝယ်ခြင်းလုပ်ငန်းကို စတင်လုပ်ကိုင်ပါသည်။

ကျွန်ုပ်သည်လည်း အများနှင့်ဝင်ဆံ့နိုင်ရန်အတွက် လည်းကောင်း၊ ဇနီးကို ချစ်သည်က တစ်ကြောင်းကြောင့် ခရစ်ယာန်ဘာသာထဲသို့ဝင်လိုက်ပါတော့သည်။

ထိုသို့ ခရစ်ယာန်ဘာသာထဲသို့ဝင်ရောက်ပြီးသောအခါ ထာဝရဘုရားသခင်သည် ကျွန်ုပ်နှင့်အတူအမြဲရှိသည်ဟု ယုံကြည်ထားလိုက်ပါတော့သည်။ ကြံတိုင်းအောင်ရမည်၊ ဆောင်တိုင်းမြောက်ရမည်ဟုလည်း ယုံကြည်ထားလိုက်တော့၏။

ထိုယုံကြည်မှုနှင့်အတူ ကျွန်ုပ်စီးပွားရှာခဲ့ရာ မိုးကုတ်တွင် နာမည်ကြီးသူဌေးတစ်ဦး ဖြစ်လာခဲ့ပါတော့သည်။ ကျွန်ုပ်ကို မမြင်ဘူးလျှင်သာရှိမည်၊ ကျောက်လောကတွင် မကြားဘူးသူဟူ၍လုံးဝမရှိပါ။ သူကြီးမဆိုထားဘိ မိုးကုတ်တစ်ခွင်၌ ကလေးကအစသိ၏။

ထိုသို့ အကြီးအကျယ် ချမ်းသာကြွယ်ဝလာသောအခါ ထိုခေတ်ထိုအခါသည် သူဌေးများ လိုင်စင်ဖြင့်သေနတ်ကိုင်ကြသောခေတ်ဖြစ်ရာ ကျွန်ုပ်လည်း လိုင်စင်ဖြင့် သေနတ်ကိုင်ပါသည်။ ထိုသို့ကိုင်ရာတွင် အမဲပစ်ရိုင်ဖယ်သေနတ်လည်း ပါပါသည်။ ထိုသို့ အဆင့်မြင့်တောပစ်သေနတ်ရသောအခါ ပြောင်ခေါင်းတွင်ထားသော ကျွန်ုပ်၏ တူမီးသေနတ်ကို စွန့်လွှတ်လိုက်ပါသည်။ ကျွန်ုပ်သည် ကားစောင့်ရန် တပည့်တစ်ဦးကိုခေါ်ကာ ကားအား ကားလမ်းတစ်နေရာတွင်ထားလျက် တစ်ကိုယ်တော်တောထဲသို့ဝင်၍ တောပစ်လေ့ရှိသည်။

ဘုရားသခင်စောင်မ၍လောမသိ၊ ဝင်လိုက်တိုင်းပင် ချေ သို့မဟုတ် ဆတ် သို့မဟုတ် တောဝက်တစ်ကောင်ကောင်တော့ ရလာတတ်၏။ ဝါသနာကြီးသော တောလိုက်ခြင်းအလုပ်ကား အရသာရှိလှပါဘိ။

ကျောက်ဝယ်တိုင်းလည်း မြတ်၊ တွင်းထောင်တိုင်းလည်း အောင်၊ တောလိုက်တိုင်းလည်းတောကောင်ရနေသောအခါ ကျွန်ုပ်၏ဘဝကား လွန်စွာချိုမြိန်လွန်းလှပါ၏။ ဤသည်မှာ ကျွန်ုပ်၏ဘဝအကြောင်းပင် ဖြစ်ပါတော့သည်။

**ဆတ်ကြီးနောက်သို့**

ကျွန်ုပ် အသက် (၄၀) ကျော်လာသောအခါ ကျွန်ုပ်၏ပြည့်စုံမှု၊ အနေအထိုင်ကောင်းမှု၊ ဘာသာယုံကြည်မှုတို့ကြောင့် ကျွန်ုပ်အား လီဆူးခရစ်ယာန်အသင်း၏ ဥက္ကဋ္ဌအဖြစ်သို့ တင်မြှောက်ကြပါသည်။ ကျွန်ုပ်၏ သားသမီးများလည်း အရွယ်ရောက်ခဲ့ကြပြီ ဖြစ်ပါသည်။

မိသားစုစားရန်အတွက် လည်းကောင်း၊ မိတ်ဆွေများအား လက်ဆောင်ပေးရန်အတွက် လည်းကောင်း ကျွန်ုပ်ဝါသနာကြီးလှသော မုဆိုးအလုပ်ကိုမူ တစ်လလျှင် နှစ်ကြိမ်မျှ ပုံမှန်လုပ်လေ့ရှိ၏။

တောမှာမွေး၍ တောမှာကြီးခဲ့ရသော ကျွန်ုပ်သည် မည်မျှကြွယ်ဝချမ်းသာနေပါစေ တောကိုချစ်သောစိတ်ကြောင့် တောကိုစွန့်လွှတ်နိုင်စွမ်းမရှိပါ။ သေနတ်တစ်လက်ဖြင့် တောထဲသို့ဝင်လိုက်ရလျှင် စိတ်တို့သည် နှပျိုလန်းဆန်းတက်ကြွသွားပါတော့သည်။

တစ်နေ့တွင် ကျွန်ုပ်သည် ကျွန်ုပ်၏တပည့် အားဆာအား ခေါ်လျက် တောလိုက်ရန် ကျွန်ုပ်၏တိုယိုကာကားလေးဖြင့် မန္တလေးလမ်းအတိုင်း စုန်ဆင်းခဲ့လေ၏။

စိန်အင်း တည်းဟူသော ခရစ်ယာန်လီဆူးရွာလေးသို့ရောက်သောအခါ ကားနှင့် အားဆာအားထားခဲ့ပြီး မြောက်ဘက်စူးစူးတောနက်ထဲသို့ တိုးဝင်ခဲ့ပါသည်။ ဤရှေ့ဤမြေ၌ဝန်းကျင်၏တောတို့သည် ကျွန်ုပ်နှင့်ယဉ်ပါးနေခဲ့ပါသည်။

ကျွန်ုပ်သည် တစ်ကိုယ်တော်တောလိုက်ရခြင်းကို နှစ်သက်၏။ တစ်ကိုယ်တော်တောလိုက်ခြင်းကား လွတ်လပ်၏။ ပေ့ါပါး၏။ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိ၏။ မည်သူ့ကိုမျှ ငဲ့ကွက်စရာမရှိ။ အရာရာကို ကိုယ်ပိုင်ဆုံးဖြတ်နိုင်၏။

ကျွန်ုပ်သည် ငယ်စဉ်မှသည် လွန်စွာ သန်မာထွားကျိုင်းသူဖြစ်ရာ ခွန်အားဗလလည်း ပြည့်စုံသူ ဖြစ်သည်။ ထို့ကြောင့် အတော်အတန် သားကောင်ရခဲ့သော် အခက်အခဲမရှိ တောတွင်းမှ ထမ်းထုတ်နိုင်၏။

ကျွန်ုပ်သည် တောနက်ထဲရောက်သည်နှင့် မျက်စိလျင်လျင်နားလျင်လျင်ဖြင့် ခြေသံလုံလုံလျှောက်ကာ သားကောင်တို့ကို ရှာဖွေနေမိပါသည်။

မြောင်တစ်ခုသို့ အရောက်တွင် မြောင်အတွင်းရှိ စိမ့်အိုင်တစ်ခုတွင် ရေငုံ့သောက်နေသော ဆတ်ထီးကြီးတစ်ကောင်ကို မြင်လိုက်ရရာ သစ်ပင်ကြီးတစ်ပင်ကို အကာအကွယ်ယူကာ ရှေ့လက်ပြင်ကို အပီအပြင်ချိန်၍ ခလုတ်ကို အသက်အောင့်ပြီးညှစ်လိုက်သည်။ 'ဒိုင်း' ဟူသော ကျည်ပေါက်ကွဲသံသည် တောတစ်ခုလုံး ဟိန်းထွက်သွားလေ၏။

ထိမှန်သက်ရောက်မှု၏ တန်ပြန်အရသာအဖြစ် လက်ထဲတွင် စီး[illegible] ခံစားလိုက်ရ၏။ ဆတ်ထီးကြီးသည် ကျည်၏တွန်းကန်အားကြောင့်လျှပ်တစ်ပြက်လဲကျသွားပြီး အုံ့[illegible]ရာကောင်း



www.burmeseclassic.com

www.burmeseclassic.com

သောက်အောင်ပင် ဒယီးဒယိုင်ဖြင့် ပြန်လာကာ တောထဲသို့ ရှေ့လက်ထောက်နဲ့ ထောက်နဲ့ဖြင့် ဝင်ပြေးလေတော့၏။

တစ်သက်တွင် ဤတစ်ကြိမ်သာ ဤသို့ကြုံဖူးလေ၏။ ဤကဲ့သို့သော ခေတ်မီသေနတ်မဆိုထားဘိ လက်လုပ်ဒုမ်းသေနတ်ဖြင့် တောပစ်စဉ်ကပင် သေနတ်သံတစ်ချက်ထွက်ပါက တောကောင်တစ်ကောင်ရပြီး ဖြစ်၏။ ကျွန်ုပ်၏လက်ကို ကျွန်ုပ်ယုံ၏။

ယခုသော်မူ တစ်ချက်နှင့်ပွဲပြီးရည်ဖြစ်သော်လည်း ချက်ကောင်းထိပါလျက် ထိုဆတ်ကြီး အဘယ်ကြောင့် ပြေးရသနည်း။ ထိုအဖြစ်မျိုး လုံးဝမကြုံဘူးချေ။

သို့သော် ဒဏ်ရာပြင်းထန်စွာရအားသောဆတ်ကြီးသည် ကျွန်ုပ်လက်မှ လွတ်နိုင်ဖွယ်မရှိပေ။ တောထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားသော်လည်း အလွယ်တကူပင် သွေးစက်တို့ကို ခြေရာခံလျက်လိုက်နိုင်ခဲ့၏။

ကုန်းမို့မို့တစ်ခုပေါ်မှ နောက်သို့ ပြန်လည်မျှော်ကြည့်နေသော ဆတ်ကြီးကို ရုတ်တရက်မြင်လိုက်ရရာ ထိုးထိုးချိန်ချိန်ပင် အလျင်အမြန်ထပ်၍ပစ်လိုက်ပြန်၏။ သေနတ်ကျည်၏ပေါက်ကွဲသံသည် တောတစ်ခုလုံးဟိန်းထွက်သွားပြန်ပါသည်။ ဆတ်ကြီးအား ထိဟန်မရှိချေ၊ ဆတ်ကြီးပျောက်ကွယ်သွားပြန်၏၊ မကျေမနပ် တောက်ခေါက်လိုက်မိ၏၊

"တောက်"

ကျွန်ုပ်သည် ဒေါသပြင်းထန်စွာ ရွက်လျက် ဆတ်ကြီးသွားရာနောက်သို့ သွေးစက်ခြေရာခံကာဆက်၍လိုက်နေပြန်၏။ တောသည် ငြိမ်သက်တိတ်ဆိတ်လျက်ရှိကာ နက်သည်ထက် နက်ရှိုင်းလာခဲ့တော့၏။

'မင်းကိုမရရင်ငါမပြန်ဘူးဟေ့'

ဟု စိတ်ထဲမှ ကြိမ်းဝါးနေမိ၏။ ခံချင်စိတ်၊ ဒေါသစိတ်၊ ရှက်စိတ်တို့ ရောထွေးကာ ကျွန်ုပ်သည် ဆတ်ကြီးနောက်သို့ သဲသဲမဲမဲလိုက်နေတော့၏။

**မျှော်လင့်သောအန္တရာယ်**

မိဘဘိုးဘွားတို့၏ပြောပြချက်အရ ညို့၁က်နက်နဲသောတောတို့သည် ဂမ္ဘီရဆန်သော အဖြစ်အပျက်တို့ ဖြစ်တတ်ကြောင်း သိရသော်လည်း ကိုယ်တွေ့မကြုံဘူးသေးသောကျွန်ုပ်ကား ယုံကြည်ခြင်း မရှိခဲ့ပါ။

တောခြောက်ခြင်း၊ တောနတ်တို့ လှည့်စားခြင်းဟူသော အကြောင်းအရာတို့သည် ခရစ်ယာန်ဘာသာထဲသို့ရောက်သွားသောအခါ ပို၍ပင် မယုံကြည်အောင်ရှိတတ်၏။

ယခုလည်း ချက်ကောင်းထိမှန်၍ လဲကျသွားပါလျက် ပြန်ထပြေးသည်ဟူသည်မှာ ကြုံတောင့်ကြုံခဲဖြစ်၍ တောနတ်များ လှည့်စားလေသလား ဟူ၍ သံသယဝင်မိ၏။ သို့သော် နီရဲသော သွေးစက်တို့မှာ မျက်မြင်သက်သေဖြစ်နေသဖြင့် အမှန်တကယ် ဆတ်ကြီးဖြစ်ရမည်ဟုသာ ကိုယ့်ကိုယ်ကိုယ် အားပေးလျက်ယုံရပါတော့သည်။

ခရီးကား အတန်ပင်ဝေးခဲ့ပြီဖြစ်ပါသည်။ နာရီကိုကြည့်လိုက်သော် နေ့ (၂) နာရီထိုးရန် မိနစ်အနည်းငယ်သာ လိုပါတော့သည်။ ရှေ့တည့်တည့်တွင် စကျင်ကျောက်တောင်ကြီးခံ၍နေ၏။ သွေးစက်တို့သည် ထိုကျောက်တောင်ကြီးပေါ်သို့တက်သွားရာ ဆတ်ထီးကြီး ခိုလှုံရာ ကျောက်ဂူသည် ထိုတောင်ပေါ်တွင်ရှိရမည်ဟု တထစ်ချ တွက်ဆမိလိုက်၏။

သို့ကြောင့် ကျွန်ုပ်သည် အားတက်သရော ကျောက်တောင်ပေါ်သို့ စတင်တက်လိုက်၏။ ထိုတောင်စောင်းတစ်လျှောက်တွင် သစ်အယ်ပင်များသာ အများအပြား ပေါက်ရောက်နေရာ အလွန်ပင်လှပပါသည်။ ကျောက်ကြားများတွင်ပေါက်၍ အပင်တို့မကြီးလှပါ။

စကျင်ကျောက်တောင်၏အပေါ်ယံလွှာမှာ ကျောက်လှူပ်များဖြစ်နေသဖြင့် သတိကြီးစွာတက်နေရလေ၏။သွေးစက်မှာ ကျောက်မိုးတစ်ခုအောက်တွင် ပျောက်ကွယ်သွားရာ ဆတ်ကြီးသည် ထိုကျောက်မိုးအောက်ရှိ ကျောက်ဂူအတွင်းတွင်ရှိရမည်ဟု ရှေ့သို့လောကြီး၍ ကျောက်စွန်းတစ်ခုကိုနင်း၍ လှမ်းအကြည့်တွင် ကျွန်ုပ်နင်းမိသောကျောက်လှူပ်သည် ရုတ်ခြည်းလျှောကျသဖြင့် ကျွန်ုပ်သည်လည်း ဟန်ချက်ပျက်ကာ တောင်စောင်းမှသည် တောင်အောက်သို့ ကျောက်လှူပ်ကြီးနှင့်အတူကျကာ ဦးခေါင်းနှင့်ကျောက်သားဆောင့်မိလေတော့၏။

"ဒွိန်း"

ဟူသော ဆောင့်မိသံ၊ ကျောက်တုံးကြီး၏တဝေါဝေါကျသံတို့အား လျှပ်တစ်ပြက် ကြားလိုက်ရပြီး လူ့လောကကြီးကို ကျွန်ုပ် မေ့လျော့သွားတော့၏။

အမှန်သော် မှောင်အတိကျသွားခြင်းပင်ဖြစ်သည်။

**တောခွေးများ**

မည်သို့မည်ပုံ ပူလောင်လွန်းလှသော ကန္တာရလွင်ပြင်ကြီးထဲသို့ရောက်နေသည် မသိ။ ကျွန်ုပ်သည် ဦးတည်ရာမဲ့ လျှောက်သွားနေမိ၏။ ဖိနပ်မပါ၍ ခြေတို့လည်း ပူလောင်ကျိန်းစပ်နေ၏။

အရိပ်ခိုစရာဟူ၍မရှိ။ ရေဟူ၍လည်း အရိပ်မျှပင်မမြင်ရ။ စိမ်းစိုသော မြက်ခင်းတို့လည်းမရှိ။ ဘယ်ဆီကြည့်ကြည့် မဆုံးနိုင်သော လွင်ပြင်ကြီးကိုသာ မြင်တွေ့နေရ၏။ မြေသားတို့သည် ကျောက်စရစ်လွှမ်းကာ နီကြင်ကြင်အရောင်ရှိ၏။

ပူပြင်းလွန်းလှသော နေရောင်ခြည်အောက်ဝယ် ကျွန်ုပ်သည် မရပ်မနား လျှောက်သွားနေမိရာ လွင်ပြင်ဆုံးလျှင် နားခိုရာတစ်ခုခုတော့ရှိရမည်ဟု အားတင်းကာ လျှောက်နေမိ၏။ အပူဒဏ်ကြောင့် ချွေးတို့ရွှဲရွှဲစိုနေ၏။ ရေဆာလိုက်သည်မှာလည်း အာခေါင်များပင် ကွဲလုမတတ်ရှိလေ၏။

ထိုသို့ရှိစဉ် ခွေးဟောင်သံများကြားလာရ၏။ ထိုခွေးတို့သည် တောခွေးများဖြစ်သည်ကို ကျွန်ုပ်အလိုလိုသိလိုက်၏။ တောခွေးများ၊ ခွေးအများကို တောထဲ၌ ကျွန်ုပ်ကြိမ်ဖန်များစွာမြင်ဖူး၏။ သို့သော် အုပ်လိုက်သင်းလိုက်မြင်ဖူးခြင်းကား မဟုတ်။ တစ်ကောင်စ၊ နှစ်ကောင်စသာ မြင်ဖူးခြင်းဖြစ်ရာ ကျွန်ုပ်အား အန္တရာယ်မပြုနိုင်ကြပါ။

ယခု ခွေးအုပ်မှာမူ အကောင်ပေါင်းရာချီ၍ ချီတက်လာသော ခွေးသံတို့ဖြစ်ရာ လွန်စွာဆူညံလွန်းလှ၏။ ထိုမျှများပြားသောခွေးအုပ်ဖြစ်ခဲ့ပါမူ ကျွန်ုပ်ကို သားကောင်အဖြစ် ဖမ်းယူစားသောက်ကြမည်မှာ သေချာလှပေ၏။ ထို့ကြောင့် ကျွန်ုပ် အားရှိအားကုန်ပြေးမိတော့၏။

ကျွန်ုပ် အားကိုးသော သေနတ်၊ ကျွန်ုပ်၏ အမဲဖျက်ရာတွင်သုံးသော တောလိုက်ဓားမြှောင်တို့ ကျွန်ုပ်ထံ၌ပါးတွင် မရှိကြပါ။ ဘယ်ဆီရောက်၍ဘယ်ဆီပေါက်ကုန်သည် မသိ။ အားကိုးအားထားပြုစရာမှာ ပြေးလွှားနိုင်သော ခြေထောက်များသာ ဖြစ်ချေ၏။

ခွေးအုပ်သည် ကျွန်ုပ်နောက်သို့ ထက်ကြပ်မကွာလိုက်လာကြောင်းလှည့်ကြည့်၍ သိရ၏။ ဒေါမာန်အပြည့်ဖြင့် သွားဖြီးကာလိုက်နေသော ခွေးအုပ်ကား



www.burmeseclassic.com

www.burmeseclassic.com

မီလုမီခင်ဖြစ်ရာ အားကောင်းမောင်းသန် ကျွန်ုပ်ကလည်း အားကုန်စိုက်၍ပြေးနေရလေ၏။

ရှေ့မှာလည်း လွင်ပြင်၊ နောက်မှာလည်း လွင်ပြင်၊ ဘေးဘယ်ညာမှာလည်း လွင်ပြင်ကြီးဖြစ်ရာ ပုန်းခိုစရာဟူ၍ လုံးဝမရှိသောအဖြစ်ကြောင့် ခွေးအုပ်ရန်မှ လွတ်အောင်သာ ပြေးနေရလေ၏။ ကြောက်စိတ်ကြောင့် မောရ၍မောရမှန်း မသိချေ။ နောက်က ခွေးသံတညံညံကြောင့် မနားတမ်းပြေးနေရလေ၏။

ထိုအခါ သားကောင်တို့ကိုတစိုက်မတ်မတ်လိုက်၍ပစ်ခတ်ခဲ့သော မုဆိုးကျွန်ုပ်သည် ယခုအခါတွင်မူ တောခွေးတို့၏လိုက်ခြင်းခံရကာ တောခွေးတို့၏ သားကောင်ဖြစ်၍နေရပေပြီဟု သံဝေဂစိတ်ဖြင့် တွေးမိလိုက်၏။

ပြေးနိုင်မှ တော်ရုံကျမည်ကို သိသော ကျွန်ုပ်သည် ချွန်ထက်သော ခွေးစွယ်တို့ရန်မှလွတ်ရန် ရှေ့တူရူသို့ အားကုန်ပြေးလွှားနေပါသော်လည်း လွင်ပြင်ကား အဆုံးအစရှိဟန်မတူသောလွင်ပြင်ကြီးဖြစ်၍နေလေ၏။ အနားရှေး တည်းဟူသော တောတောင်ရိပ်တို့၏ အစကိုသော်မှ မမြင်ရပေ။

တဝေါင်းဝေါင်းဖြင့်လိုက်နေသော တောခွေးသံတို့ကားညံ၍နေ၏။ ကျွန်ုပ်၏ခြေသလုံးကိုများ ကိုက်ဆွဲလိုက်လေမလားဟူ၍လည်း စိုးရိမ်နေရသည်။ အကယ်၍သာ ကိုက်ခဲမိချေသော် ကျွန်ုပ်၏ ခန္ဓာကိုယ်သည် မိနစ်ပိုင်းအတွင်း တစ်စစီဖြစ်သွားနိုင်ပေ၏။ တွေးဝံ့စရာပင်မရှိချေ။

ပြေးရင်းလွှားရင်း ငတ်လိုက်သည့်ရေမှာလည်း ပြောစရာမရှိပေ။ ကျွန်ုပ်ပြေးလွှားနေရသည်မှာ နာရီပေါင်းမည်ရွေ့မည်မျှကြာသည်ကိုပင် မတွက်ဆနိုင်တော့ပေ။

ထိုသို့ ပြေးလွှားနေရာမှ ခွေးသံတို့သည် တစ်စနှင့်တစ်စဝေး၍ဝေး၍ကျန်ရစ်ခဲ့ရာ ကျွန်ုပ်အား ခွေးတို့လိုက်ခြင်းမှ လွတ်မြောက်ကြောင်း အလိုလိုသိလိုက်၏။ ထို့ကြောင့် နောက်သို့လှည့်ကြည့်လိုက်ရာ ခွေးတို့တစ်ကောင်မှ မတွေ့ရတော့ပေ။ ခြေကုန်လက်ပန်းကျနေသော ကျွန်ုပ်သည် မောဟိုက်ခြင်းကြီးစွာဖြင့် ပူလောင်သောလွင်ပြင်ထဲတွင် လှဲချလိုက်မိ၏။ ဆာလိုက်သည့်ရေမှာလည်း အလွန်ပင်ဖြစ်သည်။ ထို့ကြောင့် လွင်ပြင်နီကြီးထဲတွင်ရေမရှိမှန်းသိပါသော်လည်း ရေကိုတမ်းတနေမိ၏။

"ရေ. . . ရေ. . . ရေ. . . ရေ"

**သူတော်စင်ရသေ့၏ကျောက်ဂူ၌**

"ရေ. . . ရေ. . . ရေ. . . ရေ"

ကျွန်ုပ်သည် အလွန်ခြောက်သွေ့နေသောအာခေါင်ဖြင့် ရေကို မပီမသ တမ်းတရေရွတ်မိ၏။ ကျွန်ုပ်အတမ်းတအမက်မောဆုံးအရာသည် ယခုအချိန်တွင် ရွှေမဟုတ်၊ ငွေမဟုတ်၊ ပတ္တမြားမဟုတ်၊ သားကောင်မဟုတ်၊ ဇနီးသားသမီးမဟုတ်၊ အခြံအရံမဟုတ်၊ ထင်ပေါ်ကျော်ကြားမှုမဟုတ်၊ ဘာသာရေးမဟုတ်၊ လူမှုရေးမဟုတ်၊ ရေသာဖြစ်သည်။

ရေကြည်တစ်ပေါက်မျှ သောက်လိုက်ရလျှင် ဘဝတွင်ပြီးပြည့်စုံမှုတို့ဖြင့် မည်မျှပျော်စရာကောင်းလိုက်ပါမည်နည်း။ ထို့ကြောင့် လုံးဝရေမရှိနိုင်သောနေရာတွင် ရေကိုတမ်းတမိခြင်း ဖြစ်လေ၏။

ထိုသို့ ရေကို မက်မောစွာတမ်းတလျက်ရှိစဉ် ကောင်းကင်မှ မိုးစက်မိုးပေါက်ကလေးများကျလာသဖြင့် ကျွန်ုပ်သည် အငမ်းမရစုပ်သောက်ယူမိ၏။

တစ်ပေါက်၊ နှစ်ပေါက်၊ သုံးပေါက် . . . ထို့နောက် မိုးပေါက်ပေါင်းအတော်များများကို စုပ်သောက်ယူနေမိသောအခါ ရင်မှအပူမီးတို့ ငြိမ်းစပြုလာ၏။

ထာဝရဘုရားသခင်သည် ကျွန်ုပ်အား ကောင်းချီးပေးသောအားဖြင့် မိုးကိုဖန်တီးပေးနေခြင်းဖြစ်ပေမည်။ ထိုစဉ်နားထဲသို့ အသံများ ဗလုံးဗထွေးကြားစပြုလာ၏။

"ဒကာလေး၊ ဒကာလေး၊ ဒကာလေး"

ဘုရားသခင်၏ ကျေးဇူးတော်ကို အောက်မေ့နေစဉ်မှာပင် 'ဒကာလေး' ဟူသောအသံက နားထဲတွင် အပီအပြင်ကြားလာရ၏။ ထိုအခါ သည် ဗုဒ္ဓဘာသာဝင်တို့၏ အခေါ်အဝေါ်ဖြစ်ပေရာ ကျွန်ုပ်သည် မည်သို့ဖြစ်၍ မည်သည့်နေရာကိုရောက်နေသနည်း ဟူသည်ကို သိလိုလှ၏။

ကျွန်ုပ်ရောက်နေသည်မှာ ပူပြင်းခြောက်သွေ့သောကန္တာရနီကြီး ဖြစ်၏။ ထိုမျှကြောက်ရွံ့ဖွယ်ကောင်းသောနေရာကား မည်သည့်နေရာဖြစ်သည်ကို 'ဒကာလေး' ဟု ခေါ်နေသောပုဂ္ဂိုလ် သိရပေမည်ဟုတွေးကာ မျက်စိကို အတင်းဖွင့်ကြည့်မိလေ၏။

"ဒကာလေး၊ သတိရပြီနော်"

ကျွန်ုပ်မမှိတ်မသုန်ကြည့်နေမိ၏။ မမှားပါ။ လုံးဝမျက်စိမမှားပါ။ ကျွန်ုပ်၏အနီးတွင်ထိုင်၍ ကျွန်ုပ်အား ပြုစုရင်ပါးစပ်ထဲရေစက်ကလေးများချပေးနေသည်မှာ ထာဝရဘုရားသခင်မဟုတ်ပါ ဗုဒ္ဓနွယ်ဝင် သူတော်စင် ရသေ့တစ်ပါး ဟူသည်ကို အလိုလိုသိလိုက်၏။

ကြောက်လန့်ဖွယ်သော လွင်ပြင် နီကြီး၊ ထိတ်လန့်ဖွယ်သော တောခွေး များသည် ကျွန်ုပ်သတိမေ့မြောနေစဉ် အိပ်မက်ထဲ၌ ကြုံတွေ့နေရသော အိပ် မက်ဆိုးများဖြစ်ကြောင်း ရုတ်ခြည်းသုံး သပ်မိလိုက်၏။

"ဒကာလေး သတိရပြီ မဟုတ် လား"

"ဟုတ်ကဲ့၊ ကျွန်တော်သတိရပါပြီ"

ကျွန်ုပ်သည် ပြောတတ်သလိုပြော လိုက်၏။ ပြီးလျှင် ထထိုင်ရန်ကြိုးစား လိုက်ရာ ဦးခေါင်းမှ နာကျင်ခြင်း၊ ခန္ဓာ ကိုယ်မှနာကျင်ခြင်းများကို ခံစားလိုက် ပြီး စိတ်သွားရာကိုယ်မပါဟူဘိသို့ ထနိုင် ခြင်းမရှိသည်ကိုတွေ့ရရာ ရသေ့ကြီး တားမြစ်၏။

"ဒကာလေး မထနဲ့ဦး။ ဒဏ်ရာ တွေကို ဆေးထည့်ထားပေးတယ်။ မနေ့ က ဒကာလေး သားကောင်လိုက်ရာ နေ ကျောက်လှုပ်အစွန်းကို နင်းမိပြီး ကျောက်လှုပ်ကြီး ပြုတ်ကျရာက ဒကာလေးပါ တောင်အောက်ကျလာ တယ်။ ကံကောင်းတာက ကျောက်လှု ကြီးကအရင်ကျပြီး ဒကာလေးကနောက် မှကျတာ။ ပြိုင်တူကျလို့ကတော့ ဒကာ လေး ကျောက်လှုပ်နဲ့ရိုက်မိပြီး အပိုင်းပိုင်း ပြတ်သွားနိုင်ပါတယ်။ ဒကာလေး ကံ ကောင်းသွားတယ်ခေါ် ရမှာပေါ့။ ဒါပေ မယ့်. . .

"ဒါပေမယ့်ဘာဖြစ်သလဲဦးရသေ့ ဆက်ပြောပါဦး"

"ဒကာလေးရဲ့ သက်တမ်းဟာ ကုန်လုနီးနီးရှိနေပါပြီ"

"ကျွန်တော့်ရဲ့ သက်တမ်း ကုန် တော့မယ် ဟုတ်လား"

"ဟုတ်တယ်"

"ဒါကို ဦးရသေ့ ဘယ်လိုလုပ်ပြီး သိသလဲ"

"အဲဒါကိုတော့ ပြောပြဖို့ ခက် ပါတယ်။ စရဏအားအစွမ်းနဲ့ သိတယ် လို့ပဲ ပြောပါရစေ"

"ကျွန်တော် ကျန်းကျန်းမာ သန်သန်စွမ်းစွမ်းပဲလေ။ အခု ကျွန် တော် သေဘေးကလွတ်ပြီပဲ"

"ရုပ်၊ နာမ် ဆိုတာ ဖောက်ပြန်

www.burmeseclassic.com

www.burmeseclassic.com

…ကစီးချင်ရင် ခဏလေးပဲကွယ့်။ နေ့မြင် …ပျောက်ဆိုတာလို သေချင်ရင်အလွယ် …နဲ့ သေသွားကြတာပါ"

"ဒါဆို ကျွန်တော် သက်တမ်းစေ့ …လို့ရအောင်လုပ်တဲ့နည်းလေးဘာလေး …င် ပြောပါဦးဗျာ။ ကျွန်တော့်မှာ စည်း …ဥစ္စာတွေ ပြည့်ပြည့်စုံစုံရှိနေပါတယ်"

"အေးကွယ်၊ ဒကာလေးက ဗုဒ္ဓ …ဘာသာမဟုတ်တော့ကာ ရဟန်းတော် …တွေကိုဆွမ်းလှူပါလို့လည်း မတိုက်တွန်း …င်ပါဘူး"

"ကျွန်တော် ခရစ်ယာန် ဆိုတာ …တယ်"

"လူတစ်ဦးကို ကြည့်လိုက်တာနဲ့ …တွင်းအဖွဲ့တွေအထိထိုးဖောက်မြင်နိုင် …ရှိပါတယ် ဒကာလေး။ ဒါဟာ လူ …တ်ကို သုံးသပ်တာမို့ ခက်ခဲနက်နဲတဲ့ …ညာ မဟုတ်ပါဘူး"

"ဒါဆို ကျွန်တော့်ကို ကောင်းမှု …စ်ခုခုလုပ်ဖို့ ညွှန်ကြားပေးပါဗျာ"

"ဒကာလေး ဒီကပြန်သွားရင် ရေ …အလှူကြီးလှူပေးပါ။ ရေလှူရင် ရေအကျိုး …ယ်ပါး မတောင်းဘဲရတယ်ကွယ့်။ ပြီး …တော့ နောက်ကို သူ့အသက်ကိုသတ်ရ …ဆိုးအလုပ်ကို မလုပ်ပါနဲ့တော့ကွယ်။ …ဆွာန်တွေမှာလည်း အသက်ရှိကြတာ … အသက်ရှိသူတိုင်းဟာ သေမှာကို …ကြောက်ကြတာချည်းပဲ။ ခုပဲကြည့် - …ဆတ်ထီးကြီးတစ်ကောင်ကို ရလိုဇောနဲ့ …တယ်။ ဆတ်ကြီးက သေမှာကြောက် … ပြေးတယ်။ အဲဒီမှာ ကိုယ်ချင်းစာ …လေးပေါ့ကွယ် မွေးသင့်တာပေါ့။ …ယ်သေမှာကြောက်သလို တိရစ္ဆာန် …တွေလည်း သေမှာကြောက်ကြ …ယ်၊ အဲဒါကြောင့် တောလိုက်တဲ့ …အလုပ်ကို စွန့်လွှတ်လိုက်ပါ ဒကာ … ဒါဆိုရင် ဒကာလေး သက်တမ်း …နေသွားရမှာပါ"

"ဟုတ်ကဲ့၊ ကျွန်တော် ဒီကပြန် …ရင် ရေအလှူကြီးလှူပါ့မယ်။ မုဆိုး …လုပ်လည်းမလုပ်တော့ပါဘူး"

"သာဓုဗျာ၊ သာဓု၊ သာဓု။ ဒကာ … သက်တမ်းစေ့နေရပါစေ။ ကဲ - …ပြုတ်လေးသောက်ကြရအောင်"

ဟု ပြောကာ ကျွန်ုပ်၏အနီးမှ …သော့ထသွား၏။

ထိုအခါ ဝန်းကျင်ကိုငဲ့၍လှည့်ပတ် …ရာ အတန်ငယ် ကျယ်ဝန်းသော …တ်သေ့သည့် ကျောက်ဂူငယ်ဖြစ်နေ …ကို တွေ့ရလေ၏။

**…တန်၍ခွဲခွာခဲ့ရခြင်း**

ကျွန်ုပ်သည် ဦးရသေ့ တိုက်ကျွေးသော ဆန်ပြုတ်ပူနွေးနွေးကို သောက်၏။ နောက်တွင် ကသည်းသီးမှည့် (၂) လုံးကို စား၏။ ဆာလောင်မွတ်သိပ်မှုကြောင့်ဟု ထင်၏။ ကောင်းလိုက်သည်မှာ ပြောစရာမရှိပေ။ အရသာရှိလိုက်ပါဘိ။

ဤကဲ့သို့သော လူသူမနီးတောတောင်ကြီးတွင် နေထိုင်ကာ ခြိုးခြံစွာကျင့်သုံးနေထိုင်၍ တရားဓမ္မအားထုတ်နေသော ဦးရသေ့အား ကျွန်ုပ်လေးစားမဆုံးရှိခဲ့၏။ ထိုသည်တို့မှာ ထာဝရဘုရားသခင်၏ အလိုတော်သာဖြစ်ကြောင်းကိုလည်း တွေးမိပြန်၏။ ကိုယ်လိုရာဆွဲ၍တွေးခြင်း ဖြစ်သည်။

အသက်အရွယ်(၆၀)ခန့်၊ အသားဖြူဖြူ ယောဂီရောင်ဝတ်စုံ ဆင်မြန်း၍ လည်ပင်းတွင် စိပ်ပုတီးစွပ်ထားသော ဦးရသေ့ကား ဦးခေါင်းတွင် သျှောင်ထုံးနှင့်ဖြစ်၏။ တည်ကြည်စူးရှသောမျက်ဝန်းအစုံရှိ၏။ ကျွန်ုပ်၏ဒဏ်ရာများအား ဆေးဥများထုခြေကာ အရည်ဖြင့် လိမ်းပေး၏။ စကားအားဖြင့် သီးခြားမဆိုတော့ဘဲ ကျွေးချိန်တန်လျှင် ကျွေးကာ ဂူအတွင်းပိုင်း၌တရားထိုင်နေတတ်သည်ကို တွေ့ရ၏။

(၃) ရက်မြောက်နေ့တွင်မူ ကျွန်ုပ်လမ်းလျှောက်နိုင်ပြီဖြစ်ရာ ဂူအပြင်ထွက်၍ ပတ်ဝန်းကျင်ကိုလှည့်ပတ်ကြည့်ရှု၏။ ဤဂူငယ်သည် တောင်၏ အောက်ခြေတစ်နေရာတွင် ဖြစ်ပေါ်နေကြောင်းတွေ့ရ၏။ လှပလိုက်သည့်ရှုခင်းများပါပေ။

အပေါ်ဘက်သို့မော့အကြည့်တွင် ကျွန်ုပ်အား စူးစိုက်ကြည့်ရှုနေသောဆတ်ထီးကြီးကိုမြင်ရရာ ကျွန်ုပ်မှာ မှင်တက်မိပြီး ငေးမောနေမိ၏။ အံ့သြလိုက်ရသည့်ဖြစ်ခြင်း။ ထိုဆတ်ထီးကြီးသည် ဦးရသေ့နှင့် ဆက်နွယ်ခြင်းရှိမည်ဟုလည်း တွေးတော မိလိုက်၏။

သို့သော်လည်း ကျွန်ုပ်ရင်တွင် ထိုဆတ်ကြီးအား သတ်ဖြတ်လိုစိတ်၊ ရယူလိုစိတ်တို့ မြူမျှမရှိတော့ဘဲ ကြင်နာစိတ်ဖြစ်ပေါ်နေမိ၏။ သူတော်စင်၏ မေတ္တာရိပ်ကား အေးမြလှပါဘိ။

နံနက် (၈) နာရီထိုးလုနီးနီးတွင် ဦးရသေ့က ဆန်ပြုတ်နှင့် ငှက်ပျောသီး ကျွေး၏။ ပြီးလျှင် ကျွန်ုပ်၏ အမဲလိုက်သေနတ်နှင့် အမဲလိုက်ဓား၊ ရေဘူးနှင့် ကျည်ဆန်များပါသောခါးပတ်ကို ကျွန်ုပ်၏အနီး၌လာချ၏။ ပြီးလျှင် ခုံသဖွယ်ဖြစ်ပေါ်နေသောကျောက်ပြားပေါ်ထိုင်၍ပြော၏။

"ဒကာလေးပျောက်တဲ့နေ့ကစပြီး လူအတော်များများ ဒကာလေးကို လိုက်ရှာနေကြတယ်။ ဒကာလေးမိသားစုတွေလည်းပူပင်သောကရောက်နေကြတယ်။ ဒါပေမယ့် ဒီနေရာကို လူတွေမရောက်ကြပါဘူး။ ဒကာလေးကို ကျုပ်လမ်းပြပေးလိုက်မယ်။ ဖြောင့်ဖြောင့်မတ်မတ်သာသွားပါ။ ဒကာလေးကိုရှာတဲ့လူတွေနဲ့ တည့်တည့်တိုးလိမ့်မယ်။ ဒကာလေးမမေ့ဖို့က ဒီကပြန်ရောက်ရင် လူတွေသောက်သုံးလို့ရအောင် ရေအလှူကြီးကိုလှူပေးပါ။ ရေအလှူဆိုတာ လူမျိုးမရွေး၊ ဘာသာမရွေး လှူနိုင်တဲ့အလှူပါ။ အဲဒီအလှူကြောင့် ဒကာလေး စိတ်ချမ်းသာရပါလိမ့်မယ်။ ရောဂါကင်းပါလိမ့်မယ်။တောလိုက်တဲ့အလုပ်ကိုလည်း မလုပ်ပါနဲ့တော့။ အဲဒီအလုပ်ကို စွန့်လွှတ်လိုက်ပါ။ အဲဒီစွန့်လွှတ်မှုကြောင့် ဒကာလေး အသက်ရှည်ပါလိမ့်မယ်။ ကဲ- ဒကာလေးလည်း လမ်းလျှောက်နိုင်ပြီပဲ။ ဖြည်းဖြည်းသာလျှောက်ပါ။ လူတွေရဲ့ အသံကို နားစွင့်ပါ။ ဆိုက်ဆိုက်မြိုက်မြိုက်တွေ့ပါလိမ့်မယ်"

"ဟုတ်ကဲ့ - ကျွန်တော်ကောင်းကောင်းလိုက်နာပါ့မယ်။ ဒါထက် ဒီနေရာက ဘယ်မှာရှိပါသလဲ ဦးရသေ့"

"တောင်တော်ကြီးရဲ့မြောက်ယွန်းယွန်းမှာရှိနေတာပါ။ နောက်တစ်ခါ ဒီနေရာကိုလာဖို့ ဒကာလေးစိတ်ကူးရှိတယ်မဟုတ်လား။ ကျေးဇူးလာဆပ်မယ်ပေါ့ ဟုတ်လား"

"ဟုတ်ကဲ့၊ ကျွန်တော်အဲဒီလိုစိတ်ကူးပါတယ်"

"ဒကာလေး ဘယ်လောက်လာလာ တွေ့မှာမဟုတ်ပါဘူး။ ခုတစ်ခါ တောင်မှ ဟိုကောင်ကြီးခေါ်ခဲ့လို့ရောက်လာရခြင်းပါ"

"ဆတ်ထီးကြီးကိုဆိုလိုတာလား"

"ဟုတ်တယ် ဒကာလေး။ သူ့မိခင်ကို မုဆိုးတွေပစ်ယူသွားပြီးတဲ့နောက် အမိမဲ့တဲ့ ဆတ်ကလေးကို သားသမီးလို မွေးထားခဲ့တာ။သူလည်း ဒဏ်ရာအကြီးအကျယ်ရလာလို့ ဆေးကုထားရတယ်။ တော်သေးတယ်၊ သေကံမရောက်သက်မပျောက်ပေလို့။ ကဲ- အချိန်ရှိတုန်းသွားကြရအောင်"

ဟု ပြောကာ ဦးရသေ့ ဦးဆောင်၍ ကျောက်တောင်မှခွာကြ၏။ ခမ်း… အတန်ငယ်ပေါက်၍ တောင်ပူစာတစ်ခု… ပေါ်သို့အရောက်တွင် ဦးရသေ့မှ အ…



www.burmeseclassic.com

www.burmeseclassic.com

တည့်တည့်လက်ညှိုးညွှန်ကာ -

"ဒီကနေ တည့်တည့်သွားပေတော့။ နောက်တစ်နာရီလောက်ကြာရင် ရှာတဲ့လူတွေနဲ့ တွေ့လိမ့်မယ်"

ဟု ပြောပြီး ဦးရသေ့နောက်ကြောင်းပြန်လှည့်သွားလေ၏။ ကျွန်ုပ်လည်း အသက်သခင်ကျေးဇူးရှင်ဖြစ်သော ဦးရသေ့အား မျက်စိတစ်ဆုံးကြည့်ကာ ဦးရသေ့ပျောက်ကွယ်သွားပါမှ ရှေ့တူရူသို့ မျက်နှာမူလိုက်၏။ ထိုအခါ အေးချမ်းသော ကျောက်ဂူလေးအား လွမ်းသလို၊ ဦးရသေ့အား လွမ်းသလို ခံစားရလေ၏။

ကျွန်ုပ်သည် ထိုဂူလေးတွင် ဧည့်သည်အဖြစ်ရောက်ခဲ့သည်ဖြစ်ရာ အချိန်တန်လျှင် ခွဲခွာကြရမည်မဟုတ်ပါလား။

**ရှာသူတို့နှင့်တွေ့ပြီ**

သေနတ်ကို မောင်းတင်ကာ လုံခြုံရေးခလုတ်ကိုပိတ်၍ အသင့်အနေအထားနှင့်သွားတတ်သော မုဆိုးကျွန်ုပ်သည် မုဆိုးအလုပ်ကိုယတိပြတ်စွန့်လွှတ်လိုက်ပြီဖြစ်ရာ သေနတ်အား စလွယ်သိုင်းလွယ်လိုက်၏။ ပြီးလျှင် ဦးရသေ့ညွှန်ရာတည့်တည့်သို့ထွက်ခဲ့၏။

ညာခြေထောက်သည် ဒဏ်ကျန်နေသေးရာ လိုသလောက်ခရီးမနှင်နိုင်ဘဲ ပုံမှန်သာလျှောက်လှမ်းနိုင်၏။ သူများအသက်ကိုရလို၍ မိမိအသက်ကို ပေးဆပ်ရလုနီးနီးအဖြစ်ကား ကျွန်ုပ်၏ မုဆိုးမာန်ကို အမှန်တကယ်ကျစေပါသည်။

အရာရာကို သိနေတတ်သော ထူးဆန်းသည့် ဦးရသေ့နှင့် တွေ့ကြုံရခြင်းကား ဘုရားသခင်သည် သူ့ကိုပို့ပေးလိုက်ခြင်းဖြစ်မည်ဟု တွေးနေမိပြန်၏။ ဦးရသေ့ကား ရှမ်းတိုင်းရင်းသားဖြစ်ဟန်တူ၏။ ဘာလူမျိုးဟူ၍ မမေးခဲ့ရပေ။ မိမိက ဘာမှမသိသော်လည်း မိမိကိုမူ အရာရာသိနေခဲ့သည်ကား ဆန်းကြယ်လှပါဘိ။ ဦးရသေ့အကြောင်းကား တွေး၍မဆုံးခဲ့ပေ။

ဦးရသေ့ညွှန်ရာအတိုင်း အရှေ့စူးစူးသို့သာ ကျွန်ုပ်တရွေ့ရွေ့လျှောက်လာခဲ့၏။ တောကြက်အုပ်များ၊ ရစ်အုပ်များ၊ မျောက်အုပ်များကိုလည်း မကြာမကြာတွေ့မြင်ရ၏။ ငြိမ်သက်နေသောတောကလည်း ရှုမငြီးအောင်ပင် လှပကာ စိမ်းစို၍နေ၏။

တောတောင်လျှိုမြောင်တို့ဟူသည်ကား ကျွန်ုပ်တို့ မွေးဖွားပြီးသည်နှင့် လက်ပွန်းတတီး နေထိုင်ကျက်စားရာဖြစ်သဖြင့် ကြောက်စိတ်လန့်စိတ်ဟူ၍ လုံးဝမရှိပါ။ ခန္ဓာကိုယ်၏ ဒဏ်ရာများကြောင့်သာ အားငယ်သလို ခံစားနေရပါသည်။

လက်မှနာရီကို ကြည့်မိသည်။ အကောင်းစား ရိုးလက်တန်ဖိုးကြီးနာရီသည် ကျွန်ုပ်ခရီးထွက်လာခဲ့သည်မှာ တစ်နာရီကျော်ကြာပြီဖြစ်ကြောင်း ပြနေ၏။ ဒါဆိုလျှင် မကြာမီ ကျွန်ုပ်ကိုရှာနေသောလူတို့နှင့် တွေ့ပေတော့မည်။ သို့ကြောင့် ပုံမှန်လျှောက်ရင်း နားကိုအစွမ်းကုန်စွင့်ထားလိုက်၏။

မကြာလိုက်ပါ။

"ဝူး. . . ဝူး. . . ဝူး. . ."

ဟူသော လူတို့၏အူသံများကို စတင်ကြားရရာ ကျွန်ုပ်မှလည်း ပြန်၍ အူသံပေးလိုက်လေ၏။

"ဝူး. . . ဝူး. . . ဝူး. . ."

အူသံတို့သည် ပဲ့တင်ရိုက်ခတ်သွား၏။ ရှာသူတို့မှလည်း ပြန်အူ၍ဆက်သွယ်၏။ ထိုသို့ တော၏သင်္ကေတဖြစ်သော အူခြင်းဖြင့် ဆက်သွယ်ကြရာ ရှာသူ မုဆိုး (၅) ဦးသည် အချိန်အနည်းငယ်အတွင်း၌ပင် ကျွန်ုပ်၏မြင်ကွင်းသို့ ရောက်ရှိခဲ့တော့၏။

ကျွန်ုပ်ကား စိတ်ချလက်ချထိုင်ချလိုက်ပါတော့သည်။ ကျွန်ုပ်ကို ရှာဖွေသူမုဆိုးများလည်း ခဏအတွင်း ကျွန်ုပ်ထံရောက်လာကာ ဝမ်းသာအားရ နှုတ်ဆက်ကြလေ၏။ ပျော်လိုက်သည်မှာ ပြောစရာမရှိပေ။

စိန်အင်း၊ စိန်ကုန်း၊ အောင်ဗဒန်း၊ ပြောင်ခေါင်း၊ ဘားနဒ်၊ ပန်လင်ရွာများမှ မုဆိုးများ အစုအဖွဲ့ပြု၍ ရှာဖွေရေးလုပ်ငန်းများလုပ်ခဲ့ကြကြောင်း သိရ၏။ (၃) ရက်မြောက်သော ယနေ့မှသာ တွေ့ရကြောင်း ဝမ်းသာအားရ ပြောပြကြလေ၏။ ပါလာသော ရိက္ခာထုပ်တို့ကို စားကာ ကျွန်ုပ်တို့ ပျော်ရွှင်ရယ်မောနေကြ၏။ ကျွန်ုပ်ကား ကံကောင်းစွာ တောတွင်းဒုက္ခမှ ကင်းဝေးရပြီ ဖြစ်သည်။

**သူတော်စင်ပေးသောအသက်**

ကျွန်ုပ်ကား ကုံလုံကြွယ်ဝသူဖြစ်သည့်အားလျော်စွာ ကျန်းမာသွားသည်နှင့် ရေလှူရန် စတင်ဆောင်ရွက်၏။ တောထဲမှ စိမ့်ရေထွက်တစ်ခုအား ကန်ဖြင့်ပိတ်ဆီး၍ သံပိုက်ကြီးများဖြင့်သွယ်ကာ ရေငတ်မရှိသေးသော ရပ်ကွက်တို့၌ ရေပို့လွှတ်ပေးလှူနိုင်ခဲ့ရာ ထာဝရကုသိုလ်ဖြစ်ခဲ့ပါသည်။

ပြောင်ခေါင်းဒေသတစ်ဝိုက်နှင့် တောင်မင်းတောင်ကြီး၏ အရှေ့ဘက် ဆင်ခြေလျှောတွင်တည်ရှိသော လီရှော ကုန်းခံရွာမှနတ်စားလီဆူးတို့သည် ၁၉၇[illegible] ခုနှစ်လောက်မှစတင်၍ ဗုဒ္ဓဘာသာသို့ ပြောင်းလဲ ကိုးကွယ်ခဲ့ကြရာ ကျွန်ုပ်၏ မိဘများနှင့် ညီအစ်ကိုမောင်နှမဆွေမျိုး သားချင်းတို့သည်လည်း ဗုဒ္ဓဘာသာ အဖြစ်သို့ ကူးပြောင်းကိုးကွယ်ကြသည်မှာ ဝမ်းမြောက်ဖွယ်ဖြစ်ပေ၏။

ကျွန်ုပ်မှာမူ အသင်း၏ ဥက္က[illegible] တာဝန်ကိုယူထားရရာ အရာရာသည် ကျွန်ုပ်၏အပေါ်၌ တာဝန်ရှိ၏။ ကော[illegible] ရာကိုလုပ်ခြင်း၊ ကောင်းရာကိုပြောခြင်း၊ ကောင်းမွန်စွာနေထိုင်ခြင်းအား ဗုဒ္ဓသည် လည်းကောင်း၊ ခရစ်တော်သည် လည်း ကောင်း နှစ်မြို့ကလိမ့်မည်ဟု ကျွန်ုပ် ယူဆပါသည်။ လူ ဟူသည် ကော[illegible] အောင် နေထိုင်ရပါမည်။

ထို့ကြောင့် ကျွန်ုပ်သည် တော[illegible] တွင်းနေ လီဆူးမိသားစုများအား မြို့[illegible] များသို့ ပြောင်းရွှေ့စေကာ ကျွန်ုပ်၏ ကျောက်တွင်းများ၌ အလုပ်ပေးခြင်း၊ ရိက္ခာပေးခြင်း၊ အိမ်ဆောက်ပေးခြင်း၊ ချာ့ဒ်ကျောင်းများဆောက်လုပ်ပေးခြင်း စသော ပရဟိတလူမှုကယ်တင်ရေးလု[illegible] ငန်းများလည်း လုပ်ဆောင်ပေးခဲ့၏။ [illegible] ရေးရွာရေးသာမှုနာမှုကိစ္စအဝဝ၌လည်း အားတက်သရော ကူညီလှူဒါန်းမှု[illegible] ၏။ မိဘများစိတ်တိုင်းကျ ကုသိုလ်[illegible] နိုင်ရန်လည်း ထောက်ပံ့ပေးခဲ့၏။

ကျွန်ုပ်သည် အရက်မသောက်၊ ဆေးလိပ်မသောက်၊ ကွမ်းမစား၊ လော[illegible] ကစားမှုမပြုသကဲ့သို့ အကျိုးမဲ့အချည်း[illegible] နှီးသော ထိုဆေးသောက်ကွမ်းစားခြင်း စသည်တို့မပြုရန်လည်း ကျွန်ုပ်၏တပည့် လက်သားများစွာကို ပညာပေးဟော ပြော၍ ကျင့်သုံးစေ၏။

ထိုထိုသို့သော ကုသိုလ်ကောင်း[illegible] များကြောင့်ပင် ကျွန်ုပ်သည် သက်တ[illegible] စေ့နေနိုင်ရန် အသက်ဆက်နိုင်ခဲ့လေ[illegible] ကျန်းမာပကတိ ချမ်းသာစွာရှိလေ၏။

ထိုသို့နေနိုင်ခဲ့သော ဒုတိယသ[illegible] တမ်းကား တောတွင်း ကျောက်[illegible] သူတော်စင်ပေးသောအသက်ပေတည်း။

ချမ်းမြေ့ကြပါ[illegible]

နေပြည်တော်ကျော်[illegible]



www.burmeseclassic.com

www.burmeseclassic.com

# ကလေးများစားပိုးနင့်ခဲ့သော်

နေပြည်တော် ဇမ္ဗူသီရိမြို့ အောင်ဇမ္ဗူအရှေ့ပိုင်း (၁) မှာ ရှိတဲ့ ကျွန်တော့်အိမ်လေးရဲ့ရှေ့မှာ ထီးဝိုင်းလို အရိပ်မိုးပေးတဲ့ သရက်ပင်လေးတစ်ပင် ရှိတယ်။ အဲဒီသရက်ပင်ရိပ်မှာ ထန်းကုလားထိုင်တွေနဲ့ ဝိုင်းထိုင်စရာဖန်တီးထားပါတယ်။ ထိုင်စရာလေးရှိတော့ အိမ်နီးချင်းတွေနဲ့ ညီအစ်ကိုမောင်နှမတွေ မကြာမကြာ စကားလက်ဆုံကျ ဖြစ်ကြပါတယ်။

ညီမလတ် မဌေးညွန့်နဲ့ သမီး မတုတ်တို့တွေက နေပြည်တော် သပြေကန်းဈေးမှာ ဈေးဆိုင်ဖွင့်ထားတော့ နေ့စဉ်ဈေးသွားကြပါတယ်။ ဈေးက ပြန်ရောက်ရင် အစ်ကိုဖြစ်တဲ့ ကျွန်တော်နဲ့ ညီမ အငယ်ဆုံး မညွန့်စိန်တို့ရှိရာ သရက်ပင်ရိပ်ထိုင်ခုံလေးမှာ လာထိုင်ပြီး စကားစမြည်ပြောဆိုစမြဲပါ။

မဌေးညွန့်ရဲ့သမီး မတုတ်နဲ့ မောင်စိုးသူတို့မှာ တစ်နှစ်ကျော်စပြုတဲ့ သမီးလေး ယွန်းနဒီအောင် ရှိပါတယ်။ အဲဒီမြေးမလေးဟာ သူ့အဘိုးဦးကျော်ဆန်းနဲ့အတူ ကျွန်တော်တို့ဆီ တစ်နေ့ကို အကြိမ်အတော်များများလာလည်လေ့ရှိပါတယ်။ မောင်ကျော်ဆန်းက မြေးထိန်းရင်း ရောက်တာပါ။

တစ်နေ့ညနေမှာ မဌေးညွန့်က မြေးကို ပွေ့ချီပြီး သမီး မတုတ်နဲ့ ကျွန်တော်တို့ဆီရောက်လာပြီး စကားစမြည်ပြောတဲ့အခါ မဌေးညွန့်က သူ့မြေးမလေး၏ ယွန်းနဒီအောင် အကြောင်းကို ပြောပြပါတယ်။

"အစ်ကိုလေးရေ၊ ဟောဒီမြေးမလေး ယွန်းနဒီအစားပုတ်ကြောင်း ပြောပြရဦးမယ်။ မနေ့က ညနေက ငါးရံ့ကြီးတစ်ကောင်ဝယ်ခဲ့တော့ အဲဒီငါးရံ့နဲ့ ကျောက်ဖရုံသီးရောချက်တာ ကောင်းသလားမမေးနဲ့။ ထမင်းသိပ်မစားတဲ့ ယွန်းနဒီဟာ အတော်နဲ့မဝနိုင်ဘူး။ အတော်စားနိုင်တယ်။

စားလို့လည်း ပြီးကရော ကလေးက အစားလွန်လို့ စားပိုးနင့်ပြီး တအင်းအင်းနဲ့ ညည်းနေတော့တာပဲ။ တစ်ခါမှ ဒီလို မစားဘူးတာ စားပိုးနင့်ပြီဆိုတော့ သိတာပေါ့။ ဒီတော့ ကလေးကို အနေသက်သာအောင် ပတ်လက်အနေအထားနဲ့ ထားလိုက်တယ်။

အဲဒီလိုထားပြီး ကျွန်မ ယောက်မနဲ့ ဗိုက်ပေါ်ကို စတိသဘောမှုတ်ပြီး ဘေးကို ခပ်ထုတ်ပစ်ရပါတယ်။ အဲဒီလို လုပ်လိုက်မှ ကလေးအနေသက်သာပြီး ပြန်ကောင်းသွားတယ်။

အမေသေပြီးတော့ ဟောဒီ ကျွန်မတို့ ညီမလေး (၉) လအရွယ် ကျန်ခဲ့တာ။ အစ်ကိုလေးတို့က ကိုရင်ဘဝနဲ့ မြင်းခြံကိုရောက်နေကြတော့ ဒီအငယ်မ မညွန့်စိန်ကို ဘယ်လိုမွေးမြူခဲ့ရတယ်ဆိုတာ အစ်ကိုလေးတို့ မမြင်ကြရဘူး။ သူ့ကို နွားနို့ဝယ်တိုက်ပြီး ဆက်မွေးရတာ။ တစ်ဖက်ကလည်း ထမင်းလည်း ကျွေးပေါ့လေ။ ထမင်းအလေ့အကျင့်ရတော့ ထမင်းကို အဓိကထားပြီး ကျွေးရတယ်။

ဒီကောင်မကစားကောင်းပြီဆိုရင် ကလေးဆိုတော့ တနင့်တပိုးစားပြီး ဗိုက်ကြီးကယ်ပြီး တအင်းအင်းဖြစ်နေတတ်တယ်။ ဒါဆိုရင် အဖေက ယောက်မယူပြီး သူ့ရဲ့ဗိုက်ကို စတိသဘောမှုတ်ပေးရတယ်။ မှုတ်ပြီးတာနဲ့ အနေချောင်သွားတာပါပဲ။

အဲဒီ မညွန့်စိန်ကို အဖေမှုတ်မှုတ်ပေးတာ ကျွန်မတို့ အမြဲမြင်ရတော့ ဒီနည်းကို ကျွန်မတို့ သိနေကြတာ။ ဒါက ရှေးအစဉ်အလာသုံးခဲ့ကြတဲ့ စတိသဘော အစာကြေစေတဲ့နည်းပါ။ အဲဒီနည်းကို သိနေလို့လည်း ဟောဒီ ကျွန်မရဲ့မြေး ယွန်းနဒီကို အလွယ်တကူ ကုပေးနိုင်တာပါ။ တကယ်စွမ်းတဲ့နည်း အစ်ကိုလေးရဲ့"

လို့ ရှည်လျားစွာ ရှင်းပြပါတယ်။

ဒီနည်းကို ကျွန်တော်လည်း ကြားဖူးပါတယ်။ လက်တွေ့ကုတာတော့ မရှိခဲ့ပါဘူး။ ကျွန်တော်ညီမကြီး မခင်ထွေးကလည်း မောင်မြအေး၊ မညွန့်စိန်တို့ရဲ့ ခွေးကလေး ကျန်စုံအကြောင်းကို ပြောပြဖူးပါတယ်။

ကျန်စုံဆိုတာ ခွေးနီလေးပါ။ အလွန်သဘောကောင်းပြီး လုံးဝမကိုက်တတ်တဲ့ ရှားရှားပါးပါး ခွေးသူတော်ကောင်းပါ။ ခွေးငယ်လေးတွေဆိုရင်လည်း အလွန်ချစ်တတ်ပါတယ်။ ကျွန်တော်ဆိုရင် အားတိုင်း ကျန်စုံကိုစ,ပြီး ကစားနေကျပါ။ အုန်းသီးအလွန်ကြိုက်ပါတယ်။ အစားအစာဆိုရင်လည်း ကြေးမများဘဲ အကုန်စားလေ့ရှိတာကြောင့် ဝပြီး ကျောပြင်ကြီးပြားနေပါတယ်။

"ဟောဒီ ကျန်စုံက ငယ်ငယ်တုန်းက သူများချောင်းထဲမှာ လာပစ်ထားတော့ စားရမဲ့သောက်ရမဲ့နဲ့ အရိုးစုပဲ ကျန်တော့တဲ့ ခွေးကလေးပေါ့။ အဲဒီ ခွေးနံပိန်လေးကို ကျွန်မရဲ့မြေး သူရဇ္ဇက ချောင်းထဲက ပွေ့လာပြီး မောင်မြအေးနဲ့ မညွန့်စိန်တို့ဆီ လာပို့ပေးတာပါ။

သူတို့မိသားစုကလည်း ခွေးချစ်တတ်ကြတော့ကာ ခွေးကလေးကို ထမင်းဟင်းကောင်းကောင်းကျွေးကြပါတယ်။ မစားရတာ ကြာတော့ ခွေးလေး အငမ်းမရစားလိုက်တာ စားပိုးနင့်ပြီး ဗိုက်ကြီးဖောင်းပြီးတော့ ပက်လက်လန်ပြီး တအင်းအင်းဖြစ်နေတော့တာပေါ့။

အဲဒီလို ဖြစ်နေတဲ့အချိန် ကျွန်မကလည်း မြောက်ဘက်ကမ်းကနေ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ပါတယ်။ သူတို့မိသားစုလည်း ခွေးကိုကြည့်ပြီး ဘာမှမလုပ်တတ်ကြဘူး။ ဘာဖြစ်သလဲမေးကြည့်မှ စားပိုးနင့်မှန်း သိရတာ။

ဒါနဲ့ ကျွန်မလည်း စားပိုးနင့်တာများဟာ အလွယ်လေးလို့ ပြောပြီး ယောက်မယူကာ ဗိုက်ကို စတိသဘောမှုတ်တာပေါ့။ အဲဒီလို မှုတ်ပေးပြီးလို့ ခဏလည်းနေရော ဗိုက်ချောင်သွားပြီးထသွားတော့တာပါပဲ။ စားပိုးနင့်ရင် လူဖြစ်ဖြစ်၊ ခွေးဖြစ်ဖြစ် ယောက်မနဲ့သာမှုတ် ခဏနဲ့ သက်သာတယ် အစ်ကိုလေးရဲ့"

လို့ ကျန်စုံကိုတွေ့တိုင်း အမှတ်တရ ပြောပြလေ့ရှိပါတယ်။ ၂၀၁၃ ဝါကျွတ်လို့ ကျွန်တော်ပြန်ရောက်တော့ ခွေးတွေမိတ်လိုက်ရာသီမှာ အားကြီးတဲ့ ခွေးတွေရဲ့ ကိုက်ခဲမှုကြောင့် အဲဒီကိုက်မှုခဲဒဏ်ကြောင့် အစာမစားနိုင်ဖြစ်ကာ မြောက်ဘက်ကမ်းက မခင်ထွေးတို့အိမ်မှာ သေဆုံးသွားကြောင်း သိရပါတယ်။ မတွေ့ရတော့ပါဘူး။

အစားလွန်လို့ စားပိုးနင့်ခဲ့ပြီဆိုရင် ကလေးကို ပက်လက်အနေအထားပြုပြီး ယောက်မနဲ့စတိသဘောမှုတ်ပေးခြင်းဖြင့် ဂမ္ဘီရဆန်စွာ လျင်မြန်စွာ ပျောက်ကင်းနိုင်ကြောင်း တင်ပြလိုက်ပါတယ်။

*(ညီမများသို့အမှတ်တရ)*

ခွန်ခြွေဝါစေ
နေပြည်တော်ကော့်[illegible]




www.burmeseclassic.com

www.burmeseclassic.com

# အဖေဦးရန်အောင်နှင့် ဆရာကြီးမောင်ကျောက်တိုင်

တင်အေး ဘ်မှုတက္ကသိုလ်)




အဖေ ဦးရန်အောင်နှင့် ခင်မင်ရင်းနှီးခဲ့သောသူများထဲတွင် ဆရာကြီးမောင်ကျောက်တိုင်လည်း ပါဝင်သည်။ ၁၉၅၂ ခုနှစ်တွင် အဖေသည် ရှုမဝ မဂ္ဂဇင်း အမှတ် (၁)၊ ဆင်းဒဝစ်လမ်းတွင် အယ်ဒီတာလုပ်နေခိုက် အသားညိုညို၊ ခပ်ပိန်ပိန်လူငယ်လေးတစ်ယောက်သည် အဖေ့ထံ စာမူလာပေးသည်။ သူပေးသောစာမူမှာ 'စိတ်တွင်တန်ခိုးရှိသလော' ပင် ဖြစ်သည်။ ကလောင်နာမည်မှာ 'မောင်ကျောက်တိုင်' ဖြစ်ပါသည်။ အဖေက ရယ်သွမ်းသွေးပြီး -

"ဟဲ့သူငယ်ရဲ့ စိတ်မှာတန်ခိုးရှိလို့ ကမ္ဘာလောကကြီး ရပ်တည်နေနိုင်တာပေါ့။ စိတ်မှာ တန်ခိုးရှိလို့ တို့ဘုရားပွင့်ခဲ့တာပေါ့။ ဒါနဲ့ သူငယ်ရဲ့ဇာတိက ဘယ်မြို့ကလဲ"

"မလှိုင်ကပါ"

"ဒါဆို အညာသားပေါ့။ ငါလည်း အညာသားပဲ။ ဆင်ပေါင်ဝဲ (အောင်လံနား) ကပေါ့။ မြေလတ်ပေါ့ကွာ"

"ဟုတ်ကဲ့"

"ဒါဆိုရင်မင်းစာမူထားခဲ့။ ငါဖတ်ကြည့်မယ်။ ပြင်သင့်တာရှိရင် ငါပြင်ပေးမယ်။ ကိုကျော် (ရှုမဝ) ကိုလည်း ပေးဖတ်ရမယ်"

"ဟုတ်ကဲ့ပါ"

၁၉၅၂ ခုနှစ်၊ မတ်လထုတ် ရှုမဝမဂ္ဂဇင်းတွင် ဆရာမောင်ကျောက်တိုင်၏ 'စိတ်တွင်တန်ခိုးရှိသလော' ဆောင်းပါး စတင်ပါခဲ့သည်။ အဖေသည် မြဝတီမဂ္ဂဇင်းတိုက်သို့ ၁၉၅၂ ခုနှစ်၊ မေလတွင် ပြောင်းသွားရာ အဖေနှင့် ဆရာမောင်ကျောက်တိုင် မတွေ့ဖြစ်တော့ချေ။ သို့ရာတွင် မောင်ကျောက်တိုင် ရေးသော ဆောင်းပါးများကို ရှုမဝမဂ္ဂဇင်းတွင် အဖေတွေ့နေရသည်။အဖေသည် သူ၏နေရာတွင် သောကြာဦးမောင်ကလေးကို ထားခဲ့ရာ ဦးမောင်ကလေးမှ လစဉ်ရှုမဝမဂ္ဂဇင်းကို အဖေ့ထံလာပို့ပေးသည်။

အဖေသည် ၁၉၆၄ ခုနှစ်တွင် အသက် (၆၀) ပြည့်ရာ စာရေးဆရာ (၆၀) ယောက်ဖြင့် စာအုပ်တစ်အုပ်ထုတ်မည်။ ထိုစာအုပ်၏အမည်ကို 'သူတို့မြင်သော ရန်အောင်' ဟု တပ်ထားသည်။ ထိုစာအုပ်တွင် ဆရာမောင်ကျောက်တိုင်ထံ စာမူရေးပေးရန် အဖေက တောင်းခံသည်။ ထိုအခါ အဖေ့အကြောင်း ဆရာမောင်ကျောက်တိုင် ရေးပေးသော ဆောင်းပါးမှာ-

*'ဆရာကြီးရန်အောင်'*

*စာရေးဆရာများ သူ့ကိုမြင်သလို ရေးသားထားကြသော စာမူများကို စုပေါင်း၍ သူ၏မွေးနေ့၊ မွေးလတွင် သူ၏အကြောင်းကို စာတစ်အုပ်ထုတ်ဝေမည်ဖြစ်၍ ကျွန်တော်သည်လည်း ရေးသားပေးရန် ဆရာရန်အောင်က စာမူတောင်းသည်။*

*ဆရာသည် စာပေကို ချစ်မြတ်နိုးသောသူများအတွက် ကူးတို့သမား ဖြစ်သည်။ ကျွန်တော် မွေးဖွားကြီးပြင်းခဲ့ရာ မလှိုင်မြို့သည် ရန်ကုန်မြို့မှ မိုင်ပေါင်းသုံးရာခန့်ဝေးသော မြန်မာနိုင်ငံ၏ အလယ်ပိုင်းမြို့လေး ဖြစ်သည်။ အထက်တန်းကျောင်းတစ်ကျောင်းသာရှိသည်။ ရာသီဥတု ပြင်းထန်လှသည်။ ကျွန်တော်သည် တွေ့ကြုံခဲ့ရသောလောကဓံတရားများတွင် တွေ့ထိခံစားတတ်သော အသည်းနှလုံးကြောင့် မလှိုင်မြို့ကို ၁၉၄၉ ခုနှစ်တွင် စွန့်ခွာပြီး ကိုယ့်ထူးကိုယ်ချွန်ကြိုးစားကာ ၁၉၅၂ ခုနှစ်တွင် စာပေလောကသို့ အမှောင်တွင်လမ်းလျှောက်သူပမာ အသိရယ်၊ အကျွမ်းရယ် ဟူ၍ လုံးဝမရှိဘဲ စာပေလောကသို့ ချင်းနင်းခဲ့မိသည်။ ထိုအခါ စာပေကို ချစ်မြတ်နိုး၍ ဘုမသိဘမသိ ချီတက်လာကာ ကမ်းနဖူးတွင် တစ်လစ်နေရှာသော အမှောင်မျက်နှာငယ်တောသားလေးအား စာပေမြို့တော်ကြီးသို့ ကူးလာသွားလာနိုင်သော တစ်ဖက်ကမ်းသို့ ပို့ဆောင်ပေးခဲ့သော ကျေးဇူးရှင် ကူးတို့သမားများထဲတွင် ဆရာသည်လည်း တစ်ဦးသော ပုဂ္ဂိုလ်ပင် ဖြစ်ခဲ့လေသည်။*

*ကျွန်တော်သာမက ကျွန်တော်နှင့် အလားတူသော လူငယ်၊ လူရွယ်ကလေးပေါင်းများစွာကိုလည်း ဆရာသည် စာပေမြို့တော်ကြီးသို့ ဖောင်ကူးတို့ဖြင့် ပေးပို့မည်သာ ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်သည် ဆရာ့အား စာပေကိုချစ်မြတ်နိုးသောသူများအတွက် ကူးတို့သမားလည်းဖြစ်သည်ဟု ဆိုခဲ့ပါသည်။ ဆရာသည်လည်း တောသားတစ်ဦး ဖြစ်ခဲ့သည်။ ပညာရေးဖွံ့ဖြိုးခြင်းမရှိသော နေရာဒေသမှ ခက်ခဲစွာ စွန့်စားပညာရှာခဲ့သူ ဖြစ်သည်။ ဆရာ၏ စာပေသမား (စာရေးဆရာ) အသက်သည် ကျွန်တော်၏အသက်ထက် ပို၍ရှည်လျားခဲ့သည်။ ထိုသို့သော နှစ်ပရိစ္ဆေဒကြာညောင်းစွာ စာပေဝန်ကို ထမ်းဆောင်လာခဲ့သော ကျွန်တော်၏စာပေဆရာတစ်ဦးဖြစ်သော ပုဂ္ဂိုလ်ကြီးတစ်ဦး၏ အတ္ထုပ္ပတ္တိကို ကျွန်တော် ပြည့်စုံအောင် တင်ပြနိုင်စွမ်းမည် မထင်ချေတကား။*

မောင်ကျောက်တိုင်
(၉-၉-၁၉၆၄)

၁၉၇၄ ခုနှစ်၊ စာဆိုတော်ရာသီ နတ်တော်လတွင် အဖေသည် နယ်များသို့ စာပေဟောပြောပွဲသွားရာ လမ်း... တွင် အဖေသည် စီးကရက်...သောက်



www.burmeseclassic.com

www.burmeseclassic.com

သည်။ အဖေသည် ဆေးပေါ့လိပ်တစ်ဘူရှိုက်လိုက်၊ စာတစ်ကြောင်းရေးလိုက်ဖြင့် စာရေးလေ့ရှိပါသည်။ လမ်းခရီးတွင် အသောက်ရလွယ်ကူသော စီးကရက်ကို သောက်ခြင်း ဖြစ်သည်။ ရန်ကုန် ပြန်ရောက်သောအခါ အဖေ၏ ဦးနှောက်သည် ပုံမှန်မဟုတ်တော့ပေ။ တစ်၊ နှစ်၊ သုံး၊ လေးကို စိတ်ထဲမှပေါင်းကြည့်ရာ ပေါင်း၍မရပေ။ စာရေး၍လည်း မရတော့ပေ။ စာရေးဆရာ စာမရေးနိုင်ခြင်းသည် သေခြင်းနှင့်မထူးဟု အဖေ ယူဆထားသည်။ အဖေသည် မည်သည့်ဆရာဝန်နှင့်ပြရမည်နည်းဟု စဉ်းစားနေစဉ် အဖေ့ထံ ဆရာမောင်ကျောက်တိုင် ရောက်လာသည်။ ဆရာသည် အဖေ့ထံတွင်ရှိသော မဟိန္ဒရာသူတော်စင်ကြီးထံ တန်တော့ရန်ရောက်လာခြင်း ဖြစ်သည်။

ထိုစဉ်က အဖေသည် အသက် (၇၀)ရှိပြီဖြစ်သည်။ ထိုအချိန်တွင် ဆရာသည် မြောက်ဥက္ကလာပဆေးရုံတွင် အုပ်ချုပ်ရေးအရာရှိလုပ်နေသည်။ အဖေက အကျိုးအကြောင်း ပြောပြသောအခါ ဆရာက အဖေ့ကို မြောက်ဥက္ကလာပဆေးရုံသို့ ခေါ်သွားကာ ဆေးရုံအုပ်ကြီး ဆရာဝန်ကြီး ဦးမျိုးသွယ်နှင့် ပြပေးလေသည်။ အဖေ ဆေးရုံသို့ ရောက်သောအခါ စာရေးဆရာ ကျိုက်လတ်မိုးမြင့် (ထိုစဉ်က မြို့နယ်တရားသူကြီး)နှင့်အဖွဲ့ကဆီးကြိုနေသည်။ အဖေသည် သူတစ်ပါးကိစ္စကို အသေးအဖွဲကအစ အကူအညီပေးခဲ့၍ အဖေ့ကိစ္စတွင်လည်း ကူညီသည့်သူများ ဝိုင်းဝိုင်းလည်နေကြသည်။ ဆရာဝန်ကြီးက အဖေ့ကို စမ်းသပ်စစ်ဆေးပြီး အဖေ့ကို ဆေးလိပ်လုံးဝဖြတ်ရန်နှင့် ဆေးများဖြစ်ကြသော Hijuvan နှင့် Dauvadalene တို့ကိုပေးပြီး နောက်တစ်ပတ်လာရန် ပြောသည်။ အဖေသောက်ရမည့်ဆေးများကို ပထမအကြိမ်တွင် ဆရာဝန်ကြီးကပေးပြီး နောက်အကြိမ်များတွင် ဆရာမောင်ကျောက်တိုင်က ဝယ်၍ လှူဒါန်းလေသည်။

အဖေသည် ဆရာဝန်ကြီး ဦးမျိုးသွယ်နှင့် (၉) ကြိမ်ပြရပြီး ပြသည့်အကြိမ်တိုင်း ဆရာမောင်ကျောက်တိုင် ပါလေသည်။ အဖေသည် ထိုစဉ်မှစ၍ ဆေးလိပ်လုံးဝပြတ်သွားသည်မှာ ကွယ်လွန်သည့် အသက် (၉၁) နှစ်တိုင် ဖြစ်သည်။ အဖေသည် ဆေးလိပ်ဖြတ်ပြီးနောက် ၁၉၇၅ ခုနှစ်၊ မေလထုတ် မြဝတီမဂ္ဂဇင်းတွင် 'ကျွန်တော် စာမရေးနိုင်တော့ပါ' ဟူသော ဆောင်းပါးရှည်ကြီးကို မဂ္ဂဇင်းစာမျက်နှာ (၁၈) မျက်နှာရေးခဲ့သည်။ ယင်းဆောင်းပါးထဲတွင် ဆရာဝန်ကြီးဦးမျိုးသွယ်၊ ဆရာမောင်ကျောက်တိုင်နှင့် ဆရာကျိုက်လတ်မိုးမြင့်တို့ အကြောင်းလည်း ပါသည်။

၁၉၈၇ ခုနှစ်တွင် ဆရာသည် ဝန်ထမ်းဘဝမှ အငြိမ်းစားယူပြီးနောက် စာပေများကို ဆက်လက် ရေးသားခဲ့ရာ ဆရာ၏လက်ရာများကို သုရဋ္ဌမဂ္ဂဇင်း၊ မဟိဒ္ဓိမဂ္ဂဇင်း၊ စိတ်စွမ်းအင်မဂ္ဂဇင်းနှင့် မနောမယဂျာနယ်များတွင် တွေ့ရသည်။ ရန်အောင်စာပေမှ ဦးလှတိုး (တိုးထက်)၊ ဒေါ်ချယ်ရီအောင်က ဆရာ၏ 'စိတ်တန်ခိုးကိုလေ့လာခြင်း' စာအုပ် (၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ) နှင့် 'မဟာဂန္ဓာရီ တက္ကသိုလ်များ' စာအုပ် (၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ) တို့ကို ထုတ်ဝေပေးခဲ့သည်။

ဆရာရေးခဲ့သော 'စိတ်တန်ခိုးကိုလေ့လာခြင်း' စာအုပ်တွင် ဆရာရေးခဲ့သော အမှာစာမှာ -

*စိတ်တန်ခိုးသိဒ္ဓိနှင့် ပတ်သက်၍ သိပ္ပံပညာ၏ခံယူချက်များ၊ လေ့လာတွေ့ရှိချက်များကို ရေးသားရန် လွန်ခဲ့သော သုံး၊လေးနှစ်ကပင် ဆန္ဒပြင်းပြခဲ့ပါသည်။ ကြိုးစားခဲ့ပါသည်။ သို့ရာတွင် မရွံ့မရဲဖြစ်နေသောထုတ်ဝေသူများကို အားနာသဖြင့် လက်လျှော့ခဲ့ပါသည်။ ယခုအခါ ဂမ္ဘီရစာအုပ်များ ခေတ်စားလာသဖြင့် ဂမ္ဘီရခေတ်ရေစီးကြောင်းနှင့်အတူ ရေးထွက်လာရခြင်းဖြစ်ကြောင်းကို စာရှုသူများအား မှာကြားလိုပေသည်။ ဤစာအုပ်ကို ရေးသားရခြင်း ရည်ရွယ်ချက်မှာ စိတ်တန်ခိုးရရှိရေးတွင် ကြိုးစားကျင့်ကြံရင်းဖြင့် စိတ်ပျက်အားငယ်လာကာ လမ်းပျောက်သူ သမထမိတ်ဆွေများအား မိမိသိသမျှ ဗဟုသုတ ဆီမီးခွက်ကလေး ထွန်းပြရန်သာ ဖြစ်ပါသည်။ ဖော်ပြထားသော အချက်အလက်များနှင့် လည်းကောင်း၊ ကိုးကားမှီငြမ်းပြုရာ စာအုပ်များနှင့် လည်းကောင်း၊ စိတ်တန်ခိုးနှင့်ပတ်သက်၍ ဆက်လက်စူးစမ်းလိုသောကိစ္စများရှိလျှင် လည်းကောင်း ရန်အောင်စာပေတိုက်မှတစ်ဆင့် မေးမြန်းစုံစမ်းလျှင် သိသမျှ ဖြေမည်ဖြစ်ပါကြောင်း အစီရင်ခံပါသည်။*

ကျွန်တော်၏ယောက်ဖ တိုးထက် ရေးသားသော 'အံ့ဖွယ်လူဝင်စားနှင့်စိတ်ဝိညာဉ်ဖြစ်ရပ်ဆန်း' စာအုပ်တွင် ဆရာမောင်ကျောက်တိုင်အမှာစာရေးခဲ့ပုံမှာ-

*ဆရာတိုးထက်က သူ၏ 'အံ့ဖွယ်လူဝင်စားနှင့် စိတ်ဝိညာဉ်ဖြစ်ရပ်ဆန်း' စာအုပ်အတွက် အမှာစာရေးပေးရန် စာမူဖိုင်ကို ပြလာသောအခါ လူဝင်စားကိုမြင်သည်နှင့် ဆရာဦးဝင်းမောင်ကို သတိရမိသည်။ ဦးဝင်းမောင်ကို ကမ္ဘာကျော် လူဝင်စားသုတေသီ ဒေါက်တာစတီဗင်ဆင်ကပင် လေးစားခဲ့သည်။ ဦးဝင်းမောင်၏ ပညာအမွေကို ဆက်ခံမည့် တိုးထက် ပေါ်ပေါက်လာ၍ ပရစိတ္တဗေဒအတွက် အားတက်မိသည်။ သွေးတိုးဦးသန်းမောင်၊ ဒေါက်တာအုန်းမောင်နှင့် ကျွန်တော်တို့သည် လွန်ခဲ့သော (၁၀) နှစ်က စိတ်စွမ်းအင်သုတေသနအဖွဲ့တည်ရန် ကြိုးစားခဲ့သည်။ ဦးဝင်းမောင်ထံသွားပြီး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရန်ပြောသောအခါ ပထမတွင် ငြင်းဆိုခဲ့သည်။ နောက်တစ်ရက်တွင် ဦးသန်းမောင်နှင့် ကျွန်တော် နားပူနားဆာလုပ်သောအခါ ဥက္ကဋ္ဌလုပ်ရန် လက်ခံလိုက်သည်။ နှစ်ရှည်လများ နေပူမိုးရွာမရှောင် မိမိအသက်ကို အားမနာဘဲ လူဝင်စားသုတေသနဆောင်ရွက်ခဲ့သော ဦးဝင်းမောင်၏ကျန်းမာရေးချို့ယွင်းလာ၏။ ၁၉၈၈ တွင် သူ၏ ကျန်းမာရေးကြောင့် အပြင်မထွက်နိုင်တော့ချေ။*

*'တစ်ယောက်တည်း အိမ်မှာနေရတာ ပျင်းတယ်။ နေ့စဉ် သူ့ထံ ဝင်ခဲ့ပါဦး' ဟု ပြောသဖြင့် ညနေတိုင်း ဦးဝင်းမောင်ထံသွားရသည်။ ထွေရာလေးပါးပြောလိုက်၊ ပရစိတ္တဗေဒ ဆွေးနွေးလိုက်ဖြင့် နှစ်လကြာသွားသည်။ ထိုအတော အတွင်း ဦးဝင်းမောင်၏ခြေ့လက်များ ဖောလာသဖြင့် မကြာမီ လူ့ဘဝကို စွန့်ရမည်ဖြစ်ကြောင်း အရဲစွန့်ပြီး ပြောလိုက်မိသည်။ ဦးဝင်းမောင်အနေဖြင့် ဤသို့ပြောသည်ကို က္ကန့်ကွက်မပျက်။ ဘဝနောက်ဆုံးအချိန်တွင် ဘာလုပ်သင့်သလဲဟုသာ မေးသည်။ ဦးဝင်းမောင်သည် ရိုးရာဗုဒ္ဓဘာသာကို ယုံကြည်သော်လည်း သူဝါသနာပါရာ ပညာကိုသာ စိတ်ဝင်စားသူဖြစ်ရာ နောင်ဘဝအတွက် ပြင်ဆင်ထားခြင်းမရှိပေ။မရဏာသန္နဇောကောင်းအောင် ပရိတ်ရွတ်၊ ပုတီးစိပ်၊ ဘုရားကိုကြည်ညိုရှိခိုးနေရန် အကြံပေးခဲ့သည်၊ နောက်တစ်ပတ်တွင် ဦးဝင်းမောင်ကွယ်လွန်ရှာသည်။ သူမကွယ်လွန်မီ ကျန်းမာရေးချို့ယွင်းနေစဉ် ပါမောက္ခ*



www.burmeseclassic.com

www.burmeseclassic.com

*ဒေါက်တာ စတီဗင်ဆင်နှင့် သူတွဲဖက်လေ့လာနေသော လူဝင်စားသူတေသနကို ဆက်မလုပ်နိုင်တော့သဖြင့် ကျွန်တော် (သို့) တခြားသူတစ်ဦးဆက်လုပ်ရန် တဖွဖွပြောဖူးသည်။ ယခုအခါ လူဝင်စားဘာသာကို ဆက်လက် သုတေသနပြု ရေးသားမည့် ဆရာတိုးထက်ပေါ်လာရာ 'ဦးဝင်းမောင်ရေ၊ စိတ်အေးရပြီဗျို့' ဟုသာ တမလွန်ရောက် ဦးဝင်းမောင်ကို ပြောလိုက်ချင်ပါသည်။*

၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်၊ နံနက် (၉) နာရီ။

ဆရာမောင်ကျောက်တိုင်၊ ဆရာတိုးထက်၊ မချယ်ရီအောင်နှင့် ကျွန်တော်တို့သည် ကမာရွတ်အဝိုင်းမှနေ၍ ဆရာမင်းသိင်္ခရှိရာ မရမ်းတလင်းခြံ(မှော်ဘီ)သို့ ဂျစ်ကားဖြင့် သွားနေကြသည်။ သွားရခြင်းအကြောင်းမှာ ဆရာမောင်ကျောက်တိုင်သည် တစ်လလျှင်တစ်ကြိမ် ဆရာမင်းသိင်္ခ ဦးဆောင် ဖွင့်လှစ်ထားသောဗေဒင်သင်တန်းသား/သူများကို စာပေပို့ချသင်ကြားပေးရန်ဖြစ်သည်။ ခြံရောက်သောအခါ ဆရာမင်းသိင်္ခက ကြိုဆိုပြီး ထမင်းကျွေးလေသည်။ ထို့နောက် ဆရာမောင်ကျောက်တိုင်ဟောပြောရန်အလှည့်ရောက်၍ အခမ်းအနားမှူးက ဆရာ၏ အတ္ထုပ္ပတ္တိကိုဖတ်ကြားပြီး ခန်းမထဲကိုဝင်သောအခါ ကျွန်တော်က ယောဂီဝတ်စုံနှင့် အရင်ဝင်သွားသောအခါ ဆရာမောင်ကျောက်တိုင်ထင်ပြီး ပရိသတ်က လက်ခုပ်တီးကြလေသည်။ ဆရာမှာ ဆရာမင်းသိင်္ခနှင့် စကားပြောမပြတ်သေး၍ နောက်မှခန်းမထဲဝင်လာပြီး ဟောပြောလေသည်။

ဆရာမောင်ကျောက်တိုင် ရေးခဲ့သော 'မဟာဂန္ဓာရီတက္ကသိုလ်များ' စာအုပ်တွင် ဆရာက-

မဟာဂန္ဓာရီပညာသည် ဘာသာရေးမဟုတ်၊ မှော်ပညာမဟုတ်။ လူ့ဘောင်နှင့် လူ့ယဉ်ကျေးမှုကြီးကို တည်ဆောက်ထိန်းသိမ်းသောပညာသာ ဖြစ်သည်။ လူ့ယဉ်ကျေးမှုနှင့် လူသားတို့အတွက် မရှိမဖြစ်လိုအပ်သော ဒဿနပညာ၊ မနုဿဗေဒ၊ စိတ္တဗေဒနှင့်သဘာဝသိပ္ပံပညာများ၊ အနုပညာများအားလုံးတို့၏ မူလရေသောက်မြစ်ပညာရပ်သာလျှင် ဖြစ်သည်။ ထို့ကြောင့် မဟာဂန္ဓာရီပညာရပ်များကို လေ့လာရာတွင် တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းကိုယ်ထင်ရာကိုယ်ပြောသောပညာရပ်မဟုတ်ချေ။ အခြေခံမှစ၍ တစ်ဆင့်ပြီးတစ်ဆင့် နက်ရှိုင်းစွာ တက်လှမ်းလေ့လာဆည်းပူးရသောပညာ ဖြစ်သည်။ အချို့ပညာရပ်မှာ တစ်ဘဝဖြင့် ဆုံးခန်းတိုင်လေ့လာမှုမပြီးဆုံးဘဲ ဘဝများစွာဆက်လက်လေ့လာ ဖြည့်စွမ်းရသောပါရမီဖြစ်သည်။ ဂန္ဓာရီပညာရပ်များကို လေ့လာရာတွင်လည်း ဆရာတစ်ဦးက မိမိနှစ်သက်သလို သင်ကြားပြသောပညာမဟုတ်ချေ။ ရှမ်ဗလားဗဟိုဌာနမှ စီစဉ်ချမှတ်လိုက်သော ဘက်စုံပညာရပ်များကို မိမိတို့ခေတ်ကာလမှ ခွင့်ပြုသလောက် သာဝကများ လိုက်နိုင်သလောက် သင်ရိုးညွှန်းတမ်းဖြင့် သင်ကြားရသည်။

ပညာရပ်များကိုသင်ကြားရာတွင် ရှေးဟောင်းခေတ်ကပင် တက္ကသိုလ်များဖွင့်၍ သင်ကြားခြင်း ဖြစ်၏။ ယခုခေတ်တွင် တက္ကသိုလ်သည် အခြေခံပညာများကို လေ့လာ ဆည်းပူးပြီးသူများကိုသာ အထက်တန်းပညာရပ်များသင်ကြားပေးသကဲ့သို့ပင် ဂန္ဓာရီပညာလေ့လာရာတွင်လည်း အခြေခံ ဂန္ဓာရီပညာရပ်များကို မိမိတို့ဒေသအလိုက်ရှိသော ဆရာများထံမှ သင်ကြားတတ်မြောက်လာသူများကို မိမိတို့တိုင်းပြည်ရှိ အဆင့်မြင့်ဂန္ဓာရီပညာကို သင်ကြားပေးရာ တက္ကသိုလ်တွင် လေ့လာသင်ကြားရခြင်း ဖြစ်သည်။ ရှေးဟောင်းဂန္ဓာရီတက္ကသိုလ်များထဲတွင် ခေါ်မခေတ် ပလေတို၏ အကယ်ဒမီမဟာဂန္ဓာရီတက္ကသိုလ်သည် လူသိများလှသည်။

ဂန္ဓာရီတက္ကသိုလ်တွင် ခန္ဓာကိုယ်ကျန်းမာတောင့်တင်းမှုကို ဦးတည်သောယောဂကျင့်စဉ်ကို အခြေခံပညာအဖြစ်လေ့ကျင့်သင်ကြားရသည်။ လိပ်ပြာခန္ဓာကိုယ် (Astral Body) ၏ သဘာဝနှင့်စွမ်းအင်များကိုလည်း စာတွေ့၊ လက်တွေ့ သင်ကြားရသည်။ လိပ်ပြာခန္ဓာ၏ သဘာဝကို အသုံးပြုသောဘက်ထိယောဂကျင့်စဉ်ကို အဓိကထား သင်ကြားသည်။ သို့သော် ကျိုးကြောင်းဆက်ဆင်ခြင်တုံတရား၏ အခြေခံဖြစ်သောစိတ်ခန္ဓာမှာ မတိုးတက်သေးသဖြင့် ကိုယ်ကျင့်တရားမြင့်မြတ်မှုမှာ နိမ့်ကျလျက်ရှိသည်။ ထို့ကြောင့် ဂန္ဓာရီပညာဖြင့် ရရှိထားသော တန်ခိုးသိဒ္ဓိများကို ကိုယ်ကျိုးအတွက် အသုံးချမှု၊ အလွဲသုံးစားပြုမှုများ ပေါ်ပေါက်လာရသည်။ ဂန္ဓာရီပညာရှင် အများအပြားမှာ လမ်းမှန်သို့ လျှောက်လှမ်းခြင်းမပြုနိုင်ဘဲ လက်ဝဲလမ်းခေါ် အောက်လမ်းပညာသို့ ဦးတည်သွားသည်။ ဂန္ဓာရီပညာကို လေ့လာရာတွင် ဂန္ဓာရီတန်ခိုးသိဒ္ဓိကို ကိုယ်ကျင့်တရားနှင့် ဆင်ခြင်တုံတရားဖြင့် ထိန်းကွပ်ရမည့်အစား လူအများအပြားမှာ ကိုယ်ကျိုးအတွက်သာ ဂန္ဓာရီပညာကို အသုံးပြုမှုများ အလွန်များပြားလာရာ အတ္တလန်တစ်တိုက်ကြီးတစ်ခုလုံးတွင် ကိုယ်ကျိုးရှာ အောက်လမ်းပညာ၊ မှော်ပညာများ ခေတ်စားလာသည်။ ထိုအခါတွင် မကောင်းမှုပြုလျှင် မကောင်းကျိုးခံစားရမည်ဟူသောလောကနိယာမတရားအရ အတ္တလန်တစ်တိုက်ကြီးသမုဒ္ဒရာအောက်ရောက်ရှိသွားခြင်းဖြင့် ဇာတ်သိမ်းသွားရလေသည်။ အတ္တလန်တစ်တိုက်ကြီးရေနစ်ပြီးသမုဒ္ဒရာအောက်သို့ရောက်တော့မည်ကို သိမြင်သော ရှမ်ဗလားဆရာမြတ်တို့က မက်ဆီကိုအိုက်ဘက်(၆)ဝတ်ကျောင်းရှိ ဂန္ဓာရီတက္ကသိုလ်ကို အီဂျစ်သို့ ယာယီရွှေ့ပြောင်းရန် စီစဉ်ရသည်။

## ရှမ်ဗလားမဟာဂန္ဓာရီတက္ကသိုလ်

'ရှမ်ဗလား' ဆိုသော နာမည်နှင့်ပတ်သက်ပြီး လူများ စိတ်ဝင်စားကြသည်။ ရှမ်ဗလားမှာ မဟာဂန္ဓာရီတက္ကသိုလ်ကြီးရှိ၍ လူများ ပိုပြီးစိတ်ဝင်စားလာကြသည်။ ရှမ်ဗလားဟူသောနာမည်ကို အပီအပြင် မသိခင်ကပင် 'ရှမ်ဂရီလား'ဟူသောအမည်ဖြင့် နာမည်ကြီးနေသည်။ နောင်အခါမှ ရှမ်ဗလား ဟူသောနာမည်ကို အပီအပြင်ကြားဖူးလာသည်။ ရှမ်ဂရီလား ဟူသော ဝတ္ထုတစ်ပုဒ်သည် ကမ္ဘာကျော်သွားခဲ့သဖြင့် ရှမ်ဂရီလား ဟူသော အမည်ကိုသာ လူတွေကြားနေကြ၏။ အနောက်နိုင်ငံမှ လေယာဉ်ပျံဖြင့် ခရီးထွက်လာသူအချို့သည် တရုတ်ပြည်မြောက်ဖျား ဟိမဝန္တာအနီးတွင် လေယာဉ်ပျက်ကျရာ ရှမ်ဂရီလားသို့ ရောက်လာကြသည်။ ရှမ်ဂရီလားတွင် ရှေးသူတော်စင်များ နေကြသည်။ ထိုပုဂ္ဂိုလ်တို့၏ ဉာဏ်ပညာနှင့် စိတ်တန်ခိုးတို့သည် ထူးဆန်းအံ့သြဖွယ်ဖြစ်သည်ဟု ဖော်ပြထားသည်။ ရှမ်ဂရီလားသည် ရှေးအခါက သွားလာရန်ခက်ခဲသော၊ လူအရောက်အပေါက်နည်းသောနေရာဖြစ်သော်လည်း ယခုအခါတွင် တရုတ်ပြည်မကြီးမှ ဟိမဝန္တာဘက်ပြည်သို့ ကားလမ်းမကြီး ဖောက်ထားရာ ခရီးသည်များဥဒဟိုသွားနေကြသည်။ မြန်မာပြည်မှ ရှမ်ဂရီလားသို့ သွားလိုသူသည် ရှမ်းပြည်နယ်



www.burmeseclassic.com

www.burmeseclassic.com

ဆယ်မြို့မှတစ်ဆင့် တရုတ်ပြည်မထဲဝင်ပြီး အဝေးပြေးလမ်းမအတိုင်း တိဗက်ဒေသနယ်စပ် ရှမ်ဂရီလားသို့သွားနိုင်၏။

အမှန်စင်စစ် ရှမ်ဗဲလားဒေသသည် ရှမ်ဂရီလားဒေသ မဟုတ်သော်လည်း ရှမ်ဂရီလားနှင့် မဝေးလှချေ။ ရှမ်ဗဲလားသည် ဟိမဝန္တာတောင်တန်း၏ အရှေ့ဘက်စွန်းတွင်ရှိသည်။ တိဗက်ဒေသတွင်း၌ ရှိသည် မဟုတ်။ တိဗက်လားမားကျောင်းတော်များနှင့် အဆက်အဆံများသည်။ သို့ရာတွင် ရှမ်ဗဲလားသည် တိဗက်ဘာသာရေးအဆောက်အအုံမဟုတ်ချေ။ ရှမ်ဗဲလားတွင် သဒ္ဓမ္မသူတော်စင်အဖွဲ့ချုပ်တည်ရာ ဖြစ်ပြီး လောကအကျိုးပြု ဂန္ဓာရီပညာရှင်များကို မွေးထုတ်ပေးရာ ဂန္ဓာရီတက္ကသိုလ်ကြီးရှိသည်။ ဟိမဝန္တာတောင်ကြောတစ်နေရာတွင် အသူတစ်ရာနက်လှသော ချောက်ကမ်းပါးကြီးခြားထားသည့်တောင်နှယ်တစ်နေရာရှိသည်။ ဤချောက်ကြီးတစ်ဖက်ကမ်းမှ တစ်ဖက်ကမ်းသို့ကူးရန် နှယ်ပင်များဖြင့် ပြုလုပ်ထားသော ကြိုးတံတားရှိသည်။ ရှမ်ဗဲလား၏တပည့်သာဝကများသည် 'ဆရာရှင်တို့၏ညွှန်ကြားချက်အရ ရှမ်ဗဲလားသို့လာမည်ဆိုပါက ဤကြိုးတံတားမှတစ်ဆင့် ဖြတ်သန်းလာရမည်။ လှုပ်ယမ်းနေသောကြိုးတံတားပေါ်တွင်သတိဝီရိယဖြင့်လျှောက်မှ တစ်ဖက်ကမ်းသို့ ရောက်နိုင်သည်ဟု အရှင်မြတ်တို့ပေးစာ'ဟူသောကျမ်းတွင် ဖော်ပြထားသည်။

ရှမ်ဗဲလားတည်ရာ တောင်စောင်းသည် မြေကောင်းမြေမြတ် ဘူမိနက်သန်မှန်သည်။ အပေါ်မှကြည့်လျှင် ကျောက်ထီး ကျောက်နံရံများဖြင့် ကွယ်နေသည်။ မြေပြန့်မှကြည့်ပါက ရေအိုင်ကြီးများဝိုင်းပတ်ထားသည်။ ဆီးနှင်းများ လွှမ်းခြုံသောတောအုပ်ကြီး ဖြစ်သည်။ ရှမ်ဗဲလား၏အဆောက်အအုံများကို မမြင်နိုင်ပေ။ ရှမ်ဗဲလားသို့လာခွင့်ရပြီးသူများသာလျှင် ခရီးအဆင့်ဆင့်ကို ကျော်ဖြတ်နိုင်မည် ဖြစ်သည်။ ဤခရီးတွင် သစ်တော၊ တံတား၊ ရေအိုင်တို့၌ တောရဆောက်တည်နေသော ဆာဒူးကြီးများ၊ ရသေ့ကြီးများက လမ်းညွှန်ပေးသည်။ ရှမ်ဗဲလားတွင် အဓိကအဆောက်အအုံကြီးမှာ 'ချွင်' ဟု အမည်ပေးထားသောမျှော်စင်ဘုံကျောင်းကြီး ဖြစ်သည်။ ယင်း'ချွင်' ဘုံကျောင်းကြီးတွင် အထပ်များစွာရှိပြီး မဟာဂန္ဓာရီပညာများ သင်ပေးသည့် တက္ကသိုလ်ကြီး ဖြစ်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးမှ ဂန္ဓာရီပညာရှင်များသည် သူတို့၏ဆရာရှင်များ ညွှန်ကြားချက်ဖြင့် ဤရှမ်ဗဲလားမဟာဂန္ဓာရီတက္ကသိုလ်ကြီးတွင် လာရောက် သင်ကြားနေကြသည်။ ဤတက္ကသိုလ်သို့ ရောက်ရှိလာသူများမှာ ရုပ်ခန္ဓာမဟုတ်ချေ။ လိပ်ပြာခန္ဓာဖြင့် ရောက်ရှိလာသူများ ဖြစ်သည်။ ည(၁၁) နာရီမှ နံနက် (၄) နာရီအတွင်း ရုပ်ခန္ဓာအိပ်ပျော်နေစဉ် လိပ်ပြာခန္ဓာဖြင့် ရောက်ရှိလာသော တပည့်သာဝကများ ဖြစ်၏။ သာဝကများကို ပထမအဆင့်၊ ဒုတိယအဆင့် စသည်ဖြင့် အဆင့်များခွဲခြား၍ မိမိသက်ဆိုင်သောအဆင့်တွင်သင်ကြားပေးရာအထပ်၌လေ့လာသင်ကြားရသည်။ ဥယျာဉ်ပြုလုပ်ထားသော အထပ်တွင် လူ့အသက်ကို ကယ်တင်နိုင်သော ဘယဆေးပင်များ၊ စိတ်ကိုပြောင်းလဲစေသော ဘယဆေးပင်များနှင့် အခြားသတ္တိထူးရှိသောဆေးပင်များကိုစိုက်ပျိုးထားသည်။ အချို့နေရာတွင် ကျောက်စားပွဲကြီးပေါ်၌ ဆီမီးခွက်အမျိုးမျိုးကို ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် သရုပ်ဖော် ထွန်းညှိထားသည်။သုတေသနပြုလုပ်ရာအထပ်တွင် (၁၀)ပေ×(၅)ပေခန့်ရှည်သော ဖန်သားပြင်ကြီးပေါ်တွင် ကမ္ဘာအရပ်ရပ်ကို စီစီတီဗီရိုက်သကဲ့သို့ ရိုက်ကူးကြည့်ရှုသုတေသနပြုနေကြသည်။ အခြားအုပ်စုတစ်ခုက သိပ္ပံသုတေသန၊ ဆေးပညာသုတေသန စသော သုတေသနလုပ်ငန်းဆောင်ရွက်နေသော အသင်းအဖွဲ့လုပ်ငန်းများကို စောင့်ကြည့်နေသည်။ ထိုသူများ အကူအညီလိုအပ်ပါက ရှမ်ဗဲလားမှ ကူညီပေးရန် ဖြစ်သည်။ အဖွဲ့တစ်ဖွဲ့တွင် ဆရာရှင်တစ်ပါးက ဦးဆောင်လျက် အဆင့်မြင့်တပည့်သာဝကတို့က လေ့လာလျက်ရှိသည်။ သဒ္ဓမ္မအဖွဲ့ချုပ်သည် ရှမ်ဗဲလား၏ ညွှန်ကြားချက်အတိုင်း လောကအကျိုးဆောင်နေသည်။

မောင်ကျောက်တိုင်

ကျမ်းကိုး- Occult Mystery

ကျွန်တော်သည် စာဆိုတော်နေ့ သက်ကြီးပူဇော်ပွဲတွင် အသက် (၈၀) အထက် စာပေပညာရှင်ကြီးများကို တစ်ဦးလျှင် (၅၀၀၀) ကျပ်စီ ကန်တော့ရာ ဆရာကြီး မောင်ကျောက်တိုင်ကို (၅) ကြိမ် ကန်တော့ခဲ့ရလေပြီ။

ဆရာမောင်ကျောက်တိုင်၏အတ္ထုပ္ပတ္တိမှာ -

မလှိုင်မြို့ အဘ ဦးသင့်၊ အမိ ဒေါ်လှဦးတို့မှ ၂၃-၃-၁၉၂၉၊ စနေနေ့တွင် မွေးဖွားသည်။ အမည်ရင်းမှာ မောင်တင်လှိုင် ဖြစ်ပြီး ဘကြီးဘုန်းကြီးက မောင်ကျောက်တိုင်ဟု ငယ်နာမည်ပေးခဲ့သည်။ မလှိုင်မြို့တွင် မူလတန်းပညာသင်ယူခဲ့ပြီး ရန်ကုန်မြို့တွင် အလွတ်ပညာသင်ကျောင်း၌ အထက်တန်းပညာသင်ယူခဲ့ပြီး ၁၉၅၆ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်သည်။ သက်ကြီးတက္ကသိုလ်တွင် ပညာဆက်လက်သင်ယူပြီး ၁၉၆၀ တွင် ဝိဇ္ဇာဘွဲ့ရခဲ့သည်။ မန္တလေးဆေးရုံကြီးတွင် အတွင်းရေးမှူး၊ ဗဟိုဆေးသိုလှောင်ရေးဌာနတွင် ငွေစာရင်းအရာရှိ၊ မြောက်ဥက္ကလာပဆေးရုံတွင် အုပ်ချုပ်ရေးအရာရှိ အမှုထမ်းခဲ့သည်။ ၁၉၅၂ ခုနှစ် ကလောင်အမည် မောင်ကျောက်တိုင်၊ ရဲဘော်တင်လှိုင်၊ အောင်ကျော်ဦးတို့ဖြင့် ရှုမဝ၊ သွေးသောက်၊ အာမခံ၊ စာပေသစ်၊ လူထုဂျာနယ်တို့တွင် ဆောင်းပါးများ၊ ဘာသာပြန်များ ရေးခဲ့သည်။ မနောသုတေသီ၊ ဒိုင်ဂျေကလောင်အမည်ဖြင့်လည်း ရေးခဲ့သည်။ သူရဋ္ဌ၊ လပြည့်ဝန်း၊ နက္ခတ္တရောင်ခြည်၊ မနောမယ၊ ရွှေအောင်လံ၊ စာရုပ်စုံ၊ ပါဝါ၊ နိုင်ငံတကာပြစ်မှုဂျာနယ်တို့လည်း ရေးခဲ့သည်။ လုံးချင်းစာအုပ်များဖြစ်သော ကျွန်နိဒါန်း၊ ပါတော်မူပြီးစ မြန်မာပြည်၊ ဂါတ်စတာပိုချုပ်ဖြောင့်ချက်၊ လကမ္ဘာပြန်လူသားသုံးဦး၊ လက်ဝဲနော်ရထာ၊ မဟာဂန္ဓာရီနိဒါန်း၊ မန္တန်ပညာ၊ ရှာမင်လောကီပညာ၊ အဇ္ဈတ္တခရီး၊ စိတ်တန်ခိုးကိုလေ့လာခြင်း၊ အသုံးချစိတ်ညှို့ပညာကျမ်း၊ အဂ္ဂနိယောဂမိတ်ဆက်၊ ကုဏ္ဍလိနီ၊ မဟာဂန္ဓာရီတက္ကသိုလ်များ၊ လိပ်ပြာဝိညာဉ်လွင့်လေလျှင်တို့ ရေးသားခဲ့၏။ ၁၉၈၅ ခုနှစ်မှစ၍ စိတ်စွမ်းအင်စာစဉ်များကိုလည်း ထုတ်ဝေခဲ့သည်။ မြန်မာသီအိုဆိုဖီအသင်းကြီး၏ အမှုဆောင်လည်း လုပ်ခဲ့သည်။ ဆရာသည် ၁၃-၁-၂၀၁၄၊ တနင်္လာနေ့ နံနက် (၉) နာရီအချိန်တွင် ကွယ်လွန်ရှာသည်။ ကွယ်လွန်ချိန်တွင် (၈၅) နှစ်ရှိပြီ ဖြစ်သည်။ အိမ်လိပ်စာမှာ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၁၂၄) လမ်း၊ အိမ်အမှတ် (၈၃) ဖြစ်ပါသည်။

*(ဤဆောင်းပါးဖြင့် ဖခင် ဦးရန်အောင်နှင့် ဆရာမောင်ကျောက်တိုင်တို့ကို ဦးခိုက်လျက်)*

တင်အောင်(စက်မှုဘာသာသင်)



www.burmeseclassic.com

www.burmeseclassic.com

# ပြနန်းရှင်

## သားတားကြူးသည့် လူ့ဂါလူး

ပြောရင်း စကားမဆက်နိုင်ရှာ။ အင့်ခနဲရှိုက်လိုက်ပြီးမှ ဆက်၍ပြောပြန်သည်။ သူ့ပြဿနာမှာ အတော်ပင်ကြီးမားစွာကြုံတွေ့နေဟန် ဖြစ်မည်။ ကျွန်မကိုယ်တိုင်ပင် သူ့ကို အကဲခတ်နေရဆဲပင်။

"အဟင့်ဟင့်- ကိုအောင်ရယ်လေ၊ မိန်းကလေးတစ်ယောက်နဲ့တွဲနေတယ်"



သည်နေ့ တူမဖြစ်သူ ခင်ခင်ခန့် တစ်ယောက် ကြိုတင် ဖုန်းမဆက်ဘဲ ကျွန်မထံ ရောက်ချလာသည်။ ပြုံးပျော်ပျော်ရွှင်သောမျက်နှာဖြင့် ရောက်လာခြင်း မဟုတ်ပါ။ ရောက်ရောက်ချင်း ဆောက်နှင့်ထွင်းဆိုသကဲ့သို့ပင်-

"ဒေါ်လေးရယ်၊ သမီးရဲ့အဖြစ်ကတော့ သေသာသေလိုက်ချင်ပါတယ်"

ပြောပြောဆိုဆို ကျွန်မအားသိုင်းဖက်ကာ ငိုကြွေးနေတော့သည်။ မည်သို့သောအပူကိစ္စကြုံလာ၍ ဤသို့ဖြစ်ရသည်မသိ။ သူ့အပြောကိုသာစောင့်စားနေလိုက်သည်။ ရင်တွင်းပေါ့သွားအောင် အားရပါးရငို၊ မျက်ရည်သုတ်၊ နှာရည်တွေ သိမ်းဆည်းပြီးသောအခါ ဆက်၍ပြောရှာပါသည်။

"သမီးလေ၊ သမီးရဲ့ကြုံတွေ့နေရတဲ့အဖြစ်ကို ဖွင့်ပြောပြရမှာ ရှက်တာနဲ့ ကိုယ့်ပြဿနာကိုယ့်ဘာသာဖြေရှင်းနေတာပါ။ ဒါပေမယ့်. . ."



www.burmeseclassic.com

www.burmeseclassic.com

ပြောရင်း ဝမ်းနည်းပက်လက်ငိုချလိုက်ပြန်တော့သည်။ ခင်ခင်ခန့်ရဲ့ဖြစ်အင်ကိုကြည့်ပြီး မိန်းမသားချင်း ကိုယ်ချင်းစာပါသည်။ မိမိ၏ခင်ပွန်း သစ္စာဖောက်ခံရတာလောက် ကမ္ဘာမီးလောင်တာထက် ခံစားမှုဝေဒနာ ပိုပြင်းထန်ပါသည်။ နှလုံးအိမ်သို့ အဏုမြူဗုံး အဆတစ်ရာကြဲချခံရသူပမာပင်။ သည့်ထက် ပိုချင်ပိုမည်။ ဆောက်တည်ရာ မည်သို့မျှ မရနိုင်ကြပါ။

တချို့ကတော့ ခံစားမှုပေါက်ကွဲကုန်ကာ ရင်ဆိုင်ပွဲဆင်နွှဲ၍ အော်ကြဆဲကြ၊ ရိုက်ကြ ပွဲကြမ်းကုန်ကြသည်။တချို့က တကောက်ကောက်လိုက်ကာချောင်းမြောင်း အမိဖမ်းကြ၊ ယောကျ်ားကို အနုနည်းဖြင့် မျက်ရည်ခံထိုးသိမ်းသွင်းကြ။ တချို့က ဗေဒင်ဆရာ/ဆရာမတို့၏အခါတော်ယူကာ ဓာတ်ရိုက်ဓာတ်ဆင်ကြသည်။ တချို့က ဓာတ်ပူး၊ နတ်ပူး၊ ဆေးဖယောင်းတိုင်ထွန်းကြ။ အချို့က မိစ္ဆာပညာသုံး၍ လင်ပူအတွက် ယတြာမျိုးစုံလင် လုပ်ဆောင်ကြတော့သည်။

ဒီနေ့ခေတ်ကာလရေစီးကြောင်းကား ပုရိသ ကြီး၊ ငယ်မရွေး အာရုံထွေပြားလှသည်။ လူက အိမ်မှာနေပြီး စိတ်ပြတင်းတံခါးများအလွယ်တကူဖွင့်လှစ်ထားနိုင်သည်။ တယ်လီဖုန်း၊ အင်တာနက်၊ ဖေ့(စ်)ဘွတ်(ခ်)များကနေ ချက်တင်နှင့် လက်ဆုင်(န်)ဝင်ကြသည်။ လူမသိသူမသိ ဆက်သွယ်ကြရင်း နောက်တော့ လူ့စိတ်၊ လူ့သွေးသားဆန္ဒဆိုတာ



အစိုးရသည်မဟုတ်။ အာရုံငါးပါးမကဖြားယောင်းမှုက နည်းမျိုးစုံလင်လှသည်။

လင်မယားနှစ်ယောက် ချစ်ချစ်ခင်ခင် ဈေးဝယ်နေဆဲမှာ အနားမှာရပ်နေသောယောကျ်ားကို ဘေးက ဖြတ်လျှောက်သွားသောမိန်းကလေးက လှစ်ခနဲ မျက်စိမှိတ်ပြတာမျိုး၊ နှုတ်ခမ်းလေးစုကာ အီစီကလီလုပ်ပြတာမျိုး မြင်တွေ့ဖူးသည်။ ခေတ်ကြီးကိုက ကိုရီးယားရုပ်ရှင်ကားများလွှမ်းမိုးမှုကြောင့် မယားရှိလင်၊ ကလေးအဖေကလည်း ရည်းစားထားချင်သည်။ လင်ရှိမယား ကလေးအမေကလည်း အပျိုရုံးအောင်ပြင်ဆင်ပြီး ကဲချင်ကြသည်။

ဗုဒ္ဓအဆုံးအမ၏ ကာမေသုမိစ္ဆာစာရကံ အကျိုးအပြစ်လည်း အခုလာမပြောနှင့်၊ နောင်မှကြုံမှာ။ နောင်ခါလာ နောင်ခါဈေး ဟူ၍ သံသရာဝဋ် ဒု-သ-န-သော ငရဲကို ပေါ့ပြက်ပြက်ထင်မှတ်များကြကုန်၏။ ဝတ်မှုစားမှု၊ ယဉ်ကျေးမှုဆိုတာ မေးမှိန်ကာ ဟီရိ၊ ဩတ္တပ္ပ ဆိုသော ကမ္ဘာစောင့်တရားနှစ်ပါးအား မျက်ကွယ်ပြုထားကြတာ အမှန်ပင်။

ရုံးဌာနများမှာ၊ ကုမ္ပဏီများမှာ၊ ကုန်သည်၊ ပွဲစား၊ လူတန်းစားအလွှာစုံမှာ ဒီလူမှာ အိမ်ထောင်နှင့် သားသမီးများရှိမှန်းသိလျက်နှင့် ချဉ်းကပ်ကြသည်။ တချို့က ကိုယ်တိုင်ခြံခုန်ကြသည်။ မိန်းကလေးများက မှိုခိုလို၍ဟုအကြောင်းပြကောင်းဦးမည်။ ဒီနေ့ခေတ် ယောကျ်ားလေးတော်တော်များများ မိန်းကလေးအမှိုကောင်းကို ရှာကြကုန်သည်။ ထိုအထဲတွင် အချို့ယောကျ်ားသားများက အပျို၊ အအို ပြဿနာမရှိ။ လက်ရှိကာမပိုင်လင်ရှိမှန်းသိလျက်နှင့် ဝင်ငွေအရှာအဖွေကောင်းသည့် မိန်းမသား'များထံ ချဉ်းကပ်ကြတာ မြင်ကြားသိနေရသည်။

တချို့ အိမ်ထောင်ရှင်များက သူရွဲ့၊ ကိုယ်ရွဲ့များလည်းရှိကြသည်။ အရွဲ့လွန်ကာ မိသားစုအသိုက်အမြုံပျက်ယွင်းကြပြီး နောက်ဆုံးမှာ မွေးထားသော သားသမီးများမှာ မြေစာပင်ပမာဖြစ်ကြ၍ စိတ်အနာဒဏ်ရာရကုန်ကြတော့သည်။

"ကဲ-ပြောပါဦး၊သမီးရဲ့အကြောင်း"

"သမီးရဲ့အိမ်ထောင်ရေးကိစ္စကို လူကြီးမိဘတွေသိရင် စိတ်ဆင်းရဲကုန်ကြမှာစိုးလို့ ကိုယ့်ဘာသာ တစ်ယောက်တည်းကျိတ်ပြီးဖြေရှင်းနေတာပါ။ သမီးကိုယ်တိုင်လည်း အလုပ်ကတစ်ပက်ကလေးဝေယျာဝစ္စတစ်ဖက်မို့ ကိုအောင်



www.burmeseclassic.com

www.burmeseclassic.com

နောက်လည်း မလိုက်နိုင်ပါဘူး။ သမီးလည်း သမီးအရွယ်၊ သမီးပညာဂုဏ်နဲ့ သူ့လိုပဲ မခံချင်စိတ်နဲ့ ပြန်အရွဲ့တိုက်ရင် ရပါတယ်"

ခင်ခင်ခန့် ပြောလာသောစကားကြောင့် ကျွန်မ စိုးရိမ်စွာဖြင့် ခပ်မြန်မြန်လက်ကာ၍-

"မလုပ်လိုက်ပါနဲ့ သမီးရယ်။ ကာမေသုမိစ္ဆာစာရကံကျူးလွန်ရင် နောင်လူ့ဘုံဘဝ ပြန်ရဖို့ခဲယဉ်းတဲ့၊ ကံကြီးထိုက်တဲ့အပြစ်ပါ သမီးရယ်"

"စကားအဖြစ်ပြောတာပါ ဒေါ်လေးရယ်။ သမီးတို့က မိကောင်းဖခင်သားသမီးပါ။ ဘာသာတရားအဆုံးအမနဲ့နေပြီး တစ်လင်တစ်မယားစနစ်ပဲလက်ခံတာပါ။ သမီးရဲ့ကလေးတွေရဲ့ဘဝမှာ အဖေ, အမေ ကွဲကွာတာမျိုး၊ မိထွေး, ပထွေးနဲ့နေရတဲ့ဘဝမျိုး မကြုံတွေ့စေချင်ဘူးလေ။ ဒါကြောင့် သမီးဘက်က ဘာလိုအပ်လဲအဖြေရှာပါတယ်။နောက်ပြီး ဗေဒင်၊ ယတြာတွေမေးရ၊ ခါတ်ရိုက်ခါတ်ဆင်လုပ်ရလို့ ငွေကုန်လူပန်းဖြစ်နေရပြီ"

ခင်ခင်ခန့်ပြောလာမှ ကျွန်မတို့ငယ်စဉ်က အဒေါ်ဖြစ်သူရဲ့ယောကျ်ား နောက်ပိုင်းခြေရှုပ်လေသောအခါ အဒေါ်ဖြစ်သူမှာ ဗေဒင်မေးရ၊ အကြားအမြင်မေးရ၊ ဆေးဖယောင်းတိုင်ထွန်းရ၊ အင်းမီးထွန်းရ၊ မြန်မာနည်းစုံတော့ တရုတ်ဘုံကျောင်းသွားစာချ၊ နောက်ကာလီမန်ဘုရားကျောင်းမှာ အုန်းသီးခွဲပြီး ဆရာမျိုးစုံအောင် ယောကျ်ားခြေငြိမ်အောင် လုပ်ရတာ မောမှမော။ နောက်ဆုံး ဝတ်ထားသောရွှေလက်ကောက်သာကုန်သွားသည်။ ဒေါ်လေး၏ယောကျ်ားက အတိအလင်းပင် နောက်မိန်းမအား လက်ထပ်ယူလိုက်တော့သည်။

ယခုလည်း ခင်ခင်ခန့်အဖြစ်က ထိုနည်းလည်းကောင်းဖြစ်ပေတော့မည်။ (ဗေဒင်ပညာရှင်အစစ်အမှန်များကိုမဆိုလိုပါ။) ကျွန်မက သူဆက်ပြောလာမည့်စကားကို ဆက်၍နားစွင့်နေလိုက်သည်။

"သမီးလေ၊ ဒီနေ့လောက် စိတ်ထဲမှာ တုန်လှုပ်ဝမ်းနည်းခံစားရတာမရှိတော့ပါဘူး။ ဒေါ်လေးကိုတော့ပြောပြမှဖြစ်တော့မယ်ဆိုပြီးလာခဲ့တာပါ။

သမီးရဲ့သူငယ်ချင်းတစ်ယောက်က လမ်းညွှန်လို့ ကိုအောင့်အတွက် ဗေဒင်သွားမေးခဲ့ပါတယ်။ အဲဒီဗေဒင်ဆရာက တခြားဆရာတွေလိုမျိုး အညွှန့်အရွက်လျှခိုင်းတာမျိုး၊ နဝင်းချေတာမျိုး၊ အင်းဖယောင်းတိုင်ထွန်းခိုင်းတာမျိုးတွေ မလုပ်ခိုင်းပါဘူး။ သမီးရဲ့ယောကျ်ားကို သမီးဆီ စိတ်ပြန်လည်လာအောင်၊ ချစ်ချင်း ထူးခြားလာအောင် အထူးယတြာ ခါတ်ဆင်ပေးမယ်တဲ့။ အဲဒီဆရာရဲ့ စကားကြားတာနဲ့တင် သမီးဝမ်းသာပြီး ဆရာ့ကို ယုံကြည်သွားပါတယ်။ယတြာ ချေတဲ့နေရာက သမီးနေတဲ့အိမ်မှာ ချေပေးမှရမှာတဲ့။ ဒါကြောင့် သမီးတို့က မိဘဆွေမျိုးနဲ့နေတာလား၊ ကိုယ့်ဘာသာနေတာလားလို့ မေးပါတယ်။ ဒါနဲ့ သမီးကလည်း ကိုယ့်ဘာသာနေကြောင်း၊ ယောကျ်ားက ပုံမှန်ပြန်မလာတော့ ကလေးနဲ့ အားငယ်နေရကြောင်း၊ သမီးရဲ့လင်အပူခံစားချက်တွေ ပြောပြမိပါတယ်။

ဒါနဲ့ နေ့ရက်ရွေးပြီး ဗေဒင်အခါတိုင်ကောင်းမယ့်အချိန် အိမ်ကိုလာမှာမို့ အိမ်လိပ်စာပေးခဲ့လိုက်ပါတယ်။ အဲဒီနေ့မှာ သမီးနဲ့ ကိုအောင်အိပ်တဲ့အိပ်ရာကို ကျကျနန ခင်းကျင်းပြင်ဆင်ထားပေးပါတဲ့။ သမီးလည်း အဲဒီနေ့မှာ အိပ်ရာကို ပြင်ဆင်ပေါ့။ ဆရာက အိပ်ရာမှာ အင်းချတာတို့ဘာတို့လုပ်ခိုင်းမယ်ထင်ပါရဲ့ဆိုပြီးတွေးပါတယ်။ ကလေးက ကျောင်းသွားတာမို့ သူငယ်ချင်း မေဦးကို အဖော်ခေါ်ထားပါတယ်။ဗေဒင်ဆရာလာတော့ သမီး မေးချင်၊ ပြောချင်တာ မလွတ်လပ်မှာစိုးလို့ မေဦးက နောက်ဖေးမီးဖိုချောင်မှာ သွားနေရှာတယ်။ ဗေဒင်ဆရာကို ဧည့်ခံပြောဆိုပြီးတဲ့နောက်မှာ-

'ဆရာ၊ ယတြာက ဘယ်လိုချေရမှာလဲ။ ဆရာပြောတဲ့အတိုင်း အိပ်ရာတော့ ပြင်ဆင်ထားပြီးပါပြီ'

လို့ ပြောပြတဲ့အခါမှာ -

'ငါ့ညီမရဲ့ယောကျ်ားကို တကယ်ပြန်လာစေချင်လား'

'ဟာ - ဘယ့်နှယ်ပြောပါလိမ့် ဆရာရယ်၊ လာစေချင်လို့ ဆရာပြောတဲ့အတိုင်း စောင့်နေတာလေ'

ဆိုတော့ ဗေဒင်ဆရာက ပြုံးပြီး သမီးကို စိုက်ကြည့်ပုံက ကစ်မျိုးပဲလို့ စိတ်မှာထင်ပေမယ့် ကိုယ့်ယောကျ်ားအတွက် ယတြာလုပ်ပေးချင်တဲ့ဆန္ဒဇောကပ်နေတာကြောင့် ဘာယတြာလုပ်ခိုင်းမှာလဲဆိုပြီး စောင့်နေတဲ့အခါမှာ ယတြာက ဘာမှခက်ခက်ခဲခဲလုပ်စရာမလိုပါဘူးတဲ့။ ငါ့ညီမနဲ့ ဆရာတို့နှစ်ယောက် ကျောချင်းကပ်ပြီး ခုတင်ပေါ်မှာ (၁၅) မိနစ်လှဲအိပ်ပြီး နေပေးတာနဲ့ ခါတ်ဆင်ပေးပြီးရင် ညီမလေးယောကျ်ား ပြန်ရောက်လာမှာ အသေအချာပါပဲတဲ့။

အဲဒီလိုလည်းပြောတာကြားလိုက်ရချိန်မှာ သမီးရဲ့မျက်နှာဘယ်ထားရမှန်းမသိတော့ဘူး။ ကိုယ့်ယောကျ်ားဘယ်လိုပဲဖြစ်နေပါစေ၊ ကိုယ့်အိမ်ဦးနတ်ရဲ့နေရာမှာ တခြားဘယ်သူစိမ်းယောကျ်ားကို ပေးပြီး အတူယှဉ်တွဲအိပ်ရမှ ယောကျ်ား ပြန်လာအောင်လုပ်ရမယ့် ယတြာမျိုးကိုတော့ သေသွားပါစေ မလုပ်နိုင်ပါဘူး။ အဲဒီအချိန်မှာ သမီးစိတ်ထဲမှာ ဝမ်းနည်း စိတ်ထိခိုက်မိတယ်။ ဩော် - ငါ့ယောကျ်ားက တန်ဖိုးမထားလို့ ငါစော်ကား ရတာပါလားလို့ ဒေါသထွက်မိတယ်။ ဗေဒင်ဆရာရဲ့ ပြောစကားကို မေဦးလည်း ကြားတာမို့ အိမ်ရှေ့ခန်းကိုထွက်လာတော့မှ ဗေဒင်ဆရာလည်း စကား ရှေ့မဆက်တော့ဘဲ မျက်စိမျက်နှာပျက် ပြီး ထပြန်သွားလေရဲ့။

အဲဒီမှာ သမီးစဉ်းစားကြည့်မိသွား တယ်။ သမီးတို့လို ကိုယ့်ယောကျ် အတွက် သောကအပူပွား လင်ပူမီး တော့ ကိုယ့်ယောကျ်ား ကိုယ့်ဆီပြန်လာ ချင်ဇောနဲ့ ဘာမှမစဉ်းစားမဆင်ခြင် ဗေဒင်ဆရာ အတုလား၊ အစစ်လား ခြားတတ်၊ မဆန်းစစ်တတ်နဲ့ ပြောသ ယုံပြီး ဘဝရေစုန်မျောမယ့်ကိန်းဆို အောင် သားစားကြူးတဲ့ ကာမ မူလမျက်နှာကို ဗေဒင်ဆရာမျက်နှာ စွပ်ပြီး ခွင်ရိုက်စားနေတဲ့ အတုအယောင် ဘေးကလွတ်အောင် ဒေါ်လေးက ဆင့် တခြားလူတွေ သိခွင့်ရအောင် ပြောပြ၊ ရေးပြပေးစေချင်လို့ လာ ပြတာပါ ဒေါ်လေးရယ်"

ခင်ခင်ခန့်ခမျာ အကြာကြီးစကား ပြောရသဖြင့် မောသွားပုံရလေသည် သူတွေ့ကြုံရပုံကြားပြီး ကျွန်မပင် အတွက် စိတ်မကောင်း စိတ်ပူရ၊ လိမ်ဗေဒင်ဆရာကိုလည်း ရည်မှန်း ဒေါသထွက်ရ။ ကျွန်မသာ ထိုနေ ဆိုလျှင် ရဲစခန်းပို့မိမှာ အမှန်ပင်။

သို့သော် လူဆိုတာ မကော သည့်စိတ်မွေး၊ သူတစ်ပါး မကောင်း စိတ်ရှိသူတို့၏ သွားရာလမ်းအတ ထိုလူလိမ်ဗေဒင်ဆရာ ရုတ်တ ဦးနှောက်သွေးကြောပြတ်ကာ ကွယ် သွားကြောင်း သတင်းကြားရလေသ အမှန်တကယ် ဗေဒင်ပညာရှင် အပေါ် စော်ကားသူဖြစ်၍လည်း ဖြစ် မည်ဟု တွေးကြည့်မိပါသည်။



www.burmeseclassic.com

ဤဆောင်းပါးနှင့် ပတ်သက်၍ စာဖတ်သူများအားတင်ပြရန် အချက် နှစ်ချက်ရှိပါသည်။ ပထမအချက်မှာ ဤဆောင်းပါး၏အမည် ဖြစ်ပါသည်။ ...ပါသည်။ 'တစ်ကွေ့တော့တွေ့ကြဦး မည်' ဆိုသော အမည်သည် ကျွန်တော် ...ကိုယ်ပိုင်အမည်မဟုတ်ပါ။ ကျွန်တော့် ...ဆွေ ကွယ်လွန်သူ ဆရာနတ်နွယ်၏ ...အောင်မြင်ပေါက်ရောက်သောဝတ္ထုရှည် ...စ်ပုဒ်၏အမည် ဖြစ်ပါသည်။ ဤဝတ္ထု ...မှာ ကျွန်တော်တသသဖြစ်ခဲ့ရသောဝတ္ထု ...စ်ပုဒ်ဖြစ်သဖြင့် ဤဝတ္ထု၏အမည်ကို ...လည်အသုံးပြုသည့်အတွက် စာဖတ် သူများ ကျွန်တော့်ကို ခွင့်လွှတ်စေလိုပါ သည်။

ဒုတိယအချက်မှာ ဤဆောင်းပါး

နာဇီပါတီဝင် အက်(စ်)အက်(စ်)ဂက် စတာပိုများနှင့် နာဇီပါတီထိပ်သီးခေါင်း ဆောင်များသည် ပြောင်ပြောင်တင်းတင်း ကျူးလွန်ခဲ့ကြသည်။ သူတို့ပါတီ ဂျာမနီ နိုင်ငံတွင် အာဏာရလာသည်နှင့် ဂျာမနီ နိုင်ငံတော်နှင့် သြဇာခံနယ်မြေများတွင် ဂျူးလူမျိုးမှန်လျှင် ကြယ်ဝါတပ်ထားရ မည်။ ဂျူးလူမျိုးမှန်လျှင် ဘိုင်စကယ်သာ စီးရမည်။ မာတ်ရထားလုံးဝမစီးရ။ မော်တော်ကားမောင်းခြင်းမပြုရ။ ညနေ (၃) နာရီနှင့် (၅) နာရီအတွင်းသာ ဈေးဆိုင်ကနားများ၌ ဝယ်ယူခွင့်ရှိသည်။ ဈေးဝယ်သောအခါ 'ဂျူးများအတွက် ဆိုင်' ဟု သီးသန့်စာတန်းထိုးထားသည့် ဆိုင်များတွင်ဝယ်ခွင့်ရှိသည်။ ည(၈)နာရီ ထိုးလျှင် ဂျူးလူမျိုးတိုင်း အိမ်ထဲ၌သာ

၍သတ်ဖြတ်ခဲ့ကြသည်။ ထိုစဉ်က ငရဲခန်း ဟု နာမည်ကျော်ကြားလူသိများခဲ့သော ချွေးတပ်စခန်းများဖြစ်သည့် ထရီဘလင် ကာ၊ ဘူကင်ဝေါ(လ်)၊ မေဒါနက်၊ မော် သောင်ဆင်၊ ဆိုဘီနာ၊ အော့(ရှ်)ဝစ် စသော ငရဲခန်းများတွင် ဂျူးလူမျိုး (၁၁) သန်းအား နည်းလမ်းအမျိုးမျိုးဖြင့် ကွက်မျက်ခဲ့ကြသည်။ ဥရောပတိုက်နိုင်ငံ အသီးသီးတို့မှ နာဇီတို့၏ ဖက်ဆစ်ဝါဒ



လျှမ်းတောက်

# တစ်ကွေ့တော့ တွေ့ကြဦးမည်

...တွင် ပါဝင်သည့် နာဇီစစ်ပြေးတရားခံ ...များနှင့်ပတ်သက်သော အချက်အလက် ...များ ဖြစ်ပါသည်။ စာဖတ်သူများအဖို့ ...ဘာဆန်းသလဲ။ တစ်ခါလာ မဲပြောပုဆိုး ... ထင်မှတ်ကောင်းထင်မှတ်ကြမည် ...ပါသည်။ မှန်ပါသည်။ နာဇီဝရမ်းပြေး ...တရာခံများနှင့်ပတ်သက်၍ ဝတ္ထုများ၊ ...ရုပ်မှန်ဝတ္ထုများ၊ ဆောင်းပါးများကို ...တော်လေးစားရသော စာရေးဆရာ ...များသည် လက်ဆစ်ချိုးရေတွက်၍ ...အောင် ရေးသား ထုတ်ဝေခဲ့ပြီး ဖြစ် ...သည်။ ကျွန်တော်ကိုယ်တိုင် သူရဋ္ဌ ...င်းကြီးတွင် အခါအားလျော်စွာ ရေး ... ဖော်ပြခဲ့ပါသည်။ သာဓကအားဖြင့် ...၁၃ ခုနှစ်၊ မေလထုတ် သူရဋ္ဌမဂ္ဂဇင်း ...တွင် 'မမေ့နိုင်သူများ' အမည်ဖြင့် ...ဆောင်းပါးတွင် တောင်အမေရိကတိုက် ...နိုင်ငံတွင် ရုပ်ပြောင်းရုပ်လွှဲအမျိုး ...၍ လျှို့ဝှက်စွာခိုအောင်းနေသော ...လူသတ်သမား အက်(စ်)အက်(စ်) ...ကြီးကူကာ(စ်)အား 'မမေ့နိုင်သူများ' ...သော လျှို့ဝှက်ဂျူးလူမျိုးများအသင်း ...မ်းဆီး၍ လုပ်ကြံသတ်ဖြတ်ခဲ့သည့် ...အကြောင်း ရေးသားဖော်ပြခဲ့ပြီး ဖြစ် ...သည်။

မှန်ပါသည်။ လူသားတို့၏ သမိုင်း ... အရိုင်းစိုင်းဆုံး၊ အရက်စက်ဆုံး၊ ...အမဲဆုံး၊ အဓမ္မအမှုများကို အစဉ် ...ကြီးမားသော ဂျာမန်အမျိုးသား

နေရ၏။ (၈) နာရီကျော်လျှင် ခြံဝင်း အတွင်း၌ပင်ထိုင်ခွင့်မရှိတော့။ ဂျူးလူမျိုး မှန်လျှင် ပြဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် အခြား ပျော်ပွဲရွှင်ပွဲ၊ အားကစားပွဲများ၌ ပါဝင် ခြင်းမပြုရ။ရေကူးကန်များ၊ တင်းနစ်ကွင်း များ၊ ဟော်ကီကွင်းများနှင့် အခြားအား ကစားကွင်းများသို့ လာရောက်ခြင်းမပြု ကြရ။ ဂျူးအမျိုးသားမှန်လျှင် ခရစ်ယာန် များထံသို့ သွားရောက် လည်ပတ်ခွင့် မရှိပေ။ ဂျူးကလေးငယ်များသည် ဂျူး လူမျိုးကျောင်းများ၌သာ စာသင်ကြရ မည် စသော ကန့်သတ်ချုပ်ချယ်မှုများ မရေတွက်နိုင်အောင် များပြားလာ သည်။

၁၉၃၉၊ စက်တင်ဘာလတွင် စတင်ဖြစ်ပွားလာသော ဒုတိယကမ္ဘာစစ် ကြီးသည် ၁၉၄၁ ခုနှစ်ဆန်းတွင်မူ နာဇီ ဂျာမနီတို့အဖို့ အောင်ပွဲခံရန် သေချာသ လောက်ဖြစ်ခဲ့ရသည်။ ဗြိတိသျှတို့အား ဥရောပတိုက်မှ မောင်းနှင်ထုတ်ခဲ့ပြီး အစဉ်အလာကြီးမားသော ပြင်သစ်နိုင်ငံ နှင့်အခြားဥရောပတိုက်နိုင်ငံအများမှာ နာဇီတို့၏ စကြာတံဆိပ်အောင်လံတော် အောက်သို့ ကျရောက်ခဲ့ကြသည်နှင့် အရက်စက်ဆုံးသော အဓမ္မမှုများကို ပြောင်ပြောင်တင်းတင်းပြုကြတော့သည်။ နာဇီအက်(စ်)အက်(စ်)တပ်ဖွဲ့ဝင်များသည် ဂျူးလူမျိုးများအား ချွေးတပ်စခန်းများ တွင် အစုလိုက်အပြုံလိုက် မာတ်ငွေ့ပေး

ကို ဆန့်ကျင်သူမျိုးချစ်များ၊ မဟာမိတ် စစ်သို့ပန်းများကိုလည်း ရက်ရက်စက် စက် လူသားမဆန်သော နည်းလမ်း အမျိုးမျိုးနှင့် နှိပ်စက်သတ်ဖြတ်ခဲ့ကြ သည်။

၁၉၄၄ ခုနှစ်ခန့်ကစ၍ စစ်ဒီရေ သည် မဟာမိတ်တို့ဘက်မှ မြင့်တက်လာ ခဲ့ရာ နာဇီဂျာမန်တို့အဖို့ စစ်ရှုံးနိမ့်ရ တော့မည့်အခြေအနေ ကျရောက်လာ သည်နှင့် နာဇီထိပ်သီးခေါင်းဆောင် များသည် ဥရောပတိုက်၌ စစ်ရှုံးနိမ့် လာပါက တောင်အမေရိကတိုက်ရှိ ဥရု ဂွေး၊ အာဂျင်တီးနား၊ ဘရာဇီး(လ်)၊ အီကွေဒါ၊ ကိုလံဘီယာ၊ ပီရူးစသောနိုင်ငံ များတွင် ခိုလှုံနေထိုင်ရန် အသင့်ပြင်ဆင် ခဲ့ကြသည်။ ဥရောပတိုက်နိုင်ငံအသီးသီး

www.burmeseclassic.com

*မှ အဓမ္မသိမ်းယူထားသောရွှေငွေရတနာ*များ၊ အနုပညာပစ္စည်းများ၊ ဒေါ်လာများ၊ ပေါင်စတာလင်ငွေများကို အထက်ဖော်ပြပါ တောင်အမေရိကတိုက်ရှိနိုင်ငံများနှင့် ဆွစ်ဇာလန်၊ စပိန်နှင့် အရှေ့အလယ်ပိုင်းနိုင်ငံအချို့သို့ လျှို့ဝှက်စွာပေးပို့၍ လုပ်ငန်းအချို့တွင် ရင်းနှီးမြှုပ်ထားခဲ့သည်။

အထက်ဖော်ပြပါ စပိန်နိုင်ငံနှင့် တောင်အမေရိကတိုက်ရှိ လက်တင်အမေရိကနိုင်ငံအများတွင် ဒုတိယကမ္ဘာစစ်ကြီးမဖြစ်ပွားမီကပင် ဂျာမနီနိုင်ငံသားအများ အခြေစိုက်နေထိုင်ခဲ့ကြရာ ထိုသူများမှာ နာဇီဝါဒကို အလေးအနက်ထားသူများဖြစ်ကြ၏။

၁၉၄၅ ခုနှစ်၊ မေလတွင် ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့သည်နှင့် စစ်ရှုံးသူနာဇီလူသတ်သမားသူရဲကောင်းကြီးများသည် မိမိတို့အလှည့်ကျရောက်တော့မည်ကို သိသောအခါ ရင်ကော့၍ နိုင်ငံတကာ စစ်ရာဇဝတ်ရုံးသို့ တက်ရောက်ခြင်းမပြုတော့ဘဲ နည်းလမ်းအမျိုးမျိုးဖြင့် ကိုယ်ယောင်ဖျောက်၍ ယခင်ကကြိုတင်စီမံထားသည့်နိုင်ငံများသို့ ရှောင်တိမ်းခဲ့ကြပါသည်။ အထက်ဖော်ပြပါ နာဇီရာဇဝတ်သားအချို့မှာမူ ဂျာမနီနိုင်ငံတော်အတွင်း အမည်၊ နာမည်အမျိုးမျိုးပြောင်း၍ အလျှဉ်းသင့်သလို လုပ်ကိုင်စားသောက်ခဲ့ကြသည်။ ဂျာမနီနိုင်ငံအတွင်း ကိုယ်ယောင်ဖျောက်၍မဖြစ်သော နာဇီလူသတ်သမားကြီးများမှာမူ ဒုတိယကမ္ဘာစစ်ကြီးအတွင်း နည်းလမ်း*အမျိုးမျိုးနှင့်ယူဆောင်ထားသောရွှေငွေ*ရတနာများကို ယူဆောင်၍ ဆောင်းပါးအထက်တစ်နေရာတွင်ဖော်ပြထားသော တောင်အမေရိကရှိ လက်တင်အမေရိကနိုင်ငံများသို့ ထွက်ပြေးခဲ့ကြသည်။

တောင်အမေရိကတိုက်၊ လက်တင်အမေရိကတိုက်နိုင်ငံများတွင် အခြေစိုက်နေထိုင်ခဲ့ကြသော ဂျာမန်လူမျိုးများက အကူအညီပေးခဲ့ကြသည်။ တောင်အမေရိကတိုက်တွင် အာဏာရရှိထားသော အစိုးရများကလည်း အင်တိုက်အားတိုက် အကူအညီပေးခဲ့ကြသည်။

ဤသို့ဖြင့် နာဇီရာဇဝတ်သားများသည် ၎င်းတို့ခိုအောင်းနေသည့် နိုင်ငံများ၏ အာဏာပိုင်အဖွဲ့အစည်းများ၏ အကာအကွယ်ကိုယူ၍ အလျှဉ်းသင့်သလိုနေထိုင်ခဲ့ကြသည်။ သို့သော် ကိုယ့်အလှည့်ကျ၍နွဲ့ကြသူ ရာဇဝတ်သားများနောက်သို့ အင်္ဂလန်နိုင်ငံမှ ထောက်လှမ်းရေးအမှတ် (၆) အမေရိကန်ပြည်ထောင်စုမှ အက်(ဖ်)ဘီအိုင်နှင့် စီအိုင်အေအဖွဲ့၊ ပြင်သစ်နိုင်ငံမှ အမျိုးသားဆူရဲတေးစုံထောက်အဖွဲ့နှင့် ကမ္ဘာ့အင်တာပိုရဲအဖွဲ့နှင့် စုံထောက်များ၊ ဂျာမနီနိုင်ငံအစိုးရအဖွဲ့မှ စုံထောက်များ၊ ဆိုဗီယက်ပြည်ထောင်စုသမ္မတနိုင်ငံ (ယခုရုရှား) မှ ကေဂျီဘီစုံထောက်အဖွဲ့ဝင်တို့ကလည်း အရိပ်ပမာတကောက်ကောက်လိုက်ခဲ့ကြပြီး တရားဥပဒေအရ အရေးယူနိုင်ရန် ဖမ်းဆီးခဲ့ကြသည်။

အထက်ဖော်ပြပါ စစ်တရားခံဝရမ်းပြေးများနောက်သို့ တ*ကောက်ကောက် လိုက်လံ အနံ့ခံစုံစမ်းရှာဖွေနေ*သူအချို့မှာမူ အစ္စရေးနိုင်ငံ မော့ဆက်ထောက်လှမ်းရေးအဖွဲ့နှင့် နာဇီမနုဿမဆိုးများဟု ထင်ပေါ်ကျော်ကြားလူသိများသော သေရွာပြန် ဂျူးအမျိုးသားဆိုင်မွန်၊ ဝီဆင်သော်နှင့် ဒေါက်တာမိုက်ကယ်ဘာဘာတို့ ဖြစ်ကြသည်။ ဆိုင်မွန်၊ ဝီဆင်သော်တို့သည် ဩစတီးယားနိုင်ငံ ဗီယင်နာမြို့တော်တွင် ကိုယ်ပိုင်ရုံးခန်းဖွင့်၍ နာဇီလူသတ်သမားများ၏ သဲလွန်စများ၊ ကျူးလွန်ခဲ့သည့် အပြစ်များ၊ သက်သေအထောက်အထားများကို စနစ်တကျ မှတ်တမ်းတင်ထားခဲ့ရာ နာဇီစစ်တရာခံဝရမ်းပြေး (၂၂၅၀၀) ရှိခဲ့သည်ဟု သိရ၏။ မှတ်တမ်းများအရ နာဇီဝရမ်းပြေး စစ်တရားခံ (၁၀၀၀) ခန့်သာ ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး အချို့မှာ လွတ်မြောက်လျက်ရှိကြသေး၏။

ထိုသူတို့နောက်သို့ အထက်ဖော်ပြပါ အဖွဲ့အစည်းများနည်းတူ အနံ့ခံလိုက်နေသော အခြားအဖွဲ့အစည်းများမှ ဤဆောင်းပါးတစ်နေရာတွင်ဖော်ပြခဲ့သော 'မမေ့နိုင်သူများ'ဟူသောအဖွဲ့နှင့် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက နာဇီငရဲခန်းအသီးသီးမှ အသက်မသေလွတ်မြောက်လာသူများဖွဲ့စည်းထားသော အသင်းအဖွဲ့များ ဖြစ်သည်။ သာဓကအားဖြင့် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက နာမည်ဆိုးဖြင့် ကျော်ကြားသော ဩ(စ်)ဝစ်ငရဲခန်းမှလွတ်မြောက်လာခဲ့သူများ၏ မှတ်တမ်းအရ ယနေ့ထိ ဩ(စ်)ဝစ်ငရဲခန်းမှ နာဇီငရဲသား အက်(စ်)အက်(စ်)ဂက်



www.burmeseclassic.com




တောပို (၂၇)ဦးတို့မှာ သက်ရှိထင်ရှားရှိနေဆဲဖြစ်သည်ဟု ဆိုသည်။ ထိုသူအချို့မှာ အသက် (၉၀) အရွယ်ရှိနေကြပြီဖြစ်သည်။ သို့သော် ယနေ့အင်တာနက်သတင်းများအရ ဂျာမနီနိုင်ငံတွင် နာဇီစမ်းပြေးဟု သံသယဖြစ်ဖွယ် အသက် (၉၆) နှစ်အရွယ် တရားခံတစ်ဦးကို ဖမ်းဆီး၍ စုံစမ်းစစ်ဆေးနေသည်ဟု သိရ၏။

ယခု ရေးသား ဖော်ပြမည့် နာဇီစစ်တရားခံဝရမ်းပြေးမှ နာဇီအက်(စ်)အက်(စ်)ဂက်စတာပို ဗိုလ်ကြီးကလော့(စ်)ဘာဘီဆိုသူ ဖြစ်သည်။ သူသည် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ပြင်သစ်နိုင်ငံ၏ တတိယအကြီးဆုံးမြို့ကြီးဖြစ်သော လွိုင်မြို့တွင် တာဝန်ယူထားရသော ဂက်စတာပိုဗိုလ်ကြီး ဖြစ်သည်။ ရက်စက်သည့်နေရာတွင် ကမ်းကုန်အောင်ရက်စက်သူဖြစ်လေရာ ထိုစဉ်က ပြင်သစ်ပြည်မှ ထုတ်ဝေသော သတင်းစာကြီးများမှ သတင်းမီဒီယာသမားများက သူ့အား လွိုင်မြို့မှ သားသတ်သမားဟု ကင်ပွန်းတပ်ထားကြရာ ပြည်သူအများကလည်း သူ့အား ဤအမည်ပေးခဲ့ကြ၏။

ကလော့(စ်)ဘာဘီသည် ၁၉၄၂ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် လွိုင်မြို့ လုံခြုံရေးတာဝန်ယူရသော အက်(စ်)အက်(စ်)ဂက်စတာဗိုလ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရသည်။ ထိုစဉ်မှစ၍ ပြင်သစ်မြေအောက်တော်လှန်ရေးသမားများ၊ နာဇီဝါဒဆန့်ကျင်သူများ၊ ဂျူးလူမျိုးများအား ဖမ်းဆီး၍ ရက်ရက်စက်စက်သတ်ဖြတ်ခဲ့သည်။ အချို့တော်လှန်ရေးသမားများအား ကလော့(စ်)ဘာဘီကိုယ်တိုင် ရိုက်နှက်၍သတ်ခြင်း၊ ကြိုးပေးသတ်ဖြတ်ခြင်း၊ သေနတ်ဖြင့် သူကိုယ်တိုင် ပစ်ခတ်သတ်ဖြတ်ခဲ့ရာမှ အထက်ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း 'လွိုင်မြို့မှသားသတ်သမား' ဟု ကင်ပွန်းတပ်ခဲ့ခြင်း ဖြစ်ပေမည်။

ထိုစဉ်ကာလက ဖမ်းဆီးခြင်းခံရသော နာဇီဂျာမန်ဆန့်ကျင်သူများ၊ မြေအောက်တော်လှန်ရေးသမားများ၊ ဂျူးလူမျိုးများ၏ ကံကြမ္မာသည် သားသတ်သမားကြီး ကလော့(စ်)ဘာဘီအပေါ် မူတည်သည်။သူ့အစီအစဉ်အရ အကျဉ်းသားများကို နာမည်ကြီးချွေးတပ်စခန်းဖြစ်သော ဩ(စ်)ဝစ်(ဇ်)ဒါချောင်၊ မေဒါနက်၊ မော်သော်ဆင် စသည်တို့သို့ခွဲ၍ သင့်တော်သလိုပို့လေ့ရှိပြီး သူ့စိတ်မကျေသူများကိုမူ လွိုင်မြို့ အကျဉ်းစခန်းတွင် သူကိုယ်တိုင် လူမဆန်သော နည်းလမ်းများဖြင့်သတ်ဖြတ်လေ့ရှိသည်။ အချို့ကိုမူ သူ့အချစ်တော်ခွေးကြီးများဖြင့် ကိုက်သတ်စေသည်ဟု သတင်းများလည်းထွက်လာသည်။

၁၉၄၄၊ ဇွန်လတွင် ဗြိတိသျှနှင့် မဟာမိတ်တို့ ဥရောပတိုက်ကမ်းခြေတက်စစ်ဆင်ရေးကြီး ဆင်နွှဲခဲ့သည်နှင့် လွိုင်မြို့မှ သားသတ်သမား ကလော့(စ်)ဘာဘီသည် လွိုင်မြို့မှထွက်ခွာရန် စီစဉ်ခဲ့သည်။ ဤသို့ထွက်ခွာခဲ့စဉ် သူဖမ်းဆီးထားသော အကျဉ်းသမားများအား မီးရှို့သတ်ဖြတ်ခဲ့သည်ဟု သိရ၏။ ဗြိတိသျှတပ်များနှင့် အမေရိကန်ပြည်ထောင်စုမှတပ်များ လွိုင်မြို့မှချဉ်းကပ်လာနေသည့်အချိန်တွင် ဘာဘီသည် ဂျာမနီနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်လာခဲ့၏။

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးခဲ့သည်နှင့် လူသတ်သမား သူရဲကောင်းဖြစ်သူ လွိုင်မြို့မှ သားသတ်သမား ဘာဘီသည် တောင်အမေရိကတိုက် အာဂျင်တီးနားနိုင်ငံသို့ သူ့မိသားစုနှင့်အတူ ထွက်ပြေးတိမ်းရှောင်လာခဲ့သည်။ ထိုမှတစ်ဆင့် ဘိုလီဗီးယားနိုင်ငံ လာပစ်(ဇ်)မြို့တွင် ခေတ္တနေထိုင်ခဲ့သည်။ အလျဉ်းသင့်သလို ဘိုလီဗီးယားနိုင်ငံတွင် ခိုလှုံနေကြသော ဂျာမန်လူမျိုးနွယ်များတွင် ကလော့(စ်)ဘာဘီမှာ လူသိများသူ ဖြစ်လာသည်။ ဘိုလီဗီးယားနိုင်ငံသားအဖြစ် ခံယူထားသော ကလော့(စ်)ဘာဘီအဖို့ သူကျူးလွန်ခဲ့သော ရာဇဝတ်မှုများကို မေ့လျော့နေခဲ့သည်။ သူ့နောက်သို့ တကောက်ကောက်လိုက်နေသော နာဇီမုန်းသမားဆိုးများလက်မှမလွတ်နိုင်ခဲ့။ ၁၉၈၇ ခုနှစ်ဦးတွင် သူ့အား ဘိုလီဗီးယားနိုင်ငံတွင် ဖမ်းဆီးရမိခဲ့ရာ ဘိုလီဗီးယားအစိုးရက ပြင်သစ်အစိုးရအား လွှဲပြောင်းပေးအပ်ခဲ့သည်။

ပြင်သစ်အစိုးရသည် ကလော့(စ်)ဘာဘီအား လွိုင်မြို့ နိုင်ငံတကာစစ်ရာဇဝတ်တရားရုံးတွင် နိုင်ငံတကာဥပဒေနှင့်အညီ စစ်ဆေးခဲ့သည်။ သက်သေပေါင်းများစွာကို စစ်ဆေးခဲ့ပြီး တရားရုံးတော်သည် သားသတ်သမားဘာဘီအား ထောင်ဒဏ်တစ်သက်ချမှတ်ခဲ့ပါကြောင်း။

သျှမ်းသက်

ကျမ်းကိုး -

Hunting Evil



www.burmeseclassic.com

www.burmeseclassic.com



# ဓာတ်ပုံ-မှော်မှော်အေး

## ဂုဏ်တွမ်းရကွမ္ဘ တစ္ဆေကားကြီး

ဤသူရဇ္ဇမဂ္ဂဇင်းကြီးတွင် ဆရာလှမိုး ဘာသာပြန် ရေးသားဖော်ပြသော နိုင်ငံရပ်ခြားမှ ပရလောကသားများ၏ ထူးခြားဆန်းကြယ် မယုံနိုင်ဖွယ်ဖြစ်ရပ်တို့ကို အတော်များများဖတ်ခဲ့ရပါသည်။ မယုံနိုင်ဖွယ်ဆိုလိုက်သဖြင့် မဖြစ်နိုင် ယုံကြည်စရာမရှိဟုဆိုခြင်း မဟုတ်ပါ။ ဖြစ်ရပ်တို့သည် ဆန်းကြယ်လွန်း၍ ယုံနိုင်ဖွယ်ပင်မရှိဘဲ ထူးခြားလှသည်ဟုဆိုခြင်း ဖြစ်ပါသည်။

ကျွန်တော်သည် ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်သူဖြစ်သလို ဗုဒ္ဓစာပေတို့ကို အထိုက်အလျောက်ဖတ်ရှုလေ့လာသောအခါ သတ္တဝါတို့ ကျင်လည်ကျက်စားကြရသည့် (၃၁) ဘုံသံသရာကို သိရှိခဲ့ရပါသည်။ ထို(၃၁)ဘုံတွင် အပါယ် (၄) ဘုံ ပါဝင်လေရာ အပါယ်လေးဘုံ၌ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် တို့ ဖြစ်သည်။ ပြိတ္တာဘုံသားများထဲမှ အစိမ်းသရဲ၊ သင်းကွဲပြိတ္တာတို့ကို ပါဠိဘာသာအားဖြင့် နာနာဘာဝဝိနာဘာဝ ဟုလည်း ခေါ်သည်။ အထူးထူးသော ဘဝ၊ များပြားခြားနားသောဘဝတို့ကို ဖန်ဆင်းပြနိုင်သူများဟု အဓိပ္ပာယ်ရသည်။

ဆရာလှမိုး၏ဘာသာပြန်တစ်ပုဒ်တွင် ပင်လယ်ပြင်၌ သွားလာလှုပ်ရှားနေသည့် တစ္ဆေသင်္ဘောကြီးတစ်စင်း အကြောင်းကိုလည်း ဖတ်ခဲ့ဖူးပါသည်။ အခြားသောထူးခြားဆန်းကြယ်ဖြစ်ရပ်တို့ကိုလည်း ဖတ်ရ၏။ ထိုထူးခြားဆန်းကြယ်ဖြစ်ရပ်များအကြောင်း ပြန်တွေးရင်း ကျွန်တော်ကိုယ်တိုင် ကြုံတွေ့ခဲ့ရသည်။ (ကျွန်တော်သာမက စာရေးဆရာ ပွင့်လန်း (သတ္တုတွင်း) အမျိုးသား စာပေဆုရ ယာဉ်မောင်းကိုသန်းဖေ၊ ဘူမိရူပဗေဒလက်ထောက် ကိုထွန်းကြွယ်၊ စောမြထင်၊ စောအယ်ဒီညီတို့ ပါဝင်ပါသည်။) ထူးခြားဖြစ်ရပ်နှစ်ခုကို တင်ပြလိုပါသည်။

ကျွန်တော်တို့ ဘူမိရူပဗေဒ (GEOPHYSICAL SURVEY) အဖွဲ့သည်

လွန်ခဲ့သော နှစ်ပေါင်း (၅၃) နှစ် [illegible]
ခုနှစ် နွေရာသီက ဓာတ်သတ္တု[illegible]
ဇာတတစ်မျိုးဖြစ်သော ဂလီနာ[illegible]
သိုက်အား ဘူမိ၊ ရူပဗေဒနည်းပညာ[illegible]
ဖြင့် လေ့လာ ရှာဖွေမှုများ ပြု[illegible]
ကိုးကန့် ဝအထူးဒေသသို့ ရောက်[illegible]
ပါသည်။ ထိုစဉ် (၁၉၅၉) က သံလွင်[illegible]
ကို ဖြတ်ကူးရသော ကွမ်းလုံတံတား[illegible]
သေးချိန်ဖြစ်၍ ကျွန်တော်တို့အဖွဲ့[illegible]
ပါရှိသော တစ်တန်ခွဲနစ်ဆန်းထရ[illegible]
ရောလူများပါ ကားတင်နိုင်သည့် [illegible]
တွဲလှေကြီးပေါ်တင်၍ မြစ်ကိုဖြတ်[illegible]
ရပါသည်။ ကမ်းတစ်ဖက်တစ်ချက်[illegible]
အခိုင်အမာစိုက်ထားသော တိုင်ကြီး[illegible]
တိုင်တွင် သွယ်တန်းထားသည့် သံ[illegible]
ကြိုးတန်း၌ ရွှေ့လျားနိုင်သော [illegible]
ဖြင့်တွဲထားသည့် ကြိုးတစ်စကို [illegible]
လှေကြီးတွင် ချိတ်ဆက်ထားပါ[illegible]
လူနှင့် ပစ္စည်းများတင်ပြီးလှ[illegible]
တံတားတွင် ချည်နှောင်ထားသော[illegible]
အား ဖြုတ်လိုက်ပါက ရေစီးအ[illegible]



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

တရွေ့ရွေ့ပါသွားရင်း တစ်ဖက်ကမ်း ဆိပ်ခံတံတားသို့ အလိုအလျောက် ရောက်ရှိသွားခြင်း ဖြစ်ပါသည်။

သံလွင်မြစ်ကမ်းတွင်ရှိသော ကွမ်းလုံမြို့လေးနှင့် ရှစ်မိုင်ခန့်အကွာ၌ ဟိုပန်းမြို့လေးရှိပါသည်။ ဟိုပန်းမြို့သို့ ညနေ (၅) နာရီခန့်တွင်ရောက်ရှိသဖြင့် ယနေ့တစ်ညတာခရီးစဉ်ရပ်နားရန် ဟိုပန်တွင် အိပ်ကြရမည်ဖြစ်သောကြောင့် မြို့အုပ်ချုပ်ရေးအာဏာပိုင်များထံ သတင်းပို့ရပါသည်။အာဏာပိုင်အဖွဲ့အစည်းမှ စီစဉ်ပို့ပေးမှုဖြင့် ဟိုပန်း ခ-လ-ရ (-) တပ်ရင်းသို့ရောက်ရှိသွားရာ တပ်ရင်းမှ တပ်ရေးဗိုလ်ကြီးမှာလည်း ဖော်ရွေပျူငှာမှုအပြည့်ဖြင့် ဧည့်ရိပ်သာတွင်နေရာပေးပါသည်။ ဧည့်ရိပ်သာတွင် အခြားသောတည်းခိုသူ တစ်ဦးတစ်ယောက်မှ မရှိသောကြောင့် ညစာချက်ပြုတ်စားသောက်ပြီးသည်နှင့် တစ်လမ်းလုံး ပင်ပန်းခဲ့သမျှ အတိုးချကာ အိပ်ရာလိပ်ကိုယ်စီဖြန့်ခင်း၍ လဲလျောင်းရင်း အိပ်ပျော်ခြင်းသို့ရောက်သွားပါသည်။

ည (၉) နာရီခန့် ထင်ပါသည်။ မီးစက်ပိတ်သွားပြီး မကြာသောအချိန်အတွင်းမှာပင် ဆူညံသောအသံကြောင့် လန့်နိုးသွားရင်း ဘာသံလဲဟု သတိထားနားထောင်ရာ -

"အောင်မာ - ဟော့လူတွေထစမ်း၊ ထစမ်း။ ဘာကြောင့်ဒီမှာလာအိပ်ရတာလဲ။ သွား - ခုထွက်သွားကြ"

ဟု ငေါက်ငမ်းသံကြောင့် အားလုံးထထိုင်ကြရင်း ဘူမိရူပဗေဒအဖွဲ့ခေါင်းဆောင်ဖြစ်သော ကိုပွင့်လန်း (သတ္တုတွင်း) အမျိုးသားစာပေဆုရဆရာက -

"ကျွန်တော်တို့ အစိုးရဝန်ထမ်းတွေပါ။ ဒီနေရာမှာ တပ်ရေးဗိုလ်ကြီး နေရာချပေးလို့အိပ်ကြတာပါ"

ဟု ဆိုသော်လည်း -

"မလိုချင်ဘူး၊ ဒါငါ့အခန်းကွ။ ခုထွက်သွားကြ"

ဟု နှင်ထုတ်သောကြောင့် ဤပြဿနာအား တပ်ရေးဗိုလ်ကြီးထံ တင်ပြရန်ကလည်း မီးစက်ပိတ်သွားပြီဖြစ်၍ မလွယ်တော့။

သို့အတွက် -

"ကဲ - အပြင်ထွက်အိပ်ကြစို့"

ဟု တီးတိုးတိုင်ပင်ရင်း အိပ်ရာများလိပ်ကာ တဲခိုရိပ်သာဘေးနားရပ်ထားသော နစ်ဆန်းကားလေးဘေးမြေပြင်ပေါ်၌ ဖြစ်သလိုအိပ်ကြရပါသည်။

နံနက်စောစောလမ်းလျှောက်ထွက်လာသောတပ်ရေးဗိုလ်ကြီးက ကျွန်တော်တို့တစ်စု မြေပြင်ပေါ် အိပ်နေကြသည်ကို မြင်သွားသဖြင့် -

"ဟောဗျာ၊ ဆရာတို့ဘာကြောင့် ဒီမှာထွက်အိပ်နေရတာလဲ" -

ဟု အံ့ဩစွာ ဆိုပါသည်။

ကိုပွင့်လန်းကပင် ယမန်နေ့ညက ဖြစ်စဉ်ကို ရှင်းပြရာ တပ်ရေးဗိုလ်ကြီးမှ အလွန်အားနာစွာဖြင့် -

"အေးဗျာ - ကျွန်တော်လိုသွားတယ်။ ဆရာတို့အဖွဲ့ကလည်း (၅) ယောက်ဆိုတော့ ဒီကောင်မလာလောက်ဘူးဆိုပြီးမပြောခဲ့မိဘူး၊ အဲဒါလူမဟုတ်ဘူး ဆရာတို့ရဲ့"

ဆိုသဖြင့် ကိုပွင့်လန်းက -

"ဗျာ - လူမဟုတ်လို့ဘာကောင်လဲ ဗိုလ်ကြီးရဲ့"

ဟု တအံ့တဩမေးရာ -

"ဆ-သ-ရတပ်ဆွယ်က ငှက်ဖျားမိပြီး ဆုံးပါးသွားတဲ့ (-) ရဲ့ ဝိညာဉ်ပရလောကသား"

ဟု ဆိုသဖြင့် ကျွန်တော်ပင် နှုတ်မှ ယောင်ယမ်း၍ 'ဗုဒ္ဓေါဘုရားရေ' ဟု အော်လိုက်မိပါသည်။ ထိုစဉ်က ဘူမိရူပဗေဒကွင်းဆင်းအဖွဲ့တွင် ၁၉၅၉ ခုပါဝင်ခဲ့သူများ၏ ဓာတ်ပုံဟောင်းလေးရှိနေသေးသဖြင့် ပူးတွဲဖော်ပြအပ်ပါသည်။

နောက်ဆုံးတန်း လေးယောက်တွင် ပုဆိုးကွက်တုံး၊ အင်္ကျီနက်နှင့် ဓာတ်ပုံမောင်မောင်အေး၊ မောင်မောင်အေးနှင့် ကပ်လျက်အစွန်လူ စောမြထင်။ အလယ်တန်း ကုတ်အင်္ကျီ လည်စည်းနှင့် ပွင့်လန်း (သတ္တုတွင်း)၊ ပွင့်လန်းနှင့် တစ်ယောက်ခြား ခေါင်းငုံ့ထားသူ စောအယ်ဒီညို။

ရှေ့ဆုံးတန်းဘေး အစွန်ဆုံး ပုဆိုးကွက်နှင့် ကိုထွန်းကြွယ်တို့ ဖြစ်ပါသည်။ ထိုငါးယောက်ထဲမှ ကိုပွင့်လန်းနှင့် ကိုထွန်းကြွယ်တို့မှတစ်ပါး ကျန်သုံးဦး ပင်စင်စားဘဝဖြင့် သက်ရှိထင်ရှားရှိပါသေးသည်။

ထိုနေ့ မနက်စာစားသောက်ပြီး ဟိုပန်းမြို့လေးနှင့် (၃၅) မိုင်ခန့်ဝေးသော ပန်ခုံရေကျစခန်းအထိ ဆက်လက် ထွက်ခွာခဲ့၍ ပန်ခုံရေကျစခန်း၌ ကားနှင့်ယာဉ်မောင်း ကိုသန်းဖေကို ထားခဲ့ကာ ကျန်ခရီးစဉ်ကို လားဝန်တင်(၁၅)ကောင်ဖြင့် ပစ္စည်းများ တင်ဆောင်ကာ လူများက ခြေကျင်လျှောက်ကြရပါသည်။ နေ့လယ်တွင် ငါးရက်တစ်ဈေးရှိသည့် ကျင်ချမ်းသို့ရောက်ရှိပြီး ကျင်ချမ်း၌ နေ့လယ်စာ

စားရင်းခေတ္တရပ်နေကြပါသည်။ ကျင်ချမ်းဈေးတောင်ထိပ်မှ ဂလီနာသတ္တုသိုက်တည်ရှိရာ လူဖန်ဇရိယာအထိ (၅) မိုင်ခန့်ရှိ ခရီးသည်တောင်ဆင်းလမ်းချည်းဖြစ်ပြန်ပါသည်။ လား (၁၅) ကောင်ကို လားထိန်း(၂)ယောက်တည်းသာ မောင်းနှင်နေရသောကြောင့် နေဝင်ခါနီးမှ လူဖန်ဂလီနာသတ္တုသိုက်တည်ရှိရာရောက်ပါတော့သည်။ ပန်ခုံရေကျစခန်းမှ ကျင်ချမ်းအထိ တောင်စောင်းဝဲ၊ ယာလမ်းတစ်လျှောက်တွင် အဖြူရောင်၊ ခရမ်းရောင်ပွင့်သော ပန်းခင်းများကို မြင်ရသဖြင့် လူမနီးသူမနီး ဤနေရာ၌ ဤပန်းခင်းများ စိုက်ထားသည်ကို အံ့ဩမိပါသည်။ ၁၉၅၉ ခုနှစ်ကပါ။

ဂလီနာသတ္တုသိုက်ရှိသော လူဖန်ဇရိယာ၏ဝန်းကျင်၌ လူသူနေထိုင်ခြင်းလုံးဝမရှိသောနေရာ ဖြစ်ပေရာ ကျွန်တော်တို့ဘူမိရူပဗေဒတိုင်းတာရေးအဖွဲ့သားငါးဦး၊ တပ်မှလုံခြုံရေးရဲဘော်နှစ်ဦးနှင့် လားထိန်းတစ်ဦး၊ ရေသယ်လားတစ်ကောင်သာရှိပါသည်။ ဤမျှအထီးကျန်လှသောနေရာ၌ တာရှည်မနေလိုကြသောကြောင့် မိုးလင်းမိုးချုပ် တစ်နေကုန် တိုင်းတာရေးလုပ်ငန်းများဆောင်ရွက်ကြပါသည်။

စခန်းသို့ ပြန်ရောက်ချိန်တွင် မှောင်စပြုနေပါပြီ။ ပြန်ရောက်သည်နှင့် ညစာချက်ပြုတ်စားသောက်ရပါသည်။ စခန်းချရာအနီးဝန်းကျင်၌ ရေမရှိသောကြောင့် မိုင်ဝက်ခန့်ဝေးသောရေထွက် ရေကို လားဖြင့်သယ်ယူရပါသည်။ လုံခြုံ ရေးရဲဘော်လေးတစ်ဦးသည် လက်ဖြော တပ်သားဖြစ်ပေရာ သူ၏ ကာဘိုင် သေနတ်ဖြင့် တောပစ်ထွက်တိုင်း ‌ တစ်ကောင်ရသဖြင့် ချေသားဟင်းပြ သည်မရှိပါ။ သစ်ကြံပိုး၊ ကရဝေး စသ ဟင်းခတ်အမွှေးအကြိုင်ပင်တို့လည်း ‌ များပါသည်။ ထိုလူဖန်ဇရိယာဂလီ သတ္တုသိုက်ရှာဖွေတိုင်းတာရေးလုပ်င များ တစ်နေကုန် ကြိုးစားလုပ်ကိုင် သဖြင့် နှစ်လခွဲမျှနှင့် ပြီးပြတ်ပါသည်။

လူဖန်ဇရိယာကိုနှုတ်ဆက်ခြင်း မပြုတော့ဘဲ ဝန်တင်လား (၁၅) ကော ရောက်လာသောအခါ နေ့မဆိုင်း ထွက်ခွာခဲ့ကြပါသည်။ ကားထားခဲ့ သော ပန်ခုံရေကျစခန်းရောက်မှ ညအိ ရပ်နားပါသည်။ နောက်နေ့မနက် စောပင် ပန်ခုံရေကျမှ ကားဖြင့်ထွ ကြပြီး ပရလောကသားနှင့်ဆုံခဲ့သော ဧည့်ရိပ်သာကို ဝင်ရောက် တည်းခို

www.burmeseclassic.com

www.burmeseclassic.com

မပြုဘဲ ကွမ်းလုံမြို့ရောက်မှ ညအိပ်ရပ်နားပါသည်။

ကွမ်းလုံမှနံနက်စောစောထွက်ခွာခဲ့သော ကျွန်တော်တို့ ဘူမိရူပဗေဒကားလေးသည် လမ်းတစ်လျှောက်ရှိ သန္နီ - လားရှိုးမြို့ကြီးများ၌ပင် ရပ်နားခြင်းမပြုတော့ဘဲ ခရီးဆက်ခဲ့ရာ စင့်အင်ရောက်မှပင် တစ်ထောက်နား၍ ထမင်းစားကြပါသည်။ ရောက်တုန်းရောက်ခိုက်ဖူးမြော်မြစ်အောင်ဖူးရမည်ဟု အားခဲထားသော ဘော်ကြိုစေတီတော်မြတ်ကြီးတည်ရှိရာ ဘော်ကြိုဈေးကုန်းရွာရောက်သောအခါ ကားလမ်းနှင့် ရထားလမ်းအကြားရှိ စေတီတော်ကြီးခြေတော်ရင်းအရောက် ကားဖြင့်ဝင်ကြပါသည်။ ကားလမ်းမကြီးမှ ပေတစ်ထောင်ခန့်သာ ဝင်ရပါသည်။

ဘော်ကြိုစေတီတော်မြတ်ကြီးအား ဖူးမြော်ကန်တော့ပြီး စေတီတော်ကြီးမြောက်ဘက်နားရှိ ဆားတွင်းများကို သွားရောက် လေ့လာကြပါသည်။ ဘော်ကြိုမှထွက်ခွာခဲ့ကြပြီး ကျင်သီတံတားကြီးအလွန်တွင်ရှိသော နေရာလေးတစ်ခုကို အမှတ်တရရှိနေပါသေးသည်။ အခြားမဟုတ်ပါ။ ရန်ကုန်ကိုးထပ်ကြီး ဘုရားအနီးက ဗားကရာချောက်ရှိ ရထားနှင့်ကားလမ်းအထက်၊ အောက် ဖြတ်သန်းဖောက်လုပ်ထားပုံမျိုးကားလမ်းက အောက်မှသွား၍ ရထားလမ်းက အထက်တံတားပေါ် မှကြက်ခြေခတ်ဖောက်လုပ်ထားခြင်းဖြစ်သည်။

နာမည်ကျော် ဂုတ်ထိပ်/ ဂုတ်တွင်းသို့ရောက်ချိန်တွင် မှောင်ရီသန်းနေပါပြီ။ ယခင်က ဤနေရာကို ဂုတ်ထိပ်ဟုမခေါ်ဘဲ ငုတ်ထိပ်ဟု ခေါ်သည်။ ရှမ်းဘာသာအားဖြင့် ဟိုကွတ်ဖြစ်သည်။ အဓိပ္ပာယ်မှာ ဤနေရာ၌ နမ်းပဆေးမြစ်သည် မြေထဲသို့ တိုးဝင်စီးဆင်းသွားသည်ဟု ဆိုသည်။ ကာလကြာရှည်လာသောအခါ ငုတ်ထိပ်မှ ဂုတ်ထိပ်ဖြစ်လာသည်။ ဂုတ်ထိပ်အမည်ထင်ရှားခဲ့ခြင်းမှာ ကမ္ဘာပေါ်တွင် အမြင့်ဆုံးဖြစ်သော တံတားများအနက် ဂုတ်ထိပ်တံတားသည် ဒုတိယနေရာတွင်ရှိသည်။ မန္တလေး - လားရှိုးရထားလမ်းပေါ်ရှိ နောင်ချိုဘူတာအလွန်မိုင်တိုင်အမှတ် (၄၆၃/ဝ-၉)တွင်ရှိသော ကျောက်ဂူကြီးပေါ်ဖြတ်၍ တောင်ထိပ်နှစ်ခုကို ဆက်သွယ်ထားသော တံတားဖြစ်၏။ အမြင့်ဆုံးတံတားတိုင်မှာ (၁၁ဝဝ) ပေမြင့်သည်။ တံတား၏အလျားမှာ ပေပေါင်း(၂၂၆ဝ)ပေရှည်သည်။ ယနေ့အထိဆိုလျှင် သက်တမ်း (၁၁၆) နှစ်ရှိပြီ ဖြစ်သည်။

ဂုတ်ထိပ်တံတားသည် ပေပေါင်း (၁ဝဝဝ) ကျော်မြင့်သော အမြင့်မှဆက်သွယ်ဖောက်လုပ်ထားသော်လည်း ရထားအတွက်သာဖြစ်ရကား မော်တော်ယာဉ်များ အသုံးမပြုနိုင်ချေ။ ထို့ကြောင့် မော်တော်ယာဉ်များအတွက် ဂုတ်ထိပ်တံတား၏အနောက်ဘက်တစ်မိုင်ခန့်နေရာမှ တောင်နှစ်လုံးကြား အနိမ့်ဆုံးနေရာရှိ ချောင်းရောက်သည်အထိ ပေ(၁ဝဝဝ)ကျော် ဂုတ်တွင်းချောက်ကို ကွေ့ကာပတ်ကာဖြင့် ကားလမ်းဖောက်လုပ်ထားပါသည်။ နောင်ချိုဘက်မှလာလျှင် ပေ(၁ဝဝဝ)ကျော် ဂုတ်တွင်းကို အကွေ့အကောက်ပေါင်းများစွာဖြင့်ဆင်းရသလို အောက်ဆုံး ချောင်းတံတားကူးပြီးလျှင် နောင်ပိန်ဘက်အတတ် တောင်ကမ်းပါးယံအား ကွေ့ကာပတ်ကာဖြင့် ပေ(၁ဝဝဝ)



ဘူမိရူပဗေဒဌာနအရာထမ်းအမှုထမ်းများအမှတ်တရ (၁၉၅၉-၆ဝ)
(နောက်ဆုံးတန်း ပုဆိုးကွက်တုံး အင်္ကျီနက်နှင့် ဓာတ်ပုံ-မောင်မောင်အေး၊ မောင်မောင်အေးဘေးမှ အစွန်လူ စောမြထင်၊ အလယ်တန်း ကုတ်အင်္ကျီလည်စီးနှင့် ပွင့်လန်း၊ ပွင့်လန်းနှင့်တစ်ယောက်ခြား ခေါင်းငုံ့ထားသူ စောအယ်ဒီညို၊ ရှေ့ဆုံးတန်းအစွန်လူ ပုဆိုးကွက်နှင့် ကိုထွန်းကြွယ်)



www.burmeseclassic.com

www.burmeseclassic.com

ကျော်ခန့် ပြန်တက်ရပြန်ပါသည်။

အကွေ့အကောက်ပေါင်းများစွာ အတက်အဆင်းလမ်းကြောတွင် အချို့နေရာ၌ အသည်းထိပ်ဖွယ်ချောက်ကမ်းပါးထိပ်မှ လည်းကောင်း၊ မက်စောက်သော တောင်စောင်းမှ လည်းကောင်း အန္တရာယ်များကို သတိကြီးစွာထား၍ မောင်းနှင်ကြရပါသည်။ သတိကြီးစွာထား၍ မောင်းနှင်သည့်ကြားကပင် အကြောင်းအမျိုးမျိုးကြောင့် တောင်စောင်းမှထိုးကျတိမ်းမှောက်ကာ အောက်ဘက်ကွေ့နှစ်လမ်းကျော်အထိ တလိမ့်ခေါက်ကွေးကျဆင်းသွားသည့်ကားကိုလည်း တွေ့ဖူး၏။ ပေခြောက်ရာခန့်နက်သည့် ချောက်ကမ်းပါးထိပ်မှ ဖြတ်သန်းရင်း တိုင်းရှေ့ပြုတ်၍၊ ဘရိတ်ပေါက်၍ ချောက်အတွင်းသို့ ထိုးဆင်းသွားသောကားများကိုလည်းတွေ့ဖူး၏။ ထို့ကြောင့် ဤဂုတ်တွင်းချောက်ကို ဖြတ်ရလေတိုင်း သမ္ဗုဒ္ဓေဂါထာတော်၊ အဋ္ဌာနမေတ်ဂါထာတော်တို့ကို မရပ်မနား ရွတ်ဆိုပူဇော်၍လိုက်ပါရပါသည်။အကြိမ်ပေါင်းများစွာ ဖြတ်သန်းဖူးပါသည်။

ထိုနေ့က ကျွန်တော်တို့ ဘူမိရူပဗေဒကွင်းဆင်းအဖွဲ့၏နစ်ဆန်းကားလေးသည် နောင်ပိန်ဘက်ခြမ်းမှ ဂုတ်တွင်းသို့ စတင်ဆင်းချိန်၌ ညနေ (၆) နာရီကျော်ပြီဖြစ်၍ ရှေ့မီးကြီးဖွင့်ကာ ဖြည်းဖြည်းချင်း မောင်းခဲ့ကြပါသည်။ တောင်တန်းဒေသ ရှမ်းပြည်နယ်ကားလမ်းများတွင် 'အတက်ကားကို ဦးစားပေးပါ၊ ကွေ့တိုင်း၌ ဟွန်းတီးပါ၊ တံတားကျဉ်းသည်' ဆိုသောသတိပေးဆိုင်းဘုတ်များကို တွေ့ရပါသည်။ ကျွန်တော်တို့ကားကလေး၏ ခေါင်းခန်းထဲတွင် ယာဉ်မောင်း ကိုသန်းဖေနှင့်အတူ ကိုပွင့်လန်း၊ ကိုထွန်းကြွယ်တို့ရှိကြပြီး နောက်ခန်းမှ ကျွန်တော် (မောင်မောင်အေး)၊ စောမြထင်၊ စောအယ်ဒီညိုတို့က ကားခေါင်းနောက်ခန်းမှရပ်လျက်လိုက်ပါရင်း ရှေ့ကားမီး အလင်းတန်းတစ်လျှောက် ကားလမ်းပေါ်ဖြတ်ပြေးသောယုန်လေးများ၊ တောကြောင်များ၊ မြေဝပ်ငှက်များကို ကြည့်ရင်း လိုက်ပါလာကြပါသည်။

လမ်း၏အနောက်ဘက် ချောက်ကမ်းပါးကြီးရှိနေသော ကွေ့တစ်ကွေ့အရောက်၌ အတက်လမ်းအတိုင်း တအိအိတက်လာနေသည့် ကားကြီးတစ်စီးအား လှမ်းမြင်ရပါသည်။ ယာဉ်မောင်း ကိုသန်းဖေလည်း လမ်းညွှန်သတိပေးစည်းကမ်းအတိုင်း အတက်ကားကြီးကို ဦးစားပေး၍ ရောက်သည့်နေရာတွင်ပင် လမ်းဘေးကပ်ရပ် ကားရှောင်နေပါသည်။ ကားကြီးမှာ ဂျီအမ်စီကားကြီးဖြစ်ပုံရ၍ ကုန်အပြည့်ဖြင့်တအိအိတက် လာနေခြင်းဖြစ်သောကြောင့်လားမသိ ရှေ့မီးကြီးနှစ်လုံးမှာလင်းသည်ဆိုရုံမျှ မှုန်ပျပျသာ။ ကျွန်တော်တို့ကားနှင့် ပေတစ်ရာခန့်အရောက်တွင် လမ်း၏ Gradient သည် တဖြည်းဖြည်းမြင့်တက်လာသဖြင့် ဂီယာပြောင်းလိုက်ပုံရပါသည်။ ကားကြီးသည် တုံ့ခနဲရပ်ကာ နောက်ပြန်လိမ့်ဆင်းသွားသည်ကို မြင်ရသဖြင့် အားလုံးပင် 'ဟာ' ဆိုသော အာမေဍိတ်သံထွက်ပေါ် သွားစဉ်မှာပင် ချောက်ကမ်းပါးရှိရာဘက်သို့ဖင်ယမ်း၍ လမ်းဘေးလိမ့်ဆင်းကာ 'ဝရော ဝရော ဝုန်း' ဟူသောအသံကြီးနှင့်အတူ 'ကယ်ကြပါဦး' ဆိုသည့် အော်သံများပါ ဆူညံသွားပါသည်။

ယာဉ်မောင်း ကိုသန်းဖေမှလွဲ၍ ကျွန်တော်တို့အားလုံးပင် ကားပေါ်မှ ခုန်ဆင်းကာ ဂျီအမ်စီကားကြီးနောက်ပြန်ကျသွားသည့်နေရာ ပြေးသွားကြပါသည်။ ကားကြီးကျသွားသည်ကို မြင်လိုက်ရသောနေရာအရောက်တွင် ကြည့်ကြရာ ချောက်ကြီးသည် ပေ (၅၀၀) ထက်မနည်းနက်ပုံရပြီး သစ်ပင်ဝါးပင်တို့ကြောင့်တစ်ကြောင်း၊ ညအမှောင်ကြောင့်တစ်ကြောင်း ဘာကိုမှမမြင်ရကြပါ။ စောစောက ကယ်ကြပါ ဟူသော အော်သံတွေလည်း ဘာမှမဖြစ်သလို တိတ်ဆိတ်ကာ ပုစဉ်းရင်ကွဲအော်သံများသာ ကြားနေရပါသည်။

"ဘယ်လိုလဲ၊ အားလုံးသေကုန်ပြီထင်တယ်"

ဟု တစ်ယောက်တစ်မျိုးပြောနေကြစဉ် အသက်အကြီးဆုံးဖြစ်သော ကိုထွန်းကြွယ်က -

"ဒီမှာမောင်ရင်တို့၊ တို့မြင်လိုက်တကယ့်ကားမဖြစ်နိုင်ဘူး"

ဆိုရာ ကိုပွင့်လန်းက -

"ကိုကြီးကြွယ်ကလည်း၊ ကျွန်တော်တို့အားလုံး မီးရောင်နဲ့အသေအချာမြင်ရတာပဲ။ ကားမဟုတ်လို့ဘာလဲဗျ"

"ဒီမှာသေသေချာချာကြည့်ကြ။ ဒီလောက်ကြီးတဲ့ကားကြီး ဒီနေရာကလိမ့်ဆင်းသွားတာပဲ၊ လမ်းဘေးက မြက်ပင်ချုံပင်တစ်ပင်တလေ ကျိုးကြေနေတာရှိလို့လား။ လမ်းပခုံးသားမြေပေါ်မှာလည်း ကားဘီးရာထင်နေတာတွေ့ရသလား။ ကားကြီးတကယ်ကျခဲ့ရင် အခုအော်နေတဲ့ ပုစဉ်းရင်ကွဲတွေလန့်ပျံပြေ[...] ကုန်လို့ ဘယ်မှာအော်သံကြားတော့မှာ[...] လဲ။ အဲဒါကြောင့် တကယ့်ကားမဟုတ်[...] နိုင်ဘူးလို့ ပြောတာပေါ့"

ဟု ကိုကြီးထွန်းကြွယ်က ရှင်းပြ[...] လေမှ -

"ဟုတ်သားပဲ"

ဆိုရင်း ကျွန်တော်တို့ ကားလေး[...] ရှိရာ ပြန်ခဲ့ကြပါသည်။ သို့သော် ကိုပွင့်[...] လန်းသည် စာရေးဆရာဉာဉ်ပါသူ[...] (ထို၁၉၅၉ ခုနှစ်က အမျိုးသားစာပေဆု[...] မရသေးသောစာရေးဆရာပေါက်စဘဝ[...] လက်မခံနိုင်သေးဘဲ ဂုတ်တွင်း၏အောက်[...] ဆုံးနေရာရှိ နမ့်ပဆေးချောင်းကူးတံတား[...] သို့ရောက်သောအခါ တံတားထိပ်န[...] တွင်ရှိသော PWD ဟု ခေါ်သော လမ်း[...] ဌာနဝန်ထမ်းများအဆောင်ရှေ့တွင် ကား[...] ကို ခေတ္တရပ်နားရင်း လမ်းဌာနဝန်ထမ်း[...] များအား စောစောက နောင်ပိန်ဘက်[...] အတက် ကားတစ်စီးတက်သွား၊ မသွား[...] မေးမြန်းရာ -

"စောစောကတင်မဟုတ်ဘူး။ ည[...] နေ (၅)နာရီထိုးပြီးကတည်းက နောင်ပိ[...] ဘက်ရော နောင်ချိုဘက်ပါ ဘယ်ကား[...] အတက်၊ အဆင်းမရှိဘူး။ ခုဆရာတို့[...] ကားတစ်စီးပဲ နောင်ပိန်ဘက်က ဆင်း[...] လာတာ"

ဟု ဆိုလေမှ ကိုပွင့်လန်းလည်း[...] စောစောက အဖြစ်အပျက်ပြောပြရာ -

"လွန်ခဲ့တဲ့သုံးနှစ်လောက်က အဲဒီ[...] နေရာမှာ ဂျီအမ်စီကားကြီးတစ်စီးကျ[...] တယ်။စပယ်ယာရော ဒရိုင်ဘာပါ ပွဲချင်း[...] ပြီးပဲ။ ကားကိုတောင် တစ်စစီဖြုတ်ပြီး[...] ကရိန်းနဲ့ဆွဲတင်ရတယ်။ ဆရာတို့တွေ့[...] တယ်ဆိုတာ တစ္ဆေကားကြီးပဲ။ ဒီအရင်[...] ကလည်း နှစ်ဦး၊သုံးဦးတွေ့ခဲ့ကြဖူးတယ်"

ဟူသော လမ်းဝန်ထမ်း၏ ရှင်းပြ[...] ချက်ကြားရလေမှ ကျွန်တော်တို့အားလုံး[...] (ကိုကြီးကြွယ်မပါ) ပင် စိတ်တွင်းမှ -

"တစ္ဆေကားကြီးဆိုပါလား။ ထူး[...] ဆန်းလိုက်တာ" ဟူ၍။

ထူးခြားဆန်းကြယ်သော ဤဖြစ်[...] ရပ်နှစ်ခုလုံးကို ကြုံခဲ့ရသူများတွင် ကိုပွင့်[...] လန်းနှင့် ကိုကြီးထွန်းကြွယ်တို့မှလွဲ၍[...] စောမြထင် (ဖျာပုံ)၊ စောအယ်ဒီညို[...] (မော်ချီး)၊ခတ်ပုံမောင်မောင်အေးတို့သ[...] ဦး အသက် (၇၀) ကျော် ပင်စင်စားဘဝ[...] ဖြင့် သက်ရှင်နေထိုင်လျက်ရှိပါကြောင်း[...] (ကိုသန်းဖေ အဆက်အသွယ်[...]

ခတ်ပုံ-မောင်မောင်အေး



www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်လှိုင်(သုတဏ္ဏ)

# သင့်စွမ်းအင်၊ သင့်ကိုယ်ခံအားကောင်းစေမည့် ဖုန်းရွှေပျံပြဿ ၁၆၈



**Chapter Five**

**မိမိကိုယ်၌ ထူးခြားသောအရည်အသွေးများရှိလာအောင် ဖန်တီးပေးခြင်း**

ဤအခန်းသည် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာတို့အား ကျန်းမာရွှင်လန်းစေအောင် ဖန်တီးခြင်းဖြင့် ကံကောင်းခြင်းများကို ဆွဲဆောင်နိုင်စေသည့် နည်းလမ်းများကို ဖော်ပြထားသည်။ မိမိနေထိုင်ရာ အိမ်၊ ရုံးကိုသာမက မိမိ၏ တစ်ကိုယ်ရည်ကျန်းမာကြံ့ခိုင်မှုနှင့် စိတ်ကြည်လင်တက်ကြွမှုကိုပါ ဖန်တီးဖြည့်စွက်ပေးနိုင်ပါက လုပ်ငန်းဆောင်ရွက်မှုအဆင်ပြေခြင်း၊ လူမှုအသိုက်အဝန်းအတွင်းပြောဆိုဆက်ဆံရေးအဆင်ပြေခြင်း၊ ကြံစည်သမျှအောင်မြင်ခြင်း ဟူသည့်ကောင်းကျိုးများကို ခံစားရပါမည်။

**၅၀။ ရုပ်လက္ခဏာအား လိုအပ်သလိုပြင်ဆင်ခြယ်သ၍အောင်နိမိတ်ယူခြင်း**

ဉပမိရုပ်မည်မျှပင်တင့်တယ်စွာရှိနေသော်လည်း (သို့) ရုပ်ရည်မည်သို့ပင်ချောမောလှပနေသော်လည်း (ဖုန်းရွှေမျက်စိဖြင့်ကြည့်ပါက) ကောင်းသောစွမ်းအင်များကို မဆွဲဆောင်နိုင်သော အနေအထားဖြစ်လျှင် ရုပ်ရည်ချောမောသော်လည်း ကံမကောင်းသည့်သူဖြစ်နေပါသည်။ ဖုန်းရွှေရှုထောင့်အရ ထူးခြားသောဂုဏ်ရည်များသည် ရုပ်ရည်သန့်ပြန့်ချောမောခြင်းနှင့် လုံးဝသက်ဆိုင်ခြင်းမရှိပေ။ အသားအရေစိုပြည်လှပခြင်း၊ ခန္ဓာကိုယ်အချိုးအစား ပြေပြစ်တောင့်တင်းခြင်းတို့က ထူးခြားသော ဂုဏ်ရည်များကို မဖြစ်စေပါ။ အကယ်၍ မိမိ၏ ရုပ်လက္ခဏာပေါ်၌ ယန်စွမ်းအင်ကိုယ်စားပြုကောင်းသော ချီဓာတ်များဖြင့် ကိုယ်ရောင်ကိုယ်ဝါတောက်ပနေမှသာ အောင်နိမိတ်ဆောင်ပြီး ကြံစည်၊ ပြောဆို၊ လုပ်ကိုင်သမျှ အဆင်ပြေ ချောမွေ့နေပါမည်။

**ဂုဏ်ရည်ဂုဏ်သွေးများ မြင့်တက်အောင်စွမ်းဆောင်ခြင်း**

မိမိ၏ မျက်နှာသွင်ပြင်အား တောက်ပလင်းလက်စေမည့် အလှကုန်ပစ္စည်းများဖြင့် လိုသလိုပြင်ဆင်ခြယ်သခြင်းဖြင့် ခန္ဓာကိုယ်ပေါ်တွင်သာမက






www.burmeseclassic.com

www.burmeseclassic.com

စိတ်အတွင်းအထိပါ တောက်ပလင်းလက်မှုများ ရောင်ပြန်ဟပ်၍ ကံကောင်းခြင်းနိမိတ်မှန်သမျှအား မိမိထံရောက်လာအောင် ဆွဲယူနိုင်ပါသည်။ ဥပမာအားဖြင့် ပါးပြင်၌ လိမ်းခြယ်ထားသော မိတ်ကပ်၏ တောက်ပလင်းလက်မှုက မိမိကိုယ်မိမိ ယုံကြည်စိတ်ကို မြင့်တက်စေပြီး အရာရာအခက်အခဲမရှိ ကျော်လွှား အောင်မြင်နိုင်ပါသည်။

**၃၁။ 'ယင်' နှင့် 'ယန်' သဟဇာတဖြစ်ခြင်းဖြင့် ကောင်းသောချီဓာတ်များကို ဆွဲဆောင်ခြင်း**

ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်၍ 'ယင်' နှင့် 'ယန်' စွမ်းအင် (၂) ရပ် သဟဇာတ




ဖြစ်စွာစီးဆင်းနေပါက ဖိုဓာတ်၊ မဓာတ် တစ်မျိုးစီကို ကိုယ်စားပြုသည့် စွမ်းအင်များကောင်းမွန်စွာပေါင်းစပ်လျက် (Tai Chi) ခေါ် စွမ်းအင်ကောင်းကို ရလာစေပါသည်။

**ကိုယ်နှင့်စိတ်သဟဇာတဖြစ်ခြင်း**

ဘဝတစ်သက်တာအတွင်း ယင်နှင့် ယန်စွမ်းအင် (၂) ရပ် သဟဇာတဖြစ်နေသမျှ ရုပ်ပိုင်းရောစိတ်ပိုင်းပါ သူ့နေရာနှင့် သူဟန်ချက်ညီနေခြင်းကြောင့် ကောင်းသောချီဓာတ်များ အဆက်မပြတ်စီးဝင်နိုင်လျက် အရာရာအဆင်ပြေနေပါမည်။

ယင်နှင့် ယန် ကိုယ်စားပြု (သို့) မဓာတ်နှင့် ဖိုဓာတ်အား ကိုယ်စားပြု



**ယင်နှင့်ယန် (သို့) မဓာတ်နှင့်ဖိုဓာတ် (သို့) ဆန့်ကျင်ဘက်သဘောတရားများကို ကိုယ်စားပြုဖော်ပြသည့် အမှတ်သင်္ကေတ**

သည့် (ဆန့်ကျင်ဘက်အရာများဖြစ်သော) ပူခြင်း၊ အေးခြင်း၊ တိတ်ဆိတ်ခြင်း၊ ဆူညံခြင်း၊ လင်းခြင်း၊ မှောင်ခြင်း၊ နူးညံ့ခြင်း၊ ကြမ်းတမ်းခြင်းတို့အား တစ်ခုခုက လွှမ်းမိုးမှုမရှိစေဘဲ စွမ်းအင်မျှတစွာထိန်းညှိပေးခြင်းဖြင့် သက်ဆိုင်သူ၏ ရုပ်ပိုင်းရော စိတ်ပိုင်းပါ စွမ်းအင်မျှတ၍ ကောင်းခြင်းမင်္ဂလာရှိစေပါသည်။ ထို့ကဲ့သို့ ကိုယ်ရောစိတ်ပါစွမ်းအင်မျှနေစေရန် လွှမ်းကဲသော စိတ်ခံစားမှုများဖြင့် ပင်ပန်းနွမ်းနယ်ခြင်းမရှိစေရ။ စိတ်ထိခိုက်သည်နှင့် ရုပ်ပိုင်းဆိုင်ရာ၌ပါ အနည်းနှင့်အများ ထိခိုက်လာပါမည်။ ထို့အတူ ရုပ်ပိုင်းဆိုင်ရာတွင်လည်း ခန္ဓာကိုယ်ပင်ပန်းနွမ်းနယ်သည်အထိမဖြစ်အောင် အနားယူအားဖြည့်ပေးခြင်းဖြင့် ပြန်လည်လန်းဆန်းစေရပါမည်။


**၃၂။ မျက်နှာပေါ်မှ အရေးကြီးသောနေရာ (၅) ခု**

တရုတ်လူမျိုးတို့၏ဓလေ့ထုံးတမ်းအရ မျက်နှာသည် အတွင်းစိတ်သဘောထားအား ဖော်ပြပေးသည့်နေရာအဖြစ် ယုံကြည်စွာ သတ်မှတ်ထားသည်။ မျက်နှာသည် မိမိကိုယ်တိုင် မိမိနှင့်ပတ်သက်သမျှ ထုတ်ဖော်ပြောဆိုလိုသည်ထက် ပိုမိုများပြားသောအဖြေများကို ထုတ်ပေးနိုင်သည်။ လူတိုင်း၏အတွင်းစိတ်ဓာတ်အစစ်အမှန်နှင့် အခြားလျှို့ဝှက်ချက်များစွာအား မျက်နှာဖြင့် ဖုံးကွယ်ထားသည်ဟုလည်း ဆိုနိုင်ပါသည်။

မျက်နှာပေါ်ရှိ အရေးကြီးသောနေရာ (၅) ခုမှ သက်ဆိုင်သူ၏ ပင်ကိုစရိုက်၊ ပင်ကိုအရည်အသွေးနှင့် စိတ်ဓာတ်အဆင့်အတန်း မည်သို့ရှိသည်ကို အတိအကျနီးပါး ဖော်ပြနိုင်ပါသည်။ အရေးကြီးနေရာ (၅) ခုမှာ နဖူး၊ ပါးပြင်၊ နှာခေါင်း၊ မျက်လုံး၊ ပါးစပ်တို့ပင် ဖြစ်သည်။

**မျက်နှာအား ထူးခြားသော ဂုဏ်ရည်များဖြင့် မြှင့်တင်ရန် ဖန်တီးပေးခြင်း**

ယနေ့ခေတ် အလှကုန်ပစ္စည်းများဖြင့် ပါးစပ်နှင့် မျက်လုံးနေရာများ၌ လိုသလို ဖြည့်စွက်နိုင်ပြီး ဥပမိရုပ်အနေအထားတိုးတက်အောင် အလုပ်လုပ်နေစဉ် အတိတ်နိမိတ်ကောင်းဆောင်အောင် လုပ်ပေးနိုင်ပါသည်။ အထူးသဖြင့် အမျိုးသမီးများအတွက် မိတ်ကပ်သည် အတွင်းစိတ်အခြေအနေအရပ်ရပ်အား ဖုံး ကွယ်ပေးနိုင်သည့် မျက်နှာဖုံးကောင်းတစ်ခုအဖြစ် လွန်စွာ အရေးပါနေပါသည်။ ၎င်းပြင် ရောင်စုံနှုတ်ခမ်းဆိုးဆေး (အနီ၊ အရင့်) များက ပြုံးရယ်သည့်အခါ နှုတ်ခမ်း၊ ပါးစပ်တို့၏အနေအထားအား ရုပ်မဆိုးအောင် များစွာထိန်းချုပ်ပေးနိုင်ကြသည်။







www.burmeseclassic.com

www.burmeseclassic.com

**မိမိ၏နဂိုမျက်နှာအမှန်ကို ကိုယ်တိုင်သိရှိထားခြင်း**

လုပ်ငန်းသဘောအရ (သို့) စီးပွားရေးအရ လူအများနှင့် ဆက်ဆံပြောဆိုမှုအဆင်ပြေချောမွေ့ရန် လိုအပ်သလို ပြုပြင်ဖန်တီးထားသည့် မျက်နှာအား အသုံးပြုသော်လည်း အတွင်းစိတ်အမှန် (ကောင်းခြင်း၊ ဆိုးခြင်း) အား တိုက်ရိုက်ဖော်ပြနေသည့်နဂိုမျက်နှာအနေအထားကို ကိုယ်တိုင်သိရှိရန်လိုပါသည်။ တစ်နည်းအားဖြင့် မိမိကိုယ်ကို မလိမ်ညာစတမ်း ဆန်းစစ်၍ ကြိုးစားပြုပြင်ရန်လိုကြောင်း ဖုန်းရွှေပညာက အကြံပြုနေပါသည်။



**၉၃။ ယန်စွမ်းအင်များစိမ့်ထွက်နေအောင် ပါးပြင်အား နီမြန်းနေစေခြင်း**

အမျိုးသမီးများအနေဖြင့် ပြောဆိုဆက်ဆံရေးအဆင်ပြေရန်၊ မျက်နှာအနေအထား တင့်တယ်လှပရန် နှုတ်ခမ်းနီ ပါးနီများ လိမ်းခြယ်၍ လိုသလိုပြုပြင်တတ်ကြသည်။ အထူးသဖြင့် ပါးပြင်နှစ်ဖက်အား ပါးနီဖြင့်နီမြန်းစေခြင်းသည် ယန်ဓာတ်များ စိမ့်ထွက်နေစေပြီး ကျန်းမာရွှင်လန်းနေသည့်သဘော၊ သွေးသားသန့်စင်အားကောင်းနေသည့်သဘောနှင့် အများအပေါ် ဆွဲဆောင်စည်းရုံးနိုင်သည့်သဘောတို့ကို ကိုယ်စားပြုနေပါမည်။ အမျိုးသမီးတို့သဘာဝအတိုင်း ပါးပြင်တွင် မိတ်ကပ်၊ ပါးနီများ လိမ်းခြယ်ခြင်းမရှိဘဲ မျက်နှာပြောင်ဖြစ်နေပါက အကာအကွယ်မဲ့သည့်သဘောဆောင်နေခြင်းကြောင့် အချိန်မရွေး အန္တရာယ်ကျရောက်တတ်သည်ဟု ဖုန်းရွှေပညာရှင်တို့က ဆိုသည်။

**အောင်မြင်ခြင်း၏ လျှို့ဝှက်ချက်များ**

နမူနာဓာတ်ပုံတွင် ဖော်ပြပါရှိသည့်အတိုင်း အမျိုးသမီးတို့၏ပါးပြင်၌ ပါးနီဖြင့် နီမြန်းစေခြင်းဖြင့် လူတိုင်းမသိရှိနိုင်သော အောင်မြင်မှုမျိုးစုံကို ဆက်တိုက် ရရှိနေပါမည်။ ထို့ကြောင့် အမျိုးသမီးတိုင်းလိုလို ပါးပြင်၌ ယန်စွမ်းအင်အမြဲစီးဆင်းနေစေရန် မိတ်ကပ်၊ ပါးနီများ အစဉ်လိမ်းခြယ်ပေးသင့်ပါသည်။


**၉၄။ ကွာ့နံပါတ်အလိုက် ကံကောင်းသောချီဓာတ်ကို ဆွဲဆောင်၍ ကံမကောင်းသောချီဓာတ်ကို ရှောင်ရှားခြင်း**


အဝတ်အစား ဆင်မြန်းခြင်းတွင်ဖြစ်စေ မိမိကိုယ်၌ အဓိက လွှမ်းမိုးမည့်အရောင်အတွက် အကောင်း၊ အဆိုး ခွဲခြားနိုင်ရန် သက်ဆိုင်သူ၏ကွာ့နံပါတ်အလိုက် ပါ့ကွာဖြင့် ခွဲခြားအဖြေရှာနိုင်ပါသည်။

**အတိတ်နိမိတ်ကောင်းစေသောအရောင်ဆင်မြန်းခြင်း**

နေ့တစ်နေ့သည် မိမိအတွက် အတိတ်နိမိတ်ကောင်းပါက ၎င်းနေ့ရက်၏ ကိုယ်စားပြုဓာတ်အား စွမ်းအင်မြှင့်တင်ပေးရပြီး အကယ်၍ ကံမကောင်းသောနေ့ရက်ဖြစ်ပါက ၎င်းနေ့ရက်ကိုယ်စားပြုဓာတ်အား စွမ်းအင်လျှော့ချပေးရပါမည်။ ဓာတ်ကြီး (၅) ပါး၏ သက်ဆိုင်ရာဓာတ်တစ်ခုချင်းစီအလိုက် ကိုယ်စားပြုအရောင်များရှိထားပြီး ဖြစ်သည်။

အနီရောင်သည် မီးဓာတ်၊
အဝါရောင်သည် မြေဓာတ်၊
အစိမ်းရောင်သည်သစ်သားဓာတ်၊
အပြာ/အနက်သည် ရေဓာတ်၊
သတ္တုရောင်/အဖြူရောင်သည် သတ္တုဓာတ် ဟူ၍ အသီးသီး ကိုယ်စားပြုသည်။








www.burmeseclassic.com

www.burmeseclassic.com

**Auspicious color combinations:**

- Blue or black with green
- Brown and red
- Red and yellow
- Yellow and white
- White and black

မီးဓာတ်ကိုယ်စားပြုသောနေ့ရက်သည် မိမိအတွက် အောင်အတိတ်ဆောင်ပါက ကံကောင်းခြင်းအရှိန်ပိုမိုမြင့်တက်ရန် အနီရောင်လွှမ်းမိုးသောအဝတ်အစား ဆင်မြန်းရပါမည်။ အကယ်၍ ထိုနေ့သည် မိမိအတွက် ကံကောင်းခြင်းမရှိပါက မကောင်းသောကံကြမ္မာကို နှိမ်နင်းရှောင်ရှားရန် (ရေဖြင့် မီးကိုငြိမ်းသတ်နိုင်ရန်) ရေဓာတ်ကိုယ်စားပြုအပြာရောင် (သို့) အနက်ရောင်အဝတ်အစား ဆင်မြန်းရပါမည်။

**အရောင်များကိုပေါင်းစပ်ခြင်း**

အတိတ်နိမိတ် ကောင်းသောအရောင်များကို ပေါင်းစပ်လိုပါက နမူနာပုံပါအတိုင်း လိုက်ဖက်ညီစွာ ပေါင်းစပ်ခြင်းဖြင့် ကောင်းသောချီဓာတ်ကို မြင့်တင်ပေးနိုင်ပြီး တစ်သက်တာအတွင်း ဘဝ၏ အောင်မြင်မှုများစွာကို ရရှိပိုင်ဆိုင်နိုင်ပါသည်။

| | | |
|---|---|---|
| အပြာ(သို့)အနက် | + | အစိမ်း |
| အညို | + | အနီ |
| အနီ | + | အဝါ |
| အဝါ | + | အဖြူ |
| အဖြူ | + | အနက် |

အရောင်အနု-အရင့်နှင့်ပတ်သက်၍ စိတ်တိုင်းကျ ရွေးချယ်နိုင်ပါသည်။

**(၅)။အောင်မြင်ခြင်းကံကောင်းခြင်းနိမိတ်များကိုဖော်ပြသည့် နှာခေါင်းတည်ဆောက်ပုံအမျိုးမျိုး**

တရုတ်လူမျိုးတို့၏ရုပ်လက္ခဏာပညာအရ ဖြောင့်စင်းသောနှာခေါင်းကို တည်ဆောက်ပုံကောင်းသောနှာခေါင်းအဖြစ် သတ်မှတ်ထားသည်။ အထူးသဖြင့် နှာခေါင်းထိပ်ဖျားအပေါ် ဘက်လန်တက်နေခြင်း (သို့) အဖျားက အောက်ဘက်သို့ စိုက်ဆင်းနေခြင်းမရှိသော နှာခေါင်းတည်ဆောက်ပုံမျိုးကို ဆိုလိုပါသည်။ တစ်ဖန် နှာတံသေးသွယ်ကျဉ်းမြောင်းလွန်းခြင်းနှင့် ပွလွန်းခြင်း(အသားထူလွန်းခြင်း) လည်း မရှိစေရပါ။

နှာခေါင်းသည် မျက်နှာပေါ်၌ တောင်တစ်ခုသဖွယ် ရပ်တည်နေပြီး မျက်နှာ၏အလယ်ဗဟို၌ နေရာယူထားသည့်နှာခေါင်းသည် ကံကောင်းခြင်းနှင့် အောင်မြင်ခြင်းများအား ယူဆောင်ပေးနိုင်သည့် ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ရပ်အဖြစ် ကိုယ်စားပြုသည်။ နှာခေါင်းတည်ဆောက်ပုံအနေအထားမှ အတိတ်ကောင်း၊ နိမိတ်ကောင်းဆောင်နေပါက ကျန်ရှိ ခန္ဓာကိုယ်အစိတ်အပိုင်းများလည်း သက်ဆိုင်သူအတွက် လိုအပ်သောစွမ်းအင်များမြှင့်တင်ပေးနိုင်ပါမည်။

**နှာခေါင်းတည်ဆောက်ပုံအမျိုးမျိုးအလိုက် အကျိုးပေးပုံများ**

**သေးသွယ်သောနှာခေါင်း**

နှာခေါင်းတည်ဆောက်ပုံမကောင်းခြင်းကြောင့် ကံဆိုးခြင်းများ ဖြစ်မလာရန် သင့်တင့်ကြည့်ကောင်းသည်အထိ အလှကုန်ပစ္စည်းများဖြင့် ပြုပြင်ပေးပါ။

**အသားဆူဖြိုး၍ပွရောင်းလွန်းသောနှာခေါင်း**

နှာခေါင်းသား သိသိသာသာ ထူထဲပြီး နှာခေါင်းပေါက်တည်ဆောက်ပုံအရ အတွင်းသားများကို တွေ့မြင်နေရခြင်းကြောင့် စီးပွားဥစ္စာများ အပြင်သို့ ထွက်သွားစေပါသည်။

**လုံးဝန်းသောနှာခေါင်း**

အသားထူထဲပြီး လုံးဝန်းသောနှာခေါင်းသည်လည်း တည်ဆောက်ပုံမကောင်းခြင်းကြောင့် အလှကုန်ဖြင့် ညှိပေးရပါမည်။

**နှာခေါင်းထိပ်ဖျားမြင့်ခြင်း**

နှာခေါင်းသည် မျက်နှာပေါ်၌ သိသာထင်ရှားစွာ မြင့်မားနေပါက အောင်အတိတ်၊ အောင်နိမိတ်ဆောင်သောလက္ခဏာ ဖြစ်ပါသည်။


**ဖြောင့်စင်းသောနှာခေါင်း**

ဖြောင့်စင်း၍ သန့်မာသောပုံစံရှိနှာခေါင်းသည် အောင်မြင်မှုအထွတ်အထိပ်သို့ ရောက်ရှိနိုင်မည့် ကောင်းသောနိမိတ်ကို ကိုယ်စားပြုပါသည်။

ဦးအောင်လှိုင်(သုဝဏ္ဏ)



Thin nose



Fleshy nose



High nose



Rounded nose



Straight nose

www.burmeseclassic.com

www.burmeseclassic.com

ညွှန့်ဝင်း(နတ်တလေဝင်း)

# ဆီးကျောက်တည်လျှင်

ယောကျ်ားမှာဆီး၊ မိန်းမမှာမီးလို့ ဆိုထားပေမယ့် တကယ်တော့ ဆီးမှန် ဆီးကောင်းဖို့ ယောကျ်ားရောမိန်းမပါ လိုအပ်တာ အမှန်ပါ။ ကျန်းမာသူတစ်ယောက်ဖြစ်ဖို့ လိုအပ်တဲ့ဆီးမှန်၊ ဝမ်းမှန်၊ သွေးမှန်၊ လေမှန်ဆိုတဲ့ 'မှန်လေးမှန်' ထဲမှာ ဆီးလည်း အရေးကြီးကြောင်းပြနေပါတယ်။ ခန္ဓာကိုယ်ရဲ့မလိုအပ်တဲ့အဆိပ်အတောက်တွေကို ကျောက်ကပ်ကတစ်ဆင့် ဆီးအဖြစ် စွန့်ထုတ်တာပါ။

လွန်ခဲ့တဲ့ ငါးနှစ်လောက်က စာရေးသူကိုယ်တိုင် ဆီးနဲ့ပတ်သက်တဲ့ ရောဂါတစ်ခုကို အပြင်းအထန်ခံခဲ့ရပါတယ်။ တခြားတော့မဟုတ်ပါ။ လူဆယ်ယောက်မှာ ငါးယောက်လောက်ဖြစ်လေ့ရှိတဲ့ ဆီးကျောက်တည်တဲ့ရောဂါ ဖြစ်ပါတယ်။ ဆီးကျောက်တည်တာက နေထိုင်စားသောက်မှုပုံစံနဲ့ အများဆုံးဆက်စပ်နေတယ်လို့ ပညာရှင်တွေက ပြောကြတယ်။ အညောင်းထိုင်သူတွေ၊ ရေသောက်နည်းသူတွေ၊ ထုံးဓာတ်ပါတဲ့ အစာများများစားသူတွေ (ဥပမာ ကွမ်းစားသူ)၊ ဆီးမသွားဘဲ ကြာရှည်အောင့်ထားသူတွေမှာ အဖြစ်များတတ်တယ်။

စာရေးသူရဲ့မူရင်းအလုပ်က ပညာရေးဝန်ထမ်းဆိုတော့ ကျောင်းမှာလည်းထိုင်၊ အိမ်မှာလည်းထိုင်စာဖတ်၊ ပြီးတော့ အလုပ်တစ်ခုလုပ်ရင် ဆီးသွားဖို့တောင် မေ့ပြီးဖွဲ့နပဲနဲ့လုပ်တတ်တဲ့အကျင့်ရှိတယ်။ ဒီတော့ ဆီးကျောက်တည်တာ မဆန်းပါဘူး။

အစကတော့ ဆီးကျောက်တည်မှန်းမသိခဲ့ဘူး။ အိမ်က မျှစ်ချဉ်သုပ်တွေလုပ်ထားတော့ ကြိုက်လို့ ထမင်းနဲ့ တဝကြီး စားပစ်လိုက်တာ။ နောက်မှ သိရတယ်၊ မျှစ်ချဉ်က အကြောတင်းပြီး ငုပ်နေတဲ့ရောဂါတွေ ပေါ်တတ်တယ်တဲ့။ ခါးကြောကြီးတင်းပြီး အောင့်တက်လာလို့ လုံးဝမနေနိုင်တော့ဘဲ ဖြစ်တဲ့ညတွင်းချင်း ဆေးခန်းပြေးပြရတယ်။ ဆရာဝန်က ဆီးဆေးနဲ့ အကိုက်အခဲပျောက်ဆေးတွေထိုးပေးလိုက်တော့ သက်သာသွားတယ်၊ ဒါပေမယ့် အရှင်းမပျောက်ဘူး။ ဓာတ်မှန်ရိုက်ပြဖို့ဆက်ညွှန်လို့ အထူးကုဆေးခန်းရောက်ရပြန်ရော။ အထူးကုညွှန်တဲ့ ဆေးတွေ တစ်လလောက်သောက်တာ သက်သာသလိုလိုနဲ့ အရှင်းကြီးတော့ မပျောက်ခဲ့ဘူး။

တစ်နေ့မှာ ရွာက မိတ်ဆွေတစ်ယောက် ကျွန်တော့်ဆီ ရောက်လာတယ်။ မျက်နှာရှုံ့မဲ့မဲ့နဲ့မရွှင်မလန်းဖြစ်နေတဲ့ရောဂါသည် ကျွန်တော့်ကို မြင်တော့ -

"ဆရာဘာဖြစ်နေတာလဲ"

လို့ မေးပါတယ်။

ကျွန်တော်လည်း ကိုယ်ခံစားနေရတဲ့ ဆီးကျောက်ဝေဒနာအကြောင်း ပြောပြလိုက်တော့ -

"ဟာ - ဆရာကလည်း စောစောကမေးရောပေါ့ ။ ဆရာနဲ့ ကျွန်တော်မတွေ့တာကြာသွားလို့ ဒီလောက်ခံစားရတာ။ နို့မဟုတ်ရင် ရောဂါပျောက်နေပြီ"

လို့ သူက ပြောပါတယ်။

"ဒါဆိုပြောပါဦး။ ဆေးနည်းကောင်းရှိရင်"

လို့ စာရေးသူက မေးရတယ်။

သူက -

"ခုခေတ်မှာ ဆီးကျောက်တည်သူတွေ ခေတ်စားလာတယ်လို့ ပြောရမလားဘဲ။ လူတော်တော်များများဖြစ်တာ တွေ့ရတယ် ဆရာရဲ့။ ကျွန်တော်တို့ရွာကလူတွေတော့ သဘာဝဆေးပင်နဲ့ပဲပျောက်ခဲ့တာ။ တချို့ပိုက်ဆံတတ်နိုင်သူတွေသာ အထူးကုဆေးခန်းသွား၊ စကနဲ့ ကျောက်ချေ၊ ခွဲချင်လည်းခွဲနဲ့လုပ်ကြတယ်ဗျ။ ရွာကလူအများစုတော့ ဘယ်အကုန်အကျခံကုနိုင်မှာလဲ ဆရာရယ်"

ဟု ပြောတော့ ကိုယ့်များစောင်းပြောနေသလား အောက်မေ့ရပါတယ်။

"ဟာဗျာ၊ ခင်ဗျားဟာကလည်း နိဒါန်းတွေရှည်ရတာနဲ့ လိုရင်းမရောက်တော့ဘူး"

လို့ စာရေးသူက ပြောမှ -

"သည်းခံပါဆရာရယ်။ ကျွန်တော်က အကြောင်းအကျိုးခိုင်လုံအောင် ဆက်စပ်ပြောရတာပါ။ ဆေးပင်က ကျွန်တော်တို့ ရွာလယ်ကျင်းထဲမှာ တအားပေါပါတယ်။ ဆူးပဒေါင်းပင်လို့ခေါ်တယ်။ မြက်မျိုးနွယ်အပင်သေးတစ်မျိုးပေါ့။ အပင်မှာ ဆူးတွေရှိတယ်။ အဲဒီအပင်ရဲ့ ပဥ္စင်းပါးကို ရေနဲ့ သုံးခွက်တစ်ခွက်တင် ကျိုသောက်ရုံပဲ။ အဝင်ဆိုးတယ်ထင်ရင် သကြားနည်းနည်းထည့်သောက်ပေါ့"

လို့ စိတ်ရှည်လက်ရှည် ရှင်းပြပါတယ်။

"အကျိုးက. . ."

လို့ စာရေးသူ စကားဆက်ပေးလိုက်တော့ -

"ပုံမှန်သောက်ရင် ဆီးရှင်လာမယ်။ တည်နေတဲ့ ကျောက်အနည်တွေ တဖြည်းဖြည်းထွက်ကျလာမယ်။ မယုံရင် စမ်းကြည့်ပါ"

လို့ ဆိုတာနဲ့ စာရေးသူလည်း လက်တွေ့စမ်းသောက်ကြည့်ဖို့ စိတ်ကူးလိုက်တယ်။

သူပြောတဲ့အတိုင်း ဆူးပဒေါင်းပင်ပဥ္စင်းပါးကို သုံးခွက်တစ်ခွက်တင်ကျိုပြီး စွဲသောက်ခဲ့ပါတယ်။ စသောက်တဲ့ရက်တွေမှာတော့ ဆီးရှင်ပြီး ဆီးကျောက်က သိပ်မသိသာသေးဘူး။ တစ်ပတ်လောက်ကြာတဲ့အခါမှာ ဆီးသွားလိုက်တော့ (မရိုသေစကား) ကျင်ချောင်းတစ်ခုလုံး အရှမ်းကိုက်ခဲနာကျင်သွားလို့ တအားအားအော်ရင်း ဆီးညှစ်သွားလိုက်တာ ကျောက်စလေးတွေ ထွက်ကျလာတယ်။ အဲဒီနောက်ပိုင်း ဆီးသွားလို့ အဆင်ပြေလိုက်တာ။ ကျွန်တော့်အတွက်တော့ သုခတစ်ပါးပါပဲ။ နှစ်ပတ်လောက် ဆေးဆက်သောက်ပြီး သိသိသာသာကြီး ဝေဒနာသက်သာသွားတာ ဒီနေ့အထိ ရောဂါပြန်မဖြစ်တော့ပါဘူး။

စာရှုသူကို သတိပေးချင်တာက ဆူးပဒေါင်းပြုတ်ရည်သောက်ပြီး ရောဂါပျောက်ကင်းတဲ့အခါ အနေအထိုင်၊ အစားအသောက် လိုက်နာဆင်ခြင်ဖို့ပါပဲ။ ရေများများသောက်တဲ့အကျင့်၊ ကိုယ်လက်လှုပ်ရှားလုပ်တတ်တဲ့အကျင့်ကိုရအောင်လုပ်ပါ။ ဖြစ်နိုင်ရင် ကွမ်းမစားပါနဲ့။ ကြိုက်လွန်းလို့စားလည်း နည်းနည်းစားပေါ့။ လူတိုင်းမှာ ကျန်းမာရေးက အဓိကမဏ္ဍိုင်ဖြစ်တာမို့ 'အသက်ကိုဉာဏ်စောင့်' ဆိုတဲ့အတိုင်း လိုက်နာကျင့်သုံးကြဖို့ စေတနာနဲ့သတိပေးလိုက်ရပါတယ်။

ညွှန့်ဝင်း (နတ်တလေဝင်း)



www.burmeseclassic.com

www.burmeseclassic.com

## ဆရာဦးမောင်မောင်သန်း
([illegible])

# ၂၀၀၄ ခုနှစ် ဇန်နဝါရီလတွင် မေးမြန်းခဲ့သော အတွေးအမြင်အလင်းအဖွင့် အင်္ဂဝိဇ္ဇာပညာတွက်ချက်ရည်သုံးသပ်ပွဲ

# အဖြေများ

**မေးခွန်း(၁)အတွက်အဖြေ**

မောင်လှမှ သူ၏မယားညီအစ်ကို အကြောင်းကို စပြောလိုက်သည်နှင့် လူထွက်တတ်တယ်ဟု ပြောလိုက်ရခြင်းမှာ -

မောင်လှ မေးသော ဗုဒ္ဓဟူးနေ့ နံနက် (၈) နာရီသည် စန္ဒြာအခါ ဖြစ်နေပါသည်။

စန္ဒြာအခါ၏နံတော်စဉ်ကိန်းအရ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား တောထွက်တော်မူခြင်းကို ပညာခန်းအရ ဟောလိုက်ခြင်း ဖြစ်ပါသည်။

အင်္ဂဝိဇ္ဇာပညာသည် ဦးဆုံးစတင် ပြောလိုက်သောစကားမှန်မှသာ ဆက်၍ မှန်တတ်သောသဘောရှိပါသည်။

အကယ်၍ မောင်လှက မဟုတ်ဘူး၊ သူတို့စားသောက်ဆိုင်ဖွင့်မလို့ဟု တစ်ခုခုပြောခဲ့သည်ရှိသော် လူထွက်တတ်တယ် ဟူသော စကားလွဲသွားပြီဖြစ်၍ ၎င်းကောက်ကြောင်းကို ထပ်ဟော၍မရနိုင်တော့ပါ။

ယခု မောင်လှက ဟုတ်မှန်ကြောင်း ဝန်ခံ၍ တိုင်ခြေတွင်ရှိနေသော ဗုဒ္ဓဟူးဂြိုဟ်၏အထက်ကပ်ရက် တနင်္ဂနွေခိုက်နေခြင်းကို ထပ်မံပြောသည့်အနေနှင့် ဒီလူဦးခေါင်းမကောင်းဘူးဟုပြောခဲ့ခြင်း ဖြစ်ပါသည်။ ကောင်းရင် အလုပ်နဲ့ပတ်သက်ပြီး ခိုက်နေသူဟု ထပ်ပြောခဲ့ခြင်းမှာ နိမိတ်နှင့်ပြောခဲ့ခြင်း ဖြစ်ပါသည်။

**နိမိတ်**

မောင်လှနှင့်မတွေ့ခင်က လမ်းတွင် အရူးတစ်ယောက်နှင့်ဆုံခဲ့ပါသည်။ ထိုစိတ်မနှံ့သူသည် လက်ထဲတွင် ဝါးလုံးကိုင်ထားပါသည်။ ဝါးလုံးသည် ငြိမ်နေသည် မဟုတ်။ သူ့လက်ထဲမှာကိုင်ပြီး ဟိုယမ်းဒီယမ်းလုပ်နေ၍ ဝါးလုံးသည် ထင်ရှားနေ၏။ လှုပ်ရှားမှုအများဆုံးဖြစ်နေ၏။

**မောင်လှနှင့်ဆုံသည့်အခါ ကောက်ယူခြင်း**

ရောက်လာသူမှာ မောင်လှ ဖြစ်၏။ ဗုဒ္ဓဟူးနာမည်ရှင် ဖြစ်၏။ အပေါ် နိမိတ်နှင့်လာခြင်းမဟုတ်။ အခါတိုင်၏ ဩရန်းနိမိတ်နှင့်လာခြင်း ဖြစ်၏။ ထို့ပြင် မောင်လှနှင့် မဆုံခင်လေးတွင် စိတ်မနှံ့သူလက်ထဲမှဝါးလုံး ဟိုရောက်ဒီရောက် ဖြစ်နေရပါသည်။ ဗုဒ္ဓဟူးနိမိတ်များအား ကောင်းခြင်း၊စန္ဒြာအခါဖြစ်ခြင်းကြောင့် အထက်နိမိတ်ကောင်းများပြော၍မရနိုင်တော့ပါ။ ထို့ကြောင့် လူထွက်တတ်သည်ဟုပြောခဲ့ရခြင်း ဖြစ်ပါသည်။

စန္ဒြာအခါအား အဘယ်ကြောင့် အထက်ဂြိုဟ်များကိုမပြောဘဲ တိုင်ခြေရှိ ဗုဒ္ဓဟူးကိုသာတန်းပြောခဲ့ခြင်းမှာ ဗုဒ္ဓဟူး နိမိတ်များ ပေါင်းဆုံသွား၍သာ ဖြစ်ပါသည်။ ရောက်လာသူသည် မောင်လှ မဟုတ်ဘဲ အခြားအထက်နံတစ်ခုခုဖြစ် နေပါက လူထွက်ကိန်းကိုပြော၍မရပါ။

မောင်လှက ဟုတ်မှန်ကြောင်း ဝန်ခံလိုက်သည်နှင့် -

အင်္ဂဝိဇ္ဇာပညာ၏ ဆုံးဖြတ်ပုံအရ ဗုဒ္ဓဟူး၏ အထက်ကပ်ရက်ဂြိုဟ်အား ဆက်၍ဆုံးဖြတ်ရပါတော့မည်။

ဗုဒ္ဓဟူး၏ အထက်ကပ်ရက်တွင် တနင်္ဂနွေခိုက်နေ၍ ဒီလူခေါင်းမကောင်းဘူးဟုပြောခဲ့ခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အလုပ်ကိုမပြော၊ အိုးအိမ်ကိစ္စ ပြောဘဲ ဦးခေါင်းကိုတန်းပြောလိုက်ခြင်း ... တွေ့ခဲ့ရသောစိတ်မနှံ့သူ ဟူသည် ...ခေါင်းမကောင်းသူ ဖြစ်သောကြောင့် ...အဖြေကိုထုတ်ခဲ့ခြင်းဖြစ်ပါသည်။

အလုပ်နှင့်ပတ်သက်ပြီး ခိုက်နေသည်ဟု ပြောရခြင်းမှာ စိတ်မနှံ့သူ ဟူသည် မည်သည့်အလုပ်မျှမလုပ်တော့ပါ။ သူ့ဘဝတွင် အလုပ်ဟူသမျှ ရပ်သွားပြီ ဖြစ်၏။

စန္ဒြောအခါသည်လည်း တနင်္ဂနွေ ခိုက်နေသောကြောင့် အလုပ်နဲ့ ပတ်သက်ပြီး ခိုက်နေသူဟုပြောခဲ့ရခြင်း ဖြစ်ပါသည်။

၆

၃
၀

စန္ဒြောအခါ ၂

၅

အခိုက်- ၁ - ဦးခေါင်းခိုက်-အလုပ်ခိုက်
တြိရန်း- ၄ * ဝါးလုံး-မောင်လှ

**မေးခွန်း(၂)အတွက်အဖြေ**

ဦးလှဟန်ကို မြင်လိုက်သည်နှင့် ကျန်းမာရေးမကောင်းကြောင်း၊ လုပ်ငန်းတွေရပ်ကြောင်း၊ မိတ်ဆွေအပေါင်းအသင်းကြောင့် ပြဿနာဖြစ်တတ်ကြောင်း ပြောဆိုခဲ့ရပုံမှာ -

ဦးလှဟန်ကိုစတင်တွေ့ချိန်သည် ဗုဒ္ဓဟူးနေ့နံနက် (၁၀) နာရီ (၁၅)ရှိနေပြီ ဖြစ်၍ သောရီ ဟူသော စနေအခါ ဖြစ်နေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

နံ ၄ ၁ ၅

သောရီ - ဝ -အလယ်အခြာ-ရုပ်-ကံ

ကတ္တား ၃ ၆ ၂

၁
၅ နံ
၂
ကံ - ၄ - ဗုဒ္ဓအခါ
ဝ
၃ ကတ္တား
၆

အင်္ဂဝိဇ္ဇာပညာတွင် 'အောင်-လံ-တေ-ဇ-သ-ကျ-မှီ-အုံး' ဟူသော ပညာခန်းရှိပါသည်။

ထိုပညာခန်းအရ 'လံ' တည်းဟူသော ဗုဒ္ဓဟူးသည် 'တေ' တည်းဟူသော စနေအခါမှာရောက်လာ၍ ကတ္တားရှိရာကံလာသောကိန်းဖြစ်သွားရပါသည်။

'ကတ္တားရှိရာကံမလာနှင့် - နံမှာထက်ပေ-ရုပ်လယ်လေ-မေဇ္ဈကံဟုမှတ်-ကတ္တားအောက်ဂြိုဟ်မြဲမှတ်ဆို'ဟူသော ကျမ်းရင်းလင်္ကာအရ ကတ္တားရှိရာ ကံလာပုံကို ဗုဒ္ဓတိုင်တွင်ကြည့်ပါ။

'လံ' တည်းဟူသော ဗုဒ္ဓဟူး ဖားကို 'တေ' တည်းဟူသော စနေမြွေပေါက်သောကိန်းဖြစ်နေပါသည်။

ဗုဒ္ဓဟူးသည် စနေဓာတ်ခိုက်ချိန်ဖြစ်၍ အကောင်းဟော၍မရတော့ပါ။ ထို့ကြောင့် -

အကောင်းဟော၍မရတော့သောကြောင့် ဗုဒ္ဓဟူးနဝင်းဂြိုဟ်နှင့်ဆက်သွယ်ချက်ရှိသော သောကြာအခိုက်ကို စတင်ဟောခဲ့ရပါသည်။

သောကြာဂြိုဟ်သည် ဗုဒ္ဓဟူး၏ ဓာတ်ဂြိုဟ် ဝံသေ (၄-၆) ဖြစ်ပါသည်။ ဓာတ်ဂြိုဟ်သည် ကျန်းမာရေးနှင့်ဆိုင်လျှင်ကြည့်ရသောဂြိုဟ် ဖြစ်ပါသည်။ ဗုဒ္ဓဟူး၏ဓာတ်ဂြိုဟ် သောကြာခိုက်နေ၍ ကျန်းမာရေးမကောင်းကြောင်း စတင်ဟောခဲ့ရခြင်း ဖြစ်ပါသည်။

သောကြာကိုလှမ်းမြင်တာပဲ။ ဘာဖြစ်လို့ ခရီးဂြိုဟ်တို့၊ သစ်ကိစ္စတို့၊ အစားအသောက်ကိစ္စတို့ကို မပြောတာလဲဟု ထပ်မံစဉ်းစားရလျှင် မောင်လှနှင့် ဝါးလုံးနိမိတ်၊ စိတ်မနှံ့သူနိမိတ်တို့ကိုပြခဲ့ပြီး ဖြစ်ပါသည်။

နဝင်း ဗုဒ္ဓဟူးဖြစ်၍ ဘာဖြစ်လို့ အကောင်းမပြောတာလဲဟု ထပ်မံစဉ်းစားလိုက်လျှင် 'အောင်-လံ-တေ-ဇကိန်း' ကိုလည်း ပြဆိုခဲ့ပြီး ဖြစ်ပါသည်။ အနိဋ္ဌနိမိတ်များအရသော် လည်းကောင်း၊ 'အနီးဆင်ဝှေ့ပြန်' ကိန်းအရသော် လည်းကောင်း အကောင်းပြော၍မရနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

၁
၅
၂
၄ လံ
ဝ ← တေ
၃
၆

၄ - နဝင်း
၁
၅ (၄ - ၆)
ဝ ဝံ - သေ
၃
ဓာတ်ဂြိုဟ် ၆ - အခိုက်
၂

လှုပ်ရှားမှုများ ရပ်ဆိုင်းနေသလိုဖြစ်ပြီး လုပ်ငန်းများရပ်ခြင်းကို ပြောခဲ့သည်မှာ-

သောကြာဂြိုဟ်သည် လှုပ်ရှားမှုကို ဖွင့်ဆိုသောဂြိုဟ် ဖြစ်ပါသည်။

သောရီအခါတွင် ထိုဂြိုဟ် သောကြာခိုက်နေပါသည်။

လှုပ်ရှားမှုလည်းပတ်မှုခိုက်နေခြင်း (သို့) ရပ်နေခြင်းကို ရိုးစင်းစွာပြောဆိုခဲ့ခြင်း ဖြစ်ပါသည်။

တွေ့ခဲ့သောနိမိတ်မှာ စိတ်မနှံ့သူဖြစ်၍ ဘဝတစ်ခုရပ်ဆိုင်းသွားခြင်းနိမိတ်ကို ထပ်မံအားဖြည့်ဆင်ခြင်ခဲ့ပါသည်။

၄
၁
၅
သောရီ - ဝ
၃
၆ - လှုပ်ရှားမှုခိုက်
၂

ဦးလှဟန် တည်းဟူသော ဗုဒ္ဓဟူးဂြိုဟ်၏အပြင်မိတ် (ကု-လား) (၂-၄) ဖြစ်သည့် တနင်္လာ ၂ သည် သောရီအခါတွင် တိုင်ခြေတိုရန်းရောက်နေပါသည်။

'ဂြိုဟ်တိုရန်း-ပျော်စံမြန်နေ-သော... ကြေပျက်စီး-မီးလည်းတစ်ကြောင်း-... ၂ချောင်းနှင့်-၄ချောင်းပြင်ထွက်-သတ... ပျက်အံ့' ဟူသော လင်္ကာအရ 'တနင်္လာ' မိတ်ဂြိုဟ်ကို အကောင်းပြော၍မရတော့ပါ။

ထို့ကြောင့် မိတ်ဆွေအပေါင်းအ... သင်းကြောင့် ပြဿနာဖြစ်တတ်ကြောင်း ပြောခဲ့ခြင်း ဖြစ်ပါသည်။

**မေးခွန်း(၃)အတွက်အဖြေ**

အေးအေးဆင့်ကြောင့် ရောင်း... ကောင်းရခြင်းမှာ -

ခင်မြင့် ဟူသော တနင်္လာနာမ... ရှင်အတွက် အေးအေးဆင့်သည် အမြ... အညွန့်ဖြစ်နေသောကြောင့် ဖြစ်၏။

၆
အညွန့် - ၃ ← ဆင့်
ဝ
ခင်မြင့် - ၂
၅
အမြစ် - ၁ အေး
၄

အေးအေးဆင့်သည် ခင်မြင့်... အသက်ကြီးသော အစ်မ (သို့) အ... တစ်ဦးဦးဖြစ်ခဲ့လျှင် ခင်မြင့် ... မကောင်းနိုင်ပါ။

ယခု ရောင်းကောင်းရခြင်း... ခင်မြင့်၏အခြေဂြိုဟ် တနင်္ဂနွေအ... အောက်လူ အေးအေးဆင့် ဝင်လာ... ကြောင့် ဖြစ်၏။

အင်္ဂဝိဇ္ဇာတွင် 'အ-စ-နံ-... ကျွန်ဂြိုဟ်ပေါင်း' ဟု ရှိပါသည်။ ... လျော်အောင် ပြန်ဆိုရလျှင် 'အ... အောက်လူဖြစ်နေသောကြောင့် ခ... အတွက် သစ်ပင်တစ်ပင်ရှင်သန်သ... အားရှိသွားခြင်း ဖြစ်ပါသည်။

အေးအေးဆင့် အလုပ်ထဲ ... မဝင်စားဖြစ်သွားရခြင်းမှာ -

အေးအေးဆင့်ကို မေတ္တာ... သူ၏အမည်မှာ ကတိန်းဟု တွင်... ကြောင့် ဖြစ်ပါသည်။

ကတိန်းသည် အေးအေး... အတွက် အမြစ်၊ အညွန့် ဖောက်... သွားရုံမက အလုပ်ဂြိုဟ်ကိုပါ ... သွားစေသော အကြောင်းတရား... ပြည့်စုံသွားပြီဖြစ်၍ အေးအေး... အလုပ်ထဲ စိတ်မဝင်စားဟု ... ဖြစ်ပါသည်။



www.burmeseclassic.com

၅
အညွန့် - ၂ - က
၆
အေးအေးဆင့် - ၁
၄
အမြစ် - ၀ ◄ တိန်း
၃

**မေးခွန်း(၄)အတွက်အဖြေ**

ထွေးလေး ဟူသော အမည်မှ ရွှေတိုးဖြစ်သွားရသောအခါ အနီးကပ် အလုပ်လုပ်ရသော ခင်မြင့်အား ထိခိုက်ခြင်းရပါသည်။

အင်္ဂဝိဇ္ဇာပညာတွင် 'လက်ထုပ်-တော်သန်း-မကောင်းလွန်းသည်-ကျမ်းညွန်းစန္ဒြ' ဟု ပြဆိုထားပါသည်။

ရွှေတိုးသည် လက်ထုပ်နှင့်တူသွားသောကြောင့် ခင်မြင့် တည်းဟူသော အလယ်အခြာကို ထိခိုက်ခဲ့ရပါသည်။ တြိရန်းဂြိုဟ်ကို ဆပွတ်အုပ်ရိုက်လိုက်သောခါတ် ဖြစ်ပါသည်။

၆
၃
ဆပွတ် - ၀ ◄ တိုး
ခင်မြင့် - ၂
၅
၁
တြိရန်း - ၄ ရွှေ

**မေးခွန်း(၅)အတွက်အဖြေ**

သန်းသန်းဌေးကို ဌေးဌေးဟန်ဟု အတ်ကင်း ပြန်ခေါ်လိုက်သောအခါ ဦးလှဟန် တည်းဟူသော ဗုဒ္ဓဟူးနာမည်အတွက် စောလှ-လှေဆန်ကိန်းအရ သတ်နယ်-တူသော်' ကိန်းမိသွားရသောကြောင့် ဦးလှဟန် ထိခိုက်ရခြင်း ဖြစ်ပါသည်။

၁
၅
၂
ဦးလှဟန် - ၄
ဌေး - ၀ - တူ
၃
ဟန် - ၆ ◄ သော်

**မေးခွန်း(၆)အတွက်အဖြေ**

ဆင် ဟူသည်မှာ ဦးလှဟန်နှင့် နံတူသော ဗုဒ္ဓဟူးနံ ဖြစ်နေပါသည်။

ဦးလှဟန်သည် အိမ်ထောင်ဦးစီး ဖြစ်ပါသည်။

အိမ်ထောင်ဦးစီးနှင့်နံတူရုပ်ပစ္စည်းမှာ အစွယ်ကျိုးနေခြင်း မကောင်းပါ။ ဆင်၏ အင်္ဂါရပ်မပြည့်စုံခြင်း ဖြစ်နေပါသည်။

အိမ်၏ အမြင့်မြတ်ဆုံးနေရာမှာ ဘုရားကျောင်းဆောင် ဖြစ်ပါသည်။ ဘုရားရှင်ကိန်းစပ်စံပယ်တော်မူရာသည် အထွတ်မြတ်ဆုံးနေရာ ဖြစ်ပါသည်။

ဤလိုနေရာမျိုးတွင် အင်္ဂါမစုံလင်သောအရုပ်၊ ပစ္စည်းအကျိုးအပဲ့ရှိခြင်းသည် အိမ်ထောင်ဦးစီးကိုအလွန်ထိခိုက်ပါသည်။ ကြွေနေရာတွင် အနိဋ္ဌရောက်နေခြင်း ဖြစ်ပါသည်။

တံပိုးအကျိုးသည်လည်း ထိုနည်းလည်းကောင်းဖြစ်ပါသည်။

တံပိုးသည် ထမ်းရန်အတွက် အသုံးဝင်သောပစ္စည်း ဖြစ်သော်လည်း ကျိုးသွားလျှင် သူ့အင်္ဂါရပ်နှင့်မညီတော့ပါ။ ထမ်း၍မရတော့ပါ။ ထို့ကြောင့် အရုပ်ထုထု၊ မထုထု တံပိုးအကျိုးတည်းဟူသော အနိဋ္ဌကို ဘုရားဆောင်တွင်မထားစေလို၍ ထိုပစ္စည်းများကို ဖယ်ခိုင်းခဲ့ရခြင်း ဖြစ်ပါသည်။

**မေးခွန်း(၇)အတွက်အဖြေ**

ဆိုင်နာမည် အောင်မြင်တိုး ဟု ပြောလိုက်သည်နှင့် ကြီးပွားမည့်နာမည်ဟု ပြောလိုက်ခြင်းမှာ ဦးလှဟန်အတွက် ကောင်းကျိုးကိုဖြစ်စေသော ပဥ္စပွတ်ကို စတုရန်းအုပ်နာမည်ဖြစ်နေသောကြောင့် ဖြစ်ပါသည်။ နိမိတ်အလွန်ကောင်း၍လည်း ဖြစ်ပါသည်။

ပဥ္စပွတ် - ၁ - အောင်မြင်
၅
၂
ဦးလှဟန် ၄
စတုရန်း - ၀ ◄ တိုး
၃
၆

အလွန်မှ ကောင်းကျိုးချမ်းသာ မင်္ဂလာကိုဖြစ်စေသော'သာစည်-ပင်းယ' ကိန်းမိသွားသောကြောင့် ဖြစ်ပါသည်။

**မေးခွန်း(၈)အတွက်အဖြေ**

သန်းသန်းဌေးသည် ဦးလှဟန် အားကောင်းစေသော တြိ-စတုနာမည်တွဲ ဖြစ်ပါသည်။

သူမသည် တူမဖြစ်နေ၍ ငယ်သူဖြစ်သောကြောင့်လည်း ပါပါသည်။

အသက်ကြီးသော ဒေါ်သန်းသန်းဌေးဖြစ်လျှင် ခေါ်ခိုင်းမည် မဟုတ်တော့ပါ။

၁
၅
၂
ဦးလှဟန် - ၄
စတုရန်း - ၀ ◄ ဌေး
၃
တြိရန်း - ၆ သန်း

'တြိ-စတု နင်းကြမ်းပြု' ဟူသော ပညာခန်း ဖြစ်ပါသည်။

**မေးခွန်း(၉)အတွက်အဖြေ**

အင်္ဂဝိဇ္ဇာပညာတွင် အညွန့်ဆောင်ခြင်း ဟူသည် ရှိပါ၏။

အညွန့် ဟူသည် တလူလူတက်နေသော အကြောင်းတရားနှင့်ပြည့်စုံနေသည့်ဂြိုဟ် ဖြစ်ပါသည်။

လူတစ်ဦးတစ်ယောက်သည် အခက်အခဲဖြစ်လွန်းလာပြီဆိုလျှင် သူ၏အညွန့်နံပန်းများကို ဘုရားရှင်အား စွဲစွဲမြဲမြဲ လှူဒါန်းခြင်းဖြင့် အောင်မြင်မှုများစွာကို ဖြစ်ပေါ်လာစေပါသည်။

ဦးလှဟန်အား လှူဒါန်းခိုင်းခဲ့ပုံမှာ -

| | |
|---|---|
| ၁ | ၃ |
| ၅ -အညွန့် | ၀ -အညွန့် |
| ၂ | ၄ |
| လှ- ၄ | ဟန်- ၆ |
| ၀ | ၂ |
| ၃ | ၅ |
| ၆ | ၁ |

(၅-၀) နှစ်ခုပေါင်း နံတွဲသည် ပိတောက် ဖြစ်ပါသည်။ ကြာသပတေးဂြိုဟ်သက် (၁၉) နှင့် စနေဂြိုဟ်သက် (၁၀) နှစ်ပေါင်းပြီး -

ပိတောက်(၂၉)ညွန့်လှူခိုင်းခဲ့ခြင်း ဖြစ်ပါသည်။

*(နာမည်၏ အညွန့်များကို စီရင်ခြင်းအတတ်ပညာအား ပညာယူလိုသူများအတွက် မထိမ်မချန် ပြသလိုက်ခြင်း ဖြစ်ပါသည်။)*



www.burmeseclassic.com

www.burmeseclassic.com



### မေးခွန်း(၁၀)အတွက်အဖြေ

ဦးလှဟန် (ဝံသေ) ရေဓာတ်နာမည်မျိုးဖြစ်၍ ရေလှူခိုင်းခဲ့ခြင်း ဖြစ်ပါသည်။

မညိုမြရီ(စရေ)လေဓာတ်နာမည်မျိုးဖြစ်၍ မညိုမြရီအား လေလှူစေသောသဘောဖြင့် ဘုရားရှင်ကို ယပ်တော်သွင်းပူဇော်စေခဲ့ခြင်း ဖြစ်ပါသည်။

ခင်မြင့် (ဂဗ္ဘေ) မြေဓာတ်နာမည်မျိုးဖြစ်၍ ခင်မြင့်အား ပထဝီဓာတ်သဘောဆောင်သည့် ပန်းလှူခိုင်းခဲ့ခြင်း ဖြစ်ပါသည်။

### မေးခွန်း(၁၁)အတွက်အဖြေ

သူတို့မိသားစု နာမည်များသည် ထူးထူးခြားခြား ဓာတ်ဖက်ပြည့်စုံရာ ပြည့်စုံကြောင်းဖြစ်နေကြပါသည်။

ဤလို ဓာတ်ဖက်ပြည့်စုံကြသော မိသားစုနာမည်ရှင်များကို တစ်ခါတစ်ခါ တွေ့ဖူးပါသည်။ စီးပွားလည်းဖြစ်ကြပါသည်။

သူတို့မှာတစ်ခုပိုသွားသည်မှာ-

သူတို့၏ဆိုင်နာမည်အား အောင်မြင်တိုးဟု မှည့်ထားခြင်း ဖြစ်ပါသည်။

နားလည်တတ်ကျွမ်းသူတစ်ဦးဦးမှ ပေး၍ဖြစ်စေ၊ သူတို့ကိုယ်တိုင် နှစ်သက်၍ဖြစ်စေ နိမိတ်ကောင်းရုံမက ဆိုင်နာမည်မှာ 'အန္တော' (၁-၀) ဟူသော ဓာတ်ဖက်မိနေပါသည်။

ထို့ကြောင့် -

အန္တော - (၁-၀) အောင်မြင်တိုး
ဂဗ္ဘေ - (၂-၅) ခင်မြင့်
စရေ - (၃-၈) မညိုမြရီ
ဝံသေ - (၄-၆) ဦးလှဟန်

တည်းဟူသော ဓာတ်များ ပြည့်စုံနေကြသည်ကိုမြင်လိုက်၍ သူတို့မိသားစု စီးပွားတက်ကိုတက်ရမည်ဟု ခိုင်မာစွာ ပြောဆိုခဲ့ရခြင်း ဖြစ်ပါသည်။

◆

# ပြိုင်ပွဲဝင်ဖြေဆိုသူများအတွက် သုံးသပ်ချက်များ

အင်္ဂဝိဇ္ဇာဉာဏ်ရည်သုံးသပ်ပွဲကို ယခုလို စိတ်ဝင်တစား ဖတ်ရှုလေ့လာသည့်အတွက် အလွန်မှ လေးစားစွာ ကျေးဇူးတင်ရပါသည်။

မြန်မာပြည်အနှံ့အပြားတွင်နေထိုင်ကြသော အင်္ဂဝိဇ္ဇာမြတ်နိုးသူ ညီအစ်ကိုမောင်နှမများ များစွာထွက်ပေါ်လာကြသည့်အတွက် ကျေးဇူးတင် ဝမ်းမြောက်ပီတိဖြစ်ရပါကြောင်း ဦးစွာ ဂါရဝစကားဆိုပါရစေ။

ဝင်ရောက်ဖြေဆိုကြသည့်အင်္ဂဝိဇ္ဇာပညာမြတ်နိုးသူ ဆရာ၊ ဆရာမများကိုလည်း အလွန်မှ လေးစားစွာ ဂုဏ်ယူရပါသည်။

အင်္ဂဝိဇ္ဇာပညာကြီးကို လေးစားမြတ်နိုးကြသော ညီအစ်ကိုမောင်နှမများ စုပေါင်း၍ အမြင်ချင်းဖလှယ်ကြခြင်းသာ ဖြစ်ပါသည်။

ဉာဏ်ရည်သုံးသပ်ပွဲတည်းဟူသော ကဏ္ဍအား ဝိုင်းဝန်းအားဖြည့်ပေးကြခြင်းအတွက် ကျေးဇူးတင်ရပါသည်။ ပီတိဖြစ်ရပါသည်။

ပေးပို့ကြသူ အားလုံးလိုလိုသည် အင်္ဂဝိဇ္ဇာပညာကို တစိုက်မတ်မတ် လေ့လာခဲ့ကြသူများအဖြစ် ဉာဏ်စွမ်းထက်စွာ သုံးသပ်ပြသွားနိုင်ကြသည်ချည်း ဖြစ်ပါသည်။

ကျွန်ုပ် အလိုလားဆုံးဖြစ်သော အင်္ဂဝိဇ္ဇာအမြင်အတိုင်း မြင်ပြခြင်းများ များစွာ တွေ့ရမြင်ရ ဖတ်ရှုရ၍ အလွန်မှ ပီတိဖြစ်ရပါသည်။ တွေးခေါ်နိုင်ကြသူများဖြစ်ကြ၍ အလွန်ဂုဏ်ယူရပါသည်။

အင်္ဂဝိဇ္ဇာအမြင်အတိုင်းမြင်ပြစေချင်သောဆန္ဒမှာ ဤဉာဏ်ရည်သုံးသပ်ပွဲပါ ဆောင်းပါးသည် အင်္ဂဝိဇ္ဇာအမြင်ရိုးရိုးကိုသာ ဖွင့်ဆိုထားသောကြောင့် ဖြစ်ပါသည်။

ရိုးစင်းသောအကြောင်းအရာလေးများမှသည် တဖြည်းဖြည်းချင်း မြင့်တက်၍ ဉာဏ်ရည်သုံးသပ်ပွဲများ ဆက်လာမည် ဖြစ်ပါသည်။

ပညာကိုမြတ်နိုး၍ ယခုမှလေ့လာလိုသူများ ဖတ်ရှုမိကြပါကလည်း အင်္ဂဝိဇ္ဇာပညာ၏သဘောလေးများကို စ… ထိတွေ့ရတော့မည် ဖြစ်ပါသည်။

သို့မှသာ ဆက်ကာဆက်… လေ့လာချင်စိတ်ဖြစ်လာပြီး အင်္ဂဝိ… ပညာ၏အတွေးအခေါ်များကို တ… ဖြည်းတွေ့လာမည် ဖြစ်၏။

ဝါသနာပါကြသူတိုင်း သုံးသ… ကြစေရန်၊ ဉာဏ်ရည်သွေးကြည့်နိုင်… ရန်အတွက် ဤဆောင်းပါး စတင်… ခြင်း ဖြစ်ပါသည်။

ယခု -

ဖြေဆိုသွားကြသူများသည် … ဝိဇ္ဇာအမြင်ကို အတော်ပင် မြင်နိုင်… နိုင်ကြသူများ ဖြစ်ကြ၏။

လွန်ခဲ့သော (၂၅) နှစ်… 'စောလှ-လှဆန်' ကို စတင်ဖွင့်ဆို… အတော်ပင် အပြောခံခဲ့ရပါသည်။

'စောလှ - လှဆန်' စတင်… စဉ်ကဆိုလျှင် အတော်လေးပင် … ပြောင်ခြင်းကိုခံခဲ့ရပါသည်။ 'ဘာ… မင်းဟာ၊ စောလှ-လှဆန် ဆိုတာ' … များစွာသောအမေးများနှင့် ရင်ဆို… ပါသည်။

မေးကြသူများကို အပြစ်မမြင်… အင်္ဂဝိဇ္ဇာ ဆိုလိုက်သည်နှင့် ရုပ်… ဟောတာပါဟုသာ လူပြောများပါ… အင်္ဂရုပ်ကြည့်ဟောခြင်းကိုဆိုလိုပါ… အင်္ဂဝိဇ္ဇာအကြောင်း စကားစပ်မိ… နှင့် 'ကဲ- လုပ်စမ်းပါဦးကွာ၊ ငါ့ကြည့်… ပါဦး။ ငါဘာဖြစ်နေသလဲ' ဟူသော … ခွန်းများကိုသာ မကြာချင်မှအဆုံး… ရပါသည်။

'ဩော် - သူဟာ အင်္ဂဝိဇ္ဇာပ… အလှမ်းဝေးနေလို့ပဲ' ဟုသာ တွေး… ပြီး ပြုံးနေလိုက်ရသည်သာမျာ… သည်။

ထိုသို့ မကြာဘူးချိန်တွင် မ… ဘူးကြသောပညာခန်းကို စတင်ဖွင့်… ခြင်းသည် များစွာသော မျက်လုံးမျာ… ရင်ဆိုင်ရတော့မည်ကိုလည်း ကြ… တွက်ဆပြင်ဆင်ခဲ့ပါသည်။

ပညာကို မြတ်နိုးလေး… သောစိတ်၊ မဆုတ်မနစ်သော … 



www.burmeseclassic.com

www.burmeseclassic.com

...ညတို့ဖြင့် ရှေ့သို့တိုးရင်းတိုးရင်း တိုင် ...ာက်ထိုးများ၊ သာစည်ပင်းယဇောက် ...များနှင့် အင်္ဂလိပ်ဇာခရီးကို ဆက်ကာ ...တ်ကာ လမ်းသစ်ဖောက်ခဲ့ရပါသည်။

ဤပညာများသည် ရှေးကတည်း ...ရှိခဲ့သည့် ပညာခန်းများဖြစ်သော် ...ည်း သတိမထားမိကြချိန်တွင် ကျွန်ုပ် ... ရှုထောင့်တစ်မျိုးမှ ဖွင့်ဆိုခဲ့သည်ဖြစ် ... အတော်အပြောခံခဲ့ရပါသည်။ ဘာ ...လဲကွာ ဟူသော စကားများနှင့် ...ာ်တော်ရင်ဆိုင်ခဲ့ရပါသည်။

၁၉၈၇ ဝန်းကျင်ကဖွင့်ဆိုခဲ့ရသော ...တွေးအမြင်များ၊ ပညာခန်းများကို ...လည် လေ့လာကြည့်ရှုနှင့် သိနိုင်ပါ ...ည်။

သို့သော် -

မြန်မာ့မြေ၊ မြန်မာ့ရေပေါ်မှ ...မာတို့မြတ်နိုးကြသောပညာကြီးဖြစ် ... တဖြည်းဖြည်းကျယ်ပြန့်လာခဲ့ရပါပြီ။

အလွန်မှပီတိဖြစ်ရပါပြီ။

ယခုကဏ္ဍတွင် တွေးခေါ်ပြုကြ ...ည်များကို ဖတ်ရင်းဖတ်ရင်း အံ့ကြိတ် ... လက်သီးလက်မောင်းတန်းလိုက်မိ ...ည်ထိ ပီတိတွေဝေဖြာခဲ့ရပါသည်။

အမြင်တွေ စူးရှထက်မြက်လိုက် ...တာဟု အထပ်ထပ်ချီးကျူးနေမိ၏။

အင်္ဂလိပ်ဇာကို မြတ်နိုးကြတဲ့ တို့ညီ ...ကိုမောင်နှမတွေပါလားဟု အားတွေ ...င်တွေပြည့်ခဲ့ရပါသည်။

ယခုလိုမြတ်နိုးကြသည်ကိုသိလာ ... ပညာခန်းများ၊ အတွေးအခေါ် ...ွင့်ဆိုရန် အားအင်တွေပြည့်လာရ ... ဖြစ်ရပါသည်။

ယခု -

ဖြေဆိုခဲ့ကြသူများသည် တချို့ ...ပ်ဖြေပြနိုင်သည်များနှင့် တချို့ဖြေပြ ...သူများ မတူကြပါ။ တစ်ယောက်လျှင် ... အစွမ်းသတ္တိနှင့်ကိုယ်ပိုင်အလင်း ...င်များရှိကြပါသည်။ မှန်ပါသည်။ ...ပြီး အတူတူဖြေလျှင်ပင် တူနိုင်မည် ...တ်ပါ။

ပညာလမ်းကြောင်းတူသော်လည်း ...သူပုံတူမည်မဟုတ်ပါ။

ကျွန်ုပ် ကြိုတင် ရေးသားပြီး ...တည်းချုပ်ထံပို့ထားသော 'အဖြေများ' ...လည်း ထပ်တူဖြစ်အောင် တူမည် ...တ်ပါ။ သဘာဝကျပါသည်။

ကိုယ်တိုင် တွေးပြထားပုံများနှင့် ...ထပ်တည်းဖြစ်မှ မှန်ကန်မည် ဟူ ...စိတ်လုံးဝမရှိပါ။

ပညာအတူတူသင်ခဲ့ကြရသူများသည်ပင်လျှင် တွေးခေါ်ယူဆပုံမတူခဲ့ကြပါ။ ကိုယ်ဒီလိုမတွေးလို့ သူဒီလိုမတွေးရင် မှားတယ်ဟု တစ်ယူသန်ပုံသေပြော၍မရနိုင်ပါ။ သူ့အမြင်နှင့်သူ ဟူသည်ရှိပါသည်။ ရှုထောင့်မတူနိုင်ပါ။

သူသည်လည်း ဤပညာနှင့်ပတ်သက်၍ စဉ်းစားတွေးခေါ်ထားခြင်းဖြစ်ရာ သူ၏မြင်ပုံကိုလည်း အသိအမှတ်ပြုလေးစားရမည်သာ ဖြစ်၏။

ထို့ကြောင့် -

ကာယကံရှင်များကို မည်သည့်'စံ'နှင့်မျှ ညှိနှိုင်း၍ရွေးချယ်ခဲ့ခြင်း မဟုတ်ပါ။ ယခုရွေးချယ်ခဲ့ရသည်မှာ ပညာချင်းတူသော်လည်း တွေးပုံ၊ ယူဆပုံလေးများကို သုံးသပ်ခဲ့ရပါသည်။

သုံးသပ်ပြကြပုံများအပေါ်တွင်သာ တူသည်ဖြစ်စေ၊မတူသည်ဖြစ်စေ ဖြေဆိုပြသူများ၏ ပင်ကိုစွမ်းရည်ကို အလေးထား၍ ရွေးချယ်ခဲ့ရပါသည်။

ဥပမာတစ်ခုဆိုလျှင် ပိတောက် (၂၉) ညွှန့်ကိစ္စသည် အင်္ဂလိပ်ဇာပညာခန်းလာ အညွှန့်ပညာခန်း ဖြစ်ပါသည်။ အညွှန့်တလူလူဖြစ်စေမည့် အညွှန့်သဘောကို ရည်ရွယ်၍မေးခဲ့ခြင်း ဖြစ်ပါသည်။

လူတစ်ယောက်တွင် အညွှန့်တလူလူ ဟူသည် အလွန်အရေးကြီးသည်။ အမှန်တကယ်လည်း ထိရောက်လှသော ပညာခန်းဖြစ်၍ ထုတ်ဖွင့်ခဲ့ရခြင်း ဖြစ်ပါသည်။

သောရီအခါတွင် သောကြာခိုက်နေခြင်းမှာ ဦးလှဟန်၏ ဓာတ်ဂြိုဟ်ဖြစ်နေသောကြောင့် ထိုဓာတ်ဂြိုဟ်သောကြာ၏ အမြစ်၊ အညွှန့်ကို တင်လျှိုခိုင်းခြင်း၊ ... တော်တော်များများ သုံးသပ်ကြပါသည်။

အခါတိုင်းတစ်တိုင်၏ အခိုက်ကို ဤသို့ အသက်သွင်း၍မရပါ။

နေရာသည် အနိဋ္ဌနေရာ ဖြစ်ပါသည်။ အနိဋ္ဌကို အနိဋ္ဌနှင့်သာချေရမည်ဖြစ်ပါသည်။ အမြစ်နေရာလည်း ဖြစ်ပါသည်။ ခိုင်နေသောအမြစ်ကို လှုပ်လာအောင် ဦးဆုံးပြုလုပ်နိုင်မှသာ ဤအမြစ်ဂြိုဟ်လှုပ်လာနိုင်ပါသည်။

အခိုက်ရှိ ဂြိုဟ်ကို ချက်ချင်းကောင်းအောင် အမြစ်၊ အညွှန့်ပေး၍မရပါ။

အမြစ်၊ အညွှန့်သဘောသည် ခိုင်မာစေနိုင်သည့်သဘောရှိ၍ အခိုက်ကို အခိုင်ပြုလုပ်လိုက်လျှင် ၎င်းအခိုက်မှာ ပိုခိုင်သွားပြီး ပိုခိုက်သွားရုံသာရှိပါသည်ဟု -

သံယောဇဉ်ကြီးစွာဖြင့် ဝိုင်းဝန်းအားဖြည့်ပေးကြသော ဆရာ၊ ဆရာမများအားလုံးကို မေတ္တာဖြင့် လေးစားစွာပြန်ကြားလိုက်ရပါသည်။

◆

**အရှင်မဏ္ဍလ (လယ်ဝေးမြို့)**

*ဘုန်းဘုန်းဘုရား၊ အင်္ဂလိပ်ဇာအမြင်များ ရှင်သန်လှပါတယ် ဘုရား။ နိမိတ်အမြင်နှင့် နံတော်စဉ်များပါ အားထပ်ဖြည့်လိုက်ပါက ပြောစရာတောင် မလိုတော့ပါ ဘုရား။*

*နံပါတ် (၇) အောင်မြင်တိုးကို ဖွင့်ဆိုချက်မှာ ဘုန်းဘုန်း၏ဖွင့်ဆိုချက်သည် အပြည့်စုံဆုံးနှင့် အကောင်းဆုံးဖြစ်ကြောင်း တပည့်တော်ရိုသေစွာလျှောက်ထားအပ်ပါသည် ဘုရား။*

*ဘုန်းဘုန်းရဲ့ဉာဏ်အမြင်ရှင်သန်ပုံကို တပည့်တော် အမြဲတမ်း သတိတရနှင့် ကန်တော့နေရပါသည် ဘုရား။*

**အရှင်ဩဘာသ (ပခုက္ကူမြို့)**

*အင်္ဂလိပ်ဇာအမြင်များမှာ ကွက်တိဖြစ်ပြီး အမြင်ရှင်သန်လှပါသည် ဘုရား။ နိမိတ်ပါအားဖြည့်လိုက်ပါက အားလုံးပြီးပြည့်စုံသွားမည်ဟု တပည့်တော် ရိုသေစွာ လျှောက်ထားပါသည် ဘုရား။*

*(၉) သည် အညွှန့်တလူလူဖြစ်စေခြင်းအတွက် ဟူသည်ကို ဘုန်းဘုန်းမြင်ပြသည့်အတွက် တပည့်တော် အံ့ဩစွာနှင့် ကန်တော့မိပါသည် ဘုရား။ တော်တော်ကို ပြည့်ပြည့်စုံစုံမှန်ပါသည်ဘုရား။ ကြိုကြားကြိုကြားကျန်သောပညာအယူအဆလေးများမှာ မပြောပလောက်ပါ ဘုရား။*

*ဘုန်းဘုန်း၏ယူဆသုံးသပ်ပြပုံများမှာ တပည့်တော် စတုတ္ထမြောက်အကြိုက်ဆုံးဖြစ်ရပါသည် ဘုရား။*

*အင်္ဂလိပ်ဇာပညာကို ဝိုင်းဝန်းချီးမြှောက် အားဖြည့်ပေးသည့်အတွက် ဘုန်းဘုန်းကို တပည့်တော် အမြဲတမ်း ရိုသေစွာ ရှိခိုးကန်တော့နေရပါသည် ဘုရား။*

**ဆရာဦးမြင့်ရွှေ (ဟသ်ာတ)**

*(၃)၊ (၄)၊ (၅)၊ (၆)၊ (၇)၊ (၈)* *(၁၀) နံပါတ် မေးခွန်းများကို လှပစွာ ဖြေဆိုသွားနိုင်သူဖြစ်၍ ဆရာ့သုံးသပ်...*



www.burmeseclassic.com

www.burmeseclassic.com

များအား အကြိမ်ကြိမ်ပြန်ဖတ်ကြည့်ရသည်ထိ ရင်ထဲရောက်ခဲ့ရပါသည်။

အင်္ဂဝိဇ္ဇာပညာကို အတော်နှံ့စပ်ပြီး ကျွမ်းကျင်သူဖြစ်ကြောင်း ထင်ရှားပါသည်။

ဆရာ၏ လှပစွာ ရေးသားဖွဲ့ဆိုထားပုံလေးကို ကျွန်တော် သဘောကျလွန်း၍ အမှတ်တရသိမ်းထားပါသည်။

(၇) ရက်သားသမီးများကို အကျိုးပြုနိုင်စွမ်းသော ပညာရပ်များအား တန်ဖိုးထားသည့် ဆရာ့စိတ်ဓာတ်ကို အမြဲတမ်း ဂါရဝပြုနေရပါသည်။

**ဆရာဦးသန့်ဇင်ဦး (မြောက်ဥက္ကလာပ)**

(၁) အတော့်ကို မှန်ပါသည်။ ဆရာသည် နိမိတ်ကိုလက်မလွှတ်။ အခါတိုင်ကို ပိုင်နိုင်လှပါသော်လည်း နံတော်စဉ်ကို ဘာကြောင့်ချန်ခဲ့ရပါလိမ့်ဟု တွေးနေမိပါသည်။

(၁)၊ (၃)၊ (၄)၊ (၅) များကို ဖြေဆိုထားပုံမှာ အလွန်မှ ရှင်းခနဲလင်းခနဲ ပညာပါလှပါသော်လည်း (၇) ကို ဖြေသည့်အခါ အင်္ဂဝိဇ္ဇာလမ်းကြောင်းကို ဆရာချန်ထားတဲ့ပုံရသည့်အတွက် အားမလိုအားမရနှင့် ဟာခနဲ ဟင်ခနဲဖြစ်သွားရပါသည်။

(၇) ရက်သားသမီးများ ကောင်းကျိုးချမ်းသာဖြစ်စေနိုင်စွမ်းသည့် အကျိုးပြုပညာရပ်များကို တတ်ကျွမ်းထားရုံမက ပညာရပ်များကို ချစ်တတ်သော ဆရာ့အား အမြဲတမ်း လေးစားဂုဏ်ယူနေရပါသည်။

**ဆရာဦးသောင်းစိန် (နေပြည်တော်)**

ဆရာခင်ဗျား -

ဆရာသည် အင်္ဂဝိဇ္ဇာဉာဏ်ရည်သုံးသပ်ပွဲကို မေတ္တာစေတနာကြီးမားစွာဖြင့် စိတ်ရောကိုယ်ပါ ပါဝင်ခဲ့သူ ဖြစ်ပါသည်။

အင်္ဂဝိဇ္ဇာပညာခန်းနှင့် ဆိုင်သော မေးခွန်းများကိုလည်း ဆရာတစ်ခုမကျန် ဖြေနိုင်ခဲ့သူ ဖြစ်ပါသည်။

ဆရာ့အယူအဆ၊ အတွေးအခေါ် များကို ကျွန်တော် အလွန်လေးစားပါသည်။ ဆရာသည် နံတော်စဉ်နှင့်နိမိတ်များကို သတိထားသူလည်း ဖြစ်ပါသည်။

အင်္ဂဝိဇ္ဇာပညာခန်းများကို ဆရာသိနေသော်လည်း ဖွင့်ဆိုပြရာတွင် အနည်းငယ် ပွတ်ကာသီကာလိုနေခြင်းများကြောင့် ဆရာဘာလို့တိုက်ရိုက်မဖွင့်ဆိုတာလဲဟုမချင့်မရဲဖြစ်ရပါသည်ဆရာ။

**ဆရာဦးကျော်ကျော် (မိုလ်တထောင်)**

(၁) ကို ဖြေနိုင်ပါလျက်နှင့် ဆရာဘာဖြစ်လို့ နိမိတ်ကိုချန်ထားခဲ့ရပါလိမ့်ဟု အားမလိုအားမရဖြစ်သွားရပါသည်။

(၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၇) များကို ဖြေဆိုရာတွင် ဆရာ၏ အင်္ဂဝိဇ္ဇာပညာအမြင်ရှုထောင့်များကို အလွန်သဘောကျ လေးစားရပါသည်။ လိုရင်းတိုရှင်းနှင့်ထိထိမိမိရှိလှပါသည်။ (၇) ကို ထင်းခနဲ မြင်သာအောင် ဖြေနိုင်သူဖြစ်ပါသည်။

ဆရာသည် (၅) ကို ဒေါက်ခနဲ ဖြေနိုင်ပါလျက်နှင့် (၈) ကို ဘာလို့စိတ်ရှည်လက်ရှည်မဖြေပါလိမ့်ဟု မချင့်မရဲဖြစ်ရပါသည်။ (၅) နှင့် (၈) သည် ဆန့်ကျင်ဘက်အမြင် ဖြစ်ပါသည်။

ဆရာ၏ထက်မြက်သော၊ ရှင်သန်သော အတွေးအခေါ် များအတွက် အမြဲတမ်း လေးစားနေလျက်ပါ။

**ဆရာဦးသန်းနိုင်ဦး (တောင်ကြီး)**

(၁) နံတော်စဉ်ကို နိုင်နင်းသော ဆရာ နိမိတ်ချန်ခဲ့ပြန်ပြီ။

(၂) ကို သုံးသပ်ပုံ ကွက်တိဖြစ်ပါသည်။

(၃) ကိုဖြေရာတွင် အမြစ်၊ အညွန့်အတည့်နှင့် ဇောက်ထိုးဖြစ်ပုံအား ဆရာမေ့ပြီး မရေးလိုက်ပုံရပါသည်။

ဘာကြောင့် ဤသို့ပြောရသလဲ ဆိုလျှင် ဆရာသည် (၄)၊ (၅)၊ (၇)၊ (၈) များကို အင်္ဂဝိဇ္ဇာအမြင်ဖြင့် ဒက်ခနဲဖွင့်ဆိုနိုင်စွမ်းသူဖြစ်နေသောကြောင့် ဖြစ်ပါသည်။ လုံးဝမလွဲပါ။ အလွန်ပင်လေးစားမိပါသည်။

(၁၀)၊ (၁၁) အဖြေများမှာ ပြောစရာပင်မလိုလောက်အောင် သဘောကျပါသည် ဆရာ။



(၉) တစ်ခုမှလွဲ၍ အကုန်လုံးမှန်နေပါသည်။

(၁)၊ (၃)၊ (၆)တို့ကို ဆရာသေချာမရေးလိုက်ခြင်းမှာ ဆရာ့မှာ အလုပ်များပြားနေလို့ဟု ကျွန်တော် တွေးနေမိပါသည် ဆရာ။

**ဆရာကျော်ဘိုဘိုဟိန်း (ပဲခူး)**

(၁)၊ (၂) (၃)၊ (၄)၊ (၅)၊ (၇)၊ (၁၀) များကို ထိထိရောက်ရောက် သုံးသပ်ပြသည့်အတွက် ဆရာ့ကို ကျေးဇူးတင်ပါသည်။

ဆရာသည် နိမိတ်များကိုပါ သတိထားသူတွေးခေါ်ရှင်လည်း ဖြစ်ပါသည်။ အင်္ဂဝိဇ္ဇာအယူအဆများကို လိုရင်းတိုရှင်း ပြနိုင်စွမ်းသူလည်း ဖြစ်ပါသည်။ အင်္ဂဝိဇ္ဇာပညာများကို မည်မျှထိအောင် လေ့လာထားမှန်း မှန်းဆ၍ပင် မရနိုင်အောင် ဆရာ့အတွေးအခေါ်ကို အလွန်သဘောကျရပါသည်။

ဆရာ၏ ထက်မြက်လှသော ဉာဏ်ရည်အတွက် အမြဲတမ်း ဂုဏ်ယူနေရပါသည်။

**ဆရာဦးစိုးလွင်ဌေး (မကွေး)**

(၄)၊ (၅)၊ (၆)၊ (၇)၊ (၁၀)၊ (၁၁) များကို လိုရင်းတိုရှင်း လှလှပပ ဖြေဆို သုံးသပ်ပြနိုင်သူ ဖြစ်ပါသည်။

(၈) သည် ဆရာ့အတွက် မခက်ခဲ ဟု ကျွန်တော် ယူဆပါသည်။ လွယ်လွယ်လေးကိုမှ အင်္ဂဝိဇ္ဇာအမြင်ကြီး ဆရာချန်ခဲ့သည့်အတွက် အားမလိုအားမရဖြစ်ခဲ့ရပါသည်။

ဆရာသည် အလွန်မှ နီးစပ်စွာ သုံးသပ်ပြနိုင်သူဖြစ်သောကြောင့် ဆရာ့အတွေးအခေါ်ကိုလေးစားနေရပါသည်။

**ဆရာဦးမြင့်ဇော် (ပခုက္ကူ)**

(၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၇) များကို သုံးသပ်ဖြေဆိုရာတွင် ဆရာ အလွန်ထက်မြက်စွာ သုံးသပ်ပြနိုင်ပါသည်။

(၁) ကို ဖြေဆိုသည့် ဆရာ၏ သုံးသပ်ပြပုံအဖြေအား အလွန်သဘောကျလှပါသည်။

နိမိတ်ကို လက်မလွှတ်သူဖြစ်ပြီး အင်္ဂဝိဇ္ဇာပညာကို နိုင်နင်းကျွမ်းကျင်ပါသည်။

'ကျွန်တော်တို့လို လေ့လာနေဆဲသူတွေအတွက် ကျွန်တော်တို့ လေ့လာ



www.burmeseclassic.com

www.burmeseclassic.com

သားတဲ့ ဆရာ့ရဲ့ အဝေးတပည့်တစ်ယောက်အနေနဲ့. . . ' ဟူသော ဆရာ့စကားများသည် ဆရာမာန်မာနမရှိသူ မှန်း ထင်ရှားနေတဲ့အတွက် ဆရာ့ကို အမြဲတမ်းသတိရနေမိပါသည်။

**ဆရာမဒေါ်စိုးယုယုခိုင် (မြောင်းမြ)**

ဤဆောင်းပါးတွင် ပါဝင်သော ဦးလှဟန်အား ပိတောက် (၂၉) ညွန့်လျှင်းခဲ့ရပုံကို ရှားရှားပါးပါး ဆရာမတစ်ဦးတည်းသာ မှန်အောင် ဖြေပြသွားနိုင်ခဲ့ပါသည်။

ဆရာမအဖြေတွင်-

မေးခွန်းအမှတ် ၉ အဖြေ ။ ။ ပိတောက်သည် ကြာသပတေး၊ စနေဂြိုဟ်သက်နှစ်ခုပေါင်း ၁၉ + ၁၀ = ၂၉

ဦးလှဟန်၏ လှ - ဗုဒ္ဓဟူး၏ အညွန့် ကြာသပတေး၊

ဟန် - သောကြာ၏အညွန့် စနေဖြစ်သည့်အတွက် မညှိုးမနွမ်းဘဲ အစဉ်လန်းဆန်းနေစေရန် ဂရုစိုက် လဲလှယ်ပေးရန် ညွှန်ကြားရခြင်း ဖြစ်ပါသည်ဟု ပြောဆိုသွားပါသည်။

လေးစားရပါသည်ဆရာမခင်ဗျာ။

အမှတ် (၃)၊ (၄)၊ (၇) (၉)၊ (၁၀) များကို ဖြေဆိုသွားပုံမှာလည်း လိုရင်းတိုရှင်းထိရောက်ပါလျက် (၈) ကိုသုံးသပ်ရာမှာ တြိ-စတုကို ဘာလို့ချန်ထားခဲ့ရပါသလဲမှ ဟု ဟာခနဲ ဟင်ခနဲဖြစ်သွားရပါသည်။

**ဆရာဦးစိုးလွင် (ပုဇွန်တောင်)**

အင်္ဂဝိဇ္ဇာမြင်ပုံများမှာ ဆရာသည် ပညာရှင်တစ်ဦးသဖွယ် သုံးသပ်ပြသွားနိုင်သူ၊ လိုရင်းတိုရှင်းကို ထိထိမိမိပြနိုင်သူဖြစ်၍ ဆရာ့ကို အလွန် လေးစားရပါသည်။

ပွတ်ကာသီကာလိုအပ်ချက်အမြင်လေးများမှာ ပြောစရာအများကြီးမရှိပါ။

ဆရာ (၁၁) ကို ဘာလို့ချန်ထားခဲ့တာပါလိမ့်ဆိုပြီး အားမလိုအားမရဖြစ်သွားရပါသည်။

သုံးသပ်ပြကြသော ဆရာ၊ဆရာမများထဲတွင် ဆရာ့ကို ကျွန်တော် ပဥ္စမမြောက် အလွန်လေးစားဂုဏ်ယူခဲ့ရပါသည် ဆရာ။

**ဆရာဦးစိုးဝင်းရွှေ (တောင်ကြီး)**

ဆရာသည် (၁) ကို နံတော်စဉ်အရ နိမိတ်ပါပါအောင် မြင်နိုင်ပါသည်။ သို့သော် ဆရာ အဘာယ်ကြောင့် မြင်မပြနိုင်သည်ကို နားမလည်ဖြစ်ရပါသည်။

(၂)၊ (၃)၊ (၄)၊ (၅)၊ (၇)၊ (၈) ကို ဆရာ့သုံးသပ်ပြပုံများမှန်ပါသည်။ မလွဲပါ။ တိုင်စဉ်များနှင့်မပြပါဘဲနှင့်ပင် ထင်းခနဲ လင်းခနဲမြင်အောင် သုံးသပ်ပြခဲ့ပါသည်။

ဆရာသည် မြင်တတ်သူ ဖြစ်ပါသည်။

ဆရာ့ကိုယ်ဆရာ လိုအပ်သည်ဟု ထင်နေသော ဆရာ၏ ဖြူစင်ရိုးသားမှုသည်ပင် ဆရာ၏ဂုဏ် ဖြစ်ပါသည်။

မာန်မာနကင်းမဲ့စွာဖြင့် ပညာကို နှလုံးသားထဲမှချစ်တတ်သူဖြစ်၍ ဆရာ့အား အမြဲထာဝရလေးစားနေရပါသည်။

**ဆရာဦးသူရိန် (အင်းစိန်)**

ဆရာသည် (၁)၊ (၂) ကို ဖြေဆိုခဲ့ပုံမှာ အင်္ဂဝိဇ္ဇာအမြင်သန့်သန့်လေးတွေချည်း ဖြစ်ပါသည်။ အရှုးနိမိတ်ကို ဆရာချန်ခဲ့ခြင်းမှာ ပညာရှိ သတိဖြစ်ခဲ ဖြစ်သွားဟန်ရှိပါသည်။

(၂)သည် လုံးဝတိကျသောအဖြေဖြစ်ပါသည်။ မလွဲပါ။

(၅) သည် ဆရာ ကျွမ်းကျင်ပြီးသား၊ မြင်နိုင်ပြီးသားဖြစ်သည့် စောလှ-လေှဆန် ပညာခန်းကိုသာ ရိုးရိုးလေး မေးထားခြင်း ဖြစ်ပါသည်။

(၃)၊ (၆)၊ (၇)၊ (၈) များမှာ ဆရာ၏ မြင်နိုင်စွမ်းသောပညာများဖြစ်၍ ဆရာသုံးသပ်ပြပုံများကို အလွန်မှ လေးစားရပါသည်။

(၈) တွင် နင်းကြမ်း၏သဘောကို ဆရာ လိုရင်းတိုရှင်းဖွင့်ပြထားပါသည်။ အလွန်မှန်ပါသည် ဆရာ။ လေးစားပါသည်။

အင်္ဂဝိဇ္ဇာပညာကို တတ်ကျွမ်းနားလည် တန်ဖိုးထားသော ဆရာ့အား အမြဲ လေးစားနေရပါသည် ဆရာ။

**ဆရာဦးကိုလင်း(T.M.E)**

(၁) ကိုဖြေရာမှာ ဆရာဘာဖြစ်လို့ နိမိတ်ကွက်ကျန်ခဲ့ရတာပါလိမ့်။

(၃) မှာလည်း ဆန့်ကျင်ဘက်ပညာခန်းကို ဆရာချန်သွားပြန်ပါသည်။

ဆရာသည် အင်္ဂဝိဇ္ဇာအမြင်ကို အလွန်မှ ရှင်သန်ထက်မြက်သူ ဖြစ်ပါသည်။ ဆရာမြင်ထားပုံများမှာ ပြည့်စုံလှသော်လည်း ဆရာ့လက်နှင့် ရေးချလိုက်သည့်အခါ ဟာကွက်၊ လိုကွက်လေးများ မဆီစလောက်ကျန်ခဲ့ရသည့်အတွက် ကျွန်တော် ဟာခနဲ ဟင်ခနဲဖြစ်မိနေရပါသည်။

အင်္ဂဝိဇ္ဇာကို ထောင့်စေ့အောင် မြင်နိုင်ကြည့်နိုင်သော ဆရာ့အား အမြဲလေးစားနေရပါသည်။

**ဆရာဦးအောင်ညွန့် (တောင်ကြီး)**

(၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၇)၊ (၈)၊ (၁၀) များကို ဆရာဖွင့်ဆိုသွားသည်မှာ အလွန်အားရလှပါသည်။နိမိတ်များနှင့် နံတော်စဉ်၏ သတ္တိများသည် ဆရာသိပြီးသားဖြစ်သော်လည်း ဘာကြောင့်ချန်ခဲ့သည်ကို အားမလိုအားမရဖြစ်သွားရပါသည်။

(၅)သည် ဖြေရမည့်အဖြေမဟုတ်သော်လည်း သုံးသပ်ပုံကောင်းသည်။ ဂြိုဟ်တည်ပုံများကို မလွတ်အောင်ကြည့်နိုင်စွမ်းလှသည်။ (၈) ကို အေးအေးဆေးဆေးဖြေနိုင်ပါလျက်နှင့် (၅) ကို ဆရာ ဘာကြောင့် တိုက်ရိုက်မကြည့်တာပါလဲဟု မချင့်မရဲဖြစ်ရပါသည်။ (၁၁) ဖြေဖို့ ဆရာကျန်ခဲ့ပါသည်။ ပညာရှိသတိဖြစ်ခဲ ဖြစ်သွားပုံရပါသည်။

အင်္ဂဝိဇ္ဇာပညာကို လိုရင်းတိုရှင်း ထိထိရောက်ရောက် မြင်နိုင်သိနိုင်စွမ်းလှသော ဆရာ့ကို အမြဲလေးစားဂုဏ်ယူပါသည်။

**ဆရာဦးလှမျိုးအောင် (မော်လိုက်မြို့)**

(၁)၊ (၃)၊ (၄)၊ (၅)၊ (၇) များကို ဖြေဆိုပြရာတွင် ဆရာ၏ အင်္ဂဝိဇ္ဇာအယူအဆမြင့်မားခြင်းကို ထင်ရှားစွာ တွေ့နေရပါသည်။

ဆရာသည် နိမိတ်ကို အထူးသတိထားသည့်အပြင် နံတော်စဉ်ကိုပါ လုံးဝမမေ့သူ ဖြစ်ပါသည်။

(၇) ကို ဖြေပြသည်မှာ အလွန်အားရကျေနပ်ရပါသည်။

ထင်းခနဲမြင်အောင်ပြနိုင်စွမ်း ရှိပါသည်။

ဆရာ့အမြင်ရှုထောင့်များသည် လွဲသည်ဟု မည်သူမျှ ပြော၍မရနိုင်ပါ။ အနည်းငယ် ပွတ်ကာသီကာလိုသွားခြင်းလေးများသာ ဖြစ်ပါသည်။

ဆရာ၏ သပ်ရပ်စွာဖွဲ့ဆိုပုံ၊ တိုင်စဉ်နှင့်မြင်အောင်ပြပုံများအား အလွန်မှ လေးစားရပါသည် ဆရာ။

**ဆရာဦးသန်းကျော် (ကြာအင်းဆိပ်ကြီး)**



www.burmeseclassic.com

www.burmeseclassic.com

ဆရာ၏ပညာအမြင်များကို ဖတ်ရသည်မှာ အလွန်မှအားရလှပါသည်။ ပညာအမြင်တစ်မျိုးနှင့် ပြသထားပုံများမှာ ထူးခြားလှပါသည်။ ကျွန်တော်လည်း မမြင်ဘူး၍ ပညာယူရပါသည်။ အမှန်တကယ်လည်း ထိရောက်လှပါသည်။

ဆရာသည် ကိန်းဂဏန်းနှင့်ဆိုင်သော အတတ်ပညာများသာမက အင်ဂျင်နီယာအမြင်များပါ ထပ်ဖြည့်ပေးလိုက်လျှင်ပြောဖွယ်ရာမရှိဟု ကျွန်တော် လေးစားစွာတွေးနေမိပါသည် ဆရာ။

**ဆရာမဒေါ်အေးအေး (ထားဝယ်)**

ဆရာမ၏အမြင်များမှန်ပါသည်။ ငြင်းဆို၍မရပါ။

ဤအမြင်များသည် သာမန်ထက်ပိုထူး၍ ကျင့်ကြံကြိုးကုတ်အားထုတ်ထားသူဖြစ်သောကြောင့် မြင်နိုင်ခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ပင် မမြင်နိုင်ပါ။

ဤအမြင်များနှင့် အင်ဂျင်နီယာရှုထောင့်များသာ ပေါင်းစပ်လိုက်ရပါက အကြားအမြင်ရခြင်း၊ မနောပေါက်ခြင်းဆိုတာ ဒါများလားဟုပင် လန့်သွားနိုင်ပါသည်။

ဆရာမ၏ စရဏအားကို အမြဲလေးစားနေမိပါသည်။

**ဆရာဦးနေဝင်း (လားရှိုး)**

ဆရာ ဖြေဆိုသွားပုံများမှာ အင်ဂျင်နီယာအမြင်များသာ ဖြစ်ပါသည်။

မှန်ပါသည် ဆရာ။

တန်းခနဲ ဒေါက်ခနဲ ဆရာပြောနိုင်မှန်းကို အဖြေများကြည့်ရုံနှင့် ခန့်မှန်း၍ရပါသည်။

အဖြေတိုင်းအဖြေတိုင်းမှာ ပွတ်ကာသီကာ လိုအပ်ချက်လေးများသာရှိပါသည်။

ပြိုဟ်များကို တိုက်ရိုက်ပြဆိုပုံလိုအပ်ချက်အချို့မှာ ဆရာမအားမလပ်၍ဟု ကျွန်တော် ယူဆပါသည်။

မြင်နိုင်စွမ်းသောဆရာကို လေးစားပါသည်။

**ဆရာဦးထွန်းလင်း (ပခုက္ကူ)**

(၃)၊ (၄)၊ (၅)၊ (၇)၊ (၁၀) များကို ဖွင့်ဆို ဖြေဆိုပြသည်မှာ အလွန်မှ ထိရောက်လှပါသည်။

(၅) ကို သုံးသပ်ပြပုံမှာ အလွန်မှ



ပညာသားပါလှပြီး ဘယ်ဘက်ကမှ ထောက်၍မရနိုင်လောက်အောင် ပညာခန်းများ ဝေဝေဆာဆာဖြင့် သုံးသပ်ဖြေဆိုပြသွားပါသည်။ အလွန်မှ လေးစားရပါသည်။

(၁၁) ကို သုံးသပ်ပုံမှာ အလွန်အဆင့်မြင့်မားသော အင်ဂျင်နီယာပညာခန်းများဖြင့် ရှုထောင့်တစ်ခုမှ ပြသသွားသူဖြစ်ပါသည်။

ဤပညာခန်းများသည် အလွန်မြင့်မားပြီး သာမန်အင်ဂျင်နီယာလေ့လာသူများပင်လျှင် မမြင်နိုင်လောက်ဟု ယူဆမိပါသည်။

သို့သော် ဆရာသည် လိုရင်းဖြစ်သော ဓာတ်များသုံးသပ်ပုံကို အဘယ်ကြောင့် ချန်လှပ်ခဲ့ပါလိမ့်ဟု မချင့်မရဲဖြစ်ရပါသည်။

ဆရာသည် ယခင်တစ်ကြိမ်က ဆုရရှိခဲ့သောပညာရှင်ဖြစ်၍ လေးစားရပါသည်။ ဂုဏ်လည်းယူပါသည်။

အလွန်မှ လှပညီညာ သပ်ရပ်စွာလည်း ဖြေဆိုထားသူ ဖြစ်ပါသည်။ စနစ်လည်းကျပါသည်။ ထောင့်လည်းစေ့ပါသည်။

ဤတစ်ကြိမ်တွင် ပညာရှိ သတိဖြစ်ခဲ့ဖြစ်ခဲ့ရသော ပွတ်ကာသီကာအမြင်လေးများကြောင့် ဆရာ၏ အဖြေများကိုဖတ်ရင်း သက်ပြင်းခဏခဏချနေမိပါသည်။

အမြဲတမ်းဝိုင်းဝန်းအားဖြည့်ပေးသော ဆရာဦးထွန်းလင်းကို အမြဲတမ်း သတိတရနှင့် လေးစားနေရပါသည်။

**ဆရာမဒေါ်မွှေးဝေခိုင် (ကျိုက်လတ်)**

(၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၇)၊ (၈)၊ (၁၀) များကို ဖြေဆိုသော ဆရာမ၏ အင်ဂျင်နီယာပညာ အမြင်ရှုထောင့်များမှာ အလွန်မှတိကျခြင်း၊ သပ်ရပ်သေချာခြင်းများနှင့်ပြည့်စုံပါသည်။ ရှုပ်ထွေးခြင်းလုံးဝမရှိသည့်အပြင် လိုရင်းတိုရှင်း ထိရောက်လွန်းလှပါသည်။

ဆရာမသည် ဆရာမ၏ရှေ့တွင်လာရောက် ထိုင်လိုက်သူတစ်ဦးအား အင်ဂျင်နီယာပညာအမြင်ဖြင့် ဟောနေသည့်နှယ် အယူအဆလှပပြီး ပညာအမြင်များ ရှင်သန်လှပါသည်။

အခါတိုင်းကိုမြင်လိုက်သည်နှင့် သိလိုသည့် အကြောင်းအရာကို ဆုံးဖြတ်သုံးသပ်နိုင်သူဟု ကျွန်တော် ဆိုချင်ပါသည်။ အမှန်တကယ်ကို မလွဲပါ။ ဒိုးခနဲ ဒေါက်ခနဲ ကြည့်နိုင်၊ မြင်နိုင်၊ သိနိုင်ပုံများကို အလွန်မှလေးစားရပါသည်။

ဖြေပြထားသောအဖြေများကိုဖတ်ရှုနေရင်း ဟာ - ဒါ မြန်မာပြည်တစ်နံတစ်လျားမှာရှိနေတဲ့ တို့ပညာညီအစ်ကိုမောင်နှမတွေကွ။ တို့ရဲ့ အင်ဂျင်နီယာပညာခန်းတွေကွဟုပင် အားရပါးရ ဂုဏ်ယူစွာ လက်သီးလက်မောင်းတန်းခဲ့ရပါသည်။

(၇) သည် စာနှစ်ကြောင်းတည်းနှင့်ပင် လုံးဝပြည့်စုံသွားပါသည်။

(၈) သည် ရုတ်တရက်သတိမထားမိတတ်သည့် 'တူမ-ငယ်ရွယ်သူ' ကို မြင်ပြထားသည့်အတွက် ဆရာမ၏ အင်ဂျင်နီယာတိုင်အမြင်ကို အလွန်မှ လေးစားပါသည်။

ရှင်သန်ထက်မြက်လှသောအတွေးအခေါ်များအတွက် အမြဲတမ်း ဂုဏ်ယူနေရပါတော့မည်။

**ဆရာစော (ပုသိမ်)**

အားလုံးနီးပါးပြီးပြည့်စုံလှပါသည် ဆရာ။

ကြည့်နိုင်၊ မြင်နိုင်၊ ဖွင့်ဆိုနိုင်သော ဆရာ့အတွေးအခေါ် ရှင်သန်ထက်မြက်ခြင်းကို ကျွန်တော် အလွန်မှ အားရပါသည် ဆရာ။

(၇)ရက်သားသမီးများအားအကဲပြသည့်ပညာမှန်သမျှ ဆရာ မြတ်နိုးတန်ဖိုးထားလှသည်ဖြစ်၍ ဆရာ့ကို အလွန်မှ လေးစားရပါသည်၊ ဂုဏ်လည်း ယူရပါသည် ဆရာ။

အင်ဂျင်နီယာပညာကို ချစ်မြတ်နိုး၍လားမသိ။ အင်ဂျင်နီယာပညာရှင်တစ်ဦး၏ အမြင်နှင့် နက်နက်ရှိုင်းရှိုင်း သိနိုင် မြင်နိုင်လွန်းလှပါသည်။ အတော့်ကို နိုင်လှပါသည်။

ဆရာ၏သုံးသပ်ပြပုံနှင့် တိုင်ချက်များ ပြသထားပုံမှာ အလွန်မှ သပ်ရပ်



www.burmeseclassic.com

www.burmeseclassic.com

သူပြီး ထင်းခနဲ လင်းခနဲ မြင်ရပါသည်။

မှန်ပါသည် ဆရာ။ (၂) ကို သုံးသပ်ပြရာတွင် ဦးလှဟန်၏ မိတ်ကိစ္စကို ကြည့်ရန် ဖြစ်ပါသည်။ ညနေချိန်မဟုတ်၍ အပြင်မိတ် (တော်ရင်း) ၇-၄ (၈) ကိုယူ၍ မပြည့်စုံနိုင်ပါ။ ဦးလှဟန်ကို မေးခွန်းမေးချိန်မှာ မနက်ဖြစ်နေ၍ ဗုဒ္ဓဟူးနှင့် ... ယူလိုက်သည့်အခါ အပြင်မိတ် ... ကြာသပတေးသား (၂-၄) ဖြစ်လာပြီး တနင်္လာ အပေါ်မှ သောကြာက 'သောက'အဖြစ် ... သုံးသပ်ထားသည့်အတွက် ... သည်။ ဆရာသုံးသပ်ပြပုံမှာ ဒါရိုက်ပင် ဖြစ်ပါသည်။

(၃) ဟုတ်ပါသည် ဆရာ။ အခါ နှင့်မဆိုင်ပါ။ နာမည်ပညာခန်း ဖြစ်ပါသည်။

ရှေ့တွင်လာထိုင်လိုက်သော လူတစ်ယောက်ကို ဘာမှန်းညာမှန်းမသိပါဘဲ အင်္ဂဝိဇ္ဇာပညာသန့်သန့်နှင့် ဒေါက်ခနဲ ဒေါက်ခနဲ ထိုင်ဟောနေသလိုမျိုး သုံးသပ်ပြသည့် ဆရာ့စာများကိုဖတ်ရင်း ကြက်သီးမွေးညင်းများထပြီး 'တို့အင်္ဂဝိဇ္ဇာညီအစ်ကိုမောင်နှမတွေရဲ့အတွေးအခေါ်ကွ' ဟု အားရပါးရ ကြိမ်းဝါးလိုက်မိသည်ထိ ဂုဏ်ယူဝမ်းမြောက်ခဲ့ရပါသည် ဆရာ။

အင်္ဂဝိဇ္ဇာပညာကဏ္ဍကို ဝိုင်းဝန်းအားဖြည့်ပေးသည့်အတွက် ဆရာ့ကို အမြဲထာဝရ လေးစားနေရပါသည်။

**ဆရာဦးမြင့်သန်း (မအူပင်မြို့)**

(၁) နံတော်စဉ်သတ္တိ၊ နိမိတ်သတ္တိပါသည်။

(၂) ဦးလှဟန်ကို မကောင်းပြောရပုံ တစ်မျိုးသုံးသပ်ပြထားပါသည်။ ကောင်းသည်။

(၃)၊ (၄)၊ (၅)၊ (၆)၊ (၇)၊ (၈) များကို ထိရောက်စွာ ဖြေပြသွားပါသည်။

(၉) သည် အညွှန့်ကိုအခြေတည်ထားသောပညာခန်းဖြစ်၍ အညွှန့်ကိုပါ အောင်ရှုထောင့်တစ်ခုမှ ဖြေဆိုနိုင်ခဲ့ပါသည်။

(၁၀)၊ (၁၁) ပြောစရာမရှိပါ။ စုံလင်လှပါသည်။

အင်္ဂဝိဇ္ဇာပညာကို နှစ်ရှည်လများ ခွဲရှိရှိနှင့် လေ့လာခဲ့သူဖြစ်၍ ဆရာ၏ စိတ်ဓာတ်ကို လေးစားရပါသည်။ ဂုဏ်လည်းယူရပါသည်။

တော်တော်ကို ထဲထဲဝင်ဝင် လေ့လာထားမှန်းလည်း ထင်ရှားပါသည်။

အင်္ဂဝိဇ္ဇာပညာခန်းများကို အင်္ဂဝိဇ္ဇာအမြင်ရှုထောင့်မှကြည့်နိုင်စွမ်းသူဖြစ်၍ ဝါသနာတူချင်း ဝမ်းမြောက်ဂုဏ်ယူရပါသည်။

တို့အင်္ဂဝိဇ္ဇာညီအစ်ကိုတွေရဲ့ အတွေးအမြင်တွေပါလားဟု ပီတိတွေ တဖွားဖွားနှင့် ဆရာ့စာများကို အကြိမ်ပေါင်းများစွာ ဖတ်ရှုဖြစ်ခဲ့ရပါသည်။

ဤကဏ္ဍကို ဝိုင်းဝန်းအားဖြည့်ပေးသည့်အတွက်လည်း ဆရာ့ကို ကျေးဇူးတင်ပါသည်။

အင်္ဂဝိဇ္ဇာပညာကို မြတ်နိုးလွန်းလှသောဆရာ၏ယူဆပုံ၊ သုံးသပ်ပုံများမှာ အခြေခံကျကျ ရိုးရိုးစင်းစင်းနှင့် ပညာယူနေကြသူများပါ စတင် ပညာယူနိုင်လောက်အောင် အခြေတည်ပေးထားသည်ဖြစ်၍ ဆရာဦးမြင့်သန်းကို လေးစားဂုဏ်ယူစွာဖြင့် အကောင်းဆုံး ဖြေဆိုနိုင်သူဟု သတ်မှတ်လိုက်ပါသည်။

ထို့ကြောင့်-

- ဆရာဦးမြင့်သန်း (မအူပင်) သည် **ပထမ**၊
- ဆရာစော (ပုသိမ်) သည် **ဒုတိယ**၊
- ဆရာမဒေါ်ဖူးဝေခိုင်(ကျိုက်လတ်) သည် **တတိယ** ဖြစ်ပါသည်။

ဆရာဦးမောင်မောင်သန်း

(ရင်ကိုအေးမြစေသား)

## ဆုရရှိသူများကြွရောက်ပါရန်




**ပထမဆုရရှိသော ဆရာဦးမြင့်သန်း (မအူပင်)**
**ဒုတိယဆုရရှိသော ဆရာစော(ပုသိမ်) နှင့်**
**တတိယဆုရရှိသော ဆရာမဒေါ်ဖူးဝေခိုင်(ကျိုက်လတ်)**
**တို့အား ဆရာဦးမောင်မောင်သန်း(ရင်ကိုအေးမြစေသား)မှ**
**ဆုများချီးမြှင့်ပေးရန်ရှိပါသဖြင့်**
**မတ်လ (၉)ရက်နေ့ တနင်္ဂနွေနေ့ ညနေ (၃)နာရီ အချိန်တွင်**
**ပညာရွှေတောင်စာအုပ်တိုက် အမှတ်(၉၀၊၉၂) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ ကြွရောက်ပေးပါရန်နှင့် ဝင်ရောက်ဖြေဆိုသူအားလုံးတို့အားလည်း**
**မေတ္တာလက်ဆောင်အဖြစ် ယခုလထုတ်သူရဇ္ဇမဂ္ဂဇင်း တစ်အုပ်စီ**
**ပေးပို့ထားပါကြောင်း။**
**ဝင်ရောက်ပါဝင်ဖြေဆိုသူအားလုံးအား ကျေးဇူးအထူးတင်ရှိပါသည်။**

**ဦးအောင်မြတ်**
**စာတည်းချုပ်**



www.burmeseclassic.com

www.burmeseclassic.com



# ပထမဆုရရှိသော ဆရာဦးမြင့်သန်း(မအူပင်)၏အဖြေလွှာ

**ဦးလှဟန်၏မိသားစုအကြောင်းမေးခွန်း၏ အဖြေများ**

**မေးခွန်းနံပါတ် (၁)**

**ဗုဒ္ဓဟူးနေ့ စန္ဒြာအခါ**

၆
၃
၀
၂
၅
၁
၄

မောင်လှမှာ သူ၏မယားညီအစ်ကိုအကြောင်း လာမေးသောအချိန်သည် စန္ဒြာအချိန်ဖြစ်၍ နံတော်စဉ်နှင့် အခါတိုင်အလိုအရ လူထွက်ချိန်ဖြစ်သောကြောင့် 'လူထွက်တတ်တယ်' ဟု စကားဦးသန်းရာ မောင်လှက ဟုတ်မှန်ကြောင်း ထောက်ခံသဖြင့် တနင်္ဂနွေဂြိုဟ်ခိုက်နေသည်ကိုကြည့်၍ ဦးခေါင်းမကောင်းသူ ဒါမှမဟုတ် အလုပ်နှင့်ပတ်သက်ပြီးခိုက်နေသူဟု ပြောဆိုခဲ့ပါသည်။

စန္ဒြာအချိန်ဖြစ်၍ 'လာသူတမောင်လှ' - တြိရန်းခိုနေသူ။ ဒီတော့ ကောင်းသောနိမိတ်မဟုတ်၊ အနိမ့်ပိုင်းရွေးကြည့်ခြင်း ဖြစ်သည်။ ယခုအချိန်ကို နံနက်ပိုင်း လမ်းပေါ်တွင်တွေ့မြင်ခဲ့သော စိတ်မနှံ့သူတစ်ဦးနှင့် ခွေးများဝိုင်းပတ်နေပုံကို နိမိတ်ယူမိပုံရပါသည်။ စိတ်မနှံ့သူက ဝါးလုံးပိုင်းနှင့် ခွေးများကိုရိုက်၊ ခွေးများကလည်း ပြေးရှောင်ပြီး ပြန်ဟောင်လိုက်နှင့် စိတ်မနှံ့သူကလည်း မရိုက်မိ၊ ခွေးများကလည်းမကိုက်မိ။ နှစ်ဦးနှစ်ဖက်စလုံး ဘယ်အရာမှ ဖြစ်မြောက်အောင် မလုပ်ဆောင်နိုင်ခြင်းကို အလုပ်မအောင်မြင်ခြင်း၊ အလုပ်ခိုက်ခြင်းသဘောအဖြစ်ယူဆမိပါသည်။

ယင်းနိမိတ်ကပါ အထောက်အကူပြုသောကြောင့် 'အဲဒီလူဦးခေါင်းမကောင်းဘူး။ ကောင်းရင် အလုပ်နဲ့ပတ်သက်ပြီး ခိုက်နေသူ' ဟု ရဲရဲကြီးပြောလိုက်ခြင်း ဖြစ်ပါသည်။

**မေးခွန်းနံပါတ် (၂)**

**သောရီတိုင်**

၄
၁
၅
―
၀
၃
၆
၂

'နာမည် ဘယ်သူလဲဗျာ'
'လှဟန်ပါ'

မောင်လှမှာ သောရီအချိန် ဖြစ်ကြောင်း အကောင်းနိမိတ်ယူ၍ပြောသွားသည်။ သောရီအချိန်တွင် လှဟန်ဟူသော ဗုဒ္ဓဟူးနံမှာ တိုင်ထိပ်တွင် ရောက်နေသည်။ ကောင်းပါသည်။ သို့သော် ၎င်းဦးလှဟန်အတွက် ကနဦးစတည်ခဲ့သည်မှာ စန္ဒြာအချိန် ဖြစ်ခဲ့ပါသည်။

မောင်လှလာစဉ်အချိန်ကတည်းမှ ဦးခေါင်းပိုင်းထိခိုက်သူ၊ အလုပ်ခိုက်သူ၊ လူထွက်သူဟုဆိုခဲ့ရာ မငြင်းခဲ့သောကြောင့် အကောင်းပါ ဟူ၍ ပြော၍မရပါ။နာမည်နဝင်းရောက်နေသောကြောင့် နဝင်းအခိုက်တွဲကြည့်မိသည်။ 'လှ' နဝင်းရောက်နေပြီး 'ဟန်' ဆိုသော နာမည်အဖျားလုံး အခိုက်ထဲရောက်နေသည်။ ၎င်းသောကြာမှာ ဦးလှဟန်၏ ခတ်ဂြိုဟ်လည်း ဖြစ်သည်။

ခတ်ဂြိုဟ်ခိုက်သည်၊ နာမည်အဖျားလုံးခိုက်သည်။ ခတ်ဂြိုဟ်ခိုက်ခြင်းသည် ကျန်းမာရေးမကောင်းခြင်းကို ဆိုလိုသည်။ စိတ်ပိုင်းဆိုင်ရာထိခိုက်ခြင်းကို ဆိုလိုသည်။ (စိတ်ပိုင်းဆိုင်ရာမှာ နာမည်အဖျားလုံးကိုဆိုခြင်းဖြစ်သည်။) သို့အတွက် ကျန်းမာရေးမကောင်းဟု ပြောခဲ့ခြင်း ဖြစ်ပါသည်။

အခါတိုင်တွင် ဦးလှဟန်၏ မိတ်ဂြိုဟ်ကို ကြည့်ရမည်။ (အပြင်မိတ်) တနင်္လာဂြိုဟ်သည် တြိရန်းသို့ ခိုဝင်နေသည်။

'တြိရန်းနေသေကြေလေ' ဆိုသည့် လင်္ကာအရ အပြင်မိတ်ဂြိုဟ်ဖျက်သည်။ မိတ်ပျက်လျှင် 'ရန်' ဖြစ်၏။ ထို့ကြောင့် မိတ်ကောင်းမရှိ။ မိတ်ဆွေနှင့်ပတ်သက် ၍ ရန်ရှိသည်၊ ပြဿနာဖြစ်တတ်သည် ဆိုခဲ့ခြင်း ဖြစ်သည်။

**မေးခွန်းနံပါတ် (၃)**

**ခင်မြင့်**
**(တနင်္လာနာမည်ရှင်၏တိုင်)**

၆
၃
၀
―
၂
၅
၁
၄

ခင်မြင့် ဟူသော တနင်္လာနာ ရှင်၏ စန္ဒြာတိုင်ကို ကြည့် အေးအေးဆင့် ဟူသော နာမည် သည် အမြစ်၊ အညွန့် မှန်ကန်စွာတည် နေသည်ကိုတွေ့ရသည်။ အမြစ်၊ အ မှန်လျှင် မူလကို ရှင်သန်စေသည်၊ ဖြစ်သော ခင်မြင့်သည် အေးအေး ဟူသည့် အမြစ်၊ အညွန့်ကြောင့် ရှင်သန်လာခဲ့သည်။ ပို၍ကောင်းလာ သည်။ ခင်မြင့်ကောင်းခြင်းကြော ခင်မြင့်လုပ်သောအလုပ်သည်လည်း ကောင်းလာခဲ့သည်။

**အေးအေးဆင့်**
**(တနင်္ဂနွေနာမည်ရှင်)၏သူရဿတိုင်**

| | |
|---|---|
| | ၅ |
| က | ၂ |
| | ၆ |
| အေးအေးဆင့် - | ၁ |
| | ၄ |
| တိန်း | ▸ ၀ |
| | ၃ |

အေးအေးဆင့်ကြောင့် အရောင်းအဝယ်ပိုကောင်းလာခဲ့ ကတိန်း ဟူသော လူငယ်တစ်ဦး ပေါက်လာခဲ့သည်။ ကတိန်းမှာ အေး ဆင့်နှင့် လူငယ်သဘာဝပတ်သ



www.burmeseclassic.com

...ခဲ့သည်။ သူတို့နှစ်ဦးပတ်သက်သွား...နှင့် တနင်္ဂနွေနာမည်ရှင် အေးအေး... အလုပ်ထဲစိတ်ဝင်စားခြင်းမရှိတော့။ ...ဘယ်ကြောင့်နည်း။ သူရဋ္ဌတိုင်ကို ...ကြည့်ပါ။ ကတိန်းသည် တနင်္ဂနွေနံကို ... အညွှန့်ဇောက်ထိုးပုံသဏ္ဌာန်နှင့် ...ထုတ်နေသည်ကို တွေ့ရမည်။ ...အေးအေးဆင့်ကို လည်းကောင်း၊ အလုပ် ... လည်းကောင်း ပြောင်းပြန်ဇောက်ထိုး ...ထုတ်နေမှတော့ အေးအေးဆင့် ...ရာပြီပေါ့။ အလုပ်ကို လုံးဝစိတ်ဝင် ...ခြင်းမရှိ မိမိကိုယ်တိုင်လည်း တွေဝေ ... အလုပ်မှထွက်သည်အထိ ဖြစ်သွား ...သည်။

...ခွန်းနံပါတ် (၄)

၆
၃
တိုး — ၀
ခင်မြင့် ၂
၅
၁
ရွှေ → ၄

အေးအေးဆင့် အလုပ်ထွက်သွား ...နောက် ထွေးလေးကို ထပ်ခေါ်ခဲ့ ...သည်၊ ကက်ကင်းလှန်၍ 'ရွှေတိုး' ဟု ...ခေါ်လိုက်သည်။ ထိုအခါ ရွှေတိုး ...သောနာမည်သည် ခင်မြင့် တည်းဟူ ... စနေ့ဒေါင့်တိုင်တွင် တြိရန်းမှ ဆပွတ် ... ဆွဲတက်သွားသော ဇောက်ထိုးကြိုး ...ကြိုးအဖြစ် တွေ့မြင်ရပါသည်။ ...ကိုထိုးကြိုးသည် မူလကို ပျက်စီးစေ ...သည်၊ မူလကိုဖျက်သည်။ သို့အတွက် ...ဖြစ်သော ခင်မြင့်သည် ရွှေတိုးဆွဲ ... ဇောက်ထိုးကြိုးကြောင့် ပျက်ရ ...သည်၊ ကျန်းမာရေးမကောင်းချူချာခြင်း၊ ...ထိုင်ရမကောင်းခြင်း၊ စိတ်တိုင်းမကျ ... စိတ်တိုခြင်းများခံစားလာရပါမည်။

...ခွန်းနံပါတ် (၅)

၁
၅
၂
၄
၀ ငွေငွေ
၃
၆ ← ဟန်

ဆိုင်တွင် ရွှေတိုး ထွက်သွားပြီး နောက် သန်းသန်းငွေ ထပ်ရောက်လာခဲ့သည်။ ယင်းသန်းသန်းငွေအား ကက်ကင်းနာမည်ဖြစ်စေရန် ငွေငွေဟန်ဟု ပြောင်းလဲပေးလိုက်သောအခါတွင် ပထမဦးစွာဝင်လာသော ငွေငွေဟန်အား ဦးလှဟန်၏ဗုဒ္ဓဟူးတိုင်တွင် ကြည့်မိပါသည်။ သန်းသန်းငွေ တြိ-စတုမှ ငွေငွေဟန် လှေဆန်ကိန်း စတု-တြိ အဖြစ် ပြောင်းပြန်ကြိုးနှစ်ချောင်း အပြန်အလှန်မိနေသည်ကို တွေ့ရှိရပါသည်။

ဒုတိယအဖြစ် ငွေငွေဟန် စနေနာမည်ရှင်သည် စတုရန်းသို့ ဝင်ခိုလာသည်ကို တွေ့ရှိရသည်။ လက်ာအရ 'စတုရန်းမူ တော်လှန်သူ အောက်လူပြန်လှစ် တရားဖြစ် ရှက်စွာတစ်ကြောင်းကဲ့ရဲ့ပြောင်း မကောင်းသတင်း ကျော်စောခြင်း' ဆိုသည့်အတွက် အလုပ်သမား၊ အောက်လူအဖြစ်ဝင်လာသူသည် ဆိုင်ရှင် မူလ ဦးလှဟန်အတွက် မကောင်းတော့ပါ။

တစ်ဖန် ဆိုင်ရှင် ဦးလှဟန်သည် လှရုံဟန်ရုံသာရှိသည်။ အလုပ်သမားက ငွေရုံဟန်ရုံဆိုသည့်အတွက် 'ငွေ'သည် 'လှ'ထက် သာလွန်နေသည်။ အလုပ်သမားက အလုပ်ရှင်ထက် သာလွန်နေသည်ကတစ်ချက်။ အားလုံးကို ပေါင်းခြုံလိုက်လျှင် ဦးလှဟန်အတွက် မကောင်းဟု ပြောရပါမည်။

အထွတ်အမြတ်ထားအပ်သော နေအိမ်ဘုရားဆောင်ပေါ်တွင် တိရစ္ဆာန်ဆင်တစ်ကောင်တင်ထား၏။ ၎င်းဆင်မှာ အစွယ်တစ်ချောင်းကျိုးနေသေး၏။ ဆင်မှာ ဗုဒ္ဓဟူးနံကို ကိုယ်စားပြု၏။ ထပ်၍ပြောရလျှင် ဦးလှဟန်ကို ကိုယ်စားပြု၏။ မတူအပ်၊ မတူအပ်သော သဗ္ဗညုဘုရားရှင်နှင့် အနိမ့်စား အင်္ဂါမစုံလင်သောဆင် တတန်းတစားတည်းရှိနေသည်မှာ မလျော်ကန်ပါ။ ထိုစရာရှိလျှင် အိမ်ထောင်ဦးစီးကိုထိမည်။

ဒါတွင်သာမကသေး၊ တံပိုးအကျိုးကြီးတစ်ခုရှိနေသေး၏။ တံပိုးအကျိုးဆိုသည်မှာ အနိမ့်စား၊ အညံ့စားပစ္စည်းဖြစ်၏။ ဘုရားကျောင်းဆောင်ပေါ်မတင်အပ်၊ မသုံးအပ်သောပစ္စည်း ဖြစ်၏။

မလျော်ကန် မသင့်မြတ်သော ပစ္စည်းများ ဘုရားကျောင်းဆောင်ပေါ် တင်ထားခြင်းဖြင့် အိမ်ထောင်ဦးစီး ဦးလှဟန် ထိခိုက်ရခြင်း ဖြစ်သည်။

မေးခွန်းနံပါတ် (၆)

အစွယ်တစ်ချောင်းကျိုးနေသော ဆင်ရုပ်နှင့် တံပိုးကျိုးတစ်ချောင်း ဘုရားကျောင်းဆောင်ပေါ်တွင်ရောက်နေသည်။ ယေဘုယျသုံးသပ်ရလျှင် ကျိုးပဲ့ပျက်စီးနေသောအရာအားလုံးသည် မည်သူ့အတွက်မျှ မသင့်တော်ပါ။ ဆင်သည် ဗုဒ္ဓဟူးနေ့ကို ကိုယ်စားပြုပါသည်။ ဗုဒ္ဓဟူးနံပိုင်ရှင် ဦးလှဟန်သည် အိမ်ရှင်။ အိမ်ရှင်၏ ဘုရားကျောင်းဆောင်ပေါ်မှ အစွယ်ကျိုးဆင်သည် မာန်မရှိတော့။ ထမ်းပိုးအကျိုးသည်လည်း ဗုဒ္ဓဟူး၏ မိတ် - မိတ်ကျိုး (မိတ်ပျက်) ၏။

အမှန်အတိုင်းပြောရလျှင် နေအိမ်ဘုရားကျောင်းဆောင်ပေါ်တွင် ဘုရားနှင့် သက်ဆိုင်သော ပစ္စည်းများမှအပ အခြားပစ္စည်းများ မရှိသင့်ပါ။ အခြားပစ္စည်းများ ရှုပ်ထွေးနေလျှင်၊ ဘုရားဆောင်မသန့်ရှင်း၊ ဖုန်တက်ခြင်း၊ ပိုးအိမ်များဖြင့် ရှုပ်ထွေးနေလျှင် အိမ်ထောင်ဦးစီးခိုက်တတ်သည်။ ဆိုင်ဆိုလျှင် အရောင်းအဝယ်တုံ့ဆိုင်းတုံ့ဆိုင်းဖြစ်နေတတ်သည်။ အရောင်းအဝယ်ကျတတ်သည်။ အောင်မြင်မှုနည်းပါးတတ်သည်။ အိမ်ထောင်ဦးစီး ဘုန်းကံနိမ့်ပါးတတ်သည်။ ဘုန်းကံနိမ့်လျှင် မဖြစ်သင့်သော၊ မလိုလားအပ်သောပြဿနာများ ဖြစ်တတ်သည်။ သို့အတွက် ဘုရားကျောင်းဆောင်ပေါ်ရှိ မလိုလားအပ်သောပစ္စည်းများကို ဖယ်ရှားခိုင်းရခြင်း ဖြစ်ပါသည်။

မေးခွန်းနံပါတ် (၇)

အောင် ၁
မြင့် ၅
၂
၄
တိုး → ၀
၃
၆

အောင်မြင့်တိုး။

ဦးလှဟန်၏ ဆိုင်နာမည် ဖြစ်ပါသည်။ ဆိုင်၏ ပကတိနာမည်တွင် အောင်မြင်ရမည်၊ တိုးပွားရမည်ဆိုသော စ... ...များဖြင့် ဖွဲ့စည်းထား၍ လွန်စွာမှပင် ကျက်သရေရှိပါသည်။ တစ်ဖန် ဆိုင်ပိုင်ရှင် ဦးလှဟန်၏ ဗုဒ္ဓဟူးတိုင်ကို ပြန်ကြည့်မိပါသည်။အောင်မြင့်တိုးသည် ဗုဒ္ဓတိုင် တိုင်တွင် သာစည်-ပင်းယကြီးတည့်မတ်မှန်ကန်စွာမိနေ၏။ မူလဗုဒ္ဓဟူးကိုကောင်းစေ၏။ ဗုဒ္ဓဟူးသား ဦးလှဟန်သည် ဆိုင်ဖွင့်သည်။ သည်ဗုဒ္ဓဟူးသားကောင်းမှတော့ သူ၏လုပ်ငန်းများ...



www.burmeseclassic.com

www.burmeseclassic.com

ကောင်းပြီပေါ့။ အကောင်းများပေါင်းစည်းထားလျှင် အောင်မြင်မှုရရန် မခက်တော့။ အောင်မြင်လာသည်နှင့်အမျှ တိုးတက်ဖွံ့ဖြိုးခြင်း၊ ကြီးပွားခြင်းများလည်း မကြာခင်ဖြစ်လာပေတော့မည်။

**မေးခွန်းနံပါတ် (၈)**

ဆိုင်ပိုင်ရှင် ဦးလှဟန်၏ ဗုဒ္ဓတိုင်တွင် သန်းသန်းဌေးသည် တြိရန်းမှ စတုရန်းသို့ ဆွဲတက်သွားသော တြိ-စတုကြီးမိနေသည်။ 'တြိ-စတု နင်းကြမ်းပြု' ဟု ရှေးပညာရှိကြီးများက ဆိုခဲ့ပါသည်။ နင်းကြမ်းပြုပုံပြုနည်းအားဖြင့်တော့ ကွာခြားပါသည်။ သန်းသန်းဌေးသည် ဦးလှဟန်ဆိုင်သို့ အလည်အပတ်ရောက်လာသူမဟုတ်။ ဧည့်သည်မဟုတ်။ အလုပ်လုပ်ရန်လာသူသာ ဖြစ်သည်။ အလုပ်လုပ်သူသည် အလုပ်ရှင်ခိုင်းသမျှလုပ်ရမည့်သူသာ ဖြစ်သည်။ အခြေခံလူတန်းစားဖြစ်ပါသည်။ သို့အတွက် ဦးလှဟန်၏နင်းကြမ်း အလိုအလျောက်ဖြစ်သွား၏။ နင်းကြမ်းဖြစ်သည့် သန်းသန်းဌေး၏ လုပ်အားကြောင့် မူလဖြစ်သည့် ဦးလှဟန်သည် အောင်မြင်ခြင်းလမ်းကြောင်းပေါ်ရောက်ရှိနေပါသည်။ သို့အတွက် သန်းသန်းဌေးအား ပြန်ခေါ်ရခြင်း ဖြစ်ပါသည်။

**မေးခွန်းနံပါတ် (၉)**

ဦးလှဟန်ဆိုင်ဖွင့်ပါသည်။ ရောင်းချသောပစ္စည်းများမှာ အသုပ်စုံနှင့် အအေး ဖြစ်ပါသည်။ ၎င်းပစ္စည်းများမှာ စားသုံးသောအာဟာရဖြစ်၍ သောကြာနံကို ကိုယ်စားပြုပါသည်။ သောကြာတိုင်ကို ထူကြည့်လျှင် -

```
            ၃
 တောက် | ▸ ၀
       |    ၄
       |    ၆
       |  ─────
       |    ၂
   ပိ  └─  ၅
            ၁
```

သောကြာ၏အမြစ်၊အညွှန့်အမှန်ဖြစ်သော ပိတောက်ညွှန့်ကိုလှူခြင်းဖြင့် အာဟာရနှင့်ပတ်သက်သောအစားအစာရောင်းချခြင်းလုပ်ငန်းသည် ပို၍ဖြစ်ထွန်းအောင်မြင်ရပါမည်။ ၎င်းပိတောက်ညွှန့်ကို လှူရန်အတွက် ဂြိုဟ်သက်ကိုကြည့်လျှင် 'ပိ' ကြာသပတေးဂြိုဟ်သက် (၁၉) နှစ်၊ 'တောက်' စနေဂြိုဟ်သက် (၁၀)၊ နှစ်ခုပေါင်းလျှင် ပိ+တောက် = ၁၉+၁၀= ၂၉ ဖြစ်ပါသည်။ ထို့ကြောင့် ပိတောက် (၂၉) ညွှန့်လှူခိုင်းခဲ့ခြင်း ဖြစ်ပါသည်။ တစ်ဖန် ဦးလှဟန်သည် ဗုဒ္ဓဟူးနာမည်ရှင်ဖြစ်၍ အညွှန့် ကြာသပတေးယူခြင်းသည် အောင်မြင်ဖြစ်ထွန်းခြင်းကို ယူဆ၍ရပါသည်။ အပြစ်မဖြစ်ပါ။ သို့အတွက် ပိတောက်လှူခိုင်းခဲ့ခြင်း ဖြစ်ပါသည်။

**မေးခွန်းနံပါတ် (၁၀)**

သားအဖသုံးဦးဖြစ်သည့် ဦးလှဟန်၊ မညိုမြရီ၊ မခင်မြင့်တို့အား တစ်ခုချင်းစီကို ဘုရားရှင်အား ပူဇော်ခိုင်းခဲ့သည်။ ဤနေရာတွင် အင္ဂါ၊ ဂဗ္ဘေ၊ စရေ၊ ဝံသေ ဆိုသည့် ဓာတ်မိတ်များကို သွား၍စဉ်းစားမိသည်။ ဦးလှဟန် ဗုဒ္ဓဟူးနာမည်ဖြစ်၍ ဝံ-သေ ဆိုသည့် ဓာတ်ဖက် သောက်တော်ရေ လှူခိုင်းသည်။ သောက်ရေကို နံနက်စောစောကပ်ခိုင်းသည်။ သောက်ရေ ဆိုသည်မှာ ကြည်လင်ခြင်း၊ အေးမြခြင်း၊ အမောအပန်းပြေခြင်း၊ အသက်ရှည်ခြင်း စသည့် ကောင်းသောအကျိုးဆက်များ ဖြစ်ထွန်းအောင်မြင်စေ၏။

မညိုမြရီ အင်္ဂါနာမည်ရှင်ကို စ-ရေ ဓာတ်မိတ်ကျစေရန် ယပ်တောင်နှင့် ယပ်တော်သွင်ခိုင်း၍ ရှင်းရှင်းပြောရလျှင် လေဓာတ်နှင့် ပူဇော်သည်။ အေးမြသော လေနုအေး၏ အထိအတွေ့ရစေ၏။ ပူပင်ခြင်းကင်းစေ၏။ထူးကဲသော ဓာတ် ဖြစ်၏။

သမီးဖြစ်သူ မခင်မြင့်ကျပြန်တော့ ဂဗ္ဘေဓာတ် ဖြစ်သည်။ ၂-၅ ပန်းလဲခိုင်းသည်။ မသန့်ရှင်းပုပ်ဟောင်သောရေကိုသွန်၍ အသစ်လဲစေ၏။ ပန်းဟောင်းကို ပန်းသစ်နှင့် လဲလှယ်စေ၏။ နေ့စဉ်နေ့တိုင်း ပြုလုပ်ခိုင်းခြင်း ဖြစ်၏။ သားအဖသုံးဦးစလုံး နေ့စဉ်နေ့တိုင်း ဓာတ်ဖက်ပြည့်စုံရာပြည့်စုံကြောင်းလည်းဖြစ်၊ ကုသိုလ်လည်းရသော အစီအစဉ်ဖြစ်၍ လွန်စွာမှပင် ကောင်းမွန်လှပါသည်။

**မေးခွန်းနံပါတ် (၁၁)**

ဦးလှဟန်၊ ဒေါ်ညိုမြရီ၊ သမီး မခင်မြင့်တို့သားအဖသုံးဦးသည် အောင်မြင်တိုး ဟူသော အစားအသောက် (အာဟာရ)ရောင်းချသောဆိုင်ကိုမှီတည်၍ ကောင်းတစ်ခါဆိုးတစ်လှည့်နှင့် မဆုံးနိုင်သော လောက၏သံသရာထဲ၌ တ[...] လည်လှည့်ပတ်၍သွားလာနေခဲ့၏။ ထို[...] သွားရာနေရာတွင် ၎င်းတို့အတွက် အခ[...] အခဲဖြစ်စေနိုင်သော၊ အန္တရာယ်ပေး[...] နိုင်သော ကြောင့်၊ ဆူး၊ ခလုတ်ကန်သ[...] များကို အင်္ဂဝိဇ္ဇာနည်းဖြင့် ဖယ်ရှား[...] ခဲ့ပါသည်။

ဖြတ်သန်းသွားလာသော လ[...] ခရီးတစ်လျှောက်တွင် တွေ့ကြုံနိုင်[...] ကြောင့်ဆူးများမရှိတော့လျှင် လမ်း[...] ခရီးသာယာပေပြီ။ ချောမွေ့ပေပြီ၊ [...] နေ့၊ ညည ကြိုက်သလို သွားလာလှ[...] နိုင်ပေသည်။ ထို့ထက်ပို၍ ရေပူရေ[...] ကမ်းနိုင်သော၊ ဖေးကူလက်တွဲနိုင်[...] အတူသွားနိုင်သော အဖော်ကောင်[...] လျှင် သာ၍သာ၍ကောင်းမည်ဟု [...] ပါသည်။

ထိုအဖော်ကောင်းများအ[...] ဦးလှဟန်၏ စားသောက်ဆိုင်အ[...] 'အောင်မြင်တိုး' ဟူသော ပင်းယ[...] မှည့်ခေါ်ခဲ့သည်။ တစ်ဖန် 'အော[...] တိုး' ဟူသော အာဟာရစားသောက်[...] အတွက် 'ပိတောက်' ဟူသော အ[...] အညွှန့်ကြီးကို လည်းကောင်း စဉ်[...] မပြတ် လှူဒါန်း အောင်မြင် ဖြစ်ထွ[...] ခဲ့ပါသည်။

ဦးလှဟန်၏ တြိ-စတုဖြစ်[...] သန်းသန်းဌေးအား ဆိုင်ကိုပြန်ခေ[...] အလုပ်သမားအဖြစ်၊ နင်းကြမ်းအ[...] ပြုထားခဲ့သည်။ သားအမိသားအဖ[...] စလုံး၏ဓာတ်ဖက်ပြည့်စုံရာပြည့်စုံ[...] ဖြစ်သော ဝံသေဓာတ် (ဦးလှဟန်) [...] ဓာတ် (ဒေါ်ညိုမြရီ)၊ ဂဗ္ဘေဓာတ်(မခ[...] အစီအရင်များ စီရင်ပြီးဖြစ်သော[...] ၎င်းမိသားစုများသည် လိုအပ်ချ[...] ပြည့်စုံလာသောကြောင့် စီးပွားရေ[...] လည်း ပြီးပြည့်စုံလာမည်မှာ [...] လက်ခတ်မလွဲဖြစ်ပါတော့သည်။

ဖြေ[...]

ဦးမြ[...]

၁၄/မအပ(နိုင်)ဝ၁[...]

'ကောင်းသန့်' စာရေးကိရိ[...]

ကုန်မျိုးစုံရောင်းဝ[...]

အမှတ် (၁)၊ (၁၀)လမ်း၊ (၉)ရပ်[...]

မအူပင်မြို့၊ ဧရာဝတီတိုင်းဒေသ[...]

ဆရာဦးမောင်[...]

(ငွေကိုဒေ[...]



www.burmeseclassic.com

www.burmeseclassic.com


ရာဇဝတ်မှုခင်းတွေကို မနော[ဗေ]ဒင်ဆရာများက ဟောတဲ့အခါ [မ]နောဗေဒင်ဆရာ မျက်စိလည်သွားလို့ [အ]မှားတွေကိုဟောမိတတ်ကြတဲ့ကိစ္စမျိုး [တွေ]ရှိတတ်တယ်။

အမှုသည်တစ်ဦးက မနောဗေဒင် [ကျော်]ကြားအမြင်ဆရာဆီလာပြီး သူတွေ့[ကြုံ]ခဲ့တဲ့အမှုကိစ္စလာမေးတဲ့အခါမှာ အမှု[သ]ည်ရဲ့ စိတ်မနောမှာရှိနေတဲ့ သူ့အထင်တွေကို မနောဗေဒင်ဆရာက အဟုတ်ထင်ပြီး သူမြင်တာကို ဟောလိုက်တယ်။ ဒါပေမယ့် ကာယကံရှင် အမှုသည်ရဲ့ အထင်တွေဟာ မမှန်ကန်ဘဲ အလွဲထင်နေတာ တွေ့ရှိတယ်။ ကာယကံရှင်ရဲ့ စိတ်ထဲထင်တာနဲ့ အမှုတကယ်ဖြစ်ခဲ့တာကို မခွဲခြားနိုင်ဘဲ မျက်စိလည်ပြီး တလွဲကြီး ဟောလိုက်တတ်တယ်။

ဒီလို အမှုမှန်နဲ့စိတ်အထင်လွဲမှားဟောပြောတာကို ကာကွယ်ဖို့အတွက် ဒေါက်တာတင်ဟက်က အစီအစဉ်တစ်ခုချထားတယ်။ ကာယကံရှင်တွေဖြစ်စေ၊ သူတို့ကိုယ်စားကိုဖြစ်စေ ကရာဇက်နဲ့ လူချင်းမတွေ့စေဘဲ အမှုအကြောင်းမသိသူကတစ်ဆင့် ကရာဇက်နဲ့ ဆက်သွယ်မေးမြန်းဖို့ စီစဉ်ထားတယ်။ ဘာကြောင့်လဲဆိုတော့ လာမေးတဲ့လူရဲ့စိတ်ထဲမှာရှိတဲ့ မသက်ဆိုင်သူကို ကရာဇက်ရဲ့အာရုံ

# မနောသုတေသီ

## စိတ်စွမ်းအင်စုံထောက်ကြီးကရာဇက်၏ မနောဗေဒင်မျက်စိလည်ပုံ





www.burmeseclassic.com

www.burmeseclassic.com

မှာတွေ့လိုက်ရင် ကရာဇက်ကလည်း ဒီလူဟာ တရားခံဖြစ်တယ်လို့ထင်ပြီး ဟောလိုက်မှာပဲ။ ဒီလိုစိတ်စွမ်းအင်စုံထောက်တွေ မျက်စိလည်ပြီး ဟောမိတာတွေ အများကြီးရှိတယ်။

ဟော်လန်ပြည်က မစ္စတာအက်စ်ဂျူနီယာဟာ သူ့အဖေရုတ်တရက်သေသွားတော့ သူ့မိထွေးက အဆိပ်ခတ်သတ်လိုက်တာလို့ထင်တယ်။ ဖခင်ကြီးဟာ လုပ်ငန်းရှင်ကြီးတစ်ဦးဖြစ်ပြီး ငွေကြေးချမ်းသာတယ်။ အမြတ်ငွေတွေ တစ်လိမ့်ကြီးရမယ့်လုပ်ငန်းတစ်ခုအတွက် စာချုပ်ချုပ်ပြီးတဲ့နေ့မှာ ရုတ်တရက်သေဆုံးသွားတယ်။ ဒီတော့ ဖခင်ရဲ့ ဥစ္စာဓနတွေကို အမွေဆက်ခံမယ့် အဖေ့ရဲ့ နောက်မယားဖြစ်တဲ့ မိထွေးက သူ့အဖေကို အဆိပ်ခတ်သတ်လိုက်တယ်လို့ မစ္စတာအက်စ်ဂျူနီယာက ထင်တယ်။

ဒါနဲ့ပဲ မနောဗေဒင်အကြားအမြင်ဆရာမတစ်ဦးဆီသွားပြီးမေးကြည့်တော့ သူထင်တဲ့အတိုင်းပဲ အဆိပ်ခတ်သတ်လိုက်တာဖြစ်တယ်လို့ ဟောလိုက်တယ်။ ဒီတော့ မစ္စတာအက်စ်ရဲ့အထင်က ပိုပြီးခိုင်မာသွားတာပေါ့။ မိထွေးက စည်းစိမ်တွေလိုချင်လို့ အဆိပ်ခတ်သတ်လိုက်တာလို့ တထစ်ချ ယုံကြည်သွားတယ်။

ဒါပေမယ့် ပိုပြီးသေချာသွားအောင် သိပ္ပံနည်းနဲ့ လေ့လာနေတဲ့ ဒေါက်တာတင်ဟက်နဲ့ ဆွေးနွေးဖို့ အကြံရသွားတယ်။ မစ္စတာအက်စ်ဂျူနီယာနဲ့ သူ့ရှေ့နေကြီးနှစ်ဦး ဒေါက်တာတင်ဟက်ရှိရာ ပရစိတ်ပညာဌာနကိုသွားပြီး ပရစိတ်ပညာရှင် ဒေါက်တာတင်ဟက်ကို သူ့ဖခင်ကြီး သေဆုံးရတာဟာ မိထွေးက အဆိပ်ခတ်သတ်လိုက်တာပဲလို့ မသင်္ကာတာမို့ မနောဗေဒင်ဆရာမဆီ သွားမေးကြည့်တော့ မနောဗေဒင်ဆရာမက အဆိပ်ခတ်တာဖြစ်နိုင်တယ်လို့ ဟောလိုက်တယ်။ ဒါကြောင့် သူ့အထင်ကတော့ မိထွေးရဲ့ လုပ်ကြံမှုပဲလို့ထင်နေတာ မှန်ကန်နိုင်ပါသလားလို့ ဒေါက်တာတင်ဟက်နဲ့ ဆွေးနွေးကြည့်တဲ့အခါမှာတော့ ဒေါက်တာတင်ဟက်က သူ့အမြင်ကို ပြောပြလိုက်တယ်။

"ခင်ဗျားရဲ့ဖခင်ကို မိထွေးက အဆိပ်ခပ်သတ်လိုက်တယ်ဆိုတဲ့ မိထွေးအပေါ်မသင်္ကာမှုနဲ့ မနောဗေဒင်ဆရာမဆီသွားတော့ ခင်ဗျားရဲ့ မသင်္ကာမှု မနောပုံရိပ်တွေဟာ ဗေဒင်ဆရာမရဲ့ မနောဓာတ်ထဲဝင်သွားတယ်။ မနောဗေဒင်ဆရာမက မိထွေးက အဆိပ်ခတ်လိုက်တယ်လို့ သူ့မနောထဲမှာ ထင်မြင်လာတယ်။ ဒါပေမယ့် ဒီမနောထင်မြင်မှုဟာ တကယ့်အဖြစ်အပျက်ကို အာရုံရတာလား။ ရှေ့မှာထိုင်နေတဲ့ ခင်ဗျားရဲ့ မနောဓာတ်ထဲကထွက်လာတဲ့ မနောပုံရိပ်လားဆိုတာ မခွဲခြားနိုင်ဘူး။ သူမရဲ့ မနောဓာတ်က သိတာ၊ မြင်တာလို့ထင်သွားတယ်။ ဒီလို မနောဗေဒင်ဆရာတွေ၊ အကြားအမြင်ဗေဒင်ဆရာတွေ မျက်စိလည်ပြီး ဟောကြ၊ ပြောကြတာတွေရှိတယ်။ ဒီတော့ ကျုပ်တို့ဌာနနဲ့ ဆက်သွယ်ထားတဲ့ အာရုံထူးပိုင်စိတ်စွမ်းအင်ဆရာတွေရှိတယ်။ ဒီအမှုအကြောင်း မသိသူ၊ ဘယ်သူ့ကိုမှ မသင်္ကာမရှိသူ၊ မပတ်သက်သူတွေကတစ်ဆင့် မေးရမယ်။ ဒါမှ မေးသူရဲ့စိတ်နဲ့ ဟောသူရဲ့စိတ်ဟာ မဆက်မိမှာ"

နောက်တစ်နေ့မှာ သေဆုံးသူရဲ့ အမည်နဲ့ ဘာကြောင့်သေဆုံးရသည်ကို သိလိုကြောင်း ဒေါက်တာတင်ဟက်က စာရေးပြီး ကွယ်လွန်သူရဲ့ဓာတ်ပုံနဲ့အတူ စာအိတ်ချိပ်ပိတ်ပြီး ဒေါက်တာတင်ဟင်ဇနီးက စာကို ကရာဇက်ဆီ သွားပို့စေတယ်။ ဒေါက်တာတင်ဟက်ဇနီးကိုယ်တိုင်ကလည်း ဒီအမှုအကြောင်း ဘာမှမသိဘူး။ ကရာဇက် အာရုံခံတဲ့အခါ ရေလိုက်လွဲမှာစိုးလို့ တတ်နိုင်သမျှကာကွယ်ထားတာဖြစ်တယ်။

ကရာဇက်က ဒေါက်တာတင်ဟက်သိလိုတဲ့ အချက်တွေကို သေဆုံးသူရဲ့ ဓာတ်ပုံကို အာရုံပြုပြီး သူ့ရဲ့အာရုံထူးနဲ့ ကြည့်လိုက်တယ်။ သေဆုံးသူရဲ့ အလုပ်အကိုင်၊ ဇနီး၊ သားသမီး၊ ဝါသနာ စတဲ့ အချက်တွေကို အတော်ပြည့်ပြည့်စုံစုံ တွေ့ရတယ်။ ဒီလို အာရုံရတဲ့ အချက်တွေဟာ အမှန်တွေချည်းပါပဲ။ မစ္စတာအက်စ်ဂျူနီယာရဲ့ဖခင်ဟာ နှလုံးလေရိုက်လို့ သေရတာလို့ တွေ့မြင်ရတယ်။ ဒါပေမယ့် အဆိပ်နဲ့လည်း ပတ်သက်နေတယ်လို့ အာရုံရပြန်တယ်။ အာရုံတွေဇဝေဇဝါဖြစ်နေတယ်။ နှလုံးလေဖြတ်လို့ သေရတယ်လို့ အာရုံမှာပေါ်ပေါက်လာပြီးတဲ့နောက်မှာ အဆိပ်ခတ်ခံရသလိုလိုလည်း မနောဓာတ်မှာပေါ်လာပြန်တော့ ကရာဇက်အဖို့ ပြဿနာတက်လာတယ်။

မစ္စတာအက်စ်ဂျူနီယာရဲ့တောင်းဆိုမှုကြောင့် နောက် (၂) ပတ်အကြာမှာ ကရာဇက်နဲ့ တွေ့ဆုံကြပြန်တယ်။ ဒီတစ်ခါတော့ မစ္စတာအက်စ်ဂျူနီယာနဲ့ သူ့ရှေ့နေရယ်၊ ကရာဇက်ရယ်၊ ဒေါက်တာတင်ဟက်ရယ် မျက်နှာစုံညီတွေ့ကြ တာပါ။ ရှေ့နေရဲ့အိမ်မှာချိန်းပြီးဆုံကြတယ်။

ဒီတစ်ချီတော့ ကရာဇက်က အာရုံခံပြီး အပြတ်ပြောတယ်။ မစ္စတာအက်စ်ဂျူနီယာရဲ့ဖခင်ကြီး သေဆုံး... တာဟာ နှလုံးလေဖြတ်လို့ သေရတာဖြစ်တယ်လို့ ယတိပြတ်ပြောပြတယ်။ ပထမအစ အာရုံပြုကြည့်တုန်း... သူ့အာရုံတွေဟာ နှလုံးလေဖြတ်တာလိုလို၊ အဆိပ်ခတ်တာနဲ့ ပတ်သက်... သလိုလို ရှုပ်ထွေးသွားတယ်။ ဒီလို... ထွေးသွားတာဟာ ကရာဇက်က ... ကိုယ်ပိုင်အမြင်အာရုံနဲ့ မစ္စတာအက်စ်ဂျူနီယာရဲ့ မနောဓာတ်မှာရှိနေတဲ့ ... အဖေဟာ မိထွေးကအဆိပ်ခတ်ခံရ... သေရတာလို့ထင်နေတဲ့ မနောပုံရိပ်... ရောထွေးသွားတာပါ။ ကရာဇက်... မနောနဲ့ အက်စ်ဂျူနီယာရဲ့အထင် မ... ပုံရိပ်တို့ချင်းဆက်မိပြီး ဒီမနောပုံရိပ်... သူ့အာရုံထူးအမြင်ရတာနဲ့ မေးတဲ့လူ... စိတ်ထဲမှာရှိတဲ့ သူ့မနောပုံရိပ်ကို မြင်... တာ ဖြစ်တယ်။ ဒီ (၂) မျိုး ရောသွား... ကို နောက်ဆုံးအကြိမ်မှသာ ကွဲကွဲပြား... ပြားသိရတော့တယ်လို့ ကရာဇက်... ဝန်ခံတယ်။

မစ္စတာအက်စ်ဂျူနီယာရဲ့ စိတ်... မနောထဲမှာ သူ့မိထွေးက အဆိပ်ခတ်... သတ်တယ်လို့ ထင်နေတာကို ကရာဇက်... က မြင်လိုက်တော့မှ သူ့အာရုံတွေ... ပြားသွားတာကို သဘောပေါက်သွား... တယ်။ ဒီလိုသိသွားတာဟာ အခုအကြိမ်... မှာ မစ္စတာအက်စ်ဂျူနီယာနဲ့ လူချင်း... တွေ့လိုက်ရလို့ပါ။

ကံကောင်းတဲ့ အချက်တစ်ခု... တော့ ဒီလိုမေးသူနဲ့ ဟောသူတို့ရဲ့ စိတ်... မနောချင်းဆက်သွယ်မှုဟာ အမြဲတမ်း... ဖြစ်တာမဟုတ်ပါဘူး။ တစ်ခါတစ်ရံ... သာ ဖြစ်တာပါ။ မေးမြန်းသူရဲ့စိတ်ထဲ... ထင်ထားတဲ့ မသင်္ကာသူဟာ ဟော... စိတ်စွမ်းအင် အာရုံထူးပိုင်ရှင်ရဲ့ မနော... ဓာတ်ထဲကိုရောက်သွားပြီး အာရုံ... အမြင်တွေကို မျက်စိလည်သွားစေ... မျိုးကတော့ ခပ်ရှားရှားပါပဲလို့ ပါမော... ဒေါက်တာတင်ဟက်က မှတ်ချက်... တယ်။

ဒါတွေဟာ အကြားအမြင်မနော... ဗေဒင်ဆရာတွေဟောသမျှကို ယုံကြည်... လက်ခံတတ်တဲ့သူတွေ သတိထား... ပါပဲ။

မနော့သုတေ...

www.burmeseclassic.com

www.burmeseclassic.com

# ချောင်းဆုံအာနန်းလွှင်

## ပိုးတို့၏သဘာဝသတ္တိ ၂



ပိုး ဟူသမျှကို ဖယ်ရှားနိုင်သော ဦးစံမြအကြောင်းကို ကျွန်တော် ယခင်အပတ်ကအစပျိုးခဲ့ပါသည်။ ယခုအပတ်တွင် ဖော်ပြရန် ဖြစ်ပါသည်။

ဦးစံမြအကြောင်းကို မဖော်ပြမီ ပိုးတို့၏ သဘာဝသတ္တိကို ရှေးဦးစွာ ဖော်ပြလိုပါသည်။ ပိုးတို့၏ သဘာဝသတ္တိကြောင့် ဦးစံမြ ပိုးကို ဖယ်ရှားနိုင်ခြင်း ဖြစ်ပါသည်။ ပိုးတို့၏သဘာဝသတ္တိကို ဖော်ပြရာတွင် အထောက်အကူဖြစ်စေမည့် ပူပူနွေးနွေး ကြားခဲ့ရသော ဟာသုတတစ်ရပ်ကိုလည်း ရှေးဦးစွာ ဖော်ပြလိုပါသေးသည်။

၁၃၇၅ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်၊ တနင်္ဂနွေနေ့ နံနက် (၈) နာရီခန့် ဖြစ်ပါသည်။ နေသာသဖြင့် ကျွန်တော် ခြောက်ထပ်ကြီးဘုရားသို့ ကြွားစားပြီးသွားခဲ့ပါသည်။ ဘုရားဝတ်ပြုပြီးနောက် တန်ဆောင်း၏ အနောက်ဘက်တွင်ရှိသော ရှင်ဥပဂုတ္တကျောင်းတော်သို့ သွားပါသည်။ အလွန်လူရှင်းသဖြင့် တရားမှတ်၍ကောင်းပါသည်။ ရောက်ပြီး ခေတ္တအပန်းဖြေထိုင်နေစဉ် အသက် (၆၀) ခန့်ဟု ခန့်မှန်းရသော လူ (၂) ဦး ရောက်လာပြီး ကျွန်တော့်အနားတွင်ထိုင်ပြီး ဝတ်ပြုကြပါသည်။ ပြီးတော့ တစ်ယောက်က တစ်ယောက်ကို -

"နောက်ဘဝကိုယုံတယ်ဆိုတဲ့ ဗုဒ္ဓဘာသာဆိုသူ အတော်များများဟာ နောက်ဘဝကို အလေးအနက်ထားပုံမရကြဘူး။ အဲဒါဘာကြောင့်လို့ထင်သလဲ"

ဟု တိုးတိုးမေးပါသည်။

အမေးခံရသူက ကျွန်တော့်ကို အားနာသည့်အကြည့်ဖြင့်ကြည့်ပါသည်။ ကျောင်းတော်မှာ ကျွန်တော်တို့သုံးယောက်သာရှိပါသည်။

ကျွန်တော်က -

"မြင်တယ်၊ ကြားတယ် ဆိုတာ ကြည့်မှ၊ နားထောင်မှဖြစ်တာလို့ ရှေးပေါ်ကျွန်းဆရာတော် မိန့်တော်မူဖူးကြောင်း ကြားဖူးပါတယ်။ ပြောပါ၊ ကိစ္စမရှိပါဘူး။ တရားစကားပြောတာပဲ။ ကျွန်တော်လည်း ကြားချင်ပါတယ်"

ဟု ပြန်ပြောလိုက်ပါသည်။

ထိုအခါ သူက -

"ကျွန်တော့်ရှိတဲ့ဗဟုသုတနဲ့ ထင်မြင်ချက်ကို ပြောပါမယ်။ အမှန်ရယ်လို့ မဟုတ်ပါဘူး၊ စဉ်းစားနိုင်ဖို့ပါပဲ။

လူများဟာ မိမိဘယ်ဘဝကလာတယ်ဆိုတာလည်း မသိဘူး၊ သေပြီးနောက် ဘယ်ဘဝရောက်မယ် ဆိုတာလည်း မသိဘူး။ ဒါက ဘုရားဟောပါ။

ဗုဒ္ဓဘာသာဆိုရင် သံသရာကိုယုံကြည်ရမယ်၊ ကံ-ကံ၏အကျိုးကို ယုံကြည်ရမယ်လို့ သိသူရှိသလို မသိသူလည်း ရှိတယ်။ သိပင်သိပေမယ့် စောစောကပြောခဲ့တဲ့ မသိ (၂) ပါးကြောင့် နောက်ဘဝဆိုတာကိုလည်း အလေးအနက်မထားကြတော့ဘူး။

နောက်ဘဝက ကိုယ်သိတော့တာမှမဟုတ်ဘဲ။ ဒီဘဝဒီကိုယ်နဲ့စံမယ်၊ နောက်ဘဝ နောက်ကိုယ်နဲ့ခံမယ် ဆိုသူတွေလည်းရှိတယ်။ တော်တော်ကလေးနက်နက်နဲနဲသိသူမှ နောက်ဘဝကို အလေးအနက်ထားပြီး ဒီဘဝရော နောက်ဘဝများပါ ကောင်းဖို့လုပ်ကြတာ"

"ပြီးခဲ့တဲ့ဘဝကို လူတွေအားလုံးက မသိကြဘူးလား။ တခြားသတ္တဝါတွေကော မသိကြဘူးလား"

ပထမမေးသူက ထပ်မေးပါသည်။

သူက -

"ကျွန်တော့်အထင်ကို ပြောတာနော်။ သဘောကျရင် လက်ခံ၊ အမှန်လို့ တပ်အပ်မယူဆနဲ့။ လူသားတွေထဲက သိနိုင်တဲ့ဉာဏ်အဆင့်ကိုရရင် သိမယ်၊ အခြားသတ္တဝါတွေထဲကဆိုရင် ငရဲသားတွေ မသိနိုင်ဘူး။ နတ်ဗြဟ္မာတွေကျတော့ သတိရလို့ ဆင်ခြင်ရင် သိမယ်။ ဒါပေမယ့် နတ်တွေက ပျော်စရာတွေနဲ့ မေ့နေတယ်။ ဗြဟ္မာတွေက ဈာန်ချမ်းသာနဲ့ပဲနေကြတယ်။

ငရဲသားတွေက ဒုက္ခနဲ့ နပန်းလုံးနေရလို့ ဘဝစဉ်းစားချိန်မရဘူး။ အချိန်ရှိသရွေ့ အော်ဟစ်နေရတာပဲ။ ပြိတ္တာနဲ့ အသူရကာယ်ကျတော့ ငရဲသားတွေထက်သာတော့ ကံလည်းရှိမယ်ဆိုရင် ပြန်သိနိုင်တယ်။

အဲ - လူကျတော့ အရေးလေးပါးနဲ့ နပန်းလုံးနေရလို့ ငရဲသားတွေလိုဖြစ်နေတယ်"

"စား၊ ဝတ်၊ နေရေး အရေးသုံးပါးလို့ပဲ ကြားဖူးပါတယ်။ ဘယ်ကတစ်ပါးပိုလာတာလဲ"

ပထမမေးသူက ဖြတ်မေးလိုက်ပါသည်။

ဖြေသူက-

"လောကမှာ အရေးကိစ္စအကျဉ်းဆုံး အနည်းဆုံးဟာ ရဟန်းတွေပဲ။ အဲဒီအရေးအကျဉ်းဆုံးဖြစ်တဲ့ ရဟန်းတော်တွေမှာတောင် ဆွမ်း (စား)၊ သင်္ကန်း (ဝတ်)၊ ကျောင်း (နေ)၊ ဆေး (ကျန်းမာ



www.burmeseclassic.com

ရေး) ဆိုပြီး အရေးလေးပါး ရှိတယ်။

ဆွမ်း ဆိုရင် ဆွမ်းခံစားရတယ်။ ပင့်ဖိတ်သူ၊ ပို့သူရှိရင် ဖိတ်ဆွမ်း၊ ပို့ဆွမ်း စားရတယ်။ စားဖို့အရေးက ဆွမ်းခံတဲ့ အရေးပဲ။ ဝတ်ဖို့ကလည်း သင်္ကန်းသုံးထည်ရှိရင် ပြီးပြီ။ နေဖို့ကတော့ လှူသူရှိရင်ရှိသလိုနေ၊ မရှိရင် သစ်ပင်အောက်မှာနေပဲ။ ကျန်းမာရေးကတော့ ဆီးဖြူဖန်ခါး၊ နွားကျင်ငယ်ရရင် ပြီးပြီ။ အဲဒီလောက်ကျဉ်းတယ်။

လူတွေကျတော့ စားဖို့က ရသတဏှာနဲ့ ပေးတဲ့အခြေအနေ (ငွေကြေးတတ်နိုင်သူ) ပေါ် မူတည်ပြီး စားစရာတွေက မရေမတွက်နိုင်လောက်အောင် များပြားတယ်။ အသား၊ ငါး၊ အသီး၊ အရွက် စတာတွေမှာ လူမစားတာ မရှိသလောက်ဖြစ်နေပြီ။ ဝတ်စရာမှာကော။ မြင်တဲ့အတိုင်းပဲ။ အသား၊ အဆင်၊ ပုံစံ မရေမတွက်နိုင်လောက်အောင် များပြားတယ်။ နေတဲ့နေရာမှာလည်း 'နေ' ဆိုတာနဲ့အတူ အသုံးအဆောင်ပရိဘောဂတွေနဲ့ ယာဉ်အမျိုးမျိုးပါတယ်။ အမျိုးအမည်တွေ ရေတွက်နိုင်ရဲ့လား။ ကျန်းမာရေးဘက်ကြည့်ဦး။ရောဂါမျိုးစုံ၊ ဆေးဝါးမျိုးစုံနဲ့ ရေတွက်စရာ သင်္ချာတောင် မရှိဘူး ပြောရမယ်။

လူတိုင်းလူတိုင်းဟာ အကောင်းဆုံးနဲ့ အားလုံးကို စားချင်တယ်၊ ဝတ်ချင်တယ်၊ နေချင်သုံးဆောင်ချင်ကြတယ်၊ ကုသချင်တယ်၊ မှီဝဲချင်တယ်။ လူက တတ်နိုင်သည် ဖြစ်စေ၊ မတတ်နိုင်သည် ဖြစ်စေ စိတ်ကတော့ 'ချင်' နေတာပဲ။ အဲဒီအတွက် စိတ်နဲ့လည်းကြိုးပမ်းတယ်၊ ရုပ်နဲ့လည်း ကြိုးပမ်းတယ်။ အဲဒီလိုကြိုးပမ်းရာမှာ လောဘ၊ ဒေါသ၊ မောဟ စတဲ့ ကိလေသာအပြည့် ဖုံးလွှမ်းနေတယ်။ အဲဒီလိုကိလေသာအတိဖုံးလွှမ်းနေတဲ့စိတ်ဟာ အရင်ဘဝမပြောနဲ့၊ မနေ့ကကိစ္စတောင် အကုန်သတိမရနိုင်တော့ဘူး။

လူထဲက အရင်ဘဝကို ပြန်သတိရနိုင်သူ၊ သိနိုင်သူ (၂) မျိုးရှိတယ်လို့ ကြားဖူးတယ်။ အဲဒါက သမာဓိပြည့်စုံပေါက်မြောက် အောင်မြင်သွားသူနဲ့ အရင်ဘဝကို ပြန်သတိရနိုင်တဲ့ဉာဏ်ပါလာသူ လူဝင်စားတွေပဲ။

သမာဓိပေါက်မြောက်သူမှာလည်း (၂) မျိုး ရှိတယ်။ တစ်မျိုးက ရလာတဲ့ သမာဓိစွမ်းအားကို လောကီရေးရာမှာ သုံးသူနဲ့ နောက်တစ်မျိုးက လောကုတ္တရာဘက်မှာသုံးသူတို့ပဲ။ လောကုတ္တရာမှာသုံးသူတွေကတော့ အချိန်ဖြုန်းတဲ့ အနေနဲ့ မိမိနောက်ကြောင်းကိုလည်းပြန်ကြည့်မနေဘူး၊တစ်ပါးသူနောက်ကြောင်းကိုပြန်ကြည့်ပြီးတော့လည်း ဟော-ပြောမနေဘူး။ ရလာတဲ့ သမာဓိစွမ်းအားနဲ့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရဖို့ကိုပဲ အချိန်ရှိသလောက် ကြိုးပမ်းအားထုတ်ကြတော့တယ်။

လူဝင်စားများက သူတို့ရဲ့အရင်ဘဝကို ပြန်သတိရတတ်ကြတယ်။ လူဝင်စားတိုင်း မဟုတ်ဘူး၊ လူက လူပြန်ဖြစ်လာသူတိုင်းဟာ လူဝင်စားပဲပေါ့။ ဒါပေမယ့် အားလုံး ပြန်သတိရကြတာမှ မဟုတ်ဘဲ။ သူတို့အကြောင်းနဲ့ သူတို့သတိရကြတာ။ဒါလည်း များသောအားဖြင့် ငယ်စဉ်ကသာ အတော်ပြည့်ပြည့်စုံစုံ ပြန်ပြောနိုင်ကြပြီး ကြီးလာတာနဲ့ အမှု မေ့ကုန်ကြတာပဲ။ အဲဒါ အသက်ကြီးလာလေ ကိလေသာထူပြောလာလေမို့ပဲ။ -

အဲ - ပြီးတော့ တိရစ္ဆာန်တစ်မျိုး ကျန်သေးတယ်။ လောကမှာ မကြံစည်အပ်တဲ့တရား။ ဘာကြောင့်ဖြစ်သလဲ၊ ဘယ်လိုဖြစ်သလဲ၊ ဘယ်လိုအရည်အချင်းတွေရှိသလဲ၊ ဘယ်လောက်များသလဲ စသည်ဖြင့် ပြည့်ပြည့်စုံစုံ သိမြင်အောင် တွေးတောကြံစည်ခြင်းမပြုအပ်ဘူး။ ပြုရင် အဖြေမှန်မရဘဲ ရူးသွားနိုင်တယ်တဲ့။အဲဒီတရားက (၄)ပါးရှိတယ်။ အဲဒါတွေက-

(၁) ဘုရားအကြောင်း၊
(၂) ဈာန်အကြောင်း၊
(၃) လောကဓာတ်၊
စကြဝဠာအကြောင်း၊
(၄) ကံအကြောင်းတို့ပဲ။

လူတွေကိုကြည့်ပါ။ ကမ္ဘာပေါ်မှာ အခု လူဦးရေ သန်း (၇၀၀၀) ရှိပြီ။ ကျော်တောင်သွားပြီ။ အဲဒီအထဲမှာ ဆင်းရဲ၊ ချမ်းသာ၊ ဆူကြံ့၊ နိမ့်၊ မြင့် စတဲ့ နေရာတွေမှာ အကုန်လုံးထပ်တူထပ်မျှ ကွဲလွဲချက် အလျှင်းမရှိဘဲတူတဲ့ လူတူ နှစ်ဦး မရှိဘူး။ ရုပ်လည်းမတူဘူး၊ စိတ်က သာပြီမတူဘူး။ အဲဒါ ကံကြောင့်ပဲ။ ကံချင်းမတူကြလို့ဘဲ။

တိရစ္ဆာန်တွေက လူထက်ကုသိုလ်ကံနည်းလို့ တိရစ္ဆာန်ဖြစ်တာ။အကုသိုလ်ကံအများဆုံးက ငရဲသား၊ ငရဲပြီးရင် တိရစ္ဆာန်ပဲတဲ့။ ငရဲကတက်လာတဲ့ တိရစ္ဆာန်၊ လူ စတဲ့ သုဂတိမြင့်တဲ့ အဆင့်ကျကျသွားတဲ့ တိရစ္ဆာန်အမျိုးမျိုးရှိတယ်။ ဆင်ကနေပြီး မှန်ကိုဖြတ်သွားနိုင်လောက်အောင် သေးငယ်တဲ့ ပိုးမွှားအထိအမျိုးမျိုးပဲ။ သူတို့လည်း လူတွေမှာလိုပဲ မတူကြဘူး။ အဲဒါလည်း ကံကြောင့်ပဲ။ လူထက် ကုသိုလ်ကံနည်းပေမယ့် မရှိ မဟုတ်ဘူး၊ ရှိသလောက် ရှိကြတယ်။ ဒါကြောင့် တချို့ တချို့ ခွေး၊ ကြောင် စတဲ့ သတ္တဝါတွေဟာ လူလတ်တန်းစားထက် နေရ၊ စားရတဲ့နေရာမှာ အဆင့်မြင့်တယ်။ လူလတ်တန်းစားတွေ လက်ဖျားနဲ့တောင် မတို့ဘူးတဲ့ အဆင့်မြင့်မိမ်ခံကားကြီးတွေ စီးရတယ်။ လူလတ်တန်းစားတွေ မစားနိုင်တဲ့ အစားအသောက်များ စားသောက်ရတယ်။ အဖိုးတန်ဆေးတွေ သောက်သုံးရတယ်။ ဆရာဝန်နဲ့ဆေးကုခံရတယ်။ တချို့ခွေးတွေကျတော့ အမှိုက်ပုံကလာ၊ လျှောက်နမ်းပြီး အပုပ်အသိုးတွေ စားရတယ်။ အဲဒါ ဟိုအရင်ဘဝတွေက ပြုခဲ့တဲ့ ဒါနကုသိုလ်ကံ ရှိခြင်းနဲ့ မရှိခြင်း ကွာခြားချက်ပဲ။

ကံကြောင့် ဖြစ်စေ၊ သဘာဝတရားကြောင့် ဖြစ်စေ တိရစ္ဆာန်တွေမှာ လူတွေထက်သာတဲ့အချက်တွေရှိတယ်။ ငှက်က ကောင်းကင်ပျံနိုင်တယ်၊ လူမပျံနိုင်ဘူး။ သိမ်း၊ စွန်ငှက်များဟာ ကောင်းကင်အမြင့်ကြီးကနေပြီး မြေပြင်ကကြွက်ပေါက်စကလေးကို မြင်နိုင်တယ်။ လူက မမြင်နိုင်ဘူး။ အသံအာရုံ၊ အနံ့အာရုံ စတာတွေမှာလည်း အချို့တိရစ္ဆာန်တွေဟာ လူတွေထက် အများကြီးသာတယ်။ အဲဒီမှာ ကြားဖူးတာ အချို့သတ္တဝါတွေဟာ သူတို့ရဲ့အတိတ်ဘဝကို ပြန်သိနိုင်တယ်တဲ့။ ဒါတွေကို ကံကြောင့်ဖြစ်တဲ့ အစွမ်းသတ္တိလို့လည်း ပြောကြတယ်။ မြွေတို့၊ ကျားတို့၊ ခြင်္သေ့တို့ စတဲ့ သတ္တဝါတွေဟာ ထူးခြားတဲ့အစွမ်းသတ္တိနဲ့ လူတွေရဲ့စိတ်အကြံကို သိတယ်တဲ့။ ခွေးတွေ၊ ကြောင်တွေလည်း သိတယ်တဲ့။ အဲဒီမှာ ကျွန်တော်ထင်တာ နှစ်မျိုးရှိတယ်။ ထင်တယ်လို့ ပြောတာနော်။ မှန်တယ်လို့ မပြောဘူး။ တစ်မျိုးက ကံကြောင့်ဖြစ်တာဖြစ်ပြီး နောက်တစ်မျိုးက လူတွေလောက် သူတို့က သောကမများဘူး။ သောက ဆိုတာ လောဘနဲ့ ဒေါသက လာတာပဲ။ လောဘ၊ ဒေါသ နည်းရင် သောက နည်းတာပဲ။

သောက ဆိုတာ ကိုယ်မဖြစ်စေချင်တာဖြစ်လာမှာကို မဖြစ်ခင်ကလည်း ပူရတယ်၊ ဖြစ်လာတော့လည်း ဖြစ်တဲ့အတိုင်းအတာအရ ပရိဒေဝမီးတောက်လောင်ပြီး ရှိုက်ကြီးတငင် ငိုကြွေးရတဲ့အဆင့်၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းတို့ အဆင့်ဆင့်တက်ပြီး ဥပါယာသ ဆိုတဲ့ ဆိုတက်မမြောတဲ့အဆင့်(အချို့



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

အသက်ပါ ဆုံးသွားတယ်)အထိ ရောက်လာတယ်။ပြီးတော့ နောက်ပိုင်းမှာလည်း သောကအဆင့်နဲ့ နောင်တရမှုတွေမဆုံးတော့ဘူး။ အရင်းခံက လောဘနဲ့ဒေါသပဲ။ မောဟကတော့ အမြဲပါတယ်။

ဥပမာတစ်ခုပြောမယ်။ စီးပွားရေးအတွက် ရေလမ်းခရီးထွက်သွားတဲ့ ခင်ပွန်းသည် သို့မဟုတ် သားကို ဇနီးသို့မဟုတ် မိခင်ဟာ စထွက်သွားကတည်းက ဘေးကင်းပါ့မလားဆိုတဲ့ မဖြစ်ခင် သောကဖိစီးတယ်။ အဲဒီရေယာဉ်မတော်တဆဖြစ်လို့ ပတ်သက်သူပါသွားပြီဆိုရင် ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ ဆိုတာတွေ ဆက်တိုက်ဆက်တိုက်ဖြစ်ပြီး သေရင်လည်း သေသွားနိုင်တယ်။ မသေရင်လည်း တစ်သက်လုံး ပူဆွေးသောကရောက်လို့မဆုံးတော့ဘူး။ လူတွေမှာ အဲဒါမျိုးတွေ ပြည့်သိပ်နေတာပဲ။ ပြီးတော့ ဆင်းရဲတဲ့လူက ချမ်းသာဖို့၊ ချမ်းသာသူက ပိုပြီး ပိုပြီး အဆုံးမရှိ ချမ်းသာဖို့ တရားတဲ့နည်းရော၊ မတရားတဲ့နည်းရောနဲ့ ကြံရ၊ တွေးရ၊ လုပ်ကိုင်ရနဲ့ ဘယ်မှာ စိတ်တည်ငြိမ်အေးချမ်းမှုရှိမလဲ။

ကျွန်တော်ပြောခဲ့တဲ့တိရစ္ဆာန်တွေဟာ အမြင်အာရုံ၊ အကြားအာရုံအနေနဲ့ လူတွေထက် အဆများစွာသာတယ်။ အနံ့လည်း ဒီအတိုင်းပဲ။ တောလိုက်တဲ့ ခွေးဟာ တောထဲဝင်ရင် လေကျောဘက်က ဘယ်တော့မှမဝင်ဘူး၊ လေညာကဝင်တယ်။ သားကောင်များဟာ လူရဲ့အနံ့ကို အဝေးကြီးကရတယ်တဲ့။ အသံလည်း ဒီအတိုင်းပဲ။ အဝေးကြီးက အသံကို ကြားနိုင်တယ်။

ဘာတွေစဉ်းစားနေလို့ လူတစ်ယောက်လုံး အနားလာရပ်တာ မမြင်ရသလဲ။ ခေါ်တာလည်းမကြားရသလဲ။ ညှော်တာလည်း မနံရသလဲ. . စသည်ဖြင့် လောဘ၊ ဒေါသ၊ မောဟထဲမှာ နစ်မျောနေသူကို မေးရတယ် မဟုတ်လား။ တိရစ္ဆာန်မှာ အဲဒီလိုမရှိဘူး။ မြွေပွေးဆိုရင် ယင်ကောင်လာရင်တောင် မလွတ်ဘူးတဲ့။ နောက်တစ်မျိုး စဉ်းစားကြည့်ရအောင်။ မနောဒုစရိုက်သုံးပါးမှာ သူတစ်ပါးပစ္စည်း ကိုယ့်ပစ္စည်းဖြစ်ဖို့ကြံတဲ့ အဘိဇ္ဈာတဲ့။ သူတစ်ပါးကို သေကျေပျက်စီးစေချင်စိတ်ဆိုတဲ့ ဗျာပါဒတဲ့။ အမြင်မှား၊ အယူမှားတဲ့ မိစ္ဆာဒိဋ္ဌိတဲ့။ အဲဒါလူတွေမှာပဲရှိတယ်။ တိရစ္ဆာန်တွေမှာမရှိဘူး။ ဝစီဒုစရိုက်လေးပါးက ပိုပြီး ရှင်းတယ်။ စကားမှမပြောတတ်ဘဲ။ ကာယဒုစရိုက်သုံးပါးမှာ ပါဏာတိပါတာကို လွန်လွန်ကဲကဲကျူးလွန်တယ်။

သူတို့မှာ အစာရှာစားတဲ့အခါ လောဘ၊ ဒေါသဖြစ်ရတယ်။ ရန်ဘက်သတ္တဝါနဲ့တွေ့တဲ့အခါဒေါသဖြစ်ရတယ်။ တိရစ္ဆာန်ရဲ့သဘာဝက အစာတစ်ခါစားထားရင် အကြာကြီးနေနိုင်တယ်။ ရန်ဘက်သတ္တဝါနဲ့ကလည်း အမြဲမပြတ်တွေ့နေတာမှမဟုတ်ဘဲ။ ကျန်တဲ့အချိန်က မောဟနဲ့မှိန်းနေတာပဲ။ တိရစ္ဆာန်မှာ လူလောက် အကုသိုလ်ဖြစ်စရာမများဘူး။ ဒါပေမယ့် ကုသိုလ်ဖြစ်စရာလည်း မရှိဘူး။ ဘာကြောင့်လဲဆိုတော့ ပထမအချက်က ကုသိုလ်၊ အကုသိုလ်မှန်းမသိဘူး။ ဒုတိယအချက်က ကုသိုလ်ပြုခွင့်မရှိဘူး။ လူတွေမှာ ကုသိုလ်ဖြစ်စရာတွေလည်း များတယ်၊ အကုသိုလ်ဖြစ်စရာတွေလည်း များတယ်။ ဒါပေမယ့် အကုသိုလ်ဖြစ်သူသာများလို့ လူ(၁၀၀)သေလို့ (၁) ယောက် လူပြန်မဖြစ်ဘူး။ အပါယ်ကျတာများတာပဲ။

သတ္တဝါမှန်သမျှ သံသရာမှာဘဝများစွာ မရေမတွက်နိုင်အောင် ကျင်လည်ခဲ့ကြရတယ်။ အဲဒီမှာ ကောင်းမှုတွေလည်းပြုကြတယ်၊ မကောင်းမှုတွေလည်းပြုကြတယ်။ အဲဒီအထဲက ဘဝအဆက်ဆက် လိုက်ပါနိုင်တဲ့ ကောင်းကံ၊ ဆိုးကံတွေရှိတယ်။ အဲဒီကံတွေအရ သုဂတိဘုံ၊ ဒုဂ္ဂတိဘုံတွေမှာ ဖြစ်ရတာပဲ။ ကောင်းကံများပြီး အကျိုးပေးခွင့်ရရင် သုဂတိဘုံမှာ ဖြစ်ရတယ်။ ဆိုးကံများပြီး အကျိုးပေးခွင့်ရရင် ဒုဂ္ဂတိဘုံမှာ ဖြစ်ရတယ်။ လူ့ဘုံဟာ သုဂတိဘုံပဲ။ သုဂတိဘုံမှာ လူဖြစ်နေလို့ သူ့မှာ အကုသိုလ်ကံမရှိဘူးလို့ ပြောလို့မရဘူး။ ရှိနေတယ်။ ကုသိုလ်ကံက အားကောင်းလို့ သူက ဘေးရောက်နေတာ။ ဒါပေမယ့် အခွင့်အရေးရရင် ဆိုးကျိုးပေးဖို့တော့ အဆင်သင့်ပဲ။ ဒါကြောင့် လူတွေ အဆင်ပြေနေရာကနေ ဒုက္ခနဲ့ကြုံတဲ့အဖြစ်မျိုးတွေ ပေါ်လာတာပေ့ါ။

အဲဒီလိုပဲ အကုသိုလ်ကံများပြီး အကုသိုလ်ကံက အကျိုးပေးခွင့်ရသွားလို့ တိရစ္ဆာန်ဖြစ်သွားတဲ့သတ္တဝါတွေမှာလည်း ဘဝအဆက်ဆက် အကျိုးပေးနိုင်တဲ့ ကုသိုလ်ကံက ပျောက်မသွားဘူး။ သူလည်း အကျိုးပေးခွင့်ရှိသလောက်ပေးနေတာပဲ။ အဆင့်မြင့်ကားကြီးတွေစီးပြီး ကောင်းကောင်းစား၊ ဆေးဝါးကောင်းကောင်းမှီဝဲနေရတဲ့၊ လူလတ်တန်းစားတွေ အိပ်မက်တောင်မမက်နိုင်တဲ့ဘဝမျိုးကို ရထားတဲ့၊ ရနေတဲ့ ခွေး၊ ကြောင်စတဲ့ တိရစ္ဆာန်တွေဟာ ကုသိုလ်ကံက အကျိုးပေးနေလို့ပဲ။ ကျွဲတို့၊ နွားတို့ဆိုတဲ့ တိရစ္ဆာန်သတ္တဝါတွေဟာ ငါးပါးသီလ လုံတယ်။ သက်သတ်လွတ်တောင် စားလိုက်သေးတယ်။ ဒါပေမယ့် အသိနဲ့လုံခြင်း၊ စောင့်ထိန်းခြင်းမဟုတ်လို့ ကုသိုလ်မရဘူး။ ဒါပေမယ့် မကျူးလွန်တဲ့အတွက် အဲဒီအတွက်ဖြစ်ရမယ့် အကုသိုလ်လည်း မဖြစ်ဘူး။ အဲဒီလိုနဲ့ အချို့သတ္တဝါတွေ ဆိုးကံအတွက်ခံရတဲ့ ဆိုးကျိုးကုန်ရင် ကောင်းကံကြောင့် သုဂတိဘုံကို တက်နိုင်တယ်။ ဒါပေမယ့် မရှိသလောက်ရှားတယ်။

ပြောချင်တာက စောစောပိုင်းက ကျွန်တော်ပြောခဲ့တဲ့ သဘာဝသတ္တိထူးတွေရှိတဲ့ မြွေတို့၊ ကျားတို့ စတဲ့ သတ္တဝါတွေမှာ သောကနည်းတာရယ်၊ သဘာဝကပေးတဲ့ အခွင့်အရေးရယ်၊ ကံရယ်ကြောင့် ဆူးရှထက်မြက်တဲ့ အကြား၊ အမြင်၊ အနံ့အာရုံခံတွေရရှိတဲ့အပြင် လူ့စိတ်ကို သိတတ်တဲ့ ထူးခြားတဲ့ မနောအာရုံကိုပါ ရရှိထားတယ်။ သူတို့ကို မေတ္တာပို့နေသလား၊ နှိပ်စက်ဖို့ကြံစည်တွေးတောနေသလားဆိုတာကိုသိတယ်"

"ကျေးဇူးတင်တယ်ဗျာ။ ဗဟုသုတအများကြီးရပါတယ်။ ဆက်နားထောင်ချင်သေးတယ်။ ဒါပေမယ့် ချိန်းထားတဲ့ကိစ္စလေးတွေရှိနေသေးလို့ ပြန်ကြပါစို့"

ပထမမေးသူက အထက်ပါအတိုင်းပြောပြီး နှစ်ဦးသား ဝတ်ပြုကာ ပြန်သွားကြပါသည်။ ကျွန်တော့်ကိုတော့ တရားမှတ်နေသည်အောက်မေ့၍ထင်ရဲ့၊ နှုတ်ဆက်မသွားကြပါ။

*'မြွေသည် လူတို့၏ ကြံစည်တွေးတောမှုကိုသိသည်'*

ဟူသောအချက်သည် ဦးစံမြ မြွေနိုင်သည် ဟူသောအချက်ကို အမိကအထောက်အကူပြုပါသည်။

ခြောက်ထပ်ကြီးဘုရားတွင် ကြားလိုက်ရသောစကားများသည် ဗဟုသုတကို တိုးပွားစေသည်၊ သင့်တင့်သောအကျိုးတရားများကို ဖြစ်စေနိုင်သည် ဟူသော ယုံကြည်ချက်ဖြင့် စာဖတ်သူများဗဟုသုတတိုးပွားစေရန် စေတနာမွန်ဖြင့် ကြားသည့်အတိုင်း မှတ်မိသလောက်အတော်ကလေး ပြည့်ပြည့်စုံစုံ ဖော်ပြလိုက်ရသည့်အတွက် ဦးစံမြအကြောင်းကို နောက်အပတ်မှ ဖတ်ရှုကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ချောင်းဆုံအနံ့သည်



www.burmeseclassic.com

www.burmeseclassic.com

# မင်းပေါ်နန်းထိုင်

## ဘိုးသြဘာနှင့်ငွေတစ်ကျပ်



မနက်စောစောတွင် ဖြစ်သည်။ ကိုထွန်းမြအောင်သည် လယ်သိမ်းပြီးသွား၍ အားလပ်ခွင့်ရနေ၏။ ထို့ကြောင့် ခနိမခုတ်ရမီစပ်ကြား၌ တစ်လမျှနားနေရမည်ဖြစ်၍ ဘာအလုပ်တစ်ခုကောက်လုပ်ရလျှင်ကောင်းမလဲဟု စဉ်းစားနေ၏။

အခြားလယ်သမားများမှာ လယ်သိမ်းပြီးလျှင် ကိုင်းလုပ်ကြသည်။ တချို့ ကိုင်းမရှိလျှင် လွှဆွဲကြသည်။ ထို့ကြောင့် ကိုထွန်းမြအောင်မှာလည်း ကိုင်းမရှိသဖြင့် သူများနည်းတူ လွှဆွဲရကောင်းမလားဟု စဉ်းစားသည်။

လွှဆွဲသောအလုပ်က လုပင်ပန်းသော်လည်း ငွေရှင်သည်။ သစ်ပေါသောအရပ်ဒေသဖြစ်၍ လွှတစ်ဆိုင်း တစ်လဆွဲလျှင်အနည်းဆုံး ပျဉ်းကတိုးသစ်လေးတန်ခန့်ရသည်။

လူသက်သာစေရန်အတွက် လွှတစ်ဆိုင်းကို လူသုံးယောက်ဆွဲလျှင်ပင် သစ်လေးတန်ကို ငွေသုံးဆယ်နှုန်းနှင့်တွက်လျှင် တစ်ယောက်လေးဆယ် ကိုက်ပေလိမ့်မည်။

"ဟိုက်ကောင်၊ ဘာတွေတွေးနေတုန်း"

ကိုထွန်းအောင် ဖျတ်ခနဲဖြစ်သွား၏။ အိမ်ရှေ့ကို လှမ်းကြည့်လိုက်ရာ ဘိုးသြဘာကြီး တောင်ဝှေးထောက်ပြီး ရပ်နေသည်ကို တွေ့လိုက်ရသည်။

"ဟာ-ဘိုး၊ ဘယ်ကိုများသွားဘာပါလဲ။ လာလေ၊ အိမ်ထဲကိုဝင်ပါဦး"

ဘိုးသြဘာကြီး အိမ်ထဲကိုဝင်လာနေ၍ ကိုထွန်းမြအောင်လည်း ကပျာကယာစောင်တစ်ထည်ကိုခင်းပြီး ခေါင်းအုံးနှစ်လုံးကိုထပ်ကာ နေရာထိုင်ခင်းလုပ်ပေးလိုက်၏။

"ငါမင်းဆီကိုလာတာကွ။ ငါ့မှာ သတိမထားဘဲ ဖိုထိုးနေရင်း အခုလုံအိုးတွေကုန်ခါနီးမှ သတိပြုမိတယ်။ အရင်လျှုနေကျလူတွေလည်း တစ်ယောက်မှ ပေါ်မလာကြဘူး။ ဒါကြောင့် မင်းကျောက်ဖြူကိုသွားပြီး လုံအိုးတစ်ရာလောက် ဝယ်ပေးစမ်းပါ"

"ဟုတ်ကဲ့၊ ဘိုးကသွားဆိုရင်သွားမှာပေါ့။ ဒါပေမယ့် ကျွန်တော် ကျောက်ဖြူကို တစ်ခါမှမသွားဘူးလို့ ခရီးစဉ်တွေကိုတောင်မသိဘူးဖြစ်နေတယ်"

"ဘာမှမသိစရာမလိုဘူးကွ။ ဒီက လှေသမားတစ်ယောက်ကို လှော်ခိုင်း... သပြုချိုင်ကိုသွား။ သပြုချိုင်က တစ်... တစ်ကြိမ် ရွက်လှေကြီးတွေ ကျော... ကို ကူးတို့အဖြစ်ပို့ပေးလေ့ရှိတာပဲ"

ဘိုးသြဘာ ပြောပြနေသည်... အသေချာမှတ်သားထား၏။ ကိုထွ... အောင်သည်ကား ကျောက်ဖြူကို ... ခေါက်မျှမရောက်ဘူးပေ၊ ယခင်က ... လှေကြီးတစ်စီးမွေးပြီး ထင်း၊ စပါး... ဖြင့် ခရီးသွားနေခဲ့စဉ်ကလည်း စစ်... ဘက်ကိုသာဖြစ်သည်။

"ဘယ်လိုလဲ၊ မင်းသွားမယ်မ... လား"

"ဟုတ်ကဲ့ - သွားမယ်လေ..."

ဘိုးသြဘာက သူ့အိတ်ထဲ... နှိုက်ပြီး ငွေသားတစ်ကျပ်ထုတ်ပေး... ၏။



www.burmeseclassic.com

www.burmeseclassic.com

“ဟာ-ဘိုး၊ ငွေတစ်ကျပ်နဲ့ ဘယ်လိုလုပ်မလဲ။ သွားရမှာကလည်း အဝေးကြီး။ လုံအိုးကလည်း တစ်ရာတောင်ဝယ်ရမယ်ဆိုတော့ လိုတာကို ကျွန်တော်တ စိုက်ထုတ်ပြီး ဝယ်လာရမယ်ဆိုတဲ့နဲ့ပဲသွား။ မင်းဉာဏ်ရှိသလိုသုံးတတ်ရင် အားလုံးအဆင်ပြေသွားပါလိမ့်မယ်”

“ဉာဏ်ရှိသလို”

ဟု ကိုထွန်းမြအောင်၏ ပါးစပ်က အသံထွက်သွား၏။ ထို့နောက် တစ်အောင့်ကြာအောင် စဉ်းစားနေသည်။

“ဘာလဲ၊ မင်းမသွားချင်ဘူးလား”

ဟု ဘိုးသြဘာက ထပ်မေး၏။ ဘိုးသြဘာသည်ကား လူထူးလူဆန်း



ဘောလား”

“လာတုန်းကတော့ ငွေတွေထည့်ာတယ်ကွ။ ဒါပေမယ့် ရွာဦးကိုရောက်တော့ ဟိုလင်သေမ သာမဦး ငိုနေတာတော့ ကလေးကလည်း တစ်ပြုံကြီး းစရာလည်းရှိဟန်မတူဘူး။ ဒါကြောင့်နေးတာနဲ့ သာမဦးကို ပေးထားခဲ့လို့ ပကျန်တော့တယ်။ ငါ့ကျောင်းမှာ ည်း ငွေမရှိဘူး။ ရွှေပဲရှိတယ်။ မင်းကိုပေးလိုက်ရင်လည်း လမ်းမှာခားပြ တ်လို့သေလိမ့်မယ်။ ဒါကြောင့် ဒီငွေ

www.burmeseclassic.com

www.burmeseclassic.com

ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်ဆန်းကြီး ဖြစ်၏။ ထို့ကြောင့် သူ့ကိုယ်သူ နားလည်၍ပင် ငွေတစ်ကျပ်ဖြင့် မိမိအား ကျောက်ဖြူကို လုံအိုးအဝယ်လွှတ်ခြင်းသာ ဖြစ်မည်ဟု နားလည်မိသည်။ မသွားလိုဘူးဟုလည်း မငြင်းရဲ။ ထို့ကြောင့် ချက်ချင်းပင် အဖြေပေးလိုက်၏။

"သွားမယ်လေ ဘိုး။ ဘိုးခိုင်းတာ မသွားလို့ဘယ်ဖြစ်မလဲ။ အလုပ်လည်း အားနေတော့ အခုချက်ချင်းပဲ ထသွားလိုက်ပါ့မယ်"

ဘိုးဩဘာလည်း ဘာမှဆက်မပြောခဲ့ဘဲလှည့်ပြန်သွားလေ၏။

ကိုထွန်းမြအောင်လည်း လှေလှော်သား တစ်ယောက်ကို တစ်ကျပ်ပေးငှားပြီး အဝတ်သုံးစုံမျှထည့်ထားသော လွယ်အိတ်လေးကိုလွယ်ကာ လှေဆိပ်ကိုဆင်းလာခဲ့လေသည်။

ကိုထွန်းမြအောင်သည် လှေစီးရင်းဖြင့် ဘိုးဩဘာ၏ငွေတစ်ကျပ်ကိစ္စကို စဉ်းစားပြန်သည်။ သည်ငွေတစ်ကျပ်ကို ဉာဏ်ရှိသလိုသုံးဟု မှာလိုက်သော်လည်း အဘယ်ကဲ့သို့ ဉာဏ်ရှိရမည်ကို နားမလည်ဖြစ်နေသည်။

သီလ၊ သမာဓိကို လုံခြုံအောင် စောင့်ထိန်းပြီးနေ၍ပင် တစ်ယောက်ယောက်ကပေးကျွေးမည်ကို ဆိုလေသလား။ သည်လိုမှမဟုတ် ပုဂ္ဂိုလ်ထူး တစ်ယောက်ယောက်ကပင် ပေးကျွေးမစမည်ကို ရည်ရွယ်ပြီးပြောလေသလား။ သို့တည်းမဟုတ် ပိုင်ရှင်မဲ့နေသော ငွေထုပ်ကြီးတစ်ထုပ်ကိုပင် ကောက်ရလေမလား။ နားမလည်နိုင်သည်မှာတော့ အမှန်ပင်။

သို့သော်လည်း ဘိုးဩဘာကြီးကိုတော့ နားလည်၏။ ဘိုးဩဘာကြီးသည် ပုဂ္ဂိုလ်ဆန်းကြီးဖြစ်၏။ ထို့ကြောင့် ပြောသမျှမှန်ပြီး လုပ်သမျှလည်း အောင်မြင်၏။ ဘေးလူများနားမလည်နိုင်သော အရာတွေကသာပို၍များ၏။ ဘိုးဩဘာ၏ ထူးဆန်းအံ့ဩဖွယ်ကောင်းသော အကြောင်းအရာများမှာ ပြော၍မကုန်လောက်အောင်ပင်ရှိလေ၏။

ဘိုးဩဘာက ဤငွေတစ်ကျပ်ကို ဉာဏ်ရှိသလို သုံးရမည်ဟုဆိုရာ၌ ဉာဏ်အကြောင်းကိုလည်းကို ကိုထွန်းမြအောင် နားမလည်ပေ။ ထို့ကြောင့် သီလကိုသာ လုံခြုံစွာဖြင့် စောင့်ထိန်းပြီး သွားတော့မည်ဟု ဆုံးဖြတ်လိုက်၏။

သပြူချိုင်ဆိပ်သို့ရောက်လျှင် လှေသမားကို ငွေပေးပြီး မလွှတ်ပေးဘဲ ဆိပ်ကမ်းက ထမင်းဆိုင်ကိုဝင်ပြီး ထမင်းစားကြသည်။ ထမင်းကအဝစားတစ်ယောက် ငါးမူးဖြစ်သည်။ ထမင်းကို ဦးစွာစားသောက်ကြခြင်းမှာ ဘိုးဩဘာ၏ ငွေတစ်ကျပ်ကို စမ်းသပ်ခြင်းပင် ဖြစ်သည်။

ထမင်းစားသောက်ပြီးနောက် ငွေတစ်ကျပ်ကို ထုတ်ပေးလိုက်၏။ ထို့ကြောင့် ဘိုးဩဘာပေးလိုက်သောငွေတစ်ကျပ်ကုန်ပြီ။ ကိုထွန်းမြအောင်လည်း ငွေပိုယူမလာခဲ့ပေ။ ထို့ကြောင့် ကိုထွန်းမြအောင်၏ကိုယ်မှာ ငွေဆို၍ ခြူးတစ်ပြားမျှ မရှိတော့။

ကိုထွန်းမြအောင် ပတ်ဝန်းကျင်ကို အကဲခတ်ပြီးကြည့်နေသည်။ တစ်ဦးတစ်ယောက်ကများ ငွေလာပေးလေမလားဟူသော မျှော်မှန်းချက်ဖြင့် စောင့်ကြည့်နေခြင်းဖြစ်သည်။သို့သော် တစ်ယောက်မျှပေါ်၍မလာပေ။

လူထူးလူဆန်း ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်ဆန်းကြီးဖြစ်၍ ဘိုးဩဘာကိုယ်တိုင်ပင် အခြားလူတစ်ဦးတစ်ယောက်အသွင် သို့တည်းမဟုတ် ပုဂ္ဂိုလ်ဆန်းကြီးအသွင်ဖြင့်ပင် ရောက်လာပြီး ငွေထုတ်ပေးလေမလားဟုလည်း လိုရာဆွဲ၍တွေးမိသည်။ သို့သော်လည်း တစ်ယောက်မျှပေါ်မလာသေးပေ။

ထို့နောက် တစ်မျိုးဆင်ခြင်မိသည်မှာ ငါ့သီလမဆောက်တည်မိ၍ပင် ကူညီမည့်သူများ မရောက်လာကြခြင်းပင် ဖြစ်လေသလားဟု တွေးမိပြန်သည်။ ထို့ကြောင့် ငါးပါးသီလကို စိတ်ထဲက ရွတ်ဆိုပြီး ဆောက်တည်ထားလိုက်သည်။

ငါးပါးသီလကိုဆောက်တည်ခြင်းမှာ ရဟန်းသံဃာတော်များထံမှ ရွတ်ဆိုဆောက်တည်မှ ရရှိပြီးပြည့်စုံသည်မဟုတ်ပေ။ ငါးပါးသီလသည် ကမ္ဘာစောင့်တရားသီလကြီးဖြစ်၍ မိမိဘာသာဆောက်တည်လျှင်လည်း ရရှိသည်သာ ဖြစ်သည်။

ထို့ကြောင့် ကိုထွန်းမြအောင်သည် ငါးပါးသီလကို ကိုယ်တိုင်ဆောက်တည်လိုက်ပြီးနောက် တစ်ပါးစီတစ်ပါးချင်း ပို၍သာ၍ သန့်ရှင်းဖြူစင်သွားအောင်ဆင်ခြင်ပြီးနေသည်။ ထို့နောက် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ပြန်သည်။ ယခုအချိန်အထိ တစ်ယောက်မျှတော့ ပေါ်မလာသေးပေ။

လှေသမားကိုအကဲခတ်ကြည့်ပြန်သည်။ လှေသမားသည် ကိုထွန်းမြအောင်၏မျက်နှာကို ကွက်ကြည့်ကွက်ကြည့်လုပ်နေ၏။ လှေလှော်ခ ပိုက်ဆံ တစ်ကျပ်ကို လိုချင်နေ၍ပင် ဖြစ်ပေလိမ့်မည်။

ဤသည်ကို သိလျက်နှင့်ပင် ကိုထွန်း မြအောင်က တမင်တကာ ဘိုးဩဘာ၏ ပိုက်ဆံတစ်ကျပ်အကြောင်းကို စမ်း သပ်ကြည့်ချင်နေ၍ပင် သူ့အား ဘာ မပြောဘဲထားသောကြောင့် သူ့ အစမ်းသပ်ခံပုဂ္ဂိုလ်ဖြစ်နေရလေသည်။

"ကိုထွန်းမြအောင်၊ ကျွန်တော် လေးရှိတုန်းပြန်ချင်တယ်။ ဒါကြောင့် ကျွန်တော့်လှေလှော်ခကို အခုပေးလို မလား။ နောက်ကြုံမှပဲပေးမလား"

ဟု လှေသမားက မေးလာ ၏။

"တစ်အောင့်လောက်တော့ စမ်းပါဦးကွာ။ အခုပေးလိုက်မှာပါ။ မပေးနိုင်ရင်လည်း ငါ မင်းနဲ့အတူ လိုက်မှာပါ။ ဒါကြောင့် နာ လောက်ပဲဖြစ်ဖြစ်သည်းခံပြီးစောင့်

လှေသမားသည် သက်မတစ် ကိုချပြီး ကိုထွန်းမြအောင်ထံမှ အ လွဲသွား၏။ အိမ်ကို အချိန်မီပြန်လို ကိုထွန်းမြအောင်အား အလိုမကျ စိတ်တိုနေသောအမူအရာများပင် ဟပ်၍နေလေသည်။ထို့ကြောင့် ကို မြအောင်လည်း လှေသမားကို အား နေပြီ။

သည်အတိုင်းနေ၍ပင် မပြေလေသလား။ ဟိုနားသည်နား ကြည့်၍ပင်နေရမလား။ သို့မှ လ မှာသော်လည်းကောင်း၊ လမ်းမ သော်လည်းကောင်း ငွေထုပ်ကို ရလေမလားဟုလည်း တွေးမိ တွေးနေမိပြန်သည်။ ထို့ကြောင့် ကို မြအောင် ထိုင်နေရာမှထပြီး လ ပတ်ဝန်းကျင်များကိုကြည့်ပြီး အ မဲ့လျှောက်သွားနေမိပြန်သည်။

ဤသို့ဖြင့် လှေသမားကို ပေးထားသော နာရီဝက်ခန့်အချိန် လည်း ကုန်သွားပြန်လေသည်။ ကြောင့် ကိုထွန်းမြအောင် စိတ် လာ၏။ လှေသမားမှာလည်း ထ ထိုင်လိုက် သက်မချလိုက်နှင့် အ လေး စိတ်ပျက်နေပုံရ၏။

ထို့ကြောင့် ကိုထွန်းမြ လည်း လှေသမားကို အားနာ ယခုအချိန်ထိ ကူညီမည့်သူ တစ် မျှ ရောက်မလာသေးတော့။ တ တွင်ကျနေသော ငွေကြေး ကိုလည်း မတွေ့ရတော့။



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် ဘိုးသြဘာ၏အစွမ်းကိုလည်း မကယ်နိုင်၊ ကိုယ်တိုင်ဆောက်တည်ပြီးဆင်ခြင်ထားသော သီလကလည်း အကျိုးမပေးလေတော့ နောက်ကြောင်းပြန်ရန်ကိုသာ ဆုံးဖြတ်လိုက်လေ၏။

"ကဲ - လှေသမားလာကွာ၊ ပြန်ကြစို့အောင်"

ဖင်တကြွကြွဖြစ်နေသော လှေသမားသည် ချက်ချင်းပင် လှော်တက်ကို ကောက်ကိုင်ပြီး ထလိုက်လာ၏။ ထို့နောက် အနားသို့ရောက်လျှင် ကိုထွန်းမြအောင်အား မေးသည်။

"ကိုထွန်းမြအောင်က ဘယ်သူ့ကိုများလာစောင့်တာလဲ။ ကျောက်ဖြူကိုသွားမယ့်ရွက်လှေကို စောင့်နေတာပဲဟုတ်လား။ ကျောက်ဖြူကိုသွားမယ့်ရွက်လှေက နောင်တော်ပင်လယ်ဝမှာ လှိုင်းနဲ့တွေ့မှာစိုးလို့ ညနေလေးနာရီလောက်မှ ရောက်လာပြီး ထွက်မယ်လို့ပြောကြတယ်"

ကိုထွန်းမြအောင်မချိပြုံးတစ်ချက်ပြုံးပြီးခေါင်းခါပြလိုက်သည်။ ထို့နောက် လှေပေါ်ကို တက်ထိုင်လိုက်၏။

"ကိုထွန်းမြအောင်က ဘိုးသြဘာဆီအိုးအဝယ်လွှတ်လို့ ကျောက်ဖြူကိုသွားမယ်လို့ပဲ ကျွန်တော်ကြားတာလေ။ အဲဒါကြောင့် ကျောက်ဖြူကို သွားမယ်ဆိုရင်တော့ ရွက်လှေကြီးက ကျွန်တော်ပြောခဲ့တဲ့အတိုင်း ညနေလေးနာရီလောက်မှ ရောက်လာမယ်လို့ ပြောကြတယ်။ ဒီတော့ ကိုထွန်းမြအောင်စောင့်ချင်ရင်စောင့်နေခဲ့ပါ။ ကျွန်တော့်ပေးရမယ့်ငွေတစ်ကျပ်ကိုများ အခက်အခဲရှိတယ်ဆိုရင်လည်း အားနာမနေပါနဲ့။ နောက်မှပေးလည်းရတာပဲ"

ဟု လှေသမားက ကိုထွန်းမြအောင် ငွေတစ်ကျပ်မပေးနိုင်ဖြစ်နေသည်ကို နားလည်နေမိ၍ လွှတ်ခနဲပြောလိုက်သည်။

ကိုထွန်းမြအောင် ဘာမှမပြောသေးဘဲ ဆေးတံဖွာရန် အိတ်ထဲကို လက်နှိုက်လိုက်သည်။ ဤတွင် ဂတ်ဟုဆေးဘူးနှင့် တစ်စုံတစ်ခုထိခိုက်မိသံကို ကြား၍ အသေအချာမွှေနှောက်ပြီး စမ်းကြည့်လိုက်ရာ ငွေသားတစ်ကျပ်ကို ကိုင်မိလေ၏။

ထို့ကြောင့် ကိုထွန်းမြအောင်သည် အံ့တသြဖြစ်သွားပြီး ထိုငွေသားတစ်ကျပ်ကို လှေသမားမမြင်အောင် အိတ်ထဲမှထုတ်ကြည့်လိုက်သည်။ တစ်အောင့်လေးကြာအောင်လည်း ငေးကြည့်နေမိသည်။ ဘိုးသြဘာအစွမ်းပြပြီပဲဟုလည်း နားလည်လိုက်သည်။ ရှေ့ခရီးမှာလည်း ငွေကုန်လျှင် ဤအတိုင်းပင် ဘိုးသြဘာအစွမ်းပြလိမ့်မည်ဟု ဖြည့်စွက်ပြီး နားလည်လိုက်၏။

ဘိုးသြဘာပေးလိုက်သော ငွေသားတစ်ကျပ်ကုန်ပြီးနောက် လမ်းစရိတ်ပြတ်ပြီး ရှေ့ကိုဆက်သွား၍မရတော့ပြီဟုတွေးကာ ဘိုးသြဘာဘယ်လိုများလုပ်လိုက်ပါလိမ့်ဟု အထင်သေးစိတ်များပေါ်ပေါက်ခဲ့မိသည်ကိုလည်း ယခုမှ စိတ်ထဲက ဘိုးသြဘာအား တောင်းပန်လိုက်ရ၏။ ထို့နောက် ထိုငွေတစ်ကျပ်ကို လှေသမားအား ထုတ်ပေးလိုက်သည်။

"ရော့ကွာ။ မင်းနေ့တွက် ငွေတစ်ကျပ်။ ငါပြန်မလိုက်တော့ဘူး။ မင်းတစ်ယောက်တည်းပဲ လှော်သွားတော့"

"ဟာ - ဘယ်လိုဖြစ်တာတုံး။ ခုတင်ကပဲ ပြန်လိုက်မယ်ဆိုပြီး လှေပေါ်ကိုတက်နေပြီးမှ အခုမလိုက်တော့ဘူးလား"

"အေးပါ၊ ငါပြန်မလိုက်တော့ဘူး။ ကျောက်ဖြူကိုသွားမယ့် ရွက်လှေကိုပဲ စောင့်တော့မယ်"

ဟု ပြောပြီး ကိုထွန်းမြအောင်သည် ကမ်းကမ်းပေါ်ကို ခုန်တက်လိုက်၏။ ထို့ကြောင့် လှေသမားမှာ နားမလည်နိုင်ဖြစ်ပြီး ငေး၍သာကျန်နေခဲ့လေ သည်။

ကိုထွန်းမြအောင်သည် ကျောက်ဖြူကိုထွက်မည့် ရွက်လှေကြီးနှင့် မည်ကဲ့သို့ ဆက်သွယ်ရမည်ကိုသိလို၍ ဆိပ်ကမ်းတွင် ရောင်းချနေကြသော ဈေးသည်များအား မေးမြန်းကြည့်သည်။

"ရွက်လှေကြီးရောက်လာတဲ့အခါ တက်လိုက်သွားရုံပါပဲ"

ဟုသာ ပြောပြကြသည်။ ထို့ကြောင့် ဘာမှကြိုတင်လုပ်ထားရန်မလိုဟု နားလည်လိုက်၍ အေးဆေးသွားလေ၏။ အိတ်ထဲကို နှိုက်စမ်းကြည့်လိုက်တိုင်းလည်း အမြဲတမ်း ငွေသားတစ်ကျပ်ရှိနေသည်ကိုတွေ့ရ၍ ဝမ်းသာစိတ်ဖြင့် တစ်ယောက်တည်းပြုံးနေမိသည်။

တစ်အောင့်အကြာတွင် ရွက်လှေကြီးဆိုက်ရောက်လာပြီး ကုန်းဘောင်ထိုးပေး၍ ကိုထွန်းမြအောင် တက်သွားလိုက်သည်။ ကျွန်းပတ်ရွက်လှေကြီးဖြစ်၍ လူအတော်များများ စီးနင်းလိုက်ပါလာသည်ကိုလည်း တွေ့ရသည်။

ရွက်လှေခကို မေးမြန်းကြည့်လိုက်ရာ သုံးကျပ်ဟုဆို၍ ကိုထွန်းမြအောင် ခေါင်းကြီးသွား၏။ စင်စစ်တွင် တစ်ကျပ်မျှသာတန်သည်။ သုံးကျပ်ဆိုလျှင် အတော်လေးများသည်။ သို့သော်လည်း ကို ထွန်းမြအောင် ပူစရာမလိုပေ။ အိတ်ထဲမှ တစ်ကျပ်ပြီးတစ်ကျပ်ထုတ်ပေးလိုက် ရုံသာရှိသည်။

နောက်မှစုံစမ်းကြည့်ရာ ကျောက်ဖြူကိုရောက်သည်အထိ ယခုအချိန်မှစပြီး တစ်ညနှင့် မနက်ဖြန်နေ့တစ်ဝက်ကျိုးမှ ကျောက်ဖြူကိုရောက်မည်ဖြစ်၍ ထမင်းလည်းနှစ်နပ်ကျွေးဦးမည်ဟု သိရသောကြောင့် သုံးကျပ်ပေးရမည်မှာ မများပေ။ တန်သည်ဟူ၍ပင် ဆိုနိုင်လေသည်။

ထို့ကြောင့် ရွက်လှေခလာကောက်ကြသောအခါတွင်လည်း တစ်ကျပ်ပြီးတစ်ကျပ် သုံးကျပ်ပြည့်အောင် ထုတ်ပေးလိုက်သည်။ ထို့နောက် အိတ်ထဲကို နှိုက်စမ်းကြည့်ရာတွင်လည်း တစ်ကျပ်သည် ရှိနေမြဲဖြစ်သည်။

ရွက်လှေပေါ်တွင် ထမင်းတစ်နပ်ကို တစ်ကျပ်ပေးရသောကြောင့် သပြုချိုင်ဆိပ်ကမ်းမှာထက် ဈေးကြီးလေသည်။ သို့သော်လည်း ကိုထွန်းမြအောင်မှာ ပူစရာမလိုပေ။ တစ်ကျပ်ထုတ်ပေးလိုက်တိုင်း အိတ်ထဲသို့ တစ်ကျပ်ရောက်နေမြဲသာ ဖြစ်သည်။

နောက်နေ့ ညနေသုံးနာရီအချိန်တွင် ကျောက်ဖြူဆိပ်ကမ်းကိုရောက်သည်။ ရွာကဦးပဉ္စင်းများ စာသင်၍ရှိနေကြသည့် သာသနဟိတာရာမတိုက် သံဖြူကျောင်းမှာပင် သွားတည်းသည်။ ဦးပဉ္စင်းလေးပါးကိုလည်း ဆွမ်းဖိုး၊ ကွမ်းဖိုး နဝကမ္မဝတ္ထုငွေတစ်ကျပ်စီ လှူဒါန်းလိုက်သည်။

နောက်နေ့မနက်တွင် ဈေးကိုသွားပြီး လုံအိုးတစ်ရာဝယ်လိုက်သည်။ လုံအိုးတစ်လုံးလျှင် ပိုက်ဆံငါးပြားနှုန်းဖြင့် ငွေသားငါးကျပ်ထုတ်ပေးလိုက်သည်။ ထို့နောက် ကိုထွန်းမြအောင် စဉ်းစားသည်။ ရွှေကိုဝယ်သည်ဖြစ်စေ၊ အခြားသောပစ္စည်းများကို ဝယ်သည်ဖြစ်စေ၊ ဤနည်းအတိုင်း တစ်ကျပ်ပြီးတစ်ကျပ် ထုတ်ပေးလိုက်လျှင် လိုသလောက်ဝယ်၍ ရနိုင်သည်။

သို့သော် ရွှေနှင့်အခြားပစ္စည်းများကို ဝယ်ယူသွား၍ လမ်းမှာဓားပြတိုက်လျှင် ကုန်ဦးမည်။ ထို့ကြောင့် ဘာမှမဝယ်ဘဲ ပြန်သွားပြီး အိမ်ကိုရောက်



www.burmeseclassic.com

www.burmeseclassic.com

လယ်ယာဥယျာဉ်နှင့် ကျွဲနွားများကို ဝယ်ယူပြီး စုဆောင်းထားလျှင် မည်သည့်ပြဿနာမျှမရှိပေ။ ထို့ကြောင့် အန္တရာယ်များသောပစ္စည်းများကို ဝယ်မည့်အစား အိမ်ကိုပြန်ရောက်မှ လယ်ယာဥယျာဉ်နှင့် ကျွဲ၊ နွားများကို ဝယ်ယူပြီး စုဆောင်းထားသည်က အကောင်းဆုံး။

◆

ကိုထွန်းမြအောင်သည် ရွာဆိပ်သို့ ရောက်သည်နှင့် သပြုချိုင်ဆိပ်မှ ငှားလာသော လှေသမားကို တစ်ငွေသား တစ်ကျပ်ထုတ်ပေးပြီး ပြန်ခိုင်းလိုက်၏။ ထို့နောက် လုံအိုးတစ်ရာထည့်ထားသော သစ်သားသေတ္တာကြီးကို ကောက်ထမ်းပြီး အိမ်ဘက်ကိုဦးတည်၍လျှောက်လာခဲ့သည်။ လမ်းမှာ တောဝက်သား လျှောက်ရောင်းနေသည့် မုဆိုး အောင်ကျော်ဦးကို တွေ့သည်။

"ဟ-အောင်ကျော်ဦး၊ တို့အိမ်က တောဝက်သားများ ဝယ်ထားလိုက်ကြသလားကွ"

"ကျွန်တော် ကိုထွန်းမြအောင်အိမ်ဘက်ကိုတောင် မသွားသေးဘူး။ ဒီဘက်ပိုင်းကိုပဲ အရင်လျှောက်ရောင်းနေတာ"

"ဒါဆိုရင် ငါ့ကိုတစ်တွဲပေးစမ်း"

ဟု ပြောပြီး ငွေတစ်ကျပ်ထုတ်ပေးလိုက်၏။

"ဟာ-ကိုထွန်းမြအောင်ကလည်းဗျာ။ ဒီမှာတစ်တွဲတည်း ကျန်တော့တယ်။ ဒါကြောင့် ဒီအတွဲကိုပါ ဝယ်လိုက်ပါလား။ နှစ်တွဲဆိုတော့ များများစားရတာပေါ့"

"ဒါဆိုလည်းပြီးရော။ ဒါပေမယ့် ငါ့မှာအထမ်းကြီးနဲ့ဖြစ်နေလို့ ပိုက်ဆံနှိုက်ရတာခက်တယ်။ ဒါကြောင့် နောက်တစ်တွဲဖိုးကို မင်းငါ့အိမ်လိုက်ယူတော့ကွာ"

"ခင်ဗျားထမ်းထားတာက ဘာကြီးလဲ"

"ဘိုးသြဘာ လုံအိုးဝယ်ခိုင်းလို့ ငါကျောက်ဖြူကိုသွားဝယ်ပြီး ပြန်လာတာလေကွာ"

စကားတပြောပြောဖြင့် အိမ်ဘက်ကို လျှောက်လာကြ၏။ အိမ်ကိုရောက်လျှင် သစ်သားသေတ္တာကြီးကို အောက်ဆင့်မှာချထားလိုက်ပြီး အိတ်ထဲကိုလက်နှိုက်၍ ငွေလိုက်စမ်း၏။ သို့သော် မတွေ့ပေ။

ထို့ကြောင့် စိတ်မရှည်ဖြစ်လာပြီး အိတ်ထဲက ဆေးတံ၊ ဆေးဘူးနှင့် မီးခတ်ကျောက်များကို အပြင်သို့ထုတ်လိုက်ပြီး အိတ်ထဲအနှံ့ လျှောက်စမ်းပြန်သည်။ သို့သော်လည်း ဘာမှမတွေ့ရပေ။ ထို့ကြောင့် ကိုထွန်းမြအောင် ဒေါသထွက်လာပြီး အိတ်ကိုမှောက်သွန်ချလိုက်၏။ အိတ်ကိုမှောက်သွန်ချကြည့်သော်လည်း ဘာမှမရှိတော့။

ထို့ကြောင့် ကိုထွန်းမြအောင် သက်မချလိုက်၏။ နားမလည်နိုင်အောင်လည်းဖြစ်နေမိသည်။ ခါတိုင်းသာဆိုလျှင် တစ်ကျပ်ပြီးတစ်ကျပ် လိုသလောက် ထုတ်သုံး၍ရသည်။ ယခုဘယ်လိုများဖြစ်သွားပါလိမ့်ဟု စဉ်းစား၍မရအောင်ပင် ဖြစ်သွားရလေသည်။

အဝတ်ထည့်သောအိတ်ကိုမှောက်သွန်ပြီးလည်း ရှာကြည့်သည်။ မတွေ့။ ဓားလှီးဆေးများကို ထည့်ထားသော ဆေးဘူးထဲရှာကြည့်လျှင်လည်း မတွေ့။ အင်္ကျီအိတ်၊ ဖောက်အိတ် စသည်များကို မွှေနှောက်ပြီးရှာကြည့်လည်း နတ္ထိ။ ကိုထွန်းမြအောင် သက်မတစ်ချက်ကို ထပ်ကာချလိုက်၏။

သို့သော် သည်အတိုင်းနေ၍ မဖြစ်သေးပေ။ အောင်ကျော်ဦးကို တောဝက်သားဖိုး တစ်ကျပ်ပေးရန်အတွက် အရေးတကြီးလိုနေသေး၏။ ထို့ကြောင့် အိမ်ပေါ်ကိုပြေးတက်ပြီး အိပ်ရာအောက်က ငွေတစ်ကျပ်ကို ယူပေးလိုက်၏။

မြို့ကြီးပြန်ဖြစ်၍ အိမ်ကသားမယားနှင့် အိမ်နီးအိမ်နားက ကလေး၊ လူကြီးအတော်များများတို့ စုဝိုင်းပြီး ရောက်လာကြသည်ကိုပင် စကားတစ်ခွန်းမပြောနိုင်။ စားသောက်စရာ မုန့်ကလေးတစ်ခု၊ သကြားလုံးလေးတစ်လုံးမျှမပေးနိုင်။

အိမ်ကို ပြန်ရောက်လျှင် လယ်ယာ၊ ဥယျာဉ်၊ ကျွဲ၊ နွား စသည်များ ဝယ်ယူစုဆောင်းမည် ဟူသော လောဘဇောကြီးဖုံးလွှမ်းထား၍ အိမ်ပြန်လက်ဆောင်များပင် သတိမရခဲ့ပေ။ ယခုတော့ သွားပြီ။ ဘာမှမတတ်နိုင်တော့။ နားလည်နိုင်ခြင်းလည်းမရှိတော့။ ထိုင်ချထိုင်ပြီး လက်နှစ်ဖက်ကို နောက်မှာထောက်ကာ အိမ်မိုးခေါင်ကိုသာ အကြာကြီးကြည့်နေမိလေသည်။

"ထွန်းမြအောင် ကျောက်ဖြူက ပြန်ရောက်ပြီလို့ ကြားတယ်။ ဘယ်လိုတုံး၊ ငါမှာလိုက်တဲ့ လုံအိုးများ ရခဲ့ရဲ့လားကွ"

အိမ်ရှေ့က ဘိုးသြဘာ၏အသံကို ကြားမှ ကိုထွန်းမြအောင်သည် လောဘဇောဖြင့် မေ့မြောနေရာမှ လန့်နိုးလာ၏။ ထို့ကြောင့် ကပျာကယာထရပ်လိုက်ပြီး အိမ်ရှေ့သို့ ပြေးဆင်းကာ ဘိုးသြဘာအား ကြိုလိုက်၏။

"ဟုတ်ကဲ့ ဘိုး။ ဘိုးမှာလိုက်တဲ့ လုံအိုးတစ်ရာ ဝယ်ခဲ့တယ်"

ဟု ပြောပြီး လုံအိုးများကို ထည့်ထားသော သစ်သားသေတ္တာကြီးကို လက်ညှိုးထိုးပြလိုက်၏။ ဘိုးသြဘာက ဘာမှမပြောသေးဘဲ ကိုထွန်းမြအောင်ကိုသာ ပြုံးကြည့်ကြည့်နေ၏။ ထို့နောက် မေးသည်။

"မင်း ငွေတစ်ကျပ်နဲ့ အဆင်ပြေရဲ့ မဟုတ်လား"

"ပြေပါတယ်ဘိုး။ ဒါပေမယ့်"

ဟု ဆိုကာ ကိုထွန်းမြအောင်၏ မျက်နှာညှိုးကျသွား၏။

"ဒါပေမယ့်ဆိုတာက ဘာတုံးကွ"

ဟု ပြောပြီး ဘိုးသြဘာက ပြုံးသည်။

မပြုံးနိုင်သည်က ကိုထွန်းမြ အောင်။

"ဒါပေမယ့်ဆိုတာက ဘာတုံး ပြောလေကွာ"

ဟု ထပ်မေးကာ ဘိုးသြဘာ တဟားဟားဖြင့် ရယ်လေသည်။

"ဘိုးပေးလိုက်တဲ့ ငွေတစ်ကျပ်က တစ်မျိုးကြီးပဲ။ သွားလာနေတုန်း ခရီး တစ်ခေါက်ပဲ သုံးလို့ရတယ် ထင်ပါရဲ့ အိမ်လည်းရောက်ရော နှိုက်ကြည့်လိုက် တော့ လုံးဝမရှိတော့ဘူး"

"အေးလေ ငါကလည်း မင်း ခရီးတစ်ခေါက်အတွက်ပေးလိုက်တာ ဒါကြောင့် ခရီးသွားနေတုန်းမှာ မင်း ကြိုက်သလိုသုံးပေါ့။ ကြိုက်တာတွေဝယ် ပေါ့။ ဒါ့အပြင်တော့ မရဘူးလေ။ ဒါ ကြောင့်လည်း မင်းကို ငွေပေးတုန်းက ဥာဏ်ရှိသလို သုံးတတ်ရင် အား အဆင်ပြေသွားလိမ့်မယ်လို့ ပြောလိုက် တာပဲ"

"ဟုတ်ပါတယ်၊ အဲဒီတုန်း လည်း ဘိုးပြောတာကို အပြည့်အစုံ လည်အောင် အသေချာ နားမထောင် လိုက်မိဘူး"

ဟု ကိုထွန်းမြအောင်က စိတ် သံဖြင့် ပြော၏။

"မင်းလိုကောင် အသေချာ နားလည်သွားရင်လည်း ကျောက် တစ်မြို့လုံးကိုတောင် ဝယ်ထမ်း လောက်တယ်"

ဟု ပြောပြီး ဘိုးသြ တဟားဟားဖြင့် ရယ်ပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးစိန်ညွန့်(ကျိုက်လတ်)

# သားသမီးရတနာရစိမ့်သောငှာ

'ဃရာဝါသ သမ္မာပေဟု၊ ကိစ္စမြား မြောင်၊ လူတို့ဘောင်ဝယ်၊ အိမ်ထောင်ဘက်မွေး၊ ခြွနှယ်မြေးသား' ဟူသော ...န်တော်မင်းကျောင်းဆရာတော် ရေးသားခဲ့သည့် လောကသာရပျို့ဆုံးမစာအရ လူရယ်လို့ဖြစ်လာလျှင် ကျား၊ မ ...ပျို့လူရွယ်၊ လုံမပျိုငယ်တို့မှာ စက္ခု ...ပေန သံဝါသ ဟူသော စကားအရ ...ခြင်းမေတ္တာကြီးသွယ်ကြကာ အိမ်ရာ ...ည်ထောင် သံယောဇဉ်နှောင်တွယ်ကြ ...ည်၊ မိသားစုဘဝကို တည်ဆောက်ကြ ...တော့၏။ အိမ်ထောင်ကျပြီးနောက်ဝယ် ...သားသမီးများ ပွားစီးကာ သီရိဂေဟာ ...ပျော်ရွှင်ကြည်နူးဖွယ် မိသားစုအသိုင်း ...ဝိုင်းနှင့် လူ့ဘဝခရီးလမ်းကို လျှောက် ...မ်းနေထိုင်ကြရာတွင် အိမ်ထောင်ပြု ...ကြသူ မောင်မယ်တိုင်းသည် သူများအိမ် ...ထောင်စုတွေလို သားသမီးရတနာများ ...နှင့် ပျော်ပျော်ရွှင်ရွှင်နေထိုင်သွားလာလို ...ကြ၏၊ မိသားစုမျိုးနွယ် အစဉ်အဆက် စည်းစည်းလုံးလုံး အသိုက်အဝန်း ကျယ်ပြန့်စွာနှင့် နေထိုင်လိုကြသည်။ တစ်မိသားနှင့် တစ်မိသား မျိုးဆက်ပေါင်းသင်း နေထိုင်ခဲ့ကြသူများမှ သားသမီးများမွေးဖွားလာကြသည့်အခါ တစ်ရွာတစ်ကျိုး ဆောက်သကဲ့သို့ ဆွေမျိုးသားချင်းများနှင့် သိုက်သိုက်ဝန်းဝန်း ရွာတည်ခဲ့ကြသည်များလည်းရှိခဲ့ဖူးပါသည်။

သို့သော် ထိုသို့သော်ကား ချစ်ခြင်းမေတ္တာသံယောဇဉ်ကြီးသွယ်ပြီးကာမှ သူများတွေလို အိမ်လည်ဆွဲ၊ အိမ်ဆည်းလည်းလေးနှင့်တူသောသားသမီးရတနာလေးများမရရှိကြသူ မောင်မယ်များမှာ မိသားစုအသိုက်အမြုံကို သူများနည်းတူ မတည်ဆောက်နိုင်။ သားသမီးမရ။ သားဟုခေါ်စရာ၊ သမီးဟု ပျော်စရာမရှိကြသည့်အခါ အခြားသော မိသားစု အိမ်ထောင်သည်များလို မပျော်နိုင်။ အိမ်ထောင်ကျပြီး လေးနှစ်၊ ငါးနှစ်ကြာသည့်တိုင်အောင် သားသမီးမရကြသည့်အခါ ခေတ်မီဆေးပညာရှင်များ၊ ခေတ်မီဆေးဝါးများ၊ ခေတ်ပေါ်စမ်းသပ်ပစ္စည်း ကိရိယာများနှင့် သားသမီးရနိုင်မည့် နည်းလမ်းများကို ငွေကုန်ကြေးကျခံကာ စစ်ဆေးကြိုးစားကြသည့် အိမ်ထောင်ရှင်များလည်းရှိကြ၏။ အချို့သောသူတို့မှာ မြန်မာ့ရိုးရာ အစဉ်အလာအတိုင်း အဓိကရ ညောင်ပင်ကြီးများမှ ရုက္ခစိုးနတ်မင်းကြီးများထံ သား၊ သမီးဆုကို တောင်းကြသည်။ ထိုသို့သောနည်းများဖြင့် သားသမီးရရှိသူများရှိကြသလို လုံးဝမရရှိသူများလည်း တော်တော်များများ ရှိကြပါသည်။

ထိုကဲ့သို့ သားသမီးမရရှိသောသူများထဲမှ ကျွန်ုပ်ထံသို့ လာရောက်ကြသူ ဇနီးမောင်နှံနှစ်ဦးမှာ သားသမီးအလွန်လိုချင်ရှာသော ဇနီးမောင်နှံများ ဖြစ်ကြသည်။ ငွေကြေးလည်းတတ်နိုင်သည်။ ပါရဂူဆရာဝန်ကြီးများနှင့်လည်း နှစ်ဦးစလုံး ဆေးစစ် စမ်းသပ်ခဲ့ကြသည်။

---

...ထွန်းမြအောင်သည်ကား မချိပြုံးလေး ...သာ ပြုံးနိုင်လေသည်။

"ကျွန်တော်လည်း သတိတော့ရ ...ရဲ့၊ တစ်ကျပ်စီနှိုက်သုံးလိုက်တိုင်း ...အဆင်ပြေနေတာတွေ့တော့ ရွှေထည် ...တွေနဲ့ အခြားအသုံးအဆောင်တွေကို ...သွားရင် အဆင်ပြေမှာပဲဆိုပြီး ဒါပေ ...မယ့် လမ်းမှာ ဓားပြတိုက်မှာစိုးလို့ အိမ် ...လက်ဆောင်လေးတောင်ဝယ်မလာ ...ဘဲ အိမ်ပြန်ရောက်မှ လယ်ယာကျွဲ ...နွားတွေ ဝယ်တော့မယ်ဆိုပြီး ပြန်ချလာ ...ဘာ အိမ်လည်းရောက်ရော အိတ်ထဲ ...နှိုက်စမ်းကြည့်လိုက်တော့ ဘာမှမရှိ ...တော့ဘူး"

ဟု ပြောပြလိုက်ရာ ဘိုးသြဘာ ...အားဟားဖြင့် ရယ်ပြန်လေသည်။

"ငါက မင်းကို ဉာဏ်ရှိသလို သုံးဖို့ ...ပေးလိုက်ပေမယ့် မင်းက ကံမဲ့ဉာဏ်မဲ့ ...အကောင်ဆိုတော့မစားထိုက်ဘူးပေါ့။ ...ကြောင့် ဥစ္စာကံပေး မရသေး ဆိုတာ ...ပေါ့ကွ။ လူတိုင်း သူဌေးဖြစ်ချင်ကြ ပေမယ့် လုပ်တိုင်းလည်း မချမ်းသာပါဘူး။ ကံလည်းပါ ဉာဏ်လည်းရှိမှ။ ကံကို ဉာဏ်နဲ့ထိန်းပြီး လုပ်ကိုင်တတ်မှ ဘဝတစ်သက်တာပတ်လုံး ချမ်းချမ်းသာသာနဲ့နေစားကြရတာပါ။ ဒီတော့ တစ်သက်ပတ်လုံး ရှန်းပေရော့"

ဟု ပြောထားခဲ့ပြီး ဘိုးသြဘာ ပြန်သွားလေ၏။

လုံအိုးများကို ထည့်ထားသော သေတ္တာကြီးကိုမူ အဘယ်ကြောင့်ရယ်မသိ။ ကိုထွန်းမြအောင်ကိုပင် ပို့မခိုင်းတော့ဘဲ တစ်အောင့်ကြာမှ ဦးကိုလေးလာထမ်းပြီး ဘိုးသြဘာ၏ ဖိုရုံကျောင်းလေးကို ပို့လိုက်လေသည်။ ဦးကိုလေးမှာ စိုင်ဘောင်ချင်းတိုင်းရင်းသားကြီးဖြစ်ပြီး ယခင်က မုဆိုးလုပ်နေခြင်း ဖြစ်၏။ ထို့နောက် ဘိုးသြဘာနှင့်တွေ့ပြီး မုဆိုးအလုပ်ပြုတ်ကာ ယခု သစ်ခုတ်ဝါးခုတ်အလုပ်များဖြင့်သာ အသက်မွေးဝမ်းကျောင်းပြုနေလေသည်။

မရှုနိုင်မရှိုက်သာ ဆိုဘိသကဲ့သို့ ဖြစ်နေရသည်မှာ ကိုထွန်းမြအောင်သာ ဖြစ်လေ၏။ ဘိုးသြဘာက စားရစေချင်၍ ပေးသော်လည်း မစားထိုက်။ ရစေချင်၍ မ,သော်လည်း မရထိုက်။ ဘိုးသြဘာက ကိုထွန်းမြအောင်ကို မကြာခဏခေါ်ခိုင်းဖူး၍ ကျေးဇူးတုံ့ပြန်သောအနေဖြင့် ပေးခြင်းလည်း ဖြစ်၏။ သို့သော်လည်း ကိုထွန်းမြအောင်ကား မစားထိုက်ပေ။

ဘိုးသြဘာသည် ကျေးဇူးရှိသူတို့အား တစ်ကြိမ်တစ်ခါသော်လည်း မ,စလေ့ရှိ၏။ ထိုထက်လည်း ပိုသည်မရှိ။ ငတ်လျှင် ရွှေတစ်မူး၊ တစ်မတ်ပေးသည်မှလွဲ၍ အခြားမရှိပေ။

ကိုထွန်းမြအောင်သည် အိပ်ရာတွင် ပက်လက်အိပ်လျက် သူ့ကိုယ်သူ ဉာဏ်နည်းပြီး ကံမွဲပုံများကို တွေးတောလျက် အားမလိုအားမရနှင့် မကျေမနပ်ဖြစ်ကာ အိမ်ခေါင်မိုးကိုသာ အကြာကြီး ကြည့်နေလေသည်။

မင်းဟိန်းထိုက်



www.burmeseclassic.com

www.burmeseclassic.com

နှစ်ဦးစလုံး မည်သည့်ချို့ငဲ့သောအချက်အလက်၊ အပြစ်အနာအဆာများမရှိကြပါ။ သို့ရာတွင် သားသမီးရနိုင်မည့်ကံကမပါထင့်။ ကျန်းမာရေးနှင့်လည်း ကောင်းမွန်ပြည့်စုံကြပါသည်။

ထိုသို့သော ဇနီးမောင်နှံတို့လို သားသမီးရတနာ ရယူလိုကြသူများအတွက် ရှေးဟောင်း မြန်မာ့ယတြာပညာဖြင့် ပြုလုပ်နည်းကို ရှာဖွေကာ ရေးသား ဖော်ပြလိုက်ပါသည်။

သားသမီးမရသူများ၊ သားသမီးအဖတ်မတင်သူ မည်သည့်ဇနီးမောင်နှံမဆို မိမိတို့လက်ထပ်ထိမ်းမြားပြီး အိမ်ထောင်သက် (၃) နှစ်၊ (၆) နှစ်၊ (၉)နှစ်ကာလအတွင်းအချိန်၌ သားသမီးရတနာများ မရရှိကြသေးပါလျှင် အောက်ပါ ယတြာအတိုင်း (သေချာတိကျစွာ အချိန်နာရီမှအစ ပြုလုပ်ပါလျှင်) ယတြာလုပ်ပြီး (အမြန်ဆုံး ကိုးလအကြာ) နှင့် (အကြာဆုံး ဆယ့်ရှစ်လအကြာ) အတွင်းမှာ သားသမီးရတနာရရှိပါလိမ့်မည်။

**သားသမီးရတနာမရသော**
**အမျိုးသမီးများအတွက်**
**နေ့အလိုက်အင်းများ**

| | | |
|---|---|---|
| ၁ | ၆ | ၄ |
| ၈ | ၁ | ၂ |
| ၃ | ၅ | ၀ |

**တနင်္ဂနွေသမီးအတွက်**
**(အလယ်ကွက်မှာမွေးနံ)**

| | | |
|---|---|---|
| ၂ | ၀ | ၅ |
| ၈ | ၂ | ၃ |
| ၄ | ၆ | ၁ |

**တနင်္လာသမီးအတွက်**
**(အလယ်ကွက်မှာမွေးနံ)**

| | | |
|---|---|---|
| ၃ | ၁ | ၆ |
| ၃ | ၃ | ၄ |
| ၅ | ၀ | ၂ |

**အင်္ဂါသမီးအတွက်**
**(အလယ်ကွက်မှာမွေးနံ)**

| | | |
|---|---|---|
| ၄ | ၂ | ၀ |
| ၈ | ၄ | ၅ |
| ၆ | ၁ | ၃ |

**ဗုဒ္ဓဟူးသမီးအတွက်**
**(အလယ်ကွက်မှာမွေးနံ)**

| | | |
|---|---|---|
| ၅ | ၃ | ၁ |
| ၈ | ၅ | ၆ |
| ၀ | ၂ | ၄ |

**ကြာသပတေးသမီးအတွက်**
**(အလယ်ကွက်မှာမွေးနံ)**

| | | |
|---|---|---|
| ၆ | ၄ | ၂ |
| ၈ | ၆ | ၀ |
| ၁ | ၃ | ၅ |

**သောကြာသမီးအတွက်**
**(အလယ်ကွက်မှာမွေးနံ)**

| | | |
|---|---|---|
| ၀ | ၅ | ၃ |
| ၈ | ၇ | ၁ |
| ၂ | ၄ | ၆ |


**စနေသမီးအတွက်**
**(အလယ်ကွက်မှာမွေးနံ)**

အထက်ပါ အင်းပုံစံအတိုင်း သား
သမီးရလိုသော အမျိုးသမီး၏ နေ့
ကြည့်၍ ကျောက်ဖရုံသီးတစ်လုံးကို
ဆေးပြီး သံချောင်းနှင့် အင်းကို ရေး
အင်းကို မည်သူမဆို ရေးနိုင်ပါသည်
အင်းကွက်ညီပါစေ။ အင်းဂဏန်းမျာ
အရွယ်ညီပါစေ။ အင်းချပြီးပါက ကျော
ဖရုံသီးအပေါ်သို့ (နံ့သာဖြူ၊ နံ့သာ
အမွှေးနံ့သာရည်များ ဆွတ်ဖျန်းပေ
ရှုပန်းထည်နှင့် ကျောက်ဖရုံသီးကို အ
ပတ်ပြီးလျှင် မိမိတို့ဇနီးမောင်နှံအိပ်သေ
အိပ်ရာခေါင်းရင်းမှာ (၃) ညထားအိပ်
(၃) ညထားအိပ်ပြီးလျှင် ရေစီးသော
မြစ်ဆိပ်မှာ ထိုကျောက်ဖရုံသီးကို မျှော
ပါ။ မျှောသည့်အခါတွင် မိမိလိုရာ
ဆုတောင်းပြီး မျှောပါ။) ရေမြောင်းမျာ
တွင်မမျှောရ။ ရေသေမှာမမျှောပါနှ
ရေရှင်မှာမျှောပါ။

သတိ။ ။ နံနက်စောစော (၅) နာ
ခန့် ကျီးမနိုးမီမျှောပါ။

စနစ်တကျပြုလုပ်ပါ။ သားသမီး
ရတနာရမည် ဖြစ်ပါသည်။

လက်ယာရစ်




**အင်းဂဏန်းရေးသွင်းရန်**

*(စိတ်အေးချမ်းသာ၊ သားသမီး*
*ရတနာ၊ မကြာမီမှာ၊ ရပါစေကြောင်း ဆု*
*တောင်းမေတ္တာ၊ ရေးပို့ပါသည်၊ လို*
*ဆန္ဒပြည့်စေသော်။)*

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com

# လုပ်သားများနှင့် ဆီလီကော့ဆစ်ရောဂါ

ရွှမ်းထက်နောင်

လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့်ပတ်သက်၍ လုပ်သားများကိုယ်တိုင်က မိမိတို့ထမ်းဆောင်နေသော လုပ်ငန်းခွင်တွင် မည်သို့သောအန္တရာယ်များ၊ ဝေဒနာများ ဖြစ်ပေါ်တတ်သည်။ ယင်းအန္တရာယ် သို့မဟုတ် ဝေဒနာများ မိမိတို့မဖြစ်ပွားရန် မည်သို့မည်ပုံရှောင်ရှား ကာကွယ်ကြရမည်ကို နားလည်ထားရန် လိုအပ်ပါသည်။ လုပ်ငန်းခွင်အသီးသီးတွင် ဖြစ်ပေါ်နိုင်သော အန္တရာယ်များ၊ ဝေဒနာများကို နားလည်သဘောပေါက်ရန် လုပ်သားများအတွက် သင်တန်းပို့ချချက်များနှင့် စာအုပ်စာတမ်းများ နည်းပါးလှပါသည်။ တချို့လုပ်သားများက လတ်တလော ထိခိုက်ခံစားရသော အန္တရာယ်များကိုသာ ဂရုထားတတ်၍ အချိန်ကြာမှဖြစ်တတ်သော နာတာရှည်ရောဂါများကို ဂရုမမူမိကြချေ။ လုပ်ငန်းခွင်အသီးသီးအလိုက်ဖြစ်ပေါ် ရရှိနိုင်သည့် ရောဂါဝေဒနာများအကြောင်းကို သိရှိခြင်းဖြင့် သတိပြုရှောင်ရှားပြီး ကြိုတင်ကာကွယ်နိုင်ရန် ရေးသား တင်ပြအပ်ပါသည်။

ဆီလီကော့ဆစ် (Silicosis) ရောဂါ ဆိုသည်မှာ -


သဲမှုန့်၊ ကျောက်မှုန့်များကို ဆီလီကာဟု ခေါ်သည်။ ယင်းဆီလီကာကျောက်မှုန်၊ သဲမှုန်များ အသက်ရှူလမ်းကြောင်းမှတစ်ဆင့် အဆုတ်အတွင်းဝင်ရောက်သွား၍ ထိုဆီလီကာအမှုန်ကလေးများ ရောက်ရှိသွားသည့်နေရာတိုင်းတွင် သွေးသားများမှာ တဖြည်းဖြည်း အစိုင်အခဲအဖြစ်သို့ ပြောင်းလဲသွားတတ်ကြ၏။ မျက်စိဖြင့်မမြင်နိုင်၊ လက်ဖြင့်အလွယ်တကူစမ်းသပ်နိုင်သော သဲကြမ်း၊ သဲနုများသည် လူ၏ခန္ဓာကိုယ်အတွင်းသို့ မဝင်နိုင်သော်လည်း လေထဲတွင် ပျံ့လွင့်နိုင်သော အလွန်သေးငယ်လှသည့် သဲမှုန်၊ ကျောက်မှုန်များသည် အသက်ရှူသွင်းရာမှတစ်ဆင့် အလွယ်တကူ ဝင်ရောက်နိုင်၏။

ထိုသို့ အဆုတ်အတွင်းသို့ သဲမှုန်များရောက်ရှိသွားလျှင် သဲမှုန်ကျရောက်သည့်နေရာတိုင်း၌ တဖြည်းဖြည်း အစိုင်အခဲအဖြစ်သို့ ပြောင်းလဲသွားတတ်ကြ၏။ ကြာသော် အဆုတ်တွင် အစိုင်အခဲလေးများဖြင့်ပြည့်နေပြီး လေကောင်းလေသန့် ဝင်ရောက်ရန် နေရာအလုံအလောက်မရှိတော့ချေ။ အဆုတ်၏ အောက်ဆီဂျင်ဝင်ရောက်မှုနှင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှုတို့ကို အဟန့်အတားဖြစ်စေ၏။ ထို့ကြောင့် အသက်ရှူသွင်း၊ ရှူထုတ်မှု ခဲယဉ်းလာ၍ နာတာရှည်ရောဂါအဖြစ် ခံစားဖြစ်ပွားလာတတ်၏။ ရောဂါဖြစ်ပွားလျှင်ဖြစ်ပွားချင်း ရောဂါလက္ခဏာမပြပါ။ ရောဂါဖြစ်ပွားမှုနှေးကွေး၍ တဖြည်းဖြည်း အသက်ရှူမဝဖြစ်ပြီး ဆယ်နှစ်မှ နှစ်သုံးဆယ်အတွင်း ရောဂါဖြစ်ပွားနေကြောင်းကို သိရှိရပါသည်။ အလုံပိတ်လေဝင်လေထွက်မကောင်းသောအခန်း သို့မဟုတ် လိုဏ်ခေါင်းများထဲတွင် သဲမှုန်၊ ကျောက်မှုန်များကို ရှူရှိုက်နေရပါက သုံးနှစ်နှင့် ငါးနှစ်အတွင်း ရောဂါဖြစ်စေနိုင်ပါသည်။ ရောဂါစဖြစ်ပြီးနောက် ချောင်းခြောက်ဆိုးခြင်း၊ အသက်ရှူမဝခြင်း၊ အသံမြည်အောင် ရှူရခြင်း၊ ဖျားနာခြင်း၊ နားနှင့်နှုတ်ခမ်းအရောင်ပြောင်းလာခြင်း၊ သတိလစ်ခြင်း၊ ရင်ဘတ်အောင့်ခြင်း၊ ခဲယဉ်းပင်ပန်းကြီးစွာ အသက်ရှူရခြင်း၊ ပိုမိုမောပန်းလွယ်ခြင်း စသည်တို့ ဖြစ်ပေါ်နိုင်ပါသည်။ ထိုရောဂါကို ကုသ၍မရကြောင်း သိရှိရပါသည်။

ရောဂါဖြစ်ပွားနေကြောင်းဖော်ထုတ်သိရှိရန်မှာ -

ရင်ဘတ်ကို ဓာတ်မှန်ရိုက်ခြင်း၊ လုပ်သားများ၏ အလုပ်လုပ်ခဲ့သော လုပ်ငန်းအမျိုးအစား၊ ပတ်ဝန်းကျင်အကြောင်းအရာများကို စုံစမ်းမေးမြန်းခြင်း၊ အဆုတ်၏ အလုပ်လုပ်နိုင်မှုကို စစ်ဆေးခြင်းဖြင့်သာ သိရှိရနိုင်ပါသည်။ သဲမှုန်၊ ကျောက်မှုန်များ အဆုတ်အတွင်းသို့ ဝင်ရောက်လျှင် ဆီလီကော့ဆစ်ရောဂါအပြင် တီဘီအဆုတ်နာရောဂါ၊ ကင်ဆာရောဂါ၊ နှလုံးရောဂါပါ ဖြစ်နိုင်ပါသေးသည်။

ရောဂါဖြစ်ပွားခံစားရမှု ပြင်းထန်မှု အနည်း၊ အများမှာ ပမာဏအလိုက်




အဆုတ်ကင်ဆာဖြစ်ပွားနေပုံ

ရှူရှိုက်မိသည့် ဆီလီကာအမှုန်အနည်အများ၊ အမှုန်များ၏အရွယ်အစား၊ ရှူရှိုက်ရသော အချိန်ကာလတာရှည်မှု၊ ခန္ဓာကိုယ်၏ ကိုယ်ခံစွမ်းရည်များအပေါ်တွင် မူတည်နေပါသည်။

ဤဆီလီကော့ဆစ်ရောဂါသည် အောက်ဖော်ပြပါ လုပ်ငန်းများတွင် လုပ်ကိုင်နေကြရသော လုပ်သားများအပေါ်တွင် ဆိုးကျိုးသက်ရောက်မှု ဖြစ်ပေါ်စေပါသည်။ ဆီလီကာသည် ကျောက်တောင်မြေကြီးနှင့် ပင်လယ်ကမ်းခြေများမှ အများအားဖြင့် ထုတ်ယူကြ၏။ မြေအောက်သတ္တုရှာဖွေရေးလုပ်ငန်း၊ မိုင်းတူးခြင်းလုပ်ငန်း၊ တူးမြောင်း၊ လိုဏ်ခေါင်း၊ လိုဏ်ဖောက်လုပ်ခြင်းလုပ်ငန်းများ၊ ကျောက်တူးဖော်ခြင်း၊ ကျောက်များဖြတ်စားခြင်း၊ ကျောက်ခွဲခြင်း၊ ကျောက်ပြားများ ပြုလုပ်ခြင်းလုပ်ငန်း၊ သံရည်ကျိုလုပ်ငန်းများ၊ ကျောက်မီးသွေးတွင်းတူးလုပ်ငန်း၊ ပန်းပဲလုပ်ငန်းများ၊ မှန်ထုတ်လုပ်ရေးလုပ်ငန်း၊ အုတ်ထုတ်လုပ်ရေးလုပ်ငန်း၊ မြေအိုး၊ ကြွေအိုးလုပ်ငန်း၊ ကြွေရည်သုတ်လုပ်ငန်းများ၊ မီးခံမြေမီးခံအုတ်လုပ်ငန်း၊ သဲမှုန်များကို အသုံးပြုသော ကော်ပတ်လုပ်ငန်း၊ ကျောက်စက်တိုက်စားခြင်းလုပ်ငန်းနှင့် ထိုလုပ်ငန်းများတွင်သုံးသော ကျောက်ပြားများထုတ်လုပ်ခြင်းလုပ်ငန်း၊ လမ်းဖောက်လုပ်ရေးလုပ်ငန်း၊ ဘိလပ်မြေထုတ်လုပ်ရေး၊ အဆောက်အအုံကွန်ကရစ်များ ဖြိုဖျက်ပြုပြင်သည့်လုပ်ငန်း၊ သဲကိုအသုံးပြု၍ သံသားများ၏ မျက်နှာပြင်ကောင်းမွန်ရန် ပြုလုပ်သော သဲမှုတ်ခြင်းလုပ်ငန်း (Sand blasting) လုပ်ငန်းများအားလုံး အကျုံးဝင်ပါသည်။

ဆီလီကော့ဆစ်ရောဂါကို ကုသ၍ မရပါ။ လုပ်သားများ အန္တရာယ်ကင်းရန် ကြိုတင်ကာကွယ်မှုဖြင့် အဆုတ်တွင်းသို့ ဆီလီကာအမှုန်များ ဝင်ရောက်



www.burmeseclassic.com

www.burmeseclassic.com

မှုမရှိစေခြင်းဖြင့်သာ ကာကွယ်နိုင်ပါသည်။

**ဆီလီကော့ဆစ်ရောဂါကို ကာကွယ်ခြင်း**
(Silicosis Prevention)

ဆီလီကော့ဆစ်ရောဂါဖြစ်ပွားမှုမရှိစေရန် လုပ်ငန်းခွင်လေထုထဲတွင် ဆီလီကာကျောက်မှုန့်၊ သဲမှုန် ပျံ့လွင့်စေမှုများ မဖြစ်ပေါ်စေရန် ကာကွယ်ရပါမည်။

**၁။ အစားထိုးသုံးစွဲခြင်း**

ဆီလီကာ သဲမှုန့်၊ ကျောက်မှုန့်များ သုံးစွဲခြင်းတို့၌ အလားတူအန္တရာယ်နည်းသောပစ္စည်းများဖြင့် အစားထိုးသုံးစွဲနိုင်ပါသည်။

**၂။ စက်မှုနည်းပညာ၊ အင်ဂျင်နီယာအတတ်ပညာဖြင့် ထိန်းချုပ်ခြင်း**

သဲမှုန်၊ ကျောက်မှုန်များထွက်ရှိသည့်လုပ်ငန်းများတွင် အမှုန်အမွှားများကို လေစုပ်စက်ဖြင့်စုပ်ယူခြင်း၊ လေကောင်းလေသန့်များကို ပိုက်များသွယ်တန်း၍ ပို့လွှတ်ထားပေးခြင်း၊ အချို့လုပ်ငန်းများတွင် သဲမှုန့်၊ ကျောက်မှုန့်များ မပျံ့လွင့်စေရန် ရေကိုအသုံးပြုခြင်း၊ လေသန့်ရန် ရေပန်းရေမွှားများ တပ်ဆင်ထားခြင်းတို့ဖြင့် ကာကွယ်နိုင်ပါသည်။

**၃။ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့်အထွေထွေလုပ်ငန်းများ**

က။ လုပ်ငန်းခွင်ပတ်ဝန်းကျင်တွင် လွင့်ပျံ့နေသော သဲမှုန်၊ ကျောက်မှုန်များ၊ လုပ်ငန်း၏ ကြမ်းပြင်နှင့် စက်ပစ္စည်းကိရိယာများအပေါ်တွင်ရှိသော သဲမှုန်၊ ကျောက်မှုန်းများကို ရေဖျန်း၍ သန့်ရှင်းရေးပြုလုပ်ခြင်း၊ စုပ်ယူခြင်း၊ လုပ်ငန်းခွင်လေထဲတွင် အမှုန်အမွှားများ ပျံ့လွင့်စေခြင်းမရှိစေရန် ရေဖြင့်ပက်ဖျန်းခြင်းဖြင့် သန့်ရှင်းရေး ပြုလုပ်ရပါမည်။ လုပ်ငန်းဆောင်ရွက်ပြီးသော လုပ်သားများ၏ အဝတ်အစား၊ အသုံးအဆောင်ပစ္စည်း၊ ကိရိယာများကို လေစုပ်စက်ဖြင့် စုပ်ယူပါ။ လေမှုတ်စက်ဖြင့် မှုတ်ခါခြင်းမပြုလုပ်ရ။ လုပ်ငန်းခွင်တွင် သဲမှုန်၊ ကျောက်မှုန်ကင်းရှင်းရေးဆိုင်းဘုတ်များကို ရေးဆွဲထားပါ။

ခ။ တစ်ကိုယ်ရေလုံခြုံကာကွယ်ရေးပစ္စည်းများကို လုပ်ငန်းခွင်တွင် ဝတ်ဆင်ပါ။ အသက်ရှူကိရိယာ တပ်ဆင်အသုံးပြုပါ။ ကောင်းမွန်သော နှာခေါင်းစည်းများကို အသုံးပြုပါ။

ဂ။ လုပ်ငန်းပြီးစီးပါက အဝတ်အစားလဲလှယ်၍ ရေချိုးသန့်ရှင်းပါ။ အဝတ်အစားများကို လေဖြင့်မှုတ်ခါထုတ်ခြင်းမပြုရ။ လေစုပ်ကိရိယာ သို့မဟုတ် ရေဖြင့် သန့်ရှင်းပါ။ အသုံးပြုခဲ့သော တစ်ကိုယ်ရေကာကွယ်ရေးပစ္စည်းကိရိယာများကိုလည်း သန့်ရှင်းပါ။ အလုပ်လုပ်နေစဉ် ဆေးလိပ်၊ အစားအစာ မသောက်စားပါနှင့်။ ခန္ဓာကိုယ်မှ အမှုန့်များကို သန့်ရှင်းပြီးမှသာ အစာစားပါ။



**ဆီလီကော့ဆစ်ရောဂါခံစားနေရသူ**

ဃ။ ဆီလီကာသဲမှုန်၊ ကျောက်မှုန်များရှိသော ဧရိယာအတွင်း လုပ်သားများဝင်ရောက်မှုကို ကန့်သတ်၍ အလုပ်လုပ်သည့်လုပ်သားများ လဲ့လှယ်လုပ်ကိုင်စေရပါမည်။

င။ ဆီလိကာ သဲမှုန်၊ ကျောက်မှုန်ရှိသော လုပ်ငန်းခွင်တွင် လုပ်ကိုင်နေကြသော လုပ်သားများ (၂) နှစ် တစ်ကြိမ် ရင်ဘတ်ဓာတ်မှန်ရိုက်၍ ဆေးစစ်စေရမည်။

စ။ သဲမှုန်၊ ကျောက်မှုန်နှင့် ဖုန်မှုန့်များလွင့်ပျံ့နေသော ပတ်ဝန်းကျင်တွင် အလုပ်လုပ်ကိုင်နေသော လုပ်သားများကို ဆီလီကော့ဆစ်ရောဂါသည် မည်သို့အန္တရာယ်ကြီးကြောင်း ထိုရောဂါကို မည်သို့ကာကွယ်ရမည်ကို သင်တန်းပို့ချပေးခြင်းဖြင့် ပြုလုပ်ရပါမည်။

**လုပ်သားများတစ်ဦးချင်း လိုက်နာဆောင်ရွက်ရန်**

၁။ သဲမှုန်၊ ကျောက်မှုန်၊ ဖုန်မှုန့်များ လေထဲတွင် ပျံလွင့်နေသော ဧရိယာအတွင်းသွားလာခြင်း၊ အလုပ်လုပ်ခြင်းကို အတတ်နိုင်ဆုံးရှောင်ရှားပါ။

၂။ မလွှဲမရှောင်သာ သဲမှုန်၊ ကျောက်မှုန်များရှိသော ဧရိယာအတွင်း သွားလာပြီး အလုပ်လုပ်ရပါက လေဝင်၊ လေထွက် ကောင်းမွန်ရန် ပြုလုပ်ခြင်း၊ ရေပန်းများအသုံးပြု၍ လုပ်ကိုင်ခြင်း ပြုလုပ်ပါ။

၃။ တစ်ကိုယ်ရေခန္ဓာကိုယ်လုံခြုံရေးပစ္စည်းများ အသုံးပြုပါ။

၄။ ကျန်းမာသန့်ရှင်းသော လုပ်ငန်းခွင်ဖြစ်ရေးအတွက် လုပ်သားတိုင်း ပူးပေါင်းဆောင်ရွက်ပါ။ အန္တရာယ်ကင်းရှင်းရေး အလေ့အကျင့်ကို မွေးမြူတည်ဆောက်ပါ။

၅။ သဲမှုန်၊ ကျောက်မှုန်၊ ဖုန်မှုန့်များရှိသော ဧရိယာများအတွင်း အစားအသောက်စားသောက်ခြင်း၊ ဆေးလိပ်သောက်ခြင်းမပြုရ။

၆။ ခန္ဓာကိုယ်ကို ရေချိုးသန့်စင်ပြီးမှ အစားအသောက်များကို စားသောက်ပါ။

၇။ လုပ်ငန်းခွင်သုံးသည့်အဝတ်အစားများကို သန့်ရှင်းလျှော်ဖွပ်၍ ရေချိုးသန့်စင်ပြီး အဝတ်အစားလဲလှယ်ပြီးမှ နေအိမ်သို့ပြန်ပါ။

၈။ သဲမှုန်၊ ကျောက်မှုန်၊ ဖုန်မှုန့်များရှိသောပတ်ဝန်းကျင်တွင်အလုပ်လုပ်ကိုင်ရသော လုပ်သားများသည် ဆီလီကော့ဆစ်ရောဂါ၏ အလွန်အန္တရာယ်ရှိမှု မည်သို့ကာကွယ်ရမည်ကို နားလည်သဘောပေါက်ရပါမည်။

၉။ မိမိ၏ ကျန်းမာရေးအခြေအနေကို အစဉ်မိမိကိုယ်တိုင်စစ်ဆေး၍ကျန်းမာရေးချို့ယွင်းမှုဖြစ်ပေါ်လာပါက ဆရာဝန်ထံပြသခြင်း၊ နှစ်နှစ်တစ်ကြိမ်ဆေးစစ်ခြင်းများ ပြုလုပ်သင့်ပါသည်။

၁၀။ လုပ်သားတိုင်း ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ကြိုတင်ကာကွယ်ရေးသည် ရောဂါဖြစ်လာသည်မှ ကုသသည်ထက် သာ၍ကောင်းကြောင်း အစဉ်သတိရှိပါ။

လုပ်သားတိုင်း ကျန်းမာရေးအသိပညာ၊ အန္တရာယ်ကင်းရှင်းရေးအသိပညာ၊ လုပ်ငန်းခွင်မှရတတ်သည့် ရောဂါဝေဒနာများအကြောင်းကို လေ့လာသိရှိပြီး သတိပြု ကာကွယ်ဆင်ခြင်နိုင်စေရန် ရည်ရွယ်၍ ဤဆောင်းပါးကို ရေးသားလိုက်ရပါသည်။

ဗိုလ်သက်နောင်



www.burmeseclassic.com

www.burmeseclassic.com


# ရွှေပြည်မင်း ဆေးတိုက်နှင့်ဆေးကုဌာန

ဆရာဦးခင်မောင်လှ (တဆ-၀၂၂၉၀)

အသည်းရောင်၊ အသားဝါ၊ အသည်းကြွပ်၊ အသည်းခြောက်၊ ရေဖျဉ်းစွဲ၊ အသည်းကြီးခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းအနာဖြစ်ခြင်း၊ နာတာရှည်အသည်းရောဂါအမျိုးမျိုး။

နှစ်ရှည်လများ ဆီးချို၊ သွေးချိုကြောင့် အမျိုးသားအားနည်းရောဂါ နှင့် ဆီးကျောက်ကပ်ရောဂါ။

သိပ်ခေါင်း၊ ဂရင်ဂျီနာ၊ စအိုဝတွင် အဖုအကျိတ်၊ စအိုနာအမျိုးမျိုး။

အမျိုးသမီးများသားအိမ်အတွင်းအလုံးအကျိတ်တည်ခြင်း၊ ရက်ရှည်မီးယပ်အဖြူဆင်းခြင်း၊ ရင်သားအဖုအကျိတ် မခွဲမစိတ်မနာမကျင်စေဘဲနှင့် သိဒ္ဓိဝင်ဆေးတောင့်၊ဓါတ်လုံးများဖြင့် သီးသန့် သက်သာပျောက်ကင်းစေရမည်။

ခန္ဓာကိုယ် အတွင်းအပြင် နှစ်ရှည်လများ ဖြစ်ပွားနေသော အလုံး၊ အကျိတ်၊ အဖု၊ တင်ဆာ(ခေါ်)မြစ်ပွားနာရောဂါအမျိုးမျိုးကို လက်ခံ၍ ကုသပေးသည်။

ဆေးခန်းဖွင့်ချိန် -
နေ့လယ် (၂)နာရီ မှ ည (၇း၀၀)နာရီထိ
တနင်္လာနေ့တိုင်း ပိတ်သည်။

ရွှေပြည်မင်းဆေးတိုက်နှင့်ဆေးကုဌာန
- ၂၇၊ အပိုင်း(၃)၊ ၁၄ ရပ်ကွက်၊ သံသုမာလမ်းမကြီး မြင်သာ၊ တောင်ဥက္ကလာ၊ ရန်ကုန်မြို့၊ ☎ - ၅၇၇၆၄၉၊ ၀၉ ၄၃၁၉၅၁၉၊ ၀၉ ၈၅၁၁၁၀၆



ဘာဘုတ်ပါရဂူ ဆရာကြီးဦးကြာမြင့်နှင့် ဆရာ ဦးစိုးလင်းတို့၏ တပည့်

# ဆရာ ဦးခင်ဇော်

- နည်းနည်းပြောရင်များများသိကြတဲ့ရာစုနှစ်မို့ သင်တကယ် ယုံကြည်တယ်ဆိုရင်တော့ တံခါးသာခေါက်လိုက်ပါ။
- ပြဿနာဆိုတာ လိုအပ်နေတဲ့အဖြေကို မရသေးမီ တွေ့ကြုံနေရတဲ့အခက်အခဲပါ။
- (သင့်ရဲ့ အရေးတကာအရေး၊ အတွေးတကာ့အတွေးကို) ကျွန်ုပ်နှင့် ဆွေးနွေးကြည့်လိုက်ပါ။
- ဒါကြောင့် သင်လိုအပ်နေတဲ့အဖြေကို ကျွန်ုပ်နှင့်အတူ ရှာကြည့်ရအောင်။
- လိုအပ်တဲ့အဖြေကိုရပြီဆိုရင် ပြဿနာဟာ ကွယ်ပျောက်သွားမှာပါ။
- နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျပြီး ဟက်ဟက်ပက်ပက် ရယ်နေရပြီဆိုရင်တော့ လောကဓံရဲ့ အလှည့်အပြောင်းကို ကြုံရတတ်တယ်။
- အဲဒီအချိန်မှာ ကျွန်ုပ်နှင့်တွေ့ဖို့ အချိန်ရောက်နေပါပြီ ယခုအချိန်မှာ နောက်မကျသေးပါဘူး။
- နောက်ကျခဲ့ရင်တော့ နောင်မှာတန်ဘိုးကြီးကြီးမားမားပေးဆပ်ရမဲ့ အကျိုးဆက်တွေ ဖြစ်ပေါ်လာပါလိမ့်မယ်။
- ဘာကြောင့်လဲဆိုရင် ဘဝဆည်းဆာတစ်ဆစ်ချိုးမှာ အဖြစ်ဆိုးနဲ့ မကြုံရလေအောင် မြန်မာရိုးရာ နဝင်းစီးပညာဖြင့် ကြိုတင်ကာကွယ်စေချင်ပါတယ်။
- မြှောက်၍လည်းမဟော၊ ခြောက်၍လည်းမပြော၊ အရှိကိုအရှိအတိုင်း၊ အသိကို အသိအတိုင်းသာဟောမည်။

**ဆရာ ဦးခင်ဇော်**

အမှတ်(၁၂)၊ မြရတနာ (၁၀)လမ်း၊ (ခ)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်။ (ဥက္ကလာပဘုတာအနီး)
ဖုန်း-၀၁-၇၃၀၁၈၈၀၁ ၀၉ ၅၀ ၉၇၃၅၆


www.burmeseclassic.com

www.burmeseclassic.com

လောင်းစင်သားအိုက်ယ

"ဟော့ကောင်လေး"

"ဗျာ"

"ရေနွေးအိုးပွက်ရင် ငါမီးကင်ထားတဲ့ဆေးပင်ကိုခတ်နော်"

"ဟုတ်ကဲ့၊ ဦးလေး"

အိုက်ယသည် လက်တိုဂျင်နီမှုန့်ဘူးကို သွပ်နန်းကြိုးကိုင်းလေးပြုလုပ်၍ အထက်တဲခေါင်တွင်ချိတ်ဆွဲပြီး ကျိုချက်နေသောရေနွေးအိုးကို ဂရုတစိုက်မီးထိုးလျက်ရှိ၏။ ရေနွေးအိုးမှာ ဆူသံပေးနေသော်လည်း မပွက်သေးပေ။

ဦးနန္ဒိ၊ ဦးသောမနှင့် အိုက်ယတို့ (၃) ဦးသည် အထက်ဘက် ဦးဘိုးစိန်တွင်းမှသုံးသောရေအား ရေမြောင်းသွယ်ယူကာ အထက်မြိုင်ကြီးရပ်ကွက်တွင် မျောတွင်းလုပ်နေကြခြင်း ဖြစ်၏။

ဦးနန္ဒိနှင့် ဦးသောမတို့သည် အသက် (၄၀) ဝန်းကျင်ဖြစ်သော်လည်း အိုက်ယမှာမူ အားကောင်းမောင်းသန် အရွယ် အသက် (၂၀) မျှသာရှိသေးသော တွင်းသားလူငယ်တစ်ဦး ဖြစ်၏။ လူငယ်ပီသစွာပင် အရာရာကိုအလိုက်တသိလုပ်ရ၏။

အိုက်ယမှာ ထောင်ထောင်မောင်းမောင်းနှင့် ဖြူဖွေးခံ့ထည်သောရုပ်ရည်ရှိသည်။ သူ၏ ဇာတိမှာ ပတ္တမြားမြေ ဖြစ်သော်လည်း ပတ္တမြားမထွက်သော လောင်းစင်ရွာမှ ဖြစ်သည်။ ထိုရွာတွင် လယ်အတန်များများရှိရာ သူတို့မိသားစုသည် လယ်အသင့်အတင့်ပိုင်သောသူများဖြစ်ပြီး ရွာ၌ ပစ္စည်းဥစ္စာအတန်အသင့်ကြွယ်သောမိသားစုဖြစ်ခဲ့ကြ၏။


ထိုလောင်းစင်ရွာမှာ မြန်မာနိုင်... တော်၏ နန်းစဉ်ပတ္တမြားကြီးဖြစ်သော... ငမောက်ပတ္တမြားနှင့် တိုက်ရိုက်ဆက်... ၍နေသည်။ ထိုလောင်းစင်ရွာသ... ငမောက်သည် ပြည်မင်း (၁၀၂၃-၁၀... လက်ထက်တွင် မိုးကုတ်၊ ကျပ်ပြင်၊ အ... ကောက်ရပ်ကွက်မှထွက်သော ပတ္တ... ကြီးအား ဆက်သရာ ထိုပတ္တမြား... အား ငမောက်ပတ္တမြားဟု အမည်... စေပြီး နန်းစဉ်ရတနာတို့တွင် အကော... ဆုံးအမြတ်ဆုံးပတ္တမြားကြီးဖြစ်ခဲ့ပါသည်...

သို့သော် ထိုလောင်းစင်ဟူသော... ရွာကား ပတ္တမြားထွက်ခြင်းမရှိပါ။ လ... လုပ်ခြင်း၊ တောင်ယာလုပ်ခြင်း၊ ... လိုက်ခြင်း၊ နမ့်ပယ်ချောင်း၌ ဖား၊ ငါး... ၍ရောင်းခြင်း ဟူသောအလုပ်ဖြင့်... အသက်မွေးဝမ်းကျောင်းပြုရလေ၏။


သုရဋ္ဌမဂ္ဂဇင်း၊ အခန်းဆက်ဝတ္ထုရှည်

(မိုးကုတ်)

ရွှေပြည်စိုး

www.burmeseclassic.com

www.burmeseclassic.com

ရောင်စုံသူပုန်တို့ ထကြွသောင်းကျန်းလာသောအခါ လောင်းစင်ရွာလေးတွင် တာဝန်ထမ်းနေသောကျောင်းဆရာတစ်ဦးအား သူပုန်တို့မှသတ်ပစ်ခဲ့ကြ၏။ ထိုအခါ အိုက်ယတို့ မိသားစုမှာလည်း သူပုန်ဘေးရန်ကြောက်သဖြင့် ကျပ်ပြင်သို့ ပြောင်းရွှေ့နေထိုင်ကာ တွင်းလုပ်ငန်းလုပ်၍ မိသားစုရပ်တည်နေကြရ၏။

ကံမကောင်းစွာပင် အိုက်ယ၏ မိခင်၊ ဖခင်တို့သည် ရှေ့နောက်မတိမ်းမယိမ်း ဆုံးပါးကုန်ကြရာ အိုက်ယတို့ မောင်နှမ (၃) ဦးသာ ကျန်ခဲ့ကြပါတော့သည်။

အိုက်ယမှာ (၁၅) အရွယ်ဖြစ်ပြီး အစ်မဖြစ်သူ နန်းဆာမှာ (၁၈)နှစ်အရွယ်ဖြစ်သည်။ ညီမအငယ်ဆုံး နန်းကျော့မှာမူ (၁၂)နှစ်အရွယ်ဖြစ်ရာ မောင်နှမ(၃)ဦးမျက်စိသူငယ်နားသူငယ်ဖြင့် လူ့လောကအလယ်တွင် ကျန်ရစ်ခဲ့ကြခြင်း ဖြစ်သည်။

မောင်နှမ(၃)ဦးစလုံး ရှမ်းများဖြစ်ကြသဖြင့် ဖြူဖွေးနေကာ ငေးလောက်သောအလှကိုယ်စီရှိကြလေ၏။ နန်းဆာမှာ ကျန်ရစ်သော လက်ဝတ်လက်စားတို့ကို ထုခွဲကာ ကျောက်ကုန်သည်ထ၍ လုပ်ရတော့၏။ နန်းကျော့မှာမူ ကျောင်းတက်နေဆဲရှိ၏။

ထိုသို့ ကျောက်ကုန်သည်လောကကို နန်းဆာ တိုးဝင်သွားသောအခါ ကျောက်ကုန်သည်လေး ကိုနှင်းဝေနှင့် ချစ်ခင်ရင်းနှီးခဲ့ရပြီး အားကိုးရာမဲ့သော နန်းဆာသည် ကိုနှင်းဝေနှင့်လက်ထပ်ပြီး မိုးကုတ်မြို့သို့ ပြောင်းရွှေ့ နေထိုင်လေ၏။

အရွယ်ရောက်စပြုပြီ ဖြစ်သော





www.burmeseclassic.com

www.burmeseclassic.com

အိုက်ယမှာ မိုးကုတ်မြို့သို့ မလိုက်လိုသဖြင့် ကျောက်ပြဿဒ်အနောက်ရှာ ဦးအိုက်ရွှန်း၊ ဒေါ်နန်းလှဲ့တို့အိမ်တွင် တွင်းသားဝင်လုပ်ကာ နေထိုင်ခဲ့လေ၏။

ကိုနှင်းဝေမှ ကျောက်သွေးသင်ပေးမည်ဟု ပြောဆိုပါသော်လည်း ယောက်ဖမျက်နှာကြည့်ကာနေရသော ဘဝမျိုးတွင် မနေလိုသဖြင့် တွင်းသားလုပ်နေခြင်း ဖြစ်သည်။ နန်းကျော့မှာမူ အစ်မဖြစ်သူနှင့် မိုးကုတ်သို့ လိုက်ပါနေထိုင်ရလေ၏။

ဦးအိုက်ရွှေတို့အိမ် ရောက်ခဲ့သည်မှာ ကြာပြီဖြစ်သော အိုက်ယသည် ပေါလံ၊ မဲလံဖြစ်သော ဦးအိုက်ရွှန်း၊ ဒေါ်နန်းလှဲ့တို့နှင့် မိသားစုပမာဖြစ်၍နေလေပြီ။

"အိုက်ယ၊ ရေနွေးအိုးပွက်နေပြီကွ။ ငါ့ကောင်ဘာကိုငေးနေတာတုံး"

"ဩော် - ဟုတ်ကဲ့၊ ဟုတ်ကဲ့လေးနန္ဒ"

ဟု ပြောပြီး မီးသင်းထားသော ဆေးရွက်ခွေလေးအား ရေနွေးအိုးထဲ ခတ်လိုက်လေ၏။ ထိုဆေးရွက်ပင်များမှာ ဒန့်သလွန်ရွက်ကဲ့သို့ အရွက်ဝိုင်းဝိုင်းကလေးများနှင့် နွယ်ပင်များ ဖြစ်သည်။ တောဆေးတောပင်မို့ အခေါ်အဝေါ်မရှိချေ။ ဆီးကောင်းသဖြင့် ဆီးဆေးပင်ဟုသာ အလွယ်ခေါ်ကြသောအပင် ဖြစ်သည်။ ထိုနွယ်ပင်ကိုယူ၍ခွေကာ ဝါးညှပ်ဖြင့် မီးကင်သော် ကြွပ်ရွလာပါသည်။ ကြာကြာတစ်ခါ ဒဏ်ကြေအောင်၊ ဆီးကောင်းအောင်ဟူ၍သောက်ကြပါသည်။

"ကဲ - ထမင်းစားကြစို့ကွာ"

ဟု ဦးဆောင်သူ ဦးနန္ဒမှ ပြောသဖြင့် ထမင်းချိုင့်တို့ကို လွယ်အိတ်ထဲမှ ထုတ်ကာ နေ့လယ်စာကို မြိန်ရှက်စွာစားကြလေတော့၏။ တွင်းအလုပ်ဟူသည်မှာ တန်ပေါင်းများစွာလေးသော ကျောက်တုံးကြီးငယ်တို့အား မကုန်မချင်းသယ်ထုတ်ရသဖြင့် အလုပ်တကာအလုပ်တွင် အပင်ပန်းဆုံးအလုပ်ဖြစ်သလို အသက်အန္တရာယ်လည်း အလွန်ကြီးသောအလုပ်ဖြစ်၏။

ထို့ကြောင့် နေ့လယ်စာထည့်လာပါမှ တစ်နေကုန်လုပ်နိုင်ကြ၏။ နံနက် (၈) နာရီခွဲ အိမ်မှထွက်ရ၏။ (၉) နာရီကျော်ကျော် အလုပ်စရ၏။ နေ့လယ် (၁၂) နာရီတွင် အလုပ်နား၊ ရေနွေးအိုးတည်၊ ထမင်းစားကြ၏။ (မိုးကုတ်နေလူတို့သည် တောထဲ၌ လည်းကောင်း၊ အိမ်၌ လည်းကောင်း ရေစိမ်းသောက်လေ့မရှိကြပါ။ ရေနွေးသာသောက်လေ့ရှိပါသည်။ ရေနွေးမပါလျှင် အများအားဖြင့် ထမင်းမစားတတ်ကြပါ။) နေ့လယ် (၁) နာရီတွင် အလုပ်ပြန်စပြီး ညနေမိုးချုပ်လုနီးမှအိမ်သို့ပြန်လေ့ရှိကြ၏။ နံနက်စာ၊ နေ့လယ်စာ၊ ညစာ ဟူ၍ တစ်နေ့လျှင် ထမင်း(၃)နပ်စားသောအရပ်ဖြစ်လေ၏။

## ပါးစပ်ရာဇဝင်ကျောက်ပုံပြင်

အထက်မြို့ကြီးလုပ်ကွက်မှ မြေနီတောင်တို့သည် အလွန်စေးပိုင်သောမြေတို့ဖြစ်ရာ ရေပန်းအကြာကြီးစားမှကြေညက်သဖြင့် ရေကိုအဓိကထား၍ခိုင်းစားရသောလုပ်ကွက် ဖြစ်သည်။

ရေပန်းစားသည် ဟူသော ဝေါဟာရသည် မိုးကုတ်မျောတွင်းတို့တွင် အထင်အရှားမြင်တွေ့ရ၏။ ရေမြောင်းထဲမှရေကို ရေပန်းဝါးတံလျှောက်ထဲသို့သွယ်၍ထည့်ရ၏။ ရေတံလျှောက်အတိုင်း အရှိန်ဖြင့်စီးဆင်းသွားသောရေသည် ရေပန်းဝါး၏ ထိပ်ပိတ်ကို ဆောင့်တိုးကာ ဖွာထွက်နေသော လှပသည့် ရေပန်းကိုဖြစ်စေ၏။ ထိုရေပန်းတဖြည်းဖြည်းအမြင့်မှကျဆင်းမှုကြောင့် မျောခွက်ထဲမှမြေများ ရေပန်းစားကာ အောက်မြောင်းမြီးထဲမှတစ်ဆင့် ရေစီးနှင့်အတူ မျောပါကုန်ကာ ကျောက်တုံးကျောက်ခဲများ၊ ပတ္တမြားများသာ မျောခွက်တွင် ကျန်ရစ်၏။

ကျောက်တုံးကြီး၊ ငယ်အသွယ်သွယ်တို့ကို ပြောင်အောင်သိမ်းပြီးသော် ကျောက်များ၊ သဲစေ့များဝပ်စေရန် ရေစီးကို ဆန့်ကျင်၍ မြောင်းမြီးလှန်ကြရ၏။ သဲတို့ကို အောက်၌ဝပ်စေခြင်း ဖြစ်၏။ မြေတောင်များ သံချောင်းဖြင့်ထိုးလျှင် ဖြုန်းမြေတွင် ကျောက်တုံးကြီး၊ ငယ်တို့ မရေတွက်နိုင်အောင်ပါလေ့ရှိရာ မြေသားများကုန်အောင် အစဉ်အမြဲ ရေပန်းရိုက်ရလေ့ရှိသည်။ ရေပန်းရိုက်လျှင် ရေပန်းစားသည်မှာ ဓမ္မတာဖြစ်သည်။

အိုက်ယတို့အုပ်စုသည် နေ့လယ်စာထမင်းစားအပြီး၌ ဖြုန်းမြေတို့ထပ်တိုးကာ ရေပန်းစားထားခိုက်မို့ ခေတ္တမျှထိုင်ကြည့်ကာ တဲထဲသို့ဝင်ပြီးရေနွေးသောက်ရန် ရေနွေးအိုးတည်ကြပြန်ပါသည်။ တွင်းလုပ်လျှင် ခိုနားရန်တဲရှိကြရပါသည်။

လူငယ်ဖြစ်သူ အိုက်ယသည် အလိုက်သိစွာ ရေနွေးအိုးတည်နေ၏။ ထိုစဉ် မိုးတဖြောက်ဖြောက်ကျလာပြန်သဖြင့် အအေးဓာတ်စိမ့်ဝင်လာပြန်ရာ သုံးယောက်သား မီးနားကပ်ကာ မီးလှုံကြပြန်လေ၏။ မျောတွင်း ဟူသည် ရေ... ပေါသော မိုးရာသီတွင်သာလုပ်နိုင်သော တွင်းမျိုးဖြစ်သည်။

ပတ်ဝန်းကျင်သည် မိုးသံ၊ ရေစီးသံတို့ဖြင့် သာကြားနေရပြီး မိုးမြူတို့ကြောင့် အုံ့မှိုင်းပြာရီ၍နေ၏။ မြို့ကြီးဟူသောအမည်နှင့်လိုက်အောင်ပင် တောကြီးမြိုင်ကြီးဖြစ်ကာ သစ်ပင်ဝါးပင်၊ အိမ်လုံးထက်ကြီးသောကျောက်တုံး၊ကျောက်ဆောင်တို့ဖြင့် ပြည့်နေ၏။ ရေနွေးအိုး... တည်ရင်း မီးလှုံကာ တိတ်ဆိတ်နေရာမှ ဦးနန္ဒက တိတ်ဆိတ်မှုကို စတင်ဖြိုခွင်းလိုက်၏။

"အစိမ်းတောမှာလုပ်နေတဲ့ ခု... ဆောင်တို့အုပ်စု ကျောက်ကြီးကျောက်... ကောင်းရတယ်ဆိုပဲကွ။ အဲဒီမျောတွင်း... နေရာမှာ အရင်က ငွေးမောင်တို့လုပ်နေ... တာ ဘာမှမရတာနဲ့ ပစ်ထားခဲ့ကြတာ... ဒီကောင်တွေဝင်လုပ်တော့ရတော့တာပဲ... ကွ။ သိပ်တောင်မကြာလိုက်ဘူး ပြော... တယ်။ ငွေးမောင်တို့ ကျောက်မောင်း... လိုက်ရတာပဲ"

"ဟုတ်တယ်နန္ဒရ၊ ရတနာဆိုတာ... ထိုက်တဲ့လူဆီသွားတဲ့အမျိုးပဲ။ မထိ... တော့ အဲဒီကျောက်က ငွေးမောင်တို့... မောင်းထုတ်လိုက်တာပေါ့"

"ဟုတ်တယ် သောမရဲ့၊ ငါကို... တွေ့ကြုံဖူးတယ်။ မင်းအသေးပြန့်လု... လုပ်ဖူးလား"

"ခဏတစ်ဖြုတ်ပဲလုပ်ဖူးပါတယ်... ကွာ။ ဝက်ထိုးထားသလို ပွလန်နေတာ... ခဏလုပ်ပြီးနောက်ထပ်မလုပ်တော့... ဘူး"

"အေး - အဲဒီအသေးပြန့်လု... မှာ ငါတို့ဝင်လုပ်နေတုန်းက အထူး... ဆန်းကြုံဖူးတယ်။ အဲဒီတုန်းက ငါ... အိုက်ယတို့အရွယ်ပေါ့ကွာ။ သူများနော... လိုက်ပေါ့။ ဟိုတွင်းပိပြီးသေသွား... ကိုအိုက်စံကို မင်းမှတ်မိလိုက်သလား"

"လူးထဲ ခဲကြီးညှပ်မိပြီးသေသွား... တဲ့ ကိုအိုက်စံကို ပြောတာလား"

"အေးလေကွာ၊ အဲဒီကိုအို... ပေါ့။ ဖြုန်းကလက်နှစ်လုံးလောက်ရှိ... လောဘတကြီးကုန်းနှိုက်နေတုန်း ... ကခဲကြီးကွာကျပြီး ညှပ်မိလို့ သေသွား... ပါလေရော။ အလောင်းတောင် အခေ... မထင်နိုင်ဘူးကွ။ လူတောင်မနည်း... ရတာဆိုတော့ အခက်အခဲရှိတယ်... ဒါနဲ့ အောက်မှာသင်္ဂြိုဟ်လိုက်တော...



www.burmeseclassic.com

www.burmeseclassic.com

အဲဒီနေရာကို ဘယ်သူမှ မလုပ်ရဲတော့ဘူး။ ဖိမိတုန်းက သွေးအညစ်အကြေးတွေနဲ့ဆိုတော့ အောက်ထဲမှာ ပုပ်နေတာထောင်းထောင်းနဲ့ပါပဲ။ အဲဒီမှာ အဲဒီနေရာကိုလုပ်မယ့်လူပေါ်လာတယ်။ အဲဒါက ဦးစံဖေဆိုတဲ့လူလေကွာ။ ဒီလူက မကြောက်တတ်ဘူး၊ မရွံတတ်ဘူး ရှူ ခပ်ရွတ်ရွတ်လူရယ်။ အဲဒီနေရာမှာ ကျောက်တယ်လို့တောင် နာမည်ကြီးနေတဲ့အချိန်ပေါ့။ ငါတော့ အခြောက်မခံရပါဘူး။ သူများတွေကတော့ အမျိုးမျိုးပြောကြတာပေါ့ကွာ။

အင်း - စဉ်းစားကြည့်ရင်လည်း လောဘတကြီး ဖြုန်းကုန်းနှိုက်နေတုန်း သေရတာဆိုတော့ လောဘနဲ့သေပြတ္တာပြည်ဆိုတာလိုပေါ့။ အဲဒီလူးထဲက အငွေ့နဲ့ ရုတ်တရက် ဘယ်ရုန်းထွက်နိုင်ပါ့မလဲ၊ ပြိတ္တာဘဝနဲ့ ခြောက်ရင်လည်း ခြောက်မှာပေါ့ကွာ။

ဒါနဲ့ ဦးစံဖေက သူ့တွင်းသား (၂) ယောက်နဲ့ ပြုတ်ကျထားတဲ့ ခဲကြီးကို ခမ်းနဲ့ခွဲထုတ်တယ်။ ပြီးတော့မှ အိုက်စံနဲ့လက်စဖြစ်တဲ့ လက်တစ်လုံးလောက်သာကျန်တော့တဲ့ လက်ကြားလေးကို ခမ်းနဲ့ခွဲထုတ်ပြီးချဲ့တယ်။ ပြုတ်ကျနိုင်တဲ့နေရာတွေကို တန့်ကူနဲ့လိုက်ထောက်တယ်။

အဲဒီလို စနစ်တကျ အပင်ပန်းခံပြီး ကြိုးစားလိုက်တာ တစ်လကျော်ကျော်အကြာမှာ အောက်ထဲမှာကျယ်သွားပြီး ဖြုန်းကြောတစ်ကြော သွားတွေ့ပါလေရော၊ အဲဒီခေတ်က လူးထဲမှာလုပ်တဲ့လူနည်းပြီး စိတ်ဝင်စားခြင်းလည်း သိပ်မရှိကြပါဘူး။ ဘာလို့လဲဆိုတော့ အသေးနဲ့ဆိုတဲ့အတိုင်း ဘယ်ကျောက်ဖြစ်ဖြစ် တစ်ကာရက်ခွဲ၊ သုံးကာရက်ကနေပြီး ပိုမကြီးလို့ဘဲကွ။

ဒါပေမယ့် လူးကျောက်ဆိုတော့ ရေလုံးလိုချောနေပြီး အရည်အသွေးလည်းစရာမလိုဘူး။ ဒါမျိုးကျောက်ဆိုတာက သူဌေးမဖြစ်နိုင်ဘူးလေကွာ။ ကျောက်ကြီး ကျောက်ကောင်းဆိုတာ ရှားတယ် မဟုတ်လား။ အဲဒါကြောင့် လူအနည်းစုလုပ်ကြတာ။ အဲဒီလူအနည်းစုမှာ ငါတို့ပါဝင်ပါတယ်ကွ။ ဟုတ်ဟုတ်၊ မဟုတ်ဟုတ် ဈေးသုံးလေးမှန်မှန်ရနေတာနဲ့ လူးထဲမှာမြဲနေတာပဲ။ ဆိုရရင်တော့ သူဌေးဖြစ်ဖို့ထက် ထမင်းစားကျောက်လေးမှန်မှန်ရရင်ပဲ တို့တွေကျေနပ်နေရတာမဟုတ်လား၊ သူဌေးဖြစ်တဲ့ ကျောက်ကြီးကျောက်ကောင်းဆိုတာက ကံအလွန်ကောင်းမှရတာလေကွာ။

ဒါနဲ့ တစ်နေ့မှာ ငါတို့ပြန်ချိန်ရောက်လို့ ပြန်လာတဲ့အခါမှာ အောက်ဘက်က တိတ်တိတ်ဆိတ်ဆိတ်တက်လာတဲ့ ငါတို့ကို မြင်ဟန်မတူဘူး။ သူ့ရေမှုံ ဖြုန်းတစ်မှုံဆေးအပြီး ကျောက်ဘောက်သွန်တာနဲ့ ကြုံရတယ်။

အဲဒီမှာ (၇) ကာရက်လောက်ရှိတဲ့ ကျောက်တစ်ပွင့်ကို လက်ခုပ်ထဲကနှိုက်ပြီး ဖယောင်းတိုင်မီးမှာ ထောင်ကြည့်နေတာကို မြင်လိုက်ရတယ်။ ကျောက်က ဂေါ်လီလုံးလို ချောမွတ်ပြီး နီရဲနေတာပဲကွ။ ခုခေတ်ဆို တန်ဖိုးအလွန်ကြီးပြီပေါ့ကွာ။

အဲဒီလိုကြည့်နေတုန်း ငါတို့အသံကြားတာနဲ့ ကျောက်ကို ပါးစပ်ထဲပစ်ထည့်ပြီး ငုံလိုက်တာ တွေ့ရတယ်။ ပြီးတော့မှ ကျောက်သေးတွေကိုကြည့်နေလေရဲ့ကွ။ တို့လည်းမစပ်စုပါဘူး။ သူများကြိုက်မှန်းသိ၊ မကြိုက်မှန်းမသိလေကွာ ဟုတ်ဖူးလား။ တကယ်ဆိုရင် အိုက်စံတို့အုပ်စုကို ကျောက်ကမောင်းထုတ်လိုက်တဲ့သဘောပဲကွ။

အဲဒီခေတ်ဟာ ဓားပြရန်အရမ်းကြောက်ရတဲ့ခေတ်ဆိုတော့ အတော့်ကို သိုသိုသိပ်သိပ်ရှိမှ တော်ရုံကျတာလေကွာ။ ဒါနဲ့ပဲ ငါတို့လည်း ဦးစံဖေကို အားကျကြတာပေါ့။ ကျောက်ကြီးကျောက်ကောင်းဆိုတာ အသေးပြန့်လူးထဲမှာ ရှားပေမယ့် ရှိတယ်ဆိုတာ မြင်လိုက်ရပြီလေ။

ကံများပြောပါတယ်။ ဦးစံဖေအခြေကျနေသလောက် တို့တွေအခြေမကျဘဲ လူးထဲကနေ အစိမ်းတောပြန်ရောက်ကုန်ကြပါရောဗျာ။ ဦးစံဖေနဲ့အခြားသုံး၊ လေးတွင်းပဲ ကျန်ခဲ့တယ်။ အဲဒီဖြုန်းကြောင်း ဦးစံဖေ တစ်နွေလောက်စားလိုက်ရတယ်။ ကျောက်ဘယ်လောက်ရမယ်ဆိုတာ မှန်းကြည့်ကြပေါ့ကွာ။သူတို့က တကယ့်လက်ကြားဖြုန်းကြောကို သွားတွေ့လိုက်တာ ကျောက်ကြောပေါက်တာနဲ့ အတူတူပေါ့ကွာ။ အဲဒီမှာ နီလာမရှိဘဲ အနီစစ်စစ်လေးတွေသာအထွက်များတယ်ကွ။

ဦးစံဖေအိမ်မှာ တွင်းသားလုပ်တာက ဟိုးရှမ်းပြည်နယ်တောင်ပိုင်း ရွှာင်ရပ်စောက်ဘက်က မနုလေးတွေကွ။ တို့တွေက တောင်ဘက်သားလို့ ခေါ်ကြတာပေါ့။ အဲဒီကောင်လေး (၂) ယောက်ကလည်း အနေအထိုင်လိမ္မာသလားမမေးနဲ့။ တွင်းသိမ်းတဲ့အခါ ကံစားအတွက် သူတို့ဘယ်လောက်သုံးရသလဲဆိုတာတောင် တစ်ရွာလုံးတစ်ဦးမှမသိကြဘူး။ သူတို့ဒေသကို တန်းပြီးပြန်သွားကြလေရဲ့။ ရင်းနှီးစားသောက်လောက်တဲ့ အရင်းအနှီးရသွားဟန်တူတယ်ကွ။ နောက်ထပ် လုံးဝပေါ်မလာတော့ဘူး။ သူတို့ဒီအထိလိမ္မာကြတာကွ"

ဦးစံဖေနဲ့ ဒေါ်မေနန်းတို့ဟာ အနေအထိုင်ကောင်းသလားမမေးနဲ့။ အိမ်စုတ်ကလေးနဲ့နေခဲ့တာ ကာလအတော်ကြာတယ်။ ခေတ်အခြေအနေအတော်လေးကောင်းသွားမှ ခုဒေါ်မေနန်းတို့နေတဲ့တိုက်ကြီး ဆောက်ခဲ့တာ။ တိုက်ဆောက်ပြီး မကြာမီမှာပဲ ဦးစံဖေကွယ်လွန်သွားတယ်။အိမ်ကောင်းကောင်းနဲ့နေရမယ့်ကံရှိပုံမပေါ်ဘူးကွာ။ အကြီးဆုံးသမီး နန်းလှ အိမ်ထောင်မပြုမီလေးမှာပဲဆုံးသွားတာ။

ဦးစံဖေဟာ ကျောက်ကြောပေါက်ကံကောင်းပေမယ့် ရင်သွေးကံမကောင်းရှာဘူးကွ။ နန်းလှ၊ နန်းမူ၊ နန်းယုဆိုတဲ့ သမီး (၃)ယောက်သာ မွေးလို့ပဲ။ သားမပါတော့ ရှင်ပြုခွင့်ရမသွားဘူးပေါ့ကွာ"

"ဒါဆိုရင် နန္ဒတို့မြင်လိုက်ရတဲ့ ကျောက်ဟာ ဒေါ်မေနန်းလက်ထဲမှာရှိနေဦးမှာပေါ့နော်"

"ဟကောင်ရ၊ ဒါလောက် အနေအထိုင်ကျစ်လျစ်တာ အဲဒီကျောက်ကြီးချည်းမဟုတ်ဘူး၊ အောက်ကျောက်တွေလည်း အများကြီးရှိနိုင်သေးတယ်ကွ။ သူတို့မိသားစုက လူသာမလှတာ ကံကအရမ်းလှခဲ့တာကွ။ ခုထိ ဆင်းတောင့်ဆင်းရဲမှ မရှိကြတာ။ သူများဝတ်သလိုဝတ်နိုင်တယ်။ သူများစားသလိုစားနိုင်တယ်။ သူများလှူသလိုလှူနိုင်တယ်လေ"

"အေးလေ - ဟုတ်သားပဲ။ ဒီလိုစေးကုပ်ပုံနဲ့တော့ အဲဒီကျောက်တွေရှိနေဦးမှာ အသေအချာပဲကွ။ အခု အိမ်မှာကျန်ခဲ့တဲ့ အ ငယ်ဆုံးမ နန်းယုနဲ့ရတဲ့အကောင်ကတော့ မိန်းမထီပေါက်တာပဲကွ။ ဟေ့ကောင် အိုက်ယ၊ မင်းနန်းယုကိုရအောင်ယူကွ"

ဟု ဦးသောမက ဆိုလိုက်ရာ ငေးမောနားထောင်နေသော အိုက်ယသည် သူ့ဘက်စကားဦးလှည့်လာသဖြင့် ရုတ်တရက်ရှက်သွားပြီး -

"ဟာဗျာ၊ လေးသောမကလည်း မလုပ်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com

*ဟု ဆိုလိုက်မိချေ၏။*

"ကဲ - အိုက်ယရေ ဖြုန်းတွေရေ ပန်းစား၊ မစားသွားကြည့်ကွာ"

ဟု ခိုင်းလိုက်လေ၏။ အိုက်ယမှာ ချက်ချင်းပင် မျှော့ခွက်ဘက်သို့ ထွက်သွားလေ၏။

## နန်းလှ၊ နန်းမူ၊ နန်းယု

ဦးစံဖေ၊ ဒေါ်မေနန်းတို့မှ နန်းလှ၊ နန်းမူ၊ နန်းယု ဟူသော သမီး(၃)ယောက်ကို ဖွားမြင်ပါသည်။ သူတို့သည် ဒေသခံ ရှမ်းတိုင်းရင်းသားများဖြစ်ကြသော်လည်း ရှားပါးစွာပင် အသားညိုကြ၏။

ဝိသေသမှာ ဦးစံဖေသည် ညာဘက်မျက်စိစွေသဖြင့် ကွယ်ရာတွင် ရွယ်တူအချို့က စွေစောင်းဟု၍ ခေါ်ကြခြင်းဖြစ်သည်။ ရုပ်ရည်မလှသည့်အပြင် မျက်စိပါစွေနေသေးသည်။ ဒေါ်မေနန်းမှာမူ သာမန်ရုပ်ရည်သာရှိပြီး ရိုးပုံရိုးပန်းပုံစံကြီးဖြစ်၏။ သို့သော် လှမလှသော်လည်း ကံလှသူများ ဖြစ်ကြပါသည်။

နန်းလှနှင့် နန်းမူတို့မှာ မိခင်နှင့်တူသဖြင့် မျက်စိမစွေသော်လည်း သင့်တင့်သောအရုပ်အမောင်း၊ ရွက်ကြမ်းရေကျိုရုပ်ရည်ရှိကြသဖြင့် အိမ်ထောင်အသီးသီးကျကာ သားသမီးတို့ပင်လျှင် ပွားစီး၍နေကြပေပြီ။

နန်းယုမှာမူ ကံမကောင်းစွာပင် ဖခင်နှင့်တူကာ ညာဘက်မျက်စိက စွေ၍နေပါသည်။ အရုပ်အမောင်းအားဖြင့်လည်း အပျိုအရွယ်ရောက်လာသည့်တိုင် ခပ်ပုပုဖြစ်နေရာ အရွယ်ရောက်လာ၍ အပျိုစာရင်းတွင် ဝင်ရပါသော်လည်း အပျိုတို့တွင် ထင်ပေါ်ခြင်းမရှိပါ။ ဘယ်လူပျိုကမှလဲ သူ့ကိုအသိအမှတ်ပြုခြင်း မရှိပါ။

သို့သော်လည်း နန်းယုသည် ကိုယ့်ကိုယ်ကိုယ်အားငယ်စိတ်မမွေးဘဲ အပျိုအရွယ်ရောက်သည်နှင့် ကျောက်ကုန်သည်စတင်လုပ်ကိုင်ပါသည်။ သမ္မာအာဇီဝနည်းလမ်းကျကျ ပိုက်ဆံစ၍ရှာပါတော့သည်။ သို့အတွက် ကျောက်ရောင်းဝယ်ခြင်းအလုပ်၌ မျက်စိတဖြည်းဖြည်းနိုင်လာပါသည်။ ကျောက်ကြီးကျောက်ကောင်းတို့ကို ရောင်းဝယ်ခြင်းမပြုပါ။ အောက်ကျောက်၊ ခါးကျောက်များကို အရောင်းဝယ်ခြင်းပြုပါသည်။

မိမိတို့တိုက်ကြီးတွင် မိမိနှင့် မိခင်ကြီးသာကျန်ရစ်ရာ အိမ်ထောင်ရက်သားမကျခဲ့သော်မှ အပျိုကြီးဘဝနှင့် မိခင်ကို လုပ်ကျွေးမည်ဟု တွေးမိထား*သောကြောင့် ဖြစ်၏။ အစ်မနှစ်ဦးမှာ သူ*တို့အိမ်ကိုယ်စီနှင့် အသားကျ၍နေပေပြီ။

နန်းယုမှာမူ သူ့အတွက် ထိုက်တန်သောဖူးစာရှင် ဟူသည် ယခုထိတိုင် တစ်ဦးတလေမှပင် စကားဦးမသန်းသေးရာ လူငယ်တို့ဘာသာဘာဝ အချစ်ဆိုသောအရာကို မျှော်လင့်မိသော်လည်း တကယ့်လက်တွေ့တွင်မူ မလွယ်ကူလှပေ။ အချစ်ဆိုသောအရာသည် သူနှင့်များ မဆိုင်ခဲ့လေသလားဟု ရံဖန်ရံခါ တွေးမိတတ်လေ၏။

## သူငယ်ချင်းနဲ့မောင်တိုင်ပင်

ရပ်ရွာလုံခြုံရေးကင်းတဲလေးတွင် အိုက်ယနှင့် အိုက်တေတို့နှစ်ဦး ကင်းကျသောနေ့ဖြစ်ရာ ရွာအဝင်ကင်းတံခါးအနီးရှိ ကင်းတဲလေးထဲတွင် မီးဖိုကာ မီးလှုံ၍နေ၏။ အိုက်ယနှင့် အိုက်တေတို့အတွဲသည် ကင်းကျတိုင်း အတူတူဖြစ်ကာ ရင်းနှီးသော သူငယ်ချင်းတို့ဖြစ်၍ နေကြပေပြီ။ အိုက်တေမှာ ကျောက်ပြဿဒ်အနောက်ရွာဇာတိ ဖြစ်၏။

အိုက်ယသည် စိတ်လှုပ်ရှားနေသဖြင့် မီးဖိုမှထင်းစကို ဟိုမှသည်ပြောင်းရွှေ့ကာ အငြိမ်မနေဘဲ တလှုပ်လှုပ်လုပ်နေသဖြင့် အိုက်တေက တားမြစ်၏။

"ဟေ့ကောင် - အိုက်ယ၊ မင်းကွာ မီးတောက်နေတဲ့ဟာကို ဟိုလုပ်ဒီလုပ်နဲ့ မီးကသေပြီး မီးခိုးတွေထွက်နေပြီ။ မီးကို မဆော့ရဘူးကွ။ မီးဆော့ရင် သေသတဲ့။ မင်းကိုကြည့်ရတာဂနာကိုမငြိမ်ဘူး။ မင်းတစ်ခုခုတော့ဖြစ်နေပြီထင်တယ် ဟုတ်လားဟေ့ကောင်။ ဟဲဟဲ- ငါဗေဒင်တတ်ပါတယ်ကွ။ ဟုတ်တယ်မဟုတ်လား"

"အင်း - အင်းကွာ၊ ဟုတ်တယ်"

"မင်းတစ်ခါမှဒီလိုလှုပ်ရှားနေတာ မကြုံးဘူးတော့ ငါအတပ်ဟောနိုင်တာပေါ့ကွာ။ ကဲပြော၊ အဲဒါ ကောင်မလေးကိစ္စမဟုတ်လား"

"အဟဲဟဲ- တော်လှပါလား အိုက်တေရာ။ မင်းဗေဒင်ဆရာလုပ်စားရင်ဖြစ်နိုင်တယ်ကွ"

"အဟဲဟဲဟဲဟဲ - ငါပြောတယ်လေ။ ကဲ - ငါပြောတာမှန်တယ်မဟုတ်လား အိုက်တေပါကွာ။ တစ်တေတည်းရှိတာပါ"

"အေးကွ- ဟုတ်တယ်။ ငါကောင်မလေးတစ်ယောက်ကို ရည်းစားစကားပြောရရင်ကောင်းမလားလို့ မင်းကို တိုင်ပင်မလို့။ တိုင်ပင်စရာသူငယ်ချင်းဆိုလို့မင်းပဲရှိတာကွ"

"ဒါမျိုးကွာ အဆန်းလုပ်လို့၊ ငါဆို ရည်းစားသုံးယောက်တောင်ထားပြီး ကိုယ့်လူ"

"ငါသိပါတယ် အိုက်တေရာ။ မင်းက ရွာခံကွ၊ ဂုဏ်ရှိတယ်။ ငါက သူများ အိမ်မှာကပ်နေရတဲ့ တွင်းသားလေကွာ။ ငါကမျက်နှာငယ်ရတယ်။ မင်းကိုတော့ ဘယ်တုရဲမှာလဲကွာ။ မင်းစွမ်းမှန်းငါသိ တယ်။ ခုဟာကငါ့ကိစ္စကွ"

"ဘာလဲ၊ မင်း သူကြီးသမီးနှင်းရည် ဖွေးကို ကြိုက်နေတာလား။

နှင်းရည်ဖွေးက မြင့်လွန်းပါတယ် ကွာ။ ငါ့လို တွင်းသားတစ်ယောက် စိတ်ကူးထဲထည့်မှာမဟုတ်ပါဘူး။ ငါစိ ကူးတာ သူမဟုတ်ဘူးကွ"

"ဒါဆိုရီရီဆွေလား"

"ဟင့်အင်း"

"ထွေးထွေးအိလား"

"ဟင့်အင်း"

"ဟိုကောက်တေးမနေမှာ"

"ဟုတ်ဘူးကွ"

ရွာမှာအလှဆုံးတွေတော့ကုန် ရွာထဲရှိတဲ့အပျိုတွေလိုက်ရွတ်နေရင် လျှာထွက်ပြီးသေနိုင်တယ်။ ကဲ - ကြိုက်တဲ့ဟာပြောကွာ"

"ပြောမယ်နော် ဟေ့ကောင်"

"ခွေးကောင်၊ ပြောမယ့်အ ထစ်နေရသေးတယ်။ ကဲ - ပြော ပြောပြော"

"နန်းယုကွ"

"ဗုဒ္ဓေါ - အောင်မလေး။ မင်း ဟုတ်မှဟုတ်ရဲ့လားကွာ"

"ဟုတ်ပါတယ်ဆို"

"ဖြစ်မှဖြစ်ရလေကွာ။ နန်းယု ရုပ်ကလည်းဆိုး၊ အသားကလည်း သေး၊ မျက်စိကလည်းစွေသေး၊ အ လည်းပုသေး။ ဘယ်လိုမှဖြေသိမ့် ဘူးကွ။ မင်းလိုလှတဲ့အကောင်မဆိ နဲ့ အရုပ်ဆိုးတဲ့ငါတောင် နန်းယုကို မစဉ်းစားဘူး"

"အဲဒါကမင်းလေကွာ၊ အ အများရဲ့ပစ်ပယ်ခြင်းခံနေရတာကို ရင်ကိုထိစေတာကွ။ငါသူ့ကိုသနား ငါ့ဘဝရဲ့လက်တွဲဖော်အဖြစ် သူ့ကို ကြည့်မယ်ကွာ။ ရ၊ မရဆိုတာက ငါလည်းမပြောတတ်ဘူး။ သူ့အပေါ် မူတည်တာပေါ့"

"မင်းနန်းယုကိုယူဖို့ဆုံး ပြီလား"

www.burmeseclassic.com

www.burmeseclassic.com

"အေးကွာ - ဆုံးဖြတ်လိုက်ပြီ။ သဘောတူရင် သီတင်းကျွတ်မှာ လာဆောင်မယ်"

"တယ်ဟုတ်လိုက်ပါလား၊ ငါ့ တောင်တော့ ကြတ္တိယသိုက်တူးတော့ လို့ထင်တယ်"

"ဘာလဲကွ၊ ကြတ္တိယသိုက်ဆိုတာ"

ဟု အိုက်ယက မသိဟန်ဆောင် မေးလေ၏။ နေ့လယ်က တွင်းတော၌ နှိပြောသဖြင့် အလုံးစုံသိပြီးဖြစ်ရာ အကြောင်းအရာတို့သည် သူ့ဘဝ င်းရဲ့မွဲတေမှု၏ထွက်ပေါက်ဟု စိတ်ထဲ ကိုတ်၍သိလိုက်လေ၏။ ထို့ကြောင့် ည်း နန်းယူကို ရခဲ့ပါက ဟူသော တွေးတို့ဝင်လာကာ ယခုကဲ့သို့ ဖွင့်ဟ ိုင်ပင်ခြင်း ဖြစ်လေ၏။ သို့တွက်လည်း သိဟန်ဆောင်ကာမေးလိုက်ခြင်းဖြစ်ပေ

"ကြတ္တိယသိုက်ဆိုတာ အကြောင်း တယ်ကွ။ အဲဒီမိသားစုဟာ ဟိုးအရင် န်းက အသေးပြန်လူးမှာ ကျောက် ပေါက်ဖူးတယ်လို့ ပြောတယ်။ မှာ အကောင်းဆုံးကျောက်နီတစ်ပွင့် သတဲ့ကွ။ စေးစေးကုပ်ကုပ်နဲ့နေခဲ့ အဲဒီရတနာတွေ အဘွားကြီး တ်ထဲမှာရှိနေတယ်လို့ပြောကြတယ်။ စဉ်းစားကြည့်ပေါ့ကွာ၊ နန်းယူဟာ ည်းတန် အရုပ်ဆိုးလေးဖြစ်တာ သူ့ကိုယူရင် ပွဲလယ်မတင့်ပေ သူရဲ့တိုက်အိမ်၊ သူ့ရဲ့ရတနာတွေက ပွဲလယ်တင့်နိုင်တာပေါ့ကွာ။ လူ သူ့ကိုရှောင်တာက သူ့ရဲ့မျိုးရိုးမျက် တာပဲ။ မွေးလာတဲ့ သားသမီးလေး မျက်စိစွေကလေးတွေနဲ့ဆိုရင် မင်း ကြည့်ပေါ့ကွာ။ ပြီးတော့ စကားပုံ သးတယ်"

"ဘာတဲ့လဲကွာ"

"မျက်စိစွေစောင်း၊ လက်မောင်း ရှည် မပေါင်းလေနဲ့တဲ့ကွ"

"ဘာအဓိပ္ပာယ်လဲဟ၊ မင်းဟာ တ"

"မျက်စိစွေစောင်းမပေါင်းကောင်း ၊ မျက်စိစွေသူတွေဟာ အများအား စိတ်ရင်းစိတ်ဓာတ်ညံ့တတ်သတဲ့ကွ။ ကျစ်စဉ်းလဲမှုလည်း များတယ် ပြီးတော့ မျက်စိစွေတယ်ဆိုတာ ငွေ့သင့်တဲ့သဘောတဲ့ကွ။အဲဒီတော့ မဂ်ာအားကြီးပြီး ဖောက်လွဲဖောက် လည်းဖြစ်တတ်တယ်ဆိုပဲ"

"မင်းဟာကလည်း ကောင်းတာ တစ်ခုမှမပါပါလားကွာ။ ကဲ - လက် မောင်းတို့၊ ရှည်ကျတော့ကော"

"လက်မောင်းတို့၊ ရှည်ဆိုတာက စောင်းနဲ့မောင်းကို ကာရန်ယူတဲ့သဘော ကွ။ တကယ်တော့ လက်တို့၊ လက်ရှည် ပေါ့ကွာ။လက်တိုတယ်ဆိုတာက အလွန် နှမြောစေးကုပ်သူကွ။ အဲဒီလူမျိုးကို ပေါင်းရင် ကိုယ့်ဘက်ကသာ အမြဲနစ်နာ မယ်ကွ။ လက်ရှည်တယ်ဆိုတာက ခိုး တတ်ဝှက်တတ်တဲ့လူမျိုးဆိုပါတော့ကွာ။ မင်းတို့ငါတို့ အဲဒီလိုခိုးတတ်တဲ့လူနဲ့သာ တွဲမိလို့ကတော့ ခံရပြီသာမှတ်ပေတော့"

"မင်းကို တိုင်ပင်လိုက်ကာမှ ငါ စိတ်အတော်ညစ်သွားတယ်ကွာ"

"ဒါဆိုရင် ကောင်မလေးကို မလိုက်တော့ဘူးပေါ့"

"ဟင့်အင်း၊ ရအောင်ကိုယူမှာ"

"အဟုတ်မှတ်လို့ ခွေးကောင်"

"ဟား ဟား ဟား ဟား"

ထိုစဉ် ကျောက်ပြဿဒ်အရှေ့ရွာ ဘက်မှ ဓာတ်မီးကိုယ်စီဖြင့် လူ (၂) ယောက် ကင်းတံခါးနားသို့ ကပ်လာ သဖြင့် -

"ရပ်၊ ဘယ်သူလဲ"

ဟု အိုက်ယမှ အော်လိုက်လေ၏။

"ငါတို့ပါဟ။ အိုက်ဆောင်နဲ့ အိုက် ကျန်းပါ"

ဟု ပြန်အော်သဖြင့် ထ၍ ကင်း တံခါးဖွင့်ပေးလိုက်လေ၏။ အိုက်ဆောင် နှင့် အိုက်ကျင်းတို့သည် ကျောက် ပြဿဒ်အနောက်ရွာသားများ ဖြစ်ကြ လေ၏။ ကာလဒေသအလျောက် ကိုယ့် ရွာကိုကိုယ်ကာကွယ်ကြရသော ပြည်သူ့ စစ်ခေတ်ဖြစ်လေ၏။

## နန်းယူ့ရင်ခုန်ရသောနေ့

တွင်းသမားတို့၏ နားရက်ကား တစ်လလျှင် လပြည့်၊ လကွယ် ဥပုသ် (၂) ရက်သာနားရာ ထိုရက်လေးကို အမြတ်တနိုး မျှော်ကိုးတတ်ကြပါသည်။ ထိုဥပုသ်နေ့ (၂) ရက်သည် လူအမျိုးမျိုး တို့အတွက် အခွင့်အရေးဖြစ်ပါသည်။

ယနေ့သည် ဝါတွင်းကာလ၏ ဥပုသ်ရက်တစ်ရက်ဖြစ်ရာ ကျော်ကြား ၍ လွန်စွာလှပသော ကျောက်ပြဿဒ် ဘုရားတောင်ကြီးတွင် လူတို့ဖြင့် စည် ကားနေ၏။

ဘုရားတောင်၏အောက်ခြေသည် ကျောက်ဥယျာဉ်ကြီးနှင့်သစ်ပင်ကြီးများ ရှိရာ လူငယ်များ ကိုယ်အစုနှင့်ကိုယ် စကားတွတ်ထိုးရင်း အနားယူနေကြ၏။

နန်းယူနှင့်ထွေးခင်တို့သူငယ်ချင်း နှစ်ဦးသည်လည်း ကျောက်တုံးကြီးတစ်ခု ၏အခြေတွင်ထိုင်ကာ နေကြာစေ့စား ရင်း စကားတွတ်ထိုးနေကြလေ၏။

ထိုစဉ် အိုက်ယသည် ကျောက် ပြဿဒ်အနောက်ရွာ၏အနီးတွင်ဖောက် လုပ်ထားသော အင်္ဂတေလမ်းမှ လှေ ကားထစ်များအတိုင်းတက်လာသည်ကို သူတို့ (၂) ဦး မြင်တွေ့နေရ၏။

"နန်းယူ၊ အိုက်ယကတော့ အပျံ စားပဲနော်"

"အေးဟ"

"ဟေ့ - နန်းယူ၊ သူ့မျက်လုံးက နင့်ဆီလှမ်းကြည့်နေတယ်"

"ကြံကြံဖန်ဖန်ဟာ၊ နင်ကလှ တော့ နင့်ကိုကြည့်တာနေမှာ"

"မဟုတ်ဘူး နန်းယူ၊ နင့်ကိုကြည့် တာဟ"

"အောင်မလေး ဘုရား၊ ဘုရား"

"ဘာလဲ၊ နင်ရင်ခုန်သွားပြီလား"

"ဟုတ်တယ်၊ သူငါ့ကိုလှစ်ခနဲပြုံး ပြလိုက်တာမြင်လိုက်ရတယ်။ ငါ့ရင်ထဲ ထိတ်ခနဲခံစားလိုက်ရတယ်"

"အဲဒါကြောင့် ဟုတ်ပါတယ်လို့ ငါပြောသားပဲ။ အသာနေ၊ သူ့ကိုမကြည့် နဲ့တော့ မှင်သတ်နေ။ သူဘာလုပ်မလဲ စောင့်ကြည့်ရအောင်"

ဟု တိုးတိုးတိုင်ပင်ကာ မျက်နှာကို တမင်လွှဲပြီး နေကြာစေ့ကိုမဲပြီးကိုက်နေ ကြ၏။ မကြာမီပင် လှေကားထစ်များ ဆုံးသွားပြီးနောက် သူတို့နှစ်ဦးထိုင်နေ ရာဆီသို့ အိုက်ယ တန်းတန်းမတ်မတ် လျှောက်လာနေသည်ကို နန်းယူ၏ မျက်ဝန်းထဲတွင် မြင်နေရရာ ထိုစက္ကန့် ပိုင်းအတွင်း သူ့ရင်တို့တဒုန်းဒုန်းခုန်ကာ မနေတတ်မထိုင်တတ်အောင် စိတ်ထဲ တွင် ခံစားနေရလေ၏။ ဤရင်ခုန်သံ သည် ပထမဆုံးရင်ခုန်သံမဟုတ်ပါလား။

"မနန်းယူ"

နူးညံ့သိမ်မွေ့သောခေါ်သံကြောင့် နှစ်ဦးစလုံး မော့ကြည့်မိကြ၏။

ထိုအခါ အိုက်ယ၏လက်ထဲတွင် ပန်းရောင်စာအိတ်လေးတစ်အိတ်ကိုမြင် လိုက်ရရာ ဆံပင်များထောင်ထသွား သလားပင်မှတ်ရအောင် ထိတ်လန့်အံ့ဩ ရတော့၏။ တစ်သက်ဘယ်သောအခါမှ မျှော်လင့်မထားသော လှပချောမော သော ယောက်ျားပျိုလေးတစ်ယောက် ၏ စာတစ်စောင်ပင်။

"ကျွန်တော် မနန်းယူအတွက် ရေး



www.burmeseclassic.com

www.burmeseclassic.com

လာတာပါ။ အဲဒါကို အေးအေးဆေးဆေးဖတ်ကြည့်ပါဗျာနော်"

ဟု ပြောပြီး စာကို နန်းယူဆီသို့ ကမ်းပေးရာ နန်းယူမှာ မယူဝံ့သဖြင့် ကြောင်ပြီးကြည့်နေသဖြင့် ထွေးခင်သည် တံတောင်နှင့်တွက်ကာ -

"နန်းယူ၊ နင့်ကိုပေးနေတာ ယူလိုက်လေ။ အားနာစရာကြီး"

ဟုပြောမှ လုံးဝမထားတတ်သော မျက်နှာနှင့် ကတုန်ကယင် စာကိုလှမ်းယူလိုက်၏။ ပြီးသော် နန်းယူသည် ရှက်လွန်းသဖြင့် ခေါင်းကိုငုံ့ထားလိုက်၏။

"မနန်းယူ၊ ကျွန်တော့်ကို ခွင့်ပြုပါဦးခင်ဗျ"

ဟု ရိုကျိုးစွာ နှုတ်ဆက်ပြန်ရာ ယဉ်ကျေးမှုအရ -

"ဟုတ်ကဲ့ရှင့်"

ဟု ခေါင်းမဖော်ဘဲ ပြန်ပြောလိုက်လေ၏။

အိုက်ယသည် သူတို့ရှေ့မှခွာကာ ဘုရားတောင်ပေါ်သို့ တက်သွားလေတော့၏။ နန်းယူသည် တောင့်တောင့်ကြီးဖြစ်ကာ ကျန်ရစ်၏။

"နန်းယူ၊ နင်အရမ်းရင်ခုန်သွားတယ်မဟုတ်လား"

"အေးဟာ၊ ငါဘာမှမပြောတတ်အောင်ပါဘဲ။ ငါမနေရဲတော့ဘူး၊ သူများတွေများ မြင်ကုန်ရင်ဖြင့် ရှက်စရာကြီးဟာ ပြန်ကြစို့"

"နင်တို့အမေကော"

"ဥပုသ်ဇရပ်မှာလေ"

"ဒါဆိုအတော်ပဲ။ အိမ်ပြန်ပြီးဖတ်ကြရအောင်"

ဟု ပြောကာ ဘုရားတောင်ခြေမှ ရွာထဲသို့ ပြန်လျှောက်ခဲ့ကြတော့၏။ နန်းယူသည် စာအိတ်ကိုလိပ်ကာ လက်ကိုင်ပဝါဖြင့်ပတ်ပြီး ယူခဲ့၏။ အိမ်ရောက်သော် နန်းယူသည် သူ့အိပ်ခန်းထဲသို့ ထွေးခင်နှင့်ဝင်ခဲ့ကြပြီး ခုတင်ပေါ်တင်ပါးလွှဲထိုင်ကာ စာအိတ်ကို ဖောက်၏။ စာရွက်မှာလည်း ပန်းရောင်စာရွက်လေးတွင် နှင်းဆီပွင့်ပုံလေးရိုက်ထားသော အကောင်းစားစာရွက်လေး ဖြစ်သည်။ လက်ရေးသည်ကား အလှကြီးမဟုတ်ပေ။

မနန်းယူ

*ကျွန်တော် မနန်းယူကို စိတ်ဝင်စားနေတာကြာပါပြီ။ ဘာလို့စိတ်ဝင်စားသလဲဆိုရင် မနန်းယူကိုချစ်နေမိလို့ပါ။ ရင်ထဲမှာ အကြာကြီးချစ်နေပြီးမှ ခိုင်မာနေတဲ့အချစ်ကို မနန်းယူထံပေးအပ်တာပါ။ အဲဒါကြောင့် ကျွန်တော့်အချစ်ကို မနန်းယူ သံသယမရှိစေချင်ပါဘူး။ ကျွန်တော် မနန်းယူကို မြတ်မြတ်နိုးနိုး တန်ဖိုးထားပြီးချစ်သလို ကျွန်တော့်ကိုလည်း ပြန်ချစ်ပါလို့ ကျွန်တော် ခွင့်ပန်ချင်ပါတယ်။လိုရင်းကိုဆိုရရင်တော့ ကျွန်တော် မနန်းယူကို လက်ထပ်ပါရစေ။*

မနန်းယူ ကြည်နူးပျော်ရွှင်ပါစေ
ချစ်တဲ့
အိုက်ယ

"ဟယ် - အိုက်ယရဲ့စာက တိုတိုလေးနော်။ ဖတ်လို့ဆုံးသွားတာ နှမြောလိုက်တာဟာ။ ဒီကောင် စာတော့ရေးတတ်သားပဲ"

"နင်တို့ငါတို့လို လေးတန်းတော့ အောင်မှာပေါ့ဟာ"

"ဘယ်လိုလဲ ကောင်မ၊ ညည်း စာတစ်စောင်တည်းနဲ့ ပစ်ကျသွားပြီမဟုတ်လား"

"အောင်မာ၊ ညည်းလိုများမှတ်နေလား ကောင်မစုတ်"

"အဟား ဟား ဟား- နင့်မျက်နှာ ငါဖတ်တတ်ပါတယ်ဟာ။ နင်ကြွေသွားပြီ မဟုတ်လား"

"သူများရှက်ပါတယ်ဆိုမှ ကဲဟာ၊ ကဲဟာ"

ဟု ပြောပြီး နန်းယူက ခေါင်းအုံးဖြင့် ကောက်၍ထုနေလေတော့၏။ သူငယ်ချင်းနှစ်ယောက်၏ ပျော်ရွှင်ရယ်မောသံကား ဆူညံ၍နေလေတော့၏။

**အဖြေ၏နိဒါန်း**

'လောကကြီးဟာ မမျှော်လင့်တာတွေလည်း ဖြစ်လာတတ်တာပါလား။ ကြည့်စမ်းပါဦး၊ အိုက်ယလို မိန်းကလေးရေးရတဲ့ကောင်က ငါ့ကိုချစ်သတဲ့။ ငါ့ကိုစိတ်ဝင်စားနေတာကြာပြီဆိုပဲ။ ကြည့်စမ်း - အိုက်ယ ငါ့ကို တိတ်တခိုးလိုက်လိုက်ကြည့်နေတာနေမှာ။ အိုး-ရှက်စရာကောင်းလိုက်တာပါလား။ ငါက မလှမပနဲ့ သူ့ရှေ့ဖြတ်လျှောက်မိတာ အခါခါပေမယ့် သူလိုလူကို ငါမမျှော်ရဲခဲ့ဘူး။ ပြုံးလိုက်ရင် အရမ်းကျက်သရေရှိတဲ့ သူ့အလှကို တိတ်တခိုးမြတ်နိုးဖူးခဲ့ပေမယ့် ခုလိုသူချစ်လာမယ်ဆိုတာတော့ အိပ်မက်တောင်မက်ရဲခဲ့တာမဟုတ်ဘူး။ ခုတော့ မယုံနိုင်စရာပါလား။

အကြာကြီးချစ်ပြီးလို့ ခိုင်မာနေတဲ့အချစ်ကို ငါ့ကိုပေးတာတဲ့။ အိုက်ယရယ် ရေးတတ်လိုက်တာ။ ယုံပါတယ်ဟာ။ နင့်အချစ်ဟာ ငါ့ဘဝအတွက် တစ်ချစ်တည်း[...] သောအချစ်ပါ။ ပြီးတော့ တစ်ဦးတည်း[...] သော အချစ်ပါဟာ။ တကယ်တော့ [...] ဘဝက အလှမဲ့သူတစ်ယောက်ပါဟာ[...] မလှတာကို ရာကြဲတွေးတော့ပြီး အ[...] နာနဲ့လှအောင်ကြည့်ပြီးချစ်လာတာ[...] ငါကျေးဇူးအများကြီးတင်လှပါပြီ။ [...] ဟာ ငါ့ရဲ့အလင်းရောင်ပါဟာ။ စိတ်[...] နင့်ဘဝကို ငါတတ်စွမ်းသရွေ့ပြုစုတော[...] ရှောက်မယ် သိလား။

အောင်မယ် ဘာတဲ့။ ကျွန်တော်[...] ကို ပြန်ချစ်ပါလို့ ခွင့်ပန်ချင်ပါတယ်[...] မိန်းကလေးပဲဟာ၊ ချစ်ပါတယ်လို့ ဘ[...] မှာ ပြန်ပြောရဲမှာလဲ ကြောက်တာ[...] စာပေးတုန်းကတောင် သေမလော[...] ရင်ခုန်ထိတ်လန့်ခဲ့ရတာ။ ချစ်ပါတ[...] အိုက်ယရယ်လို့များ ပြောလိုက်လို့[...] တော့ ရှက်ပြီးလဲသေမလားမပြော[...] ဘူး။ နင့်ကိုရင်ထဲကချစ်မယ်။ အပြ[...] နဲ့ ချစ်မယ်။ ချစ်လွန်းတဲ့ ခင်ပွန်းအ[...] ချစ်မယ်။ ဒါပေမယ့် ဘယ်တော့မှ ချ[...] တယ်ဆိုတဲ့စကားတော့ ပြော[...] မဟုတ်ဘူး။ ငါကမိန်းကလေးလေ[...] ရှက်တာပေါ့။

လိုရင်းတဲ့၊ အောင်မာ လိုရင်း[...] ဘာတွေလုပ်နေရသေးတယ်။ လက်[...] ပါရစေဆိုရင်ပြီးတာပဲ။ အဖြေတောင်[...] နေ့ကျရင် အိုက်ယကို ဘယ်လိုအ[...] ပေးရပါမလဲ။ ချစ်တယ်လို့လည်း မ[...] ရဲ။ စဉ်းစားပါရစေဦးလို့ ပြောလိုက်[...] ဟိုက နောက်ပြန်ဆုတ်သွားရင်လ[...] ဒါကမဟုတ်သေးဘူး။ တစ်သက်မှာ[...] ခါသာရတဲ့အခွင့်အရေး။ ဒီအခွင့်အ[...] ကို လက်လွှတ်လို့ကတော့ ငါအပျို[...] တစ်ကိုယ်တည်းနေရတော့မှာ ပျင်း[...] ကြီး။ ဟင်း. . . ဒီတော့ဘယ်လိုအ[...] ပေးရပါ့။

ဟုတ်ပြီ၊ ဟုတ်ပြီ။ တစ်ခါတ[...] တစ်ချက်ခုတ်နှစ်ချက်ပြန်ဖြစ်သွားအော[...] အမေ့ဆီလာတောင်းလှည့်ပါလို့ [...] လိုက်တော့မယ်။ဟန်ကျလိုက်တဲ့အ[...] ဩော်- မေ့နေလိုက်တာ ခုတစ်ခါတ[...] လာတောင်းလို့မရသေးဘူးလေ။ ဝါ[...] ကာလကြီးပဲဟာ။ ဩော် - ငါ့နှယ်[...] ဆန္ဒစောလိုက်တာ'

ဟု စာဖတ်လိုက်၊ စိတ်ထဲက[...] လိုက်ဖြင့် နန်းယူခမျာ ပြုံးလိုက်၊ [...] လိုက်ဖြင့် ခုတင်ပေါ်တွင် တ[...] တလိမ့်လိမ့်ရှိနေရှာတော့၏။ [...] ပြန်ဖတ်ရသည်မှာ အကြိမ်[...] သတိမထားမိတော့ပေ။ [...] ဆို[...]



www.burmeseclassic.com

www.burmeseclassic.com

အ...တ်ပင်ရနေပြီဖြစ်သော်လည်း သူ၏ ...က်ရေးနှင့် သူစာလေးကြည့်ရဖတ်ရ ...သည်မှာ တင်းတိမ်နိုင်သည်ဟူ၍ မရှိခဲ့ ...တကယ်သော် အမှန်တကယ်အချစ် ...ဖြင့် ချစ်နေမိသည်မှာ နန်းယုပင် ...ချေ၏။

**...နိုင်သောနေ့တစ်နေ့**

တစ်လတွင် ဥပုသ်နှစ်ရက်သာ ...ခွင့်ရကြသဖြင့် ထိုဥပုသ်ရက်ကို လူ ...င်းတွင်းသားတိုင်း မြတ်နိုးစွာ မျှော် ...င့်ကြပါသည်။

ထိုဥပုသ်နေ့လေးတွင် အဓိက ...ျော်ရွှင်ကြသည်မှာ လူပျို၊ အပျိုတို့ပင် ...သည်။ နန်းယုနှင့်ထွေးခင်တို့သူငယ် ...င်းနှစ်ဦးမှာလည်း ဘုရားတောင်သို့ ...ားရန် တာစူနေကြ၏။

နန်းယုမှာ သနပ်ခါးကို ပါးပါး ...ကာ နှာရောင်မှနေ၍ နားသယ်စပ် ...ထိ သပ်ရပ်စွာ ဘီးဖြင့်ခြစ်ထားသဖြင့် ...င့်ကျေးစွာလှလျက်ရှိပါသည်။

"ထွေးခင်"

"ဘာလဲဟာ"

"ငါကြည့်ကောင်းရဲ့လား ကြည့် ...ဦးဟာ။ တော်ကြာ ငါ့မြင်တာနဲ့ အိုက် ... နောက်ပြန်လှည့်ပြေးနေပါဦးမယ်"

"လှပါတယ်ဟာ၊ သနပ်ခါးပါးပါး ...နဲ့ ကြည့်ကောင်းပါတယ်"

"ကဲ-ဘုရားတောင်သွားကြစို့ဟာ။ ...နစ်ယောက် အရင်တစ်ခါတုန်းက နေ ...မှာ မထိုင်နဲ့တော့။ တော်ကြာ သူ့ကို ...မျှော်နေတယ်လို့ထင်နေပါဦးမယ်။ နေ ...ပြောင်းထိုင်ရအောင်နော်"

"အင်းပါဟာ၊ နင့်သဘောပါ"

"အင်း - ကောင်မတော့ ရင်တွေ ...နေပြီလားမသိဘူး"

"ရင်ခုန်ရုံမကဘူး၊ ကြောက်စိတ် ...တွေပါဝင်နေတယ်ဟ။ ငါလေဘယ်လို ...မှန်းမသိပါဘူးဟာ။ ခြေတွေ၊ လက် ...တွေ အားကုန်နေသလိုကြီးပဲဟ။ ရင်ထဲ ...မှာ တလှပ်လှပ်ခံစားနေရတာ"

"နင်နဲ့ ငါ ပေါင်းလာတာကြာခဲ့ပြီ ...လား။ ငါ့မျက်စိထဲမှာ နင်ဒီနေ့အလှ ...ဆုံးပဲ၊ အိုက်ယမပြောနဲ့၊ ငါတောင်နင့်ကို ချစ်လာပြီ"

"ကောင်မစုတ်နော်၊ ရှက်ပါတယ် ...ဆိုနေမှ"

"ဟား ဟား ဟား ဟား"

ထွေးခင်သည် သဘောကျစွာ ...တဟားဟားရယ်နေသဖြင့် နန်းယုက လက်မောင်းကို ဆွဲလိမ်လိုက်၏။

"နင်ဟာ အဲဒီလိုကြီးမရယ်စမ်းပါနဲ့။ မရှက်ဘူးလား"

"အိုး. . . ကိုယ့်ပါးစပ်နဲ့ ကိုယ်ရယ်တာပဲ၊ ပျော်လို့ပဲဟာ"

ထိုသို့ စကားတွေတွတ်ထိုးရင်း လာခဲ့ကြရာ မဝေးလှသော ရွာ၏ တောင်ဘက်ရှိ ကျောက်ပြဿဒ်ဘုရားတောင်သို့ရောက်ခဲ့ကြတော့၏။ မိုးရာသီမို့ တောင်ထိပ်တွင် တိမ်မြူတို့လွှင့်မျောနေသဖြင့် စေတီတော်အား မှုန်ဝါးဝါးသာ ဖူးတွေ့ရပေသည်။

တောင်ကြီး၏ဝန်းကျင်ဝယ် သစ်ပင်ကြီးများဖြင့် အုပ်ဆိုင်းနေသလို ကြီးမားသော ကျောက်တုံး၊ ကျောက်ခဲ၊ ကျောက်ချွန်းများမှာ များစွာတည်ရှိနေရာ သဘာဝအလှတို့ စုဝေးရာနေရာဖြစ်သည်။

ထိုဝန်းကျင်ဝယ် မိုးကုတ်၊ ကျပ်ပြင် စသည်တို့မှ ကားဖြင့် လာရောက်ဖူးမြော်သူများ၊ ကျောက်ပြဿဒ်၊ ကျောက်ဖျာ၊ ဆင်ခွာ၊ ရေအေး စသော ရွာနီးချုပ်စပ်မှလူများ လာရောက် ဖူးမြော်လည်ပတ်သဖြင့် လူအသင့်အတင့်စည်ကားလျက်ရှိသည်။

ဘုရားတောင်ပေါ်မှခေါင်းလောင်းသံတဒေါင်ဒေါင်ကိုလည်း သဲ့သဲ့မျှကြားနေကြရသည်။ ထိုခေတ်ထိုအခါသည် ကျောက်ပြဿဒ်ဘုရားတောင်ကြီးအား ယခုခေတ်ပုံစံကဲ့သို့ မပြုပြင်သေးဘဲ ကျောက်ဥယျာဉ်ကြီးဖြင့် သဘာဝအတိုင်းရှိနေသေးသောခေတ် ဖြစ်၏။

"နန်းယု၊ ဒီကျောက်တုံးအကွယ်မှာ ထိုင်ကြရအောင်။ အိုက်ယ အမှန်တကယ် အဖြေကိုလိုချင်ရင် တို့ကိုတွေ့အောင်ရှာပါလိမ့်မယ်"

"အင်လေ - နင့်သဘောပါပဲ"

ဟု ပြောကာ ပြောင်ရှင်းနေသော အောက်ခံကျောက်ပြားပြောင်ပြောင်ပေါ် ထိုင်လိုက်ကြ၏။ ပြီးလျှင် ထွေးခင်၏ အနွေးထည်အိတ်ကပ်ထဲတွင် ထည့်လာသည့် နေကြာစေ့လှော်ကိုထုတ်ကာ ဝါးနေကြတော့၏။ မိုးကုတ်သူတိုင်း နေကြာစေ့စားကြသည်မှာ ထုံးစံဖြစ်သည်။

နေကြာစေ့လှော်ကား မိန်းကလေးတို့ ယခုမှ နှစ်သက်သည်မဟုတ်။ လွတ်လပ်ရေး မရမီကာလတုန်းကပင်လျှင် ဈေး၌ နေကြာစေ့လှော်အမြဲရောင်း၏။ သို့သော် ယခုခေတ်ကဲ့သို့ စက္ကူ ပလတ်စတစ်တို့ဖြင့် ထုတ်ရောင်းခြင်းမဟုတ်ဘဲ အင်ဖက်ကတော့ဖြင့် ထည့်ရောင်းခြင်းဖြစ်သည်။

တိုးတက်လာသော ခေတ်တွင်မူ ကျောက်ကုန်သည် အမျိုးသမီးတို့သည် မိုးကုတ်ထွက် နေကြာစေ့လှော်ပေါင်ထုပ်ကြီးများ သွားလေရာသို့ယူ၍ တဖြောက်ဖြောက်နှင့် အဆက်မပြတ် စားနေသည်ကို မြင်တွေ့ကြရပေမည်။ ဤသည်ပင်လျှင် စတိုင်လ်ဟု သဘောထားလေသလားမသိ။ နေကြာစေ့စားပါက ကျန်းမာရေးကို မည်သို့အထောက်အကူပြုသည်၊ ကျန်းမာရေးအတွက် မည်သို့ထိခိုက်သည်ဟူ၍လည်းလေ့လာဟန်မတူ။ ကြွက်များပမာ လွန်စွာစားနိုင်ကြပေ၏။

နေကြာစေ့မှာလည်း အစိမ်း၊ အကျက်၊ အချို၊ အငန်၊ နို့၊ သဘာဝ စသည်ဖြင့် တီထွင်ကြံဆကာ သူ့ထက်ငါ အပြိုင်အဆိုင်ထုတ်လုပ်ကြ၏။ သို့ကြောင့် ပါးစပ်တလှုပ်လှုပ်နေရမှ ကျေနပ်တတ်သော မိန်းကလေးတို့သည် အပြိုင်အဆိုင် နေကြာစေ့ဖြင့် ပါးစပ်လှုပ်နေကြခြင်း ဖြစ်သည်။

ကွမ်းတဗျစ်ဗျစ်ဝါးနေသော အာနီလျှာနီမိန်းကလေးများနှင့်စာသော် မိုးကုတ်သူတို့ နေကြာစေ့ဝါးခြင်းသည် သင့်၏ဟု ဆိုရပေမည်။ နေကြာစေ့သည် ကား အဆီအဆိမ့်ဖြစ်ရာ စားပြီးရင်းစားချင်သောအစားအစာ ဖြစ်သည်။ လွန်စွာများများစားသော် မူးဝေထိုင်းမှိုင်းလာတတ်၏။

အိန္ဒိယမှ သုတေသီတို့ သုတေသနပြုချက်အရ ကြွက်များကို နေကြာစေ့ကျွေး၍ မွေးကြည့်ရာ ဖိုမျိုးစေ့၊ မမျိုးစေ့ဆိတ်သုဉ်းလျက် သားဆက်ခြားသွားကြောင်း စာထဲ၌ ဖတ်ဖူး၏။ သို့အတွက် တန်လျှင်ဆေး လွန်လျှင်ဘေးဟု ဆိုရပါမည်။

**အဖြေ**

"နန်းယု၊ နင်တော့ရင်တွေအရမ်းခုန်နေမှာနော်။ ပြီးတော့ မျှော်နေရတာလည်းမောနေရောပေါ့"

". . . . . ."

"ဟဲ့ကောင်မ၊စကားတောင်မပြောနိုင်တော့ဘူးလား"

ထိုသို့မေးသော် နန်းယုသည် တတောင်နှင့်တွတ်သဖြင့် ရှေ့သို့ကြည့်ပြီးပြောနေရာမှ နန်းယုဘက်သို့ လှည့်ကြည့်မိရာ နန်းယုဘေးတွင် မားမားကြီးရပ်နေသော အိုက်ယကို မြင်တွေ့လိုက်ရသဖြင့် ရုတ်တရက်လန့်သွားပြီး



www.burmeseclassic.com

www.burmeseclassic.com

"အောင်မလေး၊ ဗုဒ္ဓေါ"

ဟု ထွေးခင်ပါးစပ်မှ ယောင်၍ ထွက်သွားလေ၏။ ထိုသည်ကိုကြည့်၍ နန်းယူရော အိုက်ယပါ တခစ်ခစ်ရယ်ကြ၏။

"ကျွန်တော့်ကို ခွင့်လွှတ်ပါ မထွေးခင်။ အသံမပေးဘာမပေးနဲ့ တိတ်တိတ်ကလေးဝင်ခဲ့တာကလည်း မထွေးခင်ကို ခင်မင်တဲ့သဘောနဲ့ စ,ချင်လို့ပါ။ ကျွန်တော် အောက်ဘက်တွေမှာ ရှာမတွေ့တာနဲ့ ဒီဘက်ချောင်မှာရှိနိုင်တယ်ဆိုပြီး လာရှာကြည့်တာပါ"

"ဩော် - ဟုတ် ဟုတ်ကဲ့၊ စကားပြောကြဦးနော်။ အတော်လေးနေမှ နန်းယူကို ကျွန်မပြန်လာခေါ်မယ်။ သွားမယ်နော်"

ဟု ပြောကာ ထွေးခင် သူတို့နှစ်ဦး အနားမှထွက်သွားလေ၏။

"မနန်းယူ"

နန်းယူကား ခေါင်းငုံ့ကာ မလှုပ်မယှက်ထိုင်နေ၏။

"မနန်းယူ မရှက်ပါနဲ့။ ကျွန်တော့်ကို စကားပြောပါဦး"

"......"

"မနန်းယူ"

ခေါ်၍လည်း မထူး၊ မော့်၍လည်း မကြည့်ရဲသောအခါ အိုက်ယသည် နန်းယူ၏လက်ကလေးကို ဆွဲ၍ကိုင်လိုက်သည်။

"အို - ကိုအိုက်ယမလုပ်ပါနဲ့လွှတ်ပါ"

"ကျွန်တော့်ကို ချစ်တယ်မဟုတ်လား"

"......"

"ပြောလေ မနန်းယူ"

"ဟိုလေ၊ ဟိုကျွန်မမပြောရဲလို့ပါ။ အဲ့ဒါ ဟိုသီတင်းကျွတ်ရင်လေ အမေ့ဆီလာတောင်းလှည့်ပါ"

"ဟင်- ဒါဆို မနန်းယူ ကျွန်တော့်ကို ချစ်တယ်ပေါ့နော် ဟုတ်လား"

နန်းယူက ရှက်သွေးဖြာသောမျက်နှာနှင့် ခေါင်းညိတ်ပြလိုက်သည်။

အိုက်ယသည် ဖျတ်ခနဲပွေ့ကာ မနန်းယူ၏ပါးပြင်ကို လျှပ်တစ်ပြက်နမ်းပစ်လိုက်သည်။

"အို - ဘာလုပ်တာလဲ"

"အဲဒါအချစ်ရဲ့သင်္ကေတလေးပေါ့ မနန်းယူရယ်။ ကျွန်တော်အရမ်းကိုပျော်သွားခဲ့တယ်ဗျာ။ သီတင်းအမြန်ကျွတ်ပါစေလို့ဆုတောင်းရင်း ကျွန်တော် သီတင်းကျွတ်ကို မျှော်နေမှာပါ"

"ကိုအိုက်ယလွှတ်လေ၊ တော်ကြာ ထွေးခင်ရောက်လာမှဖြင့် ရှက်စရာကြီး"

"ဩော် - ဟုတ်သားပဲ ခွင့်လွှတ်နော် မနန်းယူ။ မနန်းယူက ကျွန်တော့်မျက်စိထဲမှာ ဒီနေ့သနပ်ခါးဘဲကျားလေးနဲ့ သိပ်ကြည့်ကောင်းနေလို့ပါ။ ပြီးတော့ မွှေးလိုက်တာလည်း အသည်းထဲကိုခိုက်သွားတာပဲ။ နတ်သမီးလေးတွေတောင်မှ မနန်းယူလောက် လှမယ်မထင်ဘူး"

နန်းယူမှာ ရှက်လွန်းသဖြင့် ဘာစကားမှထွက်၍မလာတော့ပါ။ ချစ်သူ၏အပြောတွင် စီးမျော၍သွားလေတော့၏။

**တကယ်ချစ်၊ မချစ်**

"အိုက်ယ၊ မင်းနန်းယူကိုတကယ်ချစ်လို့ ရည်းစားထားတာ ဟုတ်ရဲ့လား ငါ့လူ။ မင်းမယူနိုင်ဘဲနဲ့တော့ သူများသားသမီးကို အပျော်ရည်းစားတော့ မထားပါနဲ့ကွာ။ သူ့ခမျာ ဘဝအားနည်းချက်လေးရှိနေတာကွ"

"ကျွန်တော် တကယ်ယူဖို့ ဆုံးဖြတ်ပြီးပါပြီ လေးနန္ဒီ"

"အေးကွာ - တကယ်ယူမယ်ဆိုရင်တော့ ငါမတားလိုပါဘူး။ ဘဝရေစက်ဆိုတဲ့အမျိုးက အဆန်းသားကွ။ ယောကျ်ားချောရင် မိန်းမအရုပ်ဆိုးဆိုးနဲ့ ရတတ်ပြီး မိန်းမချောရင်လည်း ယောကျ်ားအရုပ်ဆိုးဆိုးနဲ့ ရတတ်တယ်ကွ။ မင်းတို့နှစ်ဦးက ရှေ့သွားနောက်လိုက်တော့မညီဘူးပေါ့ကွာ။ ဒါပေမယ့် အတူနေရင်တော့ အတူနေသံယောဇဉ်ဆိုတဲ့ကြိုးက မင်းတို့ကို ချည်တုပ်သွားမှာပါကွာ"

ဥပုသ်နေ့နားပြီး နောက်တစ်ရက်တွင် ဖြန်းမြေစေးများရေပန်းရိုက်ထားခိုက် တဲတွင်ထိုင်ကာ ရေနွေးသောက်ရင်း အိုက်ယကိစ္စကို ယောကျ်ားများပီပီ ပွင့်လင်းစွာ ပြောဆိုနေကြခြင်း ဖြစ်၏။

ဤတွင် ဦးသောမကလည်းဝင်ပြောပြန်၏။

"မင်းရဲ့လုပ်ရှားမှုကို ငါကျောက်ဆောင်ထိပ်တစ်နေရာကကြည့်နေတော့ မြင်နေရတယ်။ အိုက်ယ နန်းယူဆီ ချစ်ခွင့်ပန်တယ်ဆိုတာမျိုးက ခရုကို ခါးတောင်းကျိုက်ဖမ်းသလိုဆိုတာ ငါသဘောပေါက်ပါတယ်။ ဒါပေမယ့် နန်းယူဟာ မိကောင်းဖခင်သားသမီးပါ။ ဣန္ဒြေရှိတယ်၊ ယဉ်ကျေးတယ်၊ ပိုက်ဆံရှာတတ်တယ်။ သူ့မှာ အားနည်းချက်ဆိုတာရှိတော့ မာန်မာနလုံးဝမရှိတာပါဘဲ။

နန်းယူလို မိန်းမမျိုးရလို့ကတော့ မင်းမိန်းမထီပေါက်တာပဲကွ။ မချမ်းသာရင်သာရှိမယ်၊ မဆင်းရဲဘူး။ ဒေါ်နန်း... ဆီမှာ ကျောက်မျက်ရတနာတွေ ဘယ်... လောက်ကျန်ခဲ့မယ်ဆိုတာ ဘယ်သူမှ... မှာမဟုတ်ဘူး။ ယုတ်စွအဆုံး နန်းယူ... တောင် သိမယ်မဟုတ်ဘူး။ အဘွားကြီး... က စေးကုပ်ပြီး အနေစေ့တယ်ကွ။

လူဆိုတာ သေမျိုးပဲကွာ၊ အသက်... ကြီးရင် သေသွားကြမှာပဲ။ အဘွားကြီး... မရှိတော့ရင် ဒီတိုက်အိမ်နဲ့ ကျန်ခဲ့... ရတနာတွေဆို မင်းတို့လက်ထဲ မ... မသွေရောက်လာမှာပဲ။ ဒါဆိုရင် လော... ကမှာလူတန်းစေ့နေနိုင်တာပေါ့ကွာ။

မင်းကံကောင်းလို့ မင်းလက်ထဲ... မှာပွားလာတယ်ဆိုရင်တော့ မင်းအလွ... အလွန် ကံကောင်းတဲ့ကောင်လို့ဆိုရ... ပါ။ လောလောဆယ်မှာတော့ မင်း... လူတွေဘယ်လိုမြင်မလဲဆိုရင် ကြ... သိုက်တူးတဲ့လူလို့ပဲ အကြမ်းအား... မြင်ကြမှာ သေချာတယ်။ မြင်လော... အောင်ကလည်း မင်းတို့ဂုဏ်ရည်ချင်း... ကွာနေတာကိုးကွ။

လူဆိုတဲ့အမျိုးဟာ အသိဉာဏ်... အမြင့်ဆုံးအမျိုးကွ။ မင်းရဲ့အသိဉာဏ်... မြင့်ဖို့ အများကြီးလိုတယ်။ ချေးယ... လို့ ချေးခံတွင်းရှာတယ်ဆိုတဲ့အဖြစ်မျိုး... လုံးဝမဖြစ်စေနဲ့ သိလား"

"ဟုတ်ကဲ့ လေးသောမ၊ ကျွန်... တော် ကောင်းကောင်းမွန်မွန်ချစ်ချစ်... ခင်ပေါင်းသင်းမှာပါ"

"ဒါဆို မင်းတို့ဟာက ..."

"သီတင်းကျွတ်တာနဲ့ ကျွန်တော်... အစ်မရယ်၊ လေးနန္ဒီတို့၊ လေးသော... တို့ရယ်၊ ကျွန်တော့်ပေါလံ၊ မဲလံတို့ရယ်... ခေါ်သွားပြီး မိကောင်းဖခင်သား... သွားတောင်းမှာပါ။ အဲဒါကို နန်းယူ... လည်း ပြောပြခဲ့ပြီးပါပြီ"

"အေး-ဝမ်းသာပါတယ် ငါ့... ရာ။ မင်းဟာ ငါတို့ရဲ့တူလိုပါပဲ။ အ... အတူတူလုပ်နေတော့ သံယောဇဉ်... တယ်ကွာ၊ မင်းချမ်းသာနေတာကို ... မြင်ချင်ပါတယ်"

ဟု ဆိုလေ၏။

အိုက်ယမှာမူ နန်းယူ ဟူ... သူ့ဘဝ၏ဆင်းရဲမွဲတေအခြေမှ... ထွက်ပေါက်တစ်ပေါက်ဟုသတ်မှတ်... ရာ ရင်ထဲတွင် စွဲနစ်နေအောင်ချစ်... အချစ်မဟုတ်မှန်း သူကိုယ်သူသိ... ရှိရာ သက်ပြင်းတစ်ချက်ကို တိ...



www.burmeseclassic.com

www.burmeseclassic.com

ချိန်လေ၏။

ထိုစဉ် ဦးနန္ဒိမှ -

"အိုက်ယရေ ရေပန်းသွားကြည့် လိုက်ဦးကွာ"

ဟု ဆိုသဖြင့် မျောခွက်ဘက်သို့ ထွက်ခဲ့လေ၏။

**နန်းယုထက်ပျော်သူ**

"ထွတ်မြတ်တဲ့ စံဌာနီ၊ လွတ်လပ် တဲ့ မြန်မာပြည်×××လွတ်သဘင်ကျွတ် သဘင်×××ဆင်နွဲလို့အညီ××× သဘင်ပွဲ ဘာအတည်×××မြန်မာ့ဟန်ရေး××ရှေး ဦးမျက်ပေါင်×××မရိုးစည်မောင်း××× သြောင်းဝေဝေစီ×××"

ထိုခေတ်ထိုအခါက ကရာခုန်ရာ တွင် ခေတ်စားခဲ့သော ဗိုလ်ရှုသဘင် သီချင်းကို အပျိုတို့က လက်ခုပ်တီးကာ သံသန်းသီဆိုနေပြီး ဒေါ်မေနန်းမှာ ကွေး နေအောင်ကလျက်ရှိ၏။

မောင်အိုက်ယနှင့် မနန်းယုတို့ အား အိုက်ယ၏အစ်မဖြစ်သူ ကျောက် ကန်သည် မနန်းဆာမှ ကောင်းမွန်စွာ ထိလာဆောင်နှင်းပေးခြင်းဖြစ်ရာ မင်္ဂလာအဝင်ညတွင် အပျိုတို့က ဓာတ်စက် ဖွင့် သီချင်းပေးရာ နန်းယု၏မိခင် ဒေါ်မေနှင်းမှာ ပျော်လွန်းသဖြင့် ကွေး နေအောင် က,နေခြင်း ဖြစ်ပါသည်။

ထိုခေတ်တွင် အလှူမင်္ဂလာရှိပါ က ကျပ်ပြင်သို့တက်ကာ ဓာတ်စက်ငှား ကြရ၏။ ညအခါတွင် လူပျို၊ အပျိုတို့ စုတို့ရရာ သီချင်းတို့ကို ပျော်ရွှင်စွာသီ ဆိုကြလေ၏။ အတီးမပါ၊ စည်းမပါ၊ ဝါး ခပ်ဖြင့် သီဆိုနေကြရာ အမှန်ပင်ရယ် စရာကောင်းလှပေ၏။ အသံမရပါဘဲနှင့် ဓာမာအေးသီချင်းတို့ကို ကောင်မလေး များဆိုကြရာတွင်လည်း အသံမြင့်ရာ တွင် ထွက်မလာဘဲ နစ်ဝင်သွားသဖြင့် အခွင်းချင်းတဟားဟားရယ်မောသံများ ဓာတ်စက်ထဲတွင် ကြားနေရလေ၏။ ထို အမြင့်တွင် လွှင့်တင်ထားသော ဓာတ် စက်သံအား သက်ကြီးရွယ်အိုတို့မှာ ညဉ့် နက်သည်အထိ ကျိတ်မှိတ်ခံစားရလေ ရှိ၏၊ တောခလေ့တောသဘာဝ ကြာ ကြာမှ တစ်ခါသာကြုံရသောမင်္ဂလာမို့ ခံသက်သည်ဖြစ်စေ၊ မနှစ်သက်သည် ဖြစ်စေ သည်းခံရသည်မှာ ဓမ္မတာဖြစ် ချေ၏။

မင်္ဂလာပွဲရှိပါက မင်္ဂလာအကြိုည တွင် လူပျို၊ အပျိုတို့ သီချင်းဆိုကြသည် မှာ အဆန်းမဟုတ်သော်လည်း ဗိုလ်ရှု သဘင်သီချင်းဆိုခိုင်းကာ ဝင်ကနေသော သတိုးသမီး၏မိခင် ဒေါ်မေနန်းကိုမူ လူပျိုတို့က အံ့သြကြလေ၏။ ဤတွင် ပြောရဲဆိုရဲသော လူပျိုဖိုးငွေက ဝင်၍ မေးလေ၏။

"ကြီးမေက သတို့သမီးရှင်လေ၊ ဘာလို့ဝင်ကတာတုံး"

"ပျော်လို့ပေါ့ ဖိုးငွေရဲ့။ သမက် ချောချောလေးရတော့ ငါအရမ်းပျော် တာသိရဲ့လား။ ငါ့သမီးကို နင်တို့က အရေးမစိုက်ပေမယ့် ဟော - ခုတော့ မင်းသားလိုလှတဲ့လူပျိုနဲ့ကိုရတာ။ ဘယ် လောက်ပျော်စရာကောင်းလဲ"

ဟု ဆိုလေရာ ဖိုးငွေမျက်နှာ တွန့် သွားသော်လည်း အပျိုတို့က ဝိုင်း၍ သြဘာပေးကြလေ၏။ အမှန်ပင် ဒေါ်မေ နန်း၏မျက်နှာမှာ ပျော်ရွှင်ကြည်နူးနေ လေ၏။

လက်စွဲဓာတ်မီးရောင်အောက်၌ သွားလာလှုပ်ရှားနေသော သတို့သား အိုက်ယ၏ ဖြူဖွေးသော ရုပ်အသွင်က လည်း အမှန်ပင် တင့်တယ်လှပေ၏။ အများထက်ပေါ်လွင်သောအလှဖြစ်ပေ သည်။

ထိုအချိန်တွင် လူပျိုကြီး ဖိုးအေး သည် တယောတစ်လက်ကိုင်ကာ အိမ် ပေါ်ရောက်လာသဖြင့် ဆိုသူတို့ပို၍မြိုင် ကြတော့သည်။ ဖိုးအေးသည် ဆိုချင်ရာ ဆို နောက်မှအလျဉ်းသင့်သလို တယော ဖြင့် တအီအီလိုက်နေရာ သူ့အရပ်နှင့် သူ့ဇာတ်ဆိုတာလို ဟုတ်နေလေတော့ ၏။ တောခလေ့ကား အမှန်ပင် မြတ်နိုး ဖွယ်ဖြစ်ပါသည်။

**ရွှေကျေးအိုက်ယ**

မိုးကုတ်ဒေသ၏ တောခလေ့မှာ ယောကျ်ားဖြစ်သူက ကျားကျားယား ယား တွင်းလုပ်ရသလို မိန်းမဖြစ်သူမှ လည်း ကျောက်ကုန်သည်လုပ်လိုက လုပ်၊ မလုပ်လိုက ကနယ်ဆေး (ကနဲ ဆေး) အလုပ်ကို တစ်ဖက်တစ်လမ်းမှ လုပ်ကိုင်ကြရပါသည်။

တွင်း ဟူသည်မှာ ရေရာသော အလုပ် မဟုတ်။ သို့ကြောင့် ယောကျ်ား ဖြစ်သူ၏ တွင်း၊ ကျင်းမှမရခဲ့သော် မိန်းမ ၏ ဝင်ငွေဖြင့် မီးဖိုကိစ္စကို ဖြေရှင်းကြရ လေ့ရှိပါသည်။ ခြေကမမြဲ၊ လက်ကမမြဲ ဟူသောသဘော ဖြစ်လေ၏။

အိုက်ယမှာလည်း မင်္ဂလာပွဲဆင် နွှဲပြီးသောအခါ ဒေါ်မေနန်းတို့အိမ်၏ အားထားရာ တစ်ဦးတည်းသော ယောကျ်ားသားဖြစ်ခဲ့လေ၏။ ထို့ကြောင့် ဦးနန္ဒိတို့အဖွဲ့နှင့်ခွဲကာ အပ်စုသစ်ဖွဲ့၍ ဖောက်တွင်းလုပ်ကိုင်လျက်ရှိ၏။

ယောကျ်ားချောကို ရထားသူ နန်း ယုအား မိန်းမတိုင်းက အားကျလျက် ရှိ၏။ နန်းယုမှာလည်း အိုက်ယကို ချစ် ရသည်မှာ တုန်၍နေပါသည်။ အစ်ကို၊ အစ်ကိုနှင့် ပါးစပ်ကမချအောင်ရှိသော် လည်း အိုက်ယမှာမူ အေးစက်စက်သာ ရှိလေ၏။

အိုက်ယမှာ လူသာချောသည် မဟုတ်၊ အရက်လည်းမသောက်၊ ကွမ်း မစား၊ ဆေးလောင်းကစားလည်း ဝါသနာမပါ ရာ မိန်းကလေးတိုင်းက နန်းယုကို အားကျကြပါသည်။ တကယ့်ခြောက်ပြစ် ကင်းယောကျ်ားကို ရထားသည်ဟူ၍ တဖွဖွချီးမွမ်းကြလေ၏။

အိုက်ယမှာ တွင်းသားဘဝတွင် မကျော်ကြားသော်လည်း နန်းယုကို လက်ထပ်ပြီးသောအခါတွင်မူ ထင်ပေါ် ကျော်ကြားခြင်း ဖြစ်လာခဲ့ပါသည်။ အိုက်ယကား ရွှေပင်တွင်နားမိ၍ ရွှေ ကျေးဖြစ်နေခဲ့ရပါပြီ။ အောက်ကျနောက် ကျသူများ တွင်းသားဘဝမှလွတ်မြောက် နေခဲ့ပါပြီ။

အကျိုးမပေးဟု ခေါ်ဆိုရမလား မသိပါ။ အိုက်ယမှာ တွင်းသားဘဝ၌ ကျောက်ကြီးကျောက်ကောင်းမရဘူးသလို ကိုယ်ပိုင်လုပ်ပြန်တော့လည်း ကျောက် ကြီး ကျောက်ကောင်းဟူ၍မရပါ။ သို့နှင့် ဖောက်ထွင်းရာသီ တစ်ဆောင်း၊ တစ်နွေ ကုန်ကာ မျောတွင်းကာလ မိုးရာသီသို့ ပင် တစ်ကျော့ပြန်ရောက်ခဲ့ပေပြီ။

**ကျောက်ကုန်သည်ဖြစ်ချင်သူ**

"အမေ"

"ဘာလဲသမီး"

"ကိုအိုက်ယက ကျောက်ကုန်သည် လုပ်ချင်တာတဲ့အမေ"

"ဪ - ဒါများသမီးရယ်၊ လုပ် ချင်ရင်လုပ်ပါစေပေါ့"

သားအမိ (၃) ဦးသည် တိုက် အောက်ထပ် ဧည့်ခံဆက်တီထိုင်ခုံတွင် ထိုင်ကာ ညချမ်းကာလ အနားယူရင်း ရေနွေးသောက်နေချိန် ဖြစ်လေသည်။ အမှောင်ထုအား မှန်အိမ်၊ ရေနံဆီမီး ရောင်ဖြင့် ဖြိုခွင်းထား၏။ သမီးဖြစ်သူ စကားဦးသန်းလာခြင်းသည် ဘာကိုဆို လိုမှန်း ဒေါ်မေနန်း သိပြီးဖြစ်သည်။ ဤ တွင် ရှေ့က စကားလမ်းကြောင်းပြီးပြီ ဖြစ်၍ အိုက်ယမှ ဝင်ပြောသည်။

"ကျွန်တော်တွင်းသားဘဝနဲ့ရှေ့



www.burmeseclassic.com

www.burmeseclassic.com

ခုကိုယ်ပိုင်ဘဝနဲ့ပါ တွင်းလုပ်ခဲ့ပြီးပြီ အမေ။ အဲဒါသားအကျိုးမပေးခဲ့ဘူး။ ခုမိုးတွင်းစပြီး ကျောက်ကုန်သည်ကူးပြောင်းလုပ်ကိုင်ရရင် ကောင်းမလားလို့ ကျွန်တော် နန်းယူကို တိုင်ပင်ထားတာပါ"

"ကျောက်ကုန်သည် အမှန်တကယ်လုပ်ကိုင်နိုင်လို့ကတော့ ကောင်းတာပေါ့သားရယ်။ တွင်းလုပ်တယ်ဆိုတာ အသက်စွန့်ပြီး ပင်ပင်ပန်းပန်းလုပ်ကိုင်ကြရတာ။ ကံမိုးထိုးမှ ကျောက်ကြီးကျောက်ကောင်းဆိုတာကို ရကြတာပါ။ ကျောက်အိုးတို့၊ ကျောက်ကြောဆိုတာကတော့ ပိုဝေးတာပေါ့ သားရယ်"

ဒေါ်မေနန်းသည် စကားခေတ္တရပ်ကာ ရေနွေးသောက်နေသဖြင့် ဆက်လာမည့်စကားကို မျှော်လင့်ခြင်းကြီးစွာ ငံ့လင့်၍နေကြပါသည်။ ကျောက်အိုးဆိုသည်မှာ ကျောက်များစုပုံ၍ အိုးသဖွယ်တည်နေခြင်းဖြစ်ပြီး ကျောက်ကြောဟူသည်မှာ ရှည်လျားသော ဖြုန်းကြောမျိုးတွေ့ရန် ရှေးဘုန်းရှေးကံလွန်စွာလိုအပ်လှပါသည်။

ဒေါ်မေနန်းက စကားဆက်ပြန်၏။

"လူ့လောကမှာ လယ်လုပ်တဲ့တောင်သူလယ်သမားတွေကိုကြည့်ပေါ့။ လယ်လုပ်သူတွေ မချမ်းသာကြဘဲ စပါးကုန်သည်တွေသာ ချမ်းသာကြတယ်မဟုတ်လား။ ပြီးတော့ အမေတို့ မိုးကုတ်ကိုကြည့်၊ တွင်းတူးသမားအများစုဟာ ရရစားစားနဲ့နေကြရတာပဲမဟုတ်လား။ ကျောက်ကုန်သည်တွေသာ ချမ်းသာကြတာလေ။ ရွာမှာ သမီးတို့ကျောက်ကုန်သည်လုပ်တယ်ဆိုတာက အောက်ကျောက်လို့ခေါ်တဲ့ ထမင်းစားကျောက်လေးတွေ့ပြီးတော့ ထောင်ကျောက်၊ သောင်းကျောက်ကလေးတွေလောက်ပဲ ရောင်းကြ၊ ဝယ်ကြတာဆိုတော့ အမြတ်သိပ်မများဘူး။ ကုန်သည်ကြီးတွေလို သိန်းကျောက်၊ သန်းကျောက်ဝယ်နိုင်မှ သိန်းသန်းချီပြီးမြတ်မှာ။

ယောကျ်ားက ကျောက်ကုန်သည်လုပ်မယ်ဆိုတော့ ယောကျ်ားကကျောက်ဝယ်နိုင်တဲ့ အရည်အချင်းရှိမှရမယ်။ ဒါလည်း ဖြည်းဖြည်းချင်းတော့ သားသဘောပေါက်လာမှာပါ။ ဖြစ်အောင်ကြိုးစားကြည့်ပေါ့ သားရယ်"

ဟု ပြောပြသောအခါ နန်းယူသည် ချက်ချင်းပင် စကားကိုဆက်၏။

"ဒါထက်အမေ၊ ကိုအိုက်ယမှာ အရင်းအနှီးမရှိသေးဘူး အမေရဲ့။ အဲဒါ အမေ့ဆီမှာ အရင်းအနှီးရှိရင် ကူညီပေးပါလို့ သမီးကိုပြောထားတယ်။ သမီးမှာရှိတဲ့အရင်းအနှီးကလည်းနည်းတော့ သူ့ကိုခွဲမပေးနိုင်ဘူး။ အဲဒါ ကိုအိုက်ယအတွက် အရင်းအနှီးထုတ်ပေးပါလို့ သမီးတောင်းဆိုချင်တာပါ"

"သမီးတို့ စကားဦးသန်းလာကတည်းက အမေသိပြီးသားပါကွယ်။ မောင်အိုက်ယဟာ အမေ့အိမ်ရောက်လာပြီဆိုတော့ အမေ့ရဲ့သားပေါ့ကွယ်။ အမေအရင်းအနှီးထုတ်ပေးမှာပါ။ ဒါပေမယ့် အလကားတော့ မဟုတ်ဘူးနော်။ အချိန်တန်ရင် တန်ဖိုးကိုပြန်ဆပ်ရမှာ။ ဘာလို့လဲဆိုတော့ အမေ သံသရာခရီးအတွက် ဒါနဆိုတဲ့ရိက္ခာတွေထုပ်သွားချင်တယ်သမီး။ ဆုံးပါးသွားတဲ့ သမီးတို့အဖေဆိုရင် ကျေနပ်လောက်တဲ့အလှူကြီးအတန်းကြီးပေးမသွားနိုင်ခဲ့ဘူး။ အဲဒါကြောင့် ကြီးပွားလာတဲ့တစ်နေ့မှာ အမေ့ကို ထိုက်သရွေ့ပြန်ဆပ်ပါ"

"စိတ်ချပါ အမေ၊ သားပြန်ဆပ်ပါ့မယ်"

ဟူ၍ အိုက်ယမှ ကတိပေးလိုက်သဖြင့် အားလုံးပြုံးပျော်ကြည်နူးရလေ၏။ အနာဂတ်၏ပုံရိပ်ကား ကိုယ်စီလှပလျက်ရှိလေပြီ။

**မီးခဲပတ္တမြား**

နောက်နေ့နံနက်ပိုင်းတွင် ဒေါ်မေနန်းသည် (၃) ကာရက်အရွယ်ရှိ ရွှေကဲ့သို့ လုံးဝန်းနေသော နီရဲနေသည့် ပတ္တမြား (၁၀) ပွင့်ကို အိုက်ယလက်ထဲထည့်ပေးလိုက်သည်။

ထိုမျှလှပနေသော ပတ္တမြား ဟူသည် အိုက်ယ မြင်ပင်မမြင်ဘူးသေးပါ။ ဦးနန္ဒိပြောပြသော အသေးပြန့်လူးတွင် ဦးစံဖေ ကျောက်ကြောပေါက်စဉ်က စုဆောင်းထား၊ သိမ်းဆည်းထားသော ရတနာများဖြစ်သည်ကို အိုက်ယ ဦးစွာ ပထမဆုံး မြင်တွေ့ဖူးခြင်း ဖြစ်သည်။ ရောင်းရက်စရာမရှိအောင် လှပသော ကျောက်များ ဖြစ်သည်။

ပတ္တမြား (၁၀) ပွင့်ကို ထာထဲထည့်စေကာ အပြစ်အနာအဆာအရည်အသားတို့ကိုကြည့်စေသဖြင့် အိုက်ယသည် တုန်ယင်သောလက်များဖြင့် ပတ္တမြား (၁၀) ပွင့်ကို နေပဏ္ဏာတွင်ထောင်၍ကြည့်နေ၏။မိမိတစ်သက် ထိုကျောက်မျိုးတစ်ပွင့်ပင်မရခဲ့ဘူးပါ။

အမြွှာညီအစ်ကိုကျောက်များ
ခေါ်ရလောက်အောင်ပင် တစ်ပွင့်
တစ်ပွင့် ပုံစံတူနေသလို ကျောက်
အားဖြင့်လည်း လည်သီးယုန်သွေး
များအဖြစ် တူညီကာ မီးခဲများကဲ့သို့
တောက်လျက်ရှိလေ၏။ အပြစ်အ
အဆာဟူ၍ မြူမှုပင်မရှိပါ။

"ဒီကျောက်တွေဟာ သား
အဖေ ငယ်စဉ် အသေးပြန့်လူးထဲ
ကျောက်ကြောပေါက်တုန်းက အကော
ဆုံး၊ အလှဆုံးလေးတွေရွေးပြီး
အခက်အခဲဖြစ်ရင် သုံးရအောင်ဆို
စုဆောင်းသိမ်းဆည်းခဲ့တဲ့ကျောက်
ပဲ။ ကျောက်က ရွေးကျောက်လေး
ဆိုတော့ အပြစ်အနာအဆာမပါ
မသိရင် ပြင်သစ်ကျောက်တုလို့
ထင်ကြမယ်။ ဒါမျိုးကျောက်ဆို
ကောင်း၊ ရောင်းစွံကျောက်ခေါ်တ
ဘယ်ကာလရောက်ရောက် အမြင့်
ဈေးရတယ်။ အဲဒီကျောက် (၁၀) ပွင့်
သားရဲ့အစ်မ မနန်းဆာဆီသွားပြီး
အစ်မနဲ့အတူ နာမည်ကြီး ကျောက်
သည်တွေဆီ သွားရောင်းပါ။ ပထမ
လက်နဲ့ ကုန်သည်ဟာ လက်က
ကြိုက်ဈေးရပါလိမ့်မယ်။ ကုန်သ
လောကမှာ ဒီလို အရွယ်ညီ၊ ပုံ
အရည်ညီတဲ့ကျောက်ဆိုတာ (၁၀)
မပြောနဲ့၊ (၂) ပွင့်တောင် တွေ့ခဲတ
အဲဒါကြောင့် အမြင့်ဆုံးဈေးရအော
ရောင်းပြီး သားကျောက်အရောင်း
ဝယ်စလုပ်ပါ"

ဟု နန်းယူရှေ့တွင် ပြောပြ
မိုးကုတ်မြို့သို့ လွှတ်လိုက်လေ၏။

အိုက်ယအဖို့ ပျော်လိုက်သည်
ပြောစရာမရှိတော့ပေ။ တွင်းသမာ
မှသည် ကျော့ကျော့မော့မော့နေ
သော ကျောက်ကုန်သည်ဘဝကို
ရပေတော့မည်။

သို့တွက် ကျောက်ကုန်သည်
ဝတ်သော အကောင်းစားအဝတ်
ဝတ်ရမည်။ ပြီးတော့ တွင်းလုပ်
အခါဝတ်သည့် ရှမ်းဘောင်းဘီဝ
မဖြစ်တော့။ ဂျင်း စသော ခေ
ဘောင်းဘီများ ဝတ်ဆင်ရပေဦးမည်

(ဆက်

ရွှေပြည်စိုး(



www.burmeseclassic.com

www.burmeseclassic.com

ဆရာဒလမင်းခေါင်

# လက်တွေ့အသုံးဝင် နည်းသစ်ဂဏန်းဗေဒင်



တြိဂံပြောင်းပြန်ကဗလာနည်းဖြင့် နာမည်တစ်ခုကို ဟောပြပါမည်။

အလက်ဇန္ဒား (Alexander) ၏ မွေးသက္ကရာဇ်မှာ ၁၈၄၄၊ မတ်လ ၃၀ ရက်။

9 18 27 36 45 54 63 72

A L E X A N D E R

1 3 5 6 1 5 4 5 9

4 8 2 7 6 9 9 5

3 1 9 4 6 9 5

4 1 4 1 6 5

5 5 5 7 2

1 1 3 9

2 4 3

6 7

4

A သည် တန်ဖိုး (၁) ရသည်။ ၎င်း (၁) ဂဏန်းသည် အလက်ဇန္ဒား၏ ဘဝပထမ (၉) နှစ်တာမှာ သူ့မိဘများ အလုပ်သစ်၊ နေရာသစ်နှင့် မိတ်ဆွေများနှင့် တွေ့ကြုံရသည်။

ဆိုလိုသည်က အလက်ဇန္ဒား အသက် ၃½နှစ် (၃နှစ်ခွဲ)မှ ၄½(၄နှစ်ခွဲ) အတွင်းမှာ မိဘများ အပြောင်းအရွှေ့ကြုံရသည်။ သူ့အမည်သည် A နှင့်စပြီး နောက် L သို့မဟုတ် (၁၃) က မိဘနှစ်ဦးထဲ တစ်ယောက်သေဆုံး သို့မဟုတ် လင်မယားကွဲခြင်းကို ဖော်ပြသည်။ တစ်ခါတစ်ရံမှာ အလက်ဇန္ဒားဘဝ တစ်ယောက်တည်း (၁) အနေဖြင့် နေခဲ့ရသည်။ အခြားသူများ၊ အပြင်လောက အကူအညီဖြင့်နေခဲ့ရသည်။ အသက် (၄) နှစ်ခန့်မှာ သူ့ဖခင်သည် မိထွေးနှင့်အတူ အမေရိက သို့မဟုတ် ဥရောပမှ ပြန်လာသည်။ မိထွေးနှင့်သူသည် စိတ်ဆိုးဒေါသထွက်သောကြောင့် သူ တစ်ဦးတည်းနေသည့် အတွေ့အကြုံရသည်။ လွတ်လွတ်လပ်လပ် (A=1) ကြောင့် မိထွေးနှင့်အတူ မနေရခြင်းဖြစ်သည်ဟု ယူဆနိုင်သည်။

အသက် ၃½(သုံးနှစ်ခွဲမှာ) သူ့မိခင် အရင်း ကွယ်လွန်သည်။ A နှင့် L (၁ နှင့် ၃-၁၃) မှာ သူ့ဘဝမှာ သေကိန်း ဂဏန်းဖြစ်သည်။ ဤသို့ သူ့အဖေသည် သူ့မိထွေးကို လက်ထပ်ပြီး သူတို့ အမေရိကသို့လာခဲ့သည်။

အဘရာကာဒါဘရပညာရပ်ဖြင့် လေ့လာကြည့်သောအခါ လဂဏန်း (၃) သည် နာမည်အစဂဏန်း A (1) နှင့် တွဲဂဏန်းတွဲ (၁၃)ဖြစ်နေသည်။ မတ်လ ဂဏန်း (၃) သည် ကလေးနှင့် မိသားစုကို စိုးမိုးသည်။ အက္ခရာ A ၏ အဆင့်သက်တမ်း မွေးသည်မှ ၄½နှစ် (လေးနှစ်ခွဲ) ဂဏန်းကို လေ့လာကြည့်သည်။ နောက်ဆုံး ဂဏန်း (၄) သည်၊ (၆) နှင့် (၇) (၁၃-၄) ၏ စုစု ပေါင်းဂဏန်းမှရသည်။ ပထမတစ်ဝက် သက်တမ်းထိပ်မှ တတိယအက္ခရာသည် (၃၁)(၁၃ဂဏန်းပြအသက်ရောက်) ဖြစ်သည်။

ကလေးမပါ မိသားစု ပထမလာသောကာလကို မိသားစု (၃) ကျော်ထောက်နောက်ခံဖြစ်သော မြို့သား (၁) ဖြစ်သည်။ မတ်လဂဏန်း (၃)နှင့် (A) ဂဏန်းတန်ဖိုး (၁) သည် (၃၁) ကို ပေးသည်။ A မှ (၅) ခုမြောက်သည် (၅)။ ၎င်းသည် (၄၁) မှ အောက်သို့ရောက်ခြင်းဖြစ်သည်။ ၎င်းသည် လူအများရှေ့မှာ မဟုတ်ဘဲ အုပ်စု (၄) နောက်မှာထားသည်။ (၄) ဂဏန်းရွှေ့လျားခြင်း၊ (၅) ဂဏန်းက ပြောင်းလဲခြင်းနှင့် ခရီးသွားခြင်းကို ဖော်ပြသည်။ အောက်ဆုံးက (၄) ဂဏန်း၊ အထက် (၆) ဂဏန်းကို ကြည့်ပါ။ ၎င်းသည် အချစ်ရေး၊ လက်ထပ်ရေးနှင့် မိခင်ကို ဖော်ပြသည်။ ၎င်းအထက် လက်ယာဘက်က (၂) သည် (၁၁) မှ လာသည့် လက်တွဲဖော် လုပ်ဖော်ကိုင်ဖက်ကို ဖော်ပြသည်။ (၁၁) မှ ဖြစ်လာသော (၂) သည် (၅) နှင့် (၆) ကို ပေါင်းထားသည်။ ၎င်းဆိုလိုရင်းက အချစ်နှင့် လက်ထပ်ရေးကို အပြောင်းအလဲဖြစ်စေသည်။ (၁) ကို လက်ထပ်ခြင်းမဟုတ်က အတိုက်အခံဖြစ်တတ်သည်ဟု ယူဆနိုင်သည်။

အမည်ထဲက ၄½ (လေးနှစ်ခွဲ) မှ (၉) နှစ်အထိသည် လုပ်ရိုးလုပ်စဉ်နည်းအတွင်း ငြီးငွေ့ဖွယ်လုပ်ခဲ့ရသည်။ (၈) နှစ်နှင့် (၉) နှစ်အတွင်း နေအိမ်ပြောင်းခဲ့ရသည်။ L တန်ဖိုး (၃) ဂဏန်းက ခရီးသွားခြင်းကို ဖော်ပြသည်။ မတ်လ ဂဏန်း (၃) ပေါ်(၃) နှစ်ထပ်ကွင်း (၃၃) ဂဏန်းကို ဖြစ်စေသည်။

၎င်း (၃) နှစ်ထပ် (၃၃) ဂဏန်းတွဲသည် အလက်ဇန္ဒားကို ကူညီထောက်ပံ့မှုရှိသော အလွန်ကောင်းသောဂဏန်းဖြစ်သည်။ (၃) ဂဏန်း (၂)ထပ်ဖြစ်သော ကြာသပတေးဂြိုဟ်ထပ်၍ ကလေးဟု ဆိုပြန်သည်။

၁၂½ (၁၂နှစ်ခွဲ) မှ ၁၃½ (၁၃နှစ်ခွဲ) ဝန်းကျင်လောက် (၃) ဂဏန်းနှစ်ထပ်က အမြွှာသို့မဟုတ်နောက်ထပ်ကလေးကို ဖော်ပြသည်။ ထပ်၍ အသက် (၁၇) မှ (၁၈) နှစ်အတွင်း အခြားကလေးမွေးဖွားပြန်သည်။ အလက်ဇန္ဒား၏နာမည်



www.burmeseclassic.com

www.burmeseclassic.com

ထဲမှ နာမည်တွင်ပါသော သရစာလုံး ပေါင်းဂဏန်း (၁၂) သို့မဟုတ် (၃) ဂဏန်းက သဘာဝအားဖြင့် ကလေးများ နှင့် ပတ်သက်သည်။ (၁၂) ဂဏန်းသည် အတွေ့အကြုံကို စွန့်လွှတ်ရမည် ဖြစ် သည်။ အခြားကလေး သူ့မိဘအတွက် မွေးဖွားသောအခါ သူကို ဝိုင်းပယ်ခံရ သည်ဟု ခံစားရသည်။ သူ၏ နာမည်ထဲ A နှင့် နောက် A ကို သတိထားကြည့် ပါ။ အသက် (၁၇) နှစ်၊ (၁၈) နှစ်ကြား မှာ သူသည် အိမ်ကထွက်ပြေး၍ စစ် တပ်ထဲဝင်သည်။ E ဂဏန်းနှင့် ၎င်း တန်ဖိုး (၅)ကို သတိထားကြည့်။ (၅) ဂဏန်းသည် အကြောင်းဖြစ်ခြင်း၊ ခရီး သွားလာခြင်း၊ လွတ်လပ်ခြင်းနှင့် စွန့်စား ခြင်းတို့ကို ဖော်ပြသည်။ E သည်လ၏ ဂဏန်း (၃) နှင့် တွဲသဖြင့် (၈) ရသည်။ ၎င်း (၈) ဂဏန်းက သေသည်အထိ အခက်အခဲများ တွေ့ကြုံရမည်ကိုဖော်ပြ သည်။

အလက်ဇန္ဒားမှာ တိုက်ပွဲမှာ ဒဏ် ရာရ၍ ဆေးရုံတက်နေရသည်။ စစ်ပွဲပြီး သည့်နောက် ချီကာဂိုသို့လာပြီး သူ့ကံ တရားကို တည်ဆောက်ရန်လာခဲ့ခြင်း ဖြစ်သည်။ သူသည် သကြားလုပ်ငန်းမှာ အလွန်အောင်မြင်မှုရသည်။ ၎င်းလုပ် ငန်းလုပ်ရခြင်းအကြောင်းမှာ သကြား လုံး (၈) နှင့် စီးပွားရေးလုပ်ငန်း (၈)သည် သူ့နာမည်မှ သရဂဏန်း ဖြစ်သည်ကို သတိပြုပါ။ အသက် (၂၆) နှင့် (၂၇) ကြားလောက်မှာ သူလက်ထပ်သည်။ ဂဏန်းအားဖြင့် (၅-၆) သို့မဟုတ် (၂) သို့မဟုတ် (၁၁) ကပြသည်။ ၎င်းဂဏန်း များ ဘဝလက်တွဲဖော်ပါရမီဖြည့်ရမည် ကို ဖော်ပြသည်။

(၁၀) ဖြစ်သော (၁၉) ဂဏန်း သည် ၎င်းကာလတွင် လက်ထပ်ခြင်း ဖော်ပြသလို သက်ကြီးရွယ်အိုများ သေ ဆုံးခြင်းကိုလည်း ဖော်ပြသည်။ (၁၉ = အသက်ကြီးသူ) အသက် (၅၅) နှစ် သည် (၁၀) ဖြစ်သော (၅)နှစ်လုံးက လူ လတ်ပိုင်းအရွယ် ရုတ်တရက် သေတတ် ခြင်း ကို ဖော်ပြသည်။

(၁၀) ဂဏန်းသည် အချို့ဂုဏ်ပြု ခြင်းကိုလည်း ဖော်ပြသည်။ အသက် (၃၅) နှစ်မှ (၃၆) နှစ်ကြား - (၆) နှင့် အနီးဆုံးကာလဖြစ်သော တွဲဂဏန်း အသက် (၃၃) နှစ်မှာ စီးပွားရေးလုပ် ငန်းအထူးအောင်မြင်သောကာလ ဖြစ် သည်။

အသက် (၃၆) နှစ်သည် လက် ထပ်ရန် အကောင်းဆုံးနှစ်ဆိုသလို သဟ ဇာတဖြစ်ခြင်း၊ ငြိမ်းငြိမ်းချမ်းချမ်းအသင်း အဖွဲ့ဖွဲ့နိုင်ခြင်း (၆) လူမှုရေးလှုပ်ရှားမှု (၃) (၃၀) နှင့် လူအများ ဆက်သွယ်မှုပြု ခြင်း (၉) တို့ ဖြစ်ပေါ်သောနှစ် ဖြစ် သည်။ အသက် (၃၅) မှ (၃၆)နှစ်မှာ သကြားလုံးလုပ်ငန်း မလုပ်တော့ဘဲ ကြီး မားသော ကလပ်နှင့်ကပွဲရုံမှာ မန်နေဂျာ ဖြစ်လာသည်။ ဤနေရာမှာ ဤသို့ဖြစ်ရ ခြင်းမှာ လက (၃) ဂဏန်း၊ နေ့က (၃၀) ရက် နာမည်ထဲက သရဂဏန်းများ (၃) ဖြစ်သည်။ စဉ်းစားနိုင်သည်။ (၃)ဂဏန်း က ဂီတ၊ အနုပညာ၊ အကနှင့် ပြဇာတ်ရုံ ကို စိုးမိုးသည်။ ဤသို့ ဘဝ၏ နေရာ ကောင်းကို ရွေးချယ်ခဲ့ခြင်း ဖြစ်သည်ဟု မြင်မိသည်။ ၎င်းနောက် အိမ်ပိုင်ရှင်ဖြစ် လာသည်။

အသက် ၃၉နှ် (၃၉နှစ်ခွဲ) မှ ၄၀နှ် (အသက်၄၀နှင့်၆လ)ကြားမှာ ဒုတိယ မြေ A အက္ခရာသို့ ရောက်လာသည်။ ဤကာလ သူ့ဇနီးရုတ်တရက်ဆုံးသွား ရှာခဲ့သည်။ (A ၏ ၁ နှင့် ၃ ၏ ၃၀ မှ ၁၃ တစ်လုံးတည်းပေါင်းက ၄ ရသည်။ ၄ ဂဏန်းက အကြင်နာမဲ့မှုခံရခြင်း အဓိပ္ပာယ်ရသည်။)

A အောက်မှာ ၇-၆၊ ၄-၁၊ ၁-၃၊ ၆-၇က အဘရာကာဒါဘရ၏ အောက် ခြေ ၆၇-၄ အထိ တိုက်ရိုက်ဆင်းလာ သည်။

အသက် ၄၀နှ် (၄၀နှစ်ခွဲ) မှ (၄၅) နှစ်အထိ တစ်ယောက်တည်း (A=1) နေရသည်။ အသက် (၄၄) နှစ်မှ (၄၅) နှစ်အတွင်း ဘဝမှာ အအောင်မြင်ဆုံး ကာလဖြစ်ပြီး သူ့ကလေး (၈)ယောက် နှင့်အတူ ကလပ်မှ ပြောင်းရွှေ့ခဲ့သည်။

မွေးနှစ် (၁၈၄၄=၁၇=၈) က အိမ် သစ်ကို ရခဲ့သည်။

N (၅) ဂဏန်းက လွတ်လပ်မှုနှင့် မိတ်ဆွေကို ဖော်ပြ၍ ဒုတိယလက်ထပ် ရန် ပေါ်ပေါက်ခဲ့သည်။ (N သည် လက် ထပ်ခြင်းဆိုင်သောစာလုံး) သို့ရာတွင် ကလေးများက သူ၏ လက်ထပ်ခြင်းကို ကန့်ကွက်သည်။ N သည် မွေးရက် (၃၀)နှင့်ပေါင်းက (၃၅၈) သို့မဟုတ် (၈) ရ၍ ၎င်းဂဏန်းသည် စိတ်ပျက်ရခြင်း၊ နှောင့်နှေးရခြင်းနှင့် အခက်အခဲများ တွေ့ ကြုံရခြင်းကို ဖော်ပြသည်။

အသက် ၄၈နှ် နှစ် ၄၉နှ်နှစ်ကြား မှာ မျဉ်းကြောင်းမှာ N-5-95 ဖြစ်သည်။ လက်မထပ်ဖြစ်ခြင်းအကြောင်းမှာ လက် ထပ်မှုကို တားမြစ်ခြင်းကြောင့် ဖြစ် သည်။ နောက်ဆုံးကလေးများကန့်ကွက် ၍ လက်မထပ်ဖြစ်တော့ပါ။ (၅) ဂဏန်း နှင့် (၉) ဂဏန်းသည် စိတ်ခံစားလှုပ်ရှား မှုကိုဖော်ပြ၍ ဆုံးဖြတ်ချက်မပြတ်မသား ဖြစ်သည်ဟု မှတ်ယူနိုင်သည်။

အသက် (၅၄) မှ (၆၃) နှစ်အ တွက် D အက္ခရာအောက် (၄) ဂဏန်း တွင် (၄၄) ၏ (၄) အတွင်းရှိသည်။ အတွဲဂဏန်း (၄၄) သည် ကံကောင်း သောဂဏန်းဖြစ်ပြီး သူသည် ထင်ရှား ကျော်ကြားလာသည်။ သူ၏လုပ်ငန်း ဖြစ်သော ဝိုင်ရောင်းသည့်လုပ်ငန်းမှာ ရောင်း၍အလွန်ကောင်းသည်။ ၎င်းကာ လအပိုင်းအခြားသည် (၈) ဂဏန်းက ကံကောင်းစေသည်။

အသက် ၅၇နှ် နှစ်နှင့် ၅၈နှ် နှစ် များသည် (၉) ဂဏန်း (၃) လုံးဖြစ်ပြီး အင်အားကြီးမားသော အင်္ဂါ (၃) သုံး သည် သူ၏ ကျဆုံးခဲ့မှုဖြစ်သည်။ သူလုပ် ငန်းအား အမြတ်များစွာနှင့်ရောင်းပြီး အနားယူခဲ့သည်။ အသက် (၆၃) နှစ် (၇၂) နှစ်တစ်လျှောက် များစွာ လွတ်လပ် ပြီး (၅) နှစ်တာ ခရီးများသွားခဲ့သည်။

အလက်ဇန္ဒားသည် အသက် (၈၀-၈၁) နှစ်တွင် သေဆုံးခဲ့သည်။ သတိ ထားမိသည်မှာ ရုတ်တရက်သေဂဏန်း ဖြစ်သော (၆-၇) သို့မဟုတ် (၁၃-၄) သည် အဘရာကာဒါဘရ၏ အောက် ခြေသေဂဏန်းများ ဖြစ်နေခြင်းပင် ဖြစ် သည်။ သူ၏ ဗျာပနာအခမ်းအနားကို ၁၈၄၄ ၏ ၄ ဂဏန်းနှင့် R (၁၈လုံးစလုံး) (၂၂) နှင့်ညီခြင်းသည် လူကြိုက်များ သော ခေါင်းဆောင်အဖြစ် အသိအမှတ် ပြုခံရခြင်း ဖြစ်သည်။

◆

## အခန်း (၂၂)
## ပြီးပြည့်စုံသောဂဏန်းဗေဒင်ဇာတာနှင့် တွက်နည်း၊ ဟောနည်းများ
## (How to Setup and read a complete Numeroscope)

ဂဏန်းဗေဒင်ပုံပြဇယားဆွဲခြင်း အမေရိကန်မြေပုံဆွဲခြင်းဖြင့် နှိုင်းယှဉ် သည်။ မြေပုံတွင် မြို့တော်များ၊ မြို့များ မြို့နယ်ခွဲများကို ထည့်သွင်းရသည်။ ထို့ နည်းတူ ဂဏန်းဗေဒင်ပညာတွင် သူ့နေရာ နှင့်သူ နေရာချထားရမည်။

ဂဏန်းဗေဒင်ပုံပြဇယားကို ဆွဲ သောအခါ အဓိကဖြစ်သော ဝိညာဉ် တွန်းအား ဂဏန်း၊ ကိုယ်ကြည်ကိုယ်သွေး



www.burmeseclassic.com

www.burmeseclassic.com

ဂဏန်း၊ ကံကြမ္မာဂဏန်းများ ထည့်ရသည်။ အခြားအရေးကြီးသော ဘဝမှတ်တိုင်ဂဏန်း၊ ဘဝသတိပေးဂဏန်းအလွှာများဖော်ပြချက် (Planes of Expression) ပြက္ခဒိန်နှစ်၊ ကိုယ်ပိုင်နှစ်နှင့် ကမ္ဘသင်ခန်းစာများဖြစ်သည်။ ဂဏန်းဗေဒင်ပုံပြဇယားမှာ အချက်အလက်အပြည့်ဖော်ပြီးသည့်နောက် အချက်အလက်စစ်ဆေးပြီး ဟောပြောမှုပြုရသည်။ သက်ဆိုင်ရာအခန်းများကို ဖတ်ရှုလေ့လာပြီးသည့်နောက် ဟောပြောတတ်ပြီဟု မျှော်လင့်သည်။ ဂဏန်းဗေဒင်ဇာတာများကို အပြည့်အစုံ ဟောနိုင်၊ သောပုံစံဇာတာအချို့ကို ထွက်ချက်ဖော်ပြပေးပါမည်။

ဂဏန်းဗေဒင်၏ အမြင့်မားဆုံးအနိုးသည် လူတစ်ဦး၏ ကံကြမ္မာကို ဟောပြောနိုင်ခြင်း ဖြစ်သည်။ နာမည်အပြည့်အစုံကို ဖော်ပြခြင်းဖြင့် ဘဝအကြောင်းအရာများ ထုတ်ဖော်နိုင်သည်။ ဘဝလမ်းကြောင်းဂဏန်း စုစုပေါင်းက လက်ရှိအခြေအနေကို ဖော်ပြသည်။ မွေးရက်များက ပင်ကိုစွမ်းရည်ကိုဖော်ပြပြီး ကံကြမ္မာမှာ ဆန္ဒပြည့်ဝရန် ဆောင်ရွက်ပေးသည်။ ဝိညာဉ်ဂဏန်းက ဆောင်ရွက်ရမည့် အကောင်းဆုံး မွေးနေ့ကို ရွေးချယ်ပေးသည်။

ဟောပြောရန်နှင့် ဂဏန်းဗေဒင်ပုံစံများရေးဆွဲ အစီအစဉ်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

အဆင့်(၁)ကံကြမ္မာဂဏန်း - ဘဝပ်ရမည်၊ ဘာလုပ်သင့်သည်ကို ဖော်ပြရန် မွေးနာမည်အပြည့်အစုံကို ရှာရမည်။

အဆင့် (၂) ဝိညာဉ်တွန်းအားဂဏန်း (Soul's Urges) လုပ်ချင်ဖြစ်ချင်သောဆန္ဒ။

အဆင့် (၃) ကိုယ်ရည်ကိုယ်သွေးဂဏန်း (Personality) ၎င်းက အခြားသူများ ပြုမူဆက်ဆံပုံ။

အဆင့် (၄) လက်ရှိထိုးမြလက်မှတ် (Signature) ဘဝလမ်းကြောင်းဂဏန်းနှင့် သဟဇာတဖြစ်မဖြစ်။

အဆင့် (၅) မွေးနေ့ (Birthday) မွေးပင်ကိုစွမ်းရည်။

အဆင့် (၆) ဘဝလမ်းကြောင်းဂဏန်း (Birthpath)

အဆင့် (၇) ဘဝပန်းတိုင်ဂဏန်း (Power number) ရည်မှန်းချက်ပန်းတိုင်ရောက်ရန်အတွက် တာဝန်နှင့် နောက်ဆုံးအခွင့်အရေး။

အဆင့် (၈) ဘဝမှတ်တိုင်ဂဏန်း (Prnnacles) မရှောင်နိုင်သောဘဝအတွေ့အကြုံ။

အဆင့်(၉) ဘဝသတိပေးဂဏန်း (Challenges)။

အဆင့် (၁၀) အလွှာများ (Planes of Expression)။

အဆင့် (၁၁) ကမ္ဘသင်ခန်းစာများ။

အဆင့် (၁၂) ဂဏန်းသက် (Agedigit) တစ်နှစ်အတောအတွင်း ထပ်ဖြည့်ရသောဂဏန်း။

အဆင့်(၁၃) သဟဇာတဖြစ်မဖြစ် ညှိယူခြင်း (Concords)။

အဆင့် (၁၄) အများသုံးနှစ် (Universal) အများသုံးနှစ်၊ လ၊ ရက်။

အဆင့် (၁၅) ကိုယ်ပိုင်နှစ် (Personal years) ကိုယ်ပိုင်လ၊ ကိုယ်ပိုင်ရက်။

အဆင့်(၁၆)အက္ခရာအစီးအနင်း (Lettertransits) နာမည်ထဲက အက္ခရာများ။

အဆင့် (၁၇) အကျင့်စရိုက်သော့ချက် (Key to character)။

**ဟီတာကလောဒီယာဘယ်လင်ဂျာ (HEATHER CLAUDIA BALLINGER)၏နမူနာ ဂဏန်းဗေဒင်ဇာတာ (ပုံစံပြဇယားကိုဟောပြောခြင်း)**


11 + 5 6 = (11+11) = 22 (ဝိညာဉ်တွန်းအား)
11 14 15
51 5 13 9 1 9 5
HEATHER CLAUDIA BALLINGEO
8 28 9 33 4 2 33 5 7 9
29 10 29
9 + 1 + 11 = 11+1=(11-10) (ကိုယ်ရည်ကိုယ်သွေး)
11 + 6 + 8 = (11 + 5) (11 - 5) ကံကြမ္မာဂဏန်း
11 + 6 (11+6) (ဝိညာဉ်တွန်းအား)

———— × ————

HEATHER BALLINGER
9 11 = (11-9) = 11 (ကိုယ်ရည်ကိုယ်သွေး)
11 + 8 = (11+8) = 8 လက်ရှိလက်မှတ်

မွေးရက် 3 = မွေးသက္ကရာဇ် နိုဝင်ဘာ 3 1940
11 3 1940
11 + 3 + 5 = (11-8 =10) (ဘဝလမ်းကြောင်း)
ဘဝပိုင်းတိုင် = 8 (ကံကြမ္မာ 7 + ဘဝလမ်းကြောင်း 1= 0)
ဘဝအသိပေးဂဏန်း • အဓိကဂဏန်း •1 ထပ်ဖြည့်ဂဏန်း 3

———— × ————





တတိယအဓိကသတိပေးဂဏန်း = 1
စတုတ္ထ သို့မဟုတ် ထပ်ဖြည့်သတိပေးဂဏန်း = 3
ပထမသတိပေးဂဏန်း = 1
ဒုတိယသတိပေးဂဏန်း = 2



www.burmeseclassic.com

www.burmeseclassic.com

ဘဝမှတ်တိုင်ဂဏန်း = ၈




H E A T H E R    C L A U D I A    B A L L I N G E R
8 5 1 2 8 5 9    3 3 1 3 4 9 1    2 1 3 3 9 5 7 5 9

အဆင့် (၁၈) ဟောပြောခြင်း။
ဘဝမှတ်တိုင်ဂဏန်း -
၁ မှ ၂၆ = ၅
၂၇ မှ ၃၆ = ၈
၃၇ မှ ၄၆ = ၄
၄၇ အထက် = ၇

**အလွှာဖော်ပြချက် -**

စိတ်လှုပ်ရှားမှုနာမ်ပိုင်းအလွှာ -
နာမ်ပိုင်းအလွှာ = ၆ (၁ နှင့် ၈ ဂဏန်းများ)
ရုပ်ပိုင်းအလွှာ = ၅ (၄ နှင့် ၅ များ)
စိတ်လှုပ်ရှားမှုအလွှာ = ၇ (၂၊ ၃၊ ၆ ဂဏန်းများ)
ထိုးထွင်းသိဉာဏ်အလွှာ = ၅ (၇ နှင့် ၉)

**ကမ္ဘာ့သင်ခန်းစာများ**

(၁) ဂဏန်း = ၄ လုံး
(၂) ဂဏန်း = ၂
(၃) ဂဏန်း = ၅ (ပင်ကိုစွမ်းရည်)
(၄) ဂဏန်း = ၁
(၅) ဂဏန်း = ၄
(၆) ဂဏန်း = ၀ (လုံးဝမပါ)
(၇) ဂဏန်း = ၁
(၈) ဂဏန်း = ၂
(၉) ဂဏန်း = ၄

သဘောတူညီ - အနုပညာ (၃-၆-၉)

အများဆိုင်ပြက္ခဒိန်နှစ်= ၁၉၇၂=၁
အများဆိုင်ရက်= ၇ (ပြက္ခဒိန်တွင် ၃-၃-၇၂)

ကိုယ်ပိုင်နှစ် = ၆ (၁၉၇၂+၂+၃)
ကိုယ်ပိုင်ရက် = ၃ (ပြက္ခဒိန်မှာ ၃-၃-၇၂)

အမည်စက်ဝန်း = (အမည်ထဲက အက္ခရာစာလုံး = ချုံးဂဏန်း ၅)

အကျင့်စရိုက်သော့ချက်ဂဏန်း=၅ ဟောချက်= ၂၃၊ ၂၂၊ ၁၉၊ ၂၃။

March 3,1972 ပုံပြဂဏန်းဗေဒင်ဇယား -

**ဟီတာ** (Heather) **အားပြောခြင်း**

(Interpretation of Heather chart for you)

ဟီတာကလောဒီယာဘယ်လင်ဂျာ (Haether Elavdig Ballinger)၏ကံကြမ္မာ စုစုပေါင်းဂဏန်း (၁၁+၅) အတိုချုံး ဂဏန်းက (၇)။ အမည်စုစုပေါင်း ဂဏန်းမှာ ဟီတာ (Heather) ၁၁+၉= ၁၁+ ကလောဒီယာ (Claudia ၅+၁၀= ၆) + ဘယ်လင်ဂျာ (Ballinger ၆+၁၁= ၁၇=၈) ဖြစ်ပြီး စုစုပေါင်းဂဏန်း (၂၅)။ အတိုချုံးဂဏန်း (၁၁+ ၆+၀=၂၅) (၇) ဖြစ်သည်။ သူမအမည်တွင် ဝိညာဉ်တွန်း သရဂဏန်း (၁၁+၅+၆= ၁၁+၁၁=၂၂) သည် (၂၂) ဖြစ်သည်။ ကိုယ်ရည်ကိုယ်သွေးဂဏန်း အတိုချုံးဂဏန်း (၃) (၉+၁ +၁၁=၁၁+၁၀=၃)

သူမ၏ ကံကြမ္မာဂဏန်း(၁၁၅=၇) သည် သူမ၏ အခွင့်အလမ်းနှင့် ရည်ရွယ်ချက်နှင့် သက်ဆိုင်သည်။ သူသည် ကြိုးစားပမ်းစားနှင့် ပညာရပ်များ ကျွမ်းကျင်ရန်နှင့် ဉာဏ်ပညာ(၇)ကို လေ့လာ ခဲ့သည်။ ထို့ပြင် ဆရာ (၇)၊ စဉ်းစား ဝေဖန်သုံးသပ်သူနှင့် အတတ်ပညာအတ (၇) တို့နှင့် ပတ်သက်ခဲ့သည်။ (၁၁-၅) စုစုပေါင်းဂဏန်းသည် ဘဝ၏ ထူးဆန်း သော အတွေ့အကြုံများ တွေ့ကြုံခဲ့ သည်။ လျှို့ဝှက်နေသော စိတ်ဝိညာဉ် ပညာနှင့် သိပ္ပံနည်းနှင့် ပတ်သက်သော အချက်အလက်များပါ ရှာဖွေတွေ့ရှိ သည်။ ၎င်းဂဏန်း (၇) သည် အဖော် ဂဏန်း ဖြစ်သည်။ အမှန်နှင့်အစစ်အမှ ကို ခွဲခြားနားလည်သူ ဖြစ်သော်လည်း သူသည် အဓိကအားဖြင့် ထူးဆန်းသော အရာအား ခွဲခြားမထားဘဲ စဉ်းစား သည်။ သူမသည် အရာရာပြီး ပြည့်စုံ (၇) ဖြစ်ပြီး ဆန္ဒပြည့်ဝရန် ဆိုသည် ခက်ခဲသောကံကြမ္မာ ဖြစ်သည်။

ဝိညာဉ်တွန်းအားဂဏန်းက (၁ ခုဖြစ်သော (၂၂) ဖြစ်သည်။ ၎င်း (၁ ဂဏန်းနှစ်လုံးသည် ဝိညာဉ်အဖော် နှင့် စိတ်ကူးနှင့် ဆက်သွယ်နေသည် အများ၏ အာရုံစိုက်ခြင်းခံရသည်။ သူ သည် သံတမန်လုပ်ငန်း၊ အမတ် (၂ ဖြစ်ရန်ပင် ဆန္ဒပြင်းပြနေခဲ့သည်။ ခွန် အားကြီးမားသော အထူးဂဏန်း (၂ အတိုချုံး (၄) ဂဏန်းသည် ဖြည့်ဖြည့် မှန်မှန် အလုပ်ကိုလုပ်လေ့ရှိသည် ဝိညာဉ်တွန်းအား ဂဏန်း (၂၂) အ ချုံးဂဏန်း (၄) ရသူများသည် စာ အိမ်တွင်အလုပ်လုပ်သူနှင့် စာရင်း လက်မှုလုပ်ငန်းများလုပ်ရ၍ ဆန္ဒပြင်း များ ဖြစ်တတ်သည်။

ကိုယ်ရည်ကိုယ်သွေးဂဏန်း (၁ ၁၀=၃) ၃ ဂဏန်းက တခြားသူမျာ ပျော်ရွှင်စေသလို လူမှုရေးကိစ္စများ စိတ်ဝင်စားတတ်သည်။ သူမသ လေးလေးနက်နက်စဉ်းပေးပြီး ပြ သူဖြစ်သောကြောင့် သူမ၏ဝိညာဉ် အားဂဏန်းက အခြားသူများက သူ နာကို ထင်ယောင်ထင်မှားဖြစ်စေသ သူမသည် စကားပြောရာ၌ ဩဇာ ပြီး (၃) အဝတ်အစားကအစ ဆွဲဆော မှုရှိသည်။

ဆရာဒေသမင်း

(Haether Elavdig Ballinger) ၏ကံကြမ္မာ

| ၁၉၇၁ (ဟန်ပန် overtone) | ပထမအပိုင်း | ဒုတိယအပိုင်း | တတိယအပိုင်း |
|---|---|---|---|
| ၁၄ | (နိုဝင်ဘာ ၃ မှ မတ် ၃) | (မတ် ၃ မှ ဇူလိုင် ၃) | (ဇူလိုင် ၃ မှ နိုဝင်ဘာ ၃) |
| ၁၉၈၅=၂၃ | ၁၉၇၁ | ၁၉၇၁ | ၁၉၇၁ |
| | ၃၁ | ၁၀ | ၅ |
| | ၂၀၀၂=၂၂ | ၁၉၈၁=၁၉ | ၁၉၇၆= |



www.burmeseclassic.com

www.burmeseclassic.com

ကျော်ဖေ(ကသာ)

# ကျွန်းမင်းဇမ္ဗူ

'ဇမ္ဗူဒီပါကျွန်းသည် ကျဉ်း၏။ ...ကျိုးသည် ကျယ်၏' ဟူသော ...ညာရှိတို့ မိန့်ဆိုဖူးသော စကား ...အရ ကျွန်းပ်တို့နေထိုင်ရာ တောင် ...ကျွန်းသည် ထူးထွေဆန်းပြားသော ...များစွာဖြင့်ရှိနေသည်မှာ ပြော၍ ...နိုင်မည် မထင်ပါ။ ဆိုရလျှင် အချို့ ...မ်များ၏ အရောင် (Colour) ကိုပင် ...သန့်ရွေးချယ်၍ အလှဆင်ကြသည် ...တွေ့ရပါသည်။

အရောင်အဆင်းနှင့် ပတ်သက်၍ ...လာကြည့်ပါက အရောင်သည် ...ကောကိုကသိုဏ်းကျင့်စဉ်တွင် ပါဝင်နေ ...ကြောင်းကို တွေ့ရသဖြင့် အရောင် (Colour) တွင် စွမ်းအားရှိကြောင်း မှတ် ...ရပါသည်။ ထို့ထက်ပိုမို၍ လေ့လာ ...ကြည့်မိရာ အရောင်တို့တွင် ဘူတဓာတ် ...ပါးအလိုက် အရောင်များအသီးသီး ...ပြားနေသည်ကို တွေ့ရပြန်သည်။ ...ကောကိဆရာများ သိရှိကြသော ပထဝီ ...) အာပေါ (ရေ)၊ တေဇော (မီး)၊ ...ယော (လေ) ဟူသော ဓာတ် (၄) ...ဆင် ဖြစ်ပါသည်။

အလားတူ ဆင်၊ မြင်း အစရှိ ...သောသတ္တဝါများကို ကြည့်ရှုလေ့လာရာ ...ည်း ဆင်၊မြင်းတို့၏ အသွေး၊ အမွေး၊ ...ကျာန်နှင့် အကဲကြန်အင်လက္ခဏာ ...များကိုကြည့်၍ ဆုံးဖြတ်ကြသည်ကို တွေ့ ...၍ ရာဇမတ်၊ မင်္ဂလာတံခါးအစရှိသော ...လက္ခဏာသွင်ပြင်တို့တွင် ထူးခြားစွမ်း ...င်ရှိသည်ကို သိခဲ့ရ၏။ ထို့ကြောင့် ...တိတ်၊ နိမိတ်သည် ရှေးဖြစ်ဟောကိန်း ...စ်ခုအဖြစ် ယုံကြည်ရပေမည်။

နေခြည်ဖြာနွေးသော နံနက်ခင်း ...စ်ခု၌ စာရေးသူတို့ မန္တလေးဆရာ ...တော်ဘုရားကြီး တည်ထားခဲ့သော တာ ...တိသာ မဟာစေတီတော်မြတ်ကြီး၏ ...ရှက်ဘက်မုခ်အနီး အမှတ် (၃၁) ...ရပ်ကွက်လမ်းထောင့်ရှိ အိမ်တစ်အိမ် ...သို့ရောက်လျှင် ဆိုင်ကယ်ကို အသာ ...ရပ်လျက် -

"ဆရာဦးချစ်မြိုင် ရှိပါသလား ...ဗျာ"

ဟု ကျွန်တော် လှမ်းမေးလိုက်ပါသည်။

မကြာမီ အိမ်အတွင်းမှ ဆရာဦးချစ်မြိုင် ထွက်လာကာ -


"ဟ - ကျော်ဖေတို့ပါလား ဝင်ခဲ့လေကွာ။ မသိတဲ့လူတွေကျလို့"

ဟုဆိုကာ အတွင်းသို့ဝင်စေလျက်နေရာပေး၏။ ဆရာကြီးအား လာရင်းအကြောင်းပြောကာ တွေ့ရာလေးပါးစကားစမြည်ပြောကြရာမှ ဗဟုသုတဖြစ်ဖွယ်ရာတချို့ သိခွင့်ရခဲ့ပါသည်။


"ဆရာ့ကိုဖိတ်စာလာပေးတာပါ။ ဖိတ်မယ့်လူတွေကများတော့ ကူဖိတ်ပေးပါဦး ဆရာ"

"ရပါတယ်ကွာ၊ မိဘမဲ့ကလေးတွေ စာသင်နိုင်ရေးအတွက်ပဲ ငါကူညီရမှာပေါ့။ အခုလို ဝိုင်းဝန်းပေးကြတော့ ဆရာတော်ဘုရားလည်း ဝမ်းသာရှာမပေါ့"

သတ်မှတ်ရက်အတွင်း အင်းရွာတိုက်နယ်ရှိ ဇေယျသုခ (ပရဟိ) မိဘမဲ့ကလေးများစာသင်ကျောင်းသို့ အလှူငွေနှင့်လှူဖွယ်ပစ္စည်းများ အချိန်မီ လှူဒါန်းနိုင်ရေးအတွက် ရက်များကြိုတင်ကာ ဖိတ်ကြားရပေ၏။ ဆရာကြီး ဦးချစ်မြိုင်အား ဖိတ်စာများဝေငှပြီးနောက် ဟိုဒီအကြောင်းများပြောရင်း ဆရာကြီးက သူ၏ရေးလက်စစာမူကြမ်းကလေးတစ်ခုကို ထုတ်ပြလျက် သူ၏ အတွေ့အကြုံများအား ရှင်းပြနေပါသည်။



ကျွန်းမင်းဇမ္ဗူ





www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးချစ်မြိုင်မှာ အသက်အရွယ်အားဖြင့် ပြည့်ဝသောအရွယ်ဖြစ်လေရာ မျက်နှာ၌ အပြုံးဖြင့် အမြဲတမ်းကြည်လင်နေပြီး ပျော်ပျော်နေတတ်သူလည်း ဖြစ်သည်။ ဆရာကြီးက ကျွန်တော့်ကို အိမ်အပေါ်ထပ်သို့ ခေါ်သွားကာ သူ၏ အမြတ်နိုးဆုံးပစ္စည်းကို ပြသပါသည်။

"ကျော်ဇင်၊ ဒီမှာဟေ့ ကျွန်းမင်းဆိုတာဒါပဲ"

ဟု ဆိုကာ အသေအချာကြည့်စေလျက် ၎င်းပစ္စည်းသည် သာမန်မဟုတ်ကြောင်းနှင့် မည်သို့ထင်မြင်ယူဆကြောင်းကို မေးမြန်းနေပါသည်။

ဆရာဦးချစ်မြိုင်၏ ကျွန်းမင်းမှာ ရာဇမတ်ကွက်သဏ္ဌာန် အချိုင့်၊ အဟိုက်များဖြစ်ပေါ်နေပြီး ဆရာပြောပြချက်အရ အောက်ခြေပင်စည်မှ အထက်ကိုင်းဖျားထိတိုင်အောင် ဤကဲ့သို့နတ်ထွင်းပေါက်များ ဖြစ်ပေါ်နေလျက်ရှိကြောင်း သိရသည်။

"ဆရာရဲ့ ကျွန်းမင်းကို တွေ့ရတော့ ကျွန်တော့်ရဲ့ ဆန္ဒတချို့ ပြီးပြည့်စုံသွားသလိုပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က ကျွန်းမင်းရဲ့ အာနိသင်၊ အသုံးကိုသာသိပေမယ့် ကျွန်းမင်းဆိုတာ ဘယ်လိုဟာမျိုးလဲ အသေအချာမတွေ့ဖူးဘူးဗျ။ အခုတွေ့ရလို့ ကျေးဇူးတင်လိုက်တာ"

"အေး - ဟုတ်ပြီကွာ။ မင်းနဲ့တွေ့တာ အတော်ပဲ။ ငါက ဒီကျွန်းမင်းအကြောင်းကိုသိချင်နေတာ ကြာပြီကွ"

"ဒါပဲပေါ့ ဆရာရယ်။ မသိသူကျော်သွား၊ သိသူဖော်စားပဲလေဗျာ။ အဲဒီတော့ ဆရာသိချင်ရင် ဒီအတိုင်းတော့မရဘူးနော်"

"အေးပါကွာ၊ ပြောမှာသာပြောပါ။ ငါဘာလုပ်ပေးရလဲ ကဲ"

ကျွန်တော်က ဆရာ့အခြေအနေကိုသာ အကဲခတ်ရင်း -

"ဆရာရဲ့ ကျွန်းမင်းလေး အနည်းငယ် ရချင်ပါတယ်ဗျ"

ဟု မဝံ့မရဲလေသံဖြင့် ပြောလိုက်ရာ-

"ဟေ့ကောင် မင်းကိုပြမိတာများ ပြီထင်တယ်ကွ"

ဟု ဘောက်တောက်တောက်ပြန်ပြောနေ၏။

"ဟုတ်တယ်လေ ဆရာရယ်။ ကျွန်တော်က ဆရာ့ကိုနည်းလမ်းကောင်းတွေပေးမလို့ပါ။ ဆရာဒီလောက်တော့ ဖြစ်ပါတယ်"

ဟု ရယ်ကာမောကာဖြင့် နှစ်ယောက်သား ပွဲကျရလေ၏။

ဆရာက-

"ကျော်ဇင် မင်းကကော ငါ့ဆီက ကျွန်းမင်းရပါပြီတဲ့။ ဘာလုပ်ဖို့စိတ်ကူးထားသလဲ၊ ပြောစမ်းပါဦး"

"ကျွန်တော် ဆရာ့ဆီက ကျွန်းမင်းတောင်းတာ တခြားကြောင့်မဟုတ်ပါဘူး။ ဆရာပေးမယ်ဆိုရင် ကျွန်းမင်းကို တရိုတသေနဲ့ လက်ခံပြီး ဘုရားပုံတော် ထုပြီးကိုးကွယ်ချင်လို့ပါ"

"အေး - မင်းစိတ်ကူးလေးတော့ ကောင်းသားပဲ"

"ဆရာ့ကို ကျွန်တော် တစ်ခုပြောပါရစေ။ ဆရာ့ရဲ့ ကျွန်းမင်းတွေကို ဒီအတိုင်းချည်းမထားရင် ကောင်းမယ်ဗျ။ ဘုရားထုပြီးကိုးကွယ်ထားပါလားဆရာ။ နောက်ပြီး ဘုရားထုတဲ့အခါမှာ လာဘမုနိရုပ်ရှင်တော်မြတ်ကို ထုလုပ်ကိုးကွယ်ရင် ပိုကောင်းမယ်လို့ ကျွန်တော် အကြံပေးချင်ပါတယ်"

"ဒါနဲ့ အကြောင်းအကျိုးဆက်စပ်မှုတွေရှိတယ်လို့ ဆိုချင်တယ်ပေါ့"

"ဟုတ်ကဲ့၊ ကျွန်းမင်းနဲ့ ပတ်သက်လို့ပြောရရင် ကောင်းတဲ့အချက်တွေ တော်တော်များတယ်ဗျ။ အဲဒီအထဲက တစ်ခုပြောရရင် လွန်ခဲ့တဲ့ဆယ်နှစ်ကျော်လောက်က လူတစ်ယောက်ပေါ့ ဆရာလိုပဲ ကျွန်းမင်းရဖူးတယ်။ အဲဒီသူက ဘုရားထုပြီး ကိုးကွယ်ထားလိုက်တယ်လေ။ နဂိုကလည်း ဘုရား တရားရိုကျိုးတဲ့သူပေါ့။ လက်ရှိလုပ်ငန်းအနေအထားအရကြည့်ရင် စားလောက်သောက်လောက်ရှိပါပဲ။ လေး၊ ငါး ခြောက်နှစ်လောက်လည်းကြာရော စီးပွားတက်လာလိုက်တာ မြေပိုင်းအပြောက်အမြားပိုင်ဆိုင်ရုံတင်မကဘူး။ အိမ်ဆိုရင်လည်း တိုက်အိမ်အကောင်းစားနဲ့ နေ့ချင်းညချင်းဆိုသလို ပြောင်းလဲသွားတာ အံ့ဩစရာပါပဲ"

"ကျေးဇူးပါပဲ ကျော်ဇင်ရေ။ နို့မို့ဆိုရင် ငါ့မှာ ဒီအတိုင်းအလှကြည့်ရုံ သက်သက်ဖြစ်နေတော့မှာ"

"ဪ - ဒါနဲ့ ဆရာ၊ ဘုရားပုံထုရင် လာဘမုနိပုံတော်ထုဖို့ မမေ့ပါနဲ့။ ဘုရားဆိုတာ လောကသုံးပါးမှာ အတူမရှိ၊ အတုမရှိဘူးဆိုတာ ဗုဒ္ဓဘာသာဝင်တိုင်း သက်ဝင်ယုံကြည်ပြီးသားပါပဲ။ ဒီလိုအရာတွေနဲ့ပတ်သက်လို့ ပြောကြမယ်ဆိုရင်ဖြင့် လောကုတ္တရာအကြောင်းတရားတွေနဲ့ညှိပြီးတော့ဖြင့်မမြင်စေလိုဘူးပေ...

"လာဘမုနိဖြစ်တဲ့အတွက် လာ... လာဘကတော့ ပြောဖွယ်ရာမလိုလော... အောင်ကိုကောင်းလွန်းပါတယ်။ နော... တစ်ခုက ပညတ်သဘောအရကြည့်... ရင်လည်း 'ကျွန်း'ဟာ ဇမ္ဗူဒီပါတော... အဓိပ္ပာယ်ရပြီး 'မင်း'ကတော့ အစိုး... မင်းဧကရာဇ်လို့ အဓိပ္ပာယ်ရလို့ 'ဇမ္ဗူ... တစ်ကျွန်းလုံးကိုအစိုးရသူ' လို့ အဓိပ္ပာ... ရတဲ့အတွက်ကြောင့် ဤပစ္စည်းကို ... ဆိုင်ရသူဟာ ဧကန်မုချ အကျိုးပေး... မယ်လို့ ဆိုပါတယ်"

အများအားဖြင့် သစ်မင်းကို... လူသိများသော်လည်း ကျွန်းမင်းကို... သိနည်းကြ၏။ သို့သော် တန်ခိုးစွမ်း... အရာ၌ သူမတူအောင် ကြီးမားသည်... ဆိုရပေမည်။ မြန်မာနိုင်ငံရှိ တန်ခိုး... ဘုရားများအနက် သိဒ္ဓိဝင်သစ်မှ... ထုလုပ်ထားသောဘုရားများလည်း... ရပေမည်။ ၎င်းတို့တွင် ပင်လည်ဘု... မြို့လယ် ရပ်တော်မူဘုရားနှင့် မော်... မြို့နယ် ဝါးရုံသာကျေးရွာရှိ ရပ်တော်... ဘုရားတို့မှာ ရေဆန်ကျွန်းနက်ဖြင့် ... လုပ်ထားကြောင်း သိရသည်။ ရေ... ကျွန်းနက်ဟူသည် မြစ်ရေထဲတွင်... ပါက ရေစုန်တွင် မျောပါခြင်းမ... အထက်သို့ဆန်တက်သွားသောအ... ရောင်ရှိသည့် ကျွန်းသစ်ကို ဆိုလို... ဖြစ်သည်

ထို့ပြင် ကလေးမြို့ ဈေးကြီးအ... ဟိန္ဒူဘုရားကျောင်းတွင် ကိုးကွယ်... သောဘုရားမှာ သစ်ပျံဘုရားဖြ... လွန်စွာတန်ခိုးကြီးကြောင်း သိရသ... ၎င်းသည် စံကားဝါပင်မှရသော စံ... ဝါသားဖြင့် ထုလုပ်ထား၏။ သစ်ပျံ... ဆိုခြင်းမှာ ၎င်းအပင်အား ခုတ်လှဲ... အပင်သည် မြေသို့မကျဘဲ ကောင်း... သို့ ပျံတက်သွားပြီး မူလတည်နေရာ... ကိုက် (၁၀၀) ကျော်ဝေးသောနေရာ... ရောက်မှ မြေသို့ဆင်းသက်သွားသည်... သိရသည်။

စသည်ဖြင့် ဆရာနှင့် ကျွန်... ကျွန်းမင်းအကြောင်း ပြောဆိုကြပြီး ... တမ်းတင်မှတ်ပုံများ ရိုက်ကူးကာ ဆ... ကြီးအား နှုတ်ဆက်၍ ပြန်ခဲ့ပါသည်...

ထို့ကြောင့် 'ဇမ္ဗူဒီပါကျွန်း... ကျဥ်း၏။ အကျိုးသည် ကျယ်၏' ... သောဆိုရိုးစကားအတိုင်း အရာအ... ၏ ဆန်းကြယ်မှုတို့သည် က... သရွေ့ပင် ဆုံးအံ့ထင်မည် မဟုတ်...

ကျော်ဇင် (က...



www.burmeseclassic.com

www.burmeseclassic.com


# ...င်းဆေးတိုက် မှ ဆေးစွမ်းကောင်းသုံးလက် ထုတ်လုပ်ဖြန့်ချိလျက်ရှိပါပြီ



## အစာမကြေ၊ လေမသက်၍ အနေခက်သူများအတွက်

**အင်ကြင်းပန်း** အမှတ်တံဆိပ် **လေသက်ဆေး**

အစာမကြေ၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း၊ အစာမစားချင်ဖြစ်ခြင်း၊ နှုတ်မမြိန်ခြင်း၊ ချောင်းဆိုး၊ ရင်ကျပ်၊ သလိပ်တစ်၊ အသံဝင်ခြင်း၊ အသက်ရှူမဝဖြစ်ခြင်း၊ လေထိုးလေအောင့်ခြင်း၊ လေအန်၊ ဝမ်းဗိုက်နာခြင်း၊ အောင့်ခြင်း၊ လေချုပ်ခြင်းများ ပျောက်ကင်းစေပြီး အစာကြေလေသက်၊ အပူငြိမ်း၍ စားဝင်အိပ်ပျော်စေပါသည်။

မှတ်ပုံတင်-1911 YR 006354 ၊ လိုင်စင် – ၂/၂၀၀၃၊ တသဆလ/တိုး(၁၀၇၈)

...ချောင်းဆိုး၊ ရင်ကျပ်၊ မှတ်ပုံတင်-0613 Y 010361
...ပိကပ်သူများအတွက်



...င်ကြင်းပန်း အမှတ်တံဆိပ် ...ချောင်းဆိုးပျောက်ဆေး

...ချောင်းဆိုး၊ ရင်ကျပ်၊ သလိပ်ကပ်ခြင်း၊
... ဆောပန်းခြင်းတို့ကို သုံးစွဲနိုင်ပါသည်။

## ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူ၊ အနာစိမ်းမှအစ အရေပြားရောဂါ အမျိုးမျိုးအတွက်

မှတ်ပုံတင်-0813 Y 010535



**အင်ကြင်းပန်း** အမှတ်တံဆိပ် **အနာကျက်ဆေးမှုန့်**

အနာစိမ်း၊ ရေစုံသဲဝဲ၊ ထိခိုက်ရှနာ၊ ခြေကွဲနာ၊ မီးလောင်နာ၊ နှင်းခူအစို အခြောက်၊ ဓိတ်ထွက်ခြင်း၊ အသားအရေယားယံခြင်း၊ ပွေး၊ အက်၊ ဖျတ် ရောဂါများအတွက် သုံးစွဲနိုင်ပါသည်။

ပင်ရင်း – **ဝင်းဆေးတိုက်** ဦးစိုးလင်း + ဒေါ်ဝင်းဝင်းဇော်
...မှတ် – ၂၆၁၆/ခ ၊ လှော်ကားလမ်း ၊ (၇၁) ရပ်ကွက် ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရန်ကုန်မြို့ ။
ဖုန်း – ၀၁-၅၉၀၅၇၈ ၊ ၀၉ ၇၃၁၃၃၄၀၀



နှလုံးရောဂါ ကင်းဝေးအောင်

# မုံရွာသရာမိုး

အမှတ်တံဆိပ်

## အမောလုံ နှလုံးအားဆေးကိုဆောင်

...င် – ၀၁၃၄ y ၀၁၀၇၃၆ လိုင်စင် ၇၊၂၀၁၁၊ တဆထလတိုး (၁၁၁၂)

...သွေးကြောကျဉ်းခြင်း/ကျယ်ခြင်း၊ ရင်ညွန့်၌ စူး၍အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ...နှင့်ရင် ညှပ်၍အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန် မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ် ...ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းမူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော် စားမဝင် စိတ်မကြည်လင်ခြင်း၊ အားအင်ကုန်ခမ်း စိတ်မရှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်ပါသည်။

...င်း – ၅၂-၃၅၆၊ မဟာဗန္ဓုလမ်းမကြီး၊ ၅၂-ရပ်ကွက်၊ ရတနာသိင်္ဂီဈေးအနီး၊ မ/ဥက္ကလာ...
ဖုန်း – ၀၁-၉၆၉၀၅၈၇၊ ၀၁-၆၉၁၀၇၉၊ ၀၁-၆၉၁၅၉၁


www.burmeseclassic.com

www.burmeseclassic.com

ထင်ရှား ကျော်ကြားလှသော ဆရာတော်ကြီးတစ်ပါးက -

"နိုင်ငံတစ်နိုင်ငံရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ တရားဥပဒေ စိုးမိုးရေး စတာတွေအားလုံးဟာ နိုင်ငံရေးပဲ"

ဟု မိန့်ဖူးသည်။

ဆရာတော်ကြီးရဲ့ မိန့်ကြားချက် အရဆိုရင် ဦးငြိမ်းတို့ တရားဥပဒေစိုးမိုး ရေးဆိုတဲ့ခေါင်းစဉ်အောက်မှာ နိုင်ငံရေး

လုပ်ခဲ့တာ နှစ် (၄၀) နီးပါးရှိခဲ့ပေါ့။ ... ကြောင့်လဲဆိုတော့ ပြည်ထဲရေးဝန်... ဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာ နှစ် (... ခန့် တာဝန်ထမ်းဆောင်ခဲ့လို့ပါ။ အ... နယ်အရပ်ရပ်ကိုရောက်ရှိပြီး ပြ... မျိုးစုံ၊ အခက်အခဲမျိုးစုံဖြေရှင်း၊ သင်... မျိုးစုံတွေတက်ခဲ့တဲ့ ဘဝအတွေ့အ... တွေများစွာရှိခဲ့သည်။ ဒီအတွေ့အ... တွေကို အဟောသိကံမဖြစ်ရလေအော... သက်ပြည့်အငြိမ်းစားယူပြီးနောက် တ...

# (ရွှေမိုးညို) မောင်စိန်ဝင်း

## ဝိပါက်ကြမှာ မလွှတ်သာ





www.burmeseclassic.com

www.burmeseclassic.com

ရေးသားခဲ့သည်။

စာမူခအတွက် အမိကမထားဘဲ ရေးလိုက်သောစာတစ်ပုဒ် စာဖတ်သတ်တစ်ဦး မသိသေးသောတစ်ခု နှင့်၊ နားလည်ခွင့်၊ ဆင်ခြင်နှလုံးသွင်း သွားလျှင် ကုသိုလ်ဒါနတစ်ခုပြု တ်သလို ခံယူသည်။ ရရှိသောစာမူခ ကို လှူဒါန်းရင်း စာမူများကို ဖော်ပြ သော စာတည်းချုပ် ဆရာဦးအောင် နှင့် ဝန်ထမ်းများအားလုံး ကျန်းမာ သာစေကြောင်း၊ သူရဇ္ဇမဂ္ဂဇင်းကြီး တက်ထမ်းပိုး အောင်မြင်တိုးတက်စေ ကြောင်း ဆုတောင်းရသည်။ မဂ္ဂဇင်း၌ ဖော်ပြလိုက်သော စာမူအတွက် ဝမ်းသာ ကြည်နူးသော စိတ်ရဲ့ခံစားမှုတန်ဖိုးက ဘာနှင့်မှမလဲနိုင်။ ဘယ်တော့မှလဲလျော့ နည်းသွားမည် မဟုတ်ပါ။ မေတ္တာလက် ဆောင်ရသောစာအုပ်များကို ဘုရား ကျောင်းဆောင်အောက် စာအုပ်စင်ပေါ် မှာ အမြတ်တနိုးထိန်းသိမ်းထားရှိသည်။ စာပေမိတ်ဆွေတစ်ဦးက ပြောဖူးသည်။ စာများများရေးပါ။ မိမိပိုင်ဆိုင်သမျှ အားလုံးထားခဲ့ရမည်။ မိမိရေးသားခဲ့ သောစာပေများကသာ ထာဝရဘဝမှတ် တိုင်များအဖြစ်ကျန်ခဲ့လိမ့်မည်။ ကောင်း လိုက်တဲ့ စကားလေး။

ဦးငြိမ်းအနေနှင့် စာပေနှင့် ပတ် သက်ပြီး ပရိသတ် (၃) မျိုးရှိသည်ဟု မြင်မိသည်။ (၁) စာတတ်သော်လည်း စာဖတ်ဝါသနာမပါ၊ စာမဖတ်သူ။ (၂) စာကိုအပျော်သဘောဖတ်သူ။ (၃)စာကို လေ့လေ့လာလာ မှတ်မှတ်သားသားဖတ် သူဟူ၍ ဖြစ်သည်။ မေတ္တာလက်ဆောင် ရသော စာအုပ်များကို ရင်းနှီးသော မိတ်ဆွေများကိုပေး၊ ၄င်းဖတ်စေရာ လေ့လေ့လာလာ မှတ်မှတ်သားသား ဖတ်သောစာဖတ်ပရိသတ်အချို့ကိုတွေ့ ရ၍ ဝမ်းသာကြည်နူးပီတိဖြစ်ရပါသည်။

ဒီနေ့ စာမူလေးတစ်ပုဒ်ရေးပို့မယ် စိတ်ကူးမိလို့ ကုန်ကြမ်းလေးတွေပြောပြ တတ်သော အောင်လံမြို့မှ ဆရာအုန်း နေအိမ်သို့ နေ့လယ် (၂) နာရီခန့်ရောက် ရှိသွားသည်။ ဆရာအုန်းက အတွေ့ အကြုံစုံသူတစ်ဦး ဖြစ်သည်။ ငယ်စဉ်က ပင်ရင်းနှီးသော လုပ်ဖော်ကိုင်ဖက်တစ်ဦး



www.burmeseclassic.com

www.burmeseclassic.com

လည်းဖြစ်သည်။ ဦးငြိမ်းကို မြင်လျှင်ပဲ ဆရာအုန်းက -

"လာဗျို့ ဦးငြိမ်း၊ ရေနွေးကြမ်း လေးသောက်ဦး"

"ဟုတ်ကဲ့၊ ဆရာအုန်း"

"ဆရာအုန်းရေ၊ ထုံးစံအတိုင်း ဇာတ်လမ်းကောင်းလေးတွေရှိရင်ပြောပြပါဦး။ ဆရာအုန်း အရင်ပြောပြတဲ့ ဇာတ်လမ်းလေးတွေရေးပြီး မဂ္ဂဇင်းတိုက်ပို့ထားတယ်။ စာအုပ်လက်ဆောင်ရရင် လာပေးပါဦးမယ်"

"ဇာတ်လမ်းကောင်းလေးတစ်ပုဒ်ရှိတယ်ဗျ။ အတိတ်ကမကောင်းမှုကံရဲ့ အကျိုးပေးပဲပြောရမလား။ ခင်ဗျား လိုသလိုသာ သုံးပေတော့"

ဆရာအုန်းမှ ၎င်းကြုံဆုံခဲ့ရသော ဇာတ်လမ်းလေးတစ်ပုဒ်အား ပြန်လည်ပြောပြခဲ့သည်ကတော့ -

◆

နှင်းမှုန်တို့တဖွဲဖွဲကျလျက်ရှိသည်။ အရှေ့အရပ်မှ နေရောင်ခြည်တို့ ထွန်းလင်းတောက်ပလာကြသည်။ ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလ။ နံနက် (၈) နာရီ နှင်းမှုန်တို့ ပြယ်လွင့်စအချိန်။

"ဟောဒီမှာ ရွှေတောင်နယ်ထွက် စကော၊ စကာကောင်းကောင်းလေးတွေ ရမယ်။ လက်ရာသေသပ်တယ်။ ခိုင်ခံ့တယ်။ ဈေးနှုန်းချိုသာတယ်"

အသံစာစာလေးနှင့် ခပ်ကျယ်ကျယ်အော်ဟစ်လိုက်သော အထမ်းသမားဈေးသည်လေးတစ်ဦးရဲ့အသံက ဆင်ပေါင်ဝဲမြို့နယ် ဆင်ပေါင်ဝဲမြို့နှင့် မျက်နှာချင်းဆိုင် ဧရာဝတီမြစ်တစ်ဖက်ကမ်း တိုက်နယ်အဆင့်ရှိ ဇောင်းချမ်းတောင်ရွာကြီးရဲ့ ရွာလယ်လမ်းမမှ ပေါ်ထွက်လာခြင်း ဖြစ်သည်။ ဈေးသည်ကောင်လေးက အသက် (၃၀) ကျော်၊ အသားညိုညို၊ သွယ်သွယ်၊ အရပ် (၅) ပေ (၆) လက်မခန့်။ ငယ်ရွယ်နုနယ်ရိုးသားသော ဥပဓိရုပ်သွင်ပြင်ရှိသည်။ ပန်းတောင်းမြို့နယ်ကလာပြီး ဈေးရောင်းနေကျမို့ ဇောင်းချမ်းတောင်တစ်ရွာလုံးက ဈေးသည်လေးကို မောင်ချစ်ဟု သိနေကြသည်။ ဈေးသည်လေးမှာ ထူးခြားမှုတစ်ခုရှိသည်။ စကော၊ စကာတွေ ထည့်ထမ်းသော ဆိုင်းထမ်းလေးမှာ အမြဲတမ်း မယ်ဒလင်တစ်လုံး ချိတ်ဆွဲပါလာတတ်ခြင်းပင်။ စကော၊ စကာတွေ ထမ်းရောင်းနေပေမယ့် အနုပညာပိုးက မသေး။ တွံ့တေးသိန်းတန်သီချင်းမှန်သမျှ အကုန်ရသည်။ ပွဲတောင်းလို့အချိန်ရလျှင် တီးပြ၊ ဆိုပြသေးသည်။ အချိန်မရလျှင် ဈေးရောင်းနားလို့ ညအိပ်သည့်ရွာမှာ အပန်းဖြေရင်း တီး၊ ဆိုသည်။ မယ်ဒလင်လေးက မောင်ချစ်ကိုအားပေးနှစ်သိမ့် ဘဝအမောတွေပြေစေပြီး ပျော်ရွှင်မှုတွေရစေတဲ့ အဖော်မွန်ကောင်းတစ်ယောက်လို့ ခံယူသည်။ မောင်ချစ်ကို ခင်မင်ကြ၊ မောင်ချစ်ရဲ့ အနုပညာကို အားပေးရင်း ဈေးဝယ်ကြလို့ မောင်ချစ်ပါလာတဲ့ ပစ္စည်းလေးတွေ ကြာကြာမရောင်းလိုက်ရ၊ တစ်ပတ်အတွင်းကုန်သွားကြတာများသည်။

မောင်ချစ် ဆင်ပေါင်ဝဲမြို့နယ်နှင့် အထက်မင်းလှမြို့နယ်မှ ရွာများတွင် လှည့်လည်ဈေးရောင်းခြင်း ဖြစ်သည်။ ဇောင်းချမ်းတောင်ရွာကြီးသည် အထက်အောက် ကုန်စည်စီးဆင်းမှုအချက်အချာကျ၍ ဧရာဝတီမြစ်ကမ်းနံဘေးမှာ တည်ရှိသည်။ လှေ၊ သမ္ဗန်၊ မော်တော်များဖြင့် ဆိပ်ကမ်း၌ အမြဲလိုလို ဈေးသည်များ စည်ကားနေတတ်သည်။ သစ်သားထည်၊ လက်သမားလုပ်ငန်းများ ဖြစ်ထွန်းသည်။ အထူးသဖြင့် မော်တော်များစပ်လုပ်သည့်လုပ်ငန်းမှာ လက်ရာကောင်းလွန်းလို့ အနယ်နယ်အရပ်ရပ်က မော်တော်ထောင်သူများ မော်တော်လာစပ်ကြသည်။ မောင်ချစ် ပန်းတောင်းမြို့နယ် ဥသျှစ်ပင်ရွာကနေ ဧရာဝတီသင်္ဘောစီးလိုက်လာ၊ ဇောင်းချမ်းတောင်ရွာကြီး၌ တည်းခိုပြီးမှ ရွာစဉ်လှည့်လည်ရောင်းချခြင်း ဖြစ်သည်။ ဇောင်းချမ်းတောင်ရွာကြီးမှာ အထမ်းကလေးနှင့် လှည့်လည်အော်ဟစ်ရောင်းချရင်း ဈေးဝယ်ကိုမျှော်နေခိုက် -

"မောင်ချစ်ရေ၊ လာဦးဟေ့"

မိမိအား အမည်တပ်၍တရင်းတနှီးခေါ်လိုက်သံကြောင့်ဝမ်းသာသွားသည်။ ဈေးဝယ်ရန်ခေါ်လိုက်သည့်အိမ်က မိမိပစ္စည်းလေးများကို အမြဲတမ်း ဝယ်ယူအားပေးတတ်သည့် ကြီးတော်ဒေါ်ငွေတို့အိမ်ပါလား။

ဒေါ်ငွေ စကော၊ စကာတွေကြည့်ရှုရွေးချယ်ပြီး -

"ဟဲ့ - မောင်ချစ်၊ ဒီစကောနဲ့ စကာ ဘယ်လောက်တုံး"

"စကောလည်း (၄၀၀) ကျပ်၊ စကာလည်း (၄၀၀) ကျပ်ပါ ကြီးတော်။ ဖောက်သည်တွေပဲ။ ဈေးမများစေရဘူး စိတ်ချပါ"

"အေး အေး၊ ဒါဆို စကောတစ်ချပ်၊ စကာတစ်ချပ်ယူမယ်"

"ဟုတ်ကဲ့ပါ ကြီးတော်"

ဒေါ်ငွေ ရွေးထားသော စကော နှင့် စကာတစ်ချပ်စီယူပြီး ငွေ (၈၀၀) ကျပ်လှမ်းပေးလိုက်သည်။

"ကျေးဇူးပါပဲ ကြီးတော်"

ဒေါ်ငွေ မောင်ချစ်ကို တစ်ချ[illegible] စိုက်ကြည့်လိုက်ပြီး -

"ဟဲ့ - မောင်ချစ်၊ နင်ပြန်သွား[illegible] မကြာသေးဘူးမဟုတ်လား။ ဒါနေ[illegible] တစ်ခေါက်ပြန်လာတာလား"

"ဟုတ်ပါတယ် ကြီးတော်။ အ[illegible] ကြီးက ကောင်းကောင်းမကျန်းမာ[illegible] ဆေးဖိုးဝါးခနဲ့ ညီလေး၊ ညီမလေး[illegible] အတွက် ကျောင်းစရိတ်ကုန်ကျမှု[illegible] အောင် ကြိုးစားရှာရပါတယ်"

"အေးကွယ်၊ မိဘကိုလုပ်ကျွေး[illegible] ငါတူကြီး ဘေးဘယာတွေဝေးကွာ[illegible] ကျန်းမာ၊ ချမ်းသာပါစေကွယ်"

"ပေးတဲ့ဆုနဲ့ပြည့်ပါစေ ကြီး[illegible] တော်"

မောင်ချစ် ဒေါ်ငွေကို နှုတ်ဆ[illegible] ပြီး ဆိုင်းထမ်းလေးထမ်း၍ ဆက်လ[illegible] ထွက်ခွာသွားသည်။

ဇောင်းချမ်းတောင်ရွာက ရွာကြီး[illegible] တစ်နေကုန် လှည့်လည်ရောင်းခ[illegible] လိုက်တာ ပါလာတာလေးတွေ တစ်[illegible] နီးပါးလောက် ကုန်သွားသည်။ ည[illegible] (၅) နာရီကျော်လာပြီ။ မောလည်း[illegible] လာသည်။ နားမှဖြစ်တော့မည်။ [illegible] တောင်ပိုင်းက တည်းနေကျ ဘကြီး[illegible] ထွန်းနေအိမ်ရှေ့ရောက်လာသည်။

"ဘကြီးထွန်း၊ ဘကြီးထွန်း"

အော်ခေါ်လိုက်တော့ ဦးသာထွ[illegible] ထွက်လာပြီး မောင်ချစ်ကို တွေ့[illegible] သည်။

"ဘကြီးထွန်း၊ ဒီည ဒီမှာတ[illegible] မလို့ပါ"

"လာ လာ မောင်ချစ်၊ မင်းလ[illegible] တစ်နေကုန်ဈေးရောင်းရလို့ မော[illegible] ပေါ့"

ဦးသာထွန်း မောင်ချစ်အကြော[illegible] ကိုသိထားပြီး တူလိုသားလိုသံယော[illegible] ရှိနေသူ ဖြစ်သည်။

"မောင်ချစ်ရေ၊ အမောပြေ [illegible] နွေးကြမ်းသောက်ဦး။ ထန်းလျက်[illegible] စားကွ။ အမောပြေရင် ရေမိုးချိုး၊ ထ[illegible] စားကြမယ်။ ဒီညနေ ရွာတောင်ပိုင်[illegible] ဝက်သားအသားကောင်းကောင်း[illegible] ရထားတယ်"

မောင်ချစ် ရေမိုးချိုးပြီး[illegible] သာထွန်းတို့မိသားစုနှင့် ထ[illegible]



www.burmeseclassic.com

www.burmeseclassic.com

သည်။ တစ်နေကုန် ဈေးရောင်းထားရလို့ မောပြီး ဗိုက်ဆာနေသည်။ ထမင်းစားပြီး အိပ်ငိုက်ချင်သလိုရှိသည်။ ဒါပေမယ့် ထုံးစံအတိုင်း ဝါသနာပါတာလေးနှင့် ဘဝအမောဖြေရဦးမည်။ မိုးကောင်းကင်မှာ လမင်းကြီးက ထိန်ထိန်သာလျက်ရှိသည်။ အေးမြလှတဲ့ လရောင်များက ဇောင်ချမ်းတောင်ရွာကြီးပေါ် ဖြာကျလျက်ရှိလေသည်။ မောင်ချစ် မယ်ဒလင်လေးကို ဆွဲထွက်လာပြီး ဘကြီးထွန်းနေအိမ်ရှေ့က တမာပင်ကြီးအောက် ကွပ်ပျစ်လေးပေါ် မှာ နေရာယူလိုက်သည်။ မောင်ချစ်အကြောင်းသိထားတဲ့ ဘကြီးထွန်းတို့မိသားစု ရေနွေးကြမ်းအိုးလေးဆွဲပြီး ကွပ်ပျစ်ပေါ် အသီးသီးရောက်လာကြသည်။ အိမ်နီးနားချင်းလူငယ်တွေပါ စုရုံးရောက်ရှိလာကြသည်။ အေးမြလှတဲ့ လရောင်က တမာပင်ကြီးရဲ့ အကိုင်းအခက်တွေကြား တိုးဝင်ပြီး ကွပ်ပျစ်လေးပေါ် ကျိုးတိုးကျဲတဲကျလျက်ရှိသည်။ လေပြည်လေးတွေဝေ့လာတိုင်း သင်းပျံ့တဲ့ တမာအနံ့လေးတွေရလို့ မောင်ချစ်စိတ်တွေ ကြည်နူးသန်းဆန်းလာသည်။ တွံတေးသိန်းတန်သီချင်းထဲက ဘာသီချင်းဆိုရင်ကောင်းမလဲ စဉ်းစားလိုက်သည်။ ထက်ကောင်းကင်မှာ ထိန်ထိန်သာနေတဲ့ လမင်းကြီးကို မော့ကြည့်လိုက်ပြီး 'ဖိုးလမင်းကို အောင်သွယ်ခိုင်းတော့မယ်' သီချင်းသီဆိုရန်ရွေးလိုက်သည်။ မောင်ချစ် မယ်ဒလင်ကို ကြိုးညှိပြီးအတီးပိုဒ်အဆုံးမှာ ဝင်ဆိုလိုက်သည်။

"*အောင်သွယ်တော် ဖိုးရွှေလမင်းရယ် တိမ်ထဲကိုဝင်ကာမပြေးနဲ့ တောင်းပန်မယ် xxx ချစ်သူအဖြေစကား xxx အပြုံးရိပ်ကလေးများ လမင်းမှာကြည့်မယ်xxx တွေးရင်းအဖြေရှာ မောရပါတယ် အချစ်ရယ် xxx ဒီတစ်ခါ လမင်းတွေ့ရင် ပြုံးဖြစ်အောင် ပြုံးပြလိုက်နော်ကွယ်xxx*"

အတီးကလည်းပိုင်၊ အဆိုကလည်းကောင်းမို့ အားလုံးငြိမ်ပြီး နားထောင်နေကြသည်။ တွံတေးသိန်းတန်သီချင်းဆို နယ်တွေက အားလုံးကကြိုက်ကြသည်။

ဘကြီးထွန်းက -

"မောင်ချစ်ရာ၊ မင်းဈေးမရောင်းဘဲ အဆိုတော်လုပ်ဖို့ကောင်းတယ်ကွ"

"မလုပ်ပါနဲ့ ဘကြီးရာ။ ကျွန်တော် အဲလောက်မဟုတ်သေးပါဘူး"

လူငယ်များပွဲတောင်းလို့ ဆက်ပြီးတီးလိုက်၊ ဆိုလိုက်ကြတာ ည (၁၀)နာရီကျော်သွားပြီ။

ဘကြီးထွန်းက -

"ကဲ - မောင်ချစ်၊ မင်းမနက်ဖြန် ဈေးရောင်းထွက်ရဦးမယ် မဟုတ်လား။ နားတော့"

"ဟုတ်ကဲ့ပါ ဘကြီးထွန်း၊ ကျွန်တော် မနက်ဖြန် ဆင်ပေါင်ဝဲနယ်ထဲက ရွာတွေသွားပြီး ဈေးရောင်းရဦးမယ်"

အားလုံး လူစုခွဲလိုက်ကြသည်။ မောင်ချစ် ဘကြီးထွန်းအိမ်မှာ မောမောနှင့်တစ်ညတာအိပ်စက်အနားယူခဲ့သည်။

◆

နောက်နေ့နံနက် (၈) နာရီခန့်လောက် မောင်ချစ် ဇောင်းချမ်းတောင်ရွာနှင့် မင်းလှမြို့နယ်နယ်စပ်မှာရှိနေတဲ့ ရွာလေးတွေမှာ လှည့်လည်ဈေးရောင်းလာခဲ့တာ စကော၊ စကာလေးတွေ ကုန်လုခါနီးရှိသွားပြီ။ လက်ကျန်အနည်းငယ်သာရှိတော့သည်။ မောင်ချစ် ရွာစဉ်လှည့်လည်ရောင်းချရင်း နှုတ်ကလည်း စဉ်ဆက်မပြတ်အော်လာသည်။

"ဟောဒီမှာ ရွှေတောင်နယ်ထွက် စကော၊ စကာလက်ရာကောင်းကောင်းတွေရမယ်။ ခိုင်ခံ့သေသပ်တယ်၊ ဈေးနှုန်းချိုသာတယ်"

မောင်ချစ် ဈေးရောင်းလာလိုက်တာ ညနေ (၃) နာရီခန့် ရှိသွားပြီ။ ရှေ့မှာ ရွာကြီးတစ်ရွာ လှမ်းမြင်တွေ့နေရသည်။ 'ထိန်အင်းရွာ' ဟု သိရသည်။ ဒီရွာကြီးကို တစ်ခါမှမရောက်ဖူးဘူး။ အသိမိတ်ဆွေလည်းမရှိ။ ဒီရွာထဲဝင်ရောင်းလိုက်ရလျှင် လက်ကျန်လေးတွေ ကုန်သွားမည်ဟုတွေးနေခိုက် တောလမ်းတစ်နေရာမှာ လူနှစ်ယောက်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရလို့ ဝမ်းသာသွားသည်။ နှစ်ယောက်စလုံး အသားမည်းမည်း၊ ပုပျပ်ပျပ်၊ အသက် (၅၀) ခန့်၊ မျက်နှာပေါက်ဆိုးဆိုး၊ ရုပ်ရည်ဆင်သည်။ ၎င်းတို့လက်ထဲတွင် နွားညိုနှစ်ကောင်ဆွဲလာကြသည်။ ၎င်းတို့နှစ်ဦးကလည်း မောင်ချစ်ကို မြင်တွေ့သွားကြပြီး -



"ဟော့ - ညီလေး၊ ဘယ်သွားမလို့လဲ"

"ကျွန်တော် ရှေ့ရွာကြီးမှာ ဈေးသွားရောင်းမလို့ပါ"

၎င်းတို့နှစ်ဦး မောင်ချစ်ကို အကဲခတ်လိုက်ပြီး -

"မင်းအရင်က ရောက်ဖူးလား"

"မရောက်ဖူးပါဘူး ခင်ဗျာ"

"ဒါဆို ငါတို့အဲဒီရွာကပဲ။ မင်းငါတို့အိမ်မှာလိုက်တည်း။ ဘာမှအားနာစရာမလိုဘူး"

"ဟုတ်ကဲ့ - ကျေးဇူးတင်ပါတယ်"

၎င်းတို့နှစ်ဦးထဲမှ တစ်ဦးက -

"ကဲ-ညီလေးတို့လည်း နွားဆွဲရလို့ မောလာတယ်။ မင်းကူညီတဲ့အနေနဲ့ နွားနှစ်ကောင်ကူဆွဲပေးဦး။ တို့ရှေ့ကသွားနှင့်မယ်"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

မောင်ချစ်က အားနာတတ်သူမို့ နွားနှစ်ကောင်ဆွဲပြီး ရှေ့မှခပ်သုတ်သုတ်ထွက်ခွာသွားသူနှစ်ဦးနောက် အမီလိုက်ရတော့သည်။

ထန်းအင်းရွာကြီးထဲ ဝင်လာကြသည်။ ရွာက အိမ်ခြေ (၂၀၀) ကျော်ရှိသည့် ရွာကြီး။ သီးပင်စားပင်တွေနှင့် ဝေဆာနေသည်။ ရွာလယ်လမ်းမကြီးတစ်လျှောက် နွားနှစ်ကောင်ကို ဆွဲဝင်လာသော လူစိမ်းတစ်ဦးနှင့် ၎င်းတို့ရွာခံသားနှစ်ဦးကို ရွာသားများ မသင်္ကာသောမျက်လုံးများဖြင့် ကြည့်နေကြသည်။

မောင်ချစ် ရွာအရှေ့ပိုင်းက လူနှစ်ယောက်ဝင်သွားသော နေအိမ်ထဲကို နွားဆွဲပြီးဝင်လိုက်သွားသည်။

လူနှစ်ယောက်ထဲကတစ်ဦးက-

"ညီလေး၊ ဒါငါတို့အိမ်ပဲ။ ငါ့နာမည်က လှရင်၊ ငါ့ညီက လှခင်တဲ့။ နေလည်းစောင်းနေပြီ။ မင်းပစ္စည်းလေးတွေ နောက်နေ့မှလိုက်ရောင်း။ အခုတော့ အနားယူလိုက်ဦး။ ညနေစာစားပြီးရင် ဒီအောက်ထပ် နွားနှစ်ကောင်ဘေးနားက ကွပ်ပျစ်မှာ စိတ်ချလက်ချသာ အိပ်ပေတော့ကွာ"

ညနေစာစားပြီးသွားပြီ။ မောင်ချစ် ဒီညတော့ မောလည်းမော၊ မရောက်ဘူးသေးတဲ့ရွာ၊ ရင်းနှီးမှုမရှိသေးတဲ့ လူစိမ်းတွေကြားမှာ တီးခတ်သီဆိုရန် စိတ်မပါ

www.burmeseclassic.com

www.burmeseclassic.com

တော့။ အဖော်မွန် မယ်ဒလင်လေးကို ဘေးနားချပြီး နွားနှစ်ကောင်ဘေးက ကွပ်ပျစ်လေးပေါ်မှာ စိတ်ချလက်ချအိပ်ပျော်သွားတော့သည်။

◆

မောင်ချစ်အိပ်ပျော်သွားလိုက်တာ နံနက် (၆) နာရီလောက်မှာ အိပ်ရာနိုးလာသည်။ ဆူဆူညံညံနှင့် အိမ်ထဲကို လူတစ်စုဝင်ရောက်လာတာတွေ့လို့ကြည့်လိုက်တော့ ရဲတပ်ဖွဲ့ဝင်များနှင့် ကျေးရွာလူကြီးတချို့။

"ဟေ့ - လှရင်၊ လှခင်တို့ ရှိကြလား"

"ဟုတ်ကဲ့၊ ရှိပါတယ်"

လှရင်နှင့် လှခင်တို့ အိမ်ပေါ်ထပ်က မျက်နှာပျက်ပျက်နှင့် ဆင်းလာကြသည်။ ရွာလူကြီးတစ်ဦးက -

"ဟောဒီမှာ ထိန်အင်းရဲကင်းက တာဝန်ရှိရဲကင်းမှူးနဲ့ ရွာလူကြီးတွေပါတယ်။ မင်းတို့အိမ်မှာ မင်းတို့နဲ့အတူ ဧည့်စိမ်းတစ်ယောက် နွားနှစ်ကောင်နဲ့ ရောက်နေတယ်လို့ တို့သတင်းရထားတယ်။ မင်းတို့ဘာတွေလုပ်လာကြသလဲ၊ မှန်တာပြော"

အိမ်ထဲမှာ အသက် (၁၀) ကျော် လူစိမ်းလူငယ်တစ်ယောက်နှင့် နွားနှစ်ကောင်ကို တွေ့သွားကြသည်။ ထိန်အင်းရွာကြီးမှာ ရဲကင်းထားရှိသည်။ လှရင်၊ လှခင်တို့ကလည်း လူရှုပ်လူပွေတွေ၊ နောက်ကြောင်းမရှင်းသူတွေ။ ရွာသားတွေက မသင်္ကာပြီး ရွာလူကြီးများနှင့် ရဲကင်းကို သတင်းပို့လိုက်လို့ ရဲတပ်ဖွဲ့ဝင်များနှင့် ရွာလူကြီးတွေ ရောက်ရှိလာခြင်းဖြစ်သည်။

ရဲကင်းမှူး တပ်ကြပ်ကြီး မောင်ကြီးက -

"ဒီသူငယ်လေးနဲ့ နွားနှစ်ကောင်က ဘယ်ကလဲ"

လှရင်က ခပ်တည်တည်နှင့် -

"ကျွန်တော်တို့ ညီအစ်ကို မနေ့က ဖောင်ချမ်းတောင်ရွာက ပြန်လာကြတာပါ။ လမ်းမှာ ဒီသူငယ်လေးကို နွားနှစ်ကောင်ဆွဲလာတာ တွေ့ပါတယ်။ ထိန်အင်းရွာ မရောက်ဖူးဘူး။ အသိလည်း မရှိဘူးပြောတာနဲ့ သနားလို့ အိမ်မှာ လိုက်တည်းဖို့ ခွင့်ပြုလိုက်တာပါ"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်"

လှခင်ကလည်း ဝင်ရောက်၍ ထောက်ခံသည်။

မောင်ချစ် ထိတ်လန့်သွားပြီး ပျာပျာသလဲဖြင့် -

"သူတို့ပြောတာမဟုတ်ဘူးခင်ဗျ။ ကျွန်တော် ဒီရွာကို ဈေးရောင်းလာတာပါ။ လမ်းမှာ သူတို့နှစ်ယောက်နဲ့တွေ့ပြီး အိမ်လိုက်တည်းပါ။ နွားနှစ်ကောင်ကို ကူဆွဲပေးပါဆိုတာနဲ့ ကူဆွဲပေးမိတာပါ။ ကျွန်တော်လူကောင်းတစ်ယောက်ပါ"

အစ်ကိုဖြစ်သူ လှရင်က -

"ဒီကောင်လိမ်နေတာ။ ဒီနွားနှစ်ကောင် သူနဲ့ပါလာတာ။ သူဆွဲလာတာ တစ်ရွာလုံးမြင်ပါတယ်။ မယုံရင် ရွာသားတွေကို ခေါ်စစ်ဆေးကြည့်ပါ"

ရဲကင်းမှူးကခေါ်ခိုင်းလို့ ရွာသားများရောက်ရှိလာကြသည်။

ရဲကင်းမှူးက -

"ဟေ့ - မင်းတို့ဘယ်လိုမြင်တွေ့ခဲ့ကြသလဲ"

"ဒီသူငယ်လေး မနေ့ညနေ ရွာထဲကို ဒီနွားနှစ်ကောင်ဆွဲဝင်လာပါတယ်။ နောက်တော့ လှရင်၊ လှခင်တို့အိမ်ထဲဝင်သွားတာ မြင်ပါတယ်"

ရွာသားများက တညီတညွတ်တည်း မြင်သမျှထွက်ဆိုကြသည်။လှရင်၊ လှခင်တို့ စာရိတ္တကို ရွာသားများ သိနေကြပေမယ့် လက်တွေ့နွားဆွဲလာသူမှာ တာဝန်ရှိသလိုဖြစ်နေသည်။ မပြေသော်လည်းကန်ရာရှိ အမှုန်တရားပေါ်ပေါက်လာရန်ရှိသည်။ လောလောဆယ်တော့ နွားနှစ်ကောင်နှင့်အတူတွေ့သူကို ဖြေရှင်းရန် ရဲကင်းသို့ ခေါ်သွားရမည်ဟု ရဲကင်းမှူး ဆုံးဖြတ်လိုက်ပြီး နွားနှစ်ကောင်ကို ဈေးသည်လေးမောင်ချစ်ထံမှ ဥပဒေစည်းကမ်းနှင့်အညီ ရှာဖွေပုံစံနှင့် သိမ်းဆည်းလိုက်သည်။ ထိန်အင်းရွာသည် ရဲကင်းအဆင့်ဖြစ်၍ အမှုလက်ခံ၍မရ။ အမှုဖွင့်စုံစမ်းနိုင်ရန် ရှာဖွေပုံစံနှင့်အတူ မောင်ချစ်နှင့် နွားနှစ်ကောင်ကို ထိန်အင်းရဲကင်းမှတစ်ဆင့် ဆင်ပေါင်ဝဲရဲစခန်းသို့ ဆက်လက်ပေးပို့သည်။ ဆင်ပေါင်ဝဲရဲစခန်းက (ပ)-/၉၉ ပုဒ်မ ၃၇၉(က)/၅၄- နွားခိုးမှုမသင်္ကာဖြင့် အမှုဖွင့်အရေးယူခဲ့သည်။

◆

လောလောဆယ် မောင်ချစ် အချုပ်ထဲရောက်နေရသည်။ ဆင်ပေါ်ဝဲရဲစခန်းမှူး၊ ရဲအုပ်မိုးမြင့်တို့က မောင်ချစ်၏ ရိုးသားသောအသွင်ရှိသည့် ဥပဓိရုပ်ကြောင့် နောက်ကြောင်းရာဇဝင်စုံစမ်းလိုက်တော့ စကော၊ စကာရောင်းချသည့် သူငယ်လေးတစ်ယောက်ဖြစ်ကြောင်း သိရသည်။ ဒါပေမယ့် အမှုစစ်အရာရှိတစ်ယောက်ရဲ့ လုပ်ငန်းတာဝန်အရ လုပ်သင့်လုပ်ထိုက်တာတွေ ကုန် စင်အောင်လုပ်ရဦးမည်။ မောင်ချစ်ထံ သိမ်းဆည်းထားသော နွားနှစ်ကောင်၏ ပုံသဏ္ဍာန်ကို နီးစပ်ရာမြို့နယ်၊ ရဲစခန်း များသို့ ကူညီစုံစမ်းပေးပါရန် တိရစ္ဆာန် ပျောက်ကြော်ငြာများ ပေးပို့လိုက်သည်။ ရဲစခန်းတွင် တိုင်ကြားသော မှုခင်းများ အနက် တိုင်ကြားသူက တိရစ္ဆာန်၊ပစ္စည်း တစ်စုံတစ်ရာပါဆုံးခဲ့သည်ဟု ထည့်သွင်း တိုင်ကြားလာပါက တိရစ္ဆာန်၊ ပစ္စည်းများ ၏ ပုံသဏ္ဍာန် အမှတ်အသားများ သေချာစွာရေးမှတ်ကြရသည်။ မိမိခန်း အခြားခရိုင်၊ ပြည်နယ်/တိုင်းများ လည်း ကူညီစုံစမ်းပေးရန် တိရစ္ဆာန် ပျောက်ကြော်ငြာ၊ ပစ္စည်းပျောက်ကြော် ငြာများ ပေးပို့ကြရသည်။ ထိုသို့ ပေး ရာမှ ရဲစခန်းအချင်းချင်း ချိတ်ဆက်မိ မှုခင်းတွေ ပေါ်ပေါက်ခဲ့တဲ့ ဖြစ်စဉ်များ စွာရှိသည်။

ရဲစခန်းများတွင် ပစ္စည်းပျောက် ကြော်ငြာများကို မှတ်ပုံတင် (၂ တိရစ္ဆာန်ပျောက်ကြော်ငြာများကို မှတ် တင် (၂၇) တို့၌ စနစ်တကျ မှတ် များ ထိန်းသိမ်းထားလေ့ရှိသည်။ ရဲအု မိုးမြင့် မှတ်ပုံတင် (၂၇) တွင်ရှိနေသော တိရစ္ဆာန်ပျောက်ကြော်ငြာတစ်စော စိတ်ပါဝင်စားစွာ စူးစူးစိုက်စိုက် လေ့လာ ကြည့်ရှုလျက်ရှိသည်။ ဆင်ပေါင်ဝဲ နယ်နှင့် ဆက်စပ်နေသော မင်းလှရဲစခန်း မှ ပေးပို့လိုက်သည့် တိရစ္ဆာန်ပျောက် ကြော်ငြာ ဖြစ်သည်။ ကြော်ငြာထဲ အမှုရာဇဝင်အကျဉ်း၌ (---) မင်းလှမြို့နယ်နှင့် ဆင်ပေါင်ဝဲမြို့ နယ်စပ် လက်ခုပ်ပင်၊ ဇီးတော၊ ထိန် ရွာအနီး၌ မောင်တိုးဆိုသော ရွာ တစ်ဦးထံမှ နွားလှည်းနှင့် နွားနှစ် အလုခံရကြောင်း၊ နွား (၂) ကော ဒေါက်၊ အရောင်အသွေး၊ အမှတ် သားများ ဖော်ပြပါရှိသည်။ ဆင်ပေါ ရဲစခန်းမှ အမှုဖွင့်ထားပြီး မောင်ချစ် သိမ်းထားသော နွားများနှင့် ပုံသ ရောအရောင်အသွေးပါတူညီနေ တွေ့ရှိရသည်။ ဆင်ပေါင်ဝဲရဲ မင်းလှရဲစခန်းသို့ ဆက်သွယ်အ ကြားလိုက်သည်။

မင်းလှရဲစခန်းမှူး ရဲအုပ် နိုင်နှင့် နွားလှည်းအလုခံရသော ရွာ မောင်တိုးတို့ ဆင်ပေါင်ဝဲရဲ ရောက်ရှိလာကြသည်။ နွားများ ခံရသော နွားများဖြစ်နေကြော သည်။ အမှုတစ်ခုကို မြို့နယ်ခြ



www.burmeseclassic.com

www.burmeseclassic.com

စခန်း (၂) ခုစလုံးမှ အမှုဖွင့်ဖမ်းမိပြီ ဆိုလျှင် အမှုစတင်ဖြစ်ပွားသော အခင်း ဖြစ်ရပ်ကို အတည်ယူရသည်။ ယခု အမှု စတင်ဖြစ်ပွားသောနေရာမှာ မင်းလှ စခန်းအပိုင်ဖြစ်၍ ဆင်ပေါင်ဝဲရဲစခန်းမှ မင်းလှရဲစခန်းသို့ မောင်ချစ်၊ နွား (၂) ကောင်၊ စာရွက်စာတမ်းများနှင့်အတူ လွှဲပြောင်းပေးလိုက်သည်။ ဆင်ပေါင်ဝဲ ရဲစခန်းမှ ရေးဖွင့်ထားခဲ့သောအမှုကို လွှဲပြောင်းမှုဖြင့် ပိတ်သိမ်းခဲ့သည်။

မင်းလှရဲစခန်းမှူး ရဲအုပ်အောင် နိုင် မှုခင်းဖြစ်စဉ်တစ်ခုလုံးကို အလေးအ နက် စဉ်းစားနေသည်။ မင်းလှရဲစခန်း အချုပ်သို့ လွှဲပြောင်းရောက်ရှိလာသော ကောင်၊ စကာဈေးသည်လေး မောင်ချစ် အကြောင်းကို ဆင်ပေါင်ဝဲရဲစခန်းက ပြောပြလိုက်လို့ သိနေသည်။ ခက်တာ က သက်သေခံပစ္စည်း၊ နွားတစ်ရှဉ်းကို မောင်ချစ်ထံမှ သိမ်းထားသည်။ မောင် ချစ်နွားဆွဲလာတာမြင်တယ်လို့ ထိန်အင်း ရွာသားတွေက သက်သေထွက်ဆိုချက် တွေ ပေးထားသည်။ သက်သေခံပစ္စည်း အထောက်အထား၊ သက်သေများရဲ့ ထွက်ဆိုချက်တွေက မောင်ချစ်အပေါ် ပုံကျသလိုရှိနေသည်။ အမှုမှန်ဖော်ထုတ် ရန် မောင်တိုးကို အသေးစိတ် ထပ်မံစစ် ရတော့မည်။ မောင်တိုးကို ခေါ်လိုက် သို့ မောင်တိုး ရဲစခန်းသို့ ရောက်ရှိလာ သည်။

စခန်းမှူး ရဲအုပ်အောင်နိုင်က -

"ကဲ-မောင်တိုး၊ မင်းရဲ့ထွက်ဆို ချက်ကို အသေးစိတ် သိချင်သေးတယ် ကွာ။ မှုခင်းဖြစ်စဉ်အသေးစိတ်ကို မင်း မှတ်မိသလောက် ထပ်ပြောပြပါဦး"

"ဟုတ်ကဲ့ပါ ဗိုလ်ကြီး"

မောင်တိုး နွားလှည်းအလုခံရပုံ အသေးစိတ်ပြောပြထွက်ဆိုတော့သည်။

◆

မင်းလှမြို့နယ် ဇီးတောရွာသား လေး မောင်တိုး။ တစ်နယ်ထဲက လက် ခုပ်ပင်ရွာသူ မအေးလှနှင့် အိမ်ထောင် ကျခဲ့သည်။ သားလေးတစ်ယောက်ပင် ထွန်းကားခဲ့သည်။ ဇနီးဖြစ်သူရဲ့ ဇာတိ လက်ခုပ်ပင်ရွာ မရောက်တာကြာပြီ။ ဇနီးဖြစ်သူက မိဘများထံ ပြန်ကန်တော့ ချင်ကြောင်း မကြာခဏပြောလို့ ဒီနေ့ တော့ ဇနီးဖြစ်သူနဲ့ သားလေးကို လက် ခုပ်ပင်ရွာသို့ နွားလှည်းနှင့်လိုက်ပို့အပြီး လက်ခုပ်ပင်အရွာမှာတစ်ညအိပ်ခဲ့သည်။ ဇနီးနှင့် သားငယ်လေးကို လက်ခုပ်ပင် ရွာမှာထားခဲ့ပြီး နံနက်စောစော လက်ခုပ်



ပင်ရွာမှ ဇီးတောရွာသို့ ပြန်ခဲ့သည်။ နှင်း တွေ သိပ်သည်းစွာကျနေလို့ လမ်းကို ကောင်းကောင်းမမြင်ရ။ နွားညို (၂) ကောင်ကလည်း နွားကောင်းများမို့ ကြိမ် တို့မခံ တရှူးရှူးနှင့် အသော့နှင်မယ်ပြင် နေလို့ နဖားကြိုးများကို ခပ်တင်းတင်း လေးဆွဲထားရင်း ဂရုစိုက်မောင်းနေရ သည်။ နံနက်(၇)နာရီသာသာခန့် နှင်းထု တွေ ခပ်ပါးပါးလေးရှိလာချိန် မင်းလှမြို့ နယ်နှင့် ဆင်ပေါင်ဝဲမြို့နယ်အစပ် လက် ခုပ်ပင်၊ ဇီးတော၊ ထိန်အင်းရွာလမ်းဆုံ မရောက်တရောက် နေရာလေးရောက်ရှိ လာသည်။ ရှေ့ကလူနှစ်ယောက် လက် ပြတားနေလို့ နွားလှည်း ရပ်ပေးလိုက် သည်။

မောင်တိုးက -

"ဘာကိစ္စရှိလို့လဲဗျ"

"ကျွန်တော်တို့ ထိန်အင်းလမ်းဆုံ လောက်လိုက်ချင်လို့ပါ"

"လာ၊ လာ - တက် တက်"

မောင်တိုး ရွာသားချင်းမို့သဘော ကောင်းစွာ ခွင့်ပြုလိုက်သည်။ မောင်တိုး လှည်းပေါ် တက်လိုက်လာသောရွာသား နှစ်ဦးကို သိပ်ဂရုမထားမိ။ နွားလှည်းကို သာ ဂရုစိုက်မောင်းနေသည်။ ထိန်အင်း လမ်းဆုံလောက်အရောက်မှာ ၎င်းကို တစ်ဦးက နောက်မှသိမ်းဖက်ပြီး တစ်ဦး က လက်ထဲက နဖားကြိုးကို အတင်းဆွဲ လုတာ ခံလိုက်ရသည်။ ရုန်းကန်နေစဉ် မှာပင် မောင်တိုးဆောင့်ကန်တာခံလိုက် ရပြီး နွားလှည်းပေါ် မှ အရှိန်နှင့်အောက် သို့ ပြုတ်ကျသွားသည်။ အရှိန်နှင့်မို့ မထနိုင်ဘဲ လဲကျကျန်ခဲ့သည်။ လူနှစ်ဦး နွားလှည်းကို တရကြမ်းမောင်း၍ထွက် ခွာသွားသည်။ မောင်တိုး ကန်းအော် လိုက်သည်။

"ကယ်ကြပါဦးဗျို့၊ နွားလှည်းလု သွားလို့ပါ"

တောလမ်းခရီးပေမို့ ဘယ်သူမှ မကြား၊ ကယ်တင်မယ့်သူမရှိ။ လုယက် သူနှစ်ဦးနှင့်အတူ နွားလှည်း မြင်ကွင်းက ပျောက်ကွယ်သွားခဲ့လေပြီ။

◆

မောင်တိုး အားယူလျှောက်လှမ်း ရင်း အနီးကပ်ဆုံး မင်းလှမြို့နယ် လင်းကယ်ရဲကင်းသို့ ရောက်ရှိခဲ့သည်။ ဖြစ်စဉ်ကို ပြောပြတိုင်ကြားခဲ့ရာ လင်း ကယ်ရဲကင်းမှ ရဲတပ်ဖွဲ့ဝင်များ၊ ရွာလူ ကြီးများ မောင်တိုးနှင့်အတူ အခင်းဖြစ် နေရာကို ပြန်လည်ရောက်ရှိလာကြ သည်။ နွားလှည်းရာလမ်းကြောင်းအ တိုင်း ခြေရာခံလိုက်ခဲ့ရာ တောလမ်းတစ် နေရာတွင် သစ်မြစ်ဆုံကို အတင်းဝင် တိုက်မိလို့ လှည်းသန်ကြိုးနေသော မောင်တိုးရဲ့နွားလှည်းကို တွေ့ရသည်။ နွားနှစ်ကောင်က ပျောက်ဆုံးနေသည်။ မောင်တိုး လင်းကယ်ရဲကင်းမှတစ်ဆင့် မင်းလှမြို့သို့ ရောက်ရှိပြီး အမှုတိုင် ကြားခဲ့ရာ မင်းလှရဲစခန်းမှ (ပ)-/၉၉ ပုဒ်မ ၃၉၂ အရ အမှုဖွင့် အရေးယူခဲ့ သည်။ မင်းလှရဲစခန်းမှူး ရဲအုပ်အောင် နိုင် မောင်တိုးရဲ့ထွက်ဆိုချက်ကို ခေါင်း တညိတ်ညိတ်နားထောင်ရေးမှတ်နေရင်း က -

"ဒါထက် မောင်တိုး၊ မင်းနွား လှည်းလုယူသွားသူတွေကိုမြင်ရင်မမှတ် မိဘူးလား"

"လူတွေကို မြင်ရင်မှတ်မိပါတယ် ဗိုလ်ကြီး"

"သေချာရဲ့လားကွ"

"သေချာပါတယ် ခင်ဗျာ"

ဟုတ်ပြီ။ ရဲအုပ်အောင်နိုင် စကော၊ စကာဈေးသည်လေး မောင်ချစ်ကို ကယ် တင်နိုင်မယ့် အခွင့်အလမ်းကောင်းတစ်ခု တော့ရခဲ့ပြီ။ အမှုဖြစ်စဉ်များ၌ အမှုတိုင် ကြားသူက ၎င်းထံမှပါ ဆုံးသွားသော ပစ္စည်းကိုမြင်လျှင် မှတ်မိသည်။ ပြစ်မှု ကျူးလွန်သူကိုမြင်လျှင် မှတ်မိသည်ဟု ထွက်ဆိုတတ်ကြသည်။ ထိုသို့ဆိုလျှင် ရဲစခန်းက မူလပိုင်ရှင်ကို သိမ်းဆည်း ထားတာ သက်သေခံပစ္စည်းဖြစ်ပါက အလားတူ (၁၀) မျိုးခန့်နှင့် ရောနှော ပြသခြင်း၊ လူဆိုက အလားတူသူ (၁၀) ဦးနှင့် စီတန်းပြသခြင်းပြုလုပ်ကြရသည်။ ရဲစခန်း၌ ပြုလုပ်ရသည်။ တရားခံမှ တရားသူကြီးတစ်ဦး လာရောက်ကြီး ကြပ်ကွပ်ကဲပေးပါရန် ခွင့်တောင်းရ



www.burmeseclassic.com

www.burmeseclassic.com

သည်။ (၃) ကြိမ်ခန့် အဝတ်အစားလဲလှယ်ပေးခြင်း၊ နေရာလည်း လဲလှယ်ပေးခြင်း ပြုလုပ်ပေးရသည်။ ပစ္စည်းရောနှောပြသခြင်း၊ လူစီတန်းပြသခြင်း ပြုလုပ်သည့်အနီးအနားတွင် ရဲတပ်ဖွဲ့ဝင်များရှိမနေစေရပါ။ မင်းလှမြို့နယ် တရားရုံးမှ တရားသူကြီးတစ်ဦး မင်းလှရဲစခန်းမှူး၏ အစီအရင်ခံစာအရ လူစီတန်းပြသရာ၌ ကြီးကြပ်ကွပ်ကဲရန် မင်းလှရဲစခန်းသို့ နံနက် (၁၀) နာရီခန့် ရောက်ရှိလာသည်။ ထိန်အင်းရဲကင်းမှတစ်ဆင့် အကြောင်းကြားလိုက်လို့ ထိန်အင်းရွာသား လှရင်၊ လှခင်တို့ ရောက်ရှိနေကြသည်။

ထိန်အင်းရွာသား လှရင်၊ လှခင်တို့ကို အနီးစပ်ဆုံး ပုံသဏ္ဍာန်တူသူ(၁၀) ဦးခန့်နှင့် အဝတ်စားလဲ၊ နေရာလဲလှယ်စေပြီး မောင်တိုးကို စီတန်းထားသူများထဲမှ သုံးကြိမ်ခန့် ဆွဲပြစေခဲ့သည်။ လူစီတန်းပြသခြင်းပြီးဆုံးလို့ သတ်မှတ်ပုံစံများပေးအပ်ပြီး တရားသူကြီး ပြန်သွားခဲ့ရပြီ။ ရဲအုပ်အောင်နိုင် လူစီတန်းပြသခြင်းပုံစံကို ယူကြည့်လိုက်သည်။

"ဟိုက် - ဘယ်လိုဖြစ်သွားရတာလဲ"

မောင်တိုး ၎င်းထံမှ နွားလှည်းလုသူများကိုမြင်လျှင် မှတ်မိပါသည်ဟုဆိုသော်လည်း တရားသူကြီးရှေ့မှာ လူစီတန်းပြသရာ၌ (၃) ကြိမ်စလုံး လှရင်၊ လှခင်တို့ကို ဆွဲမပြနိုင်ကြောင်း တွေ့ရသည်။ ရဲအုပ်အောင်နိုင် များစွာ စိတ်မကောင်းဖြစ်မိသည်။ မောင်ချစ်ကို ကယ်တင်နိုင်မယ့် နောက်ဆုံးအခွင့်အလမ်းကောင်းတစ်ခု လက်လွတ်ဆုံးရှုံးခဲ့ရလေပြီ။

မောင်ချစ်ကို ချုပ်ထားသော တရားရုံးရဲ့ခွင့်ပြုချက် ချုပ်ရမန်တို့ ကုန်ရန် ရက်နီးကပ်လာသည်။ တရားရုံးမှာ ချုပ်ရက်ထပ်မံတောင်းခံလို့ မရတော့။ ဥပဒေရုံးကို အမှုတွဲတင်ပြ အကြံဉာဏ်တောင်းခံရာ မောင်ချစ်ကို တရားစွဲတင်ရန် အကြံပြုချက်ရရှိခဲ့သည်။ ရဲအုပ်အောင်နိုင် ဘယ်လိုမှမတတ်နိုင်။ တရားရုံးတော်၏ အဆုံးအဖြတ်ခံရန်သာရှိတော့သည်။မောင်ချစ်ကို စိတ်မကောင်းစွာဘဲ တရားရုံးတော်သို့ တရားစွဲဆိုတင်ပို့လိုက်ရသည်။

တရားရုံးတွင် အမှုစတင်စစ်ဆေးခဲ့ပြီ။ သက်သေခံချက် (၂) မျိုးရှိသည်။ လူသားများ၏နှုတ်မှထွက်ဆိုသော သက်ရှိသက်သေခံချက်နှင့် တုတ်၊ ဓားလက်နက်၊ လက်ရေးလက်သား၊ လက်ဗွေ၊ သွေးစွန်းသွေးစ၊ စာချုပ်စာတမ်း စသည့် သက်မဲ့သက်သေခံချက်တို့ ဖြစ်သည်။ သက်ရှိသက်သေများတွင် တိုက်ရိုက်မြင်သောသက်သေ၊ တိုက်ရိုက်ကြားသောသက်သေနှင့် တစ်ဆင့်မြင်၊ တစ်ဆင့်ကြားသက်သေဟူ၍ အမျိုးမျိုးရှိသည်။ တစ်ဆင့်မြင်၊ တစ်ဆင့်ကြားသက်သေများ၏ ထွက်ဆိုချက်သည် ရုံးတော်၌ သက်သေခံမဝင်ပါ။ တရားရုံးတော်အနေဖြင့်လည်း ပြင်ပမှ ကြားသိမှု၊ ခံစားမှုတို့ကိုစစ်ဆေးနေသောအမှု၌ ထည့်သွင်းစဉ်းစားခြင်းမပြုရဘဲ ရုံးတော်တွင် စစ်ဆေး ပေါ်ပေါက်လာသော သက်ရှိ၊ သက်မဲ့သက်သေခံချက်တို့အပေါ်၌သာ အမှုကို စဉ်းစားဆုံးဖြတ်ရပေသည်။

ယခုအမှုတွင် သက်သေခံပစ္စည်း နွား (၂) ကောင်ကို မောင်ချစ်ထံမှ သိမ်းဆည်းရမိခြင်း၊ မောင်ချစ် နွား (၂) ကောင်ဆွဲလာသည်ကို ထိန်အင်းရွာသားများက မြင်ပါသည်ဟုထွက်ဆိုချက်များမှ မောင်ချစ်ရုန်းမထွက်နိုင်ဘဲရှိနေသည်။ တရားရုံးတော်က သက်ညာစွာ စဉ်းစား၍ မောင်ချစ်ကို ထောင်ဒဏ်နှစ်နှစ်ချမှတ်လိုက်သည်။တကယ်တော့ တရားသူကြီးက တရားခံကိုထောင်ချတယ်လို့ အများပြည်သူအမြင်မှာရှိပေမယ့် တရားခံကို ထောင်ချတာ တရားသူကြီးမဟုတ်။ သက်ရှိ၊ သက်မဲ့ သက်သေခံချက်တို့သာဖြစ်တယ်ဆိုတဲ့ တရားဥပဒေရဲ့သဘောက ထင်ရှားသက်ဝင်ခဲ့လေပြီ။

စခန်းမှူး ရဲအုပ်အောင်နိုင် လူသားအားလုံး အသက်တစ်ရာမနေရပေမယ့် အမှုတစ်ရာတွေ့တတ်ပုံကို စဉ်းစားရင်း ကျောင်းသားဘဝက ဖတ်မိသော ရှိတ်စပီးယားရေးသားတဲ့ ဝတ္ထုလေးတစ်ပုဒ် သွားသတိရမိသည်။ လူသတ်မှုနှင့် မဟုတ်မမှန် စွပ်စွဲခံရပြီး ပြစ်ဒဏ်ကျခံသွားရတဲ့ ကုန်သည်လေးတစ်ယောက်အကြောင်း အမှတ်မိဆုံးသော စာပိုဒ်လေး တစ်ခုရှိသည်။

*God see the true - but wait.*

ဘုရားသည် အမှန်ကိုမြင်တော်မူ၏။ သို့သော်လည်း စောင့်၏၊ မကယ်မနိုင်၊ ကံ့ကာယကံရှင် ဝဋ်ကြွေးရှိသမျှ ခံစားရပေမည်။

တန်ခိုးတော်အရာ၌ ဧတဒဂ်ရတော်မူသော မြတ်ဗုဒ္ဓ၏လက်ဝဲတော်ရံ ရှင်မောဂ္ဂလာန်ပင် ဝဋ်ကြွေးရှိခဲ့၍ ခိုးသားများ၏လက်မှ မလွတ်မြောက်နိုင်။ ခိုးသားများ၏လက်ချက်ဖြင့် ခန္ဓာကြွေခဲ့ရသည်။ အကုသိုလ်ကံဝဋ်ကြွေးက သံသရာခရီးအထိ လိုက်ပါတတ်သည့်သဘောကို ဓမ္မကဗျာလေး ရေးဖွဲ့...သည်။

**ဝဋ်ကြွေး**

*ဝဋ်မှာအမြဲ၊ ငရဲအပ၊ ပြောဆို...*
*ကြ၊ ဘဝများမှ၊ မြတ်ဗုဒ္ဓ...*
*ဝဲတော်ကရံ၊ ရှင်မောဂ္ဂလာန်ဝ...*
*မလွတ်လေငြား၊ ခိုးသူများလ...*
*ရိုက်နှက်ခံပေ၊ ခန္ဓာကြွေခဲ့။*
*မကောင်းမှုကံ၊ ရှိရိုးမှန်က၊ ...*
*သော်မှ၊ မကယ်မဘူး၊*
*ဘဝကထဲက ဝဋ်ကြွေးများ။*

ဘဝခန္ဓာတွေရှိသမျှ ဆင်းရဲ... မျိုးစုံကို တစ်ခုမဟုတ်တစ်ခု ကြုံ... တတ်ပေသည်။ ဒုက္ခအပေါင်းကင်း... ရာ၊ ဘဝခန္ဓာတွေချုပ်ရာ၊ ငြိမ်းရာ နိ... သစ္စာဆိုက်ရောက်သည့် နိဗ္ဗာန်မရော... မီစပ်ကြား သံသရာခရီးတစ်လျှောက်... မကောင်းသောကံတွေ ပါမသွားစေ... ကိုယ်၊ နှုတ်၊ နှလုံး (၃) ပါးကို စောင့်... ရပေမည်။ လူသားအားလုံးရဲ့ ကော... ကျိုး၊ ဆိုးကျိုးတွေကို မိမိကိုယ်တိ... သော ဒီအလုပ် (၃) ပါးကပင် ဖန်တီး... ကြသည်။ မကောင်းမှုကို ရှောင်ကြ... ကိုယ်ဖြင့် ကောင်းသော အကျင့်မြတ်... ကျင့်ခြင်း၊ နှုတ်ဖြင့်ကောင်းသောအ... မြတ်ကိုကျင့်ခြင်း၊ စိတ်ဖြင့်ကောင်း... အကျင့်မြတ်ကို ကျင့်ခြင်းတို့ အချိန်တိုင်း... မှာ ကျင့်ကြလျှင် အချိန်တိုင်းသ... မင်္ဂလာရှိသော အချိန်အခါ ဖြစ်နေ... မည်။ ယခုမျက်မှောက်ဘဝ၊ တမ... ဘဝ အကျိုး (၂) ပါးကို တည်... တစ်ခုတည်းသောတရားဖြစ်သည့် ... မာဒတရား မမေ့မလျော့သောသတိ... သံသရာခရီးမှာ ဝဋ်ကြွေးတွေပါမသွား... လေအောင် သီလကို မြဲမြဲစွာစောင့်... မှသင့်မည်ဟု ရဲအုပ်အောင်နိုင် ... တောနေမိပါတော့သည်။

*ဘေးဘယာဝေးကွာကြပါ...*
မောင်စိန်ဝင်း (ရွှေ...)

**မှတ်ချက် -**

*ဖြစ်ရပ်မှန် ဇာတ်လမ်းလေး... ပြုပြင်ရေးဖွဲ့ထားပါသည်။ ဇာတ်... ပြောပြသော အောင်လံမြို့မှ ဆ... (ဘောဘီလုံ) အား အထူးကျေးဇူးတ... ပါသည်။*



www.burmeseclassic.com

www.burmeseclassic.com



ညာရာဂါ

# ဂျ ရက်လားလမ်းဘို့၏ ဘာသာရေးနှင့်ကိုးကွယ်ယုံကြည်မှု

တစ်နေ့သ၌ ကျွန်ုပ်သည် ချိုက်လတ်မြို့လယ်ရှိ ကမ္ဘာသစ် လက်ဖက်ရည်ဆိုင်တွင် တစ်ယောက်တည်း အေးအေးလူလူထိုင်၍ လက်ဖက်ရည်သောက်လျက်ရှိနေရာ ဘေးကပ်စားပွဲဝိုင်းမှ အတန်ငယ် ကျယ်လောင်သောသော စကားသံများကြောင့် ကျွန်ုပ်၏မျက်စိနှင့် နားတို့ကို ထိုဝိုင်းသို့ အာရုံလွှတ်လိုက်၏။

လူကြီးနှစ်ဦး အားပါးတရ စကားပြောနေကြခြင်းဖြစ်ပြီး ထိုလူကြီးနှစ်ဦးကို ကျွန်ုပ်ကောင်းစွာသိပါသည်။ တစ်ဦးမှာ အသက် (၅၀) နီးပါးရှိ ဘုန်းကြီးလူထွက်တိုင်းရင်းဆေးဆရာကြီးတစ်ဦးဖြစ်ပြီး ကျန်တစ်ဦးမှာ အသက် (၇၀) ကျော် အငြိမ်းစားကျောင်းဆရာကြီးတစ်ဦး ဖြစ်၏၊ သူတို့နှစ်ဦးသည် စကားအပြန်အလှန်ပြောဆိုနေရာမှ အချေအတင်ငြင်းခုံသည့်ဘက်သို့ ဦးတည်နေကြပြီ ဖြစ်၏။ သူတို့နှစ်ဦး ငြင်းခုံနေသည့်အကြောင်းမှာ ပဋိစ္စသမုပ္ပာဒ်စက်ဝိုင်းနှင့် ပတ်သက်သောအကြောင်းပင် ဖြစ်၏။

တစ်ဦးက ပဋိစ္စသမုပ္ပာဒ်စက်ဝိုင်းကို ဦးစားပေး အမွမ်းတင်ကာ ပဋိစ္စသမုပ္ပာဒ်စက်ဝိုင်းကို နားလည်မှ နိဗ္ဗာန်ရောက်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပဋိစ္စသမုပ္ပာဒ်စက်ဝိုင်းကို ဂဃနဏအထူး နားလည်ရန် လိုအပ်ကြောင်း၊ ပဋိစ္စသမုပ္ပာဒ်စက်ဝိုင်းသည် အလွန်အရေးကြီးကြောင်း အကျိုးအကြောင်း စုံလင်စွာ ပြောဆိုနေပြီး နောက်တစ်ဦးက တကယ့်တကယ် တရားထူးရရန် တရားအားထုတ်ရာတွင် ထိုပဋိစ္စသမုပ္ပာဒ်စက်ဝိုင်းကြီးသည် ဘာမှအသုံးမတည့်ကြောင်း၊ တရားရှုမှတ်နေသည့်အထဲသို့ ထိုစက်ဝိုင်းကြီးကို ထည့်သွင်း၍ မှတ်စရာလည်းမလိုကြောင်း၊ ဘာမှပတ်သက်မှုမရှိကြောင်း၊ တကယ့်တကယ် တရားအားထုတ်ရာတွင် ဖြစ်-ပျက်ကိုသာ မြင်အောင် ရှုမှတ်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ထိုပဋိစ္စသမုပ္ပာဒ်စက်ဝိုင်းသည် အရေးမကြီးပါကြောင်း စသည်ဖြင့် အပြန်အလှန် အချေအတင် ငြင်းခုံနေကြခြင်း ဖြစ်ပါသည်။

တဖြည်းဖြည်းဖြင့် သူတို့နှစ်ဦး၏ ငြင်းခုံပွဲသည် အားအလွန်ကောင်း၊ အသံကျယ်လောင်လာကာ အခြားဘေးဝိုင်းရှိ လူတော်တော်များများကပင် ခေါင်းများလှည့်၍ကြည့်ရှုကြကာ စိတ်ဝင်စားနေကြလေတော့၏။ အတော်အတန် သူ့ထက်ငါ အချေအတင်ငြင်းခုံပြီးကြသောအခါ အငြိမ်းစားကျောင်းဆရာကြီးသည် လက်ဖက်ရည်ဖိုးကျသင့်ငွေကို အိတ်ထဲမှထုတ်ကာ စားပွဲပေါ်သို့ ဆောင့်တင်လိုက်ပြီး-

"တော်ပြီ၊ တော်ပြီ ဟေ့ကောင်-မင်းဘက်က ခံခွက်စောင်းနေလို့ကတော့ ဘာတရားမှ မင်းနားထဲဝင်မှာမဟုတ်ဘူး။ တော်ပြီ၊ တော်ပြီ"

ဟု ဆိုကာ စိတ်ဆိုးမာန်ဆိုးဖြင့် ထရပ်လိုက်ပြီး ချာခနဲလှည့်ထွက်သွားပါတော့သည်။ ကျန်ခဲ့သော ဘုန်းကြီးလူထွက် တိုင်းရင်းဆေးဆရာကလည်း-

"ဘာခံခွက်စောင်းတာလဲဗျ၊ ဘာခံခွက်စောင်းတာလဲ။ ရှင်းပြစမ်းပါဦး"

ဟု ဒေါကြီးမောကြီးနှင့် လှမ်းအော်ပြောလိုက်ကာ စားပွဲဝိုင်းတွင် တစ်ယောက်တည်း ကျန်ရစ်ခဲ့ပါတော့သည်။

သိပ်မကြာမီတွင် ဆိုင်အတွင်းရှိ လူအားလုံးတို့သည် ပိုနေမြဲကျားနေမြဲ ကိုယ့်ဝိုင်းနှင့်ကိုယ် ပြန်လည်တည်ငြိမ်ပုံမှန်အနေအထား ပြန်လည်ဖြစ်သွားကြပြီး ကိုယ့်လူနှင့်ကိုယ်၊ ကိုယ့်စကားဝိုင်းနှင့်ကိုယ် ပြန်လည်၍ သက်ဝင်လှုပ်ရှားလာကြပါသည်။ ကျွန်ုပ်သည်လည်း လတ်တလော တွေ့ကြုံကြားသိခဲ့ရသည့် တရားစကားငြင်းခုံပွဲကို ပြန်လည် စဉ်းစားမိကာ ကိုယ့်စိတ်ကူးနှင့်ကိုယ်အတွေးနယ်ချဲ့သောအလုပ်ကို တိတ်တဆိတ် လုပ်ကိုင်နေမိပါတော့သည်။

ဩော် - ဖြစ်မှဖြစ်ရလေ။

တရား ဆိုတာ ငြင်းခုံဖို့မှမဟုတ်တာ။ ငါသိသလောက်ပြောရရင် တရားဆိုတာ သိနားလည်ဖို့၊ စောင့်ထိန်းဖို့၊ ကိုးကွယ်ဖို့၊ ပွားများဖို့၊ ကျင့်ကြံအားထုတ်ဖို့ပဲ။ ဘာဖြစ်လို့ တရားတော်ကို တစ်ဦးနဲ့တစ်ဦး အမြင်မတူနိုင်ဖြစ်နေကြရတာလဲ။ ဩော် - အဲဒီလို အမြင်တွေမတူညီကြလို့လည်း ကမ္ဘာကြီးမှာ ပခုံးနှစ်ဖက်ကြားခေါင်းပေါက်တဲ့လူသားတွေအချင်းချင်း တူညီပါလျက် ဘာသာတွေကွဲပြားခြားနားနေကြတာပေါ့လေ။ တို့ဗုဒ္ဓဘာသာမှာတောင် ရွှေကျင်ဂိုဏ်း၊ သုဓမ္မာဂိုဏ်း၊ ဒွါရဂိုဏ်း၊ ငှက်တွင်းဂိုဏ်း၊ ဝေဠုဝန်ဂိုဏ်း စသည်ဖြင့် ဂိုဏ်းအမျိုးမျိုးရှိနေကြသေးတာပဲ။ အင်း. . . ဒီလိုတွေးကြည့်မိတော့လည်း ဒီလောက်တော့ဖြစ်တတ်ပါတယ်လေ။ ဖြစ်ကြမှာပေါ့။

ကျွန်ုပ်သည် ထိုသို့ အတွေးယဉ်ကြောမြောနေမိရာမှ ဆရာ့ဆီတွင် ဗေဒင်ပညာသင်ကြားခဲ့စဉ်က ဆရာသင်ကြားပေးခဲ့သော ပညာခန်းတစ်ခုကို ရုတ်တရက် ဖျတ်ခနဲ သတိရမိလိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ထိုပညာခန်းမှာ (၇) ရက်သားသမီးတို့၏ ဘာသာရေးနှင့်ကိုးကွယ်ယုံကြည်မှုအကြောင်းအဟောများပင် ဖြစ်ပါသည်။ ထိုဟောချက်များသည် အလွန်ပင် ထိရောက်မှန်ကန်လွန်းလှပါသည်။ တစ်ဦးတစ်ယောက်အနေဖြင့် တစ်ချက်တလေ လွဲမှားမှုရှိကောင်းရှိပါလိမ့်မည်။ သို့သော် ထိုလွဲမှားချက်ကို သေသေချာချာ စစ်ဆေးကြည့်လိုက်လျှင် ထိုအချက်သည် မိမိ၏အသိစိတ်ဖြင့် ပြုပြင်ပြောင်းလဲထားသည့်အချက် ဖြစ်နေကြောင်း အံ့ဩဖွယ်ရာ တွေ့ရှိရမည် ဖြစ်ပါသည်။

တွက်နည်းမှာ မွေးခုနှစ်ကိုတည်၊ (ရတနာသုံးပါး) ၃ နှင့်ပေါင်း၊ (၇ ရက်သားသမီး) ၇ ဖြင့်စားပါ။ အကြွင်းကို ကြည့်ရှု၍ ဟောချက်အသီးသီးကို ဖတ်ရှုနိုင်ပါသည်။

ဥပမာ ၁၃၃၅ ခုနှစ်ဖွား။

```
 ၁၃၃၅            ၁၉၁
+   ၃        ၇ | ၁၃၃၈
 ၁၃၃၈          -၇
                ၆၃
               -၆၃
                 ၀၈
                -  ၇
                   ၁ (အကြွင်း)
```

၁ကြွင်း

ငင်းတို့သည် လုပ်ရိုးလုပ်စဉ်များနှင့် ဘာသာတရားကို ကိုးကွယ်ဆည်းကပ်တတ်ကြသည်။ တစ်ခါတစ်ရံ စိတ်လိုလက်ရ အလှူကြီးများပေးတတ်သလို စိတ်မပါလျှင် အနည်းအကျဉ်းသောငွေကြေးကိုပင် လက်တွန့်တတ်ကြသည်။ ငယ်ရွယ်စဉ် အချိန်ကာလများထက် အသက်ကြီးပိုင်းလိုအချိန်မျိုးမှပင် ဘုရားသွားကျောင်းတက် လုပ်ကိုင်တတ်ပေသည်။ ထိုအချိန်မျိုးများ၌ ၎င်းတို့ဘဝတွင် စိတ်ကုန်စရာများ၊ ငြီးငွေ့စရာများနှင့်အတူ အထီးကျန်ဆန်သော သက်တမ်းကာလများပင် ဖြစ်နေပါလိမ့်မည်။

၂ကြွင်း

မည်သည့်ဘာသာကိုးကွယ်မှုမဆို ပုတ်ခတ်စော်ကားတတ်သူမျိုးမဟုတ်ပါ။ ဖြတ်လမ်းက ဘုရားကန်တော့ခြင်းမျိုးပြုတတ်သည်။ ဘုရား၊ တရားကို ယုံကြည်သော်လည်း အချိန်မပေးတတ်ဘဲ မိမိ၏ ဒုက္ခတရားကို အကြောင်းပြု၍ ဘုရား၌ အပူမကပ်တတ်ကြသူများပင် ဖြစ်သည်။ အတွေးအခေါ် ဘာသာရေးသမားဖြစ်၍ သူတို့ဘဝတွင် ဘုရားစာများ၊ တရားများအကြောင်း စေ့စေ့စပ်စပ်မတတ်ကျွမ်းကြသော်လည်း သူတို့နားလည်တတ်ကျွမ်းသောတရားလောက်နှင့်ပင် တရားရှိတတ်ကြသူများပင် ဖြစ်သည်။ ဖြစ်ခြင်း၊ ပျက်ခြင်းနှင့် သေခြင်းတရားအပေါ်တွင် ဒဿနကျကျခံယူကြ၍ လောကဓံတရားကို တုန်လှုပ်ကြမည့်သူများ မဟုတ်ကြချေ။

၃ကြွင်း

လောက၏ ပျော်ရွှင်ဖွယ်ရာဆိတ်သုဉ်းမှုကို ဘာသာရေးနှင့် ဖြေဖျောက်တတ်ကြသည်။ အလှူဒါနများ၊ ကုသိုလ်ကောင်းမှုများ၊ ဘာသာရေးကျင့်ကြံအားထုတ်မှုများ အစရှိသဖြင့် ပြုလုပ်လိုသော်လည်း စိတ်သွားတိုင်း ကိုယ်မပါတတ်ကြပေ။ ၎င်းတို့သည် ကုသိုလ်တရားကြီးမားသောသူများမဟုတ်ကြသော်လည်း အကုသိုလ်ကံကိုတော့ စိတ်တုန်လှုပ်ဖွယ်ရာကောင်းအောင် ပြုလုပ်ကြမည် မဟုတ်ကြပါချေ။

၄ကြွင်း

အတွေးအခေါ်ကောင်းပြီး စာပေကျမ်းဂန်များကို လွယ်လင့်တကူ ကျက်မှတ်နိုင်သူမျိုး ဖြစ်သည်။ ဘာသာရေးနှင့်ပတ်သက်သော စာပေကျမ်းဂန်များကို နားလည်တတ်ကျွမ်းလိမ့်မည်။ တစ်နည်းအားဖြင့် အများသူငါ အာဂုံမဆောင်နိုင်သော ဗုဒ္ဓဘုရားရှင်၏ဂါထာတော်များ၊ မန္တန်တော်များကို ရှည်လျားစွာ ကျက်မှတ်ထားတတ်သည်။ မကြာခဏတရားစခန်းများဝင်ခြင်း၊ ဘာသာရေးအမိန့်ဌာန်များပြုတတ်ခြင်း၊ ဗေဒင်,လက္ခဏာ,နက္ခတ္တ၊ ဂမ္ဘီရဆိုင်ရာပညာရပ်များကို လေ့လာ လိုက်စားတတ်၍ အထူးစိတ်ဝင်စားကာ ကျွမ်းကျင်တတ်မြောက်တတ်သည်။ အသက်ကြီးပိုင်းတွင် ၎င်းဇာတာရှင်တို့နေထိုင်ရာ အိုးအိမ်များ၌ ဘုရားခန်းကို တင့်တယ်စွာ ပြုလုပ်၍ ဘုရားရုပ်တုပုံတော်များကို တည်ထား ကိုးကွယ်ပူဇော်ထားပါလိမ့်မည်။

၅ကြွင်း

၎င်းတို့သည် တခ်ဏပ္ပတ္တိဉာဏ်ကြီးမား၍ စာပေကျက်မှတ်ရာ၌ နားလည်တတ်ကျွမ်းသူမျိုးဖြစ်သောကြောင့် ဘာသာရေးအကြောင်းတရားများ၊ ဘာသာရေးစာပေများ၊ ဝိပဿနာအားထုတ်မှုများတွင် ထက်မြက်ထူးချွန်သူများပင် ဖြစ်လေသည်။ ငယ်ရွယ်စဉ်၌ မိမိတို့လေ့လာတတ်ကျွမ်းထားသော ဘာသာရေးစာများကို စကားပိုင်းတွင်ချမပြတတ်သော်လည်း အသက်ကြီးပိုင်း၌ တစ်ဖန်သန်စွာ မိမိတို့သိရှိသော ဘာသာရေးအကြောင်းများကို အလျှော့မပေးတမ်း ငြင်းခုံလိမ့်မည်။ ၎င်းတို့နှင့်ပြိုင်၍ ငြင်း၍မဖြစ်သောကြောင့် ကလေးဆိုးကြီးများပမာ ခွင့်လွှတ်ကြရလိမ့်မည် ဖြစ်သည်။ (၅) ကြွင်းသော သံဃာတော်ကြီးများသည် ဘာသာတရားဘက်တွင် ထွန်းထွန်းပေါက်ပေါက် ဖြစ်တတ်ပြီး အကျော်ဇေယျဖြစ်တတ်ကြပါသည်။

၆ကြွင်း

စကားပြော၊ ကိုယ်အမူအရာ ခပ်ကြမ်းကြမ်းပုံစံမျိုးပေါက်သော်လည်း မိရိုးဖလာ ဘာသာတရားပေါ်တွင် ကိုင်းရှိုင်းရိုကျိုးစိတ်တော့ ရှိပါသည်။ ဘာသာတရားလုပ်ရာ၌ သူတစ်ပါးတိုက်တွန်းမှုကြောင့်မဟုတ်ဘဲ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ပြုလုပ်တတ်ပါသည်။ ထိုသူတို့သည် ဘုရားဖူးခရီးများတို ရက်ရှည်လများထွက်တတ်ခြင်း၊ တရားစခန်းဝင်ခြင်း၊ အဓိဋ္ဌာန်အရလုပ်ရသော အလုပ်တို့တွင် မလျှော့သောစိတ်ဖြင့် ဝီရိယကြီးစွာ လုပ်ကိုင်ဆောင်ရွက်တတ်သူများသာ ဖြစ်ပါသည်။

၀ကြွင်း

ရုပ်ဝါဒကြီးစိုးသူများပင် ဖြစ်လေသည်။ မိမိလုပ်ရပ်အပေါ်တွင်သာ အကြောင်းပြု၍ ရှိခိုးဦးချ၍ လိုရာဆုတောင်းခြင်းမျိုးတော့ မလုပ်တတ်ကြပေ။ တစ်ခါတစ်ရံ ဘုရားမှန်းသိလျက် ကန်တော့ဖို့မေ့နေတတ်ပြန်သည်။ ထိုသူတို့သည် ၎င်းတို့ ယုံကြည်မှုမရှိသော ကိစ္စရပ်များကို ဘယ်လိုလူမျိုးမှဖျောင်းဖျ နားချ၍မရသလို ၎င်းတို့ယုံကြည်သော ကိစ္စရပ်များတွင်မူ အာပေါင်အာရင်းသန်သန်ပြောဆို၍ ကိုယ်ရောစိတ်ပါ ပြုမူတတ်ပေသည်။ ၎င်းတို့သည် ကံတရားကို အချိန်ယူစောင့်စားခြင်းနှင့် ဘာသာတရားပေါ်တွင် ယုံကြည်မှုကြီးခြင်းတော့ လျော့နည်းတတ်ကြပေသည်။

*ကောင်းမှုအကြောင်းပြု*
*တောင်းဆုပြည့်ပါစေ*

သုခစုံ



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ ဧပြီလ

# ဓနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်

ရှိန်းအောင်(ဂမ္ဘီရ)

ဓနသိဒ္ဓိနက္ခတ်စန်းယှဉ်ချိန်၊ ဓနသိဒ္ဓိနက္ခတ်လဂ်ဖြတ်ကျော်ချိန်၊ ဓနသိဒ္ဓိနက္ခတ် မွန်းတည့်မျဉ်းဖြတ်ချိန်၊ ၎င်းသုံးပါးသပ် ...တို့တွင် အဓိဋ္ဌာန်ဘာဝနာပွားခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်မန္တန်ရွတ်ဖတ်ခြင်းတို့အား ပြုလုပ်ပူဇော်ပါလျှင် အထူး ...၍ မဟာဝေဒဗ္ဗမန္တန်ကြီး အပါအဝင် ဓနလာဘ်ဆိုင်ရာ ဂါထာမန္တန်မန္တရားတို့အား ရွတ်ဖတ်ပူဇော်ပါလျှင် ထူးကဲသော ...ကျိုးကျေးဇူးကောင်းများတို့ကို ရယူခံစားရမည်မှာ မလွဲမသွေဖြစ်ပါသည်။ ယခုကာလ၌ ၂၃-၄-၂၀၁၄ နေ့ ညနေ (၄း၁၄) ...မှ ၂၄-၄-၂၀၁၄ နေ့ ညနေ (၂း၃၄) နာရီအတွင်းတွင် ဓနသိဒ္ဓိနက္ခတ်သည် စန်းနှင့်ယှဉ်နေမည် ဖြစ်ပါသည်။ နောက် ...-၂၀၁၄ နေ့ နံနက် (၁း၄၂း၃၃) နာရီမှ (၂း၂၀း၂၈) နာရီအတွင်း ဓနသိဒ္ဓိနက္ခတ်သည် လဂ်ဖြတ်ကျော်လျက် ၎င်း ...-၂၀၁၄ နေ့ နံနက် (၇း၀၈း၃၉) နာရီမှ (၈း၁၃း၄၇) နာရီအတွင်းမှာမူ ဓနသိဒ္ဓိနက္ခတ်သည် မွန်းတည့်မျဉ်းဖြတ်ကျော်မည် ဖြစ်ပါသည်။

| လဂ်ဖြတ်ကျော်ချိန်ဇယား | | | မွန်းတည့်မျဉ်းဖြတ်ကျော်ချိန်ဇယား | | |
|---|---|---|---|---|---|
| ရက် | စဝင်ချိန် | စထွက်ချိန် | ရက် | စဝင်ချိန် | စထွက်ချိန် |
| ၁ | ၃း ၁၃း ၀၁ | ၃း ၅၂း ၀၆ | ၁ | ၈း ၄၀း ၂၇ | ၉း ၃၅း ၁၅ |
| ၂ | ၃း ၀၉း ၀၅ | ၃း ၄၈း ၁၀ | ၂ | ၈း ၃၆း ၃၁ | ၉း ၃၁း ၁၉ |
| ၃ | ၃း ၀၅း ၀၉ | ၃း ၄၄း ၁၄ | ၃ | ၈း ၃၂း ၃၅ | ၉း ၂၇း ၂၃ |
| ၄ | ၃း ၀၁း ၁၃ | ၃း ၄၀း ၁၈ | ၄ | ၈း ၂၈း ၃၉ | ၉း ၂၃း ၂၇ |
| ၅ | ၂း ၅၇း ၁၇ | ၃း ၃၆း ၂၂ | ၅ | ၈း ၂၄း ၄၃ | ၉း ၁၉း ၃၁ |
| ၆ | ၂း ၅၃း ၂၁ | ၃း ၃၂း ၂၆ | ၆ | ၈း ၂၀း ၄၇ | ၉း ၁၅း ၃၅ |
| ၇ | ၂း ၄၉း ၂၅ | ၃း ၂၈း ၃၀ | ၇ | ၈း ၁၆း ၅၁ | ၉း ၁၁း ၃၉ |
| ၈ | ၂း ၄၅း ၂၉ | ၃း ၂၄း ၃၄ | ၈ | ၈း ၁၂း ၅၅ | ၉း ၀၇း ၄၃ |
| ၉ | ၂း ၄၁း ၃၃ | ၃း ၂၀း ၃၈ | ၉ | ၈း ၀၈း ၅၉ | ၉း ၀၃း ၄၇ |
| ၁၀ | ၂း ၃၇း ၃၇ | ၃း ၁၆း ၄၂ | ၁၀ | ၈း ၀၄း ၀၃ | ၈း ၅၉း ၅၁ |
| ၁၁ | ၂း ၃၃း ၄၁ | ၃း ၁၂း ၄၆ | ၁၁ | ၈း ၀၀း ၀၇ | ၁း ၅၅း ၅၅ |
| ၁၂ | ၂း ၂၉း ၄၅ | ၃း ၀၈း ၅၀ | ၁၂ | ၇း ၅၆း ၁၁ | ၈း ၅၁း ၅၉ |
| ၁၃ | ၂း ၂၅း ၄၉ | ၃း ၀၄း ၅၄ | ၁၃ | ၇း ၅၂း ၁၅ | ၈း ၄၇း ၀၃ |
| ၁၄ | ၂း ၂၁း ၅၃ | ၃း ၀၀း ၅၈ | ၁၄ | ၇း ၄၈း ၁၉ | ၈း ၄၃း ၀၇ |
| ၁၅ | ၂း ၁၇း ၅၇ | ၂း ၅၆း ၀၂ | ၁၅ | ၇း ၄၄း ၂၃ | ၈း ၃၉း ၁၁ |
| ၁၆ | ၂း ၁၄း ၀၁ | ၂း ၅၂း ၀၆ | ၁၆ | ၇း ၄၀း ၂၇ | ၈း ၃၅း ၁၅ |
| ၁၇ | ၂း ၁၀း ၀၅ | ၂း ၄၈း ၁၀ | ၁၇ | ၇း ၃၆း ၃၁ | ၈း ၃၁း ၁၉ |
| ၁၈ | ၂း ၀၆း ၀၉ | ၂း ၄၄း ၁၄ | ၁၈ | ၇း ၃၂း ၃၅ | ၈း ၂၇း ၂၃ |
| ၁၉ | ၂း ၀၂း ၁၃ | ၂း ၄၀း ၁၈ | ၁၉ | ၇း ၂၈း ၃၉ | ၈း ၂၃း ၂၇ |
| ၂၀ | ၁း ၅၈း ၁၇ | ၂း ၃၆း ၂၂ | ၂၀ | ၇း ၂၄း ၄၃ | ၈း ၁၉း ၃၁ |
| ၂၁ | ၁း ၅၄း ၂၁ | ၂း ၃၂း ၂၆ | ၂၁ | ၇း ၂၀း ၄၇ | ၈း ၁၅း ၃၅ |
| ၂၂ | ၁း ၅၀း ၂၅ | ၂း ၂၈း ၃၀ | ၂၂ | ၇း ၁၆း ၅၁ | ၈း ၁၁း ၃၉ |
| ၂၃ | ၁း ၄၆း ၂၉ | ၂း ၂၄း ၃၄ | ၂၃ | ၇း ၁၂း ၅၅ | ၈း ၀၇း ၄၃ |
| ၂၄ | ၁း ၄၂း ၃၃ | ၂း ၂၀း ၃၈ | ၂၄ | ၇း ၀၈း ၅၉ | ၈း ၀၃း ၄၇ |
| ၂၅ | ၁း ၃၈း ၃၇ | ၂း ၁၆း ၄၂ | ၂၅ | ၇း ၀၅း ၀၃ | ၈း ၀၉း ၁၁ |
| ၂၆ | ၁း ၃၄း ၄၁ | ၂း ၁၂း ၄၆ | ၂၆ | ၇း ၀၁း ၀၇ | ၈း ၀၅း ၅၅ |
| ၂၇ | ၁း ၃၀း ၄၅ | ၂း ၀၈း ၅၀ | ၂၇ | ၆း ၅၇း ၁၁ | ၈း ၀၁း ၅၉ |
| ၂၈ | ၁း ၂၆း ၄၉ | ၂း ၀၄း ၅၄ | ၂၈ | ၆း ၅၃း ၁၅ | ၇း ၅၈း ၀၃ |
| ၂၉ | ၁း ၂၂း ၅၃ | ၂း ၀၀း ၅၈ | ၂၉ | ၆း ၄၉း ၁၉ | ၇း ၅၄း ၀၇ |
| ၃၀ | ၁း ၁၈း ၅၇ | ၁း ၅၆း ၂၀ | ၃၀ | ၆း ၄၅း ၂၃ | ၇း ၅၀း ၁၁ |



သူရဒွမင်္ဂလာစင်း

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့ရောက်ရှိနေသောနေရာကား -

ဟိုပုန်းမြို့နယ်အရှေ့အရပ်မှ အရှေ့တောင်ဘက် ဆီဆိုင်မြို့နယ်ထိ တောင်မြောက်သွယ်တန်းလျက်ရှိသော တောင်စဉ်တောင်တန်းကြီးတစ်နေရာမှာ ဖြစ်ပါတယ်။ အဲဒီတောင်တန်းကြီးဟာ ထုံးကျောက်တောင်အမျိုးအစားဖြစ်ပြီးတော့ တောင်စဉ်တောင်တန်းကြီး ဖြစ်ပါတယ်။ ကျွန်ုပ်တို့ ဘူမိဗေဒရှင်များနဲ့ဖွဲ့စည်းထားတဲ့ ဓာတ်သတ္တုရှာဖွေရေးအဖွဲ့ဟာ ပေပေါင်းငါးထောင်ကျော်မြင့်မားပြီး တောင်ခိုးများဝေကာ မြူခြေများဆိုင်းနေပါတယ်။ တောင်ကြီးရဲ့ အရှေ့ဘက်မှာတော့ ပွန်ချောင်းဟာ မြောက်မှတောင်သို့ စီးဆင်းနေပြီး မောက်မယ်မြို့နယ်နဲ့ ဆီဆိုင်မြို့နယ်အကြားမှာ စီးဆင်းသွားပါတယ်။

ထိုဒေသမှာ အများအားဖြင့် ပအိုဝ့်တိုင်းရင်းသားများ နေထိုင်ကြပါတယ်။ ပအိုဝ့်တိုင်းရင်းသားများဟာ ယာစိုက်ပျိုးသူများနဲ့ လက်ဖက်စိုက်ပျိုးသူများပါတယ်။ သူတို့ယာကထွက်ရှိတဲ့ သီးနှံများကို ငါးရက်တစ်ဈေးလို့ခေါ်တဲ့ ဈေးနေ့မှာ သွားရောက် ရောင်းချကြပါတယ်။

ကျွန်ုပ်တို့လည်း လတ်လတ်ဆတ်ဆတ် သီးနှံမျိုးစုံကို စားချင်လို့ ဈေးနေ့မှာ ဈေးဝယ်ပြီး တောင်ပေါ်ကို ပြန်လာခဲ့ပါတယ်။

အခုအချိန်ဟာ ဆောင်းရာသီဝင်ခါစဖြစ်ပေမယ့် မြူခိုးတွေမှောင်ရီဝေနေပြီး ညဘက်မှာတော့ချမ်းတုန်နေအောင် အေးပါတယ်။ ကျွန်ုပ်တို့ အုပ်စုထဲမှာ အညာသား ဘူမိဗေဒပညာရှင်တစ်ဦးပါပါတယ်။ အညာသားဆိုတဲ့အတိုင်း အပူပိုင်းဒေသက လာတာဖြစ်လို့ အအေးကို အင်မတန်ကြောက်တာ။ ဒါပေမယ့် အလုပ်ရဲ့တာဝန်ပေးခြင်းခံရလို့ ကျွန်ုပ်တို့နဲ့အတူ ဒီတောင်တန်းကြီးဆီကို ရောက်လာတာပါ။

"ဒီနေရာကဘာဖြစ်လို့ဒီလောက်ချမ်းနေရသလဲမသိဘူး"

"ဒါတောင် ခုမှဆောင်းဝင်စရှိသေး တယ်။ နောက်လတွေမှာ ဒီထက်ပိုချမ်း ဦးမယ်"

"ဒါဆိုရင် ငါတော့ ချမ်းတာနဲ့သေ နိုင်တယ်။ ခွင့်ယူပြီးပြန်မှဖြစ်မယ်"

"ခွင့်ယူလို့ဖြစ်မလားကွ။ ခြော လပရောဂျက်မှာ မင်းမရှိလို့မဖြစ်ဘူး"

"ဒါလည်းဟုတ်တာပါပဲကွာ၊ ဒါ ကလည်း ဒီနေရာရဲ့ အချမ်းဒဏ်ကို ခံ နိုင်တော့ ဘယ်လိုလုပ်ရမလဲ"

"အကျီထူထူဝတ်၊ စောင်ထူထူခြုံ ပေါ့ကွာ"

ကျွန်ုပ်က အဲဒီလိုပြောလိုက်တော့ အောင်မိုးကတော့ -

"သက်ခိုင်ရာ၊ ဒီလောက်ချမ်းနေ ရင် ငါ့မှာပါလာတဲ့ အိုးဘရန်ဒီသောက် ကွာ"

"မသောက်ချင်ပါဘူးကွာ။ ငါက အရက်သောက်ရင် တစ်မျိုးမျိုးဖြစ်တတ် တယ်"

"ဘယ်သူကကောသောက်ချင်

# ဂိရိဓမ္မ

ရသေ့ကြီးနာရဒနှင့်
မိုးပျံမြွေလျှို ပြဒါးရှင်လုံး





www.burmeseclassic.com

www.burmeseclassic.com

...ဒီလောက်ချမ်းနေတာ ရောမရောက် ...ရောမလိုကျင့်ရမှာပေါ့။ အရက် ...ကျက်ရင် တစ်မျိုးမျိုးဖြစ်တယ်ဆိုတာ ...ငံတ်စွဲလို့ပါကွာ"

"အေးလေ၊ မင်းတို့ပြောတာဟုတ် ...၊ ဒီညတော့ မင်းတို့နဲ့အတူတူ ငါ ...ည်းသောက်မယ်"

ထိုနေ့ညက ယခင်ညတွေထက် ...ချမ်းပိုပါတယ်။ ဒါကြောင့် ကျွန်ုပ်တို့ ...ရှိ (၅) ယောက်ဟာ အမဲခြောက် ... အမြည်းနဲ့အတူ ဝိုင်းဖွဲ့သောက်စား ...ပါတယ်။ ည(၁၀)နာရီလောက်မှာ ...ဘာ်မူးနေပြီဖြစ်လို့ အိပ်ရာဝင်ခဲ့ကြပါတယ်။

ကျွန်ုပ်မှေးမှေးမှေးမှေးနဲ့ အိပ်တစ်ဝက်နိုးတစ်ဝက်အချိန်တွင် -

"အောင်မယ်လေး၊ လုပ်ကြပါဦး"

"ကယ်ကြပါဦး ရိုက်တယ်၊ ရိုက်တယ်ဗျ"


ဟူသော ဆူဆူညံညံအသံကြားရသဖြင့် အိပ်ရာမှလန့်နိုးလာပြီး-

"ဘာဖြစ်လို့လဲ၊ ဘာတွေဖြစ်ကုန်ပြီလဲ"

ဟု ပြောပြောဆိုဆိုအသံကြားရာဆီသို့ပြေးသွားရာ -

"ဟာ - သက်ခိုင်ဘာဖြစ်လို့အော်နေတာလဲ"

သက်ခိုင်မှ မျက်စိမဖွင့်ဘဲ အော်ဟစ်နေသဖြင့် ကျွန်ုပ်ထက်အရင်ရောက်





www.burmeseclassic.com

www.burmeseclassic.com

နှင့်နေသော သူငယ်ချင်းများက သူ့ကို ဝိုင်းဆွဲထားကြပါတယ်။

ထိုအခါ ကျွန်ုပ်က သက်ခိုင်အား သူ့ရဲ့ခန္ဓာကိုယ်ကို လှုပ်ယမ်းကာ -

"ဟေ့ကောင် သက်ခိုင်၊ မျက်စိဖွင့်စမ်း။ လျှောက်အော်မနေနဲ့"

ဟု ခပ်ကြမ်းကြမ်းဆွဲလှုပ်မှ သက်ခိုင်လည်း မျက်စိပွင့်လာပြီး -

"ငါမောလွန်းလို့ ရေတစ်ခွက်လောက်ပေးပါကွာ"

သက်ခိုင်လည်း ရေတစ်ခွက် သောက်လိုက်ပြီးမှ ပုံမှန်အနေအထားကို ရောက်သွားပါတယ်။

"မင်းဘာဖြစ်တာလဲ သက်ခိုင်"

"မင်းတို့ကို ငါပြောတယ်မဟုတ်လား။ ငါအရက်သောက်ရင် တစ်ခုခုဖြစ်တယ်လို့"

"အေး - အခုဘာဖြစ်လို့လဲ"

"ငါ့ဆီကို ကိုရင်လေးတစ်ပါး ရောက်လာတယ်။ မင်းက ဘာဖြစ်လို့ အရက်သောက်ရတာလဲဆိုပြီး ကြိမ်လုံးနဲ့ ရိုက်လိုက်တာ ချမ်းတောင်မချမ်းနိုင်တော့ဘူး။ နာလွန်းလို့ အော်ရတာနဲ့ ချွေးတွေတောင်ထွက်လာတယ်။ အဲဒါ ငါလန့်ပြီးအော်တာအသံထွက်သွားတာ"

"မင်းဟာကလည်း တစ်မျိုးပါလား"

"ဟုတ်တယ်ကွ။ ငါ့အိပ်မက်ထဲမှာ အဲဒီကိုရင်က ခပ်တည်တည်နဲ့ရိုက်တော့ ငါက သူ့ကိုကြောက်သွားတာပေါ့ကွာ"

"မင်းကလည်းကွာ၊ ကိုရင်ဆိုတာ မင်းထက် အသက်ငယ်မှာပေါ့။ ဘာဖြစ်လို့ကြောက်ရမှာလဲ"

"မသိပါဘူးကွာ၊ ငါကတော့ ကြောက်ရတာအမှန်ပဲ"

"အဲဒီကိုရင်ကို အပြင်မှာသာ တကယ်တွေ့ကြည့်"

"တွေ့တော့ဘာလုပ်မှာလဲ"

"တပည့်တော်ရဲ့ သူငယ်ချင်းကို ဘာဖြစ်လို့ ရိုက်တာလဲလို့ လျှောက်မလို့ပါ"

ပြောရင်းဆိုရင်း ကျွန်ုပ်တို့အားလုံး ရယ်မောခဲ့ကြတယ်။ တကယ်တော့ တောကြီးတောင်ကြီးထဲမှာ ရယ်စရာဆိုတာ ဗလာနတ္ထိ။ ဒါကြောင့် မဖြစ်စလောက်အကြောင်းလေးကို ပျော်စရာ ရယ်စရာအဖြစ် ဖန်တီးခဲ့ကြရတယ်။

ကျွန်ုပ်တို့အလုပ်က သတ္တုရှာဖွေရေးဆာဗေးအဖွဲ့က စေခိုင်းတဲ့ သတ္တုရှာဖွေရေးကိစ္စပါ။ အဲဒီနေ့နောက်ပိုင်းကစပြီး သက်ခိုင်တစ်ယောက် အရက်မသောက်တော့ပါ။ ဖြစ်ချင်တော့ နောက်တစ်ပတ်အကြာမှာ ဆန်းဆန်းကြယ်ကြယ်ဖြစ်ရပ်တစ်ခုနဲ့ တွေ့ကြုံခဲ့ပါတယ်။

မှတ်မှတ်ရရ သောကြာနေ့ ညနေစောင်းမှာ ကျွန်ုပ်တို့ငါးယောက် အလုပ်ကအပြန် တဲတန်းလျားအပေါက်ဝမှာ တန်းစီထိုင်နေတုန်း ကျွန်ုပ်တို့ရဲ့ရှေ့ကို ကိုရင်လေးတစ်ပါး ရောက်လာခဲ့တယ်။ တောခေါင်ခေါင် လူမလာတဲ့နေရာမှာ ကိုရင်လေးတစ်ပါးရောက်လာလို့ အံ့ဩနေမိတယ်။

ဒီမှာတင် သက်ခိုင်က အလန့်တကြားနဲ့ 'ကိုရင်လေး၊ ကိုရင်လေး' လို့ ထအော်လိုက်တယ်။ ဒါနဲ့ ကျွန်ုပ်က ကိုရင်လေးဆီသွားပြီး -

"ကိုရင်လေး ဘာကိစ္စရှိလို့လဲဘုရား"

ဟု မေးမြန်းလျှောက်ထားရာ -

"ကျုပ်သူ့ကိုလာခေါ်တာ"

ဟု ဆိုပြီး သက်ခိုင်ကို လက်ညှိုးညွှန်ပြလိုက်ပါတယ်။

ထိုအခါ သက်ခိုင်က -

"ဒီ. . . ဒီကိုရင်လေးဟာ ငါ. . ငါ့အိပ်မက်ထဲကကိုရင်လေးပဲ"

ဟု ပြောလိုက်ရာ ကျွန်ုပ်တို့အားလုံးမှာ အံ့အားသင့်သွားခဲ့ပါတယ်။ ကိုရင်လေးကတော့ ဘာမှအံ့ဩသည်မရှိ။ ပကတိတည်ကြည်သောမျက်နှာနှင့်။

"ရသေ့ကြီးနာရဒက ဒကာလေးကို ခေါ်ခိုင်းလိုက်ပါတယ်"

ရသေ့ကြီးနာရဒဟု ဆိုသဖြင့် သက်ခိုင်မှာ လှုပ်လှုပ်ရှားရှားဖြစ်သွားပါတယ်။ ရသေ့ကြီးနာရဒမှာ သူ့အဘိုးဖြစ်သူနှင့် အင်္ဂလိပ်ထိုးဖော်ထိုးဖက်ဖြစ်ပြီး ရွှေဘိုမှာနေစဉ်က အိမ်သို့အမြဲတမ်းလိုလို ဆွမ်းခံကြွခဲ့တဲ့ရသေ့ကြီး ဖြစ်ပါတယ်။

သို့သော်လည်း သက်ခိုင်က မသိချင်ယောင်ဆောင်ပြီး ကိုရင်ကလေးအား -

"ရသေ့ကြီးနာရဒဆိုတာ ဘယ်သူလဲ"

"ဒကာမေ့နေပြီလား။ ဒကာရဲ့ အဘိုးဦးဘိုးကျော်နဲ့အတူ အင်္ဂလိပ်ထိုးတဲ့ရသေ့ကြီးပါ"

"ဟာ - အဲဒီရသေ့ကြီးဆိုရင် အသက်တစ်ရာကျော်လောက် ရှိမယ်။ ဟုတ်ပါ့မလား ကိုရင်လေး"

"ကိုရင်ဟာ ဆယ်ပါးသီလခံယူထားပါတယ်။ မဟုတ်တာမပြောပါ။ ဒါပေမယ့် ဒကာ့အဘိုးရဲ့ မိတ်ဆွေရသေ့ကြီး နာရဒဟုတ်၊ မဟုတ်လိုက်ကြည့်

"ကောင်းပါပြီ ကိုရင်လေး။ အဘိုး ရဲ့မိတ်ဆွေအရှင်နာရဒကို တပည့်တော် တွေ့ချင်ပါတယ်"

"ဒါဆိုလိုက်ခဲ့ပါ"

"တင်ပါ့ဘုရား"

ဟု ပြောလိုက်တယ်။

ဒီနောက်မှာတော့ -

"ဟေ့ကောင်တွေ မင်းတို့ ယောက်လည်း ငါနဲ့အတူလိုက်ခဲ့"

ဟု ခေါ်သဖြင့် ကျွန်ုပ်တို့ ယောက်မှာလည်း ဘာမသိဘာမသိ သက်ခိုင်နှင့်အတူ ကိုရင်လေးနော လိုက်ခဲ့ပါတယ်။

ကျွန်ုပ်တို့ စဘင်ခရီးနှင်တ ညနေစောင်းဖြစ်ပေမယ့် သွားရင်း ရင်း ညအချိန်သို့ရောက်ရှိသွားပါ လမ်းခရီးကား မညီညာတဲ့ တောင်ဘ တောင်ဆင်းလမ်းများဖြစ်ပြီး လမ်းမရှိပါ။ ကိုရင်လေးက မြက်ပင် ချုံပင်များကို ဖယ်ရှားကာ သွား တယ်။ တောင်တက်တဲ့နေရာတွေ တာကြောင့် ကျွန်ုပ်တို့မှာ မောဟိုက် ပြီး ဆောင်းညမှာပင် ချွေးထွက် တယ်။

ထိုအခါ ကိုရင်လေးက -

"ဒကာလေးတို့ မောနေပြီ တယ်"

ဟု ပြောကာ သူ့ခါးထဲမှ နှ ကဲ့သို့ ဆေးမြစ်ကလေး (၅) ခုကို ပေးပြီး-

"ဒါလေးစားလိုက်ပါ"

ဟု ပေးသဖြင့် ကျွန်ုပ်စားလိုက် မကြာခင် မောပန်းခြင်းများပျောက် သွားပြီး အားအင်ပြန်လည်ပြည့် တယ်။

ထိုသို့ တောင်ပုကလေးမျ ဖြတ်သန်းပြီးနောက် သန်းခေါင် အချိန်တွင် မီးရောင်တစ်ခုကို တွေ့ လိုက်ရပါတယ်။

ထိုအခါ ကိုရင်လေးက -

"ဟိုမှာမီးရောင်တွေ့လား။ နေရာဆိုရင်ရောက်ပြီ"

ဟု လှမ်းပြောလိုက်တယ်။

မကြာမီမှာ ကျွန်ုပ်တို့အု မီးရောင်ရှိတဲ့အရပ်ကို ရောက် တယ်။ အဲဒီနေရာကတော့ ကျေ ကြီးတစ်ခုရဲ့ရှေ့မှာ ကွပ်ပျစ်တစ် အဲဒီကွပ်ပျစ်မှာ ရသေ့ကြီးတစ် ထိုင်နေပါတယ်။ သူ့ရဲ့ရှေ့မှာ တိုင်ကြီးတစ်တိုင် ထွန်းညှိထားပါ




www.burmeseclassic.com

www.burmeseclassic.com

...ဘုရားဖယောင်းတိုင်ရဲ့အလင်းကြောင့် ...သေ့ကြီးနဲ့တကွ ကျောက်ဂူကြီးကိုပါ မြင်တွေ့ရပါတယ်။ ကျွန်ုပ်တို့ရောက်ပြီး ရသေ့ကြီးကို ဦးချစဉ်မှာ ရသေ့ကြီးဟာ မျက်စိနှစ်လုံးဖွင့်ကြည့်ပြီး -

"ဒကာလေး ဖိုးငို ရောက်လာပြီလား"

လို့ သက်ခိုင်ရဲ့ ငယ်နာမည်ကို ခေါ်လိုက်တယ်။

"တင်ပါ့ဘုရား၊ တပည့်တော်က အရှင်က ခေါ်ခိုင်းတယ်ဆိုတော့ သိပ်မယုံဘူးဘုရား။ အခုတော့ အရှင်နာရဒ စစ်စစ်ကိုတွေ့ရလို့ ယုံပါပြီဘုရား"

"အေးပေါ့လေ၊ အခုလိုဆုပ်ကပ်ခေတ်ထဲမှာ အသက်ရာကျော်တွေမှသိပ်မရှိတော့တာ။ ဒီတော့ ဒကာလေးက အရှင့်ကိုသက်ရှိထင်ရှားရှိတယ်လို့ ဘယ်ယုံပါ့မလဲ။ အခုတော့ မျက်မြင်ထင်ရှားတွေ့လို့ယုံပြီမဟုတ်လား"

"တင်ပါ့ဘုရား၊ အရှင့်ကို တွေ့တော့ အဘိုးကိုသတိရမိတယ်"

"ဒကာလေးရဲ့အဘိုးက ဝိဇ္ဇာဖြစ်နေတယ်။ ဂန္ဓမာဒနတောင်မှာ တရားကျင့်နေတယ်ကွယ့်"

"အရှင့်ကိုတွေ့ရတာ တပည့်တော် အရမ်းဝမ်းသာတာပဲ။ တပည့်တော်လည်း မယုံမရဲနဲ့လိုက်လာတာဆိုတော့ လှူစရာဘာပစ္စည်းမှတောင်ပါမလာဘူး"

"လှူစရာပါမလာလည်း ရပါတယ်။ အရှင့်မှာပြည့်စုံပါတယ်"

"အရှင်ဘုရား၊ တပည့်တော်ဒီမှာရောက်နေတာဘယ်လိုသိပါသလဲဘုရား"

"ဒကာလေးဖိုးငို ဒီမှာရောက်တဲ့နေ့ကတည်းကသိတယ်၊ အရက်သောက်တာလည်းသိတယ်"

"ဒါဆိုအိပ်မက်ထဲမှာရိုက်တာကတော့"

"အဲဒါကတော့ အရှင်ရဲ့ တပည့်ဝိဇ္ဇာလေးက ဒကာလေးကို မကျေနပ်လို့ အိပ်မက်နဲ့ဆုံးမလိုက်တာပဲ"

"သြော် - ဒီလိုလားဘုရား"

"ဒါဆိုရင် အရှင်ဟာ တပည့်တော်တို့ ဘာဖြစ်လို့ခေါ်တာလဲဘုရား"

"အိမ်း - ဒကာလေးတို့က ရွှေတို့ အခြားသတ္တုတို့ရှာနေကြတယ် မဟုတ်လား"

"တင်ပါ့ဘုရား"

"အဲဒီနေရာမှာ ဘာမှမရှိဘူး။ ဒါပေမယ့် ရွှေကြောရှိတဲ့နေရာကို အရှင်သိတယ်။ အဲဒါကြောင့် ရွှေကြောရှိတဲ့နေရာကိုပြဖို့ခေါ်လိုက်တာပဲ"

"တင်ပါ့ဘုရား၊ တပည့်တော်လည်း ရွှေကြောရှိတဲ့နေရာကို သိချင်ပါတယ်ဘုရား"

"သိချင်တယ်ဆိုရင် အရှင်ပြောပြမယ်"


ထိုသို့ အစချီကာ ပြောပြပါတော့မယ်။

"ဒကာလေးရဲ့အဘိုး ဦးမြတ်သာကို ဒကာလေးမှတ်မိတယ်မဟုတ်လား"

"တင်ပါ့ဘုရား"

"ဒကာလေးရဲ့အဘိုးနဲ့ အရှင်နဲ့ဟာ ညီအစ်ကိုအရင်းလို့ ခင်ကြတယ်။ အရှင်ကသူ့ထက်ငါးနှစ်ကြီးတယ်။ အရှင်တို့နှစ်ဦးစလုံး ဝိဇ္ဇာလမ်းစဉ်ကိုလျှောက်ခဲ့ကြတယ်။ အရှင်တို့ရဲ့ရည်မှန်းချက်က အဂ္ဂိရတ်ပညာနဲ့ ထွက်ရပ်ပေါက်ဖို့ပဲ။ အဲဒီအချိန်မှာ သူက အသက်(၆၀)ပေါ့။ အရှင်က အသက် (၆၅) နှစ်ပါ။ အရှင်ရဲ့ကျောင်းနံဘေးနားက ဖိုရုံကြီးမှာဖိုဆွဲခဲ့ကြတယ်။ မီးသွေးလိုအပ်တဲ့အတွက် တောထဲကသစ်ပင်တွေသွားခုတ်ပြီး မီးသွေးဖုတ်ခဲ့ကြတယ်။ ဆယ်နှစ်ကျော်လောက်ကြာခဲ့ပေမယ့် ဓာတ်လုံးက မအောင်ဘူး။

တစ်နေ့မှာ အရှင့်ရဲ့ကျောင်းကို ဘုန်းကြီးအိုကြီးတစ်ပါးရောက်လာတယ်။ သူ့ရဲ့လက်ထဲမှာ အလွန်ရှေးကျတဲ့ အဂ္ဂိရတ်ကျမ်းကြီးတစ်စောင် ပါလာတယ်။ အဲဒီအဂ္ဂိရတ်ကျမ်းထဲမှာ ပုဂံပြည်က ထွက်ရပ်ပေါက်သွားတဲ့ ရှင်အဇ္ဇဂေါဏမထေရ်ရဲ့ အဂ္ဂိရတ်စီရင်နည်းနဲ့ နမောတဿရုပ်ရှင်လမ်းလို့ခေါ်တဲ့ အဂ္ဂိရတ်ကျမ်းကကူးယူထားတဲ့ကျမ်းကြီးတစ်စောင်ဖြစ်တယ်။ နမောတဿရုပ်ရှင်လမ်း အဂ္ဂိရတ်ကျမ်းကြီးဟာ ပုဂံပြည်က ကျန်စစ်သားမင်းကြီးလက်ထက်မှာစီရင်တဲ့ကျမ်း



ကြီး ဖြစ်တယ်။

အဲဒီကျမ်းကြီးမှာ ရေးသားဖော်ပြထားတာကတော့ -

တစ်နေ့မှာ ကျန်စစ်သားမင်းကြီးက လောကီဝိဇ္ဇာမဟာအတတ်ပညာနဲ့ ပြုလုပ်ထားတဲ့ ဓာတ်လုံးတစ်လုံးလိုချင်တဲ့စိတ်ဖြစ်ပေါ်လာခဲ့တယ်။ အဲဒီပြဒါးရှင်လုံးဟာ အစွမ်းသတ္တိရှိတဲ့အတွက် မိုးပျံမြေလျှိုးလို့ရတယ်။ ကြေးကိုအရည်ကျိုထားပြီး အဲဒီပြဒါးရှင်လုံးနဲ့ ထိလိုက်ရင် ကြေးတွေဟာ ရွှေဖြစ်သွားသတဲ့။ ကျန်စစ်သားမင်းကြီးဟာ ရှင်အရဟံသာလျှင် ပြဒါးရှင်လုံးလုပ်နိုင်တာသိလို့ -

'အရှင်ဘုရား၊ တပည့်တော်ကို လောကီဝိဇ္ဇာမဟာအတတ်ပညာနဲ့ပြုလုပ်ထားတဲ့ ပြဒါးရှင်လုံးတစ်လုံး ရင်ပေးပါဘုရား'

လို့ လျှောက်ထားခဲ့တယ်။

ရှင်အရဟံကလည်း ကျန်စစ်သားမင်းကြီးဟာ သာသနာပြုနေတဲ့ မင်းကောင်းမင်းမြတ်တစ်ပါးဖြစ်လို့ မင်းကြီးရဲ့ လျှောက်ထား တောင်းပန်ချက်ကို လက်ခံလိုက်တယ်။ ရှင်အရဟံဟာ နတ်တို့က မြတ်စွာဘုရားရှင်အား ပူဇော်ကန်တော့တဲ့ နမောတဿကို ကူးယူပြီး နက္ခတ်အင်းနဲ့စီမံကာ ပြဒါးရှင်လုံးတစ်ခုကိုပြုလုပ်ပြီး မင်းကြီးကိုပေးလိုက်တယ်။

ဒီနောက်မှတော့ သမီးတော် ရွှေအိမ်စည်ကို လောကနန္ဒာလှေဆိပ်မှာ အကောက်တော်ရာထူးကိုပေးသနားခဲ့တယ်။ အဲဒီလှေဆိပ်မှာ အိန္ဒိယမှ ကုန်သင်္ဘောနဲ့ ကုန်လာရောင်းတဲ့ ပဋိက္ခရားမင်းသားနဲ့ ချစ်ကြိုက်ခဲ့တယ်။ မင်းသမီးရွှေအိမ်စည်ဟာ ခမည်းတော်ဆီက ပြဒါးရှင်လုံးကို ခိုးယူပြီး ပဋိက္ခရားမင်းသားကိုပေးခဲ့တယ်။ ပဋိက္ခရားမင်းသားဟာ ပြဒါးရှင်လုံးကိုငုံပြီး ကောင်းကင်ခရီးမှာ ပျံသန်းသွားလာနိုင်တယ်လို့ကျမ်းစာမှာရေးသားထားတယ်။ မင်းကြီးက အဲဒီအကြောင်းတွေကို သိသွားပြီး ရွှေအိမ်စည်ကို သူ့ရဲ့တူတော် အသင်္ခယာစောယွန်းနဲ့ လက်ထပ်ထိမ်းမြားပေးခဲ့တယ်။ ပဋိက္ခရားဟာ ဒီအကြောင်းကို မသိသေးဘဲ ရွှေအိမ်စည်နဲ့မတွေ့ရလို့ နန်းတော်ကို ကောင်းကင်ခရီးကအလာမှာ ရွှေအိမ်စည်ရဲ့ မင်္ဂလာဆွမ်းကျွေးက ပြန်လာတဲ့ ရှင်အရဟံနဲ့ ကောင်းကင်မှာတွေ့ဆုံခဲ့ကြတယ်။

ပဋိက္ခရားမင်းသားက ရှင်အရဟံကို -

'အရှင်ဘုရား ဘယ်ကကြွ...



www.burmeseclassic.com

www.burmeseclassic.com

တာလဲဘုရား'

လို့ လျှောက်လိုက်တော့ ရှင်အရဟံက -

'ရွှေအိမ်စည်နဲ့ အသင်္ချာစေယွန်းတို့ရဲ့ မင်္ဂလာဆွမ်းကျွေးက ပြန်လာတယ်'

လို့ ပြန်ပြောလိုက်တယ်။

အဲဒီမှာတင် ပဋိက္ခရားမင်းသားဟာ အံ့ဩသွားပြီး အာမေဋိတ်သံနဲ့အတူ ပါးစပ်ထဲက ပြဒါးရှင်လုံးထွက်ကျသွားပြီး ကောင်းကင်ယံက ဦးစောက်ထိုးကျကာ သေဆုံးသွားခဲ့တယ်။

ကျမ်းစာမှာတော့ ပဋိက္ခရားမင်းသား ကောင်းကင်မှာ ပျံသန်းနိုင်တာ ပြဒါးရှင်လုံးရဲ့အစွမ်းကြောင့်လို့ပဲ ရေးထားတယ်။ အများအားဖြင့် အဲဒီလိုတန်ခိုးကြီးတဲ့ ပြဒါးရှင်လုံးဟာ သာမန်ပုဂ္ဂိုလ်တွေရဲ့လက်ထဲမှာ ကြာရှည်စွာမနေဘူးကွယ့်။ အဲဒီကျမ်းစာအုပ်ထဲက အဂ္ဂိရတ်ထိုးနည်းကိုလည်း ရဟန်းအိုကြီးရဲ့ကျမ်းစာအုပ်ထဲမှာ ရေးသားထားခဲ့တယ်။ အဲဒီနည်းတွေနဲ့ အဂ္ဂိရတ်ထိုးလိုက်တာ အကြောင်းတိုက်ဆိုင်သွားပြီး ပြဒါးရှင်လုံးအောင်မြင်သွားခဲ့တယ်။ အဲဒီကတည်းက တောထဲတောင်ထဲမှာတရားကျင့်ရင်း သာသနာ့ပြုနေခဲ့တယ်။

'အခုလည်း ဒကာလေးကို ခေါ်ပြီး တွေ့ရတဲ့အကြောင်းက ဒီပအိုဝ့်နယ်မြေမှာ ဘုရားတစ်ဆူတည်ပေးဖို့ပါပဲ'

'တပည့်တော်တို့ တတ်စွမ်းသမျှ လုပ်ပါ့မယ်ဘုရား'

'အိမ်း - ဘုရားတည်ဖို့အတွက် မင်းတို့ကို ရွှေကြောရှိတဲ့နေရာကိုပြပေးမယ်။ အဲဒီအထဲကတစ်ဝက်ကို ဘုရားတည်ပါ၊ တစ်ဝက်ကို မင်းတို့သုံးပါ'

လို့ ပြောပြီး ကျွန်ုပ်တို့ကို အိပ်ခိုင်းခဲ့ပါတယ်။ ကျွန်ုပ်တို့အားလုံးဟာ ခဏချင်း အိပ်ပျော်သွားပြီး တူညီတဲ့ အိပ်မက်မက်ခဲ့ကြတယ်။ အဲဒီအိပ်မက်ထဲမှာ ရသေ့ကြီးက ဖန်ပေါင်းချောင်ကလေးထဲမှာ ပြာလဲ့လဲ့အရောင်ထွန်းလင်းနေတဲ့ အလုံးတစ်လုံးထည့်ထားပြီး အဲဒီဖန်ပေါင်းချောင်ကလေးကို ကွပ်ပျစ်လေးပေါ်တင်လိုက်ပါတယ်။

'ကဲ - ဒကာလေးတို့ (၅) ယောက် အဲဒီကွပ်ပျစ်ပေါ်တက်'

လို့ မိန့်တော်မူလိုက်ပါတယ်။

ကျွန်ုပ်တို့(၅)ယောက်လည်း အမိန့်ကို နာခံရတဲ့ တပည့်များပမာ ကွပ်ပျစ်လေးပေါ်တက်ခဲ့ကြပါတယ်။ အဲဒီကွပ်ပျစ်ကလေးဟာ နည်းနည်းလေးလှုပ်လာ



ပြီး ခဏအကြာမှာ တဖြည်းဖြည်းကြွတက်လာပါတယ်။နောက်တော့ သစ်ပင်အဖျားလောက်မြင့်လာတာမို့ ရသေ့ကြီးနဲ့ ကိုရင်လေးကို ခပ်သေးသေးပဲ မြင်ရပါတော့တယ်။ အဲဒီကွပ်ပျစ်ကလေးဟာ တဖြည်းဖြည်းနဲ့ မြင့်တက်လာလိုက်တာ ကောင်းကင်ပြင်ကိုရောက်လာပြီး အောက်မှာ သစ်ပင်တွေ၊ တောင်စဉ်တောင်တန်းတွေကိုပါမြင်တွေ့ရပါတယ်။ ဒီလိုနဲ့ အဲဒီကွပ်ပျစ်ကလေးဟာ တောတွေတောင်တန်းတွေကို ဖြတ်ကျော်လာပြီး တစ်နေရာအရောက်မှာ နိမ့်ဆင်းလာခဲ့ပါတယ်။ အဲဒီနေရာကတော့ တောင်ကမူလေး ဖြစ်ပါတယ်။

'ဟော ဟော - ဖန်ပေါင်းချောင်ထဲက အလုံးလေးထွက်လာပြီ'

ပြာလဲ့လဲ့အလုံးကလေးထွက်လာပုံကလည်း ထူးဆန်းလိုက်တာ။ ဖန်ပေါင်းချောင်အဖုံးကို မဖွင့်ဘဲ ဘေးကဖန်သားကို ဖောက်ထွက်လာခြင်း ဖြစ်ပါတယ်။ ကျွန်ုပ်တို့ (၅) ယောက်စလုံးမှာ မတိုင်ပင်ရဘဲ ကွပ်ပျစ်ပေါ်မှဆင်းကာ ပြာလဲ့လဲ့အလုံးနောက်ကိုလိုက်လာခဲ့ပါတယ်။

ပြာလဲ့လဲ့အလုံးလေးဟာ အရှိန်ပြင်းစွာသွားနေလို့ ကျွန်ုပ်တို့လိုက်ကြည့်လိုက်တော့ သူသွားတဲ့နေရာမှာ မြေကြီးထဲက တောက်ပြောင်တဲ့ ရွှေရောင်အလုံးလေးတွေဟာ ဟိုနေရာတချို့၊ ဒီနေရာတချို့မှာ ပြန့်ကျဲနေပါတယ်။ ပြာလဲ့လဲ့အလုံးကလေးဟာ ရွှေရောင်အလုံးလေးတွေနဲ့ ထိလိုက်တာနဲ့တစ်ပြိုင်နက် ရွှေရောင်အလုံးလေးတွေ ပျောက်ကွယ်သွားပါတယ်။ ဒီလိုနဲ့ ရွှေရောင်အလုံးလေးများစွာကို ပြဒါးရှင်လုံးက စားနေတာတွေ့လိုက်ရပါတယ်။

ဒီအချိန်မှာ သက်ခိုင်က -

'ရသေ့ကြီးရဲ့ ပြဒါးရှင်လုံးက ရွှေတွေကို လာစားနေတာပဲ'

လို့ ခပ်တိုးတိုးပြောလိုက်ပါတယ်။

ဒီလိုနဲ့ နာရီဝက်ခန့်အကြာ[…]

ပြာလဲ့လဲ့အလုံးလေးဟာ ချက်ချင်းပျံ[…]

ဖန်ပေါင်းချောင်ထဲ ပြန်ဝင်သွားပါတ[…]

ထိုအခါ သက်ခိုင်က -

'ပြဒါးရှင်လုံးက ရွှေစားလို့ ဝ[…]

ပြန်ပြီ။ ကွပ်ပျစ်ပေါ် အမြန်တက်'

လို့ လှမ်းပြောလိုက်တယ်။ [...]

ကြောင့် ကျွန်တော်တို့ (၅) ယောက်စ[…]

ကွပ်ပျစ်ဆီကို အပြေးလာခဲ့ပါတယ်။

အဲဒီပြာလဲ့လဲ့အလုံးဟာ ဖန်သာ[…]

ပြင်ကိုဖောက်ပြီး ဖန်ပေါင်းချောင်[…]

ရောက်တယ်ဆိုရင်ပဲ ကွပ်ပျစ်ဟာ လ[…]

မြန်တဲ့အရှိန်နဲ့ ပျံသန်းသွားခဲ့ပါတ[…]

အဲဒီအချိန်မှာ ကျွန်ုပ်တို့အားလုံး အိ[…]

ရာကလန့်နိုးခဲ့ပါတယ်။ အိပ်မက်တစ်[…]

ကို (၅) ယောက်မက်ခဲ့တာမျိုး အတော်[…]

ထူးဆန်းနေပါတယ်။

ရသေ့ကြီးက -

"ဒကာလေးတို့ ဒီနေရာကို မှ[…]

ထားပါ။ ဒီကရတဲ့ရွှေနဲ့ ဒီတောင်ထိပ်မှ[…]

ဘုရားတည်ပေးပါ"

"တင်ပါ့ဘုရား"

"ဒီနေရာမှာရွှေသုံးပိဿာလော[…]

ပဲရမှာ။ သုံးပိဿာပြည့်တာနဲ့ ဆက်မ[…]

နဲ့တော့"

"တင်ပါ့ဘုရား"

"ကဲ - ဒါဆို ဒကာလေးတို့[…]

အရှင်လိုက်ပို့ပေးမယ်"

လို့ ပြောပြီးတော့ လမ်းအ[…]

လိုက်ပို့ပေးခဲ့ပါတယ်။ သိပ်မကြာခ[…]

ကျွန်ုပ်တို့ စခန်းချထားတဲ့ နေရာ[…]

ရောက်ခဲ့ပါတယ်။ ဒီတစ်ခါ ပြန်လာ[…]

လမ်းက အဆင်းလမ်းမို့လား မသိ[…]

တော်တော်မြန်တယ်လို့ ထင်ရပါတ[…]

ဒီကိစ္စကို ဘယ်သူ့ကိုမှ ပြော[…]

ပါနဲ့လို့ သက်ခိုင်က ပြောတဲ့အတ[…]

ကျွန်ုပ်တို့အားလုံးက နှုတ်ဆိတ်နေ[…]

တယ်။ ကျွန်ုပ်တို့ရဲ့ ဆာဗေးလုပ်ကွ[…]

သုံးလခန့် ဆက်လုပ်ကိုင်ခဲ့ပါတ[…]

ရသေ့ကြီးပြောသလိုပါပဲ။ အဲဒီနေရာ[…]

ဘာမှမတွေ့ရှိခဲ့ပါ။

ကျွန်ုပ်တို့ (၅) ဦးဟာ မိခင်ဌာ[…]

ကို ရောက်ပြီးနောက် ခွင့်တင်ခဲ့[…]

တယ်။ ဌာနမှူးကတောင် ကျွန်ုပ်တို့[…]

အံ့ဩနေခဲ့ပါတယ်။ ကျွန်ုပ်တို့(၅)ယော[…]

ဟာ အိပ်မက်ထဲက ကွပ်ပျစ်စီးပြီးသွ[…]

နေရာကို ရောက်အောင်သွားခဲ့ပါတ[…]

ကျွန်ုပ်တို့မှာပါတဲ့ တိုင်းတာ[…]

ရေဒါစက်နဲ့ တိုင်းတာကြည့်တော့ [...]

ကြောင်း အဲဒီစက်ကနေ ပြခဲ့ပါ[…]

ကျွန်ုပ်တို့ဟာ အဲဒီနေရာကရွှေကို [...]



www.burmeseclassic.com


www.burmeseclassic.com


မင်းရှိန်အောင်


## ပြည်မြန်မာ၏ ၂၀၁၄ ခုနှစ် မိဿရာသီပြောင်း

# မန်ဒိန်းဇာတာဟောကိန်း

### (၁၄-၄-၂၀၁၄) မှ (၁၄-၅-၂၀၁၄) နေ့အထိကာလ




၁၄ - ၄ - ၂၀၁၄ နေ့နံနက် (၁၀း၁၈း၃၉) နာရီတွင် တနင်္ဂနွေဂြိုဟ်သည် မိဿရာသီသို့ ကူးပြောင်းဝင်ရောက်ချိန်၌ ဥဒယလဂ်သည် မေထုန်ရာသီ (၉ ၊ ၄၇) တွင် ပေါ်ထွက်လျက်ရှိသည်။ ၎င်းသည် ပြည်မြန်မာ၏ ၂၀၁၄ ခုနှစ် မိဿရာသီပြောင်း မန်ဒိန်းဇာတာခွင် ဖြစ်ပါသည်။ တစ်နည်းဆိုရသော်

ော်ခဲ့တယ်။ သုံးပိဿာခန့်ရတဲ့အခါမှာ ်လိုက်ပါတယ်။ ရွှေသုံးပိဿာစလုံးကို ခဲ့ရောင်းချပြီး ရသေ့ကြီးညွှန်ပြတဲ့ နေ ာမှာ ဘုရားတည်ခဲ့ပါတယ်။

အဲဒီအခါမှာ ထူးထူးဆန်းဆန်း ဟန်းအိုကြီးတစ်ပါး ရောက်လာပြီး -

"ဒကာလေးတို့ ဒီဓာတ်တော်တွေ ို ဌာပနာပေးပါ"

လို့ လာပေးခဲ့တယ်။

ကျွန်ုပ်တို့ ဘုရားတည်တဲ့နေရာမှာ ဒေသခံ ပအိုဝ့်တိုင်းရင်းသားတွေက ည်း ဝိုင်းဝန်းကူညီပေးကြလို့ တစ်လ ောက်အကြာမှာ စေတီတော်ဟာပြီးစီး ွားခဲ့ပါတယ်။

"ကဲ - စေတီတော်လည်း ပြီးပြီဆို ော့ ရသေ့ကြီးဆီသွားပြီး လျှောက် င်ရင်း ဘုရားဘွဲ့တော်ကို ဘယ်လိုပေး လဲဆိုတာ မေးရအောင်"

လို့ သက်ခိုင်က ပြောလိုက်ပါ ယ်။

ဒါနဲ့ ကျွန်ုပ်တို့ (၅) ယောက်ဟာ ခင်လေးခေါ်သွားတဲ့ ကျောက်ဂူကြီး ကို သွားရောက်ခဲ့ပါတယ်။ ကျောက် ကြီးဆီရောက်တော့ -

"ဟင်-ကျောက်ဂူကြီးကို ကျောက် ုံးကြီးနဲ့ ပိတ်ဆို့ထားပါလား"

"ကွပ်ပျစ်ကြီးလည်း မတွေ့တော့ ူး"

"ဒါဆို ရသေ့ကြီးလည်းမရှိတော့ဘူးထင်တယ်"

"ဟော - ကျောက်တုံးကြီးမှာ စာတွေရေးထားတယ်။ ဖတ်ကြည့်ကြပါဦး"

သက်ခိုင်က ပြောသဖြင့် ကျွန်ုပ်တို့အားလုံး ကျောက်တုံးကြီးနားသို့ ရောက်ပြီး ရေးထားသောစာများကို ဖတ်ကြည့်သောအခါ-

*ပြဒါးရှင်ဘုရားတည်ကာထားသော် အများကောင်းမှုအစုစုကို သာခုခေါ်ကာ မောဒနာဖြင့် သာယာချမ်းမြေ့ကြပါစေတဲ့။*

"ဟာ - ဒါဆို ရဟန်းအိုကြီး လာပေးတဲ့ အထဲမှာ ပြဒါးရှင်လုံး ပါလာတယ်နဲ့တူတယ်"

"အင်း သက်ခိုင် မင်းပြောတာဖြစ်နိုင်တယ်။ ပြဒါးရှင်လုံးကို ဘုရားမှာ ဌာပနာချင်လို့ ငါတို့အားလုံးကို အိပ်မက်နဲ့ အသိပေးတာဖြစ်မယ်"

"ဒါဆိုရင် ဘုရားရဲ့ဘွဲ့တော်ကို ဘယ်လိုပေးမလဲ"

"ရသေ့ကြီးရေးထားသလိုပဲ ပြဒါးရှင်ဘုရားပေါ့"

ဤသို့ဖြင့် ပအိုဝ့်နယ်မြေက တောင်လေးတစ်တောင်ပေါ်မှာ ကျွန်ုပ်တို့အားလုံး 'ပြဒါးရှင်ဘုရား' ကို တည်ခဲ့ပါတယ်။ နောက်တစ်နှစ်အကြာ ဘုရားပွဲတော်မှာ ထိုဘုရားမှ ရောင်ခြည်တော်လွှတ်ကြောင်း ဒေသခံများ ပြောစကားအရ ကြားသိရပါတယ်။

ရသေ့ကြီးနာရဒဟာ ဘာကြောင့် ဒီဘုရားကို တည်ခိုင်းတာလဲလို့ အကြိမ်ကြိမ် စဉ်းစားမိပါတယ်။ ရသေ့ကြီးဟာ ထွက်ရပ်လမ်းကို အပြီးအပိုင်သွားတော့မှာမို့လို့ ဒီလို သိဒ္ဓိများစွာနဲ့ ပြည့်စုံပြီး အဖိုးအနဂ္ဃထိုက်တန်တဲ့ ပြဒါးရှင်လုံးကို ဒီတောင်ပေါ်ကဘုရားမှာ ဌာပနာထားလိုက်တာလား။ ဒါမှမဟုတ် အဲဒီနယ်မြေမှာရှိတဲ့ သားချင်းဆွေမျိုးတွေကို သာယာချမ်းမြေ့ပါစေဆိုတဲ့ မေတ္တာတရားလားလို့ ကျွန်ုပ်စဉ်းစားနေချိန်မှာ ဘုရားဆီက သာယာနာပျော်ဖွယ်ကောင်းတဲ့ ဆည်းလည်းသံကလေးတွေ ထွက်ပေါ်လာခဲ့ပါတယ်။ အဲဒီအသံကလေးဟာ ကျွန်ုပ်ရဲ့ရင်ထဲကို အေးချမ်းသွားစေခဲ့ပါတယ်။ ကျွန်ုပ်ရဲ့တစ်သက်မှာ ထူးထူးခြားခြား တွေ့ဆုံခဲ့ရတဲ့ ရသေ့ကြီးနာရဒနဲ့ ပြဒါးရှင်လုံးကို ဘယ်တော့မှ မမေ့နိုင်အောင် သတိတရဖြစ်ကာ တစ်နှစ်တစ်ခါ ဤဘုရားဆီကိုရောက်လာပြီး ဖူးမြော်ခဲ့ပါတယ်။ အခုတစ်ခေါက်မှာ ရောင်ခြည်တော်လွှတ်တာနဲ့ မတွေ့ကြုံရပေမယ့် နောက်အခေါက်တွေမှာ ရောင်ခြည်တော်လွှတ်တာနဲ့ ဖူးတွေ့ပါစေလို့ ဆုတောင်းရင်း။



www.burmeseclassic.com


www.burmeseclassic.com


ဤဇာတာခွင်သည်ပင် ကောဇာနှစ် ၁၃၇၆ ခုနှစ်၏ မဟာသင်္ကြန်ဇာတာ ခွင်ပင် ဖြစ်ပေသည်။ နောက်တစ်မျိုးဆိုရသော် ၂၀၁၄ ခုနှစ် (ဝါ) ၁၃၇၆ ခုနှစ် မိဿရာသီ၏ စူဠဇာတာခွင်ပင် ဖြစ်ပါသေးသည်။ တစ်ခါ ဤနေ့သည်ပင် ၁၃၇၅ ခုနှစ် နှောင်းတန်ခူးလ၏ လပြည့်နေ့ ဖြစ်နေပါသေးသည်။

ဤဇာတာခွင်၏ထူးခြားချက်များမှာ ကန်ရာသီ၌ တနင်္လာဂြိုဟ်နှင့် အင်္ဂါဂြိုဟ်တို့သည် (၇)ဒီဂရီအတွင်း၊ ကုံရာသီ၌ နက်ပကျွန်းဂြိုဟ်နှင့် သောကြာဂြိုဟ်တို့သည် (၂) ဒီဂရီအတွင်း၊ မိန်ရာသီ၌ ယူရေးနပ်ဂြိုဟ်နှင့် ဗုဒ္ဓဟူးဂြိုဟ်တို့သည် (၂) ဒီဂရီအတွင်း ပူးယှဉ်နေပြီး တနင်္လာဂြိုဟ်နှင့် ဗုဒ္ဓဟူးဂြိုဟ်တို့သည် ဝိသမအမြင်နှင့်မြင်နေကြသည်ဖြစ်၏။ နောင် အင်္ဂါဂြိုဟ်နှင့် စနေဂြိုဟ်တို့သည် ဝကြသွားနေကြကာ ယူရေးနပ်ဂြိုဟ်နှင့် နတ်ပကျွန်းဂြိုဟ်တို့သည် ရာသီအိမ်ချင်းဖလှယ်ထားကြသည် ဖြစ်၏။

ထို့ပြင်တစ်ဝ ကမ္ဘာဝက ဗုဒ္ဓဟူးဂြိုဟ်ကို၊ ပထနီဘာဝက ပလူတိုဂြိုဟ်ကို (၉၀) ဒီဂရီအမြင်ဖြင့် မြင်ထားလျက် ထိုကမ္ဘာဝကို ကြာသပတေးဂြိုဟ်က (၉)တန့်အမြင်၊ စနေဂြိုဟ်က(၁၂၀)ဒီဂရီအမြင်ဖြင့် မြင်ထားသည်။ ထိုစနေဂြိုဟ်ကို ကြာသပတေးဂြိုဟ်က (၁၂၀) ဒီဂရီအမြင်၊ တနင်္လာဂြိုဟ်က (၄၅)ဒီဂရီအမြင်တို့ဖြင့် မြင်ထားသည်။ နောက်စိတ်ဝင်စားစရာတစ်ခုမှာ တနင်္ဂနွေဂြိုဟ်က ကြာသပတေးဂြိုဟ်ကို (၉၀) ဒီဂရီအမြင်၊ ကြာသပတေးဂြိုဟ်က ရာဟုဂြိုဟ်ကို (၉၀) ဒီဂရီအမြင်၊ ရာဟုဂြိုဟ်က သောကြာဂြိုဟ်ကို (၁၂၀) ဒီဂရီအမြင်၊ သောကြာဂြိုဟ်က တနင်္ဂနွေဂြိုဟ်ကို (၄၅) ဒီဂရီအမြင်ဖြင့် ဝိုင်းကြီးပတ်ပတ်ဒူဝေဝေမြင်နေကြသည်။

နောက်စိတ်ဝင်စားစရာတစ်ခုမှာ ၁၅-၄-၂၀၁၄ နေ့ နေ့လယ် (၁၂း၃၀) နာရီတွင် လကြတ်လျက် ၂၉-၄-၂၀၁၄ နေ့ ညနေ (၃း၃၃)·နာရီတွင် နေကြတ်သည် ဖြစ်၏။ ထိုနေကြတ်ခြင်း၊ လကြတ်ခြင်းကို မြန်မာပြည်က မတွေ့မြင်နိုင်သော်လည်း လကြတ်ခြင်းသည် မြန်မာပြည်ဒိတ်စွဲတူရာသီတွင် ကြတ်ခြင်းဖြစ်သဖြင့် တစ်စုံတစ်ရာအတိုင်းအတာထိတော့ အကျိုးသက်ရောက်မှုရှိနိုင်မည်ထင်သည်။ တစ်ခါထိုလကြတ်ခြင်းသည် သင်္ကြန်အကြတ်နေ့တွင် ကြတ်သည်ဖြစ်




သဖြင့် လောကီအစီရင်ပြုလုပ်လိုသူများအတွက်၊ အမိဋ္ဌာန်ပြုလုပ်သူများအတွက် လက်မလွှတ်သင့်သော အချိန်ကောင်းအခါကောင်းပင် ဖြစ်သည်။

အားလုံးကိုခြုံ၍ ကောက်ချက်ငင်ရသော် ဤအချိန်ဤကာလ၌ ပြည်မြန်မာတစ်ခွင်တစ်ပြင်တွင် နိုင်ငံတကာဆက်ဆံရေးအရ အောင်မြင်မှုရမည်ဖြစ်သော်လည်း နယ်စပ်ရေးရာ၌ ဖြေရှင်းရမလွယ်သော အကြောင်းခြင်းရာများဖြစ်ပေါ်တတ်သလို ပြည်ပအဖွဲ့အစည်းတချို့၏ ဖိအားပေး ထိုးနှက်မှုများကိုလည်း ကြုံနိုင်ဖွယ်ရှိသည်။ ဘဏ္ဍာရေးဆိုင်ရာ၊ အခွန်အကောက်ဆိုင်ရာ၊ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာတို့တွင် တရားမဝင်လုပ်ရပ်များကြောင့် အကျယ်အကျယ်မငြိမ်းဖွယ်များ ဖြစ်ပေါ်တတ်မည်။ အထူးသဖြင့် နိုင်ငံတကာအထောက်အပံ့ ငွေရေးကြေးရေးနှင့် ပို၍နီးနွယ်တတ်မည်။ လယ်ယာမြေ၊ အိမ်ရာမြေ၊ သစ်တောမြေ၊ သတ္တုတွင်းမြေ စသောမြေယာနှင့် စပ်လျဉ်း၍ အငြေးဆိုမှုများ၊ ထိပ်တိုက်တွေ့ဆုံမှုများ ပိုမိုပြင်းထန်လာသလို ဖြေရှင်းရလည်း လွယ်မယောင်နှင့်ခတ်နေမည်။ အလုပ်သမား၊ လယ်သမားတို့၏ ဆန္ဒထုတ်ဖော်မှုတို့ကလည်း ပိုမိုများပြားလာသလို ပိုမိုတင်းမာလာမည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အခွင့်အရေး၊ တိုင်းရင်းသားအခွင့်အရေး၊ ဥပဒေရေးရာအခွင့်အရေး၊ ဘာသာရေးဆိုင်ရာအခွင့်အရေး၊ တရားစီရင်ရေးဆိုင်ရာအခွင့်အရေး၊ ပဋိပက္ခဖြေရှင်းရေး၊ ငြိမ်းချမ်းရေးတည်ဆောက်ရေး စသောအရေးကိစ္စများ ပြုပြင်အကောင်အထည်ဖော်ဆောင်ရေးများတွင် အားမလိုအားမရများကိုသာတွေ့နေရလိမ့်မည်။ အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်တို့ အပေါ် စည်း၌

ဝေဖန်ပြစ်တင်ခံရမှု၊ တိုင်ကြားခံရမှု၊ သိက္ခာထိပါးခံရမှု၊ နုတ်ထွက်လွှာ
သွင်းမှု၊ အငြင်းအခုံဖြစ်မှု၊ ပြင်းထန်
စိန်ခေါ်ခံရမှု၊ အတိုက်အခံပြုခံရမှု
ဖြစ်ပေါ်နိုင်သည်။ ၎င်းလောကမှ အ
သမီးလူကြီးတစ်ယောက်အတွက် စိတ်
ကောင်းစရာဖြစ်ရတတ်မည်။ အ
တက်ကြွလှုပ်ရှားသူများ၏ ဆန္ဒထု
ဖော်မှုများက ပိုမိုခေါင်းမာပြင်းထန်
မည်။

အမျိုးသမီး၊ ကလေးသူငယ်
ဆက်နွယ်နေသော ရာဇဝတ်ပြစ်မှု
မူးယစ်ဆေးဝါး၊ အပျော်အပါးနှင့်
နေသော ရာဇဝတ်ပြစ်မှုများကလည်း
ဟိုကဖိဒီကပေါ်ဖြစ်နေလိမ့်မည်။
ပညာလောကတွင် မကောင်းသ
တစ်ခုဖြစ်ပေါ်လိမ့်မည်။ ထိုလော
ထင်ရှားသူတစ်ဦးအတွက် ဝမ်းန
လိမ့်မည်။ စီးပွားရေးလောကမှ ထိ
ပုဂ္ဂိုလ်ကြီးတစ်ဦးအတွက် စိတ်မကော
ဖြစ်ရလိမ့်မည်။

ဆောက်လုပ်ရေးလုပ်ငန်းဆိုင်
များ၌ ထိခိုက်မှုရှိတတ်မည်။ သတ္တု
လုပ်ငန်း၊ ရေကြောင်းသွားလာရေး
ငန်းတို့၌ မတော်တဆမှုဖြစ်တတ်
လူသူစုဝေးမှုများသောအဆောက်အ
၌လည်း မတော်တဆမှုဖြစ်တတ်
လေပြင်းမုန်တိုင်းတို့၏ ခြိမ်းခြောက်
ခံရမည်။ ရာသီဥတုဖောက်ပြန်
သဖြင့် စိုက်ပျိုးရေးသမားတို့အ
စိုးရိမ်ကြောင့်ကြစရာများဖြစ်မည်။
ကြောင့် ဒုက္ခဖြစ်မှုများလည်း ရှိ
မည်။ ပေါက်ကွဲမှုများလည်း ဖြစ်
မည်။

မင်းငြိမ်း



www.burmeseclassic.com

www.burmeseclassic.com



# ရှိပ်ခင်မောင်လေး

## မုတ္တမပြည့်ရှင် ဝါရီရူ ၂

မြန်မာနှစ် ၁၁၄၆ ခုနှစ်တွင် ကောက်ယူခဲ့သော မုတ္တမစစ်တမ်း၌ ခြင်းနှင့်ပတ်သက်၍ -

"ဒုံဝန်းမြို့နယ်ပယ်အပိုင်းအခြား အား အရှေ့အလား (၄) တိုင်ကွာ ဘင် တိုင်မြို့မြေအစပ်၊ အရှေ့တောင်အလား (၆)တိုင်ကွာ ကော့မြို့မြေအစပ်၊ တောင် အလား (၄) တိုင်ကွာ ကော့မြို့မြေအ စပ်၊ အနောက်တောင်အလား (၆)တိုင် ကွာ ပင်လယ်အထိ၊ အနောက်အလား (၆) တိုင်ကွာ တိုက်ကုလားမြို့မြေအစပ်၊ အနောက်မြောက်အလား (၄) တိုင်ကွာ ဆင်းအုံမြို့မြေအစပ်၊ အရှေ့မြောက်အ လား (၆) တိုင်ကွာ ဒုံသမိမြို့မြေအစပ်၊ ထင်းမြေတွင် ရွာဟောင်း (၁၀) ရွာ ရှိ ၏။ ကျိုက္ကော်ဘုရားဝတ်မြေကား အရှေ့ ကို (၁)တိုင်ကွာ သနပ်တောင်ကြီးအထိ၊ တောင်ကို (၁) တိုင်ကွာ ကျိုက်ဗိုလ်ခိုင် ဘုရားအထိ၊ အနောက်ကို (၁) တိုင်ကွာ သတ်တမောဘုရားအထိ၊ မြောက်သို့ ကျိုက္ကမော့ရဲ ရေကန်အထိ ရှိ၏။

ကုသိနာရုံဘုရားဝတ်မြေကား အရှေ့ကို (၂) တိုင်ကွာ သီဝန်မြစ်အထိ၊ တောင်ကို (၃) တိုင်ကွာ တမော့လွတ် သက်ကျောက်ဖျာအထိ၊ အနောက်ကို (၁) တိုင်ကွာ. . . အထိ ဘုရားဝတ်မြေ အတွင်း လုပ်ကိုင်စားသောက်သူတို့သည် အခြားဝတ်မြေနည်းတူ တန်ဖိုးငွေကြေး အခွန်အခ မပေးဆောင်ရပါ။ ဘုရားပွဲ တော်အခါ သဒ္ဒါသမျှ ဆွမ်းသင်ပုတ်တင် ရ၏၊ မင်းမှုထမ်းတို့မှာ အခြားမြို့တွင် နေထိုင်သူများကဲ့သို့ အိမ်ခြေ ရွှေပန်း ခွန်များ ပေးဆောင်ရ၏"

စသည်ဖြင့် ဖော်ပြထား၏။

ထိုစဉ်က မြန်မာနိုင်ငံအခြေအနေ ကိုကြည့်လျှင် မြန်မာနှစ် ၆၁၇ တွင် နရသီဟပတေ့မင်း ပုဂံထီးနန်းကို ဆက်ခံ ၏။ နရသီဟပတေ့မင်းသည် အမတ်ကြီး ရာဇသင်္ကြန်ကြောင့် ထီးနန်းရရှိခဲ့၏။ မင်းအဖြစ်ကို ရတော်မူလျှင် မေ့လျော့ တော်မူ၍ အမတ်ကြီးအား မပြုမစုနေ ဘိ၏။ ရာဇသင်္ကြန်လည်း နှလုံးနာကြည်း သဖြင့် ပန်းကပ်ပဲ့ကိုဆောင်၍ နန်းတော် သို့တက်၏။

မင်းကြီးလည်း -

"အဘိုးရာဇသင်္ကြန်၊ အဘယ် ကြောင့် ပန်းကပ်ပုံ့ကို ဆောင်သနည်း"

ဟု မေးတော်မူ၏။

ရာဇသင်္ကြန်လည်း-

"အရှင့်သား၊ ပန်းပွတ်သည်သား မြေးတို့ သူကောင်းဖြစ်၍ ပွတ်မည့်သူ မရှိသောကြောင့် ပန်းကပ်ပုံ့နှင့် စားရ သည်"

ဟု လျှောက်၏။

နရသီဟပတေ့၏မိခင်ကား ပန်း ပွတ်သည်၏သမီး ဖြစ်၏။ သည့်ကြောင့် အမတ်ကြီး ရာဇသင်္ကြန် လျှောက်ထား သည်ကို ကြားရသောအခါ နှလုံးဆွေ့ ဆွေ့ခုန်မျှ နာကြည်းတော်မူ၏။

"အဘိုးရာဇသင်္ကြန်၊ ဂူထွတ်ကို တင်သောအခါ ဘယ်အရာဖြင့် တင် သနည်း"

ဟု မေးတော်မူ၏။

"အရှင့်သား၊ ဂူထွတ်ကို ငြမ်းဆင် ၍တင်သည်"

ဟု လျှောက်၏။

"ဂူထွတ်အထက်သို့ရောက်သော် ငြမ်းကို ပသို့ပြုသနည်း"

ဟု မေးတော်မူပြန်၏။

"ဂူထွတ်အထက်သို့ရောက်သော် ငြမ်းကိုဖျက်မှ ဂူထွတ်တင့်တယ်မည်"

ဟု လျှောက်၏။

ထိုအခါ မင်းကြီးက-

"ဂူထွတ်အထက်သို့ရောက်သကဲ့ သို့ ငါမင်းအဖြစ်သို့ရောက်ပြီ။ ငြမ်းနှင့် တူသော ရာဇသင်္ကြန်ကိုဖျက်မှ ဂူထွတ် တင့်တယ်မည်။ စည်းစိမ်၊ ဆင်၊ မြင်း၊ သင်းပင်းအခြံအရံတို့ကိုသိမ်း၍ ဒလသို့ ပို့လေ"

ဟု မိန့်တော်မူ၏။

မှူးမတ်တို့လည်း အမိန့်တော်အ တိုင်း ပို့လေ၏။

ဒလသို့ ရောက်သောအခါ လေ ပြင်းလာ၍ သစ်ပင်ကြီးများမှုကား ကျိုး ပဲ့၏။ ပန်းပြားပင်မှာ မကျိုးမပဲ့ ယိမ်းနွဲ့ ၍သာရှိ၏။

ဤသည်ကိုရာဇသင်္ကြန်မြင်သော်



www.burmeseclassic.com

www.burmeseclassic.com

"ငါသည် ပန်းပြားပင်ခန့် မလိမ္မာချေ။ သစ်ပင်ကြီးကဲ့သို့ကျင့်၍ ဤသို့ဖြစ်ချေသည်"

ဟု သံဝေဂရ၏။

ရာဇသင်္ကြန်အား ဒလသို့ ပို့ကြောင်းကြားသည်နှင့် မစ္ဆာဂီရိစားထောင်ထားခြားနား၏။ မုတ္တမစားငနွယ်၏မြေးငရွေလည်း စော်ကားရိုင်းပျလေ၏။ ထိုအကြောင်းကို မှူးမတ်တို့က မင်းကြီးအား လျှောက်တင်၏။ သို့သော် တိုင်ပင်ရမည့် အမတ်ပညာရှိ မရှိသဖြင့် မင်းကြီးသည်အတိုင်းမှိုင်နေ၏။

ထိုအခါ မိဖုရားစောက -

"မင်းကြီး၊ အဘယ်ကြောင့်သို့ စဉ်းမှိုင်တော်မူသနည်း။ အမတ်စစ်သူကြီးများနှင့် တိုင်ပင်တော်မူရာသည်။ ဤသည်ကို မနှစ်ခြိုက်လျှင် မင်းကြီးမျက်တော်မူသော အမတ်ကြီး ရာဇသင်္ကြန်ကိုခေါ်တော်မူ၍ တိုင်ပင်တော်မူလော့။ နေ့ရက်ကြာလျှင် သူပုန်တို့ စည်ပင်ပွားများမည်။ သူပုန်တို့အားမရှိမီ အမတ်ကြီး ရာဇသင်္ကြန်ကို ခေါ်တော်မူလော့"

ဟု နားတော်လျှောက်၏။

မင်းကြီးလည်း ရာဇသင်္ကြန်ကို ခေါ်ချေဆို၍ အမတ်တစ်ယောက်ကို အမတ်တစ်ယောက်ကို လှေလျှင်နှင့်စေတော်မူ၏။

ဒလသို့ရောက်သော် 'မြေးတော်ဘဝရှင်က ခေါ်တော်မူသည်။ အမြန်ကြွတော်မူရမည်' ဟု လျှောက်၏။ သည့်နောက် အမတ်ကြီးရာဇသင်္ကြန်ကို လှေလျှင်နှင့်တင်၍ အလျင်အမြန်ဆန်ခဲ့၏။

အမတ်ကြီး ရာဇသင်္ကြန် ပုဂံသို့ရောက်သော် မင်းကြီးက ဆင်နှင့်တင်လာ၏။

"အဘိုးကို ငါမျက်တော်မူဘိ၏။ နှလုံးမသာမရှိနှင့်"

ဟု မင်းကြီး မိန့်တော်မူ၏။ သိမ်းယူတော်မူခဲ့သည့် ရာဇသင်္ကြန်၏ ဥစ္စာ၊ ဆင်၊ မြင်း၊ သင်းပင်းကျေးကျွန်တို့ကို ပြန်ပေး၏။ အဆောင်အယောင်အသစ်စား ကျေးမြို့ရွာအသစ်လည်း ပေးသနားတော်မူ၏။

သည့်နောက် မစ္ဆာဂီရိစားနှင့်မုတ္တမစားတို့ ထောင်ထားခြားနားသည်ကို နှိမ်နင်းရန် စစ်သူကြီးနှစ်ဦးအား အကြီးအမှူးခန့်၍ စေလွှတ်၏။ တွင်းသင်းမှူးသရေပစ္စတေ့ကို အညာတစ်လျှောက်တောင်ဘက်၊ မြောက်ဘက်ခရိုင် မြို့ပြကျေးရွာများတွင်ရှိသော တိုက်ဆင် (၂၀၀)၊ မြင်း(၂၀၀၀)၊ စစ်သူရဲ(၂၀၀၀၀) နှင့် မစ္ဆာဂီရိသို့ ချီစေ၏။ ထိုနေ့မှာပင် အမတ်ကြီး ရာဇသင်္ကြန်အား အောက်အကြေတစ်လျှောက် အရှေ့ဘက်၊ အနောက်ဘက်ခရိုင်မြို့ပြ ကျေးရွာများတွင် ရှိသော တိုက်ဆင် (၂၀၀)၊ မြင်း(၂၀၀၀)၊ စစ်သည် (၂၀၀၀) နှင့် ရေကြောင်းကြည်းကြောင်း မုတ္တမသို့ ချီစေ၏။

ဒဂုန်သို့ရောက်သောအခါ ရာဇသင်္ကြန်သည် ပါသမျှလှေကိုထားခဲ့၏။ ဆင်မြင်းဗိုလ်ပါ အလုံးအရင်းဖြင့်သာ မုတ္တမသို့ချီ၏။ အမတ်ကြီးချီလာသည်ကို ကြားသော် မုတ္တမစား ငရွေလည်း ကျေးစွန်ရွာဖျားများတွင်နေသူများကို တောင်ထိပ်မြို့သို့ ချည်းသွင်း၍ ခံလေ၏။ ရာဇသင်္ကြန်ကိုလည်း တပ်ကို အခိုင်အလုံတည်၍ နွားအား ခြံလှောင်သကဲ့သို့ မုတ္တမကို ပတ်ပတ်ဝန်းရံထား၏။ သည့်နောက် နေ့ ညမပြတ် လုပ်ကြ၏။ ဗိုလ်ပါထုထပ်များပြားလှသဖြင့် မြို့တွင်းသားတို့အချင်းချင်း ထိပါးရနကြ၏။ တောင်ကထွက်သောရေလည်း မသောက်လောက်။ မြို့ပြင်ထွက်၍လည်း မယူရ၊ သည့်ကြောင့် မြို့တွင်းသားတို့ အစာရေစာနှင့် သောက်သုံးရေအတွက် အလွန်အခက်အခဲနှင့်ရင်ဆိုင်နေရ၏။ (၇)ရက်၊ (၈) ရက်ခန့် ဝန်းရံပြီးသောအခါ မြို့တွင်းသားတို့ ငတ်မွတ်ခေါင်းပါးလာ၏။ သည့်အခါ မြို့အပြင်တပ်သို့ ခိုဝင်လာကြသဖြင့် မုတ္တမတစ်မြို့လုံး အမတ်ကြီး ရာဇသင်္ကြန် သိမ်းပိုက်နိုင်ခဲ့၏။

အမတ်ကြီး ရာဇသင်္ကြန်သည် မုတ္တမကိုရပြီးနောက် နေသားကျအောင်စီစဉ်၏။ သည့်နောက် အလိမ္မာအမတ်ကို မြို့စားအရာထား၏။ မုတ္တမစားငရွေကိုမူ သားမယားကျေးကျွန်၊ ဆင်၊ မြင်း တကွ ဆောင်ယူ၍ ပုဂံသို့ ပြန်လာ၏။

မြန်မာနှစ် ၄၅၃ ခုနှစ်တွင် ပုဂံပြည်၌ အလောင်းစည်သူမင်း (စည်သူ-၁) နန်းတက်၏။

အခါတစ်ပါး အလောင်းစည်သူမင်းသည် တနင်္သာရီ စသည့်ဒေသကို လှည့်လည်ရင်း သုဝဏ္ဏဘူမိတိုင်း ပအာဝနမြို့ ဇွဲကပင်တောင်အနီး ကော့ထမရိန်းမည်သောအရပ်သို့ ရောက်ရှိလာ၏။ ထိုမှအပြန် ယခင် ဥဿဝတီမြို့ဟောင်းနေရာအနီး ပွန်စလိုင်မြစ်ဝသို့ ရောက်ရှိလာ၏။ ပွန်စလိုင်မြစ်ဝသည် ဇင်းကျိုက် အယုဒ္ဓယ ယွန်းပြည်တို့နှင့် နီးစပ်၏။ လယ်ယာကိုင်းကျွန်းတောင်ယာပဲခင်းလုပ်ကိုင်ရန် မြေနေရာကျယ်ကျယ်ဝန်းဝန်းရှိ၏။ သည့်ကြောင့် ထိုနေရာတွင် မြို့သစ်တည်ပြီး အလိမ္မာအမတ်ကို ခန့်ထားခဲ့၏။ မြို့ကိုလည်း မွန်ဘာသာဖြင့် 'ချင်မုဟ်တုံ'(ဒိုမုတမော့) ဟုပင် ခေါ်ခဲ့၏။ စည်သူ-၁ ၏ မုတ္တမမြို့နေရာကား ဘီလူးတစ်ရာဘုရား၏ အရှေ့မြောက်ဘက် ယခု မီးရထား ဘူတာရုံသစ်၏အနောက်မြောက်ဘက်တွင် ရှိ၏။ အလောင်းစည်သူ မြို့တည် သက္ကရာဇ်ကိုကား ဖော်ပြထားခြင်း မရှိ… အလောင်းစည်သူ၏နန်းတက်သက္ကရာ… ၄၅၄ ခု၊ စည်းစိမ် (၇၅) နှစ်၊ မြန်မာနှ… ၅၂၉ တွင် နတ်ရွာစံ၏။ သည့်ကြော… ထို (၇၅) နှစ်ကာလအတွင်း မုတ္တမ… တည်သည်ဟု ယူဆရ၏။

ဒုဝန်းတွင် မဂဒူးမင်းအဖြစ် ခံ… ၍ စံစားနေစဉ် အမတ်ကြီး ရာဇသ… ခန့်ထားခဲ့သော အလိမ္မာသည် မုတ္တ… မြို့စား ဖြစ်နေ၏။ ယင်းအလိမ္မာသ… အထက်ဖော်ပြပါ စည်သူ-၁ မုတ္တမ… စားအဖြစ် ခန့်ထားခဲ့သည့် အလိမ္မာ… ၏မြေး ဖြစ်၏။ အလောင်းစည်သူမ… မှစ၍ နရသီဟပတေ့အထိ မင်း (၅) ဆက် နှစ်ပေါင်းတစ်ရာကျော်အတွ… မုတ္တမကို မြန်မာတို့ခန့်ထားသည့်မြို့… များ အုပ်စိုးခဲ့၏။

ယင်းမြို့စားများမှာ-

(၁) အလိမ္မာကြီး
(၂) ငနွယ်
(၃) ဖြတ္တ
(၄) ငရွေ
(၅) အလိမ္မာငယ်တို့ ဖြစ်ကြ…

မုတ္တမကို အလိမ္မာငယ် အုပ်… နေစဉ် မဂဒူးလည်း ဒုဝန်းတွင် အ… ခိုင်ပြီး ဖြစ်၏။ သို့သော် မဂဒူး သ… ထက် ဘုန်းတေဇာကြီးမားလို၏။ န… ပယ်ချဲ့ထွင်လို၏။ ဘုန်းလက်ရုံး… ကြီးမားသော အလိမ္မာမင်းနှင့် ပရိယာ… ဖြင့် မိတ်ဖွဲ့ပြီး မုတ္တမ သိမ်းယူ၏။

သည့်နောက် ရွှေဖလားနှင့် … ကောင်းများကို လက်ဆောင်ပဏ္ဏာ… အဖြစ် အလိမ္မာမင်းအား ဆက်သ… ၏။ နှမတော် နှင်းဥရိုင် (ဇာင်ဥ…) ကိုလည်း မကြာခင် ဆက်သပါမည်… မှာလိုက်၏။ သည်စကားကို အလိ… မင်း ကြားရသောအခါ ဝမ်းသာ၍ … လက်ဆောင်ပဏ္ဏာများ ပြန်ပို့… ထိုအခါမှစ၍ တစ်ဦးနှင့်တစ်ဦး ကြ… စွာ ဆက်ဆံကြ၏။ တမန်အဆ… သွယ်လည်း မပြတ်မလပ်ရှိလာ၏။ … နှစ်မြို့မှာ တစ်မြို့တည်းကဲ့သို့ဖြစ်၍ … ထဲ ရေးသာယာ၏။ တစ်ပြည်နှ… ပြည် ရွှေလမ်းငွေလမ်းပေါက်၍ … ချမ်း၏။

မဂဒူး နှမတော်ကို ဆ…



www.burmeseclassic.com

www.burmeseclassic.com

...ပြီး ယခုထိ ဆက်မလာသေး။ မဂဒူး ...နှမ နှင်းဥရိုင်ကို အလိမ္မာမင်း မြင်ချင်...၏။ နှင်းဥရိုင်ကို မမြင်မတွေ့ရသဖြင့် ...လိမ္မာမင်းမှာ နေမထိထိုင်မသာဖြစ်...၏။ မြင်ချင်သည့်စိတ်ကို ချိုးနှိမ်ထား...မရ။ သည့်ကြောင့် မိကျောင်းလေ...(၂၀) စီရင်စေပြီး ကွန်ပစ်မင်္ဂလာထွက်...၏။ ထိုသို့ထွက်ရာတွင် တကော့ဝန်း...မ်းခြေအရောက် ဆန်တက်လာ၏။ ...သတင်း မဂဒူးနားထဲရောက်လာ၏။ ...သည် နှမတော် နှင်းဥရိုင်ကို အထိန်း... အခြွေအရံမိန်းမပျိုအများအပြား ...သောင်ပြင်သို့လွှတ်၍ ရေကစားစေ... အလိမ္မာမင်းလည်း နှင်းဥရိုင်ကိုမြင်...သောအခါ လွန်စွာ တပ်မက်မိ၏။

မုတ္တမသို့ ပြန်ရောက်သောအခါ ...ဥရိုင်အား စွဲလမ်းသောစိတ်ကို ...လိမ္မာမင်း ချိုးနှိမ်ထား၍မရ။ သည့်...ကြောင့် မဂဒူးထံ လက်ဆောင်ပဏ္ဏာပို့...၏။

"အဆွေတော်၏နှမ နှင်းဥရိုင်ကို ...နှံပ်အား ဆက်သမည် ဆိုသည်မှာ ...သည့်နေ့ရက်တွင် ဆက်သပါမည် ...နည်း"

ဟုလည်း မေးစေ၏။

မဂဒူးလည်း မိမိ၏အကြံအစည် ...အောင်နိုင်ရေးအတွက် အမိနှင့်နှမတော် ...ဥရိုင်ကို အလိမ္မာမင်းထံပို့ခဲ့ရ၏။ ...သည့်နောက် တောင်လွှဲသဲသောင်ပြင် ...မင်္ဂလာပွဲကျင်းပ၍ အောင်သေ...အောင်သားစားကာ ပျော်ပျော်ပါးပါး ...ဆိုတီးမှုတ် ကခုန်ကြရန် ချိန်းဆိုကြ...၏။

ထိုအခါ အလိမ္မာမင်းသည် ကျွန်...များကိုခေါ်၍ -

"မဂဒူးသည် သစ္စာမဲ့သူ ဖြစ်၏။ ...ဏ္ဏတဲမင်းထံခစားစဉ်က သင်းကို ...မှူးအဖြစ် ခန့်ထားခဲ့၏။ မင်း၏ဂုဏ်...ကျေးဇူးတော်ကိုမထောက်ဘဲ ပစ္စည်း...ရွှေ ငွေများနှင့်တကွ သမီးတော်...နှင်းသွယ်တာကိုပါ ခိုးယူထွက်ပြေး...၏။ ယခုလည်း ငါ့အား နှမပေးသည် ...သဘောရိုးမဟုတ်။ နှောင်အခွင့်သာ...လျှင် ငါ့ကို မုချသင်းသတ်ဦးမည်။ သင်း...တို့လည်း ငါရစေ။ သင်းကိုလည်း ...စေရမည်။ အောင်သေအောင်သား ...သည့် မင်္ဂလာပွဲတွင် မှောင်လျှင် ဓား...ဝင်ကိုယ်စီ ဆောင်ထားကြ။ စား...သောက်မူးယစ်၍ ကခုန်ကြသောအခါ ...ဒူးကို မိအောင်ဖမ်းကြစေ"

ဟု မိန့်ဆိုပြီး တောင်တွဲသဲပြင်၌ ...ကျာပ်ကနားကြီးတစ်ဆောင်ဆောက်

လုပ်စေ၏။ မဏ္ဍာပ်တွင် မျက်နှာကြက် အမိုးနှင့်တကွ ကန့်လန့်ကာများဖြင့် မိုးကာထားစေ၏။ ခေါင်းအုံး၊ မွေ့ရာ၊ မှိအုံး စုံစုံလင်လင် ခင်းကျင်းထားစေ၏။ အမွှေးနံ့သာမီးတိုင်များကိုလည်း မဏ္ဍာပ်အသီးသီးတွင် ထွန်းညှိထား၏။ တံခွန်၊ ကုက္ကား၊ ကြံပင်၊ ငှက်ပျောပင်များကိုလည်း လှပတင့်တယ်စွာစိုက်ပြီး မဏ္ဍာပ်ကို တခမ်းတနား ပြင်ဆင်ထား၏။

အလိမ္မာမင်း မင်္ဂလာပွဲညတွင် မဂဒူးအား သတ်ရန် လျှို့ဝှက်ကြံစည်ထားသည့်ကိစ္စ မဂဒူးအမေနှင့် နှမ နှင်းဥရိုင်တို့ ကြားသိရ၏။ သိရသည်နှင့် မဂဒူးထံချက်ချင်းအသိပေးအကြောင်းကြား၏။ ထိုသို့ ကြားရသောအခါ မဂဒူး ကျွန်များကိုခေါ်၍ သစ္စာပြုစေ၏။သည့်နောက် ညွှန်ကြားစရာများကို ညွှန်ကြား၏။

"ငါနှင့် အလိမ္မာမင်းတို့ ချိန်းဆိုထားသည့်မင်္ဂလာပွဲတွင် မင်းတို့သောက်ယောင်ဆောင်သာပြုကြ။ အရက်ကိုငုံ၍ သူတို့မသိအောင်ထွေးပစ်ကြ။ မင်းတို့ မူးဟန်ပြုကြ။ သူ့ကျွန်တွေ မူးလာလျှင် 'မဇံ'ဟု ငါဆိုမည်။ ထိုအခါ မင်းတို့အားလုံး သောက်စားသည်ကို ရပ်လိုက်ကြ။ 'မုန်ဇုန်' ဟု ငါဆိုလျှင် ထမင်းစားကြ။ 'မပ်ဇပ်' ဟု ငါဆိုလျှင် ချက်ချင်းထခုတ်ကြ"

ဟု အချက်ပေးစကားသုံးခွန်းကို ဆို၏။

မင်္ဂလာပွဲနေ့တွင် အရက်အိုးများကို ညီညာစွာ စီထားကြ၏။ မဂဒူး မင်းဖြစ်ချိန်တန်သည် ထင်၏။ သခင်နှင့်ကျွန် သဘောကြိုက်ညီ၍ တစ်စိတ်တစ်ဝမ်းတည်းရှိ၏။ မကြာခင် မဂဒူးနှင့်ကျွန်များ မဏ္ဍာပ်အနားသို့ ရောက်လာကြ၏။ အလိမ္မာမင်း မဂဒူးအား လုပ်ကြံရန် စီစဉ်ထားသည့်အချိန်မှာ ညမှောင်သည့်အခါ ဖြစ်၏။ အလိမ္မာမင်းအား မဂဒူးလုပ်ကြံသည့်အချိန်မှာ နေဝင်ရီတရောဒီရေတက်၍ ကမ်းတစ်ဝက်ရောက်ချိန်ဖြစ်၏။

အချိန်တန်လျှင် အလိမ္မာမင်းသည် ဘုရင့်အဝတ်အစားအဆင်တန်ဆာတို့ကို ဝတ်ဆင်၏။ သည့်နောက် သူရဲသူခက်များနှင့်တကွဆင်စီး၍ မုတ္တမမှထွက်လာ၏။ တောင်လွှဲသဲသောင်ပြင်သို့ရောက်သော် ဆင်ထက်မှ သက်ခဲ့ပြီး မဂဒူးရှိရာ မဏ္ဍာပ်ကနားအတွင်းသို့ဝင်၍ အတူထိုင်ကြ၏။

ထို့နောက် မင်းနှစ်ပါး စားရင်းသောက်ရင်း ချစ်ကြည်ရင်းနှီးစွာ စကားစမြည် ပြောဆိုကြ၏။ တစ်ဦးနှင့်တစ်ဦး အောင်မြင်စေကြောင်း ဆုတောင်း၍ သစ္စာအဓိဋ္ဌာန်ပြု၏။ ပန်းနှင့်အမွှေးအကြိုင်များ အပြန်အလှန်ပေးလိုက်ကြ၏။ ဤအောင်သေအောင်သားစားသောက်ပွဲတွင် သခင်နှင့် ကျွန်များသည် အတူရောနှော၍ ပျော်ရွှင်စွာ စားသောက်ကြ၏။ သီဆိုတီးမှုတ်ကခုန်ကြ၏။ မဂဒူး၏ကျွန်များသည် သခင်မှာကြားထားသည့်အတိုင်း အရက်ကိုသောက်ယောင်ပြုပြီး ငုံထားကြ၏။ သည့်နောက် လူမမြင်အောင် ထွေးပစ်လိုက်ကြ၏။ နည်းနည်းသောက်၍ များများမူးဟန်ပြုကြ၏။ အလိမ္မာမင်း၏ ကျေးကျွန်သူရဲသူခက်များအား အရက်ခပ်ပေးကြ၏။ အချင်းချင်း လက်တွဲ၍ သီဆိုကခုန်ကြ၏။ သို့နှင့် အချိန်ကုန်မှန်းမသိ ကုန်သွား၏။

ညနေစောင်း ဒီရေတက်လာ၍ ကမ်းတစ်ဝက်မျှရှိသောအခါ အလိမ္မာမင်း၏ ကျေးကျွန်များ အလွန်အကျွံ မူးယစ်နေပေပြီ။ မဏ္ဍာပ်ကနားရှိရာ သဲသောင်ပြင်ကြီးနှင့် ကမ်းခြေအကြားတွင် ဒီရေရောက်၍ ချောင်းအမောက်ပမာ ရေလျှံလာ၏။ ရေအနက်မှာလည်း ဆင်တစ်ရပ်သာသာရှိလာ၏။ နေလည်းဝင်လုပေပြီ။ အချိန်တန်သော် 'မဇံ' ဟု မဂဒူး အမှတ်မထင် ဆိုလိုက်၏။ ကျွန်များ သောက်စားသည်ကို ရပ်လိုက်၏။ 'မုန်ဇုန်' ဟု မဂဒူးဆိုလျှင် ထမင်းစားကြ၏။ 'မပ်ဇပ်' ဟု ဆိုသောအခါ ဓားဆွဲ၍ ထခုတ်ကြ၏။ မဂဒူးသူရဲ (၇၀)တို့၏ လက်ချက်ဖြင့် မူးယစ်နေသော အလိမ္မာမင်း၏ ကျွန်သူရဲသူခက်များ သေကျေပျက်စီးကုန်၏။

အလိမ္မာမင်းမှာမူ ဆင်မတစ်စီးထက် ခုန်တက်၍ ကိုယ်လွတ်ပြေးလေ၏။ သောင်ပြင်အမောက် (မို့မောက်သောသောင်ပြင်) ပေါ် ဆင်ပြေး၍ ချောင်းအမောက်ကိုကူးသောအခါ ဆင်ဝမ်းမြုပ်နေသဖြင့် အလျင်အမြန်ပြေး၍မရ။ မဂဒူးကျွန်များကလည်း နောက်သို့ တရကြမ်း တစ်ဟုန်ထိုး ပြေးလိုက်လာကြ၏။ မီလာလျှင် အလိမ္မာမင်းကို ထိုနေရာတွင်ပင် ခုတ်သတ်လိုက်ကြ၏။ အလိမ္မာမင်း၏အလောင်းကို တောင်လွှဲသဲသောင်ပြင်တွင် မြှုပ်လိုက်ကြ၏။ သည့်ကြောင့် ယင်းသဲသောင်ပြင်ကို အလိမ္မာသဲသောင်ပြင်ဟုလည်း တွင်၏။

(ဆက်ရန်)

နိုင်ခင်မောင်သော



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ် (၆၆) ကြိမ်မြောက် လွတ်လပ်ရေးနေ့ နံနက်စောစောအချိန်တွင် ဘုရားရှိခိုးပြီး အိမ်ရှေ့မှာထိုင်လျက် မေတ္တာသုတ်ရွတ်ဆိုကာ သတ္တဝါများ မေတ္တာပို့သနေစဉ် အသံချဲ့စက်မှအသံထွက်လာသည်။ လွတ်လပ်ရေးအထိမ်းအမှတ်အဖြစ် ပျော်ပွဲရွှင်ပွဲကော်မတီမှ ကြီးမှူးကျင်းပသော မြို့ပတ်ပြေးပွဲ စတင်ထွက်လာပါပြီ ဟူသည့် အသံနှင့်အတူ ဂီတဖခင်ဦးပြုံးချိုလမ်းမကြီးတစ်လျှောက်တွင် ရှေ့ပြေးလမ်းပြကားများ၊ ဆိုင်ကယ်များ၏အသံများကို ကြားရပြီး ပြိုင်ပွဲဝင်ကစားသမားများ ရှေ့ဆင့်နောက်ဆင့် ပြေးလာကြသည်။

ကျွန်ုပ်သည် ပက်လက်ကုလားထိုင်မှာထိုင်ရင်း ဂျာနယ်တစ်စောင်ကို ဖတ်နေခိုက် အမျိုးသားတစ်ဦး ဝင်လာ၏။

ကျွန်ုပ်က -

"ဘာကိစ္စရှိပါသလဲ"

ဟု မေးရာ သူက -

"ဇာတာလေးစစ်ဆေးချင်လို့ပါ"


ဟု ဆိုပါသည်။

ကျွန်ုပ်လည်း စားပွဲခုံမှာထိုင်ရင်း သူလည်း ရှေ့မှာရှိသောထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။ သူ၏ မွေးသက္ကရာဇ်များကို မေးမြန်းစစ်ဆေးတွက်ချက်ပြီး သူ့ဇာတာအရ ကျန်းမာရေး၊ စီးပွားရေး၊ အလုပ်ကိုင်များ၊ ငွေကြေးများမှအစ ကောင်းမွန်တိုးတက်ကြောင်း သူ့ကိုပြောပြလိုက်သည်။

သူက ကျွန်ုပ်မျက်နှာကို သေချာစွာကြည့်ရင်း ပြောပြသည့်စကားများမှာ ကျွန်ုပ်ပြောပြသောအချက်အလက်များနှင့် ပြောင်းပြန်ဖြစ်နေပါသည်။ သူကျန်းမာရေးမကောင်း၍ ရန်ကုန်သွား ဆေးကုသခဲ့ရာ ဆေးခန်း (၃) ခန်းမှ ဆရာဝန်များနှင့် ကုသခဲ့သော်လည်း ငွေသာကုန်

နေပါက အကောင်းတွေအကုန်လုံး... ဟောမနေနဲ့။ နည်းနည်းလျှော့ဟော... ဘာပြုလို့လဲဆိုတော့ ခေတ်ကာလ က... ယုဂ်ဆုတ်ကပ်ဖြစ်သောကြောင့် လူ... သက်တမ်းတိုလာတယ်။ လောဘ၊ ဒေါ... မောဟထူပြောလာကြတယ်။ အကော... ထက်အဆိုးဖြစ်လာကြတယ်။ အညံ့... ချက်လောက်တွေ့ရင် အကုန်ဟော... ချက်လုံးမှန်မယ်။ အကောင်းတွေ... အညံ့နည်းနည်းပါလာပါက အညံ့... များများပြော။ အကောင်းကို နည်း... လျှော့ပြောပါ။ အကောင်းတွေ့လို့ ကို... က အကောင်းတွေ သူ့ကိုဟောလို့ သူ... မဟုတ်ဘူးဆရာ ကျွန်တော့်မှာ အ... အညံ့တွေနဲ့ ဆုံးရှုံးနေလို့ ကံဇာ... ကောင်း၊ မကောင်း လာတွက်တာပါ... ရင်တော့ ကိုယ်ဟောနေတာကို ခ... ပြီး -

ခင်ဗျားခင်ပွန်းကြီးဆယ်ပါးထဲ... တစ်ပါးပါးကိုပြစ်မှားစော်ကားဖူးသ...



(...) ဆရာဦးခင်နှင်းလှိုင်

ကံကောင်းလေသလဲလည်း ကံမကောင်းလေသူ

ရောဂါထူးခြားမှုမရှိ၊ လုပ်ငန်းစီးပွားရေး အဆင်မပြေ၊ ကျဆင်းဆုံးရှုံးနေရပုံများကို တညည်းညည်းတညူညူ ညည်းတွားပြောပြနေပါတော့သည်။ ကျွန်ုပ်တွက်ထားသည်မှာ မမှား။ ကျွန်ုပ်အဟောနှင့် သူ့အပြောမကိုက်ညီ။ ကျွန်ုပ်လည်း သူပြောသမျှ နားထောင်နေရင်းက ကျွန်ုပ်အားပညာသင်ကြားပေးခဲ့သော ကျေးဇူးရှင်ဆရာကြီးဦးမြတ်ထင်၏မှာစကားကို သတိရကြားယောင်မိတော့သည်။ ဆရာကြီး၏သတိပေးမှာ စကားမှာ -

'ကိုယ့်ထံကို ဗေဒင်လာမေးသူကို တွက်ကြည့်လို့ သူ့ဇာတာက အညံ့တွေ သိပ်မရှိဘဲ အကောင်းတွေများများတွေ့

လို့ မေးလိုက်ပါ။ သူ့ဇာတာမှာ ... တာတွေပါနေပါလျက် သူ့မှာအဆိုး... နဲ့ တွေ့ကြုံဆုံးရှုံးခံစားနေရပါတယ်... ဒီလူဟာ ဧကန်မုချကံသုံးပါးထဲက... ပါးပါးနဲ့ ခင်ပွန်းကြီးဆယ်ပါးထဲမှ တစ်... ပါးကို ပြစ်မှားစော်ကားခဲ့ဖူးသူ ဖြစ်... သေချာပါတယ်'

ဟု သွန်သင်မှာကြားခဲ့သော ... တန်စကားကို သတိရမိပါတော့သ...

ထိုသူကို ကျွန်ုပ်က မေး... သည်။

"ခင်ဗျား ခင်ပွန်းကြီးဆယ်... တာ ကြားဖူးသလား"

"ကြားတော့ကြားဖူးတယ်၊ ... သူတွေလဲတော့မသိဘူး"

"အင်း - ခင်ဗျားမသိဘူး... တော့ ဖြစ်နိုင်ပါတယ်။ များသော... ဖြင့် လူတစ်ရာမှာ ရာခိုင်နှုန်းတော်... များများမသိကြဘူး။ ဒီခေတ်...



www.burmeseclassic.com

www.burmeseclassic.com

ခတွေဆို ကြားဖူးသူတော်တော်ရှားပါ မယ်"

"အဲဒီခင်ပွန်းကြီးဆယ်ပါးဆိုတာ ကျွန်တော့်ကို ပြောပြစေချင်ပါတယ် ဆရာ"

"ခင်ပွန်းကြီးဆယ်ပါးဆိုတာ ကျေး ရှင်ဆယ်ပါးကို ပြောတာပါ။ မပြစ်မှား ကသော ကျေးဇူးရှင် ဆယ်ပါးကို ပွန်းကြီးဆယ်ပါးလို့ ခေါ်တယ်။ က် ခင်ဗျားကိုမေးရဦးမယ်။ ခင်ဗျား တွေရှိသေးသလား"

"အမေတော့မရှိဘူး။ အဖေကရှိ ယ်၊ တောမှာသူ့သမီးနဲ့အတူနေတယ်။ နိ်တော်ကတခြားနေပါတယ်။ ဆရာ ဘာပြုလို့ကျွန်တော့်မိဘတွေကိုမေး လဲ"

"ဩော် - သိချင်တာလေးရှိလို့ပါ"

"ဘာအတွက်ဆိုတာ သိပါရစေ ဆရာ"

"ခင်ဗျားအကျိုးအတွက် မေးတာ ။ အခု ခင်ဗျားက ခင်ဗျားရဲ့စီးပွားရေး၊ နမ်းမာရေးတွေကို သိချင်လို့ လာမေး ။ ခင်ဗျားကို ဟောရတာ အကောင်း ပဲ။ ဒါပေမယ့် အခုဖြစ်နေတာက ဗျားလက်ရှိအချိန်မှာ အဆိုးအညံ့ ပဲ။ မဖြစ်သင့်တာတွေဖြစ်နေတော့ ကို ပညာသင်ပေးခဲ့တဲ့ ဆရာကြီးရဲ့ ကြားချက်ကိုသတိရလာတာနဲ့ ခင်ဗျား မေးသင့်တာမေးပြီး ခင်ဗျား ညံ့နေ၊ နေတာတွေကို ကောင်းအောင်လုပ် ပါ။ ခင်ဗျားဇာတာမှာ အကောင်း ရရှိခံစားဖို့ပါနေပါလျက် အဆိုးအညံ့ နဲ့ တွေ့ကြုံဆုံးရှုံးနေရတယ်ဆိုတာ တသိလ်ကံက လာပြီးမွှေနေတာဖြစ် မယ်ထင်လို့။ ခင်ဗျားကိုမေးပါရစေ။ ဗျားဖခင်နဲ့အဆင်ပြေကြရဲ့လား"

"ဆရာမေးမှဖြေရတော့မှာပဲ။သမီး အတူနေတော့ သားနဲ့ကအလှမ်းဝေး၊ ဆက်အသွယ်ကသိပ်မရှိ၊ လွန်ခဲ့တဲ့ နှစ်ကျော်က ကျွန်တော့်မှာ ငွေကြေး ကုပ်အတည်းဖြစ်လို့ အဖေ့ထံမှာသွား တယ်။ သူတို့က ပြေလည်တာမို့ ကိုးတကြီးနဲ့သွားမိတာ။ နင်ပဲငဆ တယ်။ ဒီအချိန်က ကျွန်တော့်မှာ ကာအရှိန်ကလည်း ပါသွားတော့ များကြရင်း အဖေ့ကိုတုတ်နဲ့ရွယ် ယ်။ ကြမ်းကြမ်းတမ်းတမ်းစကား လည်း ပြောမိခဲ့တယ်။ ဘေးကလူ ဆွဲလို့ ကျွန်တော်လည်း ပြန်လာခဲ့ ယ်၊ ပြန်လာပြီးမှ ကျွန်တော်လွန် ကြောင်း၊ မှားကြောင်းသိလာခဲ့ပါတယ်"

"ကဲ - ဟုတ်ပြီ၊ ခင်ဗျားမှာကိုယ် လုပ်ခဲ့တဲ့ အကုသိုလ်အမှုတွေက အကျိုး ပေးလာပြီကိုး။ ရောဂါတစ်ခုစွဲကပ်လာ ပြီဆိုရင် ဒီရောဂါပျောက်ဖို့ကုသရမယ့် ဆေးနဲ့ ကုသရမှာပေါ့။ ရောဂါဖြစ်ရတဲ့ အကြောင်းရှာတော့ ဖခင်ကို ပြစ်မှား စော်ကားခဲ့တဲ့ ကာယကံမှု၊ ဝစီကံမှုနဲ့ ပင်မ မနောကံ အမှုသုံးပါးဖြစ်တယ်။ ခင်ဗျားမသိခဲ့တဲ့ ခင်ပွန်းကြီးဆယ်ပါး ဆိုတာ သေသေချာချာမှတ်ထားနော်"

**ကျေးဇူးရှင်ခင်ပွန်းကြီးဆယ်ပါး**

၁။ မြတ်စွာဘုရား၊
၂။ ပစ္စေကဗုဒ္ဓါ၊
၃။ ရဟန္တာပုဂ္ဂိုလ်၊
၄။ လက်ဝဲရံ၊ လက်ယာရံ (အဂ္ဂသာဝကနှစ်ပါး)
၅။ အမိ (မွေးမိခင်)
၆။ အဘ (မွေးဖခင်)
၇။ အလေးအမြတ်ပြုအပ်သူ၊ အသက်ကြီးခြင်း၊ အမျိုးမြတ်ခြင်း၊ ပညာကြီးခြင်း၊ သီလသမာဓိရှိခြင်း စသောဂုဏ်တို့ကြောင့် အလေးအမြတ်ပြုအပ်သူ။
၈။ ဆုံးမသွန်သင်သူ (အာစရိယ)
၉။ ပေးကမ်းချီးမြှင့်သူ၊
၁၀။ တရားဟောပြသောပုဂ္ဂိုလ်။

ဤသို့သော ပုဂ္ဂိုလ် (၁၀) ဦးကို ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ပြစ်မှားမိခဲ့သော် ဒဏ်ဆယ်ပါး တစ်ပါးပါးဖြင့် ခံရတတ်တယ်။ ဒဏ်ဆယ်ပါးဆိုတာ ပျက်စီးခြင်းပဲ။

**ဒဏ်ဆယ်ပါး**

၁။ ဥစ္စာပျက်စီးခြင်း၊
၂။ ဆွေမျိုးပျက်စီးခြင်း၊
၃။ ကိုယ်ခန္ဓာပျက်စီးခြင်း၊
၄။ ရူးခြင်း၊
၅။ နူခြင်း၊
၆။ အစွပ်အစွဲခံရခြင်း၊
၇။ မီးလောင်ခံရခြင်း၊
၈။ ဖျားနာခြင်း၊
၉။ တရားရှုံးခြင်း၊
၁၀။ ဒဏ်ထားခြင်း (ထောင်ဒဏ်၊ ကြိမ်ဒဏ်၊ သေဒဏ်)

"ကဲ - ခင်ဗျားအတွက် သိစရာ၊ မှတ်စရာတွေလည်း ပြည့်ပြည့်စုံစုံသိရှိသွားခဲ့ပြီမို့ အခု ခင်ဗျားကြုံတွေ့နေရတဲ့ ဒုက္ခဆင်းရဲဒဏ်တွေဟာ ဘယ်သူမပြုမိမိမှု ဆိုတာ သေချာနေတာပဲ။ ခင်ဗျား ဘဝကောင်းအောင် ကောင်းကျိုးချမ်းသာတွေရရှိနိုင်တဲ့ အခါသမယအချိန်မှာ ခင်ဗျားဘာဆက်လုပ်မလဲ။ ဒီလိုပဲ ခရေစ် မျောနေတော့မှာလား"

"ကျွန်တော် မွေးဖခင်ကို ပြစ်မှားစော်ကားမိခဲ့တဲ့ အကုသိုလ်ကံတွေ ပပျောက်အောင် ဘာတွေလုပ်ပေးရမလဲ ဆရာ"

"ရောဂါရှိမှတော့ ရောဂါတွေ ပျောက်တဲ့ဆေးလည်းရှိတာပေါ့။ ခင်ဗျား ရောဂါကနှစ်မျိုးဗျ။ ခင်ပွန်းကြီးဆယ်ပါး ထဲက တစ်ပါးဖြစ်သော မွေးဖခင်ကို ကံသုံးပါးနဲ့ ပြစ်မှားခဲ့တဲ့အပြစ်ကြီးက တစ်ခု၊ အသက်ကြီးတဲ့ပုဂ္ဂိုလ်၊ ဝယဝုဒ္ဓိဂုဏ်နဲ့ သီလ၊ သမာဓိ၊ ပညာ စသော ဂုဏဝုဒ္ဓိဂုဏ်တို့နဲ့ ပြည့်စုံသော အနန္တောအနန္တ ငါးပါးဂိုဏ်းဝင် ဖခင်အား ရိုင်းရိုင်းစိုင်းစိုင်း ပြောဆိုဆက်ဆံ မကြားဝံ့မနာသာ ပြစ်မှားကျူးလွန်မိခဲ့သော အဂါရဝအမှုကြောင့် မိဘစိန်ရေသင့်ခြင်းက တစ်ခု၊ ဒီအကုသိုလ်ကံတွေကို လျော့ပါးပျောက်ကင်းသွားအောင် ဖြေပျောက်နည်းက မိမိကပြစ်မှားစော်ကားကျူးလွန်မိခဲ့သော ပုဂ္ဂိုလ်တို့ သက်ရှိထင်ရှားရှိနေသေးရင် ထိုပုဂ္ဂိုလ်တို့ထံ သွားရောက်ပြီး ဝန်ချတောင်းပန် ရှိခိုးကန်တော့ရမယ်။ ကန်တော့ပစ္စည်းများ ပေးအပ်ပူဇော်ပြီး ကျွန်တော်/ကျွန်တော်မတို့ ပြစ်မှားစော်ကားကျူးလွန်မိခဲ့သော ကာယကံမှု၊ ဝစီကံမှုနဲ့ မနောကံ စသော ကံ (၃) ပါးတို့ရဲ့ အဂါရဝအကုသိုလ်အစုစုတို့ကိုခွင့်လွှတ်ပေးပါ။ သည်းခံကျေအေးပေးပါ။ ကျွန်တော်/ကျွန်တော်မတို့က လက်ဆယ်ဖြာ ဦးထိပ်မိုးလျက် ရှိခိုးဝန်ချ တောင်းပန်ကန်တော့ကြပါတယ်လို့ နှုတ်မှ ရွတ်ဆို ဦးသုံးကြိမ်ချကန်တော့ပါ"

"ဟုတ်ကဲ့၊ ဆရာဆိုဆုံးမတဲ့လမ်းညွှန်ချက်တွေအတိုင်း ကျွန်တော့်ဖခင်ထံ သွားရောက်ဝန်ချတောင်းပန်ကန်တော့ပါ့မယ်။ ဆရာ့ကျေးဇူးကြောင့် ကျွန်တော်ပြုလုပ်ခဲ့သော အကုသိုလ်များမှ ခင်ပွန်းကြီးဆယ်ပါးဒဏ်သင့်ခြင်း၊ မိဘစိန်ရေသင့်ခြင်းဘေးများမှ လွတ်ကင်းတော့မှာမို့ ရှေ့လျှောက်ပြီး ကံကောင်းသော်လည်း ကံမကောင်းသူအဖြစ်မှ ပြောင်းလဲပြီး ကံကောင်းပြီးရင်း ကံကောင်းရင်းဘဝကို ရရှိပါတော့မယ်" ဟု ဆိုရင်း. . .။

*(ခင်ပွန်းကြီးဆယ်ပါးအား မပြစ်မှားကြပါနှင့်၊ ကံကောင်းကြပါလိမ့်မည်)*

ဆရာဦးစိန်သိုင်း(ကျိုက်သဘော)



www.burmeseclassic.com

www.burmeseclassic.com

# မောင်မြင့်မား (ဘိုကလေး)

# ဧကန်မုချ

တစ်နေ့ ကျွန်တော် ရန်ကုန်မြို့ထဲရှိ မဂ္ဂဇင်းတိုက်များကို တစ်တိုက်ဝင်တစ်တိုက်ထွက်သွားလာနေရင်း စာပေဗိမာန်ရှေ့နားတွင် နှစ်အတော်ကြာကွဲကွာ၍ မတွေ့တာကြာပြီ ဖြစ်သော ကျော်စိုးနှင့် တွေ့သည်။ သူကတော့ မြင်ဟန်မတူ။ မိမိက လှမ်းခေါ်လိုက်သောကြောင့် နှစ်ဦးသား ဝမ်းသာအားရ နီးစပ်ရာ လက်ဖက်ရည်ဆိုင်တွင်ဝင်ကာ စကားပြောကြသည်။

ရှေးဟောင်းနှောင်းဖြစ်ရော လက်ရှိအခြေအနေပါ တစ်ယောက်အကြောင်း တစ်ယောက်မေးကာ စကားအတော်ကြာပြောဖြစ်ကြပြီး လမ်းခွဲလိုက်ကြသည်။ တစ်လလောက်ကြာသောအခါ သူပေးထားသော လိပ်စာကတ်ကလေးအတိုင်း တစ်ရက်မှာ သူ့ရုံးခန်းကိုသွားပြီး သူ့ကိုခေါ်ကာ လက်ဖက်ရည်ဆိုင်ထိုင်ကြပြီး လေကန်ကြပြန်သည်။

ကျွန်တော်နှင့် ကျော်စိုးသည် တစ်ချိန်က အမဲလိုက်ဖော်လိုက်ဖက်ဖြစ်သောကြောင့် အမဲလိုက်ခဲ့ကြသော အတွေ့အကြုံများကို ပြန်ပြောင်းပြောကြရင်း ကျွန်တော်တို့က ဆရာတင်ကာ အမဲလိုက်အတွေ့အကြုံ ကျွန်တော်တို့ထက်များသော မုဆိုးကြီးစောဂျိမ်းအကြောင်းကို ရောက်သွားသည်။

စောဂျိမ်းက ဝါရင့်မုဆိုးကြီး၊ အတွေ့အကြုံများသည်။ ဒူးလေး၊ တူမီးကအစ သေနတ်ကြီးမျိုးစုံကိုင်ဖူးသည်။ အကြီးဆုံးသတ္တဝါအထိ ပစ်ခဲ့ဖူးသည်။

တစ်ကြိမ်က စောဂျိမ်း ပြောပြသော သူ့အတွေ့အကြုံကလေးတစ်ခုကို ကျွန်တော်စာရေးရန်စိတ်ကူးထားသော်လည်း အကြောင်းကြောင်းကြောင့်မရေးဖြစ်သေး၍ ကျော်စိုးနှင့်တွေ့သောအခါ စောဂျိမ်းအတွေ့အကြုံကို ပို၍သေချာစေရန် သူ့ကိုထပ်မေးရသည်။ ဘာဖြစ်လို့လဲဆိုတော့ စောဂျိမ်းနှင့် ကျော်စိုးတို့နှစ်ယောက် အမဲပစ်ရင်း ကြုံခဲ့ဖူးသော ထူးဆန်းသည့် အတွေ့အကြုံတစ်ခုကြောင့် ဖြစ်ပါသည်။

◆

ဘောက်တူလေးတစ်စင်းပေါ်တွင် လက်နက်ကိရိယာအစုံ၊ စားရေရိက္ခာအစုံတင်ကာ ထွက်လာကြရာ မိန်းမလှကျွန်းကို ရောက်ရှိသည့်အချိန်တွင် နံနက်ကိုးနာရီခန့်မျှရှိပြီ ဖြစ်သည်။

မိန်းမလှကျွန်းသည် ကနစို၊ ကြွတ်နံ၊ ကန့်ပလာ၊ မြင်းက၊ ဗျူး၊ လမုတို့နှင့် ပြည့်နှက်နေကာ ယခင်ကတော့ အဝေးကကြည့်လိုက်လျှင် ကော်ဇောအစိမ်းကြီးတစ်ခုခင်းထားသလို ထင်ရသော်လည်း ယခုအခါတွင်တော့ ကော်ဇောအပေါက်ကြီးလို ညီညာပြန့်ပြူးခြင်းမရှိတော့ပါ။

ဘောက်တူကို လမုပင်မြစ်တစ်ခုတွင် ချည်ထားလိုက်ကာ စောဂျိမ်းနှင့် ကျော်စိုးတို့နှစ်ယောက် အထုပ်ကိုယ်စီ၊ သေနတ်ကိုယ်စီထမ်းကာ တောထဲသို့ ဝင်လာခဲ့သည်။ တောထဲသို့ ဝင်လာပြီး ဆယ်မိနစ်ခန့်လောက်ရောက်သည်နှင့် တောကြက်များက ဟိုမှသည်မှဖြတ်ပြေးနေသည်ကို တွေ့လိုက်ကြရသည်။

စောဂျိမ်းနှင့် ကျော်စိုးက တောကြက်လောက်ကို မပစ်ချင်သေး။ မြိုးမြိုးမြက်မြက်ရသောအကောင်လောက်ကိုသာ ပစ်ချင်သောကြောင့် နားနှင့်မျက်စိကို လျှင်လျှင်ထားကာ တောထဲကို ဝင်လာခဲ့ကြသည်။ စောဂျိမ်းက သူ့မှာ စိတ်ကူးတစ်ခုရှိထားသည်။ မိန်းမလှကျွန်းတောထဲတွင် ပျားအုံတော်တော်များများကို သူအရင်အမဲလိုက်စဉ်က တွေ့ထားဖူးသောကြောင့် အမဲလည်းပစ်ရင်း ပျားလည်းဖွပ်ချင်သောကြောင့် ပျားဖွပ်ကိရိယာများပါ အစုံအလင်ယူလာခဲ့သည်။

တစ်နေရာအရောက်တွင် ရိုးလေးတစ်ခု (ချောင်းသေးသေး) ၌ ငုံ့၍ ရေသောက်နေသော ချေပေါက်တစ်ကောင်ကို ကိုက်ငါးဆယ်ခန့်အကွာလောက်မှ လှမ်းမြင်လိုက်ရသောကြောင့် စောဂျိမ်းက ကျော်စိုးကို လက်ကုတ်လိုက်

ကျော်စိုးကလည်း မရှေးမနှောင်း

လိုက်ရသောကြောင့် လုံးပတ်အ

ကြီးသောမဒမပင်များဆီသို့ တစ်

စီပြေးကပ်လိုက်ကာ အသင့်အ

ထားဖြင့် ကျော်စိုးက သူ့လက်

(၁၀. ၀၆) ရိုင်ဖယ်ကို မောင်းတ

သည်။

ခပ်လှမ်းလှမ်းရှိ မဒမပင်

ကပ်နေသော စောဂျိမ်းကိုလည်း





www.burmeseclassic.com

www.burmeseclassic.com



ပြီး ချေ(ဂျီ)ကို သူပစ်မည်ဖြစ်ကြောင်း ကျော်စိုးက အချက်ပြလိုက်သည်။ စောဂျိမ်းက တူမီးကိုင်ထားသည့်အပြင် စောဂျိမ်းနှင့် ချေ(ဂျီ)အကြားတွင် လမုင်ပေါက်ကလေးအုပ်စုကလည်း ရှိနေသောကြောင့် မြင်ကွင်းမကောင်း၍ဖြစ်သည်။ ရိုးကလေးထဲတွင် ရေငုံ့သောက်နေသော ချေ(ဂျီ)က စောဂျိမ်းတို့ကို သိခန်မတူ။ အေးအေးဆေးဆေး ရေသောက်နေဆဲ။ ကျော်စိုးက ချေ (ဂျီ)နှင့် ဘေးတိုက်အနေအထားဖြစ်၍ ပစ်ကွင်းကောင်းသောကြောင့် မောင်းကွင်းကို အဆွဲတွင် -

"ဒုန်း. . . ဂလုံ"

"ဟိုက်. . ."

စောဂျိမ်းထံမှအသံ ဖြစ်သည်။ ကျော်စိုးက ထိုအသံကြောင့် လန့်ကာ အနေအထားရွေ့သွားချိန်တွင် ချေကလည်းလန့်၍ အသံကြားရာသို့ လှည့်ကြည့်လိုက်သောကြောင့် ပစ်ကွင်းအနေအထားပြောင်းသွားချိန်တွင် ကျော်စိုးထံမှ ဖောင်းခနဲမြည်ကာ ကျည်ထွက်သွားတော့သည်။ ချေကလည်း တစ်ပတ်လည်ကာ တစ်ဖက်သို့ ခွေကျသွားပြီး ထပြေးလေတော့သည်။ ကျော်စိုးနှင့် စောဂျိမ်းတို့နှစ်ယောက် မဒမပင်အကွယ်မှ ထွက်ကာ ချေနောက်သို့ အပြေးလိုက်ကြတော့သည်။ ထွက်ပြေးသွားသောချေ၏ တောတိုးသံကို တဝုန်းဝုန်းနှင့် ကြားရပြီးနောက် အသံပျောက်သွားသည်။ ကျော်စိုးတို့နှစ်ယောက် တစ်နေရာတွင် ရပ်လိုက်ကြကာ -

"စောဂျိမ်းဘယ်လိုဖြစ်တာလဲ"

"မပြောချင်ပါဘူးကွာ။ ပျားရည်ထည့်ဖို့ လေးထောင့်ပုံးကြီးကို ငါလွယ်လာတာ မင်းတွေ့တယ် မဟုတ်လား။ ချေကိုချိန်နေတော့ အောက်ချရင် အသံမြည်မှာစိုးလို့ အောက်တောင်မချရဲဘူး။ အဲဒါ မဒမကိုင်းတစ်ကိုင်းက ငါ့ပခုံးက အိတ်ကို ချိတ်မိနေတာ မသိဘူး။ အိတ်ကကြိုးနဲ့ လေးထောင့်ပုံးနဲ့က တွဲချည်ထားတာကိုး။ အဲဒါ မဒမပင်ခြေရင်းမှာ ထိုင်လည်းချလိုက်ရော အိတ်ကပြုတ်ကျပြီး လေထောင့်ပုံးပါ ရောကျသွားတ



www.burmeseclassic.com

www.burmeseclassic.com

ပော့"

"ဖြစ်ရမယ်။ ပစ်ကွင်းကလည်း ကောင်းနေတာနဲ့"

စောဂျိမ်းက မြေပြင်ပေါ်ရှိ ခြေစ လက်စများလိုက်ကြည့်ရင်း တစ်နေရာ ရောက်တော့ -

"ကျော်စိုး၊ သွေးစက်တွေတွေ့ တယ်ကွ၊ ချေက ဒီနားတစ်ဝိုက်မှာ တွေ့နိုင်တယ်"

သွေးစက်များက ချေပုန်းနေသော နေရာကိုပြနေသောကြောင့် နှစ်ယောက် သားခြေသံလုံလုံထားကာ တဖြည်းဖြည်း လျှောက်လာကြသည်။ မဒမငုတ်များ ကိုလည်း ရှောင်၍ခြေချရသေးသည်။ သစ်ခုတ်သမားများ ခုတ်ထားသော မဒမငုတ်များကပွနေသောကြောင့် တက် နင်းမိလျှင် တောစီးဖိနပ်ထဲသို့ပင် ဖောက် ဝင်နိုင်လောက်အောင်ချွန်ထက်နေသော ကြောင့် ဖြစ်သည်။ စောဂျိမ်းက လေသံ တိုးတိုးဖြင့် -

"ချေက ထိထားတော့ ကြောက် ကန်ကန်ပြီး တို့ကို ပြန်ခုတ်နိုင်တယ်။ ချေစွယ်နဲ့နဲ့ ကျားပေါင်ပဲ့ဆိုတာ ကြားဖူး တယ်မဟုတ်လား"

"အင်း - ကြားဖူးတယ်"

ချေဆိုတဲ့အကောင်မျိုးက အစွယ် သေးသေးသာရှိသောအကောင်မျိုးဖြစ် သည်။ သို့သော်လည်း ထိုအစွယ်လေး နှင့် ခုတ်လိုက်လျှင် ဟက်တက်ကွဲကာ ဟင်းမျိုး (ကျား) ဆိုသော အကောင်ပင် ချေ၏ ကြောက်ကန်ကန်၍ ခုတ်လိုက် သောအစွယ်ကြောင့် ကျားဗိုက်ပွင့်ကာ ချေလည်းသေ၊ ကျားလည်းသေ ကြုံခဲ့ရ ဖူးသောကြောင့် ဖြစ်သည်။

တောကငြိမ်သက်ကာ လေတိုးသံ ပင် မကြားရ။ ငြိမ်သက်နေပါက အန္တ ရာယ်တစ်စုံတစ်ခုကျရောက်နိုင်သော ကြောင့် ကျော်စိုးရော စောဂျိမ်းပါ သေ နတ်ကိုယ်စီနှင့် သွေးစက်ကျရာအတိုင်း တစ်လှမ်းချင်း လျှောက်လာကြသည်။ အောက်ခြေမြေကြီးက တချို့နေရာတွင် မြေပျော့ပျော့၊ တချို့နေရာတွင် မြေ အမာများ၊ တချို့နေရာတွင် ရွှံ့နွံများရှိ နေသောကြောင့် ရွှံ့နွံနေရာတွင် ချော် မလဲအောင် ထိန်း၍လျှောက်နေရသေး သည်။

"ဖလူး . . ဖလူး"

လမုပင်တစ်ပင်ပေါ်မှ ရစ်ငှက် တစ်ကောင်က ဖလူးခနဲ မြည်ကာ ထပျံ သွားသည်။ ကျော်စိုးရော စောဂျိမ်းပါ လမုပင်ခြေရင်းဆီသို့ မျက်စိကရောက် သွားကြသည်။ လမုပင်အခြေက လမု ရွှက်၊ လမုအကိုင်းများနှင့် ရှုပ်နေသော ကြောင့် သားကောင်တစ်ကောင်ကောင်း ကောင်းပုန်းနေနိုင်သောနေရာမျိုး ဖြစ် သည့်အပြင် ရစ်ငှက်၏ အထိတ်တလန့် ထပျံသွားသောကြောင့် ထူးတော့ထူးပြီ ဟု သံသယဝင်ကာ ကြည့်လိုက်ခြင်း ဖြစ် သည်။

ထင်သည့်အတိုင်းပင်။

ကျော်စိုးနှင့် စောဂျိမ်း ရင်ပေါင် တန်းတက်လာသောနေရာနှင့် လမုပင် သည် ကိုက် (၅၀) ခန့်သာ ဝေးတော့ သည်။ လမုပင်အကိုင်းအခက်အရွက် များကြားမှ ဝေါခနဲ တောတိုးသံနှင့်အတူ ချေက တရှိန်ထိုးပြေးထွက်လာသည်။

"ဘောင်း"

"ဖောင်း"

ကျော်စိုးထံမှ ကျည်အပြည့်ထည့် ထားသော (၁၀. ၀၆) ရိုင်ဖယ်၏ ပေါက် ကွဲသံနှင့်အတူ စက္ကန့်ပိုင်းလောက်သာ ကွာမည်၊ စောဂျိမ်းထံမှ တူမီးသေနတ် ၏ ပေါက်ကွဲသံပါ ဆက်တိုက်ထွက်လာ သောကြောင့် ဖြစ်သည်။ တစ်ရှိန်ထိုးပြေး ထွက်လာသောချေကောင်သည် အရှေ့ မှ တစ်စုံတစ်ခုတားဆီးခံလိုက်ရသလို တုံ့ခနဲဖြစ်သွားကာ တဖြည်းဖြည်းနောက် ကို ဖင်ထိုင်ကျသွားတော့သည်။

ပြီးမှ ဘေးကိုလည်ကာလဲကျသွား တော့သည်။

ကျော်စိုးပစ်လိုက်သောကျည်က လည်တိုင်ရင်းကိုထိကာ ကိုယ်ထဲသို့ ဖောက်ဝင်၍ စအိုမှထွက်သွားခြင်း ဖြစ် သည်။ စောဂျိမ်း၏ တူမီးဒဏ်က ချေ ကောင်၏ မျက်နှာကို စုတ်ပြတ်စေကာ နားရွက်တစ်ဖက်ပင် ပြတ်ထွက်သွား သောဒဏ်ရာများကို တွေ့ရသည်။

"ကျော်စိုးရေ အချိန်ကတော့ သုံး ဆယ်ကျော်မယ်ထင်တယ်။ ချေပေါက် ကြီးကွ၊ ဝဖြိုးနေတာပဲ။ ဒီနေ့တော့ ဒါလောက်နဲ့ လုံလောက်ပါပြီကွာ။ တို့ သေနတ်သံတွေကြားလို့ တောကောင် တွေလည်း ဒီနားတစ်ဝိုက်မှာရှိတော့မှာ မဟုတ်ပါဘူး။ မင်းဒီနားကခဏစောင့်။ ငါစောစောကနေရာကိုပြန်ပြီး အိတ်တစ် လုံးနဲ့ လေးထောင်ပုံးကြီးသွားယူလိုက်ဦး မယ်။ ငါတွေ့ထားတဲ့ ပျားအုံတွေရှိတဲ့ နေရာလည်း သိပ်မဝေးတော့ပါဘူး"

စောဂျိမ်း ထွက်သွားပြီးနောက် ကျော်စိုးက မဒမကိုင်းဖြောင့်ဖြောင့်တစ် ခုကိုခုတ်ကာ ချေကောင်၏ တံကောက် ကွေးကြောများကို ဖောက်၍ မုဆိုးတို့ လုပ်လေ့လုပ်ထရှိသည့်အတိုင်း ခြေ ချောင်း၊ လက်ချောင်းများကို ကန့်လန့် ဖြတ်ထိုးသွင်း၍ မဒမကိုင်းနှင့် လျှိုထား လိုက်သည်။

စောဂျိမ်း ရောက်လာပြီးနောက် ချေကောင်ကို ရှေ့တစ်ယောက်၊ နောက် တစ်ယောက်ထမ်းကာ ရိုးကလေးဘေး က မြေလမ်းကလေးအတိုင်း လျှောက် လာကြသည်။ တောကြက်များက တစ် ဖက်တစ်ချက်မှ မကြာခဏပြေးသွားကြ သည်။ နာရီဝက်လောက်လျှောက်လာ ကြပြီးနောက် ကနစိုပင်အုပ်အုပ်တစ်နေ ရာသို့ ရောက်ကြသောအခါ စောဂျိမ်း က -

"ကျော်စိုး၊ ရောက်ပြီ"

ထမ်းလာသောချေကို သစ်ကိုင်း တစ်ခုတွင် ချိတ်လိုက်သည်။ ကနစိုပင် များက တစ်ပင်နှင့်တစ်ပင်ပိတ်နေအောင် ပေါက်နေသောကြောင့် နေပြောက်မထိုး အောင်ပင်ရှိနေသည်။ အောက်ခြေတွင် လည်း စိမ့်ကဲ့သို့ရေစပ်စပ်ကရှိနေသေး သည်။

စောဂျိမ်းက ပျားဖွပ်ရန် ကိရိယာ တန်ဆာပလာများထုတ်နေချိန်တွင် ကျော်စိုးက စောဂျိမ်းဖွပ်မည်ဆိုသော ပျားအုံများကို မော့ကာလိုက်ကြည့်နေ သော်လည်း ပျားအုံဆို၍ တစ်အုံမှ မတွေ့။

စောဂျိမ်းက စစ်သုံးဘောင်းဘီ ရှည်၊ စစ်သုံးအနွေးထည်လက်ရှည်တို့ကို ဝတ်၍ လုံချည်တစ်ထည်ကို ခေါင်းနှင့် လည်ပင်းတွင်ပတ်ကာ မျက်လုံးမြင်သာ ရုံသာ ဖော်ထားလိုက်သည်။ ကျော်စိုး အတွက်လည်း အဝတ်အစားများထုတ် ပေးလိုက်သည်။

"စောဂျိမ်း ဘယ်မှာလဲ ပျားအုံ"

"ဟေ - မင်းမတွေ့ဘူးလား"

"ဟော့အေး - မတွေ့ဘူး"

စောဂျိမ်းက ကျော်စိုးကို လက် ခေါ်ကာ ကနစိုပင်အကြိုအကြားမှ ထ ဝက်တစ်ပျက်ထွက်နေသော ပျားအုံများ ကို ပြလိုက်သည်။ စကောဝိုင်းအရွယ် နေ တချို့ဆိုလျှင် စားပွဲအရွယ်အထိ သောပျားအုံများဖြစ်သည်။ ရွက်ပုန်း လိုမျိုး လျှို့ဝှက်စွာဖွဲ့နေသောပျားအုံများ ဖြစ်သောကြောင့် ကျော်စိုး အံ့ဩသွား သည်။

"စောဂျိမ်းရာ ရှာရှာ ခင်ဗျား ဘယ်တုံးကတွေ့ထားတာလဲ"

"ကြာပြီကွ၊ ဘယ်သူမှမတွေ့ တဲ့နေရာဘဲ။ ငါအမဲလိုက်ရင်း မော ဒီအောက်မှာအိပ်မိရာက ပျားသံကြား လိုက်ရှာရင်း တွေ့ထားတာပဲ။ သုံး အုံဆိုရင်တော့ လေးထောင်ပုံးတစ်



www.burmeseclassic.com

www.burmeseclassic.com

အသာလေးပဲ။ ဒါထက် ငါကအပေါ်ဘက်မှာဆိုပေမယ့် အောက်ကမင်းဆီကိုလည်း ပျားသလက်တွေချလိုက်ရင် ဒီကောင်တွေဆင်းလာလိမ့်မယ်။ အဝတ်နဲ့ ပတ်ပြီး အသားပေါ်တဲ့ ခြေဖျား၊ လက်ဖျားနေရာတွေကို ရေနံချေးထူထူးလိမ်းထားကွ"

စောဂျိမ်းက ပစ္စည်းပစ္စယများ လွယ်သိုင်းလွယ်ကာ ကနစိုပင်တစ်ပင်ပေါ်သို့တက်သွားသည်။ အနီးရှိ အကိုင်းတစ်ကိုင်းတွင် တွဲလောင်းကျနေသော စကောဝိုင်းခန့်ရှိ ပျားအုံကို အရင်ဖွပ်လိုက်သည်။ မီးတုတ်ကို မီးရှို့၍ ယမ်းလိုက်သည်နှင့် ပျားများက ဝေါခနဲ အပေါ်သို့ ပျံတက်သွားကြသည်။ ပျားများ ခေါင်းမလည်မီ ပျားသလက်များကို ခုတ်ကာ အိတ်တွင်ထည့်ပြီး အောက်တွင်ရှိသော ကျော်စိုးထံသို့ ကြိုးနှင့်ချပေးလိုက်သည်။

(၁၀) မိနစ်အတွင်း ပျားအုံနှစ်အုံ ရပြီးဖြစ်သည်။ အပေါ်ဘက်ကိုင်းတစ်ကိုင်းတွင် စကောဝိုင်းထက်ကြီးသော ပျားအုံကြီးတစ်အုံ။ စောဂျိမ်းက သွက်သက်စွာပင် အပေါ်ကိုင်းတစ်ကိုင်းပေါ်သို့ တက်လိုက်သည်။ ကိုင်းက ပေါင်လုံးခန့်ဆလောက် လုံးပတ်ရှိသောကြောင့် ကိုင်းပေါ်တွင်မတ်တတ်ရပ်ကာ မီးတုတ်နှင့် ပျားအုံကိုထိုးရန် ကိုင်းပေါ်မှစမ်း၍ (၅)ပေအကွာလောက်တွင်ရှိသော ပျားအုံရှိရာသို့ မီးတုတ်ကိုင်၍လျှောက်သွားလိုက်သည်။

"ဖြောင်း ဖြောင်း ဝရော ဝရော"

အပင်ပေါ်ကအသံ ဖြစ်သည်။ သစ်ကိုင်းသစ်ခက်များက အပင်ပေါ်တွင် စိပ်နေအောင်ရှိသောကြောင့် မော့ကြည့်လိုက်သော်လည်း သဲကွဲစွာမမြင်ရ။ သို့သော် စောဂျိမ်းရပ်နေရာနေရာနှင့် ဝဲဘက်ခပ်စောင်းစောင်း ပေသုံးဆယ်ခန့်အမြင့်နေရာလောက်မှ သစ်ခက်သစ်ကိုင်းများလှုပ်ကာ အသံများကြားနေရသည်။

စောဂျိမ်းက မီးတုတ်ကြီးကို ကိုင်၍ ဘာလဲ ဟူသော စူးစမ်းစိတ်ဖြင့် မော့ကြည့်လိုက်သည်။ နောက်မှအောက်တွင်ရှိသော ကျော်စိုးက -

"ကျော်စိုး ဘာသံလဲဟ၊ ကြားသလမဟုတ်လား"

"အေး - ကြားတယ်။ အဲဒီအပင်ပေါ်ကအသံပဲ။ ဘာဖြစ်တာလဲ"

"ငါလည်းမသိဘူးကွ"

စောဂျိမ်းက သစ်ရွက်သစ်ခက်များ တပြောပြောနှင့်လှုပ်နေသော နေရာကို ကြည့်နေရင်း မည်းမည်းကြီးကို ဘာလဲဟု စဉ်းစားနေဆဲ။ ဝက်ဝံကြီးများလား။ ဝက်ဝံဆိုတာ သစ်ပင်တက်နိုင်သည်။ ပျားရည်ကြိုက်သည်။ သို့သော် ခန္ဓာကိုယ်အနေအထားက ဝက်ဝံပုံစံမျိုးမဟုတ်။ စဉ်းစားနေဆဲ ထိုမည်းမည်းကြီးက အောက်ဘက်ကိုတဖြည်းဖြည်းဆင်းလာသည်။ ဆင်းလာပုံက သစ်ကိုင်းသစ်ပင်ကို ဖက်တွယ်၍ဆင်းလာပုံမျိုးမဟုတ်။

ဝက်ဝံဟု စဉ်းစားမိသော်လည်း မဖြစ်နိုင်ဟု တွေးမိပြန်သည်။ မိန်းမလှကျွန်းတောထဲတွင် ဝက်ဝံရှိသည်ဆိုခြင်းကို တစ်ခါဖူးမျှ မကြားမိ။ တခြားတစ်နေရာက မျက်စိလည်ပြီးရောက်လာတာကော မဖြစ်နိုင်ဘူးလား။ စောဂျိမ်းရင်တွေခုန်လာသည်။ တရွေ့ရွေ့နှင့်ဆင်းလာနေသော မည်းမည်းသဏ္ဍာန်က တစ်နေရာအရောက်တွင် -

"ဗုန်း"

စောဂျိမ်းရပ်နေသော သစ်ကိုင်းပေါ်သို့ ပြုတ်ကျလာခြင်း ဖြစ်သည်။ ထိုမည်းမည်းသဏ္ဍာန်နှင့် စောဂျိမ်းအကြားတွင် ကနစိုပင်ကိုင်းအသေးလေးများနှင့် သစ်ရွက်သစ်ခက်များကခံနေသည်။ သစ်ကိုင်းပေါ်သို့ ဗုန်းခနဲကျလာပုံက ရပ်နေသော စောဂျိမ်းပင် တုန်သွားသည်။ လက်တစ်ဖက်က သစ်ကိုင်းတစ်ခုကို ကိုင်ထားလို့သာ တော်တော့သည်။

စောဂျိမ်းက ဟန်ချက်ကိုထိန်းကာ ကိုင်ထားသော မီးတုတ်ဖြင့် မည်းမည်းသဏ္ဍာန်ဘက်သို့ထိုးလိုက်သောအခါ-

"ဟာ"

ဝက်ဝံလည်းမဟုတ်။ အမွေးစုတ်ဖွားနှင့်ခေါင်းဟူ၍မတွေ့ရသောသတ္တဝါ တစ်ကောင်။ လူလည်းမဟုတ်၊ တိရစ္ဆာန်လို့လည်း ပြောလို့မရ။ စောဂျိမ်းက ကရင်တိုင်းရင်းသား။ သတ္တိကောင်းသည်။ တောထဲတွင် တောခြောက်တာတို့၊ တောမှောက်တာတို့ မကြာခဏခံရဖူးသည်။ ထင်ထင်ရှားရှား ပရလောကသားရယ်လို့ တစ်ခါမျှမမြင်ဘူးပေ။ ယခုတော့ ကိုယ်တိုင်တွေ့နေရပြီ။ စောဂျိမ်းက ကိုင်ထားသော မီးတုတ်ကြီးကို ဝှေ့ယမ်းကာ ခြောက်ဟန်ပြုလိုက်သည်။

"ဝေါ. . . ဝရော"

မည်းမည်းအကောင်ကြီးက သစ်ကိုင်းပေါ်ကနေ အောက်သို့ခုန်ဆင်းသွားသည်။ သစ်ရွက်သစ်ကိုင်းတို့နှင့် ပွတ်တိုက်သွားသောအသံကြီး ကြားရပြီးနောက် မြေကြီးပေါ်သို့အကျတွင် 'ဗုန်း' ဆိုသောအသံကြီးပင်ကြားလိုက်ရသည်။

စောဂျိမ်းက ပထမတော့ ကြောင်၍ သစ်ကိုင်းပေါ်ရပ်နေရာမှ အောက်တွင်ရှိသော ကျော်စိုးအတွက် စိတ်ပူ၍ ကနစိုပင်ပေါ်မှ ကမန်းကတန်းဆင်းလာခဲ့သည်။ အောက်ရောက်တော့ ကျော်စိုးက -

"ဘာကောင်ကြီးလဲဗျ။ သစ်ပင်ပေါ်ကနေ 'ဗုန်း'ဆိုကျလာပြီး တောထဲကို ပြေးဝင်သွားတယ်။ ကျွန်တော်က ဝက်ဝံကြီးလားလို့ လန့်သွားတာ"

စောဂျိမ်းက သစ်ပင်ပေါ်တွင် မြင်လိုက်ရသောသဏ္ဍာန်ကို ကျော်စိုးအား ပြောပြလိုက်သည်။ ကျော်စိုးလည်းအံ့သြနေသည်။ ပေ (၅၀) ကျော်အမြင့်မှ ခုန်ဆင်းလာကာ မြေပြင်ပေါ်ကို မတ်တတ်ရပ်၍ကျလာသော သတ္တဝါသည် တိရစ္ဆာန်တော့မဖြစ်နိုင်။ နာနာဘာဝလား၊ ဘာလဲ။ နှစ်ယောက်သားဝေခွဲမရ။ သတ္တိကောင်းသူနှစ်ယောက်မို့သာ တော်တော့သည်။

◆

"ဇာတ်လမ်းကတော့ အဲဒီအတိုင်းပဲကွ။ မကြောက်တတ်ဘူးဆိုပေမယ့် မြန်မြန်ပြန်မယ်ဆိုပြီး တို့နှစ်ယောက် ပျားသလက်တွေ လေးထောင့်ပုံးထဲထိုးထည့်၊ ပစ္စည်းပစ္စယတွေသိမ်းပြီး ဟင်းစားရထားတဲ့ ချောကောင်ချိတ်ထားတဲ့ နေရာကိုရောက်တော့ သစ်ငုတ်ကနေ ချေအသေကောင်က ပြုတ်ကျနေတယ်။ ချိတ်ထားတုန်းက သေသေချာချာချိတ်ထားတာ။ ဒါပေမယ့် ဘာထူးခြားလဲ ဆိုတော့ အဲဒီချေကောင်ရဲ့ ပေါင်တစ်ချောင်းက လုံးဝမရှိတော့ဘူး။ သွေးတွေကတော့ တစက်စက်ကျနေတယ်။ မထူးဆန်းဘူးလား"

"တခြားသတ္တဝါတစ်ကောင်ကောင်ကိုက်သွားတာဆိုရင်ကော"

"ကိုက်သွားရအောင် ချိတ်ဆွဲထားတဲ့နေရာနဲ့ ငါနဲ့က ဆယ်ကိုက်လောက်ပဲဝေးတာ။ပေါင်တစ်ချောင်းလုံးပါအောင်ကိုက်တဲ့သတ္တဝါက အချိန်ယူပြီးကိုက်ရမှာ။ ကိုက်ရင်လည်း ငါမြင်မှာပေါ့ကွ။ အေး - ဒါပေမယ့် တစ်ခုတော့ရှိတယ်။ အဲဒီမည်းမည်းအကောင်ကြီး သစ်ပင်ပေါ်ကကျလာပြီး တောထဲဝင်ပြေးသွားတာက အဲဒီချေကောင်ချိတ်ထားတဲ့ အပင်ဘက်ကွ"

"ဪ. . ."

မောင်မြင့်မား (ဘိုကလေး)

www.burmeseclassic.com

www.burmeseclassic.com

# ဉာဏိန္ဒ

## ကော်မှူး၊ ဒွေးချာ၊ ကြိုန်းမှာတာ

"ဟဲ့- တာတူး၊ ဘယ်သွားမလို့တုံး။ စောစောစီးစီး"

"ဟေ ဟေ- ဟောက်ဟေ- ဝါး ဟဲ့ဝို့"

"အေးအေး- ကောင်းပါ့တယ်။ ဝါးဝါး အဲလေ သွားသွား"

တာတူး အရူး၊ အရူး တာတူးဟု အိမ်ခြေ (၅၀၀) ကျော်ရှိသော ညောင်သာရွာတစ်ရွာလုံးက တာတူးကို သတ်မှတ်ခေါ်ဝေါ်ကြလေ၏။ခမျာမှာ စကားမပီ၊ လမ်းသွားလျှင် တောင်ယိမ်းမြောက်ယိုင် ရှေ့တိုးနောက်ငင်။

တာတူး အရွယ်ရောက်စအချိန်တွင် မိခင်အိုကြီးသာ ကျန်ရှိပြီး ကျန်အိမ်သူအိမ်သားအားလုံးကွယ်လွန်အနိစ္စရောက်ကုန်ကြပြီ ဖြစ်၏။ တာတူးမှာ ပိုလီယိုလိုရောဂါမျိုးလည်း ရှိသည်မဟုတ်။ သို့သော် လမ်းလျှောက်လျှင် အမြဲတမ်း ခနော်နီခနော်နဲ့ ယိမ်းတိမ်းယိုင်တိုင်။ စကားကမပီ။ သို့ဖြစ်၍ ကျောင်းထား၍မရ။ ကျောင်းသာ မနေရသည်၊ တာတူး အကောင်း၊ အဆိုးကို ကောင်းကောင်းသိ၏။ မိခင်အိုကြီး၏ ဝေယျာဝစ္စတို့ကို အားလုံး မလစ်ဟင်းရအောင် ပြုလုပ်ပေး၏။

တာတူး (၁၂) နှစ်သားလောက်အရောက်တွင် ရွာဦးစေတီ၌ (၃) ရက်တိတိ တစ်ယောက်တည်း သွားထိုင်နေ၏။ မိခင်ကြီးက လိုက်ခေါ်သော်လည်း အိမ်မပြန်။ ရွာဦးစေတီရင်ပြင်တော်မှာပင် အိပ်၏။ (၃) ရက်လုံးလုံး ငေးငေးငိုင်ငိုင်။ တစ်ခါတစ်ရံ တစ်ယောက်တည်း ဝူးဝူးဝါးဝါးတွေပြောရင်း ငိုနေတတ်၏။

(၃) ရက်ကျော်၊ (၄) ရက်မြောက်တွင် အိမ်ပြန်လာ၏။ မိခင်ကြီးကို ရှိခိုးကန်တော့ပြီး အိမ်တစ်အိမ်လုံးကို သန့်ရှင်းရေးလုပ်၏။ မိခင်ကြီး၏ အဝတ်အစားများကို လျှော်ဖွပ်ပေး၏။ ထမင်း၊ ဟင်းချက်ပြုတ်၊ အိမ်အလုပ်များကိုလုပ်၏။ ဘုရားကျောင်းဆောင်ကို အထူးသန့်ရှင်းရေးလုပ်၏။ ပန်း၊ ရေချမ်းအသေအချာကပ်၏။

ညနေစောင်းသည်နှင့် တာတူး တောင်းစုတ်တစ်လုံးနှင့် ရွာတွင်းရှိလမ်းများပေါ်မှ အမှိုက်များကို လိုက်ကောက်၏။

"ဟဲ့ - တာတူး၊ ရူးနေလား၊ အမှိုက်တွေဘာလုပ်ဖို့လဲ"

"ဝုတ်ဟယ်ဟာ - ဟဟူး၊ဟဟူး"

ရွာတွင်းရှိလမ်းများပေါ်မှအမှိုက်များကို ရှင်းပြောင်နေအောင်ကောက်ပြီး ရွာအနောက်ဘက် တစ်ခေါ်သာသာလောက်တွင်ရှိသော ကျတ်တီးမြေတွေနှင့် သုံးမရသည့် ချောက်ကြီးအတွင်း အမှိုက်များကို သွားပစ်၏။

ရွာသူရွာသားများက တာတူး ရူးနေလို့သာ အမှိုက်တွေလိုက်ကောက်နေသည်ဟု သတ်မှတ်ကြ၏။ ထို့ကြောင့် တာတူးကိုတွေ့ကြလျှင် တာတူးအရူးဟု ခေါ်ကြ၏။ တာတူးက စိတ်ဆိုးဟန်မပြ၊ 'ဝုတ်ဟယ်ဟာ- ဟဟူး၊ ဟဟူး' ဟု အာခေါင်သံနှင့် ပြန်ဖြေလေ့ရှိ၏။

ရွာဦးစေတီ၊ ရွာဦးကျောင်းကျောင်းဝင်းတို့တွင်လည်း အမြဲတံမြက်လှည်း၏။ အမှိုက်တွေကို ရွာအနောက်ဘက် ချောက်ကြီးအတွင်း သွားပစ်၏။

ရွာတံခါးလေးပေါက်ရှိ သောက်ရေအိုးစင်များတွင်လည်း နံနက်လင်းသည်နှင့် တာတူး သောက်ရေသွားပြည့်၏။



www.burmeseclassic.com

www.burmeseclassic.com

တာတူး (၁၂) နှစ်သားအရွယ်မှ စ၍ ဤတံမြက်လှည်းဝတ်၊ အမှိုက်ကောက်ဝတ်၊ သောက်ရေအိုးစင် ရေဖြည့်ဝတ်တို့ တစ်နေ့မှပြတ်သည်မရှိ။ ယခု တာတူး အသက် (၂၀) ရှိပြီ။ မိခင်ကြီးကို အပြုအစုလည်းမပျက်။ သူ့ဖခင်ကြီးထားခဲ့သည့် ဥယျာဉ်အလုပ်ကိုလည်း လုံး၀ မလစ်ဟင်းစေရ။ သူ့ဖခင်ကြီးကွယ်လွန်ပြီးကတည်းက ဥယျာဉ်ကို ရွာမှ ကြေးရတတ်တစ်ဦးက ဈေးဖြတ်ယူပြီး တာတူး၏မိခင်ကြီးကို လခနှင့် ဥယျာဉ်ကို ထိန်းသိမ်းရန် အလုပ်ပေးထား၏။ ယခု တာတူးက မိခင်ကြီးလုပ်ရမည့် အလုပ်အားလုံးကို သူတစ်ဦးတည်း ဒိုင်ခံလုပ်၏။ ဥယျာဉ်အလုပ်ရော အိမ်အလုပ်များပါ။ ထို့ကြောင့် တာတူး၏မိခင်ကြီးမှာ အိမ်ရှိ ဘုရားကျောင်းဆောင်ရှေ့တွင် တစ်နေကုန် နေခွင့်ရ၏။ နေ့စဉ် သီလမြဲ၏။ နေ့စဉ် သားကို ကျေးဇူးတင်နေမိလေတော့၏။


❑

"ဟေးဟူးဝင်ဝါဟယ်၊ ဟောက်ဝူး၊ ဟောက်ဝူး၊ ဟောက်ဝူး၊ ဟောက်ဝူး"

ခေါင်းတယမ်းယမ်းနှင့် လက်နှစ်ဖက် လက်ဝါးဖြန့် ယမ်းခါကာပြရင်း မျက်လုံးပြူးမျက်ဆန်ပြူးနှင့်ငြင်းနေသည့် တာတူးကိုကြည့်ရင်း သောင်းရွှေတို့လူစု သဘောအကျကြီးကျကာ တဟားဟားနှင့် ရယ်မောနေကြလေ၏။

သောင်းရွှေ ဆိုသည်မှာ တာတူးတို့ဥယျာဉ်ကို ဝယ်ယူလိုက်သူ၏သား။ သူက ရွာတွင် မနေ။ မြို့တွင် နေသူဖြစ်၏။ ခြောက်လတစ်ကြိမ်လောက် ပြန်လာ၏။ သူ မြို့မှ အပေါင်းအသင်းများပါ ပါလာတတ်၏။ သူတို့တစ်တွေ အုပ်စုလိုက် ဥယျာဉ်အတွင်း ဖြတ်သွားသော စမ်းချောင်းလေးဘေး အရိပ်ကောင်းကောင်းတွင် အရက်၊ ဘီယာ၊ အမြည်းအစုံအလင်နှင့် ပျော်ရွှင်ရယ်မောတသောသော သောက်စားပျော်ရွှင်လေ့ ရှိကြ၏။

အရက်ဝိုင်းမှ ခေါင်းဆောင် သောင်းရွှေက တာတူးအလုပ်လုပ်နေရာသို့ သွားခေါ် လေ့ရှိ၏။ ပြီးလျှင် အရက်သောက်ခိုင်း၊ အမြည်းစားခိုင်းသည်။ တာတူး 'ကျေးဇူးတင်ပါတယ်' ဟုပြောပြီး အရက်သောက်ရန်၊ အမြည်းစားရန်ကို အပြင်းအထန်ငြင်းလေ့ရှိ၏။ အမြည်းထဲမှ အသားဟင်း၊ အသားကြော် စသည်တို့ကို သီးခြားထုပ်ပိုးပြီးပေးလိုက်လျှင်မူ 'ကျေးဇူးတင်ပါတယ်' ကို အထပ်ထပ်ပြော၊ ဦးညွှတ် အရိုအသေပေးရင်း ထို အမြည်းထုပ် တို့ကို ဝမ်းသာအားရယူ သွားလေ့ရှိ၏။



သောင်းရွှေတို့ ပေးလိုက်သော အသားဟင်း၊ အသားကြော် စသည်တို့ကိုတာတူး မည်သည့် အခါမျှ မစား။ ပန်းကန်နှင့် အသေအချာပြင်ဆင်ပြီး မိခင်ကြီးကိုသာ ကျွေးမွေးလေ့ရှိ၏။ သောင်းရွှေတို့ကလည်း ထိုသည်ကိုသိကြသဖြင့် တာတူးကို အရက်သောက်ခိုင်း အမြည်းစားခိုင်းကာ စ,နောက်ပြီးလျှင် ကြောက်ကြောက်ရွံ့ရွံ့နှင့်ငြင်းဆိုနေသည့် တာတူးကို နောက်ပြောင်၍ ကျေနပ်သည်နှင့် အသားဟင်းနှင့် အသားကြော် တို့ကို သန့်သန့်ရှင်းရှင်း သီးခြားထုပ်ပိုးပေးလိုက်လေ့ရှိကြလေ၏။

"တာတူး၊ မင်းဘာဖြစ်လို့အရက်မသောက်တာလဲ"

"ဟင့်ဟင်း- ဟောက်ဝူး၊ ဟောက်ဝူး"

"အမြည်းကော ဘာလို့မစားတာလဲကွာ"

"ဟင့်ဟင်း- ဟားဝူး၊ ဟားဝူး"

"ဒါဆို အမြည်းတွေပေးတာကျ အမေ့ကို ဘာလို့ကျွေးတာလဲ"

"ဟာ- မေး၊ မေး၊ မေးဟားဝေါ့။ ဝုဝို၊ ဝုဝို၊ ဝုဝိုဟဟယ်"

"အရက်က ကောင်းတယ်ကွ။ ဘီယာက ပိုတောင်ကောင်းသေး။ မင်းမသောက်ဘူးလို့ပါကွာ။ စမ်းသောက်ကြည့်စမ်း။ နောက်ဆို မင်းကြိုက်သွားမှာ။ လာပါကွ၊ သောက်ဖူးအောင် သောက်ကြည့်စမ်းပါ"

"ဟင့်ဟင်း- ဟင့်ဟင်း- ဟောက်ဝူးဟယ်၊ ဟောက်ဝူးဟယ်။ ဟ ဟင် ဝဝ ဟဲဟ၊ ဟောက်ဝါ၊ ဝုဟိ ဝူးဝုန်း၊ ဝူးဝုန်း၊ ဝူးဟဲ ဝူးဟယ် ဟူးဟဲ ဟူးဟယ်၊ ဟောက်ဟယ်"

"သောင်းရွှေ၊ သူဘာတွေပြောနေတာလဲကွ"

သောင်းရွှေ၏သူငယ်ချင်းများက တာတူး ဝူးဝါးဝါးနှင့် လက်ယမ်းယမ်း ခေါင်းယမ်းယမ်းနှင့် ပြူးတူးပြဲတဲကြောက်ကြောက်ရွံ့ရွံ့ပုံနှင့်ပြောနေသည်ကိုကြည့်ရင်း ရယ်မောရင်းမေးကြ၏။

"သူသောက်ဖူးတယ်လို့တော့ပြောတာပဲကွ။ ဘယ်တုံးကသောက်တာလဲတော့ မပြောတတ်ဘူး။ သူပြောတာ ငါမရှင်းဘူး။ ခုထိမူးတုန်း၊ မူးလည်းမူးတုန်း၊ ရူးလည်း ရူးတုန်းလို့ပြောတာ ထင်တာပဲ"

"အမယ် - သူ့အမေကို ကျွေးရတာကျ ကုသိုလ်ရသတဲ့။ ကုသိုလ်တွေ ဘာတွေ ဒီကောင်အသိကွ"

သောင်းရွှေ၏ သူငယ်ချင်းတစ်



www.burmeseclassic.com

www.burmeseclassic.com

ယောက်က ဝင်ပြော၏။

"အေးကွ၊ ဒီကောင်ရှူးသာရှူးသာ။ သူလုပ်နေတာတွေကြည့်ရင် ကောင်းမှုကုသိုလ်အလုပ်တွေချည်းပဲကွ"

သောင်းရွှေတို့အုပ်စု တစ်ယောက်တစ်ပေါက် တာတူးအကြောင်း ပြောကြခြင်း ဖြစ်၏။

"ဒီကောင် (၁၂) နှစ်သားလောက်ကစပြီး ဒီကုသိုလ်ကောင်းမှုတွေ လုပ်လာခဲ့တာကွ။ အဲ- ငယ်ငယ်ကတော့ သူလိုငါလို ရှူးတူးပေါတောချာတာကလေးတွေလိုပဲ နေလာတာ။ အဲဒီ (၁၂) နှစ်သားလောက်ကျတော့ ရွာဦးစေတီမှာ ထမင်းမစားဟင်းမစား (၃)ရက်လောက် သွားငိုနေတာကွ။ အဲဒီနောက်တော့ ခုအတိုင်း သူ့အမေကို ပြုစု၊ အများသောက်ရေအိုးတွေရေဖြည့်၊ အမှိုက်ကောက်၊ အမှိုက်လှည်းနဲ့ပေါ့ကွာ။ နေ့လယ်နေ့ခင်းလည်း မအိပ်ဘူးကွ။ အလုပ်ပဲ ရှာလုပ်နေတာ"

သောင်းရွှေက တာတူးအကြောင်း သူသိသမျှ ပြောပြ၏။

"ဒီကောင်အကြောဆွဲနေပုံက အမူးသွား ဒယီးဒယိုင်ဖြစ်နေပုံနဲ့ အတူသားကွ"

"အေး- အဲဒါပိုလီယိုတွေဘာတွေလည်းရှိတာမဟုတ်ဘူးကွ။ သန်သန်စွမ်းစွမ်းပဲ။ အကြောဆွဲပြီး အရက်မူးလို့ ယိုင်ထိုးနေသလိုသာဖြစ်နေတာ"

"အေးကွ၊ သူ့အကြောင်းမသိတဲ့သူဆိုရင် မူးလာတယ်လို့ထင်မှာပဲ"

❑

"မူးလိုက်တာ။ ကိုအောင်လှရယ်၊ မူးလိုက်တာရှင်"

ဒေါ်သင်းထုံ ထမင်းဝိုင်းမှအထ မတ်မတ်မရပ်နိုင်မီမှာပင် ခွေခေါက်လဲကျသွားရာ တင်ပျဉ်ခွေ ထမင်းစားနေသော ကိုအောင်လှ ကမန်းကတန်းထပြီး ဒေါ်သင်းထုံကို ပွေ့လိုက်ရင်း-

"သောင်းရွှေရေ၊ ဟေ့- သောင်းရွှေ၊ မြန်မြန်လာပါဟ။ ဒီမှာ မင်းအမေမူးလဲသွားလို့။ မြန်မြန်လာပါဟ၊ မြန်မြန်"

ဥယျာဉ်မှပြန်လာပြီး အိမ်ရှေ့ မန်ကျည်းပင်အောက်ကွပ်ပျစ်ပေါ်တွင် ငြိမ့်နေကြသောသောင်းရွှေတို့လေးယောက် အိမ်အတွင်း ပြေးဝင်လာကြလေ၏။

"အဖေ - ပေး၊ အဖေ၊ သားပွေ့သွားမယ်။ ပေး ပေး"

သောင်းရွှေ သူ့အမေ ဒေါ်သင်းထုံကို ပွေ့ယူပြီး သူ့မိဘတို့အိပ်ရာခုတင်ပေါ် အသာအယာ သွားချထားလိုက်လေ၏။

"ကဲ- သူငယ်ချင်းတို့၊ လုပ်ကြဦး။ စက်ဘီးနဲ့အမြန်သွား။ ဒေါက်တာဇော်ဝင်းကို သွားပင့်ချေကြ။ ငါ အိမ်ကပဲစောင့်နေမယ်"

"အေးအေး - အမြန်ဆုံးပြန်လာမယ်။ ဒေါက်တာဇော်ဝင်းက ဒီအချိန်သူ့ဆေးခန်းမှာ ရှိနေမှာပါ။ ကဲ- သွားပြီဟေ့"

သောင်းရွှေ၏ သူငယ်ချင်း သုံးယောက်တို့က (၄) မိုင်ခန့်ဝေးသော မြို့ရှိရာသို့ စက်ဘီးကိုယ်စီနှင့် တက်သုတ်နှင်ကြလေတော့၏။ သောင်းရွှေကမူ သူ့မိခင် ဒေါ်သင်းထုံ၏ ခြေသလုံးဘေးကြောများ၊ ခြေဖဝါးမှအကြောများကို နှိပ်နယ်ပေးရင်းကျန်ခဲ့လေ၏။ ဦးအောင်လှမှာမူ ခုတင်ဘေး ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း ပရိတ်တော်များကိုတတွတ်တွတ် ရွတ်ဆိုနေလေ၏။

ဦးအောင်လှရော ဒေါ်သင်းထုံပါ ရတနာသုံးပါးမြဲကြသူများ ဖြစ်သည့်အားလျော်စွာ အရေးအကြောင်းကြုံလျှင် ပထမဆုံး သတိရသည်က ရတနာသုံးပါးပင် ဖြစ်၏။

ဒေါ်သင်းထုံကား မူးလိုက်တာဟု ပြောသည်နှင့်ပင် သူ့ထုံးစံအတိုင်း မူးသည်ဟူသောဝေဒနာကို ရှုကြည့်လိုက်မိရင်းက သတိလစ်မေ့မြောသွားခြင်းဖြစ်လေ၏။

❑

ဒေါ်သင်းထုံ အမှောင်တွင်းမှ လင်းခနဲ မြင်လိုက်ရသည်က သူ့မိခင်ကြီး ဒေါ်နှင်းယုံ။ သူ့မိခင်ကြီးမှန်း သိလိုက်သော်လည်း ဒေါ်နှင်းယုံ ကွယ်လွန်စဉ်က အဘွားအိုရုပ်ရည်နှင့် မဟုတ်။ ချောမောလှပ နုပျိုလှသော ငယ်ရွယ်သူလေးအဖြစ် တွေ့ရခြင်းသာ ဖြစ်လေ၏။

"ဟဲ့ - သင်းထုံ၊ နင်လာရမယ့်အချိန် မဟုတ်သေးပါဘူး။ ဘယ့်နှယ်- အချိန်အခါမဟုတ်။ လာလည်ရအောင်ကလည်း. . ."

"အမေရေ၊ ရုတ်တရက်မူးလဲသွားရာက ဒီရောက်လာတာပဲ။ ဒီနေရာက ဘယ်လိုနေရာလဲ အမေ"

"အမလေး သင်းထုံရယ်၊ ရောက်သာလာတယ်၊ ဘယ်နေရာမှန်းလဲ မသိဘူးပေါ့။ ဒါ နတ်ပြည်"

"ရှင်- နတ်ပြည်"

ဒေါ်သင်းထုံ အံ့အားတသင့် 'ရှင်' လိုက်မိပြီး ဘေးဘီပတ်လည်သို့ အံ့သြတကြီး လှည့်ပတ်ကြည့်နေရင်း သူ့ပါးစပ်က 'နတ်ပြည်၊ နတ်ပြည်၊ နတ်ပြည်'နှင့် ပြောနေမိလေ၏။

"ဟုတ်တယ်လေ သမီးရဲ့၊ ဒါ တာ... ဝတိံသာနတ်ပြည်။ သမီးလာရမယ့်အ... ချိန်ကျရင်လည်း အမေ့သမီးအဖြစ်နဲ့... လာရမှာ သမီးရဲ့။ ဒါကြောင့် အခုလည်း... သမီး အမေ့ဗိမာန်ထဲ တန်းရောက်လာ... တာပေါ့"

ဒေါ်သင်းထုံ အံ့သြနေသလို ဝမ်း... လည်းသာနေမိ၏။ သူ ဗိမာန်ကြီး၏... ပြတင်းပေါက်ရှိရာသို့ လျှောက်သွား၏...

"သမီးသင်းထုံ၊ အပြင်ကို ကြည့်... ချင်လို့လား။ လာ"

ဒေါ်နှင်းယုံ တစ်ဖြစ်လဲ အလွ... လှပနုပျို ချောမောသော နတ်သမီးနှ... ယုံ၏ စကားဆုံးသည်နှင့် ဒေါ်နှင်း... ဒေါ်သင်းထုံတို့ သားအမိနှစ်ဦးစ... ဗိမာန်ကြီး၏အပြင်ဘက်သို့ ရောက်သွား... ကြလေ၏။

အပြင်ဘက်တွင်ကား ချောမော... လှပ နုပျိုသော နတ်သမီး၊ နတ်သားများ... ဟိုဟိုဒီဒီ သွားလာနေကြသည်ကို လည်း... ကောင်း၊ ရွှေရောင်, စိန်ရောင်, ကျောက်... သံပတ္တမြားရောင်တို့ဖြင့် တဝင်းဝင်း... တောက်ပနေသည့် ဗိမာန်ကြီးများ... လည်းကောင်း ဒေါ်သင်းထုံ တအံ့တ... မြင်တွေ့ရလေ၏။

"နတ်ပြည်ဆိုတာတကယ်ရှိတယ်... ဒါ အခု သမီးလက်တွေ့ပဲ သမီး။ သမီး... တို့ ရတနာသုံးပါး မြဲတယ်။ သ... ဝိပဿနာအလုပ်တွေ လုပ်တယ်။ အမေ... လည်း ဒီလိုပဲ။ ရတနာသုံးပါးမြဲတယ်... သမထဝိပဿနာအလုပ်တွေလုပ်တယ်... ဒီတော့ ဒီတာဝတိံသာနတ်ပြည်... ရောက်ခဲ့တယ်"

ဒေါ်သင်းထုံက ဒေါ်နှင်းယုံ ... သည်ကိုလည်း နားထောင်ရင်း သူ့... သမျှ ချောမောလှပ နုပျိုတောက်ပ... လက်နေသည့် နတ်သား၊ နတ်သမီး... ကိုလည်း ငေးမောရင်း ရွှေငွေကျောက်... သံပတ္တမြားတို့နှင့် လှပလွန်းနေသ... ဗိမာန်ကြီးများကိုလည်းတအံ့တသြ... ရင်း ခြေမလှမ်းရဘဲ တရွေ့ရွေ့သွား... သည်ကိုပင် သတိမထားမိနိုင် ဖြစ်... လေ၏။

တစ်နေရာအရောက်တွင် ... ရွှေ ငွေ၊ ကျောက်သံပတ္တမြားတို့နှင့် ... တင့်တယ်သည့် ဗိမာန်ကြီးတစ်... နတ်သမီးအများအပြား တစ်စုံတစ်... စောင့်မျှော်နေကြဟန်နှင့် ပျော်ရွှင်... မော တသောသောဖြစ်နေကြသည်... ဒေါ်သင်းထုံ တွေ့မြင်ရလေ၏။

ထိုဗိမာန်မှ နတ်သမီးများ... ယုံနတ်သမီးကို မြင်ကြသည်... အလွှားလာကြပြီး နှင်းယုံနတ်သမီး...



www.burmeseclassic.com

www.burmeseclassic.com

အပြန်အလှန် ပြောဆိုနေကြလေ၏။ သို့သော် သူတို့စကားသံများကို ဒေါ်သင်းထုံ မကြားရ။ ပျော်ရွှင်စွာပြောဆိုနေကြသည့်အမူအရာတို့ကိုသာ သူမြင်နေရခြင်း ဖြစ်၏။

သူတို့အမူအရာများကို မြင်နေရသောဒေါ်သင်းထုံမှာ အကျိုးအကြောင်းသိလိုလှသဖြင့် သူ့မိခင် နှင်းယုံနတ်သမီးကို မေးကြည့်မိလေ၏။

"ဪ- ဒီဗိမာန်ရှင်နတ်သားက လူ့ပြည်မှာပဲရှိနေသေးတာလေ။ ဒီက သူ့ကိုပြုစုရမယ့်အခြွေအရံနတ်သမီးတွေက ဗိမာန်ရှင်နတ်သားကို စောင့်မျှော်နေကြတာလေ"

"ဟင် - အမေကလည်း၊ ဒါဆို ဒီဗိမာန်ရှင်နတ်သား ဒီကိုရောက်တာနဲ့ ဒီက နတ်သမီးတွေက မယ်ကြီးအိုတွေဖြစ်ကုန်တော့ဘူးလား အမေ ဟင်"

"သမီးရဲ့၊ တာဝတိံသာက နတ်သမီး၊ နတ်သားဆိုတာ အိုတယ်လို့ မရှိဘူး။ ကုသိုလ်ကံအလျောက် စ,ဖြစ်ခဲ့တဲ့အရွယ်ပဲ။ နတ်သက်စေ့လို့ နတ်သက်ကြွေချိန်မှာလည်း ဒီအရွယ်၊ ဒီပုံစံနဲ့ပဲ ရှုန်းခနဲ ပျောက်ကွယ်သွားပေါ့ကွယ်"

"ဟင်-နတ်သက်ကြွေတော့ ဘယ်ရောက်သွားတုံး အမေ"

"အဲဒါလည်း သူ့ကုသိုလ်ကံ၊ အကုသိုလ်ကံ အကျိုးပေးအတိုင်းပေါ့ကွယ်။ တချို့လည်း လူဖြစ်၊ တချို့လည်း တာဝတိံသာထက်မြင့်တဲ့နတ်ဖြစ်၊ တချို့လည်း နိမ့်တဲ့နတ်ဖြစ်၊ တချို့လည်း ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်သွားပေါ့"

"ဟင်- ကြောက်စရာပါပဲရော"

"အေး- မြင့်သည်ထက်မှ မြင့်ချင်ရင်တော့ ကာမဂုဏ်တွေပြည့်နေတဲ့နတ်ဘဝမှာ မိန်းမူးပျော်ပိုက်မနေဘဲ သုဓမ္မာဇရပ်မှာ အရိယာနတ်ကြီးတွေ တရားဟောတာကိုသွားနာ၊တရားနဲ့မွေ့လျော်။ ဒါဆိုရင်တော့ အပါယ်မကျဘဲ မြင့်သည်ထက်မြင့်နိုင်တာပေါ့ သမီးရယ်"

"ဟင်း- လူဖြစ်ဖြစ်၊ နတ်ဖြစ်ဖြစ် တရားနဲ့မကင်းပါမှ တော်ကာကျတာပါနော် အမေ"

"မြတ်စွာဘုရားရှင်လက်ထက်က သိကြားမင်းကြီးဟာ တရားနာရင်း အရိယာအဖြစ်ရောက်သွားတော့ သိကြားမင်း နတ်သက်ကြွေပြီးပြီးချင်း သိကြားမင်းပဲ ထိုင်တရားနာလျက်က ဆက်ဖြစ်တာတဲ့။ ဒါကို ဘုရားရှင်နဲ့ အင်မတန်တန်ခိုးကြီးတဲ့နဘ်မင်းကြီးတွေပဲ သိလိုက်ကြရတယ်။ သာမန်နတ်တွေကတော့ စောစောက စ,တရားနာခဲ့တဲ့ သိကြားမင်းပဲလို့ သိကြားမင်းတစ်ပါးတည်းအဖြစ်ပဲ မြင်ကြ၊ ထင်ကြတာပေါ့ကွယ်"

"တရားတော်ရဲ့ တန်ခိုးတော်ဟာ အစိန္တေယျပါပဲနော် အမေ"

"အေး - ရတနာသုံးပါးရဲ့တန်ခိုးတော်၊ ဂုဏ်တော်တွေဟာ အစိန္တေယျပါပဲကွယ်"

"ဪ- အမေ၊ ဟိုဗိမာန်အသစ်က နတ်သမီးတွေ မျှော်နေတဲ့ နတ်သားက အခု ဘယ်မှာလဲ အမေ။ အမေ ပြောပြနိုင်မလား"

"ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ ဆိုတာ နတ်တွေပိုင်ဆိုင်တဲ့ စွမ်းရည်တွေပေါ့ကွယ်။ နတ်တစ်ယောက်နဲ့တစ်ယောက် တန်ခိုးစွမ်းရည်ချင်းတော့ မတူကြဘူးပေါ့ သမီးရယ်။ အမေ့ဒိဗ္ဗစက္ခုနဲ့ ကြည့်ရ မြင်ရတဲ့သူ့အကြောင်းပြောပြရင် သမီး အံ့ဩသွားလိမ့်မယ်"

❑

"တကယ့်ကို အံ့ဩစရာပါပဲ ဦးအောင်လှ။ ကျွန်တော် ရောက်ရောက်ချင်း စမ်းသပ်ကြည့်တော့ မျှော်လင့်ချက်မရှိဘူးတောင် ထင်ရတာ။ အခု အကောင်းအတိုင်း သတိရလာပြီဗျာ။ သွေးခုန်၊ နှလုံးခုန်၊ အားလုံးပုံမှန်ပဲဗျာ"

ဒေါက်တာဇော်ဝင်းက သတိရစပြုလာသည့် ဒေါ်သင်းထုံကို စမ်းသပ်ကြည့်ပြီး ပြောလိုက်၏။

"ဒေါက်တာ့ကိုသွားခေါ်တဲ့အချိန်၊ အမေ သတိစ,လစ်တဲ့အချိန်ကနေ အခုဆို (၃) နာရီကျော်ကျော်လောက် ကြာတယ် ဒေါက်တာ"

သောင်းရွှေက သူ့လက်ပတ်နာရီကိုကြည့်ပြီး ပြောလိုက်၏။

"ကဲ - ဒေါ်သင်းထုံ၊ ဘယ်လိုနေသေးလဲ"

ဒေါက်တာဇော်ဝင်းက သတိရလာပြီဖြစ်သော ဒေါ်သင်းထုံကို မေးလိုက်၏။

"ကောင်းပါတယ် ဆရာ၊ ကျွန်မ မူးတာမော်တာ ဘာမှမရှိပါဘူး"

"အမေ စောစောက မူးလဲပြီး သတိလစ်နေတာ အမေ"

သောင်းရွှေက ဘေးနားမှ ဝင်ပြောလိုက်၏။

"အေးပါ - သားရယ်၊ အခုတော့ အမေ အားလုံးကောင်းပါတယ်"

"ကဲ- ကျွန်တော် အားဆေးပေးခဲ့မယ်။ ဒေါ်သင်းထုံ၊ ဒီအားဆေးလေးတွေတော့ မှန်မှန်သောက်ပေါ့နော်"

"ဟုတ်ကဲ့ပါရှင်"

ဒေါက်တာဇော်ဝင်း ဒေါ်သင်းထုံကို အားဆေးအချို့ပေးပြီး သူ့ဂျစ်ကားလေးနှင့် မြို့သို့ပြန်သွားလေ၏။

"မေသင်းထုံ၊ နေကောင်းပြီနော်"

ဦးအောင်လှက ခုတင်ဘေးနားမှာရပ်ရင်း မေး၏။ သောင်းရွှေက ဒေါ်သင်းထုံ၏ခြေထောက်တို့ကို နှိပ်နယ်ပေးနေ၏။ သောင်းရွှေ၏သူငယ်ချင်းများမှာ ဒေါက်တာ့ကို အိမ်ရှေ့သို့ လိုက်ပို့ပေးပြီး အိမ်ရှေ့မန်ကျည်းပင်အောက် ကွပ်ပျစ်ပေါ်ထိုင်ကာ ထွေရာလေးပါး ပြောဆိုနေကြ၏။

"ကိုအောင်လှရယ်၊ သိပ်ထူးဆန်းတာပဲတော် သိလား။ ကျွန်မလေ၊ အမေ့ကို တွေ့ခဲ့ရတယ်"

"အာ- အမေကလည်း၊ သတိလစ်နေတုန်း ကယောင်ကတမ်းတွေ မြင်မှာတွေ့မှာပေါ့ အမေရာ"

ဦးအောင်လှက ဘာမှမပြော။ သောင်းရွှေကသာ ဝေဖန်ရေးလုပ်နေခြင်း ဖြစ်၏။

"ငါ့သား၊ မင်း ရတနာသုံးပါးရဲ့ကျေးဇူးကို မင်းမသိဘူးနော်။ မင်းဘာသာရေးမှာ ပေါ့ပေါ့လုပ်မနေနဲ့။ အေးလေ၊ နောက် (၅) နှစ်ရှိရင် မင်း ရတနာသုံးပါးရဲ့ကျေးဇူးကို မျက်ဝါးထင်ထင် တွေ့ရမှာပါ။

ကိုအောင်လှ၊ ကျွန်မကို တာတူးကို ခဏခေါ်ပေးပါလား။ ပြီးရင် သူနဲ့ကျွန်မ နှစ်ယောက်တည်း ပြောစရာရှိလို့"

သောင်းရွှေရော ဦးအောင်လှပါ အံ့ဩသွားကြ၏။ သူတို့ ဘာမှမပြောကြ။ တာတူးကိုသာ သွားခေါ်ပေးလိုက်ကြ၏။

တာတူး ရောက်လာသောအခါ ဒေါ်သင်းထုံနှင့် တာတူး နှစ်ယောက်တည်းတွေ့ပေးလိုက်ကြ၏။ အရှူးမို့ စိတ်မချသော သောင်းရွှေက မြင်သာသောနေရာမှ ကြည့်နေ၏။

တာတူးက ခုတင်ဘေးမှ မတ်တတ်ရပ် လက်အုပ်ကလေးချီလျက်။ ဒေါ်သင်းထုံက ခုတင်ပေါ်မှ ပြုံးပြုံးရွှင်ရွှင်နှင့် တတွတ်တွတ်ပြောနေ၏။ သူတို့နှစ်ဦး စကားဝိုင်းကလေး ခဏတာပြောအပြီး တာတူး ဒေါ်သင်းထုံကို ထိုင်ကန်တော့ကာ ယို့ယို့ကျို့ကျို့လေး ပြန်သွား၏။

တာတူး ပြန်သွားသည်နှင့် ဒေါ်သင်းထုံက ဦးအောင်လှကိုရော သောင်းရွှေကိုပါ နောက် (၅) နှစ်အကြာ ကဆုန်လတွင် အားလုံး အိမ်တွင် စုစုစည်းစည်း ရှိကြစေရန် အသေအချာ မှာကြား၏။ အထူးသဖြင့် ထိုအချိန်တွင် သောင်းရွှေ



www.burmeseclassic.com

www.burmeseclassic.com

မည်သို့မဆို အိမ်သို့ပြန်လာရန် အသေအချာ မှတ်သားထားရန် လေးလေးနက်နက် မှာကြားလိုက်လေ၏။

"အမေ၊ နောက် (၅) နှစ် ကဆုန်လမှာ အိမ်ကို ပြန်မလာမနေရဆိုတော့ . . ."

"ဟဲ့- သောင်းရွှေ၊ စကားမရှည်နဲ့။ နင် မသေမှ။ မသေသေးရင် မလာမနေရ လာကိုလာရမယ်။ နင်မလာဘဲလည်း နေနိုင်မှာ မဟုတ်ပါဘူး"

ဒေါ်သင်းထုံက သောင်းရွှေကို ပြောအပြီး မျက်စိမှိတ်ကာ သူ့အမှတ်ကလေးနှင့်သူ နေနေလေတော့၏။

❑

မျက်စိမှိတ်ကာ သူ့အမှတ်ကလေးနှင့်သူနေနေသော တာတူး၏ မိခင်ကြီး မျက်စိဖွင့်ကာ ပက်လက်ကလေးမှ ရင်ဘတ်ပေါ် လက်အုပ်ချီကာ မျက်စိမှိတ်မှိန်းနေသည့် တာတူးကိုကြည့်လိုက်၏။

"တာတူး၊ သား နေသာရဲ့လား"

"ဟောင်းဟယ်၊ ဟဟယ်၊ မေး- ဟမ်းဟဲဟဲ့"

"အမေ တရားရှိပါတယ် သား။ ဒါ လူတိုင်းသွားကြရမယ့်လမ်းပဲ။ အခု သားက အရင်သွားပြီး အမေက နောက်က လိုက်ရမှာပဲ"

တာတူး အသက် (၂၅) နှစ်ပြည့်ပြီ။ ကဆုန်လ။ တာတူး နေမကောင်းဟု ကြားသည်နှင့် ဦးအောင်လှနှင့်ဒေါ်သင်းထုံသာမက သောင်းရွှေနှင့် သူ့အပေါင်းအသင်းတွေပါ ရောက်လာကြ၏။

အသက်ကလေး ဖုတ်လိုက်ဖုတ်လိုက်ရှုနေရသော တာတူးက ပြုံးပြုံးကြီးနှင့် လက်အုပ်ချီလေး ရင်ဘတ်ပေါ် တင်ရင်းက သူ့မိခင်ကို ပြောလိုက်၏။

"မေး-မေး-မေး,ဘ,ဒီ၊ ဝိုး,ဟော်၊ ဟစ်၊ အား-ဝိုး, ဟော်ဝါး,ဟယ်"

တာတူး တစ်လုံးချင်း လေးလေးကြီးပြော၏။ တာတူး၏မိခင်ကြီးက သူ့သား ခေါင်းအုံးနားမှ စိပ်ပုတီးကိုယူပြီး အိမ်အပြန်ထွက်သွား၏။ ဦးအောင်လှတို့တစ်အုပ်ကြီး တာတူးအမေ့နောက်က လိုက်သွားကြ၏။

တာတူး၏အမေက အိမ်ရှေ့ကပြင်ပေါ်မှ စိပ်ပုတီးကို ကောင်းကင်သို့ ပစ်တင်လိုက်၏။ စိပ်ပုတီးကား ပြန်ကျမလာ။ ကောင်းကင်ထက် ဝါးတစ်ရိုက်ကျော်ကျော်ခန့်တွင် အမှိုအတွယ်မမြင်ရသောလေထဲတွင် တန်းလန်းကလေး။

ဒေါ်သင်းထုံရော တာတူး၏မိခင်ကြီးပါ လေထဲတွင် တွဲလောင်းချိတ်နေသည့် စိပ်ပုတီးကို မထူးခြားသလို ပြုံးကြည့်နေကြသော်လည်း သောင်းရွှေတို့ လူငယ်တစ်စုမှာ ပါးစပ်အဟောင်းသားနှင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြရင်း အံ့သြတကြီးဖြစ်နေကြလေ၏။

လေထဲမှ စိပ်ပုတီးလေး တဖြည်းဖြည်း ကောင်းကင်သို့ တက်သွားရာ မျက်စိတစ်ဆုံး စိပ်ပုတီးကလေးကို မမြင်ရတော့မှ အားလုံး အိမ်အတွင်း ပြန်ဝင်လာကြ၏။

"သားလေး၊ သွားပြီ"

တာတူးမိခင်က တာတူးဘေးတွင် ထိုင်ချရင်း အေးအေးဆေးဆေး ပြောလိုက်၏။

"သူတော်ကောင်းကလေး သုဂတိဘဝ နတ်ပြည်နတ်ရွာသွားပြီ ဆိုတာ အသေအချာသိရတော့ ဝမ်းသာမိပါရဲ့တော်"

ဒေါ်သင်းထုံက တာတူးမိခင်ဘေးတွင် ထိုင်ချရင်း တာတူးမိခင်ကို ပြောလိုက်၏။

"ကဲကဲ- တာတူးတို့အမေရေ၊ တာတူးနာရေးကိစ္စအားလုံး ကျွန်တော်တို့ကပဲ အစစ တာဝန်ယူမယ်နော်"

ဦးအောင်လှက တာတူး၏ အလောင်းကို စူးစိုက်ကြည့်နေသည့် တာတူး၏မိခင်ကြီးကို ပြောလိုက်၏။

"သာဓုပါတော်၊ သာဓုပါ၊ သာဓုပါ"

တာတူး၏မိခင်ကြီးက ဦးအောင်လှကို လှည့်မကြည့်ဘဲ သာဓုခေါ်လိုက်လေ၏။

❑

"ဦးလေးသောင်းရွှေကလည်း သေသေချာချာ ရှင်းပြပါဦးဗျ။ ကျွန်တော် သိပ်နားမလည်ဘူး"

ကျွန်ုပ် စာပေသင်ယူနေသည့် ရေနံချောင်းမြို့ သပြေတန်းရပ်ရှိ ပေါင်းလင်းကျောင်းတိုက် သာသနာ့မဏ္ဍိုင်ကျောင်းသို့ ဝါတွင်းကာလ ဥပုသ်နေ့တိုင်း လာရောက် သီလယူ ဥပုသ်စောင့်သည့် ဦးသောင်းရွှေကို ထိုစဉ်က (၁၀) နှစ်သားအရွယ်ကျွန်ုပ်က မေးမြန်းလိုက်ခြင်း ဖြစ် ၏။

"ဒီလိုကွ ကောင်လေးရဲ၊ တာတူးက အရင်ဘဝက အရက်သမားကြီးတဲ့ကွ။ တစ်နေကုန် မူးနေတာတဲ့။ သေတော့လည်း မူးကြောင်ရူးကြောင်နဲ့ သေတာတဲ့။ အဲဒါ အခု တာတူးဘဝမှာ အရူးလာဖြစ်တာတဲ့။ ဒါပေမယ့် အရက်သမားဘဝမှာ ဘယ်လောက်မူးမူး ရတနာသုံးပါးနဲ့ မိဘ၊ ဆရာသမားတော့ ရိုသေလေးစားသတဲ့။ ညတိုင်းလည်း အမူးပြေတာနဲ့ ထပြီး ဘုရားရှိခိုးတာပဲ တဲ့။

အရင်ဘဝက မူးလွန်းလို့ ဒီဘဝမှာ အရူးလာဖြစ်ပေမယ့် ရတနာသုံးပါးနဲ့ မိဘ၊ ဆရာသမားကိုရိုသေတဲ့ကုသိုလ်ကံ၊ အမူးပြေတာနဲ့ ရတနာသုံးပါး[illegible] တန်းသတိရတဲ့ ကုသိုလ်ကံတွေ[illegible] ထောက်ပံ့တော့ အသက် (၁၂) နှစ်[illegible] မှာ သူ့အရင်ဘဝကို အလိုလိုသတိရ[illegible] အရင်ဘဝက အကုသိုလ်ကံအကြော[illegible] ဘယ်လိုကုသိုလ်ကံနဲ့ဆပ်ရမယ် ဆို[illegible] သိလိုက်ပြီး ကုသိုလ်ကံတွေကို မ[illegible] မနေ လုပ်လိုက်တာပေါ့ကွာ။

ကုသိုလ်ကံ ဆိုတာ အကုသိုလ်[illegible] ထက် အားကြီးတယ်ဆိုတာ မင်းလ[illegible] သင်နေရသားပဲ။ အခုဘဝ ကုသိုလ်[illegible] တွေက အရင်ဘဝအကုသိုလ်ကံအ[illegible] ကို ကျေရုံမကဘူး၊ နတ်ပြည်ကိုပါ ပို့[illegible] လိုက်တာပေါ့ကွာ။

အဲဒါ တာတူးက ပေးခဲ့တဲ့ သ[illegible] ခန်းစာကြောင့် ဦးလေးလည်း အ[illegible] ဖြတ်၊ သီလမြဲအောင်နေ၊ ပရဟိတ[illegible] ငန်းတွေလုပ်နဲ့ ကောင်းအောင်နေ[illegible] ပေါ့ မောင်ရာ"

"ဒီလိုတွေသိရအောင် တာတူး[illegible] လည်း ပြောမသွားနိုင်ဘဲနဲ့. . ."

"ဟ - ကောင်လေးရဲ၊ ငါ့အ[illegible] ဒေါ်နှင်းယုံနတ်သမီးက ငါ့အမေ [illegible] သင်းထုံကို ပြောပြလိုက်တာတွေ[illegible] ကွာ။ အမေက သူ့သတိရရချင်း [illegible] ကို ပြောမပြဘဲ စိပ်ပုတီးလေး တာ[illegible] သာသွားနတ်ရထားမှာ ပါသွားတာ[illegible] လက်တွေ့ပြပြီးမှ တို့တွေကို ရှင်းပြ[illegible] ကွ"

"ဦးလေးသောင်းရွှေရဲ့ အ[illegible] ကော. . ."

"ဟ- သူ့ဆုံးတော့လည်း သူ[illegible] မှာကို အချိန်အတိအကျ အေးအေး[illegible] ဆေး ပြောဆို ရေမိုးချိုးပြီးမှ ဆုံး[illegible] တာကွ။ ဒါက ဝိပဿနာရဲ့တန်ခိုး[illegible] ကွာ။

ကဲ- ဒီတော့ မင်းမှတ်ထား[illegible] အရက်သမားများဟာ နောက်ဘ[illegible] မှာ အရူးဖြစ်တတ်တယ်။ မရူးချ[illegible] မမူးနဲ့၊ မသောက်နဲ့။ မူးတာများ [illegible] ဘဝတွေအထိ မူးနေ၊ ရူးနေသေး[illegible] တယ်ဗျား။ ရတနာသုံးပါး၊ မိဘ၊ [illegible] သမားများနဲ့ သက်ကြီးဝါကြီးတွေကို [illegible] ပြီး ပရဟိတအလုပ်တွေလုပ်၊ [illegible] ဝိပဿနာကိုလုပ်။ ဒါမှ ကော[illegible] သုဂတိရောက်မှာပေါ့။ နတ်လမ်း[illegible] ပေါ့၊ နတ်ပြည်ကို လမ်းဖောက်[illegible]

[illegible]သာကြ[illegible]



www.burmeseclassic.com

www.burmeseclassic.com

၁၆၁၄ ခုဒွ် ဂျာမနီနိုင်ငံ ကပ်ဆယ် တွင် စာတမ်းတစ်စောင် ဝေငှခဲ့၏။ စာတမ်း၏ ရှည်လျားလှသော ခေါင်း မှာ THE GENERAL REFORMA- TION OF THE WHOLE WIDE WOR- LD ဟူ၍ဖြစ်၏။ ရိုစီခရော့၏ဖာမာမက် နုတီဖြစ်သူ မစ္စတာဟက်စီမီးယား ဥရောပတိုက်တစ်ခုလုံးရှိ စာတတ် တတ်ပုဂ္ဂိုလ်အားလုံးနှင့် အချုပ်အခြာ အာဏာပိုင်သူများအားလုံးတို့ထံ စာတို တစ်စောင် ပေးပို့ခဲ့၏။ ထိုကိစ္စကြောင့် REFORMATON OF THE WHOLE WIDE WORLD တွင် RAGGUAGU DI PARNASO ဟု ဂျာမန်ဘာသာပြန်ခဲ့၏။ ၁၆၁၂-၁၃ ခုနှစ်၌ အီတလီကျမ်းပြုသူ ထရီယာနိုဘော်ကာလီနီက RAGGU- AGU အဖြစ် အီတလီဘာသာပြန်ခဲ့၏။ နာမည်ကျော်ပုဂ္ဂိုလ်တစ်စုက တစ်ကမ္ဘာ လုံး သိက္ခာကျဆင်းမှုကိုကုစားရန် နည်း လမ်းရှာဖွေသည့်အနေဖြင့် အပိုလိုထံ အကူအညီတောင်းကြ၏။ အပိုလိုသည် ပါနာဆိုတောင်၌နေထိုင်၏။ ဤကြေကွဲ သည့်အပိုဒ်တစ်ပိုဒ်တွင် ဖော်ပြသည်မှာ လူအများ ကိုယ့်ကိုယ်ကိုယ် . သတ်သေ လောက်အောင် ကမ္ဘာကြီးတွင် အခြေ အနေဆိုးနေပြီဟုသိလိုက်ရသော အပို လိုသည် လူသားတို့၏ကိစ္စများကို ပြန် လည်ပြုပြင်ရန် ဆုံးဖြတ်လိုက်၏။ ဤ အချက်ကို စိတ်ထဲ၌ထားပြီး သူက ရှေး ခေတ်ဂရိသူတော်စင် (၇) ဦးကို တိုင်ပင် ခဲ့၏။ ထိုအသီးသီးသောပုဂ္ဂိုလ် (၇) ဦး တို့က သူတို့၏နည်းအသီးသီးကိုပေးကြ ၏။ ထိုအကြံများမှာလည်း တစ်နည်း

# ဆရာဦးသက်ထွန်းလင်း (အာယုဗေဒ) ၄၂

# ရိုစီကာရှုစီယန်အဂ္ဂိရတ်ပညာ



ထိုသူအား ဂျီဆုတို့က ထောင်ချ၍ ကြီးဖြင့် ခြေ၊ လက်တို့ကို ခတ်ထား ၏။ ယခုအခါတွင် ထိုစာကို ရှုဖြောင့် သူအားလုံးကြည့်နိုင်ရန် ပုံနှိပ်ထား၏။ စာတမ်းခေါင်းစဉ်တွင်ပါရှိသည့်အတိုင်း အပိုင်း (၃) ပိုင်းပါရှိ၏။ ၎င်းတို့မှာ -

(၁) တစ်ကမ္ဘာလုံးကို ယေဘုယျ ပြုပြင်ပြောင်းလဲခြင်း၊
(၂) ဖာမာဖရက်တာနစ်တစ်၊
(၃) အဒမ်ဟက်စီမီယာသို့ ပေးပို့သည့် စာတိုတစ်စောင် ဟူ၍ ဖြစ်၏။

ဤကျမ်း၏ အဓိကအာရုံစူးစိုက် ကဏ္ဍမှာ ဒုတိယကဏ္ဍဖြစ်၏။ အမှန် ဂျာမနီတွင် ဖာမာဖရာနုတီနှင့် ၎င်း ရေးသားသူအကြောင်း ပြောဆိုနေကြ ၏၊ ၁၆၁၀ ပြည့်နှစ်တွင် THE BRO- THER HOOD OF THE NOBLL OR- DER OF THE ROSY CROSS များက ရေးသားခဲ့၏ဟု ဆိုကြ၏။ လက်ရေးဖြင့် ရေးသားသည့် ဖာမာကိုယ်တိုင် ပေါ်လာ သည်အထိ ဖြစ်၏။ ထိုလက်ရေးစာမူကို သတ်စောင်ရေအဖြစ် ရိုက်နှိပ်ထုတ် သော်လည်း ၎င်းနှင့်ပတ်သက်၍ များ စွာ ဆွေးနွေးပြောဆိုကြ၏။ ၁၆၁၂ ခုနှစ် တွင် SHORT RESPN-SION ကျမ်းကို ပထမဆုံးအကြိမ် ပုံနှိပ်ခဲ့၏။ ကပ်ဆယ် တွင် ၎င်းကိုထုတ်ဝေသော လက်ရေး စာမူမှာ စာပေခိုးယူမှုတစ်ရပ်ဖြစ်ပြီး အချိန်ကာသတိမပြုမိခဲ့ကြချေ။ စာအုပ် ၏ ပထမကဏ္ဍဖြစ်သည့် GENERAL

ဖွယ်ဇာတ်လမ်းကို ပြောရခြင်းမှာ ကမ္ဘာ ကြီး၏သိက္ခာကျဆင်းမှုကို ဖော်ပြသည့် အနေဖြင့် ဟန်လုပ်၍ပြောခြင်းသာ ဖြစ် ၏။

ဖာမာဖရက်နက်တီနာရေးတစ် အတွက် ရိုစီကာရှုစီယန်တို့ ရွေးချယ်ထား



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်တစ်နည်း လုပ်ဆောင်ရန် မဖြစ်နိုင်သဖြင့် နောက်ဆုံး၌ အပိုလိုသည် ကမ္ဘာကြီးကိုပြုပြင်ရန် ဟူသော သူ၏ မူလရည်ရွယ်ချက်ကို စွန့်လွှတ်လိုက်ရ၏။ ထိုပုဂ္ဂိုလ်ကြီး (၇) ဦး၏စွမ်းရည်မှာလည်း ထိုအချိန်ထိုကာလ၌ ဂေါ်ဖီထုပ်၊ ငါးသေတ္တာ၊ ရွှေဖရုံသီးတို့၏ဈေးနှုန်းများကို ကန့်သတ်နိုင်ရုံမျှသာရှိ၏။ ဤစာပိုဒ်တွင် ပါရှိသည့် ယုံကြည်ချက် (၂)မျိုးမှာလည်း ၁၇ ရာစု၏ ပညာတတ်လူတန်းစားများနှင့်ကိုက်ညီနေလေသည်။ ပထမအချက်မှာ ကျယ်ပြန့်ခြားနားသော နိုင်ငံရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုများနှင့် လူသားတို့၏ ဘဝကျန်းမာပျော်ရွှင်ရေးတို့ ဖြစ်၏။

ဒုတိယအချက်မှာ ဤသို့သောပြုပြင်ပြောင်းလဲမှုမျိုးသည် လက်ရှိယဉ်ကျေးမှုအခြေခံပေါ်တွင် မဖြစ်နိုင်သောအကြောင်းပင်ဖြစ်၏။ ဤကိစ္စတွင် ဂမ္ဘီရမှော်ပညာ သဘာဝလွန်ဖြစ်သောကိစ္စများနှင့် လုံးဝမဆိုင်ခြင်းပင် ဖြစ်၏။

ဖာမာမက်တာနတီ၏ ပုံစံနှင့် အကြောင်းအရာတို့မှာ အခြားကိစ္စ ဖြစ်၏။ မကြာမီပင် စာရွက်စာတမ်းများအရ ရိုစီ ကရော့၏ဇာတ်လမ်းများနှင့် ပတ်သက်သော ထင်မြင်ချက်အများအပြားကို ဖြစ်ပေါ်စေလေသည်။ ရိုစီကရော့ကို စတင်တည်ထောင်သူ၏ ဇာတ်လမ်းကို ဖော်ပြရာ၌ ထိုသူမှာ ရိုစီကရု ဖြစ်၏။ ၁၃၇၈ ခုနှစ်တွင် ဂျာမနီနိုင်ငံ၌ မွေးဖွားခဲ့ပြီး ဘုန်းကြီးကျောင်းတွင် ကြီးပြင်းလာသူ ဖြစ်၏။

လူငယ်ဘဝ၌ ထိုသူသည် အရှေ့အလယ်ပိုင်းဒေသများသို့သွားရောက်ခဲ့၏။ ထိုဒေသမှပညာရှိများသည် အချင်းချင်း စုဝေးတိုင်ပင်လေ့ရှိကြောင်း သူတွေ့ခဲ့ရ၏။ အနောက်တိုင်းပညာရှင်များကမူ တတ်သမျှသိသမျှကို မိမိကိုယ်တွင်း၌သာ သိမ်းဆည်းထားလေ့ ရှိ၏။ ဤသို့လှည့်လည်သွားရင်း ရိုစီကရုသည် မှော်ပညာ၊ ကာဗလာပညာ၊ သင်္ချာပညာ၊ ရူပဗေဒနှင့် အခြားအရှေ့တိုင်းပညာရပ်များစွာကို လေ့လာသင်ကြားခဲ့ရ၏။ ဤသို့ အသစ်ရရှိလာသော ပညာများသည်သာလျှင် ပေါင်းစပ်စုစည်းကာ ရိုစီကရော့၏ ယုံကြည်ချက်ကို ပို၍ခိုင်မာစေလေ၏။ ကမ္ဘာတစ်ခုလုံး၌ ထိုစုစည်းမှုကသာလျှင် လွှမ်းမိုးကြီးစိုးနိုင်သည်ကို ပို၍ယုံကြည်လာလေသည်။

သစ်စေ့တစ်စေ့တွင် သစ်ပင်ကြီးတစ်ပင်လုံး သို့မဟုတ် သစ်သီးတစ်ခုလုံး၏အစိတ်အပိုင်းများ၊ ဓာတ်များ ပါရှိနေသကဲ့သို့ လူသားခန္ဓာတွင်လည်း ကမ္ဘာတစ်ခုလုံး၏သဘာဝများနှင့် ဓာတ်များ ပါရှိနေလေ၏။ ဘာသာရေး၊ နိုင်ငံရေး၊ ကျန်းမာရေး၊ ခြေလက်အင်္ဂါများ၊ သဘာဝဘာသာစကား၊ စကားလုံးများနှင့် လူသားတို့၏အလုပ်များ အားလုံးသည် ဘုရားသခင်၏အခြေအနေနှင့် ကိုက်ညီရမည် ဖြစ်၏။ ဆိုလိုသည်မှာ ကောင်းကင်ဘုံနှင့် ကမ္ဘာမြေသည် တစ်သားတည်းဖြစ်နေရမည်။

ဥရောပသို့ ပြန်လည်ရောက်ရှိသောအခါ ရိုစီကရော့သည် သူတွေ့ရှိသမျှကို ဥရောပပညာရှင်များနှင့် ဆက်စပ်ပေး၏။ ယေဘုယျသဘောဆောင်သော ယဉ်ကျေးမှုပြုပြင်ပြောင်းလဲရေးကိုမျှော်လင့်ထား၏။ သို့ရာတွင် ဥရောပမှ ပညာတတ်ပုဂ္ဂိုလ်များကား သူ့အတွေးအခေါ်ကို လှောင်ပြောင်ခဲ့ကြ၏။ ထို့ကြောင့် သူသည် သူ၏ဌာနေ ဂျာမနီသို့ ပြန်လာခဲ့၏။ လျှို့ဝှက်ပညာရှင်များဖြင့် ပြုပြင်ပြောင်းလဲရေး၊ လူသားအချင်းချင်း ချစ်ကြည်ရေးတို့အတွက် အသင်းတစ်ခု ဖွဲ့စည်းခဲ့၏။ ထိုအသင်းကို ရိုစီကရူစီယန်ဟု အမည်ပေးခဲ့၏။ ရှေးဦးအဖွဲ့ဝင် (၃) ဦးအား ဘာသာစကားနှင့် မှော်ပညာဆိုင်ရာစာတမ်း ရေးသားရန် တာဝန်ပေးခဲ့၏။

ထို့ပြင် BOOK OF THE WORLD ကိုရေးသားရန် တာဝန်ပေးခဲ့၏။ နောက်ပိုင်းတွင် အခြားအဖွဲ့ဝင် (၄) ဦးတိုးလာ၏။ အဖွဲ့ဝင်အားလုံးသည် လုံလောက်သော ညွှန်ကြားချက်များကို ရရှိပြီးသောအခါ အမှန်တရားကို ကျယ်ပြန့်စေရန်အတွက် တစ်ဦးချင်းစီ လမ်းခွဲ၍ စည်းရုံးရေးပြုကြ၏။

အဖွဲ့ဝင်တစ်ဦးချင်းစီ၏တာဝန်မှာ နိုင်ငံတစ်နိုင်ငံဆီသို့ သွားရောက်၍ ထိုနိုင်ငံရှိ ပညာတတ်လူတန်းစား ရိုစီကရူစီယန်၏ဝါဒကို ဟောပြောကာ သုတပညာဖြင့် စမ်းသပ်၍ လေ့လာမှုပြုရန်ဖြစ်၏။ ထိုအတောအတွင်းတွင်ပင် အဖွဲ့ကြီး၏ အခြေခံစည်းမျဉ်းများကို ထုတ်ပြန်၍ အဖွဲ့ဝင်များသည် ၎င်းတို့၏ခရီးစဉ်၌ ဤစည်းမျဉ်းများကို လိုက်နာကြရမည် ဖြစ်၏။

ပထမဦးစွာ အဖွဲ့ဝင်များသည် မမာမကျန်းသူများအား အခမဲ့ပြုစုစောင့်ရှောက်ခြင်းမှတစ်ပါး အခြားမည်သည့်လုပ်ရှားမှုမျှမပြုရန် တားမြစ်ထား၏။ ၎င်းတို့သည် ၎င်းတို့ရောက်ရှိသည့်

နိုင်ငံ၏ထုံးစံအဝတ်အစားများကို ဝတ်
ဆင်ရမည် ဖြစ်၏။ တစ်နှစ်လျှင် တစ်
ကြိမ် အဖွဲ့အစည်းတည်ထောင်ဖွဲ့စည်း
သည့်နေ့ရက်သို့ရောက်တိုင်း အဖွဲ့ခေါင်း
ဆောင်၏အိမ်၌ လည်းကောင်း၊ ဘုရား
ကျောင်း၌ လည်းကောင်း စုဝေးတွေ့
ကြရမည်ဖြစ်၏။ အဖွဲ့ဝင်တိုင်းသည်
နေရာကို စိတ်ချယုံကြည်စွာဖြင့် လွှဲအပ်
နိုင်လောက်သည့်လူတစ်ဦးကို အမွေ
ပေး အဆိုပြုထားရမည်။ အဖွဲ့ဝင်များ
သည် ရိုစီကရူစီယန်ခံယူချက်ကို တစ်
တည်းသောသစ္စာတရားအဖြစ် လက်
ကျင့်သုံးရမည် ဖြစ်၏။ တစ်ဦးချင်း
သည် ညီရင်းအစ်ကိုလျှို့ဝှက်ချက်ကို နှစ်
ပေါင်း (၁၀၀) တိတိ ထိန်းသိမ်းရမည်
ဖြစ်၏။

၁၄၈၄ ခုနှစ်တွင် အသက် (၁၀
နှစ်၌ ခေါင်းဆောင်ဖြစ်သူ ရိုစီကရု ကွယ်
လွန်ခဲ့၏။ ၎င်း၏ ရုပ်ကလာပ်ကို လျှို့
ဝှက်တစ်နေရာ၌ မြှုပ်နှံခဲ့၏။ ထိုနေရာ
သည် ပကတိနေရောင်၏ထိတွေ့ခြင်း
မရှိသော်လည်း ဝိကတိနေ၏ အလင်း
ရောင်ကိုကားရနေ၏။ သူ၏ အုတ်ဂူနံ
များတွင် ထင်ရှားသောအရုပ်များ ရေး
ခြယ်ထား၏။ ဂူတည်ဆောက်ထားသည့်
ဂူအခင်းအပါအဝင် ဂူတစ်ခုလုံးကို ဂျ
မတြီသင်္ချာပညာပေါ်၌ အခြေပြုထား
၏။ ဂူ၏နေရာတိုင်း၌ အဖိုးတန်ပစ္စည်း
များရှိ၏။ ထို့အပြင် ရှားပါးကျမ်းများ
ကြည့်မှန်များ၊ မီးအိမ်များ၊ ခေါင်းလော
များနှင့် အခြားသောတူရိယာပစ္စည်းများ
ကလည်း သာယာနာပျော်ဖွယ်ဂီတ
ဖန်တီးပေးကြ၏။ ဤအံ့ဖွယ်များသည်
နောင်နှစ်ပေါင်း (၁၂၀) ကြာပြီး
အောင်ပင် ၎င်းတို့၏ မူရင်းမူလအ
အနေအတိုင်းရှိနေကြ၏။ အဖွဲ့ဝင်များ
သည် ကောင်းကင်ဘုံ၏ ညွှန်ကြား
ဖြင့် ကြာရှည်စွာ မေ့လျော့နေကြသော
ဂူကို တွေ့ကြရ၏။

ရိုစီကရု၏ဂူနှင့် ၎င်း၏သင်္ချိုင်း
များကို အသေးစိတ် ဖော်ပြပြီးနောက်
ဖာမာဖက်တာနီတစ်၏ ကြေညာချက်
မကြာမီ ကောင်းကင်ဘုံနှင့် ကမ္ဘာ
တွင် ပြုပြင်ပြောင်းလဲမှုများ ဖြစ်
တော့မည်ဟု အခိုင်အမာကောက်ချက်
ချထား၏။ ရိုစီကရုက လူသားအား
အား ဤပြောင်းလဲမှုတွင်ပါဝင်ရန်အတွက်
ဆက်သွယ်ကြရန် ဖိတ်ခေါ်ထား
ရောမအင်ပါယာ၏ စည်းမျဉ်းစည်း
များနှင့် ဘာသာရေးပြုပြင်ပြောင်း
များကို ရည်ရွယ်သည့် ဝါဒများအား



www.burmeseclassic.com

www.burmeseclassic.com

ကချူစီယန်က လိုက်နာ၏။ ထိုကြေညာချက်သည် ရိုစီကရူစီယန်၏ ပထမဆုံးကြေညာချက် ဖြစ်၏။ ၎င်းသည် အဂ္ဂိရတ်ပညာနှင့် များစွာသက်ဆိုင်နေသည်။ ရိုစီကရူစီယန်သည် ၎င်း၏ ယဘုယျခံယူချက်များကို အဂ္ဂိရတ်ပညာမှတစ်ဆင့် ရရှိခဲ့၏။

ပါရာဆဲ(လ်)ဆပ်ကို ရောမပညာရှင်ကြီးတစ်ဦး၏ လီဘီယမ် (LIBERM) ကျမ်းအား ဖွဲ့ကောင်းကောင်းဖြင့် ဖတ်ရှုသူဟု သတ်မှတ်ထား၏။ ထိုပုဂ္ဂိုလ်သည် ရိုစီကရူစီယန်နှင့် ဆင်တူသော ဒဿနတစ်ရပ်ကို တီထွင်ခဲ့သူလည်း ဖြစ်၏။ ထိုကြေညာစာတမ်းကလည်း အဂ္ဂိရတ်သင်္ကေတဝါဒကို မကြာခဏရည်ညွှန်း၍ ၎င်း၏ နောက်ဆုံးစာကြောင်း၌ အဂ္ဂိရတ်အကြောင်းကို ပွင့်ပွင့်လင်းလင်း ပြောထား၏။ ရိုစီကရူစီယန်ကို မည်သို့ ...လိုကြောင်း ရှင်းပြထား၏။ ၎င်းသည် ...နံစာသင့်နေသော အဆိုပါပညာရပ်... ရှုတ်ချခြင်းဖြင့် ဖွင့်ဆိုထား၏။ ထိုပညာရပ်သည် ရွှေလုပ်သည့် ပညာရပ်ဖြစ်၏။ယနေ့ခေတ်၌ ၎င်းပညာရပ်သည် ...ရေးပါအရာရောက်နေပြီ ဖြစ်၏။ လူ...လူမိုက်အများအပြားက ပညာရပ်...ပေါ်ထားရှိသည့် ယုံကြည်မှုများကို ...တို့၏စက်ဆုပ်ဖွယ်လုပ်ရပ်က ဖောက်...ကြ၏။ အဂ္ဂိရတ်ပညာ၏ ရည်ရွယ်ချက်ကို ရွှေအမြောက်အမြားထုတ်လုပ်သည့်ပညာဟု မှားယွင်းစွာ နားလည်...သော ပညာရှင်များအား ရှုတ်ချရန် ရည်ရွယ်ထား၏။ သို့သော် ဒဿနပညာ...အစစ်တစ်ဦးအနေဖြင့်ကား ဤ...တ်အပိုင်းကို အထင်မကြီးပေ။

စစ်မှန်သောပညာရှင်သည် ရွှေ...ရန် ဟူသည့် ဦးတည်ချက်ကို လည်း ...ကောင်း၊ မကောင်းဆိုးဝါးများအား နှိမ်...ရန်အတွက်ကို လည်းကောင်း မရည်...ပေ။ သူ့အနေဖြင့်မူ ကောင်းကင်ဘုံ...ခါးဖွင့်ရန်နှင့် ကောင်းကင်တမန်အား ...တွေ့ရခြင်းကိုပင် ဝမ်းမြောက်နေလေ၏။ ထို့အတူ သူထံသို့ ဘုရားသခင်ဆင်း...က်လာခြင်းကိုပင်လျှင် ဝမ်းမြောက်...ခြင်းမျိုး ဖြစ်၏။ လျှို့ဝှက်သောကျမ်း...သူတစ်ဦးက ဤသို့ ရေးသားခဲ့၏။

"မာတုဗေဒဟုခေါ်သည့် ကျမ်း...ခေါင်းများစွာတို့တွင် ဘုရားသခင်၏ ...တော်ဟူသည့် အသုံးအနှုန်းကို များ...စွာ တွေ့ရှိရ၏ဟူသောစကားမျိုး များစွာ တွေ့ရ၏။ ဤသို့သော မမှန်ကန်သည့် ...ရေးသားချက်များမှ ထိန်းသိမ်းကာကွယ်ရန်မှာ ပညာရှင်၏ တာဝန်ဖြစ်၏"

ဖာမာမက်တာနတီ ရေးသားပြုစုသူများက ပါရာဆဲ(လ်)ဆပ်၏အဂ္ဂိရတ်ပညာအသစ်ကို ထင်ရှားစွာ ထောက်ခံကြ၏။ ထိုအချက်မှာ ရွှေဖြစ်အောင်လုပ်ခြင်းနှင့် မဆိုင်ပေ။ အဂ္ဂိရတ်ပညာသည် ကောင်းကင်ဘုံနှင့် ကမ္ဘာမြေရှိအရာအားလုံး၏စုစည်းမှုကို ပြဆိုသော ပညာရပ် ဖြစ်၏။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း စစ်မှန်သော အဂ္ဂိရတ်ပညာရှင်သည် ကောင်းကင်ဘုံသို့ ဘုရားသခင်တက်ရောက်ခြင်းအားဖြင့်တွေ့ရသည်ကို ဝမ်းမြောက်နေသည်ဟူသောအဆိုကို ကြည့်ခြင်းဖြင့် အဂ္ဂိရတ်ပညာရပ်သည် သိပ္ပံဆိုင်ရာမှော်ပညာနှင့် ဂမ္ဘီရပညာရပ်တို့ရောယှက်ထားသည့် ကောင်းကင်ဘုံဆိုင်ရာအမြင်ကိုရရှိစေသည့် နည်းလမ်းတစ်ရပ်ဟု ရှုမြင်ထားကြောင်း ထင်ရှား၏။ ဤစကားကိုထောက်ခြင်းဖြင့် ရိုစီကရူစီယန်သဘောတရား၌ ၎င်း၏ရှေ့ပိုင်းတွင် ထက်မြက်သောရှေ့ပြေးပုဂ္ဂိုလ်များရှိကြောင်း သိနိုင်ပေသည်။

၁၆၁၅ ခုနှစ်၌ ရိုစီကရူစီယန်သည် ဒုတိယမြောက်ကြေညာစာတမ်းကို လက်တင်ဘာသာဖြင့် ထုတ်ခဲ့၏။ ၎င်း၌ အပိုင်း (၃) ပိုင်း ပါရှိ၏။ ပိုမိုလျှို့ဝှက်သောဒဿနကို ရဲဝံ့စွာသုံးသပ်ထားခြင်း ဖြစ်၏။ THE CONSIDERATIO BREUIS ကို အင်္ဂလိပ်လူမျိုး အဂ္ဂိရတ်ပညာရှင် ဂျွန်ဒီး၏ယူဆချက်များက လွှမ်းမိုးခဲ့၏။ ၎င်းသည် သီးသန့်အနေဖြင့် HERO GLYPHIC MONAD ၏ သီအိုရီ အကျဉ်းချုပ်သာဖြစ်၏။ ၎င်းကို အဲဝပ်မြို့၌ ၁၅၆၄ ခုနှစ်တွင် ထုတ်ဝေခဲ့၏။ ၎င်းအကျဉ်းချုပ်တွင် ပါဝင်သည့် အချက်အများစုမှာ ကမ္ဘာဦးကျမ်းလာရှေ့ပိုင်းဖော်ပြချက်များနှင့်တူနေခြင်းမှာ မတော်တဆ တိုက်ဆိုင်မှုတော့ မဟုတ်နိုင်ပေ။ ထိုအချက်နှင့်ပတ်သက်၍ ဖော်ပြရပါမူ ဘုရားသခင်သည် ကောင်းကင်ဘုံ၏ ဝင်ပေါက် ဟူသောစကားရပ်၊ ကမ္ဘာမြေ၏စည်ပင်ဝပြောမှုတို့သည် ဘုရားသခင်ပေးအပ်သည့်အရာဖြစ်သည် ဟူသော စကားရပ်များ ဖြစ်၏။

ဂျွန်ဒီးသည် ဂျူဒါခေတ်၌ ထူးချွန်ထင်ရှားသည့်ပုဂ္ဂိုလ် ဖြစ်၏။ သူသည် ဥရောပတစ်ခွင်၌ သိပ္ပံပညာနှင့်သိဒ္ဓိဆိုင်ရာမှော်ပညာ၌ ပါရဂူမြောက်သည့်ပညာရှင်တစ်ဦးဟု ကျော်ကြား၏။ သို့ရာတွင် လက်တွေ့၌မူ သူသည် တပည့်ဖြစ်သူ ကယ်လီဆိုသူနှင့်ပူးတွဲကာ ဝိညာဉ်တွေ့ဆုံပွဲများကို ပြုလုပ်ပြလေ့ရှိသူမျိုးသာ ဖြစ်၏။ ကယ်လီဆိုသူမှာလည်း လူလိမ်လူကောက်တစ်ဦးသာဖြစ်၏။ အဂ္ဂိရတ်ပညာကို နားလည်ကျွမ်းကျင်သူတား မဟုတ်ပေ။ ထိုမျှမကသေး၊ ၎င်းကိုသင်္ချာပညာရပ်၌ ပါရမီရှိသူဟု ဆိုကြသေး၏။

ပီကို၏ ဂျဗလာခရစ်တီနာ (Gabbalah Cristia) (၁၄၆၃-၁၄၉၄)ကျမ်း၊ ဂမ္ဘီရဒဿန (Occult Philasophia) ကျမ်း၊ ကော်နီလပ်အဂ္ဂရိပါ (Cornclius Agrippa) (၁၄၈၆-၁၅၃၅) စသည့်ကျမ်းတို့ကိုလည်း လေ့လာခဲ့၏။ ၎င်းသည် ကောင်းကင်တမန်နှင့်ဝိညာဉ်ဆိုင်ရာတို့ထက် ကိန်းဂဏန်းများကို သိဒ္ဓိဆိုင်ရာမှော်ဝင်နည်းများအသုံးချမှုပေါ်၌ အားသန်ခဲ့၏။ ပြန်လည် ဆန်းသစ်သော ရီနေးဆန်ခေတ်၏ အဆိုအရပြောရပါမူ အဂ္ဂိရတ်ပညာရပ်သည် အမှန်တကယ်တွင် မီးဖိုများ၊ လုံများ၊ ခွက်များနှင့်မဆိုင်ဘဲ သူတော်စင်တို့၏ဒဿနနှင့် ပိုဆိုင်၏။ အမှန်အားဖြင့်ဆိုရပါမူ ဂျွန်ဒီးသည် ၁၄၆၀ ပြည့်နှစ်တွင် မည်သည့်အရာကိုမျှ အသစ်တီထွင်ခဲ့ခြင်း မရှိပေ။ မက်စီဒိုနီးယားမှ ခရီးလှည့်လည်သွားလာနေသူ ဂရိလူမျိုးတစ်ဦးက 'စကြဝဠာဆိုင်ရာ မယ်ဒီစီကျမ်း' (Cosimode Medici) ကို တင်ပြခဲ့၏။ ထိုသူသည် မလောရင့်မြို့မှ မယ်ဒီစီမိသားစုဝင် ဖြစ်၏။ ကော်မတ်ဟာမစ်တစ်ကန်ဆိုသူက ဂရိဘာသာဖြင့် ရေးသားခဲ့ခြင်း ဖြစ်၏။ ၎င်းကျမ်းတွင် ဆောင်းပါးပေါင်း (၁၇) ပုဒ် ပါရှိ၏။ ဟာမီးထရိုင်မစ်နစ်ဂတ်၏အရေးအသားကိုယူထားခြင်း ဖြစ်၏။ ၎င်းအစအန အားလုံးသည် ဥရောပအလယ်ခေတ်၌ ပျောက်ဆုံးသွားခဲ့၏။ ထိုခေတ်က ထရိုင်မစ်နစ်ဂတ်ဟူသည့်အမည်မှာ ထင်ပေါ်သည့်အမည် ဖြစ်၏။ သူ့ကို ပြည်သူလူထုက သမိုင်းဝင်ပုဂ္ဂိုလ်ကြီးအဖြစ် သိရှိထား၏။ ၃ ရာစု၊ ၄ ရာစုမှ လက်တပ်တီတပ်က ခရစ်တော်ကြွရောက်လာခြင်းကို ကြိုတင်၍ နိမိတ်ဖတ်ခဲ့၏။ Cosimo demedici အရ အရေးပါသော The Corpus ကျမ်းကို မာစီလိုမိစီနိုက ပြန်ဆိုခဲ့၏။ ထိုဖြစ်ရပ်သည် ရီနေဆန်ခေတ်၏ မာမစ်တစ်အစဉ်အလာ စိတ်ဝင်စားမှုတစ်ရပ်ကို လွှမ်းဆော်ခဲ့၏။ ထိုအချိန်က လူထုအကြားတွင် ခေတ်စားနေသော ရှာမင်လောကီပညာကို ထိုစနစ်သစ်က မကြာမီ နေရာယူလိုက်၏။

ဟာမစ်တစ်လမ်းစဉ်၊ ခေတ်သစ်ပလေတိုလမ်းစဉ်၊ ကာဗလာလမ်းစဉ်...



www.burmeseclassic.com

www.burmeseclassic.com

၏လွှမ်းမိုးမှုကြောင့် ဆေးပညာနှင့်အတွေးအခေါ် ဆိုင်ရာများတွင် အဆင့်မြင့်သုတပညာကို ရရှိခဲ့၏။ ကိန်းဂဏန်းအက္ခရာများနှင့်ပတ်သက်၍ စူးစမ်းမှုများကိုလည်း ပြုခဲ့၏။ ဂျီအိုမင်နီနှင့် မီရန်ဒိုလာတို့၏ အတွေးအခေါ် များက ဂျွန်ဒီးကို လွှမ်းမိုးခဲ့၏။ ထိုပုဂ္ဂိုလ်နှစ်ဦးမှာလည်း ရီနေးဆန်ခေတ်၏ သဘာဝသိဒ္ဓိဆိုင်ရာမှော်ပညာရပ်များ၏ ရှေ့ပြေးပုဂ္ဂိုလ်ကြီးများဖြစ်ကြ၏။ Dec's MONAS HIEROGLYPHICA ကျမ်းသည် အဂ္ဂိရတ်ဆိုင်ရာကျမ်းတစ်ကျမ်းထက် ကာဗလာကျမ်းအဖြစ် ပို၍ထင်ရှား၏။ ထိုကျမ်းသည် ကာဗလာသဘောသင်္ချာဗေဒဆိုင်ရာကျမ်းဖြစ်ပြီး ၎င်း၏ သဘောတရားများမှာ ယနေ့ခေတ်တိုင် လွှမ်းမိုးနေဆဲ ဖြစ်၏။

ဂျွန်ဒီး တီထွင်ခဲ့၍ ပြဒါးဖြပ်ဆိုင်ရာ (The Hierglyphie Monad) ကျမ်းတွင် ဖော်ပြထားသည်မှာ ဟီရိုဂရပ်ဖစ်မိုနတ်ကို တွေးခေါ် သူသည် ဂျွန်ဒီး၏ကျမ်းကို ရှင်းပြခြင်း ဖြစ်၏။ အလင်းနှင့်ခွန်အားကို သင်္ချာဆန်ဆန် ရှင်းပြထား၏။

ဂျွန်ဒီးထက်စော၍ ပါရာဆဲ(လ်)ဆပ်သည် ရီနေးဆန်ခေတ်၏ ဟာမစ်တစ်နှင့် ကာဗလာကျမ်းတို့မှ အဂ္ဂိရတ်သဘောတရားကို ထုတ်ဖော်ခဲ့ပြီး ဖြစ်၏။ သို့ရာတွင် 'မိုနပ်ဟီရိုကရပ်ဖစ်ကာ' ကျမ်း (MONAS HIEROGLYPHICA) ၌ ဓာတ်သတ္တုဆိုင်ရာ ဆေးဝါးပြုလုပ်ခြင်းကို လည်းကောင်း၊ ပါရာဆဲ(လ်)ဆပ် ပြုလုပ်ခဲ့သောနည်းကို လည်းကောင်း ဤကျမ်းက လျစ်လျူပြုခဲ့၏။ သို့သော် ၎င်းသည် စာဖတ်သူအား အက္ခရာမှာ လုံးကိန်းဂဏန်း၊ ဂျော်မေတြီပုံသဏ္ဌာန်များနှင့် နက္ခတ္တဗေဒသင်္ကေတများကို သိရှိနားလည်ရန် စာဖတ်သူအား ဆွဲဆောင်နိုင်ခဲ့၏။ မိုနပ်၏စာမျက်နှာတစ်ခုတွင် ဂျွန်ဒီးက သူ၏ဒဿနအသစ်ကို မျှဉ်းသားနေစဉ် မိရိုးဖလာအဂ္ဂိရတ်ပညာကို တွေ့ရှိခဲ့၏။ ရိုစီကရူစီယန်၏ကြေညာချက်အသစ်ဖြစ်သော -

'သနားစဖွယ် အဂ္ဂိရတ်ပညာရှင်သည် သူ၏အမှားပေါင်းများစွာကို သိရှိနိုင်ရန် သင်ကြားနားယူရမည်' ဟူသည့် သဘောတရားကို ဂျွန်ဒီးက လှုံ့ဆော်လိုက်၏။ ထိုမိုနပ်ကျမ်းတွင် ပါဝင်သည့် 'သည်ကွန်စီဒါရေးရှင်း' (The Consideratio) ကြေညာချက်သည်လည်း ဂျွန်ဒီး၏ဒဿနကို ထောက်ခံထား၏။

အဂ္ဂိရတ်ပညာ၊နက္ခတ္တဗေဒ၊သင်္ချာပညာ၊ ဂျော်မေတြီသင်္ကေတ စသည်တို့ကို တွေးခေါ်ခြင်းဖြင့် ကာယကံရှင်သည် ရုပ်ပြောင်းလဲခြင်းကို ပြုလုပ်နိုင်ပြီး ကောင်းကင်ဘုံမှပုဂ္ဂိုလ်များနှင့် ဆုံတွေ့ကာ အဆိုပါ ပုဂ္ဂိုလ်ထံမှ ဖုံးကွယ်ထားသည့် လျှို့ဝှက်သောသုတတို့ကို ရရှိနိုင်ပေသည်။ ထိုမှတစ်ဖန် အဂ္ဂိရတ်ပညာရပ်၏မူလနှင့်ပတ်သက်၍ ထင်ရှားသော အကိုးအကားလည်း ဖြစ်လေသည်။ ထိုကိစ္စနှင့်ပတ်သက်၍ အထောက်အထားမှာ အီးနော့ခေါ် ရှေးခေတ်ကျမ်း၌ ဖော်ပြထားသည့်ဒဏ္ဍာရီ ဖြစ်၏။ ထိုကျမ်းတွင် သိဒ္ဓိဝင်မှော်အတတ်ပြန့်ပွားမှုနှင့် တင်ချာဆေးရည်ပြုလုပ်နည်းကို လူအများအသုံးပြုနိုင်ရန်အတွက် ဖော်ပြထား၏။

CONSIDERATIO BREVIS နှင့် CONFESSIO FRATERNITATIS ကျမ်း တို့ အတူတကွ ထွက်ပေါ်လာ၏။ ထို၌ နောက်ထပ်ကြေညာချက်များပါလာ၏။ ထိုတွင် ပထမကြေညာချက်စာတမ်း၌ ပါရှိသည့်အချက်များကို ဖော်ပြထား၏။ ထို့အပြင် ဤစာတမ်း၏ခိုင်မာမှုကိုလည်း ဖော်ပြထား၏။ အဆိုပါ ကွန်ဖက်စီရို၌ ဖော်ပြထားသည်မှာ -

'အကယ်၍ ရိုစီကရူစီယန်ဝါဒကို နိုင်ငံတကာက လက်ခံမည်ဆိုပါက တစ်ကမ္ဘာလုံးကို ပြုပြင်ပြောင်းလဲစေပြီး ဆင်းရဲခြင်းကို လည်းကောင်း၊ ရောဂါဘယကို လည်းကောင်း၊ ဇရာဒုက္ခကို လည်းကောင်း ကျော်လွှားနိုင်မည်ဖြစ်ကြောင်း' ဖော်ပြထား၏။ အခြေခံအားဖြင့် ရိုစီကရူစီယန်အတွေးအခေါ် သည် အဂ္ဂိရတ်ပညာရပ်၏'သိဒ္ဓိဝင်ပြဒါးရှင်လုံး'၊ 'အသက်ရှည်စေသော အမတဆေး'တို့၏ အကျိုးတရားများနှင့် အတူတူပင် ဖြစ်ကြောင်း ဆိုရမည် ဖြစ်၏။

သိပ္ပံပညာနှင့် ဒဿနတို့ ဖွံ့ဖြိုးရန် အဂ္ဂိရတ်ပညာရပ်ကို အခြေခံ၍ ရွှေခေတ်တစ်ခေတ်ကို ထူထောင်နိုင်မည်ဟု ကွန်ဖက်ရှင်ဖက်တီနတီက ဆို၏။ သို့သော် ထိုကြေညာချက်သည် အတုအယောင်အဂ္ဂိရတ်ပညာကိုကား တိုက်ခိုက်ထား၏။ ထိုအတုအယောင်များသည် ရုပ်ပြောင်းလဲရေးနှင့်ပတ်သက်ပြီး လိမ်ညာသူများဟု ကြေညာထား၏။ ထိုစာတမ်း၌ ထပ်ပြီးဖော်ပြထားသည်မှာ-

ကျွန်ုပ်တို့သည် ဘုရားသခင်၏ လက်ဆောင်မွန်တစ်ရပ်ကို မည်သည့်နည်းမျိုးဖြင့်မျှ သေးသိမ်အောင် မပြုနိုင်

ပေ။ သို့ရာတွင် ရုပ်ဝတ္ထုပြောင်းလဲ
အတွက် သဘာဝကို နားလည်ရန် မ
အပ်ဟု လည်းကောင်း၊ ၎င်းသည် ဆေး
ဝါးကိုသာထုတ်လုပ်သည်မဟုတ်။ ကွ
တို့အား အခြားမြောက်မြားစွာသော
လျှို့ဝှက်ချက်နှင့် အံ့ချီးဖွယ်များကိုလည်း
ဖော်ပြထား၏။ သို့အတွက် ပို၍
ရှိုင်းသောဒဿနကို သိရှိရန် လိုအပ်
ထိုသို့သိရှိပြီးသောအခါတွင်မှ ဆုံးဖြ
လျှင် ပို၍ မှန်ကန်ပေမည်။

သဘာဝ၏ အကြောင်းကို ပို
နက်ရှိုင်းစွာ မသိသေးသမျှ ကာလ
လုံး ရုပ်တို့၏ပြောင်းလဲမှုကို မေ့
ထားရန် ပညာတတ်လူတန်းစားအား
ကို ဖိတ်ခေါ် ပြောကြားလိုက်၏။

ဤအချက်ကိုကြည့်ခြင်းဖြင့်
ကရူစီယန်သည် အဂ္ဂိရတ်ပညာရပ်
ရာ အညံ့စားသတ္တုများအား အကော
စားတော်ဝင်သတ္တုများအဖြစ်သို့ ပြော
လဲခြင်းကို မပယ်ဖျက်၊ မကန့်
ကြောင်း ထင်ရှားပေ၏။ သူဆိုလို
မှာ ပညာတတ်လူတန်းစားသည် ဤ
ကို အခြားသူများအား တွေးခေါ်
၎င်းတို့ကိုယ်တိုင်ကမှု သဘာဝလေ့
မှုပေါ်တွင်သာ အဓိကထားရပေမည်
ဆိုခြင်း ဖြစ်၏။ အဆိုပါစာတမ်း
အဂ္ဂိရတ်အတုအယောင်မှန်သမျှ
လုံးကို ဝေဖန် ရှုတ်ချထား၏။ ထို
ရတ်အတုအယောင်များသည် လူ
ရှေ့တွင် ဟိတ်ဟန်ကြီးစွာဖြင့် အ
ကြီးစေရန် အထူးအဆန်းမျိုးစုံလုပ်
သဘာဝအတိုင်း ရိုးသားသူများထံ
ကြေးကို မတရား လိမ်လည်ရယူသူ
ဖြစ်၏။ ထိုစာတမ်း၏ အဆုံး၌
ထားသည်မှာ -

၎င်းအတုအယောင်ပုဂ္ဂိုလ်တို့
သားသည့်ကျမ်းများသည် အ
ယောင်များသာ ဖြစ်ပေမည်။ စာ
အား ထင်ယောင်ထင်မှားဖြစ်
အကြောင်းမှာမူ ၎င်းတို့သည် ထ
ကို အချည်းအနှီးသောအရာ
ပူးတွဲသောကြောင့် ဖြစ်၏။ အချည်း
ဆိုသည်မှာ ချမ်းသာခြင်းကင်း၍
ခြင်းသာ ဖြစ်၏။ ထို့ကြောင့် သ
ဘုရားသခင်၏လက်တော်သို့အ
ကသာအကောင်းဆုံးဖြစ်၏။ အ
မှာမူ ဘုရားသခင်သည် လူသ
အကျိုးကို အလိုလားဆုံးသော
တည်းသောပုဂ္ဂိုလ်ဖြစ်နေသော
ပင်တည်းဟု ဖော်ပြထား၏။

ထို့နောက် ရိုစီက ယန်



www.burmeseclassic.com

www.burmeseclassic.com

ယကြေညာချက်စာတမ်းတွင် အင်္ဂါရတ်ကို ပို၍ကောင်းမွန်သည့်ဘက်မှ ဖော်ပြထား၏။ ထိုစာတမ်းကို ၁၆၁၆ ခုနှစ် ဂျာမနီနိုင်ငံ စတန်းဘတ်မြို့၌ ထုတ်ဝေခဲ့၏။ ၎င်းမှာ-

ဖိုမဆိုင်ရာ ဓာတုမင်္ဂလာပွဲ (The Chemical Wedding of Cristian Rosen KouCetz) အကြောင်းပင် ဖြစ်၏။ ထိုဓာတုမင်္ဂလာဆောင်ပွဲတော်ကို (၇) ရက်ကြာ ဆင်နွှဲခဲ့သည်။ ထိုပွဲကို ရှုပ်ထွေးသောသင်္ကေတများဖြင့် ဖော်ပြထား၏။ ပထမနေ့တွင် ရိုစီကရူစီယန်အဖွဲ့ဝင်တစ်ဦးသည် သူ၏အမြင်အာရုံ၌ ကောင်းကင်ဘုံမှပုဂ္ဂိုလ်တစ်ဦးကို မြင်ရ၏။ ဝေးလံသောနယ်မြေတစ်ခုတွင် (ထိုဒေသ၏အမည်မသိ) မကြာမီသောကာလ၌ တော်ဝင်လက်ထပ်မင်္ဂလာပွဲကြီးတစ်ခုပြုလုပ်မည်ဖြစ်ကြောင်း၊ သူ့အားလည်း ထိုပွဲကြီးသို့ တက်ရောက်ပါရန် ဖိတ်ကြားထား၏။

ဒုတိယနေ့တွင် ထိုပုဂ္ဂိုလ်သည် မင်္ဂလာပွဲသို့သွား၏။ မင်္ဂလာပွဲကို ရဲတိုက်ကြီးတစ်ခု၌ပြုလုပ်မည် ဖြစ်၏။ အစောင့်များလည်း ချထား၏။

တတိယနေ့၌ ရိုစီကရုသည် ရဲတိုက်ကြီးအတွင်းသို့ လှည့်လည်ကြည့်ရှုခြင်းပြုပြီး စားသောက်ပွဲကြီးသို့ တက်ရောက်ခဲ့၏။

စတုတ္ထနေ့၌ ရဲတိုက်၏ ဥယျာဉ်တွင်း၌ လှည့်လည်ကြည့်ရှု၏။ ထိုနေရာတွင် သူသည် ပထမဆုံးအကြိမ် တော်ဝင်တွဲကို တွေ့ခဲ့ရ၏။ ထို့နောက် သတို့သမီး၊ သတို့သားတို့နှင့်အတူ ဆွေးနွေးပွဲပေါင်းများစွာကို ပြုလုပ်ရပြီး ထိုဆွေးနွေးပွဲများ၌ ဘုရင်နှင့် မိဖုရားမှာ တရားခံများ ဖြစ်နေရ၏။

ပဉ္စမနေ့တွင် ရဲတိုက်ကြီးအတွင်း ခန်းသို့ လှည့်လည်ကြည့်၏။ ရေကန်ပေါ်တွင် ပြင်ဆင်ထားသော အသုဘတစ်ခုသို့ ရောက်ရှိသွား၏။

ဆဋ္ဌမနေ့၌ အစောင့်များအား ဘုရင်နှင့်မိဖုရားတို့အား ပြန်အသက်ရှင်စေရန်အတွက် အင်္ဂါရတ်စမ်းသပ်မှုတွင် ပါဝင်ရန် ဆင့်ခေါ်ခဲ့၏။ စမ်းသပ်မှုကား အောင်မြင်ပါသည်။

သတ္တမမြောက်နှင့် နောက်ဆုံးနေ့၌ ရိုစီကရုနှင့် အစောင့်များအားလုံးကို အမိန့်တော် ရွှေကျောက်တုံး (Order of The Golden Stone) အမှတ်တံဆိပ်တွင် စေတေးလိုက်၏။ ခေတ္တမျှကြာသောအခါ ဇာတ်လမ်းသည် ရုတ်တရက်ရပ်သွားပြီး နောက် အောက်ခြေမှ တစ်စုံတစ်ခု ပေါ်ထွက်လာ၏။ ထိုအရာကား မည်သည့်အရာမှန်း မသိနိုင်တော့ပေ။ အဘယ်ကြောင့်ဆိုသော် နောက်စာမျက်နှာသည် ပျောက်နေသောစာမျက်နှာဖြစ်နေသောကြောင့်ပင် ဖြစ်ပါသည်။

အဆိုပါ ဓာတုဖိုမဓာတ်၏မင်္ဂလာပွဲ၏အဓိပ္ပာယ်ကို နားလည်သဘောပေါက်ရန်မလွယ်ကူပေ။ အဘယ်ကြောင့်ဆိုသော် ဤမေတ္တာဘွဲ့ဇာတ်လမ်းတွဲ၌ ဖော်ပြထားသည့်သင်္ကေတများမှာ သိနားလည်ရန် လွန်စွာခက်ခဲလှပေသည်။ အပေါ်ယံကြည့်ပါက သာမန်မော်ဇာတ်လမ်းမျိုးဟု ထင်ရပါသည်။

ယခုဖော်ပြသော ဓာတုမင်္ဂလာပွဲသည် သူ့ထက်အရင်ဖော်ပြခဲ့သည့် မင်္ဂလာပွဲနှစ်ခုကဲ့သို့ပင်ဖြစ်သည်ဟုဆိုရမည်ဖြစ်ပေသည်။ တစ်စုံတစ်ရာသော ရှင်းလင်းမှုမျိုးမရှိဘဲ ဂွန်ဒီး၏သင်္ကေတများ ပေါ်လာခြင်းသည် ရှုပ်ထွေးမှုတစ်ရပ်ဟု ဆိုရမည် ဖြစ်၏။ အဆိုပါ ဓာတုမင်္ဂလာပွဲသည် ရိုစီကရူစီယန်၏ အင်္ဂါရတ်ပညာနှင့် ဓာတုဗေဒတို့ သီးခြားစီဖြစ်ကြောင်းကို ထပ်မံထင်ရှားစေခြင်း ဖြစ်၏။ ထိုမိရိုးဖလာအင်္ဂါရတ်ပညာတွင် ဇီဇီမော့မှသည် ဗလင်တိုင်အထိပင် ဂမ္ဘီရနည်း၊ ဓာတုနည်း စသည်တို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်လျက် အနီးကပ်သုံးခဲ့ကြ၏။ သို့သော် ရိုစီကရူစီယန်၏သဘောတရားမှာ ရုပ်ပိုင်းထက် ဝိညာဉ်ပိုင်းဆိုင်ရာ ပိုအလေးပေးကြောင်း တွေ့ရမည်ဖြစ်၏။

ဓာတုမင်္ဂလာပွဲတွင် ရှင်းလင်းစွာပြဆိုထားသည်မှာ 'င်းသည် အတတ်ပညာ၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်နေ၏။ ထိုသည် အငှကောင်းဆုံး၊ အမြတ်ဆုံး၊ အလိုအပ်ဆုံး မဟုတ်သော်လည်း' ဟု ဆို၏။ ထိုရိုစီကရူစီယန်တို့သည် ပါရာဆဲ(လ်)ဆပ်၏နောက်လိုက်များ ဖြစ်ကြ၏။ ဆန်းသစ်၍ ပိုမိုရင့်ကျက်သော အမှန်တရားကိုကြေညာကြ၏။ ထိုအမှန်တရားသည် ယခင်ပေါ်ပေါက်ခဲ့သော နည်းစနစ်များထက် သာလွန်၏။ ၎င်းတို့သည် ဓာတုဗေဒ၏ ရှေ့ပြေးပညာ ဖြစ်၏။ အခြားသောအင်္ဂါရတ်နည်းစနစ်များကိုကျင့်သုံး၍ ဓာတ်ပြောင်းလဲမှုသဘောတရားကို လက်ခံခဲ့ကြ၏။ သို့သော် ထိုအတတ်ပညာကို အရေးမပါဟု သုံးသပ်ကြ၏။

အဖွဲ့အစည်း၏ လျှို့ဝှက်သောအကြောင်းအရာများထဲတွင် တစ်ခုတည်းသော စံပြအတွေးမှာ အမြင့်ဆုံးသစ္စာတရားဖြစ်၏။ မိမိ၏ဝိညာဉ်အင်အားကို စကြဝဠာ၏လွှမ်းမိုးသောအင်အားများနှင့်ပေါင်းစပ်ကာ လူသားတို့တွင် ဝိညာဉ်ဆိုင်ရာပြောင်းလဲမှုများ ဖြစ်ပေါ်လာရ၏။

သဘာဝကို လေ့လာခြင်းဖြင့် ရှိနေးဆန်ခေတ်၏မှော်ပညာ၊ အချို့သောကိုယ်ကျင့်သိက္ခာစည်းကမ်းများလိုက်နာခြင်းလစ်ဘရယ်ပရိုက်တက်စတန့်ဝါဒီများ၏ ပါဝင်ပြောဆိုခြင်း၊ လူသား ရမ်ရီမော်မေတွမ်၏ ဘာသာရေးဆိုင်ရာစေ့ဆော်မှု၊ ဆင်းရဲခြင်း၊ ဝေတ်မွတ်ခြင်း စသည့် လူမှုဒုက္ခများ လေ့လာခြင်းဖြင့် ၎င်းတို့ကို သိရှိနိုင်၏။

ရုပ်ဝတ္ထုပြောင်းလဲခြင်း သဘောတရားကို စွန့်လွှတ်ထားသောကြောင့် ရိုစီကရူစီယန်၏ အင်္ဂါရတ်ပညာကို ခရစ်ယာန်ဂမ္ဘီရပညာဟု ခေါ်ဆိုနိုင်၏။ ရိုစီကရူစီယန်အဖွဲ့ကြီးသည် တကယ်ပင်ရှိခဲ့ပါသလော။ ထိုသူသည် ဖာမာမက်တာနတီ၊ ကွန်ဆီဒါရီဘရီဓာတုမင်္ဂလာပွဲတို့ကို ရေးသားခဲ့သူ ဖြစ်ပါသလား။ ပထမကြေညာချက်နှစ်စောင်သည် ကျူတင်ဇန်ဒေသမှပညာတတ်ပြုပြင်ပြောင်းလဲရေးဝါဒီတစ်ခုက ရေးသားခဲ့ခြင်း ဖြစ်နိုင်၏။ သို့တည်းမဟုတ် လူသာရင် (၁၅၈၆-၁၆၅၄) ဂိုဏ်းမှ ပုဂ္ဂိုလ်များက နည်းပေးလမ်းပြ၍ ရေးသားခဲ့ခြင်းလည်း ဖြစ်၏။ ထိုသူများသည်ပင် ဓာတုလက်ထပ်ပွဲကြေညာချက်ကို ရေးသားသူများဟု ဆိုကြ၏။

လူမှုရေးပြဿနာများနှင့် နက်ရှိုင်းစွာ သက်ဆိုင်နေသဖြင့် အုပ်စုအဖွဲ့ဝင်များသည် လူသားတို့၏ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ဖြစ်ပေါ်ရေးကို အိပ်မက်မက်ခဲ့ကြ၏။

၎င်းတို့၏ပြန်လည်ပြုပြင်ရေးစီမံကိန်းများသည် တစ်ခုတည်းသော ပြန်လည်ပေါ်ထွန်းလာသည့်အတတ်ပညာအပေါ်၌ တည်လေ၏။ အရှေ့တိုင်းအတတ်ပညာနှင့် အနောက်တိုင်းအတတ်ပညာတို့ ပေါင်းစပ်၍ ဖြစ်ရပေသည်။ ထိုမျှတိထွင်ဆန်းသစ်ထားသောသဘောတရားကို ကောင်းစွာသိထားခြင်းဖြင့် ၎င်းတို့သည် ရိုစီကရုနှင့် ၎င်း၏အဖွဲ့အစည်းအကြောင်းအရာအမှန်တကယ်မရှိသည်ကို အရှိပြု၍ထွင်ရေးခြင်း ဖြစ်၏။ ၎င်းအဖွဲ့အစည်း၏အမည်ကို ဂျိုဟန်အန်ဒရေ၏ အမှတ်တံဆိပ်က စေ့ဆော်လိုက်၏။ ၎င်းတွင် စိန့်အန်ဒရူး၏ နှင်းဆီ



www.burmeseclassic.com

www.burmeseclassic.com

ပွင့်လက်ဝါးကပ်တိုင်နှင့် လူသာရင်ဂိုဏ်း၏ အမှတ်တံဆိပ်တို့ ပါဝင်လေသည်။ ထို့ကြောင့် ၎င်းတို့၏တံဆိပ်မှာ လက်ဝါးကပ်တိုင်တစ်ခုနှင့် နှင်းဆီပွင့် (၄) ပွင့်ပုံသဏ္ဍာန်ဖြစ်၏။

ရိုစီကရူ၏ဇာတ်လမ်းတွင် သူ၏ ခရီးရှည်သွားခြင်းများ၊ သူ၏ ခမ်းနားသောသင်္ချိုင်းဂူ၊ အမည်မသိသူရဲကောင်းအဖြစ် ပါဝင်ခဲ့သော ရိုစီကရော့အဖွဲ့၊ အန်ဒရေးနှင့် သူ၏မိတ်ဆွေများဖြစ်ကြသည့် ပြုပြင်ရေးသမားများ၏အာရုံကို ဆွဲဆောင်ထား၏။ ဤမျှ ချီးမွမ်းဖွယ်ကောင်းသည့်သဘောတရားတွင် အားနည်းချက်တစ်ရပ်မှာ ဂျိုဟန်ဗလင်တင်းအန်ဒရေးကိုယ်တိုင်ပင်ဖြစ်နေ၏။ ဓာတုမင်္ဂလာပွဲကိုရေးသားထုတ်ဝေပြီး တစ်နှစ်မျှအကြာ၌ အန်ဒရေသည် ဒုတိယစာအုပ်ကို ထုတ်ပြန်၏။ ၎င်းမှာ မီနီပဒ် (MINIPPUS) ဖြစ်၏။ ၎င်းကျမ်းတွင် ရေးသားသည်မှာ -

ရိုစီကရော့သည် မည်သို့မျှထူးထူးခြားခြားမဟုတ်ကြောင်း၊ လူထုအား စာပေဖြင့် သိမ်းသွင်း၍ မှားယွင်းသော အယူအဆများနောက်တွင် ခရစ်တော်၏လမ်းစဉ်ကိုလည်းသွင်းပေးခြင်းသာဖြစ်ကြောင်း ရေးသားထားခြင်းသာ ဖြစ်၏။

၁၆၁၈ ခုနှစ်ထုတ် HRISTIAN MYTHO LOFY) ကျမ်း၌ အန်ဒရေက သစ္စာတရားနှင့်သစ္စာတရားကို ချစ်သူတို့ အပြန်အလှန် ပြောဆိုကြပုံကို ရေးသားထား၏။ ဤအကြောင်းအရာတွင် သစ္စာတရားက ဤသို့ဆို၏။

'ကျွန်ုပ်တွင် ဘရားသားဟုဒ်နှင့် ပတ်သက်၍ လုပ်ကိုင်ရန် ဘာမှမရှိပါ။ ဘာမှလဲမပတ်သက်ပါ။ မကြာသေးမီက စာတတ်ပေတတ်ပုဂ္ဂိုလ်အချို့က မမှန်ကန်သော ဇာတ်လမ်းတစ်ပုဒ်ကို ရေးသားခဲ့ကြ၏။ ကျွန်ုပ်က ခပ်ဝေးဝေးမှ သူတို့လုပ်သမျှကို စောင့်ကြည့်ပါသည်။ အတွေးအခေါ် သစ်များကို လက်ခံခြင်းဖြင့် မှန်ကန်သည်ဟု ယုံကြည်ပါသည်။ ကျွန်ုပ်တွေ့ရသည်မှာ စိတ်ဝင်စားမှုတော့မဟုတ်ပေ။ စာပေဆိုင်ရာတိုက်ပွဲသာ ဖြစ်ပေသည်။ တစ်ခုသောအခြေအနေတွင် ကျွန်ုပ်တွေ့ရသည်မှာ သရုပ်ဆောင်သူကို လဲလှယ်လိုက်ခြင်းပင် ဖြစ်၏။

သို့သော် ဤနေရာ၌ ထိုအချိန်ဇာတ်ရုံတွင်း၌ တစ်ယောက်တစ်ပေါက် ငြင်းခုံမှုများနှင့် အတွေးအခေါ် ကွဲလွဲခြင်းသာ တွေ့ရပေသည်။ တိုက်ပွဲက မကျေနပ်မှုများဖြင့် ဆက်လက်ဖြစ်ပေါ်နေစဉ် ကျွန်ုပ်သည် ထိုတန်ဖိုးမရှိသော အရှုပ်အထွေး၌ ပတ်သက်ရမည်ကို စိုးရိမ်ကြောက်လန့်သောကြောင့် ထွက်ခွာရန်ဆုံးဖြတ်လိုက်၏'။

ရှုပ်ထွေးသောဝေါဟာရကို ဘာသာပြန်ရပါမူ အန်ဒရေက ဤသို့ဆို၏။ ရိုစီကရူစီယန်၏ဘောင်းဆိုချက်တစ်ရပ်သည် လူမှုရေးအာရုံစူးစိုက်မှုကိုဖြစ်စေ၏။ နိုင်ငံရေးမတရားမှုကိုလည်းဖြစ်စေ၏။ ပြန်လည်ပြုပြင်ရေးသမား၏ အသနားခံစာကို ကျေနပ်ဝမ်းမြောက်စွာလက်ခံမှု ရှိ၊ မရှိ စသည်တို့ကို ဖြစ်စေ၏။ သို့ရာတွင် မျှားမကြာမီ၌ ပြုပြင်ရေးသမားအစစ်အမှန်ကို မေ့ဖျောက်သွားကြ၏။ သူ၏နေရာကို လူလိမ်လူညာတစ်ဦးက ယူထားပြီး သူတို့ကိုယ်သူတို့ ရိုစီကရူစီယန်များဟု ကြွေးကြော်ကြ၏။ အစစ်အမှန်လုပ်ကိုင်သူများမရှိတော့သည်နှင့် တစ်ပြိုင်နက် ထိုအဖွဲ့တွင် လူလိမ်လူညာလူကောက်များသာ ကျန်တော့၏။

ကိစ္စရပ်တစ်ခုလုံးကား မသက်သာစရာဖြစ်လာ၏။ အမှန်တရားနှင့်ပတ်သက်၍ တစ်စွန်းတစ်စမကျန်ဘဲပျောက်ဆုံးသွား၏။ အန်ဒရေသည် အဘယ်ကြောင့် ဤသို့ပြောပါသနည်း။ ရိုစီကရူစီယန်၏ ပြောဆိုချက်များသည် အမှန်တရားမဟုတ်ဘဲ ၎င်းဝါဒကို လိုက်ပါသူများအား ဖြားယောင်းသွေးဆောင်၍ တွေဝေစေသောစကားများ ဖြစ်လေသလော။ သို့တည်းမဟုတ် ရိုစီကရူစီယန်တွင် သူပါဝင်ဆောင်ရွက်ခဲ့သည်များကို ဖုံးကွယ်လို၍ ဤဇာတ်လမ်းကို တီထွင်ပြောဆိုခဲ့လေသလော။ ဖာမာကွန်ဖက်နတီဓာတုမင်္ဂလာပွဲများကို လုပ်ကြံဖန်တီးခဲ့ပါသလားဟု သုံးသပ်ရန်ရှိ၏။ သဘောထားများကွဲလွဲကြ၏။ အန်ဒရေသည် ဖြားယောင်းသွေးဆောင်သည် ဟူသော စကားအစား သိမ်းသွင်းသည်ဟူသောစကားအဓိပ္ပာယ်ကို အချို့က ကောက်ယူကြ၏။

အဖြေကား မည်သို့ပင်ဖြစ်ပါစေ၊ ခရစ်ယာန်ရိုစီကရော့၏ မေတ္တာဘွဲ့ဇာတ်လမ်းနှင့် ၎င်း၏ လျှို့ဝှက်အသင်းကြီးသည် မကြာမီ ကျယ်ပြန့်လာ၏။ အန်ဒရေနှင့် သူ့မိတ်ဆွေများ၏ရည်ရွယ်ချက်ကိုပင် ကျော်လွန်လာခဲ့၏။ ထို့ကြေညာချက်သုံးမျိုးစလုံးကို အကြိမ်ကြိမ်ထပ်မံပုံနှိပ်ကြပြီး အခြားဘာသာပေါင်းစုံသို့ ပြန်ဆိုခဲ့ကြ၏။ ရိုစီကရူစီယန်အစစ်အမှန်များနှင့် ကျန်အဖွဲ့သားများအတွင်း ဝိရောဓိဖြစ်လာလေ၏။ စိတ်ဝင်စားသူများက အချိန်ကုန်မခံကြပေ။ ၎င်းတို့၏
ပဋိပက္ခများကိုစိတ်မဝင်စားနိုင်ဘဲ အ
တရားကိုသာ ကြိုးစားရှာဖွေနေကြ
ထိုပုဂ္ဂိုလ်တို့သည် လူသိရှင်ကြားမ
ထိုင်ကြပေ။ သို့သော် ကမ္ဘာမြေနှင့် ၎
လုပ်ငန်း၏ အနာဂတ်ပန်းတိုင်ကို စော
ကြည့်ကြ၏။ လူသား၏ဘဝသာ
ရေးကို ဦးစားပေး၍ လိုအပ်ပါက
ဝင်ရန် ပြင်ဆင်နေကြ၏။ အဖွဲ့ဝင်
က မသမာသောနည်းဖြင့် ကြေကွဲ
ဇာတ်လမ်းများဖန်တီးကြပြီး
ကောင်းသဖြင့် ၎င်းတို့၏စကားကို
ကြည်ကြသည့် ပြင်ပမှ လူချမ်းသာ
အယုံသွင်းခံခဲ့ကြရ၏။

ဤခေတ်နှင့် သက်ဆိုင်နေသ
မှာ ဗွန်ဟဲလမွန်နှင့် ဟဲဗီးရှပ်တို့ ဓော
သည့် ရုပ်ဒြပ်ပြောင်းလဲခြင်းများပင်
၏။ အခြားသော ခေတ်ပြိုင်အဖြ
ပျက်များစွာတို့နှင့် အလားတူစွာ
ရတ်ပညာ၏ အန္တေဝါသိကခေါ် အ
နေတပည့်ဇာတ်လမ်းတို့နှင့် များစွာ
တူနေပေသည်။

အလက်ဇန္ဒားအား အံ့သြ
မှုများသည် ကျူဘင်ဂန်ပြုပြင်ပြော
လဲရေးသမားများကို များစွာလွှမ်းမိုး
သဖြင့် ထိုသူများက ၎င်းတို့သည်
ဝှက်ပညာရှာဖွေခြင်း၊ လူသားထုအ
အတွက် ပြုပြင်ပြောင်းလဲခြင်းများ
ပြင်သဖွယ် ပြုမူဆောင်ရွက်ကြရန်
ဖြတ်လိုက်ကြ၏။ သေချာသောအ
တစ်ရပ်မှာ ရိုစီကရူစီယန်ဝါဒပြန့်ပွား
သည် အင်္ဂရတ်ကျွမ်းကျင်သည့်ပညာ
ပုဂ္ဂိုလ်များ ရုတ်တရက်ပေါ်ပေါက်
ခြင်းကို ဖြစ်စေလေတော့၏။

ထိုအချက်သည် ခိုင်မာသော
ထားချက် ဟုတ်သည်ဖြစ်စေ၊ မ
သည် ဖြစ်စေ၊ သို့တည်းမဟုတ်
သဘောတရားဖြင့် စည်းရုံးခြင်း
သည် မဖြစ်စေ၊ မဟုတ်သည်
အန်ဒရေသည် အနောက်တိုင်းအ
ပညာကို ဂမ္ဘီရပညာရပ်အဖြစ်သို့
လဲရာတွင် အဓိကပုဂ္ဂိုလ်အဖြစ်ရပ်
ခဲ့၏။ အခြားသော ခေတ်ပြိုင်ဖြ
များကလည်း ဤတိုးတက်ပြောင်း
ကို လျှင်မြန်စေခဲ့၏။ ၁၆၁၄ ခုနှစ်
ဂန္ထဝင်ဋီကာဆရာ အိုင်ဇက်က ဆို
သည်မှာ -

'ဟာမစ်၏လက်ရာဟု သတ်
ထားသောကျမ်းသည် ထင်သ
ရှေးမကျနိုင်ပေ။ ဖြစ်နိုင်သည်
ပထမရာစုနှစ်လောက်က



www.burmeseclassic.com

www.burmeseclassic.com

တူ၏။ အဆိုပါ အိုင်ဇက်၏ တွေ့ရှိခြင်းမှာ ဟာမစ်တစ်အစဉ်အလာကို ဖျက်ဆီးလိုက်၏။ ထို့ကြောင့် အင်္ဂရတ်နှင့်ဟာမစ်၏ မှော်ပညာသည် မိုးဇက်၏ ရှေးခေတ်အယူအဆများအား သမိုင်းတွင် တစ်ခေတ်တစ်ချိန်က လူသားတို့၏ တီထွင်ချက်မျှသာဖြစ်သည်'

ဟု ဆို၏။

ဖာမာမက်တီနတီကို မထုတ်ဝေမီအချိန်ကလေးတွင် ပရပ်ရှားနိုင်ငံမှ ဗိနပ်ချုပ်သမား ဂျက်ကော့သည် RED SKY ATMORNING ကျမ်းကို ရေးသားခဲ့၏။ ထိုကျမ်း၌ ဂမ္ဘီရဉာဏ်အလင်းကြာမြင့်စွာရရှိခဲ့ပုံကို ရေးသားထားခြင်းဖြစ်၏။ ဤကျမ်းတွင် ဂျက်ကော့သည် သူ၏ ကိုယ်ပိုင်ဂမ္ဘီရသဘောတရားကို အခြေချခဲ့၏။ ၎င်းကျမ်း၌ ဘုရားသခင်အပေါ် ကြည်ညိုပူဇော်ခြင်း၊ ဘုရားသခင်၏ဖွင့်ဟမိန့်ဆိုခြင်းများကို အခြေခံ၍ လူသားနှင့်သဘာဝဆက်စပ်မှု၊ ပါရာဆဲ(လ်)ဆပ်၏ အင်္ဂရတ်ဒဿနတို့ကိုလည်းအခြေခံထားပေသည်။ ဂျက်ကော့သည် ဖီရပ်တက်တိုးနီးယပ်အဖြစ်လည်း ကျော်ကြားစပြုခဲ့၏။သူသည် အရာဝတ္ထုတို့၏မူလကိုရှင်းပြရန် ရည်ရွယ်ထား၏။ အထူးသဖြင့် မကောင်းဆိုးဝါးမိစ္ဆာများရှိခြင်းကို ရည်ရွယ်ခြင်း ဖြစ်၏။

ဂျက်ကော့က ဤသို့ဆို၏။

လူသားသည် ဘုရားသခင်ကိုစွန့်ခွာရင်းမှာပင် သူ၏ အရှုတ္တိကဉာဏ်အလင်းကို ဆုံးရှုံးခဲ့ရသည်ဟု ဆို၏။ သူသည် အမြင်အာရုံ၌ ဖုံးကွယ်နေသောဝိညာဉ်လောကအိပ်မက်များ၊ အင်္ဂရတ်ပညာနှင့်ကိန်းဂဏန်းတို့၏မှော်ပညာကို နားလည်နိုင်စွမ်း မရှိတော့ပေ။ မှော်ပညာသည် အမတ၏မိခင်ဖြစ်ပြီး အနှစ်သာရအားလုံးတို့၏အနှစ်သာရဖြစ်သည်ဟု ယုံကြည်ထား၏။ အကြောင်းမှာမူ ၎င်းသည် သူ့အလိုအလျောက်ဖြစ်လာပြီး ဆန္ဒဖြင့်ထင်ရှားစေသောကြောင့်ဖြစ်၏။ ၎င်းတွင် ဆန္ဒတစ်ခုတည်းသာရှိ၏။ ထိုဆန္ဒသည် အံ့သြမှုနှင့် လျှို့ဝှက်မှုတို့၏ ကြီးကျယ်သော လျှို့ဝှက်ချက်ကြီးတစ်ရပ် ဖြစ်ပေသည်။ ထို့အပြင် အတ္တစိတ်ဖြင့် ပူလောင်သော ခံစားချက်ကို တမ်းတနေပေသည်။

ပူလောင်သောဆန္ဒ ဆိုသည်မှာ ကောင်းကင်ဘုံ၏ အရာဝတ္ထုများကို ဆိုလိုခြင်းဖြစ်ပြီး ထိုအရာများကို သူကိုယ်တိုင်ခံစားခဲ့ဟန်လည်း တူပေသည်။ ထိုအရာဝတ္ထုများကို သီတတေဇောဟု သတ်မှတ်ထား၏။ ၎င်းသီတတေဇောဆိုသည်မှာ လောင်ကျွမ်းမှုမရှိသော မီးတစ်မျိုး ဖြစ်၏။ ထိုဝေါဟာရကိုပင် အင်္ဂရတ်ပညာရှင်များက ၎င်းတို့၏ဓာတ်ရည်များကို ခေါ်ဝေါ်ရာတွင် သုံးစွဲကြ၏။

ဂျက်ကော့၏အတွေးအခေါ်သည် ကာဗလာနှင့် အလွန် နီးစပ်လှပေသည်။ သူ၏ကျမ်းကို ဘာသာရေးအာဏာပိုင်များက ရှုတ်ချခဲ့ကြပြီး ပထမတွင် လက်ရေးပုံစံဖြင့် ဖြန့်ချိခဲ့၏။ သို့သော် ၎င်းတို့ကို ပုံနှိပ်၍ ကျယ်ပြန့်စွာ ဖြန့်ချိလိုက်သောအခါ၌ ၎င်းသဘောတရားတို့သည် ဂျာမန်ဒဿနနှင့်အင်္ဂရတ်အတွေးအခေါ်အပေါ်၌ ကြီးမားစွာ လွှမ်းမိုးလာတော့၏။

ဂွန်ဒီး၏ ကာဗလာမှော်ပညာနှင့် ရိုစီကရူစီယန်ကြေညာစာတမ်းတို့အား အခြားမူလများက လွှမ်းမိုးထားခဲ့၏။ ဥပမာအားဖြင့် ဟိန်းဒရစ်ကွန်းရပ် (၁၅၆၀-၁၆၀၅) ၏ ဂျာမန်ဒဿန ဖြစ်၏။ ၎င်းသည် ဂျာမန်အင်္ဂရတ်ပညာရှင်တစ်ဦးဖြစ်၏။ သူသည် ဂွန်ဒီးနှင့်ရင်းနှီးကျွမ်းဝင်သူလည်း ဖြစ်၏။ ၁၆၀၉ ခုနှစ်တွင် ထုတ်ဝေသည့် AMPHITHEAT-RUM SAPIENTIAE AZTERNAE ကျမ်းကို ရေးသားသူလည်း ဖြစ်၏။ ထိုအချိန်သည်ကား ဖာမာမက်တာနတီလက်ရေးစာမူ မပေါ်သေးမီက ဖြစ်၏။ ထိုကျမ်းသည် တစ်နှစ်အတွက် နေ့စဉ်ကမ္မဋ္ဌာန်းထိုင်ရန်အတွက် နည်းပေါင်း (၃၆၅) မျိုးကို ဖော်ပြထား၏။ ၎င်းကို မှော်ပညာ၊ အင်္ဂရတ်ပညာ၊ ကာဗလာပညာရပ်ဆိုင်ရာတို့ဖြင့် လှပစွာ ထွင်းထုထားသော ရုပ်ပုံ (၁၂) မျိုးဖြင့် တန်ဆာဆင်ထား၏။

ထိုအထဲမှအကျော်ကြားဆုံးသောပုံမှာ ဘာသာရေးကိုင်းရှိုင်းသော အင်္ဂရတ်ပညာရှင်က သူ၏ဖိုရုံထဲတွင် ဒူးထောက်၍ ဘုရားသခင်ထံ ဝတ်ပြုဆုတောင်းနေပုံ ဖြစ်၏။ အတွင်းစာသားသည် ဂွန်ဒီး၏စာသားနှင့်ရိုစီကရူစီယန်ကြေညာချက်ပါစာသားများနှင့် တူပေသည်။

(ရှေ့လဆက်ရန်)

ဆရာဦးဆက်ထွန်းသင်း

(အာယုဗ္ဗေဒ)

# ရသာယန သက်ရှည်ဆေး

ရသာယနသက်ရှည်ဆေး (၉၆) ပါး၊ ရောဂါကင်းဆေးဟုလည်း ခေါ်တွင်ကြပါသည်။ ဤဆေးကို နတ်မောက်မြို့နယ် ကျောက်ပုံကျေးရွာ တောင်ပေါ်ကျောင်းတွင် သီတင်းသုံးသည့် ဆရာတော်ကြီး ဘဒ္ဒန္တသုမန မှီဝဲခဲ့သောဆေး ဖြစ်ပါသည်။ ဆရာတော်ကြီး တစ်နှစ်ပတ်လုံး မှီဝဲရန် ဆရာညီမှ အမြဲဖော်စပ် လှူဒါန်းပါသည်။

◆ မြင်းခွာရွက်များချည်းသက်သက် ခူးယူရေဆေး၍ အရိပ်တွင် ခြောက်သွေ့စေကာ အမှုန့်ထောင်းထားပါသည်။ မြင်းခွာရွက်ခြောက်အမှုန့် (၂၀) ကျပ်သား။

◆ ငရုတ်ကောင်းစေ့အခြောက်များကို မီးမသင်းဘဲ သဘာဝအတိုင်း အမှုန့်ထောင်း (၄) ကျပ်သား။

◆ ပျားရည်စစ်စစ် (၂၅) ကျပ်သား။

အထက်ပါ ဆေးအမည်များကို အစေးပေါက်သမအောင် ရောမွှေနယ်ပြီး နေပူပူတွင်လှန်းပါ။ နေ့စဉ်မွှေပေးပြီး လှန်းပါ။ ပျားရည်ခန်း၍ အလုံးလုံး၍ရလျှင် ဆီးစေ့ခန့်အလုံးများလုံးထားပြီး လေသလပ်ခံထားပါ။ ဆေးလုံးလေးများ တစ်လုံးနှင့်တစ်လုံးပူးကပ်ခြင်းမရှိတော့သည့်အခါ လေလုံဖန်ပုလင်းတွင် ထည့်ဆောင်ထားပါ။

နေ့စဉ် နံနက် (၁) လုံး၊ နေ့လယ် (၁) လုံး၊ ည (၁) လုံး မှန်မှန်စားပါ။ နှစ်လုံး၊ သုံးလုံးအထိလည်း ပုံမှန်စားသွားနိုင်ပါသည်။

မည်သည့်ရောဂါမဆို ရောဂါကြီးလျှင် (၂) လစားလျှင် ရောဂါနုလျှင် ရောဂါငယ်လျှင် (၁) လစားက ရောဂါကင်းရှင်း ကျန်းမာစေပါသည်။

မည်သူမဆို မည်သည့်ရောဂါမျှ မဖြစ်မီကတည်းက ကြိုတင်စားသွားပါက ရောဂါဝေးကွာပြီး အသက်ရာကျော်ရှည်စေပါသည်။ (၉၆) ပါးရောဂါကင်းဝေး ရသာယနသက်ရှည်ဆေးတော်ကြီးဖြစ်ပါ၍ အလွယ်တကူ ဖော်စပ်သုံးစွဲနိုင်ရန် တင်ပြ ရေးသားအပ်ပါသည်။

နတ်မောက်မင်းသန့်ခိုင်



www.burmeseclassic.com

www.burmeseclassic.com

# ဖုန်းရှိအောင်

## ငရဲတို့၏ထူးခြားချက်၊ ငရဲတို့၏လျှို့ဝှက်ချက်



ငရဲ ဆိုသော ဝေါဟာရကို မြန်မာစာအဘိဓာန်ထဲ၌ မကောင်းမှုပြုလုပ်သူများ နောင်တမလွန်ဘဝ၌ ဆင်းရဲကြီးစွာခံရရာအရပ်ဟု အနက်ပေးထားသည်။ ဗုဒ္ဓစာပေထဲ၌ ငရဲဘုံကို ချမ်းသာခြင်းမရှိ ဆင်းရဲခြင်းအတိပြီးသောအရပ် (ဘုံ) ဟု ဖော်ပြထားရှိသည်။ အဘိဓမ္မာအလိုအရ ငရဲ ဆိုသော ဝေါဟာရသည် နိရိယ ဆိုသော ပါဠိဝေါဟာရ နရက် ဟူသော ပါဠိပျက်ဝေါဟာရမှဆင်းသက်လာသည် ဟု ယူထားသည်။ ဗုဒ္ဓဘာသာဝင်တို့၏ ယုံကြည်မှုအရ ငရဲဘုံသည် တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ အသုရကာယ်ဘုံ၊ ငရဲဘုံ ဟူသော အပါယ်လေးဘုံ အပါအဝင် ဖြစ်သည်။ ဤအပါယ်လေးဘုံသည် အပြစ်သား (အကုသိုလ်ဒုစရိုက်ကျူးလွန်သူ) တို့ ရောက်ရှိခံစားရရာဘုံ ဖြစ်သည်။

ငရဲဘုံ အပါအဝင် အပါယ်လေးဘုံသို့ ရောက်ရှိရအောင် လူသားတို့ကျူးလွန်မိရသော အကုသိုလ်ဒုစရိုက် (၁၀) ပါး၏ အနှစ်ချုပ်အကြောင်းရင်းခံသည် လောဘ၊ ဒေါသ၊ မောဟပင် ဖြစ်သည်။ လောဘကြောင့်သေလျှင် ပြိတ္တာဘုံသို့ ရောက်ရသည်၊ မောဟကြောင့်သေလျှင် တိရစ္ဆာန်ပြည်ကိုရောက်ရသည်၊ ဒေါသကြောင့်သေလျှင် ငရဲပြည်ကို ရောက်ရသည် ဆိုသော မြေပုံအညွှန်းသည် ဤသို့နှင့် ပေါ်ပေါက်လာခဲ့ရသည်။

စစ်ကဲကြီး ဦးရွှေနော်၏ အာဒိကပ္ပကမ္ဘာဦးကျမ်း (၁၂၆၃) မှာ ငရဲဘုံ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပေါ်လာပုံကို အတော်ကြီး ပြည့်ပြည့်စုံစုံ ဖော်ပြထားသည်ကို တွေ့ရှိရသည်။ ကမ္ဘာကြီးဖြစ်တည်လာသည်နှင့်တစ်ပြိုင်နက် ငရဲပြည်ရှစ်ထပ်သည် ဖြစ်ထွန်းလာရသည်ဟု ဆိုထားသည်။ ထိုငရဲပြည်ရှစ်ထပ်သည် လူ့ဘုံတည်ရာ ကမ္ဘာမြေကြီးထဲ(အောက်)တွင် တည်ရှိထားသည်ဟု ယုံကြည်ကြသည်။

ငရဲပြည်ရှစ်ထပ်၏ အပေါ်ထုံးအထပ်ဖြစ်သော သိဉ္စီးငရဲသည် ယူဇနာ (၈၆၀၀)၊ ယင်းအောက် ကာဠသုတ်ငရဲသည် ယူဇနာ (၈၈၀၀)၊ ယင်းအောက် သင်္ဃာတငရဲသည် ယူဇနာ (၉၀၀၀)၊ ယင်းအောက် ရောရုဝငရဲသည် ယူဇနာ (၉၂၀၀)၊ ယင်းအောက် မဟာရောရုဝငရဲသည် ယူဇနာ(၉၄၀၀)၊ ယင်းအောက် တာပနငရဲသည် ယူဇနာ (၉၆၀၀)၊ ယင်းအောက် မဟာတာပနငရဲသည် ယူဇနာ (၉၈၀၀)၊ ယင်းအောက် ရှစ်ထပ်မြောက် မဟာအဝီစိငရဲသည် ယူဇနာ (၁၀၀၀၀) ရှိကြသည်ဟု ဖော်ပြမှုများကို တွေ့ရှိရသည်။

ထိုငရဲများ၌ အပြစ်ခံစားရပုံများကို အကျဉ်းမျှ ပြဆိုချင်ပါသည်။

၁။ သိဉ္စီးငရဲသည် ဘယ်လိုပင်သတ်ဖြတ်ညှဉ်းဆဲခံရသော်လည်း ကံမကုန်သမျှ အဖန်တလဲလဲအသက်ရှည်၍ခံရသောငရဲ၊

၂။ ကာဠသုတ်ငရဲသည် မည်းနက်သော တံမျဉ်းကြိုးဖြင့် ချတိုင်း၍ သစ်ရွေသလို တစ်ကိုယ်လုံးခုတ်ရွေလှီးဖြတ်ခံရသောငရဲ၊

၃။ သင်္ဃာတငရဲသည် ပူလောင်ကျွမ်းနေသော သံတောင်သံခဲများဖြင့် အဖန်ဖန်လိမ့်မွှေကြိတ်ခြေညှဉ်းဆဲခံရသောငရဲ၊

၄။ ရောရုဝငရဲသည် မီးတောက်မီးလျှံတို့ဖြင့် အဖန်ဖန်နှိပ်စက်ခံရ၍ ကျယ်လောင်စွာ အော်ဟစ်မြည်ကြွေးသံများဖြင့်ပြည့်လျှံနေသောငရဲ၊

၅။ မဟာရောရုဝငရဲသည် မီးခိုးမီးအုံများ ပိတ်ဖုံးနှိပ်စက်ခံရ၍ အော်ဟစ်ငိုကြွေးသံ ဖုံးလွှမ်းနေသောငရဲ၊

၆။ တာပနငရဲသည် သံတံကျင်တို့ဖြင့် ထိုးဖောက်ပြီး မီးလျှံစွဲနေသော သံတွေခဲထဲ၌ အမြဲကင်ဖုတ်ခံနေရသောငရဲ၊

၇။ မဟာတာပနငရဲသည် အလျှံပြောင်းရဲသောသံတောင်ကြီးပေါ်သို့ အတင်းရိုက်မောင်းတက်လျက် အပေါ်ရောက်လျှင် တောင်အောက်၌ စိုက်ထောင်ထားသော လှံသွား၊ ဓားသွားများပေါ်သို့ ဦးစောက်ပြောင်းပြန်ကျရောက်စေသောငရဲ၊

၈။ အဝီစိငရဲသည် မီးတောက်မီးလျှံ၊ ငရဲကျသူ၊ ဆင်းရဲဒုက္ခတို့ အကြားအလပ်မရှိ ပြည့်လျှံပွတ်သိပ်နေသောငရဲ ဟူ၍ ဖော်ညွှန်းထားသည်ကို တွေ့ရှိနိုင်ပါသည်။

ဤသည်ကိုရည်၍ အင်းဝ၊ ပင်းယခေတ် မြန်မာစာဆိုတော် ရှင်အဂ္ဂသမာဓိက သူ၏ နေမိငရဲခန်းပျို့ထဲတွင် -

'မျက်ဆန်ခါတုတ်လေ၏တည်း'
'အရေခွာဆုတ်လေ၏တည်း'
'ကွေးလွေးသတ်ပုတ်လေ၏တည်း'
'ဦးခေါင်းဖြတ်ခုတ်လေ၏တည်း'
'ဆင်းရဲအလေးလျှောင်၏တည်း'
'ကြွေးဟစ်ငိုကြွေးသောင်းသောင်းတည်း' ဟု ငရဲ၏ ကြောက်မက်တုန်လှုပ်ချောက်ချားဖွယ်ရာကိုကြက်သီးမွေးညင်းထရလောက်အောင် ပီပြင်စွာထည့်သွင်းသီကုံးခဲ့သည်ကို တွေ့ရှိရပေသည်။ ထိုရှင်အဂ္ဂသမာဓိသည် နေမိဇာတ်တော်ကို နိက္ခမခန်းပျို့၊ ဘုံခန်းပျို့၊ ငရဲခန်းပျို့ ဟု ခွဲခြားပြီး သီကုံးစပ်ဆိုခဲ့ရာ ပီပြင်ပြောင်မြောက်လွန်းလှသဖြင့် 'ငရဲနှင့်ခြောက်ဘုံနှင့်မြောက်' ဟူသော စကားပုံသည် ပေါ်ထွန်းလာရသည် ဖြစ်၏။

တစ်ခါ နောက်အဆိုတစ်ခုမှာ ဖော်ပြခဲ့သော ငရဲပြည်ရှစ်ထပ်ကို ငရဲကြီးဟုခေါ်ဝေါ်ကြပြီး ထိုငရဲကြီးတစ်ထပ်စီ၌ အရပ်လေးမျက်နှာရှိရာဝယ် အရပ်တစ်မျက်နှာစီ၌ အမျိုးအစားမတူသော အရံငရဲပြည်ငယ် ငါးခုစီ ရှိကြသည်ဟူ၍ ဒေဝဒူတသုတ္တန်တွင် ဖော်ပြထားသည် ဖြစ်၏။ တခြားမှုကွဲတစ်ခုမှုထိုကဲ့သို့ ငရဲပြည်ငယ် ငါးခုမဟုတ်ဘဲ လေးခုသာဟု ဆိုထားပြန်သည်။ ၎င်းငရဲပြည်ငယ်များကို ငရဲငယ်ဟု ခေါ်တွင်ကြသည်။ ပါဠိအားဖြင့် ဥဿဒငရဲဟု ခေါ်ဝေါ်ကြသည်။ ထိုဥဒ္ဒသငရဲခေါ် ငရဲငယ်ငါးပါးမှာကား -

၁။ ဘင်ပုတ်ငရဲ (ဂူထပုတိက) - ဆင်လည်ပင်း၊ လှေပိန်းကောပမာ လောက်ရှိသော ပိုးလောက်ကောင်များ လွှမ်းမိုးသည့် နံစော်ပုပ်ဟောင်လှသော မစင်ဘင်ပုတ်တွင်း၌ နစ်မြုပ်၍ ပိုးလောက်ကောင်တို့ကိုက်ခဲခံရသောငရဲ၊

၂။ ပြာပူငရဲ(ကုက္ကုလုဏ္ဍ)- အလျှံခဲခဲထနေသောမီးခဲတို့ကို အလွန်အမင်းပူပြင်းသောပြာပူတို့ ဖုံးလွှမ်းထားသောကျင်းထဲကျဆင်းခံရသောငရဲ၊

၃။ လက်ပံတောငရဲ(သိမ္ဗလိ) - အလွန်ရှည်လျားသော စူးရှထက်မြက်သည့်လက်ပံဆူးတို့က ငရဲသားတို့အပေါ်တက်လျှင် အောက်ဘက်သို့လှည့်နေပြီး အောက်သို့ ဆင်းလျှင် အပေါ်သို့လှည့်နေတတ်သောလက်ပံပင်ပေါ်သို့ ငရဲသားတို့အား တက်ဆင်းစေသောငရဲ၊

၄။ သန်လျက်တောငရဲ (အသိပတ္တံ)- ဓား၊ လှံ၊ သန်လျက်နှင့်တူသည့် အရွက်များပေါ်များကြွေကျလျက်ရှိသော၊ အပေါ်မှလည်း တဖြုတ်ဖြုတ်ကြွေကျနေသော သန်လျက်ပင်တောထဲ၌ ပြေးမလွတ်အောင် ဆင်းရဲဒုက္ခခံရသောငရဲ၊

၅။ ကြိမ်ပိုက်မြစ်ငရဲ (ဓာရောဒက) - ကြိမ်ဆူးကြိမ်ပိုက်တို့ အထပ်ထပ်ရံလျက် ခါး,ငန်,စပ်,ပူသောရေရှိသည့်မြစ်ထဲ၌ ကူးမလွတ်အောင် ဆင်းရဲဒုက္ခခံရသောငရဲ စသည်တို့ ဖြစ်၏။

တချို့ကမူ ဥဒ္ဒသငရဲ (ငရဲငယ်) သည် ငါးမျိုးမဟုတ်၊ ဆယ်မျိုးဟု ဆိုကြပါသေးသည်။မန်လည်ဆရာတော်ဘုရားကြီးက သူ၏ မဃဒေဝလင်္ကာသစ်ထဲတွင် အဆိုပါငရဲငယ်ဆယ်မျိုးအကြောင်းကို ထည့်သွင်း ရေးသား စီကုံးခဲ့ပါသေးသည်။ ၎င်းကို ကောက်နုတ်ဖော်ပြရပါသော် -

၁။ လောဟကုမ္ဘီငရဲ - ကျွက်ကျွက်သံရည်ပူ၊ ကြေးရည်ပူရှိသော ကြေးကြီးထဲ သက်ဆင်းခံစားရသောငရဲ၊

၂။ လက်ပံတောငရဲ- အထက်ကဆိုခဲ့သည်နှင့်အတူတူ၊

၃။ အသိမနငရဲ- သန်လျက်တောငရဲပင် ဖြစ်သည်၊

၄။ တမ္ဗောဒကငရဲ - ပွက်ပွက်ဆူနေသော ကြေးနီရည်ပူစီးဆင်းနေသောငရဲ၊

၅။ အယောဂုဠငရဲ- တညီးညီးတရှိန်ရှိန်တောက်လောင်နေသော သံတွေခဲမီးကျီးငရဲ၊

၆။ သေလပဗ္ဗတငရဲ - တဟုန်းဟုန်းတပြောင်ပြောင် ပူလောင်ကျွမ်းမြိုက်စွာတောက်လောင်နေသော



www.burmeseclassic.com

www.burmeseclassic.com

တောင်ကြီးများအတိပြွမ်းနေသည့် ငရဲ၊

၇။ ဘုသနုဒီငရဲ - အခိုးတထောင်း ထောင်းထ ပွက်ပွက်ဆူဆူ တဖျစ်ဖျစ်တောက်လောင်နေသောရေ စီးဆင်းနေသောမြစ်ငရဲ၊

၈။ သီတနုဒီငရဲ - ရိုးတွင်းခြင်ဆီထိ အေးခဲချမ်းစိမ့်သော ရေအလျဉ် ဒလဟောစီးဆင်းနေသော မြစ်ငရဲ၊

၉။ ခွေးငရဲ - ကျားကြီး၊ ဆင်ပေါက်လောက်ရှိသော သားစားကြူး ခွေးကြီးများ ဝိုင်းဝန်းကိုက်ခဲစား သောက်ခံရသောငရဲ၊

၁၀။ ယန္တပါသငရဲ - ကြံရည်ကြိတ်စက်အလား ထွားထွားညက်ညက် ကြိတ်ဝါးတတ်သောငရဲဟူ၍ ဖြစ်သည်ကို တွေ့ရှိရပေသည်။

တစ်ဆက်တည်း ဖော်ပြရန်သင့်သည်က လောကန္တရိတ်ငရဲ ဆိုသည်တို့ပင် ဖြစ်၏။ ထိုငရဲသည် ကမ္ဘာများစပ်ကြားတွင် တည်ရှိနေသည်ဟု ဆို၏။ အစဉ်သဖြင့် အလင်းရောင်ကင်းမဲ့နေပြီး အေးခဲထုံကျဉ်နေသော ကျောက်နံ့ရံကြီးများ ပတ်ပတ်လည်ဝိုင်းရံနေသော အေးစက်ချမ်းစိမ့်မှုလွန်ကဲလှသည့် ရေပြင်ကျယ်ကြီးနှင့်ပြီးနေသည်ဟူ၏။ ငရဲသားတို့သည် ကျောက်နံ့ရံများတွင် လင်းနို့သဖွယ် တွယ်ကပ်လှုပ်ရှားနေရလျက် အချင်းချင်း ရင်ဆိုင်ထိတွေ့မိလျှင် အစာမှတ်၍ဟပ်မိကြရာမှ အေးစက်နေသော ရေထဲသို့ ပြုတ်ကျသည် ဟူ၏။ ထိုသို့ ပြုတ်ကျသောငရဲသားတို့သည် သွေးရူးသွေးတန်းနှင့် ရေထဲမှနေ၍ ကျောက်နံ့ရံသို့ ပြန်လည်တွယ်ချိတ်တက်ကြပြန်သည် ဟူ၏။ ဤသို့ဖြင့် ဆိုးသွမ်းသံသရာသည် ကံမကုန်မချင်း လည်ပြီးရင်းလည်နေသည် ဟူ၏။

ဤတွင် မေးစရာ၊ တွေးစရာဖြစ်လာသည်။ ဗုဒ္ဓဘာသာဝင်များသာလျှင် ငရဲယုံကြည်မှုဓလေ့ ထွေးပိုက်ထားကြသလားဟူခြင်းပင် ဖြစ်၏။ တကယ်တော့ ထိုသို့မဟုတ်ပါလေ။ ကမ္ဘာ့ဒေသတိုင်း၊ လူမျိုးတိုင်း၊ ကိုးကွယ်မှုဘာသာတိုင်း၌ ငရဲယုံကြည်မှုဓလေ့များ ကိုယ့်နည်းကိုယ်ဟန်နှင့်ကိုယ် ရှိနေကြပေ၏။

ဥဒဟရဏ်ဆိုရသော် ရှေးအီဂျစ်တို့က ငရဲကို ဒုအတ်ဟု ခေါ်ကြသည်။ ငရဲမင်းကြီး (ယမမင်း) ကို အိုင်စစ်ရစ်ဟု ခေါ်ကြသည်။ ဘေဘီလိုနီယန်း အပါအဝင် အရှေ့အလယ်ပိုင်းဒေသသားတို့က မကောင်းသူတို့သွားရာ ငရဲဘုံသည် မြေကြီးထုအောက်တွင်ရှိသည်ဟု ယုံစွဲကြပြီး ၎င်းကို ရှီအော(လ်) ဟု ခေါ်ဝေါ်ကြသည်။ ရှေးနော့(စ်)လူမျိုးတွေကျပြန်တော့ သူတို့ပင်ကိုစရိုက်က တိုက်ခိုက်သတ်ပုတ် ကြမ်းကြမ်းကြုတ်ကြုတ်နေထိုင်တတ်သူများ ဖြစ်သည့်အလျောက် သတ္တိရှိသူများသာလျှင် ဝါလ်ဟာလာလ်မည်သော ကောင်းကင်ဘုံသို့ရောက်ရှိပြီး သတ္တိကြောင်သူများသာလျှင် ငရဲဘုံသို့လားရသည်ဟု ယုံကြည်ကြသည်။ ရှေးဂရိတို့ ယုံကြည်မှုဓလေ့ကတော့ သေလွန်သူတို့ ဟေဒီ ခေါ်သော အမတဘုံကို ရောက်ရသည်ဟု ယုံစွဲကြသည်။ ခရစ်ယာန်တို့ကမူ ထိုဟေဒီဘုံကို ငရဲဘုံဟု ယူကြသည်။ အပြစ်ကျူးလွန်သူတိုင်း ထိုဟေဒီဘုံကို ရောက်ရသည်။ ထိုသို့ရောက်သူတိုင်း ဘယ်တော့မှ လွတ်မြောက်ခွင့်မရှိဟု ယုံမှတ်ကြသည်။ ဂျူးလူမျိုးတို့ ကိုးကွယ်ခဲ့သော ရိုးရိုးအက်စတာဘာသာအလိုမူကား ငရဲဘုံ ဆိုသည်မှာ အပြစ်ကျူးလွန်သူများ ခေတ္တခဏ ဒုက္ခခံစားနေရသောဘုံဟုဆိုထားသည်။ နောက်ဆုံး ကယ်တင်ရှင်ကြီး ပေါ်ပေါက်လာသောအခါ ထိုငရဲဘုံသည် ပျောက်ပျက်သွားပြီး ငရဲသားအားလုံးသည် ကောင်းကင်ဘုံဆီသို့ခေါ်ယူသွားခြင်းခံရလိမ့်မည်ဟု ယုံကြည်ကြသည်။

တစ်ဖန် ဘရင်ဂျီခရစ်ယာန်များကတော့ ဟေဒီငရဲဘုံအပြင် ပါဂါထရီခေါ်သောဘုံတစ်ဘုံရှိသည်ဟု ယုံကြည်ကြသည်။ ထာဝရဘုရားသခင်ကို ယုံကြည်မှုမပျက်သော်လည်း အသေးစားပြစ်မှုကျူးလွန်သူများသည် ထိုပါဂါထရီဘုံမှာ သွားရောက်ခံပြီးမှ ကောင်းကင်ဘုံသို့ရောက်ရသည်ဟု ယုံမှတ်ကြသည်။ သွားလေသူများက ဘုရားဝတ်ပြုပေး ခြင်း၊ ဆုတောင်းပေးခြင်းများ ပြုလုပ်ခဲ့လျှင် ထိုသူကျခံရသော ပြစ်ဒဏ်များသည် ယုတ်လျော့ပျက်ပြေသွားသည်ဟု ဆို၏။ ထို့ပြင် ခရစ်တော်မတိုင်မီက ကွယ်လွန်သွားခဲ့သော သူတော်ကောင်းများသည် ကောင်းကင်ဘုံသို့ မရောက် နိုင်သော်လည်း ငရဲဘုံမရောက်နိုင်ဟု ယုံမှတ်ကြသည်။ ထိုငရဲဘုံနှင့် မနီးမဝေး လင်ဗိုအမည်ရှိသောဘုံသို့သာ ရောက် ရသည်ဟု ယုံစွဲကြသည်။ နောက်ခရစ် ယာန်ဓမ္မကျမ်းသစ်လာ ဂယ်ဟင်နာဘုံ သည်လည်း ငရဲဘုံဟု ဆိုကြသေးသည်။

ခရစ်တော် ရှင်ပြန်ထမြောက်၍ ကောင်းကင်ဘုံသို့ပြန်ကြွသွားသောအခါ တွင် ထိုလင်ဗိုဘုံသို့ ရောက်ရှိနေသူများ ကို ကယ်တင်ခေါ်ဆောင်သွားသည်ဟု ယုံမှတ်ကြလေ့ရှိသည်။ ပြီး မီးတွင်း၌ေ သောကလေးငယ်များ၊ ခရစ်ယာန်ဘာ သာသွင်း ရေဖျန်းမင်္ဂလာမပြုရသေး သေဆုံးရသော ကလေးငယ်များသည် ထိုလင်ဗိုဘုံသို့ရောက်ရသည်ဟုယုံကြ ကြသည်။ သို့လိုပင် အစ္စလာမ်ဘာသာ ဝင်တို့ကလည်း အလ္လာလ်ဘုရားရှင်အား မယုံကြည်သောသူများ၊ အယူလွဲသူများ မိစ္ဆာဒိဋ္ဌိများသည် ငရဲဘုံသို့ ရောက် ကြောင်းယူမှတ်ကြသည်။ တကယ်တော ဘာသာတိုင်း၊ လူမျိုးတိုင်း၊ အယူဝါဒတိုင် လိုလိုမှာပင် ငရဲဘုံဆိုသည်မှာ ကမ္ဘာ ကြီးအောက်တွင်ရှိကြောင်း၊ ငရဲမင်း ကအုပ်ချုပ်ကြောင်း၊ မီးတောက်မီးလျှံ အကြားမလပ်ရှိကြောင်း၊ ငရဲသား ကြောက်မက်ဖွယ်စွာ ခံစားရကြော ငရဲထိန်းငရဲခွေးများရှိကြောင်း စသ ကိုယ့်အမြင်နှင့်ကိုယ် အရောင်တူအ ကွဲစွာ ဖော်ပြကြသည်ကို တွေ့ရှိရသည်

ထို့ပြင်တစ်ဝ ၁၃ ရာစု အကျော်ဇေယျ အီတလီစာဆို ဒန်တီက သူ၏ဒိဗိုင်းကော်မဒီလက ကြီးထဲတွင် အင်ဖာဒိုငရဲ ပါဂါထရီဘုံ ကောင်းကင်ဘုံများအကြောင်းကို ထ သွင်းစပ်ဆိုထားသည်။ ငရဲဘုံအကြော ကို ထိတ်လန့်ချောက်ချား ကြောက် ဖွယ်လိလိ ကွက်ကွက်ကွင်းကွင်း ခဲ့သော နောက်စာရေးဆရာတစ် လက်တင်စာဆိုတော် ဗာဂီး(လ်) သည်။ သူ၏အိနိတ်(ဒ်)စကာ တွဲထ





www.burmeseclassic.com

www.burmeseclassic.com

ဘတ်ဆောင် ရောမလူမျိုးအိနိယပ်သည် အီတလီပင်လယ်ကမ်းခြေတစ်နေရာတွင် လျှောက်သွားရင်းဖြင့် ငရဲပြည်သို့ အရှင်လတ်လတ် ရောက်ရှိသွားကြောင်း၊ သိပ်ကြာမီက သေသွားသော သူ၏ဖခင်ကို ထိုငရဲပြည်၌ငရဲခံစားနေရပုံကို ကြောက်မက်ဖွယ် တုန်လှုပ်ချောက်ချားဖွယ်ရာ ဖော်ပြထားသည်ကို တွေ့ရှိရသည်။

နောက်စိတ်ဝင်စားစရာတစ်ခုက ဆွီဒင်ပြည်သား ဆွီဒင်ဘော့ (၁၆၈၈-၁၇၇၂)ရေးသားသော 'နတ်ဘုံနှင့်ငရဲဘုံ' (Heaven and Hell) အမည်ရှိစာအုပ်ပါ အချက်အလက်တချို့ပင် ဖြစ်၏။ ဆွီဒင်ဘော့သည် စာရေးဆရာတစ်ဦးသာမက သိပ္ပံသုတေသီတစ်ဦး၊ ဂမ္ဘီရပညာရှင်တစ်ဦးလည်း ဖြစ်သေးသည်။ ဆွီဒင်ဘော့သည် ထိုစာအုပ်ကို အကြားအမြင်အာရုံကို အသုံးပြု၍ ပရလောကသားများအကူအညီဖြင့် ရေးသားခဲ့သည်ဟု ဆို၏။ သူသည် ထိုစာအုပ်၌ ငရဲဘုံအကြောင်းကို ကွက်ကွက်ကွင်းကွင်း ပယ်ပယ်နယ်နယ် ရေးသား ပြဆိုခဲ့သည် ဖြစ်၏။

ငရဲဘုံသည် ကမ္ဘာမြေကြီးအောက်၌ရှိကြောင်း၊ နတ်များက ထိုငရဲဘုံကို အကြောက်တရားဖြင့် ထိန်းသိမ်းအုပ်ချုပ်ကြောင်း၊ ငရဲဘုံ၌ အနောက်ဘက်ငရဲခန်း၊ အရှေ့ဘက်ငရဲခန်း၊ မြောက်ဘက်ငရဲခန်း၊ တောင်ဘက်ငရဲခန်းဟု ရှိကြောင်း၊ အနောက်ဘက်ငရဲခန်းသည် အဆိုးဝါးဆုံးဖြစ်ပြီး အရှေ့ဘက်ငရဲခန်းသည် သက်သာမှုရှိကြောင်း၊ မြောက်ဘက်ငရဲခန်းမှာ ကြောက်စရာအကောင်းဆုံးဖြစ်လျက် တောင်ဘက်ငရဲခန်းသည် အနည်းငယ် သက်သာမှုရှိကြောင်း စသဖြင့် ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

အနောက်ဘက်ငရဲခန်းရောက်သူများသည် အမုန်းတရားပွားများသူ၊ ဒေါသလွန်ကဲသူ၊ ကလိမ်ကကျစ်လုပ်သူများဖြစ်တတ်ပြီး အရှေ့ဘက်ငရဲခန်းရောက်သူများသည် ဘုရားမဲ့သူများ၊ တရားမဲ့သူများ၊ မာန်မာနကြီးသူများဖြစ်တတ်ကြောင်း၊ အနောက်ဘက်ငရဲခန်း၏အနောက်ဘက်တွင် သစ်တောကြီးများရှိပြီး ၎င်းတွင် နတ်မိစ္ဆာများ ကျက်စားကြောင်း၊ မြောက်ဘက် ငရဲခန်းနောက်တွင်လည်း ထိုကဲ့သို့ နတ်ဆိုးများကြီးစိုးနေကြောင်း၊ တောင်ဘက်ငရဲခန်း၏နောက်တွင် ကျယ်ပြန့်သော သဲကန္တာရကြီးရှိကြောင်း၊ ငရဲဘုံသည် ကျယ်ဝန်းရုံသာမက အထပ်ပေါင်းများစွာရှိကြောင်း၊ တစ်ထပ်နှင့်တစ်ထပ် ပေါင်းကူးလမ်းသွယ်များရှိကြောင်း၊ လူ့ပြည်မှ သွားရောက်နိုင်သော ငရဲပြည်သို့သွားရာဂိတ်ဝများ လျှို့ဝှက်စွာတည်ရှိကြောင်း၊ ထိုဂိတ်ဝများကိုနတ်များကစောင့်ရှောက်ကြောင်း၊ ထိုငရဲဘုံကို နတ်တို့ကအလှည့်ကျ စောင့်ရှောက်ကြောင်း စသဖြင့် ဖော်ပြထားသည်ကို တွေ့ရှိရသည်။ ထူးခြားချက်တစ်ခုမှာ ကျမ်းပြုသူ ဆွီဒင်ဘော့သည် ခရစ်ယာန်ဘာသာဝင်တစ်ဦးဖြစ်သော်လည်း သူ၏ရေးသားချက်များသည် ခရစ်ယာန်အယူဝါဒကို ချိုးဖောက်ဖီလာပြုထားသည်ကို တွေ့ရသောကြောင့်ဖြစ်သည်ကိုပင် ဖြစ်၏။

အားလုံးကိုခြုံ၍ သတ္တုချ လိုရင်းကိုပြောရလျှင် ကမ္ဘာပေါ်ရှိ လူမျိုးတိုင်း၊ ဒေသတိုင်း၊ ဘာသာအယူဝါဒတိုင်း၊ ယဉ်ကျေးမှုတိုင်းတွင် ငရဲယုံကြည်မှုလေ့သည် သူ့အတိုင်းအတာနှင့်သူ၊ သူ့ပုံစံနှင့်သူ ရှိနေကြမြဲဖြစ်သည်ဟူခြင်းပင် ဖြစ်၏။ ငရဲ ဆိုသည်မှာ ဒုစရိုက်ပြစ်မှုကျူးလွန်သူတိုင်း၊ အကုသိုလ်ကံပြုကျူးလွန်သူတိုင်း ပြစ်ဒဏ်ကျခံရရာ နေရာဌာန (ဝါ) ဘုံအဖြစ် အားလုံး လက်ခံကြသည်သာ ဖြစ်၏။ မျက်မှောက်ခေတ်ဥပဒေချိုးဖောက်ကျူးလွန်သူများ ပြစ်ဒဏ်ကျခံရရာ အကျဉ်းထောင်နှင့် တူလှပေသည်။ အနုလုံ၊ ပဋိလုံဆင်ခြင်သုံးသပ်မည် ဆိုပါလျှင် ငရဲ ဆိုသည်မှာ အကုသိုလ်မှကင်းစင်၍ ကုသိုလ်မှပွားများစေရန်အတွက် လူသားတို့အား အကြောက်တရားနှင့် ထိန်းချုပ်တည့်မတ်ပေးရာ ထိးချက်ခရိုင်နှင့် တူလှပေသည်။ ငရဲကို ကြောက်ရွံ့၍ အကုသိုလ်ပြစ်မှုများ မကျူးလွန်လျှင် ငရဲကိုရောက်စရာအကြောင်း မရှိတော့ပေ။ 'ငရဲနှင့်ခြောက် ဘုံနှင့်မြှောက်' ဆိုသော မြန်မာစကားပုံမှာ ထိုသဘောညွှန်းချက်ပင်ဖြစ်သည်။ ပြီး 'ငါ့ကုသိုလ်ကို ဖျက်ဆီးသူကား ဒေဝဒတ်ကားအထက်၊ သင်းကားအောက် ငရဲသစ်နတ်ဖြစ်ပါစေ' ဟူသည့် ပုဂံခေတ်ကျောက်စာပါ ကျိန်စာသည်လည်း ထိုသဘောကို ဖော်ညွှန်းနေသည်ပင် ဖြစ်၏။

သို့တစေ ခေတ်ပေါ် သိပ္ပံဒိုလိုဂျီသမားများကမူ နတ်ဘုံ၊ ငရဲဘုံ ဆိုသည်မှာ အမှန်တကယ်ရှိတာမဟုတ်ဘဲ လူသားတို့၏စိတ်ကူးဖန်တီးချက်သာ ဖြစ်သည်။ တချို့ကမူ ပကတိမျက်စိနှင့်မမြင်ရသဖြင့် ယုတ္တိမတန် တကယ့်ဖြစ်ရပ်မှန်နှင့်သွေဖည်နေသည်ဟု ဆိုကြပြန်သည်၊ နောက် တချို့ကမူ ငရဲသည် တမလွန်မှာရှိသည်မဟုတ်ဘဲ မျက်မှောက်ကာလမှာ တွေ့နေကျဖြစ်သော လူကြောင့်ဖြစ်သည့် ကပ်ဘေးသင့်သူများ၊ သဘာဝကြောင့်ဖြစ်သော ကပ်ဘေးသင့်သူများသည် ငရဲကျသူများဟု ဆိုကြပြန်သည်။

တခြားတချို့ကမူ လူသားတို့သည် သူတို့ခံစားရသော ဆိုးရွားသောရာသီဥတုဒဏ်၊ မိုးလေဝသဒဏ်ကို မှတည်၍ ငရဲကို သရုပ်ဖော်ကြသည်ဟု ပြောကြပြန်သည်။ အပူပိုင်းဇုန်သားတို့၏ငရဲသည် ပူလောင်ကျွမ်းမြိုက်၍ အအေးပိုင်းဇုန်သားတို့၏ငရဲသည် ချမ်းစိမ့်ထုံကျဉ် အေးခဲလှသည်ဟု ဆို၏။ နမူနာဆိုရသော် အပူပိုင်းဒေသသားတို့၏ငရဲဘုံသည် မီးတောက်မီးလျှံများ၊ သံပူရည်ကြေးနီပူရည်ပြည့်နေသောဒယ်အိုးများ၊ တမြိုက်မြိုက်ပူလောင်နေသောသံတောင်များ၊ သံတွေခဲများဖြင့် လွှမ်းခြုံနေသကဲ့သို့ အအေးပိုင်းဒေသသားတို့၏ငရဲဘုံသည် ရေခဲကန္တာရများ၊ ရေခဲမြစ်များ၊ ရေခဲဂူများနှင့်ပြည့်လျှံနေသည်။ အီတလီစာဆိုတော် ဒန်တီ၏ ဒီဗိုင်းကော်မီဒီလက်ရာကို သရုပ်ဖော်ထားသော ရေခဲငရဲဘုံပန်းချီကားထဲတွင် ငရဲသားတို့ ရေခဲပြင်ထဲ နစ်မြုပ်ခံစားနေရပုံကို သရုပ်ဖော်ထားသည်ကို တွေ့ရသည်။

သို့တစေ ခုနကပြောသောအဆိုသည် မှားသလားလို့ စောဒကတက်စရာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓစာပေထဲ၌ ငရဲဘုံအများစုသည် ပူလောင်ကျွမ်းမြိုက်ခြင်းကို အခြေခံထားသော်လည်း သီတနဒီငရဲနှင့် လောကန္တရိတ်ငရဲတို့သည် ချမ်းစိမ့်ထုံကျဉ်အေးခဲခြင်းကို အခြေပြုထားသည်ကို တွေ့ရသည့်အတွက်ကြောင့် ဖြစ်ပါသည်။

ဆိုခဲ့သမျှတို့ကို အနှစ်ချုပ်၍ ကောက်ချက်ငင်လိုက်လျှင် ငရဲသည် လူမျိုးတိုင်းအတွက်၊ ဘာသာတရားတိုင်းအတွက် လူသားတို့အား လမ်းမှန်သို့ တည့်မတ် ထိန်းကျောင်းပေးရာ (ဝါ) လူသားတို့အား အကြောက်တရားပြ၍ လမ်းညွှန်ထိန်းချုပ်ပေးရာ လမ်းပြမြေပုံညွှန်းပင် ဖြစ်သည်။ ဤမြေပုံညွှန်းကို ကြည့်ပြီး ငရဲတို့၏ထူးခြားချက်၊ လျှို့ဝှက်ချက်များကို ရှာဖွေပြီး လွတ်မြောက်ရာနိဗ္ဗာန်ဘုံသို့သွားရောက်ရာလမ်းကြောင်းကို ဖော်ဆောင်နိုင်ပါစေဟု. . .

[illegible]



www.burmeseclassic.com

www.burmeseclassic.com

(မှုနှလေး)

# ခင်မောင်အေး

## မုဆိုးတစ်ဦး၏ဒိုင်ယာရီ ၄



(တစ်)

ယခင်က ကျွန်တော်၏ မိတ်ဆွေအပေါင်းအသင်းများက မကြာမကြာ မေးတတ်သည့် မေးခွန်းတစ်ခုရှိပါသည်။

ထိုမေးခွန်းကား -

"ဂျွန်၊ အာဖရိကမှာ မင်း လူဖြူမုဆိုးလုပ်နေခဲ့တာ တော်တော်ကြာလှပြီ။ မင်းတွေ့ခဲ့ကြုံခဲ့ရတဲ့ သားကောင်တွေထဲမှာ ဘယ်သတ္တဝါက အန္တရာယ်အကြီးဆုံးလဲဟင်"

တကယ်ဆိုတော့ သည်မေးခွန်းကို မည်သူကမျှ တိတိကျကျ အဖြေပေးနိုင်မည် မထင်ပါ။ မုဆိုးနှင့်တောကောင်ရင်ဆိုင်ကြုံတွေ့ရသည့်အခြေအနေပေါ်တွင်မူတည်နေ၍ဖြစ်သည်။ အန္တရာယ်ကြီးသောတောကောင်ကို တစ်ခါတစ်ရံ ချုံနွယ်ပိတ်ပေါင်းများထူထပ်သောတောအတွင်း ရင်ဆိုင်ရလျှင် အလွန်ခက်ခဲစေကာမူ လွင်ပြင်နှင့် ထိပ်တိုက်တိုးမိသည့်တိုင် လွယ်လွယ်ကူကူ ချေမှုန်းနိုင်ပါသည်။ မုဆိုး၏အတွေ့အကြုံနှင့် အရည်အချင်းကသာ အဆုံးအဖြတ်ပေးပေသည်။ ဥပမာအားဖြင့်ဆိုရလျှင် လျှပ်တစ်ပြက်ပစ်ခတ်ခြင်းကို အလွန်ကျွမ်းကျင်သောမုဆိုး၊ ချုံအတွင်းမှ ဝါးလုံးထိုးခုန်ထွက်လာပြီး မုဆိုးကိုတိုက်ခိုက်လာသောအခါ မုဆိုးနှင့် တောကောင် လျှင်သူသတ်စတမ်းဖြစ်သည်။ ဆုံးဖြတ်ရန် အလွန်ခက်ခဲသော မလူးသာမလွန့်သာ အခြေအနေမျိုး၌ကား တောကောင်၏ အလေ့အထအမူအကျင့်နှင့်သဘာဝကိုနားလည်သိရှိထားသည့်မုဆိုးကသာ အောင်ပွဲခံနိုင်မည် ဖြစ်ပါသည်။

သို့ပင်ဆိုစေကာမူ သားကောင်က အလွန်ကောက်ကျစ်စဉ်းလဲပြီး ရန်လိုကြမ်းကြုတ်သော တောကောင်၊ ကျားသစ်ကဲ့သို့သောသတ္တဝါမျိုးနှင့်တိုးမိပါက



www.burmeseclassic.com

www.burmeseclassic.com



မုဆိုးက သားကောင်တစ်လှည့်ဖြစ်သွားဖို့က သေချာလှ၏။ အာဖရိကတိုက်၏ နေရာအတော်များများတွင် ကျွန်တော် အမဲကြီးကောင်ရေ တော်တော်များများနှင့် တွေ့ကြုံရင်ဆိုင်ခဲ့ရသည်။ အမဲကြီးများအနက် မည်သည့်တောကောင်က အန္တရာယ်အများဆုံးဟု သတ်မှတ်ခြင်း မပြုနိုင်ခဲ့ပါ။ ပြောချင်သည်က အချိန်၊ နေရာ၊ မုဆိုးနှင့် သားကောင်တို့၏ သီးခြားကိုယ်စိစွမ်းဆောင်မှုက ဆုံးဖြတ်သည်သာဖြစ်ပါသည်။ အန္တရာယ်အကြီးမားဆုံးပေးတတ်သည်က ဒဏ်ရာရရှိ



www.burmeseclassic.com

www.burmeseclassic.com

သွားသောတောကောင်ပင် ဖြစ်ပါသည်။ ချောင်ပိတ်မိလျှင် ပို၍ အန္တရာယ်ကြီးသည်။ ထွက်ပေါက်မရှိတော့သဖြင့် မုဆိုးကို အသေအကျေ ပြန်လှန် ခုခံတိုက်ခိုက်တတ်ပေသည်။ ကျွန်တော်၏အတွေ့အကြုံအရ ချိုလိမ်ဒရယ်၊ တောဝက်နှင့် ရေသမင်အထီးများ၏ တုံ့ပြန်တိုက်ခိုက်မှုကိုပင် တွေ့ခဲ့ရဖူးသည်။

ကျွန်တော့်ကိုသာ အန္တရာယ်အကြီးမားဆုံးသားကောင်ကို ပြောပြပါဟု ဆိုရလျှင် လူမုဆိုးအား အသက်ဆုံးအောင် တုံ့ပြန် တိုက်ခိုက်သော သားကောင်ဟု ဆိုချင်ပါတော့သည်။

(နှစ်)

အာဖရိကတောဆင်။

တောကောင်ကြီးများအနက် ဆင်ရိုင်းသည် အပါးနပ်ဆုံးဖြစ်ပါလိမ့်မည်။ ကြီးမားသောကိုယ်လုံးရှိပြီး ကြမ်းကြုတ်ရိုင်းစိုင်းသောသတ္တဝါ ဖြစ်သည်။ သင်းတို့ရင်ဆိုင်ရန် ကြောက်ရွံ့နောက်တွန့်ရသောရန်သူမှာ သေနတ်ကိုင်ဆောင်ထားသည့်မုဆိုး ဖြစ်သည်။ မုဆိုးကို ထိပ်တိုက်မတွေ့အောင် ရှောင်လေ့ရှိသည်။ မုဆိုးကို တိုက်ခိုက်ရန်မှဖို့ မကြိုးစားဘဲ ကြောက်လန့်ထွက်ပြေးအောင် သာခြိမ်းခြောက်တတ်၏။ တောဆင်ရိုင်းပစ်ခတ်ဖို့ ကြိုးစားသည့်အခါ သားကောင်အနီးသို့ တတ်နိုင်သလောက် ချဉ်းကပ်ရသည်။ အလွန်စွန့်စားရသည်။ အသက်ဘေးလည်း နီးလှသည်။ နီးနီးကပ်ကပ်အပိုင်ပစ်ခတ်နိုင်ဖို့ လိုပေသည်။

ခြွင်းချက်တစ်ခုတော့ရှိ၏။ တောဆင်ရိုင်းတစ်ကောင်သည် မုဆိုးနှင့်ရင်ဆိုင်ရသောအချိန်၌ နောက်ကြောင်းပြန်လို့လည်းမရ၊ ရန်သူအား သူ၏နှာမောင်းဖြင့် လှမ်းဆွဲရစ်ပတ်သတ်ဖြတ်လို့လည်း မမီတော့ဘူးဆိုခဲ့ပါမူ တိုက်ကွက်ဗျူဟာကို ပြောင်းပစ်တတ်သည်။ သားကောင်က မုဆိုးဖြစ်သွားပြီး မုဆိုးက သားကောင်ဖြစ်သွားခြင်းပင်။ ဤအချိန်အခါမျိုးတွင် တောဆင်ရိုင်းတို့သည် အတိုင်းထက်အလွန်ပင် ခက်ထန်ကြမ်းကြုတ်ပြီး အသေအကျေ ခုခံတိုက်ခိုက် တုံ့ပြန်တတ်လေသည်။

တစ်ကြိမ်က ကျွန်တော်သည် တောဆင်ရိုင်းတစ်ကောင်နောက်သို့ ခြေရာခြေကြောင်းခံလျက်လိုက်သွားခဲ့၏။ ဆင်အုပ်မှ တောဆင်နှစ်ကောင်ကို ကျွန်တော် လှဲထားခဲ့ပြီး ဖြစ်၏။ ကံက ကျွန်တော့်ဘက်တွင်ရှိနေသည်။ ဘာကြောင့်ဆို ယင်းဆင်ရိုင်းကို ကျွန်တော်မသတ်ရသေးမီ အခြားဆင်များက သေနတ်သံတွေကြောင့် ထွက်ပြေးသွား၍ ဖြစ်၏။ တောဆင်များ၏ သဘာဝက သေနတ်တစ်ချက် ပစ်ခတ်လိုက်သည်နှင့် ထွက်ပြေးတတ်ကြသည်။ သေနတ်တစ်ချက်ထိမှန်ခံလိုက်ရပါက ဒဏ်ရာလည်းမပြင်းထန်လျှင် မုဆိုးကို တုံ့ပြန်တတ်သည်။ ယင်းအကြောင်းအချက်များတို့ကြောင့် ကျွန်တော်က ကြီးငါးကြီးထဲမှာ အာဖရိကဆင်ရိုင်းကို ထည့်သွင်းသတ်မှတ်ထားခြင်း ဖြစ်ပါသည်။

(သုံး)

ဦးချိုတစ်ချောင်းကြံ့။

ကြံ့သတ္တဝါသည် တောဆင်ရိုင်းနှင့်မတူ။ လှုံ့ဆော်မှု အကြောင်းတစ်ခုခုမရှိဘဲနှင့် ဦးတည်ရာသို့ ဒေါသတကြီးတိုက်ခိုက်တတ်သည်။ မတော်တဆသွား၍ဆွလိုက်မိလျှင် မီးရထားခေါင်းတွဲတစ်ခုအလား ဝေါခနဲ ပြေးဝင်လာလိမ့်မည် မုချ။ သို့သော် သေနတ်နှင့် တစ်ချက်လောက်ပစ်လိုက်သည်နှင့် နောက်ကြောင်းပြန်လှည့်လျက်ပြေးတတ်သည်။ တစ်ကြိမ်က ကျွန်တော် ကြံ့သုံးကောင်ကို ပစ်ခတ်ခဲ့ဖူးသည်။ ဆက်တိုက်ပစ်ခတ်ခဲ့ခြင်းဖြစ်၏။ သုံးကောင်အနက်မှ အလယ်ကောင်မှ သားကောင်ကို ပစ်ခဲ့သည်။သားကောင်လဲကျသွားသည့်အခါ တစ်ကောင်က ရုတ်ခြည်း ထွက်ပြေးပျောက်ကွယ်သွားသည်။ နောက်တစ်ကောင်ကလည်း ဘေးတစ်ဖက်သို့ထွက်ပြေးဖို့အလှည့်လိုက်တွင် တစ်ချက်ထပ်မံပစ်ခတ်လိုက်နိုင်သည်။ တောကျွဲလိုသတ္တဝါမျိုးဆိုပါက ရန်သူမုဆိုးအား တုံ့ပြန်တိုက်ခိုက်လိမ့်မည် ဖြစ်ပါသည်။ တစ်ကောင်ကို ပစ်လိုက်သည်နှင့် အခြားတစ်ကောင်က မုဆိုးအား ချက်ချင်း ပြန်လှန်တိုက်ခိုက်မည်က သေချာသည်။

တစ်ခါက ယခင်ကကဲ့သို့သော ဖြစ်ရပ်နှင့် အလားတူပင် ကြံ့သတ္တဝါသုံးကောင်နှင့်တိုးသည်။ ပြေးဝင်တိုက်ခိုက်လာသော ကြံ့နှစ်ကောင်ကို အမဲကြီးပစ်နှစ်လုံးပြူးသေနတ်ဖြင့် တစ်ကောင်ကို တစ်ချက်စီပစ်ပြီးလှဲလိုက်နိုင်သည်။ ကျန်တစ်ကောင်ကိုပစ်ရန် ကျွန်တော်၏ အရန်သေနတ်ကို ကိုင်ဆောင်ထားသည့် တိုင်းရင်းသား မုဆိုးနောက်လိုက်ထံမှ လှည့်၍တောင်းလိုက်သည့်အခါမှ တိုင်းရင်းသားတပည့်က ပြေးသွားပြီ။ နောက်ကိုပင် လှည့်မကြည့်တော့။ ကြောက်အားလန့်အားနှင့် ကျွန်တော်၏ အ သေနတ်ကိုပါ ယူဆောင်ထွက်ပြေးသွာ ခြင်း ဖြစ်ပါသည်။ တတိယ ဦးချိုတ ချောင်းကြံ့က ကျွန်တော့်အား တ ပြေးဝင်တိုက်ခိုက်လာသည်။

ကျွန်တော်၏အမှတ်သညာတ က တောကောင်သားကောင်တို့၏ မျ နှာအနေအထားကို သတိထားမိတ ခြင်း ဖြစ်ပါသည်။ ရန်သူမုဆိုးအား တိုက်ခိုက်တတ်သည့် ဦးချိုတစ်ချော ကြံ့သည် ရန်သူကို တိုက်ခိုက်သည့်အ မျိုးတွင် မျက်စိကိုစုံမှိတ်ထားတတ်သ မျက်စိကို စုံမှိတ်ထားခြင်း မဟုတ်မူ မေးမေးကလေး ဖွင့်ထားခြင်းမျှသာ ကျွန်တော်က ဘေးတစ်ဖက်သို့ ခုန် ရှောင်လိုက်သည်။ ကြိုးစားပြီး အား အားထုတ်ခုန်လိုက်ခြင်းဖြစ်သဖြင့် ထဲသို့ တော်တော်မြင့်မြင့်မြောက်သွာ သည်။ မိမိဘာသာမိမိပင် မယုံ လောက်အောင်ဖြစ်ရပါသည်။ ကံအ လျော်စွာ တောကောင်သည် နော ကြောင်းပြန်မလှည့်တော့ဘဲ ဦးတည် သို့သာ ထွက်ခွာသွားတော့သည် ယေဘုယျအားဖြင့်ဆိုလျှင် ဦးချိုတ ချောင်းကြံ့ဖြစ်စေ၊ ဦးချိုနှစ်ချောင်း ဖြစ်စေ တစ်ယူသန်နိုင်လှသည့် တော ကောင်မျိုး ဖြစ်ပါသည်။ ကြံ့တွေ အား တိုက်ခိုက်ခြင်းကို ကျွန်တော အကြိမ်ပေါင်းများစွာ ကြုံခဲ့ရဖူးပါသ ယခုလိုပင် မျက်စိစုံမှိတ်လျက် တိုက် တတ်သည်ချည်း ဖြစ်၏။ ထို့ကြောင့် ကျွန်တော် သေတွင်းမှ အကြိမ်ပေါ များစွာ လွတ်ကင်းခဲ့ရခြင်းလည်း ဖြ ချေသည်။ စင်စစ် ယင်းဖြစ်ရပ်မျိုး တောကောင်များ၏အမူအကျင့်ကြော ပင်ဖြစ်သည်ဟု ကျွန်တော် ထင်မြ ၏။

သဘာဝတရားကြောင့်ဖြစ် ဖြစ်ရပ်ကြောင့် မည်သူကမျှ ကောင်တစ်ကောင် ဘာလုပ်မည် မပြောတတ်နိုင်ပါ။ကြံ့လိုသတ္တဝါမျ ထင်ရာမြင်ရာ လုပ်ချင်သလိုလုပ် သည့် တောကောင်မျိုးနှင့်ထိပ်တိုက် မိခဲ့လျှင် အန္တရာယ်ကြီးမားလှသည် သေချာပါသည်။သို့မို့ကြောင့် ကျွန်တော က ကြံ့ကို စတုတ္ထအန္တရာယ်အကြီး သားကောင်အဖြစ် သတ်မှတ်ပါသည်

(လေး)

တောကျွဲရိုင်း။

အာဖရိကတောကျွဲရိုင်းသည်



www.burmeseclassic.com

www.burmeseclassic.com

လည်း အန္တရာယ်အပေးနိုင်ဆုံးသော တောကောင်စာရင်းတွင်သွင်းရပါလိမ့်မည်။ တောကောင်က သေနတ်ထိမှန်ခံလိုက်ရသည်နှင့် ရုတ်ခြည်းအန္တရာယ်အကြီးဆုံးတောကောင်အဖြစ် ပြောင်းလဲသွားတော့သည်။ တောကျွဲရိုင်းသည် အလွန် ရန်လိုတတ်သောတောကောင်ဖြစ်သည်။ အကြောင်းမဲ့သက်သက် လူကိုတိုက်ခိုက်တတ်သည်။ မည်းမည်းမြင်ရာ ဦးတည်တိုက်ခိုက်သည်။ ရန်သူအား တောကျွဲက ဦးခေါင်းနှင့် နှာရောင်ထိပ်ရှိဘို့ကြီးနှင့် ဆောင့်ပစ်တတ်သည်။ ယင်းဘို့ကြီးကို ယမ်းအားပြင်းသော အမဲကြီးသေနတ်များဖြင့်သာ ပစ်ခတ်ချေမှုန်းနိုင်ပါသည်။

တောကျွဲရိုင်း အခတ်ခံရသည့်မနုဿသားကောင်လဲကျသွားသည့်အခါ တောကောင်က တစ်ချီတစ်မောင်း ပြန်လှည့်လာပြီး ထပ်မံ တိုက်ခိုက်တတ်သည်။ အငြိုးကြီးလျက် ရန်လိုသော တောကောင်မျိုးလည်း ဖြစ်ပါ၏။ ရံဖန်ရံခါတွင် တောကောင်သည် မုဆိုးအား နောက်ကြောင်းပြန်ကာ ချောင်းမြောင်းတိုက်ခိုက်တတ်သည်။ သည်ပရိယာယ်ကို ဒဏ်ရာအနာတရရသွားသောတောကျွဲတိုင်းလိုလို အသုံးပြုတတ်ပေသည်။ တောကောင်က ဒဏ်ရာနှင့်ဖြစ်၍ ဝေးဝေးလည်း မပြေးနိုင်တော့သဖြင့်လည်း ဖြစ်သည်။

အခြားသော တောကောင်များနည်းတူစွာ တောကျွဲရိုင်းသည် အနံ့ခံအာရုံကောင်းသည်။ တောဆင်ရိုင်းနှင့်ကြံ့တို့သည်လည်း အနံ့ခံအာရုံကောင်းသော်လည်း အမြင်အာရုံညံ့လှပေသည်။ တောဘုရင်ဖြစ်သော ခြင်္သေ့သည်ပင်လျှင် အမြင်အာရုံကောင်းလှစေကာမူ အနံ့အာရုံက အလွန်ညံ့ပေသည်။ သားစားတောကောင်ဖြစ်သဖြင့် ခံတွင်းကအစဉ်သဖြင့် ပုပ်ဟောင်ညှီစော်နံနေ၍ပင်။ သို့ဖြစ်သဖြင့် ကျွန်တော်က တောကျွဲရိုင်းကို အာဖရိက၏ အန္တရာယ်ကြီးသောတောကောင်စာရင်းတွင်ထည့်သွင်းလိုက်ပါသည်။ သည့်အပြင် တောကျွဲရိုင်းများသည် ပေါင် (၂၀၀၀) အထက်အလေးချိန်စီးသောတောကောင် ဖြစ်သည့်တိုင် ချုံပုတ်ထူထူနောက်မှာ မျက်ကွယ်ဖြစ်အောင် ပုန်းအောင်းနိုင်လေသည်။ မည်သို့ပင်ဖြစ်စေ တောကျွဲရိုင်း၏ကိုယ်လုံးကြီးက မုဆိုးအတွက် ပစ်မှတ်ကောင်းတစ်ခု ဖြစ်ပါသည်။ ဒသမ ၃၇၅ မက်ဂနမ်ရိုင်ဖယ်လို အမဲကြီးပစ်သေနတ်ဖြင့်ပစ်ပြီး သေချာပေါက် သားကောင်ကို တုံးခနဲလှဲနိုင်ပေသည်။ နောက်တစ်ခုစဉ်းစားစရာရှိသည်က တောကျွဲရိုင်းသည် လေအဟုန်ကဲ့သို့ ရန်သူအားတိုက်ခိုက်နိုင်သော်လည်း တစ်နာရီလျှင် (၂၅) မိုင်နှုန်းမျှသာ ဖြစ်သောကြောင့် မုဆိုးအတွက် သားကောင်ကို တိတိပပ သေနတ်ဖြင့် ချိန်ရွယ်ပစ်ခတ်နိုင်သော အခွင့်အရေး ကောင်းစွာရှိပေသည်။ သို့ပင်ဖြစ်လင့်ကစား ကျွန်တော့်အဖို့မူ အာဖရိကတောကျွဲရိုင်းအား တတိယအန္တရာယ်အကြီးဆုံးတောကောင်အဖြစ် သတ်မှတ်ခဲ့ပါ၏။

(ငါး)

ကျွန်တော် နောက်ထပ် ထပ်မံ၍ အန္တရာယ်ကြီးမားသော တောကောင်ကို စဉ်းစားသည့်အခါ ခြင်္သေ့ကို ထည့်သွင်းစဉ်းစားရမည်မှာ မလွဲကေန်ပင်။ တစ်ကိုယ်တော်မုဆိုးနှင့် သင်းကွဲခြင်္သေ့တစ်ကောင်။ တောခြောက်၍ သားကောင်ထွက်အလာ လေးအသီးသီးတွင် နေရာယူ စောင့်ဆိုင်းနေကြသည့် သေနတ်သမားများက မိမိတို့ပစ်ကွင်းအတွင်းသို့ ရောက်လာသော သားကောင်ကို ပစ်ခတ်ခြင်းကား သမားရိုးကျတောပစ်ခြင်းလုပ်ရိုးလုပ်စဉ်သာ ဖြစ်ပါသည်။ ကျွန်တော် ယူဆသည်မှာ သားကောင်ဖြစ်သည့် ခြင်္သေ့က တောခြောက်သမားများသူ့အား ပစ်ခတ်သတ်ဖြတ်ဖို့ စောင့်နေကြမည်ကို သိနေမည်မှာ အသေအချာဖြစ်၏။ သို့တစေ ခြင်္သေ့ပုန်းခိုနေရာ ချုံပုတ်အတွင်းသို့ ကျောက်ခဲတစ်လုံးပစ်ပေါက်လျက် ခြောက်လှန့်မောင်းထုတ်သည့် တောလိုက်နည်းကမူ အင်မတန်အန္တရာယ်ကြီးမားလှပါသည်။

ခြင်္သေ့တစ်ကောင်၏ အရည်အချင်းတစ်ရပ်က ကျဲကျဲပါးပါးချုံပုတ်တစ်ခုအတွင်း လုံခြုံအောင် ပုန်းခိုနေနိုင်ခြင်းပင်။ သည့်အပြင် တစ်ချိန်တည်းမှာ အဏုတလည် အားမထုတ်ရဘဲ ကြီးမားသော အရှိန်အဟုန်ဖြင့် ရန်သူအား ခုန်အုပ်နိုင်လေသည်။ ထို့ကြောင့်ပင် မုဆိုးအတွက် သေနတ်ဖြင့်ချိန်ရွယ်ပစ်ခတ်ဖို့ အခွင့်အရေး အလွန်နည်းသွားရလေသည်။ ပြီးတော့လည်း တောကျွဲရိုင်းတစ်ကောင်ထက် ပစ်မှတ်အရွယ်အစားသေးငယ်ပေသည်။

ခြင်္သေ့သည် တောကျွဲတစ်ကောင်ထက် ရဲရင့်ပြီး သေနတ်ကိုမကြောက်ဘဲ ရင်ဆိုင်ဖို့လည်း ဝန်မလေးသော သားရဲတစ်ကောင် ဖြစ်ပါသည်။ သေမလား သတ်မလား ဆိုသည့် အန္တရာယ်ကြီးလှသောတောကောင် ဖြစ်သည်။ ပြောကြစတမ်း ဆိုရပါလျှင် ခြင်္သေ့ကို ဒုတိယအန္တရာယ်အကြီးမားဆုံး သားကောင်တစ်ကောင်အဖြစ် သတ်မှတ်လိုက်ပါသည်။

(ခြောက်)

သို့ဆိုလျှင် အာဖရိကတစ်ခွင်ဘယ်သို့သော သားရဲတောကောင်က အန္တရာယ်အကြီးမားဆုံးသားရဲတိရစ္ဆာန်ဖြစ်ပါမည်လဲ။ ကျွန်တော်၏ သဘောထားအရဆိုရပါမူ ကျားသစ်ကိုသာညွှန်းဆိုလိုပေသည်။ ကျွန်တော်သိထားပါ၏။ ယေဘုယျအားဖြင့် ကျွန်တော်၏သဘောနှင့် အခြားသောမုဆိုးများ၏ သဘောထားက ကိုက်ညီချင်မှ ကိုက်ညီပေလိမ့်မည်။ သို့ပင်ဖြစ်စေ ကျွန်တော်ကမူ မိမိသဘောဆန္ဒကို ပြောင်းလဲဖို့ စိတ်မကူးချေ။ ကျွန်တော်၏ မုဆိုးသက်တမ်းတစ်လျှောက်တွင် ကျားသစ်ကို တော်တော်များများ ပစ်ခတ်ခဲ့ဖူးပါသည်။ ယင်းတောကောင်ကို တောမောင်း၍ လည်းကောင်း၊ တစ်ကိုယ်တော် တစ်ယောက်တည်း လိုက်လံ ချောင်းမြောင်းလျက်လည်းကောင်း ပစ်ခတ်ခဲ့ရာ မှတ်တမ်းမှတ်ရာ တစ်ခုမျှ မထားရှိခဲ့စဖူးသဖြင့် တိတိကျကျ ပြောမပြနိုင်ပါ။

ကျားသစ်တစ်ကောင်ကို အမဲလိုက်ပစ်ခတ်ရသောအလုပ်က စင်စစ်ချီးကျူးထိုက်သည့်လုပ်ငန်းတစ်ခု ဖြစ်သည်။သည်အတွေးအမြင်ကို ကင်းယားသို့ ကနဦးစတင်ရောက်ရှိချိန်တွင် ကျွန်တော် တွေးမြင်မိပါသည်။ ကျားသစ်တစ်ကောင်၏ သားရေက တာရှည်သိုလှောင်ထားဖို့ မကောင်းလှ။ သေသေချာချာ ဆေးစိမ်မထားခဲ့ပါက ပုပ်သိုးဆွေးမြည့်လွယ်လှ၏။ ပိုးကိုက်ခြစားခံရမည်မှာ မုချ။ ကျားသစ်၏လက်သည်း၊ ခြေသည်းများအကြားတွင် ခြင်္သေ့ သတ္တဝါကဲ့သို့ပင် သင်းတို့ကိုက်သတ်စားသောက်ခဲ့သည့်သားကောင်တို့၏အသားကြွင်းအသားကျန်များ ကပ်ငြိနေသည်ဖြစ်ရကား ရောဂါပိုးပေါင်းများစွာငြိတွယ်လျက်ရှိ၏။ အိမ်မွေးတိရစ္ဆာန်တစ်ကောင်ကောင်ကို ကျားသစ်အကိုက်ခံရလျှင် သို့တည်းမဟုတ် အကုတ်ခံရလျှင် ရောဂါပိုးများချက်ချင်းဝင်ပြီး အနာရင်းကာ သေသွားမည်မှာ မုချပင်၊ ကျားသစ် ဆိုသည့် တောကောင်ကသည်



www.burmeseclassic.com

www.burmeseclassic.com

တွေဝေမနေ၊ တုံ့ဆိုင်းမနေဘဲ နေရာမရွေး၊ အချိန်ကာလမရွေး သိုး၊ ဆိတ်၊ နွား စသောအစာကို တွေ့မြင်ရသည်နှင့် ကိုက်ဖို့၊ ကုတ်ဖို့ စောင့်ဆိုင်းနေတတ်လေသည်။ ကင်းယားရှိ တိုင်းရင်းသားအချို့ မျက်စိသော် လည်းကောင်း၊ ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုခုသော် လည်းကောင်း ကျားသစ်ကိုက်၍ဖြစ်စေ၊ ကုတ်၍ဖြစ်စေ ချို့ယွင်းပျက်စီးနေတတ်ပါသည်။ လူကို ရန်ရှာတိုက်ခိုက်သော ကျားသစ်က ရန်သူလူသား၏ ကိုယ်ပေါ်သို့ ခုန်တက်လျက် မျက်နှာကိုကုတ်ခြစ်တတ်သည်။ လူမျက်စိကို ရောဂါပိုးများ တွယ်ကပ်နေသည့် လက်သည်းများဖြင့် နိုက်ထုတ်သည်။ နောက်ခြေနှစ်ချောင်းဖြင့် ကုတ်ဆွဲထားသည်။ လူသားရန်သူ၏ ပခုံး သို့မဟုတ် လည်မျိုကို သွားများဖြင့်ကိုက်သည်။

တစ်ကြိမ်က ကျွန်တော်နှင့် မိတ်ဆွေမုဆိုးတစ်ယောက် ကင်းယားပြည်နယ် မာဆေးကြိုးဝိုင်းအတွင်း ကျားသစ်ပစ်ရန် တောလည်ခဲ့ကြသည်။ တောကောင်တစ်ကောင်ကို ကမ်းပါးယံတစ်ခုအပေါ်သို့ တက်အပြေးတွင် မြင်လိုက်သဖြင့် အတူပါမုဆိုးက ပစ်လိုက်သည်။ တောကောင်၏နောက်ပိုင်းကို ထိသွားသည်။ သေကွင်းမဟုတ်သဖြင့် ကျားသစ်က ကျောက်ဆောင်တစ်ခုအနောက်သို့ ပြေးဝင် ပျောက်ကွယ်သွားသည်။ ကျားသစ်သွေးစက်များ ကျဆင်းခဲ့သော အမှတ်များအတိုင်း ခြေရာခံပြီးလိုက်သွားခဲ့ကြ၏။

ကျောက်တောင်ကို နှစ်ဦးသား ခပ်လှမ်းလှမ်းမှခွာလျက်လိုက်သွားခဲ့ပြီး ခြေလှမ်းအနည်းငယ်မျှသာ လှမ်းရသေးသည်၊ တောကောင်က မိတ်ဆွေ၏ကိုယ်ပေါ်သို့ ကျောက်ဆောင်ကွယ်မှ ဖြုန်းခနဲထွက်လာပြီး လှမ်းခုန်အုပ်လိုက်၏။ လေအဟုန်ကဲ့သို့ မြန်ဆန်သည်။ ဝုန်းခနဲအသံသာ ကြားလိုက်ရ၏။ မိတ်ဆွေမုဆိုးက အတွေ့အကြုံရှိပြီး လက်မြန်သူတစ်ယောက်ဖြစ်သော်လည်း သေနတ်ကို မြှောက်ပင်မမြှောက်လိုက်နိုင်။ ကျွန်တော်က အသင့်အနေအထားနှင့်ရှိနေသည့် သေနတ်ဖြင့် ပြောင်းထိုးပစ်ခတ်လိုက်ရ၏။ မိတ်ဆွေမုဆိုးကံကောင်းဆိုရမည်လားမပြောတတ်နိုင်။ ကျွန်တော် ကိုင်ဆောင်ထားသော နှစ်လုံးပြူးသေနတ် ကျည်ဆန်က တောကောင်၏ လက်နောက်နှစ်ဖက်စလုံးကို ဖောက်ထွင်းသွားသည်။ တောကောင်သည် မိတ်ဆွေမုဆိုး၏ကိုယ်ပေါ်သို့ ဗုန်းခနဲ ပစ်ကျသွားလေသည်။ ပြီးတော့ တစ်ချက်ကလေးမျှ လူးလွန့်လှုပ်ရှားခြင်းမပြုနိုင်တော့ဘဲ အသက်ထွက်သွားလေသည်။

ကျားသစ် ဆိုသော သတ္တဝါက အလွန်တရာ ပါးနပ်လှပါသည်။ ရန်သူမုဆိုးတွေ နောက်ကလိုက်လာနေပြီဆိုလျှင် အနီးဆုံး သစ်ပင်တစ်ပင်ထက်သို့ ခုန်တက်သွားကာ သစ်ရွက်ထူထူ၊ သစ်ကိုင်းတုတ်တုတ်ပေါ်တွင် ကိုယ်ကို အလျားလိုက်ဝပ်ချထားပြီး ငြိမ်ငြိမ်သက်သက်စောင့်နေတတ်သည်။ ကျားသစ်၏ အားနည်းချက်တစ်ခုကား ခန္ဓာကိုယ်ကို ရန်သူမတွေ့မမြင်နိုင်အောင် မည်မျှပင် လုံခြုံအောင် ဖုံးကွယ်ထားနိုင်လင့်ကစား အမြီးကိုတော့ အောက်မှာ တွဲလောင်းချထားတတ်ခြင်း ဖြစ်ပါသည်။ ရန်သူက သူ့ကိုမမြင်မိဘဲ ကျော်ဖြတ်သွားသည်ဆိုပါမူ သူကအသာကြည့်နေမည်ဖြစ်သည်။ အကယ်၍ မုဆိုးကမော့အကြည့် သူနှင့်မျက်လုံးချင်းဆိုင်မိသွား၍များတော့ မုဆိုးအပေါ်သို့ သူချက်ချင်းရောက်လာမည်က မုချ။

ကြောက်မက်ဖွယ်ရာ ဤသတ္တဝါများတွင် တစ်မူထူးခြားအသွင်လက္ခဏာများရှိပါသည်။ တောဘုရင်ခြင်္သေ့များနှင့် လားလားမျှမတူ။ သေတစ်ပန်သက်တစ်ဆုံး လက်တွဲဖက် ကြင်ဖော်တစ်ကောင်တည်းသာ ထားရှိတတ်ကြခြင်းဖြစ်ပါသည်။ တစ်ကောင်နှင့်တစ်ကောင်လည်း အလွန်ပင်သံယောဇဉ်ကြီးတတ်ကြပါ၏။

တစ်ခါက ကျွန်တော်သည် ကျားသစ်စားထားခဲ့ပြီး ချန်ထားခဲ့သောစားကြွင်းတစ်ခုတွင် အဆိပ်ထည့်ထားခဲ့၏။ နောက်တစ်နေ့နံနက်စောစောအချိန်တွင် သွားရောက်ကြည့်ရှုသည့်အခါ စားကြွင်းအနီးတွင် ကျားသစ်မ သေနေသည်ကို တွေ့မြင်ရပေသည်။ သေနေသည့်ကျားသစ်မကိုယ်ပေါ်သို့ ဦးခေါင်းကိုတင်ကာ ကျားသစ်မ၏ ကိုယ်လုံးကို တယုတယ ပွေ့ဖက်ထားသည်က ကျားသစ်အထီး။ တောကောင်သည် ကျွန်တော့်ကိုမြင်သည်နှင့် လျှပ်ပြက်သည့်အလား ခုန်အုပ်လိုက်၏။ သို့သော် တောကောင်သည် လေထဲ၌ပင် ကျွန်တော်ပစ်ခတ်လိုက်သည့် နှစ်လုံးပြူးကျည်ထိမှန်ကာ ဗုန်းခနဲပစ်ကျသွားရ၏။သူ့ကြင်ဖော်အပါး၌ပင် လဲလျောင်းငြိမ်သက်သွားလေသည်။

အာဖရိကတိုက်နေရာဒေသတစ်ဝန်းလုံး၌ ကျားသစ်ကို ထောင်ချောက်နှင့်ထောင်၍ဖမ်းဆီးခြင်း၊ သင်းတို့၏ အစာဖြစ်သည့် အိမ်မွေးခွေးကို လာဆွဲသည့် တောကောင်ကို အဆိပ်ခတ်ခြင်း စသော နည်းအမျိုးမျိုးဖြင့် သုတ်သင်ကြပါသည်။ ကျားသစ်များ မျိုးသု မသွားအောင်လည်း တစ်ဖက်က ထိန်း သိမ်းရန်လည်း လိုပေလိမ့်မည် ဖြစ် သည်။

ကျားသစ်၏ ပစ်မှတ်တစ်ခုဖြစ် သည့် ဘာဘွန်းမျောက်။ သည်မျော မျိုးလည်း အတော်ပင် ရှားပါးကုန်ကြ ကျားသစ်တွေ မျိုးမပြုန်းအောင်၊ အလား တူစွာ ဘာဘွန်းတွေလည်း ကောင်း လျော့ပါးမသွားအောင် သက်ဆိုင် သားရဲတိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့ က တာဝန်ယူ ဆောင်ရွက်ပေးရန် လို သည်။ သဘာဝအလျောက် ဖြစ်ထွ ပေါက်ဖွားလာရသောတောရိုင်းသဘာ အား ဟန်ချက်ညီအောင် ဝိုင်းဝန်း ပြင်ပေးလျှင် ဖြစ်နိုင်ကောင်းပါသည်။

တိုင်းရင်းသား မုဆိုးမျာ တင့်တယ်လှပ ဝင့်ဝင့်ကြွားကြွားအသွ သဏ္ဌာန်များ၊ ကျက်သရေရှိပြီးကား စွင့်စွင့် ဦးချိုများနှင့် အာဖရိကချိ ဒရယ်များ၊ ကြံ့ခိုင်ကြီးမားသန်မာ သည့် စွယ်စုံဆင်ကြီးတစ်ကောင် ခေါ် ဆောင်သောအာဖရိကဆင်အုပ်ကြီးမျ ယခုမမြင်ကြရတော့။ အိမ်မွေးတိရစ္ဆာ ခိုင်းနွားကြီးတွေကို ဝင်ဆွဲသွားသ တောဘုရင်ခြင်္သေ့တွေကို ချုပ်တ တောခြောက်ထုတ်လျက် လှံတစ်ချော တည်းနှင့် ရဲရဲဝံ့ဝံ့ ရင်ဆိုင် သတ် ချေမှုန်းခဲ့သော မာဆေးတိုင်းရင်း သူရဲကောင်းများကိုလည်း မတွေ့မ ကြရတော့။ လူဖြူမုဆိုးများ အာဖ တစ်ခွင်အနှံ့ ကျင်လည်ကျက်စား လာခဲ့သည့် ပုံပြင်များသည်လည်း ယုံ စကားများဖြစ်ကုန်ပြီ။ အမဲကြီးမျာ ယမ်းအားကြီးမားသော သေနတ်မျာ ဖြင့် ပစ်ခတ်ခဲ့ခြင်း၊ အန္တရာယ်ကြီး တောဘုရင်ခြင်္သေ့ကြီးများ၊ ဦးချို ချောင်းနှင့်ကြံ့၊ ဦးချိုတစ်ချောင်းနှ များကို ပစ်ခတ်ချေမှုန်းခဲ့သော ပြ များသည် အတိတ်တွင်ကျန်နေရစ်

ခင်မောင်အေး (မန္တ


ကျမ်းကိုး -

*J.A Hunter* ၏ *Scotla* *Hunter* ကို ဆီလျော်အောင် ပြန် သည်။



www.burmeseclassic.com

www.burmeseclassic.com



(၂)

# မင်းရှိန်အောင်

## ရခိုင်ရာဇဝင်နှင့် ဗမာရာဇဝင်တို့ထဲက ညှိနှိုင်းပြင်ဆင်စရာလေးများ

**သက်မင်းကတုံ၊ ပဋိက္ခရား၊ ကျန်စစ်သား မင်းကြီး**

ဤနေရာတွင် ရာဇဝင် ဆိုသည်မှာ သမိုင်းဆိုင်ရာမှတ်တမ်းများအားလုံးကို ဆိုလိုသည်ဟု မှတ်သားထားစေချင်ပါသည်။ တိုင်းပြည်တိုင်းတိုင်းပြည်တိုင်းတွင်၊ လူမျိုးတိုင်းလူမျိုးတိုင်းတွင် ရာဇဝင်ကိုယ်စီရှိကြပါသည်။ ဤပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင်လည်း ကိုယ်ပိုင်ရာဇဝင်ရှိပါသည်။ ဤပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ တိုင်းရင်းသား၊ လူမျိုးတိုင်းတွင်လည်း ကိုယ်ပိုင်ရာဇဝင်ရှိကြပါသည်။ နမူနာဆိုရသော် ဗမာရာဇဝင်၊ ရခိုင်ရာဇဝင်၊ မွန်ရာဇဝင်၊ ရှမ်းရာဇဝင်၊ ကရင်ရာဇဝင် စသဖြင့် ကိုယ်စီကိုယ်ငရှိကြပါပေသည်။

တိတိပပပြောရလျှင် ဗမာရာဇဝင်သည် ဗမာတိုင်းရင်းသားတို့၏ရာဇဝင်၊ ရခိုင်ရာဇဝင်သည် ရခိုင်တိုင်းရင်းသားတို့၏ရာဇဝင်၊ မွန်ရာဇဝင်သည် မွန်တိုင်းရင်းသားတို့၏ရာဇဝင်၊ ရှမ်းရာဇဝင်သည် ရှမ်းတိုင်းရင်းသားတို့၏ရာဇဝင်၊ ကရင်ရာဇဝင်သည် ကရင်တိုင်းရင်းသားတို့၏ရာဇဝင် စသဖြင့် ဖြစ်ကြပါသည်။

ဤနေရာတွင် အထူးတလည်မီးမောင်းထိုးပြောဆိုချင်သည်က ဗမာရာဇဝင်နှင့် ရခိုင်ရာဇဝင်၊ မွန်ရာဇဝင်နှင့် ဗမာရာဇဝင်၊ ဗမာရာဇဝင်နှင့် ရှမ်းရာဇဝင်၊ ကရင်ရာဇဝင်နှင့်မွန်ရာဇဝင် စသည်စသည်တို့တွင် အကြောင်းအရာတချို့သည် ထပ်တူမကျဘဲ ကွာဟမှုများ၊ ကွဲလွဲမှုများရှိသည်။

မည်သို့ပင်ဖြစ်စေကာမူ ရာဇဝင်တစ်ခုနှင့် တခြားရာဇဝင်တစ်ခုတို့၏ အကြောင်းအရာမတူညီမှု၊သံတူကြောင်းကွဲဖြစ်နေမှု၊ ကွာဟကွဲလွဲနေမှု၊ ချန်လှပ်ဖယ်ကြဉ်ထားမှုများကို အမှန်ဘက်သို့ဦးတည်၍ တိုက်ဆိုင် ညှိနှိုင်း ပြင်ဆင်ပေးရန်လိုလာပြီထင်သည်။ အထူးသဖြင့် ပြည်ထောင်စုတိုင်းရင်းသားများ၏ စည်းရုံးရေးမပြိုကွဲမှုကို ဦးတည်၍၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ရာဇဝင်မှန်ဖြစ်မြောက်ရေးကိုရှေးရှု၍ တိုင်းရင်းသားတို့၏ ရာဇဝင်များကို တိုက်ဆိုင်ညှိနှိုင်းပြင်ဆင်ရန် လိုအပ်လာပြီဟု ထင်ပါသည်။ ဤနေရာ၌ ဗမာရာဇဝင်နှင့် ရခိုင်ရာဇဝင်တို့ထဲက တိုက်ဆိုင်ညှိနှိုင်းစရာလိုအပ်သည်ဟုထင်သော အချက်အလက်တချို့ကို ညွှန်းဆိုတင်ပြချင်ပါသည်။

ကနဦးဆုံး မှန်နန်းရာဇဝင်၊ မဟာရာဇဝင်ကြီး အပါအဝင် ဗမာရာဇဝင်တချို့၌ ဖော်ပြသော ကျန်စစ်သားမင်းကြီး၏ ဆုတောင်းဖက်ဖြစ်သည့် သက်မင်းကတုံနှင့်စပ်လျဉ်း၍ဖြစ်သည်။ ပုဂံပြည့်ရှင် ကျန်စစ်သားမင်းသည် တိုင်းစွန်ပြည်စွန်က သက်မင်းကတုံမင်း သစ္စာသွေဖည်သဖြင့် သူ၏စစ်တပ်ကိုစေလွှတ်၍ ရှင်းလင်းသုတ်သင်စေရာ ရှင်အရဟံမထေရ်နှင့် မဟာဂီရိနတ်တို့က ကျန်စစ်သားမင်းကြီး၊ မြေးတော်အလောင်းစည်သူ၊ ရှင်အရဟံမထေရ်၊ မဟာဂီရိနတ်၊ သက်မင်းကတုံတို့သည် ရှေးတစ်ဘဝက ဆုတောင်းဖက်ငါးဦးဖြစ်ကြသဖြင့် သတ်ဖြတ်ရန်မသင့်ဟု ဆိုဆုံးမသဖြင့် ကျန်စစ်သားမင်းသည် သက်မင်းကတုံအား အသက်လွှတ်ခဲ့လေသည်။ သို့တစေ အလောင်းစည်သူမင်းလက်ထက်တွင်မူ သစ္စာသွေဖည်သော ထိုသက်မင်းကတုံကို ဖမ်းဆီးခေါင်းဖြတ်ခဲ့သည်။ စိတ်ဝင်စားစရာတစ်ခုမှာ တချို့ရာဇဝင်များတွင် သက်မင်းကတုံကို သက်မင်းငတုံဟု ဖော်ပြမှုရှိသည်ကို တွေ့ရှိရသည်။

ပို၍ စိတ်ဝင်စားစရာက ရခိုင်ရာဇဝင်ထဲတွင် သက်မင်းငတုံ ဟူသော မင်းတစ်ပါးရှိနေခြင်းပင် ဖြစ်သည်။ သူသည် ရခိုင်ဝေသာလီပြည်၏မင်းတစ်ပါးဖြစ်သော စူဠစန္ဒြားမင်းနှင့် စန္ဒာဒေဝီမိဖုရားကြီးတို့၏သားတော် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုဝေသာလီပြည့်ရှင် စူဠစန္ဒြားမင်းကြီး သင်းတွဲ တကောင်းပြည်သို့ တိုင်းခန်း လှည့်လည်သွားစဉ် ဝေသာလီရွှေပြည် ရွှေနန်းကို မြိုလူမျိုးစုခေါင်းဆောင် အမြုကူ၊ အမြုတူ၊ ပဲဖြူတို့က သိမ်းပိုက်အုပ်စိုးကြသည်။ ထိုအခါ ဝေသာလီရွှေနန်းတော်တွင် ကိုယ်ဝန်အရင့်အမာနှင့် ကျန်ရစ်ခဲ့သော စန္ဒာဒေဝီမိဖုရားကြီးက ထိုကိုယ်ဝန်ကို လျှို့ဝှက်စွာမွေးဖွားပြီး ထိုကလေးကို ကြင်ရာတော် စူဠစန္ဒြားမင်း၏သစ္စာကိုခံသော သက်လူမျိုးတို့ ကြီးစိုးရာ စစ်တံတင်းသို့ လျှို့ဝှက်စွာ ပေးပို့လိုက်သည်။ ထိုကလေး (ထိုမင်းသားလေး) ကို ကောင်းမွန်စွာ မွေးမြူကြပြီး သက်လူမျိုးတို့က ထိုမင်းသားငယ်လေးကို ငါတို့မင်း (ငတို့မင်း) ဟု ချစ်စနိုးခေါ်ဝေါ်ကြသည်။

တကယ်တော့ ထိုမင်းသားငယ်၏ အမည်ရင်းမှာ စောရွှေလူး ဖြစ်သည်။ သို့တစေ သက်လူမျိုးတို့က ငါတို့မင်း-ငတို့မင်း - ငတုံမင်း ဟူ၍ ဆက်လက်ခေါ်ဆိုနေခဲ့ကြပါသည်။ နောင်တွင် သက်မင်းငတုံ - သက်မင်းငတုံမင်း ဟူ၍ အမည်တွင်လာခဲ့ကြသည်။

မြိုလူမျိုးစုခေါင်းဆောင်တို့ ဝေသာလီရွှေပြည်ရွှေနန်းကို (၂၄) နှစ် အုပ်စိုးပြီးနောက် ရှမ်းတပ်တို့ဝင်ရောက်တိုက်ခိုက်ဖျက်ဆီးခဲ့သဖြင့် ဝေသာလီရွှေပြည်ရွှေနန်းနိဂုံးချုပ်ခဲ့ရာ သက်မင်းငတုံသည် စမ္ဗဝက်ရွှေပြည်ရွှေနန်းကို တည်ထောင်မင်းပြုလေသည်။ ထိုသက်မင်းငတုံမင်းသည် ဘုန်းရှင်ကံရှင်ဖြစ်သည့်အလျောက် နဂါးတစ်စီးသည် မင်းနေပြည်အနီး မိုးကြိုးကန်တွင် လာနေသည်။ ထိုနဂါးတန်ခိုးကြောင့် တိုင်းပြည်၌ ရာသီဥတုကောင်း၊ စားရေးရိက္ခာပေါကြွယ်သည်။ သိကြားမင်း၏ စေခိုင်းချက်အရ ဝိသုကြုံနတ်သည် သိဒ္ဓိဝင်ပိတောက်စည်ကို လာပို့ထားသည်။ ထိုပိတောက်စည်ကို တစ်နေ့ သုံးခါ တီးခတ်သည်။ ထိုသို့ တီးခတ်တိုင်း အရှေ့ဘက်ရှိ ပုဂံပြည်၌ အလန့်တကြားဖြစ်လေ့ရှိသည်။ သက်မင်းငတုံ၏ ထီးပြိုင်နန်းပြိုင် ပုဂံပြည့်ရှင်မှာ စောခင်နှစ်မင်း ဖြစ်သည်။

ထိုစောခင်နှစ်မင်းက သူ၏ ပုဂံပြည်လန့်ဖျပ်ရခြင်းအကြောင်းကို စုံစမ်းစေရာ နောက်တွင် သက်မင်းငတုံမင်း၏ မိုးကြိုးကန်နဂါးနှင့် သိဒ္ဓိဝင်ပိတောက်စည်တော်ကြောင့်ဟု သိရှိသွားသည်။ ထိုအခါ သိုက်ပြန်ဟူးရားတတ် ရှင်ယောင်သူလျှိုနှစ်ဦးကို စေလွှတ်ပြီး မိုးကြိုးကန်နဂါးအား ထိုနေရာမှ မောင်းထုတ်စေပြီး သိဒ္ဓိဝင်ပိတောက်စည်အား ပြုပြင်စီရင်စေခဲ့သည်။ သူတို့လုပ်ရပ်သည် အောင်မြင်မှုရရှိသွားခဲ့သဖြင့် သက်မင်းငတုံမင်း၏ စမ္ဗဝက်ပြည်သည် ဘုန်းတန်ခိုးဆုတ်ယုတ် မငြိမ်မသက်ဖြစ်သွားခဲ့လေသည်။ သိပ်မကြာမီမှာပင် စောခင်နှစ်မင်းသည် စစ်တပ်ကိုစေလွှတ်ကာ စမ္ဗဝက်ပြည်ကို တိုက်ခိုက်ဖျက်ဆီးစေလျက် သက်မင်းငတုံအား ဖမ်းဆီးခေါင်းဖြတ်သတ်ပစ်လိုက်လေသည်။

ဤတွင် ဝေဖန်စောကြောစရာ ဖြစ်လာသည်က ကျန်စစ်သားမင်း၊ အလောင်းစည်သူမင်းတို့၏ ဆုတောင်းဖက် သက်မင်းကတုံမင်းနှင့် ရခိုင်စမ္ဗဝက်ပြည့်ရှင် သက်မင်းငတုံမင်းတို့ အတူတူပဲလား။ အတူတူပြောဖို့ကလည်း ခဲယဉ်းလှသည်။ ပုဂံပြည့်ရှင် ကျန်စစ်သားမင်း၏နန်းသက်မှာ (အေဒီ ၁၀၈၄-၁၁၁၃) ဖြစ်ပြီး အလောင်းစည်သူမင်း၏ နန်းသက်မှာ (အေဒီ ၁၁၁၃-၁၁၆၇) ဖြစ်ပေသည်။ ရခိုင်စမ္ဗဝက်ပြည့်ရှင် သက်မင်းငတုံမင်း၏ နန်းသက်မှာ (အေဒီ ၇၉၄-၈၁၈) ဖြစ်ကာ သူနှင့်ခေတ်ပြိုင် ပုဂံပြည့်ရှင် စောခင်နှစ်မင်း၏ နန်းသက်မှာ (အေဒီ ၈၀၂-၈၂၉) ဖြစ်ပါသည်။ ဆိုရလျှင် ကျန်စစ်သားမင်း၏ ဆုတောင်းဖက် သက်မင်းကတုံနှင့် ရခိုင်စမ္ဗဝက်ပြည့်ရှင် သက်မင်းငတုံမင်းတို့သည် နှစ်ပေါင်း (၃၀၀) ကျော်မျှ ကွာဟနေသည်ကို တွေ့ရှိရသည်။ နှိုင်းယှဉ်ညှိနှိုင်းစရာပင် ဖြစ်၏။

ဤသို့တင်ပြရခြင်းအကြောင်းရင်းက ကျန်စစ်သားမင်းကြီး၏ ဆုတောင်းဖက် သက်မင်းကတုံနှင့် ဆက်နွယ်နေမှုတစ်ခုကြောင့်ပင် ဖြစ်သည်။

ပုဂံပြည့်ရှင် အလောင်းစည်သူမင်းသည် သစ္စာသွေဖည်သော သက်မင်းကတုံကို စစ်တပ်စေ၍ နှိမ်နင်းစေခဲ့၏။ လံဖျားတိုင်အောင် ချီရောက်စေခဲ့ပြီး ရရှိခဲ့သမျှသော သုံ့ပန်းများကို စုစည်း၍ ထိုအရပ်တွင် ရွာပြုတည်ထောင်နေစေခဲ့သည်။ ထိုသို့ ရသမျှကို ကိုင်၍ထားသည်ကို အကြောင်းပြု၍ ယခုထက်တိုင် ရခိုင်ဟု ခေါ်တွင်စေခဲ့ကြောင်း ဖော်ပြထားချက်ပင် ဖြစ်သည်။

သို့တစေ ရခိုင်ရာဇဝင်များ၌ ရခိုင်ဟူသော အမည်နာမရရှိလာပုံကို ဤသို့ ဆိုထားသည်။ ဥပမာ ရခိုင်ရာဇဝင်လင်္ကာထဲ၌ -

'တောတောင်ခိုမှီ၊ အလဇ္ဇီဘီလူး၊ လူစားကြူးကို၊ ဂုဏ်ထူးအာဏာ၊ ဘုန်း[...] ဖြာ၍၊ လိုရာအောင်မြင်၊ အောင်မြို့ဝင်[...] ၍၊ ခေါ်တွင်ရက္ခိုင်၊ ခုတိုင်မပျ[...] မော်ကွန်းထွက်၏'

ဟု ဆိုထားသည်ကို တွေ့ရှိ[...] သည်။

တစ်ခါ ရခိုင်ရာဇဝင်ကြီး၊ ရခိုင် ရာဇဝင်သစ်အပါအဝင် ရခိုင်ရာဇဝင် များထဲ၌ မာရယုမင်းသားသည် ပထ[...] ရခိုင်ဝေသာလီပြည်ကို ဝင်ရောက် [...] ဆီးပစ်သော လူသားစားဘီလူး (ကု[...]) များကို သုတ်သင်နှိမ်နင်းပြီး ပထမ [...] ဝတီပြည်ကို ထူထောင်မင်းလုပ်ခဲ့သည် [...] ပထမဓညဝတီပြည့်ရှင် မာရယုမင်း[...] နန်းသက်မှာ (ဘီစီ ၃၃၂၅-၃၂၆၃) [...] ပါသည်။ လူသားစားယက္ခဘီလူးများ[...] အနိုင်ယူပြီး အမျိုးအနွယ်ကို ထိန်းသိ[...] စောင့်ရှောက်နိုင်သဖြင့် (ရက္ခိုင်) [...] ဟုခေါ်တွင်ခဲ့ခြင်း ဖြစ်သည်။ ထို့ကြော[...] 'ရခိုင်အစ မာရယုက' ဟု ဆိုရိုးရှိခဲ့သ[...] ဟု ဖော်ပြပါရှိပါသည်။ အရေးကြီးသော [...] ညှိနှိုင်းအဖြေရှာစရာတစ်ခုပင် ဖြစ်သည်[...]

ထို့နောက် စောဒကတက် ဝေ[...] စောကြောစရာတစ်ခုကတော့ ပုဂံပြည့် ရှင် အနော်ရထာမင်း၏ ပိုင်နက်နယ်[...] ဖော်ပြချက်ကိုပင် ဖြစ်သည်။ မှန်န[...] ရာဇဝင်အပါအဝင် ဗမာရာဇဝင်များ[...] ၌ အနော်ရထာမင်း၏ ပိုင်နက်နယ်[...] ကို ဤသို့ ရည်ညွှန်းဆိုထားသည်၊

□ အနောက်သို့အလားကား [...] ကွရားမည် ကုလားပြည်လျှင်တည်း။

□ အနောက်မြောက်ထောင့်[...] အလားကား ကတူးနေားကြီး ရေတွ[...] ခြားလျှင်တည်း။

□ မြောက်သို့အလားကား [...] လရာဇ်လည်းမည် တရုတ်ပြည်[...] အခြားတည်း။

□ အရှေ့မြောက်ထောင့်သို့အ[...] ကား ကဝန္တိလည်းမည် ပန်းသေ[...] လျှင် အခြားတည်း။

□ အရှေ့သို့အလားကား စ[...] မည် ပင်ဂါပြည်လျှင် အခြားတည်း။

□ အရှေ့တောင်ထောင့်အ[...] ကား အယောစလည်းမည် ဂျွန်းတို[...] လျှင် အခြားတည်း။

ဟူ၍ ဖော်ပြထားချက်ကိုပင် [...] ၏။

ဤနေရာမှာ အထူးတ[...] ထောက်ပြပြောချင်သည်က '[...] သို့အလားကား ပဋိက္ခရားမည် [...] ပြည်လျှင်တည်း' ဟူသောအရပ်[...]



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်၏။ ထိုပဋိက္ခရားကုလားပြည်ဆိုသည်မှာ တခြားမဟုတ်။ ရှေးရခိုင်သမိုင်းစဉ်တစ်လျှောက်လုံးတွင် ရခိုင်မင်းတို့၏ ပိုင်နက်နယ်မြေထဲကို မကြာခဏသိမ်းသွင်းခြင်းခံခဲ့ရသော ဘင်္ဂါ (၁၂) ပြည်ထောင် ဆိုသည်မှာ (၁) မောက်သူဇာ၊ (၂) ဒက္ကား၊ (၃) ဂန်ဘီလာ၊ (၄) သီလက်၊ (၅) ပဋိက္ခရား၊ (၆) ဂင်္ဂါသာရ၊ (၇) စစ်ကကောင်း၊ (၈) ဂေါ်တော့ပလ္လင်၊ (၉) ကံသာ၊ (၁၀) တိလင်္ဂါ၊ (၁၁) ဘာရီဆာရ်၊ (၁၂) ရောင်ပူရ် စသည့် (၁၂) ပြည်ထောင်ကို ဆိုလိုခြင်း ဖြစ်သည်။ ထိုဘင်္ဂါ (၁၂) ပြည်ထောင်သည် ယခုအခါ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အစိတ်အပိုင်းဖြစ်နေပေပြီ။

ဗမာရာဇဝင်တို့၌ ဖော်ပြချက်များအရ ပုဂံပြည့်ရှင် အနော်ရထာမင်း၏ ပိုင်နက်နယ်မြေသည် အနောက်ဘက်တွင် ပဋိက္ခရားပြည်ထိ ပိုင်ဆိုင်သည်ဟုဆိုထားရာ ရှေးရခိုင်မင်းတို့ ထီးနန်းစိုက်ကြရာ ရှေးရခိုင်ပြည်တစ်ခုလုံးသည်လည်း၊ အနော်ရထာမင်း၏ ထီးရိပ်အောက်တွင် ဝင်ပါနေသည်ဟုဆိုရာရောက်နေပေသည်။

တကယ်ပဲ ရှေးရခိုင်မင်းတို့၏တိုင်းပြည်သည် အနော်ရထာမင်း၏ ဘုန်းရိပ်အောက်တွင် ခိုလှုံနေခဲ့ရသလား။ ရခိုင်ရာဇဝင်များထဲတွင် အနော်ရထာမင်းသည် (အေဒီ ၁၀၄၄) နှစ် ရခိုင်ပဥ္စာပြည့်ရှင်မင်း ကုလားမင်းလက်ထက်တွင် စစ်သည်အလုံးအရင်းဖြင့် ချီတက်ကာ မဟာမုနိဆင်းတုတော်ကို ပင့်ဆောင်ယူရန် အားထုတ်သော်လည်း မအောင်မြင်သဖြင့် သင်းကျစ်တော်ပွားတစ်ဆူကိုသာ ပင့်ဆောင်၍ ပြန်သွားရသည်ဟုသာ ဆိုထားသည်။ ပိုင်နက်နယ်မြေအဖြစ် သိမ်းပိုက်သည်ဟု မဆိုထားပေ။

တစ်ဖန် စာရေးဆရာကြီး မြသန်းတင့်၏ 'သာစွပုဂံ သုဝဏ္ဏဘုမ္မိဆိပ်ကမ်းသို့' ဆောင်းပါးထဲတွင် -

⊐ *စည်သူ(၂)ခေါ် နရပတိစည်သူလက်ထက် ပုဂံခေတ်လယ်သို့ အရောက်တွင် နိုင်ငံတော်သည် မြောက်ဘက်တွင် ကသာ၊ တောင်ဘက်တွင် သထုံနှင့်မြိတ်ထိ ကျယ်ပြန့်သည်။ ရခိုင်သည် မြန်မာလက်နက်နိုင်ငံထဲသို့ မည်သည့်အခါမျှ အပြည့်အဝ ပူးပေါင်းသွတ်သွင်းခြင်း မခံခဲ့ရပါဟု ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။*

ရခိုင်ရာဇဝင်တို့တွင်လည်း ရှေးရခိုင်မင်းတို့ တိုင်းပြည်သည် အနော်ရထာမင်းလက်ထဲ၌ လည်းကောင်း၊ ဘုရင့်နောင်မင်းလက်ထက်၌ လည်းကောင်း သူတို့၏ လက်နက်နိုင်ငံထဲသို့ သိမ်းသွင်းခြင်းမခံခဲ့ရဟု ဆိုထားသည်။ သို့အတွက်ကြောင့် အနော်ရထာမင်း၏ ပိုင်နက်နယ်မြေကို ပဋိက္ခရားပြည်ထိ ဖော်ပြထားသည်ကို ပြန်လည်စိစစ်သုံးသပ်စရာ ဖြစ်သည်။

တစ်ခါ စာရေးဆရာကြီး မြသန်းတင့်က ထိုဆောင်းပါးထဲတွင် ဆက်လက်ဖော်ပြထားသည်မှာ -

⊐ *သို့ရာတွင် လက်ဆောင်ပဏ္ဏာဆက်ခဲ့ရပြီး ပုဂံ၏တောင်ဆိုခြင်းကိုခံခဲ့ရသည်။ ရာဇဝင်ကြီးများအလိုအရ အနော်ရထာမင်းသည် ဝေသာလီမင်း၏ သမီးတော်တစ်ပါးကို လက်ဆက်ခဲ့ရသည်ဟု ဖော်ပြထားသည်။ ထိုဝေသာလီပြည်သည် ရှေးဟောင်းရခိုင်ပြည်ဖြစ်နိုင်သည်ဟု ယူဆရပါသည်။ စေတီပုထိုးများတည်ခြင်း၊ ထိုစေတီပုထိုးများထဲတွင် မိမိ၏ တံဆိပ်တော်ပါသည့် ရွှံ့အုပ်ချပ်များကို ဌာပနာထားခြင်းဖြင့် မိမိ(အနော်ရထာမင်း)၏ လက်နက်နိုင်ငံတော်နယ်နိမိတ်များကို ညွှန်ပြထားခဲ့ပါသည် ဟူ၍ဖြစ်၏။*

သို့တစေ ရှေးရခိုင်ပြည်ဟုခေါ်တွင်သော ရခိုင်ဒေသတစ်ခွင်တစ်ပြင်ရှိ ရှေးဟောင်းစေတီပုထိုးများထဲမှာ အနော်ရထာမင်းတံဆိပ်တော်များကို တွေ့ရှိရမှု မရှိသေးပါ။ ပြီး အများအားဖြင့် ရှေးရခိုင်မင်းတို့သည် ရှေးဗမာမင်း၏ညီဇာခံမင်းအဖြစ် လက်အောက်ခံမင်းအဖြစ် ဆက်ဆံခံရသည်ထက် မိတ်ဆွေမင်းအဖြစ်၊ မဟာမိတ်မင်းအဖြစ် ဆက်ဆံခံရသည်က ပိုမိုများသည်ဟု ရှေးရခိုင်ရာဇဝင်များတွင် ဖော်ပြထားသည်ကို တွေ့ရှိရသည်။ အထူးသဖြင့် သီးခြားတိုင်းပြည်အဖြစ် ဖော်ပြကြသည်ပင် ဖြစ်၏။

သို့ဆိုလျှင် မှန်နန်းရာဇဝင်၊ မဟာရာဇဝင်ကြီး အပါအဝင် ဗမာရာဇဝင်တို့၌ ဖော်ပြကြသော ပုဂံပြည့်ရှင် အနော်ရထာမင်းသည် ရခိုင်ဝေသာလီပြည့်ရှင်မင်းထံ သူလက်ဆက်ယူရန် ဝေသာလီမင်းသမီးတစ်ပါး တောင်းခံသည်ဆိုသောကိစ္စသည် အဘယ်မျှလောက် မှန်ကန်မှုရှိပါသနည်း။

ဤကိစ္စနှင့်ပတ်သက်၍ ဆန်းစစ်သုံးသပ်ကြည့်ကြပါမည်။ ပုဂံပြည့်ရှင် အနော်ရထာမင်း၏ နန်းသက်မှာ (အေဒီ ၁၀၄၄ - ၁၀၇၇) ဖြစ်ပါသည်။ ထိုအနော်ရထာမင်းကြီး နန်းစံကာလမတိုင်မီ နှစ်ပေါင်း (၂၅၀) ကျော် (အေဒီ ၇၉၃) ခုနှစ်ကပင် ဝေသာလီရွှေပြည်ရွှေနန်းတို့သည် ရှမ်းတို့ဝင်ရောက်တိုက်ခိုက်မှုကြောင့် ပျက်သုဉ်းခဲ့ရပြီး ဖြစ်ပါသည်။ အနော်ရထာမင်း၏ထီးပြိုင်နန်းပြိုင်ရခိုင်မင်းတို့မှာ ပဥ္စာပြည်ပြည့်ရှင်မင်းများဖြစ်ကြသော -

၁။ မင်းကုလားမင်း (၁၀၃၄-၁၀၆၂)
၂။ မင်းဘီးလူးမင်း (၁၀၆၂-၁၀၆၈)
၃။ ဝရောင်းငှက်-အသင်္ခယာအမတ်မင်း (၁၁၆၈-၁၀၇၆)
၄။ မင်းဘုန်းသန် (၁၀၇၆-၁၀၉၀) တို့ပင် ဖြစ်၏။

အနော်ရထာမင်း၏ ထီးပြိုင်နန်းပြိုင် ရခိုင်မင်းများဖြစ်သော ထိုပဥ္စာပြည်ရှင်တို့သည် ဘုန်းတန်ခိုးနည်းပါးကာ နန်းစံသက်တမ်း တိုတောင်းပြီးလျှင် ထီးရေးနန်းရေးအရှုပ်အထွေးကလည်း များပြားလှပေးသည်။ အထက်ဖော်ပြပါ အချက်အလက်များကို ထောက်ရှုလျှင် အနော်ရထာမင်းသည် ဝေသာလီမင်းထံ ဝေသာလီမင်းသမီးအား တောင်းခံခြင်းထက် ပဥ္စာမင်းထံ ပဥ္စာမင်းသမီးအား တောင်းခံခြင်းက ပို၍ဖြစ်နိုင်ခြေရှိသည်။ ယခုကိစ္စနှင့်ပတ်သက်ပြီး ရခိုင်ရာဇဝင်များတွင် ဖော်ပြမှုရှိသလား။ ဟုတ်ပါပေသည်။ ရခိုင်ရာဇဝင်မှတ်တမ်းတချို့နှင့် ရခိုင်ပါးစပ်ရာဇဝင်တို့တွင် အနော်ရထာမင်းသည် ရခိုင်မင်းထံမှ လက်ဆက်ရန် သမီးကညာမင်းသမီးတော်တောင်းခံခဲ့ကြောင်း ဖော်ပြမှုရှိပါပေသည်။ ရခိုင်မင်းတို့သည် ဇာတိမာန်ကြီးမားသဖြင့် သမီးကညာမပေးဆက်လိုသော်လည်း ဆိုခဲ့သလိုပင် အရည်အချင်းနည်းပါးမှုကြောင့်လည်းကောင်း၊ စစ်အင်အားနည်းပါးမှုကြောင့် လည်းကောင်း၊ ရခိုင်မင်း၏ မောင်းမငယ်တစ်ဦး၏သမီးကို (ဝါ) မင်းသွေးမင်းသားမကင်းသော ရွာစားတစ်ဦး၏သမီးကို ရခိုင်မင်းသမီးဟုဆိုပြီး အနော်ရထာမင်းအား ဆက်သခဲ့သည်ဟူ၏။ ထိုမိန်းကလေးသည် အလွန်ချောမွေ့လှပသူတစ်ဦးဟု ဆို၏။ မှန်နန်းရာဇဝင် အပါအဝင် ဗမာရာဇဝင်၌ ဝေသာလီမင်းနှင့် ဥသျှစ်သီးမှမွေးဖွားသည့် ရစိရပဘာဝတီမိဖုရားကြီးမှ မွေးဖွားသော ပဥ္စကလျာဏီမင်းသမီးကို အနော်ရထာမင်းထံ ဆက်သသည်ဟု ဖော်ပြထားကြပါသည်။ မည်သို့ပင်ဆိုစေ ထိုပဥ္စကလျာဏီမင်းသမီးနှင့် အနော်ရထာမင်းတို့ ပေါင်းဖက်ရာမှ ကျန်စစ်သားမင်းအား မွေးဖွားလာသည်ပင် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာဦးစိန်လှိုင်(ကျိုက်လတ်)

# ရောဂါကင်းဝေး ကျန်းမာရေး

ဗုဒ္ဓမြတ်စွာဘုရားသည် သက်တမ်းတစ်ရာတန်းမှာပွင့်တော်မူခဲ့သည်။ ယခုအခါ သာသနာတော်နှစ်ပေါင်း ၂၅၅၇ နှစ်ရောက်ခဲ့ပြီဖြစ်သည်။ လူတို့၏သက်တမ်းမှာ (၂၅) နှစ် လျော့နေပြီဖြစ်ရာ ယနေ့လူအများ၏ သက်တမ်းမှာ (၁၀၀) နှစ်တန်းမရှိတော့ပေ။ လူ့သက်တမ်း (၁၀၀) ပြည့်လျှင် လူ့သက်တမ်း (၁) နှစ်လျော့လျော့လာသည်။ သာသနာတော်နှစ် ၂၅၅၇ နှစ်မှာ လူတို့၏သက်တမ်း (၂၅) နှစ်လျော့နေပြီဖြစ်ရာ လူတို့၏သက်တမ်းတစ်ရာတန်းမှ (၂၅)နှစ်နုတ်သော် ယနေ့လူတို့သက်တမ်းသည် (၇၅) နှစ်မျှသာရှိတော့သည်။ (၉၆) ဖြာ ရောဂါဝေဒနာများနှင့် လူအများအသက်ရှည်ရှည်နေနိုင်ကြရန် တော်တော်ခဲယဉ်းလာချေပြီ။ လူတွင် ရုပ်၊ နာမ်နှစ်ပါးရှိရာ ရုပ်ကြီးအတွက် ရောဂါများကလည်း များလှပါဘိ။ ထို့ကြောင့် မြတ်ဘုရားက (အာရောဂျ ပရမ လာဘာ) ကျန်းမာခြင်းသည် လာဘ်တစ်ပါးဟု မိန့်ကြားခဲ့ခြင်း ဖြစ်၏။

ရှေးပညာရှင်ကြီးများတို့ကလည်း လူသတ္တဝါအားလုံးတို့အတွက် ရောဂါဘယ ဝေးကွာ ကျန်းမာချမ်းသာကြစေရန် ရတနာသုံးပါးမှအစ ဆေးဝါးများ၊ ဗေဒင်၊ ယတြာ၊ ခါတ်ဆင်ခါတ်ရိုက်စသည့် ပညာရပ်များကို တီထွင်ကြံဆကြိုးစား အားထုတ်ရှာဖွေလေ့လာကြပြီး လက်ဆင့်ကမ်း သင်ကြားပို့ချကုသနည်းများကို အများအတွက် ဖြန့်ဝေစီစဉ်ခဲ့ကြပေသည်။

ကျန်းမာရေးမကောင်းသူအတွက် ရောဂါဖြစ်ပွားလျှင် ဆေးကုသရန် ဆေးစူး၊ မစူးသောနှစ်ကို တွက်သင့်သည်။ အချို့မှာ ရောဂါရ၍ ဆေးကု၏။ တရှောင်ရှောင်တပိန်ပိန်နှင့် ဆေးဆရာတစ်ဦးမှ နောက်တစ်ဦး ပြောင်းကု၏။ ထူးမခြားနား ရောဂါမသက်သာသည့်သူများလည်း ရှိခဲ့သည်။ ရောဂါနှင့် ဆေးမထိ၊ ရောဂါတခြား၊ ဆေးတခြားဖြစ်နေတတ်သည်။ ငွေသာကုန်၊ ရောဂါမသက်သာမပျောက်။ ထိုသို့သောပုဂ္ဂိုလ်များအတွက် အောက်ပါ ကျန်းမာရေး... ယတြာကို ပြုလုပ်ကြည့်ပါ။ ငွေအကုန်အကျမရှိပါ။ ပြုလုပ်ရမည့်ယတြာ... သာ တိတိကျကျ ယုံယုံကြည်ကြည် ပြုလုပ်ရန် အရေးကြီးပါသည်။ အသ... ကယ်ယတြာ ဖြစ်သည်။

လွန်ခဲ့သော သုံးလခန့်က ကျွန်ုပ်၏ တပည့်မတစ်ဦး ကျန်းမာရေးညံ့... သည်။ ရန်ကုန်သွား၍ ဆေးကုသည်... (၂) လကြာမျှရှိသည်။ သိပ်တော့မထူး... ခြားလှ။ ရောဂါကတစ်မျိုးပြီးတစ်မျိုးဖြစ်... နေ၏။ လွန်ခဲ့သည့် အောက်တိုဘာလ... ဆန်းက ကျွန်ုပ်ထံလာ၍ သူ၏ကျန်းမာ... ရေးအတွက် သိလိုသည်များကိုလာမေး... သည်။ ရန်ကုန်ဆေးခန်းများတွင် ပြသ... ကုသရာ၌ ဆရာဝန်နှစ်ဦးနှင့် ကုသ... သော်လည်း ထူးခြားမှုမရှိခြင်းများကို... ပြောပြ၏။

ကျွန်ုပ်လည်း သူမ၏ မွေးသက္ကရာဇ်များကိုမေးပြီး တစ်စုံတစ်ယော... သောသူ၌ ကျန်းမာရေးမကောင်းသည်... အခါမှာ ဆေးကုသ၍ ဆေးစူး, မစူး... ရောက်မှုရှိ, မရှိကိုတွက်ရန် ကာယကံရှင်... ၏ ရောက်ရှိနေသောအသက်ကို တည်... ကိန်းပြုလုပ်၍ (၃)နှင့်စားပါက (၀)ကြွင်း... နေပါလျှင် ထိုကျန်းမာရေးညံ့နေသော...

၏။

နောက်စိတ်ဝင်စားစရာတစ်ခုက ကျန်စစ်သားမင်းသားသည် မဏိစန္ဒာ မင်းသမီးကိစ္စကြောင့် အနော်ရထာမင်းအမျက်တော်ရှိသောအခါတွင် အရိန္ဒမာ လှံတော်ကိုယူ၏။ ဧရာဝတီမြစ်တစ်ဖက်ကမ်း မြောက်ဘက်အရပ်ရှိ ကျောင်းဖြူနယ်ကို သွားရောက်ခိုလှုံသည်ဟု ဗမာရာဇဝင်များ၌ဆိုထားသည်။ ရခိုင်ပါးစပ်ရာဇဝင်တစ်ခု၌မူ ကျန်စစ်သားမင်းသားခိုလှုံခဲ့သော ထိုကျောင်းဖြူ ဆိုသောအရပ်သည် ယခု ရခိုင်ပြည်နယ် အမ်းမြို့နယ်အတွင်း၌တည်ရှိသည်ဟုဆိုထားပါသည်။ သို့အတွက်ကြောင့် ကျန်စစ်သားမင်းသည် သူနှင့် ကျောင်းဖြူအရပ်သူ မထီးတူမ သမ္မုလမှ မွေးဖွားသော ရာဇကုမ္မာခေါ် ဇေယျခေတ္တရာမင်းသားအား ခဲ့ညဝတီနှင့် တောင်စဉ်ခုနစ်ခရိုင်အား အပိုင်းအစားပေးအပ်ခြင်း ဖြစ်သည်ဟု ဆို၏။

ဤနေရာမှာ မေးစရာ၊ တွေးစရာတွေဖြစ်လာသည်က ခဲ့ညဝတီဟူသည် အဘယ်နည်း၊ တောင်စဉ်ခုနစ်ခရိုင်ဟူသည် အဘယ်နည်း။ ခဲ့ညဝတီသည် ရှေးဟောင်း ရခိုင်ပြည်ကို ရည်ညွှန်းသလား။ ရှေးဟောင်းရခိုင်ပြည်က ခဲ့ညဝတီနေပြည်တော်ပျက်သုဉ်းခဲ့သည်မှာ နှစ်ပေါင်း (၈၀၀) မကရှိနေခဲ့ပြီ။ ပြီး - ရခိုင်ရာဇဝင်များထဲတွင် ဒွါရာဝတီ (ယခု သံတွဲမြို့) နှင့် တောင်စဉ်ခုနစ်ခရိုင်ဟု ဖော်ပြမှုရှိသည်။ သို့ဆိုလျှင် တောင်စဉ်ခရိုင် ဟူသည် အဘယ်နည်း။ တောင်စဉ်ခုနစ် ခရိုင်ဟူသည် ယခု ရခိုင်ပြည်နယ်ထဲက တောင်ကုတ်မြို့နယ်၊ အမ်းမြို့နယ်၊ မြေပုံမြို့နယ်များအတွင်းရှိ ပင်လယ်ကမ်းခြေအနီးဒေသအဝန်းအဝိုက်ကို ခေါ်ဆိုသလား။ အဘယ်ကြောင့်ဆိုသော် ယခုအခါ၌ ထိုအရပ်ထိုဒေသကို တောင်စဉ်ကမ်း၊ တောင်စဉ်အရပ်ဟု ခေါ်ဆိုနေကြသောကြောင့် ဖြစ်ပါပေသည်။ ဆက်လက် သုတေသနပြုဖွယ်ရာ ဖြစ်ပါပေသည်။

နိဂုံးချုပ်စကားအနေဖြင့် ဆိုရပါလျှင် ရခိုင်ရာဇဝင်နှင့် ဗမာရာဇဝင်တို့ထဲက ညှိနှိုင်းပြင်ဆင်စရာများစွာရှိနေပါသေးသည်။ ဥပမာ သက်မင်းမင်းရှင်စောဆိုတာ ဘယ်သူလဲ။ လောကသာ... ဖျို့ကို ဘယ်သူရေးစပ်သလဲ။ မင်းကြီးစွာ... စော်ကဲက ရခိုင်ကို အုပ်ချုပ်ဖို့အတွက်... စောမွန်ကြီးကို စေလွှတ်ခဲ့တာ တကယ်... လား။ ရခိုင်မင်းထောရာကြီး ဆိုတာ ဘယ်သူလဲ။ အလီခင်မင်း ဆိုတာ တကယ်ပန်းသေးမင်းလား။ ဝေသာလီ... ပြည်ကောင်းစားစဉ်က သင်္ဂါယနာတင်ခဲ့... တယ်ဆိုတာ တကယ်လား။ မင်းကွန်း... ခေါင်းလောင်းကြီးကို ဘယ်ကကြေးတွေ... နှင့် ပြုလုပ်ခဲ့သလဲ စသည့် စသည့်... အချက်အလက် များစွာရှိနေပါသေး... သည်။ ဆက်လက်တင်ပြပါဦးမည်။

မင်းရှိန်အောင်...

စာကိုး -

၁။ ရှင်စန္ဒမာလာလင်္ကာရ၏ ရခိုင်ရာဇဝင်သစ်
၂။ မှန်နန်းရာဇဝင်
၃။ ဦးကုလား၏မဟာရာဇဝင်ကြီး
၄။ မြသန်းတင့်၏ သာစွပုဂံ သုဝဏ္ဏဘုမ္မိဆိုင်ကမ်း... ဓမ္မရုပ်စုံမဂ္ဂဇင်း (၉/၁၉၉၂)



www.burmeseclassic.com

www.burmeseclassic.com

ပုဂ္ဂိုလ်သည် ၎င်းနှစ်တွင် ရောဂါကြောင့် တပိန်ပိန်တရှောင်ရှောင်နှင့် ဆေးကုသသော်လည်း ဆေးမစူးမထိဘဲ နာတာရှည်ရောဂါဖြစ်နေလိမ့်မည်။ ဤသို့ ဆေးမစူးမထိ၍ ဆေးဆရာများလဲကုနေရပါလိမ့်မည်။ မည်မျှပင် ဆေးအစွမ်းရှိပါသော်ငြား ရောဂါနှင့် ဆေးမထိသဖြင့် ရောဂါတခြား၊ ဆေးတခြားဖြစ်နေတတ်၏။

ပုဂ္ဂိုလ်တစ်ဦးသည် ကျန်းမာရေးမကောင်းပါက ဆေးကုသရန်အတွက် ဆေးစူး၊ မစူးတွက်ရန် လိုပါသည်။ ဆေးတိုး၊ မတိုးတွက်ရန်မှာ ကျန်းမာရေးညံ့သူ အသက်ကိုတည် (၃) နှင့်စား၊ အကြွင်း (၀) ဖြစ်နေပါက ဆေးမစူးသောနှစ် ဖြစ်သည်။

**မည်သည့်နေ့သား/ သမီးဖြစ်စေ အောက်ပါ အသက်များသည် (၃) နှင့်စားပါက** (၀) ကြွင်းနေသောကြောင့် ဆေးမစူး၊ ဆေးမတိုးသော အချိန်အခါဖြစ်နေပါလိမ့်မည်။

၃-၆-၉-၁၂-၁၅-၁၈-၂၁-၂၄-၂၇-၃၀-၃၃-၃၆-၃၉-၄၂-၄၅-၄၈၊ ၅၁-၅၄-၅၇-၆၀-၆၃-၆၆-၆၉-၇၂-၇၅-၇၈-၈၁-၈၆ နှစ်များသည် (၃) နှင့်စားပါက (၀) ကြွင်းသောနှစ်များ ဖြစ်ပေသည်။

ဆေးမစူးသော အထက်ပါနှစ်များ အောက်ပါနေ့သားများအလိုက် ယကြာအတိုင်း ပြုလုပ်ပါက ဆေးစူး၊ ဆေးထိရောက်၍ ရောဂါများမြန်မြန်ပျောက်ကင်းပြီး ဥပဒ်အန္တရာယ်ကင်းစွာနှင့် ချမ်းသာသုခရရှိကြမည် ဖြစ်ပါသည်။

## ယတြာပြုလုပ်ရန်

**၁။ တနင်္ဂနွေသားသမီးများအတွက်**

မိမိအိပ်သော အိပ်ရာအောက်မှာ အုန်းရွက် (၇) ရွက်နှင့် သီဟိုဠ်ရွက် (၂၁) ရွက် ခင်းအိပ်ပါ။ နံနက်စောစောအချိန် ၎င်းသစ်ရွက်များကို အရှေ့အရပ်သို့ စွန့်ပစ်ပါ။ ၎င်းအတိုင်း (၉) ညလုပ်ပေးပါ။

ရောဂါကြီးလျှင် မိမိအိပ်ရာ၏ ခေါင်းရင်းမှာ အုန်းသီးတစ်လုံးထားအိပ်ပါ။ နံနက်စောစော ဘုန်းကြီးတစ်ပါးကို လှူပါ။ သို့မဟုတ် မြစ်ဆိပ်မှာ ရေမျှောလိုက်ပါ။

**၂။ တနင်္လာသားသမီးများအတွက်**

မိမိအိပ်ရာအောက်တွင် ကံ့ကော်ရွက်နှင့်တမာရွက် တစ်မျိုးလျှင်(၂၁)ရွက် ခင်းထားပါ။ နံနက်စောစော ၎င်းအရွက်များကို အိမ်၏ အရှေ့တောင်ထောင့်အရပ်သို့ စွန့်ပစ်ပါ။ ၎င်းအတိုင်း (၉) ညလုပ်ပါ။

ရောဂါကြီးလျှင် အိပ်ရာ၏ (ယောကျ်ားဆိုလျှင် ညာဘက်မှာ၊ မိန်းမဆိုလျှင် ဘယ်ဘက်မှာ) ကြံတစ်ချောင်းထားအိပ်ပါ။ နံနက်စောစော (၉၆) ဆစ်ဆစ်၍ ရေတွင်မျှောပါ။ တစ်ရက်လုပ်ပါ။ ဆေးစူး၍ ရောဂါပျောက်ကင်းမည်။

**၃။ အင်္ဂါသားသမီးများအတွက်**

မိမိအိပ်သော အိပ်ရာအောက်တွင် ဆီးရွက်နှင့် အုန်းရွက် (၇) ရွက်ခုနစ်ရွက်စီခင်း၍အိပ်ပါ။ နံနက်စောစော ၎င်းအရွက်များကို အိမ်၏တောင်အရပ်သို့ ပစ်ပါ။ ၎င်းအတိုင်း (၉) ည လုပ်ပါ။

ရောဂါကြီးလျှင် အိပ်ရာ၏ခေါင်းရင်းအောက်မှာ ဆန်ကိုးဆုပ်ထား၍အိပ်ပါ။နံနက်စောစော ၎င်းဆန်များကို ကုန်းသတ္တဝါ၊ ရေသတ္တဝါများကို ကျွေးပါ။ ၎င်းအတိုင်း သုံးရက်လုပ်ပါ။

**၄။ ဗုဒ္ဓဟူးသားသမီးများအတွက်**

မိမိအိပ်သောအိပ်ရာအောက်တွင် ဝါးရွက်၊ ဝါရွက်နှင့် ရဲယိုရွက်အနည်းငယ်စီခင်း၍အိပ်ပါ။ နံနက်စောစော ၎င်းအရွက်များကို အိမ်၏အနောက်တောင်ထောင့်အရပ်သို့ ပစ်ပါ။ ၎င်းအတိုင်း (၉) ည လုပ်ပါ။

ရောဂါကြီးလျှင် ကျောက်ဖရုံသီးတစ်လုံးကို ရှုပန်းထည်နှင့်ပတ်၍ အိပ်ရာခေါင်းရင်းမှာ ထားအိပ်ပါ။ နံနက်စောစော ၎င်းကျောက်ဖရုံသီးကို မြစ်ဆိပ်၌ ရေတွင်မျှောပါ။ တစ်ညသာလုပ်ပါ။ ဆေးစူး၍ ရောဂါဥပဒ်အန္တရာယ်ကင်းရှင်းသွားပါလိမ့်မည်။

**၅။ ကြာသပတေးသားသမီးများအတွက်**

မိမိအိပ်သောအိပ်ရာအောက်တွင် ငှက်ပျောရွက်နှင့် ပေါက်ပန်းဖြူရွက်အနည်းငယ်စီခင်းအိပ်ပါ။နံနက်စောစော ၎င်းအရွက်များကို အိမ်၏ အနောက်မြောက်ထောင့်သို့ ပစ်ပါ။ ၎င်းအတိုင်း (၉) ည ပြုလုပ်ပါ။

ရောဂါကြီးလျှင် အိပ်ရာ၏ခေါင်းရင်းမှာ ငှက်ပျောသီးတစ်ဖီးကို အဝတ်ဖြူနှင့်ပတ်ထားပါ။ နံနက်စောစော ၎င်းငှက်ပျောဖီးကို ဘုန်းကြီးတစ်ပါးအား လှူပါ။ သို့မဟုတ် လူများကို ဝေပေးပါ။ အဝတ်ဖြူကိုလည်းလှူပါ။ တစ်ရက်လုပ်ပါ။ ရောဂါဘယကင်းမည်။

**၆။ သောကြာသားသမီးများအတွက်**

မိမိအိပ်သောအိပ်ရာအောက်တွင် သီဟိုဠ်သရက်ရွက်နှင့် မဲဇလီရွက်အနည်းငယ်စီခင်း၍အိပ်ပါ။နံနက်စောစော ၎င်းအရွက်များကို အိမ်၏ အရှေ့မြောက်ထောင့်သို့ ပစ်ပါ။ ၎င်းအတိုင်း (၉)ည ပြုလုပ်ပါ။

ရောဂါကြီးလျှင် အိပ်ရာ၏ခေါင်းရင်းမှာ နှမ်းဆီသုံးကျပ်သားကိုထား၍ အိပ်ပါ။ နံနက်စောစောတွင် ၎င်းဆီနှင့် ဘုရားတွင် ဆီမီးပူဇော်ပါ။ သို့မဟုတ် ဘုန်းကြီးလှူပါ။ တစ်ရက်လုပ်ပါ။ ဆေးစူး၍ ရောဂါဘယပျောက်ကင်းပါလိမ့်မည်။

**၇။ စနေသားသမီးများအတွက်**

မိမိအိပ်သောအိပ်ရာအောက်တွင် တမာရွက်နှင့်ငှက်ပျောရွက်အနည်းငယ်စီခင်း၍ အိပ်ပါ။ နံနက်စောစော ၎င်းအရွက်များကို အိမ်၏ အနောက်စူးစူးအရပ်သို့ စွန့်ပစ်ပါ။ ၎င်းအတိုင်း (၉)ည လုပ်ပါ။

ရောဂါကြီးလျှင် အိပ်ရာ၏ခေါင်းရင်းမှာ အုန်းသီးတစ်လုံးကို အဝတ်နီနှင့်ပတ်ထား၍ အိပ်ပါ။ နံနက်စောစော ဘုန်းကြီးကို လှူပါ။ သို့မဟုတ် ရေတွင်မျှောပါ။ တစ်ရက်လုပ်ပါ။ ဆေးစူး၍ ရောဂါသက်သာပျောက်ကင်းပါလိမ့်မည်။

အထက်ပါ နေ့သားအလိုက် ကျန်းမာရေးကောင်းစေရန် ပြုလုပ်ရမည့် ယတြာများကို ကြိုတင်ပြုလုပ်ထားပါက အထူးအကာအကွယ်ဖြစ်သည့်အပြင် ရောဂါဘယကင်းဝေးပြီး ကျန်းမာချမ်းသာစွာ နေထိုင်ကြရပါလိမ့်မည်။

ကျွန်ုပ်ထံသို့ ရောက်ရှိလာသော တပည့်မအား အထက်ပါယတြာဖြင့် စီစဉ်ဆောင်ရွက်ပေးခဲ့ရာ အသက် (၃၉) နှစ်ရှိ အင်္ဂါသမီးမှာ ဆီးရွက်၊ အုန်းရွက်များနှင့် (၉) ညလုပ်၍ ဆန်ယတြာကို (၃) ရက်လုပ်ပြီးနောက် ကျန်းမာရေးထူးခြားလာပြီး မိသားစုဆရာဝန်နှင့် ကုသနေရာ ဒီဇင်ဘာလကုန်လောက်တွင် ဆေး (၄) လုံးထိုးပြီးနောက် ပုံမှန်ပြန်ဖြစ်မည်ဖြစ်ကြောင်း ကျွန်ုပ်ထံသို့ လာရောက် ကန်တော့ရင်း နှုတ်ဆက်သွားပါသည်။

*ခုနစ်နေ့သားသမီးများအားလုံး*
*ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာကြ၍*
*ရောဂါဘေးများမှကင်းဝေးကြပါစေ*

ဆရာဦးစိန်ခိုင် (ကျိုက်သဘောင်)



www.burmeseclassic.com

www.burmeseclassic.com

ပြိဿရာသီ၏ သရုပ်သည် နွားသိုးဖြစ်၏။ နွားသိုးသည် သဘာဝ၏ စွမ်းအားနှင့် ပေါကြွယ်ဝမှုအစွမ်းတို့ကို ဖော်ပြသည့် ရှေးအကျဆုံးသောသရုပ် ဖြစ်လေသည်။ မြေထဲပင်လယ်နှင့်အရှေ့ အလယ်ပိုင်းဒေသတစ်ဝန်းလုံးတွင် နွားသိုးကို မြေပထဝီနတ်သမီး၏ ကြင်ရာတော်အဖြစ် ပူဇော်ခဲ့ကြသည်။ ကရိ (CRETE)ကျွန်းရှိ နော့ဆော့စ်ဒေသတွင် လှပစွာ ပုံဖော်ခြယ်လှယ်ထားသော နံရံဆေးပန်းချီရုပ်များမှအစပြု၍ နွားသိုးကို ပူဇော်ဝတ်ပြုသော အစီအရင်တို့ကို ယခုခေတ်လူများ သိရှိကြရပေသည်။ နွားသိုး၏ နွေးကွေး၍ စိတ်ရှည်စွာ လှုပ်ရှားတတ်မှုနှင့် ဒေါသထွက်လျှင် ကြောက်မက်ဖွယ်ထွက်ပေါ်လာသောစွမ်းအင်တို့၏ ရောစပ်နေမှုသည် သဘာဝစွမ်းအားတို့၏ညာတာမ,စမှုမျက်နှာနှင့် ဖျက်ဆီးတတ်မှုမျက်နှာများကိုချုံ၍ဖော်ပြနေခြင်း ဖြစ်ပေ၏။

ခေါမဒေဝတာပုရာဏ်တွင် မြေငလျင်တို့ကိုစိုးမိုးသူ ပေါ်ဆိုက်ဒွန် (POSEIDON) ကို ကြီးမားသော နွားသိုးအနက်ကြီးသဏ္ဍာန်ဖြင့် ပုံယူပူဇော်ခဲ့ကြ၏။ ထိုနွားနက်ကြီးသည် ကမ္ဘာမြေကြီး၏ နက်ရှိုင်းလှသောအတွင်းပိုင်းတွင်နေ၍ အမျက်ဒေါသဖြင့် ခြေဆောင့်လိုက်လျှင် ကမ္ဘာမြေကြီး တုန်ခါသွားရသည်။ များစွာသော ဒေဝတာပုရာဏ်တို့တွင် နွားသိုးကို ပုရာဏ်ပါဇာတ်လိုက်၏ အဆိုးဝါးဆုံး အဆိပ်အတောက်အဖြစ် ပုံဖော်ခဲ့ကြသည်။ ထင်ရှားသော သာဓကတစ်ခုကို တင်ပြရလျှင် ခေါမဒေဝတာပုရာဏ်မှပင် မင်နတော် (MINOTAUR) ကို ပြသရပေတော့မည်။ ထိုသတ္တဝါသည် နွားဦးခေါင်းနှင့် လူခန္ဓာကိုယ်ရှိသောသတ္တဝါဖြစ်၏။ မိုင်နော့(စ်) (MINOS) က ဝင်မိလျှင် ပြန်ထွက်ရမလွယ်ကူသောဝင်္ကပါကြီးတည်ဆောက်၍ မင်နတော်ကို ထားရှိ၏။ ထိုသတ္တဝါ[illegible] သည် လူသားကိုစားသည်။ နောက်ဆုံး[illegible] တွင် သီးဆယုစ် (THESEUS) က သူ့ကို[illegible] သတ်ပစ်လိုက်သည်။

ဤပုရာဏ်ကိုထောက်ရှု၍ စိတ်[illegible] ရှိုင်းတို့သည် စိတ်ယဉ် (ဝါ) စိတ်ကောင်း[illegible] ကို ရန်လိုတတ်ကြောင်း ကောက်ချက်ချ[illegible] နိုင်သည်။ လူ၏ဇာတိစိတ်တွင် ပါလာ[illegible] သော ပြင်းပြသည့် ဆန္ဒဇောရိုင်းများ[illegible] သည် မိမိကိုယ်မိမိယုံကြည်စိတ်ကို တိုး[illegible] စားကာ ဘဝကို ထိန်းကွပ်သွားနိုင်စွမ်း[illegible] ကို ပျက်ပြယ်စေ၏။

# သက်လို
## ပြိဿရာသီခွင်



www.burmeseclassic.com

www.burmeseclassic.com

ရောမအင်ပါယာနှောင်းပိုင်းကာလ များတွင် မီထရားဂိုးလူမျိုးများ၌ နွားသိုး ကို လူသား၏အခြေခံစိတ်ရိုင်းများဆိုင် ရာ ထင်ရှားသောသရုပ်အဖြစ် ထားရှိခဲ့ ကြ၏။ နွားသိုးကို ယဇ်ပူဇော်ခြင်းသည် စိတ်ရိုင်းများကို အသိတရား၏ အဆင့် မြင့်အလွှာတွင် ချေဖျက်လိုက်ရမည်ကို ပြသသည်ဟု လေ့လာသူ သုတေသီတို့ က ယူဆကြပေ၏။

ဤအချက်များကို ထောက်ရှု၍ ပြိဿရာသီသည် ဒေဝတာပုရာဏ် မှထောင့်က ကြည့်သော် မြေပထဝီ၏ ဖန်တီးမှုသန္ဓေတည်စွမ်းအင်နှင့် လူသား များဇောနှင့် စိတ်ဓာတ်တို့၏ ထာဝရ ရှင်သန်ခေါ်မှုတို့ကို ခြုံငုံထားခြင်းဟု ဆိုရပေ တော့မည်။ ပြိဿရာသီကို အင်္ဂလိပ်လို တောရပ်(စ်) (TAURUS) ဟုခေါ်တွင်၍ ဂရိ ကား တောရိုး(စ်) (TAUROS) မှာ နွားသိုးဟု အဓိပ္ပာယ်ရသည်။ မြန်မာတို့ က ပြိဿရာသီဟု ခေါ်ဝေါ်နေခြင်းမှာ လည်း သက္ကတဘာသာ ဗရိဿဘမှ ဆင်းသက်လာသောစကားဟု သိရပါ ၏၊ ဗရိဿဘသည် ပါဠိစကား ဥသဘ နှင့် တူညီ၍ အဓိပ္ပာယ်မှာ နွားလား (ဝါ) နွားသိုးဖြစ်ပေ၏။

ပြိဿရာသီသည် မေလကို ကိုယ် စားပြုသည်ဖြစ်ရာ အနောက်နိုင်ငံကျေး လက်ဒေသများတွင် မေပိုး(လ်) (MAY-POLE) ခေါ် မေလတိုင်တွေကိုထူသည့် ပွဲတွေ ကျင်းပခဲ့ကြ၏။ မေမိဖုရား (MAY QUEEN)ကိုပင် ရွေးချယ်ခဲ့ကြ၏။ သမိုင်း မတင်မီကာလများကဆိုလျှင် မေမိဖုရား ဆိုသည်မှာ မိန်းကလေးတစ်ဦးကို ရွေးချယ်၍ စတေးကာ ကောက်ပဲသီးနှံ ပေါကြွယ်ရေးအတွက် မြေစာကျွေးခဲ့ကြ သည်ဟု အဆိုရှိပေသည် ။ သို့သော် ယခုခေတ်တွင်ကား မေမိဖုရားကို အလှ မယ်ရွေးသလို ရွေးချယ်ကြခြင်းသာ ဖြစ် ရာ ကျေးလက်ဒေသ ပျော်ပွဲရွှင်ပွဲလေး အသွင်သာဆောင်တော့၏။ လေ့လာသူ များသည် မေလရာသီဥတုနှင့် တော တောင်ရေမြေအခြေအနေများကို ကြည့် ရှု၍ ပြိဿရာသီ၏ သဘောသဘာဝကို အကဲခတ်ကြသည်။ ပြိဿရာသီခွင်၌ ဘာမှမြန်မြန်ဆန်ဆန်မဖြစ်ပေါ်ကြပါ။ မျိုးစေ့ကိုချ၏။ သို့သော် အညှောက် ထွက်အပင်ပေါက်ရန်အတွက်သော်ကား အချိန်ယူရပေမည်။ ဤသည်ကိုထောက် ရှု၍ ဖွားဇာတာခွင်တွင် ပြိဿရာသီ အရေးပါသောသူကို အတင်းလော၍မရ ချေ၊ သစ်စေ့ကလေးကို 'ပေါက်ဟဲ့.. ပေါက်ဟဲ့' ဆိုကာ လော၍မရသကဲ့သို့ ပင်တည်း။

လက်သမားကြီးကလော၍အလုပ် တွေ ကျုံးလုပ်ချင်၏။ သို့သော် နွားသိုး ကြီးသည် စားခြင်း၊ အိပ်ခြင်း၊ မိတ်လိုက် ခြင်းတို့ကို သူ့သဘာဝအလိုက် သူ့ ကာလစက်ဝန်းနှင့်သူလုပ်သည်။ ပြိဿ ရာသီသမား၏ အပြင်ပန်းသဘာဝမှာ အာရုံတွေကို ခံစားခြင်း၊ ပျင်းရိခြင်းနှင့် ပြည့်နှက်နေသည်ဟု ထင်ရသော်လည်း အောက်အလွှာတွင်ကား ပထဝီမြေကြီး ၏ ကြီးမားသော အားအင်ကြီးသည်ရှိ နေ၏။ ထိုအားအင်ကြီးသည် လောခြင်း တွင် ဘွားခနဲ ထွန်းတောက်လာမည့် စွမ်းအင်ကို အသာလျှို၍ ဖုံးကွယ်ထား နေသောရာသီအဖြစ် ရှုမြင်နိုင်စေ၏။ နေ့စဉ်ဖြစ်ရပ်တွင်ကား ပြိဿရာသီ၏ အေးချမ်း ညင်သာသော စွမ်းအင်ကို သည်းခံနိုင်ခြင်းနှင့် အချိန်ကျအောင် စောင့်ဆိုင်းနိုင်သော စွမ်းရည်တို့တွင် တွေ့ရှိနိုင်လေသည်။ နွားသိုးကြီးသည် စွမ်းအားကြီးမားလှသော သတ္တဝါဖြစ် လင့်ကစား ကွင်းပြင်ထဲတွင် မြက်စားနေ ခိုက်သာတွေ့ရလျှင် ယင်းသို့ အင်အား ကြီးမားလှသည်ဟု ထင်မြင်မိမှာမဟုတ် ချေ။ ဤနည်းတူစွာပင် ပြိဿရာသီ သမားများသည် မိမိတို့၏ စွမ်းရည်များ၊ ကျွမ်းကျင်မှုများကို ထုတ်ဖော်လိုစိတ် မရှိသရွေ့ ကာလပတ်လုံး အားကောင်း သော ပြိဿရာသီသမားကိုပင် ဘေးလူ များက အထင်သေးတတ်ပါ၏။

ပြိဿရာသီသမား လူငယ်တော် တော်များများသည် ဘဝခရီးလမ်းစဉ်ကို ရွေးချယ်ရာ၌ အချိန်တွေကြာမြင့်နေ တတ်၏။ အဘယ်ကြောင့် ဤရာသီ သည် ခပ်လောလောနှင့် အချိန်မကျမီ မလုပ်ကိုင်တတ်ဘဲ လက်တွေ့အတွေ့ အကြုံရအောင် စုဆောင်းရင်း ခိုင်မာမှု တစ်စုံတစ်ရာကို တည်ဆောက်နှင့်ချင် ကြသောကြောင့် ဖြစ်သည်။ အရင်လုပ် ပစ်လိုက်ပြီး နောက်မှကြည့်ရှင်းရသည့် အလုပ်မျိုးကို သူတို့မနှစ်သက်ကြပါ။ သူတို့အတွက် ရုပ်ပိုင်းဆိုင်ရာလုံခြုံမှုနှင့် တည်ငြိမ်မှုသည် လေးလေးနက်နက်ပင် အရေးပါလှချေ၏။ သို့ဖြစ်ရာ ဘဝတွင် အဖိုးတန်သည်ဟုယူဆရသောအရာများ ကို ဗရုတ်သုတ်ခတွေကြားမှပင် ရင်ဝယ် ပိုက်၍ ထိန်းသိမ်းထားချင်တတ်ကြလေ သည်။ ထို့ကြောင့် သူတို့သည် မပျော် ပိုက်ဖြစ်ရသည့်တိုင်အောင် လုပ်လက်စ အလုပ်အတိုင်း ဆက်ဆံလက်စ ပေါင်း သင်းဆက်ဆံမှုကို အလွယ်တကူနှင့်မစွန့် လွှတ်တတ်ကြပါ။ ပိုမိုကောင်းမွန်မှုသေ ချာသောအသစ်ကိုတွေ့မှသာ အဟောင်း ကို စွန့်တတ်ပေသည်။ ယဉ်ပါးနေကျဖြစ် သည့်အဟောင်းကို ခင်တွယ်တတ်လွန်း သဖြင့် အသစ်ဖြစ်သော တစ်စုံတစ်ခုကို တွေ့ရသော်လည်း အသစ်ဖြစ်သည်ဆို ရုံမျှနှင့်ပင် အကျောက်အကန် လက်မခံ ဘဲ ငြင်းပယ်တတ်ကြပေ၏။

မူလဇာတာ၌ ပြိဿရာသီတွင် ရောက်နေသောဂြိုဟ်များသည် အကျိုး ပေးနှေးကွေးတတ်သည်။ သို့သော် ခိုင်မာ ၏။ သို့ဖြစ်၍ ထိုဂြိုဟ်တို့၏ကောင်းကျိုး များကို ဇာတာရှင်သည် ငယ်စဉ်က မခံစားရတတ်ဘဲ အသက်ကြီးပိုင်းရောက် ခါမှ ခိုင်မာစွာခံစားစံစားနိုင်တော့သည်။ သို့ဖြစ်သည်နှင့်အညီ ပြိဿရာသီသမား တို့သည် အဆင့်တစ်ခုခုတွင် နှောင်းပိုင်း ကျမှ ရင့်ကျက်၍ တိုးတက်လာတတ်ကြ သည်။ ရှေ့ပိုင်းတွင်ကား သူတို့သည် မရေမရာနှင့် စမ်းတဝါးဝါးလျှောက်လှမ်း လာခဲ့ကြသည်သာ ဖြစ်၏။ စိတ်လှုပ်ရှား ဖွယ်ဖြစ်သည်ဆိုရုံမျှနှင့် နွားသိုးသည် စိတ်မဝင်စားပါ။ အကျိုးရလဒ်သည်သာ သူ့အတွက် အရေးပါ၏။ အဘယ်ကြောင့် ဆိုသော် သူတို့သည် စိတ်ကူးယဉ်သမား များမဟုတ်ကြဘဲ အတွေ့အကြုံပေါ် တွင် မှီခိုအားထားကြသူများ ဖြစ်သော ကြောင့်တည်း။ ပြိဿရာသီသမားတို့၏ အမျက်ဒေါသသည် ထွက်ခဲ၍အရှိန်တက် မှု နှေးကွေးသည်။ သို့သော် ဒေါသပေါက် ကွဲပြီဆိုလျှင်ကား ယမ်းပုံမီးကျဖြစ်တတ် ၏။ အဘယ်ကြောင့်ဆိုသော် ဒေါသဖြစ် စရာအကြောင်း ခိုင်လုံလှသောကြောင့် တည်း။

သို့ရာတွင် ပြိဿရာသီသည် နူးညံ့ သိမ်မွေ့မှုအားကောင်းလှသဖြင့် ဤရာသီ ရောက်ဂြိုဟ်များသည် နူးညံ့လာရ၏။ ရှုးရှုးရှဲရှဲဖြစ်တတ်သော အင်္ဂါဂြိုဟ်သည် ပင် ပြိဿရာသီသို့ရောက်နေသော် စွမ်း အားထုတ်မှု နှေးကွေး၍ နူးညံ့လာရ သည်။ ပြိဿရာသီသမားများသည် လှပ ၍ အသုံးဝင်သောပစ္စည်းမျိုးကို ဖန်တီး နိုင်စွမ်းရှိကြ၏။ ဂီတကိုလည်း အာရုံထိ လွယ်သည်။ ထူးခြားသည်ကား ပြိဿ ရာသီသမားများသည် နတ်တို့၏ သဘော သဘာဝကို ကောင်းကင်ဘုံတွင်သာ မဟုတ်ဘဲ မြေပြင်တွင်ပင် တွေ့ရှိနိုင်စွမ်း ရှိကြသူများ ဖြစ်ကြကုန်၏။

သက်သင်



www.burmeseclassic.com

www.burmeseclassic.com

"ခင်လေး၊ ဘုရားဖူးပြီးရင် ဘယ်သွားချင်သေးသလဲ။ ခင်လေးသွားချင်တဲ့နေရာရှိရင်ပြောပါ။ ကိုကိုလိုက်ပို့ပါ့မယ်"

"ခင်လေး၊ ဗေဒင်မေးချင်သေးတယ် ကိုကို"

ရွှေတိဂုံဘုရားကို ဖူးပြီးသည်နှင့် ခင်မောင်ကျော်က မေးလိုက်သည်။ ရွှေတိဂုံဘုရားတွင် ပန်း၊ ရေချမ်းကပ်၊ ဖယောင်းတိုင်၊ အမွှေးတိုင် ပူဇော်ပြီးသည်နှင့် ခင်မောင်ကျော်က မေးလိုက်ရာ ဗေဒင်မေးချင်ကြောင်း ကြားလိုက်ရ၍ ခင်မောင်ကျော် တွေဝေသွားပါသည်။ ခင်မောင်ကျော်က ဗေဒင်ကိုယုံကြည်သူ မဟုတ်ပါ။ မိမိဘဝ၏တိုးတက်မှုကို မိမိကိုယ်တိုင် ကြိုးစားမှုရမည်ဟု ယုံကြည်သူမဟုတ်ပါ။ မိမိဘဝ၏တိုးတက်မှုကို မိမိကိုယ်တိုင်ကြိုးစားမှုရမည်ဟု ယုံကြည်သူဖြစ်သည်။ သို့သော်ခွဲခွာခါနီး ချစ်သူ၏ဆန္ဒကို ဆန့်ကျင်လိုစိတ်မရှိပါ။ ချစ်သူကို အလိုလိုက်တော့မည်ဟု ဆုံးဖြတ်ထားပါသည်။ ယနေ့လည်း ချစ်သူဆန္ဒအရ ဘုရားဖူးသည်၊ လိုသောဆုများတောင်းခဲ့သည်။

"ခင်လေးက ဘယ်ဗေဒင်ဆရာကို မေးချင်တာလဲ"

"ဘယ်ဆရာရယ် မဟုတ်ပါဘူး။ မှန်အောင်ဟောနိုင်တဲ့ ဆရာတစ်ဦးဦးပေါ့"

"ခင်လေးဆန္ဒရှိရင် သွားကြတာပေါ့။ ကိုယ်ကတော့ ဒါတွေ ဝါသနာမပါဘူး"

"ကိုကိုဝါသနာမပါမှန်း သိပါတယ်။ ခင်လေးနဲ့ ကိုကိုတို့က မကြာခင် ခွဲကြရတော့မှာ မဟုတ်လား။ ကိုကိုက ပင်လယ်ရပ်ခြားနိုင်ငံခြားကိုသွားမှာဆိုတော့ ခင်လေးတို့ပြန်မှ ဆုံနိုင်ပါ့မလားဆိုတာ ကြိုတင်သိထားရအောင်လို့ပါ"

"ဩော် -ခင်လေးရယ်၊ အခုထိ ကိုကို့ကို မယုံနိုင်သေးဘူးလား။ ကိုကိုက ဂျပန်ပြည်ကိုသွားမှာကလည်း တစ်နှစ်တည်းကြာမှာပါ။ တစ်နှစ်ကြာရင် ပြန်လာပြီး ခင်လေးနဲ့ လက်ထပ်မှာပါ"

"ကိုကို့ကို ယုံပါတယ်။ ကံကြမ္မာကိုသာ မယုံတာပါ"

"စိတ်ချပါခင်လေးရယ်။ ကံကြမ္မာဆိုတာ ကိုယ်တို့နှစ်ဦးအပေါ်မှာ မူတည်နေပါတယ်။ ကဲပါလေ၊ ခင်လေးဆန္ဒရှိရင် သွားပြီးမေးကြတာပေါ့။ မြောက်ဘက်စောင်းတန်းမှာ ဗေဒင်ဆရာရှိတယ် သွားရအောင်"

ခင်မောင်ကျော်နှင့် မခင်လေးတို့ မြောက်ဘက်မုခ်မှ ဆင်းခဲ့ကြသည်။ ဗေဒင်ဟောခန်းမှာ ပိတ်ထားသ... ပတ်ဝန်းကျင်ကို စုံစမ်းကြည့်ရာ ယ... ဆိုင်ပိတ်ကြောင်း သိရသည်။

"ဆိုင်ပိတ်တယ်တဲ့ ခင်လေး... နောက်ထပ် ဘယ်နေရာသွားချင်သေး... သလဲ"

"ကမ္ဘာအေးဘုရားကို သွား... ကောင်းမလား ကိုကို"

ကမ္ဘာအေးဆိုမှ ခင်မောင်ကျော်... သတိရသည်။ ကမ္ဘာအေးတွင် သူ... ချင်း မောင်မောင်လတ် ဗေဒင်ဟော... သည်ကို အမှတ်ရလိုက်သည်။ မော... မောင်လတ်သည် ကမ္ဘာအေးတွင် ... ရှိနေသဖြင့် အဆင်ပြေနိုင်သည်။

"ကမ္ဘာအေးသွားရင် ကိုကို့သူ... ချင်းတစ်ယောက် ဗေဒင်ဟောနေတ... တယ် ခင်လေးရဲ့။ သူကလည်း နာ... ကြီးတစ်ယောက်ပဲ"

"ဒါဆို သွားကြတာပေါ့ ကိုက..."

ခင်မောင်ကျော်နှင့် မခင်လေး...



# ကောင်းသော

**လွှမ်းစာလေးရေးခဲ့သည်**



www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာအေးသို့ ခရီးဆက်ခဲ့ကြသည်။ မောင်မောင်လတ်၏ဟောခန်းသို့ရောက်သည့်အခါ ကံအားလျော်စွာ လူရှင်းနေကြောင်း တွေ့ရသဖြင့် ဗေဒင်ဆရာ၏ ရှေ့တွင် နှစ်ယောက်အတူထိုင်လိုက်ကြသည်။

"ဟာ - မောင်ကျော်တို့ပါလား"

မောင်မောင်လတ်က ကြိုဆိုနှုတ်ဆက်လိုက်သည်။

"မောင်မောင်လတ်၊ ဒါငါ့ချစ်သူ မခင်လေး။ သူက ဗေဒင်မေးချင်တယ်ဆိုလို့ မင်းဆီခေါ်လာတာ။ မှန်အောင်တော့ဟောပါကွာ"

"ဟုတ်ကဲ့ မခင်လေး၊ တွေ့ရတာဝမ်းသာပါတယ်။ မောင်ကျော်က ငယ်သူငယ်ချင်းတွေလေ၊ ကဲ - ဘာသိချင်သလဲပြောပါ"

"ကိုကိုက မကြာခင် နိုင်ငံခြားသွားတော့မယ်ဆိုတော့ ခွဲရတော့မယ်လေ။ နောင်ဘယ်တော့ပြန်ဆုံကြမယ် ဘယ်အချိန် လက်ထပ်ဖြစ်မယ်ဆိုတာလောက်ပဲ သိချင်တာပါ"

"မောင်ကျော် ပြောတာကတော့ ဂျပန်မှာ တစ်နှစ်နေပြီး ပြန်လာရင် လက်ထပ်မယ်ပြောတာပဲ"

"ဟုတ်ပါတယ်၊ ဒါတွေက ရည်မှန်းချက်ပါ။ ဒါပေမယ့် ကံကြမ္မာရဲ့ အလှည့်အပြောင်းကို မြင်နိုင်စွမ်းမရှိလို့



www.burmeseclassic.com

www.burmeseclassic.com

ဆရာ့ဆီလာပြီးမေးရတာပါ"

"စိတ်ချပါ မခင်လေး၊ မြင်သမျှ ဟောပါ့မယ်။ ကဲ - နှစ်ယောက်လုံးမွေး သက္ကရာဇ်၊ မွေးလ၊ မွေးနေ့တွေပြောပါ"

မခင်လေးက စာရွက်တစ်ရွက်နှင့် အသင့်ပြုစုလာသော နှစ်ယောက်လုံး၏ မွေးနေ့၊ မွေးလ၊ သက္ကရာဇ်အစုံကို ပေးလိုက်သည်။ ဗေဒင်ဆရာက ထိုစာရွက်ကိုကြည့်၍ စာတစ်ရွက်ပေါ်တွင် တွက်ချက်နေပါသည်။ တွက်ချက်ပြီးသော်လည်း ချက်ချင်းမဟောသေးဘဲ မခင်လေးကို သေချာစွာ စူးစိုက်ကြည့်ပြီး လက်ဝါးနှစ်ဖက်ကိုပြခိုင်းသည်။ လက်ဝါးနှစ်ဖက်ပေါ်မှ အရေးအကြောင်းများကို အတန်ကြာစူးစိုက်ကြည့်နေပါသည်။ အသေးစိတ် တွက်ချက်နေပုံရသဖြင့် စောင့်ကြည့်နေသူများပင် စိတ်လှုပ်ရှားလျက်ရှိပါသည်။ အားလုံးတွက်ချက်စစ်ဆေးပြီးသည်နှင့် ဗေဒင်ဆရာက ဟောပါသည်။

"နှစ်ယောက်လုံးရဲ့မွေးဇာတာတွေ ကောင်းပါတယ်။ ရည်မှန်းတဲ့အတိုင်း တစ်နှစ်အကြာမှာ လက်ထပ်ဖြစ်မှာပါ။ ခင်မောင်ကျော်လည်း ဂျပန်မှာ အဆင်ပြေမှာပါ။ ရည်ရွယ်တဲ့အတိုင်း အစစ်အောင်မြင်မှာ၊ တစ်နှစ်ပဲစောင့်ရတော့မှာပါ။ သိချင်တာရှိရင်မေးပါဦး"

"ပြည့်စုံပါပြီ ဆရာရယ်၊ တစ်နှစ်ကြာလို့ လက်ထပ်ဖြစ်ရင် ကျေနပ်ပါပြီ။ မေးစရာမရှိတော့ပါဘူး။ ဒီမှာ ဆရာအတွက် ဥာဏ်ပူဇော်ခပါ"

မခင်လေးက ငွေစက္ကူအချို့ကို ထုတ်ပေးသော်လည်း မောင်မောင်လတ်က လက်မခံပါ။

"သူငယ်ချင်း ခင်မောင်ကျော်ရဲ့ ဂျပန်ခရီးအတွက် လက်ဆောင်ပေးလိုက်တယ်လို့ သဘောထားပါ။ မခင်လေးနောင် အခက်အခဲရှိလို့ မေးစရာရှိရင်လည်း လာခဲ့ပါ။ အားနာစရာရှိပါဘူး၊ ကျွန်တော် ကူညီမှာပါ"

"ကျေးဇူးတင်ပါတယ် ဆရာ၊ ဒါဆိုခွင့်ပြုပါဦး"

"ကောင်းပါပြီဗျာ"

ခင်မောင်ကျော်နှင့် မခင်လေးတို့ ပြန်ရန် ကျောခိုင်းမှ မောင်မောင်လတ်က ခေါ်လိုက်သည်။

"ဗြော် - မောင်ကျော်ရေ၊ ခရီးမသွားခင် ငါ့ဆီလာခဲ့ပါဦး၊ ဆက်ဆက်လာနော်"

ခင်မောင်ကျော်မှာ လာခဲ့မည်ဟု ခေါင်းညိတ်ပြခဲ့သည်။ မောင်မောင်လတ်ကျေနပ်အောင်သာ လာခဲ့မည်ဟု ပြောလိုက်မိသော်လည်း ခရီးထွက်ရန်ပြင်ဆင်နေရသဖြင့် မောင်မောင်လတ်ထံမသွားဖြစ်ပါ။ မောင်မောင်လတ်မှာလိုက်သည်ကို သတိရမိသော်လည်း သွားလိုခြင်းမရှိသဖြင့် မသွားဖြစ်ခြင်းလည်း ဖြစ်သည်။ ဂျပန်သို့သွားမည့် နောက်ဆုံးညတွင် မောင်မောင်လတ် ရောက်လာသည်။

"မောင်ကျော်ရာ၊ မင်းအတွက် အရေးတကြီးပြောစရာရှိလို့ မှာလိုက်တာ၊ မင်းမလာလို့ငါလာရတာပဲ"

"ငါက ဗေဒင်ကို မယုံကြည်တာ မင်းအသိပါကွာ"

"ဒါပေမယ့် အခုတကယ်ယုံကြည်ရမယ့်အကြောင်းတွေပါတယ်။ မခင်လေးရဲ့ရှေ့မှာ ပြောမထွက်တဲ့စကားတွေရှိနေတယ်ကွ"

"ဒါတွေကို ငါမယုံဘူးလို့ ပြောပြီးပြီလေ"

"မယုံကြည်တာလည်း မယုံကြည်တာပေါ့၊ ဟိုနေ့က ငါဟောလိုက်တာမှာ မဟုတ်မမှန်တာတွေပါသွားတယ်"

"ဘာကွ၊ ဘယ်လို"

"ဟုတ်တယ် သူငယ်ချင်း။ အခုမင်းကိုတော့ အမှန်တွေငါပြောချင်လို့လာခဲ့တာ။ မင်းသေသေချာချာနားထောင်ပါ။ မင်းအတွက် အစစအဆင်ပြေပေမယ့် မခင်လေးက အဆင်မပြေဘူး။ မင်းဂျပန်မှာ အောင်မြင်မယ်။ တစ်နှစ်ကြာရင် ပြန်ရောက်မယ်။ ဒါပေမယ့် မင်းတို့လက်မထပ်ဖြစ်ဘူး။ မခင်လေးရဲ့ဘဝက မလှပဘူး"

"မခင်လေးဘဝကဘာဖြစ်လို့လဲ"

"မင်းနဲ့ပေါင်းရဖို့မရှိဘူး၊ မကြာခင် ဒုက္ခတွေပင်လယ်ဝေတော့မှာ၊ သူ့ဘဝက အဆိုးဆုံးအနေအထားမှာရှိတယ်။ စိတ်ဆင်းရဲမှုတွေ ခံစားပြီး နောက်ဆုံးကွယ်လွန်တော့မှာ။ မခင်လေး အသက်မရှည်ဘူး၊ ငါသေသေချာချာစစ်ပြီးပြီ၊ အဲဒီကိစ္စလုံးဝမမှားဘူး"

"မဖြစ်နိုင်ပါဘူးကွာ"

"မဖြစ်ရင်တော့ကောင်းတာပေါ့။ မင်းမယုံဘူးဆိုတာသိပေမယ့် သူငယ်ချင်းဆိုတော့ အမှန်အတိုင်းပြောရမှာပဲ။ အေး-တစ်ခုတော့ရှိမယ်။ မခင်လေးကိုတော့ မပြောပါနဲ့ကွာ။ ငါသိပ်သနားမိတယ်"

"အေးပါကွာ၊ ဒီကိစ္စကို ငါတို့မေ့လိုက်ကြတာပေါ့"

မောင်မောင်လတ် စကားစပြတ်အောင်ပြောလိုက်ရသော်လည်း ထိုကိစ္စကိုမေ့၍မရနိုင်ပါ။ မခင်လေးဒုက္ခရောက်မည်ကို မဖြစ်ပါစေနှင့်ဟု ဆုတောင်းနေမိသည်။ ဂျပန်သို့ထွက်ခွာခဲ့ရသော်လည်း မခင်လေးကို စိတ်မချနိုင်အောင်ဖြစ်နေရ... ပါသည်။ မိမိဘဝအတွက် လုံးဝမစိုးရိမ်... သော်လည်း မခင်လေးအတွက် စိတ်ပူ... နေမိသည်။ ဂျပန်တွင် သူ့အတွက် အဝဝ... အဆင်ပြေသော်လည်း မခင်လေးအတွက်... တွေးလိုက်တိုင်း စိတ်လှုပ်ရှားနေရသည်။ မခင်လေးဆီ စာရေးတိုင်း ဂရုစိုက်နေ... ထိုင်ရန် သတိပေးစာရေးမိသည်။ မခင်... လေးကလည်း စာမှန်မှန်ရေးသဖြင့် ... သိမ့်နေရသည်။

မခင်လေးအတွက် စိတ်ပူစရာမှာ... ဝင်းလှိုင်ဖြစ်သည်။ မခင်လေးမှာ မိဘ... များ မရှိတော့သဖြင့် အဒေါ်နှင့်အတူ... နေရသည်။ အဒေါ်သည် ဗိုလ်ချုပ်ဈေး... တွင် ရွှေဆိုင်ဖွင့်ထားရာ ဆိုင်ချင်းကပ်... လျက်က ဝင်းလှိုင်၏အမေဆိုင် ဖြစ်... သည်။ မခင်လေးဆိုင်သို့လာရင်း ဝင်း... လှိုင်နှင့်ဆုံဖူးရာမှ ဝင်းလှိုင်က မခင်လေး... ကို ချစ်ရေးဆိုဖူးသည်၊ မခင်လေးက... လက်မခံသဖြင့် လူကြီးချင်းညှိနှိုင်းကြ... အဒေါ်က သဘောတူသဖြင့် မခင်လေး... ကို နားချခဲ့ကြောင်း သိရသည်။ ထိုကိစ္စ... မှတစ်ပါး စိုးရိမ်ဖွယ်မရှိဟု ယူဆရသည်... ပြန်ခါနီး နှစ်လလောက်အထိ မခင်လေး... ဆီက စာမှန်မှန်လာသည်။ နောက်ပိုင်း... မခင်လေးထံမှ အဆက်အသွယ်ပြတ်... သဖြင့် အထူးစိတ်ပူခဲ့ရသည်။ နောက်ဆုံး... ရေးသော မခင်လေး၏စာတွင် ဝင်းလှိုင်... အိမ်သို့ မကြာခဏလာတတ်ကြောင်း... သို့သော် စိတ်မပူရန်နှင့် သူ့ကိုယ်သူ... ထိန်းသိမ်းနိုင်ပါကြောင်း ရေးခဲ့... ပြန်ခါနီးတွင် စာရေးသင့်ပါလျက် မရေး... ခြင်းအတွက် စဉ်းစားမရအောင်ရှိ... သည်။ မကြာမီ မြန်မာပြည်ပြန်ရတော့... မည်ဖြစ်၍ ခင်မောင်ကျော်က အချိန်... အမြန်ကုန်ပါစေဟု ဆုတောင်းနေခဲ့... သည်။ မခင်လေးအတွက် စိတ်ပူမိရာ... ဗေဒင်ဆရာ မောင်မောင်လတ်၏ဟော... ပြောချက်ကို ကြားယောင်ပြီး ထိတ်လန့်... နေမိသည်။ ပြန်ရန် နှစ်ပတ်အလိုတွင်... မြန်မာပြည်မှ သူငယ်ချင်း စိုးမောင်... ရောက်လာသည်။

"ငါမနေ့ကပဲဂျပန်ကိုရောက်လာ... တယ်။ မခင်လေးနဲ့ပတ်သက်ပြီး မင်းကို... ပြောချင်လို့လာခဲ့တာ"

မခင်လေး၏အကြောင်းဟု ... လိုက်ရ၍ ထိတ်ထိတ်ပျာပျာဖြစ်... ပါသည်။ နားမထောင်ရဲသော်လည်း...



www.burmeseclassic.com

www.burmeseclassic.com

ခုင်လွန်းလို့ အမြန်မေးလိုက်ရသည်။

"မခင်လေးဘာဖြစ်လို့လဲ"

"မခင်လေး လူသတ်မှုဖြစ်လို့"

"ဘာ - မခင်လေး လူသတ်မှု၊ ဘယ်သူ့ကိုသတ်တာလဲ"

"ဝင်းလှိုင်"

"မဖြစ်နိုင်ဘူး၊ လုံးဝမယုံဘူး"

"မင်းသာမက ငါလည်းမယုံပါဘူး၊ ဘယ်သူမှလဲ မယုံကြဘူး။ ဒါပေမယ့် မခင်လေးတို့အိမ်ကို ဝင်းလှိုင် လာရင်း ဝင်းလှိုင်ဓားထိုးခံရပြီးသေတာ။ အိမ်မှာလည်း မခင်လေးနဲ့ ဝင်းလှိုင်နှစ်ယောက်တည်းရှိနေတာ။ မခင်လေးက သူ မသတ်ဘူးလို့ ငြင်းပေမယ့် ငြင်းမရလို့ အဖမ်းခံရတယ်။ အခုအင်းစိန်အချုပ်ထောင်မှာရောက်နေတယ်။ ငါလာခါနီး သွားတွေ့နှုတ်ဆက်ခဲ့သေးတယ်။ မင်းကိုမပြောဖို့ အထပ်ထပ်မှာတယ်။ သူမှာ ကံကြွေးရှိလို့ခံရတာ ဖြစ်သမျှအကြောင်း သူခံသွားပါတော့မယ်လို့ ပြောလိုက်တယ်"

မောင်မောင်လတ်၏ ဟောပြောချက်ကို ချက်ချင်း သတိရလိုက်သည်။ မခင်လေးဒုက္ခရောက်မည်။ လက်ထပ်ရေးကိစ္စပျက်မည်။ မခင်လေးသေရမည်ဟု ဟောထားသည်။ ယခု မခင်လေး ဒုက္ခရောက်ရပြီ၊ ဘုရား၊ ဘုရား မခင်လေးဒုက္ခမရောက်ပါစေနှင့်။ ကယ်တော်မူပါ။ စိုးမောင်ကိုပင် ပြန်မပြောနိုင်လောက်အောင် ရင်ထဲတွင် ဆူဝေလျက်ရှိပါသည်။ ခင်မောင်ကျော် ငေးငိုင်နေသဖြင့် စိုးမောင်က မေးလိုက်သည်။

"ခင်မောင်ကျော်၊ မင်းဘယ်ရက်မြန်မာပြည်ကိုပြန်မှာလဲ"

"ဒီဇင်ဘာလကုန်ပြန်ရမယ်။ ဒါ ဆက်စောပြီးပြန်နိုင်အောင် ကြိုးစားရတော့မှာပေါ့ကွာ"

"ရက်သိပ်မလိုတော့ပါဘူး။ မင်းပြန်ရင် ငါနဲ့တစ်ချိန်တည်းလောက်ဖြစ်မှာပါ"

"အေးလေ၊ အတူပြန်ကြတာပေါ့"

ခင်မောင်ကျော် အလုပ်လုပ်ရန် စိတ်မပါတော့ပါ။ မြန်မာပြည်ကို အမြန်ဆုံးပြန်ရန်သာ စဉ်းစားနေခဲ့သည်။ သူ၏ကြိုးစားမှုကြောင့် ပြန်ရမည့်ရက်ထက် ဆယ်ရက်ခန့်စော၍ ပြန်ခွင့်ရပါသည်။ စိုးမောင်မှာလည်း အလုပ်ကိစ္စများပြီးစီးပြီဖြစ်၍ အမိမြေသို့ အတူပြန်ခဲ့ကြပါသည်။

"ခင်မောင်ကျော်၊ မခင်လေးရဲ့ အမှုတွဲကိုကိုင်တွယ်တဲ့ရဲမှူးက ငါနဲ့ခင်တယ်။ သူနဲ့တွေ့ချင်ရင် ငါလိုက်ပို့ပါ့မယ်"

စိုးမောင်က မြန်မာ့မြေကို ရောက်သည်နှင့်ပြောပါသည်။

"အဲဒါဆို မနက်ဖြန်သွားတွေ့ရအောင်ကွာ။ သူ့ဆီကအကျိုးအကြောင်း စုံစုံလင်လင်သိပြီးမှ မခင်လေးကို တွေ့တာ ပိုကောင်းမယ်ထင်တယ်"

"ဟုတ်တယ်၊ မခင်လေးကိုအားပေးသွားရင် ကြောင်းကျိုးအစုံအလင် သိပြီးမှသွားတာ ပိုကောင်းတာပေါ့"

"မနက်ဖြန်မနက် (၁၀) နာရီ ငါလာခေါ်မယ်"

ဂျပန်သို့မသွားမီက ကြိုတင်စီမံချက်များ ပျက်ရတော့မလိုဖြစ်ရသည်။ ဂျပန်မှ ဝမ်းပန်းတသာပြန်လာမည်။ အမိမြေရောက်သည်နှင့် မခင်လေးနှင့် ပျော်ရွှင်ရမည်ဟု မှန်းဆခဲ့သော်လည်း ယခုထင်သလိုမဖြစ်ခဲ့ပါ။ တတ်စွမ်းသမျှကြိုးစားရဦးမည်။ အဆိုးထဲမှ အကောင်းဆုံးဖြစ်အောင် ကြိုးစားကြည့်ချင်သေးသည်။ နောက်နေ့ ရဲမှူးနှင့်တွေ့ပါက ဝမ်းသာစရာသတင်းကောင်းကြားရပါစေဟု ဆုတောင်းနေမိပါသည်။

နောက်နေ့တွင် စိုးမောင်နှင့်အတူ ရဲမှူးကို သွားတွေ့ပါသည်။ စိုးမောင်က ရဲမှူးနှင့် ခင်မောင်ကျော်ကို မိတ်ဆက်ပေးပါသည်။

"ဒါ မခင်လေးနဲ့လက်ထပ်ဖို့ ဂျပန်ကပြန်လာတဲ့ ခင်မောင်ကျော်ပါ။ မခင်လေးကို ကယ်တင်နိုင်မယ့်နည်းလမ်းများရှိရင် သိရအောင်လာတွေ့တာပါ"

"တိုက်ဆိုင်လိုက်တာဗျာ၊ ကျုပ်က မခင်လေး လူသတ်တယ်ဆိုတာ လက်မခံပါဘူး။ ဒါပေမယ့် အထောက်အထားအရ တရားခံအစစ်ကိုမဖော်နိုင်သေးလို့သာ ဥပဒေအရ မခင်လေးကို ခေါ်ထားရတာပါ။ ဒါကြောင့် ဒီအမှုကို ကျုပ်ကိုယ်တိုင် ထောက်လှမ်းခဲ့တာ။ ဒီမနက်ပဲ သတင်းကောင်းကြားရတယ်"

"ဘယ်လိုသတင်းမျိုးလဲခင်ဗျာ၊ သိခွင့်ရှိရင်သိပါရစေ"

ခင်မောင်ကျော်က ရဲမှူးပြောသည်အထိ မစောင့်နိုင်၍ ဖြတ်၍မေးလိုက်သည်။

"တကယ်ကိုဝမ်းသာစရာသတင်းကောင်းပါပဲဗျာ"

"ဒါဆို မခင်လေးလွတ်နိုင်သေးတာပေါ့နော်"

"တရားခံအစစ်ကိုရရင် လွတ်ပြီပေါ့ဗျာ။ ဒီည တရားခံကို ဖမ်းဖို့စီစဉ်ထားတယ်။ မနက်ဖြန်ဆို ဝမ်းသာစရာသတင်းရပြီပေါ့ဗျာ"

"ဝမ်းသာလိုက်တာ ဆရာရယ်၊ ဒါဆို ဒီနေ့ မခင်လေးကို သွားမတွေ့သေးဘူး။ နောက်နေ့မှ ဝမ်းသာစရာသတင်းကောင်းကိုပြောရင်း သွားတွေ့တော့မယ်"

"ဟုတ်တယ်၊ ဒီသတင်းကိုလည်း တရားခံမမိခင် မပေါက်ကြားစေချင်ဘူး။ ခင်ဗျားကံကောင်းမှာပါ၊ မနက်ဖြန် ကျုပ်ဆီသတင်းကောင်းကိုယူပြီးမှ မခင်လေးကို သွားတွေ့ပါ။ အားလုံးဝမ်းသာကြရမှာပါ"

ဝမ်းသာစရာသတင်းကိုကြားရ၍ အားတက်မိပါသည်။ မခင်လေးအတွက် မျှော်လင့်ချက်ရှိလာပြီဖြစ်၍ ဝမ်းသာရသည်။ မခင်လေးလွတ်မြောက်ပါက အမြန်ဆုံးလက်ထပ်လိုက်မည်။ လက်ထပ်ပြီးပါက ဗေဒင်ဆရာ မောင်မောင်လတ်ဆီ ချစ်သူနှင့်အတူသွား၍ ပြလိုက်မည်။ မခင်လေး မည်မျှဝမ်းသာမည်နည်း။ အချစ်ဆုံးလူက အကောင်းဆုံးသတင်းကို ယူဆောင်လာသဖြင့် ပျော်လိုက်မည်ဖြစ်ခြင်း၊ မခင်လေး၏ အပျော်မျက်နှာကို မြင်ချင်လှပါပြီ။ ထိုညက ခင်မောင်ကျော် အိပ်၍မပျော်အောင် စိတ်လှုပ်ရှားနေပါသည်။

နောက်နေ့မနက် ရဲမှူးထံသွားခဲ့ပါသည်။ ရဲမှူးခရီးထွက်သွားသဖြင့် လက်ထောက်ရဲအရာရှိနှင့်သာ တွေ့ရသည်။

"ရဲမှူးအရေးကြီးတဲ့ကိစ္စနဲ့ ခရီးထွက်သွားပါတယ်။ ဒါပေမယ့် ဦးခင်မောင်ကျော်လာရင် ပြောဖို့မှာသွားပါတယ်။ ဝင်းလှိုင်ကိုသတ်တဲ့ တရားခံလှဘူးကို ညက ဖမ်းပြီးပါပြီ။ ဝင်းလှိုင်အပေါ် ရန်ငြိုးရှိလို့ သတ်ဖို့နောက်ယောင်ခံလိုက်နေခဲ့တာ မခင်လေးတို့အိမ်မှာ ဝင်းလှိုင်ကိုတွေ့လိုက်ရပြီး ဝင်းလှိုင်တစ်ယောက်တည်းတွေ့လို့ အခြေအနေပေးတာနဲ့ အသင့်ပါလာတဲ့ ဓားနဲ့ထိုးပြီး သူသတ်ခဲ့ကြောင်း ဖြောင့်ချက်ပေးပြီးပါပြီ"

"ကျေးဇူးတင်လိုက်တာဗျာ၊ ရဲမှူးကြီးကိုလည်းကျေးဇူးတင်ကြောင်းပြောပြလိုက်ပါ။ ကျွန်တော်လည်း မခင်လေးကို အင်းစိန်ထောင်မှာ သွားတွေ့ရဦးမယ်"

ရဲဌာနမှ ထွက်ခဲ့ပြီး မခင်လေးဆီ အမြန်ထွက်ခဲ့ပါသည်။ မခင်လေး ဝမ်းသာရတော့မည်။ မိမိတို့ ရည်ရွယ်ချက်



www.burmeseclassic.com

www.burmeseclassic.com

ရိရိဆွေ

# အမျိုးသမီးများနှင့် သွေးဆုံးရောဂါကာကွယ်ရေး



အမျိုးသမီးများသည် ဓမ္မတာအရ ရာသီပန်းလစဉ်ပွင့်လန်းပါသည်။ အမျိုးသမီး၏ဘဝတွင် ရာသီပန်းပွင့်လန်းရာမှ သွေးပေါ်ခြင်းရပ်ဆိုင်းသည့်အချိန်သည် သွေးဆုံးချိန် ဖြစ်ပါသည်။ သွေးဆုံးခြင်းမှာ အများအားဖြင့် အသက် (၄၀) နှင့် (၅၅) နှစ်အကြားတွင် အဖြစ်များပါသည်။ တချို့ အသက် (၃၅) နှစ်မှ (၄၀) အတွင်းသွေးဆုံးသူများလည်းရှိပါသည်။ ပျမ်းမျှအားဖြင့် အမျိုးသမီးများ၏ သွေးဆုံးချိန်ကို အသက် (၅၁) နှစ်ဟူ၍ သတ်မှတ်ကြပါသည်။

အမှန်မှာမူကား သွေးဆုံးချိန်စောခြင်း၊ နောက်ကျခြင်းသည် အဓိကကျသည် မဟုတ်ပါ။ သွေးဆုံးခါနီးနှင့် သွေးဆုံးချိန်တွင် သွေးကယောက်ကယက်ဖြစ်ခြင်းနှင့်အတူ ဝေဒနာများပါလာတတ်ပါသည်။ ထိုအချိန်တွင် ဝေဒနာကြီးကြီးမားမားမဖြစ်ဖို့ အရေးကြီးပါသည်။ သွေးဆုံးချိန်တွင် အမျိုးသမီးတိုင်းလိုလို သွေးဆုံးခြင်းဝေဒနာကို အနည်းနှင့်အများ ခံစားကြရပါသည်။ သဘာဝအပြောင်းအလဲရှိလာသဖြင့် ပြောင်းလဲမှုဒဏ်ကို ခံစားရခြင်း ဖြစ်လေသည်။ ပြောင်းလဲမှုပြင်းထန်လျှင် ပြင်းထန်သလောက် အချို့အမျိုးသမီးများခံစားရပြီး အချို့မှာကား ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်းလောက်သာ ခံစားကြရပါသည်။ အချို့မှာ ပြင်းထန်သောဝေဒ[...] ကို ခံစားရသဖြင့် ဆရာဝန်နှင့်ပြသ[...] ကုသမှုခံယူကြရပါသည်။ ထိုသို့ ဝေဒ[...] ပြင်းထန်စွာ ခံစားရသူများကို 'သွေး[...] ကိုင်ခံရသူများ' ဟု ခေါ်ပါသည်။

**သွေးဆုံးချိန်ဘာကြောင့်ဖြစ်ပေါ်လာသ[...]**

သားအိမ်၏ ဘေးတစ်ဖက်[...] ချက်၌ မမျိုးအိမ်ရှိပြီး လက်တံနှင့်[...] သောပြွန်ဖြင့် ဆက်ထားပါသည်။ [...] အိမ်မှ မမျိုးဥကို ထုတ်ပေးပါသ[...] မမျိုးဥသည် အမျိုးသမီးဟော်မုန်း[...] သည့် အီစထရိုဂျင်ကိုထုတ်ပေးပါသ[...] ထိုဟော်မုန်းသည် အမျိုးသမီးမျ[...]

---

အောင်မြင်ရတော့မည်။ အင်းစိန်ထောင်သို့ ရောက်သည့်အခါ မခင်လေးကို အလွယ်တကူ မတွေ့ရသေးပါ။ အစစ်အဆေးအမေးအမြန်းအဆင့်ဆင့်ခံပြီး နောက်ဆုံး ထောင်မှူးနှင့် တွေ့ခွင့်ရသည်။ ထောင်မှူးက သူ၏ရုံးခန်းသို့ ခေါ်သဖြင့် လိုက်ခဲ့ရပြန်သည်။

"ကိုခင်မောင်ကျော်လား"

"ဟုတ်ပါတယ်၊ ခင်မောင်ကျော်ပါ"

"ဂျပန်ကပြန်လာတာနော် "

"ဟုတ်ကဲ့ - နှစ်ရက်ပဲရှိပါသေးတယ်"

"မခင်လေးရဲ့ချစ်သူနော်"

"ဟုတ်ပါတယ်ခင်ဗျာ၊ မခင်လေးထောင်ကလွတ်တာနဲ့ အမြန်ဆုံးလက်ထပ်ဖို့စီစဉ်ထားပါတယ်။ တရားခံအစစ်ကို ဖမ်းမိပြီဆိုတာကိုတော့ ထောင်မှူးကြီးသိပြီထင်ပါတယ်"

"သိပြီးပါပြီ"

"မခင်လေးနဲ့တွေ့ဖို့လာခဲ့တာပါ။ မခင်လေးနဲ့တွေ့ပါရစေ"

"ဝမ်းနည်းပါတယ် ကိုခင်မောင်ကျော်"

"တွေ့ခွင့်မပေးနိုင်တာလား"

"မခင်လေး မရှိတော့ဘူး။ မခင်လေးဆုံးပြီ"

"ဘယ်လို"

"ဒီမနက်ပဲ သူ့ကိုယ်သူ အဆုံးစီရင်သွားတယ်။ သူ့အတွက် လွတ်လမ်းမရှိတော့ဘူးလို့တွေးပြီး သူ့ဘဝကို အဆုံးသတ်သွားတာပါ။ ကိုခင်မောင်ကျော်ကို ပေးပေးပါဆိုတဲ့ စာတစ်စောင်ထားခဲ့လို့ စာပေးဖို့တွေ့ရတာပါ။ ဒီမှာ သူနောက်ဆုံးရေးခဲ့တဲ့စာ"

ခင်မောင်ကျော်သည် စာကိုတုန်တုန်ယင်ယင်ယူလိုက်သည်။ စာအိတ်ကို အမြန်ဖောက်ပြီး စာကိုဖတ်လိုက်သည်။ လွမ်းစာလေးတစ်ပုဒ်ကို ဖတ်လိုက်ရပါသည်။

*ကိုကို*

*နှုတ်ဆက်ခဲ့ပါတယ် ကိုကို။ ကိုကိုဂျပန်ကပြန်ရောက်တော့ ခင်လေးကို မတွေ့ရတော့ဘူးနော်။ ခင်လေးရဲ့ဘဝက ဇာတ်သိမ်းမလှပါဘူး ကိုကိုရယ်။ ကိုကိုရောက်လာပြီး ခင်လေးကိုလာတွေ့ရင် ကိုကိုစိတ်မချမ်းမသာဖြစ်ရမှာစိုးလို့ ခင်လေးစောစောထွက်သွားရတာပါ။ ခင်လေးက အဘက်ဘက်က စုံစမ်း[...] ပြီးပြီ၊ ဒီလူသတ်မှုနဲ့ ခင်လေးထောင်[...] မှာသေချာတယ်။ ဘယ်သူတွေက [...] ပြောပြော တရားရုံးက ဘယ်လို[...] စီရင် ခင်လေး လူမသတ်ခဲ့ပါဘူး [...] ရယ်။ ခင်လေး လူမသတ်ဘူးဆို[...] ကိုကိုယုံရင် ခင်လေး ကျေနပ်ပါပြီ၊ [...] လေးဇာဒင်ဆရာတွေစုံအောင်မေး[...] တယ်။ ခင်လေး ဒုက္ခရောက်မယ့်ရ[...] ထောင်ကျမယ့်ရက်၊ သေမယ့်ရက်[...] အများအားဖြင့် တူညီနေကြတ[...] ဒါပေမယ့် ကိုကို့သူငယ်ချင်း ဗေဒင်ဆ[...] တစ်ယောက်ပဲ ခင်လေး အား[...] အောင်လျှော့ပြီးပြောတယ်ထင်ပါတ[...] ခင်လေး ထောင်ကျမှာ သေချာ[...] ကုသိုလ်ကံကောင်းလို့ ထောင်က[...] ရင်လည်း ကိုကို့ကို မတွေ့ချင်တော့[...] ဘူး။ ကိုကို့ဘဝ မနိမ့်ကျစေချင်[...] အတွက် အခုလို ရှူရှူမိုက်မိုက်လုပ်[...] မိတာပါ။ ရေစက်မကုန်သေးရင် နော[...] ဘဝရောက်မှ အပြစ်ကင်းကင်း စ[...] ကြယ်ကြယ်တွေ့ရအောင်နော်။*

*တစ်ခါက ကိုကို့ရဲ့ ခင်[...]*

*[...]ကောင်းသေ[...]*



www.burmeseclassic.com

www.burmeseclassic.com

အင်္ဂါအစိတ်အပိုင်းများကြီးထွားမှုကိုထိန်းချုပ်ပေးပါသည်။ အမျိုးသမီးများဓမ္မတာသွေးဆင်းခြင်းစက်ဝိုင်းချိန်အတွင်းတွင် မျိုးဥများသည် လက်တံပြွန်မှတစ်ဆင့် သားအိမ်ထဲသို့ ရောက်ရှိလာပါသည်။ ထိုအခါ အဖိုမျိုးစေ့နှင့်တွေ့ပြီး မျိုးပွားခြင်းလုပ်ငန်းကို ဆောင်ရွက်ပါသည်။ အဖိုမျိုးစေ့နှင့်မတွေ့သောအခါ ကြွေကျသွားပါသည်။

အမျိုးသမီးများသည် အသက်ကြီးရင့်လာသောအခါ မမျိုးအိမ်မှ မမျိုးဥကို ဆက်လက်ထုတ်ပေးနိုင်စွမ်းမရှိသည့် အချိန် Menapause ဟု ခေါ်သော သွေးဆုံးခြင်း ဖြစ်လာပါသည်။ အီစထရိုဂျင်ဟော်မုန်းသည် အရိုးပါးခြင်း၊ အရိုးပွခြင်းတို့ကို ကာကွယ်ပေးပါသည်။ သွေးဆုံးသွားသည့်အတွက် အီစထရိုဂျင်ဟော်မုန်းမထုတ်နိုင်သည့်အခါ ကြာလာသည်နှင့်အမျှ အရိုးပွခြင်း၊ အရိုးကြွပ်ဆတ်ခြင်း စသည့် နောက်ဆက်တွဲရောဂါများဖြစ်ပေါ်လာနိုင်ပါသည်။

သွေးဆုံးခါနီးအချိန်တွင် ပုံမှန်ဓမ္မတာသွေးတစ်လတစ်ခါလာနေရာမှ တစ်လ၊နှစ်လရပ်ဆိုင်းသွားခြင်း၊ တစ်လအတွင်းမှာ ဓမ္မတာသွေးနှစ်ကြိမ်၊ သုံးကြိမ်ဆင်းခြင်း၊ သွေးအနည်းငယ်ရက်ရှည်ဆင်းခြင်း စသည်ဖြင့် စတင်ဖောက်ပြန်လာပါသည်။ ဤအချိန်ကို သွေးဆုံးခါနီးအချိန်ကာလ (Premenopause) ဟု ခေါ်ပါသည်။

**သွေးဆုံးချိန်၌တွေ့ကြုံရသောဝေဒနာများ**

ပထမဆုံး သိသာထင်ရှားသည့် ဝေဒနာမှာ ချွေးစေးများရုတ်တရက်ပြန်လာတတ်ပါသည်။ ဖြစ်ခါစတွင် ဆယ့်ငါးမိနစ်ခန့် ချွေးများပြန်ပြီး ချွေးများရွှဲနေတတ်ပါသည်။ တစ်ခဏအကြာတွင် ချွေးစေးများပျောက်သွားတတ်ပါသည်။

ထို့အပြင် စိတ်ကယောင်ချောက်ချားဖြစ်တတ်ပါသည်။

- ပြဿနာသေးသေးလေးကိုပင် စိတ်တိုလွယ်ခြင်း၊ စိတ်ဆိုးလွယ်ခြင်း။
- တစ်ခါတစ်ရံ ရုပ်ရှင်ကြည့်ရင်း စိတ်မထိန်းနိုင်ဘဲငိုခြင်း၊ ရှိုက်ကြီးတငင်ငိုကြွေးခြင်း။
- မိသားစုနှင့်မသင့်မတင့်ဖြစ်ခြင်း။
- ခေါင်းမူးပြီး လေးလံထိုင်းမှိုင်းလာခြင်း။
- အလိုလိုနေရင်း ပင်ပန်းနွမ်းနယ်လာခြင်း။
- ကတုန်ကယင်ဖြစ်ခြင်း။
- လက်ဖျားများအေးစက်လာခြင်း။
- ရင်တုန်ခြင်း။
- လိင်စိတ်အမျိုးမျိုးဖြစ်ခြင်း။
  အချို့အမျိုးသမီးများတွင် လိင်စိတ်ကြွတက်နေခြင်း။
  အချို့အမျိုးသမီးများတွင် လိင်စိတ်ကုန်ခန်းသကဲ့သို့ဖြစ်ကာ အမျိုးသားနှင့်အတူတူမနေချင်ခြင်း။
- အိပ်မပျော်ခြင်း၊ အိပ်နေစဉ်အိပ်မက်ဆိုးများမက်ပြီး ရုတ်တရက်နိုးလာခြင်း၊ နိုးလာသည့်အခါ နှလုံးတုန်မောပန်းနေခြင်း။

သွေးဆုံးရောဂါ ခံစားနေရသောအမျိုးသမီးများတွင် အများအားဖြင့် လိင်စိတ်ကုန်ခန်းသွားသလို အဖြစ်များပါသည်။ ထိုအချိန်အခါမျိုးတွင် မိန်းမကိုယ်မှ အရည်ထွက်နှုန်းနည်းပါးလာတတ်၍ ခြောက်သွေ့စပြုနေပါပြီ။ ဒီလိုဖြစ်နေတဲ့အချိန်မှာ သွေးဆုံးရောဂါခံစားနေရသူသည် အိမ်ထောင်ရှင်ဖြစ်ပါက လိင်ဆက်ဆံရေး အခက်အခဲဖြစ်တတ်ပါသည်။ ထိုအမျိုးသမီးသည် နဂိုကချွေးစေးထွက်ခြင်း၊ စိတ်ကယောက်ကယက်ဖြစ်နေသည့်အထဲတွင် လိင်ဆက်ဆံမှုအခက်အခဲဖြစ်လာခြင်းကြောင့် အိမ်ထောင်ရေးသုခမရသည့်အပြင် စိတ်ဆိုးစိတ်ညစ်ခြင်း စသည့် အဆင်မပြေမှုများ ဖြစ်ပါသည်။ဤဖြစ်စဉ်တွင် တချို့သောခင်ပွန်းသည်က နားလည်ပြီး ခွင့်လွှတ်သည်းခံပေးပါသည်။ တချို့သောအမျိုးသားများမှာ နားလည်မှုလွဲမှားကာ အခြားသူများနှင့် အပျော်ရှာကြပါသည်။ ထို့ကြောင့် သွေးဆုံးခါနီး အမျိုးသမီးအများစုဟာ ခင်ပွန်းသည်ကို ကောင်းစွာ မပြုစုနိုင်သည့်အတွက် ထိုအချိန်မှာ ယောကျ်ားအများစုရဲ့ ဖောက်ပြန်ခြင်းဖြစ်တတ်သည့်အချိန် ဖြစ်သည်။ အိမ်ထောင်ရှင်အမျိုးသမီးကပါ ခွင့်လွှတ်သည်းခံမှုမရှိလျှင် အိမ်ထောင်ရေးပြိုကွဲသွားသည်အထိ နောက်ဆက်တွဲဆိုးကျိုးများ ဖြစ်တတ်ပါသည်။

သွေးဆုံးခါနီး အမျိုးသမီးများသည် ပြင်းထန်သည့် ဝေဒနာကို ခံစားရပါက မီးယပ်နှင့်သားဖွားဆရာဝန်ကြီးများနှင့်ပြသပြီး လိုအပ်သောကုသမှုကို ခံယူသင့်ပါသည်။ အမျိုးသားများကလည်း မိမိဇနီးသည်၏ ကျန်းမာရေးကို ရှေးရှုပြီး အဆင်ပြေအောင်နေထိုင်ခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။

သွေးမဆုံးမီရှေ့ပိုင်း သွေးကယောက်ကယက်ဖြစ်တတ်သည့်အချိန်ကာလသည် အမျိုးသမီးတစ်ဦးနှင့်တစ်ဦး အချိန်ကာလခြင်းမတူကြပေ။ တချို့မှာ တစ်နှစ်နီးပါး အချိန်ကြာတတ်သကဲ့သို့ တချို့မှာ သုံးလမှခြောက်လခန့်သာကြာတတ်ပါသည်။ မီးယပ်သွေးပေါ်ချိန်တွင် နာကျင်ကိုက်ခဲမှု ခံစားရသူများသည် သွေးဆုံးချိန်တွင် ပိုမိုဝေဒနာခံစားရတတ်ကြောင်း တွေ့ရှိရပါသည်။ ရာသီစောစောလာသူများသည် သွေးဆုံးချိန်စောခြင်း၊ နောက်ကျခြင်းနှင့် ဆက်စပ်မှုမရှိကြောင်းကို သုတေသီများက ထုတ်ဖော်ပြောဆိုခဲ့ကြပါသည်။

တချို့ သွေးဆုံးရောဂါ ခံစားနေရသော အမျိုးသမီးများသည် သွေးဆုံးပြီးနောက်ပိုင်း မကြာခင်တွင် သိသိသာသာ ခါးကုန်းလာသည်ကို တွေ့ရှိရပါသည်။ ဤသို့ဖြစ်ခြင်းမှာ ထိုအမျိုးသမီးတွင် အရိုးပွခြင်း၊ အရိုးကြွပ်ဆတ်သည့်ဝေဒနာရှိကြောင်းသင်္ကေတပင် ဖြစ်ပါသည်။ ဤသို့ဖြစ်ခြင်းမှာ အရိုးပါးခြင်း၊ အရိုးပွခြင်းအနည်းငယ်ပြင်းထန်သည့်အတွက် ကျောရိုးများပုံပျက်လာခြင်း ဖြစ်ပါသည်။ မိမိကိုယ်ကို ခါးမကုန်းစေရန် လမ်းလျှောက်လျှင် သတိထားပြီး မတ်မတ်လျှောက်ပါ။ ကုလားထိုင်တွင်ထိုင်လျှင်လည်း မတ်မတ်ထိုင်ပါ။ လှုပ်လှုပ်ရှားရှားလေ့ကျင့်ခန်းဖြစ်သော လမ်းလျှောက်ခြင်း၊ ရေကူးခြင်းများကို ပြုလုပ်ပေးသင့်ပါသည်။ အစားစားရာတွင် ကယ်(လ်)စီယမ်ဓာတ်များများပါသောအစားအစာများကို စားသုံးသင့်သည်။ သို့မဟုတ် ကယ်(လ်)စီယမ်ဆေးပြားကို နေ့စဉ်စားပါ။ ဤသို့ဆိုလျှင် သွေးဆုံးချိန်၌ခါးကုန်းတတ်သောရောဂါကို ကြိုတင်ကာကွယ်နိုင်ပါပြီ။

နောက်တစ်ခုမှာ သွေးဆုံးပြီးမကြာမီ ချိုင်းချွေးထွက်မှု လျော့နည်းလာသကဲ့သို့ ချိုင်းချွေးနံ့များလည်း ယခင်ကလောက် အနံ့အသက်မထွက်တော့ကြောင်း တွေ့ရှိရသည်။ ထို့အပြင် သွေးဆုံးချိန်နောက်ပိုင်းတွင် ဆံပင်၊ ချိုင်းမွေးနှင့် ဆီးစပ်မွေးများ ပါးလာပါသည်။ ဤသို့ဖြစ်ခြင်းမှာ သွေးဆုံးသွားသည့်အတွက် မဟော်မုန်းများ လျော့နည်းသွားခြင်းကြောင့် ဖြစ်ပါသည်။ တချို့သော အမျိုးသမီးများသည် သွေးဆုံးပြီးနောက် မိန်းမကိုယ်ယားယံခြင်းတို့ ဖြစ်တတ်ပါသည်။ ဤသို့ဖြစ်ခြင်းမှာ လိင်ဆက်ဆံမှုကြောင့် ပိုးမွှားများ ဝင်ရောက်လာခြင်း၊ တုပ်ကောင်စွဲခြင်း ဆီးချိုသွေး



www.burmeseclassic.com

www.burmeseclassic.com



ချို့ကြောင့်ဖြစ်ခြင်း စသည့် အကြောင်းများကြောင့် ဖြစ်တတ်ပါသည်။ ဤသို့ဖြစ်လျှင် ဆရာဝန်နှင့်ပြပြီး ကုသမှုကို ခံယူသင့်ပါသည်။

သွေးဆုံးချိန်တွင် လိင်ဆက်ဆံလိုစိတ် အလွန်အမင်းလျော့နည်းသွားသည့် အိမ်ထောင်ရှင် အမျိုးသမီးများသည် အချိန်ကြာလာသည်နှင့်အမျှ ရောဂါရင့်လာသကဲ့သို့ အိမ်ထောင်ရေးပျက်စီးသွားနိုင်သည့်အတွက် မီးယပ်နှင့်သားဖွားဆရာကြီးနှင့် ပြသကာ စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းချက်ရှိ၊ မရှိ စမ်းသပ်စစ်ဆေးပြီး ဆေးကုသမှုကို ခံယူသင့်ပါသည်။

**သွေးဆုံးရောဂါ မဖြစ်ပွားအောင် ဒါတွေဆောင်**

အရွယ်ရောက်သည့် အမျိုးသမီးများသည် သွေးဆုံးချိန်၌ အရိုးပါးရောဂါ မဖြစ်ပွားစေရန် အရိုးသန်မာဖို့လိုအပ်ပါသည်။ ထို့ကြောင့် နေ့စဉ် ကယ်(လ်)စီယမ်ဓာတ် (၁၂၀၀မှ ၁၅၀၀) မီလီဂရမ် စားသုံးရန် လိုအပ်ပါသည်။ ဗီတာမင်ဒီမှာ နေ့စဉ် (400 IUs) လိုအပ်ပါသည်။ မိမိစားသုံးသည့် အစားအစာတွင် အာဟာရမဖြစ်တဲ့ အစားအစာများကို လျှော့စားသင့်ပါသည်။ အရိုးအဆစ်ဖွံ့ဖြိုးသည့် အမျိုးသမီးများသည် သွေးဆုံးချိန်တွင် ဖြစ်ပွားတတ်သည့် အရိုးပါးရောဂါကို ကောင်းမွန်စွာကာကွယ်နိုင်ပါသည်။

**သင့်တင့်သည့်အစားအစာများ**

◆ လတ်ဆတ်သော ဟင်းသီးဟင်းရွက်များနှင့် အစိမ်းရောင်ဟင်းသီးဟင်းရွက်များ။

၂။ လုံးတီးအစေ့အဆန်များ။

၃။ အဆီနည်းပါးသည့် နို့နှင့် နို့ထွက်ပစ္စည်းများ။

နေ့စဉ် နွားနို့နှစ်ခွက်ခန့် (မနက်တစ်ခွက်၊ ညတစ်ခွက်) သောက်သင့်ပါသည်။

၄။ အရိုးပါသည့် ငါးကလေးများကို တစ်ပတ်လျှင် (၃) ရက်ခန့် စားသုံးသင့်ပါသည်။

၅။ ဆာဒင်းငါး၊ ဆယ်မွန်ငါး (ငါးသေတ္တာငါးများ) တစ်ပတ်လျှင် အနည်းဆုံး (၂) ရက်ခန့် စားသင့်ပါသည်။

၆။ လတ်ဆတ်သောသစ်သီးများ။

ပန်းသီး၊ လိမ္မော်သီး၊ သစ်တော်သီး၊ သဘော်သီး။

၇။ အယ်မွန်သီး၊ သစ်ကြားသီး၊ နေကြာစေ့။

၈။ ကယ်(လ်) စီယမ်ဆေးပြား (ဆရာဝန်ညွှန်ကြားချက်အတိုင်း သောက်ပါ)

၉။ ပဲပုပ်နှင့် ပဲပုပ်ဖြင့်ပြုလုပ်ထားသော အစားအစာများ။

ပဲပုပ်မှာ အာဟာရဓာတ်ကြွယ်စွာပါဝင်သည့်အတွက် အကောင်းဆုံး အစားအစာ ဖြစ်ပါသည်။ ပဲပုပ်နှင့် ပဲပုပ်ဖြင့် ပြုလုပ်ထားသော အစားအစာများကို နေ့စဉ် (သို့) တစ်ပတ်လျှင် ငါးကြိမ်ခန့် စားသုံးသင့်ပါသည်။

**ဗီတာမင်ဒီ**

ဗီတာမင်ဒီသည် ကယ်(လ်)စီယမ်ပျော်ဝင်ရန်အတွက် မရှိမဖြစ် လိုအပ်သည့်ဓာတ် ဖြစ်ပါသည်။ ခန္ဓာကိုယ်သည် ကယ်(လ်)စီယမ်ဟုခေါ်သည့် ထုံးဓာတ်ကို စုပ်ယူနိုင်စွမ်းမရှိပေ။ ထုံးဓာ[...]
ကို စုပ်ယူရန်အတွက် နေရောင်ခြည်[...]
ဗီတာမင်ဒီဓာတ် လိုအပ်ပါသည်။ ဗီ[...]
မင်ဒီနှင့် နေရောင်ခြည် တွဲဖက်မှ [...]
ဓာတ်ကို ခန္ဓာကိုယ်မှ စုပ်ယူနိုင်ပေ[...]

အရိုးသန်မာရန်အတွက် ဗီတာမ[...]
ဒီဓာတ် ကြွယ်ဝစွာပါဝင်သည့် ငါးကြီး[...]
ထောပတ်၊ နွားနို့နှင့် ကြက်ဥအနှ[...]
စားသုံးရမှာ ဖြစ်ပါသည်။ နေရောင်[...]
ရရှိစေရန် နံနက်စောစောနေပူဆာ[...]
ပါ။ သွပ်ဓာတ်သည် ထုံးဓာတ်စုပ်[...]
အားကောင်းစေသည့်ဓာတ် ဖြစ်[...]
ကြောင့် သွပ်ဓာတ်ပါဝင်သည့် ရွှေ[...]
သီး၊ ရွှေဖရုံစေ့များ၊ ကိုကိုးတို့ကို စား[...]
ရမှာ ဖြစ်ပါသည်။ ဤအစားအစာ[...]
နှင့် မလုံလောက်ပါက ဗီတာမင်ဒီ[...]
ပြားကို ဖြည့်စွက်စာအဖြစ် စားသုံး[...]

ထို့အပြင် ကျန်းမာရေးလေ့ကျ[...]
ခန်းယူခြင်း၊ လမ်းလျှောက်ခြင်း၊ [...]
ကားထစ်တက်ခြင်း၊ ခုန်ဆွခုန်ဆွပြု[...]
ခြင်း၊ ကြိုးခုန်ခြင်းတို့ကို ပြုလုပ်သ[...]
သည်။ ထို့အပြင် လှေလှော်ခြင်း [...]
ဘီးစီးခြင်းတို့ကိုလည်း ပြုလုပ်[...]
သည်။ အချို့သော အသက်အရွယ်[...]
ရင့်သော အမျိုးသမီးများမှာ ပန်းပ[...]
ခြင်း၊ ပန်းအိုးကို တစ်နေရာမှ တစ်[...]
သို့ ရွှေ့ပေးခြင်း၊ တံမြက်လှည်း[...]
အိမ်မှုကိစ္စများကို ကူညီဆောင်ရွက်[...]
ခြင်းတို့လည်း ပြုလုပ်နိုင်ပါသည်။ [...]
ကစားနည်းများထဲတွင် ယောဂကျ[...]
ကိုက်ချိကစားနည်းများသည် [...]
ရောက်ဆုံးဖြစ်ပါသည်။

သွေးဆုံးချိန်မှာ ဝေဒနာပြင်[...]
စွာ မခံစားရလေအောင် ငယ်ရွယ်[...]
ပင် သင့်တင့်သည့် အစားအစာ[...]
ခြင်း၊ ကျန်းမာရေးလေ့ကျင့်ခန်းတ[...]
ကို ပုံမှန်ယူခြင်း စသည်တို့ကို ပြု[...]
ပေမည်။ စီးကရက်မသောက်ခြင်း၊ အ[...]
သောက်ခြင်း၊ အချိုဓာတ်ကို အ[...]
အကျွံစားသုံးခြင်းနှင့် အငန်ပါ[...]
အစားအစာများကို အလွန်အကျွံ[...]
ခြင်းမှ ရှောင်ရှားရပေမည်။ အထ[...]
အတိုင်း ဆောင်ရန်၊ ရှောင်ရန်အ[...]
များကို လိုက်နာခြင်းဖြင့် သွေးဆုံး[...]
ဖြစ်တတ်သည့် ဝေဒနာဆိုး[...]
ကာကွယ်နိုင်မည် ဖြစ်ပါသည်။

Ref;

*Menopause.*

*from Internet. Medic[...]*



www.burmeseclassic.com

www.burmeseclassic.com

ညွန့်ဝေယျာ

# သံသရာရှည်သရွေ့

◆ **ဘဝသံသရာ**

ရဟန်းတို့၊ သံသရာအတွင်း၌ ကျင်လည်ရသော တစ်ဦးသော ပုဂ္ဂိုလ်၏အရိုးစုပုံသည် အကယ်၍မပျက်စီးဘဲနေငြားအံ့။ ဝေပုလ္လတောင်ကြီးနှင့် အကြီးပမာဏတူမှုသည်ဖြစ်ရာ၏။

(နိဒါနသံယုတ်)

ထိုရဟန်းသည် ရှေး၌ဖြစ်ဖူးသော များပြားသောဘဝကို အောက်မေ့၏။တစ်ဘဝကိုလည်းကောင်း၊ နှစ်ဘဝကို လည်းကောင်း၊ ဘဝပေါင်းများစွာတို့ကိုလည်းကောင်း ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြင့် အောက်မေ့၏။

(ဒီဃနိကာယ်၊ သာမညဖလနှင့် အခြားသုတ်များ)

ယိုကဲ့သို့သော များစွာသော ပိဋကတ်ဒေသနာများအရ ဗုဒ္ဓဝါဒသည် ဘဝသံသရာကို လက်ခံကြောင်း ထင်ရှား၏။

◆ **ဘဝသံသရာစူးစမ်းလေ့လာမှု**

လူသေသောအခါ ဘဝပျက်မသွားဘဲ ဘဝသစ်တစ်ဖန်ဖြစ်သည်ဆိုခြင်းမှာ ဘာသာရေးအယူဖြစ်သည်ဟု လူအများ သိမှတ်ထားကြသော်လည်း ရှေးပဝေသဏီမှစ၍ ယနေ့အထိ ဘာသာတရား၌ စိတ်မဝင်စားသော ပုဂ္ဂိုလ်များအပါအဝင် အသိပညာရှင်တစ်စု၏ ယုံကြည်ချက်ဖြစ်လာ၏။

ယနေ့ အမေရိကန်ပြည်ထောင်စု၌ တမလွန်ဘဝကို ယုံကြည်သူများမှာ နိုင်ငံဦးရေ၏ လေးပုံတစ်ပုံခန့်ဖြစ်သည်ဟု ဆို၏။ ယနေ့ အချို့သောအနောက်တိုင်းအသိပညာရှင်တို့သည် ဆန္ဒစွဲ၊ ဝါဒစွဲ၊ ဆရာစွဲ၊ ကျမ်းဂန်စွဲများကို လုံးဝပယ်၍ တမလွန်ဘဝပြဿနာကို သိပ္ပံနည်းကျကျ စူးစမ်းလေ့လာခဲ့ကြသဖြင့် စိတ်ဝင်စားဖွယ်ရာအချက်များကို တွေ့ရှိကြ၏။

တမလွန်ဘဝ၊ တမလွန်လောက အကြောင်းကို အများယုံကြည်ခြင်း၏ ပထမအကြောင်းရင်းမှာ ကမ္ဘာအရပ်ရပ်၌ တစ်ခါတစ်ရံ သေသူ၏ တစ္ဆေကို သက်ရှိလူများ တွေ့မြင်ရမှု ဖြစ်၏။

သုတေသီဆရာတို့၏ တစ္ဆေအကြောင်းတွေ့ရှိရချက်များမှာ အများအားဖြင့် လူတို့၏ ရှေးအစဉ်အလာယုံကြည်ချက်များ၊ တစ္ဆေပုံပြင်များနှင့် မတူချေ။ သို့ရာတွင် တစ္ဆေကို အချို့လူတို့တွေ့မြင်မှုသည် အိပ်မက်မက်မှု၊ စိတ်ကူးထင်မြင်မှုမဟုတ်ဘဲ ကွယ်လွန်သော ပုဂ္ဂိုလ်တစ်ဦး၏ သဏ္ဌာန်ပုံရိပ်ကို သေချာထင်အပ်မြင်ရခြင်း ဖြစ်ကြောင်း အခိုင်အမာသိရ၏။

တမလွန်ဘဝနှင့် ပတ်သက်သော အခြားလူတို့ အတွေ့အကြုံမှာ သေခါနီးအတွေ့အကြုံဖြစ်၏။ အမေရိကန်နှင့် အိန္ဒိယနိုင်ငံများရှိ အချို့သော ဆေးရုံ




မောင်ဟိန်းမင်းကျော် စကားပြောတတ်ခါစ သွားရောက်လိုသည်ဟုဆိုသော ကာဘိုးရေလွှဲဆည် (မောင်ဟိန်းမင်းကျော်၏အဘိုး၊ (လည်တွင် မာဖလာပတ်ထား) နှင့် အဘွား။ စာရေးသူနှင့်အတူအမှတ်တရ)



ဘဝသစ် လူဝင်စား မောင်ဟိန်းမင်းကျော် မိသားစု ဖခင် ကိုထွန်း။ မိခင် မဝေဝေအောင်၊ ညီမ ဖူးပြည့်သစ်



www.burmeseclassic.com

www.burmeseclassic.com



မောင်ဟိန်းမင်းကျော်နှင့် မိခင် မဝေဝေအောင်



ဘဝဟောင်းမှ ဦးနိုင်ဝင်းအောင် (၃၇) နှစ် စက်ခေါင်းမှူး (၂) မြန်မာ့စီးရထား



မောင်ဟိန်းမင်းကျော်
ယခင်ဘဝဟောင်းမှ ဦးနိုင်ဝင်းအောင်၏ပုံနှင့် နှိုင်းယှဉ်ကြည့်လျှင် အနည်းငယ်ဆင်ပါသည်

ဆရာဝန်နှင့် သူနာပြုတို့၏ အဆိုအား ဖြင့် အချို့လူနာများသည် အသက် မထွက်မီနာရီပိုင်း၌ မိမိရောက်ရှိမည့် တမလွန်လောက၏ နိမိတ်အာရုံထင် လာပုံနှင့် ကွယ်လွန်သူ ဆွေမျိုးသားချင်း တစ်ဦးဦးက အနီး၌ပေါ်လာ၍ သူနှင့် အတူလိုက်ပါရန် ခေါ်ဆောင်ပုံကို ပြော ပြကြောင်း၊ ထိုအခါ လူနာမှာ ကြောက် စိတ်မရှိတော့ဘဲ စိတ်နှလုံးငြိမ်းချမ်းသာ သောအသွင်လက္ခဏာဆောင်နေကြောင်း သုတေသီဆရာတို့ သိရှိကြရ၏။

(စာပေဗိမာန်
ဦးအေးမောင်၏ဘဝသံသရာ)

လူအများကြားဖူး၍ တမလွန်ဘဝ ပြဿနာနှင့် အထူးဆက်စပ်နေသော အကြောင်းအရာမှာ လူဝင်စား (Reincarnation) လူဝင်စား ကလေးသူငယ် များအကြောင်း ဖြစ်၏။

အမေရိကန်နိုင်ငံမှ စိတ်ဝိညာဉ် သုတေသီပညာရှင် ဒေါက်တာစတီဗင် ဆင်သည် တောင်အာရှနိုင်ငံများနှင့် လီဘနွန်၊ ကနေဒါ စသောနိုင်ငံများ၌ လူဝင်စားကလေးသူငယ်များအကြောင်း ကို နှစ်ပေါင်းအတန်ကြာ ကျယ်ကျယ် ပြန့်ပြန့် စုံစုံစေ့စေ့ စူးစမ်းလေ့လာခဲ့၏။ သူ၏ သုတေသနပြုချက်အရဆိုသော် လူဝင်စားကလေးသည် အသက်သုံး၊ လေးနှစ်အရွယ်မှစ၍ အတိတ်ဘဝကို ကောင်းစွာမှတ်မိပြီး ထိုဘဝဟောင်းမှ အဖြစ်အပျက်များကို အတော်အတန် မှန်ကန်စွာ ပြောပြနိုင်၏။ ဘဝဟောင်း မှ မိမိ၏ပစ္စည်းဥစ္စာနှင့် ဆွေမျိုးသားချင်း များကို ထောက်ပြနိုင်၍ ထိုဘဝမှ စိတ် ခံစားရမှုများနှင့် စရိုက်ဝါသနာများကို အထင်အရှားပြလေ့ရှိ၏။ သို့ရာတွင် အတိတ်ဘဝဆိုင်ရာအမှတ်သညာများ သည် အသက် (၁၃)၊ (၁၄) နှစ်အရွယ်၌ ကွယ်ပျောက်သွားတတ်သည် ဆို၏။

ယခုတင်ပြမည့် အကြောင်းအရာ သည် တမလွန်ဘဝရှိသည်ဟူသောအဆို ကို ထောက်ခံတင်ပြရန် ရည်ရွယ်ပါ သည်။ ထို့အပြင် စိတ်စေတနာဖြူစင်၍ မိဘအား လုပ်ကျွေးပြုစုခဲ့သဖြင့် သေ လွန်သည်၏အခြားမဲ့၌ လူ့ဘဝ၏ ရင် စားပြန်ရသည်ကို သတိပြုစေလိုသော စေတနာအခြေခံ၍ တင်ပြလိုက်ရပေ သည်။

ခရစ်နှစ် ၂၀၁၄ ခု၊ ဇန်နဝါရီလ ၄ ရက်၊ လွတ်လပ်ရေးနေ့တွင် စာရေး သူသည် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို ခရိုင် ကန့်ဘလူမြို့သို့ ရောက်ရှိနေပါ သည်။

ကန့်ဘလူမြို့တွင်နေထိုင်ကြသော ကိုထွန်း၊ မဝေဝေအောင်၊ သားဟိန်းမင်း ကျော်၊ သမီးဖူးပြည့်သဇင်တို့နှင့်ဆုံမိရာမှ လူဝင်စား ဟိန်းမင်းကျော်အား ကိုယ် တိုင် တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါသည်။

ဟိန်းမင်းကျော်သည် ယခုဘဝ၏ အမည်ဖြစ်၍ ယခင်ဘဝဟောင်းမှ အမည်မှ နိုင်ဝင်းအောင် ဖြစ်ပါသည်။

ကိုနိုင်ဝင်းအောင်၏ မိဘများမှာ ဦးခင်မောင်ငွေး၊ ဒေါ်နုနုဆွေဖြစ်၍ စစ်ကိုင်းမြို့ နန္ဒဝန်ကွက်သစ်တွင် နေထိုင် ကြလေသည်။

လူဝင်စား မောင်ဟိန်းမင်းကျော် ၏ မိသားစုမှာ ယခင်က ထန်းတပင် (ဇီးကုန်းမြို့) တွင် နေထိုင်ကြသည်။ နောင်အခါမှ မဝေဝေအောင်သည် မိဘ များရှိရာ ကန့်ဘလူမြို့သို့ ပြောင်းရွှေ့



www.burmeseclassic.com

www.burmeseclassic.com

နေထိုင်ကြခြင်း ဖြစ်၏။

စစ်ကိုင်းမြို့နှင့် ထန်းတပင် (ဇီးကုန်းမြို့) သည် မိုင်ရှစ်ဆယ်ခန့် ကွာဝေး၏။ ထန်းတပင် (ဇီးကုန်းမြို့) တွင် နေထိုင်စဉ် မောင်ဟိန်းမင်းကျော်ကို ၁၁-၁-၂၀၀၂ နေ့တွင် မွေးဖွားခဲ့၏။ ယခုအခါ အသက် (၁၂) ခန့် ရှိပြီဖြစ်ရာ အထက်ကတင်ပြခဲ့သလို မှတ်မိသမျှ တစ်စစနည်းပါးသွားပြီ ဖြစ်သည်။ သူ မှတ်မိသမျှ အကြောင်းအရာကို ကြိုးစားပြောပြ၏။ အချို့မေးခွန်းများကို 'မသိတော့ဘူးခင်ဗျ" ဟု ရိုးသားစွာ ဖြေကြား၏။ ဓာတ်ပုံတွင် မြင်တွေ့ရသည့်အတိုင်း စဉ်းစားမရသည့်အခါ ဦးခေါင်းကိုကုတ်၍ အဖြေရှာကြည့်သည်။ သို့သော် အတော်များများကိုမူ မမှတ်မိတော့ချေ။

**မှတ်ချက်**

အတိတ်ဘဝမှ အမှတ်သညာသည် ရုပ်ခန္ဓာအသစ်နှင့် သဟဇာတ မဖြစ်ဘဲ အရာမထင်ဖြစ်နေသည်ဟု ဆိုသင့်၏။

သို့ဖြစ်ရာ သူ၏မိခင် မဝေဝေအောင်အား ဆက်လက် မေးမြန်း၍ အောက်ပါအတိုင်းတင်ပြလိုက်ရပါသည်။

"သားနာမည်ဘယ်သူ"

"ဟိန်းမင်းကျော်ပါ"

"သမီး သူ့ကိုကိုယ်ဝန်ဆောင်တော့ အိပ်မက်တွေဘာတွေမက်သေးလား"

"ဘာအိပ်မက်မှမမက်ပါဘူး"

"သူဘယ်အရွယ်ကစပြီးတော့ သူ့အကြောင်းပြောပြလဲ"

"သူစပြောတာတော့ တစ်နှစ်ရှစ်လအရွယ်ကစပြီး ပြောတာပဲ။ သူကအမြဲကြောက်နေတယ်။ အိပ်ရာထဲမှာလည်း ရေကူးတဲ့ပုံစံအမြဲလုပ်လေ့ရှိတယ်"

"သူက သူ့အကြောင်းကို မဝေကိုပဲ ပြောပြတာလား"

"မဟုတ်ဘူးရှင့်၊ လူတိုင်းကိုပြောပြတယ်။ ဘယ်သူမေးမေးပြောပြတယ်"

"သူ့နာမည်ကစပြောတာလား"

"မဟုတ်ဘူးရှင့်၊ သူက အရင်အိမ် ဇီးကုန်းမှာနေတုန်းက အိမ်ရှေ့ကနေ မြင်းလှည်းမောင်းသွားရင် 'နေပါဦး - မြင်းလှည်းဆရာကြီး၊ သားကာဘိုးဆည် လိုက်ချင်လို့။ နေပါဦး၊ သားကာဘိုးဆည်လိုက်ချင်လို့' နဲ့ အော်နေတာပဲ။ အစပထမကတော့ သူဘာပြောမှန်းမသိဘူးရှင့်။ နောက်တော့ သူစကားကောင်းကောင်းပြောနိုင်တော့ 'သားအဲဒီကာဘိုးဆည်ကရေတွေနဲ့ မျောပါသွားတာလို့ သေသေချာချာပြောတော့တာပဲရှင့်။ သူ့ရဲ့သူငယ်ချင်းတွေနဲ့ ကစားရင်လည်း မီးရထားမောင်းတမ်းကစားတယ်"

"အဲဒါ ဇီးကုန်းမြို့မှာနေတုန်းက ပေါ့နော်"

"ဟုတ်တယ်ရှင့်၊ သူစကားစပြောစမှာ တံတားကြီးကိုတွေ့တော့ သူအဲဒီတံတားကြီးပေါ်ကပြုတ်ကျသွားတာလို့ ပြောတယ်။ နောက်ပြီး မကြာမကြာအိပ်ရာထဲမှာ ရေကူးနေသလိုလုပ်နေတတ်တယ်။ ကျွန်မကဘာလုပ်နေတာလဲလို့ မေးတော့ ရေကူးနေတာလို့ ပြောတယ်။ အဲဒါမကြာခဏဆိုသလိုပါပဲ။ ဒါ့အပြင် အမြဲလိုလိုကြောက်လန့်နေတတ်တယ်"

လူဝင်စား ဟိန်းမင်းကျော်ကို ခရစ်နှစ် ၂၀၀၂ ခု၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင်မွေးဖွားသည်။ ယခင်ဘဝဟောင်းမှ ကိုနိုင်ဝင်းအောင်သည် ၂၀၀၁ ခု၊ ဇွန်လ ၁ ရက်နေ့တွင် သေဆုံးခဲ့သည်။ ကိုနိုင်ဝင်းအောင် လူ့ဘဝသို့ကူးပြောင်းရန် မဝေဝေအောင်တွင် ကိုယ်ဝန်ဆောင် သန္ဓေသား (၁) လ သို့မဟုတ် (၂) လ ခန့်ရှိမည်။

ဆေးပညာအလိုအရ သန္ဓေသားသည် အသက်ဇီဝိန်မရှိသေးချေ။ ထို့ကြောင့် သန္ဓေသား(၂)လရှိချိန်တွင် မူလ ကိုနိုင်ဝင်းအောင် ပဋိသန္ဓေစိတ်သည် ကိန်းအောင်းနိုင်နေသည်။ နောက်ကိုးလခန့်အကြာတွင် ဟိန်းမင်းကျော်အဖြစ် မွေးဖွားလာခဲ့သည်။

ဤနေရာတွင် ဘာသာရေးအမြင်ဖြင့် တင်ပြလိုပါသည်။ သတ္တဝါတို့သည် သေလွန်သည်ရှိသော် လားရာရောက်ရာဂတိငါးမျိုးရှိ၏။

၁။ **နိရယဂတိ** - ငရဲသို့လားခြင်း၊

၂။ **ပေတဂတိ** - ပြိတ္တာဘဝသို့လားခြင်း၊

၃။ **တိရစ္ဆာနဂတိ** - တိရစ္ဆာန်ဘဝသို့လားခြင်း၊

၄။ **မနုဿဂတိ** - လူ့ဘဝသို့လားရခြင်း၊

၅။ **ဒေဝဂတိ** - နတ်ဘဝသို့လားရခြင်း

တို့ ဖြစ်လေသည်။

လူ့ဘဝကို ပြန်လည်ရရှိဖို့ရန် မလွယ်ကူပါ။ အဘယ်ကြောင့်ဆိုသော် ဒေါသဖြင့်သေသော် ငရဲသို့ရောက်ရ၏။ လောဘနှင့်သေခဲ့သော် ပြိတ္တာဘဝသို့ ရောက်ရ၏။ မောဟနှင့်သေလွန်သော် တိရစ္ဆာန်ဘဝသို့ ရောက်နိုင်သည်ဟု ဆိုပါသည်။

အဘိဓမ္မာသဘောတရားအရ ဆိုပါမူ သတ္တဝါသေခါနီးတွင် မရဏာသန္နဇောဟု ဆိုအပ်သော နိမိတ်များပေါ်လာ၏။ ကံနိမိတ်၊ ကမ္မနိမိတ်၊ ဂတိနိမိတ်ဟု ခေါ်သည်။

သတ္တဝါတို့၏သန္တာန်၌ ကံအများရှိကြ၏။ စုတေခါနီး(မရဏာသန္န)အခါ၌ အကျိုးပေးမည့်ကံ၏ အစွမ်းကြောင့် အထက်ပါ ဂတိနိမိတ်သုံးပါးတို့အနက် တစ်ပါးပါးဝင်လာ၏။

စုတေခါနီး အခြားမဲ့ဘဝ၌ ပဋိသန္ဓေအကျိုးပေးရန် မိမိပြုလုပ်ခဲ့သော ကုသိုလ်ကံ သို့မဟုတ် အကုသိုလ်ကံ တစ်ပါးပါး ရှေးရှုထင်ပေါ်လာခြင်းသည် ကံ-အာရုံဖြစ်သည်။

အဘိဓမ္မာသဘောအရ တင်ပြရပါမူ ကုသလဝိပါက်ဥပက္ခာသန္တီရဏစိတ် (၁) ပါးနှင့် မဟာဝိပါက်စိတ် (၈) ပါး၊ ဤ (၉) ပါးသော ဝိပါက်စိတ်တို့သည် ကာမသုဂတိခုနစ်ဘုံ၌ ပဋိသန္ဓေစိတ်များ ဖြစ်ကြသည်။

ဘဝဟောင်းမှ ကိုနိုင်ဝင်းအောင်သည် ရတနာသုံးပါး မပြတ်ဆည်းကပ်ကိုးကွယ်သောပုဂ္ဂိုလ်ဖြစ်ခြင်း၊ အမိအဖအား လုပ်ကျွေးပြုစုနေသော သားလိမ္မာဖြစ်ခြင်းနှင့် အသက်ခန္ဓာကြွေပျက်မည့်အချိန် သေအံ့မူးမူးတွင် သူမရှိပါက သူ၏ အမိနှင့် အဖအား မည်သူလုပ်ကိုင်ရှာဖွေကျွေးမွေးပါမည်နည်း ဟူသော အတွေးက ဝင်ရောက်လာဟန်တူ၏။

သူစကားပြောတတ်စအရွယ်တွင် မင်းနာမည်ဘယ်သူလဲဟုမေးတိုင်း 'မိုးမိုး' ဟု ပြောလေ့ရှိကြောင်း၊ သူ၏ယခုဘဝမိခင် မဝေဝေအောင်မှ ပြောပြပါသည်။ စကားကောင်းကောင်းပြောတတ်သည့်အရွယ်တွင် သူ့မိခင် မဝေဝေအောင်ဘက်မှ ဦးကြီးဖြစ်သူ ကိုနိုင်ဝင်းကိုခေါ်သံကြားမှ-

"သားနာမည်ပါတယ်၊သားနာမည်နဲ့ တူတယ်"

ဟု ပြောရာ -

"သားနာမည်က နိုင်ဝင်းလား"

ဟု မေးရာ အတန်ကြာ စဉ်းစားပြီး -

"နိုင်ဝင်း အောင်"

ဟု ပြောလေသည်။

အတိတ်ဘဝမှ ကိုနိုင်ဝင်းအောင်၏ အဖြစ်အပျက်ကိုသိရှိနိုင်ရန် အောက်ပါအတိုင်း တင်ပြလိုက်ပါသည်၊

ကိုနိုင်ဝင်းအောင်သည် စစ်ကိုင်း



www.burmeseclassic.com

www.burmeseclassic.com

မြို့ တိုင်းသ/မ ဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ဌေး၊ ဒေါ်နုနုဆွေတို့၏ တတိယမြောက်သား ဖြစ်သည်။ မောင်နှမသုံးဦးရှိရာ အငယ်ဆုံး၊ အထွေးဆုံး ဖြစ်၏။

အစ်မငယ် ဒေါ်ခင်စန်းဦးမှာ စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံတွင် သူနာပြုဆရာမကြီးအဖြစ် အမှုထမ်းလျက်ရှိပြီး အစ်မကြီး ဒေါ်ခင်ဌေးဦးမှာ အမှတ် (၁) အစိုးရအထက်တန်းကျောင်း၊ စစ်ကိုင်းမြို့တွင် အလယ်တန်းပြဆရာမအဖြစ် အမှုထမ်းလျက်ရှိ၏။

ကိုနိုင်ဝင်းအောင်သည် (A.G.T.I) (M.P) အောင်မြင်ခဲ့ပြီး သင်္ဘောသား အလုပ်လုပ်ကိုင်ရန် စိတ်ထက်သန်သူ ဖြစ်သည်။

သို့သော် ဖခင်ဖြစ်သူက သားအတွက် ဗေဒင်မေးရာ ရေနှင့် အသက်အန္တရာယ်ရှိနိုင်ကြောင်း ဟောကြားထားသဖြင့် သားဖြစ်သူ၏ဆန္ဒကိုတားခဲ့လေသည်။

ကိုနိုင်ဝင်းအောင်ကလည်း မိဘအလိုအတိုင်း သင်္ဘောသားအလုပ်လျှောက်ရန် အစီအစဉ်ကို လက်လျှော့လိုက်လေသည်။

ထို့ကြောင့် မီးရထားဌာနတွင် အလုပ်လျှောက်ရာ စက်ခေါင်းမှူးအဖြစ် ခန့်အပ်ခြင်းခံရ၏။

မြန်မာ့မီးရထားစက်ခေါင်းမှူး (၂) အဖြစ် မန္တလေး - မြစ်ကြီးနား လူစီးရယားဖြင့် စုန်၊ ဆန်မောင်းနှင်၍ တာဝန်ထမ်းဆောင်နေသည်။

ထိုသို့ စုန်၊ ဆန်သွားရာနေခဲ့ရာ မန္တလေး - မြစ်ကြီးနားတစ်လျှောက် မြို့များတွင် မိတ်ဆွေသင်္ဂဟများ ပေါ်များလှသည်။

ကိုနိုင်ဝင်းအောင်၏ ဖော်ရွေမှု၊ အလိုက်သိမှုကြောင့် မီးရထားဖြင့် ခရီးသွားကြသူတိုင်းက ချစ်ခင်လေးစားကြသည်။ လူကြီး၊ လူငယ်မကျန် ပေါင်းသင်းဆက်ဆံရာတွင် ယဉ်ကျေးစွာပြောဆိုတတ်သဖြင့် ဘူတာစဉ်တိုင်းရှိ ဈေးသည်များပါမကျန် မိတ်ဆွေပေါလှသည်။

တစ်နည်းဆိုရသော် မိတ်များလှသော ကိုနိုင်ဝင်းအောင်အဖို့ ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင် ဖြစ်လာတော့သည်။ သို့သော် ကိုနိုင်ဝင်းအောင်သည် တစ်ယောက်ဆိုတစ်ယောက် ပိတောက်ဆို ပိတောက်ဟု ဆိုရမည်ပင်။ များစွာသောပန်းဥယျာဉ်မှ ပန်းမျိုးစုံကို စိတ်မဝင်စား၊ ပိတောက်ဆိုသော မိန်းကလေးကိုသာ စွဲစွဲမြဲမြဲဖြစ်နေသည်။

ပိတောက် (အမည်လွှဲ) သည် ပကတိရိုးသားသော မိန်းကလေးတစ်ဦးဖြစ်သည်။ အရောင်းအဝယ်သွက်လက်ချက်ချာသည်။ ထို့ကြောင့် ကိုနိုင်ဝင်းအောင်သည် ဘဝလက်တွဲဖော်အဖြစ် ရွေးချယ်လိုက်ခြင်း ဖြစ်သည်။

စစ်ကိုင်းမြို့မှ မိုးညှင်းမြို့သို့ မိုင်အားဖြင့် (၂၀၀) ခန့်ရှိသည်။ သို့သော် စက်ခေါင်းမှူး ကိုနိုင်ဝင်းအောင်အဖို့ နှစ်မိုင်ခန့်မျှသာကွာဝေးသည်ဟု ထင်ရသည်။

မိုးညှင်းသို့မကြာခဏရောက်တိုင်း ပိတောက်ထံသို့ ရောက်စမြဲ။ နှစ်ဖက်မိဘသိကြသော်လည်း ကန့်ကွက်စရာမရှိပေ။ ပကတိရိုးသားဖြူစင်လှသော ပိတောက်၊ အနေအထိုင်စည်းကမ်းရှိ၍ မိဘအား ကျေးဇူးပြုနေသော သားကောင်းတစ်ယောက်ဖြစ်သည့် ကိုနိုင်ဝင်းအောင်။

ထိုနေ့ကတွေ့ကြရသော ချစ်သူနှစ်ဦးသည် နောက်ဆုံးဖြစ်ကြောင်း နှစ်ဦးစလုံး မသိရှာကြချေ။ ကိုနိုင်ဝင်းအောင်တစ်ယောက် ထိုနေ့က အပြန်လမ်းတွင် စိတ်တွေလေးနေသည်။ မဖြစ်စဖူး စိတ်ထဲတွင် မဖော်ပြနိုင်သော ဝေဒနာကို ခံစားနေရ၏။ ပိတောက်၏ မျက်နှာမှာလည်း တစ်ခုခုပြောချင်နေပုံရသည်။ မည်သို့ပင်ဖြစ်စေ မိမိအလုပ်တာဝန်ရှိရာ စစ်ကိုင်းသို့ ပြန်လာခဲ့သည်။

နောက်တစ်ခေါက် ပိတောက်နှင့် တွေ့မှ ဒီအကြောင်းပြောပြတော့မည်ဟု စိတ်ကိုတုံးတုံးချ၍ ပြန်လာရလေသည်။ နောက်မှသတိရလိုက်သည်။ ကိုနိုင်ဝင်းအောင်၏ အဖြူရောင်ကတ်ဦးထုပ်သည် ပိတောက်တို့အိမ်တွင်ကျန်ရစ်ခဲ့သည်။

ကိစ္စမရှိ၊ နောက်တစ်ခေါက်လာတော့မှ ဦးထုပ်ကိုယူရင်း ပိတောက်နှင့် အားပါးတရ စကားတွေဖောင်ဖွဲ့တော့မည်။

ဤအတွေးကြောင့် ကိုနိုင်ဝင်းအောင် စိတ်သက်သာရာရသွားသည်။ နောက်တစ်ကြိမ် မြစ်ကြီးနားလူစီးရထားနှင့်လိုက်ပါရန်တာဝန်ကျသည်။ မန္တလေးမှ အဆန်ရထားဖြစ်သည်။

မီးရထားစက်ခေါင်းအတွင်းသို့ စောစောစီးစီးရောက်နေနှင့်သည်။

မေလကုန် ဇွန်လအကူးဖြစ်၍ မအေးလွန်း၊ မပူလွန်း အညာဒေသ၏ သာယာသောအချိန်သမယ ဖြစ်၏။

မန္တလေးမှထွက်လာကတည်းက မိုးသားတိမ်ရိပ်တို့ တွေ့နေရသည်။ ထို့ကြောင့်ပင် ရာသီဥတုသာယာနေခြင်းဖြစ်ဟန်တူသည်။

အထက်အရပ်တွင် မိုးရွာနေပုံရသည်။ တစ်ခါတစ်ရံ လေထဲတွင် မိုးရနံ့တို့ သင်းပျံ့နေသည်။

ကိုနိုင်ဝင်းအောင်တို့ မောင်းနှင်လာသော မြန်မာ့မီးရထားသည် မြစ်ကြီးနားသို့ ဦးတည်ခုတ်မောင်းနေသည်။ နံနက်ဝေလီဝေလင်းတွင် တစ်ချက်တစ်ချက် မီးရထားဥသြသံကို ကြားနေရသည်။

ဝက်လက်ဘူတာ၊ ထိုမှ မုဆိုးခြံ၊ ထိုမှတစ်ခါ ရွှေဘိုသို့ရောက်လာသည်။ ထိုအချိန် မိုးစက်မိုးပေါက်တို့ကျလာသည်။ မြင်းကသာ၊ ထို့နောက် ခင်ဦးဘူတာသို့ရောက်သော် ကောင်းကင်တစ်ခုလုံး ညို့မှိုင်းအုံ့ပျနေပြီး မိုးတဖွဲဖွဲရွာနေသည်။

မိုးရွာနေသဖြင့် စက်ခေါင်းမောင်းသူအနေဖြင့် သက်သောင့်သက်သာရှိသည်။ မကြာမီ ခင်ဦးဘူတာအလွန် မဒေါင်းလှဘူတာသို့ ရောက်မည်ဖြစ်သည်။ မိုးမှာ တအားသည်းလာတော့သည်။ ထို့ကြောင့် စက်ခေါင်းမီးကြီးများကို အစွမ်းကုန်ဖွင့်ပြီး လမ်းရှင်းလင်းရေးအတွက် ဥသြသံမကြာမကြာပေးရ၏။

မဒေါင်းလှဘူတာအားကျော်ခဲ့ပြီ။ ထန်းတပင်(ဇီးကုန်း)ဘူတာ မဝေးတော့။

ကိုနိုင်ဝင်းအောင်က နာရီကိုကြည့်လိုက်သည်။

နံနက် (၄) နာရီ၊ (၁၅) မိနစ်သို့ နာရီလက်တံများက ညွှန်ပြနေသည်။ မကြာမီ အလင်းရောင်လာတော့မည်။ စက်ခေါင်းအတွင်း ချိတ်ထားသော တစ်ရွက်စုတ်ပြက္ခဒိန်ကို ကြည့်လိုက်၏ ၂၀၀၁ ခု၊ ဇွန်လ ၁ ရက်နေ့။

ရှေ့ခပ်လှမ်းလှမ်းတွင် ထန်းတပင်ဘူတာနှင့် ညောင်ဇင်ဘူတာအကြား တံတားကို လှမ်းမြင်နေရသည်။ တံတားအမှတ် (၁၅၉)။ ဤလမ်းကို အခေါက်ခေါက်အခါခါသွားခဲ့ရသဖြင့် ကောင်းကောင်း မှတ်မိနေသည်။ သို့သော် ကိုနိုင်ဝင်းအောင် သတိပြုမိလိုက်သည်မှာ များစွာ နောက်ကျသွားချေပြီ။ တံတားအမှတ် (၁၅၉) အပေါ် မီးရထားဖြတ်သန်း စဉ်မှာပင် ခပ်စောစောက ရွာသွန်းခဲ့ သော အညာမိုးရေစီးအား



www.burmeseclassic.com

www.burmeseclassic.com

တံတားအလယ်တိုင်များ ယိမ်းယိုင်သွားလေသည်။ ရေစီးအားကြောင့် ပြိုလဲလုမတတ်ဖြစ်နေသော တံတားမှာ မီးရထားသံလမ်းများကို ရွဲ့စောင်းသွားစေတော့သည်။

မြစ်ကြီးနား လူစီးရထား အမှတ် (၄၁) အဆန် မန္တလေး - မြစ်ကြီးနားရထားသည် တံတားပေါ်မှ ချောင်းထဲသို့ ထိုးဆင်းသွားလေသည်။ အော်သံ၊ ထိတ်လန့်သံတို့ကား ကမ္ဘာပျက်သည့်နှယ် ဆူညံသွားတော့သည်။

မန္တလေးဘူတာကြီးသို့ ကြေးနန်းရောက်လာသည်။ မန္တလေး-မြစ်ကြီးနားအဆန်ရထားအမှတ် (၄၁) ထန်းတပင်ဘူတာနှင့် ညောင်ဇင်ဘူတာအကြားတံတားအမှတ် (၁၅၉)၊ အရပ်ခေါ် သရက်ခေါင်းတံတားတွင် ရေထဲသို့ကျသွားသည်။

စက်ခေါင်းကို ကိုနိုင်ဝင်းအောင်ပါသွားသည်ဟူ၍ ဖြစ်သည်။

ကိုနိုင်ဝင်းအောင် ရေစီးဖြင့် မျောပါစဉ် သူ၏မိဘနှစ်ပါးကို သတိရလိုက်သည်။ (လူဝင်စားဘဝတွင် မှတ်မိသမျှ ပြန်ပြောပြသည်။)

မိဘနှစ်ပါးကိုလုပ်ကျွေးသမှုပြုရန် စိတ်ပူလိုက်သည်။ 'ငါမရှိရင် ငါ့မိဘကို ဘယ်သူစောင့်ရှောက်ပါ့မလဲ' ဟု ပူပင်လိုက်သည်။ ထို့နောက်မှ သူ၏ယောက်ဖတော်သူ ကိုမိုးမိုးကိုသတိရပြီး ကျန်နောက်ပိုင်းကိစ္စ လုံးဝမသိတော့ချေ။

မိုးရွာသွန်းမှုအားကောင်းလာသဖြင့် ကာဘိုးဆည်မှလည်း ရေတံခါးကို ဖွင့်ချလိုက်ရလေသည်။ ထိုရေစီးအားဖြင့် ကိုနိုင်ဝင်းအောင်ပါသွားသည်။

ကိုနိုင်ဝင်းအောင်သည် ထန်းတပင် (ဇီးကုန်း)တွင် နေထိုင်သည့် ကိုထွန်း မဝေဝေအောင်မိသားစုတွင် ဝင်စားလေသည်။ အချင်းဖြစ်ပွားရာနေရာနှင့် ဇီးကုန်းမြို့သည် မဝေးလှချေ။ ထို့ကြောင့် ဇီးကုန်းတွင် နေထိုင်သည့် မဝေဝေအောင်၏ဝမ်းထဲတွင် ဝင်စားဟန်တူ၏။

အစပိုင်းတွင် တင်ပြသကဲ့သို့ မဝေဝေအောင်ထံ ဝင်စားသည့်အချိန် မဝေဝေအောင်က မည်သည့်အိပ်မက်မျှ မမက်ဘူးကြောင်း၊ သို့သော် သူစကားပြောတတ်သည့်အရွယ်တွင် ကာဘိုးဆည်မှ ရေထဲတွင် ရေကူးခဲ့ကြောင်း၊ မြင်းလှည်းဆရာအား 'သား၊ သား ကာဘိုးဆည်လိုက်ချင်တယ်' စသည်ဖြင့် စတင်ပြောခဲ့လေသည်။ တစ်ခုထူးထူးခြားခြား ယနေ့အထိ ပြောကြားသည့်



စကားမှာ -

“ကျွန်တော့်အနောက်က လေးကောင်အမြဲလိုက်နေတယ်”

ဟု ပြောပါသည်။

စာရေးသူက-

“ခွေးလိုအကောင်လား”

ဟုမေးရာ မဟုတ်ကြောင်း -

“လူလိုပုံသဏ္ဍာန်လား”

ဟု မေးရာတွင်လည်း မဟုတ်ပါကြောင်း၊ ဘယ်လိုပုံသဏ္ဍာန်မှန်းမသိ အရိပ်လိုလိုက်ပါနေတာ လေးကောင်ပါဟု ပြောပါသည်။

(စာဖတ်သူများ ဉာဏ်ရှိသလို တွေးယူနိုင်ပါသည်။)

လူဝင်စား မောင်ဟိန်းမင်းကျော်သည် သူ၏ အတိတ်ဘဝက စစ်ကိုင်းမြို့တွင် နေထိုင်ခဲ့ကြောင်း၊ သူ့မှာ အစ်မနှစ်ယောက်ရှိကြောင်း၊ အရင်ဘဝက မီးရထားမောင်းခဲ့ကြောင်း၊ သူ့မှာ ဟိုဘဝကရည်းစား (သူတို့ဒေသအခေါ် အပျို) ရှိကြောင်း၊ သူက မိုးညှင်းမှာ နေထိုင်လျက်ရှိကြောင်းနှင့် သူ့ဦးထုပ် (စက်ခေါင်းမှူးဆောင်းသည့် ကတ်ဦးထုပ်) အဲဒီအပျိုရဲ့အိမ်မှာကျန်ခဲ့ကြောင်း ပြောပြပါသည်။

ထိုအရွယ်က မည်သူမေးမေးပြောပြသည်။ သူရေထဲကျသွားတော့ သူ လည်ပင်းမှာ ရွှေဆွဲကြိုးနဲ့ ခါးမှာ ဓားမြှောင်တစ်ချောင်းပါကြောင်း ပြောပြသည်။

သူ့ပြောစကားများမှာ သေချာလွန်းသဖြင့် တစ်ဆင့်စကားတစ်ဆင့်နားဖြင့် စစ်ကိုင်းမှ ဇီးကုန်းသို့ ဆန်ဝယ်လာသော ဆန်ကုန်သည် ဦးသိန်းမှတစ်ဆင့် ဘဝဟောင်းမှအစ်မများထံ ရောက်သွားတော့သည်။

စစ်ကိုင်းမြို့မှ ထန်းတပင် (ဇီးကုန်းမြို့) သို့ မိုင်ရှစ်ဆယ်ခန့် ကွာဝေးသည်။

အစ်မကြီးနှစ်ဦးသည် ထန်းတပင် (ဇီးကုန်း) မှ မောင်ဟိန်းမင်းကျော်ကို လာရောက်တွေ့ကြရာ မောင်ဟိန်းမင်းကျော်က ယခင်ဘဝဟောင်းမှ ကိုနိုင်ဝင်းအောင်ခေါ်သည့်အတိုင်း မမကြီး၊ မမလေးဟုပင် ခေါ်ဝေါ်ပြောဆိုသဖြင့် လာရောက်ကြသော အစ်မနှစ်ယောက်မှာ များစွာစိတ်ထိခိုက်ရရှာလေသည်။

သေချာသည်ထက် သေချာအောင် နှစ်ကြိမ် ဇီးကုန်းမြို့သို့ လာရောက်ကြသည်။

ထို့နောက် မိဘများရှိရာ စစ်ကိုင်းမြို့သို့ပို့ပေးရန် လက်ရှိဘဝမိခင် မဝေဝေအောင်အား တောင်းဆိုသဖြင့် မဝေဝေအောင်က လူကြုံစောင့်ရင်း အချိန်အနည်းငယ်ကြာသွားသည်။ လူဝင်စား မောင်ဟိန်းမင်းကျော် အသက်(၃)နှစ်ခွဲ၊ (၄) နှစ်အရွယ်ရောက်မှ ဇီးကုန်းမြို့မှ ဆန်ကုန်သည် ကိုလှထွန်း၊ မခင်ပိုတို့မှ တစ်ဆင့် အဖော်တစ်ဦးကိုခေါ်ကာ စစ်ကိုင်းမြို့ မိုးဇာဈေးအရှေ့ဘက်တွင် နေထိုင်သော ဦးသိန်း ဆိုသူအိမ်သို့ ရောက်သွားလေသည်။ ဦးသိန်းသည် ယခင်ဘဝဟောင်းမှ အစ်မဖြစ်သူ ဒေါ်ခင်ဌေးဦး၏ မိတ်ဆွေဖြစ်ရာ သူ၏ကား လိုက်ထရပ်နှင့် နန္ဒဝန်ကွက်သစ်သို့ ထွက်ခဲ့ကြလေသည်။

နန္ဒဝန်ကွက်သစ်သို့ထွက်ခဲ့ရာတွင် ရှေ့ခန်းတွင် မောင်ဟိန်းမင်းကျော်(လူဝင်စား) နှင့် ဦးသိန်းတို့လိုက်ပါပြီး နောက်ခန်းတွင် မဝေဝေအောင် (ဟိန်းမင်းကျော်) ၏ မိခင်၊ အဖော်အမျိုးသမီးတို့ ပါရှိ၏။

နန္ဒဝန်ကွက်သစ်မှာ လမ်းတိုများ၊ လမ်းသွယ်များ အလွန်များ၏။ မောင်ဟန်မင်းကျော် ပြသသည့်အတိုင်း မောင်းနှင်လာခဲ့ရာ သူယခင်နေခဲ့သော အိမ်နှင့် မလှမ်းမကမ်းသို့ ရောက်လာ၏။

ကားမောင်းပို့ပေးသူ ဆန်ကုန်သည် ဦးသိန်းက -

“ကဲ - မင်းအိမ်နားတော့ ရောက်ပြီ။ အရင်ကနဲ့တော့ သိပ်မတူဘူး။ ဟောဟိုက အိမ်နှစ်လုံးက ဆင်တူ မင်းအိမ်မင်းဆင်းသွားတော့”

ဟု ပြောလိုက်ရာ -

လူဝင်စား ဟိန်းမင်းကျော်မှာ ထိုအိမ်နှစ်လုံးဆင်တူရှိရာ မြောက်ဘက်

www.burmeseclassic.com

www.burmeseclassic.com

မှအိမ်သို့ တန်းတန်းမတ်မတ် ဝင်ရောက်သွားလေသည်။

မိခင်မဝေဝေအောင်နှင့် အဖော်မှာ ရင်တထိတ်ထိတ်နှင့် သူများအိမ်များမှားပြီးဝင်သွားရင် အခက်ပဲဟု စိုးရိမ်နေတော့သည်။

သူ့နောက်မှနေ၍ ဆန်ကုန်သည် ဦးသိန်းက လိုက်ပါသွားသည်။ ဦးသိန်းနှင့် လူဝင်စားကလေးတို့ အထဲဝင်သွားမှ မဝေဝေအောင်နှင့် အဖော်တို့က လိုက်ပါသွားလေသည်။

လူဝင်စား ဟိန်းမင်းကျော်သည် အိမ်အတွင်းခန်းသို့ တောက်လျှောက်ဝင်သွားရာ အခန်းတွင်း၌ ဘုန်းတော်ကြီးတစ်ပါးထိုင်နေသည်ကို တွေ့ရ၏။

ထိုဘုန်းတော်ကြီးအား ဝတ်ချကန်တော့ရာ ဘုန်းတော်ကြီးက -

"သူကဘယ်သူတုန်း"

ဟု မေးသဖြင့် ဦးသိန်းက အစအဆုံးရှင်းပြရသည်။

ထိုအခါ ယခင်ဘဝက ဖခင်ဦးခင်မောင်ဌေးသည် ရဟန်းဝတ်ဖြင့် သားအားတွေ့မြင်ရသဖြင့် မျက်ရည်မဆည်နိုင်ပင် ဖြစ်ရလေသည်။

မောင်ဟိန်းမင်းကျော်က ဘဝဟောင်းက အမေအား မေးမြန်းရာ ရိပ်သာသို့ရောက်နေသော ဒေါ်နုနုဆွေအား ပြန်ခေါ်ရသည်။ မိခင်ဖြစ်သူလည်း သားကလေး၏အဖြစ်အား ပြန်လည်သတိရသဖြင့် ငိုပွဲဆင်ရရှာပြန်သည်။ အစ်မနှစ်ယောက်မှာလည်း မျက်ရည်စက်လက်ဖြင့် မောင်ဖြစ်သူအား ပွေ့ပိုက်ငိုကြွေးကြပြီး သူမှတ်မိသမျှ မေးကြလေသည်။

ဒေါ်နုနုဆွေက သူ၏သား မသေဆုံးမီ ဝတ်ဆင်ခဲ့သော မီးရထားစက်ခေါင်းမှူးဝတ်စုံများကို သန့်ရှင်းသေသပ်စွာ လျှော်ဖွပ်သိမ်းဆည်းထားသည်။

လူဝင်စား ဟိန်းမင်းကျော်အား အင်္ကျီအဝတ်အစားများမှတ်မိရဲ့လားဟု မေးပြီး သေတ္တာကို ဖွင့်ပြလိုက်ရာ -

"ဒါကျွန်တော့်အင်္ကျီ၊ ဒါက ကျွန်တော့်ရဲ့ ဘောင်းဘီ၊ ကျွန်တော်အလုပ်ဆင်းရင်ဝတ်တယ်။ ဒါပေမယ့် ဦးထုပ်မရှိဘူး။ ဦးထုပ်လိုသေးတယ်"

ဟု ဆိုလေသည်။

ဒီအခါ အစ်မကြီးဖြစ်သူ ဒေါ်ခင်ဌေးဖြစ်သူက -

"မင်းဦးထုပ်ကိုမြင်ရင် မှတ်မိမှာပေါ့၊ ရှာကြည့်လေ"

ဟု ဆိုလိုက်ရာ အခန်းတစ်နေရာတွင် ချိတ်ထားသော အဖြူရောင်ကတ်ဦးထုပ်ကို လက်ညှိုးထိုးပြပြီး -

"အဲဒါ ကျွန်တော့်ဦးထုပ်ပဲ။ ဒါပေမယ့် ကျွန်တော် အဲဒီဦးထုပ်ကို မိုးညှင်းက အပျို့အိမ်မှာ ကျန်ခဲ့တာ။ ဘယ်လိုလုပ်ရောက်နေပါလိမ့်"

ဟု ပြောလိုက်လေသည်။

မှန်၏။ ကိုနိုင်ဝင်းအောင် လူပျိုလှည့်သွားရင်း မိုးညှင်းမြို့က အပျို့အိမ်မှာ ကျန်ခဲ့သည်။

နောက်ပိုင်းတွင် ကိုနိုင်ဝင်းအောင် မပေါ်လာသဖြင့် မိုးညှင်းမှပိတောက်က စိတ်ပူလာတော့သည်။

'ကိုနိုင်ဝင်းအောင် မိဘများက လူကုံထံအသိုင်းအဝိုင်း၊ ငါတို့မိဘများက ကုန်သည်။ သူ့မိဘများက သဘောမတူလို့ ငါ့ဆီမလာတာဖြစ်မယ်'

ဟု တွေးမိလေသည်။

ထိုအတွေးကြောင့် ပိတောက်ခမျာ မအိပ်နိုင်မစားနိုင် တမှိုင်မှိုင်နှင့်ဖြစ်နေရှာသည်။

အဆန်မီးရထားတစ်စီး ထန်းတပင် (ဇီးကုန်း) အနားမှာ လမ်းချော်သည်ဟု ကြားသော်လည်း အသေအပျောက်သတင်းမရသဖြင့် ပိတောက်အတွေးတွင် ကိုနိုင်ဝင်းအောင်တစ်ယောက် ပိတောက်ကို ပစ်ခွာသွားလေပြီဟု ယူဆလေသည်။

ထိုအတွေးသည် ကြာလေလေ အပူပြင်းလေလေဖြစ်လာရာ နောက်ဆုံးမိန်းကလေးသိက္ခာကို မစဉ်းစားတော့ဘဲ ကိုနိုင်ဝင်းအောင်ရှိရာ စစ်ကိုင်းမြို့သို့ ထွက်လာခဲ့တော့သည်။

မိုးညှင်းမှ မိုင် (၂၃၀) ခန့်ဝေးသော စစ်ကိုင်းသို့ ပိတောက်တစ်ယောက် ဦးထုပ်ပိုက်၍ လိုက်ခဲ့လေတော့သည်။ အကြောင်းပြချက်ကလည်း ခိုင်လုံသည်။ လမ်းကြုံလို့ ကျန်ခဲ့တဲ့ ဦးထုပ်ကို လာပို့တာလို့ ပြောရန်ဖြစ်သည်။ ကိုနိုင်ဝင်းအောင်ကိုလည်း သူ့သဘော အတိအကျမေးတော့မည်ဟု နှလုံးပိုက်ထားသည်။

မတွေ့တာကြာပြီဖြစ်တဲ့ ကိုနိုင်ဝင်းအောင်ကို စကားတွေတဝကြီးပြောလိုက်မည်ဟုလည်း စိတ်ကူးနှင့်မြူးခဲ့လေသည်။

အကယ်၍ ကိုနိုင်ဝင်းအောင်မှာ ဇေ့စပ်ပြီးသူရှိနေခဲ့လျှင်လည်း ကျေနပ်စွာပဲဆုတ်ခွာခဲ့မည်။ ချစ်ခြင်းဆိုသည်မှာ ခွင့်လွှတ်ခြင်းနှင့် အနစ်နာခံခြင်းပဲမဟုတ်ပါလား။

ပိတောက်သည် စစ်ကိုင်းသို့ ခုတ်မောင်းနေသော အစုန်မီးရထားပေါ်တွင် အတွေးနယ်ချဲ့ရင်း ယိုစိမ့်လာသော မျက်ဝန်းအစုံမှ မျက်ရည်စများကို မသိမသာ လက်ဖြင့် တို့ယူလိုက်၏။ ပတ်ဝန်းကျင်မှ ခရီးသည်များကိုလည်း အကဲခတ်လိုက်သည်။ တော်သေး၏။ ခရီးသည်များမှာ ကိုယ့်အတွေးနှင့်ကိုယ်မို့ ပိတောက်တို့ သတိမထားမိ။

စစ်ကိုင်းဘူတာသို့ မီးရထားဖြင့် လိုက်လာခဲ့ပြီး ဘူတာမှအဆင်း လေ... ကားအတိုင်း တစ်လှမ်းချင်းဆင်းလာပြီး... အောက်ရောက်မှ မြင်းလှည်းတစ်စီးကို... ငှားလိုက်သည်။

"နန္ဒဝန်ကွက်သစ်"

ကိုနိုင်ဝင်းအောင်ပြောပြသော... လိပ်စာအတိုင်းလာခဲ့ရာ ကိုနိုင်ဝင်း... အောင်၏မိဘများနှင့် အဆင်သင့်တွေ့ရ... လေသည်။

ကိုနိုင်ဝင်းအောင်၏ မိဘများက... လည်း သားကိုနိုင်ဝင်းအောင်၏ ဦးထုပ်... ကို မြင်လိုက်သည်နှင့် သဘောပေါက်... ဖြစ်သည်။

ဖြစ်ပျက်ပုံကို မိသားစုအားလုံး... ရှင်းပြသည်။ ပိတောက်အဖို့ ကမ္ဘာ... ကြီးသည် အိုးထိန်းစက်ပမာလည်သွား... သည်။

ချစ်သူနှစ်ဦး၏ ကံကြမ္မာက ဤ... သာ။

ထို့ကြောင့် ပိတောက်လာပို့ထား... သော ကတ်ဦးထုပ်မှာ ထိုအိမ်သို့ရော... ရှိနေခြင်း ဖြစ်လေသည်။

သားဆုံးပါးရသဖြင့် ပူပင်သော... ပရိဒေဝသောက မိဘများရဲ့အပူ၊ တ... တည်းသောမောင်ငယ် ဆုံးရှုံးရသ... လောင်ကျွမ်းရသော အစ်မများရဲ့အပူ... ချစ်သူကရုတ်တရက်နှုတ်မဆက်ဘဲ... သွားသဖြင့် လောင်မြိုက်ရသော ချ... သူရဲ့ အချစ်မီး။ မည်သူက ပို၍ ပူလော... သည်ကို မဆိုလို၊ မနှိုင်းယှဉ်လိုသော်... လည်း သံသရာရှည်သရွေ့ ငိုကြွေး... ကြဦးမည့် လူတိုင်း၏အပူကား ... တည်သရွေ့ ပူလောင်နေမည်သာ ... သတည်း။

(ဤစာမူဖြစ်မြောက်ရေးအ... ကူညီခွင့်ပြုကြသော နှစ်ဖက်မိဘ... ဆွေမျိုးအားလုံးအားကျေးဇူးတင်...

ညွှန့်ဒေသ...

www.burmeseclassic.com

www.burmeseclassic.com



ဦးကြည်ဝင်း(ရွှေစင်)ချောက်

# မဟာဘုတ်ဒသာ

# အဟောပညာ(၁)

မဟာဘုတ်ဒသာ တွက်နည်းကို ၂၀၁၃ ခု၊ ဒီဇင်ဘာအထူးထုတ် သုရဿွတီမဂ္ဂဇင်းတွင် ဖော်ပြပြီး ဖြစ်ပါသည်။ ယခု မဟာဘုတ်ဒသာဟောနည်း မရေးသားမီ ဂြိုဟ် (၈) လုံးပိုင်ရက်များ မည်ကဲ့သို့ ရလာသည်ကို ပညာလိုလားသူများအတွက် ရေးသားပါမည်။

ဝါထပ်နှစ်မဟုတ်သော မြန်မာ (၁၂) လ တစ်နှစ်တွင် ရက်ပေါင်း (၃၅၄) ရှိပါသည်။ ဂြိုဟ် (၈) လုံးပိုင် ဂြိုဟ်သက်နှစ်ပေါင်းမှာ (၁၀၈) နှစ် ဖြစ်၍ တစ်နှစ်လျှင် ရက်ပေါင်း မည်မျှပိုင်ဆိုင်သည်ကို ပထမတွက်ချက်ရပါမည်။

၎င်းတစ်နှစ်ရှိ ရက်ပေါင်းကို သက်ဆိုင်ရာ ဂြိုဟ်၏ ဂြိုဟ်သက်နှစ်ဖြင့် မြှောက်သော် ၎င်းဂြိုဟ်ပိုင်သော ဒသာရက်များကို ရရှိပါမည်။

ဝါထပ်သောနှစ်အတွက် တိုးလာသောရက်ကို (၃၅၄) ရက်တွင် ထပ်ပေါင်း၍ အထပ်ဖော်ပြပါနည်းအတိုင်း တွက်ချက်ခြင်းဖြင့် ဝါထပ်နှစ်အတွက် ဂြိုဟ်ပိုက်ရက်များကို ရရှိမည် ဖြစ်ပါသည်။

မဟာဘုတ်ဒသာ ဟောနည်းကို ရှေးဟောင်းမူသေဟောနည်းအား ပထမ ဖော်ပြပါမည်။ ပျော်ဘွယ်မြို့ ရင်ခတ်ကုန်းကျေးရွာရှိ ဗေဒင်ဆရာတစ်ဦးမှာ ဤဟောနည်းကို အသုံးပြုလျက်ရှိကြောင်း စာရေးသူ တွေ့ခဲ့ရပါသည်။

**ရှေးဟောင်းမဟာဘုတ်ဒသာ ဟောနည်း**

ဂြိုဟ်များကို သင်္ချာဖြင့်သာ ဖော်ပြသွားပါမည်။

ဤရှေးဟောင်းဟောနည်းကို စာရေးသူအနေဖြင့် ပုံသေအသုံးမပြုဘဲ အထိန်းသဘောသာ အသုံးပြုပါသည်။ ကျွန်ုပ်ဟောပြောနေသော ဟောကွက်များမှာ ဒသာစားနေသော ဂြိုဟ်နှင့်အခြားဂြိုဟ်ခွင်များကို ညှိနှိုင်းဟောပြောမှု ဖြစ်ပါသည်။

ဒသာစားနေသောဂြိုဟ်နှင့် -

၁။ မွေးနံ-မိတ်-ရန် ဥဒါသိန်ကိုကြည့်ခြင်း၊
၂။ မူလမဟာဘုတ်ခွင်ကို ညှိနှိုင်းခြင်း၊
၃။ ကောဇာမဟာဘုတ်ခွင့်နှင့် ညှိနှိုင်းခြင်း၊
၄။ သက်ရောက်ဂြိုဟ်ကို အင်္ဂဝိဇ္ဇာတိုင်ထူ၍ ညှိနှိုင်းခြင်း၊
၅။ ဂြိုဟ်စား (ဂြိုဟ်အိပ်ကြီး) ခွင်နှင့် ညှိနှိုင်းခြင်း၊
၆။ မွေးနံကို အင်္ဂဝိဇ္ဇာတိုင်ထူ၍ ညှိနှိုင်းခြင်း၊
၇။ လောကခံရှစ်ပါးခွင်နှင့် ညှိနှိုင်း၍ ဟောပြောခြင်းများကို ပြုပါမည်။

ကျွန်ုပ်၏ ဟောကွက်များကို ယခင် မဟာဘုတ်ဒသာတွက်နည်းတွင် ဖော်ပြခဲ့သော ကြာသပတေးသား ဦးမြကိုပင် ဥပမာထား၍ အကြောင်းအကျိုးများကို ရေးသား ဖော်ပြ၍ ဟောကွက်ထုတ်ပြပါမည်။ ဤဟောကွက်များသည် စနေဂြိုဟ်ဒသာစားနေသော ရက်ပေါင်း (၃၃) ရက်အတွင်း ဟောပြောချက်များ ဖြစ်ပါသည်။ ဒသာစားနေသော ဂြိုဟ်ပြောင်းသွားလျှင် ဟောချက်ပြောင်းသွားမည် ဖြစ်ပါသည်။ ဤကြာသပတေးသား ဦးမြ၏ ဟောပြောချက်များမှာ ၁၃၇၃ ခု၊ ပြာသိုလဆန်း ၇ ရက်မှ တပို့တွဲလဆန်း ၉ အထိ ဟောပြောချက် ဖြစ်ပါသည်။

ဟောကွက်များမထုတ်မီ ပထမ ဒသာစားနေသော ဂြိုဟ်၏ အရိယာယ်များကို မှတ်သားထားရပါမည်။

**စနေဂြိုဟ်၏ပရိယာယ်များ**

ထင်ပေါ်မှု၊ ဝေလာဘ၊ နိုင်ငံရေး၊ အမှု၊ ထောင်၊ ထီး၊ လူမျိုးချင်း၊ ဘာသာခြား၊ အနက်ရောင်။

**စနေဂြိုဟ်ကပေးနိုင်သော အကျိုးဆက်များ**

(က) ရုပ်ပိုင်းတွင် ကြောက်မက်ဖွယ်ဝေဒနာများ ဖြစ်ပေါ်နိုင်ခြင်း၊
(ခ) မီးဘေး၊ အဆိပ်ဘေး၊ လက်နက်ဘေးသင့်နိုင်ခြင်း၊
(ဂ) သွေးထွက်သံယိုဖြစ်နိုင်ခြင်း၊
(ဃ) အမျိုးသမီးများ သွေးလွန်၊ သားပျက်ဖြစ်နိုင်ခြင်း၊
(င) စီးပွားရေးလုပ်ငန်းများ ရုတ်တရက်ပျက်စီးနိုင်ခြင်း၊
(စ) ထောင်ကျခြင်း၊ အမှုအခင်းဖြစ်နိုင်ခြင်း၊
(ဆ) ဝီရိယရှိခြင်း။

**(၁) ဒသာစားနေသော စနေဂြိုဟ်နှင့်**



www.burmeseclassic.com

www.burmeseclassic.com

တစ်နှစ်ရက်ပေါင်း + ဂြိုဟ် (၈) လုံးပိုင်နှစ် = ဂြိုဟ်သက်တစ်နှစ်ပိုင်ရက်
၃၅၄ + ၁၀၈ = ၃.၂၇၇ ရက်

| ဂြိုဟ်အမည် | = ဂြိုဟ်သက်နှစ် | × တစ်နှစ်ရှိရက် | = | ထိုဂြိုဟ်ပိုင်သောရက် |
|---|---|---|---|---|
| တနင်္ဂနွေဂြိုဟ် | = ၆ | × ၃.၂၇၇ | = ၁၉.၆ | = ၂၀ ရက် |
| တနင်္လာဂြိုဟ် | = ၁၅ | × ၃.၂၇၇ | = ၄၉.၁၅ | = ၄၉ ရက် |
| အင်္ဂါဂြိုဟ် | = ၈ | × ၃.၂၇၇ | = ၂၆.၂ | = ၂၆ ရက် |
| ဗုဒ္ဓဟူးဂြိုဟ် | = ၁၇ | × ၃.၂၇၇ | = ၅၅.၇ | = ၅၆ ရက် |
| စနေဂြိုဟ် | = ၁၀ | × ၃.၂၇၇ | = ၃၂.၇ | = ၃၃ ရက် |
| ကြာသပတေးဂြိုဟ် | = ၁၉ | × ၃.၂၇၇ | = ၆၂.၂ | = ၆၂ ရက် |
| ရာဟုဂြိုဟ် | = ၁၂ | × ၃.၂၇၇ | = ၃၉.၃ | = ၃၉ ရက် |
| သောကြာဂြိုဟ် | = ၂၁ | × ၃.၂၇၇ | = ၆၈.၈ | = ၆၉ ရက် |
| စုစုပေါင်း (တစ်နှစ်ရှိရက်ပေါင်း) | | | | = ၃၅၄ ရက် |

| ဒသာဂြိုဟ် | = ဒသာဂြိုဟ်သက် | = ဟောပြောချက် |
|---|---|---|
| ၁ | - ၂၀ | = မထေမဲ့ကင်း စီးပွားကျဆင်း၍ ခရီးအသွားအလာဆင်ခြင်ပါ။ |
| ၂ | - ၄၉ | = ရတနာပုံဆိုက်၍ ပြောသမျှတင့်တယ် ကောင်းကျိုးချမ်းသာမင်္ဂလာ |
| ၃ | - ၂၆ | = ဆွေမျိုးများနှင့်ငြင်းခုံ စကားအနည်းငယ် ပြောရမည်။ အဆိပ်သင့်၊ အစားများ |
| ၄ | - ၅၆ | = ရွှေငွေရတနာဝင် အဝေးဆွေမျိုးများထံမှ ကောင်းသတင်းကြားရမည်။ |
| ၀ | - ၃၃ | = မင်းစိုးရာဇာမြှောက်စားမှုသော်လည်း ကောင်း၊ အပြစ်ဒဏ်သော်လည်းကောင်း ကျခံရမည်။ ထီသော်လည်းကောင်း ပေါက်ရမည်။ |
| ၅ | - ၆၂ | = မြေဝင်၊ မြေထွက် အမျိုးသမီးစန်းပွင့် လာဘ်ဝင်မည်။ |
| ၈ | - ၃၉ | = ရောဂါပူဆာလောင်၍ အရပ်မတော်သွား ပါလျှင် လုပ်ကြံခံရတတ်သည်။ |
| ၆ | - ၆၉ | = သက်ကြီးသူ မ,စမည့်ကိန်း၊ အဝေးမှ ကောင်းသတင်းကြားရမည်။ ကြီးသူအတွက် အပူတွေ့ရတတ်သည်။ |

**မွေးနံ-မိတ်-ရန်-ဥဒါသိန် ညှိနှိုင်းဟော ပြောခြင်း**

ဒသာစနေဂြိုဟ်နှင့်ကြာသပတေး သား ဦးမြသည် 'ဓမ္မာ' အတွင်းရန်ကျ ပါသည်။ သို့ပါ၍ အိမ်တွင်းရေးမ လည်ခြင်း၊ အတူလုပ်ဖော်ကိုင်ဖက်မျာ နှင့် ပြဿနာတက်ခြင်း စသည်တို့ ဖြ ပေါ်နိုင်သည်။ အတွင်းလူ၊ သားသမ စသည်တို့ကြောင့် စီးပွားရေးကျဆင် နိုင်သည်။ အတွင်းလူ ဇနီး၊ သား၊ သမီ စသည်တို့အတွက် အပူတွေ့ရတ သည်။

**(၂) မူလမဟာဘုတ်နှင့် ညှိနှိုင်းခြင်း**

| | | |
|---|---|---|
| | ၂ | |
| ၄ | ၀ | ၃ |
| ၁ | ၅ | ၆ |

**ဦးမြ၏ မူလမဟာဘုတ်**

ဦးမြ၏ မူလမဟာဘုတ်တွင် ဒသာဂြိုဟ် စနေသည် သိုက်အိမ်တွင် ရပ်တည်နေသည်။ သိုက်အိမ်၏သဘာ သည် ကြိုတင်ပူပန်မှုကြောင့်လွဲမှားတတ် သည်။ စနေ၏သဘာဝမှာ ထင်ပေါ် ခြင်း၊ လောဘကြီးခြင်း၊ စပ်စုခြင်းဖြစ်၍ ထင်ပေါ်ကျော်ကြားမှုအတွက် လည် ကောင်း၊ လောဘတက်၍လည်းကောင် အမှားများပြုမိတတ်သည်။ လောဘ အတွက် ပူပန်မှုဖြစ်ရတတ်သည်။ သိုက် အိမ်မှာ အခြားအိမ်များ၏ ဝန်ရှိခံထာ သော အလယ်အိမ်ဖြစ်၍ စီးပွားရေ အိမ်တွင်းရေးတွင် ဝိုင်းဝန်းထိုးနှက်ခြင် များခံရတတ်သည်။ သူတစ်ပါးကိစ္စဝင် ၍ အမှုအခင်းဖြစ်တတ်သည်။

**(၃) ကောဇာမဟာဘုတ်နှင့်ညှိနှိုင်းခြင်း**

| | | |
|---|---|---|
| | ၅ | |
| ၀ | ၃ | ၆ |
| ၄ | ၁ | ၂ |

**ကောဇာမဟာဘုတ်**

ကောဇာမဟာဘုတ်မှာ ၁၃၇



www.burmeseclassic.com

www.burmeseclassic.com

…စ်ကို တွက်ချက်ရပါမည်။ ဒသာစနေသည် အထွန်းအိမ်တွင် ရပ်တည်နေသည်။ အထွန်းအိမ်၏ သဘာဝမှာ ထင်ပေါ် စပ်စု၊ ကြွားဝါမှု ဖြစ်သည်။ စနေဂြိုဟ်၏ ပရိယာယ်များမှာ ထင်ပေါ်၊ လောဘ၊ အမှု၊ ထီ၊ ထောင်၊ လူမျိုးခြား စသည်တို့ ဖြစ်သည်။ သို့ပါ၍ အလုပ်ကိစ္စများကို 'ဝ' မရှိဘဲ 'ဝိ' မလုပ်ပါနှင့်။ လောဘတကြီးမလုပ်ပါနှင့်။ ရိုးရိုးသားသား လုပ်ကိုင်ပါ။ လူမျိုးခြား မ,စတတ်သည်။ ထီပေါက်တတ်သည်။ အခြားသူများ၏ကိစ္စကို မစပ်စုပါနှင့်။ ပြဿနာဖြစ်တတ်ပါသည်။

**(၄) သက်ရောက် (သက္ကတ်) ဂြိုဟ်ကို အင်္ဂဝိဇ္ဇာတိုင်ထူ၍ ညှိနှိုင်းခြင်း**

၃
၀
၄
―
၆
၂
၅
၁

သက်ရောက်ဂြိုဟ် သောကြာကို အင်္ဂဝိဇ္ဇာတိုင်ထူပါ။

ဒသာစနေမှာ သက်ရောက် သောကြာဂြိုဟ် အင်္ဂဝိဇ္ဇာတိုင်တွင် အညွန့်ဟုခေါ်သော စီးပွားနေရာရှိနေပါသည်။ သို့ပါ၍ ထီပေါက်တတ်သည်။ လူမျိုးခြား မ,စမည်။ စီးပွားရေးကိစ္စများတွင် နာမည်ကောင်းမည်။ စီးပွားရေးကိစ္စများကို ရိုးရိုးသားသား ကြံစည်လုပ်ကိုင်ပါက အောင်မြင်မည် ဖြစ်သည်။ သက်ရောက်ဂြိုဟ် သောကြာဂြိုဟ်နှင့် ဒသာဂြိုဟ် စနေမှာ သုတအပြင်ရန်ဖြစ်နေ၍ စီးပွားရေးတွင် အတိုက်အခိုက်များမည်။

**(၅) ဂြိုဟ်စား (ဂြိုဟ်အိပ်ကြီး) ခွင်နှင့် ညှိနှိုင်းခြင်း**

ဦးမြသည် အသက် (၆၇) နှစ်တွင် တနင်္လာဂြိုဟ်အိပ်ကြီးဖြစ်နေပါသည်။

တနင်္လာဂြိုဟ်၏ ပရိယာယ်များမှ မိခင်၊ အများနှင့်ဆိုင်သော (ပရ) ငွေ၊ အကြွား၊ မင်္ဂလာ၊ ခြေနှစ်ချောင်း၊ အချစ်ရေးနှင့် တနင်္လာနံပစ္စည်းများ ဖြစ်သည်။ တနင်္လာအိမ်သည် လောကခံရှစ်ပါးခွင် အရ လာဘအိမ်လည်း ဖြစ်သည်။

ဒသာ စနေဂြိုဟ်နှင့် တနင်္လာသည် မိတ်၊ ရန်မဟုတ် ဥဒါသိန် ဖြစ်သည်။ သို့ပါ၍ ဒသာစနေမှ များစွာ ဆိုးကျိုးပေးမည် မဟုတ်ပါ။ တနင်္လာဂြိုဟ်၏ ကောင်းကျိုးများဖြစ်သော အိမ်ထောင်မရှိသူများမှာ အချစ်ရေးအောင်မြင်မည်။ မင်္ဂလာကိစ္စများ ပြုလုပ်ရမည်။ အကြီးအကဲမ,စမည်။ မိခင်ဘက်မှအမွေရနိုင်သည်။ သူတစ်ပါးငွေလက်မခံပါနှင့်။ ပျောက်ဆုံး၍ ပေးလျော်ရတတ်သည်။ ကြွားဝါမှုမပြုလုပ်ပါနှင့်။ ခြေနှစ်ချောင်းဝင်ကိန်းရှိသည်။ ငွေဝင်ကိန်းရှိသည်။

**(၆) မွေးနံကို အင်္ဂဝိဇ္ဇာတိုင်ထူ၍ ညှိနှိုင်းခြင်း**

၂
၆
၃
―
၅
―
၁
၄
၀

ဦးမြ၏ မွေးနံကြာသပတေးကို အင်္ဂဝိဇ္ဇာတိုင်ထူပါ။ ဒသာစနေဂြိုဟ်သည် မွေးနံအင်္ဂဝိဇ္ဇာတိုင်တွင် တြိရန်းခေါ် (ထွက်) တွင် ရှိနေသည့်အတွက် စနေဂြိုဟ်၏ သဘာဝအတိုင်းထင်ပေါ်မှုရရန် ဥစ္စာပစ္စည်းရရန် လောဘတက်၍ ငါးပွက်ရာ ငါးစာချလုပ်ငန်းတိုင်းကို စပ်စပ်စုစု ပါဝင်လုပ်ကိုင်သောကြောင့် နာမည်ကျဆင်းခြင်း၊ လုပ်ငန်းတိုင်း မအောင်မြင်ဘဲ အပြီးမသတ်ရှိတတ်သည်။

**(၇) လောကခံရှစ်ပါးခွင်နှင့်ညှိနှိုင်းခြင်း**

| | | |
|---|---|---|
| ပသံတာ | လာဘော | အယသော |
| သုခံ | | ဒုက္ခံ |
| ယသော | အလဘော | နိန္ဒာ |

လောကခံရှစ်ပါးခွင်တွင် ဦးမြ၏ သက်ရောက် (သက္ကတ်) သောကြာဂြိုဟ်သည် (သုခံ) အိမ်တွင် ရှိ၏။ ဂြိုဟ်စား (ဂြိုဟ်အိမ်ကြီး) သည် လာဘောအိမ်တွင် ရှိပါသည်။ ဒသာဂြိုဟ် စနေမှာ သူ၏မူလ (နိန္ဒာ) အိမ်ကိုယူ၍ ညှိနှိုင်းရပါမည်။ သောကြာဂြိုဟ် သက်ရောက်နေသော (သုခံ) အိမ်၏ အကျိုးများမှာ ချမ်းသာမှုအမျိုးမျိုး ကြုံတွေ့ရခြင်း၊ ရာထူးတိုးတက်ခြင်း၊ ပြည်တွင်း၊ ပြည်ပ ရပ်ဝေးခရီးများသွားရခြင်း၊ ကွဲကွာနေသော မိတ်ဆွေများနှင့် ပြန်လည်ဆုံတွေ့ရခြင်း၊ ဆုံးရှုံးပြီဟုထင်ထားသော ငွေများ ပြန်လည်ရရှိခြင်း စသည်တို့ မြင်ပါသည်။

ဦးမြ၏ဂြိုဟ်အိမ်နေသော (လာဘော) တနင်္လာဂြိုဟ်အိမ်၏ အကျိုးများမှာ လာဘ်လာဘပေါများခြင်း၊ ငွေကြေးများရခြင်း၊ စည်းစိမ်ဥစ္စာတိုးတက်ခြင်း၊ ထီပေါက်ခြင်း၊ အမွေအနှစ်ရရှိခြင်း၊ ဝင်ငွေတိုးပွားခြင်း၊ ငွေ၊ ကား စသည်တို့မှ အကျိုးအမြတ်ရရှိခြင်းတို့ မြင်ပါသည်။

ဒသာစားနေသော စနေဂြိုဟ် (နိန္ဒာ)၏အကျိုးမှာ ဂုဏ်သိက္ခာကျဆင်းခြင်း၊ ဘေးဆိုးဒုက္ခများ ကြုံတွေ့ခြင်း၊ အမျိုးသမီးများ အရှက်ကွဲတတ်ခြင်း၊ ကိုယ်ဝန်ပျက်ကျတတ်ခြင်း၊ အမျိုးသားများ အချုပ်အနှောင်ထောင်တန်းကျတတ်ခြင်း၊ ခန္ဓာကိုယ်၌ ထိခိုက်မှုများကြုံတွေ့ရတတ်ခြင်း၊ မီးလောင်ခြင်း၊ ဓာတ်လိုက်ခြင်း၊ စီးပွားဥစ္စာပျက်ပြုန်းခြင်း စသည်တို့ ဖြစ်ပါသည်။

သက်ရောက် (သက္ကတ်) ဂြိုဟ်သည် (သုခံ) ချမ်းသာခြင်းကိုပေးသော အိမ်တွင်ရှိ၍ ကောင်းကျိုးများကို ပေးသည်။

ဂြိုဟ်စား (ဂြိုဟ်အိမ်) ကြီးသည်လည်း (လာဘော) လာဘ်ကိုရရှိသော တနင်္လာဂြိုဟ်တွင်ရှိ၍ ငွေကြေးမနေရရှိခြင်းကို ပေးသည်။

ဒသာစားနေသော စနေဂြိုဟ်သည် သူပိုင်အိမ် (နိန္ဒာ) အကဲ့ရဲ့ခံရသော (ဝါ) ပြစ်တင်ရှုတ်ချအနှိမ်ခံရသောသဘောရှိ၍ မကောင်းကျိုးများကို သာပေးမည် ဖြစ်ပါသည်။

ဒသာစားနေသော စနေဂြိုဟ်နှင့် သက်ရောက်သောကြာဂြိုဟ်သည် သုတအပြင်ရန် ဖြစ်နေသည်။ စနေသည် မီးသဘောဖြစ်၍ သောကြာသည် ရေဖြစ်သောကြောင့် ဂြိုဟ် (၂) လုံးတို့မှာ ဆန့်ကျင်ဘက်ဖြစ်နေကြသည်။

ဤကဲ့သို့ အကောင်း၊အဆိုးအားပြိုင်နေရာတွင် အကောင်းဘက်မှ အားသာရန် ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေဖြင့် ဘာသာရေးရှုထောင့်မှ တင်ပြပါရစေ။

မယဒေဝလင်္ကာတွင်-

*'အခံပုညာ၊ ရှိကြသူမှာ၊ ဇာတာမူလ၊ ဇနမ္မ၌၊ ပါပဂြိုဟ်၊ စီးနင်းကြလည်း၊ ကိုယ်မှတစ်ပါး၊ ကျွန်နွားများနှင့်၊ ခြွေရံမှု*



www.burmeseclassic.com

www.burmeseclassic.com

*သာ၊ ပျက်စီးရာ၏၊ ကိုယ်မှာ ချမ်းမြေ့ဘေးမတွေ့ဘူး'*

ဟု ဆရာတော်မှ ရေးသားထားပါသည်။

'ကောင်းသော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ကို ကျင့်သုံး၍ ကုသိုလ်ကောင်းမှုရှိကြသူများမှာ မူလ ဇနမ ပွေးနက္ခတ်ကို မကောင်းသော ပါပဂြိုဟ်များ စီးနင်းသော်လည်း မိမိကို မထိခိုက်ဘဲ ကျွဲနွား၊ အခြွေအရံများကိုသာ ပျက်စီးစေရာ၏' ဟု ဖော်ပြထားပါသည်။

တစ်ဖန် မဃဒေဝလင်္ကာမှာပင်-

*'ယခေါင်ရှေးက၊ ပုညသမ္ဘာန်၊ ကုသိုလ်သန်၍၊ တောင်းကြန်ကောင်းစာ၊ ကောင်းဇာတာနှင့်၊ ပရမာယု ပိဏ္ဍာယုဖြင့်၊ အာယုဒါယ၊ ကျမ်းလာပြတိုင်း၊ တွက်ရအသက် သူ့ထက်ပိုမို ရှည်မည်ဆိုလည်း၊ ကုသိုလ်သမ္မာ၊ မကျင့်စွာဘဲ၊ နေကာမတ္တ၊ သပ္ပာယဟု၊ ကမ္မဘောဇန ဩသဓနှင့်၊ ဖြဟစာရီ၊ ပစ္စုသိဥပုသ်၊ ချို့တဲ့ယုတ်က အဟုတ်ဆိုတိုင်း၊ ရှည်ပလိုင်းတည်း၊ သက်ပိုင်းတိုရာ ဇာတာပါလည်း၊ သမ္မာပယောဂ၊ ကုသလဖြင့် ဒီဃအာယု၊ ပြိုင်တိုဖက်ဘက်ရှား၊ သက်ရှည်ပွား၍ ထင်ရှားချပီသာ၊ ကြီးကျယ်စွာလျက်၊ မီးတောက်လေကူ၊ ဟူ၏ပမာ တေဇာဘုန်းရောင် တိုးတက်ဖြောင်၏'*

ဟု ဆိုထားပါသည်။

အသက်အပိုင်းအရှည်၊ အတိုကို တွက်ချက်ရသော အာယုဒါယတွက်နည်းမှာ အသက်ရှည်မည်ဟု ဆိုသော်လည်း ကုသိုလ်ကောင်းမှုမပြုလုပ်ခြင်း၊ ရာသီနှင့် လျော်ညီစွာ မနေထိုင်ခြင်း၊ သင့်တင့်မျှတသော အစားအစာကို မစားခြင်း၊ သီလတရားများကို မစောင့်ထိန်းခြင်းအကြောင်း မူလဇာတာမှာ အသက်ရှည်မည်ဆိုသော ကံပါလာသော်လည်း အသက်တိုတတ်ပါသည်။ မူလဇာတာမှာ အသက်တိုမည်ဆိုသော်လည်း ကုသိုလ်ကောင်းမှု ပြုလုပ်ခြင်း (သမ္မာ= မှန်ကန်သော၊ ပယောဂ= ကိုယ်နှုတ်၊ စိတ်တို့ဖြင့် သမ္မာပြည့်စုံခြင်းကြောင့်) အသက်ရှည်နိုင်ပါသည်ဟု ဆိုထားပါသည်။

ဗေဒင်သည် ဂြိုဟ်များ၏ ကာယကံရှင်အပေါ် စီးနင်းနေသည်ကို တွက်ချက်၍ ကောင်းကျိုးပေးနိုင်သည်၊ ဆိုးကျိုးပေးနိုင်သည်ဟုသာ ဟောပြခြင်းဖြစ်ပါသည်။ ဖြစ်ကိုဖြစ်ရမည်ဟု မပြောနိုင်ပါ။ သို့ပါ၍ မိမိ၏ ကံ၊ ဉာဏ်၊ ဝီရိယကို စိုက်ထုတ်ပြီး မကောင်းကျိုးများ



ပပျောက်၍ ကောင်းကျိုးများ ဖြစ်ပေါ်နိုင်ရန် ကြိုးစားခွင့်ရှိပါသည်။ ကြိုးစား၍လည်း ရပါသည်။

ကျွန်ုပ်တို့သည် ကာမာဝစရကံက ပေး၍ ပဋိသန္ဓေတည်နေပြီး လူဖြစ်လာကြရပါသည်။ တစ်စုံတစ်ခုသောအကျိုးကိုပေးရာ၌ ကံသည် ဝေးသော အကြောင်း၊ ဉာဏ်သည် အလယ် အကြောင်း၊ ဝီရိယသည် အနီးဆုံးသော အကြောင်းဟု သဘောထားပြီး ဗေဒင်ဟောပြသော ရှေးကံ၏အကျိုးကို အသိအလိမ္မာဉာဏ်ပညာဖြင့် မကောင်းကျိုးများ ပပျောက်၍ ကောင်းကျိုးများ ဖြစ်ပေါ်အောင် ကြိုးစားသင့်ကြပါသည်။

ဤ ကျွန်ုပ်၏ မဟာဘုတ်ဒသာဟောနည်းသည် ပညာလိုလားသူများအတွက် ကျွန်ုပ်အသုံးပြုနေသော ဟောကွက်များကို ဖော်ပြ၍ ဟောချက်များကို ဖော်ပြခြင်းဖြစ်သည့်အတွက် ဟောချက်များ ထပ်တလဲလဲပါနေသော်လည်းရှိပါမည်။ ဥပမာ ဟောကွက် (၃) ကောဇာမဟာဘုတ်နှင့် ညှိနှိုင်းခြင်းတွင် ထီပေါက်နိုင်သည်ဟုဟောချက်ပါသည်။ ဟောကွက် (၄) သက်ရောက်ဂြိုဟ်ကို အင်္ဂဝိဇ္ဇာတိုင်ထူ၍ ညှိနှိုင်းခြင်းတွင်လည်း ထီပေါက်နိုင်သည်ဟု ဟောချက်ပါသည်။ အမှန်တကယ် ဗေဒင်လာမေးသူအား ဟောချက်မေးရာ၌ ထီပေါက်နိုင်သည်ဟုသာ ပြောရမည်ဖြစ်ကြောင်းကိုလည်း အသိပေးပြောကြားလိုပါသည်။

မဟာဘုတ်ဒသာ ဟောပြောရာတွင် ဂြိုဟ် (၈) လုံး အကြောင်းနှင့် ပရိယာယ်များကိုလည်း သိထားရန် လိုအပ်ပါသည်။

၁။ ရာဟုဂြိုဟ်၊ သောကြာဂြိုဟ်၊ တနင်္ဂနွေဂြိုဟ်၊ တနင်္လာဂြိုဟ် (၄) လုံးသည် ဂြိုဟ်ကောင်းများ ဖြစ်ကြပါသည်။

၂။ အင်္ဂါဂြိုဟ်၊ ဗုဒ္ဓဟူးဂြိုဟ်၊ စနေဂြိုဟ်၊ ကြာသပတေးဂြိုဟ် (၄) လုံးသည် ဂြိုဟ်ဆိုးများ ဖြစ်ကြပါသည်။

၃။ ဂြိုဟ်ကောင်းများသည် ကောင်းကျိုးကိုသာပေး၍ အတွင်းမိတ်၊ အပြင်မိတ်ဖြစ်သော ဂြိုဟ်များဖြစ်ပါက ကောင်းအားပိုစေပါသည်။ အတွင်းရန်၊ အပြင်ရန်ဖြစ်ပါက ကောင်းကျိုးလျော့နည်းစေပါသည်။

၄။ ဂြိုဟ်ဆိုးများ ဒသာစားသောအခါ ဆိုးကျိုးကိုသာပေး၍ အတွင်းရန်၊ အပြင်ရန်ဂြိုဟ်များ ဖြစ်ပါက ဆိုးကျိုးကို ပိုမိုပေးပါသည်။ အတွင်းမိတ်၊ အပြင်မိတ်ဂြိုဟ်များ ဖြစ်ပါက ဆိုးကျိုးလျော့နည်းစေပါသည်။

၅။ ဇာတာရှင်၏ ဒသာဂြိုဟ်သည် မရဏအိမ်တွင်ရှိသော ဂြိုဟ်၊ ဘုမ္မိဂြိုဟ်၊ ဘုမ္မိလေးဂြိုဟ်၊ ဘုမ္မိနှစ်ထပ်ဂြိုဟ်၊ ဘုမ္မိကြီးဂြိုဟ်များ ဖြစ်နေပါက အကောင်းဖော်ပြချက်၊ ဟောပြချက်များသည် ပြောင်းပြန်ပြင်၍ ဆိုးကျိုးများသာ ဟောပြရပါမည်။ မူလဒသာဂြိုဟ်မှ အဆိုးဟောပြောချက် ဖြစ်နေပါက ဆိုးအား (၂) ထပ်ဖြစ်ပြီး အလွန်ဆိုးနိုင်ကြောင်း ဟောပြရပါမည်။

ကျွန်ုပ်၏ ဒသာဟောနည်းပညာ ဟောကွက်အတွင်းမှ ဟောချက်များသည် အကောင်းထပ်နေသည်လည်းရှိမည်။ အဆိုးထပ်နေသည်လည်းရှိမည်။ အကောင်း၊အဆိုး ဆန့်ကျင်ဘက်ဖြစ်နေသည်လည်း ရှိပါမည်။ ပညာလိုလားသူများအတွက် ဟောချက်များထုတ်ပြခြင်းဖြစ်၍ ရောထွေးနေခြင်း ဖြစ်ပါသည်။

အမှန်တကယ် ဟောချက်ထုတ်ရာ၌ အကောင်း၊အဆိုးများကို ညှိနှိုင်း၍ အကောင်းဘက်ကသာလျှင် အကောင်းပြောပြ၍ အဆိုးဘက်ကသာလျှင် အဆိုးပြောပြရပါမည်။

မရဏဂြိုဟ်၊ ဘုမ္မိဂြိုဟ်များနှင့် ဂြိုဟ်တစ်လုံးချင်းစီ ဒသာစားနေခြင်းအတွက် အကျိုး၊ အပြစ်များကို ဆက်လက် ရေးသားပါဦးမည်။

ဦးကြည်ဝင်း(ရွှေ...)ချောင်း



www.burmeseclassic.com

www.burmeseclassic.com

ရွှေစိုး


# ရာဟုဂြိုဟ်မင်းနှင့်မိတ်ဖွဲ့ခြင်း




ရွှေစိုး ဗေဒင်လုံးဝမတတ်ပါ။ သို့သော် ရာဟု ဆိုသော ဝေါဟာရကိုမူ ငယ်စဉ်ကတည်းက ကြားဖူးနားယဉ်ခဲ့ရပါသည်။ အဘယ်ကြောင့်ဆိုသော် ရွှေစိုး၏ ကြီးတော်ကြီးထံမှ မကြာခဏကြားနေရသောကြောင့် ဖြစ်၏။ ကြီးတော်ကြီးက ပုံပြောကောင်းသည်။ ဗုဒ္ဓဝင်ကို ရွှေမန်းတင်မောင်ဇာတ်ထဲကအတိုင်းပင် အဆို၊ အပြောများဖြင့် ဝေဝေဆာဆာ ပြောတတ်သည်။ ထို့ကြောင့် ရွှေစိုး၏ အာရုံထဲတွင် မင်းသား၊ မင်းသမီးများ ထထကြွကြွကပြနေသကဲ့သို့ ထင်ယောင်မြင်ယောင်လေ့ရှိခဲ့၏။ အလောင်းတော် မင်းသား လေးတော်တင်ခန်းကိုပြောပြီဆိုလျှင် ကြီးတော်ကြီးက အပိုင်ဆုံးဖြစ်၏။ ဇာတ်ဆရာကြီး မင်းသားကြီး ရွှေမန်းဦးတင်မောင်၏ အဆိုလေးတွေ၊ အပြောလေးတွေကိုပင် တစ်စွန်းတစ်စထည့်၍ ဆိုတတ်ပြောတတ်သဖြင့် ရွှေစိုး၏မိခင်နှင့် အိမ်နီးနားချင်းများပင် နားစွင့်နေလေ့ရှိတတ်၏။

သိဒ္ဓတ္ထမင်းသား တောထွက်ခန်းတွင် ရာဟုလာ ပါလာသည်။ ထိုအခါ ကြီးတော်ကြီးက ရာဟုအကြောင်းကို ကရားရေလွှတ်ပြောပြတတ်၏။ ကလေးသူငယ်အရွယ်မျှသာရှိသေးသည့် သူ၏ တစ်ဦးတည်းသော ပရိသတ်ဖြစ်သော ရွှေစိုးကိုပင်မေ့နေသည်ဟုထင်ရလောက်၏။ ရွှေစိုးမှာကား ကြီးတော်ကြီး၏ အဆိုကောင်းခြင်း၊ အပြောကောင်းခြင်းထက် အိပ်ပျော်လွယ်ခြင်းကိုသာသိ၏။

ထို့ပြင်ရှိသေး၏။ ကြီးတော်ကြီးက ဇကာဘုန်းကြီးတပည့်ရင်း ဖြစ်၏။ ဇကာဘုန်းကြီးက ဗေဒင်တတ်သည်။ ဆွမ်းရှင်ကွမ်းရှင်များအား လောကီအခက်အခဲများကြောင့် နားပူနားဆာလုပ်လာလျှင် အတန်တန်အခါခါ ငြင်းတတ်သော်လည်း နောက်ဆုံး၌ အလိမ်အညာသမားများနှင့်မတွေ့စေရန် နည်းနည်းပါးပါးဟောပြောပြီး ယတြာလေးများပေးတတ်၏။ သို့သော် ဇကာဘုန်းကြီးသည် ဗေဒင်အရာ၌ နည်းနည်းဟောသော်လည်း များများမှန်တတ်လေ၏။ ကြီးတော်ကြီးက ဇကာဘုန်းကြီး၏ ရေရွတ်တွက်ချက်မှုကို စိတ်မှတ်ဖြင့် အလွတ်တက်ထား၏။ ထို့ကြောင့် ကြီးတော်ကြီးသည် ဗေဒင်ကိုလည်း မတတ်သူများထက်စာလျှင် ပို၍ သိသူဟု ဆိုနိုင်၏။ အိမ်နီးနားချင်းအချို့က ကြီးတော်ကြီးဧည့်ခံသော လက်ဖက်သုပ်ကို လာစားရင်း ဗေဒင်မေးတတ်ကြ၏။ ထိုအခါ ကြီးတော်ကြီးက ရာဟုဂြိုဟ်ကို အလွန်ကြောက်စရာကောင်းသော ဂြိုဟ်တစ်ခုအဖြစ် အမြဲဟောတတ်လေ၏။ ကြီးတော်ကြီးထံ ဗေဒင်လာမေးသူများကား ကြီးတော်ကြီး အဟောကောင်း၍ပင်လော၊ လက်ဖက်သုပ်ကပင် ကောင်း၍လော မသိ။ လက်ဖက်တစ်ဇလုံကုန်မှ ထပြန်လေ့ရှိကြ၏။ ရွှေစိုးကလည်း ကြီးတော်ကြီး ဧည့်ခံထားသော [illegible]






www.burmeseclassic.com

www.burmeseclassic.com







ဖက်ဇလုံထဲမှ ပုစွန်ခြောက်လေးများကို ရွေးစားရင်း ရာဟု ဟူသော ဝေါဟာရကို အလွတ်ရခဲ့၏။

ယခု ကြီးတော်ကြီး၏အသက်မှာ (၈၀) ကျော် (၉၀) ထဲဝင်နေပြီဖြစ်သော်လည်း ယခုချိန်ထိ ရာဟုဂြိုဟ်ကိုယတြာချေနေတုန်း ဖြစ်၏။ ထို့ကြောင့် အသက်ရှည်ခြင်းဖြစ်သည်ဟုလည်း ဆိုသေး၏။

ရွှေစိုး အသက်လေးရသောအခါ အပေါင်းအသင်းစုံလာသည်။ ဗေဒင်ဆရာများလည်း ရွှေစိုး၏ အပေါင်းအသင်းများထဲတွင်ပါသည်။ ဗေဒသုခမ ဦးမြင့်သွင်၊ ဗေဒင်မဟောသော်လည်း နက္ခတ်အကြောင်း နားလည်သည့် ကွယ်လွန်သူဆရာကြီး မှတ်ကျောက်တို့သည် ရွှေစိုး၏ အရင်းနှီးဆုံးနှင့် ရွှေစိုးကို စာပေပညာမျှဝေကြသည့်ဆရာကြီးများဖြစ်ကြ၏။ ထို့ကြောင့် မိတ်ဆွေများထံမှလည်း ရာဟုကို ကြားခဲ့ရပြန်၏။

ဤသို့ဖြင့် ရွှေစိုးသည် ရာဟုဂြိုဟ်ကို အနည်းငယ် သတိထားမိလာ၏။ သို့သော် ရာဟုကို ဂြိုဟ်ဆိုး ဟူသော သဘောထက် ဘာတစ်ဆင့်မှပို၍ ... သည်မှာ ယနေ့တိုင် ဖြစ်၏။

တစ်လောကမှ ကြီးတော်ကြီး... ရွှေစိုးအသက် ရာဟုထဲက အထွက်... ဆိုပြီး ကျိုက္ကစံစေတီတော်တွင် ... ယတြာသွားချေကြောင်း ရွှေစိုး၏... ဖုန်းထဲမှပြော၍ ရာဟုဂြိုဟ်ကို ပြန်သ... ပြုမိပြီး သိချင်သလိုလိုဖြစ်လာ၏။ ... သော် တိုင်းတစ်ပါးဖြစ်နေ၍ မေးရ... ရမည့်သူမရှိဖြစ်နေပြန်၏။ တိုက်... ဆိုင်ဆိုင်ပင် တစ်နေ့တွင် ရွှေစိုး၏... ဆွေတစ်ယောက်က သူတို့၏ထိုင်း... ယုံကြည်မှုအရ ရာဟုဂြိုဟ်မင်း ... ကန်တော့ပွဲကို ဗဟုသုတအဖြစ် ... ကြည့်ရန်ဖိတ်သဖြင့် ရွှေစိုးမှာ ဝမ်း... အားရဖြင့် ကိုယ်တိုင် ပါဝင်ပူဇော်... တော့လိုကြောင်းပြောပြီး ကုန်ကျ... ကို လှူဒါန်းလိုက်၏။ ပူဇော်မည့်နေ့... သူတို့နှင့်အတူ လိုက်သွားခဲ့လေသ...

ရွှေစိုးတို့ဦးတည်ရာကား - ...

ရွှေစိုး လူတော သူတော... လာသောအရွယ်တွင် ဘုမ... 




www.burmeseclassic.com

www.burmeseclassic.com













စေတီတော်များရှိ ဂြိုဟ်တိုင်များတွင် ရေလောင်းဖူးပါသည်။ အမေ့ကိုယ်စား၊ အဖေ့ကိုယ်စား၊ ချစ်သူကိုယ်စား၊ သူငယ်ချင်းများကိုယ်စားများနှင့် ကိုယ့်အတွက် ရည်ရွယ်ခြင်း အပါအဝင် ဂြိုဟ်တိုင်စေ့အောင် ရေလောင်းဖူးပါသည်။ ဂြိုဟ်တိုင်ရှစ်တိုင် စုံအောင်စေ့အောင် ရေလောင်းဖူးပါသည်။ ထိုဂြိုဟ်ကြီးရှစ်လုံးထဲတွင် မည်သည့်ဂြိုဟ်ကို ဦးတည်ရည်စူး၍လောင်းသည်ဖြစ်စေ ရာဟုဂြိုဟ်တိုင်ကိုမူ အဆစ်အဖြစ်ဖြင့် လောင်းဖြစ်အောင်လောင်းလေ့ရှိသည်။ အရပ်စကားဖြင့်ဆိုရလျှင် လူမိုက်ကိုတည့်အောင်ပေါင်းခြင်း ဖြစ်၏။ ပွင့်ပွင့်လင်းလင်းဆိုရလျှင် ရာဟုဂြိုဟ်မင်းကိုဖားခြင်းပင်ဖြစ်၏။ စင်စစ်အားဖြင့် ကိုယ်တိုင်က စိတ်ဝင်စားမှုမရှိဘဲ အများနှင့်အလိုက် ရောခြင်းယောင်ခြင်းမျှသာ ဖြစ်၏။

သို့သော် ယခုသက်လတ်ပိုင်းရွယ်အချိန် တိုင်းတစ်ပါးတွင် လူမျိုးခြားတို့နှင့်အတူ ရာဟုဂြိုဟ်မင်းနှင့်တွေ့လေ့ရသောအခါတွင်မူ ရောခြင်းယောင်ခြင်းတို့ကိုကျော်ပြီး စိတ်ဝင်စားမှု၊ ထုံးတမ်းစဉ်လာနှင့် ယုံကြည်မှုတို့အပေါ်၌လေးစားမှုစသည့် သာမန်ထက် နည်းနည်းပို၍မြင့်သည့်စိတ်ဖြစ်လာခဲ့ပေသည်။ ထို့ကြောင့် လက်လှမ်းမှီသမျှ စပ်စုမိလေတော့သည်။


**ဟိန္ဒူကျမ်းလာရာဟု**

ဟိန္ဒူကျမ်းမျှက ရာဟုကို မြွေဖြင့်သရုပ်ပြတင်စား၏။ ထိုနတ်မြွေကြီးက နေနှင့်လတို့ကို တစ်လှည့်စီမျိုသဖြင့် နေကြတ်ခြင်း၊ လကြတ်ခြင်းတို့ ဖြစ်သည်ဟုဆို၏။ ပန်းချီသရုပ်အားဖြင့် ခန္ဓာကလူကိုယ်ခန္ဓာ၊ ဦးခေါင်းပိုင်းက နဂါးပုံဖော်ထားသော နတ်တစ်ပါးက အနက်ရောင်မြင်းရှစ်ကောင်က,သော စစ်ရထားကြီးကို မောင်းနှင်နေပုံဖြင့် သရုပ်ဖော်ကြလေ့ရှိ၏။ ရှေးစိုးတို့ မြန်မာများကမူ ရာဟုကို ဟိုင်းဆင်ဖြင့် သရုပ်ဖော်ကိုယ်စားပြု၏။ ရာဟုကာလအတွင်း ပင်ကိုအားဖြင့် ဆိုးကျိုးများကို ကြမ်းကြမ်းရမ်းရမ်းဖြစ်ပေါ်စေတတ်ခြင်းကား ဟိန္ဒူနှင့် မြန်မာတို့အယူအဆချင်းတူနေကြ၏။ ဟိန္ဒူတို့၏ ရာဟုဇာတ်လမ်းတွင် ရာဟုနတ်မင်းဟူ၍ မဖြစ်သေးမီက ရှိုးရိုးအသူရာနတ်တစ်ပါး ဖြစ်၏။ တစ်နေ့တွင် နတ်လောက၌ အမတနတ်ဆေးရည်ခေါ် မသေဆေးရည်ကို နတ်တို့၏အလယ်တွင် သိဒ္ဓိတင်နေစဉ် ထိုအသူရာနတ်က အခြားနတ်များထက် အလျင်



www.burmeseclassic.com

www.burmeseclassic.com







အကုန်သောက်ပစ်လိုက်ရာ မဟာဗိသဿနိုးနတ်မင်းကြီး၏ မောင်းမတစ်ပါးဖြစ်သော မောဟိနီဒေဝီက ကမန်းကတန်းဖြင့် ထိုအသူရာနတ်၏လည်ပင်းကိုဖြတ်လိုက်လေသည်။ မောဟိနီဒေဝီ၏လက်ချက်ကြောင့် ထိုအသူရာနတ်မှာ ခေါင်းတခြားကိုယ်တခြားဖြစ်သွားသော်လည်း အမတနတ်ဆေးက ပါးစပ်ထဲတွင်ငုံလျက်သားပါသွားလေပြီဖြစ်၍ ထိုဦးခေါင်းပြတ်ကြီးမှာ အသက်ရှင်လျက်သာရှိသည့်အပြင် နတ်ဆေးအာနိသင်ကြောင့် ပို၍ပင် တန်ခိုးထက်မြက်ကာ နေ၊ လတို့ကိုပင် ငုံနိုင်၊ ခဲနိုင်စွမ်းရှိလာလေသည်။ ဤသည်မှစ၍ ရာဟုနတ်မင်း ဟူ၍ ထင်ရှားလာနေသည်ဟု ဆို၏။

ရာမယနကျမ်းတွင်လည်း ရာဟုအပါအဝင် ဂြိုဟ်မင်းကြီး (၉) ပါး အကြောင်းကို တစွန်းတစဖော်ပြထားကြောင်းသိရ၏။ ရာမယနစစ်ပွဲတွင် ရာဝဏကဂြိုဟ်မင်းကြီး (၉) ပါးကို ရာမမင်းအား စစ်ကူမပေးနိုင်ရန် ဖမ်းဆီးထား၏။ ထိုအဖမ်းခံထားရသော ဂြိုဟ်မင်းကြီး (၉) ပါးကို ဟာနုမန်မျောက်မင်းက ကယ်တင်လိုက်၏။ ထိုဂြိုဟ်မင်းကြီး (၉)ပါးတို့ကလည်း သူတို့ကို အနှောင်အဖွဲ့မှ လွတ်မြောက်အောင် ကယ်တင်ပေးသော ဟာနုမန်မျောက်မင်းကို သစ္စာခံကြ၏။ ထို့ကြောင့် ဟာနုမန်မျောက်မင်းကို ပူဇော်ကြသူတို့အား ထိုဂြိုဟ်မင်းကြီး (၉) ပါးက ကောင်းမွန်သောဆုများဖြင့် ပြန်၍ ချီးမြှင့်ကြသည်။ ဆိုးကျိုးများ သော ကြမ်းကြမ်းရမ်းရမ်းဖန်တီးပေးတတ် သော ရာဟုနတ်မင်းပင်လျှင် ဟာနုမ ကို ကိုးကွယ်ပူဇော်ကြသူများကို ဆိုးကျိုး မပေးဟု ဟိန္ဒူတို့က ယုံကြည်ကြ ထို့ကြောင့် ဟိန္ဒူဘာသာဝင်တို့သည် ဟာနုမန်နတ်ဘုရားကျောင်းများ တည် ဆောက်ပြီး ဟာနုမန်မျောက်မင်း နတ်ဘုရားတစ်ပါးအနေဖြင့် ကိုးကွယ် ပူဇော်လေ့ရှိကြ၏။ အခြားသောမှု များလည်း ရှိနိုင်ပေသည်။

**ယိုးဒယားတို့၏ ရာဟုနတ်ပူဇော်ပသည**

ယိုးဒယားနိုင်ငံတွင် ဟိန္ဒူအယူ အဆအချို့သည် ဓလေ့ထုံးစံအဖြစ် အသွင်ပြောင်းရောက်ရှိနေသည်မှာ ကြာ လှပြီ ဖြစ်၏။ ဓလေ့ထုံးစံကို စော ရှောက်ထိန်းသိမ်းခြင်းမှုအရရော လွ လယ်စွာ ယုံကြည်ကိုးကွယ်မှုမှုအရ ရာဟုနတ် ယုံကြည်ကိုးကွယ်မှုသည် ဟိန္ဒူအယူဝါဒမှ ဆက်နွယ်ဆင်းသ လာသည်ဖြစ်လင့်ကစား ဗုဒ္ဓဘာ ကိုးကွယ်ယုံကြည်မှုနှင့် ရောယှက် လက်ခံနိုင်ကြ၏။ ဗုဒ္ဓဘာသာကျော




www.burmeseclassic.com

www.burmeseclassic.com

တော်စေတီတော်တစ်ဆူတွင်ပင် ရာဟုကျောင်းဟူ၍ လည်းကောင်း၊ ရာဟုစေတီဟူ၍ လည်းကောင်း တစ်ကျောင်းတစ်ဆောင်ဖြင့် ခမ်းခမ်းနားနားကိုးကွယ်ကြ၏။

ယိုးဒယားနိုင်ငံတွင် ဟိန္ဒူအယူအဆနှင့် အဆင်းအနံ့တို့ သင်းပျံ့နေသော ယုံကြည်ကိုးကွယ်မှုများ ထင်ရှားစွာရှိနေသေးသည့်အလျောက် ဟိန္ဒူအယူဝါဒမှ ဆင်းသက်လာသော ရာဟုဂြိုဟ်မင်းကြီး၏ စိုးမိုးမှုအရှိန်အဝါကလည်း ထိန်ထိန်ညီးညီးရှိနေ၏။ တောင်ယာလယ်လုပ်လက်လုပ်လက်စားများမှသည် လောကီ၌ ရာထူးဌာနန္တရအကြီးဆုံးအဆင့်ရှိသူ အချို့အထိ ရာဟုဂြိုဟ်မင်းကြီး၏ အရှိန်အဝါကိုလန့်ကြသဖြင့် ရာဟုဂြိုဟ်မင်းကြီးနှင့်တည့်အောင်ပေါင်းကြသည်ကို ရွှေစိုးကိုယ်တိုင် တွေ့မြင်ရ၏။ ထိုအုပ်ထဲတွင် ရွှေစိုးသည်လည်း ရောရောယောင်ယောင်ဖြင့်ပါခဲ့သေး၏။

ယိုးဒယားတို့၏ ရာဟုနတ်မင်းကြီးသည် ဘီလူးဖြစ်၏။ ဟိန္ဒူတို့၏ ကျမ်းစဉ်လာအဆိုအရ ခန္ဓာမဲ့သော ဦးခေါင်းကြီးဖြစ်နေ၏။ သို့သော်လည်း ယိုးဒယားရာဟုနတ်ဘီလူးခေါင်းကြီးသည် ဟိန္ဒူနတ်ဘီလူးကြီးကဲ့သို့ နှုတ်ခမ်းမွေးကားကား၊ မုတ်ဆိတ်မွေးဖားလျားမဟုတ်ဘဲ ယိုးဒယားရာမယနဇာတ်တော်ထဲက ဘီလူးသဏ္ဌာန်မျိုး ဖြစ်၏။ ဟိန္ဒူက ဟိန္ဒူအမြင်ဖြင့် သရုပ်ဖော်သလို ယိုးဒယားကလည်း ယိုးဒယားအမြင်ဖြင့် အသွင်ဖော်လိုက်ခြင်း ဖြစ်ဟန်တူ၏။ သို့သော်လည်း ရာဟုနတ်ဘီလူးကြီး နှစ်သက်လေ့ရှိသော အခြေခံအချို့ကတော့ တူ၏။ ယိုးဒယားရာဟုနတ်ဘီလူးကြီးသည် အဆင်းအားဖြင့် အမှောင်၊ အရောင်အားဖြင့် အနက်ကို နှစ်သက်၏။ သူ၏ ဦးခေါင်းကြီးကိုပင် အနက်ရောင်ဆေးများဖြင့် ကြောက်စရာကောင်းသထက်ကောင်းအောင် ခြယ်သထား၏။ ရာဟုဂဏန်းကို (၈) ဟု သတ်မှတ်ကြသဖြင့် ရာဟုနတ်ဘီလူးကြီးကို လှူဒါန်းရာတွင်လည်း (၈) ဂဏန်းကို အဖြစ်နိုင်ဆုံး အလေးထားကာ လှူဒါန်းကြ၏။ ဥပမာအားဖြင့် အလင်းတိုင် (ဖယောင်းတိုင်) ရှစ်တိုင်၊ နံ့သာတိုင် (အမွှေးတိုင်) ဆိုလျှင်လည်း (၈) တိုင်၊ ရေချမ်းခွက်ဆိုလျှင်လည်း (၈) ခွက်၊ ပန်းပွင့်ဆိုလျှင်လည်း (၈) ပွင့် စသည်ဖြင့် ဖြစ်၏။ ယိုးဒယားရာဟုနတ်ဘီလူးကြီးသည် အနက်ရောင်ကို ကြိုက်နှစ်သက်









သဖြင့် အလှူပြုသောဝတ္ထုပစ္စည်းများကိုလည်း အနက်ရောင်ဖြစ်နိုင်သမျှဖြစ်အောင် ရှာဖွေကြံဆောင်လှူဒါန်းကြ၏။ ဥပမာ ကောက်ညှင်းငချိပ်ပေါင်း၊ စပျစ်သစ်အနက်၊ အလင်းတိုင်အနက်၊ နံ့သာတိုင်အနက်၊ မုန့်ကျွဲသည်းအနက်၊ ကော်ဖီကြမ်း၊ ဆီဖျော်ရည်၊ ထန်းလျက်၊ ဗေဒါပန်း စသည်တို့ကို အဓိကထား၍ လှူဒါန်းတတ်၏။ ရွှေစိုးတို့မြန်မာပြည်ဝယ် ဖယောင်းတိုင်အနက် ရှားလိမ့်မည်ဖြစ်သော်လည်း ယိုးဒယားနိုင်ငံတွင်မူ ဖယောင်းတိုင်များ ရောင်စုံထုတ်လုပ်ရာ အနက်ရောင်သည်လည်း အပါအဝင်ဖြစ်၏။ ရာဟုနတ်မင်းကြီးအတွက်လည်းကောင်း၊ ယတြာအတွက်လည်းကောင်း၊ အစီအမံအတွက်လည်း အလွန်အသုံးဝင်သဖြင့် အရောင်းသွက်လှ၏။ တစ်ခါက ရွှေစိုးနှင့်ဝါသနာတူအပေါင်းအသင်းတစ်စုတို့ ယိုးဒယားပုံစံအတိုင်း ရန်ကုန်ရှိ ရွှေစိုးနေအိမ်တွင် ရာဟုပူဇော်ပွဲပြုလုပ်ဖူး၏။ထိုစဉ်က စကားစပ်မိ၍ ယိုးဒယားရာဟုအကြောင်း ရွှေစိုးကပြောပြမိရာ မိတ်ဆွေကြီး ကိုတက်ထွန်းက ချက်ချင်းပင် ပူဇော်လိုသည်ဆို၍ ကောက်ကာငင်ကာ ထလုပ်ကြခြင်းဖြစ်၏။ ထိုစဉ်က ကိုတက်ထွန်းသည် ရာဟုထဲဝင်နေသည်ဟုဆို၏။ ရွှေစိုးက ဗေဒင်တွေဘာတွေ တတ်၍မဟုတ်။ ယိုးဒယားရာဟုနတ်မင်း ပူဇော်ခြင်းဓလေ့ထုံးစံကိုသာ တီးခေါက်မိခြင်းမျှသာဖြစ်၏။ ရွှေစိုးက ဦးဆောင်သည်ဟု ဆိုမည်ဆိုက ဆိုနိုင်ပါသည်။

ရွှေစိုးက အစဉ်အလာနှင့် ဒေသ



www.burmeseclassic.com

www.burmeseclassic.com














ကာလကိုချင့်လျက် ထုံးစံလည်းမပျက်စေရအောင် အနက်ရောင်လျှို့ဝှယ်ရှစ်မျိုးကို ရှာဖွေစီစဉ်လိုက်၏။

ရွှေစိုး စီစဉ်လိုက်သော အနက်ရောင်လျှို့ဝှယ်ပစ္စည်း (၈) မျိုးကို ကြည့်ကြရအောင်ပါ။

၁။ ဖယောင်းတိုင်အနက် (၈) တိုင်
(ထိုစဉ်က ဖယောင်းတိုင်အနက်ရောင် ရှာမရနိုင်ပါ။ ထို့ကြောင့် အဖြူရောင်မဟုတ်သော ပျားဖယောင်းတိုင်အညိုရောင်ကြီးများကို သုံးခဲ့ရပါသည်။ ယခုအခါတွင်မူ ကုန်တိုက်အချို့တွင် ထိုင်းဒယားမှလုပ်သော ဖယောင်းတိုင်အနက်ရောင်စစ်စစ်များကိုတွေ့နေရပါသည်။)

၂။ ကောက်ညှင်းငချိပ်ပေါင်း (၈) ဆုပ်၊
၃။ စပျစ်သီးနက် (၈) ခက် (သင့်တော်သည့်အရွယ်)
၄။ ချောကလက် ညိုညိုမည်းမည်း (၈) တုံး (သင့်တော်သည့်အရွယ်)
၅။ နံ့သာတိုင်အနက်ရောင် (၈) တိုင်
၆။ ကော်ဖီကြမ်း နက်နက်မှောင်မှောင် (၈)ခွက်(အကြမ်းပန်းကန်လုံးလေးများ)
၇။ ကြံသကာညိုညိုမည်းမည်း (၈)တုံး (သင့်တော်သည့်အရွယ်)
၈။ ဂန္ဓမာပန်းခရမ်းရောင်ရင့်ရင့် (၈) ပွင့်။
၉။ ပူဇော်ရန်အချိန် ည (၈) နာရီ စသည်တို့ဖြင့် ဖြစ်အောင်လုပ်ခဲ့ရပါသည်။

ရာဟုဝင်တိုင်း အမွှေခံရပြီး ပြဿနာပေါင်းများစွာ ကြုံရစမြဲဖြစ်သည်ဟုဆိုသော ကိုတက်ထွန်းတစ်ယောက် ရွှေစိုး၏ ပူဇော်နည်းဖြင့် ထိုနှစ်ကဝင်သော ရာဟုကာလတွင် မည်သည့်ပြဿနာမျှမရှိဘဲ အေးချမ်းသာယာခဲ့ပါသည်ဟု ရာဟုမှလွတ်ပြီးတွင် ရွှေစိုးအားတယ်လီဖုန်းဖြင့် အကြောင်းကြားခဲ့ပါသည်။ ယိုးဒယားတို့၏နည်းတွင် မပါရှိဘဲ ရွှေစိုး၏ အတ္တနောမတိအလိုဖြင့် ပုဗ္ဗဏှသုတ်တော်ကို ရာဟုပူဇော်ပွဲလုပ်တိုင်း ရွတ်ရန်ဟူ၍ ဖြည့်စွက်ထည့်ပေးလိုက်ခြင်းကိုတော့ သတိပြုသင့်ပါသည်။ ပုဗ္ဗဏှသုတ်တော်၏ အာနုဘော်တော်ကြောင့် ရာဟုနတ်မင်းကြီးက ရန်မပြုဘဲ စောင့်ရှောက်ပေးခြင်း ဖြစ်လိမ့်မည်ဟု ရွှေစိုးထင်မိပါသည်။ ကိုတက်ထွန်းကတော့ ဗေဒင်ကိုသူကိုယ်တိုင်တတ်သိဖြစ်၍ ရာဟုအဝင် ဗုဒ္ဓဟူးည (၈) နာရီတိုင်း ရာဟုနတ်မင်းကြီးကို အနက်ရောင်ဝတ္ထုရှစ်မျိုးဖြင့် ပူဇော်ကန်တော့သည်။ ကန်တော့တိုင်းလည်း ပုဗ္ဗဏှသုတ်ကို စာအုပ်ကြည့်လျက် ရွတ်သည်ဟုဆို၏။ သူက ပင် ရွှေစိုးကို-

"မင်းတို့လည်း ယုံယုံကြည်ကြည် လုပ်ကွ။ တယ်ဟန်ကျတာပဲ။ ရာဟုန မင်းကြီးက မမစရင်တောင် ဆိုးတ တော့မပေးဘူးကွ။ ရာဟုနတ်မင်းကြီး မိတ်ဖွဲ့လိုက်တာမျိုးပေါ့ကွာ"

ဟု ပြောဖူးပါသည်။

အနှစ်ချုပ်ရလျှင် လူဖြစ်စေ၊ န ဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ တည့်အော ပေါင်း၊ မေတ္တာထား၊ မိတ်ဆွေ အောင်နေနိုင်လျှင် ထိုလူ၊ ထိုန ထိုတိရစ္ဆာန်တို့ မိမိကိုအန္တရာယ် သည်ကတော့ သေချာသည်။ ထို့ကြော ဗေဒင်ပညာကို ယုံကြည်လက်ခံသ ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ၊ ရာ နတ်မင်းကြီးရှိသည်ဖြစ်စေ၊ မရှိသည် စေ လျှို့ဝှယ်တို့ဖြင့် ဒါနပြုခြင်း၊ အ အလာရှိသော နတ်တို့အား ဒေဝ နတ်စာလှူဒါန်းခြင်း၊ ပုဗ္ဗဏှပရိတ်တော် ရွတ်ဖတ်ခြင်း၊ မေတ္တာပို့အမျှပေးဝေခြ ကိုကား လူဆိုး၊ နတ်ဆိုး၊ တိရစ္ဆာန်ဆိ တို့ကို မိတ်ဖွဲ့ခြင်းတစ်မျိုးဖြစ်သည်ဟု ကား ရွှေစိုး ဆိုချင်ပါသည်။


ထို့ကြောင့် လောကီအသိပည ရှင်၊ အတတ်ပညာရှင်တို့က ရွှေ အတွေ့အကြုံပေါ် သုံးသပ်ပြီး အများအကျိုးငှာ-တည်းဖြတ်ခြင်း၊ စွက်ခြင်း၊ ထောက်ပြခြင်းတို့ဖြင့် ပ ဒါနပြုညွှန်ပြပေးတော်မူကြပါကုန်



www.burmeseclassic.com

www.burmeseclassic.com

# အလွယ်လေ့လာ လက္ခဏာပညာ




ဂြိုဟ်ခုံပေါ်တွင် တွေ့ရတတ်သည့် အမှတ်သင်္ကေတများ

## ဂြိုဟ်ခုံများကိုဖတ်ကြားခြင်း (Reading the Mounts)

အတွေ့အကြုံ နုနယ်သေးသော လက္ခဏာပညာရှင်တို့အဖို့ ဂြိုဟ်ခုံများ၏ တည်နေရာနှင့်ပတ်သက်၍ အခက်အခဲ ရှိနေတတ်သည်။ လက်ဝါးပြင်ပါ ဂြိုဟ်ခုံများအား အဖောင်းအဖုပုံသဏ္ဌာန် အတိုင်း မရှာဖွေဘဲ လက်ဝါးပြင်ဧရိယာ တစ်ခုလုံးအား ဂြိုဟ်ခုံများနှင့်ဆိုင်သော ဇုန်အဖြစ် သတ်မှတ်ပေးရန် လိုအပ်သည်။ လက်မနှင့် လက်ချောင်းများ အောက်ခြေအဆုံးသတ် လက်ဝါးပြင် ပေါ်တွင် ဂြိုဟ်ခုံအသီးသီးက သက်ဆိုင်ရာနေရာအလိုက် တည်ရှိနေကြသည်။ ဂြိုဟ်ခုံများနှင့် ပတ်သက်သမျှ တိကျသောအဖြေများထုတ်ပေးနိုင်ရန် ဂြိုဟ်ခုံများနှင့် ပတ်သက်သမျှ တိကျသော အဖြေများစွာ မူတည်လျက်ရှိသည်။ လက္ခဏာဟောပြောသည့် အတွေ့အကြုံ ရင့်ကျက်လာသည်နှင့် ဂြိုဟ်ခုံများ၏ သဘောသဘာဝနှင့် အဓိပ္ပာယ်ဆိုလိုရင်းများကိုပါ ကျေညက်စွာ နားလည်လာမည် ဖြစ်သည်။

### ဒေါင်လိုက်မျဉ်းကြောင်းများ(Verticals)

လက်ဝါးပြင်ပေါ်ရှိ မည်သည့်နေရာတွင်မဆို ဒေါင်လိုက်မျဉ်းကြောင်းများကို တွေ့ရှိရပါက အသက်ရှင်ရပ်တည်နိုင်စွမ်းရှိခြင်း၊ သွက်လက်ချက်ချာခြင်း၊ စွမ်းရည်ကောင်းများရှိခြင်းကို ရည်ညွှန်းသည်။

### အလျားလိုက်ရှိသောမျဉ်းကြောင်းများ (Horizontals)

လက်ဝါးပြင်တွင် အလျားလိုက်ပုံစံမျဉ်းကြောင်းများရှိနေခြင်းသည် စိတ်ဖိစီးမှုများခြင်း၊ ကြိုးစားသမျှ အချည်းနှီးဖြစ်ခြင်း၊ ပြဿနာနှင့်ရင်ဆိုင်ရခြင်းတို့ကို ရည်ညွှန်းသည်။

၎င်းအပြင် အလျားလိုက်ရှိသော မျဉ်းကြောင်းများသည် သြဇာအာဏာကျဆင်းခြင်း၊ အကြံအစည်ပျက်ခြင်း သဘောများကို ကိုယ်စားပြုသည်။ အကယ်၍ အလျားလိုက်ရှိသော မျဉ်းကြောင်းများသည် အမှတ် (၆) ဂြိုဟ်ခုံ (သောကြာဂြိုဟ်ခုံ) ပေါ်တွင်ရှိနေပါက မိသားစုနှင့် မိတ်ဆွေအပေါင်းအသင်းတို့အကြား ဝင်ရောက် စွက်ဖက်တတ်သည့်သဘော (သို့) တားဆီးနှောင့်ယှက်တတ်သည့် အခြေအနေများကို ဖော်ပြသည်။

### ကြက်ခြေခတ်များ (crosses)

ကြက်ခြေခတ်များအား လက်ဝါးပြင်ပေါ်တွင် တွေ့ရှိပါက အမြဲတစေ မကောင်းသော နိမိတ်လက္ခဏာအဖြစ် သတ်မှတ်နိုင်သည်။ သို့သော်လည်း ကောင်းသော နိမိတ်လက္ခဏာအဖြစ် သတ်မှတ်နိုင်သည်။ သို့သော်လည်း ကောင်းသောနိမိတ်လက္ခဏာ ကိုယ်စားပြုသည့် ကြက်ခြေခတ်ပုံစံ (၃) မျိုးအား ခြွင်းချက်အဖြစ် တွေ့ရှိရသည်။

#### ကောင်းသော နိမိတ်လက္ခဏာဖြစ်စေသည့် ကြက်ခြေခတ် (၃) မျိုး

**(၁) ပျော်ရွှင်ချမ်းမြေ့သောအိမ်ထောင်ရေး ဖြစ်စေသည့် ကြက်ခြေခတ်**

လက်ညှိုး၏ အောက်ခြေတည့်တည့်၌တည်ရှိတတ်သည်။ စိတ်နေစိတ်ထားမြင့်မြတ်ခြင်း၊ အထုံပါရမီအားကောင်းခြင်း၊ မိဘနှင့်ဆွေမျိုးသားချင်းများအား ပြုစု၊ ကျွေးမွေး၊ ပျိုးထောင်ပေးခြင်းတို့ကို ရည်ညွှန်းသည်။ အကယ်၍ လက်ညှိုးအောက်ခြေတွင် ကြက်ခြေခတ်မရှိခဲ့ပါက ဆန့်ကျင်ဘက်အဓိပ္ပာယ်အား မရည်ညွှန်းပါ။

**(၂) ထူးခြားနက်နဲသည့် ဉာဏ်အမြင်ဖြစ်စေသော ကြက်ခြေခတ်**

ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းတို့အကြား လက်ခလယ်နှင့် လက်သူကြွယ်တို့ အောက်ခြေ၌ တည်ရှိသည်။

အဆိုပါ ကြက်ခြေခတ်သည် သဘာဝထက်ထူးကဲသည့် ဉာဏ်အမြင်ရှိခြင်း၊ အထုံပါရမီအားကောင်းခြင်း၊ သိပ္ပံပညာရပ်နယ်ပယ်၌ ထူးချွန်ခြင်းတို့ကို ကိုယ်စားပြုသည်။

**(၃) တိုက်ခိုက်တွန်းလှန်ခြင်းကို ဖြစ်စေသော ကြက်ခြေခတ်**

ကံလမ်းကြောင်းနှင့် အသက်လမ်းကြောင်းတို့အကြားတွင်တည်ရှိပြီး လက်ဝါးပြင်အောက်ခြေအထိ ဦးတည်ရောက်



www.burmeseclassic.com

www.burmeseclassic.com

ရှိနေတတ်သည်။ ရှေးရိုးဟောပြောချက်များအရ အဆိုပါလက်ဝါးပိုင်ရှင်က တစ်စုံတစ်ဦး၏ အသက်ကို ကယ်တင်ပေးရလိမ့်မည်ဟူ၍ ရည်ညွှန်းသည် (သို့) လက်ဝါးပိုင်ရှင်က အသက်တစ်ချောင်းအား ကယ်တင်ပြီးသွားပြီ ဟူသော အဓိပ္ပာယ်သက်ရောက်သည်။

အချို့သော ဟောပြောချက်များအရ အထက်ပါကြက်ခြေခတ်သည် ရန်လိုရန်စွာတတ်သည့်သဘော၊ အချစ်ရေးကြောင့်ရန်ဖြစ်ရသည့်သဘောအဓိပ္ပာယ်သက်ရောက်သည်။

အထက်ပါဖော်ပြပါနေရာများမှ လွဲ၍ လက်ဝါးပြင်၏ အခြားသောနေရာများတွင် ကြက်ခြေခတ်များပါရှိပါက ဒုက္ခ၊ စိုးရိမ်သောက၊ စိတ်ပျက်ခြင်း၊ ကံကြမ္မာ၏ မျက်နှာသာပေးမှု မခံရခြင်း၊ မနှစ်သက်ဖွယ် အပြောင်းအလဲများနှင့် ရင်ဆိုင်ရခြင်းတို့ကို ရည်ညွှန်းသည်။

**ကြက်ခြေခတ်များနှင့် ပတ်သက်၍ ရှေးရိုးအစဉ်အလာအတိုင်း ဟောပြောချက်များအကျဉ်းချုပ်**

**လက်ခလယ်အောက်ခြေတွင်ရှိပါက** မကြာခဏထိခိုက်ရှနာဖြစ်ခြင်း၊ မျှော်လင့်ချက်ကင်းမဲ့၍ ဝမ်းနည်းစရာကြုံရခြင်း၊ အဆိုးမြင်တတ်ခြင်းတို့ကို ရည်ညွှန်း သည်။

**လက်သူကြွယ်အောက်ခြေတွင်ရှိပါက** ကြံစည်သမျှ ရှုံးနိမ့်ခြင်း၊ အနုပညာအထုံပါရမီပါသော်လည်း ကောင်းမွန်စွာ အသုံးမချနိုင်ခြင်းတို့ကို ဖော်ပြသည်။

**လက်သန်းအောက်ခြေတွင်ရှိပါက** ရိုးသားမှုမရှိခြင်း၊ ချဲ့ကားပြောဆိုတတ်ခြင်း၊ လိမ်ညာပြောဆိုတတ်ခြင်း၊ အကောက်ကြံခြင်းတို့ကို ရည်ညွှန်းသည်။

**အမှတ် (၄) အင်္ဂါဂြိုဟ်အဖိုတွင်ရှိနေပါက** အကြမ်းဖက်တတ်သည့်သဘာဝရှိခြင်း၊ အင်အားသုံးဆောင်ရွက်တတ်ခြင်းသဘောကို ရည်ညွှန်းသည်။

**အမှတ် (ဂ) တနင်္လာဂြိုဟ်ခုံတွင်ရှိနေပါက** စိတ်ကူးယဉ်ခြင်း၊ စိတ်ရောဂါခံစားရခြင်း၊ အမှန်တရားနှင့်ကင်းဝေးနေခြင်းတို့ကို ကိုယ်စားပြုသည်။

**အမှတ် (၆) သောကြာဂြိုဟ်ခုံတွင်ရှိနေပါက** အချစ်ရေးကံခေပြီး အိမ်ထောင်ရေးမသာယာခြင်း၊ မိသားစုအတွင်း ခိုက်ရန်ဖြစ်ပွားခြင်းတို့ကို ရည်ညွှန်းသည်။

ကြက်ခြေခတ်များသည် အများအားဖြင့် ကောင်းကျိုးရှိစေသည့် လုပ်ငန်းများအား တားဆီးနှောင့်ယှက်သည့် အဓိပ္ပာယ်ဆောင်သည်။ တစ်ခါတစ်ရံ ပြဿနာအသေးအဖွဲ့ကလေးများကိုပင် ပြဿနာကြီးတစ်ရပ်ဖြစ်လာစေရန် ဖန်တီးပေးတတ်သည်။

**သံဆန်ခါကွက်များ** (Grilles)

အပြိုင်အဆိုင်လုပ်ကိုင်ဆောင်ရွက်ရသည့်သဘော၊ အကြံအစည်ပျက်ပြားရသည့်သဘောများကို ရည်ညွှန်းသည်။ ဥပမာအားဖြင့် ရည်မှန်းချက်ထားပြီး လုပ်ကိုင်ဆောင်ရွက်သော အလုပ်မှန်သမျှ အကြောင်းအမျိုးမျိုး၏နှောင့်ယှက်မှုကြောင့် ပျက်ပြားရသည်။ ၎င်းပြင် စီမံခန့်ခွဲမှုကျွမ်းကျင်ခြင်းမှတစ်ဆင့် နိုင်လိုမင်းထက်ပြုတတ်ခြင်း၊ သက်ဆိုင်ရာဂြိုဟ်ခုံများရှိ စွမ်းအင်များလည်း သံဆန်ခါကွက်များကြောင့် မှေးမှိန်အားပျော့သွားခြင်း ဖြစ်လာပါသည်။

**လေးထောင့်ကွက်များ** (Squares)

ကောင်းသော အမှတ်သင်္ကေတတစ်ခုဖြစ်ပြီး ၎င်းတွေ့ရှိရသော နေရာတစ်ဝိုက်ရှိ ကောင်းသောအရည်အသွေးမှန်သမျှ ဆက်လက်ထိန်းသိမ်းထားနိုင်ပြီး မကောင်းသောအရာများမှ အကာအကွယ်ပေးထားသည်။

Time (အချိန်ကာလ)


**အဓိကလမ်းကြောင်းများပေါ်၌ အချိန်ကာလအတိုင်းအတာသတ်မှတ်ခြင်း**

လက်ဝါးပြင် တည်ဆောက်... ပါဝင်နေသော အဓိကလမ်းကြောင်း... က လက်ဝါးပိုင်ရှင်၏ သမိုင်းကြောင်း... အတိအကျ ဖော်ပြနေချိန်၌ အနာဂတ်... ကာလအတွက် ဖြစ်နိုင်ခြေရှိသော ... အများဆုံး ဖြစ်ပေါ်ကြုံတွေ့နိုင်သည့်... အခြေအနေများကိုသာ တွက်ချက်အ... ထုတ်ပေးနိုင်မည် ဖြစ်သည်။ လက္ခဏာ... ဟောပြောသူတို့၏ ကြိုတင်ဟောကိန်း... များသည် အနာဂတ်ကာလ၌ ကြုံတွေ့... လတ္တံ့သော အနီးစပ်ဆုံးဖြစ်ရပ်များ... ဖြစ်သည်။

လူနေမှုဘဝ ပုံစံပြောင်းလဲသွား... သည်နှင့်အမျှ လက္ခဏာအရေး... ကြောင်းများသည်လည်း လိုက်လံပြော... လဲတတ်သည်။ ထိုအခါ မူလကကြို... ဟောကိန်းထုတ်ထားသည့် အနာဂတ်... ကာလအခြေအနေ၊ အဖြစ်အပျက်များ... ပါ တစ်ခါတည်း ပြောင်းလဲသွားမည်... ဖြစ်သည်။

လက်ဝါးပြင်ပါ လမ်းကြောင်းများ... ပေါ်၌ အချိန်ကာလအား အကဲခြတ်... သတ်မှတ်ရန် နည်းလမ်းအမျိုးမျိုး အသုံး... ပြုနိုင်သည်။

ဗစ်တိုးရီးယမ်းလက္ခဏာပညာ...





**အဓိကလမ်းကြောင်းများပေါ်၌ အချိန်ကာလအကဲဖြတ်သတ်မှတ်ခြင်း**



www.burmeseclassic.com

www.burmeseclassic.com



အဓိကလမ်းကြောင်းများပေါ်၌
အချိန်ကာလ ဖြစ်သန်းသွားပုံ

ကိုင်ရို၏နည်းပညာအရ ဦးခေါင်းလမ်းကြောင်း၊ နှလုံးလမ်းကြောင်း၊ အသက်လမ်းကြောင်း ဟူသည့် အဓိကလမ်းကြောင်း (၃)ခုအား ညီမျှသော အစိတ်အပိုင်း (၁၀) ခုစီ ရအောင်ပိုင်းဖြတ်ပါ။ အစိတ်အပိုင်းတစ်ခုစီအား (၇) နှစ်စီ သတ်မှတ်ပါ။

Fig (3) တွင် လက်ချောင်းများ အောက်ခြေမှ အောက်တည့်တည့်သို့ ဆင်းလာသော တုံး (dash) များသည် အသက်လမ်းကြောင်း ကန့်လန့်ဖြတ်ဝင်ရောက်သော နေရာထိတိုင် ရောက်ရှိကြောင်း တွေ့ရှိရပါမည်။

တစ်ဖန် လက်ညှိုး၏ အလယ်တည့်တည့်မှ အောက်သို့ တည့်မတ်စွာ ဆင်းလာသော (dash) များသည် အသက် (၁၀) နှစ်အရွယ်၌ အသက်လမ်းကြောင်း၏ ကန့်လန့်ဖြတ်မျဉ်းနှင့် ဆုံတွေ့မည် ဖြစ်သည်။

၎င်းပြင် လက်ညှိုးနှင့်လက်ခလယ် အလယ်ကောင်တည့်တည့်မှ အောက်သို့ ဖြောင့်တန်းစွာဆင်းလာသော dash များသည် အသက် (၃၅) နှစ်အရွယ်၌ အသက်လမ်းကြောင်းအား ကန့်လန့်ဖြတ်တွေ့ဆုံမည် ဖြစ်သည်။

အထက်ပါ တိုင်းတာသောနည်းလမ်းသည် အများအားဖြင့် မှန်ကန်မှုရှိပြီး တစ်နှစ်တာအတွက် သွေလွဲမှု အတိုးအလျော့ အနည်းငယ်သာ ရှိသည်။

**လက်စွပ်များ** (Rings)

သက်ဆိုင်ရာ လက်ဝါးပိုင်ရှင်တို့၏ပင်ကိုလက္ခဏာ အပြည့်အစုံအား ဖော်ပြ မည့် လက်ဝါးပြင်ပါလက္ခဏာ အရေးအကြောင်းများအား မစစ်ဆေးမီ လက်စွပ်ဝတ်ဆင်ထားခြင်း ရှိ မရှိ ဦးစွာ လေ့လာရန် လိုအပ်သည်။ လက်စွပ်များသည် ဝတ်ဆင်ထားသူ၏ ပင်ကိုစိတ်နေစိတ်ထားအား တစ်စိတ်တစ်ပိုင်းအဖြစ် ဖော်ပြပေးသည်။

လက်စွပ်၏ အရည်အသွေး၊ တန်ဖိုးပေါ် မူတည်၍ ခေတ်သစ်လက္ခဏာ ပညာရှင်တို့ဘက်မှ ရှုမြင်ပုံ (၂) မျိုး ရှိနေကြသည်။

ယင်းမှာ အတွင်းစိတ်ကို ဖော်ပြသည့်သဘော၊ ဝင့်ဝါသည့်သဘော၊ အတွင်းစိတ်ကို ပွင့်လင်းစွာ ဖော်ပြသည့်သဘော၊ သာယာသည့်သဘောတို့ကို ရည်ညွှန်းပြီး အခြားရှုမြင်ပုံတစ်မျိုးအရ လက်စွပ်ဝတ်ထားသည့် လက်ချောင်းရဲ့ အရည်အသွေးအားထုတ်ဖော်ပြသသည့် သဘောရည်ညွှန်းသည်။ မည်သို့ဆိုစေ လက္ခဏာပညာရှင်ကောင်းများအနေဖြင့် လက်စွပ်ကို လက်စွပ်အဖြစ်သာ ရိုးရိုးရှင်းရှင်း သတ်မှတ်ထားကြသည်။

ရှေးဟောင်း လက္ခဏာပညာ၏ ဟောကိန်းများအရ လက်စွပ်များသည် ဝတ်ဆင်ထားသည့်သူအား ပုံစံအမျိုးမျိုးဖြင့် စိန်ခေါ်လျက်ရှိသည်။ လက်စွပ်နှင့် ပတ်သက်၍ အခြေခံသိရှိထားရန် အချက်မှာ လက်တည်ဆောက်ပုံကောင်းမွန်ပြီး လက်ချောင်း၏ အရည်အသွေးနှင့်ကောင်းမွန်စွာ ဆက်စပ်မှုရှိနေပါက ဝတ်ထားသောလက်စွပ်မှ ကောင်းသော အတိတ်နိမိတ်များကို ဖြစ်ပေါ်လာစေခြင်းပင် ဖြစ်သည်။

ခေါင်းစပ်လက်စွပ်ဝတ်သည့် ဝဲဘက်လက်သူကြွယ်နေရာမှလွဲ၍ ကျန်လက်ချောင်းများတွင် လက်စွပ်ဝတ်ထားပါက လက်စွပ်ပိုင်ရှင်၌ အခက်အခဲတစ်စုံတစ်ရာရှိနေကြောင်း ဖော်ပြနေပါသည်။

တစ်ဖန် လက်စွပ်ဝတ်ထားခြင်းကြောင့် ဝတ်ထားသော လက်ချောင်း၏ အရည်အသွေးများအား ပျက်စီးသွားစေတတ်သည်။

၎င်းပြင် လက်စွပ်အရွယ်အစား ပုံသဏ္ဌာန်တို့အပေါ် မူတည်၍လည်း အကျိုးသက်ရောက်မှု အမျိုးမျိုးကွဲပြားသွားသည်။ ကြီးမား၍ အဆင်တန်ဆာများစွာပါသော လက်စွပ်များက သေးငယ်သော လက်စွပ်များထက် အကျိုးသက်ရောက်မှုပါ ပိုမိုကြီးမားကြသည်။

လက္ခဏာပညာရပ်၏ **ရှေးရိုးအစဉ်အလာအရ လက်ချောင်းများနှင့် ပတ်သက်သော အဓိပ္ပာယ်ဖွင့်ဆိုချက်များအား အောက်ပါအတိုင်း တွေ့ရှိရသည်။**

**ယာဘက်လက်**

**လက်ညှိုး**

လက်ညှိုး တိုတောင်းပါက သိမ်ငယ်စိတ်ကြောင့် ဒုက္ခရောက်တတ်သည်။ လက်ညှိုးပိုင်ရှင်သည် နိုင်လိုမင်းထက်ပြုခြင်း၊ လွှမ်းမိုးချုပ်ကိုင်ခြင်း ကင်းမဲ့လျက် သနားကြင်နာစိတ်လွန်ကဲစွာရှိနေသူဖြစ်ပါမည်။ အကယ်၍ လက်ညှိုးရှည်လျားပါက အရာရာအား ဘယ်သောအခါမှ စိတ်ကျေနပ်မှုမရှိသူ၊ အမြဲတမ်း အတိုင်အတောထူသူဖြစ်ကြောင်း တွေ့ရမည်။

**လက်ခလယ်**

လက်ခလယ်တိုတောင်းပါက မိမိကိုယ်မိမိ စည်းစနစ်ကျကျဖြင့် မနေတတ်သူ၊ တည်ငြိမ်မှုမရှိဘဲ အမြဲတစေ ပျာယာခတ်နေတတ်သူ ဖြစ်ကြောင်း ဖော်ပြသည်။ အကယ်၍ လက်ခလယ် ရှည်လျားပါက အပြစ်ရှာ၍ ဝေဖန်တတ်သူ၊ တဖျစ်တောက်တောက်ကြိမ်းမောင်း ပြောဆိုတတ်သူအဖြစ် တွေ့ရမည်။

**လက်သူကြွယ်**

စိတ်ခံစားမှုဆိုင်ရာ ပြဿနာများမှ တစ်ဆင့် အနုပညာဆိုင်ရာ ဖန်တီးမှုများ၌ ကြိုးစားသမျှ အချည်းနှီးဖြစ်ရတတ်သည်။ အခွင့်အရေးကောင်းများ ဆုံးရှုံးရတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com

**လက်သန်း**

လက်သန်းတိုလျှင်ဖြစ်စေ၊ ရှည်လျှင်ဖြစ်စေ စီးပွားရေးလုပ်ငန်း၌ ရိုးသားမှုမရှိသူ၊ အများနှင့်ပြောဆိုဆက်ဆံရာ၌ အခက်အခဲရှိသူ၊ ဖို မပြေသနာအရှုပ်အထွေးများသူအဖြစ် ရည်ညွှန်းသည်။

**လက်မ**

အများအားဖြင့် လိင်ကိစ္စ၌ ကျေနပ်မှုမရှိသူဖြစ်တတ်သူ၊ လက်ရှိအိမ်ထောင်ရေးအပေါ် စိတ်မသက်မသာဖြစ်တတ်သူအဖြစ် ရည်ညွှန်းသည်။

**ဝဲဘက်လက်**

**လက်ညှိုး**

လက်ညှိုးတိုတောင်းပါက အစွန်းရောက်တတ်သည့်စိတ်ကြောင့် ပြဿနာများတတ်သူ၊ အစားအသောက်၊ အရက်နှင့် လိင်ကိစ္စများ၌ အလိုလိုက်တတ်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

လက်ညှိုးရှည်လျားက မကောင်းသော စိတ်ဒုက္ခများခံစားရသည့်တိုင် စိတ်အတွင်းမှ တွန်းလှန်ဖယ်ရှားနိုင်သူ၊ မိမိကိုယ်မိမိချိုးနှိမ်ပြောဆိုတတ်သူဖြစ်ကြောင်း တွေ့ရသည်။

**လက်ခလယ်**

လက်ခလယ် တိုတောင်းပါက တည်ငြိမ်မှုမရှိသောအခြေအနေများနှင့် ကြုံတွေ့ရပါက မိမိကိုယ်မိမိ စည်းစနစ်ကျကျ မထိန်းသိမ်းနိုင်သူအဖြစ် တွေ့ရတတ်သည်။

အကယ်၍ လက်ခလယ်ရှည်လျားပါက မိမိစိတ်ကို ထိန်းချုပ်နိုင်ခြင်းကြောင့် အပြစ်ကင်းအောင် နေတတ်သူ၊ ပြဿနာအဝဝအား ခံနိုင်ရည်ရှိစွာဖြင့် ဖြေရှင်းတတ်သူ ဖြစ်ကြောင်း ဖော်ပြသည်။

**လက်သူကြွယ်**

လက်သူကြွယ် တိုသည်ဖြစ်စေ၊ ရှည်သည်ဖြစ်စေ လက်စွပ်တစ်ကွင်းထက်ပို၍ ဝတ်ဆင်ထားပါက (ဥပမာ- စေ့စပ်လက်စွပ်အပြင် အခြားသူငယ်ချင်းတစ်ဦးဦးကပေးသော အမှတ်တရလက်စွပ်အား ဝတ်ဆင်ထားပါက) အိမ်ထောင်ရေး (သို့) လူမှုဆက်ဆံရေး၌ စိတ်ခံစားမှုအပေါ် ထိခိုက်စေသည့် ပြဿနာများနှင့် ကြုံရတတ်သည်။

**လက်သန်း**

လက်သန်းတိုသည် ဖြစ်စေ၊ ရှည်သည်ဖြစ်စေ လက်စွပ်တစ်ကွင်းဝတ်ထားသည်ဆိုသည်နှင့် လူမှုဆက်ဆံရေး၌လည်းကောင်း၊ လိင်ကိစ္စကြောင့်လည်းကောင်း ပြဿနာပေါ်ပေါက်တတ်သည်။

လက်သန်း၌ လက်စွပ်ဝတ်ဆင်ခြင်းသည် အများအားဖြင့် မိဘတို့၏ အမွေအနှစ်ပစ္စည်းဖြစ်နေတတ်သည်။

**လက်မ**

လိင်ပြဿနာ အရှုပ်အထွေးနှင့် ရင်ဆိုင်ရတတ်သူ၊ အမျိုးသားဖြစ်ပါက ပွင့်လင်းမှုမရှိသူ၊ ပန်းသေ၊ ပန်းညှိုးဖြစ်သူအဖြစ်အများဆုံး ရည်ညွှန်းသည်။

**အနာဂတ်အတွက် ကြိုတင်ဟောကိန်းထုတ်ခြင်း** (Predicting the future)

အနာဂတ်အတွက် ကြိုတင်ဟောကိန်းထုတ်ခြင်းအပေါ် လူအများစုကယနေ့တိုင် စွဲစွဲမြဲမြဲယုံကြည်ကြဆဲ ဖြစ်သည်။

လူတို့၏ လက်ဝါးပြင်အား စေ့စပ်သေချာစွာ လေ့လာခြင်းအားဖြင့် အတိတ်နှင့် အနာဂတ်ကာလများအတွက် စိတ်ဝင်စားဖွယ်ဟောကိန်းများနောက်ဆက်တွဲအဖြစ် ထုတ်ပေးနိုင်မည်ဖြစ်သည်။

လက္ခဏာပညာရပ်သည် အချိန်ကာလအပိုင်းအခြားအလိုက် အဖြစ်အပျက်အမျိုးမျိုးအား ဖော်ပြပေးသည်။ အနာဂတ်ကာလအတွက် ဟောကိန်းများ ထုတ်နုတ်ရာ၌ အနီးစပ်ဆုံး၊ အဖြစ်နိုင်ဆုံး အခြေအနေအတွက် လက်ခံနိုင်လောက်သည့်အဖြေများကို တွေ့ရမည်ဖြစ်သည်။

လက်ဝါးပြင်၏ သဘာဝအရ အခြေအနေ၊ အချိန်အခါအပေါ် မူတည်၍ ပြောင်းလဲမှုများစွာ ဖြစ်ပေါ်တတ်သည်။ လက်ဝါးပြင်ပါလမ်းကြောင်းများသည် တစ်ညအတွင်းမှာပင် ပေါ်နိုင်ပြီး တစ်ညအတွင်းမှာပင် ပျောက်ပျက်သွားတတ်သည်။

ထိုကဲ့သို့ လက်ဝါးပြင်ပါ လမ်းကြောင်းများ (အချို့တစ်ဝက်) ပေါ်လိုက်၊ ပျောက်လိုက်ဖြစ်ခြင်းမှာ လူတို့၏ စိတ်ပိုင်းဆိုင်ရာ အခြေအနေများ အချိန်အခါအလိုက် ပြောင်းလဲတတ်ခြင်းကြောင့်ပင် ဖြစ်သည်။

လက္ခဏာပညာရှင်၏ အဓိကအခန်းကဏ္ဍမှာ လက္ခဏာဟောပြောရင်း မိမိတို့၏ပညာဝါအရ သိရှိလေ့လာဆည်းပူးထားသည့် ပညာဗဟုသုတများအား လက်လှမ်းမီသလောက် ဝေငှသင်ကြားပေးခြင်း၊ လက္ခဏာဖတ်ကြားနေ ချိန်အတွင်း လက္ခဏာရှင်၏ ပင်... အရည်အသွေးနှင့် လိုက်ဖက်သည့် ဖြ... နိုင်ခြေရှိသောဟောကိန်းများ ထုတ်ပေး ခြင်းတို့ပင် ဖြစ်သည်။

**မိမိလက္ခဏာအားကိုယ်တိုင်စစ်ဆေးခြင်း**

မိမိလက္ခဏာအား စစ်ဆေးပြီး အကြောင်းအရာတစ်ခုချင်းအလိုက် မေး ခွန်းထုတ်ပါ။ မိမိကိုယ်တိုင်မေးသော မေးခွန်းများအား ကိုယ်တိုင်မှန်က... အောင် (အတတ်နိုင်ဆုံး ကြိုးစား၍) ဖြေကြည့်ပါ။ ထိုကဲ့သို့ ကြိုးစားလေ့ကျင့် ပေးခြင်းဖြင့် လက်တွေ့လုပ်ငန်းခွင်... များစွာ အကျိုးရှိလာမည် ဖြစ်သည်။

**မိမိစိတ်အာရုံ၌ စွဲထင်နေသော နတ်ဆိုး... များကို အတိအကျဖော်ထုတ်ခြင်း**

မိမိတို့ စိတ်အာရုံဟုဆိုရာ၌ မေ... စိတ်တွင် စွဲထင်နေသည့်မကောင်းသော အခြေအနေအဖြစ်အပျက်များကို ဆို... သည်။

တစ်ခါတစ်ရံ မိမိ၏အပြောအဆို... အပြုအမူများကြောင့် စိတ်ရှုပ်ထွေး... ခေါင်းရှုပ်စရာများ ကိုယ်တိုင်ရရှိတ... သည်။

မိမိစိတ်အတွင်း စိတ်ရှုပ်ထွေး... ခေါင်းရှုပ်စရာများအား ဖယ်ရှားလိုပါ... မိမိထံတွင်ရှိသော ကိုယ်ချင်းစာနာစိတ်... တစ်ဖက်သားအပေါ် နားလည်မှုပေး... သောစိတ်များ မည်ရွေ့မည်မျှရှိ... သည်ကို စိစစ်ပေးပါ။ မိမိကိုယ်တိုင်... အရာရာအပေါ် အသေးစိတ်နားမလည်... နိုင်သေးသရွေ့ ပြောင်းလဲခြင်းများ... နိုင်မည် မဟုတ်ပါ။ မိမိ၏စိတ်ပိုင်း... ပိုင်းဆိုင်ရာနှင့် တွေ့ကြုံရသော အဖြစ်... အပျက်များအပေါ်မူတည်၍ လက္ခဏာ... ပါ လိုက်လံ ပြောင်းလဲသွားမည် ဖြစ်... သည်။

လက္ခဏာပညာရပ်အား စေ့စပ်... သေချာလုံလောက်စွာလေ့လာပေးခြင်း... ဖြင့် မိမိလက်ဝါးပြင်မှ မကောင်းသော... အရာများ ကွယ်ပျောက်အောင်... ကောင်းသော လက္ခဏာများအဖြစ်... ပေါ်ပေါက်လာအောင် ကိုယ်တိုင်ပုံသွင်း... ကျင့်ကြံ အားထုတ်လာနိုင်မည် ဖြစ်... သည်။ ထို့ကြောင့် စိတ်အာရုံတွင်စွဲ... သည့် မကောင်းသောနတ်ဆိုး ဟူ... အား မခြွင်းမချန် ဖော်ထုတ်ရှင်းလင်း... လိုအပ်သည်။

ဆရာ...



www.burmeseclassic.com

www.burmeseclassic.com

ဆီးဝမ်းသွေးလေမှန်၍ ကျန်းမာလိုသူတိုင်း မရှိမဖြစ် သုံးစွဲသင့်တဲ့ . . .

# ကြယ်စင်ထွန်း ဆီးဝမ်းသွေးလေညီညွတ်ဆေး

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - ၁၀၁၁ Y ၀၀၉၃၇၇ (ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဝက - ၅၈/၁၅၁၃)




"မင်္ဂလာပါဆရာကြီး" ဟူသော နှုတ်ခွန်းဆက် စကားကြောင့် အသံလာရာသို့ ကြည့်မိသည် "ဟော့ ဘယ်သူတုန်းကွယ့်"၊ "ကျွန်တော် ဆရာကြီးရဲ့ တပည့် ထွန်းကျော်လေ" ဆိုမှ ငယ်တပည့် မောင်ထွန်းကျော် ဆိုတာ မှတ်မိတော့တယ်။ "ဪ မောင်ထွန်းကျော် ကိုး" "ဟုတ်ကဲ့ခင်ဗျာ၊ ဆရာကြီး ကျောင်းက ပြန်လာတာလားခင်ဗျ" "အေးလေကွယ်၊ ဒါနဲ့မင်းကြည့်ရတာ အဖိုးကြီးအိုပေါက်စ ကျနေတာပဲ၊ ချည့်နဲ့နဲ့ ဘယ်လို ဖြစ်တာတုန်း" "မသိပါဘူးဆရာကြီး ရယ် ကိုယ်ရော စိတ်ပါ လေးလံ ထိုင်းမှိုင်းပြီး တာမကောင်း၊ အိပ်မပျော်၊ အားအင်ကုန်ခမ်းသလိုနဲ့ မူးဝေနောက်ကျိ မှတ်ဉာဏ် သတိတွေ လဲ မကောင်းဘူး" "ဟော့ . . ဒါဆိုမပေါ့နဲ့လေ ဆေးစန်းလေး ဘာလေးမပြဘူးလား" "ပြပါတယ် ဆရာကြီး ဆေးစစ် ဆေးမှုတွေလဲ လုပ်တာစုံနေတာပဲ၊ ဒါပေမယ့် ဘာရောဂါမှ ရှာမတွေ့ဘူးတဲ့" "ဟုတ်လား မင်း ဆီးတွေ ဝမ်းတွေရော မှန်ရဲ့လား" "ကျွန်တော်ရဲ့ ပင်ကိုယ်က ဝမ်းချုပ်တတ်တော့ ဝမ်းပျော့ဆေး၊ ဝမ်းမှန်ဆေးတွေစုံအောင် သုံးစွဲပါတယ်။ ဒါပေမယ့် ဝမ်းသာသွားတယ် ကျွန်တော် ခံစားနေရတာကတော့ ဒီအတိုင်းပါပဲ ဆရာကြီး" "ဝမ်းပျော့ဆေး ဝမ်းမှန်ဆေးဆိုကိုင်း ရောဂါသက်သာပျောက်ကင်းတာ မဟုတ်ဘူးကွယ့်၊ အချို့ဆေးက ဝမ်းသွားရုံပဲ အကျိုးပြုတာလေ၊ ဝမ်းသွားရုံလောက်ကတော့ ငါ့တပည့် ရယ် ဆေးသောက်ဖို့ မလိုပါဘူး၊ ငှက်ပျောသီး၊ သဘောသီး မှည့်စတဲ့ အသီးအနှံတွေစားပေး၊ ရေများများ သောက်ရင် ရတာပဲ" "ကျွန်တော်က ဝမ်းလဲမှန်ပြီး ဘာရယ်မှန်မသိ ခံစားနေရတဲ့ ရောဂါလဲ ပျောက်ချင်လို့ပါ ဆရာကြီး" "အင်းဟုတ်တာပေါ့၊ ကျန်းမာခြင်းက လာဘ်တစ်ပါးပဲ လေကွယ်" "ဟုတ်ပါတယ် ဆရာကြီး ကျန်းမာခြင်းရဲ့ ဆုလာဘ်ကို မကျန်းမမာပါမှ ပိုပြီးတန်ဖိုးရှိမှန်း သိရပါတယ်၊ "ဒါပေါ့လေ ပုထုဇဉ်ရဲ့စရိုက်ကိုက သတိလက်လွှတ် နေတတ်ကြတာကိုး" "ဆရာကြီး ကို ကြည့်ရတာ ကျွန်တော်တို့ ငယ်ငယ်တည်းက အခုထိ အမြဲတမ်းကျန်းမာ လန်းဆန်းပြီး တပည့်တွေကို ပညာသင်ကြားပေးရာမှ နိုးကြားတက်ကြွနေတာ ဘာဆေးကောင်းတွေများ သုံးစွဲလို့ပါသလဲ ဆရာကြီး" "ဒီလို ငါ့တပည့်ရဲ့ လူရဲ့ခန္ဓာကိုယ်မှာ အဓိကမဏ္ဍိုင်ဖြစ်တဲ့ ဆီး၊ ဝမ်း၊ သွေး (ချွေး)၊ လေဆိုတဲ့ မလ. ဓာတ်ကြီး (၄)ပါးဟာ ညီညွတ်မျှတ နေပါမှ ကျန်းမာမယ်၊ အရွယ်တင်နုပျိုမယ်၊ ရောဂါကင်း၍ အသက်ရှည် မယ်ကွယ့်၊ ဒီ ဆီး၊ ဝမ်း၊ သွေး (ချွေး)၊ လေဆိုတဲ့ ကျန်းမာခြင်း၏ ပြယုဂ် လက္ခဏာဖြစ်တဲ့ ဒီမဏ္ဍိုင် လေးပါးမှ တစ်ပါးပါးဖောက်ပြန်လာရင် သာမန် ရောဂါလေးမှစပြီး ဆိုးဝါးတဲ့ ရောဂါကြီးတွေ အထိ ဖြစ်ပေါ်ခံစားရတတ် တယ်လေ၊ ဒီ (၄)မျိုး မညီမညွတ်တော့ဘူးဆိုရင် ရောဂါကြီးတစ်ခု မဟုတ် တစ်ခုတော့ဖြစ်တော့ မယ်ဆိုတဲ့ ရှေးပြေးအချက်ပေး ခေါင်းလောင်းသံ ပဲကွယ့်၊ ဒီတော့ မောင်ထွန်းကျော်ရေ . . . ဆီး၊ ဝမ်း၊ သွေး (အမျိုးသားများ ဆိုရင် ချွေး) လေ၊ ဒီလေးထွေကို ညီညွတ်မျှတအောင် အမြဲဂရုတစိုက်နဲ့ ပြုပြင်ပေးနေရင် ဆရာ့လို အသက်ကြီးသော်လဲ ကျန်းမာသွက်လက် ဉာဏ်ရည်ထက်မြက်ပြီး လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ဘာသာရေးတွေ ကောင်းကောင်း ဦးဆောင်ဦးရွက်ပြု၍ ကျန်းမာပျော်ရွှင်တဲ့ မိသားစုကမ္ဘာလေး တည်ဆောက်နိုင်တာ ပေါ့" "ဆီး၊ ဝမ်း၊ သွေး (ချွေး)လေ ညီညွတ်ပြီး ကျန်းမာအောင် ဆရာကြီးရဲ့ လက်သုံးဆေး များရှိရင် ညွှန်ပြပေးပါဦး" "ဆရာကြီး အမြဲသုံးတဲ့ ဆေးကတော့ . . . ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေး လေ ညီညွတ် ဆေးပဲကွယ့်၊ ဒီဆေးဟာ ဆိုရင် ဝမ်းနုတ်ဆေး မဟုတ်လို့ ခန္ဓာကိုယ်ရဲ့ ပင်မ. ဓာတ်တွေကို ညီညွတ်အောင် ထိန်းညှိပေးတဲ့အတွက် ရောဂါတွေ ကြိုတင် ကာကွယ်နိုင်မယ်၊ ကျန်းမာစေမယ်၊ အသားအရည် ကြည်လင်ပြီး အရွယ်တင်နုပျိုစေတယ်၊ အကြောပြေပြီး ပေါ့ပါးလန်းဆန်းစေတယ်လေ၊ အဲဒါကြောင့် ဆရာတို့ တစ်မိသားစုလုံး "ကြယ်စင်ထွန်း ဆီး ဝမ်း သွေး လေ ညီညွတ်ဆေး" ပဲ အမြဲ သုံးစွဲကြတယ်" "ဆရာကြီးနဲ့ တွေ့ရတာ သမားတော် ဘင်ဦးနဲ့တွေ့လိုက်ရသလိုပါဘဲ၊ ဒီနေ့ကစပြီး ကျွန်တော်လဲ "ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေးလေ ညီညွတ်ဆေး" ကိုပဲ သုံးစွဲတော့မယ် " ကျန်းမာချမ်းသာပါစေကွယ်"

ကြယ်စင်ထွန်း အမှတ်တံဆိပ် ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်ဆေး အစွမ်းကတော့ ဓာတ် (၄)ပါး ညီညွတ်မျှတစေပြီး၊ အပူ၊ အပုပ် ကင်းစင်ခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်၊ နောက်ကျောတက် ဇက်ကြောထိုးခြင်း၊ တစ်ကိုယ်လုံး ညောင်းညာကိုက်ခဲ၍ လေးလံ ထိုင်းမှိုင်း နေခြင်း၊ သွေးမသန့်ခြင်း၊ ကိုယ်နှုံးပြင်းခြင်း၊ ဒူလာလိပ်ခေါင်း၊ သွေးကျခြင်း၊ ဆီးချုပ်၊ ဆီးကျန်ခြင်း၊ ဝမ်းချုပ် ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အစားပျက်၊ အအိပ်ပျက်၊ သွေးတက်၊ သွေးတိုးခြင်း စတဲ့ရောဂါ များအတွက် သုံးစွဲနိုင်ပြီး၊ ရောဂါများကို ကြိုတင် ကာကွယ်နိုင်၍ အကြောပြေ ပေါ့ပါးလန်းဆန်း စေတဲ့ဆေး ဖြစ်ပါတယ်။

"မင်္ဂလာပါ ဆရာကြီး" "ဟော့ မောင်ထွန်းကျော် ကျန်းမာစိုပြည် လို့ပါလားကွယ်" "ဆရာကြီး ညွှန်ပြတဲ့ "ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်ဆေး" အစွမ်းကြောင့် ပါခင်ဗျ၊ အဲဒါကြောင့် ဆရာကြီးကို လာကန်တော့တာပါ" "သာဓုကွယ် . . . သာဓု . . . သာဓု"

တက်ကြွလန်းဆန်းပြီး ဘဝအတွက် အကောင်းဆုံး ဆွမ်းဆောင်မှုများနဲ့ ကျန်းမာပျော်ရွှင်တဲ့ မိသားစုကမ္ဘာလေးကို ပိုင်ဆိုင်ချင်ကြတယ် ဆိုရင်တော့ . . . ကျန်းမာလိုသူတိုင်း "ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေး လေ ညီညွတ်ဆေး" ကိုသုံးစွဲမှ ဖြစ်မယ်နော် . . .

ထွန်းကျော် (ပညာရေး)

**ပင်ရင်း - ကြယ်စင်ထွန်း** (တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)
အမှတ် (၂၉၁)၊ နှင်းဆီလမ်းမ၊ (၄)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း - ၀၉ ၅၀ ၉၉၆၈၂၊ ၀၉ ၄၃၁၁ ၁၁၀၅၄၊

www.burmeseclassic.com

ရာသီစက်ဝန်း တစ်ပတ်လည်၍ မိုးရာသီသို့ရောက်ခဲ့ပြန်ချေပြီ။ အထက်အညာဒေသဖြစ်ခြင်းကြောင့် မိုးရာသီရောက်ခဲ့သော်လည်း ရွံ့ဗွက်မထချေ။ သဲမြေများစွာပါဝင်နေသော နီကြင်ကြင်မြေလွှာမှာ မိုးရေကြောင့် ဗွက်မထဘဲ နင်းလျှောက်ရသည်မှာ ပို၍အဆင်ပြေ၏။ ပြီးတော့ အထက်အညာမိုးက အောက်ပြည်အောက်ရွာမိုးလို နေ့စဉ်မရွာပါ။ တစ်ခါ သဲသဲမဲမဲရွာပြီးလျှင် သုံး၊ လေးရက်ခန့်တိတ်နေတတ်သည်။

မိုးကျပြီဆိုကတည်းက နေဝင်ချိန်မှ မနက်လင်းသည်အထိ ပတ်ဝန်းကျင်တစ်ခွင်လုံး ဖားအော်သံများဖြင့် စီစီညံနေသည်။ မိုးကောင်း၍ ဖားကျပြီဆိုသည်နှင့် ဟင်းစားအတွက် ဖားကောက်ထွက်ကြသည်မှာလည်း အညာဒေသ၏ ဓလေ့တစ်ခု ဖြစ်ပါသည်။ ယနေ့လည်း မနက်လင်းကတည်းကစွေနေသော မိုးဖွဲဖွဲလေးက ညနေစောင်းတော့မှတိတ်သွားသည်။

ကိုစိန်လင်း တဲရှေ့ထွက်၍ ရာသီဥတုကို အကဲခတ်လိုက်သည်။ ယနေ့ည မိုးရွာတော့မည်မဟုတ်။ သို့သော် မနက်လင်းကတည်းက ရွာထားသော မိုးဖွဲဖွဲကြောင့် ဖားအော်သံများကား စီစီညံနေသည်။ ယခုညနေကြားရသော ဖားသံများထဲတွင် ဖားကြီးသံများအတော်ပါနေသည်။ ဖားကောက်ထွက်ပါက ဖားကြီးများပါရနိုင်သည်။ မိုးကျသည်မှာလည်း တစ်လကျော်ခန့်ကြာခဲ့ပြီဖြစ်၍ တစ်နေ့ထက် တစ်နေ့ ဖားက ပိုကျလာသည်။

ကိုစိန်လင်း ဖားကောက်ထွက်ခဲ့သည်မှာလည်း ဆယ်ရက်ခန့်ရှိချေပြီ။ ညစဉ် ဖားကောင်ရေ လေး၊ ငါးဆယ်ခန့်ရပြီး မိသားစုဟင်းစားဖူလုံ၏။ ညမှောင်၍ ဖားအော်သံများကြားရပြီဆိုလျှင် ကိုစိန်လင်းမနေတတ်တော့။ ဖားကောက်ထွက်ရမှ ကျေနပ်သည်။ ပြီးတော့ ဖားသားကို သူအလွန်ကြိုက်သည်။ အထက်အညာဖားကလည်း အောက်ပြည်အောက်ရွာဖားထက် ပို၍စားကောင်းပါသည်။ စားဖား၊ ဖားလက်စစ်၊ ဖားအိုင့်၊ ပုစဉ်းငနွားစသဖြင့် အညာဒေသဖားအမျိုးမျိုးရှိသည်။ ပုစဉ်းငနွားမှာ အောက်ပြည်အောက်ရွာမှ ဖားပြုပ်ကဲ့သို့မစားကောင်းသော ဖားမျိုးဖြစ်၏။

ဖားကောက်ပုံမှာလည်း ကွဲပြားသေး၏။ အောက်ပြည်အောက်ရွာဖားကသွက်သည်။ ထို့ကြောင့် ကြိမ်ဖြင့်ရိုက်ပြီးမှ ကောက်ရ၍ ဖားရိုက်ထွက်သည်ဟု ခေါ်သည်။ အထက်အညာဖားကား မသွက်။ ဓာတ်မီးနှင့်ထိုးလိုက်သည်နှင့် ဖားက မီးရောင်ကို ကြောင်ကြည့်နေသဖြင့် အိတ်ထဲသို့ အသာအယာကောက်ထည့်ရုံသာ။ ထို့ကြောင့် အညာဒေသတွင် ဖားရိုက်သည်ဟု မခေါ်ဘဲ ဖားကောက်ထွက်သည်ဟု ခေါ်ကြသည်။

ညနေစောင်းရာမှ ည (၈) နာရီသို့ ချဉ်းကပ်လာသော် ကိုစိန်လင်း ဖား

# ကိုသဲယု (ပုံရေး)

## မုဒိုးမှ သားကောင်၊ သားကောင်မှမုဒိုး



www.burmeseclassic.com

ကောက်ထွက်ရန် ပြင်ဆင်တော့သည်။ ခါတ်မီးမှ ဖြုတ်ထားသော မီးခေါင်းကို သားရေကြိုးနှင့် နဖူးတည့်တည့်တွင် ပတ်လိုက်သည်။ မီးခေါင်းမှထွက်လာသောခါတ်ကြိုးနှစ်ပင်ကို ခြောက်ခန်းအိုးဘက်ထရီတွင် ချိတ်လိုက်သောအခါ နဖူးထိပ်မီးခေါင်းမှ မီးရောင်က ထိန်ခနဲ ထွက်လာ၏။ ထို့နောက် ဘက်ထရီကို ဘယ်ဘက်ပခုံးတွင် ထမ်းပိုးဖြင့် လျှိုထမ်းလိုက်သည်။ ဖားထည့်ရန် ချည်ဖြင့်ယက်ထားသော ရှုံ့အိတ်ကြီးကို ညာဘက်ပခုံးတွင် လွယ်လိုက်သည်။ လွတ်နေသောညာလက်က ဖားကို ကောက်မည်။ ဤကား အထက်အညာသားတစ်ဦး၏ ဖားကောက်ထွက်ရန်ပုံစံ ဖြစ်၏။

ခါတ်မီးကို လက်ကကိုင်ရန်မလို။ နဖူးမှ မီးခေါင်းနှင့် ဦးခေါင်းကို ဘယ်၊ ညာယမ်းကာ မီးထိုး၍ ဖားကိုရှာသည်။ ဖားမျက်လုံးသည် မီးနှင့်ထိုးမိလျှင် နီကြင်ကြင်အရောင် ပြန်ဟပ်သည်။ ခါတ်မီးနှင့်ထိုးလိုက်သော သဲမြေမှ နီကြင်ကြင်အရောင်လေး ပြန်ဟပ်လာလျှင် ဖားဆိုတာ သေချာ၏။ ထိုနေရာသို့သွားရာ မီးရောင်ကိုကြောင်ကြည့်နေသောဖားအား အိတ်ထဲကောက်ထည့်ရုံသာ ဖြစ်သည်။

ယခုလည်း ကိုစိန်လင်း ဖားကောက်ဖို့ တဲအပြင်ထွက်မည်ပြုစဉ် နောက်မှ ဇနီးဖြစ်သူက -

"ကိုစိန်လင်း၊ ရှင်ဖားချည်းပဲမဲကောက်မနေနဲ့ဦး၊ မြွေတို့၊ကင်းတို့လည်း သတိထားဦး။ ကျုပ်ညတိုင်းမှာတယ်နော်"

"အေးပါ မိန်းမရယ်၊ ငါသတိထားပါ့မယ်။ ကဲ - သွားပြီဟေ့"

ကိုစိန်လင်း ဇနီးသည်ကို စကားပြန်ပြီးနောက် တဲအတွင်းမှ တက်ကြွစွာထွက်လာခဲ့သည်။ ပထမဆုံး ရွာမြောက်ဘက် ယာခင်းပြင်များဆီသွားမည်။ ပြီးလျှင် ရွာတောင်ဘက် ချောင်းပေါက်ကန်အထိ သွားကောက်မည်ဟု စိတ်ကူးထားသည်။

ရွာအပြင် ထန်းတောအတွင်းရောက်သော် သူကဲ့သို့ ဖားကောက်နေသူများထံမှ ဘက်ထရီမီးရောင်များကို ယာခင်းပြင်များဆီတွင် ဟိုတစ်ပွင့်ဒီတစ်ပွင့် တွေ့နေရသည်။ ဖားအော်သံများကလည်း နားကွဲလုမတတ်ကြားနေရသည်။ နဖူးမှ မီးခေါင်းကို ဘယ်၊ညာယမ်းလိုက်တိုင်း ဖားမျက်လုံးနီကြင်ကြင်ကလေးများကို သဲမြေပေါ်တွင် ဟိုတစ်ပွင့်ဒီတစ်ပွင့် တွေ့နေရသည်။ ယနေ့ညဖားအတော်ကျသည်ပဲဟု ကိုစိန်လင်းတွေးလိုက်မိ၏။

ကောက်ကောင်းကောင်းနှင့် ကောက်နေလိုက်သည်မှာ ရွာမြောက်ဘက် ယာခင်းတစ်ပြင်လုံး ခြေရာချင်းထပ်လုချေပြီ။ အချိန်ကလည်း ည (၉) နာရီကျော်ခန့်ရှိလေပြီ။ ကိုစိန်လင်း ဖားအိတ်ကို လက်ဖြင့်စမ်းကြည့်လိုက်သည်။ အကောင်သုံးဆယ်လောက်တော့ရှိနေလောက်ပြီ။ စိတ်ကူးထားသည့်အတိုင်း သူ၏ခြေလှမ်းများကို ရွာတောင်ဘက်ချောင်းပေါင်ကန်သို့ ဦးတည်လိုက်သည်။

ချောင်းပေါက်ကန် ဆိုသည်မှာ တစ်ရွာလုံး အားကိုးနေရသော သောက်ရေကန် ဖြစ်၏။ ယခုအချိန်ဆို ကန်ပေါင်ပတ်လည်နှင့်ရေစပ်တွင် ဖားတွေအတော်ကျနေလောက်ပြီ။ ရေကန်သို့သွားရာ လမ်းတစ်လျှောက်တွင်လည်း ဖားတွေက ဟိုတစ်ကောင်ဒီတစ်ကောင်။ ကောက်လိုက်ရသည်မှာလည်း လက်မ



www.burmeseclassic.com

လည်။ ဖားကောက်ရင်း လျှောက်လာလိုက်သည်မှာ ကန်ပေါင်ကိုပင် မြင်နေရချေပြီ။

ကန်ပေါင်ပေါ်သို့တက်လိုက်သောအခါ ကန်ရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော မိုးရနံ့ပါသည့် လေနုအေးတို့က ကြိုဆိုလျက်ရှိ၏။ ပထမဆုံး ကန်ပေါင်ပတ်လည်တွင် လှည့်ကောက်ပြီးမှ ကန်ရေစပ်သို့ ဆင်းခဲ့သည်။ ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ်လိုက်တော့ သူကဲ့သို့ ဖားကောက်သူများ၏ မီးရောင်များက အဝေးဆီမှာသာရှိသေး၏။ ကန်ဆီသို့ မလာကြသေး။ ကန်ထဲရောက်လာသူမှာ သူက အဦးဆုံးလူဖြစ်၏။ ကောင်းလေစွ၊ တစ်ယောက်တည်း လွတ်လပ်စွာကောက်ရ[illegible]တော့မည်။

ကိုစိန်လင်း ကန်ရေစပ်တွင် ငုတ်တုတ်ထိုင်ခ[illegible]ရင်း နဖူးမှမီးခေါင်းနှင့်ထိုးကာ ဖားကို အနီးကပ်ရှာသည်။ ဖားများသည် ရေစပ်တွင် ခေါင်းလေးများ ရေပြင်ကို ဖော်နေတတ်သည်။ ဟော-တွေ့လေပြီတစ်ကောင်။ ရေပြင်ပေါ်ပေါ်နေသော ဖားခေါင်းကလေး၊ အိတ်ထဲအသာယာကောက်ထည့်လိုက်သည်။ နဖူးမှ မီးခေါင်းကို ဘယ်ဘက်တစ်ချက်ယမ်းလိုက်တော့ တွေ့ပြန်ပြီနောက်တစ်ကောင်၊ ဒီတစ်ကောင်ကတော့ အတော်လေးကြီးသည်။ ကောက်၍ လွယ်အိတ်ထဲ ထည့်လိုက်ပြန်သည်၊ ဖားအိတ်ကို စမ်းကြည့်လိုက်သည်။ အကောင်လေးဆယ်တော့ကျော်လောက်ပြီ။ ငါးဆယ်ကျော်လောက်ဆိုလျှင် ပြန်မည်ဟု စိတ်ကူးမိ၏။

ကိုစိန်လင်း ကန်ရေစပ်တွင် ငုတ်တုတ်အနေအထားဖြင့်ပင် ဘယ်ဘက်သို့ နေရာနည်းနည်းရွှေ့ထိုင်လိုက်သည်။ ထို့နောက် သူ၏ ရှေ့ရေစပ်ကို နဖူးမှမီးခေါင်းနှင့် ထိုးလိုက်သော် အလိုလေး နည်းနည်းနောနော ဖားခေါင်းကြီးမဟုတ်၊ ရေပေါ်ပေါ်နေသော ဖားခေါင်းကပင် လူကြီးလက်သီးဆုပ်ခန့်ဆိုတော့ ဖားတစ်ကောင်လုံးဆိုလျှင် နည်းမည်မဟုတ်။ ဖားမကြီးဖြစ်ပေမည်။ ဤမျှကြီးသောဖားကို လက်တစ်ဖက်တည်းနှင့်ဖမ်းလျှင် လွတ်သွားမှာစိုးရ၏။

ကိုစိန်လင်း ပထမဦးစွာ ဘယ်ဘက်ပခုံးတွင်ထမ်းထားသောဘက်ထရီနှင့် ထမ်းပိုးကို အောက်ချလိုက်သည်၊ နဖူးမှ မီးခေါင်းကိုမူ ဖားခေါင်းမှ မလွဲရဲ၊ မီးရောင်လွဲသွားသော် ဖားရေငုပ်ပြေးမည်စိုးရသည်။ လက်နှစ်ဖက်စလုံးလွတ်သွားတော့မှ ရေပြင်ပေါ်ပေါ်နေသော ဖားခေါင်းကို လက်နှစ်ဖက်ဖြင့် အားရပါးရဆုပ်၍ ဖမ်းလိုက်သောအခါ -

"ဝုန်း"

ဝုန်းခနဲ မြည်သံနှင့်အတူ ဖားခေါင်းနောက် ရေပြင်ဆီမှ ရှည်မျောမျောကိုယ်လုံးကြီးက ရေပေါ်ပေါ်လာတော့သည်။ ထို့နောက် ဘယ်၊ ညာယမ်း၍ ရုန်းတော့သည်။ ကိုစိန်လင်း ခေါင်းနားပန်းကြီးသွားသည်။ သူဖားခေါင်းအမှတ်ဖြင့် ဖမ်းဆုပ်လိုက်သည်မှာ ကန်ထဲဆင်း၍ ဖားချောင်းနေသော မြွေကြီးဖြစ်နေသည်။ ဖားခေါင်းနှင့် မြွေခေါင်းသည် ရေပေါ်ပေါ်နေလျှင် အလွန်ဆင်တူသည်ကို သူမေ့သွားခဲ့သည်၊

ချက်ချင်း လွှတ်လိုက်မည်ဟု စိတ်ကူးသော်လည်း မလွှတ်ရဲ၊ မြွေက သူ့ကိုပြန်ပေါက်လိုက်နိုင်သည်။ ထို့ကြောင့် မြွေခေါင်းကို သတိရှိရှိနှင့် ပို၍တင်းကျပ်စွာ ဆုပ်ထားလိုက်သည်။ ပြီးတော့ မြွေကိုယ်လုံးကို နဖူးမှ မီးခေါင်းနှင့် ထိုးကြည့်လေသော် အားပါးပါး တောကြီးမြွေဟောက်။ အကွက်များက မြွေတစ်ကောင်လုံးမှာ မီးရောင်ကြောင့် အကွင်းလိုက်အကွက်လိုက်ဝင်းပြောင်နေ၏။ ဦးခေါင်းမှ အမြီးဖျားအထိ နှစ်လံမျှရှည်ပြီး ဝမ်းဗိုက်နေရာတွင် လူကြီးပေါင်လုံးခန့်ရှိသော တောကြီးမြွေဟောက်တစ်ကောင်ဖြစ်၏။ မြွေက ရန်သူလက်သို့ကျပြီဟူသောအသံနှင့် တအားရုန်းလိုက်သောအခါ ကိုစိန်လင်း ငုတ်တုတ်ထိုင်ရာမှ ဖင်ထိုင်လျက်ကျသွားတော့သည်။

ကိုစိန်လင်း ချွေးပြန်ချေပြီ။ ယခုပွဲက မုဆိုးချင်းတွေ့သောပွဲ ဖြစ်၏။ လူကလည်း ဖားကောက်၊ မြွေကလည်း ဖားရှာထွက်ချိန် တည့်တည့်တိုးခြင်းပင်။ ဘယ်သူ့ဘက်ကမှ အလျှော့ပေးလိမ့်မည်မဟုတ်။ မြွေခေါင်းကို လက်တစ်ဖက်တည်းဖြင့် ဆုပ်ထားပြီး ကျန်လက်က ထမ်းပိုးဖြင့် ခေါင်းကို ထုသတ်မည်ဟု တွေးကြည့်သည်။ မဖြစ်နိုင်၊ မြွေခေါင်းမှာ အတော်ကြီးသည်။ လက်တစ်ဖက်တည်းအားဖြင့်ဆိုလျှင် ရုန်းထွက်သွားနိုင်သည်။ လက်နှစ်ဖက်ဖြင့် ဖမ်းဆုပ်ထား၍သာ တစ်ဖက်တည်းနှင့်သာ ဖမ်းဆုပ်မိလျှင် သူ မြွေပေါက်ခံရပြီချေပြီ။

နဖူးမှ မီးခေါင်းနှင့် မြွေခေါင်းကို ထိုးကြည့်လိုက်သော် ဒေါသခြောင်းခြောင်းထွက်နေသော မြွေမျက်လုံးနှစ်လုံးက သူ့ကိုပြန်ကြည့်နေပြီး နှာခေါင်းကလည်း တဖူးဖူးမှုတ်နေသေး၏။ ကိုစိန်လ[illegible] လွှတ်ရာလွတ်ကြောင်းအမျိုးမျိုးကြံကြ[illegible] ၏။ ဘယ်လိုလုပ်ရပါ့။ ထိုသို့ရှိစဉ်မှာ[illegible] မြွေကိုယ်လုံးက တွန့်လိမ်ကာ ရုန်း[illegible] ရာမှ ကိုစိန်လင်း၏ညာဘက်ခြေသ[illegible] ကို ဝင်ပတ်တော့သည်။

ကိုစိန်လင်း ဇောချွေးပြန်လာ[illegible] မြွေခေါင်းကို မလွှတ်ရဲရာမှ အဖြစ်[illegible] သွားချေပြီ။ မြွေက သူ၏ခြေသလုံး[illegible] ပတ်ထားပြီး အားဖြင့်ညှစ်၍ ဦးခေ[illegible] ကို ရုန်းထွက်သည်။ ကိုစိန်လင်းကလ[illegible] မြွေခေါင်းကို အားထည့်၍ ညှစ်ထား[illegible] သည်။ မြွေမှာ အားသန်လွန်း၍ လူ[illegible] ကိုယ်လုံး ဖင်ထိုင်လျက်အနေအထား[illegible] ပက်လက်ပင်လန်ချင်လာသည်၊

ဤအတိုင်းဆို ကြာလျှင် [illegible] အန်သေ၍ မြွေခေါင်းလွတ်သွား[illegible] သူ့အဖြစ်ကို မတွေးရဲ၊ မဖြစ်တော့[illegible] တစ်ခုံတစ်ဦး၏အကူအညီရမှ ဖြစ်[illegible] မည်၊ ဖားကောက်သူတစ်စုံတစ်ယော[illegible] ကန်အနီးတွင် ရှိနိုင်၏။ ကိုစိန်[illegible] အသံကုန်ဟစ်၍ အော်လိုက်[illegible] သည်၊

"ကယ်ကြပါဦးဗျို့၊ ကယ်ကြ[illegible] ကျုပ် မြွေနဲ့တွေ့နေလို့ပါ။ ကယ်ကြ[illegible] ဦး"

သူ၏ အော်သံကိုကြားတော့ [illegible] က လန့်ပြီး ပို၍ရုန်းသည်၊ ခြေသလုံး[illegible] ပတ်ထားသောကိုယ်လုံးကို ပို၍အ[illegible] ထည့်ညှစ်ပြီး ရုန်းသောကြောင့် ကို[illegible] လင်း ညာခြေသလုံးမှာ နာကျင်ကို[illegible] လာသည်။ ညအမှောင် ရေကန်စ[illegible] မြွေနှင့်လူ အသက်လုပွဲ။ မြွေကလ[illegible] အလျှော့မပေး။ ခြေသလုံးကို ညှစ်အ[illegible] ယူ၍ ခေါင်းကို တအားရုန်းထွက်[illegible] ကိုစိန်လင်းကလည်း မြွေခေါင်းကို လ[illegible] မထွက်အောင် တအားညှစ်ထား[illegible] အသံကုန်ဟစ်၍ အကူအညီတောင်း[illegible]

"ကယ်ကြပါဦးဗျို့၊ ကယ်ကြ[illegible]

ကိုစိန်လင်းအထင် အော်[illegible] သည်မှာ ဆယ်မိနစ်ခန့်ကြာမည်ထင်[illegible] သူ၏အော်သံကိုကြား၍ထင့် ညာဘ[illegible] ကန်ပေါင်ပေါ်တွင် ဓာတ်မီးရောင်[illegible] တွေ့၏။ လူနှစ်ယောက် သူ့ဆီလာနေ[illegible] ပြီ။ ကိုစိန်လင်း ဝမ်းသာအားရဖြင့် [illegible] ကျယ်ကျယ်အော်လိုက်လေသည်၊

"ကယ်ကြပါဦးဗျာ၊ ဟော့လူ[illegible] ကျုပ်ကိုကယ်ကြပါဦးဗျာ"

ထိုလူနှစ်ဦးကလည်း ဓာတ်[illegible] ထိုးကြည့်ရာ ကိုစိန်လင်း၏ [illegible] မြင်သွား၍ ကန်ပေါင်ပေါ်မှ ပြေးဆ[illegible]

www.burmeseclassic.com

www.burmeseclassic.com

လာကြ၏။ ကိုစိန်လင်း အော်နေရာမှ ထိုလူနှစ်ဦးကို နဖူးမှ မီးခေါင်းနှင့်ထိုးကြည့်ရာ ရွာတောင်ပိုင်းမှ ကိုမြမောင်နှင့် ကိုလှဆောင်တို့ညီအစ်ကို ဖြစ်နေသည်။ ကိုမြမောင်နှင့် ကိုလှဆောင်သည် ကိုစိန်လင်းထံ ပြေးလာပြီး -

"ဟေ့လူ-ကိုစိန်လင်း၊ ဘယ်လိုဖြစ်ရတာတုံး။ မြွေကြီးပါလား"

"အေးကွ၊ လုပ်ကြပါဦး။ ငါလက်အန်သေလာပြီ။ မြွေခေါင်းလွတ်တော့မယ်"

"ပေး ပေး၊ မြွေခေါင်းကို ကျုပ်ကိုင်မယ်"

ကိုမြမောင်က ပြောပြောဆိုဆို ကိုစိန်လင်းလက်ထဲမှ မြွေခေါင်းကို ဝင်ကိုင်ပေးသည်။ ထိုအခါကျမှ ညာခြေသလုံးတွင်ပတ်နေသော မြွေကိုယ်လုံးကို ကိုစိန်လင်း ဖြေထုတ်ပြီး မြွေဝမ်းဗိုက်နေရာကို ချိုင်းကြားနှင့် တအားညှပ်ပြီး ဖမ်းထားလိုက်သည်။ ကိုလှဆောင်ကလည်း ထမ်းပိုးကို ကောက်ကိုင်လိုက်ပြီး-

"ဟေ့ကောင် မြမောင်၊ မြွေခေါင်းကို ဟိုစကျင်ကျောက်တုံးပေါ် တင်လိုက်။ ငါရိုက်သတ်မယ်"

ကိုမြမောင်က ကိုလှဆောင်ပြရာ ကန်ရေစပ်တွင် တစ်ဝက်တစ်ပျက်ပေါ်နေသော စကျင်ကျောက်တုံးပေါ်သို့ မြွေခေါင်းကို တင်ပေးလိုက်သောအခါ ကိုလှဆောင်သည် မြွေခေါင်းကို ထမ်းပိုးဖြင့် စိစိညက်ညက်ကြေသည်အထိ ဆင့်ကာဆင့်ကာရိုက်လိုက်တော့သည်။ မြွေတစ်ကိုယ်လုံး တွန့်လိမ်ခုန်ပေါက်ပြီး တဖြည်းဖြည်းငြိမ်ကျသွားကာ အကြောတဆန့်ဆန့်ဆွဲ၍ သေဆုံးသွားလေတော့၏။

ယခုမှပင် ကိုစိန်လင်း သက်ပြင်းချ၍ ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။ ကိုမြမောင်နှင့် ကိုလှဆောင်က မြွေသေကို မာတ်မီးဖြင့်ထိုးကြည့်ရင်း ကိုမြမောင်က -

"တောကြီးမြွေဟောက်ကြီးဗျ၊ နည်းတဲ့ကောင်ကြီးမဟုတ်ဘူး။ ကိုစိန်လင်းရယ်၊ ခင်ဗျားမလည်းဘယ်လိုဖြစ်ရတာတုံး။ မြွေခေါင်းကို ခင်ဗျားက ကိုင်ထားတယ်၊ မြွေကိုယ်လုံးက ခြေသလုံးမှာပတ်လို့"

"မပြောချင်ပါဘူးကွာ၊ ရေစပ်မှာ မြွေခေါင်းပေါ်နေတာကို ဖားခေါင်းမှတ်လို့ သွားဖမ်းမိတာဟေ့။ တော်သေးတာပေါ့ကွာ၊ မင်းတို့နှစ်ယောက်ရောက်လာလို့ နောက်ဆယ်မိနစ်လောက်သာကြာရင် ငါတော့ကွပြီ။ မင်းတို့ကို ဘယ်လိုကျေးဇူးတင်မှန်းမသိပါဘူးကွာ တကယ်ပါ"

ကိုမြမောင်က ကိုစိန်လင်းကို ဆွဲထူပေးသည်။

"ကဲ - ထထ ကိုယ့်လူ၊ ရွာပြန်ရအောင်။ နောက်ဖားကောက်ထွက်ရင် သတိထားဗျ"

"အမလေး-တော်ပါပြီ၊ နောက်ဆိုဖားမကောက်ရဲတော့ပါဘူး။ သူများကောက်တာပဲ ဝယ်စားတော့မယ်။ ခုလည်း ကြောက်လွန်းလို့ တုန်နေပါပြီကွာ"

ကိုစိန်လင်းအပြောကြောင့် ကိုမြမောင်နှင့် ကိုလှဆောင် သဘောကျစွာရယ်တော့သည်။ ဟုတ်ပေသည်။ ကိုစိန်လင်းတစ်ကိုယ်လုံး ကြောက်စိတ်ကြောင့် တဆက်ဆက်တုန်နေဆဲရှိသေး၏။ မြွေပတ်ခံထားရသော ညာဘက်ခြေသလုံးကလည်း ကိုက်ခဲနေသည်။

ယခုမှ ကိုစိန်လင်း ကြည့်မိသည်။ ကိုမြမောင်နှင့် ကိုလှဆောင်မှာ ဖားကောက်ထွက်လာခြင်း မဟုတ်ကြချေ။

"ဒါနဲ့ မင်းတို့နှစ်ကောင် ဘယ်က ပြန်လာတာတုံးကွ။ ဖားကောက်ကြတာလည်းမဟုတ်ဘူး"

"ဟုတ်တယ်၊ ကျုပ်တို့ကန်ပက်လက်ရွာကပြန်လာတာ။ ဒီကန်နားရောက်မှ ခင်ဗျားအော်သံကြားလို့ ဝင်လာတာ။ ကဲ - ပေးပေး၊ ခင်ဗျားဖားအိတ်ကြီး"

ကိုမြမောင်က ပြောပြောဆိုဆို ကိုစိန်လင်းဆီမှ ဖားအိတ်ကိုလွယ်လိုက်ပြီး ဘက်ထရီကိုထမ်းသည်။ ကိုလှဆောင်က ကိုစိန်လင်းကိုတွဲခေါ်ရင်း ရွာသို့ပြန်ခဲ့ကြသည်။ တောကြီးမြွေဟောက်အသေကောင်ကိုမူ ရေကန်အနီးရှိ လျှိုကြီးထဲသို့ လွှင့်ပစ်ခဲ့၏။

ကိုမြမောင်နှင့် ကိုလှဆောင်က ကိုစိန်လင်းကို အိမ်တိုင်ရာရောက်လိုက်ပို့ကြသည်။ ရွာပြန်ရောက်သော် ည (၁၁) နာရီကျော်ချေပြီ။ ကိုစိန်လင်း၏ အဖြစ်ကို ဇနီးဖြစ်သူကြားသောအခါ အတော်ပင် ထိတ်လန့်သွားပြီး နောက်နောင် ဖားကောက်မထွက်ရန်ပြောတော့သည်။ ကိုမြမောင်နှင့် ကိုလှဆောင်ကိုလည်း အလွန်ပင် ကျေးဇူးတင်သွားခဲ့သည်။ သူ့မခမျာ ကံကောင်း၍ မုဆိုးမ မဖြစ်ရခြင်း ဖြစ်၏။

နောက်တစ်နေ့မနက်လင်းသော် ကိုစိန်လင်း၏ သတင်းမှာ တစ်ရွာလုံးပြော၍အဆုံးတော့ချေ။ တချို့က ကိုစိန်လင်းအား ကန်စောင့်နတ်က ကန်စောင့်လူလဲရန် မြွေနှင့်တိုက်ခြင်းဖြစ်သည်ဟု ပြောကြသေး၏။ ကိုစိန်လင်းအတွက်မူ သေမင်းနှင့် စစ်ခင်းခဲ့ရသော ထိုမိုးညတစ်ညကို မေ့မရနိုင်တော့ပေ။ ထိုနေ့မှစ၍ ဖားကောက်ခြင်းကို ရာသက်ပန် စွန့်လွှတ်လိုက်တော့သည်။

ကိုသဲယု (ဘုံ[illegible])

## အသည်းရောင် အသားဝါသူများအတွက်

စလောင်းသောင်း(သုံးဆယ်)

အသည်းရောင်အသားဝါသူများ အုန်းသီးအနုတစ်လုံးကို ထိပ်ဝဖွင့်ပြီး သကြားခဲ တစ်ကျပ်သားထည့်၍ အဖုံးကို (၅) မိနစ်ခန့်ကြာသောအခါဖွင့်ပြီး အရည်နှင့်အသားကို အကုန်စားပါ။ ဆီးဝမ်းမှန်ပြီး အသည်းရောင် အသားဝါ သက်သာ ပျောက်ကင်းနိုင်ပါသည်။

### ရေယုန်ပေါက်သူများအတွက်

ရေယုန်ပေါက်သူများ အိမ်ခြံစည်းရိုးတွင်ပေါက်လေ့ရှိသည့် ကင်းပုံရွက် (၇)ရွက် ဘယ်၊ညာထပ်ပြီး အရင်းအဖျားတို၍ ရေယုန်ပေါက်နေသည့်နေရာကို တိုက်ပါ။ ရေယုန်ဆက်မပွားဘဲ ရက်အနည်းငယ်အတွင်း သက်သာပျောက်ကင်းနိုင်ပါသည်။

### ပန်းနာရင်ကျပ်သူများအတွက်


ပန်းနာရင်ကျပ်သူများ စပါးလင်ခေါင်းကိုယူ၍ ကျောက်ပျဉ်တွင် လက်ဖက်စားဇွန်းတစ်ဇွန်းရအောင်သွေးကာ ပျားရည်တစ်ဇွန်းနှင့်ရောမွှေပြီး သောက်လိုက်ပါ။ သက်သာ ပျောက်ကင်းနိုင်ပါသည်။

စလောင်းသောင်း(သုံးဆယ်)



www.burmeseclassic.com

www.burmeseclassic.com



"ကျောက်ခဲ၊ ဟိုကောင်မြမောင် ရောက်ပြီလား"

အမေးစကားနှင့် အိမ်ဝင်းထဲသို့ တင်ထွန်းဝင်လာသည်။

"မလာသေးဘူးကွ၊ ငါလည်း စောင့်နေတယ်။ စောပါသေးတယ်ကွာ"

ကျောက်ခဲမှ လေးတိုင်စင်လေးတွင်ထိုင်လျက်သားပြော၏။

"တို့ မနေ့ညက ငါးတော်တော်လေးရတယ်နော်။ တစ်ယောက်တစ်ပိဿာလောက်ခွဲတမ်းရတော့လည်း မင့်နောက်လိုက်ရတာ အဆင်ပြေသားကွ"

တင်ထွန်းက ပြောပြောဆိုဆို ကျောက်ခဲဘေးတွင် ဝင်ထိုင်လျက် မြမောင်အလာကို ငေးမျှော်နေမိသည်။

ဆိပ်ကမ်းသာရွာကလေးသည် အမှောင်ထုအောက်တွင် ငိုက်မေ့စပြုနေပြီ။ ကောင်းကင်ပြာပြာကြီးတွင် ကြယ်လေးတွေအရောင်လက်နေကြ၏။ ဧရာဝတီမြစ်၏အနောက်ကမ်းတွင် ကမ်းတစ်လျှောက် ခြေတံရှည်အိမ်လေးများဖြင့် ရွာတန်းရှည်တည်နေသည်။ အများအားဖြင့် ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ၊ ငရုတ်၊ ကြက်သွန်များ စိုက်ပျိုးကြသည်။ စိုက်ပျိုးရေးလုပ်ငန်းသည် ဆိပ်ကမ်းသာရွာ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဖြစ်တော့သည်။ နေထွက်မှ နေဝင်သည့်ဘိုင် စိုက်ပျိုးရေးလုပ်ငန်းများနှင့် အားလပ်သည် မရှိခဲ့ပေ။ ကျောက်ခဲ၊ မြမောင်၊ တင်ထွန်းတို့သည် ငယ်ပေါင်းသူငယ်ချင်းများဖြစ်ပြီး တစ်ဦးနှင့်တစ်ဦး မွေးချင်းရင်းချာများနှယ်ရှိသည်။ ယာထွန်၊ လှည်းတိုက်၊ ရေခပ်၊ ယာသွားယာပြန်တို့တွင် အတူမခွဲတတွဲတွဲရှိကြ၏။

"ကျောက်ခဲ၊ ကျောက်ခဲရေ"

မြမောင် ရောက်လာသည်။

"နောက်ကျလိုက်တာ မြမောင်ရာ။ တို့စောင့်နေတာကြာပြီကွ"

တင်ထွန်းမှ အပြစ်တင်သလိုပြော၏။

"ငါလည်း နွားစာကျွေးနေရသေးတယ်။ နွားတွေတင်းကုပ်သွင်းပြီးမှထမင်းစားတော့ နည်းနည်းနောက်ကျသွားတယ်"

မြမောင်မှ လေပြေထိုးကာ ရှင်းပြသည်။

"ကဲကဲ-သွားကြမယ်၊ မြမောင်က လက်နှိပ်ဓာတ်မီးယူခဲ့။ တင်ထွန်းက ဓား ရှည်နဲ့ ငါးထည့်ဖို့ ပုဆိုးကိုတစ်ထည်ယူ ကွာ"

ပိုက်ကွန်ကို ပခုံးပေါ်တင်ကာ ကျောက်ခဲမှ ဦးဆောင်ထွက်ခွာလာကြသည်။ ရွာတောင်ပိုင်းရှိ ရွာတံခါးဝကို ကျော်လာပြီ။

"သည်ညမှာ တို့ ငါးတွေအရင် ညကထက်ပိုရမှာကွ၊ ငါးတွေပိုရဖို့နည်း လမ်းတွေ့ထားတယ်"

ကျောက်ခဲက မြစ်ကမ်းဆီသို့ ချီးကွေ့လျှောက်လျက်ပြော၏။

"မင်းငါးတွေကမ်းကပ်တဲ့ငါးအုပ် နေရာကို တွေ့ထားလို့လား"

မြမောင်က ကျောက်ခဲကိုမေးခွန်း ထုတ်သည်။ တင်ထွန်းမှာ ဓားရှည်ကို ထမ်းကာ လိုက်ပါလာသည်။

"ကမ်းစပ်ရောက်တော့ သိ[illegible] ကွာ"



www.burmeseclassic.com

www.burmeseclassic.com



# ပြေဦး

## သေသူ၏လက်ဝါး ထင်ရှားကျောပြင်မှာ

ကျောက်ခဲမှ တုံးတိတိပြောကာ ကမ်းစပ်သို့ ဦးတည်လျှောက်ခဲ့၏။

မြစ်ကမ်းနဖူးတွင် ရှေးနှစ်ပေါင်းများစွာမှ တည်ထားခဲ့သော ပြိုပျက်နေသည့် ဆုတောင်းပြည့်စေတီသို့ ရောက်လာကြသည်။ ဆုတောင်းပြည့်စေတီကုန်းတော်၏အဆင်းတွင် မြစ်ကမ်းမရောက်မီ ကြီးမားသော လက်ပံပင်ကြီးနှစ်ပင် ယှဉ်တွဲလျက် ကြီးမားအုပ်ဆိုင်းစွာပေါက်နေသည်။ လက်ပံပင်ကြီးနှစ်ပင်မှာ ညအမှောင်တွင် မည်းမည်းကြီးအသွင်မြင်နေရ၏။ လက်ပံပင်ကြီးအနီးတွင် ကျောက်ခဲရပ်လိုက်သည်။

"ကြည်အေးရေ တို့ရောက်ပြီဟေ့။ ကမ်းစပ်မှာလာမှေးတဲ့ငါးတွေကို ကွန်ပစ်ဖမ်းမှာကွ။ တို့ငါးများများရဖို့ မင်းက ငါးတွေကွန်ပစ်မယ့်ဆီ ခြောက်ပေး၊ မောင်းပေး။ မင့်ကိုလည်းငါးပေးမယ်"

ကျောက်ခဲမှ လက်ပံပင်ကြီးကို ကြည့်ကာ အသံကျယ်ကျယ်ပြောသည်။

"ဟာ - ကျောက်ခဲဘာတွေပြောမှန်းမသိဘူးကွာ၊ ငါကြောက်တတ်တာသိရဲ့သားနဲ့။ ကြောက်လိုက်တာကွာ"

မြမောင်မှ မမြင်ဘူး၊ မတွေ့ဘူးသော တစ္ဆေသရဲတို့ကို ဒူးတုန်အောင်ကြောက်တတ်သူ ဖြစ်၏။

"မကြောက်ပါနဲ့ မြမောင်ရာ။ ကြည်အေးက တို့ငယ်ငယ်လေးကတည်းက အတူကစားအတူသွားခဲ့တဲ့ သူငယ်ချင်းပဲ။ မင်းဒီလောက်ကြောက်နေတယ်ဆို ဒီဓားရှည်ယူထား"

တင်ထွန်းမှ ဓားရှည်ကို ကမ်းပေးသည်။ ကျောက်ခဲမှာ ဘာကိုမှမမှု။ မြစ်ဆိပ်ကမ်းသို့သာခြေလှမ်းကျဲကျဲလျှောက်လာခဲ့တော့သည်။

◆

ရွာဆီမှ သူငယ်အိပ်ဆိတ် ကြက်တွန်သံတွေညံနေသည်။ မြမောင်မှာ ကြည်အေးကို မြင်ယောင်နေမိ၏။ ကြည်အေးသည် မြမောင်တို့နေအိမ်မှ သုံးအိမ်



www.burmeseclassic.com

www.burmeseclassic.com

ကျော်တွင်နေသည့် ဦးကျော်၊ ဒေါ်ခွေးမ၏ တစ်ဦးတည်းသောသား ဖြစ်သည်။ ကျောက်ခဲ၊ မြမောင်၊ တင်ထွန်း၊ ကြည်အေးတို့လေးဦးသည် ရွာတောင်ပိုင်းတွင် အမြဲတမ်းတွဲကာ တွေ့ရသည်။ မူလတန်းကျောင်းလေးသို့အတူသွား၍အတူပြန်ကြသည်။ တစ်ယောက်ဆီမှ မုန့်နှင့်သရေစာကို အတူစားကြသည်။ ကလေးဘဝကစားဖက်များ ဖြစ်၏။ ကျောက်ဒိုးပစ်တမ်းကစားကြသည်။ မကြာခဏအငြင်းပွားကြ၏။ ခန္ဓာကိုယ်ထွားကျိုင်း၍ ဗလတောင့်သော ကြည်အေးသာအနိုင်ရလေသည်။ အငြင်းပွားရန်ဖြစ်ကြပြန်သည်။ ရန်ဖြစ်သော်လည်း တစ်နေမကုန်မီ ပြန်လည်သင့်မြတ်ကြမြဲ ဖြစ်သည်။ ခန္ဓာကိုယ်သွယ်လျသည့်မြမောင်ကို အားလုံးက မိန်းမလျှာ ဂန်ဒူးဟုနောက်ပြောင်တတ်သော်လည်း မြမောင်ပြုံးလျက်သာရှိခဲ့၏။

ဂျင်ပေါက်တမ်းကစားကြသည်။ ကြည်အေးအနိုင်ယူ၏။ တွတ်ထိုးကြပြန်သည်။ ကြည်အေးသာနိုင်ပြန်သည်။ ခုံညင်းထိုးကြ၏။ ဗလအားကိုးဖြင့် ညစ်ကာ ကြည်အေး အစမွနိုင်လေသည်။ ကလေးသဘာဝ ကစားနည်းအဖုံဖုံတွင် ကြည်အေးသည် အမြဲအနိုင်ယူလိုသည်။ အနိုင်ရမှသာ ကြည်အေး ပျော်သည်။ လက်ချင်းအားပြိုင် အားစမ်းလက်လွှဲရာတွင် ကြည်အေးနိုင်၏။ ဗလကောင်း၍ အားတောင့်သည့်အနိုင်ဖြစ်သော်လည်း ကျန်သော ကစားနည်းများတွင် ညစ်သောကြောင့်နိုင်မှန်း ကြည်အေးသိပါသည်။ သို့သော် အနိုင်ယူလိုစိတ်မှာ လူလားမြောက်သည့်အရွယ်တိုင်စွဲမြဲနေတော့သည်။

အရွယ်ရောက်သောအခါ မြမောင်၊ ကျောက်ခဲနှင့် တင်ထွန်းတို့မှာ မိဘများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးများတွင် လုပ်ငန်းကိုယ်စီ အားလပ်ချိန်မရတော့ပေ။ လုပ်ငန်းသိမ်းချိန် ညဦးညယံများ၌သာ သူငယ်ချင်းဆုံကြရသည်။ ကြည်အေးမှာ မိဘများက ကွယ်ဝပြီး တစ်ဦးတည်းသားမို့ အလိုလိုက်၍ အကြိုက်ဆောင်သောကြောင့် တွေ့ခဲဆုံခဲတော့သည်။ ကြည်အေးမှာ တောင်ဘက်ရွာသို့ အလည်ကြူး၏။ မြောက်ဘက်ရွာသို့ အလည်ကူး၏။ ဆိပ်ကမ်းသာရွာတစ်ရွာလုံးခြေဆန့်၏။ ကြည်အေးမှာ ရွာစဉ်ရွာဆက် အလည်ကြူး၍ ပျော်မြူးနေတော့သည်။ တောင်ဘက်ရွာတွင် ထန်းရည်သောက်၍ကြက်တိုက်သည်။ အလောင်းအစားဖက်သည်။ အလောင်းအစားမြူလေတိုင်း ငယ်ကျင့်မပျောက်နိုင်။ အစမွနည်းနှင့် အနိုင်ယူတတ်သည်။ အနိုင်ရသောငွေနှင့် ထန်းရည်ဝိုင်း၊ အရက်ဝိုင်းမှာ အောင်ပွဲခံနေမြဲ ဖြစ်၏။ မြောက်ဘက်ရွာတွင် အရက်သောက်သည်။ဖဲဝိုင်းတွင်ထိုင်သည်။ ထုံးစံအတိုင်းပင် ကြည်အေးနိုင်မြဲပင် ဖြစ်၏။ ကြည်အေး၏ညစ်သောလိမ်သောမတရားလုပ်သောလုပ်ရပ်များကြောင့် မကြာခဏရန်ဖြစ်လာပြန်သည်။ ရန်ဖြစ်လေတိုင်း လက်ဃဉ်လက်ဦးသော ကြည်အေးကသာနိုင်တော့သည်။ ကြည်အေးမှာ ဆိပ်ကမ်းသာ၏ လူမိုက်ကြီးဘွဲ့ခံယူထားသူ ဖြစ်လာခဲ့၏။

တစ်ဦးတည်းသောသား ကြည်အေးကို လိမ္မာယဉ်ကျေးကာ လူကောင်းလူတော်ဖြစ်စေချင်ပါသည်။ လူကောင်းလူတော်ဖြစ်စေရန် ဖခင်မှဆုံးမဩွာဒ်ပြဖျောင်းဖျပြောဆိုရှာသည်။ ကြည်အေးမှာ ပြန်မပြောသော်လည်း နားမထောင်ပါ။ ဝါသနာငယ်ကျင့်ကြောင့် နေမြဲပင်ဖြစ်၏။ မိခင်ဖြစ်သူမှ 'သား၊ သားလေး' ခေါ်ကာ မကောင်းမှုတွေကို တားရှာသည်။ လူမိုက်ဘဝကို စွန့်လွှတ်ဖို့ ဆုံးမပါသည်။ ကြည်အေးနှုတ်မှ ဟုတ်ကဲ့ဟုဆိုသော်ငြား အကျင့်မဖြောက် စရိုက်ဆိုးကို ခုံမင်ကာ တောင်ရွာမှမြောက်ရွာသို့ လောင်းကစားနည်းမျိုးစုံနှင့်ပျော်မွေ့ကာ အမြဲတမ်းမူးယစ်နေလေပြီ။

◆

"ကြည် . . . ကြည်အေး၊ ဓားထိုး . . . ထိုးခံရလို့ကွ"

မြမောင်မှ အထစ်ထစ်အငေါ့ငေါ့ တုန်လှုပ်စွာ သတင်းပေးသည်။

"ဘယ်မှာလဲ၊ ဘယ်သူကထိုးတာလဲကွ"

အံ့ဩခြင်းနှင့်အတူ သူငယ်ချင်းအတွက် ခံပြင်းသောဒေါသစိတ်ကြောင့် အသံကျယ်ကျယ်ပင် ကျောက်ခဲမှ မေး၏။

"တို့ရွာလယ်ဆေးပေးခန်းရောက်လာပြီ။ လှည်းပေါ်တင်ခေါ်လာခဲ့တာ။ သွေးတွေလည်း မြင်မကောင်းရှုမကောင်းရဲနေလို့ ငါတော့ ကြောက်လွန်းလို့ မကြည့်ရဲဘူး၊ မင့်ကိုလာခေါ်တာ"

မြမောင်မှ ကျောက်ခဲကို သိသမျှမြင်သမျှ ပြောပြသည်။

"ငါဆေးခန်းကိုသွားနှင့်မယ်။ မင်းပဲ တင်ထွန်းကိုခေါ်ပြီးလိုက်ခဲ့"

လက်သီးကိုဆုပ်ကာ အံကြိတ်လျက် ကျောက်ခဲ အမြန်လျှောက်သွားတော့သည်။

ဆေးခန်းအတွင်းဝင်ခဲ့ပြီး ကြည်အေးရှိရာ သံခုတင်လေးဆီသို့ ကျောက်ခဲ၊ မြမောင်၊ တင်ထွန်းတို့ ရောက်လာကြ၏။ ကြည်အေးခမျာ ခုတင်ပေါ်တွင် ပက်လက်ကလေးရှိနေသည်။ မျက်လုံးမှိတ်ထားကာ အံကြိတ်နေ၏။ ဝေဒနာခံစားမှု ပြင်းပြပုံရ၏။ ကျန်းမာရေးမှူးနှင့် သူနာပြုဆရာမတို့မှာ ဒဏ်ရာကို ဆေးကြောသန့်စင်ပေး၍ စစ်ဆေးကြည့်ရှုသည်။ ကျန်းမာရေးမှူးမှ ဆေးထိုးပေးပြန်သည်။ ဝမ်းဗိုက်နှင့် ရင်ဝမှ ဓားဒဏ်ရာသည် သွေးများစိမ့်ယိုနေသေးသည်။

ဖခင်ဦးကျော်နှင့် မိခင်ဒေါ်ခွေးမတို့မှာ စကားမဆိုနိုင်။ ခြေမကိုင်မိလက်မကိုင်မိ ဂနာမငြိမ်ဖြစ်နေကြသည်။ တစ်ဦးတည်းသော သားချစ်အတွက် ရတက်မအေးနိုင်ကြ။ ကြေကွဲဝမ်းနည်းလှိုက်လှဲသောခံစားမှုဖြင့် ရှိုက်ရှိုက်ကာရှိနေကြသည်။ ငိုသံထွက်မလာသော ဒေါ်ခွေးခမျာ ပျော့ကာခွေကာ သတိလစ်သွားရှာတော့သည်။ ကြည်အေးမှာ မျက်လုံးကိုမဖွင့် တွန့်ကာလူးကာ ခံစားနေရှာ၏။ ကျန်းမာရေးမှူးမှ ဆေးတစ်လုံးထိုးပြန်သည်။ ဆေးထိုးအပြီး ကြည်အေးမျက်လုံးဖွင့်လာသည်။

ကျောက်ခဲမှာ ဝမ်းသာမဆုံးဖြစ်ကာ -

"ကြည်အေး အားတင်းထားစိတ်ကိုမလျှော့နဲ့။ မင်းကို ဘယ်သူထိုးတာလဲ သူငယ်ချင်း။ မင့်ကိုဓားနဲ့ထိုးတာ ဘယ်သူလဲ။ ငါ မင့်အတွက် . . .

ကျောက်ခဲ စကားမဆုံးမီ ကြည်အေးမျက်လုံးမှိတ်သွားပြန်သည်။

ကြည်အေး၏လက်ဝါးလေးကို ချယူဆုပ်ကိုင်လျက် -

"သူငယ်ချင်း မင်းရဲ့ အဖေနဲ့အမေရှိတယ်။ မင်းဘေးမှာရောက်နေတာလေ၊ မင်းကြည့်ပါဦး"

မြမောင်ခမျာ ကြည်အေးအတွက် မျက်ရည်ကျကာပြောနေမိ၏။ ကြည်အေးမှာ မြမောင်စကားကြောင့် မျက်လုံးဖွင့်လာသေးသည်။

"အဖေ"

"သားလေး"

ဦးကျော်မှထူးသည်။

"အမေ . . ."

"သားလေး"

ဒေါ်ခွေးမမှ ထူးသည်။

"သားကိုခွင့်လွှတ် . . .



www.burmeseclassic.com

www.burmeseclassic.com

စကားမဆုံးမီမှာပင် ကြည်အေး ဆုံးရှာသည်။ တင်ထွန်းမှာ မချိတင်ကဲ တက်ခေါက်၍ လူးလာလျှောက်နေရှာလေ၏။

မြောက်ဘက်ရွာတွင် နာရေးရှိသောကြောင့် အသုဘအိမ်တွင် ဖဲဝိုင်းထောင်သည်။ လောင်းကစားမက်သော ကြည်အေး ဖဲဝိုင်းမှာ ဖဲကစား၏။ ကြည်အေး ကံကောင်းနေသဖြင့် ဝိုင်းကျွတ်သိမ်းကာ ဖဲနိုင်လေသည်။ ဖဲဝိုင်းတွင်းရှိ သမျှသောငွေအားလုံး ကြည်အေးသိမ်းပိုက်ကာ ဝိုင်းမှ ပြန်ရန်ထ၏။ ကြည်အေးကို ဖဲလိမ်ကစားသည်၊ ဉာဏ်များသည်၊ အကောက်ကြံသည်ဟု စွပ်စွဲကာ ဖဲကစားသူတွေနှင့် အငြင်းပွားရာမှ မည်သူက ဓားမြှောင်ဖြင့်ထိုးလိုက်သည်မသိ။ ဖဲဝိုင်းမှ ရုတ်ရုတ်သဲသဲပွဲသိမ်းသွားသည်။ ကြည်အေးခမျာ ဆိပ်ကမ်းသာရွာရှိ ရွာလယ်ဆေးခန်းတွင် အသက်ဆုံးရှာရတော့သည်။ ကြည်အေးမှာ ရုတ်တရက် အစိမ်းသေသေရခြင်းပင် ဖြစ်၏။

◆

"ဗိုး . . . ဗွမ်း"

ကျောက်ခဲ ပစ်လိုက်သော ပိုက်ကွန်သည် ကမ်းစပ်ရေပြင်တွင်ဝဲကာကျလေသည်။ ရေအောက်တွင် ပိုက်ကွန်မှ ခဲသီးလေးများစုစည်းကာ ပိုက်ကွန်အတွင်း၌ ငါးသေးငါးငယ်လေးတွေ ဖမ်းမိပေလိမ့်မည်။

"ဂီး ဂီး ဂီး"

လက်ပံပင်ဆီမှ ငှက်ဆိုးထိုးသံည် သွား၏။ ကမ်းခြေဆီသို့ မည်းမည်းအရိပ်ကြီးထင်လာသည်။

"ငါကြောက်တယ်ကွာ၊ ကြည်အေးရောက်လာပြီလားမသိဘူး"

မြမောင်မှာ အသံတုန်တုန်ယင်ယင်ပြောလာ၏။

"ဟေ့ကောင် ဒီအရိပ်မည်းကြီးက လက်ပံပင်အရိပ်ကြီးကွ။ ကြောက်တတ်ရန်ကော"

တင်ထွန်းမှ မြမောင်ကို အပြစ်တင်သည်။

"အမလေးဗျ၊ အမလေး"

မြမောင်မှ အလန့်တကြား အော်သည်။

ကြယ်ရောင်တွေ ပြိုးပြက်သော အလင်းရောင်နှင့် မြစ်ပြင်သည် တလက်လက်စီးဆင်းနေ၏။

"ဘာဖြစ်တာလဲကွာ၊ ငါးထည့်ဖို့ ပုဆိုးကိုရေစွတ်ပြီးတော့ မင့်ကိုပစ်ပေးတာ။ မင်းပခုံးပေါ် ပုဆိုးရေစိုတင်မိတာ လူကြားမကောင်းအော်နေတယ်"

တင်ထွန်းနှင့်မြမောင် စကားအချီအချပြောဆိုနေကြသည်။

"ကြည်အေးရေ၊ တို့တွေကို ငါးခြောက်ပေးဟေ့၊ ငါးများများရဖို့ မင်းကူညီကွာ၊ ငါးပေးမယ်"

ကျောက်ခဲပြောဆိုနေပြန်သည်။

◆

ပိုက်ကွန်ကြိုးမှ ဖြည်းညင်းစွာဆွဲတင်လျက် ကျောက်ခဲပိုက်ဖော်နေသည်။ ကမ်းစပ်၌ ပေါက်ရောက်နေသည့် ကိုင်းပင်၊ ကျူပင်၊ ဝတ်ကြမ်းပင်များရှိသောကြောင့် ပိုက်ကွန်ငြိနေတတ်သည်။ အသာအယာဆွဲယူလျက်ပိုက်ဖော်ရ၏။

ကမ်းစပ်သို့ ပိုက်ကွန်ဖော်လိုက်သည့်အခါ ငါးတွေတစ်ထွေးကြီးပါလာလေသည်။ ကွန်ထဲပါလာသည့်ငါးတွေကို ပုဆိုးစတစ်ဖက်တွင် စုစည်းထုံးချည်ကာ အိတ်သဖွယ်ပြုလုပ်လျက် မြမောင် ငါးထည့်၏။ ကျောက်ခဲမှ ငါးအကြီးဆုံးဟု ထင်ရသည့် ငါးနက်ပြာတစ်ကောင်ကို ကောက်ကာ -

"ရော့ဟေ့ ကြည်အေး"

ဆိုကာ ကမ်းပေါ်သို့ လွှဲပစ်ပေးလိုက်သည်။ ငါးနက်ပြာမှာ အမှောင်ထဲတွင် ပျောက်ကွယ်သွားသည်။

"ကြည်အေးက အစိမ်းသေသေရတော့ ဒီလက်ပံပင်ကြီးမှာ တစ္ဆေဖြစ်နေသတဲ့။ ဒါကြောင့် ဒီကောင်ကို ငါးခြောက်ပေးလှန့်ပေးဖို့ပြောလိုက်တာ"

ကျောက်ခဲမှ သူထင်ရာသူ ပြောနေ၏။

"ဝု . . . ဝူ . . . ဝူ . . . ဝု"

ကမ်းစပ်တစ်လျှောက် ရွာခြေမှ ခွေးများအူကြသည်။ ညဉ့်နက်လာသောကြောင့် အမှောင်ထုပိုလာ၍ တစ်ရွာလုံး မည်းမှောင်နေတော့၏။ ညဉ့်ငှက်များ အော်သံကြားရပြန်သည်။ ကျောက်ခဲမှ ပိုက်ကွန်ကို ခါရှင်းပြီး ပခုံးတွင်တင်ကာ ရေဆန်အတိုင်း လျှောက်ခဲ့သည်။ ဝါးတစ်ရိုက်အကွာတွင် ရပ်တန့်၏။

"ကြည်အေးရေ ကွန်ပစ်ပြီဟေ့။ ငါးခြောက်လှန့်ကွ"

ပြောပြောဆိုဆို ကျောက်ခဲပစ်လိုက်သော ပိုက်ကွန် မြစ်ပြင်ထဲတွဲ ဝဲကျသွားပြန်သည်။ ငါးထည့်ထားသော ပုဆိုးထုပ်ကိုထမ်းကာ ဓားရှည်ကိုဆုပ်ကိုင်သူ မြမောင်နှင့် လက်နှိပ်ဓာတ်မီးကို ကိုင်ဆောင်သူ တင်ထွန်းတို့ လိုက်ပါလာသည်။ ကျောက်ခဲဆွဲယူလိုက်သော ပိုက်ကွန်မှာ ငါးများစွာပါလာပြန်၏။ မြမောင်နှင့် တင်ထွန်းမှ ငါးတွေ ပုဆိုးပိုင်းအိတ်တွင် ကောက်ထည့်ကြ၏။ ကျောက်ခဲမှ ငါးတစ်ကောင် ကမ်းပေါ်သို့ ပစ်ပေးပြန်သည်။ လေးကြိမ်ပစ်လိုက်သော် ပိုက်ကွန်မှ ငါးအတော်ရလာပြီ။ ကမ်းခြေမှာ ရွာလယ်ပိုင်းကမ်းစပ်သို့ ရောက်လာ၏။

"ကြည်အေးရေ၊ ဒီတစ်ခါပြီးရင် တို့ပြန်တော့မယ်"

ပိုက်ကွန်ကို မြစ်ကမ်းနှင့် ခပ်ဝေးဝေးလှမ်းပစ်သည်။ မြမောင်မှာ ကြည်အေး တစ္ဆေဘဝနှင့်သူတို့နောက်လိုက်ပါနေသလားဟူသောအတွေးနှင့် မယုံတစ်ဝက်ရှိနေ၏။

ကျောက်ခဲ ဆွဲတင်ဖော်ယူလိုက်သော ကွန်အတွင်းမှ ငါးများကို ကောက်သိမ်းလျက် -

"ကြည်အေးက တို့နဲ့တကယ်ရှိနေတာလား"

မေးမိသည်။

"အေးပေါ့ကွ၊ ကြည်အေးကြောင့် တို့ငါးတွေဒီလောက်များများရနေတာ"

တင်ထွန်းမှ ဖြေသည်။

"ကြည်အေး၊ မင်းရှိနေတာကို မြမောင်က မယုံဘူးတဲ့ကွ။ မြမောင်ကို မင်းနှုတ်ဆက်လိုက်ပါဦး။ မြမောင်ကို နှုတ်ဆက်ပြီးတော့ မင့်နေရာမင်းပြန်တော့ သူငယ်ချင်း။ မင်းအတွက် ငါး လက်ဆောင်ဟေ့"

ကျောက်ခဲ ငါးတွေလက်တစ်ဆုပ်ယူ၍ ကမ်းပေါ်သို့ ပစ်တင်ပေးကာပြောလိုက်၏။

"အား-နာလိုက်တာကွာ ကျောက်ခဲရာ မလုပ်ပါနဲ့။ မနောက်ပြောင်စမ်းပါနဲ့ကွာ၊ ကြောက်ပါတယ်ဆို"

မြမောင် နောက်ကျောပြင်ကို လက်ပြန်စမ်းလျက် ကျောက်ခဲကို အပြစ်တင်နေသည်။

"ပြီးပြီမဟုတ်လား၊ အိမ်ပြန်ကြစို့၊ မြမောင် ငါဘာမှမင်းကိုမနောက်ပြောင်ဘူးကွ"

ကျောက်ခဲက ပြန်ပြော၏။

"မင်းပဲ ငါ ငါးကောက်နေတာ နောက်ကျောကို လက်ဝါးနဲ့ ရိုက်လိုက်တာ ငါမသိဘူးမှတ်သလား"

မြမောင် ဒေါသပင်ထွက်နေ၏။

"ဟာ -အဲဒါငါမဟုတ်ဘူး၊ ကြည်အေးကွ၊ ကြည်အေး"

တဟားဟားရယ်တာ ကျောက်ခဲ



www.burmeseclassic.com

www.burmeseclassic.com

ချစ်ခဝန်းသစ်

# မံဘုရားများအကြောင်း

## ဆရာကြီးဒေါက်တာသန်းထွန်း၏ဟောပြောချက်မှ

၂၀၀၀ ပြည့်လွန်နှစ်များအတွင်း မြန်မာရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံမြို့မှ ရိုးရာလက်မှုအနုပညာယွန်းထည် လက်ရာပြပွဲ၊ ဆွေးနွေးပွဲများ ကျင်းပခဲ့ပါတယ်။ ၎င်းပွဲတော်များအနက် မြန်မာ့ယွန်းသိပ္ပံ (ယခု-ယွန်းပညာကောလိပ်) မှာကျင်းပခဲ့တဲ့ ယွန်းပွဲတော်တွင် ဘာသာရပ်ဆိုင်ရာစာတမ်းဖတ်ပွဲလည်း ပါဝင်ခဲ့ပါတယ်။

ယင်းကာလနဲ့တိုက်တိုက်ဆိုင်ဆိုင် ဆရာကြီး ဒေါက်တာသန်းထွန်း [MA: B.L; Ph.D; D.Litt (Landon)] နဲ့ တပည့်များဖြစ်တဲ့ (Ph.D)သင်တန်းသားများ ပုဂံရှေးဟောင်းဒေသကွင်းဆင်း လေ့လာရေးခရီးစဉ်နဲ့လည်း ကြုံကြိုက်ခဲ့ပါတယ်။

ထိုစဉ်က စာရေးသူဟာ ပြပွဲတာဝန်ရှိအဖွဲ့ဝင်တစ်ဦးဖြစ်တာကြောင့် ဆရာကြီးနှင့်အဖွဲ့တည်းခိုရာ ဧရာဟိုတယ်သို့ ပုဂံသား ယွန်းပညာရှင် ကိုကိုမောင် (ရွှေပုဂံယွန်းထည်လုပ်ငန်း၊ ရွှေပုဂံတည်းခိုခန်းပိုင်ရှင်) နှင့်အတူ သွားရောက်ပြီး ယွန်းလောကအကျိုးငှာ ဆရာကြီးအဆင်ပြေမည့် ခေါင်းစဉ်တစ်ခုခု ချီးမြှင့်ဟောကြားပေးပါရန် ပန်ကြားခဲ့ပါတယ်။ ဆရာကြီးကလာခဲ့ပါမည် ကတိပြုပြီး သူ့ရဲ့မူလအစီအစဉ်တွေရွှေ့ပစ်ကာ အချိန်ကိုက်ကြွရောက်လာပါတယ်။

ပရိသတ်ကို မိမိက မိတ်ဆက်ပေးဖို့ ဆရာ့ကိုယ်ရေးအချက်အလက်၊ ပို့ချမည့်ခေါင်းစဉ်များ မေးတဲ့အခါ -

"မြန်မာ့လက်မှုပညာမံဘုရားများ ပြုလုပ်ပုံအကြောင်း ကြုံတုန်းနည်းနည်း ပြောချင်ပါတယ်"

လို့ အမိန့်ရှိပါတယ်။

သမိုင်းဘာသာရပ်ဆိုင်ရာ ဆရာကြီးဖြတ်သန်းလာခဲ့တဲ့ ခရီးတစ်လျှောက် မြန်မာ့ဆင်းတုတော်များ အထူးအားဖြင့် ယွန်းပန်းချီလက်ရေးလှလှနဲ့ ကုသိုလ်ရှင် အမည်၊ နေရပ်၊ လှူဒါန်းသည့်အကြောင်း ခြင်းရာ၊ အလှူရှင်၏ဆုတောင်း၊ အလှူ ရေစက်ချနေ့ရက် စတာတွေ စနစ်တကျ အထောက်အထား ခိုင်ခိုင်လုံလုံပါတဲ့ မံ(ယွန်း) ဘုရားများ (Dated Images of Man Phayars) ကို စေ့စေ့ငုငုလေ့လာ ပြီး ပြည်တွင်း၊ ပြည်ပမှာ ဟောပြောပို့ချ ခြင်း၊ စာတမ်းဖတ်ခြင်းများ ပြုလုပ်လေ့ ရှိပါတယ်။

ဆရာကြီးဒေါက်တာသန်းထွန်းရဲ့ ဟောပြောချက်မှာ အချိန်တိုအတွင်း မံဘုရားအကြောင်း ဆွေးနွေးရင်းနဲ့ ရန်ကုန်တက္ကသိုလ်ရဲ့အတိတ်ကာလပုံရိပ် များ၊ မြန်မာ့လက်မှုယွန်းလောကသားတို့ ရှန်းကန်လှုပ်ရှားမှု၊ ဖန်တီးတိုးတက်မှု အခြေအနေ၊ အနုလက်ရာပုံစံကွဲပြားမှု ကိုကြည့်ပြီးခေတ်ကာလမှန်းဆပုံ၊ မြန်မာ့

---

က ပြောပြန်သည်။ ရွာလယ်ကမ်းစပ်မှ ရွာဆီသို့သုံးဦးသားပြန်ခဲ့ကြတော့သည်။

◆

"ကဲ - တင်ထွန်း၊ ငါးတွေကို မင်းပဲ ခွဲတမ်းချပေတော့"

ကျောက်ခဲနေရာအိမ်သို့ ရောက်အပြီး ပြော၏။ ကျောက်ခဲမှာ ကွန်လှမ်းသော ဝါးလုံးတန်းတွင် ပိုက်ကွန်ဖြန့်ကာ လှမ်းသည်။

"မနေ့ကထက်ငါးပိုရတယ်။ ငါးအရွယ်လည်းကြီးတယ်ကွ။ မနက်ဖြန်ဈေးမှာရောင်းပြီးတော့မှပဲ ငါးဖိုးရတဲ့ငွေကို တို့သုံးယောက်ခွဲယူကြတာပေါ့"

တင်ထွန်းမှ ငါးထည့်လာသော ပုဆိုးအတွင်းမှ ငါးတွေကို နှီးတောင်းတွင် လှယ်သွန်လျက်ပြောသည်။

မြမောင်မှာ ကျောပြင်တွင် စပ်ဖျဉ်းဖျဉ်းနှင့် ပူသလိုလိုအေးသလိုလို ခံစားနေရသောကြောင့် အနေခက်နေ၏။ မြမောင်ခမျာ လက်ပြန်လှည့်ကာ ကျောပြင်ကိုစမ်းသည်။ လက်လှမ်းမမီ ဖြစ်နေ၏။

"ဟေ့ကောင်မြမောင်၊ ဘာဖြစ်နေတာလဲ"

ကျောက်ခဲမှမေးသည်။

"ငါ့ကျောပြင်မှာ တစ်မျိုးဖြစ်နေတယ်။ ယားသလိုလို၊ ပူသလိုလို စပ်ဖျဉ်းဖျဉ်းနဲ့အခံရခက်လို့"

"ပြစမ်းကွာ"

ကျောက်ခဲမှ မြမောင် ကျောပြင်သို့ လက်နှိပ်ဓာတ်မီးဖြင့် ကြည့်သည်။ လက်ဝါးရာကြီးတစ်ခုကို ထင်ရှားစွာ မြင်ရ၏။

"ဟာ - တကယ်၊ တကယ်ကွ"

ကျောက်ခဲ အံ့သြစွာဆိုသည်။

ငါးတောင်းကို ပုဆိုးအုပ်ကာ တင်ထွန်းမှာ ကျောက်ခဲ ဓာတ်မီးထိုးထားသော မြမောင်ကျောပြင်ကို ငုံ့ကြည့်မိသည်။

"အေးကွာ၊ ကြည်အေးက ကျီစားလိုက်တာ။ မြမောင်ကို နှုတ်ဆက်လိုက်တဲ့အမှတ်အသားပဲ"

"ဘာလဲကွ၊ တင်ထွန်းဘာလဲလို့"

"မင့်ကျောပြင်မှာ ကြည်အေးရိုက်လိုက်တဲ့လက်ဝါးရာထင်နေတာမြမောင်၊ ကိုစွမရှိပါဘူး၊ မနက်လင်းတော့ပျောက်သွားမှာပါ"

"တော်ပြီကွာ၊ နောက်နောင် ငါ ဘယ်တော့မှ ကွန်ပစ်တာမလိုက်တော့ဘူး"

"တော်ကြာနေ ပျောက်သွားမှာ မြမောင်ရာ။ မင်းပဲကြည်အေးရှိနေတာ မယုံကြည်ဘူးဆိုလို့ ကြည်အေးကျီစယ်လိုက်တာပါကွာ"

ကျောက်ခဲမှနှစ်သိမ့်စကားဆို၏။

"အောက် အီ အီး အွတ်"

သန်းခေါင်ကြက်တွန်သံတွေဆင့်ကာဆင့်ကာ ကြားလိုက်ရ၏။ တင်ထွန်းနှင့် ကျောက်ခဲ၏မျက်နှာကို မြမောင်ငေးကြည့်နေမိသည်။

တင်ထွန်းနှင့် ကျောက်ခဲမှာ တဟားဟားရယ်မောနေကြတော့သည်။

ပြီး



www.burmeseclassic.com

www.burmeseclassic.com

နိုးရာ မံဘုရားပြုလုပ်ပုံစနစ်၊ လက်မှုပညာရှင်ဟာ ကိုယ့်ပစ္စည်းကိုယ်တိုင်လုပ်လည်းလုပ်၊ ရောင်းလည်းရောင်း၊ ဈေးကွက်ရှိ၍ နယ်တကာလှည့်၊ နယ်စွန်နယ်ဖျားထိသွား၊ ဖြစ်သလို တည်းခိုချက်ပြုတ်စားသောက်ရင်း ဝယ်သူတွေ့တဲ့အခါ ဆိုင်ထမ်းလေးချ ပါတဲ့ မံဘုရားလေးတွေ ထုတ်ရောင်းရပုံ -

ရောင်းကုန်ဘုရားလေးကို ဝယ်သူလက်မပါခင်မှာ ဘုရားဒကာ၏ ကောင်းမှုအမှတ်တရ ကုသိုလ်သဒ္ဓါပွားနိုင်ဖို့ သစ်စေးခွက်၊ ရွှေဆိုင်း၊ သံကညစ်တွေထုတ်၊ ဝယ်သူ သို့မဟုတ် အလှူရှင်စိတ်ကြိုက်စာတန်းထိုး၊ သစ်စေးပါးပါးသုတ်၊ ရွှေချ၊ ရွှေစာလုံးဖော် စတာတွေကို စေတနာအပြည့်နဲ့ လုပ်ဆောင်ပေးရပုံ -

မံဘုရားတွေရွာစဉ်လျှောက်သယ်ရတဲ့အခါ ကိုယ့်ရောင်းကုန်က ဝန်ပွဖြစ်တော့ကာ သယ်ရထုပ်ပိုးရလွယ်အောင် အကြီးထဲကို အလတ်၊ အလတ်ထဲ အသေး၊ အသေးထဲ အသေးဆုံးထည့်သည့်ဖြင့် ခရီးရှည်မှာ ကျစ်ကျစ်လျစ်လျစ်နဲ့ ဝန်ပါအောင်စီစဉ်ရပုံ၊ ခေါင်းဆောင်နဲ့ နောက်လိုက်တပည့် သူ့တာ၊ ကိုယ်တာထမ်းကြရပုံတွေ၊ ထိုခေတ်အခါ လူနေမှုဘဝ ရိုးရိုးသားသား လောဘမဖက် ရှန်းကန်အသက်မွေဝမ်းကျောင်းခဲ့ရပုံတွေကို အတွေးပုံရိပ်ပေါ်လာအောင် ပို့ချခဲ့ပါတယ်။

ဆရာကြီးရဲ့နိဂုံးစကားမှာ မံဘုရားအကြောင်းကို ဗဟုသုတအဖြစ်သာပြောလိုတာမဟုတ်ဘဲ လုပ်ငန်းမပျောက်အောင် မံဘုရားများ လုပ်ရောင်းကြဖို့ ယွန်းပညာရှင်များကို စေတနာကောင်းဖြင့် တိုက်တွန်းခဲ့ပါတယ်။

ဆရာကြီး၏ ပို့ချချက်ကို စာရေးသူ ပင်စင်မယူမီ ဌာနကထုတ်ဝေတဲ့ နည်းပညာစာစောင် (Entrepreneur Technical Series, Feb. 2004) မှာ မိမိမှတ်တမ်းမှတ်ရာများမှ ထုတ်နုတ်ပြီး အောက်ပါအတိုင်း ဖော်ပြခဲ့ဖူးပါတယ်။

### ဆရာကြီးဒေါက်တာသန်းထွန်း၏ ဟောပြောချက်

Ph.Dသင်တန်းသားတွေကို မြန်မာ့သမိုင်းသုတေသနအတွက် ပုဂံမြို့ကိုခေါ်လာပါတယ်။ Prehistory လေ့လာဖို့ဆိုပါတော့။ သမိုင်းသုတေသနလုပ်ရင် အစောဆုံးက စလုပ်တာကောင်းပါတယ်။ Professor Hall က ခေတ်သစ်သမား၊ Professor Lous က ခေတ်ဟောင်း။ နှစ်ဦးယှဉ်ရင် သာတာက 'လု(စ်)'။ ဘာကြောင့်လဲဆိုရင် ခေတ်ဟောင်းကလုပ်ရာမှာ တော်တော်များများ ခဲရာခဲဆစ် ဘာသာရပ်တွေ ရင်ဆိုင်ရတယ်။ သတ္တဗေဒလေ့လာရတယ်။ ကျောက်စာ၊ ရှေးအဆောက်အအုံတွေ တော်တော်ပဲလေ့လာရတယ်။

ခေတ်သစ်ကတော့ မှတ်တမ်းလက်ရေးမူ စတဲ့ Document အသင့်ရှိတယ်။ အထောက်အထားရှာရတာလွယ်တယ်။ ခေတ်ဟောင်းက' Document အသင့်မရှိလို့ ပင်ပန်းတယ်။ ကိုယ်တိုင်ကွင်းဆင်းတဲ့အလုပ်လုပ်ရတယ်။ လု(စ်)ကို ဆက်ခံသူမရှိတဲ့အတွက် ကျွန်တော်ခေတ်ဟောင်းလိုင်းကိုလုပ်ရတယ်။ ခေတ်ဟောင်းလေ့လာတဲ့အခါ ပုဂံကစတယ်။ နောက်ပျူက စလေ့လာသင့်တယ်ဆိုတာပေါ်လာတယ်။ ပုဂံကို လု(စ်)နဲ့ လေး၊ ငါးခေါက် နောက်တော့မမှတ်မိတော့ဘူး။ မန္တလေးမှာ (၁၇)နှစ်ကြာခဲ့တယ်။ မဟာဝိဇ္ဇာဘွဲ့တန်းတွေကို ခေတ်ဟောင်းနေရာတွေခေါ် သွားလေ့ရှိတယ်။ ခေတ်သစ်ဆိုသော်လည်း ပုဂံ၊ ဖိုးဝင်းတောင်တွေကို (၂)ပတ်၊ (၁၀)ရက်လေ့လာရတယ်။ (အခုလိုပဲ) မလာခင် ပုဂံအကြောင်း ပြည့်ပြည့်စုံစုံပြော၊ ရောက်တော့လေ့လာ၊ အဆောက်အအုံတွေလှည့်ပြ၊ သိသမျှပြော၊ ပြန်ရင်အစီရင်ခံစာတင်ရမယ်လို့ သတ်မှတ်ထားတယ်။ ဒီအခါမျိုးမှာ ယွန်းကျောင်းကို ရောက်တိုင်းဝင်ဖြစ်တယ်။ ဘာတစ်ခုကျေနပ်မိသလဲဆိုရင် ကျောင်းကို ဂျပန်က ယွန်းပညာရှင်တွေ လာသင်တာသိရပြီး မြန်မာ-ဂျပန်



ဆရာဝင်း(ပန်းပုနည်းပြဆရာကြီး-ကွယ်လွန်)၊
ဆရာသင်း (ယွန်း၊ပန်း၊ချီနည်းပြ/ဌာနမှူး/အငြိမ်းစား) တို့၏လက်ရာ မံဘုရားနှစ်ဆူပုံတော်
(Win Brother's Art Gallery ပုဂံမြို့သစ်မှ ရိုက်ကူးရရှိသည်)



www.burmeseclassic.com

www.burmeseclassic.com


တွဲပြီးတော့ လူသုံးပစ္စည်းတွေထွင်တာ တွေ့ရတယ်။

ယွန်းသောက်ရေခွက်၊ ယွန်းဗန်း၊ ယွန်းအစ်၊ ကွမ်းအပ်တွေပဲ လုပ်ရာက နေ စီးကရက်ဘူး၊ မီးခြစ်၊ မြေအိုး၊ လမ်းလျှောက်တုတ်၊ ခုံဖိနပ်တွေထုတ်တာ တွေ့ရတယ်။ ယွန်းခုံဖိနပ်ကလေးစိတ်ဝင်စားလို့ ရောင်းခိုင်းတော့ မရောင်းပါ။ အိမ်တော်ဖို့လို့ပြောပါတယ်။

ရှမ်းပြည်နယ် ပင်းတယဘုန်းကြီးကျောင်းဟောင်းတွေကို ရောက်တော့ မံဘုရားတွေ တွေ့ရတယ်။ မံဘုရားမှာ စာပါတယ်။ ဘုရားဒါယိကာမိသားစု၊ ဘယ်နေ့ပူဇော်တယ်သိရတယ်။ ဆင်းတုတော်ရဲ့ ဘယ်ခေတ်၊ ဆံတော်၊ မျက်နှာ၊ သင်္ကန်းရုံပုံ၊ မုဒြာ၊ ထိုင်ပုံတွေလေ့လာလို့ရတယ်။ ရက်စွဲက သိပ်တန်ဖိုးရှိလို့ ရက်စွဲပါဘုရားကို လိုက်ရှာရတယ်။ ရက်စွဲရေးမထားသော်လည်းဘဲ တောင်သမန်၊ မန္တလေးကျောက်တော်ကြီးဘုရားတွေကျတော့ ဘယ်ဘုရား၊ ဘယ်သူထုတယ်၊ ဘယ်ကကျောက်ကိုယူလာတယ် ဆိုတာသိရလို့ ဘုရားမှာ ရက်စွဲမပါပေမယ့် မှန်းဆနိုင်တယ်။ ဥပမာ မန္တလေးခေတ်လက်ရာက အမပူရနဲ့ ဘယ်လိုကွာတယ်။ အင်းဝခေတ်ဦး၊ ခေတ်နှောင်းစသည်ဖြင့် ယှဉ်တွဲလေ့လာနိုင်တယ်။

စာအုပ်ထုတ်ဖူးတယ်။ စာတမ်းလည်းရေးဖူး၊ ဖတ်ဖူးတယ်။ တစ်နည်းအားဖြင့် ဆင်းတုတော်သမိုင်းပေါ့။ မံဘုရားက ပိုပြီးစိတ်ဝင်စားဖို့ကောင်းတယ်။ မံဘုရားကို ရွှံ့နဲ့ထု၊ အဝတ်စ၊ သစ်စေးနဲ့နယ်၊ ရွှံ့ပေါ်ကပ်ပြီးရင် အပေါ်က သစ်စေးနဲ့ထပ်ချော၊ ခြောက်ရင် ရွှံ့ကိုထုတ်၊ အလယ်မှာ သစ်သားတိုင်ပါသေးတယ်။ ဘယ်သစ်သားမျိုးမှ အသုံးတည့်တယ်၊ ဘယ်အပင်မျိုးက သစ်စမှ နုတ်ရပြုရလွယ်တယ်ဆိုတာ ရှာထားရတယ်။ သစ်ထည့်ပြီးမှရွှံ့ခွာ၊ လက်မောင်းဆိုရင် ဓားနဲ့ခွဲထုတ်၊ လက်ဖဝါးကို သစ်သားနှင့်ဆက်ရလုပ်ရပါတယ်။ Dated Images of Man Phayar ကို ဂျပန်ဂျာနယ်တစ်စောင်မှာ ရေးခဲ့ဖူးပါတယ်။ ကြေးကျောက်ဘုရားဆင်းတုသမိုင်းလည်းရေးခဲ့ဖူးပါတယ်။

ဆင်းတုသမိုင်းရေးတော့ ကုလားပြည်က စရေးရတယ်။ အစကလုပ်ခွင့်မပေးပါ။ ဘုရားအတုမရှိလို့ ဆိုတယ်။ နောက်လုပ်ခွင့်ရတယ်။ နောက်တော့ မြန်မာပြည်ရောက်လာပြီး ပျူခေတ်စသည့် ခေတ်အလိုက်ကိုယ်နေဟန်တွေ



ကွဲလာတယ်။ မွေးရှင်တော်ဘယ်ခေတ်ပျောက်တယ်။ ဆံပင်အပေါ် အဖုတစ်ခုရောင်ရှင်တော်အစကထည့်ပြီး ဘယ်ခေတ်မှာ ပျောက်သွားတယ်ဆိုတာတွေ လေ့လာပြီးရေးခဲ့ပါတယ်။

မံဘုရားပြုလုပ်သူတွေ ရွှေဘို၊ ရေဦးနယ်ဘက်မှာ မိဖုရားမယ်နုလက်ထက်မှစပြီးအဆက်ဆက် လုပ်ရောင်းခဲ့တယ်လို့ သိရပါတယ်။ အဲဒီဒေသတွေသွားပြီး ဘယ်လိုလုပ်သလဲမေး၊ ဘယ်နေရာသွားရောင်း၊ ဈေးဘယ်လောက်ရ မေးစမ်းတဲ့အခါ ပြောနိုင်သူ၊ ပြောတတ်သူ (၂) ဦး၊ (၃) ဦးသာရှိတော့တယ်။ အကြောင်းကတော့ မံဘုရားဈေးကွက်ကျဆင်းလာလို့ပါပဲ။ ခေတ်ပုံတွေ ပေါ်လာတော့ ခေတ်ပုံတွေပဲချိတ်ကြတော့တယ်။ ဆင်းရဲသားများ ရောင်စုံပုံနှိပ်ဆင်းတုတော်တွေ နံရံချိတ်ကြတဲ့အခါ မံဘုရားဈေးကွက်မရှိတော့ဘူး။ မံဘုရားလုပ်သူမျိုးဆက်လည်း ပျောက်သွားပြီပေါ့။ (၂) ဦး၊ (၃) ဦးသာ ရှိတော့ပြီးခေါင်းဆောင်သူလည်း မဟုတ်တော့ တပည့်တွေသာရှိတော့တယ်။

မံဘုရားလုပ်သူတွေဟာ ဘုရားအများကြီးလုပ်ထားပြီး ရွှေမချဘဲ အကြီးထဲအသေးထည့်၊ ထမ်းပိုးနဲ့ထမ်း၊ ကုန်းကြောင်းလျှောက်ပြီးရောင်းတယ်။ ရွှေဘို ကျောက်မြောင်းကနေ ရှမ်းပြည်နယ်အထိသွား၊ ဘုန်းကြီးကျောင်းတွေမှာတည်းလေ့ရှိကြတယ်။ ဝယ်ပြီးလှူသူရှိမှ ကိုးကွယ်သူရှိမှ ရွှေချ၊ အလှူနေ့ရက် ဘယ်နေ့၊ ဘယ်သူလှူဒါန်းကိုးကွယ်သည်ဆိုတာ ရောင်းတဲ့အခါ ရေးထိုးပေးပါတယ်။

ရှမ်းပြည်နယ်သာမဟုတ်ဘဲ ဇင်းမယ်အထိ ဘုရားရောင်းအဖွဲ့တွေရောက်ကြတယ်။ ခေါင်းဆောင်တစ်ဦး၊ အထမ်းနှစ်ဦး၊ သုံးဦးတချို့ ဇင်းမယ်မှာ အိမ်ထောင်ကျပြီး ပြန်မလာကြတော့ဘူး။ ရွှံ့နဲ့လုပ်စမှာ မျက်နှာတော်ပုံဟာ မပီပြင်သေးဘူး။ မျက်နှာ၊ နှာခေါင်း၊ မျက်ခုံး နားရွက်တွေကို အယောင်သာ ဖော်တယ်။ သစ်စေးထပ်ပြီးမှ ပုံဖမ်းတာကို ခေါင်းဆောင်ဖြစ်သူက လုပ်တယ်။ တပည့်တွေကထမ်းတယ်။ ခရီးထွက်ရင် တပည့်တွေ ပုဆိုးလေးနဲ့ ခါးပတ်လျားလျားလေးလုပ် ခါးမှာချည်၊ ခါးပတ်ထဲမှာ ဆန်အိတ်၊ ပဲအိတ်တွေ ထည့်တယ်။ လမ်းတွေ့တဲ့ ဟင်းသီးဟင်းရွက်၊ သား ငါးဝယ်ချက်ပြီး ကြုံသလို စားသောက်ကြတယ်။ အဲဒီလိုနဲ့ ဇင်းမယ်အထိ ရောက်ကြတာပါပဲ။

Lacquerware Images of Burma မှတ်တမ်းကို ဂျပန်မှာတင်ခဲ့ဖူးပြီး မြန်မာလိုတော့ မရေးရသေးဘူး။ အခုလိုပြောခွင့်ရမယ်လည်း မထင်ခဲ့ဘူး။ အခုပြောခွင့်ရတဲ့အခါ ဒီအကြောင်း၊ မံဘုရားအကြောင်းပြောချင်လာတယ်။ ဗဟုသုတအဖြစ်တင်ပြောချင်တာ မဟုတ်ပါဘူး။ လုပ်ငန်းမပျောက်အောင် မံဘုရားလုပ်ရောင်းကြဖို့ တိုက်တွန်းပါတယ်။

◆

၁၀-၁၁-၂၀၀၅ (ဗုဒ္ဓဟူး) နေ့မှာ ဆရာကြီးဒေါက်တာသန်းထွန်း မန္တလေး ခရီးစဉ်အတွင်း ရုတ်တရက် ကွယ်လွန်ခဲ့ကြောင်း ကြားသိလိုက်ရပါတယ်။ ဆရာကြီးဟာ အငြိမ်းစားသမိုင်းပါမောက္ခဖြစ်ပြီး မကွယ်လွန်မီအချိန်အထိ မြန်မာနိုင်ငံသမိုင်းအဖွဲ့၊ အချိန်ပြည့်အဖွဲ့ဝင်အဖြစ် နိုင်ငံ့တာဝန်ကို အသက် (၈၃) နှစ်ရှိသည့်တိုင် ထမ်းဆောင်ခဲ့သူ ဖြစ်ပါတယ်။

ဆရာကြီး ကွယ်လွန်တာ ယခုဆိုလျှင် ဆယ်စုနှစ်တစ်ဝက်ပင် ကျော်ခဲ့ပါပြီ။ ကမ္ဘာသိ မြန်မာ့သမိုင်းပညာရှင်ကြီး တစ်ဦးဆုံးရှုံးရခြင်းအတွက် ပြည်သူအများ အထူးပင် စိတ်ထိခိုက်ကြရပါတယ်။ ဆရာကြီးရဲ့ ယွန်းအနုပညာ တစ်ရပ်ဖြစ်တဲ့ မံဘုရားအကြောင်းပို့ချချက်ကို သုတေသီများ၊ ပညာရှင်နဲ့ စိတ်ပါဝင်စားသူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေလိုသော စေတနာအရင်းခံဆန္ဒဖြင့် ထပ်မံ ဖော်ပြလိုက်ရပါတယ်။

[illegible]ဆန်းသစ်



www.burmeseclassic.com

www.burmeseclassic.com



# ကောင်းကျိုးဝေဖြာ တစ်နေ့တာလမ်းညွှန်

ဒေါ်ခင်ဝေသူ (B.Sc)



**ဧပြီလ ၁ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၁၊ ၂၊ ၉)။ လာဘ်နေအရပ် အရှေ့တောင်၊ လာဘ်အရောင် အဝါရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၂ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၄၊ ၅၊ ၉)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အစိမ်းရောင်၊ ဗေဒါရောင်။ အကျိုးပေးနေ့သား တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၃ ရက်၊ ကြာသပတေးနေ့**- လာဘ်ဂဏန်းက (၃)။ စိုးမိုးဂဏန်းက (၀၊ ၁၊ ၂)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က ပန်းရောင်၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သံဃာပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၄ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်းက (၄)။ စိုးမိုးဂဏန်းက (၂၊ ၈၊ ၉)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အညိုရောင်၊ အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဗိနော (၉)ခါ ရွတ်ဆိုပါ။

**ဧပြီလ ၅ ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၆၊ ၈၊ ၀)။ လာဘ်နေအရပ်က အနောက်တောင်၊ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၆ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်းက (၆)။ စိုးမိုးဂဏန်းက (၁၊ ၆၊ ၉)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင် အပြာရောင်၊ ဗေဒါရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၇ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်းက (၇)။ စိုးမိုးဂဏန်းက (၄၊ ၉၊ ၀)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင်က အနီ၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထတွင် မြောက်ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၈ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၂၊ ၃၊ ၄)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အဝါရောင်၊ အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်များအောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၉ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၁၊ ၅၊ ၇)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင် အပြာ၊ အစိမ်း။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အနုတ္တရောပုရိသဒမ္မသာရထိ (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၁၀ ရက်၊ ကြာသပတေးနေ့**- လာဘ်ဂဏန်းက (၁)။ စိုးမိုးဂဏန်းက (၂၊ ၆၊ ၀)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အဖြူရောင်၊ အဝါရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သတ္ထာဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၁၁ ရက်၊ သောကြာနေ့**- လာဘ်ဂဏန်းက (၂)။ စိုးမိုးဂဏန်းက (၂၊ ၈၊ ၉)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဝါ၊ မီးခိုးရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထတောင်ဘက်ဘက်လှည့်၍ အရဟံဗိနော (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၁၂ ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၃၊ ၆၊ ၉)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင် အနက်၊ အညိုရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၁၃ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်းက (၄)။ စိုးမိုးဂဏန်းက



www.burmeseclassic.com

www.burmeseclassic.com

(၁၊ ၇၊ ၉)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင် ပန်းရောင်၊ အနီရောင်။ အကျိုးပေးနေ့သား စနေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓေါ-ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၁၄ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်းက (၅)။ စိုးမိုးဂဏန်းက (၂၊ ၇၊ ၈)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင် နံ့သာရောင်၊ အညို ရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၁၅ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၂၊ ၃၊ ၈)။ လာဘ်နေအရပ်က တောင်၊ လာဘ်အရောင်က ပန်းရောင်၊ မီးခိုးရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၁၆ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်းက (၇)။ စိုးမိုးဂဏန်းက (၁၊ ၂၊ ၉)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အပြာ၊ မီးခိုးရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်လှည့်၍ အရဟံ အောင်သိဒ္ဓိ (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၁၇ ရက်၊ ကြာသပတေးနေ့**- လာဘ်ဂဏန်းက (၈)။ စိုးမိုးဂဏန်းက (၁၊ ၅၊ ၈)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် အစိမ်း၊ အပြာ။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သံဃာပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၁၈ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်းက (၉)။ စိုးမိုးဂဏန်းက (၁၊ ၈၊ ၀)။ လာဘ်နေအရပ်က ရှေ့၊ လာဘ်အရောင် အစိမ်း၊ အဝါ။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၁၉ ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၂၊ ၆၊ ၈)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က ခရမ်းရောင်၊ နံ့သာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၂၀ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်းက (၂)။ စိုးမိုးဂဏန်းက (၄၊ ၅၊ ၇)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင် အဝါ၊ အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဘဂဝါ (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၂၁ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်းက (၃)။ စိုးမိုးဂဏန်းက (၅၊ ၆၊ ၀)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင် အနီ၊ ပန်းရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သတ္ထာဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၂၂ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၃၊ ၆၊ ၉)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင် အဖြူ၊ အညိုရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်လှည့်၍ နမောတဿ (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၂၃ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်းက (၅)။ စိုးမိုးဂဏန်းက (၇၊ ၈၊ ၀)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အနီ၊ အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၂၄ ရက်၊ ကြာသပတေးနေ့**- လာဘ်ဂဏန်းက (၆)။ စိုးမိုးဂဏန်းက (၁၊ ၂၊ ၀)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အစိမ်း၊ အညိုရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၂၅ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်းက (၇)။ စိုးမိုးဂဏန်းက (၃၊ ၉၊ ၀)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အနီ၊ အဝါရောင်။ အကျိုးပေးနေ့သား ကြာသပတေး စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဇိနော (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၂၆ ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၅၊ ၈၊ ၀)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အဖြူ၊ အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၂၇ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်းက (၉)။ စိုးမိုးဂဏန်းက (၂၊ ၉၊ ၀)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင် အညို၊ မီးခိုးရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၂၈ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်းက (၁)။ စိုးမိုးဂဏန်းက (၁၊ ၃၊ ၇)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင်က အနီ၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၂၉ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၂၊ ၇၊ ၀)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင်က မီးခိုး၊ အနီရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၃၀ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်းက (၃)။ စိုးမိုးဂဏန်းက (၅၊ ၆၊ ၉)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အနီ၊ အနက်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အနုတ္တရောပုရိသဒမ္မသာရထိ (၉) ခါ ရွတ်ဆိုပါ။

ဒေါ်ခင်စံသူ (ဗေဒင်)



www.burmeseclassic.com

www.burmeseclassic.com



## တနင်္ဂနွေသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ယခုတစ်လလုံး ဘုရားရှင်အား သောကြာနံ အသီး၊ အညွန့်၊ ...နံ၊ အာဟာရများဖြင့် မပြတ်ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို ပုတီး (၃) ပတ် နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို သင်္ကန်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို မြောက်အရပ်ကအကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို သောကြာနာမည်ရှင်အကျိုးဆောင်နှင့်စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'သောကြာနံ' ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့ မကြာမကြာ သွား၍ အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ် ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - အိမ်နှင့်နီးသောဘုရားစေတီတစ်ဆူသို့ လမ်းလျှောက်သွားပြီး ရင်ပြင်တော်တံမြက်စည်းလှည်းပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အကျီအနီရောင်ဝတ်မသွားပါနှင့်။
**ထီကံကောင်းလိုသူများ** - စနေနံထီဆိုင်တွင် (၇) ဂဏန်းနှင့်စ,သော ထီလက်မှတ်လေးများနှင့် ကံစပ်နေပါသည်။

## တနင်္လာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ ဝေဝေဆာဆာ ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ်နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တဟီတဟီဂါထာကို အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို အရှေ့အရပ်ကအကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို တနင်္လာနာမည်ရှင်အကျိုးဆောင်နှင့်စပ်ပြီး ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'ကြာသပတေးနံ' ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးပြု၍မရတော့သည့် စက်ပစ္စည်းအဟောင်း၊ အပျက်များကို စွန့်ထုတ်ပစ်လိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက် နေ့စဉ်ရွတ်ပါ။ တစ်ဆက်တည်း မရွတ်နိုင်သူများ မှတ်ပြီးရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို အစာကျွေးပါ။
**ကျန်းမာရေး** - ထမင်းစားတိုင်း ဖုဒ္ဓသဿဂါထာ (၇) ခေါက်ရွတ်မန်းပြီးမှ စားပါ။
**ထီကံကောင်းလိုသူများ** - လှည်းနှင့်ရောင်းသောထီသည် အိမ်နားလာရောင်းပါက ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

**အင်္ဂါ**

## အင်္ဂါသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ ဝေဝေဆာဆာ ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အမိဋ္ဌာန်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဆွမ်းဆန်များလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို သောကြာနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို အင်္ဂါနာမည်ရှင်အကျိုးဆောင်နှင့်စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'သောကြာနံ' ဘွဲ့အမည်ရှိသော ဘုရားစေတီသို့သွားပြီး ပဋ္ဌာန်းနှင့် ဓမ္မစကြာ ရွတ်ဖတ်ပူဇော်ပါ။ မကြာမကြာသွားပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တာသုတ်ကို နေ့စဉ် ဂြိုဟ်သက်အလိုက် ရွတ်ဖတ်ပူဇော်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့ရောက်တိုင်း ရင်ပြင်တော်တံမြက်စည်းလှည်းခြင်း အမှိုက်များကောက်ခြင်းပြုလုပ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို အနီရောင်ပစ္စည်းလက်ဆောင်မပေးပါနှင့်။
**ကျန်းမာရေး** - ကျန်းမာရေးချို့တဲ့နေသောနွမ်းပါးသူများကို ဆေးဝါး၊ ဓာတ်စာ၊ ငွေကြေးများလှူပါ။
**ထီကံကောင်းလိုသူများ** - ခရီးသွားရင်း လမ်းမှာကြုံသောထီဆိုင်တွင် ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။

**ဗုဒ္ဓဟူး**

## ဗုဒ္ဓဟူးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ ဝေဝေဆာဆာ ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အမိဋ္ဌာန်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - နံနက်စောစော ဆွမ်းခံကြွလာသော သံဃာတော်များကို အရုဏ်ဆွမ်းလောင်းပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ရွှက်လှလက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို ဗုဒ္ဓဟူးနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - မွေးနံမှစ၍ ဂြိုဟ်ရှစ်ခွင်လှည့်လည်ပြီး ရေသပ္ပါယ်ပါ။ ပြီးလျှင် တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက် ရွတ်ဖတ်ပူဇော်ပါ။ တစ်ဆက်တည်းမရွတ်နိုင်ပါက မှတ်ပြီးရွတ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - မေတ္တာသုတ်ကို နေ့စဉ် ဂြိုဟ်သက်အလိုက် ရွတ်ဖတ်ပူဇော်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို ဆန့်ကျင်ဘက်ဖြစ်စေမည့်စကားမပြောပါနှင့်။
**ကျန်းမာရေး** - ထမင်းစားပြီးတိုင်း လမ်းခွေးများကို အစာကျွေးပါ။
**ထီကံကောင်းလိုသူများ** - ဗုဒ္ဓဟူးနံထီဆိုင်တွင် (၄) ဂဏန်း များစွာပါအောင် ရွေးချယ်ကံစမ်းထားပါ။

**ကြာသပတေး**

## ကြာသပတေးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး သစ်သီးဆွမ်းများ ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ် နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တဟီတဟိဂါထာကို အဓိဋ္ဌာန်ဖြင့် ရွတ်ပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို သီဟိုဠ်ညှန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို တနင်္လာနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'သောကြာနံ' ဘွဲ့အမည်ရှိသော ဘုရားစေတီသို့ မကြာခဏ သွား၍ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တာသုတ်ကို နေ့စဉ် ဂြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့ မကြာမကြာသွား၍ ရင်ပြင်တော်၊ စောင်းတန်းတော်များကို တံမြက်စည်းလှည်းပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အနက်ရောင်အင်္ကျီမဝတ်ပါနှင့်။
**ကျန်းမာရေး** - လေးရောဂါဝေဒနာရှင်များကို ဆေး၊ အာဟာရ၊ ငွေကြေး ကြုံသလိုလှူပါ။
**ထီကံကောင်းလိုသူများ** - ကားနှင့်ရောင်းသောထီသည်ထံမှာ (၂) ဂဏန်းများစွာပါသော ထီလက်မှတ်လေးများနှင့် ကံစပ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

**သောကြာသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ဗုဒ္ဓဟူးနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။

**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - နံနက်စောစော အရုဏ်ဆွမ်းခံကြွလာသောသံဃာတော်များကို တန်းဆွမ်းလောင်းပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို ရွက်လှည့်နံ့လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။

**ကားရောင်းလိုသူများ** - ကားကို နံ့သာရည်ဖြင့် စတိပက်ဖျန်းပြီးမှ စနေနာမည်ရှင်နှင့် စပ်ရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'ရွှေ' ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းနှင့်မမွှစကြာရွတ်ဖတ်ပူဇော်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ်ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။

**လူမှုရေးအတိုက်အခံများသူများ** - ဘုန်းတော်ကြီးကျောင်းများသို့သွား၍ ဘုန်းကြီးကုဋီများကို ရေဆေးခြင်း၊ ရေဖြည့်ခြင်းများ ဆောင်ရွက်ပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို မကြာမကြာ အစာကျွေးပါ။

**ထီကံကောင်းလိုသူများ** - ခရီးသွားမည့်လူကြုံနှင့်မှာပြီးထိုးပါ။ ကြိုက်ရာထိုးလာပါစေ။ ထီပေါက်တတ်ပါသည်။

**စနေသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ကြာသပတေးနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးစိပ်ပါ။

**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - ယခုလ ဘုရားငါးဆူလှည့်၍ အဓိဋ္ဌာန်ပုတီးများစိပ်ပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို ပျဉ်းမလက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။

**ကားရောင်းလိုသူများ** - ကားကို တနင်္လာနာမည်ရှင်အကျိုးဆောင်နှင့်စပ်ပြီးရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'ကြာသပတေးနံ' ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။ မကြာမကြာသွားပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တာသုတ်ကို နေ့စဉ် ဂြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။

**လူမှုရေးအတိုက်အခံများသူများ** - အိမ်နှင့်မနီးမဝေးတွင်ရှိသော ဘုရားစေတီသို့ ခြေကျင်လမ်းလျှောက်သွားပြီး ရင်ပြင်တော်တံမြက်စည်းလှည်းပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆန့်ကျင်ဘက်ဖြစ်စေမည့်စကားမပြောပါနှင့်။

**ကျန်းမာရေး** - ထမင်းစားတိုင်း ဖုဋ္ဌသဂါထာ (၇) ခေါက် ရွတ်မန်းပြီး စားပါ။

**ထီကံကောင်းလိုသူများ** - ကြာသပတေးနံထီဆိုင်တွင် (၅) ဂဏန်း များစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယခုလတွင် -

ဗုဒ္ဓဟူးစ စနေပိတ်မှည့်ထားသော နာမည်ရှင်များအနေနှင့် အခြားသူများထက် ပိုမိုရွတ်ဖတ်ကျင့်ကြံခြင်းဖြင့် အောင်မြင်မှုများစွာရယူပါ။

ဥပမာ - လှထိန်၊ ဝင်းဒင်၊ ရှိန်နူ၊ ရန်ထက်

မိမိကောင်းမှုအကြောင်းပြု
ဆုမတောင်းဘဲပြည့်ပါစေ

ပြည့်သိန်းကျော်



www.burmeseclassic.com

www.burmeseclassic.com




# ခုနှစ်ရက်သားသမီး ဟောစာတမ်း

## ဆရာဦးမောင်မောင်သန်း

**တနင်္ဂနွေသားသမီးများ**

အောင်မြင်လိုသော စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအတွက် အကျိုးပေးဆုံးသောနံသင့်ပုဂ္ဂိုလ်မှာ သောကြာသားသမီး၊ သောကြာနာမည်ရှင်များ ဖြစ်ပါသည်။ (၅) ဂဏန်းရှောင်ပြီးအလုပ်လုပ်ပါ။ မမျှော်လင့်ဘဲ စက်ပစ္စည်းဝင်လာမည်။ လက်ဝတ်ရတနာဝင်လာပါက စိတ်တိုင်းမကျသောကြောင့် ပြန်လဲပြီးမှ အဆင်ပြေသွားမည်။ ငွေဝင်လာလျှင် မမြဲဘဲ ကုန်ကျစရာကိစ္စပေါ်လာတတ်၍ မလိုအပ်ဘဲ ကုန်ကျမှုမရှိစေရန် ဒိဝါတပတိဂါထာကို ပုတီး (၃) ပတ် နေ့စဉ်စိပ်ပါ။ လူမျိုးကွဲနှင့်ဆိုင်သောကိစ္စ ပြန်လည်ကောင်းမွန်လာမည်။ ထီကံကောင်းတတ်သည်။ ပညာရေးနှင့်ဆိုင်သောကံများ ဇွဲ၊ လုံ့လ၊ ဝီရိယကြောင့် အောင်မြင်မှုပန်းတိုင်ရောက်မည်။ ကျန်းမာရေးကောင်းနေစေရန် လွန်စွာအိပ်ရေးပျက်မခံပါနှင့်။ ကိုယ်နှင့်မတည့်သော အစားအသောက်များ သတိထားရှောင်လိုက်ပါ။ လူမှုရေးကိစ္စများ အဆင်မပြေဖြစ်နေပါက သမ္ဗုဒ္ဓေဂါထာကို ပုတီးတစ်ပတ် နေ့စဉ်စိပ်ပါ။ ချစ်ရေးချစ်ရာကိစ္စများ စိတ်ချမ်းသာမှုရှိစေရန် ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီ အစာကျွေးပါ။ အကြံအစည်ပြုရန်ကိစ္စရှိတိုင်း အရောင်နုနုလေးများ ဝတ်ဆင်အကြံမပြုပါနှင့်။ အောင်မြင်မှုအတွက် အကြောင်းကြီးငယ်ရှိတိုင်း ဘုရားစေတီတစ်ဆူဆူသို့အရင်သွားပြီး ဘုရားရုပ်ပွားတော်တစ်ဆူရှေ့တွင် ဖယောင်းတိုင် (၇) တိုင် ထွန်းညှိပူဇော်ပြီးမှ သွားပါ။ ထီထိုးရန်အတွက် စနေနံထီဆိုင်တွင် (၇) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

**ယတြာ ။ *ငါးအရှင်လေးများကို နိုင်သလောက်ဝယ်၍ ရေအရှင် (သို့) ရေကန်မှာ ဘေးမဲ့လွှတ်ပေးပါ။ ဈေးမဆစ်ပါနှင့်။***





www.burmeseclassic.com

www.burmeseclassic.com

## တနင်္လာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအတွက် အကျိုးပေးဆုံးသောနံသင့်ပုဂ္ဂိုလ်မှာ ဗုဒ္ဓဟူးနာမည်ရှင်၊ ဗုဒ္ဓဟူးသားသမီးများ ဖြစ်ပါသည်။ (၆) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ မမျှော်လင့်ဘဲ အိုးအိမ်၊ အဆောက်အအုံ နေရာကောင်းရရှိတတ်သည်။ အလုပ်လျှောက်ထားသူများ၊ တစ်ဆင့်မြင့်ရာထူးတက်မည့်သူများ စိတ်ချမ်းသာရပါတော့မည်။ လက်ဝတ်ရတနာပစ္စည်းဝင်မည်။ ငွေဝင်လာပြီးလျှင် မမြဲတတ်သောကာလဖြစ်၍ အဖတ်တင်စေရန် ဒိဝါတပတိဂါထာကို နေ့စဉ် ပုတီးစိပ်ပါ။ ပညာရေးနှင့်ဆိုင်သောကံများကောင်းနေပါသည်။ လွန်စွာအိပ်ရေးပျက်မခံပါနှင့်။ ကျန်းမာရေးကောင်းနေစေရန် ကိုယ်နှင့်မတည့်သောအစားအသောက်များ သတိထားရှောင်လိုက်ပါ။ လူမှုရေးနှင့်ဆိုင်သောကိစ္စများ အဆင်ပြေလိုက်၊ မပြေလိုက်ဖြစ်နေတတ်ပါသည်။ စကားပြောဆင်ခြင်ရမည့်ကာလ ဖြစ်ပါသည်။ ချစ်ရေးချစ်ရာကိစ္စများ မမျှော်လင့်ဘဲ လမ်းခွဲစကားကြားရတတ်၍ ချစ်သူကို ဆန့်ကျင်ဘက်ဖြစ်စေမည့်စကားများမပြောမိပါစေနှင့်။ စိတ်ချမ်းသာမှုရှိစေရန် ခိုစာ မကြာမကြာကျွေးပါ။ အကြံအစည်ပြုရန်ကိစ္စရှိတိုင်း ပုလဲပေါက်အဆင်ဒီဇိုင်းအင်္ကျီများ ဝတ်ဆင်အကြံမပြုပါနှင့်။ မွေးနေ့တွင် သက်သတ်လွတ်စားပါ။ ကောင်းမှုကုသိုလ်တစ်ခုခုပြုပါ။ အညံ့များလျော့နည်းသွားပါမည်။ ထီထိုးမည်ဆိုပါက ဗုဒ္ဓဟူးနံထီဆိုင်တွင် (၄) ဂဏန်း များစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယတြာ ။ ။ *ငှက်ကလေးများကို ဘေးမဲ့လွှတ်ပေးပါ။ ငါးကလေးလွှတ်ရန်လွယ်သည့်နေရာများမှာ ငါးကလေးလွှတ်ပေးပါ။*

## အင်္ဂါသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး မည်သည့်ကိစ္စမဆို ကိုယ့်ကိုအကောင်းဆုံးအကြံပေးနိုင်သူ၊ အကူအညီပေးနိုင်သူများမှာ သောကြာနာမည်ရှင်၊ သောကြာသားသမီးများ ဖြစ်ပါသည်။ (၇) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ခရီးယာယီကိန်းရှိသည်။ ငွေကြေးကိစ္စများထစ်ငေါ့နေပါက ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ် နေ့စဉ်စိပ်ပါ။ လုပ်ငန်းခွင်အတွင်း အပြိုင်အဆိုင်ကိစ္စများရှိနေ၍ စိတ်ကသိကအောက်ဖြစ်ရတတ်ပါသည်။ လူမှုရေးကိစ္စများတွင် ကိုယ်ကဦးမဆောင်ပါနှင့်။ နောက်လိုက်ကောင်းတစ်ယောက်ဖြစ်အောင်နေပါ။ စက်ပစ္စည်းအကျိုးပေးသော်လည်း ရပ်ဝေးမှာရှိသော စက်ရုံ၊ အလုပ်ရုံများ အကျိုးမပေးတတ်ပါ။ ပညာရေးကံများကောင်းနေသော်လည်း အပျော်အပါး၊ အပေါင်းအသင်းများလျှင် စာဘက်အားနည်းတတ်၍ အပျော်မမက်ပါနှင့်။ ကျန်းမာရေးကောင်းနေစေရန် လေအောင့်စေသောချဉ်စာများ၊ လွန်ကဲစွာအအေးခံခြင်းများ ရှောင်ပါ။ ချစ်ရေးချစ်ရာကိစ္စများ စိတ်ချမ်းသာမှုရရှိပါမည်။ တစ်ဦးနှင့်တစ်ဦး သစ္စာရှိဖို့အရေးကြီးပါသည်။ မျက်နှာများသူမဖြစ်ပါစေနှင့်။ ဥပဒေနှင့်ဆန့်ကျင်သောကိစ္စမှန်သမျှ ဝေးဝေးရှောင်ပါ။ လူမျိုးကွဲနှင့်ဆိုင်သော လုပ်ငန်းကိစ္စများ အဖျားရှူးသွားတတ်ပါသည်။ ထီထိုးမည်ဆိုပါက သောကြာနံထီဆိုင်တွင် (၆) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းပါ။

ယတြာ ။ ။ *ခြေထောက်မကောင်းသူများကိုတွေ့လျှင် တွေ့သည့်နေရာမှာလှူပါ။ ငွေ/အာဟာရ အဆင်ပြေသလိုလှူပါ။*

## ဗုဒ္ဓဟူးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး မည်သည့်ကိစ္စမဆို ကိုယ့်ကိုအကောင်းဆုံးအကြံပေးနိုင်သူ၊ အကူအညီပေးနိုင်သူ နံသင့်ပုဂ္ဂိုလ်များမှာ ဗုဒ္ဓဟူးနာမည်ရှင်၊ ဗုဒ္ဓဟူးသားသမီးများ ဖြစ်ပါသည်။ (၂) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ လက်ဝတ်ရတနာဝင်လာမည်။ ညီအစ်ကိုမောင်နှမများ၊ မိတ်ဆွေကောင်းများနှင့် ပြန်လည်ဆုံတွေ့နိုင်မည့်ကာလဖြစ်သည်။ စက်ပစ္စည်းအတွက် မမျှော်လင့်ဘဲစိတ်ကသိကအောက်ဖြစ်ရတတ်ပါသည်။ ဆောင်ရွက်ပြီးခဲ့သောလုပ်ငန်းများမှ အကျိုးအမြတ်ခံစားရပါတော့မည်။ ပညာရေးကံများကောင်းနေပါသည်။ အပျော်အပါးလျှော့ပါ။ အချိန်မဖြုန်းပါနှင့်။ အောင်မြင်မှုများရရှိပါလိမ့်မည်။ လူမျိုးကွဲအကျိုးပေးမည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများသာယာနေစေရန် နားလည်မှုများရှိရပါမည်။ စကားပြောဆင်ခြင်ပါလေ။ ချစ်ရေးချစ်ရာကိစ္စများ အဆင်မပြေမှုများရှိနေတတ်ပါသည်။ စိတ်ချမ်းသာမှုရှိစေရန် ခိုလေးများကို မကြာခဏအစာကျွေးပါ။ ငွေဝင်နေသည်ဆိုသော်လည်း အကုန်အကျများနေပါလိမ့်မည်။ ဝင်သမျှငွေ အဖတ်တင်စေရန်အတွက် ဒိဝါတပတိဂါထာကို ပုတီး (၂) ပတ်၊ (၃) ပတ် ရအောင် နေ့စဉ်စိပ်ပါ။ ကျက်သရေမင်္ဂလာရှိသော ဘုရားဆောင်၊ ဧည့်ခန်းနေရာများတွင် မဆိုင်သောပစ္စည်းများမထားပါနှင့်။ ဖုန်၊ အမှိုက်များ ရှင်းလင်းပါ။ ထီထိုးရန်အတွက် ဗုဒ္ဓဟူးနံထီဆိုင်တွင် (၄) ဂဏန်းများစွာပါအောင် ရွေးချယ်ပါ။

ယတြာ ။ ။ *ကျန်းမာရေးအတွက် ဆေးလိုအပ်နေသူများတွေ့ပါက ဆေးလှူပါ။*



www.burmeseclassic.com

www.burmeseclassic.com

### ကြာသပတေးသားသမီးများ

အောင်မြင်ရရှိလိုသည့် စီးပွားရေး၊ ပညာရေး စသည့် မည်သည့်ကိစ္စများတွင်မဆို ကိုယ့်အား အကောင်းဆုံးအကြံဉာဏ်များပေးပြီး ကူညီမည့်သူများမှာ တနင်္လာနာမည်ရှင်၊ တနင်္လာသားသမီးများ ဖြစ်ပါသည်။ စက်ပစ္စည်းများ မကြာခဏ ပြင်လိုက်၊ ပျက်လိုက် ဖြစ်နေတတ်ပါသည်။ (၇) ဂဏန်းရှောင်ပြီးအလုပ်လုပ်ပါ။ ခရီးသွားရန်ကိစ္စပေါ်လာမည်။ အဘက်ဘက်မှငွေဝင်လာမည်။ အလုပ်နှစ်မျိုး၊ သုံးမျိုးတွဲပြီး လုပ်ကိုင်နေရသဖြင့် စိတ်ပင်ပန်း၊ ကိုယ်ပင်ပန်းဖြစ်ရတတ်ပါသည်။ ဥပဒေနှင့်ဆန့်ကျင်သောကိစ္စမှန်သမျှရှောင်ကြဉ်ပါ။ ရန်များတတ်သောကာလဖြစ်၍ သည်းခံစိတ်မွေးပါ။ ကျင့်ကြံအားထုတ်မှုများဝတ္တရားမပျက်ပါစေနှင့်။ ဘာသာရေးနှင့်ယှဉ်ပြီးလုပ်ဆောင်မှုများကြောင့် အောင်မြင်မှုရရှိပါလိမ့်မည်။ ပညာရေးကံများအလွန်ကောင်းနေပါသည်။ ရည်မှန်းချက်ပန်းတိုင်ရောက်မည်။ ငယ်ရွယ်သူတို့၏ ချစ်ရေးချစ်ရာကိစ္စများ မျက်နှာပွင့်လွန်းသူဖြစ်နေတတ်သည်။ ချစ်သူအပေါ် သစ္စာရှိဖို့လိုပါသည်။ ကျန်းမာရေးကောင်းပါမည်။ ညီအစ်ကိုမောင်နှမများ၊ သူငယ်ချင်းများအတွက် အကူအညီများ တတ်အားသရွေ့ပေးလိုက်ပါ။ လက်ဝတ်ရတနာဝင်လာလျှင် မိသားစုထဲမှတစ်ဦးဦးကို ဆင်ပေးလိုက်ပါ။ ထီထိုးမည်ဆိုပါက သောကြာနံထီဆိုင်တွင် နှစ်ခါပြန်ပြီးထိုးထားလိုက်ပါ။ (၆) ဂဏန်းများစွာပါပါစေ။ ထီကံကောင်းတတ်ပါသည်။

ယတြာ ။ ။ *လေရောဂါဝေဒနာရှင်များကို ဆေး ငွေ၊ အာဟာရလှူပေးပါ။*

### သောကြာသားသမီးများ

အောင်မြင်မှုများရလိုသည့် မည်သည့်ကိစ္စမျိုးတွင်မဆို ကိုယ့်ကိုအကောင်းဆုံးကူညီမည့်သူများမှာ စနေနာမည်ရှင်များ စနေသားသမီးများ ဖြစ်ပါသည်။ (၅) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ လူမျိုးကွဲအကျိုးပေးပါသည်။ ထီကံကောင်းသောကာလဖြစ်၍ ထီထိုးရန်မမေ့ပါနှင့်။ ဘာမဆိုကိုယ့်သဘောနှင့်ကိုယ်ဆောင်ရွက်တိုင်း အံချော်နေတတ်သည်ကို သတိပြုပါ။ လုပ်ငန်းအပြောင်းအလဲဖြစ်ပေါ်မည်။ လုပ်ငန်းဟောင်းများအပေါ် ကျေနပ်မှုမရှိဘဲ လုပ်ငန်းသစ်စ,ချင်နေလိမ့်မည်။ သူတစ်ပါးအတွက်အကျိုးပေးသောလုပ်ငန်းဖြစ်သော်လည်း ကိုယ်နှင့်အကျိုးမပေးသောလုပ်ငန်းဖြစ်တတ်၍ နားလည်သူများနှင့် တိုင်ပင်ပြီးမှလုပ်ပါ။ ပညာရေးကောင်းသော်လည်း ဇွဲ၊ လုံ့လ၊ ဝီရိယရှိမှအောင်မြင်တတ်ပါသည်။ လေးလေးနက်နက်သင်ယူပါ။ အောင်မြင်ပါလိမ့်မည်။ ကျန်းမာရေးကောင်းလာပါမည်။ ကိုယ်နှင့်မတည့်သောအစားအသောက်များ ရှောင်လိုက်ပါ။ ငယ်ရွယ်သူတို့၏ နှလုံးသားရေးရာကိစ္စများ အဆင်မပြေမှုများရှိတတ်၍ ခို၊ ကျီး၊ ခွေးလေးများကို မကြာခဏအစာကျွေးပါ။ စိတ်ချမ်းသာမှုရရှိပါလိမ့်မည်။ ထီထိုးရန်အတွက် စနေနံထီဆိုင်တွင် (၇) ဂဏန်း များစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယတြာ ။ ။ *မျက်စိဝေဒနာရှင်များကို ဆေး ငွေ၊ အာဟာရ လှူပေးပါ။*

### စနေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအတွက် အကောင်းဆုံးအကျိုးပေးသည့် နံသင့်ပုဂ္ဂိုလ်မှာ ကြာသပတေးနာမည်ရှင်၊ ကြာသပတေးသားသမီးများ ဖြစ်ပါသည်။ (၃) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ခရီးထွက်ရန်ကိစ္စပေါ်လာမည်။ ငွေဝင်မည့်ကာလဖြစ်သည်။ ရပ်ဝေးမှာရှိသော အရှုပ်အရှင်းဖြစ်နေသည့် စက်ရုံ၊ စက်ပစ္စည်းများ မဝယ်ပါနှင့်။ အကျိုးမပေးပါ။ လက်ဝတ်ရတနာအဟောင်းပြန်ဝင်မည်။ တရားဥပဒေနှင့်မကင်းသည့်ကိစ္စမှန်သမျှ ရှောင်ပါ။ လူမျိုးကွဲကြောင့်စိတ်ညစ်ရတတ်သည်။ အလှူဒါနများ တတ်အားသရွေ့ ပြုလုပ်ပေးပါ။ ပညာရေးကံများကောင်းနေပါသည်။ ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးစားပါ။ လိုရာပန်းတိုင်ရောက်မည်။ ကျန်းမာရေးကောင်းနေသည်ဆိုပြီး မပေါ့ပါနှင့်။ ရင်ပြည့်၊ ရင်ကယ်စာများရှောင်ပါ။ လေအောင့်၊ ဗိုက်အောင့်စေသောအစားအသောက်များ လွန်ကဲစွာမစားပါနှင့်။ စိုးရိမ်စရာမရှိပါ။ ငယ်ရွယ်သူတို့၏ ချစ်ရေးချစ်ရာများ စိတ်ချမ်းသာမှုရှိမည်။ စကားပြောဆင်ခြင်ရမည့်ကာလ ဖြစ်သည်။ မွေးနေ့တွင် ကောင်းမှုကုသိုလ်များ တစ်နိုင်နေ့စဉ်ပြုပါ။ ဘာသာရေးကိစ္စများ မမေ့မလျော့ဆောင်ရွက်ပါ။ အညှံ့များလျော့နည်းသွားပြီး ဆန္ဒများပြည့်လာပါလိမ့်မည်။ ထီထိုးမည်ဆိုပါက ကြာသပတေးသားသမီးနှင့် စပ်တူထိုးပါ။ ကိုယ်ကဂဏန်းမရွေးပါနှင့်။ သူကြိုက်ရာထိုးပါစေ။ ထီကံကောင်းပါလိမ့်မည်။

ယတြာ ။ ။ *ဘုရားစေတီတစ်ဆူဆူသို့သွား၊ ညလုံးပေါက်ပူဇော်ဖို့အတွက် လျှပ်စစ်မီးပူဇော်လိုက်ပါ။*

ရ င် ကို ေ အ း မြ ေ စ သ ၁ =

ဆရာဦးမောင်မောင်သန်း

အမှတ် (၇၅၂)၊ ကုန်းဘောင်(၁၀)လမ်း၊ (၆)ရပ်ကွက်
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့



သူရဇ္ဇမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

# POWER.5
# ခြနှင်ဆေးမှုန့်

## ခြတွေရှင်းသတ်စရာမလိုဘဲ ပြေးစေတဲ့ဆေး

**သုံးစွဲရန်အညွှန်း-**

ခြသွားရာလမ်းကြောင်းတစ်လျှောက် (၂) ပေခြား အပေါက်ကလေးများဖောက်၍ ဆေးမှုန့်များကို ဖြူးပေးပါ။ အိမ်တွင်းအိမ်ပြင်တွင် ခြများရှိရာနေရာများ၊ ခြအိမ်ဖွဲ့ထားသည့်နေရာများတွေ့ပါက ခြများကိုမသတ်ဘဲ ၄င်းတို့၏ခန္ဓာကိုယ်အပေါ်နှင့် အသိုက်ကို ခြနှင်ဆေးမှုန့်များ ဖြူးပေးပါ။ အသိုက်ကြီးလျှင်ကြီးသလို များများဖြူးပေးပါ။ ဆေးမှုန့်များဖြူးပြီး ၄င်းနေရာကို မူလအတိုင်းပုံစံမပျက် ပြန်ထားပါ။ သုံး၊လေးရက်ခန့်ကြာသောအခါ ၄င်းနေရာတွင် ခြများ လုံးဝတွေ့ရတော့မည်မဟုတ်သကဲ့သို့ နောင်တွင်လည်း ပြန်လာတော့မည် မဟုတ်တော့ပါ။ လက်တွေ့သုံးစွဲပြီးမှ တင်သွင်းဖြန့်ချိသောဆေးဖြစ်ပါသည်။

ဈေးနှုန်း ၅၀ဂရမ်ပါ တစ်ဘူး (၈၀၀၀) ကျပ်။

ဖြန့်ချိရေးဆိုင်များ

- ဝင်းရတနာအောင် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး ၀၉ ၄၉၂၂ ၆၆၈၈
- မင်းမိုး အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး ၀၁ ၉၆၉ ၀၃၉၀
- ကျော် II အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး ၀၉ ၅၁ ၀ ၂၉၆၆၊ ၀၉ ၅၁ ၇၅၄၅၃

ပင်ရင်းဆိုင်

- ပညာရွှေတောင်စာအုပ်တိုက် ၀၁ ၃၈၈၇၁၈
  အမှတ်(၉၀၊၉၂) ပန်းဆိုးတန်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com



# နှစ်ဦးလက်ဆောင်

(ရန်ကုန်အေးမြစေသား)

ဆရာဦးမောင်မောင်သန်း

နှစ်သစ်မင်္ဂလာချိန်ခါဖြစ်ပါသည်။ နှစ်ဦးမှစ၍ မင်္ဂလာယူကြရပေ[illegible]မည် ဖြစ်၏။

မင်္ဂလာရှိအောင် ပြောဆိုနေထိုင်ပြုမူခြင်းဖြင့် ကောင်းခြင်းမင်္ဂလာများ တိုးပွားကြရပေ[illegible] မင်္ဂလာတရားတော်နှင့်အညီ ပြော[illegible] လိုက်နာကျင့်ကြံကြရပေမည်။

ကိုယ့်ကိုယ်ကိုယ် ပြန်သုံးသ[illegible]မည်။

ငါသည် ပြီးခဲ့သောနှစ်မှာ ကောင်းမှုကုသိုလ်ဒါနတွေ ဘယ်ရွေ့ဘယ်မျှပြုခဲ့သလဲ။ ဘယ်လောက်ကောင်းအောင် နေခဲ့သလဲ။ ကောင်းကံတွေပွားများလာ

www.burmeseclassic.com

www.burmeseclassic.com

အောင့် ဘယ်လိုတွေအားထုတ်ကျင့်ကြံခဲ့သလဲ။ ငါ့ကြောင့် ငါ့မိဘတွေ၊ ငါ့မိသားစုတွေ၊ ငါ့မိတ်ဆွေတွေ ဘယ်လောက်အကျိုးရှိခဲ့သလဲ။ ငါ့ဘဝရဲ့ အောင်မြင်မှုအတွက် ငါဘယ်လောက်ကြိုးစားခဲ့သလဲ။

ကိုယ့်ကိုယ်ကိုယ် မညာတမ်းပြန်လည်းသပ်ပါ။

လိုရင်ဖြည့်၍ ရပါသည်။ တောင်းခြင်း ဟူသည် ပိုသည်ဟူ၍ မရှိပါ။ မကောင်းမှုကိုသာ ရှောင်ကြဉ်နိုင်အောင် ကြိုးစားရပါလိမ့်မည်။


အောင်မြင်ခြင်း ဟူသည် ကိုယ်နှင့်သာဆိုင်ပါသည်။

မကြိုးစားပါတဲ့နှင့် မည်သူမျှ မအောင်မြင်နိုင်ပါ။

အောင်မြင်ဖို့အတွက် ကြိုးစားကြရသည်ချည်း ဖြစ်ပါသည်။

ကံကောင်းမည့်အချိန်ကို ကြိုတင်စိတ်ကူးယဉ်ပြီး မှန်းဆနေရုံနှင့် မအောင်မြင်နိုင်ပါ။

အောင်မြင်သူများအားလုံးတို့သည်



www.burmeseclassic.com

www.burmeseclassic.com

ဘာမှဖြစ်မလာသေးသောအခြေအနေမှသာ စတင်ခဲ့ကြသူများ ဖြစ်ကြပါသည်။

'ဖြစ်ပါ့မလား' ဟူသည် သူတို့တွင် မရှိပါ။

'ဖြစ်ပါ့မလား' သည် မဖြစ်တော့ခြင်း၏ နိဒါန်းဖြစ်ပါသည်။ ရည်ရွယ်ချက်ပင် ယိုင်သွားတတ်သောတွေဝေခြင်းဖြစ်ပါသည်။

ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုပျက်ပြားသွားစေနိုင်သောအရာမှာ 'ဖြစ်ပါ့မလား' ပင် ဖြစ်၏။

ဤသို့တွေဝေခြင်း၊ ကံကောင်းချိန်စောင့်ခြင်းဖြင့် ဘယ်လိုမှ အစားထိုး၍ မရနိုင်သောအချိန်များ အလွန်နှမြောဖို့ကောင်းပါသည်။

ရည်မှန်းချက်အပြည့်နှင့် ကြိုးစားပါလေ။

'ငါတစ်နေ့တော့အောင်မြင်မှာပဲ' ဟူသည် ပျော့ညံ့ပါသေးသည်။

အတိုင်းအတာထားပါ။

ငါသည် ဒီ ၂၀၁၄ မှာ လုံး၀ အောင်မြင်သူ ဖြစ်ရမည်။ စီးပွားရေး အောင်မြင်ရမည် (သို့) ပညာရေးအောင်မြင်ရမည် ဟူသော ခိုင်မာသည့်စိတ်နှင့် ကြိုးစားပါ။တစ်နေ့ဟူသည် ဘယ်တော့ဖြစ်လာမည်ကို မသိရပါ။ ဒီနှစ်ထဲမှာဟု ကိုယ့်ကိုယ်ကိုယ် သတ်မှတ်ပေးလိုက်သည်နှင့် ဒီနှစ်ထဲမှာအောင်မြင်ဖို့ ကိုယ်တိုင် ကြိုးစားဖြစ်ပါပြီ။

အချိန်တွေကိုအကြောင်းမဲ့အကုန်မခံပါနှင့်။

ကိုယ်တိုင် သတိမထားမိဘဲ ကုန်ဆုံးသွားသောအချိန်များမှာ အလွန်မှနှမြောဖို့ကောင်းပါသည်။ ပြန်လည်ရယူ၍ မဖြစ်နိုင်တော့ပါ။

လက်ရှိအချိန်မှစ၍ တန်ဖိုးထားရပါတော့မည်။

နာရီတိုင်းမှာအဓိပ္ပာယ်ရှိပါသည်။ အကြောင်းတရားများရှိပါသည်။

အလကားကုန်နေသောအချိန်များကို ပြန်စဉ်းစားလိုက်လျှင် အစားထိုး၍ မရပါ။ ကိုယ့်အောင်မြင်မှုသည် ကိုယ့်ကြိုးစားမှုနှင့်သာဆိုင်ပါသည်။

ပညာရေးဖြစ်စေ၊ စီးပွားရေးဖြစ်စေ၊ ကုသိုလ်ရေးဖြစ်စေ အောင်မြင်အောင် ကြိုးစားနေပြီဆိုသည်နှင့် ဘယ်အရာကိုမဆို အဖြောင့်အတိုင်းစဉ်းစားပါ။

အခက်အခဲအထစ်အငေါ့ကြုံလျှင်လည်း မည်သူ့ကိုမျှ အပြစ်မမြင်ပါနှင့်။ ကိုယ့်ဖွဲ့၊ လှို့လ၊ ဝီရိယလိုနေသေးခြင်းကြောင့်ဟုသာ မြင်ပါ။ ကိုယ့်ကိုယ်ကိုယ်လည်း အပြစ်တွေဖိမတင်မိပါစေနှင့်။ ယုံကြည်ချက်နည်းပါးသွားလျှင် တိုးတက်အောင်မြင်မှုမှာ မလိုလားအပ်သော အဟန့်လေးများ ဖြစ်သွားတတ်ပါသည်။

မင်္ဂလာနှစ်သစ်ကိုစတင်ချိန်မှစပြီး မင်္ဂလာမရှိသောအသုံးအနှုန်းများ၊ ဗန်းစကားများ၊ လွယ်လွယ်အကျင့်ပါသည်များကို တတ်နိုင်သမျှ စတင်ရှောင်လိုက်ပါ။

မင်္ဂလာမရှိသောအသုံးအနှုန်းများဟူသည် သေပြီ၊ ကွဲပြီ၊ ပြတ်ပြီ၊ ဘ၀ပျက်ပြီ၊ ပြိုင်းပြီ၊ ဒုက္ခရောက်ပြီ၊ တိုင်ပတ်ပြီ၊ လန်ထွက်ပြီ စသော အသုံးအနှုန်းမျိုးများဖြစ်ပြီး -

ဗန်းစကားများ ဟူသည်မှာ မန်မန်းတုတုပုန်း၊ ရှိရှောင် ဟူသော စကားပေါ့များ ဖြစ်၏။

လွယ်လွယ်အကျင့်ပါခြင်းဟူသည်မှာ တစ်ယောက်နှင့်တစ်ယောက် စကားလက်ဆုံကျနေရင်း၊ ကိုယ်ဖြတ်သန်းနေရသည့် နေ့စဉ်ဘ၀တွေကိုပြောရင်း 'ဒီလိုပါပဲ'၊ 'မလွယ်ပါဘူး' ဟူ၍ ပြောကျင့်ရှိသူမျိုးများနှင့် ဆုံဖူးကြပါလိမ့်မည်။ သူတို့ကို လေ့လာကြည့်ပါ။ အမှန်တကယ်လည်း သူတို့ဘ၀များမှာ ဘာမှတိုးတက်ပြောင်းလဲမှုမရှိကြသည်ကို တွေ့ရပါလိမ့်မည်။ 'ဒီလိုပါပဲ' ဟူသည် ဒီတိုင်းပဲဘာမှတိုးတက်မလာပါဘူး ဟူသောအဓိပ္ပာယ်ကို အလိုလိုဆောင်နေ၏။ 'မလွယ်ပါဘူး' ဟူသည် အောင်မြင်ဖို့မကြိုးစားဘဲ စိတ်ကုန်စိတ်ပျက်သွားသည့်စကားမျိုးဖြစ်၏။

ရှောင်သင့်ပါသည်။

မည်သည့်သူဌေး၊ မည်သည့်လုပ်ငန်းရှင်ကမျှ ငါကွာ - သိန်းငါးထောင်တန်တိုက်ကြီးဆောက်မလို့။ ဆောက်မယ့်ကောင်တွေ ဟိုမှာမန်မန်းတုတုပုန်းနေတာနဲ့ ရှော့ရှိတယ်ဆိုပြီး ပြန်ဒိုးလာရတယ်ဟူ၍ ပြောမည်မဟုတ်ပါ။

ငါဒီနေ့ ငါ့ကုမ္ပဏီမှာလူသစ်ခန့်မလို့။ မင်းကြည့်ပြီးရှိရှောင်လိုက်ကွာ။ ငါတော့ ကိုင်းကြီးကြီးမှာသွားနားလိုက်ဦးမယ်ဟူသောစကားသံမျိုးလည်း မကြားမိပါ။

အဓိပ္ပာယ်ဘာမှန်းမသိရသောစကားများ၊ အဓိပ္ပာယ်ဆိုးသောစကားများကို မည်သည့်လုပ်ငန်းရှင် ကုမ္ပဏီအကြီးအကဲများမျှ မပြောကြပါ။ လက်တွေ့လေ့လာကြည့်ပါ။ နားထောင်ကြည့်ပါ။

အောင်မြင်နေကြသည့် ပုဂ္ဂိုလ်တိုင်း၏ စကားလုံးတိုင်းမှာ တန်ဖိုးရှိလှပါ၏။ သူတို့၏အတွေးအခေါ်၊ သူတို့၏အမြင်၊ သူတို့၏စဉ်းစားဟန်၊ ဆုံးဖြတ်ဟန်များမှာ သူတို့ကိုယ်ပိုင်အယူအဆများဖြစ်၍ အတုယူစရာများ များလှပါ၏။

ပမာဆိုရလျှင် လူတစ်ယောက်သည် အတွေးအခေါ်မရှိ၊ စဉ်းလည်းမစဉ်းစားချင်၊ ဖောက်ထွင်းဉာဏ်လည်းမရှိ၊ ကိုယ်ပိုင်အယူအဆ ဟူသည် ဝေလာဝေး။ ထိုလူမျိုးသည် အောင်မြင်နေသူ၏စကားကို သူပြောသလိုပုံစံ သူ့အယူအဆဟန်နှင့်ပြောပြီဆိုပါစို့။ အောင်မြင်နေသူထံမှ သူမှတ်သားထားသောစကား (၁၀) ခွန်းသာရှိလျှင် ထို(၁၀)ခွန်းပြည့်ပြီးသည်နှင့် ပြီးသွားပါပြီ။ သူဘာမှဆက်ပြောစရာမရှိတော့ပါ။

ထို့ကြောင့် -

အောင်မြင်နေကြသူများ ဘာကြောင့်အောင်မြင်ကြသည်ကို လေ့လာခြင်း၊ အတုယူခြင်းပြုရပါလိမ့်မည်။ အားကျရပါလိမ့်မည်။ သူ့လိုပင် ကြိုးစားရပါလိမ့်မည်။ ရည်ရွယ်ချက်သာရှိပါစေ။ လူတစ်ယောက်သည် ကိုယ်လုပ်နေသောအလုပ်ကို အာရုံစူးစိုက်၍ ရိုးသားစွာကြိုးစားခြင်း၊ ဇွဲရှိခြင်း၊ ကိုယ်ချင်းစာတရားရှိခြင်းဖြင့် တိုးတက်ကြီးပွားခြင်းကို ရယူပိုင်ဆိုင်နိုင်သည်သာ ဖြစ်၏။

အပြစ်ဖို့ခြင်းရှောင်ပါ။

တစ်နေ့ရာတွင် TV တစ်ခုကိုသွားပြင်သည့်ပုဂ္ဂိုလ်အား TV ပြင်သည့်ပုဂ္ဂိုလ်က အားရပါးရအားတက်သရောပြောပြပြီး သူများပြင်ထားသည်များကိုရှာကြံ၍ တစ်ခုချင်းအပြစ်ပြော၏။ ပြီးမှသူပြင်၏။ သို့သော် လေကြီးမိုးကြီးပြောခဲ့သောပုဂ္ဂိုလ် ပြုပြင်မရ၍ TV ပိုင်ရှင်က ထောက်ပြသည့်အခါ 'ခင်ဗျား TV ကြီးက ဟောင်းနေပြီပဲ။ ဒါလောက်ကြာတဲ့ TV ဒါလောက်ပဲပြင်လို့ရမှာပေါ့' ဟူသည့်စကားနှင့် နိဂုံးချုပ်သွား၏။

ဤပြဿနာမျိုး တော်တော်များများ တွေ့ဖူး၊ ကြုံဖူးကြပါလိမ့်မည်။ ဤသည်မှာ အပြစ်ဖို့ခြင်းပင် ဖြစ်၏။ ကိုယ့်ကြောင့် သူတစ်ပါးစိတ်ဆင်းရဲသွားရခြင်းပင် ဖြစ်၏။

'အေးဗျာ - ကျွန်တော်အဲဒါလေးကို မလုပ်နိုင်ဘူးဖြစ်သွားတယ်' ဟူ၍ မည်သူမျှမပြော။ TV စအပ်ကတည်းက ဒါလေးတော့ 'ကျွန်တော်လုပ်နိုင်မယ် မထင်ဘူး' ဟု မပြော။ အပြစ်ဖို့သည့်အခါတွင်သာ ကိုယ့်အပြစ်ကိုဖုံးပြီး သူ



www.burmeseclassic.com

www.burmeseclassic.com

များကို လွယ်လွယ်အပြစ်ပြောထည့်လိုက်တတ်၏။

ဤလိုအပြစ်ဖို့တတ်သောစိတ်မှာ အလွန်မှည်စ်နွမ်းလှသောစိတ်ထားဖြစ်၏။ အောင်မြင်မှုများစွာကို ပိတ်ဆို့စေနိုင်၏။

အောင်မြင်နေသောလုပ်ငန်းရှင်ကြီးများမှာ သူများအပြစ်ကို မပြောကြပါ။ သူတို့လုပ်ဆောင်ရမည့်လုပ်ငန်းပိုင်းကို စိတ်ဝင်တစား အာရုံစူးစိုက်ပြုလုပ်ခြင်းဖြင့်သာ သူတို့၏အောင်မြင်မှုများကို တည်ဆောက်၏။

ကားပြင်သောအသိတစ်ယောက်ကို မြင်ဖူးပါ၏။ သူ့လက်ရာအတော်ကောင်းသောကြောင့် အတော်ပြင်ရ၏။ မြှောက်ပေးကြသူများလာကာ တဖြည်းဖြည်းနှင့် ကားပွဲစားယောင်ယောင်ဖြစ်သွား၏။ လာသမျှကို လက်သင်တပည့်များနှင့်လွှဲထား၏။ သူလုံးဝမကိုင်တော့။ သူနှင့် ရင်းနှီးသူများလာလျှင်ပင် ဟိုယောင်ယောင်ဒီယောင်ယောင်။ ဟိုအရေးကြီးသလို၊ ဒီအရေးကြီးသလိုနှင့် ဝေ့လည်ကြောင်ပတ်လုပ်၍ရှောင်ထွက်၏။ သူအတော်လေးအောက်ခြေလွတ်သွားချိန်တွင် သူ့တပည့်များ၏ မကျွမ်းကျင်မှု၊ ခြေချော်လက်ချော်မှုများကြောင့် လာပြင်လာသူများ စိတ်ဆင်းရဲလာရ၏။ တဖြည်းဖြည်းနှင့် ကားကျဲသွား၏။ ထိုပုဂ္ဂိုလ်လည်း သူထင်ထားသကဲ့သို့ ပွဲစားလုပ်ငန်းအဆင်မပြေဖြစ်လာတော့သည့်အခါ ကားပြင်သည့်လုပ်ငန်းကိုပြန်လှည့်ချင်သလိုလိုဖြစ်လာ၏။ စိတ်လေသလိုဘဝင်မြင့်သလိုဖြစ်သွားပြီးနောက်ပိုင်း ဟိုယောင်ယောင်ဒီယောင်ယောင် ဖြစ်သွားပါတော့သည်။ ဤလိုမျိုးတော်တော်များများ မြင်ဖူးကြပါလိမ့်မည်။

ကားနှင့်ဆိုင်သောလုပ်ငန်းပြုလုပ်သူသည် ကားနှင့်ဆိုင်သောလုပ်ငန်းအပေါ်မှာ ရိုးသားစွာ ကြိုးစားမှု အာရုံစူးစိုက်ထားရမည်သာ ဖြစ်၏။ လုပ်ငန်းနှင့်သက်ဆိုင်လျှင် ဖွဲ၊ လုံ့လ၊ ဝီရိယရှိသင့်၏။ ကိုယ်ချင်းစာတရားရှိသင့်၏။

လက်သမားဆရာသည် သူ့လုပ်ငန်းကိုသူ အာရုံစူးစိုက်ပြီး ကောင်းသထက်ကောင်းအောင် တွေးခေါ်နေရမည်၊ ကြိုးစားနေရမည်သာ ဖြစ်၏။ လုပ်တတ်သည့်အနေအထားနှင့် ကျေနပ်မနေသင့်။ လှပခြင်း၊ ခိုင်ခံ့ခြင်းများကို သစ်သထက်သစ်အောင်၊ ကောင်းသည်ထက်ကောင်းအောင် ကြိုးစားရှာဖွေနေသင့်၏။ ကိုယ်ချင်းစာတရားထားသင့်၏။

မြင်ဖူးပါသည်။ မုန့်ဟင်းခါးတစ်မျိုးတည်းကို ရိုးသားစွာကြိုးစားရောင်းရင်း၊ လုပ်ငန်းပေါ်မှာ အာရုံစူးစိုက်ရင်း၊ စားသုံးသူများ ကောင်းကောင်းစားနိုင်ဖို့အတွက် အမှန်တကယ် စေတနာထားရင်း၊ ကိုယ်ချင်းစာတရားထားရင်း အိမ်ပိုင်ကားပိုင်ဖြစ်သွားကြသည်ကို နှစ်ဦး၊ သုံးဦးမက မြင်ဖူးပါသည်။

အလွန်အရသာရှိလှသည့်အချဉ်ရည်တစ်မျိုးတည်းသာဆမ်းပြီး ရောင်းသော ခေါက်ဆွဲသုပ်နှင့် အိုးပိုင်အိမ်ပိုင်ဖြစ်သွားသူကို လွန်ခဲ့သော နှစ်ပေါင်း (၃၀) ကျော်၊ (၄၀) ခန့်က စာတိုက်လမ်းဆုံနားတွင် သတိထားမိခဲ့ဖူးပါသည်။ ခင်ခဲ့ဖူးပါသည်။

လက်ဖက်ရည်ဆိုင်တစ်ဆိုင်တည်းမှ (၃) ဆိုင်၊ (၄) ဆိုင်ထိ ဆိုင်ကြီးများခွဲနိုင်ခဲ့သော လုပ်ငန်းရှင်ကြီး (၂)ဦး၊(၃)ဦးကိုလည်း တွေ့ခဲ့ဖူးပါသည်။

သူတို့ကိုလေ့လာကြည့်သည့်အခါ သူတို့၏လုပ်ငန်းအပေါ်မှာ အာရုံစူးစိုက်မှုများ တွေ့ရပါသည်။ သူတို့ရောင်းဝယ်သောစားသောက်ကုန်ပစ္စည်းများအပေါ်တွင် ကောင်းသည်ထက်ကောင်းအောင် ကြိုးစားမှုများ၊ ဂရုစိုက်မှုများတွေ့ရ၏။ ဤသည်ပင်လျှင် စားသုံးသူများအပေါ်ထားရှိသော ကိုယ်ချင်းစာတရား မဟုတ်ပါလား။

သူတို့ ကြီးပွားချမ်းသာလာခြင်းမှာ မဆန်းပါ။

မုန့်ဟင်းခါးရောင်းတာပဲ၊ ခေါက်ဆွဲသုပ်သည်ပဲ၊ လက်ဖက်ရည်ရောင်းတာပဲ ဟူသော သာမန်စကားနှင့် တန်ဖိုးဖြတ်၍မရတော့။

ချမ်းသာကြွယ်ဝသူများ ဖြစ်နေကြချေပြီ။

အလွန်မှ အတုယူလောက်သော ကြိုးစားမှုများ ဖြစ်၏။ အားကျလောက်၏။ သူတို့သည် သူတို့ကို အထောက်အကူပြုနေကြသော ဝန်ထမ်းလေးများနှင့် အလွန်နွေးထွေးကြသူများလည်းဖြစ်၏။ ဝန်ထမ်းလေးများကို ပျော်အောင်ထား၏။ဝန်ထမ်းမြဲနေသည်ကိုကြည့်ခြင်းဖြင့် အကဲခတ်၍ရ၏။ ထိုသူတို့သည် ဝန်ထမ်းလေးများကို ကြံဖန်ချီးကျူးကြ၏။

ထိုသူတို့ ရောင်းသကဲ့သို့ စားသောက်ဆိုင်ကြီးများ ခမ်းခမ်းနားနား ထွက်လာတတ်ပါသည်။ သို့သော် အာရုံစူးစိုက်မှုအားနည်းလွန်း၍ ပျောက်ပျောက်သွားကြပြန်ပါသည်။

ထို့ကြောင့် -

အောင်မြင်လိုသူသည် အောင်မြင်ချင်သည့်စိတ်ရှိရမည်ဖြစ်သကဲ့သို့-

ချမ်းသာ ကြီးပွားလိုသူအတွက် ချမ်းသာကြီးပွားချင်သည့်စိတ်ဓာတ် မရှိမဖြစ် လိုအပ်၏။ အချိန်ကိုတန်ဖိုးထားရမည် ဖြစ်၏။

ကိုယ်လုပ်သည့်အလုပ်ကိုကောင်းသည်ထက်ကောင်းအောင် အာရုံစူးစိုက်ထားနိုင်ရပါလိမ့်မည်။ကိုယ်ချင်းစာတရားရှိရပါမည်။

သူကတော့ ငါ့လောက်မချမ်းသာဘူး ဟူ၍ တစ်ဖက်သားကို စိတ်နှင့်ပင်နှိမ်စရာလည်း မလိုပါ။ လူတိုင်းတွင် အညွန့်တလူလူရှိသကဲ့သို့ လူတိုင်းတွင် ကိုယ်ပိုင်အလင်းရောင်ရှိကြပါသည်။

တစ်ဖက်သားသည်လည်း သူ့အလုပ်သူလုပ်နေခြင်းသာဖြစ်၍ နှိမ့်မိသည်နှင့် ကိုယ်သာလျှင် လူမသိသူမသိ အကုသိုလ်များနေတတ်ပါသည်။

ဟိုလူက ငါ့ထက်ချမ်းသာနေပါရောလား ဟူသော ဘေးဘီလှည့်ကြည့်သည့်အကျင့်များမှာလည်းအရာမရောက်နိုင်ပါ။

သူတစ်ပါးချမ်းသာကြီးပွားခြင်းကို မုဒိတာပွားရပါမည်။

ကိုယ်လျှောက်နေသောလမ်းကိုသာ ဖြောင့်ဖြောင့်လျှောက်ပါ။

ငါ ဒီနေ့ ခြေလှမ်း (၁၀) လှမ်းလျှောက်နိုင်တယ်။ မနက်ဖြန် (၁၅)လှမ်းရစေရမယ် ဟူသော ကိုယ့်ကိုယ်ကိုယ်ပြိုင်သည့်စိတ်မျိုးနှင့်သာ အာရုံစူးစိုက်ပြီးလျှောက်ပါ။ မုချခရီးရောက်သွားပါလိမ့်မည်။

ဤသို့ -

အမြင်များနှင့် နှစ်ဦးမှာ စတင်ပြီဆိုလျှင် -

အောင်မြင်ခြင်းများစွာကိုဖြစ်သောစေနိုင်သော ကောင်းခြင်းကုသိုလ်များ၊ အကျင့်စရဏအားများကို မေ့ဖျောက်မထားသင့်ကြောင်းလည်း အကြံပြုချင်ပါသည်။

ကောင်းခြင်းတစ်ခုကိုနေ့စဉ်ပြုပါ။

ဥပမာ မနက်မိုးလင်းတိုင်း မျက်နှာသစ်ပြီးသည်နှင့် ဘုရားရှင်အားသောက်တော်ရေကပ်လှူလျှင် တစ်လပြည့်သည်နှင့် အကြိမ် (၃၀) ကပ်လှူပြီးသား ဖြစ်ပါပြီ။

နောက်နေ့မှကပ်မယ်၊ အားမှကပ်မယ်ဟု ဆိုသူသည် တစ်ခုမှမရနိုင်သေးပါ။ ထိုနည်းတူပင် ဂုဏ်တော် (၉) ပါး



www.burmeseclassic.com

www.burmeseclassic.com

(သို့) သရဏဂုံ (၃) ပါး (သို့) သမ္ဗုဒ္ဓေ ဂါထာ (သို့) ဒိဝါတပတိဂါထာ (သို့) ၂၄ - ပစ္စည်း တစ်နေ့ အကြိမ် (၁၀၀) ရွတ်သူသည် တစ်လပြည့်လျှင် အကြိမ် (၃၀၀၀) ရွတ်ပြီးသားဖြစ်နေပါပြီ။

(၁၀၀၀) ရွတ်နိုင်သူသည် တစ်လပြည့်လျှင် (၃၀၀၀၀) ရပါပြီ။ (၃)လပြည့်လျှင် (၉၀၀၀၀) ရပြီဖြစ်၍ (၈၄၀၀၀) အဓိဋ္ဌာန်ပြုကြသူများအတွက် ဘာမှခဲခဲယဉ်းယဉ်းမရှိနိုင်တော့ပါ။

ဤအကျင့်စရဏကို လောင်းကြေးထပ်၍ မအောင်မြင်နိုင်ကြောင်း သတိပြုပါ။

တချို့ မြင်ဖူးပါသည်။ ကဲ - ငါ (၉) ရက် အဓိဋ္ဌာန်ဝင်မယ်။ ထူးရင် ဆက်ချမယ်။ မထူးရင်မလုပ်တော့ဘူး။ ငါကပြတ်ပြတ်ပဲ ဟူသော ပုဂ္ဂိုလ်များ မြင်ဖူးပါသည်။ ဘာမှဖြစ်မလာကြပါ။

ရတနာမြတ်(၃)ပါးကို အလောင်းအစားမလုပ်သင့်ပါ။

ကိုယ်ကကော ဘယ်လောက်စင်ကြယ်ပြီလဲဆိုသည်ကို သတိချပ်သင့်ပါသည်။ စီးပွားရေးအရသာဝင်သော အဓိဋ္ဌာန်မှာ မအောင်မြင်နိုင်ပါ။ မဖြူစင်နိုင်ပါ။

ရတနာမြတ် (၃) ပါးကို ကိုယ့်ရင်ထဲ၊ နှလုံးသားထဲက နှစ်နှစ်ကာကာ ယုံယုံကြည်ကြည် ရှိရှိသေသေဖြင့်သာ ကြည်ညိုပူဇော်ရမည် ဖြစ်၏။ ကောင်းကံများကို ဆောက်တည်ပွားများရမည် ဖြစ်၏။

ယခုနှစ်ဦးမှစ၍ -

ငါသည် ဒီတစ်နှစ်လုံးမှာ ဂုဏ်တော် (၉)ပါးကို တစ်သိန်းရအောင်ရွတ်ဖတ်ပူဇော်မည် (သို့) ဒိဝါတပတိဂါထာကို တစ်သိန်းရအောင် ရွတ်ဆို ပူဇော်မည် (သို့) ပဋ္ဌာန်းဒေသနာတော်ကြီးကို တစ်နှစ်လုံး မပျက်မကွက် ပူဇော်မည် (သို့) တစ်နေ့လျှင် တစ်ကြိမ်, တစ်ကြိမ်လျှင် တစ်နာရီရအောင် အာနာပါနရှုမှတ်မည်၊ ဗုဒ္ဓါနုဿတိဘာဝနာပွားများမည် (သို့) ငါ့မွေးနေ့ရောက်တိုင်း ဘုရားသွားမည်၊ တံမြက်စည်းလှည်း၊ အမှိုက်ကောက်ကုသိုလ်ပြုမည် (သို့) ငါသည် ဒီတစ်နှစ်ပတ်လုံး သားစားရှောင်ကြဉ်မည် (သို့) ငါသည် ငါ့မွေးနေ့ရောက်တိုင်း တစ်လလျှင်တစ်ကြိမ် ဘုရားစေတီများသို့သွားပြီး လျှပ်စစ်မီး ညလုံးပေါက် ပူဇော်အလင်းဖွင့်မည် (သို့) နံနက်စောစော ဆွမ်းခံကြွတော်မူလာသော သံဃာတော်အရှင်သူမြတ်များကို ဒီနှစ်တစ်နှစ်



လုံး ငါဆွမ်းလောင်းမည် (သို့) ငါသည် ငါ့မိဘနှစ်ပါး၏ အကျီ၊ လုံချည်များကို နှစ်စမှစပြီး မပျက်မကွက် လျှော်ဖွပ်မီးပူတိုက်မည် -

စသည်ဖြင့် အလွန်မှ ထူးခြားအောင်မြင်နိုင်စွမ်းသော ကုသိုလ်ထူးကြီးများကို စတင်ရန် အချိန်ကောင်းအခါကောင်းလည်း ဖြစ်၏။

အဓိဋ္ဌာန်ဝင်လိုသူများ စတင်အဓိဋ္ဌာန်ဝင်ရန် အချိန်ကောင်း ဖြစ်၏။

ကောင်းကံများကို ပွားများလိုသူများအတွက် သီလများကို အတတ်နိုင်ဆုံး ထိန်းချုပ်ရန် အချိန်ကောင်းအခါကောင်းအစ ဖြစ်၏။

နေ့စဉ် ကောင်းမှုတစ်ခုခုပြုသွားရန် အစပင်ဖြစ်နေပါပြီ။

အလွန်မှတန်ဖိုးရှိလှပါ၏။

သမ္မာဒေဝနတ်ကောင်းနတ်မြတ်များကို သတိရတိုင်း အမျှဝေ၊ မေတ္တာပို့ပါ။ ကိုယ်နှင့်ဆိုင်ရာဆိုင်ရာပုဂ္ဂိုလ်များ၊ ကိုယ့်အိမ်-ကိုယ့်ရပ်ကွက်-ကိုယ့်မြို့နယ်နှင့် ဆိုင်ရာဆိုင်ရာပုဂ္ဂိုလ်များ၊ မမြင်ရ-မြင်ရပုဂ္ဂိုလ်များကို မယုံမကြည်သော စကားများနှင့် အကြောင်းမဲ့ မစော်ကားမိရန် သတိပြုပါ။

ဆရာတော်ဘုရားကြီးများမေတ္တာပို့ကြလျှင် ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ ကျောင်းစောင့်နတ်၊ မြို့စောင့်နတ်၊ နယ်စောင့်နတ်၊ တောစောင့်နတ်၊တောင်စောင့်နတ်၊ ရွာစောင့်နတ်၊ လယ်ပိုင်၊ ကွင်းပိုင်၊ တောပိုင်၊ တောင်ပိုင်၊ ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသစိုး ဟူ၍ မေတ္တာပို့ကြသလို မကျွတ်မလွတ်ကြသေးသော ပုဂ္ဂိုလ်များဟု မေတ္တာပို့ကြသည်များလည်းရှိ၏။ မေတ္တာများများပို့ပါ။

လက်ဖက်ရည်ဆိုင်ဖွင့်ထားသူဟု ဆိုပါစို့။သက်ဆိုင်ရာနတ်များကို မေတ္တာပို့အမျှဝေသည်နှင့် ကိုယ့်မေတ္တာကိုရနေသည့် မမြင်ရသောပုဂ္ဂိုလ်များကလည်း ကိုယ့်ဆိုင်တွင် ဝင်လာမစဲဖြစ်နေအောင် လူများစွာတို့ကို ပုံစံအမျိုးမျိုးနှင့် စေ့ဆော်ပေးခြင်းပြုမည်သာဖြစ်၏။မေတ္တာတန်ခိုးကို ယုံကြည်ဖို့တော့လိုပါသည်။

မြင်ဖူး၏။ နှစ်ပေါင်း (၄၀) နီးပါး ရှိခဲ့ပါပြီ။

လုပ်ငန်းရှင်တစ်ဦးသည် ဆိုင်ဖွင့်သည်နှင့် ဆိုင်ရှေ့တွင်ရပ်၍ အမွှေးတိုင်ထွန်းပြီး ပွစိပွစိပြောလိုက်၊ ဆိုင်နောက်ဖေးတွင်ရပ်၍ အမွှေးတိုင်ထွန်းပြီး ပွစိပွစိပြောလိုက်နှင့် မြင်ဖူး၏။

သူ့လုပ်ပုံကို မမြင်ဘူး၍ ဘာလုပ်တာလဲဟု မေးသည့်အခါ ငါက မမြင်ရတဲ့ပုဂ္ဂိုလ်တွေကို လူပြောသလိုပြောပြီး မေတ္တာပို့၊ အမျှဝေတာကွ။ သူတို့လည်း သူတို့လှူချင်ရာလှူနိုင်အောင် အမွှေးတိုင်ထွန်းပေးတာ။ သူတို့လည်း ဘုရားကို ပူဇော်ကြပစေပေါ့ကွာဟု ပြောပြ၏။

ထိုသူမှာ ယခုမရှိတော့သော်လည်း သားစဉ်မြေးဆက်ချမ်းသာလှ၏။

မှန်ပါသည်။ မေတ္တာကို ခွဲခြား၍ မပို့သင့်ပါ။ ဒီနတ်က. . . . . ဟူသော အကြောင်းမဲ့ ဣဿာမစ္ဆရိယစိတ်နှင့် ပက်ပက်စက်စက် ကြမ်းကြမ်းတမ်းတမ်း မပြောသင့်ပါ။ နတ်က သူ့ဟာသူနေတာ ဖြစ်ပါသည်။ ကိုယ့်ကိုလာပြီး မနာလိုစိတ်နှင့် ပြဿနာလာရှာနေသည်မဟုတ်ပါ။ ကိုယ်ကသာ နေရင်းထိုင်ရင်း နတ်ကို အခြောက်တိုက်ကြည့်မရဖြစ်နေလျှင် အကုသိုလ်စိတ်တွေသာများနေတတ်ပါသည်။ ဤသည်ကို သတိချပ်သင့်၏။ အကုသိုလ်စိတ်ကို သူများထံသို့လည်း ဝေမျှမပေးသင့်ပါ။ မေတ္တာ ဟူသည် အကန့်အသတ်မရှိစကောင်းပါ။

ရတနာမြတ်(၃)ပါး ဂုဏ်ကျေးဇူးတော်ကို ဦးထိပ်ပန်ဆင်ရိုကျိုး ရှိခိုးကန်တော့၍ ပန်း၊ ဆီမီး၊ ရေချမ်း၊ အမွှေးနံ့သာ၊ အလင်းတိုင်၊ ဆွမ်း တစ်ခုခု ကပ်လှူပူဇော်ပြီးတိုင်း၊ မပြစ်မှားအပ်သော ခင်ပွန်းကြီးဆယ်ပါးကို ကန်တော့ပြီးတိုင်း ကိုယ့်ကိုယ်စောင့်နတ်နှင့် ကိုယ်နေထိုင်ရာဝန်းကျင်မှစပြီး တဖြည်းဖြည်း ကျယ်ကျယ်ပြန့်ပြန့်ရောက်သွားသည်ထိ သမ္မာဒေဝနတ်ကောင်းနတ်မြတ်များ မမြင်ရ-မြင်ရပုဂ္ဂိုလ်များကို မေတ္တာပို့ အမျှဝေခြင်း အမြဲပြုပါ။ မမေ့ပါနှင့်။ တစ်နေ့ (၃) ကြိမ် ဘုရားဝတ်ပြုလျှင် (၃) ကြိမ် ပို့ပါ။ တစ်နေ့ (၅) ကြိမ် တရားရှုမှတ်လျှင် (၅) ကြိမ်ရအောင် မေတ္တာပို့ပါ။ အမျှဝေပါ။

ရှေးရှေးက သက်တော်ရှည်ဆရာတော်ဘုရားကြီးများ မေတ္တာပို့သခဲ့ကြ

www.burmeseclassic.com

www.burmeseclassic.com

သည်များမှာ အကြောင်းမဲ့မဟုတ်ပါ။ အလွန်မှစုံအောင်ပို့ကြပါသည်။ အမျှဝေကြပါသည်။ ဘယ်နတ်တော့မပါဟူ၍ မကြားမိပါ။ မေတ္တာပွားပုံများကို အမြဲလိုလို ကြားဖူးနေကြပါလိမ့်မည်။

နတ်ကိုနင်းကန်ပြောသူဆိုပါစို့။ သူသည် ကိုယ့်ကို ပြန်မပြောနိုင်သော နတ်ကို အမည်တပ်ပြီး တစ်ဖက်သတ်နင်းကန်ပြောနေခြင်းသာ ဖြစ်၏။ သူပြောသောနတ်က သူ့လိုစကားပြောပြီး 'ခင်ဗျားဗျာ၊ ကျွန်တော်က ခင်ဗျားကို ဘာပြောနေလို့လဲ။ ဘာမှလဲမလုပ်မိပါလား' ဟုပင် ပြန်ပြော၍ရသည်မဟုတ်။ သူသာလျှင် နင်းကန်ပြောနေခြင်းဖြစ်၏။ ထိုနတ်ကိုလည်း သူမမြင်ဘူးပါ။ သို့သော် အဘယ်ကြောင့် ထိုနတ်ကို ရွှံမုန်းနေသည်ကို စဉ်းစားမရနိုင်အောင်ဖြစ်ရ၏။

သူ့နေရာနှင့်သူရှိပါသည်။ ရှေးရှေးကတည်းကရှိခဲ့ကြပါသည်။ ပြောများဆိုများ၍မရသော တောင်တစ်တောင်သို့သွား၍ တောင်ပိုင်ကို ခွဲလင်းခေါ်ရင်း ဘဝနိဂုံးမလှဖြစ်သွားရသူတွေ၊ ကွင်းပိုင်ကို ခွဲလင်းခေါ်ရင်း နိဂုံးချုပ်သွားရသူတွေ၊ မယုံကြည်၍ (၉)ယောက်စမ်းသွားရင်း ကားမှောက်၍ အသက်ဆုံးပါးခဲ့ရသူတွေ များစွာတွေ့ခဲ့မြင်ခဲ့ဖူးသလိုတွေ့နေ ကြားနေရပါသည်။

မည်သည့်နေရာသွားသွား မမြင်ရသောပုဂ္ဂိုလ်များကို စိန်ခေါ်သလို၊ ရှုတ်ချသလို မပြောမိဖို့ အရေးကြီးပါသည်။ မမြင်ရသောပုဂ္ဂိုလ်တို့သည် များသောအားဖြင့် မေတ္တာကိုသာ လိုလားကြပါသည်။ အမျှဝေ၊ မေတ္တာပို့ခြင်းသည် ဘာမှပင်ပန်းသည့်ကိစ္စ မဟုတ်ပါ။ အောက်ကျသည့်ကိစ္စလည်း မဟုတ်ပါ။ ထို့ကြောင့် မေတ္တာစိတ်ကို အကန့်အသတ်နှင့် မလုပ်သင့်ပါ။

သို့သော် ပြောချင်သူများသည် ကြံဖန်၍ပြောနေဦးမည်သာ ဖြစ်၏။ သူ့အလုပ်သူလုပ်နေခြင်းသာ ဖြစ်ပါသည်။ ကိုယ်နှင့်မဆိုင်ဟု မှတ်ပါ။ ကိုယ်မပြောဖို့၊ ကိုယ်မေတ္တာထားနိုင်ဖို့သာ အရေးကြီးပါသည်။ ဆိုခဲ့ပြီးသည့်အတိုင်း ဘယ်သူ့ကိုမှ အပြစ်တင်နေစရာမလိုပါ။ အဖြေ့င်အတိုင်းသာတွေးပါ။

ဤလိုစိတ်ထားနှင့် ဖွဲ၊ လုံ့လ၊ ဝီရိယရှိရှိ ရိုးသားစွာ ကြိုးစားရင်းသာ အောင်မြင်မှုများစွာကို ရယူပိုင်ဆိုင်ပါလေ။

လုပ်ငန်းနှင့်ဆိုင်သော အမှားအယွင်းလေးများကို အသေးအဖွဲ့မှအစ ဂရုစိုက်ပါ။ တစ်စုံတစ်ခုမှားသွားသည်နှင့် 'အေးဗျာ - ကျူပ်လည်း အလုပ်တွေများလွန်းပြီးလှည့်မကြည့်မိလို့' ဟူသောစကားနှင့် နိဂုံးမချုပ်ပါနှင့်။ နည်းနည်းချင်း အမှားများစုပေါင်းလာလျှင် များပြားလှသောအမှားများဖြစ်လာရပါတော့သည်။ မှားပါများလွန်းလာလျှင် ကိုယ့်လုပ်ငန်းနှင့် ထိတွေ့ဆက်ဆံရသူတိုင်း၏ ရင်ထဲဝယ် အဘယ်သို့ရှိနိုင်ပါအံ့နည်း။ လေးစားစွာ စဉ်းစားပေးရပါမည်။ 'အို- လုပ်မနေနဲ့။ ဒီတစ်ယောက်မဝယ်ရင် နောက်တစ်ယောက်ပေါ့။ဒါလေးဖြစ်တာများ' ဟုလျှင် ကိုယ်ချင်းစာတရားကင်းမဲ့သူဖြစ်သွားပါလိမ့်မည်။

ကိုယ့်ကြောင့် သူတစ်ပါး စိတ်မဆင်းရဲဖို့လိုပါသည်။

စဉ်းစားသင့်သည်ထင်သော အကြောင်းမှန်သမျှကို စဉ်းစားပေးပါ။

အလုပ်များ (၄) (၅) ခုရှိသူများကို တွေ့ဖူးပါသည်။ ဟိုမနိုင်ဒီမနိုင်တွေဖြစ်ပြီး မည်သည့်အလုပ်မှ ထိထိရောက်ရောက်မလုပ်နိုင်ပါ။ ဘယ်အလုပ်မှလဲ ဟုတ်တိပတ်တိမအောင်မြင်ပါ။

နိုင်နင်းသောအလုပ်ကိုသာ အာရုံစူးစိုက်ပြီးလုပ်သင့်ပါသည်။

အလုပ်များပြီး ဟုန်နေသူများကို လေ့လာကြည့်လျှင် တဖြည်းဖြည်းနှင့် အလုပ်တော်တော်များများ မနိုင်မနင်းဖြစ်ပြီး ပြန်ရုပ်သွားကြသည်ကိုသာ တွေ့ဖူးပါသည်။

ဤသည်တို့မှာ -

လက်တွေ့အောင်မြင်နေကြသော မိတ်ဆွေများထံမှတစ်ဆင့် မြင်ရတွေ့ရသောအတွေးအခေါ်များ၊ အမြင်များ၊ ကိုယ်တိုင်အကြုံပြု၍ အောင်မြင်နေကြသော စီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ စိတ်ဓာတ်များ၊ ဆောင်ရွက်ကြပုံများ၊ ကြိုးစားကြပုံများကို တစ်ဆင့် ပြန်လည်တင်ပြခြင်း ဖြစ်ပါသည်။ လက်တွေ့များသာ ဖြစ်ပါသည်။

ယခုပြသခဲ့သော ဗဟုသုတများကို လိုအပ်လျှင်ယူပါ။

နှစ်ဦးမှစတင်၍ ကိုယ့်အောင်မြင်မှု၊ ကိုယ့်စီးပွားရေးလုပ်ငန်းများအတွက် အောင်မြင်မှု လိုအပ်လျှင် ယူပါ။ ကွက်လပ်ရှိလျှင်ဖြည့်ပါ။

သိပြီးသား ဟူသော ပုဂ္ဂိုလ်များအတွက် မလိုပါ။

လိုအပ်သည်ဟု ထင်ကြသူများအတွက်ကိုသာ ရည်ညွှန်းပါသည်။

သိပြီးလျှင် မသိသေးသူများကို လက်ဆင့်ကမ်းပေးပါ။

နှစ်တစ်နှစ်တွင် စတင်တော့မည့် မင်္ဂလာရှိသော နေ့ရက်များမှသည် တစ်နှစ်ပတ်လုံး ရွှတ်ဖတ် သရဇ္ဈာယ်ကျင့်ကြံအားထုတ်လိုသူများ -

ပညာရေးအောင်မြင်မှု၊ စီးပွားရေးအောင်မြင်မှုနှင့်ပတ်သက်၍ ရှုထောင့်အမြင်တစ်ခုမှ ဗဟုသုတယူလိုသူများ-

ထိရောက်သော မေတ္တာပွားများလိုကြသူများအတွက် -

ဤသူရဇ္ဇလက်ဆောင် ဖြစ်ပေါ်လာခဲ့ရပါသည်။

၂၀၁၃ ခုနှစ် နှစ်ဦးလက်ဆောင်ကို ရေးသားခဲ့စဉ်က မိဘနှင့်သားသမီးများကြားတွင် လိုအပ်နေသည်ထင်ရသည့်ကွက်လပ်လေးများကို ဖြည့်ပေးခဲ့ပြီးပါပြီ။

ထိုနှစ်ဦးလက်ဆောင်အား နေရာအနှံ့ တော်တော်များများတွင် မိတ္တူကူး၍ လက်ဆင့်ကမ်း ဖြန့်ဝေကြကြောင်း၊ အလွန်မှအကျိုးကျေးဇူးများလှကြောင်း၊ ထိထိရောက်ရောက်ဖတ်ကြသော လူငယ်လေးများမှာ တဖြည်းဖြည်းနှင့်အံ့သြလောက်အောင်ပြောင်းလဲလာကြကြောင်းကို စာများနှင့်တစ်မျိုး၊ လူကိုယ်တိုင်တစ်ဖုံ အားရဝမ်းသာ လာရောက်ပြောပြကြသည့် သူရဇ္ဇခမွမိတ်ဆွေများကိုလည်း ကျေးဇူးတင်ရပါသည်။

ယခုလည်း -

အောင်မြင်လိုကြသူများအတွက် လက်တွေ့ အောင်မြင်နေကြသူများ၏ စိတ်ထားပုံ၊ ပြောဆိုပုံ၊ နေထိုင်ပုံ၊ ဘာသာတရားကိုင်းရှိုင်းပုံများကို တစ်ထောင့်တစ်နေရာမှ ပါရမီဖြည့်လိုက်ရပြန်ပါပြီ။

တစ်ဆင့်စကားမဟုတ်သောလက်တွေ့ မြင်ခဲ့ တွေ့ခဲ့ ကြုံခဲ့ ရင်းနှီးခဲ့ရပြီး ကိုယ်တိုင်လည်း အားကျ အတုယူခဲ့ရသော အောင်မြင်သူများ၏စိတ်ထားများ ဖြစ်ပါသည်။

ဖြစ်နိုင်သည်များကိုသာ ပေးလေ့ရှိသော သူရဇ္ဇ၏ထုံးစံအတိုင်း -

နှစ်ဦးမှစတင်၍ -

အောင်မြင်လိုသူများအတွက် အောင်မြင်ကြသူများ၏ အောင်မြင်ကြပုံများကို တစ်ဆင့်ပြန်လည်ပါရမီဖြည့်လိုက်ပါသည်။

အောင်မြင်ခြင်းများစွာကို ရယူပိုင်ဆိုင်နိုင်ကြပါစေသတည်း။

ဆရာဦးအောင်အောင်သူ
(ခင်ကိုအောင်မြင်သား)

www.burmeseclassic.com

# အသိကျ အလုပ်ပို ဆီး,ဝမ်း မှန်စေလိုလျှင် ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို မှီဝဲပါ

ကျွန်မတို့လို မိန်းမသားတွေဟာ အမျိုးသားတွေထက် အနာရောဂါပိုပြီး ဖြစ်လေ့ဖြစ်ထရှိပါတယ်။ အမျိုးသမီး များအနေနဲ့ အထူးအလေးပေး ဂရုတစိုက်ရှိတာကတော့ ဓမ္မတာခေါ် လစဉ် ၂၈ ရက်တစ်ကြိမ် ဆင်းသက်လာတဲ့ သွေးသားကိုပါ။ အဲဒီသွေးသား ဓမ္မတာမမှန်ကန်ဖောက်ပြန်ခြင်းကြောင့် ရောဂါပေါင်း မြောက်မြားစွာ ဖြစ်ပေါ်ခံစားရသလို သွေးသားမှန်ကန်နေရင်လည်း အသားအရေ စိုပြေဝင်းပ ကျန်းမာပြီး လှပတင့်တယ်လို့နေပြန်ပါတယ်ရှင်။

ယနေ့ခေတ်မှာ ခေတ်မီသော အမျိုးသမီးများအတွက် ပဋိသန္ဓေတားဆေးတွေ သုံးစွဲခြင်းကြောင့်လည်း ရောဂါတစ်ခုမဟုတ်တစ်ခု ဖြစ်ပေါ်ခံစားနေရတယ်လို့ သမားတော်ကြီး ဆရာမြင့်မှ ပြောပြခဲ့ဖူးပါတယ်။ အလွန်မှန်ကန်တဲ့ ကျန်းမာရေးပညာပေးစကားဖြစ်ပါတယ်။ ယင်း ပဋိသန္ဓေတားဆေးများ သုံးစွဲခြင်းကြောင့် ၂၈ ရက် တစ်ကြိမ် သွေးဖွားရမည့် လကျော် နှစ်ကျော်တဲ့အထိ ဓမ္မတာသွေးဟာ ဖွားခြင်း ဆင်းခြင်းမဖြစ်ဘဲ ခန္ဓာကိုယ်တွင်း ခိုအောင်းနေတတ်ကြပါတယ်။

ဒီလို သွေးဟောင်းလည်း မဆင်း၊ သွေးသစ်လည်း မပေါ်၊ လနှစ်ကြာလာသော် ကျွန်မတို့လို အမျိုးသမီးများမှာ အသားအရေ မကြည်လင်တော့၊ ပွယောင်ယောင်နှင့် ညိုပြာရောင်သန်းလာပြီး ဗိုက်ခေါက်ထူကာ ဝ,သထက် ဝ, လာကြပါတော့တယ်။ ခန္ဓာကိုယ် ဝ,လာတာနှင့်အမျှ ရောဂါဟာလည်း ခုတစ်မျိုး၊ တော်ကြာ တစ်မျိုးနဲ့ အမျိုးမျိုး ဖြစ်လာတော့တာပေ့ါရှင်။

ကြာတော့ လှလည်း အလှပျက်၊ အသားအရေလည်း မကြည်လင်၊ ဗိုက်ပူနံကား ငါးစီပူခါးလို ပုံကပျက်၊ ရောဂါကတက်တော့ စိတ်ပျက်ရတော့တာပေ့ါ။ ဒီလိုနဲ့ သင့်တော်မယ့်ဆေးကို ရှာမိပါတယ်။ ဒါနဲ့ပဲ သမားတော်ဆရာမြင့်ထံ ရောက်သွားပါတယ်။ ဆရာ့ကို ဖြစ်ပျက်ခံစားနေရတာတွေကို အကုန်ပြောပြဆွေးနွေးမိတော့ ဆရာက-

"မကေသီအောင်ရေ အခုခေတ်မှာတော့ အများစုသော အမျိုးသမီးတွေ ဖြစ်ပေါ်ခံစားတွေ့ကြုံနေရတဲ့ ခေတ်မီရောဂါပေ့ါဗျာ" တဲ့လေ. .။

"ဆရာရယ် ဘယ်လိုကြောင့် ဒီလိုဖြစ်ရတာလည်း" ဆိုတော့ -

"မကေသီအောင်ရေ မကေသီအောင် ပြောသလို ပဋိ သန္ဓေတားဆေးတွေကြောင့် ပါသလို နေ့စဉ်စားသောက်နေရတဲ့ အစားအသောက်တွေကြောင့်လည်း ပါပါတယ်။ ပြီးတော့ လူနေထိုင်မှုပုံစံ၊ နောက်ပတ်ဝန်းကျင် စတဲ့ အကြောင်းတွေကြောင့်လည်း ဒီလိုဖြစ်တတ်ပါတယ်"

**_ကျန်းမာပြီး စိုပြည်လှပ အချိုးအစားကျတဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ချင်တယ်ဆိုရင်တော့ ဆီးနဲ့ဝမ်းကို မှန်ကို မှန်နေအောင် ပြုပြင်နေထိုင်ရပါမယ်_**

"ကျွန်မတို့လို အိမ်ထောင်ရှင်အမျိုးသမီးများအနေနဲ့ မကင်းနိုင်တဲ့ ပဋိသန္ဓေတားဆေးတွေကြောင့် လစဉ်ဓမ္မတာ မလာတာကနေစပြီး အမျိုးသမီးတွေ ဝ,လာတယ်၊ ရောဂါတွေ ပိုထူပြောလာတယ်လို့ ခံစားရပါတယ် ဆရာ၊ အဲ့ဒါကို ဘယ်လိုကုသပြီး ဘယ်လိုဆေးမျိုးတွေ သုံးစွဲသင့်ပါလဲ ဆရာ" ဆိုတော့ -

"မကေသီအောင်မေးတဲ့ မေးခွန်းက ကောင်းပါတယ်။ အမျိုးသားတွေနဲ့ အမျိုးသမီးတွေရဲ့ စွန့်ထုတ်ပစ္စည်းမလ ကွာခြားချက်က ဓမ္မတာသွေးသားပဲ ဖြစ်ပါတယ်။ ကျန်တာကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး တွေဟာ အမျိုးသားရော အမျိုးသမီးပါ တူညီနေပါတယ်"

"ဟုတ်ကဲ့ ဆရာ"

"ဒီတော့ အမျိုးသမီးအနေနဲ့ အထူးသဖြင့် ပဋိသန္ဓေတားဆေးတွေ သုံးလို့ပဲဖြစ်ဖြစ် အစားအသောက် အနေအထိုင်တွေကြောင့်ပဲဖြစ်ဖြစ် ဓမ္မတာမမှန် ထိန်ကျန်ချုပ်ငုပ်နေတာ ကြာလာတာနဲ့အမျှ ရောဂါတစ်ခုမဟုတ်တစ်ခုတော့ စွဲကပ်လာပါတယ်။ ဒီလိုအခါမျိုးမှာ တားဆေးတွေကြောင့် ဓမ္မတာမပေါ်တာကို ကုစားဖို့လိုပါမယ်"

"ဘယ်လိုများ ကုစားရမလဲဆရာ"

"စောစောက ဆရာပြောခဲ့သလိုပေ့ါ လူသားတွေအနေနဲ့ နေ့စဉ်စွန့်ထုတ် ဖယ်ရှားပေးရမယ့် မလအဆိပ်ဓာတ်တွေရှိပါတယ်။ ဒါတွေကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး ပြီးတော့ အမျိုးသမီးတွေလစဉ်စွန့်ပေးရတဲ့ သွေးသားဓမ္မတာပေ့ါ။ သွေးသားဓမ္မတာကတော့ တားဆေးတွေကြောင့် ဖြစ်ဖြစ်၊ အစားအသောက်ကြောင့်ပဲဖြစ်

www.burmeseclassic.com

www.burmeseclassic.com

လစဉ်မပေါ်ဘူးဆိုရင် ကျန်တဲ့ ဆီး၊ ဝမ်း၊ လေ၊ချွေးတွေ မှန်နေဖို့ လိုပါတယ်။ ဒီမလလေးမျိုးထဲက ဆီးနဲ့ဝမ်းဟာ အဓိကဖြစ်ပါ တယ်။ နေ့စဉ် ဆီး၊ ဝမ်း မှန်စေရန် ဂရုတစိုက် ပြုပြင်နေထိုင်ရပါမယ်။ အဲဒီလိုတားဆေးသုံးသူတွေရော၊ တားဆေးမသုံးသူတွေပါ ဖြစ်လေ့ဖြစ်ထရှိတဲ့ ဗိုက်ပူခြင်း၊ ဗိုက်ခေါက်တွေထူလာခြင်း၊ အဆီတွေ ဝမ်းဗိုက်ပြင်မှာ စုလာခြင်း၊ အသားအရေစိုပြည်မှု မရှိခြင်း၊ ကြည်လင်တောက်ပဝင်းလက်မှုမရှိခြင်း၊ နောက်ကြောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူး၊ ခေါင်းအုံဖြစ်ခြင်း၊ ကိုယ်လက်များ လေးလံထိုင်းမှိုင်းခြင်း၊ ညောင်းညာကိုက်ခဲခြင်း၊ ပေ့ါပါးသွက်လက်မှု မရှိခြင်း၊ ဆီးချိုသွေးတိုး အသည်းအဆီဖုံး၊ နှလုံးသွေးကြောကျဉ်း စတဲ့ရောဂါများနဲ့ အမျိုးသမီးရောဂါများကို ဖြစ် ပေါ်လာစေပါတယ်။ ဒါကြောင့် ဆီး၊ ဝမ်း၊ သွေး၊ လေ၊ ချွေးတို့ကို မှန်မှန်စွန့်ထုတ်နိုင်စေရန် နေထိုင်စားသောက်ရပါမယ်။ အကယ်၍ ကျန်းမာပြီး စိုပြည်လှပ အချိုးအစားကျတဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ချင်တယ်ဆိုရင်တော့ ဆီးနဲ့ဝမ်းကိုတော့ မှန်ကို မှန်နေအောင် ပြုပြင်နေထိုင်ရပါမယ် မကေသီအောင်"

"ဒါဆို တားဆေးတွေကြောင့် သွေးသားမပေါ်ရင် ဆီး၊ ဝမ်းမှန်အေ. . ပြုပြင်ပေးရင် အဝလွန်ခြင်း၊ ဗိုက်ပူခြင်း၊ အသားအရေညစ်ထေးခြင်း၊ အကြောတက်ညောင်းညာခြင်းများနဲ့အတူ အခြားသောရောဂါတွေပါ ဖြစ်ပွားမလာအောင် တားဆီးနိုင်တာပေ့ါ နော်. . . ဆရာ"

"ဟုတ်ပါ့ဗျာ. . ."




"အဲဒါဆို ဘာဆေးသောက်မလဲ ဆရာ"

"ဆရာ့ဆီလာတော့လဲ ဟောဒီ **မြင့်မြန်မာ တောရှောက်သီး အကြောပြေဝမ်းမှန်ဆေး**ကိုပဲ ညွှန်ရမှာပဲဗျ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးက ဘာတွေကောင်းလဲဆရာ"

"ဘာတွေကောင်းလဲဆိုတော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့၊ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေ လေးလံညောင်းညာကိုက်ခဲခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီးချုပ်၊ဆီးကျန် ဝမ်းချုပ်၊ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအရေယားယံခြင်း၊ အသားအရေ ညစ်ထေးမွဲခြောက်ခြင်း အဖုအပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ်နံခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ်ကို ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူများကျခြင်း၊ လျှာ၊နှုတ်ခမ်း၊ အာခံတွင်းတွေမှာ အပူနာတွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအောင့်၊ ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံ၊ မှည့်ခြောက်ထွက်ခြင်း၊ သွေးခတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလိုအပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသော အဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေညီညွတ်မှန် ကန်စေပြီး ကျန်းမာပေ့ါပါးလန်းဆန်း တက်ကြွစေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ်ရာဝင် ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေးခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက်ကင်းသက်သာပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီးသားဖြစ်စေပါတယ်" **(ဝမ်းနုတ်ဆေးမဟုတ်၍ နေ့စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ဝမ်းချုပ်တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသည်။)**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေး ဗဟုသုတ ရရှိအောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံး မယ့်ဆေးပါ ညွှန်ပြပေးတဲ့အတွက် ဆရာ့ကို ကျေးဇူးတင်ပါတယ် ဆရာ"

---

**ပင်ရင်း - စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊

မြောက်ဥက္ကလာပ။ ဖုန်း - ၀၁၆၉၁

www.burmeseclassic.com

www.burmeseclassic.com

## အသည်းရောဂါအတွက် ကိုယ်တိုင်ကုသထုတ်လုပ်ထားတဲ့

# မင်းရာဇာ အသည်းအားဆေး

အမှတ်တံဆိပ်

(တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၈၁၃ Y ၀၁၀၆၇၂)    (တဆဝက(စာနယ်ဇင်း) ၀၀၇/၀၂၁၂)

ဦးအိုက်စံ(လားရှိုး)

ယနေ့ခေတ်၊ ယနေ့အခါတွင် ရောဂါများသည် ခေတ်နှင့်အပြိုင်လိုက်၍ ထူးထွေဆန်းပြားစွာ ပေါ်ပေါက်၍ လာပေသည်။ ထိုကဲ့သို့ ပေါ်ပေါက်စွဲကပ်လာသော ရောဂါများအနက် လွယ်ကူစွာ ကုသပေးနိုင်သော ရောဂါများရှိသကဲ့သို့ ခက်ခဲနက်နဲပြီး လုံးဝပျောက်ကင်းသက်သာအောင် ကုသမရဘဲလျက် သက်သာရုံရောဂါကို ထိန်းချုပ်ထားရုံမျှသာတတ်နိုင်သော ရောဂါများလည်းရှိ၏။

ထိုခေတ်နှင့်အပြိုင် ဆန်းပြားထွေလာသော ရောဂါများအနက်မှ အသည်းနှင့်ပတ်သက်သော ရောဂါသည်လည်း ယနေ့အချိန်အခါတွင် ခေတ်စားအဖြစ်များသော ရောဂါတစ်မျိုးပင်ဖြစ်သည်။ အချို့အသည်းရောဂါများသည် ကာကွယ်ရုံမျှသာစွမ်းနိုင်ပြီး ဖြစ်ပေါ်လာခဲ့လျှင် လုံးဝပျောက်ကင်းအောင်ကုသမှုခံယူရန် မဖြစ်နိုင်ဘဲလျက် ရောဂါကို ထိန်းထားရုံမျှသာ စွမ်းနိုင်သောရောဂါဖြစ်ပါသည်။

လွန်ခဲ့သောနှစ်နှစ်ကျော်လောက်က ကျွန်တော်၏ ဝမ်းဗိုက် အထူးသဖြင့် ညာဘက်ခြမ်းနံရိုးဆုံးမှ အောင့်နာသည်။ ရင်ခေါင်းတောင့်၏။ ပျို့အန်၏။ အစားအစာများ စားချင်သောက်ချင်စိတ် မရှိ ဝမ်းဗိုက်ထဲမှလေသံများ တဂျုံးဂျုံး ကြားနေရ၏။ မျက်စိနှင့် အသားအရေများ ဝါဖျော့လာ၏။ ဆီးနည်းလာ၏။ ရံခါ ဝမ်းချုပ်၍၊ ရံခါ အပူဝမ်းကဲ့သို့ နည်းနည်းနှင့် ပျော့ပျော့သွား၏။ အားအင်နည်းလာ၏။ အိပ်မပျော်ဖြစ်လာ၏။ အစားပျက်၊ အအိပ်ပျက်ကာ ပိန်ခြုံးလာ၏။ လူကသာပိန်လာသော်လည်း ဝမ်းဗိုက်ကလေးကတော့ပူတင်းနေ၏။ ဘာမှန်းမသိရသော ရောဂါတစ်မျိုးကို ကျွန်တော်ခံစားလာရသည်။

အစာမစားနိုင်သည်မှာ နှစ်လလောက်ဖြစ်လာတော့ အစာအိမ်ရောဂါလို့ ထင်ခဲ့၏။ သည်လိုနှင့် ကျွမ်းကျင်သော အထူးကုသမားတော်ကြီးများနှင့် ပြသကြည့်တော့ လိုအပ်သော ဆေးစစ်ဆေးမှုများ ခံယူခိုင်း၏။ သည်မှာ ကျွန်တော်ကို နှစ်လကျော်ကျော်နှိပ်စက်နေသော အနိုးရန်သူသည် B-ပိုးဖြစ်နေ၏။ ယင်းပိုးကြောင့် ကျွန်တော်၏အသည်းမှာ မာခြောက်နေ၏ဟု ဆရာဝန်ကြီးက မိန့်ကြား၏။ ထိုခဏမှာပင် ကျွန်တော်နှင့် ဇနီးဖြစ်သူတို့မှာ နွှေခေါင်ခေါင် မိုးကြိုးပစ်ခံလိုက်ရသလို ခံစားလိုက်ရ၏။

ကျွန်တော့်ရောဂါအတွက် ရောဂါနှင့် ရောဂါကိုဖြစ်စေသော လက်သည်ကိုတော့ တွေ့ပါ၏။ သို့သော် ထိုလက်သည် B-ပိုးနှင့် အသည်းမာခြောက်သော ရောဂါကို လုံးဝကင်းစင်သွားအောင် ကုသနိုင်သော ဆေးဝါးက နတ္ထိတဲ့လေ။ အသည်းပျက်ဆီးမှုကို မြန်မြန်မပျက်ဆီးစေရန် ထိန်းထားရုံနှင့် B-ပိုးကို အကောင်ရေလျှော့ချရုံမျှသာ စွမ်းနိုင်၏ဟု သမားတော်ကြီးက ဆိုလာလေတော့ ဆောက်တည်ရာမရ ခံစားရပြန်သည်။

သည်လိုနှင့် ဟိုဆရာ ဟိုဆေးကောင်းနိုးနိုး၊ သည်ဆရာ သည်ဆေးကောင်းနိုးနိုးနှင့် လိုက်ကုလိုက်တာ ရန်ကုန်ကို ရောက်လာပါလေရော။ ခေတ်မီဆေးဝါးများနှင့် ပျောက်ကင်းအောင် ကုသမှုမပေးနိုင်ဘူးဆိုတော့ ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်ကို ရှာရ၏။ မိတ်ဆွေတစ်ဦး၏အကြံပေးမှုကြောင့် တိုင်းရင်းဆေးနှင့် ကုသရန် ဆုံးဖြတ်လိုက်၏။ သည်လိုနှင့် ထိုမိတ်ဆွေမှ အရိုးကျိုးပေါင်းရောဂါ အထူးကုပေးနေသော သမားတော်ဆရာမြင့်ရှိရာ စကြာမင်းတိုင်းရင်းဆေးကုခန်းသို့ လိုက်ပို့ပေး၏။ သမားတော်ဆရာမြင့်ထံရောက်တော့ ဆရာက "ကျွန်တော်က အရိုးကျိုးပေါင်းရောဂါကိုပဲ အဓိကကုသပေးနေတာပါ။ ဒါပေမယ့် အရိုးကျိုးပေါင်းရောဂါတုန်းကလိုပဲ ယနေ့ခေတ်မှာ အဖြစ်များပြီး ဆေးတွေ့ဖို့ခက်ခဲနေတဲ့ အသည်းရောဂါအတွက်လည်း ကုထုံးဆေးဝါးတွေ တစ်နိုင်တစ်ပိုင်ကုသရင်း သုတေသနပြု




www.burmeseclassic.com

www.burmeseclassic.com

နေပါတယ်။ အခုတော့ အသည်းရောဂါအတွက် ဆေးတစ်လက်တော့ တွေ့ထားတယ်။ အဲဒါ ဦးအိုက်စံယူသွားပြီး တစ်နေ့တစ်ကြိမ် ဆေး ၅ ပြား ၃ ကြိမ်သောက်ပေးပေါ့။ သဘာဝ တိုင်းရင်းဆေးဖြစ်လို့ ဘေးထွက်ဆိုးကျိုးမရှိပါဘူး။ "ဟုတ်ကဲ့ပါ။ ကျေးဇူးအများကြီးတင်ပါတယ်"ဟု ဆရာ့ကို နှုတ်ဆက်ပြီး ပြန်လာခဲ့ပါသည်။

အိမ်ရောက်တော့ သမားတော်ဆရာမြင့် ပြောကြားသည့်အတိုင်း ငါ့အတွက် အကျိုးတော့မယုတ်တန်ကောင်းဘူးဆိုပြီး သမားတော်ဆရာမြင့်ပေးလိုက်တဲ့ဆေးကို ညွှန်ကြားချက်အတိုင်း ပုံမှန်သုံးစွဲမိသည်။ သည်လိုနှင့် တဖြည်းဖြည်းနှင့် ကျွန်တော်စောစောကပြောခဲ့တဲ့ ကျွန်တော်ခံစားနေရတဲ့ရောဂါလက္ခဏာတွေ တစ်စတစ်စ သက်သာလာတာကို သတိပြုမိလာသည်။ ပုံမှန်အိပ်ရသည်။ ပုံမှန်စားကောင်းလာသည်။ ဝမ်းဗိုက်၏ ညာဘက်နံရိုးအဆုံးနားမှာ တစ်မျှင်းမျှင်းနှင့် အောင့်နာနေသော နာကျင်မှုမရှိတော့။ ဒါနှင့် အားတက်သွားပြီး ဂရုတစိုက်ဆေးကိုသောက်မိ၏။ ဆေးသောက်လို့ ၆ လလောက်ကြာတော့ ကျွန်တော် အတော်လေး ကျန်းမာဝဖြိုးလာသည်။ ပုံမှန်အသားအရေနှင့် နကိုယ်အတိုင်း အားအင်အပြည့်နှင့် လုပ်ငန်းဆောင်တာတွေကို လုပ်လာနိုင်သည်။

ကျွန်တော်လည်း ကျေးဇူးရှင်သမားတော် ဆရာမြင့်ရှိရာ ရန်ကုန်သို့ မီရာ မန်းရွှေပြည်ကားနှင့် လိုက်လာခဲ့မိသည်။ ဆရာထံရောက်တော့ "ဆရာရဲ့ကျေးဇူးကို ဘယ်လိုဆပ်ရမှန်းကို မသိတော့ပါဘူး"လို့ ဆိုတော့ ဆရာက တွေတွေလေးစိုက်ပြီး ကျွန်တော့်ကိုကြည့်နေတယ်။ "ဆရာ ကျွန်တော့်ကို မမှတ်မိဘူးလား၊ ကျွန်တော် အိုက်စံလေ။ အသည်းရောဂါဖြစ်လို့ ဆရာ့ဆီလာပြတာ ဆရာပေးလိုက်တဲ့ဆေးကြောင့် အခု ကျွန်တော်ရဲ့ အသည်းရောဂါဟာ သက်သာကင်းဝေးသွားပြီဆရာ"ဆိုမှ "ဩော် မှတ်မိပြီ ဦးအိုက်စံကို အခုလိုကြားရတာဝမ်းသာပါတယ်ဗျာ" "ဆရာ့ကို ကျွန်တော်တစ်ခုလောက် တောင်းဆိုချင်ပါတယ်ဆရာ" "ပြောပါ၊ ကျွန်တော်ဘာကူညီရမလဲ" "ဒီလိုပါဆရာ၊ ကျွန်တော့်လို အသည်းရောဂါရှင်တွေအတွက် ကျွန်တော့်ကိုပေးတဲ့ဆေးကို ထုတ်လုပ်ဖြန့်ဖြူးပေးပါလား ဆရာ" "အင်း . . . ဦးအိုက်စံရဲ့ အသည်းရောဂါသည်တွေ အပေါ်ထားတဲ့စိတ်စေတနာကို ကျွန်တော်လေးစားပါတယ်၊ ဒါပေမယ့် ကျွန်တော့်မှာက ဆေးကုခန်းကတစ်ဖက်၊ အခြားထုတ်လုပ်ဖြန့်ချိနေတဲ့ဆေးတွေက တစ်ဖက်ဆိုတော့ ဒီအသည်းဆေးကို ထုတ်လုပ်ဖို့ မလွယ်ကူသေးပါဘူး"

"ဆရာခွင့်ပြုမယ်ဆိုရင်တော့ ကျွန်တော် စိတ်ရောကိုယ်ပါ နာကျင်ခံစားနေရတဲ့ အသည်းရောဂါဝေဒနာရှင်တွေအတွက် ကူညီပေးချင်လို့ ဆရာမထုတ်ရင် ဒီအသည်းဆေးကို ကျွန်တော်ထုတ်လုပ်ချင်ပါတယ်ဆရာ။ အသည်းရောဂါဝေဒနာရှင်များ အလွယ်တကူသုံးစွဲနိုင်အောင်လို့ပါ။ "ဟာ. . . ကောင်းတဲ့အကြံပဲဗျာ။ ဦးအိုက်စံ ထုတ်လုပ်ချင်ရင် ထုတ်ပါ" "ဖော်မြူလာ ဆရာကပေးမှာလား?" "ပေးပါ့ဗျာ၊ ပေးပါ့၊ ဖော်မြူလာတင်မဟုတ်ဘူး လိုအပ်တဲ့အရာတွေကိုလဲ ကူညီပေးပါ့မယ်" "မြင့်မြတ်တဲ့ဆရာ့စိတ်ထားကို အရမ်းလေးစားပါတယ် ဆရာ"

ကဲ ကျွန်တော့်လိုအသည်းနှင့်ပတ်သက်၍ ဝေဒနာခံစားနေကြရသော အသည်းရောဂါရှင်များ. . . သမားတော်ဆရာမြင့်ရဲ့စေတနာ၊ ကျွန်တော်ကိုယ်တိုင် အသည်းရောဂါရဲ့နှိပ်စက်မှုကို ခံစားခဲ့ရသည်မှ လွတ်မြောက်၍ ရရှိခဲ့သောပျော်ရွှင်မှုအရသာကို အသည်းရောဂါရှင်များထံ ဖြန့်ဝေပေးလိုက်ပါသည်။ ကျွန်တော့်ကို အသည်းရောဂါဝေဒနာ ဘေးဒုက္ခမှ လွတ်မြောက်စေသော ဆေးစွမ်းကောင်းတစ်လက်ကတော့ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေးပဲ** ဖြစ်ပါသည်။ဤ**မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**၏ အာနိသင်ကတော့ အသည်းအားနည်းခြင်း၊ အသည်းရောင်အသားဝါရောဂါဖြစ်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းမာ၊ အသည်းကြီး၊ အသည်းခြောက်ရောဂါဖြစ်ခြင်း၊ အသည်းတစ်ဝိုက် အောင့်နာနေခြင်း၊ ပျို့အန်ခြင်း၊ ပိုးကြောင့်ဖြစ်သော ရောဂါများအတွက် ထိရောက်သောဆေးဖြစ်သည်။ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေးကို** အသည်းရောဂါအမျိုးမျိုး ခံစားနေရသူများ၊ အသည်းကိုထိခိုက်စေတဲ့ အရက်သေစာနှင့် မကင်းနိုင်သူများ အသည်းမပျက်စီးအောင် ကာကွယ်လိုသူများ မဖြစ်မနေ သုံးစွဲသင့်တဲ့ဆေးကတော့ **မန်းရာဇာအမှတ်တံဆိပ် အသည်းအားဆေးပဲ** ဖြစ်၏ဟူ၍ သတင်းကောင်းလေး ပါးလိုက်ပါသည်။

ဦးအိုက်စံ (လားရှိုး)


**ဤဆေးသည် သဘာဝဆေးဖက်ဝင်ပစ္စည်းများဖြင့် စီမံဖော်စပ်ထားခြင်းကြောင့် အသည်းပျက်စီးခြင်းတို့ကို ကာကွယ်ပေးနိုင်သော ဆေးဖြစ်ပါသည်။**

**ပင်ရင်း - မန်းရာဇာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

အမှတ်(ဆ/၃၆၀)၊ သုနန္ဒာ(၈)လမ်း၊ မ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁၆၉၁၀၉၃


www.burmeseclassic.com

www.burmeseclassic.com




"အတော်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်ဟေ့" "အော် မမမြင့်၊ လာ တစ်ခါထဲဝင်စားလိုက်လေ" "ဘာဟင်းချက်လဲဟင်" "မမမြင့်ရေ့, မနေ့က စင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲစားချင်တယ်ဆိုလို့ ထမင်းလွတ် ချက်စားနေကြတာပါ" "အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုးချင်ပြီ။ တော်ပါပြီအေမစားရဲပါဘူး" "မမမြင့်ကလဲ ရောဂါရှိရင်ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ ဟိုဟာမစားရဲ၊ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား၊ အခုတော့ စားချင်တာစားလို့ရပြီ မမမြင့်ရဲ့" "အေး အဲ့ဒါကြောင့် ငါအံ့သြနေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့သြဘနန်းပဲ" "ဟုတ်တယ် မမမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားမှားတာနဲ့ သွေးကတိုးတိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင်တာနဲ့ အစားအသောက်ကို ဂရုတစိုက်ရှောင်ကြဉ်စားသောက်ခဲ့တာ။ အခုတော့ စကြာမင်းသွေးတိုးကျဆေး အားကိုးရှိနေပြီ မမမြင့်ရဲ့" "ဟင် ဟုတ်လား၊ တစ်ယောက်ထဲ ကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မမကိုလဲ ပြောအုံးလေ" "လာပါ မမမြင့်ရယ် ဆေးကို နောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်း သလဲဆိုတာ လက်တွေ့ပြမယ်" "ဟုတ်ရဲ့လား မြတ်ရယ်" "အော် မမမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမမြင့်ကို ဘေးဖြစ်အောင်တော့မလုပ်ပါဘူး" "စိတ်ချလက်ချ သာစားပါ မမမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီး တာနဲ့ ဆေးသောက်လိုက်တာပဲ" "ကဲပါလေ လင်ရော မယားပါ ဒီလောက်ညွှန်းနေမှတော့ စားပြီဟေ့၊ များများသာထည့်" "ဟား ဟား၊ ဟင်းဟင်း"

"မြတ်တို့ဇနီးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ"

"ပေးပါ့မယ်မမမြင့်ရယ်၊ ရော့ ရော့ ၅ ပြားသောက်လိုက်" "မှန်း ဘာဆေးလဲ၊ ဟယ် **စကြာမင်း သွေးတိုးကျဆေး**ကိုး"

"ဟုတ်တယ်မမမြင့်ရေ သွေးတိုးရောဂါကာကွယ် ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအမြဲဆောင်ထားသင့်တဲ့ဆေးကတော့ **ဆရာမြင့်**ရဲ့ **စကြာမင်း**အမှတ်တံဆိပ် **သွေးတိုးကျဆေး**ပဲ ဖြစ်ပါသတဲ့ရှင်" "သမားတော် **ဆရာမြင့်**ရဲ့ **စကြာမင်းသွေးတိုးကျဆေး**ဆိုရင် ယုံကြည်ပါတယ်။ ဒါနဲ့ အခြားဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်"

"သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့. . . သွေးတိုးရောဂါဖြစ်ခြင်း၊ သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်းတက်နေခြင်း၊ နောက်ကျောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူးဝေခြင်း၊ ခေါင်းအုံခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါဖြစ်ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အတက်စာ နည်းနည်းစားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်းခြင်းစတဲ့ ရောဂါတွေအတွက်လည်း သုံးစွဲနိုင်ပါတယ်"

"ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတောင်ကျော်ပါပေါ့လား၊ ပြန်အုန်းမှ ပြန်အုန်းမှ" "ဘယ်လိုလဲ မမမြင့်" "အေးဟဲ့ ဘယ်လိုမှမခံစားရဘူး၊ အရင်ကဆိုရင် ဒီလိုသွေးတိုးစာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ" "ဒါကြောင့် သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို" "ဟုတ်ပတော်၊ ဝမ်းသာလိုက်တာ။ အိမ်က ကိုရဲအတွက်လဲ အုန်းနို့ခေါက်ဆွဲယူသွားအုန်း မှပဲ" "ဒီမှာ မမမြင့်ရေ၊ အဆင်သင့်ထည့်ထားပြီးပြီ။ ရော့၊ ဒါက **စကြာမင်းသွေးတိုးကျဆေး**၊ ကိုရဲကိုလဲ ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့လို့"

"အေးအေး၊ ပြောရုံမဟုတ်ဖူး လက်တွေ့ပြလိုက်မယ်"

"ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်ကိုမောင်နှမသဖွယ် ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်းနဲ့မအေးမြတ်ဝင်းတို့ရဲ့ စေတနာမေတ္တာကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ သွေးတိုးရောဂါဟာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက်ကင်းချမ်းသာရာရခဲ့ပါပြီ။ ဒါကြောင့် စာဖတ်ပရိသတ်ကြီးရေ ကျန်းမာခြင်းဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင်နော်၊ ဒါပေမဲ့. . . **စကြာမင်းသွေးတိုးကျဆေး**တော့ ဆောင်ထားဖို့တော့လိုလိမ့်မယ်. . ."

**ကိုရဲ**

---

ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊ မြောက်ဥက္ကလာပ။ ဖုန်း - ၆၉၁၀၉၁၊ ၇၂၅၄၁။

www.burmeseclassic.com

www.burmeseclassic.com



# HIV အတွက် ဆေးစွမ်းတစ်လက်

HIV POSITIVE လို့ သိလိုက်ရတာနဲ့ ချက်ချင်း ရွှေပြာသတ္တိ ရသာယနအားဆေးကိုသာ စားလိုက်ပါ။ (၃) လကြာလို့ CD4 Count စစ်ကြည့်ရင် တိုးတက်လာမယ်ဆိုတာ တွေ့ရပါမယ်။

HIV အဆင့်မှာ ခုခံအားတိုးတက်အောင် အရင်ဆုံး သုတေသနပြုထားပါတယ်။ ဆင့်ပွားရောဂါဖြစ်သူများနဲ့ AIDS အဆင့်ကိုတော့ ဆက်လက် သုတေသနပြုမှာပါ။

ပထမအကြိမ် တိုင်းရင်းဆေးသမားတော်ညီလာခံမှာ HIV နဲ့ ပတ်သက်လို့ စာတမ်းတင်ပြီး (၁) နှစ်အကြာကနေ သုတေသနပြုကုသခဲ့တာဖြစ်တယ်။ ယခု (၁၀) ဦးမှာ (၉) ဦး CD4 Count တိုးတက်ခဲ့တယ်။ (၁) ဦးက NAGATIVE ဖြစ်သွားပါတယ်။ ဆက်လက် သုတေသနပြုမှာ ဖြစ်ပါတယ်။

အလွန်ရှားရနိုင်ခဲတဲ့ ဓာတ်ပစ္စည်း၊ ခက်ခဲနက်နဲတဲ့ ဝိဇ္ဇာဓရ ဂမ္ဘီရနည်းပညာနဲ့ တန်ဖိုးကြီးစွာ ရယူထားတဲ့ ရွှေပြာသတ္တိ ရသာယနဆေးစွမ်းရည်များကို တိုင်းရင်းဆေးဖုံများမှာ ထည့်သွင်းထားတာမို့ လုံးဝ အပြစ်ကင်းပြီး ဘေးထွက်ဆိုးကျိုးမရှိပါဘဲ ခုခံအားကို တိုးတက်စေတာ ဖြစ်ပါတယ်။

ရွှေပြာသတ္တိ ရသာယနဆေးစွမ်းရည်များကို ဓီဝိတဒါန လှူဒါန်းတာဖြစ်ပြီး တိုင်းရင်းဆေးဖုံ တန်ဖိုး တစ်လ - ၃၀၀၀ဝိ/။

ရွှေပြာသတ္တိ ရသာယနသကပ်စွမ်းရည်ဆေးများဟာ HIV အတွက် ခုခံအားကို တိုးတက်စေသလို အများပြည်သူများအတွက် ကိုယ်ခံအားကို မြင့်မားစေပြီး ကျန်းမာသက်ရှည်စေနိုင်ပါတယ်။

---

ဦးထွန်းလင်း - ယခင် သိမ်ဖြူဆရာတော် အရှင်နာဂသေနာဘိဝံသ၏တပည့်
ရွှေပြာသတ္တိ/ စစ ဦးကျော်မြင့် (တ/ဆ ၂၇၉၂)၊ B.A, C.T.M.P ၊ ဝိဇ္ဇာဓရဂမ္ဘီရပညာ
စစ တိုင်းရင်းအထူးကုဆေးခန်း။ ၅၂၄/ ဂ၊ မေဓာဝီလမ်းဆုံ၊ မြောက်ဥက္ကလာပမြို့။
ဖုန်း - ၀၁ ၉၆၉၉၇၇၉၊ ၀၉ ၅၁၅၆၁၃၆၊ ၀၉ ၂၅၄၀၁၆၂၀။

www.burmeseclassic.com